
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC

# သရဏ

မင်္ဂလာဝင်း

အတွဲ (၁၇) အမှတ် (၉) ၂၀၁၇ ခုနှစ် စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ ဝနပတိဂတိကထာ
တောသွားတစ်ဦး၏
တောလားမှတ်စုများ
**မဟာဗောဓိမြိုင်ဆရာတော်**

၁၃ မြန်မာပြည်
အသက်သတ်ရှောင်ကြဉ်ရေးအဖွဲ့မှ
ထုတ်ဝေသော
အသားစားရှောင်ကြဉ်ရေးစာတမ်းလာ
လယ်တီဆရာတော်ဘုရားကြီး၏
အဖြေတော်
**မြဝင်း(ဓနသန)**

၁၅ ဗုဒ္ဓအလိုကျအလှုပြင်နည်း
**ပညာပါရမီဆရာတော်ဦးဉာဏဝရ
(ဇက်ဘူ)**

၁၇ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၂၃)
**ထံဝင်း**

၂၅ အမိဗွာန်ဝင်ပြီးလျှင်ရွတ်စေချင်
**နတ်မောက်မင်းသန့်နိုင်**

၂၆ ဘုရားဂုဏ်၊ တရားဂုဏ်
**ရှောင်းဆုံအုန်းသွင်**

၂၈ အလုပ်ရှာလျှင် ရွတ်ပွားစေချင်
**နေမင်း(နတ်မောက်)**

၂၉ မြစ်သားမြို့
သိမ်တောင်ကျောင်းတိုက်က
သက်တော်(၁၁၁) နှစ်ရှိ
သက်တော်ရှည်ဆရာတော်ဘုရားကြီး
ဘိုးပေါက်ဆိန်အမှတ်တရ
**စနေထွန်း(မြစ်သား)**

၄၁ အင်ကြင်းတောင်တော်သို့တစ်ခေါက်
**ဇော်မိုးသွင်(ရန်ကုန်)**

၄၉ မင်္ဂလာမိတ်ဆက်
**ချစ်ရို(မော်ကျွန်း)**

၅၂ လာဘ်ပွင့်ကံမြင့်
အနန္တရာယ်ကင်းဂါထာ
**နတ်မောက်မှတ်ကျောက်**

၅၃ အကာလိကောဂုဏ်တော်ကြောင့်
တရားထူးရရှိကာ မျက်ရှင်တော်၊
အံတော်နှင့် ဆံတော်မီးမလောင်သည့်
မော်ဘီသဲအင်းဂူဆရာတော်
ဦးဥတ္တမ
**ရွှေချိုအောင်(ပေထီ)**

၆၁ ပြုသည့်ကောင်းမှု
တောင်းဆုအတွေတွေ(၅)
**ဦးဉာဏ်ဇော်
(သာသနာ့တက္ကသိုလ်ဓမ္မာစရိယ၊ M.A)**

၆၃ ဆရာတော်ဘဒ္ဒန္တသီလ
မဟာထေရ်ဖြတ်အမှတ်တရ
**မောင်စိမ်းထွေး(ထားဝယ်)**

၆၇ လယ်တီဆရာတော်ဘုရားကြီး၏
ရှပ်ပွားဆင်းတု
အနေကဇာတင်ခြင်းဆိုင်ရာ
တရားစကားတော်များ
**ကိုရွှေမြသန်း(သမိုင်း)**

၇၃ သုစိတ္တရွှေဘုန်းပွင့်ဘုရား
ဝတ်မြုစင်ကြယ်ပုဂ္ဂိုလ်များနှင့်
ကောင်းနိမိတ်ပေး
ရာသီလွန်ပန်းကံ့ကော်
**ကျွန်းစဉ်မြေဇာခက်**

၇၇ ဗုဒ္ဓတရားတော်၏အနှစ်သာရ
မေ့ပဒ
**ဇကျော်(နေပြည်တော်)**

၈၃ မူလမင်းကွန်းဓေတဝန်သာသနမာရ်
အောင်ရွှေပန်းခွက်ကမ္မဋ္ဌာန်းကျောင်းတိုက်
**နိုင်မင်းညို**

၈၇ သာသနာ့ဦးသျှောင်
ဆရာတော်ကြီးကျောင်းတော်သို့
ရောက်ရှိခဲ့စဉ်
**ကြင်ကြင်(ပညာရေး)**

၉၃ လက်ရှင်ဘုရား
**မနင်းပွင့်(မြည်)**

၁၀၃ ဂန္ဓမာဒနတောင်တော်
ရွှေစေတီတစ်တောင်
သာသနာ့နယ်မြေသို့တစ်ခေါက်
**ပန်းမြိုင်လယ်စိန်ဝင်း**

၁၂၂ မပြီးသေးသောပန်းချီကားတစ်ချပ်
(သို့) ရွှေကံ့ကူမိသားစုမှ
ဒုတိယမြောက်
တည်ထားကိုးကွယ်မည့်
ရွှေကံ့ကူဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြဒါးရှင်ဆုတောင်းပြည့်စေတီတော်
**ဘိုဘို(ရွှေကံ့ကူ)**

၁၃၈ မယ်ဓက်ဆရာတော်ဘုရားကြီး
(ရေတာရှည်)အမှတ်တရ
**တင်အေးအောင်(စက်မှုတက္ကသိုလ်)**


## သုတရသဆောင်းပါး


၃၉ မြန်မာ့ရေးဟောင်း
လူမှုရေးပညာရပ်များ(၁)
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**

၄၆ သဘာဝမေ့
**ရှောင်းဆုံအုန်းသွင်**

၇၀ ဒေါင်းနေဝန်းနှင့်လဝန်းယုန်အိမ်
**ဉာဏ်မြင့်**

၈၁ လယ်တီဆရာတော်ဘုရားကြီး
ညွှန်ကြားခဲ့သော
မကောင်းနိမိတ်များ
**ရဲရဲထွန်း(ပအိုဝ်)**

၉၆ မီနယ့်ခ်ဆ်နိုင်ယာရီထဲက
ပါတော်မူပြီးစ
မြန်မာနိုင်ငံအခြေအနေ(၄)
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**

၉၇ မြန်မာ့ထုံးတမ်းစဉ်လာ
လူမှုကိစ္စအဝဝ လေ့လာသိရှိမှ
**ဆရာဦးစိန်လှိုင်(ကျိုက်ထော်)**

၉၉ ကောသလမင်းကြီးအိပ်မက်
**မောင်ထိုက်ထွေး(ဥပဓေ)**

၁၀၇ ပစ္စည်းဥစ္စာဆင်းရဲသော်လည်း
အသိဉာဏ်ချမ်းသာသူနှစ်ဦး
**အောင်ကြော်**

**အရှင်သုမေဓသာရ**

၁၁၀ လက်လုပ်တောင်တောရကျောင်း
**ရွှေပြည်စိုး (မိုးကုတ်)**

၁၂၀ ကရင်ဘိုးတော်ဘိုးပိုက်ဆံ၏
လက်ပံတန်းမြို့ဂူကျောင်းတော်ကြီး
**စတော်ပုံမောင်မောင်အေး**

၁၄၇ ဝန်ထမ်းကောင်းဖြစ်ရေးနှင့်
အဂတိလိုက်စားမှုကင်းရှင်းရေး(၂)
**မောင်ပွင့်ဉာဏ်(မော်ရ)**


www.burmeseclassic.com

www.burmeseclassic.com


မင်းဆက်ငါးသွယ်ရှင်ဘို့မယ်
နန်းလယ်တင့်သည်သာ
ထူမြင့်(ရန်ကုန်တက္ကသိုလ်)
စားပြီးသားပန်းကန်တွေကို
ဒီလိုဆေးခဲ့ရတယ်
ကသာသင်းရွှေ
သောင်းပြောင်းတွေလာသိစရာ
သို့မဟုတ် ကျွန်ုပ်သိသမျှ
ပြန်လည်ဖော်ထုတ်သည်ချခြင်း(၂)
သခင်ရေချမ်းသား
ကျောက်ဆည်နယ်နှင့်
ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှု
ရှေးဟောင်းကျောက်စာများ
တိုက်ကြည့်(စဉ့်ကိုင်)
နတ်များကိုစားတော်စာဆက်ပုံတင်ပုံ
မောင်သန်းဆွေ
(ထားဝယ်)
ကောင်းကျိုးအတွေ့တွေနဲ့
ချွန်စေပြစေသော
အိုးဝေသံကျူးတဲ့ငှက်များ
ကိုအေးမြင့်
(မဟာဗိဇ္ဇာ၊ ရှေး-သု)
လက်ဆောင်ကောင်းရသော
ယောက်ျားတို့ဘဝ
ဆာကာသ(သာစည်)
မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၁၃)
ပန်းချီထူးထူ
(ရှေးဟောင်းသုတေသန)
ကျောက်ကပ်
ကျောက်တည်ခြင်းအတွက်
သဘာဝအောဟာရများ
စွမ်းဆောင်ရေချင်
ဘဝအတွက်စာနစ်ရွက်
ဖိုးသူညု(ဘဝဗိတ်ဆွေ)
ဘဝအိုးအိမ်အကြိမ်ကြိမ်
သစ်ဆုံ-မောင်မြင့်စော
နိုင်ငံမြစ်ကမ်းမှလွမ်းဆိုပ်သော
လှမိုး(ပညာရေး)
အကြွေစောသည့်မင်းသမီးရော
သို့မဟုတ် ပြည်သူ့အချစ်တော် နာမည်
ကျော်ရုပ်ရှင်မင်းသမီးမေမြင့်
ကိုတိုး(ရန်ကင်း)
မြန်မာ့တံဆိပ်ခေါင်းထဲသမှာ
ဆုတ်ယုတ်ကျဆင်းနေပြီသော
ကြည်ထွန်း
မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့
လှနဲ့သဘာဝဆက်ဆံရေး(၂)
မောင်ထိုက်သစ်(မိုးကုတ်)

၄၀၆ ကျေးရွာရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုထ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၃၀)
ပထမံဆရာဦးအေးရွှေ


## သုရဋ္ဌတိုင်းရင်းဆေး


၁၈ ဓန္နသလွန်ပင်ဆောင်ထား
နတ်မောက်လှမြင့်သစ်
၄၈ ပန်းပက်လက်ရွက်ဆေးဖက်ဝင်ပုံ
အရှေ့ဝါတိုင်း
၇၆ နာကျင်ကိုက်ခဲမှုအတွက်
ရဲယိုနစ်ဆေးနည်း
တင်နိုင်ဝင်း(ထမင်းရေချိုး)
၉၂ ဆီးချိုကြောင့်ခွဲစိတ်ကုသရန်
ခက်ခဲနေလျှင်
တင်နိုင်ဝင်း(ထမင်းရေချိုး)
၉၄ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံသင်
ဆေးဖက်ဝင်ဟင်းလျာများ(၂၉)
ရွှေနဝင်း(မုသိမ်)
၁၀၂ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၁၁၉ ကလေးအငုံတိတ်စေသော်
မင်းနှိုင်းမှီ
၁၄၆ တောကြီးသဖျက်ဓာတ်ဆေးနည်း
ရော့မြေကျော်စေ
၁၆၀ တိုင်းရင်းဆေးခန်းသုံး
ဗွာနသုံးဆေးများအကြောင်း
သိကောင်းစရာ
ဓော်ဓနရနိုင်ရှည်
(တိုင်းရင်းဆေးပညာ)
၂၀၁ အနာဟောင်းအနာဆွေးနှင့်
ရွေးသန်းတုတ်ပင်
ကိုအောက်ရှည်
၂၂၉ အရောတ်နာသသမားများအတွက်
ဝံရှေ့မြစ်အစွမ်း
နိုးမင်း(မြောက်စည်း-ရှာထစ်)
၂၄၁ ဝမ်းကိုက်ဝေဒနာပျောက်စေရာ
ရော့ဝီမ်ကျော်-မအူပင်
၂၅၂ မီးယပ်သွေးဆုံးအတွက်
ဆေးတစ်လက်
ချွမ်းမှန်ခင်(ကြို့ပင်ကောက်-ထယ်ဝဲ)
၂၆၇ ကင်ဆာရောဂါကို
ထုံးဝပျောက်ကင်းစေတဲ့
သဘော်ရွက်
ထင်ထွန်း(စက်မှု-၂ ငြိမ်း)

၃၄၁ ဝက်မတမ်းမရှိလည့်နေခဲ့လျှင်
နေပြည်တော်ကျော်ကျော်မိုး
၃၇၀ သားမွေးရွာမများ
ချောင်းဆိုးသွေးပါ
ပျောက်ကင်းစေရန်
နတ်မောက်မင်းချစ်နော်
၃၇၁ စေမခန်းဆိုတာဘာကိုခေါ်တာလဲ
ခြေကျိုး လက်ကျိုး ခါးရိုးနဲ့
အရိုးကျိုးပေါင်းကိုနိုင်သတဲ့လား
ဓန်မောင်ညိုဘု
၃၇၇ တတုအခိပ်လွှတ်
ခြင်နိုင်ဆေး
နေပြည်တော်ကျော်ကျော်မိုး


## သုရဋ္ဌဝတ္ထုတို


၁၄၂ အဘဘိုးမင်းခေါင်
ပတ္တမြားဆက်တုစာတစ်ဖီးကူ
ဟိန်းဝေယျာ (ခံမြင့်မြတ်)
၁၅၄ ဘိုမြတောအစဉ်က
မြေကျောက်တုံးကြီး
ကိုဇော်ဝင်း(လှသော)
၁၆၆ ပြကျောက်(၁၈)
နေပြည်တော်ကျော်ကျော်မိုး
၁၇၈ ရေတောင်ပြည့်သွားခဲ့သောအတွေး
အောင်ဆန်းသင်း (ဘီအေ)
၁၉၀ ဝိဇ္ဇာပေးသောဆေးသုံးလုံးနှင့်
လက်မှတ်သုံးစောင်
ငြိမ်းဇေဝ(ပြည်)
၂၀၀ ပုံပြင်ဆန်တဲ့
မေတ္တာရှင်ခွေးကြီး
ဓန်မောင်ညိုဘု
၂၀၂ ဤခရီးနှင့်ဤလမ်း
မိုးကျော့
၂၂၂ ဘိုးကြီးဘနှင့်
တောင်ပေါ်ရွာ
တိုက်နိုက်ခံရခြင်းအကြောင်း
မင်းဟိန်းထိမ်
၂၃၁ ဆည့်ဝတ်ခံမဟာယာဖုံးပါလို့
ချစ်မသုံးမှန်မဆင်
ကြာတင်တဲ့ရက်တွေပေါ့
မောင်သင်းထုံ (ကျောက်မဲ)
၂၃၄ မြသီတာအကြိုတောက်
နိုင်ငြေသိမ်ချောင်
၂၄၆ ထင်ယောင်ထင်မှား
ခုရဲ့ကျူးကြီးဝင်းဦး(ငြိမ်း)သဲရွှေ
၂၅၈ ရှန်းအကိုက်ခံရတာသိတယ်
မယုံလေတော့ ခုကွဲတွေ့ရှုမ်ကြာကပ်နဲ့
သနေ့ဘုမိသာရ
မိုးမင်း(မြောက်စည်းရွာထစ်)


www.burmeseclassic.com

www.burmeseclassic.com


၂၇၀ ရုန်းမီးတောက်နှင့်ငါးခြောက်အပင်း
မင်းသန့်ကျော်(ဗီးကုန်း)

၂၇၄ တောနတ်ဖမ်းစားလေသလား
ရွှေပြည့်ရိုး(မိုးကုတ်)

၂၈၀ တရွှေမေခင်
ဦးကိုကိုကြီး (စစ်ဆေးရေး)
ကစခ(၁၂)၊ ထုံးဘို

၂၈၆ ဂမ္ဘီရခရီးသည်(၂)
စိုးထွန်း(ဥပဓေ)

၂၉၈ လေ့ံးရဲ့ကိုယ်ချင်းစာတရား
ဆည်းဆာသစ်

၃၀၂ ကျီးကန်းကြီးအိမ်မေတ္တာ
မဟာထွန်း

၃၁၈ [illegible]
ဆလိုင်းဗွန်သိန်း
(ရမည်းသင်း)

၃၃၀ မင်းသားကြမ်းရေရှိုးနှင့်
ရေစယ်သံအိုင်ရေသက်ကြား
မင်းကျော့ဆီမ် (ထမင်းစွေး)

၃၄၂ ကျိန်စာပြယ်လွှင့်ချစ်ပွင့်ဝေချိန်
ခိုင်မင်းထွန်း
(မြင်းကပါ)

၃၅၈ တရုတ်သရဲလူဝင်စား
နေအောင်ထင်း(စေသ)

၃၆၆ စိတ်ဆွေလေးယောက်နှင့်
မမြင်ရသောအကောင်ကြီး
သစ္စာစည်းမစောင့်ခဲ့သေသူ
မောင်ထင်းနိုင်

၃၇၂ ရှေးထုံးကိုပယ်ရမွှေ့ရာယဉ်
အုံကြွယ်

၃၈၆ ကတိပျက်ကွက်သူ
ရေနံမြေဓာရ(သန်လျင်)

၃၉၀ လှိုင်းမှင်စာနှင့်
သမိုင်းစောင့်ဗြိတ္တာတွေ့ခဲ့သူ
ထင်တာရာ

၄၀၂ ထူးဆန်းသောမြေကြီးသတ်စား၍
ကျိန်စာသင့်ခဲ့ရသောရွာ
ကျော်ထက်မိုး


## သူရဿအခန်းဆက်ဝတ္ထုရှည်


၃၁၄ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


## သူရဿ ပညာရပ်


၁၈၂ ဗိဇ္ဇာရေမြုပ်မှာအကွိရုပ်ပညာ(၇၈)
ဆရာဦးဆက်ထွန်းသင်း
([illegible])

၁၈၇ ကမ္ဘာ့သယသာသနာငါးထောင်အင်း
နတ်မောက်မင်းသန့်နိုင်

၁၈၉ သွပ်သေတစ်ပဲ ရွှေတစ်လှည်း
ဖမ်းတိုင်းမရလွှန်ခက်လှ၏(၅)
မင်းချစ်မြ(ပုသိမ်)

၂၅၃ ပဟိုရ်နာရီ မြန်မာနာရီ စက်နာရီ
မင်းရှိန်အောင်

၃၁၀ နေ့စဉ်သုံးလက္ခဏာပညာ
ဦးအောင်မင်း

၃၅၄ အလင်းဖွင့်
မင်းပြည့်

၃၇၈ ပြည့်ရင်းပြည့်ပါစေ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၉၃ နတ်ဒေဝီမယ်တော်များနှင့်
ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ
ဗြိရတနာ-ဆရာဓေယျာလင်း
(ကဏ္ဍီပါဠိနှင့်စီးရွှေထီးအောင်း)

၃၉၉ လကွယ်နေ့နှင့်တရွှေပြောသော
ဗိယာဆေး
ပန်းချီတင်အောင်မိုး(ချောက်)


## သူရဿလက်တွေ့အသုံးချ


၁၄၁ လိုသူများသုံးစေဖို့
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၂၅၆ ၂၀၁၇ခုနှစ်စက်တင်ဘာလအတွက်
အထွက်၊ အဝင်၊ ခပါမိနက္ခတ်ပေး
ဦးအောင်စောလှိုင်(ပုသိမ်)

၂၆၉ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၂၇၅ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၉၇ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက်
နေ့သီးခွဲနက္ခတ်မင်္ဂလာအခါတော်
ရှိန်အောင်(ဂရိုရှ)

၃၀၇ ပြည်ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ ကန်ရာသီပြောင်း
မန်မိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၈၈ လောကီကိစ္စအဝဝ တပေဟုသမျှ
ဖတ်လေမှ ဗဟုသုတကြွယ်ဝ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၄၁၁ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ
ကောင်းကျိုးပေပြော
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)

၄၁၄ ပြည့်လာတဲ့ထီ သူရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၂၀ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည့်သိန်းကျော်

၄၂၃ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွ
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြင့်
[illegible]
ဒေါ်သန်းသန်း(ဓ)
ဒေါ်ချောသီရိနိုင်
စာတည်းမှူး
ကျော်မင်းထွန်း
လေလုံလုံထွတ်

ကွန်ပြူတာဒေါ်
[illegible]
[illegible]
[illegible]
ဖုံးနှင့်
[illegible]
[illegible]
[illegible]
အောင်မြင့်သန်း
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

[illegible]
[illegible]
[illegible]
[illegible]
[illegible]
color king
[illegible]
ဦးအောင်မြင့်
(၀၀၀၇၄)
[illegible]
[illegible] (၀၀၀၁၂)
[illegible]
[illegible]
[illegible]
ဖုန်း ၀၁-၂၉၈၆၇၄

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible] ၁၀၀၀
[illegible] ( ၃၅၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# မဟာဗောဓိမြိုင်ဆရာတော်

ဝိနပတိဂတိကထာ

## တောသွားတစ်ဦး၏တောလားမှတ်စုများ

တောသည် . . .

**ကမ္မတော** - သတ္တဝါတို့၏ပြုပြင်ရာမှဖြစ်သောတော၊

**ဓမ္မတော** - သဘာဝအလျောက်ပေါက်ရောက်လာသောတော၊

နှစ်မျိုးရှိချေရာ . . .

အပါယတော၊ ကာမတော၊ ဘဝတော ထိုတော သုံးတောကား သတ္တဝါတို့၏ကံမှ ထပေါက်သော တောများတည်း။ ဥတုနှင့် သဘာဝဓာတ်လေးပါးကိုမှီ၍ ဖြစ်ပေါ်လာကြသော သစ်တော၊ ဝါးတော အစရှိသောသတ္တဝါ ထိုနှစ်ဖြာတို့ကား မိမိ၏ ကံမပါ၊ သဘာဝဓမ္မတာအားဖြင့် ထပေါက်ရသောတောများတည်း။

ငါသည် ဘဝတစ်ခုတည်းထဲ၌ပင် ရှာမှီ အိမ်ကပ်အဖြစ်ဖြင့် တောသုံးတောတွင်းသို့လည်း ချင်းနင်းခဲ့ပြီးပြီ။ တောဝင်တောင်ကပ်အဖြစ်ဖြင့်လည်း တောနှစ်တောကြား ကျက်စားခဲ့ပြီးပြီ။

ထိုအားလုံးတို့ကို ယခုရောက်သော နေရာ၊ ယနေ့တွေ့ဆဲ ကြမ္မာမှနေမှတ်တမ်းတင်မိရာမှ **တောသွားတစ်ဦး၏တောလား**ဟူသော ဤမှတ်စုဖြစ်လာရချေသည်။

မှတ်စုသည် အမှတ်ထားရာသို့ ဝင်ရောက်လာကြသော သဘာဝအစများဖြစ်ချေရာ ဤတောလားမှတ်စု၌လည်း. . . ငါ၏အမှတ်တွင်းဆင်းလာကြသော ဖြစ်ရပ်များနှင့် ငါ၏အတွေးကခေါ်သဖြင့် ပေါ်လာကြသော အတွေးအခေါ်များကိုသာ စုထားခဲ့ပါသည်။ သူတစ်ပါးအတွင်း ဝင်ရောက်ပြစားထားခြင်းကား အလျှင်းမဟုတ်ပြီ။ သို့ကြောင့် ဤမှတ်စုကိုကြည့်ရှုလျက်ကသူဝေဖန်သည်၊ ငါပုတ်ခတ်သည် စကားပြောကြားခွင့် မရှိပြီ။


*မဟာဗောဓိမြိုင်ဆရာတော်*
*၁၃၆၄ ခုနှစ်၊*
*တော်သလင်းလဆန်း၃ရက်*
*စံရိပ်ငြိမ်၊ ကျော်တော (ပုလဲ)*

●

**အထင်**

အထင်သည် မသိခြင်း အဝိဇ္ဇာမှဆင်းလာသော ခရီးသည်။ သိနေသည်၌ အထင်ဆိုသောအရာ နားစရာနေရာမရှိ။

အထင်မှန်သမျှ ကေန်ဒိဋ္ဌ အမှန်ကျ ကင်းပနေတတ်ရာ ထိုအထင်မှပင်ဤကား ငါ၊ ထိုကား သူဆိုသော အဖော်





www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးလည်း လိုက်ပါလာမြဲပင်။ ထိုစဉ် ထိုအထင်သည် ငါ၊ သူနှစ်ဦးတွင်. . .

(က) တဏှာကပ်ရာ၌ . . . ကြီးခြင်း ဖြစ်လာမည်။

(ခ) မာနကပ်ရာ၌ . . . သေးခြင်း ဖြစ်လာမည်။

အထင်ကြီးခြင်းမှန်သမျှ မသိရာ တဏှာဖွား၊ လိုလားခြင်းကြောင့်တည်း။ အထင်သေးခြင်းမှန်သမျှ မသိရာ မာနဖွား၊ မလိုလားခြင်းကြောင့်တည်း။

ထိုစဉ် လိုလားခြင်း တဏှာခွင်၌ ငါစွဲသူမြင် ဒိဋ္ဌိယှဉ်လေတော့ရာ သက်ရှိ သက်မဲ့ သူ့အပေါ် အထင်ကြီးသောသူ အထင်ကြား လိုလားဝင်နှစ်သက်ပွဲကြီး ပြင်ဆင်၍ ထိုသူအား ငါ့ဖို့ရာထား ငါကြား ထိုးသွင်းထားလိုက်ပြီ။

တစ်ဖန် မလိုလားခြင်း ဒေါသ မာန်ဝင် မာနခွင်၌ ငါမှ သူစွဲဒိဋ္ဌိတွဲကို ဖြတ်ချပစ်လိုက်ရာ သက်ရှိ၊ သက်မဲ့ သူ့အပေါ် အထင်မကြီးတော့ခြင်းဖြင့် မထင်အကြား မလိုမလားစွက် ငါ့လက်မှ ဖယ်ထုတ်ရန် ကြိုးစားပေးရပြီ။

ယနေ့. . . ထင်တစ်လုံးကိုင်ကာ ကျယ်လိုသူများ တစ်ဖက်ရှိ ခွေးသိုး၏ အကိုက်အခဲ အလူးအလဲကြီးခံနေရှာကြတော့ရာ. . .

* ထင်ရာနှင့်တွဲသမျှ အလွဲချည်းကျစေပြီ။
* ထင်ရာကိုဆွဲသမျှ အလွဲချည်းပါလာနေကြပြီ။

အထင် အထင် အမြင်ဝယ် ဉာဏ်ဝင် မပေးသမျှ အမှတ်မှား၊ အသိမှား၊ အယူမှား ဟူသော ဝိပ္ပလ္လာသသုံးစင်း ထိုတောတွင်း၌ပင် ထိုအထင် မျက်စိလည်နေဦးမည်ဖြစ်ရာ အထင်ဖြင့်ကဲ ပါစင်အောင် လွဲကြရတော့မည်။

၁၃၆၄ ခု၊
တော်သလင်းလဆန်း ၃ ရက်နေ့၊
စံရိပ်ငြိမ်၊ ကျော်တော။

## ဆုတ်ယုတ်

အစက် အစက် မျှဉ်းစက်ချပမာသော အငွေ့အသက်၏ ရွှေ့ပျက်ပျက်



www.burmeseclassic.com

www.burmeseclassic.com

ရာ၌. . .

* သဘာဝအရာ ခေတ်ဟူသော အချိန်အခါလည်းပါ၏။
* သက်ရှိ၊ သက်မဲ့၌ ဝယ ဟူသော အရွယ်လည်းပါ၏။

ထို အချိန်နှင့် အရွယ်သည် နာရီဖြင့် အချက်ပြထားသော စက္ကန့်ကို ယာဉ်အရာထားကာ အချိန်ရော၊ အရွယ်ပါ အတူစီး၍ လိုက်ပါနေကြသည်။

ထိုစဉ် ဆုတ်ခေတ်၌ အနုတ်လက္ခဏာ၊ တက်ခေတ်၌ အပေါင်းလက္ခဏာပြ၍နေချေရာ . . . ယနေ့ ဆုတ်ခေတ်တွင်းရှိ လူသားအားလုံး စက္ကန့်နှင့် စက်၍ နောက်ပြန်ဆုတ်၊ အချိန်ကုန်သလောက် အရွယ်များလည်း အားယုတ်နေရပြီ။ သို့ကြောင့် ယခင်ဘဝနှင့်စာလျှင် ယခုဘဝရှိ ငါ၏အားများသည် ယုတ်လျော့နေချေပြီ။ယမန်နေ့နှင့်စာလျှင်ပင် ယနေ့ရှိ ငါ၏အားများသည် သိပ်မသန်တော့။

ယနေ့၏ ယခု နေရာမှနေ၍ နက်ဖြန်စသည်များ၏ အချိန်၊ အရွယ် နှစ်ပါးနှင့် လာမည့်ဘဝများရှိ အချိန်၊ အရွယ် နှစ်ပါးကို အတွေးဖြင့် ခေါ်ယူ ကြည့်လိုက်ရာ. . .

* နက်ဖြန်ဆို သည့်ထက် ဆုတ်သဖြင့် သည့်ထက် ယုတ်တော့မည်။
* နောက်ဘဝဆို သည့်ထက်ဆုတ်၍ သည့်ထက် သည့်ထက်ပင် ယုတ်ဦးမည်။



www.burmeseclassic.com

ww.burmeseclassic.com

ဆုတ်ခေတ်၌ သီလနောက် အာမခံလိုက်နေသော သဒ္ဓါနှင့် ပညာ နှစ်ပါးကို တဏှာအား ထောက်ခံနေကြသော ဥပါဒါန် ကံ နှစ်ပါးက ဝါးမျိုဖျက်ဆီးပစ်နေတော့ရာ အသိဉာဏ်အထက်ဆုံးသော လူသား၌ ကံဆန်း၊ စိတ်ဆန်းများကချည်း ဦးစီးနေပြီ။

ယင်းတို့ကြောင့် ဥတုများ ပျက်စီးဆုတ်ယုတ်လာ၏။ ဥတုပျက်သဖြင့် အာဟာရများလည်း အဆီခန်းခြောက်လာ၏။ ထိုအခါ မှီခိုရာစိုက်ပျိုးရာမြေလည်း အဆီများယုတ်လျော့သွားတော့ကာ အနှစ်တစ်ရာလျှင် တစ်လက်မ တစ်လက်မဆုတ်သည်။ လူ၏ အရပ်လည်း အနှစ်တစ်ရာလျှင် တစ်လက်မ တစ်လက်မခန့်၊ အသက်ကလည်း အနှစ်တစ်ရာလျှင် တစ်နှစ် တစ်နှစ်ခန့် ဆုတ်သွားကြမည်ဖြစ်ရာ . . .

* ယနေ့ ၁၄ ရာစုခေတ် လူသား၏ အရပ်က ပျမ်းမျှ ၆ ပေ။
* ယနေ့ ၁၄ ရာစုခေတ် လူသား၏ အသက်က ပျမ်းမျှ ၁၀၀။

နောင် ၁၄၀၀ ကျော်၊ ၁၅၀၀ စသည်တို့ရှိ လူသားများဆိုခဲ့လျှင် အရပ်ကပု၊ အရပ်မှီ စိတ်ဓာတ်ကလည်း နု၊ အသက်ကလည်း ရာဝက်မျှပင်လု၍ ယုတ်လျော့သွားကြတော့မည်ဖြစ်ပေရာ ရုပ်ဓာတ် စိတ်ဓာတ် မခံ့ကျန်းသဖြင့် ကာမကို ဓမ္မက လွှမ်းမိုးရန်ကိစ္စ ငါသည် ဟန်ရေးပင် ပြနိုင်ပါတော့မလား မသိ။

*၁၃၆၄ ခု၊*
*တော်သလင်းလဆန်း ၄ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## အစွဲအမြဲ

* အစွဲသည် အမြဲကို မွေးစား၏။
* အမြဲကလည်း အစွဲကို တစ်ဖန် လုပ်ကျွေး၏။

သို့ကြောင့် အစွဲနှင့် အမြဲ နှစ်ပါးကို တခြားစီ ကန့်မပေးနိုင်သေးသော သတ္တဝါတိုင်း တစ်ပွဲပြီး တစ်ပွဲ နွှဲပေးနေကြရရာ အားရသည်ပင် မရှိပြီ။ ထိုသို့ အနွှဲဖြင့် အသည်းစွဲဖြစ်နေကြချေသော် . . .

* တဏှာသည် အလိုကြီး၊ အမြီးလှုပ် ဖြင့် ပွဲအုပ်နေရာ ဝင်ယူလာတော့အံ့။
* မာနသည် တဏှာအလိုကျ ဘာမဆို အရယူပေးရန် ဝင်လာပေတော့အံ့။
* ဒိဋ္ဌိသည်လည်း မာနက ပေးလာသော အရကို ထားသို သိမ်းပေးထားတော့အံ့။

ထို အချဲ့သုံးပါး ပပဉ္စတရားတို့တွင် တဏှာအလိုဆိုး တစ်ဖက်ကာမ အရပွဲတိုးနိုင်သောအခါ ဘဝင်လေအေး၊ သွေးအေး လေဖျန်း ဒိဋ္ဌိ၏သိမ်းဆည်းခန်းဖြင့် လန်းဆန်းစေသည်။

အကယ်တိတိ တဏှာအလိုဆိုး ကိုယ်နှင့်စိတ် ဆောင့်ထိုး၍ တစ်ဖက်ကာမ အရတိုးတိုင်း တိုးရာမပေါက်၊ အလိုမပြီးမြောက်သောအခါ ဘဝင်လေဖျန်း သွေးလေကြမ်းများ သောင်းကျန်း၊ မာန၏ အားစမ်းခန်းဖြင့် ကြမ်းတမ်းစေသည်။

* ဥပါဒါန်သည် အစွဲဖြင့် စိတ်ကို လန်းစေ၏။
* ဥပါဒါန်သည် အစွဲဖြင့်ပင် စိတ်ကို လမ်းပြနေ၏။

ထို ဥပါဒါန်၏ ပြသော လမ်းအတိုင်းလျှင် တဏှာသည် နောက်တော်ပါ ဝေဒနာကို အစမ်းသပ် ခိုင်းလျက်ကပင် . . .

* အလိုကျ၍ စိတ်ဖီးဖီးထနေသောအခါ . . . မာန။
* အလိုကျ၍ စိတ်ခရီးပြီးစီးသွားသော အခါ. . . ဒိဋ္ဌိ။

ထိုနှစ်ခု အတိုင်အလှည့် နွှားနှစ်ကောင်ပမာ ထမ်းပိုး၍ထည့်ပေးကာ. . . အစွဲ၏ လမ်းထဲ သဲသဲမဲမဲကြီးမောင်းလျက်ဝင်ချေပြီ။ အမြဲ၏လမ်းထဲလည်း သဲသဲမဲမဲကြီး ဝင်ရောက် ခြယ်လှယ်နေချေပြီ။

ထိုအစွဲ၊ ထိုအမြဲ အတွဲကား တဏှာ ပိုးပန်းသလောက် လန်းဆန်းနေတော့ရော သတ္တဝါတိုင်း ဘဝတစ်ခု၊ ကာမတစ်ခု တစ်ခု၌ပင် အစွဲနှင့်အမြဲကြား သွားလာခွင့်ရကြပြီး တစ်ဘဝပြီး တစ်ဘဝ ထိုတစ်ဘဝ၌ပင် တစ်ခဏပြီး တစ်ခဏ စိတ်လှုပ်သမျှ ရုပ်ပါ၊ ရုပ်ခါသမျှ စိတ်လှုပ်နောက်ဆုတ်၍ မရရှာကြပြီ။

*၁၃၆၄ ခု၊*
*တော်သလင်းလဆန်း ၁၂ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## အကွဲအပြဲ

သဘောထားချင်း ကွဲလွဲသွားသော် တဏှာစေး ရပ်စဲ၊ တစ်ဖက်နှင့်တစ်ဖက် ပြုထွက်သွားတော့ပြီ။

ထိုသို့ဖြစ်စေကြရာ၌ ဥပါဒါန်အစွဲနှင့်ဘဝ၏အမြဲတို့အကြား. . . **'တရားမြဲ စကားနည်း၊ အစားနည်း၊ ဝီရိယကဲ၊ သတိအမြဲစွဲ'** ထိုသည့် ကွင်းဆက်များက သတ်လျှိုပေးလိုက်သည်အလား. . .

အစွဲက ကောင်းသည် ပြောတိုင်းလည်း ဘာ ကောင်းသလဲ၊ ဘယ်လိုကောင်းသလဲ၊ ဘယ်က ကောင်းသလဲ . . . လဲ သုံးချက်တို့ဖြင့် အကွက်အဝေး စစ်ဆေး။

အစွဲက မကောင်း ပြောတိုင်းလည်း ဘာမကောင်းသလဲ၊ ဘယ်လိုမကောင်းသလဲ၊ ဘယ်ကမကောင်းသလဲ . . . ဤ လဲ သုံးချက်တို့ဖြင့် အကွက်ဖျင်အထင်လေး ရှုကြည့်ပေး။ ထိုအခါ ဘဝခေါ် ခံစားဆဲရှိဖြစ်စဉ်အားလုံး. . .

* ရုပ်ဖြစ်စဉ် နှစ်ခုတို့ကလည်း ထိတိုင်း ပျက်၊ ပျက်တိုင်း ပျောက်၊ ကောက်ပြတတ်စရာပင် မကျန်ခဲ့။
* နာမ်ဖြစ်စဉ်ကလည်း သိရင်း ပျက်၊ ပျက်ရင်း ပျောက်၊ ကောက်ပြတတ်စရာပင် မကျန်ခဲ့။

ဤနည်းဖြင့် ဘာမျှမရှိသော အရှိသိခွင့်ရလိုက်ပြီ။ ဤနည်းဖြင့် ဘာမဟုတ်သော အဟုတ်၏ အလှည့် သိခွင့်ရလိုက်ပြီး အစွဲဘက်က အကောင်းပြော၊ ဘဝဘက်က မကောင်းပြ၊ သဘောချင်း မတိုက်ဆိုင်ကြပြီ။ ဆပ်ပြာပူဖောင်း ကလေးတောင်း မတောင်းတော့ပြီ။

အစွဲ၏ ပယောဂ မဂ်တို့၏ သဘာဝကြောင့် ဘဝနှင့်အိုးစားကွဲကြပြီ။အလဲလဲဖြင့် အမြဲရှိသောဘဝ အစွဲမဲ့၏ သဘာဝကြောင့် ဘုံများနှင့်အိုးစားကွဲကြပြီ။ အပြဲကြောင့် ကွဲသလော၊ အကွဲကြောင့် ပြဲသလောပင် မပြောတတ်ပြီ။

* အစွဲသည် အမြဲမရှိ နေခွင့်မရချေ။
* အမြဲသည်လည်း အစွဲမရှိ နေခွင့်မရချေ။

ထိုသို့သော လူချွန်၊ လူမွန်များသည်သာ သတိရှိသဖြင့် သတ္တိပြည့်သောသူ စာဂနောက်မလားသဖြင့် အာဂယောက်ျား။ ကမ္ဘာမှီ ကမ္ဘာမလည်သဖြင့် အာဇာနည်သမား အမည်ခံယူထားကြသည်။

*၁၃၆၄ ခု၊ တော်သလင်းလပြည့်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## ရှက်

သေမွှားလှသော အကြောအမျှင်များဖြင့် ယှက်သိုင်း ပတ်ဖွဲ့ထားသော



www.burmeseclassic.com

www.burmeseclassic.com

အရာဝတ္ထုမှန်သမျှ၌ အယုတ်ဟူသည် ရှိစမြဲ။ (ယ နှင့် ရ အတူတူ)

သစ်သီးများ၌ အစေ့ယုတ်ခြင်း၊ လူများ၌ သိက္ခာယုတ်ခြင်း။

ထိုသို့ အကြောချင်း ယှက်လျက် (အသားများကို ရက်လုပ်ထားသော အထည်စပမာ) ပိတ်သည်း ထူထဲစွာ အစိုးရခြင်းကိုကား ဣန္ဒြေဆိုရပြီ။

ဣန္ဒြေ - သိက္ခာစဉ်ဆက်အကြောချင်းယှက်ကို အစိုးရထားခြင်း။

ထိုစဉ် အစေ့ယုတ် အသီးများမှာ စားသည်တို့ကြောင့် ဒဏ်ရာရသွားသော် အကြောအမျှင်တွဲများ ပြတ်စဲ အသားများပါ ပြဲ အယုတ်(အရှက်) ကွဲသွားတော့ပြီ။

လူ၌လည်း တစ်ဖက်၏ ခတ်ချက်ကြောင့်လည်းကောင်း၊ ကိုယ်၌ရှိသော လက်ချက်၊ ခြေချက် စသည်များကြောင့်လည်းကောင်း၊ မိမိရှိ အတက်၊ အဆုတ် နှစ်ဖက်ရ ဒေါသကြောင့် ဘဝင်လေအထကြမ်း၊ နှလုံးသွေး ဖြန်းဖြန်းခုန်၊ သွေးလေများ တစ်ကိုယ်လုံးသို့ အဆန်အစုန် အားကုန်ပြေးလွှားလေသောအခါ. . .

* သိက္ခာဖြင့် ဖွဲ့ယှက်ထားသော တည်ငြိမ်ခြင်း သွေးသားများ အယုတ် (အရှက်) ကွဲသွားပြီ။
* အကြောအမျှင်ဖြင့်ဖွဲ့ယှက်ထားသော တည်ငြိမ်ခြင်း ခန္ဓာငါးပါး အယုတ် (အရှက်) ကွဲသွားပြီ။

ထိုအဖြစ်မျိုးများသည် လူငယ်များ၌ လိင်မတူ အချစ်နှီး - ကာမမုဆိုးများ၏ တဏှာဘွဲ့ဖြင့် ကပြလေ့ရှိသော လက်၏ ထိကပါး ရိကပါး ယိမ်းအက၊ အငြိဘွဲ့ဖြင့် ရိသဲ့သဲ့ သီဆိုလေ့ရှိသော နှုတ်၏ ကလူသလို မြူသလိုအဆို ယင်းနှစ်မျိုးတို့ဖြင့် အတို့ခံရသော ကာလသမီး အယုတ်(အရှက်)ကြီးသလောက် အယုတ် (အရှက်) ကွဲရောက်တတ်၏။

လူကြီးများ၌ အမြင်မတူ၊ မုန်းငြိုးကျိုး အာဃာတမုဆိုးများ၏ ဘယာဘွဲ့ဖြင့် ကပြလေ့ရှိသော ကိုယ်ဟန်တို့၏ ခြိမ်းခြောက်အက၊ ကတိမ်းကပါး အမှားဖြင့် ကြိမ်းဝါး ဝါး ဟစ်ကြွေးလေ့ရှိသော နှုတ်၏ ဝါးမတတ် စားမတတ် စကား ယင်းနှစ်မျိုးတို့ဖြင့် အထိုးအဆွ ခံလိုက်ရသော လူကြီးအယုတ် (အရှက်) ကြီးသလောက် အကွဲဖောက်တတ်၏။ စင်စစ်အကွဲမှန်သမျှ ယှက်ထားသည်များ အစေးပြယ်၊ အကြောပြတ်တို့ကြောင့်ချည်းသာ။

သို့ကြောင့် မည်သူမဆို မိမိ၌ အကြောအမျှင်နှင့် သွေးသား၊ အကျင့်သိက္ခာနှင့် ဣန္ဒြေ ထိုနှစ်တွေ နဂိုရှည် အယှက် (အရှက်) မကွဲလိုသော မိမိ၏ စိတ်ကို သတိ မြေစာကျွေး၍ ရင့်ကျက်အောင် မွေးမြူထားကြရာသည်။ အကယ်တိတိ သတိအကျွေးကောင်းသဖြင့် မောင်းမောင်းထ ထိုစိတ် ရင့်လာရာမှ ပွင့်၊ သီးစုံ အကုန်ဆိုက်လာပါမူ အယှက် (အရှက်) ကွဲစရာမရှိတော့ပြီ။

**အကြောမှာ အသားထူထဲ အမိုင်အမာ တပ်စွဲပြီးကြောင့်။**

*၁၃၆၄ ခု၊*
*တော်သလင်းလပြည့်ကျော် ၁. ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

**ကြောက်**

အန္တရာယ် ကျရောက်လာရာမှ ထဖြစ်လေ့ ဖြစ်ထရှိသော တုန်လှုပ်မှုကို ကြောက်ခြင်းဟူ၍ ဆိုရသည်။ (ယပင်းနှင့် ရရစ် အတူတူ)

သတ္တဝါတိုင်း. . .

* သေဘေးဆိုးကြီး ကျရောက်လာသောအခါ ကြောက်စမြဲတည်း။
* အပြစ်ဒဏ်ကြောင့် အပြာန်ခံကြရသောအခါ လန့်စမြဲတည်း။

ထိုစဉ် ကျရောက်ကြောင့်ကြောက် ဖြစ်လာရသူ၌ ခန္ဓာကိုယ်တောင့်မိုင်လာခြင်း၊ ကြက်သီးမွေးညင်းထခြင်းဖြင့် ကြောက်လက္ခဏာ ပြ၏။ သေဘေးကျရောက်သော်လည်း မကြောက်သူ၌ ထိုလက္ခဏာများ မပေါ်တတ်။ ဥဿဖ (အာဇာနည်) စာရင်းဝင် ဆင်၊ မြင်း၊ နွားနှင့် ရဟန္တာ စသည်များ။

ထိုမှတစ်ပါး ကျရောက်ကြောင့် ကြောက် ဖြစ်လာရသူများကား အကြောက်လွန်လေ သွေးလေမွှန်လေဖြစ်ကာ တစ်ဖက်၏အခြောက်ထက် မိမိစိတ်က မိမိအား လှန့်နေချေရကား ပုန်းစရာ ဗလာ၊ ပြေးစရာ နတ္ထိ၊ အကြောက်ကား အချိန်ပြည့်။

ထိုအဖြစ်မျိုး အကြောင်းခံ အမှန်မသိသော အဝိဇ္ဇာ၊ ကိုယ့်ကိုယ်ကိုယ်ခင်လွန်းနေသော တဏှာ၊ စိတ်ချလက်ချ နေမရသော ဒေါသ . . . ထိုသုံးပါးတို့ကြီးစိုးသော တောတွင်းနေ တိရစ္ဆာန်များ၌ အဖြစ်အများဆုံး။

လူစစ်လျှင် အတွေးခေါ်မှန်သမ္မာဝိတက်၊ မိမိသတ္တိ စသည်၌ ယုံကြည်ချက် သဒ္ဓါ၊ ဘာမဆိုခွဲခြမ်း သတ္တိ ထက်နေသော ပညာ ထိုသုံးပါးအားထားရမည်။

* မရှက်ရမည်ကို ရှက်၊ ရှက်ရမည်ကိုကား မရှက်ဖြင့် အရှက်မလွဲသင့်ကြ။
* မကြောက်သင့်ကိုကြောက်၊ ကြောက်သင့်၌ မကြောက်ဖြင့် အကြောက်မလွဲသင့်ကြ။

ထိုစဉ် ကံဖျက် ငါးနိုက်ပမာသော လူတို့မြူကျင့်ရမည့် သိက္ခာကံ . . . သူ့အသက်သတ်ခြင်း၊ ခိုးယူခံစားခြင်း၊ လူယက်စော်ကားခြင်း၊ လှည့်ပတ်ဖြားယောင်းခြင်း၊ ကံဖျက်တိရိယာ အရက်သေစာ မူးယစ်သောက်စားခြင်း စသည့် မကောင်းကျင့် ဒုစရိုက်တရားဆယ်ပါးလုံးတို့၌ အရှက်တိုင်းထားသင့်၏။ အရှက်မကွဲစေ စကောင်း။

တစ်ဖန် လူ့ရှေ့ ဘုရားရှိခိုးခြင်း၊ မေတ္တာပွား အမျှဝေခြင်းစသည့် ကောင်းမှုများ၌ကား အရှက်ကွဲချင်တိုင်း ကွဲပါစေ။ မရှက် (အရှက်မဲ့) ဖြင့်သာ ပြုသင့်သည်။ ပီတိရှိသူ၌ ထိုမရှက်ကွဲရာ အက်ရာမျှပင် မထင်စေ။

သည့်အတူ တစ်ဖက်က လာပေးပို့သော အန္တရာယ်ကား ညေ့အရာဝင်သဖြင့် မကြောက်သင့်။ မိမိနှင့် ဘဝများစွာ အတူပါပြီး အခွင့်ရတိုင်း သတ်ပစ်နေကြသော ကိလေသရန်နှင့် ဇာတိ စသည့် မီးအန္တရာယ်များ၌သာ ကြောက်သင့်သည်။ ယင်းတို့ကား ဒဏ်ရာ မပေါ်၊ လက်သည်မရှိ ပိရိလွန်းလှသောကြောင့်။

*၁၃၆၄ခု၊*
*တော်သလင်းလပြည့်ကျော် ၁ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

**အားထုတ်**

မိမိ၌ရှိသော အားကို ထုတ်နုတ်သုံးစွဲရာတွင် တန်ဖိုးချင်း၊ အရွယ်စားချင်း အထပ်လိုက် အထပ်လိုက်ထားသော ငွေကြေးများကို ထုတ်ယူသုံးစွဲရသူပမာ သူ့နေရာနှင့်သူ အထာပေါက်နှင့်ထားရမည်။

ထိုစဉ်. . .

* ယုံကြည်ချက် သဒ္ဓါအားကား အကြည်ဓာတ်ရည် လှည့်ရုံမျှဖြစ်၍ လှည်းပမာ။
* ရဲတင်းချက် ဝီရိယအားကား တွန်းတင်၊ တွန်းတက်ဖြစ်၍ ဝန်ရုန်းနွားပမာ။
* သမာဓိအားကား အရည်တည်အငြိမ်

www.burmeseclassic.com

ခံတတ် ဖြစ်၍ မြဲကျောက်ပမာ။

* ပညာအားကား ထွင်းအား အတိုက်ခံတတ် ဖြစ်၍ ရာဖြတ်ကိုင် မှန်ဘီလူးပမာ။

* သတိအားကား သဒ္ဓါနှင့် ဝီရိယတို့၌ နှင်တံကိုင် လှည်းဦးစီးနေရာ၌ နေပြီး သမာဓိ၊ ပညာတို့၌ကား ရာဖြတ်သမားနေရာ၌ နေချေပြီ။

ထိုစဉ် ငြိမ်သော အယုံကို ဝီရိယအားဖြင့် ဆွဲပေးရာ၌ သတိအားမပါလျှင် လိုရာမရောက်၊ လမ်းပေါက်မတည့်။ သို့ကြောင့် အယုံတွင် အရဲဝင်၊ အရဲတွင် အယုံပေါ် ဝယ် သတိ အဖော်ကောင်းရမည် ဆိုသတည်း။

တစ်ဖန် ကြည်သော အတည်ကို ပညာအားဖြင့် ခွဲကြည့်ရာ၌ သတိအား ရှေ့သွား မရှိလျှင် အသိမစင် အဝင်မဖြောင့်။ သို့ကြောင့် အတည်ကို ခွဲခြား၊ ကွဲသွားရာတိုင်း ပြန်တည်စဉ် သတိ အမှီထက်မြက်ရမည်ဆိုသတည်း။

ထို အင်အားသတ္တိ ငါးမျိုးတို့တွင် ဝီရိယအား တစ်ခုသာ ကိုယ်အား၊ စိတ်အား နှစ်မျိုးပါပြီး ကျန်အားလေးမျိုးကား စိတ်အားသက်သက်မျှချည်း ဖြစ်ကြ၏။ မိမိ၌ရှိသော ထိုအားတို့ကို ထုတ်ယူသုံးစွဲလိုသောအခါ မိမိ အိတ်ကပ်ထဲရှိ ငွေများကို ထုတ်ယူသုံးစွဲနည်းပမာ။

* ကိုယ်တွင်းအား အကူလိုလျှင် ဝီရိယကဲ သတိမြဲပါစေ။

* စိတ်တွင်းအား ထုတ်သုံးလိုလျှင် သတိကဲ အသိမြဲပါစေ။

သို့ကြောင့် ကိုယ်အန္တရာယ် စိုးရိမ်ရချိန် ဘာမဆို သတိ၊ ဝီရိယ ထားနေကြဖော့ နိုးပေးသတည်း။ စိတ်အန္တရာယ် စိုးရိမ်ရချိန် သတိ ရှေ့ထား အသိနောက်ရှိကြပါစေ နိုးပေးသတည်း။

ထို အားများကို ပါဠိလို ဗလ(ဗိုလ်) အမည်တွင်စေရာ ဗိုလ်သည် နောက်လိုက်ငယ်သားများထက် သတ္တိ နှလုံးရည် ပြည့်ရသည်။ ဗျတ္တိလက်ရုံးရည်လည်း ငယ်သားများထက် ပြည့်သည်။ ဗိုလ်မပါ ရည်းစားပိုးရာ၌ပင် ခရီးမရောက်တတ်။ ဘာမဆို ထိုဗိုလ်များကိုသာ မြှောက်ပေးတတ်၊ ထုတ်သုံးတတ်ကြလျှင် အခက်ကျိုး အရိုးပေါ် အသီးအပွင့်များပါ ဖော်သုံးခွင့်ရစေပြီ။

ဗိုလ်သည် ခုခံစစ်၊ ထိုးစစ် ပြောင်းမြှောက်သောစနစ် သူ၌ ရှိနေသောကြောင့်။

၁၃၆၄ ခု၊
တော်သလင်းလပြည့် ကျော် ၁ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။

## ခက်မ

* ကိုယ်၌ အသုံးချစရာ အခက် အလက် အတက် ထွက်လာသောအရာ။

* စိတ် အသုံးချစရာ အခက် အလက် အတက် ထွက်လာသောအရာ။

ယင်းတို့သည် ကိုယ်၌ပင် အညွန့်တက်၊ အခက်အလက်ထွက်ဖြင့် ကိုယ်ရုံတော်ဘဝ အလုပ်ဝင်ကြရကား ခက်မငါးဖြာ ဆိုရရာသည်။ ကိုယ်မှထွက်သော ထိပ်မှာ ဦးခေါင်း၊ ဘေးစောင်း အောက်ထက် ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ထိုခက်မငါးဖြာတို့ကား . . .

* သူချည်းသက်သက် ငြိမ်သက်နေစဉ်၌ ခက်မငါးဖြာ။

* ဘဝအခက်အခဲကို ဖြေရှင်းပေးရာ၌ ကိုယ်ရုံတော် ငါးဦး။

* စိတ်ကလက်တိုင်း ထွက်ဆော့ပေးရရာများ၌ကား ခက်မှခက်သမားများတည်း။

ထိုစဉ် . . . ဦးခေါင်းရှိ မျက်စိ၊ နား၊ နှာ ထိုသုံးဖြာသည် ကာမစိတ်ကမှ မထသေး ၎င်းတို့ကား တစ်ဖက်သို့ 'ဇ'ပြနေကြတော့ကာ ပြစ်မှုကို ဖွေရှာပေးနေကြပြီ။ ခက်သကိုး။ အဆိုးဆုံးကား လျှာပင်တည်း။ ယင်းသည် မိုးလေဝသ တိုင်းထွာရေးမှ စကြာပမာ လေလာရာဘက် လည်ပြကာ စိတ်ဝေ့သလောက် အလည်များ၊ စိတ် ကစားသလောက် သူပါဝင်၊ မထင် မထင်သလို၊ ထင် ထင်သလို ငင်ပေး၍ချည်းနေတော့ရာ နှုတ်ကြောင့်သော၊ လက်ကြောင့်ကြေအထိ ခက်လှပါဘိ။

တစ်ဖန် ကိုယ်၏ ဘေးစောင်းတစ် ခြေနှစ်ဖက်၊ လက်နှစ်ဖက်တို့တွင်လည်း ခြေကား စိတ်လိုရာ ကိုယ်သယ်ပေးရုံသာ။ အခက်ဖန်ရာ၌ နောက်လိုက်မျှပေကိုး။ လက်နှစ်ဖက်သည်ကား လူပျိုလက်ဝက်မြီးဟူ၍ပင် . . . အငြိမ်မနေ ဆော့ပွေခက်ပွား၊ ရတက်တွင် အခက်နားစေသဖြင့် နှိုင်းခိုင်းရသည်အထိပင်။ နှုတ်အထွက် ထိုလက်က ထွက်မလိုက်လျှင် အခက်မပွေတတ်။ ဆရာ့ထက် တပည့်လက်စောင်းထက်ပမာ စိတ်အစိုက်လက်ကျင့်ပါ စရိုက်ကား မိုက်လှဘိတောင်း။

* ကိုယ်ခန္ဓာသည် ကားအိမ်ပမာ ပစ္စည်းတင် လူတက် ဘာအခက်မှ သူမထွက်။

* ဦးခေါင်းပိုင်းသည်ကား စက်ခန်းပမာလေ၊ မီးအကူဖြင့် အခက်ကို လည်ပေးစေ၏။

* ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကား ဘီးများပမာ၊ လိုရာကိုလည်း အခက်ကို ထိပေး၏။

* စိတ်သည်ကား မောင်းသူပမာ လိုရာ မလိုရာ ညွှတ် အခက်ကို ဆွတ်ချေပြီ။

ထိုစိတ်အဆွတ် အခက်မှအခဲသို့ ဆွပ်ပေးရာ၌ကား လျှာသည် အစွာဆုံးတည်း။ လျှာမနိုင် တစ်ခါမြွက် တစ်ဘဝလုံးပင် အခက်ပွေတတ်သည်။

ယနေ့ အိမ်ထောင်၌ ကျူးခံနေရသူ မှန်သမျှ အာသွက် လျှာသွက် တစ်ခါမြွက်မှ စသည်ချည်းသာ။ နှုတ်သွက်လျှာသွက် ခက်မှခက် ရမ္မက်ပုံစံဖော်သောကြောင့်။

၁၃၆၄ ခု၊
တော်သလင်းလပြည့်ကျော် ၂ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။

## ချင့်ယုံ

ချင့်ချိန်မှု - ဉာဏ်ပညာ၊ ယုံကြည်မှု - သဒ္ဓါ ထိုနှစ်ဖြာတို့တွင် သဒ္ဓါကား ကျောက်ကြည့်မျက်လုံး၊ ပညာကား ကိုင်မြှောက်လှည့်ပြ လက်တည်း။

ရတနာတန်းဝင် ကျောက်မျက်တစ်လုံး မိမိထံမှောက် ရောက်လာရာ၌ မျက်စိကား ကျောက်မှန်းသိမျှသာရှိပြီး အရည်အသွေးအနာပါ၊ မပါ စသည်တို့ကား ရေလည်ပတ်လည်မသိတတ်။ ထိုအခါ လက်အကူကို ရယူပြီး ထိုလက်က ကောက်ကိုင်ခြင်း၊ မြှောက်တင်ပေးခြင်း၊ လှည့်ပြ ထောင်ပြခြင်းကိစ္စ ဆောင်ရွက်ပေးမှသာ ထိုမျက်စိ ကျောက်၌ရှိသော သူ့အရှိ ပကတိအတိုင်း မြင်သိခွင့်ရတော့သည်။

သည့်ပမာ သောဘဏ (တင့်တယ်မှု) တန်းဝင် အကြွင်သိက္ခာရှင်တို့ကို ဖူးတွေ့ရာ၌လည်း သဒ္ဓါ၊ ပညာ ထိုနှစ်ဖြာ ညီညာ ပူပေါင်းမှုသာ ပုဂ္ဂိုလ်မျှ၌ မရပ်နား ဂုဏ်အထားထိ ကျက်စားနိုင်ချေသည်။

* သဒ္ဓါတွန့်၍ ပညာတွန့်နေသော် ပုဂ္ဂိုလ်၌သာ မေးတင်မည်။

* ပညာလွန့်၍ သဒ္ဓါတွန့်နေသော် ပုဂ္ဂိုလ်၌ပင် မေးတင်သည်။

သဒ္ဓါလွန်က တဏှာ၊ ပညာလွန်က မာန တစ်စခန်း ထနေတတ်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်။

ယနေ့ သညာရည်ပြည့်သဖြင့် ...ညာရှိ အမည်ခံထားသူတို့၏ အရေးအသား၊ အဟောအပြောများကို ကြည့်...ိုက်လျှင် ပညာမျက်လုံးကောင်း တစ်...က်စောင်း စောင်းနေကာ သန်ရာမြင်၊ ...န်ရာသိ၊ မသန်ရာ ထန်ထန်မိလျက်က ...ကယ့်အရှိဘက် ခြေမတိုး တစ်ဖက် ...တ် မျက်စောင်းထိုးဖြင့် ဝေဖန်ခြင်းက ...မ်းမိုးနေတော့သည်။ ပညာကြီးသ...ောက် မိုက်အတိုက်ဖြင့် အချိန်ကုန်ပြီး

တစ်ဖန် အထင်ဂုဏ် အခင်ယုံ ယုံ...ရှိသော ပညာမဲ့များကား ဘာမဆိုယုံ ...စ်ဖက်က စုံမက်လျှင် ကိုယ်ပါပင် ...ပ်လိုက်ကြပြီ။ သဒ္ဓါကို တဏှာဝါး...သွားပြီ။ ထိုသဒ္ဓါ ထိုပညာကား ထိုး...င်းသိ မပါက အတွဲမိနိုး မရှိတတ်။

အချင့်ညှဉ်ကား မယုံ မျက်လုံးဖြင့် ...ိစု၊ အထူးလွန်တက် အလွန်ထက်ထူး ...သော မာနကြောင့် မြတ်နိုး အထင် ...း တိုးဝင်နေတတ်ပြီး သာမန်အဆင့် ...င့်တင့်ရုံဆို သူ့ကိုပင် မမှီချင်အထင်ဖြင့် ...ပေက္ခာပြုတတ်ပြီး မယုံညှဉ်ကား မျက်စိ...ရှိ၊ နားအာရုံဖြစ်သော ရုပ်ပြုနှင့် ...ပြောကောင်း ခင်ပေါင်း ပေါင်းလိုက်...။

သို့ကြောင့် အချင့်နှင့် အယုံ ဘက်စုံ ...က်စိ ရှိလိုသူတိုင်း ဦးစွာ မိမိနှလုံးစဉ် ...စ်၊ ပျက် မြင်အောင်ကြည့်။ တစ်စတစ်စ ...ုံးထွင်းသိ အသိရှိသည်အထိ ပြည့်နှင့်...၏။ အယုံမိ အသိတိုး၊ အသိပြီး အယုံ တူနှစ်ကိုယ် အတွဲမိနေသောကြောင့်။

၁၃၆၄ ခု၊
တော်သလင်းလပြည့်ကျော် ၂ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။

## ဆရာ

ချိန်ဆခြင်း၊ လျှာထွက်ခြင်းဖြင့် ...ရာဂုဏ် ပုံပေါ်စေရမည်။

ထိုစဉ် ချိန်လိုလျှင် ချိန်ခွင်ကိုင်၊ ...ျှာထွာလိုက ကိုက်တံယူထားဖို့ အထူး...ိုလိမ့်မည်။ ယင်းကား အခြားမဟုတ်။ ...စွာ မိမိက ကျင့်သုံးထားရှိနှင့်ပြီးတည်း။

ပါဠိလို အာစရိယ၊ 'အာ' ကား ...ည်း၊ 'စရိယ' ကား ကျင့်ထားပြီးစီးခြင်း၊ ...စ်ခုပေါင်းသော် ဦးစွာ မိမိက ကျင့်သုံး...ားရှိနှင့်ပြီးဟူ၍ အဓိပ္ပာယ်အနက်ထွက် ...ရာ... ယင်းသည်ပင် ချိန်ခွင်၊ ယင်း...ည်ပင် ကိုက်တံတည်း။ သို့ကြောင့် ဆရာအမည်ခံ ဆရာဟန်ပန်ဖြင့် ဆရာသံထွက်သူတိုင်း သွားနေကျလမ်း၊ ထမ်းနေကျဝပ်စွည်း၊ စီးနေကျ ဖိနပ်ဖြင့်သာ ဦးဆောင်ကြရာသည်။

* ပဋိပတ်အကျင့် စာတွေ့ဖြင့် လမ်းပြနေက တစ်ကြောင်းလမ်း တန်းမရောက်တတ်။
* ပရိယတ်စကား ကိုယ်တွေ့ဖြင့် ပြောကြားနေက လမ်းညွှန်လမ်းပြ ပုံမကျတတ်။

မကျင့်ဘဲ မြင်၊ မသင်ဘဲ တတ်ကား တစ်သောင်းကြား တစ်ပါးမတွေ့ဖြစ်ချေသည်။

ဖဆပလခေတ်က စိုက်ပျိုးရေးအရာရှိကြီးတစ်ဦး အညာဘက်သို့ စိုက်ပျိုးနည်းလာရောက်ဟောပြောပို့ချ၏။ ပြီးသော် အာလာပသလ္လာပစကား တောင်သူကြီးများနှင့် ပြောကြရာ "နေစမ်းပါဦး ခင်ဗျားတို့ ဝါကဘယ်အချိန်ရိတ်သိမ်းကြသလဲ" ဟူ၏။ ဝါဟူသည်က ဆွတ်ချူရသည်ကို သူမှ မသိဘဲ။

တစ်ဖန် ဆိုရှယ်လစ်လက်စသိမ်းခေတ်ကလည်း လယ်သစ် (လယ်ယာသစ်တော)တာဝန်ယူရသော ဒု-ဗိုလ်ချုပ်ကြီးတစ်ဦး သာစည်ဘက်သို့ လာရောက်ရာ၏။ မိမိရှေ့တွင် တွေ့မြင်နေရသော ကိုင်းတောကြီးကိုကြည့်ပြီး "ဟာ... ခင်ဗျားတို့ဆီက ကြံတောကြီးက တော်တော် အားရစရာကောင်းကိုး" ဟူ၏။ ကိုင်းနှင့်ကြံ ပွင့်တံသာတူ၊ ပင်မတူ သူမှ မသိဘဲ။

အားလုံးမြဲ ငုံထွေး ထွေးချ ပြရပါမူ...

လူ့အထောက်ကူပြု အသက်မွေးဝမ်းကျောင်းမှုအရာ ဘာမဆို တံငါအလုပ်မှသည် လက်မှု၊ စက်မှု အလုပ်စုတိုင်အောင် ပညာ၊ သညာနည်းနာအတွေ့ စာတွေ့ လက်တွေ့... ထိုအားလုံးတို့၌ ဆရာအဖြစ် ဝင်ရောက်တာဝန်ယူလိုက်ရသူ... ရပြီး ဝန်စည်၏အလေးအပေါ့ တွက်ပြလိုရာ၌ ချိန်ခွင်နှင့် အလေး၊ ရှေ့ဆက်ရမည့် အနံ၊ အလျားကို တိုင်းထွာလိုရာ၌ ချိန်ခွင်နှင့်အလေး၊ ရှေ့ဆက်ရမည့် အနံ၊ အလျားကို တိုင်းထွာလိုရာ၌ ကိုက်တံ၊ ထိုနှစ်တန် ပခုံးတင် လက်ဆွဲလျက်က အခက်တွေ့က ခွဲဖျက်ပြ၊ အခဲတွေ့ ချိန်ယူခြင်းပညာ သင်ကြားပြသပေးကြရာသည်။ ချိန်မပါ၊ ကိုက်မဖွဲ့ ခန့်မှန်းဖြင့် တွက်ပြခဲ့ပါမူ ဆရာလည်း တစ်ဆူမှက တဆဲဖြစ်ချိမ့်မည်။ တပည့်လည်း ပန်းကောင်းချိုး၍ ပန်းညှိုးပန်ကောန်ဖြစ်ချိမ့်မည်။

၁၃၆၄ ခု၊
တော်သလင်းလပြည့် ကျော် ၃ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။

## မွေ့နောက်

နှောင့်ယှက်သောအမွေ့ ခံနိုင်ရည်ရှိကာကျေးဇူးများလှ၏။ ပုံကြမ်းက ပုံချော အခန်းသို့ တန်းဝင်စေရာ၌ သူမပါ ပွဲမပြီးချေ။

* ယောက်မသည် ထမင်းဟင်းကောင်း ထွက်ရှိရေး၌ အဓိက တာဝန်ယူ။
* ဒလက်သည် ယာဂု စသည် ကျိုရာ၌ တာဝန်ခံ ဦးစီးထား။
* လက်သည် နေလှမ်းပစ္စည်း ခြောက်သွေ့စေရာ၌ အရာရှိ နေရာဝင်။

သည့်ပမာ... ပုံထုဇဉ်ကြမ်းမှ ကလျာဏ သေက္ခ တာဒိရှင်ဂေဇက်ဝင်လိုသဖြင့် ဖြည့်ကျင့်ရာတိုင်းတို့၌ပင် အမွေ့သည် ပါရမြဲတည်း။ စိတ်ချင်း ပူးကပ်ပြီး အကျင့်အား မွေ့နောက်ပေးခြင်းများ။ ယင်းကိုပင် ပယောဂပူးဝင်သည်ခေါ်ရာ ထိုပယောဂသည် နတ်ပယောဂ၊ ဓာတ်ပယောဂ၊ စုန်းပယောဂ၊ သွေးပယောဂ၊ လေပယောဂ ငါးမျိုးရှိနေ၏။

ထိုစဉ် နတ်၊ ဓာတ်တို့၏ ပယောဂကား သည့်ရှိသော အကြိတ်အခဲများ ကျေကျေနပ်နပ်ဖြစ်သွားလျှင် ကျေနပ်ပြီဆိုတာ ထွက်ခွာသွားတတ်ကြ၏။ စုန်းပယောဂလည်း နည်းတူပင်။ မလိုရာ ကြိမ်းပ၊ လိုရာ ဆန္ဒပြု သွားလမ်းပေါ်မှ ခြေလှမ်းများ မနှေးမနပ်မချင်း အမွေ့သွင်းပြီး ဆင်းသွားမြဲ။

မိမိနှင့် တံပြုရာ ဘဝတိုင်း မကွေမကွာ လိုက်ပါမွေ့ပေးနေသော ညှဉ်တိုင် သွေး၊ လေ ပယောဂတို့ကား မည်သည့်ကာလမျှ ဆင်းပေးလိမ့်မည် မဟုတ်ပြီ။ ကြောက်စရာအကောင်းတကာ့အကောင်းဆုံးသော အမွေ့ဓာတ်ဆိုးတည်း။

* မိမိရှိ အမွေ့ညှဉ်ကား အတူနေ သားသမီးအရာဝင် အိမ်ရှင်။
* အခြားရှိ စုန်း၊ နတ် စသည် အမွေ့ဧည်ကား တစ်မိုးတရံဆန် ဧည့်။

ထိုစဉ် မိမိ၏ သားသမီးများ အပေါင်းအသင်းမှား၍ ပျက်စီးသွားပြီ ပြောသော်လည်း စင်စစ် ယင်းတို့ရှိ ညှဉ်အမွေ့ လက်မခံက အင်မွေ့ဝင်မရသည့်ပမာ၊ မိမိ၏ နှလုံးအိမ်တွင်းနေ မနော်သို့



www.burmeseclassic.com

www.burmeseclassic.com

ပူးဝင်လာကြသော ဖြင်ပအမွှေပယောဂ အားလုံးလည်း မိမိ၏ဉာဉ် လက်မခံက လက်လှန်၍ချည်း ပြန်ရမြဲသာ။

သို့ကြောင့် ပညာရှိ အမည်ခံတို့၏ အမွှေမာတ်သတိပြု သတိပေးစကား . . . ဖြင်ပ လက်ညှိုးထိုးပြနေမည့်အစား အတွင်းကြား မနောနှင့်ဉာဉ်သွေးများ နောက်အောင်မွှေ၊ ကျေအောင်ဖျက်၊ ကျင့်နေကျ ကာမမှုမွှေသို့ လွဲမထွက်သာအောင် မွှေနေခြင်းများသို့ အတည့်ထိုးပြသင့်ကြသည်။ သို့မဟုတ်က ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်ပမာ. . . ယုန်မရခွေးမော၊ ဇောချွေးပြန်ဘဝဖြင့် အချိန်ကုန်လွန်သွားရာသည်။

၁၃၆၄ ခု၊
တော်သလင်းလပြည့်ကျော် ၃ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။

## ယောက်မ

ငင်၍ ယောက်၍ မကြည့်ရာ၌ ယောက်မသည် ကျွန်လိမ္မာပမာ ပီသစွာ၏။ လူ၌ အညစ်၊ အပူမထိ သိလိုရာလည်း အတာ်သိစေသောကြောင့်တည်း။

အမွှေ တာဝန်ယူပေးရသော ယောက်မသည် သွင်စေ စေသည့်အတိုင်း မီးသင်းဖိုခနောက်ထက်၌ ပွက်ပွက်ညံဆူတက်လျက်က ရှိနေသော မီးထိုင်အိုးကြီးအတွင်းသို့ မည်မျှ ပူပူကျက်ကျက် ဆင်းသက်ပေး၏။ မွှေဆိုမွှေ၊ ကော်ဆိုကော် သခင့်အလိုတော်ရှိ ပြည့်ဝစေ၏ပမာ။

တဏှာခိုင်းရာ မွှေနှောက်ပေးနေရပါသော လူတိုင်းရှိ ဉာဉ်များလည်း. . .

* ရာဂတဏှာကြီးသူသည် ဘာမဆိုလိုချင်တာလောက် သူသိ၏။ ဉာဉ်သဘာဝတည်း။
* ဒေါသတဏှာကြီးသူသည် မလိုချင်တာလောက် သူသိ၏။ ရှေ့နောက်ကား လှည့်မကြည့်မိ။
* မောဟတဏှာကြီးသူသည် အချောင်ခိုချင်တာလောက် သူသိ၏။ အကာက်အကျိုကား မတွက်ဆမိ။

ထိုဉာဉ်ဖိရာ ဒိဋ္ဌိ၊ မာနတို့ကိုပါ အဆစ်ထည့်ပေးလိုက်ပါမူကား ဉာဉ်မှုစရိုက်၊ အသိနောက် အကျင့် လိုက်ပါလာတော့ရာ. . . "လာခဲ့ ဘာဖြစ်ဖြစ် ကိုင်မယ် မနိုင် ပြိုင်ကြရသေးတာပေါ့" တည်း။

ယနေ့ ပတ်ခန်းထဲ ထင်သလိုနေသူတိုင်း ဉာဉ်မွှေကား အလုပ်ဖြစ်နေပြီ။ ပတ်ခန်းမှ ထွက်လာသူကိုလည်း ထိုဉာဉ်မွှေကား အလုပ်ဖြစ်နေပြီ။ ပတ်ခန်းမှ ထွက်လာသူကိုလည်း ထိုဉာဉ်မွှေကား အလုပ် လိုက်တောင်းဦးမည်။ တဏှာသည် ပတ်တွင်းအရသာနှင့် ပတ်ပြင်အရသာကို ယှဉ်မြည်းကြည့်ရာ ပတ်ပြင်အရသာသည် သူ့၌ ခံတွင်းမတွေ့ ဖြစ်နေသည်ကြောင့်။

အိုးတွင်းက ဟင်းတုံး အဆူပွက်ကြမ်းသဖြင့် အိုးနှုတ်ခမ်းတက် အပြင်ထွက်ကျရန် တာစူစဉ် အိုးရှင်သည် ကပျာကယာ ယောက်မဖြင့် ယက်သွင်းလိုက်၏ပမာ။ ဉာဉ်ဖြင့်ပင် သွေးလေဖောက် မနောခင်း မွှေနှောက်ခိုင်းတော့သည်။ မနောသွေး ကယောက်ကယက် စိတ်မငြိမ်မသက်ဖြစ်ကြောင့် ကမ္ဘာခန်းဘက်ရှိ တက်စိတ်သည် ကျစိတ်သို့ဆင်းသွားစေပြီ။ ထိုအခါ မသေချာသော အလုပ် မလုပ်တာကကောင်း ဟူသော ဆုံးဖြတ်ချက် တစ်ခဲနက်ထွက်စေပြီ။ ဉာဉ်ယောက်မ စောင်းထက်ထက်ဖြင့် မွှေသောကြောင့် တိုးဝင်လာသော ဉာဉ်သစ်၊ စရိုက်သစ်များ ကျေပျက်သွားခြင်းတည်း။

* ယောက်မသည် လက်မွှေထက် စောင်းထက်၏။ ခံနိုင်ရည်ရှိ၏။
* ဉာဉ်မွှေသည်လည်း အပြင်မွှေထက် စောင်းထက်၏။ ခံနိုင်ရည်ရှိ၏။

သို့ကြောင့် သတိသမ္ပဇဉ်ဉာဏ်ဖြင့် ယှဉ်ကာ ထစ်ခနဲဆို တခြားလက်ညှိုးမထိုး၊ ကိုယ့်ကိုယ်ကိုယ် လက်ညှိုးထိုးပြတတ်ကြရန် ဆင်ခြင်သင့်ကြပြီ။ ကိုယ့်အပြစ်ကိုယ်ရှု သူတော်ကောင်း အတုမျိုး ခိုးသင့်ကြပြီ။

၁၃၆၄ ခု၊
တော်သလင်းလပြည့်ကျော် ၃ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။

## တီထွင်

တီကဲ့သို့ ထွင်နိုင်လျှင် ရေ မြေကိုပင် ပိုင်ဆိုင်ရချေသည်။

တီသည် မြေကိုရေဝင်၊ ရေကြောင့် မြေစိုပြည်စဉ် ထွင်စား စားလျက်က မြေအောက်ဘက် ယက်၍ယက်၍ဆင်းသွားရာ သူ့အတွက်. . .

* စားနပ်ရိက္ခာများလည်း ဖူလုံပေါ်ငွေ လိုလေသေးမရှိတော့။
* နေရာအတွက် ဘုံနန်းဝေဟာလည်း အလိုလိုဖြစ်လာစေပြီ။
* တစ်ကိုယ်ရေ လုံခြုံမှုအတွက် အဝတ်အဖြစ်လည်း အသုံးဝင်တော့သည်။

သည်မျှသာမကသေး ရေမြေ့ရှင်ဘဝလည်း ဘိသိက်မခံရဘဲနှင့် ရသွားတော့ပြီ။ သည့်ပမာ ယနေ့ လောကသားများ၏ အတွင်း၌လည်း စမ်းသပ်မှုမှ တီထွင်မှုသို့ လက်မြောက်သွားသော အသိပညာရှင်၊ အတတ်ပညာဖြစ်ခဲ့မှု ကမ္ဘာကို လွှမ်းမိုးခွင့်ရစေသည်။ သမ္မတ္တိမှ ဝိပတ္တိစက်သို့ ပြောင်းလဲအသုံးချနေချိန်တည်း။

ထိုသို့ စက်ပြောင်း၊ ခေတ်ပြောင်း၊ ကာလပြောင်း ပြောင်းကြရာတွင် သမ္မာမဂ္ဂင်များကို ပိတ်ဆို့ ပယ်ဖျက်၍ မိစ္ဆာမဂ္ဂင်လမ်း ဖောက်ရခြင်း၊ သမ္မာဝိတက်များကို ဖျောက်ဖျက်ပစ်၍ မိစ္ဆာဝိတက်များအား ပေးရခြင်းများဖြင့် သူ့ထက်ငါ အလုအယက် ဖျက်ပျက်၊ ပျက်ဖျက်ချင်းစပ်ဆက် ပေးကြရရာ . . .

* သဒ္ဓါအစား တဏှာအားကြီးသူများက ခရီးပိုရောက်သည်။
* ပညာအစား သညာအားကြီးသူများက အမြင်ပိုကျယ်သည်။

သို့ကြောင့်ပင် အမြင်မှား အားပိုးလျက်က မရှက်မကြောက်လူကျင့်ဝတ်ဖောက်ဖျက်ပြခြင်း၊ လူလယ်ကောင်ကြောင်လိမ်ပြခြင်းများနှင့်အတူ. . .

* အရာရာ အရှိ အမှတ်မှားသော သတိဖြင့် ရှုကြည့်နေတော့သည်။
* အမှတ်မှားရာအတွင်း ရဲတင်းခြင်းကို သွင်းပေးထားကြပြီ။
* အမှားတွေ့၊ အမှားသိ မီလာသော် ခွေးနာခဲ ခဲ အကျင့်မြဲစေပြီ။


ဤနည်းဖြင့် တဏှာ တက်ခရီး ထွင်ရင်း ထွင်ရင်း ပြီးစီးအောင်မြင်နေတော့ရာ ဘာမဆို ကမ္ဘာကို သူတို့ချည်းကြီးကိုင်နိုင်လာပြီ။ ထွင်ပစ္စည်းများ အသုံးတွင်ကျယ်လာသည်နှင့်အမျှ သဘာဝပစ္စည်းများကား တန်ဖိုးကျသွားပြီ။ သဘာဝကား လက်လုပ်၊ ထွင်ကား စက်လုပ် ကွာခြားရာ သက်ရှိထက် သက်မဲ့က နေရာရသွားပြီ။ လူတွင်ကျယ်ခေတ် မဟုတ်ကြတော့။ သက်ရှိသော် လူစစ်စစ်ထက် တီရစ္ဆာန်သက်သွင်းထားသူများက နေရာကောင်းရစေသောခေတ်တည်း။ တီသည် တိရစ္ဆာန်ပင် မဟုတ်လော။

၁၃၆၄ ခုနှစ်၊
တော်သလင်းလပြည့်ကျော် ၄ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။
မဟာဗောဓိမြိုင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



၁။

တစ်နေ့တွင် ကျွန်တော်သည် ကျွန်တော့်စာအုပ်စင်၌ အမှတ်တရသိမ်းဆည်းထားသော ဖိုင်တွဲများကိုရှင်းရာ ဖိုင်တွဲတစ်ခုအတွင်းမှလွန်စွာဟောင်းနွမ်းနေပြီဖြစ်သော စာအုပ်ကလေးတစ်အုပ် ထွက်ကျလာပါသည်။ ကျွန်တော်သည် ထိုစာအုပ်ကလေးကိုကောက်ယူပြီးကြည့်လိုက်ပါသည်။ ထိုစာတမ်းကလေးမှာ

# မြဝင်း(ဒဿန)

## မြန်မာပြည် အသက်သတ်ရှောင်ကြဉ်ရေးအဖွဲ့မှထုတ်ဝေသော အသားစားရှောင်ကြဉ်ရေးစာတမ်းလာ လယ်တီဆရာတော်ဘုရားကြီး၏ "အဖြေတော်"

မြန်မာပြည်အသက်သတ်ရှောင်ကြဉ်ရေးအဖွဲ့မှထုတ်ဝေသော အသားစားရှောင်ကြဉ်ရေးစာတမ်းဖြစ်နေသည်ကို တွေ့ရပါသည်။

ထိုစာတမ်းကို ပုသိမ်မြို့ (စာတမ်းပါသတ်ပုံအတိုင်းဖြစ်ပါသည်) ပထမကောင်းမှုအဖြစ် စာအုပ်(၄၀၀၀)ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ယခုကျွန်တော်ကြည့်နေသောစာတမ်းမှာ ရန်ကုန်မြို့အမျိုးသားစာပုံနှိပ်တိုက်က သက္ကရာဇ် ၁၂၉၂ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သောစာတမ်းဖြစ်ပါသည်။နှစ်ပေါင်း (၉၀) နီးပါး ကြာခဲ့ပြီ ဖြစ်ပါသည်။

၂။

တစ်ချိန်က မြန်မာနိုင်ငံတွင် သက်သတ်လွတ်စားသူများအား အချို့သောသူတို့က မိစ္ဆာဒိဋ္ဌိ၌သက်ဝင်သူဟူ၍ လည်းကောင်း၊ ဒေဝဒတ်အယူ၌သက်ဝင်သူဟူ၍ လည်းကောင်း ပြောဆိုခဲ့ကြပါသည်။ထိုပြောဆိုချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ တရားရေတိုက်ကျွေးနေသော လယ်တီဆရာတော်ဘုရားကြီးအား ပုသိန်မြို့ ဒိစတြိတ် ရှေ့ကြည်မြို့ တိုက်သူကြီး မောင်ဘိုးစောက သက်သတ်လွတ်စားသူတို့သည် အမှန်တကယ်ပင် မိစ္ဆာဒိဋ္ဌိ၌သက်ဝင်သူဟုတ်မဟုတ်၊ ဒေဝဒတ်အယူ၌သက်ဝင်သူဟုတ်မဟုတ် မေးမြန်းလျှောက်ထားပါသည်။လယ်တီဆရာတော်ကြီးသည် သတ္တဝါတို့အကျိုးကို မျှော်ခေါ် ထောက်ထားလျက် မောင်ဘိုးစော၏ မေးမြန်းလျှောက်ထားချက်ကို ပြည့်ပြည့်စုံစုံဖြေဆိုတော်မူခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည် သက်သတ်လွတ်စားသူတို့သည် ဒေဝဒတ်အယူ၌သက်ဝင်သူဟုတ်မဟုတ်ဟူသော အမေးကို ဖြေဆိုတော်မူရာတွင် ဗုဒ္ဓဘာသာဝင်တို့ လိပ်ပတ်လည်စွာ နားလည်စေရန် သံယာကိုသင်းခွဲရန်အကြံဖြင့် မြတ်စွာဘုရားအား ဒေဝဒတ်လျှောက်ထားခဲ့သောတောင်းပန်ချက် (၅) ရပ်ကို ဖော်ပြ၍ ထိုတောင်းပန်ချက်များနှင့် စပ်လျဉ်းသောအပြစ်များကိုပါ ဖော်ပြဖြေဆိုတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးအဖြေတော်ကိုဗုဒ္ဓဘာသာဝင်တို့ ဖတ်ရှုနိုင်ကြစေရန် ထိုစာတမ်းတွင်လာသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

### ▫ဆရာတော်ဘုရားကြီး၏ အဖြေတော်

မိစ္ဆာဒိဋ္ဌိ၌ သက်ဝင်သည်ဟူသော စကားသည် တိတ္ထိ၏ကျင့်ဝတ်အစဉ်၌ နမန္တံ၊ နမံသံ နမေထုသောဒကံပိဝတိ ဟူ၍ ကျမ်းဂန်တို့၌လာသည်ကိုတွေ့ရှိကြသောကြောင့် ပြောဆိုကြသည်ဖြစ်ရာ၏။

**အနက်။ ။ တပဿီ** - တိတ္ထိတို့၏ ကျင့်ဝတ်တရားကို အားထုတ်ဖြည့်ကျင့်သောသူသည်၊ **မန္တံ** - ရေသတ္တဝါတို့၏ အသားကို၊ **နခါဒတိ** - မစား။ **သုရံ** - သေရည်မျိုးကို၊ **နပိဝတိ** - မသောက်၊ **မေရယံ** - သေရက်မျိုးကို၊ **နပိဝတိ** - မသောက်၊ **ထုသောဒကံ** - ဆန်ဆေးရေကို၊ **နပိဝတိ**-မသောက်။

ဤစကား၌၊ နွဲ့သား၊ ကျွဲသား၊ တိရစ္ဆာန်သတ္တဝါတို့၏အသားများသည် နမံသံပုဒ်မှာပါဝင်၏။ နွားသား၊ ကျွဲသား၊ တိရစ္ဆာန်တို့၏အသားများကိုစားသောက်ခြင်းမှ ကြဉ်ရှောင်မှုသည်၊ ဤတတ္ထိ၏ အကျင့်တွင်ပါဝင်သည့်အတွက် ကြဉ်ရှောင်သူတို့ကို မိစ္ဆာဒိဋ္ဌိသက်ဝင်သည်ဟု ဆိုခဲ့သော်၊ သေရည်သေရက်ကိုသောက်စားခြင်းမှ ရှောင်ကြဉ်မှုသည်လည်း၊ ဤတတ္ထိတို့၏အကျင့်တွင် ပါဝင်လျက်ရှိသောကြောင့် သေရည်သေရက်သောက်စားခြင်းမှ ရှောင်ကြဉ်သူတို့ကိုလည်း မိစ္ဆာဒိဋ္ဌိသက်ဝင်သည်ဟု ဆိုရလိမ့်မည်။ ထိုသို့ကားမဟုတ်၊ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်မှုသည် တိတ္ထိတို့၏အကျင့်တွင်ပါဝင်သော်လည်း မိစ္ဆာမှုမျိုးမဟုတ်။ ကဏှာရှင်ရသေ့အစရှိကုန်သော အလောင်းတော်မြတ်ကြီးတို့၏ သန္တိဋ္ဌိသလ္လေခတရားများနှင့် အလွန်လျော်ကန်လှသောသမ္မာမှုမျိုးစင်စစ်ဖြစ်ပေသည်ဟု မှတ်ယူကြရသည်။ ထို့အတူ နွဲ့သား၊ ကျွဲသားတိရစ္ဆာန်သတ္တဝါတို့၏ အသားတို့ကို စားသောက်ခြင်းမှရှောင်ကြဉ်မှုသည်လည်း သန္တိဋ္ဌိသလ္လေခမှုမျိုးစင်စစ်ဖြစ်ပေသတည်း။

ဤစကားရပ်၌ တိတ္ထိတို့၏ကျင့်ဝတ်ဆိုသော်လည်း မိစ္ဆာဒိဋ္ဌိမျိုးမဟုတ်။ ကမ္မကြိယာဝါဒီတိတ္ထိပရိဗိုဇ်တို့၏ကျင့်ဝတ်ဖြစ်ပေ၏။ ထို့ကြောင့် ထိုကျင့်ဝတ်တို့၌ မြတ်စွာဘုရားသာသနာတော်နှင့် လျော်ကန်သောအရာတို့သည် များစွာရှိပေသတည်း။

ဒေဝဒတ်၏အယူဖြစ်သည်ဟူသော



www.burmeseclassic.com

www.burmeseclassic.com

စကား၌ ဒေဝဒတ်သည် သံဃာသင်းခွဲရန်ကြံ၍ ကျင့်ဝတ်တရားငါးပါးကို မြတ်စွာဘုရားထံ တောင်းပန်၏။ (လယ်တီဆရာတော်ဘုရားကြီးသည် ဒေဝဒတ်၏ တောင်းပန်လျှောက်ထားချက်ကို ပါဠိတော်၌လာသည့်အတိုင်း ပြပါသည်။ ထိုသို့ပြပြီးမှ နိဿယပြန်ပါသည်။ ဤဆောင်းပါး၌ ပါဠိတော်ကိုမပြတော့ပါ။ မြန်မာပြန်ဆိုချက်ကိုသာပြပါတော့မည်။)

□ မြတ်စွာဘုရား တောင်းပန်ပါ၏။ ရဟန်းတို့သည် အသက်ထက်ဆုံး တော၌သာနေကြကုန်သည်ဖြစ်ကုန်ရာ၏။ အကြင်ရဟန်းသည် ရွာနီးကျောင်းသို့သက်ပြောင်းကုန်အံ့။ ထိုရဟန်းသို့ အပြစ်အာပတ်သည်ရောက်ရာ၏။

□ အသက်ထက်ဆုံး သပိတ်လက်စွဲ ဆွမ်းမြဲကြကုန်သည်ဖြစ်ကုန်ရာ၏။ အကြင်ရဟန်းသည် လူတို့၏ပင့်ဖိတ်မှုကို သာယာလိုက်စားငြားအံ့။ ထိုရဟန်းသို့ အာပတ်သည်ရောက်ရာ၏။

□ အသက်ထက်ဆုံး ပံ့သကူသင်္ကန်းကို သုံးဆောင်ကြကုန်သည်ဖြစ်ကုန်ရ၏။ အကြင်ရဟန်းသည် လူတို့လှူဒါန်းသောသင်္ကန်းကို သာယာခံယူငြားအံ့။ ထိုရဟန်းသို့ အပြစ်အာပတ်သည် ရောက်ရာ၏။

□ အသက်ထက်ဆုံး သစ်ပင်ရင်း၌နေခြင်းမြဲကြကုန်သည်ဖြစ်ကုန်ရာ၏။ အကြင်ရဟန်းသည် အဖို့ရှိသောကျောင်းတွင်းသို့ကပ်ငြားအံ့။ ထိုရဟန်းသို့ အပြစ်အာပတ်သည် ရောက်ရာ၏။

□ အသက်ထက်ဆုံး ရေသတ္တဝါသား၊ ကုန်းသတ္တဝါသားကို မစားကြကုန်ရာ။ အကြင်ရဟန်းသည် ရေသတ္တဝါသား၊ ကုန်းသတ္တဝါသားကိုစားငြားအံ့။ ထိုရဟန်းသို့အပြစ်အာပတ်သည်ရောက်ရာ၏။

ဤဒေဝဒတ်၏လျှောက်ထားချက်စကားများ၌ နွားသား၊ ကျွဲသား၊ တိရစ္ဆာန်သတ္တဝါတို့၏အသားများသည် ပဉ္စပံသပုဒ်မှာပါဝင်သည်။ နွားသား၊ ကျွဲသား၊ တိရစ္ဆာန်သတ္တဝါတို့၏ အသားများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရှောင်မှုသည် ရှင်ဒေဝဒတ်၏ကျင့်ဝတ်တွင် ပါဝင်သည့်အတွက် ဘုရားအလိုတော်ရှိသော ကျင့်ဝတ်မဟုတ်ဟုဆိုခဲ့သော် တောကျောင်းမှာနေမှု၊ ပိဏ္ဍပတ်ဆွမ်းခံမှု၊ ပံ့သကူသင်္ကန်းဆောင်မှု၊ ရုက္ခမူစတင်ကျင့်ဆောင်မှုတို့သည်လည်း ရှင်ဒေဝဒတ်၏ကျင့်ဝတ်တွင်ပါဝင်လျက်ရှိသောကြောင့် ထိုအမှုများသည်လည်း ဘုရားအလိုတော်ရှိသောအမှုများမဟုတ်ဟု ဆိုရလိမ့်မည်။ ထိုသို့ကားမဟုတ်။ ဘုရားအလိုတော်ရှိရင်းအမှုများပင် ဖြစ်၏။

ရှေးသုံးပါးတို့သည် ရဟန်းခံစဉ်သိမ်အပြင်မှာ ရှေးဦးစွာဘတ်ကြားရသော ဘုရားအမွေတော်ကြီးများပင်ဖြစ်ကြကုန်၏။ ထို့အတူ ရေသတ္တဝါ၊ ကုန်းသတ္တဝါစားသောက်ခြင်းမှ ကြဉ်ရှောင်မှုသည်လည်း ဘုရားအလိုတော်မရှိသော အကျင့်မျိုးမဟုတ်။ ဘုရားအလိုတော်ရှိရင်းဖြစ်သောအကျင့်ကောင်းမျိုးပင်ဖြစ်၏။

ထိုသို့ အကျင့်ကောင်းမျိုးဖြစ်ခဲ့သော်လည်း ရှင်ဒေဝဒတ်တောင်းပန်ချက်အတိုင်း မြတ်စွာဘုရားသည် ခွင့်ပြုတော်မူသင့်သည်မဟုတ်ပါသော။ အဘယ့်ကြောင်းနှင့်မပြုတော်မူပါသနည်း မေးရန်ရှိ၏။ ခွင့်ပြုတော်မယူခြင်း၏ အကြောင်းကို အဋ္ဌကထာ၌ပြဆိုသည်ကား တောကျောင်းနေမှုဟူသော ပဌမဝတ္ထု၌ ပုဂ္ဂိုလ်လေးမျိုး ဝေဖန်ပြ၏။ ရွာကျောင်းနေလျှင် မဂ်ဖိုလ်မရ၊ တောကျောင်းနေမှ မဂ်ဖိုလ်ရသည့်လူတစ်မျိုး-၁၊ တောကျောင်းနေလျှင်မရ၊ ရွာကျောင်းနေမှရမည့်သူတစ်မျိုး-၂။ တောကျောင်းမှာဖြစ်စေ၊ ရွာကျောင်းမှာဖြစ်စေ နေရာမရွေးရမည့်လူကတစ်မျိုး-၃။ ယခုဘဝမှာ တောကျောင်းနေသော်လည်း မရထိုက်၊ ရွာကျောင်းနေသော်လည်း မရထိုက်၊ ပါရမီဖြစ်ရုံမျှအဖို့သာရှိသောပုဂ္ဂိုလ်တစ်မျိုး-၄ဟူ၍ ပုဂ္ဂိုလ်လေးမျိုးဖြစ်သည်။ ရှင်ဒေဝဒတ်တောင်းပန်ချက်သို့လိုက်၍ ရဟန်းတို့သည် တောကျောင်း၌သာနေကြရကုန်သည်။ ရွာကျောင်း၌နေခဲ့လျှင် အပြစ်အာပတ်သင့်ရောက်စေဟူ၍ ပညတ်တော်မူခဲ့သော် ထိုပညတ်တော်သည် ရွာကျောင်း၌နေမှသာ မဂ်ဖိုလ်ရမည့်သူများ၌ အန္တရာယ်ကြီးဖြစ်လေရာ၏။ ထိုသူများသည် ဤသာသနာမှာ မဂ်ဖိုလ်အထိမရနိုင်ရာပြီ။ ထိုသူများအတွက် ဒေဝဒတ်တောင်းပန်ချက်ကို ပယ်ဖျက်တော်မူလေသည်။ တောကျောင်းနေမှုကို ဘုရားအလိုတော်မရှိဟူ၍ ပယ်ဖျက်တော်မူသည်မဟုတ်။ ဘုရားအလိုတော်ရှိရင်းဖြစ်သောအမှုအမှန်ပင် ဖြစ်သည်။ ကြွင်းသောဝတ္ထုလေးပါးတို့၌လည်း ဤနည်းအတိုင်းသိမြင်လေ။

တောကျောင်းနေမှုသည် ဘုရားအလိုတော်ရှိရင်းမှန်ခဲ့သော် မြတ်စွာဘုရားသည် တောကျောင်း၌သာ အမြဲနေတော်မူရာသည်။ ရွာ၌ အရုဏ်တက်စေခြင်းမရှိရာပြီ။ အဘယ့်ကြောင့် ရံခါရံခါ မြို့တွင်းရွာတွင်းများ၌ ညဉ့်အိပ်နေ့နေရှိပြန်သနည်း မေးရန်ရှိ၏။ မြတ်စွာဘုရားတို့မှာ ဗောဓိပင်ရွှေပလ္လင်ထက်၌ အတ္တဟိတကိစ္စပြီးစီးပြီ။ ထိုမှနောက်၌ ပရဟိတကိစ္စသာရှိတော့သည်။ ပရဟိတကိစ္စကို ပဓာနပြုတော်မူရသည်ဖြစ်၍ ရံခါရံခါ မြို့တွင်းရွာတွင်း မင်းကွန်းဇရပ် စသည်များ၌ ညဉ့်အိပ်နေ့နေရှိပြန်လေသနည်း။ ကြွင်းသောဝတ္ထုလေးပါးတို့၌လည်း ဤနည်းအတိုင်းသိလေမြင်လေ။

အတ္တဟိတပြီးစီးခြင်းမရှိသေးသောသူများမှာ မိမိစိတ်သန္တာန်၌ ကိလေသာဖြစ်ပွားခြင်းနည်းပါးလေအောင် အားထုတ်မှုကိစ္စကုသိုလ်ဖြစ်ပွားခြင်းများလေအောင် အားထုတ်ရခြင်းကိစ္စဟူသောအတ္တဟိတကိစ္စ ကိုယ်ကျိုးကိုယ်စီးပွားကို ပဓာနပြုကြရကုန်ဖြစ်၍ မြတ်စွာဘုရားကြီးပင် မြို့တွင်းရွာတွင်းမှာနေတော်မူသေးသည်။ ငါတို့သည် မြို့ကျောင်းရွာကျောင်းမှာ အဘယ်ကြောင့်မနေဘဲရှိကုန်အံ့နည်းဟု အတ္တဟိတကိစ္စပြီးတော်မူပြီးသောမြတ်စွာဘုရားကို အားမကျကြရကုန်၏။ ဥပမာကား - တစ်ယောက်သောသူ၌ ကိုယ်တွင်းမှာ အနာရောဂါအလွန်ကင်းရှင်း၏။ တစ်ယောက်သောသူမှာ ကိုယ်တွင်း၌ အနာရောဂါအလွန်များပြား၏။ အနာရောဂါအလွန်ကင်းရှင်းသောသူသည် အစားအစာကိုလည်းမရှောင်ရ။ ညှော်ကြီးသင်းကြီးကိုလည်း မရှောင်ရ။ အနာရောဂါအလွန်များပြားသောသူသည် ထိုသူကိုအားကျ၍ အစားအစာကိုလည်း မရှောင်။ ညှော်ကြီးသင်းကြီးကိုလည်း မရှောင်ခဲ့သော် ဧကန္တ ဒုက္ခကြီးရောက်ရာ၏။ ဤဂါထာမှတ်ကြလေ။

၃။

အထက်၌ ကျွန်တော်သည် လယ်တီဆရာတော်ဘုရားကြီး၏ အဖြေတော်ကိုတင်ပြခဲ့ပါပြီ။ ဆရာတော်ဘုရားကြီး၏ ထိုအဖြေတော်ကိုဖတ်ကြရ၍ စာဖတ်သူတို့သည် လယ်တီဆရာတော်ဘုရားကြီး၏ ကျိုးကြောင်းညီညွတ်စွာ ဆင်ခြင်တတ်ပုံကို သတိပြုမိကြလိမ့်မည် ထင်ပါသည်။ စာဖတ်သူတို့သည် လယ်တီဆရာတော်ဘုရား၏ ကျိုးကြောင်းညီညွတ်စွာ ဆင်ခြင်တတ်ပုံကိုအတုယူ၍ တွေ့ကြုံရင်ဆိုင်ရသောပြဿနာများကို ကျိုးကြောင်းညီညွတ်စွာ ဆင်ခြင်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

မြဝင်း(ဒဿန)

www.burmeseclassic.com

www.burmeseclassic.com

ပုသာပါရမီဆရာတော်

# ဦးဉာဏဝရ

(ဝဏ္ဏဝရ)

## ဗုဒ္ဓအလိုကျအလှပြင်နည်း



အလှအပကို သဘောကျနှစ်သက်ကြတာဟာ လူသားရဲ့သဘာဝတစ်ခုပဲ ထင်ပါတယ်။ အိမ်ကိုလည်း လှအောင်ပြင်ဆင်ထားသလို နေတဲ့အခန်းကိုလည်း လှအောင်ပြင်ကြပါတယ်။ ဒါက အပြင်အလှပေါ့။ ခန္ဓာနဲ့ပတ်သက်တဲ့အလှဆိုရင်လည်း ဆံပင်ကအစ ခြေသည်းအဆုံး အမျိုးမျိုးပြင်ကြပါတယ်။ခေတ်မီတယ် ပြောရမယ့် ၂၁ ရာစုမှာ အလှပြင်နည်းတအမျိုးမျိုးကို ဆန်းကြယ်လွန်းတာကြောင့် ဘာသာရပ်တစ်ခုအနေနဲ့တောင် သီးသန့်လေ့လာရမလိုဖြစ်နေပါပြီ။ အလှအပကို မက်မောတာဟာ သက်ရှိသတ္တဝါထဲမှာ လူသားဟာ အခြားသတ္တဝါထက်ပိုမယ် ထင်ပါတယ်။ မြင်လေရာကို အလှပြင်ထားကြလို့ပါ။ ဒါကြောင့် လူတွေပြောကြတယ်ထင်ပါရဲ့။ လှတာလေးမှလိုချင်တာ၊ လှတာမျှားမှမြတ်နိုးတယ်၊ လှတယ် ပြောမှသဘောကျတယ်လို့လေ။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဒီအလှအားလုံးဟာ အပြင်ပန်းအလှသက်သာမို့ ငွေကုန်လူပန်းကိုယ်နွမ်းပြီး အိုသွားရမယ့်အလှချည်းသက်သက်ပါဝဲ။ အိုလေ အအိုကို ကာကွယ်ဖို့ပြင်လေ ၊ ပြင်လေအိုလေနဲ့ အလှနဲ့အအို သူပြိုင်ကိုယ်ပြိုင်နဲ့ယှဉ်တဲ့ အချိန်မှာ အောင်ပန်းကိုဆွတ်ခူးသွားရတာကတော့ အအိုပါပဲ။ ဘာကြောင့်ဆို အပြင်အလှဟာ အအိုကိုဘယ်လိုနည်းနဲ့မှ အနိုင်ယူလို့မရတာကြောင့်ပါ။ ပြီးတော့ အပြင်အလှကိုပြင်ထားပေမယ့် မာနမျက်နှာ အထင်သားပေါ်နေတဲ့ရုပ်၊ လောဘမျက်နှာထင်ရှားတဲ့ရုပ်၊ ဒေါသမျက်နှာပေါ် လွှင်တဲ့ရုပ်နဲ့ မောဟမျက်နှာ ပီပြင်တဲ့ရုပ်များကို ၂၁ ရာစုမှာပေါ်လာတဲ့ရုပ်ပြင်ပစ္စည်းများနဲ့ ဖုံးဖိလို့မရပါဘူး။ ဒီလိုဖုံးဖိလို့မရတာဟာ မရှောင်ရာဆီလူးမိလို့ပါပဲ။ အတွင်းပျက်စီးတာကို အပြင်နဲ့ဖုံးလို့မရဘူးဆိုတာကို ၂၁ ရာစုမှာ တီထွင်သူတွေမသိလိုက်တဲ့ အဓိကလိုအပ်ချက်တစ်ခုဖြစ်နေလို့ပါ။

ပြင်လို့မလှတာနဲ့ ပတ်သက်ပြီး လှအောင်ပြင်နည်းများကို ပညာရှင်များ ၂၁ ရာစုမှာ ရှာဖွေမတွေ့ရှိနိုင်ပေမယ့် အလှပြင်ပစ္စည်းကိုမသုံးဘဲ သဘာဝအမြဲလှနေအောင် ပြင်နည်းများကိုတော့ ဘီစီ ၆ ရာစုကတည်းက တွေ့ရှိထားခဲ့ပါပြီ။ တွေ့ရှိသူဟာ သိပ္ပံပညာရှင်လည်း မဟုတ်သလို ရုပ်အလှကို တန်ဖိုးထားသူတစ်ယောက်လည်း မဟုတ်ပါဘူး။ ရုပ်အလှနဲ့အများကို ဆွဲဆောင်ဖို့ စိတ်ကူးခဲ့သူလည်းမဟုတ်ပြန်ပါဘူး။ သူကတော့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်ကျင့်ကာ သိမြင်ခဲ့တဲ့ ဗုဒ္ဓဆိုတဲ့လူသားပါပဲ။ သူ့ရဲ့အလှပြင်နည်းဟာ ခက်နေပါတယ်။ ဒါပေမယ့် အရာအားလုံးကို အချိန်က အနိုင်ယူစမြဲပဲမို့လား။ သူ့ရဲ့အလှပြင်နည်းကို ဓမ္မသဘာဝပါဠိသာဝကနဲ့ ထုတ်ဖော်ပြခဲ့ပါတယ်။

အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပာမိ နာဂတံ။ ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ ပါတဲ့။

ဆိုလိုချက်ကတော့ ပြန်မရနိုင်တော့တဲ့အတိတ်ကိုတွေးပြီး ပူဆွေးမနေပါနဲ့တဲ့။ (အတီတံ နာနုသောစာမိ) ပူဆွေးမှု သောကဟာ ရုပ်ကိုလှစေတာထက် ရုပ်ကိုကျစေတာမို့ ရုပ်လှအောင်လုပ်နည်းတစ်ခုမဟုတ်ကြောင်းအသိပေးခဲ့ပါတယ်။ အပူကြွနေတဲ့ရုပ်ကို လှတယ်လို့ပြောသူ လောကမှာရှိပါသလား။ ပြီးခဲ့တဲ့မကောင်းတဲ့ အတိတ်နေ့ရက်များကို တွေးပြီး နောင်တတွေတသီတတန်းနဲ့ ဘဝကိုဖြတ်သန်းမယ်ဆိုရင်လည်း ဘဝလှဖို့ထက် ဘဝကျဖို့ကများပါတယ်တဲ့။ ဘာကြောင့်ဆို နောင်တရခြင်းဟာ ကုက္ကုစ္စဖြစ်ခြင်းပဲမို့ အပါယ်ရစေတတ်တာကြောင့်ပါ။ ဒါကြောင့် အတိတ်ကို တွေးပြီးဆွေးနေခြင်းဟာ လှနေတဲ့ရုပ်ကို ကျအောင်လုပ်တာမို့ ဒါလည်းမှန်ကန်တဲ့ အလှပြင်နည်းတစ်ခုမဟုတ်သေးပါဘူး။

ပြီးတော့ မရောက်လာသေးတဲ့ အနာဂတ်ကိုတွေးပြီး ငေးမနေပါနဲ့။ ကြောက်မနေပါနဲ့တဲ့။ (နပ္ပဇပ္ပာမိ နာဂတံ)။ မရောက်သေးတာကိုတွေးပြီး ငေးနေသူမှာ အကြောက်တရားတွေပေါ်လာတတ်တာကြောင့် ရုပ်အလှကိုဖျက်ဆီးတတ်ပါသတဲ့။ လှချင်တဲ့သူများသတိထားရမယ့် အနာဂတ်အကြောင်းတရားပါပဲ။ တကယ်တော့ မရောက်သေးတာကို တွေးကြောက်တယ်ဆိုတာဟာ ပြင်ဆင်မှုအားနည်းတဲ့ မောဟလူသားများရဲ့ အလုပ်တစ်ခုပါပဲ။ မနက်ဖြန်အတွက် စားဖို့လည်းပူရ၊ နေဖို့လည်းပူရ၊ သွားဖို့လည်း ပူနေရတယ်ဆိုရင် အပူရုပ်နဲ့ လောကကိုဖြတ်သန်းနေတာမို့ လှစရာအကြောင်းမရှိပြန်တော့ပါဘူး။အခုလက်ရှိအချိန်အတွက်သာမဟုတ်၊ နောက်ဘဝအတွက်ပါ အလှပျက်စေတဲ့ တွေးပူမှုတစ်ခုပါ။ ဒါဟာလည်း မှန်ကန်တဲ့အလှပြင်မှုတစ်ခုမဟုတ်ပြန်ဘူး။ အမှားရှိရင် အမှန်ဆိုတာရှိစမြဲပါပဲ။ အတိတ်ကို ဆွေးပူ၊ အနာဂတ်ကို တွေးပူတာဟာ မှန်ကန်တဲ့အလှပြင်နည်းမဟုတ်တဲ့အပြင် ဘဝရဲ့အလှကိုပါ ပျက်စီးစေတတ်ပါတယ်။

ဗုဒ္ဓရဲ့မှန်ကန်တဲ့ အလှပြင်နည်းကတော့ ပစ္စုပ္ပန်ကို အကောင်းဆုံးပြင်လိုက်ပါတဲ့။ (ပစ္စုပ္ပန္နေန ယာပေမိ)။ လက်ရှိရရှိလာတဲ့အချိန်မှာ အကောင်းဆုံးကြိုးစားမယ်ဆိုရင် အတိတ်ရဲ့အမှားကို ပယ်ဖျက်နိုင်သလို အနာဂတ်ရဲ့ လိုအပ်ချက်ကိုလည်း ပြင်ဆင်ပြီးဖြစ်နေလို့ပါပဲ။

တကယ်တော့ မှားခဲ့တဲ့အတိတ်ဆိုတာ လက်ရှိအချိန်မှာ အမှန်အတွက် အသိပေးတဲ့ အရာတစ်ခုဖြစ်သလို အနာဂတ်ရဲ့မျှော်လင့်ချက်ဆိုတာလည်း ပူဖို့မဟုတ်ဘဲ အသိနဲ့ပြင်ဖို့ပါ။ တကယ်တော့ အတိတ်အမှား၊ အနာဂတ်မျှော်လင့်ချက်ဆိုတာ ပစ္စုပ္ပန်အတွက် မှန်ကန်တဲ့ ပြင်ဆင်မှုတစ်ခုဖြစ်စေပါတယ်။ ဒါကြောင့် မင်းကွန်းဆရာတော်ကြီးက 'လက်ရှိအချိန်ထက် တောင်း



သော အချိန်သည်မရှိ' လို့ မှာကြားခဲ့သလို မိုးကုတ်ဆရာတော်ကြီးကလည်း 'သင်သည် ယခုသေရမည်။ အချိန်ပိုင်းသာလိုတော့သည်' လို့ အသိပေးခဲ့ပါတယ်။ လယ်တီဆရာတော်ကြီးကလည်း 'ခွင့်သာခိုက်မှမလိုက်ချင်လျှင် နင့်ထက်မိုက်သူ ရှိသေးလိမ့်လား' လို့ အသိပေးမှာကြားရင်း ဗုဒ္ဓရဲ့ 'ပစ္စုပ္ပန္နေန ယာပေမိ ပစ္စုပ္ပန်မှာ အသိနဲ့နေ' ဆိုတဲ့ စကားများကို ထောက်ခံပေးခဲ့ကြပါတယ်။

တကယ်တော့ အသိရှိအောင်လုပ်နိုင်တဲ့ လူသားတစ်ယောက်အတွက် အတိတ်ကိုတွေးဆွေးနေစရာမလိုသလို အနာဂတ်ကိုတွေးငေးရင်းနဲ့ ကြောက်နေစရာလည်းမလိုပါဘူး။ လက်ရှိရထားတဲ့အချိန်ကိုသာ အကောင်းဆုံး ဝီရိယအားနဲ့ ကြိုးစားခဲ့မယ်ဆိုရင် စိတ်ကိုပါပြင်ပြီးသားဖြစ်တာကြောင့် အကောင်းလောကဓံ၊ အဆိုးလောကဓံများကို လက်ခံရလွယ်ကူပြီး လောကမှာ အလှဆုံးသူတစ်ယောက်ဖြစ်လာမှာပါ။ အမြဲလှဖို့ဆိုရင် ရုပ်ကိုပြင်ရုံနဲ့မရ စိတ်ကိုပါပြင်မှရဆိုတာကို သိထားသင့်ပါတယ်။ ဒါကြောင့်လည်းပဲ ဒီလိုလေးပြောဆိုကြတယ်ထင်ပါရဲ့။

'စိတ်ကိုလည်းပြင်၊ ရုပ်လည်းပြင် ပြင်ဆင်တိုင်းရ မြဲတိုင်းလှ' လို့လေ။ လောကမှာ အလှအပမက်မောသူများ အနေနဲ့ ရုပ်ကိုပြင်ရုံမဟုတ်ဘဲ အမြဲလှစေနိုင်တဲ့ စိတ်ကိုပါပြင်ရင် ဗုဒ္ဓအလိုကျအလှပြင်နည်းတစ်ခုကို တတ်ကျွမ်းသွားပြီဆိုရမှာပါ။

သင်ကော,လှချင်သူတစ်ယောက်ထဲမှာ ပါဝင်နေပြီလား။

ဒါဆို လှအောင်သာပြင်လိုက်ပါ။ ဗုဒ္ဓအလိုကျပေါ့။

ပညာပါရမီဆရာတော်ဦးဉာဏဝရ

(စက်ဘုန်း)



www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော် တနင်္ဂနွေ ထောင့်တွင် တနင်္ဂနွေသား ပုတီးသမားများစုစုပြီး ဘုရားအကြောင်း၊ ဝိဇ္ဇာကြီးများအကြောင်း၊ စရဏအကြောင်း စသည်ဖြင့် အပတ်စဉ်စုစုပြီးဆွေးနွေးကြသည်။ တနင်္ဂနွေဂမ္ဘီရစကားဝိုင်းတစ်ဝိုင်း ရှေးအခါက (လွန်ခဲ့သောနှစ် (၃၀) နှစ်ခန့်) အပတ်စဉ် ပေါ်ထွန်းခဲ့လေ၏။


စာရေးသူက တနင်္ဂနွေသားမဟုတ်သော်လည်း အလုပ်ပိတ်ရက်မို့ အားရက်ဘုရားတက်ဖြစ်နေ၏။ ထိုတနင်္ဂနွေစကားဝိုင်းတွင် စာရေးသူနှင့် ရင်းနှီးသူတစ်ဦးတစ်ယောက်မျှမရှိ။ သို့သော်လည်း ဘုရားပေါ် မကြာခဏတက်၊ ပုတီးစိပ်ရင်း မျက်မှန်းတန်းမိကြသူများများပါသည်။ ထိုစကားဝိုင်းတွင် ဝင်ဆွေးနွေးလေ့မရှိသော်လည်း စာရေးသူမှာ အသက်အရွယ်အရလည်း အတန်ငယ်ငယ်သည်က လည်းတောင်း၊ ဗဟုသုတဉာဏ်စဉ်အရလည်းအားနည်းသူမို့ အနီးမှာထိုင်နားထောင်သည့်အဆင့်တွင်သာရှိသည်။

ထိုစကားဝိုင်းတွင် ထင်ရှား၍ သတိထားမိသူတစ်ဦးရှိပါသည်။ သူ့အမည်က ဦးအောင်ထွန်း ဖြစ်ပါသည်။ နှုတ်ခမ်းမွှေးထူထူကြောင့် မှတ်ရလွယ်ကူပါသည်။ နောင်သောအခါ နိုင်ငံကျော်စာရေးဆရာကြီးမင်းသိမ်ဟု သိလာရပါသည်။ ထိုစကားဝိုင်းကို ယခုအခါ စာရေးရင်း ပြန်သတိရနေမိပါသည်။ သတိရသည့်အကြောင်းအရင်းမှာကား ထိုတနင်္ဂနွေဂမ္ဘီရစကားဝိုင်းတွင် ပြောကြားဆွေးနွေးခဲ့ကြသော အင်းများဖြင့် လုံးတော်ပတ်လည်တွင် စီရင်တည်ထား


ကာဝင်း

## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

# သာကေတ (၁၀၈) တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီး




သာကေတ (၁၀၈) တောင် စွယ်တော်ရှင်စေတီတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိ (၁၀၀) တောင်စွယ်တော်ရှင်



ရှောင်တော်ကြီးစေတီ



ရင်ပြင်တော်မှ အာရုံစေတီ



အမျိုးကြီးမော်သစ်ထပ်တင်ထားရှိသောစေတီတော်



ဦးထင်ဦး + ဒေါ်မြို မြို လှူဒါန်းသော ဘုရား

သောဘုရား သာကေတမှာ ပေါ်ထွန်းတော်မူကြောင်းနှင့် အင်းဝိဇ္ဇာဆရာတော်ကြီးတစ်ပါးမှ ပိုက်ဆံပြား (၆၀)နှင့်အမိဋ္ဌာန်ဝင်၊ သက်သတ်လွတ်စားပြီးတည်သောဘုရား၊ ဝိဇ္ဇာလိုင်း၊ အထက်လမ်းတက်လုမ်းလိုသူများ ထိုအင်းဘုရားထံသွားစိတ်ကြံသမှုအမိဋ္ဌာန်ပြုသင့်ကြကြောင်း တနင်္ဂနွေဂမ္ဘီရစကားဝိုင်းတွင်ထည့်သွင်းဆွေးနွေးကြသည်ကို ဗဟုသုတအဖြစ်မှတ်သားထားခဲ့ဖူးပါသည်။

နှစ်အားဖြင့်တွက်ရသော် နှစ်(၃၀)ရှိပြီဆိုနိုင်သော်လည်း ရွှေတိဂုံဘုရား၊ တနင်္ဂနွေထောင့် ရှင်အဇ္ဇဂေါဏတန်ဆောင်းရှေ့ရောက်တိုင်း သတိရနေမိပါသည်။ ယခုဆောင်းပါးအဖွင့်မှာ စာရေးသူတင်ပြခဲ့သည့်အတိုင်း ရွှေတိဂုံဘုရားပေါ်မှ တနင်္ဂနွေဂမ္ဘီရစကားဝိုင်းကိုအထူးသတိတရ အစဖော် ရေးသားရပါတော့သည်။ သုရဿမဂ္ဂဇင်းကြီးတွင် စာရေးသူ လစဉ်ရေးသားတင်ပြနေသော ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ ယခုလအတွက် ရေးသားတင်ပြရမည့် စေတီဘုရားကြီးကတော့ သာကေတ (၁၀၈)တောင်မဟာဗောဓိစွယ်တော်ရှင် စေတီတော်မြတ်ကြီးဖြစ်တော်မူပါသည်။ လွန်ခဲ့သော နှစ်(၃၀)ကျော်ခန့်က ကြား

သိခဲ့ရသည့် အင်းကွက်များနှင့်ဘုရား တန်ခိုးကြီးခဲ့သည်မှာ မှန်သော်လည်း စာရေးသူ သွားမဖူးဖြစ်ခဲ့ပါ။ သန်လျင်ကျောက်တန်းသွားတိုင်း ကပ်ကပ်ပြီး ကျော်သွားပါသဖြင့် ကပ်ကပ်ကျော်ဘုရားကြီးဟုပင် မိမိစိတ်ထဲရည်ရွှတ်မိပါသည်။ ယခုအခါမှာတော့ စာပေတာဝန်အရ ရေးသား တင်ပြခွင့်ရတော့မှာမို့ ဦးစွာ ပထမ မြောက်ဘက်မုခ်မှ ဝင်ရောက်ကာ ဘုရားရင်ပြင်တော်မှနေ၍ ဆယ်ဖြာလက်အစုံ ကြာပဒုံဖြင့် ရှိသေစွာ ကန်တော့လိုက်ပါတော့၏။

❏ (၁၀၈) တောင် စေတီတော် သမိုင်းအစ ဘောဂဝတီမှ စွယ်တော်က

ဘောဂဝတီနတ်နဂါးတိုင်းပြည်မှာ သာသနာ (၂၅၀၀) ပတ်လုံး သီတင်းသုံးတော်မူနေခဲ့သော ရုပ်ပွားတော်နှင့် စွယ်တော်မြတ်သည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က လက်ယာလက်ဖြင့် အထက်အောက်သုံးသပ်ပြု၍ ‘စွယ်တော်’ ဟု ရွှေစကားဝါပုံကို အာခံတွင်းတော်၌ သွင်းငွေ့ထုံစေလျက် သာသနာ (၅၀၀၀) ၏ ထက်ဝက်ချိန်တိုင်အောင် ‘ဤခန္ဓာကိုယ်စားရုပ်ပွားတော်နှင့် စွယ်တော်ကို ပူဇော်ကြပါလေ’ ဟု နတ်နဂါးတို့အားမိန့်ကြားပြီး (၂၅၀၀) သာသနာကျော်သောအခါ လူသားတို့ အလှည့်ပြောင်း၍ ခညောင်းပူဇော်ကြရန် ဩဝါဒါဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့ပါကြောင်း သမိုင်းကဆိုပါသည်။

ဘောဂဝတီတိုင်း၌ရှိက နတ်နဂါးတို့သည် သာသနာတော်နှစ် (၂၅၀၀) ပြည့်ပြီး (၂) လအလွန်တွင် အဆုံးစွန်သောပူဇော်ခြင်းဖြင့် ဗြိမ့်ဗြိမ့်သဲ ပူဇော်ကန်တော့ပွဲဆင်နွှဲ ပြီးမြောက်ချိန်ရောက်သောအခါ ရုပ်ပွားတော်မြတ်နှင့် စွယ်တော်မြတ်ကို ပင့်ဆောင်၍ သာသနာဟူသောအနှစ်အဆီသည် သိဂီရွှေခွက်၌သာတည်တံ့ရမည်ဖြစ်ခြင်းကြောင့် ဗုဒ္ဓမြတ်၏သာသနာအဆီအနှစ်ကို သိဂီရွှေခွက်တည်ရာ မြန်မာပြည်သို့ ပင့်ဆောင်ရန် ဆုံးဖြတ်တော်မူကြပါပေသည်။

မြန်မာပြည်တွင် ပထမဦးဆုံး ‘အဂ္ဂမဟာပဏ္ဍိတ’ ဘွဲ့တံဆိပ်တော်နှင့် ဝိတိုရိယဧကရီဘုရင်မကြီး ချီးမြှင့်အပ်သော ‘အရှင်အာသဘနန္ဒသူရိယာဘိဝံသသီဟသူရ အဓိပတိပဝရ ဓမ္မသေနာပတိ အတုလာ ဓိပတိ သီရိပဝရ မဟာသံဃိဿရ သံဃရာဇာ’ဟူသောသီးခြားဘွဲ့တံဆိပ်တော် နှစ်ထပ်ဆက်တပ်ခံယူ


ဗောဓိပင်မှ ဘုရားရုပ်ပွားတော်


ရှင်ဥပဂုတ္တစေတီမြတ်


ရှင်သီဝလီရုပ်ပွားတော်


ရင်ပြင်တော်ရှိ တံခွန်တိုင်


ဘုရားဆောင်မှ ရုပ်ပွားဆင်းတုတော်များ


ဝိဇ္ဇာကြီးများ [illegible]

www.burmeseclassic.com




ပထမဆရာဘိုးဘိုးအောင်



ဘိုက်နန်းမယ်တော်



ဆင်ဖြူတောင်ယက္ခဘီလူးကြီး



(၁၀၈) တောင် မဟာဇောတိစေတီတော်ရှင် ဆင်ဖြူတောင်စေတီတော်၏ နံရံတွင်း ဝိဇ္ဇာကြီးများက ဆင်အောင်အရောင်ဖြင့် စီရင်ထားပုံ

ရရှိတော်မူသော ဆရာတော်ကြီးသည် လူသူမနီးတောကြီးတောင်ကြီး ဂနိုင်မြိုင် မဟာအရပ်၌၊ ဂူချောင်လိုဏ်ခေါင်းမြေအောက်ကျောင်း၌ ကိန်းအောင်းစံပျော် တရားနှလုံးသွင်း သီတင်းသုံးတော်မူသော ဆင်ဖြူတောင်တော်ဆရာတော်ကြီးထံသို့ နတ်နဂါးတို့သည် ဗုဒ္ဓမြတ်၏ ဖျာဒိတ်စကားကို အကုန်မကျန်လျှောက်တင်လျက် ပေးဆက်ပို့သတော်မူခဲ့ပါပေသည်။

ဆရာတော်ကြီးသည် အေးဆေးတည်ငြိမ်စွာ အေးချမ်းစိတ်ကြည်လင်လန်းဆန်းစွာ တရားဘာဝနာပွားလျက် သီတင်းသုံးတော်မူလျက်ရှိရာမှ နတ်နဂါးများလျှောက်တင်ချက်များကို လက်ခံတော်မူပါသည်။ ၎င်းနောက် သာသနာအရှည်ကြာ ပွင့်လန်းလာရန် ရည်သန်လျက် တိက္ခဇဝနဂမ္ဘီရညာဏ်ဇနည်ထေရအနေ္တဝါသိကတပည့်အရင်းဖြစ်သော ဆင်ဖြူတောင်ဆရာတော် ဦးသာသနအရှင်မြတ်အား နတ်နဂါးတို့လျှောက်ထားအပ်သည့်အတ္တုပ္ပတ္တိကို အကျဉ်းချုပ်အားဖြင့်မိန့်တော်မူပြီး မြတ်စွာဗုဒ္ဓဘုရားဟောကြား ဒေသနာသုတ်မဟာဝါပါဠိနှင့် ခုဒ္ဒကပါဌပါဠိလာအရှိတွင်ပါရှိသည့်အတိုင်း ဟောဖော်ညွှန်ပြတော်မူပြီး မြန်မာပြည်သား လူအများစည်ကားရာဖြစ်သော မဟာရန်ကုန် သာကေတမြို့သစ်တည်ရာ အောင်ဓာတ်မြေမဟာဝယ် မြင်သူတကာ သဒ္ဓါဖြိုးလောက်မည့် အမြင့်သံတောင် (၁၀၈) တောင်ရှိသော မဟာဇောတိအမည်ရှိသည့် စေတီတော်မြတ်ကြီးတည်ထားဌာပနာပါရန် အမိန့်ချမှတ်တော်မူပြီး ရုပ်ပွားတော်စွယ်တော်မြတ်ကို ပေးအပ်တော်မူလိုက်ပါတော့သည်။

ဆရာတော်ဦးသာသနအရှင်မြတ်



www.burmeseclassic.com


www.burmeseclassic.com



မူလဆင်ဖြူတောင်ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ဆင်ဖြူတောင်ဦးသာသန




ဆင်ဖြူတောင်ရင်ပြင်တော်ရှိ
အရှေ့ဘက်မုခ်တန်ဆောင်း



ဝေဠုဝ ထီးတော်ကြီးနှင့် ဓာတ်ပုံ ရုပ်ထုပညာရှင် ဦးသိန်းလှိုင်



သာသနာ (၁၀၈) တောင်ခြေအနောက်မုခ်



သာသနာ (၁၀၈) တောင်ရှုပ်တော်ရှင် ဆင်ဖြူတောင်အနောက်မုခ်ကို ရှုတွေ့ရစဉ်

သည် ဤမျှကြီးမားလေးလံသောတာဝန်ကိုထမ်းဆောင်လျက် ဆင်ဖြူတောင်စခန်းမှ ၁၃၂၂ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်နေ့တွင် ထွက်ခွာခဲ့၍ ရုပ်ပွားစွယ်တော်မြတ်ကို အများပြည်သူတို့ ဖူးမြော်ရှိခိုးပူဇော်နိုင်ကြစေရန် ရှေးဦးစွာ ကမ္ဘောဇတိုင်းတောင်ပိုင်း ရှမ်းပြည်နယ်သို့ ပင့်ဆောင်၍ ညောင်ရွှေစော်ဘွားစဝ်ဆန်ဖနှင့် မဟာဒေဝီစဝ်ရွှေအုန်းတို့၏ဟော်နန်းတွင် တစ်ဝါတွင်း သီတင်းသုံး အပူဇော်ခံတော်မူခဲ့ပါသည်။ ထိုမှတစ်ဆင့် မန္တလေး၊ ပြည်၊ ကြံခင်းမြို့သို့ ကြွရောက်တော်မူခဲ့ပါသည်။ ကြံခင်းမြို့၌ မထင်ရှားသောအသွင်ဖြင့် ဒါယကာနှစ်ဦးတို့သည် ဆံတော်များ လာရောက်လှူဒါန်းသွားကြလေ၏။ ထိုမှတစ်ဆင့် မြန်အောင်၊ အင်ပင်၊ ထူးကြီး၊ ဟင်္သာတမြို့တို့တွင် ခေတ္တခဏစီ အပူဇော်ခံတော်မူ၍ ကဆုန်လပြည့်ကျော် ၁ ရက်၊ စနေနေ့တွင် ဟင်္သာတမှ သင်္ဘောဖြင့်ရန်ကုန်သို့ စုန်ဆင်းကြွရောက်တော်မူလေရာ ၂ ရက်နေ့တွင် ရောက်တော်မူသည်။

၁၃၂၃ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့တွင် သာသနာ့မြေအဖြစ် ကျောက်ပန္နက်ချ၍ သာသနာ့အောင်လံတော်ကို စိုက်ထူတော်မူပါသည်။ နတ်တော်လဆန်း ၁၅ ရက်၊ သောကြာနေ့တွင် အုတ်မြစ်တူးကျင်းများ



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပါသည်။ ၎င်းနှစ်ဝါတွင်း (၃) လ ပတ်လုံး အလုံလမ်း၊ အမှတ်(၂၂၁)၊ မီးရထားအရှေ့ပိုင် ဦးလွန်းမောင်၊ ဒေါ်ခင်ဝင်းတို့၏တိုက်၌ ကိန်းဝပ်စံတော်မူပါသည်။ ဝါကျွတ်ပြီးနောက် ပြာသိုလဆန်း ၁၂ ရက်နေ့တွင် မြောက်ပိုင်းရှမ်းပြည်နယ်သို့ ဒေသစာရီကြွချီတော်မူ၍ လားရှိုးမြို့ သိန္နီစော်ဘွားကြီး စဝ်ဆန်ဖနှင့် သီရိစန္ဒာမဟာဒေဝီတို့ တော်တွင် အပူဇော်ခံခဲ့ပါသည်။

ထိုမှတစ်ဆင့် ကျောက်မဲ၊ သာစည်၊ ရမည်းသင်းမြို့များ၌ ခေတ္တခဏစီ အပူဇော်ခံခဲ့၏။ ဒေသစာရီခရီးပြီးစီး အဆုံးသတ်တော်မူပြီးနောက် ၁၃၂၉ ခု၊ တပို့တွဲလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၉ နာရီအချိန်တွင် သံဃာတော်(၁၀၈) ပါးကို ပင့်ဆောင်လျက် နယ်မြေလေးရပ်မှလာရောက်ကြသော ပရိသတ်အများ တပည့်သားတို့နှင့် စည်ကားသိုက်မြိုက်စွာ တန်ခိုးကြီးဘုရားများ၏ ထုံးတမ်းစဉ်လာဖြင့် အုတ်မြစ်ချပွဲ ပြုလုပ်ဆင်နွှဲခဲ့ပါသည်။

အုတ်မြစ်ချပြီးသည်မှစ၍ ရက်အား၊ လူအားတို့ဖြင့် မနေမနား ကြိုးစားလုပ်ဆောင်တော်မူခဲ့ရာ ပြုသင့်ပြုထိုက်သော ပရိဝါရအဆောက်အအုံတို့နှင့်တကွ စေတီတော်မြတ်ကြီးပါ အချောသတ်ပြီးစီးခဲ့လေ၍ ၁၃၂၆ခု၊ တပို့တွဲလဆန်း ၁၄ ရက်အထိ (၃)နှစ် ထိတိအချိန်တွင် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဆက်ကပ်လှူဒါန်းပြီးနောက် ၎င်းလဆန်း ၁၅ ရက်နေ့တွင် သံဃာတော်(၁၀၈)ပါးနှင့် ဗုဒ္ဓါဘိသေကမင်္ဂလာအနေကဇာတင်ပွဲကို မြိုင်မြိုင်သဲအောင် ဆင်နွှဲကျင်းပပြီးစီးခဲ့ပါသည်။

ဤလုပ်ငန်းဆောင်ရွက်မှုများတွင် ဆရာတော် ဦးသာသနအရှင်မြတ်သည် ကြေးစည်မထု၊ သာခုသံမပေး၊ မဟာစ်ကြွေးဘဲ ဗုဒ္ဓဘာသာရဟန်းတော်များအား လူမျိုးခြားတို့ အထင်သေး၊ အမြင်သေးမှုတို့ကို ကာကွယ်တွန်းပ နမူနာပြတော်မူခဲ့လေသည်။

၁။ အားလုံးသတ္တဝါ ဝေနေယျာတို့ ညီညာအမျှ ကုသိုလ်ရစေသော်။

၂။ စေတီတော်ကြီး နေရောင်မီးသို့ ထိန်ညီးတန်ဖိုး တောက်စေသော်။


၃။ ရောင်ရှိတုန်းဟုန်း ပျံ့နှံ့ဖုံး၍ ကပ်လုံးကမ္ဘာတည်စေသော်။

၄။ နတ်ပြုံးပြဟွာကြည်စေသော်။ ကပ်လုံးသာယာဖည်စေသော်။

မှတ်ချက် - ဆင်ဖြူတောင်ဆရာတော် ဦးသာသနမထေရ်မြတ်၏ အမိန့်တော်အရ ဦးအာရိယဝံသ စီစဉ်ရေးသားသည်။ စေတီတော်မြတ်ကြီးသမိုင်းစာမျက်နှာ (၃၀)၊ (၃၁)။



ဆောင်ပိဋကပြန်စာသင်ခန်း



ရင်ပြင်တော်နှင့် တစ်ဆက်တည်း တွေ့ရသော ဆင်ဖြူတောင်စာသင်တိုက်

## ▫ ပြား(၆၀)နှင့် ဘုရားတည်ရန် စတင်ခြင်း

သာကေတ(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီအကြောင်း ဆွေးနွေးပြောကြားကြမည်ဆိုပါလျှင် ရောဝတီတိုင်း ဒေသကြီးဟင်္သာတမြို့ကို ချန်လှပ်၍မရပါ။ ဂန္ဓာရီခရီးဖြင့် ဘုရားတည်ရန်လှူဒါန်းလည်သာသနာပြုနေသော ဆင်ဖြူတောင်ဆရာတော် ဦးသာသနသည် ဟင်္သာတမြို့၌ 'ဆေးဝေကိုယ်တော်ဆရာတော်' အဖြစ်နာမည်သတင်းကြီးလှပါသည်။


ဟင်္သာတမြို့ လက်သမားရပ်ကွက်ရှိ ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်ရင်ပြင်တန်ဆောင်းကလေးတွင် ဘုရားလာသမျှ ဘုရားဖူးဒကာ ဒကာမများကို (၉၆) ပါးသော ရောဂါဝေဒနာများ ကင်းဝေးကြစေရန် ကျွဲသား၊ နွားသားများရှောင်ရှားကြပါရန် တိုက်တွန်းဟောကြားပြီး အသက်ရှည်ပျားရည်ဆေးများကို မေတ္တာဖြင့် တိုက်ကျွေးဝေငှပါသည်။ ထိုသတင်းသည် တောမီးပမာ ပျံ့နှံ့သွားလျက် လူသိများသွားပါတော့ပါသည်။

ဆေးဝေကိုယ်တော်ဆရာတော်ဖြင့်နာမည်ကြီးနေသော ဂန္ဓာရီသာသနာပြုဆရာတော် ဦးသာသန ယခုရောက်ရှိနေသော ဟင်္သာတဦးပါရဲစေတီတော်ကြီးနှင့် ကပ်လျက်တွင် ဟင်္သာတမြို့အတွင်း ပထ္တမြားပရိယတ္တိစာသင်တိုက်ကြီး တည်ရှိနေပါသည်။ ရက်အတန်ငယ်ကြာသော် စာသင်တိုက်ကြီး၏ ဆရာတော် တိုက်အုပ်၊ တိုက်ကြပ်စသည့် ရဟန်းတော်များနှင့် ဦးသာသနသည် ရင်းနှီးခင်မင်လာကြပါသည်။ ဆေးဝေကိုယ်တော်မှ ပျားရည်ဆေးများ

www.burmeseclassic.com



သာကေတသိုးသိုးကြီးနတ်နန်း


သိုးသိုးကြီးနတ်နန်း


ဓါးပထာဆွေ့နှုတ်ထွက်ဆရာ ဦးသိန်းထိုက်နှင့် တွေ့ဆုံဆွေးနွေးနေသော စာရေးသူ

ကို အတွင်းပတ္တမြားဆရာတော်ကြီးသို့ ဆက်ကပ်သောအခါ ဆရာတော်ကြီးမှ လည်း ယုံကြည်စွာဖြင့်ပင် သုံးဆောင်တော်မူပါသည်။

သာသနာပြုဆရာတော် ဦးသာသနအား ၎င်း၏ဆရာတော်ကြီး ဆင်ဖြူတောင်ဆရာတော်ဘုရားကြီးဦးအာသဘမှ 'ဘုရားတည်ရန် တာဝန်ကြီးတစ်ရပ် ပေးအပ်ခံရပြီး' သည့်နောက် ဟသ်ာတမြို့သို့ရောက်ရှိလာသောအခါ (၁၃၂၁ခု) အတွင်း ပတ္တမြားဆရာတော်ကြီးနှင့် စကားစမြည်ပြောကြရင်း ဆင်ဖြူတောင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်ရ ဘုရားတည်ရတော့မည်ဟု လျှောက်ထားပြောဆိုကြသောအခါက ပတ္တမြားဆရာတော်ကြီးကမေး၍ ဦးသာသနက ဖြေပါသည်။

"ဦးသာသန ဘယ်မှာဘုရားတည်မှာလဲ"

"ရန်ကုန်မြို့မှာပါဘုရား"

"ဘုရားဉာဏ်တော်ဘယ်လောက်လဲ"

"သံတောင် (၁၀၈) တောင်ပါဘုရား"

"ကိုယ်တော်မှာ အဲဒီလောက်ကြီးမားတဲ့စေတီတော်ကြီးတည်ဖို့ အမာခံလှူရင်းဒကာရင်း ဘယ်လောက်များရှိလဲ"

"အမာခံဒကာရင်းရယ်လို့ သတ်သတ်မှတ်မှတ်မရှိပါဘူး"

"ဒီ့- ဒါဖြင့် ကိုယ်တော်မှာ ပိုက်ဆံအရင်းအနှီးဘယ်လောက်များများရှိလို့လဲ"

"ပိုက်ဆံငွေကြေးအမာခံငွေဆိုလို့ ပြား(၆၀)ပဲရှိပါတယ်ဘုရား"

"ယော- ဖြစ်နိုင်ရင်တော့ ကောင်းတာပေါ့လေ"

အမှန်တကယ်ဆို ပြား(၆၀)ဆိုသောငွေကြေးဖြင့် ဘုရားတည်ဖို့ မဖြစ်နိုင်ပါ။ သို့သော်လည်း ဆရာတော်ကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်အတူ ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်များ (မဟာဗောဓိစေတီတော် အမာခံနံရံများတွင် 'အင်း'အစီမံများ ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါသည်) သာဓကတိုင်းသား သဒ္ဓါပြုစင် အလှူရှင်များနှင့် တည်ထား အထင်အရှား ဖူးမြင်နိုင်ကြပြီဖြစ်ပါသည်။

## ဃ(၁၀၈)တောင် မဟာဗောဓိရွှယ်တော်ရှင်စေတီကြီး

### စေတီတော်သမိုင်းအကျဉ်းချုပ်(၉)ပုဒ်

(၁) အောင်၊ စည်၊ ကြီး၊ ညီ၊ မဟာ ဗောဓိ၊ တည်သည့်သက္ကရာဇ်။

(၂) အောင်၊ စည်၊ မြိမ့်၊ သံ၊ တပို့တွဲ၊ ထီးပွဲပြီးသည့်နှစ်။

(၃) ပေါင်းရုံးစုစည်း၊ သုံးနှစ်ထည်း၊ ပြီးစီးကြွာသည်ဖြစ်၊

(၄) ဆင်ဖြူတောင်ပျော်၊ ဆရာတော်၊ မိန့်ဖော်ရွေခွန်းလှစ်၊

(၅) ဦးသာသန၊ ဘွဲ့ပုံသ၊ သားလှဖာနည်ဖာစ်၊

(၆) တပည့်လက်သား၊ အလွန်များ၊ စွမ်းအားလွန်ကျစ်လျစ်၊

(၇) ဘုန်းပညာဂုဏ်၊ အလုံးစုံ၊ ကုံလုံထွန်းတောက်သစ်၊

(၈) သတ်နှံမှန်ရောင်၊ ဝင်းဝင်းပြောင်၊ သံတောင် တစ်ရာ့ရှစ်၊


(၉) စေတီသမိုင်း၊ တဗျာသိုင်း၊ စံနှိုင်းတုမရစ်။

ဆရာတော်ဦးသာသန၏ ဆင်ဖြူတောင်တော်မှာ သီတင်းသုံးစီစဉ်ညွှန်ကြားထော်မူနေသော (၁၀၈) တောင် စေတီတော်ကြီး၏ ဩဝါဒါစရိယ မဟာ



www.burmeseclassic.com

www.burmeseclassic.com



နာယကဆရာတော်ကြီး ဆင်ဖြူတောင်ဆရာတော်ကြီး၏ ဂုဏ်ပေါင်းချုပ်ဘွဲ့အမည်တော်များမှာ -

၁။ ဦးပြားတောရဆရာတော်ကြီး ဦးအာသဘ၊
၂။ ဦးအာသဘဆရာတော်ကြီး၊
၃။ အလယ်ခတောရဆရာတော်ကြီး ဦးအာသဘ၊
၄။ အရှေ့တောရဆရာတော်ကြီး ဦးအာသဘ၊
၅။ ငါးထပ်ကြီးဆရာတော်ဘုရားကြီး ဦးအာသဘ၊
၆။ ဆင်ဖြူတောင်ဆရာတော်ကြီး ဦးအာသဘ၊
၇။ ပထမဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်ရ ဦးအာသဘ၊
၈။ ရွှေတိဂုံစေတီတော်ငှက်ပျောဖူး၊ ပထမဆုံး ရွှေပြားကပ်လှူသည့် ဦးအာသဘ၊
၉။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပထမဆုံးအကြိမ်လျှပ်စစ်အလင်းခလုတ်ဖွင့်ကာ ပွင့်လင်းစေသော ဦးအာသဘ၊
၁၀။ မင်းတုန်းမင်းကြီးလှူဒါန်းသော ရွှေတိဂုံစေတီတော်ကြီးအား ရဟန်းပရိသတ်၊ လူထုပရိသတ်နှင့် ဦးဆောင်ကြိုဆို လက်ခံရသော ဦးအာသဘ၊
၁၁။ ဟံသာဝတီဂိုဏ်းအုပ်ခန့်အပ်တော်မူခံရသော ဦးအာသဘ၊
၁၂။ ပဥ္စမမြောက် ဂျော့ဘုရင်နှင့် မေရီမိဖုရားတို့၏ဖူးမြော်ခံဦးအာသဘ၊
၁၃။ ဆို့ပဥ္စမမြောက် ဂျော့ဘုရင်နှင့် မေရီမိဖုရားတို့အား ဩဝါဒမိန့်ကြားသော ဦးအာသဘ၊
၁၄။ မြင်တွန်းမင်းသားကြီး၏ အဆွေခင်ပွန်း သူငယ်ချင်းဖြစ်သော ဦးအာသဘ၊
၁၅။ ရန်ကုန်မြို့ ငါးထပ်ကြီး ဘုရားဒါယကာ ဦးဘိုးအောင်၏ ဆရာရင်း ဦးအာသဘ။

နန်းစဉ်ပတ္တမြား၊ နှလုံးသားလိုက်၊ ဂူမွှေးကြိုင်လျက်၊ မကျိုင်မမှု၊ ခိုင်ခံ့လှသည့်၊ တောရဆောက်တည်၊ သီလရန်၊ သမ္မာမိခန့်၊ ပညာနံ့ရောင်ဝင်း၊ လောကအလင်း ဓမ္မအလင်း၊ သာသနာ့အလင်း၊ ကျေးဇူးသခင်းကြီးလှ၊ ပထမအဂ္ဂမဟာပဏ္ဍိတ၊ ဦးအာသဘာဘိဓေ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

## ❑ အသင်သွားဖူးမြော်(၁၀၈)တောင်စေတီတော်

သာကေတ(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီးသည် သာကေတအဝိုင်းအနီး အဝိုင်း၏ တောင်ဘက်အရပ်တွင် ဗုဒ္ဓဂယာစေတီပုံတော်တူ၍ ထူးထူးခြားခြားတည်တော်မူထားသည့် စေတီတော်ဖြစ်တော်မူပါသည်။ စေတီတော်ကြီးကို အဝေးကဝင်လှမ်းဖူးမြော်နိုင်ပြီး ဗုဒ္ဓဂယာစေတီတော် ပုံတူလေးထောင့်ကျကျတည်ရာမှ အပေါ်ပိုင်းတွင် စေတီတော်ပေါက်ထားသည် အောက်ဘက်ပိုင်းနံရံများတွင် ဝိဇ္ဇာမိုရ်ကြီး၏ အစွမ်းထက်ဂါထာတော်များဖြင့် လေးဖက်လေးတန်ရံထားသည်ကို ဖူးမြင်ရပါသည်။

ဝိဇ္ဇာရေဂမ္ဘီရအတတ်များဖြင့် ဝိဇ္ဇာဆရာတော်ကြီး စီရင်ထားသည့် စေတီတော် (ဝါ) ဝိဇ္ဇာကြီးများတည်စေတီဟု ကျော်ကြားပါသည်။ တုတိသစ္စာ တည်ကြည်စွာ သတ်သက်လွတ်စား၊ အဓိဋ္ဌာန်(၉)ရက်ဝင်၊ ဂုဏ်တော်ပုတီးစိပ်၊ စိတ်ကြံသမှုအဓိဋ္ဌာန်ပြုကြပါက ကောန်မှုချအောင်ပွဲရကြကြောင်း ကြားသိရပါသည်။

အတိုက်အခိုက် ရန်စွယ်အသွယ်သွယ်မှ ကျော်လွန်လွတ်မြောက် ချမ်းသာခြင်းသို့ရောက်လိုသော် လပြည့်နေ့ ပွဲလှူပွဲတပ် ဆုတောင်းကြပါ။

ဘုရားရှိခိုးပါ။ ငါးပါးသီလခံယူပါ။

ဝိဇ္ဇာကြီးများ၊ ပုဂ္ဂိုလ်ထူးများ ပင့်ဖိတ် ပွဲတပ်လှူပါ။

## ❑ ပွဲတပ်နည်း (၁၂ နာရီမကျော်ပါနှင့်)

ငှက်ပျောဖီး (၃) ဖီး၊ (၅) ဖီး (မိမိနိုင်သရွေ့)
အုန်း - အုန်းသီး (၁) လုံး၊
တွမ်း - တွမ်း (၃) ယာ (၅) ယာ၊
တွမ်းသီး - တွမ်းယာထဲထည့်၊
ထုံး - တွမ်းယာယာရန်၊
လက်ဖက် - ပွဲထဲအနည်းငယ်
ပန်း - အောင်သပြေညွန့်များ
တံခွန်ကုက္ကား - အစုံ
အမွှေးရည် - ဖျန်းပါ။
ဖယောင်းတိုင် - (၅) တိုင်၊
အမွှေးတိုင် (၄) တိုင်။

(၁၀၈) တောင် စွယ်တော်ရှင်စေတီတော်ကြီး ဦးထိပ်ပန်ဆင်ထား၍ အထက်ဝိဇ္ဇာမိုရ်ဝိဇ္ဇာကြီးများအား ကပ်လှူပါသည်။ ထီးတော်အထက် စိန်ဖူးတော်အနီးရှိ ငှက်မြတ်နားတော်တွင် ဝိဇ္ဇာကြီးများ အစီရင်ဇော်ဂျီရုပ်ကို မှန်းကြည့်လှူဒါန်းနိုင်သည်။ (၁၀၈) တောင်စွယ်တော်ရှင်စေတီတော်တွင် ပွဲလှူပွဲကပ်သောအချိန်မှစတင်၍ သားသမီးတပည့်တော်များ၏ အိမ်ဂေဟာ၊ အလုပ်ရုံမှာ၊ အရောင်းအဝယ်ဆိုင်မှာ စသဖြင့် မိမိလုပ်ငန်းနေရာရည်စူး၍ မိမိနှစ်သက်ရာတွင် ပွဲလှူပွဲကပ်ရသော အကျိုးကြောင့် ရတနာရွှေငွေပြီးဝေမောက်၍ အလိုရှိတိုင်း ပွဲကဲ့သို့ စည်ပင်စွာ ငွေတွေဝင် အောင်ပွဲဆင်ရပါစေသတည်း။

မှတ်ချက် - မိမိဉာဏ်ရှိသလို ဆုတောင်းပါ။ အထက်ပါအတိုင်း စီးပွားရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ အတိုက်အခိုက်ကိစ္စ၊ စာမေးပွဲ၊ ရာထူးတိုး၊ လိုရာပွဲလှူပွဲတပ်လှူကြည့်လိုက်ပါ။ ထူးပါလိမ့်မည်။

မေတ္တာများစွာဖြင့်

ကံဝင်း

ကျမ်းကိုး -

(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင် စေတီတော်မြတ်ကြီး သမိုင်း
နှစ် (၅၀) ရွှေရတု ဗုဒ္ဓပူဇနိယပူဇော်ပွဲစာအုပ်
ဟာသာတမြို့အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ကြီးရေးသားသမိုင်းစာများ
ကိုယ်တိုင်ကွင်းဆင်းလေ့လာခြင်း
ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့်တွေ့ဆုံမေးမြန်းမှု

www.burmeseclassic.com




# နတ်မောက်မင်းသန့်နိုင် အဓိဋ္ဌာန်ဝင်ပြီးလျှင် ရွတ်စေချင်

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်းမှာ သာသနာပြုနိုင်ရန်ရည်ရွယ်၍ အဓိဋ္ဌာန်များတစ်မျိုးပြီးတစ်မျိုး၊ တစ်ခုပြီးတစ်ခု ဝင်ခဲ့သူဖြစ်ပါသည်။ များစွာလည်း ထူးခြားတိုးတက်အောင်မြင်ခဲ့ပါသည်။ နတ်မောက်မြို့ရှိ ရှေးဟောင်းလောကမှန်ကူဘုရား၊ မြစည်းခုံဘုရား၊ အရဟံဘုရား၊ ရန်အောင်မြင်စေတီများ ပြန်လည် ဖော်ထုတ်မွမ်းမံရာတွင် ငွေအား၊ လူအားများစွာ ပါဝင်လှူဒါန်း ဒါနပြုနိုင်ခဲ့သူ ဖြစ်ပါသည်။ အခြား ကျွန်ုပ်မသိသော မထင်မရှား တောတောင်ရေမြေများထဲမှ ဘုရားအဲဆွေးဆွေးကိုလည်း ထုံးသင်္ကန်း၊ မှန်သင်္ကန်းများ ကပ်လှူပူဇော်ပြုပြင်ခဲ့သူ ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ထံမှ ငွေကြေးအလှူခံခြင်းမရှိဘဲ ၎င်း၏သမ္မာအာဇီဝကျသော အရောင်းအဝယ်လုပ်ငန်းဝင်ငွေဖြင့်သာ ပြုပြင်မွမ်းမံလှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် ဦးကျော်ဝင်းမှာ အောင်မြေထူး၊ နေရာထူးများစွာသို့လည်း သွားရောက်အဓိဋ္ဌာန်ဝင်ခဲ့ဖူးသူ၊ အတွေ့အကြုံအမြင်ထူး၊ ဖြစ်ရပ်ဆန်း၊ နိမိတ်ပုံများစွာ တွေ့ဖူးခဲ့ပြီး ၎င်း၏သမာဓိအား၊ ဉာဏ်စဉ်အား၊ ဝိပဿနာတရား၊ သတိပဋ္ဌာန်တရားများနှင့် အဓိဋ္ဌာန်များအောင်မြင်ခဲ့သည်ချည်းသာ ဖြစ်ပါသည်။

သူ၏အတွေ့အကြုံတစ်ခုပြောပြသည်ကို စာစီပြုရေးခြယ်တင်ပြလိုပါသည်။

"(xxx) ရွာ ကိုးတောင်ပြည့်မိုးကောင်းစေတီ ပြုပြင်မယ်ဆိုတော့ ကျွန်တော် ပြည်ရွှေဆံတော်ဘုရားမှာ အောင်မြေနင်း အဓိဋ္ဌာန်ဝင်ခဲ့ပါတယ်။ အဓိဋ္ဌာန်အောင်ပြီးမှ စတင်ပြုပြင်တာ သုံးလအတွင်းပြီးစီးပါရစေလို့ ဆုတောင်းအဓိဋ္ဌာန်ပြုပြီး ပြုပြင်မွမ်းမံခဲ့ပေမယ့် ဟိုဟာလိုဒီဟာလို၊ ဟိုကအဆင်မချောဒီကအခက်အခဲတွေနဲ့ - ငါ့ဟာဟုတ်မှဟုတ်ပါ့မလားဆိုပြီး အားငယ်သိမ်ငယ်စိတ်တောင်ဝင်မိပါတယ်။ အဲဒီကာလမှာ ဘုရားမပြီးမချင်း သက်သတ်လွတ်စားမယ်ဆိုပြီး စားသောက်သာသနာပြုခဲ့တာ သွေးပေါင်ကျပြီး ဆေးရုံတစ်ပတ်လောက်တက်ရသေးတယ်ဗျာ။

တစ်ည ကျွန်တော်အိပ်မောကျတုန်း အညိုရောင်ဝတ်ယောဂီသူတော်စင်တစ်ဦးက အိပ်မက်ပေးတယ်။

'ရသာတဏှာတပ်မက်စိတ်နဲ့မစားနဲ့။ ကြံ့သလိုစားပါ။ သာသနာဆက်ပြုဖို့အများကြီးလိုသေးတယ်။ ပြီးလိုဇောကြီးတာ၊ အောင်လိုဇောကြီးတဲ့လောဘရမ္မက်လည်း မတက်နဲ့။ အချိန်တန်ရင်ပြီးမယ်။ အောင်မယ်။ နရီကို နားလည်၊ ဒီဂါထာကို အဓိဋ္ဌာန်ဝင်ပြီးတိုင်းရွတ်၊ မနက်တစ်ခေါက်၊ ညတစ်ခေါက် ခရီးပေါက်လိမ့်မယ်'

ဆိုပြီး ကျွန်တော့်လက်ဝါးကို သူ့လက်ဖဝါးနဲ့ ဖမ်းခနဲရိုက်သွားတယ်။ ကျွန်တော်လည်း လန့်နိုးသွားခဲ့တယ်။

နောက်နေ့မနက် ဆေးရုံကဆင်းခွင့်ရတော့ အိမ်ကဘုရားခန်းမှာ ဝတ်ပြုပြီး ကျွန်တော်ရဲ့ ညာလက်ဝါးထောင်ကြည့်လိုက်တော့ ကျွန်တော်သိပြီး၊ ရျပြီး ရွတ်ပွားဖူးတဲ့ ဂါထာဖြစ်နေပါတယ်။ အမှတ်တမဲ့မရွတ်မိတာ ကာလအတန်ကြာခဲ့ပြီပေါ့ဗျာ။ ဒါကြောင့် သူတော်စင်က အိပ်မက်ပေး၊ သတိပေး၊ ရွတ်ပွားခိုင်းတာလို့ ထင်မြင်ယူဆမိပါတယ်။

အဲဒီနေ့ကစပြီး ဂါထာကို မပျက်ရွတ်ခဲ့တယ်။ မပြီးသေးတဲ့ ကိုးတောင်ပြည့်မိုးကောင်းစေတီကိုလည်း နောက်တစ်လအတွင်းမှာ အပြီးအောင်မြင်စွာ ပြုပြင်မွမ်းမံနိုင်ခဲ့ပါတယ်။ တစ်ခါတလေမှာ မိမိရွတ်ပွားဖူးတဲ့ ဂါထာမန္တန်တွေကို ကျွန်တော်တို့ဟာ အမှတ်တမဲ့မေ့မေ့နေတတ်ပါတယ်။ အဲလိုမေ့တာဟာ အာရုံစိတ်တွေပြားဖောက်ပြန်တာလို့ဆိုပါတယ်။ အခု ကျွန်တော်ပြောမယ့် ဂါထာဟာ ဆရာနိုင်လည်း ရွတ်ဖူးမှာပါ။ သိမှာပါ။ အဓိဋ္ဌာန်ဝင်ပြီးတိုင်း မပျက်မကွက်ရွတ်ပါ။ မေ့မလျော့ရွတ်ပါ။ ချော်ချင်းထူးပါတယ်။ အဲဒီဂါထာကတော့ နေမင်းဂါထာနဲ့ လမင်းဂါထာပဲ ဆရာ။ သိသူ ရွတ်ပွားသူများပါတယ်။ အမှတ်မထင် မေ့နေတတ်ကြလို့ ကျွန်တော်ပြောပြတာပါ။

### နေလဂါထာတော်

- နမောတေ ဗုဒ္ဓဿ၊
  စန္ဒယော သုရိယော၊
  ဩဘာသယံ အဂ္ဂမဟာတေဇံ၊
  လာဘံ မေ ဘဝိဿတိ။

### လမင်းဂါထာတော်

- နမောတေ ဗုဒ္ဓ ဝီရတ္ထု၊
  ဝိပ္ပမုတ္တော သိ သဗ္ဗဓိ၊
  သမ္ဗာဓ ပဋိပန္နောသ္မိ၊
  - တဿ မေ သရဏံ ဘဝ။
    တထာဂတံ အရဟန္တံ၊
    စန္ဒိမာ သရဏံ ဂတော၊
    ရာဟု စန္ဒံ ပမုဉ္စတု၊
    ဗုဒ္ဓါ လောကာနုကမ္ပကာ။

နေရာထူးမှာ အောင်မြေနင်းပြီး အဓိဋ္ဌာန်ဝင်ကာ ရွတ်ပွားပေးပါ။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အခက်အခဲအမှုအထစ်များပြေပျောက် အန္တရာယ်ကင်းဝေးကာ ထူးခြားအကျိုးထူးများ နေ့ ညမဆိုင်း အကျိုးပေးပါသည်။

ဓမ္မမိတ်ဆွေ သာသနာပြုများ အမှတ်မထင် မမေ့စေချင်၍ အသိပေးနှိုးဆော် တင်ပြရေးသားအပ်ပါသည်။

*ကျန်းမာချမ်းသာလန်းဖြာကြပါစေ*

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

"မြတ်စွာဘုရားဟာ ရုပ်ရဲ့သဘာဝ အစစ်အမှန်ကို အဲဒီလို အကြွင်းမရှိ အဆုံးအထိ ခွဲခြမ်းစိတ်ဖြာပြီး သိမြင်ဟောကြားတော်မူခဲ့ပါတယ်"

နောက်နေ့ ဦးထွန်း လာသောအခါ ကျွန်တော်က စကားကို ဤသို့စတင်ပြီးနောက် -

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၉၅ က ဟောကြားခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီနောက် နှစ်ပေါင်း (၁၆၀၀) လောက်ကြာမှ သိပ္ပံပညာရှင်များက ရုပ်မြူမှုန်ကို စတင်ခွဲခြမ်းနိုင်ခဲ့တယ်။ တဇ္ဇာရီမြူနဲ့ညီမျှတဲ့ရုပ်မှုန့်ကို မော်လီကျူးလို့ အမည်ပေးထားတယ်။ အဲဒီနောက် ထပ်မံပြီး ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့ပြန်တယ်။ အဏုမြူနဲ့ညီမျှတဲ့မြူမှုန်ကို အက်တမ်လို့ အမည်ပေးခဲ့တယ်။ အဲဒီနောက် အတော်ကြာအောင် ထပ်မံမခွဲနိုင်ခဲ့ဘူး။ ဒီတော့ အဏုမြူကို မူလအန္တိမ (အစအဆုံး) လို့ သတ်မှတ်လိုက်ကြတယ်။ အဲဒီအဏုမြူ ရုပ်ဝတ္ထုအပေါ် အခြေခံပြီး ရုပ်ဝါဒတို့ ကားလ်မက်စ်နဲ့ အိန်ဂျယ်လ်တို့က ဓါဒ သဘောတရားတည်ဆောက်ခဲ့ကြတယ်။ အဲဒါ ခင်ဗျားတို့ ယုံကြည်လက်ခံခဲ့တဲ့ ရုပ်ဝါဒပဲ။

နောက်နှစ်ပေါင်း (၈၀၀)လောက်ကြာတော့ သိပ္ပံပညာရှင်တွေက အဏုမြူကို ခွဲစိတ်သွားနိုင်ကြတယ်။ အဏုမြူပြိုကွဲတော့ အဏုမြူကို အခြေခံထားတဲ့ ရုပ်ဝါဒလည်း ပြိုကွဲသွားတယ်လို့ဆိုတယ်။ အဏုမြူကိုခွဲလိုက်တော့ အီလက်ထရွန်၊ ပရိုတွန်၊ နယူထွန်ဆိုပြီး ဓာတ်သုံးပါးကွဲတယ်။ ဗမာလိုတော့ ဓာတ်ဖို၊ ဓာတ်မ၊ မဏ္ဍိုင်တို့ ဖြစ်တယ်။ မဏ္ဍိုင်က အာကာသ လဟာပဲ၊ ဓာတ်ဖိုနဲ့ ဓာတ်မက ဖွန့်တွဲပြီး လွန်ဆွဲနေကြတယ်လို့ဆိုတယ်။ သဘာဝတရားတွေဟာ ဖွန့်တွဲပြီး လွန်ဆွဲနေကြတာပဲလို့ ဆိုစမှတ်ပြုကြတယ်။

အဲဒီမှာ လွန်ဆွဲရင်း ပေါ်လိုက်ပျောက်လိုက် (ဖြစ်-ပျက်) ဖြစ်နေတယ်။ အဲဒီဖြစ်ပျက်ရဲ့မြန်နှုန်းကိုတိုင်းဖို့ တီရီယာထွင်တယ်။ အဲဒါကို နာနိုစက္ကန့်လို့



ချောင်းဆုံအနှိုးသွင်

ဘုရားဂူလော်၊ တရားဂူလော်

www.burmeseclassic.com

ခေါ်တယ်။ ဖြစ်-ပျက်တစ်ကြိမ်ဟာ နာရီ (၁) စက္ကန့်ပဲ။ နာရီ (၁)စက္ကန့်ဟာ မိုးမိုး စက္ကန့်ရဲ့ သဲန်း (၁၀၀၀) ပုံ (၁) ပုံစာပဲ။ ကုဋေဖွဲ့ရင် ကုဋေတစ်ရာပေါ့။ မြတ်စွာဘုရားက အဲဒါကို ကုဋေ (၅၀၀၀) လို့ ထုံးတဲ့ဉာဏ်နဲ့ မြင်တော်မူတယ်။ သိပ္ပံဆရာတွေဟာ မြတ်စွာဘုရားရဲ့အဆိုအမိန့်ကို သိလာတဲ့အခါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က မြတ်စွာဘုရားဟာ ဒီအမြင်ကိုမြင်ခဲ့တယ်ဆိုပြီး အလွန်အမင်း အံ့သြကြတယ်။ အဲဒါ မြတ်စွာဘုရားရဲ့ ဉာဏ်တော်အနန္တထဲကတစ်ပါးပဲ။ အဲဒါ လောက်ဆိုရင် အဲ့အားကိုးအားထိုက်ပြီလို့ ယုံကြည်နိုင်ပြီပေါ့။'

စောစောကစကားနည်းနည်းကျန်သွားလို့။ အကျမြုကွဲပြီး ဓာတ်ဖို၊ ဓာတ်မဖြစ်သွားတဲ့အချိန်မှာ ပရမာဏုမြူလိုပဲ မမြင်ရတော့ဘူး။ ပရမာဏုမြူကို မြတ်စွာဘုရားက အရှိန်အဟုန်လို့ မိန့်ကြားသလို ဓာတ်ဖို၊ ဓာတ်မကိုလည်း သိပ္ပံပညာရှင်တွေက စွမ်းအင်လို့ပြောတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၆၀၀) လောက်က မြတ်စွာဘုရားရှင်တွေ့ခဲ့တဲ့ ရုပ်သဘာဝကို သိပ္ပံပညာရှင်တွေက နောက်ဆုံးခေတ်မီသိပ္ပံနည်းပညာတွေနဲ့ တွေ့ရှိတာတောင်မမီသေးဘူးလို့ပြောနိုင်တယ်။

သဘာဝတရားအားလုံး သမုဒ္ဒရာထဲကရေလို့ ဥမာထားရင် အခုဒီရုပ်သဘာဝအမှန်ဖော်ပြချက်ဟာ သမုဒ္ဒရာထဲက ရေ (၁) ဖွန်းလို့ ပြောနိုင်တယ်။ မြတ်စွာဘုရားသိတော်မူတဲ့တရားတွေနဲ့ အခုဖော်ပြချက်ဟာ သမုဒ္ဒရာရေနဲ့ ဇွန်းထဲကရေပဲ။ ဒါလောက်ဆိုရင် မြတ်စွာဘုရားရဲ့ဂုဏ်တော် (အရည်အချင်း) ကို သိနိုင်ပြီ။ ဒီအရည်အချင်းကို ယုံကြည်တယ်ဆိုရင် ဘုရားကိုအားကိုးထိုက်သူလို့ ကိုးကွယ်ထိုက်သူလို့ ယုံကြည်နိုင်ပြီ။ ခင်ဗျား အဲဒီလိုယုံကြည်တယ်ဆိုရင် ဗုဒ္ဓသရဏဂုံအဖြစ် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ ပူဇော်လိုက်ပေတော့"

ကျွန်တော့်စကားအဆုံး ဦးထွန်းက -

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

ဟူ၍ အားရပါးရ ပူဇော်လိုက်ပါသည်။

"တစ်နေ့မှာ မြတ်စွာဘုရားရှင်ဟာ နောက်ပါရဟန်းများနဲ့ တောအုပ်ကြီးတစ်ခုကိုရောက်သွားတယ်။ မြတ်စွာဘုရားက သစ်ပင်တစ်ပင်ကိုညွှန်ပြပြီး ငါဟောတဲ့တရားတွေဟာ ဒီသစ်ပင်က သစ်ရွက်တွေလောက်ရှိတယ်။ ငါမဟောတဲ့တရားတွေ ဒီတောအုပ်ကြီးထဲမှာရှိတဲ့ သစ်ပင်တွေကသစ်ရွက်တွေလောက်ရှိတယ်လို့မိန့်တော်မူတယ်။

မြတ်စွာဘုရား တရားဟောတယ်ဆိုတာ အကြောင်းတိုက်ဆိုင်မှ ဟောတာဖြစ်တယ်။ သိပေမယ့် အကြောင်းမတိုက်ဆိုင်လို့ မဟောရတဲ့တရားတွေ အများကြီးရှိတယ်။ ဟောပြီးတဲ့တရားတွေက ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ရှိတယ်။ မြတ်စွာဘုရားသိတဲ့တရားတော်များကို အကျဉ်းချုပ်ပြီး တရားဂုဏ်တော် (၆) ပါးလို့ ပြဆိုထားတယ်။

အဲဒါတွေက -

၁။ ကိုယ်တိုင်ထိုးထွင်းသိမြင်ပြီးဟောထားတဲ့တရားဖြစ်ခြင်း၊

၂။ ကျင့်ကြံသူဖို့ ကိုယ်တိုင်သိမြင်နိုင်ခြင်း၊

၃။ အချိန်မဆိုင်းဘဲ ချက်ချင်းအကျိုးပေးနိုင်ခြင်း၊

၄။ လာလှည့်ရှုလှည့်လို့ ဖိတ်ခေါ်ပြီး အစမ်းအသပ်ခံနိုင်ခြင်း၊

၅။ စိတ်ထဲနှလုံးထဲမှာအမြဲစွဲမှတ်ထားရမယ့် တရားဖြစ်ခြင်း၊

၆။ ပညာရှိတို့ ကိုယ်စီကိုယ်င သိနိုင်ခံစားနိုင်ခြင်းတို့ ဖြစ်တယ်၊

တရားတော်နဲ့ ပတ်သက်ပြီး သာဓကနှစ်ခုပြောချင်တယ်၊

ပထမသာဓကက -

"ခင်ဗျားတို့ကျွန်တော်တို့ရဲ့လုပ်ဖော်ကိုင်ဖက်ပဲ။ ခင်ဗျားသိတယ် မရင်းနှီးဘူး။ ကျွန်တော်နဲ့ ရင်းနှီးတယ်၊ သူ့နာမည်က ကိုစံသိန်းတဲ့။ ခင်ဗျားလိုဘာသာမဲ့သမားပဲ။ အိမ်ထောင်ကျတော့ ယောက္ခမမိသားစုဟာ ဘာသာရေးကို အလွန်ယုံကြည်ကြတယ်။ သူက ယောက္ခမအိမ်လိုက်နေရတယ်။ သူ့မိန်းမနဲ့ ယောက္ခမများဟာ အစက သူ့ကို ဘာသာမဲ့မှန်းမသိဘူး။နောက်မှသိတော့ ဘာမှမတတ်နိုင်တော့ဘူး။ အိမ်ထောင်ကျပြီး တစ်နှစ်လောက်အရမှာ သူ့မှာ အိပ်မပျော်တဲ့ရောဂါစွဲတယ်။ အိပ်ဆေးသောက်၊ ဆရာဝန်နဲ့ပြ၊ ဘယ်လိုမှမရဘူး။

တစ်နေ့မှာရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်က -

'အာနာပါနလုပ်ကြည့်ပါလား'

လို့ အကြံပေးတယ်။

သူက -

'ဘာလဲ ဘာသာရေးလား။ ဘာသာရေးဆိုရင် အသေခံသွားမယ် မလုပ်ဘူး။ လာမပြောနဲ့'

လို့ ပြန်ဖြေတယ်။

'ဒီတော့ မိတ်ဆွေက -

'မဟုတ်ဘူး အသက်ရှူတဲ့လေ့ကျင့်ခန်းပဲ'

လို့ပြန်ဖြေတယ်။

ဒီတော့ သူက စိတ်ဝင်စားပြီး ဘယ်လိုရသလဲမေးတယ်။

သူ့မိတ်ဆွေက -

'မအိပ်ခင် တစ်နာရီလောက်မှာ အသက်ရှူရချောင်တဲ့နေရာကိုရွေး၊ (၈)ပေ၊ (၁၀)ပေပတ်လည်လောက်ရရင် ကောင်းတယ်။ အနားမှာလူမရှိစေနဲ့၊ တင်ပျဉ်ခွေချိတ်ထိုင်၊ ခါးကိုမတ်မတ်ထား၊ အသက်ကိုမှန်မှန်ရှူ ဝင်တဲ့လေ နှာခေါင်းကိုထိတိုင်း၊ ထွက်တဲ့လေ နှာခေါင်းကိုထိတိုင်း သိအောင်မှတ်၊ (၁)နာရီလောက်ရရင် အိပ်ချင်လာမယ်၊ အဲဒီတော့မှ အိပ်ရာကိုဝင်ပြီးအိပ်လိုက်၊ (၁) ပတ်လောက်ဆိုရင် သိသာလာမယ်'

လို့ ပြောတယ်၊

သူ့အိမ်မှာ အဲဒီလိုနေရာကိုရှာတော့ အိမ်ရှေ့ဧည့်ခန်း၊ ဘုရားခန်းပဲရှိတယ်။ ဒီတော့ သူက ဘုရားကို ရှိသေရာကျမှာစိုးလို့ နောက်ခိုင်းပြီးထိုင်တယ်။ မိတ်ဆွေပြောတဲ့အတိုင်းလည်းလုပ်တယ်၊ (၅) ရက်လောက်နဲ့ပဲ အိပ်မပျော်တဲ့ ရောဂါသက်သာသွားတယ်၊ သူက အားတက်ပြီး ဆက်လုပ်တယ်၊

တစ်ညမှာ တပည့်တော်များပါပြီ ဘုရားဆိုပြီး ရှိုက်ကြီးတငင်ငိုယိုပြီး ထပ်ကာထပ်ကာပြောနေတယ်။အိမ်သားတွေက မအိပ်ကြသေးတော့ အလန့်တကြားနဲ့ထွက်ကြည့်ကြတယ်၊ သူက ဘုရားဘက်မျက်နှာမူ၊ လက်အုပ်ချီ၊ မျက်ရည်ဖြိုင်ဖြိုင်ကျပြီးပြောနေခြင်း ဖြစ်တယ်။ လာလှည့်၊ ရှုလှည့်၊ ပြုကြည့်လှည့် အခါမရွေး ကောင်းကျိုးချမ်းသာပေးတယ်ဆိုတဲ့ တရားဂုဏ်တော်နှစ်ပါးကို သူကောင်းကောင်းသိရှိခံစားသွားရတဲ့ အတွက်ဖြစ်တယ်၊ အဲဒီအချိန်ကစပြီး သူဟာ ထက်သန်ခိုင်မာတဲ့ ဘုရားကိုယုံကြည်သူ၊ ရတနာသုံးပါးကို ယုံကြည်ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် ရောက်ရှိသွားတယ်။ သူဟာ အခုထိ အသက်ရှင်နေဦးမယ်။ လွန်ခဲ့တဲ့ (၈) နှစ်လောက်က ကျွန်တော်နဲ့တွေ့သေးတယ်။

နောက်တစ်ယောက်က ကိုကျော်သိန်းတဲ့။ အဲဒီအချိန်က ဒုရဲအုပ်။ သူက ပါကစ္စတန်နွယ်ဖွား ဘာသာခြား တစ်နေ့မှာ ညအိပ်တုန်းက အဖြောင်း၊

www.burmeseclassic.com



## နေမဝင်(နတ်မောက်)

# အလုပ်ရှာလျှင် ရွတ်ပွားစေချင်

ယနေ့အခါတွင် အသက်(၂၀)မှ (၂၅) နှစ်အတွင်း လူငယ်လူရွယ်တိုင်းလိုလို ဘွဲ့ရပညာတတ်များ သင်တန်းအမျိုးမျိုးတက်ရောက်၍ အသိအမှတ်ပြုလက်မှတ်များကိုင်ဆောင်လျက် အလုပ်တစ်ခု အခိုင်အမာရရှိရန် ရှာဖွေနေသည်ကို တွေ့မြင်ရ သိနေရပါသည်။

အစိုးရဌာနအသီးသီး၊ ကုမ္ပဏီအမျိုးမျိုးမှလည်း အလုပ်ခေါ်သည့် ကြော်ငြာစာများကို သတင်းစာ၊ ဂျာနယ်မျိုးစုံတို့တွင် နေ့စဉ်ဖတ်ရှုနေရပါသည်။

အလုပ်ရှာနေသူများနှင့် အလုပ်ခေါ်ကြော်ငြာများသည်၊ 'ချေမနှင့်ပဲခင်း' တန်းနေပါသည်။ သို့သော် အလုပ်လျှောက်သူတိုင်း၊ အလုပ်ရှာသူတိုင်းရပါသလား။ အလုပ်ခန့်ထားခြင်းခံရပါသလား။

သို့အတွက် အလုပ်ရှာသူတိုင်း၊ အလုပ်လျှောက်သူတိုင်း မိမိရရှိထားသောဘွဲ့ပညာနှင့် ခေါ်သောအလုပ် အံဝင်ခွင်ကျဖြစ်ပြီး အလုပ်ရစေနိုင်ရန် အောက်ပါဂါထာကို နေ့စဉ်သက်စေ့ရွတ်သွားပါ။ သုံးလ (၉၀) ရက်ပေါင်း (၉၀) အတွင်း အလုပ်တွေ့၊ အလုပ်ရပါလိမ့်မည်။ မယုံမရှိပါနှင့်။

စာရေးသူ၏ သားနှင့် သမီး၊ တူမတစ်ယောက်နှင့် တူတစ်ယောက်တို့ လက်တွေ့အာမခံချက်ရှိသော အလုပ်များရရှိခဲ့ပြီဖြစ်၍ ရေးသားလိုက်ခြင်းဖြစ်ပါသည်။ တစ်ခုဆိုချင်သည်မှာ ရသောအလုပ်ကို ကြေးမများပါနှင့်။ နိမ့်သည်၊ အောက်ကျသည်ဟု မဆိုပါနှင့်။ နောက်မှ အဆင့်မြင့်တက်ယူမည်၊ ကြိုးစားမည်ဟု ဆုံးဖြတ်ပါ။ မိမိ၏တူမမှာ ကျောင်းဆရာမအလုပ်ရပြီးမှ ပြန်ထွက်ပစ်၍ ယခုအထိအလုပ်မရတော့ပါ။ သို့အတွက် မူလကတည်းက မလုပ်နိုင်ဘူးထင်လျှင် ထိုအလုပ်ကိုမလျှောက်ပါနှင့်ဟု။

ရွတ်ပွားရမည့် ဂါထာတော်မှာ -

□ ဗုဒ္ဓံဇေယျံ ဗုဒ္ဓံသုခံ ဗုဒ္ဓံလာဘံ ဗုဒ္ဓံ ဓနံ။

ဓမ္မံဇေယျံ ဓမ္မံသုခံ ဓမ္မံလာဘံ ဓမ္မံ ဓနံ။

သံဃံဇေယျံ သံဃံသုခံ သံဃံ လာဘံ သံဃံဓနံ။

ကမ္မံဇေယျံ ကမ္မံသုခံ ကမ္မံလာဘံ ကမ္မံဓနံ။

နေ့စဉ် သက်စေ့ရွတ်ပွားသွားပါ။ ရက်ပေါင်း (၉၀) အတွင်း အလုပ်အကိုင်ရ၍ ငွေဝင်ကျန်းမာချမ်းသာပါလိမ့်မည်။

နေမဝင်(နတ်မောက်)

---

မနက်အိပ်ရာကထတော့ မျက်စိနှစ်ကွင်းအလင်းမရတော့ဘူး။ မျက်လုံးကတော့ အကောင်းကြီးပဲ။ ကြောင်တောင်တန်းလို့ ခေါ်တယ်။ ဆရာဝန်သွားပြတော့ ဘာမှမဖြစ်ဘူးလို့ပြောတယ်။ သူကမမြင်ရဘူး။ ဒီလိုနဲ့ ဟိုဆရာပြဒီဆရာပြနဲ့ ရက်အတော်ကြာသွားတယ်။ တစ်နေ့မှာ လုပ်ဖော်ကိုင်ဖက်တစ်ဦးက -

'တို့ဗုဒ္ဓဘာသာမှာ ဒါမျိုးကို သစ္စာဆိုပြီး ကုရတယ်လို့ ကြားဖူးတယ်။ ကောင်းတဲ့အလုပ်ဆိုရင် ပိုကောင်းတာပေါ့။ အရေးကြီးတာက မှန်ဖို့ပဲ'

လို့ပြောတယ်။

ဒီတော့ သူက -

'ငါဟာ မိခင်အိုကြီးကိုလုပ်ကျွေးနေတာ။ ငါ့မှာအလွန်ချစ်ရတဲ့ရည်းစားရှိတယ်။ ဒါပေမယ့် မတော်တဆယောက္ခမနဲ့ချွေးမ မသင့်ကြရင် ငါ့အမေစိတ်ဆင်းရဲမှာစိုးလို့ အမေ့တစ်သက်မယူဘူး။ စောင့်နိုင်ရင်စောင့်လို့ ရည်းစားကို ပြောတယ်'

လို့ ပြန်ဖြေတယ်။

ဒီတော့ သူ့မိတ်ဆွေက -

'အဲဒါကိုပဲ သစ္စာဆိုပေါ့ ကောင်းတယ်'

လို့ပြန်ပြောတယ်။

သူက ဘယ်လို ဆိုရမလဲလို့ မေးတယ်။

သူ့မိတ်ဆွေက -

"ညအိပ်ခါနီးမှာ တို့ဗုဒ္ဓဘာသာဘုရားတစ်ဆူဆူကို အာရုံပြုပြီး လက်အုပ်ချီလိုက်ပြီးတော့ မင်း အခုပြောတဲ့အတိုင်းပြော။ ပြီးတော့ ဒီစကားမှန်ရင် မနက်အိပ်ရာထတဲ့အခါ မျက်စိနှစ်ကွင်းအလင်းရပါစေဘုရားလို့ ဆုတောင်း"

ဆိုပြီး ပြောပြတယ်။

ညအိပ်တော့ သူအဲဒီအတိုင်းလုပ်တယ်။ မိုးလင်းတော့ သူ့မျက်စိဟာ အကောင်းပကတိပြန်ဖြစ်နေတယ်။ ဒါနဲ့ သူ့မိတ်ဆွေဆီသွားပြီး -

"ငါ့ကိုဗုဒ္ဓဘာသာဘုရားကကယ်လိုက်တာပဲ။ ဒါကြောင့် ငါဗုဒ္ဓဘာသာ ထဲဝင်မယ်၊ ဘယ်လိုလုပ်ရမလဲ"

လို့မေးတယ်။

သူ့မိတ်ဆွေက အလုပ်နဲ့နီးတဲ့ ဗိုလ်တထောင်ဘုရားကို ခေါ်သွားပြီး လက်အုပ်ချီစေပြီး သရဏဂုံ (၃) ပါးကို တိုင်ပေးတယ်။ သူကလိုက်ဆိုတယ်။ အဲဒါနဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်သွားတယ်။ ပြီးတော့ (၆)လလောက်အကြာမှာတော့ ကျွန်တော်နဲ့တွေ့တာပဲ။ ကျွန်တော်နဲ့တွေ့တော့ သူဟာ သူသာန်မှာ တရားသွားကျင့်တဲ့အဆင့်ကိုရောက်နေပြီ။အခုရှိသေးတယ်ထင်တယ်။ လွန်ခဲ့တဲ့(၁၀)နှစ်လောက်က တွေ့သေးတယ်။ ဗုဒ္ဓဘာသာတရားမှာ သစ္စာဟာ အလွန် အရေးပါတယ်။ ဘုရားဖြစ်ဖို့ ပါရမီတစ်ပါးအနေနဲ့ ကျင့်ရတယ်။ တရားတော်နဲ့ ပတ်သက်ပြီး များပြားလှတဲ့ လက်ငင်းကောင်းကျိုးထဲက နှစ်ခုကိုပြောပြတာပဲ။ ခင်ဗျားကို ယုံကြည်တယ်ဆိုရင် ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုပြီး ဓမ္မသရဏဂုံကို ဆောက်တည်လိုက်"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"


ကျွန်တော့်စကားအဆုံး သူက ဓမ္မသရဏဂုံကို အားရပါးရဆောက်တည်လိုက်ပါသည်။

ချောင်းဆုံအုန်းသွင်




www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ရုပ်ကလာပ်အား ဂူသွင်း၍ ဂူပေါ်မှာ တည်ထားသော ပေါက်စေတီတစ်ဆူ



ကျောင်းဝင်းအတွင်းရှိ ကြည်ညိုဖွယ်ရာ စေတီတစ်ဆူ

စနေထွန်း(မြစ်သား)

မြစ်သားမြို့ သိမ်တောင်ကျောင်းတိုက်က သက်တော်(၁၁၁)နှစ်ရှိ

# သက်တော်ရှည်ဆရာတော်ဘုရားကြီး ဘိုးပေါက်ဆိန် အမှတ်တရ

ဒီနှစ် ၁၃၇၈ ခုနှစ်ရဲ့မဟာသင်္ကြန်ကာလမှာ စာရေးသူ ဒုလ္လဘရဟန်းဝတ်ဖြစ်ခဲ့ပါတယ်။ စာရေးသူရဲ့ဘဝတစ်လျှောက်မှာ ခုလို ဒုလ္လဝတ်ခွင့်ရခဲ့တာဟာ ဒါပါနဲ့ဆို (၄) ကြိမ်တိုင်တိုင်ရှိခဲ့ပြီ ဖြစ်ပါတယ်။

ပထမအကြိမ်ဝတ်ဖြစ်ခဲ့တာက မြစ်ကြီးနားလေယာဉ်မောင်းသင်တန်းစခန်းမှာ တာဝန်ထမ်းဆောင်စဉ်အခါမှာ စခန်းမှူးဗိုလ်မှူးမြမောင်အနေနဲ့ တပ်တွင်းစုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲလုပ်ပေးခဲ့လို့ ကပ်ဦးကျောင်းဆရာတော်ထံမှာ ဒုလ္လဘရဟန်းဝတ်ခွင့်ရခဲ့တာပါ။

ဒုတိယတစ်ကြိမ်ကတော့ အမှတ်(၅၀၃) လေတပ်စခန်း၊ အမှတ်(၅၁)အုပ်မှာ တာဝန်ထမ်းဆောင်ရစဉ် အုပ်မှူးဗိုလ်မှူးအောင်သန်းလက်ထက် စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲပြုလုပ်ပေးလို့ဝတ်ခွင့်ရခဲ့တာပါ။ အဲဒီတုန်းက တောင်ပုလုဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်မှာပဲ မှတ်မှတ်ရရဝတ်ခဲ့ရခြင်း ဖြစ်ပါတယ်။

တတိယအကြိမ်တော့ တပ်က ပင်စင်ယူပြီးလို့ ကိုယ့်ရပ်ကိုယ့်ရွာမှာ ပြန်လည်အခြေချနေထိုင်ရင်း ပျဉ်မနားရွှေတောင်မောနားကျောင်းတိုက်က မောနားဆရာတော်ရှေ့မှောက်မှာ သင်္ကန်းဆီးခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ခုနောက်ဆုံးစတုတ္ထအကြိမ်ဝတ်ဖြစ်ခဲ့တာကတော့ တစ်ရပ်ကွက်ထဲအတူနေအတူကစားပြီးအတူကြီးပြင်းလာခဲ့ကြတဲ့ ငယ်သူငယ်ချင်းမ ဒေါ်ကြည်ဝင်း (ခ) ဒေါ်ဂွက်ထော်မိသားစုရဲ့ ကောင်းမှုကြောင့် ရဟန်းဝတ်ခွင့်ရခဲ့တာပါ။

ဒေါ်ကြည်ဝင်းတို့မိသားစုဟာဆိုရင် သိမ်တောင်ကျောင်းဆရာတော်ကြီးဘိုးပေါက်ဆိန်ရဲ့တပည့်သားမြေးအရင်းများအဖြစ် ခံယူပြီးကတည်းက ဆရာတော်ဘုရားကြီးရဲ့ဩဝါဒအတိုင်း နှစ်စဉ်ရပ်ကွက်ထဲက လူကြီး၊ လူငယ် (၁၀)ဦးအတွက် ရဟန်းအမအဖြစ် ခံယူပြီး ဒုလ္လဘရဟန်းဝတ်ချင်သူတွေကို ရဟန်းခံနိုင်အောင် အကျိုးဆောင်ပေးနေတဲ့ သာသနာ့မိခင်ဖြစ်ပါတယ်။

စာရေးသူအနေနဲ့ ယခုနှစ်ရဟန်းဝတ်ခွင့်ရခဲ့တဲ့ ကျောင်းတိုက်ကတော့ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘိုးပေါက်ဆိန်သက်တော်ထင်ရှားရှိစဉ်က သီတင်းသုံးခဲ့တဲ့ သိမ်တောင်နိကာယအမည်ရှိကျောင်းတိုက်မှာပဲ ဖြစ်ပါတယ်။

သက်တော်ရှည်ဆရာတော်ဘုရားကြီးဘိုးပေါက်ဆိန် သက်တော်ထင်ရှားရှိစဉ်က ဆရာတော်ကြီး သိမ်တောင်ကျောင်းကို အနယ်နယ်အရပ်ရပ်က ရှမ်းတိုင်းရင်းသား၊ တရုတ်လူမျိုးတွေအပါအဝင် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေဟာ ကားကြီးကားငယ်အသွယ်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်အဝင် လက်ယာထောင့်ရှိ ကမ္ဘာလုံးစေတီအား ကြည်ညိုဖွယ်ရာ ရှုမြင်ရပုံ



ယခုရှိ သိမ်တောင်ကျောင်းတိုက်ဆရာတော်
သီတင်းသုံးရာအဆောင်အတွင်းမှ
ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်တစ်ဆူ



ကျောင်းတိုက်အဝင် လက်ဝဲထောင့်ရှိ ကမ္ဘာလုံးစေတီတော်နှင့်
သံဃာတော်များ သီတင်းသုံးရန် အဆောက်အအုံ



ဆရာတော်ဘုရားကြီး တည်ထားကိုးကွယ်ခဲ့သည့် (၁၀၀) တောင်ဗုဒ္ဓဆင်းတော်အမြင့်ရှိ
စေတီတော်ကြီး၏ပုံတော်အား သိမ်တောင်ကျောင်းအဆောက်အအုံ၌
ဘုရားခန်းဆောင်တွင် တွေ့မြင်ရပုံ

နဲ့ ဆရာတော်ကြီးကို လာရောက်ဖူးမြော်ကန်တော့ကြတာကို စာရေးသူအနေနဲ့ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ဖူးပါတယ်။

မသိသူကျော်သွား၊ သိသူဖော်စား ဆိုတဲ့စကားအရ ပြောရမယ်ဆိုရင်တော့ အဲဒီအချိန်ကာလမှာ ဆရာတော်ကြီးရှိရာကို ရပ်ဝေးကနေ တကူးတကလာရောက်ပြီး ဖူးမြော်သူတွေများစွာရှိခဲ့ပေမယ့် မြစ်သားမြို့ခံဖြစ်တဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ကတော့ ဆရာတော်ကြီး သီတင်းသုံးရာ သိမ်တောင်ကျောင်းဆီကို အရောက်အပေါက်နည်းခဲ့ကြတာအမှန်ပါပဲ။ တကယ်တော့ မြစ်သားမြို့သူမြို့သားများအနေနဲ့ ဆရာတော်ကြီးနဲ့အနီးကပ်ရှိခဲ့ပေမယ့် နီးရက်နဲ့ဝေးခဲ့ကြရတာပါ။


မဖူးထိုက်လို့မဖူးလိုက်ရတဲ့သူတွေအထဲမှာ စာရေးသူလည်း တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ အခါအခွင့်သင့်လို့ ဆရာတော်ကြီးခြေတော်ရင်းကို ရောက်ခဲ့ပေမယ့် အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီဆိုတာလိုပါပဲ ဆရာတော်ဘုရားကြီးသက်ရှိထင်ရှားမရှိတော့ကာမှရောက်ခဲ့ရတာမို့ စာရေးသူအနေနဲ့ ဆရာတော်ကြီးကို မျက်ဝါးထင်ထင်ဖူးမြင်ခွင့်မရခဲ့ပါဘူး။

သို့သော်လည်း ဆရာတော်ကြီးရဲ့ကိုယ်စား ကိုယ်ပွားရုပ်ပွားတော်ကြီးကိုဘဲ ရှိသေမြတ်နိုးလက်စုံမိုးပြီး ရှိခိုးဦးချခွင့်ရခဲ့တာကိုပဲ သက်တော်ထင်ရှားရှိနေတဲ့ဆရာတော်ကြီးကို ပူဇော်ကန်တော့ခွင့်ရသလို ကိုယ့်ကိုယ်ကိုယ် ဖြေ၍အားရမိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တရားစခန်းဝင်ယောဂီများအား ညွှန်ကြားဆွေးနွေးသော ခန်းမဆောင်



သက်တော်ရှည်ဆရာတော်ဘုရားကြီး၏ ပုံတူရုပ်တု



ရှေးကြီးရာဇ်ကြီးများတွင် တရားနာပရိသတ်များအား တရားဓမ္မဒေသနာများ ဟောကြားရာ ခန်းမဆောင်




ဆရာတော်ကြီးရဲ့ကိုယ်ပွားရုပ်တုတော်ကို တစိမ့်စိမ့်ဖူးမြော်ရင်းက ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း ဆိုသလို စာရေးသူအနေနဲ့ ဆရာတော်ကြီးရဲ့ကျောင်းတော်ရိပ်မှာ ရဟန်းဝတ်ခွင့်ရခိုက်မှာ ဆရာတော်ဘုရားကြီးရဲ့ ပကာသနမဖက်ဘဲ ရိုးရိုးရှင်းရှင်းနဲ့အလိုနည်းစွာကျင့်ကြံအားထုတ်ရင်း လူပုဂ္ဂိုလ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူမှုဒုက္ခအပေါင်းကို မေတ္တာဖြင့်ကာယ်တင်ပေးခဲ့တဲ့အကြောင်းတွေကို အပြည့်အဝမဟုတ်တောင်မှ တစေ့တစောင်းလေးလောက် ပူဇော်ရေးသားခွင့်ရရင်ကောင်းမှာပဲဆိုတဲ့အတွေးကို စာရေးသူရဲ့ရင်ထဲမှာတွေးနေမိပါတယ်။

စာရေးသူအနေနဲ့ ဒီအတွေးကိုတွေးမိခြင်းအကြောင်းအရင်းကတော့ သက်တော်ရှည် ဆရာတော်ဘုရားကြီးဘိုးပေါက်ဆိန်ဟာ တောအထပ်ထပ်၊ တောင်အနံ့နံ့ကို သွားရောက်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့တဲ့ ဘုရားသားတော်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ရဟန်းတစ်ပါးအဖြစ်နဲ့ လူသိထင်ရှားကျော်ကြားခဲ့တဲ့ ဆရာတော်ကြီးတစ်ပါးဖြစ်ခဲ့လို့ပါပဲ။

စာရေးသူအနေနဲ့ စာရေးသူရဲ့ရင်ထဲကအတွေးကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းအားထုတ်ရာမှာ ကံကောင်းထောက်မစွာနဲ့ဘဲ ဆရာတော်ကြီးသက်ရှိထင်ရှားရှိခဲ့စဉ်က ဆရာတော်ကြီးတပည့်သားမြေးအဖြစ်နဲ့ ဆရာတော်ကြီးကို နေ့စဉ်ဝတ်ဖြည့်ပေးခဲ့ရတဲ့ ရဟန်းပုဂ္ဂိုလ်(၂)ပါးကို သိကျွမ်းခွင့်ရခဲ့ပါတယ်။

ရဟန်းပုဂ္ဂိုလ် (၂) ပါးစလုံးဟာ ဆရာတော်ကြီးရဲ့ သားရင်းတပည့်ရင်းများဖြစ်ခဲ့ကြသလို ဆရာတော်ကြီးရဲ့ ဩဝါဒကိုခံယူပြီး ဆရာတော်ကြီးရဲ့ကျောင်းတော်မှာ ဒုလ္လဘရဟန်းအဖြစ်နဲ့ နှစ်စဉ် သက်န်းဆီးခဲ့ကြသူများ ဖြစ်ကြောင်း သိရပါတယ်။

သံဃာတော် (၂) ပါးစလုံးဟာ သက်ကြီးပုဂ္ဂိုလ်များဖြစ်ကြတာကြောင့် စာရေးသူနဲ့အတူ သိမ်တော်ကြီးအတွင်းမှာ အတူနေပြီး သီတင်းသုံးခွင့်ရရှိသူများဖြစ်တဲ့အတွက် ဆရာတော်ကြီးနဲ့ ပတ်သက်လို့ စာရေးသူသိချင်တာတွေကို အဆင်ပြေပြေနဲ့ မေးခွင့်ရသိခွင့်ရခဲ့ပါတယ်။

ရဟန်း (၂) ပါးစလုံး စာရေးသူနဲ့ ဘေးချင်းယှဉ်ပြီးနေခဲ့ကြရတာမို့ တစ်ပါးနှင့်တစ်ပါး ရင်းနှီးကျွမ်းဝင်မှုများစွာရရှိခဲ့ပါတယ်။ ဆွမ်းခံကြွတော့လည်းအတူတူ၊ ဆွမ်းစားတော့လည်း စားပွဲတစ်ဝိုင်းထဲမှာ အတူတူထိုင်ခဲ့ကြရတာဆိုတော့ တွေ့ကြုံခဲ့ရတဲ့ရက်ဟာ တိုတောင်းလှပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ယောဂီ (၁၅၀) ခန့် တရားစခန်း ဝင်ရောက်နိုင်သည့် 'မေ့ဂဂါ' အမည်ရှိ နှစ်ထပ်အဆောက်အအုံ



သိမ်တောင်ကျောင်း၊ လက်ထောက်ဆရာတော်လေး ဦးပဥ္စင်း၊ ဦးဝေပုလ္လ



ခန်းနေဦးပဥ္စင်းများ သီတင်းသုံးရာ အဆောင်တစ်ဆောင်



ကမ္ဘာလုံးအစတီနှင့်အတူ တွေ့မြင်ရသော သိမ်တောင်ကျောင်းတိုက်အဝင်မုခ်ဦး

တစ်ဦးနှင့်တစ်ဦးဟာ မိတ်ပေါင်းဆွေပေါင်းတွေလိုပဲ ခင်မင်ရင်းနှီးခဲ့ကြပါတယ်။

ဦးပဥ္စင်းဦးညိုကြီးဆိုတာက မန္တလေးကနေ နှစ်စဉ်လာရောက်ပြီး သိမ်တောင်ကျောင်းမှာ ဒုလ္လဘရဟန်းဝတ်သူဖြစ်သလို မြစ်သားမြို့ ဘူတာရပ်ကွက်မှာနေတဲ့ဦးကျော်ဆိုသူ ဦးပဥ္စင်းကလည်း ဆရာတော်ကြီးကျောင်းမှာ နှစ်စဉ်သင်္ကန်းဆီးခဲ့သူ ဖြစ်ပါတယ်။ သူတို့(၂)ဦးလုံးရဲ့ပြောစကားအရ ဆရာတော်ဘုရားကြီးဟာ တစ်ပါးသူရဲ့စိတ်အကြံဟူသမျှကို ကြိုတင်သိနိုင်စွမ်းရှိတဲ့ဆရာတော်ကြီးဖြစ်ကြောင်း သိရပါတယ်။ ဦးပဥ္စင်းဦးညိုကြီးပြောပြတာက သူ့အနေနဲ့ နေ့လယ်နေ့ခင်းပိုင်းမှာ ဆရာတော်ကြီး မကျိန်းစက်မီ ဆရာတော်ကြီးရဲ့ ခန္ဓာကိုယ်ကို အမြဲတမ်းနှိပ်နယ်ပေးပြီး ဝတ်ဖြည့်ရတယ်လို့ဆိုပါတယ်။ အဲဒီလို ဝတ်ဖြည့်နေတဲ့အခိုက်အတန့်အချိန်တိုင်းမှာ ဆရာတော်ကြီးအနေနဲ့ စိတ်လိုလက်ရသီဆိုလေ့ရှိတဲ့ သီချင်းလိုလို၊ သံဝေဂကဗျာလိုလိုစာသားတွေပါတဲ့ စာပိုဒ်တစ်ခုကို အခုထိမှတ်မိနေသေးကြောင်း ဦးပဥ္စင်းညိုကြီးက ပြောပါတယ်။

စာရေးသူက ဆရာတော်ဘုရားကြီး အမြဲတမ်းရွတ်ဆိုတတ်တဲ့အသားလေးကို ရွတ်ဆိုပြပါဦးလို့တောင်းဆိုတာနဲ့ ဦးပဥ္စင်းညိုကြီးက အောက်ပါစာသားအတိုင်း အသံနေအသံထားနဲ့ ဆိုပြပါသေးတယ်။


"အထုပ်လေးတွေကိုယ်စီထမ်းပါလို့ လာလမ်းကိုတဲ့မျှော်ကြည့်ကွယ်၊
နေမဝင်ခင် ညောင်ညိုရိပ်မှာလ၊ ချွေးသိပ်စို့ကွယ်၊
ကြည့်စမ်းဟယ်၊ ဟိုအနောက်တောင်ဆွယ်မှာဖြင့်၊ နေဝင်လှပါပြီကော၊
အခွင့်ကောင်းတွေတရှောင်ရှောင်လွဲခဲ့ပေမို့၊ ဝက်ပါအမှောင်ထဲမှလ၊
တစ်ယောက်ထဲရယ်နဲ့ ယောင်လည်လည်၊
ခရီးသည် သင့်နောင်ရေးကိုကွယ် တွေးဆစိတ်မော"

ဆရာတော်ကြီးက စာရေးသူတို့




www.burmeseclassic.com

www.burmeseclassic.com



ယောင်တောင်အထိမ်းအမှတ်
စီးတွက်ချပ်ကြီးများနှင့် ဆရာလေး အကြောင်း




တရားစခန်းဝင် ယောဂီများ ရေချိုးရာ ရေချိုးဆောင်များ



[illegible]



သိမ်တောင်ကျောင်းဝင်းအတွင်းရှိ
သက်တမ်းရှည် အဖြေပင်ကြီး



(၁၁၈) တောင်အမြှုပ်ရှိစေတီတော်ကြီးအား
[illegible] မြင်ရပုံ

အပါအဝင် လူသတ္တဝါအားလုံး လောကီလုပ်ငန်းတွေနဲ့ အချိန်ကုန်ပြီး ဘုရားမေ့တရားမေ့နဲ့ ဘဝနိဂုံးချုပ်သွားကြမှာကို မကြည့်ရက်မမြင်ရက်လို့ သတိပေးချင်တဲ့ဆန္ဒနဲ့ ရွတ်ဆိုပြခြင်းလို့ စာရေးသူသဘောပေါက်လိုက်မိပါတယ်။

ထူးခြားတာတစ်ခုရှိသေးတာက အင်မတန်မှ နေအပူချိန်ပြင်းထန်နေတဲ့ နေ့လယ်နေ့ခင်းကြီးမှာ ဆရာတော်ကြီးဟာ သူကျိန်းစက်ရာသစ်သားခုတင်ပေါ်မှာ တုံးလုံးလဲပြီးတာနဲ့ -

"ချမ်းတယ် ချမ်းတယ် အမလေး ချမ်းလိုက်တာ။ စောင်တွေခြုံပေးစမ်း၊ စောင်တွေခြုံပေးစမ်းလို့"

တတွတ်တွတ်ပြောလာတိုင်းမှာ ဦးပဥ္စင်းဦးညိုကြီးက ခုတင်ပေါ်မှာရှိတဲ့ စောင်တွေနဲ့ အထပ်ထပ်လွှမ်းခြုံပေးရခဲ့ကြောင်း ပြောပြလို့သိရတာပါ။

နာရီဝက်၊ တစ်နာရီခန့်အကြာမှာတော့ ဆရာတော်ကြီးက သူ့ကိုယ်ပေါ်မှာ တင်ထားတဲ့စောင်တွေအားလုံးကို ဖယ်ခိုင်းပြီး ခုတင်ပေါ်မှာထိုင်ရင်းနဲ့-

"အမလေး - မောလိုက်တာကွာ"

လို့အထပ်ထပ်ညည်းပြသေးတယ်လို့ဆိုပါတယ်။

ဆရာတော်ကြီးအနေနဲ့ ခုတင်ပေါ်တနေ ဘယ်မှကြွချီတာမဟုတ်ဘဲနဲ့ မောလိုက်တာလို့ညည်းတာကိုနားမလည်တော့တဲ့ ဦးပဥ္စင်းညိုကြီးက ဆရာတော်ကြီးကို -

"အရှင်ဘုရားက ဘယ်မှလဲမကြွဘဲနဲ့ ဘာလို့ မောလိုက်တာ၊ မောလိုက်တာနဲ့ ညည်းနေရတာတုံး"

ဆိုပြီး ရင်းရင်းနှီးနှီးလျှောက်တဲ့အခါ ဆရာတော်ကြီးက -

"မောင်ညို၊ မင်းဘာမှမသိပါဘူးကွာ။ ငါ အခုမှ ဝိဇ္ဇာတွေပြုလုပ်တဲ့အစည်းအဝေးကပြန်လာရတာကွ"

လို့ ပြန်ပြောတာကို ဦးပဥ္စင်းညိုကြီးအနေနဲ့ အထူးအဆန်းဖြစ်ခဲ့ရကြောင်း ပြောပြပါတယ်။

ဦးပဥ္စင်းညိုကြီးနဲ့ဆရာတော်ကြီးဟာ ဆရာရင်းတပည့်ရင်းလိုနေကြတာဆိုတော့ တစ်နေ့သောညပိုင်းအချိန်မှာ ဦးပဥ္စင်းညိုကြီးက ဆရာတော်ကြီးကို ဝတ်ဖြည့်ပေးရင်းနဲ့ ဆရာတော်ကြီးကို အရဲစွန့်ပြီး လျှောက်ထားလိုက်တယ်လို့ဆိုပါတယ်။

သူလျှောက်ထားတာက -

"ဘုန်းဘုန်းကြီးဘုရား၊ ဘုန်းဘုန်းကြီးက သူများတွေတောင်းတဲ့အခါကျ



www.burmeseclassic.com

www.burmeseclassic.com

တော့ပေးတယ်။ တပည့်တော်ကိုလည်း ပေးဦးဘုရား"

လို့ အစမရှိအဆုံးမရှိ တုံးတိတိနဲ့ လျှောက်လိုက်မိတယ်လို့ပြောပါတယ်။

ဦးပဉ္စင်းဦးညိုကြီးရဲ့ လျှောက်တင်တာကို သဘောမပေါက်တဲ့ ဆရာတော်ကြီးက ဦးပဉ္စင်းဦးညိုကြီးကို ပြုံးပြုံးကြီး နဲ့ကြည့်ပြီး -

"ဟ - မောင်ညိုရ မင်းကဘာလိုချင်လို့ ငါကဘာပေးရမှာလဲ"

လို့ ပြန်မေးပါတယ်။

ဒီတော့ ဦးညိုကြီးက -

"အခုခေတ်စားနေတဲ့ ခေတ်ပေါ်သုံးလုံးဂဏန်းပေါ့ဘုရား"

လို့လျှောက်တော့ ဆရာတော်ကြီးက တဟားဟားနဲ့ရယ်ပြီး ဦးပဉ္စင်းညိုကြီးရဲ့ ဦးခေါင်းကို သူ့လက်နဲ့ တစ်ချက်၊ နှစ်ချက်ပုတ်ရင်း -

"ငါ့တပည့်ကြီးမှာ အားလုံးပြည့်စုံနေတာပဲဟာ။ ဘာဖြစ်လို့လိုချင်နေရပြန်တာတုံး"

လို့ ဆိုတော့ ဦးပဉ္စင်းဦးညိုကြီးဟာ -

"တပည့်တော်လည်း သူများတွေလိုပေါက်ဖူးတယ်ရှိအောင်လို့ပေါ့ဘုရား"

လို့ လွယ်လွယ်ပဲ လျှောက်တင်လိုက်တယ်လို့ဆိုပါတယ်။

ဒါပေမယ့် ဆရာတော်ကြီးက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှထုတ်ဟမပြောနဲ့ အခြားစကားတွေပဲပြောနေတယ်လို့ ဆိုပါတယ်။ တော်တော်လေးညဉ့်နက်လာလို့ ဆရာတော်ကြီး ကျိန်းစက်ချိန်ရောက်တော့မှာမို့ ဦးပဉ္စင်းဦးညိုကြီးက ဆရာတော်ကြီးရဲ့ ခြေရင်းကြမ်းပြင်မှာ အိပ်ဖို့ရာ အိပ်ရာပြင်နေတုန်း -

"ဟ - မောင်ညို၊ မင်းကဘာနေ့ သားတုံးကွ"

"မွန်းပါ တပည့်တော်က အင်္ဂါသားပါဘုရား"

"ဒါနဲ့ မင်းရဲ့ သမီးစက်ချုပ်ကြီးကကော ဘာနေ့သမီးတုံးဟ"

"သူ့နာမည်က အေးအေးဆိုတော့ တနင်္ဂနွေသမီးပေါ့ ဘုရား"

"ဩော် - အေး - ဟုတ်ပြီ။ အိပ်တော့၊ အိပ်တော့"

ဆရာတော်ကြီးက စကားအဆက်အစပ်မရှိဘဲနဲ့ မေးလာသမျှကို ဦးပဉ္စင်းဦးညိုကြီးကလည်း ပြန်ဖြေနေရပေမယ့် ဆရာတော်ကြီးအနေနဲ့ ဘာကိုဆိုလိုမှန်း ဦးပဉ္စင်းဦးညိုကြီးအနေနဲ့သဘောမပေါက်နိုင်ဘဲ ခေါင်းခြောက်အောင်စဉ်းစားရင်းနဲ့ အိပ်မပျော်ဖြစ်ခဲ့ရတယ်လို့ဆိုပါတယ်။

မနက်မိုးလင်းလို့ မနက်စောစောပြန်ရတော့မယ့်အချိန်မှာ ဦးပဉ္စင်းဦးညိုကြီးအနေနဲ့ ဆရာတော်ကြီးကိုထပ်ပြီး (၃)လုံးဂဏန်းပေးဖို့ ပူဆာတော့ ဆရာတော်ကြီးက မသိသလိုမကြားသလိုနဲ့ တုဏှိဘာဝေလုပ်နေတာနဲ့ ဦးပဉ္စင်းဦးညိုကြီးက ဆက်မမေးရဲဘဲ နေလိုက်ရတယ်လို့ ဆိုပါတယ်။

ဒါနဲ့ ဦးပဉ္စင်းဦးညိုကြီးကလည်း မနက်စောစောပြန်ဖို့ပြင်ဆင်ရင်း နာရီကြည့်လိုက်တော့ (၈) နာရီထိုးဖို့ တစ်မိနစ်လိုပြနေချိန်မှာပဲ ဆရာတော်ကြီးက -

"မောင်ညို မင်းကအင်္ဂါ၊ စက်ချုပ်ကြီးက တနင်္ဂနွေ၊ ငါ့ဘွဲ့က ဘဒ္ဒန္တသီဝရဆိုတော့ သောကြာ၊ ဒါဆိုရင် တို့ပဋ္ဌာန်းဆက်မောင်နှမတွေစုံပြီပေါ့ကွာ"

ဆိုပြီး ရုတ်ခြည်းပြောလိုက်တဲ့အတွက် ဦးပဉ္စင်းဦးညိုကြီးအနေနဲ့ အံ့အားသင့်နေမိတယ်လို့ ပြောပါတယ်။

အပြန် ကားပေါ်မှာထိုင်လိုက်ပါရင်း ဆရာတော်ကြီးရဲ့ အဆက်မစပ်မရှိဘဲပြောလိုက်တဲ့စကားတွေကို ဦးပဉ္စင်းဦးညိုကြီးအနေနဲ့ တစိမ့်စိမ့်တွေးနေလိုက်တာမှာ အိမ်ရောက်ခါမှ ဆရာတော်ကြီးရဲ့ပြောစကားကို သဘောပေါက်သလိုဖြစ်လာတယ်လို့ ဆိုပါတယ်။ ဒါဆိုရင် ဆရာတော်ကြီးက ငါ့ကိုသုံးလုံးဂဏန်းပေးလိုက်တာပဲဆိုတဲ့အတွေးနဲ့ ဦးပဉ္စင်းဦးညိုကြီးခမျာ ကျိတ်ပြီးဝမ်းသာနေမိတယ်လို့ဆိုပါတယ်။

ဒီမှာတင် ဦးပဉ္စင်းဦးညိုကြီးအနေနဲ့ တစ်ခုသဘောပေါက်လိုက်တာက ပုဂ္ဂိုလ်ကြီးများအနေနဲ့ သွယ်ဝိုက်ပြီးပေးတတ်တာမျိုးလို့ သဘောပေါက်လိုက်ပါတယ်။

ဒါပေမယ့် ဦးပဉ္စင်းဦးညိုကြီးခမျာ ပေးကာပေး၏၊ မရ ဆိုသလိုပါပဲ ဆရာတော်ကြီးက သူ့တပည့်ရင်းမို့ စေတနာထားပြီးပေးလိုက်ပေမယ့် ဇွေလွဲလွဲခဲ့ရတဲ့အဖြစ်မျိုးကို ကံဆိုးစွာနဲ့ကြုံလိုက်ရတာပါ။

နောက်တစ်ပတ်မှာ ဦးပဉ္စင်းဦးညိုကြီးအနေနဲ့ ဆရာတော်ရဲ့ကျောင်းကို ပြန်သွားတဲ့အခါမှာ ကျောင်းပေါက်ဝမှာ ရပ်နေတဲ့ဆရာတော်ကြီးက သူ့ကိုကြည့်ပြီး တဟားဟားနဲ့ ရယ်မောနေရင်းနဲ့ -

"ဘယ်လိုလဲ မောင်ညိုရ မင်းတပေးပါဆိုလို့လည်း ပေးရသေးတယ်။ တကယ်တမ်း ပေးပြန်တော့လည်းရအောင်မယူနိုင်ဘဲကိုးကွ။ အေးအေး - ငါကလည်း ပေးချင်လို့ပေးတာမဟုတ်ပါဘူး။ ဒါတွေကို ငါလည်းလုပ်နိုင်တယ်ဆိုတာ မင်းတို့တစ်တွေကိုသိစေချင်လို့ လက်တွေ့လုပ်ပြလိုက်တဲ့သဘောပဲဟေ့။ ငါပေးလိုက်တဲ့ဂဏန်းရလို့ ငွေကြေးတတ်နိုင်သူက သောင်းချီ၊ သိန်းချီထုတ်ပြီး ပေါက်သွားရင် ပေါက်တဲ့သူမှာ ဝမ်းသာရပေမယ့် လျော်ပေးရတဲ့သူခမျာ စိတ်ဆင်းရဲမှာအသေအချာပဲကွ။ ဒါဆိုရင် ငါတို့လိုပုဂ္ဂိုလ်တွေမှာ အပြစ်ဖြစ်တယ်ကွ ငါ့တပည့်ရ။ ကဲကဲ - လာ၊ အထဲဝင်ပြီး ဘုရားဝတ်ပြုလိုက်ဦး"

ဦးပဉ္စင်းဦးညိုကြီးအနေနဲ့ ဆရာတော်ကြီးရဲ့ ဩဝါဒအရှည်ကြီးကို နာခံပြီးတာနဲ့ တစ်မြိုင်နက် -

"ဩော် - တို့ဆရာတော်ကြီးဟာ သတ္တဝါအားလုံးအပေါ် မေတ္တာရှေ့ထားသလို တစ်ပါးသူရဲ့စိတ်အကြံဟူသမျှကို ကြိုတင်သိနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးပါလားဆိုတဲ့အသိနဲ့ ဆရာတော်ကြီးအပေါ်ကို ယခင်ကထက် ဆတက်ထမ်းပိုးတိုးပြီး ကြည်ညိုလေးစားတဲ့စိတ်တွေတဖွားဖွားနဲ့ပေါ်ခဲ့တယ်"

လို့ ဦးပဉ္စင်းဦးညိုကြီးနှုတ်တဖွဖွဟာပြောကြားတာကို စာရေးသူအနေနဲ့ နားနဲ့ဆတ်ဆတ်ကြားခဲ့ရပါတယ်။

ဒါကတော့ ဦးပဉ္စင်းဦးညိုကြီးကိုယ်တိုင်ကပြောပြခဲ့တဲ့ ဆရာတော်ကြီးဘိုးပေါက်ဆိန်နဲ့ပတ်သတ်တဲ့အကြောင်းအရာတချို့ပဲဖြစ်ပါတယ်။ ထိုနည်းတူပါပဲ ဦးပဉ္စင်းဦးကျော်ကြီးကလည်း ဆရာတော်ဘုရားကြီးနဲ့ပတ်သတ်တဲ့ ထူးခြားချက်တွေကို သူကိုယ်တွေ့နဲ့ယှဉ်ပြီးပြန်ပြောပါတယ်။

ဦးပဉ္စင်း ဦးကျော်ကြီးကလည်း ဦးပဉ္စင်းဦးညိုကြီးလိုပဲ ဆရာတော်ကြီးထံကို နေ့နေ့ညညဝင်ပြီး ဝတ်ပြုပေးရတဲ့ ဆရာတော်ကြီးရဲ့ သားတပည့်အရင်းလို့ ပြောပါတယ်။ ဦးပဉ္စင်းဦးကျော်ကြီးအနေနဲ့ ဆရာတော်ကြီးကို ဝတ်ပြုတဲ့အခါမှာ တံတောင်ဆစ်နဲ့ကြိတ်ရတာမို့ ကြာတော့ တံတောင်ဆစ်တွေတောင် ပွန်းပဲ့ခဲ့ရတယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီးက ခန္ဓာကိုယ်ဝသလောက် ဆရာတော်ကြီးရဲ့ အသားစိုင်တွေက ပျော့အိတွဲကျနေခြင်းမရှိပါဘဲ အလွန်မတန်မကို မာကျစ်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း တံတောင်နဲ့ထောင်းတဲ့အခါတိုင်း ဆရာတော်ကြီးရဲ့စိတ်ကြိုက်ထိအောင်မိအောင်မထောင်းနိုင်ရင် ဆရာတော်ကြီးက သူ့ကို -

www.burmeseclassic.com

"မင်းတတယ်ပျော့တာကိုးကွ"

လို့ အမြဲပြောတတ်ကြောင်းသိရပါတယ်။

ထူးခြားမှုတစ်ခုကတော့ ဆရာတော်ကြီးဟာ ရေချိုးတာကို တစ်နှစ်မှာ တစ်ခါပဲချိုးတယ်ဆိုတာပါပဲ။ ရေချိုးတဲ့အခါမှာ ဆရာတော်ကြီးအသက်တော်အလိုက် အသက်ထက် (၁၀၀)ရောက်တဲ့နှစ်ဆိုရင် လက်ဆွဲပုံးနဲ့ ပုံးရေ (၁၀၀)ပြည့်အောင်ခပ်ပြီးလောင်းချိုးပေးရတာမို့ အဲဒီလိုအချိန်မှာ လူ (၄)ယောက်လောက်ရှိမှ ဆရာတော်ကြီးကို ရေချိုးပေးရတာ အဆင်ပြေတယ်လို့ဆိုပါတယ်။ ဒါကလည်း တစ်နှစ်မှာတစ်ရက်ဖြစ်တဲ့ နှစ်ဆန်း (၁) ရက်နေ့မှာသာ တစ်ကြိမ်ပဲချိုးတာလို့ သိရပါတယ်။ နေ့စဉ် ရေမချိုးဘဲ တစ်နှစ်မှာ တစ်ခါသာရေချိုးပေမယ့် ဆရာတော်ကြီးရဲ့ခန္ဓာကိုယ်ဟာ အနံ့ဆိုးများမထွက်ရှိဘဲ အမြဲတမ်းသင်းပျံ့တဲ့အမွှေးရနံ့ပေါ်ထွက်နေကြောင်းသိရပါတယ်။

ဦးပဥ္စင်းဦးကျော်ကြီးအနေနဲ့ ညပိုင်းမှာ ဆရာတော်ကြီးကို ပုံမှန်ဝတ်ဖြည့်ပေးရတယ်လို့ဆိုပါတယ်။ တစ်နေ့သော ညပိုင်းမှာ ဆရာတော်ကြီးကို ဝတ်ဖြည့်ပေးနေတုန်း ရှမ်းတိုင်းရင်းသားတွေလိုက်ပါလာတဲ့ ကား(၃)စီးက ကျောင်းဝိုင်းထဲဝင်လာတယ်လို့ ပြောပါတယ်။

ကား (၃) စီးနဲ့ လိုက်ပါလာတဲ့ တိုင်းရင်းသားတွေဟာ ဆရာတော်ကြီးသီတင်းသုံးတဲ့ကျောင်းထဲရောက်တာနဲ့ ဆရာတော်ကြီးကို ဝိုင်းဖက်ပြီးငိုကြတာကို အံ့ဩစွာမြင်တွေ့ရကြောင်းပြောပါတယ်။ ပြီးတော့ ခရီးသည်တွေပြောတဲ့ စကားတွေကလည်း ဗမာစကားမဟုတ်ဘဲ တိုင်းရင်းသားစကားတွေဖြစ်သလို ဆရာတော်ကြီးရဲ့နှုတ်ကထွက်တဲ့စကားလုံးတွေကလည်း တိုင်းရင်းသားများရဲ့စကားတွေဖြစ်နေတာကြားခဲ့ရတယ်လို့ ဆိုပါတယ်။

ထူးခြားတာတစ်ခုက ဆရာတော်ကြီးအနေနဲ့ ခန္ဓာဝန်မချမီ နှစ်တော်တော်များများအလိုမှာ ဆွမ်းဘုဉ်းပေးတဲ့အခါတိုင်း ယာဂုဆွမ်းကိုပဲ အဓိကထားပြီးဘုဉ်းပေးလေ့ရှိသလို ဘုဉ်းပေးရင်လည်း ဇွန်းနဲ့ (၄) (၅)ဇွန်းလောက်သာ တျေနပ်အောင်ဘုဉ်းပေးလေ့ရှိတယ်လို့ သိရပါတယ်။ ဆရာတော်ကြီးက အစားအသောက်ကြိုက်ပြီးကျွင်းကြဲစားသောက်သလို နေထိုင်ရာမှာလည်း လက်ရှိနေထိုင်တဲ့ကျောင်းအိုလေးမှာပဲ ကျင့်ကြံနေထိုင်ခဲ့တယ်လို့ သိရပါတယ်။

ဆရာတော်ကြီးနဲ့ အတူတူနေတဲ့ ဦးပဥ္စင်းတစ်ပါးရှိပါတယ်။ အများကတော့ ဦးပဥ္စင်းတောင်ပုံကြီးလို့ ခေါ်ကြတယ်လို့ဆိုပါတယ်။ ဆရာတော်အတွက် ကျောင်းဆောင်အသစ်ဆောက်လုပ်လှူဒါန်းလိုတဲ့ ဒကာဒကာမတွေက ဦးပဥ္စင်းတောင်ပုံကြီးကိုကပ်ပြီး လျှောက်ထားကြလို့ ဦးပဥ္စင်းအနေနဲ့ ဆရာတော်ကြီးကို တင်ပြလျှောက်ထားတိုင်းမှာ ဆရာတော်ကြီးက လုံးဝခွင့်မပြုကြောင်း ပြောပြပါတယ်။

ဦးပဥ္စင်းတောင်ပုံကြီးကိုလည်း -

"အေး - ဒီကျောင်းကိုမင်းမြင်တဲ့နေ့မှာ ငါခန္ဓာဝန်ချတဲ့နေ့ပဲ"

လို့ သတိပေးပြောကြားခဲ့ကြောင်းလည်း ဦးပဥ္စင်းဦးကျော်ကြီးကတစ်ဆင့် ပြောပြလို့ မှတ်သားခဲ့ရပါတယ်။ ဆရာတော်ကြီးကို ဦးပဥ္စင်းဦးကျော်ကြီးအနေနဲ့ ဝတ်ဖြည့်လို့ပြီးပြီဆိုတာနဲ့ ဆရာတော်ကြီးရဲ့နှုတ်ကနေပြီး -

"ကဲ - မိတ်သဟာအပေါင်း ဝိဇ္ဇာညောင်ရွှေ အိပ်တာပဲကောင်းတယ်ဟေ့"

လို့ ရွတ်ဆိုရင်း ငါးစပ်ခောင်းကြီးကိုခေါင်းမြီးခြုံပြီး အိပ်စက်လေ့ရှိတယ်လို့ ဆိုပါတယ်။

အိပ်စက်လို့ နာရီဝက်အကြာလောက်မှာ အိပ်ရာကနိုးထလာတာနဲ့ တစ်ပြိုင်နက် -

"မောလိုက်တာကွာ"

လို့ ဆိုပြီး ညည်းလေ့ရှိတယ်လို့ ပြောပါတယ်။ ဆရာတော်ကိုဘာကြောင့်မောတာလဲလို့ ဦးပဥ္စင်းဦးကျော်က လျှောက်ထားမေးမြန်းတော့ -

"ဟိမဝန္တာတောင်ပေါ်မှာဝိဇ္ဇာတွေနဲ့အစည်းအဝေးလုပ်ရာက ပြန်လာရလို့ မောတာကွ"

လို့ဖြေကြားတတ်ကြောင်းပြောပြပါတယ်။

ဒီနေရာမှာ ဦးပဥ္စင်းဦးကျော်ကြီးကိုပြောတဲ့အဖြေနဲ့ ဦးပဥ္စင်းဦးညိုကြီးကိုဖြေတဲ့အဖြေဟာ တထပ်တည်းဖြစ်နေတာကို စာရေးသူအနေနဲ့ သတိထားလိုက်မိပါတယ်။

ဦးပဥ္စင်းဦးကျော်အနေနဲ့ သူ့ဘဝမှာ ဆရာတော်ကြီးနဲ့ ပတ်သက်ပြီး ထူးထူးခြားခြားနဲ့ မှတ်မှတ်ရရဖြစ်ခဲ့ရတဲ့ အဖြစ်အပျက်တွေကိုလည်း စာရေးသူကို ပြန်ပြီး ဖွင့်ဟပြောပြခဲ့ပါသေးတယ်။

ဦးပဥ္စင်းဦးကျော်က စက်မှုလယ်ယာဦးစီးဌာနက ဦးစီးမှူးတစ်ယောက်ဖြစ်ပါတယ်။ ဝန်ထမ်းဖြစ်တဲ့အလျောက် နိုင်ငံတော်ရဲ့ တာဝန်ပေးအပ်ချက်အရ ထားရာနေစေရာသွားရတဲ့ဘဝဖြစ်တာမို့ သူ့အနေနဲ့ မွေးဇာတိနဲ့ အလွန်ဝေးကွာလှတဲ့ ရှမ်းပြည်နယ်တစ်နေရာက မိုင်းယန်းမြို့မှာ တာဝန်ထမ်းဆောင်ဖို့ရောက်ရှိနေချိန်လို့ဆိုပါတယ်။

အဲဒီအချိန်မှာ မြစ်သားမှာရှိတဲ့ ဆရာတော်ကြီးအနေနဲ့ ကျန်းမာရေးချို့ယွင်းပြီး ခန္ဓာဝန်ချတော့မယ့်အနေအထားဖြစ်နေလို့ အမြန်ပြန်လာဖို့ မြစ်သားကနေ ဖုန်းသတင်းရောက်လာတယ်လို့ဆိုပါတယ်။ ဖုန်းသတင်းရရချင်းဘဲ သက်ဆိုင်ရာ မယကဥက္ကဋ္ဌဆီကို ကျိုင်းတုံ - ဟဲဟိုး လေယာဉ်လက်မှတ် (၂)စောင်ရအောင်လုပ်ပေးဖို့ အကူအညီတောင်းတယ်လို့ဆိုပါတယ်။

ဒါပေမယ့် ခက်တာက အဲဒီအချိန်အခါမှာ လေယာဉ်လက်မှတ်ရဖို့အတွက် တစ်လကြိုတင်ပြီးစာရင်းပေးရတာဆိုတော့ ဦးပဥ္စင်းဦးကျော်ရဲ့ အကူအညီတောင်းခံမှုကို ဝမ်းနည်းစွာနဲ့ပဲ မကူညီနိုင်ကြောင်းကို မယကဥက္ကဋ္ဌဆီက အကြောင်းပြန်ကြားခဲ့တယ်လို့ ဆိုပါတယ်။

ဒီတော့ ဦးပဥ္စင်းဦးကျော်ကြီးအနေနဲ့ သူနဲ့အတူ ဆရာတပည့်အရင်းလိုလက်ပွန်းတတီးနေခဲ့ရတဲ့ ဆရာတော်ကြီးရဲ့နောက်ဆုံးအချိန်ကို ငါမရောက်ရောက်အောင်သွားမယ်ဆိုတဲ့ ယတိပြတ်စိတ်ထားနဲ့ ဆရာတော်ကြီးရှိရာဘက် မှန်းပြီး လက်အုပ်ချီကန်တော့လိုက်တယ်။ ပြီးတာနဲ့ -

"ဆရာတော်ဘုရား၊ တပည့်တော်အနေနဲ့ ဆရာတော်ရှိရာကို မဖြစ်မနေရောက်အောင်ပြန်လာလိုပါတယ်ဘုရား။ ပြန်လာလိုတာ မှန်တန်ကြောင်း သစ္စာပြုပါတယ်ဘုရား။ ဤမှန်ကန်သော သစ္စာစကားကြောင့် တပည့်တော်အနေနဲ့ ဆရာတော်ဆီလာရာလမ်းမှာ သွားလမ်းသာလို့လာလမ်းဖြောင့်အောင် ဆရာတော်မှ ကူညီစောင်မတော်မူပါ ဘုရား"

လို့ ရင်ထဲက လိုက်လှဲစွာနဲ့ ဆရာတော်ကြီးကို စိတ်ထဲကနေမှန်းပြီး လျှောက်ထားလိုက်တယ်လို့ဆိုပါတယ်။

ဦးပဥ္စင်းဦးကျော်အနေနဲ့ ဆရာတော်ကြီးရှိရာကို ပြန်မယ်သာပြောပေမယ့် တကယ်တမ်းကျတော့ မိုင်းယန်းကနေ ကျိုင်းတုံကိုရောက်အောင်သွားဖို့ဆိုတာ ထားကြီးမှမဖြစ်တာပါ။ သူပြန်မယ့်အချိန်မှာ ဘာတားကြံမှမရှိပါဘူး။ ရှိရင်တောင်မှ လုံခြုံရေးအစောင့်အရှောက်

www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့သွားရတဲ့လမ်းခရီးပါ။ ဒီတော့ကာ ဦးပဍင်းဦးကျော်အနေနဲ့ ဖြစ်ချင်တာဖြစ် ကိုယ့်ကိုယ်ကိုအားပေးပြီး ဌာနက ထွန်စက်တစ်စီးဆို ကိုယ်တိုင်မောင်းပြီး လင်မယားနှစ်ယောက် မိုင် (၁၀၀) ခရီး တို ထွန်စက်စီးပြီးထွက်ခဲ့တယ်လို့ပြော ပါတယ်။

မိုင်းယန်းကနေကျိုင်းတုံအလာမှာ စက်မှုလယ်ယာက ဖုန်းဝင်လာတယ်လို့ ပြောပါတယ်။ဦးပဍင်းဦးကျော်အတွက် လေယာဉ်ထိုင်ခုံလက်မှတ်တစ်ယောက် အတွက်ရတယ်လို့ အကြောင်းကြားတာ ဖြစ်ပါတယ်။ ဦးပဍင်းဦးကျော်အနေနဲ့ လေယာဉ်စီးမှာက(၂)ယောက်၊ လက်မှတ် က ရတာ (၁)စောင်တည်း၊ဆိုတော့ သိပ် ပြီး အဆင်မပြေသေးတာ အမှန်ပါပဲ။ ဒါပေမယ့် ဦးပဍင်းဦးကျော်အနေနဲ့ စိတ်မလျှော့ပါဘူး။ ကျိုင်းတုံလေဆိပ် ကနေ လေယာဉ်မထွက်မချင်း စိတ်ရှည် ရှည်နဲ့ထိုင်စောင့်ရင်း ဆရာတော်ကြီးဆီ ကိုမှန်းပြီး မေတ္တာပို့ အမျှဝေနေလိုက် တယ်လို့ ဆိုပါတယ်။

ဦးပဍင်းဦးကျော်အတွက် စောင့်ရ ကျိုးနပ်တယ်လို့ဆိုရပါလိမ့်မယ်။လေယာဉ် ထွက်တော့မယ့်ဆဲဆဲမှာပဲ ထောက်လှမ်း ရေးက လိုက်မယ့်သူက လေယာဉ်ထွက် ချိန်အထိ ရောက်မလာတဲ့အတွက် အဲဒီ ခုံနေရာမှာ ဦးပဍင်း ဦးကျော်ရဲ့ဇနီးက လိုက်ပါခွင့်ရခဲ့လို့ပါပဲ။

ဆရာတော်ဘုရားကြီးရဲ့ ဘုန်း တန်ခိုးအာနုဘော်တော်ကြောင့် ဦးပဍင်း ဦးကျော်အနေနဲ့ အင်မတန် ခက်ခဲတဲ့ အရာတွေကို လွယ်လွယ်ကူကူ ကျော်ဖြတ်နိုင် ခဲ့တယ်လို့ ယုံကြည်မိတာ အမှန်ပါပဲ။ ဒါတင်မကတ်သေးပါဘူး။ဟဲဟိုးလေဆိပ် အရောက်မှာ တောင်ကြီး၊ မန္တလေးပြေး ဆွဲနေတဲ့ အဝေးပြေးကားကြီးကလည်း လေဆိပ်အထွက်မှာ အဆင်သင့်ရပ် စောင့်နေတာ တွေ့ရပြန်ပါတယ်။ တံ ကောင်းချင်တော့ လိုက်မယ်ဆိုပြီး လက်မှတ်ကြိုဖြတ်ထားတဲ့ထိုင်ခုံ(၂)ခုက လိုက်မယ့်လူရောက်မလာလို့ လစ်လပ် နေတဲ့ထိုင်ခုံ (၂) နေရာကို ဦးပဍင်း ဦးကျော်တို့လင်မယားက အဆင်ပြေစွာ ရရှိလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုနဲ့ပဲ ဦးပဍင်းဦးကျော်အနေနဲ့ ဆရာတော်ကြီးခန္ဓာဝန်မချမီ (၁) ရက် အလိုမှာ ဆရာတော်ကြီးရှိရာ မြစ်သား မြို့ဆီကို ချောချောမောမောနဲ့ရောက်ခဲ့ ကြောင်း အမှတ်တရအဖြစ်နဲ့ ပြန်လည် ပြောပြပါတယ်။

ဦးပဍင်းဦးကျော်အနေနဲ့ ဆရာ တော်ကြီးကို ဝင်ရောက်ဖူးတွေ့ပြီးတာနဲ့ နေအိမ်ရှိရာကို ပြန်လာခဲ့ပါတယ်။ ည အိပ်ရာဝင်ချိန်မှာ ဆရာတော်ဘုရားကြီး ရှိရာကိုမှန်းပြီး ရှိုးဦးချကန်တော့ပြီးတာ နဲ့-

"ဆရာတော်ကြီးဘုရား၊ ဆရာ တော်ကြီးအနေနဲ့ တပည့်တော်အပေါ် ကို သားတပည့်အရင်းကဲ့သို့ သတ်မှတ်ပါ လျှင် ဆရာတော်ကြီးအနေနဲ့ တပည့် တော်ကို ဓာတ်လုံးတစ်လုံးစွန့်ပေးမယ်လို့ ပြောခဲ့တဲ့အတိုင်း ဆရာတော်ကြီးခန္ဓာ ဝန်မချခင်မှာ တပည့်တော်အတွက် ဓာတ်လုံးတစ်လုံးစွန့်ပေးခဲ့ပါဘုရား"

လို့ တိုင်တည်ပြီး လျှောက်ထား ပန်ကြားခဲ့တယ်လို့ဆိုပါတယ်။

ဦးပဍင်းဦးကျော်အနေနဲ့ နံနက် မိုးလင်းလို့ အိပ်ရာကထပြီး အိမ်ရှေ့ အထွက် လှေကားခြေရင်းမှာ မထင်မှတ် ဘဲနဲ့ မန်းကျည်းစေ့ခန့်အရွယ်လောက် ရှိတဲ့ ဖြူဖြူအဲလုံးလေးကိုတွေ့မြင်လိုက်ရ တယ်။ ဘာလေးပါလိမ့်ဆိုတဲ့ အတွေး နဲ့ကောက်ယူကြည့်လိုက်တော့ အလယ် တောင်မှာ အပေါက်လေးပါရှိတဲ့ ဓာတ် လုံးလေးဖြစ်နေတာကို တွေ့ရတဲ့အတွက် ဝမ်းသာသွားတယ်လို့ဆိုပါတယ်။

ဦးပဍင်းဦးကျော်ကြီးပြောပြချက် အရ မြန်ပြီးသုံးသပ်ကြည့်မယ်ဆိုရင် ဆရာတော်ဘုရားကြီးဟာ တစ်ပါးသူရဲ့ စိတ်အကြံဟူသမျှကို ကြိုတင်သိနိုင်စွမ်း ရှိတယ်ဆိုတာ ယုံမှားဖွယ်ရာမရှိတော့ တာအမှန်ပါဘဲ။

ဒါတွင်မကသေးပါဘူး။ ဦးပဍင်း ဦးကျော်အနေနဲ့ ဆရာတော်ဘုရားကြီးရဲ့ ခိုင်းစေချက်အရ ရန်ကုန်ကိုသွားရတယ် လို့ ဆိုပါတယ်။ ရန်ကုန်ကအပြန်မှာ မြစ်သားဘူတာမှာရပ်မယ့်ရထားလက် မှတ်က ဝယ်မရတော့လို့ မန္တလေးကို တိုက်ရိုက်စီးရမယ့် ရထားလက်မှတ်ကို ဝယ်စီးခဲ့ရပါတယ်။ ရထားကြီးက ကူမဲ ဘူတာအကျော် မြစ်သားဘူတာဘက်ကို ဦးတည်ခုတ်မောင်းလာစဉ်မှာပဲ ဦးပဍင်း ဦးကျော်က ဆရာတော်ကြီးရှိရာကိုမှန်းပြီး လက်အုပ်ချီဦးချရင်းနဲ့ -

ဆရာတော်ဘုရား၊ တပည့်တော် စီးလာတဲ့ရထားက မြစ်သားဘူတာမှာ မရပ်လို့ တပည့်တော်အနေနဲ့ မန္တလေး ဘူတာအထိလိုက်သွားရမှာပါ ဘုရား။ တပည့်တော်အနေနဲ့ မန္တလေးအထိ မလိုက်ရအောင် တပည့်တော်စီးလာတဲ့ ရထားကို မြစ်သားဘူတာမှာရပ်နိုင်ဖို့ ကူညီပါဦး ဘုရား"

လို့ နှုတ်ကနေ ဖွင့်ဟတိုင်တည် လိုက်တယ်လို့ပြောပြပါတယ်။

အံ့ဩစရာကောင်းလိုက်ပုံကတော့ မြစ်သားဘူတာမှာ တစ်ခါမှရပ်လေ့မရှိတဲ့ ရထားကြီးက မြစ်သားဘူတာမဝင်ခင်မှာ ရုတ်တရက်ရပ်သွားပြီး ဘူတာက ရုံပိုင် နဲ့ဝန်ထမ်းတွေ ရထားကြီးဆီ အပြေးအဲ လွှားရောက်လာတာကို ဦးပဍင်းဦးကျော် အနေနဲ့ မြင်လိုက်ရတာလို့ဆိုပါတယ်။

ရထားကြီးဘာကြောင့်ရပ်တယ် ဆိုတာ မသိရပေမယ့် ဦးပဍင်းဦးကျော် အနေနဲ့ကတော့ သူ့ဆန္ဒအတိုင်းမြစ်သား ဘူတာမှာဆင်းခွင့်ရခဲ့တာမို့ ရထားပေါ် ကနေ ခစ်သုတ်သုတ်လေးပဲဆင်းခဲ့ရ ကြောင်းပြောပြပါတယ်။ကျောင်းရောက် တော့ ဆရာတော်ဘုရားကြီးက ကျောင်း အပေါက်ဝမှာရပ်ပြီး သူ့ကို စောင့်ကြိုနေ တာတွေ့လို့ ဆရာတော်ကြီးရှေ့မှာထိုင် ပြီးဝတ်ချနေတုန်းမှာ ဆရာတော်ကြီးက-

"မင်းအတော်ဒုက္ခပေးတဲ့ကောင် ကွာ။ မင်းလုပ်တာနဲ့ ဘူတာရုံကဝန်ထမ်း တွေအလုပ်ရှုပ်တုန်တာဆိုတော့ ငါလည်း မကောင်းဘူးကွယ့်"

လို့ ဦးပဍင်းဦးကျော်ကို ကရုဏာ ဒေါသောနဲ့ပြောတယ်လို့ဆိုပါတယ်။

ဒီမှာတင် ဦးပဍင်းဦးကျော်အနေနဲ့ သဘောပေါက်လိုက်ပါတယ်။ ကြော် - ငါ့အနေနဲ့ ဆရာတော်ကြီးကို မြစ်သား ဘူတာမှာ ရထားရပ်အောင်ကူညီပါ ဘုရားလို့ တင်ပြလျှောက်ထားခဲ့တာမှာ ဆရာတော်ကြီးကသိလို့ ငါ့ဆန္ဒပြည့် အောင်ဖြည့်ပေးလိုက်တာပါလားဆိုတဲ့ အသိကြောင့် ဆရာတော်ကြီးအပေါ် ပိုမို အားထားပြီး ယုံကြည်လေးစားစိတ်တွေ ကြီးမားခဲ့ကြောင်း ဦးပဍင်းဦးကျော်က ပြန်ပြောပြလို့သိရပါတယ်။

ဒီမျှဆိုရင်တော့ သိမ်တောင်ကျောင်း က သက်တော်ရှည် ဆရာတော်ကြီး ဘိုးပေါက်ဆိန် (ခ) ဘဒ္ဒန္တသီလဝရဗုဒ္ဓိတဲ့ အမည်ရှိတဲ့ ဆရာတော်ကြီးရဲ့ထူးခြားမှု အကြောင်းအရာအချို့ကို တစေ့တစောင်း မျှလောက်တော့ စာဖတ်သူများသိရှိနိုင် လောက်ပြီလို့ စာရေးသူယူဆမိပါတယ်။

ဦးပဍင်း ဦးညိုကြီးနဲ့ ဦးပဍင်း ဦးကျော်တို့က ဆရာတော်ဘုရားကြီးနဲ့ ပတ်သက်ပြီး သူတို့တစ်တွေတွေ့ကြုံခဲ့ရ တဲ့ တကယ့်ဖြစ်ရပ်မှန်တွေပြောပြလို့သိ ရချိန်မှာတော့ ဆရာတော်ကြီးအနေနဲ့ ခန္ဓာဝန်ချသွားပြီမို့ ကိုယ့်မြို့ကိုယ့်ရွာမှာ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးပေါ်ထွန်းခဲ့ပါလျက်နဲ့ ဖူးခွင့်မကြုံခဲ့တဲ့စာရေးသူအနေနဲ့ သူတစ်ပါးမရ ဝမ်းနည်းတာသဖြစ်ရကလွဲလို့ ဘာမှမတတ်နိုင်ခဲ့တာ အမှန်ပါဘဲ။

ဖူးခွင့်မကြုံခဲ့ပေမယ့် ရေးခွင့်တော့ကြုံတာမို့ ဆရာတော်ကြီးနဲ့ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာများရှိလေမလားရယ်လို့ လက်လောက်ဦးပဉ္စင်းလေးဦးဝေပုလ္လထံကို ချဉ်းကပ်စုံစမ်းပြန်တော့လည်း ဘာမှတ်တမ်းမှမရှိခဲ့ဘူးဆိုတာသိရလေတော့ စာရေးသူအနေနဲ့ စိတ်ပျက်အားလျော့သွားရပါတယ်။

တစ်နေ့မှာ စာရေးသူ သက်နှီးဆီးနေတဲ့ သိမ်တောင်ကျောင်းကို စာရေးသူရဲ့ ရေးဖော်ရေးဖက်ဆရာများဖြစ်ကြတဲ့ ဆရာပြား (တမ္ဗဝတီ-ကိုရင်ပြား) ဆရာတင်ထွန်း (တင်ထွန်းလှိုင်-မြစ်သား) တို့ ရောက်လာချိန်မှာ စာရေးသူအနေနဲ့ ဆရာတော်ကြီးအကြောင်းကို ရေးချင်ပေမယ့် အချက်အလက်ရှာမရလို့အခက်တွေ့နေကြောင်း ပြောပြလိုက်မိပါတယ်။

ဒီမှာတင် ဆရာပြားက မင်းကုန်းကျောင်းဆရာတော်ဘုရားကြီးသက်တော် (၈၀)ပြည့် ပဋ္ဌာန်းရွတ်အထိမ်းအမှတ်အဖြစ်ထုတ်ဝေတဲ့မဂ္ဂဇင်းမှာပြန်ရှာကြည့်ရင်း ဆရာမကြီးဒေါ်မြအေးရေးသားတဲ့ဆောင်းပါးမှာတွေ့နိုင်တယ်လို့အကြံပေးပါတယ်။ ဆရာပြားအကြံပေးတဲ့အတိုင်း သက်နှီးဝတ်ကထွက်ပြီး လူဝတ်လဲလို့ အိမ်ပြန်ရောက်ချိန်မှာ စာအုပ်ထဲမှာ ရှာတော့ စာရေးသူအတွက် အထောက်အကူပြုနိုင်မယ့် အချက်လေးအချို့ကို တွေ့တာနဲ့ ဆီလျော်အောင်ပြင်ဆင်ပြီး ပြန်လည်ရေးသားဖော်ပြလိုက်ရပါတယ်။

□ **အစဉ်အလာကောင်းသော သိမ်တောင်ကျောင်း**

မြစ်သားမြို့ရှိ သိမ်တောင်ကျောင်းသည် ဝမ်းတွင်းမြို့နယ်ရှိ မူလသိမ်တောင်ကျောင်းတိုက်နှင့် ဆက်နွယ်မှုရှိကြောင်းသိရပါသည်။ မြစ်သားသိမ်တောင်ကျောင်းသို့ ကျေးဇူးတော်ရှင်မန်လည်ဆရာတော်ဘုရားကြီးကိုယ်တိုင်ကြွရောက်၍ တရားဓမ္မများဟောကြားချီးမြှင့်ခဲ့ပါသည်။

ထို့အပြင် သိမ်တောင်နိကာယကျောင်းတိုက်ကြီးတွင် သာသနာ့ပွင့်လင်းချိန်ဖြစ်သည့်အလျောက် မြန်မာနှစ် ၁၂၈၀ ခုနှစ်ပြည့်နှစ်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် သိမ်တောင်ကျောင်းတိုက်၌ တစ်ဝါဆိုခဲ့ပြီး သိမ်တောင်သာသနာကိုတည်ထောင်ခဲ့သောအင်းမကြီးသိမ်တောင်ဆရာတော်ကြီးသည်လည်း ဤကျောင်း၌ သီတင်းသုံး၍ သာသနာပြုခဲ့ကြောင်း သိရှိမှတ်သားရသည့်အတွက် မြစ်သားမြို့ သိမ်တောင်ကျောင်းတိုက်သည် သာသနာ့အစဉ်အလာကြီးမားခဲ့သော ကျောင်းတော်ကြီးအဖြစ် အသိအမှတ်ပြုရမည် ဖြစ်ပေသည်။

□ **ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း**

ဆရာတော်ဘုရားကြီးခန္ဓာဝန်ချပြီးခဲ့သည့်တိုင် သက်တော်ရှည်ဆရာတော်ဘုရားကြီးဘိုးပေါက်ဆိန်(ခ)ဘဒ္ဒန္တသံဝရဗုဒ္ဓိနှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများမရှိခဲ့သဖြင့် ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိအား ရေးသားရာတွင် အခက်အခဲရှိခဲ့ပါသည်။

သို့သော်လည်း ဆရာတော်ကြီး၏မှတ်တမ်းဓာတ်ပုံအောက်ခြေတွင်ပါရှိသောမှတ်တမ်းအရ ဆရာတော်ကြီး၏ မွေးသက္ကရာဇ်မှာ ၁၂၅၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၂ ရက်ဖြစ်ပြီး ဆရာတော်ကြီးအနေနှင့် ခန္ဓာဝန်ချသည့်နေ့မှာ ၁၃၆၀ ခု၊ ဝါခေါင်လဆန်း ၁ ရက်ဖြစ်သည့်အတွက် ဆရာတော်ကြီးအနေနှင့် ပျံလွန်တော်မူသည့်အချိန်တွင် သက်တော်အားဖြင့် (၁၁၁) နှစ်ရှိပြီဖြစ်သဖြင့် သက်တော်ရှည်ဆရာတော်ဘုရားကြီးဟု ထင်ရှားကျော်ကြားခဲ့ခြင်း ဖြစ်ပါသည်။

□ **သက်မဲ့ခန္ဓာကိုယ်မှ သွေးစိမ်းရှင်ရှင်များပန်းထွက်ခြင်း**

ဆရာတော်ဘုရားကြီးပျံလွန်တော်မူကြောင်းသိရှိရသည့် ဆရာတော်ကြီး၏တပည့်ဒါယကာ၊ ဒါယိကာမများက ဆရာတော်၏ခန္ဓာကိုယ်မပုပ်သိုးစေရန် ရည်ရွယ်၍ ဆရာဝန်ပင့်ပြီး ဆေးထိုးစေခဲ့ရာ ဆေးထိုးအပ်ထိုးသွင်းသည့် နေရာမှ သွေးစိမ်းရှင်ရှင်ပန်းထွက်လာသဖြင့် ဆေးထိုးခြင်းလုပ်ငန်းကို ရပ်ဆိုင်းခဲ့ရကြောင်း သိရှိမှတ်သားရပါသည်။

□ **သိမ်တောင်ကျောင်းတိုက်တွင်းရှိစေတီတော်များ**

ဆရာတော်ကြီးသက်တော်ထင်ရှားရှိစဉ်ကတည်ခဲ့သော ကမ္ဘာ့ထိပ်တင်လေးကျွန်းရှင် ကမ္ဘာအေးစေတီတော်နှင့် သိရိကမ္ဘာအေးဗမ္မာအေးကပ်ကျော်စေတီတော်(၂)ဆူရှိပါသည်။ ဆရာတော်ကြီးအနေနှင့် စေတီတော်တည်ထားခြင်းနှင့်ပတ်သက်၍ ရပ်ဝေးရပ်နီးသို့ထွက်၍ လှည့်လည်အလှူခံခြင်းလုံးဝမရှိဘဲ ဆရာတော်ကြီးနှင့် ပဋ္ဌာန်းဆက်ရှိသူများ၏ လာရောက် လှူဒါန်းငွေများနှင့်သာ ဆောင်ရွက်ခဲ့ကြောင်းသိရပါသည်။

ဆရာတော်ကြီးတည်ထားခဲ့သော ကမ္ဘာလုံးစေတီကြီး (၂) ဆူမှာ ကျောင်းအဝင်ပေါက်လမ်း၏လက်ဝဲ၊ လက်ယာတွင်ရှိပြီး မြင်းခြံ-မန္တလေးကားလမ်းပေါ်မှဖူးမျှော်လျှင် အထင်အရှား မြင်တွေ့နိုင်ပြီး အင်မတန်မှ ကြည်ညိုဖွယ်ရာကောင်းသောစေတီ(၂)ဆူ ဖြစ်ပါသည်။ သိမ်တောင်ကျောင်းဝင်းထဲတွင် ၎င်းစေတီ(၂)ဆူအပြင် ဆရာတော်ကြီးခန္ဓာဝန်မချခင်က အမိန့်ရှိတော်မူသည့် ငါခန္ဓာဝန်ချရင် မီးမသင်္ဂြိုဟ်ကြရန်နှင့်၊ အလောင်းကိုလိုက်ဂူသွင်းရန်မှာကြားခဲ့သည့်အတိုင်း ဆရာတော်၏ရုပ်အလောင်းကို ဂူသွင်း၍ အပေါ်မှစေတီအုပ်မိုး၍တည်ထားသော ပေါက်စေတီတစ်ဆူနှင့် သိမ်တောင်ကြီး၏ ခေါင်းရင်းဘက်၌ ကြည်ညိုဖွယ်ရာစေတီငယ်တစ်ဆူလည်းရှိပါသည်။

□ **(၇)ရက်သားသမီးတို့အပေါ် ငဲ့ညှာပြီး တည်နေခဲ့ဖြစ်သော စေတီတော်ကြီး**

၎င်းစေတီတော်ကြီးမှာ ဆရာတော်သက်ရှိထင်ရှားရှိပြီး ခန္ဓာဝန်မသိမ်းမီနှစ်ပိုင်းတွင် စတင်၍တည်ခဲ့သောစေတီဖြစ်ပါသည်။ ဆရာတော်ကြီးအနေနှင့် ၎င်းစေတီတော်ကြီးကို ဉာဏ်တော်အမြင့် (၁၀၈) တောင်အထိ သတ်မှတ်၍တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

စေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၁၀၈)တောင်ရှိသည့်အတွက် စေတီ၏အောက်ခြေပိုင်းကို ရေရှည်တည်တံ့စေရန်အတွက် အခိုင်အမာအုတ်မြစ်ချ၍ တည်ထားခြင်း ဖြစ်ပါသည်။ စေတီတော်ကြီးနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်တည်းမှ တာဝန်ယူပြီး အကုန်အကျခံသူရှိသော်လည်း ဆရာတော်ကြီးက လက်မခံဘဲ (၇)ရက်သားသမီးများမှ ထည့်ဝင်လှူဒါန်းငွေဖြင့်သာဖြစ်အောင် တည်ထားမည်ဟု မိန့်ကြားခဲ့ကြောင်း သိရပါသည်။

ဆရာတော်ကြီး၏ရည်ရွယ်ချက်မှာ နောင်ပွင့်မည့် အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်တွင် စေတီတော်ကြီးအား လှူဒါန်းခဲ့သော ပဋ္ဌာန်းဆက်အလှူရှင်ပုဂ္ဂိုလ်အားလုံးတို့ တစုတရုံးတည်း မြတ်စွာဘုရားကို ဖူးတွေ့ခွင့်ရစေရန်

www.burmeseclassic.com

ဟု သိရပါသည်။

အပြီးတာဝန်ယူစာည်ထားမည့် အလှူရှင်(၂)ဦး ပေါ်ပေါက်ခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် စေတီတည်ရန်ကိစ္စမှာ မအောင်မမြင်ခဲ့ရကြောင်း သိရပါသည်။

□ ကျောင်းဝိုင်းအတွင်းမှ အဆောက်အအုံများ

ဆရာတော်ကြီးခန္တာဝန်မသိမ်းမီ ကာလတွင် သိမ်တောင်ကျောင်းဝင်းအတွင်း၌ သိမ်အဆောက်အအုံတစ်ခုကို တည်ဆောက်ခဲ့ပါသည်။ ၎င်းသိမ်အဆောက်အအုံ၏ လေးဖက်လေးတန်ဆောင့်လေးဆောင့်တွင် တံခွန်တိုင်(၄)ခုကို စိုက်ထူထားရှိသည်ကို တွေ့မြင်ရပါသည်။

ယင်းသို့ တံခွန်တိုင် (၄)တိုင်စိုက်ထူခဲ့ခြင်းမှာ သိမ်တောင်ကျောင်းတိုက်၏သာသနာအစဉ်အလာကြီးမားခဲ့သည့်ကိုအကြောင်းပြု၍ လယ်တီဆရာတော်ဘုရားကြီးအထိမ်းအမှတ်တံခွန်တိုင်၊ မန်လည်ဆရာတော်ဘုရားကြီးအထိမ်းအမှတ်တံခွန်တိုင်၊ အင်းမသိမ်တောင်ဆရာတော်ဘုရားကြီး၏အထိမ်းအမှတ်တံခွန်တိုင်နှင့် မြစ်သားသိမ်တောင်ကျောင်းတိုက်၏ မူလကျောင်းထိုင်ဆရာတော်ကြီး ဘိုးပေါက်ဆိန် (ခ) ဘဒ္ဒန္တသံဝရဗုဒ္ဓိ၏ တံခွန်တိုင်တို့ကို စီမံပြုလုပ်ခဲ့ကြောင်း သိရပါသည်။

၎င်းသိမ်အဆောက်အအုံအပြင် အခါကြီးရက်ကြီးနေ့ရက်များတွင် သီတင်းသီလဆောက်တည်ရန် ရောက်ရှိလာသည့် ဓမ္မမိတ်ဆွေအပေါင်းတို့ တရားရေအေးအမြိုက်သောက်ကျွေးရာနေရာဌာနဖြစ်သော သိမ်တောင်ကျောင်းဆိုင်းဘုတ်ရှိသည့် ကျောင်းဆောင်ကြီးရှိပါသည်။

၎င်းအပြင် ဝိပဿနာတရားစခန်းဖွင့်လှစ်သည့်အချိန်တွင် အမျိုးသား၊ အမျိုးသမီးယောဂီ (၁၅၀) ခန့် စုပေါင်းတရားထိုင်နိုင်သော အလျား (၇၃) ပေ၊ အနံ(၃၀)ပေရှိအာရ်စီနှစ်ထပ်အဆောက်အအုံ 'ဓမ္မဝတီ' ရှိသာအဆောက်အအုံကြီးရှိပါသည်။

အထက်ပါတရားစခန်းဝင်ရောက်သည့်ယောဂီများအနေနှင့် လွတ်လပ်သန့်ရှင်းစွာဖြင့် စားသုံးနိုင်သော 'အောင်ဆန်းရာပြည့်' အမှတ်တရအဖြစ်ဆောက်လုပ်ထားသော ထမင်းစားရန်ဆွမ်းစားကျောင်းကြီးတလည်း ကြီးမားကျယ်ဝန်းစွာရှိသည့် အဆောက်အအုံကြီးအဖြစ် တွေ့မြင်ရပါသည်။

□ သိမ်တောင်ကျောင်းတိုက်၏တည်နေရာ လမ်းညွှန်

ရန်ကုန် - မန္တလေးလမ်းဟောင်းပေါ်ရှိ ကျောက်ဆည်အလွန် မြစ်သားအဝင် လက်ညှိုးထိုးလမ်းခွဲမှနေ၍ မြစ်သား - မြင်းခြံသွားကတ္တရာလမ်းမကြီးအတိုင်းဝင်လာလျှင် လမ်း၏လက်ဝဲဘက်တွင် အထကကျောင်းရှိပြီး လမ်း၏လက်ယာဘက်တွင် သိမ်တောင်နိကာယကျောင်းတိုက်၏မုခ်ဦးကို ထင်ရှားစွာတွေ့မြင်ရမည် ဖြစ်ပါသည်။

ကျောင်းတော်ကြီး၏ထူးခြားချက်အနေဖြင့် ကျောင်းဝင်း၏အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တွင် တည်ထားသော 'ကမ္ဘာလုံးစေတီ'နှစ်ဆူကို အထင်အရှား ဖူးတွေ့ရသည်နှင့်ပင် သိမ်တောင်ကျောင်း၏တည်နေရာကို လွယ်ကူစွာ သိမြင်နိုင်မည်ဖြစ်ပါသည်။

□ ဖိတ်ခေါ်ခြင်း

ဤမြစ်သားမြို့ရှိ သိမ်တောင်ကျောင်းတိုက်တွင် ဓမ္မဂါဟခေါ်ဆိုသည့်အတိုင်းပင် မဟာစည်၊ မိုးကုတ်၊ လယ်တီ၊ သဲအင်းဂူ စသည်ဖြင့် နည်းနိဿယအစွဲမထားဘဲ ပဋိပတ္တိသာသနာပြုလိုသူ ဓမ္မမိတ်ဆွေတွေများအတွက် အထူးတရားစခန်းဖွင့်လှစ်၍ သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ ရပ်နီး၊ ရပ်ဝေးနေ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေနှင့် စခန်းဝင်တရားအားထုတ်ရန်လာရောက်နိုင်ပါရန်နှင့် သက်တော်ရှည်ဆရာတော်ကြီး ဘိုးပေါက်ဆိန်၏ကျောင်းတော်သို့ လေ့လာရေးခရီးတစ်ခေါက်အဖြစ်လာရောက်နိုင်ပါကြောင်း စေတနာကောင်းဖြင့်ဖိတ်ကြားရင်း ဆရာတော်ဘုရားကြီးအား ဤဆောင်းပါးဖြင့်ပူဇော်ကန်တော့လိုက်ပါသည်။

စနေထွန်း (မြစ်သား)

ကိုးကား -

၁။ မြစ်သားမြို့ မင်းကုန်းကျောင်းတိုက် ဆရာတော် သက်တော်(၈၀) ပြည့် မွေးနေ့ပူဇော်ပွဲ အထိမ်းအမှတ် မဂ္ဂဇင်း
ဒေါ်မြအေး (မြန်မာစာ)၊ နိဗ္ဗာန်လမ်းပြ ဓမ္မဂါဆောင်းပါး
၂။ ကိုယ်တိုင်လေ့လာချက်

## နတ်မောက်လှမြင့်သစ်
## ဒန့်သလွန်ပင် ဆောင်ထား

ကျွန်တော်နဲ့ဆရာကြီးဦးလှသန်းဟာ တစ်မြို့တည်းနေ တစ်ရေတည်းသောက်များဖြစ်ပြီး စာရေးဆရာချင်းသတင်းလေ့လေ့ပေါင်းဖက်တွေ့သူများ ဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ် မြို့နယ်စာပေလုပ်သားအဖွဲ့မှာ ဆရာဦးလှသန်း (နတ်မောက်လင်းရောင်) က ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေဟောပြောပွဲတွေလည်း နှစ်စဉ်မပျက် ပြုလုပ်ခဲ့ပါတယ်။ အချို့နှစ်များမှာ အခြေအနေပေးရင်ပေးသလို စာပေဟောပြောပွဲ တစ်နှစ်ထဲမှာ နှစ်ပွဲ၊ သုံးပွဲအထိ ကျင်းပဖြစ်ခဲ့ပါတယ်။

အသက် (၆၀) ပြည့် ပင်စင်ယူပြီး (၆၂) နှစ်မှာ ဆရာကြီးဦးလှသန်း လေငန်းဖမ်း၊ သွေးတိုး၊ သွေးတက်ပြီး ဆေးရုံတက်ရပါတယ်။ ဆေးရုံမှာနှစ်ပတ်လောက် အပြင်းအထန်ကုသမှုခံယူပြီး ဆင်းခွင့်ရခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဆေးရုံလုံးဝမတက်ရတော့ပါဘူး။ ပကတိပုံမှန်ကျန်းမာနေခဲ့လို့ပါပဲ။

ဘာကြောင့်လဲဆိုရင်တော့ မကွေးဆေးသမား၊ ဆေးဆရာ၊ စာရေးဆရာကြီး မတွေးဝင်းမြင့်ရဲ့လမ်းညွှန်ပြသပေးမှုကောင်းလို့လို့ ပြောပြပါတယ်။

"ငါ့အိမ်မှာ ဒန့်သလွန်ပင်ငါးပင်စိုက်ထားရတယ်ကွ။ ဝင်းမြင့်တညွှန်းလို့ပဲ။ နေ့တိုင်းနီးပါး ဒန့်သလွန်ရွက်နဲ့ကြက်သွန်ဖြူနဲ့ ဟင်းချိုချက်သောက်ရတယ်။ ဒန့်သလွန်သီးပေါ်ချိန်ဆိုရင် အသီးနဲ့အရွက်ကို ကြက်သွန်ဖြူနဲ့ကြော်ချက်ချက်စားရတယ်ကွ။ သိပ်ဖက်ကြောထိုး သွေးတိုး သွေးတက်လာပြီဆိုရင် အရွက်ရင့်တို့ကြိတ်ခြေ၊ သတ္တုရည်ရရင် ညှစ်ပြီး ဟင်းသောက်ဇွန်းတစ်ဇွန်းကနေ နှစ်ဇွန်းသောက်ချလိုက်ရတာပဲ။ သွေးတိုးသွေးတက်၊ လေငန်းဖမ်း၊ လေဖြတ်အတွက် ဒန့်သလွန်ပင်သာဆောင်ထားပါကွာ။ ငါ့သူငယ်ချင်းကြီးဝင်းမြင့်ရဲ့ ကျေးဇူးပါ"

ဟု ပြောပြပါသည်။

နတ်မောက်လှမြင့်သစ်

www.burmeseclassic.com

(ကျိုက်လတ်)

# ဆရာဦးစိန်လှိုင်

၁

# မြန်မာ့ရှေးဟောင်း လူမှုရေးပညာရပ်များ



သုရဿမဂ္ဂဇင်းကြီး၏ မေတ္တာ၊ စေတနာ၊ ကရုဏာဒ္ဓများဖြင့် တဖက်သူ ကြီးငယ်မဟူ ဗဟုသုတလိုလားသော အများပြည်သူများအတွက် အတန်တာရေး တိုးပွားကြစေရန် ရည်သန်၍ မြန်မာ့ရှေးဟောင်းပညာရပ်များကို စုဆောင်း ရှာဖွေမျှဝေ ရေးသားလိုက်ပါသည်။ ယနေ့ခေတ် မျိုးဆက်သစ် လူငယ်လူရွယ်များအားလုံး အလွယ်တကူ အသုံးချ နိုင်ကြစေရန် ရည်သန်လျက် ပညာဒါန ပြုလိုက်ပါသည်။

ခုနစ်ရက်သားသမီးများအားလုံး ကြီးငယ်မဟူ မိမိတို့နှင့်အသုံးဝင်မည့် လူမှုကိစ္စများ၊ ကျန်းမာရေး၊ စီးပွားရေး အခက်အခဲအကျပ်အတည်းများ အဆင်ပြေချောမွေ့ အောင်မြင်ကြစေရန် စေတနာမေတ္တာဖြင့် ဖော်ပြလိုက်ပါသည်။

### ရှင်သီဝလီပရိတ်တော်

□ ကြောင်း နမော သိဒ္ဓိ သီဝလိရာဇ၊ ဇေယျ မေတ္တာ၊ ဇေယျ ကရုဏာ၊ ဇေယျ လာဘာ၊ ဇေယျ နာနာဝဏ္ဏကာ၊ ကြောင်း ဒေဟိ ဒေဟိ၊ သာတလာသရိမ်း [illegible]

www.burmeseclassic.com

ဒီပါ ပိယံမမ ယောနက္ကတ္တိ ယောဝါ ပုရိသောဝါ သဗ္ဗေဒေဝါ။ စတေန သစ္စ ဝဇ္ဇေန သုဝတ္ထိ ဟောန္တု မေ ဇယာမင်္ဂလံ။

လုပ်ငန်းစီးပွားရေးများ၊ လာဘ် လာဘ်များ အဆင်ပြေချောမွေ့လိုပါက နေ့၊ ညရွတ်ဆိုပူဇော်ကန်တော့ပါ။

**ဆဲသူမဆဲစေတတ်သောမန္တန်**

ᗜ ဥုံ နမော ပဏ္ဍိတ ကရေ သွာဟာ။

ဆဲတတ်သူ၏ အမည်ကို (၇)ခု ရေး၊ အမည်တစ်ခုကို ထိုဂါထာနှင့် (၇) ကြိမ်မန်းပြီးလျှင် မီးတွင်ထည့်ပါ။

**ကံဇာတာညံ့သူ၊ ကျန်းမာရေးညံ့သူ မည်သည့်နေ့သားမဆိုပြုလုပ်ရန်ယတြာ**

နှမ်းဆီစစ်စစ် မိမိသက်စေ့ဝယ်ပါ။ အသက်(၂၅)နှစ်ဆိုလျှင် (၂၆)ကျပ်သား တစ်ကျပ်သားပိုဝယ်ပါ။ မိမိမွေးနေ့တွင် ဘုရားရှေ့တော်တွင် မီးထွန်းပူဇော်ပါ။ လုံးဝ ပါးစပ်က မီးမငြိမ်းရ။ အစအဆုံး ဆီကုန်သည်အထိ ပူဇော်ပါ။

မိမိသက်စေ့ ကဏန်းများကို မြစ် ဆိပ်ရေရှင်တွင် တစ်ကောင်ချင်းလွှတ်ပါ။

ဖတာပေါင်းကို အဝတ်ပေါင်း ပတ်ပြီး အဝတ်ပေါင်း၌ ဆန်တစ်ဆုပ်၊ မြေစာမြက်တစ်ဆုပ်၊ ကြေးနီပိုက်ဆံ တစ်ပြား၊ သံချောင်းတစ်ချောင်းထည့်၍ ရေရှင်တွင်မျှောပါ။

ဆန်နှီးဆီဘူး (၉) လုံးချက်ကို အမှန်တကယ်စားမည့်သူ (၉) ဦးအား လှူပါ။ (၁၈) နှစ်အထက်ဖြစ်ပါစေ။

ကျန်းမာရေးချို့တဲ့သူ၏ အင်္ကျီ တစ်ထည်ကို ညဝတ်ပြီး မနက်ကို အမှန် တကယ်ဝတ်မည့်သူကို လှူပါ။

**လာဘ်ရွှင်စေရန်နှင့် အန္တရာယ်ကင်းစေရန်**

မည်သည့်ပုဂ္ဂိုလ်မဆို အိမ်၊ တိုက်၊ အလုပ်နေရာ၊ ဈေးဆိုင်၊ စက်ကိရိယာ ဌာနများတွင် လာဘ်ရွှင်အန္တရာယ်ကင်း စေရန် နေ့သားများအလိုက် ပြုလုပ်ပါ။

**တနင်္ဂနွေသားသမီးများ**

ဘုရားမှာ ကံကော်ညွှန့် + ခရေ ညွှန့် ညောင်ရေအိုးမှာထိုး၍ ဘုရားလှူ ပါ။ အိမ်ရှေ့မှာ အုန်းပင်စိုက်ပါ။

**တနင်္လာသားသမီးများ**

မြေစာညွှန့်+သပြေညွှန့်ဘုရားလှူ အရှေ့မြောက်ထောင့်အရပ်မှာ မန်ကျည်း ပင်စိုက်ပါ။

**အင်္ဂါသားသမီးများ**

ခရေညွှန့်နှင့်မြေစာညွှန့်ဘုရားလှူ တောင်အရပ်မှာ နှင်းဆီစိုက်။

**ဗုဒ္ဓဟူးသားသမီးများ**

ခရေညွှန့်နှင့် သပြေဘုရားလှူ၊ အနောက်မြောက်အရပ်မှာ မဲဇလီစိုက်၊

**ကြာသပတေးသားသမီးများ**

ဘုရားမှာ သီဟိုဠ်ညွှန့်၊ သီးညွှန့်၊ သင်ညွှန့် အဆင်ပြေရာတစ်ခုနှင့် ဒေါနဲ၊ ဒေါနပန်းမရသော် ထန်း၊ ခနိညွှန့်တစ်ခုခု နှင့်ပေါင်း၍ ဘုရားလှူပါ။ အရှေ့ မြောက်အရပ်မှာ ငှက်ပျောပင်စိုက်ပါ။

**သောကြာသားသမီးများ**

ဘုရားလှူရန် ဒေါနနှင့် ခရေညွှန့် ပေါင်းလှူပါ။ အရှေ့အရပ်မှာ သရက် ပင်စိုက်ပါ။

**စနေသားသမီးများ**

ဘုရားမှာ အုန်းညွှန့်နှင့်သပြေကို ဘုရားလှူပါ။ အနောက်အရပ်မှာ တောင် ထန်း၊ ခနိပင် အဆင်ပြေရာ စိုက်ပါ။

မိမိတို့နေ့သားအလိုက် သစ်ပင် စိုက်လျှင် စိုက်ရမည့်အရပ်မှန်ရပါမည်။ စိုက်သည့်အခါ သစ်ပင်ကို ကျောက်မျိုး စုံ၊ မြေစာမြက်၊ ဆန်လက်တစ်ဆုပ်၊ ရွှေ ရေ ငွေရေလောင်းပြီး မိမိလိုရာဆု တောင်းစိုက်ပါလေ။

**သူ့ကိုနိုင်လို ဆင်ကိုမှီ**
**(အလျှင်းဆရာတော်၏နည်း)**

**တနင်္ဂနွေနေ့သားသမီးအပေါ် နိုင်လိုသော်**

တနင်္ဂနွေနေ့ နံနက် (၇) နာရီနှင့် (၈) နာရီအတွင်း သံသတ်သား၊ သလဲ သား၊ သီးသားတစ်ခုခုကို မိမိလက် အလယ်လက်တစ်ဆစ် တိုင်းဖြတ်၍ တနင်္ဂနွေသားအပေါ် ၌နိုင်ပါစေသတည်း ဟုဆို၍ ထိုသစ်သားမှာ (သ)အက္ခရာ ရေး၊ အက္ခရာဆုံးသည်နှင့်တစ်ပြိုင်နက် မိမိအဆိုတိုဆုံးစေရမည်။ ၎င်းနောက် (မိမိတ မြောက်အရပ်မှနေ၍မြော) နိုင် ၏။

**တနင်္လာသားသမီးအပေါ် နိုင်လိုသော်**

တနင်္လာနေ့ နံနက် (၇)နာရီမှ (၈) နာရီအတွင်း ခနိသား၊ ထန်းသား၊ အမြစ် ဖြစ်စေ အလယ်လက်နှင့်တိုင်းဖြတ်။ (၄) အက္ခရာရေး၊ အနောက်တောင်ထောင့် ကနေ၍မြောပါ။

**အင်္ဂါသားသမီးအပေါ် နိုင်လိုသော်**

အင်္ဂါနေ့နံနက် (၇)နာရီမှ (၈)နာရီ အတွင်း အုန်းလက်ကို မိမိအလယ်လက် တစ်ဆစ်တိုင်းဖြတ်ပြီးလျှင် (အ)အက္ခရာ ရေး၊ အရှေ့မြောက်အရပ်ကနေ၍မြော ပါ။

**ဗုဒ္ဓဟူးသားသမီးကိုနိုင်စေလိုသော်**

ဗုဒ္ဓဟူးနေ့နံနက် (၇)နာရီနှင့် (၈) နာရီအတွင်း ကံ့ကော်သားကို အလယ် လက်တစ်ဆစ်တိုင်းဖြတ်ပြီး (က) အက္ခ ရာရေး၊ အရှေ့အရပ်ကနေ၍ မြောပါ။

**ကြာသပတေးနေ့သားသမီးကိုနိုင်စေလိုသော်**

ကြာသပတေးနေ့နံနက် (၇) နာရီ မှ (၈)နာရီအတွင်း ဆီးသားကို အလယ် လက်တစ်ဆစ်တိုင်းဖြတ်၍ (စ) အက္ခရာ ရေး၊ အရှေ့တောင်အရပ်ကနေ၍မြော ပါ။

**သောကြာသားသမီးအပေါ် နိုင်လိုပါသော်**

သောကြာနေ့ နံနက် (၇) နာရီမှ (၈) နာရီအတွင်း (လဲလှသား၊ ရဲယိုသား၊ ရွှက်လှသား) ရရာတစ်ခုခုကို အလယ် လက်တစ်ဆစ်တိုင်းဖြတ်ပြီး (လ) အက္ခ ရာရေးလျက် တောင်အရပ်ကနေမြော ပါ။

**စနေသားသမီးအပေါ် နိုင်လိုပါသော်**

စနေနေ့နံနက် (၇)နာရီမှ (၈)နာရီ အတွင်း ပေါက်ပန်းဖြူသားကို အလယ် လက်တစ်ဆစ်တိုင်းဖြတ်ပြီး (ပ) အက္ခရာ ရေး အနောက်အရပ်ကနေ မြောပါ။

လိုရာဆန္ဒပြည့်ဝကြပါစေ။

**ထိမ်းမြားမင်္ဂလာပြုလိုလျှင် နက္ခတ်ရွေးစေချင်**

ထိမ်းမြားမင်္ဂလာပြုမည့် မင်္ဂလာ မောင်မယ်များ နှစ်ဦးစလုံး၏ မွေးဖွား သတ္တရာဇ်ကိုတည် (၃) နှင့်စားပါ။

တစ်ခုကြွင်း နတ်နက္ခတ်၊ နှစ်ခု ကြွင်းလျှင် လူနက္ခတ်၊ သုဉ်းမှ-သုည ကြွင်းလျှင် ဘီလူးနက္ခတ်။

လူသားချင်းချင်း ထိမ်းမြားလျှင် ချစ်ခြင်းမေတ္တာမျှ၊ လူနှင့်နတ်မှာ လွန် ချမ်းသာ၊ ကြည်စွာမြဲမြဲ၊ ဘီလူးနှင့်လူ ထိမ်းမြားမှု အတူမနေရ၊ ဘီလူးနှင့် နတ် ထိမ်းမြားလတ် တောင်းမြတ်ရန်မျိုးပ၊ နတ်ချင်းချင်းနော် ထိမ်းမြားသော် ရာကျော်သက်ရှည်ကြ၊ ဘီလူးချင်းချင်း ထိမ်းမြားလျှင် သတင်းတေဇာကြ။

ဆရာဦးစိန်လှိုင်(ကျိုက်ဒတ်)



www.burmeseclassic.com

www.burmeseclassic.com

ငွေစောမိသွင်(ရန်ကုန်)


# အင်ကြင်းတောင်တော်သို့တစ်ခေါက်

□ **လယ်တီဝိပဿနာတရားစခန်းပွဲ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် သမိုင်းဝင် အင်ကြင်းတောင်တော် ပုပ္ပားတောရကျောင်းမွှာရုံကြီးတွင် သမိုင်းဝင်ဖိုလ်ဝင်တောင်တော် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမန၏ ဩဝါဒကိုခံယူပြီး အင်ကြင်းတောင်တော်ဆရာတော် ဦးသုမိတ္တ၊ အင်ကြင်းတောင်တော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဂေါပကအဖွဲ့နှင့် လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်တို့မှ ကြီးမှူးပြီး အဌမအကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်းပွဲကို ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပပြုလုပ်ပါသည်။ ယောဂီဦးရေ(၁၀၀)လက်ခံပြီး ယောဂီဝင်ကြေးမရှိဘဲ လာရောက်တရားအားထုတ်နိုင်ရန် ဝိပဿနာတရားစခန်းကို နှစ်စဉ် အင်ကြင်းတောင်တော်တွင် ဖွင့်လှစ်ခဲ့ပါသည်။



ကျောက်လိုဏ်ဂူအထက် တောင်ပေါ်ရှိ ဘုရားများ



ကျောက်လိုဏ်ဂူအတွင်းရှိဘုရားများ

ယောဂီဦးရေ (၁၀၀) လက်ခံမည်ဟု ဆိုထားသော်လည်း တကယ်တရားလာထိုင်သည့်ယောဂီများမှာ (၁၅၉)ဦးရှိကြောင်းသိရ၏။ ကျွန်မတို့ မြန်မာယန်စီလုံခြုံရေးဌာနဝန်ထမ်းတို့မှ နေ့ဆွမ်းအတွက် (၇၀,၀၀၀) တာဝန်ယူ လှူဒါန်းထားပြီး ဆွမ်းအတွက်အလှူခံထားသည့်အထဲမှ ပိုငွေကို အင်ကြင်းတောင်လမ်းကျောက်ခင်းသည့်နေရာသို့လှူခဲ့ကြပါသည်။ ရုံးပိတ်ရက်နှင့် တိုက်ဆိုင်သည့် စနေနေ့ကို ဆွမ်းအလှူယူထား၍ ထိုနေ့တွင်ဆွမ်းကပ်သွားကြပါသည်။အင်ကြင်းတောင်သို့ မရောက်ကြသည်မှာကြာပါပြီ။ မနှစ်ကလည်း ဆွမ်းကပ်ကို ကိုယ့်ခရီးစဉ်နှင့်ကိုယ်သွားကြရမည်ဆိုသဖြင့် မိုးလည်းရွာ၍မသွားဖြစ်ပါပေ။ ရန်ကုန်သူပီသစွာ စက်ဘီးလည်းမစီးတတ်၊ ဆိုင်ကယ်လည်းမစီးရဲ၍ သူများလိုက်ပို့မှသာရောက်ရသည်။ ဒီနှစ်တော့ ကားဖြင့်လိုက်ပို့ပေးမည်ဆို၍ အင်ကြင်းတောင်သို့ ဆွမ်းကပ်သွားသည့်ခရီးကို လိုက်ဖြစ်ခဲ့သည်။

အင်ကြင်းတောင်တော်သို့ရောက်သည့်အချိန်သည် နံနက် (၁၀) နာရီခန့်သာရှိသေးသဖြင့် တရားထိုင်နေသောယောဂီများကို တွေ့ရပါသည်။ မကြာခင်မှာပင် နေ့ဆွမ်းအတွက် တရားစခန်းနား၍ မွှာရုံထဲမှ စီတန်းထွက်လာသောယောဂီများ ဆွမ်းစားဆောင်သို့ကြွကြသည်ကို တွေ့ကြရပါသည်။

ဆရာတော်များကို သီးသန့်မွှာရုံတစ်ခုတွင် နေ့ဆွမ်းကို ကိုယ်တိုင်ကပ်လှူပြီးကြသောအခါ ယောဂီများဆွမ်းစားရာနေရာသို့ သွားရောက် ကြည့်ညိုကြပါသည်။ ဆွမ်းအလှူရှင်များကို တန်းစီရပ်ခိုင်းကာ ယောဂီများက မေတ္တာပို့ကြပြီးအလှူအတွက် အမျှဝေကာ သာဓုခေါ်ကြပါသည်။ လာသောအလှူရှင်များကိုလည်း ဂေါပကအဖွဲ့က နံနက်စာ ထမင်း၊ အချိုပွဲတို့ဖြင့် တည်ခင်းကျွေးခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com


**❑ တိုင်ပေမှ တာရှတ်ဘုန်းကြီး**

တရားစခန်းဝင်သည့် ယောဂီများထဲတွင် တာရှတ်ဘုန်းကြီးတစ်ပါးပါကြောင်း ပြောပြ၍ရှာကြည့်ရာ ဘုန်းကြီး (၃) ပါး ခန့်ဆွမ်းဘုဉ်းပေးသည့်ဝိုင်းတွင် ဆွမ်းဘုဉ်းပေးပြီး၍ အချိုပွဲဘုဉ်းပေးနေသည်ကို တွေ့ရသဖြင့် ဓာတ်ပုံရိုက်ခဲ့ပါသည်။ မျက်လွှာချကာ ဘုဉ်းပေးနေသည်မှာ ကြည်ညိုစရာကောင်းလှပါသည်။

**❑ အင်ကြင်းတောင်တော်ပေါ်သို့**

အင်ကြင်းတောင်တော်ပေါ်တွင် လွန်ခဲ့သော နှစ်(၂၀)ကျော်ခန့်ကရှိသော ဆရာတော်ဦးဒိဗ္ဗမရှိတော့ပါ။ လက်ရှိဆရာတော်မှာ ဦးသုမိတ္တ ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် (၂၀) ကျော်က အင်ကြင်းတောင်ကျောက်လိုဏ်ဂူများ၏အထက်ရှိတောင်တော်ပေါ်တွင် ယခုကဲ့သို့ စေတီပုထိုးများများစွာမရှိသေးပါ။ အင်ကြင်းတောင်ပေါ်တွင် ဘုရားတည်ရန်အတွက် ထန်းခေါက်တောင်းငယ်များထဲ သဲထည့်ကာ ခေါင်းပေါ်ရွက်၍ တောင်ပေါ်သို့ ပို့ပေးခဲ့ကြပါသည်။ လုပ်အားဒါနအလှူအဖြစ် သဲသယ်၊ အုတ်သယ်အလှူကို လုပ်အားပေးခဲ့ကြပါသည်။ ကျောက်ဂူအထက် တောင်ပေါ်သို့တက်သောလမ်းသည် မြေလမ်းဖြစ်၍ ယခုအခါ အုတ်လှေကားထစ်များပြုလုပ်ပေးထားပါသည်။ အပေါ်ရှိ တချို့ဘုရားများမှာ ရှေးဟောင်းဘုရားများမဟုတ်ဘဲ နှစ်ပေါင်း (၂၀) ကျော်ခန့်ကမှ တည်ခဲ့သောဘုရားများ ဖြစ်ပါသည်။


ကျောက်လိုဏ်ဂူအထက် တောင်ပေါ်ရှိ ဘုရားများ


ကျောက်လိုဏ်ဂူအတွင်းမှ ရှေးဟောင်းဘုရားများ


ကျောက်လိုဏ်ဂူအတွင်းရှိ ရှေးဟောင်းဘုရားများ

**❑ ရဲရဲတောက်စကား**

- ငါသည် လူသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။
- ငါသည် လူသုံးပါးတွင် အကြီးကဲဆုံး ဖြစ်၏။
- ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံး ဖြစ်၏။
- ယခု ပဋိသန္ဓေနေရခြင်းသည် ငါ၏နောက်ဆုံး ပဋိသန္ဓေနေရခြင်းတည်း။
- ငါ့အဖို့ရာ တစ်ဖန်ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ။
- ယခု ပဋိသန္ဓေနေရခြင်းသည် ငါ၏နောက်ဆုံးနေရခြင်းတည်း။
- ငါ့အဖို့ရာ တစ်ဖန်ဘဝသစ်ဖြစ်ရခြင်းမရှိတော့ပြီ။

ဗုဒ္ဓလောင်းလျာသည် မွေးစခြင်းပင်လျှင် (၇) လှမ်းမြောက် ကြာပွင့်ပေါ်တွင် လက်ညှိုးထောင်၍ ဤသို့ကြုံးဝါးတော်မူ၏ဟူသော မဟာပဓာနသုတ်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ဒုတိယတွဲဟူ၍ ကျောက်စာရေးထိုးထားသည့်စာကို ဖတ်ရှုခဲ့ရပြီး ကျောက်စာဘေးတွင် ဗုဒ္ဓလောင်းလျာသည် မွေးစချင်းပင်လျှင် (၇) လှမ်းမြောက် ကြာပွင့်ပေါ်တွင် လက်ညှိုးထောင်၍ ကြုံးဝါးနေတော်မူပုံကို ရေးသုပ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းတောင်ကျောက်လိုဏ်ဂူအတွင်းရှိ လျောင်းတော်မူဘုရား



အင်ကြင်းတောင်ရှိ ကျောက်လိုဏ်ဂူတန်းများ



ထေရုပ်တုန်ဆောင်ကြီး

တောင်တော်ပေါ်တွင် နဂါးရုံရုပ်ပွားတော်ဗောဓိအောင်မြင်မြတ်စွာဘုရား၊ အေးချမ်းသာမြတ်စွာဘုရားတို့ကို ဖူးတွေ့ရပြီး တံခွန်တိုင်ပုံ၊ ရဟန်းတော်ပုံတို့ကိုလည်း တွေ့မြင်နိုင်ပါသည်။ တောင်ပေါ်သို့ လှည့်ပတ်ဖူးကာ အင်ကြင်းပင်များကိုလည်း ကြည့်ရှုခဲ့ကြသည်။ အင်ကြင်းတောင်တော်ပေါ်ရှိ အင်ကြင်းပင်များသည် တန်ခူးလအခါတွင် ပွင့်တတ်သည်ဟုဆိုပါသည်။



အင်ကြင်းတောင်ကျောက်လိုဏ်ဂူကြီးအပေါ်ရှိ တောင်တော်ပေါ်တွင် ဘုရားများကိုဖူးတွေ့ခဲ့ရပြီး ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းထားသည်ကိုလည်းတွေ့ရပါသည်။ အင်ကြင်းတောင်တော်ပေါ်မှနေ၍ ဝဲယာရှုခင်းများကို မျှော်ကြည့်မိရာ သစ်ပင်ကြီးများ အုပ်ဆိုင်းကာ လှပပါသည်။ ကျောက်လိုဏ်ဂူအပေါ်ရှိ တောင်တော်ပေါ်မှ ပြန်ဆင်းကြကာ ကျောက်လိုဏ်ဂူများကိုထွင်းကာ ထုလုပ်ထားသော ဘုရားများကို ပျူခေတ်ပုံစံအဖြစ် ဖူးတွေ့ရပါသည်။ ကျောက်လိုဏ်ဂူထဲတွင် လျောင်းတော်မူ (၂) ဆူကို ထုလုပ်ထားသလို ရှေးဟောင်း ရုပ်ပွားတော်များကို ပုံစံတော်အမျိုးမျိုးဖြင့် ဖူးတွေ့ခဲ့ကြရပါသည်။

အင်ကြင်းတောင်တော်မြတ်သည် သမိုင်းဝင်ဖိုလ်ဝင်တောင်တော်ကဲ့သို့ပင် ကျောက်ဂူများကို ထွင်းဖောက်ကာတည်ထားသော ရှေးဟောင်းဘုရားများဖြစ်ပါသည်။ ဘုရားသမိုင်းသေချာစွာမပြုစုထားသော်လည်း ဖိုလ်ဝင်တောင်တော် သမိုင်းတွင် နန်းတောင်းဘုရင်လက်ထက်က ဘုရင်မင်းမြတ်ရောက်ရှိလာကာ ဖိုလ်ဝင်တောင်တော်ပေါ်တွင် ဘုရားရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ထားခဲ့လေသည်။ ဟာလင်္ကာပူရမှ ပြူလဝမင်း၊ ပြူးမင်းညီနောင်တို့သည်



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုအရပ်သို့ ရောက်ရှိလာကြသည့်အခါ ဘုရားများကို ဖူးတွေ့ရ၍ ကြည်ညိုလှသဖြင့် မြတ်စွာဘုရားရုပ်ပွားတော်များကို ထပ်မံထုလုပ်ရန် ဦးရွှေဘကို အမိန့်ပေးခဲ့ကြောင်း လေ့လာသိရှိရပါသည်။

အင်ကြင်းတောင်တော်ရှိ ဘုရားရုပ်ပွားတော်များသည်လည်း ဖိုလ်ဝင်တောင်ကဲ့သို့ ကျောက်လိုဏ်ဂူကိုထွင်းထုထားသောဘုရားများဖြစ်၍ တစ်ခေတ်တည်းတည်ခဲ့ဟန်တူသည်ဟု ထင်မြင်မိသလို သုတေသနပြုကာ သမိုင်းစာအုပ်ပြုစုကြလျှင်ကောင်းမည်ဟုလည်း တွေးခဲ့မိပါသည်။ ရပ်ဝေးဘုရားဖူးများသည် ဖိုလ်ဝင်တောင်တော်သို့သာ ဘုရားဖူးရန်ရောက်ရှိကြပြီး အင်ကြင်းတောင်သို့ ရောက်ခဲ့ပါသည်။ အင်ကြင်းတောင်တော်ကား ဖိုလ်ဝင်တောင်တော်သို့သွားသော လမ်းမကြီး၏ လက်ယာဘက်တွင် တည်ရှိပြီး သမိုင်းဝင် အင်ကြင်းတောင်တော်ဆိုသော လမ်းညွှန်ကျောက်စာ စိုက်ထူထားပါသည်။ ဖိုလ်ဝင်တောင်သို့ ရောက်ရန် အင်ကြင်းတောင်ဆိုင်းဘုတ်ကို အရင်ကျော်ဖြတ်သွားရပါသည်။

□ **အင်ကြင်းတောင်နှင့်ပတ်သက်၍**

အင်ကြင်းတောင်တော်မြတ်သည် တခြားသူများအတွက် ထူးခြားမှုရှိ မရှိ မသိရသော်လည်း စာရေးသူအနေဖြင့် ထူးခြားခဲ့ပါသည်။ လွန်ခဲ့သော အနှစ် (၂၀) ကျော်ခန့်က အင်ကြင်းတောင်သို့ ရုံးအဖွဲ့နှင့်လာကြပြီး ကျောက်ဂူနံရံများကို ထုံးသုတ်ခြင်း၊ ဂူဝတွင်ပိတ်နေသော ဆီးခလောက်ပင်များ၊ ဆူးပင်များ၊ သစ်ပင်ချုံနွယ်များကို ရှင်းလင်းရန်လာကြသည့်အခါတွင် နေ့လယ် (၁၂) နာရီကျော်လျှင်နေပူလာပြီဖြစ်၍ ဝေယျာဝစ္စလုပ်ငန်းများရပ်ကာ ထမင်းစားပြီးကြလျှင် ဂူအတွင်းသို့ဝင်ရောက်တရားထိုင်ခြင်းပြုလုပ်ရာ လိပ်ပြာများ ခေါင်းပေါ်၊ ကိုယ်ပေါ်တို့တွင် လာရောက်နားနေခြင်းကို အိမ်မှလူများကတွေ့ရှိ၍ ပြန်ပြောပြပါသည်။ ကိုယ်ကတော့ မသိရှိခဲ့ပါ။

ဂူထဲရှိဘုရားများကို ဝင်ရောက်ဖူးစဉ် ကိုယ့်နှုတ်မှနေ၍ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟု ဝင်ရွတ်ခြင်းခံရပါသည်။ ‘ဂစ္ဆာမိ’ ဟု အသံမထွက်ဘဲ ‘ဂစ်ချာမိ’ ဟူ၍ အသံထွက်ဝင်ရွတ်ပါသည်။ အသံက ယောကျ်ားသံဖြစ်ပါသည်။

နား၀တွင်ကပ်ကာ ကိုယ်မသိသောစကားများဖြင့် စကားလာလာပြောသည်ကိုကြားရပါသည်။ ပြောသည့်စကားကို နားမလည်၍ ဘုရားဝေယျာဝစ္စလုပ်ရန် အတူလာသော ဆရာတစ်ဦးအားပြောပြမိရာ ထိုဆရာမှ ကိုယ်နားလည်သော ဘာသာစကားဖြင့် ပြောလိုသည်ကိုပြောပြရန် ဆုတောင်းဟုဆို၍ အင်ကြင်းတောင်ရှိ ဘုရားရှေ့တွင်ပင် ပြောသည့်စကား နားလည်ရပါလို၏ဟု



တရားစခန်းဝင်ယောဂီများ



အင်ကြင်းတောင်အနီးရှိ ရေကန်ကြီး





www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းခဲ့ပါသည်။ နောင်တွင် နားနား ကပ်ကာ ဇရပ်ကြီးပြုပြင်ပေးဖို့ အင်ကြင်း တောင်ရေကန်ကြီးအနီးတွင် ဟိုရှေးဘဝ များက ဆွေတော်မျိုးတော်များ မကျွတ် မလွတ်သေးသဖြင့် ငှက်ပျောပွဲ၊ အုန်းပွဲ၊ အလင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် လာရောက် လှူဒါန်းအမျှဝေရန်ပြောပါတော့သည်။ ဟိုးအရင်ဘဝကအမည်မှာ နန်းရွှေယဉ် ဖြစ်ကြောင်းနှင့် လိုဏ်ဂူအတွင်းရှိ ထိုင် တော်မူဘုရားတစ်ဆူမှာ သင်လှူခဲ့သည့် ဘုရားဖြစ်သည်ဟု ပြောသည်ကို ကြား ခဲ့ရပါသည်။

ထိုစဉ်က လခတစ်လ(၁၈၅)ကျပ် သာရသော စာရေး (၂) ဖြစ်၍ ဇရပ် ပြုပြင်လိုသော်လည်း သွားမပြင်ခဲ့နိုင်ပါ ပေ။ အိမ်မှနေ၍သာ ဘုရားတရား အလုပ်လုပ်ပြီးတိုင်း အင်ကြင်းတောင် ရေကန်ကြီးအနားမှာ နေထိုင်ကြသော မကျွတ်မလွတ်သောသူများရှိပါက သာဓု ခေါ်နိုင်ရန် ပြုပြုသမျှကုသိုလ်တို့ကို နေ့စဉ် အမျှဝေခဲ့ပါသည်။

ယခုသွားရောက်သည့်အခါ ထိုသို့ ပြောကြားခြင်းများ မကြားရတော့၍ ဝမ်းသာရပါသည်။

□ တွေ့လိုသူနှင့်တွေ့ရခြင်း

ကျောက်လိုဏ်ဂူများ၏အထက်ရှိ တောင်တော်ပေါ်တွင် ဘုရားဖူးရာမှ တရုတ်ဘုန်းကြီးလေးအကြောင်းပြောမိ ကြသည်။

"တခြားနိုင်ငံကတောင် လာပြီး တရားထိုင်တာကြည်ညိုစရာပဲ။ ဘွဲ့တော် သိချင်လိုက်တာ။ မျက်လွှာချပြီး ဆွမ်း ဘုဉ်းပေးနေလို့ မေးချင်တာကို မမေး လိုက်ရဘူး"

ထိုသို့ပြောခဲ့မိပြီး တောင်ပေါ်မှ ဆင်းလာခဲ့ကြသည်။ လိုဏ်ဂူအတွင်းရှိ ဘုရားများကိုဖူးပြီး တစ်ဖက်လိုဏ်ဂူ အတွင်းရှိဘုရားများကိုဖူးဖို့ဆက်လျှောက် လာစဉ် ကျောက်လိုဏ်ဂူနှင့်မျက်နှာချင်း ဆိုင်အဆင်းအပေါက်ဝနေရာတွင် တရုတ် ဘုန်းကြီးကို တွေ့ရှိရပါသည်။

"မသွင်တွေ့ချင်တဲ့ဘုန်းကြီးကိုတွေ့ ပြီ၊ ဟိုမှာ အဆင်သင့်စောင့်နေတယ်။ မေးချင်တာ သွားမေးတော့"

စာရေးသူလည်း ဝမ်းသာအားရ ဖြင့် သိချင်တာသွားလျှောက်ပါသည်။ ဘွဲ့တော်ကိုမေးမြန်းရာ ကျွန်မတို့က နားမလည်၍ 'အာလား' ဟု မေးရာ 'ဒကြီး' ဟူ၍ မြန်မာလိုပြော၍ အံ့ဩ ကြရသည်။ နားမလည်၍ ပြန်ပြောပြရ ဟုပြောရာ ပုတီကြည်သာဟု ပြောပြပါ သည်။

"မြန်မာလိုပြောတတ်လားဘုရား"

"နည်းနည်းပါးပါးပြောတတ်ပါ တယ်"

"ဒါဆို ဘယ်ကကြွလာတာပါလဲ"

"ထိုင်ဝမ်(တိုင်ပေ)ကနေလာတာ"

"ရောက်နေတာ ကြာပါပြီလား ဘုရား"

"ကြာပြီ ထိုင်ဝမ်(တိုင်ပေ)ကနေ ရန်ကုန်၊ ရန်ကုန်ကနေ မော်လမြိုင်မှာ တရားထိုင်တယ်။ မော်လမြိုင်ကနေ ရွှေတောင်ဦး၊ ရွှေတောင်ဦးကခွင့်ပြုလို့ ဒီမှာရောက်နေတာ (၆) ရက်ရှိပြီ"

အတူလာသည့် ဦးအောင်တ မြန်မာပြည်မှာတရားအလုပ်လုပ်ရတာ အဆင်ပြေရဲ့လားဟု လျှောက်ထားရာ အဆင်ပြေကြောင်း ပြောပါသည်။

မေးသည့်လူက အင်္ဂလိပ်လိုမေး ပြီး ဖြေသည့်အဖြေရှင်က မြန်မာလို ဖြေ၍ မြန်မာလိုတတ်၍ အဆင်ပြေရ သည်။

"အိပ်မရှင်းတတ်ဘူး၊ ဒီမှာက ပို ကောင်းပါတယ်"

ဟု ဖြေပါသည်။

တိုင်ပေမှနေ၍ မြန်မာနိုင်ငံအထိ ဗုဒ္ဓတရားတော်ကို လာရောက်ကျင့်ကြံ အားထုတ်သော သက်တော်(၃၀)ကျော် လောက်သာရှိမည့် ထိုင်ဝမ်တရုတ်ဗုဒ္ဓ ဘာသာဘုန်းကြီးလေးကို အားကျမိပါ သည်။ ကျွန်မတို့ကား ကြာပင်အောက်မှ ဖားများလိုဖြစ်နေပြီး တစ်နှစ်မှာတစ်ကြိမ် သင်္ကြန်ရုံးပိတ်ရက်(၁၀)ရက်မှသာ တရား စခန်းဝင်နိုင်ပြီး နေ့စဉ်အချိန်မှန်လည်း သိပ်မလုပ်ဖြစ်ဘဲ မြန်မာပြည်အနှံ့လည်း လှည့်လည်၍ တရားစခန်းမဝင်ဖြစ်ပါ။ တစ်နေ့ (၁) နာရီခန့်သာ အနိုင်နိုင်လုပ် ဖြစ်ပါသည်။

အင်ကြင်းတောင်တော်ပေါ်တွင် ထိုင်ဝမ်(တိုင်ပေ)ဘုန်းကြီးလေးကို စကား ပြောခွင့်ဖူးတွေ့ခွင့်ရ၍လည်း ဝမ်းသာ ရသည်။ ဒီတရားစခန်းကပြီးလျှင် ရန်ကုန်ပြန်မည်ဟု ပြောပါသည်။ နာရီ မေး၍ တရားပြန်ထိုင်ရန် အချိန်နီးနေ ပြီဖြစ်ကြောင်းသိရ၍ ကန်တော့ပြီးပြန် လာခဲ့ကြသည်။

တောင်အောက်သို့ ပြန်ရောက် တော့ ကားကအဆင်သင့်စောင့်နေ၍ အပြန်လမ်းတွင်ပြုခဲ့ကြရသည့် ကုသိုလ် များအတွက် ကြည်နူးသောစိတ်ဖြင့်ပြန် ခဲ့ကြရသလို အင်ကြင်းတောင်ရေကန် ကြီးဘေးမှ ကားဖြတ်မောင်းလာသည့် အခါ ပြုပြုသမျှသောကုသိုလ်တွေကို လည်း အမျှဝေခဲ့မိပါသည်။

□ အင်ကြင်းတောင်သမိုင်းကိုသိလို၍

အင်ကြင်းတောင်သမိုင်းစာအုပ် မရှိဘူးလားဟု ဆရာတော်ဦးသုမိတ္တကို လျှောက်ထားကြည့်ပါသည်။

"စာအုပ်ကတော့ သတ်သတ်မှတ် မှတ်မရှိပါဘူး။ ဘုန်းကြီးလည်း သမိုင်း ကြောင်းဆိုတော့ ကိုယ်ပြောတာတွေ မှားမှာစိုးရလို့မပြောတာ"

ဟု မိန့်ကြားပါသည်။

□ ယခင်ဆရာတော်ဘုရားကြီးမိန့်ကြားသော စကား

ဆရာတော်ကြီးဦးဒိဗ္ဗရယ်၊ တောင် စောင့်ဘီလူးမရယ်က ဟိုအရင်ဘဝက မောင်နှမတော်သည်ဟု ကြားဖူးခဲ့ပါ သည်။ ဆရာတော်ကြီးက မိန့်ကြားရာ တရားထိုင်ပြီး၍ မျက်စိဖွင့်ကြည့်လိုက်ရာ ဘီလူးတစ်ကောင်က သန်လျက်ထမ်း ကာ လမ်းလျှောက်နေပြီး ဘီလူးလက်မှ အမွေးများသည် ဆူးကဲ့သို့ချွန်ထွက်နေ ပြီး ကြေးမုံမှန်ရှေ့တွင် အလွန်လှပပြီး ဆံပင်ရှည်လျားသည့် မိန်းကလေးတစ် ယောက်က အလှပြင်နေသည်ကိုတွေ့ရ ၍ မျက်စိမြန်မှိတ်ကာ တရားဆက်မှတ် နေရသည်။ တရားစမ်းသည်ဟု ပြောပါ သည်။ နောက်တစ်ခါ တရားထိုင်အပြီး တွင် မတွေ့ရသောကြောင်း ဆရာတော် ကြီးက ပြောပြသည်ကို ကိုယ်တိုင်ကြား ခဲ့ဖူးပါသည်။ ထိုတောင်တော်တွင်စောင့် သောတောင်စောင့်နတ်မှာ ဘီလူးဖြစ် ကြောင်းပြောပါသည်။

□ မုံရွာသို့ဘုရားဖူးရောက်သည့်အခါ

မုံရွာမြို့သို့ ဘုရားဖူးလာဖြစ်သည့် အခါ မုံရွာအနောက်ဘက်တမ်းရှိ သမိုင်း ဝင် ဖိုလ်ဝင်တောင်တော်သို့ ဘုရားဖူး ရောက်ကြမည် ဖြစ်ပါသည်။ ဖိုလ်ဝင် တောင်တော်လိုပင် အင်ကြင်းတောင် တော်ရှိ ရှေးဟောင်းဘုရားများကိုလည်း ကြုံကြိုက်သည့်အခိုက်တွင် ဝင်ရောက် ဖူးမြော်သွားကြပြီး ရှေးဟောင်းအမွေ အနှစ်များကို လေ့လာကြရန် တိုက်တွန်း ရင်း အင်ကြင်းတောင်တော်ပေါ်ရှိ ဘုရား များကို ဓာတ်ပုံများနှင့်တကွ ကြည်ညို စွာဖူးတွေ့နိုင်ရန် ရေးသားလိုက်ရပါ သည်။

စောမိသွင် (ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအုန်းသွင်

## သဘာဝဓမ္မ

## ချမ်းသာခြင်း ဟူသည် အဘယ်နည်း

"ဒီကနေ့ ဘုရားအလောင်းတော် တောထွက်တော်မူတဲ့အကြောင်းပြောရအောင်။ ဒါက အားလုံးသိပြီးဖြစ်ပေမယ့် မေ့နေတဲ့အချက်၊ ကျန်နေတဲ့အချက်ကလေးများရှိရင် ပြန်သတိရဖို့ ပြည့်စုံသင့်သလောက် ပြည့်စုံဖို့ပေါ့။ ပြီးတော့ မြတ်စွာဘုရားရဲ့အကြောင်းကိုပြောရမှာလည်း ပါသင့်တာကလေးတွေ ပါသွားအောင်လို့ပေါ့"

ကိုအုန်းစိန်က စကားဝိုင်းကို ဤသို့ စတင်ဖွင့်လိုက်ပါသည်။

ဦးအုန်းရွှေ ။ ။ အဲဒါငယ်ငယ်တုန်းက သင်ဖူး၊ ကြားဖူးတာ။ ကြီးလာတော့ အဲဒါတွေကို မေ့ကုန်ပြီ။ ပြန်ပြောတာကောင်းတယ်။ ပြန်သတိရပြီး တုသိုလ်ရတာပေါ့။

စိန် ။ ။ သိဒ္ဓတ္ထမင်းသားဟာ လူအို၊ လူနာ၊ လူသေ၊ ရဟန်းဆိုတဲ့နိမိတ်ကြီး (၄) ပါးမြင်ပြီး တောထွက်တယ်ဆိုတာ အားလုံးသိကြတယ်၊ နောက်ဆုံးဖြစ်တဲ့ရဟန်းကို မြင်တော့ မင်းသားက ရထားထိန်းကို ဘာလဲလို့ မေးတယ်၊ ရထားထိန်းက ရဟန်းလို့ ဖြေတယ်။ ဒီတော့ မင်းသားက ဘာလုပ်သူလဲလို့ ထပ်မေးတယ်။ ဒီတော့ ရထားထိန်းက မအို၊ မနာ၊ မသေတဲ့တရားကိုရှာသူလို့ ဖြေတယ်၊ ဒီနေရာမှာ ရထားထိန်းသိလို့ ဖြေတာမဟုတ်ဘူး၊ ဘုရားအလောင်းက အဲဒီစကားကိုကြားပြီး မအို၊ မနာ၊ မသေတဲ့တရားကိုရှာရန် တောထွက်ဖို့ နတ်တွေက ဖြေပေးတာလို့ ကြားဖူးတယ်၊ ထကယ်လည်း အလောင်းတော်က အဲဒီအသိဝင်ပြီးတောထွက်ဖို့အကြံဖြစ်တယ်၊

အဲဒီလိုနဲ့ နန်းတော်ကိုပြန်လာတော့ လမ်းမှာ လမ်းဘေးသူကြွယ်အိမ်တစ်အိမ်က သူကြွယ်သမီးတစ်ဦးဟာ ပြတင်းပေါက်ဖွင့်ပြီး လမ်းမကိုကြည့်လိုက်တော့ အလောင်းတော်မင်းသားကို မြင်တယ်၊ မင်းသမီးအမည်က ကိသာဂေါတမီတဲ့။ တင့်တယ်လှပတဲ့မင်းသားရဲ့ ရုပ်အဆင်းကိုမြင်တော့ ကိသာဂေါတမီက ဒီလိုတင့်တယ်ချောမောလှပတဲ့ ရုပ်အဆင်းအင်္ဂါနဲ့ပြည့်စုံတဲ့သားကိုမွေးထားရတဲ့အမေဟာ ဘယ်လောက်ချမ်းသာပေလိမ့်မလဲ။ အဖေကလည်း ဘယ်လောက်ချမ်းသာပေလိမ့်မလဲ။ ဒီလိုအဆင်းသဏ္ဌာန်ရှိတဲ့ ခင်ပွန်းယောကျ်ားကို ရထားတဲ့ဇနီးမယားဟာလည်း ဘယ်လောက်ချမ်းသာပေလိမ့်မလဲလို့ အသံထွက်ပြီး ရွှင်လန်းအားရတဲ့စကားကိုပြောတယ်။ ပြောတာက ပါဠိလိုပေါ့၊ ငါက ဗမာလိုပြန်ပြောပြတာ၊ အဲဒီမှာ ပါဠိစကားတစ်လုံးကို ပြောမှဖြစ်မယ်၊ အဲဒါက နိဗ္ဗုတာဆိုတဲ့ စကားလုံးပဲ၊ ဗမာလိုတော့ ချမ်းသာခြင်းဆိုတာပဲ၊ နိဗ္ဗာန်ဆိုတဲ့စကားက အဲဒီကလာတာပေါ့။

အလောင်းတော်က အဲဒီစကားကို ကြားသွားတယ်၊ အဲဒီမှာ ချမ်းသာခြင်းဆိုတဲ့စကားကို အလေးအနက်ပြုလိုက်မိတယ်။ အလောင်းတော်က မကြာခင် အိုမင်းရင့်ရော်ပြီး ပျက်စီးသွားမယ့် ရုပ်ခန္ဓာနဲ့ပတ်သက်ပြီး ဘာချမ်းသာစရာရှိမှာလဲ၊ ချမ်းသာတယ်ဆိုတာ မအို၊ မနာ၊ မသေမှ ချမ်းသာတာဖြစ်မှာပေါ့။ စောစောကတွေ့ခဲ့တဲ့ ရဟန်းရှာတဲ့တရားဆိုတာ သည်ချမ်းသာခြင်းဖြစ်မှာပဲ၊ ဒီချမ်းသာကို ငါလည်းရှာသင့်တယ်၊ ချမ်းသာခြင်း (နိဗ္ဗုတာ) စကားလေးနဲ့ ငါ့ကို တရားရှာဖို့ ညွှန်ပြလိုက်တဲ့ သည်



www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးဟာ ငါ့ရဲ့ဆရာ၊ ငါ့ရဲ့ကျေးဇူးရှင်ပဲ။ ဒီစကားအတွက် သူ့ကိုကျေးဇူးဆပ်သင့်တယ်လို့ဆိုပြီး နန်းတော်ရောက်တော့ သူလည်ပင်းမှာဆွဲထားတဲ့ အသပြာတစ်သိန်းတန်တဲ့လည်ဆွဲကို အပ်နှင်းလိုက်တယ်။ အဲဒီအချိန်မှာ အလောင်းတော်ရဲ့မိဖုရားယသော်ဓရာဟာ သားဦးလေးကိုဖွားမြင်လို့ ကပ္ပလဝတ်တစ်မြို့လုံး ဝမ်းသာအားရနဲ့ အုန်းအုန်းကျွက်ကျွက်ဖြစ်နေကြတယ်။

'ယသော်ဓရာက ကလေးမျက်နှာမြင်သွားလို့ သိဒ္ဓတ္ထမင်းသားက ငါ့ကိုသိမ်းပိုက်ချင်လို့ လည်ဆွဲရတနာလက်ဆောင်ပေးတာဖြစ်မယ်'

လို့ ကိသာဂေါတမီက တွေးပြီးအပျော်ကြီးပျော်နေရှာတယ်။ ညဘက်မှာ ထုံးစံအတိုင်း ကချေသည်တွေ သီဆိုကပြနေတာကြည့်ရင်းနဲ့ မင်းသားကအိပ်ပျော်နေတယ်။ မင်းသားအိပ်တော့ ကချေသည်တွေလည်း အဲဒီမှာပဲအိပ်လိုက်ကြတယ်။ သန်းခေါင်ကျော်လောက်ကျတော့ မင်းသားနိုးလာတယ်။ ပုံပျက်ပန်းပျက်အိပ်နေလိုက်ကြတာဟာ သုသာန်မှာ အလောင်းကောင်တွေပစ်ထားသလိုပဲ။ အဲဒီမှာ မင်းသားတောထွက်ဖို့အကြံဟာ အခိုင်အမာဖြစ်သွားပြီ။ ဒါနဲ့ အပါးတော်မြဲ ဆန္နအမတ်ကို ခေါ်ပြီး တောထွက်သွားတယ်။ အနော်မာသောင်ရောက်တော့ ဆံပင်ကိုဖြတ်ပြီး ရဟန်းအသွင်ကိုယူတယ်။သိပြီးသားတွေဖြစ်လို့ချုံးပြီးပြောတာ။ အဲဒီမှာ ယင်္ဂိကပြဟ္မာမင်းက ကြာသင်္ကန်းဆက်ကပ်တယ်။

ရွှေ ။ ။ ကြာသင်္ကန်းဆိုတာ ကြာချည်မျှင်နဲ့ ယက်ထားတာလား။

စိန် ။ ။ မဟုတ်ဘူး။ ကမ္ဘာတည်စဘုရားပွင့်မယ့်ကမ္ဘာဆိုရင် ပွင့်မယ့်အဆူအရေ ကြာပွင့်တွေပေါ်ပြီး ကြာပွင့်နဲ့အတူသင်္ကန်းတွေပါတယ်။ အဲဒီသင်္ကန်းကိုပြောတာပဲ။ ဒီကမ္ဘာမှာ ဘုရားငါးဆူပွင့်မှာဆိုတော့ ကြာငါးပွင့်နဲ့ သင်္ကန်းငါးစုံပါတာပေါ့။

ရွှေ ။ ။ အဲဒီပြဟ္မာဟာ ဘုရားငါးဆူစလုံးကို သင်္ကန်းကပ်ရမှာလား။

စိန် ။ ။ မဟုတ်ဘူး။ ဒီပြဟ္မာဟာ ကဿပဘုရားလက်ထက်ကမှ ပြဟ္မာဖြစ်တာ။ ကဿပဘုရားလက်ထက်က ယင်္ဂိကဆိုတဲ့ အိုးထိန်းသည် (အိုးလုပ်သူ) ဖြစ်ခဲ့တယ်။ သူဟာ ကဿပဘုရား ဘုရားမဖြစ်ခင်က အဲဒီဘုရားအလောင်းရဲ့သူငယ်ချင်းဖြစ်ခဲ့သလို အခု ငါတို့ဂေါတမဘုရားအလောင်းဖြစ်တဲ့ ဇောတိပါလပုဏ္ဏားနဲ့လည်း တစ်ချိန်တည်းမှာ သူငယ်ချင်းဖြစ်ခဲ့တယ်။ အမျိုး (၄) ပါးအကြောင်းကို ငါပြောခဲ့ဖူးတယ်။ အမြတ်ဆုံးက ပုဏ္ဏားမျိုး၊ အနိမ့်ဆုံးက အိုးထိန်းသည်လို လက်လုပ်လက်စားမျိုး။ အဲဒီအမြင့်ဆုံးနဲ့ အနိမ့်ဆုံးအမျိုးဖြစ်တဲ့ ဇောတိပါလပုဏ္ဏားသူဌေးနဲ့ ယင်္ဂိကအိုးထိန်းသည်တို့ဟာ အလွန်ရင်းနှီးတဲ့သူငယ်ချင်းတွေဖြစ်ကြတယ်။ အိုးထိန်းသည်ဟာ ကဿပဘုရားအလောင်းနဲ့ သူငယ်ချင်းဖြစ်ခဲ့ပြီး ဘုရားဖြစ်သွားတော့လည်း အလွန်ရင်းရင်းနှီးနှီးဆက်ဆံကြတယ်။ ဘုရားရဲ့အဆုံးအမကို နာယူပြီး ညွှန်ပြတဲ့တရားများကို ကျင့်ကြံအားထုတ်တယ်။ ဇောတိပါလနဲ့ကဿပဘုရားကတော့ တစ်ခါမှမတွေ့ကြုံဖူးဘူး။

ဇောတိပါလဟာ ဗြာဟ္မဏတို့ကိုးကွယ်တဲ့ဗြာဟ္မဏဝါဒကို လက်ခံသူဖြစ်လို့ ကဿပဘုရားရဲ့ဝါဒကို အထင်လည်းမကြီးဘူး။ လေ့လည်းမလေ့လာဘူး။ သိလည်းမသိဘူး။ အိုးထွန်းသည်က ကဿပဘုရားဆီသွားဖို့ မကြာခဏခေါ်ပေမယ့်လုံးဝမလိုက်ဘူး။

တစ်နေ့မှာတော့ အိုးထိန်းသည်နဲ့ ဇောတိပါလတို့ဟာ မြစ်ဆိပ်မှာ အတူရေချိုးကြတယ်။ ရေချိုးနေတုန်း အိုးထိန်းသည်က ဇောတိပါလကို ကဿပဘုရားထံ သူနဲ့သွားဖို့ခေါ်တယ်။ ဇော်တိပါလက 'ဒီဦးပြည်းဆီသွားလို့ ဘာအကျိုးရှိမှာလဲ' ဆိုပြီး ခါးခါးသီးသီးငြင်းတယ်၊ အိုးထိန်းသည်ဟာ သူ့ဆန္ဒကိုမချုပ်တည်းနိုင်တော့တဲ့အတွက် ဇောတိပါလကိုလိုက်ခဲ့ရမယ်ဆိုပြီး ဆံပင်ဆွဲပြီးခေါ်တယ်။ ဒီအဆင့် (၂) ခုဟာ အသားရှိုင်းတောင်အထိမခံတဲ့အဆင့်ပဲ။ ဒါကို ခန္ဓာကိုယ်ရဲ့အမြတ်ဆုံးဖြစ်တဲ့ဆံပင်ကို အဆွဲခံရတဲ့အတွက် ဇောတိပါလဟာ ဒေါသပေါက်ကွဲသင့်တယ်။ ဒါပေမယ့် ဘုရားအလောင်းဖြစ်လို့ ပေါက်ကွဲရမယ့်အစား ဒီလိုမလုပ်သင့်တဲ့အလုပ်လုပ်တာဟာ သူတကယ်တွေ့စေချင်လို့ပဲ။ ငါလိုက်တွေ့သင့်တယ်လို့စဉ်းစားပြီး လိုက်သွားတယ်။

ဘုရားတရားကို နာရပြီးနောက် ဇောတိပါလက အိုးထိန်းသည်ကို 'မင်းမှာ ဒီလောက်ကောင်းတဲ့တရားကို ဟောပြနိုင်သူရှိလျက်နဲ့ ဘာလို့ရဟန်းမပြုတာလဲ' လို့ မေးတယ်။

အိုးထိန်းသည်က -

'ငါ့မှာဒီမျက်မမြင်အမေအိုကြီးကိုထားပြီး ဘယ်လိုလုပ်ရဟန်းပြုနိုင်မလဲ'

လို့ ပြန်ဖြေတယ်။

ဇောတိပါလ ချက်ချင်းပဲဘုရားထံမှာ ခွင့်တောင်းပြီးရဟန်းပြုလိုက်တယ်။ ဘုရားဖြစ်မယ့်သူမို့ တစ်မစ်တစ်ဖိုလ်မရဘူး။ အိုးထိန်းသည်ကတော့ အနာဂါမ်အဆင့်အထိရောက်ပြီး ကွယ်လွန်တော့ သုဒ္ဓါဝါသပြဟ္မာ့ဘုံမှာ ယင်္ဂိကပြဟ္မာသွားဖြစ်တယ်။ အနာဂါမ်ပြဟ္မာကြီးပေါ့။

ရွှေ ။ ။ ငါ့အသက် (၈၅) နှစ်ကျော်ပြီ။ ဒီအကြောင်းကို အခုမှပဲကြားဖူးတယ်။

စိန် ။ ။ အေး - ငါလည်း တစ်လောကမှ ပါမောက္ခချုပ်ဆရာတော်ရဲ့တရားကိုနာရာမှ ကြားဖူးခဲ့တာ။ တို့တွေအကြမ်းဖျင်းသိထားတာက ဘုရားအလောင်းကတောထွက်တယ်။ဥရုဝေလတောကိုရောက်တော့ ဘုရားအလောင်းမွေးကတည်းက ဘုရားဖြစ်မယ်လို့ လက္ခဏာဟောပြီး ကြိုတင်တောထွက်သွားတဲ့ ကောဏ္ဍညပုဏ္ဏား ခေါင်းဆောင်တဲ့ ပဉ္စဝဂ္ဂီ (၅) ဦးနဲ့တွေ့တယ်။ အဲဒီမှာဒုက္ကရစရိယာ (၆) နှစ်ကျင့်တယ်။ ပြီးတော့ ဘုရားဖြစ်တယ်။ ဒါပဲသိတယ်။ တကယ်တော့ အလောင်းတော် တောထွက်တဲ့အချိန်နဲ့ ဘုရားဖြစ်ချိန်ဟာ (၆) နှစ်ရှိပေမယ့် ဒုက္ကရစရိယာကျင့်ချိန်ဟာ (၆) နှစ်မပြည့်ဘူး။

အကျဉ်းချုံးပြောရရင် တောထွက်စမှာ ရာဇဂြိုဟ်ပြည်ကိုရောက်သွားတယ်။ အဲဒီအချိန်က တောထွက်သူများဟာ အသက်ကြီးပိုင်းကဖြစ်ပြီး အဝတ်မဝတ်သူ၊ ဖိုးရိုးဖားရား။ ဆံမုတ်ဆိတ်နဲ့လူတွေပဲရှိတယ်။ အလောင်းတော်ဟာ ငယ်ရွယ်ပြီး တင့်တယ်တဲ့ရုပ်အဆင်းရှိတယ်။ ဆံမုတ်ဆိတ်ကို ပယ်ပြီး အဝါရောင်သင်္ကန်းကို သပ်သပ်ရပ်ရပ်ဝတ်ထားတယ်။ အဲဒီလိုပုံစံနဲ့ ရာဇဂြိုဟ်မြို့တွင်းကိုဝင်တော့ လူတွေ တအံ့တသြနဲ့ အုန်းအုန်းကျွက်ကျွက်ဖြစ်တယ်။ ဗိမ္ဗိသာရမင်းကြားသိတော့ ဘုရားအလောင်းဆွမ်းခံပြီး ဆွမ်းစားရာနေရာကိုလိုက်သွားပြီး မေးမြန်းတယ်။ သူတို့(၂)ဦးဟာ သက်တူရွယ်တူလောက်ရှိတယ်။ အကြောင်းစုံသိတော့ ဗိမ္ဗိသာရငယ်သေးတယ်၊ သူနဲ့အတူ ထီးနန်းစည်းစိမ်ကိုခွဲဝေခံစားပါ။ အသက်ကြီးမှ တောထွက်ပါလို့ ပြောတယ်။ အလောင်းတော်က လက်မခံဘူး။ ဘုရားဖြစ်အောင်ကျင့်ကြံအားထုတ်မယ်ပြောတယ်။ ဒီတော့ ဗိမ္ဗိသာရမင်းက ဘုရားဖြစ်ရင် သူ့တိုင်းပြည်ကိုအရင်ဆုံးကြွဖို့လျှောက်ထားလိုက်တယ်။ အလောင်းတော်က ဝန်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



## အဏ္ဏဝါလှိုင်း

# ပန်းပက်လက်ရှက် ဆေးဖက်ဝင်ပုံ

'ပန်းပက်လက်ပင်' ဟု ခေါ်ပါသည်။ တချို့အရပ်ဒေသက ကျွဲကျောင်းမင်၊ ဆိတ်နို့ပင်ဟုလည်း ခေါ်ပါသည်။ မြန်မာပြည် နေရာဒေသမျိုးစုံတို့တွင် ပေါက်ရောက်ရှင်သန်ပါသည်။ မြင်းခွာရွက်ပုံသဏ္ဍာန်နွယ်ပင်မျိုး ဖြစ်သည်။ အကိုင်းကိုဖြတ်လိုက်သောအခါတွင် အဖြူရောင်အရည်များထွက်လာပါသည်။ မီခင်မှထွက်သောနို့ကဲ့သို့ အားကိုဖြစ်စေသောအာနိသင်များအပြည့်ပါဝင်ပါသည်။

မြန်မာပြည်ကို အယ်နီညိုရာသီဥတုက မကြာခဏဒုက္ခပေးလေသည်။ မိုးခေါင်၍ ပူလောင်ခြောက်သွေ့သောဒဏ်ကို ခံစားရလေသည်၊ ရေငတ်၍ မသန့်ရှင်းသောရေကို သောက်မိပါက ဝမ်းရောဂါဖြစ်လေတော့သည်။ ၂၀၀၃ ခုနှစ်လောက်က တောင်တွင်းကြီးတွင် အယ်နီညိုကြောင့် လူများစွာသေဆုံးခဲ့ရသည်။ ဝမ်းရောဂါထပ်မံဖြစ်ပွားမြန်သဖြင့် မြေပြုရာကင်းမှောက်ဖြစ်ရမြန်သည်။ ဆေးရုံဆေးခန်းတို့မှာ လူနာများဖြင့်ပြည့်နေပြီး ထားရန်နေရာမရှိတော့ပါ။ ဆေးကုသရင်းနှင့် အသက်ဆုံးရှုံးရသူတွေလည်းများလာ၏။

တောင်တွင်းကြီးမှ မြန်မာတိုင်းရင်းဆေးဆရာတစ်ဦးက ပန်းပက်လက်အပင်ကိုစုဆောင်းပြီး (၃)ခွက်(၁)ခွက်ရအောင် ကျိုလေသည်။ ဝမ်းရောဂါလူနာများအား တိုက်ကျွေးရာ ရောဂါပျောက်ကင်းသွားကြပါသည်၊ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် လူနာများနေ့စဉ်တိုး၍တိုး၍လာ၏။ လူနာရှင်များအား ပန်းပက်လက်ပင်ကိုပြုပြီးရှာဖွေစေ၏။ ရလာသောအပင်များကို ကျိုချိန်မရတော့။ ထုထောင်းပြီး ထန်းလျက်နှင့် စားစေ၏။ ဝမ်းထဲသို့ရောက်ဖို့အမိကဖြစ်လေသည်။ ဝမ်းထဲရောက်ပါက အသက်ကယ်လို့ရလေပြီ။ လူနာမှာ ချက်ချင်းအားအင်တွေပြည့်လာပြီး ဝမ်းသွားတာရပ်သွားလေသည်။

သို့ဖြင့် ကာလဝမ်းရောဂါလူနာများကို တစ်ဖက်တစ်လမ်းမှ အသက်ကယ်ခဲ့ရကြောင်း ပြောပြပါသည်။ အပင်မှာ ဓာတ်ဆားနှင့် ဂလူးကို့စ်ပေါင်းစပ်ထားသကဲ့သို့ ထူးခြားသောအာနိသင်ရှိကြောင်း၊ မိုးတွင်းခြင်ဆီတွင်ကုန်သွားသောအင်အားများကို ချက်ချင်းဖြည့်ဆည်းပေးကြောင်း ပြောပြပါသည်။

အင်အားကုန်ခန်းသူများနှင့် ဝမ်းရောဂါရသူများအတွက် မျှဝေပေးလိုက်ပါသည်။

အဏ္ဏဝါလှိုင်း

---

ဆက်လက်ကြွသွားတယ်။ အလောင်းတော်ဟာ ဆရာလိုအပ်တယ်။ ဆရာရှာတယ်။ အဲဒီမှာ ရှေးဦးစွာ အာဠာရရသေ့က ဝမ်းခြောက်ဝမ်းသာကြိုဆိုလက်ခံပြီး သူ့ကျင့်စဉ်ကိုပေးတယ်။အလောင်းတော်ကပေးတဲ့ကျင့်စဉ်အတိုင်း ကျင့်ကြံအားထုတ်တယ်။ မကြာခင်မှာပဲ အောင်မြင်ပြီးမြောက်တယ်။ သူ့ကျင့်စဉ်က ပြဟ္မာ့ဘုံမှာ ဒုတိယအမြင့်ဆုံးဖြစ်တဲ့ အရူပဘုံကိုရောက်စေတဲ့ ကျင့်စဉ်ပဲ။ အလောင်းတော်က ဒါဟာ သံသရာမှလွတ်မြောက်ကြောင်းလမ်းစဉ်မဟုတ်ဘူး။ ပြဟ္မာ့ဘုံမှာပဲ လမ်းဆုံးနေတယ်လို့ သိတယ်။ အာဠာရရသေ့က အလောင်းတော် အောင်မြင် ပြီးမြောက်သွားကြောင်းသိတော့ ကျေနပ်အားရပြီး သူနဲ့အတူ ပူးတွဲဂိုဏ်းဆရာအဖြစ် ဂိုဏ်းကိုအုပ်ချုပ် ဆရာလုပ်ဖို့ပြောတယ်။ အလောင်းတော်က လက်မခံဘူး၊ နောက်ထပ်ကျင့်စဉ်နဲ့ ဆရာရှာဖို့ထွက်ခဲ့တယ်။

အဲဒီနောက် ဥဒကရသေ့ထံရောက်သွားတယ်။ သူ့ကျင့်စဉ်ကိုလည်း မကြာခင် အောင်မြင်ပြီးမြောက်သွားတယ်၊ ဥဒကရသေ့တောင် မအောင်မြင်သေးဘူး။ ဥဒကရသေ့က သူ့ကိုပါ အုပ်ချုပ်ပြီး ဆရာလုပ်ဖို့ပြောတယ်။ အလောင်းတော်က သံသရာကလွတ်မြောက်မှာမဟုတ်လို့ လက်မခံဘူး။

အာဠာရရသေ့ထံမှာ အောင်မြင်ပေါက်မြောက်ခဲ့တဲ့ကျင့်စဉ်အရ (၃၁)ဘုံနဲ့ ပြဟ္မာ့ဘုံတို့မှာ ဒုတိယအမြင့်ဆုံးဖြစ်တဲ့ ဇာကညာယတနဘုံကို ရောက်မှာဖြစ်တယ်။ သက်တမ်းက မဟာကပ်ကမ္ဘာပေါင်းခြောက်သောင်းဖြစ်တယ်၊ မဟာကပ်ကမ္ဘာဆိုတာ အခုတို့နေတဲ့ အသင်္ချေယကပ်ကမ္ဘာရဲ့ သက်တမ်းလေးဆရှိတယ်။ နောက် ဥဒကရသေ့ထံကရခဲ့တဲ့နည်းနဲ့ဆိုရင် (၃၁) ဘုံနဲ့ ပြဟ္မာ့ဘုံတို့မှာ အမြင့်ဆုံးဖြစ်တဲ့ နေဝသညာ၊ နာသညာ၊ ယတနဘုံကို ရောက်မယ်။ သက်တမ်းက မဟာကပ်ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ဖြစ်တယ်၊ ဒါပေမယ့် သက်တမ်းကုန်ရင် (၃၁)ဘုံမှာ ပြန်ကျင်လည်ရဦးမှာပဲလို့သိတဲ့အတွက် အလောင်းတော်က ကျောခိုင်းခဲ့ခြင်း ဖြစ်တယ်။

အဲဒီလိုနဲ့နောက်ထပ်ဆရာရှာရင်း ဥရုဝေလတောကို ရောက်သွားတယ်၊ အဲဒီမှာ ပဥ္စဝဂ္ဂီ (၅) ဦးနဲ့တွေ့ပြီး ပဥ္စဝဂ္ဂီ (၅) ဦးရဲ့ အလုပ်အကျွေးကို ခံယူပြီး ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ပဲ တရားဆက်ကျင့်တယ်။ အဲဒီမှာ ခန္ဓာကိုယ်ကိုအစွမ်းကုန်ညှဉ်းပမ်းနှိပ်စက်မှ တရားရနိုင်မယ်ဆိုတဲ့ မှားယွင်းတဲ့အတွေးဝင်လာတယ်၊ အဲဒီတော့မှ လူသာမန်တို့အလွန်တရာကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယာအကျင့်ကို စကျင့်တယ်။ အစာဖြတ်ပြီး ပြင်းပြင်းထန်ထန်ကျင့်တဲ့အကျင့်ပေါ့။ အချို့က ဒုက္ကစရိယာလို့ မှားပြောကြတယ်၊ မဟုတ်ဘူး၊ ကျင်ဖို့အလွန်ခဲယဉ်းတဲ့ ဒုက္ကရစရိယာအကျင့်ပဲ။ နောက်ဆုံး ဗိုက်ကိုစမ်းရင် ခါးကိုကိုင်မိတယ်ဆိုတဲ့အထိ ပိန်ချုံးကာ အားပြတ်ပြီး တုံးလုံးလဲသွားတယ်။

မေး ။ ။ တသသပဘုရား (၆) လပဲ ဒုက္ကရစရိယာကျင့်တာကို ငါဆိုရင်(၆)နှစ်ကျင့်မယ်ပြောလို့ ဝဋ်လိုက်တာလို့ဆိုတယ်မဟုတ်လား။ ဘုရားလောင်းတိုင်း ဒုက္ကရစရိယာကျင့်ရသလား။

စိန် ။ ။ ဝိပါက်တော် (၁၂) ပါးမှာ ပါတယ်။ဇောတိပါလပုဏ္ဏားဘဝ ရဟန်းမဖြစ်ခင်မှာပြောတဲ့စကားပဲ။ ဒုက္ကရစရိယာကျင့်ရတယ်ဆိုတာ ဘုရားလောင်းတို့ရဲ့ နိယာမသဘောပဲထင်တယ်။

တဲ - ဒီနေ့ ဒီလောက်နဲ့ နားကြဦးစို့။

ချောင်းဆင့်ရှိန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဖိုး (မော်ကျွန်း)

## မင်္ဂလာမိတ်ဆက်

ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော မင်္ဂလသုတ်လာ မင်္ဂလာတရားတော်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူနေမှုစနစ်တွင် အဓိကအခန်းကဏ္ဍမှပါဝင်နေ၏။ မြန်မာတို့သည် မွေးဖွားသည်မှ ကွယ်လွန်သည်အထိ မင်္ဂလသုတ်တရားတော်ကို ဦးထိပ်ပန်ကာ မြှုမှုဆက်ဆံကျင့်ကြံနေထိုင်သွားကြ၏။ ဗုဒ္ဓဟောကြားသောတရားတော်များအနက် မင်္ဂလသုတ်သည် လောကလူသားများအတွက် လူမှုရေးနယ်ပယ်တွင် အရေးပါအရာရောက်ဆုံး ဖြစ်ပေသည်။ လူကြီး၊ လူရွယ်၊ လူငယ် အရွယ်သုံးပါးနှင့်သက်ဆိုင်၏။ မည်သည့်ခေတ်၊ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်၊ မည်သည့်လူတန်းစားကိုမဆို အကျိုးကျေးဇူးပြုနိုင်ပေသည်။

မင်္ဂလာ ဟူသော စကားလုံးကို နေ့စဉ်နေ့တိုင်းလိုလို ပြောဆိုသုံးနှုန်းနေကြပေသည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံနှုတ်ဆက်ကြရာတွင် 'မင်္ဂလာပါ' ဟုလည်းကောင်း၊ 'မင်္ဂလာရှိပါစေ' ဟူ၍လည်းကောင်း ခေါ်ပြောနှုတ်ဆက်လေ့ရှိကြပေသည်။ မင်္ဂလာ ဟူသည်ကား ကျက်သရေရှိခြင်း၊ ကောင်းကျိုးများရရှိစေခြင်း ဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်ပါသည်။

မြန်မာစာပေ၏ မြစ်ဖျားခံရာဘူမိနက်သန်သည် ဘုန်းတော်ကြီးကျောင်းများ ဖြစ်ကြ၏။ မိန်းကလေးဖြစ်စေ၊ ယောကျ်ားကလေးဖြစ်စေ လူငယ်မှန်သမျှ ဘုန်းကြီးကျောင်းမှသာ နေခဲ့ကြရ၏။ နေသမျှကလေးတိုင်းသည် မင်္ဂလသုတ်ကို မလွဲမသွေကျက်မှတ်ပြီး အာဂုံဖြန်ဆိုကြရ၏။ ထိုကလေးများလူလားမြောက်၍ သူတို့၏ သားစဉ်မြေးဆက်များသည်လည်း ထိုထိုသောဘုန်းကြီးကျောင်းများတွင်ပင်နေကြရပြီး ထိုမင်္ဂလသုတ်ကိုပင်ရွတ်ကြဆိုကြ၊ အာဂုံဖြန်ကြရလေရာ မြန်မာတစ်ပြည်လုံး မင်္ဂလသုတ်အသံ ခြိမ့်ခြိမ့်ညံခဲ့ရပေသည်။ ထို့ကြောင့် ရှေးအခါက ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်လျှင် မင်္ဂလသုတ်ကို မကြားဘူးသူမရှိ၊ မရွတ်ဘူးသူမရှိ၊ မရဘူးသူမရှိဖြစ်ခဲ့ပေသည်။

စာရေးသူသည် တောလက်ကျေးရွာတွင် မွေးဖွားခဲ့ပြီး ဘုန်းတော်ကြီးသင်ပညာရေးစနစ်ဖြင့် စတင်ခဲ့ရသူဖြစ်သည့်အလျောက် 'ယံမင်္ဂလံ ဒွါဒသသဟိ' အစချီသော မင်္ဂလသုတ်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရပါသည်။ ပါဠိအနက် နှုတ်တက်အာဂုံဆောင်ပြီး သရုပ်နှင့် အမေးအဖြေကိုပါ ကျက်မှတ်ခဲ့ရသော်လည်း ပါးစပ်ဖျားတွင်သာ လမ်းဆုံးခဲ့ပြီး ရင်ထဲနှလုံးထဲအထိ မရောက်ခဲ့ပါပေ။ အသက်အရွယ်ရလာပြီးနောက် ရဟန်းပညာရှိလူပညာရှိများစွာတို့၏ တရားတော်များကို လေ့လာဖတ်ရှု နာကြားခွင့်ရသည့်အခါမှသာ မင်္ဂလာတရားတော်၏ အရေးပါပုံကို သဘောပေါက်လာ၏။တန်ဖိုးထားတတ်လာ၏။

မင်္ဂလာတရားတော်သည် လူသားအားလုံးနှင့်သက်ဆိုင်သော ကြီးပွားချမ်းသာရေးနည်းပညာဖြစ်၏။ လောကလူသားတိုင်း ကြီးပွားလိုကြ၏၊ ချမ်းသာလိုကြ၏။ ကြီးပွားချမ်းသာစေရန်လည်း ကြိုးစားနေကြ၏။ သို့သော်လည်း အမှန်တကယ် ကြီးပွားချမ်းသာသူကား မဆိုစလောက်သာရှိ၏။ ကြီးပွားချမ်းသာအောင်လုပ်ရင်း ဒုက္ခရောက်သူတွေက များနေကြ၏။ အကြောင်းမှုကား မည်သို့မည်ပုံ ကြံစည်ပြောဆိုလုပ်ကိုင်မှ ကြီးပွားချမ်းသာနိုင်သည်ဆိုသော ပဓာနအချက်ကို မဆုပ်ကိုင်မိသောကြောင့် ဖြစ်ပေသည်။

မြတ်ဗုဒ္ဓမပွင့်ထွန်းမီကပင် မင်္ဂလာတရားနှင့် ပတ်သက်၍ လူသားတို့သည် ကိုယ့်အတွေးနှင့်ကိုယ် သဘောပေါက်သလို တွေးခေါ်ကြံစည်ခဲ့ကြ၊ ထုတ်ဖော်ခဲ့ကြ၊ ကျင့်သုံးခဲ့ကြ၏။ လူတွေသာမက ဘဲ နတ်ဗြဟ္မာတွေသည်လည်း ကြီးပွား



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာနည်းဖြစ်သော မင်္ဂလာတရားကို သူတစ်မျိုးငါတစ်ဖုံ စုံစေအောင် ထုတ်ဖော်ကျင့်သုံးခဲ့ကြရာ အစစ်အမှန်များမဟုတ်သဖြင့် တစ်ဦးနှင့်တစ်ဦး ဝါဒကွဲပြားကာ ငြင်းခုံခြင်းဖြင့် အဆုံးသတ်ခဲ့ကြရပေသည်။

ဤသို့ဖြင့် မြတ်ဗုဒ္ဓ ပွင့်ထွန်းလာပြီး သာဝတ္ထိပြည်အနီး ဥယျာဉ်တစ်ခုအတွင်းရှိ စံကျောင်းတော်၌သီတင်းသုံးနေစဉ် နတ်သားတစ်ဦး၏လျှောက်ထားတောင်းပန်ချက်အရ (၃၈) ဖြာသော မင်္ဂလာတရားများကို ဟောကြားတော်မူသောအခါမှသာ မှန်ကန်သော ကြီးပွားချမ်းသာရေးနည်းလမ်းများကို လူ၊ နတ်တို့ သိရှိကျင့်သုံးခွင့်ရရှိခဲ့ပါသည်။

လူသားတို့၏အတိုးစီးပွားအတွက် ယဉ်ကျေးမှု တိုးတက်ကြီးပွားမှု အေးငြိမ်းချမ်းသာမှုသို့ ရှေးရှုတည်နေသော လုပ်ထုံးလုပ်နည်းမှာ ဤမည်သော (၃၈) ဖြာမင်္ဂလာတရားသာ ဖြစ်ပေ၏။ ကမ္ဘာပေါ်ရှိ မည်သည့်တိုင်းပြည်၊ မည်သည့်လူမျိုး၊ မည်သည့်ပုဂ္ဂိုလ်မဆို ယဉ်ကျေးတိုးတက် ငြိမ်းချမ်းနေသည်ဟုဆိုငြားအံ့ ထိုတိုင်းပြည်၊ ထိုလူမျိုး၊ ထိုပုဂ္ဂိုလ်သည် ဤမင်္ဂလသုတ်ပါ ကျင့်ထုံးကျင့်နည်းများနှင့် အမှတ်မထင် တိုက်ဆိုင်ညီညွတ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

သို့အတွက် မြန်မာဗုဒ္ဓဘာသာ ရိုးရာလူနေမှုစနစ်အပေါ် ဩဇာသက်ရောက်ပြီး တိုးတက်စေခဲ့သော ဗုဒ္ဓဝါဒဆိုင်ရာလူ့ကျင့်ဝတ်များနှင့် လူ့တန်ဖိုးများအကြောင်းကို ဖော်ပြထားသည့် မင်္ဂလာတရားများကို သိရှိနားလည်လိုက်နာကျင့်သုံးသင့်ပေသည်။ မင်္ဂလာတရားတော်များအကြောင်းကို အပေါ်ယံမျှသာ ကြားဖူးနားဝရှိပြီး အနှစ်သာရကို ထဲထဲဝင်ဝင်မသိခြင်းကြောင့် မင်္ဂလသုတ်ကို ရှေးဆန်သည်ဟု ယနေ့ခေတ် လူငယ်အချို့က အမှတ်မှားနေကြပေသည်။ မင်္ဂလာတရား(၃၈)ပါးတွင် တရားအမှတ်စဉ် (၂၉)၊ (၃၂)၊ (၃၃)၊ (၃၄)၊ (၃၈) တို့သည်သာ ဗုဒ္ဓဝါဒနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ကျန်မင်္ဂလာတရားတော်များသည် လူမျိုးပေါင်းစုံနှင့် သင့်လျော်ပြီး ကျက်သရေရှိကာ ကောင်းကျိုးပေးစွမ်းနိုင်သော တရားများဖြစ်ခြင်းကြောင့် လူပေါင်းစုံအတွက် ဆွဲဆောင်မှုရှိသည်ဟု ဆိုနိုင်ပေသည်။

တိုင်းပြည်၏ အညွန့်အညောက်ဖြစ်သော ယနေ့ခေတ်လူငယ်များသည် မင်္ဂလာတရားများကို စွမ်းနိုင်သမျှ လေ့လာကျင့်သုံးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဟု ယုံကြည်မိပါသည်။ မင်္ဂလာတရားများကို လေ့လာရာတွင် ရှေးအစဉ်အလာအတိုင်း ပါဠိ-အနက်တွဲ၍ ကျက်မှတ်လေ့လာခြင်းအပြင် ခွဲခြမ်းစိတ်ဖြာ၍ လေ့လာခြင်းဖြင့် ပိုမိုစိတ်ဝင်စားကာ မှတ်မိလွယ်ပြီး အသုံးချရာတွင်လည်း အထိုက်အလျောက် အကျိုးများမည်ဟု ယုံကြည်သည့်အတွက် သာမန်အဆင့်၊ သာမန်ထက်လွန်သောအဆင့်နှင့် နက်နဲသောအဆင့်ဟူ၍ ယေဘုယျအားဖြင့် သုံးပိုင်းခွဲခြားပြီး အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။ ပူးတွဲဖော်ပြထားသော မင်္ဂလာတရားအမှတ်စဉ်များမှာ မင်္ဂလသုတ်လာ အစီအစဉ်အတိုင်း အမှတ်စဉ်ရေး ထိုးသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

□ သာမန်အဆင့်

လူမိုက်ကိုမပေါင်းသင်း၊ မဆက်ဆံခြင်း (၁)

အတတ်ပညာတတ်မြောက်ခြင်း (၈)

ကောင်းမွန်ချိုသာစွာပြောဆိုခြင်း (၁၀)

မိဘများကို လုပ်ကျွေးပြုစုခြင်း (၁၁)

ပေးကမ်းလှူဒါန်းခြင်း (၁၄)

ရိုသေလေးစားထိုက်သူများအား ရိုသေလေးစားခြင်း (၂၂)

□ သာမန်လွန်အဆင့်

ကိုယ်စိတ်နှစ်ပါးစင်ကြယ်အောင်ထားခြင်း (၆)

ရောင့်ရဲတင်းတိမ်ခြင်း (၂၄)

သည်းခံခြင်း (၂၇)

မြတ်စွာဘုရား၏တရားများကို လိုက်နာကျင့်သုံးခြင်း (၃၂)

လောကဓံတရားများနှင့်ကြုံတွေ့သော်လည်း မတုန်လှုပ်ခြင်း (၃၅)

□ နက်နဲသောအဆင့်

ကိလေသာအညစ်အကြေးများမှ ကင်းစင်ခြင်း (၃၇)

မြတ်သော သစ္စာတရားများကို သိမြင်ခြင်း (၃၃)

နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း (၃၄)

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးရှိသော်လည်း မိမိတို့၏ သီလ၊ သမာဓိ၊ ပညာအရ ထိုက်သင့်သောအဆင့်ကိုသာ လက်ခံနိုင်စွမ်းရှိမည် ဖြစ်ပါသည်။

ထို့အပြင် လူနေမှုအကျင့်စရိုက်များတွင်အရေးပါသည့် ခေါင်းစဉ်အုပ်စုကြီး (၅)စုဖြင့်လည်း အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်ပါသည်။

(က) လူ့ကျင့်ဝတ်ထပ်စဉ်များ

၁။ ကိုယ်ကျင့်တရားကို သင်ယူကျင့်သုံးခြင်း (၉)

၂။ ပူဇော်ထိုက်သူများဖြစ်ကြသည့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများအား ပူဇော်ခြင်း (၃)

၃။ ရိုသေလေးစားထိုက်သူများဖြစ်သည့်အသက်ကြီးသူ၊ ဉာဏ်ပညာကြီးသူ၊ ဝါကြီးသူများကို ရိုသေလေးစားခြင်း (၂၂)

၄။ မိဘများကို ပြုစုလုပ်ကျွေးခြင်း (၁၁)

၅။ ဇနီးနှင့်သားသမီးများအား စောင့်ရှောက်ထောက်ပံ့ခြင်း (၁၂)

၆။ လူမိုက်ကိုမပေါင်းသင်း၊မဆက်ဆံခြင်း (၁)

၇။ ပညာရှိကို ပေါင်းသင်းဆက်ဆံခြင်း (၂)

၈။ မိမိကိုယ်ကိုနှိမ့်ချခြင်း (၂၃)

၉။ သည်းခံခြင်း (၂၇)

၁၀။ အရက်သေစာနှင့် မူးယစ်ဆေးများသုံးစွဲမှုကို ရှောင်ကြဉ်ခြင်း (၂၀)

(ခ) အကျင့်သီလထပ်စဉ်များ

၁။ ကိုယ်စိတ်နှစ်ပါးကို စင်ကြယ်အောင်ထားခြင်း (၆)

၂။ ကောင်းမှုများကို လိုက်နာကျင့်ကြံအားထုတ်ခြင်း (၁၅)

၃။ အပြစ်ကင်းသောအလုပ်များကို လုပ်ခြင်း (၁၇)

၄။ မကောင်းမှုများကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်း (၁၈)

၅။ မကောင်းမှုများကို ကိုယ်နှုတ်နှစ်ပါးဖြင့် ရှောင်ကြဉ်ခြင်း (၁၉)

၆။ ကောင်းမှုများကို ပြုလုပ်ရန် မမေ့လျော့ခြင်း (၂၁)

၇။ တရားကို မြဲမြံစွာ ကျင့်ကြံအားထုတ်ခြင်း (၃၁)

၈။ ကိလေသာအညစ်အကြေးများမှ ကင်းစင်ခြင်း (၃၇)

ဤနေရာတွင် ဗုဒ္ဓဘာသာ၌ မကောင်းမှုဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ရန်လိုအပ်ကြောင်း ထောက်ပြလိုသည်။ ယင်းတို့အနက် လူအများသိကြသော ငါးပါးသီလလည်းပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုးကွယ်ရာ ဘာသာကြီးအားလုံးတွင် ဆင်တူသောအခြေခံသောတရားများ ရှိကြလေရာ အဆိုပါ ရှောင်ကြဉ်ရမည့် ဒုစရိုက်ဆယ်ပါးအနက်မှအဓိကကျသော ငါးပါးတို့မှာ ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာတို့ရှိ ပညတ်တော်ဆယ်ပါးထဲမှ ငါးပါးနှင့် သဘာဝကျစွာ တူညီနေကြပါသည်။ ဗုဒ္ဓဝါဒအရ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်သောအခါ အောက်ပါအတိုင်း သုစရိုက်များ (ကောင်းမှုများ) ဖြစ်လာပါသည်။

၁။ သူ့အသက်မသတ်ရ။
၂။ သူ့ဥစ္စာမခိုးရ။
၃။ သူတစ်ပါး ဇနီး ခင်ပွန်းအား မပြစ်မှားရ။
၄။ မလိမ်ညာရ။
၅။ ကုန်းမချောမပုတ်ခတ်ရ။
၆။ ရုန့်ရင်းကြမ်းတမ်းစွာ မပြောဆိုရ။
၇။ အတင်းအဖျင်းမပြောရ။
၈။ သူတစ်ပါးဥစ္စာကို လိုချင်တပ်မက်မှုမရှိရ။
၉။ သူတစ်ပါးသေးအန္တရာယ်ဖြစ်ရန်၊ ပျက်စီးရန် မကြံစည်ရ။
၁၀။ အယူမှားများမရှိရ။

မင်္ဂလာတရားအမှတ်စဉ် (၆)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၃၇) တို့သည် ဤကောင်းမှုဆယ်ပါးနှင့် သက်ဆိုင်နေကြောင်း တွေ့မြင်နိုင်၏။ မင်္ဂလာတရားအမှတ်စဉ် (၃၇) နှင့်ပတ်သက်၍ အဓိကတိလေသာအညစ်အကြေးများမှာ ကာမဂုဏ်၌ တပ်မက်မှု (ရာဂ)၊ ဒေါသ၊ မာန၊ မုန်းတီးမှု၊ မနာလိုဝန်တိုမှု၊ အမှန်ကိုမသိနားမလည်မှု (အဝိဇ္ဇာ) တို့ ဖြစ်ကြ၏။

(ဂ) ထက်တွေ့ကျသောတန်ဖိုးများ

၁။ အတတ်ပညာတတ်မြောက်ခြင်း (၈)
၂။ ဗဟုသုတအကြားအမြင်များခြင်း (၇)
၃။ ဆုံးမစကားများကိုနာယူခြင်း(၂၈)
၄။ ရှုပ်ထွေးမှုကင်းသောအလုပ်များကို လုပ်ဆောင်ခြင်း (၁၃)
၅။ သင့်တင့်လျောက်ပတ်သောအရပ်၌ နေထိုင်ခြင်း (၄)

(ဃ) လူမှုရေးတန်ဖိုးများ

၁။ ပေးကမ်းလှူဒါန်းခြင်း (၁၄)
၂။ အဆွေအမျိုးများအား ကူညီထောက်ပံ့ခြင်း (၁၆)
၃။ သူတစ်ပါးကျေးဇူးကို သိတတ်တုံ့ပြန်ခြင်း (၂၅)
၄။ ကောင်းမွန်ချိုသာစွာပြောဆိုခြင်း (၁၀)

(င) ဘာသာရေးတန်ဖိုးများ

၁။ ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် အဂ္ဂဟူသည့် မြတ်သောသစ္စာတရားများကိုသိမြင်ခြင်း (၃၃)
၂။ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသောဘေးမရှိခြင်း (၃၈)
၃။ နိဗ္ဗာန်ကို ,မျက်မှောက်ပြုခြင်း (၃၄)
၄။ ရှောင့်ရဲတင်းတိမ်ခြင်း (၂၄)
၅။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသောဗြဟ္မစိုရ်တရားများ (မြတ်သောအကျင့်များ) ကို လိုက်နာကျင့်သုံးခြင်း (၃၂)
၆။ လောကဓံတရားရှစ်ပါးနှင့်ကြုံတွေ့သော်လည်း မတုန်လှုပ်ခြင်း (၃၅)
၇။ စိုးရိမ်ကြောင့်ကြမှုမရှိခြင်း (၃၆)
၈။ ရဟန်းသံဃာတော်များအားဖူးမြော်ဆည်းကပ်လှူဒါန်းခြင်း(၂၉)
၉။ သင့်လျော်သောအခါများ၌ တရားမွှေနာကြားခြင်း (၂၆)
၁၀။ သင့်လျော်သောအခါများ၌ တရားဓမ္မဆွေးနွေးခြင်း (၃၀)
၁၁။ ရှေးဘဝက ကောင်းမှုကုသိုလ်များပြုခဲ့ခြင်း (၅)

ဤမျှဆိုလျှင် မင်္ဂလာသုတ်တွင်ဖွင့်ဆိုထားသော မင်္ဂလာတရားများသည် လူ့ကျင့်ဝတ်၊ကိုယ်ကျင့်သီလနှင့်လူ့တန်ဖိုးများအတွက် အမှန်တကယ်ကောင်းမွန်လှသော လမ်းညွှန်ချက်များဖြစ်ကြောင်း သိသာထင်ရှားလှပေပြီ။ ထို့အပြင် အချို့သောမင်္ဂလာတရားများသည် ဗုဒ္ဓဝါဒတွင် ဖွင့်ဆိုထားသော ပုညကြိယာဝတ္ထု (ဝါ) ကောင်းမှုကုသိုလ်ဆယ်ပါးအနက်မှ အများစုနှင့်ကိုက်ညီနေကြောင်းဖော်ပြလိုပါသည်။

၁။ ဒါန (ပေးကမ်းလှူဒါန်းခြင်း) (၁၄၊ ၁၆)
၂။ သီလ (ကိုယ်ကျင့်တရားကောင်းမွန်အောင်ပြုလုပ်ခြင်း) (၉၊ ၁၇၊ ၁၈၊ ၁၉)
၃။ ဘာဝနာ (စိတ်ကိုပြုစုပျိုးထောင်ခြင်း) (၆၊ ၁၅၊ ၂၀၊ ၃၁)
၄။ အပစာယန(ရိုသေလေးစားခြင်း) (၃၊ ၂၂)
၅။ ဝေယျာဝစ္စ (ကူညီပံ့ပိုးခြင်း)
ပရိတ္တလုပ်ငန်းကိုလည်း မင်္ဂလာရားတစ်ပါးအဖြစ် မှတ်ယူနိုင်ပါသည်။
၆။ ပတ္တိဒါန (ကောင်းမှုကုသိုလ်အတွက်ဝေမျှခြင်း)
၇။ ပတ္တာနုမောဒန(ကောင်းမှုကုသိုလ်အတွက် ဝမ်းမြောက်ခြင်း)
၈။ ဓမ္မဒေသနာ (တရားဟောခြင်း) (၃၀)
၉။ ဓမ္မဿဝနာ (တရားနာခြင်း) (၂၆)
၁၀။ ဒိဋ္ဌိဇုကမ္မ (အယူဖြောင့်မှန်ခြင်း) (၃၂ ၃၃)

ထို့ပြင် ဗုဒ္ဓဝါဒ၏အခြေခံသဘောတရားများကို ထူးခြားကောင်းမွန်ကျစ်လျစ်ရှင်းလင်းစွာ ဖွဲ့ဆိုထားသည့် ဗုဒ္ဓဓမ္မညွှန့်ပေါင်းကျမ်းဖြစ်သည့် ဓမ္မပဒ၏ဂါထာ(၁၈၃)တွင် ဗုဒ္ဓဝါဒ၏ အခြေခံသဘောတရားသုံးရပ်ဖြစ်သည့် မကောင်းမှုရှောင်၊ကောင်းမှုဆောင်၊ စိတ်စင်ကြယ်အောင်ထား၊ ဗုဒ္ဓဆုံးစကား ဟူသောအချက်များနှင့် ကိုက်ညီသည့် မင်္ဂလာတရားများကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ပါသည်။

မကောင်းမှုရှောင် (၁၈၊ ၁၉)
ကောင်းမှုဆောင် (၁၅၊ ၁၇၊ ၂၀)
စိတ်စင်ကြယ်အောင်ထား
(၆၊ ၃၁၊ ၃၂ ၃၇)

အချုပ်ဆိုရပါလျှင် မင်္ဂလာသုတ်နိဂုံးဂါထာတွင်ဖော်ပြထားသည့်အတိုင်း-

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ

ဟု ဆိုထားသည့်အတွက် မင်္ဂလာတရားများကို လိုက်နာကျင့်သုံးသူသည် စိတ်ချမ်းမြေ့ခြင်း၊ ကြီးပွားတိုးတက်ခြင်း၊ ဘေးရန်ကင်းခြင်း စသည့် ကောင်းမြတ်သောအကျိုးကျေးဇူးများနှင့်တကွ ဘဝအတွက်တန်ဖိုးရှိလှသော အသုံးချပညာများကိုရရှိမည်ဖြစ်၍ ယုံကြည်စိတ်ချစွာ လေ့လာအားထုတ်သင့်ကြောင်း မင်္ဂလာတရားတော်များနှင့် မိတ်ဆက်တင်ပြလိုက်ရပေသည်။

*မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ*

ချစ်ပို့(မော်လမြိုင်)

ကိုးကား -

၁။ ဆရာတော် အရှင်ဥက္ကဋ္ဌသာရ၏ (၃၈)ဖြာမင်္ဂလာဟောတရားများ
၂။ ဆရာကြီးဦးသုခ၏ မင်္ဂလာသုတ်
၃။ ဒေါက်တာသိန်းဇော်မင်္ဂလာသုတ်တွင် ဖွင့်ဆိုထားသော ဗုဒ္ဓဝါဒဆိုင်ရာ လူ့ကျင့်ဝတ်နှင့်လူ့တန်ဖိုးများ



www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်မှတ်ကျောက်
# လာဘ်ပွင့် ကံမြင့်
# အန္တရာယ်ကင်းဂါထာ



ကျွန်ုပ်၏မိတ်ဆွေဦးကံကြီးမောင်မှာ အတန်းပညာဟူ၍ မည်မည်ရရ မသင်ခဲ့ရပါ။ ဘုန်းကြီးကျောင်းမှ ပရိတ်ကြီး၊ နမက္ကာရမျှသင်ပြီး (၄)တန်းအောင်ခဲ့သူသာဖြစ်ပါသည်။ သို့သော် သူလုပ်ကိုင်သောအလုပ်မှာကား အရောင်းအဝယ်၊ ဆိုင်ကယ်အရောင်းအဝယ်ပွဲစားဖြစ်နေ၍ အံ့ဩဖွယ်ကောင်းသည်ဟု ဆိုချင်ပါသည်။

ကားနှင့်ပတ်သက်သမျှ ဆိုင်ကယ်နှင့်ပတ်သက်သမျှ ပစ္စည်းအခေါ် အဝေါ်တွေ ကျွမ်းကျင်စွာ ပြောတတ်ဆိုတတ်သလို အပြင်ပန်းကြည့်ရုံ စက်သံနားထောင်ရုံနှင့် ပစ္စည်း၏အခြေအနေအမှန်ကို တတ်အပ်သေချာပြောနိုင်ခြင်း ပင်ဖြစ်ပါသည်။ မယုံမရှိပါနှင့်၊ အမှန်တကယ်ပင်။ သူ့လိုလူမျိုး တွေ့ဖူးသူတွေ့ရှိမည်ထင်ပါသည်၊

သူ့မှာ အထူးခြားဆုံးအရည်အချင်း တစ်ခုရှိပါသေးသည်။ ထိုအရာမှာအခြားမဟုတ်ပါချေ။ သူနှင့်အရောင်းအဝယ်စကားပြောလိုက်လျှင် အလုပ်ဖြစ် အဆင်ပြေသွားတတ်ခြင်းပင်ဖြစ်ပါသည်၊ ပစ္စည်းကောင်းလျှင်လည်း ကောင်းသလို၊ ညံ့လျှင်လည်း ညံ့သလို အဆင်ပြေ အရောင်းအဝယ်ဖြစ်သွားသည်သာ ဖြစ်ပါသည်၊ ရောင်းသူရော ဝယ်သူပါ ကျေနပ်နှစ်သက်သွားကြပါသည်။ သို့အတွက် ရောင်းချင်သူကလည်း ဦးကံကြီးမောင်၊ ဝယ်ချင်သူကလည်း ဦးကံကြီးမောင်နှင့် သူ့ထံတွင် အလုပ်မပြတ် အလုပ်ဖြစ်နေခဲ့ပါသည်၊ ဤပွဲစားလုပ်ငန်းနှင့် သားသမီးငါးယောက် ဘွဲ့ရ ပညာတတ်၊ အရာရှိကြီးကြီးငယ်ငယ်တွေဖြစ်ခဲ့လေပြီ။ ယခုဆိုလျှင် ကိုယ်ပိုင်ဆိုင်ကယ်ပြခန်း၊ ကိုယ်စားလှယ်ပင်ရရှိနေလေပြီ။ နေ့စဉ်လို အရောင်းအဝယ်ဖြစ်သဖြင့် ကုမ္ပဏီကပင် သူ့ကို ဆုတွေချီးမြှင့်ခဲ့ရပါသည်၊

ယခုကဲ့သို့ သူဘဝအောင်မြင်ခဲ့သည်နှင့်ပတ်သက်၍ မေးမြန်းလေ့လာကြည့်ဖူးရာ သူက မိတ်ရင်းဆွေရင်း ကျွန်ုပ်ကိုပြောပြသဖြင့် စာစီပြုရေးခြယ် တင်ပြပါသည်။

"ကျွန်တော်အိမ်ထောင်ကျတော့ ဘာလုပ်စားရမှန်းမသိတာ အမှန်ဗျာ။ အသက် (၂၁) ထဲမှာ ရှူးရှူးမိုက်မိုက်အိမ်ထောင်ကျခဲ့တာဗျ။ အဲဒီမှာတင် ခုလိုပွဲစားလုပ်နေတဲ့ကိုတရုတ်ကြီးဆိုသူတမင်းကို ငါနေ့တွက်ပေးမယ်။ အလုပ်ဖြစ်တဲ့နေ့ပိုပေးမယ်ဆိုပြီး သူ့နောက်လိုက်အဖြစ်ခေါ်တာကနေစခဲ့တာပဲ။ ကျွန်တော်နဲ့ ဆရာတပည့် စတွဲလုပ်ကတည်းက ထူးထူးခြားခြား အလုပ်ပိုဖြစ်လာတယ်လို့ ကိုတရုတ်ကြီးကပြောတယ်။ နေ့တိုင်းလိုပါပဲ။ နေ့တွက်အပြင် အပိုဘောက်ဆူးပါ ကျွန်တော်ရတယ်။ သူနဲ့ (၅) နှစ်လောက်တွဲပြီး နောက်ပိုင်းမှာ ကိုတရုတ်ကြီးက စင်ကာပူကိုထွက်သွားတယ်။ သူ့မိတ်ဆွေအရောင်းအဝယ်သမားအားလုံးဆီ မိတ်ဆက်ပေးပြီး ကျွန်တော့်ကိုထားခဲ့ပါတယ်။ အဲဒီကစခဲ့တာပါပဲ။ ဘယ်သူနဲ့မဆို ယှဉ်နိုင်ခဲ့ရပါတယ်။ ကံအကျိုးပေးထူးတယ်လို့ဆိုနိုင်သလို ကျွန်တော့်မှာ ဆရာတော်ဘုရား ချီးမြှင့်ထားခဲ့တဲ့ အဆောင်ကောင်းကိုစွဲမြဲခဲ့လို့လို့ယုံကြည်မိပါတယ်။ အဲဒီအဆောင်ကောင်းကတော့ ဒီလိုဗျ။

သီတင်းဝါလကျွတ်မှာ မွေးရပ်ဇာတိပြန်ပြီး မိသားစုဆရာတော်ကို ကန်တော့ပါတယ်။ ဆရာတော်ဦးပဏ္ဍိတပါ။ ရွာဦးမင်းကျောင်းမှာ ကျောင်းထိုင်ဆရာတော်ပါ။ သက်တော် (၈၀)ကျော်ပါပြီ။ ဆရာတော်ကြီးက ဒကာကြီးအရောင်းအဝယ်ပွဲစားလုပ်နေတာဆိုရင် လူချစ်လူခင်ပေါများပြီး မျက်နှာပွင့်ဖို့လိုတယ်။ လာဘ်ပွင့်ကံမြင့်ဖို့လိုတယ်။ ဒီကျင့်စဉ်ဂါထာကို နေ့စဉ် နိစ္စဓူဝမပျက်မကွက်လုပ်ဆောင်ပါ။ အခုထက် ပိုမိုအောင်မြင်ထွန်းကားမယ်ဆိုပြီး ချီးမြှင့်လိုက်တာပါ။ ကျွန်တော်က အခြားဘာပညာမှလည်း ထွေထွေထူးထူးမသိမတတ်တော့ ဆရာတော်ချီးမြှင့်လိုက်တဲ့ ဒီပညာကျင့်စဉ်ကိုပဲ နေ့စဉ်မပျက်မကွက်လုပ်ဆောင်ခဲ့ပါတယ်။ ဒီနေ့အထိ တစ်နေ့မှမပျက်ကွက်ခဲ့ပါဘူး။ မေ့စရာလည်းအကြောင်းမရှိဘူးလေ။

လူတိုင်းလူတိုင်း မနက်အိပ်ရာထရင် မျက်နှာသစ်တဲ့လူတွေချည်းပါပဲ။ မျက်နှာသစ်တိုင်း ဒီဂါထာကိုရွတ်ပွားပြီး မျက်နှာသစ်ရပါမယ်။ (၇) ခေါက်၊ (၉) ခေါက်၊ (၁၈) ခေါက်ဆိုသလို မိမိတတ်စွမ်းသလို ရွတ်ဖတ်ပြီး မျက်နှာသစ်ပေးရုံပါပဲ။ ဘေးကင်းရန်ကင်း၊ ကျက်သရေတိုးပွား၊ လာဘ်မိုးရွာဆိုသလိုပါပဲဗျာ။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်မှာ တစ်နေ့ထက်တစ်နေ့ တိုးတက် မြင့်မားလာစေပါတယ်ဗျာ။ ဆရာတော်ဘုရားကြီး ချီးမြှင့်လိုက်တဲ့ ဂါထာက ဒီလိုပါ။

- ပဒက္ခဏံ ကာယကမ္မံ၊
  ဝါစာကမ္မံ ပဒက္ခဏံ၊
  ပဒက္ခဏံ မနောကမ္မံ၊
  ပဏိဓိတေ ပဒက္ခဏာ၊
  ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ။

အဲဒီဂါထာပါပဲဗျာ၊ မခက်မခဲ အလွယ်အသာ လူတိုင်းရွတ်ပွားနိုင်ပါတယ်၊ မျက်နှာသစ်ဖို့ ရေတစ်ဖလားခပ်ပြီး ကိုးခေါက်ရွတ်၊ မျက်နှာသစ်တာပါပဲ၊ ကျွန်တော့်မှာ မုန်းသူမရှိ ချစ်သူခင်သူ ကူညီချင်သူတွေပြည့်နေတာပါပဲ။ဒီတော့ လုပ်သမျှအဆင်ပြေပြီပေါ့ဗျာ ဟားဟားဟား"

ကျွန်ုပ်၏မိတ်ဆွေဦးကံကြီးမောင်မှ ရယ်မောပျော်ရွှင်စွာ ရှင်းပြပြောဆိုခဲ့ပါသည်၊ သို့အတွက် မခက်မခဲ၊ မပင်မပန်း၊ လူတိုင်း ရွှင်လန်းစွာရွတ်ပွားကျင့်ကြံအားထုတ်နိုင်သောဂါထာကျင့်စဉ်လေးကို လက်ဆောင်ကမ်း ရေးသားတင်ပြအပ်ပါသည်၊

*ကြီးပွားတိုးတက်ပါစေ*
နတ်မောက်မှတ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com


ရွှေချိုအောင်(ပလီ)

## အကာလိကောဂုဏ်တော်ကြောင့်တရားထူးရရှိကာ မျက်ရှင်တော်၊ အံတော်နှင့် ဆံတော် မီးမခသည့်


# မော်ဘီသဲအင်းဂူဆရာတော်ဦးဥက္ကဋ္ဌ


စာရေးသူတို့၏ မြန်မာပြည်ဝယ် ဗုဒ္ဓသာသနာတော်ကြီးသည် အလွန်ထွန်းကားပြန့်ပွားဝေစည်လျက်ရှိပေရာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတည်းဟူသော သာသနာသုံးရပ်သည်လည်း တိုင်းနှင့်ပြည်နယ်အသီးသီး မြို့ရွာများတွင် စည်ပင်တိုးပွားလျက်ရှိပါသည်။ ထို့အတူ ကျောင်းတိုက်အသီးသီးတွင် တရားစခန်းများအသီးသီးဖွင့်လျက် ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးများ၊ ဆရာတော်များကို ပင့်လျှောက်၍ နယ်မြေဒေသရှိ အလှူရှင်များက ဆွမ်း၊ ကွမ်းဝေယျာဝစ္စတို့ကို လိုလေးမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ကြလျက် (၁၅) ရက် တရားစခန်း၊ (၁၀) ရက်တရားစခန်းများဖွင့်လှစ်၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား ကမ္မဋ္ဌာန်းဝိပဿနာတရားကို နည်းစနစ်ကျကျ စခန်းဝင်အားထုတ်စေလျက်ရှိပါသည်။ တစ်ဖန် တိပိဋကဓရ ဆရာတော်ကြီးများ၊ ဓမ္မကထိကဆရာတော်များကိုလည်း ပင့်ဆောင်၍ တရားပွဲများကို သုံးည၊ ငါးည၊ ခုနစ်ည စသည်ဖြင့် ဓမ္မမဏ္ဍပ်ကြီးများ ဆောက်လုပ်ကာ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးခံယူနာကြားလျက် အမြို့မြို့တွင် ဓမ္မပူဇာတရားပွဲများ ကျင်းပပူဇော်နေကြသည်မှာ နိုင်ငံတစ်ဝန်းလုံးပင် ဖြစ်ပါသည်၊

အထူးသဖြင့် မိုးကုတ်ဆရာတော်



ဆက်ပေါင်းရေစေတီတော်










www.burmeseclassic.com

www.burmeseclassic.com



ရှယ်တော်အား ဖူးတွေ့ရစဉ်




လက်ဝဲဘက်မျက်ရှင်တော်




လက်ယာဘက်မျက်ရှင်တော်


ဘုရားကြီး ဦးဝိမလ၏ 'မိုးကုတ်ဝိပဿနာ' တရားကျင့်စဉ်မှာ ရန်ကုန်မြို့တွင် မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာဆရာတော်များကို ကြွရောက်၍ တရားချီးမြှင့်စေခြင်း၊ မိုးကုတ်ဝိပဿနာကျမ်းစာအုပ်များ ဖြန့်ချိခြင်း၊ မိုးကုတ်ဆရာတော်ကြီး၏ တရားဓမ္မခွေများ ဖြန့်ချိခြင်းဖြင့် မိုးကုတ်ဝိပဿနာတရားကျင့်စဉ်သည် မြန်မာပြည်အနှံ့ ပျံ့နှံ့လျက်ရှိပေသည်။ ထို့နည်းတူပင် မဟာစည်ဆရာတော်ဘုရားကြီး၏ဝိပဿနာကျင့်စဉ်၊ တော်ကူးဆရာတော်ဘုရားကြီး၏ ဝိပဿနာကျင့်စဉ်၊ မြင်းခြံစွန်းလွန်းဆရာတော်ကြီးဝိပဿနာကျင့်စဉ် စသဖြင့် ဝိပဿနာတရားအားထုတ်ပုံနည်းနိဿယများစွာပေါ်ထွန်းခဲ့ပါသည်။ ထိုအထဲတွင် သဲအင်းဂူဆရာတော်ဘုရားကြီးဦးဥက္ကဋ္ဌ၏ သဲအင်းဂူဝိပဿနာကျင့်စဉ်မှာလည်း ထင်ရှားခဲ့ပါသည်။ ဆရာတော်ကြီးသည် အမှိုက်ထဲကရွှေကဲ့သို့ သာမန်ပုထုဇဉ်ဘဝမှ တရားမရလျှင် ငါမနေ ဟူသည့် စိတ်ဓာတ်ဖြင့် မနားမနေ ကြိုးစားအားထုတ်ခဲ့ရာ အောင်မြင်ပေါက်မြောက်နိဗ္ဗာန်ရောက်သည်အထိကူးမြောက်ခဲ့ပေရာ ရဟန်းပြု၍ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာနာပေါင်း မြောက်မြားစွာဖြင့် တရားစခန်းများ ဖွင့်လှစ်အားထုတ်ခြင်းကို ပြန့်ပွားစေခဲ့ပါသည်။ သဲအင်းဂူဆရာတော် ဦးဥက္ကဋ္ဌသည် ပရိယတ္တိစာပေမတတ်ကျွမ်းပါသော်လည်း ခန္ဓာကိုယ်တွေ့တရားဖြင့် မဲလျှော့သောဖွဲ့ဖြင့် တစိုက်မတ်မတ် အားထုတ်ခဲ့ရာ 'အမြဲလင်း ဇွဲတင်း သဲအင်း' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တရားမရမချင်း ငါမထတော့ပြီဆိုသည့်စိတ်ဓာတ်ဖြင့် အားထုတ်ခဲ့ရာ နိဗ္ဗာန်အလင်းကို တွေ့ရှိခဲ့လေသည်။

### ❑ ဆရာတော်ဦးဥက္ကဋ္ဌအလောင်းအလျာ မွေးဖွားရာ

ဆရာတော်အလောင်းအလျာကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နှောကုန်းကျေးရွာတွင် ခမည်းတော် ဦးသော်တာနှင့် မယ်တော် ဒေါ်မေအုံတို့မှ ၁၉၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်၊ တနင်္ဂနွေနေ့ နံနက် (၈) နာရီအချိန်တွင် မွေးဖွားသန့်စင်တော်မူခဲ့သည်။ မွေးချင်း ခုနစ်ဦးအနက် တတိယမြောက်သော သားရတနာဖြစ်လေသည်။ ငယ်နာမည်မှာ မောင်အောင်ထွန်း ဖြစ်လေသည်။ အတန်းပညာကို ခေတ်ကာလအခြေအနေအရ သင်ကြားခွင့်မရဘဲ ဝေးစာရှင်စာရေးတတ်ဖတ်တတ်ရုံမျှသာ ဖြစ်

www.burmeseclassic.com


www.burmeseclassic.com



တရားရှုမှတ်ရာ ဂူကျောင်း




တရားပွားရှုမှတ်သည့်ကျောင်းဆောင်




သံဃာတော်များကျောင်းဆောင်



သံဆင်ရှုသိမ်ကျောင်းဆောင်



တရားရှုမှတ်သည့်နေရာ



သံဆင်ရှုမိုင်သာစေတီရှမ်းဦး

ခဲ့လေသည်။

■ အနှယုတေ့ငိုဘဝနှင့်ဓားပြဗိုလ်

ဦးအောင်ထွန်း အရွယ်ရောက်၍ အိမ်ထောင်ကျသည့်အခါ မိသားစု စားဝတ်နေရေးအတွက် ဦးအောင်ရလေသည်။ ထိုအခါ စာမတတ်ပေမတတ်နှင့် သူတစ်ပါးဆွဲဆောင်ရာသို့ နားယောင်၍ ဓားပြအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့လေသည်။ ဦးအောင်ထွန်း၏ သတ္တိရှိရှိ လုပ်ဆောင်ချက်ကြောင့် နောင်သောအခါတွင် ဓားပြဗိုလ်အဖြစ်လုပ်ကိုင်သော်လည်း နှလုံးရည်မှာအထူးကောင်းမွန်ခဲ့သည်။ ဓားပြဗိုလ်ဦးအောင်ထွန်း ဆိုလျှင်လည်း သတင်းကြားရုံမျှနှင့် တစ်နယ်လုံး ဖိန့်ဖိန့်တုန်အောင်ကြောက်ကြရလေသည်။ ဦးအောင်ထွန်းသည် ဓားပြတိုက်သည့်အလုပ်ကို အသက်လေးဆယ်ကျော်အရွယ်တွင် စိတ်ပျက်လာမိတော့သည်။ ထိုအခါ ဓားပြအုပ်စုမှ ခေါင်းဆောင်မလုပ်လိုတော့ဘဲ ရှောင်ထွက်လေတော့သည်။ ဗိုလ်အောင်ထွန်း မပါလျှင် အကြံမအောင်နိုင်သည်ကို သိရှိကြသည့်တပည့်များက ဗိုလ်အောင်ထွန်းကို မရမကလာခေါ်ကြသည်။ ထိုအလုပ်ကို ဘဝသက်မွေးဝမ်းကျောင်းမကောင်းမိသည့် ဗိုလ်အောင်ထွန်းက အကြိမ်ကြိမ်ငြင်းပယ်ခဲ့လေသည်။ နောက်ဆုံးတွင် တပည့်များက သူတို့ကို ငဲ့ညှာသောအားဖြင့် တစ်ပွဲတိုက်ခဲ့ပေးပါဦး၊ ဒီတစ်ကြိမ်ပြီးလျှင် နောင်ဘယ်တော့မှလာမခေါ်ပါဘူးဆိုသဖြင့် စိတ်မပါဘဲနှင့် ဓားပြတိုက်ရန်လိုက်ပါခဲ့ရတော့သည်။

ထိုအခါ ဓားပြဗိုလ်ဦးအောင်ထွန်းနှင့်တကွ ရွာကိုဓားပြလာတိုက်မည်ကို ရွာသားများက ကြိုတင်သိထားနှင့်ပြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအထဲတွင် သတ္တိခဲအိမ်ရှင်တစ်ဦးရှိလေသည်။ သူကလည်း မဟုတ်မခံသမားဖြစ်၍ ဓားပြများကိုပြန်၍တိုက်ခိုက်ရန် ကြံစည်ခဲ့လေသည်၊ အိမ်ရှင်သည် ငှက်ကြီးတောင်ဓားကို အသင့်ကိုင်ဆောင်၍ အိမ်တွင်းမှစောင့်ဆိုင်းနေလေသည်။ ဓားပြဗိုလ်ဦးအောင်ထွန်းနှင့်အဖွဲ့သည် ထိုသတ္တိခဲ၏အိမ်သို့တက်ရောက်၍ တံခါးကိုဆောင့်ကန်တွန်းဖွင့်ကာ အတင်းဝင်ကြသည်။ ဓားပြဗိုလ်ဦးအောင်ထွန်းက ရှေ့ဆုံးမှဝင်လိုက်သည်။ ထိုအခါ တံခါးနောက်ကွယ်တွင်ပုန်းအောင်းနေသည့် အိမ်ရှင်က ဓားပြဗိုလ်ဦးအောင်ထွန်းကို ဓားဖြင့်ခုတ်လိုက်သည်။ မမျှော်လင့်ဘဲခံရသဖြင့် ဓားပြဗိုလ်ဦးအောင်ထွန်းမှာ ဖင်ထိုင်လျက်သား ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။ သူ၏ တပည့်များက အိမ်ရှင်ကိုဝိုင်းဝန်း၍ တိုက်ခိုက်ရန်ပြုလုပ်ကြသည့်အခါ ဦးအောင်ထွန်းက လဲကျနေရာမှ-


"ဟေ့-မလုပ်ကြနဲ့ကွ၊ မလုပ်ကြနဲ့။ သူလုပ်တာမှန်တယ်။ သူမှာသူစည်းစိမ်ဥစ္စာကိုကာကွယ်ပိုင်ခွင့်ရှိတာပဲ။ ငါတို့သာ မှားတာ။ သူတစ်ပါးပစ္စည်းဥစ္စာကို အနိုင်အထက်လိုချင်ကြတာကိုး"

ဟု ပြောဆိုလိုက်သည့်အခါ တပည့်များမှာ ခေါင်းငိုက်စိုက်ကျသွားကြလေတော့သည်။ ထို့နောက် ဓားပြဗိုလ်ဦးအောင်ထွန်းနှင့်အဖွဲ့သည် ဖမ်းဆီးခံကြရ၍ အပြစ်ဒဏ်ကို ထိုက်သင့်စွာ ခံယူခဲ့ကြရလေသည်။

ထောင်မှလွတ်လာပြီးနောက်တွင် သံဝေဂတရားရရှိလာသဖြင့် ရွှေ၊ ငွေ၊



ရှင်ဥပဂုတ္တ




ယောဂီ ဦးအောင်ထွန်း




တရားစခန်းမှ ယောဂီသံဃာတော်များ



တရားစခန်းမှ သီလရှင်များ



တရားရှုမှတ်ရာ ယောဂီဆောင်များ



တရားစခန်းမှ ယောဂီလူပုဂ္ဂိုလ်များ




www.burmeseclassic.com

www.burmeseclassic.com




ဆရာတော်၏ သဲအင်း၌ ပထမဆုံးကျောင်း




ကျောင်းတိုက်ဆိုင်းဘုတ်




ရွာပနပြာသာဒ်တော်



ထေရုပ်ကပ်ပုံပြာသာဒ်ဆွဲထား



မှန်ဆောင်းထဲမှ ဆရာတော်ရုပ်ကလာပ်



ရုပ်ကလာပ်တော်ကိုပင့်ဆောင်လာစဉ်



ပစ္စည်းဥစ္စာတို့အား ဇနီးသားမယားတို့အား ပေးကမ်းပြီး တရား အားထုတ်ရန် ပြင်ဆင်လေတော့သည်။ ထိုအချိန်တွင် မြင်းခြံမြို့ စွန်းလွန်းဂူဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိစာအုပ်ကို ဖတ်ရှုရပြီးနောက် ကိုယ်တိုင် တရားအားထုတ်ရန် ဆုံးဖြတ်ချက်ချခဲ့လေတော့၏။ အတိတ်ကံပါရမီအရ အမှိုက်ထဲမှရွှေကဲ့သို့တန်ဖိုးရှိသောလူ့ဘဝကို ပိုင်ဆိုင်လာခဲ့ပြီဖြစ်လေသည်။ ဦးအောင်ထွန်းသည် (၄၈) နှစ်လုံးလုံး အနုပုထုဇဉ်ဘဝမှ အပါယ်တံခါးပိတ်ရှိ နိဗ္ဗာန်လမ်းသို့ အလင်းရ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး ဖြစ်လေသည်။

□ လူသေရင်သေ မသေရင် တရားရ

ဦးအောင်ထွန်းသည် တရားကျင့်ကြံသဖြင့် ကိုယ်ခန္ဓာရှိ အသွေးအသားများခန်းခြောက်လျှင် ခန်းခြောက်ပါစေ တရားမရသရွေ့ ငါမထတော့ပြီဟူသည့် စိတ်ဓာတ်ဖြင့် အရိုးကြေကြေ အရေခန်းခန်း တရားထိုင်မည်ဟု စိတ်ဆုံးဖြတ်လိုက်လေသည်။ ထို့ပြင် လူသေရင်သေ မသေရင်တရားရ ဟူသော သန္နိဋ္ဌာန်ကို ခိုင်ခိုင်ချမှတ်လေလိုက်တော့သည်။ ထို့ကြောင့် တျောင်းလေးကျောင်းသိမ်ထဲတွင် စွန်းလွန်းဂူဆရာတော်ကြီး၏နည်းနိဿယအတိုင်း ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းကို ပြုလုပ်လေတော့သည်။ တရားရှုမှတ်နေစဉ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အနှောင့်အယှက်မကင်းစေရန် သိမ်ကိုတံခါးပိတ်၍ ထားလေ့ရှိပါသည်။ နဂိုမူလတာဝင်မည်သည့်အရာကိုမဆို ပြုလုပ်ပြီဆိုလျှင် မလျှော့သောလုံ့လဝီရိယဖြင့် မဖြစ်မနေ လုပ်ကိုင်တတ်သည့် ဦးအောင်ထွန်းအဖို့ တရားထိုင် ကမ္မဋ္ဌာန်းရှုမှတ်သည့်အခါ ဖွဲ့ကော့ဇ်ကောင်း သတိခိုင်ခိုင်ဖြင့် တရားအားထုတ်နိုင်ခဲ့လေ၏။ တရားကို စဉ်ဆက်မပြတ် အားထုတ်လာသည့်အခါ အအိပ်အနေနည်းပါး၍ စကားပြောလည်းနည်းလာခဲ့သည်။ ဝင်လေ၊ ထွက်လေကိုသာ သမာဓိအားကောင်းကောင်းဖြင့် ရှုမှတ်လာနိုင်ခဲ့လေသည်။

သိမ်ထဲတွင် တစ်ကိုယ်တည်း တရားအားထုတ်သော ဦးအောင်ထွန်းသည် တစ်နေ့ထက်တစ်နေ့ သမာဓိပို၍ ခိုင်မြဲလာကာ ခန္ဓာတွေ့များရှိလာလေသည်။ ထိုအခါ ခန္ဓာထဲတွင် မချိမဆံ့ ခံစားနေရသည့် ဝေဒနာများသည် ရုတ်ခြည်းကွယ်ပျောက်ကာ ထူးဆန်းအေးငြိမ်းသောသဘောကိုဆောင်သည့် အသိထူးကို တွေ့ရှိရလေသည်။ အာနာပါနကမ္မဋ္ဌာန်းကို မပြတ်မလတ် သတိထား၍ ရှုမှတ်သဖြင့် ဤခန္ဓာကိုယ်သည် ငါ့သဘောနှင့် ပြုပြင်၍မရသည်ကိုလည်းကောင်း၊ ဒုက္ခဆင်းရဲခြင်းကိုယ်တွေ့ကို လည်းကောင်း၊ ခန္ဓာတို့သည် မမြဲသောသဘောကိုဆောင်လျက် ဖြစ်လိုက်ပျက်လိုက်ဖြင့် နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း ဖြစ်ပျက်ပြောင်းလဲနေသည့်သဘောကို ခန္ဓာတွေ့သိမြင်ခဲ့လေတော့သည်။ ထိုအခါ တရား၏သဘောကို ခန္ဓာတွေ့တွေ့ရှိကာ သမာဓိအားကောင်းကောင်းဖြင့် ကမ္မဋ္ဌာန်းတရားရှုနိုင်ပြီဖြစ်ရာ (၉) ရက်မြောက်သောနေ့တွင် သိမ်ထဲမှထွက်ခဲ့လေသည်။

□ သုသာန်ဓုတင်တရားမြင်

ဦးအောင်ထွန်းသည် သိမ်ထဲမှထွက်ပြီးနောက် အစ်မကြီးဒေါ်ဖွားစိန်၏ ဆေးရိုးပင်အောက်တွင် တစ်ကိုယ်တည်း ဆက်လက် တရားအားထုတ်ပြန်လေသည်။ အစ်မကြီး ဒေါ်ဖွားစိန်က ဝါးတဲလေးဆောက်လုပ်ပေး၍ တရားအားထုတ်စေခဲ့ပါသည်။ ထို့ပြင် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာ၌ ငါဆိုသောသတ္တဝါသည် အမြဲတမ်းနာကျင်ကိုက်ခဲမှုအပြည့်ရှိနေခဲ့သည်။ ဘယ်အရာမှ မမြဲသောတရားကို ဆင်ခြင်သုံးသပ်မိလေသည်။ ဒုက္ခဆင်းရဲခြင်းဝေဒနာကိုလည်း ကိုယ်တွေ့သိရှိခဲ့ပြီးဖြစ်လေသည်။ အာနာပါနတရားရှုမှတ်လျှင် အာနာပါနတရားရှုမှတ်သူသည် ငါသဘောနှင့်ပြုပြင်၍ရသည်မှာ ဘာမှမရှိ။ အကာလိကောဂုဏ်တော်ကြောင့် အချိန်မရွေး အခါကာလမရွေး တစ်ထိုင်တည်းဖြင့် အာသဝေါတရားကုန်ခန်းပြီး ရဟန္တာဖြစ်နိုင်သည်။ ထိုကဲ့သို့ ရဟန္တာမဖြစ်သည့်တိုင် သေခါနီးကာလတွင် မမှုသိဖို့ ရတနာဖြင့် အပါယ်ရွာသို့မလားနိုင်။ နတ်ပြည်သို့ရောက်ရှိနိုင်ပြီး နတ်ပြည်တွင် ဓမ္မကထိကနတ်သား ဟောကြားသည့်တရားကို နာကြားရသဖြင့် အရဟတ္တပုဂ္ဂိုလ်ဖြစ်နိုင်ပေသည်။ သာသနာပဋ္ဌာန်းဆက်ကြောင့် သာသနာပကာလတွင် ပစ္စေကဗုဒ္ဓါဖြစ်နိုင်သည်။ ထို့ထက်မကား နောင်ကာလဖွင့်ပွင့်တော်မူသည့် ဗုဒ္ဓဘုရားရှင်မျက်မှောက်ရှေ့မှာပင် ဗာဟိရဓာတုစရိယကဲ့သို့ လေးဝါဒတစ်ဂါထာဖြင့် ရဟန္တာဖြစ်နိုင်ကြောင်းကို ကောင်းစွာ နားလည်သဘောပေါက်နိုင်ခဲ့လေသည်။ ထိုအကြောင်းကို သိနှင့်ထားပြီးဖြစ်၍ လေးစင်တိုင်ဝါးတဲကျောင်းလေးဝယ် မအိပ်မနေ ဆက်လက် တရားအားထုတ်ခဲ့လေသည်။ ဦးအောင်ထွန်းသည် အာနာပါနကမ္မဋ္ဌာန်းတရားရှုမှတ်ရာတွင် ဝင်လေ၊ ထွက်လေကို စူးစိုက်၍ သမာဓိမလွတ်အောင် အားထုတ်ခဲ့လေရာ အကြည်ဓာတ်၊ အမြင်ဓာတ်များရရှိခဲ့လေသည်။ ထို့ပြင် ကိုယ်ကာယဓာတ်သဘာဝပြောင်းလဲမှုများကိုလည်း သေလုမြောပါးဖောက်ပြန်မှုဝေဒနာအမျိုးမျိုးကိုလည်း သေလုနီးပါး ပြင်းပြင်းထန်ထန် ခံစားရသည်လည်းရှိလေ၏။ ရုပ်တရားတို့၏ အပြင်ဗဟိဒ္ဓတိုက်ပွဲနှင့် အတွင်းအဇ္ဈတ္တတိုက်ပွဲတို့အား ထင်ရှားကွဲပြားစွာ သိရှိခဲ့လေသည်။

ဦးအောင်ထွန်းသည် ထို့မျှနှင့် အားရတင်းတိမ်ခြင်းမရှိဘဲ လူသူကင်းဝေးရာ သုသာန်တစပြင်တွင် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်ကူးဖြစ်ပေါ်ခဲ့ပြန်သည်။ ထို့ကြောင့် သချိုင်းသို့ သွားရောက်၍ အသုဘကမ္မဋ္ဌာန်းကို ဆက်လက်ရှုမှတ်လေသည်။ နေ့အခါတွင် သုသာန်သို့ သွားရောက်၍ တရားထိုင်ကာ ညအခါတွင် ရွာသို့ပြန်လာ၍ ဆက်လက်တရားအားထုတ်လေသည်။ လူသူကင်းဝေး၍ တိတ်ဆိတ်ငြိမ်သက်သည့် သချိုင်းတွင် တရားအားထုတ်သည့်အခါ သမာဓိအမြန်နှင့် စွဲလမ်းမှုတဏှာကို ပယ်သတ်နိုင်ခဲ့လေသည်။ ဦးအောင်ထွန်းသည် သမာဓိအားဖြင့် သချိုင်းတွင်တရားအားထုတ်ရာမသာကောင်များ၏ ရုပ်ပျက်ဆင်းပျက်အသုဘရုပ်အလောင်းများကို ပုံပျက်ပန်းပျက်[illegible]အမျိုးမျိုး၊ သဏ္ဌာန်အမျိုးမျိုးတို့ကို နေ့စဉ်ရှုမှတ်ပွားများခဲ့ရာ ဖောက်ပြန်မှုအမျိုးမျိုးဖြစ်ပေါ်နေသည့် ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ် အစရှိသည့် ဓာတ်ကြီးလေးပါးတို့ကို ထင်ရှားကွဲပြားစွာမြင်သိခဲ့လေ၏။ ဦးအောင်ထွန်းသည် ဝိပဿနာကမ္မဋ္ဌာန်းရှုမှတ်ခြင်းကြောင့် ဝိပဿနာဉာဏ်စဉ်များနှင့် စိတ်တန်ခိုးစွမ်းအင်တန်ခိုးကြီးမားပုံကိုလည်း ကိုယ်တွေ့သိရှိလာခဲ့လေသည်။

□ ရဟန်းအဖြစ်သို့ပြောင်းလဲ

ဦးအောင်ထွန်းသည် စွန်းလွန်းဂူဆရာတော်ကြီး၏ထေရုပ္ပတ္တိစာအုပ်ကို သေချာစွာ ဖတ်ရှုခဲ့ပြီးနောက် ဆရာတော်ကို အားကျကာ သူဖြစ်ရင် ကိုယ်ဖြစ်ရမယ်။ လူသေရင်သေ၊ မသေရင် ကိလေသာသေပြီး တရားထူးရရမယ် ဟူသည့်အဓိဋ္ဌာန်ဖြင့် လည်းကောင်း ကမ္မဋ္ဌာန်းဝိပဿနာရှုမှတ်ပြီး တရားမရမချင်း ငါ့ကိုယ်ခန္ဓာမှ အသွေးအသားတွေ ခန်းခြောက်ရင် ခန်းခြောက်ပါစေ တရားမရ ငါမထတော့ပြီဟု ညမအိပ်နေ့မနေ ကြိုးပမ်းတရားအားထုတ်ခဲ့ရာတွင် တစ်နေ့တွင် (၁၆) နာရီ တရားအားထုတ်ခဲ့သည်ဟုသိရှိရသည်။ ထိုသို့ တရားမရ ငါမနေဟူသောစိတ်ဓာတ်ဖြင့် ခန္ဓာကိုယ်ကို မသက်ညှာဘဲ ဝိပဿနာတရားကို ခွဲစိတ်သန်သန်ဖြင့် ပြင်းပြင်းထန်ထန် မလျှော့သောလုံ့လဖြင့် မနားမနေ ကြိုးစားအားထုတ်ခဲ့ရာ

www.burmeseclassic.com

(၂၁) လအတွင်း တရားထူးရရှိခဲ့လေ၏။ ဦးအောင်ထွန်းအဆိုအရ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်နေ့တွင် ဒုတိယမြောက်အသိထူးကို လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁၅ ရက်နေ့တွင် တတိယမြောက် အသိထူးကို လည်းကောင်း၊ ၁၉၆၁ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် စတုတ္ထအသိထူးကို လည်းကောင်း အဆင့်ဆင့်ရရှိခဲ့ကာ အာသဝေါတရားကုန်ခန်း၍ အရဟတ္တဖိုလ်ရရှိရာ နိဗ္ဗာန်တံခါးပွင့်ခဲ့လေတော့သည်။

ထိုအခါ သိကြားမြဟ္မာတို့၏ တောင်းဆိုချက်များအပြင် စွန်းလွန်းဂူဆရာတော်ဘုရားကြီး စွန့်ထားသည့် သက်န်းကို ပုဂ္ဂိုလ်တစ်ဦး၏လှူဒါန်းမှုဖြင့် ရဟန်းဝတ်ခဲ့လေသည်။ မယ်တော်ကြီးနှင့်ဦးစရတီကိုဦးထိပ်ထား၍ နေ့ာကုန်းရွာသူရွာသားများ၏ နုဂ္ဂဟပစ္စယဖြင့် နေ့ာကုန်းကျောင်းကြီးဆရာတော်ဖြစ်သော ဦးပညိန္ဒြိယအား ဥပဇ္ဈာယ်ပြုလျက် ၁၉၆၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ သိမ်တော်ကြီးတွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။

□ သဲအင်းမှသည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းဆီသို့

နေ့ာကုန်းကျေးရွာ၏အရှေ့ဘက်တွင် ညောင်ပင်အင်း၊ ခွေးပုတ်အင်း၊ သဲအင်း ဟူ၍ အင်းလေးအင်းရှိခဲ့ရာ သဲအင်း၏အရှေ့ဘက် ကုန်းမော့မော့ တလေးတွင် ရွာသားများနှင့် တပည့်ဒကာများက ကမ္မဋ္ဌာန်းကျောင်းဆောက်လုပ်ပေးခဲ့သည်။ ရရှိသမျှသော သစ်ဝါးများဖြင့် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းကို စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်လေသည်။ အင်းလေးအင်းမှ သဲအင်းကိုအစွဲပြု၍ သဲအင်းဂူကမ္မဋ္ဌာန တမ္မဋ္ဌာန်းကျောင်းလေးကို စတင်ခဲ့ကြသည်။ ထိုမှဟစ်ဆင့်ထက်၍ စံကျောင်းနှင့် မွှောရုံကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။ ယခုအခါတွင်မူ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသည် ခိုင်ခံ့သော သွပ်မိုးအုတ်တိုက်ကျောင်းဆောင်၊ သိမ်တော်ကြီးသံဃာကျောင်းဆောင်များ၊ သီလရှင်ကျောင်းဆောင်များ၊ တရားရှုမှတ်သူများအဖို့ တရားရိပ်သာဆောင်များ၊မွှောရုံတော်ကြီးများ၊ ယောဂီဆောင်များ၊ ဆွမ်းချက်ဆောင်၊ ဆွမ်းစားဆောင်စသည်တို့ဖြင့် များစွာတိုးတက်စည်ပင်လျက်ရှိနေပေသည်။

ဆရာတော်ကြီး ဦးဥက္ကဋ္ဌသည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းငယ်တွင် သီတင်းသုံးနေထိုင်၍ အဝိဇ္ဇာအမှောင်တိုက်ကျနေသည့်ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့အား အပါယ်လေးပါးသို့ကျရောက်စေနိုင်သည့်ဘဝမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် ဝိပဿနာကမ္မဋ္ဌာန်းတရားရှုမှတ်နည်းကို နည်းပေးလမ်းပြကာ တရားအားထုတ်စေခဲ့ပါသည်။ ထို့ကြောင့် သဲအင်းဂူသစ်ဝါးကျောင်းလေးမှသည် အခြေခံဆောက်အအုံများ ခိုင်မာစွာဖြင့် ကမ္မဋ္ဌာနာဝိပဿနာတရားစခန်းတွင် အနယ်နယ်အရပ်ရပ်မှ ယောဂီများလာရောက်၍ တရားအားထုတ်ကြလေသည်။

ဆရာတော်ကြီး ဦးဥက္ကဋ္ဌသည် ရဟန္တာဟုသမုတ်မခံဘဲ၊ အထင်မခံဘဲ မထင်မရှား ဦးပဥ္စင်းကြီးဟူသာ ခေါ်ဆိုစေခဲ့လေသည်။ ဆရာတော် ဦးဥက္ကဋ္ဌသည် အနေအထိုင်ကျစ်လျစ်တော်မူခြင်း၊ အလိုဆန္ဒနည်းပါးခြင်း၊ ဝိနည်းသိက္ခာတော်နှင့်အညီ ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း၊ ဝိပဿနာနည်းလမ်းကမ္မဋ္ဌာန်းရှုမှတ်ခြင်းတို့ကို နည်းပေးလမ်းပြခြင်း၊ တရားမေ့တောကြားချိုမြိန်ခြင်းတို့ဖြင့် သိက္ခာတော် (၁၂) ဝါ၊ အနက်ဝါတော် (၁၁) ဝါလုံးလုံး တပည့်ဒကာနှင့် ယောဂီအပေါင်းတို့အား နိဗ္ဗာန်ရောက်ကြောင်းတရားရှုမှတ်နည်းများကို လက်တွေ့သင်ကြားပေးခြင်းနှင့် နိဗ္ဗာန်ရောက်ကြောင်း ခန္ဓာတွေ့တရားမေ့တိကို နေ့စဉ် မနေမနား တိုက်တွန်း လမ်းပြတော်မူခဲ့လေသည်။

□ ခန္ဓာဝန်ချ မပုပ်မပွ ဓာတ်တော်ကျ

သို့ဖြင့် ဆရာတော်ကြီး ဦးဥက္ကဋ္ဌသည် ရဟန်းဘဝသို့ရောက်ရှိတော်မူပြီးနောက် သိက္ခာတော် (၁၁) ဝါလုံးလုံးမြတ်ဗုဒ္ဓဘုရားရှင်၏ နောင်သာသနာတော်ဝယ် အမှောင်ခွင်းပျောက် အလင်းရောက်မည့် သဲအင်းဂူကမ္မဋ္ဌာန်းဝိပဿနာကျင့်စဉ်တော်ကို သာသနာ့သမိုင်းတွင် မော်ကွန်းရေးထိုးနိုင်ခဲ့လေ၏။ ဆရာတော်ကြီးဦးဥက္ကဋ္ဌသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း ၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ခန္ဓာဝန်ချပ်ငြိမ်း၍ အေးငြိမ်းသောနိဗ္ဗာန်ရွှေပြည်မြတ်သို့ ကြွမြန်းတော်မူခဲ့လေ၏။ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်မှာ မချို့မယွင်း မပုပ်မပျက်ဘဲရှိနေတော်မူခဲ့ပါသည်။ ထိုအခါ တပည့်ဒကာများအတွင်း ဆရာတော်ကြီး၏ ဈာပနကိစ္စနှင့်ပတ်သက်၍ အုပ်စုနှစ်စုသဘောထားကွဲလွဲခဲ့လေသည်။

ပထမအုပ်စုမှာ ဆရာတော်ကြီး၏ရုပ်အလောင်းတော်အား ခန္ဓာစေတီအဖြစ် မှန်ခေါင်းတော်နှင့်အစဉ်ထာဝရ ပူဇော်ထားရှိလိုကြသည်။ ဒုတိယအုပ်စုကမူ ဆရာတော်ကြီးအား အန္တိမဈာပနအဖြစ် မီးပူဇော်၍ ဈာပနပြုချပူဇော်လိုသူတို့ ဖြစ်လေသည်။ ထိုသို့ အငြင်းပွားနေကြသဖြင့် ဂိုဏ်းဂဃဆရာတော်ကြီးများက ညှိနှိုင်းဆုံးဖြတ်ချက်ချမှတ်တော်မူခဲ့သည်၊ ဆရာတော်ကြီးဦးဥက္ကဋ္ဌ၏ ရုပ်ကလာပ်တော်အား မှန်ခေါင်းတော်ဖြင့် သုံးနှစ်တိုင်တိုင်ပူဇော်ခံထားရှိခဲ့လေသည်။ သုံးနှစ်တာကာလအတွင်း ဆရာတော်ကြီး၏ရုပ်ခန္ဓာတော်မှာလုံးဝပုပ်သိုးခြင်းမရှိဘဲ မျက်နှာတော်တွင် အနီးအငွေ့ကဲ့သို့သော အမြှေးရောင်များ ဖြစ်ပေါ်လာခဲ့လေသည်။ ရုပ်ခန္ဓာတော်မှာလည်း လက်နှင့် ခြေတို့တွင် စလွယ်သိုင်း၍ တစ်ဖက်က ရွှေရောင်တော်ဝင်းလျက် တစ်ဖက်မှာ သပြေသီးသဏ္ဌာန်ဖြစ်ပေါ်ပြောင်းလဲလေ့ရှိတော်မူပါသည်။

□ မျက်ရှင်တော်၊ အံတော်ရ ဓာတ်တော်ကျပြီ

ဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်တွင် သုံးနှစ်တိုင်တိုင်အပူဇော်ခံထားစဉ် ရုပ်ခန္ဓာတော်မှ စလွယ်သိုင်းရွှေရောင်၊ သပြေသီးရောင်ပြောင်းလဲခြင်းတို့အပြင် မျက်နှာတော်တွင် မှိုများပွင့်လာသကဲ့သို့ ဖွေးဖွေးဖြူလာသဖြင့် တပည့်ဒကာ တစ်ဦးက ကတ္တီပါစဖြင့် မျက်နှာတော်တစ်ပိုက်ကို သန့်စင်ပေးတော်မူပါသည်။ ထိုအခိုက် 'ချောက်' ဟူသောအသံဖြင့် မျက်စိတော်တစ်ဖက်မှာ ပေါက်ပက်ဖြစ်သွားခဲ့လေသည်။ထို့ကြောင့် 'ဒေါက်' ခနဲကျသည့်အသံဖြစ်ပေါ်ရာသို့ စူးစမ်းရှာဖွေကြသည့်အခါ မပြိုမကွဲတည်ရှိတော်မူသော အသန့်ရှင်းဓာတ် (ပြိုကွဲပျက်စီး ယိုယွင်းခြင်းမရှိသော) မျက်လုံးတော်ကို တွေ့ရှိရလေသည်။ ထို့နောက် ဒုတိယဈာပနမီးမပူဇော်ခင်ကပင် ညာဘက်နှင့် ဝဲဘက်မျက်ရှင်တော်တစ်စုံနှင့် အံတော်တို့ကို ပူဇော်ရန်ရရှိတော်မူခဲ့လေသည်။

ဤသို့ဖြင့် ရုပ်ကလာပ်တော်ကို သုံးနှစ်တိုင်တိုင် အပူဇော်ခံထားရှိရာမှ ၁၉၇၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကြီးကျယ်ခမ်းနား သိုက်မြိုက်စည်ကားသည့်အန္တိမဈာပနပူဇော်ပွဲကြီးကို ကျင်းပခဲ့လေသည်။ ဆရာတော်ကြီး၏မျက်ရှင်တော်တစ်စုံနှင့် အံတော်တို့အား ရွှေမ

www.burmeseclassic.com

ဈာပနပွဲတွင် ပူဇော်ကြည်ညိုနိုင်ရန်အလို့ငှာ မြို့နယ်ကျေးရွာအသီးသီးမှသံဃာတော်များ၊ လူပုဂ္ဂိုလ်ပရိသတ်များ တဖွဲဖွဲရောက်ရှိပူဇော်ကြလေသည်။ နောက်ဆုံးတွင် ဆရာတော်ကြီးဦးဥက္ကဋ္ဌ၏ ရုပ်ကလာပ်တော်အား အန္တိမဈာပန ပြာချမီးပူဇော်ကြလေသည်။ ထိုအခါ ရုပ်ခန္ဓာတော်အား လောင်ကျွမ်းပြီးနောက် ဓာတ်တော်များကျသည့်အပြင် ဆံတော်များမှာ မီးမခဘဲ ကျန်ရှိနေကြကြောင်း ပူဇော်တွေ့ရှိကြရလေသည်။ ဆရာတော်ကြီးဦးဥက္ကဋ္ဌ၏အသရိုးဓာတ်တော်များဖြစ်သည့် လက်ဝဲ၊ လက်ယာမျက်ရှင်တော်များနှင့် အံတော်တို့ကို သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် လုံခြုံစွာ သိမ်းဆည်းထား၍ အခါကြီးနေ့ကြီးရက်ကြီးများတွင် အများပြည်သူတို့အား ပူဇော်ခွင့်ပြုထားကြပါသည်။ ဆရာတော်ကြီး၏ အကာလိကောဂုဏ်တော်ကြောင့် တရားထူးများရရှိခြင်းသည် အံ့ဩလောက်ပါပေသည်။

□ ဓာတ်တော်စေတီတည်ရသည်

ဆရာတော်ကြီး ဦးဥက္ကဋ္ဌသည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်တွင် လေးကျွန်းစကြာစေတီတော်မြတ်ကြီးကို တည်ထားတော်မူခဲ့ရာ တပည့်များက ပြီးစီးအောင်မြင်အောင် ဆက်လက်တည်ထားကြလေသည်။ ဆရာတော်ကြီးအား ရုပ်ကလာပ်တော်ကို အန္တိမဈာပန ပြာချမီးသင်္ဂြိုဟ်ပြီးနောက် ပြာများကြွင်းကျန်ရစ်လေသည်။ သို့သော် ဆရာတော်ကြီး၏ အန္တိမဈာပန ပြာချသည့်နေရာတွင် နှစ်စဉ် တန်ခူးလသို့ရောက်ရှိတိုင်း ဓာတ်တော်စေတီ တည်ထားကိုးကွယ်ခဲ့ကြလေသည်။

□ သဲအင်းဂူကမ္မဋ္ဌာန်းဝိပဿနာတရားစခန်း

သဲအင်းဂူဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်စံဝင်သွားခဲ့ပြီဖြစ်သော်လည်း သဲအင်းဂူကမ္မဋ္ဌာန်းဝိပဿနာတရားစခန်းမှာ ဆက်လက်တည်ရှိနေခဲ့သည်။ ဆရာတော်ကြီး၏ နှောကုန်းသဲအင်းဂူကျောင်းတိုက်ကြီးတွင် နှစ်စဉ်ဝိပဿနာတရားစခန်းများကို ဖွင့်လှစ်ခဲ့ရာ သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများ မပြတ်မလတ် လာရောက်၍ စခန်းဝင်တရားအားထုတ်ကြပါသည်။ သဲအင်းဂူဆရာတော်ကြီး၏သဲအင်းဂူကျောင်းတိုက်တွင် ဆရာတော်ကြီး၏ဝိပဿနာသတိပဋ္ဌာန်တရားတော်သံများသည် မပြတ်မလတ်အသံမစဲပေါ် ထွက်နေမြဲ ဖြစ်ပါသည်။

ဆရာတော်ကြီး၏ တပည့်ဖြစ်သည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တဝါမယ ဦးစီး၍ ယခုအခါ ပဓာနနာယက ဆရာတော်ဦးသောမ ဦးဆောင်၍ ကမ္မဋ္ဌာနာဆရာတော်များဖြစ်သည့် ဆရာတော်ဦးသုဝိလာသ၊ ဆရာတော်ဦးသောဘိတ၊ ဆရာတော်ဦးသုမေဓ၊ ဆရာတော်ဦးပုညသေဋ္ဌတို့က သဲအင်းဂူဆရာတော်ဘုရားကြီး၏ နိဿယအတိုင်း 'အမြဲလင်း ဖွဲ့တင်း သဲအင်း' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တရားနည်းပြအားထုတ်စေလျက်ရှိပါသည်။ ထို့ပြင် မြန်မာပြည်အနှံ့ ကမ္မဋ္ဌာနာဆရာတော်များကို စေလွှတ်ကာ သဲအင်းဂူကမ္မဋ္ဌာနဝိပဿနာတရားစခန်းရိပ်သာခွဲအမှတ် (xxx) စသည်ဖြင့် သဲအင်းဂူဝိပဿနာရှုနည်းကို ဖြန့်ဝေသာသာနာပြုလျက်ရှိပါသည်။

မော်ဘီမြို့ နှောကုန်းရွာ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်တော်ကြီးတွင် သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများတို့သည် နံနက်စောစော သုံးနာရီကပင်ထ၍ ကိုယ်လက်သုတ်သင်ကာ တျောင်းဆူတော်ရှင် သဲအင်းဂူဆရာတော်ဘုရားကြီး၏တရားဓမ္မကို နာယူနာကြားကြပါသည်။ နံနက်သုံးနာရီခွဲအချိန်ကျရောက်သည်နှင့် အရိယဓမ္မဗိမာန်တော်ကြီးတွင် ဘုရားဝတ်တက်ကြပါသည်။ နံနက် (၆) နာရီတီးသည်နှင့် သံဃာတော်များက ဆွမ်းခံကြွကြပါသည်။ ကျန်ရှိသော သီလရှင်များ၊ ယောဂီများက တရားရှုမှတ်ကြပါသည်။ နေ့စဉ်တရားစခန်း နံနက် (၆) နာရီမှ (၈) နာရီအထိ လည်းကောင်း၊ နေ့လယ် (၁၂)နာရီမှ (၂) နာရီအထိ လည်းကောင်း၊ ညနေ (၃) နာရီမှ (၄) နာရီ (၃၀) မိနစ်အထိ လည်းကောင်း တစ်နေ့လျှင် သုံးကြိမ်ကျဖြင့် တရားအားထုတ်ချိန်မှာ ငါးနာရီခွဲရှိပါသည်။ ညနေ (၆) နာရီတွင် အရိယဓမ္မဗိမာန်တော်ကြီး၌ ဘုရားဝတ်ပြုကာ ညပိုင်းတွင် ဆရာတော်ကြီး ဥက္ကဋ္ဌ၏ နိဗ္ဗာန်ရောက်ကြောင်းတရားတော်နှင့် အပါယ်ဘေးမှ လွတ်ကင်းရာ ကမ္မဋ္ဌာန်းတရားရှုမှတ်ပွားနည်းအကြောင်းတရားတော်ကို နာယူကြရပါသည်။

ဝါတွင်းကာလတွင်မူ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးရှိ ဝါဆိုသံဃာတော်အပေါင်းတို့သည် ဆွမ်းခံမကြွတော့ပါ။ ဝါတွင်းကာလ၌ သံဃာတော်၊ သီလရှင်များ၊ ယောဂီအပေါင်းတို့သည် တရားဘာဝနာရှုမှတ်အားထုတ်ကြပါသည်။ မနက်အရုဏ်တက်(၅)နာရီအချိန်တွင် အရုဏ်ဆွမ်းဘုဉ်းပေးစားသုံးကြပြီးနောက် နံနက်ပိုင်းတွင် နံနက် (၆) နာရီမှ (၉) နာရီထိလည်းကောင်း၊ နေ့လယ်ပိုင်းတွင် နေ့လယ် (၁၂) နာရီမှ (၂) နာရီထိလည်းကောင်း၊ ညနေပိုင်း (၂) နာရီ (၃၀) မိနစ်မှ (၄) နာရီ (၃၀) မိနစ်ထိလည်းကောင်း၊ (၅) နာရီ (၃၀)မှ (၇) နာရီ (၃၀)မိနစ်အထိလည်းကောင်း၊ တစ်ရက်လျှင် ကိုးနာရီကျတရားရှုမှတ်ကြရပါသည်။ နေ့စဉ် နံနက် (၃) နာရီခွဲမှ စတင်၍ ဆရာတော်ကြီးဦးဥက္ကဋ္ဌ၏ တရားတော်တိပ်ခွေကိုဖွင့်၍ ဆရာတော်ကြီး၏ ဟောကြားချက်များကို နာကြားရလေ့ရှိပါသည်။ ထို့ပြင် ဝါတွင်းကာလ တရားစခန်းအောင်မြင်သူများကို ဓမ္မပူဇော်ပွဲ နှစ်စဉ် ပြုလုပ်ကျင်းပပေးလေ့ရှိသည်။ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် 'ဟောမန္တအဓိဋ္ဌာနဂုဏပူဇော်ပွဲ' ဟုလည်း ခေါ်ဆိုကြပါသည်။ နှစ်စဉ် သင်္ကြန်တွင်းကာလ အထူးတရားပွဲကိုလည်း တစ်နေ့လျှင် (၈) နာရီ တရားရှုမှတ်စေလျက် (၉) ရက်အဓိဋ္ဌာန်တရားစခန်းကို ပြုလုပ်လေ့ရှိပါသည်။

'အမြဲလင်း ဖွဲ့တင်း သဲအင်း' ဆိုသည့် အမှတ်သင်္ကေတနှင့်အတူ ဖွဲ့ဆိုရေးသားထားသည့် ကဗျာလေးမှာ -

□ *မော်ဘီနယ်တွင်း၊ အင်းသုံးအင်း၏*
*ရွှေခင်းသဖွယ်၊ ဗဟိုလယ်တွင်*
*စွင်ကြယ်ဖွေးဖြူ သဲအင်းဂူ၌*
*အပူမသန်း သီလပန်းသည်*
*လန်းဆန်း ပွင့်ခဲ့ပါပြီတည်း။*

□ *မော်ဘီမြို့နယ် ထူးအံ့ဖွယ်ကား*
*ငြိတွယ်ကိလေ အကုန်သေ၏။*
*မြန်မြေအတွင်း ကျော်သတင်းသည်*
*ထင်လင်းပကာ ရဟန္တာတည်း။*

ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာပြည်တစ်လွှားမှ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် နှောကုန်းရွာရှိ သဲအင်းဂူကမ္မဋ္ဌာန်းဝိပဿနာကျောင်းတော်ကြီးဆီသို့ ဆရာတော်ကြီးဦးဥက္ကဋ္ဌ၏နည်းနိဿယအတိုင်း တရားစခန်းဝင် လာရောက်၍ တရားရှုမှတ်နိုင်ကြပါကြောင်းနှင့်နေထိုင်စားသောက်ရေးကိစ္စအဝဝတို့ကို တရားစခန်းက တာဝန်ယူပါသည်။ ယောဂီအပေါင်းတို့၏တာဝန်မှာ တရားအားထုတ်နိုင်ဖို့သာ အဓိကဖြစ်ပါကြောင်း နိဗ္ဗာန်လမ်းညွှန် လေ့လာရေးသားတင်ပြလိုက်ရပါတော့သည်။

ရွှေချိုအောင်(ဗေဒသီ)



www.burmeseclassic.com

www.burmeseclassic.com

(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)

# ဦးဉာဏ်ဇော်

## ပြုသည့်ကောင်းမှု တောင်းဆုအတွေ့တွေ (၅)



▫ဗိုလ်ကုန်းဆရာတော်ကြီး၏ဆုတောင်း

ပုသိမ်မြို့ သဘော်ကျောင်း၌သီတင်းသုံးတော်မူသော ဗိုလ်ကုန်းဆရာတော်ကြီးသည် တွမ်းခြံကုန်းမြို့နေ ဥပါသကာကိုထွန်းရှိန်နှင့် ကိုဘိုးဆင့်တို့၏ လျှောက်ထားတောင်းပန်မှုဖြင့် အဘိဓမ္မတ္ထဒီပကကျမ်းကြီးကို ပြုစုတော်မူသည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အခြေခံ၍ ပါဠိတော် အဋ္ဌကထာ ဋီကာများခြံရံကာ အဘိဓမ္မာခုနစ်ကျမ်းလာ အဘိဓမ္မတ္ထသဘာဝများနှင့် စိတ်အရေးအတွက် သင်္ချာသရုပ်အခိပ္ပာယ်ပုဒ်များကို ဖော်ထုတ်ပြသထားသော အဘိဓမ္မတ္ထဒီပကကျမ်းကြီးသည် စာချစာသင်ပုဂ္ဂိုလ်များအတွက်သာမက အဘိဓမ္မာကို ထဲထဲဝင်ဝင်လေ့လာလိုက်စားသူတို့အတွက်ပါ ကျေးဇူးများလွန်းလှပေသည်။ ထိုကျမ်းကြီးသည် ၁၂၇၇ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့ ဆယ်နာရီအချိန်တွင် ရေးသားပြီးစီးခဲ့ပါသည်။ ထိုကျမ်းကြီး၏နိဂုံးလာ ဗိုလ်ကုန်းဆရာတော်ကြီး၏ တောင်းဆုများကို ဖော်ပြပေးလိုက်ပါသည်။

(က) ရုပ်နာမ်အခြေ၊ ဟုတ်မှန်ဝေ၊ ထုတ်ပေကုသိုလ်နော်။

(ခ) ဝိမုမပော်၊ ဉာဏ်ကြီးကျော်၊ သူတော်မြတ်လို့မျှော်။

(ဂ) ဝဋ်မြစ်ဝဋ်ယောင်း၊ ပြတ်၍ရှောင်း၊ ရှင်တောင်းကောင်းစေရော်။

(ဃ) သုံးပါးဝိဇ္ဇာ၊ ပုဒိအာ၊ လျင်စွာ ခဏာ ရလိုသော်။

(င) အရဟတ္တမဂ်၊ ဖြူထိးရွက်၊ ရှစ်ချက်ဆောင်းစေသော်။

ရုပ်နာမ်တို့၏ ဟုတ်မှန်သောသဘောကို မှန်ကန်စွာ ဝေဖန်ပိုင်းခြား၍ ကုသိုလ်များထုတ်ယူတာ ဉာဏ်ကြီးရှင်သူတော်စင်တို့ကဲ့သို့ ဝဋ်ဆင်းရဲ၏အရင်း

www.burmeseclassic.com

မူလဖြစ်သော အဝိဇ္ဇာတဏှာတို့ကို အကြွင်းမဲ့ဖြတ်တောက်ပြီး ပုံ၊ ဒီ၊ အာ ဟူသော ဝိဇ္ဇာဉာဏ်သုံးပါးကို လျင်မြန်စွာ ရရှိရပါလို၏။ မင်လေးတန် ဖိုလ်လေးပါး ဟူသော ထိုမြွေရစ်ရွက်ကိုဆောင်းရပါလို၏ဟု ဆိုလိုရင်း ဖြစ်ပေသည်။ ဘဝ သံသရာမှလွတ်မြောက်ရာလမ်းကိုရှာဖွေခြင်း ဖြစ်သည်။

## ❑ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး လက်ထက် သာသနာပြုမောင်းထောင် ဆရာတော်ကြီး၏ဆုတောင်း

ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်း တရားကြီးလက်ထက် ပဥ္စမသင်္ဂါယနာ တင်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သော ပညာသာမိသီရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ သာသနာပြု မောင်းထောင်ဆရာတော်ဘုရားကြီးသည် ပဥ္စမသင်္ဂါယနာတင်နေစဉ်ကာလအတွင်း တောင်သာမြို့စား ဒိသာပါမောက္ခဆရာ လျှောက်ထားတောင်းပန်သဖြင့် အနက်အဓိပ္ပာယ်အဖြတ်နှင့်တကွ ပရိယာယ်ဝေဝုစ်ပုဒ်ပါဋ္ဌ်အကျွရာ လင်္ကာတင်ဝိဂြိုဟ် လိုရာ အချက်များကို ပြဆိုထားသည့် အက္ခရဝိသောဓနီကျမ်းကို ပြုစုတော်မူခဲ့သည်။ ထိုအက္ခရဝိသောဓနီကျမ်းကို ပဥ္စမသင်္ဂါယနာ၏ဖွားဖက်တော်ကျမ်းဟု သတ်မှတ်နိုင်ပေသည်၊ အက္ခရဝိသောဓနီကျမ်းပြုဆရာသည် ပဥ္စမသင်္ဂါယနာတင်ရာ၌ ဦးစီးဦးရွက်ပြုတော်မူသော ဒေ ယျမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်ကြီး၏ တပည့်ဖြစ်သည်။ ထိုအက္ခရဝိသောဓနီကျမ်းကို ဂါထာ(၁၃)ပုဒ်ဖြင့် နိဂုံးအုပ်ထားရာ ရှေ့(၅)ပုဒ်ဖြင့် ပဥ္စမင်္ဂါယနာတင်ပုံကျမ်းပြုရခြင်းအကြောင်းနှင့် ရည်ရွယ်ချက်များကို ပြဆိုထားပြီး နောက် (၈)ပုဒ်ဖြင့် ကျမ်းပြုဆရာတော်ကြီး၏ လိုလားသောဆန္ဒတော်များကိုဖော်ပြထားသည်။ အတုယူကြည်ညိုဖွယ်ရာဆရာတော်ကြီး၏ ဆန္ဒတော်များကို အပြည့်အစုံဖော်ပြပေး လိုက်ပါသည်။

(ဆုတောင်းဂါထာ –၆) ဤကျမ်းကို ပြုစုရသော ကုသိုလ်ကံကြောင့်လည်းကောင်း၊ အခြားသော ကုသိုလ်ကံတို့ကြောင့် လည်းကောင်း၊ သံသရာ၌ ကျင်လည်ရသည်ဆိုသော် ဘုန်းကံရှိသူ၊ လိမ္မာကျွမ်းကျင်သူ၊ ပညာဉာဏ်ထက်မြက်သူဖြစ်ရပါလို၏။

(ဆုတောင်းဂါထာ-၇/၈/၉) တစ်သယ်ခြောက်နှစ်သားအရွယ်တွင် ဗေဒင်လေး ပုံနှင့် ပိဋကသုံးပုံကို အာဂုံဆောင်နိုင်ရပါလို၏။ ခက်ခဲသိမ်မွေ့သောအနက်သဘောသည် ကောင်းကင်၌ပေါ်ထွက်လာသောလမင်းကဲ့သို့ ထင်ရှားစွာသိမြင်နိုင်ရပါလို၏။ ရပြီးသိပြီးသောအတတ်ပညာသည် ကျောက်၌ရေးသားထားသကဲ့သို့ အမြဲတည်နေပါစေ။ စကားပြောဆိုတတ်သောအချိန်မှစ၍ နှစ်ခွသော စကားမရှိသူဖြစ်လိုပါ၏။ သူတစ်ပါးတို့က ပြဿနာမေးလာသည့်အခါတိုင်း ဟုတ်တိုင်းထင်ထင် သိမြင်နိုင်သည်ဖြစ်၍ ငါမသိဟုမပြောမဆိုရပါလို၊ သူတစ်ပါးတို့က ပေးပါဟု တောင်းရမ်းလာသည့်အခါတိုင်းမိမိမှာဥစ္စာကုံလုံပြည့်စုံကြွယ်ဝသည်ဖြစ်၍ မရှိဟု မပြောမဆိုရပါလို၊ လိုအင်တောင့်တကြံတိုင်းရသဖြင့် ပေးပါဟု မဟာမမြွက်ရပါလို၊ သူယုတ်မာတို့နှင့် တစ်နေ့တစ်ညဉ့်မျှ မပေါင်းဖော်ရပါလို၊

(ဆုတောင်းဂါထာ-၁၀) သူတစ်ပါးတို့၏အကျိုးစီးပွားမဲ့ကို ကာယကံ၊ ဝစီကံဖြင့်ပြုလုပ်ရန် မဆိုထားဘိ မနောကံမျှဖြင့်မကြံမစည်ရပါလို၊ သူတစ်ပါးတို့အား မေတ္တာစိတ်ဖြင့်သာ တရားဓမ္မလမ်းကြောင်းပြ၍ ဆုံးမရပါလို၏။ သူတစ်ပါးတို့ကလည်း မိမိအား မေတ္တာစိတ်ဖြင့်သာ တရားဓမ္မလမ်းကြောင်းပြ၍ ဆုံးမကြပါစေ။

(ဆုတောင်းဂါထာ-၁၁) အမိအဘဟူသောအကြောင်းကြောင့်လည်း မတော်မမှန်ဖောက်ပြန်ယွင်းချွတ်သောအကျင့်ကို မပြုမကျင့်ရပါလို၊ ချစ်ချင်ဖွယ်သော စကားရှိသူ၊ ကြီးမြတ်သောလုံ့လရှိသူ၊ ကောင်းမြတ်သောနှလုံးရှိသူ၊ တည်ကြည်သောနှလုံးရှိသူဖြစ်ရပါလို၏။

(ဆုတောင်းဂါထာ-၁၂) မိဖုရားခေါင်ကြီးအမှူးရှိသော မင်းပရိသတ်အပေါင်းနှင့်တကွ ရေမြေသနင်းမင်းတရားကြီးသည် ရအပ်သောမင်း၏ အသရေဖြင့်တင့်တယ်ခြင်းရှိသည်ဖြစ်၍ အသက်ရာကျော်တည်သည်ဖြစ်၍ တိုင်းနိုင်ငံသူရှင်လူအပေါင်းကို ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်တော်မူပါစေ။

(ဆုတောင်းဂါထာ-၁၃) အကျွန်ုပ်၏ဆရာသမားဘေးကင်းပါစေ၊ ရန်ကင်းပါစေ။ သတ္တဝါအပေါင်းတို့သည်လည်း ဘေးကင်းကြပါစေ။ ရန်ကင်းကြပါစေ။ ဘုရားဖြစ်ရန် ဆုကြီးပန်သော အကျွန်ုပ်သည်အား သဗ္ဗညုတဉာဏ်၏အကြောင်းဖြစ်သော ပါရမီဆယ်ပါးကိုပြုကျင့်ဆည်းပူး၍ နောင်အခါ၌ နိဗ္ဗာန်သို့ရောက်ရပါလို၏။

## ❑ ပခုက္ကူအရှင်ကေလာသ၏ဆုတောင်း

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သာသနဇောတိပါလကျောင်း၌ သီတင်းသုံးတော်မူသော ပခုက္ကူခရိုင် ကန်ရပ်ရွာဇာတိ စာချဆရာတော်အရှင်ကေလာသမထေရ် (မွှာစရိယ၊ ဂဏဝါစက၊ ဘီအေ-ဂုဏ်ထူး၊ အဂ္ဂမဟာပဏ္ဍိတ) (၁၂၉၂-၁၃၅၄) သည် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာများနှင့် သဒ္ဒတဘာသာကျမ်းစာများကိုပို့ချပေးရင်း မန္တလေးသာသနာဝင်၊ ပုဂံသာသနာဝင် စသော သာသနာဝင်ကျမ်းများ၊ သဒ္ဒတမြန်မာအဘိဓာန်စသောအဘိဓာန်ကျမ်းများ၊ အဘိဓာန်နိဿယ စသော နိဿယများနှင့် မူလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိစသော ကျမ်းကြီးကျမ်းငယ်ပေါင်း (၂၉၀) ကျော်ကို ပြုစုရေးသားခဲ့သောကြောင့် ပခုက္ကူအရှင်ကေလာသ ဟု ထင်ရှား ကျော်ကြားလှပါသည်။ ပခုက္ကူအရှင်ကေလာသသည် မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်နှင့် မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော်အရှင်ဥတ္တမသာဘိဝံသတို့၏တပည့်ဖြစ်ပြီး သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့၌ ဘာသန္တရစာပေတို့ကို သင်ယူခဲ့သူလည်းဖြစ်သည်။ ပခုက္ကူအရှင် ကေလာသမထေရ်သည် ရေးသား ပြီးစီးခဲ့သမျှသော ကျမ်းစာအသီးသီးတို့ကို တူညီသောဂါထာ(၈)ပုဒ်တို့ဖြင့် နိဂုံးအုပ်၍ အဆုံးသတ်လေ့ရှိသည်။ ထိုနိဂုံးဂါထာ (၈) ပုဒ်တို့တွင် ရှေ့ဂါထာ(၇)ပုဒ်တို့ဖြင့် ကျမ်းဆရာ၏ ဇာတိ၊ ဆရာများ၊ ပညာသင်ယူခဲ့ပုံ၊ သီတင်းသုံးရာနေရာ၊ လုပ်ဆောင်ချက်များနှင့် ရေးသား ပြီးစီးသောကျမ်း၏ အကြောင်းအရာများကို အကျဉ်းချုပ်ဖော်ပြပြီး နောက်ဆုံး ဂါထာတစ်ပုဒ်ဖြင့် ဆုတောင်းကို ဖော်ပြလေ့ရှိပါသည်။ ပခုက္ကူအရှင်ကေလာသမထေရ်မြတ်၏ အတုယူဖွယ်ဆုတောင်းကို ဖော်ပြပေး လိုက်ပါသည်။

*❑ ကျမ်းစာများစွာကို ရေးသားရသောကောင်းမှု စာပေကျမ်းဂန်ပို့ချရသော ကောင်းမှုအစုစုကြောင့် ပညာရှင်ချည်းများသာဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းငှသိဝနန်းသို့ စံမြန်းရပါလို သတည်း။*

ဦးဇော်ဇော်
(သာမဏောကျော် ဓမ္မာစရိယ၊
M.A)



www.burmeseclassic.com

www.burmeseclassic.com

မောင်စိမ်းထွေး(ထားဝယ်)

# ဆရာတော်ဘဒ္ဒန္တသီလမဟာထေရ်မြတ် အမှတ်တရ

ဗုဒ္ဓမြတ်စွာ၏ သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကား တောက်ပအောင် ပရိယတ္တိ ပဋိပတ္တိစွယ်စုံ သာသနာပြုသောအရှင်သူမြတ်များတွင် တနင်္သာရီတိုင်းဒေသကြီး၌ ပထမဆုံး ထားဝယ်ဇေယျဝတီကျောင်းတိုက်ကိုတည်ထောင်ပြုစုပျိုးထောင်ကာ သာသနာပြုတော်မူသည့်အရှင်မြတ်မှာ ဝိနည်းအရာကျော်ကြားသည့် ဂဏဝိမုတ်ကူးတို့ဂိုဏ်း သာသနာဝင် အရည်ဝါသီဆရာတော်ဘုရားကြီး ဘဒ္ဒန္တသီလမဟာထေရ် (၁၂၃၆-၁၃၁၉) ဖြစ်သည်။ ပါဠိတော်ကို အဋ္ဌကထာနှင့် ဋီကာတွဲလျက် ခုနစ်ခေါက်ပို့ချနိုင်ခဲ့သောအရှင်မြတ်အဖြစ် ထင်ရှားပြီး စာပေကျမ်းဂန်အတတ် အကျော်အမော် ထူးချွန်သော တပည့်တပန်းအများအပြားကို ပေါ်ထွက်စေခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် တောရကျောင်းသုံးကျောင်းနှင့် ပဋိပတ္တိရိပ်သာတစ်ခုကို တည်ထောင်၍ သာသနာပြုတော်မူပါသည်။



အနုရှုဒ်စိနကြေးသွန်းရုပ်ပွားတော်ကြီး

## ❑ မွေးရပ်ဇာတိ

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မင်းရပ်ရွာ ခမည်းတော် လှေသူကြီးဦးဘိုးချေး၊ မယ်တော် ဒေါ်မွေးအုံတို့မှ ကောဇာနှစ် ၁၂၃၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။ ငယ်မည် မောင်ချစ်ရင်ဖြစ်ပြီး မွေးချင်း (၉) ယောက်တွင် (၈) ယောက်မြောက် သားရတနာဖြစ်သည်။ မောင်ချစ်ရင်ကို သန္ဓေမတည်မီ ခမည်းတော်၊မယ်တော်တို့၏အိမ်ပေါ်သို့ နီရဲသောအလုံးကြီးတစ်လုံး ကောင်းကင်မှကျလာပြီးလျှင် အိမ်ထဲသို့ဝင်သွားသည်ကို အိမ်နီးနားချင်းတို့က မြင်တွေ့လိုက်ကြ၏။ ဆရာတော်လောင်းလျာ ပဋိသန္ဓေယူသော် မယ်တော်ဒေါ်မွေးအုံသည် ဖန်ခါးသီးကို မစားရလျှင်မနေနိုင်အောင် ချင်ခြင်းဖြစ်ပေါ်လေသည်။ မောင်ချစ်ရင် ငယ်စဉ် ကလေးသဘာဝ အချင်းအချင်းသွားလာကစားသည့်အခါ အဖော်များက ဝိုင်းဝန်းခြံရံလိုက်ပါလေ့ရှိ၏။ နောင်အခါ ဦးစီးဦးဆောင်မည့်နိမိတ်ပင် ဖြစ်သည်။

## ❑ ပညာသင်ယူ

အိမ်တွင် ဖခင်ကြီး၏သင်ပြမှုဖြင့် သင်ပုန်းကြီးကုန်သည်။ အသက်(၁၂)နှစ်အရွယ်၌ မင်းရပ် တလိုင်းမော်ကျောင်း ကျမ်းတတ်အကျော်ဆရာတော်ဦးသုမနထံပါး လောကုတ္တရာစာပေကျမ်းဂန်များ စတင်သင်ကြား၏။ (၁၄)နှစ်တွင် တလိုင်းမော်ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်သီလဖြစ်သည်။ ရှင်သီလ သာမဏေဘဝဖြင့် လောကုတ္တရာအခြေပြုဖြစ်သည့် သဒ္ဒါ၊ သင်္ဂြိုဟ် စသော ကျမ်းစာများကို အပတ်တကုတ် သင်ကြားရွတ်အံသည်။ ၁၂၅၆ ခုနှစ် ရှင်သီလ အသက် (၂၀) ပြည့်သောအခါ ဂဏသမုဒ္ဒာပကာ



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒန္တသီလမဟာထေရ်မြတ်ကြီး



ဘဒ္ဒန္တသီလမဟာထေရ်မြတ်ကြီးကြေးရုပ်ထုတော်



ဓမ္မဒူတဝိပရိယတ္တိစာသင်တိုက်မုခ်ဦး

ပထမကူးတို့ဂိုဏ်းချုပ်ပိဋကတ်တိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမ္ဘဝံသကို ကျောက်ထီးတန္တု ဥပဇ္ဈာယ်ပြု၍ ပိဋကတ်တိုက်ကျောင်း ခဏ္ဍသိမ်တော်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းတော်အဖြစ်သို့ရောက်တော်မူ၏။ ရဟန်းဘွဲ့တော်မှာ ဦးသီလပင် ဖြစ်သည်။

အရှင်သီလသည် တလိုင်းမော်ဆရာတော်ထံ၌ နေ့ဝါ၊ ညဝါပိဋကတ်ကျမ်းစာများကို သင်ရိုးကုန်ကြိုးစားသင်ကြားတော်မူသည်။ တလိုင်းမော်ဆရာတော်က တပည့်ဖြစ်သူ အရှင်သီလ၏ အင်္ဂါရုပ်၊ အကျင့်စာရိတ္တ၊ သွားလာနေထိုင်၊ ပြောဆိုတို့ကို အကဲခတ်လျက် သာသနာတော်နောင်ရေးအတွက် ဝုဍ္ဎိရှိပေပုလ္လဖြစ်စေနိုင်မည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း မျှော်မှန်းဆင်ခြင်မိသည့်အားလျော်စွာ ၁၂၆၁ ခုနှစ်တွင် ရေနံချောင်းမြို့ စိန်ပန်းပင်ကျောင်းတိုက်ဆရာတော်ဘုရားထံ ပို့ဆောင် အပ်နှံပေးတော်မူလေသည်။ ထိုအချိန် အရှင်သီလ သိက္ခာတော်(၅)ဝါဖြစ်၏။ ပိဋကတ်သင်ရိုးကုန်နေပြီးသော အရှင်သီလအား စိန်ပန်းပင်ဆရာတော်က သဒ္ဒါဘက်ဆိုင်ရာခဲရာခဲဆစ်အဆုံးအဖြတ်တို့ကို ပို့ချသင်ကြားပေးတော်မူသည်။ ထို့ပြင် ဝိနည်းအကျော် မိုးနံကုန်းဆရာတော်ဘုရားကြီးထံတော်၌လည်း သဒ္ဒါနှင့်ဝိနည်းဘက်ဆိုင်ရာ ပိဋကတ်၏ ခဲရာခဲဆစ်တို့ကို သင်ကြားအားထုတ်တော်မူ၏။

အရှင်သီလသည် မန္တလေးမြို့ တောင်ပြင်မိုးတားကျောင်းတိုက်သို့ ကြွရောက်၍ သာသနာပိုင် မိုးတားဆရာ



မြန်မာနိုင်ငံတော်ကို
စိုးမိုးအုပ်ချုပ်တော်မူသော ဘုရင်ခံမင်း၏
သိမ်းအရာရှိ ပေးသောအမိန့်တော်
(၉-၈-၁၉၂၂)

တော်ဘုရားကြီးထံတော်၌လည်းကောင်း ဘုရားကြီးကျောင်းတိုက် စာချဆရာတော်များထံ၌လည်းကောင်း ပိဋကတ်ကျမ်းများ၏ ခဲရာခဲဆစ်အဆုံးအဖြတ်တို့ကို နည်းနာနိဿယခံယူလေသည်။ ထို့နောက် ရန်ကုန်မြို့သို့ကြွရောက်ပြီးလျှင် အလုံဇေတနာရာမကျောင်းတိုက် ဆရာတော်ဘုရားကြီးထံတော်၌ အင်္ဂလိပ်စာနှင့် ဘင်္ဂါလီ၊ နာဂရီစာပေများကို ဆက်လက် သင်ကြားတော်မူပြန်သည်။

**■သာသနာပြုတော်မူ**

ထိုသို့ လောကီ၊ လောကုတ္တရာ ပညာအရပ်ရပ်ကို နှံစပ်အောင် သင်ယူပြီး မွေးရပ်ဇာတီသို့ပြန်လည်ကြွရောက်ပြီးလျှင် တလိုင်းမော်ကျောင်းဆရာရင်းထံတွင် ရဟန်း၊သာမဏေ၊ကျောင်းသားငယ်တို့ကို စာပေသင်ကြားပို့ချတော်မူလျက် ကျေးဇူးရှင် တလိုင်းမော်ဆရာတော်ဘုရားအား တပည့်ကျင့်ဝတ်နှင့်အညီ ဆည်းကပ်လုပ်ကျွေး၍သီတင်းသုံးတော်မူ၏။

မြန်မာနှစ် ၁၂၆၇ ခုနှစ် အရှင်သီလ သိက္ခာတော် (၁၂) ဝါအရတွင် လောင်းလုံမြို့ စစ်ပြဲရွာ ဒကာ၊ ဒကာမတို့ လာရောက်ပင့်လျှောက်သဖြင့် ရေပုံးကျောင်းကိုအလှူခံတော်မူပြီး သာသနာတော်အကျိုး စတင် သယ်ပိုးရွက်ဆောင်လေရာ အနယ်နယ်အရပ်ရပ်မှရောက်လာဆည်းကပ်ကြသည့်ရဟန်းသာမဏေ ကျောင်းသားများနှင့် ရေပုံးကျောင်းမှာ အလွန်စည်ကားနေလေတော့၏။ ပန်းသတင်းလေညင်းဆောင်၊လူ့သတင်းလူချင်းဆောင်သဖြင့် အရှင်ဦးသီလ၏ ပရိယတ်၊ ပဋိပတ်ဂုဏ်သတင်းသည် တောရောမြို့ပါမကျန် မွှေးရနံ့ကြိုင်လျက်ရှိသည်။

ထိုအခါ သူဌေးစောရွှေညွန့်တထားဝယ်မြို့ပေါ်တွင် စာသင်တိုက်တည်ထောင်၍ ပရိယတ္တိသာသနာပြုပါရန်နှင့် ကျောင်းတိုက်အတွင်း ပစ္စည်းလေးပါး တာဝန်ယူမည်ဖြစ်ကြောင်း ပင့်လျှောက်လေတော့သည်။

စစ်ပြဲရေပုံးကျောင်းတွင် (၃) နှစ်တာမျှ သာသနာပြုပြီးသည်နှင့် သက်တော် (၃၅) နှစ်၊ သိက္ခာတော် (၁၅) ဝါတွင် ထားဝယ်မြို့ပေါ်သို့ အရှင်သီလ ကြွရောက်သည်။ 'ခဓော် ငုတ်တိုဆင်မြှူချည်' ဟူသော တဒေ



www.burmeseclassic.com

www.burmeseclassic.com

စကားအတိုင်း လောကမာရဇိန်နှင့် ရွှေတောင်စားဘုရားကြီးဝင်း၏ အရှေ့မြောက်အရပ်၌ ၁၂၇၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၉ ရက် (ခရစ် ၁၉၀၉၊ မတ်လ ၂၉ရက်) တနင်္လာနေ့ နံနက် (၉) နာရီအချိန် အုတ်ပန္နက်ချပြီးလျှင် ဇေယျဝတီဟု သညီသမိုက်ကျောင်းတိုက်တည်ထောင်လျက် ရှေးဦးစွာ ပရိယတ္တိသာသနာတော်တိုးတက်ပြန့်ပွားအောင် ကြိုးစားအားထုတ်တော်မူလေသည်။

'ခမောင်းငုတ်တို' ဟူသည်မှာ ဇေယျဝတီကျောင်းတိုက်၏တည်နေရာသည် ခမောင်းခေါ် ပျဉ်းမဖြူပင်များရှိသောနေရာ၊ 'ဆင်ဖြူချည်'ဟူသည်မှာ ဖြူဖွေးစင်ကြယ်သော အကျင့်သီလနှင့် အသားအရေရှိသည့် ဆရာတော်အရှင်သီလကို ဆိုလိုပါသည်။

သူဌေး စောရွှေညွန့်က ပြာသာဒ်သုံးဆောင်ပြိုင်နှစ်ထပ်တိုက်တစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းသည့်အပြင် မူလနေရာမှ အရှေ့ဘက်နှင့်မြောက်ဘက်တွင်ရှိ လယ်မြေ (၅) ဧကကို ဝယ်ယူ၍ ကျောင်းအာရာမ်မြေချဲ့ထွင်လှူဒါန်းပြန်၏။

## ◻ သမုတ်သိမ်နှင့်ကြေးသွန်းဘုရားကြီး

ဇေယျဝတီကျောင်းတိုက်ကြီးတည်ထောင်ပြီးနောက် မကြာမီ 'ကြေးစည်နောင်းနောင်း၊ ညောင်ရမ်းချောင်း၊ မင်းလောင်းလှေဦးဆိုက်လတ္တံ့'ဟု တဘောင်တစ်ခုပေါ်လာ၏။ ၁၂၈၄ ခုနှစ်တွင် ထားဝယ်မြို့ ဇရစ်ရပ်နေ ဆန်စက်ပိုင်ရှင်သူဌေးဖြစ်သော ဦးချူလူရင်၊ ဒေါ်မဲတို့က ကျောင်းကြီး၏ အရှေ့မြောက်တွင် သမုတ်သိမ်တော်ကြီးနှင့် ၁၂၈၆ ခုနှစ်တွင် ညက်တော်အမြင့်(၆)တောင်(၂)မိုက်ဆောင်သော အနန္တဇိနဘွဲ့တော်ချီထိုင်တော်မူ ကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူလှူဒါန်းပူဇော်သည်။ သိမ်တော်ကြီးနှင့်ဆက်စပ်၍ စကြံတန်ဆောင်းကြီးနှစ်သွယ်ကိုလည်းကောင်း၊ အနောက်ဘက်တန်ဆောင်း၌ ကြေးခေါင်းလောင်းကြီးတစ်လုံးကိုလည်းကောင်း လှူဒါန်း၏။ တဘောင်ပါ ကြေးစည်နောင်းနောင်းဟူသည်မှာ ဘုရားဖူးများ နေ့စဉ်တီးခတ်သော ခေါင်းလောင်းသံ၊ ညောင်ရမ်းချောင်း ဟူသည်မှာ ကျောင်းတိုက်ကြီးအရှေ့ဘက်ရှိ ညောင်ရမ်းရပ်ရှိချောင်းကလေး၊ မင်းလောင်းလှေဦးဆိုက်ဆိုသည်မှာ သိမ်တော်အတွင်း စံပယ်တော်မူသော ကြေးသွန်းဘုရားကြီးကို ဆိုလိုပါသည်။ ဆရာတော်သည် နေ့ဘက်တွင် စာဝါပို့ချပြီး ညဘက်တွင်ကား ဇေယျဝတီကျောင်းတိုက် အရှေ့မြောက်တွင်ရှိသည့် ဆိတ်ငြိမ်သော လိုဏ်ဂူတော်သို့ကြွရောက်၍ ကိုယ်ကျင့်တရား ကြိုးစားအားထုတ်တော်မူ၏။

## ◻ မင်းရပ်ချောင်တောရ

၁၂၈၂ ခုနှစ်တွင် ဆရာတော် ချက်မြို့ မင်းရပ်ရွာအနောက်မြောက်အရပ်၌ ပဋိပတ္တိရိပ်သာကြီးတစ်ခု တည်ထောင်တော်မူ၏။ မြေအကျယ် (၂၅) ဧကရှိပြီး မင်းရပ်ချောင်ဟုတွင်သော ထိုရိပ်သာကြီးမှာ နောင်အခါ ယောဂီများအတွက် အထင်ကရအားကိုးအားထားရိပ်သာဖြစ်သည်။ ဆရာတော်ဘုရားကြီး သက်တော် (၆၀)၊ ဝါတော် (၄၀) ရှိသောအခါ တိုက်အုပ်ဆရာတော် ဦးတေဇဝန္တ အမှူးရှိသော တပည့်စာချဘုန်းတော်ကြီးများအား ဇေယျဝတီကျောင်းတိုက်ကြီးကို စည်းမျဉ်းနှင့်အညီ လွှဲအပ်ပြီးလျှင် ၁၂၉၅၊ ဝါဆိုလ၌ အတ္တဟိတပဋိပန္နအကျိုးငှာ မင်းရပ်တောရကျောင်းသို့ ကြွရောက်တော်မူ၏။

မင်းရပ်ချောင်၌ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူစဉ် တရားအားထုတ်ကြသည့်ယောဂီများတစ်နေ့တခြားတိုးလာသကဲ့သို့ ဆရာတော်ဘုရားကြီး၏ ဘုန်းကံကြီးမြင့်တော်မူကြောင့် သိမ်ကျောင်းဇရပ်ကမ္မဋ္ဌာန်းကျောင်းများမှာလည်း တစ်စတစ်စများပြားလာပေရာ စုစုပေါင်း (၂၀၀) ခန့်မျှရှိသည်။ ဆရာတော်ဘုရားကြီးသည် မဇ္ဈိမဒေသသို့ ဘုရားဖူးကြွရောက်တော်မူပြီး ထားဝယ်သို့ပြန်အကြွတွင် မိတ္ထီလာမြို့မှ ကမ္မဋ္ဌာနစရိယဘုန်းတော်ကြီး ဦးဝိဇယကိုပင့်ခေါ်၍ မင်းရပ်ချောင်တွင် အသလာသမာသသတမ္မဋ္ဌာန်းနည်းကို ရဟန်းရှင်လူတို့အား ပြသစေတော်မူ၏။

ထိုအခါ ထွက်သက်၊ ဝင်သက်နည်းဖြင့် တရားအားထုတ်ကြသော ပုဂ္ဂိုလ်တို့တွင် ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်သော ဘုန်းကြီးစိပ်ုခေါ် ရဟန်း တော်ဦးပညာဝံသသည် ရဟန်းကိစ္စပြီးသွားပြီဟူ၍ ထိုအချိန်က ကျော်ကြားတော်မူသည်။ ဆရာတော်ဘုရားကြီးက ဤကိစ္စမျိုးကို မည်သူ့အားမျှ မပြောကြားရန် ကိုယ့်ကိစ္စကိုသာ ဆက်လက် အားထုတ်ရန် မိန့်ကြားတော်မူတတ်လေသည်။

## ◻ ရန်ကင်းတောင်တောရ

ဆရာတော်ဘုရားကြီးသည် အတ္တပရ နှစ်ဝကုံလုံ ပြည့်စုံနိုင်စေခြင်းအကျိုးငှာ ၁၂၉၀ ပြည့်နှစ်တွင် လောင်ရှုံလုံမြို့နယ် တဒက်ကြီးရွာ ရန်ကင်းတောင်တောရကျောင်းကို အလှူခံတော်မူ၍ သမဂ္ဂဆရာတော်များနှင့်တကွ တပည့်ကြီးငယ်များပါ ကြွရောက်ပြီးလျှင် ပဋိပတ္တိတရားများကို ကြိုးစားအားထုတ်တော်မူသည်။ ရန်ကင်းတောင်တောရ၌ တောင်ပွားဆရာတော်ဦးတေဇိန္ဒ၊ မြိတ်ဘုန်းကြီး ဦးနန္ဒိယတို့နှင့် အတူတရားအားထုတ်စဉ်က ညနေအချိန်တို့၌ ရန်ကင်းတောင်တစ်တောင်လုံးမီးလောင်နေသည့်အလား ထင်မှတ်ရလောက်အောင် အရောင်အလင်းများထွက်ပေါ်နေပေသည်။ ဆရာတော်သီတင်းသုံးသွားသော တောရကျောင်းအနီးတစ်ဝိုက်ယခုထိ မြက်မပေါက်သည်မှာ ထူးခြား၏။ ဆရာတော်ကြီးကား ၎င်း၏ကျင့်ကြံမှုတရားထူးနှင့်ပတ်သက်လျှင် အလွန်သိုဝှက်သည့်မထေရ်ကြီးဖြစ်ပေရာ အနီးနေတပည့်များပင်လျှင် မခန့်မှန်းနိုင်ကြပေ။

၁၂၉၃ ခုနှစ်တွင် အောက်မြေမြို့တောရကျောင်းတည်ထောင်ကာ ကြွရောက်၍ ပဋိပတ်အကျင့်တရားများကို ကိုယ်တိုင်လည်းအားထုတ်၊ တပည့်ဒကာဒကာမများကိုလည်း အားထုတ်စေတော်မူသည်။

## ◻ ဇေယျဝတီရိပ်သာ

လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်မီးတောက်လောင်၍ ခေတ်ကာလမငြိမ်မသက်ခြင်း၊ သက်တော်ကြီးရင့်ဇရာဆင့်လာခြင်း၊ ဇေယျာဝတီကျောင်းတိုက်၌သာလျှင် အမြဲသီတင်းသုံးတော်မူသင့်ပြီဖြစ်ကြောင်း တပည့်သံဃာများနှင့် ဒကာ၊ ဒကာမအပေါင်းတို့လျှောက်ကြခြင်းတို့ကြောင့် ၁၃၁၂ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့တွင် မင်းရပ်ချောင်မှ ကြွရောက်တော်မူလေသည်။ ကျောင်းတိုက်သို့ ဆည်းကပ်ရောက်ရှိလာကြသည့် ယောဂီတို့ကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ဟောပြညွှန်ကြားနည်းပေးတော်မူပေရာ ကျောင်းတိုက်ပတ်လည်၌ ယောဂီများနေထိုင်သည့် ဇရပ်ကြီးငယ်တမ္မဋ္ဌာန်းကျောင်းများမှာ ပြည့်ကျပ်လျက်ရှိ၏။

ထိုအခါ သာသနာ့ရိပ်သာအဖွဲ့ဝင်များသည် ဇေယျဝတီမြောက်ဘက်၌

www.burmeseclassic.com

လယ်မြေ (၆) ဧကကို ဝယ်ယူပြီးလျှင် ၁၃၁၃ ခုနှစ်၊ နတ်တော်လ၌ ဇေယျဝတီ ပဋိပတ္တိရိပ်သာကြီး တည်ထောင်လျက် ဆရာတော်ဘုရားကြီးအား လှူဒါန်းကြ၏။ သို့သော် ဆရာတော်ဘုရားကြီး သည် ပရိယာယ်နိမိတ်စသည့်ကင်းရှင်း စွာဖြစ်ပေါ်လာသည့်ကျောင်းဇရပ်ရေ တွင်းရေကန် အဆောက်အအုံကြီးငယ် တို့ကို ပုဂ္ဂိုလ်တအလှူခံရေစက်သွန်းချ ပေးလေ့မရှိဘဲ အလှူရှင် ဒကာ၊ ဒကာမ တို့ကျေးဇူးများစေခြင်းငှာ အာရာမိက သံဃိကအဖြစ်ဖြင့်သာလျှင် အလှူခံ၍ ရေစက်သွန်းချပေးတော်မူလေ့ရှိသည်။

**◘ အလိုနည်း၍ အသိကဲ**

ရေနံချောင်းမြို့ စိန်ပန်းပင်ကျောင်း တိုက်တွင် ပညာသင်ယူနေချိန် တရုတ် သူဌေးတစ်ယောက်က တိုက်ကျောင်း ဆောက်လှူရန် လျှောက်ထားသည်ကို ငြင်းပယ်ခဲ့ဖူးကြောင်း၊ ရေနံချောင်းမြို့ အလှူပွဲတစ်ခုအပြီးတွင် ဒါယိကာမ တစ်ဦးက နေ့စဉ်နေ့တိုင်း (၁၀) ထက် မနည်းသောငွေကို အလှူခံတော်မူရန် လျှောက်ထားသော်လည်း တစ်ပြား တစ်ကျပ်မျှ အလှူမခံခဲ့ဘူးကြောင်း ဆရာတော်ကိုယ်တိုင် တချရင်း မိန့်ကြား ဖူးသည်ဟု သိရှိရ၏။ တာဝါပို့ချရာ၌ လည်း စာသင်ပုဂ္ဂိုလ်မရမချင်း သည်းခံ စိတ်ရှည်စွာ ပို့ချပေးတော်မူလေ့ရှိသည်။ ထပ်ညှိတပ နိး ဒကာ၊ ဒကာမများနှင့် ဆက်ဆံရာတွင် ဆရာတော်ဘုရားသည် အရင်းအဖျားမခွဲ၊ အမြဲဝေယျာဝစ္စပြုနေ သည့်တပည့်ပင်ဖြစ်လင့်ကစား ပုဂ္ဂိုလ်က ချီးမြှင့်တော်မူ။ အများနှင့်တန်းတူသာ လျှင် စွန့်ကြဲတော်မူတတ်ပေသည်။

ဟုမ္မလင်း၊ ဗိုင်အာခီအကွဲအပြခေတ် တွင် ဟုမ္မလင်းအသင်းသားဘက်က ဆွမ်း ဘုဉ်းပေးရန်ပင့်လျှောက်သည်ကို လက်ခံ ထားသည့် ဆရာတော်အား ကျောင်း ဒကာအရင်း စောရွှေသွန်က မကြွရောက် ရန်လျှောက်ထားလေရာ 'ဘုန်းကြီးတို့ မည်သည်မှာ မည်သူမဆို ချမ်းသာ၊ ဆင်းရဲ လူမျိုးမရွေး ဦးစွာပင့်လျှောက်ရာ သို့ ကြွလိုက်ရမည်။ နတ်ပြည်သို့ပင်ဖြစ် စေ၊ အယုတ်သဖြင့် ပြည်တန်ဆာမအိမ် သို့ပင်ဖြစ်စေ ပင့်လျှင် ကြွလိုက်ရမည်။ ဘုန်းကြီးဟာ ကျောင်းဒကာတစ်ယောက် ကိုသာ အားကိုးပြီး ပရိယတ္တိသာသနာ ကို အားထုတ်နေသည်မဟုတ်၊ တစ်မြို့ လုံးရှိ ဒကာ၊ ဒကာမများကို အားကိုးပြီး သာသနာကြီးပွားရေးကို အားထုတ်နေ ခြင်း ဖြစ်သည်' ဟု မျက်နှာမလိုက်အမိန့် ရှိတော်မူ၏။

မိမိ၏အသုံးအဆောင်ပစ္စည်းနှင့် ပတ်သက်၍ ငါ၏ပစ္စည်းများကိုခိုးယူလို သော ရဟန်းအား ယူသည်နှင့်တစ်ပြိုင် နက် ငါလှူပါ၏။ ပါရာဇိကမကျစေပါ သတည်းဟု အဓိဋ္ဌာန်ပြု၍ထားတော်မူ သည်။ ဆရာတော်ဘုရားကြီးသည် ပိန္ဓဲ ဆိုးသက်န်းကိုဝတ်ရုံလေ့ရှိ၏။

**◘ သမီးရတာရားဟောကြားဆုံးမ**

ဆရာတော်ဘုရားကြီးသည် မိမိ ရှေ့မှောက်ထံရောက်လာကြသောရဟန်း ရှင်လူဟူသမျှကို သဒ္ဓါရမ္မနှင့်စပ်လျဉ်း သည့် ဝိပဿနာတရားတော်များကိုသာ သတိပေးဆုံးမဟောကြားတော်မူသည်။ အချိန်ကာလနှင့် ပုဂ္ဂိုလ်ကိုရှု၍ လိုရင်းကို သာ မတိုမရှည်ဟောပြောတော်မူလေ့ရှိ၏။ ထားဝယ်မြို့သို့ရောက်ရှိလာသော နိုင်ငံတော်သမ္မတဟောင်း စဝ်ရွှေသိုက်၊ သမ္မတကြီးဦးဘဦး၊ ဝန်ကြီးချုပ်ဦးနု၊ ဦးဗဆွေ၊ တရားရေးဝန်ကြီးချုပ် ဦးသိမ်း မောင် စသော နိုင်ငံတော်အကြီးအကဲ များနှင့် ဓမ္မကထိကအဖွဲ့များလာရောက် ဖူးမြော်ကြသည့်အခါ၌လည်း ၎င်းပုဂ္ဂိုလ် တို့နှင့်သင့်လျော်သော လိုရင်းဩဝါဒ ကထာနှင့် သဒ္ဓါရမ္မသံဝေဂဓမ္မများကို သာ ဟောကြားတော်မူတတ်လေသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဆဋ္ဌ သင်္ဂါယနာတင်ရန်နှင့် လိုဏ်ဂူကြီးကို ကြည့်ရှုရန် လေယာဉ်ပျံ၊ မော်တော်ကား တို့ဖြင့် မပင်မပန်း ကြွရောက်တော်မူပါ မည့်အကြောင်း ပင့်လျှောက်သော်လည်း သက်တော်ကြီးရင့်လာသဖြင့် မကြွရောက် နိုင်တော့ကြောင်းသာ အမိန့်ရှိလျက် လက်မခံဘဲ ငြင်းပယ်တော်မူ၏။

၁၂၈၁ ခုနှစ်တွင် လောကမာရဇိန် ဘုရားကြီးဝေယျာဝစ္စအသင်းမှ စေတီ ယသုန္ဒကနှင့်ပတ်သက်၍ အပ်၊ မအပ် ကိစ္စကို လျှောက်ထားမေးမြန်းသဖြင့် 'စေတီယသန္တကဝိနိစ္ဆယစာတမ်း' အား ဥပမာန ဥပမေယျတို့ အစုံအလင်ဖြင့် ဖွင့်ပြဖြေဆိုတော်မူခဲ့ပါသည်။

**◘ ဘဝနတ်ထံ စံမြန်းတော်မူ**

ဇေယျဝတီဆရာတော်ဘုရားကြီး သည် အသားအရေဖြူဝင်းစိုပြည်၍ ဥပဓိရုပ်လွန်စွာကြည်ညိုဖွယ်ကောင်း ၏။ ကုန္ဒြေလည်းကြီးမား၏။ ရောဂါ ဝေဒနာစွဲကပ်လာချိန်တွင် အနည်းငယ် မျှ ညည်းညူတော်မမူ၊ ဝေဒနာကို တရား ဖြင့် ရှုမှတ်သည်းခံတော်ပါသည်။ ဆရာ တော်ကြီးမကျန်းမာချိန်၌ တပည့်ကြီး များက ရှောင်လွှဲမရသော ဈာပနကျင်းပ ရေးကိစ္စ တိုးတိုးတိတ်တိတ်တိုင်ပင်သည် ကို ဆရာတော်ဘုရားကြီးအလိုလိုသိနေ ပြီး မင်းတို့ တိုင်ပင်လို့ပြီးပြီလားဟု မေး ၏။ အနီးနေတပည့်များလည်း မနေသာ တော့ဘဲတိုင်ပင်ပြီးပါပြီဘုရားဟုလျှောက် လေလျှင် အသေကောင်ပုပ်ကြီးကို ကြာ ရှည်ထား၍ ကျေးဇူးမများ၊ မြန်လည်း မမြန်စေနှင့်၊ ကြာလည်းမကြာစေနှင့် ဟုမိန့်တော်မူ၏။

ဤသို့လျှင် ပရိယတ်၊ ပဋိပတ် သာသနာနှစ်ရပ်ကို အပတ်တကုတ် အားထုတ် ကြိုးပမ်းတော်မူခဲ့သည့် သာသနာ့အာဇာနည်ကြီးဖြစ်တော်မူသော ဇေယျဝတီကျောင်းတိုက်တည် ပထမ ပမာနနာယကဆရာတော်ကျေးဇူးရှင် ဘဒ္ဒန္တသီလမဟာထေရ်မြတ်ကြီးသည် သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ မြန်မာနှစ် ၁၃၁၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (ခရစ် ၁၉၅၇ ခုနှစ်၊ မေလ ၂၇) ရက် တနင်္လာ နေ့ ညနေ (၆) နာရီအချိန်တွင် တစ်ဘဝ တစ်ခန်းရပ် ရုပ်သိမ်းချုပ်ငြိမ်းတော်မူပါ သည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး နောက်တစ်နှစ်တွင် ထားဝယ်ဇာတိ နိုင်ငံကျော် ပန်းပု ကျောက်ဆစ်ဆရာကြီး ဦးဟန်တင် သွန်းလုပ်သော ဆရာတော်ကြီး၏ ကြေးရုပ်တုတော်ကို နောင်လာနောက် သားများ အမှတ်တရဖြစ်စေခြင်းငှာ သမုတ်သိမ်တော်ကြီး၏ အရှေ့မြောက် ဘက်တွင် စံကျောင်းတော်နှင့်တကွ ပူဇော်တည်ထားပါသည်။

မောင်စိမ်းငွေ (ထားဝယ်)

**မှီငြမ်းကိုးကား** -

၁။ ဇေယျဝတီကျောင်းတိုက်နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်မော်ကွန်းစာ စောင်

၂။ ဂဏာဝိမုတ်စာချွန်ဆော်ရ ကူးတို့ နိကာယသာသနာဝင်ကျမ်း၊ ဆရာ တော်ဘဒ္ဒန္တကောသလ္လ(မွှာစရိယ)

၃။ သာသနာ့တံခွန်ထားဝယ်ထေရ်မွန် များ၊ မောင်သန်းဆွေ (ထားဝယ်)

၄။ ဦးငွေစိုး၊ ဘဏ်မန်နေဂျာ (ငြိမ်း)၊ ပြောပြချက်မှတ်စု



www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေမြသန်း (သပိတ်)

## လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ပွားဆင်းတုအနေကဇာတင်ခြင်းဆိုင်ရာ တရားစကားတော်များ

မိတ်ဆွေတစ်ဦး၏ ဘုရားအနေကဇာတင်နှင့် အိမ်တက်မင်္ဂလာဆွမ်းကျွေးအလှူသို့ရောက်ခဲ့စဉ်က ဖြစ်သည်။ ဆရာတော်သံဃာတော်များကို အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းပြီး၍ အလှူ၏ဧည့်ခံဝိုင်း၌ လူကြီး၊ လူလတ်၊ လူငယ်တို့ အလျဉ်းသင့်သည်များကို စကားဝိုင်းဖွဲ့နေစဉ် မိမိရောက်ရှိသွားခြင်း ဖြစ်သည်။

အိမ်ရှင်မိသားစုမှ လိုက်လံပျူငှာစွာကြိုဆို၍ စကားဝိုင်းဖွဲ့နေရာ ဧည့်ခံဝိုင်း၌ပင် မိမိကိုဧည့်ခံလေ၏။ မိမိလည်း ကျွေးမွေးဧည့်ခံသည်များကို စားသောက်၍ပြီးမှ အိမ်ရှင်မိတ်ဆွေမိတ်ဆက်ပေးသည့် မိတ်ဆွေတချို့နှင့် ခင်မင်ရင်းနှီးမှုတိုးတက်စေရန်ရည်ရွယ်ပြီး အလျဉ်းသင့်သလို ဝိုင်းဖွဲ့နေသည့် စကားဝိုင်းအတွင်းသို့ ဝင်ရောက်စီးမျောလိုက်ပါသည်။

သို့ဖြင့် စကားလမ်းကြောင်းစီးမျောမှုသည် အိမ်ရှင်မိသားစု လတ်တလော ဆောင်ရွက်နေသည့် ရုပ်ပွားဆင်းတုအနေကဇာတင်မှု၊ မတင်မှုဆိုင်ရာဘက်သို့ရောက်ရှိသွားလေ၏။

သို့နှင့် မိမိလည်း တစ်ခါတစ်ရံဆီတုန်းက မြစ်သားမြို့မှ အမိန့်တော်ရရှေ့နေတစ်ဦးမှ လယ်တီဆရာတော်ဘုရားကြီးအား မေးမြန်းလျှောက်ထားသည့် ရုပ်ဆင်းတုတော်များနှင့်စပ်၍ အမေးပုစ္ဆာ (၅) ချက်ကို ပြေး၍သတိရမိသလို ဆရာတော်ဘုရားကြီးဖြေကြားခဲ့သည့် တရားစကားတော်များကိုလည်း သတိရမိပါတော့သည်။

ထိုနေ့က မိမိတမ်းတဲ သတိရမိသည့် လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ပွားဆင်းတုအနေကဇာတင်ခြင်းဆိုင်ရာတရားစကားတော်များကို တစ်ဆင့်ပြန်လည်၍ ပြောပြဖြစ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍. . .

လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ပွားဆင်းတုအနေကဇာတင်ခြင်းဆိုင်ရာ တရားစကားတော်တို့သည်ကား လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်း မြစ်သားမြို့ အမိန့်တော်ရ ရှေ့နေ ဒါယကာမောင်စံဘောက ရုပ်ပွားဆင်းတုတော်များနှင့်စပ်၍ အမေးပုစ္ဆာငါးရပ်ကို အောက်ပါအတိုင်း မေးလျှောက်ခဲ့ပါသည်။

"တပည့်တော်တို့၏ အရပ်တွင် ငှက်တွင်းဂိုဏ်းသားများသည် အောက်ပါမေးခွန်းများကို မေးမြန်းလျက်ရှိပါသည် ဘုရား။

၁။ သစ်သားရုပ်တုဆင်းတုကိုးကွယ်ရာတွင် အနေကဇာတင်ခြင်းနှင့်မတင်ခြင်းသည် ဘာခြားပါသလဲ။

၂။ အနေကဇာမတင်သောဆင်းတုကို ကိုးကွယ်၍ ကုသိုလ်ရ မရ။

၃။ လူသားသတ္တဝါနှင့် အသက်မရှိသောသစ်သားသည် မည်သည်ကို ကိုးကွယ်ရှိခိုးထိုက်ပါသလဲ။

၄။ သို့ဖြစ်လျှင် လူသားကိုယ်တိုင် အနေကဇာတင်၍ ရှိခိုးပူဇော်ကသာ၍မမြတ်ဘဲ ရှိပါမည်လား။

၅။ ထိုလူ ဘုရားအဖြစ် အနေကဇာမတင်ဘဲ ဘုရားဟူ၍ ဝန်ခံကာမျှ ဘုရားမှတ်၍ ရှိခိုးခြင်းသည် မှန်သောဘုရားကို ရှိခိုးရာရောက်ပါမည်လားဘုရား။

ဤပုစ္ဆာများကို ဖြေကြားတော်မူပါမည့်အကြောင်း ရှိသေစွာ လျှောက်ထားပါသည်။

*မောင်စံဘော(ပုံ)*
*အမိန့်တော်ရရှေ့နေ*
*မြစ်သားမြို့*

တပည့်ဖြစ်သူ မောင်စံဘော၏ အထက်ပါ ဆင်းတုရုပ်ပွားတော်တို့နှင့် အနေကဇာတင်မှုဆိုင်ရာပုစ္ဆာရပ်တို့ကို လယ်တီဆရာတော်ဘုရားက အောက်ပါအတိုင်း ရှင်းလင်း ဖြေကြားတော်မူပါသည်။

ရုပ်ပွားဆင်းတု ကိုးကွယ်မှုနှင့်



www.burmeseclassic.com

စပ်လျဉ်း၍ မြစ်သားမြို့ အမိန့်တော်ရ ရွှေနေ ဒါယကာမောင်စံဘောမေးခွန်း၌ လိုရင်းအချက်ကို ရှေးဦးစွာပြဆိုပေအံ့။

ငါတို့ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မှာ အယူမဖောက်ပြန်ချေက ဘုရားမမှားနိုင်၊ တရားမမှားနိုင်၊ သံဃာမမှားနိုင်။ အဘယ်ကြောင့် မမှားနိုင်သနည်းဆိုသော် ဘုရားစစ်ဘုရားမှန်ကို မိမိဖလားအားဖြင့် အထင်အရှားသိရှိ၍နေကြ၏။ တရားစစ်၊ တရားမှန်ကိုလည်း အထင်အရှားသိရှိ၍နေကြ၏။ သံဃာစစ်၊ သံဃာမှန်ကိုလည်း အထင်အရှားသိရှိ၍နေကြ၏။

ဘုရားစစ်ဘုရားမှန်ဆိုသည်ကား ကပိလဝတ်ပြည်၌ ခယ်တော်မာယာနှင့် သုဒ္ဓေါဒနမင်းကြီး၏သား သိဒ္ဓတ္ထမင်းသည် တောထွက်တော်မူပြီးလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်ငါးပါးကိုအောင်တော်မူ၍ အရှင်ဂေါတမဘုရားဟု လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။ ဤအရှင်ဂေါတမဘုရားသည်သာလျှင် ဘုရားစစ်ဘုရားမှန်ဖြစ်၏။ နမောတဿ ဆို၍ ရှိခိုးခြင်းသည်လည်း ဤအရှင်ဂေါတမကိုသာ ရှိခိုးခြင်း ဖြစ်ပေ၏။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးသည်လည်း ဤအရှင်ဂေါတမကိုသာ ရှိခိုးခြင်း ဖြစ်၏။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးသည်လည်း ဤအရှင်ဂေါတမ၌ရှိသော ဂုဏ်တော်ကိုးပါးဖြစ်၏ဟု ဘုရားစစ်ဘုရားမှန်ကို သိရင်းဖြစ်ကြ၏။

တရားစစ်တရားမှန်ဆိုသည်ကား မဂ်လေးပါး နိဗ္ဗာန်တရား၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိတရားများသည် တရားစစ်တရားမှန်ဖြစ်၏ဟု အထင်အရှားသိရှိနေကြ၏။ ဓမ္မံ သရဏံ ဂစ္ဆာမိဆို၍ ရှိခိုးခြင်းသည်လည်း ဤ (၁၀) ပါးသော တရားတော်မြတ်ကိုသာ ရှိခိုးခြင်းဖြစ်၏။ သွာက္ခာတတာ-အစရှိသော ဂုဏ်တော်ခြောက်ပါးသည်လည်း ဤ (၁၀)ပါးသော တရားတော်၌ရှိသော ဂုဏ်တော်များဖြစ်၏ဟု တရားစစ်တရားမှန်ကို သိရင်းဖြစ်ကြ၏။

သံဃာစစ်သံဃာမှန်ဆိုသည်ကား ထိုဘုရားစစ်ဘုရားမှန်၏တပည့် သားတော်ဖြစ်ကြသော မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်၊ ကလျာဏပုထုဇဉ်အပေါင်းသည် သံဃာစစ်သံဃာမှန်ဖြစ်၏ဟု အထင်အရှားသိရှိ၍နေကြ၏။ သံဃံသရဏံဂစ္ဆာမိဆို၍ရှိခိုးခြင်းသည်လည်း ဤသံဃာစစ်သံဃာမှန်ကိုသာ ရှိခိုးခြင်းဖြစ်၏။ သုပ္ပဋိပန္နတာ-အစရှိသော ဂုဏ်တော်ကိုးပါးသည် ဤသံဃာစစ်သံဃာမှန်၌သာရှိသောဂုဏ်တော်များဖြစ်၏ဟု သိရင်းဖြစ်ကြ၏။

ထို့ကြောင့် ရုပ်ပွားဆင်းတုစေတီပုထိုးများကိုရှိခိုးကြရာ၌ မိမိတို့သိရှိရင်းဖြစ်သော ဘုရားစစ်-ဘုရားမှန်၊ တရားစစ်-တရားမှန်၊ သံဃာစစ်-သံဃာမှန်တို့ကို စိတ်၌ဦးတည်ထား၍ ရှိခိုးကြသောအရာဖြစ်လေသောကြောင့် ငါတို့ဗုဒ္ဓဘာသာလူမျိုးများမှာ အယူမဖောက်ပြန်ချေက ဘုရားမမှားနိုင်၊ တရားမမှားနိုင်၊ သံဃာမမှားနိုင်ဟု ဆိုလေသတည်း။

ဤအရာ၌ဆိုရန်ရှိ၏။ အဘယ်သို့ဆိုရန်ရှိသနည်းဟူမူကား ထိုကဲ့သို့ ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန်ကို အထင်အရှားသိရှိ၍နေခဲ့သော် သိရှိသည့်အတိုင်း ဘုရားစစ်ဘုရားမှန်ကို အာရုံပြု၍ ရှိခိုးကြလျှင် ပြီးစီးတော့သည် မဟုတ်လော။ အဘယ်ကြောင့် ရုပ်ပွားဆင်းတုစေတီပုထိုးတို့ကိုပြုလုပ်၍ ရှိခိုးကိုးကွယ်ကြရကုန်သနည်းဟု မေးရန်ရှိ၏။

အဖြေကား လောက၌ ဂုဏ်သတင်းကြီးမြတ်လှသောပုဂ္ဂိုလ်၏ဂုဏ်သတင်းများကို ကြားသိရသည်ရှိသော် ထိုပုဂ္ဂိုလ်ကို တွေ့မြင်လိုသောစိတ်သည် အားကြီးစွာဖြစ်ပေါ်မြဲဓမ္မတာပေတည်း။ အနီးအဝေး၌ ထိုပုဂ္ဂိုလ်ထင်ရှားရှိခဲ့သော် အလွန်ဝေးကွာသောအရပ်၌ပင်သော်လည်း သွားရောက်၍ ဖူးမြော်ကြကုန်၏။ ထိုပုဂ္ဂိုလ်မရှိခဲ့သော် ထိုပုဂ္ဂိုလ်၏ ရုပ်ပုံသဏ္ဍာန်များကို ဝယ်ယူ၍ ဖူးမြော်ကြကုန်၏။

ငါတို့ရှင်ဂေါတမမြတ်စွာဘုရားသည်ကား လောက၌ ဂုဏ်သတင်းကြီးမြတ်သောသူတို့တွင် အတုမရှိ ဂုဏ်သတင်းကြီးမြတ်တော်မူပေ၏။ ထို့ကြောင့် ယခုအခါ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တွေ့မြင်ဖူးမြော်လိုသောစိတ် အလွန်အားကြီးကြ၏။ ပရိနိဗ္ဗာန်စံတော်မူပြီးသည်မှ လူဖြစ်နောက်ကျ၍ မတွေ့မမြင်ကြရသည့်အတွက် အလွန်ဝမ်းနည်းဖွယ်ကြီးဖြစ်ကြ၏။ အချို့ဝမ်းနည်းလှ၍ငိုကြရ၏။ ဘုရားကိုမတွေ့ရသော်လည်း ဘုရား၏ ရုပ်သွင်သဏ္ဍာန်တော်များကို ဘယ်ပုံနေသည်ဟု မိမိတို့မျက်စိဖြင့် ဒိဋ္ဌမြင်လိုကြသောစိတ်သည် အလွန်အားကြီးကြ၏။

အလွန်တင့်တယ်စွာရေးသားထားသောရုပ်ပွားတော်များကို လည်းကောင်း၊ လုပ်၍ထားသော ရုပ်ပွားတော်များကို လည်းကောင်း ဒိဋ္ဌမြင်တွေ့ကြရသည်ရှိသော် အလွန်အားရနှစ်သက်ခြင်းဖြစ်ကြ၏။ ရုပ်ပုံတော်၊ ရုပ်ပွားတော်များကို အခါခါမြင်ရသည်ရှိသော် ဘုရားစစ်ဘုရားမှန်၌ ကြည်ညိုရင်းဖြစ်သော ကုသိုလ်စိတ်တို့သည် အသစ်အသစ်ပွင့်လင်းကြကုန်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာလူမျိုးတို့၌ ရုပ်ပွားဆင်းတု၊ စေတီပုထိုး၊ ပြုလုပ်ကိုးကွယ်ကြခြင်းသည် အလွန်ကောင်းမြတ်သောအလေ့ကောင်းအလာကောင်း နည်းကောင်းနာကောင်းကြီးဖြစ်ပေသတည်း။

ထိုရုပ်ပွားဆင်းတု၊ စေတီပုထိုးတို့၌ ဆွမ်း၊ သင်္ကန်း၊ ရေချမ်း၊ ပန်း၊ ပေါက်ပေါက်၊ ထီး၊ တံခွန်များကို လှူဒါန်းပူဇော်ကြရာ၌လည်း မိမိတို့သိရှိရင်းဖြစ်ကြသော ဘုရားစစ်ဘုရားမှန်ကို စိတ်၌ဦးတည်ထား၍ လှူဒါန်းပူဇော်ကြသောအရာဖြစ်လေသောကြောင့် ထိုဒါနပူဇာစိတ်စေတနာတို့သည် ဘုရားစစ်ဘုရားမှန်ဆိုက်၍တည်လေကုန်၏။ ဘုရားစစ်ဘုရားမှန်ကို လှူဒါန်းပူဇော်ခြင်းမြောက်လေကုန်၏။

ထို့ကြောင့် ဝိမာနဝတ္ထုပါဠိတော်၌ -

- တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
  သမေ စိတ္တေ သမံ ဖလံ၊
  စေတော ပဏိဓိ ဟေတုဟိ၊
  သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား -

**တိဋ္ဌန္တေ** - သက်တော်ထင်ရှားတည်ရှိသောအခါ၌သော်လည်းကောင်း။ **နိဗ္ဗုတေစာပိ** - ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသောအခါ၌ လည်းကောင်း၊ **စိတ္တေ** - ကြည်ညိုသောစိတ်သည်၊ **သမေ** - တူမျှသည်ရှိသော်၊ **ဖလံ**-အကျိုးသည်၊ **သမံ**-တူမျှ၏။ **ဟိသစ္စံ**-မှန်၏။ **စေတောပဏိဓိဟေတု** - စိတ်ထားကောင်းခြင်းကြောင့်၊ **သတ္တာ** - သတ္တဝါတို့သည်၊ **သုဂ္ဂတိံ** - ကောင်းသောအသွားရှိသော နတ်ရွာ နိဗ္ဗာန်သို့၊ **ဂစ္ဆန္တိ** - ရောက်ကြကုန်၏။

အဓိပ္ပာယ်ကား -

သက်တော်ထင်ရှားရှိစဉ်အခါ၌ မြတ်စွာဘုရားအထံတော်သို့သွား၍ ရှိခိုးဝပ်တွား ပူဇော်ခြင်းကိုပြုသော်လည်း စိတ်ထားမကောင်းလျှင် အကျိုးမကြီး။ စိတ်ထားကောင်းမှ အကျိုးကြီးသည်။ ပရိနိဗ္ဗာန်စံပြီးသည်မှနောက်၌ ရုပ်ပွားဆင်းတုစေတီပုထိုးရှိရာသို့သွား၍ ရှိခိုး

www.burmeseclassic.com

ဝပ်တွား ပူဇော်လှူဒါန်းခြင်းကိုပြုရာ၌လည်း စိတ်ထားမကောင်းလျှင် အကျိုးမကြီး။ စိတ်ထားကောင်းမှ အကျိုးကြီးသည်။

အဘယ်ကြောင့်ဆိုသော် အကျိုးပေးမှုမည်သည် စိတ်စေတနာ၏ကိစ္စသာ ဖြစ်၏။ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့၏ ကိစ္စမဟုတ်။ စိတ်စေတနာသည်သာလျှင် နတ်ရွာနိဗ္ဗာန်သို့ ဆောင်နိုင်၏။ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့သည် နတ်ရွာနိဗ္ဗာန်သို့မဆောင်နိုင်၊ သို့သော် အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်များသည် အပို သက်သက်ဖြစ်တော့မည်လောဟု မေးရန်ရှိ၏။

အဖြေကား အပိုသက်သက်မဖြစ်၊ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်ကောင်းလျှင် ကောင်းလိုက် စိတ်စေတနာကို ချီမြှောက်နိုင်၏။ စိတ်စေတနာကောင်းလျှင် ကောင်းလျှင်ကောင်းလိုက် အကျိုးကြီးမြတ်နိုင်၏။ ဥပမာအား စပါးမျိုးစေ့တို့ကို စိုက်ပျိုးရာ၌ လယ်ယာမြေကောင်းနှင့်မိုးကောင်းများသည် မျိုးစေ့ကိုချီမြှောက်နိုင်သကဲ့သို့တည်း။ အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေကောင်းနှင့်တူ၏။ အလှူဝတ္ထုသည် မိုးကောင်းရေကောင်းနှင့်တူ၏။ စိတ်စေတနာသည် မျိုးစေ့နှင့်တူ၏။

ရုပ်ပွားဆင်းတုတို့ကို ပူဇော်လှူဒါန်းကြရာ၌ ရုပ်ပွားဆင်းတုများသည် အလှူခံပုဂ္ဂိုလ်မဟုတ်၊ ဘုရားစစ်တရားမှန်ကြီးသာလျှင် အလှူခံပုဂ္ဂိုလ်ဖြစ်၏။ ထိုသို့ဖြစ်မူ အလှူခံပုဂ္ဂိုလ်သည် ယခုမရှိပါပြီတကားဟု ဆိုရန်ရှိ၏။ လှူဒါန်းသူ၏ စိတ်အာရုံထဲမှာရှိလျှင် ရှိတော့သည်သာတည်း၊ တရားတော်ကိုလှူဒါန်းပူဇော်ရာ၌လည်း ထို့အတူပင်တည်းဟု စသည်ဖြင့် ဖြေဆိုတော်မူပါသည်။

ထို့နောက် ဆရာတော်ဘုရားကြီးက စေတီလေးပါး၊ ထူပါရုပလေးပါးတို့ကို ရှင်းလင်းရေးသားပြီး ဒါယကာဦးစံဘော၏ အမေးလွှာကို ဆက်လက်၍ ဖြေဆိုတော်မူသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

မောင်စံဘောမေးခွန်း (၅) ချက်တွင် -

၁။သစ်သားရုပ်တုဆင်းတုကိုးကွယ်ရာတွင် အနေကဇာတင်ခြင်းနှင့် မတင်ခြင်းသည် မည်သို့ခြားနားပါသနည်းဟူသောပုစ္ဆာ၌ အဖြေကား -

မြတ်စွာဘုရားရှင်သည် ရှေးဦးစွာ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ လွန်စွာဝမ်းမြောက်တော်မူသဖြင့် အနေကဇာတင်ဂါထာများကို ကျူးရင့်တော်မူလေ၏၊ ရုပ်ပွားဆင်းတုပြုလုပ်မှုမှာ ရုပ်ပုံ၊ ရုပ်သွင်၊ ရုပ်သဏ္ဌာန်ပြည့်စုံလျှင် ရုပ်ပွားတော်အစစ်ဖြစ်၏။ သို့သော် ရုပ်တု၊ ဆင်းတုဆိုသည်နှင့်အညီ ဘုရားအစစ်၌ ဖြစ်ခဲ့သောအရေးအခွင့်အစကို အတုလိုက်၍ ပြုနိုင်သမျှ ကောင်းမြတ်သည်သာဖြစ်ကြောင်း ရုပ်ပွားဆင်းတုများကို အနေကဇာတင်မှုကိုပြုကြလေ၏။ပြုသည့်အတွက်လည်း ကုသိုလ်အပိုအမိုအထူးဖြစ်ရပြန်၏။

၂။အနေကဇာမတင်သောဆင်းတုကို ကိုးကွယ်ရှိခိုးရာ၌ ကုသိုလ်ရ-မရဟူသောပုစ္ဆာ၌ ဖြေဖွယ်အထူးမရှိပြီ၊ ပထမပုစ္ဆာနှင့်ပင် ဖြေပြီးဖြစ်၏။

၃။ လူသားသတ္တဝါနှင့် အသက်မရှိသောသစ်သားသည် မည်သည်ကို ကိုးကွယ်ထိုက်ပါသနည်း။ မည်သည်ကသာ၍မြတ်ပါသနည်း။

၄။ သို့ဖြစ်လျှင် လူသားကိုယ်တိုင် အနေကဇာတင်၍ ရှိခိုးပူဇော်က သာ၍မမြတ်ဘဲရှိမည်လော။

၅။ ထိုလူသားဘုရားအဖြစ် အနေကဇာမတင်ဘဲ ဘုရားဟူ၍ဝန်ခံကာမျှ ဘုရားမှတ်၍ ရှိခိုးခြင်းသည် မှန်သောဘုရားရှိခိုးရာရောက်ပါမည်လောဟူသော အမေးပုစ္ဆာ (၃) ချက်သည် အရေးမပါ အရာမရောက် ကတောက်ကတက်ပုစ္ဆာများဖြစ်၍ ဖြေဖွယ်ကိစ္စမရှိပြီ။

အရေးမပါအရာမရောက်ဆိုသည်ကား အသက်မရှိသောသစ်သားကို အစွဲပြုရသောအရာမျိုးမဟုတ်။၊ အသွင်သဏ္ဌာန်များသာ လိုရင်းဖြစ်၏။ ထိုသို့ဖြစ်ပါလျက် အသက်မရှိသောသစ်သားကို အစွဲပြု၍ မေးခွန်းထုတ်ခြင်းသည် အရေးမပါ အရာမရောက်ဖြစ်လေ၏။

ထို့အတူ ကျောက်ဆင်းတု၊ ကြေးဆင်းတု၊ ငွေဆင်းတုများတွင်လည်း ကျောက်၊ ကြေး၊ ရွှေ၊ ငွေများသည် လိုရင်းမဟုတ်။ အသွင်သဏ္ဌာန်သာ လိုရင်းဖြစ်၏။ အသွင်သဏ္ဌာန်သာ လိုရင်းဖြစ်ကြောင်းကိုလည်း ဤဝတ္ထုများကို ထောက်၍ ထင်ရှားစေရာ၏။

မဟာသောကမင်းကြီးသည် ကာလနဂါးမင်းကြီးကို ခေါ်ဆောင်၍ မြတ်စွာဘုရား၏အသွင်တော်ကို ဖန်ဆင်းရန်ပြပါဟုဆို၏။ ကာလနဂါးသည် မြတ်စွာဘုရား၏ အသွင်တော်ကို လက္ခဏာကြီးငယ်ရောင်ခြည်တော်ခြောက်သွယ်နှင့်တကွ ဖန်ဆင်း၍ပြလေ၏။ မင်းကြီးသည် မအိပ်ဘဲ (၇) ရက်ပတ်လုံး ဖူးမြော်ပူဇော်သည်ဟု ကျမ်းဂန်များတွင်လာ၏။

သီဟိုဠ်၌ ဖုဿဒေဝမထေရ်ကြီးသည် မာရ်နတ်ကြီးနှင့်တွေ့ကြုံရာတွင် မြတ်စွာဘုရားအသွင်တော်ကို ဖန်ဆင်း၍ပြပါဟု မာရ်နတ်ကိုဆိုပေ၏။မာရ်နတ်သည် လက္ခဏာကြီးငယ်ရောင်ခြည်တော်ခြောက်သွယ်နှင့်တကွ ဖန်ဆင်း၍ပြလေ၏။ မထေရ်ကြီးသည် ဘုရားအသွင်တော်ကိုမြင်ရလျှင် မာရ်နတ်မှန်းသိလျက်နှင့်ပင် ရှိမခိုးဘဲမနေနိုင်ရှိခိုးလေ၏။ မာန်နတ်သည် မထေရ်၏ရှိခိုးခြင်းကို မခံနိုင်၍ ချက်ချင်းကွယ်ပျောက်ရလေသည်ဟု ကျမ်းဂန်တို့၌လာ၏။

ဤဝတ္ထုတို့၌ ကာလနဂါးကြီးသည် တိရစ္ဆာန်မျိုးဖြစ်၏။ မာရ်နတ်ကြီးသည်လည်း ဘုရား၏ ရန်သူတော်ကြီးဖြစ်၏။ ထိုသို့ဖြစ်ပါလျက် အသွင်တော်ကိုမြင်ရသည့်အတွက် မဟာသောကမင်းကြီး၊ ဖုဿဒေဝမထေရ်ကြီးတို့သည် ရှိခိုးပူဇော်ခြင်းကိုပြုကြလေ၏။ အသွင်သဏ္ဌာန်သည် ဤမျှလောက် သဒ္ဓါတရားကိုဖြစ်ပွားစေနိုင်၏။

ဤဝတ္ထုများကိုထောက်သဖြင့် သစ်သား၊ ကျောက်၊ ကြေး၊ ရွှေ၊ ငွေဝတ္ထုများသည် ပဓာနမဟုတ်၊ အသွင်သဏ္ဌာန်တော်သည်သာ ပဓာနဖြစ်သည်ဟု ထင်ရှားလေ၏။

ဘုရား၏အသွင်သဏ္ဌာန်တော်ဟု သိလျက်သားနှင့် ပြစ်မှားကျူးလွန်ပြုမိလျှင်လည်း အလွန်အပြစ်ကြီးလေ၏။ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို ပြစ်မှားသည်နှင့် အလားတူ၏။

ဤရုပ်ပွားဆင်းတုတော်ကိုးကွယ်မှု ဖြေရှင်းချက်သည် လယ်တီဆရာတော်ဘုရားကြီးမှ မြန်မာနှစ် ၁၂၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၁၉၁၉ ခုနှစ် မေလ ၁၀ ရက်တွင် ဖြေဆိုရှင်းလင်းခဲ့ပြီး ဝိပါဒဝိသောဓနီကျမ်းသစ်တွင်လည်း ရေးသားစီရင်ခဲ့ကြောင်းကို ဆရာဦးအောင်မွန်(မြတ်ဆုမွန်)၏ 'ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးဘဝဖြစ်တော်စဉ်' မှ ပြန်လည် ကောက်နုတ်ရေးသား ဖော်ပြခြင်းသာဖြစ်ပါကြောင်း ဝန်ခံစကားညွှန်းပြုဆိုရင်းဖြင့်. . .။

ရုပ်ပွားဆင်းတုကိုးကွယ်မှု၌ သဒ္ဓါတရား တိုးပွားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါ၏။

ကိုရွှေမြသန်း(သမိုင်း)



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းရာသီ တစ်မနက်ခင်း အိမ်ရှေ့တွင် ပက်လက်ကုလားထိုင် တစ်လုံးနှင့်ထိုင်ပြီး နေပူဆာလှုံနေစဉ် လူငယ်တစ်ယောက် ရောက်လာသည်။ အနားရောက်လာမှ တူဖြစ်သူမှန်းသိရ၏။

တူဖြစ်သူက -

"ဘဘ၊ နေကောင်းပါတယ်နော်"

ဟု ဆိုကာ နှုတ်ဆက်လာသည်။ သို့နှင့် အနီးအပါးရှိ ကုလားထိုင်ကို ဝင်ထိုင်ဖို့ညွှန်ပြလိုက်ရ၏။ ကုလားထိုင်တွင် ဝင်ထိုင်ပြီးသောအခါ ဝတ္တရားရှိသည့်အတိုင်း မိမိကလည်း ညီဖြစ်သူ မိသားစုတို့ နေထိုင်ကောင်းကြောင်း မေးမြန်းရသည်။

"မင်းအဖေကော နေကောင်းရဲ့ မဟုတ်လား"

သည်အခါ သူက -

"ဟုတ်ကဲ့ - ဘဘ၊ နေကောင်းပါတယ်"

ဟု ပြန်ဖြေသည်။

ထို့နောက် တူဖြစ်သူက -

"ဘဘဆီရောက်တုန်း မေးစရာရှိလို့ ခင်ဗျ" တဲ့။

ထိုအခါ မိမိက -

"ဘာများလဲ ငါ့တူ။ မေးစရာမေးပေါ့ ငါ့တူရယ်"

"ဒီလိုပါ ဘဘ၊ ဘုရားပလ္လင်တံကဲနောက်ကျောမှာ ဒေါင်းရုပ်နဲ့ ယုန်ရုပ်ထားရှိတာကို မေးချင်တာပါ"

တူဖြစ်သူသည် လူငယ်တစ်ဦးဖြစ်သော်လည်း ဗဟုသုတကို လိုလားပုံရပါသည်။ လူငယ်သဘာဝအတိုင်း စပ်စပ်စုစုမေးမြန်းသည့်သူ့စိတ်နေစိတ်ထားကို ဂရုပြုမိလိုက်၏။

"ဒေါင်းရုပ်၊ ယုန်ရုပ်ထားရှိပုံအကြောင်းသိချင်တာလား"

ဟု မိမိကသေချာအောင်ပြန်မေးလိုက်သည်။

"ဟုတ်ပါတယ် ဘဘ"

ဟု ဖြေသည်။ ထို့နောက် သူက-

"တချို့လူကြီးတွေကိုမေးတဲ့အခါကျတော့ ဘာသာရေးယဉ်ကျေးမှုအရထားရှိတာဖြစ်တယ်လို့ ပြောကြပါတယ်"

ဟု ပြောပြသည်။

"အေးလေ - ဘာသာရေးယဉ်ကျေးမှုအရ ရှိုးရာအမွေအနှစ်မပျောက်မပျက်ရအောင် အစဉ်အလာကိုထိန်းသိမ်းတဲ့သဘောနဲ့လုပ်လာကြတာပေါ့ ငါ့တူရယ်"

ဟု ပြောလိုက်၏။

ထိုအခါ တူဖြစ်သူမှာ ကျေနပ်ဟန်မတူ။

"လူမျိုးတို့ရိုးရာအစဉ်အလာထိန်းသိမ်းတာဟုတ်မှာပါ။ ကျွန်တော်သိချင်တာက ဒီလိုလုပ်ရတဲ့အကြောင်းဇာစ်မြစ်ကိုသိချင်တာပါ ဘဘ"

ဟု ဆို၏။

"ဩော် - အဲဒါက ဒီလိုရှိတယ်ကွ။ ဘာသာရေးစာပေလိုက်စားတဲ့ ပုဂ္ဂိုလ်များမှသိမှာပေါ့။ သာမန်သူလိုကိုယ်လိုသမားအနေနဲ့ကတော့ မသိနိုင်ဘူးကွယ့်"

ဟု ပြောလိုက်ရ၏။

"ဟုတ်ပါတယ် ဘဘ။ ဘာသာရေးစာပေအဆိုအမိန့်ဘယ်လိုရှိတယ်ဆိုတာ သိချင်တာပါဗျ"

"အေးအေး-ဒီလိုဆိုရင်ပြောမယ်။ ရှေးက ပုရဏ်ကျမ်းများမှာ နေမှာ ဒေါင်းရုပ်ရှိတယ်၊ လမှာယုန်ရုပ်ရှိတယ်လို့ဆိုတယ်။ နောက်ဘုရားဟော သသပဏ္ဍိတဇာတ်မှာ ဘုရားလောင်းယုန်မင်းရဲ့ပုံကို သိကြားမင်းက တောင်ဆီမင်နဲ့ လဝန်းမှာ ယုန်ရုပ်ရေးကြောင်း ငါးရာ့ငါးဆယ်နိပါတ်လာတယ်ကွယ့်။ နောက် အာဒိကပ္ပ (ကမ္ဘာဦး) ကျမ်းမှာ အန္တရကပ် (၆၄)ကပ်မှာ နေတို့၊ လတို့ အရုပ်တွေကို ဖော်ပြထားတယ်။ (၆၄) ကပ်ဆိုတော့ (၆၄)ရုပ်ပေါ့။ အဲဒီအကြောင်းကို မဃဒေဝလင်္ကာသစ်မှာ မန်လည်ဆရာတော်ရေးစပ်ထားတာ ဖတ်ဖူးတယ်"

ဟု ပြောလိုက်သည့်အခါ တူဖြစ်သူမျက်နှာ၌ အပြုံးရိပ်များသန်းသွားသည်ကို ဖျတ်ခနဲ အတဲခတ်မိလိုက်၏။ သူကျေနပ်သွားပုံရပါသည်။ သူက စာနှင့်ပေနှင့်သိချင်ဟန်တူသည်။

"ဟုတ်တယ် ဘဘရဲ့။ အဲဒါကိုသိချင်တာပါ"

ဟု သူကဆိုသည်။

"အေးအေး - ခဏထိုင်။ သေချာအောင် မင်းကစာနဲ့ပေနဲ့သိချင်ဆိုတော့ ဘဘစာအုပ်သွားယူလိုက်ဦးမယ်"

ဟု ဆိုကာ အိမ်ထဲဝင်၍မဃဒေဝလင်္ကာသစ်ကိုယူလာပြီး -

"ငါ့တူရေ ဘဘဖတ်ပြမယ် နားထောင်နော်။ မဃဒေဝလင်္ကာသစ်အပိုဒ် (၃၅၈) မှာ ဒီလိုတွေ့ရတယ်"

- *အာဒိကပ္ပ၊ အမည်ရသည့်၊*
  *ကမ္ဘာ့ကျမ်းလာ၊ နေလမှာလျှင်၊*
  *ကမ္ဘာဦးက၊ အစဉ်စ၍၊*
  *အန္တရတိုင်း၊ အပိုင်းမလွှန်၊*
  *တမန့်တစ်မျိုး၊ ပေါ်ရိုးထပ်ထပ်၊*
  *ရုပ်မစပ်ပဲ၊ တကပ်တပုံ၊*
  *ထင်တုံရှေးဘွဲ့၊ ခြောက်ဆဲ့လေးရုပ်၊*
  *သချ်ာချုပ်၏။*
  *ခုပစ္စုပ္ပန်၊ ဝတ္တမန်ဟု*
  *ဤအန္တရ၊ ကောဒကား၊*
  *လမှာယုန်ရုပ်၊ နေဒေါင်းရုပ်တည့်၊*



## ဉာဏ်မြင့်

### ဒေါင်းနေဝန်းနှင့်လဝန်းယုန်အိမ်

www.burmeseclassic.com

www.burmeseclassic.com

| အန္တရကပ် | နေရုပ် | လရုပ် | မှတ်ချက် |
|---|---|---|---|
| အန္တရကပ် ၁ | ဆိတ်ရုပ် | ဆင်ရုပ် | |
| အန္တရကပ် ၂ | မျောက်ရုပ် | မြင်းရုပ် | |
| အန္တရကပ် ၃ | ကြံ့ရုပ် | နွားရုပ် | |
| အန္တရကပ် ၄ | လားရုပ် | ကျွဲရုပ် | |
| အန္တရကပ် ၅ | နွားနက်ရုပ် | သမင်ရုပ် | |
| အန္တရကပ် ၆ | ဝံရွှေရုပ် | စိုင်ရုပ် | |
| အန္တရကပ် ၇ | လူရုပ် | ကုလားအုတ်ရုပ် | |
| အန္တရကပ် ၈ | ကြက်ရုပ် | ခွေးရုပ် | |
| အန္တရကပ် ၉ | ဟင်္သာရုပ် | ကျားရုပ် | |
| အန္တရကပ် ၁၀ | ဝက်ဝံဘိုရုပ် | ဝက်ရုပ် | |
| အန္တရကပ် ၁၁ | ဥဒေါင်းရုပ် | ယုန်ရုပ် | |
| အန္တရကပ် ၁၂ | ကြိုးကြာရုပ် | သဘော်ခြူးရုပ် | |
| အန္တရကပ် ၁၃ | ငှက်တော်အမြီးနှစ်ခွ | ခြသေ့ရုပ် | |
| အန္တရကပ် ၁၄ | သာလိကာရုပ် | ကြွက်ရုပ် | |
| အန္တရကပ် ၁၅ | တင်ကျီးရုပ် | ဆိတ်ရုပ် | |
| အန္တရကပ် ၁၆ | ဂဠုန်ရုပ် | မျောက်ရုပ် | |
| အန္တရကပ် ၁၇ | ခါရုပ် | ကြံ့ရုပ် | |
| အန္တရကပ် ၁၈ | ကျေးငှက်ရုပ် | လားရုပ် | |
| အန္တရကပ် ၁၉ | ဘီလူးရုပ် | နွားနက်ရုပ် | |
| အန္တရကပ် ၂၀ | လင်းတရုပ် | ဝံရွှေရုပ် | |
| အန္တရကပ် ၂၁ | ငှက်ဆင်ရုပ် | လူရုပ် | |
| အန္တရကပ် ၂၂ | ဖျိုင်းလည်ပြန်ရုပ် | ကြက်ရုပ် | |
| အန္တရကပ် ၂၃ | ဘီတောင်ပိုရုပ် | ဟင်္သာရုပ် | |
| အန္တရကပ် ၂၄ | ပိန်ညင်းရုပ် | ငှက်ဝံပိုရုပ် | |
| အန္တရကပ် ၂၅ | မြစ်တွေးရုပ် | ဥဒေါင်းရုပ် | |
| အန္တရကပ် ၂၆ | ကျီးကန်းရုပ် | ကြိုးကြာရုပ် | |
| အန္တရကပ် ၂၇ | ငါးကြင်းရုပ် | ငှက်တော်အမြီးနှစ်ခွရုပ် | |
| အန္တရကပ် ၂၈ | ခရုရုပ် | သာလိကာရုပ် | |
| အန္တရကပ် ၂၉ | မိကျောင်းရုပ် | တင်ကျီးရုပ် | |
| အန္တရကပ် ၃၀ | လိပ်ရုပ် | ဂဠုန်ရုပ် | |
| အန္တရကပ် ၃၁ | ပုစွန်ရုပ် | ခါရုပ် | |
| အန္တရကပ် ၃၂ | ငါးမန်းရုပ် | ကျေးငှက်ရုပ် | |
| အန္တရကပ် ၃၃ | ငါးဆင်ရုပ် | ဘီလူးရုပ် | |
| အန္တရကပ် ၃၄ | မကန်းရုပ် | လင်းတရုပ် | |
| အန္တရကပ် ၃၅ | ပုစွန်တုပ်ရုပ် | ငှက်ဆင်ရုပ် | |
| အန္တရကပ် ၃၆ | လင်းပိုင်ရုပ် | ဖျိုင်းလည်ပြန်ရုပ် | |
| အန္တရကပ် ၃၇ | ဖားရုပ် | တီးတောင်ဘိုရုပ် | |
| အန္တရကပ် ၃၈ | ဘီလားရုပ် | ပိန်ညင်းရုပ် | |
| အန္တရကပ် ၃၉ | ငါးကြင်း | မြစ်တွေးရုပ် | |
| အန္တရကပ် ၄၀ | နဂါးရုပ် | ကျီးကန်းရုပ် | |
| အန္တရကပ် ၄၁ | သားမြီးယပ်ရုပ် | ငါးကြင်းရုပ် | |
| အန္တရကပ် ၄၂ | သင်းကျစ်ရုပ် | ခရုရုပ် | |
| အန္တရကပ် ၄၃ | ရေအိုင်သဏ္ဌာန် | မိကျောင်းအုပ် | |
| အန္တရကပ် ၄၄ | ဖလားခွက်သဏ္ဌာန် | လိပ်ရုပ် | |
| အန္တရကပ် ၄၅ | အုန်းပင်ရုပ် | ပုစွန်ရုပ် | |
| အန္တရကပ် ၄၆ | တောင်ဝှေးရုပ် | ငါးမန်းရုပ် | |
| အန္တရကပ် ၄၇ | ဗိန္ဓုတွက်နှစ်ကွက် | ငါးဆင်ရုပ် | |
| အန္တရကပ် ၄၈ | ခုံလောက်သုံးခု | မကန်းရုပ် | |
| အန္တရကပ် ၄၉ | ကြက်လျှာတံခွန် | ပုစွန်တုပ်ရုပ် | |
| အန္တရကပ် ၅၀ | ယီးဖြူနှစ်စင်းပုံ | လင်းပိုင်ရုပ် | |



www.burmeseclassic.com

www.burmeseclassic.com

| အန္တရကာပ် | နေရုပ် | လရုပ် | မှတ်ချက် |
|---|---|---|---|
| အန္တရကာပ် ၅၁ | ဆင်ရုပ် | ဖားရုပ် | |
| အန္တရကာပ် ၅၂ | မြင်းရုပ် | ဘီလားရုပ် | |
| အန္တရကာပ် ၅၃ | နွားရုပ် | ငါးကြင်းဖွတ်ရုပ် | |
| အန္တရကာပ် ၅၄ | ကျွဲရုပ် | နဂါးရုပ် | |
| အန္တရကာပ် ၅၅ | သမင်ရုပ် | သားမြီးယပ်ပုံ | |
| အန္တရကာပ် ၅၆ | စိုင်ရုပ် | သင်းကျစ်သဏ္ဌာန် | |
| အန္တရကာပ် ၅၇ | ကုလားအုတ်ရုပ် | ရေအိုင်သဏ္ဌာန် | |
| အန္တရကာပ် ၅၈ | ခွေးရုပ် | ဖလားခွက်ပုံ | |
| အန္တရကာပ် ၅၉ | ကျားရုပ် | အုန်းပင်ပုံ | |
| အန္တရကာပ် ၆၀ | ဝက်ရုပ် | တောင်ဝှေးပုံ | |
| အန္တရကာပ် ၆၁ | ယုန်ရုပ် | ပီနှုန့်စ်ခွက်ပုံ | |
| အန္တရကာပ် ၆၂ | သဘော်ခြူရုပ် | ခုံလောက်သုံးခုပုံ | |
| အန္တရကာပ် ၆၃ | ခြင်္သေ့ရုပ် | ကြက်လျှာတံခွန်ပုံ | |
| အန္တရကာပ် ၆၄ | ကြွက်ရုပ် | ထီးဖြူနှစ်စင်းပုံ | |

*နေရုပ်လရုပ် ကမ္ဘာ့ရုပ်လည်း၊*
*ဖြစ်ချုပ်လက္ခဏာ၊ မမြဲစွာဘူး*

လို့ ပါတယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဘဘ၊ ကျွန်တော် နားထောင်နေပါတယ်"

ဟု သူကဆိုသည်။

"အေး- အခုဖတ်ပြတာ အာဒိကပ္ပဆိုတဲ့ ကမ္ဘာဦးချိန်မှာ နေတို့ လတို့ ပေါ်ထွန်းလာကြတယ်၊ စောစောက ပြောခဲ့သလို (၆၄) ကပ်ဆိုတော့ နေလတို့ရဲ့ အရုပ်တွေကလည်း အမျိုးမျိုးပေါ့၊ ခု ဘဘတို့နေထိုင်တဲ့ကမ္ဘာက (၁၁)ကပ်မြောက်ကမ္ဘာပေါ့။ ဒီ (၁၁) ကပ်မြောက် ကမ္ဘာမှာ ဂေါတမဘုရားသခင်ပွင့်တော်မူတယ်၊ ဒီကပ်ကမ္ဘာရဲ့ နေရုပ်၊ လရုပ်က ဥဒေါင်းရုပ်နဲ့ ယုန်ရုပ်ဖြစ်တယ်"

ဟု ပြောပြရ၏။

ထိုအခါ -

"ဪ - ဒါကြောင့် ခုအခါ တံကဲ နောက်ကျောယာဘက်အထက်ထောင့်မှာ ဒေါင်းရုပ်၊ ဝဲဘက်အထက်ထောင့်မှာ ယုန်ရုပ်ကိုတွေ့ရတာကိုး"

ဟု တူတော်မောင်က ပြော၏။

"အေး-ဟုတ်တယ်ကွ၊ မှတ်ထားပေရော့"

ဟု ဆိုလိုက်သည်။

သို့သော် သူကမပြီးသေး၊ ရှေ့ဆက်မေးပြန်သည်။

"ဟုတ်ကဲ့ ဘဘ၊ နေရုပ်၊ လရုပ်တွေက တစ်ကပ်နဲ့တစ်ကပ်မတူဘူးဆိုတော့ အမျိုးမျိုးနေမှာပေါ့နော်"

ဟု မေးသည်။

"ဟုတ်တယ်မတူကြဘူး၊ ခုပစ္စုပ္ပန်ကာလကမ္ဘာက (၁၁) ကပ်မြောက်ကမ္ဘာဆိုတော့ ဒီကမ္ဘာမှာ ဘုရား (၅) ဆူပွင့်တော်မူတယ်၊ ဘဒ္ဒကမ္ဘာလို့လည်း ခေါ်တယ်ကွယ့် မှတ်ထားဦး"

ဟူ၍ ပြောရသည်။

"ဟုတ်ကဲ့ ဘဘ၊ ကပ်ကမ္ဘာအသီးသီးမှာရှိနေတဲ့ နေရုပ်၊ လရုပ်တွေကိုလည်း ပြောပြပါဦးဗျာ"

တူမောင်က (၆၄) ကပ်မှာရှိနေတဲ့ နေရုပ်၊ လရုပ်များကို သိချင်ပြန်သည်။

"အေး - တို့ရဲ့ကမ္ဘာမှာ ဘုရား (၅) ဆူပွင့်တယ်ကွ။ အဲဒီ (၅) ဆူပွင့်တဲ့ ကပ်ကမ္ဘာတွေမှာရှိတဲ့ နေရုပ်၊ လရုပ် လောက်သာပြောပြနိုင်မယ်။ (၆၄) ကပ်စလုံးတော့ မပြောနိုင်ဘူး။ အာဒိကပ္ပကျမ်းမှာ ဖော်ပြပါရှိသလောက်ပဲပြောနိုင်ပါတယ်ကွာ"

ဟု အမှန်အတိုင်းပြောလိုက်ရ၏။

"ဟုတ်ပါပြီ၊ ဘဒ္ဒကမ္ဘာမှာပွင့်တဲ့ ဘုရား (၅) ဆူလက်ထက် သတ်မှတ်ထားတဲ့ နေရုပ်၊ လရုပ်ကိုသိပါရစေ ဘဘ ရယ်"

"အန္တရကာပ် (၈) ကပ်မြောက်မှာ ကကုသန်ဘုရားပွင့်တော်မူတယ်။ နေရုပ်က (ကြက်) ဖြစ်ပြီး လရုပ်က (ခွေး) ဖြစ်တယ်။

အန္တရကာပ် (၉) ကပ်မြောက်မှာ ကောဏာဂုံဘုရားပွင့်တော်မူတယ်။ နေရုပ်က (ဟင်္သာ)၊ လရုပ်က (ကျား) ရုပ် ဖြစ်တယ်။

နောက်တစ်ဖန် အန္တရကာပ် (၁၀) မှာ ကဿပဘုရားပွင့်တော်မူတယ်။ နေရုပ်က (ဝက်ဝံဘို)၊ လရုပ်က (ဝက်) ဖြစ်တယ်။

ဒီနောက်တစ်ခါ အန္တရကာပ် (၁၁) မှာ ဂေါတမဘုရားရှင်ပွင့်တော်မူတော့ နေရုပ် က (ဥဒေါင်းရုပ်) ဖြစ်ပြီး လရုပ်က (ယုန်) ရုပ် ဖြစ်တယ်"

ဟု ဘဒ္ဒကမ္ဘာမှာ ပွင့်ပြီး ဘုရား (၄) ဆူ ကာလမှာ သတ်မှတ်ထားသည့် နေရုပ်၊ လရုပ်တို့ကိုပြောပြလိုက်၏။

"အရိမေတ္တေယျဘုရားလက်ထက်ကော ဘဘပြောပါဦး"

သူက နောင် (၁၂) ကပ်မြောက် ပွင့်မည့်ဘုရားလက်ထက် နေရုပ်၊ လရုပ်ကိုမေးပြန်သည်၊

"နောက် (၁၂) ကပ်မြောက်ကျတော့ နေရုပ်က (သဘော်ခြူ) ရုပ် ဖြစ်ပြီး လရုပ်က (ကြိုးကြာ) ရုပ်ဖြစ်နိုင်တယ်ကွယ့်"

ပြောပြလိုက်ပါသည်။

"ဟုတ်ကဲ့ပါ ဘဘရယ်။ ကျန်သေးတဲ့ကမ္ဘာမှာ သတ်မှတ်ထားတဲ့ နေရုပ်၊ လရုပ်တွေကိုလည်း ပြောလက်စနဲ့ ပြောပြပါဦးဗျာ"

ဟု ဆိုလာပြန်သဖြင့် -

"အေးအေး - ဘဘပြောပြမယ်၊ မဃဒေဝလင်္ကာသစ် ခက်ဆစ်အဖြေကျမ်းမှာ အကျယ်တဝင့်ပါတယ်၊ ဘဘ အိမ်ထဲသွားယူပြီး ဖတ်ပြမယ် ခဏထိုင်"

ဟု ဆိုကာ အိမ်ထဲက စားပွဲပေါ်မှာ အရန်သင့်ရှိနေတဲ့ မဃဒေဝလင်္ကာသစ်ခက်ဆစ်အဖြေ(ဒုတိယ)တွဲ စာမျက်နှာ (၃၇) မှာပါရှိသည့် အန္တရကာပ် (၆၄) ကပ်ရဲ့ နေရုပ်၊ လရုပ်အမှတ်အသားများကို သူ့အား ဖတ်ပြလိုက်ပါသည်။

၎င်းကား -

ဥခြောက်ဆဲ့လေးရုပ်၊ သင်္ချာချုပ်၏၊ ခုပစ္စုပ္ပန်၊ ဝတ္တမန်နိုက်၊ ဤအန္တရကောဒကား၊ လမှာယုန်ရုပ်၊ နေဒေါင်းရုပ်တည့်၊ နေရုပ်လရုပ်၊ ကမ္ဘာ့ရုပ်လည်း၊ ဖြစ်ချုပ်လက္ခဏာ၊ မမြဲစွာဘူး. . .

ဆိုသည့်အတိုင်း အန္တရကာပ်(၁၁)ခုမြောက် ဂေါတမဘုရားလက်ထက် ယခုကာလ၌ တည်ရှိနေဆဲဖြစ်သည့် နေဝန်း လဝန်းတို့အကြောင်းပင် ဖြစ်ပါသည်။

ဒွေးလှမြင့်



www.burmeseclassic.com

ww.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အလိုတော်ပြည့်မဟာစရိယတက္ကသိုလ်တွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဘဒ္ဒန္တသုစိတ္တာဘိဝံသအရှင်သူမြတ်သည် ထေရဝါဒသာသနာပြန့်ပွားထွန်းကားရေးအတွက် သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံဆောင်ရွက်နေသော သာသနာပြုရဟန်းတစ်ပါး ဖြစ်သည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ တည်းဟူသော သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတော်အတွက် ပေးအပ်ပြီး သာသနာပြုနေသောရဟန်းမြတ်တစ်ပါး ဖြစ်သည်။ ဆရာတော်သီတင်းသုံးနေသော မဟာစရိယတက္ကသိုလ်ကျောင်းတိုက်ကြီးတွင် မဟာစရိယ (စာချတန်း) သက်သက် စာသင်သားများကိုသာ စာဝါများ ပို့ချလျက်ရှိပါသည်။ ဆရာတော်ကိုယ်တိုင် ကျမ်းရင်းသုံးကျမ်းကို ပို့ချသင်ကြားပေးလျက်ရှိပေသည်။

ဆရာတော်ကား (၁)သာသနဓဇ မဟာစရိယ၊ (၂) ပရိယတ္တိ မဟာနုဂ္ဂဟ မဟာစရိယ၊ (၃) ပရိယတ္တိ သဒ္ဓမ္မပါလ မဟာစရိယ၊ (၄) ပရိယတ္တိ သာသနဟိတ မဟာစရိယ (သကျသီဟ) ဘွဲ့တို့ကို ရရှိခဲ့ပေသည်။ ထို့ပြင် နိုင်ငံတော်အစိုးရက ချီးမြှင့်သော ပရိယတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့ပြီး ဖြစ်ပါသည်။ ဆရာတော်အနေဖြင့် ဤကဲ့သို့ ကြိုးစားအားထုတ်နေခြင်းမှာ -


- *ကိုယ်တည်းတစ်ယောက်*
  *ချမ်းသာရောက်ဖို့*
  *ခုလောက်ကြိုးကုတ်*
  *အားမထုတ်ဘူး*
  *ဗုဒ္ဓမြတ်စွာ သာသနာ၏*
  *ရွှေခါဘိုးဘ လက်ထက်ကလျှင်*
  *ရသည့်တန်ဖိုး ထပ်မညှိုးဖို့*
  *အားကြိုးမာန်တက်*
  *ငါဆောင်ရွက်မည်*
  *ဆက်လက် တည်တံ့ပါစေသော်*

ဟူသော မဟာဂန္ထာရုံဆရာတော်အရှင်ဇနကာဘိဝံသအဆိုအမိန့်အတိုင်း ထေရဝါဒသာသနာတော်ပြန့်ပွားရေးအတွက် အံ့ချီးလောက်ဖွယ် ဆောင်ရွက်နေသောပုဂ္ဂိုလ်ဖြစ်ပေသည်။ ခုဆိုလျှင် ဆရာတော်မှာ သက်တော်(၆၀)ပြည့်လို့ သီသီကလေးစွန်းခဲ့ပြီ။ ဆရာတော် စာပေပို့ချသင်ကြားပေးမှုရလဒ်အဖြစ် စာသင်သားရှင်ရဟန်းအပါး (၁၀၀၀) ကျော်ကို သာသနဓဇမဟာစရိယကျမ်းစွဲကျမ်းပြီး (၁၀၀) ကျော် အောင်ပွဲဆင်နိုင်ခဲ့သည်။

ထူးထူးခြားခြား ဂုဏ်ပြုဖွဲ့ဆိုရမည်ဆိုပါလျှင် မဟာစရိယတက္ကသိုလ်များ၏ နာယကချုပ်ဆရာတော်၏သာသနာပြုဝန်ဆောင်ခရီး (၁၂) နှစ်တာ ကာလအတွင်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သကျသီဟမဟာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ သံယုတ္တနိကာယဝိဒူဘွဲ့၊ သာသနဓဇမဟာစရိယ(အဂ္ဂမဟာအကျော်ဘွဲ့)၊ သာသနဓဇမဟာစရိယ (မဟာအကျော်ဘွဲ့)စသောဘွဲ့တံဆိပ်တော်များ

ကျွန်းစဉ်မြေစာခက်

## သုစိတ္တာရွှေဘုန်းပွင့်ဘုရား ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်များနှင့် ကောင်းနိမိတ်ပေး ရာသီလွှန်ပန်းကံ့ကော်



၂၀၁၆ ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ သက်တော် (၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့နေ ဦးဘိုကြီး + ဒေါ်သန်းသန်း 'ပြည်လုံးချမ်းသာရွှေပဒေသာအောင်တိုက်' တို့ မြေပုံမြို့နယ် သရက်တောင်ရွာ၌ တည်ထားကိုးကွယ်သော ဗုဒ္ဓရွှေစည်းခုံပုံတူ 'ရွှေပဒေသာအေဘယမုနိ' ဘုရား




၂၀၁၆ ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ သက်တော် (၆၀) ပြည့်အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်သော 'သုစိတ္တာရွှေဘုန်းပွင့်စေတီ'




www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ သက်တော် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်သော 'မဟာဓောဓိမြတ်စွာဘုရား'








၂၀၁၆ ခုနှစ် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ သက်တော် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် 'သုစိတ္တရွှေဘုန်းမှင့်ဘုရား' တည်ထားကိုးကွယ်စဉ် ဆောင်းတွင်းကာလ၌ ဆောင်းနှင်းငွေ့ဆောင်ပြီး တစ်လတီတီ တစ်ပင်ထုံး ရွှေရောင်ပြန်ဟပ်ခဲ့သော ရာသီလှပန်းချီကားတော်

အတွက် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်(၈)ပါး ပေါ်ထွက်ခဲ့ပါသည်။ နှလုံးစိတ်ဝမ်းအေးချမ်းစရာကောင်းလိုက်ပါဘိ။ဆရာတော်၏ပရိယတ္တိဝန်ဆောင်မှု၏တကယ့်အနှစ်သာရမှ သာဓုအလီလီခေါ်မိပေတော့သည်။

ဆရာတော်ကား ပရိယတ္တိသာသနာကွင်းဆက်မပြတ်ရေးအတွက် အစဉ်သဖြင့် ဆောင်ရွက်ခဲ့ပေသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏အထင်ကရမြို့ကြီးများဖြစ်ကြသော မန္တလေး၊ ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင် စသော မြို့ကြီးများ၌ နှစ်အလိုက် သီတင်းသုံးပြီး မဟာစရိယစာဝါများကို မပြတ်ပို့ချခဲ့ပေသည်။ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မဟာစရိယတက္ကသိုလ်အဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ မဟာစရိယတက္ကသိုလ်နှင့် လှည်းကူးမြို့ မဟာစရိယဥယျာဉ်ကျောင်းတိုက်တို့ကိုလည်းတည်ထောင်ပြီး သာသနာ့ပျိုးခင်းများအဖြစ် ဖွင့်လှစ်ခဲ့ပေသည်။

ဆရာတော်ကား နွေရာသီများ၌ မဟာစရိယစာဝါပို့ချမှုနားနေချိန်များဆိုလျှင် သာသပြုလုပ်ငန်းများကိုခြွဲထွင်ပြီး ကမ္ဘာ့အရှေ့၊ အနောက်နိုင်ငံကြီးများတွင် သာသနာပြုပြီး ဓမ္မသင်တန်းများပို့ချခဲ့ပေပြီ။ ဆရာတော်မှာ ကျိန်းစက်အနားယူချိန်မှအပ စိတ်နှင့်ကိုယ်ကို သာသနာရေးဆောင်ရွက်မှုနယ်ပယ်ထဲတွင် မြှုပ်နှံထားပေသည်။

ဆရာတော်၏မွေးရပ်မြေမှာ ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျွန်းစဉ်ဒေသရှိ သရက်တောင်မည်သော ကျေးလက်ရွာတစ်ရွာပင်ဖြစ်သည်။ ဤသရက်တောင်ရွာမည်သောရွာတွင် ရွာတောင်တန်းကြီးမှ သွယ်တန်းဆင်းလျက်ရှိသော တောင်ဆွယ်တောင်တန်းများပေါ်တွင် ဘုရားပုထိုးစေတီများကိုတည်ထားပြီးသာသနာပြုလိုက်ခြင်းပင် ဖြစ်ပေသည်။ တောင်အသီးသီးကုန်းအသွယ်သွယ်တို့၌ ဘုရားပုထိုးစေတီများဖြင့်ပြည့်ခဲ့ပေပြီ။

အံ့ဩဖွယ်ရာကောင်းလှသည်မှာ ဤစေတီပုထိုးပေါင်းမြောက်မြားစွာကို တည်ထားကိုးကွယ်ရာ၌ ရွာသားများ၏ အလှူငွေသက်သက်သာမဟုတ်ဘဲ အမေရိကန်၊ ဩစတြေးလျ၊ စင်ကာပူ စသော မြို့ကြီးများက အလှူရှင်များ အများစုပါဝင်ကြသည်။ အလှူရှင်များ ကိုယ်တိုင်ပင် လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲသော ကျွန်းစဉ်ဒေသလို ရွာမျိုးသို့ လေယာဉ်၊ သင်္ဘော၊ ကား၊ စက်လှေအတန်တန်စီးပြီး လာရောက်ကြကာ ရေစက်ချ အမှုဝေပေးလှူကြခြင်းပင် ဖြစ်ပေသည်။ မြင်ရကြားရသော မြင်ကွင်းများက နှလုံးစိတ်ဝမ်းအေးချမ်းစရာကောင်းလှပါပေသည်။

ယခုဆိုလျှင် ဆရာတော်၏မွေးရပ်မြေ သရက်တောင်သည် ဘုရားတောင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေခဲ့ပေပြီ။ 'စစ်ကိုင်းတောင် ဈိုင်းတောင်ဖြစ်နေပြီ' ဟု ဆိုခဲ့ကြသလို သရက်တောင်သည်လည်း ရွှေရောင်တဝင်းဝင်းဘုရားပုထိုးစေတီများကြောင့် ရွှေတောင်ဖြစ်နေခဲ့လေပြီကော။

စာရေးသူ ယခုတင်ပြသည့် အကြောင်းအရာမှာ ဆရာတော်၏ သာသနာပြုလုပ်ငန်းထဲတွင် မွေးရပ်မြေ သရက်တောင်ရွာ၌ ဘုရားပုထိုးစေတီများကို ၂၀၀၀ ပြည့်နှစ်မှ တည်ထားကိုးကွယ်လာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော ရွှေဘုန်းပွင့်ဘုရားနှင့် ပတ်သက်၍ တင်ပြလိုခြင်းဖြစ်ပေသည်။ သရက်တောင်ရွာတောင်ကြီး၏တောင်ဆွယ်တောင်တန်းငါးခုအနက် ကံ့ကော်တောင်မှာ ညာဘက်အစွန်ဆုံးတောင်ဆွယ်တစ်ခုဖြစ်သည်။ တောင်တန်းတွင် ထင်းခွေခြင်း၊ ဟင်းရွာခြင်းကိုသာ ပြုကြသည်။ တောင်ခြေမှာတော့ လူနေအိမ်အနည်းအကျဉ်းနှင့် ဥယျာဉ်ခြံအသေးစားပဲရှိသည်။ တောင်ဆွယ်ထိပ်တွင် ကံ့ကော်ပင်ကြီးတစ်ပင်ရှိသဖြင့် ဆရာတော်က ကံ့ကော်တောင်ဟု တင်ပွန်းတပ်လိုက်ခြင်းပင် ဖြစ်ပေသည်။

၂၀၁၆ ခုနှစ်တွင် ဆရာတော်၏ သက်တော် (၆၀) ပြည့်၊ သိက္ခာတော် (၄၀) ပြည့်အထိမ်းအမှတ်အဖြစ် အဆိုပါ ကံ့ကော်တောင်၌ပင် 'သုစိတ္တာရွှေဘုန်းပွင့်စေတီ' ကို တည်ထားခဲ့ပြန်သည်။ စေတီ၏ဉာဏ်တော်မှာ (၂၇) ပေအမြင့်ရှိပေသည်။ ဤစေတီကိုတည်ထားရာ၌ ထူးခြားသည့်နိမိတ်ကိုပြခဲ့ပေ၏။ အဘယ်သို့တူမူ ကံ့ကော်ပန်းတို့မည်သည် တန်ခူးလတွင်သာ ပွင့်ရိုးထုံးစံရှိပေသည်။ သို့သော် 'သုစိတ္တာရွှေပန်းဘုရား' ကို တည်သည် တန်ဆောင်မုန်းလအတွင်းမှာပင် ကံ့ကော်တောင်ပေါ်ရှိကံ့ကော်ပင်ကြီးမှာ တစ်ပင်လုံးဖွေးဖွေးဖွေးအောင်ပွင့်ကြလေပြီ။ အံ့သြရောနိမိတ်ထူးပေတကား။ ကောင်းသောအတိတ်နိမိတ်မို့ ဆရာတော်နှင့်တကွ ဒါယကာ၊ ဒါယိကာမများ ဝမ်းမြောက်ရွှင်လန်းရှိကြပါကုန်၏။

နောက်တစ်ချက်က ဘုရားတည်နေတုန်းကာလမှာပင်ဖြစ်သည်။ ဘုရားစေတီအနီး၌ တဲကလေးထိုးပြီး နေထိုင်သော ဦးခိုင်သာလှဆိုသော လူတစ်ဦးရှိသည်။ မင်းပြားမြို့နယ်က ပြောင်းရွှေ့အခြေချလာသူဖြစ်၏။ နေအိမ်အတွက် အခြေချစရာမြေမရှိသဖြင့် တောင်ပေါ်တွင်တဲထိုးပြီး ဘုရားအနီးတွင် နေထိုင်သူဖြစ်သည်။ ဘုရားတည်သောကာလမှာ ဆောင်းလရာသီဖြစ်သဖြင့် တောင်ပေါ်အရပ်မို့ ညဆိုလျှင် နိုက်နိုက်တုန်အောင် ချမ်းအေးလှသည်။ သို့ကြောင့် ညသန်းခေါင်ကျော်လောက်တွင် ဦးခိုင်သာလှသည် ထင်းမီးမွှေးပြီးမီးလှုံနေခဲ့သည်။ ထိုစဉ် ရွာတောင်တန်းကြီး၏ ဆင်ခြေလျှောတက်လမ်းဆင်းလမ်းဘက်မှ ဝတ်ဖြူစင်ကြယ်ဝတ်အသက်ကြီးကြီး ပုဂ္ဂိုလ် (၂) ဦး ရောက်လာခဲ့သည်။

"ဒီမှာ နေ့တိုင်းလူတွေရုတ်ရုတ်သဲသဲနဲ့တွေ့တယ်၊ ဘာလုပ်ကြတာတုံး"

"ဆရာတော်ဦးသုစိတ္တ ကမကထပြုပြီး ဘုရားစေတီတည်နေကြတာပါ"

ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်(၂)ဦးနှင့် ဘုရားအနီးနေ ဦးခိုင်သာလှတို့ အမေးအဖြေပြုလုပ်နေကြခြင်းပင် ဖြစ်သည်။

"အလွန်ကောင်းတဲ့အလုပ်ပါပဲ၊ ထူးခြားပါတယ်။ မြင့်မြတ်တဲ့တောင်ထိပ်ပေါ်မှာ မြင့်မြတ်တဲ့အလုပ်ကို လုပ်ခြင်းက ကုသိုလ်အလုပ်ပါပဲ"

"ဟုတ်ကဲ့ပါ"

"ဒီမှာနိမိတ်ကောင်းအနေနဲ့အချိန်အခါမဟုတ်ဘဲ ကံ့ကော်တွေပွင့်နေပြီတွေ့လား"

အဝတ်ဖြူဝတ်ပုဂ္ဂိုလ်က ကံ့ကော်ပင်ကြီးတွေကို လက်ညှိုးထိုးပြပြီးပြောလိုက်ခြင်း ဖြစ်သည်။ ကံ့ကော်ပင်ကြီးမှာ တစ်ပင်လုံး ဆွတ်ဆွတ်ဖြူတာ (၁)လခန့်ကြာအောင်ပွင့်နေခဲ့သည်ဆို၏။

အဝတ်ဖြူဝတ်နှစ်ဦးတို့မှာလည်း လာလမ်းအတိုင်း ရွာတောင်တန်းကြီးပေါ်သို့ ပြန်လည်တက်လှမ်းသွားကြပြီး ဦးခိုင်သာလှ၏မျက်စိအောက်မှာပင် ပျောက်ကွယ်သွားကြသည်။ ဤပုဂ္ဂိုလ်(၂)ဦးမှာ မြန်မာလူမျိုးတို့၏ ယုံကြည်မှုအရ ရွာပိုင်တောင်ပိုင်ကျွန်းပိုင်ရှင်များဟု ဆိုတာမှားမတဲ့လား။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းက စာရေးသူသည် စာပေဟောပြောပွဲအတွက် မြေပုံမြို့နယ် ကျွန်းစဉ်ဒေသသို့ရောက်ရှိခဲ့သည်။ ၂၀-၁-၂၀၁၇ရက်နေ့တွင် ရခိုင်ဒေသခံ စာရေးဆရာနှစ်ဦးဖြစ်ကြသော ဆရာဗဂျီးကျော်၊ ဆရာဝေယာင်အောင်တို့နှင့်အတူ သရက်တောင်ရွာတွင်ဟောပြောခဲ့ကြသည်။

စာရေးသူမှာ မိမိ၏ကြီးပြင်းရာမြေဖြစ်သဖြင့် တောင်ထိပ်အသီးသီးရှိ ဘုရားပုထိုးစေတီများကို တက်ရောက်ဖူးမြော်သည်။ ကံ့ကော်တောင်ရှိ သုစိတ္တာရွှေဘုန်းပွင့်ဘုရားကို တက်ရောက်ဖူးမြော်စဉ် ဘုရားအနီး၌ ဦးခိုင်သာလှနှင့်တွေ့၍ အကျိုးအကြောင်းကိုမေးကြည့်ရာ အထက်ပါအတိုင်းပင် ပြန်လည်ပြောပြပါသည်။ အိပ်မက်မဟုတ်ကြောင်းကိုလည်း ဦးခိုင်သာလှက အတိအကျဖွင့်ဆိုခဲ့လေသည်။

ရွှေဘုန်းပွင့်ဘုရားနှင့်အတူ အခြားတောင်ဆွယ်နှစ်ခုတွင်လည်း ရွှေပဒေသာအဘယမုနိနှင့် မဟာဗောဓိဘုရားနှစ်ဆူတို့ကိုလည်း တစ်ရာသီတည်းမှာပဲ အပြိုင်တည်ထားခဲ့ကြသည်။ မဟာဗောဓိဘုရားမှာ ဆရာတော်ကိုယ်တိုင် အိန္ဒိယနိုင်ငံဗုဒ္ဓဂယာမှ ယူဆောင်ခဲ့သော ဗောဓိပင်အောက်တွင် တည်ထားကိုးကွယ်ခြင်းဖြစ်ပေသည်။ ၂၀၁၆ ခုနှစ်အတွင်းတည်ထားခဲ့ကြသော ဘုရား(၃)ဆူမှာ ဆရာတော်၏သက်တော် (၆၀) ပြည့်အထိမ်းအမှတ် တည်ထားကိုးကွယ်ခြင်းပင် ဖြစ်သည်။

ဘုရားပွဲတော်များကို ၅-၄-၂၀၁၇ နှင့် ၆-၄-၂၀၁၇နေ့များတွင် မြိမ့်မြိမ့်သဲကျင်းပခဲ့ကြပေသည်။ ဤပွဲကိုချီးမြှောက်ပြီး ရေစက်ချအမျှဝေရန်အတွက် ရန်ကုန်မြို့ဘုရားဒါယကာများဖြစ်ကြကာ ဘဒ္ဒန္တသုစိတ္တာဘိဝံသအမှူးပြုသောသံဃာတော်များနှင့်အတူ ဦးဘိုကြီး-ဒေါ်သန်းသန်း၊ ဒေါ်စန်းစန်းနု၊ ဒေါ်အေးအေးမော်နှင့် အဖွဲ့သည် ကိုယ်တိုင်တက်ရောက်ခဲ့ကြပေသည်။ ရန်ကုန်မှ ဧည့်သည်များမှာ ရန်ကုန်မှ အမ်းမြို့သို့ လေယာဉ်ဖြင့်လည်းကောင်း၊ အမ်းမြို့မှ ဒလက်ချောင်းတံတားသို့ ကားဖြင့်လည်းကောင်း၊ ဒလက်ချောင်းတံတားမှ သရက်တောင်ကျေးရွာသို့ ဟွန်ဒါစက်လှေကလေးဖြင့်လည်းကောင်း ခရီးအတန်တန်ကို ခက်ခဲစွာသွားလာခဲ့ကြသည်။ သို့သော် ဘုရားဒါယကာများမှာ ကုသိုလ်စိတ်ကို ထိပ်ပေါ်တင်ပြီးသွားကြသူများမို့ မောရမှန်း ပန်းရမှန်းပင်မသိရှာကြ။ ပင်ပန်းပေမယ့် ရွှင်လန်းခဲ့ကြသည်။

ကျောက်ဖြူမြို့မှ ဘုရားပွဲကို ချီးမြှောက်ရန်လာခဲ့ကြသော ဘုရားဒကာဦးကျားအောင်တင်နှင့် မိသားစု၊ ဦးကျော်သိန်းနှင့် မိသားစုတို့မှာလည်း လှိုင်းလေကြမ်းတမ်းသော နောင်တော်ပင်လယ်ကြီးကို စက်လှေကလေးဖြင့် ဖြတ်သန်းပြီး ဘုရားပွဲကိုချီးမြှောက်ပြီး ရေစက်ချအမျှဝေခဲ့ကြသည်။ ဒီထက်ထူးခြားသည်မှာ မြန်မာနိုင်ငံမြောက်ဘက်စွန်း ကချင်ပြည်နယ် ဝိုင်းမော်မြို့

www.burmeseclassic.com

## တင်နိုင်ဝင်း(ထမင်းချေးမြို့)

# နာကျင်ကိုက်ခဲမှုအတွက် ရဲယိုနှစ်ဆေးနည်း

ကျွန်ုပ်တို့သည် အလုပ်ကြမ်း လုပ်ရသောကြောင့်လည်းကောင်း ထိမိခိုက်မိ၍သော်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း ခန္ဓာကိုယ်ကို ဒဏ်ပိစေသဖြင့် အခန့်မသင့်လျှင် နာကျင်မှုများခံစားရတတ်သည်။ လူ့ခန္ဓာကိုယ်သည် ပြေပြစ်မှုတစ္စာ နေထိုင်ပြုမူမည်ဆိုလျှင် အဆင်ပြေလှသော်လည်း မသင့်မတင့် မမျှမတပြုလုပ်ရသော ဒဏ်ပိမှုဖြစ်စေလျက် နာကျင်မှုဝေဒနာကို ခံစားရတတ်ပါသည်။ တစ်ခါတစ်ရံတွင် ချော်လဲခြင်း၊ ပြေးလွှားဝင်တိုက်မိခြင်း စသည့် မိမိပယောဂကြောင့်သော်လည်းကောင်း၊ ယာဉ်တိုက်ခံရခြင်း၊ ခဲမှန်ခံရခြင်းစသော သူတစ်ပါးပယောဂကြောင့်သော်လည်းကောင်း မိမိတို့မှာ နာကျင်မှုဝေဒနာကို ခံစားရတတ်သည်။ အချို့မှု လေးဖက်နာ စသောရောဂါဝေဒနာများကြောင့်လည်း နာကျင်ကိုက်ခဲမှုဝေဒနာများဖြစ်ပွားတတ်သည်။

ထိုသို့ နာကျင်ကိုက်ခဲမှုဝေဒနာအမျိုးမျိုးအတွက် အစွမ်းထက်သော ဆေးဖက်ဝင်အသီးတစ်မျိုးမှာ ရဲယိုသီးဖြစ်သည်။ ရဲယိုသီးအမှည့်၏အနှစ်များသည် ခန္ဓာကိုယ်ပေါ် သုတ်လိမ်းရုံမျှဖြင့် နာကျင်မှုဝေဒနာကို သိသာစွာပြေလျော့ပေးနိုင်သည်။ အထူးသဖြင့် ဒူးနာ၊ ခါးနာ၊ လက်ဆစ်နာ၊ အကြောနှင့်ကြွက်သားနာကျင်ခြင်းများ သက်သာပျောက်ကင်းစေသည်။ အကယ်၍ ဆေးဝါးအဖြစ်ဖော်စပ်အသုံးပြုမည်ဆိုပါက ပိုမိုအစွမ်းထက်ကြောင်းသိရသည်။

အလွယ်ကူဆုံး ဆေးဝါးဖော်စပ်နည်းမှာ ရဲယိုသီးအမှည့်များကို ဇကာချ၍အနှစ်ထုတ်ယူပြီး ဓာတ်ဆီ(မရလျှင်) ဒီဇယ်ဆီ၊ ရေနံဆီထက်ဝက်ခန့်နှင့်ရောစိမ်ပြီးလိမ်းပေးရန်ဖြစ်သည်။ အချို့က ၎င်းဆေးဖော်နည်းတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီတို့က အဆိပ်အတောက်ဖြစ်တတ်သည်ဟုဆိုကာ တားမြစ်တတ်ကြသည်။ ထို့ကြောင့် ပညာရှင်တို့က ရဲယိုသီးကို ပရဆေးမည်များဖြင့် သီးသန့်ဖော်စပ်ခဲ့ကြပါသည်။

၎င်းဆေးနည်းမှာ ရဲယိုသီးအနှစ်များကို နုပ်နုပ်စဉ်းထားသော ရှောက်ဘီလူးတစ်လုံးစာဖြင့်ရောသမပါ။ ထိုသို့ရောသမနေစဉ် အပေါ်မှ ဆေးပရုတ်မှုန့်သင့်ရုံမျှ ဖြူး၍ပေးပါ။ ပြီးလျှင် ဖန်ဘူးထဲထည့်၍ တောအရက် (ထန်းလျက်အရက်) မြုပ်ရုံထည့်၍နှံအောင်မွှေပြီး စိမ်ထားလိုက်ပါ။ (ပလတ်စတစ်ဘူးများ လုံးဝမသုံးရ) (၇) ရက်ခန့် (အရေးကြီးလျှင် သုံး၊ လေးရက်ခန့်) လေအလုံပိတ်၍နှပ်စားပါ။ သုံးစွဲလိုသောအခါ နာနာထပ်မံမွှေ၍ လိုသလောက်ထုတ်ယူပြီး အနာပေါ်သို့ နာနာပွတ်လိမ်းပေးရမည်။ တစ်နေ့နှစ်ကြိမ်၊ သုံးကြိမ် နာနာပွတ်လိမ်းပေးပြီး အဝတ်ဖြင့်စည်းနှောင်ပေးပါ။ နာကျင်ကိုက်ခဲမှုဝေဒနာမှန်သမျှ သက်သာပျောက်ကင်းစေနိုင်ပါသည်။ လေးဖက်နာကဲ့သို့သော ဝေဒနာများအတွက်မူ ရောဂါကို မပျောက်စေသော်လည်း ရောဂါကြောင့်ဖြစ်သော နာကျင်ကိုက်ခဲမှုကိုတော့ သက်သာကြောင်းသိရပါသည်။

တင်နိုင်ဝင်း (ထမင်းချေးမြို့)

---

၌ အခြေချနေထိုင်သော ဦးသန်းဖေ ရဲအုဝ် (ငြိမ်း) မှာ ဘုရားပွဲတော်အမီ ခရီးပြင်းနှင်လာပြီး ဆရာတော်၏သာသနာပြုလုပ်ငန်းကို ချီးမြှင့်ခဲ့ပေသည်။ သရက်တောင်ရွာတွင် ဘုရားပွဲတော်ရက်များဆိုလျှင် နှစ်စဉ်ပင် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၊ မင်းအစိုးရနှင့်တကွ ကြက်ပျံမကျစည်ကားလှပေသည်။ သရက်တောင်ရွာမြေအပြင်တွင် ဘုရားပွဲတော်ကို ချီးမြှောက်ရန်ရောက်ရှိလာကြသော ဧည့်ပရိသတ်များဖြင့် လူပင်လယ်ကြီးဖြစ်နေပေတော့သည်။

သရက်တောင်ရွာသူရွာသားတို့မှာ သံဃာပရိသတ်များ၊ မင်းပရိသတ်များ၊ လူပရိသတ်များကို မလောတ်မငမရှိစေရ။ လှူကြတန်းကြကျွေးကြမွေးကြသည်မှာ ရွှေပြည်နိုင်ငံ မြန်မာပြည်သားပီသကြပါပေသည်။ ကုန်ခန်းသည်ဟူ၍ သဘောမထား၊ ပင်ပန်းသည်ဟူ၍လည်း မညည်းညူကြ။ ဒါနသီလဘာဝနာအရေးမှ တစ်ဦးနှင့်တစ်ဦး ဖေးဖေးမမလက်တွဲဆောင်ရွက်ခဲ့ကြသည်မှာ အားရစရာကောင်းလှပါဘိ။ ပုထုဇဉ်လူသားတို့တွင် မွေးရပ်မြေဟူသည် မေ့တောင်းသော အရာမဟုတ်ဆိုသည်ကို ဓမ္မပန်းခင်း ပရိယတ္တိဥယျာဉ်မှူး၊ ဓမ္မာစရိယတက္ကသိုလ်များ၏ နာယကချုပ်ဆရာတော် အရှင်သုစိတ္တာဘိဝံသ၏ သာသနာပြုလုပ်ငန်းများက သက်သေထူလျက်ရှိပေသည်။

မြတ်ဗုဒ္ဓဟောကြားခဲ့သောတရားတော်များ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို ထုံးလိုခြေရေလိုနှောက်ကာလေ့လာပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးအတွက် ပြန်လည်ဟောပြောပို့ချနည်းလမ်းပြနိုင်သောသူ၊ သတ္တဝါတို့၏ကျင်လည်ရာ သံသရာအတွက် လမ်းကောင်းညွှန်ပြပေးနိုင်ကြသူများသည် ဘဝအလင်းရှင် ခေါင်းဆောင်ကောင်းပေတည်း။ သူတို့ကို ကျမ်းတတ်ပုဂ္ဂိုလ်ဟု သမုတ်နိုင်ပေသည်။

ဓမ္မာစရိယတက္ကသိုလ်များတို့၏ နာယကချုပ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ထေရ်အရှင်၏ဘာသာသာသနာအတွက် ဆောင်ရွက်မှု၊ ဟောပြောပို့ချမှု၊ လမ်းကောင်းညွှန်ပြမှုတို့မှာ သတ္တဝါတို့၏ အကျိုးအတွက် ဗုဒ္ဓနတ်ကပါင်ငှဲတော်များအတိုင်း တစိုက်မတ်မတ်ဆောင်ရွက်ပြီး သာသနာပြုနိုင်မှုကြောင့် ကျမ်းတတ်ပုဂ္ဂိုလ်ဟုတင်စားထိုက်ပေသည်တကား။

အချုပ်အားဖြင့်ဆိုရပါချေမူ အရှင်ဘဒ္ဒန္တသုစိတ္တာဘိဝံသကား ဂုဏ်တော်ပွားများ စရဏတရားဖြင့် ကျင့်ကြံအားထုတ်ခြင်း၊ ပရိယတ္တိစာပေများကို စွမ်းစွမ်းတမံ သင်ကြားပို့ချခြင်း၊ ဘုရားကျောင်းကန်စေတီပုထိုးများတည်ထားကိုးကွယ်ခြင်း၊ လူမှုဒုက္ခများကို ကယ်တင်ခြင်းဖြင့် သာသနာ့ဝန်ကို ခေါင်းပေါ်တင်ကာ ဦးထိပ်ရွက်လျက်ရှိနေပါသည်။ ဆရာတော် အရှင်သုစိတ္တာဘိဝံသသည် သာသနာတော်အကျိုး၊ အများကောင်းကျိုးကို ဆထက်ထမ်းပိုးတိုးကာ ပို၍ပို၍ ကုသိုလ်အမှုပြုနိုင်ပါစေ။

ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလမုတ္တမံ ဟူသော မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်နှင့်အညီ စိတ်မြတ်မနသီ လက်အုပ်ချီ၍ မိုးဦးတင် ကန်တော့လိုက်ရပါတော့သည်။

ကျွန်းစဉ်မြေစောသီ



www.burmeseclassic.com

www.burmeseclassic.com

ဗကျော် (နေပြည်တော်)

# ဗုဒ္ဓတရားတော်၏အနှစ်သာရ ဓမ္မပဒ

ကျွန်တော် ဓမ္မပဒကို ရွတ်ဖတ်နေသည်မှာ အချိန်ကြာမြင့်ပြီ ဖြစ်သည်။ တစ်ရံရောအခါက စက်ရုံစာကြည့်တိုက်တွင် ဓမ္မာစရိယ-ဦးဌေးလှိုင် စုစည်းစီစဉ်သော 'အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ' ၏ ကမ္ဘာလှည့်တရားစာအုပ်ကိုဖတ်မိစဉ်ကဖြစ်၏။ ထိုစာအုပ်ထဲမှ စာပိုဒ်အချို့ကို ယနေ့တိုင်မှတ်မိနေဆဲ။

"ဘုန်းကြီးဘဝကို ပြောင်းလဲပေးလိုက်တဲ့စာအုပ်ကတော့ 'ဓမ္မပဒ' ပါပဲ။ ဘုန်းကြီးဆီ ဗုဒ္ဓဘာသာအကြောင်း ဟောပြောဖို့ ဘယ်သူမှမလာခဲ့ပါဘူး။ ဘုန်းကြီးဘဝကို အကြွင်းမဲ့ပြောင်းလဲပစ်လိုက်တာက ဓမ္မပဒစာအုပ်ပါပဲ။ ဒီဓမ္မပဒစာအုပ်ကိုမဖတ်မိခဲ့ရင် ဘုန်းကြီးဟာ ယနေ့ထိ ရိုမင်ကက်သလစ်ဘာသာဝင်တစ်ယောက်ပဲရှိနေဦးမှာပါ။ ဘုန်းကြီးတို့ရဲ့ဗုဒ္ဓ၊ ဓမ္မပဒစာအုပ်ထဲက ဗုဒ္ဓဟာ ဘုန်းကြီးဘဝကို အကြွင်းမဲ့ပြောင်းလဲပေးတော်မူနိုင်တဲ့ မြင့်မြတ်တဲ့ သာသနာပြုပုဂ္ဂိုလ်ကြီးပါပဲ"

ဟု ရေးသား မှတ်တမ်းတင်ခဲ့ပါသည်။

ကျွန်တော်တွင် ရှာဖွေစုဆောင်းထားသမျှ ဓမ္မပဒစာအုပ်(၄)အုပ်ရှိသည်။ တမ္ဘာအေးဆရာတော်အရှင်ပညာဒီပပြုစုသော ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာ ဓမ္မပဒနိဗ္ဗာန်လမ်းပြ၊ ဦးခင်မောင်ကြီး၊ ရန်ကုန်တက္ကသိုလ်၏ မြန်မာ-အင်္ဂလိပ်-ပါဠိဓမ္မပဒအဆုံးအမများ၊ A PHAMMAPAPA FOR CONTEMPLATION နှင့် THE DHAMMAPADA (verses&stories) စာအုပ်များပင် ဖြစ်သည်။ ၎င်းတို့အနက်မှ တမ္ဘာအေးဆရာတော်အရှင်ပညာဒီပသည် အမေရိကန်ပြည် ဝါရှင်တန်အနီး မေရီလန်းပြည်နယ်၌ သီတင်းသုံးပြီး သာသနာပြုနေစဉ် ဆရာတော်ပြုစုခဲ့သော ဤဓမ္မပဒနိဗ္ဗာန်လမ်းပြစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုစာအုပ်ကို ဆရာတော်သည် အမေရိကမှနေပြီး ဆက်ခံရရှိခဲ့သည်။

အမေရိက၌ စာလုံးအနည်းငယ်မှားယွင်းသည်ကို ပြင်ဆင်ပြီး ဖြန့်ချိခဲ့ရာ မြန်မာဗုဒ္ဓဘာသာဝင်များနှင့်အမေရိကရှိ ပညာရှင်များတို့ အထူးနှစ်ခြိုက်ကာ ဖတ်ရှုလေ့လာကြသည်ကို တွေ့သိခဲ့ရသည်။ နိုင်ငံရပ်ခြားခရီးသွားဗုဒ္ဓဘာသာဝင်မြန်မာများသည်လည်း လက်ကိုင်စာအုပ်ကောင်းတစ်အုပ်အဖြစ် ယူဆောင်လာကြသည်ကို တွေ့ခဲ့ရသည်။ ဆရာတော် မြန်မာပြည်ပြန်ရောက်လာသောအခါ၌ နိုင်ငံခြားသာသနာပြုချင်ကြကုန်သော သံဃာတော်အရှင်မြတ်များ၊ သီလရှင်များနှင့် ဗုဒ္ဓစာပေကို အင်္ဂလိပ်ဘာသာဖြင့် ဗဟုသုတဆည်းပူးလိုကြသော လူပညာရှင်များလည်း ပိုမိုများပြားလာကာ အထူးလိုလားတောင့်တဖတ်ရှုလေ့လာချင်ကြသဖြင့် ထုတ်ဝေခဲ့ရာ ဆရာတော်၏ အဓိကရည်ရွယ်ချက်ဖြစ်သော သာသနာပြန့်ပွားမှုလုပ်ငန်း ပိုမိုကျယ်ပြန့်လာပါသည်။

အရှင်ပညာဒီပသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နဘဲပင်ကျေးရွာဇာတိ ဖြစ်သည်။ ၁၂၈၅ ခု၊ တပေါင်းလဆုတ် ၈ ရက် (၂၇-၃-၂၄) နေ့၌ ဖွားမြင်တော်မူသည်။ ခမည်းတော်မှာ ဦးရွှေလုပ်၊ မယ်တော်မှာ ဒေါ်မြ ဖြစ်သည်။ ၁၃၀၄ ခုနှစ်၊ နယုန်လဆုတ် ၁၂ ရက်နေ့တွင် ရဟန်းအဖြစ်သို့ရောက်သည်။ ရဟန်းဒါယကာမှာ ခမည်းတော် ဦးရွှေလုပ်နှင့် မယ်တော်ဒေါ်မြတို့ ဖြစ်သည်။ နောက်ထပ်၍ ရဟန်းဒါယကာ၊ ဒါယိကာမ (၁၀၀) ကျော်တို့၏ သိမ်ထပ်မင်္ဂလာပြုခြင်းကိုလည်း ခံယူတော်မူခဲ့



ကမ္ဘာလှည့်သာသနာပြု အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ (၁၈၉၇-၁၉၅၆)



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဆရာတော်သည် မူလတန်းမှ ဓမ္မာစရိယဘွဲ့၊ မဟာဝိဇ္ဇာ (M.A) ဘွဲ့၊ ဗုဒ္ဓဒေသနာကျမ်းပြု (B.D) ဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ဗုဒ္ဓသာသနာပြုသိပ္ပံ့ယာ့တက္ကသိုလ်ဥတ္တြ၌ ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၅၄ ခုနှစ်မှ ၁၉၆၂ခုနှစ်အထိ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ဓမ္မဒူတဝိဇ္ဇာလယကောလိပ်အနုနာယက ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။ တစ်ဖန် ၁၉၆၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ နိုင်ငံတော်အစိုးရ သာသနာရေးဌာန ပဋိပတ္တိသောဓက၊ တိပိဋကအဘိဓာန်ကျမ်းပြုနှင့် ပိဋကအင်္ဂလိပ်ဘာသာပြန် ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။


၁၉၅၈ ခုနှစ်တွင် အင်္ဂလန်၊ ဟော်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇလန်၊ အီတလီ စသော ဥရောပနိုင်ငံများသို့ သာသနာပြုကြွတော်မူခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အိန္ဒိယ၊ နီပေါ၊ သီဟိုဠ် (သီရိလင်္ကာ) စသောနိုင်ငံများသို့လည်း သာသနာပြုကြွတော်မူခဲ့သည်။ ၁၉၆၂ခုတွင် ထိုင်း၊ ကမ်းပူချား (ကမ္ဘောဒီးယား) ဗီယက်နမ်နိုင်ငံများသို့ သာသနာပြုကြွတော်မူခဲ့လေသည်။ ၁၉၈၅ ခုနှစ်တွင် ဟောင်ကောင်၊ ဂျပန်နှင့် အမေရိကန်နိုင်ငံများသို့ သာသနာပြုထပ်မံကြွတော်မူသည်။ အမေရိကန်ပြည် မေရီလန်းပြည်နယ် ဝါရှင်တန်မြို့ မင်္ဂလာရာမကျောင်း၌ သီတင်းသုံးလျက် သာသနာပြုခဲ့ပေသည်။

ဆရာတော်သည် ပရိယတ်၊ ပဋိပတ်နှစ်ရပ်စလုံးကျွမ်းကျင်တော်မူသည်။ မြန်မာ၊ ပါဠိ အင်္ဂလိပ်ဘာသာတို့လည်း တတ်ကျွမ်းသည်။ ထို့ကြောင့် အင်္ဂလိပ်ပါဠိ၊ မြန်မာဘာသာတို့ဖြင့် ကျမ်းပေါင်းများစွာ ပြုစုတော်မူခဲ့သည်။ ဆရာတော် မြန်မာဘာသာဖြင့်ပြုစုသောကျမ်းများမှာ မရဏာသံဝေဂရှစ်ကျမ်း၊ ဗုဒ္ဓ၏ သုခလမ်းစဉ်ဒေသနာအပါအဝင် (၁၀) အုပ်၊ အင်္ဂလိပ်ဘာသာဖြင့်ပြုစုသောကျမ်းများမှာ Buddhist Morals for Youth အပါအဝင် (၉) အုပ်၊ ပိဋကပါဠိတော်မှ အင်္ဂလိပ်ဘာသာပြန်ဆိုသောကျမ်းများမှာ Marhapadana Sutla အပါအဝင် (၄) အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ဆရာတော် ရေးသားပြုစု ဖတ်ကြားခဲ့သော စာတမ်းများမှာ Kamma and Rebirth အပါအဝင် (၁၉) တို့ဖြစ်ပါသည်။

ထို့ပြင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဆောင်းပါးများစွာကိုလည်း ရေးသား ပြုစုတော်မူသည်။ ဆရာတော်၏ ဆောင်ပုဒ်မှာကား 'ကိုယ်တိုင်သိထားမြတ်တရား၊ အများကိုပါသိဖို့ရာ၊ သာသနာပြုကြပါ' ဟူ၍ပင် ဖြစ်၏။ ဆရာတော်နည်းတူ အရှင်သေဋ္ဌိလ၊ ဦးမြင့်ဆွေ၊ ဦးသော်ဇင်၊ ကြီးပွားရေးဦးသိန်းတို့ကလည်း မူအမျိုးမျိုးဖြင့်ရေးသားကြတုန်၏။

ဓမ္မပဒသည် ဗုဒ္ဓ၏ သင်ကြားချက်များကို စွယ်စုံကျမ်းတစ်ခုပမာ စီရင်ရေးသားထားသော အနှစ်ချုပ်ကျမ်းစာအုပ်တစ်အုပ်ဖြစ်သည်။ ဓမ္မပဒသြဇာ အရှိန်အဝါသည် ကမ္ဘာအရပ်ရပ်တွင် အတော်ကြီးမားလှပါသည်။ ဆိုခဲ့ပြီးသည့်အတိုင်း အီတလီဘုန်းတော်ဦးလောကနာထသည် အီတလီမှာ မွေးဖွားခဲ့ပြီး အမေရိကန် နယူးယောက်မြို့တွင် ကြီးပြင်းခဲ့သည်။ ဝိဇ္ဇာသိပ္ပံပညာရပ်များကို သင်ကြားခဲ့သည်။ အထူးသဖြင့် ဓာတုဗေဒပညာရပ်ကို ဦးစားပေးသင်ယူပြီး ဓာတုဗေဒဘာသာရပ်ထူးနှင့်ပဲ ဘီအက်စ်စီဘွဲ့ကို ရယူနိုင်ခဲ့သည်။ ဆရာတော်၏သိပ္ပံပညာရပ်သည် ရိုရင်းစွဲ ရိုမင်ကက်သလစ်အယူနှင့် ဝိရောဓိဖြစ်စပြုလာခဲ့သည်။ ချက်ချင်းဆိုသလို သိပ္ပံပညာက အပေါ်စီးရသွားပြီး ရိုမင်ကက်သလစ်ဘာသာက အရေးနိမ့်ထွက်ခွာသွားခဲ့ရသည်။

တဖြည်းဖြည်း ဆရာတော်၏ ဘာသာတရားသည် သိပ္ပံဘာသာတရားဖြစ်လာခဲ့သည်။ သို့သော်လည်း ဆရာတော်၏စိတ်ထဲတွင် ခရစ်တော်နှင့် စိန့်ဖရန်စစ်တို့အပေါ် လေးစားချစ်ခင်မြဲချစ်ခင်တွယ်တာနေတုန်းပင်၊ "အမေရိကန်တွင် စက်မှုစီမံကိန်းဌာနကြီးတစ်ခု၏ ဓာတ်ခွဲခန်းထဲ၌ ဓာတ်ခွဲဆရာတစ်ဦးအနေနှင့် အလုပ်များနေစဉ် မိတ်ဆွေဓာတုဗေဒဆရာတစ်ယောက်မှ စာအုပ်ကြီးတစ်အုပ်အားပေးအပ်၏။ ထိုစာအုပ်ကြီးမှာ ပါမောက္ခမက်စ်မူလာ ဘာသာပြန် ဓမ္မပဒပင်တည်း။ ၎င်းစာအုပ်ကိုမိတ်ဆွေ



ဓမ္မပဒအင်္ဂလိပ်ဘာသာပြန်စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

ဓာတုဗေဒဆရာဖြစ်သော်ငြား ဦးလောကနာထသာလျှင် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာခဲ့ပေသည်။

❑

ကမ္ဘာ့အေးဆရာတော် အရှင်ပညာဒီပ ပြုစုသော ဓမ္မပဒနိဗ္ဗာန်လမ်းပြစာအုပ်ပါ နိဒါန်းအချက်အလက်တို့ အောက်ပါအတိုင်း ကူးယူဖော်ပြလိုပါသည်။ ရှင်ခဲတော်ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားတော်များမှ ဓမ္မပဒဟူသော ကျမ်းမြတ်သည် ပိဋကသုံးပုံ၏ အနှစ်သာရသင်္ခေပဂါထာပေါင်းချုပ်ဖြစ်ပေ၏။ မှန်ပါ၏။ သဗ္ဗညုတဉာဏ်အလင်းရတော်မူသော ဗုဒ္ဓမြတ်စွာသည် ဝေနေယျဇ္ဈာသယအလိုက် သတ္တဝါတို့ကို ဟောချတ်တော်မူရာတွင် ဒေသနတ္တမဆိုသည့် ဟောကြားချက်အစဉ်အရ လှူဒါန်းကြောင်းတရား (ဒါနကထာ) သီလဆောက်တည်ကြောင်းတရား(သီလကထာ)၊နတ်ပြည်ရောက်ကြောင်းတရား (သဂ္ဂကထာ)၊ ကာမဂုဏ်တို့၏ အပြစ် (ကာမာနံ အာဒီနဝကထာ)၊ ကာမဂုဏ်တို့၏ ယုတ်ညံ့ညစ်ညူးကြောင်းတရား (ဩကာရံသံကိလေသံ)၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းအကျိုးတရား (နိက္ခမအာနိသံသာ) အတိုင်း ဟောကြားတော်မူသည်။

ထိုမှဆက်၍ ဝေနေယျတို့၏ စိတ်သည် (ကလ္လစိတ္တ) ပျော့ကန်သင့်မြတ်လာလျှင်၊ (မုဒုစိတ္တ) နူးညံ့လာလျှင်၊ (ဝိနီဝရဏစိတ္တ) ညစ်ညမ်းမှုကင်းလာလျှင်၊ (ဥဒဂ္ဂစိတ္တ) တက်ကြွလာလျှင်၊ (ပသန္နစိတ္တ) ကြည်လင်သောသဒ္ဓါစိတ်ဖြစ်လာလျှင် အရိယသစ္စာတရားတို့ ဟောညွှန်ပြသတော်မူသည်။ ယင်းသို့ ဒေသနာကို ကြားနာကြရတွင် ဗုဒ္ဓမြတ်စွာလက်ထက်တော်က လူပေါင်းများစွာတို့သည် မိမိတို့ပါရမီဉာဏ်အလိုက် အရိယာလေးဆင့်ကို ရရောက်ခဲ့ကြသည်။

ဤဓမ္မပဒကျမ်းမြတ်တွင် အကြောင်းအရာအဖြစ်အပျက်ဆုံးသုံးရာကျော်ရှိ၍ ယင်း၌ ပါဝင်ကြသော ပုဂ္ဂိုလ်များအား ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ဟောကြားသောတရားတော်များကို စုပေါင်းပြီး (၄၂၃)ဂါထာ၊ (၂၆) ဝဂ္ဂအပိုင်းများ ခွဲခြားထားသည်။ ယင်းကျမ်းရှိ တရားတော်များသည် ဂါထာပုံအသွင်ဖြင့် သံစဉ်ညီညွတ်တာ ကဗျာနည်းကျ အဓိပ္ပာယ်သက်ဝင်လှသဖြင့် ဟောသူ၊ နာသူ၊ ဖတ်ရှုသူများ သုတိသာယာပြီး စိတ်နှလုံး၌ အလွန်ရွှင်ပြုံးနှစ်ခြိုက်၍ ချမ်းမြေ့ကြရပေ၏။

သို့သော်လည်း ဤကျမ်းသည် ဓမ္မဒေသက၊ ဓမ္မကထိကအရှင်မြတ်များတို့အိတ်ဆောင် လက်သုံးဂါထာပဒေသာ ပန်းကုံးလည်းဖြစ်ပေသည်။ အမြင့်မြတ်ဆုံးချမ်းသာကို ဦးဆောင်ပေးနိုင်သော လမ်းညွှန်ပုဂ္ဂိုလ်မွန်မြတ်သဖွယ် ကိုယ်နှင့် ထက်ကြပ်မကွာ အစဉ်ဆောင်ထားထိုက်သော ပညာပေးစာအုပ်ကောင်းလည်း ဖြစ်ပေသည်။ ၎င်းကျမ်းကို အရှေ့တိုင်း၊ အနောက်တိုင်းပညာရှင်သုတေသီများကလည်း ဘာသာအသီးသီးဖြင့် အဆင့်အတန်းမီ ဘာသာပြန်အချို့ကို ပြန်ဆိုထားရှိပြီး ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များသာမကပါဘဲ ဘာသာတစ်ပါး နိုင်ငံခြားသားများပင် ယင်းကျမ်း၏ အင်္ဂလိပ်ဘာသာပြန်ကို ဖတ်ရှုရသဖြင့် အလွန်နှစ်ခြိုက်သဘောကျ ဝီတိသောနသဖြစ်ကြရသည်။ ယခင်နှစ်အနည်းငယ်ကမှ ရိုးရိုးမြန်မာစာဖတ်ပရိသတ်များမှာ နိဿယခေါ် ပါဠိမြန်မာနှစ်ဘာသာတွဲကို ဖတ်ရှုကြရသောအခါ (ဓမ္မရသ) တပေအရသာကို မျှော်မှန်းသလောက် သဘောပေါက်နားမလည်၊ တောင်းစွာ ဉာဏ်မသက်ဝင်နိုင်ခဲ့ကြပေ။ ယခုမှာမူ အင်္ဂလိပ်နှင့်မြန်မာပြန်ကို လွယ်လွယ်နှင့်ရှင်းရှင်း အဓိပ္ပာယ်ဘွင်းဘွင်း ဖတ်ရှုကြရသောအခါ 'ဓမ္မရသ ဓမ္မပီတိ' ပွမ်းဆီထိပမာ သဘောပေါက်ဉာဏ်မြင်ကာ အလွန်ပီတိရွှင်ကြရသည်။

နိုင်ငံခြားသား အတော်များများသည် ဤဓမ္မပဒကျမ်းမြတ်ကို ဖတ်ရှုလေ့လာကြရသဖြင့် မိမိတို့အလိုလို ဗုဒ္ဓဘာသာသို့ စိတ်ထားပြောင်းကာ သက်ဝင်လာကြသူများလည်းရှိပေသည်။ ထူးခြားချက်ဝိသေသမှာ ဤဓမ္မပဒပါတရားတော်များကို မိမိတို့၏ နေ့စဉ်ဘဝတွင် လက်တွေ့လေ့လာကျင့်သုံးလိုက်နာနိုင်ကြပါမူ အတွင်းအဇ္ဈတ္တသန္တာန်၌ အဝိဇ္ဇာအမိုက်တိုက်ပယ်ခွင်းပြီး သစ္စာပညာအလင်းဓာတ်ဖြင့် အေးချမ်းသာယာမှုကို ကိုယ်တွေ့ဒိဋ္ဌတွေ့သိခံစားကြရမည် ဖြစ်ပေသည်။

ထို့ပြင် ဤကျမ်းမြတ်၌ပါဝင်သော ဂါထာများတွင် ဗုဒ္ဓ၏စကားတော်များ အသီးသီးသည် အဓိပ္ပာယ်နက်နဲခြင်း (အတ္ထဂမ္ဘီရ)၊ တရားသဘောနက်နဲခြင်း (ဓမ္မဂမ္ဘီရ)၊ ဟောကြားချက်နက်နဲခြင်း (ဒေသနာဂမ္ဘီရ) ထိုးထွင်းသိမှုနက်နဲခြင်း (ပဋိဝေဓဂမ္ဘီရ)ဟူသော(ဂမ္ဘီရ)ကြီးလေးဝဖြင့်တိကျပြည့်စုံနေပေသည်ဟူ၍ ကျူးရင့်ထားပေသည်။

❑

ဓမ္မပဒကျမ်းမြတ် အလင်္ကာပန်းကုံးများကို ကမ္ဘာ့အရပ်ရပ်တွင် ညွှန်းဆိုဖွဲ့နွဲ့သည်သာမက အသီးသီးသော ဘာသာရပ်တို့ဖြင့်လည်း ပြန်ဆိုကြပေသည်။ အစောဆုံး အင်္ဂလိပ်ဘာသာပြန်အနေနှင့်မူကား ၁၈၇၀ ပြည့်နှစ်တွင် မက်စ်မူလာ (Max Muller) ပြန်ဆိုပြီးသည့်နောက် ၁၉၂၁ခုတွင် ဖဲက်-အယ်လ်ဝုဒ်ဝါဒ် (F. L wood ward) က ပြန်ဆိုလေသည်။ ပြီးနောက် ၁၉၂၀ ပြည့်နှစ်တွင် ဒေအယ်အက်မွန်နှင့် ၁၉၂၀ ပြည့်နှစ်တွင် ဝါဂစ်မာရှုနှင့် ဆောင်းဒါးတို့က ပြန်ဆိုခဲ့၏။ လူသိအများဆုံးပြန်ဆိုချက်မှာ ဒေါက်တာဝေပုလ္လရာဟုလာပင်ဖြစ်သည်။ သက္ကတဘာသာရပ်မှ တရုတ်ဘာသာဖြင့်လည်း ပြန်ဆိုသေး၏။ ၁၈၇၈ခုနှစ်တွင် အင်္ဂလိပ်ဘာသာသို့ ဆမ်မြူရယ်ဘီးလ် (Samuel Beal) ဆို သူမှ ကူးယူပြန်ဆိုခဲ့သည်။

မြန်မာပြန်အနေဖြင့်မှာ ဖျို့ကဗျာ၊ စကားပြေ၊ ပါဠိပေါင်းစုံရောနှောလျက် ဖြစ်တော်စဉ်များမှ ကောက်နုတ်ကာ ရွေးချယ်ဘာသာပြန်ခဲ့ကြသည်၊ မြန်မာ၊ အင်္ဂလိပ်ဘာသာပြန်များ ပါဠိပါတွဲလျက်လည်း ပြန်ဆိုခဲ့ကြသည်၊ မာတိကာ(၂၆)သွယ်အောက်တွင် အပိုဒ်ပေါင်း (၄၂၃) အကြောင်းအရာကို စီကုံးလျက် ရေးသီဖွဲ့ထားပေသည်၊

ပမာအားဖြင့် -

၁။ ယမကဝဂ္ဂ-တစ်စုံများ
THE PAIRS

၂။ အပ္ပမာဒဝဂ္ဂ-မမေ့လျော့ခြင်း
HEED FULNESS

၃။ စိတ္တဝဂ္ဂ-စိတ်
THE MIND

၄။ ပုပ္ဖဝဂ္ဂ-ပန်းတရား
THE FLOWERS

၅။ ဗာလဝဂ္ဂ-လူမိုက်
THE FOOL

၆။ ပဏ္ဍိတဝဂ္ဂ-လူလိမ္မာ
THE WISE

၇။ အရဟန္တဝဂ္ဂ-ရဟန္တာ
THE WORTHY (Arahanata)

၈။ သဟဿဝဂ္ဂ-တစ်ထောင်
A THOUSAND

၉။ ပါပဝဂ္ဂ-မကောင်းမှု
EVIL



www.burmeseclassic.com

www.burmeseclassic.com

၁၀။ ဒဏ္ဍဝဂ္ဂ-ဒဏ်
PONISHMENT
၁၁။ ဇရာဝဂ္ဂ-အိုကြီး
OLD AGE
၁၂။ အတ္တဝဂ္ဂ-မိမိကိုယ်
THE SELF
၁၃။ လောကဝဂ္ဂ-လောက
THE WORLD
၁၄။ ဗုဒ္ဓဝဂ္ဂ-မြတ်စွာဘုရား
THE ENLICHTEND ONE
၁၅။ သုခဝဂ္ဂ-ချမ်းသာခြင်း
HAPPINESS
၁၆။ ပိယဝဂ္ဂ-ချစ်ခြင်း
AFFECTIONS
၁၇။ ကောဓဝဂ္ဂ-အမျက်ဒေါသ
ANGER
၁၈။ မလဝဂ္ဂ-အညစ်အကြေး
IMPURITIES
၁၉။ ဓမ္မဋ္ဌဝဂ္ဂ-တရားရှိခြင်း
THE (JUST) RIGHTEOUS
၂၀။ ပကိဏ္ဏကဝဂ္ဂ-အထွေထွေ
MISCELLANEOUS
၂၁။ မဂ္ဂဝဂ္ဂ-လမ်း
THE PATH
၂၂။ နိရယဝဂ္ဂ-ငရဲ
WOEFUL STATE
၂၃။ နာဂဝဂ္ဂ-ဆင်
THE ELEPHANT
၂၄။ တဏှာဝဂ္ဂ-တဏှာ
CRAVING
၂၅။ ဘိက္ခုဝဂ္ဂ-ရဟန်း
THE MENDICANT
၂၆။ ဗြာဟ္မဏဝဂ္ဂ-ပုဏ္ဏား
THE BRAHMAN

❑

ဤကျမ်းစာမှ ဗုဒ္ဓမြတ်စွာ၏ ထူးခြားအရေးပါသော တရားတော် အချက်အလက်များသည် ပုဂ္ဂိုလ်အသီးသီးအဖို့ ဤမျက်မှောက်ဘဝ၌ပင်လျှင် ထူးကဲမြင့်မြတ်သည့်ဗောဓိဉာဏ်လမ်းစဉ်ကို ဟောညွှန်ထားသော လောက၏ သဘာဝဓမ္မကျင့်စဉ်များ ဖြစ်ပေသည်။ ယင်းသို့ဖြစ်သောကြောင့် မည်သည့် အသွေးအရောင်၊ လူမျိုး၊ ဇာတ်၊ အယူ ဘာသာမျှခွဲခြားမှုမရှိဘဲ ပုဂ္ဂိုလ်တစ်ယောက်၏ ပြီးပြည့်စုံသည့်ဘဝအဆုံးစွန် မျှော်မှန်းချက်ပန်းတိုင်အတွက် မြင့်မြတ်သောပညာ ဉာဏ်အလင်းကို ထူးကဲစွာ ထွန်းပစေမည် ဖြစ်ပါသည်။

ဗုဒ္ဓတရားတော်၏အနှစ်သာရကို စာတွေ့ကိုယ်တွေ့သိမြင်နားလည်လိုကြသော အထူးသဖြင့် နိုင်ငံခြားသားများ၊ လွတ်လပ်စွာ တွေးခေါ်သူများ၊ သဘောထားကျယ်ပြန့်၍ သိပ္ပံစိတ်ဓာတ်ရှိသူ ပညာရှင်များ၊ ဒဿနိကပညာရှင်များ၊ နိုင်ငံရေးသမားကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့် အားလုံးလူတန်းလွှာအသီးသီးတို့သည် ဗုဒ္ဓတရားတော်မြတ်ကို ကောင်းမွန်စွာ နားလည်သိမြင်ကြပြီး တရားတော်အတိုင်း တကယ်ကျင့်ကြံအားထုတ်နိုင်ကြ၍ မိမိတို့၏ဗဟုသုတအသိဉာဏ်ကိုလည်း တစ်ဖန်ဆင့်ပွားကာ အားလုံးလူသားများ ကောင်းကျိုးအတွက် ဝေငှဖြန့်ချီပေးကြရန် ဖြစ်ပေသည်။

အထက်ပါ ကမ္ဘာ့အေးဆရာတော်အရှင်ပညာဒီပလမ်းညွှန်ချက်များအတိုင်း ဓမ္မပဒကို လေ့လာကြပါစို့။ ဦးစွာ The Phammapada Vsrse & stories စာအုပ်ထဲမှ ယမကဝဂ္ဂ-တွန်စုံတစ်စုံများ (THE PAIRS) ကို ဖတ်ကြည့်လေ့လာမိသည်။ ၎င်းတို့အနက်မှ Verse 15 The Story of Cundasukarika ဟူသော ဇာတ်လမ်းကို မြန်မာပြန်ရသည်ရှိသော် ရာဇဂြိုဟ်ရှိ ဝေဠုဝန်ကျောင်းတော်တွင် မြတ်စွာဘုရား သီတင်းသုံးစဉ် ဝက်သတ်သမား စုန္ဒအမည်ရှိသူအကြောင်း ဟောကြားခဲ့သော ဂါထာတော်တစ်ပုဒ်ပင် ဖြစ်၏။

တစ်ချိန်က ဝေဠုဝန်ကျောင်းတော်နှင့် မနီးမဝေးရွာကလေးတွင် စုန္ဒအမည်ရှိသော ရက်စက်ကြမ်းကြုတ်ပြီး စိတ်ထားခက်ထန်လှသည့် ဝက်သတ်သမားနေထိုင်လျက်ရှိ၏။ အသက် (၅၅) ကျော်ပြီဖြစ်သော်လည်း ကောင်းမှုကုသိုလ်ပြုလုပ်ရန် စိတ်မဝင်စားပါချေ။ သူမသေဆုံးခင် ပြင်းထန်သောဝေဒနာတစ်ရပ်ခံစားရပြီး အော်ဟစ်ညီးညူကာ သူသတ်သတ်ထားခဲ့သောဝက်တို့အလား ကုန်းရုန်းပြီး မချိမဆံ့ခံစားနေရရှာသည်မှာ ငရဲပြည်ရောက်ရှိနေသည့်အလားပမာ ဖြစ်၏။ (၇) ရက်လွန်မြောက်ပြီး သေဆုံးချိန်၌ ငရဲ၌ခံစားနေရ၏။ မကောင်းမှုပြုသူသည် မကောင်းမှုကျူးလွန်နေသမျှကာလပတ်လုံး ယခုဘဝတွင်သာမက နောင်ဘဝတွင်လည်း ခံစားရမည်မှာ မုချမလွဲပင်။

ဤဖြစ်ရပ်နှင့်ပတ်သက်ပြီး မြတ်စွာကိုယ်တော်က, အောက်ပါဂါထာအား ကျူးရင့်ခဲ့၏။

❑ ဣဓသောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ၊
သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မ ကိလိဋ္ဌ မတ္တနော။

မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏။ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန်၊တမလွန်နှစ်တန်ဘဝတို့၌လည်း စိုးရိမ်ရ၏။ ထိုသူသည် မိမိ၏ ညစ်နွမ်းသော မကောင်းမှုကံကို သိမြင်ရ၍ စိုးရိမ်ရပေ၏။ ပူပန်ရပေ၏။

*An evil-doer grieves here in this world as well as in the next, he grieves in both worlds. He grives, he is afflicted perceiving his own inpure deeds.*

ဆရာမကြီးဒေါ်မြတင်ဘာသာပြန် (အင်္ဂလိပ်) များအနက်မှ တစ်ခုအပါအဝင် ဖြစ်သည်။ ထူးခြားသည်မှာ ဂါထာတစ်ပုဒ်တိုင်း၏ ဖြစ်စဉ်တစ်ခုချင်းဆီက ဇာတ်အသွားအလာကို ရေးသားပြသထားခြင်းဖြစ်၍ စိတ်အသိထဲတွင် ဇာတ်တော်များအလား မြင်ယောင်စွမ်းရှိနိုင်ပေစွ။ (၄၂၃)ဂါထာ၊ (၂၆)ဝဂ္ဂအပိုင်းများ အားလုံး အင်္ဂလိပ်လိုဘာသာပြန်ဆိုထားခြင်းကြောင့်လည်း နိုင်ငံခြားသားများ သာမက လေ့လာလိုက်စားသင်ယူသူမျိုးအတွက်လည်း အကျိုးများစေပါသည်။

ကျွန်တော်သည် နံနက်ချိန်ခါ ဘုရားဝတ်ပြုပြီးတိုင်း ဓမ္မပဒကို မပျက်မကွက် နေ့စဉ်ဖတ်ရှုသင်အံလေ့ကျင့်ပါ၏။ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာဖြင့် ဖတ်ရှုလေ့လာရသဖြင့် အထက်ပါ 'သူတော်ကောင်းတို့၏ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး သူတော်ထုံးကို စွဲသုံးသောထွေ မှန်လုစေ' ဟူသော ရှင်မဟာရဋ္ဌသာရ၏ အဆိုအမိန့်ကို သတိရနေမိပါကြောင်း။

ဗကျော် (နေပြည်တော်)

ကိုးကား -
၁။ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာ
ဓမ္မပဒနိဿန်ပြလမ်းပြ
ကမ္ဘာ့အေးဆရာတော်အရှင်ပညာဒီပ
၂။ ဓမ္မပဒအဆုံးအမများ
ဦးခင်မောင်ကြီး
(ရန်ကုန်တက္ကသိုလ်)
၃။ The Dhammapada
(Verse & Stories)
DAW MYA TIN, M.A.



www.burmeseclassic.com

www.burmeseclassic.com

□ ခွေးအူနိမိတ်

မြို့ရွာတို့၌ ခွေးတို့အထူးအူဆူခဲ့သော် ထိုအရပ်အတွင်းသို့ ဘီလူးသဘက်တို့ဝင်ရောက်ကြကုန်ပြီမှတ်။ ထိုအရပ်သူအရပ်သားတို့က နားထောင်၍မနေကြရ။ ခွေးအူဆူရာနေရာဌာန၌ အုတ်ခဲ၊ ကျောက်ခဲ၊ လောက်လေးတို့ဖြင့်အတင်းလိုက်၍ ပစ်ခတ်ကြကုန်ရမည်။ အုတ်ခဲ၊ ကျောက်ခဲ၊ လောက်လေး၊ တုတ်၊ ဓားတို့ကို ရှေးအဖို့ကပင်အသင့်ရှိစေကြရမည်။

အရပ်တွင်းမှာ ညအခါ၊ အရပ်ပြင်မှာနေ့အခါ (၃)ည (၃)နေ့နှင်ထုတ်ကြရမည်။ ခွေးအူမပျောက်သေးသမျှ ထိုအရပ်တွင်းရှိယောကျ်ားများ ညအခါ၌ မအိပ်ကြရ။ တုတ်၊ ဓားကိုင်ဆွဲ၍ ဝင်းထဲ၊ ခြံထဲမှာ လှည့်လည်၍နေကြရမည်။ အရုဏ်တက်မှအိပ်ကြရမည်။

ဘီလူး၊ သဘက်တို့သည် မြို့တွင်း၊ ရွာတွင်း၌ (၃) ရက်၊ (၄) ရက် သွားလာခွင့်ရကြကုန်သည်ရှိတတ်နေရာ၊ ထိုင်ရာ၊ သွားလမ်း၊ လာလမ်းကိုရကြသိကြကုန်သဖြင့် မြို့ပြင်ရွာပြင်သို့ပင်မထွက်ကြကုန်ပြီ။ မြို့တွင်းရွာတွင်းမှာသင်နေကြကုန်တော့သည်။ နှင်ထုတ်မှုမရှိဘဲ နှစ်၊ လရှည်ကြာခဲ့သော် စားဖန်များ၍ လူကုန်လျှင် ဘီလူးမြို့၊ ဘီလူးရွာဖြစ်၍သွားလတ္တံ့။

(ဟသ်ာတ)

# ရဲရဲထွန်း

## လယ်တီဆရာတော်ဘုရားကြီး ညွှန်ကြားခဲ့သော မကောင်းနိမိတ်များ

□ ကျီးပြုံနိမိတ်

နေ့အခါ ကျီးပြုံခဲ့သော် ထိုအရပ်အတွင်းသို့ ဘီလူးသဘက်တို့ ဝင်ရောက်ကြကုန်ပြီမှတ်။ ညအခါ၌ လူအိပ်ချိန်မှာ သစ်ပင်ထက်မှဆင်း၍ အရပ်အတွင်းသို့ ဝင်ရောက်ကြကုန်၏။ ဘီလူးသဘက်တို့အဆင်းအတက်မှာ ကျီးတို့လှုပ်ကြကုန်၏။ နားထောင်၍မနေကြရ။ အရီအစပ်အရပ်များပါ ကျီးပြုံရာသို့ လာရောက်ကြ၏။ ထိုအရပ်အတွင်း၌ ပစ်ခတ်၊ တီးခေါက်၊ ခြိမ်းခြောက်နှင်ထုတ်ကြရမည်။

ညအခါတို့၌ အိပ်နေရာသစ်ပင်တို့မှာ ကျီးတို့မြည်ကြလန့်ကြလှုပ်ရှားကြကုန်သည်ရှိသော် ထိုသစ်ပင်တို့မှာ ဘီလူးသဘက်တို့တက်နေကြကုန်ပြီမှတ်။ နားထောင်၍မနေကြရ။ ထိုသစ်ပင်တို့ကို အုတ်ခဲ၊ ကျောက်ခဲ၊ လောက်လေးတို့နှင့် ပစ်ခတ်နှင်ထုတ်ကြကုန်ပြီးလျှင် ထိုသစ်ပင်တို့မှာ သုဝဏ္ဏဘုမ္မိ၊ ပေတုပစ္စယော စသည်တို့ကို ဖတ်မိအောင် ရေးထားကြရမည်။

ပျောက်ငြိမ်းသောအခါ ဖျက်ကြရမည်။ သစ်ပင်စောင့်နတ်တို့မနေသာ ရှိတတ်ကြသည်။ ဆူးခက်တို့တိုသော်လည်း ထိုသစ်ပင်မှာတပ်ထားကြရမည်။

□ ငှက်ဆိုးမြည်နိမိတ်

ညအခါ၌ ငှက်ဆိုးတို့မြည်တွန်ခဲ့သော် ထိုအရပ်အတွင်းသို့ ဘီလူးသဘက်တို့ ဝင်ရောက်ကြကုန်ပြီမှတ်။ နားထောင်၍မနေကြရ။ ထိုအရပ်၌ (၃) ရက်တိုင်တိုင် ပစ်ခတ်၊ တီးခေါက်၊ ခြိမ်းခြောက်၍နှင်ထုတ်ကြရမည်။ထိုသစ်ပင်မှာ ပရိတ်ဂါထာများရေးသားထားကြ



www.burmeseclassic.com

www.burmeseclassic.com

ရမည်။

▫ ရေတပ်ဆိုက်အိပ်မက်နိမိတ်

မိမိတို့မြို့ရွာ၊ ဆိပ်ကမ်းသို့တပ်လှေ၊ တပ်သင်္ဘောများ ဆိုက်ကပ်လာသည်ဟု အိပ်မက်မြင်ခဲ့သော် ထိုမြို့ရွာသို့ ဘီလူးသဘက်တို့ လာရောက်ကြကုန်ပြီမှတ်။ မြင်မက်သူတို့က မြို့သူကြီး၊ ရွာဆရာကြီးများ (ယခုခေတ် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး) ထံ အမြန်ပြောကြားရမည်။

ထို့နောက် ဗလိနတ်စာကျွေးချက်ပြီးလျှင် ငှက်ပျောဖောင်ပေါ်မှာ ငှက်ပျောရွက်နှင့်တင်၍ မြစ်ပြင်သို့မျှောပြီးလျှင် တစ်မြို့လုံးတစ်ရွာလုံး ညီညာ၍ အရှေ့က မြစ်ဆိပ်နေခဲ့သော် အနောက်ကာစ၍ အရှေ့သို့နှင်ထုတ်ကြရမည်။ နေ့အခါ ထိုမြစ်ဆိပ်နှင့်နီးစပ်သောအရပ်တို့မှာ ညအခါ၌ ယောကျ်ားများမအိပ်ကြဘဲ ဝင်းထဲခြံထဲမှာ လှည့်လည်၍နေကြကုန်ရမည်။ နေ့အခါ၌လည်း (၃) ရက်၊ (၄) ရက်အတွင်းမှာ ထိုမြစ်ရေထဲသို့ဆင်း၍ ရေချိုးခြင်း၊ ရေခပ်ခြင်းတို့ကို ဆင်ခြင်ကြရမည်။

▫ ကုန်းတပ်ဆိုက်အိပ်မက်နိမိတ်

ကုန်းမြို့ကုန်းရွာတို့၌ တပ်ဆိုက်လာသည်ဟု မြင်မက်ခဲ့သော် ဘီလူးသဘက်အမြောက်အများတို့ ထိုမြို့ရွာသို့ရောက်ကုန်ပြီမှတ်။ လှေဆိုက်မြင်မက်ရာ၌ကဲ့သို့ ဗလိနတ်စာကျွေးခြင်း (၃)နေ့ (၃)ညတိတိ နှင်ထုတ်ခြင်းပြုကြရမည်။

အိပ်မက်မြင်ရုံမျှမက တပ်ချီ၍လာသည်ကို ဒိဋ္ဌတွေ့မြင်ကြသူတို့လည်း ရှိကြကုန်၏။ တစ်လှေတစ်သင်္ဘော တပ်ချီမြင်မက်ခဲ့သော် ဘီလူးသဘက်တို့ များပြား၏။ အားကြီးစွာ ရောဂါဘယ ထူပြောမည်ကို သတိပြုကြပါကုန်။

▫ အိပ်မက်နှင့်ကိုယ်တွေ့နိမိတ်

မြို့တွင်းရွာအတွင်းသို့ လူနက်ကြီးများ၊ လူနီကြီးများ၊ လူဖြူကြီးများ၊ ဝက်၊ ခွေးကောင်ကြီးများ၊ ရေသဘက်၊ ကုန်းသဘက်ကောင်ကြီးများဝင်လာသည်ဟု အိပ်မက်မြင်မက်သော်လည်းကောင်း၊ ထိုအကောင်ကြီးများကို လူတချို့က ဒိဋ္ဌတွေ့မြင်ခဲ့ကြသော် လည်းကောင်း ထိုအရပ်များသို့ ဘီလူးသဘက်သို့ ဝင်ရောက်ကြကုန်ပြီ။ အိပ်ပျော်သောအိမ်ကိုရှာကြကုန်၏။ မြင်မက်သူ၊ တွေ့ရှိသူများက အရပ်ကိုအမြန်ပြော၍ နှင်ထုတ်ကြကုန်ရမည်။

ကိုယ်တိုင် မြင်တွေ့ကြရာ၌ တွေ့မြင်သူတို့ကမြို့ပြင်ရွာပြင်သို့ထွက်အောင် အတင်းလိုက်၍ ပစ်ခတ်မောင်းထုတ်ကြရမည်။ ဒိဋ္ဌတွေ့မြင်လိုက်ရာ၌ အလန့်တထိတ်မရှိသူတို့မှာ ဥပဒ်မရှိ၊ ထိတ်လန့်ခြင်းရှိသူမှာ ဥပဒ်ဖြစ်ရာကြကုန်၏။ လက်၌မီးရှိသောသူ၊ ဓားရှိသောသူလိုက်၍ ဂါထာမန္တရား၊ ဆေးဝါး၊ လက်ဖွဲ့၊ လက်ဖွဲ့၊ ခြေဖွဲ့ရှိသောသူတို့မှာ ထိတ်လန့်ခြင်းရှိကြတတ်လည်း မကပ်ဝံ့ကြကုန်၊ အယုတ်သဖြင့် ဆူးခတ် လက်၌ရှိလျှင်ပင် မကပ်တည်ဝံ့ကြကုန်။ နှုတ်မှ ဗုဒ္ဓံသရဏံ ဂစ္ဆာမိကို ရွတ်ဆို၍နေသောသူများကိုလည်း မကပ်တည့်ဝံ့ကြကုန်။ ဝင်းပေါက်၊ ခြံပေါက်၌ မီးထည့်၍ထားလျှင် ထိုဝင်းထိုခြံတွင်းသို့မဝင်တည့်ကြကုန်။

▫ ပွဲလမ်းသဘင်အိပ်မက်နိမိတ်နှင့်အတွေ့တွေ့နိမိတ်များ

မြို့ထဲရွာထဲမှာ ပွဲလမ်းသဘင်ခံသည်ဟုအိပ်မက်မြင်မက်ခဲ့သော် ပွဲလမ်းသဘင်ခံရာအရပ်မှာနှင်ထုတ်ကြရမည်။ နေ့အခါ၌ မြို့တွင်းရွာတွင်းသို့ သစ်ဝင်ခြင်း၊ သမင်၊ ဒရယ်၊ တောကြက်၊ တောခါ ဝင်ခြင်းတို့၌လည်း တောထုတ်ခြင်းကဲ့သို့ နှင်ထုတ်ခြောက်လှန့်ပစ်ခတ်ခြင်းများ ပြုလုပ်ကြရမည် ဖြစ်သည်။

ညအခါ၌ နွားခြံ၊ ကျွဲခြံတို့မှ နွားကျွဲများလန့်ခဲ့သော် ထိုခြံတွင်းသို့ ထိုခြံတွင်းသို့ ဘီလူးသဘက်တို့ဝင်ကြကုန်ပြီ။ ထိုခြံရှိ ရှိသမျှသောနွားကျွဲတို့ကို အနားပေး၍ အသွေးအဆီတို့ကို စားသောက်ကြကုန်မည်။ ထိုအခါ နွား၊ ကျွဲများကို ခြံတွင်းမှထုတ်၍ ဝေးရာမှာထားရမည်။ ထိုခြံတွင်း၌ ပရိတ်ကမ္မဝါစာများရွတ်ဖတ်ခြင်း၊ ပရုတ်ရည်၊ ရှိန်းခိုရည်၊ အစိုးရမင်းတို့၏အကာအကွယ်ဆေးရည်များပက်ဖျန်းပြီးမှ နွား၊ ကျွဲတို့ကိုသွင်းရမည်။ အခြားမြည်း၊ မြင်း၊ သိုး၊ ဆိတ်ခြံများကိုလည်း ထိုနည်းအတူ ဆောင်ရွက်ကြရမည်။

နေ့အခါ တောချုံရှိရာမှ နွား၊ ကျွဲတို့လန့်ခဲ့သော် ထိုတောချုံမှာ ဘီလူးသဘက်တို့ရှိနေပြီ။ ကျွဲနွားတို့ကို ထိုတောမှအမြန်ထုတ်၍ အခြားတစ်ပါးသော အရပ်မှာ (၇)ရက်၊ (၈)ရက် ကျောင်းပြီးမှ ထိုအရပ်မှတစ်ဖန် ကျောင်းရမည်။ နွား၊ ကျွဲတို့၏ဦးချို၌ 'ဦ ဗုဒ္ဓံ သရဏံ၊ ဟဲ့ - တာဠေသယကျွော့ရှောင်လေရှားလေ' ဟု အပြန်အလှန်ရေးထားရမည်။ သရဏဂုံအင်းပြာများကိုလည်း ကျွဲနွားတို့ကိုလည်း နွားခြံ၊ ကျွဲခြံတို့၌ အရံအကာပြုလုပ်ထားကြရမည်။ ပရိတ်ချည်များကိုလည်း ထိုကျွဲ၊ နွားတို့၏ လည်ပင်းမှာစွပ်ထားကုန်ရမည် ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ဝေသာလီပြည်၌ ကပ်ဥပဒ်ကြီးစွာဆိုက်ရောက်ရာ အရှင်အာနန္ဒာသည် တစ်မြို့လုံးလမ်းလျှောက်လှည့်လည်လျက် ရတနသုတ်ပရိတ်တော်ကို ညဉ့်(၃)ရာသီပတ်လုံးရွတ်သဖြင့် ဘေးဥပဒ်များကင်းစင်ပပျောက်ခဲ့ဖူးကြောင်း ရတနသုတ်နိဒါန်းအဋ္ဌကထာ၌ အထင်အရှားရှိခဲ့ပါသည်။

သီရိလင်္ကာနိုင်ငံ၌လည်း သယ်ဇောမိမင်းလက်ထက် ဘီလူးသဘက်တို့ကြောင့် ပလိပ်ရောဂါဆိုက်ရောက်ရာ ဘီလူးသဘက်တို့အား ဗလိနတ်စာ ကောင်းစွာကျွေးမွေးသဖြင့် ပျောက်ငြိမ်းခဲ့ဖူးကြောင်း မဟာဝင်အဋ္ဌကထာတွင် လာရှိပါသည်။

မြန်မာနိုင်ငံအတွင်း၌လည်း ကပ်ဥပဒ်ဘေးဆိုးကြီးများ ကျရောက်ခဲ့ဖူးသဖြင့် ရဟန်းသံဃာတော်များတို့က သုတ်တော်၊ ပရိတ်တော်နှင့် ဂါထာကြီးများ ရွတ်ဖတ်နှင်ထုတ်ခဲ့ဖူးသောသာဓကများစွာရှိပါသည်။

▫ ဗုဒ္ဓကျမ်းဂန်စာဆို

ဗုဒ္ဓကျမ်းဂန်တို့တွင် ဒီဃနိကာယ်မှာလာရှိသော အာဋာနာဋိယသုတ်၊ မဟာသမယသုတ်၊ သီလဝန္တရဟန်းတော်ကြီးစီရင်တော်မူသော ဥပ္ပါတသန္တိဂါထာတော်ကြီးများသည် မြို့ရွာတို့၌ ကပ်ဥပဒ်များကိုနှင်ထုတ်ရာ၌ စီရင်နိုင်သောကျမ်းများ ဖြစ်သည်။ ထိုကျမ်းဂါထာတော်ကြီးများကို နှုတ်တတ်မရသည့်တိုင်အောင် ရွတ်ဖတ်ပါက ဘေးဥပဒ်တို့ကင်းစင်လွင့်ပျောက်မည် ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီးသည် လူတို့ ဘီလူးသဘက်ဘေးတို့မှ ကင်းစင်ငြိမ်းချမ်းစေလိုသောစိတ်စေတနာဖြင့် ရောဂန္တရဒီပနီကျမ်းတွင် ထည့်သွင်းစီရင်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ လူတို့မယုံကြည်၍မရပါ။ ယခုခေတ်တွင် ရောဂါပေါင်းစုံတို့ပိုဆိုးလာသည့်အပြင် ကပ်ဥပဒ်တို့လည်း မကြာခဏ ကျရောက်လျက်ရှိရာ ထိုဘေးဆိုးကြီးများမှ လွတ်မြောက်ကျော်နင်းနိုင်ရန်အတွက် မကောင်းသောအတိတ်၊ နိမိတ်၊ အိပ်မက်ဆိုးတို့ကိုတိုက်ဖျက်သွားနိုင်ရေး အလေးအနက်ထား၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ခဲခဲဝင့်နွမ်း (ပဥ္စင်းတ)



www.burmeseclassic.com

www.burmeseclassic.com

နိုင်မင်းညို

# မူလမင်းကွန်းဇေတဝန်သာသနမာရ်အောင် ရွှေပန်းခွက်ကမ္မဋ္ဌာန်းကျောင်းတိုက်

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့အနောက်ဘက် (၁၄) မိုင်ခန့်အကွာ အလယ်ချောင်ကျေးရွာအုပ်စု အနောက်ဘက်ကျောက်ကုန်း၊ ကျောက်ဖော်အမြွာ ညီနောင်တောင်တန်းကြီးများကိုနောက်ခံထား၍ အေးဆေးငြိမ်သက်လှသည့် ရွှေပန်းခွက်ကမ္မဋ္ဌာန်းကျောင်းတိုက်ဆီသို့ စာရေးသူ မထင်မှတ်ဘဲ ရောက်ရှိခဲ့ပါသည်။ ကမ္မဋ္ဌာန်းကျောင်းတိုက်တောင်ဘက်တွင် ဓည့်သည်များ၊ ယောဂီများ မြင်တွေ့လိုက်သည်နှင့် စိတ်ကြည်လင်လန်းဆန်းစေမည့် ကြာညိုကြာနီကန်ကြီးတစ်ခုကိုလည်း ကြည်နူးဖွယ်တွေ့ခဲ့ရပါသည်။


ကမ္မဋ္ဌာန်းကျောင်းတိုက်၏အမည်နာမကိုက စိတ်ဝင်စားဖို့ကောင်းနေသလို ကျောင်းထိုင်ဆရာတော်၏ နှစ်လိုဖွယ်ရာ ရုပ်ဆင်းကြန်အင်ကိုဖူးတွေ့ရပြန်တော့ ပိုလို့ကြည်ညိုခဲ့ရပြန်ပါသည်၊ ဝင်တွေ့ဖူးမြော်လျှောက်ထားလိုက်ပါမှ စာရေးသူတို့သာသနာတော်ကြီးအတွက် အံ့မခန်း ထူးခြားပြောင်မြောက်စွာဖြင့် အားနှင့်ဝန်မျှလောက်အောင် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နေသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်နေကြောင်းသိလိုက်ရသည်။ ထို့ကြောင့် သူရဋ္ဌမဂ္ဂဇင်းစာချစ်သူများ အလေးမှုဖူးမြော်ကြည်ညို



ရွှေပန်းခွက်စေတီ



ရွှေပန်းခွက်စေတီအတွင်းရှိ
သပ္ပာယ်လှပလှသော နဂါးရုံဘုရား




အဝေးမှ ရှုမြင်ရသည့် ရွှေပန်းခွက်စေတီ




ထုန်းစေတီကြီးကျောင်းအဝင်မုခ်ဦး

www.burmeseclassic.com



အနောက်ဘက်မှ ဖူးတွေ့ရသည့် ရွှေပန်းခွက်စေတီ



ရွှေပန်းခွက်စေတီပရဝဏ်အတွင်း

သဒ္ဒါပွားနိုင်စေရန် ရည်ရွယ်၍ ရေးသား တင်ပြလိုက်ရပါသည်။

**□ ဆရာတော်ဦးဝံ္ဂသီတာ၏ဇာတိ**

ရပ်စောက်မြို့နယ် အလယ်ချောင် ကျေးရွာအုပ်စု အလယ်ချောင်ကျေးရွာ ဖြစ်ပါသည်။ လက်ရှိအိမ်ခြေ(၅၅၀)ကျော် ခန့်ရှိပြီး ရိုးသားကြိုးစားသော ဓနု တိုင်းရင်းသားများ အများဆုံး နေထိုင်သည့်ကျေးရွာကြီးဖြစ်သည်။ လယ်ယာ၊ တောင်ယာလုပ်ငန်း၊ လိမ္မော်၊ သရက်၊ ကြံ၊ လက်ဖက်နှင့်ကော်ဖီများစိုက်ပျိုးဖြစ်ထွန်း၍ ဖွံ့ဖြိုးတိုးတက်နေသော ဒေသတစ်ခု အဖြစ်ထင်ရှားသည်။ ကျေးလက်ဒေသ တစ်ခုဖြစ်သော်လည်း ခေတ်ပညာတတ် မျိုးဆက်သစ်လူငယ်များ မြောက်မြားစွာ ပေါ်ထွက်လျက်ရှိသည့် ဒေသတစ်ခု အဖြစ်လည်း နာမည်ကျော်ကြားပါ သည်။



ရိပ်သာအဝင်မုခ်ဦး



သယွှာယ်တုရွာ ဆရာတော် ဦးဝံ္ဂသီ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၏ ဘွဲ့တော်မှာ ဦးဝံသ္သတိတဖြစ်ပြီး သက်တော် (၄၀)၊ ဝါတော် (၁၉) ဝါရှိပြီဖြစ်ပြီး ၁-၁-၁၉၇၅ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသန့်စင်တော်မူပါသည်။ ခမည်းတော် ဦးစိုးတင့်နှင့် မယ်တော် ဒေါ်ညွန့်ကြည်တို့၏ မွေးချင်း (၅) ယောက်တွင် သားကြီးဖြစ်ရသဖြစ်ပြီး ဥပဇ္ဈာယ်ဆရာတော်ကြီးမှာ ဦးကုဏ္ဍလ (တောင်းဘိုကျေးရွာ၊ တိုးနီကျောင်းတိုက်) ဖြစ်ပါသည်။ ၁၉၉၂ - ၁၉၉၃ခုနှစ်တွင် (၁၀) တန်းကို ထူးချွန်စွာအောင်မြင်ခဲ့ပြီး ရပ်စောက်မြို့ လေသာကျောင်းတိုက် ဆရာတော်ကြီး ဦးဇဝန (၂၀၁၃၊ မတ်လ ၃၁ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။) ၏ဆန္ဒအရ တက္ကသိုလ်သို့ ဆက်မတက်တော့ဘဲ သာသနာ့ဘောင်အတွင်းဝင်ခဲ့သည်ဟုသိရပါသည်။ သာသနာ့ဘောင်ကို စတင်ဝင်ရောက်စဉ် ဆရာတော်၏ သက်တော်မှာ (၁၈)နှစ်အရွယ်သာဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ၌ ပထမကြီးတန်းအထိ သွားရောက် ပညာသင်ကြားခဲ့ပါသည်။ ပြည့်စုံချမ်းသာသောမိသားစု အသိုင်းအဝန်းတွင် မွေးဖွားကြီးပြင်းလာသော်လည်း ရှေးရေစက်ပါရမီတော်ကြောင့် သာသနာဘောင်တွင်းသာ မျော်မွေ့နေရကြောင်း မိန့်ကြားပါသည်။

ယခုလက်ရှိ မူလမင်းကွန်းဇေတဝန်သာသနာမာရ်အောင်ကမ္မဋ္ဌာန်း (ရွှေပန်းခွက်) တရားရိပ်သာကို ဦးရီးတော် ဦးဇဝနမှ ၁၃၅၃ ခုနှစ်၊ တဆုန်လဆန်း ၁၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ဦးရီးတော်မှ ရပ်စောက်မြို့ လေသာကျောင်းတိုက် တိုက်အုပ်ဆရာတော်အဖြစ် သွားရောက် တာဝန်ယူရစဉ် ယခု ရွှေပန်းခွက်ကမ္မဋ္ဌာန်းကျောင်းတိုက်ကို လွှဲအပ်တာဝန်ယူစေလိုသောဆန္ဒတော်ကြောင့် ရိပ်သာကို ကြီးကြပ်နေကြောင်း မိန့်ကြားပါသည်။

**◻ ပရိယတ္တိအတွက် ထွန်းလင်းတောက်ပ်နေသော မြင်ကွင်း**

ပရိယတ္တိအတွက် ရွှေပန်းခွက်စေတီအောက်ဘက်ရှိ ဘုန်းတော်ကြီးကျောင်းတွင် နှစ်စဉ် ရဟန်း (၅) ပါးနှင့် သာမဏေအပါး (၂၀) ခန့်ကို အခြေခံနှစ်နှစ်စာဝါများသင်ကြားပေးပြီး သက်ဆိုင်ရာစာသင်တိုက်များသို့ပို့ပေးနိုင်ခဲ့သည်ဟု မိန့်ကြားပါသည်။ ထိုသို့ပို့ပေးနိုင်ခဲ့သည့်အတွက် ထိုစာသင်သားများ



ပရိယတ္တိပို့ချရာ ဘုန်းတော်ကြီးကျောင်း



ဆရာတော်တစ်ဦးတည်း သီတင်းသုံးရာ ကျောင်းတိုက်

ထဲမှ တစ်နှစ်လျှင် စာချ (၁) ပါး၊ ပထမကြီးတန်း (၁) ပါးနှင့် ကျန်အပါးများမှာ ပထမလတ်တက်ဝီနေကြကြောင်း မိန့်ပါသည်။

**◻ ပဋိပတ္တိအတွက် ထွန်းလင်းနေသော ခြေလှမ်း**

နည်းပြဦးပဉ္စင်း (၂) ပါးနှင့် ဆရာတော်ကိုယ်တိုင်ကြီးကြပ်လျက် တရားပြ၊ တရားစစ်လုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နေပါသည်။ နှစ်စဉ် တပို့တွဲလဆန်း ၇ ရက်တွင် တရားစခန်းစတင်ဖွင့်လှစ်ပြီး ပထမခြေလှမ်းအဖြစ် ဘော်ဆိုင်းကျေးရွာအုပ်စု ဖူးရဲရွာတွင် တစ်လစခန်းစ၍ တပေါင်းလဆန်း၇ရက်တွင်ပိတ်ပွဲ။ ရပ်စောက်မြို့နယ် နောင်ခမ်းကျေးရွာရှိ ရွှေရင်တောင် (ခေါ်) ရွှေအင်တောင် (ခေါ်) သွေးအန်တောင်တွင် ဒုလ္လဘ (၈)ရက်စခန်း။ အင်းတော်မြို့နယ် ခွဲ တောင်သူကုန်းရွာတွင် (၇)ရက်စခန်း။ တန်ခူးလ၌ ရပ်စောက်မြို့ လေသာကျောင်းတော်ကြီးတွင် (၇) ရက်စခန်း။ သင်္ကြန်အပြီး နှစ်ဆန်း ၆ ရက်နေ့မှစ၍ သီတင်းကျွတ်လဆန်းအထိ ယခု ရွှေပန်းခွက်ကမ္မဋ္ဌာန်းကျောင်းတိုက်တွင်လည်းကောင်း အဆင့်ဆင့်တက်လှမ်းခဲ့ကြောင်းကို စာရေးသူအား မိန့်ကြားပါသည်။

**◻ ဝေနေယျများအတွက်နှစ်ပတ်လည်**

ဆရာတော်မှ အထက်ပါကဲ့သို့ အခြားအရပ်များတွင် တရားစခန်းများကို ပုံမှန်ဖော်ဆောင်ပေးပြီး လက်ရှိဦးစီးဆောင်ရွက်နေသည့် ရွှေပန်းခွက်ရိပ်သာတွင်လည်း တစ်နှစ်လျှင် အပတ်စဉ် (၁၈) ဖတ်ဖွင့်နိုင်အောင် ကြိုးစားခဲ့သည်ဟု မိန့်ကြားပါသည်။ လအနေနှင့် (၆)လဖြစ်ပြီး ပြင်ပတရားစခန်းများနှင့်တွက်ပါက တစ်နှစ် (၉) လ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကျန် (၃) လတွင် တရားစခန်းသစ်တည်ဆောက်ခြင်း၊ ကျောင်း၊ ရိပ်သာ၊ ရေ မီး စသည့် အစီအမံများအတွက် လုပ်ဆောင်ရကြောင်း မိန့်ကြားပါသည်။

စုပေါင်းတရားအားထုတ်ခြင်းမျိုး မဟုတ်ဘဲ ရိပ်သာလာသူယောဂီအများစု စိတ်ချမ်းမြေ့ ကြည်လင်စွာ တစ်ဦးချင်းအားထုတ်နိုင်ရန် လုံးချင်းတိုက်ခန်းပေး



www.burmeseclassic.com

www.burmeseclassic.com

များကို စီမံဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ တစ်ကြိမ်လျှင် တရားအားထုတ်သူယောဂီ (၂၁) ဦးအတွက် လုံးချင်းတိုက်ခန်း (၂၁) ခန်းရှိပြီး လူယောဂီဆိုလျှင် (၁၀) ရက်၊ သာမဏေဆိုလျှင် (၁၈) ရက်နှင့် ရဟန်းများအတွက် (၄၅) ရက် တရားစခန်းဝင်နိုင်ကြောင်း သိရပါသည်။

□ ယောဂီအများစိတ်ချမ်းမြေ့စေရန်စီမံ

ထိုသို့ လာရောက်သော ယောဂီများ နောက်ကြောင်းရှင်းရှင်းနှင့် ချမ်းမြေ့စွာ တရားအားထုတ်နိုင်စေရန် ဝေယျာဝစ္စအတွက် အားလုံးစီမံဆောင်ရွက်ပေးကြောင်း၊ လာရောက်အားထုတ်သောယောဂီများ အချိန်တိုတိုအတွင်း တရားထူးများရရှိစေရန် ရည်သန်၍ နိုးထသည်မှ အိပ်ချိန်အထိ အချိန်ဇယားရေးဆွဲထားပြီး အချိန်ပြည့်ရှုမှတ်စေပါသည်။ ထို့အတွက် ဆွမ်း၊ ရေမှအစ မျက်နှာသစ်ရေအထိ အခန်းထဲအထိ ပို့ဆောင်ပေးပြီး ကျန်းမာရေးကိစ္စအဝဝကိုလည်း မပြတ် စောင့်ကြည့် သတိထား စောင့်ရှောက်ပေးသည်ဟု မိန့်ကြားပါသည်။


□ ဆရာတော်၏လာဘ်လာဘ

ဆွမ်းအတွက် (၃) ရက်လျှင် အလှူရှင်တစ်ဦးနှုန်းနှင့် အလှူရှင်ပေါင်း (၆၀) က တစ်နှစ်၏ ရက်ပေါင်း (၁၈၀) အတွက် ထာဝရဆွမ်းအလှူရှင်များရှိပြီး ကျန်ရက်ပေါင်း (၁၀၀) ကျော်ကို ဆရာတော်၏လာဘ်လာဘနှင့်လှူဒါန်းသည်ဟု မိန့်ကြားပါသည်။ တရားအားထုတ်နေသောယောဂီများအပြင် ရပ်ဝေး၊ ရပ်နီးမှ လာလာသမျှသောဘုရားဖူးဧည့်သည်များကိုလည်း နေ့စဉ် လိုလေသေးမရှိ ပြုစုကျွေးမွေးနိုင်ကြောင်းကိုသိရှိရသည်။ ထို့အတွက် ရွာထဲနှင့်နီးစပ်ရာရွာနီးချုပ်စပ်တို့မှ ကုသိုလ်ရှင်များက နေ့စဉ်ပင် လာရောက်၍ ကုသိုလ်တော်ယူကြကြောင်းကို စာရေးသူ သွားရောက်သည့်နေ့မှာပင် ကျား၊ မ (၂၀) ခန့် တွေ့ခဲ့ရပါသည်။

□ သာဓုနိဂုံး

ဤကဲ့သို့ စာရေးသူတို့၏ မွန်မြတ်လှပါသော ဗုဒ္ဓဘာသာသာသနာတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တစ်ထောင့်တစ်နေရာမှ အားကြိုးမာန်တက် ကြိုးကုတ်ဆောင်ရွက်နေသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်သည့် ဆရာတော်ဦးဝံကျိတ၏ တရားရေအေးတိုက်ကျွေးရာ နေရာတစ်ခုဖြစ်သော ရွှေပန်းခွက်ကမ္မဋ္ဌာန်းကျောင်းတိုက်ဆီသို့ ကြုံကြိုက်ခဲ့လျှင် လာရောက်လည်ပတ်ဖူးမြော်နိုင်ပါကြောင်း သူရဲစွာချစ်သူများအား စာရေးသူမှ လေးစားစွာ ဖိတ်ကြားကာ နတ်လူသာဓုခေါ်ဆိုနိုင်စေရေးအတွက် ရေးသားတင်ပြလိုက်ပါသည်။

ခိုင်မင်းညို



ရပ်ဝေးမှ ဘုရားဖူးများ (အလယ်တွင် ရသေ့ဂိုဏ်းတော် ဆရာတော် ဦးဝံကျိတ)



ကြာနီကန်အပေါ်မှ တရားစခန်းဆောင်ငယ်လေးများ



နိုင်ငံသာနောက်ခံသစ်ရှိ ကျောက်ကုန်း-ကျောက်ဖော် ဆည်မြှောင်



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့ဦးဆောင် ဆရာတော်ကြီးကျောင်းတော်သို့ရောက်ရှိခဲ့စဉ်

## ကြွင်ကြွင်(ပညာရေး)

စာရေးသူသည် ပညာရေးဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ မကြာသေးမီကာလက အငြိမ်းစားယူလိုက်ပါသည်။ တစ်သက်တာလုံး ဝန်ထမ်းဘဝနှင့် မည်သည့်ဒေသမျှ ကြာရှည်လည်ပတ်နိုင်ခြင်းမရှိခဲ့ပါ။ အငြိမ်းစားယူပြီးမှ ဝါသနာပါရာစာပေများ ရေးသားခဲ့ရာ အခါအားလျော်စွာ သူရဇ္ဇမဂ္ဂဇင်းတိုက်သို့ပို့ခဲ့ပါသည်။ ယခုလည်း စာရေးသူ၏ ညီမအရင်းတော်စပ်သူနှင့် သူမခင်ပွန်းဖြစ်သူ၏ အစ်မကြီးတို့ ဇနီးမောင်နှံ၏ စာပြန်ပွဲကျင်းပရာတွင် သံဃာတော်များ ဆွမ်းကျွေးအလှူသို့လိုက်ပါရင်း အမှတ်မထင်တွေ့ရှိချက်များကို မှတ်တမ်းတင်ရေးသားလိုက်ရပါသည်။

အဓိကအလှူရှင်ဖြစ်သော ညီမ၏ခဲအိုတော်သူနှင့် ယောက်မတော်သူ ဦးစံငြိမ်းနှင့် အစ်မကြီး ဒေါ်သိန်းဝင်းတို့သည် မိမိတို့၏ဇာတိရပ်ဖြစ်သော ညောင်လေးပင်သို့ နှစ်စဉ်သွားရောက်ပြီး တောရကြီးကျောင်းစာပြန်ပွဲတွင်လှူဒါန်းဖြစ်သည်။ စာရေးသူတို့သည် ညီမ၏ အိမ်မှ မနက် (၅) နာရီတွင် စတင်ထွက်ခွာခဲ့ကြပါသည်။ အလှူရှင်များသည် တောင်ဥက္ကလာပ ဝေဇယန္တာလမ်းတွင် နေထိုင်ကြပါသည်။

၁၆ - ၁၁ - ၂၀၁၆ ရက်နေ့တွင် အလှူရှင် အစ်မကြီးနှင့် တူမဖြစ်သူတို့က ကားတစ်စီး၊ အစ်မကြီး၏မောင်ဖြစ်သူ ဒေါက်တာတင်ဝင်းနှင့် စာရေးသူ၏ ညီမဖြစ်သူ ဒေါက်တာဒေါ်ကျင်ဆန်း၊ သားဖြစ်သူ မောင်ရန်ဝင်းအောင်တို့က ကားတစ်စီးဖြင့် တောင်ဥက္ကလာနေအိမ်မှ နံနက်စောစော ငါးနာရီအချိန်တွင် ညောင်လေးပင်မြို့သို့ စတင်ထွက်ခွာလာခဲ့ကြပါသည်။



အဂ္ဂမဟာပဏ္ဍိတ ညောင်လေးပင်တောရ ထေရ်ယမကာနေယျကဆရာတော်ဘုရားကြီး ဦးဇောတိက



ညောင်လေးပင်တောရကြီးကျောင်း ဆရာတော်အရှင်ဦးဇောတိက



ညောင်လေးပင်တောရကြီးကျောင်း စာပြန်ပွဲ သံဃာတော်များ ဆွမ်းဘုဉ်းပေးပုံ

လမ်းတစ်လျှောက် ကားပေါ်တွင် စာရေးသူမှ သိလိုသည်များကို မေးမြန်းဖြစ်ပါသည်။ အစ်မကြီးနှင့်မောင်ဖြစ်သူ ဒေါက်တာတင်ဝင်းတို့၏ပြောကြားချက်အရ ညောင်လေးပင်တောရကြီးကျောင်းတွင် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်မှစ၍ နှစ်စဉ်စာပြန်ပွဲပြီးတိုင်း စာဖြေသံဃာတော်များအတွက် ဆွမ်းဒါနပြုကြောင်းသိရပါသည်။


ထိုဆွမ်းဒါနအတွက် မတည်ငွေသိန်း (၅၀၀) ကို ညောင်လေးပင်တောရကြီးကျောင်းသို့ လှူဒါန်းထားပြီး (ဘဏ်တွင်အပ်နှံထားသည်) နှစ်စဉ်ရရှိသော ဘဏ်တိုးငွေ(၁၅)သိန်းကျော်နှင့် စာပြန်ပွဲအပြီး သင့်တော်သော တစ်ရက်တွင် ယခုကဲ့သို့ နှစ်စဉ် ကျောင်းရှိသံဃာကုန်ဆွမ်းလှူဒါန်းသည်ဟု သိရပါသည်။ ယခုနှစ်တွင် လှူဒါန်းသည့် သံဃာတော်ဦးရေမှာ (၄၃၂) ပါးဖြစ်သည်ဟု သိရပါသည်။

အစ်ကိုကြီးဦးစံငြိမ်းနှင့် အစ်မကြီးတို့သည် ရှိလို့လှူသည်ဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အလှူရှင်ဒါယကာ ဦးစံငြိမ်းနှင့် အလှူရှင်ဒါယိကာမ ဒေါ်သိန်းဝင်းတို့၏ ဆွမ်းအလှူ



ဒေါက်တာတင်ဝင်းနှင့်
ဒေါက်တာဒေါ်ကျင်ဆန်း (ဗိုလ်မှူး) တို့
ဇနီးမောင်နှံ



ဒေါက်တာတင်ဝင်းနှင့် ဗိုလ်မှူးဒေါ်ကျင်ဆန်းတို့၏ ကိုက်ချင်းဆရာတော်အား ဝတ္ထုငွေအလှူ



စာရေးသူနှင့် အလှူရှင်ဒါယိကာမ ဒေါ်သိန်းဝင်း

စနစ်တကျရှိလွန်းလှသည်။ လေးလတစ်ကြိမ် အရှင်ဆေကိန္ဒကျောင်းမှ သွေးလှူဒါန်းသော ရဟန်းရှင်လောင်းများကိုလည်း ဆွမ်းကပ်သည်ဟုသိရပါသည်။ အခြား စာရေးသူမသိသေးသောအလှူများလည်း အများကြီးရှိပါသည်။ 'အလှူရေစက် လက်နှင့်မကွာ' ဆိုသောစကားသည် အစ်မကြီးတို့ဇနီးမောင်နှံအတွက် အလွန်ပင်မှန်သောစကား ဖြစ်ပါသည်။

မတ်ဖြစ်သူ ဒေါက်တာ တင်ဝင်းနှင့် ညီမဖြစ်သူ ဒေါက်တာဒေါ် ကျင်ဆန်းတို့သည်လည်း ယခု ညောင်လေးပင် တောရကြီးကျောင်းအလှူတွင် နှစ်စဉ် အစ်မကြီးတို့နှင့် ပါဝင်လှူဒါန်းကြပါသည်။ သံဃာတော်များအားလည်း သီးသန့်ဝတ္ထုငွေကပ်လှူကြပါသည်။

စာရေးသူသည် လမ်းတစ်လျှောက်လုံး ရှုခင်းများကိုကြည့်၍ လိုက်ပါလာခဲ့သည်။ လမ်းခုလတ်တွင် ရန်ကုန်မှ (၃၉) မိုင်ရှိ Feel စားသောက်ဆိုင်တွင် နံနက်အစောစာ မုန့်ဟင်းခါး၊ ထမင်းကြော်နှင့် လက်ဖက်ရည်အချို့တို့ကို စားသောက်ကြပါသည်။ညောင်လေးပင်မြို့သို့ နံနက် (၈)နာရီမထိုးမီ ရောက်ရှိခဲ့ကြသည်။

ညောင်လေးပင်မြို့ရှိ အစ်မကြီး ဒေါ်သိန်းဝင်းတို့ ငယ်စဉ်ကနေခဲ့သော အိမ်သည် ယခုအခါ အစ်မကြီး၏ အဒေါ်နှင့် တူ၊ တူမကလေးများနေထိုင်ကြသည်။ညောင်လေးပင်မှ မဒေါက်သို့ လမ်းခွဲအနီး လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ အစ်မကြီးတို့ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် အခြားအိမ်မှ ဆွေမျိုးသားချင်းများပါ စုဝေးရောက်ရှိနှုတ်ဆက်ကြသည်မှာ ပျော်စရာကြီးပါပေ။

ဧည့်ခန်းအလယ်တွင် ကြီးမားသောစားပွဲဝိုင်းကြီးတွင် ကောက်ညှင်းပေါင်းများ၊ အကြော်စုံ၊ မုန့်ဟင်းခါး၊ မြန်မာမုန့်မျိုးစုံ၊ လက်ဖက်ရည်ကြမ်းများ အသင့်ပြင်ထားပါသည်။ ညီမဖြစ်သူ ဒေါက်တာဒေါ် ကျင်ဆန်းမှလည်း အားကျမခံ ရန်ကုန်မြို့လက်ဆောင်ကိတ်မုန့်ဘူးများအား လက်ဆောင်အဖြစ် ဝေငှပါသည်။ ရန်ကုန်စတိုင်လက်ဖက်ရည်တိုလည်း ကိုယ်တိုင်ဖျော်၍ တစ်ယောက်မကျန်တိုက်ကျွေးပါသည်။အလှူမတိုင်မီ ဆွေမျိုးများ၏တွေ့ဆုံပွဲကို စာရေးသူမှ အံ့ဩဝမ်းသာကြည်နူးရပါသည်။

စာရေးသူမှ အလှူအတွက် ဘာလုပ်ပေးရမလဲဟုစပ်စုရာ အစ်မကြီးမှ -

"နှစ်စဉ်တော့ ဝိုင်းကူလုပ်ပေးရတယ်။ ဒီနှစ်တော့ ကျူချောင်ရွာက ဗုဒ္ဓဘာသာကရင်တိုင်းရင်းသားရွာသားတွေက အဖွဲ့လိုက်ပန်းကန်ဆေးအဖွဲ့၊ ဈေးဝယ်အဖွဲ့၊ အလုပ်အကိုင်အဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့၊ ပြင်ဆင်တဲ့အဖွဲ့၊ သိမ်းဆည်းတဲ့



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့တွေနဲ့ဆိုတော့ အစ်မကြီးတို့အဝေး ကလာတဲ့သူတွေက ဒီနေ့မှလာလည်း ဖြစ်တာပေါ့"

ဟု ပြန်လည်ဖြေကြားပါသည်။

သံယာအပါး (၄၀၀) ကျော်နှင့် ဆွမ်းပရိသတ်ကြီးကို ကျွေးမွေးဧည့်ခံရန် အလှူတွင် လုပ်အားဒါနပေးကြသော ကျူးချောင်းရွာတစ်ရွာလုံးကိုလည်း အထူး လေးစားမိပါသည်။

ညနေပိုင်း တူဖြစ်သူ မောင်ရန်ဝင်း အောင်၏ ကားမောင်း၍လိုက်ပို့ဆောင် မှုကြောင့် ညောင်လေးပင်မြို့ပေါ်ရှိ ထင်ရှားသောဘုရားများကို ဖူးမြော်ရပါ သည်။ ဒီနေရာတွင် စာရေးသူ အသက် (၂၅) နှစ်အရွယ်က ညောင်လေးပင်မှ ကိုဆန်းဝင်း၊ မသိန်းဝင်းတို့ သူငယ်ချင်း နှင့် ရောက်ရှိခဲ့သော မယ်တော်မာရီ ဘုရားကျောင်းကို အမှတ်ရ၍ လိုက်ပို့ ခိုင်းပါသည်။ ငယ်စဉ်ကရောက်သည်နှင့် မတူများစွာတိုးတက်နေကြောင်း တွေ့ရှိရ ပါသည်။ မယ်တော်မာရီဘုရားပွဲသည် နှစ်စဉ် ဖေဖော်ဝါရီလတွင် ကျင်းပလေ့ ရှိသည်။ စာရေးသူ ငယ်စဉ်ကရောက်ခဲ့ ဖူးသောဘုရားပွဲသည် မြန်မာတစ်ပြည်လုံး မှ ခရစ်ယာန်ဘာသာဝင်များလာရောက် ဝတ်ပြုရာကျောင်းဟုလည်းသိရပါသည်။

အစ်မကြီး၏ ဆွေမျိုးများသည် ဇာတိရောက်ခိုက် အစ်မကြီးတို့အတွက် နံနက်ဘ၊ ညစာများတည်ခင်းရာတွင် အမှတ်တရဖြစ်စေသော ငါးရံ့ခေါင်းဟင်း၊ ငါးရံ့အူဟင်းကို အဓိကထား၍ အခြား ဟင်းအမည်ပေါင်းများစွာနှင့် ဧည့်ခံကြ ပါသည်။ အလှူကြီးမတိုင်မီ အလှူလေး တစ်ခုပင်။စာရေးသူလည်း သူတို့ဆွေမျိုး တစ်သိုက်နှင့် ရောယောင်ရယ်မောစား သောက်ခြင်းဖြင့်သာ အချိန်ကုန်မှန်း မသိကုန်ခဲ့ရပါသည်။

ညနေပိုင်းတွင် စာရေးသူအား တူလေးမှ ကားဖြင့်လိုက်လံပို့ဆောင်ရာ တွင် အလှူလှူမည့် တောရကြီးကျောင်း သို့ ပို့ဆောင်ပေးသည်။ ထမင်းချက်ရန် မြင်ဆင်နေမှုများ၊ အလုပ်အတိုင်အဖွဲ့ များသို့ သွားရောက် လေ့လာခဲ့သေး သည်။

တကယ်ဆိုလျှင် စာရေးသူသည် ရွှေကျင်တောရကြီးကျောင်းနှင့် ရေစက် ဆုံခြင်းဖြစ်ပေလိမ့်မည်။ မတ်ဖြစ်သူ ဒေါက်တာတင်ဝင်း၏ ဖခင်ဖြစ်သူသည် ငယ်စဉ်က တောရကြီးကျောင်းတွင် ဆာန်းဘဝနှင့် ကြာရှည်နေခဲ့ဖူးသည်ဟု သိရသည်။ စာရေးသူ ကိုးကွယ်သော မြောက်ဥက္ကလာပရွှေဥမင်တောရဆရာ တော်ကြီးနှင့် ခန်းနေရဟန်း စာဝါလိုက် ဖက် သူငယ်ချင်းများဖြစ်ခဲ့ကြဖူးသည်ဟု သိရပါသည်။

မတ်ဖြစ်သူ ဒေါက်တာတင်ဝင်း သည်လည်း ဒသမတန်းစာမေးပွဲမဖြေမီ ဤကျောင်းဝင်းအတွင်းတွင် စာသင် ကိုယ်တော်များနှင့်အပြိုင် (အိမ်နှင့် လည်း သိပ်မဝေးသဖြင့်) အချိန်ပြည့် ကျက်မှတ်ခဲ့ရာနေရာများ၊ အောင်မြင် ခြင်း၏ ဘူမိနက်သန်နေရာဖြစ်ကြောင်း ပြောပြပါသည်။

စာရေးသူ အမြဲကိုးကွယ်ခဲ့သော မြောက်ဥက္ကလာ ရွှေဥမင်တောရဆရာ တော်ကြီး၏ စာပေလေ့လာခဲ့ရာ ခန်းနေ ဘဝက နေခဲ့သောကျောင်းဖြစ်သဖြင့် အထူးပင် စိတ်ဝင်စားမိပါသည်။ နဂိုက သာမန်ညီမများ၏အလှူကို ချီးမြှင့်ရန် အတွက်လာခဲ့ခြင်းဖြစ်သော်လည်း ယခင် ညောင်လေးပင်တောရဆရာတော်ကြီး အကြောင်း အနည်းငယ်မျှသာ သိရှိခဲ့ဖူး၏။ ယခုအလျှဉ်းသင့်လေပြီ။ စာရေးသူ ပင်စင်ယူပြီးမှ ဒီအကြောင်းကို လေ့လာ ရတော့သည်။

ဤနေရာတွင် အလျှဉ်းသင့်၍ စာဖတ်သူများအားလည်း မြန်မာနိုင်ငံ၏ သာသနာတွင် ထင်ရှားသော ထေရဝါဒ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း နှင့် ဆုံးမမှုများကိုသိရှိစေရန် စေတနာ ကောင်းနှင့် မျှဝေလိုက်ရပါသည်။

**အဂ္ဂမဟာပဏ္ဍိတ**
**ညောင်လေးပင်တောရ**
**တတိယမဟာနာယက**
**ဆရာတော်ကြီး၏ထေရုပ္ပတ္တိအကျဉ်း**

**□ ဖွားမြင်ချိန်**

ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးသည် ညောင်လေးပင်မြို့နှင့် (၄)မိုင်ကွာဝေးသော အိမ်ခြေသုံးထောင် ခန့်ရှိသော ပွန်မြောင်းရွာတွင် ၁၂၄၈ခု၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ ခမည်းတော်၊ မယ်တော်တို့၏အမည်မှာ ကျောင်းအုပ် ဆရာကြီး ဦးခေါင်၊ ဆရာကတော် ဒေါ်ခက်တို့မှ ပထမဦးစွာဖွားမြင်သော အာဇာနည်သားထူးသားမြတ် ဖြစ်သည်။

**□ ရှင်သာမဏေပြုချိန်**

(၇)နှစ်သားအရွယ်သို့ရောက်သော အခါ အဘိုးအဘွားများက ရှင်ပြုသည်။ (၁၂) နှစ်သားအရွယ်သို့ ရောက်သော အခါ မိဘနှစ်ပါးက ညောင်လေးပင် တောရပထမဆရာတော်ထံတွင် ရှင်ပြု သည်။ ရှင်အရိယဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။ ပထမဆရာတော်ထံ ၌ ရဟန်းမပြုရသေးမီ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဂန္ထန္တရကျမ်းဂန်အဝဝတို့ကို ပေါက်ရောက်တော်မူသည်။

**□ ရဟန်းပြုချိန်**

မြန်မာနိုင်ငံအထက်၊ အောက်တွင် ရဟန္တာဟု ကျော်ကြားတော်မူသော ဘုန်းတော်ကြီးဦးသီလကို ပဉ္စင်းပြီးလျှင် ရှင်အရိယအားအစ်နှင်းစေပြီး ဥပဇ္ဈာယ် ပြုစေ၍ ၁၂၆၇ ခု၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့တွင် ရဟန်းပြုပေးတော်မူ၏။ ဘုန်းတော်ကြီး ဦးသီလထံတွင် ပဋိပတ္တိ နှင့်ဆိုင်ရာ နည်းနာနိဿယများကို ခံယူ တော်မူသည်။

**□ ညောင်လေးပင်တောရသီတင်းသုံးချိန်**

ငါးဝါအတွင်းမှာပင် နိကာယ် အရပ်ရပ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို တတ်မြောက်တော်မူသည်။ ထိုပထမ ဆရာတော်၊ ဒုတိယဆရာတော်ဘုရားများ တိမ်းပါးတော်မူသွားကြ၍ ညောင်လေး ပင်မြို့နယ် ရွှေကျင်ဂိုဏ်း သံဃနာယက သံဃာ့ထေရ်ကြီး၏ လွှဲအပ်ချက်အရ ၁၂၈၁ ခုနှစ်တွင် ညောင်လေးပင်တောရ ဂိုဏ်း၊ ဂဏဘာဝနံခံယူလျက် သံဃာ တော် (၁၀၀)မှ(၁၅၀)ကျော်လောက်ကို အုပ်ချုပ်ကာ ပရိယတ်၊ ပဋိပတ်သာသနာ ကို ပြုစုပျိုးထောင်တော်မူခဲ့၏။ ထိုအချိန် မှစ၍ ပရိယတ္တိဘက်တွင် အောက်မြန်မာ ပြည်၌ အစိုးရပထမပြန်စာမေးပွဲတွင် အဆောင်အများဆုံးစာအင်တိုက်ဟူ၍ အထူးပင် ကျော်ကြားခဲ့လေသည်။

ဆရာတော်ဘုရားသည် စာပေ သင်ကြားပို့ချရုံနှင့် အားရတင်းတိမ်တော် မမူဘဲ နောင်လာနောက်သား ရဟန်းရှင် လူများအတွက်လည်း လေ့လာမှတ်သား ရန် အောက်ပါကျမ်းတို့ကို ပြုစုတော်မူ ခဲ့သည်။

**□ ရိုက်ပြီးကျမ်းများ**

၁။ ဓမ္မပဒဘာသာပြန်
၂။ ဘာဝနာအရသာနှင့်သိဿကော ဝါဒစကားပုံ
၃။ သာမဏေဝိနည်းခေါ် ရှင်ကျင့်ဝတ်
၄။ ကထိန်အရသာ
၅။ ဓမ္မစကြာအရသာ
၆။ သတိပဋ္ဌာန်အရသာ
၇။ ဘုန်းတော်ကြီးဦးသီလထေရုပ္ပတ္တိ



www.burmeseclassic.com

www.burmeseclassic.com

၈။ ဂုဏ်တော်အရသာနှင့်လက္ခဏာ အရသာ
၉။ ပဋိစ္စသမုပ္ပာဒ်အခြေပြု
၁၀။ ပဋိစ္စသမုပ္ပာဒ်အရသာ
၁၁။ အလင်္ကာအရသာ
၁၂။ ဒွေမာတိကာအရသာ
၁၃။ ဥပါသကာလက်သုံး
၁၄။ ဝိသုဒ္ဓိမဂ်အရသာ
၁၅။ ကမ္မဝါအခက်း(၂၀)
၁၆။ သဂြိုဟ်အရသာ
၁၇။ သဂြိုဟ်နိဿယ

□ မရိုက်ရသေးသောကျမ်းများ

၁။ ဆန်းအရသာ
၂။ ဆန္ဒောမဉ္စရီအရသာ
၃။ သဒ္ဒါအရသာ
၄။ ကဆုန်လပြည့်အရသာ
၅။ စတုရာရက္ခကျမ်း
၆။ ဝိနည်းငါးကျမ်းအရသာကျမ်း များ ဖြစ်ပါသည်။

ဤကျမ်းများတိုပြုစုတော်မူသဖြင့် ၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ သက္ကသီဟ ပရိယတ္တိသာသနာဟိတအသင်းကြီး၏ အနှစ် (၅၀) မြောက်အထိမ်းအမှတ်ပွဲတွင် သံဃာဩဝါဒအမှုဆောင်အဖြစ်နှင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယမူလ တချ ဘဒ္ဒန္တအရိယာဘိဝံသ ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ် လှူဒါန်းခြင်း ခံတော်မူရလေသည်။

□ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁၃၁၃ ခုနှစ်တွင် ပြည်ထောင်စု-မြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာ ပဏ္ဍိတ ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း၍ နိုင်ငံတော်အစိုးရ၏ ဆဋ္ဌသင်္ဂါယနာတင်ရေးကိစ္စအတွက် နည်းပေးညွှန်ကြားသော ဩဝါဒါစရိယ အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။

ထို့နောက် များမကြာမီ ဆရာတော်ဘုရားကြီးအား ၁၃၁၄ ခု တပို့တွဲလ လောက်၌ လေငန်းရောဂါစွဲကပ်တော်မူသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ လျှောက်ထားတောင်းပန်ချက်အရ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးခန်း၌ကုသရာ ပထမ၊ ဒုတိယ အကြိမ်တွင် ပျောက်ကင်း၍ တတိယ အကြိမ်မှာ သက်သာရာမရသောကြောင့် ဆရာဝန်များနှင့် ဆရာဝန်မကြီးများက အလွန့်အလွန်အားနည်းနေသောကြောင့် ညနေဘက်တွင် လက်ဖက်ရည်၊ ကော်ဖီ၊ ဆန်ပြုတ်များသောက်ရန်အတွက်လျှောက်ထားသောအခါ အောက်ပါ မှတ်သားဖွယ်စကားကို ဆရာတော်ကြီးသည် ထိုအချိန်တွင် စကားမပြောနိုင်တော့သဖြင့် စာဖြင့်ရေးသားတော်မူခဲ့လေသည်။

□ မှတ်သားဖွယ်ရာဆုံးမချက်

'နိုင်ငံတော်အစိုးရ၏အမှုထမ်းများသည် အစိုးရဥပဒေကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံကြရသည်။ ထို့အတူ မြတ်စွာဘုရား၏တပည့်သားဖြစ်ကြသော ဘာသနာ့ဝန်ထမ်းရဟန်းသာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေဝိနည်းကို လိုက်နာရပေသည်'

အထက်ပါဆုံးမသောစကားသည် ပေါ်လွင်ထင်ရှားပါ၏။ လွန်စွာလေးနက်၍ သူတော်စင်တိုင်း လိုက်နာသင့်၏။

ဆုံးမတိုင်း မချွတ်မယွင်းဖြောင့်စင်းသောသံဃာသည် သုပ္ပဋိပ္ပန္နဂုဏ်နှင့်ညီပေစွဆိုတဲ့ တရားတော်အတိုင်း ဆရာတော်ကြီးသည် အသက်ခန္ဓာမငဲ့ညှာမူ၍ ဘုရားသပဒေတော်ကြီးကို အသက်နှင့်လဲ၍ သုပ္ပဋိပ္ပန္နဂုဏ်နှင့်အညီ ကျင့်သုံးသွားခဲ့သည်။

ဆရာတော်ကြီး၏ ဆရာဒကာကျင့်ဝတ်များကိုလည်း ရေးသားတင်ဆက်ပေးလိုက်ရပါသည်။ မှတ်သားဖွယ်ရာများဖြစ်သည်။ အချို့ကို လူတိုင်းပင် မသိကြချေ။ ထို့ကြောင့် မသိသူများ ဤဆောင်းပါးကိုဖတ်ရှုရ၍ ကောင်းသောအကျင့်မြတ်များနှင့် လူ့ဘဝကိုဖြတ်သန်းကြစေလိုပါသည်။ ဆရာတော်ကြီး၏ အဆုံးအမများသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

□ လူတို့ကျင့်စရာ ဂိဟိပဋိပတ်

၁။ သံဃာတော် အိမ်သို့ကြွလာလျှင် ဝမ်းမြောက်ဝမ်းသာခရီးကြိုဆိုခြင်း၊ ဝမ်းမြောက်ဝမ်းသာရှိခိုးခြင်း၊ ဝမ်းမြောက်ဝမ်းသာနေရာပေးခြင်း၊ လှူစရာပစ္စည်းကိုအလျှို့ဝှက်ခြင်း၊ များများလှူခြင်း၊ ကောင်းကောင်းလှူခြင်း၊ ရိုရိုသေသေလှူခြင်း၊ တရားနာရန်ချဉ်းကပ်ခြင်း၊ ဟောသည်ကို"ကောင်းစွာနာခံမှတ်သားခြင်း ဤအင်္ဂါ (၉) ပါးနှင့် ပြည့်စုံသောအိမ်သို့ ချဉ်းကပ်ထိုက်၏။ ထိုင်နေထိုက်၏။ ထိုသို့မဟုတ်သောအိမ်သို့ မချဉ်းကပ်ထိုက်၊ ချဉ်းကပ်မိလျှင် မထိုင်ထိုက်။

(အင်္ဂုတ္တိုရ်ပါဠိတော်)

၂။ မေတ္တာသက်ဝင်ချစ်ခင်သော ကိုယ်အပြုအမူဖြင့်လည်းကောင်း၊ ထို့အတူ နှုတ်ပြောမှုဖြင့်လည်းကောင်း၊ စိတ်ကြံမှုဖြင့် လည်းကောင်း၊ တံခါးမပိတ်သည့် အလား တောင်းခံဝံ့အောင်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ အခါကြည့်၍ အလိုက်သိစွာ လှူဒါန်းခြင်းဖြင့် လည်းကောင်း ဤငါးပါးသောအကြောင်းအရာတို့ဖြင့် အထက်အရပ်နှင့်တူသော ရဟန်းများကို ကိုးကွယ်ဆည်းကပ် လုပ်ကျွေးအပ်ကုန်၏။

(သိင်္ဂါလောဝါဒသုတ်ပါဠိတော်)

၃။ အကြင် ဒါယကာတို့သည် သာသနာတော်၌ သက်ဝင်ယုံကြည်ကုန်၏။ ကြည်ညိုကုန်၏။ ရဟန်းတို့ထွက်ဝင်ရန် လွယ်ကုန်၏။ အကျိုးစီးပွားချမ်းသာကို လိုလားကုန်၏။ ဆဲရေးစောင်းမြောင်း ကြိမ်းမောင်းရေရွတ်ခြင်းမပြု။ မင်ဖိုလ်နိဗ္ဗာန်ရစေလိုကြ၏။ ထိုဒါယကာတို့သည် ရဟန်းတို့၏ ဘေးမဲ့ကျက်စားရာ ဖြစ်ကုန်၏။

(နိဒ္ဒေသပါဠိတော်)

၄။ လူတို့အားလာဘ်မရအောင်ပြုခြင်း၊ အကျိုးစီးပွားပျက်အောင်ပြုခြင်း၊ လူတို့အားဆဲခြင်း၊ လူနှင့်လူချင်းကွဲအောင်ပြုခြင်း၊ ဘုရားကျေးဇူးမဲ့ဆိုခြင်း၊ တရားကျေးဇူးမဲ့ဆိုခြင်း၊ သံဃာကျေးဇူးမဲ့ဆိုခြင်း၊ ရဟန်းတို့အားမလျော်သော အရပ်၌သွားလာနေထိုင်သည်ကိုတွေ့မြင်ရခြင်း၊ ထိုအင်္ဂါ (၈) ပါးရှိသော အလှူရှင် ရဟန်းအား အ-ပ္ပသာဒ-ကံပြုလိုလျှင်ပြုကောင်းသည်။ အ-ပ္ပသာဒ-ကံဟူသည် ကား မလှူလို-ရှိမခိုးလိုလျှင်ပြောကောင်းသည်၊ အကြည်ညိုဘူးဟုပြောလိုလျှင် ပြောကောင်းသည်။ သို့ရာတွင် ပြစ်မှားလိုသောစိတ်ဖြင့်မပြုအပ်။ အပြစ်ဖြစ်သည်။ ငါတို့ ဤသို့ပြောလျှင် ရှက်ကြောက်သဖြင့် ရှောင်ကြဉ်၍ လဇ္ဇီသူတော်ကောင်းဖြစ်ပါစေဟု စင်ကြယ်သော စိတ်ဖြင့်ပြောကြရသည်။

(အင်္ဂုတ္တိုရ်ပါဠိတော်)

၅။ ရဟန်းအား လာဘ်မရအောင်ပြုခြင်း၊ အကျိုးမဲ့အောင်ပြုခြင်း၊ နေမြဲကျောင်း၌မနေရအောင် ဆဲရေးစောင်းမြောင်းကြိမ်းမောင်းရေရွတ်ခြင်း၊ ရဟန်းနှင့် ရဟန်းချင်းကွဲအောင်ပြုခြင်း၊ ဘုရားကျေးဇူးမဲ့ဆိုခြင်း၊ တရားကျေးဇူးမဲ့ဆိုခြင်း၊ သံဃာကျေးဇူးမဲ့ဆိုခြင်း ဤအင်္ဂါ (၈)ပါးနှင့်ပြည့်စုံသောဒါယကာကို ဓမ္မအားဖြင့် လည်းကောင်း၊ အာမိသအားဖြင့် လည်းကောင်း၊ သံဃာနှင့်ပေါင်းသင်း ဆက်ဆံမပြုရ။ သူတော်ကောင်းဖြစ်ပါစေဟု ကရုဏာရှေ့ထား၍ သပိတ်မှောက်ရမည်။



www.burmeseclassic.com

(အင်္ဂုတ္တိုရ်နှင့်စူဠဝါပါဠိတော်)

၆။ ထိုမှတစ်ပါးလည်း ကျောင်းအာရာမ်သို့ဝင်ရောက်လိုသောအခါတွင် သင့်လျော်သောနေရာ၌ ဖိနပ်၊ စက်ဘီး၊ လှည်း၊ ယာဉ်ရထား၊ မော်တော်ကားတို့မှသက်ဆင်း၍ လက်ကတော့စမ္မာယ် တင်ပြုခြင်း၊ နိဗ္ဗာန်ကူးရန်ဆိပ်ကမ်းကြီးဟု အလေးပြုလျက် သိမ်မွေ့စွာသွားလာခြင်း၊ သံကုန်ဟစ်လျက် လူလည်လူရဲမလုပ်ဘဲ လေလျော့၍ တိုးတိုးသာပြောဆိုခြင်း၊ တန်းတန်းစိုက်စိုက် ဘုရားရှိခိုးရာ၊ ရဟန်းသံဃာ ဆရာသမားရှိရာသို့ ကပ်ချဉ်းပြီးလျှင် သီလစသောဂုဏ်ကို အာရုံပြု၍ ဒူးနှစ်ဖက်၊ လက်ဝါးနှစ်ဖက်၊ နဖူးဟူသော ကိုယ်အင်္ဂါငါးပါးကို မြေ၌ ကြမ်း၌တည်အောင် မြိန်မြိန်ရှက်ရှက် ဦးချရခြင်း၊ စကားပြောနေသေးလျှင် မျက်နှာတော်မော်၍ မဖူးဝံ့ဘဲ ကျုံ့ကျုံ့ယုံ့ယုံ့ လက်အုပ်ချီနေရခြင်း၊ ရဟန်းများက စတင်၍ စကားမပြောရစေနှင့်၊ မိမိတို့က ဦးစွာ စတင်၍ ဣရိယာပုတ်မျှတပါသလားဘုရား စသည်ဖြင့် လျှောက်ထားမိစေရခြင်း၊ ကိုယ်တော်တို့က ဟုတ်တယ်၊ မဟုတ်ဘူးဟူ၍မသုံးဘဲ အရှင်ဘုရားများက ဟုတ်လှပါသည်ဘုရား၊ မှန်လှပါသည်ဘုရား၊ မဟုတ်ရပါဘုရား စသည်ဖြင့် ယဉ်ကျေးစွာပြောရခြင်း၊ အလေးပြုလောက်သော အထေရ်ကြီးများကိုဘွဲ့တော်ဖြင့်မသုံးဘဲ အရှေ့ကျောင်းဘုန်းတော်ကြီးဘုရား၊အနောက်ကျောင်းဆရာတော်ဘုရားစသောဂုဏ်ဖြင့်သုံးစွဲရခြင်း၊ လမ်း၌ ရဟန်းသံဃာနှင့်ဆိုင်ဖြစ်လျှင် ကျောခိုင်းမနေဘဲ ရှေးရှုလက်အုပ်ချီ၍နေရခြင်း၊ အနီးအနားနေသောအခါ ဆေးသောက်၊ ကွမ်းစား၊ စကားများခြင်းတို့မှ လွတ်ကင်းအောင် ဆင်ခြင်တတ်ရခြင်း စသည်တို့ကို အလေးပြု၍ ကျင့်ကြံကြ။

၇။ သီလယူရာ၊ တရားနာရာသို့ ရွှမ်းနိုင်လျှင် နောက်ကျမခံဘဲ ဦးစွာ ရောက်အောင်သွားရခြင်း၊ သံဃာတော်ရောက်လျှင် တိတ်ဆိတ်စွာနေရခြင်း၊ အခြားနေရာငေးကြည့်မနေဘဲ စူးစူးစိုက်စိုက် တည်ကြည်စွာ ခေါင်းအနည်းငယ်ငုံ့လျက် ဤအရှင်၏ တရားမဟုတ်၊ မှတ်စွာဘုရားဝေ ကောင်းစွာ ဟောကြားအပ်သောတရားပါတကားဟု ပင်ရင်းကျအာရုံပြုနာရခြင်း၊ မနာမဖျားဘဲ ဒူးထောင်ခြင်း၊ ပေါင်ကားခြင်း၊ ပက်လက်တစောင်း၊ အလျားမှောက်ခြင်း၊ ဒူးကိုလက်ယှက်ပိုက်ခြင်း၊ အမြင့်၌နေခြင်း၊ ဖိနပ်စီးခြင်းတို့ကို မပြုအပ်၊ ဝပ်လျက်၊ ထိုင်လျက်၊ လက်အုပ်ချီလျက်၊ မတတ်နိုင်လျှင် သေသပ်စွာ လက်ရှေ့ချထားလျက်၊ ကွမ်းမစား၊ ဆေးမသောက်၊ စကားမပြောဘဲ သာဓုသာဓုဟု နှစ်သက်စွာနေရခြင်း၊ တရားဟောပြီး သံဃာရှိနေသေးသမျှ တိတ်ဆိတ်နေရခြင်း၊ ညောင်းလွန်းလျှင် လက်အုပ်ချီ၍ ခပ်ကုန်းကုန်းထ၍ မမြင်လောက်မှ ခါးဆန့်လိုလျှင်ဆန့်ရခြင်း၊ အပြစ်မဆိုမိစေရခြင်း စသည်တို့ကို အလေးပြု၍ ကျင့်ကြံကြ။ ဝါတွင်းနေ့ချင်းပြန်မဟုတ်ဘဲ ပင့်လိုလျှင် အလှူလှူခြင်းငှာ၊ သီလစောင့်တည်ခြင်းငှာ၊ တရားနာခြင်းငှာ အလိုရှိသဖြင့် ကြွရောက်ချီးမြှောက်တော်မူပါဟု ငှာသုံးချက်တစ်ချက် ပါအောင်ဝင့်၊ တစ်ချက်ချက်မပါလျှင် ဝါပန်ခွင့်မရ၊ သတိရှိကြ။

၈။ အိမ်၌ နေ့စဉ် ငါးပါးသီလယူ၊ ဘုရားရှိခိုး၊ အယုတ်ဆုံး ဦးသုံးကြိမ်ချပြီးမှအိပ်၊ ဦးလျှင် ချက်ချင်း ဘုရားသတိရပါစေ၊ ပျော်ပါးသောက်စားကစားမလိုက်ပါနှင့်၊ အိမ်နားနီးပါးကြားလောက်အောင် ဘယ်သူနှင့်မှရန်မဖြစ်နှင့်၊ အရှင်းမဖြစ်လျှင် သာ၍ကောင်းသည်၊ နုတ်ထွက်ဝသီ အလေ့မရိုင်းအောင်လည်းကောင်း၊ ချေဆတ်ချွတ်ချော်သောအခါတို့၌ ဘုရား ဘုရား အနိစ္စ ဒုက္ခ အနတ္တတို့ကိုသာ ယောင်ယမ်းမိအောင် လည်းကောင်း၊ အထူးတမင် လေ့လာထားကြ၊ လူနာအသက်ထွက်ခက်ခဲသည်ဟု ခေါင်မိုးဖောက်ခြင်း၊ ခြင်ထောင်ဖြုတ်ခြင်းတို့ကို အချို့လုပ်သည် ကြားဖူး၏။ မှားသောအယူဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိ၊ ထိုနည်းဖြင့် အဟုတ်သေလျှင် ပါဏာတိပါတကံထိုက်၏၊ ကွယ်ရာအပြစ်ပြောတတ်သောသူ၊ အလေးစဉ်းလဲ တောင်းစဉ်းလဲရှာသောသူ၊ လှည့်စားဝါကြွားတတ်သောသူ၊ ရဟန်း၊ သံဃာ၊ ဆရာသမားတို့၏ အမြင်မခံလို၍ ပုန်းရှောင်တတ်သော သူ၊ တိတ်တိတ်မကောင်းမှုကြံစည်ပြုလုပ်သူတို့သည် နေ့လမစေ့မီ ပျက်တတ်ကြသည်ဟူသတတ်၊ သူတစ်ပါး အသိအမြင်မခံရ ရှာသော ဟုတ်ပုံပေါ်သည် ရှောင်ကြဉ်ကြ။

၉။ ရဟန်းတို့၏ အသုံးအဆောင်သည် လူတို့စေတီထိုက်သည်ဟုကျမ်းဂန်လာသောကြောင့် ရဟန်းတို့၏ကျိန်းရာနေရာ၊ ဖျာ၊ သင်ဖြူး၊ ကော်ဇော၊ ခုတင်၊ ညောင်စောင်းစသည်တို့နှင့် လောကဝတ်ကျေ၍ မမွဝတ်မကျေသောဘုန်းကြီးကားငှားလိုက်စေတာမှ ယူမသုံးနှင့်၊ ဝေယျာဝစ္စဒါယကာဖြစ်၍ ဘုန်းကြီး၏ ပုဂ္ဂလိကပစ္စည်းကို အပိုင်စွန့်လျှင်အပ်၏။ သံဃိကပစ္စည်း၊ ဂရုဘဏ်ပစ္စည်းများဖြစ်လျှင် မြွေဆိပ်တက်ပြင်းထန်သောသံဃအဆိပ်မည်၏။

၁၀။ ကျောင်းသို့ရောက်လေတိုင်း ငါတို့ဗုဒ္ဓဘာသာလူမျိုးဟူသမျှ သာသနာ၏ကျေးကျွန်၊ သံဃာ့ကျေးကျွန်ဟု စိတ်နှိမ်ချ၍ မြက်နုတ်၊ ရေခပ်၊ ထွေးခံဆေး၊ တံမြက်လှည်းခြင်း စသည်ကိုမခိုင်းဘဲနှင့် ပြုရမည်။ ဤသို့ဝေယျာဝစ္စမပြုဘဲ ဘာမှမတောင်းလေနှင့်၊ ဆွေမျိုးမတော်ဘဲ ဘုန်းကြီးကပေးလျှင်လည်း မယူလေနှင့်၊ လူအချင်းချင်းပစ္စည်းလောက် အရေးမကြီးဟု မတောင်းဘဲ ဘယ်နံ့ရောအခါမှ မယူမိလေနှင့်။ တစ်ခုခုပြုပြီးလျှင် အရှင်ဘုရားများလည်း အပြစ်မရှိ၊ တပည့်တော်တို့လည်း အပြစ်မရှိလျှင် ဤပစ္စည်းရပါစေသားဘုရားဟု တောင်းကောင်းပြီး ဘုန်းကြီးကမူကား ပေးချင်လျှင်ပေးနိုင်၏။ ကိုယ်ဖြင့်၊နှုတ်ဖြင့်ပေးမှ ယူနိုင်သည်။ စိတ်ဖြင့်ပေးသည်ဟုယူလျှင် ပြန်တောင်းကမပေးဘဲ မနေအပ်။ သံဃိကထဲမှပေးလျှင် မယူနှင့်၊ ယူသာယူ၊ သံဃာကို ငါပန်ကြားမည်၊ သို့မဟုတ် ငါအစားပေးမည်ဟုဆိုလျှင် ယူနိုင်၏။ ကျေနပ်စွာ အဖိုးဘဏ္ဍာပေး၍ ကပ္ပိယထံ လဲလှယ် ဖလှယ်ဝယ်ယူရာ၌ အပြစ်မရှိ၊ အချို့ကား ဘုန်းကြီးဟာတော့ မူးတင်းပဲတင်းဟု ဆိုလေ့ရှိ၏။ အကုန်တင်းထားလျှင် ဒါယကာများ အပြစ်အရောက်နိုင်၊ အကောင်းဆုံးပေတည်း၊ မဟောမကြား တရားမူးတင်းမည်ကို ကြောက်ကြ။

၁၁။ ရဟန်းတို့သည် အမိန့်တော်သူဖိတ်ကြားသူတို့၌ပင် (ငွေအလိုရှိသည် ငွေလှူပါ) ဟု မပြောကောင်း၊ (သပိတ်၊ သင်္ကန်း စသော အပ်သောပစ္စည်းကိုသာ အလိုရှိသည် လှူပါ) ဟု ပြောကောင်းသည်ဖြစ်သောကြောင့် ဒါယကာတို့ ကိုယ်တိုင်အပ်သောပစ္စည်းဝယ်လှူကြ၊ မအားလျှင် ကပ္ပိယညွှန်ပြပါဟုလျှောက်၊ (ဤသူ ကပ္ပိယဟုသာ ပြောအပ်သည်၊ သူ့ပေးလိုက်)ဟု မပြောကောင်း။ ကပ္ပိယလက်၌ ငွေအပ်ပြီးလျှင် ဤကပ္ပိယထံ တစ်ဆယ်တန်အပ်သောပစ္စည်း လိုရာတောင်းပါဟုလျှောက်၊ ကပ္ပိယကိုသော်လည်း လျှောက်ခိုင်း၊ ဤကား ရဟန်းညွှန်း ကပ္ပိယခေါ်သည်၊ အကြိမ်အပိုင်းအခြားမရှိ တောင်းကောင်းသည်၊ ရဟန်း

www.burmeseclassic.com

## တင်နိုင်ဝင်း(ထမင်းဈေးမြို့)

# ဆီးချိုကြောင့်ခွဲစိတ်ကုသရန်ခက်ခဲနေလျှင်

ဆီးချိုရောဂါ၏ နောက်ဆက်တွဲ ပြဿနာများအနက် ခွဲစိတ်ကုသမှုကို ခက်ခဲစေခြင်း ဟူသော အချက်တစ်ချက်လည်း ပါဝင်နေသည်။ ဆီးချိုရောဂါရှိသူသည် ခွဲစိတ်ဒဏ်ရာမဆိုထားနှင့်၊ သာမန်ဆူးစူးသောဒဏ်ရာလေးသည်ပင် တော်တော်နှင့်အနာမကျက်နိုင်ဖြစ်တတ်သည်။ အချို့ဆိုလျှင် ဆီးချိုရောဂါအခံကြောင့် အနာမှာ ပြည်တည်ရွံရှာဖွယ်ပွားများ၍ပင်လာတတ်ပါသည်။ ထို့ကြောင့် ဆီးချိုရောဂါသည်တို့သည် အခြားရောဂါတစ်ခုခုတို့ကြောင့် ခွဲစိတ်ကုသရန်လိုအပ်လာပြီဆိုလျှင် အခက်အခဲတွေ့ရတော့သည်။

သို့သော် 'နွယ်မြက်သစ်ပင်ဆေးဖက်ဝင်' ဟူသော ဆိုရိုးစကားနှင့်အညီ မြေပေါက်အပင်တို့၏ ကျေးဇူးကြောင့် ရောဂါပြဿနာမျိုးစုံကို ဖြေရှင်းနိုင်ခဲ့ကြပါသည်။ ယခုကဲ့သို့ ဆီးချိုရောဂါကြောင့် ခွဲစိတ်ကုသရန်ခက်ခဲသည့် ပြဿနာကို အလွယ်တကူ ဖြေရှင်းပေးနိုင်သည်မှာလည်း သစ်ပင်သစ်ရွက်တို့သာ ဖြစ်သည်။

ဆီးချိုအလွန်အမင်းတက်နေသဖြင့် ဆရာဝန်တို့က ခွဲစိတ်ကုသပေးရန် ငြင်းဆိုခဲ့လျှင် အောက်ပါဆေးနည်းကို သောက်သုံး၍ ဆီးချိုကျလာလျှင် ဆရာဝန်တို့ထံ ဆီးချိုပြန်စစ်ဆေး၍ ခွဲစိတ်ကုသနိုင်ပါပြီ။

ဆေးနည်းမှာ -

၁။ ခရေရွက်ခပ်သန့်သန့်မနုမရင့်ကို လက်တစ်ဆုပ်ခန့်ခူးယူပါ။

၂။ ၎င်းခရေရွက်များကို ရေစင်အောင်ဆေး၍ သုံးခွက်တစ်ခွက်တင် မီးနွေးနွေးဖြင့်ကြာကြာကျိုပါ။

၃။ ၎င်းခရေရွက်ကျိုဆေးရည်ကို တစ်နေ့ (၁)ဖန်ခွက်ခန့် မှန်မှန်သောက်ပါ။ အစားမစားမီသောက်ပါ။

(၇)ရက်ခန့်သောက်သုံးပေးလျှင် ဆီးချိုသိသိသာသာပျောက်ကင်းသွားပါလိမ့်မည်။ အချို့ဆိုလျှင် ဆီးချိုအတိုင်းအတာ (၃၀၀) ကျော်ထိ တက်ခဲ့သော်မှ ၎င်းဆေးရည်ကို သောက်သုံးသောအခါ ဆီးချို (၁၅၀)အထိ ထက်ဝက်မျှကျဆင်းသွားသဖြင့် ခွဲစိတ်ဒဏ်ရာကြောင့် အနာမကျက်မှာ မစိုးရိမ်ရတော့ချေ။

ဂျပန်နိုင်ငံတွင် အထက်ပါနည်းလမ်းကိုအသုံးပြု၍ ဆီးချိုရောဂါသည်များအား ဦးနှောက်ကိုပင် ခွဲစိတ်၍ကုသနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ၎င်းဆေးနည်းကို အရပ်ဒေသအချို့၌ တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြောင်း သိရပါသည်။

တင်နိုင်ဝင်း(ထမင်းဈေးမြို့)

---

အား ဘာမှလျှော့ထားခြင်းမရှိဘဲ ဝယ်လှူပါမည်ဟုသာဆို၍ ငွေတောင်းယူသောကပ္ပိယ၊ ဝယ်လှူလိုက်ပါဟုသာဆို၍ ငွေပေးသည်ကို လက်ခံသောကပ္ပိယ၊ ဤနှစ်ယောက်ကား အနိဋ္ဌကပ္ပိယခေါ် သည်။ တစ်ကြိမ်မျှမတောင်းကောင်း၊ စာတိုက်က ငွေတင်လိုလျှင် ရဟန်းဘွဲ့အမည်ဖြင့်သာ တိုက်ရိုက်မတင်အပ်။ ဦး (ဒတ္တ)၏ ကပ္ပိယထံသို့ မဟုတ် ကပ္ပိယမောင်(မာဃ)ထံဟုတင်၊ မောင်(မာဃ)က ဦး(ဒတ္တ)လိုရာအပ်သော ပစ္စည်းတစ်ဆယ်ထန်လှူပါ၊ လျှောက်ထားပါဟု အမှာစာရေးထည့်လိုက်၊ ကပ္ပိယမောင်(မာဃ)ထံ ငွေတစ်ဆယ်ပို့လိုက်ပါသည်။ လိုအပ်သောပစ္စည်းတောင်းပါဟု ရဟန်းထံလျှောက်၊ ပစ္စည်းလေးပါးလှူသော ဒါယကာလော၊ အပါယ်လေးပါးလှူသောဒါယကာလော၊ အမယ်လေးပါးလှူသော ဒါယကာလော ဟုမေးလျှင် စိတ်မချမ်းမသာ မဖြစ်ပါပေလင့်၊ အမေးခံနိုင်ပါစေ။

၁၂။ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ လူမှုကိစ္စ၊ ကြောင့်ကြစိုက်ပူ၊ ကူညီခြင်း၊ အတင်းပါး၍ အကြိုက်လိုက်လျက် စကားပြောကောင်းခြင်း၊ မြှောက်ချောက်ရစ်ဆွယ်ခြင်း စသော အပြုအမူတို့ကြောင့် အကျွမ်းတဝင်ဖြစ်နေသူတို့မှာ လှူရာ၌ သဒ္ဓါကောင်းသော်လည်း အကုသလ၊ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာသာဖြစ်ခြင်းများကုန်၏။ သဒ္ဓါမှန်မဖြစ်လွယ်။ ထို့ကြောင့် အကျင့်ကောင်းသော ဘုရားသားတော်၊ ဖြောင့်မှန်သောဘုရားသားတော် ကုသိုလ်အကျိုး ဖွံ့ဖြိုးစေတတ်သော ဘုရားသားတော်တွေပါ တကား ဟု သီလ၊ သမာဓိ အရှိစသော ဂုဏ်တော် အာရုံပြု၍ လှူဒါန်းကြ၊ (ဘာလို့လှူသလဲ) မေးလျှင် အရှင်မြတ်၏ ကောင်းသော အကျင့်သီလစသော ဂုဏ်တော်ကို ကြည်ညို၍ လှူပါသည် ဘုရားဟုလျှောက်၊ ရွေးချယ်၍လှူလိုလျှင် စာတတ်သူ၊ အကျင့်ကောင်းသူ၊ ဒကာမျက်နှာမလိုက်ဘဲ ဘုရားမျက်နှာ တရားမျက်နှာကိုသာလိုက်သူ၊ သစ်သီးပေး ဆေးကု စသော ကုလဒူသန အနေသန မိစ္ဆာဇီဝလွတ်ကင်းသူ၊ ဘုရားသားတော်ပီသသူတို့ကိုရွေးလှူ၊ ကိုယ်နှင့်သိရာ၊ တည့်ရာမျှ ရွေးလှူသူတို့မှာ ကုန်ကျိုးမနည်း ပုဂ္ဂိုလ်ခန္ဓာကောင်ကြီး ဖြူမည်းကြီးငယ် မရွေးချယ်နှင့်၊ သီလ စသော ဂုဏ်ကိုရွေး၊ ဂုဏ်ပါပါစေ၊ ကုန်ရှုံးတစ်ခေါက် ဂုဏ်ရှုံးတစ်သံသရာလုံးဟုမှတ်။

၁၃။ ဥပုသ်သီလဆောက်တည်ပြီးသောအခါ ဒုသီလထံဆည်းကပ်ပြီး သီလရှိသူထံ မကပ်ခြင်း၊ လွန်ကျူးရာ၌ အပြစ်မသိခြင်း၊ မိစ္ဆာဝိတက်စိတ်ကူခြင်း၊ ကျွေမြေမစောင့်စည်းခြင်းဖြစ်မှု ယုတ်သော အဖို့ရှိသော ဟာနဘာဂိယသီလမည်၏။ အပြစ်ရှိ၏။ သီလပြည့်စုံရုံမျှဖြင့် ကျေနပ်၍ ကမ္မဋ္ဌာန်းဘာဝနာမပွားမှု တည်ရုံအဖို့ရှိသော ဌိတိဘာဂိယသီလမည်၏။ ကောင်း၏။ သီလပြည့်စုံပြီး သမာဓိရအောင် ဘာဝနာအားထုတ်မှု ထူးသောအဖို့ရှိသော ဝိသေသဘာဂိယ သီလမည်၏။ သာ၍ကောင်း၏။ သီလပြည့်ရုံဖြင့် မရောင့်ရဲဘဲ ခန္ဓာကိုယ်ဖောက်ခွဲ၍ ဝိပဿနာဘာဝနာအား ထုတ်မှုဖောက်ခွဲသောအဖို့ရှိသော နိဗ္ဗေဓဘာဂိယသီလမည်၏။ အကောင်းဆုံးဖြစ်၏။ ထို့ကြောင့် ပဋိပတ္တိသာသနာတော်အခန်း၌ပြုအပ်သော ဘာဝနာပွားနည်းတို့ကို အရကျက်၍ မရသေးလျှင် စာ၌ကြည့်၍ လေ့လာပွားများအားထုတ်ကြဟူသော ဆရာတော်ကြီး၏ အဆုံးအမများကို လေ့လာလိုက်စား ပွားများကြ၍ လူ့ဘဝကို ရရှိနေစဉ် တန်ဖိုးရှိစွာ နေထိုင်၍ မြင့်မြတ်သောနိဗ္ဗာန်သို့ရောက်ရှိနိုင်ပါစေလို့ ဆုတောင်း မေတ္တာ ပို့သလိုက်ရပါသည်။


အားလုံးကိုလေးစားလျက်


– ကြင်ကြင် (ပုဇွန်တောင်)



www.burmeseclassic.com

www.burmeseclassic.com





### မနှင်းပွင့်(ပြည်)


# လက်ရှင်ဘုရား

ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်းသည် မြန်မာ့သမိုင်းတစ်ခေတ်ဦးတာလက ပေါ်ထွန်းခဲ့သည့် မြို့ဟောင်းကြီးတစ်ခုဖြစ်ပြီး ထေရဝါဒဗုဒ္ဓဘာသာနှင့်အတူ သာသနိကဆိုင်ရာရှေးဟောင်းအဆောက်အအုံများ အုံ့မခန်းတည်ထားခဲ့သည့် နေရာဒေသလည်း ဖြစ်သည်။ ထိုဘုရားစေတီအဆောက်အအုံများထဲတွင် တန်ခိုးကြီးမားပြီး ဆုတောင်းတိုင်းပြည့်ဝစေသည့် ဘုရားစေတီပုထိုးတော်များစွာ တွေ့ရပါသည်။

ထိုဘုရားစေတီပုထိုးတော်များထဲမှ ဒွတ္တဘောင်မင်းတည်ခဲ့သော သိမ်ကိုးသိမ်ထဲမှ ပွင့်လှသိမ်ကုန်းသိမ်ထဲတွင် ယနေ့အထိ စံပယ်တော်မူနေပါသော လက်ရှင်ဘုရားသည်လည်း တစ်ဆူအပါအဝင်ဖြစ်ပါသည်။

ထိုလက်ရှင်ဘုရားမှာ သရေခေတ္တရာမင်းဆက် (၂၇) ဆက်ထဲမှ ငါတပါးမင်း ကိုးကွယ်ခဲ့သည်ဟူ၍လည်း ပြောစမှတ်ပြုကြ၏။ ထိုလက်ရှင်ဘုရားမှာ ယခုခေတ်၏လက်ရာကို ပြန်လည်ပြုပြင်ခဲ့ကြောင်းကိုလည်း ပွင့်လှသိမ်ကုန်း၏ ယခုလက်ရှိ ကျောင်းထိုင် ဆရာတော်ဖြစ်တော်မူသော ဦးဇောတိမှ အမိန့်ရှိခဲ့ပါသည်။ ထိုလက်ရှင်ဘုရားမှ လက်နှင့်ပွတ်သပ်ပေးရပါသည်။ ထို့နောက် လက်တော်ကို ရေစိမ်ပြီး ထိုဝေဒနာကို ယူပေးပါကလည်း ပျောက်ကင်းပါသည်။ ဗိုက်တို့၊ ဒူးတို့ကိုလည်း ထိုနည်းအတိုင်း ပြုလုပ်ပေး၍ပေးရပါသည်။ ရင်ဘတ်နှင့်ပတ်သက်သော အတွင်းကလီစာများကိုလည်း ပွတ်တိုက်လိမ်းပေးပါက အတွင်းကလီစာများမှာဖြစ်နေသောရောဂါဝေဒနာများမှ ပျောက်ကင်း







www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

၂၉

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနှဝင်း(ပုသိမ်)



ယခုလို မိုးရာသီကာလ မိုးများပြီး ရေကြီးရေလျှံနေလေတော့ အိမ်ရှင်မများအဖို့ ကျောင်းထမင်းဘူး၊ ရုံးထမင်းချိုင့်၊ မိသားစုအလိုက် အစီအမံပြင်ဆင်ချက်ပြုတ်ပေးရတာက မလွယ်ကူလှပါ။

လျှာခံတွင်းမြိတ်စေပြီး မိသားစုအကြိုက်တွေ့အောင် စီမံချက်ပြုတ်ရတာ အလွန်ပင် တာဝန်ကြီးလေးလှပါတယ်။ မိုးနဲ့ရေနဲ့ နံနက်စောစောအချိန် ဈေးသွားပြီး ကျောင်း၊ ရုံးသမားများအတွက် အချိန်မီ ချက်ပြုတ်ပေးနိုင်ရေး ညကတည်းကတွေးပြီး အိမ်မပျော်ခဲ့ရတာကလည်း နည်းမယ်မထင်ပါ။

ဇီဇဝက္ခအရေးတွေကို ကူညီပေးစေချင်တဲ့စေတနာနဲ့ မြန်ကောင်းသက်သာ အာဟာရပြည့်ဝပြီးလျှာရင်းမြိတ်စေမယ့် မိသားစုစားဖွယ်ရာ ဟင်းလျာတစ်ခွက်ကို ညွှန်ပြပေးချင်ပါတယ်။

အချိန်လုပြီး ဈေးသွားစရာမလို မိမိတို့နေထိုင်ရာ ရပ်ကွက်ထဲလမ်းထဲသို့ နေ့စဉ် အိမ်တိုင်ရာရောက် ရောင်းချပေးနေတဲ့ ပဲနီလေး(ပဲကတ္တီပါ)ပြုတ်ကို မိသားစုတိုင်း ခံတွင်းတွေ့စေမယ့် စားဖွယ် ဟင်းလျာစီမံချက်ပြုတ်နည်းလေးကို ဖော်ပြပေးပါမယ်။

ပဲနီလေး(ပဲကတ္တီပါ)ပြုတ် (Kidney Bean) ကို အချိန်မရွေး အလွယ်တကူ ဝယ်ယူလို့ရရှိပါတယ်။ ပဲနီလေး (ပဲကတ္တီပါ) ကို Kidney Bean ဟုခေါ်ပါသည်။ ပဲအမျိုးမျိုးဟာ ပရိုတင်းကြွယ်ဝတဲ့အစားအစာအဖြစ် လူသိများပါတယ်။

ပရိုတင်း အလွန်ကြွယ်ဝတဲ့ အမဲသားနဲ့နှိုင်းယှဉ်ပြီး ပဲကို အခြေခံလူတန်းစားများအတွက် အမဲသားငါး (Poor men's Beef) လို့ပင် တင်စားပြောဆိုလေ့ရှိပါတယ်။

ပြီးတော့ ပဲမှာ အမျှင်ဓာတ်ပါဝင်မှုနှုန်းကလည်း အလွန်ကြွယ်ဝစွာ ပါဝင်နေပါတယ်။ ဒါကြောင့်လည်း ယနေ့

---

ပါသည်။

ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီးများမှာ အင်မတန်မှ စကားအရာနည်းပါးလှပါသည်။ တိုတိုနှင့်လိုရင်းကိုသာပြောကြားပြီး အမြဲနှုတ်လုံးသွင်းနေထိုင်သူလည်းဖြစ်ပါသည်။ မိမိတို့ ထိုပွင့်လှသိမ်ကုန်းကျောင်းကို သွားရောက်စဉ်အခါက ကုန်းမြင့်ပေါ်သို့ ကားဖြင့်တက်ရပါသည်။ ယခုအခါ ကုန်းမြင့်ပေါ်သို့ကားဖြင့် တက်ရောက်၍ရသော်လည်း ရှေးယခင်က ကမူကုန်းပေါ်သို့တက်ရန် မတ်စောက်သောကြောင့် တက်၍မရပေ။ တော၊ ချုံကိုလည်း ထိုနည်းတစ်ပိုက်တွင် ပိတ်ဆို့တော်မူနေကြောင်းကို မူလယခင်ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီး၏ မှတ်တမ်းမှတ်ရာတို့၌ သိတော်မူခြင်းဖြစ်ပါသည်။ ပွင့်လှသိမ်ကုန်းသိမ်တော်သည် ပြည်မြို့၏ မြို့ပေါ်တွင်တည်ရှိသည်ဆိုသော်လည်း ထိုသိမ်တော်ကုန်းတစ်ဝိုက်တွင် သုသာန်များအား ဝိုင်းဝန်းနေသည်။ တရုတ်သချိုင်း၊ ခရစ်ယာန်သချိုင်း၊ ကုလားသချိုင်းတို့က ဘေးပတ်ပတ်လည်တွင်ရှိခဲ့သည်။ ယနေ့ထိရှိနေဆဲပင်ဖြစ်သည်။

လက်ရှင်တော်ဘုရားကို ဖူးမြော်နိုင်စေဖို့အတွက် ပြည်မြို့ ရွှေဆံတော်ဘုရားမှတစ်ဆင့် နဝေဒေးတံတားပေါ်သို့သွားရာ ကားဖြင့်သွားပါက ဆုံမှတ်တစ်နေရာတွင်ဆင်းပြီး လမ်းလျှောက်၍ သွားပါက ပွင့်လှသိမ်ကုန်းသို့ အလွယ်တကူရောက်ရှိနိုင်ပေမည်။ သို့မဟုတ်ပါက ရွှေဆံတော်ဘုရားမှ ဆိုက်ကားစီး၍သော် လည်းကောင်း၊ ဆိုင်ကယ်နှင့်သော် လည်းကောင်း သွားရောက်နိုင်ပေသည်။ စာရေးသူ၏အမေဖြစ်သူသည် ဦးခေါင်းခဏခဏကိုက်တက်၍ ထိုလက်ရှင်ဘုရား၏လက်အား ဘုရားရှင်၏ခန္ဓာကိုယ်မှ ခဏဖြုတ်ယူပြီး မိမိ၏ဦးခေါင်းပွတ်သပ်လိုက်သောအခါတွင် ရောဂါဝေဒနာများ ပျောက်ကင်းခဲ့ကြောင်း လက်တွေ့ပင်ဖြစ်ပါသည်။ ဆေးကုသခံယူနေစဉ်အတွင်း ဘုရား၏ ဂုဏ်တော်ကိုးပါးပွားများနေပြီး အာရုံပြုသင့်ပါကြောင်းကိုလည်း ဆရာတော်မှ မိန့်ကြားပါသည်။

ထိုလက်ရှင်တော်ဘုရား၏ လက်ကိုယူပြီး ရေစိမ်ထား၍ ပုလင်း၊ ရေသန့်ဘူးထဲသို့ထည့်ထားပြီး မိမိဝေဒနာဖြစ်သောနေရာကို ပွတ်သပ်လိမ်းပေးပါက ရောဂါသည် ချက်ချင်းဆိုသလို ပျောက်ကင်းစေနိုင်ကြောင်းကို ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားမှ မိန့်မှာကြားတော်မူပါသည်။

တကယ်တော့ ဗုဒ္ဓဘာသာထွန်းကားရာ မြန်မာနိုင်ငံတွင် ထိုဘုရားစေတီကျောင်းတော်များတွင် မထင်မရှားစေတီ၊ ကျောင်းတော်များတွင် မထင်မရှားတန်ခိုးကြီးဘုရားများ များစွာရှိနေ၏။ မိမိတို့လို စာရေးဆရာများမှ ထိုနေရာထိုဒေသများသို့ နှိုက်နှိုက်ချွတ်ချွတ်သွားရောက် လေ့လာ မှတ်တမ်းတင်နိုင်မှသာလျှင် ပြည်သူပြည်သားများသိရှိနိုင်ပေမည်။ သိရုံနှင့်လည်းမပြီးသေးပေ။ ထိုအကြောင်းအရာများနှင့်ပတ်သက်၍ အကျိုးအကြောင်းများကိုလည်း အကျိုးမှန်ကန်စွာ အသုံးချမှသာ မိမိစာရေးသူ၏ ပင်ပန်းရကျိုးနပ်ပေလိမ့်မည်ဖြစ်ပါသည်။

စာရေးသူ၏တစ်ခုသောရေးသားချက်ကို ဖတ်မိသော ဝေဒနာရှင်တို့သည် ထိုရှေးဟောင်းကျောင်းတော်သို့ သွားရောက်ဖူးမြော်၍ ရောဂါဝေဒနာပျောက်ကင်းပါမှ မိမိသည် ရေးပြရကျိုးနပ်ပါသည်။ စေတနာထားရှိပါ။ စေတနာသည် ရောင်ပြန်ဟပ်သလို မေတ္တာထားရှိပါမှကလည်း မေတ္တာရောင်ပြန်ဟပ်စေပါသည်။ မိမိသည် ထိုသို့သော တန်ခိုးကြီးဘုရား၏ သမိုင်းရာဇဝင်များကို မှတ်တမ်းတင်ပြီး ရှာဖွေစုဆောင်းတင်ပြ ပါဦးမည်ဖြစ်ပါကြောင်း။

မနှင်းနွယ် (ပြည်)



www.burmeseclassic.com

www.burmeseclassic.com

ကပ်ရောဂါအသွင် အရှိန်အဟုန်နဲ့ တိုးတက်ဖြစ်ပွားနေတဲ့ ဆီးချို၊ သွေးချိုရောဂါကို ကာကွယ်မှုပေးစေနိုင်တဲ့ လက်နက်ကောင်းတစ်ခုအနေဖြင့် ပဲအမျိုးမျိုးတို့ကို နေ့စဉ်ပါဝင်အောင် စားသုံးပေးရန် သွေးချို၊ ဆီးချိုရောဂါရှင်များအတွက် ကနေဒါနိုင်ငံ ဆီးချို၊ သွေးချိုအသင်းကြီးက ထောက်ခံအတည်ပြုထားတဲ့ အစာမျှင် (Fiber) ကြွယ်ဝတဲ့အစားအသောက်တွေစာရင်းထဲမှာ ပဲအမျိုးမျိုးကိုပါဝင်ထည့်သွင်း အတည်ပြုထားကြပါတယ်။

ပဲကိုစားသုံးပေးခြင်းအားဖြင့် ဆီးချိုရောဂါကို ထိန်းသိမ်းရာမှာ အထောက်အကူပြုပါတယ်။ တစ်နဲ့သကြားပါတဲ့အစားအစာတွေကို ပဲနီလေး၊ ပဲကြီး၊ စားတော်ပဲ စတဲ့ ပဲအမျိုးမျိုးတို့နဲ့ တွဲဖက်ပြီးစားသုံးပေးကြမယ်ဆိုရင် သွေးထဲမှာ သကြားဓာတ် (သွေးချို)အတက်နှေးအောင် ၎င်းပဲအမျိုးမျိုးထဲက အစာမျှင်(Fiber)တွေက လုပ်ဆောင်ပေးပါတယ်။

တစ်ဖန် အမေရိကန်ပြည်ထောင်စု ဆီးချို၊သွေးချိုအသင်းကြီးကလည်း ဆီးချိုရောဂါသည်များ တစ်နေ့(၃)ကြိမ်အစာစားသုံးတဲ့အခါမှာ ပဲနီလေး (ပဲကတ္တီပါ)၊ ကုလားပဲ၊ ပဲစဉ်းငုံ၊ ပဲကြီး စသော ပဲအမျိုးမျိုးကို မပါမဖြစ်တွဲဖက်၍ ဆေးဖက်ဝင်အစာအာဟာရအနေဖြင့် စားသုံးပေးသင့်ကြောင်း အတိအလင်း အကြံပြုထားပါတယ်။

ပဲနီလေး (ပဲကတ္တီပါ)မှာ ပရိုတင်းအသားဓာတ်ပါဝင်မှုမှာ ပဲကတ္တီပါ (၁၀၀)ဂရမ် (၆) ကျပ်သားမှာ ပရိုတင်း (၁၆. ၆) ဂရမ် ပါဝင်နေပြီး အမဲသား (၁၀၀) ဂရမ်မှာ ပရိုတင်း (၁၇. ၂) ဂရမ် ပါဝင်နေသည်ကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ပဲကတ္တီပါ စသော ပဲအမျိုးမျိုးမှာ ပါဝင်နေတဲ့ ပရိုတင်းဓာတ်ဟာ နှုန်းတူရှိသာမက အချို့သောပဲများက အမဲသား၊ ငါးတွေထက် ပရိုတင်းကြွယ်ဝမှုတာသာလွန်နေသည်ကို လက်တွေ့ သုတေသနများက သက်သေပြနေပါ



တယ်။ ဥပမာ ပဲကျား၊ ကုလားပဲခြမ်း၊ ဗိုလ်ကီတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲနီလေး၊ ပဲကြီး၊ ပဲပိစပ်နဲ့ ပဲပုပ်(ခြောက်)တို့မှာ ပရိုတင်းကြွယ်ဝမှုအဆင့်မှာ (၂၀) ဂရမ်မှသည် (၃၅) ဂရမ်အထိ ပါဝင်မှုမြင့်မားနေတာကို တွေ့ရပါတယ်။

ပရိုတင်းဓာတ်အပြင် ကာဗိုဟိုက်ဒြိတ်၊ Vit $B_1$, Vit $B_6$, နိုင်ယာစင်၊ ပဲန်တိုသင်းနစ်အက်စစ်ဓာတ်နှင့် သံဓာတ်၊ ဖောလစ်အက်စစ်၊ အမျှင်ဓာတ် စတဲ့ ခန္ဓာကိုယ်ကြီးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဗီတာမင်နဲ့သတ္တုဓာတ်များ စုံလင်ကြွယ်ဝစွာ ပါဝင်နေတဲ့ ဆေးဖက်ဝင်အစာအာဟာရ ပဲနီလေး(ပဲကတ္တီပါ) ဖြစ်ပါတယ်။

နောက်တစ်ချက်က ပဲနီလေး (ပဲကတ္တီပါ) ပြုတ်ကို မပင်မပန်း အလွယ်တကူ အဆင်သင့် အိမ်တိုင်ရာရောက် လာ၍ရောင်းချပေးတဲ့စားစရာမျိုးဖြစ်နေပါတယ်။

ဒါကြောင့် ကောင်းခြင်းများစွာနဲ့ ပြည့်စုံကြွယ်ဝနေတဲ့ စားဖွယ်အာဟာရ 'ပဲနီလေးချဉ်စပ်မဆလာဟင်းလျာ' စီမံနည်းကို တင်ပြပေးပါမည်။

□ ပါဝင်ပစ္စည်းများ

၁။ ပဲနီလေး ၂၀၀ ဂရမ် (၁၅ကျပ်သား)။
၂။ မန်ကျည်းသီးအနှစ်ရည်စားပွဲတင်ဇွန်း (၃)၊ (၄)ဇွန်း
၃။ ဇီရာ၊ နံနံစေ့လှော်ပြီးထောင်းပြီးသား (သို့) ဟင်းမွှေးမဆလာ (၁) ဇွန်း
၄။ ကြက်သွန်နီ (၁) ဥ
၅။ ကြက်သွန်ဖြူ (၅) မွှာ
၆။ ပျဉ်းတော်သိမ်ရွက် (၁) ခက်
၇။ ပဲဆီစစ်စစ် (၅) ကျပ်သား
၈။ ဟင်းခတ်အရသာမှုန့် (၁) ဇွန်း
၉။ ငရုတ်သီးခွဲခြမ်း (၁/ ၂)ဇွန်း

ပါဝင်ပစ္စည်းများ စုံလင်ပြီဆိုရင် ကြက်သွန်ဖြူ နီ ပါးပါးလှီးထား၍ ပျဉ်းတော်သိမ်ကိုအရွက်ခြွေပြီး ဒယ်အိုးတွင် ဆီကိုပူလာအောင်မီးပေး။ ဆီဆူလာပါက ပျဉ်းတော်သိမ်ရွက်များကို ထည့်၍ကြော်ပါ။ အားလုံးကြွပ်ရွလာရင်ဆယ်ထားပြီး ကြက်သွန်ဖြူ ကြက်သွန်နီကို ထည့်၍ ဆီသတ်ပါ။

ပြီးရင် ပဲကတ္တီပါပြုတ်များကိုထည့်ကာ ရောသမသွားအောင်မွှေပေးပြီး ပဲကတ္တီပါများကိုဆီသတ်၍နှံ့သွားလျှင် အရသာမှုန့်လိုသလိုခတ်ပြီး မန်ကျည်းနှစ်ရည်ကို အချဉ်အရသာစိတ်ကြိုက် ထည့်ပေးပြီး ဆက်၍မွှေပေးပါ။

ပဲကတ္တီပါများကျစ်၍ရနံ့မွှေးလာပြီဆိုလျှင် ဇီရာ၊ နံနံမှုန့် (သို့) ဟင်းမွှေးမဆလာကိုထည့်၍ပေးပြီး ယခင်ကဆယ်ယူထားသော ပျဉ်းတော်သိမ်ရွက်အကြွပ်ကြော်များပါထည့်၍ သမသွားအောင်ရောမွှေပြီး မီးဖိုပေါ်မှချလိုက်လျှင် အလွန်မွှေးကြိုင်ပြီး မြန်မာတို့အကြိုက် ပဲနီလေး(ပဲကတ္တီပါ)ချဉ်စပ်မွှေးဟင်းလျာကို သုံးဆောင်နိုင်ကြပါပြီ။

အိမ်ရှင်မများအတွက် မြန်၊ ကောင်း၊ သက်သာ၊ အာဟာရပြည့် အရသာကောင်းမွန်လှသောဟင်းတစ်ခွက်ကို ဂုဏ်ယူစွာနှင့် မိသားစုကို တည်ခင်းနိုင်ပါလိမ့်မည်။

*သတ္တဝါများစားသမျှအားဖြစ်၍ ကျန်းမာကြပါစေ*

ရွှေနဝင်း(ပုသိမ်)






www.burmeseclassic.com

www.burmeseclassic.com



# ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

## မိုနယ်ပဲ့ဗ်ဖါးနိုင်ယာရိယံကြ (၄) ပါတော်မူပြီးခါ မြန်မာနိုင်ငံအခြေအနေ



၁၆၊ ဇန်နဝါရီ ပြည်။

ရထားသည် ပြည်မြို့သို့ နံနက် (၆) နာရီအချိန် ဆိုက်ရောက်သည်။ မြို့၏ မြင်ကွင်းသည် လွန်စွာလှပသည်။ အပူပိုင်းဒေသ သဘာဝပေါက်ပင်များ ဖုံးလွှမ်းထားသော တောင်တန်းများက မြို့ကိုဝိုင်းရံထားကြသည်။ ပတ်ဝန်းကျင် အနေအထားလည်း ကောင်းမွန်သည်။ တစ်ဖက်တွင်မူ မှောင်မည်းနေသော ဘန်ဂလိုသည် ဖုံအလိမ်းလိမ်း အညစ်အကြေးများဖြင့် မသန့်ရှင်းပေ။

ကျွန်ုပ်သည် မေဂျာအလက်ဇန်ဒါထံသို့ စာတစ်စောင်ရေးသားနေသည်။ သူသည် ကျန်ဒေသ၏ Depully Commission ဖြစ်သည်။

မွန်းလွဲ (၃) နာရီတွင် ရွှေဆံတော်ဘုရားသို့ သွားရောက်သည်။ စေတီကို တောင်ကုန်းပေါ်တွင် တည်ထားသည်။ အဆောက်အအုံမျိုးစုံ ဘုရားပတ်ပတ်လည်တွင်ရှိသည်။ တချို့သောနေရာများသည် ဗြိုဟ်တိုင်များရှိသည်။ ဗြိုဟ်တိုင်များပေါ်တွင် နေ့နံဆိုင်ရာအရုပ်ပုံများကို အတ္တရာဖြင့်ဖော်ပြထားပြီး နေ့ရက်တစ်ရက်ရက်တွင် မွေးဖွားသူသည် ထိုနေရာသို့ သွားရောက်ပြီး ရှိခိုးခြင်း၊ ပန်းများဆက်ကပ်လှူဒါန်းခြင်းတို့ ပြုလုပ်ရန်အတွက် ရည်ရွယ်ဟန်တူသည်။

ရွှေဆံတော်ဘုရား၏ ဝန်းကျင်တွင် ဘုန်းကြီးကျောင်းအနည်းငယ်ရှိပြီး ဘုန်းကြီးကျောင်းတိုင်းတွင် စာသင်ကျောင်းဖွင့်ထားသည်။ ဘုန်းကြီးကျောင်းနှစ်ကျောင်းသို့အလည်အပတ်သွားရောက်သည်။ကျောင်းနှစ်ကျောင်းစလုံးသည် ကျွန်ုပ်အား နွေးထွေးစွာကြိုဆိုခြင်း မရှိပေ။

စာသင်ကျောင်းများအခြေအနေကို ဤသို့တွေ့မြင်ရသည်။ အလယ်ဗဟိုနေရာတွင် ရဟန်းတစ်ပါးကထိုင်ပြီး အဝါရောင်သင်္ကန်းကိုချုပ်နေလေသည်။ ရဟန်းပတ်ပတ်လည်တွင် ကျောင်းသားများက ဖျာပေါ်တွင်ထိုင်နေသည်။ ၎င်းတို့၏ရှေ့တွင် ကျောက်သင်ပုန်းများထားရှိသည်။ ကျောက်သင်ပုန်းတွင် မင်္ဂလသုတ်ထဲမှ စာကြောင်းအချို့ကို ရေးထားသည်။ ကျောင်းသားများ အသံထွက်၍ စာဆိုနေကြသည်။ အဓိပ္ပာယ်ကို နားလည်ဟန်မတူပါ။

မိုးဇာကျောင်းသို့အရောက်တွင် ကျွန်ုပ်အား စာစုစာရင်းကိုထုတ်ပြသည်။ စာအုပ်များမရှိပါ။ နောက်ဘုန်းကြီးကျောင်းနှင့်စာလျှင် ဤကျောင်းက ပို၍ ကြင်နာစွာ ဆက်ဆံသည်။ နောက်ဘုန်းကြီးကျောင်းမှဆရာတော်သည် ကျွန်ုပ်အား စကားပြောလိုဟန်မရှိပါ။

မောင်န (မြန်မာပညာရှင်တစ်ဦးဖြစ်သည်။ ရန်ကုန်ကောလိပ်မှပါမောက္ခဖြစ်သည်။) က သက်ကြီးဝါကြီးရဟန်းများသည် ဗြိတိသျှတို့အား မုန်းတီးကြသည်။ ဘုန်းကြီးကျောင်းပညာရေးကိစ္စတွင် အစိုးရဝင်ရောက်စွက်ဖက်သည်ကို ခွင့်မပြုဟုပြောသည်။

ပထမဘုန်းတော်ကြီးကျောင်းတွင် စာသင်သား (၆၀) ကျော်ကျော်ရှိသည်။ သူတို့သင်ယူနေသော သုတ္တန်ကျမ်းများသည် ရန်ကုန်ဘုန်းကြီးကျောင်းများမှ သုတ္တန်ကျမ်းများနှင့် အတူတူပင်ဖြစ်သည်။ ၎င်းသုတ္တန်များကို အလွတ်ကျက်မှတ်ပြီး စေတီများရှေ့မှောက်တွင် ပြန်လည် ရွတ်ဖတ်နေကြသည်။

မောင်နသည် ရန်ကုန်ကောလိပ်တွင် နေထိုင်သူဖြစ်၏။ ၎င်းက ကောလိပ်တွင် ကျွေးမွေးသော အစားအစာနှင့်ပတ်သက်၍ မကျေမနပ်ပြောဆိုသည်။ ဂီလ်ဘတ်ကမူ ၊ သူ၏အုပ်ချုပ်ရေး ကောင်းမွန်ကြောင်း ဂုဏ်ယူနေသည်။

တချို့သော ပုဂ္ဂိုလ်များသည် ဒုတိယဘုန်းကြီးကျောင်းမှ ရဟန်းတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# မြန်မာ့ထုံးတမ်းစဉ်အလာ

## လူမှုကိစ္စအဝဝ လေ့လာသိရှိမှု

မြန်မာမှု၊ မြန်မာအယူအဆ၊ မြန်မာ့ထုံးတမ်းအစဉ်အလာ လူမှုရေးကိစ္စများသည် များပြားလှပေသည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို သာရေးနာရေးပြုဖွယ်ကိစ္စရပ်များတွင်လည်း မိုးရာဓလေ့အယူအဆများရှိကြသလို တိုင်းရင်းသားများတွင်လည်း သူတို့၏ရိုးရာအယူအဆများရှိကြပေသည်။ အိမ်ဆောက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ တိရစ္ဆာန်များအဝင်အထွက်များ၊ ပျားစွဲ၊ ခြတောင်ပို့ရှိသည့်ကိစ္စများတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ ခရီးသွားလာသည့်အခါ ပြုဖွယ်ကိစ္စများရှိကြသည်။

ရှေးလူကြီးသူမများက သူတို့၏ အတွေ့အကြုံများကို နောင်လာနောက်သားလူငယ်များသိရှိကြစေရန် ဆောင်ရန်၊ ရှောင်ရန်များ၊ ပြုဖွယ်ကိစ္စများကို တစ်ဆင့်စကားပြောကြားခြင်း၊ မှာကြားခြင်း၊ စာပေဖြင့် ရေးသားမှတ်ထားခဲ့ခြင်းများကြောင့် ယနေ့ခေတ်လူငယ်များသိရှိကြရသည်။ နောင်လာမျိုးဆက်သစ်လူငယ်များ၏ ကောင်းကျိုးအတွက် စေတနာမေတ္တာထားကာ လမ်းညွှန်ပြသခဲ့သော ရှေးလူကြီးများ ကျေးဇူးရှင်ကြီးများကို အထူးပင်ကျေးဇူးတင်ထိုက်ကြပေသည်။

ယခုနှစ် တန်ခူးလပြည့်နေ့က တပည့်မတစ်ဦး ကျွန်ုပ်အိမ်သို့ရောက်လာ၏။ ဘာကိစ္စရှိသလဲဟုမေးရာ -

"ဆရာ့ကို မေးစရာရှိလို့ပါ"

ဟု ဖြေပါသည်။

ကျွန်ုပ်က -

"ဘာများမေးစရာရှိလို့လဲ"

တာ လှူဒါန်းသည်။ ရဟန်းတော်သည် ဂေါတမဗုဒ္ဓဝင်စားသည်ဟု ယုံကြည်သည်။ အမြင်ပန်းအားဖြင့်လည်း ဂေါတမဗုဒ္ဓအား ကြည်ညိုမှုမျိုးဖြင့် ၎င်းရဟန်းအား ကြည်ညိုကြသည်။ လူအများသည် ၎င်းအား ရှိခိုးကန်တော့ကြပြီး ရဟန်းတော်၏ရှေ့မှောက်တွင် ဦးချနေကြသည်။ ယင်းသို့ အရိုအသေပြုခြင်းတိုင်ပင် ရဟန်းတော်အနေအဖြင့် အသိအမှတ်မပြုပေ။ ထိုရဟန်းတော်အား လှူဒါန်းသော ဝတ္ထုပစ္စည်းများတွင် ပန်းများနှင့် သစ်သီးများ ပါဝင်သည်။

ထိုမှတစ်ဆင့် ကျွန်ုပ်သည် ဈေးသို့ သွားရောက်သည်။ သို့ရာတွင် ဈေးပိတ်ထားသည်ကိုတွေ့ရသည်။ အများပြည်သူတို့၏ပန်းခြံကို သန့်ရှင်းအောင်ပြုလုပ်ထားသည်။ သို့ရာတွင် ပန်းခြံမှာမကြီးလှပါ။ ကျန်နေရာတွင်လည်း ကြီးမားသော ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးတွေ့ရသည်။ ပြည်မြို့မှာ အလွန်လှပသောမြို့တစ်မြို့ဖြစ်ပြီး စေတီပုထိုးနှင့်ဘုန်းကြီးကျောင်းများစွာရှိ သည်။

ပြည်မြို့ရှိ ဗိုလ်တဲတွင်တည်းခိုစဉ် အထူပိုင်းဒေသ ခြံရှင်တစ်ဦး ကျွန်ုပ်နှင့်လာရောက် တွေ့ဆုံပြီး နိုင်ငံရေးကိစ္စဆွေးနွေးသည်။ ဆွေးနွေးသောအကြောင်းအရာမှာ ရုရှားနိုင်ငံအကြောင်းဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၏ ရည်ရွယ်ချက်အကြောင်းကို သိလိုဟန်ရှိသည်။

ပြည်မြို့ရှိ ဘုန်းကြီးကျောင်းက ဖွင့်လှစ်သော စာသင်ကျောင်းအခြေအနေနှင့်ပတ်သက်ပြီး ကျွန်ုပ်မြင်တွေ့ခဲ့ရသည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်သည်။ ၎င်းကျောင်းများသည် ဥရောပတိုက်သားစာသင်ကျောင်းများနှင့် မည်သို့ယှဉ်ပြိုင်နိုင်မည်နည်း။ အင်္ဂလိပ်စာသင်ကြားရေးလိုအပ်နေသည်။ မြန်မာတို့သည် စာပေကို သိပ္ပံနည်းကျလေ့လာသင်ယူဖို့ အမှန်ပင်လိုအပ်နေသည်။

၁၇၊ ဇန်နဝါရီ၊ ရွှေတောင်မြို့။

ရွှေတောင်မြို့သည် ပြည်မြို့မှ (၁၀) မိုင်ခန့် အကွာအဝေးတွင် တည်ရှိသည်ဟု ဆိုကြသည်။ ကျွန်ုပ်သည် ဧရာဝတီမြစ်ကမ်းဘေးတွင် ဖောက်လုပ်ထားသော မော်တော်ကားလမ်းဖြင့် သွားရောက်ရာ (၂) နာရီအတွင်းရောက်ရှိသွားသည်။ မြို့ဝန်းကျင်သည် လွန်စွာနှစ်လိုဖွယ်ကောင်းသည်။

ကျွန်ုပ် ပထမဦးစွာ သွားရောက်နေသောနေရာမှာ ဆရာတော်တစ်ပါး ကျောင်းဖြစ်သည်။ ဆရာတော်သည် ကျမ်းပေါင်းကိုးကျမ်းကို ပြုစုထားသော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းကျမ်းများတွင် ဇိနတ္ထပကာသနီ၊ နိရောဓမဂ္ဂဒေသနီ၊ ကဝိသာရဋီကာနိဿျနှင့် ဂန္ဓဝံသ စသည်တို့ ပါဝင်သည်။

ဆရာတော်၏ သီပေါမင်းအပေါ် သဘောထားမှာ ဆန်းကြယ်သည်။ ဆရာတော်သည် ဘုရင့်ကံကြမ္မာအတွက် ဝမ်းနည်းကြေကွဲနေသည်။ ဘုရင်မည်သည့်နေရာရောက်နေသည်ကိုမသိရှိပေ။ သီပေါမင်း၏ စာပေကျမ်းဂန်နှံ့စပ်ပုံကို ချီးကျူးပြောဆိုသည်။ ဆရာတော်က သီပေါမင်း၏ ရက်စက်သည့်အပြုအမူလုပ်ဆောင်ချက်များကို ဘုရင်၏မှူးမတ်များက သီပေါမင်း၏အမည်ကို အသုံးပြု၍ လုပ်ဆောင်ခြင်းသာဖြစ်၍ ထိုဖြစ်မှုများအတွက် ဘုရင်တွင် တာဝန်မရှိကြောင်း ပြောပြသည်။

ဆရာတော်ကြီးတွင် စာသင်ကျောင်းနှစ်ကျောင်းရှိသည်။ စာသင်ကျောင်းတစ်ကျောင်းတွင် စာသင်သား (၁၀) ဦးရှိသည်။ ၎င်းတို့သည် အခြားကျောင်းများတွင် သင်ကြားနေသော သင်ခန်းစာများကို သင်ယူနေကြသည်။ အခြားကျောင်းတစ်ကျောင်းတွင် စာသင်သားရဟန်း (၁၂)ပါးရှိသည်။ သူတို့သည် အဘိဓမ္မာကို လေ့လာနေကြသည်။ အဘိဓမ္မာကျမ်းများကို (၅) လခန့်ကြာအောင် သင်ယူကြရသည်။

အိမ်တစ်အိမ်တွင် သေဆုံးမှုဖြစ်ပါက ပေတာဝတ္ထုမှ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

သီပေါမင်းအား မန္တလေးရွှေမြို့တော်မှ ရန်ကုန်သို့ခေါ်ဆောင်သွားရာတွင် အစိုးရအတွက် စရိတ်စက ကြီးမားသည်။ သာဓကအားဖြင့် သင်္ဘောပေါ်တွင် ထမင်းတစ်နပ်စာအတွက် ရူပီငွေ (၅၀၀၀) ကုန်ကျသည်။ ထိုမျှသော ကုန်ကျစရိတ်ဖြင့် ရန်ကုန်မှ မဒရပ်စ်သို့ သွားရောက်နိုင်သည်။

ဆက်လက်ဖော်ပြမည်

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

1.P.Minayeff, Travels in and Diaries of India and Burma, Calculta.



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်မေးရာ သူမက -

"အိမ်မှာ တောင်ပို့ပေါက်နေတာနဲ့ အမေတို့က မေးခိုင်းလိုက်လို့ပါ"

"အိမ်ရဲ့ဘယ်နေရာမှာပေါက်တာလဲ။ အိမ်ရဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်အရပ်မှာပေါက်တာလဲ။ ဘယ်လောက်ကြာပြီလဲ"

"တောင်ပို့ပေါက်တာက လကြာပြီ။ ဘာမှမလုပ်ရဲလို့ ဒီအတိုင်းပဲ။အိမ်ရဲ့တောင်ဘက်ခေါင်းရင်းဘက်မှာပေါက်တာပါ"

"လောကသုတ်ကျမ်းမှာဆိုတာက တောင်ဘက်မှာ တောင်ပို့ပေါက်လျှင်၊ ရှိလျှင် စီးပွားချမ်းသာတိုးတက်အံ့လို့ဆိုတော့ ကောင်းပါတယ်"

"ကျွန်မတို့ဘာ လုပ်ရမလဲ"

ဟု သူမကမေး၏။

"ဘာမှသွားမလုပ်နဲ့မဖြိုနဲ့။ အမွှေးနံ့သာရည်ဖျန်းပေးပေါ့"

သူမက ကျွန်ုပ်ကို နှုတ်ဆက်ကာ ပြန်သွားတော့သည်။

သူမပြန်သွားမှ ကျွန်ုပ်စဉ်းစားကြည့်မိသည်။

လူမှုကိစ္စတွေက အမျိုးစုံပါလား။ ရိုးရာအစွဲတွေ၊ အယူအဆတွေနှင့် ယနေ့လူငယ်များများသိကြရအောင်၊ ရှေးလူကြီးတွေရဲ့စေတနာလည်း မပျောက်ပျက်ရအောင် နှမ်းတစ်စေ့ဆီတစ်စက်စာတစ်ရွက်ရေးဦးမှဟုတွေးကာ ရေးမိပါသည်။

❑

မိမိနေအိမ်တွင် အိမ်အောက်၊ အိမ်သာအောက်ဝယ်၊ တောင်ပို့ရှိမူ၊ ပေါက်မူ ပြောင်းရွှေ့လေ။ အိမ်ရှေ့တွင် ပေါက်မူ၊ ရှိပါမူ၊ ဘေးရန်ခပ်သိမ်းကင်းဝေး၏။ ရွှေငွေရတနာကြွယ်ဝချမ်းသာအံ့။ အိမ်၏တောင်ဘက်အရပ်မှာပေါက်လျှင် စီးပွားချမ်းသာတိုးတက်အံ့။ အိမ်အနောက်ကပေါက်မူ သားမြေးငယ်များနာဖျားအံ့။ အိမ်အနောက်မြောက်က ပေါက်မူ ဆန်စပါးပေါများအံ့၊ အိမ်အရှေ့တောင်ကပေါက်လျှင် အပူဇော်ခံရအံ့။ အနောက်တောင်တွင် တောင်ပို့မြင်၊ လူလျှင်ခိုက်တတ်စွ။ အရှေ့မြောက်ထောင့်ကပေါက်လျှင် လူအများပူဇော်အံ့။ကြွင်းငါးရပ်မှာ ပေါက်ရောက်လာ ကြည်သာရွှင်ပျ၊ ချမ်းသာကြ။ မကောင်းရပ်နေ ပေါက်လာပေ ရွှေရေလောင်းလေကြ၊

ဤသို့ယတြာ၊ ပြုသောအခါ၊ ရောဂါရန်-ကင်းပ-ချမ်းသာရ။

❑ **အိမ်၏အစိတ်အပိုင်းနေရာများ ပျားစွဲသော်**

အိမ်တံခါး၌ ပျားစွဲလျှင် စီးပွားတက်လာဘ်ရအံ့။

အိမ်လှေကားအောက်တွင် ပျားစွဲပါက စီးပွားပျက်အံ့။

အိမ်ခါးပန်း၊ အခင်းကြမ်း၊ ဆင့်၊ ရက်မ တိုင်ခြေများတွင်စွဲလျှင် စီးပွားတက်အံ့။

အိမ်ခေါင်၊ ထုပ်၊ သျောက်၊ ဒိုင်းမြား၊ အခြင်တို့တွင်စွဲမူ စီးပွားယုတ်အံ့။

အိမ်သာတွင်ပျားစွဲမူ၊ သေပျောက်တတ်၏။

အိပ်ရာခုတင်တွင်ပျားစွဲမူ ချမ်းသာကြွယ်ဝအံ့။

အဝတ်တန်ဆာတွင်စွဲမူ ရာထူးတိုးအံ့၊ ချမ်းသာအံ့။

❑ **ဒီသစ်တွေကိုရှောင်**

အိမ်၊ ကျောင်း၊ လှည်း၊ လှေများတွင် မသုံးမိပါစေနှင့်။

**မသုံးအပ်သောသစ်(၇)မျိုး**

**(၁) သစ်ဆွဲချ** - သစ်ခုတ်ဖြတ်စဉ်၊ တွဲလွဲဖြစ်နေသောသစ်ဖြစ်သည်။ အိမ်ဆောက်ပြီး မကြာခင် လူသေတတ်၏၊ မသာချရတတ်သည်။

**(၂) သစ်ဘီလူး** - အဖျားကြီးကား၍ အရင်းရှူးသောသစ်ဖြစ်၏။ လင်မယားသေကွဲကွဲတတ်၏။

**(၃) သစ်နပုန်း** - အရင်းအဖျားငယ်၍ အလယ်ကြီးသောသစ်ဖြစ်၏။ ဆင်းရဲတတ်၏။

**(၄) သစ်မျောက်** - အပင်ချင်း၊ အကိုင်းချင်း ကြိတ်နေသောသစ်။ အိမ်ပေါ်အမြင့်မှကျ၍သေတတ်သည်။

**(၅) ချောင်းကူးသစ်** - ချောင်း၊ လမ်းကိုကျော်၍လဲလျှင် ချောင်းကူး၊ လမ်းကူးသစ်။ ရန်များတတ်၏။

**(၆) သစ်နဂါး** - နွယ်များရစ်ပတ်နေသောသစ်။ သူခိုး၊ ဓားပြဒဏ်ခံရတတ်၏။ ရောဂါဥပဒ်ရတတ်၏။

**(၇) သူကောင်တင်သစ်** - ခုတ်သောအပင်၏ အကိုင်းအခွနှင့် အခြားအကိုင်းအခွတင်မိသောသစ်ဖြစ်သည်။

❑ **အသုံးပြုအပ်သောသစ်နှစ်မျိုး**

**သစ်ယောက်ျား** - အရင်း၊ အဖျားညီလျှင် သစ်ယောက်ျား။ အသုံးပြုလေ။

**သစ်မိန်းမ** - အရင်းကြီးကားလျှင် သစ်မိန်းမ အသုံးပြုလေ။ ထိုသစ်မိန်းမတွင် အဖျားရှူးလွန်းပါက 'သစ်တံစို့'ခေါ်သည်။ အသုံးမပြုရ။ ထိုသစ်နှစ်မျိုးလုံးမှာ သစ်ဆွေးခွံဝှက်ပါလျှင်ပယ်လေ။ မသုံးပါနှင့်။ ခေါင်းသက်၊ မျက်လယ်၊ မျက်သေးများကိုလည်း ပယ်ပါလေ။

❑ **မီးကျော်သစ် (၃) မျိုး**

သစ်မထုတ်ရခင် တောမီးလောင်လျှင် မီးကျော်သစ်ခေါ်၏။

အိမ် စသည့် ဆောက်ရာဌာနသို့ရောက်ပြီး မဆောက်မီ လူသေလျှင် မီးကျော်သစ်ဟု ခေါ်၏။

အိမ်ဆောက်ရန်ပုံထားစဉ် သားဖွားလျှင် မီးကျော်ဟုခေါ်၏။

၎င်းမီးကျော်သစ်များကိုပယ်လေ။

❑ **အသုံးပြုအပ်သောမီးကျော်သစ်**

သစ်ခုတ်စဉ်၊ မီးကျော်ရုံမက၊ မြွေကျော်၊ ခွေးကျော်၊ ဆင်ကျော်၊ ကျော်ချင်တာကျော် ငါထုတ်မယ်ဟု ပြောင်၍ဖြစ်စေ ပြောဖူးအံ့၊ မီးကျော်သုံးမျိုးတွင် လူသေမီးကျော်ကိုတော့ မယူအပ်၊ မသုံးအပ်ပေ။ တောမီးကျော်နှင့် သားဖွားမီးကျော်နှစ်မျိုးကို သုံးအပ်သည်။

❑ **အိမ်မဆောက်အပ်သောသစ်များ**

မိချောင်းသား၊ မအူသား၊ သခွတ်သား၊ ညောင်သား၊ သျှိသျှားသား၊ ဆီးဖြူသား၊ သီးသား၊ သပြေသား၊ သစ်ဆိမ့်သား၊ လက်ပံသား၊ ဝါလောသား၊ ကလေးသား၊

ဤသစ်မျိုးတို့ကို မည်သည့်အခါမျှ အိမ်ဆောက်ခြင်း၊ တဲအုံအောက်ခြင်း မပြုရ။

❑ **အိမ်၊ ကျောင်းမဆောက်ရသောနေ့**

**ကျောင်း** - ကျောင်းမှာ တနင်္လာနံဖြစ်သဖြင့် တနင်္လာနေ့တွင် မည်မျှပင်နေ့ကောင်းရက်မြတ်ဖြစ်စေကာမူ (**နေ့နှင့် နံထပ်လျှင်**) ပြဿဒါးဆိုသောကြောင့် ကျောင်းဟူသမျှ **တနင်္လာနေ့**တွင် မဆောက်ရ။

**အိမ်**မှာ တနင်္ဂနွေနံဖြစ်၍ တနင်္ဂနွေနေ့တွင် ရက်ကောင်း၊ အခါကောင်းကြုံစေကာမူ (**နေ့နံထပ်**) ပြဿဒါးကြုံသောကြောင့် မည်သည့်အိမ်ကိုမျှ တနင်္ဂနွေနေ့တွင် မဆောက်ရ။ ထို့ထက် ကျောင်းဒကာ၊ ကျောင်းပိုင်၊ အိမ်ရှင်တို့၏နေ့နံပါ သုံးခုထပ်လျှင်ကား အလွန်အကျုံးခိုက်တတ်၏။ သတိချပ်ပါလေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



မောင်လှိုင်ထွေး (ဥပဒေ)

# ကောသလမင်းကြီးအိပ်မက်

□ အရှင်ဘုရား၊ တစ်ခုသော အိပ်မက်သည် မျက်စဉ်းညို့အဆင်းရှိကုန်သော နွားနက်ကြီးလေးကောင်တို့သည် ဝှေ့ကုန်အံ့သောအခြင်းအရာဖြင့် အရပ်လေးမျက်နှာမှ မင်းရင်ပြင်သို့ လာလတ်ပါ၏။ ထိုအခြင်းအရာကို ကြည့်ကုန်အံ့သော လူအပေါင်းတို့သည်လည်း လာလတ်ပါ၏။ နွားနက်တို့သည် ဝှေ့မယောင်နှင့် တွန်မြည်ကြုံးဝါးခြင်းသာပြု၍ မဝှေ့မူကုန်ဘဲ ရှောင်လွှဲတိမ်းဖယ်သွားကြပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့ လက်ထက် တရားမစောင့်သောလူတို့သည် ဖောက်ပြန်သောအမှုတို့ကိုပြုသဖြင့် ဆုတ်ယုတ်သောကာလဖြစ်၍ လူတို့ငတ်မွတ်ဆင်းရဲခြင်းသို့ဆိုက်ကုန်အံ့။ မိုးသည် ကောင်းစွာမရွာ။ ရွာအံ့သောအခြင်းအရာကိုပြ၍ မရွာမူဘဲရှိ၏။ နွားနက်လေးကောင်ဝှေ့ဟန်ပြု၍ မဝှေ့ဘဲရှောင်သကဲ့သို့တည်း။

□ အရှင်ဘုရား၊ နှစ်ခုမြောက်သော အိပ်မက်သည် အလွန်ငယ်ကုန်သော သစ်ပင်၊ ချုံနွယ်တို့သည် မြေမှပေါက်စ တစ်ထွာတစ်တောင်မျှဖြင့် အသီးတို့သီးကြပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့ လက်ထက် လူတို့အသက်တိုအံ့။ ပြင်းစွာတပ်မက်သော ရာဂရှိသည်ဖြစ်လတ္တံ့။ အရွယ်မရောက်ကုန်၊ အလွန်ငယ်ကုန်သောသတို့သမီးတို့သည် အိမ်ရာထောင်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းတို့ကိုပြုလတ္တံ့။ အလွန်ငယ်ကုန်သော သစ်ပင်ချုံနွယ်တို့သည် မြေမှပေါက်စတစ်ထွာတစ်တောင်မျှဖြင့် အသီးတို့သီးသကဲ့သို့တည်း။

□ အရှင်ဘုရား၊ သုံးခုမြောက်သော အိပ်မက်သည် နွားမကြီးတို့သည် ထိုနေ့ဖွားစ နွားမငယ်တို့၏နို့ကိုစို့ကြပါကုန်၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့ လက်ထက် လူတို့သည် အသက်အရွယ်ကြီးမြတ်သောသူတို့ကို ဂရုဂါရဝမပြု။ မိဘတို့၌၊ ယောက္ခမတို့၌၊ ရှိသေထိုက်သောသူတို့၌ ရှိသေခြင်းမရှိကြကုန်အံ့။ လူငယ်တို့သည် ပစ္စည်းဥစ္စာတို့ကို စီရင်ကြကုန်လျက် မိဘတို့ကို ကောင်းစွာမပေးမကျွေးကြကုန်အံ့။ မိဘတို့သည် သားသမီးတို့ထံ လက်ဖြန့်ခံ၍ တောင်းရမ်းစားသောက်ရအံ့။ နွားမကြီးတို့သည် ထိုနေ့ဖွားစနွားမငယ်တို့၏နို့ကိုစို့ရသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

တည်း။

□ အရှင်ဘုရား၊ လေးခုမြောက်သေသာအိပ်မက်သည် ဝန်ကိုရွက်ဆောင်နိုင်သော နွားကြီးတို့ကိုဖယ်ထားလျက် နုနယ်သောနွားပေါက်ကလေးတို့ကို လှည်း၌က,၍ ကြီးလေးသောဝန်တို့ကိုရုန်းစေပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် အစဉ်အဆက်အားဖြင့် အသိအလိမ္မာ ဉာဏ်ပညာအမြော်အမြင်ရှိကြကုန်သော မင်းမှုကိစ္စကြီးငယ်တို့ကို ပြီးမြောက်အောင် ကောင်းစွာ ဆောင်ရွက်နိုင်ကုန်သောသူတို့အား ရာထူးဥစ္စာမပေးကုန်။ တရားဆုံးဖြတ်ရာ စသည်တို့၌ ထိုပညာရှိကြီးများကို မခန့်မအပ်။ အလွန်ငယ်ကုန်သော၊ အသိအလိမ္မာနည်းကုန်သောသူတို့ကိုသာ ရာထူးဥစ္စာပေးကုန်အံ့၊ တရားစသည်စီရင်စေကုန်အံ့။ ထိုသူတို့သည် ဝန်ကိုမထမ်းမရွက်နိုင်ကုန်။ နုနယ်သော နွားပေါက်ကလေးတို့ကို လှည်း၌က,၍ ကြီးလေးသောဝန်ကိုရုန်းစေသကဲ့သို့တည်း။

□ အရှင်ဘုရား၊ ငါးခုမြောက်သောအိပ်မက်သည် မျက်နှာနှစ်ဖက်ရှိသော မြင်းတစ်ကောင်သည် နှစ်ဖက်သောနံပါးတို့၌ရှိသော မုယောဆန်၊ နွားစားငုတ်၊ မြက်ငုတ်တို့ကို နှစ်ဖက်သောခံတွင်းတို့ဖြင့် စားသောက်ပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် ထိုမင်းတို့သည် အကျင့်ယုတ်သူတို့အား တရားဆုံးဖြတ်ရာအရပ်၌ ထားကြကုန်လတ္တံ့။ ထိုသူမိုက်တို့သည် တရားဖြစ်ကြသူ နှစ်ဦးနှစ်ဖက်ထံမှ တံစိုးလက်ဆောင်ယူ၍စားသောက်ကြကုန်လတ္တံ့။ မျက်နှာနှစ်ဖက်ရှိသော မြင်းတစ်ကောင်သည် နှစ်ဖက်သော ခံတွင်းတို့ဖြင့်စားသောက်သကဲ့သို့တည်း။

□ အရှင်ဘုရား၊ ခြောက်ခုမြောက်သောအိပ်မက်သည် လူအများသည် အဖိုးတစ်သိန်းထိုက်သောသိင်္ဂီရွှေခွက်ကို သုတ်သင်ဆေးကြော၍ ဤရွှေခွက်၌ ကျင်ငယ်စွန့်ပါလော့ဟု တစ်ကောင်သောမြေခွေးအိုအား ပေးကြပါ၏။ မြေခွေးအိုသည် ထိုရွှေခွက်၌ ကျင်ငယ်စွန့်ပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် ထိုမင်းတို့သည် အမျိုးနှင့်ပြည့်စုံသော သူကောင်းတို့အား ရွံ့ရှာခြင်းရှိသဖြင့် ဥစ္စာရာထူးမပေး။ အမျိုးမမြတ်သူ၊ အမျိုးယုတ်သူတို့အားသာ ဥစ္စာရာထူးပေး၍ ချီးမြှောက်အံ့။ ထိုအခါ အမျိုးကောင်းတို့ ပင်ပန်းဆင်းရဲစွာ အသက်မွေးကြရအံ့။ အမျိုးမမြတ်သူတို့ ချမ်းသာကြွယ်ဝအစိုးရအံ့။ အမျိုးမြတ်သူတို့သည် အမျိုးယုတ်သူတို့ကိုမှီ၍ အသက်မွေးအံ့ဟုကြံလျက် မိမိတို့၏ ရုပ်ဆင်းအင်္ဂါတင့်တယ်သောအမျိုးသမီးကောင်းတို့ကို အမျိုးယုတ်သူတို့နှင့် ထိမ်းမြားပေါင်းသင်းစေလတ္တံ့။ အဖိုးတစ်သိန်းထိုက်သောရွှေခွက်ကို မြေခွေးအိုအားပေး၍ ကျင်ငယ်စွန့်စေသကဲ့သို့တည်း။

□ အရှင်ဘုရား၊ ခုနစ်ခုမြောက်သောအိပ်မက်သည် ယောကျ်ားကြီးတစ်ယောက်သည် ကြိုးလွန်ကိုကျစ်၍ ခြေအရင်း၌ထားပါ၏။ ထိုယောကျ်ားထိုင်သော အင်းပျဉ်အောက်၌ရှိသော မြေခွေးတစ်ကောင်သည် ကျစ်၍ပြီးတိုင်းသောကြိုးလွန်ကို ထိုယောကျ်ားမသိအောင် ခိုးယူစားသောက်ပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သောမင်းဆိုးမင်းညစ်လက်ထက် မိန်းမတို့သည် ယောကျ်ား၌၊ သေသောက်ခြင်း၌၊ အဝတ်တန်ဆာ၌၊ပစ္စည်းအာမိသ၌ လျှပ်ပေါ်လောလီခြင်းရှိကြကုန်အံ့။ ထိုမိန်းမတို့သည် လင်ယောကျ်ားကြိုးပမ်းရှာဖွေထားသော ဥစ္စာတို့ဖြင့် ထိုထိုအရာတို့၌ ယုတ်မာသော အတိစာရအမှုကို ပြုကုန်လတ္တံ့။သူကျစ်ထားသောကြိုးလွန်ကို မြေခွေးခိုးစားသကဲ့သို့တည်း။

□ အရှင်ဘုရား၊ ရှစ်ခုမြောက်သောအိပ်မက်သည် မင်းအိမ်တံခါး၌ ရေမရှိသောအိုးငယ်တို့ ခြံရံထားသော ရေပြည့်အိုးကြီးတစ်လုံးရှိပါ၏။ အရပ်ရှစ်မျက်နှာမှလာကြသူတို့သည် အိုးငယ်များဖြင့်ရေကိုဆောင်ယူလာကြပြီး ရေမရှိသောအိုးငယ်တို့ကိုမဖြည့်မူဘဲ ရေပြည့်သောအိုးကြီးကိုသာ အသီးသီးလောင်းထည့်ကြပါ၏။ ဖလောင်းတိုင်းသောရေတို့သည် လျှံစီးကျနေသော်လည်း ဆက်လက်လောင်းမြဲလောင်းကြပါ၏။ ရေမရှိသောအိုးတို့ကိုလောင်းသောသူတစ်ဦးတစ်ယောက်မျှမရှိကြပါ။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် လူအများသည် ဆုတ်ယုတ်အံ့။ တိုင်းပြည်နိုင်ငံသည် သြဇာမရှိဖြစ်အံ့။ ဇနပုဒ်သားတို့သည် မင်းမှုကိစ္စတို့ဖြင့် နေ့ညမအားစေခိုင်းခြင်းကိုခံရအံ့။ ထိုသူတို့သည် မိမိတို့၏အမှုကိစ္စကိုစွန့်လျက် မင်းအကျိုးအတွက် ကောက်ပဲသီးနှံတို့ကိုစိုက်၍ မင်းဘဏ္ဍာတိုက်သို့ပို့ကြကုန်လတ္တံ့။ မိမိတို့၏ ကျီကြတို့ကိုငဲ့စောင်း၍မျှမကြည့်နိုင်ကုန်။ ရေမရှိသောအိုးငယ်တို့ကို ရေမလောင်းဘဲ ရေပြည့်သောအိုးကြီးကိုလောင်းသကဲ့သို့တည်း။

□ အရှင်ဘုရား၊ ကိုးခုမြောက်သောအိပ်မက်သည် အဆင်းငါးပါးရှိသော ကြာပဒုမ္မာတို့ ဖုံးလွှမ်းအပ်သော အလွန်နက်သောအရပ်ထက်ဝန်းကျင်ရေဆိပ်ရှိသောရေကန်ကြီးတစ်ခုကို အရပ်ရပ်မှလာသော အခြေလေးချောင်းရှိသော၊ အခြေနှစ်ချောင်းရှိသော သားငှက်တို့လာရောက်သောက်သုံးကြပါ၏။ ထိုရေကန်၏နက်ရာအလယ်ရှိ ရေတို့သည် နောက်ပါ၏။ ထိုရေကန်၏အနားအစပ်ရှိရေတို့သည် ကြည်ပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် ထိုမင်းတို့သည် ကိုယ်နှုတ်နှလုံးအလွန်ယုတ်အံ့။ ဆန္ဒာဂတိ စသည်တို့၌ အလိုက်ကြူးအံ့။ ဖြောင့်မတ်သောတရားအဆုံးအဖြတ်ကိုမပြု။ တံစိုးဥစ္စာယူကုန်အံ့။ မင်းတို့သည် သနားကြင်နာခြင်းမရှိ ရက်စက်ကြမ်းကြုတ်ကုန်အံ့။ အခွန်အတုပ်အမျိုးမျိုးကို ကောက်ယူအံ့။ လူတို့သည် မြို့ရွာကိုစွန့်၍မင်း၏နှိပ်စက်ခြင်းမှ လွတ်ရာ နိုင်ငံ၏အစွန်အဖျားသို့ သွားကြကုန်ယတ္တံ့။ ထိုအခါ နိုင်ငံ၏ အလယ်သည် ဆိတ်သုဉ်း၍ အစွန်အဖျားသည် တစ်ခဲနက်သောလူတို့ဖြင့် စည်ကားအံ့။ ရေကန်၏နက်ရာအလယ်ရှိရေတို့သည်နောက်၍ ရေကန်၏အနားအစပ်ရှိရေတို့သည်ကြည်သကဲ့သို့တည်း။

□ အရှင်ဘုရား၊ တစ်ဆယ်ခုမြောက်သောအိပ်မက်က တစ်လုံးတည်းသောအိုးဖြင့်ချက်သော ထမင်းသည် အိုးထဲ၌ သုံးဌာနခွဲထားဘိသကဲ့သို့ တစ်ပိုင်းသည် အလွန်ပျော့နေပါသည်၊ တစ်ပိုင်းသည် နူးနပ်ခြင်းမရှိ၊ တစ်ပိုင်းသည် ကောင်းစွာ နူးနူးနပ်နပ် ကျက်ပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် မင်းခစားအမတ်မ

www.burmeseclassic.com

မင်းမှုထမ်းများ၊ ပုဏ္ဏား၊ သူဌေးသူကြွယ်များ၊ နိဂုံးဇနပုဒ်၌နေသူများသည် တရားမစောင့်ကုန်။ ထိုသူတို့နှင့်ယှဉ်သောနတ်တို့သည်လည်း တရားမစောင့်ကုန်။ ရာသီဥတုဖောက်ပြန်အံ့။ မိုးမညီမညွတ်ရွာအံ့။ မိုးများရာအရပ်ရှိအသီးအနှံတို့သည်နစ်မွန်းပျက်စီးအံ့။ မိုးခေါင်ရာအရပ်ရှိအသီးအနှံတို့သည် ညှိုးနွမ်းပျက်စီးအံ့။ မိုးမျှတစွာရွာသွန်းသောအရပ်ရှိ အသီးအနှံတို့သည် ကောင်းစွာဖြစ်ထွန်းအံ့။ တစ်လုံးတည်းသောအိုးဖြင့်ချက်သော ထမင်းသည် ပျော့ခြင်း၊ မနပ်ခြင်း၊ နပ်ခြင်း သုံးဌာနကွဲ၍တည်သကဲ့သို့တည်း။

□ အရှင်ဘုရား၊ တစ်ဆယ့်တစ်ခမြောက်သောအိပ်မက်သည် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာနှစ်ကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစားသည်ကို မြင်မက်ပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် ပစ္စည်းအာမိသတို့၌ လျှပ်ပေါ်လော်လီကြကုန်သော အလဇ္ဇီရဟန်းတို့သည် ပစ္စယအာမိသ၌ အလွန်တပ်မက်ခြင်းဖြစ်၍ ငါဘုရားဟောကြားသော တရားဒေသနာတော်မြတ်ကို သက်နိုးစသည် ပစ္စည်းအသုံးအဆောင်အမျိုးမျိုး ရလိုမှုအကြောင်းကြောင့် လူအပေါင်းတို့အား ဟောကြားလတ္တံ့။ အချို့ရဟန်းတို့သည် အိမ်ကြိုအိမ်ကြား ၊ ခရီးလမ်းမ ခရီးလမ်းဆုံ၊ မင်းအိမ်တံခါး စသော အရပ်ဌာနအသီးသီး၌နေကြကုန်လျက် တစ်အသပြာ၊ အသပြာတစ်ဝက်မျှကို ဒုရန် တရားဟောကြကုန်လတ္တံ့။ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာနှစ်ကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစားသကဲ့သို့တည်း။

□ အရှင်ဘုရား၊ တစ်ဆယ့်နှစ်ခမြောက်သောအိပ်မက်သည် အချည်းနှီးသော ဘူးတောင်းတို့သည် ရေ၌ နစ်မြုပ်ကြပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် ထိုမင်းတို့သည် အမျိုးမြတ်သော သူကောင်းတို့အား မချီးမြှောက်။ အမျိုးမမြတ်သော သူယုတ်မာတို့အားသာလျှင် ချီးမြှောက်ကြကုန်လတ္တံ့။ ထိုသူယုတ်တို့သည် ဂုဏ်သိန်လွှမ်းမိုးအစိုးရကြကုန်လျက် မင်း၏မျက်မှောက်၊ မင်းအိမ်တံခါး၊ အမတ်တို့၏မျက်မှောက်၊ တရားဆုံးဖြတ်ရာအရပ်တို့၌ စကားအောင်မြင်ပြီးပြတ်အံ့။ အချည်းနှီးသော ဘူးတောင်းတို့သည် ရေ၌နစ်မြုပ်အသားကျသကဲ့သို့တည်း။

□ အရှင်ဘုရား၊ တစ်ဆယ့်သုံးခမြောက်သောအိပ်မက်သည် စုလစ်မွမ်းချွန်အထွတ်တပ်သော အိမ်ပမာဏအလွန်ကြီးလှစွာသော ကျောက်ဖျာကြီးသည် လှေအသွင် ရေပြင်၌ပေါ်နေပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် အမျိုးမမြတ်သောသူတို့သည် မင်းချီးမြှင့်သောဌာနန္တရဖြင့် အစိုးရကုန်အံ့။ တရားစီရင်ရာအရပ်စသည်တို့၌ ကြီးစိုးအံ့။ အမျိုးမြတ်သော သမ္မာဆန္ဒရှိကုန်သောသူတို့ လွန်စွာဆင်းရဲကြအံ့။ ကောင်းသောအကျင့်ရှိသူတို့အားရိုသေသမှုမပြုကြ။ မကောင်းသောအကျင့်ရှိသူတို့အားသာ ရိုသေသမှုပြုကြကုန်အံ့။ သူတော်ကောင်းတို့၏ တရားစီရင်ရာအရပ်စသည်တို့၌ ပြောဆိုသောစကားတို့ကို သူယုတ်တို့ ပြက်ရယ်ပြုလတ္တံ့။ အိမ်ပမာဏအလွန်ကြီးလှစွာသောကျောက်ဖျာကြီးသည် လှေအသွင် ရေပြင်၌ပေါ်သကဲ့သို့တည်း။

□ အရှင်ဘုရား၊ တစ်ဆယ့်လေးခမြောက်သောအိပ်မက်သည် အလွန်သေးငယ်လှသော ဖားမငယ်သည် အလွန်ကြီးကုန်သော မြွေဟောက်တို့ကို အလွန်လျင်သော အဟုန်ဖြင့်လိုက်၍ ကြာရိုးကြာစွယ်ကဲ့သို့ဖြတ်ကာဖြတ်ကာ စား၍မျိုပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် လူတို့သည် ပြင်းထန်သော ရာဂတရားတို့ ပွားများသည်ဖြစ်၍ ယောက်ျားကြီးတို့သည် ငယ်စွာသော မိန်းမတို့ကို သိမ်းပိုက်ယူငင်အံ့။ ပစ္စည်းဥစ္စာတို့ကို ထိုမိန်းမငယ်တို့ကသာ စီရင်အံ့။ ထိုမိန်းမငယ်တို့၏ အဆူအငေါက်ကို ထိုယောက်ျားကြီးတို့ခံကြရကုန်အံ့။ အလွန်သေးငယ်လှသောဖားမငယ်သည် အလွန်ကြီးကုန်သောမြွေဟောက်တို့ကို လျင်သောအဟုန်ဖြင့်လိုက်၍ ကိုက်ဖြတ်စားသောက်သကဲ့သို့တည်း။

□ အရှင်ဘုရား၊ တစ်ဆယ့်ငါးခမြောက်သောအိပ်မက်သည် သူယုတ်တို့အကျင့်တရား (၁၀) ပါးနှင့်ပြည့်စုံသော ရွာ၌ ကျက်စားသောကျီးကို ရွှေအဆင်းတမျှ အလွန်လှပသော ဟင်္သာအပေါင်းတို့က ခြံရံနေပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် ထိုမင်းတို့သည် ပညာအရာမလိမ္မာကုန်။ ပညာအရာမလိမ္မာကုန်သူတို့ကိုသာ ဥစ္စာရာထူးပေးကုန်အံ့။ ပညာအရာလိမ္မာသူတို့ကို ဥစ္စာရာထူးမပေးကြကုန်။ ထိုအခါ အမျိုးသားကောင်းတို့သည် မိမိတို့၏ အသက်မွေးခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အမျိုးယုတ်သော ဥစ္စာရာထူးရှိသောသူတို့ထံ၌ မျက်နှာအောက်ထား ခစားကြကုန်အံ့။ သူယုတ်တို့ရွာ၌ကျက်စားသောကျီးကို ရွှေအဆင်းတမျှ အလွန်လှပသော ဟင်္သာအပေါင်းတို့က ခြံရံနေသကဲ့သို့တည်း။

□ အရှင်ဘုရား၊ တစ်ဆယ့်ခြောက်ခုမြောက်သောအိပ်မက်သည် ရှေးအခါက သစ်တို့သည် ဆိတ်တို့ကိုလျင်သော အဟုန်ဖြင့်လိုက်၍ ကိုက်သတ်စားသောက်ကြပါ၏။ ယခုအခါ ဆိတ်တို့သည် သစ်တို့ကို လျင်သောအဟုန်ဖြင့်လိုက်၍ ကိုက်သတ်စားသောက်ကြပါ၏။ သစ်တို့သည် လွန်စွာထိတ်လန့်တုန်လှုပ်သည်ဖြစ်၍ ဆိတ်တို့နှင့်ဝေးရာ ထွက်ပြေးတိမ်းရှောင်ပြီးလျှင် တောချုံပုတ်တို့၌ ပုန်းအောင်းကြပါ၏။

□□ မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းဆိုးမင်းညစ်တို့လက်ထက် မင်းနှင့်အကျွမ်းဝင်သော အမျိုးဇာတ်ယုတ်နိမ့်သောသူတို့သည် ဣဿရိယဌာနပိုင်စိုးလွှမ်းမိုးကြသည်ဖြစ်ကုန်လတ္တံ့။ အမျိုးမြတ်ကုန်သောသူတို့သည် နှလုံးညှိုးပိန်စိုးရိမ်မကင်း ဆင်းရဲခြင်းဖြစ်ကုန်လတ္တံ့။ မင်းနှင့်အကျွမ်းဝင်သောသူယုတ်တို့သည် မင်းအား မိမိတို့၏စကားကိုနာယူစေလျက် တရားဆုံးဖြတ်ရာအရပ် စသည်တို့၌ အင်အားကြီးမားကုန်သည်ဖြစ်၍ အမျိုးမြတ်သူတို့၏ ပစ္စည်းဥစ္စာ၊ လယ်ယာဥယျာဉ်စသည်တို့ကို ငါတို့ဥစ္စာတည်းဟု တရားတွေ့၍ အနိုင်အထက်သိမ်းယူကြပြီးလျှင် ပစ္စည်းရှင်တို့အား ဒဏ်ဆောင်တုပ်နှောင်ကြကုန်အံ့။ ပစ္စည်းရှင်တို့သည် လွန်စွာကြောက်ရွံ့ကြသည်ဖြစ်၍ မိမိတို့၏ပစ္စည်းဥစ္စာလယ်ယာစသည်တို့ကို သင်တို့၏ဥစ္စာသာတည်းဟု ပေးအပ်ခဲ့ပြီးလျှင် ရှောင်ပုန်းကုန်လတ္တံ့။ ဆိတ်တို့ဘေးကို ရွံ့သဖြင့် သစ်တို့ပြေးကုန်ပုန်းကုန်သကဲ့သို့တည်း။

မောင်လှိုင်ထွေး (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

## မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်



ကတိသစ္စာတည်သောအခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခုဖြစ်ပါ၏။

ဤကမ္ဘာပေါ်၌ ပေါ်ရောက်သမျှသော နွယ်မြက်သစ်ပင်တို့သည်ကား ဆေးပင်များသာဖြစ်ကြပါ၏။

မသိသူက ကျော်သွားကြ၏။ သိသူက ဖော်စားကြ၏။ ဤသဘာဝကား မှန်ကန်သောအရာသာဖြစ်ပါ၏။ သိသူမှာ နည်းပါးပါ၏။ မသိသူက များပြားပါ၏။ တိုင်းရင်းဆေးပညာကို လေ့လာလိုက်စားလာသောအခါ အလွန်ပင်စိတ်ဝင်စားဖွယ်ရာတွေ့ရှိရပါ၏။ ဆေးပင်တို့၏သဘာဝဓာတုရသတို့မှာလည်း အံ့ဩဖွယ်ကောင်းပါ၏။

မည်သည့်ဆေးပင်တို့နှင့်ပေါင်းစပ်မှုမပြုစရာမလိုဘဲ မြစ်ချင်းပြီးဆေးပင်များကို တွေ့ရပါ၏။ ဆေးဂုဏ်သတ္တိတို့ကား ထက်မြက်ကြပါ၏။ ရောဂါတို့ကိုလည်း ဖယ်ရှားနိုင်ကြပါ၏။

တောအရပ်တောင်အရပ်တို့တွင် နေထိုင်ကြကုန်သော တိုင်းရင်းသားများရှိကြ၏။ သူတို့သည် ကျန်းမာရေးအတွက် ဆေးရုံ ဆေးခန်းတို့နှင့် အလှမ်းဝေးကွာကြသည်။ သို့သော် တောတောင်များတို့၌ သဘာဝပေါက်ရောက်နေကြသော နွယ်မြက်သစ်ပင်တို့သည်ကား သူတို့အတွက် ဆေးပင်များသာဖြစ်ကြပါ၏။

ထိုသဘာဝပေါက်ရောက်နေကြသော နွယ်မြက်သစ်ပင်ဆေးဖက်ဝင်တို့၏ဂုဏ်ကျေးဇူးတော်ကြောင့် ကျန်းမာစွာ နေထိုင်နိုင်ကြပါ၏။ ရောဂါဟူ၍ ထူးထူးထွေထွေဖြစ်ပေါ်လာခြင်း မရှိကြပါ။ တစ်ခါတစ်ရံ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသောရောဂါတို့ကိုလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တားဆီးနိုင်နင်းကြပါ၏။ ရောဂါတိုးပွား၍မဖြစ်ကြပါ။ ချမ်းသာစွာ နေနိုင်ကြပါ၏။

ဤနေရာတွင် အစွမ်းထက်မြက်သော ဇော်ဂျီတောင်ဝေ့ဆေးပင် အကြောင်းကို တင်ပြပါမည်။

### ☐ ဆေးပင်၏ပုံသဏ္ဌာန်

ဆေးပင်မှာ ပင်ပျော့ပင်ငယ်မျိုးဖြစ်၏။ အမြင့် (၁၀) ပေခန့်အထိမြင့်၏။ အကိုင်းအခက်ဖြာခြင်းမရှိ၊ ပင်လုံးတည်းဖြစ်၏။ ပင်စည်လုံးပေါ်တွင် အရွက်ရာအမာရွက်ကလေးများရှိ၏။ ပင်စည်လုံးသည် တောင်ဝှေးနှင့်သဏ္ဌာန်တူပါ၏။

### ☐ အရွက်

အရွက်သည် ပင်စည်လုံးအားပတ်၍ထွက်၏။ ရှည်မျော့မျော့လုံ့စွပ်ပုံသဏ္ဌာန်ရှိ၍ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသို့သွယ်သွား၏။အလျားတစ်တောင်ခန့်ရှည်၏။ ရွက်ညှာလေးလက်မခန့်ရှည်ပြီး မြောင်းကဲ့သို့ဖြစ်နေ၏။ ရွက်ညှာရင်းသည် ပင်စည်ကိုကုပ်ပတ်ထားသည်။ ရွက်ညှာနှင့်တကွ အရွက်ထက်အောက်မျက်နှာပြင်နှစ်ဖက်လုံးမှာ နုစဉ် အနီရင့်ရောင်ရှိ၏။ ရင့်လျှင် နီညိုရောင်နှင့် စိမ်းမှိုင်းမှိုင်းအရောင်ရောစပ်နေ၏။ ရွက်နားမှာ အနီရောင်ရှိ၏။ ရွက်ပြားချောမွေ့၍ အနည်းငယ်မာ၏။ ရွက်နားချော၍ လှိုင်းအနည်းငယ်ရှိ၏။ ရွက်လယ်ကြောထင်ရှား၍ သန်မာ၏။

### ☐ အပွင့်

အပင်ထိပ်မှ ပွင့်တံထွက်၍ပွင့်၏။ အပွင့်သေးငယ်၍ နီညိုရောင်ရှိ၏။

### ☐ အမြစ်

ရေသောက်မြစ်မှာ ရှည်လျား၍ ယင်းဘေးမှမြစ်မွှာလေးများဖြာထွက်၏။

### ☐ ပေါက်ရောက်သည့်ဒေသ

မြန်မာနိုင်ငံအနှံ့အပြားတို့တွင် ပေါက်ရောက်၏။

### ☐ ပေါက်ရောက်ပုံ

သဘာဝအလျောက်ပေါက်ရောက်၏။ ဘုရားညောင်ရေအိုးပန်းထိုးစိုက်ရန်အတွက် လည်းကောင်း အလှအဖြစ်လည်းကောင်း၊ ခြံဝင်းများတွင် စိုက်ပျိုးကြ၏။

### ☐ အသုံးပြုသည့်အစိတ်အပိုင်း

အရွက်၊ အမြစ်၊ ပဒွငါးပါး။

### ☐ ဆေးဂုဏ်သတ္တိ

ဇော်ဂျီတောင်ဝှေးသည် အရသာဖန်၏။ အေး၏။ သွေးအန်၊ သွေးကျ၊ သွေးလျှံ၊ သွေးသွန်နာကိုနိုင်၍ သည်းခြေဒေါသအပူကို လွန်စွာငြိမ်းစေနိုင်၏။

### ☐ ဆေးအဖြစ်အသုံးပြုပုံ

အရွက်ကိုရေနှင့်ကျိုသောက်ပါက သွေးအန်၊ သွေးကျ၊ သွေးလွန်ရောဂါပျောက်ပါ၏။ သကြားနှင့်ကျိုသောက်သော် ဝမ်းကောင်းစေ၏။ ဝမ်းမှန်စေ၏။ ထန်းလျက်နှင့်ကျိုသောက်သော် အူရောင်ရောဂါ၊ အသည်းရောင်ရောဂါတို့ပျောက်၏။ မီးယပ်ရောဂါအမျိုးမျိုးပျောက်ကင်းစေပါ၏။

ရွက်နုများကို ပါးပါးလှီး၍သုပ်စား၊ ဟင်းချိုချက်၍ တို့စားလျှင် ဝမ်းကိုက်ရောဂါပျောက်ပါ၏။ ဝမ်းကိုလည်းကောင်းစေ၏။ ဇော်ဂျီတောင်ဝှေးရွက်ကို လူနို့နှင့်ပြုတ်သောက်ပါက အဆုတ်ရောင်ခြင်း၊ အသည်းရောင်ခြင်းနှင့်ကျောက်ကပ်တွင်ဖြစ်တတ်သော ရောဂါများပျောက်ကင်းပါ၏။ နွားနို့နှင့်ပြုတ်ပါက ရင်ဘတ်နာရောဂါပျောက်ပါ၏။

### ☐ အမြစ်

အမြစ်ကိုသွေး၍ရှုလျှင် ထိပ်ကပ်နာနှင့် နှာခေါင်းသွေးလျှံ၊ သွေးကျခြင်းများ ပျောက်ကင်းပါ၏။ လျှာ၌ အနာ၊ အဖုအပိမ့်များပေါက်လျှင် ဇော်ဂျီတောင်ဝှေးမြစ်ကိုသွေး၍ ဆားအနည်းငယ်ထည့်ပြီး လျှာကိုနှိုပ်ပေးပါ။ အမြစ်ကိုပြုတ်သောက်ပါက ဝမ်းကိုကောင်းစေ၏။ အမြစ်ကိုသွေးလိမ်းသော် ဝဲစို၊ ဝဲခြောက်နာ၊ ပေါင်ခြံကွဲနာနှင့် အခြားအနာအဆာများပျောက်ပါ၏။

### ☐ ပဒွငါးပါး

အမျိုးသမီးများမီးယပ်မပေါ်သော် ဇော်ဂျီတောင်ဝှေးပဒွငါးပါးကို သကြားနှင့်ကျိုသောက်ပါက မီးယပ်ပေါ်လာ၏။ ဇော်ဂျီတောင်ဝှေး ပဒွငါးပါးပြုတ်ရည်ကို သကြား၊ ကန်စွန်းရွက်ပြုတ်ရည်နှင့်ပေါင်းစပ်၍ နေ့စဉ်သောက်ပေးသော် အဆုတ်ရောဂါပျောက်ပါ၏။

ဇော်ဂျီတောင်ဝှေးပဒွငါးပါးကြိတ်ညှစ်ရန် (သတ္တုရည်) ချင်း၊ ထန်းလျက်ရည်တို့ဆတူရောစပ်၍ နေ့စဉ်သောက်သော် အမျိုးသမီးများသွေးသားမှန်ကန်၍လှပစေ၏။ ဝဖြိုးစေ၏။ အမောလည်းခံနိုင်၏။ အမျိုးသမီးကြီးများသွေးဆုံးရောဂါကိုလည်းပျောက်ကင်းစေနိုင်၏။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

*မေတ္တာစေတနာများဖြင့်*

မဟာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ပန်းမြိုင်လယ်စိန်ဝင်း

# ဂန္ဓမာဒနတောင်တော် ရွှေစေတီတစ်ထောင် သာသနာ့နယ်မြေသို့တစ်ခေါက်

လေးမျက်နှာမြို့နယ်ထဲက ကျုံမိကျေးရွာသို့ မင်းဝေနိုင် (ဟသ်ာတ) ၏ ဖိတ်ကြားချက်အရ စာပေဟောပြောပွဲသွားရောက် ဟောပြောခဲ့ရပါသည်။ ကျွန်တော်နှင့်အတူ ဆရာမခင်ရှင်စော၊ ဆရာချိန်ချိန်တို့ပါ လိုက်ပါဟောပြောခဲ့ကြပါသည်။ ကျေးရွာဟောပြောပွဲဖြစ်သော်လည်း နားထောင်သူပရိသတ်ကကျောင်းလုံးပြည့်။ဟောရသည်မှာလည်းအာတွေ့ခဲ့သည်မို့ ရွာသားများအားလုံး ဟောပြောပွဲအပြီးတွင် ကကြခုန်ကြဖြင့် အားပေးကြသည်မှာ ပျော်စရာပင်ကောင်းသေးတော့သည်။ ဘယ်တော့မှမမေ့နိုင်တော့ပါ ကျုံမိရွာရယ်. . . ။

နောက်တစ်နေ့မနက်မှာတော့ဖြင့် အဆာပြေစားပြီး ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေသို့ မော်တော်ဆိုင်ကယ်များဖြင့် ခရီးဆက်ခဲ့ကြ၏။လေးမျက်နှာထိန်ငူဧရာဝတီမြစ်ရေကာတာကြီးပေါ်ကဖြတ်မောင်းရသည်မှာ အသည်းအေးဖွယ်။ တာအောက်ထိုးဆင်းသွားလျှင်စဉ်းစားဖွယ်ပင်မရှိတော့ပါ။ တာကြီးကမြင့်မားကာမတ်စောက်လွန်းလှပါသည်။

ကျွန်တော်တို့သွားရောက်ခဲ့သည့် ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေသည် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ချင်းလယ်ကျေးရွာအုပ်စု ဂန္ဓမာဒနတောင်တော်၌ တည်ရှိသည်။ ပုသိမ်-မုံရွာကားလမ်းမကြီး ပုသိမ်ဘက်မှ မိုင်တိုင် (၇၂) မိုင်နှင့်



ရွှေစေတီတစ်ထောင်၏အဓေါင်အချုပ် ပြည်တော်အေး အောင်သိဒ္ဓိရွှေစေတီ



ရွှေစေတီတစ်ထောင်မှ နဂါးခွေဘုရား




မဍ္ဍိမနဂါးခေါင်းကိုးလုံး
နဂါးကိုးကောင်းရွှေစေတီဘုရား



www.burmeseclassic.com

www.burmeseclassic.com



နဂါးသုံးကောင်က ဘုရား



နဂါးဘုရား



ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေ၌ ဆရာတော် ဘဒ္ဒန္တဝိသိဋ္ဌနှင့် သံဃာတော်များ ဘုရားအနေကဓာတင်နေပုံ

(၇၃) မိုင်အကြား ရွှေစေတီတစ်ထောင် ဆိုင်းဘုတ်အေး သာသနာပြုဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝါသိဋ္ဌ၏ စီစဉ်ညွှန်ကြားချက်ဖြင့် ဖောက်လုပ်ထားသော ကားလမ်းအတိုင်း (၁)မိုင်(၂)ဖာလုံ ခရီးကိုဝင်ရောက်လာလျှင် ဂန္ဓမာဒနတောင်တော် ရွှေစေတီတစ်ထောင် သာသနာ့နယ်မြေသို့ရောက်သည်။

ဂန္ဓမာဒနတောင်တော်၏ အရှေ့ဘက်တောင်ခြေရင်း၌ ချင်းလယ်ကျေးရွာတည်ရှိသည်။ အိမ်ခြေ (၁၀၀) ခန့်ရှိသည့်ကျေးရွာကြီးတစ်ရွာဖြစ်သည်။ သစ်ပင်ကြီးငယ်များဖြင့် အုပ်ဆိုင်းကာ အေးချမ်းသာယာသော ရွာလေးတစ်ရွာဖြစ်သည်။ ရွာသူရွာသားများသည် မိရိုးဖလာလယ်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ အချို့မှာ သစ်ခုတ်ဝါးခုတ်နီးဖြာလုပ်ငန်းဖြင့် ရိုးသားစွာ လုပ်ကိုင်စားသောက်ကြသည်ကိုလည်းတွေ့ခဲ့ရသည်။ ချင်းလယ်ဝါးနီးချောဖျာသည် ထင်ရှားသည်။

ချင်းလယ်ရွာသားတစ်ဦးက -

"တို့ချင်းလယ်ရွာသားတွေအဖို့က တော့ကွာ မားမတစ်ချောင်းသာရှိ ဘယ်တော့မှ ထမင်းမငတ်ဘူးကွ"

ဟု ဆိုသည်။

ထိုရွာနှင့်ပတ်သက်၍ စာချိုးတစ်ခုကိုလည်း ကြားသိခဲ့ရသည်။

'ဝါးမှာ ချင်းလယ်၊

ငါးမှာ ယင်းဆယ်၊

မယားမှာ နှင်းနွယ်'

ဟု ဆိုသည်။

ချင်းလယ်ရွာမှဝါးမှာ အကောင်းဆုံးဖြစ်သကဲ့သို့ လေးမျက်နှာမြို့နယ် ယင်းဆယ်ရွာမှထွက်သော ငါးပိသည် အကောင်းဆုံးဟု ဆိုလိုခြင်းပင်။ မယားမှာ နှင်းနွယ် ဆိုသည်မှာ စာချိုးကာရန်ယူထားခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်ကုလား၊ မယား တောသူ ဟူသော ဆိုစကားအရ ရိုးသားကြိုးစားသော တောသူ၊ အလုပ်လုပ်သောတောသူကို ဆိုလိုခြင်းလည်း ဖြစ်နိုင်ပါသည်။

ချင်းလယ်မှ ဂန္ဓမာဒနတောင်တော်သို့ ဆရာတော်ဖောက်ထားသည့်လမ်းအတိုင်း ဆိုင်ကယ်ဖြင့်ခရီးဆက်ခဲ့ကြသည်။ မတ်စောက်သောတောင်ကုန်းအတက်အဆင်းများကို ဆိုင်ကယ်ဂီယာနံပတ် (၁) ထိုး၍ တက်ရဆင်းရသည်။ အသည်းတအေးအေး ရင်တဖိုဖိုရှိလှသည်။ ဂန္ဓမာဒနတောင်တော်ကား ထူးခြားမှုများစွာရှိသည်ကို တွေ့ရသည်။ တောင်ပေါ်သို့တက်လိုက်သည်နှင့် စိတ်ထဲ ကြည်နူးအေးချမ်းသွားသည်။ တောင်တော်သည် ပျော်စရာကောင်းသည်။ ကြည့်လိုက်သည့်နေရာမှန်သမျှ ဘုရားစေတီရုပ်ပွားဆင်းတုတော်တွေ ဖူးမြော်ကြည်ညိုရသည်။ ဘုရားရိပ်တရားရိပ်သည် အေးချမ်းသာယာရှိလှပါသည်။ ထူးခြားချက်မှာ ဧက (၇၀) ခန့် အကျယ်အဝန်းရှိသော တောင်တော်မျက်နှာပြင်မှာ အနိမ့်အမြင့်ချိုင့်ကမူမရှိ၊ စည်မျက်နှာပြင်ကဲ့သို့ ညီညာနေခြင်းပင် ဖြစ်သည်။

တောင်တော်ပေါ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ မှော်ရုံ၊ ကုက္ကို စသော အဖိုးတန်သစ်ပင်ကြီးများ သရက်၊ ပိန္နဲ၊ မာလကာ၊ ရှောက်၊ သံပရာ စသောသီးပင်စားပင်များ၊ လက်ထုတ်ကြီး၊ ခအောင်းကြီး၊ သက်ရင်းကြီး၊ ဝင်အူ စသော ဆေးဖက်ဝင်သစ်ပင်များပေါက်ရောက်နေသည်ကိုလည်း တွေ့ခဲ့ရပါသည်။


www.burmeseclassic.com



ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေအနီး နှစ်ချို့ကုက္ကိုပင်ကြီး



အနေကာတတင်လှူပွဲ ရာဇဝင်



အနေကာတတင်လှူပွဲ အလှူအချို့



အနေကာတတင်ပွဲတက်ရောက်လာသည့် ဘီလူး၊ နဂါးနှင့် လူပရိသတ်

တောင်တော်အလယ်ဗဟို၌ ခြေထောက်သုံးချောင်းထောက်ထားသော ညောင်တံခါးပင်ကြီးမှာလည်း အထူးအဆန်းသဖွယ်ဖြစ်နေပြန်ပါသည်။ ညောင်တံခါးရှိသောနေရာ၌ တစ်ပါးသူတို့နှိပ်စက်ဖျက်ဆီးခြင်း၊ သူခိုး၊ ဓားပြ၊ မသူတော်စသော ဘေးအန္တရာယ်များမှ ကင်းရှင်းကြောင်း ရှေးသူတော်ကောင်း၊ ပညာရှိများက မြွက်ဆိုခဲ့သည်ကိုလည်း မှတ်သားဖူးပါသည်။

တောင်တော်ပေါ်တွင် ထူးခြားမှုတစ်ခုမှာ ငုပင်များသည် သဘာဝအားဖြင့် တန်ခူးလတွင် တစ်ကြိမ်သာပွင့်ကြသည်။ သို့သော် ဂန္ဓမာဒနတောင်ပေါ်ရှိငုပင်များမှာ သီတင်းကျွတ်လတွင် တစ်ကြိမ်၊ တန်ခူးလတွင် တစ်ကြိမ်၊ နှစ်ကြိမ်ပွင့်သည်ဟု ကြားသိခဲ့ရပါသည်။ ဂန္ဓမာဒနတောင်တော်နှင့် အနီးကပ်[illegible]ကုန်းရွာ၌ ၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်မှ နတ်တော်လကုန်သည်အထိ အခါမဲ့ ပိတောက်ပန်းများ [illegible]ကြိမ်ပွင့်ခဲ့ဖူးသည်ဟုဆိုသည်။ အခါမဲ့ပွင့်သောပိတောက်ပန်းများကို ပိတောက်ပင်ပိုင်ရှင်မှခူးယူပြီး သာသနာပြုကျောင်းသို့ လာရောက် လှူဒါန်းသည်ကို ဆရာတော်ကိုယ်တိုင် မြင်တွေ့လိုက်ရကြောင်း မိန့်တော်မူပါသည်။

ထိုနှစ်တစ်နှစ်တည်းမှာပင် ၁၃၅၂ခု၊ နတ်တော်လ၌ ဂန္ဓမာဒနတောင်တော်၏ အရှေ့ဘက် ကောင်းကင်ယံမှ ညနေ (၄)နာရီအချိန် ထီးဆောင်းလျက် သင်္ကန်းအနီရောင်ဖြင့် ရဟန်းတော်တစ်ပါးကြွရောက်လာကာ အနောက်ဘက်ရှိ ဂန္ဓမာဒနတောင်ထက်သို့ ကြွသွားကြောင်း လယ်ကွင်းထဲရှိ ချင်းလယ်ရွာသား မောင်ဝင်းဒေါ်အာစ်နှင့် အဒေါ်ဖြစ်သူ ဒေါ်ကြင်သိန်းတို့မှ ဖူးမြင်လိုက်ရကြောင်း ပြောကြား၍သိရပါသည်။

ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေတွင် တိုက်အုပ်ဆရာတော်အဖြစ် သာသနာပြုနေသော ဦးပဥ္စင်းကြီး ဦးတိက္ခဉာဏကလည်း သူကိုယ်တိုင် (၁၀) နှစ်သားအရွယ်က ကျွဲကျောင်းရင်း ထူးခြားသည့် ခြေတော်ရာတစ်ဆူကို ဖူးတွေ့ရကြောင်းပြောပြပါသည်။ ဂန္ဓမာဒနတောင်သည် နာဂပဗ္ဗတတောင်တန်း၌ ပါဝင်သည်ဟု ဆိုပါသည်။ တောင်တော်၏အနောက်ဘက်အဆုံး၌ ကျောက်ခြေတော်ရာကြီးတစ်ခုရှိကြောင်း၊ နက်မှောင်နေသော ကျောက်သားပေါ်၌ ထင်ထင်ရှားရှားရှိနေသော လက်ယာဘက်ခြေတော်ရာကြီး ဖြစ်သည်။ ခြေမတော်နေရာမှာ ထင်ထင်ရှားရှားရှိပြီး အလျား (၂) ပေခန့်၊ အနံ (၁)ပေခန့်၊ အနက် (၁) လက်မခွဲခန့်ရှိ ခြေတော်ရာသည် အနိမ့်မှအမြင့်သို့လှမ်းတက်သော ခြေတော်ရာ ဖြစ်သည်။ အပေါ်ဘက်၌ ဝါးနက်ဝါးလုံးခန့်အရွယ် ကျောက်သားထုတွင်ဖော်ထားသော တွင်း (၃) ပေါက်ရှိသည်။ လွန် ခဲ့သော အနှစ်(၇၀)ခန့်က တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ယခုအခါတွင် ကျောက်သားတွင်းပေါက်များမှာ ကာလကြာမြင့်ပြီး ကျောက်စရစ်ခဲများကျရောက်နေ၍ တွင်းပေါက်မှာ အနက် (၉)လက်မခန့်သာရှိတော့ကြောင်းသိခဲ့ရသည်။

ထူးခြားမှုတစ်ခုမှာ ဂန္ဓမာဒနတောင်တော် ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေတွင် (၁) နှစ်လျှင် ဗုဒ္ဓပူဇနိယပွဲတော်ကို (၄) ကြိမ်ကျင်းပခြင်းပင် ဖြစ်ပါသည်။ ကထိန်သင်္ကန်းကပ်လှူဒါန်းခြင်းကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပသည်။ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယရက်များအတွင်း အသစ်တည်မည့် ဘုရားစေတီများအတွက် နေရာသတ်မှတ်၍ အုတ်မြစ်တော်စီခြင်း၊ တည်ပြီးစေတီများအား ရွှေထီးတော်တင်လှူခြင်း၊ ဗုဒ္ဓါဘိသေကမင်္ဂလာအနေကဇာတင်ပူဇော်ခြင်း၊ ရွှေစေတီတော်တင်လှူပြီး ဘုရားစေတီများအား ရောင်တော်ဖွင့်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ညချမ်းအခါတွင် တည်ထားပြီး



www.burmeseclassic.com

ww.burmeseclassic.com

ဖြစ်သော စေတီတော်ရုပ်ပွားတော်များ၌ ဆီမီးအလင်းတိုင်များ ထွန်းညှိပူဇော်ကြပြီး မေတ္တာသုတ်ပရိတ်တော်ကို ညလုံးပေါက် အသံမစဲရွတ်ဖတ်ပူဇော်ကြ၏။ ဘုရားရှင်အား မီးပုံးပျံများဖြင့် လွှတ်တင်ပူဇော်ကြသည်။ ပဋ္ဌာန်းဆက်ရှိသူသူတော်စင်များကလည်း စေတီအသီးသီး၌ စရဏကျင့်စဉ်များပွားများအားထုတ်ကြသည်။

တန်ခူးလ သင်္ကြန်အခါတော်ရက်များတွင်လည်း တည်ထားပြီးသောစေတီတော်များကို ထီးတော်တင်လှူခြင်း၊ ထိုထီးတော်တင်လှူပွဲမှာပင် မိမိတို့၏ဘဝအဆက်ဆက်က တော်စပ်ခဲ့ဖူးသော ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များအား ရည်စူး၍ အသံမစဲမဟာပဋ္ဌာန်းပွဲကို ဓမ္မဒါနဓမ္မပူဇာအဖြစ် ရွတ်ဖတ်ပူဇော်ကြသည်။ သင်္ကြန်ရက်တွင် ဒုလ္လဘရဟန်းခံပွဲရှင်ပြုပွဲ၊ သီလရှင်ဝတ်ပွဲများ ယောဂီသူတော်စင်များအဓိဋ္ဌာန်ဝင်ခြင်းများဖြင့် သာသနာ့နယ်မြေတွင် သာသနာရောင်ဝါများ ထွန်းလင်းစေခဲ့သည်။

ဂန္ဓမာဒနတောင်တော်၌ ပထမဆုံးသော သာသနာ့အောင်လံတော်ကို စိုက်ထူခဲ့သော ရန်ကုန်မြို့နေ ဦးခင်မောင်သက်၊ ဒေါ်မြင့်မြင့်သက်တို့မှ ဗုဒ္ဓဂယာမဟာဗောဓိပင်မှ မျိုးယူစိုက်ပျိုးထားသော ဗောဓိပင်ကိုဂန္ဓမာဒနတောင်တော်၌ ၁၃၅၇ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အုတ်ပလ္လင်ခံပြီး စိုက်ပျိုးခဲ့သည်။ နှစ်စဉ် ကဆုန်ညောင်ရေသွန်းပွဲကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။ ထိုကဆုန်လပြည့်နေ့တွင်လည်း ဒုလ္လဘရဟန်းဝတ်လိုသူများ ရဟန်းခံရှင်ပြုပွဲများလည်း ကျင်းပကြပြန်သည်။ ထပ်မံပြီးစီးသော စေတီတော်များကို ရွှေထီးတော်တင်လှူခြင်း၊ ဘုရားအသစ်တည်မည့်နေရာများ၌ သာသနာ့အောင်လံစိုက်ထူခြင်း၊ အုတ်မြစ်တော်စီခြင်းများ ပြုလုပ်ကြသည်။

ဝါဆိုပူဇော်ပွဲကို ဝါဆိုလပြည့်နေ့တွင် ဆရာတော်သီတင်းသုံးရာ ဟသ်ာတမြို့ သပြေပင်ကျောင်းတွင်ကျင်းပသည်။ ဂန္ဓမာဒနတောင်တော် ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေကို စတင်တည်ထောင်တော်မူသော အာဒိကမ္မိက ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝါသိဋ္ဌအား သာသနာ့ပြုဖက် ပါရမီရှင်တပည့် ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းဖြင့် ပူဇော်ကန်တော့ကြသည်။ ထိုပူဇော်ပွဲတွင် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် သာသနာပြုကုသိုလ်ကောင်းမှုအစုစုအား ရေစက်သွန်းချ အမျှပေးဝေကြသည်။

သာသနာပြုဆရာတော်အနေဖြင့် ရွှေစေတီတစ်ထောင်သာသနာ့နယ်မြေတွင် ဝိပဿနာတရားစခန်းဖွင့်ရန် ဆန္ဒရှိတော်မူပါသည်။ ယောဂီ(၁၀၀)ဆံ့ဓမ္မာရုံနှင့် နေရာထိုင်ခင်း၊ အိုးခွက်ပန်းကန် ရေမီးပြည့်စုံနေပြီဖြစ်သော်လည်း (၁၀)ရက်စခန်းတစ်ပတ်လျှင် အနည်းဆုံးသိန်း(၂၀) ကျော်မျှကုန်ကျမည်ဖြစ်ရာ အကုန်အကျများလှသည့်အတွက် မဆောင်ရွက်နိုင်သေးကြောင်းသိရပါသည်။ လောလောဆယ်အနေအထားအရ ဘုရားစေတီများတည်ထားရေးကိုသာ ဦးစားပေးဆောင်ရွက်နေရသောကြောင့် ဖြစ်ပါသည်။ အလှူရှင်များအား ဖိတ်ခေါ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် တောင်တော်ပေါ် သို့ရောက်ရှိသည်နှင့် ဖူးမြော်စရာ ဘုရားစေတီတော်များကို တစ်မျှော်တစ်ခေါ် ဖူးတွေ့လိုက်ရသည်။ ရွှေစေတီတစ်ထောင်၏ ဂေါပကလူကြီးလည်းဖြစ်သော ဆရာတော်၏ ဝေယျာဝစ္စဒကာလည်းဖြစ်သည့် ဆရာကိုချိန်ချိန်(ကိုအေးဆွေ) က လိုက်လံ ရှင်းလင်း ပြသခဲ့ပါသည်။ ရွှေစေတီတစ်ထောင်အနက် အခေါင်အချုပ်ဘုရားမှာ ညဏ်တော်အမြင့်ဆုံးနှင့် ရှေးဦးစွာတည်ထားခဲ့သည့် ပြည်တော်အေး အောင်သိဒ္ဓိရွှေစေတီ ရှမ်းဘုရားကြီးဖြစ်ကြောင်း သိရပါသည်။

ကျွန်တော်တို့အများဆုံးဖူးတွေ့ရသောဘုရားများမှာ နဂါးရုံဘုရားများဖြစ်သည်ကို သတိထားမိပါသည်။ မဇ္ဈိမခေါင်းကိုးလုံးနဂါးရုံမြတ်စွာဘုရားကြီး၊ မဟာဝိသုဒ္ဓနာဂရာဇာမဇ္ဈိမနဂါးဖြူနဂါးရုံမြတ်စွာဘုရားကြီး၊ မဟာနိဗ္ဗုတနာဂရာဇာ (ဂူနဂါး) နဂါးဖြူနဂါးရုံမြတ်စွာဘုရားကြီး၊ သီရိသုဝဏ္ဏနာဂဝတီရွှေစေတီ၊ (နဂါးရုံ)၊ သီရိသုခနာဂရာဇာရွှေစေတီ (ဂူဘုရား)၊ မဟာနာဂရက္ခိန္ဒရွှေစေတီ၊ မြစိမ်းရောင်နဂါးရုံမြတ်စွာဘုရားကြီး၊ မြစေတီနဂါးရုံရုပ်ပွားတော်၊ ဗုဒ္ဓဝံသရွှေစေတီ (ရှမ်း + ပုဂံဘုရား)၊ ကျိုက်အစိန္တေယျသိဒ္ဓိရွှေစေတီမွန်ဘုရားကြီး၊ သျှရိဂုဟပတိရွှေစေတီ(ဂြိုဟ်ပေါင်းချုပ်ဘုရား)၊ အမတသုခရွှေစေတီ(ပေါ်တူဂီ) ဘုရား၊ ရာဇသေနာပတိရွှေစေတီ၊ ပုဏ္ဏဝတီရွှေစေတီ၊ ဇိနသုခရွှေစေတီ၊ အနန္တသိဒ္ဓိဟောဗောဓိရွှေစေတီ (မဇ္ဈိမဘုရားကြီး) စသည်တို့ကို ပြောပြ၍ ဖူးမြော်ခဲ့ကြရပါသည်။ မှတ်မိသမျှ ဖော်ပြရခြင်းဖြစ်ပါသည်။

ရွှေစေတီတစ်ထောင်ဘုရားအစုံကို ဖူးမြော်ရလျှင် တစ်ရက်နှင့်မလုံလောက်နိုင်ပါ။ ပုဂံဘုရားများဖူးမြော်ရသကဲ့သို့ လက်အုပ်ချီမိုးရှိခိုးပြီး အရပ်ရှစ်မျက်နှာသို့ လှည့်ပတ် ဖူးမြော်လိုက်ရပါတော့သည်။ ဘုရားများကိုဝအောင်ဖူးပြီးသောအခါ ရန်ကုန်မှ ဟိန္ဒူဗုဒ္ဓဘာသာများလာရောက်ပြီး ဘုရားအနေကဇာတင်နေသည်နှင့်ကြုံ၍ ဝင်ဖူးမြော်ခဲ့ရပါသေးသည်။ ဆရာတော်မှ ဦးဆောင်ကာ သံဃာတော်အရှင်သူမြတ်များက အနေကဇာတင်ပွဲကျင်းပနေသည်မို့ ဆရာတော်နှင့် အေးဆေးစွာ စကားမပြောနိုင်ခဲ့ပါ။ ကျွန်တော်တို့စာရေးဆရာစည့်သည်အဖွဲ့ကို ကိုချိန်ချိန်က မိတ်ဆက်ပေးပါသည်။ အားလုံးက နွေးထွေးစွာ ကြိုဆိုကြသည်မို့ ဝမ်းမြောက်ရပါသည်။

နေ့လယ်စာစားသုံးချိန်တွင် လာရောက်ကြသူဘုရားဖူးဧည့်သည်များအားလုံး မည်သူ့မဆိုကို ချစ်တီးသက်သတ်လွတ်ထမင်းဖြင့် တည်ခင်းကျွေးမွေးခဲ့၏။ ဆာနေ၍လားတော့မသိ ကျွန်တော်တို့အားလုံး မြိန်ရှက်စွာစားသုံးခဲ့ကြရပါသည်။နေ့လယ်စာစားပြီး ဘုရားပရိဝုဏ်ဝန်းကျင်ကို လျှောက်လည်ခဲ့ကြသည်။ ဘုရားကြီး၏ တောင်တော်အောက်တွင် လယ်ကွင်းများရှိသည်။ လယ်ကွင်းကိုဖြတ် ချောင်းစပ်ကို ကျော်ပြီးသွားကြရာ ဧရာမနှစ်ချို့ကုက္ကိုပင်ကြီးနှစ်ပင်ကိုလည်း ထူးထူးခြားခြား တွေ့ခဲ့ရသည်။ ပင်စည်အကိုင်းကြီးများကနိမ့်နိမ့် နေရိပ်ကကောင်းကောင်းနှင့် ဝန်းကျင်မှာလည်း ဆူညံခြင်းအနှောင့်အယှက်ကင်းစွာဖြင့် စာလာရေးရလျှင် ကောင်းလေစွဟုတောင့်တမိပါသည်။ သစ်ရိပ်တစ်ခိုရေချိုတစ်ပေါက် နားနေသောက်သုံးခွင့်ရခြင်းကိုပင် ကျေးဇူးတရားဟုဆိုထားပေရာ ဘုရားလည်းဖူးရ၊ ထမင်းလည်းစားခဲ့ရ သစ်ရိပ်မှာလည်း နားခိုခဲ့ရ၊ ဒေသန္တရဗဟုသုတလည်းရခဲ့ရသည့် စာပေဟောပြောပွဲအပြန် ရွှေစေတီတစ်ထောင်ဘုရားဖူးခရီးစဉ်၏ကျေးဇူးသည် များလှပါပေသည်။

အဟောဝတ ကောင်းလေစွ တကား။

ပန်းမြိုင်လ[illegible]

www.burmeseclassic.com

www.burmeseclassic.com

အောင်စကြာ

# အရှင်သုဓမ္မသာရ

## ပစ္စည်းဥစ္စာဆင်းရဲသော်လည်း အသိဉာဏ်ချမ်းသာသူနှစ်ဦး

□ ပစ္စည်းဥစ္စာဆင်းရဲသော်လည်း အသိဉာဏ်ချမ်းသာသူနှစ်ဦး

ဘုန်းတော်ခြောက်ပါးသခင် လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသော ကာလတစ်ခုက သာဝတ္ထိမြို့ကြီးထဲမှာ ပစ္စည်းဥစ္စာအလွန်ဆင်းရဲလှသောပုဏ္ဏားလင်မယားနှစ်ယောက်တို့ နေထိုင်လျက်ရှိ၏။





www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲလိုက်သည်မှာ နေထိုင်ရသည့်အိမ်လေးကလည်း တဲစုတ်စုတ်လေး။ ဝတ်စားရသည့် အဝတ်အစားကလည်း ဟောင်းဟောင်းနွမ်းနွမ်း။

သူတို့လင်မယားနှစ်ယောက်မှာ အပြင်သွားရင် အပေါ်ကခြုံရတဲ့ ဆာရီခေါ် ခြုံလွှာက တစ်ခုပဲရှိ၏။ မယားသွားလျှင် မယားခြုံသွား၊ လင်ယောကျ်ားသွားလျှင် လင်ယောကျ်ားခြုံသွား တစ်ထည်တည်းကို လင်မယားနှစ်ယောက် အပြင်သွားလျှင် အလဲအလှယ်ခြုံကြရ၏။

ပုဏ္ဏားတို့၏ ဓလေ့ထုံးစံအတိုင်း အပြင်ထွက်လျှင် အပေါ်ကခြုံထည်ကို ခြုံရ၏။

ဤပုဏ္ဏားဇနီးမောင်နှံတို့သည် ပစ္စည်းဥစ္စာဆင်းရဲလှသော်လည်း အသိဉာဏ်က မဆင်းရဲကြပါ။ ရတနာမြတ်(၃)ပါးကိုလည်း ရိုရိုသေသေဆည်းကပ်ကိုးကွယ်ကြ၏။

တစ်နေ့သ၌ သာဝတ္ထိပြည်ကြီးမှ နိဗ္ဗာန်ဆော်များက -

'ယနေ့ည မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးမှာ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောတော်မူမှာ ဖြစ်ပါတယ်။ သူတော်ကောင်းတရားကို နာကြားလိုကြသော သူတော်ကောင်းအပေါင်းတို့ တရားနာကြွရောက်ကြပါရန် နှိုးဆော်လိုက်ရပါတယ်'

သာဝတ္ထိပြည်ကြီး၏ နိဗ္ဗာန်ဆော်များက ဤကဲ့သို့ တရားနာဖိတ်ကြသည်မှာ သူတို့၏အလုပ်ပင် ဖြစ်၏။

ထိုနိဗ္ဗာန်ဆော်များ၏အသံတွေကို ကြားနေရသော်လည်း ပုဏ္ဏားဇနီးမောင်နှံတို့သည် မြတ်စွာဘုရား၏တရားတော်မြတ်ကို မနာကြားရပါ။ တစ်ခါမျှ မနာကြားဘူးကြပါ။

ယနေ့တော့ ဇနီးလုပ်သူက လင်ယောကျ်ားကိုပြောပါတော့၏။

"အစ်ကိုရေ ဒီနေ့ညနေ မြတ်စွာဘုရားရဲ့တရားကို သွားနာကြရအောင်"

ဟု စတင်ပြောပါ၏။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ညဦးပိုင်းကာလမှ ဒကာ၊ ဒကာမတွေကို တရားဟောတော်မူလေ၏။ ညလယ်ပိုင်းကျတော့ တပည့်သား ရဟန်းသံဃာတော်များကို တရားဟောတော်မူ၏။ သန်းခေါင်ယံအချိန်ကျတော့ နတ်ဗြဟ္မာများကို တရာဟောတော်မူ၏။

သာဝတ္ထိမြို့သူမြို့သားတို့သည် ညနေနေဝင်ဆည်းဆာအချိန်ရောက်သည်နှင့် သန့်သန့်ရှင်းရှင်းအဝတ်အစားများကို ဝတ်ဆင်ကြပြီး ကညင်ဆီနှင့်ထွန်းရသော မီးတုတ်လေးများကို ကိုင်ဆောင်၍ မြတ်စွာဘုရားကျောင်းတော်ဆီသို့ တရားနာသွားကြ၏။

ပုဏ္ဏားအမျိုးသားကလည်း တရားနာသွားချင်၏။ ပုဏ္ဏား၏ဇနီးသည်ကလည်း တရားနာသွားချင်၏။

သို့သော် ခက်နေရသည်မှာက ပုဏ္ဏားတို့၏ထုံးစံအတိုင်း အပြင်ထွက်လျှင် အပေါ်မှခြုံရသည့်ခြုံလွှာသည် တစ်ထည်တည်းသာရှိနေ၏။နှစ်ယောက်အတူတူသွား၍မဖြစ်ပါ။

သည်တော့ ပုဏ္ဏားရဲ့အမျိုးသမီးက အကြံပြု၏။

"အစ်ကို၊ ညီမက ညဦးပိုင်းမှာ အရင်တရားသွားနာမယ်။ ညီမပြန်လာတော့ အစ်ကိုက ညလယ်ပိုင်းမှာ တရားနာတာပေါ့။ ဒါမှလည်း ခြုံထည်ကိုတလဲစီခြုံလို့ရမှာပေါ့ အစ်ကိုရဲ့"

"အေး - ငါ့ညီမ အကြံအစည်အတိုင်းပဲ မြတ်စွာဘုရားရဲ့တရားကို ဒီညတော့ နာဖြစ်အောင်သွားနာကြတာပေါ့"

လင်မယားနှစ်ယောက်တိုင်တိုင်ပင်ညှိနှိုင်းပြီး အမျိုးသမီးပုဏ္ဏေးမက ခေါင်းအုံးအောက်မှာဖိထားတဲ့ခြုံထည်လေးကို ခြုံလျက် တရားနာသွားပါတော့၏။

ပုဏ္ဏေးမလေးဟာ ကြည်ညိုဖွယ်ရာကောင်းလှသော ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရားရှင်၏မျက်နှာတော်ကိုဖူးရထဲက စိတ်ထဲမှာအေးမြနေ၏။ ကြည်လင်နေ၏။ အသံတော်ကိုကြားရပြန်တော့လည်း ပုဏ္ဏေးမလေး၏ နှလုံးသားထဲမှာ ပီတိလှိုင်းတွေတဖွဖွဖြစ်လာနေရ၏။

ပုဏ္ဏေးမလေးမှာ ပီတိတွေတဖိတ်ဖိတ်ဖြစ်ပြီး အိမ်ကလင်တော်မောင်ပုဏ္ဏားကိုပါ တရားနာစေချင်သည့်စိတ်သည် တဖွဖွပေါ် ပေါက်လာပါတော့ ၏။

တရားကို တစ်ဝက်တစ်ပျက်သာနာရပြီး ဝမ်းသာအားရစွာနှင့် အိမ်သို့ပြန်လာ၏။ သူ၏ကိုယ်ပေါ်မှ ခြုံထည်လေးကို လင်တော်မောင်အပေါ် လွှမ်းခြုံပေးလိုက်ပြီး -

"အစ်ကိုမြန်မြန်သွားပါ။ မြတ်စွာဘုရားတရားဟောနေပြီ။ ညီမတော့ ပီတိတွေဖြစ်နေရပြီ အစ်ကိုရေ"

ပုဏ္ဏားယောကျ်ားလည်း အပေါ်ရုံလေးကို လွှမ်းခြုံပြီး မြတ်စွာဘုရားကျောင်းတော်ကြီးသို့ခပ်သွက်သွက်လေး တရားနာသွားပါတော့၏။

တန်ခိုးတော်ကြီးတော်မူလှသော မြတ်စွာဘုရား တရားဟောနေလေပြီ။ ပုဏ္ဏားသည် လူပရိသတ်များ၏နောက်နားမှာဝင်ထိုင်ပြီး ရိုရိုသေသေတရားနာယူနေ၏။

မြတ်စွာဘုရားက ဒါနနှင့်ပတ်သက်သောတရားကို ဟောတော်မူနေ၏။

ဒါနတော ဘောဂဝါ။

ဒါနတော - လှူဒါန်းတဲ့ပုဂ္ဂိုလ်မှာ လှူဒါန်းတဲ့ကောင်းမှုကြောင့်၊ ဘောဂဝါ- စည်းစိမ်ဥစ္စာရတနာများ ပေါများ၏။ ပြည့်စုံနိုင်ပါ၏။

ဒါနံ သဂ္ဂဿ သောပါနံ။

ဒါန ကောင်းမှုသည် နတ်ပြည်စောင်းတန်းလည်း ဖြစ်၏။

ဒါနံ ပါထေယျ မုတ္တံ။

ဒါနကောင်းမှုသည် သံသရာ ရိက္ခာထဲမှာ အကောင်းဆုံး ရိက္ခာထုပ်ဖြစ်၏။

ပုဏ္ဏားကြီး လူပရိသတ်ထဲက မြတ်စွာဘုရား၏ တရားတော်ကို ကောင်းစွာ မှတ်သားနေ၏။

ဒါနသည် ချမ်းသာနိုင်သည်တဲ့။

ဒါနသည် နတ်ပြည်စောင်းတန်းတဲ့။

ဒါနသည် သံသရာရိက္ခာကြီးတဲ့။

မြတ်စွာဘုရား၏ ဒါနတရားကို နာယူနေ၏။ ပုဏ္ဏားကြီးမြတ်စွာဘုရားကို ဒါနပြုချင်လာ၏။ လှူဒါန်းချင်လာ၏။ သို့သော် သူမှာလှူစရာကဘာမှမရှိ။ ဘာမှပါမလာပါ။

နောက် သူစဉ်းစား၏။

ငါခြုံထားတဲ့ ခြုံထည်လေးကို ဘုရားရှင်ကိုလှူရင် ကောင်းမယ်။ ငါလှူလိုက်ရင် ငါ့ဇနီးခြုံစရာမရှိဖြစ်နေမှာပါလား။ ငါတို့မှာ ခြုံထည်က တစ်ထည်တည်းပဲ။

လှူခါနီးမှာ ပုဏ္ဏားကြီးစိတ်တွေပျံ့လွင့်နေ၏..ငါလှူရင် ကောင်းမလား၊ မကောင်းဘူးလား စသည်ဖြင့်တွေဝေနေ၏။

(လှူစရာရှိရင် မြန်မြန်လှူပါ။ စဉ်းစားနေရင် မလှူမတန်းဖြစ်ရတတ်တယ်)

ပုဏ္ဏားသည် သူ့စိတ်က လှူမယ် မလှူဘူး စသည်ဖြင့် ဒွိဟစိတ်ဝင်နေ၏။ မြတ်စွာဘုရားတရားပွဲပြီးတော့ သူ့စိတ်ကိုသူ ဆုံးဖြတ်ချက်ချလိုက်တော့၏။

(ငါလှူမယ်၊ ဒါနလုပ်မယ်)

ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့



www.burmeseclassic.com

www.burmeseclassic.com

ချဉ်းကပ်သွား၏။ မြတ်စွာဘုရား၏ခြေတော်ရင်းမှာ ဖြန့်ခင်းပြီးတော့ -

"အရှင်ဘုရား၊ ဤအဝတ်ကို အရှင်ဘုရားအား လှူဒါန်းပါ၏ဘုရား အလှူခံတော်မူပါ ဘုရား"

ဆိုပြီးတော့ လှူလိုက်၏။

မြတ်စွာဘုရားကလည်း အလှူခံယူတော်မူလိုက်၏။

ပုဏ္ဏားသည် သူ၏တန်ဖိုးမရှိလှသော ခြုံထည်အဟောင်းလေးကိုအလှူခံယူတော်မူလိုက်ပါသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားရ၏။

ပရိသတ်များအလယ် မတ်တတ်ရပ်ပြီး -

"ဇိတံမေ ဇိတံမေတိ တိက္ခတ္တုံ ဥဒါနံ ဥဒါနေသိ"

ဟု အော်ပါတော့၏။ လက်ခမောင်းလည်း ခတ်ပါတော့၏။

ငါအောင်ပြီ ငါအောင်ပြီ ထပ်ကာထပ်ကာဝမ်းမြောက်ဝမ်းသာစွာနှင့်အော်နေပါတော့၏။

တရားလာနာနေသော သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကြီး ဤအသံကိုကြားနေရပါသဖြင့် သူ၏အမတ်တစ်ယောက်ကို -

"ဒီပုဏ္ဏားက ဘာအောင်တာလဲ။ သွားမေးကြစမ်း"

ဟု ခိုင်းပါတော့၏။

သွားစုံစမ်းသောအမတ်က မင်းကြီးအား ပုဏ္ဏား၏ အလှူအကြောင်းကို အကြောင်းစုံစွာရှင်းပြ၏။

ထိုအခါ မင်းကြီးသည် ပုဏ္ဏားကို သဘောကျပြီး နန်းတော်ထဲမှ အင်္ကျီလုံချည်အသစ်တစ်စုံကို ချက်ချင်းပဲဆုချ၏။ မင်းကြီးဆုချသည့်အင်္ကျီ လုံချည်အသစ်ကိုလည်း မြတ်စွာဘုရားထံသွားတပ်လှူလိုက်ပြန်၏။

နောက်ထပ် မင်းကြီးက အင်္ကျီ လုံချည်အသစ်(၄)စုံ ပုဏ္ဏားကို ဆုချပြန်၏။ ထို (၄) စုံကိုလည်း မြတ်စွာဘုရားအား လှူပြန်ပါတော့၏။

မင်းကြီးသည် ထိုသတင်းကိုကြားပြီး ပုဏ္ဏားအား အင်္ကျီ လုံချည်အသစ် (၁၂) စုံအား ဆုချပြန်ပါ၏။

ပုဏ္ဏားသည် သူ့အတွက် တစ်စုံ၊ သူ့အမျိုးသမီးအတွက် တစ်စုံသာယူပြီး ကျန်(၁၀)ကို မြတ်စွာဘုရားအား လှူဒါန်းလိုက်၏။

ပုဏ္ဏားသည် အဝတ်အစား (၂)စုံ ပိုက်ပြီး အိမ်သို့ပြန်လာ၏။ သူ့ဇနီးသည်ကို ဒါနအကြောင်းပြောပြ၏။



သူဆုများရရှိပုံကိုလည်း ပြောပြနေ၏။ သူ့ဇနီးကလည်း ပီတိတွေဖြစ်နေပါတော့၏။

မင်းကြီး နန်းတော်ထဲသို့ ပြန်ကြွသွား၏။ ပုဏ္ဏားသည် သူဆုချသည့် အဝတ်အထည်များကို မြတ်စွာဘုရားကို သာလှူ၏။ သဒ္ဓါတရားကောင်းသော ပုဏ္ဏားဖြစ်ပါ၏။

ငါ ဒီပုဏ္ဏားရဲ့ သဒ္ဓါတရားကို ထပ်စမ်းကြည့်ဦးမယ်ဆိုပြီး မင်းချင်းတစ်ယောက်ကို ခေါ်ပြီး အဖိုးတစ်သိန်းထိုက်တန်သည့် ကမ္ဗလာခြုံထည် (၂) ခုကို ပုဏ္ဏားအိမ်သို့ ချက်ချင်းပဲပို့ခိုင်းပါတော့၏။

ပုဏ္ဏားနှင့်သူ့ဇနီးတို့သည် နန်းတော်ကြီးထဲမှ မင်းချင်း မြင်းရထားနှင့် သူတို့အိမ်သို့ ဆိုက်ရောက်လာသဖြင့် တအံ့တသြကြည့်နေမိကြ၏။

မင်းချင်းသည် ဘုရင်မင်းမြတ်က ဆုတော်အဖြစ် အဖိုးတစ်သိန်းတန် ကမ္ဗလာခြုံထည် (၂) ထည်ကို ဆုချခိုင်းသဖြင့် လာပေးကြောင်းပြောပြတော့၏။

ဒါန၏အကျိုးသည် ချက်ချင်းပင် အကျိုးပေးကြောင်း ပုဏ္ဏားလင်မယား သဘောပေါက်သွားကြ၏။

လင်မယားနှစ်ယောက် တိုင်ပင်ကြ၏။ ညှိနှိုင်းကြ၏။ အသိဉာဏ်ရှိသော ပုဏ္ဏားလင်မယား။

"တို့ဟာ ဆင်းရဲသားဖြစ်တယ်ကွ၊ ဒီအဖိုးတစ်သိန်းတန်ကမ္ဗလာနဲ့တို့နဲ့မတန်ပါဘူးကွာ။ တို့ ဘုရားရှင်ကို ချက်ချင်းပဲ သွားလှူမယ်ကွာ"

ဟု နှစ်ဦးသား သဘောတူကြပြီး မြတ်စွာဘုရားကျောင်းသို့လာကြ၏။

ဂန္ဓကုဋိတိုက် မြတ်စွာဘုရား ကျိန်းစက်တော်မူသည့်နေရာ အပေါ်က မျက်နှာချက်ပြုလုပ်ပြီး ကမ္ဗလာတစ်ထည်ကို လှူလိုက်၏။

ကျန်တစ်ထည်ကိုတော့ သူတို့အိမ်သို့ ရဟန်းသံဃာတော်များ ဆွမ်းခံကြွတော်မူလာရာတွင် ထိုင်သည့်နေရာ၌ မျက်နှာကြက်ပြုလုပ်ထားပါတော့၏။

ပုဏ္ဏားလင်မယားတို့၏ သဒ္ဓါတရားသည် ထက်မြက်လှ၏။ ပုဏ္ဏားလင်မယားများ လောဘမရှိ၊ ဒေါသမရှိကြ။ ဒါန၏အကျိုးပေးပုံကို လက်တွေ့သိရှိပါသဖြင့် မြတ်စွာဘုရားကို ပို၍ ပို၍ ကြည်ညိုသွားကြလေ၏။

တစ်နေ့သ၌ သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးသည် မြတ်စွာဘုရားအား ဖူးမြော်ကန်တော့ရန် ကျောင်းတော်သို့သွားပါ၏။

ထိုအခါ သူဆုချပေးထားသည့် အဖိုးတစ်သိန်းတန် ကမ္ဗလာကို မြတ်စွာဘုရား၏ကုဋိတိုက်မှာ လှူဒါန်းထားကြောင်း သိရတော့၏။

ဘုရင်ကြီးသည် ထိုပုဏ္ဏားလင်မယားတို့၏ စေတနာသဒ္ဓါတရားတို့ကို ချီးကျူးပါတော့၏။

ပြုနိုင်ခဲတဲ့ကိစ္စမျိုးကိုပြုလုပ်နိုင်တဲ့ စေတနာရှင် ပါရမီရှင် ပုဏ္ဏားလင်မယား ပါပဲဟုမင်းကြီးက ချီးမွမ်း၏။

ပုဏ္ဏားလင်မယားအား နန်းတော်ထဲသို့ချက်ချင်းခေါ်ခိုင်းပြီး ဆုတွေလာဘ်တွေထပ်ချပြန်၏။ ဒါနအကျိုးကား ချက်ချင်းပင်ရလေပြီ။

ဆင်ရတနာတွေ (၁၆) ကောင်။

မြင်းရတနာတွေ (၁၆) ကောင်။

ရွာစားရွာပေါင်း (၁၆) ရွာ။

ကျွန်ယောကျ်ားတွေ၊ ကျွန်မိန်းမတွေ (၁၆) ယောက်။

ယာဉ်ရထားက (၁၆) စုံ။

အသပြာငွေကြေးကတော့ နိုင်သလောက်ယူ ပုံပြီးဆုချပါတော့၏။

ထိုနေ့ထိုအချိန်မှစ၍ သာဝတ္ထိပြည်မှ အလွန်ဆင်းရဲလှသော ပုဏ္ဏားလင်မယားတို့သည် နေ့ချင်းညချင်း လူချမ်းသာဘဝ၊ သူဌေးဘဝကို ရောက်ရှိသွားပါတော့သည်။

ဤဆင်းရဲသားပုဏ္ဏားဇနီးမောင်နှံတို့သည် ပစ္စည်းဥစ္စာဆင်းရဲပါသော်လည်း အသိဉာဏ်ပညာက မဆင်းရဲကြပါ။

စေတနာသဒ္ဓါတရားက မဆင်းရဲကြပါ။

ယင်းကြောင့်လည်း ဒါန၏အကျိုးကျေးဇူးကို နေ့ချင်းညချင်း ခံစားသွားရခြင်းဖြစ်ပါသတည်း။

အောင်စကြာ-အရှင်သုခမ္မသာရ



www.burmeseclassic.com

www.burmeseclassic.com

□ ဖူးရောင်လာသောမျက်နှာများ

လက်လုပ်တောင်တော်၏မြောက်ဘက်စောင်းတွင်တည်ဆောက်ထားသောတောရကျောင်းလေးများ၏မျက်နှာစာဝန်းကျင်တွင် လမ်းလျှောက်နေသော ဘုန်းတော်ကြီးဦးစန္ဒောသည် ခေါင်းငုံ့လျက် ဆွမ်းခံမှပြန်လာသော ကျောင်းသားငယ်နှစ်ဦးကို သက်ာမကင်းဖြစ်နေမိ၏။

သူ၏ကျောင်းတွင် ပညာရင်နို့သောက်စို့နေသော ဝေလံကုန်းရွာသားကျောင်းသားများသည် ဘုန်းကြီးကျောင်းသားပီသစွာ အလွန်ဆော့ကြပါသည်။ ကျောင်းဝင်းတစ်ခုလုံး သစ်ပင်များနှင့်အတိပြီးရာ သရက်၊ ပိန္နဲ၊ မန်ကျည်းနှင့်မာလကာပင် စသည်ဖြင့် စားရသောအပင်များနှင့် မစားရသောအပင်များပါမကျန် ထိပ်ဖျားရောက်အောင်တက်လျက် မျောက်ရှုံးအောင်ဆော့ကြသူများဖြစ်ကြကာ သူတို့သည် အမြဲပျော်ရွှင်တက်ကြွနေသူများ ဖြစ်ကြလေ၏။

ယခုသော်မူ မကြုံစဖူး ထူးထူးကဲကဲ ခေါင်းများငုံ့ကာ ရောက်လာကြပြီးဆွမ်းဆိုင်းထမ်းကာ ကျောင်းလေးပေါ်သုတ်သုတ်တက်သွားသည်ကိုမြင်ရသဖြင့် ဒီကောင်တွေမဟုတ်တာတစ်ခုတော့လုပ်ခဲ့ပေပြီဟူသည်ကို အလိုအလိုသိလိုက်လေ၏။ ဘာများမဟုတ်တာလုပ်ခဲ့ပြီလဲဟူသည်ကို ဆရာသမား၏ တာဝန်အရမေးမြန်းရပေဦးမည်။ ထို့ကြောင့် ကျောင်းပေါ်သို့ အသံပြုလိုက်၏။

"ဟဲ့ - သောင်းညွန့်နဲ့ ဖိုးဟန်၊ ကျောင်းအောက်ဆင်းခဲ့စမ်း"

"မှန်ပါ့ဘုရား"

ဟူသော အဖြေပေးသံနှင့်အတူ ခဏအတွင်းမှာပင် ဆရာတော်၏ရှေ့မှောက် ခေါင်းငုံ့၍ရောက်လာကြပြီး ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် အရှိအသေပြုလေ၏။

"ဟဲ့ကောင်တွေ၊ မျက်နှာတွေမော့ကြစမ်း"

ဟု အမိန့်ပေးသော်လည်း ဖိုးဟန်နှင့် သောင်းညွန့်တို့မျက်နှာမမော့ကြပါ။

"ဟဲ့ကောင်တွေ၊ ငါပြောနေတာမကြားဘူးလား"

"ကြားပါတယ်ဘုရား"

"ကြားရင်မော့၊ ငါ့စိတ်တိုလာရင်နင်တို့နာမယ်"

ဟု ကြိမ်းဝါးလေမှ ကျောင်းသားနှစ်ဦး မျက်နှာများမော့လာကြလေ၏။

"ဟင်. . ."

ကျောင်းသားနှစ်ဦး၏မျက်နှာတွင်အညိုအမည်းစွဲလျက်ဖူးရောင်နေသည်ကိုတွေ့ရသဖြင့် ဘုန်းတော်ကြီး အံ့ဩသွားခြင်း ဖြစ်သည်။ သို့ကြောင့် မျက်နှာများငုံ့ထားကြသည်ကိုသဘောပေါက်ရပါတော့သည်။

"နင်တို့ဘယ်သူတွေနဲ့ရန်ဖြစ်ခဲ့တာလဲ"

"သပြေကုန်းကျောင်းကကောင်တွေနဲ့ပါဘုရား"

"ဘာလဲ၊ နင်တို့ကရန်စတာလား"

(မိုးကုတ်)ရွှေပြည်စိုး

# လက်လုပ်တောင်တောရကျောင်း





www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူးဘုရား၊ သူတို့က ကျောင်းသားကြီးတွေဆိုတော့ အနိုင်ကျင့်တာပါ ဘုရား"

"ဘယ်လိုကျင့်တာလဲပြောပြစမ်း"

"အချို့အိမ်တွေက ဆွမ်းနဲ့ ဆွမ်းဟင်းကို လူစောင့်မလောင်းဘဲ ဆွမ်းခံလာတဲ့ကျောင်းတွေအတွက် အစေ့အငုံ ခူးပြီး အိမ်ရှေ့ကပြင်မှာ အုပ်ဆောင်းနဲ့ အုပ်ပြီးအမြဲထားကြပါတယ်ဘုရား"

"အင်း. . . ပြော"

"အဲဒါကို တပည့်တော်တို့က ကိုယ့်ကျောင်းအတွက်သာ ကိုယ်လှယ် ယူရပါတယ်ဘုရား"

"အင်း. . . ဟုတ်ပြီ"

"အဲဒါ သပြေကုန်းကျောင်းက ကောင်တွေက တပည့်တော်ကျောင်း အတွက်ထားတဲ့ ဆွမ်းနဲ့ ဆွမ်းဟင်းကိုပါ လှယ်လှယ်ပြီးယူသွားကြတော့ တပည့်တော်တို့ အဲဒါမျိုးအိမ်မှာမရတာများပါတယ်ဘုရား။ တပည့်တော်တို့က နောက်ကျလို့ပါ"

"အင်း. . . အင်း"

"ဒီနေ့တော့ တပည့်တော်တို့က သူတို့ထက်စောစောသွားပြီးတော့ သူတို့ ကျောင်းအတွက်ပါ အကုန်လှယ်ယူခဲ့တော့ သူတို့အတွက်မကျန်တော့ပါဘူး ဘုရား"

"ဒါနဲ့"

"မှန်ပါ့ဘုရား၊ တပည့်တော်တို့ကို သူတို့အတွက်ထားတဲ့ဆွမ်းနဲ့ ဆွမ်းဟင်းကိုခိုးတယ်ဆိုပြီးစွပ်စွဲတော့ တပည့်တော်တို့ကလည်း မင်းတို့က ငါတို့ကျောင်း အတွက်ထားတဲ့ ဆွမ်းနဲ့ ဆွမ်းဟင်းကို နေ့တိုင်းခိုးနေတာကျတော့ ထည့်မပြောဘူးလားဆိုတော့ မင်းတို့သတ္တိရှိရင်ချမလားလို့စိန်ခေါ်တာနဲ့ ဆွမ်းဆိုင်းတွေချပြီးချကြတာပါဘုရား"

"နေပါဦး၊ သပြေကုန်းမှာ ဆွမ်းခံတာ ဘယ်နှကျောင်းလဲ"





www.burmeseclassic.com

www.burmeseclassic.com

"သူတို့ရွာကကျောင်းနဲ့ တပည့်တော်တို့ကျောင်း နှစ်ကျောင်းတည်းပါ ဘုရား"

"သြော် - ဒါဆို သူတို့ကရွာခံတွေမို့ နင်တို့ကခံခဲ့ရတာပေါ့ ဟုတ်လား"

"ရွာခံမို့မဟုတ်ပါဘူး ဘုရား။ သူတို့ကကျောင်းသားကြီးတွေပါဘုရား။ မနိုင်လို့ခံခဲ့ရတာပါ ဘုရား"

"အင်းအင်း - ဟုတ်ပြီ၊ ဟုတ်ပြီ။ ကြီးနိုင်ငယ်ညှဉ်းလုပ်ကြတဲ့သဘောပေါ့လေ။ ကဲကဲ - လာကြ၊ လာကြ နင်တို့မျက်နှာ ငါဆေးလူးပေးမယ်"

ဟု ဆိုကာ ကျောင်းပေါ်ပြန်ခေါ်သွားလေ၏။

ကျောင်းပေါ်တွင် ကျောင်းသားငယ်ငါးဦး ကျောက်သင်ပုန်းပေါ်တွင် စာများကုန်းရေးလျက်ရှိသည်။ ကျောင်းသားများများမရှိပါ။ စုစုပေါင်း (၁၀) ယောက်မျှသာရှိပါသည်။ ကျောင်းသား (၂) ဦးမှာမူ ဝေလံကုန်းရွာဘက် ဆွမ်းခံထွက်သွားပါသည်။ တစ်ယောက်မှာမူ နေမကောင်း၍ကျောင်းသို့မလာပါ။

ဘုန်းတော်ကြီးသည် ကျောက်ပျဉ်သေးသေးလေးပေါ်တွင် ဆေးမြစ်ကိုရေဖြင့်သွေးကာ ဖူးရောင်ညိုမည်းနေသောဒဏ်ရာတို့ကို လိမ်းပေးနေလေ၏။

"အင်း - အင်အားကြီးသူဟာ အင်အားနည်းသူကို အနိုင်ယူတတ်တာ ကိုယ်ချင်းစာတရားမထားတာဘဲ။ ဒီပုံဆို ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး။ ငါ့ကျောင်းသားတွေဆွမ်းခံမထွက်ရဲအောင် တောင်ဖြစ်တော့မယ်။ အင်း - ဒီအတိုင်းနေလို့တော့လုံးဝမဖြစ်တော့ဘူး"

ဟု ဆေးလိမ်းပေးရင်း ညည်းတွားလျက်ရှိပေ၏။

**□ လက်လုပ်တောင်တောရကျောင်း**

အချိန်ကာလသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစအချိန် ဖြစ်ပါသည်။ လက်လုပ်တောင်သည် ရှေးအခါက စေတီတစ်ဆူတည်ရန် လက်ဖြင့်လုပ်ခဲ့ကြသည်ဟု အဆိုရှိပါသည်။ တောင်မှာ ကျောက်စရစ်ရောသောမြေတောင် ဖြစ်သည်။

မည်သည့်ခေတ် မည်သူကဦးစီး၍ လက်ဖြင့်ပြုလုပ်ခဲ့ကြသည်ဟု အခိုင်အမာအထောက်အထားမရှိသော်လည်း လက်ဖြင့်လုပ်ခဲ့၍ လက်လုပ်တောင်ဟု အမည်တွင်နေကာ ထိုလက်လုပ်တောင်တော်တွင် စေတီငယ်တစ်ဆူနှင့် တောရကျောင်းလေးတစ်ကျောင်းရှိနေခဲ့သည်မှာ ကာလအားဖြင့် ရှည်လျားခဲ့ပေပြီ။

ထိုလက်လုပ်တောင်တည်ခဲ့စဉ်က ထိုလက်လုပ်တောင်သည် ဘုရားတည်ရန်ရည်စူး၍ လက်ဖြင့်ဝိုင်းဝန်းလုပ်ကြစဉ် အများက ဝိုင်းဝန်းလှူဒါန်းကြသော ရတနာတို့ကို ဌာပနာခဲ့သဖြင့် များပြားလှသော ထိုရတနာအား စောင့်ရှောက်ရန် ဥစ္စာစောင့်များလည်းရှိသည်ဟု ဆိုကြပါသည်။

ထိုလက်လုပ်တောင်သည် လယ်ကွင်းတို့၏အလယ်၌ တောအုပ်ကလေးအဖြစ် ထီးတည်းတည်ရှိနေပါသည်။ ထိုလက်လုပ်တောင်သို့သွားရန်လမ်းဟူ၍ သီးခြားမရှိပါ။ လယ်ကန်သင်းတို့သည်သာလမ်း ဖြစ်ပါသည်။

လက်လုပ်တောင်တောရကျောင်း ဥပစာ၏ မြောက်ဘက်အခြေတွင် နွေ၊ မိုး၊ ဆောင်းအစဉ်မပြတ်စီးဆင်းနေသော ရိုးချောင်းငယ်ကလေးတစ်ခုရှိပါသည်။ တောင်၏အနောက်မြောက် ဆင်ခြေလျောပြန့်တွင် ရေထွက်အလွန်ကောင်းသော ရှေးဟောင်းရေတွင်းတစ်ခုရှိသည်။ မြေပြင်မှ (၄) ပေမျှသာနက်ပါသည်။ ထိုရေကြည်ရိုးချောင်းလေး၏ အနီးတွင် တည်ရှိသဖြင့် ရေထွက်အားကောင်းလှပါသည်။ အုတ်ကာအုတ်ခင်းတို့ဖြင့် လှလှပပစီမံထားသည်။

ကျွန်ုပ်တို့က မြောက်သပြေကုန်းဟု ခေါ်သော ထိုသပြေကုန်းရွာလေးသည် လက်လုပ်တောင်၏ အနောက်မြောက်ခပ်လှမ်းလှမ်းတွင် တည်ရှိနေကာ ထိုသပြေကုန်းရွာမှ လူများသည် ပျဉ်းမနားမြို့၏ဈေးသို့သွားလိုပါက ထိုလက်လုပ်တောင်၏ တောင်ဘက်ခြမ်းတောင်ခြေ လယ်ကန်သင်းလမ်းမှသွားကြရပါသည်။

ထိုသို့ အမျိုးသမီးများ ပျဉ်းမနားဈေးသို့သွားပါက လက်လုပ်တောင်မှ အမျိုးသမီးတစ်ဦးသည် ဈေးထွက်မှာတတ်သည်ဆို၏ ။ မှာတတ်သည်မှာ အများအားဖြင့် ဟင်းလျာဟူ၍မမှာဘဲ မိန်းကလေးများအလှဆင်ပစ္စည်းများသာမှာ လေ့ရှိသည်ဆို၏။

"အစ်မတို့အပြန်ကို ကျွန်မ ဒီနားက စောင့်နေမယ်နော်။ အကယ်၍ မတွေ့ခဲ့ရင် ဟောဒီထန်းလက်ကြားမှာထည့်ထားခဲ့ပါ"

ဟု ပြောလေ့ရှိသည်ဆို၏။

ဝယ်ခဲ့သူများကလည်း လူမတွေ့သော် ထန်းပင်ငယ်တို့၏ ပင်စည်ထန်းလက်ကြားတွင်တင်ထားပေးခဲ့သည်ဟု ဆိုကြသည်။ သူတို့ကိုလည်း ဥစ္စာစောင့်များဟူ၍ အားလုံးကသိနေကြပါသည်။ သူလိုကိုယ်လို လူ့အသွင်မို့ လူတွေကလည်း ထူး၍ကြောက်မနေကြပါ။

လက်လုပ်တောင်ထိပ်တွင် စေတီငယ်တစ်ဆူတည်ရှိသလို ထိုစေတီငယ်မြောက်ဘက်တောင်ခြေတွင် ကျွန်းတိုင်လုံးများတို့ဖြင့် တည်ဆောက်ထားသောတောရကျောင်းတည်ရှိကာ ထိုကျောင်းသည် ကျွန်းသားတို့ဖြင့် တည်ဆောက်ထားသဖြင့် ခေတ်အဆက်ဆက် မပျက်မစီး တည်ရှိနေခြင်း ဖြစ်သည်။

မြေတို့မှာ ကျောက်စရစ်မြေတို့ဖြစ်သဖြင့် မာကျောကျစ်လျစ်နေရာ တိုင်ခြေတို့ မဆွေးမမြည့်တည်ရှိနိုင်ခြင်း ဖြစ်ပေ၏။ ထိုလက်လုပ်တောင်တောရကျောင်း၏ပတ်ပတ်လည်တွင် ရွာငယ်တို့တည်ရှိနေပါသည်။ လက်လုပ်တောင်၏တောင်ဘက်မလှမ်းမကမ်းတွင် ကျွန်ုပ်တို့က ဝေလံကုန်းဟု ခေါ်နေကြသော ငွေလျှံကုန်းရွာတည်ရှိပြီး ထိုရွာသည် အိမ်ခြေ (၄၀) ခန့်ရှိသည်။ ထိုရွာ၏အရှေ့ဘက်၌ အိမ်ခြေ (၁၅) အိမ်မျှရှိသော ကြို့ပင်သာကျေးရွာတည်ရှိပြီး ငွေလျှံကုန်းရွာ၏တောင်ဘက်၌ ကံလှကျေးရွာတည်ရှိပါသည်။

လက်လုပ်တောင်၏ အနောက်မြောက်တွင် အိမ်ခြေလေးငါးရာရှိသော သပြေကုန်းရွာကြီးတည်ရှိပါသည်။ (ယခုလက်ရှိအချိန်တွင် အိမ်ခြေ (၇၀၀)ကျော်ရှိသောရွာကြီး ဖြစ်သည်။) လက်လုပ်တောင်၏အရှေ့ဘက်ခပ်လှမ်းလှမ်းတွင် သပြေတန်းရွာတည်ရှိလျက် အရှေ့မြောက်တွင် ရေပြာကျေးရွာတည်ရှိပါသည်။

လက်လုပ်တောင်သည် လယ်တောများ၏အလယ်၌ တည်ရှိနေသော်လည်း တောရဆောက်တည်သော ရဟန်းတော်အတွက်မူ ဆွမ်းခံရာ ဂေါစရဂါမ်ရွာတို့ ပတ်ပတ်လည်ဝိုင်းလျက်ရှိရာ သီတင်းသုံးရန် လွန်စွာမှ အဆင်ပြေလှပေ၏။ ရေကန်အသင့် ကြာအတင့်ဟု ဆိုရပေမည်။

သို့သော် ထိုအေးချမ်းတိတ်ဆိတ်လှသော ထိုလက်လုပ်တောင်တောရကျောင်းလေးသည် သာမန်သီလသမားဖြင့် သီတင်းသုံးနိုင်စွမ်းမရှိကြပါ။ သီလသမာဓိစွမ်းအား၊ စရဏစွမ်းအားကောင်းသူရဟန်းတော်များသာ ကြာကြာသီတင်းသုံးနိုင်ကြပါသည်။ ထိုလက်လုပ်တောင်တောရကျောင်းပေါ်တွင်မူ ရဟန်းတော်



www.burmeseclassic.com

www.burmeseclassic.com

တို့အတွက် ရဟန်းအသုံးအဆောင်တို့ အမြဲရှိနေပါသည်။ ရှေးဟောင်းစာတိုက် ဗီရိုရှိသည်။ ရုပ်ပွားဆင်းတုတော်များ ရှိသည်။ အိုးခွက်ပန်းကန်တို့ရှိသည်။ တောရဆောက်တည်ရန်လာကြသော ရဟန်းတော်တို့မှာလည်း သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်သာပါရာ ထိုတောင်၌ မနေလို၍ပြန်ကြသော် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်သာ ပြန်ယူသွားလေ့ရှိသဖြင့် လာလှူထားသော သာသနိက ပစ္စည်းတို့ ကျောင်းတွင်ပုံကျန်ရစ်ခဲ့၏။

ထိုခေတ်ထိုအခါသည် လူတို့၌ ကိုယ်စီသီလသမာဓိရှိကြရာ သာသနိက ပစ္စည်းများအပေါ်၌ စိတ်ဖြင့်ပင်ပြစ်မှားခြင်းမရှိခဲ့ကြပေ။ ထို့ကြောင့် တောရဆောက်တည်ရန်ကြွလာသောရဟန်းတို့သည် ချမ်းသာစွာတောရဆောက်တည်နိုင်ကြပါသည်။ လိုလေသေးမရှိပြည့်စုံပါသည်။

သို့သော် မမြင်အပ်သောအစောင့်အကျပ်တို့ထူထပ်လှပေရာ ရဟန်းတို့သည် ကြာကြာသီတင်းမသုံးနိုင်သဖြင့် ခေတ္တမျှသာ သီတင်းသုံးလျက်ပြန်ကြွကြသဖြင့် တောရကျောင်းကလေးသည် တောရဆောက်တည်သော ရဟန်းမဲ့ကာ အစဉ်သဖြင့် တိတ်ဆိတ်နေသည်သာ များခဲ့ပါသည်။

ရဟန်းမဲ့သော ထိုလက်လုပ်တောင်သို့လည်း လူတို့မရောက်ဖြစ်ကြပေ။ တစ်ခါတစ်ရံတွင်မူ အလွန်အဆော့သန်သောအနီးနားရွာများမှ ကလေးတို့သည် အပ်စုနှင့်လာ၍ ထိုလက်လုပ်တောင်တောထဲတွင် ဆော့ကစားလေ့ရှိကြသည်။

မိုးကာလ မှိုထွက်ချိန်တွင်မူ မှိုရှာသူတို့ မှိုရှာရောက်လေ့ရှိကြ၏။ သီးပင်စားပင်များသီးချိန်တွင်မူ အသီးခူးရန်သာရောက်လေ့ရှိကြ၏။ ထန်းတက်ချိန်တွင် ထန်းတက်သူများ လာရောက်ထန်းတက်ကြ၏။ အကြောင်းမဲ့အားဖြင့်မူ လာရောက်ခြင်းမရှိခဲ့ကြပါ။

**ဦးစန္ဒောဘာသ**

မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီးနှစ်အနည်းငယ်အကြာ သက်တော် (၁၀) ခန့်ရှိသော ရဟန်းတော်သည် သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့်ကြွရောက်လာကာ လယ်တောပြန့်ကြီး၏ အလယ်တောအုပ်ကလေးဖြစ်နေသော လက်လုပ်တောင်တောရကျောင်းတွင် ရောက် သီတင်းသုံးကာ အနီးပတ်ဝန်းကျင်သည်မှ ဂေါစရဂါမ်ဖြစ်သော ငွေလှိုင်ကုန်းရွာ(ဝေလံကုန်းရွာ)၊ သပြေကုန်းရွာ၊ သပြေတန်းရွာ၊ ရေပြာရွာ၊ ကံလှရွာ၊ ကြို့ပင်သာရွာတို့သို့ အလှည့်ကျဆွမ်းခံကြွလေ၏။

ထိုအခါ အလွန်တိတ်ဆိတ်ပြီး ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော လက်လုပ်တောင်တောရကျောင်း၌ တောရဆောက်တည်သောရဟန်းတစ်ပါးရောက်ရှိလာပြန်ပေပြီ။ ထိုရဟန်းသည် ထိုတောရကျောင်း၌ ဘယ်နှရက်သီတင်းသုံးနိုင်မည်နည်းဟူ၍ အထင်သေးစွာပြောဆိုကြလေ၏။

ရဟန်းတော်ကား သူတို့ထင်သလိုမဟုတ်ခဲ့ပေ။ ရက်မှသည် လသို့ကူးခဲ့၏။ လမှသည် နှစ်သို့တိုင်ခဲ့၏။ ထိုအခါ ရဟန်းတော်အား အထင်မသေးဝံ့တော့ပေ။ ထိုမျှကြမ်းတမ်းလှသောကုန်းတွင် သီတင်းသုံးနေနိုင်စွမ်းရှိသောရဟန်းကား သာမန်ရဟန်းမဟုတ်နိုင်ပေ။ စရဏအားကောင်းသဖြင့်သာနေနိုင်စွမ်းရှိကြောင်း သဘောပေါက်ကြရလေ၏။ ထိုအခါ ရဟန်းတော်ထံ ဆည်းကပ်ကြလေ၏။

ရဟန်းတော်၏ ဘွဲ့အမည်မှာ ဦးစန္ဒောဘာသဟုသိရပြီး လက်တစ်ဖက်မှာကျိုးခဲ့ဖူးသဖြင့် အနည်းငယ်ကောက်၍နေ၏။ ငယ်စဉ်က ဆင်ဦးစီးဖြစ်ခဲ့ဖူးရာ ဆင်မုန်ယိုစဉ် စိတ်ရိုင်းဝင်နေသောဆင်က ဆင်ဦးစီးဖြစ်သောသူကို အသေသတ်သော်လည်း ကံကောင်းထောက်မစွာ အသက်ဘေးမှလွတ်ကင်းသော်လည်း လက်တစ်ဖက်မှာမူ သွင်သွင်ကျိုးခဲ့သဖြင့် ဆင်ဦးစီးဘဝမှအနားယူကာ ရဟန်းဘဝသို့ကူးပြောင်းခဲ့ခြင်း ဖြစ်သည်။

ပရိယတ္တိသာသနာထမ်းဆောင်နိုင်ရန်မစွမ်းတော့သော ဦးစန္ဒောဘာသသည် ပဋိပတ္တိသာသနာထမ်းရွက်သည့်အနေဖြင့် တောရကျောင်းလေးများ၌ တောရဆောက်တည်ကာ သမထအလုပ်၊ ဝိပဿနာအလုပ်များကို ကြိုးစားအားထုတ်၍လှည့်လည်နေထိုင်ရာ ယခုအခါတွင်မူ တောနေရဟန်းအချင်းချင်း သတင်းပေးသဖြင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ လက်လုပ်တောင်တောရကျောင်းသို့သီတင်းသုံးရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

လယ်ကောင်းမြေကောင်းအရပ်ဖြစ်သဖြင့် ရွာတို့သည် ဆူဖြိုးလှပေရာ ဆွမ်းတစ်နပ်အတွက် အခက်အခဲမရှိခဲ့ပေ။ ဌာနေရှိလူတို့မှာလည်း သဒ္ဓါတရားအားကောင်းကြပါသည်။

ရဟန်းတော်သည် အသားဖြူ၏။ အရပ်ပု၏။ လက်တစ်ဖက်ခွင်၏။ အနေအထိုင်အေး၏။ စကားနည်း၏။ ကြည်ညိုဖွယ်အသွင်ကိုဆောင်၏။ ထို့ကြောင့် လူတို့ကြည်ညိုကြပါသည်။

နောင်တွင် အနီးဆုံးရွာဖြစ်သော လက်လုပ်တောင်၏တောင်ဘက်တွင်ရှိ ဝေလံကုန်းရွာမှ ဒါယကာတို့သည် သူတို့၏သားများအား ကျောင်း၏ဝေယျာဝစ္စဆောင်ရွက်ရန်အလို့ငှာ လက်လုပ်တောင်ဆရာတော်ဦးစန္ဒောထံအပ်နှံကြပါသည်။

ထိုအခါ ဆရာတော်က -

"ဒကာတို့၊ ကျုပ်က တစ်ယောက်တည်း အေးအေးချမ်းချမ်းနေချင်လို့ တောရဆောက်တည်တာပါ။ ကျောင်းသားတွေ လက်ခံလိုက်ရင် ဒီကျောင်းသားတွေအပေါ်မှာ သံယောဇဉ်အနှောင်အဖွဲ့ဖြစ်သွားမှာစိုးပါတယ်။ အဲဒါကြောင့် လက်မခံပါရစေနဲ့"

ဟု အမိန့်ရှိပါသည်။

ထိုအခါ ဒါယကာများကလည်း-

"အရှင်ဘုရား၊ မြတ်စွာဘုရား၏သားတော်ပီသစွာ ဆွမ်းခံစားတာမြတ်ကြောင်းတပည့်တော်တို့သိပါတယ်ဘုရား။ သို့သော်လည်း အရှင်ဘုရားမှာ ဆွမ်းတစ်နပ်အတွက် နေပူမရှောင်မိုးရွာမရှောင် ဆွမ်းခံနေရတာ ပင်ပန်းလှပါတယ်ဘုရား။ အဲဒါကြောင့်တပည့်တော်တို့ရဲ့သားများကို ဆွမ်းဝေယျာဝစ္စအတွက် လက်ခံပေးတော်မူပါ ဘုရား။ အရှင်ဘုရားလည်း ဆွမ်းခံချိန်မှာ ပဋိပတ္တိအလုပ်ကိုတိုးပြီးလုပ်နိုင်ပါတယ်ဘုရား။ ကလေးတွေဝေယျာဝစ္စကုသိုလ်ရအောင် လက်ခံပေးတော်မူပါဘုရား"

ဟူ၍လျှောက်ထားရာ ဘုန်းတော်ကြီးသည် ငြင်းပယ်ရန်ခက်နေသဖြင့် လက်ခံကာ ခေါင်းညိတ်လိုက်ရပါသည်။ ကျောင်းသား (၁၀) ဦးအပ်နှံပြီး ဆွမ်းခံရန် ဆွမ်းဆိုင်း (၂) ခုကို ရွာမှစီစဉ်လျက် သပြေကုန်းရွာသို့ ဆွမ်းခံတစ်ဆိုင်း ဝေလံကုန်း၊ ကြို့ပင်သာ၊ ကံလှရွာသို့ တစ်ဆိုင်း ဆွမ်းခံထွက်၍ ဆရာတော်ကို ဆွမ်းလုပ်ကျွေးမှုပြုကြပါသည်။

ဆရာတော်မှလည်း ဆရာ့တာဝန်ကျေပွန်စွာ ကလေးများအား မြန်မာသင်ပုန်းကြီး၊ မင်္ဂလသုတ် စသည်ဖြင့် ဘုန်းကြီးကျောင်းရိုးရာစာများသင်ကြားပေးပါသည်။ ဦးစန္ဒောကိုယ်တိုင်လည်း ဘုန်းကြီးကျောင်းစာများအား သဂြိုဟ် သဒ္ဒါရောက်သည့်တိုင်အောင်သင်ခဲ့ဖူးရာ လောကုတ္တရာစာပေကိုတီးမိခေါက်မိရှိခဲ့သဖြင့် ယခုကဲ့သို့ ရဟန်းဘဝကို ခံယူ



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါဝယ် ထိုစာပေတို့သည် များစွာ အထောက်အကူဖြစ်ခဲ့ပါသည်။ ထိုစာပေ အသိတို့ကပင်လျှင် ဆင်းရဲဒုက္ခကြီးပြီး အသက်နှင့်ရင်း၍လုပ်ကိုင်ရသော ဆင် ဦးစီးဘဝမှ ကျွတ်လွတ်အောင် တွန်းပို့ခဲ့ခြင်း ဖြစ်သည်။

အားအလွန်ကြီးသောဆင်တို့ကို ချွန်းတစ်လက်ဖြင့်အနိုင်ယူခိုင်းစေခဲ့သော်လည်း ထိုဆင်တို့၏လက်တုံ့ပြန်ခြင်းကိုခံရသောအခါဝယ် ပုထုဇဉ်တို့၏သဘာဝ ထိုဆင်ကို အမုန်းကြိတ်ပစ်လိုက်ချင်စိတ်များတဖွားဖွားပေါ်ခဲ့ရာ ဒေါသတို့ငယ်ထိပ်တိုင်တက်ခဲ့၏။ သို့သော် လူနှင့် ဆင်ဟူသည် အင်အားချင်းက မယှဉ်သာနိုင်အောင် ကွာခြားလှပေသည်။ ဆင်က အင်အားသာ၏။ သူက ဉာဏ်အားသာ၏။ ကံမကောင်းအကြောင်းမလှသော ဆင်ဦးစီးတို့သည် အင်အားကြီးသော ဆင်၏ လက်တုံ့ပြန်မှုကြောင့် မရှုမလှ သေဆုံးကုန်ရသူတို့များစွာရှိခဲ့၏။ ကြားလည်းကြားဖူးခဲ့၏။ မြင်လည်းမြင်ဖူးခဲ့၏။

ကိုယ်တိုင်ခံစားရသောအခါ ဆင်တို့အပေါ် မေတ္တာပျက်ခဲ့ရပါသည်။ ထိုသို့မေတ္တာပျက်ကာ အငြိုးအတေးစိတ်ဖြင့် ဆင်၏ကျောပေါ်ပြန်တက်ခဲ့သော် ဆင်၏ထံမှ မေတ္တာပြန်၍မရနိုင်ကြောင်းသဘောပေါက်သဖြင့် ဆင်တို့နှင့်အကင်းဆုံးဖြစ်အောင် သာသနာ့ဘောင်ဝင်ကာ တောရဆောက်တည်လျက် တရားဘာဝနာများပွားများခဲ့ရာ ယခုသော်မူ အားလုံးသောဆင်တို့အပေါ်၌ မေတ္တာတရား ပြန်လည်ပွားများနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဆင်တို့အပေါ်၌လည်းကောင်း၊ အားလုံးသောသတ္တဝါတို့အပေါ်၌လည်းကောင်း နေ့စဉ် မေတ္တာတရားပွားများနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ရင်၌အငြိုးအတေးတို့မရှိတော့ပြီဖြစ်သည်။

သို့သော် . . .

□ **ထုံးမန်းအစွမ်း**

"ဟဲ့မောင်ကျောင်းသားတို့၊ ဒီနေ့ သပြေကုန်းဆွမ်းခံအလှည့် ဘယ်သူကျတာလဲ"

"မှန်လှပါ။ ဒီနေ့ မြသန်းနဲ့ မြသိန်း တို့ညီအစ်ကိုပါဘုရား"

"ဩော်-အမြွှာညီနောင်အလှည့်ကိုး။ ကဲကဲ - သပြေကုန်းကိုဆွမ်းခံသွားမယ့်အမြွှာညီနောင် ဒီကိုလာဦး။ ကျန်တဲ့ ကျောင်းသားတွေ ကျောင်းဝင်းဥပစာက အမှိုက်တွေလိုက်ကောက်ကြ"

"မှန်ပါဘုရား"

ဟု လျှောက်ကာ ကျောင်းသားတို့ ကျောင်းပေါ်မှ ဆင်းသွားကြလေ၏။ အမြွှာညီနောင်ဖြစ်သော မြသန်းနှင့် မြသိန်းတို့ဆရာတော်ရှေ့မှောက်ရောက်လာကြလေ၏။ အမြွှာညီနောင်သည် (၁၂) နှစ်အရွယ်ဖြစ်ရာ ငယ်လှပါသေးသည်။ သူတို့အမြွှာညီအစ်ကိုသည် ရုပ်ချင်းတူသလို အရပ်အမောင်းလည်းတူညီပါသည်။

"မြသန်းနဲ့ မြသိန်း"

"ဘုရား"

"သပြေကုန်းကို ဆွမ်းခံသွားရမှာ ကြောက်သလား"

" မ. . . မ. . . မကြောက်ပါဘူး ဘုရား"

"မကြောက်ဘူးသာဆိုတယ်၊ နင့်ဟာက အထစ်ထစ်အငေါ့ငေါ့ပါလား မြသန်းရဲ့။ အင်းလေ - ငါ့ကျောင်းက ကျောင်းသားတွေက ငယ်ပေတာကိုး။ ဒါပေမယ့် ဘာမှမကြောက်ကြနဲ့။ ငါ နင်တို့ ညီအစ်ကိုအတွက် တစ်ပွဲတိုးထုံးမန်းပေးလိုက်မယ်။ ဒီကောင်တွေ နင်တို့ကို ကြိုက်သလောက်လုပ်။ ယုတ်စွအဆုံး မားနဲ့ခုတ်ပါစေ၊ နင်တို့တစ်စက်လေးမှ မထိခိုက်မနစ်နာစေရဘူး။ နှစ်ယောက်စလုံး တုတ်၊ ဓားကအစ ပြီးနေစေရမယ် ဟုတ်လား"

"မှန်ပါ့ဘုရား"

ဟု အမြွှာညီအစ်ကိုက အားတက်သရောပြန်လျှောက်၏။ ဘုန်းတော်ကြီးသည် ကွမ်းအစ်ကိုယူ၍ ကွမ်းစားထုံးဘူးထဲမှ ထုံးတစ်ကော်ယူကာ ခေတ္တမျှမန်းမှုတ်ပြီး တံတွေးဖြင့် ဖွဲ့ခနဲစတီသဘောထွေးကာ အလုံးကလေးနှစ်လုံးပြုလုပ်လျက် တစ်ယောက်တစ်လုံးစီပေးလေ၏။



"ကဲ-သပြေကုန်းက ကျောင်းသားကြီးတွေက မင်းတို့ကို ရန်စရင် ဒီထုံးမန်းကိုပါးစပ်ထဲပစ်ထည့်ပြီး အမြန်မျိုချလိုက်ပေတော့။ ဒါဆို ဒီကောင်တွေ မင်းတို့ကို ဘယ်လိုလုပ်လုပ် မထိခိုက်တော့ဘူး"

"တပည့်တော်တို့ကခံဖို့သက်သက်ပဲလားဘုရား"

"တယ်- ဒီကောင်တွေအတော်ညံ့တာပဲ။ နင်တို့က ငယ်တော့ နင်တို့လက်သီးနဲ့ဝင်ထိုးလည်း ထိရောက်မှာမဟုတ်ဘူး။ ကိုယ့်လုပ်မှတော့ညာမနေနဲ့။ ဆွမ်းထမ်းပိုးနဲ့သာချွတ်ရိုက် ဟုတ်ပြီလား"

"မှန်ပါ့ဘုရား၊ တပည့်တော်တို့ ညီအစ်ကိုကို ဒီကောင်တွေက မျောက်သန်းနဲ့ မျောက်သိန်းဆိုပြီးတွေ့တိုင်းစနေကျပါဘုရား။ တပည့်တော်တို့ကငယ်တော့ ဘာမှပြန်မပြောရဲပါဘူး ဘုရား"

"ဩော် - ဒါထက် မြသန်းနဲ့ မြသိန်း၊ နင်တို့တွေ သေအောင်မရိုက်နဲ့နော်။ မှတ်လောက်သားလောက်အောင် နောင်အနိုင်မကျင့်ရဲအောင်သာရိုက်ဟုတ်ပြီလား"

"မှန်ပါ့ဘုရား"

"နင်တို့ရဲ့ထုံးမန်းကို အိတ်ကပ်ထဲ အသေအချာထည့်ထား။ ဒီကောင်တွေ တွေ့တာနဲ့ အခြေအနေကိုကြည့်၊ ရန်စပြီဆိုတာနဲ့ ထုံးမန်းကို နိုက်ပြီးမျိုချလိုက်ပေတော့။ ဒါဆို အဲဒီတစ်ပွဲ ကြိုက်သလောက်နွှလို့ရပြီ"

"သူတို့ကရန်မစရင်ကောဘုရား"

"မင်းတို့ကအရင်စပေါ့ကွာ"

"မှန်ပါ့၊ စပါမယ်ဘုရား"

"အေး-မှတ်လောက်သားလောက် အောင်ဆုံးမခဲ့။ ကဲ - ဆွမ်းခံချိန်ကျပြီ သွားကြတော့"

ဟု အမိန့်ရှိသည်နှင့် မြသန်းနှင့် မြသိန်းတို့သည် ဆွမ်းဆိုင်းရှေ့နောက်ထမ်း၍ ကျောင်းပေါ်မှဆင်းလေ၏။ ထိုအခါ ဝေလံကုန်းဘက် ဆွမ်းခံအလှည့်ကျသောကျောင်းသားနှစ်ဦးမှာလည်း ကျောင်းပေါ်တက်ကာ ဆွမ်းဆိုင်းရှေ့နောက်ထမ်း၍ဆင်းလာလေ၏။ မြသန်းနှင့်မြသိန်းတို့သည် ကျောင်း၏အနောက်မြောက်တွင် တည်ရှိနေသော ခပ်လှမ်းလှမ်းရှိ သပြေကုန်းရွာသို့ လယ်ကန်သင်းများအတိုင်း ကွေ့ဝိုက်၍သွားနေသလို ကျန်သောဆွမ်းဆိုင်းတစ်ဆိုင်းကလည်း လယ်ကန်သင်းလမ်းအတိုင်း ဝေလံကုန်းရွာဘက်သို့သွားလျက်ရှိ၏။

"ကဲ-ကျောင်းသားတွေ ကျောင်းပေါ်တက်ပြီးစားရအောင်ကြ"

www.burmeseclassic.com

www.burmeseclassic.com

ဟု အမိန့်ရှိသည်နှင့် ကျန်သော ကျောင်းသားတို့သည် သစ်သားသင်ပုန်းတွင် ကဲ့ကူဆံဖြင့်စာရေးနေကြတော့၏။ ဘုန်းတော်ကြီးမှာမူ စကြီလျှောက်လျက်ရှိချေ၏။

❑ **တွေ့ကြပြီ**

"မြသိန်း၊ မင်းကြောက်လားဟေ့ကောင်"

"အောင်မာ ငါဘာကြောက်ရမှာလဲ။ ဘုန်းကြီးက ထုံးမန်းပေးလိုက်တာပဲ"

"အေး - ငါလည်း လုံးဝကြောက်စိတ်မရှိဘူး။ ဒီကောင်တွေကို ဒီနေ့ ငါတို့အပြတ်ဆော်ရမယ်"

"ဒီကောင်တွေ ရန်မစရင် ငါတို့က ရန်စပြီးချကြမယ်နော်။ ငါတို့ကိုအနိုင်ကျင့်နေကျဆိုတော့ အရင်လိုပဲမထီလေးစားလုပ်မှာသေချာတယ်။ အဲဒါမင်းက ထမ်းပိုးအသင့်ကိုင်ထား၊ ငါကရန်စမယ်"

"အေးပါ၊ စိတ်ချပါ"

အမြွာညီအစ်ကိုသည် ကန်သင်းလမ်းအတိုင်းသွားရင် အတိုင်အဖောက်လုပ်ကာ ရန်ဖြစ်ရေးအတွက် ကြိုတင်ညှိနှိုင်းနေခြင်း ဖြစ်သည်။ သပြေကုန်းအားလှမ်းမြင်နေရသော်လည်း လက်တွေ့သွားသောအခါ နာရီဝက်နီးနီးသွားရလေ၏။

ရွာထဲဝင်သည်နှင့် အိမ်စဉ်လှည့်ကာ 'ဆွမ်းတော်ဗျို့'ဟု ဗျို့ဟစ်ကာ အိမ်ရှေ့ရပ်၍ ဆွမ်းခံရ၏။ တောင်သူကြီးအိမ်အချို့မှာမူ အလုပ်များသဖြင့် ဆွမ်းစောင့်မလောင်းနိုင်ဘဲ အိမ်ရှေ့ခုံအမြင့်တွင် ဆွမ်းနှင့်ဆွမ်းဟင်းဒူးကာအုပ်ဆောင်းဖြင့်အုပ်ပေးထားခဲ့၏။ ကိုယ့်ကျောင်းအတွက် ကိုယ်လှယ်ယူရ၏။

တောင်သူကြီးအိမ်တို့သည် အိမ်ဝင်းကျယ်ဝန်းလှပါသည်။ တောင်သူကြီးအိမ်တစ်အိမ်ဝင်လိုက်သည်နှင့် သပြေကုန်းကျောင်းမှ ဆွမ်းတော်ကိုထိပ်တိုက်တွေ့ရလေ၏။ သူတို့အပေါ် အနိုင်ကျင့်နေကျ ကျောင်းသားကြီးတို့ ဖြစ်သည်။

"ဟေ့ကောင် မြသိန်း၊ ထုံးမန်းမျိုချ ငါတို့ချကြမယ်"

"အေးပါ"

ဟု ပြောကာ အိတ်ကပ်ထဲမှထုံးမန်းလုံးကလေးများ ကိုယ်စီမျိုချ၍ အိမ်ဝင်းထဲဝင်သွားပြီး ဆွမ်းဆိုင်းချလိုက်ကြလေ၏။ ဆွမ်းဆိုင်းချသည်နှင့် ထမ်းပိုးချွတ်ကာ မြသန်းက ကိုင်ထားလိုက်လေ၏။

"ဟေ့-သပြေကုန်းကျောင်းက သူခိုးတွေ၊ မင်းတို့ ငါတို့ကျောင်းအတွက်ပါခိုးယူပြီးပြီ မဟုတ်လား"

"အောင်မာ (---) လောက်ရှိတဲ့ လက်လုပ်တောင်တောထဲက မျောက်စုတ်ကများလာပြောရတယ်ရှိသေး။ ငါတို့ဦးလို့ငါတို့ယူကာဘာဖြစ်လဲ။ ငါတို့ကိုများ သူခိုးလေးဘာလေးနဲ့ ဒီဆွမ်းခွက်တွေမှာ လက်လုပ်တောင်အတွက်ရေးမထားဘူး ဟေ့ကောင်။ ငါ့ဟာငါ ယူချင်ယူမယ် ဘာဖြစ်လဲ"

"မင်းတို့ကျောင်းကကောင်တွေ သူခိုးတွေချည်းပဲ"

"ဘာကွ၊ မင်းတို့နှစ်ကောင် မနေ့က သောင်းညွန့်တို့လို နာချင်တယ်ထင်တယ်"

"အေး-မနေ့က သောင်းညွန့်တို့ကို သပြေကုန်းကျောင်းက ခွေးတွေကိုက်လွှတ်လိုက်တယ်။ အဲဒီခွေးနှစ်ကောင်ကို ဆုံးမဖို့ ဒီနေ့ငါတို့လာတာ"

"အောင်မာ - စကားကြီးစကားကျယ်ပြောလို့။ ကဲကွာ၊ ကဲကွာ"

ဟု ဆိုပြီး ဆွဲထိုးလိုက်လေ၏။

"ခွပ် . . . ခွပ်"

"ဟာ"

"ကဲကဲ - ဟေ့ကောင်၊ အီးဘောလောကြီးမင်းကြိုက်သလိုထိုး၊ မင်းပြီးရင် ငါ့အလှည့်"

"ခွပ်"

"အား"

ကျောင်းသားကြီးမှာ နှစ်ချက်ဆင့်ထိုးသော်လည်း ကျောင်းသားငယ်မှာ တစ်ချက်ကလေးမှမဖြုံသဖြင့် အံ့အားသင့်နေစဉ် ပြောပြောဆိုဆိုတစ်ချက်ပြန်အထိုးတွင် ပါးစပ်ကိုမိကာ သွားနှင့်နှုတ်ခမ်းထိမိ၍သွေးတို့ထွက်လာ၏။ ထိုအခါ ကျန်တစ်ယောက်က မြသိန်းကို ဝင်ထိုးပြန်၏။ မြသိန်းမှာ ယိမ်းယိုင်ပင်မသွားခဲ့ပေ။ ထိုအခါမြသန်းက ထမ်းပိုးဖြင့်ဝင်၍ ဦးခေါင်းများကိုရိုက်ရာ နှစ်ဦးစလုံးပင် လဲကျသွားလေ၏။ လဲကျသည်နှင့် မြသိန်းကလည်း သူတို့ထမ်းပိုးကိုဆွဲယူပြီး အားရပါးရဝင်ရိုက်ပြန်လေ၏။ ဒေါသစိတ်တို့ဦးစီးလာသောအခါ မညှာမတာပင် စိတ်တိုင်းကျ ရိုက်ပစ်လိုက်၏။ ကျောင်းသားကြီးနှစ်ဦး လှုပ်ပင်မလှုပ်နိုင်ပေ။

ထိုသို့ ရိုက်သံတအုန်းအုန်းတဗုန်းဗုန်းကြားသောအခါ အိမ်နီးချင်းများပြေးလာပြီး ကလေးငယ်နှစ်ဦး၏ လက်ထဲမှ ထမ်းပိုးတို့ကိုဆွဲလုပြီး ရန်ပွဲကိုဖျင်ကြ၏။ အငယ်များမှလုပ်၍ အကြီးများကခံရသည့်ပွဲဖြစ်သည်။

ကျောင်းသားကြီးများက လက်လုပ်တောင်မှ ကျောင်းသားငယ်များအား အနိုင်ကျင့်နေသည်ကို အများကသိပြီးဖြစ်ရာ ယနေ့တွင်မူ ကျောင်းသားငယ်များက ပြန်လုပ်၍ ကျောင်းသားကြီးများ မရှုမလှခံလိုက်ရသည်ကို သဘောပေါက်ကြလေ၏။ ကျောင်းသားငယ်များကလည်း ဖြစ်အင်ကိုရှင်းပြကာ ဆွမ်းဆိုင်းထမ်း၍ထွက်သွားကြလေ၏။ ကျောင်းသားကြီးတို့ကိုမူ ရွာမှလူတို့က ကျောင်းသို့လိုက်ပို့ကာ ဖြစ်ကြောင်းကုန်စင်လျှောက်တင်ကြလေ၏။ ထိုကိစ္စတို့ကို ဘုန်းတော်ကြီးမသိခဲ့ပေ။ ရှက်ဖွယ်အတိဖြစ်သည်။ တပည့်မကောင်းဆရာ့ခေါင်းဖြစ်၏။ သို့အတွက် ရန်ဖြစ်သော ကျောင်းသားကြီး နှစ်ဦးအား သနားညှာတာခြင်းမရှိဘဲ နောင်ထိုသို့မပြုလုပ်စေရန် ကြိမ်ဖြင့်ထပ်၍ဆော်လေ၏။ ထိုနေ့မှစ၍ သပြေကုန်းကျောင်းသားကြီးတို့သည် လက်လုပ်တောင်ကျောင်းသားငယ်တို့အပေါ် စခြင်း၊နောက်ခြင်း၊အနိုင်ကျင့်ခြင်း မပြုလုပ်ရဲတော့ပေ။

တောရဆောက်တည်နေသော ရဟန်းတော်ဦးစန္ဒာဘာသသည် လောကီပညာရပ်၌လည်း နှံ့စပ်ကြောင်း အားလုံးသဘောပေါက်ကြရပါသည်။ ထိုအခါ ပို၍လေးစားကြလေ၏။

❑ **ဘုန်းကြီးကျောင်းသားဓလေ့**

ဘုန်းကြီးကျောင်းသားတို့ဟူသည် နေ့နေ့ညည အတူတကွနေထိုင်ကြရရာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးကြ၏။ စည်းလုံးညီညွတ်ကြ၏။ ဘုန်းတော်ကြီး၏ကြိမ်လုံးမှတစ်ပါး အကြောက်အလန့်ကင်းကြ၏။ဆော့သည့်နေရာတွင်လည်း မျောက်ပင်လက်မှိုင်ချရလောက်အောင် အမျိုးမျိုးကြံဖန်ဆော့တတ်ကြလေသည်။ ဘုန်းတော်ကြီးရှေ့၌ သေဝပ်သကဲ့သို့ နေတတ်ပြီး မျက်ကွယ်ရောက်သည်နှင့် မီးတောက်လုပ်မတတ် ဆိုးပေတတ်ကြ၏။

သို့သော် အခြားဘုန်းကြီးကျောင်းသားများနှင့်မူ မတည့်တတ်ကြပေ။ သူ့အုပ်စုကိုယ့်အုပ်စု ဗိုလ်လုတတ်ကြသည်မှာ ထုံးစံဖြစ်သည်။

ဘုန်းတော်ကြီးများ အလှူမင်္ဂလာသို့ ဆွမ်းစားကြွလျှင် လှူရန်များသယ်ရန် ကျောင်းသားနှစ်ယောက်၊ သုံးယောက် နောက်က အမြဲပါလေ၏။ ထိုဘုန်းကြီးကျောင်းသားတို့အား ဘုန်းတော်ကြီးများ၏စားတော်ကျဖြစ်သော ဆွမ်းဟင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်ကျွေးမွေးရ၏၊ ထိုအခါ အမြဲတစေကြုံရသည်မှာ ဟင်းလုကြခြင်းဖြစ်သည်။ ဟင်းမလုသည့်အခါ ဟူ၍ မရှိပေ။ လက်သွက်သောကျောင်းသားတို့က ဝက်သားဆိုလျှင် အသားတုံးများ ဦးစွာ အမြန်သိမ်း ပန်းကန်ထဲသို့ကော်ထည့်လိုက်၏။ ကြက်သားဆိုလျှင်လည်း အရိုးနည်းသောအတုံးများကို အမြန်ကော်ထည့်လိုက်၏။

လက်နှေးသော ခပ်နုံနုံကျောင်းသားမှာမူ သူတို့မစားလို၍ချန်ထားသော ဟင်းဖြင့်သာ စားရလေ့ရှိသည်။ ထိုသို့ ဟင်းလုရာမှ ဗိုလ်ဗိုလ်ချင်းထိပ်တိုက်တွေ့သော် လက်ဦးသူက ပန်းကန်ဖြင့်ကောက်ထုတတ်လေ၏။ လက်နှေးသော် ခံရတတ်လေ၏။

ခံခဲ့ရသော ကျောင်းသားကား ကျောင်းရောက်သော် မသက်သာလှပေ။ ခံခဲ့ရပါမလားဟူ၍ ဘုန်းတော်ကြီးက ကြိမ်ဖြင့်ထပ်ဆော်ခံရတတ်လေ၏။ ခွေးချင်းကိုက်သော်မှ ကိုယ့်ခွေးကအနိုင်ရလိုသည်မှာ ပုထုဇဉ်တို့၏ဓမ္မတာဖြစ်ရာ ကိုယ့်ကျောင်းသားခံခဲ့ရသည်ကို ဘယ်ဘုန်းတော်ကြီးကမှ မကျေနပ်ကြပေ။ ထိုမကျေနပ်မှုပေါက်ကွဲခြင်းကြောင့် ခံခဲ့ရသောကျောင်းသား နောက်နောင်မခံရအောင် ကြိမ်ဖြင့်ဆော်ခြင်း ဖြစ်၏။ ဆိုရသော် ထိုကြိမ်ဒဏ်သည် ထိုကျောင်းသားအား ရဲဆေးတင်ပေးလိုက်ခြင်းသာဖြစ်သည်။

ဤသည်မှာ ရှေးအခါက တောရွာများ၏ ဘုန်းကြီးကျောင်းသားဓလေ့ ဖြစ်ပါသည်။ ကျောင်းသားတို့သည် အခြားကျောင်းသားတစ်ဦးအား စိန်ခေါ် လိုပါက ထိုကျောင်းသား၏ နားရွက်အား တံတွေးဖြင့်သွားဆွတ်ခြင်းဖြင့် စိန်ခေါ်လေ့ရှိ၏။ တံတွေးအဆွတ်ခံရသော ကျောင်းသားသည် ဆွေ့ဆွေ့ခုန်မျှ စိတ်တိုကာချကုန်ကြလေ၏။

အချို့ရန်စသည်မှာ လက်သီးဆုပ်ကိုနမ်းခိုင်းခြင်းဖြစ်၏။ အချို့လည်း အမျိုးမျိုးဆဲရေးတိုင်းထွာ၍စတတ်၏။ အချို့လည်း ညစ်ညမ်းစွာသေးဖြင့်ပန်း၍စ၏။ ဘုန်းကြီးကျောင်းသားတို့တွင် ရန်မဖြစ်ဘူးသောကျောင်းသား ဟူ၍မရှိပါ။ အခြားကျောင်းသားတို့နှင့် ရန်မဖြစ်ရသော် အချင်းချင်း အမျိုးမျိုးစကာချကြ၏။ ထိုသို့ ရန်ဖြစ်၍မတည့်လည်း ခဏမျှသာဖြစ်ပြီး အတန်ကြာသော် ဆော့ရင်းကစားရင်း ပခုံးပြန်ဖက်နေတတ်ကြလေ၏။ ဘုန်းကြီးကျောင်းသားဘဝက ကြိမ်ကိုကြောက်ရခြင်းမှလွဲလျှင် ပျော်စရာတိဖြစ်ပေ၏။ ထိုသို့ ပျော်ပျော်ဆော့ကစား၍ နေကြရခြင်းကြောင့်လည်း ဘုန်းကြီးကျောင်းသားတို့သည် ချူချာသူဟူ၍မရှိတတ်ပေ။အစဉ်သဖြင့် ကျန်းမာကြသည်ကများလေ၏။

## ❑ ကာလများစွာကြာပြီးနောက်

ထိုလက်လုပ်တောင်ကျောင်းတွင် ကြာကြာသီတင်းသုံးသွားသည်မှာ ဆင်ဦးစီး တစ်ဖြစ်လဲ ဘုန်းတော်ကြီးဦးစန္ဒောဘာသသည် အကြာဆုံးဟုဆိုရမည်ဖြစ်သည်။ ဦးစန္ဒောဘာသ မရှိတော့သောအခါဝယ် စွဲစွဲမြဲမြဲတောရဆောက်တည်ရဟန်းဟူ၍မရှိခဲ့ဘဲ ခေတ္တမျှသာတောရဆောက်တည်သောရဟန်းတို့ရှိခဲ့လေ၏။ ထို့ကြောင့် လက်လုပ်တောင်တော်သည် အများအားဖြင့် လူသူကင်းမဲ့ကာ တိတ်ဆိတ်၍နေ၏။

(လက်လုပ်တောင်ဘုရား၏မြောက်ဘက်တွင် တောရကျောင်းတစ်ကျောင်းရှိသည်ဟု ကြားဖူးရာ ကျွန်ုပ်အသက် (၁၈) နှစ်အရွယ်တွင် လက်လုပ်တောင်သို့ရောက်ချင်လှသဖြင့် ဆိတ်နံ့တုန်းသိမ်ကျောင်းမှ ဦးပဥ္စင်းများကိုလိုက်ပို့ခိုင်းရာ သာမဏေဖြစ်သောကျွန်ုပ်ကို ဦးပဥ္စင်းတို့က လိုက်ပို့ကြ၏။

ဆိတ်နံ့တုန်းရွာမှစကာ လယ်ကန်သင်းတို့ကိုဖြတ်၍ လက်လုပ်တောင်စေတီသို့ရောက်ခဲ့ကြပါသည်။ ထိုအချိန်တွင် ကုန်းတော်၌ လူသူဟူ၍မရှိပါ။ သစ်ပင်ထူထပ်သော တောင်ကုန်းလေး၏အပေါ် တွင် စေတီငယ်တစ်ဆူကို ဖူးတွေ့ရပါသည်။ စေတီတော်ကုန်းပေါ်တွင် အတန်ငယ်နားပြီးသော် လှည့်ပတ်ကြည့်ရှုခြင်းမပြုကြတော့ဘဲ ပြန်ခဲ့ကြပါသည်။ လက်ဖြင့်လုပ်သည်ဆိုသော ဟိုတောင်ကုန်းပေါ် တွင်ထိုင်ကာ ဒီလောက်ကြီးတဲ့တောင်ကို အခြားတောင်ကုန်းတစ်ခုမှမြေတွေတူး၊ လှည်းတွေနဲ့တိုက်ဖို့ဖြင့်အတော်လုပ်ယူရမည်ဟု ကလေးအတွေးတွေးခဲ့ဖူးလေ၏။ အသွားခြေကျင်အပြန် ကုန်းကြောင်းဖြစ်ရာ နွေရာသီမို့ ချွေးတို့ဒီးဒီးယိုစီးကာ အလွန်ပင်ပန်းကြလေ၏)

ကောဇာနှစ် ၁၃၅၃ ခုနှစ်တွင်မူ ထိုလက်လုပ်တောင်တောရသို့ တောရဆောက်တည်သော ရဟန်းတစ်ပါးလာရောက် သီတင်းသုံးလျက် အနီးရှိဂေါစရဂံရွာများသို့ အလှည့်ကျဆွမ်းခံကြွခြင်းဖြင့် ချီးမြှောက်တော်မူပါသည်။

• ထိုရဟန်းတော်မှာမူ ဇွဲကောင်းလှပေ၏။ရက်မှလ၊လမှနှစ်သို့တိုင်ခဲ့လေ၏။ ထိုဆရာတော်ကား နောင်တွင် မဟာဗောဓိမြိုင်ဆရာတော်ဟူ၍ ကျော်ကြားသော ဘဒ္ဒန္တဥေ ယျမေ့သာမိထေရ်ဖြစ်လေ၏။

## မဟာဗောဓိမြိုင်ဆရာတော်၏ငယ်စဉ်ဘဝ

မဟာဗောဓိမြိုင် ဟူ၍ ထင်ပေါ်ကျော်ကြားတော်မူသော မဟာဗောဓိမြိုင်ဆရာတော်အား စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မင်းတုန်းရွာ ဦးဘစံ၊ ဒေါ်မေတို့မှ မြန်မာနှစ် ၁၃၀၃ ခု၊ ဝါဆိုလပြည့်နေ့ ညဦး (၁) နာရီတွင် ဖွားမြင်ပါသည်။ ငယ်နာမည် မောင်ငြိမ်းမောင်ဖြစ်ပါသည်။ ၁၃၁၇ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ စနေနေ့တွင် မိခင်ကြီးဒေါ်မေ၏ ပစ္စယာနုဂ္ဂဟဖြင့် မင်းကုန်းတောရဆရာတော် ဘဒ္ဒန္တသုနန္ဒထံတွင် ရှင်သာမဏေပြုလျက် ဘွဲ့အမည်ကို ရှင်ဥေ ယျဟု ကိုယ်တိုင်ခံယူခဲ့ပါသည်။

၁၃၁၈ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ်စာသင်တိုက်သို့ ဗုဒ္ဓစာပေများသင်ယူရန် ရောက်ရှိခဲ့ပါသည်။

၁၃၁၉ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ်မှ အစိုးရပထမငယ်တန်း အောင်မြင်ပါသည်။

၁၃၂၀ပြည့်၊ ဝါဆိုလဆန်း၁၁ရက်နေ့တွင် ရန်ကုန်မြို့ ကျောက်ပန်းတောင်းကျောင်းတိုက်သို့ ဗုဒ္ဓစာပေများသင်ကြားရန်ရောက်ရှိခဲ့၏။

၁၃၂၁ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် ဗုဒ္ဓဟူးနေ့တွင် မော်လမြိုင် စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ စာပေများသင်ကြားရန် ရောက်ရှိရာ အစိုးရပထမလတ်တန်းကို အောင်မြင်ပါသည်။

၁၃၂၃ ခုနှစ်၊ ဝါဆိုလဆန်းတွင် မင်းကုန်းတောရဆရာတော်ကြီး ဘဒ္ဒန္တ အာစာရအား ဥပဇ္ဈာယ်ပြုလျက် ထန်းတစ်ပင်ဖောင်တော်ဦးကျောင်းတိုက် ခဏ္ဍသိမ်၌ ရဟန်းဒါယကာ ဦးဘသန်း ရဟန်းဒါယိကာမ ဒေါ်စောဉာဏ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ ပထမအကြိမ် ရောက်ရှိခဲ့ပါသည်။

၁၃၂၅ ခု နွေရာသီ၌ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သာသနာ့ရံ... ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ရော...



www.burmeseclassic.com

www.burmeseclassic.com

ကာ ထိုနှစ်တွင် အစိုးရပထမကြီးတန်းအား တိုင်းဒုတိယအဆင့်ဖြင့် အောင်မြင်ပါသည်။

ထိုအချိန်ကာလသည် တော်လှန်ရေးအစိုးရမှ ပြည်သူပိုင်များသိမ်းပြီးနောက် ဆိုရှယ်လစ်စနစ်သို့ ဦးတည်ရာ ပြည်ပိုင်ပစ္စည်းကော်ပိုရေးရှင်းမှ (ပ-ပ-က) အိမ်ထောင်စုဇယား၏ လူဦးရေအလိုက် ဆန်များခွဲတမ်းဖြင့်ရောင်းချပေးသောခေတ်ဖြစ်လေ၏။ အပိုအလိုမရှိ ကွက်တိချိန်၍ပေးခေတ်ဖြစ်ပေရာ ဆွမ်းခံကြွသော ရဟန်းတော်တို့အား ဖောဖောသီသီလှူနိုင်သောခေတ်မဟုတ်တော့ပေ။ ထိုအခါ ဆွမ်းခံအိမ်များသော ရဟန်းတော်တို့အဖို့ မတောင်းတာလှသော်လည်း ဆွမ်းခံအိမ်နည်းသော ရဟန်းတော်တို့မှာမူ လောက်လောက်ငငမရကြတော့ပေ။ ဇွန်းကြီးနှင့်လောင်းရာမှ ဇွန်းသေးသို့ပြောင်းသောအခါ ဝမ်းရေးအတွက် အခက်အခဲဖြစ်လာခဲ့၏။

သာသနာ့ဝန်ထမ်းရှင်ရဟန်းအချို့မှာ ထိုခေတ်တွင် တောင့်ခံနိုင်စွမ်းမရှိတော့ဘဲ လူဝတ်လဲခဲ့ကြရပါသည်။ ထိုအချိန်သည် လူတို့ညှိုးနွမ်းကြသကဲ့သို့ သာသနာတော်လည်း ခေတ္တညှိုးနွမ်းနေရသောခေတ်တစ်ခေတ်ဖြစ်ခဲ့လေ၏။

ထိုပဂေခေတ်တွင် ဆွမ်းအတွက် အခက်ကြုံရသော ရဟန်းတော်တို့တွင် မဟာဗောဓိမြိုင်အလောင်းအလျာရဟန်းတော်ဦးဥ ယျလည်း အပါအဝင်ဖြစ်ခဲ့ပါသည်။

သို့ကြောင့် ၁၃၂၇ ခု၊ တော်သလင်းလဆန်း ၁၃ ရက်နေ့၌ ရဟန်းတော်ဦးဥ ယျသည် သာသနာ့ဘောင်၌နေရန် လွန်စွာမှ ခက်ခဲလာခြင်းကြောင့် လူဝတ်လဲကာ ရန်ကုန်မြို့ရှိ ဆေးလိပ်ခုံတစ်ခုံတွင် စာရေးဝန်ထမ်းအလုပ်ကို ဝင်ရောက် လုပ်ကိုင်ရလေတော့၏။ ဆွမ်းအခက်အခဲကြောင့် ဝါတွင်းကာလကြီး၌ပင်လျှင် တောင့်ခံနိုင်စွမ်းမရှိဘဲ လူဝတ်လဲခဲ့ရခြင်းဖြစ်ပေ၏။ ထိုခေတ်အား မေ့ရက်စရာမရှိခဲ့ပေ။

သို့နှင့်ပင် ရဟန်းဘဝမှတစ်ဖြစ်လဲ လူဝတ်ကြောင်ဖြစ်ခဲ့ရသောကိုငြိမ်းမောင်သည် ၁၃၂၉ ခု၊ နယုန်လ၌ မိခင်ကြီး ဒေါ်မေ၊ အစ်မကြီး ဒေါ်ကြည်တို့၏ စေ့စပ်ပေးမှုကြောင့် မိခင်နှင့် အစ်မတို့၏ သဘောဆန္ဒကို လိုက်လျောသောအားဖြင့် ဘတ်ရွာတည်းနေသူ မစိန်မေနှင့် အိမ်ထောင်ကျပါသည်။

ထိုသို့ အိမ်ထောင်ကျပြီးနောက် ရန်ကုန် သဃ်န်းကျွန်းတွင် နေထိုင်ကာ ဈေးဆိုင်၊ အထည်ဆိုင်၊ ဆေးဆိုးပန်းရိုက်၊ မဲနယ်ခဲလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလေ၏။ယရာဝါသော ဗဟုကိစ္စောပဟူသောစာနှင့်အညီ အိမ်ရာတည်ထောင် လူတို့ဘောင်၌ စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာလုံးပန်းရပါသည်။

## ❑ လူတို့အထဲမှ သံဝေဂ

မြန်မာနိုင်ငံတော်သည် တော်လှန်ရေးကောင်စီအစိုးရမှသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်သို့ရောက်ရှိခဲ့၏။

ထိုခေတ်သို့ ရောက်သောအခါ တစ်ဖက်တစ်လမ်းမှ မိသားစု၏ စားဝတ်နေရေးအတွက် ရှာဖွေရသလို တစ်ဖက်မှလည်း သူ့ခေတ်နှင့်သူ့အခါ သူ့ကျောင်းရောက်တော့ သူ့စာသင်ဟူဘိသို့ မြန်မာ့ဆိုရှယ်လစ်လမ်းစ၍ လမ်းစဉ်ပါတီသို့ ဝင်ခဲ့ရလေ၏။

ထိုအခါ လူမှုကိစ္စအဝဝတို့အဖြစ် နိုင်ငံရေးကိစ္စအဝဝတို့ပါ ဆောင်ရွက်ရလေရာ ရလကအဖွဲ့ဦးဆောင်ကော်မတီအဖွဲ့ဝင်လူကြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုယ်စားလှယ်၊ တရားရေးကော်မတီဥက္ကဋ္ဌအုပ်စုခေါင်းဆောင် စသည်ဖြင့် နိုင်ငံတော်၏တာဝန်များကိုလည်း ကျေပွန်အောင် ထမ်းရွက်ခဲ့လေ၏။

မိသားစုကိစ္စများ၊ လူမှုကိစ္စများ၊ နိုင်ငံရေးကိစ္စများ ဆောင်ရွက်ရပေရာ အားလပ်သည်ဟူ၍မရှိခဲ့ဘဲ ထိုကိစ္စအဝဝတို့တွင်နစ်မြုပ်နေရရာ ဘဝအမောတွင် မွန်းကျပ်စွာ ခံစားနေရလေ၏။ ထိုအခါ ဘဝအမောတွင် နစ်မြုပ်လျက်ရှိသောသူ့ဘဝကို ဆင်ခြင်သုံးသပ်မိပါတော့သည်။



မိသားစုအတွက်လုပ်ပေးခဲ့ပြီ။ လူမှုရေးကိစ္စတွေအတွက်လည်းလုပ်ပေးခဲ့ပြီ။ နိုင်ငံရေးကိစ္စတွေအတွက်လည်း လုပ်ပေးခဲ့ပါပြီ။ သို့သော် မိမိအတွက်မှာမူ ဘာမှမလုပ်ရသေးပေ။ ပရအတွက် ပင်ပန်းကြီးစွာလုပ်ခဲ့ပါသော်လည်း အတ္တအတွက်မှာမူ ဘာမှမလုပ်ရသေးကြောင်း ကောင်းစွာ သဘောပေါက်လာ၏။

မိမိအတွက်လုပ်မှတော်တော့မည်ဟု ဆုံးဖြတ်ကာ သံဝေဂတရားတို့ဖြင့် ဆင်ခြင်လျက် ၁၃၃၇ ခုနှစ်မှ စတင်ကာ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ တောတောင်များသို့ လှည့်လည်ကာ သမထ၊ ဘာဝနာပွားများခြင်း၊ စေတီများတည်ခြင်း၊ စေတီဟောင်းများပြုပြင်မွမ်းမံခြင်းဖြင့် သာသနာတော်၏အလုပ်များကို စတင်လုပ်ဆောင်ခဲ့လေ၏။

သာမဏေရှင်ဥ ယျ၊ ရဟန်းတော်ဦးဥ ယျတည်းဟူသော သာသနာတော်၌ လေ့ကျင့်နေထိုင်ခဲ့သော ပါရမီမျိုးစေ့သည် သံဝေဂတည်းဟူသော မိုးရေဖြင့် ထိတွေ့စိုစွတ်သောအခါ အသိ၊ သတိတည်းဟူသော အညှောက်မှသည် အပင်အဖြစ် ပြန်လည် ရှင်သန်ထမြောက်ရန် အခက်အလက်တို့ဖြင့် စတင်ဝေစည်၍ လာပြီဖြစ်ပါသည်။

ထို့ကြောင့် ၁၃၃၉ ခုနှစ်တွင် ကျိုက်လတ်မြို့နယ် ကြီးချောင်းရွာ ဆင်ကူးရွာရှိ ပြည်လုံးချမ်းသာ ဖောင်တော်ဦးစေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံရန် ပြာသိုလပြည့်နေ့တွင် ပန္နက်တင်မင်္ဂလာပြုလျက် တပေါင်းလတွင် ထီးတော်တင်မင်္ဂလာကို ပြုလုပ်နိုင်ခဲ့ပါသည်။

## ❑ ဒုတိယအကြိမ်ရဟန်းဖြစ်ခြင်း

မဟာဗောဓိမြိုင်အလောင်းလျာ ဦးငြိမ်းမောင်သည် ၁၉၄၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန် မဟာစည်ရိပ်သာကြီး၌ (၄၉) ရက် တရားစခန်းဝင်ခဲ့ပါသည်။

၁၃၄၁ ခု၊ ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့ ညနေ (၅)နာရီတွင် ဉာဏ်စဉ်တရားများနာကြားခွင့်ရရှိခဲ့၏။

ထိုမှစ၍ ဦးငြိမ်းမောင်သည် ရှုပ်ထွေးပွေလီ လူ့လောကီကို မသတီတော့ရာ မိသားစုများထံ ခွင့်ပန်လျက် ၁၃၄၁ ခု၊ တော်သလင်းလဆန်း ၁၂ရက် တနင်္ဂနွေနေ့ နံနက် (၈) နာရီ (၄၅)မိနစ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ဘောက်ထော် သီရိရတနာလမ်း သာသနာ့ဗိမာန်ဆရာတော် ဘဒ္ဒန္တဝိမလ ကိုဥပဇ္ဈာယ်ပြု၍ ခေမာသီဝံကျောင်းတိုက် ခဏ္ဍသိမ်တွင် မြင့်မြတ်သော ရဟန်းတော်ဦးဧဧ ယျအဖြစ်သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိခဲ့လေ၏။

၁၃၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့မှ အစပြုကာ အရညဝါသီတောရမှီလျက် အဖော်မမှီး တစ်ကိုယ်တည်းထွက်ခွာ၍ မြန်မာနိုင်ငံ အရပ်ရပ်တို့၌ လှည့်လည်သီတင်းသုံး၍ နေတော်မူပါသည်။

ဘဒ္ဒန္တဧဧ ယျမဓမ္မသာမိထေရ်သည် ရန်ကုန်မြို့ သာသနာ့ဗိမာန်ကျောင်း၌ ဝါကျွတ်ကာလအထိ သီတင်းသုံးနေထိုင်တော်မူပါသည်။

၁၃၄၁ ခုနှစ်တွင် သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်ထိပ်၌ လောကမုနိစေတီတော်ကြီးတည်ထားရန်အတွက် အုတ်မြစ်ချမင်္ဂလာဌာပနာပိတ်ပွဲမင်္ဂလာတို့အား တပို့တွဲလပြည့်နေ့၌ပြုလုပ်လျက် ထီးတော်တင်ပွဲမင်္ဂလာကို တပေါင်းလပြည့်နေ့၌ ပြုလုပ်နိုင်ခဲ့ပါသည်။

ထိုရွှေကျောင်းကုန်းတောင်ထိပ်၌ ပင် ၁၃၄၁၂ ခုနှစ်တွင် (၁) ဝါဆိုခဲ့ပါသည်။ ထိုမှသည် မင်းကျိုက်တောင်၌ ၁၃၄၃ ခုနှစ်တွင်ဝါဆို၏။ ၁၃၄၄ ခုနှစ်တွင် ဇင်းကျိုက်ရှိ မင်းတစ်ရာ့တစ်ပါးတောင်၌ ဝါဆိုပါသည်။ ထိုဇင်းကျိုက်ရှိ ကျောက်ခမောက်ဂူ၌ ၁၃၄၅ ခုနှစ်တွင် တစ်ဝါဆိုပြန်၏။

ထိုမှသည် မော်ဘီ ဖူးကြီးရှိ သံသုမာရတောင်၌ ၁၃၄၆ - ၁၃၄၇ ခုနှစ်တို့တွင် (၂) ဝါဆို၏။ ထိုမှတစ်ဖန် စစ်ကိုင်းတောင်တော်ရှိ အရှေ့ပရတ္တမဂူတွင် ၁၃၄၈ ခုနှစ်တို့၌ (၂) ဝါဆိုပြန်၏။

ထို့မှတစ်ဖန် သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်တွင် ၁၃၅၀၊ ၁၃၅၁၊ ၁၃၅၂ ခုနှစ်အထိ (၃)ဝါသီတင်းနေထိုင်တော်မူ၏။ ထိုကျောင်း၌ ဒုတိယအကြိမ် ပြန်လည် သီတင်းသုံးခြင်း ဖြစ်သည်။

ထိုသာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်မှ ပျဉ်းမနားမြို့နယ်အတွင်းရှိ အထက်ဖော်ပြပါ လက်လုပ်တောင်တောရကျောင်းသို့လာရောက် သီတင်းသုံးတော်မူပါသည်။

တောရကျောင်းဆရာတော်ဘဒ္ဒန္တဧဧ ယျမဓမ္မသာမိထေရ်သည် လက်လုပ်တောင်တောရကျောင်း၌ ၁၃၅၃၊ ၁၃၅၄၊ ၁၃၅၅ ခုနှစ်အထိ (၃) နှစ်တိုင်တိုင် သီတင်းသုံးနေထိုင်လျက် အနီးရှိကျေးရွာများနှင့်များပြားလှသောတပည့်သာဝကတို့ကို ချီးမြှောက်တော်မူခဲ့ပါသည်။

**ပစည်ကားလာသောလက်လုပ်တောင်**

တောရဆောက်တည်သော ဘဒ္ဒန္တဧဧ ယျမဓမ္မသာမိထေရ်သည် လက်လုပ်တောင်တောရ၌ တောရဆောက်တည်နေစဉ် လက်လုပ်တောင်ဆရာတော် ဈာန်ပျံသည်ဟူသော ကောလာဟလသတင်းထွက်ပေါ်လာမှုကြောင့် ဆရာတော်၏အကြောင်းသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ခဲ့လေ၏။

ထိုအခါတွင် ပျဉ်းမနားမြို့နယ်အတွင်းမှလည်းကောင်း၊ တစ်နိုင်ငံလုံးမှလည်းကောင်း လာရောက် ဖူးမြော်ကြသူတို့သည် ဆရာတော်ဆွမ်းခံကြွရာ ရွာတို့မှ စောင့်ကြို၍ဆွမ်းလောင်းလှူကာ ဖူးမြော်ခွင့်ရကြ၏။

ဆရာတော်သည် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ကျောင်းထဲသို့ဝင်ကာ တံခါးပိတ်လိုက်ပါတော့သည်။

ထို့ကြောင့် ကြွရာလမ်းတစ်လျှောက်တွင် ဖူးမြော်သူတို့နှင့်ပြည့်နေတတ်၏။ ထိုအခါ သဒ္ဓါထက်သန်သူတို့၏လှူဒါန်းမှုကြောင့် သာသနိကအဆောက်အအုံတို့ တိုးပွားလာခဲ့၏။ ဆရာတော်ကား လက်လုပ်တောင်၌ (၃) ဝါဆိုပြီးနောက် ရှမ်းပြည်နယ် သုဝဏ္ဏသျှံတောင် ဘုန်းတော်ပြည့်တောရကျောင်း၌ ဝါဆိုရန်ကြွသွားတော်မူ၏။ ထိုဘုန်းတော်ပြည့်ကျောင်း၌ (၁) ဝါဆိုလျက် ရှမ်းပြည်နယ် သုဝဏ္ဏသျှံတောင်မဟာဗောဓိမြိုင်တောရတွင် (၂) ဝါဆိုပြန်သည်။ ထိုမှစတင်၍ မဟာဗောဓိမြိုင်ဆရာတော်ဟူ၍ခေါ်ဝေါ်ကြတော့၏။

မှတ်မှတ်ရရ ထိုမဟာဗောဓိမြိုင်တောရတွင် သီတင်းသုံးတော်မူနေစဉ်အတွင်း လားဟူ(၂၂)ရွာ၊ လီရှော(၄)ရွာတို့မှ လူ(၂၀၀၀) ကျော်အား ဗုဒ္ဓဘာသာခံယူပွဲကြီးကို ကျင်းပပေးနိုင်ခဲ့ပြီး ထိုတိုင်းရင်းသားများ ဗဟုသုတတိုးပွားနိုင်စေရန်ရည်သန်၍ ၁၃၅၈ခု၊ တပေါင်းလဆန်း ၃ ရက်တွင် သာစည်၊ ပျဉ်းမနား၊ မန္တလေး၊ ရွှေဘို၊ ရန်ကုန်မြို့များသို့ ဒေသန္တရဗဟုသုတအလို့ငှာ လည်းကောင်း၊ စေတီဘုရားများဖူးရန် လည်းကောင်း ပို့ဆောင်ပေးခဲ့လေ၏။ ထိုသို့မဟာဗောဓိမြိုင်တောရ၌ သီတင်းသုံးနေစဉ်အတွင်း ဘုရားဖူးခရီးများ ပို့ပေးခဲ့ခြင်းကြောင့် တစ်နိုင်ငံလုံးမှ မဟာဗောဓိမြိုင်ဆရာတော် ဘဒ္ဒန္တဧဧ ယျမဓမ္မသာမိထေရ်ဟု ပို၍သိသွားကြလေတော့၏။

ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးဒေသများ၌ နေပြည်တော်ကြီးတည်ထောင်သောအခါဝယ် လက်လုပ်တောင်သည် ရာဇဌာနီလမ်းမကြီး၏မြောက်ဘက်ကပ်လျက် အနေအထားတွင်တည်ရှိနေပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏အနောက်ဘက်တွင်တည်ရှိနေပါသည်။

နိုင်ငံတော်အကြီးအကဲများတို့၏ ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း ပြည်သူအများ၏ ကောင်းမှုကုသိုလ်များကြောင့်လည်းကောင်း လက်လုပ်တောင်ကား သပ္ပာယ်လှသောစေတီတော်၊ လှပသောတံတိုင်းနှင့် သာသနိကအဆောက်အအုံတို့ဖြင့် ကြည်ညိုဖွယ်စည်ကားလျက်ရှိနေပေပြီ။

ယခုအခါတွင်မူ အမြင့် (၁၂) ပေခန့်ရှိသော ခေါင်နန်းဘုရင်ကျောက်ဆင်းတုရုပ်ပွားတော်ကြီး သီတင်းသုံးရန် အနံ (၆၈) ပေ၊ အလျား (၁၆၈) ပေရှိသောကျောင်းတော်ကြီးအား အများကုသိုလ်ဖြင့် တည်ဆောက်လျက်ရှိပေပြီ။ လက်လုပ်တောင်တောရတွင် ဆရာတော်ကြီး၏တပည့်များ ဆက်လက်သီတင်းသုံးကာ တောရဆောက်တည်လျက်ရှိကြပေ၏။

လက်လုပ်တောင်တောရသည်ကား ရှေးကနှင့်မတူတော့ပြီမို့ နေပြည်တော်ရောက်ပါက ဥပ္ပါတသန္တိစေတီတော်ကြီး၏အနောက်ဘက်တွင် တည်ရှိပါသဖြင့် မဟာဗောဓိမြိုင်ဆရာတော်ကြီး (၃) ဝါမျှသီတင်းသုံးသွားရာ အမှတ်တရအဖြစ် လာရောက် ကြည်ညိုကြပါရန် လေးစားစွာဖြင့် အသိပေးလိုက်ရပါသည်။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(မိုးကုတ်)

**မှတ်ချက် -**

*၂၀၁၅ ကထိန်ရာသီတွင် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာမှ ဦးကျော်မြိုင်၊ ဒေါ်ညိုမာမြင့်၊ သမီး အိမွန်ကျော်သင်္ဂီကျော်မိသားစုတို့မှ ကမ္မကထပြု၍ အနီးရှိ ငွေလျှံကုန်း၊ သပြေကုန်း စသောရွာတို့နှင့် စုပေါင်းကထိန်ခင်းလှူပွဲသို့ ရောက်ဖြစ်ရာ ဤစာစုကိုရေးရန်အကြောင်းသင့်၍ ရေးဖြစ်ကြောင်းဝန်ခံအပ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

## မင်းနိဒ္ဒိရိန်

# ကလေးအငိုတိတ်စေသော်

ကျွန်ုပ်သည် ငယ်စဉ်က ညနေ (၆) နာရီထိုးသည်နှင့် ဘာရယ် အကြောင်းရှာမရဘဲ ငိုနေသောကြောင့် ဖခင်ကြီးမှ ကျွန်ုပ်ကြီးလာချိန်တွင် -

"မင်းကို ညနေ (၆) နာရီထိုးတာနဲ့ ငါပခုံးပေါ်တင်ပြီး ထမ်းလျှောက်ရတယ်ကွ။ မင်းသားသမီးတွေကျရင်လည်း ပခုံးပေါ်တင်ပြီး ထမ်းလျှောက်ရမယ် သိလား"

ဟု ပြုံးရွှင်စွာ ရယ်မောပြောခဲ့ဖူးပါ၏။

ဆိုလိုသည်မှာ မိဘအပေါ် နွဲ့ဆိုးဆိုးခဲ့သော သားသမီးများသည် တစ်ချိန်ချိန်တွင် မိဘနေရာရောက်လျှင် အထက်ပါကဲ့သို့ မိမိသားသမီးပေါ်တွင် မိဘမေတ္တာနှင့် ပခုံးပေါ်ထမ်းလျှောက်ရလိမ့်မည်ဟု ပြောဆိုခဲ့ခြင်းအပေါ် အကြွင်းမဲ့ယုံကြည်ရလိုက်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်အိမ်ထောင်ကျပြီး မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းအစုလေးဖြစ်သွားသောအခါ မိသားစုတာဝန်ဆိုတာထက် သားသမီးရေးတာဝန်ကြီးများက အဓိကကျလှပါသည်။ ကျွန်ုပ်၏သားများကို ချစ်သလို ကျွန်ုပ်၏မိဘနှစ်ပါးကိုလည်း သူ၏သားသမီးများကိုချစ်မည်ဆိုတာကို သားသမီးရသောအခါမှ မိဘမေတ္တာဆိုသော ရောင်ပြန်က ကျွန်ုပ်အပေါ် ထင်ဟပ်စေခဲ့ပါလေသည်။

ကျွန်ုပ်တွင် သား (၃) ယောက်ရှိပါသည်။ သမီးမမွေးပါ။ ကျွန်ုပ်၏ သား (၃) ယောက်ထဲမှ အငယ်ဆုံးသားထွေးလေးသည် တစ်ကြိမ်တွင် ဘာကြောင့်များမသိ ညနေ(၆)နာရီထိုးလျှင် အငိုရှယ်တော့ပါ။ အိမ်နီးနားချင်း ဆရာဝန်ဒေါက်တာတင်မိုးနှင့် သွား၍ပြသော်လည်း ကလေးငယ်သည် ဆရာဝန်နှင့်တွေ့သည်နှင့် ငိုတာရပ်သွားပါသည်။ ကျွန်ုပ်လွန်စွာအံ့ဩသွားပါသည်။

တချို့က မာတြာနတ်ဖမ်းစားသည်ပြော၏။ ခေါ်စာပစ်ပေးပါဆို၍ ပစ်ပါသည်။ သို့သော် အခြေအနေက ထူးမှမထူးပါ။ ငိုမြဲငိုလျက်။ တခြားအချိန်တွင်မငိုပါ။ ညနေ (၆) နာရီထိုးလျှင်တော့ ပုံမှန်ငိုပါသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ အိမ်သို့ကျစ္စာမင်းတည်ထားသော ကျစ္စာဘုရားများကို ပြုပြင်ပေးနေသော ကျစ္စာကိုယ်တော် အရှင်ဓမ္မသာရ ကြွလာခိုက်နှင့်ကြုံ၍ အကျိုးအကြောင်းလျှောက်ထားရာ ကျစ္စာကိုယ်တော်လေးမှာ မြန်မာ့လောကီအစီအရင် ပြုလုပ်ပုံနည်းလေးတစ်ခုအား ပညာလက်ဆင့်ကမ်းသွားခဲ့ပါသည်။

ကျစ္စာကိုယ်တော်လေးပေးသွားသည့်နည်းကတော့ ငှသန်လျှင်းချိတ်ဆိုသည့် နဝင်းဓာတ်ကိန်းအောင်းနေသော စမအက္ခရာမှဆင့်ပွား၍ လောကီအစီအရင်လေးတစ်ခု ပြုလုပ်ပုံပြုလုပ်နည်းဖြစ်ပါသည်။

မိဘဆိုတာ အနီးဆုံးဘုရားဟု သိတတ်ရကောင်းမှန်း မသိတဲ့သူတွေအိမ်ထောင်ကျ ကိုယ့်အိုးကိုယ့်အိမ်နှင့် ခင်တွယ်စရာ ရင်သွေးလေးတွေရလာတော့မှ မိဘ၏မေတ္တာကျေးဇူးအနန္တကို သိလာတတ်ကြပါလိမ့်မည်။

ပူပူနွေးနွေးမိဘနှစ်ပါးဖြစ်လာချိန် သားသမီးရင်သွေးလေးကိုပဲ အရိပ်တကြည့်ကြည့်နှင့်ကြည့်၍ ပျော်ရွှင်ကြည်နူးပီတိဝေဖြာနေပါ၏။ ထိုအချိန်တွင် မိမိရင်သွေးလေး ညဘက်ထထငိုတတ်လျှင်လည်း မိဘနှစ်ပါးမှာ ဟိုဟာကောင်းနိုး ဒီဟာကောင်းနိုး ဆရာခေါ်ပြရခြင်းစသည်ဖြင့် ပူပင်သောကတပွေ့တပိုက်ရှိပါလေ၏။ ထိုအခါတွင် အနာသိကဆေးရှိရမည်ဆိုတဲ့အတိုင်း မိဘတွေမှာကလေးအငိုတိတ်အောင်နည်းကို ဆရာများနှင့် တိုင်ပင်နှီးနှောပြီး ကုသရပါသည်။

ယခု ကျွန်ုပ်သားငယ်လေးအား အငိုတိတ်အောင် ကျစ္စာကိုယ်တော် အရှင်ဓမ္မသာရပြုလုပ်ပေးသည့်နည်းကိုလည်း ရင်သွေးငယ်မိဘများ စိတ်ပူပန်လင့်မရှိရအောင် တင်ပြလိုက်ရပါသည်။

ကလေးငယ်လေးများ ညညမှာ ကောင်းစွာမအိပ်ဘဲ ငိုတတ်ပါက ဖော်ပြပါအတိုင်း စက္ကူဖြူသန့်သန့် (သို့) မိုးကိုင်စက္ကူပေါ်တွင် ခဲတံ (သို့) ဘောလ်ပင်နှင့်ဖြစ်ဖြစ် အောက်ဖော်ပြပါအတိုင်း ငှသန်လျှင်းချိတ် စမအက္ခရာကို အစီအရင်အဖြစ် ရေးဆွဲပါ။



ရေးဆွဲရာတွင် အစီအစဉ်ကျနအောင်ရေးနည်းက ဤသို့ဖြစ်၏။

ရှ၊ ရှါ၊ ရှိ၊ ရှီ၊ ရှု၊ ရှူ၊ ရှေ၊ ရှဲ၊ ရှော၊ ရှော်၊ ရှံ၊ ရှးကို (တ၊ တာ၊ တိ၊ တီ၊ တု၊ တူ၊ တေ၊ တဲ၊ တော့၊ တော်၊ တံ၊ တား) ဟု ရေးရပါမည်။

ထိုအခါ အထက်ပါအစီအရင်ကို ဘုရားဂုဏ်တော်(၉)ပါး (၉)ခေါက်တိတိရွတ်ဆိုပြီး ညဘက်မအိပ်ဘဲငိုသောကလေး၊ ဆိုးလွန်းသောကလေးကို လည်ပင်းတွင် ပရိတ်ကြိုး (သို့) ချည်ကြိုးဖြင့်လိပ်ပြီးဆွဲပေးပါ။ အမှောင့်ပယောဂမကပ်နိုင်။ ကောင်းစွာ အိပ်ပါလိမ့်မည်။

စီးပွားရေးနှင့်သက်ဆိုင်သောလုပ်ငန်းရပ်များအတွက်ဆိုလျှင် အထက်ပါနည်းအတိုင်း အစီအရင်လုပ်ပြီး ပလတ်စတစ် (သို့) ဓာတ်ပုံမှန်ပေါင်သွင်း၍ ဘုရားဂုဏ်တော် (၉) ပါးရွတ်ပါ။ ဒိဝါတပတ်(၉)ခေါက်ရွတ်ပါ။ ပုတီးတစ်ပတ်စိပ်ပြီး ပူဇော်ဆုတောင်းပါက အလိုရှိရာအကျိုးသက်ရောက်လာပါလိမ့်မည်။

သို့ပါ၍ မြန်မာ့အက္ခရာတွေမှာ လူတွေမသိသောတန်ခိုးသတ္တိများကိန်းအောင်းနေသည်ဆိုတာ မယုံမရှိကြနှင့်။ တကယ့်လက်တွေ့မှ အလိုရှိရာ အသုံးပြုနိုင်ရန် မေတ္တာဖြင့်တင်ပြအပ်ပါသည်။

မင်းနိဒ္ဒိရိန်



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ပုံမောင်မောင်အေး

## ကရင်ဘိုးတော်ဘိုးပိုက်ဆံ၏ လက်ပံတန်းမြို့ကကျောင်းတော်ကြီး

သူရဿမဂ္ဂဇင်းကြီး၊ အတွဲ (၁၇) အမှတ် (၄) ၂၀၁၇ ခုနှစ်၊ ဧပြီလထုတ်တွင် ဆရာမောင်သန်းဆွေ (ထားဝယ်) ရေးသားသည့် ကရင်သိဒ္ဓိရှင်ဘိုးပိုက်ဆံ ဆောင်းပါးကို စိတ်ဝင်စားစွာ ဖတ်ရှုရပါသည်။ ဆရာမောင်သန်းဆွေ(ထားဝယ်)၏ ဘိုးပိုက်ဆံအကြောင်း ဆောင်းပါးကို စိတ်ဝင်စားရသည့်အကြောင်းသည်ကား ကျွန်တော် ဓာတ်ပုံမောင်မောင်အေး(ခ) သပိတ်ကျင်း-ကျော်ကျော်ထွန်းသည် လက်ပံတန်းသားစစ်စစ်ဖြစ်သောကြောင့်ဟုပင် ဆိုရပါမည်။

လက်ပံတန်းသားစစ်စစ်ဟုဆိုလိုက်သော်လည်း မြို့ပေါ်ကတော့မဟုတ်ပါ။ ယနေ့ တိုးချဲ့လာသော လက်ပံတန်းကွက်သစ် (တော်လှန်ရေးမြို့သစ်) နှင့် မိုင်ဝက်ခန့်သာကွာတော့သော ကွမ်းခြံရွာသား ဖြစ်ပါသည်။ လွတ်လပ်ရေးမော်ကွန်းရဲဘော်သုံးကျိပ်မှ ဗိုလ်ဘုန်းမြင့် (သခင်တင်အေး) သည်လည်း ကွမ်းခြံရွာသား ကျွန်တော်နှင့် ခြံချင်းကပ်ဖြစ်၏။ ရန်ကုန်ကျူရှင်ကျောင်းလောကတွင် နာမည်ကြီးသော ဆရာမလိခဦးလှချစ်လည်း ကွမ်းခြံရွာသား ဖြစ်၏။ ဤသို့ လက်ပံတန်းသားစင်စစ်ဖြစ်သောကြောင့် ကရင်သိဒ္ဓိရှင်ဘိုးပိုက်ဆံ၊ ကျွန်တော်တို့အခေါ် ကရင်ဘိုးတော် ဘိုးပိုက်ဆံဆိုသောပုဂ္ဂိုလ်ကြီးအား စိတ်ဝင်စားခြင်း





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။

ကျွန်တော်တို့ လက်ပံတန်းမြို့ (၁)လမ်းမြောက်ဖျားတွင် တန်ခိုးကြီးစေတီတော်တစ်ဆူဖြစ်သောလောကဥသျှောင်ဘုရားကြီးရှိ၏။ လောကဥသျှောင်စေတီတော်၏ တောင်ဘက်နားတွင် ထိုစဉ် ၁၉၄၈-၅၈ ကာလများက တစ်ကျောင်းတည်းသာရှိသေးသော အထကကျောင်းရှိ၏။ အထကနှင့်လမ်းတစ်ဖက်တစ်ချက် (အနောက်ဘက်) ၌ ဘိုးပိုက်ဆံကျောင်းတော်ကြီးရှိ၏။

ဘိုးပိုက်ဆံကျောင်းတော်ကြီးဟု သုံးလိုက်ခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ ကျွန်တော် မြင်ခဲ့တွေ့ခဲ့ရသမျှ ဖော်ပြရသော် ယနေ့ရန်ကုန်မြို့တော်တွင် ကမ္ဘာအေးဘုရားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ယခုခုံးကျော်တံတား၏ အနောက်ဘက်တွင်ရှိသော ယခင်ကချင်းချောင်းနန်းတော်ဟုခေါ်သည်။ ချင်းချောင်းအဆောက်အအုံနှင့် တစ်ထေရာတည်းတူ၏။ ဤအတိုင်းပင် ဘုံအဆင့်များပါရှိ၏။ သို့သော် ဘိုးပိုက်ဆံကျောင်းတော်ကြီးမှာ သစ်သားဖြင့်တည်ဆောက်၍ ပျဉ်ကွပ်မိုးဖြစ်၏။ ပြတင်းတံခါးအားလုံး မှန်ပြတင်းများ ဖြစ်၏။ ဘုံအဆင့်ငါးဆင့်ဟုထင်ပါသည်။ လက်ပံတန်းမြို့ရှိ အမြင့်ဆုံးသစ်ပင်များထက် ကျော်လွန်သောကြောင့် မြို့နှင့်ငါးမိုင်ခန့်ကွာဝေးသောနေရာများမှပင် နံနက်ပိုင်းနှင့်ညနေပိုင်းမှန်ပြတင်းများ နေရောင်ထိုးလျှင် အထင်းသားမြင်နိုင်၏။

ကျွန်တော်ခာတ်ပုံမောင်မောင်အေးသည် ဘိုးပိုက်ဆံကျောင်းတော်ကြီးနှင့် လမ်းသာခြားတော့ ထိုစဉ်ကအခေါ် အင်္ဂလိပ်ကျောင်း(အထက)တွင် ၁၉၄၈ မှ ၁၉၅၈ ခုနှစ်အထိ ကျောင်းတက်ခဲ့ဖူးသူဖြစ်သောကြောင့် ဘိုးပိုက်ဆံကျောင်းတော်ကြီး၏ဘုံငါးဆင့်အမြင့်အထိတက်ကြည့်ခဲ့ဖူး၏။ အလွန်ပင်ထည်ဝါခမ်းနားလှသောအဆောင်ဆောင်အခန်းခန်းဖြင့် ဆောက်လုပ်ထားသော ကျောင်းတော်ကြီးဖြစ်ပါသည်။ ကျွန်တော်တို့ အထကဘက်ခြမ်းကျောင်းတော်ကြီးအဝင်တွင် 'ဘိုးပိုက်ဆံဗုဒ္ဓဘာသာပြဟ္မစိုရ်ရကျောင်း' ဟူသော ဆိုင်းဘုတ်ရှိ၏။

ဘိုးပိုက်ဆံနှင့် ပတ်သက်၍ ကျွန်တော်၏အဘွားဝမ်းကွဲ သီလရှင်ဆရာကြီး ဒေါ်ပန်းစိန်က ပြောဖူးသောစကားများမှတ်မိ၏။ ဒေါ်ပန်းစိန်သည် အထကနှင့်စည်းရိုးသာခြားသော သဒ္ဓမ္မဇောတကမ္မဋ္ဌာန်းကျောင်းတွင်နေသူဖြစ်ရာ



ဘိုးပိုက်ဆံကျောင်းတော်ကြီးနှင့် ပေနှစ်ရာခန့်သာဝေး၏။ ဘွားပန်းစိန်ပြောစကားအရ ဘိုးတော်ဘိုးပိုက်ဆံလာလျှင် ခြေကျင်သော်လည်းကောင်း၊ ယာဉ်ရထားတစ်ခုခုစီးနင်း၍သော် လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှမြင်ဖူးတွေ့ဖူးခြင်းမရှိချေ။ ကျောင်းတော်ကြီး၏ ဘုံငါးဆင့်အမြင့်မှ ပြတင်းပေါက်တံခါးဖွင့်၍ရပ်နေမှ ဝန်းကျင်လူတို့မြင်ရသည်ဟု ဆိုသည်။ ထို့ကြောင့် ဘိုးပိုက်ဆံကို ပုဂံခေတ်က ရှင်အဇ္ဇဂေါဏ၊ အင်းဝခေတ်က ဘိုးဘိုးအောင်တို့ကဲ့သို့ ထွက်ရပ်ပေါက်သော ကရင်ဘိုးတော်တစ်ဦးဟု ယုံကြည်ကြသည်။ဤသို့ကြီးကျယ်ခမ်းနားသောဘိုးပိုက်ဆံကျောင်းကြီးများ အခြားနေရာများတွင်ရှိသေးသည်ဟု ဘွားပန်းစိန် ပြောပြဖူး၏။

ကျွန်တော် တတိယတန်းတွင် ကျောင်းသားတို့သပိတ်စခန်းကို ဘိုးပိုက်ဆံကျောင်းတော်ကြီးတွင်လုပ်ထားသည်ကိုလည်း မှတ်မိပါသည်။ကျွန်တော်သည် နောက်ပိုင်းတွင် လက်ထောက်မြေတိုင်းအရာရှိဖြစ်ခဲ့သဖြင့် ထိုစဉ်ကာလက ဘိုးပိုက်ဆံကျောင်းဝင်းပမာဏကိုခန့်မှန်းကြည့်ရာ ဧရိယာမြေဧက ငါးဧကခန့်ရှိကြောင်းခန့်မှန်းရပါသည်။ ဤမျှကြီးမားလှသော ကျောင်းတော်ကြီးကိုပြုပြင်ထိန်းသိမ်းနိုင်ရန် ခက်ခဲသောကြောင့် ၁၉၅၀ ပြည့်ခန့်တွင် (အသေအချာမမှတ်မိပါ) ဖြိုချဖျက်သိမ်းလိုက်ရပါသည်။ ထိုနှစ်မှာပင် ကျောင်းတော်ကြီး၏မြေနေရာကွက်လပ်တွင် အိန္ဒိယမှ ကမလာအမည်ရှိ ဆက်ကပ်အဖွဲ့ကြီး ရွက်ထည်ရုံထိုး၍ လာရောက်ကပြပါသည်။ ဆက်ကပ်မယ်လေးများ ပေါင်ကြားညပ်ဘောင်းဘီနှင့် ဘရာစီယာသာဝတ်ဆင်၍ ဖျော်ဖြေကြရာ ကြည့်သူများ (ကျား) ကြိတ်ကြိတ်တိုးစည်ကားလှ၏။ အချို့ဆိုလျှင် ရုံဝင်ခအတွက် ပစ္စည်းများပေါင်နှံ၍ပင် ရက်ဆက်လာကြည့်၏။ ကျွန်တော်လည်းပါ၏။

ကမ္ဘာလုံးထဲ မော်တော်ဆိုင်ကယ်စီးသောပြကွက်အား ပရိသတ်တို့သည်းထိတ်ရင်ဖိုကြည့်ရ၏။ ဘရာစီယာနှင့် ခွကြားညပ်ဘောင်းဘီကိုဝတ်သောဆက်ကပ်မယ်လေးတို့၏ခုန်ပျံကျော်လွှားကျွမ်းဘားပြကွက်များကို အသက်ပင်ရှူဖို့သတိမရဘဲ မျက်တောင်မခတ်ကြည့်ကြ၏။ နောက်ရက်များတွင် အပေါင်ဆိုင်ပင်ပိတ်ထားရသည်ဟု ကြား၏။ လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်က ဖြစ်ရပ်ပါ။ ကမလာဆပ်ကပ်အကြောင်းဖော်ပြရခြင်းမှာ ကရင်ထွက်ရပ်ပေါက်ဘိုးတော် ဘိုးပိုက်ဆံ၏ ဖျက်သိမ်းပြီးကျောင်းတော်မြေနေရာတွင် ကမလာဆက်ကပ်အဖွဲ့ ပိုက်ဆံ (ငွေ) သောက်သောက်လဲ ပညတ်သွားရာ ခာတ်သက်ပါဆိုသလိုရသောကြောင့် ဘိုးပိုက်ဆံ၏ အငွေ့အသက်ပေလောဟု။

ကမလာဆပ်ကပ်ပွဲကပြပြီးနောက်နှစ်တွင် ထိုကျောင်းတော်ကြီးနေရာ၌ အလျား၊ အနံ(၂၀ × ၄၀ ပေ) ခန့်ရှိသော မြေစိုက်သာသနာအဆောက်အအုံတစ်ခု ဆောက်ထားသည်ကို မြင်ရပါသည်။

ဆရာမောင်သန်းဆွေ(ထားဝယ်) က လက်ပံတန်းမြို့မှ ဘိုးပိုက်ဆံကျောင်းကြီးအား သူငယ်စဉ်က မြင်ခဲ့ရကြောင်း လွန်ခဲ့သော နှစ်ပေါင်း (၇၀) ခန့်ကဟု ဆိုသဖြင့် ကျွန်တော်မောင်မောင်အေးကလည်း ထိုအချိန်လောက်မှာပင် ဘိုးပိုက်ဆံကျောင်းအနီးမှ လက်ပံတန်းမြို့အထကတွင် (၁၉၄၈-၁၉၅၈) ပညာသင်ကြားနေချိန် တွေ့မြင်ကြားသိသရမျှ လက်ပံတန်းမြို့မှကရင်ဘိုးတော်ဘိုးပိုက်ဆံကျောင်းတော်ကြီးအကြောင်း တင်ပြရေးသားခြင်း ဖြစ်ပါသည်။

ကျွန်တော်နှင့်လက်ပံတန်းအထကတွင် ကျောင်းနေဖက်သူငယ်ချင်း စိုးလှိုင် (ခ) စန်းမြင့်လည်း ယနေ့ ဦးစိုးလှိုင် လက်ပံတန်းမြို့နယ် (ရန်ကုန်) အသင်းတွင် ဥက္ကဋ္ဌကြီးတာဝန် ထမ်းဆောင်နေပါသည်။ ကျွန်တော် မောင်မောင်အေးသည် ယနေ့အသက် (၈၂) နှစ်ရှိပြီဖြစ်သောကြောင့် ဘိုးပိုက်ဆံကျောင်းတော်ကြီးအား မျက်မြင်ထင်ရှားတွေ့ခဲ့ရခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း (၇၀) ခန့်ကဟု ဆိုရမည်ဖြစ်ပါကြောင်း။

ခာတ်ပုံမောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

အချိန်တို့သည် ဗွီစီဒီဇာတ်ကားအား နောက်ပြန်ရစ်သကဲ့သို့ ကျွန်တော်၏ ယခုအသက်အရွယ်မှ မွေးကင်းစသို့ ပြန်ရောက်သွား၏။ ထို့နောက် ဆက်၍ နောက်ပြန်ရစ်သွားပါသည်။မြန်ဆန်လွန်းလှ၏။ ပုံရိပ်တို့သည် တဖျတ်ဖျတ်နှင့်ပြေး၍နေပါ၏။ သဲကွဲပြတ်သားခြင်းမရှိ။ နောက်ပြန် အနှစ် (၅၀၀) ရောက်သွားသောအခါမှသာ ရပ်တန့်သွားပြီး ပုံမှန်ပြသသည့်နှုန်းပုံစံနှင့် ပုံရိပ်တို့သည် ကြည်လင်ပြတ်သား၍လာခဲ့ပါသည်။

တောင်ပိုင်းရှမ်းပြည်နယ်တွင်ရှိ စော်ဘွားတို့အုပ်ချုပ်သောမြို့တစ်မြို့ဖြစ်ပါသည်။ ကြီးကျယ်ခမ်းနားလှသော ဟော်နန်းကြီးသည် ထည်ဝါခံ့ညားစွာဖြင့် ကုန်းမြင့်ထက်တွင်တည်ရှိ၍ ဘေးပတ်ပတ်လည်၌ အမတ်ချုပ်အိမ်တော်၊ အမတ်ကြီးများအိမ်တော်၊ ကိုယ်ရံတော်တပ်ဖွဲ့များ၏အိမ်များ၊ အိမ်တော်ထိန်း (စော်ဘွား၏အိမ်ကို စားဝတ်နေရေးမှ အစစီမံရသူ) ၏ အိမ်တော်၊ အကြီးတော်ချုပ် (စော်ဘွား၏ သားသမီးများကို ကြီးကြပ်သူ)၏ အိမ်တော်၊ အဆိုသည် အကသည်တို့၏အိမ်များ၊ ဝေါယာဉ်တဲများ၊ မြင်းတင်းကုပ်များ၊ ဘဏ္ဍာတိုက်၊ လက်နက်တိုက်နှင့် ရိက္ခာတိုက်များဝန်းရံလျက်ရှိပြီး အုတ်မြို့ရိုးတွင် တံခါးကြီးလေးပေါက်ကို ခိုင်ခံ့စွာတပ်ဆင်ထားပါ၏။

ထိုမြို့ရိုး၏ အပြင်တွင်မှ သာမန်မြို့သူမြို့သားတို့နေထိုင်ကြသောမြို့ကွက်ဖြစ်ပါ၏။ မြို့ကြီးသည်လည်း သာယာစည်ပင်ဝပြောလျက် တရားပြည့်ဝ၍ သမာသမတ်ကျသော စော်ဘွားကြီးစစ်ဆေးဟုံ၏ အုပ်ချုပ်မှုအောက်တွင် ပြည်သူတို့၏ဘဝသည် စားဝတ်နေရေး အဆင်ပြေချောင်လည်ကြခြင်း၊ စိတ်အေးချမ်းမှုရှိကြခြင်းတို့နှင့် ပြည့်စုံ၍ စော်ဘွားကြီး၏မြို့ရွာနိုင်ငံအတွင်းတွင် စော်ဘွားကြီးမှ အများစုမ,တည်၍ ပြည်သူအပေါင်းတို့အား ဆန္ဒအလျောက် လုပ်အားဒါန၊



www.burmeseclassic.com

www.burmeseclassic.com

အလှူငွေဒါနတို့ကို ထည့်ဝင်စေပြီး ဘုရားတည်၊ ကျောင်းဆောက်ပြုလုပ်၍ ဘုရားဒါယကာများ၊ ကျောင်းဒါယကာများအဖြစ် ခံယူစေပါသည်။

တောင်ပိုင်းရှမ်းတို့သည် မူလလူအမည် စိုင်းပန်လှ ဆိုပါစို့။ သာမဏေရဟန်းဝတ်လိုက်၍ ပညာစာရ ဟူသောဘွဲ့ပေးလိုက်သည်ဆိုပါစို့။ လူထွက်ပြီးသည့်နောက်တွင်လည်း ထိုသာမဏေရဟန်းဘွဲ့ကိုပင် မြတ်မြတ်နိုးနိုး ခံယူခေါ်တွင်စေကြသဖြင့် မူလလူအမည်ပျောက်သွားရပါ၏။ ထိုသို့ လူအမည်မဟုတ်သူများသည် သာသနာ့ဘောင်သို့မြင့်မြတ်စွာ တတ်ရောက်ကြပြီးသူများအဖြစ် ဂုဏ်ယူကျေနပ်လျက်ရှိကာ လူအများ၏အလယ်တွင် မျက်နှာပွင့်လန်းကြရပါ၏။ ကျောင်းဒါယကာအဖြစ် ခံယူလိုက်သောအခါ 'ကျောင်းပညာ' ဟူသော ဂုဏ်ထူးဝိသေသတိုး၍လာပြန်ပါ၏။ အမည်ရှေ့မှ ကျောင်းပါသူများသည် ကျောင်းလှူဒါန်းထားသူ ဟူသောအဓိပ္ပာယ်ပင်ဖြစ်ပါ၏။ ဤစော်ဘွားကြီး၏လက်ထက်တွင် အများပြည်သူတို့စီးပွားရေးများကောင်းမွန်သောကြောင့် ကျောင်းဘွဲ့ခံ၍ အမည်မှည့်ခေါ်နိုင်သူများ တစ်နေ့တခြား တိုးပွား၍လာနေပါသည်။

စော်ဘွားကြီးသည် ကျွန်တော်၏ဖခင်ဖြစ်နေပြီး ကျွန်တော်သည် စော်ဘွားကြီး၏အရိုက်အရာကို ဆက်လက် ခံယူရမည့် နန်းညွန့်လျာ ကျမိုင်းလေးခေါ်သခင်လေး စဝ်ခွန်နောင်ဖြစ်နေပါသည်။ ကျွန်တော်သည် ထိုစဉ်က ဓားခုတ်၊ လှံထိုး၊ လေးပစ်၊ သေနတ်ပစ်၊ မြင်းစီးစသည်တို့ကိုပိုင်နိုင်ကာ သေနင်္ဂဗျူဟာစစ်ပညာတို့ကို ကျွမ်းကျင်စွာ တတ်မြောက်သော်လည်း အနုပညာဗီဇပါရှိခဲ့၍ တေးကဗျာရေးဖွဲ့စပ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်းတို့ကို ဝါသနာထုံသူဖြစ်ခဲ့ပါသည်။ ကျွန်တော်၏ ရုပ်ဆင်းအသွင်သဏ္ဌာန်မှာလည်း နုနယ်သိမ်မွေ့ကာအေးချမ်းလှပါ ၏။

ကျွန်တော့်တွင် စောကလျာနှင့် စောနန်းဟူသော အစ်မတော်နှစ်ပါး

# ဘိုဘို(ရွှေကံကု)

မပြီးသေးသောပန်းချီကားတစ်ချပ် (သို့)

ရွှေကံကုမိသားစုမှ ဒုတိယမြောက် တည်ထားကိုးကွယ်မည့်

ရွှေကံကုသိမ်တော်ရှင်၊ ဝွယ်တော်ရှင်၊ ပြဒါးရှင်

ဆုတောင်းပြည့်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com

လည်းရှိပါသေးသည်။ ထိုအစ်မတော်နှစ်ဦးနှင့် ခမည်းတော်၊ မယ်တော်တို့သည် ကျွန်တော့်အပေါ်တွင် ချစ်ကြင်မြတ်နိုးကြ၍ ကျွန်တော်တို့ မိသားစုလေးသည် နွေးထွေးလှစွာ ပျော်မွေ့ဖွယ် အတိဖြစ်ခဲ့ပါ၏။ ပူပင်သောကနှင့် စိုးရိမ်ကြောင့်ကြစရာမရှိဘဲ ပကတိတည်ငြိမ်၍နေသော ကန်ရေပြင်ကဲ့သို့ အေးချမ်းလှပါသည်၊ ကျွန်တော့်တွင် စောရတနာဟူသော ချစ်သူရှိသည်။ စောရတနာသည်လည်း ကျွန်တော်တို့ကဲ့သို့ပင် အိမ်နီးချင်းရှမ်းတိုင်းတစ်ခုမှ စော်ဘွားကြီးတစ်ဦး၏သမီးပင် ဖြစ်ပါသည်။ လူကြီးချင်းကမ်းလှမ်း၍ ရွှေလမ်းငွေလမ်းဖောက်၍ နားတော်ပေါက်လျှောက်ရန် အိမ်တော်ထိန်းကြီးနှင့် အကြီးတော်ချုပ်တို့မှ စီစဉ်ဆောင်ရွက်နေချိန် ဖြစ်ပါသည်။

ကျွန်တော်၏ဖခင် စော်ဘွားကြီးတွင် ညီတော်အရင်းရှိပါသည်။ ဦးရီးတော်စဝ်ခွန်ကြာအား အမတ်ချုပ်ကြီးရာထူးကို ပေးအပ်ထား၍ တိုင်းရေးပြည်ရေး၊ စစ်ရေး၊ဘဏ္ဍာရေး၊ သံတမန်ရေး အစစအရာရာကို ဦးရီးတော်မှကိုင်တွယ်ဆောင်ရွက်ရသည်ဖြစ်၍ ကျွန်တော့်တွင် ထူးထူးထွေထွေတာဝန်များ မရှိသဖြင့် အားလပ်လျက်ရှိရာ ကျွန်တော်သည် ကျွန်တော့်ချစ်သူ စောရတနာအားရည်ညွှန်း၍ စာကဗျာများရေးဖွဲ့ခြင်း၊ ပုံတူပန်းချီရေးဆွဲခြင်းတို့ဖြင့် အချိန်တို့ကို အသုံးချခဲ့၏။ ကျွန်တော်သည် စောရတနာ၏ သဘောထားကို လည်းကောင်း၊ စောရတနာ၏ဖခင် စော်ဘွားကြီးသဘောထားကို လည်းကောင်း မသိရှိရသေးသဖြင့် စိတ်မအေးနိုင်သေးပါ။ ကျွန်တော့်မိဘအခြေအနေ၊ ကျွန်တော်၏အရည်အချင်း စသည်တို့ကြောင့် ငြင်းပယ်မည်မဟုတ်ဟုတော့ ထင်မိပါ၏။ အကြီးတော်ချုပ်ကြီးမှ တာဝန်ယူ၍ ရွှေပန်းထိမ်သည်၊ ငွေပန်းထိမ်သည်တို့ထံတွင် ထူးခြားဆန်းကြယ်လှပသော လက်ဆောင်ပဏ္ဏာဆက်သမည့် ပစ္စည်းများကို အပ်နှံထားရှိကာ သွန်းလုပ်လျက်ရှိပြီဟု သိရပါသည်။ စောရတနာအတွက် စိန်ဘယက်နှင့် စိန်ဆံထိုး၊ စိန်ရင်ထိုး၊ စိန်ဘီး၊ စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်နားကပ်နှင့် ရွှေခြေချင်းတို့ကို ပန်းထိမ်ဆရာများအား ကျွန်တော်ကိုယ်တိုင်စိတ်ကူးကြံဆလျက် အလှအပဆုံးနှင့် အထူးခြားအဆန်းကြယ်ဆုံးဖြစ်စေရန် ပုံဆွဲ၍ပေးပါသည်။ လက်ဝတ်ရတနာပစ္စည်းတိုင်းတွင် လိပ်ပြာလေးနှစ်ကောင်တောင်ပံခတ်နေဟန်ထည့်ရေးဆွဲပေးခဲ့ပါသည်။

ကျွန်တော့်ဦးရီးတော်တွင် စဝ်ဝဏ္ဏာဟူသော သားတော်တစ်ပါးရှိပါသည်။ ၎င်းသည် စရိုက်ကြမ်းတမ်းကာ စာရိတ္တညံ့ဖျင်းသူဖြစ်ပါသည်။ မူးယစ်သောက်စားရမ်းကား၏။ မြင်းလောင်းခြင်း၊ (၃၆)ကောင်ဒိုင်ဖွင့်ခြင်း စသော အလောင်းကစားပြုလုပ်၏။မိန်းမပွေရှုပ်၏။ ဆင်းရဲနွမ်းပါးသော မိန်းကလေးများစွာကို အာဏာနှင့်ငွေတို့ဖြင့် ဖိနှိပ်၍သိမ်းသွင်းကာ စော်ကားဖျက်ဆီး၏။ မြို့ရွာထဲတွင်လည်းကောင်း၊ ပွဲခင်းထဲတွင်လည်းကောင်း တွေ့သမျှလူများကို ရန်စပြီး ရိုက်နှက်နှိပ်စက်အနိုင်ကျင့်လေ့ရှိ၏။ ကျွန်တော်နှင့် မကြာခဏထိပ်တိုက်ကြုံတွေ့ရလေ့ရှိ၏။ ၎င်း၏မတရားမှုများကို ဟန့်တားကာ ဖြေရှင်းပေးရပါသည်။ ၎င်းကိုဆုံးမရပါ၏။ ကျွန်တော် သွားလေရာတွင် ကိုယ်ရံတော်တပ် အမြဲတမ်းပါရှိသဖြင့် လည်းကောင်း စော်ဘွားအလောင်းအလျာ ကျမိုင်းလေးခေါ် သခင်လေးဖြစ်သော ကျွန်တော်နှင့် အမတ်ချုပ်ကြီး၏ သားတစ်ဦးဖြစ်သော ၎င်းမှာ ကျွန်နှင့် သခင်အဆင့်ဖြစ်၍ ၎င်းသည် ကျွန်တော်နှင့်တွေ့လျှင် ဒူးတုပ်၍ ခစားရပါ၏။ ကျွန်တော်ပြောသမျှ နာခံရပါသည်။ သို့သော် မာန်မာနထောင်လွှားလွန်းသော ၎င်း၏စိတ်ထဲတွင်မူ သူ၏တပည့်များနှင့် အများပြည်သူရှေ့တွင် ကျွန်တော်မှရိုက်နှက်ဆုံးမသည်ကို လည်စင်းခံနေရသဖြင့် ရှက်စိတ်၊ နာကြည်းစိတ်တို့ဖြင့် ၎င်း၏စိတ်ထဲတွင် ကျွန်တော့်ကို မည်မျှအထိ မုန်းတီးလျက်ရှိမည်ကို မီးဝင်းဝင်းတောက်မျှဖြစ်၍နေသော ၎င်း၏မျက်လုံးများကိုကြည့်၍သိနိုင်ပါ၏။

ဖခင်စော်ဘွားကြီးသည် နောက်ပိုင်းကာလများ၌ ဘုရားတည်၊ ကျောင်းဆောက်၊ ဥပုသ်သီလဆောက်တည်ဟူသော ဘာသာရေး၊ သာသနာရေးလုပ်ငန်းများတွင်သာ အချိန်တို့ကိုနှစ်မြှုပ်ထားရှိပြီး တိုင်းရေးပြည်ရေးနှင့် အုပ်ချုပ်ရေးတို့တွင် ကိုယ်တော်တိုင်နှင့်မခြားသစ္စာစောင့်သိ၍စိတ်ချရသော ညီတော်အမတ်ချုပ်ကြီးကိုသာ လွှဲအပ်ထားရှိပြီး တစ်လတစ်ကြိမ်ခန့်သာ ညီလာခံတွင် တတ်ရောက် အပူဇော်ခံသက်သက်မျှသာ တစ်ခဏတာလေး တက်ရောက်ပြီး အခြားသော တိုင်းရေးပြည်ရာများကို အမတ်ချုပ်ကြီးနှင့်သာ ဆက်လက်ဆွေးနွေးစေခဲ့ပါသည်။ ထိုအခါ အမတ်ချုပ်ကြီး၏ အာဏာသည်လည်း စော်ဘွားကြီးနှင့်မခြား အရေးပါလျက်ရှိလာသောကြောင့် စဝ်ဝဏ္ဏာသည် ပို၍မာနထောင်လွှားကာ မော်ကြွား၍လာပါ၏။

ရာသီဥတုသာယာသောတစ်နေ့တွင် ကျွန်တော်သည် ဟော်နန်းဝင်းကြီးအတွင်းရှိ ကျွန်တော်၏ သီးသန့်ပန်းဥယျာဉ်ကြီးအတွင်းရှိ ထင်းရှူးပင်ကြီးအောက်တွင် ပတ္တူကားချပ်ကိုဒေါက်ဖြင့်ထောက်လျက် စောရတနာ၏ပန်းချီပုံတူကို ရေးဆွဲလျက်ရှိပါသည်။ ကျွန်တော်ကြိုတင်ညွှန်ကြားချက်အတိုင်း ကိုယ်ရံတော်တပ်ဖွဲ့သည် ကျွန်တော်နှင့်ခပ်လှမ်းလှမ်းတွင်သာ အသံမပြုကြဘဲ တိတ်ဆိတ်စွာ စောင့်ကြပ်လျက်ရှိပါသည်။ ပန်းချီကားမှာ ဘေးတစောင်းကိုယ်တစ်ပိုင်းအနေအထားဖြစ်ပြီး ပန်းနုရောင်ပဝါကိုခြုံလွှမ်းလျက် လက်ပိုက်နေပုံဖြစ်ပါသည်။

စောရတနာနွယ်သည် ခြေဖျားမှဆံဖျားတိုင် အပြစ်ဆိုစရာ ဟူ၍မရှိဘဲ အလှတို့ဖြင့်သာ ပြည့်လျှံ၍နေပါ၏။ ရှမ်းမျိုးရှမ်းနွယ်ဖြစ်၍ အသားအရေဖြူဝင်းခြင်းမှာမူ အထူးဆိုဖွယ်ရာမရှိပါပြီ။ ပဒေသရာဇ်မျိုးရာဇာသွေးပါသူလေးဖြစ်၍ နုနယ်သိမ်မွေ့လှပလွန်းသော်လည်း တည်ငြိမ်ရင့်ကျက်သောဣန္ဒြေတို့ခြုံလွှမ်းလျက် ခံ့ခံ့တည်တည်ရှိလှပါ၏။ ကိုယ်ဟန်ရှည်သွယ် ကြော့ရှင်းလျက် ကြာနွယ်လက်ချောင်းလေးများမှာ ဖော့ဖယောင်းသဖွယ် သွယ်နွဲ့ညွတ်ပျောင်းလျက်ရှိပါ၏။ အထူးခြားဆုံးမှာ အစဉ်ရွှန်းလဲ့လျက်ရှိသော မျက်ဝန်းညိုမှောင်တို့ပင် ဖြစ်ပါ၏။ ရှေးရှေးတုန်းက ခုနစ်ဆောင်တိုက်ခန်းတွင် မီးမထွန်းဘဲလင်းရသော ပဘာဝတီရှိခဲ့သည်ဟူသည်ကို စောရတနာနွယ်ကိုတွေ့ရှိသောအခါ အပြည့်အဝယုံကြည်လက်ခံမိပါတော့သည်။ အဘယ်ကြောင့်ဆိုသော် စောရတနာနွယ်သည် နေ့နေ့ညည ကိုယ်အသားအရေလှပလွန်းသောကြောင့် လင်းလက်တောက်ပကာ အရောင်အလျှံများထွက်ပေါ်၍နေသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် စောရတနာနွယ်၏မျက်ဝန်းကို ဆေးခြယ်နေသည်ဖြစ်၍ စိတ်အာရုံကိုနှစ်သွင်းကာ စုတ်တံကိုင်သောလက်ကို အခြားလက်တစ်ဖက်ဖြင့် ထိန်းကာ အသက်ကိုမျှပြင်းပြင်းမရှူရဲဘဲ အသက်အောင့်၍ စုတ်တံကိုင်သောလက်ကလေးကိုဖော့၍ ဆေးသွင်း၍နေပါ၏။ စိတ်မှန်းဖြင့် ဆေးစက်ကို အကြိမ်ကြိမ်ချပြီးမှ ပထမ ဆေးစက်မှိန်မှိန်ကိုချသည်။ အနီး၊ အဝေး၊ ဆေး



www.burmeseclassic.com

www.burmeseclassic.com

တိုက်၊ ရွှေ ဟူ၍ ရှုထောင့်အမျိုးမျိုးမှ ကြည့်သည်။ စိတ်တိုင်းကျပြီဆိုမှ တကယ်ထည့်လိုသောအရောင်ကိုထည့်လိုက်ပါ၏။ အသက်ဝင်လှသော ပန်းချီကားသည် အောင်မြင်စွာ ပြီးမြောက်သွားပေပြီ။ တကယ့်သက်ရှိစောရတနာနွယ်ကို မြင်တွေ့နေရသကဲ့သို့ ပုံတူပန်းချီကားကြီးမှာ အသက်ဝင်လွန်းလှပါသည်။ သို့သော် မျက်ဝန်းတစ်ဖက်ကို စိတ်တိုင်းမကျသေးပါ။

ကျွန်တော်သည် ပန်းချီကားကြီးကိုကြည့်ကာ ဝမ်းသာပီတိဖြစ်၍မဆုံးအောင်ရှိနေမိပါသည်။ သို့သော် မျက်ဝန်းတစ်ဖက်ကိုတော့ ပြုပြင်ရေးဆွဲပါဦးမည်။ ဤပန်းချီကားကြီးကို ရေးဆွဲရသည်မှာ အထူးဂရုပြု၍ ပြင်ရခြင်း၊ ဖျက်ရခြင်း၊ အသစ်ပြန်လည်ရေးဆွဲရခြင်းတို့မဖြစ်ရအောင် စိတ်ရှည်လက်ရှည်ဖြင့် ရေးဆွဲခဲ့ရသဖြင့် တစ်လတိတိကြာမြင့်ခဲ့ရပါသည်။ ထိုရက်များအတွင်း ကျွန်တော်သည် မုတ်ဆိတ်ကျင်စွယ်တို့ကိုပင် မရိတ်ပယ်အားသဖြင့် ကျွန်တော့်တွင် နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်တို့ပင် စိမ်းမြလျက်ရှိပါ၏။

ထိုစဉ် ကျွန်တော့်အနီးတွင် ကိုယ်ရံတော်တပ်ဖွဲ့မှ တပ်မှူး အိုက်မောင်းရောက်ရှိခစားနေသဖြင့် -

"ကဲ - အိုက်မောင်း ထ၊ ဘာများလျှောက်တင်စရာရှိသလဲ"

"မှန်လှပါ၊ သတင်းထူးလျှောက်ထားစရာရှိပါတယ်။ သခင်လေးရည်ရွယ်ထားတဲ့ သခင်မလေး စောရတနာနွယ်ကို စဝ်ဝဏ္ဏက ကြံရွယ်နေတာဖြစ်ပြီး လက်ဆောင်ပဏ္ဏာများနှင့် ရွှေလမ်းငွေလမ်းဖောက်မည့်အဖွဲ့ကို လမ်းကနေဆီးကြိုတိုက်ခိုက်ပြီး နှောင့်ယှက်မယ်လို့ အခိုင်အမာ သတင်းရရှိထားကြောင်းပါဘုရား"

"သေချာရှင်းလင်းအောင်လျှောက်တင်စမ်းကွာ"

"စောစောက သေတင်းကုပ်မှာ စဝ်ဝဏ္ဏရဲ့ညာလက်ရုံး အိုက်စံ ပြောနေတာကို ကျွန်တော်မျိုးကိုယ်တိုင်ကြားခဲ့တာပါဘုရား"

"တောက်-ရိုင်းလိုက်တဲ့ကျွန်ကောင်၊ ငါရည်ရွယ်ထားတဲ့ စောရတနာနွယ်ကို မှန်းရတယ်လို့။ ရာရာစစ ငါကိုယ်တော့်အကြောင်း သင်းသိရသေးတာပေါ့။ ကဲ- ကိုယ်ရံတော်တပ်ဖွဲ့ အသင့်ပြင်၊ မြင်းတွေထုတ်"

ကျွန်တော့်ရင်ထဲတွင် ဒေါသမီးတို့အား ဗလောင်ဆူလျက် တစ်ကိုယ်လုံးဆတ်ဆတ်တုန်ယင်လျက်ရှိပါသည်။

ကျွန်တော်သည် တန်ဖိုးကြီးမား၍ လှပဆန်းကြယ်သော ရတနာလက်ဆောင်ပစ္စည်းများနှင့် ကျွန်တော်၏ မြတ်နိုးတန်ဖိုးထားမှုတို့ကိုပြသမည်။ ထို့နောက် ကျွန်တော့်နှလုံးသွေးနှင့် ရေးခြယ်ထားသကဲ့သို့ တန်ဖိုးလည်းမဖြတ်နိုင်သော စောရတနာနွယ်၏ပုံတူပန်းချီကားကြီးကို မြင်တွေ့ရလျှင် စောရတနာနွယ်သည် ကျွန်တော့်အပေါ်တွင် ကရုဏာသက်၍ ကျွန်တော့်မေတ္တာကို နားလည်တာလက်ခံတုံ့ပြန်လိမ့်မည်ဟု မျှော်လင့်ချက်တို့ဖြင့် ကြိတ်ဝမ်းမြောက်ပျော်ရွှင်နေမိခြင်းတို့ကို ခြေမွဖျက်ဆီးခြင်းခံလိုက်ရ၍ ဝမ်းနည်းစိတ်ပျက်ဒေါသထွက်၍မဆုံးနိုင်အောင်ဖြစ်ရခြင်း ဖြစ်ပေသည်။

ဤအချိန်ဆိုလျှင် မြို့အတွင်းလောင်းကစားဝိုင်းတင်းကုပ်၌ စဝ်ဝဏ္ဏရှိတတ်သည်ဖြစ်၍ ထိုနေရာသို့ဦးတည်ကာ ကျွန်တော်၏မြင်းကို ဒုန်းစိုင်းလိုက်ပါသည်။ ကိုယ်ရံတော်တပ်ဖွဲ့သည်လည်း လက်နက်ချပ်ဝပ်တန်ဆာပြည့်စုံစွာဖြင့် နောက်မှလိုက်ပါလာကြ၏။ ရှေ့ပြေးမြင်းသည်ကျော်နှစ်ဦးသည်ပင် ကျွန်တော့်မြင်းကို အတင်းကျော်တက်ရပြီး ရှေ့မှ-

"သခင်လေးကြွလာတယ်၊ သခင်လေး ကြွလာတယ်။ ဘေးကို ဘေးကို"

ဟု အော်ဟစ်ကြပါသည်။

မြို့သူမြို့သားတို့သည် လမ်းဘေးသို့ကပ်၍ ဒူးတုပ်ခေါင်းငုံ့ကာ အရိုအသေပြုလျက်ကျန်ရစ်ကြပါသည်။ ကျွန်တော်တို့ဖြတ်သန်းရာလမ်းတစ်လျှောက်တွင် ရုတ်ရုတ်သဲသဲဖြစ်ကျန်ရစ်လျက် ဘာအရေးကိစ္စပါလိမ့်ဟူ၍ တွေးတောလျက်ရှိကြပေမည်။

မကြာမီ ဈေးလမ်းမသို့ရောက်လာ၏။ ထို့နောက် သေတင်းကုပ်များသို့ရောက်ရှိလာပြီး သေတင်းကုပ်များအဆုံးလောင်းကစားတင်းကုပ်ရှေ့သို့အရောက်တွင် ကျွန်တော်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး တင်းကုပ်အတွင်းသို့ပြေးဝင်လိုက်သည်။ လောင်းကစားနေသည့်သူများ ရုတ်တရက်ကြောင်အမ်းသွားပြီး နောက်မှ ကပျာကယာ မြေတွင် ဒူးတုပ်၍ ခစားကြ၏။ စဝ်ဝဏ္ဏကို အဆင်သင့်ပင် တွေ့ရှိရပါသည်။ ကျွန်တော်သည် ဘာကိုမှမပြောတော့။ ကျွန်တော်၏ ဆောင်ဓားကို ငွေဓားအိမ်အတွင်း နောက်လွယ်မှဆွဲချွတ်လိုက်ပြီး စဝ်ဝဏ္ဏ၏ဇက်ကိုပိုင်းချရန် အားယူ၍ မြှောက်ချလိုက်ပါသည်။ ခုတ်ပိုင်းချမည်အပြုတွင် အကြီးတော်ချုပ်ကြီး ဘဘဦးအိုက်လှသည် ဘယ်ကဘယ်လိုရောက်လာသည် မသိပါ။ ကျွန်တော့်ရှေ့သို့ဝင်ရောက်လာပြီး -

"သခင်လေး စိတ်ထိန်းပါ။ ဒီကိစ္စခဏထားဦး၊ နောက်မှရှင်းလည်းနောက်မကျပါဘူး။ အခု သခင်ကြီးက အခေါ်တော်လွှတ်လိုက်ပါတယ်။ ရောက်ရာအရပ်က အမြန်လာစေတဲ့။ သိပ်အရေးကြီးတဲ့ကိစ္စကြောင့်ပါ၊ သည်းခံတော်မူပါဘုရား"

ဟု လျှောက်တင်၍ ကျွန်တော်သည် မကျေမချမ်းဖြင့် ဓားကိုပြန်သိမ်းလိုက်ရသော်လည်း ကျွန်တော့်အား မထီတထီမခန့်လေးစားနှင့် ကြည့်နေသော နှုတ်ခမ်းမွေးခပ်ရေးရေးဖြင့် ရွံ့မုန်းစရာကောင်းလှသည့် စဝ်ဝဏ္ဏ၏မျက်နှာကို ခြေဖြင့် အားကုန်ကန်ထည့်ပစ်လိုက်ပါသည်။

ထို့နောက် အကြီးတော်ချုပ်ကြီးနှင့်အတူ နန်းတော်သို့ မြင်းကိုဒုန်းစိုင်းခဲ့ကြပါသည်။ ဟော်နန်းအတွင်းရှိ အထူးလျှို့ဝှက်ခန်းမဆောင်တွင် ခမည်းတော်၊ မယ်တော်၊ အစ်မတော်များနှင့်အတူ အိမ်တော်ထိန်း ဘဘကြီး ဦးအိုက်လှနှင့် ခမည်းတော်၏ သက်တော်စောင့်တပ်မှူးကြီးဘဘဦးအိုက်ပန်းတို့ရှိနေကြပြီး မျက်နှာတို့မှာ ခက်ထန်ခြင်းတစ်ဝက်၊ ညှိုးငယ်ခြင်းတစ်ဝက်ရှိနေကြပါသည်။ ကျွန်တော်သည် ခမည်းတော်၊ မယ်တော်တို့အား ကန်တော့၍ ခစားနေလိုက်ရာ-

"သားတော်၊ လာ - ဒီမှာထိုင်"

ဟု လေသံမှန်ဖြင့် ခမည်းတော်မှ မိန့်ပါသည်။

"ဒီလိုသားတော်၊ တိုတိုနဲ့လိုရင်းကိုပဲပြောတော့မယ်။ တို့မှာအချိန်မရှိတော့ဘူး။ ခမည်းတော်ဟာ ညီတော်ကိုယုံကြည်ပြီး အမတ်ချုပ်ခန့်လိုက်တယ်။ အစစအရာရာ သူ့ကို လွှဲအပ်ခဲ့တယ်။ ကြာတော့ ညီတော်ရဲ့အာဏာဟာ မှူးမတ်တွေ၊ စစ်ကဲတွေ၊ မြို့စားနယ်စားတွေနဲ့ ထိတွေ့မှုများပြီး ပြဿနာပေါင်းလို့လာတယ်။ သူက အတွင်းကျိတ်စည်းရုံးသိမ်းသွင်းလာတော့ ခုဆိုလျှင် အားလုံးဟာ သူ့သစ္စာတော်ခံတွေချည်းဖြစ်သွားကြပြီ။ တကယ်တမ်း ခုချိန် ခမည်းတော်တို့မှာ အင်အားဆိုလို့ ဒီကိုယ်ရံတော်တပ်ဖွဲ့ပဲကျန်တော့တယ်။ ဒီအထဲမှာတောင် သစ္စာဖောက်တွေတော်တော်များများ ပါဝင်နေပြီဆိုတာ ဖော်ထုတ်သိရှိထားတယ်။ ဒါကြောင့် ခမည်းတော်တို့ဟာ အချိန်မရွေးအသက်အန္တရာယ်ကျရောက်နိုင်တယ်။ လှောင်အိမ်ထဲကိုထည့်ထားတဲ့ငှက်တွေလိုပဲ သူသတ်ချိန်တဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com

ထသတ်လိုက်ရုံပဲ။ အခုရထားတဲ့သတင်းကတော့ ခမည်းတော် ထီးတင်ပွဲကပြန်လာတာနဲ့ ဖမ်းဆီးတော့မယ်ဆိုတာပဲ။ ဒါ့ကြောင့် ဒီကနေ့ညမှာ တိတ်တဆိတ် ထွက်ပြေးကြရလိမ့်မယ်။ လူများရင်လည်း ရိပ်မိမှာလည်းစိုးရသလို သစ္စာဖောက်တွေပါလာရင်လည်း အပြင်ကို ထွက်လိုက်ရမှာမဟုတ်ဘူး။ တစ်ခါတည်းဖမ်းပြီး အသတ်ခံရလိမ့်မယ်။ အဲဒီတော့ ခမည်းတော်တို့(၅)ယောက်မိသားစုအပြင် ကိုယ်ရံတော်တပ်ဖွဲ့က (၃၀) ယောက်ပဲ ခေါ်မှာမို့ ခမည်းတော်ကတော့ (၁၅) ယောက်ရွေးပြီးပြီ။ စိတ်ချယုံကြည်ရသူတွေထဲကမှ ဉာဏ်ပညာထက်မြက်ပြီး ဓားရေး၊ လှံရေးကျွမ်းကျင်တဲ့သူ (၁၅) ယောက်ရွေး။ တစ်ခါတည်းခရီးထွက်ဖို့ စီစဉ်ပြင်ဆင်ချေတော့"

ဟု မိန့်ကြားပါသည်။

မကောင်းသောကံကြမ္မာအလှည့်အပြောင်းနှင့် ဘေးဆိုးအန္တရာယ်တို့၏ အရိပ်အငွေ့တို့သည် ကျွန်တော်တို့ မိသားစုအပေါ် မမျှော်လင့်ဘဲ ရုတ်တရက် ကျရောက်လာပြီကို သိရှိလိုက်ရသဖြင့် တုန်လှုပ်မိပါ၏။ ကျွန်တော်သည် စော်ဘွားအရိုက်အရာကို သေချာပေါက်လက်ခံရရှိမည့် ကျမိုင်းလေးဘဝမှ မကြာမီ နန်းကျစော်ဘွားစစ်ပြေးတစ်ယောက်၏သား သာမန်လူတစ်ယောက်၏ဘဝသို့ ရောက်ရှိရပေတော့မည်။

ဤအတိုင်းဆိုလျှင်ဖြင့် ကျွန်တော်နှင့်စောရတနာနွယ်တို့၏ဘဝများသည်ကား ရွှေပင်လယ်ကားဆီးသည်သို့ နီးနိုင်စရာအကြောင်းမရှိတော့ပြီ။ ဆုံစည်းခွင့်မရရှိသည်ထားဦး စောရတနာနွယ်နှင့်လည်းကောင်း၊ ကျွန်တော်ချစ်သောရှမ်းပြည်၊ ဤမြေဤရေနှင့်လည်းကောင်း ဝေးသည်ထက်ဝေးရာ အဝေးဆုံးသို့ စွန့်ခွာထွက်ပြေးကြရပေတော့မည်။ ရင်ထဲတွင်နာကျင်လျက် ဝမ်းနည်းကြေကွဲမဆုံးဖြစ်ရပါ၏။

ကျွန်တော်နှင့် စဝ်ဝဏ္ဏ၏ ဤနေ့ဖြစ်ပျက်သောပြဿနာကိုသိလျှင် ဦးရီးတော်သည်လည်း ကျွန်တော့်ကို သတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်ပေမည်။ ထို့ကြောင့် ယနေ့ညမှာပင် ကျွန်တော်တို့အား ဖမ်းဆီးနိုင်ပါသည်။ ထိုညက တော်ပါသေးသည်၊ နယုန်လဖြစ်၍ ရှမ်းတောင်တန်းများပေါ်တွင် မိုးဖွဲလျက်ရှိပေပြီ။ မနက်ဖြန်တွင် ထီးတင်ပွဲရှိ၍ ချက်ရေးပြုတ်ရေးနှင့် အခမ်းအနား ပြင်ဆင်ရေးတို့အတွက် စော်ဘွားအိမ်တော်မှ ဖစ္စည်းပစ္စယများကို မြင်းလှည်းများဖြင့် ပို့ဆောင်ရလေ့ရှိပါသည်။ ကျွန်တော်တို့မိသားစုနှင့် ရဲမက် (၃၀) ဦးတို့သည် ထိုလှည်းများ၏ ပစ္စည်းများအကြားတွင် ခိုအောင်း၍ ဟော်နန်းအပြင်သို့ တိတ်တဆိတ်လိုက်ပါခဲ့ကြပါသည်။ မိုးရွာသဖြင့် ရာသီဥတုချမ်းအေးနေသည်ကိုက ကျွန်တော်တို့အတွက် အကောင်းဆုံး အကာအကွယ်ဖြစ်သွားခဲ့ပါသည်။ ကင်းသမားတို့သည် မိုးထဲရေထဲတွင် ထွက်၍မစစ်ဆေးလိုသဖြင့်လည်း ကျွန်တော်တို့လှည်းများကို အလွယ်တကူ လွှတ်လိုက်ကြခြင်း ဖြစ်ပါသည်။

ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာဟူသည့်အတိုင်း တောင်ပေါ်မိုးသည် အပြိုးကြီးစွာ ရွာသွန်းလျက် ရှိပါ၏။ ဤမျှဆိုးဝါးလှသောဒုက္ခတို့ကို ကျွန်တော်သည် ခံစားနိုင်ပါသည်။ မမှုပါ။ သို့သော် တစ်သက်လုံး ကလေးဘဝမှ ယနေ့အချိန်တိုင်အောင် ဟော်နန်းထဲတွင်သက်သောင့်သက်သာနေထိုင်ခဲ့ကြရသော ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့ကို ကြည့်၍ ဝမ်းနည်းကာ မျက်ရည်များကျလာမိပြီး ဦးရီးတော်နှင့် စဝ်ဝဏ္ဏတို့သားအဖတို့အား ဒေါသဖြစ်လွန်း၍ နှုတ်ခမ်းကိုကိုက်ထားမိရာ သတိလက်လွတ်ဖြစ်လျက် နှုတ်ခမ်းပေါက်ကာ သွေးများပင်ယိုစိမ့်လာပါသည်။ ဤသွေးတို့သည် စဝ်ဝဏ္ဏတို့သားအဖကြောင့် ကျွန်တော်၏ ခန္ဓာကိုယ်မှ ပထမဦးဆုံးကျခဲ့ရသော သွေးစက်တို့ပင် ဖြစ်ပါသည်။ ဤသွေးတစ်စက်သည်ကား ၎င်းတို့သားအဖအပေါ်၌ ကမ္ဘာတစ်သက် ကျေပျက်နိုင်မည်မဟုတ်သော ရန်ငြွေးရန်ဆပ်ပင်ဖြစ်ရမည်ဟု စိတ်တွင်မှတ်ယူထားလိုက်မိပါ၏။

မြင်းလေးကောင်ဆွဲသော မြင်းလှည်းရှစ်စီးသည် ကြမ်းတမ်းသော တောင်ကြားလမ်းတွင် ညမှောင်မှောင် မိုးသည်းသည်းအတွင်းမှာပင် ပြေးလွှားလျက်ရှိပါ၏။ ချိုင့်ခွက်များတွင်ကျသောအခါ ခဲလုံးများကိုနင်းမိသောအခါ မြင်းလှည်းဘီးသည် တဂျိမ်းဂျိမ်းဖြင့် ဆောင့်လျက်ရှိပါသည်။ စော်ဘွားကြီးနှင့် မယ်တော်၊ အစ်မတော်တို့သည် အောက်မှ ဂွမ်းကပ်အခင်းများခုထားသည့်တိုင်အောင် စကောထဲမှ ဆီးဖြူသီးကဲ့သို့ ဘယ်လူးညာလိမ့်ဖြင့် ပင်ပန်းဆင်းရဲစွာလိုက်ပါလျက်နေရသည်ကို မြင်တွေ့ရသောအခါ ကျွန်တော့်ရင်ထဲတွင်နာကျင်ရပါသည်။

"ဒီညတော့ သူတို့သိချင်မှသိဦးမယ်။ တစ်ညခရီးကို ရသလောက်နှင်ထား"

ခမည်းတော်မှ မြင်းလှည်းမောင်းသူ ကိုယ်ရံတော်တပ်ဖွဲ့ဝင်တစ်ဦးကို လှမ်းပြောပါသည်။

"သခင်ကြီး၊ မိုးရေတွေနဲ့ဆိုတော့ လမ်းတွေကချောပြီး ဗွက်တွေထနေလို့ တစ်ညလုံးမောင်းလည်း ခရီးတော့ သိပ်တွင်မယ်မထင်ဘူး"

မြင်းများသည် မနားတမ်းမောင်းခဲ့ရသဖြင့် အမောဆို့ပြီးလဲကျသွားသော မြင်းများမှာ အလွတ်ပင်လိုက်နိုင်စွမ်းမရှိ၍ ထားရစ်ခဲ့ရပါသည်။ ကျွန်တော်တို့တွင် မြင်းအပိုများခေါ် လာခဲ့ခြင်းကြောင့်သာ တော်ပါသေး၏။

နံနက်လင်းသောအခါ တောင်ကြီးနယ်သို့ ရောက်ရှိလာပြီဟု သိရပါသည်။

"တို့ ဒီလိုသာ မြင်းလှည်းနဲ့ ဆက်ပြေးနေမယ်ဆိုရင် ခရီးပေါက်မှာမဟုတ်ဘူး။ အဲဒီတော့ မြင်းလှည်းရှစ်စီးကို တောင်စောင်းကနေ ချောက်ထဲကိုတွန်းချခဲ့ပြီး မြင်းတွေနဲ့ပဲသွားမှဖြစ်မယ်"

ထိုသို့ဖြင့် ကျွန်တော်တို့ မြင်းများနှင့် ခရီးဆက်ခဲ့ကြပါသည်။ တော်ပါသေးသည်၊ တစ်နေကုန် မိုးမရွာပါ။ ညနေစောင်းတွင် အောင်ပန်းမြို့ကို ကျော်လွန်ခဲ့ကြပြန်ပါသည်။ ကလောတောင်ကျော်ဖြတ်ကာ ကျောက်ဆည်နယ်သို့ ဖြတ်ဆင်းမည်ဟု စိတ်ကူးသော်လည်း တစ်နေကုန် ခရီးကြမ်းနှင်ခဲ့ရသဖြင့် မြင်းများလည်း မောဟိုက်နေပြီး လူများလည်း ကိုင်ရိုက်ထားသကဲ့သို့ နာကျင်၍နေပြီဖြစ်သောကြောင့် ခရီးသွားစခန်းတစ်ခုတွင် ညအိပ်ရပ်နားကြပါသည်။

ထိုစခန်းအနီးတွင် ရေပေါသောချောင်းလည်းရှိသည်။ မြက်ရောင်းသူများနှင့် မြင်းတင်းကုပ်၊ နွားတင်းကုပ်များရှိ၍ အဆင်ပြေပါသည်။ မြင်းစာ၊ နွားစာ အငှားကျွေးပေးမည့်သူ၊ အငှားစောင့်သူများလည်းရှိ၍ အဆင်ပြေပါသည်။ ကျွန်တော်တို့ ချောင်းတွင် ရေချိုးကြပါသည်။ မြင်းများကိုလည်း မြင်းစာကျွေးသူများမှ ရေချိုးပေးကြပါသည်။ ထမင်းဆိုင်တွင် ငါးစိုလတ်လတ်ဆတ်ဆတ်များပေါများသဖြင့် ငါးစိုဟင်းနှင့် ငါးကြော်ဟင်းတို့ဖြင့် ထမင်းပူပူစားရသည်မှာ အရသာရှိလှပါသည်။ ဤနေ့နံနက်မှစ၍ ကျွန်တော်တို့သည် အခွင့်ထူးလူတန်းစား ပဒေသရာဇ်တို့ဘဝမဟုတ်ကြတော့ဘဲ သာမန်လူတန်းစားဘဝသို့ ရောက်ရှိခဲ့ကြရပေပြီ။ နေ့အားမ...



www.burmeseclassic.com

www.burmeseclassic.com

ခေညီးတော်၊ မယ်တော်၊
ကျွန်တော်အပါအဝင်
အရပ်သား ကုန်သည်
ပြောင်းလဲဝတ်ဆင်ထားရှိ
ဟန်ပန်အမူအရာနှင့်
နန်းတို့မှာ ရုတ်တရက်
ခတ်ခဲလှသေးသဖြင့်
စုကို တွေ့မြင်သူများ
များကို ရင်းနှီးစွာ
ကျွန်တော်တို့ကို အလွယ်
ခန့်မှန်းသိရှိနိုင်ကြပေ

အစ်မတော်များ
ဖြစ်ကြသော်လည်း
လုံကောင်းနိုင်စေ
ဓားရေးအတတ်တို့
ပေးထား၍ ယခုလို
အခက်အခဲ မတွေ့ကြုံရ

စိတ်မသန့်
အကုန်မအိပ်
နေကြ"
တိုးတိုးတိတ်
ည်။ ကျွန်တော်
များကို မနှစ်မြို့ပါ။
မရိုးသားမှု
လဲမှု၊ ရက်စက်
ပါ၏။ ညပိုင်းသို့
မှုများကို မြင်တွေ့နေရပါ၏။ ညပိုင်းသို့ ရောက်သောအခါ ဤစခန်းရှိ မိန်းမများနှင့် ကလေးများ ကြက်ပျောက်ငှက်ပျောက်ပျောက်သွားကြသည်မှာ မသင်္ကာဖွယ်ပင်ဖြစ်ပါ၏။ ယောကျ်ားသားများသည် ခရီးသည်များအသွင်ဖြင့် ထပ်မံရောက်ရှိလာကြသော်လည်း ဤစခန်းမှ လူများနှင့် တစ်ဖွဲ့တည်းမှန်း သိသာ၏။ သေချာပါသည်။ ဤနေရာသည် ခရီးသည်များရပ်နားရန် တည်းခိုဆောင်များ (တဲတန်းရှည် - သက်ငယ်မိုး၊ထရံကာ) စားသောက်ဆိုင်များဟန်ဆောင်ဖွင့်လှစ်ကာ ခရီးသည်များကို လှည့်ဖြားတည်းခိုစေပြီး လုယက်သတ်ဖြတ်မည့် ခရီးသွားဓားပြအဖွဲ့ကြီးဖြစ်ပေလိမ့်မည်။ မြင်းတစ်ကောင်ရလိုက်လျှင်ပင် ကာလတန်ဖိုးမှာ ကြီးမားလှသည်။ ဓားတစ်လက်ရလိုက်လျှင်ပင် ကာလတန်ဖိုးမှာ ကြီးမားလှပါသည်။

ငြီးဆန်လာ၏။

"ဝိုး. . . ဝိုး. . . ဝိုး"

တံစက်မြိတ်သက်ငယ်တို့ လေတိုး၍ ထွက်ပေါ်လာသောအသံများဖြစ်ပါ

သည်။ ကျွန်တော်တို့ အိပ်ခန်းများ၏ အပြင်ခန်းမကျယ်တွင် ကညင်မီးတိုင်ကြီးများမှာ ထိန်ညီးလျက်ရှိပါ၏။

"အခန်းထဲက မီးတွေ (ကျောက်ဖယောင်းတိုင်ကြီးများ) ကို ငြိမ်းထားလိုက်"

ခမည်းတော်မှ လေသံသဲ့သဲ့မျှဖြင့် ညွှန်ကြားသဖြင့် ဖယောင်းတိုင်များကို မီးငြိမ်းသတ်လိုက်လျှင် တစ်ခန်းလုံး မှောင်ကျသွားပါ၏။ ကျွန်တော်တို့သည် အတွင်းခန်း၌အိပ်ကြပြီး ကျွန်တော်တို့ခြေရင်း အိပ်ခန်းရှည်ဝါးခင်းအရှည်ကြီးပေါ်တွင် လူ (၃၀) ယောက်စလုံး ပြား၍ အိပ်ကြရခြင်း ဖြစ်ပါ၏။ အခင်းသည် ဝါးကပ်ကြမ်းဖြစ်သဖြင့် ပက်လက်အိပ်လျှင်လည်း ကျောနာ၍ တစောင်းအိပ်လျှင်လည်း နံစောင်းများနာကာ ပွန်းရှ၍ လာပါ၏။ ကျွန်တော်တို့သည် ဟော်နန်းတွင်ရှိစဉ်က နွေးထွေးသော အိပ်ခန်းကျယ်ကြီးတွင် မှန်စီရွှေချ ညောင်စောင်းထက် ပိုးဖဲကတ္တီပါ စသော နူးညံ့သည့် အိပ်ရာ၊ အိပ်ခင်းစောင်တို့ဖြင့် အိပ်စက်နေကျဖြစ်ရာ ယခုညတွင် ကြမ်းတမ်းသောအိပ်ရာပေါ်၌ ထရံကြားမှလေအေးများတိုးလျက်ရှိရာ အိပ်၍မရနိုင်ဘဲ ပင်ပန်းဆင်းရဲလွန်းလှပါသည်။

ထိုစဉ် မိုးသံလေသံများနှင့်ရောထွေး၍ ကျွန်တော်တို့နှင့်ကပ်လျက်ရှိ

ထွေး၍ ကျွန်တော်တို့နှင့်ကပ်လျက်ရှိ
သော တည်းခိုဆောင် တဲတန်းဆီမှ -

"ဒုတ်. . ."

"အင့်. . ."

"အား. . ."

"ဝုန်း. . . ဒိုင်း"

"ချွင်. . . ချွင်"

"အား. . . အား"

ဟူသော တိုက်ခိုက်သတ်ပုတ်သံများထွက်လာ၍ ကျွန်တော်တို့အားလုံး အချင်းချင်း လက်တို့လျက် ဆောင်ဓားများကို ကိုယ်စီထုတ်၍ထထိုင်လိုက်ကြကာ အိပ်ရာများကို လူတို့အိပ်နေသည့်သဏ္ဌာန် စောင်များဖြင့် ဟန်မပျက်ထားရှိလိုက်ကြပြီး ထရံတွင်ပြေးကပ်နေလိုက်ကြပါသည်။ ခဏကြာလျှင် ဝုန်းခနဲ တံခါးကို ကိုယ်စောင်းတိုက်၍ ရန်သူဓားပြများဝင်လာကြကာ အိပ်စင်များပေါ်သို့ခုန်တက်လိုက်ကြလျှင် ကျွန်တော်

ကာ သတ်သင်ပစ်လိုက်ကြ၏။

"ခွပ်. . ."

"အား. . ."

ရှုန်းရင်းဆန်ခတ်မဖြစ်ဘဲ တိတ်

ဆိတ်သွား၏။ နောက်တစ်ဖွဲ့ပြေးဝင်လာ၏။ အလွယ်တကူပင် သုတ်သင်ရှင်းလင်းနိုင်လိုက်ပြန်ပါသည်။ တတိယအဖွဲ့ ဝင်ရောက်လာပြန်၏။ ကျွန်တော်တို့ရဲမက်များ၏ လက်ချက်ဖြင့်ပင် အသက်ပျောက်ကြပြန်၏။ နောက်ထပ် မဝင်လာရဲကြတော့။

"ကျား. . . တိုက်ကွ ဘာတဲ့တုံးဟေ့"

ငြာသံပေး၍ ကျွန်တော်တို့၏ ရဲမက် (၃၀) ဦး အပြင်သို့ပြေးထွက်ကာ တိုက်ခိုက်ကြ၏။ကညင်မီးရောင်ထိန်ထိန်အောက်တွင် ဓားရောင်တို့ပြိုးပြိုးပြက်သွား၏။ ဓားပြများ အတုံးအရုံး ကျဆုံးကုန်ကြလျှင် ကျန်သောဓားပြများသည် ရင်ဆိုင်ခုခံမတိုက်ခိုက်ရဲတော့ဘဲ ထွက်ပြေးကုန်ကျပါတော့သည်။

"အလကား တောပုန်းဓားပြတွေ၊ ဓားရေးမကျွမ်းကျင်ပါဘူး။ သာမန်ခရီးသွားပြည်သူတွေကိုသာ အနိုင်ကျင့်ပြီး လုယက်သတ်ဖြတ်နေတာ သတ္တိလည်း မရှိကြဘူး"

"တော်ပါသေးရဲ့ သခင်ကြီးရယ်၊ ကြောက်လိုက်တာ"

"အစ်မတော်တို့ မကြောက်ကြနှင့်တော့နော်။ ရန်သူတွေမရှိတော့ပါဘူး"

ဟု ကျွန်တော်က နှစ်သိမ့်အားပေးရပါသည်။

ပေးရပါသည်။

"သန်းလွဲကျော်သွားပြီ ဆိုတော့ အိမ်တော်ထိန်းကြီးက ကြီးကြပ်ပြီး ရဲမက်တွေနဲ့ ရေနွေးအိုးတည်ပြီး ထမင်းဟင်းချက်ဖို့ပြင်ပါ။ စားသောက်ပြီးတာနဲ့ ခရီးဆက်ကြရအောင်"

"ဟုတ်ကဲ့ပါ သခင်ကြီး"

ထို့နောက် အလျှင်အမြန် ချက်ပြုတ်၍နေစဉ် ကျန်သောရဲမက်များက ပစ္စည်းများကို သိမ်းဆည်းနှင့်ကြပါသည်။

ကျွန်တော်တို့သည် ဟော်နန်းတွင် ဟင်းချက်ကျွမ်းကျင်လှသော စားတော်ကဲကြီးများ၏ အမျိုးအမည် စုံလင်လှသောဟင်းလျာများဖြင့် ပြင်ဆင်ခင်းကျင်းထားသည့် ပွဲတော်အုပ်များကိုသာ ပွဲတော်တည်ခဲ့ကြရသူများဖြစ်သော်လည်း ယခုမူ မချက်တတ်ချက်တတ်ဖြင့် ချက်ပြုတ်ထားသော ရဲမက်များ၏ ဟင်းလျာများကို စားသောက်ရသည်မှာ

ဖြည့်သွားပါ၏။ ထို့နောက် ကျွန်တော်တို့သည် ခရီးဆက်ထွက်ခဲ့ကြပါသည်။ တောတောင်ဇနပုဒ်မြို့ငယ်ကလေးတို့ကို ဖြတ်ကျော်ခဲ့ရာ (၂) ရက်ကြာလျှင် မြေ



www.burmeseclassic.com

www.burmeseclassic.com

ပြန့်လွင်ပြင်ဒေသသို့ ရောက်ရှိလာခဲ့ပါသည်။ ထပ်မံ၍ အန္တရာယ်တစ်စုံတစ်ရာကျရောက်ခဲ့ခြင်း မရှိတော့ပါ။

မြေပြန့်ဒေသသို့ရောက်သောအခါ သိသိသာသာ ပူအိုက်၍လာပါသည်။ မိုးလည်းမရွာတော့ဘဲ တောင်အရပ်မှ လေတို့သည် မြောက်အရပ်သို့ အဆက်မပြတ်ခပ်ပြင်းပြင်းတိုက်ခတ်နေပါသည်။

"မြေပြန့်ဒေသမှာတိုက်ခတ်နေတဲ့ ဒီလေတွေဟာ တောင်ပေါ်ဒေသတွေမှာ မိုးတွေချည်းဖြစ်ပြီးရွာချတယ်။ အဲဒါကြောင့် ဒီလိုဝါဆို၊ ဝါခေါင်လတွေဆိုရင် မြေပြန့်မှာ မိုးတွေခေါင်နေပေမယ့် မြစ်ရေတွေကြီးနေတာ"

ဟု ခမည်းတော်မှ ပြောကြားပါသည်။

ကျွန်တော်တို့သည် မြောက်အရပ်သို့ဦးတည်၍ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ မကြာမီ မန္တလေးသို့ ရောက်ရှိလာခဲ့ကြပါသည်။ မန္တလေးတောင်ခြေ၏ အရှေ့တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိပါသည်။ ထိုကျောင်းတွင် ခမည်းတော်၊ မယ်တော်တို့ လှူဒါန်းထားသောကျောင်းဆောင်တစ်ခုရှိသည်။ ကျွန်တော်တို့သည် ထိုကျောင်းသို့ သွားရောက်တည်းခိုကြခြင်း ဖြစ်ပါသည်။

ကျောင်းထိုင်ဆရာတော်ကြီးသည် သဘောကောင်း၍ ဖော်ရွေလှပါသည်။ ခမည်းတော်မှ အကြောင်းစုံလျှောက်ထားသောအခါ - ကရုဏာသက်တော်မူ၍ -

"ဒကာကြီး၊ လောကလူသားတွေအားလုံးဟာ အကောင်းနဲ့ အဆိုးဆိုတာ ဒွန်တွဲပြီး တွေ့ကြုံရတာပဲ။ ယသော အယသော၊ လာဘော အလာဘော ဆိုသလို ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ပေါ်များခြင်း၊ ရှားပါးခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းဆိုတဲ့ လောကဓံတွေနှင့် ရင်ဆိုင်ရပြီဆိုရင် ရတနာသုံးပါးကိုပဲ နှလုံးသွင်းကြည်ညိုပြီး မတုန်မလှုပ်နှင့် တည်ငြိမ်အောင် စိတ်ကိုကြိုးစားထိန်းချုပ်ကြရမယ်။ အဲဒီလိုနေနိုင်ရင် အပြီးတိုင်ဆုံးရှုံးရခြင်းဆိုတာ မဖြစ်တော့ဘူးပေါ့။ တကယ်တော့ အရာအားလုံးဟာ ပြောင်းလဲ ဖြစ်ပျက်လို့နေတဲ့ သင်္ခါရသဘောတရားတွေမို့ ဘာမှမဆန်းကြယ်ပါဘူးလို့ တွေးနိုင်မယ်ဆိုရင် တကယ်တမ်းကြုံတွေ့လာရတဲ့အခါ ခံနိုင်ရည်ရှိသွားတာပေါ့"

ဟု ဆရာတော်မှ တရားသဘောဖြင့် အားပေးနှစ်သိမ့်တော်မူပါသည်။

ဆရာတော်သည် ခေတ္တမျှ စကားစမြည်များပြောဆိုပြီး ကျွန်တော်တို့ကို ပင်ပန်းလာသည်ဖြစ်၍ နားနေစေပါသည်။

ကပ္ပိယကြီးနှင့် ကိုရင်ကျောင်းသားများအား နေရာထိုင်ခင်းများကို ကျွန်တော်တို့အတွက် စီစဉ်ဆောင်ရွက်စေပြီး လိုလေသေးမရှိရအောင် စားရေးသောက်ရေးမှအစ ဂရုတစိုက် ပြုလုပ်ပေးစေပါသည်။ လမ်းခရီးနှင့်စာလျှင် နေရေးထိုင်ရေး ကျယ်ဝန်းသန့်ရှင်း၍ သက်သောင့်သက်သာလည်းရှိပါသည်။ ကျွန်တော်သည် တစ်ယောက်တည်းရှိစဉ်အခါများတွင် စောရတနာနွယ်ကို သတိရတမ်းတမိလာပြန်ပါသည်။ ဇာတိမြေ တောင်ပိုင်းရှမ်းပြည်သို့ မည်သည့်အချိန်မှ ပြန်လည်ရောက်ရှိနိုင်တော့မည်မဟုတ်ဟု တွေးမိသဖြင့် ဝမ်းနည်းမိပါ၏။ ဤအဖြစ်အပျက်တို့သည် အိပ်မက်ဆန်လွန်း၍ အိပ်မက်သာဖြစ်လိုက်ပါတော့။ အိပ်မက်သာဖြစ်မည်ဆိုပါက ပြန်လည် နိုးထ၍ ယခင်ဘဝသို့ရောက်ရှိလိုက်ချင်သည်ဟု တောင့်တမိပါ၏။ စောရတနာနွယ်အတွက် လွမ်းမျက်ရည်လည်သောကျွန်တော့်ဘဝတွင် ဝမ်းနည်းမျက်ရည်လောမသိ မျက်ရည်များတလိမ့်လိမ့်ကျဆင်းလာမိပါသည်။ စောရတနာနွယ်၏ ပုံတူပန်းချီကားကြီးကိုလိပ်၍ယူလာရာမှ အလွမ်းပြေဖြေကြည့်မိ၏။ ကျွန်တော် စိတ်ကူးပေါက်၍ ဤပန်းချီကားချပ်ကြီးကိုဆွဲမိခဲ့၍သာ တော်ပါသေး၏။ ယနေ့အခြေအနေမျိုးဆိုလျှင် မည်သို့မျှ ပန်းချီရေးဆွဲနိုင်မည် မဟုတ်ပါ။ ဤပန်းချီကားကို ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ရေးသည်ပင် မရေရာတော့ပါ။

ဤသို့ဖြင့် ကျွန်တော်တို့သည် မန္တလေးမြို့သို့ ရောက်ရှိခဲ့သည်မှာ (၁၀) ရက်ခန့်ကြာညောင်းခဲ့ပြီဖြစ်ပြီး ပြဿနာတစ်စုံတစ်ရာမရှိဘဲ အေးချမ်းစွာရှိနေခဲ့ပါသည်။ ခမည်းတော်သည် မနက်ဖြန်ဝါဆိုလဆန်း ၁၄ ရက်နှင့် လပြည့်နေ့တို့တွင် ဘုန်းတော်ကြီးကျောင်း၌ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လိုသဖြင့် ရဲမက်သုံးယောက်ကို ဈေးသို့စေလွှတ်လိုက်ပါသည်။

"သခင်ကြီးဘုရား၊ သခင်ကြီးဘုရား၊ အခက်တော့ကြုံပါပြီ ဘုရား"

ဈေးဝယ်လွှတ်လိုက်သော ရဲမက်သုံးယောက် မည်သည့်ကုန်ပစ္စည်းမျှပါရှိမလာဘဲ ကျောင်းသို့ အပြေးတစ်ပိုင်းပြန်လည်ရောက်ရှိလာကြပြီး မျက်စိမျက်နှာပျက်လျက် သံတော်ဦးတင်လျှောက်ကြပါသည်။

"ဘာဖြစ်လာကြတာတုံး၊ သာသာယာယာ ဖြည်းဖြည်းသက်သာပြောစမ်းပါ။ ရင်ထိတ်လိုက်ပါဘိ"

"မှန်လှပါ၊ ဈေးထဲမှာ အမတ်ချုပ်ကြီးရဲ့ရဲမက်တွေကိုတွေ့ခဲ့ပါတယ်ဘုရား။ ကျွန်တော်တို့က သူတို့ကိုအရင်မြင်လိုက်လို့ တော်ပါသေးရဲ့။ အဲဒါကြောင့် သခင်ကြီးကိုလျှောက်တင်ရအောင် ပြေးလာကြတာပါဘုရား"

"အိမ်း. . . ဒါဆိုဒီနေရာကလည်း ငါတို့အတွက် မလုံခြုံသေးပြန်ဘူး။ ဒီအချိန်က ရေကြီးချိန်၊ တောင်လေတိုက်ချိန်ဆိုတော့ လှေနဲ့ရွက်လွှင့်ရင် ကုန်းကြောင်းခရီးထက် ခရီးတွင်ကျယ်ပေလိမ့်မယ်။ အိမ်တော်ထိန်းကြီး၊ ရွက်လှေတစ်စင်း အမြန်စီစဉ်စေဗျား"

မကြာမီ ဦးခန်းတွင် အမိုးပါသော ရေနံချေးများဝလျက် မည်းမှောင်လျက်ရှိသည့် မိုးလုံလေလုံရွက်လှေကြီးတစ်စင်းကို ရှာဖွေငှားရမ်း၍ရခဲ့၏။ ကျွန်တော်တို့သည် ဆရာတော်အား နှုတ်ဆက်ကန်တော့ကြသောအခါ -

"ဒကာကြီးတို့ ဘေးကင်းလုံခြုံရာတစ်နေရာကို ရှာဖွေတွေ့ရှိနိုင်ပါစေ။ အသက်ထက်ဆုံး သူတစ်ပါးရဲ့ လုပ်ကြံသတ်ဖြတ်မှုအန္တရာယ်မှကင်းဝေးပါစေလို့ ဘုန်းကြီးဆုတောင်းလိုက်ပါတယ်။ ရတနာသုံးပါးကို အမြဲဦးထိပ်ထားပါ။ အတိတ်က ကံကြွေးဝဋ်ကြွေးတွေပါရှိလာမယ်ဆိုရင်တော့ ဘုရား၊ရဟန္တာများသော်မှ လွန်ဆန်လို့မရနိုင်တော့လည်း ကံပြုသမျှကို ပေးဆပ်ကြရမှာမို့ တရားသဘောတွေကို လက်ကိုင်ထားပါ။ ကဲကဲ - နောက်ကျနေမယ်၊ သွားကြပေရော့"

ဆရာတော်သည် ကျွန်တော်တို့ထွက်ခွာသွားရသည်ကို စိတ်မချမ်းမြေ့၍ပေလော၊ ကျွန်တော်တို့၏ ရှေ့ဆက်လျှောက်လှမ်းရမည့် အန္တရာယ်ခရီးလမ်းအတွက် စိတ်မော၍ပေလော မသိပါ။ မျက်နှာမကောင်းပါ။ မျက်နှာလွှဲ၍နေပါ၏။ မယ်တော်သည် မျက်ရည်များကျလာသဖြင့် ကျွန်တော့်ရင်ထဲတွင် နာကျင်လှပါသည်။

ကျွန်တော်တို့ ဂေါဝိန်ဆိပ်ကမ်းမှ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ထွက်ခွာခဲ့သည်။ ခမည်းတော်သည် တကောင်းမင်းထံခိုလှုံရမည်လော၊ မိုးမိတ်စော်ဘွားထံခိုလှုံရမည်လော မဝေခွဲနိုင်သေးပါ။ သပိတ်ကျင်းရောက်မှ ဆုံးဖြတ်မည်ဟု သိရှိရပါသည်။ ဝါဆိုလဖြစ်၍ တောင်လေတို့သည် တဟူးဟူးတိုက်ခတ်လျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤနေ့တွင် လေမှာ ပို၍ပြင်းပါသေး၏။ ကျွန်တော်တို့သည် ဧရာဝတီမြစ်ကို ဆန်၍တက်ခြင်းဖြစ်သော်လည်း မြောက်အရပ်ကို ဦးတည်ထွက်ခွာရခြင်းဖြစ်၍ လေကြောင်းသင့်လျက်ရှိရာ ကြီးမားသော ရွက်ကြီးများတွင် လေတို့ဖောင်းကားလျက် တရိပ်ရိပ်ပြေးလျက်ရှိပါ၏။ ရေကြီးခါစဖြစ်သောကြောင့် အချို့နေရာများတွင် မြစ်ကြောင်းအတိုင်း ကွေ့ကောက်သွားစရာမလိုဘဲ ရေပြင်ကျယ်ကိုခိုးဖြတ်၍သွားနိုင်သဖြင့် ခရီးပို၍တွင်ကျယ်လှပါသည်။ကျွန်တော်တို့လှေပေါ်တွင် ကျွမ်းကျင်သောလှေသူကြီးနှင့် လှေထိုးသားငါးဦးလည်း ပါဝင်ပါသည်။

"ဆရာကြီး၊ ဟိုအနောက်ဘက်က တောင်တန်းတွေဟာ မင်းကွန်းတောင်ရိုးပေါ့။ ဟိုအရှေ့ဘက်က အုပ်အုပ်ဆိုင်းဆိုင်းကွမ်းသီးပင်တွေ၊ အုန်းပင်တွေပေါများလှတာကတော့ မတ္တရာမြို့ပါ။ ဟိုအရှေ့ဘက်မှာ လှမ်းမြင်နေရတဲ့ ဖွေးဖွေးပြာပြာတောင်ကြီးနှစ်လုံးကတော့ စကျင်ကျောက်တွေထွက်တဲ့စကျင်တောင်ပေါ့။ အဲဒီမြစ်ကမ်းနဖူးက စေတီဖွေးဖွေးလေးကတော့ မြွေအံတော်စေတီလို့ ခေါ်ပါတယ်။ သူ့ရဲ့ကျောက်စာအမှတ်အသားအရတော့ အသောကမင်းကြီးဟာ နတ်ရွာစံသွားတဲ့အခါမှာ စပါးကြီးမြွေကြီးဘဝကို ရောက်ရှိသွားခဲ့တယ်တဲ့။ သားတော် ရဟန္တာအရှင်မြတ်ကြီးက ကြွရောက်တော်မူလာပြီး သူများအသက်၊ သူများအသားကိုမစားဖို့ တရားဟောတဲ့အခါမှာ ဝမ်းထဲက သားစိမ်းငါးစိမ်းတွေကို ပြန်အန်ထုတ်ပြီး သေဆုံးသွားခဲ့တယ်။ အဲဒီမြွေကြီးရဲ့ အရိုးစုတွေကို အရင်ဘဝ သားတော်ရဟန္တာက စေတီတော်တည်ထားခဲ့တယ်။ အလောင်းစည်သူမင်းကြီးရဲ့ လက်ထက်မှာ တိုင်းခန်းလှည့်လည်လာရင်း ပြန်တည်ထားခဲ့တဲ့ စေတီပေါ့"

ဟု လမ်းတစ်လျှောက်လုံးတွင် လှေသူကြီးမှ ခမည်းတော်ကို ဦးတည်၍ ကမ်းနံဘေးဝဲယာကို လက်ညှိုးညွှန်ကာ ပြောပြ၍လာခဲ့ပါသည်။

မြစ်ရေကြီးချိန်ဖြစ်၍ ဧရာဝတီမြစ်ရေပြင်ကြီးမှာ ကျယ်ပြောလှပါ၏။ လမ်းနံဘေးတွင် စိုက်ခင်းများကိုသာ တွေ့မြင်ရ၍ အချို့နေရာများတွင် ထန်းပင်များကိုလည်း တွေ့မြင်ရပါသည်။

သို့ဖြင့် စဉ့်ကူး၊ ကျောက်မြောင်းအရပ်ကို ကျော်ဖြတ်ရပြန်ပါသည်။ မကြာမီ မြေပြန့်လွင်ပြင်တို့ကို မတွေ့ရှိရတော့ပါ။ တောင်ကုန်းများကို တွေ့ရှိရပြီး ဝါးတောသစ်တောများကို တွေ့မြင်ရပါ၏။

"ဟော့ - ရွက်ကြီးတွေချဟော့၊ ရွက်သေးတစ်ခုပဲချန်ထား။ လှေတက်တွေအသင့်ပြင်။ ဖယ်ဖယ်-ငါကိုယ်တိုင်ပဲ့ကိုင်မှဖြစ်မယ်။ ဒီနေရာက မြစ်ကျဉ်းဆိုတော့ ရေစီးကြမ်းတယ်။ အရှိန်များရင် လှေမှောက်သွားနိုင်တယ်။ ဟိုရှေ့မှာ ဝါးဖောင်ကြီးစုန်လာနေပြီ၊ မလွတ်လောက်ဘူး။ မြစ်ကျဉ်းထဲမှာ ထိပ်တိုက်တိုးနိုင်တယ်။ အရှိန်များရင် လှေခဏရပ်ထားရလိမ့်မယ်"

မှန်ပါသည်။ ဤနေရာတွင် မြစ်ကြောင်းသည် မာကျောသောကျောက်တောင်ကိုဖြတ်၍ စီးဆင်းရသည်ဖြစ်သောကြောင့် မြစ်ကြောင်းသည် ဘေးသို့ချဲ့၍ တိုက်စားနိုင်ခြင်းမရှိသော ကြောင့် အတော်ပင် ကျဉ်းမြောင်းလှပါသည်။ ဖောင်များကျော်ဖြတ်စုန်ဆင်းပြီးသောအခါမှ ကျွန်တော်တို့လှေ မြစ်ကြောင်းကို ကျော်ဖြတ်ပါသည်။

ထိုနေရာတွင် မြစ်ရေကဝါးလုံးထိုးစီးဆင်းလျက်ရှိကာ ရေစီးသန်လှပါ၏။ လှေသူကြီးနှင့် လှေထိုးသားတို့သည် ခက်ခက်ခဲခဲပင် မြစ်ကျဉ်းကို ကျော်ဖြတ်ရပါသည်။ ထိုနေရာကို ကျော်ဖြတ်ပြီးသောအခါမှ ရွက်များကို ပြန်လည်လွှင့်ထူပါသည်။ လှေကြီးသည် အရှိန်ပြင်းစွာဖြင့် တရိပ်ရိပ်ပြေးလွှားလျက်ရှိပါ၏။ တောတောင်များထူထပ်လာသောကြောင့် ဖြစ်ပေမည်။ မြစ်ကြောင်းသည် ပို၍အကွေ့အကောက်များပေါများလာပါသည်။

ကျွန်တော်တို့သည် လှေပေါ်မှာပင် ချက်ပြုတ်စားသောက်ခဲ့ကြပါသည်။ တဖြည်းဖြည်းနှင့် တစ်နေ့တာအချိန်တို့ ကုန်လွန်၍လာခဲ့ပါသည်။ တော်ပါသေးသည်၊ မိုးမရွာပါ။ မိုးအုံ့လိုက်၊ နေသာလိုက်သာရှိနေပါ၏။ နေလုံးကြီးသည် ပုစွန်ဆီရောင်သန်းလျက် အနောက်ဘက်တောင်တန်းများပေါ်တွင် မေးတင်လျက် ကျွန်တော်တို့လှေ၏ အမြန်နှုန်းအတိုင်း ကျွန်တော်တို့သွားရာသို့ လိုက်နေသကဲ့သို့ထင်ရပါ၏။ ဆည်းဆာကျနေရီသည် မြစ်ရေပြင်ပေါ်တွင် ရွှေရည်များသွန်းလောင်းချနေသကဲ့သို့ အရိပ်ထင်လျက် တဖျပ်ဖျပ်လှုပ်ရှားကာ လှပလွန်းလှပါသည်။ မြစ်ပြင်ကျယ်ကို ဖြတ်သန်းလျက် ပျံသန်းနေကြသောအိပ်တန်းပြန်ငှက်တို့ကို မြင်တွေ့ရသည်မှာ လွတ်လပ်၍ အေးချမ်းသော ၎င်းတို့ဘဝကို အားကျစိတ်များဖြစ်ပေါ်မိပါ၏။ ဗေဒါဒိုက်ကလေးများလည်း ရေပြင်တွင် မျောပါ၍နေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့မိသားစု၏ဘဝသည်လည်း ဤဗေဒါတို့ကဲ့သို့ပင် ဘယ်သောင်ဘယ်ကမ်းတွင် နားခိုခွင့်ရရှိမည်မသိ၊ အဆုံးမရှိသောမြစ်ရေပြင်တွင် မရေမရာလွင့်ပါမျော၍နေကြရပါသည်။ သို့သော် ဗေဒါတို့သည် လောကဓံကိုမမှု အန်တုလျက် အောင်ပန်းများတဝေဝေဖြင့်ရှိကြသည်ဖြစ်ရာ အတုယူဖွယ်ကောင်းလှပါသည်။

"ဟိုအနောက်ဘက်မြစ်ကမ်းစပ်ရေပြင်ထက်က ကုန်းမို့မို့ကလေးပေါ်မှာ မြင်ရတာတော့ အညာသီဟတောဘုရားလို့ခေါ်တယ်။ ရှေးတုန်းက ဘုရားအလောင်း ခြင်္သေ့မင်း နေထိုင်ခဲ့တယ်။ အလောင်းစည်သူမင်းက သိကြားမင်းဆက်သတဲ့ သရက္ခန်ဆင်းတုတော်ကို ပူဇော်ထားရှိတယ်လို့ဆိုပါတယ်"

လှေသူကြီးမှ ညွှန်ပြပြန်၏။

မှောင်ရီပျိုးနေပြီဖြစ်သော်လည်း လမင်းကြီးထွက်ပေါ်နေပြီဖြစ်၍ စေတီဖွေးဖွေးကလေးကို အဝေးမှလှမ်း၍ မြင်နိုင်ပါသည်။ ကျွန်တော်တို့မိသားစုအားလုံး လှေပေါ်မှပင် အညာသီဟတောရုပ်ပွားတော်မြတ်အား မှန်းဆ ကြည်ညိုကန်တော့၍ ဘေးရန်အန္တရာယ်ကင်းရှင်းစေကြောင်း ဆုမွန်ကောင်းများတောင်းခဲ့မိကြပါသည်။

မကြာမီ မြစ်ကွေ့တစ်ခုကိုကျော်ဖြတ်ပြီးသောအခါ သပိတ်ကျင်းဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပါတော့သည်။ ထိုအချိန်တွင် ညဉ့်ဦးယံလွန်မြောက်ခဲ့ပြီ ဖြစ်ပါ၏။ ဤနေရာတွင် ညအိပ်ရပ်နားမည်ဖြစ်ကာ မည့်သည့်အရပ်သို့သွားရမည်ကို ခမည်းတော်မှ ဝေခွဲဆုံးဖြတ်မည်ဖြစ်ပါသည်။ ကျွန်တော်တို့ ရေမိုးချိုးကြသည်။ ထို့နောက် ညစာစားကြသည်။

"သားတော်၊ ခမည်းတော် ဒီလိုစဉ်းစားမိတယ်။ တကောင်းကိုသွားရောက်ခိုလှုံရင် တကောင်းမင်းက ကိုယ့်လူမျိုးမဟုတ်တော့ ကူညီရိုင်းပင်းချင်မှရိုင်းပင်းမှာ။ တော်ကြာ ဖမ်းဆီးချုပ်နှောင်ထားရင် အခက်ပဲ။ မိုးမိတ်စော်ဘွားကတော့ လက်ဆောင်လည်းပို့ဖူးထားတဲ့အပြင် ရှမ်းအမျိုးချင်းဆိုတော့ ပိုပြီးအားကိုးနိုင်လိမ့်မယ်ထင်တယ်။ အဲဒီတော့ ခမည်းတော်အနေနှင့် မိုးမိတ်ကိုသွားသင့်တယ်လို့ထင်တယ်။သားတော်ရဲ့ဆန္ဒကကော"

ဟု မေးမြန်းပါသည်။

ကျွန်တော်လည်း ခမည်းတော်၏ ဆန္ဒတော်နှင့်ကိုက်ညီလျက်ရှိ၍-



www.burmeseclassic.com

www.burmeseclassic.com

"သင့်မြတ်မှန်ကန်တော်မူကြောင်းပါ ခမည်းတော်"

ဟု လျှောက်ထားလိုက်ပါသည်။

ထိုနေ့ညတွင်လည်း ကောင်းမွန်စွာ အိပ်စက်ကြရပါသည်။ မန္တလေးကဲ့သို့ ပူအိုက်ခြင်းမရှိပါ။ လေပြင်းများတိုက်ခတ်နေ၍ လှိုင်းများလှုပ်ခတ်လျက်ရှိရာ လှေကြီးမှာ ပုခက်လွှဲသကဲ့သို့ဖြစ်နေ၍ အိပ်ကောင်းလှပါသည်။ နံနက်လင်းသောအခါ အိမ်တော်ထိန်းကြီးနှင့် ရဲမက်အချို့ မြင်း သို့မဟုတ် လားများရှာဖွေရာ လား (၅) ကောင် ဝယ်ယူရရှိခဲ့ပါသည်။ ဤအချိန်မှစတင်၍ ကျွန်တော်တို့သည် ထူထပ်မတ်စောက်လှသော တောင်တန်းတောင်စဉ်တောင်ကြောတို့ကိုကျော်ဖြတ်ရပေဦးမည်။ တောင်ပိုင်းရှမ်းပြည်ထက် မြောက်ပိုင်းရှမ်းပြည်မှတောင်များသည် မြေလျှော့မှုနည်းပါးသည်ဟု သိရှိရပါသည်။ ခရီးမှာလည်း ဝေးကွာလှသေးသဖြင့် လမ်းတွင် (၃)ညအိပ်မျှ ကြာမြင့်မည်ဖြစ်ပြီး လမ်းခရီးတွင် လူ၏အသက်အန္တရာယ်ကိုရန်ပြုနိုင်သောတောကောင်ကြီးများလည်း ပေါများတတ်၍ ဒူးလေးများကိုလည်း ဝယ်ယူစေသည်။ လမ်းခရီးအတွက် လိုအပ်သော ရိက္ခာဆေးဝါးများကို ဖြည့်တင်းစေသည်။ စခန်းချနားနေရာတွင် အသုံးပြုရန် လိုအပ်မည့် ကြိုးခွေမှအစ ပစ္စည်းပစ္စယများကို ဝယ်ယူစေပါသည်။

ငလှေပေါ်မှာပင် နံနက်စာစားလိုက်ကြပါသည်။ လှေသူကြီးနှင့် လှေထိုးသားများပါ ကျွန်တော်တို့ကိုကူညီ၍ လားများပေါ်သို့ ပစ္စည်းများတင်ဆောင်ကာ ကြိုးများဖြင့် တုပ်နှောင်ပေးကြပါသည်။ လှေသူကြီးသည် တစ်ခဏအတွင်းမှာပင် ကျွန်တော်တို့မိသားစုအား သံယောဇဉ်ဖြစ်သွား၍ ခမည်းတော်မှ လှေငှားခပေးချေသောအခါ ငင်းပြောကြားထားသည့်နှုန်းကိုပင် မယူပါရစေနှင့်ဟုငြင်းဆန်နေသဖြင့် လှေထိုးသမားများ၏နေ့တွက်များကို ပေးချေနိုင်ရန်ဟု ဆိုကာ တစ်ဝက်မျှကိုတော့ဖြင့် လက်ခံပေးပါရန် ကျွန်တော်မှ ဖွတ်အတင်း ပေးရပါ၏။

ကျွန်တော်တို့ စတင်ထွက်ခွာသောအခါ လှေသူကြီးသည် မျက်ရည်ဝဲလျက် ကျန်ရစ်ပါ၏။ သပိတ်ကျင်းမြို့သည်ပင် မြေပြန့်မဟုတ်။ တောင်ကုန်းငယ်များပေါ်တွင် တည်ထားခြင်းဖြစ်ပါသည်။ ထိုမှ အရှေ့စူးစူးသို့ ထွက်ခွာခဲ့ကြပါ၏။ အတန်ငယ်သွားမိသောအခါ မြင့်မားမတ်စောက်သော တောင်ကမ်းပါးယံကြီးများကို ကွေ့ပိုက်၍တက်ကြရပါသည်။ ပင်ပန်းဆင်းရဲလွန်းလှပါ၏။ အတန်ကြာအောင် တက်မိပြီးမှ တောင်ထိပ်လွင်ပြင် တစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှသည့် အင်တိုင်းတောများ၊ တောင်ယာပဟောင်း ဖုန်းဆိုးတောများကို တွေ့ရပါသည်။ ဤလမ်းများတွင် နွားလှည်း၊ မြင်းလှည်းများ မောင်းနှင်၍ မရနိုင်ပါ။ ကျဉ်းမြောင်း၍ အကွေ့အကောက် အတက်အဆင်းတို့ ပေါများလှပြီး အချို့သောနေရာများတွင် ရွှံ့ညွန်များထူထပ်လှ၍ လားများ၏ ပေါင်လယ်ခန့်အထိပင်မြုပ်ပါသေး၏။ မတ်စောက်သော တောင်ကမ်းပါးအမြင့်ကြီးများနှင့်နှိုင်းစာ၍သာ ဤနေရာကို ပြန့်ပြူးသည်ဟု ဆိုရသော်လည်း တောင်ကုန်းငယ် လှိုမြောင်ငယ်များသာ ဖြစ်ပါ၏။ ဤသို့ဖြင့် နေမွန်းတိမ်းကျော်သောအချိန်တွင် မန်ကျည်းပင်ကြီးများ ပေါများ၍ အရိပ်အာဝါသကောင်းမွန်လှသည့် ရွာထိပ်ဇရပ်ကြီးတစ်ဆောင်သို့ ရောက်ရှိ၍ ခေတ္တရပ်နားကြကာ ထမင်းဟင်းများ ချက်ပြုတ်ကြပါသည်။ ရွာ၏အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် စေတီငယ်တစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။ ရွာကလေး၏အမည်မှာ အုန်းတကူးဟု သိရပြီး ပုဂံခေတ် ပျူစောထီးသည် ပုဂံဒေသတွင် သောင်းကြမ်းလျက်ရှိသော ငှက်ကြီး၊ ဝက်ကြီး၊ ရှူးပျံကြီး၊ ဗူးပင်များကို သွားရောက်မနှိမ်နင်းမီ ဤဒေသတွင် ကြီးမားစွာပေါက်ရောက်လျက်ရှိသည့် အုန်းပင်ကြီးကို ခုတ်လှဲခဲ့သည်ဟု ရွာသားများမှ ပြောပြကြပါသည်။ အုန်းပင်ကြီးကို ပိုင်နိုင်စွာခုတ်လှဲခဲ့သည့် အုန်းပင်ခြေနေရာကို အုန်းပိုင်း(ယခု-အုန်းပိုင်ရွာ)၊ အုန်းပင်ကြီးကိုခုတ်လှဲလိုက်သဖြင့် မြေပြင်ပေါ်သို့ လဲကျသွားသော နေရာတစ်လျှောက်တွင် အုန်းဖူးအုန်းခိုင်ရောက်ရှိရာနေရာတွင် လူများက အုန်းသီးများကိုလာရောက်ခူးဆွတ်ယူငင်ကြ၍ အုန်းတံခူး (ယခု-အုန်းတကူးရွာ)၊ အုန်းလက်အဖျားဆုံးသွား သာနေရာကို အုန်းဆုံး (ယခု-အုန်းဇုန်းရွာ) ဟူ၍ ရွာများ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုသိရပြီး အုန်းပိုင်နှင့် အုန်းဇုန်းဆိုလျှင် (၁၀) တိုင်၊ မိုင် (၃၀) မျှပင် ကွာဝေးသည်ဟု သိရှိရသောကြောင့် အံ့ဩရပါသည်။

နားနေစားသောက်ပြီးသောအခါ ကျွန်တော်တို့သည် ဤနေရာမှဆက်လက်ထွက်ခွာရန်ဖြစ်သော်လည်း ဖခင်ကြီးက ခေတ္တစဉ်းစားခန်းဝင်နေပြီး ကျွန်တော့်ကို ဤသို့ တိုင်ပင်ဆွေးနွေးပြန်ပါသည်။ မန္တလေးအထိပင် စေလွှတ်ခဲ့သော ဦးရိုးတော်၏ရဲမက်များသည် နောက်မှတောက်လျှောက်လိုက်လာကြမည်မလွဲ။ ဦးရိုးတော်သည် ကျွန်တော်တို့မိသားစုအား လုပ်ကြံသတ်ဖြတ်ခြင်းကိစ္စမအောင်မြင်ဘဲ ရဲမက်များကို ပြန်လာခွင့်ပြုမည် မဟုတ်။ ထို့ကြောင့် ဦးရိုးတော်၏ ရဲမက်များသည် ကျွန်တော်တို့အား ရေကုန်ရေခန်း ကမ္ဘာကုန်ကျယ်သရွေ့ မတွေ့တွေ့အောင် လိုက်လံရှာဖွေပြီး သုတ်သင်ကြပေလိမ့်မည်။ မိုးမိတ်စော်ဘွားမှ လက်ခံထားရှိသည်ဆိုပါစို့။ မကြာမီ ကျွန်တော်တို့အား နောက်ယောင်ခံ၍ ရှာဖွေတွေ့ရှိသွားကြမည်သာဖြစ်၏။ ထိုအခါ လက်ရှိနှင့် လက်မဲ့၊ အာဏာရှိနှင့် အာဏာမဲ့ မည်သူ့ဘက်သို့လိုက်ပါမည်နည်း။ ခမည်းတော်တို့မှ ရွှေတစ်ပိဿာလက်ဆောင်ဆက်သနိုင်လျှင် ဦးရိုးတော်သည် ရွှေအချိန်ပိဿာတစ်ရာဆက်သပေလိမ့်မည်။ ခမည်းတော်တို့ဘက်မှ မြင်းကောင်းတစ်ကောင်ဆက်သနိုင်လျှင် ဦးရိုးတော်တို့ဘက်မှ မြင်းကောင်းအကောင်တစ်ရာဆက်သနိုင်ပေလိမ့်မည်။ နောက်ဆုံး မိုးမိတ်စော်ဘွားကြီးမှ မေတ္တာ၊ ကရုဏာထားရှိပြီး ထိန်းသိမ်းထားရှိပေးမည်ဆိုဦး။ စစ်ပြုမည်ဆိုလျှင်တော့ နောက်ဆုံးတွင် လက်လျှော့ကာ ခမည်းတော်တို့မိသားစုအား ဦးရိုးတော်၏ရဲမက်များထံ အပ်နှံတော့မည်သာ ဖြစ်သည်။ အရှည်ကို မျှော်တွေးလျှင် မိုးမိတ်စော်ဘွားထံ ခိုလှုံခြင်းသည်လည်း လုံခြုံမှုမရှိကြောင်း တွေ့ရှိလာရသည်။ ထို့ကြောင့် ကိုယ့်အကြောင်းနှင့်ကိုယ်သာရှိပါစေတော့။ ဤအနီးပတ်ဝန်းကျင်တစ်နေရာမှာပင် ပုန်းအောင်းနေထိုင်ကြလျှင် ပိုသင့်တော်မည်ဟုယူဆကြောင်း မိန့်ကြားပါသည်။

ထို့ကြောင့် ခမည်းတော်၊ အိမ်တော်ထိန်း၊ စစ်သူကြီးနှင့် ကျွန်တော်၊ ရဲမက်ငါးဦးတို့ ဤအနီးဝန်းကျင်တွင် လှည့်လည်လေ့လာကြည့်ရှုရာ အုန်းတကူးရွာနှင့်မနီးမဝေး တောင်ကြောလေးမှာ လုံခြုံရေးအရသော်လည်းကောင်း နေရာထိုင်ခင်းနှင့် သောက်သုံးရေရရှိရေးပါ အဆင်ပြေသဖြင့် ဤနေရာကလေးကို အားလုံးမှလည်း သဘောကျနှစ်သက်သဖြင့် နေထိုင်ရန် ရွေးချယ်လိုက်ကြပါသည်။

ကျွန်တော်တို့သည် အုန်းတကူးတောင်ကြောကလေးပေါ်တွင် တဲများထိုး၍ စခန်းချကာ နေထိုင်ခဲ့ကြပါသည်။ ရွာသူရွာသားများကလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ရှိသေလေးစားကြပါသည်။ ဟင်းသီးဟင်းရွက်များနှင့် အမဲဟင်းလျာများ မောင်တော်၊ နှမတော်ချောင်းအတွင်းမှ ဖမ်းယူရရှိသော ငါးနှင့်ပုစွန်ဆိတ်များကို လာရောက် ပေးပို့ကြပါသည်။

ထို့အပြင် ကျွန်တော်တို့နေထိုင်သော တောင်ပေါ်တွင် အင်ပင်နှင့် အင်ကြင်းပင်ကြီးများ ပေါများသဖြင့် အင်ဥနှင့်မှိုများလည်းပေါများပြီး တောင်ကြားလျှိုများ၊ လျှိုစောင်းများတွင် ဝါးရုံများ ပေါများသည်ဖြစ်ရာ မျှစ်လည်းပေါမည်ဖြစ်သည်။ ထို့အပြင် တောင်ဆီးဖြူပင်များ၊ တောဝွေးပင်များလည်းရှိသေးပြန်ပြီး တောဆူးပုပ်၊ ကင်ပလင်း၊ ကင်းပုံ၊ နွားလျှာကြီး၊ ငုံပင်များလည်းရှိရာ ဟင်းချက်စရာများပေါလှပါ၏။ ထို့ကြောင့် ခမည်းတော်သည် ဤနေရာကိုရွေးချယ်ခဲ့ဟန်တူပါသည်။ ခမည်းတော်က သားငှက်တိရစ္ဆာန်များကိုမပစ်ခတ်ရမထောင်ရဟု အမိန့်ထုတ်ထားပါသည်။

"သားတော်၊ ခမည်းတော်တို့ဟာ ရန်သူ့လက်ကနေ ထွက်ပြေးနေရတာ။ ဒါဟာ အတိတ်ဘဝက တောလိုက်မုဆိုးလုပ်ခဲ့လို့ပဲကွယ့်။ ဒါကြောင့် သားကောင်တွေလိုပဲ ခမည်းတော်တို့ဟာ အသက်အန္တရာယ်လည်း လုံခြုံမှုမရှိသလို ဘယ်သူကမှလည်း ကာကွယ်စောင့်ရှောက်ပေးခြင်းမရှိဘဲ သားကောင်တွေလို ပြေးလွှားပုန်းအောင်းနေကြရတာပေါ့။ ဒါကြောင့် သားကောင်တွေရဲ့ဘဝကို ကရုဏာသက်တော်မူလှတယ်"

ဟူ၍ မိန့်တော်မူပါသည်။

ထိုအခါ မယ်တော်ကလည်း -

"ဟုတ်တယ် သားတော်၊ ဒီဘဝမှာလည်း မယ်တော်တို့ဟာ သတ္တဝါတွေကို ထပ်ပြီးသတ်ဖြတ်နေဦးမယ်ဆိုရင် နောင်ဘဝတွေမှာလည်း မယ်တော်တို့ဟာ အခုလို သားကောင်တွေလိုပဲ ပြေးလွှားပုန်းအောင်းနေကြရဦးမှာပေါ့"

ဟု ဝင်ရောက် မိန့်ကြားပါသည်။

ကျွန်တော်သည်လည်း ထို့အတူပင်ဖြစ်ပါ၏။ သတ္တဝါများကို ကြင်နာသနားပြီး ချစ်တတ်သူဖြစ်ပါသည်။ ကျွန်တော်တို့နှင့် မဝေးလှသောလျှိုအတွင်းမှ ဝါးရုံများပေါ်တွင် မကြာခဏ ဒေါင်းများရောက်လာလေ့ရှိပြီး တောကြက်များလည်း ပေါများသည်။ ချေဟောက်သံတို့ကတော့ တောင်ကြားတွင် အမြဲကြားနေရပါ၏။ ကျွန်တော်တို့နေထိုင်သောတောင်နှင့်ဝက်ကာတောင်၊အင်ပြန်တောင်တို့အကြားတွင် ကျယ်ပြန့်သော လွင်ပြင်ကြီးရှိ၍ ရွာသူရွာသားတို့ လယ်စိုက်ကြသည်။ ထိုလွင်ပြင်တွင် ရွှေသမင်တို့ပေါလှ၏။ ထို့ပြင် ကျွန်တော်တို့တောင်၏ အရှေ့ဘက်တောင်စောင်းတွင် ဘန့်ဘွေးပင်များ၊ မက်လင်ပင်များလည်းရှိရာ ထိုအပင်မှ သီးမှည့်များကို လာရောက် စားသောက်ကြသော မျောက်အုပ်တို့၏ အော်မြည်သံတို့မှာလည်း တစ်ခါတစ်ရံ ပွဲတင်ထပ်မျှ ဆူညလျက်ရှိပါသည်။

ဤနေရာတွင် တောဆင်ရိုင်းတို့လည်း ပေါများသည်။ (၂၀၁၆ ခုနှစ်တိုင် အုန်းတကူးတွင် တောဆင်ရိုင်းတို့ရှိနေကြသေးသည်။) တောကြောင်၊ ကျား၊ ကျားသစ်နှင့် ဝက်ဝံ စသော လူကို အန္တရာယ်ပြုနိုင်သည့် တောကောင်ကြီးများလည်း ပေါများပါသည်။ စပါးကြီးမြွေကြီးများ၊ တောကြီးမြွေဟောက်ကြီးများ၊ ငန်းစောင်းကြီးများလည်း ပေါသည်။ သို့သော် ၎င်းတို့သည် ကျွန်တော်တို့ကို အန္တရာယ်မပြုပါ။ ကျွန်တော်တို့သည် တောစောင့်နတ်၊ တောင်စောင့်နတ်များကိုလည်း အမြဲမပြတ် မေတ္တာပို့အမျှတန်းပေးဝေလျက် ဗလိနတ်စာများလည်း မကြာမကြာကျွေးမွေးလျက်ရှိသည့်အပြင် တောကောင်များနှင့် တောတွင်းတိရစ္ဆာန်များအားလုံး၊ သတ္တဝါဝေနေယျအားလုံးကိုလည်း မေတ္တာပို့သလျက်ရှိသည်ဖြစ်၍ မည်သည့်သတ္တဝါကမျှ အန္တရာယ်မပြုကြပါ။

ထို့ကြောင့် ညချမ်းအခါ လသာရက်များဆိုလျှင် ယုန်ကလေးများသည် ကျွန်တော်တို့တဲရှေ့ မြေကွက်လပ်သို့ပင် ရောက်ရှိသွားလာလေ့ရှိပါသည်။ ကျွန်တော်တို့တဲအနီး ဝါးရုံမှာပင် စာဘူးတောင်းအသိုက်တို့ များစွာရှိသကဲ့သို့ ကျွန်တော်တို့တဲအနီးရှိ အင်ကြင်းပင်ကြီးပေါ်ရှိ သစ်ခေါင်းထဲတွင်လည်း ကြက်တူရွေးတို့ နေထိုင်လျက်ရှိကြပါသည်။ ဥပုသ်နေ့တိုင်း ကျွန်တော်တို့တစ်မိသားစုလုံးနှင့် အိမ်တော်ထိန်း၊ အကြီးတော်ချုပ်၊ စစ်သူကြီးတို့ အုန်းတကူး ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ဥပုသ်သီလဆောက်တည်ကြပါသည်။

အုန်းတကူးဘုန်းတော်ကြီးသည် သက်တော် (၇၀) နီးပါးရှိနေပြီဖြစ်၍ တရားမွေ့၍ ပျော်မွေ့ကျင့်ကြံအားထုတ်နေသောပုဂ္ဂိုလ်ဖြစ်မှန်း သိသာပါသည်။ မျက်နှာနှင့် လည်ပင်း၊ လက်တို့တွင် မှဲ့နီမှဲ့ခြောက်တို့ များစွာထွက်ပေါ်လျက်ရှိသော်လည်း အသားအရေမှာ ကြည်လင်နုနယ်ကာဖွေး၍နေပါ၏။ ပုပုညှက်ညှက် သေးသေးလေးဖြစ်ပါသည်။ ဘုန်းတော်ကြီးသည် ကျွန်တော်တို့မိသားစု စတင်သွားရောက် ဖူးမြော်စဉ်မှာပင် နှစ်ပေါင်းများစွာကွဲကွာနေသော မိတ်ဟောင်းဆွေဟောင်းဒါယကာများကိုပြန်လည်ဆုံတွေ့ရသကဲ့သို့ ကြည်ဖြူလိုလား နှစ်သက်စွာပင် တရင်းတနှီးဆက်ဆံ၏။တစ်ခေါက်မှ နှစ်ခေါက်၊ နှစ်ခေါက်မှ သုံးခေါက်ရှိသောအခါတွင်တော့ ဘုန်းတော်ကြီးက ခမည်းတော်ကို ဤသို့မိန့်ကြားတော်မူပါသည်။

"ဒကာကြီးတို့ကို ဘုန်းကြီးမစပ်စုပါဘူး။ ဒါပေမယ့် ဒကာကြီးတို့ရဲ့ ဥပဓိ၊ ဒကာကြီးတို့ရဲ့ကွန်မြူး၊ ဒကာကြီးတို့ရဲ့ အနေအထားနှင့် ဘုန်းကြီးတို့ရွာလေးကို ရောက်လာတယ်ဆိုတော့ အမြဲနေဖို့တော့ဟုတ်မယ်မထင်ဘူး။ အကြောင်းတစ်ခုခုနဲ့ ခဏလာနေတဲ့သဘောထင်တယ်"

"မှန်ပါဘုရား၊ အကြောင်းတစ်ခုနဲ့ ရောက်လာတာတော့ မှန်ပါတယ်။ ဒါပေမယ့် အကြောင်းသင့်ရင်တော့ အမြဲနေဖို့ဖြစ်သွားမှာပါ ဘုရား"

"ဘုန်းကြီးတို့ရွာကို လာနေတာဆိုတော့ ဘုန်းကြီးတို့က အိမ်ရှင်၊ ဒကာကြီးတို့က ဧည့်သည်မို့လား။ ဒီတော့ ဧည့်သည်ကို အိမ်ရှင်က စောင့်ရှောက်ရမယ်မို့လား။ ဘုန်းကြီးတို့မှာ တာဝန်ရှိတယ်။ ဒကာကြီးတို့ ဘုန်းကြီးတို့ရွာမှာ ရေစိမ်းတစ်ပေါက်မစင်ရအောင် စောင့်ရှောက်ပေးဖို့ ရွာသားတွေကို ပြောထားတယ်"

ဟု မိန့်တော်မူ၏။

ထိုအခါ ခမည်းတော်က -

"အရှင်ဘုရားကို အမှန်အတိုင်း လျှောက်ထားပါ့မယ်ဘုရား"

ဟု ဆိုပြီး ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်လျှင် ဘုန်းတော်ကြီးသည် အကင်းပါးလှသည်ဖြစ်ရာ -

"ကပ္ပိယကြီး မောင်ဆောင်နဲ့ကိုရင် ကျောင်းသားတွေအကုန်လုံး စိုက်ခင်းထဲ သွားပြီး ပေါင်းသင်၊ မြေဆွချေကြ။ တုံးခေါက်မှ ပြန်လာခဲ့ကြ"

ဟု မိန့်တော်မူလိုက်ရာ ကျောင်းနှင့်အတန်ငယ်ဝေးသော ကျောင်းဝင်း စည်းရိုးနံဘေးရှိ စိုက်ခင်းဆီသို့ ထွက်ခွာသွားကြသည်။

ထိုအခါမှ ခမည်းတော်သည် ဆရာတော်ဘုရားအနီးသို့ တိုးကပ်လာပြီး ဆရာတော်ဘုရားကြားသာရုံလေသံမျှနှင့် ကျွန်တော်တို့၏ဘဝအကြောင်းကို ကို လျှောက်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် မျက်နှာမသာမယာဖြင့် ခေါင်းတညိတ်ညိတ်နှင့်ထောင်လျက်ရှိပါသည်။

ထို့နောက် -

"အရှင်ဘုရားကို မခွင်းမချန် အကုန်လုံး လျှောက်တင်တာပါ ဘုရား။ အရှင်ဘုရားကိုတော့အသိပေးသင့်တယ်ထင်လို့ပါ။ ရွာသူရွာသားတွေကလည်း တပည့်တော်တို့ကို အမျိုးမျိုးထင်ကြေးတွေပေးပြီး ဝေဖန်နေကြမယ်ဆိုတာကိုလည်းသိပါတယ်။ တပည့်တော်တို့ရဲ့ဘဝမှန်ကိုသိချင်နေကြမယ်ဆိုတာလည်းသိပါတယ်။ ဒါပေမယ့် အခြေအနေကဘာမှန်းမသိခင် ရွာသားတွေကို တပည့်တော်တို့ရဲ့ဘဝမှန်ကိုပြောပြလိုက်ရင် ရန်သူတွေနောက်ယောင်ခံလို့လွယ်သွားမှာစိုးလို့ပါဘုရား"

ဟု ဆက်လက် လျှောက်ထားတော်မူသည်။

"ဒကာကြီး၊ ဘုန်းကြီးနားလည်ပါတယ်။ ဒီကိစ္စကို ဘုန်းကြီးဝမ်းထဲမှာပဲထားပါ့မယ်။ ဒီလိုအကြောင်းစုံသိထားရတော့ ဘုန်းကြီးအနေနှင့် ကာကွယ်လို့ရတာပေါ့။ ဘုန်းကြီးတို့ရွာထဲမှာ တောပစ်မုဆိုးတွေရှိတယ်။ လိုအပ်ရင် ဘုန်းကြီးလွှတ်ပေးမယ်။ သူကြီးကိုလည်းမှာထားပါ့မယ်။ ရွာကိုဧည့်စိမ်းလာရင် ဘုန်းကြီးကိုလာလျှောက်ဖို့ရော။ တကယ်လို့ လူစိမ်းတွေ ရွာကိုရောက်လာရင် အချိန်အခါမဟုတ် တုံးမောင်းခေါက်လိုက်မယ်"

ဟု မိန့်ကြားတော်မူပါသည်။

ထို့နောက်ပိုင်းတွင်တော့ ခမည်းတော်သည် ဥပုသ်စောင့်သွားရင်းနှင့် ရွာသူကြီးနှင့်တကွ ရွာမှလူများနှင့်ပါ ခင်မင်ရင်းနှီး၍လာသကဲ့သို့ ကျွန်တော်သည်လည်း ရွာထဲမှကာလသားများနှင့် ခင်မင်ရင်းနှီးလာပါသည်။ ရွာသူရွာသားတို့သည် ခမည်းတော်အား သခင်ကြီးဟုလည်းကောင်း၊ ကျွန်တော့်ကို သခင်လေးဟု လည်းကောင်း၊ မယ်တော့်ကို သခင်မကြီးဟု လည်းကောင်း၊ အစ်မတော်တို့ကို သခင်မလေးများ ဟူ၍ ခေါ်ဆိုကြပြီး ၎င်းတို့သည် ကျွန်တော်တို့က ဖွင့်မပြောသော်လည်း ကျွန်တော်တို့ကို စော်ဘွားများဟု သိရှိနေကြဟန်တူပါသည်။ ကျွန်တော်တို့မိသားစုကို အလွန်ပင် ရိုသေလေးစားစွာ ဆက်ဆံကြပြီး ချစ်ကြပါ၏။

သူကြီးက အင်းဝနေပြည်တော်တွင် တိုင်းရေးပြည်ရေးအခြေအနေမကောင်းကြောင်း၊ အင်းဝသည် ပဲခူးဟံသာဝတီလက်သို့ကျရောက်နိုင်ကြောင်း၊ နေပြည်တော်ပျက်သုဉ်းလျှင် မိမိတို့ကဲ့သို့ ကျေးရွာဇနပုဒ်များအကာအကွယ်မဲ့ပြီး ခိုးသားဓားပြတို့ သောင်းကျန်းကြလျက် ထိတ်လန့်ချောက်ချားကြမည်။ အသက်အိုးအိမ်စည်းစိမ်တို့ ပျက်စီးကြရမည်ဖြစ်ကြောင်း၊ ထိုအခါ မိမိတို့ရွာကို မိမိတို့ဘာသာပင် စောင့်ရှောက်ကြရမည်။ ထို့ကြောင့် ယခု သစ်ဝါးနှင့် ကြိမ်များ၊ ဓား၊ လှံ၊ လေး၊ မြားတို့ကို လည်းကောင်း၊ ရိက္ခာတို့ကိုလည်းကောင်း စုဆောင်းကြရမည်။ ရွာကိုသစ်တပ်စည်းရိုးအခိုင်အခံ့ကာရံကြရန်နှင့် ခိုင်ခံ့သောရွာတံခါးများ တည်ဆောက်ကြရန်၊ အကယ်၍ တိုင်းပြည်ပျက်ပြီး ရန်သူများရောက်ရှိလာပါက ရိက္ခာများဖွက်ရန်၊ ကလေးများနှင့်အမျိုးသမီးများ ပုန်းအောင်းရန် လျှို့ဝှက်မြေကျင်းများတူးထားကြရန်တို့ကို တိုင်ပင်ကြပါသည်။

ကျွန်တော်နှင့် ကျွန်တော်တို့၏ ရဲမက်များက ရွာသားများကို သိုင်းပညာများသင်ကြားပေးရမည်၊ သေနင်္ဂဗျူဟာစစ်ပညာတို့ သင်ကြားပေးကြရမည် ဖြစ်သည်။ ဤစီမံကိန်းသာအောင်မြင်ပါက ဤရွာကိုအမာခံဖွဲ့စည်းပြီး ကျွန်တော်၏ သစ္စာခံယူစေမည်။ အင်းဝပျက်ခဲ့လျှင် ဤအနီးအပါးမှရွာများကို စည်းရုံးမည်။ စည်းရုံးပြီးသောရွာများကိုလည်း ဓားရေး၊ လှံရေး၊ ဒူးလေးအတတ်၊ လေးမြားအတတ်နှင့် စစ်ပညာများ သင်ကြားပေးမည်။ အင်အားတောင့်တင်းလာလျှင် နယ်ပယ်ချဲ့ထွင်သိမ်းသွင်းပြီး ပြည်ထောင်တစ်ခုထူထောင်မည်။အင်အားကြီးသော စော်ဘွားများကို မဟာမိတ်ပြုမည်။ ထို့နောက် စစ်ကူတောင်းပြီး ဦးရီးတော်ကိုသွားတိုက်မည်။ စစ်နိုင်က ကျွန်တော်တို့တိုင်းပြည်ကိုပြန်ရ၍ မင်းလုပ်မည်။ အုန်းတကူးရွာကို အခြေပြု၍ သိမ်းသွင်းထားသောနယ်မြေတို့ကို ကျွန်တော်တို့အား စစ်ကူသည့်စော်ဘွားကို ပေးအပ်မည်ဟုဆိုလျှင် ကျွန်တော်တို့ စစ်ကူရရှိမည်မှာလည်း သေချာပါ၏။

ထိုသို့တွေးမိသောအခါ ကျွန်တော်သည် စောရတနာနွယ်ကိုလည်း ပြန်လည်ပိုင်ဆိုင်ခွင့်ရမည်။ မိမိတိုင်းပြည်၊ မိမိအိုးအိမ်၊ စည်းစိမ်တို့ကိုလည်း ပြန်လည်ပိုင်ဆိုင်မည်။ မိမိဘဝနှင့် မိမိဂုဏ်ရှိန်ရာထူးစည်းစိမ်တို့ကိုလည်း ရရှိမည်ဖြစ်သည့်အပြင် စက်ဆုပ်ရွံရှာမုန်းတီးနာကြည်းလှသော စစ်ဝဏ္ဏတို့သားအဖအား ပြန်လည် လက်စားချေခွင့်ရမည်ဖြစ်၍ ဝမ်းသာမိသည်။ အားတက်မိသည်။ ထို့ကြောင့် နေ့ကောင်းရက်သာရွေးပြီးလျှင် ရွာသားများကို ရိုးရာရှမ်းသိုင်းမှအခြေခံ၍ ကိုယ်ခံသိုင်းပညာများ သင်ကြားပေးတော့မည် ဖြစ်ပါသည်။

ထိုညက ကျွန်တော်သည် တော်တော်နှင့်အိပ်မပျော်ပါ။ လမင်းကြီးကလည်း ထိန်ထိန်သာလျက်ရှိ၏။ မကြာမီ သီတင်းကျွတ်လပြည့်နေ့သို့ ရောက်ရှိတော့မည်။ သီတင်းကျွတ်လပြည့်ညဆိုလျှင်တော့ ဟော်နန်းတွင်းရှိ နန်းဦးစေတီတွင် ဆီမီးတစ်ထောင် ပန်းတစ်ထောင်ပူဇော်ခြင်း၊ မီးပုံးမီးအိမ်များထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ခြင်း၊ တာဝတိံသာနတ်ပြည်မှ မယ်တော်နတ်သားအား မိဘကျေးဇူးဆပ်သည့်အနေဖြင့် အဘိဓမ္မာတရားတော်များကို ဝါတွင်း (၃)လတိုင် ဟောကြားတော်မူခဲ့ပြီး သင်္ကဿနဂိုရ်ပြည်သို့ နတ်တို့နှင့် သိကြားမင်းဖန်ဆင်းသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် ကြွချီတော်မူလာဟန်ပုံစံပြုပုံဖော်ပူဇော်၍ ကျွန်တော်တို့မိသားစုက မြတ်စွာဘုရားရှင်လက်ထက်တော်တွင် သာကီဝင်မင်းများက ဘုရားရှင်အား ကြိုဆိုဖူးမြော်ခဲ့သည့်အတိုင်း ကျွန်တော်တို့မိသားစုသည် မင်းခမ်းမင်းနားဖြင့် မှူးကြီးမတ်ရာ၊ သေနာပတိ၊ စစ်သည်ရဲမက်၊ ပုရောဟိတ်များ၊ ပြည်သူများဖြင့် ကြိုဆိုသည့်အခမ်းအနားကို နှစ်စဉ်ကျင်းပမြဲ ဖြစ်ပါသည်။

အချိန်ကျရောက်လာသောအခါ ပုရောဟိတ်ပါမောက္ခကြီးက -

"တာဝတိံသာနတ်ပြည်မှ နတ်ဗြဟ္မာအပေါင်းခြံရံဖူးမြော်လိုက်ပါလျက် ထီးဖြူတော်၊ ရွှေထီးတော်၊ ငွေထီးတော်၊ ပတ္တမြားထီးတော်တို့အုပ်မိုးပူဇော်လျက်၊ စာမရီသားမြီးယပ်တို့ကို ပူဇော်လျက်၊ ရွှေယပ်၊ ငွေယပ်၊ ပတ္တမြားယပ်တို့ဖြင့် ပူဇော်လျက်၊ ရွှေဖလား၊ ငွေဖလား၊ ပတ္တမြားဖလားများတွင် နံ့သာဖြူ၊ ကရမက်၊ နံ့သာနီ၊ စန္ဒကူး၊ သရက္ခန် အစရှိသော အထူးထူးအပြားပြားသော နံ့သာပျောင်းတို့အား ရွှေသပြေခက်၊ ငွေသပြေခက်တို့ဖြင့် ဆွတ်ဖျန်းပူဇော်လျက် မကြုံစဖူး ထူးကဲလှပ၍၊ မကြုံစဖူး ထူးကဲမွှေးမြလှသောနတ်ပန်းတို့ကိုကြဲချလျက် နတ်ဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါတို့ကလည်း ထိန်ညီးတောက်ပလျက် အသိန်းအသန်းကုဋေမကသော နတ်ဗြဟ္မာတို့ပေါင်းစုလိုက်သောအခါ ၎င်းတို့တစ်ပါးစီတစ်ပါးစီ၏ ကိုယ်ရောင်ကိုယ်ဝါတို့ပေါင်းစုလိုက်သောအခါ ဗြဟ္မာနတ်အရောင်တို့သည် စကြဝဠာတိုက်



www.burmeseclassic.com

www.burmeseclassic.com

တစ်သောင်းတိုင် ထွန်းလင်းတောက်ပလျက်ရှိ၏။ သို့သော် ထိုမျှထိန်ညီးလျက်ရှိသော ပြဟ္မာနတ်အရောင်တို့အား မြတ်စွာဘုရားရှင်တစ်ပါးတည်းမှ ထွက်ပေါ်တော်မူလာသော ရောင်ခြည်တော် (၆) သွယ်က ထိပ်ခေါင်ကဲမိုး ထွန်းလင်းတော်မူလျက် နတ်ပြည်မှ ဆင်းသက်တော်မူလာသည်ကို အာရုံပြု ဖူးမြော်ကြ၍ ဆီမီးများ ထွန်းညှိပူဇော်ကြပါကုန်လော့”

ဟု ကြေညာလိုက်သည်နှင့် ကျွန်တော်တို့လက်ထဲတွင် ကိုင်ဆောင်ထားသော ရွှေဆီမီးခွက်များကို ရုံရွှေတော်များက မီးညှိပေးကြ၏။

ကျွန်တော်တို့သည် မီးထွန်းညှိထားသော ရွှေဆီမီးခွက်တို့ကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်လျက် ဘုရားရှင်အား ပူဇော်ကန်တော့ကြသည်။ အတန်ကြာ ဝတ်ပြုပူဇော်ပြီးသောအခါတွင်တော့ -

“မြတ်စွာဘုရားရှင် မြေပြင်သို့ နီးကပ်လာပါပြီ”

ဟု ကြေညာပြန်၏။

ထို့နောက် -

“မြတ်စွာဘုရားရှင် မြေပြင်သို့ ခြေဖဝါးတော်ချပါပြီ၊ ခြေတော်ရာချပါပြီ”

ဟု ကြေညာပြန်၏။

ထိုအခါ ကျွန်တော်တို့သည် ရုံရွှေတော်များ စီစဉ်ဆက်သသော ပန်းများကို ကြဲချပူဇော်သည်။ ကြာပန်းများကို လက်တွင် ကိုင်မြှောက်ပူဇော်သည်။ ထို့နောက် ဘုရားဆောင်ရှေ့ရှိ ရွှေပန်းအိုးကြီးများအတွင်းသို့ ထိုးစိုက်ပူဇော်ပြီး ဆိုင်ရာနေရာအသီးသီးတွင်ထိုင်လိုက်ကြပြီး ကျွန်တော်တို့သည် ရွှေကျင်ခတ်ပဝါတို့ကို ပခုံးတွင်တင်လျက် ဩကာသကန်တော့ချိုးဖြင့် ဘုရားကန်တော့ကြသည်။ ထို့နောက် ဝတ်အသင်းများက ဓမ္မစကြာ၊ ပဋ္ဌာန်းတရာတော်တို့ဖြင့် ညီညာဖြိုဖြို ရွတ်ဖတ်ပူဇော်ကြပါသည်။ ထို့နောက် မေတ္တာပို့၊ အမျှအတန်းပေးဝေ၍ မြတ်စွာဘုရားရှင်အား ကြိုဆိုပူဇော်ကန်တော့သော အခမ်းအနားအစီအစဉ်ပြီးဆုံးခြင်းသို့ ရောက်ရှိပါသည်။

ထို့အတူ တန်ဆောင်မုန်းလ တန်ဆောင်တိုင်ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည်။ နန်းရင်ပြင်ကွက်လပ်တွင် မီးပုံးပျံပွဲကျင်းပ၍ ကျွန်တော်တို့က ပိုလ်ရှုခံစင်မြင့်ထက်မှ ကြည့်ရှုအားပေးပြီး မဲဇလီဖူးသုပ်၊ မုန့်လုံးရေပေါ်တို့ကိုလည်း ပရိသတ်များကို ကျွေးမွေးပါသည်။ ရာသီဥတုမှာခိုက်ခိုက်တုန်အောင်ချမ်းနေပြီဖြစ်၍ တလင်းအလယ်ကောင်တွင် မီးပုံကြီးထားရှိပြီး နန်းတွင်းသဘင်သည် လှပျိုဖြူလေးများက ကိန္နရီ ကိန္နရာရှမ်းရိုးရာအကတို့ဖြင့် ဖျော်ဖြေကြ၏။ ရှမ်းလုလင်တို့က ရှမ်းရိုးရာဓားသိုင်းအကတို့ဖြင့် ဖျော်ဖြေကြ၏။ ပျော်မွေ့ဖွယ်ကောင်းလှပါ၏။

ကျွန်တော်သည် ဟော်နန်းတွင် နေထိုင်ခဲ့စဉ်က ပျော်မွေ့ဖွယ်ကောင်းလှသောညတို့ကို အမှတ်ရခြင်းနှင့်အတူ စောရတနာနွယ်ကိုလည်း ပြန်လည်လွမ်းဆွတ်သတိရတမ်းတနေမိပါတော့သည်။ အရေးတော်ပုံအောင်ပါစေဟုဆုတောင်းသည်။ အရေးတော်ပုံအောင်လျှင် သူမကို ပြန်လည်ရရှိမည် ဖြစ်ပါ၏။ ကျွန်တော် စောင့်မျှော်နေသော ရွှေပြည်တော်သည် ကား မဝေးတော့ပြီဟု ခံစားမိပါသည်။

ဤသို့ဖြင့် အင်းဝနေပြည်တော်၏ အခြေအနေကိုစောင့်ဆိုင်းရင်းဖြင့် ရှေ့လုပ်ငန်းစဉ်များကို လစ်ဟာကွက်မရှိအောင် ခမည်းတော်၊ အိမ်တော်ထိန်း၊ အကြီးတော်ချုပ်၊စစ်သူကြီးနှင့်ကျွန်တော်တို့ အပြန်ပြန်အလှန်လှန် ဆွေးနွေးတိုင်ပင် ဝေဖန်သုံးသပ်ကြပြီး စီမံကိန်းများရေးဆွဲလျက်ရှိသည်မှာ သုံးလခန့်ကြာမြင့်၍လာခဲ့ရာ ကျွန်တော်တို့နောက်သို့လိုက်လာသော ဦးရီးတော်၏ရဲမက်များ လက်လျှော့၍ ပြန်သွားကြလောက်ပြီဟုယူဆနိုင်၍ အနည်းငယ်စိတ်အေးရပါသည်။ အခြေအနေအေးချမ်း၍သွားလျှင် ကျွန်တော်သည် အနီးအပါးမှလူများကိုခေါ်ယူ၍ ဓားရေး၊ လှံရေးများ သင်ကြားပေးမည်။ အင်းဝအခြေအနေ ယိုင်နဲ့သွားလျှင် တဖြည်းဖြည်း နယ်ပယ်ချဲ့ထွင်ကာ အင်အားကြီးထွားလာပါက နယ်မြေများသိမ်းသွင်းကာ ပဒေသရာဇ်နိုင်ငံတစ်ခု ထူထောင်မည်။ အင်အားကြီးထွားလာလျှင် ဦးရီးတော်ကိုပြန်လည် လက်စားချေကာတော်လှန်တိုက်ခိုက်မည် ဟု ကြံရွယ်ထားပါသည်။

ထိုသို့ပြုလုပ်နိုင်ရန်မှာ နှစ်နှင့်ချီ၍ ကြာမြင့်နိုင်သဖြင့် စဝ်ဝဏ္ဏသည် စောရတနာနွယ်နှင့် လက်ဆက်ထိမ်းမြားပြီးလောက်ပေပြီ။ သို့သော် နှစ်များကြာညောင်းခဲ့ရ၍ စောရတနာနွယ်တွင် သားတော်၊ သမီးတော်များသာမက မြေးတော်များပင် ရရှိနေသည်ဖြစ်စေ ပြန်လည် သိမ်းပိုက်ကာ မိဖုရားတင်မြှောက်မည်ဟု သန္နိဋ္ဌာန်ချထားလိုက်ပါသည်။

ဤနေရာဤဒေသတွင် ကျွန်တော်တို့၏ အမာခံ မြေထူထောင်သောအခါ စစ်ရေးသိမ်းသွင်းစည်းရုံးခြင်းသာမက၊ နိုင်ငံရေးစည်းရုံးသိမ်းသွင်းခြင်းသာမက ရှမ်းရိုးရာယဉ်ကျေးမှုဓလေ့တို့နှင့်ပါသိမ်းသွင်းမှုဖြစ်စေရန် ယခုနှစ်မှစ၍ သီတင်းကျွတ် မီးထွန်းပွဲတော်ကို ကျွန်တော်တို့ ရှမ်းရိုးရာပူဇော်ပွဲပုံစံနှင့် ကျင်းပပေးခဲ့ရာ အုန်းတကူးရွာသူရွာသားတို့ နှစ်သက်သဘောကျလျက်ရှိကြ၏။ ရှမ်းအိုးစည်သံကိုလည်း သဘောကျနှစ်ခြိုက်ကြ၏။ ယဉ်ကျေးမှုကို သိမ်းသွင်းနိုင်လျှင် လူတို့ကိုသိမ်းသွင်းရန်မှာလည်း လွယ်ကူမည်ဖြစ်၍ ယဉ်ကျေးမှုသည်လည်း အထိရောက်ဆုံးလက်နက်တစ်ခုပင် ဖြစ်ပါ၏။

ကျွန်တော်သည် လသာသောညတိုင်း ရဲမက်များနှင့်အတူ ဓားရေး၊ လှံရေးတို့ကို လေ့ကျင့်ကြပါ၏။ (၂)နာရီကျော်မျှ လေ့ကျင့်ပြီးလျှင် ရပ်နားလိုက်ကြပါသည်။ တောင်ပေါ်မှ လှမ်းကြည့်လျှင် လရောင်အောက်၌ ဘုန်းတော်ကြီးကျောင်းနှင့်စေတီတော်ကိုလည်းကောင်း၊ ရွာထဲမှအိမ်များကို လည်းကောင်း၊ အရှေ့၊ မြောက်၊ တောင်အရပ်တို့တွင် တောင်စဉ်တောင်တန်းအထပ်ထပ်တို့ကို လရောင်အောက်တွင် မှိုင်းမှိုင်းပျပျ မြင်တွေ့ရသည်မှာ ပန်းချီကားတစ်ချပ်အသွင် လွမ်းမောဖွယ်တွေ့မြင်ရပါ၏။ တောင်ပေါ်လေအေးတို့သည် ဆီးနှင်းများကို သယ်ဆောင်ကြဖြန့်လျက်ရှိ၍ အနီးအနားသစ်ပင်များရှိသစ်ရွက်တို့မှာ နှင်းရည်တို့ဖြင့် အရောင်များလက်လျက်ရှိပါသည်။ ကျွန်တော်သည် ညစဉ် အုန်းတကူးရွာအဝင် လှည်းလမ်းကို အပေါ်စီးမှ မြင်တွေ့ရသော စေတီတည်ရန်လျာထားထားရှိသောနေရာရှိ ကျောက်တုံးကြီးအထက်တွင် ထိုင်၍ငေးမျှော်နေမြဲဖြစ်ပါ၏။

ဤနေရာမှကြည့်လျှင် ရောဝတီမြစ်မှာ (၁၀)မိုင်မျှသာကွာဝေးသည်ဖြစ်၍ လှမ်း၍မြင်နိုင်သော်လည်း တောင်ကြားဒေသဖြစ်ခြင်းကြောင့် မမြင်ရပါ။ မြစ်၏အနောက်ဘက် ခင်ဦး၊ ကန့်ဘလူနယ်တွင် ပါဝင်သော တောင်တန်းများကိုတော့ လှမ်း၍မြင်တွေ့နေရပါ၏။ စောရတနာနွယ်သည် ကျွန်တော် ဤနေရာတွင်ရှိသည်ဟုလည်း သိမည်မဟုတ်။ သိသော်လည်း ကျွန်တော့်နောက်သို့ လိုက်လာမည်မဟုတ်ပါ။ သို့သော် အုန်းတကူးရွာအဝင်လမ်းအတိုင်း မြင်း(၄)ကောင်က,သော မင်းစီး



www.burmeseclassic.com

www.burmeseclassic.com

ရထားဖြင့် စောရတနာနွယ်ရောက်ရှိလာမည်လားဟု ညစဉ် မျှော်ငေးနေမိတတ်ပါသည်။ ထို့နောက် ကျွန်တော့်ရင်ဖုံး အင်္ကျီအကြားတွင်လိပ်၍ထည့်ထားသော ပန်းချီကားချပ်ကြီးကို ဖြေချ၍ကြည့်မိသည်။ လရောင်အောက်တွင် ပန်းချီကားချပ်ထဲမှ စောရတနာနွယ်သည် လွမ်းဌွေ့ဝေသောမျက်ဝန်းတို့ဖြင့် ကျွန်တော့်ကို ကြည့်နေသည်မှာ အသက်ဝင်လွန်းလှ၍ စောရတနာနွယ် တကယ်ရောက်ရှိလာလေသလားဟုပင် ထင်မိပါသည်။ သို့သော် ကျွန်တော်သည် စောရတနာနွယ်၏ ပန်းချီကားကို အဆုံးမသတ်ရသေးပါ။ ဘယ်နေ့ဘယ်အချိန်မှ အဆုံးသတ်နိုင်ပါမည်နည်း။ ဤဘဝတွင် စောရတနာနွယ်၏ ပန်းချီကားကို ပြီးစီးအောင်ထပ်မံရေးဆွဲနိုင်ရန် အေးချမ်းသောအခြေအနေသို့ ပြန်လည်ရရှိနိုင်ပါဦးမည်လား။ စောရတနာနွယ်၏ ပန်းချီကားကို အပြီးသတ်မည်ဆိုပါက ဤပန်းချီကားကို စတင်ရေးဆွဲခဲ့သော ကျွန်တော်တို့ တိုင်းပြည်ပန်းဥယျာဉ်အတွင်း၌သာ ပြန်လည် ရေးဆွဲလိုသော ဆန္ဒထားရှိပါသည်။

ကျွန်တော် ညစဉ် စောရတနာနွယ်၏ ပန်းချီကားချပ်ကိုကြည့်၍ လွမ်းမိုးမြိုင်မြိုင်ရှာသွန်း၍နေသည်ကိုလည်း စောရတနာနွယ် သိရှိနိုင်ပါမည်လား။ ဤကဲ့သို့ ချမ်းအေးသောညများတွင် စောရတနာနွယ်သည် စဝ်ဝဏ္ဏ၏ရင်ခွင်၌ နွေးထွေးစွာခိုဝင်မှေးစက်၍နေလေပြီလား။ သို့သော် မေတ္တာတရားသည် အလျားအနံမရှိသော်လည်း အသွားအပြန်ရှိသည်ဟု ယုံကြည်ပါ၏။ ထို့ကြောင့် ကျွန်တော်က စောရတနာနွယ်အား သတိရတမ်းတနေသေးသရွေ့ စောရတနာနွယ်ကလည်း ကျွန်တော့်ကို သတိရနေမည်ဟု ယုံကြည်မိပါ၏။

ထိုစဉ်မှာပင် ခမည်းတော်၏ တဲဆီမှ ချောင်းဟန့်သံကြားရပါသည်။ ခမည်းတော်သည် ကျွန်တော်၏ ခံစားချက်ကိုသိရှိလျက် ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်နေပါ၏။ ခမည်းတော်သာမက မယ်တော်နှင့် အစ်မတော်များ၊ အိမ်တော်ထိန်းကြီးနှင့် စစ်ကဲကြီး၊ ရဲမက်များအားလုံးတို့သည် စောရတနာနွယ်နှင့်ပတ်သက်၍ ကျွန်တော့်အား သနားနေကြပါ၏။ ယခုလည်း နှင်းတောထဲ၌ ထိုင်နေသော ကျွန်တော့်ကို နားလည်စာနာစွာဖြင့် သားတော်စက်တော်ခေါ်ချေတော့ဟု ခမည်းတော် မမြွက်ကြားပါ။ သို့သော် စက်တော်ခေါ်စေလိုသည်ကို သိရှိစေရန် ချောင်းသံပေးခြင်း ဖြစ်ပါသည်။ ကျွန်တော့်အိပ်ဆောင်ထဲသို့ မဝင်ရောက်မချင်း ခမည်းတော်၏ ချောင်းသံသည် မှန်မှန်သာပေါ်ထွက်လာနေမည်ဖြစ်ပြီး ကျွန်တော် အိပ်ဆောင်အတွင်းသို့ ဝင်ရောက်သွားလျှင်တော့ ခမည်းတော်၏ ချောင်းသံ ထပ်မံထွက်ပေါ်လာမည် မဟုတ်တော့ပါ။ ထို့ကြောင့် ခမည်းတော်၏ချောင်းသံကြားလျှင် ခမည်းတော်သည် ကျွန်တော့်ကို အိပ်စေလိုပြီဟု သိရှိကာ ကျွန်တော် အိပ်ဆောင်သို့ဝင်ရခြင်း ဖြစ်ပါ၏။

ကျွန်တော် အိပ်ဆောင်ဝင်သောအခါမှသာ ကျွန်တော်၏ကိုယ်ရံတော် အိုက်စံနှင့် အိုက်ပန်တို့လည်း အိပ်ရာဝင်ကြရခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် ခမည်းတော်က -

"သားတော်၊ အရေးအကြောင်းဆိုလျှင် မြင်းရှိမှအဆင်ပြေမယ်။ မြင်းတွေ စုဆောင်းပါ"

ဟု မိန့်ပါသည်။

ထို့ကြောင့် ကျွန်တော်နှင့်ရဲမက် (၅) ဦးတို့ မြင်းကုန်သည်အသွင်ဝတ်ဆင်ကြပြီး တွင်းငယ်၊ မလယ်၊ တောင်လယ်၊ ကြာညှပ်၊ တကောင်းဒေသတို့ဘက်သို့ မြင်းဝယ်ထွက်ခဲ့ကြ၏။ ခမည်းတော်သည် ကျွန်တော့်ကို မလိုက်စေလိုပါ။ သို့သော် ကျွန်တော်သည် တောင်ပေါ်တွင် ဘယ်မှမသွားရမလာရဘဲနေရသည်မှာ ငြီးငွေ့လှပြီဖြစ်၍ စိတ်ပြေလက်ပျောက်လည်းဖြစ်စေ၊ နယ်မြေအနေအထား ၊ လမ်းပန်းအနေအထား၊ မြေပထဝီချောင်းမြောင်းတို့၏ အနေအထားတို့ကိုသိရှိထားရန် လိုအပ်သောကြောင့် ကျွန်တော့်ကို ထည့်လိုက်ခြင်း ဖြစ်ပါသည်။

အုန်းတကူး၏မြောက်ဘက် မဝေးလှသောနေရာတွင် အုန်းမိုင် ဆိုသော ရွာလေးရှိ၏။ မူလအမည်မှာ အုန်းပိုင်းဟုသိရသည်။ ပုဂံခေတ်က ပျူစောထီးမင်းလောင်းလျာ ပျူလူစွမ်းကောင်းလူငယ်က ဧရာမအုန်းပင်ကြီးကိုခုတ်ပိုင်းခဲ့သောနေရာဟု သိရ၏။ ကျွန်တော်သည် ပျူစောထီးကို အားကျမိ၏။ ငါသည် ပျူစောထီးကဲ့သို့ ဘုန်းလက်ရုံးရှိမှုကောင်းလေစွ။ ထိုသို့ဆိုလျှင်ဖြင့် ငါ၏တိုင်းပြည်ကို ရန်သူလက်မှ ကယ်တင်နိုင်ပြီး မြန်မာတစ်နိုင်ငံလုံးကိုပင် လက်နက်အာဏာထူထောင်နိုင်မည် ဖြစ်ပေ၏။ အုန်းမိုင်ရွာကလေးသည် ထူးခြားလှသည်။ ရွာ၏ပတ်လည်တွင် ကျောက်တုံးကျောက်တောင်များ ဝိုင်းရံလျက်ရှိသော်လည်း ရွာ၏မြောက်ဘက်တွင် တစ်မှော်တစ်ခေါ် ကျယ်ပြန့်သောမြေနုလွင်ပြင်ကြီးရှိပြီး လယ်များစိုက်ပျိုးထား၏။

"သခင်လေး၊ ဒီလယ်တွေက နွေရာသီမှာလည်း စပါးစိုက်လို့ရတယ်၊ ချောင်းကိုဆည်ခံပြီး ရေမြောင်းတွေ သွယ်ထားတယ်"

ဟု ရွာသားတစ်ဦးမှ ပြောပြပါသည်။

ထို့အတူ အုန်းတကူးရွာ၏တောင်ဘက် ကြာအင်း ဆိုသော နေရာတွင်လည်း သဘာဝရေထွက်ရှိပြီး ထိုနေရာတွင်လည်း ရေထွက်မှ ရေများနှင့်ပင် နှစ်ပတ်လည်စပါးစိုက်ကြောင်းသိရသည်။ ထို့အပြင် မြစ်ဘေးတစ်လျှောက်သည်လည်း မြေနုကျွန်းများဖြစ်၍ ပဲ၊ ပြောင်း၊ နှမ်းတို့ စိုက်ပျိုးဖြစ်ထွန်းကြောင်း သိရပြန်ရာ ဤဒေသသည် စားရေရိက္ခာပေါများလှသည်ဖြစ်၍ ကျွန်တော်တို့ ဤနယ်မြေကို အခြေပြု၍ တိုင်းနိုင်ငံထူထောင်မည်ဆိုပါက တောင့်တင်းသော ပြည်ထောင်တစ်ခုဖြစ်လာမည်မှာ သေချာပါ၏။

ဤဒေသတွင် ပုဂ္ဂလိကပိုင်ဆင်များပေါများပြီး တောဆင်ရိုင်းများလည်း ပေါများရာ ဆင် (၃) ကောင်ခန့်ဝယ်ယူပြီး တောဆင်ရိုင်းများကို ဖမ်းဆီးနိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ဆင်တပ်ထူထောင်ရန်လည်း အလားအလာကောင်းမွန်နိုင်ပေ၏။ မြင်းကောင်းများလည်းရှိပြီး မြင်းလည်းပေါများ၏၊ ကျွန်တော်တို့သည် (၃) ရက်မျှနှင့်ပင် စိတ်ကြိုက်မြင်း (၅) ကောင် ဝယ်ယူရရှိလိုက်ပါသည်။ ဤသို့ဆိုလျှင် ကျွန်တော်တို့ မြင်းတပ်ဖွဲ့စည်းရန်အတွက်လည်း အဆင်ပြေမည် ဖြစ်ပါသည်။ ထို့အပြင် ဤဒေသသည် ရာသီဥတုဆိုးရွားကြမ်းတမ်းလှသည်ဖြစ်၍ အနာအဖျားထူပြော၏။ သို့သော် ဤဒေသရှိလူတို့သည် ဘာမှမဖြစ် ကျန်းမာကြံ့ခိုင်ကြ၏။ ၎င်းတို့ကိုသာ ရဲမက်များအဖြစ် အမှုထမ်းစေလျှင် ၎င်းတို့အား မည်သည့်ဒေသသို့ စေလွှတ်သည်ဖြစ်စေ ထုသားပေသားရနေပြီဖြစ်၍ ၎င်းတို့အတွက် ကျန်းမာရေးကိစ္စပူစရာမရှိပေ။ ထို့ပြင် အင်အားကြီးမားလှသော ပျူစောထီးနှင့် ပန်းပဲမောင်တင့်တယ်တို့မှာလည်း တကောင်းဇာတိသားများဖြစ်ကြရာ ယခု လူတို့သည် ရှေးခေတ်လူစွမ်းကောင်းကြီးများကိုမမီသည့်တိုင် သန်စွမ်းကြသည်သာဖြစ်ရာ ဤနယ်မြေခံလူတို့ကို အမာခံနန်းတွင်းကိုယ်ရံတော်တပ်အဖြစ် ဖွဲ့စည်းထား



www.burmeseclassic.com

www.burmeseclassic.com

လိုက်လျှင် လုံခြုံရေးအတွက် စိတ်ချရမည်ဖြစ်ပါ၏။

ထိုအကြောင်းအရာတို့ကို ခမည်းတော်အား ပြန်လည် လျှောက်ထားအစီအရင်ခံရာ ခမည်းတော်သည်လည်း အားရတော်မူလျက် -

"ခမည်းတော်တို့ ဒီတောင်ပေါ်မှာပဲ . ပော်နန်းကြီးဆောက်မယ်။ အုန်းတကူးပြည်ကြီးထူထောင်ကြမယ်။ ရန်ကြွေးသွေးကြွေးတို့ကို ဒီဘဝမှာပဲပြန်ဆပ်ကြတာပေါ့ သားတော်"

ဟု မိန့်ကြားတော်မူပါသည်။

ဤသို့ဖြင့် (၃) လခန့် ကြာမြင့်လာခဲ့ပြန်ရာ ကျွန်တော်တို့ ရှမ်းပြည်မှ ထွက်ပြေးလာခဲ့ကြသည်မှာ (၆) လထိတိုင်ခဲ့ပြီဖြစ်၍ နှစ်ဝက်ကာလသို့ပင် ကြာမြင့်ခဲ့ပေပြီ။ သို့သော် ယခုထက်တိုင် ကျွန်တော်တို့တွင် မည်သည့်အန္တရာယ်မျှ မပေါ်ပေါက်ဘဲရှိရာ စိတ်ချရလောက်ပြီထင်မိပါ၏။

ထိုစဉ်က ဦးရီးတော်၏ရဲမက်များကို မန္တလေးမြို့ဈေးထဲတွင် ကျွန်တော်တို့လူများက တွေ့ရှိလိုက်ခြင်းမှာ အမှန်ဖြစ်ပါသည်။ ကျွန်တော်တို့ထွက်ခွာသွားပြီး နောက်တစ်နေ့တွင် ကျွန်တော်တို့တည်းခိုခဲ့ကြရာ မန္တလေးတောင်ခြေဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာကြပါသည်။ ထိုကျောင်းတွင် မတွေ့ကြရသောအခါ နေရာအနှံ့တွင် ဆက်လက်စုံစမ်းကြပြန်သည်။ နောက်ဆုံးတွင် ဂေါဝိန်လှေဆိပ်မှ ဥပမိရုပ်ကောင်းမွန်သော မိသားစု (၅) ဦးနှင့် လူကြီးလူရွယ် (၁၀) ဦး၊ ပေါင်း (၁၅) ဦးသည် လှေကြီးတစ်စီးကို ကြေးကြီးပေးငှားရမ်း၍ အထက်သို့ဆန်တက်သွားကြသည်ဟုသိရ၏။ ထို့နောက် သပိတ်ကျင်းဆိပ်ကမ်းတွင် လှေပုံသဏ္ဌာန်၊ အမည်၊ လှေသူကြီးအမည်နှင့်ပုံသဏ္ဌာန်တို့ကိုပါ စုံစမ်းထားရှိလာသည်ဖြစ်၍ သပိတ်ကျင်းဆိပ်ကမ်းသို့အရောက်တွင် ထိုလှေကြီးကိုတွေ့ရှိသွားကြပါသည်။ ရဲမက်များသည် လှေသူကြီးနှင့် လှေထိုးသားများကို ခြောက်လှန့်၍တစ်မျိုး၊ ရွှေဒင်္ဂါးများဖြင့် တစ်ဖုံ အထက်သို့လှေပြောင်း၍ဆန်တက်သွားသလော၊ အရှေ့ဘက်ကမ်း မိုးမိတ်၊ မိုးကုတ်ဘက်သို့ တက်ရောက်သွားကြသလော။ အနောက်ဘက်ကမ်း ကောလင်း၊ ဝန်းသိုဘက်သို့ တက်သွားကြသလော၊ အထက်တက်ယောင်ပြ၍ အောက်ပိုင်းသို့ ပြန်စုန်ဆင်းသွားကြသလော ဟူ၍ မေးမြန်းကြသော်လည်း မရေမရာဖြစ်နေကြသဖြင့် သုံးဖွဲ့ခွဲကာ တကောင်း၊ မိုးမိတ်၊ ဝန်းသိုဒေသတို့သို့ တပ်ဖြန့်ကာ ရှာဖွေခဲ့ကြသည်။ မတွေ့သည့်အဆုံး အောက်သို့စုန်ဆင်းကာ ရှာဖွေကြပြန်သည်။

၎င်းတို့သည် နေရာအနှံ့ လိုက်လံရှာဖွေပြီးဖြစ်၍ လက်လျှော့ပြီး ရှမ်းပြည်သို့ပြန်လိုကြပြီဖြစ်သော်လည်း ဦးရီးတော်က ကိစ္စမပြီးမြောက်ခဲ့လျှင် မောင်မင်းတို့ခေါင်းတွေထားခဲ့။ ကိုယ်နှင့်သာပြန်ခဲ့ကြဟု တစ်ချက်လွှတ်အမိန့်ထုတ်ပြန်လွှတ်လိုက်ခြင်းဖြစ်ရာ ၎င်းတို့သည် ကျွန်တော်တို့အား ရေဆုံးရေဖျားလိုက်လံရှာဖွေသုတ်သင်ကြမည်သာ ဖြစ်၏။ သို့မဟုတ်ပါက ၎င်းတို့တွင်ပြန်လမ်းမရှိသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် ၎င်းတို့သည် တစ်ဖန် ဂေါဝိန်ဆိပ်သို့ပြန်ရောက်လာပြီး ဒုတိယအကြိမ်ပိုက်စိပ်တိုက်၍ရှာဖွေရန် သပိတ်ကျင်းသို့ တက်ခဲ့ကြပြန်ပါသည်။

သပိတ်ကျင်းသို့ရောက်ရှိသောအခါ သုံးစွဲရန်ငွေစပြတ်သွား၍ ပန်းထိမ်ဖိုသို့သွားရောက်ကာ ရွှေဒင်္ဂါးများကို ရောင်းချရာ ပန်းထိမ်ဖိုရှေ့သည်ကြီးမှ -

"ဒီမှာနောင်ကြီးတို့၊ နောင်ကြီးတို့နဲ့တစ်ဖွဲ့တည်းဖြစ်မယ်ဗျ။ ကျွန်တော်မျိုးဆီကို ဒီလိုရွှေဒင်္ဂါးတွေ လာရောင်းတဲ့လူတွေရှိတယ်။ ဒီမှာကြည့်ပါလား၊ ရွှေဒင်္ဂါးချင်းကတူနေတယ်"

ပန်းထိမ်ဆရာကြီးသည် သေတ္တာအတွင်းမှ ရွှေဒင်္ဂါးပြားများကို ထုတ်ပြလိုက်လျှင် ရဲမက်များသည် ဝမ်းသာသွားပြီး-

"ဟာ - ဟုတ်တာပေါ့ဗျာ။ အဲဒါကျုပ်တို့မိတ်ဆွေတွေပါပဲ။ သူတို့နဲ့လူချင်းကွဲသွားကြတာ။ အဲဒါ သူတို့ဆီလိုက်ချင်လို့ စုံစမ်းနေကြတာပဲ။ ကျေးဇူးပြုပြီး သူတို့ဘယ်မှာနေတယ်ဆိုတာသိရင်ပြောပြပေးပါ။ ကျေးဇူးဆပ်ပါ့မယ်ဗျာ ရှော့ရှော့"

ဟု ဆိုကာ ရွှေဒင်္ဂါး (၅)ပြားထုတ်ပေးလိုက်လျှင် ပန်းထိမ်ဆရာကြီးသည် ဝမ်းသာပျော်ရွှင်သွားပြီး -

"ဟင်း - သူတို့ဘယ်မှာနေတယ်ဆိုတာတော့ မေးကြည့်မထားမိဘူးဗျ။ ဒါပေမယ့် သူတို့ဒီအနီးဝန်းကျင်မှာပဲရှိလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တစ်လတစ်ကြိမ် လပြည့်အဖိတ်နေ့ရောက်တိုင်းလားတွေနဲ့ဈေးဝယ်ဆင်းလာတတ်ကြတယ်။ အဲဒီအခါမှာ ရွှေတွေရောင်းကြတာပဲ"

ဟု ဆိုပါသည်။

"ဟာ - ဒါဆိုဟန်ကျလိုက်တာ။ သန်ဘက်ခါဆို လပြည့်အဖိတ်နေ့ပဲ။ ကျုပ်တို့ဆိပ်ကမ်းမှာ လှေတွေဆိုက်ကပ်ထားတယ်။ သူတို့ရောက်လာရင် အကြောင်းကြားပေးပါ"

ရဲမက်တို့သည် ပျော်ရွှင်စွာဖြင့် မြစ်ဆိပ်သို့ပြန်လည်ထွက်ခွာသွားကြပါသည်။

ထိုသို့ဖြင့် အဖိတ်နေ့သို့ ရောက်ရှိလာကြပါသည်။ အိမ်တော်ထိန်းကြီးနှင့် ရဲမက်(၅)ဦးတို့ သပိတ်ကျင်းသို့ ဈေးဝယ်သွားကြပါသည်။ပန်းထိမ်ဆိုင်သို့ ရွှေဒင်္ဂါးများကို သွားရောက် ရောင်းချသောအခါ-

"အတော်ပဲဗျို့။ ဦးကြီးရေ ဦးကြီးတို့ရဲ့မိတ်ဆွေတွေရောက်နေတယ်ဗျ"

ဟု ဆို၍ ဟိုတစ်နေ့က လူများရောက်ရှိလာကြပုံကို ဝမ်းသာအားရပြောပြပြီး -

"ဒီမှာ ခဏစောင့်ကြဦး၊ အဲဒီလူတွေသွားခေါ်လိုက်ဦးမယ်"

ဟု ဆိုကာ ဒရောသောပါးထွက်ပြေးသွားပါသည်။

"ဒါဆို တို့တော့အရေးပေါ်ပြန်ပြီ။ မဖြစ်ဘူး၊ ဒီနေရာကနေ အမြန်ပြန်ကြစို့"

ဈေးမဝယ်တော့ပါ။ အုန်းတကူးတောင်တော်ပေါ်သို့ ပြန်ခဲ့ကြသည်။ စော်ဘွားကြီးအားအရေးတကြီးလျှောက်တင်ကြပါသည်။

"ရှာတွေ့သွားရင်လည်း ငါတို့ရဲ့ကံ၊ သူတို့ရဲ့ကံ။ မတတ်နိုင်ဘူး၊ ရင်ဆိုင်တိုက်ခိုက်ရုံပဲပေါ့။ ကဲ - လက်နက်တွေသာ အသင့်ပြင်ထားကြပေတော့။ နယ်ဝေးအထိလိုက်လာကြတာဆိုတော့ အင်အားတော့များမယ်မထင်ဘူး"

"အင်အားတစ်ရာလောက်ရှိတယ်လို့သိရပါတယ်"

"ဩော်-ညီတော် ညီတော်. . .၊ ငါက သင်းအပေါ် ကောင်းသလောက်သင်းကငါ့အပေါ် အငြိုးထားလွန်းတယ်"

ခမည်းတော်သည် ဤတစ်ကြိမ်တွင်တော့ ဦးရီးတော်ကို အတော်စိတ်ဆိုးလျက်နေပြီကိုသိရပါသည်။

"သခင်ကြီး၊ အချိန်ရှိပါသေးတယ်။ ဒီမှာလည်း မြင်း (၅) ကောင်ရှိနေတာပဲ။ သခင်ကြီးတို့ရှောင်နေကြပါ။ ကျွန်တော်မျိုးတို့ ခုခံတိုက်ခိုက်ပါ့မယ်"

ဟု အိမ်တော်ထိန်းကြီးက လျှောက်ထားရာ -

"ဘယ်ဖြစ်မှာလဲကွယ်။ကိုယ်တော်တို့ဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြတဲ့သူတွေပဲ။ မောင်မင်းတို့ကိုပစ်ထားခဲ့လို့ ဘယ်ဖြစ်မှာလဲ။ မောင်မင်းတို့ဟာ ငါကိုယ်တော်ရဲ့ သားသမီးတွေနှင့်မခြားပါဘဲ။ ကိုယ့်ပေါ် သစ္စာရှိတဲ့သူ



www.burmeseclassic.com

ww.burmeseclassic.com

တွေကို ဘယ်လိုလုပ်သစ္စာမဲ့လို့ဖြစ်မှာလဲ။ အေးအတူပူအမျှ သေမတူရှင်မကွဲပါ”

ဟု ပြန်လည်မိန့်ကြားတော်မူလျှင် အိမ်တော်ထိန်းကြီးက -

“သခင်ကြီးရဲ့ ကြီးမားတဲ့မေတ္တာကို ကျွန်တော်မျိုးတို့နှင့် မထိုက်တန်လို့ မခံယူဝံ့ပါဘုရား။ ကျွန်တော်မျိုးတို့က တန်းဖိုးမရှိတဲ့သူတွေပါ။ သခင်ကြီးတို့က မင်းမျိုးမင်းနွယ်တွေဖြစ်တာမို့ တိုက်ပွဲထဲမှာ မပါဝင်သင့်ပါ။ သားတော်၊ သမီးတော်တို့ကို ငဲ့ကွက်တော်မူပြီး ထွက်ခွာကြွမြန်းတော်မူပါရန် အရဲစွန့်ပြီးလျှောက်ထားပါရစေဘုရား”

“မောင်မင်း၊ ခု ငါကိုယ်တော်ပြောတဲ့ဟာတွေက ငါကိုယ်တော်တစ်ပါးတည်းရဲ့သဘောဆန္ဒတွေမဟုတ်ပေဘူး။ သားတော်၊ သမီးတော်တို့ရဲ့ ဆန္ဒတွေဟာလည်းဒီအတိုင်းသာဖြစ်ပေတယ်။ ကဲပါ- မောင်မင်း စစ်ရေးကိုသာပြင်ပါတော့။ ငါတို့က တန်ဖိုးရှိတဲ့၊ အရေးကြီးတဲ့အချိန်တွေကို ငြင်းခုံနေသလို ဖြစ်နေပြီ”

ဟု ဆိုကာ စကားဖြတ်လိုက်၏။

ထိုအခါ အိမ်တော်ထိန်းကြီးသည် စိတ်မကောင်းခြင်းနှင့်အတူ ခမည်းတော်ကို ပို၍ ချစ်ခင်ကြည်ညို လေးစားသွားမိပါ၏။

ရဲမက်များအားလုံးသည်လည်း လက်နက်များအသင့်ဖြင့် တဲအပြင်မှ ဒူးထောက်ခစားကြလျက် ခမည်းတော်၏အမိန့်ကို နာခံလျက်ရှိပါသည်။

“ကဲ - အားလုံးနေရာယူ၊ အသင့်ပြင်ကြတော့”

ရဲမက်များအားလုံးသည် ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်များ၊ ထို့နောက် ကျွန်တော့်ကို ကန်တော့ကြ၏။ ၎င်းတို့စိတ်ထဲတွင်လည်း ၎င်းတို့၏ အရှင်သခင်တို့ကို နောက်ဆုံးကန်တော့ရခြင်းဟု မှတ်ယူနေမည်ဖြစ်သကဲ့သို့ ကျွန်တော်တို့ကလည်း ၎င်းတို့၏နောက်ဆုံးကန်တော့ခံရခြင်းဟု ခံစားနားလည်မိကာ စိတ်မကောင်းဖြစ်ရပါသည်။

ကျွန်တော်တို့သည် ထိုနေ့က တပ်လှန့်ထားရှိခဲ့သော်လည်း ရန်သူများရောက်ရှိမလာကြပါ။ သို့သော် ၎င်းတို့သည် သတင်းအတိအကျရရှိထားကြပြီဖြစ်ရာ ကျွန်တော်တို့ထံမကြာခင်ရောက်ရှိလာတော့မည်ကတော့ သေချာပါ၏။

ထိုအချိန် သပိတ်ကျင်း၌ ဦးရီးတော်၏ရဲမက်များမှာ ပန်းထိမ်ဆရာနှင့် လိုက်လာကြသောအခါ ကျွန်တော်တို့၏ လူများကို မတွေ့ရသဖြင့် -

“ခင်ဗျား ကျုပ်တို့ကို ညာခေါ်တာ မဟုတ်လား၊ မလိမ်နှင့်နော်”

ဟု ဆိုကာ ဓားဖြင့်ထောက်၍ ငေါက်ငမ်းကန်ကျောက်သောအခါတွင်မှ ဤလူများသည် လူဆိုးများဖြစ်သည်ဟု သိရှိကြောက်ရွံ့၍နေပါ၏။

“ကျွန်တော်မျိုး တကယ်မညာပါဘူးဗျာ။ စောစောကသူတို့ဒီမှာရှိနေခဲ့ကြပါတယ်။ ဟောဟိုမှာ သူတို့ရဲ့ခမောက်တောင်ကျန်နေခဲ့ပါတယ်။ မစောင့်နိုင်လို့ မြစ်ဆိပ်လိုက်သွားကြမှန်းမသိဘူး”

“တယ် - ဒီခွေးမျိုး တော်တော်လျှာရှည်တယ်။ ကဲကွာ”

ဟုဆိုလျက် ပန်းထိမ်ဆရာကြီးကို ဓားနှောင့်နှင့်ထုပြီး ပန်းထိမ်ဖိုအတွင်းမှ အမြန်ဆုံး ထွက်ခွာခဲ့ကြ၏။

ဦးရီးတော်၏ရဲမက်တို့သည် တောလမ်းတစ်လျှောက်တွင် လမ်း၌တွေ့ရှိသော ခရီးသည်တို့ကို မေးမြန်းစုံစမ်း၍ လိုက်လာကြရာ ဝါးဖြူတောင်ရွာသို့ ရောက်လျှင် မိုးမိတ်လမ်းမကြီးမှ တောတွင်းသို့ဝင်သောလမ်းခွဲကလေးကိုတွေ့ရှိ၍ ထိုရွာရှိ အရက်ဆိုင်တွင် စုံစမ်းရာ ဤနေ့နံနက်တွင် လူစိမ်းများဟု ယူဆရသော လူ (၆) ဦးနှင့် လား (၃) ကောင် ဤတောလမ်းလေးမှထွက်လာကြောင်း၊ မကြာသေးမီ တစ်ပဟိုရ်ခန့်တွင် သတ်သီးသတ်ပျာဖြင့် နောက်သို့လှည့်ကြည့်လှည့်ကြည့်ဖြင့် လားများကို အမြန်ဆွဲသွားကြသည်ဟု သတင်းပေးသည်။

ထိုအခါ ရဲမက်တို့သည် ထိုတောလမ်းကလေးအတိုင်း ဆက်၍လိုက်ကြ၏။ ဤနေရာတွင် တောထူလှသဖြင့် လမ်းရာပင်ပျောက်နေပါသည်။ လူနည်းစုသီးသန့်အသုံးပြုသော လျှို့ဝှက်လမ်းမှန်းသိသာနိုင်ပါ၏။ လမ်းအဖြစ်သိသာထင်ရှားခြင်းမရှိစေရန် တစ်လမ်းတည်း သွားလာခြင်းပြုမထားပါ။ နေရာများစွာတွင် သွားလာထားသည်ဖြစ်၍ ခြေရာခံလိုက်ရန် လွယ်ကူမည်မဟုတ်ပါ။ လောလောလတ်လတ် လားခွာရာများနှင့် လားချေးပုံများကြောင့်သာ လမ်းပျောက်မသွားခြင်း ဖြစ်ပါသည်။ ခဏကြာသော် တောကြီးသည် လင်းသွားပါ၏။ တောင်၏ထိပ်သို့ရောက်လာပြီး ရှေ့တွင် လျှိုအတွင်းသို့ လမ်းသည် ငုပ်လျှိုးဆင်းသက်သွားပြီဖြစ်သောကြောင့်ပင် ထိုအခါ အပေါ်စီးမှ မြင်ကွင်းများကို တွေ့မြင်နိုင်ပြီဖြစ်သော မြင်ကွင်းကျယ်နေရာ ဖြစ်ပါ သည်။

ရုတ်တရက်ကြည့်လျှင် ဝါးရုံများဟုသာထင်ရမည်ဖြစ်သော်လည်း သေသေချာချာ စူးစိုက်၍ကြည့်သောအခါ ဝါးရုံများကို အကာအကွယ်ယူကာ ဆောက်ထားသော တဲပုန်းကလေးများကို တွေ့မြင်ကြရသည်။ သေသပ်ကျနသောသစ်တပ်စည်းရိုး အခိုင်အမာ ကာရံထားပြီး မြင့်မားသော သစ်ပင်ကြီးများထက်တွင် ကင်းထောက်မျှော်စင်တဲလေးများတည်ဆောက်ထားသည်ကိုလည်း တွေ့ရှိရသည်။ သေချာပါသည်။ စော်ဘွားကြီးတို့မိသားစုနှင့် ကျွန်ယုံ (၃၀) ယောက်တို့ ပုန်းခိုနေသောနေရာပင် ဖြစ်ပါ၏။

“ဟိုမှာတွေ့လား စော်ဘွားကြီးတို့နေရာ။ လျှိုအောက်ကို ရောက်တာနှင့် အဲဒီတောင်ကြောကလေးကို လူဖြန့်ဝိုင်းပြီးတက်ကြမယ်။ အားလုံး တောင်ပေါ်မှာ ဝိုင်းမိပြီဆိုမှ တိုက်ခိုက်ကြရမယ်”

တပ်မှူးခေါင်းဆောင်မှ ၎င်း၏ ငယ်သားများကို အမိန့်ပေးပြီး လှုပ်ရှားမှုကိုစတင်ကြပါသည်။ တဖြည်းဖြည်းနှင့် ၎င်းတို့သည် ကျွန်တော်တို့တောင်လေး၏အခြေသို့ ရောက်ရှိလာကြသည်။

ထိုအချိန်တွင် ကျွန်တော်တို့စခန်းတွင် -

“သခင်ကြီး၊ သူတို့သပိတ်ကျင်းမှာရောက်နေကြပြီ။ မကြာခင် ကျွန်တော်မျိုးတို့နေရာကိုတွေ့သွားနိုင်တယ်။ ဘယ်လိုလုပ်မှာလဲဖုရား။ ဒီကနေ့ထွက်ပြေးကြရင်ကောင်းမလား ဘုရား”

“မောင်မင်းကို မနေ့ကကတည်းက ပြောပြီးပြီလေ။ ကိုယ်တော်လည်း မပြေးဘူး၊ မောင်မင်းတို့လည်း ပြေးဖို့မလိုဘူး၊ ကံအကြောင်းတရားပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ။ ပြေးလို့လည်းလွယ်တာမှမဟုတ်တာ။ ကဲ - ဒီတော့ မောင်မင်းတို့က လက်နက်တွေအသင့်ပြင်။ ယောကျ်ားတို့ လှံ့လသေခါမှလျှော့ရမှာပဲ။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း၊ တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေညက်ညက်ကြေဆိုတဲ့စကားလိုပဲ။ ဘာမှကြောက်စရာမလိုဘူး။ ငါကိုယ်တော်တို့ရဲ့ဘက်မှာ တရားရှိတယ်။ သူတို့က မတရားတဲ့သူတွေ။ သူတို့က လောဘ၊ ကိုယ်တော်မြတ်တို့က အလောဘ၊ သူတို့ကဒေါသ၊ ငါကိုယ်တော်တို့ရဲ့ဘက်က အဒေါသ။ သူတို့ဘက်ကအမှား၊ ငါကိုယ်တော်တို့ဘက်ကအမှန်။ အဲဒီတော့ တရားကိုနတ်စောင့်သတဲ့။ အရေးအတွက်နဲ့ အရည်အချင်းပြိုင်ရမှာပဲ။ ဘာမှကြောင့်ကြမနေကြနှင့်။ ငါကိုယ်တော်တိုင် ရှေ့ဆုံးက ရွှေဓားကိုင်ပြီးထွက်မယ်”

ခမည်းတော်၏စကားကိုကြားကြရသောအခါ ကျွန်တော်တို့အားလုံးစိုးရိမ်ကြောင့်ကြစိတ်တို့ကင်းဝေးသွားပြီး ရဲစိတ်ရဲမာန်များတက်ကြွလာကာ သတ္တိများထွက်ပေါ်၍လာကြပါ၏။

ခမည်းတော်သည် ...ဤတောင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ရောက်ရှိစဉ်မှစ၍ တစ်နေ့မပျက် တောစောင့်နတ်၊ တောင်စောင့်နတ်များကို မေတ္တာပို့သခြင်း၊ အမျှပေးဝေခြင်းတို့အပြင် ဗလိနတ်စာကျွေးမွေးခြင်းတို့ကို မပျက်ပြုလုပ်ခဲ့ပါသည်။ ယခုလည်း တောစောင့်နတ်၊ တောင်စောင့်နတ်များကိုတိုင်တည်ကာ မေတ္တာပို့သ၍နေပါ၏။ ထိုစဉ် ထူးဆန်းလှပါသည်။ လောကဓာတ်တစ်ခုလုံး မှောင်အတိကျသွားပါသည်။ တောင်ခိုးများထွက်ပေါ်လာသကဲ့သို့ တစ်လံထက်ပို၍မမြင်ရတော့လောက်အောင် မှိုင်းများတိုက်၍လာပါသည်။ ရန်သူတို့သည်လည်း တောင်ကိုဝိုင်း၍တက်လာနေကြသည်ဖြစ်ပါသည်။

တောစောင့်နတ်၊ တောင်စောင့်နတ်တို့သည် ဆင်နှင့်တူသော ကျောက်တုံးကြီးများမှ သက်ရှိဆင်ဖြစ်၍ ရန်သူများကိုလိုက်သည်။ ကျားဖြင့်တူသော ကျောက်တုံးကြီးများ၊ ခြင်္သေ့နှင့်တူသော ကျောက်တုံးကြီးများ၊ မိကျောင်းနှင့်တူသော ကျောက်တုံးကြီးများ၊ နဂါးနှင့်တူသောကျောက်တုံးကြီးများ အစရှိသည်တို့သည် ဆိုင်ရာသတ္တဝါကြီးများဖြစ်၍ ဆိုင်ရာအသံများဖြင့် ဟိန်းဟောက်မာန်ဖီ၍လိုက်ကြရာ ရန်သူတို့သည် ကြောက်လန့် တုန်လှုပ်ချောက်ချား၍ ပြေးကုန်ကြပါသည်။

ရန်သူတို့သည် ဝါးဖြူတောင်ရွာအနီးမှာပင် စုဝေးပြီးတိုင်ပင်ကြပါသည်။ အနီးအနားရှိ ကျေးရွာများမှ လူတို့ကိုလည်း ကြေးကောင်းပေး၍ ငှားရမ်းခေါ်ဆောင်ခဲ့ကြသည်။ ထိုအထဲတွင်လည်း တောစောင့်နတ်၊ တောင်စောင့်နတ်အကြောင်းတို့ကို သိရှိထားသူများပါရှိသဖြင့် ဝါးဖြူတောင်သချိုင်းသို့သွားကာ အင်္ကျီစုတ်၊ လုံချည်စုတ်၊ စောင်စုတ်၊ ခေါင်းအုံး၊ ကပ်ကြမ်းဖျာလိပ် စသည်တို့ကောက်ယူ၏။ ရွာအတွင်းမှ မီးနေသည့်သဘီ၊ စောင်တို့ကိုလည်းကောင်း၊ အခြားအမျိုးသမီးများ၏ ထဘီအဟောင်းများကို လည်းကောင်း ဈေးကြီးပေး၍ဝယ်ယူရာ အများအပြားပင်ရရှိကြပါသည်။

ထိုအခါ ကျွန်တော်တို့တောင်ကလေးကိုမိုး၍နေသော တောင်တန်းကြီးပေါ်မှ ၎င်းအရာဝတ္ထုများကို မီးရှို့ကြပါသည်။ ထိုပြာတို့သည် မီးခိုးများဖြင့် ကောင်းကင်ကိုတက်သွားပြီး တောင်လေဟာပူးဟူးတိုက်ခတ်နေသဖြင့် ထိုပြာတို့သည် လေနှင့်လွင့်မျောလာကြကာ ကျွန်တော်တို့၏ တောင်ကလေးပေါ်သို့ နေရာအနှံ့တွင် ပျံ့နှံ့ကျရောက်လျက်ရှိပါ၏။ ထိုအခါ အခြားသူများမှာ တောကျွန်များဖြစ်၍ ဘာမှမဖြစ်သော်လည်း ကျွန်တော်တို့မိသားစုမှာမူ ဘုန်းကံကြီးမားသူများဖြစ်သောကြောင့် ယားယံ၍လာကာ အင်ပျဉ်ထ,သကဲ့သို့ အဖုအပိမ့်များထွက်ပေါ်၍လာပါသည်။ တန်ခိုးကြီးမားသော တောစောင့်နတ်၊ တောင်စောင့်နတ်တို့သည်လည်း ထွက်ပြေးကြကုန်ပြီလော၊ တန်ခိုးတို့ မှေးမှိန်ပျောက်ကွယ်ကုန်ပြီလော မဆိုတတ်ပါ။

ဒုတိယအကြိမ် ရန်သူများ ထပ်မံဝန်းရံလာချိန်တွင် အမှောင်ကြီးကျမလာတော့ပါ။ တောစောင့်နတ်၊ တောင်စောင့်နတ်တို့သည် ဆင်နှင့်တူသော ကျောက်တုံးကြီးများကို ဆင်အဖြစ်ဖန်ဆင်းရာတွင်လည်း ဆင်မဖြစ်လာတော့ဘဲ ယုန်ကလေးများဖြစ်သွားရာ ၎င်းတို့၏ မြားချက်အောက်၌ အသက်ပျောက်သွားကြရပါ၏။ ကျားနှင့် ခြင်္သေ့အဖြစ်ဖန်ဆင်းသောအခါ၌လည်း ရှဉ့်ကလေးများသာဖြစ်နေ၍ ၎င်းတို့၏ မြားချက်အောက်တွင် အသက်ပျောက်ရပြန်၏။ မိကျောင်းနှင့် နဂါးအဖြစ် ဖန်ဆင်းပြန်ရာတွင်လည်း ပုတတ်နှင့် မြက်လျှောမြွေလေးများသာဖြစ်သွားကြ၍ ရိုက်သတ်ခံကြရပြန်၏။ နောက်ဆုံး ရန်သူတို့သည် အပိတ်အပင် အတားအဆီးမရှိတော့ဘဲ တဖြည်းဖြည်းချဉ်းကပ်၍လာကြပါသည်။ ပထမဦးဆုံး လင့်စင်ပေါ်မှ ကင်းသမားများ မြားချက်သင့်၍ မြေသို့ ပြုတ်ကျသေဆုံးကုန်၏။ အရာအထောင်မျှသော မြားချက်တို့ကို ကင်းသမားများသည် မည်သို့ ကာကွယ် တွန်းလှန်နိုင်ပါမည်နည်း။

ထို့နောက် သစ်တပ်စည်းရိုးကို မီးတိုက်၍ထွင်းဖောက်သည်။ စည်းရိုးပြိုပျက်သွားသောအခါ အလုံးအရင်းလိုက် ဝင်ရောက်လာကြပြီး ရင်ဆိုင်တိုက်ပွဲဖြစ်ကြပါသည်။ ကျွန်တော်တို့ (၅) ဦးအား တဲထဲတွင်နေစေပြီး အိမ်တော်ထိန်း အကြီးတော်ချုပ်၊ စစ်ကဲကြီးနှင့် (၃၀) ဦးစလုံးထွက်၍ ခုခံတိုက်ခိုက်ကြပါသည်။ ကျွန်တော်တို့မိသားစုငါးဦးအား ၎င်းတို့အသက်မသေသေးသရွေ့ ထွက်မလာကြပါနှင့်။ တိုက်ပွဲအတွင်းသို့ ဝင်မလာကြပါနှင့်။ အကယ်၍ ကျွန်တော်တို့မိသားစုငါးဦးထဲမှ တစ်ဦးဦးသာ တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာပါလျှင် ရန်သူနှင့်ဆက်လက်မတိုက်ခိုက်တော့ဘဲ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ပစ်မည်ဟု ပြောထားကြသောကြောင့် ကျွန်တော်တို့သည် တိုက်ပွဲတွင်းသို့ မဝင်ရောက်နိုင်ဘဲ ပွဲကြည့်ပရိသတ်သဖွယ်ဖြစ်နေရပါ၏။

ရန်သူတို့သည် ဓား၊ လှံ၊ လက်နက်များပါသော်လည်း ၎င်းတို့လူများအထိမနာစေရန် ဒူးလေးနှင့်မြားတို့ကိုသာ အားပြုသုံးကြသည်။ ကျွန်တော်တို့ဘက်မှ လေးသည်တော် (၅) ဦးတို့မှာလည်း ရန်သူ(၁၀)ယောက်မျှ၏အသက်ဇီဝိန်ကိုသာခြွေနိုင်ခဲ့ပြီး ရန်သူတို့၏ မြားအစင်းပေါင်းများစွာ စူးနစ်၍ ကျဆုံးကုန်ပါတော့သည်။ ကျွန်တော်တို့၏ လူများသည် မိုးသီးမိုးပေါက်များပမာ ရောက်ရှိလာသော မြားအစင်းပေါင်းများစွာ၏အောက်တွင် မရှုမလှကျဆုံးလျက်ရှိပါသည်။ ထိုမြင်ကွင်းကိုမြင်ရသောအခါ အင်အားချင်းမမျှသည်ကို အနိုင်ကျင့်နေသကဲ့သို့ဖြစ်နေသည့်အပြင် ထိုသို့ တစ်ဖက်သတ်ခံနေကြရသူများမှာ ကျွန်တော်တို့၏ လူများဖြစ်နေပြန်ရာ မတရားတာကိုမြင်လျှင် လက်ပိုက်ကြည့်မနေနိုင်သောအကျင့်နှင့် ကိုယ့်တပည့်များကိုထိလျှင်မခံနိုင်အောင်နာတတ်သော သခင်ကောင်းတို့၏စိတ်ဓာတ်တို့ကြောင့် ကျွန်တော်နှင့် ခမည်းတော်တို့သည် ဖြိုင်တူလိုပင် တက်ခေါက်လိုက်ကြပြီး နောက် ဖြိုင်တူကိုပင် ဓားတို့ကိုဆုပ်ကိုင်လိုက်မိကြပြီး တိုက်ပွဲအတွင်းသို့ဝင်ရန် ဟန်ပြင်လိုက်မိကြသည်။သို့သော် ခမည်းတော်က သက်ပြင်းရှည်ကြီးကို လေးတွဲ့စွာမှုတ်ထုတ်လိုက်ပြီးလျှင် -

"သားတော်၊ စိတ်လျှော့ချလိုက်တော့။ အားမတန်မှတော့ မာန်လျှော့ကြပါစို့"

ဟု ဆိုကာ ဓားကိုင်ထားသော ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားလိုက်ပြီး ဖြေချပေးလိုက်ပါသည်။ ကျွန်တော်တို့အတွက် အသက်ပေး၍ ကာကွယ်ပေးနေသော သွေးသောက်သစ္စာတော်ခံတို့အား မစောင့်ရှောက်နိုင်သည့်အတွက် ရင်ထဲတွင် နာကျင်စွာခံစားရပြီး အသားတို့ တဆတ်ဆတ်တုန်လျက် ဝမ်းနည်းဒေါသထွက်လွန်းလှ၍ မျက်ရည်များ တလိမ့်လိမ့်ကျဆင်း၍လာပါ၏။

သာယာ အေးချမ်း လှပသော ကျွန်တော်တို့ကွန်းခိုရာ အုန်းတကျူးတောင်ကလေးပေါ်တွင် သွေးချောင်းစီးလျက် အကျည်းတန်၍သွားပါချေပြီ။ မကြာလိုက်ပါ၊ တစ်ခဏတာအတွင်းသာ ဖြစ်ပါ၏။

ကျွန်တော်တို့၏ရဲမက်များသည် ထီးဖွင့်မိုးကာတိုက်ကွက်ကိုသုံး၍ ရန်သူတို့၏မြားချက်များကို ရိုက်ပက်ထုတ်၍ ခုခံကြသော်လည်း တာရှည်ခုခံနိုင်မည်မဟုတ်တော့ပါ။ တိုက်ပွဲအခြေအနေမှာ ဆိုးရွားလျက်ရှိပြီဖြစ်၍ ခမည်းတော်သည် နန်းစဉ်ပြည်တန်ပတ္တမြား အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# မယ်ဒက်ဆရာတော်ဘုရားကြီး(ရေတာရှည်)

# ဇာတ်လမ်း

၁၉၇၉ ခုနှစ်က ကျွန်တော်သည် အလွန် ထူးဆန်းသော ဆေးဆရာကြီး တစ်ယောက်၏ အရေးကြီးသော စာတစ်စောင်ကို ဖတ်ခဲ့ရပါသည်။ သူသည် စာရေးဆရာမဟုတ်ပါဟု ဆိုပါသည်။ သူ၏အရေးအသားများမှာ အဆီအငေါ်မတည့်ဟုလည်း သူကိုယ်သူ ထင်ပါသည်။ ထို့ကြောင့် သူ့မှတ်တမ်းကို ဖတ်သူများသည် သူ့အားခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်ပါသည်ဟု ဆိုပါသည်။

ကျွန်တော်ဖတ်ကြည့်သောအခါ အဆီအငေါ်တည့်ရုံသာမက ကောင်းသည်ဟုထင်ရသည်ထက်ပို၍ ကောင်းနေပြီးလျှင် ကျွန်တော် မမျှော်လင့်ထားသော အကြောင်းအရာများကို ဖတ်ရှုရသဖြင့် အံ့သြဝမ်းသာမိပါသည်။ သူ၏ အမည်မှာ ဦးပညာ ဟူ၍ ဖြစ်ပါသည်။

ရှေးအခါက မယ်ဒက်ဘုရားသမိုင်းကို ဦးပုဆိုသူက ရေးသားခဲ့ကြောင်း၊ မယ်ဒက်ရာဇဝင်ကိုလည်း မင်းစလွယ်ဆိုသူက ရေးသားခဲ့ဖူးပါသည်။ သို့သော်လည်း ဦးပညာသည် စာအုပ်မထုတ်ဝေမီ နှစ်ပေါင်း (၅၀) ကျော် ၁၉၃၀ ပြည့်နှစ်ဝန်းကျင်လောက်ကတည်းက မယ်ဒယ်ဆရာတော်ကြီး၏အပါး၌ ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့ဖူးသည်ဖြစ်သောကြောင့်လည်း ဆရာတော်ကြီးဦးပညာ၏အရေးအသား အချက်အလက်တို့မှာ ခိုင်ခံ့မှုရှိသည်ဟု ယုံကြည်မိပါသည်။ထို့ကြောင့် ဆရာကြီး ဦးပညာ၏ ကျမ်းစာမှရရှိသော အချက်အလက်များကို ရေးသားဖော်ပြပါမည်။

အောက်တွင် မယ်ဒက်ဆရာတော်ကြီး ထေရုပ္ပတ္တိအကျဉ်းမှာ ဆရာကြီးဦးပညာ၏အာဘော်သာ ဖြစ်ပါသည်။

ထူးဆန်းသောအချက်မှာ ၁၉၈၀ ပြည့်နှစ်တွင် အသက်ရာကျော်ရှိနေသော ဆရာကြီးဦးပညာသည် ထိုစာအုပ်ကို ထုတ်ဝေသောအခါ စာမူကိုတည်းဖြတ်သူမှာ အခြားသူမဟုတ်။ ယက္ခန်းစင်တောင်ဆရာတော်ကြီး ဦးသြဘာသကိုယ်တော်တိုင် တည်းဖြတ်တော်မူကြောင်း အတိအလင်းဖော်ပြထားသဖြင့် အလွန့်အလွန်ယုံကြည်ဖွယ်အားကိုးဖွယ် ကြည်ညိုဖွယ်ဖြစ်ပါတော့သည်။

မယ်ဒက်ဆရာတော်ကြီး၏ခမည်းတော်နှင့် မယ်တော်တို့မှာ ပျဉ်းမနားမြို့ မြို့ဝန်၏စာရေးကြီး ဦးဖိုးသူနှင့်ဒေါ်လေးတို့ဖြစ်ကြပြီး ၁၂၃၀ ပြည့်နှစ်တွင်မွေးဖွားကာ ငယ်နာမည်မှာ မောင်လှပေါ် ဖြစ်လေသည်။ ဗုဒ္ဓဟူးသားဖြစ်သည်။ အေဒီ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် (၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) တနင်္ဂနွေနေ့တွင် သီပေါဘုရင်အား အင်္ဂလိပ်တို့ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ပျဉ်းမနားမြို့၌ ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်လာသည်။ သူတစ်လူငါတစ်မင်းဖြင့် ဝါးအစည်းပြေသကဲ့သို့ဖြစ်ပြီး သူ့ထက်ငါ လုယက်စားသောက်ကြလေသည်။ ထိုအခါ ဆရာတော်လောင်းလျာနှင့် အစ်ကိုဝမ်းကွဲတော် (မအေညီအစ်မမှ မွေးဖွားသည့်သား) မောင်ဖိုးမောင်တို့သည် ရှင်သာမဏေဝတ်ကြလေသည်။

အေဒီ ၁၈၈၅ ခုနှစ် (၁၂၄၇ ခုနှစ်) တွင် မောင်လှပေါ်မှာ အသက် (၁၇)နှစ်ရှိပြီး မောင်ဖိုးမောင်မှာ အသက်(၁၉)နှစ်ရှိပြီဖြစ်သည်။ မောင်လှပေါ်၏ဘွဲ့အမည်နာမမှာ ဝိရိယဖြစ်ပြီး မောင်ဖိုးမောင်၏ဘွဲ့အမည်နာမမှာ ပညာဝံသ ဖြစ်သည်။

အေဒီ ၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂၄၇ ခုနှစ်၊ တပို့တွဲလ) တွင် ၎င်းရှင်သာမဏေနှစ်ပါးတို့သည် သပိတ်တစ်လုံးစီဖြင့်ဆွမ်းခံကြွလာရာ ရေနီမြို့



ရတနာများစွာတို့ကို ကျွန်တော်တို့တဲနောက်ဖေးပေါက်မှထွက်၍ တဲနောက်တွင်ကပ်လျက်ရှိသော ကြီးမားလှသည့် ကျောက်တုံးကြီးရှေ့သို့သွားရောက်ကာ ဒူးတုပ်ထိုင်ချလိုက်ပြီး ရှိခိုးကန်တော့ကာ ဤသို့ အဓိဋ္ဌာန်ပြုလိုက်ပါသည်။

"ဤရတနာ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတို့သည် အရိမေတ္တယျမြတ်စွာဘုရားအား လှူဒါန်းရန် ရည်မှန်းထားခြင်း ဖြစ်ပါ၏။ ဤရတနာပစ္စည်းများကို တပည့်တော်တို့ကိုယ်တိုင် အရိမေတ္တယျမြတ်စွာဘုရားရှင်အား လှူဒါန်းရပါလို၏ဘုရား။ ထိုကာလအတွင်း ဤရတနာပစ္စည်းတို့ကို မည်သူတစ်ဦးတစ်ယောက်မျှ မရယူနိုင်ပါစေနှင့်ဘုရား"

ဟု အဓိဋ္ဌာန်ပြုလိုက်ရာ ထူးဆန်းအံ့သြဖွယ်ကောင်းလှပါ၏။ ကျောက်တုံးကြီးသည် အလိုလို ခါးလယ်မှကွဲအက်လာပြီးနှစ်ခြမ်းကွဲသွားပါသည်။ ခါးလယ်တွင် ရတနာပစ္စည်းများထားရှိရန် သေတ္တာသဖွယ် ကလိုဏ်ဖြစ်ပေါ်၍နေပါသည်။ ခမည်းတော်သည် ရတနာများကို ကျောက်တုံးကြီးအတွင်းသို့ထည့်လိုက်ပါသည်။ ထိုအခါ ကျွန်တော်လည်း အသက်နှင့်ထပ်တူ တန်ဖိုးထား၍ ကိုယ်နှင့်မကွာယူဆောင်ထားသော ကျွန်တော်၏ရင်ဘတ်ကြားတွင်လိပ်၍ထည့်ထားသည့် စောရတနာနွယ်၏ပုံတူပန်းချီကားချပ်ကြီးကိုလည်း ကျောက်တုံးကြီးအတွင်းသို့ ထည့်လိုက်ပါသည်။ ခဏကြာလျှင် ကျောက်တုံးကြီးသည် ပြန်၍ဆက်သွားသော်လည်း အဆက်ရာကြီးတတော့ ကျန်နေခဲ့ပါသည်။

(ဆက်ရန်)

ဘိုဘို(ရွှေကူ)



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တိုင်တောင်ဘက် အင်္ဂလိပ်နယ်မြေဖြစ်သော မြို့လှမြို့သို့ (၁၀)နာရီခန့်တွင် ရောက်ရှိလာပြီး ဆွမ်းဘုဉ်းပေးကြသည်။ ထိုမှတစ်ဖန် မြို့လှမြို့မှ မင်းလမ်းအတိုင်းကြွခဲ့ပြန်ရာ ညအချိန်၌ ရေတာရှည်မြို့နယ်အတွင်းရှိ မီတူးတောကျောင်းသို့ရောက်ရှိပြီး တစ်ညအိပ်ကြသည်။ နံနက်မိုးသောက်သော် ခရီးဆက်ကြပြန်ရာ ပျဉ်းမနားမြို့မှ လာရောက်ကျောင်းထိုင်နေသော ဆရာတော်ဦးကုမာရကျောင်းထိုင်သည့်ဝတ်ဖြူကုန်းရွာကျောင်းသို့ ရောက်ရှိကြလေသည်။

ထိုအချိန်၌ အစ်ကိုဝမ်းကွဲဖြစ်သူ မောင်ဖိုးမောင်မှာ ရဟန်းဒါယကာပေါ်၍ အသက်ကလည်း (၁၉) နှစ် (၆) လ ဖြစ်သဖြင့် ရဟန်းဖြစ်လေသည်။

မောင်လှပေါ်မှာမူ အသက်မပြည့်သေးသဖြင့် ကိုရင်ဘဝနှင့်ပင်နှစ်နှစ်နေပြီး ရဟန်းဖြစ်လေသည်။ မောင်လှပေါ် ရဟန်းဖြစ်အပြီး (၁) နှစ်အကြာတွင် တိုင်းပြည်မှာ ပြန်လည် ငြိမ်သက်လျက်ရှိပြီး မန္တလေးမြို့ နေပြည်တော်တွင်လည်း သာသနာပိုင်နှင့်တကွ ပြန်လည်ဖွဲ့စည်းထားကြောင်း ကြားသိရလေသောအခါ မောင်လှပေါ်သည် အစ်ကိုဖြစ်သူ ကိုဖိုးမောင်ကို မန္တလေး နေပြည်တော်သို့သွားရန်တိုင်ပင်ရာ အစ်ကိုဖြစ်သူ(၄)ဝါပြီးဖြစ်၍ မလိုက်လိုကြောင်းပြောသဖြင့် မိမိတစ်ပါးတည်း မန္တလေးသို့ကြွသွားလေသည်။

မန္တလေးနေပြည်တော်တွင် မိုးတားသာသနာပိုင်ကျောင်း၌ (၇) နှစ်ကျော်စာသင်ခဲ့ပြီး ကေတုမတီမြို့ အနီးရှိ ဝတ်ဖြူကုန်းရွာကျောင်းသို့ ပြန်ကြွခဲ့လေသည်။

ထိုအခါ အစ်ကိုဖြစ်သူသည် ရဟန်းဘဝနှင့်မဟုတ်တော့ဘဲ ကလေးတစ်ယောက်အဖေဖြစ်နေသည်ကိုတွေ့ရသောအခါ လူ့လောက၏ ဖြစ်ပျက်မမြဲတာမှလွတ်ကင်းရန်အတွက် မိမိကိုယ်ကိုမိမိ သာသနာတော်၌ပင်မြှုပ်နှံတော့မည်ဟု ဆုံးဖြတ်ပြီး တောင်ငူမြို့အရှေ့ဘက် သောက်ရေခပ်ချောင်းဘေး နဂါးမောက်ရွာ၊ ကျောက်ပါးစပ်ရွာ၊ ရေပါရွာ စသော ကရင်ရွာများအနက် ကျောက်ပါးစပ်ရွာမှ အရှေ့ဘက် (၈) မိုင်ခန့်အကွာရှိ ကျောက်ဂူထဲတွင် တောရဆောက်တည်၍ သီတင်းသုံးတော်မူလေသည်။

❑ **မယ်ဒက်ဆရာတော်ဘဝသို့**

ဤသို့ မထင်မရှား တစ်ပါးတည်း သီတင်းသုံးတော်မူနေစဉ် ရေတာရှည်မြို့နယ် သာယာကုန်းကျေးရွာမှ အင်္ဂလိပ်သစ်ကုမ္ပဏီ(မက်ကရီယာ)တွင် ဆင်ခေါင်းလုပ်သားအဖြစ် အမှုထမ်းနေကြသော ဦးထွေးကျော်၊ ဒေါ်မင်းထွေးနှင့် သမီး မအံဇာ၊ ၎င်း၏ခင်ပွန်း ကိုကံရေတို့ နေထိုင်လျက်ရှိကြသည်။

သူတို့၏နိစ္စဓူဝအလုပ်မှာ သစ်တောကြီးမှသစ်များကို ဆင်များဖြင့် တောင်ငူမြို့အရှေ့ဘက်ရှိ သောက်ရေခပ်ချောင်းထဲသို့ ဆွဲချရလေသည်။

ထိုသို့ နေ့စဉ်နှင့်အမျှ လုပ်ငန်းများကိုလုပ်နေစဉ် ရဟန်းငယ်တစ်ပါးတည်း တောထဲမှထွက်ထွက်လာကာ ကရင်ရွာများဆီသို့ ဦးတည်ပြီး ဆွမ်းခံနေသည်ကို တွေ့ရဖန်များသောအခါ ကြည်ညိုသဒ္ဓါစိတ်များပွားများလာပြီး ၎င်းတို့ထံဆွမ်းပင့်ကျွေးလိုကြောင်း လျှောက်တင်သဖြင့် ရဟန်းငယ်သည် သီတင်းသုံးရာနေရာဖြစ်သော ကျောက်ဂူသို့ လက်ညှိုးညွှန်၍ပြလေသည်။ ဦးထွေးကျော်နှင့် ဆင်လုပ်သားအပေါင်းတို့သည် ရဟန်းငယ်၏စကားကို ကြားရသောအခါတွင် စိတ်မကောင်းဖြစ်လျက် -

ရေတာရှည်သို့သွားရာလမ်းတွင် ဘုရားငုတ်တိုတစ်ဆူရှိပြီး ထိုအနီး၌ ကျောင်းဆောက်လှူဒါန်းလျက်တော်မည်ဟုအကြံရှိသည့်အတိုင်း ရဟန်းငယ်အား ကျောင်းထိုင်ပါမည့်အကြောင်းလျှောက်တင်ရာ ရဟန်းငယ်က -

"ဒကာကြီး၊ တောဝါကောရရဲ့လား"

ဟု မေးမြန်းလိုက်သည်။

ထိုအခါ တောဝါ၏သဘောကို နားမလည်သော ကိုကံရေက -

"မှန်လှပါဘုရား၊ တောဝါဆိုတာ မသိလို့ ပြန်လည် အမိန့်ရှိရပါဘုရား"

ဟု လျှောက်တင်လေရာ -

"တောဝါရဲ့အဓိပ္ပာယ်က ကျောင်းသင်္ခမ်းနဲ့ တာငါးရာအကွာ လူနေအိမ်မရှိတဲ့နေရာကို တောဝါလို့ခေါ်တယ်"

ဟု ပြန်လည်အမိန့်ရှိတော်မူ၏။

မိန့်တော်မူပြီး များမကြာမီ ၎င်းတို့ဆောက်လုပ် လှူဒါန်းသော ကျောင်းသင်္ခမ်း၌ ရဟန်းငယ် သီတင်းသုံးတော်မူလေသည်။ ရဟန်းငယ်သီတင်းသုံးသော ကျောင်းသင်္ခမ်းနေရာ၌ လွန်ခဲ့သော နှစ်တစ်ရာခန့်က မယ်ဒက်အမည်ရှိ ရွာကြီးရှိခဲ့လေသည်။

❑ **မဟာဗောဓိသမိုင်း**

အိန္ဒိယနိုင်ငံ ပါတလိပုတ်ပြည်ရှိ သီရိဓမ္မာသောကမင်းကြီး၏သားတော် ရှင်မဟိန္ဒသည် မြတ်စွာဘုရားပွင့်တော်မူသော မဟာဗောဓိပင်၏ တောင်ကိုင်းအား ဆေးဒန်း၊ မြင်းသီလာနှင့်ဖြတ်၍ ပင့်ပြီးလျှင် သီဟိုဠ်(သီရိလင်္ကာပြည်) အနုရာဓပုရမြို့၌ စိုက်ပျိုးခဲ့ပါသည်။

၎င်းဗောဓိပင်မှာ နှစ်ကာလကြာညောင်းလာ၍ ခြောက်သွေ့လာပြီး လဲကျသွားသဖြင့် ၎င်းနေရာကို ထုပါရုံစေတီတည်ထားတော်မူသည်။ ထိုသို့ တည်ထားရာ များမကြာမီ စေတီ၏ လေးမျက်နှာအရပ်တွင် ဗောဓိပင်များ ပြန်လည်ပေါက်လာရာ ထိုအပင်မှအသီးကိုအလိုရှိသောကြောင့် မယ်ဒက်ဆရာတော်သည် အေဒီ ၁၉၂၆ ခုနှစ် (၁၂၈၇ ခုနှစ်)၌ အနုရာဓမြို့တော်သို့ ဒါယကာလေးယောက်ကိုစေလွှတ်လိုက်ရာ ၎င်းဗောဓိသီး(၃၂)လုံးရရှိလာသဖြင့် ၎င်းနှစ် သီတင်းကျွတ်လပြည့်ကျော်တွင် ဗောဓိသီးစိုက်ပျိုးရန်အတွက် အောင်မြေကိုယူရန် မဇ္ဈိမဒေသရှိ သတ္တဌာနသို့စေလွှတ်ပြန်လေသည်။

အောင်မြေများကို ယူဆောင်လာကြပြီး အေဒီ ၁၉၂၆ ခုနှစ်၊ မေ(၂၅)ရက် (၁၂၈၈ခုနှစ်၊ ကဆုန်လပြည့်နေ့) တနင်္ဂနွေနေ့တွင် ဗောဓိသီး(၁၀)လုံးကိုစ၍စိုက်ပျိုးလေသည်။ ရက်အနည်းငယ်အတွင်း ဗောဓိပင် (၃၂) ပင်ပေါက်လာသဖြင့် နောက်ထပ် (၁၀) လုံး ထပ်မံစိုက်ပျိုးရာ (၇၅) ပင်ပေါက်လာလေသည်။

ကျန်ဗောဓိသီး (၁၂) လုံးကို အေဒီ ၁၉၂၈ ခုနှစ်၊ (၁၂၉၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့) တွင် ထပ်မံစိုက်ပျိုးသောအခါ အပင်ပေါက်(၁၀၈)ပင်ပေါက်လာပြန်လေသည်။

❑ **ဗောဓိပင်များကို မြန်မာပြည်အတွင်း တန်ခိုးကြီးဘုရားများတွင်ဦးစွာစိုက်ပျိုးခြင်း**

ပထမမယ်ဒက်စေတီတော်ကြီး၏ အင်္ဂါထောင့်တွင်တစ်ပင်၊ လွှမ်းစေတီဘုရားအင်္ဂါထောင့်တွင်တစ်ပင် စသည်ဖြင့် အစကနဦးပျိုးသောအပင်များကို ပထမစိုက်ပျိုးသည်။

၁၉၂၆ ခုနှစ်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားကြီး၏ အင်္ဂါထောင့်တွင် တစ်ပင်၊ ၎င်းနောက် တောင်ငူရှိ ရွှေဆံတော်ဘုရားကြီးတွင် တစ်ပင်၊ တောင်ငူမြို့အရှေ့ဘက်မြတ်စော်ညီနောင်ဘုရားကြီးတွင်တစ်ပင်၊ သထုံမြို့ ရွှေစာရံဘုရားတွင်တစ်ပင်၊ မုတ္တမမြို့မြသိန်းတန်ဘုရားတွင်တစ်ပင်၊ ပြည်မြို့ရှိ ရွှေဆံတော်ဘုရားတွင်တစ်ပင်၊ မကွေးမြို့ မြသလွန်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတွင်တစ်ပင်၊ မင်းဘူးရှိ ရွှေစက်တော်ဘုရားတွင်တစ်ပင်၊ ပုဂံ အာနန္ဒာဘုရားတွင်တစ်ပင်၊ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတွင်တစ်ပင်၊ ပင်းယမြို့ ရွှေစည်းခုံဘုရားတွင်တစ်ပင်၊ ရတနာပူရ အင်းဝမြို့စန္ဒာမုနိဘုရားကြီးတွင်တစ်ပင်၊ မန္တလေးမြို့ အိမ်တော်ရာဘုရားတွင် တစ်ပင်၊ သကျသီဟဘုရားတွင်တစ်ပင်၊ မန္တလေးမြို့အရှေ့ဘက် ရွှေနားရွှေင်းကျချောင်းအနီး စောမွန်လှတည်ခဲ့သော ရွှေစာရံဘုရားတွင်တစ်ပင်၊ စစ်ကိုင်းမြို့ ပတ္တမြားစေတီတွင်တစ်ပင်၊ ငါးထပ်ကြီးဘုရားတွင်တစ်ပင်၊ ကောင်းမှုတော်ဘုရားတွင်တစ်ပင် စသည်တို့ စိုက်ပျိုးခဲ့သည်။

ထို့နောက် ရွှေဘိုမြို့ ပုသိမ်တော်ကြီးဘုရားတွင်တစ်ပင်၊ မိုးကုတ်မြို့နယ် သပိတ်ကျင်းမြို့အနီး ဧရာဝတီမြစ်လယ်ကျွန်းမှ သီဟတောဘုရားတွင် တစ်ပင်၊ ရမည်းသင်းမြို့အရှေ့ဘက်တောင်တန်းပေါ်ရှိ ရွှေမြင်တင်ဘုရားတွင်တစ်ပင် စသည်ဖြင့် ပထမပျိုးသော ဗောဓိပင် (၃၂) ပင်အား မြန်မာပြည်ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများတွင် ဤသို့စိုက်ပျိုးခဲ့ပါသည်။

၎င်းပြင် ရေတာရှည်မြို့ ဓာတ်တော်ကြီးဘုရားတွင် တစ်ပင်၊ ရေတာရှည်မြို့အရှေ့ဘက် (၆) မိုင်အကွာ၊ စစ်တောင်းမြစ်၏အရှေ့ဘက်ကမ်း ကရင်ချောင်းရွာရှိ ရွှေပြည်အေးဘုရားကြီးတွင်တစ်ပင်၊ ရေတာရှည်မြို့နယ် နဂျပ်ရွာရှိ လောကမာရ်အောင်ဘုရားကြီးတွင်တစ်ပင်၊ ရေတာရှည်မြို့ ပိတောက်ကုန်းရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာ တောင်တန်းပေါ်တွင်ရှိ ရွှေမြင်တောင်ဘုရားတွင်တစ်ပင်၊ သံတောင်မြို့နယ် သမိတိုက်ဒိုင်နယ် မဏ္ဍပ်တောင်ရွာအနီးရှိဘုရားကြီးတွင်တစ်ပင်၊ ငှက်ပျောတောရွာရှိ ကိုးတောင်ပြည့်ဘုရားတွင်တစ်ပင်၊ ညောင်လေးပင်မြို့ပေါ်တွင် ဒေါ်စစ်ရာ ပင့်ဆောင်သွားခဲ့သောတစ်ပင်၊ ဒိုက်ဦးမြို့ရှိ ကံဦးကျောင်းဘုရားအနီးတွင်တစ်ပင်၊ ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးဘုရားအနီး နတ်တောင်ပေါ်တွင် ဗောဓိပင်တစ်ပင်နှင့်လင်းလွန်းပင်တစ်ပင် စသည်တို့ကို စိုက်ပျိုးခဲ့ပါသည်။

**□ မယ်ဒက်ဆရာတော်ကြီးကိုယ်တော်တိုင် အုတ်မြစ်ချ၍ တည်ထားခဲ့သောဘုရားများ**

ရေတာရှည်မြို့နယ် နဂျပ်ရွာ၏အနောက်တောင်ဘက် နှစ်ဖာလုံခန့်အကွာ တောင်ထိပ်ပေါ်တွင် လောကမာရ်အောင်ဘွဲ့အမည်နှင့်တစ်ဆူ၊ ၎င်းဘုရားတောင်ဘက် တစ်ဖာလုံခန့်အကွာ ဝက်ပါတောင်ပေါ်တွင် လောကနန္ဒာဘွဲ့အမည်နှင့် ဂူဘုရားတစ်ဆူ၊ တောင်ငူမြို့အရှေ့ဘက်တောင်တန်းပေါ်ရှိ ဥမင်ကျောက်ဂူပေါ်၌ ဘုရားတစ်ဆူတို့ တည်ထား ကိုးကွယ်ခဲ့သည်။

တစ်ဖန် အေဒီ ၁၈၈၇ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (မြန်မာနှစ် ၁၂၄၉ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ ရက်) အင်္ဂါနေ့တွင် ပုပ္ပားမြို့ ဦးတင့်တယ်နတ်ကွန်း၏အနောက်ဘက်တွင်တစ်ဆူ တည်ထားခဲ့သည်။

ဆရာတော်ဘုရားကြီး တပည့်များကို စေလွှတ်၍ တည်ထားခဲ့သောဘုရားများမှာ -

ပုပ္ပားမြို့အရှေ့ဘက် ဦးတင့်တယ်နတ်ကွန်းအနီးတွင် အောင်ချမ်းသာဘွဲ့အမည်နှင့်တစ်ဆူ၊ ရေတာရှည်မြို့အနောက်ဘက်မိုင် (၂၀)အကွာရှိ ရေငန်ကြီးရွာ၏တောင်ဘက် တစ်ဖာလုံခန့်ဝေးသော တောင်ထိပ်ပေါ်တွင် စေတီတစ်ဆူနှင့် ဗောဓိပင်တစ်ပင် စသည်တို့ဖြစ်ကြသည်။

**□ မယ်ဒက်ဆရာတော်ဘုရားကြီး၏နေ့စဉ်ကျင့်ဝတ်ပဋိပတ်များ**

၁။ လဆန်းတစ်ရက်နေ့မှ ရှစ်ရက်နေ့အထိ ဆားနှင့်ဆွမ်းမျှသာဘုဉ်းပေးသုံးဆောင်တော်မူပြီး ဒါယကာများအားဖူးမြော်ကန်တော့မှုမပြုစေခြင်း။ နေ့စဉ်နံနက် (၆) နာရီမှ (၇) နာရီအကြား ဘုရားဝတ်တက်၍ မဟာဗောဓိပင်များကို ရေသွန်းလောင်းပြီး သတ္တဝါများအားလုံးကို မေတ္တာပို့အမျှပေးဝေခြင်း။

၂။ ခုနစ်နာရီမှ ကိုးနာရီအကြားတွင် ဒါယကာများကို တရားများအားထုတ်ရန် ဆိုဆုံးမခြင်း။

၃။ ကိုးနာရီမှ ဆယ့်နှစ်နာရီအကြားတွင် ရေသုံးသပ်တော်မူခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း။

၄။ တစ်နာရီမှ ငါးနာရီအတွင်း ဂူအောင်းပြီးလျှင် ကမ္မဋ္ဌာန်းတရားများကို အားထုတ်တော်မူခြင်း။

၅။ ညနေလေးနာရီမှ ငါးနာရီအကြားတွင် အဋ္ဌဒိသာရှစ်မျက်နှာအရပ်သို့ လှည့်လည်ပြီး ပရိတ်မေတ္တာများပို့ခြင်း။

၆။ ငါးနာရီမှနေ၍ ခြောက်နာရီအထိ ဒါယကာများကို တရားဟောပြောဆုံးမခြင်း။

၇။ ခြောက်နာရီမှ ဆယ်နာရီအထိ ပုတီးစိပ်ပြီးလျှင် ပရိတ်မေတ္တာဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းပွားများခြင်း။

၈။ နံနက်နှစ်နာရီမှ ခြောက်နာရီအထိ ကမ္မဋ္ဌာန်းစီးဖြန်းမေတ္တာပို့ခြင်း။

ဤသည်တို့မှာ ရေတာရှည် မယ်ဒက်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိရုပ်ပုံလွှာနှင့် ဆရာတော်ကြီး၏ နေ့စဉ်ကျင့်ဝတ်၊ ကျင့်စဉ်၊ မေတ္တာပို့ ဆုတောင်းများ ဖြစ်ကြပါသည်။

**□ ယနေ့တိုင် ရုပ်ကလာပ်တော်ဖူးမြော်နိုင်သေးခြင်း**

ဤကဲ့သို့ မြန်မာပြည်အနှံ့အပြားတွင် ဘုရားစေတီများတည်ခြင်း၊ မဟာဗောဓိပင်များစိုက်ပျိုးခြင်း၊ တရားဘာဝနာများ အားထုတ်ခဲ့သော မယ်ဒက်ဆရာတော်ဘုရားကြီးသည် သက်တော် (၇၅) နှစ်၊ ဝါတော် (၅၅) ဝါအရ အေဒီ ၁၉၄၃ ခုနှစ်၊ မေလ ၁၀ ရက် (၁၃၀၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်) ညနေ (၆း၅၀) နာရီ တနင်္လာနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည့်အခါ သီလ၊ သမာဓိ ပညာတန်ခိုးကြောင့် ရုပ်ကာလပ်တော်သည် မပုပ်မသိုးဘဲ ရေတာရှည်မြို့ မယ်ဒက်ကျောင်းဝင်းအတွင်း တည်ရှိနေပါတော့သည်။

(ဤဆောင်းပါးဖြင့် မယ်ဒက်ဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင်(စက်မှုတက္ကသိုလ်)

**ကျမ်းကိုး -**

၁။ အထက်ပါ အချက်အလက်များကို ရေတာရှည်မြို့ မယ်ဒက်ဂေါပကအဖွဲ့နာယက ဦးတင်ဝင်း ကိုယ်တိုင် ဥယျာဇဉ်ရေးသားအပ်သော ၁၉၈၀ ပြည့်နှစ်၊ မတ်လ ၃ ရက် ရက်စွဲပါ စာနှင့်တကွ ၁၃၄၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက် (အဘိဓမ္မာနေ့) တွင် ရေးသားခဲ့သော ဦးပညာ၏ ဆုတောင်းပြည့် မယ်ဒက်စေတီတော်သမိုင်းကို ယက္ကန်းစင်တောင်ဆရာတော်ဦးဩဘာသကိုယ်တိုင် ကြပ်မတ်ကြီးကြပ် တည်းဖြတ်သည့် စာအုပ်မှရရှိခြင်းဖြစ်သဖြင့် အတူ... လောက်သည်ဟု ယူဆ၍ အထူး... ကိုးကား ဖော်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးမျာ... ပထမတွဲ(မောင်ပန်းမွှေးပြုစုသည်)

၃။ သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်း ဖြစ်ရပ်ဆန်းများ (တင်အောင်သည်)



www.burmeseclassic.com

www.burmeseclassic.com

ဆို သူ များ သုံး စေ ဖို့

# ရှေးမြန်မာလူကြီးသူမများ၏ပညာရပ်များ

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

### ကြီးပွားချမ်းသာ၍ ဘေးဥပဒ်အန္တရာယ်ကင်းစေရန် စိုက်အပ်သောအပင်၊ မစိုက်အပ်သောအပင်နှင့် စိုက်ရန်အရပ်မျက်နှာများ

| | အရပ်မျက်နှာများ | စိုက်အပ်သောသစ်ပင် | မစိုက်အပ်သောသစ်ပင် |
|---|---|---|---|
| ၁ | အရှေ့အရပ် တနင်္လာထောင့် | သဖန်းပင်၊ကြခတ်ဝါး | ညောင်ပင်၊ သပြေပင် |
| ၂ | တောင်အရပ်၊ ဗုဒ္ဓဟူးထောင့် | သရက်ပင် | ရှစ်ရှား(သျှိသျှား)၊ ငှက်ပျောပင် |
| ၃ | အနောက်အရပ်၊ ကြာသပတေးထောင့် | အုန်းပင်၊ ဆီးဖြူ ကံ့ကော် | လက်ပံပင်၊ ထိမ်ပင် |
| ၄ | မြောက်အရပ်၊ သောကြာထောင့် | ဆတ်သွားပင်၊ ခံတက်ပင် | သဖန်းပင်၊ ရှစ်ရှား(သျှိသျှား)ပင် |
| ၅ | အရှေ့တောင်အရပ်၊ အင်္ဂါထောင့် | သရဖီပင် | |
| ၆ | အရှေ့မြောက်အရပ်၊ တနင်္ဂနွေထောင့် | ဥသျှစ်ပင် | |
| ၇ | အနောက်တောင်အရပ်၊ စနေထောင့် | အုန်းပင်၊ ကုက္ကိုပင် | |
| ၈ | အနောက်မြောက်၊ ရာဟုထောင့် | ဆီးပင်၊ ညောင်ကြတ် | |

### မွေးနေ့အလိုက် ကောင်းကျိုးဖြစ်စေသော ယတြာသစ်ပင်

| | မွေးနေ့ | စိုက်ရမည့်နေရာ | စိုက်ရမည့်သစ်ပင် |
|---|---|---|---|
| ၁ | တနင်္ဂနွေနေ့ | မြောက်အရပ် | ဆီးပင် |
| ၂ | တနင်္လာနေ့ | အရှေ့မြောက်အရပ် | ချရားပင်၊ ခရာပင် |
| ၃ | အင်္ဂါနေ့ | အရှေ့အရပ် | သပြေ၊ သဖန်း |
| ၄ | ဗုဒ္ဓဟူးနေ့ | အရှေ့တောင်အရပ် | သီးပင်၊ ကွမ်းသီးပင် |
| ၅ | ကြာသပတေးနေ့ | အနောက်တောင်အရပ် | ထန်းပင်၊ ခနီပင် |
| ၆ | သောကြာနေ့ | အနောက်မြောက်အရပ် | အုန်းပင် |
| ၇ | စနေနေ့ | တောင်အရပ် | ကုက္ကိုပင် |

(စိုက်ပျိုးကြလေ၊ ကောင်းကျိုးဖြာစေ၊ မင်္ဂလာတိုးစေမည်)

**အန္တရာယ်ကင်းစင် အိမ်စောင့် သစ်ပင်စိုက်စေချင်**

၁။ အိမ်လေးထောင့်တွင်၊ ဗာဒံပင်၊ စိုက်လျှင်ဓားပြဝေး။

၂။ ငှင်းနည်းလျှင်၊ ကသစ်ပင်၊ စိုက်လျှင် သူခိုးဝေး။

၃။ ဂမုန်းဇည့်လာ၊ အိမ်ဦးမှာ၊ စိုက်ပါ ခွေရံပေး။

၄။ အိမ်ဦးမြေတွင်၊ ကင်ပွန်းပင်၊ စိုက်လျှင်အသရေပေး။

၅။ နတ်ကွပ်ကွမ်းစား၊ ဂမုန်းကား၊ စိုက်ငြားအန္တရာယ်ဝေး၊ လိုရာကူညီ စိတ်အရှိ သိဒ္ဓိအကုန်ပေး။

၆။ ဇည့်လာဂမုန်းမှာ၊ စီးပွားရှာ၊ လွန်စွာ အကျိုးပေး။

၇။ ဆိတ်ဖလူးပင်၊ ခြံဝင်းတွင်၊ စိုက်လျှင် မြွေကင်းဝေး။

၈။ အိမ်ဦးသစ်ပင်၊ ပန်းသဇင်၊ တည်လျှင် ကောင်းကျိုးပေး။

လူနတ်မြတ်နိုး၊ အသရေတိုး၊ ဘုန်းမျိုးကြွယ်ဝသေး။

ရှုကွေ့ပင်ထူး၊ သဇင်မြူး၊ အထူးတည်တံ့လေး။ ။

**အသီးအပင်မစိုက်ရသော ပိုးကျရက်များ**

လဆန်း (၁) (၆) (၇) (၁၂) (၁၃) ရက်များ။

လဆုတ် (၁) (၆) (၇) (၁၂) (၁၃)။

**ပိုးကျနေ့ရွေးနည်း**

| စ | သာ | လယ် | တော | မ | ယော | သီး | နှံ | ရေ | အ | မှန် | ချီ |
|---|---|---|---|---|---|---|---|---|---|---|---|

တစ်လုံးစီပ တန်ခူးလက စ၍ရေလေ။

၃ → ၆ → ၄ → ၇ → ၅ → ၄ → ၆ → ၇ → ၄ → ၁ → ၅ → ၂

တန်ခူး → → → → → → → → → တပေါင်း

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့လမ်းစဉ်ကို လေ့လာလိုက်စားကျင့်ကြံအားထုတ်ကြသူများသည် ဝိဇ္ဇာကြီးများ၊ ပုဂ္ဂိုလ်ထူးများ၏ ကြည့်ရှုစောင့်ရှောက် လမ်းညွှန်ခြင်းများကို ခံယူလိုသည့် စိတ်ဆန္ဒများမှာ များသောအားဖြင့် ကိန်းအောင်းနေပေသည်။ ထူးထွေဆန်းပြားသည့်ဖြစ်စဉ်များကို မြင်တွေ့ကြုံတွေ့လိုကြပေသည်။ ထို့အပြင် အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်နှင့် အခြားသော ဘိုးတော်များကိုလည်း ဖူးတွေ့ချင်ကြပေသည်။ ထိုသို့ မျက်ဝါးထင်ထင် ဖူးတွေ့နိုင်စေရန် အဓိဋ္ဌာန်ပုတီးစိပ်လေ့ရှိကြ၏။ ထို့အပြင် အဘဘိုးမင်းခေါင်နှင့် လိပ်ပြာ (အာရုံ) ချင်း ဆက်နွယ်သူများထံသို့ သွားရောက်ပြီး အဘထံအပ်နှံပေးပါမည့်အကြောင်း နေကြားလေ့ရှိပေသည်။

ထိုပုဂ္ဂိုလ်များကလည်း အဘအတွက် ရည်စူးပြီး ကန်တော့ပွဲထိုးပေးသော အပ်နှံပေးလေ့ရှိ၏။ အဘထံအပ်နှံခံရသော်လည်း အဘ၏ဝိညာဉ်သည် ကျောင်းထဲတွင်ဝင်ရောက်စာတ်စီးခြင်းမရှိသည်ကို အောက်ပါဖြစ်ရပ်ကသက်သေခံနေပေသည်။

❑

အောင်မော်သည် အစ်ကိုဖြစ်သူ ကောင်ဖော်ကို အဖော်ခေါ်ရာတွင် ငြင်းဆယ်လိုက်သဖြင့် တစ်ယောက်တည်း ရွှေဘုံကုန်းတော်ပေါ်သို့တက်ခဲ့လေ၏။

ဒီနေ့သည် အောင်မော် သက်သတ်လွတ်စားသည်မှာ တစ်လပြည့်သည့်နည်းတူ အရဟံဂုဏ်တော်အပတ်တစ်ထောင်ပြည့်သည့်နေ့ဖြစ်လေသည်။ ထိုနေ့အတွက် အပတ်ရေပြည့်ရန် အဘဘိုးမင်းခေါင်ရုပ်တုရှေ့တွင် ပုတီးစိပ်အဓိဋ္ဌာန်ဝင်ရန်ဖြစ်လေသည်။ နံနက် (၆း ၃၀) ခန့်အချိန် ရင်ပြင်တော်ပေါ်တွင် လူမျိုးခြား အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း အင်္ဂလိပ်လူမျိုးဟုထင်ရသော ရဟန်းတစ်ပါးအား လူအချို့ ဝတ္ထုပစ္စည်းလှူဒါန်းသည်ကို မြင်တွေ့ရလေသည်။ အောင်မော်လည်း ထိုရဟန်းတော်အား ဦးချရှိခိုးပြီး ငွေကျပ် (၁၀) ကို လှူလိုက်လေသည်။ ဆရာတော်သည် နှုတ်မှတိုးညင်းစွာ ဆုတောင်းပေးပြီး ထွက်သွားလေသည်။ (အဆိုပါရဟန်းကို နေ့စဉ်ဆွမ်းလောင်းသူများယခုတိုင်ရှိနေပါသည်။) အောင်မော် အဘဘိုးမင်းခေါင်ရုပ်တုရှေ့ ကွပ်ပျစ်ရှေ့တွင် အကျအနထိုင်လေသည်။ ရွှေတိဂုံစေတီတော်ဘက်သို့ ဦးခိုက်ပြီးငါးပါးသီလတောင်းခံတည်ဆောက်လေသည်။ ပြီးလျှင်အဘအားရိုကျိုးစွာရှိခိုးလေ၏။

“အဘဘုရား၊ သားတော်ကို အသိအမှတ်ပြုပါ။ စောင့်ရှောက်ပါဘုရား။ အဘကိုဖူးတွေ့ချင်ပါတယ်ဘုရား”

အောင်မော်သည် နှုတ်မှအသံထွက်ရွတ်ဆိုပြီးသည်နှင့် အရဟံဂုဏ်တော်ပုတီးစိပ်လေသည်။ အာရုံတွင်

www.burmeseclassic.com

အဘ၏ပုံရိပ်ကိုပေါ် အောင်ကြိုးစားကာ မှတ်နေလေသည်။ အောင်မော်သည် ယခုတစ်ကြိမ်သာ အဘကိုအာရုံတွင်စွဲနေအောင်မှတ်ကာ ပုတီးစိပ်ခဲ့သည်သာ မဟုတ်။ ယခင့်ယခင် အဓိဋ္ဌာန်ပုတီးစိပ်နေစဉ်ကပင် အဘကိုလိုလားတောင်းတစွာ မျှော်မှန်းခဲ့ပေသည်။ တစ်နာရီခန့်ကြာမျှလတ်သော် ကိစ္စအလုံးစုံပြီးသဖြင့် အရှေ့မုခ် ဇဟန်းဘက်စောင်းတန်းဆီသို့ ဆင်းခဲ့လေသည်။ စောင်းတန်းများကို ကျော်လွန်ပြီး ကားလမ်းမဘက်ရောက်ရှိလေ၏။ လမ်းလေးခွဆုံအနီး ဘယ်ဘက်ဆိုင်ခန်းတစ်ခုရှေ့တွင် ပကတိလူအတိုင်း ထိုင်နေသည့် အဘဘိုးမင်းခေါင်ရုပ်တုကို တွေ့ရလေသည်။ အောင်မော်သည် ကြည်ညိုလွန်းသဖြင့် မတ်တတ်ရပ်ကာ ကန်တော့လိုက်သည်။ ဆိုင်ရှေ့တွင် အဘရုပ်တုငယ်များစီတန်းချထားလေရာ အိမ်တွင်ကိုးကွယ်ရန် ရုပ်တုတစ်ခုဝယ်ယူလိုက်သည်။ ရုပ်တုမှာ တစ်ပေသာသာ အမြင့်ရှိလေသည်။ အချိုးအဆစ်ကျနလှပေသည်။ အဘကိုပွေ့ပိုက်ကာ ဒဂုံအရှေ့ပိုင်းအိမ်သို့ပြန်လာလေသည်။

## ❑ ပထမအကြိမ်ထူးခြားမှု

သတင်းစာစက္ကူဖြင့် အထပ်ထပ်ပတ်ကာ ကျွတ်ကျွတ်အိတ်အတွင်း ထည့်၍ပိုက်ကာ အိမ်ပေါ် တက်လာသော အောင်မော်ကို ပက်လက်ကုလားထိုင်ပေါ် မှ အစ်ကိုဖြစ်သူ အောင်ဇော်က -

"အဘတော့အိမ်ပေါ်ကြွလာပြီ"

လှမ်းပြောလိုက်ရာ အောင်မော်သည် အံ့ဩသွားပြီး အစ်ကိုဖြစ်သူကို ကြည့်လိုက်သည်။ အဘရုပ်တုကိုဝယ်ခဲ့မည်ဟုလည်း တစ်ခါမျှစကားအဆက်အစပ်မရှိခဲ့။ အိတ်အတွင်းမှ ရုပ်တုသဏ္ဌာန်ကိုလည်း သူအဖို့မမြင်တွေ့နိုင်။ မနေနိုင်တော့ဘဲ အဘရုပ်တုမှန်းဘယ်လိုသိသလဲဟု မေးရလေသည်။

အောင်ဇော်က -

"ဟ - ငါလည်းဘယ်သိပါ့မလဲ"

"ငါ့ဘာသာငါ ဘယ်လိုပြောမိမှန်းတောင်မသိဘူးဟ"

"ကဲ-အဘကိုသန့်စင်ပြီး နေရာချရအောင်"

၎င်းတို့ညီအစ်ကိုနှစ်ဦးတွင် မိဘများရှိကြသော်လည်း အတူမနေကြ။ ညီအစ်ကိုနှစ်ဦးသား သီးသန့်နေကြသည်။ ညီအစ်ကိုနှစ်ယောက်စလုံး သက်သတ်လွတ်စားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းများပြုလုပ်လေ့ရှိကြပေသည်။ အောင်ဇော်သည် ရပ်ကွက်အတွင်း ခင်မင်သူများက အကူအညီတောင်းခံလျှင် အိမ်တွင်းနတ်အား ပင့်ဖိတ်ခြင်း၊ အုန်းတော်လဲပေးခြင်း၊ အမေနံကရိုင်းမယ်တော်အား ပူဇော်ခြင်းနှင့် ဦးရှင်ကြီးတင်မြှောက်ပေးခြင်းများ လုပ်ပေးလေ့ရှိပေသည်။ အဘရုပ်တုကို ဘုရားကျောင်းဆောင်၏အောက်တွင် စားပွဲတစ်လုံးပေါ် တွင် ပူဇော်ထားလေသည်။ အဘရှေ့တွင် ရေနွေးကြမ်းတစ်ပန်းကန်၊ ဆေးပြင်းလိပ်တစ်လိပ်နှင့် ကွမ်းယာကပ်ထားလေသည်။ ကွမ်းယာတွင် ထုံး၊ ကွမ်းသီး၊ ဆေးရွက်ကြီးအချို့ဖြင့်ယာထားပေးရသည်။

## ❑ ဒုတိယအကြိမ်ထူးခြားမှု

အောင်ဇော်၊ အောင်မော်တို့နှစ်ဦးသည် အဓိဋ္ဌာန်ဖြင့် သက်သတ်လွတ်စားခြင်း၊ ပုတီးစိပ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လေသည်။

တစ်ခုသောမနက်တွင်ဖြစ်သည်။ သူငယ်ချင်းဖြစ်သူ ကိုကျော်မောင်နှင့်အတူ ညီအစ်ကိုနှစ်ယောက် နန္ဒဝန်ဈေးရှေ့လက်ဖက်ရည်ဆိုင် လက်ဖက်ရည်သောက်ရင်း အာလာပသလ္လာပပြောဆိုနေကြ၏။ အတန်ကြာပြောဆိုပြီးနောက် ဆိုင်မှထရန်ဟန်ပြင်စဉ် အောင်ဇော်သည် ရုတ်တရက် သူ့ကိုပြောသောစကားသံကို ကြားမိသည်။

"ဟေ့ - မင်းရှေ့ကနှစ်ကောင်စီမှာ တစ်ယောက် (၂၀) စီတောင်းစမ်း"

အောင်ဇော်သည် ဟုတ်မှဟုတ်ရဲ့လားတွေးကာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ဘာလုပ်ရမလဲဟုစဉ်းစားနေစဉ် -

"ဟေ့ကောင် တောင်းလေကွာ"

အသံက မာထန်ထန်အမိန့်ပေးသံပါသည်။ ထိုအခါ အောင်ဇော်သည်-

"အောင်မော်နဲ့ ကျော်မောင်ငါ့ကို (၂၀) တန်တစ်ရွက်စီပေးကွာ"

အောင်မော်သည် သူ့အစ်ကို စီးကရက်သောက်ချင်၍တောင်းသည်ဟု ထင်ကာ -

"အစ်ကို ဆေးလိပ်ယူလေ၊ ရှင်းလိုက်မယ်"

အောင်ဇော်သည် ခေါင်းယမ်းကာ (၂၀) တန်ကို အတွင်တွင်တောင်းလေသည်။ ကိုကျော်မောင်က (၂၀)တန်တစ်ရွက်ထုတ်ပေးလိုက်၏။ အောင်မော်ကလည်း တစ်ရွက် (၂၀) တန် (၂)ရွက်ကို ထပ်ကိုင်ရင်း ဟိုကြည့်ဒီကြည့်ကြည့်နေသော အောင်ဇော်ကို ကျန်နှစ်ယောက်က ငေးငိုင်ငိုင်ကြည့်နေသည်။

"လာ - သွားကြမယ်"

အောင်ဇော် ဝိုင်းမှထကာ နန္ဒဝန်ဈေးဘက်သို့ လှမ်းကြည့်လိုက်သည်။ အလှူခံယောဂီဝတ် အမေကြီးတစ်ဦး ကားလမ်းကူးလာသည်။

"သွားပြီးလှူလိုက်"

ပြောသံကြားရသည်နှင့် အောင်ဇော်သည် ထိုအမေကြီးရှိရာသို့ သွားပြီး ငွေ(၄၀)ကို လှူလိုက်လေသည်။အောင်မော်နှင့် ဧည့်သည် ကိုကျော်မောင်တို့နှစ်ဦးသည် နားမလည်နိုင်စွာဖြင့် အောင်ဇော်၏အပြုအမူကိုကြည့်နေရလေသည်။

## ❑ တတိယအကြိမ်ထူးခြားမှု

ညီအစ်ကိုနှစ်ယောက်သည် အဘဘိုးမင်းခေါင်ရုပ်တုရှေ့တွင် အိပ်ခါနီး ညတစ်ချိန်၊ နံနက်အရုဏ်တစ်ချိန် အဓိဋ္ဌာန်ပုတီးပတ်ကို ရက်ပျက်မရှိအောင်စိပ်ကာ ကြိုးစားအားထုတ်လေသည်။ အငယ်အောင်မော်သည် အဘနှင့်တွေ့လိုစိတ်ဇောဖြင့် တန်ခိုးကြီးဘုရားများသို့ သွားရောက် အဓိဋ္ဌာန်ဝင်လေသည်။ အစ်ကိုဖြစ်သူ အောင်ဇော်သည် ပို၍ကြိုးစားအားထုတ်လေသည်။ သို့ရာတွင် သူက လိပ်ပြာ(ဝိညာဉ်)လှသည်ဟုဆိုရမည်လော။ သို့မဟုတ် အဘနှင့်ရှေးရှေးဘဝက ပါရမီအထုံရေစက်ကြောင့်လားမဆိုနိုင်။ အဘသည် သူ့ကို အမိန့်ပေးခြင်း၊ ခိုင်းစေခြင်းများကို အဘဆန္ဒအတိုင်းလုပ်ဆောင်နေရသည်။ ၂၁ ရာစုခေတ်တွင် သည်လိုကိစ္စမျိုးပြောပြရလျှင် သူ့ကို ငကြောင်ဟု အပြောခံရမည်မှာ သေချာပေသည်။ ထိုအကြောင်းကို သူ့ညီနှင့် မိတ်ဆွေအချို့ကို တိုးတိုးတိတ်တိတ်ပြောမိလေသည်။ စိတ်နယ်လွန်ဖြစ်ရပ်များ နိုင်ငံရပ်ခြားတွင် ဖြစ်ပွားခဲ့သည်များကို မဂ္ဂဇင်း၊ဂျာနယ်တို့တွင် ဘာသာပြန်များဖတ်ရှုခြင်းအားဖြင့် လက်ခံရမည်ဖြစ်နေသကဲ့သို့ရှိနေရာ ယခုကိုယ်တိုင်ကြုံတွေ့နေရလေသည်။

တစ်နေ့ ရင်းနှီးသည့် ကိုကျော်မောင် ဇနီးမောင်နှံက အောင်ဇော်ကို ထမင်းဖိတ်ကျွေးရန်စီစဉ်လေသည်။ ကိုကျော်မောင်သည် ယခုအချိန် ယာယီအလုပ်လက်မဲ့ဖြစ်၍နေသည်။ စီးပွားရေးကောင်းလှသည်မဟုတ်ပေ။ အောင်ဇော်ကို နံနက်စာဖိတ်ကျွေးရန်စီစဉ်လေသည်။ သက်သတ်လွတ်ဟင်းများ ချက်ပြုတ်ထားသည်။ ကိုကျော်မောင်တို့ ယခုပြောင်းလာသည့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို အောင်ဇော်မရောက်ဘူးသေး။ ဝါဝင်ခါနီး ပြောင်းရွှေ့လာရသဖြင့် နီးစပ်ရာ နတ်ကတော်တစ်ဦးကိုခေါ်ပြီး အိမ်တွင်းအုန်းဆွဲရသည်။ အမေနံကရိုင်း မယ်တော်စင်လုပ်ရသည်။ လုပ်ကိုင်ထားသည်မှာ မှန်ကန်မှုရှိမရှိ အောင်ဇော်ကို ပြချင်သည့်သဘောလည်းပါလေသည်။

ထိုနေ့တွင် ကိုကျော်မောင်တို့သည် ထမင်းစားပွဲပြင်ကာစောင့်နေလေသည်။ အချိန်မှာ နံနက်(၁၁)နာရီခန့်ရှိနေသည်။ အောင်ဇော်သည် (၁၀)နာရီကတည်းက ကိုကျော်မောင်ရှိရာ ဒဂုံအရှေ့သို့သွားရာ ကားမှတ်တိုင်တွင်စောင့်နေစဉ် ၎င်းနှင့် ရင်းနှီးသူမိတ်ဆွေနှစ်ဦးရောက်လာလေသည်။ အောင်ဇော်ကို ထိုမိတ်ဆွေနှစ်ဦးသည် သန်လျင်သို့လိုက်ခဲ့ရန် အတင်းအဓမ္မခေါ်သဖြင့်လိုက်သွားရလေသည်။ အရေးတကြီးကိစ္စအတွက်မို့ မလိုက်မဖြစ်လိုက်ရသည်။ ကားစောင့်ကားစီးရင်း အချိန်မှာ (၁၂) နာရီကျော်နေပေသည်။ သန်လျင်သို့သွားသော ပါရမီကားပေါ်တွင်ရှိနေကြသည်။ နေ့ခင်းပိုင်းဖြစ်သော်လည်း ကားကလူကျပ်နေသည်။ မိတ်ဆွေနှစ်ဦးနှင့်အတူ မတ်တတ်ရပ်လိုက်ပါလေသည်။ ထိုအချိန်တွင် အဘအသံကိုကြားရသည်။

"ဟေ့ကောင်၊ ထမင်းကျွေးမယ့်လူကစောင့်နေတယ်။ ရှိလို့ကျွေးတာမဟုတ်ဘူးကွ၊ ထမင်းဖိတ်ကျွေးတာ ဟိုမှာ မင်းကိုဒေါ်ပွနေတယ်။ ရောက်အောင်သွားစမ်းကွာ"

အောင်ဇော်လည်း အမှတ်တမဲ့ ပြန်ပြောလိုက်သည်။

"ဟာ-အဘကလည်း အခုဘယ်သွား လို့ရမှာလဲ"

အောင်ဇော်၏အသံက အနည်းငယ်ကျယ်လောင်သွားလေသည်။ ၎င်း၏နောက်ကျောတွင်ကပ်၍ ရပ်နေသော မိတ်ဆွေနှစ်ဦးသည် ဘယ်သူနှင့်စကားပြောနေပါလိမ့် ဟူသောအတွေးဖြင့် ဘေးဘီသို့လှည့်ကြည့်ရာ အောင်ဇော်၏ အသိမိတ်ဆွေဟူ၍ မတွေ့ရပေ။ မိတ်ဆွေတစ်ယောက်က -

"ဟေ့ - အောင်ဇော်၊ ဘယ်သူနဲ့ပြောနေတာလဲ"

ဟု မေးလေရာ အသာအယာ ခေါင်းခါပြလိုက်ရသည်။ ထို့နေ့ ညနေ [illegible] နာရီတွင် ထမင်းဖိတ်ကျွေးသည့် ကျော်မောင်အိမ်သို့ရောက်ရှိလေ၏။ အိမ်ပေါ်တက်လျှင်တက်ချင်း -

"ဟေ့ - မင်းတို့ ငါ့ကို ဒေါ်ပွနေတယ်မဟုတ်လား"

"ဟုတ်တာပေါ့၊ ဒေါ်ပွနေတာ။ ခုထိ ထမင်းပွဲမသိမ်းတာကိုကြည့်ပေါ့ကွာ"

အောင်ဇော်လည်း မနက်စာကို ညနေမှာပင် စားသောက်ရလေသည်။ စားသောက်ရင်း ခေါင်းရင်းဘက်သို့ ကြည့်လိုက်မိလေရာ အိမ်တွင်းဆွဲထားသော အုန်းတော်ကိုကြည့်ပြီး တစ်ခုခုမှားနေသည်ဟု ထင်မိလေသည်။ စားသောက်ပြီးစီး၍ စကားစမြည်ပြောစဉ် -

"ဟေ့ကောင်-အုန်းတော်ကို မင်းစရိတ်နဲ့ပြန်ဆက်ပေးလိုက်"

အသံကြားသဖြင့် အောင်ဇော်က-

"လုပ်ပေးပါ့မယ်"

ဟု ပြန်အပြောတွင် ကိုကျော်မောင်က -

"ဘာလုပ်ပေးမှာလဲ"

ဟု မေးလေသည်။

"မနက်ဖြန် (၉) နာရီစောင့်နေ။ အုန်းတော်လဲပေးမယ်"

ဆိုလေရာ -

"ရေစင်ဖိုးကုန်ကျစရိတ်. . ."

ဟု ကျော်မောင်၏စကားမဆက်မီ-

"အားလုံး ငါ့တာဝန်ထား"

ဟု ပြောဆိုနှုတ်ဆက်ကာပြန်လေသည်။

အဘ ငါ့ကိုပူးကပ်နေပြီ။ နောက်ဘာများခိုင်းဦးမလဲဟုတွေးရင်း ပြန်ခဲ့လေတော့သည်။

□ စမ်းသပ်ခြင်း

အောင်ဇော်သည် သမိုင်းဝင်စေတီများရှိရာသို့ သွားရောက်ကာ အဓိဋ္ဌာန်ပုတီးစိပ်လေ့ရှိပေသည်။ သမိုင်းဝင် ကျိုက်ခေါက်စေတီ၊ ကျိုက္ကလိုကျိုက္ကလဲ့၊ ရွှေဘုန်းပွင့်စေတီ စသဖြင့် သွားရောက်ခဲ့ရာ ယခုကျိုက္ကဆံစေတီတွင် အဓိဋ္ဌာန် ပုတီးစိပ်အပတ်ပြည့်မည်ဖြစ်လေသည်။ နံနက် (၉) နာရီခန့်တွင် ရောက်နေလေရာ စနေနေ့ဖြစ်သဖြင့် ရင်ပြင်တော်တွင် စည်ကားနေလေသည်။ ထိုစေတီက ဂမ္ဘီရသမိုင်းဝင် အဘယက္ခညီနောင်ထံ ကန်တော့ပွဲလာထိုးကြသူများ၊ အဓိဋ္ဌာန်ပြုသူများဖြင့် စည်ကားနေလေသည်။ အောင်ဇော် စေတီတော်ကို လက်ယာရစ်ပတ်ကာ အရှေ့အာရုံခံတန်ဆောင်းအတွင်း ဘုရားရှိခိုး ငါးပါးသီလခံယူလေသည်။ ပြီးသည်နှင့် အဘဘိုးမင်းခေါင်ရှိရာ ဝိဇ္ဇာကြီးများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ဓာတ်နန်းသို့ ဦးတည်လျှောက်ခဲ့လေသည်။ ဓာတ်နန်းအတွင်းရောက်သော် အောင်ဇော်သည် ပုတီးကိုလက်ဖြင့်အုပ်မိုး၍ အဘဘိုးမင်းခေါင်ကိုရှိသေစွာ ရှိခိုးဦးချလေသည်။ ဘေးဘီတွင် သူကဲ့သို့ပုတီးစိပ်သူများရှိကြလေသည်။ တချို့လည်း ငြိမ်သက်စွာအာရုံယူနေကြသည်။ အောင်ဇော်လည်း ဂါထာတစ်ပုဒ်ပြီးတိုင်း ပုတီးတစ်လုံးချကာ အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်အောင် အထူးကြိုးစားစိပ်နေလေသည်။ တစ်နာရီကျော်ကြာလာသည်နှင့်အမျှ ပုတီးပတ်ပြည့်ရန် နောက်ဆုံးအပတ် ရောက်ရှိလာလေသည်။ ပုတီးကိုတစ်လုံးချင်းချကာစိပ်နေစဉ် ပြီးခါနီးတွင် -

"ဟေ့ - မင်းနောက်ကျောတည့်တည့်အဲဒီနှစ်ယောက်စီသွားပြီးငွေ(၂၀၀) တောင်းစမ်း"

အဘအသံမှန်း သေချာသည်။ အောင်ဇော်သည် ပုတီးပတ်အဓိဋ္ဌာန်ပြီးသဖြင့် အဘကိုဝတ်ပြုလိုက်သည်။ အဘပြောသည့်အတိုင်း အနောက်တည့်တည့်သို့လှည့်ကြည့်လိုက်သည်။ အောင်ဇော်သည် နှုတ်မှအသံထွက်ကာ -

"ဟိုက် - ဒုက္ခပါပဲ အခက်တွေ့ပြီ"

အောင်ဇော်ထက် အသက်ငယ်ရွယ်သောစုံတွဲသမီးရည်းစားကို တွေ့ရသည်။ အသက် (၃၀) ခန့်ရှိ အောင်ဇော်သည် ထိုပျိုမျစ်နုနယ်သော ချစ်သူနှစ်ဦးထံ ငွေကို တောင်းရမှာ မဝံ့မရဲဖြစ်နေလေသည်။ ငွေ (၂၀၀) ကို သူကပင်စိုက်ထုတ်ပေးရန်စိတ်ကူးလေသည်။ တောင်းဖို့မဖြစ်ဟု တွေးလိုက်စဉ် -

"ဟေ့ကောင် သွားတောင်းစမ်း။ ငါလုပ်လိုက်ရ"

ကြိမ်းမောင်းသံကြောင့် ကြက်သီးဖြန်းခနဲထမိလေသည်။ အောင်ဇော်သည် ထိုစုံတွဲဆီသို့ တုံ့နှေးသောခြေလှမ်းဖြင့်လျှောက်သွားလေသည်။ တောင်းရမည့်အရေးတွေးပြီး မျက်နှာမှာသွေးရောင်လွှမ်းကာ ထူအမ်းအမ်းဖြစ်နေသည်။ စုံတွဲရှေ့ မဝံ့မရဲရောက်သွားလေသည်။ တံတွေးကိုမျိုချပြီး အထစ်ထစ်အငေါ့ငေါ့ပြောရသည်။

"ဒီက ညီလေး၊ ညီမလေးတို့၊ အစ်ကိုကို ငွေ (၂၀၀) ကူညီစေချင်တယ်။ အစ်ကိုက သူတောင်းစားတော့မ. . ."

အောင်ဇော်၏စကားမဆက်နိုင်မီ ကောင်လေးက -

"ကျွန်တော်တို့ကလည်းလှူဖို့စိတ်ကူးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

## ရောမြေကျော်ဝေ

# တောကြီးသဖျက်၏ဆေးနည်း

စာရေးသူ၏နေအိမ်နှင့် မျက်နှာချင်းဆိုင်တွင် ဦးတင်ဦး၊ ဒေါ်မြင့်မြင့်ဦးတို့ နေအိမ်ရှိပါသည်။ ၎င်း၏အိမ်ခြံအတွင်းတွင် ဆေးရိုးပင်အခေါ် ဥနဲပင်ကြီးပေါ်တွင် အလေ့ကျတောသဖျက်နွယ်များတွယ်တက်ပြီး ဖောက်နေသလို အသီးများလည်း ဝင်းဝါပြီးမှည့်၍နေပါသည်။ စာရေးသူ၏တပည့်ဖြစ်သူ ရောမြေ-ထွန်းထွန်းသည် ၎င်းတောသဖျက်သီးများကို ဝါးလုံးချိတ်ဖြင့်ဆွဲချနေသည်ကိုတွေ့ရသဖြင့် စာရေးသူမှ -

"ထွန်းထွန်း၊ မင်းအဲဒီကျိုးအာသီးတွေကို ဘာအသုံးပြုဦးမလဲ"

ဟု မေးသောအခါ ထွန်းထွန်းက-

"ဆရာကျော်ကလည်း ဘယ်ကလာ ကျိုးအာသီးရမှာလဲ၊ တောကြီးသဖျက်သီးတွေကိုခူးနေတာပါ။ ကျွန်တော်ဆေးဖော်မလို့ပါ။ ဒီတောကြီးသဖျက်သီးတွေက ဒူးရင်းသီးနဲ့မတူဘူးလား။ ဒူးရင်းသီးကချိုပေမယ့် တောသဖျက်သီးကခါးတာတော့ ပက်ပက်စက်စက်ခါးတယ်။ အမှည့်ကို ထန်းလျက်နဲ့ ဆတူကျိုပြီး ယိုသဘောလုပ်ပြီး ဖန်ဘူးထဲမှာ လေလုံအောင်ထားပြီး မနက်တစ်ဇွန်း၊ ညတစ်ဇွန်းစားရင် ဆီးချို၊ သွေးချိုတင်မဟုတ်ဘူး။ ကင်ဆာရောဂါပါမဖြစ်ဘူး။ အမဲသားနဲ့ တောသဖျက်သီးအစိမ်းချက်စားရင်လည်း ကင်ဆာရောဂါပျောက်ပါတယ်"

"ဒီဆေးနည်းတွေကို မင်းဘယ်ကရသလဲ"

စာရေးသူမေးတော့ထွန်းထွန်းက-

"ကျွန်တော်ခရီးသွားရင်း ဘုန်းကြီးတစ်ပါးက တောသဖျက်သီးတွေဆိုက်ကားနဲ့တင်သွားတာ တွေ့ရတော့မေးမိတယ်။ ဘုန်းတော်ကြီးကလည်း စိတ်အေးလက်အေး ပြောပြတယ်။ ကျွန်တော်လည်း မှတ်ထားပြီး စမ်းကြည့်မလို့ပါ။ ကျွန်တော့်မိတ်ဆွေတွေထဲမှာ ဆီးချို၊ သွေးချိုသမားတွေကို ကျွန်တော် ဆေးဖော်စပ်ပြီး ဇီဝိတဒါနအဖြစ်လှူမှာပါ ဆရာ။ အလျှဉ်းသင့်လို့ပျောက်သွားရင်လည်း ကျွန်တော်ကုသိုလ်ရတာပေါ့။ ကျွန်တော် ဆေးဖော်စပ်ပြီးရင်ဆရာကျော်ကိုလည်းပေးမယ်"

"အေးကွာ - မင်းစေတနာကို ငါတန်ဖိုးထားပါတယ်။ ဒါပေမယ့် ငါ့မှာ ဆီးချို၊သွေးချိုမရှိဘူးကွ။ ငါ့အိမ်မှာ အိမ်ဖော်မိန်းကလေး မပန်းမမကတော့ သူ့ဗိုက်ထဲမှာအလုံးရှိတယ်ဆိုတာ ဆေးရုံတက်ခွဲရမှာကြောက်နေတယ်။ မင်းဆေးဖော်ပြီးရင် စမ်းကြည့်တာပေါ့။ ရောဂါပျောက်သွားရင်လည်း မင်းတို့ငါတို့ကုသိုလ်ရတာပေါ့ကွာ"

ထွန်းထွန်းပေးသောဆေးများကို မပန်းမမ နှံမှန်စား၏။ မပန်းမမ၏သွေးလုံး (သို့) လေလုံးအသားလုံးသည် သေးငယ်သွားသော်လည်း အကြောတက်ကမပျောက်သဖြင့် ဆေးကိုဆက်လက်မစားတော့ပါ။ သူနှင့်မတည့်ဟု ဆိုပါသည်။ ဆေးရုံတက်ပြီး ခွဲစိတ်မှုခံယူသောအခါ အသားလုံးက မကြီးထွားဘဲပြေးလွှားနေသော အသားလုံးဖြစ်၍ ကင်ဆာဟုမဆိုနိုင်ပါ။ ရိုးရိုးအသားလုံးဟုဆိုပါသည်။ တောသဖျက်သီးကိုယိုထိုးထားသောဆေး၏ အကျိုးကျေးဇူးကြောင့် ကင်ဆာဆဲလ်များပျက်ပြီး ရိုးရိုးအသားလုံးအဖြစ်သေးငယ်သွားသည်ဟု စာရေးသူထင်မှတ်မိလေသည်။ ဆေးမှာ ဘေးထွက်ဆိုးကျိုးမရှိပါ။ ကင်ဆာရောဂါကိုမဖြစ်အောင်ကာကွယ်သလို ဆီးချို၊သွေးချိုရောဂါကိုလည်း ပျောက်စေပါသည်။ မပန်းမမသည် ဈေးတွင်ချရောင်းသောတောသဖျက်သီးများကိုလည်း အစိမ်းရလျှင် အမဲသားနှင့် ချက်စားသည်မှာ မကြာခဏဆိုသလိုပင်။ခွဲစိတ်ပြီးပါသော်လည်း အကြောတက်သည့်ရောဂါက မပျောက်ပါ။ ပုတီးစိပ်ပြီး မေ့မေ့လျော့လျော့နေလျှင် အကြောတက်သက်သာသည်ဟု ပြောပါသည်။

စာရေးသူက ဆေးလည်းအစာ၊ အစာလည်းဆေး ဘုရားတရားလည်း မမေ့နဲ့။ အားတဲ့အချိန်လေးတွေမှာ စရဏတရားအားထုတ်လို့ဆိုတော့မှ သူမလည်း သဘောပေါက်ပြီး ပုတီးညစဉ်စိပ်လို့ အကြောတက်ရောဂါပျောက်သွားသည်ဟု ဆိုပါသည်။

"အသိပေးတဲ့ဦးကို အထူးပဲကျေးဇူးတင်ပါတယ်"

ဟု မပန်းမမ၏ ယောကျ်ား ကိုသိန်းတန်က ကျေးဇူးတင်စကားဆိုပါသည်။

ဤစာစုနှင့်အတူ ဆေးနည်းတို့ကို ဖော်စပ်ပေးခဲ့သော တပည့်ကြီးရောမြေ-ထွန်းထွန်းကိုလည်း အထူးပဲကျေးဇူးတင်ပါသည်။

ရောမြေကျော်ဝေ

---

ဟု ဆိုကာ ငွေကျပ် (၁၀၀၀) တစ်ရွက်လှမ်းပေးလေ၏။ အောင်ဇော်သည် အဆင်ပြေသဖြင့် ဝမ်းသာသွားသည်။ မချေမငံပြောခံရမည်ကို စိုးရိမ်မိခဲ့ခြင်း ဖြစ်ပေသည်။

"နေပါစေ ကျေးဇူးပါပဲ။ (၂၀၀)ပဲ ပေးပါခင်ဗျာ"

"ဟာ-ယူသွားပါ။ ဒါနပြုတာပါ"

"မယူပါရစေနဲ့ခင်ဗျာ။ (၂၀၀) ပဲ ပေးပါ"

စုံတွဲနှစ်ဦး ပြုံးလိုက်ကြသည်။ အမျိုးသမီးက လက်ပွေ့အိတ်ထဲမှ ငွေ (၂၀၀) • တန်တစ်ရွက်ထုတ်ပေးသည်။ (၂၀၀) တန်ကိုကိုင်ရင်း -

"ချစ်ခရီးလမ်းဖြောင့်ဖြူးပါစေ"

ဆုတောင်းကာ လှည့်ထွက်ခဲ့၏။

"မင်းသုံးဖို့မဟုတ်ဘူးကွ။အနောက်ဘက်မုခ်က အဘတစ်ဦးတက်လာမယ်။ ပေးလိုက်"

အဘအသံမကြားခင်ကပင် သူ့ခြေထောက်များသည် အနောက်ဘက်မုခ်ဆီသို့ ရွေ့လျားနေသည်ကို သတိပြုမိသည်။ တွေ့ပါပြီ အဘတစ်ဦး။ အောင်ဇော်သည် အဘထံသို့ရောက်သည်နှင့်-

"အဘငွေလှူပါတယ်"

(၂၀၀) တန်ကို အဘလက်ထဲ ထည့်လိုက်လေသည်။ အဘ၏ရှုံ့ရှုံ့ရှိသော အကြည့်က သူ့နှလုံးသားအထိဖောက်ထွင်းမြင်လေသကဲ့သို့ ခံစားရလေသည်၊ အဘိုးအို၏ ပြောစကားသည် အောင်ဇော်၏နားထဲတွင် ပဲ့တင်ထပ်နေလေသည်။

"လူတွေကို ကယ်တင်ရမယ်၊ သာသနာပြုရမယ်"

ဟိန်းဇေယျာ(စံမြင့်မြင့်)



www.burmeseclassic.com

www.burmeseclassic.com

## မောင်ပွင့်ဉာဏ်(မော၅)

# ဝန်ထမ်းကောင်းဖြစ်ရေးနှင့် (၂) အဂတိလိုက်စားမှုကင်းရှင်းရေး

*"If a country is to be corruption free and become a nation of beautiful minds. I Strongly feel there key societal members who can make a differene. They are the father, the mother and the teacher"*

*(Dr.A.P.J. Abdul KaLam)*

အကျင့်ပျက်ခြစားမှုကင်းစင်ပြီး ဖြူစင်တဲ့နှလုံးသားတွေနဲ့အတိပြီးတဲ့နိုင်ငံတစ်ခုတည်ဆောက်ဖို့ဆိုရင် အဓိကကျတဲ့ လူမှုအဖွဲ့အစည်းသုံးရပ်လိုတယ်လို့ အခိုင်အမာဆိုချင်တယ် ။ အဲဒါတွေက ဖခင်တွေ၊ မိခင်တွေနဲ့ ဆရာတွေပါပဲ။

ဒေါက်တာအဗ္ဗဒူလ်ကလမ်

### ❑ အဂတိလိုက်စားမှုကင်းရှင်းရေး ဘာကြောင့်အရေးကြီး

အဂတိလိုက်စားမှုကင်းရှင်းရေးနဲ့ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကို ကျွန်တော် ဖတ်ပြပါမယ်။

"ဖွံ့ဖြိုးမှုနောက်ကျနေသောမြန်မာနိုင်ငံသည် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုမြင့်မားသည့်နိုင်ငံများတွင် ပါဝင်နေဆဲဖြစ်ကြောင်း ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ပြန်ထားသည့်အစီရင်ခံစာများတွင်ဖော်ပြခဲ့ကြပြီး ယခုအစိုးရလက်ထက်တွင် ယင်းပြဿနာများလျော့ကျသာရန် ပြည်သူများက မျှော်လင့်လျက်ရှိကြသည်"

နိုင်ငံတွေကို ဆင်းရဲ၊ ချမ်းသာအဆင့် ခွဲခြားသတ်မှတ်ရာမှာ LCD ဆိုတဲ့ စကားလုံးတစ်ခုရှိတယ်။ အရှည်က Least Developed Country ပါ။ ဖွံ့ဖြိုးအနိမ့်ဆုံးနိုင်ငံလို့ အဓိပ္ပာယ်ရတယ်။ ဒါက နားထောင်ကောင်းအောင်လို့ပြောတာ။ လူတိုင်းနားလည်အောင်ပြောရရင် အဆင်းရဲဆုံးနိုင်ငံလို့ အဓိပ္ပာယ်ရတယ်။

၁၉၇၀ပြည့်နှစ်ဝန်းကျင်လောက်က မြန်မာနိုင်ငံကို LDC နိုင်ငံအဖြစ် ကြေညာလိုက်တုန်းက ကျွန်တော်တို့ရင်ထဲမှာ ထိခိုက်နာကျင်ခံစားခဲ့ကြရတယ်။ အရှေ့တောင်အာရှမှာသာမက ကမ္ဘာမှာပါ သယံဇာတပေါကြွယ်ဝတယ်လို့ ကျော်ကြားခဲ့တဲ့နိုင်ငံတစ်နိုင်ငံရဲ့ ဆိုးဝါးလှတဲ့ကံကြမ္မာဟာ မယုံနိုင်စရာလောက်ပါဘဲ။

အပေါ်ကသတင်းကိုပြန်ကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုဟာ အဂတိလိုက်စားမှုနဲ့ပြောင်းပြန်အချိုးကျနေသလို မြင်မိမှာပါ။ အဂတိလိုက်စားမှုမြင့်လေ တိုင်းပြည်နိမ့်ကျဆင်းရဲလေဖြစ်တယ်။ နိုင်ငံတကာကမော်ကြည့်ရလောက်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ချမ်းသာတဲ့ စင်ကာပူနိုင်ငံမှာ အဂတိလိုက်စားမှုဟာ အနိမ့်ဆုံးဖြစ်ပါတယ်။ စင်ကာပူနိုင်ငံက ဝန်ထမ်းတွေလာဘ်မစားရဲတဲ့အကြောင်းတွေထဲမှာ သူတို့ကိုစားလောက်အောင် လစာပေးထားတာရယ်၊ အငြိမ်းစားယူတဲ့အခါ နေထိုင်မှုအဆင်ပြေအောင် အိုးအိမ်စီစဉ်ပေးတာရယ်ကြောင့် လာဘ်စားလို့ အလုပ်ပြုတ်ရင် အဲဒီခံစားမှုတွေ ဆုံးရှုံးကြရမှာကြောက်လို့ပါ။

ကျွန်တော်တို့ဆီမှာ စားမလောက်လို့ စားရပါတယ်လို့ ဆင်ခြင်ပေးပြီး နောက်ပိုင်းကျတော့ စားလို့ရမှန်းသိလို့ သူဌေးဖြစ်စားလာကြတယ်ဆိုတာ အားလုံးအသိပါ။ အဂတိလိုက်စားမှုလျော့ပါးလို့ နိုင်ငံမှာ ယိုပေါက်တွေဖာထေးနိုင်ရင် နိုင်ငံချမ်းသာလာပါမယ်။ နိုင်ငံချမ်းသာလာရင် ဝန်ထမ်းတွေခံစားခွင့်ပိုရလာမှာပါ။ နိုင်ငံတကာနဲ့တန်းတူ စည်းကမ်းရှိပြီး တိုးတက်ချမ်းသာချင်တဲ့စိတ် နိုင်ငံသားတိုင်းမှာ ကိန်းအောင်းလာစေချင်ပါတယ်။



### ❑ အဂတိဆိုတာ

ကျွန်တော်တို့အားလုံးပြောနေကြတဲ့ အဂတိဆိုတာဘာလဲ။ ကျွန်တော်ကိုယ်တိုင်လည်း သိသလိုလို၊ မသိသလိုလိုဖြစ်နေတာကြောင့် အဘိဓာန်မှာရှာကြည့်ပါတယ်။ အံ့ဩဖို့ကောင်းတာက ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့က ပြုစုတဲ့မြန်မာအဘိဓာန်မှာရော မြန်မာ-အင်္ဂလိပ်အဘိဓာန်မှာပါ ဒီအဂတိဆိုတဲ့ဝေါဟာရကို ရှာမတွေ့တာပါဘဲ။ မထူးဆန်းနေဘူးလား။

ဆရာလှသမိန်ပြုစုတဲ့ ပါဠိ-မြန်မာအဘိဓာန်မှာတော့ အဂတိကို အခုလိုဖွင့်ဆိုထားတယ်။

အဂတိ - မလားအပ်သဖြင့်လားခြင်း၊ မျက်နှာလိုက်ခြင်း။

'လား'တယ်ဆိုတာကို သွားတယ်လို့ အဓိပ္ပာယ်ကောက်ရင် မသွားသင့်မသွားထိုက်တဲ့နေရာကို သွားတယ်လို့ ယူဆနိုင်တယ်။ ဒုတိယဖွင့်ဆိုချက် မျက်နှာလိုက်ခြင်းကတော့ ရှင်းပါတယ်။ အကြောင်းတစ်ခုခုကြောင့်ဘက်လိုက်ခြင်းဖြစ်တယ်။ ပါဠိစာပေမှာ အဂတိတရားလေးပါးရှိတယ်လို့ ပြဆိုထားတယ်။

၁။ ဆန္ဒာဂတိ - ချစ်သဖြင့် တစ်ဖက်သတ်စီရင်ခြင်း။

၂။ ဘယာဂတိ - ကြောက်သဖြင့် တစ်ဖက်သတ်စီရင်ခြင်း။

၃။ ဒေါသာဂတိ - အမျက်ဒေါသကြောင့် တစ်ဖက်သတ်စီရင်ခြင်း။

၄။ မောဟာဂတိ- တွေဝေ၍တစ်ဖက်သတ်စီရင်ခြင်း။

ကိုယ့်ဆွေမျိုးသားချင်းဖြစ်နေလို့၊ တပည့်တပန်းဖြစ်လို့၊ ရင်းနှီးတဲ့မိတ်ဆွေဖြစ်လို့ ဘက်လိုက်ပြီး ဆုံးဖြတ်ဆောင်ရွက်တာဟာ ဆန္ဒာဂတိလိုက်ခြင်းဖြစ်တယ်။ နိုင်ငံခြားကို အားကစားအဖွဲ့တွေ စေလွှတ်ရာမှာ တကယ်ထူးချွန်သူတွေကို စေလွှတ်ရမယ့်အစား ကိုယ်နဲ့အလွမ်း



www.burmeseclassic.com

www.burmeseclassic.com

သင့်သူတွေကို စေလွှတ်ခဲ့တာကြောင့် 'မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်' ဆိုတဲ့ ဆောင်ပုဒ်ထဲက 'လွှမ်း'နေရာမှာ 'လွှမ်း'ဖြစ်သွားခဲ့ရတယ်။

အထက်လူကြီးမို့လို့ မပြောရဲမဆိုရဲဖြစ်ပြီး မှားနေတာကို မှားတဲ့အတိုင်းလိုက်လုပ်တာက ဘယာဂတိဖြစ်တယ်။ အမြင်ကတ်ပုဒ်မလို့ အများသိနေတဲ့ မတရားပြစ်ဒဏ်ချခြင်းတွေမှာ ဥပဒေနဲ့ အညီမဟုတ်ဘဲ တစ်ခါမှ မကြားဘူးတဲ့ ထောင်ဒဏ်အနှစ် (၈၀)၊ (၉၀) စတဲ့ ကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်ခြင်းဟာ ဒေါသာဂတိဖြစ်တယ်။ အမှန်၊ အမှား အကျိုးအပြစ်ပိုင်းခြားမသိဘဲ စိတ်ထင်သလိုစီရင်ဆောင်ရွက်ခြင်းဟာ မောဟာဂတိဖြစ်တယ်။

လာဘ်ပေးလာဘ်ယူပြုခြင်းကို ဆန္ဒာဂတိထဲထည့်ရပါမယ်။ ငွေကြေးဖြစ်စေ၊ .တန်ဖိုးရှိတဲ့ပစ္စည်းဖြစ်စေ ပေးကမ်းခြင်း၊ တစ်စုံတစ်ရာ အလိုလိုက်အကြိုက်ဆောင်ခြင်းကြောင့် တစ်ဖက်သတ် စီရင်ဆောင်ရွက်ခြင်း ဖြစ်တယ်။ လာဘ်ဆိုတာ ကောင်းသလား၊မကောင်းဘူးလား။ လာဘ် ဆိုတဲ့စကားလုံးဟာ ပါဠိလို လာဘကလာတယ်။ ဒါကိုမသိလို့ တချို့က 'လာဘ်'ကို 'လာဒ်'လို့ စာလုံးမှားပေါင်းကြတယ်။

လာဘ - ရရှိသောဥစ္စာပစ္စည်း၊ အကျိုးကိုမျှော်၍ပေးသောငွေကြေးပစ္စည်း။

'လာဘ်လာဘပေါများပါစေ' လို့ ဆုပေးတဲ့ဆီမှာတော့ လာဘ်ဟာ ကောင်းတဲ့အဓိပ္ပာယ်ဆောင်တယ်။

'လာဘ်ပေးလာဘ်ယူ' စကားထဲက လာဘ်ကို အင်္ဂလိပ်လို bribe လို့ခေါ်တယ်။ အင်္ဂလိပ်အဘိဓာန်မှာ bride နဲ့ ကပ်နေတဲ့စကားလုံးက bride ဖြစ်တယ်။ bride အဓိပ္ပာယ်ကော သိလား။

"သတို့သမီး"

"ဟုတ်ပါတယ်။ သတို့သမီးနဲ့ လာဘ်ထိုးတာကော ကြားဖူးသလား"

(ရယ်သံများ)

မရယ်ကြနဲ့ တကယ်ရှိတာ။ မင်းတုန်းမင်းအနားမှာခစားကြတဲ့ဝန်ကြီးတွေမှူးမတ်တွေဟာ ဘုရင်ကို မျက်နှာလုပ်ချင်တာနဲ့ သမီးကိုဆက်တဲ့လူကဆက်၊ နှမကိုဆက်တဲ့လူတွေကဆက် လုပ်ကြတယ်။ ပြီးတော့ ငါက ဘုရင့်ယောက္ခမ၊ ငါက ဘုရင့်ယောက်ဖဆိုပြီး ဘုရင့်နားကပ်ပြီး နေရာယူလိုက်ကြတာ။ အရည်အချင်းရှိတဲ့ ယောအတွင်းဝန် ဦးဘိုးလှိုင်လိုပုဂ္ဂိုလ်တွေက ဘေးရောက်သွားတယ်။ ဒီလိုနဲ့ နိုင်ငံလည်းဆုတ်ယုတ်သွားတော့တာပဲ။ ဒါဟာ လာဘ်ပေးလာဘ်ယူကြောင့် တိုင်းပြည်ပျက်စီးတဲ့ ဥပမာပါပဲ။

စကားစပ်လို့ ယောအတွင်းဝန် ဦးဘိုးလှိုင်အကြောင်း နည်းနည်းပြောပြပါမယ်။ မင်းတုန်းမင်းကြီးက ပြည်သူတွေအတွက် အကျိုးမရှိတဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့ လွှတ်တော်မှာ တင်ပြတာကို ဦးဘိုးလှိုင်က ကန့်ကွက်ပါတယ်။ ဒါကို ဘုရင်က စိတ်ဆိုးလို့ဘေးမှာထောင်ထားတဲ့ လှံကိုကောက်ကိုင်ပြီး ဦးဘိုးလှိုင်ကို ချိန်ရွယ်ကာ အခုလိုပြောတယ်။

"မောင်ဘိုးလှိုင်၊ ဒီလှံဟာဘယ်သူ့ကိုထိုးသတ်ခဲ့တဲ့လှံဆိုတာသိတယ်မဟုတ်လား"

"မှန်လှပါ။ တပည့်တော်ရဲ့ဖခင်ကို ထိုးသတ်ခဲ့တဲ့လှံဆိုတာ သိကြောင်းပါဘုရား။ ဒါပေမယ့် မသင့်တော်တာကို မလျှောက်တင်ရဲဘဲ အလိုတော်ကိုလက်ခံလိုက်ရင် ရာဇဝင်မှာ အမည်းစက်အထင်မခံနိုင်ပါ ထိုးတော်မူပါဘုရား"

လို့လျှောက်ပြီး ရင်ဘတ်ကိုကော့ပေးတယ်။

မင်းတုန်းမင်းလည်း ဘာမှဆက်မပြောဘဲ လှံကိုချလို့ အတွင်းဆောင်ကို ဝင်သွားတယ်။

အသက်ကို မငဲ့ကွက်ဘဲ ဘယာဂတိမလိုက်ခဲ့တဲ့ ယောအတွင်းဝန်လိုအမတ်ကောင်းကို ရာဇဝင်မှာ စာတင်ခဲ့လို့ ကျွန်တော်တို့ အခုထိလေးစားကြည်ညိုကြနေကြရပါတယ်။

## ❑ အကျင့်ပျက်ခြင်း

အကျင့်ပျက်ခြင်းကို အင်္ဂလိပ်လို Corruption လို့ခေါ်တယ်။ Corruption ကို တစ်လုံးတည်းမသုံးဘဲ bribery and corruption လို့ တွဲသုံးလေ့ရှိတယ်။ သဘောက လာဘ်ပေးလာဘ်ယူခြင်းဟာလည်း အကျင့်ပျက်ခြင်းမှာပါတယ်။ corruption ရဲ့နောက်အဓိပ္ပာယ်တစ်ခုက ခြစားခြင်းဖြစ်တယ်။ ခြစားတယ်ဆိုတဲ့ မြန်မာစကားလုံးဟာလည်း အင်မတန်မှတာသွားတယ်၊ ခြစားတာ မြင်ဖူးသလား။

"မြင်ဖူးပါတယ်"

ခြစားနေတဲ့ အဝတ်အစားသေတ္တာတစ်လုံးကို ဒီအတိုင်းဖွင့်ကြည့်ရင် ပုံပျက်သလား။

"မပျက်ဘူး"

နည်းနည်းလေး လှန်ကြည့်လိုက်တာနဲ့ သုံးလို့ရသေးလား။

"မရတော့ဘူး"

အောက်ခြေကနေ အပေါ်အထိ အတွင်းကနေ လှိုက်ပြီးစားသွားလိုက်တာ အားလုံးမပစ်လိုက်ရဘူးလား။

"ပစ်လိုက်ရတယ်"

အကျင့်ပျက်ခြင်း၊ ခြစားခြင်းရဲ့ နောက်ဆုံးအကျိုးဆက်ဟာ အဲဒီအတိုင်းပါဘဲ။ bribery and corruption ကို internet မှာ အခုလို အဓိပ္ပာယ်ဖွင့်ဆိုထားတာပါတယ်။

## ❑ Bribery and Corruption

*Bribery is a specific offence which concerns the practice of offering something, usually money, to gain an illicit advantage and corruption is an abuse of a position of trust in order to gain an undue advantage.*

*Bribery is a crime of giving or receiving something of value to influence official action. Both the person giving and the person receiving the bribe are guilty of bribery.*

*Bribery is illegal for two reasons: (1) it usually involves a public official using his or her office for personal again; and (2) it can cause officials to make unfair decisons tha[t] affect citizens. Bribery is a very ol[d] crime. There is evidence of briber[y] dating back more than 4000 years.*

'လာဘ်ပေးလာဘ်ယူခြင်းဟူသည် ဥပဒေနှင့်မညီသော အကျိုးစီးပွားရရှိ[illegible] ငွေကြေးစသော တစ်စုံတစ်ခုကိုပေးကမ်း[illegible]ခြင်း ဖြစ်သည်။ အကျင့်ပျက်ခြင်းဟာ[illegible] မရထိုက်သော အကျိုးမြတ်တစ်စုံတ[illegible] ရာရလိုမှုအတွက် ရာထူးတာဝန်တစ်ခ[illegible]ကို အလွဲသုံးစားလုပ်ခြင်း ဖြစ်သည်၊

လာဘ်ပေးလာဘ်ယူခြင်းဟူသ[illegible] တန်ဖိုးရှိသောတစ်စုံတစ်ရာကို အပေး[illegible] ယူပြုခြင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်၏လုပ်[illegible] ခွင့်ကို ဩဇာလွှမ်းမိုးခြင်း ဖြစ်သ[illegible] လာဘ်ပေးလာဘ်ယူခြင်းအတွက် [illegible] သူရောယူသူပါ နှစ်ဦးစလုံး အပြ[illegible] သည်။

လာဘ်ပေးလာဘ်ယူခြင်းသ[illegible] အချက်နှစ်ချက်အရ ပြစ်မှုမြောက်သ[illegible]

၁။လူပုဂ္ဂိုလ်တစ်ဦးတစ်ယော[illegible] အကျိုးစီးပွားအတွက် တာဝန်ရှိ[illegible] တစ်ဦး၏လုပ်ပိုင်ခွင့်ကို ဝင်ရော[illegible]

www.burmeseclassic.com

ဖက်ရာရောက်သည်။

၂။ လာဘ်ပေးလာဘ်ယူခြင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်အား မမှန်ကန်သော ဆုံးဖြတ်ချက်ကို ချမှတ်စေခြင်းသည် အများပြည်သူ၏အကျိုးစီးပွားကို ထိခိုက်စေသည်။

လာဘ်ပေးလာဘ်ယူခြင်းသည် အလွန်ရှေးကျသောပြစ်မှု ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၀၀၀) ကျော်လောက်ကတည်းက လာဘ်ပေးလာဘ်ယူခြင်းပြုခဲ့သည့် အထောက်အထားတွေ့ရှိရသည်။'

ပိဋကတ်တော်မှာ အိပ်မက်အများကြီးမက်တာနဲ့ နာမည်ကြီးတဲ့ ဘုရင်တစ်ပါးရှိတယ်။ ဘယ်သူပါလိမ့်။

"ကောသလမင်းကြီးပါ"

အဲဒီဘုရင်ဟာ တိတ္ထိတွေဆီက လာဘ်ငွေတစ်သိန်းယူပြီး ဘုရားရှင်ရဲ့ ကျောင်းတော်နားမှာ တိတ္ထိတွေကို ကျောင်းဆောက်ခွင့်ပေးခဲ့တယ်။ ဘုရင်ကိုယ်တိုင်က လာဘ်စားတာနော်။ အခုခေတ်မှာရော ပိုက်ဆံယူပြီး မြေနေရာချထားပေးတာတွေ မရှိဘူးလား။

"ရှိပါတယ်"

ကျွန်တော်ပြောတာမဟုတ်ဘူးနော်။ ခင်ဗျားတို့ပြောတာ။

(ရယ်သံများ)

❑ **အဗ္ဗဒူကလာမ် (Abdul Kalam)**

ဟိန္ဒူလူမျိုးအများစု ကြီးစိုးတဲ့ အိန္ဒိယနိုင်ငံရဲ့ ဆယ့်တစ်ဆက်မြောက် သမ္မတကြီး အဗ္ဗဒူကလာမ်ဟာ အစ္စလာမ်ဘာသာဝင်ဖြစ်တယ်။ သူဟာ ကူးတို့လှေသူကြီးရဲ့သားဖြစ်ပြီး ပညာထူးချွန်ထက်မြက်တဲ့ ဒုံးပျံပါရဂူနဲ့ ပါမောက္ခကျောင်းဆရာတစ်ယောက်လည်း ဖြစ်တယ်။ ပြည်သူအများစုရဲ့ လိုလားထောက်ခံမှုနဲ့ သမ္မတအဖြစ် ရွေးချယ်ခံရတဲ့အခါ သမ္မတအိမ်တော်ပေါ်ကို သေတ္တာနှစ်လုံးဆွဲပြီးတက်သွားခဲ့တယ်။ အဝတ်အစားသေတ္တာတစ်လုံးနဲ့ စာအုပ်သေတ္တာတစ်လုံးပါ။ သမ္မတတာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ သူပို့ချနေတဲ့ တက္ကသိုလ်တွေမှာလည်း စာဆက်သင်နေခဲ့တယ်။

သမ္မတသက်တမ်းစေ့သွားတဲ့အခါ သမ္မတအိမ်တော်ပေါ်ကနေ သေတ္တာနှစ်လုံးဆွဲပြီးတော့ပဲဆင်းခဲ့တယ်။ ကိုယ်ကျိုးမရှာ အဂတိတရားလုံးဝကင်းစင်တဲ့ အတွက် သူကွယ်လွန်တဲ့အခါ အိန္ဒိယတစ်နိုင်ငံလုံး နှမြောတသဖြစ်ကြရတယ်။ ဥစ္စာထက် ပညာကို ပိုတန်ဖိုးထားတဲ့ ပညာရှင်တွေ တိုင်းပြည်အုပ်ချုပ်တာကို ပိုလိုလားသင့်တယ်လို့တောင် ကျွန်တော့်အနေနဲ့ထင်မြင်မိပါတယ်။

အဗ္ဗဒူကလမ်ရဲ့စကားတစ်ခွန်းကို ကြည့်ရအောင်ပါ။

*The essence of a happy life and a peaceful society lies in one sentence- **What I can give.***

(A.P.J Abdul Kalam)

'ပျော်ရွှင်တဲ့ဘဝတစ်ခုနဲ့ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အနှစ်သာရကို ဝါကျတစ်ကြောင်းတည်းနဲ့ ဖော်ပြလို့ရတယ်။ အဲဒါကတော့ 'ငါဘာပေးနိုင်သလဲ'

လူ့အဖွဲ့အစည်းကြီးမငြိမ်းချမ်းတာဟာ 'ငါဘာယူရမလဲ' လူစားတွေများနေလို့ဆိုတာ ဗေဒင်မေးစရာတောင်မလိုပါ။ အဆင့်ဆင့်သော ခေါင်းဆောင်တွေရဲ့ အပြုအမူအပြောအဆိုတွေဟာ အောက်လက်ငယ်သားတွေအတွက် စံနမူနာကောင်းတွေဖြစ်သင့်ပါတယ်။ သီတဂူဆရာတော်ကြီးရဲ့ ဘွဲ့အမည်က ဘာတဲ့လဲ။

"အရှင်ဉာဏိဿရပါ"

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက တရားတော်တစ်ပုဒ်မှာ အခုလိုဟောထားတယ်။

ဘုန်းကြီးတို့နိုင်ငံမှာ ဟိုးထိပ်ဆုံးကနေ အောက်ဆုံးအထိ ငါးပါးသီလထဲက ပထမဆုံး သိက္ခာပုဒ်တစ်ခုကိုပဲ စောင့်ထိန်းလိုက်။ ဒီနိုင်ငံ မတိုးတက်ရင် ဘုန်းကြီးကို ကြိုက်သလိုပြော။

ငါးပါးသီလမှာ ပထမဆုံး သိက္ခာပုဒ်က ဘာတဲ့လဲ။

"အဒိန္နာဒါနာ"

ဘာလုပ်တာလဲ။

"ခိုးတာ"

ထိပ်ဆုံးကနေ အောက်ဆုံးအထိ ဘာမလုပ်နဲ့လို့ပြောတာလဲ။

"မခိုးနဲ့"

ဒါလည်း ကျွန်တော်ပြောတာ မဟုတ်ဘူးနော်၊ ဘုန်းကြီးပြောတာ။

(ရယ်သံများ)

❑ **အိုဘားမားနဲ့ ကဒါဖီ**

အိုဘားမားဟာ ဘယ်သူလဲ။

"အမေရိကန်သမ္မတပါ"


အိုဘားမားစီးတဲ့ Airforce One လေယာဉ်ဟာ ကမ္ဘာပေါ်မှာတန်ဖိုးအကြီးဆုံးနဲ့ အကောင်းဆုံးလေယာဉ်ဖြစ်တယ်။ ဒီလေယာဉ်စီးလို့ အိုဘားမားကို ဘယ်သူကမှဇိမ်ခံတယ်၊ ကြွားတယ်လို့မပြောဘူး။ ဒါဟာ အမေရိကန်သမ္မတတစ်ယောက်အတွက် လိုအပ်တဲ့အဆောင်အယောင်ဖြစ်တယ်။

ကဒါဖီကော ဘယ်သူလဲ။

"လစ်ဗျားသမ္မတ"

ကဒါဖီကျတော့ နိုင်ငံခြားခရီးသွားတဲ့အခါ သူ့လေယာဉ်ကို သူ့လက်ထောက်တွေပါတဲ့ ဂျက်လေယာဉ် (၄)စီးကခြံရံပြီးလိုက်ရတယ်။ ဒီပြင် ကဒါဖီဟာ ကုလားအုတ်နို့လတ်လတ်ဆတ်ဆတ်သောက်ရအောင်ဆိုပြီး ကုလားအုတ်သားအမိတွေကိုပါသူ့လေယာဉ်ပေါ်ခေါ်တင်သွားတယ်ဆိုပဲ။ ဒါဟာ တိုင်းပြည်ပိုက်ဆံကိုစိတ်ထင်တိုင်းသုံးဖြုန်းတာဖြစ်သွားပြီ။ သူပိုင်ဆိုင်တဲ့ ငွေကြေးကလည်း ဘီလျံ(၈၀)တောင်မှရှိတယ်။ သမ္မတတစ်ယောက်အနေနဲ့ ဒီလောက်များပြားတဲ့ ငွေကြေးတွေဟာ အာဏာကိုအလွဲသုံးစားလုပ်ပြီး အဂတိလုပ်စားလို့ရထားတယ်ဆိုတာ ထင်ရှားတယ်။

သမ္မတအိုဘားမားလာဘ်မစားလို့ ပြည်သူတွေလေးစားပြီး လာဘ်စားတဲ့ ကဒါဖီကိုကျတော့ တစ်ကမ္ဘာလုံးက ကြည့်လို့မရပါ။ တော်လှန်ရေးကောင်စီ




အိန္ဒိယနိုင်ငံသမ္မတဟောင်း ဒုံးပျံပါရဂူ ပါမောက္ခ အဗ္ဗဒူကလာမ်



www.burmeseclassic.com

www.burmeseclassic.com



လစ်ဗျားသမ္မတ ဗိုလ်မှူးကြီး ကဒါဖီ



အမေရိကန်သမ္မတဟောင်း၊ အိုဘားမားမိသားစု

လက်ထက်က တချို့ဗိုလ်ချုပ်တွေတာဝန်နဲ့ ဥရောပနိုင်ငံတွေကို ခရီးထွက်ပြီးအပြန်မှာ အမေရိကန်သွားပြီး လည်ပတ်ခဲ့ကြတယ်။ တိုင်းပြည်ပိုက်ဆံကို ကိုယ့်ပိုက်ဆံလိုသဘောထားပြီး သုံးဖြုန်းခဲ့ကြတာကို ဟောဒီစာအုပ်မှာ အမည်နဲ့တကွ ဖော်ပြထားတယ်။

(ကြည်ဝင်းစိန် (Malcolm) ရေးပြီး မာလိန်မှူး တင်ထူးစိန် ဘာသာပြန်ဆိုတဲ့ '(တော်လှန်ဆရေးကောင်စီလက်ထက်) ကျွန်တော်နှင့်ဗိုလ်ချုပ်များ' (Me and the Generals) စာအုပ်ကိုပြပါတယ်။)

နိုင်ငံခြားသားတွေ မေးတတ်တဲ့ မေးခွန်းတစ်ခုရှိတယ်။

"မင်းတို့နိုင်ငံမှာ ဗုဒ္ဓဘာသာ ထွန်းကားပါလျက်နဲ့ ဘာဖြစ်လို့ဆင်းရဲနေကြတာလဲ"

တဲ့။

အတော့်ကိုစဉ်းစားစရာကောင်းတဲ့ မေးခွန်းပါ။ မြတ်စွာဘုရားက လောကီကြီးပွားကြောင်း၊ လောကုတ္တရာချမ်းသာကြောင်းတရားတွေ အပြည့်အစုံဟောထားပါတယ်။ ဘုရားက လောဘဒေါသမောဟတွေနည်းအောင်ကျင့်ဖို့ ဆုံးမတယ်။ ကျွန်တော်တို့အများစုမှာ အဲဒီတရားသုံးပါးက ပေါများနေတယ်။

လိုချင်မှုဆိုတဲ့လောဘမှာ မျှတတဲ့လိုချင်မှု (သမလောဘ)နဲ့ လွန်ကဲတဲ့လိုချင်မှု (ဝိသမလောဘ) ဆိုပြီး နှစ်မျိုးရှိတယ်။ အာဏာကို ဆုပ်ကိုင်ထားချင်တာ၊ စားစရာမရှိသူတွေကို ထောက်ထားညှာတာခြင်းမရှိဘဲ ထားစရာမရှိအောင် ချမ်းသာချင်တာတွေဟာ ဝိသမလောဘတွေဖြစ်ပါတယ်။ဝိသမလောဘအားကြီးလာတဲ့အခါ ဒေါသတရားက အနောက်ကလိုက်လာပါတယ်။

တရုတ်နိုင်ငံကလာတဲ့ ဟောဒီသတင်းတစ်ပုဒ်မှာ တံစိုးလက်ဆောင်များလက်ခံမှုကြောင့် ရှန်းစီးပြည်နယ်မှ အဆင့်မြင့်တာဝန်ရှိသူဟောင်းအားထောင်ဒဏ် (၁၂)နှစ်ချမှတ်လို့ ခေါင်းစဉ်တပ်ထားတယ်။ သူ့ကို အရေးယူတဲ့ဆီမှာ သူပိုင်ဆိုင်တဲ့ ယွမ်နှစ်သန်းတန်ဖိုးရှိတဲ့ပစ္စည်းတွေကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့တဲ့အပြင် တရားမဝင်နည်းလမ်းနဲ့ ရရှိထားတဲ့ပစ္စည်းတွေကိုလည်းနိုင်ငံတော်ကို လွှဲပြောင်းပေးအပ်ခဲ့ရတယ်။ စကတည်းက သူဒီလိုလုပ်လို့ ဒီလိုပြစ်ဒဏ်တွေကျခံရမယ်မှန်းသိရင် သူအဂုတိလိုက်စားခဲ့ပါ့မလား။

မကောင်းမှုကျူးလွန်သူတွေ ခံစားရတဲ့ ဘေး (၄)မျိုးရှိတယ်။

၁။ ရာဇဘေး - မင်းပြစ်မင်းဒဏ်သင့်ခြင်း။

၂။ ဒုဂ္ဂတိဘေး - မကောင်းတဲ့ဘုံဘဝကိုရောက်ခြင်း။

၃။ ပရာနုဝါဒဘေး - သူတစ်ပါးတို့စွပ်စွဲခြင်း။

၄။ အတ္တာနုဝါဒဘေး-မိမိကိုယ်ကိုမိမိစွပ်စွဲခြင်း။

အဲဒီဘေးလေးမျိုးထဲမှာ ဘယ်လိုမှ ရှောင်လို့မလွတ်တာက မိမိကိုယ်ကိုမိမိစွပ်စွဲခြင်းဘေးဖြစ်တယ်။ ကိုယ်လုပ်တဲ့အလုပ်ကို ဘယ်သူမှမသိရင်နေ ကိုယ်ကိုယ်တိုင်ကသိနေတာမို့ ဘယ်လိုမှ လိပ်ပြာမသန့်နိုင်ပါဘူး။ လိပ်ပြာဆိုတာဘာလဲ။

"စိတ်"

ဟာတ်ပါတယ်။ လိပ်ပြာသန့်တယ်ဆိုတာကို အင်္ဂလိပ်လို clear conscious လို့ပြောတယ်။ စိတ်ရှင်းတယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ လိပ်ပြာမသန့်ဘူးဆိုတာစိတ်မသန့်တာကို ဆိုလိုတယ်။ ကိုယ်လုပ်ခဲ့တဲ့မကောင်းမှုကို ကိုယ်တိုင်ကသိနေတဲ့စိတ်ကပဲ မကောင်းတဲ့ဘုံဘဝကိုပို့ဆောင်ပေးလိုက်တာဖြစ်တယ်။ အဲဒါကြောင့် ပြစ်ဒဏ်ကိုကြောက်လို့ မကောင်းမှုမကျူးလွန်ဘူးဆိုတာထက် မကောင်းမှုကို မကောင်းမှန်းသိပြီး ရှောင်ကြဉ်တာက ပိုပြီးကောင်းပါတယ်။

အရာရှိငယ်လင်မယားနှစ်ယောက်ဟာ တစ်ချိန်မှာ ဆရာသမားဖြစ်ခဲ့ဖူးတဲ့ အငြိမ်းစားအရာရှိကြီးတစ်ယောက်အိမ်ကို သွားရောက်လည်ပတ်ခဲ့တယ်။ အရာရှိကြီးဟာ အလယ်အလတ်တန်းစား ပရိဘောဂတွေနဲ့ တိုက်ခန်းတစ်ခန်းမှာ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်လျက်ရှိတယ်၊ အပြန်မှာ အရာရှိငယ်ရဲ့ဇနီးက အရာရှိကြီးကို အခုလိုမှတ်ချက်ချတယ်။

"အဂတိမလိုက်စားခဲ့တဲ့ လူတစ်ယောက်ရဲ့ဘဝဟာ အေးချမ်းလိုက်တာနော်"

ကျွန်တော့်ဟောပြောချက်ကို နိဂုံးချုပ်ပါတော့မယ်။

တက်ရောက်လာသူများ အားလုံးစိတ်ကောင်းစေတနာကောင်းဖြင့် ကျရာတာဝန်ကို အစွမ်းကုန်ဆောင်ရွက်နိုင်တဲ့ ဝန်ထမ်းကောင်းတွေဖြစ်ကြပါစေ။ အဂတိလိုက်စားမှုကင်းစင်တဲ့ လူမှုအဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်၊

မောင်ပွင့်ညာဏ်(မောဓ)

**ဝန်ခံချက်** -

*အတွေးအမြင်မဂ္ဂဇင်း (အမှတ် ၂၉၈၊ ၂၀၁၇ - မေ) တွင် ဖော်ပြပြီး ဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## မင်းဆက်ငါးသွယ် ရှင်ဘိုမယ် နန်းလယ်တင့်သည်သာ

ရွှေပေါင်းမြန်မာရာဇဝင်တော်ကြီးများတွင် တကောင်းမင်းဆက်မှသည် ကုန်းဘောင်ဆက်မင်းများလက်ထက်ခေတ်အဆက်ဆက်၏ ဘုရင်၊ မိဖုရား၊ မှူးမတ်၊ သူရဲကောင်းတို့၏ အကြောင်းအရာများကို အလေးထားမှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့်ပင် ရွှေပေါင်းမြန်မာရာဇဝင်တော်ကြီးများကို မင်းစဉ်မင်းဆက် အကြောင်းအရာမှတ်တမ်း (ရာဇဝံသ) ရာဇဝင်ကျမ်း ဟူ၍ ခေါ်ဆိုခဲ့ကြသည်။

ရွှေပေါင်းမြန်မာရာဇဝင်တော်ကြီးများတွင် ဘုရင်နှင့်မိဖုရား၊ မှူးမတ်၊ သူရဲကောင်းတို့၏ အကြောင်းအရာများကို မှတ်တမ်းတင်ခဲ့ရာ၌ ထင်ရှားကျော်ကြားခဲ့သောမိဖုရားကြီးများ၏အကြောင်းအရာများကိုလည်း ဖော်ထုတ်မှတ်တမ်းတင်မှုပြုခဲ့သည်။

မြန်မာစာပေအထောက်အထားများအရ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိတိုင်အောင်ပင် မိဖုရားကြီးပေါင်းမြောက်မြားစွာရှိကြခဲ့သည့်အနက် ရွှေပေါင်းမြန်မာရာဇဝင်တော်ကြီးများ၌ အလေးအနက်ထားမှတ်တမ်းတင်ခြင်းခံရသောမိဖုရားကြီးများမှာ ပုဂံခေတ်တွင် မိဖုရားဖွားစော (မင်းပိုင်းဖွားစော)၊ အင်းဝခေတ်တွင် ရှင်စောပုနှင့်ရှင်ဘိုမယ်၊ ကုန်းဘောင်ခေတ်တွင် နန်းမတော်မယ်နုနှင့် စုဖုရားလတ်တို့ ဖြစ်ကြသည်။ ယင်းမိဖုရားကြီးများအနက် အင်းဝခေတ်မှ ရှင်ဘိုမယ်မိဖုရားသည် အင်းဝမင်းဆက်ငါးဆက်တိုင်တိုင် မိဖုရားအဖြစ် ထင်ရှားခဲ့သူဖြစ်သည်။

ရှင်ဘိုမယ်သည် အင်းဝပထမမင်းခေါင်၊ သားတော်သီဟသူမင်း၊ မင်းလှငယ်၊ ကလေးကျေးတောင်ညိုနှင့် မိုးညှင်းမင်းများလက်ထက် မင်းငါးဆက်၌ မိဖုရားအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသောကြောင့် ကုန်းဘောင်ခေတ်ဦးပိုင်းအလောင်းဘုရားလက်ထက်၌ လက်ရုံးရည်၊ နှလုံးရည် စွယ်စုံပြည့်စုံသော စာဆိုသူရဲကောင်း စိန္တကျော်သူဦးဩသည် ကဝိလက္ခဏာဒီပနီကျမ်း၌ 'မင်းဆက်ငါးသွယ်၊ ရှင်ဘိုမယ် နန်းလယ်တင့်သည်သာ' ဟူသော သံပေါက်ကဗျာနှင့် ယင်းသံပေါက်ကဗျာ၏ အကျယ်ဒီပနီဖွင့်ဆိုမှတ်တမ်းတင်ခဲ့သည်။

အင်းဝခေတ်တွင် ရှင်ဘိုမယ်သည် မင်းငါးဆက်၌ မိဖုရားတင်မြှောက်ခြင်းခံခဲ့ရသော သမိုင်းဖြစ်စဉ်ကို မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ) ၌ ဤသို့ သမိုင်းမော်ကွန်းတင်ခဲ့သည်။

ရှင်ဘိုမယ်သည် အင်းဝဘုရင်မင်းကြီးစွာစော်ကဲ၏နှမတော်စောမြတ်နှင့် သိခ်သူစောနှောင်း၏သား သိခ်သူငယ်တို့၏သမီးတော်ဖြစ်သည်။ မင်းကြီးစွာစော်ကဲ နတ်ရွာစံလျှင် သားတော်မင်းခွေသည် မင်းခေါင် (ပထမ်း) ဟူသော ဘွဲ့အမည်ခံယူ၍ အင်းဝနေပြည်တော်ကိုအုပ်စိုးသည်။ဘုရင်မင်းခေါင်သည် ဆင်ဖြူရှင်မိဖုရား၊ ညီမတော်မင်းပျို၊ ပေါမင်းသိုင်ဘွားသမီး ရှင်မိနောက်၊ သိခ်သူငယ်သမီးရှင်ဘိုမယ်တို့ကို မိဖုရားမြှောက်သည်။ မိဖုရား မင်းခွေး၊ မင်းပျို၊ ရှင်ဘိုမယ်တို့တွင် သားတော်၊သမီးတော်မထွန်းကား။ ရှင်မိနောက်တွင် သားသမီးလေးပါးထွန်းကားခဲ့သည်။ ဘုရင်မင်းခေါင်သည် မြန်မာနှစ် ၇၆၃ ခုနှစ်တွင် ရှင်ဘိုမယ်ကို မိဖုရားအဖြစ် တင်မြှောက်ခဲ့သည်။

မြန်မာနှစ် ၇၈၃ ခုနှစ်တွင် ဘုရင်မင်းခေါင်၏သားတော် သီဟသူသည် သီဟသူရမဟာဓမ္မရာဇာဘွဲ့ဖြင့် ထီးနန်းဆက်ခံသောအခါတွင်လည်း သီဟသူမင်းသည် ခမည်းတော် မင်းခေါင်၏ မိဖုရားဖြစ်သော ရှင်ဘိုမယ်ကို





www.burmeseclassic.com

www.burmeseclassic.com

မိဖုရားအဖြစ် ဆက်လက်တင်မြှောက်ခဲ့သည်။ သီဟသူမင်းသည် အခြားသော မိဖုရားကြီးများထက် ရှင်ဘို့မယ်ကို အလေးထား မြတ်နိုးခဲ့သောကြောင့် မိဖုရားခေါင်ကြီးဖြစ်သော စောမင်းလှ (တန်ဆောင်းရှင်) က -

"ဆင်ဖြူရှင်သီဟသူသည် မိဖုရားဘို့မယ်နှင့်သာပျော်ပါးတော့သည်။ ငါသာ မိဖုရားဖြစ်သည်ကို မေ့ကုန်လေသည်"

ဟူ၍ နန်းတော်တွင်မနေ၊ ရွှေစေတီအနောက်၌ တန်ဆောင်းကြီးဆောက်၍ နေတော်မူခဲ့သောကြောင့် မိဖုရားစောမင်းလှကို တန်ဆောင်းရှင်မိဖုရားဟူ၍ ထင်ရှားခဲ့သည်။

အင်းဝ ဆင်ဖြူရှင် သီဟသူမင်းလက်ထက်၌ ဟံသာဝတီ ဗညားရံမင်းသည် နှစ်ပြည်ထောင်ချစ်ကြည်ရေးအတွက် နှမတော်ရှင်စောပုကို သီဟသူမင်းထံဆက်သခဲ့သောကြောင့် ရှင်စောပုသည် သက်တော် (၂၉) နှစ်အရွယ်တွင် အင်းဝ သီဟသူမင်း၏ မိဖုရားဖြစ်ခဲ့သည်။ အင်းဝ ဆင်ဖြူရှင် သီဟသူသည် ရှင်စောပုမိဖုရားကို ရှင်ဘို့မယ်မိဖုရားထက် ပိုမို မြတ်နိုးကြင်နာခဲ့သောကြောင့် မိဖုရားရှင်ဘို့မယ်သည် မကျေမနပ်ဖြစ်ခဲ့ပြီး အုန်းပေါင်လယ်သံဘွားနှင့် တိတ်တဆိတ်အဆက်အသွယ်ပြုလျက် သီဟသူကို လုပ်ကြံစေခဲ့သည်။

အင်းဝသီဟသူ လုပ်ကြံခံရပြီးနောက် မြန်မာနှစ် ၇၈၇ ခုနှစ်၊ တော်သလင်းလတွင် တန်ဆောင်းရှင်မိဖုရား၏သားတော် မင်းလှငယ်သည် အင်းဝကိုအုပ်ချုပ်ခဲ့သည်။ ရှင်ဘို့မယ်ကို မိဖုရားအဖြစ် ဆက်လက် တင်မြှောက်ခဲ့ပြန်သည်။ မိဖုရားရှင်ဘို့မယ်သည် ကလေးကျေးတောင်ညိုမင်းသားနှင့် တိတ်တဆိတ် ချစ်ကြိုးသွယ်မိသောကြောင့် ကလေးကျေးတောင်ညိုမင်းသားအား အင်းဝထီးနန်းကို သိမ်းယူရန် အစီအစဉ်ပြုသည်။ တန်ဆောင်မုန်းလတွင် ရှင်ဘို့မယ်သည် မင်းလှငယ်ကို ဆေးကျွေးလုပ်ကြံပြီး ကလေးကျေးတောင်ညိုကို နန်းတင်ခဲ့သည်။

မြန်မာနှစ် ၇၈၇ ခုနှစ်၊ နတ်တော်လတွင် အင်းဝထီးနန်းကို ကလေးကျေးတောင်ညိုမင်းအုပ်ချုပ်သည်။ ရှင်ဘို့မယ်ကို မိဖုရားအဖြစ် ဆက်လက်ချီးမြှောက်သည်။ ရှင်စောပုကိုလည်း မိဖုရားအဖြစ်တင်မြှောက်ခဲ့သည်။ တပေါင်းလတွင် မိုးညှင်းမင်းသည် ရေအား၊ ကြည်းအားဖြင့် အင်းဝသို့ချီတက်တိုက်ခိုက်သည်။ ထိုအခါ ကလေးကျေးတောင်ညိုမင်းသည် စစ်သူကြီး ဘယဂါမဏိနှင့်တိုင်ပင်သည်။ ဘယဂါမဏိ၏ အကြံပြုချက်အတိုင်း ကလေးကျေးတောင်ညိုမင်းသည် အလုံးအရင်း ဆင်မြင်းနှင့်တကွ မိဖုရားဘို့မယ်ကိုယူဆောင်ပြီး ရခိုင်သို့ ထွက်ပြေးခဲ့သည်။လမ်းခရီးတွင် ကလေးကျေးတောင်ညိုမင်း နတ်ရွာစံခဲ့သည်။ မိဖုရားရှင်ဘို့မယ်သည် ရခိုင်သို့ဆက်လက်ချီတက်ခြင်းမပြုတော့ဘဲ မန်းစက်တော်ရာ၌ တပ်တည်၍ အလုံးအရင်းနှင့်နေထိုင် သည်။

မိုးညှင်းမင်းသည် အင်းဝနေပြည်တော်ကို မြန်မာနှစ် ၇၈၈ ခုနှစ်၊ နယုန်လတွင် စတင်အုပ်စိုးသည်။ မိဖုရားရှင်ဘို့မယ်နှင့် ဘယဂါမဏိတို့သည် မန်းစက်တော်ရာ၌ တပ်စွဲ၍နေသည်ကို သားတော်နော်ရထာကို ဦးဆောင်စေလျက် မန်းစက်တော်ရာသို့စေလွှတ်ခဲ့ပြီး မိဖုရားရှင်ဘို့မယ်အား ဝေါဖြင့်ဆောင်ယူခဲ့စေသည်။ ဘယဂါမဏိကိုလည်း သံခြေကျဉ်းနှင့်ဆောင်ယူစေခဲ့သည်။

စကုဆိပ်သို့ရောက်လျှင် ရှင်ဘို့မယ်ကို မိုးညှင်းမင်းသည် ရွှေလှေဖြင့် ဆောင်ယူသည်။ မိုးညှင်းမင်းသည် ရွာသစ်ကြီးမှကြိုဆိုခဲ့သည်။ မိုးညှင်းမင်းသည် ရှင်ဘို့မယ်ကို ရွာသစ်ကြီးဆိပ်ကမ်း၌တွေ့ဆုံလျှင် ကျန်းမာတော်မူကြောင်း မေးတော်မူသည်။

ရှင်ဘို့မယ်က ကျွန်စော်နံသည်ဟူ၍ တုံ့ပြန်ပြောဆိုခဲ့သည်။ မိုးညှင်းမင်းသည် ခွင့်လွှတ်တော်မူခဲ့ပြီး အင်းဝနေပြည်တော်သို့ ခေါ်ဆောင်သည်။ အင်းဝနန်းတွင်း၌ အိမ်တော်ကြီးကို ဆောက်လုပ်၍ မြတ်နိုးကြင်နာစွာထားတော်မူခဲ့သည်။ မိုးညှင်းမင်းသည် ရှင်ဘို့မယ်မိဖုရားကို ရှင်စောပုမိဖုရားထက် ကြင်နာမြတ်နိုးခဲ့သောကြောင့် ရှင်စောပုမိဖုရားသည် မွန်ရဟန်းနှစ်ပါးဖြစ်သော ဓမ္မဉာဏနှင့် ဓမ္မဓရတို့၏အကူအညီဖြင့် ဟံသာဝတီသို့ တိတ်တဆိတ် ထွက်ခွာခဲ့သည်။

ရှင်စောပုမိဖုရား၏ အင်းဝမင်းများလက်ထက်တွင် မိဖုရားအဖြစ်နေထိုင်ခဲ့သောကာလကို မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ) ၌ -

'ရှင်စောပုကား (၂၉) နှစ်အရွယ်တွင် ဆင်ဖြူရှင် သီဟသူထံဆက်သခြင်းခံရသည်။ ဆင်ဖြူရှင်သီဟသူ၏မိဖုရားအဖြစ် (၃) နှစ်၊ မင်းလှငယ်၏မိဖုရားအဖြစ် (၃) လ၊ ကလေးကျေးတောင်ညို၏ မိဖုရားအဖြစ် (၇) လ၊ မိုးညှင်းမင်း၏ မိဖုရားအဖြစ် (၃) နှစ် ဖြစ်သည်။ ထို့ကြောင့် အင်းဝတွင် (၇) နှစ် မိဖုရားဖြစ်ခဲ့ပြီး သက်တော် (၃၆) နှစ်အရွယ်၌ ဟံသာဝတီသို့ ပြန်လည်ရောက်ရှိခဲ့သည်'

ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

အင်းဝမင်း(၄)ဆက်၏ မိဖုရားဖြစ်တော်မူခဲ့သည်။

ရှင်စောပုမိဖုရားနှင့် ခေတ်ပြိုင် ရှင်ဘို့မယ်မိဖုရားသည် အင်းဝမင်းဆက်ငါးဆက်တိုင်တိုင် မိဖုရားအဖြစ်ထင်ရှားခဲ့သည်။ ရှင်ဘို့မယ်သည် အင်းဝမင်းခေါင် (ပထမမင်းခေါင်)လက်ထက်တွင် အနှစ် (၂၀)၊ သီဟသူမင်းလက်ထက်တွင် (၄) နှစ်၊ မင်းလှငယ်လက်ထက်တွင် (၃) လ၊ ကလေးကျေးတောင်ညိုမင်းလက်ထက်တွင် (၇) လ၊ မိုးညှင်းမင်းလက်ထက်တွင် (၁၃)နှစ်ခန့် မင်း(၅)ဆက်တိုင်တိုင် နှစ်ပေါင်း (၄၀) နီးပါးမျှ မိဖုရားအဖြစ်ထင်ရှားခဲ့သည်။ မင်း (၅) ဆက်စလုံး၏ ချစ်ခင်မြတ်နိုးခြင်းကို အထူးခံစားခဲ့ရသူလည်း ဖြစ်သည်။

အင်းဝမင်းဆက် (၅) ဆက်တိုင်တိုင် မိဖုရားအဖြစ်တင်မြှောက်ခြင်းခံခဲ့ရသော ရှင်ဘို့မယ်ကို ကဝိလက္ခဏာကျမ်းပြုဆရာ ကုန်းဘောင်ခေတ် စာဆိုကျော် စိန္တကျော်သူဦးဩက 'မင်းဆက်ငါးသွယ် ရှင်ဘို့မယ် နန်းလယ်တင့်သည်သာ'ဟူ၍ ဂုဏ်ပြုဖွဲ့ဆို မှတ်တမ်းတင်ခဲ့သည်။

ရှေးရှေးသောမင်းတို့၏မိဖုရားကို နောက်နောက်သောမင်းတို့သည် မြတ်နိုးတော်မူက မိဖုရားမြှောက်သင့်မြှောက်ထိုက်သည်ဟူသောဥပဒေသ၊ ရှင်ဘို့မယ်သည် လောကီစည်းစိမ်၏အထွတ်အထိပ်ဖြစ်သော မိဖုရားစည်းစိမ်ကိုရရှိခံစားခဲ့ရသော်လည်း ကိုယ်ကျင့်တရားဖောက်လွဲဖောက်ပြန်ပြုတတ်သောဘဝသင်ခန်းစာများရရှိစေသော ဥပဒေသတို့ကို မှတ်သားဖွယ်ရာဖြစ်စေသည်ဟူ၍လည်း ထုတ်ဖော်တင်ပြခဲ့ပါသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ ကဝိလက္ခဏာဒီပနီကျမ်း (စိန္တကျော်သူဦးဩ)

၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲနှင့်ဒုတိယတွဲ)



www.burmeseclassic.com

www.burmeseclassic.com

# ကသာသင်းမွှေး
# စားပြီးသားပန်းကန်တွေကို ဒီလိုဆေးခဲ့ရတယ်



၂၀၁၇ ခုနှစ်၊ ဧပြီလထုတ် သူရဇ္ဇ မဂ္ဂဇင်း (အတွဲ-၁၇၊ အမှတ်-၄) စာမျက်နှာ (၂၁၃) မှာ နေပြည်တော် ကျော်ကျော်စိုးရေးထားသော ဓာတု အဆိပ်လွတ်ပန်းကန်ဆေးနည်းကို ဖတ်ရ ပါတယ်။ ထိုဆောင်းပါးကိုဖတ်ပြီးနောက် ကျွန်တော်ငယ်ငယ်က စားပြီးသား ပန်းကန်တွေကို ဒီလိုဆေးခဲ့ရတယ်ဟု ပြန်ပြောင်းပြောပြချင်စိတ်တွေဖြစ်လာ ပါတယ်။

(ဆရာ)နေပြည်တော်ကျော်ကျော်စိုး ပြောသလိုပါပဲ ဆပ်ပြာမှုန့်နဲ့ဖျော်ထားတဲ့ ဓာတုပစ္စည်းတွေဟာ စားသုံးရန်မသင့် ပါဘူး။ ဆပ်ပြာမှုန့်နဲ့ဖျော်ထားတဲ့ရေ ထဲကို စားပြီးသားပန်းကန်တွေထည့်ပြီး ဆေး၊ ပြီးတော့ ရေသန့်နဲ့တစ်ခါဆေး လိုက်တာနဲ့ ပြောင်စင်သွားတယ်လို့ထင် ကြပါလိမ့်မယ်။ ဓာတုပစ္စည်းတွေရဲ့ အာနိသင်တွေက ပြယ်ချင်မှပြယ်မယ်။ ကပ်ငြိပါလာနိုင်တယ်။ ဒါကို ပြန်ထည့် စားသုံးကြပြန်တယ်။ ဒီလိုနဲ့စားဖန်များ လာတဲ့အခါ လူကို အန္တရာယ်ဖြစ်စေနိုင် ပါတယ်။

ဆရာတို့ငယ်ငယ်တုန်းက ကုလား ပဲမှုန့်ကို ရေနဲ့ဖျော်ထားပြီး စားပြီးသား ပန်းကန်တွေကို ကုလားပဲမှုန့်ရည်ထဲ ထည့်ပြီး ပွတ်လိုက်တာနဲ့ ပန်းကန်မှာ ကပ်နေတဲ့ဆီတွေကျွတ်ကုန်တယ်။ ဒါ ဟာ မြန်မာ့ရိုးရာဓာတုအဆိပ်လွတ်ပန်း ကန်ဆေးနည်းစစ်စစ်ပါဟု ပြောထားပါ သည်။

စာရေးသူ (ကျွန်တော်) ငယ်ငယ် က စားပြီး ပန်းကန်တွေကို ဆေးခဲ့ရပုံအ ကြောင်း မပြောခင် ကျွန်တော့်မိသားစု အကြောင်းလေးကို ပြောပြချင်ပါသေး တယ်။

ကျွန်တော်က တစ်ဦးသောသား ဖြစ်တယ်။ ဒါကြောင့် မိန်းကလေးလို အမေ့ကို ကူညီချက်ပြုတ်ပေးခဲ့ရတယ်။ အမေ ဈေးဝယ်သွားစဉ် ကျွန်တော်က အိမ်မှာ ကိုယ့်ဘာသာမီးမွှေး၊ ရေနွေးအိုး တည်၊ ထမင်းအိုးတည်၊ ကြက်သွန်၊ ချင်း တာတွေကို ဟင်းချက်ဖို့ထောင်းထား ပေးတယ်။ တစ်ခါတစ်ရံ ဘာဟင်းချက် ထားနှင့်ဆိုရင် ချက်ထားပေးရတယ်။ ထမင်းမချက်ခင် ရေနွေးအိုးအရင်တည် ရတာက ရေနွေးသောက်ဖို့တင်မဟုတ် ဘူး။ ထမင်းဟင်းချက်တဲ့အခါ လိုအပ် ရင်သုံးဖို့ပါ။ ကျွန်တော်တို့က ထမင်းကို ရေခန်းမချက်ဘူး။ ရေငဲ့ချက်တယ်။ အပျော့အမာလိုအပ်ရင် ရေနွေးထည့်ရ တယ်။ ဟင်းချက်ရင်လည်း ဟင်းအိုးထဲ ရေထည့်ရင် အမေက ရေစိမ်းထည့်တာ မကြိုက်ဘူး။ ရေနွေးထည့်ရတယ်။

အမေက ငယ်တုန်းက မယ်သီလ ရှင်ဝတ်ခဲ့တယ်။ မယ်သီလရှင်လူထွက် ပေါ့။ ဒါကြောင့်လားမပြောတတ်ဘူး။ အမေက စည်းကမ်းကြီးတယ်။ ရေကို သွန်ချင်တိုင်းသွန်တာမကြိုက်ဘူး။ ရေ သောက်တာတောင် လိုသလောက်ကိုယ် သောက်ချင်သလောက်သာခပ်ပြီးတော့ သောက်ဖို့၊ ပိုနေရင်သွန်ပစ်ရတဲ့အတွက် အလဟဿဖြုန်းတီးရာရောက်ပါတယ်။ ကျွန်တော်တို့က ရေကိုဝယ်သုံးရတာ။ မြစ်နဲ့နီးပေမယ့် မြစ်ရေကိုမသုံးဘူး။ ရေ ချိုးရင်တော့ မြစ်ဆိပ်မှာချိုးတယ်။ တွင်း ရေကိုပဲသောက်သုံးရတာမို့ ရေကို အထမ်း ငှားလပေးပြီးဝယ်သုံးရတာ။ အမေပြော တဲ့စကားကို အခုထိမှတ်မိသေးတယ်။

“ရေသုံးတတ်မှ ငွေသုံးတတ်တာ။ ရေမသုံးတတ်ရင် ငွေကိုလည်း မသုံး တတ်ဘူး”တဲ့။

အခုကြီးလာတော့ သားသမီးတွေ ကိုပြောပြတယ်။ သူတို့ကရယ်စရာဖြစ် နေတာပေါ့။ ကျွန်တော်ငယ်ငယ်က ရေ ကိုဝယ်သုံးခဲ့ရတယ်။ အခုတော့ ခလုတ် နှိပ်လိုက်တာနဲ့ မော်တာကလည်ပြီး ရေရောက်လာတယ်လေ။ ရေကိုလွယ် လွယ်ရနေတော့ ရေရဲ့အခက်အခဲကို သူတို့နားမလည်ကြတာလည်းဖြစ်မှာပါ။

စောစောတုန်းကပြောခဲ့တဲ့အတိုင်း ရေကို အရမ်းကာရောမသွန်စေချင်ဘူး။ ဆန်ဆေးပြီး ဆန်ဆေးရည်ကိုအင်တုံနဲ့ ထည့်နေထားရတယ်။ ဟိုတုန်းက အခု ခေတ်လို ပလတ်စတစ်ဇလုံတွေ၊ ဇလုံ တွေမရှိသေးဘူး။ မြေနဲ့လုပ်ထားတဲ့ အင်တုံအရွယ်အစားအမျိုးမျိုးကိုပဲသုံးကြ ရတာ။ ဟင်းသီးဟင်းရွက်ဆေးပြီးလျှင် ဆေးပြီးသားရေကို မသွန်ပစ်ရဘူး။ သံဇလုံနဲ့ခံထားရတယ်။

စားပြီးသားပန်းကန်ပြား၊ ပန်းကန် လုံးတွေကို ပထမဆန်ဆေးရည်မှာ ဆေး ရတယ်။ ဆန်ဆေးရည်ထဲထည့်နှစ်ပြီး ပွတ်သပ်ဆေးလိုက်တော့ ကပ်နေတဲ့ဆီ တွေမရှိတော့ဘူး။ နောက်ထပ်ဟင်းသီး ဟင်းရွက်ဆေးထားတဲ့ ရေနဲ့ပြန်ဆေး လိုက်တော့ ပြောင်ပြီးသားဖြစ်သွားပြီ။ ထပ်ပြီး ရေသန့်ဇလုံမှာဆေးလိုက်ရင် သုံးကြိမ်ဆေးပြီးသားဖြစ်သလို ပြောင်စင် ပြီးသားလည်းဖြစ်သွားပြီ။

အကယ်၍ စားထားတဲ့ပန်းကန် တွေ၊ အိုးတွေကဆီများလို့ ဆန်ဆေးရည် ဆေးတာ မပြောင်စင်ဘူးထင်ရင် ရွှံ့ပါ ဆပ်ပြာနဲ့ ထပ်ဆေး၊ အိုးတိုက်တဲ့ သပွတ်အူခြောက်နဲ့ပွတ်လိုက်ရင် ပြောင် သထက်ပြောင်သွားပါပြီ။

ဘာကြောင့်လဲလို့ ကျွန်တော်ငယ် ငယ်ကတည်းက တွေးကြည့်မိတယ်။ ဆန်မှာကပ်နေတဲ့ ဆန်မှုန့်လေးတွေက ဆီကိုလုံးပြီးယူသွားတယ်လို့ထင်တာပါ ပဲ။ အလွယ်သုံး၊ အလွယ်စားတဲ့ခေတ် လို့ပဲဆိုကြပါစို့။ အလွယ်တကူချက်လိုက် ရုံထုပ်ထားတဲ့အထုပ်တွေလည်းပေါ်လာ ပြီလေ။ ဒါကြောင့် လွယ်လွယ်ပဲ ဆပ်ပြာ မှုန့်သုံးလိုက်ကြသလို လွယ်လွယ်စား၊ လွယ်သလိုလုပ်ကြလို့ ရောဂါတွေလည်း လွယ်လွယ်ပဲရောက်လာတယ်လို့ ထင်ပါ တယ်။

ဒါကြောင့် ကျန်းမာရေးသတိရှိရှိနဲ့ စားကြ၊ သုံးစွဲကြပါလို့ တိုက်တွန်းရင်း စာရေးသူငယ်ငယ်က ပန်းကန်တွေကို ဒီလိုဆေးခဲ့ရပါတယ်လို့ ပြောပါရစေ။ အသိကြွယ်လို့ လက်တွေ့ ကျင့်သုံးနိုင်ကြပါစေ။

ကသာသင်းမွှေး



www.burmeseclassic.com

စင့်ပါချောင်းအနောက်ဘက်တွင် ဘိုးမြတောများရှိသည်။

ဘိုးမြတောကကျယ်သည်။ ဧက နှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိမည်။ မိုးကောင်းသောနှစ်မှာ စိုက်ပျိုးရေး ကောင်းသည်။ မိုးခေါင်သောနှစ်မှာ စိုက်ပျိုးရေးမကောင်း။ မိုးကောင်းတော များဖြစ်ပါ ၏။

စင့်ပါချောင်းကမ်းပါးများက မတ်စောက်လှသည်။ စင့်ပါချောင်းသည် အထက်ပိုင်းမိုးရွာမိုးကြီးပါက ဆင်းလာသောရေများသည် ဒလဟောကြမ်းကြမ်း တမ်းတမ်း ဒေါသကြီးစွာနှင့် တွေ့သမျှ ဆွဲငင်ဖြိုဖျက်သယ်ဆောင်လာတတ်သမျှ ကျန်အချိန်များတွင် ရေကမရှိတတ်။ အစဉ်သဖြင့် သဲပြင်ကျယ်ကျယ်ကြီးကိုသာ ရှုမဆုံးမြင်ရသည်။ ကမ်းပါးမြင့်မြင့်ကြီးများကိုသာတွေ့ရသည်။

စင့်ပါချောင်းရေသည် စိုက်ရေးပျိုးရေးအတွက် အားမကိုးရ။ အားမကိုးရသည့်အပြင် -

မိုးကောင်းသောနှစ်များတွင် စင့်ပါ ချောင်းရေသည် ဘိုးမြတို့ ခံတက်ကုန်းရွာအခြေထိ တက်လာတတ်သည်။ နှစ်ရက်၊ သုံးရက် ရေမကျတတ်။ စိုက်ထားပျိုးထားသမျှ ရေအောက်ဆွဲနှစ်ထားသည်။အပျက်အစီးများသည်။

မိုးကောင်းသဖြင့် စိုက်ပျိုးဖြစ်ထွန်း သီးနှံရလိမ့်မည်ဟုမျှော်လင့်သမျှ စင့်ပါချောင်းက ထိုမျှော်လင့်ချက်များကို ဖျက်ဆီးသွားသည်။

ဘိုးမြတို့ ခံတက်ကုန်းရွာနှင့် စင့်ပါချောင်းက (၁)မိုင်မျှအကွာအဝေးရှိပါ၏။

# ကိုဇော်ဝင်း
## (ရှတော)

# ဘိုးမြတောအစပ်က မြွေကျောက်တုံးကြီး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



သူရဲမပျှောင်း
၂၀၀၀ခုနှစ်၊ စော်တင်ဘာသာ အတွဲ(၁၇)အမှတ်(၉)

www.burmeseclassic.com

ခံတက်ကုန်းတစ်ရွာတည်း စင့်ပါချောင်းဒဏ်ကိုခံရသည်မဟုတ်။

ခံတက်ရွာ၏ အရှေ့မြောက်ဘက် မိုင်ဝက်နီးပါးအကွာမှာ ခံမြင့်ရွာရှိသည်။ စင့်ပါချောင်းနှင့် ခံမြင့်ရွာပိုနီးသည်။

ခံတက်ရွာ၏တောင်ဘက် (၁)မိုင်အကွာမှာ ခံသာရွာရှိနေသည်။ စင့်ပါချောင်း၏ဒဏ်ကို ခံမြင့်ရွာ၊ ခံသာရွာများပါခံကြရသည်။

သို့ဖြစ်၍ ထိုသုံးရွာစလုံး စီးပွားရေးမကောင်း၊ အိမ်ကြီးအိမ်ကောင်းမရှိ။

❑

ဘိုးမြတောအစပ် ကန်သင်းရိုးဘေးတွင် ကျောက်တုံးကြီးတစ်တုံးရှိနေ၏။ ထိုကျောက်တုံးကြီးသည် အမြင့်နှစ်ပေ၊ အလျားသုံးပေ၊ အနံနှစ်ပေခန့်ရှိပါမည်။ အနက်ထဲတွင် အစိမ်းရင့်ရင့်အကြောင်းများထင်သည်။ မြောက်ဘက်မျက်နှာတွင် မျက်လုံးပုံစံနှစ်ခု၊ ပါးစပ်နှင့်လျှာပုံစံများပေါ်လွင်သည်။ ဘေးနှစ်ဖက်နှင့် အထက်ဘက်တွင် အနက်ကွက်များရှိသည်။

နတ်ကျောက်တုံးဟုဆိုသူရှိသည်။

မြွေကျောက်တုံးဟုခေါ်သူရှိသည်။

ခံတက်ရွာ၊ ခံသာရွာ၊ ခံမြင့်ရွာသူရွာသားတို့ကမူ မြွေကျောက်တုံးကြီးဟု အသိအမှတ်ပြုကြသည်။

မိုးရွာရွာ၊ နေပူပူ ကျောက်တုံးကြီးက အရောင်မပြောင်း။

ထိုကျောက်တုံးကြီးမှာ မည်သည့်အချိန်က တောစပ်တွင်ရှိနေရောက်နေသသည်ကို ဘိုးမြ မသိ။ ဘိုးမြအပြင် အခြားမည်သူ့မျှလည်း မသိကြ။

ခံတက်ကုန်းရွာ အသက်အရွယ်အကြီးဆုံးအဘိုးတစ်ဦးကမူ စင့်ပါချောင်းရေနှင့်အတူပါလာပြီးတင်နေရစ်သည်။ နတ်များသယ်ဆောင်လာခြင်း ဖြစ်နိုင်သည်ဟု ပြော၏။

ထိုအဆိုကို ငယ်ရွယ်သူများက လက်ခံနိုင်ခြင်းမရှိ။

စင့်ပါချောင်းနှင့်က မနီးမဝေးရှိသည်မှန်၏။ သို့သော် စင့်ပါချောင်းကမ်းပါးကြီးက အမြင့်ကြီးဖြစ်သည်။

ကျောက်တုံးကြီးပါလာမည်ဖြစ်က ရေအောက်ကြမ်းပြင်မှသာလိမ့်ပါလာနိုင်သည်ဟု တွေးကြသည်။ ပြီးနောက် ကျောက်တုံးကြီးက ခိုင်ခံ့လေးလံလှသည်။

ကျောက်တုံးကြီး ကြွလာအောင်မည်သူမျှ မ,မနိုင်၊ မစွမ်းဆောင်နိုင်။ သံဆောက်တစ်ခုနှင့်ရိုက်ပြီးဖဲ့ကြည့်၏။ သံဆောက်သာပဲ့သွားသည်။ ကျောက်တုံးကြီးပဲ့မသွား။ ရဲတင်းနှင့်ခုတ်ကြည့်သည်။ မီးသာပွင့်သွားသည်။ ကျောက်တုံးကြီးမပဲ့။

ကာလသားတချို့က ဝိုင်းခွဲကြည့်ချင်သည်ပြောဖူး၏။

ဘိုးမြ လက်မခံပါ။ ထို့အတူ သုံးရွာခေါင်းဆောင်များကလည်း လက်မခံပါ။

❑

တောလုပ်ငန်းလုပ်ရင်း ကျောက်တုံးကြီးပေါ် ထိုင်ပြီးနားကြသည်။

အိမ်ကပို့လာသောထမင်းထုပ်ကို ဖြေပြီး ကျောက်တုံးကြီးပေါ် မှာစားခဲ့ကြသည်။ ကျောက်တုံးကြီးက မိုးရွာလျှင်အစို၊ နေပူလျှင်အခြောက်။

ဘိုးမြမှတ်မိနေသည်က ကျောက်တုံးကြီးသည် ဘိုးမြအမိအဘများရှိစဉ်ကတည်းက ရောက်နေရှိနေသည်ဆိုခြင်းပင်။

လယ်လုပ်ငန်းလုပ်နိုင်ရန် တောထွင်ခဲ့ရသည်။ ကိုင်းခုတ်ရှင်းလင်းရသည်။ သစ်ငုတ်များတူးခဲ့ရသည်။

ဘိုးမြအမိအဘများတွင်ပြီးလုပ်ခဲ့ရသောကွင်းများဖြစ်သည်။

ကျောက်တုံးကြီး၏ အရောင်၊ ကျောက်တုံးကြီး ရှေ့မျက်နှာကိုကြည့်လျက် မြွေကျောက်တုံးကြီးဟုပြောကြသည်ကို ဘိုးမြ သဘောတူသည်။

မျက်လုံးနေရာ အနက်စက်က ကျပ်ပြားတစ်ပြားသာမျှရှိသည်။

ပါးစပ်အကျယ်က နှစ်ပေခွဲခန့် သုံးပေခန့်မျှရှိမည်။ လျှာနှင့်တူသော မို့မို့ဖူးဖူးအစက်က ကြီးကြီးရှည်ရှည်မြင်ရ၏။ ပြီးနောက် ထင်ထင်ရှားရှားအနက်ကွက်ကြီးများ။

အစိမ်းရင့်ရင့်ကိုယ်ထည်ရှိသည်။ ရေညှိဖြစ်မည်ထင်သဖြင့် ဘိုးမြ ဓားနှင့်ခြစ်ကြည့်၏။ ရေညှိမဟုတ်၊ ကျောက်သားသာဖြစ်သည်။

ရွာဦးကျောင်းဆရာတော်ကြွလာပြီးကြည့်သည်။

ကျောက်တုံးကြီးကို ကျောင်းဝင်းထဲရွှေ့ပြီးထားချင်သောဆန္ဒရှိနေကြောင်း မိန့်ကြားသည်။ သို့သော် ကျောက်တုံးကြီးကိုမ,၍မရ၊ ရွှေ့၍မဖြစ်။

အစောပိုင်းကာလများက ဘိုးမြ လယ်လုပ်ငန်းကို လုပ်ရိုးလုပ်စဉ်လုပ်သည်။

ကျောက်တုံးကြီးရှိနေသည်ဆိုသော အသိသာရှိ၏။ စိတ်ဝင်စားခြင်းမရှိ။ ကျောက်တုံးကြီးပေါ် ထိုင်ပြီးနားသည်၊ ရေနွေးကြမ်းသောက်ခဲ့သည်။

❑

ကွင်းထဲမှာ ဘိုးမြနှင့် သားကြီးသမီးကြီးတို့ အမှိုက်ထည့်နေကြသည်။

ရှေ့မှ သားကြီးက ထွန်တိုက်သွားသည်။ နောက်ထွန်လမ်းကြောင်းထဲပေါ်လာသမျှ အမှိုက် ဘိုးမြနှင့်သမီးကြီးက ရသမျှထည့်ယူပြီးစုပုံသည်။

သားကြီးက အမှိုက်များလျှင် ထွန်ရပ်ပြီး ဝိုင်းကူထည့်သေးသည်။

အမှိုက်ပုံများက ဟိုနားတစ်ပုံ သည်နားတစ်ပုံ အပုံလေးတွေများလာ၏။

ကျောက်တုံးကြီးရှေ့တွင် အမှိုက်သုံးပုံရှိ၏။ ဘေးဖက်တွင် နှစ်ပုံရှိနေသည်။

နေမွန်းတည့်ချိန်ဖြစ်ပါ၏။

သားကြီးနှင့်သမီးကြီးက ပြန်သွားကြမည်။ ဘိုးမြတစ်ယောက်သာကျန်နေခဲ့၏။ အမှိုက်ပုံများကို မီးရှို့ရန်ကျန်နေခဲ့ခြင်းဖြစ်ပါ၏။

နေကကျဲကျဲတောက်ပူနေသည်။

ဘိုးမြကိုယ်မှာ ချွေးများဖြင့်ရွှဲနစ်နေ၏။

“ညနေပိုင်းမှ လာပြီးမီးရှို့ကြရအောင်။ အဖေတစ်ခါတည်းပြန်လိုက်ခဲ့ပါ။ ထမင်းစားချိန်နီးနေပြီ”

ဟု သားကြီးကဆိုသေးသည်။

“ပြန်နှင့်ကြကွာ၊ တစ်ခါတည်းလုပ်ခဲ့ရမယ်။ ညနေပိုင်း ဆရာတော်ကျောင်း ထန်းရွက်သွားမိုးပေးရမယ်”

ဟု ပြောခဲ့ရ၏။

မြောက်လေက တဟူးဟူးတိုက်နေ၏။

အမှိုက်ပုံများ တစ်ပုံကြီးတစ်ပုံ ဘိုးမြအမှိုက်ရှို့သည်။ မီးတောက်အားကောင်းသည်။ ဖျစ်ဖျစ်မြည်အမှိုက်များ မီးလောင်ကျွမ်းသည်။

မီးခိုးလုံးကြီးတွေကလည်း တစ်လုံးပြီးတစ်လုံး မိုးပေါ်ပျံတက်နေပါသည်။ ကွင်းတစ်ခုလုံးမှုန်မှိုင်းသွား၏။

ကျောက်တုံးကြီးရှေ့ကအမှိုက်သုံးပုံကို မီးတင်ရှို့သည်။ ပြီးနောက်ဘေးဖက်ကနှစ်ပုံကိုရှို့သည်။

ဘိုးမြ အံ့ဩသွားသည်။

ထိုအမှိုက်ပုံများကား မီးရှို့ မီးမလောင် မီးရှို့၍မရဖြစ်၏။

သို့ဖြင့် ထွန်ခြစ်ယူလျက် အမှိုက်



www.burmeseclassic.com

www.burmeseclassic.com

များကို တစ်ပုံပြီးတစ်ပုံ ကျောက်တုံးကြီးနှင့်ဝေးရာဆွဲယူသည်။ ငါးသွားသံထွန်ခြစ်အောက်မှာအမှိုက်များပါလာ၏။

ဘိုးမြ ချွေးဒီးဒီးကျသည်။ မောလည်းမော၏။

မီးခြစ်ကို အဖုံးဖွင့်၊ မီးခြစ်လျက် စတင်ရှို့သည်။ လောင်လိုက်သည့်ဖြစ်ခြင်း၊ တောက်လိုက်သည့်ဖြစ်ခြင်း တစ်ခဏအတွင်း လောင်မြိုက်သွားပါ၏။

အမှိုက်ပုံများအားလုံးမီးရှို့ပြီးချိန် ဘိုးမြ ကျောက်တုံးကြီးရှိရာလျှောက်လာသည်။ ကျောက်တုံးကြီးဘေးက ရေဘူးဆွဲပြီးဖွင့်မော့သည်။ ရေငတ်ပြေသွားသည်။

ကျောက်တုံးကြီးပေါ်တွင်နားမည် လုပ်ပြီးပြန်ထ၏။ နေကပူ၊ မီးကပူနှင့် ကျောက်တုံးကြီးပူမည်ထင်၍ထခြင်းဖြစ်၏။

ကျောက်တုံးကြီးက မပူပါ။ စမ်းသောလက်များက အေးစိမ့်စိမ့်စိုထိုင်းထိုင်းအတွေ့များရသည်ကိုတွေ့ရသည်။

ပြီးနောက် ဘိုးမြအနံ့တစ်ခုရ၏။ အသေအချာခံကြည့်သည်။ သစ်ရွက်ဆွေး၊ အမှိုက်ဆွေးများ မီးရှို့၍နံသောအနံ့များလား မဟုတ်ပါ။

မီးခိုးနံ့လည်းမဟုတ်။

ဘိုးမြရသောအနံ့က ညှီစို့စို့အနံ့ဖြစ်သည်။ မြွေပခြုပ်များအနီး သို့မဟုတ် မြွေသေတ္တာများအနီးမှရသောအနံ့၊ မြွေဟောက်အနံ့၊ မြွေပွေးအနံ့။

စိမ်းရွှေရွှေအနံ့။ ထိုအနံ့သည် ပျောက်မသွား။

ကျောက်တုံးအနီး ဘေးဘက်ဆီ ဘက်ကြည့်၏။ မည်သည်ကိုမျှ မတွေ့မမြင်။

ကျောက်တုံးကြီးရှေ့ရောက်၏။

နောက်ကို နှစ်လမ်း၊သုံးလမ်းပြန်ဆုတ်လိုက်ရ၏။ ပါးစပ်က အနည်းငယ်ဟနေပုံတွေ့ရသောကြောင့်ဖြစ်သည်။

လက်မဝက်နီးပါးအက်ကွဲကြောင်းလေး။ ထိုအက်ကွဲကြောင်းလေးအတွင်းက စိမ်းရွှေရွှေအနံ့၊ ညှီစို့စို့အနံ့များထွက်နေသည်ထင်၏။

ကပ်၍အသေအချာကြည့်ချင်ပြားကြည့်ဝံ့။

❑

ရွာဦးကျောင်းအဆောက်အအုံကြီးက ခံ့ညားထည်ဝါလှသည်။

လေးခန်းသုံးခန်း အုတ်ခုံခံ၊ ပျဉ်ထောင်ပျဉ်ခင်းနှစ်ထပ်သွပ်မိုးထား၏။ ကနုတ်ပန်း၊ ကနုတ်နွယ်များနှင့် ဘုံထွင့်များတင်ထားသည်။

သွပ်မိုးထားပါသောကြောင့် ပူသည်။ ဆရာတော် အပူဒဏ်မခံနိုင်။

ကျောင်းဆောင်ကြီးတောင်ဘက် ထန်းသားတိုင်ဖြင့် သုံးခန်းနှစ်ခန်းတဲ တစ်လုံးထိုးသည်။ အပေါ်က ထန်းရွက်မိုးမည်။

ခံတက်မှာ ထန်းရွက်မိုးသည့်နေရာ ဘိုးမြကို မီသူမရှိ။

ထန်းရွက်စိပ်စိပ်မိုးသည်။ မိုးရေလျှောရမည်။ ဘိုးမြက ထန်းရွက်အမိုးကောင်းသည်။

နေမည်မျှပူပူ ထန်းရွက်အသစ်နံ့လေးတသင်းသင်းမွှေးမွှေးမြမြနှင့် အေးလိုက်ပါဘိခြင်း။ နေလို့ကောင်းလိုက်ပါဘိခြင်း။

နေမဝင်မီ ဘိုးမြ ထန်းရွက်မိုးပြီးသွားပြီ။ အပေါ်မှဆင်းပြီး တဲအတွင်းပိုင်း ထန်းရွက်အတိုအစများ၊ နှီးအတိုအစများ၊ အမှိုက်များအားလုံး ဘိုးမြရှင်းလိုက်သည်။

ဆရာတော်ကျောင်းပေါ်မှကြွလာသဖြင့် ဘိုးမြ ထိုင်ကန်တော့သည်။ ဆရာတော်ထိုင်ရန် အသားခုံတစ်လုံး ဘိုးမြ ဆွဲယူပေးသည်။

ဘိုးမြ ပြန်ချင်ပြီ။ တစ်ကိုယ်လုံးလည်း ထန်းရွက်အပိုင်းအစများ ကပ်နေသည်။ ရေချိုးသန့်စင်ချင်နေသည်။

သို့သော် ဆရာတော်က ဘိုးမြကို တစ်စုံတစ်ရာ မွက်ကြားလိုပုံရှိသည်။ အနီးမှာပင် ဘိုးမြထိုင်နေရ၏။

"အင်းဗျာ - ထူးခြားတာတစ်ခု ဒကာကြီးကို မိန့်ကြားရဦးမယ်ဗျာ။ သို့ပေမယ့် ဆရာတော်မိန့်ကြားချက်ကို ဒကာကြီးနားမှာသာထားပါဗျာ။ ဒကာကြီးမိသားစုတွေပင်မသိစေချင်ပါဘူး ဟုတ်ရဲ့လား"

"မှန်ပါဘုရား"

"ပြီးခဲ့တဲ့ လပြည့်ညတစ်ညလုံး ဝင်းထိန်လို့သာယာလိုက်လေ။ အင်း - လပြည့်ညပေကိုးဗျနော်။ ကျုပ်မကျိန်းချင်တာနဲ့ ကျောင်းရှေ့စင်္ကြံလျှောက်နေမိရဲ့။ စင်္ကြံလျှောက်ရင်း အရှေ့ဘက်အကြည့်ရောက်သွားသဗျာ။ အဲသည်မှာ အစိမ်းရောင်အလင်းတန်းကြီးနှစ်ခု မိုးပေါ်ထိုးတက်နေတာ မြင်လိုက်ရတယ်။ အသေအချာကြည့်တယ်၊ ဘယ်နေရာကဖြစ်မလဲလို့ ခန့်မှန်းကြည့်တယ်။ ဘယ်နေရာဖြစ်မယ်ထင်လဲ ဒကာကြီး"

"ဆရာတော်မိန့်ကြားမှ သိမှာပါဘုရား"

"ဟုတ်ပါ့ဗျာ၊ ဒကာကြီးကွင်းအစပ်ကပါဗျာ။ ကျောက်တုံးကြီးခံတွင်းဝ ပွင့်ပြီးထွက်နေပုံမျိုးပါဗျာ။ လရောင်နဲ့ အထင်အရှားတွေ့ကြရသဗျာ။ အလင်းတန်းကြီးက မကြာပါဘူးဗျာ၊ ကြည့်နေတုန်းပျောက်သွားပါရဲ့။ နောက်ထပ်လည်း ထွက်မလာတော့ပါဘူးဗျာ"

ဆရာတော် ဆက်လက်မိန့်ကြားခြင်းမရှိတော့။ ဆရာတော် တွေးနေပုံမျိုးရ၏။ ပြန်မြင်ကြည့်နေပုံမျိုးလည်းဖြစ်၏။

ဘိုးမြ ဆရာတော်ကို နေ့ခင်းပိုင်း အမှိုက်ပုံမီးရှို့ပုံ၊ ညှီစို့စို့အနံ့ရပုံများ ဆရာတော်ကိုလျှောက်မည်ဟု စိတ်ကူးသေးသည်။ မလျှောက်ဖြစ်ပါ။

ဘိုးမြသည် ဆရာတော်မိန့်ကြားစကား၊ နေ့ခင်းကြုံတွေ့ရသမျှအားလုံး မည်သူ့ကိုမျှမပြော။ ဆရာတော်ကို ကတိပေး လျှောက်ထားခြင်းနှင့်အညီ အိမ်သူအိမ်သားများပင် အသိမပေး။

အင်း - ထူးဆန်းခြင်းက အမှန်ဖြစ်သည်။

နတ်ကျောက်တုံးလည်းဖြစ်ချင်ဖြစ်မည်၊ မြွေကျောက်တုံးလည်းဖြစ်ချင်ဖြစ်မည်။ သိသမျှပြောမိလျှင် ဒေသခံရွာသူရွာသားများ ဒုက္ခဖြစ်ချိမ့်မည်။

ကျောက်တုံးကြီးကို စိတ်ဝင်စားလာကြလိမ့်မည်။

ထိုအခါ. . .

❑

လပြည့်ည ဘိုးမြကွင်းအစပ် ကျောက်တုံးကြီးပေါ်က အစိမ်းရောင်အလင်းတန်းကြီးနှစ်ခု မိုးပေါ်ထိုးတက်နေသည်ဆိုသော သတင်းစကား။

မည်သူတစ်ဦးတစ်ယောက်ကိုသော်မျှ ဘိုးမြ ပြောကြားခဲ့ခြင်းမရှိပါဘဲလျက် ရွာဦးကျောင်းဆရာတော်လည်း အခြားမည်သူ့ကိုမျှ မိန့်ကြားခြင်းမရှိပါဘဲလျက်။

နောက်နေ့နံနက်မှာ အစိမ်းရောင်အလင်းတန်းကြီးနှစ်ခုသတင်းက ခံတက်ရွာတစ်ရွာလုံးပြန့်လို့နေပြီ။ ညနေပိုင်းမှာ ခံသာရွာ၊ ခံမြင့်ရွာများအားလုံးသိနေကြပြီ၊ ပြောနေကြပြီ ဖြစ်သည်။

ဘိုးမြ ကွင်းအစပ်က ကျောက်တုံးကြီးကို ပြေးပြေးလွှားလွှားလာကြည့်ကြသူတွေများသည်။ အဖွဲ့လိုက်လာကြသည်။ အုပ်စုလိုက်လာကြသည်။ တစ်ညလုံး လူအုပ်ကမစဲ။

လက်နှိပ်မီးများလရောင်အောက်



www.burmeseclassic.com

www.burmeseclassic.com

မှာ ဝင်းဝင်းလက်နေသည်။

အမျိုးမျိုးမှန်းဆပြောဆိုနေကြသည်။ သတင်းမှန် ငတင်ထံကရကြ၍ဖြစ်သည်။

❑

ငတင်က ခံတက်ကုန်းအနောက်ပိုင်းသားဖြစ်သည်။

မိခင်အိုကြီးနှင့် အတူနေသည်။ အလုပ်မရှိအကိုင်မရှိ အချောင်သမားစိတ်ကူးသမားဖြစ်သည်။ (၇) တန်းမျှမြို့တက်ပညာသင်ကြားခဲ့ဖူး၏။ အပေါင်းအသင်းစုံသည်။

မိခင်ကြီးက တောထဲအုံထဲဝင်ပြီး ဟင်းရွက်ကန်စွန်းရွက်ခူးပြီးရောင်းရ၏။ ဆန်နှင့်လဲတန်သမျှလဲရ၏။ မိခင်ရှာသမျှ ငတင် အခန့်သားစားသည်၊ သုံးသည်။

ငတင် လောင်းကစားဝါသနာကြီး၏။

ခံတက်ရွာထဲမှ ငွေကြေးချမ်းသာပြီး ရုပ်ရည်ချောမောသောအပျိုများကို ငတင်ကြိုက်၏။ တစ်နေ့ ငတင်ခြေဖဝါးအောက်ရောက်ရမည်ဟုလည်း ငတင်အခြောက်တိုက် ကြိမ်းဝါးနေတတ်သေးသည်။

ပင်ပင်ပန်းပန်း မလုပ်မကိုင်ရဘဲချမ်းသာချင်နေသည်။ ရွာစုံထွက် ဖဲရိုက်သည်။

ငတင် ဖဲနိုင်သည်ဟူ၍ မကြားဘူးပါ။

လပြည့်နေ့ညက ခံသာရွာ ငတင်ရောက်နေ၏။ ကိစ္စတစ်ခုရှိသည်။ ကိစ္စဖဲဝိုင်းမှာ ဖဲထိုင်ရိုက်ခဲ့၏။ စောစောပိုင်းဖဲကောင်းသော်ငြား နောက်ပိုင်းဆက်တိုက်ရှုံးသည်။ ဖဲကသေသည်။ ငတင်ပေါင်နှံစရာမကျန်၊ ငွေချေးမည့်သူ၊ ငွေထုတ်မည့်သူမရှိတော့။ အရှုံးဖြင့်စိတ်ပျက်လက်ပျက် ဖဲဝိုင်းမှ ငတင်ထပြန်လာခြင်း ဖြစ်၏။

လှည်းလမ်းလေးအတိုင်းလျှောက်ပြန်လာခဲ့၏။ ခံတက်ရွာမဝင်မီ အရှေ့ဘက် ငတင် အကြည့်ရောက်သွားသည်ဆို၏။

လရောင်အောက်မှာ ဘိုးမြကွင်းအစပ်ဘက်က အစိမ်းတန်းကြီးနှစ်ခုကို ငတင်မြင်လိုက်၏။ ရွာထဲကိုသော်မျှ မဝင်တော့ပါဘဲ ငတင် အလင်းတန်းကြီးရှိရာပြေးလာသည်။

အလင်းတန်းကြီး မည်သည့်နေရာကထွက်သည်ကို ငတင်သိချင်နေ၏။ ဘိုးမြကွင်းအစပ်ကိုရောက်သည်။ ကျောက်တုံးကြီးအနီးရောက်ရန် လယ်လေး၊ ငါးကွက်အလိုမှာ အလင်းတန်းကြီးကမရှိတော့။ အလင်းတန်းကြီးပျောက်သွားပြီ။

တစ်ညလုံး ငတင် ကျောက်တုံးကြီးကိုသာ စောင့်ကြည့်ခဲ့သည်ဆို၏။

နောက်တစ်နေ့ နံနက်ခင်းတစ်ခုလုံး၊ နေ့ခင်းတစ်ခုလုံး ငတင် တွေ့သမျှလူအားလုံး အစိမ်းရောင်အလင်းတန်းကြီးအကြောင်းပြောတော့၏။

အချို့က ငတင်ပြောသမျှမယုံ၊ အချို့ကယုံကြ၏။

သို့ဖြင့် ဘိုးမြကွင်းအစပ်က ကျောက်တုံးကြီးသည် ခံတက်ရွာ၊ ခံသာရွာ၊ ခံမြင့်ရွာသုံးရွာမျှသာမက အနီးအပါးရွာများအထိ သတင်းကြီးသွားခဲ့ပါ၏။

နောက်ရက် ငတင်လည်း ခံတက်ရွာမှ ပျောက်သွား၏။

❑

မိုးကကြီးလွန်းလှ၏။

မိုးကို ဘိုးမြတို့ စိတ်ပျက်နေသည်။ အထက်ပိုင်းလည်း မိုးကြီးနေပြီထင်၏။ စင့်ပါချောင်းရေက တစ်ခါဆင်းလာလျှင် ရက်ကြာကြာနေပြီးမှကျသွားသည်။

မိုးကောင်းသဖြင့် မိုးရေဖြင့် ဘိုးမြတို့ ပျိုးထောင်သည်။ စင့်ပါချောင်းရေတက်လာ၍ ပျိုးခင်းများပျက်ရ၏၊ နစ်ရ၏။

လေးကြိမ်တိတိ ပျက်စီးခဲ့ရပြီးပြီ။ လေးကြိမ်တိတိ ပျိုးခင်းရေနစ်ပြီးပြီ။

ဘိုးမြ ပျိုးဆက်မထောင်ရဲတော့။ စိုက်ချိန်ကျ၍စိုက်ချင်လျှင် ပျိုးရှာဝယ်၍ စိုက်တော့မည်ဟု ဘိုးမြ စိတ်ကူးထားသည်။

ခံတက်ရွာ၊ ခံသာရွာ၊ ခံမြင့်ရွာသားများ မြို့တက်အလုပ်ရှာပြီး အလုပ်လုပ်ကြရသည်။ ဒေသမှာနေ၍မဖြစ်ပြီ၊ ရရာအလုပ်လုပ်ကြရ၏။

စိုက်ရေးပျိုးရေးအဆင်မပြေသည်သာမဟုတ်၊ မွေးမြူရေးသမားများလည်း အစာကြောင့် အခက်အခဲဖြစ်ရ၏။ မွေးထားသမျှ အရှုံးဖြင့် ရပ်တည်နိုင်အောင် ရောင်းကြချကြရသည်။

စိတ်လက်မချမ်းသာကြ။

သို့စင်လျက် ရွာ'ဘောင်းတော်ကျ' ဘုရားပွဲရက်က နီးလာ၏။

စိတ်တိုင်းကျ လျှူချင်တန်းချင်ကြ၏။

ဘုရားဆွမ်းတော်ပွဲ ကပ်လှူ၊ သံဃာကုန်ပင့်ဆွမ်းလောင်းပွဲကျင်းပ၊ အနီးအပါးရွာများအားလုံး မိတ်ဆွေဆွေမျိုးသားချင်းများဖိတ်ကြားကျွေးမွေးဧည့်ခံ။

သည်မျှ အဆင်မပြေကြသည့်ကြားမှ လူငယ်ပိုင်းက ဇာတ်ထည့်ချင်ကြသေးသည်။ ကြေးကြီးသော မန္တလေးဇာတ်မထည့်နိုင်သော်မျှ ဈေးသက်သာသော မုံရွာဇာတ်တစ်ဇာတ်တော့ထည့်ပါဟု အစည်းအဝေးမှ တောင်းဆိုခဲ့ကြ၏။

ဘိုးမြတို့လူကြီးပိုင်းက ဇာတ်မထည့်ချင်ကြတော့။

မြို့တက်ကာအလုပ်လုပ်ကြသူများ ဘုရားပွဲရက်နီးသဖြင့် ပြန်လာကြသည်၊ တစ်အုပ်စုပြီးတစ်အုပ်စု ပြန်ရောက်နေ၏။

ဘိုးမြတို့လူကြီးပိုင်းထဲမှတစ်ဦးက ဇာတ်ပါသင့်၊ မပါသင့်ကို လူစုံအောင်စောင့်ပြီးမှဆုံးဖြတ်ပါဟု ပြောထားခြင်းလည်းရှိ၏။

သုံးရွာစလုံး လူစုံလုနီးနီးအခြေ ရောက်လာသည်။ အလုပ်လုပ်ပြန်လာကြသူများအဖွဲ့ထဲမှ အဆင်ပြေလာသူများဝိုင်းပြီးငွေထည့်လျက် မုံရွာဇာတ်တစ်ဇာတ်ပါအောင်ထည့်မည်ဟုတာဝန်ယူလာခဲ့ကြ၏။ ပြောဆိုခဲ့ကြ၏။

သုံးရွာစလုံး ပျော်ပျော်ရွှင်ရွှင်တက်တက်ကြွကြွဖြစ်လာ၏။လှုပ်လှုပ်ရှ ဖြစ်လာ၏။ ဘောင်းတော်ကျဘုရား ဝန်းကျင်ကို သန့်ရှင်းရေးထွက်လုပ် ရ၏။ လမ်းပြင်ကြရ၏။

ဘောင်းတော်ကျဘုရားဝိုင်းနှ ဘိုးမြကွင်းက (၁) မိုင်နီးပါးဝေးသ ဘုရားဝိုင်းက ဘိုးမြကွင်း၏မြောက်ဘ စူးစူးမှာရှိပါ၏။

အဖိတ်နေ့ညမှာ ပွဲဝင်သ မင်္ဂလာစိန်ကျော်တင့်ဇာတ်အဖွဲ့က မည်။

ဥပုသ်နေ့ (လပြည့်နေ့) နံန ဆွမ်းလောင်းပွဲရှိနေ၏။ ဟိုရွာသ က လာကြဝင်ကြထွက်ကြ၊ ကိုယ့်ဧ ကိုယ်ဧည့်ခံကျွေးမွေးကြနှင့် စည် လှသည်။

အုတ်အုတ်ကျက်ကျက်ရှိသ

လူငယ်လူရွယ်ပိုင်းက ပွဲကြ သည်။ အသက်အရွယ်ရသူများက အိမ်စောင့်ကြရသည်။ သူ့ိုးဘေး မီးဘေးရှိသည်။ လုံခြုံရေးအ သည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်စောင့်လူကြီးသူကြီးများအတွက် ပွဲခင်းမှ အကြော်စုံ၊ မုန့်သိုင်းခြုံ ဝယ်ပြီး ပို့ကြသည်။ လူငယ်များ အဝင်အထွက် ရှိ၏။ ပွဲခင်းနှင့်ရွာများအဆက်မပြတ် ပါ။

ပွဲလုံခြုံရေးအဖွဲ့က မပြတ်ကင်း လှည့်လာ၏။

ဘုရားပွဲဒုတိယည ဇာတ်ကနှစ်ပါး ပြီး၍ ဝန်ကြီးထွက်မြို့တည်နေပြီဖြစ်ပါ သည်။ မကြာမီနောက်ပိုင်း ဇာတ်စတော့ မည်။

သည်အချိန် ဝုန်းခနဲမြေပြင်တစ်ခု လုံး သိမ့်သိမ့်တုန်ပြီး ဒိုင်းခနဲအသံကြီးကို ကြားလိုက်ကြရသည်။

ပွဲခင်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ် သွား၏။ ကနေသောဇာတ်ပင်ရပ်ထား ရ၏။ နောက်ပိုင်း ဇာတ်တော်မထွက်နိုင် သေး။

ရွာထဲကို ဓားပြဝင်ပြီဆိုလျက် ပွဲ ခင်းကလူများအပြေးအလွှားပြန်ဝင်လာ ကြ၏။ ရွာထဲမှ အိမ်စောင့်များကလည်း နောက်ပိုင်းဇာတ်ကချိန်ပါ၊ ပြဇာတ်က ချိန်လည်းမဟုတ်ပါဘူး။ ပြောက်ပေါက် သံကြီးကလည်း ကြီးလှတယ်' ဟု မှန်းဆ နေကြ၏။

ထိုမျှ သိမ့်သိမ့်တုန်သွားပါသော ဝုန်းခနဲဒိုင်းခနဲအသံကြီးသည် ပွဲခင်းထဲ ကလည်းမဟုတ်။ ရွာလုံးရွာမှလည်း မဟုတ်။ ဇာတ်က နောက်ပိုင်းဇာတ် တော်ပင်ပြန်ကပြီ။

မိုးစင်စင်လင်းလျက် နောက်ပိုင်း ဇာတ်တော်ကြီးပြီးချိန်။ ဇာတ်သူဇာတ် သားအားလုံး နောက်ဆုံးည နှုတ်ဆက် စကားသံထွက်ဆိုချိန် ပွဲလာသူပွဲကြိုက်သူ တို့ချိန်မှာ ဒိုင်းခနဲအသံကြီးဖြစ်ပွားရာ နေရာကို တွေ့ခဲ့ကြရပြီ။

ထင်မှတ်မထားသောနေရာ၊ ထင် မှတ်ထားခြင်းမရှိသော အဖြစ်အပျက်။

❑

ဘိုးမြကွင်းအစပ် ကျောက်တုံးကြီး ... သံတောင်အကွာ ကျောက်တုံးကြီး ... ဘက်မှာ။

ငတင်သည် သွေးအိုင်ထဲလဲကျ ... ။ အဝတ်အစားများ စုတ်ပြတ်နေ ... အဝတ်စများ၊ အသားများ မီးလောင် ... ထားပုံမျိုးလည်းဖြစ်၏။

မျက်နှာ၊ ရင်ဘတ်၊ လက်နှစ်ဖက်၊ ... ဘက်များအားလုံး အသားများ ... တ်သတ်လျက်။ ခြေကားရား ... ကားရား ပက်လက်ကြီး ငတင် ...

ငတင်ညာလက်မှာ အသားညှော် နံ့ ယမ်းစိမ်းနံ့နှင့်အတူ မီးခိုးများအူနေဆဲ တွေ့ကြမြင်ကြရသည်။ ပတ်ပတ်လည် သွေးများအိုင်ထွန်းလျက်။

ထို့ထက်မြင်ကွင်းမှာ အံ့ဩစရာ မြင်ရတွေ့ရခြင်းက -

သုံး၊ လေးကောင်ထက်မနည်း လက်ကောက်ဝတ်ခန့်အတုတ်နှင့် မြွေ ဟောက်ကြီးများအပိုင်းပိုင်းပြတ်လျက် သေနေခြင်းများ။

မြွေဟောက်သေကြီးများ၏မျက် လုံးများက စိမ်းစိမ်းတောက်လျက်။ လည် ပင်းမှာလည်း တစ်လက်မအရွယ်အနက် ရစ်ကြီးများရှိသဖြင့် အဆိပ်ပြင်းလှစွာ သောကိုက်ခဲမိက တုံးခနဲလဲကျသေဆုံး နိုင်သော မြွေဟောက်မြွေဆိုးကြီးများ လည်းဖြစ်ပါ၏။

မြွေဟောက်ကြီးများ ဘယ်က ရောက်လာကြသနည်း။

သည်လိုမြွေဟောက်ကြီးမျိုးကို သည်အရပ် သည်ဒေသမှာ တွေ့ဖူးခြင်း မရှိပါ။ စင့်ပါချောင်းရေနှင့်ပါလာသည် ဆိုရအောင်ကလည်း ရေတက်ရေကျချိန် မဟုတ်။

မြွေဟောက်ကြီးများက ကျောက် တုံးကြီးကို စောင့်ရှောက်ကြခြင်းဖြစ်နိုင် ပါ၏။

ကျောက်တုံးကြီးကို ရတနာတုံး ကြီး သို့မဟုတ် အတွင်းပိုင်းမှာ ရတနာ မျိုးစုံရှိမည်ဟု ငတင်ယူဆမည်။ သို့ဖြင့် ငတင် မိုက်မိုက်မဲမဲ ကျောက်တုံးကြီးကို လူအများ ပွဲခင်းထဲရောက်နေချိန် ဒိုင်းန မိုင်းဖြင့်ခွဲမည်။ ရသမျှယူမည်။

လောဘဖြင့် ငတင်၏ဇာတ်သိမ်း သည်မလှ၊ မကောင်း။

သို့ဖြစ်ငြား -

ကျောက်တုံးကြီးသည် ပုံမှန် အတိုင်းတည်ရှိ၏။ ပဲ့ခြင်း၊ ကွဲခြင်း၊ အစ အနထွက်ခြင်းမျိုးမရှိ မတွေ့ရ။ အနက် ရောင်အကွက်ကြီးများက လှိုင်းထနေ သကဲ့သို့မြင်ရ၏။

သို့သော် ကျောက်တုံးကြီးကိုကိုင် စမ်းကြည့်သောအခါ ရှားမီးခဲတစ်မျှပူနေ သည်။ မကိုင်နိုင်အောင်ပူနေသည်။

ကိုင်မိသမျှလူများ လက်ကိုအမြန် ရုတ်လိုက်ကြရသည်ဆို၏။

❑

ကျွန်တော်သည် မုံရွာတက္ကသိုလ် ဥပဒေ ပထမနှစ်တက်ရ၏။ အဆောင် မှာ တစ်ခန်းထဲအတူနေသူ ညီမောင်ခို သူဖြစ်၏။ ညီမောင်က စီးပွားရေးတက္က သိုလ်ပထမနှစ်လာတက်ခြင်းဖြစ်ပါသည်။

ညီမောင်သည် ခံတက်ရွာသား တစ်ဦးဖြစ်၏။ ခံတက်သားကြီးဘိုးမြ၏ မြေးတော်စပ်သူလည်းဖြစ်ပါ၏။

ဘာသာရပ်မတူငြား ကျွန်တော် နှင့် ညီမောင်တွဲမိကြ၏။ ညီအစ်ကို သဖွယ်ဖြစ်ခဲ့ကြ၏။

ဘိုးမြတောအစပ်ကကျောက်တုံး ကြီး နတ်ကျောက်တုံး (သို့မဟုတ်) မြွေ ကျောက်တုံးကြီးအကြောင်း ကျွန်တော် ကို ညီမောင်ပြောခြင်း ဖြစ်ပါ၏။

အဆုံးသတ်မှာ -

'အဲသည့်ကျောက်တုံးကြီးရှိသေး လား' ဟု ကျွန်တော်မေးပါသည်။

ညီမောင် မဖြေပါ၊ ပြုံးနေခဲ့ပါ သည်။

ပထမနှစ်ပထမလေးလပတ်တက် ပြီး ကျောင်းပိတ်ပါသည်။ ကျွန်တော် ညီမောင်နှင့်အတူ ခံတက်ရွာကိုလိုက် ခဲ့ပါ၏။

ရွှေဘို-မုံရွာ ကံရာမင်းလှစီးသီးသန့် မှန်လုံကားဖြင့်လက်မှတ်ဖြတ်လိုက်ပါရ သည်။ ခုံနံပါတ် (၃)နှင့် (၄) ရကြသည်။ (၆)နာရီမှာ ကားစထွက်သည်။

အရာတော်ကိုဖြတ်သည်။

မြေနက်ရွာအဝင်လမ်းဆုံမှာ ကား နားသည်။ ကျွန်တော်တို့သူငယ်ချင်း နှစ်ယောက် လမ်းဆုံကဆိုင်မှာ ထမင်း စားပါသည်။ အအေးသောက်ပါသည်။ ကားပေါ်ပြန်တက်ကြရ၏။

ညီမောင်သည် မြွေကျောက်တုံး ကြီးအကြောင်း တစ်လုံးတစ်ပါဒမျှမပွင့် မဟ။ သိချင်လွန်းငြား ကျွန်တော်က လည်း မမေးမမြန်း။

ကံရာမင်းမှန်လုံယာဉ်က သမ္ဘရိုး တံတားကိုဖြတ်၏။ ရွာသာကြီးကိုလွန် ၏။ လှတောလမ်းဆုံကိုဝင်၏။ ထိုမှ ညီမောင်တို့ရွာကိုရောက်၏။

နှစ်နာရီနီးပါးစီးရ၏။

ညီမောင်က ကားဆရာကိုရပ်ခိုင်း ၏။ ရွာရောက်ပြီဟုလည်းပြော၏။ ကျွန်တော်တို့ ကားပေါ်ကဆင်းကြ၏။ ကားက ဆက်ထွက်သွားပါပြီ။

'ကံတက်ရွာမှ ကြိုဆိုပါ၏' ဟု ဆိုင်းဘုတ်လေးဖတ်ရမြင်ရ၏။ ညီမောင် မည်သို့မျှမပြောဘဲပြုံးနေသည်။

ရွာလယ်မှာ ညီမောင်တို့အိမ်ရှိ သည်။ ကျွန်တော်တို့ နံနက် (၈) နာရီခွဲ ရောက်၏။ ညီမောင့်မိဘများက ထမင်း အဆင်သင့် ပြင်ကျွေးပါ၏။ ညီမောင်



www.burmeseclassic.com

www.burmeseclassic.com

# တိုင်းရင်းဆေးခန်းသုံး ဌာနသုံးဆေးများအကြောင်းသိကောင်းစရာ

ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)

ဒီတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးအစီအစဉ်မှာ တင်ပြဆွေးနွေးမယ့်သူကတော့ သုတေသန/ဖွံ့ဖြိုးရေးဌာနခွဲမှ ဦးစီးအရာရှိ (ဖွံ့ဖြိုးရေး) ဒေါ်နေနေနိုင်ရည် ဖြစ်ပါတယ်။ ဆရာမ တင်ပြမယ့် အကြောင်းအရာကတော့ တိုင်းရင်းဆေးခန်းသုံး တိုင်းရင်းဆေးများ အကြောင်း သိကောင်းစရာဖြစ်ပါတယ်။

မေး။ ။ ဆရာမရှင့်/ခင်ဗျား။ အခုဆိုရင် တိုင်းရင်းဆေးပညာဟာ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားနေပြီဖြစ်တဲ့အတွက် တိုင်းရင်းဆေးဌာနတွေမှာလည်း တိုင်းရင်းဆေးတွေကို ပြည်သူလူထုကသုံးစွဲနေတာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆရာမအနေနဲ့ တိုင်းရင်းဆေးခန်းသုံးဆေးတွေရဲ့အကြောင်းကို ပြည်သူလူထုအနေနဲ့ ဒီထက်ပိုပြီး သိရှိနိုင်အောင် ပြောပြပေးစေလိုပါတယ် ခင်ဗျား /ရှင်။

ဖြေ။ ။ ဟုတ်ကဲ့ပါ တိုင်းရင်းဆေးဝါးတွေဟာ အဖိုးနှုန်းသက်သာပြီး ပြည်



သူလူထုအနေနဲ့ အကျိုးသက်ရောက်မှုရှိပြီး ဆိုးကျိုးနည်းတဲ့အတွက် အသုံးပြုကြပါတယ်။ လောလောဆယ်မှာတော့ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၅၇) မျိုးထဲက တိုင်းရင်းဆေးခန်းတွေမှာ အသုံးများတဲ့ဆေးတွေရဲ့အကြောင်းကို ပြောပြပေးပါမယ်။ နောက်ဆက်လက်ပြီး ဖော်စပ်သုံးစွဲတဲ့ ဆေးဖုံဆေးဝါးတွေလည်းရှိပါသေးတယ်။ ဒီတစ်ပတ်မှာတော့ ဆေးအသုံးများတဲ့ ဆေးဖုံ(၁၅)မျိုး အကြောင်းကို ပြောပြပေးပါမယ်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁) သေမှုပုတိက မက်လင်ချဉ် သလိပ်ပုပ်ပျောက်ဆေး၊ အမှတ် (၂) လေမျိုး (၈၀) ဆေး၊ ဆေးအမှတ် (၆) ဟလိဒ္ဒစုဏ္ဏငန်း ဆေး၊ ဆေးအမှတ်(၇) နွယ်ချိုကဲချောင်းဆိုးပျောက်ဆေး၊ ဆေးအမှတ် (၈) သွေးဒူလာဆေး ၊ ဆေးအမှတ် (၉) ဆီးဒူလာဆေး၊ ဆေးအမှတ် (၁၀) ဆီးရွှင်ဝမ်းပုပ်ချဆေး၊ ဆေးအမှတ် (၁၁) မုတ်ကဲဆေး၊ ဆေးအမှတ်(၁၂)စက္ခုပါလဆေး၊ ဆေး

---

က မြေနက်လမ်းဆုံကစားခဲ့ပြီပြော၏။

နှစ်ယောက်အတူ ရေမိုးချိုးသန့်စင်ပါသည်။ အဝတ်လဲခဲ့ကြ၏။

ညိုမောင်က သူ့အစ်မ၏ ကန်ဘိုဆိုင်ကယ်လေးကိုထုတ်ပြီး ကျွန်တော်ကို တက်ခိုင်း၏။ ကန်ဘိုဆိုင်ကယ်လေးစီးပြီး ရွာထဲကထွက်ခဲ့ကြ၏။

ညိုမောင်က ဖြည်းဖြည်းမှန်မှန်စီးလာခဲ့သည်။

အရှေ့တည့်တည့်မြေလမ်းအတိုင်းစီးခဲ့၏။ နောက်တောင်တည့်တည့်ချိုး၏။ တစ်ဖန် ဘယ်ဘက်ချိုးကွေ့လိုက်၏။

ကြည်ညိုဖွယ်ရာ စေတီတော်မြတ်တစ်ဆူရှေ့ရောက်လာ၏။

ဆိုင်ကယ်ကိုသော့ပိတ်ရပ်လျက် ဘုရားထဲဝင်ခဲ့ကြသည်။

ဆယ်ပေပတ်လည်အကျယ်ရှိမည်။ အေးအေးစိမ့်စိမ့်ရှိပါသည်။ ဂူတစ်ဂူသို့မဟုတ် အခန်းတစ်ခန်းဖြစ်ပါသည်။ ထိုအခန်းကိုငုံ၍ စေတီတည်ထားခြင်းဖြစ်သည်။

အခန်းအဝင် ညာဘက်မှာ ကျွန်တော်တွေ့ချင်မြင်ချင်သောမြွေကျောက်တုံးကြီးရှိနေသည်။ အလူမီနီယမ်ပေါင်မှန်ချပ်များဖြင့် ကာရံထားပါ၏။

ညာဘက်တွင် ကျောက်သားပလ္လင်တော်ပေါ်မှာ ရွှေသားအပြည့်ရုပ်ပွားတော်မြတ်တစ်ဆူကို ကျောက်စိမ်းနဂါးရုပ်ခံလျက်ရှိနေသည်။

ညိုမောင်က အလင်းတိုင်များ၊ အမွှေးတိုင်များ ထွန်းညှိပူဇော်သည်။

ကျွန်တော်တို့သူငယ်ချင်းနှစ်ဦးက ထိခြင်းငါးပါးဖြင့် ဘုရားရှင်ကို ရိုသေစွာကန်တော့ပါသည်။ ပြုမြဲ မေတ္တာပို့အမျှအတန်းပေးဝေပါသည်။

အခန်းမှပြန်ထွက်ခဲ့ကြ၏။ ရှေ့မှာ သံပန်းတံခါးနှင့် သော့ကြီးကြီးနှစ်လုံးရှိနေ၏။

ညနေမှာ ရွာဦးကျောင်းဆရာတော်ကြွလာပြီး သံပန်းတံခါးပိတ်မည်ဆို၏။

ကန်ဘိုဆိုင်ကယ်လေးအနီးရောက်ချိန် -

ညိုမောင်ပြသဖြင့် အရှေ့ဘက်မှာ မြင့်မားမတ်စောက်လှစွာသောကမ်းပါးနှင့် စင့်ပါချောင်း။ မြောက်စူးစူးတွင် ထုံးသင်္ကန်းတော်ဖွေးဖွေး ကြေးဆည်းလည်းသံတလွင်လွင်ဖြင့် ဘောင်းတော်ကျဘုရားစေတီတော်ကိုမြင်ရတွေ့ရဖူးလိုက်ရပါ၏။

ညိုမောင် ကန်ဘိုဆိုင်ကယ်လေးပေါ်တက်ပြီး သော့ဖွင့်လျက် စက်နှိုးမထွက်ရသေးမီ ကျွန်တော် ဆိုင်ကယ်နောက်ခုံပေါ်တက်ထိုင်ချိန် -

စေတီတော်ဆိုင်းဘုတ်ငယ်လေးကို ဖတ်လိုက်ရ၏။

'အေးမြချမ်းသာ မဟာစေတီတော်' ဟု ဖြစ်ပါ၏။

အေးမြချမ်းသာမဟာစေတီတော်ကို ရွာဦးကျောင်းဆရာတော်အိပ်မက်အရ တည်ခဲ့ရခြင်းဖြစ်ကြောင်း၊ အိပ်မက်ပေးသူများက နဂါးသိုက်အဆက်များဖြစ်ကြောင်း၊ ထို့အပြင် ခံတက်ရွာ၊ ခံသာရွာ၊ ခံမြင့်ရွာများမှ ရွာခေါင်းဆောင်များကိုဖိတ်ကြားပြီး ဆရာတော်က ကံတက်ရွာ၊ ကံသာရွာ၊ ကံမြင့်ရွာများဟု အ... သဘောညီ ရွာအမည်များပြောင်း... ခဲ့ကြောင်း၊ နောက်ပိုင်း သုံးရွာစ... စီးပွားရေးဖြစ်ထွန်းအောင်မြင်လာ... ကြောင်း။

ဆိုင်ကယ်လေး ဖြည်းဖြည်းမ... စီးလျက် ညိုမောင် ကျွန်တော့်ကိုပြော... လာပါ၏။ အေးမြချမ်းသာမဟာစေ... တော်မြတ်ကို ဖူးမြော်ကန်တော့ခွ... သဖြင့် ကျွန်တော့်ရင်မှာ အေးမြချမ်း... ကြည်နူးပြုံးပျော်ခြင်းတို့ဖြစ်ခဲ့ရပါ... သည်။

မေတ္တာ...

ကိုဇော်ဝင်း (...)



www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၁၃)ဝိတ္တမ္ဘိတဆေး၊ ဆေးအမှတ် (၁၅) သည်းခြေဆေး၊ ဆေးအမှတ် (၁၆) အပူငြိမ်းသွေးဆေး၊ ဆေးအမှတ် (၁၇) သွေးဆေးနီကြီး၊ ဆေးအမှတ် (၂၁) ဆီးဆေးဖြူ၊ ဆေးအမှတ် (၂၃) ဆေးပုလဲကလာပ်ဆေးတို့ ဖြစ်ပါတယ်။

မေး။ ။ဆရာမရှင့်/ခင်ဗျား၊ ဆက်ပြီး ဆေးဖုံတွေရဲ့အကြောင်းကို ဆက်ရှင်းပြပေးပါဦး ခင်ဗျား/ရှင့်။

ဖြေ။ ။ဟုတ်ကဲ့ပါ။ အခု ဒီအပတ်မှာ ဆေးဖုံ (၁၅) မျိုးထဲက (၆) မျိုးကို ရှင်းပြသွားပါ့မယ်။ ပထမဦးဆုံး ဆေးခန်းသုံးဆေး အမှတ် (၁) သေမှုပုတိက မက်လင်ချဉ်ဆေးဟာ ဆေးပစ္စည်း (၁၀)မျိုးနဲ့ ဖော်စပ်ထားပါတယ်။ ကဲပြီးဖော်စပ်စေတဲ့ ဆေးပစ္စည်းကတော့ သိန္ဓောဆားဖြစ်ပါတယ်။ သိန္ဓောဆားဟာ အေးငန်တဲ့အရသာရှိပြီး အမိကအားဖြင့် သလိပ်ကိုကြေစေပါတယ်။ ဆေးတစ်ဖုံလုံးရဲ့ အရသာကတော့ အေးငန်ချဉ်ဖန်စပ်ဖြစ်ပါတယ်။ အမိကပျောက်ကင်းနိုင်တဲ့ ရောဂါကတော့ သလိပ်ပုပ်နဲ့ ချောင်းဆိုးရောဂါကို သက်သာစေပါတယ်။ ဆေးအသုံးဝင်ပုံတွေကတော့ ချောင်းဆိုးရင်ကျပ်သလိပ်ပုပ်ထခြင်းကို ကွမ်းရွက်သတ္တုရည်နဲ့သောက်ပါ။ ချွဲပူထပြီး ညဘက်မှာဖျားတဲ့ အဖျားဝေတွေကိုတော့ ရှောက်ရည်၊ ပျားရည် (၂) မျိုး ဆတူစပ်ပြီးတိုက်ပါ။ သလိပ်မရဘဲ မောဟိုက်ပြီးကျပ်သော လေပူ၊ ပန်းနာတွေကိုတော့ ရေကျက်အေးနှင့်တိုက်ပါ။ အပူအောင်းပြီး လည်ချောင်းကွဲခြင်း၊ လျှာကွဲခြင်း၊ လျှာနာခြင်းတို့ကို မန်ကျည်းမှည့်ရည်နှင့်သောက်ပါ။ အပူဖျားဖျားရင်တော့ ကွမ်းရွက်ပြုတ်ရည်နဲ့တိုက်ရပါမယ်။ တစ်ခါသောက် လူကြီး ဟင်းစားဇွန်း (၁) ဇွန်း၊ ကလေး လက်ဖက်ရည်ဇွန်း (၁) ဇွန်း၊ တစ်နေ့ (၂) ကြိမ်သောက်ပေးရပါတယ်။ ဒီဆေးဟာ ရှေးသမားတော်ကြီးများ ခေတ်အဆက်ဆက် သုံးစွဲလာသောဆေးဖြစ်ပါတယ်။ ဆေးအမှတ် (၂) လေမျိုး(၈၀)ဆေးကတော့ လေနာရောဂါအတွက် အသုံးများပါတယ်။ အရသာကတော့ အေးချိုငန်စပ်အရသာရှိပါတယ်။ လေထိုးလေအောင့်ဖြစ်ရင် ရှောက်ရည်နှင့် သောက်ရပါမယ်။ လေပွချောင်းဆိုးရင်တော့ ရေနွေးနဲ့တိုက်ပါ။ ဆေးတစ်ခွက်လူကြီးလက်ဖက်ရည်ဇွန်း (၁) ဇွန်း၊ ကလေးလက်ဖက်ရည်ဇွန်းတစ်ဝက်ပေးနိုင်ပါတယ်။ ဒီဆေးကိုလည်း အသုံးများပါတယ်။ နောက်ဆေးအမှတ်တစ်ခုကတော့ ဆရာသင်စ ဟာလိဒ္ဒလို့ ဆိုထုံးရှိခဲ့တဲ့ ဟာလိဒ္ဒစုဏ္ဏကန်းဆေး ဆေးအမှတ် (၆) ဖြစ်ပါတယ်၊ ရှေးသမားတော်ကြီးများ အစဉ်အဆက်သုံးစွဲခဲ့တဲ့ဆေးဖြစ်ပါတယ်။ ကုန်းဘောင်ခေတ် သာယာဝတီမင်း၊ ဆင်ဖြူရှင်မင်းလက်ထက်သို့တိုင်အောင် ထင်ရှားခဲ့တဲ့ဆေး ဖြစ်ပါတယ်။ ဒီဆေးဟာ အပူငန်းဖျားအမျိုးမျိုးတို့ကို အထူးနိုင်နင်းတဲ့ဆေးဖြစ်ပါတယ်။ ဆေးအသုံးပြုပုံတွေကတော့ ချောင်းဆိုးပြီးဖျားရင် ကွမ်းရွက်ပြုတ်ရည်နဲ့သောက်ပါ။ ဆီးနီ၊ ဆီးနည်းပြီး ဝမ်းချုပ်ရင်တော့ ဆားပြုတ်ရည်နဲ့ သောက်ပေးရပါမယ်။ အူရောင်ငန်းဖျားဖြစ်ရင်တော့ ရေနွေးနဲ့သောက်ရပါမယ်။ လူကြီး လက်ဖက်ရည်ဇွန်း (၁) ဇွန်း၊ ကလေး လက်ဖက်ရည်ဇွန်းဝက်သောက်နိုင်ပါတယ်။နောက်တစ်မျိုးက ထင်ရှားတဲ့ဆေးဖုံဖြစ်တဲ့ ဆေးအမှတ် (၇) နွယ်ချိုကဲချောင်းဆိုးပျောက်ဆေးဖြစ်ပါတယ်။ အမိကသုံးစွဲတဲ့ရောဂါကတော့ ချောင်းဆိုးရောဂါဖြစ်ပါတယ်။ အရသာကတော့ ခံတွင်းကို အဝင်ကောင်းစေပါတယ်။ အေးချိုငန်အရသာရှိပါတယ်။ လျက်ဆေးအဖြစ်လည်း အသုံးပြုပါတယ်။ ဒီဆေးကို အစားစားပြီးတိုင်း စားမယ်ဆိုရင် အစာကြေပြီး ခွန်အားကိုဖြစ်စေပါတယ်။ ဆေးအသုံးပြုပုံတွေကတော့ အပူချောင်းဆိုးရင် ရေအေးနဲ့သောက်ပါ။ အစာမကြေလေပူချောင်းဆိုးရင် ရေနွေးနဲ့သောက်ရပါမယ်။ သလိပ်ကပ်ချောင်းဆိုးရင်တော့ ရှောက်ရည်၊ သံပရာရည်နှစ်မျိုးစပ်ပြီးတိုက်ပေးပါ။ ရင်ကျပ်ပြီး ချောင်းဆိုးရင်တော့ ကွမ်းရွက်သတ္တုရည်တိုက်ရပါမယ်။ လူကြီးတစ်ခွက်စာ ဆေးလက်ဖက်ရည်ဇွန်း (၁) ဇွန်း၊ ကလေးလက်ဖက်ရည်ဇွန်းတစ်ဝက် သောက်နိုင်ပါတယ်။ ဒီဆေးဟာ နွယ်ချိုဆေးပစ္စည်းပါဝင်တာကြောင့် အစာအိမ်လေနာအတွက်လည်း ကောင်းပါတယ်။ ဒီဆေးကို Powder အမှုန့်အနေနဲ့သော် လည်းကောင်း၊ Tabletအပြားအနေနဲ့သော်လည်းကောင်း ဖော်စပ်ကြပါတယ်။ ဆေးပြားဆိုလျှင် လူကြီး (၅) ပြား၊ ကလေး (၂) ပြား သောက်နိုင်ပါတယ်။

သောတရှင်များရှင့်။ ဆက်ပြီး တင်ပြပါမယ်။ လိပ်ခေါင်းရောဂါအတွက် အထူးအားထားရတဲ့ဆေးတစ်မျိုးကတော့ ဆေးအမှတ် (၁၀) ဆီးရှင်ဝမ်းနုတ်ဆေး ဖြစ်ပါတယ်။ ဒီဆေးဟာ ဒူလာရောဂါ၊ လိပ်ခေါင်းရောဂါတို့အတွက် ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုပါတယ်။ အရသာကတော့ အေးချိုငန်စပ်အရသာရှိပါတယ်။ ဒီအဆေးအသုံးပြုပုံတွေကတော့ ဒူလာပါဒရက်ရောဂါတွေမှာ ဝမ်းနုတ်ဆေးအဖြစ် ရေအေးနဲ့ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါတို့ကိုလည်း ရေအေးနဲ့သောက်နိုင်ပါတယ်။ အထူးသဖြင့် ဆီးချုပ်၊ ဝမ်းချုပ်တတ်တဲ့သူတွေကို ညစဉ် ရေအေးနဲ့ လူကြီး (၅) ပြား၊ ကလေး (၂) ပြား တိုက်နိုင်ပါတယ်။ နောက်ဆေးတစ်မျိုးကတော့ ဝမ်းချုပ်၍ အပေါ်အခိုးအကင်းတက်ပြီး မျက်စိဝေသူ၊ မျက်စိမကောင်းသူတွေ၊ ဇက်ကြောတက်၊ ညောင်းညာကိုက်ခဲနေသူများအတွက်၊မျက်စိအားနည်းသူများအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၂) စက္ခုပါလဆေးကို ပြောချင်ပါတယ်။ ဒီဆေးဟာ မျက်စိနဲ့ပတ်သက်တဲ့ဆေးပစ္စည်းတစ်မျိုးဖြစ်တဲ့ ဆူးခါက်နက်ပိုကဲထားတာဖြစ်ပါတယ်။ အရသာကတော့ အေးခါးငန်ဖြစ်ပြီး အမိက မျက်စိနဲ့ပတ်သက်တဲ့ရောဂါတွေကို နိုင်နင်းပါတယ်။ မျက်စိဝေခြင်း၊ မှုန်ခြင်း၊ တိမ်ရှိခြင်းတို့ကို နေ့စဉ်ရေအေးနှင့်သောက်ပါ။ ခြေအေးပြီး ဝမ်းချုပ်တဲ့ မီးယပ်ဒူလာ၊ ထုံကျဉ်ညောင်းကိုက်ခြင်း၊ မီးယပ်ကွက်၊ ဒူလာကွက်နဲ့နှင်းခူသွေးသားမသန့်သောရောဂါအမျိုးမျိုးနဲ့ ခေါင်းအုံဇက်လေးရောဂါတို့ကို ညစဉ် ရေအေးနဲ့ မှန်မှန်သောက်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။ လူကြီး(၅)ပြား၊ ကလေး (၂) ပြားသောက်နိုင်ပါတယ်။ ဒီဆေးဟာ ရှေးဆရာတွေ အစဉ်သုံးစွဲခဲ့တဲ့ မျက်စိရောဂါအတွက် အလွန်ကောင်းတဲ့အတွက်ကြောင့် စက္ခုပါလဆေးလို့ခေါ်ကြပါတယ်။ စက္ခုပါလဝမ်းပုပ်ချဆေးလို့လည်း ခေါ်ကြပါသေးတယ်။

နောက်အပတ်တွေမှာ ကျန်ရှိနေသေးတဲ့ ဆေးဖုံတွေကို ဆက်လက်ဖော်ပြပြီးဆွေးနွေးသွားပါဦးမယ်ရှင်။

သောတရှင်အပေါင်းကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

အခုလိုဖြေကြားပေးတဲ့ဆရာမကိုလည်း ကျေးဇူးတင်ပါတယ်။

ဒေါ်နေနေနိုင်ညွှန့်
(တိုင်းရင်းဆေးပညာ)



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

- **ယောသကာ၏ကုသိုလ်ကံနှင့် ကောသမ္ဗီသူဌေးကြီး၏ အကုသိုလ်ကံ အားပြိုင်၍ လွန်ဆွဲကြခြင်း**

ကောသမ္ဗီသူဌေးကြီး၏ ဇနီး ပဋိသန္ဓေသည် ကိုးလလွယ် ဆယ်လ အရောက်၌ သားယောကျ်ားလေးဖွားမြင်လေပြီ။ ထိုအခါ ယောသကာသူငယ်ကို သတ်ရန် သူဌေးကြီးစီစဉ်လေ၏။ နံနက်ဝေလီဝေလင်းအချိန်တွင် နွားခြံအဝ၌ ယောသကာသူငယ်ကိုပစ်ထားလိုက်၏။ နွားနင်း၍သေအောင်လုပ်ခြင်း ဖြစ်၏။ နွားကြီးတစ်ကောင်က ယောသကာကို ခွ၍ရပ်ထားသောအခါ အခြားနွားများက ထိုနွားကြီးလောက် ကြီးထွားသန်မာမှုမရှိ၍ ထိုနွားကြီးဘေးမှသာ တိုးဝှေ့၍ သွားကြသည်။ ယောသကာသူငယ် သေဘေးမှ ဒုတိယအကြိမ်လွတ်လေပြီ။ ပထမအကြိမ်ကား မိခင်ပြည့်တန်ဆာမ စွန့်ပစ်ခဲ့စဉ်က ကောသမ္ဗီသူဌေးကြီး၏ အလုပ်သမားမှူးက ကောက်ယူမွေးစားသဖြင့် သေဘေးမှလွတ်ခဲ့သည်။


နွားနင်း၍မသေသော ယောသကာကို နွားကျောင်းသားများက ကောက်ယူသွားကြ၏။ ကောသမ္ဗီသူဌေးကြီး ထိုအကြောင်းအရာအားလုံး သိသောအခါ နွားကျောင်းများကို အသပြာတစ်ထောင်ပေး၍ ယောသကာကို နွားကျောင်းသားများထံမှလက်လွှဲယူလိုက်၏။ ထို့နောက် သုသာန်သို့သွား၍ စွန့်ပစ်ပြန်လေပြီ။ ဆိတ်ကျောင်းသားက ဆိတ်ကျောင်းရာမှတွေ့၍ ဆိတ်နို့တိုက်၍ မွေးစားထား၏။ တတိယအကြိမ်မြောက် သေဘေးမှ လွတ်ပြန်လေပြီ။ ကောသမ္ဗီသူဌေးကြီး ထိုအကြောင်းကြားပြန်သောအခါ ဆိတ်ကျောင်းသားကိုအသပြာတစ်ထောင်ပေးကာ ယောသကာကို ရွေးယူပြန်လေပြီ။ ထို့နောက် သူဌေးကြီးကား သူ၏ လှူယှံတော်ကို လှည်းလမ်းမပေါ်၌ ယောသကာကိုပစ်ချထားရန်စေခိုင်းပြန်သည်။ လှည်းနင်း၍ သေစေရန် အကြံအစည်ကား ယုတ်မာရိုင်းစိုင်းလွန်းလှသည့် လုပ်ရပ်ကြီးဖြစ်ပေသည်။ နွားလှည်းများလာသောအခါ ရှေ့ဆောင်နွားလှည်းမှနွားများက မနင်းဘဲရပ်နေသဖြင့် လှည်းမှူး လှည်းပေါ်မှဆင်းကြည့်ရာ ယောသကာကလေးငယ်ကို တွေ့သွားပြန်ပြီး လှည်းမှူးက ကောက်ယူမွေးစားပြန်၏။ စတုတ္ထအကြိမ် ယောသကာကလေး သေဘေးမှ လွတ်မြောက်ပြန်ပြီ။ ကောသမ္ဗီသူဌေးကြီးက လှည်းမှူးကို အသပြာတစ်ထောင်ပေး၍ ယောသကာသူငယ်ကိုရွေးယူပြန်လေသည်။ ထို့နောက် နက်ရှိုင်းသောချောက်ကမ်းပါးထဲသို့ ပစ်ချခိုင်းပြန်လေပြီ။ နက်ရှိုင်းသောချောက်ကမ်းပါးထဲပစ်ချခံရသော ယောသကာသူငယ်၏ ကုသိုလ်ကံအလွန်ထူးပုံကား စာဖတ်ပရိသတ် ဆက်လက်၍ ရှုစားဖတ်ကြည့်

## သင်္ခါရဗဒုံသား

### သောင်းပြောင်းထွေလာသိစရာ ၂

သို့မဟုတ်

### ကျွန်ုပ်သိသမျှ ပြန်လည်ဖောက်သည်ချခြင်း





www.burmeseclassic.com

www.burmeseclassic.com

ပါလေ။

❑

ယောသကသူငယ်ကလေးသည် ချောက်ထဲတွင်နေထိုင်သော ကျူထရံမှူး၏ ကျူထရံအိမ်လေးအမိုးပေါ် ကျသဖြင့် ကျူထရံမှူးက ကောက်ယူမွေးစားပြန်၏။ ပဥ္စမအကြိမ်သေဘေးမှလွတ်မြောက်ပြန်ပြီ။

ကျူထရံမှူးမွေးစားထားသည်ကို ကောသမ္ဗီသူဌေးကြီးသိသောအခါ ကျူထရံမှူးကို အသပြာတစ်ထောင်ပေး၍ ကောသမ္ဗီသူဌေးကြီးက ယောသကကို ရွေးယူပြန်လေသည်။

ယောသက ပြေးလွှားဆော့ကစားသွားလာနိုင်သောအရွယ်ရောက်လေပြီ။ သူဌေးကြီးသားအရင်းလည်း ယောသကနှင့် မတိမ်းမယိမ်းအရွယ်ရောက်သောအခါ ယောသကနှင့်ပတ်သက်၍ ကောသမ္ဗီသူဌေးကြီးအကုသိုလ်ကို တောက်လျှောက် အစဉ်တစိုက်ဆောင်ရွက်နေသော အကုသိုလ်ကံနှင့် ယောသကကား ဖခင်အရင်းနှင့်မခြားစေရာသွား၊ ခိုင်းရာလုပ်ပေးသော သူဌေးကြီးအပေါ် ဖခင်အရင်းကဲ့သို့လုပ်ကိုင်ဆောင်ရွက်ပေးသည့် ယောသက၏သူဌေးကြီးအပေါ် ထားသည့်မေတ္တာစိတ်ကုသိုလ်ကံတို့အားပြိုင်ပွဲသည်ကား အကြိတ်အနယ်ရှိလှပုံကို စာရေးသူသခင်္ဂါရ ဗဒိုသား ဆက်လက်ရေးသားပြပါမည်။

အားပြိုင်ခန်းလွန်ဆွဲပွဲ အထွတ်အထိပ်ရောက်လေသောအခါ ယောသက ခွေးငယ်(အတိတ်)ဘဝက ပစ္စေကဗုဒ္ဓကိုကြည်ညိုခဲ့သောအကျိုးပေးကား အစဉ်တစိုက် ကုသိုလ်ကံအကျိုးပေးခဲ့သဖြင့် ယောသက ပြေးလွှားဆော့ကစားခြင်းမပြုနိုင်မီအရွယ်အထိ ငါးကြိမ်မြောက်သေဘေးမှလွတ်မြောက်ခဲ့သည့်အပြင် ပြေးလွှားဆော့ကစားနိုင်နေသောအရွယ်၌လည်း သေဘေးလုပ်ကြံခံရခြင်းမှလွတ်မြောက်ပုံကို စာရှုသူ ဆက်လက်၍ ဖတ်နိုင်ရန် ရေးသားပါမည်။

ယောသကသည် ကောသမ္ဗီသူဌေးကြီးအပေါ် ကျေးဇူးဖခင်ဟုသတ်မှတ်ထားသည်။ ကောသမ္ဗီသူဌေးကြီးအပေါ် ယောသကထားသည့် ပစ္စုပ္ပန်တည့်တည့်ထားသောမေတ္တာတရားသည် အတိတ်ကုသိုလ်ကံနှင့်ပါ ပေါင်းစပ်လိုက်သောအခါ ကုသိုလ်အကျိုးအထွတ်အထိပ်အကျိုးပေးပုံကား ယောသကကို အာဂလူသား ရှာမှရှားဟု စာရေးသူက ဆိုလိုက်ချင်သည်။

သူဌေးကြီး၌ အိုးထိန်းသည် မိတ်ဆွေရင်းတစ်ယောက်ရှိသည်။ ထိုသူကို ကောသမ္ဗီသူဌေးကြီးက အသပြာတစ်ထောင်ပေး၍ ယောသကကိုသတ်ရန် စီစဉ်ပြန်လေ၏။ ယောသကကား စာမတတ်။ ထို့ကြောင့် သူဌေးကြီးက အိုးထိန်းသည်ထံ 'ယခုစာယူလာသည့်သူငယ်ကို အိုးထိန်းသည်ကသတ်ပစ်လိုက်ရန်' ရေးသားသည့်အဖြစ်သည် ကိုယ့်သေတွင်းကိုယ့်လည်ပင်းကို ကိုယ်ကိုယ်တိုင်ကြိုးကွင်းစွပ်ခိုင်းလိုက်ခြင်းပင်။ ကျွန်ုပ်တို့၏ဇာတ်လိုက်မင်းသားဖြစ်သော ယောသကသူငယ်ကို ကောသမ္ဗီသူဌေးကြီးနှင့်ပတ်သက်ဆက်နွှယ်သည့်အရင်းနှီးဆုံးလူသားလေးတစ်ယောက်သည်ကား ယောသက၏လည်ပင်းမှ ကြိုးကွင်းကို ချွတ်ပေးပုံကား ဤသို့တည်း။

❑

စာယူသွားစဉ် လမ်းတွင် ခုံညင်းကစားနေသည့် ကောသမ္ဗီသူဌေးကြီး၏ သားအရင်းနှင့် တွေ့၏။ သားအရင်းသည် ထိုအချိန်၌ ခုံညင်းရှုံးနေသဖြင့် ယောသကကို သူ့ကိုယ်စား ခုံညင်းကစားခိုင်းသည်။ ယောသကလက်မှ စာကို ယောသကကိုယ်စားယူသွားလေပြီ။

အိုးထိန်းသည်က ကောသမ္ဗီသူဌေးကြီးသားယူလာသောစာကိုဖတ်ပြီး ထိုသူငယ်ကိုသတ်ကာ အပိုင်းပိုင်းဖြတ်၍ အိုးအတွင်းထည့်ပြီး မီးဖုတ်လိုက်သည်။ ကံသည် ဆန်းကြယ်၏။ အကျိုးပေးလည်း ဆန်းကြယ်၏။ ယောသက ဆဋ္ဌမအကြိမ် သေဘေးမှလွတ်မြောက်ပြန်လေပြီ။

ကောသမ္ဗီသူဌေးကြီး ပုန်းပုန်းလဲလေတော့သည်။ ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ်ထံမှချပြန်လာခြင်းပင် ဖြစ်၏။ သို့သော် ကောသမ္ဗီသူဌေးကြီး ကိုယ့်မျက်ချေးကိုယ်မမြင်နိုင်။ သားအရင်းသေရခြင်းမှာ အကုသိုလ်ကောင် (ယောသက) ကြောင့်ဟု လုံးလုံးအပြစ်မြင်ပြီး ယောသကကိုမြင်တိုင်း ထပ်မံ၍သာ သတ်ရန်အကြံထုတ်နေ၏။ အကုသိုလ်ပွားနေခြင်းပင်။ ထိုသဘောကို အသေဝနပစ္စည်းဟု ပဋ္ဌာန်းကဆိုလေ၏။ သတိသမ္ပဇဉ်ဉာဏ်မယှဉ်သဖြင့် အကုသိုလ်ကွန်ရက်မှ ရုန်းမထွက်နိုင်ခဲ့ပေ။

ယောသကကို သူ၏အလုပ်သမားမှူးထံ သူဌေးကြီးက စာရေးသတ်ခိုင်းပြန်လေ၏။ စာမတတ်ရှာသော ယောသကခမျာ သူ့ကိုအသတ်ခိုင်းသည့်စာ သူကိုယ်တိုင် ဒုတိယအကြိမ်မြောက်ယူသွားပြန်ရလေတော့၏။ လမ်း၌ ယောသကသည် ဆက်သွားရန် အချိန်လင့်သွားသဖြင့် ရွာကြီးတစ်ရွာမှ ရွာသူဌေးထံ ဝင်ရောက်တည်းခိုသည်။

ရွာသူဌေးသမီးသည် ယောသကခရီးပန်း၍ အိပ်ပျော်နေစဉ်အခိုက်၌ စာကို စိတ်ဝင်တစားယူ၍ဖတ်သည်။ ကိုယ့်သေတွင်းကိုယ်တူးနေသည့်အဖြစ်မှန်း ရွာသူဌေးသမီးသိသွားသောအခါ၌ ယောသကအတွက် ရင်ထုမနာဖြစ်၍ ကရုဏာမေတ္တာသက်ဝင်သွားတော့၏။

ရှေးရေစက်ကြောင့် အချစ်စိတ်တို့ ယိုစီးဖိတ်ကျဲလာတော့၏။ ယောသကနှင့်ရွာသူဌေးသမီးတို့သည် လွန်ခဲ့သောလေးဘဝက ဇနီးမောင်နှံတော်စပ်ခဲ့ဖူးကြ၏။ ရွာသူဌေးသမီးသည် ယောသကအပေါ် ချစ်သည့်စိတ်ကြောင့် စာကိုပြင်ရေးလိုက်သည်။ ရွာသူဌေးသမီးသည် ဉာဏ်ထက်ထက်မြက်မြက်ရှိသူလေးဖြစ်၍ 'ယောသကကို ရွာသူဌေးသမီးနှင့် ခမ်းနားစွာလက်ထပ်ထိမ်းမြားပေးရန် အလုပ်သမားမှူးကို တာဝန်ပေးလိုက်ကြောင်း' ကောသမ္ဗီသူဌေးကြီး၏အလုပ်သမားမှူးထံ စာပြင်ရေးပြီး မူလအနေအထားမပျက် ပြန်ထားလိုက်၏။

နောက်တစ်နေ့၌ ယောသကသည် စောစောထ၍ အလုပ်သမားမှူးထံ ခရီးဆက်သည်။ အလုပ်သမားမှူးသည် ရွာသူဌေးသမီးပြင်ရေးလိုက်သောစာကိုဖတ်ရသောအခါ အလုပ်သမားမှူးသည် အကြီးအကျယ်ဝမ်းမြောက်သွားသည်။ အရေးကြီးသောလက်ထပ်ထိမ်းမြားခြင်းမင်္ဂလာကိစ္စကို သူ့ကိုခိုင်းခြင်းမှာ တော်ရုံတန်ရုံ အားကိုးစိတ်ဖြင့်ခိုင်းတာမဟုတ်ဟုယူဆပြီး ကြီးကျယ်ခမ်းနားသောမင်္ဂလာပွဲကြီး ဆင်ယင်ကျင်းပပေးလိုက်ပြီ။ သတို့သားမှာ (ကောသမ္ဗီသူဌေးကြီးအရာ) အနေဖြင့်လည်း ဆောင်ရွက်လိုက်၏။ ရွာသူဌေးကား ကောသမ္ဗီသူဌေးကြီးက သူ၏သားမင်္ဂလာပွဲကိစ္စအဝဝကို အလုပ်သမားမှူးထံ အာဏာကုန်တာဝန်ပေးထားသဖြင့် အလုပ်သမားမှူးက အစစအရာရာဆောင်ရွက်သည်ဟုယူဆကာ ရွာသူဌေးက ဝမ်းမြောက်ဝမ်းသာ ကြည်ကြည်ဖြူဖြူလက်ခံပြီး မင်္ဂလာပွဲကြီးပြီးမြောက်သွား၏။ ရွာသူဌေးသမီး၏ဉာဏ်ရည်



www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်မှုစွမ်းပကားသည် ဤတွင် အစပိုင်းသာရှိသေးသည်။ ယောသက သတ္တမအကြိမ်မြောက် သေဘေးမှလွတ်မြောက်ကာ ရွာသူဌေးသမီးနှင့်ညားလေပြီ။

ဉာဏ်စွမ်းကို အခြေအနေနှင့် အချိန်အခါကြည့်၍ ကျင့်သုံးတတ်သည့် ရွာသူဌေးသမီး ဉာဏ်အစွမ်းနှင့် ယောသက၏ကုသိုလ်ကံအထွတ်အထိပ်မြင့်တက်ရန် ကံကြမ္မာဖန်တီးချိန်ရောက်လာသောအခါ ယောသကသည် ကောသမ္ဗီသူဌေးကြီး မည်မျှပင်ယုတ်မာခဲ့သော်လည်း ကောသမ္ဗီသူဌေးကြီးမဖြစ်စေချင်သည့် သူဌေးကြီး၏ အရိုက်အရာ အမွေစားအမွေခံဖြစ်လာရပုံကို စာဖတ်ပရိသတ် ဆက်လက်ဖတ်ပါလေ။

## ❑ ကောသမ္ဗီပြည်တွင် ယောသက သူဌေးကြီးဖြစ်လာပုံ

ယောသကကို ကောသမ္ဗီသူဌေးကြီး၏ အလုပ်သမားမှူးက ရွာသူဌေးသမီးနှင့် ကြီးကျယ်ခမ်းနားစွာ လက်ထပ်ထိမ်းမြားပေးပြီးသောအခါ မိမိ၏အစီအမံများ ကျေပွန်စွာ ဆောင်ရွက်ပြီးကြောင်း သူဌေးကြီးထံ အကြောင်းကြားစာပို့လိုက်သည်။ ကောသမ္ဗီသူဌေးကြီးသည် ယောသကအကြောင်း သိလျှင်သိချင်း ငါ၏ဘဝပျက်စီးရလေပြီဟုတွေးတောကာ ပူပန်မှုအားကြီးလွန်းသဖြင့် သွေးဝမ်းသွန်သောရောဂါစွဲကပ်လေပြီ။ သူ၏အသက်တာရှည်နေရတော့မည် မဟုတ်ဟုသိသဖြင့် သူပိုင်အမွေများကို ယောသကကိုမပေးလို။ မင်းဘဏ္ဍာအဖြစ်သာ အရောက်ခံမည်ဟု ဆုံးဖြတ်ပြီးသကာလ ယောသကကို သူ့ထံအမြန်လာရန် အကြောင်းကြားလိုက်သည်။

ယောသကဇနီး (ရွာသူဌေးသမီး) သည် ဉာဏ်ရည်ဉာဏ်စွမ်းထက်မြက်သူတစ်ယောက်ဖြစ်၍ အကျိုးအကြောင်း၊ အဆိုးအကောင်းကို နှိုင်းဆတွက်ချက်နိုင်သူဖြစ်၏။ ယောသကဇနီးက အချိန်ကိုတတ်နိုင်သမျှဆွဲထားပြီးနောက် ဖြစ်ရပ်မှန်အကြောင်းအစုံအလင်ဇာစ်မြစ်ကို သေချာစွာ ရှင်းပြသည်။ နောက်ဆုံး သူဌေးကြီးကွယ်လွန်မှသာသွားကြရန် သဘောတူလိုက်ကြ၏။

ထိုအတောအတွင်း ကောသမ္ဗီသူဌေးကြီးကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်းရောက်လာသည်။ ထိုအခါ ယောသကတို့ဇနီးမောင်နှံ ကောသမ္ဗီမြို့သို့သွားကြ၏။ ကောသမ္ဗီမြို့ရောက်သောအခါ သူဌေးကြီးမကွယ်လွန်သေးကြောင်း ယောသကတို့ဇနီးမောင်နှံသိကြရပြန်သည် ။ ယောသကဇနီးက ယောသကကို သူဌေးကြီးဆီ ဦးစွာမဝင်စေဘဲ သူမနှင့်အတူတကွ ဝင်ရောက်စေ၏။

သူဌေးကြီး မကွယ်လွန်သေးကြောင်း မျက်စိနှင့်တပ်အပ်မတ်ချတွေ့လေသောအခါ ယောသကဇနီးက လက်နှစ်ဖက်ကို အပေါ်သို့မြှောက်ချီ၍ ငိုဟန်ပြုကာ ကောသမ္ဗီသူဌေးကြီး ၏ရင်ဝကို ဦးခေါင်းဖြင့် ဆောင့်ချလိုက်လေတော့သည်။ သူဌေးကြီးသည် သွေးဝမ်းသွန်ရောဂါဒဏ်နှင့် ယောသကဇနီးဦးခေါင်းမှ ဆောင့်ချလိုက်သည့်ရောဂါဒဏ်နှစ်မျိုးပေါင်းကာ ယခုမှပင် အမှန်တကယ်ကွယ်လွန်လေတော့ပြီ။ ယောသကကို စကားတစ်ခွန်းမျှပင် မမြွက်ကြားနိုင်ဘဲ ကွယ်လွန်လေပြီတည်း။

ကောသမ္ဗီသူဌေးကြီး၏ဈာပနကို ကောင်းစွာသင်္ဂြိုဟ်ပြီးနောက် ယောသကဇနီးသည် သူမ၏အစွမ်းအစကိုပြလေတော့၏။ ယောသကအား သူဌေးကြီး၏ အမွေစားအမွေခံအဖြစ် ပြောဆိုကြရန် ပရိသတ်အား စည်းရုံးသည်။ နှုတ်ဖြင့်တန်သူကို တလေးတစား နှုတ်ဖြင့်စည်းရုံးဆွဲဆောင်နိုင်စွမ်းရှိ၏။ ငွေ၊ ပစ္စည်း လက်ဆောင်ဖြင့်တန်သူကို ငွေ၊ ပစ္စည်း လက်ဆောင်တို့ပေးကမ်းကာ စည်းရုံးသည်။ ကောသမ္ဗီသူဌေးကြီးရာထူးကို ယောသကအား ကောသမ္ဗီပြည့်ရှင်ဘုရင်မင်းမြတ်က ယောသကကို သူဌေးရာထူးခန့်ထားနိုင်အောင် စီစဉ်လေ၏။

ကောသမ္ဗီပြည်ကိုအုပ်စိုးနေသော ဥတေနမင်းသည် ဈာပနကိစ္စပြီးသောအခါ ခုနစ်ရက်လွန်မြောက်ပြီးနောက် သူဌေးကြီး၌ အမွေစားအမွေခံသားသမီးရှိ၊ မရှိ စုံစမ်းသောအခါ ကောသမ္ဗီသူဌေးကြီးအသိုင်းအဝိုင်းက ယောသကကို အမွေစားအမွေခံအဖြစ် လျှောက်တင်ကြသည်။ ကောသမ္ဗီသူဌေးကြီး၏ စည်းစိမ်အမွေအနှစ်များကို မင်းဘဏ္ဍာအဖြစ်မသိမ်းဆည်းဘဲ ယောသကကို



ကောသမ္ဗီသူဌေးကြီးရာထူး၌ ဥတေနမင်းက သူဌေးရာထူးခန့်ထားလိုက်လေတော့သည်။ ယောသက ကောသမ္ဗီပြည်တွင် သူဌေးကြီးတစ်ဦးဖြစ်သွားပေတော့သတည်း။

## ❑ ကောသမ္ဗီပြည်သား သောတာပန် သူဌေးသုံးယောက်၏လုပ်ရပ်

ယောသကတို့ ဇနီးမောင်နှံသည် အကျပ်အတည်းများစွာထဲမှ သူဌေးရာထူးကိုရရှိခဲ့ခြင်းဖြစ်သည်ကို နှစ်ဦးစလုံး သဘောပေါက် နားလည်ကြ၏။ သူတို့ဇနီးမောင်နှံသည် ဂေါတမရှင်တော်မြတ်ဘုရားနှင့်မတွေ့မီကပင် ကံ၊ ကံ၏အကျိုး ယုံကြည်သော ကမ္မဿကတာသမ္မာဒိဋ္ဌိများဖြစ်ကြသည်။ သူတို့ဇနီးမောင်နှံသည် အနာဂတ်ကိုတည်ဆောက်ရန် ပစ္စုပ္ပန်၌ ကြိုးစားကြ၏။ လှူလစိုက်ကြ၏။ နေ့စဉ် ငွေအသပြာတစ်ထောင်ကို နိဗ္ဗာန်ဒါနစွန့်လှူသည်။ ကောသမ္ဗီ၌ ယောသကသာ အလှူရက်ရောသည် မဟုတ်ပေ။ သူ၏သူငယ်ချင်းများဖြစ်ကြသော ပါဝါရိကသူဌေးနှင့်ကုက္ကုဋသူဌေးတို့သည်လည်း ရက်ရောစွာ အလှူဒါနပြုကြသူများဖြစ်သည်။ သူတို့သည် မြတ်စွာဘုရားနှင့်မတွေ့မီကပင် ဒါနကို လုံ့လဝီရိယစိုက်၍ ဆောင်ရွက်နေကြသူများဖြစ်သည့်အပြင် သီလကိုလည်း စောင့်ထိန်းကြသူများဖြစ်၏။ ဘာဝနာကိုကား သူတို့အားလုံးမသိကြပေ။

ကောသမ္ဗီပြည်၏ သူဌေးသုံးဦးသည် ဟိမဝန္တာတော၌ သီတင်းသုံးနေထိုင်ကြသော ရသေ့ငါးရာတို့ကို မိုးရာသီ၌ ပစ္စည်းလေးပါး ထောက်ပံ့ကြသည်။ ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့ ကြွကြသောအခါ ကန္တာရခရီးတွင် ပညောင်ပင်တစ်ပင်၌ နားကြ၏။ ပညောင်ပင်စောင့်နတ်က ရသေ့ငါးရာကို သောက်ရေပေးလှူသည်။ နတ်ခဲဖွယ်ပေးလှူသည်။ ရသေ့ငါးရာသည် အပန်းပြေသွားသောအခါ ပညောင်ပင်စောင့်နတ်အား ကိုယ်ထင်ပြရန် ဆန္ဒပြုကြသောကြောင့် ပညောင်ပင်စောင့်နတ်သည် ကိုယ်ထင်ပြလေသည်။ ပညောင်ပင်စောင့်နတ်သည် အတိတ်ဘဝက အနာထပိဏ်သူဌေးကြီး၏ အလုပ်သမားတစ်ယောက်ဖြစ်ပြီး ဥပုသ်နေ့တစ်နေ့တွင် သူဌေးကြီးမိသားစုနှင့်တကွ အလုပ်သမားအားလုံး ဥပုသ်စောင့်ကြသည်ကိုမသိသောအလုပ်သမားအသစ်ကား နံနက်စောစောထ၍တော



www.burmeseclassic.com

www.burmeseclassic.com

သို့ အလုပ်သွားလုပ်၏။ အခြားသူများ ဥပုသ်စောင့်ကြသည်ကို ထိုအလုပ်သမား နောက်မှသိ၏။


သူသည် အလုပ်မှပြန်လာပြီး သိလျှင်သိချင်း ဘုရားရှင်ကျောင်းတော်သို့ လိုက်သွားပြီး ထမင်းမစားဘဲ ဥပုသ်ယူသည်။

နောက်ရက် မိုးသောက်ယံအိပ်ရာမှထသောအခါ လေနာထ၍ ကွယ်လွန်ပြီး နေ့တစ်ဝက်ဥပုသ်အကျိုးကြောင့် ပဉ္စောင်ပင်စောင့်နတ်လာဖြစ်လေ၏။ နေ့ဝက်ဥပုသ်သည်ပင် သုဂတိလားစေသောအကျိုးကျေးဇူးပေးလျှင် ကျွန်ုပ်၏ စာဖတ်ပရိသတ်စောင့်ထိန်းသော ဝါတွင်းဥပုသ်၊ ဝါပဥပုသ်နှင့် နှစ်ပတ်လည် နေ့စဉ်စောင့်ထိန်းသောဥပုသ်အကျိုးမှာ မည်မျှလောက်အကျိုးကျေးဇူးကြီးနိုင်မည်ဖြစ်ကြောင်းကို နေ့တစ်ဝက်ဥပုသ်ယူခဲ့သည့် အနာထပိဏ်သူဌေးကြီး၏ အလုပ်သမား ပဉ္စောင်ပင်စောင့်နတ်ပင်ဖြစ်နေပြီးသက်သေခံနေကြောင်း စာဖတ်ပရိသတ်ကို ကျွန်ုပ်သိသကဲ့သို့ သိစေချင်၍ ပြန်လည်ဖောက်သည်ချနေခြင်း ဖြစ်သည်။

ရသေ့ငါးရာနှင့် သူဌေးသူဌယ်ချင်းသုံးယောက်အကြောင်း ပြန်ဆက်ကြဦးစို့။ ပဉ္စောင်ပင်စောင့်နတ်က ရသေ့ငါးရာကို မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးနေကြောင်းပြောပြ၏။ ရသေ့ငါးရာသည် မြတ်စွာဘုရားကို ချက်ချင်းပင် ဖူးမြော်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာကြသဖြင့် ကောသမ္ဗီပြည်သို့ ခေတ္တခဏမျှသာကြွကြပြီး ဃောသကသူဌေး၊ ပါဝါရိကသူဌေးနှင့် ကုက္ကုဋ္ဌသူဌေးတို့ပါ အတူလိုက်ပါစေလျက် ဂေါတမမြတ်စွာဘုရားကို သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်သို့ သွားရောက်ဖူးတွေ့ကြသောအခါ မြတ်စွာဘုရားရှင်က သစ္စာလေးပါး အမြိုက်ဆေး တရားဓမ္မကို တိုက်ကျွေးဟောကြားတော်မူသည်။

မြတ်စွာဘုရား၏ ဓမ္မဒေသနာ အဆုံး၌ ရသေ့ငါးရာတို့သည် ရဟန္တာများဖြစ်သွားကြပြီး သူဌေးသုံးယောက်သည် လွယ်ကူစွာကျင့်ရပြီး လွယ်ကူစွာ သိသွားကြကာ သောတာပန်တည်သွားကြလေတော့သတည်း။

မြတ်စွာဘုရားရှင်အား မြတ်စွာဘုရား၏သာသနာချီးမြှောက်ခွင့်ပြုရန် လျှောက်ထားကြသည်။ ဇေတဝန်ရွှေကျောင်းတော်မှ ကောသမ္ဗီသို့ မြတ်စွာ



ဘုရားနှင့် ရဟန်းတော်များအားပင့်ဆောင်၍ ဃောသကသူဌေးသည် ဃောသိတာရုံကျောင်း၊ ပါဝါရိကသူဌေးက ပါဝါရိကာရုံကျောင်းနှင့် ကုက္ကုဋ္ဌသူဌေးက ကုက္ကုဋ္ဌာရုံကျောင်းတော်များ အသီးသီးဆောက်လုပ်လှူဒါန်းကြသည်။

အရိယာသူဌေးကြီးသုံးယောက်တို့ အနေဖြင့် သူတို့၏တာဝန်၊ လောကသင်္ဂဟတာဝန်ကျေပွန်လေပြီ။ မြတ်စွာဘုရား၏သာသနာတော်ကို သူဌေးသုံးဦးက ကျောင်းဆောက်လှူဒါန်းပြီး ဘုရား၏ ဓမ္မတရားများကို ကောသမ္ဗီပြည်၌တည် ဆောက်ကြတော့၏။ပန္နက်ချကြလေပြီ။ ဤသည်ကား သောတာပန်တို့၏အသိနှင့်လုပ်ရပ်ဖြစ်သည်။ ဤမှန်မြတ်သောလုပ်ရပ်ကို ကလျာဏပုထုဇဉ်များက အတုခိုးလုပ်ဆောင်ကြလေ့ရှိ၏။မိမိကိုယ်ကိုမိမိ သောတာပန်ဖြစ်၊ မဖြစ်တိုင်းတာရန် ပေတံ၊ ကိုက်တံတစ်ခုကို စာရေးသူ သင်္ခါရဗဒ္ဒိသားက သောင်းပြောင်းထွေလာ သိစရာ (သို့မဟုတ်) ကျွန်ုပ်သိသမျှ ပြန်လည်ဖောက်သည်ချခြင်း(၂)စာပဒေသာက မိမိကိုယ်ကိုမိမိ သောတာပန်ဖြစ်၊ မဖြစ်တိုင်းတာရန် ပေတံ၊ ကိုက်တံတစ်ခု လက်ဆင့်ကမ်းပေးနိုင်ပြီဟု ယုံကြည်မိလျက် ဤစာပဒေသာ၌ စာရေးသူ ကျွန်ုပ်၏အကြောင်း နောက်ဆုံးဖော်ပြရင်း အဆုံးသတ်ပါတော့မည်။

စာရေးသူသည် ၂၀၀၆ ခုနှစ်က ဝဲဘက်ခန္ဓာကိုယ်တစ်ခြမ်းလေဖြတ်သွား၍ ၂၀၁၀ ပြည့်နှစ်တွင် လုပ်သက်ပြည့် ပင်စင်ဖြင့် အငြိမ်းစားယူခဲ့ရသော ဝန်ထမ်းတစ်ဦးဖြစ်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဆရာနီလေးမောင် မကွယ်လွန်မီ နီလေးမောင်၏ ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် (အသက်ကြီးပေမဲ့မပျက်စီးသူများ) ဝတ္ထုကို ရေးသားပေးပို့ခဲ့ရာ ၂၀၁၂ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလ နှစ်လဆက်၍ ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင်ဖော်ပြခံခဲ့ရပြီးနောက် ၂၀၁၄ ခုနှစ်တွင် ချော်လဲပြီး ထိုဘယ်ဘက်အခြမ်းတင်ပါးဆုံရိုးကျိုးသွားသဖြင့် မင်္ဂလာဒုံအရိုးကုစစ်ဆေးရုံနှင့် အမှတ် (၂) စစ်ဆေးရုံနှစ်ရုံ ပြောင်း၍ကုသခဲ့ရပြီး ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းသို့ စာမူသုံးပုဒ်ရေးသားပေးပို့ခဲ့ရာ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၌ ၂၀၁၆ ခုနှစ်၊ မေလတွင် (အမဲဘူးဆွဲတဲ့တစ္ဆေ) ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် (တံတားပေါ်မှာ လမ်းလျှောက်ထွက်တဲ့ စုတ်ဖွားကောင်ကြီး)နှင့် ၂၀၁၆ ခု ဇူလိုင်လတွင် (ကုသိုလ်တွေများများကြီးပေးတဲ့ တို့ဖေဖေ) ဝတ္ထုတိုသုံးပုဒ် သုံးလဆက်ဖော်ပြခြင်းခံခဲ့ရသည်။

ယခု ၂၀၁၇ ခုနှစ်တွင် စာရေးသူ အနှစ်သက်ဆုံးသော မဂ္ဂဇင်းများထဲမှ တစ်အုပ်အပါအဝင်ဖြစ်သည့် သုရဋ္ဌမဂ္ဂဇင်းတွင် ရေးသားလိုသည့်ဆန္ဒ အာသီသကြောင့် ၂၀၁၇ ခု၊ ဇန်နဝါရီလထဲတွင် ဘဏ်၌ ပင်စင်ထုတ်ရာ၌ အသက်ရှင်လျက်ရှိသေးကြောင်း လူပြရမည့်ရက်နှင့်တိုက်ဆိုင်နေသဖြင့် လူကိုယ်တိုင် မဂ္ဂဇင်းတိုက်သို့ သွားရောက်ပို့နိုင်က သွားရောက်ပို့မည်။ မပို့နိုင်က ဘဏ်မှစောင့်၍သားသမီးတစ်ယောက်ယောက်ကို ပို့ခိုင်းမည်ဟု ရည်မှန်းထားသည်။ သို့သော် လူ့အသက်သည် တရှူတရှိုက်မျှလည်း သေခြင်းတရားကို မလွန်ဆန်နိုင်ရကား ဤစာပဒေသာရောက်ပါစေ။ အရွေးခံရပါစေ။ စာပေစိစစ်ရေးမှ လွတ်မြောက်ပါစေဟု ဆုတောင်းရင်း အသက် (၆၀) ကျော် အဘိုးကြီး၏ စာပဒေသာကို အဆုံးသတ်ပါတော့မည်။

ကြိုက်နှစ်သက်လျှင်သော်လည်းကောင်း၊ လိုအပ်ချက်ရှိလျှင်သော်လည်းကောင်း အကြံပေးပါ၊ ဝေဖန်ပါဟု မေတ္တာရပ်ခံပါသည်။ ဤစာပဒေသာကို ကြိုက်နှစ်သက်ခဲ့သည်ရှိပါက ဆက်လက်ရေးမည်ဖြစ်သည့်အတွက် စာရေးသူ၏ ဖုန်းနံပါတ် (၀၉-၇၉၈၀၂၉၉၄၂)သို့ ဆက်သွယ်အားပေးကြပါဟု အသက် (၆၀) ကျော် အိုပယ်ကြီးက စာပေနယ်တွင် အိုပယ်မခံရအောင် ကြိုးစားလိုကြောင်း နောက်ဆုံး နိဂုံးချုပ် ရေးသားရင်း အဆုံးသတ်လိုက်ပါပြီ။

*ဉာဏ်ပေါက်နိဗ္ဗာန်ရောက်ကြပါစေ*

သင်္ခါရဗဒ္ဒိသား

**မှီငြမ်း -**

ဆရာကြီးဦးရွှေအောင်၏
ဗုဒ္ဓ (သို့မဟုတ်) အနိုင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



**❑ အိပ်မက်ထဲကပြကျောက်**

ပြကျောက်ဟူသည် မျက်ဝါးထင်ထင်မြင်တွေ့ရသော်လည်း တကယ်တမ်းရှာသောအခါ လုံးဝမတွေ့ရဘဲ မြင်ရုံမျှသာမြင်လိုက်ရသောပြကျောက်မျိုးလည်းရှိ၏။

အချို့သောပြကျောက်တို့မှာ လက်ဝယ်ပိုင်ပိုင်ရောက်ရှိခဲ့သော်လည်း အကျိုးခံစားခွင့်မရသော ပြကျောက်တို့လည်းရှိပါသည်။ ပတ္တမြားကျောက် ဟူသည် ထိုက်မှသာခံစားခွင့်ရကြပါသည်။မထိုက်ခဲ့သော် သိန်းပေါင်းများစွာတန်သော ကျောက်သည် ထိုလူ၏လက်ဝယ် တန်ဖိုးမသိသဖြင့် တန်ဖိုးမရှိဖြစ်ရတတ်ပါသည်။

ကျွန်ုပ်သည် တွင်းလောကမှာ အနားယူခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း အိပ်မက်ထဲတွင်မူ ကျွန်ုပ်သည် ကျောက်တွင်းများတူးနေတတ်လေ၏။ ထိုအခါ နီရဲသောပတ္တမြားကြီးများ၊ ပြာလဲ့ကာတောက်ပသော နီလာကြီးများကိုရနေဆဲ ဖြစ်သည်။ ထိုသို့သောကျောက်ကြီးကျောက်များရ၍ ဝမ်းသာနေသောစိတ်တို့သည် အိပ်ရာမှနိုးသည်နှင့် နေလာလျှင် နှင်းပျောက်သည့်ပမာ လွင့်စဉ်ကွယ်ပျောက်ရပါသည်။ ထိုအခါ စိတ်ထဲမကောင်းရှိရ၏။

ဤသည်မှာ ပြကျောက်တို့သည် အိပ်မက်ထဲသို့တိုင်ဝင်ရောက်ပြသလျက်ရှိကြောင်း သဘောပေါက်ရလေ၏။ ကျောက်ကောင်းတို့ မကြာမကြာရတတ်၏။ အမှန်သော် အိပ်မက်ပြကျောက်များဖြစ်ကြပါသည်။

ထိုအိပ်မက်ပြကျောက်တို့သည် အကျိုးသက်ရောက်သည်လည်းရှိတတ်၏။ အကျိုးမသက်ရောက်သည်လည်းရှိတတ်၏။ သို့သော် အကျိုးမသက်ရောက်သည်ကများလေ၏။ အမှန်သော် ပတ္တမြားရှာနေကြသော ကျွန်ုပ်တို့သည် ပတ္တမြားတည်းဟူသောအစွဲကြောင့်သာ မက်နေခြင်းဖြစ်ကြပါသည်။ အောက်ပြည်အောက်ရွာ၌ လယ်လုပ်နေသော တောင်သူလယ်သမားတစ်ယောက်အဖို့ ပတ္တမြားကို အိပ်မက်မက်စရာအကြောင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူ့စိတ်ထဲ၌ ပတ္တမြားမရှိ၍ ဖြစ်ပါသည်။ တောင်သူလယ်သမားအနေနှင့်မူ သူလုပ်ကိုင်ရာ လယ်ထွန်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်ရိတ်ခြင်း စသော မိမိလေ့ကျင့်ကျက်စားရာကိုသာ အိပ်မက်မက်နေပေလိမ့်မည်။ အမှန်သော် အလုပ်အကိုင် အလေ့အကျင့်ကိုစွဲ၍မက်သောအိပ်မက် ဖြစ်ပေ၏။

သို့သော် အိပ်မက်ဟူသည် ရံဖန်ရံခါမှန်တတ်၏။ ရံဖန်ရံခါအကျိုးပေး၏။ ထိုအကျိုးကား ကောင်းကျိုးနှင့် ဆိုးကျိုးတို့ဖြစ်သည်။ ကျွန်ုပ်အနေနှင့်မူ ပတ္တမြားကျောက်တို့ရသည်၊ ပိုင်ဆိုင်ရသည်ဟုမက်သော် ထိုအိပ်မက်ကား အကျိုးမပေးပါ။ ပတ္တမြား၏နိမိတ်ဖြစ်သော သွေးများမြင်ရခြင်း၊ လူသေကောင်ပုပ်ကိုစားရခြင်း စသည်မက်ပါမှ ကျောက်ကြီးကျောက်ကောင်းရလေ့ရှိ၏။ အိပ်မက်ထဲတွင် တန်ဖိုးအနဂ္ဃပတ္တမြားတို့ မကြာမကြာရတတ်သော်လည်း ထိုအိပ်မက်ထဲမှ ပတ္တမြားတို့သည် အိပ်မက်ပြကျောက်များသာဖြစ်တတ်လေ၏။

**❑ ဗန်းမော်ကဖိုးခင်**

ကျွန်ုပ်တို့မိုးကုတ်အနောက်ပိုင်းမှ ကျောက်ဖျာရွာလေးတွင် ကျောက်ဖျာ၌လာရောက်အခြေချကြသော ရွှေဘိုအုပ်စု၊ စစ်ကိုင်းအုပ်စု၊ ဗန်းမော်အုပ်စု၊ ပြည်ကံမအုပ်စု ဟူ၍ရှိသည်။ သူတို့သည် တစ်ဦးရောက်လာရာမှ တစ်နွယ်ငင်တစ်စင်ပါဟူဘိသို့ တစ်ဦးကိုအမှီပြု၍ ရောက်လာကြပြီး ကျောက်ဖျာသူတို့နှင့်အိမ်ထောင်ကျကာ အခြေချနေထိုင်ခြင်း ဖြစ်ပေ၏။

သူတို့သည် ဦးစွာ ရွာ၏ တစ်အိမ်အိမ်၌ တွင်းသားဝင်လုပ်ကြ၏။ ထို့နောက် တွင်းပညာတတ်လာ၏။ ရွာနှင့် ရင်းနှီးလာ၏။ ထိုအခါ ဒေသခံကျောက်ဖျာသူနှင့် အိမ်ထောင်ကျကာ အခြေချနေထိုင်ကြခြင်း ဖြစ်သည်။

ထိုအထဲတွင် ဖိုးခင်လည်းပါ၏။ ဖိုးခင်တို့ ဗန်းမော်အုပ်စုကား ရှမ်းနီများဖြစ်ကြကာ ဗန်းမော်မန်စီဒေသမှဖြစ်သည်။ ဗန်းမော်မန်စီသားရှမ်းနီဦးပန်းသည် ကျောက်ဖျာရွာ၌ အင်္ဂလိပ်ခေတ်တွင် တွင်းသားလုပ်ရာမှ ကျောက်ဖျာသူ မယ်ငြိမ်းကိုရယူလျက် အခြေချနေထိုင်ခဲ့၏။

မယ်ငြိမ်းမှ မကျန်၊ ကိုကျော်တင်၊ ကိုရွှေထွန်း၊ ကိုဘစိုး၊ မအုန်းမေတို့ကိုမွေး၏။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး၍ တော်လှန်ရေးအစိုးရခေတ်တွင် ဗန်းမော်မန်စီမှ ဦးပန်း၏ညီ ဦးခမ်းမိသားစုသည် သူ့အစ်ကိုဦးပန်းအခြေချရာ ကျောက်ဖျာရွာသို့စုံစမ်း၍ မိသားစုလိုက်ပြောင်းရွှေ့အခြေချနေထိုင်၏။

ထိုအခါတွင် တစ်နွယ်ငင်တစ်စင်ပါလျက် ဗန်းမော်မန်စီဒေသမှ လူငယ်များသည် ဦးခမ်းတို့ဆီလိုက်လာကာ တွင်းသားလုပ်ရင်း ကျောက်ဖျာသူတို့နှင့်အိမ်ထောင်ကျလျက်အခြေချနေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ထိုအထဲတွင် သဘောမနော ဖြူစင်ယဉ်ကျေးသည့် ဖိုးခင်လည်းပါပါသည်။

ဖိုးခင်ကား ကျွန်ုပ်၏မျက်စိရှေ့ မှောက်တွင်ရောက်ကာ နှစ်တို့အတွင်းမှာ ပင်ကျောက်ဖျာရွာအောက်ပိုင်းမှ ဦးဆန်၊ ဒေါ်မြတို့၏သမီး မစောခင်နှင့် အိမ်ထောင်ကျကာ အိမ်ခွဲနေထိုင်လျက် သားသမီးတို့ပွားစီးခဲ့ပါသည်။ ဖိုးခင်သည် ရှမ်းနီဖြစ်ပြီး စောခင်ကား လားရှိုးဘက်မှ လာရောက်နေထိုင်သော ရှမ်းတရုတ်မျိုးနွယ်ဖြစ်သည်။

သို့သော် စောခင်ကား ဖိုးခင်လောက်မလှပေ။ ဖိုးခင်ကား ပြုံးပြုံးပြုံးပြုံးနှင့်ယောကျာ်းချောဖြစ်ပေ၏။ ပါးမြိုင်းမွေးအနည်းငယ်ပါရှိပြီး ဖြူဆွတ်ပြီး နီရဲနေ၏။ စောခင်ကား ဖိုးခင်လောက် အသားမဖြူပေ။ သူတို့ဇနီးမောင်နှံကား ခင်နှစ်ခင်ထပ်သဖြင့် ပြောစမှတ်ပြုကြ၏။ ထိုသို့နာမည်ထပ်ရန်မှာ ဖြစ်တောင့်ဖြစ်ခဲပါပေ။

ဖိုးခင်ရောက်စဉ် သူကြီးဦးထွန်းညိုအိမ်၌နေ၏။ နောင်သော် သူကြီးသား ကိုအိုက်ညီနှင့် သစ်ဆိမ့်ကုန်းရွာနှင့် စခန်းကြီးရွာအကြားရှိ မာတ်တော်ကုန်း၌ တွင်းသားအဖြစ် ကာလအတန်ကြာနေထိုင်၏။ ထိုမှတစ်ဖန် ကျွန်ုပ်နှင့်ညီအစ်ကိုပမာနေထိုင်သော ဦးခမ်း၏သား ကိုထွန်းဖေအိမ်၌နေ၏။ ကိုထွန်းဖေကား သူကြီးသမီးမသန်းရီနှင့် အိမ်ထောင်ကျ၏။ ထိုအိမ်၌နေစဉ်ပင် စောခင်နှင့် အိမ်ထောင်ကျခြင်း ဖြစ်သည်။

အများအားဖြင့် ဗန်းမော်မန်စီသားတို့သည် ဘုဆတ်ဆတ်နိုင်ကြ၏။ ဖိုးခင်မှာမူ ဘုဆတ်ဆတ်မနိုင်ဘဲ ယဉ်ကျေးသိမ်မွေ့သဖြင့် ကျွန်ုပ်သည် ဖိုးခင်ကို ပို၍ခင်မင်လေးစားလေ၏။ ရှမ်းနီတို့၏စကားသည် ဒေသခံရှမ်းတို့၏စကားနှင့် အနည်းငယ်ကွဲလွဲကြောင်းသိရ၏။ သို့သော် သူတို့ရှမ်းအချင်းချင်းမှာမူ ရှမ်းလိုသာပြောဆိုကြပါသည် အနေကြာသောအခါတွင်မူ အားလုံးသိမ်မွေ့သွားကြပါသည်။ ဒေသအနေနှင့်လွန်စွာယဉ်ကျေး၍ဖြစ်ပေ၏။

## ❑ ငမုန်းချောင်းအထက်ပြန့်

ကျောက်ဖျာရွာနှင့် အနီးဆုံးလုပ်ကွက်ကိုပြပါဆိုပါလျှင် ငမုန်းချောင်းလုပ်ကွက်ကိုပြရပေမည်။ ငမုန်းချောင်းကား ကျောက်ဖျာရွာအနောက်ဘက်မှသည် ရွာ၏တောင်ဘက်သို့ကွေ့ဝိုက်စီးဆင်းသောချောင်းဖြစ်ပေ၏။ အောက်ဘက်ငွေ့ပင်ချောင်းမသို့ သွားပေါင်းဆုံ၏။

ထိုချောင်းသည် ကျောက်ပြဿဒ်အနောက်ရွာကို ချောင်းဖျားခံကာ ရေကြည်ထွက်တို့စုပေါင်း၍ ချောင်းအသွင်ပြောင်းခြင်း ဖြစ်သည်။ ငမုန်းချောင်းအောက်ပိုင်းတွင် တောင်နံရံနှစ်ဖက်ကြားမှ စီးဆင်းသဖြင့် ကျယ်ပြန့်သောပြန့်မရှိရာမျှောသာတိုက်၍ရ၏။ ဖောက်တွင်းလုပ်ရန် နေရာမရှိပေ။

ငမုန်းချောင်း၏အထက်ပြန့်ကား ဘောလုံးကွင်းတစ်ကွင်းစာနီးပါးကျယ်ပြန့်ရာ မိုးကျွတ်ရာသီပွင့်လင်းပြီဆိုပါက ဖောက်တွင်းတို့လုပ်လေ့ရှိကြပါသည်။ ဖောက်တွင်းရာသီတွင် ထိုပြန့်၌ လေး၊ငါးဆယ်တွင်းခန့် ဖောက်တွင်းလုပ်ကြလေ့ရှိသည်။

လူအများစုမှာမူ ငမုန်းချောင်း၌ မလုပ်လိုကြပေ။ အဘယ်ကြောင့်ဆိုသော် ကျောက်အလွန်ပါး၍ ဖြစ်သည်။ ဆယ်တွင်းလုပ်သော် တစ်တွင်း၊ နှစ်တွင်းမျှသာ ကျောက်ကြီးရလျက် ကျန်သောတွင်းတို့မှာ အရှုံးပေါ်ကြရလေ၏။

အချို့ကမူ 'ငမုန်းချောင်းလုပ်မယ့်အတူတူ အိပ်နေတာကမှ အိပ်ရေးဝဦးမယ်။ အလကားအချိန်ကုန် လူပန်း သစ်ရှုံး၊ ဝါးရှုံး၊ စရိတ်ရှုံးနဲ့ ရှုံးတဲ့ကောင်တွေလုပ်တာ' ဟုပင် ပြောစမှတ်ပြုကြသည်။ အချို့လုပ်စရာလုပ်ကွက်မရှိသူတို့မှာမူ ထိုင်နေအလကား၊ ထသွားမှအကျိုးရှိမယ် ဆိုပြီး မလွဲသာမှလုပ်ကြခြင်းဖြစ်ပါသည်။

'ငမုန်းချောင်း တစ်လုံးကောင်းသုံးသောင်းမကတန်'ဟူသောရှေးဟောင်းစာဆိုရှိသည်နှင့်အညီ ငမုန်းချောင်းကား ကျောက်အလွန်ပါးသော်လည်း ထွက်ပြီဆိုပါက စာတင်လောက်သောကျောက်တို့ထွက်တတ်ပါသည်။ ထမင်းစားကျောက်ခေါ် အောက်ကျော်အလွန်ပါးသောအခါ စရိတ်မနိုင်သဖြင့် အတော်အတန်လူမခံနိုင်ပေ။ တစ်ဆောင်းတစ်နွေလုပ်သော်မှ တစ်ကျပ်မျှပင်မရသောတွင်းတို့ရှိတတ်ရာ အလွန်ကြောက်စရာကောင်းသောလုပ်ကွက်ဖြစ်လေ၏။

ကျွန်ုပ်၊ ကိုဘစိုး၊ ဖိုးတုတ်၊ ငွေးမြင့်အောင်တို့သည် စုပေါင်းလုပ်ကြရာတွင်းယောင်သဖြင့် ငမုန်းချောင်းအထက်ပြန့်၏အောက်အစွန်နေရာတွင်လုပ်ကြရာ ရေအလွန်ထန်သည်ကို တွေ့ရလေ၏။ ရေကို နေ့တစ်ဝက်နီးပါးခပ်ထုတ်ကြရ၏။ တစ်ဆက်ပြီးအောင်ခွေရ၏၊ ထိုအခါမိုးစုံးစုံးချုပ်မှ အိမ်ပြန်ရ၏။ ပင်ပန်းလိုက်သည်မှာ ပြောစရာမရှိပေ။

ရေထဲတွင် ခေါင်းစားထိုးကြရာ၌လည်း တစ်ထိုးပြီးသည်နှင့် ဘေးနှင့်ရှေ့တို့ ရေကြောင့်ပြိုမကျစေရန်၊ အလုံပိတ်နေစေရန် မြက်သပ်ကြရ၏။ မြေကိုမြက်များဖြင့်ကာခြင်းဖြစ်သည်။ တစ်ထိုးပြီးတစ်ထိုးရှေ့သို့သာထိုးသွားသည် ဖြုန်းကား အစအနပင်မမြင်ရပါ။

အောက်ထဲရှေ့သို့ရောက်လေ ရေနေကျယ်လေဖြစ်ရာ တစ်ထိုးရရန် ရေခပ်ထုတ်ရသည်နှင့်ပင် နေ့ဝက်မကအချိန်ကုန်လေ၏။ ရေကုန်သော် မြေစာတွေတင်ရ၏။ ထွက်ရေကိုလည်း မနားမနေထမ်းခပ်ထုတ်နေရ၏။ နှစ်တောင်မျှရှေ့သို့ရောက်လျှင် သစ်ဝါးမြက်တို့ဖြင့် တစ်ထိုးထိုးရပြန်၏။

ထိုသို့လေးငါးခြောက်ခါထိုးရသော်လည်း ဖြုန်းအစအနပင် မမြင်ရသေးပါ။ တစ်နေ့တွင် မိုးအလွန်ချုပ်သွားသဖြင့် ရှေ့မျက်နှာစာကို မြက်မသပ်ဘဲထားခဲ့ကြပါသည်။ နောက်နေ့တွင် မိုးကုတ်၏ အမာခံနယ်မြေတည်ဆောက်ပွဲသို့တက်ကြရပါသည်။ တစ်ရွာလုံး တွင်းမဆင်းကြပါ။ ကျပ်ပြင်အင်းကောင်းပြန့်ဘောလုံးကွင်း၌ကျင်းပသော အမာခံနယ်မြေတည်ဆောက်ပွဲသို့ ချီတက်ကြပါသည်။ မှတ်မှတ်ရရလွန်စွာစည်ကား၏။

နောက်နေ့တွင်းသွားသောအခါ ရှေ့မျက်နှာစာမြက်မသပ်ခဲ့မိခြင်းကြောင့် ထိုမျက်နှာစာမှစ၍ ပြိုကျပြီးတွင်းလည်သွားသဖြင့် တွင်းမရှိတော့ဘဲ ချိုင့်ဝှမ်းတစ်ခုအဖြစ်သာ မြင်ကြရပါသည်။ ဖြုန်းမျှပင်မတွေ့သော ထိုတွင်းအား ကျွန်ုပ်တို့လွမ်းမနေကြပေ။

တစ်နေရာမကောင်း တစ်နေရာ ပြောင်းစနစ်ဖြင့် တွင်းပစ္စည်းများထမ်းသယ်ကာ နေရာပြောင်းကြရပြန်၏။ ကျွန်ုပ်တို့သည် ငမုန်းချောင်းအထက်ပြန့်၌ ထိုတစ်ခါသာလုပ်ဖူးပါသည်။

## ❑ အိပ်မက်အရ

ကျွန်ုပ်တို့သည် ထိုအချိန်၌ သူ... တောင်တန်းကြီးပေါ်၌ ဖောက်တွင်းလု... နေချိန် ဖြစ်သည်။ တောင်ပေါ်လုပ်ကွ... များသည် ထမင်းစားကျောက်ခေ... အောက်ကျောက်စိပ်သဖြင့် လုပ်ကိုင်... တို့ဖြင့်ပြည့်နေရာ တွင်းသွားရာဘန်း... ကျောင်းလမ်းတစ်လျှောက် တွင်းသွ... ချိန်တွင် တွင်းသွားသူတို့ဖြင့် စီတန်း... လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုတောင်ပေါ်သို့ တက်ရာလမ်းသည် အထက်ငမုန်းချောင်းပြန့်အား ဖြတ်ကျော်ပြီးမှရောက်ပါသည်။ အထက်ငမုန်းချောင်းတွင် ဖောက်တွင်းငါးတွင်းတွေ့ရ၏။ ကျောက်ဖျာရွာမှလုပ်နေခြင်းမဟုတ်ဘဲ အခြားရွာမှလာ၍ လုပ်ကိုင်နေကြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ရှေ့တွင် ဖိုးခင်နှင့် သူ့တွင်းသားတို့သည် ဖောက်တွင်းတွင်သုံးသော သစ်စည်းဝါးစည်းများအား အထက်ငမုန်းချောင်းပြန့်ရောက်သောအခါ ချလိုက်ကြလေ၏။ ထို့ကြောင့် ရပ်၍စကားပြောဖြစ်ပါသည်။

"ဖိုးခင်၊ တောင်ပေါ်မတက်တော့ဘူးလား"

"မတတ်တော့ပါဘူးဗျာ။ ဒီမှာပဲ ဖောက်တော့မယ်"

"မင်းတို့ဟာက နှစ်ယောက်တည်းလား"

"ကျွန်တော့်ယောက်ဖမက လူရရင် တစ်ယောက်ထည့်မယ်ပြောပါတယ်"

"အေးကွာ၊ သုံးယောက်ဆိုတော် သေးတာပေါ့ကွ။ နှစ်ယောက်တည်းဆို ဘယ်သက်သာမှာလဲ။ ဖောက်တွင်းဆိုတာ လေး၊ ငါးယောက်လုပ်မှအဆင်ပြေတာ။ ဒါထက် တောင်ပေါ်ကို ဘာလို့ မလုပ်တော့တာလဲ"

"အိပ်မက်ကြောင့်ပါ"

"အိပ်မက်ဟုတ်လား"

"ဟုတ်တယ်၊ အိပ်မက်ထဲမှာ ကျွန်တော်တောင်ပေါ်ကဆင်းလာတော့ ဒီငမုန်းချောင်းပြန့်လည်းရောက်ကရော တော်ဖြူစင်ကြယ်နဲ့ ဘိုးတော်ကြီးတစ်ယောက်က ကျွန်တော့်ရှေ့မှာပိတ်ရပ်ပြီး ဘာမပြောညာမပြောနဲ့ ကျောက်ကြီးတစ်ပွင့်ပေးတယ်ဗျ။ ကျောက်က သေးသေးမဟုတ်ဘူး၊ နှစ်ဇလီယောက်ရှိတဲ့ အနီအစစ်ကြီးဗျ လှလိုက်တာဗျာ။ ရဲရဲကိုတွတ်နေတာပဲ။ ဒီကျောက်ကိုရောင်းလိုက်လို့ကတော့ ငါ့တစ်သက် မဆင်းရဲတော့ဘူးလို့တွေးပြီး ဝမ်းသာနေတုန်း အိပ်ရာကလည်း နိုးပါရောဗျာ။ အဲဒီအထိကို ဝမ်းသာစိတ်ကရှိနေတုန်းဗျ။ ဒါနဲ့ ကျွန်ုပ်တော့်မိန်းမကို တိုင်ပင်ရတာပေါ့။ တောင်ပေါ်မှာလုပ်နေလို့ကတော့ ဒီဝမ်းဝခါးလှရုံပဲရှိမယ်။ အိပ်မက်ထဲကလို ကျောက်ကြီးကျောက်ကောင်းဆိုတာက ငမုန်းချောင်းလိုနေရာမျိုးမှာပဲ မိုင်တယ်။ အဲဒါငမုန်းချောင်းပြောင်းပြီးဖောက်ရရင် ကောင်းမလားဆိုတော့ မိန်းမက်လည်း လေး၊ ငါးလစာရှိနေတာပဲ။ ဖောက်ချင်ရင်ဖောက်ပေါ့ဆိုတာနဲ့ မနေ့က သစ်ဝါးသွားခုတ်တယ်။ ဒီနေ့က ရက်ရာဇာဆိုတော့ တွင်းစမလို့ပါ"

"အေးကွာ-ငမုန်းချောင်းတစ်လုံး ကောင်းသုံးသောင်းမံကကန်ဆိုတဲ့အတိုင်း ပါစ်လုံးကောင်းရရင်တော့ လူမွဲလူတောင်ပြောင်ပြီပေါ့ကွာ။ သုံးသောင်းဆိုတာက အင်္ဂလိပ်ခေတ်ကငွေနော်။ ခုခေတ်ငွေမဟုတ်ဘူး။ ရွှေတစ်ကျပ်သားကို နှစ်ဆယ်ကျပ်သာရှိတဲ့ခေတ်ကွ။ ရွှေနဲ့တွက်ရင် ရွှေ (၁၅) ပိဿာမကရနိုင်တဲ့ခေတ်ကစာချိုးကွ။ အခုခေတ်ဆိုရင်တော့ တိုက်တွေ၊ ကားတွေနဲ့ဇိမ်ခံနိုင်ပြီပေါ့ကွာ။ ရပါစေ ဖိုးခင်ရာ"

"ဟုတ်ကဲ့ဗျာ"

"ကဲ - သွားမယ်နော်"

ဟု ဆိုပြီး ကျွန်ုပ် သူရိန်တောင်ကြီးပေါ် သွားရာလမ်းအတိုင်းထွက်ခဲ့သည်။ ကွေ့ကောက်သောတောင်ပေါ် လမ်းဝယ် လူတို့တန်းစီတက်နေကြသည်မှာ ပုရွက်ဆိတ်များအလား ထင်မှတ်မှားလောက်အောင်ပင် တောင်ပေါ်၌ စည်ကားနေလေ၏။ ကျောက်အလွန်ပါးသော ငမုန်းချောင်း၌ စွန့်စားရဲသောဖိုးခင်၏သတ္တိကိုချီးကျူးမိပါသည်။ အမှန်သော် အိပ်မက်အားကိုးနှင့် မိုက်ရဲခြင်းဖြစ်ပေ၏။

## ▫ လူကြီးခရီးစဉ်ကြောင့်

ကာလသည် ၈၈ အရေးအခင်း မတိုင်မီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်သည်။ ထိုခေတ်ထိုအခါ၌ 'လူကြီးခရီးစဉ်' ဟူသော ခေါင်းစဉ်အား ကျွန်ုပ်တို့တွင်းသမားများအလွန်ကြောက်ကြပါသည်။

အဘယ်ကြောင့်ဆိုသော် ကျောက်ပြသဒ်ဘုရားတောင်သည် မိုးကုတ်ပတ္တမြားမြေ၏ အထင်ကရနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ရာ လူကြီးတို့သည် ထိုဘုရားတောင်သို့ ဘုရားလာဖူးကြ၏။

မြင့်မားသော ကျောက်ပြသဒ်ဘုရားတောင်ပေါ် မှကြည့်လျှင် အထက်ငမုန်းချောင်းပြန့်အား အပေါ်စီးမှအနီးကပ်မြင်နေရသလို သူရိန်တောင်ပေါ် မှ တရွရွသွားလာလုပ်ကိုင်နေကြသော တွင်းသမားတို့ကိုလည်း ရှင်းရှင်းလင်းလင်းမြင်နေရ၍ ဖြစ်သည်။

ပြည်သူပိုင်သိမ်းထားသောပတ္တမြားမြေအား လူတို့လွတ်လပ်စွာလုပ်ကိုင်နေသည်ကို လူကြီးတို့မြင်သွားခဲ့သော် ဤမြင်ကွင်းသည် လူကြီးတို့အတွက် မမြင်အပ်သောမြင်ကွင်းဖြစ်သဖြင့် လူကြီးလာမည်ဟူ၍ အကြောင်းကြားသောအချိန်မှစ၍လုပ်ကွက်များ၌ လူတို့မရှိစေရန် ရပ်ရွာတာဝန်ရှိသူတို့က ကြိုတင်အသိပေးတားမြစ်ရပါသည်။ တာဝန်ရှိသူများကလည်း လိုက်လံကာ ရှင်းလင်းပါသည်။ ပေကတ်ပြီး အရဲစွန့်လုပ်နေသူတို့မိသွားပါက မချောင်လှပေ။

ထိုသို့ဖြစ်အင်အား ကျွန်ုပ်တို့က အခြေအနေမကောင်းဘူးဟု သုံးနှုန်းကြလေ၏။ ထိုအခါ ရပ်ထဲရွာထဲလူတို့စည်ကားနေတတ်လေ၏။ ကျန်သောအခြေအနေကောင်းသောရက်တို့၌ ရွာထဲတွင် လူအိုများ၊ ခွေးများ၊ ကလေးများသာ တွေ့ရလေ့ရှိပါသည်။ လုပ်နိုင်သူတိုင်းကျားကျား၊ မမ တွင်းတောသို့သွားကြလေ့ရှိ၏။ ရွာထဲ၌လူစည်ကားသောနေ့တို့ကား တွင်းနားရက်ဖြစ်သော လပြည့်၊ လကွယ်နှင့် အခြေအနေမကောင်းသောနေ့တို့ ဖြစ်လေ၏။ အပျင်းထူသော တွင်းသားတို့မှာမူ အခြေအနေမကောင်း၍ နားခြင်းအား အလွန်နှစ်ခြိုက်သဘောကျကြလေ၏။ ကျွေးမွေးရသော ပေါလံတို့မှာမူ တွင်းတစ်ရက်ပျက်သော် စီးပွားရေးတစ်ရက်နောက်ကျသဖြင့် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရလေ့ရှိသည်။

တောင်ပေါ်ရှိ လုပ်တွက်တို့မှာမူ အနည်းငယ်လှမ်းခြင်း၊ တောင်စဉ်တောင်တန်းတို့ကွယ်နေခြင်းတို့ကြောင့် တွင်းတို့ကိုမမြင်ရပေ။ ကွေ့ကောက်သောတောင်တက်လမ်းသာမြင်နေရသဖြင့် ထိုလမ်း၌ လူအသွားအလာမရှိသော် အဆင်ပြေပြီ ဖြစ်သည်။

အထက်ငမုန်းချောင်းပြန့်မှာမူ မျက်စိအောက်၌ ပီပီပြင်ပြင်မြင်နေရသောလုပ်ကွက်ဖြစ်သဖြင့် စက်သီးတိုင်ထိုးထိုးထောင်ထောင်တို့ကိုဖြုတ်ကာ ဝါးလုံးများဖြင့်တွင်းအားတန်းစီဖုံးအုပ်လျက် မြေဖို့ကာ တွင်းကိုဖျောက်ထားရလေသည်။ ထိုအခါ အထက်ငမုန်းချောင်းပြန့်သည် မြေနီပြန့်ကြီးသဖွယ် အပေါ်စီးမှမြင်ရလေ၏။

သိသာသိစေ မမြင်စေနဲ့ ဟူသောစကားအတိုင်း လူကြီးတို့သည် မိုးကုတ်တစ်နယ်လုံး ကျောက်တွင်းတူးစားကြမှန်းသိကြပါသည်။ သို့သော် လူကြီးအားရိုသေလေးစားသောအားဖြင့် ကျောက်တူးနေသည်ကိုမမြင်စေရန် ဤသို့ဖုံးကွယ်ခြင်းဖြစ်ပေ၏။ပတ္တမြားမြေအား ပြည်သူပိုင်သိမ်းထားသည်မဟုတ်ပါလား။ မြင်ခဲ့သော် ဤလူတို့သည် ပြည်သူပိုင်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

များအား ဖျက်ဆီးနေသည်ဟု သူတို့စိတ်ဝယ်စွဲမှတ်ကြပေရောမည်။ ခိုးတွင်းမိခဲ့သော် ထိုကာလ၌ ထောင်ကိုးလကျခံရလေ၏။ သို့ကြောင့် မမြင်စေရန် ပုန်းကွယ်ကြရပါသည်။ ရှောင်တိမ်းကြရပါသည်။ အဖမ်းအဆီးလာသော် လွတ်အောင်ပြေးကြရပါသည်။ မပြေးနိုင်ခဲ့သော် မိုးကုတ်အကျဉ်းထောင်၌ ကိုးလပြစ်ဒဏ်ကျခံရစမြဲ ဖြစ်သည်။

ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်ဟူသည့်အတိုင်း တစ်ခါတစ်ရံ လူကြီးအလာကို စောင့်ရသည်မှာ လေး၊ ငါးရက်ကြာသွား၏။ ဤလေး၊ ငါးရက်ဟူသော အတိုင်းအတာအချိန်ကာလသည် သာမန်ဖုံးအုပ်မထားသောတွင်းတို့အတွက် ဘာမှမဖြစ်သော်လည်း ဖုံးအုပ်ထားသောတွင်းတို့မှာမူ လေးပင်တွင်းပတ်ပတ်လည်၌ မြေထိန်းနံရံအဖြစ်သပ်ထားသောမြက်သစ်ရွက်တို့မြေငွေ့အပူဖြင့် ပုပ်ကုန်တတ်လေ၏။

ထိုသို့ပုပ်ကုန်သော် တွင်းထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များသာရှိပြီး အောက်ဆီဂျင်ဓာတ်တို့အပေါ်သို့ တိုးဝှေ့ထွက်ကုန်ကြလေ၏။ တွင်းသည် အဆိပ်ငွေ့များအတိပြီးကာ အသက်ရှူရန် လေလုံးဝမရှိတော့ပြီ ဖြစ်သည်။ ထိုအခါဝယ် တွင်းထဲ၌ အောက်သိုးသိုးစူးရှရှအနံ့ကြီးနံနေလေတော့၏။ ထိုအနံ့အား တွင်းဖွင့်သည်နှင့်ရတတ်ကြ၏။

အမှတ်တမဲ့ဆင်းမိသူတို့ အသက်ပေးသွားရသည်မှာ အဆန်းမဟုတ်တော့ပြီ။ ယခုလည်း တွင်းများ၊ စက်သီးတိုင်များဖြုတ်၍ အလုံအုပ်ထားရသည်မှာ ငါးရက်ကြာသွား၏။ခြောက်ရက်မြောက်ရက်တွင် တွင်းများပြန်ဆင်းကြပါသည်။

အချို့သောတွင်းများမှာ ညကတည်းက ကြိုတင်၍ဖွင့်ကာ လေရအောင် လေပြန်၍ ချကြရပါသည်။ အဆိပ်ငွေ့များကုန်စင်အောင်ထုတ်၍ လေကောင်းလေသန့်ရောက်အောင် ပြုမူဆောင်ရွက်ကြရခြင်း ဖြစ်သည်။

လေရရှိရန် သစ်ခက်များစုစည်း၍ စက်သီးကြိုးတွင်ချည်ကာ တွင်းထဲသို့ ချလိုက်၊ ပြန်ဆွဲတင်လိုက်နှင့်ကြိမ်ဖန်များစွာပြုရ၏။ ထို့ပြင် အောက်ဆီဂျင်ရရန် ရေကိုလည်းအသင့်အတင့်လောင်းထည့်ပေးရ၏။အချိန်အတန်ကြာလုပ်ပြီးသော် လေရှိ၊ မရှိသိနိုင်ရန် ဖယောင်းတိုင်မီးအား ပုံးထဲသို့ထည့်ကာချကြည့်ရ၏။ မီးငြိမ်းသွားသော်မရသေးပါ။ အောက်ခြေတိုင်အောင် မီးထွန်း၍ရပါမှ လူတို့ဆင်း ၍ရသောလေပမာဏရရှိခြင်းဖြစ်သည်။ အချို့မှာမူ လေပန်ကာကို ပိုက်ဖြင့်သွယ်ကာ အောက်ခြေအထိချ၍ လေဖိုကို မနားတမ်းလှည့်ပေးကာ အောက်ဆီဂျင်ပြန်ထည့်ရ၏။ အောက်ခြေ၌ လေရောက်သော် အဆိပ်ငွေ့တို့ မြင့်တက်လာကာ လေထုထဲ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

ဖိုးခင်မှာမူ သူများဆင်း၍မဆင်းနိုင်ဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် သူ၏တွင်းသားသည် ကျောက်ပါးသော ငမုန်းချောင်း၌မလုပ်လိုဟုပြောကာထွက်သွားခဲ့သဖြင့် တွင်းသားအသစ်မျှော်နေရပြန်၏။ ဦးဆန်း၊ဒေါ်မြတို့မှထည့်မည်ဟုပြောထားသော်လည်း လူမရ၍မထည့်နိုင်ဖြစ်နေသဖြင့် ဖိုးခင်မှာ ဘာမှမတတ်နိုင်ဖြစ်နေရလေ၏။

သို့နှင့်ပင် ဖိုးခင်မှာ တွင်းသားစောင့်ရင်း အတော်နှင့်မဆင်းနိုင်ဖြစ်နေရလေ၏။ တွင်းသားဟူသည်မှာ အောက်ပြည်အောက်ရွာမှ ကံစမ်းရန်တက်လာကြသော လူငယ်တို့ကို မျှော်ရခြင်းဖြစ်ရာ ရံဖန်ရံခါ အတော်နှင့်တွင်းသားမရတတ်ကြပေ။

## ▫ သွားလိုက်ဦးမယ်

ဒီနေ့သည် ဈေးနေ့ဖြစ်သဖြင့် ကျပ်ပြင်ဈေးသို့ ရိက္ခာများသွားဝယ်ရရာ ကျွန်ုပ်သည် တွင်းမသွားဖြစ်တော့ဘဲ ရွာလယ်ရှိ ပိန္နဲပင်ကြီးအောက်တွင်ရိုက်ထားသောထိုင်ခုံ၌ စိတ်အေးချမ်းသာထိုင်၍နေလေ၏။ အချိန်ကား နေ့လယ်ပိုင်းသို့ ရောက်ပြီဖြစ်သည်။ ထိုစဉ် ဖိုးခင်သည် သူ့နောက်လိုက်တွင်းသားအသစ်နှင့် တွင်းသွားရန်ထွက်လာသည်ကို တွေ့ရ၏။

"ဖိုးခင်၊ တွင်းသားရပြီလား"

"ရပြီဗျ။ စောင့်လိုက်ရတာ တစ်ပတ်တောင်ကျော်သွားတယ်။ ဒီနေ့ နေ့လယ်ပိုင်းကစပြီး ဆင်းမလို့လေ။ ကဲ-ကိုကျော်စိုးရေ ငမုန်းချောင်းသွားလိုက်ဦးမယ်ဗျာ"

"အိုကေဗျာ အိုကေ၊ စိုပြည်ပါစေနော်"

ဟု ကျွန်ုပ်မှ ရယ်မောကာ နှုတ်ဆက်လိုက်ပါသည်။ ကျွန်ုပ်သည်ကား ပိန္နဲပင်ကြီး၏ အရိပ်တွင်ထိုင်ကာ ငြိမ်းချမ်းခြင်း၏ရသကို တစိမ့်စိမ့်ခံစားနေမိလေသည်။ ထိုစဉ်က ဝါသနာအရ ကဗျာအမြဲစပ်ရာ ကဗျာကာရန်စကားလုံးများတွေးနေမိလေ၏။ အချိန်အားဖြင့် အလွန်ကြီးမကြာလိုက်ပါ။ ရွာဦးဘုန်းကြီးကျောင်းလမ်းအဆင်းတွင် လူစုစုမြင်ရ၏။ ထိုလူစုစုသည် ရွာလယ်သို့ ရောက်လာခဲ့လေ၏။ ရွာကမိန်းမအုပ်စုတွေ ဖြစ်သည်။ အကြောင်းထူးတော့ရှိမည်ဟုတွေးကာ စပ်စုမိလေ၏။

"ဒေါ်ထွေးရင်၊ ဘာဖြစ်တာတုံး"

"ဖိုးခင်တွင်းထဲပြုတ်ကျသွားလို့တဲ့။ အဲဒါ ငမုန်းချောင်းက လူတစ်ယောက် အကြောင်းလာကြားသွားလို့ဟဲ့"

ဟု ပြောပြီး ကျောက်ဖျာအလယ်ပိုင်းရှိ သူ့ဇနီးစောခင်ရှိရာကိုချီတက်သွားကြလေ၏။ မနေသာသောကျွန်ုပ်သည် ထိုစဉ်က ရွာ၌ဆေးခန်းဖွင့်ထားသော ဒေါက်တာသန်းထိုက်ခေါ် ဆရာရမ်းကိုကိုပြေးခေါ်ပြီး ငမုန်းချောင်းသို့ ခပ်သုတ်သုတ်သွားရလေသည်။ ဒေါက်တာသန်းထိုက်သည် ဒေါက်တာယောင်ဆောင်ကာ ဆေးခန်းလာဖွင့်ထားခြင်းဖြစ်သော်လည်း လူနာတို့အား အဖိတ်အစဉ်မရှိ ကုသနိုင်စွမ်းရှိသဖြင့် လူတို့လေးစားမှုကို ခံယူရပါသည်။ ဒေါက်တာသန်းထိုက်သည် ဆေးသေတ္တာဆွဲလျက် ကျွန်ုပ်နှင့်လိုက်လာ၏။ ရွာနှင့်အလွန်နီးရာ ငါးမိနစ်မျှသွားသော်ရောက်၏။

တွင်းဝတွင် လူတို့အုံခဲနေပါသည်။ ငမုန်းချောင်းလုပ်ကွက်တစ်ခုလုံးအုံနေခြင်းဖြစ်သည်။ သို့ကြောင့် မေးစမ်းကြည့်ရ၏။

"ဖိုးခင်ကျသွားတာ ဘယ်လောက်ကြာပြီလဲ"

"နာရီဝက်ကျော်ကျော်ရှိပြီ။ တွင်းဖွင့်ပြီးစဆင်းတော့ တစ်ဆက်ကနေပြုတ်ကျသွားတာပါ။ ကျွန်တော်က တွင်းထဲကို ခုန်ဆင်းသွားတယ်ထင်တာ။ မိုးကုတ်ကလူတွေကျွမ်းလှပါလားလို့တောင်ထင်မိပါတယ်။ ဒါပေမယ့် အောက်ကို ဝုန်းခနဲကျသွားပြီး ဝမ်းလျားမှောက်ကြီးဖြစ်နေတာမြင်ရပါတယ်။ ကျွန်တော်စောင့်ကြည့်တာ ဆယ့်ငါးမိနစ်လောက်ကြာတယ်။ မလှုပ်တော့မှ ဒါပြုတ်ကျသွားတာနေမှာဆိုပြီး တွင်းနီးချင်းတွေကို ပြောပြပါတယ်။ အဲဒီကျမှ လူတွေဝိုင်းလာတာပါ။ နောက်တော့ ကျောက်ဖျာကလူတစ်ယောက်ရောက်လာပါတယ်။ ဖိုးခင်ကို ငါဆင်းကယ်မယ်ဆိုပြီး ဆင်းလိုက်တာ ကိုဖိုးခင်လိုပဲ ပြုတ်ကျသွားပြန်ရော"

"ဟင်-ဒါဆိုနှစ်ယောက်ပေါ့"

"ဟုတ်တယ် နှစ်ယောက်ထပ်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com

"ရွာကဆင်းတာ ဘယ်သူလဲ"

"ကျောက်ဖျာအောက်ပိုင်းက ကိုမောင်လေးပါ"

"ဟာ-ဒုက္ခပါပဲ။ သူ့မိန်းမ မအေးသော်ကို အကြောင်းကြားပါဦးဟ"

"သွားပြီ၊ သွားပြောကြပြီ"

"တွင်းကို လေမချူဘဲ ဒီအတိုင်း သွားဆင်းတာကိုး။ ကဲဟေ့ - ကယ်ဆယ်ဖို့ဘယ်လိုလုပ်ကြမလဲ။ ဒီလိုလုပ်ကွ။ အောက်ဆီဂျင်ရအောင်လုပ်နေရင် ဒီကောင်တွေသေကုန်လိမ့်မယ်။ ဒီတော့ ရေငုတ်ကျွမ်းတဲ့ကောင်ကို ကြိုးချည်ပြီး အောက်ချပေးရအောင်"

ဟု အကြံပြုကာ အုံခဲနေသော လူတွေကိုလိုက်ကြည့်လိုက်၏။ ထိုအထဲတွင် ကျွန်ုပ်ထံတွင် နှစ်အတန်ကြာနေသွားသော စစ်ကိုင်းသား ခင်မောင်ဝင်းကိုတွေ့ရ၏။ သူတို့ကား ရောဝတီနှင့် ယဉ်ပါး၏။

"ခင်မောင်ဝင်း၊ မင်းရေငုပ်တတ်တယ်မဟုတ်လား"

"ငုပ်တတ်ပါတယ်"

"ဒါဆိုလာကွာ၊ မင်းကိုကြိုးသိုင်းပေးမယ်။ အသက်အောင့်ပြီး မြန်မြန်ဆင်း၊ အောက်ရောက်တာနဲ့လဲနေတဲ့ တစ်ယောက်ကို သိုင်းချည်ပေး၊ မင်းက ထမ်းတင်ပေး မြန်မြန်လုပ်နော်"

"ဟုတ်ကဲ့"

ဟု ဝန်ခံကာ ခါးနှင့်ကျောကို လူတွေက စက်သီးကြိုးဖြင့်သိုင်းချည်ပေးလိုက်၏။

"ကဲ-စဆင်း၊ သတိထားနော်။ မရရင်မရတော့ဘူးလို့အော် ဟုတ်ပြီလား"

ဟု မှာရ၏။ စဆင်း၍တစ်ဆက်ကိုခြေချမိသည်နှင့်-

"မရတော့ဘူး၊ မရတော့ဘူး"

ဟု အော်သဖြင့် စက်သီးကြိုးအမြန်ရစ်ကာ ဆွဲတင်ရ၏။ ခင်မောင်ဝင်းကား မျက်စိမျက်နှာပျက်ဖြစ်ကာ ကြိုးဖြေပြီးသည်နှင့် လဲကျသွားကာ သတိမေ့သွားတော့၏။ ဒေါက်တာသန်းထိုက်က နားကြပ်တစ်ခုနှင့် အလုပ်ရှုပ်သွားကာ ခဏနေတော့ ဆေးထိုးပေးလေ၏။ ကျွန်ုပ်အား သွားလိုက်ဦးမယ်ဟု နှုတ်ဆက်သွားခြင်းမှာ ဖိုးခင်၏နောက်ဆုံးနှုတ်ဆက်သွားခြင်းပေလောဟု ရုတ်ခြည်းတွေးမိလိုက်လေ၏။

□ လေရအောင်ချကြပြီ

အနီးရှိသစ်ပင်များမှ သစ်ခက်များကိုခုတ်ကာ စက်သီးကြိုးတွင် စုချည်၍ အလျင်အမြန်တင်လိုက်ချလိုက်နှင့်လုပ်ပေးရ၏။ ထို့ပြင် ရေများကိုလည်း တွင်းထဲသို့လောင်းချပေးရ၏။

ဖိုးခင်မှာ ဆယ်ရက်နီးပါးပိတ်ထားသောတွင်းအားဖွင့်ပြီးသောအခါ မစူးစမ်းပါဘဲလျက် သွားဆင်းမိသဖြင့် ပထမတစ်ဆက်နှင့်ပင် လေပြတ်၍ မူးမေ့ကာ အောက်ထဲပြုတ်ကျသွားရခြင်းဖြစ်သည်။ ထို့အတူ ဖိုးခင်အားကယ်ရန်ဆင်းသွားသော မောင်လေးသည်လည်း ပထမအဆက်မှပင် ပြုတ်ကျသွားခြင်း ဖြစ်ပေ၏။ မောင်လေး၏ဇနီး အေးသော်အား သွားရောက်အကြောင်းကြားသော်လည်း လာရောက်ကြည့်ရှုခြင်းမရှိပေ။ မျက်နှာပင်မပျက်ကြောင်း အမျိုးသမီးတို့ထံမှ ကြားရလေ၏။ စိတ်အတော်ခိုင်သော မိန်းကလေးပါပေ။

ခင်မောင်ဝင်းမှာမူ ဆေးထိုးပေးပြီး ခဏအကြာ၌သတိပြန်လည်လာ၏။ အဆိပ်ငွေ့အားရှူမိသည်နှင့် ချက်ချင်းမေ့နိုင်စွမ်းရှိအောင် ပြင်းထန်လှပေ၏။ သစ်ရွက်ပုပ်၊ မြက်ပုပ်၊ သစ်ပုပ်၊ဝါးပုပ်များ စုပေါင်းထုတ်လွှတ်ထားသောအဆိပ်ငွေ့တို့သည် ဆယ်ရက်နီးပါး ပိတ်လှောင်ကာ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

တွင်းအနက်သည် ပခုံးတစ်တိုက် တစ်ဆက်ခွေထားသဖြင့် ရှစ်ခွေရှိရာ ရှစ်ဆက်နက်၏။ ပေအားဖြင့် ပေ (၄၀) မျှနက်ပါသည်။ အပေါ်မှာ နေရောင်လင်းနေပါက တွင်းအောက်ခြေသို့မှုန်ပျပျ သာမြင်ရလေ့ရှိ၏။ မိုးအုံ့ပါမှ အောက်ခြေကို ရှင်းအောင်မြင်ရ၏။ အပေါ်တွင် နေပူနေရာ အောက်ခြေကိုမနည်းကြည့်ပါကမှ မြင်ရလေ၏။

တွင်းနှုတ်ခမ်းဝယ် ကျွန်ုပ်တို့သည် စုအုံ၍ အောက်သို့ကြည့်နေကြ၏။ ရေလောင်းခြင်း၊ သစ်ရွက်စည်းဖြင့်အတင်အချပြု၍ လေချူနေကြ၏။ ထိုစဉ်ဝယ် အောက်မှလှုပ်ရှားမှုကို မြင်ကြရ၏။

"ဟော-မောင်လေးတက်လာပြီ ဟေ့၊ မောင်လေးတက်လာပြီဟ"

ဟု အော်သဖြင့် သူလို့စိတ်ဝင်တစားစုပုံတိုးဝှေ့ကြည့်ကြ၏။

"ကိုမောင်လေး တက်တက်၊ အားတင်းပြီးတက်၊ ရောက်တော့မယ် တက်ထား တက်ထား"

ဟု ဝိုင်းဝန်းအားပေးကြ၏။ အားကောင်းမောင်းသန်ဖြစ်သော မောင်လေးသည် ခဏအတွင်းမှာပ် ခပ်သွက်သွက်တက်ကာ အပေါ်ထက်သို့ရောက်လာ၏။ ထိုအခါ လူတို့က မောင်လေးကို ဆွဲတင်ကြ၏။

တွင်းပေါ်ရောက်သည်နှင့် တွင်းအရှေ့ဘက်ပြန့်တွင် ပက်လက်လှဲချလိုက်ပြီး သတိလစ်သွားလေတော့၏။ မောင်လေးအား ဒေါက်တာသန်းထိုက်မှ ပြုစုစောင့်ရှောက်နေပါသည်။ အတန်ကြာသော် သတိပြန်ရလာလေ၏။

မောင်လေးသည် သေကံမရောက် သက်မပျောက်ခြင်းမှာ သူ၏တစ်ဖက်သားအပေါ်ထားသော စေတနာကံကြောင့် လည်းကောင်း၊ သစ်ရွက်တို့ဖြင့် လေချူခြင်းကြောင့် အောက်ထဲသို့ လေကောင်းလေသန့်များရောက်သွား၍ လည်းကောင်း၊ လောင်းချသောရေ၌ လေကောင်းပါခြင်း၊ ထိုရေသည် မောင်လေး ပေါ်သို့ကျရာ အေးသဖြင့် သတိပြန်လည်ခြင်းကြောင့်လည်းကောင်း။ ထို့ပြင် ကျစဉ်က ဝမ်းလျားမှောက်ကျနေသော ဖိုးခင်အပေါ်သို့ထပ်၍ကျသဖြင့် အကျမနာခြင်းကြောင့် လည်းကောင်း မောင်လေး သေကံမရောက်ခြင်း ဖြစ်ပေ၏။

"ကျွန်တော်သတိရတော့ ကျွန်တော့်အောက်မှာ ဖိုးခင်က မလှုပ်တော့ဘူးဗျ။ ဒါနဲ့ ကျွန်တော် ချက်ချင်းပြေးတက်ခဲ့တာ"

ဟု ပြောပြလေ၏။

ဤသို့ဆိုက ဖိုးခင်သည် မျှော်လင့်ချက်မရှိတော့ကြောင်း အားလုံးသဘောပေါက်ကြပါသည်။ စောခင်ကား သူ့ခင်ပွန်းဖိုးခင်ကို မျှော်လင့်လျက်နေပါဦးမည်။

□ ဖိုးခင်ကိုကယ်ပြီ

ဖိုးခင်၏သတင်းသည် လျင်မြန်စွာပျံ့နှံ့သဖြင့် ကျောက်ပြဿဒ်အနောက်ရွာမှလူတို့ပါ လာရောက်ကြလေ၏။ ကွင်းထဲတွင် လူတစ်ရာနီးပါးမျှရှိလာခဲ့၏။ သို့သော် ဖိုးခင်အား ဆင်းကယ်မည့်သူမပေါ်လာသေးပါ။ လေကိုမူ မနားတမ်းချူပေးနေလေ၏။

ထိုစဉ်ဝယ် ကျောက်ပြဿဒ်အနောက်ရွာမှ လူငယ်တစ်ဦးသည် -

"ကဲ-ကိုဖိုးခင်ကို ကျွန်တော်ဆင်းဆယ်မယ်။ ကျွန်တော့်ကိုကြိုးချည်ပေး"

ဟု လာပြောရာ ကျွန်ုပ် အလွန်ပင် အံ့အားသင့်သွားလေ၏။ သူ၏ ငုပ်နေသော ပင်ကိုပရဟိတစိတ်ဓာတ်သည် အရေးကြုံသဖြင့် ပေါ်ထွက်ခဲ့လေပြီ။ ထိုလူငယ်ကား ပြည်သူ့ချဉ်ဖတ်ဖြစ်သည်။ မူးရူးရမ်းကား၍ ရိုင်းစိုင်းသော

www.burmeseclassic.com

လူငယ်ဖြစ်ရာ လူတိုင်းက ဝေးဝေးရှောင်ကြသောလူငယ် ဖြစ်ပေ၏။ ယခုသော်မည်သူမျှ မစွန့်စားရဲခြတော့သောအလုပ်ကို အသက်ကိုမငဲ့ကွက်ဘဲဝင်၍လုပ်ရန်တာဝန်ယူခဲ့လေပြီ။ လူငယ်သည် ပုဆိုးကို စလွယ်သိုင်းလိုက်၏။ အတွင်းခံဘောင်းဘီပွအနီရောင်ပါသဖြင့် အဆင်ပြေ၏။ ကြိုးချည်ပေးပြီးသောအခါ ခပ်သွက်သွက်ဆင်းလာ၏။

အောက်ရောက်သော် ကြိုးဖြေကာ ဖိုးခင်အား ပုဆိုးဖြင့်သိုင်းလိုက်၏။ ပုဆိုးတွင် ကြိုးချည်၍ ချိတ်ဟုအော်လိုက်၏။ ထိုအခါ အပေါ်လူတို့က စက်သီးကို ဖြည်းဖြည်းချိတ်၏။ လူငယ်က ပခုံးဖြင့် ဖေးကူထမ်းကာ တစ်ဆက်ချင်းပြန်တက်လာ၏။ လေရနေပြီဖြစ်၍သာ တော်ပါတော့သည်။

အချိန်အားဖြင့် မကြာလိုက်ပါ။ ကယ်ဆယ်ရေးအတွက် အချိန်သည် ဆယ်မိနစ်မျှသာကြာပါသည်။ လူငယ်မှာ အပေါ်ရောက်သည်နှင့် မောနေပြီး ကွင်း၌ ပက်လက်လှန်၍ အနားယူနေ၏။ ဖိုးခင်ကိုမူ တွင်းအရှေ့ဘက်ကွက်လပ်၌ ပက်လက်အနေအထားဖြင့် ချလိုက်၏။ ချလိုက်သည်နှင့် ဗိုက်ထဲကရေတွေ လှုပ်ခတ်ကာ ပလုတ်ပလုတ်နှင့် မြည်လေ၏။ ဒေါက်တာသန်းထိုက်က နားကြပ်ဖြင့် စမ်းလိုက်ပြီး ဖိုးခင်ကအသက်မရှိတော့ဘူးဗျဟု ကြေညာ၏။ မျက်ဖြူလန်၍နေပါသည်။

ကျွန်ုပ်သည် အသေအချာကြည့်နေမိ၏။ မကြာသေးသောအချိန်ကပင် ကျွန်ုပ်ကို ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်သွားသေးသည်။ ယခုသော် ဘဝတစ်ပါးပြောင်းသွားခဲ့ပေပြီ။ မြန်လိုက်သည့်ဖြစ်ခြင်းပါပေ။ သူကြီးတို့လူကြီးအဖွဲ့ပင် ရောက်လာခဲ့ပေပြီ။ မုန်းရှုရမ်းကားတတ်သောလူငယ်ကိုမူ လူတိုင်းက တဖွဖွ ချီးကျူးနေကြလေ၏။ သို့သော် သူ့အနေနှင့်မူ လူတွေ၏ချီးကျူးခြင်းကို ရယူလိုခြင်းကြောင့် ကယ်တင်ခြင်း မဟုတ်ပေ။ မည်သူမျှမကယ်တင်လိုသော ဒုက္ခရောက်နေသူ လူတစ်ယောက်ကို သနားစိတ်ဖြင့် မိမိအသက်ကို ပဓာနမထားဘဲ ကယ်တင်လိုက်ခြင်း ဖြစ်ပေ၏။ ထိုမှစတင်၍ ထိုလူငယ်ကို ကျွန်တော် လေးစားသွားခဲ့ပါသည်။

## ▫ အိန္ဒိယပုဆိုး

"ကဲဟေ့ - အမောင်တို့၊ ဖိုးခင်အလောင်းကိုအုပ်ဖို့ ပုဆိုးတစ်ထည်လိုတယ်ကွ။ အဲဒါဘောင်းဘီတိုပါတဲ့လူ ချွတ်ကွာ"

ဟု သူကြီးဦးထွန်းညိုမှဆိုရာ များစွာသောလူတို့သည် တုတ်တုတ်မျှ မလှုပ်ကြပေ။ မသာကိုခြုံပြီးသော ပုဆိုးမှာ ပြန်ယူ၍မရတော့ရာ ပုဆိုးတစ်ထည်ရှုံး မည်ဖြစ်သည်။ သို့ကြောင့် မလှုပ်ကြခြင်း ဖြစ်ပေ၏။

ကျွန်ုပ်သည် မနေသာသဖြင့် ပုဆိုးကိုချွတ်၍ သူကြီးအားပေးလိုက်၏။ အထဲတွင်စီဒီဘောင်းဘီပါသဖြင့်ချွတ်ပေးခြင်း ဖြစ်သည်။ ပုဆိုးကား အိန္ဒိယမှလာသော အနံ့ကြီးကွင်းကျယ်အကွက်ကြ ပုဆိုးအပြာရောင် ဖြစ်သည်။ ထိုပုဆိုးသည် ရှည်လျားသဖြင့် အလောင်းအုပ်ရာ၌ အဆင်ပြေ၏။ ထိုစဉ်က ထိုအိန္ဒိယပုဆိုးများ တမူးလမ်းမှဝင်ကာ လွန်စွာခေတ်စားသဖြင့် နှစ်ထည်ဝယ်ကာဝတ်ခြင်း ဖြစ်သည်။ ခြေဖျားအထိ ခွေးမချေးသိမ်းဝတ်တတ်သော ကျွန်ုပ်အတွက် လွန်စွာအဆင်ပြေသောပုဆိုးမျိုးဖြစ်၏။ ပုဆိုးချွတ်ပေးပြီးသော် ကျွန်ုပ် ရွာသို့ ခပ်သုတ်သုတ်ပြန်ပြေးရတော့၏။

မကြာမီပင် ကိုကျော်တင် တောင်ပေါ်တွင်းမှ ပြန်ရောက်လာ၏။

"ဟေ့ကောင် ကျော်စိုး၊ ဖိုးခင်ကိုအုပ်ထားတာ မင်းပုဆိုးမဟုတ်လား"

"ဟုတ်တယ်လေ ဘယ်သူမှချွတ်မပေးလို့ ကျွန်တော်ချွတ်ပေးခဲ့တာ။ ပုဆိုးကအသစ်ကြီးရှိသေးတာဗျ"

"အေးကွ၊ မြင်တာနဲ့ မင်းပုဆိုးမှန်းကျုပ်သိတယ်။ အောင်စောဆိုတဲ့ကောင် အတော်ဆိုးတယ်ကွာ။ ကိုကျော်တင်ကြည့်သွားဦးဆိုပြီး ဖိုးခင်မျက်နှာကိုလှန်ပြတယ်ကွ။ ဒီညတော့ ငါအိပ်ရမှာမဟုတ်တော့ပါဘူးကွာ။ အလောင်းပြင်ထားတာက လမ်းနံ့ဘေးဆိုတော့ရှောင်လို့လည်း မရဘူးကွ"

ဟု ပြောပြလေ၏။

ကိုကျော်တင်သည် ကျွန်တော်နေသောအိမ်ရှင် ဖြစ်သည်။ ကျွန်ုပ်တို့အုပ်စုက အောက်ထပ်၌နေကြခြင်းဖြစ်ပေ၏။ ကိုကျော်တင်ကား သရဲတစ္ဆေအလွန်ကြောက်တတ်သူ ဖြစ်သည်။ လူသေ၏မျက်နှာကို မကြည့်ရဲပေ။

ထို့နောက် သေမှုသေခင်းအား ရဲသို့အကြောင်းကြားရ၏။ ရဲစစ်ချက်ယူပြီးမှ သင်္ဂြိုဟ်ခွင့်ရရာ ညနေစောင်းမှ အနောက်ဘက်တောင်စောင်းရှိ သဖန်းပင်တော၌ သင်္ဂြိုဟ်လိုက်ကြောင်း သိရလေ၏။

## ▫ ပြကျောက်

မောင်လေးသည် ကျောက်ဖျာမှ ဦးအောင်ညွန့်၊ ဒေါ်ဖွားကြည်တို့၏သားဖြစ်ကာ ရှမ်းတိုင်းရင်းသား ဖြစ်သည်။ ကျောက်ဖျာရွာအောက်ပိုင်းတွင်နေ၏။ သူ၏ စွန့်လွှတ်စွန့်စားရဲသောသတ္တိကိုလည်း အသိအမှတ်ပြုကြရပါသည်။

မောင်လေးက သူဖိုးခင်ကိုကယ်ရာ၌ သတိလစ်မေ့မြောနေစဉ်အတွင်း ကြုံခဲ့သမျှကို စိတ်ဝင်စားဖွယ်ပြောပြ၏။ သူတို့သည် အလွန်ပျော်စရာကောင်းသောနေရာ၌ စုပေါင်းကာ စည်းချက်ညီညီဝတ်ရုံရှည်ကြီးများဝတ်၍ ကခုန်ပျော်မြူးနေကြလေ၏။ ဆိုင်းသံဗုံသံတိုကလည်း ကချိုးနှင့်အညီတီးပေးနေကြ၏။

ဘယ်နေရာရောက်၍ ဘယ်မှာကခုန်နေမှန်း မောင်လေးမသိပါ။ အားလုံးပင် လှပတင့်တယ်သော ဝတ်ရုံရှည်ကြီးများကိုယ်စီဝတ်ကာ အပူအပင်ကင်းမဲ့စွာ ပျော်ပါးကခုန်နေကြခြင်းဖြစ်ပေ၏။ ထိုစဉ်မှာပင် မျက်နှာနှင့်ခန္ဓာကိုယ်ပေါ်သို့ ရေများကျလာသဖြင့် အအေးမာတ်ကြောင့် သတိပြန်ရကြောင်း ပြောပြလေ၏။

ဖိုးခင်မှာမူ အိပ်မက်ထဲမှပြကျောက်ကို မက်မောတွယ်တာကာ ငမုန်းချောင်း၌ သွားရောက်လုပ်ကိုင်ခဲ့၏။ သို့သော် အိပ်မက်ထဲက ပြကျောက်သည် သူ့အားတမလွန်သို့ပို့ဆောင်ရန်ပြသောပြကျောက်မှန်း ဖိုးခင် သိမသွားခဲ့ပါ။

ပြကျောက်ဟူသည် မြင်ပလောက၌သာမဟုတ်၊ အိပ်မက်ထဲ၌လည်း[illegible]တတ်ပေ၏။ ကံဆိုးသောဖိုးခင်မှာ[illegible] အိပ်မက်ထဲက ပြကျောက်အား မက်မော[illegible]တမ်းတမိ၍ ဘဝတစ်ခုလုံးပေးဆပ်ခဲ့[illegible] ပေပြီ။

ပြကျောက်ဟူသည် အမျိုးမျိုး[illegible] ၏။ ပြကျောက်ပရိယာယ်ကား ပတ္တမြား[illegible] မြေလောက၌ ပြောမဆုံးပေါင် တော[illegible] ထောင်ဟူဘိသို့ ကျယ်ပြန့်လှချေ၏။

မစောခင်တွင် သမီးနှင့်သား[illegible] ကျန်ရစ်၏။ သားမှာမူ ငယ်ရွယ်စဉ်က[illegible] ဆုံးပါးသွားခဲ့ပြီး ယခုသော် မစောခင်[illegible] မြေးများပင်ရလျက်ရှိနေပြီ ဖြစ်သည်။


ချမ်းမြေ့ကြ[illegible]

နေပြည်တော်ကျော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



# တိုက်ကြည့်

# ကျောက်သည်နယ်နှင့် ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှု ရှေးဟောင်းကျောက်စာများ

❑ သမိုင်းပေးတာဝန်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ပင်မသွေးကြောသည် ယဉ်ကျေးမှုပင်ဖြစ်လေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ၎င်းတို့၏ဓလေ့စရိုက်နှင့် ကိုယ်ပိုင်ယဉ်ကျေးမှု ဟူ၍ရှိကြသည်။ CULTURAL HERITAGES ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ တန်ဖိုးကြီးမားလှသောအရာများ ဖြစ်သည်။ ထိုသို့ သမိုင်းအစဉ်လာကြီးမားလှသည့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ သဘာဝအလှတရားများဖြင့် ပြည့်စုံနေသည့်နိုင်ငံများတွင် မြန်မာနိုင်ငံသည်လည်း အပါအဝင်တစ်ခုဖြစ်လေသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်နှစ်ပေါင်း (၂၀၀၀)ကျော်ကတည်းက လူသားတို့၏ယုံကြည်ကိုးကွယ်မှုဆိုင်ရာ စေတီပုထိုးဘုရားကျောင်းကန်များ၊ နတ်ကွန်းများ၊ အဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျောက်လက်နက်များ၊ မြို့ရိုးတံတိုင်းများအား ယနေ့တိုင်တွေ့မြင်လေ့လာနိုင်မည် ဖြစ်လေသည်။ သမိုင်းလေ့လာရာတွင် ပါးစပ်ရာဇဝင်များထက် ကျမ်းဂန်များမှာပိုမိုခိုင်မာ၏။ ထိုကျမ်းဂန်များထက် ရှေးဟောင်းကျောက်စာများက ပိုမိုခိုင်မာလေသည်။ သမိုင်းလေ့လာရာတွင် ရှေးဟောင်းကျောက်စာများ၏ အခန်းကဏ္ဍသည် များစွာ အရေးပါအရာရောက်လှချေသည်။ ထို့ကြောင့် သမိုင်းဝင်ရှေးဟောင်းကျောက်စာများအား မပျက်စီးစေရန်အတွက် ကာကွယ်ထိန်းသိမ်းခြင်း၊ ပျက်စီးယိုယွင်းခဲ့သည့် ရှေးဟောင်းကျောက်စာများအား အသစ်ပြန်လည်ရေးထိုးစေခြင်း၊ ပျောက်ကွယ်နေသည့် ရှေးဟောင်းကျောက်စာများအား ရှာဖွေဖော်ထုတ်ခြင်းများပြုလုပ်ခဲ့ခြင်း ဖြစ်လေသည်။

အမရပူရမြို့နန်းတည် ဘိုးတော်ဘုရားလက်ထက်တွင် (အေဒီ ၁၇၈၂-၁၈၁၉)မင်းမြေနှင့်သာသနာ့မြေကိုခွဲခြားသိရှိရန် မြန်မာပြည်အနှံ့ရှိ ရှေးဟောင်းကျောက်စာများအား စုဆောင်းခဲ့ခြင်း၊ ဖတ်ရှုခဲ့ခြင်း၊ ကျောက်စာအသစ်ရေးထိုးခဲ့ခြင်း အစရှိသည့် လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပါသည်။ ဘိုးတော်ဘုရား၏ ရှေးဟောင်းကျောက်စာစုဆောင်းမှုနှင့်ပတ်သက်၍ နိုင်ငံအနှံ့ရှိ ရှေးဟောင်းကျောက်စာများအား နေရာဌာနတစ်ခုတည်းတွင် ပြည့်စုံစွာလေ့လာနိုင်သကဲ့သို့ သမိုင်းဝင်ရှေးဟောင်းကျောက်စာများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

ရှေးဟောင်းသမိုင်းဝင်ကျောက်စာများ၏ပုံရိပ်များ၊ သင်ခန်းစာများသည် ယနေ့မျက်မှောက်ခေတ် ပြည်သူများ၏ ကြေးမုံပြင် ဖြစ်လေသည်။ သမိုင်းကျောက်စာများ၏ စကားသံများသည် ယနေ့ခေတ်အတွက် များစွာအရေးပါလှသည့်မှတ်တမ်းများပင် ဖြစ်လေသည်။ ကျောက်စာအများစုမှာ အလှူမှတ်တမ်းကျောက်စာများသာ ဖြစ်ကြသည်။ ယင်းကျောက်စာအလှူမှတ်တမ်းများကြောင့်ပင် ယင်းခေတ်၏အုပ်ချုပ်ရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ လယ်မြေပြဿနာနှင့် တရားစီရင်ရေးများကို ပြန်လည်သိရှိနိုင်ပေမည်။

ပုဂံခေတ် ကျောက်စာများတွင် ခုနှစ်၊ လ၊ ရက်၊ ခေတ်တို့အား အတိအလင်း ရေးကိုးထားခြင်း၊ အလှူပြုသည့်ပစ္စည်းအားဖော်ပြထားခြင်း၊ ဆုတောင်းစာနှင့်အလှူရေရှည်တည်တံ့ရန်အတွက် ကျိန်စာများရေးထိုးထားခြင်းတို့ ပါဝင်လေ့ရှိသည်ဟု အချုပ်အားဖြင့် မှတ်သားနိုင်ပါသည်။

စစ်ကိုင်း၊ ပင်းယ၊ အင်းဝခေတ် ကျောက်စာများသည် အလှူမှတ်တမ်းကျောက်စာများပင်ဖြစ်လင့်ကစား ဝါကျစာကြောင်းရေများ များပြားလာခြင်း၊ အဖွဲ့အနွဲ့များဆန်းကြယ်လာခြင်း၊ အလှူရှင်တို့၏ ဂုဏ်ပုဒ်ဝိသေသများအား အလွန်အကျူး ချီးမွမ်းရေးဖွဲ့ခြင်းများပါရှိလာပါသည်။

ဆရာကြီး ဦးဖေမောင်တင်မှ 'အရာဝတ္ထုတစ်ခုသည် ကြာမြင့်လေလေ တန်ဖိုးကြီးလေလေဖြစ်သည်' ဟု မှတ်ချက်ပြုထားသည်ကို လေ့လာမှတ်သားဖူးပါသည်။ ရေ၏အတိမ်အနက်အားကန်အတွင်းရှိ ကြာရိုးကြာစွယ်များ၏ အတိုင်းအတာကို ကြည့်ရှုခြင်းအားဖြင့် သိရှိနိုင်ပါသည်။ လူမျိုးတစ်မျိုး၏အဆင့်အတန်းကိုလည်း ထိုလူမျိုး၏ယဉ်ကျေးမှု အမွေအနှစ်များကို ကြည့်ရှုခြင်းဖြင့် အကဲခတ်ဆုံးဖြတ်လေ့လာနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ရှေးဟောင်းပုံရိပ်များအား တစ်ဆင့်ပြန်လည်ပြောပြတတ်သည့် ကျောက်စာများ၏ တန်ဖိုးသည် နှိုင်းယှဉ်ဖွယ်မရှိ တန်ဖိုးကြီးမားလှလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ယဉ်ကျေးမှုဟူသည် မထိန်းတော့ယိုင်၊ မနိုင်တော့လဲ၊ မမြဲတော့ရွေ့တတ်သည့်သဘောရှိသည်"

ဟု ဆိုစမှတ်အပြုခံထားရသဖြင့် ယဉ်ကျေးမှုရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ပစ္စည်းများပေါ်တွင် မြတ်နိုးတန်ဖိုးထားလိုစိတ်များ အစဉ်အမြဲ မွေးမြူရန်လိုအပ်လှပေသည်။

ဤသည်မှာ အနာဂတ်လူငယ်မျိုးဆက်သစ်များ၏ သမိုင်းပေးအသိစိတ်တာဝန်ပင် ဖြစ်လေသည်။

### ❑ ကျောက်စာရေးထိုးခြင်းဓလေ့

ရှေးလူကြီးများသည် အကြောင်းအရာတစ်ခုခုကို မပျောက်ပျက်ရေးအတွက် ကျောက်တိုင်ကျောက်တုံးများတွင်ရေးထိုး၍ မှတ်သားထားတတ်ကြသည်။ ထိုသို့ ရေးမှတ်ထားခြင်းမျိုးကို ကမ္ပည်းကျောက်စာများရေးထိုးသည်ဟုလည်းကောင်း၊ ကျောက်ထက်အက္ခရာတင်သည်ဟုလည်းကောင်းဆိုကြသည်။ ရှေးက ရေးထိုးခဲ့သော ကျောက်စာများကို လေ့လာခြင်းအားဖြင့် ထိုကျောက်စာရေးထိုးခဲ့သည့် ခေတ်ကာလ၏ ယုံကြည်မှုအယူဝါဒ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

ဤကဲ့သို့ ကျောက်ထက်အက္ခရာရေးထိုးခြင်းဓလေ့ ကမ္ဘာပေါ်တွင်ပေါ်ပေါက်သည်မှာ ဘီစီ (၃၆၀၀) ခန့်ကပင်ဖြစ်ဟန်တူသည်ဟု မြန်မာစွယ်စုံကျမ်း (အတွဲ-၂)တွင် ပြဆိုထားပါသည်။ ရှေးဦးစွာ ကျောက်စာရေးထိုးသောလူမျိုးများမှာ အီဂျစ်လူမျိုးများဖြစ်သည်။ အီဂျစ်လူမျိုးများသည် ရုပ်ပုံစာအမှတ်အသားများဖြင့် ဘုရင့်သချိုင်းများအထိမ်းအမှတ်အဆောက်အအုံများတွင် ရေးထိုးခဲ့ကြသည်။ ထို့နောက် နှစ်ပေါင်း (၂၀၀) ခန့်အကြာ ဘေဘီလုံ (ဗက်ဗီလုံ) နိုင်ငံနှင့် အခြားမြေထဲပင်လယ်ဒေသများတွင် စာအရေးအဖတ်ပညာများတက်မြောက်တိုးတက်လာခဲ့သဖြင့် ထိုအရပ်ဒေသများတွင်လည်း ကျောက်စာရေးထိုးသောဓလေ့များ ပေါ်ပေါက်လာလေသည်။

(မြန်မာ့စွယ်စုံကျမ်းတွဲ-၂၊ စာ-၃၇)

မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးခြင်းဓလေ့အား သရေခေတ္တရာခေတ်မှ စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ သရေခေတ္တရာမြို့ဟောင်းမှတူးဖော်ရရှိသော ကျောက်အရိုးအိုးများတွင် ပျူမင်းအမည်များနှင့် ထိုမင်းများ၏ နတ်ရွာစံသက္ကရာဇ်များကို ရေးထိုးထားလေသည်။ 'ကျောက်စာအရေးအသားအစ ပျူစာက'ဟုသော အသုံးနှုန်းအားလည်း မှတ်သားဖူးပါသည်။ ရှေးဟောင်းသုတေသနဝန်၏ '၁၉၅၇ - ၅၈ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာ' စာ(၃၃)တွင် မြန်မာနိုင်ငံရှိကျောက်စာများနှင့် ပတ်သက်၍ အောက်ပါအတိုင်း တင်ပြထားလေသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် တွေ့ရှိရသော ကျောက်စာများကို လေ့လာပါက ပါဠိ၊ သင်္သကရိုက်၊ ပျူ၊ မွန်၊ မြန်မာ၊ တရုတ်၊ ဒမိဠ၊ ယိုးဒယားဘာသာများဖြင့် တွေ့ရသည်။ အက္ခရာအားဖြင့် အိန္ဒိယမြောက်ပိုင်း ဂုပ္တအက္ခရာ၊ နာဂရီအက္ခရာ၊ အများအားဖြင့် တေလဂူ၊ ကင်နာရီ(စ်)ခေါ် တရုတ်စာတို့ဖြင့် ရေးထိုးမှတ်သားကြသည်ကို တွေ့ရသည်ဟု ပါရှိပါသည်။ ယင်းအစီရင်ခံစာသည် မြန်မာပြည်အနှံ့ရှိ ရှေးဟောင်းကျောက်စာများ၏အစီရင်ခံစာ ဖြစ်လေသည်။

သမိုင်းပညာရှင်များမှ 'ကျောက်ဆည်နယ်အား ဒုတိယပုဂံ'ဟုပင် တင်စားကြပါသည်။ လယ်တွင်းကျောက်ဆည်နယ်သည် ပုဂံခေတ်ပြီးလျှင် ကျောက်စာအများဆုံးသောနယ်မြေဒေသဖြစ်ကြောင်း ဒေါက်တာသန်းထွန်းက မှတ်ချက်ပြုထားလေသည်။ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရှေးဟောင်းကျောက်စာများသည် မြန်မာစာအရေးအသားကျောက်စာများပင်ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် ၄၀၀ ကျော် (ခရစ်နှစ် ၁၁ ရာစု) မှစတင်၍ ပုဂံခေတ် ပြည်သူပြည်သားတို့သည် များမြောင်လှသော ကျောက်စာများကို ရေးထိုးခဲ့ကြသည်။ ယနေ့ခေတ်တွင် မြန်မာစာအရေးသား၏ မူလအစသည် ပုဂံခေတ်ကျောက်စာများပင် ဖြစ်လေသည်။ ထို့ကြောင့် ဆရာကြီးဦးဖေမောင်မှ 'မြန်မာစာပေအစ ပုဂံကျောက်စာက' ဟူ၍ ဥဒါန်းစဉ်ဆက် ပြောစရာဖြစ်အောင်ရှိချေသည်ဟု မှတ်ချက်ပြုထားပါသည်။

ကျောက်စာရေးထိုးခြင်းဓလေ့၏ အားသာချက်များအနေဖြင့် ရေရှည်တည်တံ့ခြင်းများရှိနေပြီး လွယ်ကူစွာ ပျောက်ဆုံးပျက်စီးယိုယွင်းမှုများနည်းပါးလေသည်။ ၎င်းအပြင် ရှေးဟောင်းကျောက်စာများမှ တစ်ဆင့်ပြန်လည်ပြောပြသည့် သမိုင်းရာဇဝင်စကားများကြောင့် သမိုင်းတွင်ပျောက်ဆုံးနေသည့် မြို့များ၊ ကျေးရွာများ၊ အုပ်ချုပ်မင်းလုပ်ခဲ့သည့် ဘုရင်များ၏ ခေတ်ကာလအခြေအနေနှင့် တရားစီရင်ရေးမှုများ၊ အလှူအတန်းနှင့်ဆုတောင်းစာ၊ ကျိန်စာများနှင့် ရှေးဟောင်းစာပေအရေးသားများ အပါအဝင် ခေတ်ဟောင်းပုံရိပ်များကို ပြန်လည် ခံစားသိရှိနိုင်ရန်အတွက် ယခုကဲ့သို့ ရေးသား တင်ပြရခြင်းဖြစ်ပါသည်။ ကျောက်စာရေးထိုးမှုများမှာ တစ်ခေတ်နှင့်တစ်ခေတ် တူညီခြင်းမရှိ ကွဲပြားခြားနားလေသည်။ ယင်းကျောက်စာများကိုလေ့လာခြင်းဖြင့် ထိုခေတ်ထိုကာလ သမိုင်းပုံရိပ်များနှင့် စိတ်နေသဘောထားများကို ပြန်လည် မှန်းဆနိုင်မည်ဖြစ်ပေသည်။

ကျောက်ဆည်နယ်အတွင်းတွင်ရှိ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ကျောက်စာချပ်ပေါင်းများစွာရှိပြီး ယနေ့ထက်တိုင်ကောင်းမွန် ထင်ရှားစွာဖြင့် မှတ်သားလေ့လာနိုင်သည့်အခြေအနေတွင်ရှိနေသေးပါသည်။ ကျောက်ဆည်နယ်ရှိ ရှေးဟောင်းသမိုင်းဝင်ကျောက်စာများတွင် သမိုင်းမတင်မီခေတ်မှ ယနေ့ခေတ်တိုင်အောင် ရေးထိုးထားသည့် ကျောက်စာများစွာရှိလေသည်။ ကျောက်စာများတွင် ပျူခေတ်၊ ပုဂံခေတ်၊ မြင်စိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်မှစ၍ ကုန်းဘောင်ခေတ်ဟိုင်အောင် ခေတ်အဆက်ဆက်ရေးထိုးထားသည့် ရှေးဟောင်းကျောက်စာများစွာရှိသည်။

ထို့ကြောင့် မြန်မာစာညွှန့်ပေါင်းကျမ်းနှင့် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းတို့မှ ကျောက်ဆည်နယ်သည် ပုဂံဒေသပြီးလျှင် ရှေးဟောင်းကျောက်စာအများဆုံးတွေ့ရှိရသည့်ဒေသဖြစ်သည်ဟု သုံးသပ်ထားခြင်း ဖြစ်လေသည်။ ကျောက်စာများတွင် ရေးထိုးထားသည့် ကျောက်စာများသည် မြေလှူကျောက်စာများဖြစ်ကြသဖြင့် ကျောက်စာရေးထိုးနည်းစနစ်ဖြစ်သော အလှူပြုချိန်၊ အလှူရှင်အမည်၊ ရည်ရွယ်ချက်အကြောင်းအရာ၊အလှူတန်းပြုသည့်ပစ္စည်း၊ ဆုတောင်းစာနှင့် ကျိန်စာတို့ ပါဝင်ကြပါသည်။ ပါးစပ်ရာဇဝင်ထက် စာပေကျမ်းဂန်သည် လည်းကောင်း၊ စာပေကျမ်းဂန်ထက် ကျောက်စာများသည် လည်းကောင်း ပိုမိုတိကျခိုင်မာသဖြင့် ရှေးဟောင်းယဉ်ကျေးမှုကျောက်စာများအား မြတ်နိုးတန်ဖိုးထားကာ ထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်ကြောင်း သတိပေးတင်ပြလိုက်ရပါတော့သည်။

တိုက်ကြည်(စဉ့်ကိုင်)



www.burmeseclassic.com

www.burmeseclassic.com

# နတ်များကိုစားတော်စာဆက်ပုံ၊တင်ပုံ

မောင်သိန်းဆွေ (ထားဝယ်)

နတ်များကို စားတော်စာဆက်ပုံ၊ တင်ပုံသည် ဆရာစဉ်လိုက်၍ အနည်းငယ်စီ ခြားနားကြပါသည် ။ ယခုတင်ပြမည်မှာ နတ်နေကြီး၊ နတ်ဝါကြီးတစ်ဦးဖြစ်သော ဦးထွန်းကြည်(ခေါ်) ဘိုးတော်ဣဿရိယ၏မူဖြစ်ပါသည်။

□ **မြန်မာရိုးရာ**

၁။ မြန်မာလူမျိုး ကုန်သည်မှန်သမျှ ရောင်းဝယ်ဖောက်ကားရာတွင် အိမ်တွင်းနတ် (၁၀) ပါး အပါအဝင်ဖြစ်သော ကုန်သည်တော်ကြီးဦးပိုးတူနတ်ကို ကန်တော့ပွဲ၊ ဗောင်းတော်၊ ပန်းနှံ့သာတို့ဖြင့် ပွဲပြင်ကာ လက်ဖက်ထုပ်တွင် ရှာဖြူရှာနီဖြင့်စည်း၍ တင်ဆက်ရပါသည်။ ပန်းကန်ပြားတွင် ငှက်ပျောသီးတစ်ဖီး ထည့်၍ ကျားစာကျွေးပါ။

၂။ ရိုးရိုးကုန်သည်မဟုတ်သော မှော်ခိုကုန်သည်တို့တင်ရသောနတ်မှာ ရွှေမြူတင်နတ်ဟုခေါ်ပါသည်။ (မင်းစီလောင်း) မြင်းခြံမြို့ အရှေ့ရွာစည်ရွာတွင် နတ်ကွန်းနတ်နန်း၌ တပေါင်းလပြည့်နေ့တွင် ဗလိနတ်စာပူဇော်ကြပါသည်။


၃။ နတ်တင်ရသည်မှာ (ဇီယာပုံ) နှမ်းဖတ်ချဉ်ကိုသုပ်၍ ထန်းရည်ခါး၊ ဖက်ဆေးလိပ်ဖြင့် ဆက်သရပါသည်။

၄။ မှော်ခိုကုန်ကူးသူတို့အသွားအပြန်တင်တက်၏။ အမေဂျမ်းနှင့် ထိုအလုပ်မျိုးအတွက် နတ်မတင်ရပါ။

၅။ အမှုအခင်းနှင့်ပတ်သက်သော ရုံးပြင်ကနားကိစ္စမှန်သမျှ ကျေးဇူးရှင်တောင်ပြုန်းမင်း (၂)ပါးကို ကန်တော့ပွဲပြင်၍ ပန်းနှံ့သာ၊ ဖယောင်းတိုင်မီးထွန်းကာ မွှေးနေ့မွှေးနံကိုထည့်၍ နတ်ဆရာက တိုင်ကြားလျှောက်ထားပြီးလျှင် (ကိုးချက်)တစ်ခုဖြင့်တိုင်တည်ပါ။ ကြီးကျယ်သောကိစ္စဖြစ်ပါက ပွဲကနားဖြင့်တိုင်တည်ပါ။

၆။ အသင့်အတင့်ကိစ္စဖြစ်ပါက ပုဆိုး၊ ပဝါ၊ တင်ပွဲ၊ တက်ပွဲဖြင့်ကိုးပါ။

၇။ အိမ်၊ တိုက်၊ ကားစက်နှင့်ပတ်သက်သော ကိစ္စမှန်သမျှ အိမ်တွင်းနတ်ကြီးပွဲပြင်၍ ဖျင်ဖြူ ဖျင်နီ (၅) တောင်စီ





www.burmeseclassic.com

www.burmeseclassic.com

ထည့်၍ကိုးပါ။ ပွဲကနားဖြင့်တိုင်တည်သောအခါ အိမ်တွင်းသားတော်လက်ခြောက်ဖက်ညီတော် နောင်တော်ကို ပုဂံခေတ် ထုံးတမ်းစဉ်လာအရ ကြက်ဖို၊ ကြက်မကြော်၍ ထမင်းဖြူဖြူဖြင့်ပူဇော်ပါ။ တိုင်တည်ပါ။ ရောင်းမည့်ပစ္စည်းတွင် နတ်တင်သောပန်းဖြင့် ချည်နှောင်ထားပါ။

□ ရှမ်းရိုးရာ

၁။ရှမ်းရိုးရာ (၉)မြို့ကို တင်ဆက်ပုံမှာ -

အခါအားလျော်စွာ ပေါ်သော သစ်သီး၊ သစ်ဥများ၊ ကောက်ညှင်း၊ ငါးကြော်၊ မုန့်ဖြူ၊ မုန့်နီ (၉) ချပ်စီထည့်ပါ။

မြောက်ပိုင်း ရှမ်းပြည်နယ်တွင် နံနက်ခင်းတင်ရပါသည်။

မှတ်ချက် - တောင်ပိုင်းရှမ်းပြည်နယ်တွင် ဝတ်စုံအနက်ဝတ်ဆင်၍ ကိုးမြို့ရှင်မချော့ရပါ။

စော်ဘွားကြီးတို့၏အဆောင်အယောင်ဖြစ်သော ဝတ်စုံအဖြူကို ရွေးနားသတ်၍ဝတ်ဆင်ပြီး (၉)မြို့ရှင်ချော့ရပါသည်။

နတ်စားတော်ကို နေထွက်ပြီးမှ မွန်းမတည့်မီတင်ပါ။ အခါအားလျော်စွာပေါ်သော သစ်သီးသစ်ဥများ၊ ထမင်းနှင့်သက်သတ်လွတ်ဟင်း (၃) မျိုး၊ ပဲပုပ် (၉)ချပ်၊ လက်ဖက် (၉) ပုံစီ ထည့်ရပါသည်။

မိုးကောင်း၊ မိုးညှင်း၊ ကသာ၊ ဝန်းသိုတို့မှ ကိုးမြို့ရှင်မှာ ဗောင်းတော်အနက်ပေါင်း၍ သိုရင်းဝတ်၊ တောင်ရှည်ဝတ်ကာ ပင့်ရချော့ရပါသည်။ စားတော်စာမှာ တောင်ပိုင်း၊ မြောက်ပိုင်းရှမ်းပြည်နယ်များမှာကဲ့သို့ အခါအားလျော်စွာသစ်သီး၊ သစ်ဥတို့ဖြင့်ပင်တင်ရပါသည်။ မြန်မာပြည်တွင် နှမတော်ပုလဲယဉ်ပါ ပင့်ရပါသည်။

ကိုးမြို့ရှင်မှာ ရှမ်းတိုင်းရင်းသားမှဖြစ်သောနတ်မဟုတ်ပါ။ နှမတော်ပုလဲယဉ်မှာ ပင်တိုင်စံမင်းသမီးဖြစ်ပါသည်။ မိုးကောင်းမြို့၏ နတ်နန်းတွင် ပုံတော်မထားရဘဲ လက်နက် (၉)ပါးထားရှိပြီး မိုးကောင်းမင်းတရားဟုခေါ်တွင်ပါသည်။ နယ် တော်သခင်နတ်ဖြစ်သည်ကို သတိပြုပါ။

□ ကရင်ရိုးရာ

ကရင်ရိုးရာနတ်စားခြင်းမှာ -

၁။ တောင်ပေါ်ကရင်၊

၂။ တောင်အောက်ကရင်၊

၃။ တလိုင်းကရင်၊

၄။ စကောကရင်၊

၅။ ကွင်းကရင်

ဟု ရှိရာတွင် ရိုးရာနတ်တင်ပုံချင်းမတူညီကြပါ။ တသီးတခြားစီဖြစ်ပါသည်။

တောင်ပေါ်ကရင်နတ်စားခြင်း၌ ထမင်း၊ ဟင်းအပြည့်အစုံတွင် ခေါင်ရည်၊ ငါးကင်၊ ကွမ်းသီး၊ ကွမ်းရွက်၊ ဆေး၊ ဆေးတံပါထည့်၍တင်ရပါသည်။

တောင်အောက်ကရင်နတ်စားရာတွင် ဝက်ကောင်လုံး၊ ကြက်ကောင်လုံးပြုတ်ဟင်းစား၊ ငရုတ်စပ်စပ်ဖြင့်ချက်၊ အရက်ပုလင်းဖြင့် နတ်ဆရာနှင့် ရိုးရာတင်သူများပါ လက်ရည်တစ်ပြင်တည်းတင်ဆက်ပြီးစားကြရပါသည်။

တလိုင်းကရင်နတ်စားရာတွင် ထမင်း၊ ဟင်းအပြည့်အစုံတွင် ငါးမီးဖုတ်၊ ဖားမီးဖုတ်၊ ငရုတ်သီးဖီးဖုတ်ပါထည့်၍ စားရပါသည်။

ကွင်းကရင်နတ်စားရာတွင် သင့်ရာဟင်းအစုံဖြင့် ငါးကိုတံစို့ထိုးကင်ကာ စားရပါသည်။ ကနားရှင်က လွယ်အိတ်၊ ဆေးတံ၊ တဘက်၊ ထဘီတို့ကို ဆက်ရပါသည်။

ကွင်းကရင်နှင့် စကောကရင်မှာ အတူတူဖြစ်၍ နှစ်စဉ် နတ်မစားရဘဲ (၃) နှစ်တစ်ကြိမ်သာ နတ်စားရပါသည်ကို သတိပြုပါ။

□ ချင်းရိုးရာ

ချင်းရိုးရာနတ်များတွင် -

၁။ မတူပီချင်း၊

၂။ ကန်ပက်လက်ချင်း၊


၃။ ပလက်ဝချင်း

၄။ တောင်ပေါ်ချင်း

ဟုခေါ်သော ဟားခါးချင်း

၅။ ချင်းနီချင်း

တောင်ပေါ်ချင်းမှန်သမျှ ခွေးအနက်ကိုချက်၍တင်ရပါသည်။ (ကနားစီးနတ်ဆရာက)-ဉာဏ်ရှိသလိုပြုလုပ်ပါ။



ဓား၊ ဆား၊ လွယ်အိတ်၊ ဆေးတံ၊ ဆေးဘူးပါတင်ရပါသည်။

တီးတိန်ချင်း၊ ဖလမ်းချင်း၊ ဟားခါးချင်း၊ တာဟန်ချင်း၊ ချင်းနီ၊ ချင်းနက်ချင်းတို့၏နတ်တို့မှာ -

သစ်သီး၊ သစ်ဥနှင့်ရရာ အသားကိုရောနှော၍ ရိုးရာနတ်ကိုင်ခဲ့သော်၊ ကြီးသောသူများက ကရင်ရိုးရာနှင့်မတူပါ။ (ဥပမာ-သားသမီးနှင့်မိဘဖြစ်ခဲ့သော် မိဘသာလျှင် နတ်တင်နတ်စားပြုရပါမည်။ သားသမီးမလုပ်ရပါ)

သားသမီးတို့ ရိုးရာပေါ်ခဲ့သော် သားသမီးကျမှ ရိုးရာစားရပါသည်။ အဝတ်နက်၊ အဝတ်နီပေါင်း၍ နတ်ကရပါသည်။ ပဲ (၃)မျိုး၊ ဆန် (၃)မျိုးပါထည့်တင်ရပါသည်။ ဤကဲ့သို့ ရိုးရာတင်မှ ရိုးရာနတ်ကျေပါသည်။

□ ရခိုင်ရိုးရာ

ရခိုင်တိုင်းရင်းသားအစစ်တို့သည် ဘာသာတရားအလွန်ကိုင်းရှိုင်းရှိသေကြပြီး လူကြီးမိဘ၊ ဆရာသမားတို့စကားကို မြေဝယ်မကျနားထောင်ကြသော တိုင်းရင်းသားများဖြစ်ကြသည်။ ရှေးက ရခိုင်လူကြီးများ ငုံ(၁)လုံး၊ နှံ (၁) ပေါက်ဖြင့် အိမ်ရှေ့တွင် ရွာရှင်၊ နယ်ရှင်နတ်တို့ကို တင်ကြွားပသကြပါသည်။

□ အဓိကရခိုင်ရိုးရာမှာ

၁။ ပဒေါ်ရှင်မ၊ ပဒူရှင်မ၊ မြေပုံရှင်မ (သိုက်နတ်သမီး)၊ မိဖုရား စောမဲကြည်တို့ဖြစ်ကြပါသည်။

မြန်မာလူမျိုးတို့ကဲ့သို့ (၃၇)မင်း တင်ကြသူများလည်းရှိကြပါသည်။

ပဒေါ်ရှင်မမှာ ပင်လယ်ပိုင်းဆိုင်ရာ နတ်ဖြစ်၍ တင်မြောက်ပသပုံမှာ နီး ခေါက်ဖျာ၊ သင်ဖြူးဖျာ၊ ဘီး၊ မှန်၊ ဆံ... ကျောက်ဖျဉ်မှစ၍ မိန်းမအသုံးအဆောင်များပါရပါသည်။ အုန်းခွံချွတ်၊ ငှက်ပျော ဖီးဆိုင်၊ ကွမ်း၊ ကွမ်းသီးများ (ယာ... မထည့်ရ)၊ အမွှေးနံ့သာ၊ ထမင်း၊ ဟင်း အပြည့်အစုံ (ရခိုင်ချက်) အိမ်၏အ... လွတ်ရာတွင် တင်ရပါသည်။

ရိုးရာတင်သူနတ်ဆရာက ပိတ်... ကို ရင်တွင်ပိုက်၍ထားရသည်။ ပင်လယ် နှင့်နီးစပ်သော ရခိုင်မြို့ကြီးများအား... ဤနတ်ရိုးရာဖြစ်သည်။

၂။ ပဒူရှင်မ၊ ဝေသာလီ၊ မြောက် ဦးမြို့ဟောင်း၊ ဘူးသီးတောင်၊ မောင်တော... စသော ရခိုင်ပြည် ရှေးမြို့၊ ရှေးရွာအထ... ပိုင်းကျသောဒေသတွင်တင်ရသော... နတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အုန်း၊ ငှက်ပျောသီးဆိုင်၊ လက်ဖက်၊ ထန်းလျက်၊ နံ့သာဖြူနီ ပက်ဖျန်း၍ ဖွင်အဖြူ (၅)တောင်၊ ဖွင်အနီ (၅) တောင်၊ ဖောင်းတော်၊ ပဝါတော်အစုံအလင်ဖြင့် ရခိုင်ထမင်း၊ ရခိုင်ဟင်းကို ထုံးစံအတိုင်း ချက်၍ ရခိုင်မုန့်တီ (၃) ပွဲဖြင့် တင်ရပါသည်။ ဝေဒနာတစ်ခုမှကပ်ရောက်သော် ရိုးရာမကျေနပ်သဖြင့် ပဒ္ဒရှင်မကို ရခိုင်တိုင်းရင်းသားကြီးတို့၏ ထုံးတမ်းစဉ်လာအရ ဗလိနတ်စာကိုတင်မြှောက်ပသရပါသည်။

၃။ မြေပုံရှင်မ၊ ရခိုင်ပြည်နယ်ရှိ ကျွန်းများ၊ မြေနုကျွန်းများတွင်တင်မြှောက်ရသောရိုးရာမှာ လှေပေါ်တွင် ဦးပိုင်းမှာ တောင်းတစ်လုံးတွင် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်မှစ၍ စုံလင်စွာထည့်ပြီး ဖွင်ဖြူ (၅)တောင်၊ ဖွင်နီ (၅)တောင်ဖြင့်ချည်၍ လှေပဲ့တွင် ငရုတ်ဆုံတင်ပြီး ငှက်ပျောကြော်၊ အုန်းသီးစိတ်၊ အုန်းရည်တို့ဖြင့် တင်ရပါသည်။


အချို့နေရာတွင် အမဲသား (ကုလားချက်)ဖြင့် တင်ရပါသည်။ စီးပွားရေးနှင့် ခြံထွက်သီးနှံလယ်ယာစပါး ကောင်းစေရန် တင်ရသောနတ်ဖြစ်ပါသည်။

၄။ (သခင်မဘုရား စောမဲကြည်) သိုက်နတ်သမီးမှာ ရခိုင်ဘုရင်မင်းဖလောင်း၏မိဖုရားဖြစ်၏။ မင်းဖလောင်းတောကစားသွားရာတွင် တောတွင်းမှ တွေ့ရှိ၍ ကောက်ယူတော်မူပြီး မိဖုရားကြီးအရာမြှောက်တော်မူပါသည်။ မင်းဖလောင်းနတ်ရွာစံတော်မူလျှင် စောမဲကြည်ပါ အလိုလိုပျောက်ကွယ်သွားပါသည်။ သိုက်နတ်သမီးစောမဲကြည်မှာ အလှအပအလွန်ကြိုက်နှစ်သက်၍ ထဘီပန်းရောင်၊ အင်္ကျီပန်းရောင်၊ ပဝါပန်းရောင်၊ ပုလဲပုတီး စသော သိုက်နန်းရှင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုမျိုးကို ဝတ်ဆင်စေ၍ သဇင်ပန်းပေါ်သောရာသီတွင် ရခိုင်သဇင်ပန်းနှင့် ရခိုင်အစား အစာစုံလင်စွာဖြင့် ပူဇော်ပါက များစွာအကျိုးပေးပါသည်။

ရခိုင်တိုင်းရင်းသား အရာရှိအရာခံအားလုံး မိမိတို့၏ရာထူးဌာနန္တရအတွက်ပူဇော်ပသရသောသိုက်နတ်သမီးဖြစ်ပါသည်။

ရန်ကုန်မြို့ ဝင်ဒါမီယာမှ နတ်နေကြီး ဦးတင်လှခေါ် ဆရာလေးအစွမ်းအရ -

ညောင်ချင်းအို၊ မြောက်ဘက်ရှင်မ၊ အနောက်မိဖုရားတို့မှာ ရောဂါဝေဒနာခံစားရသူများအားထားကြသည့်



နတ်များဖြစ် ကြသည်။ အနာကြီးရောဂါသည်များက ဝေဒနာမှသက်သာရာရစေရေးအတွက် ညောင်ချင်းအိုနတ်အား ပသကြသလို မီးယပ်ဝေဒနာသည်အမျိုးသမီးများက မြောက်ဘက်ရှင်မနှင့် အနောက်မိဖုရားကြီးကို တင်မြှောက်ကြသည်ဟုပြောသည်။

ဗေဒင်နှင့်ဂါထာမန္တန်များကိုလိုက်စားသူများက မန္တလေးဘိုးတော်ကိုအားကိုးကြသည်။ အလှအပကိုမက်မောသူအမျိုးသမီးများကမူ သုံးပန်လှနတ်ကို တင်မြှောက်ကြသည်။ အောင်စွာမင်းကြီးသည် ဘုရင်များအားထားသည့်မြို့စောင့်နတ်ဖြစ်ပြီး မြင်းဖြူရှင်မှာ မြန်မာကျေးရွာများ၏ ရွာတော်ရှင်နတ် ဖြစ်၏။ ဦးပိုးတူနတ်ကို လက်ဖက်ကုန်သည်များအားကိုးကြပြီး ငါးစီးရှင်နှင့် ဆင်ဖြူရှင်တို့ကို ဘုရင့်ဆင်ထိန်းများက ပသကြသည်။ လေးအတတ်သင်လိုသူတို့ ပရိမ္မရှင်မင်းခေါင်နတ်ကို ပသကြပြီး ဒန်းမောင်ရှင်ကိုမူ စောင်းအတတ်သင်သူများက ကိုးကွယ်ကြ၏။

ယခုအခါတွင်မူ နတ်များကိုအားကိုးကြပုံမှာ ပြောင်းလဲလာပြီ ဖြစ်၏။ အိမ်၊ မြေ၊ အဆောက်အအုံ၊ အရောင်းအဝယ်ပြုလုပ်သည့်အခါ အမြတ်အစွန်းရရှိအောင် အိမ်တွင်းမင်းမဟာဂီရိနတ်ကို ပသကြသည်။ အိမ်မြေအရှုပ်အရှင်းဖြစ်နေသည့်အခါတွင်လည်း အားကိုးတကြီးနှင့်လွှဲမြှောက်ကြသည်။

တောင်ပြုန်းမင်းနှစ်ပါးအား ရုံးပိုင်သောမင်းဟု ယုံကြည်ကြသောကြောင့် ရုံးပြင်ကနားကိစ္စများတွင်အနိုင်ရအောင် ကန်တော့ပွဲထိုးကာ ပသကြသည်။ ပြစ်မှုတစ်ခုခုနှင့် အဖမ်းခံအချုပ်ခံရသည့်အခါတွင်လည်း တောင်ပြုန်းမင်းနှစ်ပါးကိုပင် ပသကြသည်။

လောင်းကစားပြုလုပ်သူတို့ကမူ ဦးမင်းကျော်ကို အားထားကြသည်။ ဖဲရိုက်သူ၊ လေးကောင်ဂျင်ကစားသူတို့က အနိုင်ရရှိရန် ပွဲထိုးပသကြသည်။

မငွေတောင်ကို လင်ကွဲမယားကွဲကိစ္စများအတွက်ပသကြသည်။ယောကျ်ားဖြစ်သူက အငယ်အနှောင်းယူသည့်အခါ မယားကြီးများအားထားသည့်နတ်တစ်ပါးဖြစ်သည်။

အမေဂျမ်းကိုမူ သူခိုး၊ ဓားပြ၊ လူဆိုးထိန်းနတ်ဟု သတ်မှတ်ထားကြသည်။ တရားမဝင်အရောင်းအဝယ်ပြုလုပ်သူများ၊ စက်လှေသမားများ အထူးအားကိုးကြသည်။

အမေရေယဉ်ကို အတိုက်အခိုက်နိုင်သူဟု ယုံကြည်ကြသည့်အလျောက် ကဝေ၊ အောက်လမ်းပညာတို့ဖြင့် အန္တရာယ်ပြုခံရသည်ဟုယူဆရသည့်ဝေဒနာများအတွက် အမေရေယဉ်ကို ပသကြသည်။

ကုန်သည်ပွဲစား၊ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ဈေးရောင်းကောင်းအောင် မနဲ့မိနတ်ကို ပသကြသည်။

ကလေးများအရေပြားရောဂါကင်းရန် ညောင်ချင်းအိုနတ်ကို တင်မြှောက်သကြသည်။ရိုးရာသက်ဆိုင်သူများ အနာပေါက်သည့်အခါ ညောင်ချင်းအိုနတ်ကိုပင် ပသကြသည်။

လက်ဖက်ကုန်သည်များ လက်ဖက်ရောင်းကောင်းစေရန် လက်ဖက်ခုနစ်ထုပ်နှင့် ဦးပိုးတူနတ်အား တင်မြှောက်ပသကြသည်။

အလုံဘိုးတော်ကြီးကိုမူ ခရုသင်းစွဲသူများ၊ ကိုယ်ပျက်သူများ တင်မြှောက်ပသကြပြီး ဝေဒနာပျောက်ကင်းစေရန် ရေစင်သောက်ကြသည်။

လေးကျွန်းမောင်မောင်နတ်ကိုမူ ဘောလုံးသမားများ အနိုင်ရအောင် ဘောလုံးဆက်ကြသည်။

တလိုင်းကျော်ကို ဆင်စသည့် တောရိုင်းသတ္တဝါများအား ဖမ်းဆီးသည့်အခါ တင်မြှောက်လေ့ရှိသည်။ ဆင်ဖမ်းသူများက ဥဒိန္နမင်းကိုလည်းတင်ကြသည်။

လယ်ယာကိုင်းကျွန်းတို့အတွက် ကောင်းစေရန်နှင့် လေလွင့်ဆုံးရှုံးမှုနည်းစေရန် မကြာဉ၊ မသလဲကျော်၊ ပုန်းမကြည်နတ်တို့ကို ပသကြသည်။

မမဥကိုမူ ရက်ကန်းခတ်သူများက တင်မြှောက်ပသကြသည်။


ထိုသို့ နတ်နေကြီး၊ နတ်ဝါကြီး ဘိုးတော် ဣဿရိယက ပြောကြားခဲ့ပါသည်။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



(ဘီ-အေ)

# အောင်ဆန်းလင်း

## ဆုတောင်းပြည့်သွားခဲ့သောအသွား

အချိန်ကာလအားဖြင့် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလထဲတွင် ဖြစ်သည်။ ဒေါ်နုသည် အသက် (၅၆) နှစ်ကျော်ခန့်ရှိခဲ့ပြီး သား (၂)ယောက်မိခင်ဖြစ်သည်။ ခင်ပွန်းဖြစ်သူက စစ်မှုထမ်းတစ်ယောက်ဖြစ်ကာ အငြိမ်းစားယူသွားခဲ့ပြီး နောက်ပိုင်းတွင် ရန်ကုန်မှာပင် အခြေချနေထိုင်ခဲ့ကြသည်။

သူမသည် လွန်ခဲ့သော (၃)ရက်ခန့်က အိပ်မက်ဆိုးမြင်မက်ပြီး အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့သည်။ အိပ်မက်ထဲတွင် နေအိမ်ကို မီးဟုန်းဟုန်းတောက်လောင်နေတာကို ငြိမ်းသတ်နေရသည်ဟု မြင်မက်ခဲ့ခြင်း ဖြစ်သည်။ ထိုရက်နောက်ပိုင်းတွင် စိတ်ထဲမှာ မကြည်လင်သဖြင့် ဘယ်လိုလုပ်ရမှန်းမသိဖြစ်ကာ ပရိတ်ကြီး(၁၁)သုတ်ကိုသာ အားလပ်ချိန်ရတိုင်း ရွတ်ဖတ်နေမိသည်။

သားနှစ်ယောက် ကျောင်းပိတ်ရက်နှင့်ကြုံလျှင် နံနက်စောစော ရွှေတိဂုံစေတီတော်ကို တက်ရောက်ဖူးဦးမည်ဟု စိတ်ကူးနေစဉ် ဒေါ်နုဇာတိဒေသဖြစ်သော ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ ဖုန်းဝင်လာသည်။

ရွာမှာသက်ရှိထင်ရှားကျန်ရစ်နေဆဲဖြစ်သော အသက် (၉၆) နှစ်ရှိပြီဖြစ်သည့်မိခင်ကြီးကျန်းမာရေးညံ့လာကြောင်း၊ မသေခင် သမီးဒေါ်နုကိုတွေ့ချင်သေးသည်ဟုဆိုကြောင်း ခေတ္တခဏဖြစ်ဖြစ် ပြန်လာခဲ့စေချင်ကြောင်း တူဖြစ်သူညွန့်တင်မှ ဖုန်းဆက်ခြင်း ဖြစ်ပါသည်။ ဒေါ်နုကလည်း အမြန်ဆုံးပြန်လာခဲ့မည်ဖြစ်ကြောင်း သတင်းပါးလိုက်လေသည်။

ဒေါ်နုတစ်ယောက် အိမ်ထောင်ကျပြီးနောက် ဇာတိဖြစ်သောမိကျောင်းလူးရွာမှ ထွက်လာခဲ့ကတည်းကပင် ရွာကိုတစ်ခေါက်တလေမျှပင်ပြန်မရောက်ခဲ့ပေ။ ပြန်တွက်ကြည့်လျှင် နှစ်ပေါင်း (၄၀) မျှပင်ရှိလာခဲ့ပြီ။ ခင်ပွန်းဖြစ်သူက စစ်မှုထမ်းဖြစ်ခြင်းကြောင့် မြန်မာပြည်အနှံ့ ဒေသအတော်များများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရရာ ဒေါ်နုကလည်း သျှောင်နောက်ဆံထုံးပါဆိုသည့်စကားအတိုင်း အတူလိုက်ပါခဲ့ရသည်။

ယခုအခါ အမေအိုကိုအလွန်တွေ့ချင်နေသော ဒေါ်နုသည် ဇာတိရပ်ရွာကိုပြန်ရန် ခင်ပွန်းနှင့်ကျောင်းတက်နေ[...] သားနှစ်ယောက်က အတူမလိုက်ပါ[...] သောအခါ ဒေါ်နုတစ်ယောက်တည်း[...] သာပြန်ရမည့်ကိန်းဆိုက်နေသည်။

ရွာကို တစ်ဦးတည်း ဒေါ်နု[...]



www.burmeseclassic.com

www.burmeseclassic.com



တတ်သလို ပြန်လည်းမပြန်ရဲသဖြင့် အခက်ကြုံရလေသည်။ အဖော်ရရှိရန် ငြိုးစားလိုက်သောအခါ အလုံမြို့နယ်မှာ နေထိုင်သော ညီမဝမ်းကွဲအမာကြည်ကို သတိရသဖြင့် ဖုန်းဆက်ကြည့်သည်။ ထံအားလျော်စွာပင် အမာကြည်လည်း ရွာကိုပြန်ရန် အကြောင်းရှိနေသည်။ (၁၀)ရက်လောက်စောင့်ပါဦးဟုဆိုသဖြင့် အဆင်ပြေသွားလေသည်။

ရွာကိုပြန်ရန် ဒေါ်နုစိတ်ထဲမှာ အလျင်လိုနေမိသော်လည်း သူသဘော ကိုလိုက်လျောပြီးသည်းခံနေရလေသည်။ အမာကြည်က သူမ၏ဖခင်ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ရှိပြီဖြစ်၍ တစ်နှစ်ပြည့်ကုသိုလ်ဒါနပြုလုပ်ရန်ကိစ္စအတွက် ပြန်ခြင်းဟုဆိုသည်။ (၁၀) ရက်စောင့်ပါဟုဆိုသော်လည်း (၂)ပတ်စောင့်ပြီးမှသာ ရန်ကုန်မှထွက်ခွာနိုင်ခဲ့လေသည်။ အမာကြည်က ဖခင်ကွယ်လွန်ရက် တစ်နှစ်ပြည့်ချိန်နီးကပ်မှ အိမ်ကထွက်ခဲ့ခြင်းဖြစ်သဖြင့် ဒေါ်နုစိတ်အတော်တိုမိသော်လည်း အသာငြိမ်နေလိုက်ရသည်။

ဒေါ်နုတို့ဇာတိကျေးရွာဖြစ်သော မိကျောင်းလူးရွာသည် တောင်ကုတ်မြို့နှင့်မော်တော်ကားလမ်းပေါက်သော်လည်း လမ်းကြမ်းမှုသာဖြစ်၏။ စက်လှေဖြင့် ရေလမ်းခရီးမှသွားလာခြင်းက လူသက်သာသဖြင့် အသုံးများပြားလေသည်။ သို့သော် ရေလမ်းကသွားလျှင် အနည်းငယ်အချိန်ပိုကြာနိုင်လေသည်။ (ယခုအခါ ရွာနှင့်တောင်ကုတ်ကို ဆိုင်ကယ်များဖြင့်လည်း သွားလာနေကြပြီဖြစ်၏။)

၎င်းစဉ်ဘ၀ ဒေါ်နုအိမ်ထောင်မကျမီက ဇာတိ မိကျောင်းလူးရွာမှာနေထိုင်စဉ်ကပင် တောင်ကုတ်မြို့ကို ပြောသံကြားဖူးနေခဲ့သော်လည်း ကိုယ်တိုင်တစ်ခေါက်တလေမျှမရောက်ရှိခဲ့ဘူးပေ။



www.burmeseclassic.com

www.burmeseclassic.com

မိဘများစီစဉ်ပေးသူအိမ်ထောင်ဖက်သည် စစ်မှုထမ်းဖြစ်ပြီး ရွာကို ခေတ္တရက်ဖြင့် ပြန်ရောက်လာခဲ့စဉ်ကာလ အိမ်ထောင်ပြုလိုက်ကြခြင်း ဖြစ်သည်။ ထို့နောက် ခင်ပွန်းနောက်ကို ဒေါ်နုလိုက်ပါလာခဲ့သောအခါ စက်လှေ နောက်ကျသဖြင့် ညနေပိုင်းမှရွာကထွက်ခွာလာနိုင်ခဲ့သည်။ အထွက်ကတည်းက နောက်ကျသော စက်လှေသည် တောင်ကုတ်ကိုဝင်တော့ မှောင်နေလေပြီ။ စက်လှေမှဆင်းသည်နှင့် ပန်းတောင်းမြို့ကိုသွားမည့် ကပရ (RTC) ကားကြီးပေါ်ကို တက်ခဲ့ရသည်။ မှောင်မိုက်နေခြင်းကြောင့် တောင်ကုတ်မြို့ ဟူသည်မှာ ဘယ်နေရာရှိမှန်းပင် မသိရှိလိုက်ရပေ။ ပန်းတောင်းမြို့ရောက်သောအခါတွင် ကားပေါ်မှဆင်းပြီးနောက် ဧရာဝတီမြစ်ကို ကူးတို့ဖြင့်ဖြတ်ကူးကာ ပြည်မြို့သို့ရောက်ရှိသည်။ ပြည်မြို့မှတစ်ဆင့် ခင်ပွန်းသည်၏တပ်ရင်းရှိရာကို ကားစီး၍ ခရီးဆက်ခဲ့ကြလေ၏။

ထိုအချိန်မှစတင်၍ ကိုယ့်ရပ်ကိုယ့်ရွာ ရခိုင်ပြည်နယ်နှင့် ဝေးကွာသွားခဲ့သည်မှာ ဆယ်စုနှစ်လေးကြိမ်တိုင်သွားခဲ့လေပြီ။ ယခုတော့ ရန်ကုန်မှ ရခိုင်ပြည်နယ်ကို မော်တော်ကားတိုက်ရိုက်မောင်းနှင်ရောက်ရှိနိုင်ပြီဟုသတင်းကြားသိထားရသော်လည်း ဒေါ်နုကိုယ်တိုင် မသွားမလာရသေးပေ။ ထို့ကြောင့် ကိုယ့်ဇာတိ တောင်ကုတ်ကို မပြန်တတ်တာထက် တစ်ဦးတည်းပြန်ရဲသောသတ္တိမရှိသေးပေ။ ဤကဲ့သို့ဖြစ်ရပ်က အားနွဲ့သူမိန်းမသားတို့ဘဝတွင် ကြုံရလေ့ရှိတတ်ပါသည်။

ရန်ကုန်မှ ရခိုင်သို့ကို တိုက်ရိုက်သွားသည်ဆိုသော ခရီးသည်တင်ကားကြီးသည် ညနေပိုင်းကတည်းက ရန်ကုန်မှထွက်ခွာလာခဲ့သည်။ ဤကားကြီးသည် တစ်ညတာလုံးမောင်းနှင်၍ သတ်မှတ်နေရာများတွင် ခဏတာသာနားမည်ဟု ဆို၏။ အရှိန်မှန်မှန်မောင်းနေသောကားထဲတွင် ခရီးသည်အများစုက အိပ်ပျော်ရင်း လိုက်ပါလာ၏။

ဒေါ်နုနံဘေးမှ အမာကြည်ပင်လျှင် အိပ်ငိုက်နေသည်။ ဒေါ်နုကတော့ လုံးဝအိပ်ချင်စိတ်မရှိပေ။ နှစ်ပေါင်းကြာရှည်စွာ မတွေ့မြင်ခဲ့ရသော မိခင်ကြီးနှင့် မကြာမီတွေ့မြင်ရတော့မည်မို့ စိတ်ထဲတွင် အတော်ပျော်ရွှင်နေမိသည်။ နှစ်ပေါင်း (၄၀)လောက် ပိုမိုအိုစာသွားမည့် အမေ့မျက်နှာကိုသာ မှန်းဆပြီးမြင်ယောင်နေမိသည်။

တရိပ်ရိပ်ပြေးနေသောကားကြီးကိုလည်း အတော်နှေးသည်ဟု စိတ်ထဲမှာ ထင်မြင်နေသည်။ မောင်းနှင်နေသောကားကြီး၏အရှေ့လေကာမှန်မှတစ်ဆင့် ကြည့်လိုက်လျှင် ကားမီးရောင်အောက်၌ လမ်းနံဘေးမှာရှိသော သစ်ပင်ကြီးများသည် ကားဆီသို့အလျင်အမြန်ပြေးလာလိုက်၊ ကျန်နေရစ်ခဲ့လိုက်နှင့်ရှိ၏။ ဒေါ်နုတို့လိုက်ပါလာသော အဲကွန်းကားကြီးသည် အခြားကားကြီးကားငယ်များကိုသာဟွန်းသံပေးပြီး တစ်စီးချင်းကျော်တက်လာခဲ့သည်။ မိမိကိုကျော်တက်နိုင်သောကားမရှိသလောက်ဖြစ်၍ မြန်နှုန်းကောင်းလှသောကားဖြစ်ကြောင်းခန့်မှန်းနိုင်လေသည်။

ရှေးတုန်းက ဧရာဝတီမြစ်ကို ကူးတို့လှေဖြင့်သာ ဖြတ်ကူးနိုင်သော်လည်း ယခုအခါတွင် ပြည်(နဝဒေး)မြစ်ကူးတံတားကြီးထိုးထားပြီးဖြစ်သဖြင့် တံတားပေါ်မှ ကားများဖြတ်သန်းမောင်းနှင်နိုင်ခဲ့ပြီ။ ထို့ကြောင့် ရန်ကုန်မှ ရခိုင်ပြည်နယ်သို့ ကားဖြင့်တိုက်ရိုက်သွားလာနိုင်ခဲ့ခြင်း ဖြစ်သည်။ နဝဒေးတံတားကြီးပင် ဖွင့်လှစ်နိုင်ခဲ့သည်မှာကြာပြီဖြစ်သော်လည်း ဒေါ်နုအတွက်တော့ ယခုမှသာ လက်တွေ့ဖြတ်သန်းသွားနိုင်တော့သည်။

တစ်ညတာလုံး မောင်းနှင်လာသော ကားကြီးသည် နံနက်ခင်းပိုင်းတွင် တောင်ကုတ်မြို့ကို ရောက်ရှိသွားသည်။ တောင်ကုတ်မြို့မှတစ်ဆင့် ရွာကိုပြန်နိုင်ရန် တန်းလွဲချောင်းအတိုင်း စက်လှေစီးသွားကြမည်ဖြစ်သည်။ ရေလမ်းခရီးဖြင့်သွားလာခြင်းက ကားလမ်းမှပြန်ခြင်းထက် အချိန်ပိုကြာသော်လည်း လူများသက်သောင့်သက်သာရှိ၏။

နံနက်စာကို တောင်ကုတ်တွင် ဝယ်စားလိုက်ပြီးနောက် ဒေါ်နုတို့စက်လှေပေါ်ရောက်တော့ နံနက် (၈) နာရီရှိပြီး စက်လှေသည် မွန်းတည့်ချိန်မတိုင်မီပင် ဒေါ်နုတို့မိကျောင်းလူးရွာဆိပ်ကမ်းကို ဆိုက်ကပ်နိုင်ခဲ့သည်။ ချောင်းထဲတွင် ရေနည်းချိန်ဖြစ်၍ ကုန်းပေါ်ရောက်အောင် အတော်တက်ခဲ့ရသည်။



စက်လှေပေါ်မှဆင်းခဲ့သူ၊ လာကြိုသူများနှင့် လှေဆိပ်တွင် လူများရှုပ်ထွေးသွားသည်။ များပြားလှသောလူတွေထဲတွင် မိမိသိကျွမ်းသူကို ရှာမတွေ့။ နှစ်ပေါင်း(၄၀)လောက် ရွာနှင့်အဆက်ပြတ်နေခဲ့သူ ဒေါ်နုအတွက် အသိမိတ်ဆွေရှာမတွေ့သည်မှာ မထူးဆန်းပေ။ အသက် (၃၀)နှစ်ကျော်ခန့်ရှိ လူငယ်တစ်ဦးက-

"ကြီးကြီးနု၊ ဟုတ်ပါတယ်နော်"

"အေး-ဟုတ်တယ်ကွယ့်၊ သားက ဘယ်သူလဲ"

"ကျွန်တော်က ကြီးကြီးတူ ညွန့်တင်ပါ။ စက်လှေအသံကြားတာနဲ့ ကြီးကြီးပါလာလိမ့်မယ်ထင်လို့ လာကြိုတာပါ။ မနက်အစောကြီး တောင်ကုတ်ကိုဆိုင်ကယ်နဲ့လာခဲ့သေးတယ်။ ကြီးကြီးနဲ့ ဘယ်လိုလွဲသွားလိုက်သလဲ မသိဘူး။ စက်လှေရှိတဲ့နားက သွားစောင့်နေတာတောင် လွဲမိအောင်လွဲသွားတယ်"

"ကြီးကြီးတို့ စက်လှေပေါ်တက်တော့ မနက် (၈) နာရီထိုးပြီဆိုတာ သတိထားမိလိုက်တယ်"

"ဩော် ကျွန်တော်သိပြီ တယ်လီဖုန်းရှိတဲ့အိမ်ကိုဝင်ပြီး ဖုန်းဆက်လိုက်တုန်းမှာ ကြီးကြီးနဲ့လွဲသွားတာပဲ။ ဘာမှ ကြာတာမဟုတ်ဘူး။ ကြီးကြီးကိုမတွေ့တာနဲ့ ကျွန်တော်ဆိုင်ကယ်နဲ့ရွာကိုပြန်ရောက်လာတော့ အဘွားစကားပြောနေတုန်းရှိသေးတာ"

ထိုအခါ တစ်ညတာအိပ်ပျက်ခဲ့သော်လည်း ဒေါ်နုမျက်လုံးပြူးကျယ်သွားပြီးနောက်-

"ဟေ မင်းတို့အဘွားကျန်းမာရေး အခြေအနေက အခုဘယ်လိုနေသေးသလဲ ပြောပါဦး"

"ခုလေးတင်ပဲ အဘွားဆုံးသွားခဲ့ပြီ။ ကြီးကြီးကိုစောင့်နေတဲ့ပုံပါပဲ။ ဒီနေ့လည်း ကြီးကြီးမရောက်သေးဘူးလို့ ကျွန်တော်ပြောလိုက်ပြီးအမှာ အဘွား အသက်ကုန်သွားခဲ့တာ"

ဒေါ်နုရင်ထဲမှာ ရုတ်တရက်ဆို့နင့်သွားသည်။ အားလုံးမှိုခိုနေရသော ရွှေတောင်ကြီးပြိုသွားခဲ့ပြီ။ အလာတော့ ပေမယ့် အခါနှောင်းသွားခဲ့ကြောင်း ခဲလေသမျှ သဲရေကျဖြစ်ခဲ့ကြောင်း လိုက်ပြီးနောက် လက်ထဲမှခရီးဆောင် အိတ်သည် မြေပြင်ကို ရုတ်တရက် ကျသွားခဲ့သလို ခြေနှစ်ဖက်က တော့ဘဲ မြေပြင်မှာ ဒူးထောက်လျက် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးအိမ်နှစ်ဖက်မှာ မျက်ရည်တို့ဖြင့် ပြည့်လျှံသွားသဖြင့် ရှေ့တည့်တည့်မြင်ကွင်းကလည်းမှုန်ဝါးသွားသည်။ မငိုဘဲလျက် မျက်ရည်မိုးစွေခဲ့လေသည်။

"မမ စိတ်ကိုထိန်းပါ အိမ်ကိုမရောက်သေးဘူး။ နည်းနည်းအားတင်းထားဦးနော်"

အတူခရီးထွက်လာခဲ့သူအမာကြည်က နံဘေးမှလာတွဲရင်းပြောသည်။

ဒေါ်နု၏အထုပ်အပိုးများကိုမူ တူဖြစ်သူ ညွန့်တင်က ကောက်ယူလွယ်ပိုးလာခဲ့သည်။ ရွာကိုပြန်ရောက်လျှင် ဆွေမျိုးများအားလုံးက ဝမ်းနည်းဝမ်းသာဖြင့်ကြိုဆိုရင်းဝိုင်းလာကြ၏။ နှစ်ပေါင်း (၄၀)ကြာအောင် ရွာကိုအဆက်ပြတ်နေရင်းမှ သမီးဖြစ်သူ ရုတ်တရက် ရွာကိုပြန်ရောက်လာခဲ့ပြီဖြစ်ကြောင်း အမေအို သိရှိဖို့ရာသီသီလေးမျှကပ်လွဲသွားရသည်ကိုသာ ဒေါ်နုစိတ်ထဲမှာ ဖြေမဆည်နိုင်အောင်ဖြစ်ခဲ့သည်။ကုသိုလ်ကံကမဖေးမသဖြင့် မည်သို့မျှမတတ်နိုင်တော့ပေ။

"အမေ့အသက်မမီလို့ စကားမပြောလိုက်ရပေမယ့် အမေ့ကို သင်္ဂြိုဟ်ဖို့ အခွင့်အရေးရလိုက်သေးလို့ တော်သေးတာပေါ့ ညီမရဲ့"

ဒေါ်နု၏အစ်ကိုကြီးတော်စပ်သူ ဦးဖိုးလှမှပြောလိုက်ခြင်းဖြစ်လေသည်။

ဒေါ်နု၏အမေသည် ခေါက်ဆွဲကြိုက်ကြောင်း သိရှိထားခဲ့၍ အသင့်ယူဆောင်လာခဲ့သော ခေါက်ဆွဲခြောက်အမျိုးမျိုးသည်လည်း ယခုတော့ အကျိုးမဲ့အချည်းနှီးဖြစ်သွားခဲ့ရလေပြီ။

"ခေါက်ဆွဲခြောက်ထုပ်တွေကိုလည်း ညည်းတို့တစ်တွေပဲ ဝေငှယူလိုက်ကြတော့"

ဟု ဆိုရင်း တူမများလက်ထဲသို့ အားလုံးထိုးအပ်လိုက်သည်။

"သမီးတို့မယူပါဘူး ကြီးကြီး၊ ခေါက်ဆွဲပြုတ်လုပ်ပြီး ရွာဦးကျောင်းဆရာတော်ဆီမှာ တစ်ရက်အရုဏ်ဆွမ်းအဖြစ် သွားကပ်လှူပေးပါ့မယ်"

ဦးဖိုးလှ၏သမီး ဒေါ်နု၏တူမ ခင်သဇင်က ပြောခြင်းဖြစ်သည်။

ခင်သဇင်သည် ညွန့်တင်အောက် အငယ်ဖြစ်၍ ညွန့်တင်ကဲ့သို့ပင် ဒေါ်နု ရွာမှထွက်လာပြီးမှ မွေးဖွားခဲ့သူဖြစ်သဖြင့် ကြီးတော်ဖြစ်သော ဒေါ်နုကို ယခုမှသာတွေ့ဖူးမြင်ဖူးလေသည်။ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း (၃)ရက်ရှိနေ့တွင် ကွယ်လွန်သူ အဘွားအိုကို သင်္ဂြိုဟ်ရန်နေ့ရက်သို့ ရောက်ရှိလာသည်။ ဝါလကင်းလွတ်သီတင်းကျွတ်လအခါရာသီဖြစ်သဖြင့် ရာသီဥတုက ကြည်လင်သာယာနေ၏။



ရွာသချိုင်းသည် ရှေးအခါက ရွာနှင့်အတော်အလှမ်းဝေးကွာခဲ့သည်မှာ အမှန်ဖြစ်သည်။ သို့သော် ယခုအခါ တိုးပွားလာသော လူဦးရေကြောင့် လူနေထိုင်ရန် အိမ်မြေကွက်များချဲ့ထွင်လာသောအခါတွင် သချိုင်းနှင့်ရွာသည် တစ်ဆက်တစ်စပ်တည်းလိုလိုဖြစ်သွားသည်။ သင်္ဂြိုဟ်ချိန်ကျရောက်လာ၍ သံဃာတော်များနှင့် လိုက်ပါပို့ဆောင်ကြသူ လူပရိသတ်များ လမ်းပေါ်ရောက်ရှိလာချိန်တွင် ရာသီဥတုက နေပူနေလေသည်။ လူအားလုံးသချိုင်းဇရပ်သို့ရောက်ရှိချိန်၌ ရုတ်တရက်လေကြီးမိုးကြီးကျရောက်လာသည်။

လူပရိသတ်နှင့်ဇရပ်က မမျှတခြင်း၊ မိုးသာမက လေပါတိုက်ခတ်ခြင်းကြောင့် လူများနှင့်သံဃာတော်များကိုပါ မိုးစိုကုန်ကြသည်။ မိုးထဲလေထဲမှာပင် မူလအစီအစဉ်အတိုင်း သရဏဂုံတင်ခဲ့သည်။

သရဏဂုံတင်ကိစ္စပြီးလျှင် မိုးမိထားသောဒေါ်နုကို ဖျားနာမည်စိုးရိမ်၍ အိမ်ပြန်ရန် လူအများကတိုက်တွန်းကြသဖြင့် အမေ၏ သက်မဲ့ခန္ဓာကိုယ်ကို နောက်ဆုံးအကြိမ် ကန်တော့လိုက်သည်။ ထို့နောက် မိုးရွာထဲတွင် တူမခင်သဇင်နှင့်အတူ ထီးတစ်လက်ကို နှစ်ယောက်အတူဆောင်းပြီး ရွာဆီသို့ပြန်လာခဲ့လိုက်လေသည်။

သချိုင်းအပြင်သို့ထွက်လိုက်သည်နှင့် တစ်သက်နှင့်တစ်ကိုယ်မတွေ့ကြုံခဲ့ဘူးသောဖြစ်ရပ်ကို တွေ့ကြုံလိုက်ရလေသည်။ အပြင်ဘက်မှာ မိုးလည်းမရွာ၊ လေလည်းမတိုက်၊ ရာသီဥတုက ပကတိငြိမ်သက်နေသည့်အပြင် နေခြည်ပျပျလေးပင်သာနေသေးသည်။ မိုးနှင့်လေသည် သချိုင်းနေရာကွက်ကွက်လေးမှသာ ကျရောက်နေခြင်းက အလွန်အံ့ဩစရာကောင်းလှသည်။

"အဲဒီလို နေရာကွက်ကျားပြီး မိုးရွာလေတိုက်နေတာက အကြောင်းရှိတယ် ကြီးကြီးရဲ့။ သမီးတို့အဘွားက တစ်သက်တာလုံး ဘာသာကိုရှိသေကိုင်းရှိုင်းတယ်၊ တရားထိုင်တာလည်းအတော်လုပ်သွားနိုင်ခဲ့တာ။ တရားရှိသူ၊ ကုသိုလ်အားကောင်းခဲ့သူမို့ ဆုတောင်းတာပြည့်သွားခဲ့တာအမှန်ပဲ"

ခင်သဇင်၏ပြောစကားကို ဒေါ်နုက ကောင်းစွာ သဘောမပေါက်သဖြင့်-

"ညည်းပြောတာကို ငါကောင်းကောင်းနားမလည်ဘူး။ညည်းတို့အဘွားက ဘယ်လိုဆုတောင်းခဲ့လို့လဲပြောပြပါဦး"

"ဒီလို ကြီးကြီးရဲ့၊ အဘွားမဆုံးခင် တစ်ရက်က မနက်ပိုင်းမှာ ရေချိုးသွားသေးတယ်။ တိုင်ကီပိုင်းထဲက ရေကိုချိုးရတာမဝသေးဘူး။ ရေထပ်ထည့်ပေးဦးလို့ဆိုတာကို ကျွန်မမောင်လေးသိန်းကျော်က ရေထပ်ထည့်မပေးဘူးလေ။ အဲဒီလိုလုပ်တာမကျေနပ်လို့ ငါသေရင် လေကြီးမိုးကြီးကျပြီး အေးအေးချမ်းချမ်း သေပါရစေလို့ ပြောသွားခဲ့တာက အခုတော့ အဘွားဆုတောင်းခဲ့တာဖြစ်နေတာပေါ့။

ရွာနဲ့သချိုင်းက ဒီလောက်နီးကပ်နေတာတောင် ရွာထဲမှာနေပူပြီး သချိုင်းမြေကွက်ကွက်လေးမှာ လေနဲ့မိုးကွက်ပြီးသည်းထန်နေတာ လက်တွေ့ပဲလေ။ ဒီဖြစ်ရပ်ဟာ တခြားလူတွေက သိပ်သိကြမှာမဟုတ်ပေမယ့် သမီးတို့မိသားစုအသိုင်းအဝိုင်းအတွင်းမှာတော့ ဂမ္ဘီရဖြစ်ရပ်ဆန်းတစ်ခုလို့ဆိုရမှာပေါ့ ကြီးကြီးရဲ့"

တူမဖြစ်သူ ခင်သဇင်၏ စကားကြောင့် ဒေါ်နုမှာ အတော်အံ့ဩသွားလေသည်။

အောင်ဆန်းလင်း(ဘီအေ)

**စာကြွင်း**

ဒေါ်နုမှအပ အခြားနာမည်များ လွှဲပြောင်းထားပါသည်။ စာရေးသားနိုင်အောင် မိမိဘဝအတွေ့အကြုံကိုပြောပြပြီး ရေးသားခွင့်ပြုခဲ့သူ ဒေါ်နု၊ နွယ်နီ(၁၀)လမ်း၊ မြောက်ဥက္ကလာ (ရန်ကုန်)အား ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

❑ လင်းအရုဏ်မြူမှုန်များကြားမှပုဂံ

လမ်းပန်းခရီးစိုးရိမ်ပူပန်မှုများနှင့် ကြည်နူးနှစ်သိမ့်ပီတိဖြစ်ဖွယ်ရာများကို တစ်လှည့်စီစဉ်းစားမိရင်း အိပ်ပျော်သွားလိုက်၊ တစ်ချက်တစ်ချက်တွင် ပြန်နိုးလာလိုက်၊ ရောက်ရှိနေသော ပတ်ဝန်းကျင် နေရာဒေသအား ဘေးဘီကိုစူးစမ်းကြည့်လိုက်၊ စဉ်းစားလိုက်လုပ်ရင်းလိုက်ပါ စီးနင်းခဲ့လေ၏။ ညဥ့်ကလည်း တဖြည်းဖြည်းနက်သည်ထက်နက်လာ၏။

ဤနေရာတွင် စဉ်းစားဖြစ်သည့်အကြောင်းကား စောစောကစဉ်းစားခဲ့သည့် အမြန်လမ်းမကြီးနှင့်ဆက်စပ်၍ပင် ဖြစ်၏။ အမှန်ကား ဤကိစ္စသည် တကယ့်တိုင်းရေးပြည်ရေးကိစ္စများနှင့် ယှဉ်ကြည့်လျှင်ကား သေးသေးလေးပင် ဖြစ်သွားတော့၏။ သေးသေးလေးမှ တကယ့်သေးသေးလေးပင်ဖြစ်တော့၏။ အဆိုပါ တကယ့်သေးသေးလေးကဲ့သို့သောကိစ္စမျိုးတွင်ပင် ဤမျှအထိမှားယွင်းခြင်း၊ အားနည်းခြင်း၊ ထိခိုက်နစ်နာမှုများဖြစ်နေလျှင် အခြားသူထက်အဆပေါင်းများစွာ ကြီးမားသော အရေးကြီးသောကိစ္စများတွင် မည်သို့ဖြေရှင်းပါမည်နည်း။

တကယ်လက်တွေ့ကြုံတွေ့နေကြရသောအခက်အခဲများ၊ အကျပ်အတည်းပြဿနာများ၊ ဘေးဒုက္ခများ စသည်စသည်သော အခြေအနေများသည် အမှန်တကယ်ကြုံတွေ့သင့်ကြုံတွေ့ထိုက်လို့ ကြုံတွေ့နေရတာလားဟူသော ထပ်ဆင့်အတွေးဖြင့် စဉ်းစားကြည့်မိပါသည်။

ဤတွင် ဖြစ်ပေါ်နေသော အခြေအနေအများစုသည် မဖြစ်သင့်ဘဲဖြစ်နေခြင်းဟူသည်ကို တွေ့ရ၏။ ထိုထက်ပို၍ ရှင်းလင်းစွာဆိုရပါမူ ကံမကောင်းအကြောင်းမလှခြင်းဟူသည်ထက် လူမကောင်း အကြောင်းမလှခြင်းကသာ အဆုံးအဖြတ်ပြုနေသည်ကိုတွေ့ရ၏။

ထိုကဲ့သို့ လူသားတို့မကောင်း၍ (ဝါ) လောဘ၊ ဒေါသ၊ မောဟလွန်ကဲ၍ ဤကမ္ဘာမြေကြီး ယိုယွင်းပျက်စီးရသော ပြဿနာအပါအဝင် အခြားအခြားသော ဘေးဒုက္ခအရပ်ရပ်တို့သည် မိမိတို့၏ မြန်မာပြည်ကြီးတစ်ခုတည်းသာမဟုတ်၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်းကြုံတွေ့နေကြရ၏။ သို့သော် မြန်မာပြည်၏ ဘေးဒုက္ခကား အခြားနိုင်ငံများနှင့်မတူဟု ယူဆပါသည်။ သူတို့ကား မလွဲသာမရှောင်သာ၍ ကြုံတွေ့ရသောဒုက္ခများနှင့် သဘာဝဝန်းကျင်ယိုယွင်းရသောကြောင့် ဖြစ်ပေါ်ရသည့်ဒုက္ခတို့ကသာ အများစုရှိပါသည်။

မြန်မာနိုင်ငံ၏ ဘေးဒုက္ခကား ခေတ်အဆက်ဆက် တိုင်းပြည်အပေါ် စီမံခန့်ခွဲပိုင်ခွင့်နေရာကို ရယူထားသည့် လူပုဂ္ဂိုလ်များ၏ မကောင်းမှုများ၊ ပျော့ကွက်ဟာကွက်၊ အားနည်းချက်များကြောင့်ပင် ကြုံတွေ့ရခြင်း ဖြစ်သည်။ ထို့အပြင် လုပ်ငန်းပိုင်းတွင်လည်း မလုပ်တတ်မကိုင်တတ်ဖြင့် သက်ဆိုင်ရာ အလိုက်၊ ကျွမ်းကျင်မှုအလိုက်၊ ပညာရပ်အလိုက် နိုင်ငံ၏ နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ကျွမ်းကျင်သူ၊ ပညာရှင်အင်အားနည်းပါးလွန်းလှခြင်းကြောင့် လုပ်သမျှကိစ္စတိုင်းတွင် အမှားအယွင်းများနေခြင်းဖြစ်၏။ ထိုသို့ စဉ်းစား၍ကောင်းနေစဉ်တွင်ပင် (၁၁၅)မိုင် ခေတ္တယာဉ်ရပ်နားရေးစခန်းသို့ရောက်သဖြင့် ယာဉ်ပေါ်မှဆင်းလိုက်ရ၏။

ကားကြီးပေါ်မှ အောက်သို့ဆင်း[illegible] သည်နှင့် ပူလောင်သောအတွေ့အ[illegible] ကို ခံစားလိုက်ရပါတော့၏။ စောစော[illegible] ကားကြီးပေါ်တွင် လေအေးပေး[illegible] ကြောင့် ပူလောင်ခြင်းမရှိဘဲ အေးမြ[illegible] စီးနင်းလာခဲ့ရသလောက် ယခု အပြင်[illegible] ထွက်လျှောက်ရာတွင် ပူလောင်ခြင်းသ[illegible]





www.burmeseclassic.com

မက အိုက်စပ်ခြင်းပါ ရောစွက်လာပြီး ချွေးများပင်စို့လာသည်ကို သတိပြုမိ၏။ ထို့နောက် လက်တွင်ပတ်ထားသောနာရီကိုမြှောက်၍ကြည့်လိုက်မိ၏။ အချိန်ကား သန်းခေါင်ကျော်ကာလကိုပြနေ၏။

ဤတွင် စားသောက်ဆိုင်များသို့ ဦးတည်လျှောက်လှမ်းနေရင်း လမ်းပေါ်တွင်ပင် အတိတ်နှင့် ပစ္စုပ္ပန်ကို ယှဉ်စပ်စဉ်းစားကြည့်မိ၏။ ယခင်ယခင်ကာလများကဆိုလျှင် ယခုကဲ့သို့ ညဉ့်သန်းခေါင်ကျော်အချိန်မျိုးမဆိုထားနှင့် နေဝင်ဖျိုးဖျအချိန်မျိုးတွင်ပင် ဤနေရာဤဒေသ၌ အအေးဓာတ်ကလွှမ်းမိုးစပြုလာပြီဖြစ်၏။ ယခုတော့ မိမိတို့သည် အနေရအထိုင်ရခက်လောက်အောင် ပူလောင်အိုက်စပ်လှသောရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကြီးကို မလိုလားအပ်သော်လည်း ရရှိနေလေပြီ ဖြစ်၏။ ထိုမှတစ်ဆင့်တက်၍ ဤကိစ္စကို စဉ်းစားမိပြန်၏။ ဤသို့ ဆိုးဝါးစွာ ပူလောင်အိုက်စပ်လှသော ရာသီဥတုကိုရင်ဆိုင်ကြုံတွေ့ရခြင်းသည် တဒင်္ဂလော၊ ထာဝရလော မေးခွန်းက ထွက်လာ၏။

ထိုအခါတွင်မှ စဉ်းစားရင်းစဉ်းစားရင်း ခေါင်းနားပန်းကြီးသွားတော့၏။ ဤအခြေအနေသည် တဒင်္ဂဖြစ်ဖို့ထက် ထာဝရဖြစ်ဖို့က ရာခိုင်နှုန်းအဆများပြား



www.burmeseclassic.com

လွန်းလှသောကြောင့်ဖြစ်၏။ သို့အတွက် နေရာတကာ ထာဝရပိုင်ရှင်ဖြစ်တိုင်း မကောင်းပါလားဟူသောဒဿနတစ်ရပ်က ခေါင်းထဲပေါ်လာ၏။ သို့အတွက် မိမိတို့သည် ဤပြဿနာကြီးအား လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ ဘာပဲဖြစ်နေဖြစ်နေ ထာဝရပိုင်ဆိုင်ရကိန်းဆိုက်နေလေပြီ။

ထို့နောက် သန့်စင်ခန်းသို့ဝင်ပြီး စားသောက်ဆိုင်ခန်းမထဲဝင်ကာ မြန်မြန်ပြီးလျှင်ပြီးစေရောသဘောဖြင့် အသင့်ရှိနေသော မုန့်ဟင်းခါးအား အကြော်ဖြင့် မှာစားလိုက်သည်။ မုန့်ဟင်းခါး၏ အရသာကလည်း ပုံစံမကျဟုထင်မိသဖြင့် ခပ်မြန်မြန်ပင် လက်စသတ်ပြီး ကားပေါ်သို့ သွားရောက်ကာထိုင်နေလိုက်၏။ များမကြာမီပင် ခရီးသည်များ စုံပြီဖြစ်သဖြင့် ကားလည်းပြန်လည်ထွက်ခွာလေတော့၏။ ကားသည် မူလအမြန်လမ်းမပေါ်ရောက်သည်နှင့် စက်ရှိန်မြန်နှုန်းလည်း တစ်စတစ်စမြင့်လာကာ လျှင်မြန်စွာပင် ပြေးလွှားနေပါတော့၏။

မိမိ၏အာရုံတွင်လည်း ဆိုးရွားပြင်းထန်စေသောရာသီဥတု၏လက်သည်များကို စဉ်းစားကြည့်မိရာ သစ်ပင်များခုတ်လွန်းသဖြင့် တောပြုန်းခြင်း၊ တောင်ကတုံးဖြစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြစ်ချောင်း၊ အင်းအိုင်များတိမ်ကောခြင်း၊ သဘာဝဓာတ်ငွေ့ စသည်များ အလွန်အကျွံထုတ်ယူခြင်း၊ တောင်ကြီးများကိုပင် အလွန်အကျွံဖြိုဖျက်ပြီး သယံဇာတထုတ်လုပ်မှုလွန်ကဲခြင်းဆိုင်ရာကိစ္စများ၊ ထိုကိစ္စရပ်များကို စီမံခန့်ခွဲသူများ၊ ထိုကိစ္စများကို ကိုယ်တိုင်လက်ရောက် လုပ်ကိုင်ကျူးလွန်နေကြသူ ဝိသမလောဘသမားတို့၏ပုံရိပ်တို့သည် တစ်ကွက်စီပေါ်လာ၏။ ထိုကိစ္စရပ်တို့အား လက်တွေ့လုပ်ကိုင်သူတို့ကိုကျူးလွန်ကြသူများ၊ ဝိသမလောဘသမားများဟုခေါ်ရခြင်းမှာ ထိုသူတို့သည် မိမိတို့၏ ပြည့်စုံကုံလုံမှုအတွက် အခြားသူအပေါင်းတို့၏အခွင့်အရေးများ၊အေးချမ်းသာယာမှုများကိုပါ စတေးလိုက်သောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် ဘယ်သူသေသေ မာသည့်ငတေများ ပေါ်များလာလျှင် လောကပါလတရားတို့ပျက်ပြီ ဖြစ်၏။ လောကကိုစောင့်ရှောက်သော လောကပါလလျော့ရဲပျက်စီးလျှင် ထိုလောကသည် အရှည်တုံ့ရန်ခက်ခဲသွားပြီဖြစ်တော့၏။ ထို့အတူ မိမိတို့နိုင်ငံ၌လည်း အဆိုပါ လောကပါလတရားပျက်ယွင်းသူတွေများလာလေ စိုးရိမ်ဖွယ်ကြုံတွေ့ရနိုင်လေပင်ဖြစ်၏။

ဤသို့ အတွေးပုံရိပ်ဟိုတစ်ကွက် ဒီတစ်ကွက်နှင့် ပေါ်လိုက်ပျောက်လိုက်ဖြစ်နေတော့၏။ ကား၏အရှိန်ကလည်း မြန်လာနေ၏။ တဖြည်းဖြည်းငိုက်မျဉ်းလာပြီးနောက် လုံးဝအိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့၏။

ပတ်ဝန်းကျင်မှ လှုပ်လှုပ်ရှားအသံများကြားရသောအခါတွင် ရုတ်တရက်နိုးလာပြီး ဘေးဘီဝန်းကျင်ကိုကြည့်လိုက်သောအခါ အရုဏ်ဦး၏ အလင်းရောင်သည် ပေါ်ထွက်နေပြီ ဖြစ်၏။ တစ်ဆက်တည်းပင် ပုဂံမြို့သို့ရောက်ရှိနေကြောင်းလည်း သတိပြုမိ၏။ အဘယ်ကြောင့်ဆိုသော် လမ်း၏ လက်ဝဲဘက်၌ ပုဂံနန်းတော်ရာဟောင်းနှင့် လက်ယာဘက်တွင် ပုဂံဘုရားများကို မြူနှင်းဖုံးဖုံးအကြားတွင် တင့်တယ်သပ္ပာယ်စွာ ဖူးမြော်လိုက်ရသောကြောင့် ဖြစ်၏။ အဆိုပါ အရုဏ်ဦးမြူနှင်းဖုံးဖုံးများအကြားမှ ပုဂံဘုရားများကိုခြံငုံပြီး ဖူးမြော်ရသောမြင်ကွင်းသည် အလွန်ပင် ပီတိနှစ်သိမ့်ကြည်နူးခြင်းဖြစ်ရပါသည်။ ညကပူလောင်ခဲ့ရသော သောကများ၊ စိတ်ညစ်စရာများကိုလည်း တဒင်္ဂအတွင်း ပျောက်ကင်းခြင်းကိုဖြစ်စေပါတော့သည်။

ထို့နောက် ရပ်နားလာသောဆိုင်တစ်ဆိုင်တွင် သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း၊ သန့်စင်ခန်းဝင်ခြင်းများပြုပြီး ပုံးရည်ကြီးထမင်းအား မှာယူစားသောက်လေ၏။ စားသောက်ပြီးသည်နှင့် ပုဂံဒေသ၏ တန်ခိုးကြီးဘုရားများဖြစ်သော အာနန္ဒာဘုရား၊ မနူဟာဘုရား၊ မြစေတီ၊ ဂူပျောက်ကြီး၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရား၊ ဓမ္မရာဇိကဘုရား၊ အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဆင်ဖြူများရှင်ဘုရား၊ စိမ်းညက်ညီအစ်မဘုရား၊ အရှေ့ဖက်လိပ်၊အနောက်ဖက်လိပ်ဘုရားများကို ဖူးမြော်ကြပြီး နေ့လယ်ဘက်တွင် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ ရွှေတန့်တစ်ဘုရားကို သွားရောက် ဖူးမြော်ခဲ့၏။

ဤရွှေတန့်တစ်ဘုရားသည်ကား အလွန်ထူးခြားသည့်ဘုရားဖြစ်၏။ သရက္ခန်သားဖြင့်ထုလုပ်ထား၏။ ထုလုပ်ပြီး ကိုးကွယ်သည့်ပုဂ္ဂိုလ်မှာ အလောင်းစည်သူမင်းဖြစ်၏။ ထိုသရက္ခန်ဘုရားကိုထုလုပ်ပေးသည့်ပုဂ္ဂိုလ်မှာ သိကြားမင်းဖြစ်၏။ ထိုဘုရားနှင့်ပတ်သက်၍ရှိခဲ့သော ဆိုရိုးစကားတစ်ခုရှိခဲ့၏။ ထိုစကားမှာ 'သရက္ခန်အစစ်လက်လေးသစ်' ဟူသည်ပင်ဖြစ်၏။

အမှန်တကယ်ပင် ထိုရုပ်ပွားတော်၏ဉာဏ်တော်သည် လက်လေးသစ်ခန့်သာရှိပါသည်။

အဆိုပါ သရက္ခန်သားရုပ်ထုတော်သည် လက်လေးသစ်အရွယ်သေးငယ်သော်လည်း ထူးခြားချက်မှာ ဗုဒ္ဓဘုရားရှင်၏ မဟာပုရိသလက္ခဏာတော်ကြီးများ ထင်ရှားပီပြင်စွာပါရှိလေ၏။ လွန်စွာမှပင် သပ္ပာယ်လှသဖြင့် ကြည်ညိုဖွယ်အတိသာရှိပါတော့သည်။ ရုပ်ပွားတော်တွင်လည်း ရွှေထည်၊ လက်ဝတ်လက်စား၊ ကျောက်သံပတ္တမြားတို့ကို များစွာပင်လှူဒါန်းပူဇော်ထား၏။ ထို့ပြင် ရုပ်ပွားတော်ကိန်းဝပ်စံပယ်ရာ ကျောင်းဆောင်ကိုလည်း ရွှေသားအတိဖြင့် ပြုလုပ်လှူဒါန်းထားသည်ကို တွေ့မြင်ဖူးမြော်ရသည်။ ဖူးမြော်လေတိုင်း ဖူး၍မဝနိုင်အောင်ဖြစ်ရပါသည်။

ထိုမျှမက သရက္ခန်ဘုရားအားသွားရောက် ဖူးမြော်ရာတွင် အခြားဘုရားများနှင့်မတူ တစ်မူသည်မှာ ဘုရားဖြစ်သော မိမိ၏ဦးခေါင်းထက်၌ ကိန်းဝပ်စံပျော် ပူဇော်ခွင့်ရပြီးလိုသော ကိစ္စအဝဝကို တောင်းဆုပြုနိုင်ခြင်းပင် ဖြစ်၏။ ထိုသို့သော အခြေအနေမျိုးဖြင့် တောင်းသည့်ဆုများလည်းပြည့်ဝကြသည်ဟူသော အံ့စဉ်အလာရှိကြောင်းလည်း သိရှိရသည်။

ထို့နောက်တွင် ရွှေတန့်တစ်သရက္ခန်ဘုရားမှပြန်လည်ထွက်ခွာပြီးနောက် ပခုက္ကူမြို့တွင်ပင်ရှိသော သီဟိုဠ်ရှင်ဘုရားအား သွားရောက် ဖူးမြော်ခဲ့ပါသည်။ သီဟိုဠ်ရှင်ဘုရားကြီး၏ ပရိဝုဏ်အထဲတွင်ပင် ပြတိုက်တစ်ခုဖွင့်လှစ်ထားသဖြင့် ဝင်ရောက်ကြည့်ရှုဖူးမြော်ရာ ပြတိုက်ထဲ၌ အဆူဆူသော ရှေးဟောင်းဘုရားများကိုပူဇော်ခွင့်ရသကဲ့သို့ ရှားပါးပြီး ထူးခြားလက်ရာမြောက်လှသော ပန်းပုလက်ရာများ၊ ရုပ်လုံးရုပ်ကြွ၊ ရုပ်တုများ၊ ရှေးဟောင်းကြေးထည်၊ ယွန်းထည်ပစ္စည်းများ၊ ရှေးအနုပညာလက်ရာများ၊ ပစ္စည်းပစ္စယများ၊ အသုံးအဆောင်ဆိုင်ရာ ရှေးခေတ်ပစ္စည်းများတို့ကို ပြသထားပါသည်။

ထို့နောက် ပခုက္ကူမှ ပြန်လည်ထွက်ခွာပြီး ညနေစောင်းတွင် ပုဂံမြို့သို့ ပြန်လည်ရောက်ရှိပြီး ပုဂံရွှေဆံတော်ဘုရား၏ ပစ္စယံငါးဆင့်အမြင့်မှနေပြီး နေဝင်ဆည်းဆာရသကိုခံစားကြပါသည်။ အဆိုပါ ရွှေဆံတော်ဘုရား၏ ပစ္စယံငါးဆင့်အမြင့်သည် အတော်လေးပင်မြင့်ပါ

www.burmeseclassic.com

သည်။ ဤပစ္စယံပေါ်မှနေ၍ အရပ်လေးမျက်နှာကိုကြည့်ရှုပါက ပုဂံရပ်ဝန်းထဲတွင် ကိန်းဝပ်တည်ရှိနေသော ဘုရားစေတီအတော်များများကို ဖူးမြော်ရနိုင်ပါသည်။

ဤရှုခင်းသည် ပုဂံဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံနိုင်ခြင်းဖြစ်သဖြင့် လှပပြီး ရသမြောက်သော နေဝင်ဆည်းဆာအလှတို့နှင့်အတူ ပုဂံဘုရားပေါင်းများစွာကို တစ်နေရာတည်းမှာ တစ်ထိုင်တည်းဖူးမြော်ကြည်ညိုရသဖြင့် အမျိုးမျိုးသော ရသများနှင့် အထူးထူးသောကုသိုလ်အဖို့ဘာဂတို့ကို ထူးခြားစွာပင် ပေါင်းစပ်ခံစားရသကဲ့သို့ဖြစ်နေတော့၏။

ဘုရားစေတီတော်အပေါင်းတို့အား စိတ်တိုင်းကျတဝကြီးရှိခိုးဖူးမြော်ပြီးနောက် အဆိုပါ အမြင့်ဆုံးသော ပစ္စယံအထက်တွင်ပင်ထိုင်ကာ နေဝင်လုဆဲဆဲဖြစ်နေသော အနောက်အရပ်ရှိ ပုစွန်ဆီရောင်သန်းနေသောနေလုံးကြီးကိုစိုက်ကြည့်နေမိလိုက်ပါသည်။

ထိုသို့ စိုက်ကြည့်နေရင်းပင် အတွေးအာရုံများသည် အတိတ်က ပုဂံပြည်သို့ အလိုလျောက်ပင် ပြန်ရောက်သွားခဲ့၏။ ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းမှာ ပုဂံဒေသ၏ နေရာအတော်များများသည် ရှေးခေတ်ကတည်းပုံစံမျိုးဖြစ်သော ဗိသုကာလက်ရာမှာ ယဉ်ကျေးမှုအနုပညာများကို အစဉ်အဆက် ထိန်းသိမ်းခဲ့ကြသောကြောင့် ဖြစ်ပါလိမ့်မည်။

ဘုရားစေတီပုထိုးများ ဤနေရာတွင် တည်ထား ကိုးကွယ်ကြသည်မှာ အေဒီ ၁၁ ရာစု၊ ၁၂ ရာစု၊ ၁၃ ရာစု ကာလများဆီက ဖြစ်ပါမည်။ ထိုအချိန် ထိုကာလတုန်းကဆိုလျှင် ဤဒေသသည် ဘယ်နည်းနှင့်မဆို ယခုထက်များစွာ ပိုမိုခမ်းနားကြီးကျယ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ပုဂံသည် ဤနိုင်ငံ၏ အဓိကရအချက်အချာနေရာမြို့တော်ကြီးဖြစ်သောကြောင့်ပင်တည်း။ ထို့ပြင် မြို့တော်နေပြည်သူများ၊ ကုန်သွယ်မှုပြုသူများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ သာသနာ့နွယ်ဝင် ဘိက္ခု၊ ဘိက္ခုနီ၊ ရသေ့၊ ဘိုးသူတော် စသည့်ပုဂ္ဂိုလ်များတို့ဖြင့် ကြက်ပျံမကျစည်ကားပေလိမ့်မည်။ လူသံ၊ ဆင်သံ၊ မြင်းသံ၊ ကြက်တွန်သံ၊ ခွေးဟောင်သံ၊ စည်တော်သံ၊ တီးသံမှုတ်သံ၊ သီချင်းဆိုသံ၊ အော်ဟစ်ခေါ်ငင်သံ စသည့် အသံဗလံပေါင်းစုံတို့ဖြင့်လည်း တညံညံဖြင့်စည်ပင်နေပါမည်။

ထိုမျှမက များပြားလှသောဘုရားစေတီပုထိုးအဆောက်အအုံများအပြင် ဘုရင်နှင့် မှူးကြီးမတ်ရာတို့၏ နန်းတော်ကြီးနှင့်အိမ်တော်များ၊ မင်းမှုထမ်းတို့၏ အိမ်များ၊ ဘုန်းတော်ကြီးကျောင်းကြီးများ၊ အခြားသောသာသနိကအဆောက်အအုံများ၊ သာမန်အရပ်သားတို့၏အိမ်များလည်း မြောက်မြားစွာပင်ရှိနေပါလိမ့်မည်။

ထိုအချိန်ကာလသည် ပုဂံသားမြန်မာတို့၏ ဘုန်းလက်ရုံးအားကြီးသောကာလဖြစ်သဖြင့် ကြီးကျယ်များပြားလှသော စစ်သည်ဗိုလ်ပါတပ်ကြီးများ၊ ဆင်တပ်ကြီး၊ မြင်းတပ်ကြီးများတို့သည် ချီတက်သွားလာနေမှုတို့ကို မကြာခဏ ပြုကြမည်သာဖြစ်၏။ ထိုတပ်ကြီးများ၏ စစ်ချီစစ်တက်မှုများကြောင့် ဤမြေဤဒေသတွင် ဖုန်လုံးကြီးများတလိပ်လိပ်တက်ကာ မိုးယံဆီသို့ရောက်လုခမန်းပင် ဖြစ်ပါလိမ့်မည်။

ရုတ်ခြည်းပင် မိမိ၏စက္ခုအာရုံမြင်ကွင်းထဲ၌ အမှန်တကယ်ထင်မြင်သကဲ့သို့ ပုဂံအတိတ်တို့သည် လွှမ်းမိုးကြီးစိုးလာပါတော့သည်။ ပုဂံသည် ကြည့်လေရာတိုင်းမြင်လေရာတိုင်းတို့တွင် ဘာသာရေး၌ လည်းကောင်း၊ စစ်ရေး၌လည်းကောင်း၊ နိုင်ငံရေး၌လည်းကောင်း၊ စီးပွားရေး၌ လည်းကောင်း အသိပညာရှင် အတတ်ပညာရှင်များ အပါအဝင်ဖြစ်သော ပညာရေး၌လည်းကောင်း စသည့်ကဏ္ဍတိုင်းတွင် အင်နှင့်အားနှင့် ထုဖြင့်ထည်ဖြင့်ချည်းသာဖြစ်နေပါတော့သည်။ လွန်စွာမှ အားတက်ဖွယ်ကောင်းလှပါသည်။

မိမိ၏အခြေအနေကို ပြန်လည်သုံးသပ်ကြည့်ပါက အတိတ်မှ မြန်မာကို ပစ္စုပ္ပန်မှမြန်မာက ပြန်လည်တမ်းတအားကျနေရသည့်အဖြစ်မျိုးကဲ့သို့ဖြစ်နေပါတော့သည်။ အမှန်အတိုင်းဝန်ခံရပါမူ လက်ရှိမြန်မာတို့၏ ဘာသာရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေတို့သည် ပုဂံလိုဖြစ်လျှင် ဘယ်လောက်များကောင်းလိုက်လေမလဲဟူသော စိတ်ချင်ခြင်းက အမှန်ပင်တပ်မိလိုက်ပါသည်။ဘာပဲဖြစ်ဖြစ် 'တို့ခေတ်ရောက်မှညံ့ရတော့မှာလား'ဟူသည့် အဖြစ်ကိုလည်း လက်မခံချင်ပေ။ အစွမ်းရှိသမျှတော့ ကြိုးစားရ၊ အားထုတ်ကြရပါမည်။ စည်းကြီးကြရပါလိမ့်မည်။

ထိုနောက် ဘာဏုရှိန်ပြင်း သူရိန်မင်းလည်း အနောက်ဂေါယာကျွန်းသို့ ဝင်ခဲ့ပြီဖြစ်သဖြင့် အတွေးစတို့ကိုသိမ်းကာ တည်းခိုရာနန်းသို့ပြန်ခဲ့ပြီး ရေမိုးချိုးပြီး ညစာစားသောက်ကာ အိပ်စက်လိုက်ပါတော့သည်။

## ❑ စွယ်တော်ရှင်လေးဆူ၊ ပုပ္ပားမှသည် ကန်ပက်လက်ဆီသို့

နောက်တစ်နေ့နံနက် ခပ်စောစောပင်ထပြီး ကိုယ်လက်သန့်စင်ခြင်း၊ အဝတ်အစားများလဲလှယ်ကာ နံနက် (၄) နာရီ ကားပေါ်သို့ အရောက်သွားရလေ၏။ ထိုကဲ့သို့ နံနက်အစောကြီး ကားပေါ်သို့ ရောက်ရှိခဲ့ရပါသနည်းဟူမူ ပုဂံရပ်ဝန်းရှိ ဗုဒ္ဓဘုရားရှင်၏ စွယ်တော်ရှင်လေးဆူစလုံးကို နံနက် (၁၁) နာရီတွင် အပြီးဖူးရန် ဖြစ်သည်။ နံနက် (၁၁) နာရီအပြီး အဓိဋ္ဌာန်အောင်လျှင် ဆယ့်တစ်မီးငြိမ်းစေသောအကျိုးကို ရရှိစေနိုင်၏ဟုဆိုကြ၏။ ထိုကဲ့သို့ အဓိဋ္ဌာန်ဝင်ရာတွင် လေးနေရာစလုံး၌ လှူဖွယ်ဝတ္ထုပစ္စည်းတစ်မျိုးတည်း၊ ဆုတောင်းတစ်မျိုးတည်းကိုသာ ပြုရမည်ဟုဆိုပါသည်။

ရှေးဦးစွာ တူရွှင်းတောင်ပေါ်ရှိ စွယ်တော်ရှင်၌ အဓိဋ္ဌာန်ဝင်ဖူးမြော်ရန် သွားရောက်ကြပါသည်။ တူရွှင်းတောင်သည် ပုဂံညောင်ဦးရပ်ဝန်းတစ်ဝိုက်တွင် အတော်အတန်မြင့်သောတောင်ကုန်းမြင့်မြင့်ဖြစ်၏။ တူရွှင်းတောင်ခြေသို့ရောက်သောအခါ တောင်ပေါ်သို့ ကားငယ်ဖြင့် ပြောင်းပြီးတက်ရ၏။ တူရွှင်းတောင်စွယ်တော်ရှင်ခြေတော်ရင်းသို့ရောက်ရှိသောအခါ အရုဏ်ပင်မတက်သေးဘဲ အမှောင်ထုကသာ လွှမ်းမိုးလျက်ရှိသေး၏။ သို့သော် လရောင်၊ ကြယ်ရောင်တို့၏ အလင်းရောင်ကြောင့် ပတ်ဝန်းကျင်တစ်မျှော်တစ်ခေါ် ရှုခင်းကို အတိအကျမဟုတ်သည့်တိုင် အတော်အသင့်မှန်းဆ၍ရသောအခြေအနေမျိုးရှိ၏။ထို့နောက် စေတီတော်တွင် လှူဖွယ်ပစ္စည်းများလှူဒါန်းပြီး အဓိဋ္ဌာန်ဝင်လိုက်၏။ ဤတွင် စေတီတော်အား ဖူးမြော်ကြည်ညိုရခြင်းရသ၊ အရုဏ်ဦး၏ရသ၊ တောင်ထိပ်ပေါ်တွင်နေထိုင်ရခြင်းရသတို့၏ ပေါင်းစပ်မှုသဘာဝကို ထူးခြားစွာပင်ခံစားရကြောင်း သတိပြုမိပါသည်။

## ❑ စွယ်တော်ရှင်လေးဆူ၏ဖြစ်စဉ်တော်ပေါ် ထွန်းရခြင်း

မြန်မာတို့၏သမိုင်းအစသည် အစမထင်နိုင်အောင်ပင် လွန်စွာသမဏီရှည်ကြာကြီးကျယ်လှပါသည်။ ထိုကိုပင်ပြီးပြည့်စုံစွာ လေ့လာ ဖော်ထုတ်နိုင်ခြင်း မရှိသေးသော သမိုင်းပညာရှင်ဆိုသည့် ပုဂ္ဂိုလ်တို့က မြန်မာ့သမိုင်းသည် အစ



www.burmeseclassic.com

www.burmeseclassic.com

၂ ရာစုကစသည်၊ အေဒီ ၃ ရာစုက စသည်၊ အေဒီ ၁၁ ရာစုက စသည်ဖြင့် အမျိုးမျိုးဆိုကြ၏။ မကြာခဏလည်း ပြောင်းလဲပြီးဆိုကြပြန်၏။ ထို့ကြောင့် အဆိုပါသမိုင်းကို အတည်မူကား ဖြစ်နိုင်တော့မည်မဟုတ်ချေ။ လက်တွေ့တူးဖော်တွေ့ရှိရသောသမိုင်းကိုသာ ဝိဝါဒမဖြစ်နိုင်သောသမိုင်းအဖြစ်ယူရလေမည်။ အမှန်တကယ်တွင် လက်ရှိတူးဖော်တွေ့ရှိရသောသမိုင်းအရပင် နှစ်သန်းလေးဆယ်သက်တမ်းရှိ လူတူပုံတောင်ပရိုးမိတ်ကပင် စတင်၍ရနိုင်၏။

ထို့မှမက ဟန်လင်းဒေသရှိ သချိုင်းဂူအတွင်း မြေအောက်လေးဆင့်မြောက်တွင်တွေ့ရှိရသော လူသားအရိုးစု၏ သက်တမ်းသည် နှစ်ပေါင်းသောင်းချီရှိနိုင်၏။ ထိုသူများသည်လည်း ရှေးခေတ်မြန်မာကြီးများပင်ဖြစ်၏။ သူတို့ကို မြန်မာများဟု အဘယ့်ကြောင့်ဆိုနိုင်ပါသနည်းဟူမူ ထိုအရိုးများ၏ DNA နှင့် ယခု ထိုဒေသတွင် နေထိုင်နေသော မြန်မာတို့၏ DNA သည် အတူတူပင်ဖြစ်သောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် မြန်မာတို့သည် တရုတ်မှဝင်လာသူများ၊ အိန္ဒိယမှဝင်လာသူများဟုဆိုခြင်းမျိုးတို့ကိုလည်း မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိချေ။ မြန်မာသည် မြန်မာမှသာ ဆင်းသက်လာခြင်းသာဖြစ်၏။

မြန်မာတို့သည် ဤမြန်မာ့မြေတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှသည် ယဉ်ကျေးမှုအဆင့်ဆင့်ထွန်းကားသော ခေတ်အားလုံးတွင် တစ်ဆက်တစ်စပ်တည်းနေခဲ့ကြသည်သာဖြစ်၏။ ဤယဉ်ကျေးသောခေတ်များတွင်လည်း ပုဏ္ဏဝတီခေတ်၊ ဘုမ္မဝတီခေတ်၊ သီရိခေတ္တရာခေတ်၊ တမ္ပဒီပခေတ် စသည်ဖြင့် အဆက်ဆက်သောယဉ်ကျေးမှုများရှိခဲ့ကြ၏။ ဤတွင် ပုဏ္ဏဝတီခေတ်သည် ယခုဂေါတမမြတ်ဘုရားသာသနာတော်တွင်ရှိသောခေတ်မဟုတ်၊ ကဿပဘုရားသာသနာတွင်ရှိခဲ့သောခေတ်ဖြစ်၏။

ထို့မှမက မြန်မာ့သမိုင်းသည် ကမ္ဘာဦးဘုရားဖြစ်သော ကကုသန်ဘုရားရှင်လက်ထက်တော်ကတည်းကပင် သာသနာတော်ထွန်းကားခဲ့သောမြေဖြစ်၏။ ထို့ကြောင့် မြန်မာလူမျိုး၊ မြန်မာ့မြေ၊ မြန်မာ့သမိုင်းတို့နှင့် ဗုဒ္ဓသာသနာတော်သည် ခွဲခြား၍ရနိုင်မည်မဟုတ်ပေ။

ပုဂံခေတ်တွင် မင်းဆက်ပေါင်း (၅၅) ဆက်ရှိ၏။ ထိုတွင် (၄၂) ဆက်မြောက်သည် အနော်ရထာမည်သောသာသနာပြုမင်းဖြစ်၏။ ထိုမင်းကြီးသည် ဗုဒ္ဓသာသနာတော်အား လွန်စွာကြည်ညိုလှပြီး စည်ပင်ဖွံ့ဖြိုးလိုလှသဖြင့် ဆရာအရှင်ဖြစ်တော်မူသော ရှင်အရဟံဆရာတော်အား မြတ်စွာဘုရား၏ဓာတ်တော်မွေတော်တစ်ခုခုကို ချီးမြှင့်တော်မူပါရန် လျှောက်ထားခဲ့၏။

ထိုအခါ ရှင်အရဟံက -

"အရှင်မင်းကြီး နာကြားလော့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ မီးသင်္ဂြိုဟ်၍ မီးမလောင်ဘဲ ပကတိအတိုင်း တည်မြဲ၍နေသော အဘိမ္ဘိန္နဓာတ်တော် (၇) ဆူကြွင်းကျန်ကြောင်း၊ ထိုဓာတ်တော်များမှာ နဖူးသင်းကျစ်တော် (၁)ဆူ၊ ညှပ်ရိုးတော် (၂) ဆူ၊ စွယ်တော်(၄)ဆူ၊ စုစုပေါင်း (၇)ဆူရှိကြောင်း၊ ထိုစွယ်တော်ရှင်လေးဆူမှာ လက်ယာအထက်စွယ်တော်သည် တာဝတိံသာ၊ လက်ယာအောက်စွယ်တော်သည် ဘောဂဝတီနဂါးပြည်၊ လက်ဝဲအထက်စွယ်တော်သည် ဂန္ဓာရတိုင်းပြည်၊ လက်ဝဲအောက်စွယ်တော်သည် သီဟိုဠ်ပြည်တို့တွင် အသီးသီးပင့်ဆောင်ပူဇော်ထားခဲ့ကြပါကြောင်း၊ ဤတွင် အရှင်မင်းကြီးသည် လက်ဝဲအောက်စွယ်တော်ကိန်းဝပ်စံတော်မူရာ သီဟိုဠ်မှ ပင့်ဆောင်တော်မူပြီး ဘုမိနက်သန်ပြည်ပေါက်တွံမှ စပြီး မြန်မာနိုင်ငံတော်တစ်ဝန်းသာသနာတော်ထွန်းလင်းအောင်ဆောင်ရွက်တော်မူပါလော့"

ဟု မိန့်ကြားခဲ့၏။

ထိုမိန့်ကြားတော်မူချက်အတိုင်းပင် အနော်ရထာမင်းမြတ်သည် လက်ဝဲအောက်စွယ်တော်ကို သီဟိုဠ်မှပင့်ဆောင်ပြီး နန်းတော်တွင် တစ်နှစ်တာကိုးကွယ်ပူဇော်ခဲ့၏။ ထို့နောက် သက္ကရာဇ် ၃၉၇ ခုနှစ်တွင် စွယ်တော်မြတ်ကို ဆင်တော်ရတနာပေါ် တင်စေပြီးနောက် အနော်ရထာဘုရင်မင်းမြတ်သည် ဆင်တော်ရတနာကိန်းဝပ်ရာနေရာတွင် စွယ်တော်ရှင်ကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်မည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုပြီး စေလွှတ်တော်မူလိုက်ပါသည်။

ထိုအခါ ဆင်တော်ရတနာသည် ပုဂံပြည်နယ်နိမိတ်အတွင်း၌ တန့်ကြည့်တောင်နေရာ၊ ရွှေစည်းခုံနေရာ၊ လောကနန္ဒာနေရာ၊ တူရွင်းတောင်နေရာတို့၌ လေးနေရာကိန်းဝပ်ပြီး ပြက္ခရွှေတောင်ထိပ်၌ ငါးကြိမ်မြောက် ကိန်းဝပ်တော်မူပါသည်။ ထို့ကြောင့် စုစုပေါင်းစွယ်တော်ရှင်ငါးဆူတည်ထားခဲ့၏။ သို့သော် ပုဂံနယ်နိမိတ်အတွင်းရှိ စွယ်တော်လေးဆူသာသနာသည် ယနေ့တိုင် ထွန်းလင်းနေပါသည်။

တူရွင်းတောင်စွယ်တော်ရှင်မှပြန်လာပြီးနောက် ရွှေစည်းခုံစွယ်တော်ရှင်သို့ ဝင်ရောက်ဖူးမြော် အဓိဋ္ဌာန်ပြုပါသည်၊ ရွှေစည်းခုံစေတီတော်မြတ်ကြီးအားဖူးမြော်လိုက်ရသည်နှင့် ပထမဆုံးဖြစ်ပေါ်သည့် ခံစားလိုက်ရမှုမှာ ခိုင်မာတောင့်တင်းခြင်းအားရှိစေခြင်းပင် ဖြစ်သည်၊ တန်ခိုးတွင် ရွှေစည်းခုံဟုဆိုရိုးပြုခဲ့ကြခြင်းကို အမှတ်ရမိသဖြင့် ရွှေစည်းခုံစေတီတော်ကြီး၏ တန်ခိုးရှိန်စော်အာနုဘော်တော်အောက်၌ ခိုလှုံလိုက်ရသကဲ့သို့လည်း ခံစားမိလိုက်ပါသည်။

ဤတွင် ပုဂံခေတ် ရွှေစည်းခုံစေတီတော်၏ဟန်နှင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးတို့၏ဟန်နှစ်မျိုးကို ယှဉ်ထိုးကာစဉ်းစားမိလိုက်ပါသည်၊ ရွှေတိဂုံစေတီတော်၏ဟန်သည် အင်းဝနှင့်ခေတ်ပြိုင်ဟန်အဖြစ် ယနေ့ထက်တိုင်ပြောင်းလဲမှုမရှိဘဲ တည်ရှိလာခဲ့ပါသည်၊ ထိုဟန်ကို နောက်ဆုံးဖော်ဆောင်ခဲ့သူမှာ ဘုရင်မကြီးရှင်စောပု ဖြစ်သည်၊ ရွှေစည်းခုံသည် တိုင်းပြည်တည်ဆောက်ရေးကာလဖြစ်သောနိမိတ်ပုံကိုဖော်ညွှန်းသည့် တောင့်တင်းခိုင်မာခြင်းသဘောဖြစ်သည်၊ ထုထည်ကြီးခြင်း၊ တုတ်ခိုင်ခြင်းဟန်မျိုးဖြစ်ပြီး ရွှေတိဂုံစေတီတော်၏ဟန်သည် တိုင်းပြည်ဖွံ့ဖြိုးအေးချမ်းသာယာချိန် အနုပညာလက်ရာအထွတ်အထိပ်ဖြစ်သည့် သွယ်ပျောင်းမြင့်မားကြီးကျယ်နှစ်သိမ့်ကျေနပ်စေသောရေးဟန်ကိုဖြစ်စေပါသည်။ ထို့ကြောင့်လည်း ရွှေစည်းခုံစေတီတော်ကြီးကိုဖူးမြော်ရာ၌ ခံစားရရှိသောရသနှင့် ရွှေတိဂုံစေတီတော်ကြီးကိုဖူးမြော်ရသောရသတို့သည် တစ်မျိုးစီပင် ထူးခြားစွာရှိလှပါသည်၊

ထိုမှတစ်ဖန် ရွှေစည်းခုံစေတီတော်ကြီးတည်မည့်အချိန်တုန်းကအဖြစ်အပျက်တစ်ခုကိုလည်း သတိရမိပါသေးသည်။

အနော်ရထာမင်းသည် စွယ်တော်ရှင်စေတီတော်များတည်မည်ဟုအဓိဋ္ဌာန်ပြီး ဆင်မြတ်ရတနာပေါ်တွင် ဗုဒ္ဓမြတ်စွယ်တော်ကိုတင်ပြီးလွှတ်ရာ ဆင်မြတ်ရတနာသည် ဧရာဝတီမြစ်ကမ်းဘေး [illegible]သောင်ခုံပေါ်၌ ကိန်းဝပ်တော်မူလေ၏၊ ထိုအခြေအနေကိုတွေ့သော အမတ်[illegible]က အနော်ရထာဘုရင်သို့ သံတော်[illegible]





www.burmeseclassic.com

www.burmeseclassic.com

## နတ်မောက်မင်းသန့်နိုင်

# ကုဏ္ဍာသယသာသနာငါးထောင်အင်း

ကုဏ္ဍာသယသာသနာငါးထောင်အင်းကို သိသူနည်းပါးပါသည်။ အချို့ဝါသနာရှင်အများသိထားကြသော်လည်း သူ့အရပ်သူ့ဓလေ့ အမည်ပညတ်အခေါ်အဝေါ် ကွဲလွဲချက်များရှိနေပါသည်။ အချို့ဆရာများက ဤအင်းကို ပီယအင်းဟုလည်းကောင်း၊ အချို့ဒေသတွင် ဝိဇ္ဇာလက်သုံးအင်းဟု လည်းကောင်း သမုတ်ကာ စီရင်နေသည်ကိုတွေ့ကြုံရပါသည်။

ကျွန်ုပ်အနေဖြင့် လူသိလူတတ်လုပ်၍တင်ပြခြင်းမဟုတ်။ဝါသနာတူဝါသနာထုံသူချင်း လက်တို့အသိပေးမျှဝေတင်ပြခြင်း ဖြစ်ပါသည်။

အခြားသူများ မည်သို့စီရင်သည်မသိပါ။ ကျွန်ုပ်စီရင်အောင်မြင်ခဲ့ပုံကို ရိုးသား ပွင့်လင်းစွာ တင်ပြပါမည်။

ဦးစွာပထမ (၉) ရက်အဓိဋ္ဌာန်ဖြင့် စပါသည်။ ထို (၉) ရက်တွင် နေ့စဉ်သက်သတ်လွတ်ဆားဟင်းနှင့်ထမင်းစားပြီး ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပါသည်။ ပုတီး (၉)ပတ်စိပ်ပြီး ငါးပါးသီလကို ထို (၉) ရက်တွင် လုံးဝမကျိုးမပေါက်အောင် စောင့်ထိန်းပါသည်။ သို့သော်ကိုယ်ကျင့်တရားဆိုသည့်အတိုင်း ကိုယ်ကကျင့်နိုင်သော်လည်း စိတ်မှာ အနည်းငယ်ယိုင်သည့်နေ့များရှိခဲ့ပါသည်။ ဥပမာ အမွှေးနံ့သာကို နှစ်ခြိုက်စွာရှူမိခြင်း၊ အလှအပကိုမက်မောခြင်းတို့ဖြစ်တတ်ပါသည်။ စိတ်၏အရိပ်ကို တကယ်အထိန်းရခက်ပါသည်။အတော်ခက်ခက်ခဲခဲထိန်းခဲ့ရပါသည်။ အလွန်ပင်အနှောင့်အယှက်တွေ့ရတတ်ပါသည်။

ငါးပါးသီလစောင့်ထိန်းခြင်း၊ ဂုဏ်တော် (၉) ပါးကို နေ့စဉ်ပုတီးစိပ်ခြင်း၊ သက်သတ်လွတ်စားခြင်း အဓိဋ္ဌာန် (၉) ရက်အောင်မြင်ပြီးပြီဆိုမှ ဤအင်းကို စီရင်ပါ။ တစ်ခုတင်ပြလိုသည်မှာကား (၉) ရက်အဓိဋ္ဌာန်ဟု ဆိုရမည်ဆိုသော်လည်း ငုတ်စိုက်တုတ်ရိုက်တရားသေမှတ်မထားပါနှင့်။ စာရေးသူ၏ဝါသနာတူ ပုတီးစိပ်ဖက်မိတ်ဆွေမှာ -

"ကိုယ်တော့ အချိန်မပေးနိုင်တဲ့ အခါဖြစ်နေလို့ (၃) ရက်ပဲ ဓိဋ္ဌာန်နိုင်တယ်"

ဟု ဆိုကာ သုံးရက်အဓိဋ္ဌာန်ပြီး စီရင်ရာ အောင်မြင်သွား၏။ သို့အတွက် (၃) ရက်၊ (၅) ရက်၊ (၉) ရက်၊ (၁၁)ရက်၊ (၁၈) ရက် စသဖြင့် မိမိနိုင်သလောက်သာ အဓိဋ္ဌာန်ပြုစီရင်နိုင်ပါသည်။

ဤအင်းစီရင်ရန်အတွက် ဦးစွာ ရွှေပြား (မတတ်နိုင်လျှင်) ငွေပြား သုံးလက်မပတ်လည် မထူးမပါးဖြစ်အောင် အနေတော်ဖြစ်စေရန် ပန်းထိမ်တွင် အပ်နှံလုပ်ခိုင်းပါ။ ရပြီဆိုလျှင် မိမိဘာဖြစ်ချင်လဲ၊ ဖြစ်ချင်သည့်ကိစ္စ၊ အဖြစ်ချင်ဆုံး၊ အလိုချင်ဆုံး၊ မိမိနှင့်အနီးစပ်ဆုံး ဆုတစ်ဆုစဉ်းစားဆုံးဖြတ်ပါ။ မိမိနှင့် အလှမ်းဝေးလွန်းသော၊ မိမိဘယ်လိုမှ မဖြစ်နိုင်သော အရာကိုမစဉ်းစားပါနှင့်။

ဥပမာ ထီတစ်ခါမှ တစ်စောင်မှ မထိုးဘဲထိုင်နေပြီး ထီသိန်းတစ်ထောင်ပေါက်ချင်သည်ကဲ့သို့။

အရက်သောက် ဖဲရိုက် မိန်းမရှုပ်နေပြီး နိဗ္ဗာန်ရောက်ချင်ပါသည်မျိုး။

မိမိနာမည်ပင် ကောင်းစွာမရေးတတ်ဘဲနှင့် ကထိကဖြစ်ချင်ပါသည်၊ ပါချုပ်ဖြစ်ချင်ပါသည်မျိုး စသည် စသည်ဖြင့် မဖြစ်နိုင်သည်များ မတွေးပါနှင့်။ ရှုံးတတ်သည်။

---

တင်ရာ ဘုရင်လည်း နန်းတော်မှထွက်၍ ကိုယ်တော်တိုင်ကြည့်တော်မူလေရာ ဆင်မြတ်ရတနာသည် အမှန်တကယ်ပင် အလွန်တရာနိမ့်ဝှမ်းလှသော သဲစည်းခုံအရပ်၌ကိန်းဝပ်နေသည်ကိုတွေ့ရသဖြင့် စိတ်မချမ်းမသာဖြစ်သွားပြီး -

"ဤမျှနိမ့်ဝှမ်းသောအရပ်၌ စေတီတစ်ဆူ မည်ကဲ့သို့တည်ပါမည်နည်း"

ဟု ညည်းတွားလေ၏။

အနော်ရထာမင်းကြီး၏အဖြစ်ကို ရှေ့စောင့်ကြပ်သော နတ်နဂါးတို့က အကယ်၍သာ ဤအရပ်၌ စေတီတော် မတည်ဖြစ်ခဲ့ပါမူ အနော်ရထာမင်းကြီး၏ အဓိဋ္ဌာန်ပျက်ပြယ်ခြင်းဖြစ်ရလေတော့မည်။ ထို့အတွက် အနော်ရထာမင်းကြီး၏ပါရမီကို ကူညီသောအားဖြင့် ရေနတ်နဂါးတို့သည် ဧရာဝတီမြစ်၏ အစွန်းထွက်နေသောသဲစည်းခုံ ပို၍မြင့်မားသည်ထက်မြင့်မားလာအောင် မြစ်ထဲရှိသဲများဖြင့်ကျစ်ကာဖို့ပြီး ကူညီကြလေသည်။ ထိုအခါ သဲစည်းခုံကြီးသည် အလွန်အင်မတန်မှမြင့်မားပြီး မဟာပထဝီမြေသားနှင့် တညီတညွတ်တည်းဖြစ်လာခဲ့လေတော့၏။

ထိုအခါ ဘိုးတော် သိကြားမင်းလည်းမနေသာတော့ဘဲ 'အင်း- အနော်ရထာမင်း၏ပါရမီကို ရေနတ်နဂါးတို့၏ ကူညီလုပ်ဆောင်မှုကြောင့်နိမ့်ဝှမ်းလှသော သဲစည်းခုံသည် အလွန်ပင်မြင့်မားလှပြီး မဟာပထဝီမြေသားနှင့်တစ်ကြောတည်း တစ်စပ်တည်းဖြစ်သွားလေပြီ။ သို့သော် ဤအတိုင်းထားမည်ဆိုပါက တစ်နေ့သောအချိန်တွင် မြစ်ရေတိုက်စားပြီး ထိုသဲစည်းခုံကြီးသည်လည်း ဖရိုဖရဲနှင့် ပြိုကွဲသွားမည်မှာ ဧကန်ပင်ဖြစ်တော့၏။ ထိုသို့မဖြစ်အောင် ဘိုးတော်သိကြားလည်း ကိုယ်တိုင်ဆင်း၍ လက်ယာလက်ဖြင့် သုံးကြိမ်လှည့်ပတ်အဓိဋ္ဌာန်ပြုတော်မူရာ ထိုသဲစည်းခုံကြီးသည် ကျောက်သားပကတိအတိပြီးသွားလေတော့၏။

ထိုအခါတွင်မှ အနော်ရထာမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး စွယ်တော်ရှင် စေတီတော်မြတ်ကြီးကို သစ္စာပန္နက်အတိုင်းချ၍ တည်တော်မူ၏။ စေတီတော်၏ ဘွဲ့တော်ကိုလည်း မူလ သဲစည်းခုံ ပေါ်တွင်တည်ရခြင်းဖြစ်သဖြင့် ရွှေစည်းခုံစေတီဟု သမုတ်အပ်တော်မူလေ၏။ ထိုအဖြစ်အပျက်ကြောင့်လည်း ရွှေစည်းခုံဘုရားကို လူတစ်ရစ် နတ်တစ်ရစ်တည်သည်ဟု ဆိုရိုးရှိခဲ့ခြင်းဖြစ်ပေ၏။

ရှေ့လဆက်ရန်

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

အနီးစပ်ဆုံးအကြံပြုရလျှင် ဘုရားရှေ့တွင် သစ္စာအဓိဋ္ဌာန်ပြုပါ။ လစဉ် ထီ (၅) စောင်မှ မင်္ဂလာစုံတွဲထီအတွဲများအထိ မိမိတတ်စွမ်းသလို ထီထိုးသွားပါမည်။ ထီသိန်းတစ်ထောင်ဆုကြီးပေါက်ရပါလို၏ဟု အဓိဋ္ဌာန်ဆုတောင်းပါ။

ထို့နောက် ထီပေါက်စေရန် စီရင်ပါ။ မိမိဆန္ဒရှိသည်ကိုချရေးလိုက်ပါ။

(ထီသိန်းတစ်ထောင်ပေါက်ပါစေ)

၎င်းဆန္ဒစာလုံးများ၏နံသင့်ဂဏန်းများချရေး၍ ပေါင်းရပါမည်။

ဥပမာ- ထီသည် တ၊ ထ၊ ဒ၊ ဓ၊ န စနေနံဖြစ်၍ (၇) ဂဏန်း။ သိန်းသည် သ၊ ဟ၊ သောကြာနံဖြစ်၍ (၆) ဂဏန်း။ ဤသို့လျှင် နံသင့်ဂဏန်းများချရေးပေါင်းရပါမည်။ ဆက်လက်ရှုပါ။

| | | | | | | |
|---|---|---|---|---|---|---|
| ထီ | သိန်း | တစ် | ထောင် | ပေါက် | ပါ | စေ |
| ၇ + | ၆ + | ၇ + | ၇ + | ၅ + | ၅ + | ၃ |
| = ၄၀ | | | | | | |

မိမိ၏ဆန္ဒ ထီသိန်းတစ်ထောင်ပေါက်ပါစေကို နံသင့်ဂဏန်းများချရေးပေါင်းလိုက်သောအခါ (၄၀) ရပါသည်။ ထို (၄၀) သည် ပထမတည်ရင်းဂဏန်းဟုမှတ်ထားပါ။

အထက်ပါတည်ရင်းဂဏန်း (၄၀) ကို ဂြိုဟ်ကြီး (၈) လုံးရှိသဖြင့် (၈) နှင့်မြှောက်ပါ။

၄၀ × ၈ = ၃၂၀
(၃၂၀) ရပါသည်။

၎င်း (၃၂၀) ကို သာသနာ(၅၀၀၀) ထဲမှာ နုတ်သောအခါ -

၅၀၀၀ - ၃၂၀ = ၄၆၈၀
ရပါသည်။

ထို(၄၆၈၀)သည် ပထမအင်းဆန်ပင် ဖြစ်ပါသည်။

သုံးလက်မပတ်လည် ရွှေပြား သို့မဟုတ် ငွေပြားပေါ်တွင် တစ်လက်မပတ်လည် အင်းကွက်များချသောအခါ ညီညာသောအင်းကွက် (၉) ကွက်ရပါမည်။ ထိုအင်း(၉)ကွက်မှ အဂ္ဂိထောင့် (အရှေ့တောင်အကွက်)တွင် ပထမအင်းဆန် (၄၆၈၀) စတင် ရေးသွင်းပါ။ ထို့နောက် ဗုဒ္ဓဟူး (တောင်ဘက်အကွက်) တွင် ပထမအင်းဆန်ဂဏန်း (၄၆၈၀) ထဲသို့ မူလဖြစ်ချင်သည့်ဆန္ဒတည်ရင်းဂဏန်း (၄၀) ကိုထည့်ပေါင်းပြီးရေးသွင်းပါ။

ထိုအခါ (၄၇၂၀) ရရှိပါမည်။ ထိုသို့ပင် နာရီလက်တံလှည့်သကဲ့သို့ တည်ရင်း ဂဏန်း(၄၀)ကိုပေါင်း၍ပေါင်း၍ အင်းဆန်ဂဏန်းများရေးသွင်းသွားပါ။ နောက်ဆုံးအလယ်ကွက်၌ သာသနာ (၅၀၀၀)ကိုရပေတော့မည်။ အလယ်ကွက်တွင် သာသနာ (၅၀၀၀) မကိုက်လျှင် အပေါင်း၊ အနုတ်၊ အမြှောက် လွဲနေခြင်းဖြစ်မည်။ ပြန်တွက်ပါ။

လက်တွေ့ချရေး၍ သုံး၊လေးကြိမ် စက္ကူပေါ် စမ်းသပ်ရေးပြီးမှ လုပ်ဆောင်ခြင်းသည် အကောင်းဆုံးဖြစ်ပါမည်။ လွဲသွားလျှင် အလဟဿဖြစ်ပါမည်။ နမူနာ အောက်တွင်ရေးဆွဲပြလိုက်ပါသည်။

| | | |
|---|---|---|
| ၄၉၂၀ | ၄၉၆၀ | * ၄၉၈၀ |
| ၄၈၈၀ | ၅၀၀၀ | ၄၇၂၀ |
| ၄၈၄၀ | ၄၈၀၀ | ၄၇၆၀ |

နမူနာ ထီသိန်းတစ်ထောင်ပေါက်ပါစေအင်းကွက်ကို ကြည့်ခြင်းအားဖြင့် ဝါသနာရှင်တို့သဘောပေါက်မည်ထင်ပါသည်၊ စတင်အင်းဆန်သွင်းရမည့်အဂ္ဂိထောင့်အကွက်ကို (*) ပြထားပါသည်။

အထက်ပါအတိုင်းအင်းကွက်များမကျိုးမပေါက်ရေးဆွဲပြီး အင်းဆန်ဂဏန်းများရေးသွင်းပြီးပြီဆိုပါက အင်းကိုအသက်သွင်းရပါမည်။ အောက်ပါ မန္တန်ဖြင့် အင်းပြားကို လက်ဝဲနှစ်ဖက်တွင်ညှပ်ထားပြီး ဘုရားကျောင်းဆောင်ရှေ့တွင် သို့မဟုတ် မိမိတို့ဒေသတွင်ရှိ တန်ခိုးကြီးဘုရားတစ်ဆူဆူရှေ့တွင် (၇) ခေါက်မွမ်းရပါမည်။

မန္တန်စုတ်နေစဉ်၊ မန်းနေသည့်အချိန်တွင် ပါးစပ်မှသက်ပြန်မရှိုက်မိပါစေ နှင့်။ ရေမိုးချိုးသန့်စင်ပြီး လွတ်လပ်ချောင်ချိပေ့ါပါးသန့်စင်သော အဝတ်အထည်ဝတ်ပါ။ တံတွေးမျိုမချရ။ ထသွားထလာမလုပ်ရ။ မန္တန် (၇) အုပ်မပြီးမချင်း ထိန်းသိမ်းပါ။

အင်းအသက်သွင်းမန္တန်မှာ -

**ဉုံ ဣတိအရဟံ-အဝိဇ္ဇာထာက ဩသမံ**
**သဝိဇ္ဇာထာကံ သမ္မာအံအံ**

ဟု အသံဌာန်ကရိုဏ်းကျကျ စိတ်နှင့်မာန်နှင့် ဖြစ်ရမည်၊ အောင်မြင်ရမည်ဟူသောအောင်စိတ်ဖြင့် (၇) ခေါက်မ[န်း]ပါ။

ဤနေရာတွင် တင်ပြလို[သေး]သည်။ အင်းပြားကို ထိုသို့အသက်သွ[င်း]မန္တန် (၇) အုပ်မန်းပြီး အသက်ဝင်လာလျှင် သို့မဟုတ် အမြန်အောင်မြင်စေ[ ]မည်ဆိုလျှင် အင်းပြားသည် လက်ဝဲနှ[စ်]ဖက်ကြားတွင် လှုပ်တုန်ပြတတ်သည်[။] မသိမသာသော်လည်းကောင်း၊ သိသိသာသာသော်လည်းကောင်း လက်ဖဝါးထဲတွင် အင်းပြားတုန်ခါလှုပ်ပြတတ်[ပါ]သည်။ ကျွန်ုပ်မိတ်ဆွေတစ်ယောက်မှာ စိတ်မနှံ့သောတစ်ယောက်က လာ၍အင်းပြားကို တောင်းခြင်း၊ လုခြင်းကြုံ[ခဲ့]ရဖူးပါသည်။ အံ့ချီ့မှာ အလှူခံပုဂ္ဂိုလ်[က] လာရောက်အလှူခံသည်ကိုလည်းတွေ့ကြုံရတတ်ပါသည်။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း အင်းပြားကို အသက်သွင်းမန္တန်စုတ်[ပြီး]ပြီဆိုလျှင် အစွမ်းထက်စေရန်အတွက် အောက်ပါမန္တန်ဖြင့် (၇) ခေါက်သိဒ္ဓိတင်ပေးရပါမည်။

**ဉုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ**
**သိဒ္ဓိအပေါင်း ထောင်းထောင်း**
**ထက်ဆရာထက်**

အထက်ပါအတိုင်း သိဒ္ဓိတင်ပြီး[ပြီ]ဆိုလျှင် အောင်မြင်ပြီဖြစ်ပါသည်။ မိမိ[၏] အိတ်ကပ်၊ ငွေအိတ်တွင်ဆောင်ထားနိုင်ပါသည်။ နေအိမ်တွင်နေလျှင် ဘုရားကျောင်းဆောင်တွင် သီးခြားကလပ်လေးနှင့် တင်လှူထားနိုင်ပါသည်။

မမြတ်သောမီးနေခန်း၊ ထဘီကြိုးတန်းများအောက်မဝင်မိပါစေနှင့်။ သုံးလကြာပြီ၊ တစ်နှစ်ရှိပြီ၊ ဘာမှမစွမ်းဘူးဟုယူဆပြီး အင်းပြားကို လွှင့်ပစ်ခြင်း၊ သူတစ်ပါးပေးပစ်ခြင်းမပြုပါနှင့်။ သူ့အချိန်တွင် မုချအစွမ်းပြအောင်မြင်လာပါလိမ့်မည်။ မယုံမရှိပါနှင့်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ (၂) နှစ်ကျော်တွင် ထီသိန်းတစ်ရာယူနစ်ဆုပေါက်ခဲ့ဖူးပါပြီ။

ဝါသနာရှင်တိုင်း၊ ဝါသနာတူသူတိုင်း မခက်မခဲ မပင်မပန်း ရှင်လန်းဝမ်းမြောက်စွာစီရင်ပြုလုပ်နိုင်ရန် လက်ဆင့်ကမ်း တင်ပြလိုက်ခြင်းဖြစ်ပါသည်။

*သင်ဆရာ၊ မြင်ဆရာ*
*ကြားဆရာများအား*
*လေးစားဂါရဝပြုလျက်*

**နတ်မောက်မင်းသန့်နိုင်**



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်စာ ထမင်းနဲ့ ဧည့်ခံကျွေးမွေး၍ ခေတ္တအနားယူပြီး လက်တွေ့စခန်းကိုစပါတော့သည်။ ရှေးဦးစွာ 'မြွေလေးစင်း၊ 'မင်းလေးပါး' ခေါ် စိန်၊ ဆေးဒါန်း၊ ကန့်၊ ဟင်းရိုင်းနီ စတဲ့ ဓာတ်လေးပါးကို (၁) ပါးချင်းစီ သေချာစွာ အမှုန့်ပြုပြီး ထပ်ပြီး (၄) ပါးစလုံး ကောလီကျအောင် ပြန်ထောင်းပြီး စကာစိပ်နဲ့ အမှုန့်နုပြန်ချယူထားပါတယ်။

ပြီးရင် ကျန်တဲ့ဓာတ်ဆေးတွေကိုလည်း (၁) ပါးချင်းစီ အမှုန့်ပြုပြီးမှ ယမ်းစိမ်း၊ ဆား၊ လက်ချား၊ ဇဝက်သာ၊ ကျောက်ချဉ် ဓာတ်ဆေး (၅) ပါးကို စုပေါင်းပြီးကောလီကျပြီးညက်နေအောင်ထောင်းရပါတယ်။

၎င်းဆေး(၅)ပါး ကောလီသားကျမှ မင်းလေးပါး ကောလီသားကျနေတဲ့ ဓာတ်ဆေးများကိုထည့်ပြီး စုပေါင်း၍ ဓာတ်ဆေး (၉) ပါးစလုံး အားလုံးရောသမပြီး ကောလီသားကျပြီး မိန်းကလေးများလိမ်းခြယ်တဲ့ မိတ်ကပ်အသားလို အိညက်စေးပိုင်နေပြီး မသိရင် တကယ်မိတ်ကပ်အရောင်လို ပုစွန်ဆီရောင်သန်းနေတဲ့ 'နဝင်းဆေး' ကောလီသားကိုရပါပြီ။

"ဒီနေရာမှာ ခင်ဗျားတကယ်သိထားရမှာက နဝင်းဆေးဆိုတဲ့အဓိပ္ပာယ်စကားအတိုင်း ဆေးမချက်မီ ဆေးထောင်းစဉ်ကတည်းက နဝင်းကျပြီး ဆေးသားကောလီကျနေမှ ဆေးချက်တဲ့အခါနဝင်းဓာတ်ပေါ်ပြီးနဝင်းအဆီအသားကိုရတော့မှာပေါ့။

ဒါမှ ကိုယ်လိုတဲ့ဓာတ်ကိုချုပ်သတ်နိုင်တဲ့ ဆေးစွမ်းကောင်းတစ်လက်အဖြစ်အသုံးချနိုင်မှာပေါ့ဗျာ"

(နဝင်းဆေး ကောလီသားကျသည်ဆိုသည်မှာ ဓာတ်(၉)ပါးစလုံးရောစပ်ပြီး ကြိတ်ထားတဲ့ ဆေးသားဟာ မိတ်ကပ်အသားလိုနုညက်ပြီးပျော့ပျောင်း၍ လက်ညှိုးနဲ့လက်မနှစ်ခုနှင့် ပွတ်ကြည့်လိုက်လျှင် လက်ဗွေအရေးအကြောင်းလေးများကဲ့သို့ ပုစွန်ဆီရောင်၊ မိတ်ကပ်ရောင်ဆေးသားများနစ်ဝင်သွားတဲ့အထိ နုညက်ချောအိနေအောင်ကြိတ်ရပါသည်။)

နဝင်းဆေးချက်တော့မည်ဆိုတော့ (၆) လက်မအမြင့်ရှိတဲ့ သံခွေတပ် (၃) ချောင်းထောက် ဖိုခနောက်ခွေ(၁)ခုမှာ (၈) လက်မသံကျွတ်ဒယ်အိုး(၁)လုံးတင်ပြီး နဝင်းဆေးကောလီသားများကိုထည့်၍ ပထမထုံးကျက်ရေကြည်(၁)ပုလင်းစာထည့်ပြီး ဝါးခြမ်းပြားထင်းမီးလေးနဲ့ မီးအရှိန်ပျော့ပျော့ပေးပြီး ဆေးရည်ဆူပွက်လာတဲ့အထိ မီးအေးအေးနဲ့ချက်ပါ။

ဆေးချက်နေစဉ် ဝါးယောက်မ ထူထူထိပ်စောင်းထက်ထက်နှင့်မပြတ်မွှေပေးပါ။ ပထမဆေးရည်ခန်း၍ပျစ်လာတဲ့အချိန်မှာတော့ ဒုတိယထုံးရေကြည် (၁)ပုလင်းထပ်ထည့်ပြီး ယခင်အတိုင်းမီးအေးအေးနဲ့သာချက်သွားပါ။

ဆေးရည်ခန်းလာပြီး ပျစ်ခဲ၍ရွှံ့နှစ်လိုဖြစ်လာလျှင် သံဒယ်အိုးဖင်မှာဆေး ချိုးမကပ်အောင် သတိမပြတ်ထားပြီး ဆက်တိုက်မွှေပေးပါ။ ဒီလိုနဲ့ နဝင်းဆေးဟာအရည်ခန်းလာပြီး ဆေးအပေါ်မှာ ရေငွေ့များပြန်တက်လာပြီး ဆေးသားသည် ခြောက်သွေ့၍ လိမ္မော်ရောင်အရင့်မှ အရောင်ဖျော့ဖျော့ဖြစ်လာပြီး နောက်ဆုံးပိတ်ဆက်တိုက်မပြတ်မွှေပေးနေရင်းနဲ့ ကြွက်ကျစ်စာခဲလေးများလိုအလုံးလိုက်လေးတွေဖြစ်လာ၏။ရေလုံးဝကုန်သွားပြီဆိုလျှင် နဝင်းဆေးချက်လို့ပြီးဆုံးသွားပါပြီ။

၎င်းဆေးကို ဒယ်အိုးအောက်ချပြီး ဆက်မွှေပေးပြီး အတော်အသင့်အေးလာပြီဆိုလျှင် မွှေတာကိုရပ်ပြီး လုံးဝအေးသွားတဲ့အထိ အအေးခံထားလိုက်ပါ။

ပြီးရင် နဝင်းဆေးကို ဖန်ဘူး (သို့) ကော်ဘူးတွင် သေချာထည့်၍ လေလုံအောင်သိမ်းဆည်းထားပါ။ သုတေသီဝါသနာရှင်များ ယခု စာရေးသူတင်ပြခဲ့သည်အထိ နဝင်းဆေးကိုသေချာအောင်မြင်အောင် ဖော်စပ်လုပ်ဆောင်နိုင်ခဲ့ပြီဆိုလျှင် ခရီးတစ်ဝက်ရောက်ပြီဟု မှတ်ယူနိုင်ပါသည်။

ဒီတော့ မိမိတို့မှာ ဆေးကောင်းဝါးကောင်းရှိထားပြီး လွင့်ပျံထွက်ပြေးစေတတ်တဲ့ အကာသဓာတ်များကို ချုပ်ကိုင်ဖမ်းအုပ်ဖို့ လိုအပ်လာရင် (၁၀)ပါး နဝင်းဆေးဟာ ဉာဏ်ကွန့်နိုင်သလောက် အကျိုးကျေးဇူးများလှပါသည်။

ဒါမှ မိမိတို့မှာ စွဲကိုင်ထားတဲ့လက်နက်ဟာ ဘယ်အတိုင်းအတာအထိ စူးရှထက်မြက်ပြီး အရှိန်အင်အားဘယ်လောက်ပြင်းထန်ခရီးရောက်သလဲဆိုတာကို သိထားမှသာ သူ့ကို ပိုင်နိုင်စွာ အသုံးချနိုင်ကြမည်ဖြစ်ပါသည်။

'ဝန်နဲ့အား လေးနဲ့မြား သတ္တဝါနဲ့လက်နက်' သင့်တော်အောင် ချိန်ဆနိုင်ပါမှ တစ်ချက်ပစ် တစ်ကောင်သေ နှစ်ချက်ပစ် နှစ်ကောင်ရဆိုသလို ဖြစ်ပေမည်။

နောက်တစ်ခုက အဂ္ဂိရတ်ဝါသနာရှင်သုတေသီများ သတိထားဖို့ရန်အရေးကြီးတဲ့အချက် -

'အိန္ဒြေတန်ဆန်ခတ် အဂ္ဂိရတ် မပြတ်ပညာမျက်စိပါမှ လိုတရ၏' ဆိုတဲ့ စကားရပ်လေးကို အထူးသိထားသင့်ပေသည်။

စာရေးသူ ရှေ့လတွင် ဆက်လက်ဖော်ပြမည့် သွပ်၊ ပြဒါး စသော အကာသဓာတ်များကို ဖမ်းချုပ်ပြီး တစ်လုံးတစ်မီးနှင့် ကိုယ်လိုရာခရီးရောက်အောင် စွမ်းဆောင်နိုင်ကြစေရန် စေတနာအရင်းခံဖြင့် လုပ်ထုံးလုပ်နည်းစနစ်ကိုအသေးစိတ်တင်ပြပေးပါမည်။

မင်းချမ်းမြေ့(ပုသိမ်)

**မင်းချမ်းမြေ့ (ပုသိမ်)**

**သွပ်ဆေးတစ်ပဲ ရွှေတစ်လုံးညီး**
**ဖမ်းတိုင်းမရ လွန့်ခက်လှ၏**
**(သွပ်ဖမ်းဆရာ ကိုယ်တွေ့ကြုံခဲ့ရာ အကြံပြုလိုရာ ဓာတ်လမ်းစဉ်)**





www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းဝေ
## (ပြည်)



# ဝိဇ္ဇာပေးသောဆေးသုံးလုံးနှင့် လက်မှတ်သုံးစောင်

၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ၏ တစ်နေ့သော ညနေဆည်းဆာသည် အလွန်ပင် သာယာလှပ၍နေပေသည်။ အနောက်ဘက်မိုးကုပ်စက်ဝိုင်းပေါ်တွင် လိမ္မော်ရောင်အဆင်းဖြင့် ဝါဝင်းတောက်ပလျက်ရှိသော နေဝန်းကြီးသည် မကြာမီပင် ဘင်္ဂလားပင်လယ်အော်၏ အေးမြသောရင်ခွင်သို့ ခိုဝင်မှေးစက်တော့မည့်ဟန်ရှိလေ၏။ နေမင်း၏ ဝါဝင်းသောအရောင်တို့သည် အရှေ့ဘက်ကောင်းကင်ယံတွင် ပြေးလွှားရွေ့လျားနေသော တိမ်တောင်တိမ်လိပ်များကို ရွှေရောင်ဝင်းဝါတောက်ပစေ၏။ ထိုတိမ်တောင်တိမ်လိပ်များကို ရွှေရောင်ဝင်းဝါတောက်ပစေ၏။ ထိုတိမ်တောင်တိမ်လိပ်တို့သည် မိုးအထိမြင့်မားလှသော ရခိုင်ရိုးမ၏ တောင်ဆွယ်တောင်ထွတ်များအကြားသို့ လေနှင့်အတူ လိုက်ပါစီးမျောကာ ပြေးလွှားဆော့ကစားနေဟန်ရှိပါလေသည်။ ရခိုင်ရိုးမ၏တောင်ဆွယ်တောင်ထွတ်တို့သည်လည်း နတ်ပန်းချီဆေးရောင်ခြယ်သကဲ့သို့ အရောင်မျိုးစုံပြောင်းကာ ဝဲ၊ လက်ယာအတွန့်အတွန့်နှင့်အလွန့်အလွန် သာယာလှပနေလေ၏။

ထိုလှပလွန်းသော သဘာဝအလှတရားတို့ကို ဈာန်ဝင်ငေးမောတွေးတောနေသော ဦးသာထွန်းသည် ပြန်လည်အသိဝင်ကာ လက်တွင်ကိုင်ထားသော တံစဉ်ကို မြက်ခြင်းတွင် ထိုးချိတ်လိုက်လေ၏။ ထို့နောက် ပြည့်မောက်နေသော နွားတောင်းကို ရှေ့နောက်ထမ်းလျက်က သံပုရာကိုင်းရွာအဝင်လမ်းဆီသို့ ခပ်သုတ်သုတ်ပင်လှမ်းလာခဲ့တော့သည်။ အိမ်သို့ရောက်လျှင် အနားပေးထားသော ခိုင်းနွားနှစ်ရှဉ်းကို အစာဝလင်အောင် ကျွေးမွေးရပေဦးမည်။

ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့ မိသားစုနေထိုင်ရာ သံပုရာကိုင်းရွာလေးသည် တန်းလွဲချောင်း၏လက်ယာဘက်ကမ်းနဖူးပေါ်တွင် ရွာမရွာ၊ ခမောင်းချိုင်ရွာ၊ ငလုံးပေါ်ရွာ၊ ကမ်းထောင့်ကြီးရွာနှင့် ကင်းတောင်ရွာတို့နှင့်အတူ အစဉ်လိုက်တည်ရှိနေပေသည်။ ရခိုင်ရိုးမ၏ ဆင်ခြေလျှောတောင်ကုန်းတောင်တန်းများအကြားမှ ကွေ့ကောက်ကာ စီးဆင်းလာသော တန်းလွဲချောင်းသည် ထိုရွာများ၏အနီးမှ အနောက်ဘက်ရှိ ဘင်္ဂလားအော်သို့စီးဆင်းသွားလေ၏။ ထိုချောင်းနှင့်အပြိုင် တောင်ကုတ်ချောင်းသည်လည်း တောင်ဘက် (၁၀)မိုင်ခန့်အကွာတွင် စီးဆင်းလျက်ရှိပေသည်။

ထိုကဲ့သို့ စီးဆင်းလာသောချောင်းနှစ်သွယ်သည် အနောက်ဘက် ဘင်္ဂလားပင်လယ်အော်ကမ်းစပ်တွင် တောင်မြောက်ခွဲဖြာစီးဆင်းနေသော ကလိန်တောင်မြစ်နှင့် ပေါင်းဆုံသွားလေ၏။ ကလိန်တောင်မြစ်သည် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ မြစ်ဝများစွာခွဲဖြာစီးဆင်းနေလေသည်။ တန်းလွဲချောင်းနှင့် တောင်ကုတ်ချောင်းတို့သည် ရခိုင်ရိုးမကိုအခြေပြု၍ စီးဆင်းကြသော်လည်း ပင်လယ်နှင့်ဆက်စပ်နေသဖြင့် ဒီရေအတက်အကျကိုသာ အားပြုစီးဆင်းနေကြရလေသည်။ ထို့ကြောင့် ရွာသူရွာသားတို့မှာ ဒီရေအတက်အကျပေါ်တွင် မူတည်၍သွားလာလှုပ်ရှားရပေ၏။ အကွေ့အကောက်များလေသောကြောင့် ချောင်းအကွေ့တောင်ကုန်းများပေါ်တွင် ခရီးသွားများ အန္တရာယ်ကြုံက အာရုံပြုဖူးမြော်နိုင်စေရန် စေတီပုထိုးငယ်များကို တည်ထားကိုးကွယ်ခဲ့ကြလေသည်။

ရွာသူရွာသားများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြလေ၏။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လယ်လုပ်ငန်း၊ ခြံလုပ်ငန်း၊ ကိုင်းလုပ်ငန်း၊ သစ်ဝါးခုတ်ခြင်းလုပ်ငန်း၊ အမဲလိုက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြလေသည်။ သို့သော် အမဲလိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်သူအလွန်နည်းလေ၏။ ထိုစဉ်က သံပုရာကိုင်းကုန်းတန်းရွာကလေးမှာ အိမ်ခြေ (၆၀) ခန့်ရှိခဲ့လေသည်။ (ယခုအခါ ရွှေ့ပြောင်းသွားသူများလေသောကြောင့် အိမ်ခြေ (၂၀)ခန့်သာရှိပေတော့သည်။) ထိုသံပုရာကိုင်းရွာကလေးတွင် နေထိုင်ကြသော ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့ မိသားစုသည်လည်း လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြသူများ ဖြစ်လေသည်။ လယ်လုပ်ငန်းများပြီးဆုံးချိန်တွင် ဦးသာထွန်းသည် မိမိတတ်ကျွမ်းသော လက်သမားလုပ်ငန်း၊ လက်မှုပညာလုပ်ငန်း၊ တိုင်းရင်းဆေးဝါးကုသခြင်းလုပ်ငန်း၊ ဆေးဝါးဖော်စပ်ခြင်းလုပ်ငန်းတို့ဖြင့် မအားလပ်အောင်ရှိလေ၏။ ဦးသာထွန်းတို့ဇနီးမောင်နှံသည် အသက် (၄၀) ကျော်ခန့်သာရှိလေသည်။ သားသမီး(၄)ဦး ပွားစီးခဲ့လေ၏။ သို့သော် ရိုးသား၍ ကြိုးစားကြသောကြောင့် စားဝတ်နေရေးအဆင်ပြေကာ တင့်တောင့်တင့်တယ်နေထိုင်နိုင်ကြလေသည်။ ရွာသူရွာသားများမှာလည်း များသောအားဖြင့် လူတန်းစေ့နေထိုင်နိုင်ကြလေ၏။ ထို့ကြောင့် ထိုစဉ်က သံပုရာကိုင်းရွာကလေးမှာ သစ်ပင်ဝါးပင်၊ ဥယျာဉ်ခြံမြေများဖြင့် လွန်စွာစိမ်းလန်းစိုပြည်၍ သာယာလှပပျော်မွေ့ဖွယ်ကောင်းလှပေသည်။

သံပုရာကိုင်းကုန်းတန်းရွာလေးသည် အမြင်အားဖြင့် သေးငယ်သော်လည်း သမိုင်းနောက်ခံမှာမူ အလွန်ခမ်းနားခဲ့ပေသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကပင်တည်ရှိခဲ့ပြီး ရခိုင်မင်းညီမင်းသားတို့ ယာယီစံမြန်းခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



[illegible]တော်ရာ၊ ရယာန္တာသိမ်တော်ဟောင်း [illegible]ာတ်တော်များနှင့် ရှေးခေတ်သုံး [illegible]ပြားများ ထိုရွာကလေး၏ အနီး တ[illegible]ိုက်မှ ရှာဖွေတူးဖော်ရရှိခဲ့ကြောင်း ကို တော[illegible]တ်မြို့ သမိုင်းတွင် တွေ့မြင် ဖတ်ရှုခဲ့ရပေသည်။ ဤ[illegible] အေးချမ်း

[illegible]
[illegible]အခြေ[illegible]
[illegible]ဝ။ ဖ[illegible]
[illegible]ဓလသောကြော[illegible]
[illegible]တို့သည် [illegible]
[illegible] ထိုအခါ [illegible]
[illegible]အလှမ်းဝေး[illegible]
[illegible]မျော[illegible]စောထီး[illegible]
[illegible]တပ်များကို ကျေးရွာလုံ[illegible]
[illegible]သ်ရှယ်ရှုံ့ဖွဲ့စည်းကာ လ[illegible]
[illegible]ဆင်ပေးထားခဲ့လေ၏။
[illegible]ခြားတစ်ဖက်တွင် ကွန်မြူနစ် [illegible]သည် လက်နက်စွဲကိုင်[illegible]ခို က[illegible]ကျေးရွာများကို စည်းရုံးသိမ်းသွင်း [illegible]အချိန် ဖြစ်ပေသည်။ [illegible]အခါ ရဲ[illegible]ဖြူများနှင့် ကွန်မြူနစ်များသည် မြ[illegible]ခကာပဋိပက္ခအသွင်ဆောင်[illegible]ကြ [illegible]သည်။ သို့သော်လည်း လ[illegible]နက် အ[illegible]အား၊ လူအင်အားနည်းပါ[illegible]သော [illegible]ဘော်ဖြူတပ်ဖွဲ့များသည် အင်အား [illegible]တောင့်တင်းသော ကွန်မြူနစ်သူ[illegible]များ




www.burmeseclassic.com

www.burmeseclassic.com

ကိုမယူဉ်နိုင်သဖြင့် တပ်ဖွဲ့များကိုဖျက်သိမ်း၍ တပ်မတော်လက်အောက်တွင် တာဝန်ထမ်းစေ၏။ ကွန်မြူနစ်တပ်များသည် အင်အားတောင့်တင်းသော်လည်း လမ်းပန်းဆက်သွယ်ရေးတို့ခက်ခဲသောကြောင့်တစ်ကြောင်း၊ ရာသီဥတုအခြေအနေအရလည်းကောင်း အခက်အခဲရှိသောကြောင့် တန်းလွဲချောင်းဒေသရှိ ကျေးရွာများတွင် အရှည်သဖြင့် တပ်စွဲ၍မနေနိုင်ကြပေ။ ရံဖန်ရံခါသာလျှင် သွားလာဝင်ထွက်၍ ဆက်ကြေးတောင်းကာ ကျေးရွာများကို အုပ်ချုပ်ကြလေသည်။ ထိုအခါ မြို့နယ်အုပ်ချုပ်မှုနှင့် အလှမ်းကွာလာသဖြင့် မင်းမဲ့ဝါဒကြီးစိုးလာကာ သူခိုးဓားပြ၊ လူဆိုးလူမိုက်တို့ တစ်စခန်းထလာကြလေ၏။ သို့ဖြစ်၍ တောမီးလောင်တောကြောင်လက်ခမောင်းခတ်သောအချိန်သို့ ဆိုက်ရောက်လာလေတော့သည်။ ရွာသူရွာသားများမှာလည်း ပျားအုံကိုတုတ်နှင့်ထိုးသည်သို့ လှုပ်လှုပ်ရွရွဖြစ်ကာ ကျီးလန့်စာစားဖြစ်နေကြလေ၏။

ဦးသာထွန်းသည် လယ်လုပ်ငန်းများသိမ်းပြီးသောအခါ မိမိတတ်ကျွမ်းသော လက်သမားပညာ၊ လက်မှုပညာနှင့် ဆေးဝါးကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်နေလေ၏။ ထိုအခါ ကျေးရွာကာကွယ်ရေးအတွက် ဖွဲ့စည်းထားသော ရဲဘော်ဖြူများ၏ ချို့ယွင်းသောသေနတ်များကို ပြင်ဆင်ပေးခဲ့ရ၏။ ဆေးဝါးလိုအပ်လျှင်လည်း တတ်နိုင်သမျှကုသပေးခဲ့ရ၏။ ရွာသူရွာသားများအတွက်မူ ဦးသာထွန်းသည် မရှိမဖြစ် တိုင်းရင်းဆေးဆရာတစ်ဦးဖြစ်လေ၏။ ထိုကဲ့သို့ ပရဟိတအလုပ်များကိုဆောင်ရွက်သောကြောင့် ရဲဘော်ဖြူများနှင့် ရွာသူရွာသားများသည် ဦးသာထွန်းကို ကျေးဇူးရှင်အဖြစ် ချစ်ခင်လေးစားကြလေသည်။

သို့သော် ဦးသာထွန်းအား မလိုလားသောသူတစ်ဦးလည်းရှိလေ၏။ ထိုသူသည် ရွာထဲတွင်မနေဘဲ လယ်တဲကို အမြဲပြုနေထိုင်ကာ အမဲလိုက်ခြင်းဖြင့် အသက်မွေးသော မုဆိုးထွန်းလှိုင်ဖြစ်ပေသည်။ ထိုသူသည် အားလျှင် အမဲလိုက်၍ လစ်လျှင်ဓားပြတိုက်ကာအသက်မွေးသူဖြစ်လေ၏။

ဓားပြထွန်းလှိုင်သည် အသက် (၃၅) နှစ်ခန့်ရှိ၍ တောင့်တင်းသန်မာထွားကျိုင်းသူဖြစ်လေသည်။ ဓားပြတိုက်ရာတွင် သေနတ်မရှိသောကြောင့် ဓားမြှောင်ကိုကိုင်ဆောင်၍ အလစ်အငိုက်တွင် အနုအကြမ်းစီးတတ်သူဖြစ်လေ၏။ အမဲလိုက်ရာတွင် ဒူးလေးကိုကိုင်ဆောင်၍ အမဲလိုက်တတ်လေသည်။ တစ်နေ့သောအခါတွင် ဓားပြထွန်းလှိုင်သည် တပည့်တစ်ဦးနှင့်အတူ သံပုရာကိုင်းကုန်းတန်းရွာအတွင်းသို့ ဝင်လာလေ၏။ နံနက် (၉) နာရီခန့်ရှိပြီဖြစ်ရာ ရွာသူရွာသားများ အလုပ်ခွင်ဝင်နေသောအချိန်ဖြစ်၏။ ကလေးငယ်များလည်း ရွာဦးကျောင်းတွင် တဲ့ဖက်ဖွင့်ထားသော မူလတန်းကျောင်းတွင် ကျောင်းတက်နေချိန်ဖြစ်လေပေသည်။ အိမ်များတွင် အသက်ကြီးသူများနှင့် အမျိုးသမီးအချို့သာရှိ၍ စားသောက်ရေးအတွက် ချက်ပြုတ်နေကြလေသည်။ ဓားပြထွန်းလှိုင်နှင့် နောက်ပါတပည့်တစ်ဦးသည် ရွာစဉ်တစ်လျှောက်ဝင်လာပြီးနောက်တွင် ဦးသာထွန်းတို့အိမ်သို့ ရောက်ရှိလာလေ၏။ ဦးသာထွန်းသည် ထိုအချိန်က လယ်ထဲသို့ အလုပ်မဆင်းနိုင်ပေ။ ငှက်ဖျားမိနေသဖြင့် မိမိကိုယ်တိုင်ဖော်စပ်သောဆေးများကိုသောက်ကာ နားနေရလေ၏။

ဦးသာထွန်းတို့နေထိုင်သောအိမ်သည် အောက်တွင် နွားများထားနိုင်ရန် (၁၀)ပေခန့်မြင့်၍ ဆောက်ထားလေ၏။ ထိုအခါ ဓားပြထွန်းလှိုင်သည် အိမ်ပေါ်သို့ တိုက်ရိုက်မတက်ဘဲ အိမ်၏အခြေအနေနှင့် ဝင်လမ်းထွက်လမ်းတို့ကိုလေ့လာ၍နေ၏။ ထို့နောက်မှ အိမ်ပေါ်ထပ်သို့ကြည့်၍ -

"ဂို့ဂိုသာထွန်းရှိလား၊ ကျွန်တော်တို့ ဂို့ဂိုသာထွန်းနဲ့တွေ့ချင်လို့ပါ။ အပေါ်ကိုတက်ခဲ့လို့ရမလား"

ဟု ရခိုင်တိုင်းရင်းသားတို့၏ဒေသသုံးလေသံဖြင့် အိမ်အောက်မှ ခပ်ဝဲဝဲ အော်ခေါ်လေ၏။ ထိုအခါ ဦးသာထွန်းသည် အိမ်တံခါးကိုဖွင့်ကာကြည့်သောအခါ ဓားပြထွန်းလှိုင်အားတွေ့ရသဖြင့်-

"အဝေး ထွန်းလှိုင်၊ ဘဇာကိစ္စရှိလို့လဲ။ အိမ်ပေါ်တက်ခဲ့"

ဟုခေါ်လိုက်လေ၏။

ဓားပြထွန်းလှိုင်သည် ဦးသာထွန်း၏ ဖိတ်ခေါ်ချက်ကြောင့် လှေကားမှ အိမ်ပေါ်သို့တက်ခဲ့လေသည်။ အိမ်ပေါ်သို့ရောက်သောအခါ ကောင်းမွန်စွာထိုင်၍ -

"ဂို့ဂိုနေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ"

ဟု မေးလေ၏။

ထိုအခါ ဦးသာထွန်းက -

"ငှက်ဖျားမိနေလို့ လယ်ထဲကိုမဆင်းတော့ဘဲ ဆေးသောက်ပြီးနားနေရတယ်ဝေ"

ဟု ပြောပြလိုက်လေ၏။

ဓားပြထွန်းလှိုင်သည် ဓားပြတိုက်တတ်သော်လည်း စကားပြောချိုသာ၍ ပရိယာယ်ကြွယ်ဝသူ ဖြစ်လေသည်၊ ထို့နောက် သူလာရခြင်းအကြောင်းကို အောက်ပါအတိုင်းပြောလေ၏။

"ကျွန်တော်အမဲလိုက်ရာမှာအသုံးပြုဖို့အတွက် သေနတ်တစ်လက်လိုချင်လို့ပါ။ ဂို့ဂိုဆီမှာ သေနတ်တစ်လက်ရှိတယ်ကြားလို့ ငှားနိုင်မယ်ဆိုရင် ငှားစေချင်ပါတယ်။ ဂို့ဂိုကျေးဇူးမမေ့ပါဘူး"

ဟု ယဉ်ကျေးစွာပြောလေ၏၊

ထိုအခါ ဦးသာထွန်းက ဤသို့ပြန်ပြောလေ၏။

"ငါ့မှာရှိရင်တော့ မင်းကိုငှားဖို့ဝန်မလေးပါဘူး။ ဒါပေမယ့် ရဲဘော်ဖြူတပ်တွေဖျက်သိမ်းတော့ သေနတ်တွေအကုန်ပြန်အပ်လိုက်ရတာလေ။ ငါ့ဆီမှာ တစ်လက်မှမရှိပါဘူးကွာ"

ဟု ကောင်းမွန်စွာပြန်ပြောလေ၏။

သို့သော် ဦးသာထွန်းသည် သေနတ်တစ်လက်ရှိလျှင်လည်း ထွန်းလှိုင်ကိုငှားမည်မဟုတ်ပေ။ ဦးသာထွန်းသည် ထွန်းလှိုင် ဓားပြတိုက်သည့်သတင်းကို အခြားရွာသားများထံမှကြားသိထားလေ၏။ လက်ပူးလက်ကြပ်မမိသေးသဖြင့် သာ ထွန်းလှိုင်ကို ဓားပြဟုအတိအကျ မပြောနိုင်သေးခြင်းဖြစ်သည်။ သို့သော် 'မြွေမြွေချင်းခြေမြင်' သကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကဲခတ်၍ စကားပြောနေခြင်း ဖြစ်လေသည်။ ထို့နောက် တော့ ထွန်းလှိုင်သည် အထူးအထွေ ပြောစရာမရှိသဖြင့် -

"အစ်မအေးပွင့်ကော မမြင်ပါလား၊ ဘယ်သွားနေလဲ"

ဟု မေးပြန်လေ၏။

ထိုအခါ ဦးသာထွန်းက -

"မင်းအစ်မ မီးဖွားပြီးလို့ တစ်လ လောက်သာရှိသေးတယ်။ မီးမထွက်သေးဘူး"

ဟု အမှန်အတိုင်းပြောပြန်လေ၏။

ထိုအခါ ထွန်းလှိုင်ကအားနာသွားဟန်ဖြင့် ဤသို့ပြောလေ၏။

"ဟာ - အားနာလိုက်တာ ဂို့ဂိုရာ ကျွန်တော်မသိလို့ပါ။ ဒါဖြင့်လည်း ကျွန်တော်ပြန်ပါဦးမယ်"

ဟု ပြောကာ ပြန်သွားလေ၏။ ထိုအခါ ဦးသာထွန်းသည် နောက်မှ ကြည့်ကာ ကျန်ရစ်လေ၏။ ထိုအခါ ထွန်းလှိုင်သည် တပည့်တစ်ဦးနှင့်အတူ ပြန်သွားသည်ကို သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းလှိုင်ပြန်သွားပြီးနောက်တွင် ဦးသာထွန်းတွေးမိသည်မှာ ထွန်းလှိုင်သည် သေနတ်လိုချင်၍လာခြင်းမဟုတ်။ မိမိ၌ သေနတ်ရှိနေလျှင် အခက်အခဲနှင့် ရင်ဆိုင်ရမည်ဖြစ်၍ သေချာစွာသိရှိရန် လာရောက်စုံစမ်းခြင်းဖြစ်မည်။ ထွန်းလှိုင်ကို လျှော့တွက်၍မဖြစ်။ သတိနှင့်နေမှ သင့်တော်မည်ဟု ဆုံးဖြတ်ချက်ချလေ၏။ ထို့နောက် ရွာသူရွာသားများကို သတိပေးထားခဲ့လေသည်။ သို့သော် ဦးသာထွန်းနှင့် ရွာသူရွာသားများသည် ထွန်းလှိုင်ကိုအချိန်ပြည့်စောင့်ကြည့်မနေနိုင်ပေ။ မည်သည့်အချိန် ထွန်းလှိုင်ပေါ်ပေါက်လာမည်ကိုလည်း မသိနိုင်ပေ။ မိမိတို့၏ စားဝတ်နေရေးအတွက် လယ်လုပ်ငန်းနှင့် ခြံလုပ်ငန်းများကိုသာ အချိန်ပြည့်လုပ်ကိုင်နေကြလေ၏။

ထွန်းလှိုင်သည် ခြင်္သေ့တစ်ကောင်ကဲ့သို့ ပရိယာယ်ကြွယ်လေ၏။ ခြင်္သေ့သည် မိမိတွေ့ရှိထားသော သားကောင်ကို ပရိယာယ်ဆင်ကာ တိကျစွာ ဖမ်းယူကာစားသောက်တတ်လေသည်။ ထိုနည်းတူစွာပင် ဓားပြထွန်းလှိုင်သည် တစ်ပတ်ခန့်ကြာသောအခါ နောက်ပါတပည့်တစ်ဦးနှင့်အတူ သံပုရာကိုင်းကုန်းတန်းရွာကလေးသို့ တိတ်တဆိတ်ရှိချိန်တွင်ဝင်ရောက်လာလေ၏။ ရွာစဉ်အတိုင်း လျှောက်လာကြပြီးနောက် ဘုန်းတော်ကြီးကျောင်းကိုလွန်သောအခါ အနောက်ဘက်လမ်းသို့ ချိုးဝင်သွားလေသည်။ ထို့နောက် ဦးသာထွန်းတို့အိမ်သို့ ရောက်ရှိသွားလေ၏။ ထိုအချိန်မှာ ည(၉)နာရီခန့်ရှိပြီဖြစ်လေရာ ရွာသူရွာသားများ အနားယူအိပ်စက်ချိန် ဖြစ်လေသည်။ ဦးသာထွန်းတို့အိမ်တွင်လည်း တိတ်ဆိတ်နေ၏။ သို့သော်လည်း ဦးသာထွန်းတို့ ဇနီးမောင်နှံမှာ မအိပ်ကြသေးပေ။ ကလေးများမှာ စာကျက်ပြီးသွားသဖြင့် အိပ်ပျော်နေကြလေသည်။ ထိုအချိန် အိမ်အောက်မှ ဦးသာထွန်း၏အမည်ကို ခေါ်သံကြားရလေသည်။ ထိုအသံမှာ ဓားပြထွန်းလှိုင်၏ အသံဖြစ်ကြောင်း ဦးသာထွန်း ကောင်းစွာသိလေသည်။ သို့ဖြစ်၍ အယုံသွင်းကာ သတ်ဖြတ်ရန် ကြိုတင်ပြုလုပ်လိုသော်လည်း မိမိအလွန်ဖြစ်မည်စိုးရိမ်သောကြောင့် မလုပ်တော့ပေ။

ထိုအခါ ဦးသာထွန်းသည် အသံကို မကျက်မိဟန်ပြု၍ -

"ဘယ်သူတွေလဲဟေ့"

ဟုမေးလေ၏။

ထိုအခါ ထွန်းလှိုင်က -

"ကျွန်တော်ပါ ကိုကို၊ ချေသားလေးရလာလို့ ကိုကိုတို့မိသားစုစားဖို့လာပို့တာပါ"

ဟု ပြောလေ၏။ ပြောသည့်အတိုင်းပင် ချေသားတစ်တွဲကို တပည့်ကျော်ကဆွဲ၍ယူလာခြင်း ဖြစ်ပေသည်။ ထိုအခါ ဦးသာထွန်းသည် သိလျက်နှင့် တံခါးမဖွင့်ဘဲ ပြန်သွားရလျှင် ရှိုင်းရာကျမည်ဖြစ်၍ -

"သြ- ထွန်းလှိုင်လား၊ တက်လာခဲ့ပစေ"

ဟု ပြောသောအခါ ထွန်းလှိုင်သည် တပည့်လက်မှ ချေသားတွဲကိုယူ၍ အိမ်ပေါ်သို့တက်လာလေ၏။ အိမ်ဝသို့ရောက်သောအခါ ဦးသာထွန်းတံခါးဖွင့်သည်နှင့် ထွန်းလှိုင်သည် ကုတ်အင်္ကျီအညိုရောင်အတွင်းမှ ဓားမြှောင်ကို ထုတ်၍ ကိုင်ထားပြီးလျှင် ဦးသာထွန်းအား ချေသားတွဲကိုပေးမည်ပြုလေ၏။ ဦးသာထွန်းသည် သတိရှိသူဖြစ်လေရာ ချေသားတွဲကိုယူဟန်ပြင်လေသည်။

ထိုအခါ ဓားပြထွန်းလှိုင်သည် ဦးသာထွန်းအား ကြိုတင်ကြံစည်ထားသည့်အတိုင်း ဓားမြှောင်ဖြင့် ဗိုက်ကိုထောက်ရန် ရှေ့သို့တစ်လှမ်းတိုးလိုက်လေသည်။လျင်မြန်လှသော ဦးသာထွန်းသည် ဘယ်ခြေကို နောက်သို့ဆုတ်ကာ ရှောင်တိမ်း၍ ဓားပြထွန်းလှိုင်၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်ကာ လိမ်ချိုးပြီးနောက် ခြေဖြင့်ကန်လိုက်လေသည်။ ဓားပြထွန်းလှိုင်ကို ကန်မိသော်လည်း လဲကျမသွားပေ။ အသက်ဘေးမှ နှစ်ဦးသား ဓားကိုလုရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။ ဦးသာထွန်းသည် သန်မာထွားကျိုင်းသော ဓားပြထွန်းလှိုင်ကို နိုင်အောင်မသတ်နိုင်သဖြင့် ဓားပြထွန်းလှိုင်၏ ခွစီးခြင်းကိုခံရလေသည်။ သို့သော် ဓားကိုင်ထားသော လက်ကို အလွတ်မခံပေ။

ထိုအခါတွင် ဦးသာထွန်းသည် ဇနီးသည်အား လှမ်း၍ခေါ်ကာ ဤသို့ပြောလေ၏။

"မပွင့်ရေ၊ ဒီမှာ ဓားပြငါ့ကိုသတ်နေတယ်။ ကူပါဦး"

ဟု လှမ်း၍ပြောလေ၏။

ထိုစဉ်အခိုက်မှာပင် ထွန်းလှိုင်က လက်ကိုအားကုန်မြှောက်၍ ဦးသာထွန်း၏ညာဘက်ရင်အုံပေါ်သို့ ထိုးစိုက်လိုက်လေသည်။ ဦးသာထွန်းသည် ထိုးစိုက်လိုက်သောဓားကိုင်လက်ကိုတွန်းထားကာ ပါးစပ်ဖြင့် လက်ဖျံသားကို ကိုက်ဆွဲထားလေ၏။ ထိုအခိုက်မှာ ဒေါ်အေးပွင့်သည် မီးနေခန်းမှထွက်လာပြီးလျှင် ခွစီးထားသောဓားပြထွန်းလှိုင်၏ကုတ်အင်္ကျီကော်လာကိုဆုပ်ကိုင်၍ နောက်သို့ဆွဲလှန်လိုက်လေ၏။ ဓားပြထွန်းလှိုင်ဟန်ချက်ပျက်၍ နောက်သို့လန်သွားချိန်တွင် ဓားမြှောင်ကိုယောင်၍လွှတ်လိုက်မိလေသည်။ ဦးသာထွန်းသည် ဓားမြှောင်ကို လျင်မြန်စွာကောက်၍ ဓားပြထွန်းလှိုင်၏ဗိုက်ကို ပြင်းထန်စွာဆောင့်ထိုးလိုက်လေသည်။ 'အား'ဟုကျယ်လောင်စွာအော်ပြီးနောက် ဝမ်းဗိုက်ကို လက်နှစ်ဖက်နှင့် ပိတ်ထားလေသည်။

ထိုအချိန်တွင် ဦးသာထွန်းသည် ခွစီးထားသောထွန်းလှိုင်ကိုဘေးသို့တွန်းချ၍ ရုန်းကန်ထပြီးလျှင် ဓားပြထွန်းလှိုင်၏ ရင်အုံနှင့် လည်မျိုကို ထပ်၍ထိုးပြန်လေ၏။ ထွန်းလှိုင်သည် ညည်းညူရင်း သွေးအလူးလူးဖြင့်လဲ၍နေလေတော့သည်။ ဦးသာထွန်းသည် စိတ်မပြေသေးသဖြင့် မျက်နှာကို ခြေထောက်ဖြင့်ကန်ကာ ဖနောင့်ဖြင့်ထပ်ကာထပ်ကာပေါက်လိုက်လေ၏။ ထိုအခါ ဓားပြထွန်းလှိုင်သည် သွေးအိုင်ထဲတွင် သွေးအလူးလူးနှင့် မျက်လုံးများပြူးထွက်ကာ သေဆုံးရလေတော့သည်။

ဦးသာထွန်းသည် မှန်အိမ်မီးရောင်အောက်တွင် သေဆုံးနေသော ဓားပြထွန်းလှိုင်၏အလောင်းကိုကြည့်ကာ အမောဖြေပြီးနောက် အိမ်နီးချင်းများကိုသိအောင် အော်၍ခေါ်ယူလေ၏။ ထိုအခါမှ အိမ်နီးချင်းများ တုတ်၊ ဓားရရာဆွဲကိုင်၍ ဦးသာထွန်းအိမ်ပေါ်သို့ ရောက်လာကြလေသည်။ သို့သော် ဓားပြထွန်းလှိုင်သေဆုံးနေပြီဖြစ်၍ သူတို့ယူလာသော တုတ်၊ ဓားများမှာ အသုံးမဝင်တော့ပေ။ ထို့နောက် ဦးသာထွန်းအား အံ့သြစွာမေးရင်း ဓားပြထွန်းလှိုင်၏ ရုပ်ပျက်ဆင်းပျက်အလောင်းကို ကြည့်၍ အမျိုးမျိုးဝေဖန်နေကြလေ၏။ သတ္တိကောင်းသော လူငယ်တချို့က ဓားပြထွန်းလှိုင်၏ ကုတ်အင်္ကျီအိတ်အတွင်းနှိုက်ကြည့်သောအခါ လွန်ခဲ့သောတစ်ပတ်က မုဆိုးမတစ်ဦး၏ အိမ်ကိုဝင်ရောက်တိုက်ယူခဲ့သော နားတောင်းတစ်ရန်နှင့် လက်ကောက်နှစ်ကွင်း၊ ဆွဲကြိုးတစ်ကုံးတို့ကို တွေ့ရလေတော့သည်။ ထို့နောက် ဓားပြထွန်းလှိုင်၏အလောင်းကို မြို့သို့မပို့နိုင်သဖြင့် ညတွင်းချင်းပင် သုသာန်သို့ သယ်ဆောင်၍ တောစပ်တစ်နေရာတွင် မြှုပ်နှံကြလေ၏။

နောက်တစ်နေ့နံနက်တွင် ဓားပြထွန်းလှိုင် ယူဆောင်လာသော ချေသား



www.burmeseclassic.com

www.burmeseclassic.com

ကိုမယှဉ်နိုင်သဖြင့် တပ်ဖွဲ့များကိုဖျက်သိမ်း၍ တပ်မတော်လက်အောက်တွင် တာဝန်ထမ်းစေ၏။ ကွန်မြူနစ်တပ်များသည် အင်အားတောင့်တင်းသော်လည်း လမ်းပန်းဆက်သွယ်ရေးတို့ခက်ခဲသောကြောင့်တစ်ကြောင်း၊ ရာသီဥတုအခြေအနေအရလည်းကောင်း အခက်အခဲရှိသောကြောင့် တန်းလွဲချောင်းဒေသရှိကျေးရွာများတွင် အရှည်သဖြင့် တပ်စွဲ၍မနေနိုင်ကြပေ။ ရံဖန်ရံခါသာလျှင် သွားလာဝင်ထွက်၍ ဆက်ကြေးတောင်းကာ ကျေးရွာများကို အုပ်ချုပ်ကြလေသည်။ ထိုအခါ မြို့နယ်အုပ်ချုပ်မှုနှင့်အလှမ်းကွာလာသဖြင့် မင်းမဲ့ဝါဒကြီးစိုးလာကာ သူခိုးဓားပြ၊ လူဆိုးလူမိုက်တို့ တစ်စခန်းထလာကြလေ၏။ သို့ဖြစ်၍ တောမီးလောင်တောကြောင်လက်ခမောင်းခတ်သောအချိန်သို့ ဆိုက်ရောက်လာလေတော့သည်။ ရွာသူရွာသားများမှာလည်း ပျားအုံကိုတုတ်နှင့်ထိုးသည့်သို့ လှုပ်လှုပ်ရွရွဖြစ်ကာ ကျီးလန့်စာစားဖြစ်နေကြလေ၏။

ဦးသာထွန်းသည် လယ်လုပ်ငန်းများသိမ်းပြီးသောအခါ မိမိတတ်ကျွမ်းသော လက်သမားပညာ၊ လက်မှုပညာနှင့် ဆေးဝါးကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်နေလေ၏။ ထိုအခါ ကျေးရွာကာကွယ်ရေးအတွက် ဖွဲ့စည်းထားသော ရဲဘော်ဖြူများ၏ ချို့ယွင်းသောသေနတ်များကို ပြင်ဆင်ပေးခဲ့ရ၏။ ဆေးဝါးလိုအပ်လျှင်လည်း တတ်နိုင်သမျှကုသပေးခဲ့ရ၏။ ရွာသူရွာသားများအတွက်မူ ဦးသာထွန်းသည် မရှိမဖြစ် တိုင်းရင်းဆေးဆရာတစ်ဦးဖြစ်လေ၏။ ထိုကဲ့သို့ ပရဟိတအလုပ်များကိုဆောင်ရွက်သောကြောင့် ရဲဘော်ဖြူများနှင့် ရွာသူရွာသားများသည် ဦးသာထွန်းကို ကျေးဇူးရှင်အဖြစ် ချစ်ခင်လေးစားကြလေသည်။

သို့သော် ဦးသာထွန်းအား မလိုလားသောသူတစ်ဦးလည်းရှိလေ၏။ ထိုသူသည် ရွာထဲတွင်မနေဘဲ လယ်တဲကို အမှီပြုနေထိုင်ကာ အမဲလိုက်ခြင်းဖြင့် အသက်မွေးသော မုဆိုးထွန်းလှိုင်ဖြစ်ပေသည်။ ထိုသူသည် အားလျှင် အမဲလိုက်၍ လစ်လျှင်ဓားပြတိုက်ကာအသက်မွေးသူဖြစ်လေ၏။

ဓားပြထွန်းလှိုင်သည် အသက် (၃၅) နှစ်ခန့်ရှိ၍ တောင့်တင်းသန်မာထွားကျိုင်းသူဖြစ်လေသည်။ ဓားပြတိုက်ရာတွင် သေနတ်မရှိသောကြောင့် ဓားမြှောင်ကိုကိုင်ဆောင်၍ အလစ်အငိုက်တွင် အနုအကြမ်းစီးတတ်သူဖြစ်လေ၏။ အမဲလိုက်ရာတွင် ဒူးလေးကိုကိုင်ဆောင်၍ အမဲလိုက်တတ်လေသည်။ တစ်နေ့သောအခါတွင် ဓားပြထွန်းလှိုင်သည် တပည့်တစ်ဦးနှင့်အတူ သံပုရာကိုင်းကုန်းတန်းရွာအတွင်းသို့ ဝင်လာလေ၏။ နံနက် (၉) နာရီခန့်ရှိပြီဖြစ်ရာ ရွာသူရွာသားများ အလုပ်ခွင်ဝင်နေသောအချိန်ဖြစ်၏။ ကလေးငယ်များလည်း ရွာဦးကျောင်းတွင် တွဲဖက်ဖွင့်ထားသော မူလတန်းကျောင်းတွင် ကျောင်းတက်နေချိန်ဖြစ်လေပေသည်။ အိမ်များတွင် အသက်ကြီးသူများနှင့် အမျိုးသမီးအချို့သာရှိ၍ စားသောက်ရေးအတွက် ချက်ပြုတ်နေကြလေသည်။ ဓားပြထွန်းလှိုင်နှင့် နောက်ပါတပည့်တစ်ဦးသည် ရွာစဉ်တစ်လျှောက်ဝင်လာပြီးနောက်တွင် ဦးသာထွန်းတို့အိမ်သို့ ရောက်ရှိလာလေ၏။ ဦးသာထွန်းသည် ထိုအချိန်က လယ်ထဲသို့ အလုပ်မဆင်းနိုင်ပေ။ ငှက်ဖျားမိနေသဖြင့် မိမိကိုယ်တိုင်ဖော်စပ်သောဆေးများကိုသောက်ကာ နားနေရလေ၏။

ဦးသာထွန်းတို့နေထိုင်သောအိမ်သည် အောက်တွင် နွားများထားနိုင်ရန် (၁၀)ပေခန့်မြင့်၍ ဆောက်ထားလေ၏။ ထိုအခါ ဓားပြထွန်းလှိုင်သည် အိမ်ပေါ်သို့ တိုက်ရိုက်မတက်ဘဲ အိမ်၏အခြေအနေနှင့် ဝင်လမ်းထွက်လမ်းတို့ကိုလေ့လာ၍နေ၏။ ထို့နောက်မှ အိမ်ပေါ်ထပ်သို့ကြည့်၍ -

"ဂိုဂိုသာထွန်းရှိလား၊ ကျွန်တော်တို့ ဂိုဂိုသာထွန်းနဲ့တွေ့ချင်လို့ပါ။ အပေါ်ကိုတက်ခဲ့လို့ရမလား"

ဟု ရခိုင်တိုင်းရင်းသားတို့၏ဒေသသုံးလေသံဖြင့် အိမ်အောက်မှ ခပ်ဝဲဝဲအော်ခေါ်လေ၏။ ထိုအခါ ဦးသာထွန်းသည် အိမ်တံခါးကိုဖွင့်ကာကြည့်သောအခါ ဓားပြထွန်းလှိုင်အားတွေ့ရသဖြင့်-

"အဝေး ထွန်းလှိုင်၊ ဘဇာကိစ္စရှိလို့လဲ။ အိမ်ပေါ်တက်ခဲ့"

ဟုခေါ်လိုက်လေ၏။

ဓားပြထွန်းလှိုင်သည် ဦးသာထွန်း၏ ဖိတ်ခေါ်ချက်ကြောင့် လှေကားမှ အိမ်ပေါ်သို့တက်ခဲ့လေသည်။ အိမ်ပေါ်သို့ရောက်သောအခါ ကောင်းမွန်စွာထိုင်၍ -

"ဂိုဂိုနေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ"

ဟု မေးလေ၏။

ထိုအခါ ဦးသာထွန်းက -

"ငှက်ဖျားမိနေလို့ လယ်ထဲကိုမဆင်းတော့ဘဲ ဆေးသောက်ပြီးနားနေရတယ်ဝေ"

ဟု ပြောပြလိုက်လေ၏။

ဓားပြထွန်းလှိုင်သည် ဓားပြတိုက်တတ်သော်လည်း စကားပြောချိုသာ၍ ပရိယာယ်ကြွယ်ဝသူ ဖြစ်လေသည်။ ထို့နောက် သူလာရခြင်းအကြောင်းကို အောက်ပါအတိုင်းပြောလေ၏။

"ကျွန်တော်အမဲလိုက်ရာမှာအသုံးပြုဖို့အတွက် သေနတ်တစ်လက်လိုချင်လို့ပါ။ ဂိုဂိုဆီမှာ သေနတ်တစ်လက်ရှိတယ်ကြားလို့ ငှားနိုင်မယ်ဆိုရင် ငှားချင်ပါတယ်။ ဂိုဂိုကျေးဇူးမမေ့ပါဘူး"

ဟု ယဉ်ကျေးစွာပြောလေ၏။

ထိုအခါ ဦးသာထွန်းက ဤသို့ပြန်ပြောလေ၏။

"ငါ့မှာရှိရင်တော့ မင်းကိုငှားဖို့ ဝန်မလေးပါဘူး။ ဒါပေမယ့် ရဲဘော်ဖြူတပ်တွေဖျက်သိမ်းတော့ သေနတ်တွေ အကုန်ပြန်အပ်လိုက်ရတာလေ။ ငါ့ဆီမှာ တစ်လက်မှမရှိပါဘူးကွာ"

ဟု ကောင်းမွန်စွာပြန်ပြောလေ၏။

သို့သော် ဦးသာထွန်းသည် သေနတ်တစ်လက်ရှိလျှင်လည်း ထွန်းလှိုင်ကိုငှားမည်မဟုတ်ပေ။ ဦးသာထွန်းသည် ထွန်းလှိုင် ဓားပြတိုက်သည့်သတင်းကို အခြားရွာသားများထံမှကြားသိထားလေ၏။ လက်ပူးလက်ကြပ်မမိသေးသဖြင့် သာ ထွန်းလှိုင်ကို ဓားပြဟုအတိအကျ မပြောနိုင်သေးခြင်းဖြစ်သည်။ သို့သော် 'မြွေမြွေချင်းခြေမြင်' သကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကဲခတ်၍ စကားပြောနေခြင်း ဖြစ်လေသည်။ ထို့နောက်တော့ ထွန်းလှိုင်သည် အထူးအထွေ ပြောစရာမရှိသဖြင့် -

"အစ်မအေးပွင့်ကော မမြင်ပါလား၊ ဘယ်သွားနေလဲ"

ဟု မေးပြန်လေ၏။

ထိုအခါ ဦးသာထွန်းက -

"မင်းအစ်မ မီးဖွားပြီးလို့ တစ်လလောက်သာရှိသေးတယ်။ မီးမထွက်သေးဘူး"

ဟု အမှန်အတိုင်းပြောပြန်လေ၏။

ထိုအခါ ထွန်းလှိုင်က အားနာသွားဟန်ဖြင့် ဤသို့ပြောလေ၏။

"ဟာ - အားနာလိုက်တာ ဂိုဂို၊ ကျွန်တော်မသိလို့ပါ။ ဒါဖြင့်လည်း ကျွန်တော်ပြန်ပါဦးမယ်"

ဟု ပြောကာ ပြန်သွားလေ၏။ ထိုအခါ ဦးသာထွန်းသည် နောက်မှ ကြည့်ကာ ကျန်ရစ်လေ၏။ ထိုအခါ ထွန်းလှိုင်သည် တပည့်တစ်ဦးနှင့်အတူ ပြန်သွားသည်ကို သိလိုက်ရလေသည်။

www.burmeseclassic.com

ထွန်းလှိုင်ပြန်သွားပြီးနောက်တွင် ဦးသာထွန်းတွေးမိသည်မှာ ထွန်းလှိုင်သည် သေနတ်လိုချင်၍လာခြင်းမဟုတ်။ မိမိ၌ သေနတ်ရှိနေလျှင် အခက်အခဲနှင့် ရင်ဆိုင်ရမည်ဖြစ်၍ သေချာစွာသိရှိရန် လာရောက်စုံစမ်းခြင်းဖြစ်မည်။ ထွန်းလှိုင်ကို လျှော့တွက်၍မဖြစ်။ သတိနှင့်နေမှ သင့်တော်မည်ဟု ဆုံးဖြတ်ချက်ချလေ၏။ ထို့နောက် ရွာသူရွာသားများကို သတိပေးထားခဲ့လေသည်။ သို့သော် ဦးသာထွန်းနှင့် ရွာသူရွာသားများသည် ထွန်းလှိုင်ကိုအချိန်ပြည့်စောင့်ကြည့်မနေနိုင်ပေ။ မည်သည့်အချိန် ထွန်းလှိုင်ပေါ်ပေါက်လာမည်ကိုလည်း မသိနိုင်ပေ။ မိမိတို့၏ စားဝတ်နေရေးအတွက် လယ်လုပ်ငန်းနှင့် ခြံလုပ်ငန်းများကိုသာ အချိန်ပြည့်လုပ်ကိုင်နေကြလေ၏။

ထွန်းလှိုင်သည် ခြသေ့်တစ်ကောင်ကဲ့သို့ ပရိယာယ်ကြွယ်လေ၏။ ခြသေ့်သည် မိမိတွေ့ရှိထားသော သားကောင်ကို ပရိယာယ်ဆင်ကာ တိကျစွာ ဖမ်းယူကာစားသောက်တတ်လေသည်။ ထိုနည်းတူစွာပင် ဓားပြထွန်းလှိုင်သည် တစ်ပတ်ခန့်ကြာသောအခါ နောက်ပါ တပည့်တစ်ဦးနှင့်အတူ သံပုရာကိုင်းကုန်းတန်းရွာကလေးသို့ တိတ်တဆိတ်ရှိချိန်တွင်ဝင်ရောက်လာလေ၏။ ရွာစဉ်အတိုင်း လျှောက်လာကြပြီးနောက် ဘုန်းတော်ကြီးကျောင်းကိုလွန်သောအခါ အနောက်ဘက်လမ်းသို့ ချိုးဝင်သွားလေသည်။ ထို့နောက် ဦးသာထွန်းတို့အိမ်သို့ ရောက်ရှိသွားလေ၏။ ထိုအချိန်မှာ ည(၉)နာရီခန့်ရှိပြီဖြစ်လေရာ ရွာသူရွာသားများ အနားယူအိပ်စက်ချိန် ဖြစ်လေသည်။ ဦးသာထွန်းတို့အိမ်တွင်လည်း တိတ်ဆိတ်နေ၏။ သို့သော်လည်း ဦးသာထွန်းတို့ ဇနီးမောင်နှံမှာ မအိပ်ကြသေးပေ။ ကလေးများမှာ စာကျက်ပြီးသွားသဖြင့် အိပ်ပျော်နေကြလေသည်။ ထိုအချိန် အိမ်အောက်မှ ဦးသာထွန်း၏အမည်ကို ခေါ်သံကြားရလေသည်။ ထိုအသံမှာ ဓားပြထွန်းလှိုင်၏ အသံဖြစ်ကြောင်း ဦးသာထွန်း ကောင်းစွာသိလေသည်။ သို့ဖြစ်၍ အယုံသွင်းကာ သတ်ဖြတ်ရန် ကြိုတင်ပြုလုပ်လိုသော်လည်း မိမိအလွန် ခံမည်စိုးရိမ်သောကြောင့် မလုပ်တော့ ပေ။

ထိုအခါ ဦးသာထွန်းသည် အသံကို မကျက်မိဟန်ပြု၍ -

"ဘယ်သူတွေလဲဟေ့"

ဟုမေးလေ၏။

ထိုအခါ ထွန်းလှိုင်က -

"ကျွန်တော်ပါ ဂို့ဂို၊ ချေသားလေး ရလာလို့ ဂို့ဂိုတို့မိသားစုစားဖို့လာပို့တာပါ"

ဟု ပြောလေ၏။ ပြောသည့်အတိုင်းပင် ချေသားတစ်တွဲကို တပည့်ကျော်ကဆွဲ၍ယူလာခြင်း ဖြစ်ပေသည်။ ထိုအခါ ဦးသာထွန်းသည် သိလျက်နှင့် တံခါးမဖွင့်ဘဲ ပြန်သွားရလျှင် ရိုင်းရာကျမည်ဖြစ်၍ -

"ဩ- ထွန်းလှိုင်လား၊ တက်လာခဲ့ပစေ"

ဟု ပြောသောအခါ ထွန်းလှိုင်သည် တပည့်လက်မှ ချေသားတွဲကိုယူ၍ အိမ်ပေါ်သို့တက်လာလေ၏။ အိမ်ဝသို့ ရောက်သောအခါ ဦးသာထွန်းတံခါးဖွင့်သည်နှင့် ထွန်းလှိုင်သည် ကုတ်အင်္ကျီအညိုရောင်အတွင်းမှ ဓားမြှောင်ကို ထုတ်၍ ကိုင်ထားပြီးလျှင် ဦးသာထွန်းအား ချေသားတွဲကိုပေးမည်ပြုလေ၏။ ဦးသာထွန်းသည် သတိရှိသူဖြစ်လေရာ ချေသားတွဲကိုယူဟန်ပြင်လေသည်။

ထိုအခါ ဓားပြထွန်းလှိုင်သည် ဦးသာထွန်းအား ကြိုတင်ကြံစည်ထားသည့်အတိုင်း ဓားမြှောင်ဖြင့် ဗိုက်ကို ထောက်ရန် ရှေ့သို့တစ်လှမ်းတိုးလိုက်လေသည်။လျင်မြန်လှသော ဦးသာထွန်းသည် ဘယ်ခြေကို နောက်သို့ဆုတ်ကာ ရှောင်တိမ်း၍ ဓားပြထွန်းလှိုင်၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်ကာ လိမ်ချိုးပြီးနောက် ခြေဖြင့်ကန်လိုက်လေသည်။ ဓားပြထွန်းလှိုင်ကို ကန်မိသော်လည်း လဲကျမသွားပေ။ အသက်ဘေးမှ နှစ်ဦးသား ဓားကိုလုရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။ ဦးသာထွန်းသည် သန်မာထွားကျိုင်းသော ဓားပြထွန်းလှိုင်ကို နိုင်အောင်မသတ်နိုင်သဖြင့် ဓားပြထွန်းလှိုင်၏ ခွစီးခြင်းကိုခံရလေသည်။ သို့သော် ဓားကိုင်ထားသော လက်ကို အလွတ်မခံပေ။

ထိုအခါတွင် ဦးသာထွန်းသည် ဇနီးသည်အား လှမ်း၍ခေါ်ကာ ဤသို့ ပြောလေ၏။

"မပွင့်ရေ၊ ဒီမှာ ဓားပြငါ့ကိုသတ်နေတယ်။ ကူပါဦး"

ဟု လှမ်း၍ပြောလေ၏။

ထိုစဉ်အခိုက်မှာပင် ထွန်းလှိုင်က လက်ကိုအားကုန်မြှောက်၍ ဦးသာထွန်း၏ညာဘက်ရင်အုံပေါ်သို့ ထိုးစိုက်လိုက်လေသည်။ ဦးသာထွန်းသည် ထိုးစိုက်လိုက်သောဓားကိုင်လက်ကိုတွန်းထားကာ ပါးစပ်ဖြင့် လက်ဖျံသားကို ကိုက်ဆွဲထားလေ၏။ ထိုအခိုက်မှာ ဒေါ်အေးပွင့်သည် မီးနေခန်းမှထွက်လာပြီးလျှင် ခွစီးထားသောဓားပြထွန်းလှိုင်၏ကုတ်အင်္ကျီကော်လာကိုဆုပ်ကိုင်၍ နောက်သို့ ဆွဲလှန်လိုက်လေ၏။ ဓားပြထွန်းလှိုင် ဟန်ချက်ပျက်၍ နောက်သို့လန်သွားချိန်တွင် ဓားမြှောင်ကိုယောင်၍လွှတ်လိုက်မိလေသည်။ ဦးသာထွန်းသည် ဓားမြှောင်ကို လျင်မြန်စွာကောက်၍ ဓားပြထွန်းလှိုင်၏ဗိုက်ကို ပြင်းထန်စွာဆောင့်ထိုးလိုက်လေသည်။ 'အား'ဟုကျယ်လောင်စွာအော်ပြီးနောက် ဝမ်းဗိုက်ကို လက်နှစ်ဖက်နှင့် ပိတ်ထားလေသည်။

ထိုအချိန်တွင် ဦးသာထွန်းသည် ခွစီးထားသောထွန်းလှိုင်ကိုဘေးသို့တွန်းချ၍ ရုန်းကန်ထပြီးလျှင် ဓားပြထွန်းလှိုင်၏ ရင်အုံနှင့် လည်မျိုကို ထပ်၍ထိုးပြန်လေ၏။ ထွန်းလှိုင်သည် ညည်းညူရင်း သွေးအလူးလူးဖြင့်လဲ၍နေလေတော့သည်။ ဦးသာထွန်းသည် စိတ်မပြေသေးသဖြင့် မျက်နှာကို ခြေထောက်ဖြင့်ကန်ကာ ဖနောင့်ဖြင့်ထပ်ကာထပ်ကာပေါက်လိုက်လေ၏။ ထိုအခါ ဓားပြထွန်းလှိုင်သည် သွေးအိုင်ထဲတွင် သွေးအလူးလူးနှင့် မျက်လုံးများပါပြူးထွက်ကာ သေဆုံးရလေတော့သည်။

ဦးသာထွန်းသည် မှန်အိမ်မီးရောင်အောက်တွင် သေဆုံးနေသော ဓားပြထွန်းလှိုင်၏အလောင်းကိုကြည့်ကာ အမောဖြေပြီးနောက် အိမ်နီးချင်းများကိုသိအောင် အော်၍ခေါ်ယူလေ၏။ ထိုအခါမှ အိမ်နီးချင်းများ တုတ်၊ ဓားရရာဆွဲကိုင်၍ ဦးသာထွန်းအိမ်ပေါ်သို့ ရောက်လာကြလေသည်။ သို့သော် ဓားပြထွန်းလှိုင်သေဆုံးနေပြီဖြစ်၍ သူတို့ယူလာသော တုတ်၊ ဓားများမှာ အသုံးမဝင်တော့ပေ။ ထို့နောက် ဦးသာထွန်းအား အံ့ဩစွာမေးရင်း ဓားပြထွန်းလှိုင်၏ ရုပ်ပျက်ဆင်းပျက်အလောင်းကို ကြည့်၍ အမျိုးမျိုးဝေဖန်နေကြလေ၏။ သတ္တိကောင်းသော လူငယ်တချို့က ဓားပြထွန်းလှိုင်၏ ကုတ်အင်္ကျီအိတ်အတွင်းနှိုက်ကြည့်သောအခါ လွန်ခဲ့သောတစ်ပတ်က မုဆိုးမတစ်ဦး၏ အိမ်ကိုဝင်ရောက်တိုက်ယူခဲ့သော နားတောင်းတစ်ရန်နှင့် လက်ကောက်နှစ်ကွင်း၊ ဆွဲကြိုးတစ်ကုံးတို့ကို တွေ့ရလေတော့သည်။ ထို့နောက် ဓားပြထွန်းလှိုင်၏အလောင်းကို မြို့သို့မပို့နိုင်သဖြင့် ညတွင်းချင်းပင် သုသာန်သို့ သယ်ဆောင်၍ တောစပ်တစ်နေရာတွင် မြှုပ်နှံကြလေ၏။

နောက်တစ်နေ့နံနက်တွင် ဓားပြထွန်းလှိုင် ယူဆောင်လာသော ချေသား



www.burmeseclassic.com

www.burmeseclassic.com

တွဲကို ဦးသာထွန်းချက်ထားသဖြင့် ပျော်ရွှင်စွာ စားသောက်ရင်း အောင်ပွဲခံကြလေသည်။ ဓားပြထွန်းလှိုင်၏ တပည့်သည် ထွက်ပြေးလွတ်မြောက်သွားပြီးနောက် ထိုစဉ်ကခန့်ထားသော ရွာမရွာသူကြီးထံတွင် လူသတ်မှုကို အမှုဖွင့်တိုင်တန်းလေ၏။ တစ်ရွာလုံးနှင့်တစ်ယောက် အမှုဆိုင်ကြရာ ဦးသာထွန်းတို့မှ ဓားပြထွန်းလှိုင်ကိုမိစဉ်က တွေ့ရှိရသော သက်သေခံပစ္စည်းများကို တင်ပြနိုင်သဖြင့် အမှုနိုင်၍ ထိုလူကို ကြံရာပါအဖြစ် ဖမ်းဆီးလိုက်လေ၏။ ထို့နောက် တောင်ကုတ်မြို့ပိုင်ထံသို့ အမှုတွဲတင်ပြသောအခါ တောင်ကုတ်မြို့ပိုင်မှ ဦးသာထွန်းအား အမှုအနိုင်ပေးပြီးလျှင် ငွေမောင်းနှင့် သေနတ်တို့ကို ဆုချီးမြှင့်၍ သံပုရာကိုင်းရွာသူကြီးခန့်ထားပေးလေ၏။ ရွာသူရွာသားများသည် ဦးသာထွန်းအား ကြည်ညိုလေးစားပြီးဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆို ဂုဏ်ပြုကြလေသည်။

ဦးသာထွန်းသည် သူကြီးရာထူးကို ရရှိသော်လည်း ဝမ်းသာခြင်းမရှိပေ။ ဘေးအန္တရာယ်ရန်စွယ်များကို ကြိုတင်တွေးတောကာ သုံးနှစ်ခန့်သာ သူကြီးလုပ်လေ၏။၁၉၅၅ ခုနှစ်သို့ရောက်သောအခါ သေနတ်နှင့်ငွေမောင်းကို မြို့ပိုင်ထံပြန်အပ်၍ တောင်ကုတ်မြို့သို့ပြောင်းရွှေ့ရန် စီစဉ်လေတော့သည်။

❑

၁၉၅၆ ခုနှစ် လယ်ယာလုပ်ငန်းများသိမ်းပြီးသောအခါ လယ်နှင့်နွားများကို ညီဖြစ်သူ ဦးလှအောင်ထံသို့ ခေတ္တအပ်နှံထားပြီးနောက် တောင်ကုတ်မြို့သို့ မိသားစု ပြောင်းရွှေ့ခဲ့ကြလေသည်။ ထိုစဉ်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် တန်းလွဲချောင်းကိုသာ အမှီကထား၍သွားကြရလေသည်။ တန်းလွဲချောင်းသည် ဒီရေအတက်အကျရှိသဖြင့် ဒီရေကျချိန်တွင် လှေဖြင့်မျှောရမည်ဖြစ်ရာ လှေကြီးတစ်စီးကိုငှား၍ မိသားစုပြောင်းရွှေ့ရလေ၏။ နေ့လယ်ဘက် ရေကျချိန်တွင် စားအိုးစားခွက်နှင့် လိုအပ်သောပရိဘောဂများကို လှေပေါ်သို့တင်၍ မိသားစုလိုက်ပါခဲ့ကြသည်။ ဦးသာထွန်းက လှေပဲ့ကိုကိုင်ပြီးလျှင် ဒေါ်အေးပွင့်က လိုအပ်သည့်နေရာများတွင် လှော်ခတ်ရလေ၏။ ဤသို့ဖြင့် မျှောလာကြရာ ကလိန်တောင်မြစ်သို့ ရောက်သောအခါ တောင်ကုတ်မြို့ဘက်သို့ လှော်ခတ်ရလေ၏။ ချပ်တရာပတ်တရာဆိပ်ကမ်းသို့ ရောက်သောအခါ တစ်ညအိပ်စခန်းချ၍ ဒီရေတက်ချိန်ကို စောင့်ခဲ့ရလေ၏။ နောက်တစ်နေ့နံနက် ဒီရေတက်ချိန်တွင် တောင်ကုတ်ချောင်းအတိုင်း မျှောလျက်လိုက်ပါကြလေရာ တောင်ကုတ်မြို့ချောင်းကောက်ရပ်ကွက်ဆိပ်ကမ်းသို့ နံနက် (၁၀) ခန့်တွင် ရောက်ရှိခဲ့လေသည်။

ထို့နောက် ကြိုတင်ဝယ်ယူထားသော ဦးလှဘူး၏အိမ်သို့ တက်ရောက်နေထိုင်ကြလေ၏။ ရောက်ခါစ တစ်လလောက်မှာ အနေမကျသေးသဖြင့် စီးပွားရေးကို အခြေချ၍မလုပ်နိုင်ကြသေးပေ။ အိမ်ကို မိမိတို့စိတ်တိုင်းကျ ပြန်လည်ပြင်ဆင်၍ လက်ဖက်ရည်ဆိုင်လေးကိုစမ်းသပ်ဖွင့်၏။ ချောင်းကောက်ဆိပ်ကမ်းသည် ကုန်တင်လှေများဆိုက်ကပ်ရာဒေသဖြစ်သဖြင့် အသင့်အတင့်ရောင်းရလေ၏။ ထို့နောက် ထမင်းဆိုင်လေးကို တစ်နိုင်ဖွင့်ပြန်သည်။ ထိုထမင်းဆိုင်နှင့်လက်ဖက်ရည်ကို ဒေါ်အေးပွင့်နှင့် သမီးကြီး မသောင်းရီ ဦးစီးလုပ်ကိုင်ကြသည်။ သမီးအငယ်နှစ်ယောက်တို့မှာ ကျောင်းတက်နေကြရလေ၏။ သားနှစ်ယောက်မှာ တောင်ကုတ်သို့မပြောင်းမီကပင် ရန်ကုန်မြို့တွင် အလုပ်ရှာရင်း ကျောင်းတက်နေကြလေ၏။ သားအကြီးဖြစ်သူ ကိုဘသောင်းအလုပ်ရသောအခါ ကျောင်းမနေတော့ဘဲ ညီငယ်ဖြစ်သူ မောင်မြင့်သိန်းကို ကျောင်းထားပေးလေသည်။ ဦးသာထွန်းသည် သားများအား ညာတာကာ ပညာရေးကိုအားပေးလေ၏။ ထိုအချိန်က စက်လှေများမရှိသေးသဖြင့် ဦးသာထွန်းသည် သံပုရာကိုင်းတွင်ကျန်ခဲ့သောစပါးများကို လှေကြီးတစ်စီးဖြင့် အခေါက်ပေါင်းများစွာသယ်ယူ၍ ကြိတ်ခွဲကာ မိသားစုစားဝတ်နေရေးအတွက် ရောင်းချရလေတော့သည်။

၁၉၅၇ ခုနှစ် လယ်များသိမ်းပြီးသောအခါ ညီဖြစ်သူ ဦးလှအောင်က လယ်(၁၀)ဧကနှင့်နွားနှစ်ရှဉ်းကို တစ်ဝက်ချိန် တစ်ဝက်ပေး၍ ဝယ်ယူလေ၏။ ဦးသာထွန်းသည် လယ်ရောင်းရငွေ၊ နွားရောင်းရငွေ၊ စပါးရောင်းရငွေများဖြင့် တောင်ကုတ်မြို့သို့ပြန်ရောက်သောအခါ ကုန်တင်လှေကြီးတစ်စီးကို ဝယ်ယူလိုက်လေသည်။ ထို့နောက် လှေထိုးသား(၄)ဦးကိုခန့်ထား၍ မိမိက လှေသူကြီးလုပ်ကာ ကုန်ကူးလေ၏။ တောင်ကုတ်မြို့နယ်နှင့် ပြည်မဘက်မှ ကုန်စည်များကို ကုန်သည်များက စုဆောင်း၍ ဦးသာထွန်း၏ကုန်တင်လှေကြီးဖြင့် သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်မြို့များကို ကုန်ကူးရောင်းဝယ်ကြလေ၏။ လှေတစ်ခါထွက်လျှင် တစ်ပတ်မျှကြာလေရာ စားစရိတ်ထောင်းသဖြင့် နောက်ပိုင်းတွင် ဒေါ်အေးပွင့်ကိုယ်တိုင် လှေကြီးဖြင့်လိုက်ကာ ချက်ပြုတ်ကျွေးမွေးရလေ၏။ သို့ဖြင့် တစ်ခေါက်မှ နှစ်ခေါက်၊ သုံးခေါက်သွားလာကြသောအခါ လှေသမားများနှင့် ကုန်သည်များသည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားရသူများဖြစ်၍ မိသားစုများပမာ ချစ်ခင်ရင်းနှီးလာကြလေသည်။

သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်တို့မှပ... လာသောကုန်စည်များကို တောင်ကုတ်မြို့သို့ရောက်သောအခါ ကုန်သည်များ... သို့ တစ်ဆင့်ပြန်လည်ရောင်းချကြလေ၏။ ဤသို့ဖြင့် အခေါက်ပေါင်းများစွာ... နှစ်နှင့်ချီ၍ ရောင်းဝယ်ဖောက်ကား... ရာတွင် ကုန်သည်များသည် ဦးသာထွန်း... နှင့် ဒေါ်အေးပွင့်တို့ဇနီးမောင်နှံအပေါ်... ဆွေမျိုးရင်းချာပမာ ရင်းနှီးခင်မင်ကြလေ၏။ ထိုကုန်သည်များတွင် အမျိုးသား... များနှင့် အမျိုးသမီးများပါ ပါဝင်ကြလေသည်။ အမျိုးသမီးကုန်သည်မများတွင်... ရုပ်ရည်သွင်ပြင်သန့်စင်ခံ့ညားလှသော... အမျိုးသမီးကုန်သည်မတစ်ယောက်သည်... ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့အပေါ်... တွင် ပိုခင်မင်ရင်းနှီးအောင် ပေါင်းသင်း... ဆက်ဆံလေ၏။ သို့ဖြစ်၍ ဦးသာထွန်း... နှင့်ဒေါ်အေးပွင့်တို့ကလည်း မောင်နှ... အရင်းပမာ ယုံကြည်စိတ်ချကြ... သည်။ ဦးသာထွန်းနှင့်ဒေါ်အေးပွင့်... သည် ရိုးသား၍ စိတ်ထားတည်ကြ... ကြသော်လည်း ထိုကုန်သည်မသည် ... ဖြောင့်သောစိတ်ထားရှိလေ၏။ သူ... သည် မုဆိုးမဖြစ်၍ သားသမီး (၃)ဦး... လုပ်ကိုင်ကျွေးမွေးနေသူဖြစ်လေသည်။

ထိုကုန်သည်မသည် အသက်အ... ဖြင့် ဦးသာထွန်းထက် (၃)နှစ်ခန့်... ဒေါ်အေးပွင့်ထက် (၂)နှစ်ခန့်ကြီး... ပဥ္စလက်ပညာတတ်ကျွမ်းသူ ဖြစ်... သည်။ သူမသည် မှိုခိုအားထား... ခင်ပွန်းကောင်းရှာဖွေနေစဉ် ဦးသာထွန်း... ၏ လုပ်ရည်ကိုင်ရည်ကို သဘော... လေ၏။ သို့ဖြစ်၍ ဦးသာထွန်းကို ... ရင်းနှီးအောင် ပေါင်းသင်းဆက်ဆံ... ၏။ ဦးသာထွန်းသည် စိတ်ထား... သူ၊ စိတ်ထားတည်ကြည်သူဖြစ်... ထိုကုန်သည်မ၏ ရေလာမြောင်း... ဆက်ဆံရေးကို မထုံတက်သေး... နေခဲ့လေသည်။ သို့သော် အနေအ... အပြောအဆိုကို သတိကြီးစွာထား... ရလေ၏။ဤသို့ မိန်းမသားတစ်... အနေဖြင့် ရေလာမြောင်းပေးဆ...



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ချစ်ရေးငင်ချင်သော်လည်း ဦးသာထွန်းသည် မထုံတက်သေးမျက်နှာပေးဖြင့် ခပ်အေးအေးနေကာ ဒေါ်အေးပွင့်မျက်နှာကိုသာ တစ်ရှုထင်မှတ်ကာ သစ္စာကို ရင်မှာပိုက်ထားသူဖြစ်လေသည်။

ဤသို့ဖြင့် ရောင်းဝယ်ဖောက်ကားသွားလာနေခဲ့ကြရာ (၃) နှစ်ခန့်ကြာသောအခါ ဦးသာထွန်းတို့ဇနီးမောင်နှံ စီးပွားရေးကောင်းလာသဖြင့် ချောင်းကောက်ရပ်ကွက်မှအိမ်ဟောင်းကိုရောင်း၍ ဈေးနှင့်နီးသောဂူတာရပ်သို့ ပြောင်းရွှေ့ကြလေ၏။ ဂူတာရပ်တွင် အိမ်ကိုတောင့်တင်းခိုင်မာစွာ ဆောက်လုပ်၍ နေကြလေသည်။ သမီးကြီးမသောင်းရီ၏ထမင်းဆိုင်လည်း ရောင်းအားကောင်းလာသောကြောင့် စားဝတ်နေရေးအတွက် ပူပင်စရာမရှိတော့ပေ။ထိုအခါ ဒေါ်စံမြသည် တစ်ဖက်သတ်အချစ်မျိုးဖြင့် သုံးနှစ်သုံးမိုးမျှစောင့်မျှော်ခဲ့သော်လည်း မိမိအပေါ် စိတ်မလည်သော ဦးသာထွန်း၏စိတ်ထားအပေါ် မလျော်သောစိတ်များဝင်လာကာ သူ၏ပညာကိုသုံးရန် ကြံစည်လေတော့သည်။ သူ၏ထင်မြင်ချက်မှာ ဒေါ်အေးပွင့်ကြောင့်သာလျှင် ဦးသာထွန်းက သူ့ကို ဂရုမစိုက်ခြင်းဖြစ်မည်ဟု ထင်လေ၏။ ထို့ကြောင့် ဦးသာထွန်းက ဒေါ်အေးပွင့်အား စိတ်မဝါအောင် ကြံဆောင်လေတော့သည်။

ထိုအချိန်အတွင်း သူမ၏ သာမန်မဟုတ်သော ဆက်ဆံရေးအခြေအနေကို ဦးသာထွန်းသာမဟုတ်၊ လှေပေါ်တွင်ပါဝင်ကြသော ကုန်သည်မများက သိကြလေရာ ကွယ်ရာတွင် စကားတင်းဆိုရှာလေ၏။ ဤသို့ စကားတင်းဆိုရာ မှ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကုန်သည်မ၏သမီးဖြစ်သူထံရောက်သွားလေ၏။ သမီးဖြစ်သူ မစန်းကြည်သည် အိမ်ဆိုင်လေးဖွင့်၍ ချောင်းကောက်ရပ်တွင် ဈေးရောင်းကာ ညီမငယ်နှင့်မောင်ငယ်ကို ကျောင်းဟက်မပျက်အောင် ဂရုစိုက်၍ ပြုစုနေရလေသည်။ သမီးဖြစ်သူ ဒေါ်စံမြ၏မကောင်းသတင်းစကားကိုကြားရသောအခါ တခြားဒေသသို့ ခရီးကူးချောင်းများမသွားဘဲ အိမ်မှာ မိသားစုနေထိုင်၍ ဈေးရောင်းရန် သို့ ပိုက်သောနည်းဖြင့် ဤသို့ပြောကြားလေ၏။

"အမေရယ်၊ အမေလည်း ကုန်ကူးသွားရတာ ရေကြောင်းခရီးဖြစ်တော့ အန္တရာယ်များလှတယ်။ အရင်းအနှီးလည်း အထိုက်အလျောက်များလာပြီဖြစ်လို့ အိမ်မှာနေရင်း အထိုင်ချရောင်းရင် ပိုကောင်းမယ်ထင်တယ်။ သမီးလည်း ချက်ပြုတ်ရတာတစ်ဖက်နဲ့ ဈေးရောင်းရတော့ ကသီလှတယ်။ ဒီကြားထဲ ကလေးတွေကိုလည်း ပညာရေးကောင်းအောင် ဂရုစိုက်နေရတယ်။ ဒါကြောင့်မို့ အမေ့ကို စဉ်းစားစေချင်တယ်"

ဟုပြောလေ၏။

ထိုအခါ ဒေါ်စံမြက -

"သမီးအကြံပြုတာ ကောင်းပါတယ်။ ဒီတစ်ပတ် လှေနဲ့လိုက်ပြီး ရစရာပေးစရာကလေးတွေကိုရှင်းလင်းပြီးရင်တော့ သမီးပြောသလို အိမ်ကပဲထိုင်ပြီး ကုန်ဝယ်ကုန်ရောင်းပြုပါတော့မယ်သမီးရယ်"

ဟု အေးဆေးတည်ငြိမ်စွာပြောသောအခါ သမီးဖြစ်သူ မစန်းကြည်က-

"ကောင်းပါတယ် အမေ၊ သမီးတို့မိသားစု စည်းစည်းလုံးလုံးနေထိုင်ပြီးလုပ်ရင် ပိုကောင်းတာပေါ့"

ဟု ပြောလေတော့၏။ သို့သော် ဒေါ်စံမြ၏ တစ်ဖက်သတ်အချစ်မှာ ဦးသာထွန်းထံ စိတ်ရောက်နေလေရာ စကားများများပြောချင်ပုံမရပေ။ စကားနည်းရန်စဲပြောလိုက်ခြင်းမျှသာ ဖြစ်ပေသည်။

သို့ဖြင့် ဦးသာထွန်းတို့ ကုန်တင်လှေကြီး သံတွဲဘက်သို့ ကုန်ကူးရန်ထွက်သောအခါ ဒေါ်စံမြသည် နောက်ဆုံးအခေါက်အဖြစ် လိုက်ပါသွားလေ၏။ သံတွဲဆိပ်ကမ်းတွင် ကုန်စည်များချ၍ လှေရပ်နားထားစဉ် ထမင်းစားချိန်ရောက်လာသဖြင့် ဝိုင်းဖွဲ့ကာစားကြလေသည်။ ဦးသာထွန်းနှင့်ဒေါ်အေးပွင့်တို့ထမင်းဝိုင်းတွင် ဒေါ်စံမြလည်းပါဝင်ပေ၏။ လှေထိုးသားများကတစ်ဝိုင်းဖွဲ့၍ စားသောက်ကြလေသည်။ အမြင်အားဖြင့် စုစုဝေးဝေးစားသောက်နေကြသည်မှာ ပျော်စရာကောင်းလှပေသည်။ ထိုသို့ပျော်ရွှင်စွာ စားသောက်နေစဉ် ပညာသည်ဒေါ်စံမြသည် ပဥ္စလက်ပညာဖြင့် ဒေါ်အေးပွင့်၏ထမင်းပန်းကန်ထဲသို့ နီရဲသော ပုစွန်တုပ်ဟင်းကို ထည့်ပေးလိုက်လေ၏။ ယခင်ကလည်း ထိုတဲ့သို့ထည့်ပေးနေကျဖြစ်သဖြင့် ဒေါ်အေးပွင့်ယုံမှားသံသယမရှိဘဲ စားသောက်ခဲ့ပေသည်။ ဤသို့ဖြင့် ခရီးတစ်ခေါက်ပြီးမြောက်ခဲ့၍ တောင်ကုတ်မြို့သို့ ပြန်ရောက်ခဲ့လေ၏။ ပါလာသောကုန်စည်များကို ကုန်သည်များအားလွှဲအပ်ပြီးမှသာလျှင် ဦးသာထွန်း၊ ဒေါ်အေးပွင့်တို့မိသားစုနှင့် တစ်ပတ်ခန့်အတူနေထိုင်၍ ကုန်သည်များထံမှကုန်များကို စုဆောင်းရပြန်လေသည်။

ဒေါ်စံမြသည် သူ၏အကြံအစည်အောင်မြင်သွားပြီးနောက် ဒေါ်အေးပွင့်၏အခြေအနေကို အကဲခတ်ကာ စောင့်ကြည့်နေလေ၏။ နောက်တစ်ခေါက် ဦးသာထွန်း၏လှေထွက်သောအခါတွင်တော့ ဒေါ်အေးပွင့်မလိုက်နိုင်တော့ပေ။ ဒေါ်စံမြကျွေးခဲ့သောပုစွန်တုပ်ဟင်းသည် အပင်းလုံးဖြစ်ကာ ကြီးထွားလာလေ၏။ ဒေါ်အေးပွင့်သည် ကိုယ်လက်များနွေးကွေးလေးလံလာလေ၏။ ထိုစဉ် ဝမ်းဗိုက်အတွင်း သွေးလုံးလေလုံးပမာတွေ့ရှိလာသဖြင့် စိတ်ချမ်းသာခြင်းလည်းမရှိပေ။ သို့လောသို့လောတွေးတောရင်း လှေတွင်မလိုက်နိုင်သဖြင့် အိမ်တွင်ကျန်ရစ်ခဲ့ရလေ၏။

အကြံသမားဖြစ်သောဒေါ်စံမြသည် ထိုအချိန်ကို အခွင့်ကောင်းယူ၍ ကြွေးကျန်များတောင်းရန်ဟုအကြောင်းပြကာ သမီးဖြစ်သူကို ပြောကြားပြီးနောက် ဦးသာထွန်းတို့၏လှေဖြင့် သံတွဲသို့ တစ်ခေါက်လိုက်သွားပြန်ပါလေသည်။ ဒေါ်အေးပွင့်မပါသောကြောင့် ဒေါ်အေးပွင့်၏တာဝန်များကို ဒေါ်စံမြက တာဝန်ယူကာ ချက်ပြုတ်ကျွေးမွေးလေ၏။ သို့သော် ဦးသာထွန်းသည် ဂတိခိုင်သူဖြစ်သောကြောင့် ဒေါ်စံမြ၏ပြုစုယုယမှုပေါ်တွင်သာယာခြင်းမရှိခဲ့ပေ။ အိမ်တွင်ကျန်ရစ်သော ဒေါ်အေးပွင့်အတွက် စိတ်မသက်မသာရှိလေတော့သည်။

ထိုတစ်ခေါက် ကုန်ကူး၍ တောင်ကုတ်မြို့သို့ပြန်ရောက်သောအခါ ဇနီးဖြစ်သူ၏ဝေဒနာကို သေချာစွာဆန်းစစ်လေ၏။ သွေးရိုးသားရိုးမဟုတ်သည်ကို စမ်းသပ်တွေ့ရှိရသောအခါ ဇနီးဖြစ်သူနှင့်တိုင်ပင်လေ၏။ ထို့နောက် ထိုအပင်းလုံးကိုကုစားရန် ဆရာရှာလေတော့သည်။ ဒေါ်စံမြသည် ဒေါ်အေးပွင့်၏အခြေအနေကို လေ့လာနေသူဖြစ်ရာ ချောင်းကောက်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကုသရန် အကြံပြုလေ၏။ ထိုစဉ်က ချောင်းကောက်တွင် ဆေးကုသော ဘုန်းတော်ကြီးတစ်ပါးရှိခဲ့လေ၏။ ထိုဘုန်းတော်ကြီးသည် ဘုရားခန်းတွင် ငှက်ပျောပွဲများပြင်ကာ ပယောဂကိုလည်းကုသလေ၏။ ဒေါ်စံမြသည် ထိုဘုန်းတော်ကြီး၏အစွမ်းကို သိပြီးဖြစ်၏။ ထိုဘုန်းတော်ကြီး၏ပညာကိုသိသဖြင့် ကာကွယ်နိုင်သူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် (၃) လခန့်ကြာသော အခါ ဒေါ်အေးပွင့်၏ဝမ်းဗိုက်အတွင်းမှ အပင်းလုံးသည် မကြာခဏအောင့်လေတော့သည်။ ဦးသာထွန်းလည်း လေ့မထွက်နိုင်တော့ဘဲ ဒေါ်အေးပွင့်၏ ဝေဒနာပျောက်ကင်းရန်အတွက်သာတွေးတောကြံဆနေလေ၏။ တစ်နေ့တွင် ဒေါ်အေးပွင့်အားခေါ်၍ ချောင်းကောက် ဘုန်းတော်ကြီးကျောင်းသို့ ထွက်ခဲ့ပေသည်။ ကျောင်းသို့ရောက်သောအခါ ဦးသာထွန်းသည် မြတ်စွာဘုရားနှင့် ဘုန်းတော်ကြီးအား ဝတ်ပြုကာရှိခိုးကန်တော့၍ ဒေါ်အေးပွင့်၏ ပယောဂကို စစ်ဆေးကုသပေးပါရန် ဘုန်းတော်ကြီးအား လျှောက်ထားလေသည်။ ထိုအချိန်တွင် ဒေါ်အေးပွင့်သည် မြတ်စွာဘုရားဆင်းတုတော်နှင့် ဘုန်းတော်ကြီးအားဦးတတ်မပြုဘဲ ကျောခိုင်းကာခြေဆင်း၍ထိုင်နေလေ၏။ ထိုအမူအရာကို တွေ့မြင်ရသော ဘုန်းတော်ကြီးသည် ဒေါသအလျောက် စိတ်မထိန်းနိုင်တော့ဘဲ ကြိမ်တုတ်ကိုဆွဲ၍ ဆဲသဲမဲမဲရိုက်လေတော့သည်။

ဘုန်းတော်ကြီးသည် သာမန် အချိန်များတွင် ပယောဂပြုသူပညာရှင်အား ဖမ်းချုပ်ရန်အမိန့်ပေးပြီးမှ ကုတတ်သော်လည်း ဒေါသအလျောက် စိတ်လိုက်မာန်ပါ ရိုက်မိလေသောကြောင့် စိတ်ကိုဖြေ၍နေရလေရာ ဆေးမကုသနိုင်တော့။ အရိုက်ခံရသောဒေါ်အေးပွင့်သည်း နာလွန်းလှသဖြင့်-

"အောင်မယ်လေး - နာပါတယ် ဘုန်းဘုန်းရဲ့၊ တပည့်တော် ပယောဂ မဟုတ်ပါဘူး တော်ပါတော့"

ဟု ငယ်သံပါအောင်အော်၍ ထွန့်ထွန့်လူးကာနေလေ၏။ ဘုန်းတော်ကြီးလည်း မိမိစိတ်ဒေါသမပြေသေးသဖြင့် သတိလက်လွတ်ပြုမူမိသည်ကို မစဉ်းစားမိပေ။

ဦးသာထွန်းသည် ဘုန်းတော်ကြီးအား ပယောဂမဟုတ်လျှင် တပည့်တော် ပြန်ခေါ်သွားပါတော့မည်ဟု ပြောကာ ဦးချကန်တော့ပြီးနောက် ဒေါ်အေးပွင့်ကိုခေါ်၍ ကျောင်းပေါ်မှဆင်းသက်ခဲ့လေတော့သည်။

အိမ်သို့ ရောက်သောအခါတွင် ဒေါ်အေးပွင့်၌ ကြိမ်လုံးဒဏ်ခံရသဖြင့် ရရှိခဲ့သောဒဏ်ရာများကို အမြန်ပျောက်စေရန် မိမိတတ်ကျွမ်းသော လိမ်းဆေးများဖြင့် လိမ်းကျံပေးခဲ့ရလေသည်။ (၃)ရက်ခန့်ကြာမှ ပျောက်ကင်းခဲ့လေ၏။ ထို့နောက် အခြားပယောဂဆရာများနှင့် ကုသသော်လည်း 'ဆရာမနိုင် နှစ်ဆောင်မြိုင်အိမ်' ပမာ ဆရာများ လက်လျှော့ကာထားရလေ၏။အချစ်ကြီးသလောက် အမျက်ကြီးသော ပညာသည်ဒေါ်စံမြသည် ဦးသာထွန်းကို မဆွဲဆောင်နိုင်သဖြင့် ဒေါ်အေးပွင့်ကို အညှာကိုင်လေတော့သည်။ ထိုအခါ ဦးသာထွန်းလည်း မိမိတတ်ကျွမ်းသောဆေးပညာဖြင့် ပဋ္ဌလက်ပညာကို မယှဉ်သာသောကြောင့် လက်မှိုင်ချကာနေရလေ၏။ ဒေါ်စံမြသည် ဒေါ်အေးပွင့်ကို ကြာရှည်ခံစားရအောင်လုပ်ထားခြင်းဖြစ်သည်။ သေစေလိုသောစိတ်မရှိပေ။ သို့ဖြစ်၍ တစ်ခါတစ်ရံတွင် ဒေါ်အေးပွင့် သက်သာရာရ၍ နေထိုင်ကောင်းနေတတ်လေသည်။

ဤကဲ့သို့ ဒေါ်အေးပွင့်နေထိုင်ကောင်းနေချိန်တွင် ဦးသာထွန်း ဘုရားဖူးထွက်ရန် စိတ်ကူးရလေ၏။ ရေပြောင်းမြေပြောင်း စိတ်ပြောင်းရန် ပြည်မသို့ ဘုရားဖူးထွက်၍ ယကြာချေရန်အကြံရသဖြင့် ဒေါ်အေးပွင့်နှင့်တိုင်ပင်ကာ ပြည်မဘက်သို့ ဘုရားဖူးထွက်ခဲ့ကြလေသည်။ ပထမဦးစွာ တောင်ကုတ်မြို့မှ ဆင်တဲရွာသို့ ကားစီးရလေ၏။ ဆင်တဲသို့ရောက်သောအခါ စက်လှေစီး၍ ပြည်မြို့သို့ ဆက်လက်ထွက်ခွာရလေ၏။ ထိုညမှာပင် ရထားစီး၍ ရန်ကုန်သို့ ခရီးဆက်ရပြန်သည်။ နံနက်ပိုင်းတွင် ရန်ကုန်သို့ ရောက်ရှိပြီးနောက် သူတာကြီး၏ နောက်ဘက်ရှိ (၃၅)လမ်းတွင် စက်ချုပ်လုပ်ငန်းကိုလုပ်ကိုင်နေသော သားကြီးကိုဘအောင်နှင့် သားငယ်မောင်မြင့်သိန်းတို့အိမ်တွင် (၃) ရက် တည်းခိုနေထိုင်ကြလေ၏။ ထိုသို့ တည်းခိုနေထိုင်စဉ် ဆူးလေ၊ ရွှေတိဂုံနှင့် ကမ္ဘာအေးဘုရားများကို သွားရောက် ဖူးမြော်ကြလေသည်။ ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့သည် ဘုရားဖူးပြီးနောက် ဗြုဟ်တိုင်များတွင် ယကြာချေခြင်း၊ ဒေါ်အေးပွင့်၏ ဝေဒနာအတွက် ဆရာသမားကောင်းတွေ့ရစေရန် ဆုတောင်းခြင်းပြုကြလေသည်။

ရန်ကုန်မြို့တွင် (၃) ရက်နေပြီးနောက်တစ်နေ့တွင် မန္တလေးသို့ ရထားဖြင့် ခရီးဆက်ကြလေသည်။ သားကြီး ကိုဘသောင်းက လိုက်ပါပို့ဆောင်လေသည်။ နောက်နေ့တွင် မန္တလေးသို့ ရောက်ရှိကြပြီး သားချင်းတော်သော ဘုန်းတော်ကြီး၏ကျောင်းတွင် တည်းခိုကြလေသည်။ထိုဘုန်းတော်ကြီးကျောင်းသည် မန္တလေးတောင်အနီး၌ရှိသော ကျောင်းဖြစ်၍ သွားလာရေးလွယ်ကူ၏။ မဟာမြတ်မုနိ၊ ကျောက်တော်ကြီးဘုရားနှင့် လောကမာရဇိန်ဘုရားများကို သွားရောက်ဖူးမြော်ကြလေသည်။ဦးသာထွန်းနှင့်ဒေါ်အေးပွင့်တို့သည် မဟာမြတ်မုနိဘုရားကြီးကို ဖူးမြော်ပြီးနောက် ဆွမ်းတော်တင်၍ ဆုတောင်းလေ၏။ ဆုတောင်းတိုင်းပင် ဆရာကောင်းကိုတွေ့ရပါစေဟု ဆုတောင်းခဲ့ကြလေ၏။ နောက်တစ်နေ့ မန္တလေးမှမထွက်ခွာမီ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကိုလှူဒါန်း၍ ရှိခိုးကန်တော့ကြလေသည်။

ဤသို့ကန်တော့ပြီး နံနက်ပိုင်းတွင် သဘော်ဆိပ်သို့ မြင်းလှည်းစီး၍သွားကြရလေ၏။ဆိပ်ကမ်းသို့ရောက်သောအခါ မင်းဘူးသို့ထွက်ခွာမည့်သင်္ဘောလက်မှတ်ဝယ်၍ သင်္ဘောထွက်မည့်အချိန်ကို စောင့်ဆိုင်းရင်း နားနေကြလေသည်။ ရွှေဦးရာသီဖြစ်၍ ရာသီဥတုကောင်း... သောကြောင့် နှစ်ညအိပ်သုံးရက်ခရီး... သင်္ဘောစီး၍ ခရီးဆက်ခဲ့ကြလေသည်။ သင်္ဘောပေါ် မှာပင်အိပ်၍ သင်္ဘောပေါ် မှာပင် နံနက်စာ၊ ညစာတို့ကိုစားသောက်ခဲ့ရပေသည်။ (၃)ရက်မြောက်သောနေ့ ညနေတွင် မင်းဘူးဆိပ်ကမ်းသို့ ရောက်သောအခါ အချိန်နှောင်းသဖြင့် ဆိပ်ကမ်းရှိ တည်းခိုခန်းတွင် တည်းခိုညအိပ်ကြရလေသည်။

နောက်တစ်နေ့ နံနက်စောစော... တွင် မင်းဘူးမှ ရွှေစက်တော်သို့ထွက်ခွာ... သော ဘုရားဖူးကားဖြင့် ထွက်ခွာ... လေ၏။ ရွှေဦးရာသီ တပေါင်း... ရွှေစက်တော်ဘုရားပွဲတော်ကျင်းပ... ဖြစ်ပေသည်။ ဦးသာထွန်းတို့ရောက်... သည် နံနက်(၉)နာရီခန့်တွင် ရွှေစက်... တော်သို့ရောက်ကြလေ၏။ တည်းခို... တစ်ခုတွင် (၃)ရက်ငှားရမ်းနေထိုင်... လေသည်။ မန်းချောင်းသည် ရခိုင်... ကို အခြေခံ၍ တောင်စဉ်တောင်တန်း... များအကြားမှ ကွေ့ကာကောက်ကာ... ဆင်းလာရာ ချောင်းရေများမှာ အ... ပင် ကြည်လင်အေးမြလှပေ၏။ ရွှေစက်... တော်ဘုရားအနီးသို့ ရောက်သော... အောက်စက်တော်ရာနှင့် အထက်... တော်ရာအကြားမှ တောင်တို... ကွေ့ပိုက်ကာ စီးဆင်းသွားလေ... ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့... တည်းခိုခန်းတွင် အပန်းဖြေပြီး... ကြည်သာအေးမြသော မန်းချောင်း...



www.burmeseclassic.com

www.burmeseclassic.com

ကိုရှိရသောအခါ အပန်းပြေ၍ လန်းဆန်းတက်ကြွလာလေသည်။ ပတ်ဝန်းကျင်တောင်တန်းများကို ရှုမျှော်ငေးမောရင်း ပွဲခင်းဈေးတန်းတစ်လျှောက် လျှောက်လည်ကြရာ လူစည်ကားသောပွဲတော်ဖြစ်ကြောင်း တွေ့ကြရလေသည်။

နံနက်ပိုင်း ရေချိုးပြီးသောအခါ ပွဲဈေးတန်းသို့သွား၍ နံနက်စာစားကြလေ၏။ နံနက်စာစားပြီးနောက် နေ့လယ်ဘက်တွင် အနားယူအိပ်စက်ကြလေသည်။ ညနေဘက်သို့ရောက်သောအခါ ရေမိုးချိုး၊ အဝတ်အစားလဲပြီးနောက် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာသို့ သွားရောက်ဖူးမြော်ကြလေ၏။ အထက်စက်တော်ရာတွင် ပန်း၊ အလင်းတိုင်၊ အမွှေးတိုင်များကို လှူဒါန်းဆက်ကပ်ကြလေသည်။ ဒေါ်အေးပွင့်သည် ထုံးစံအတိုင်း မိမိခံစားနေရသောဝေဒနာအတွက် ဆရာကောင်းနှင့်တွေ့နိုင်ရန် အမြဲဆုတောင်းလေ၏။ အထက်စက်တော်ရာကိုတက်ရောက်ပြီးနောက် နောက်နေ့နံနက်စောစောတွင် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းရန် သဒ္ဓါပေါက်ခဲ့ကြလေသည်။ ထို့နောက် ပြန်ဆင်းခဲ့၍ ပွဲဈေးတန်းကိုရောက်သောအခါ ညစာစားကြလေသည်။ နောက်နေ့နံနက်ဆွမ်းတော်ကပ်ရန် သစ်သီးနှင့်မုန့်များကို ဝယ်ယူပြီးနောက် တည်းခိုဆောင်သို့ပြန်ရောက်ကြလေ၏။ ထို့နောက် ဆွမ်းနှင့်ဆွမ်းဟင်းအတွက် သန့်ရှင်းသောထမင်းဆိုင်တွင် အရုဏ်တက်အမီလာပို့ရန် မှာကြားထားလေသည်။ ညဘက်တွင် မအိပ်သေးမီ ဘုရားဝတ်တက်ကြလေ၏။ ဒေါ်အေးပွင့်သည် ဘုရားဝတ်တက်ရာတွင်လည်း မိမိဆန္ဒအလျောက် ပုဂ္ဂိုလ်ထူးဆရာသမားနှင့် တွေ့နိုင်ရန် ဆုတောင်းခဲ့ပေသည်။

ပွဲတော်မှဆူညံနေသောအသံများကြောင့် ညဉ့်နက်သောအခါမှ တစ်မှေးအိပ်ခဲ့ရလေ၏။ နံနက် (၄) နာရီထိုးသည်နှင့် ဈေးသည်များ၏အသံများကို ကြားရလေသည်။ ထိုအခါ အိပ်ရာမှထ၍ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ကြရလေ၏။ အဝတ်အစားများလဲဝတ်ပြီးသောအခါ မှာယူထားသောဆွမ်းနှင့်ဆွမ်းဟင်းများကိုယူဆောင်၍ အထက်စက်တော်ရာသို့ ဖနီးမှောင်နှံ့နှစ်ယောက်သား တက်ခဲ့ကြလေသည်။ အထက်စက်တော်ရာဆီသို့မရောက်မီ စောင်းတန်းကြီး၏အလယ်အဆင့်တွင်ရှိ တန်ဆောင်းတော်အတွင်း သီတင်းသုံးစံပယ်တော်မူသော မဟာမြတ်မုနိပုံသဏ္ဌာန် ဆင်းတုတော်ကြီးသို့ ရောက်ရှိကြလေ၏။ ထိုဆင်းတုတော်ကြီး၏ရှေ့တွင် အာရုံယူကာ တရားရှုမှတ်နေသော အသက် (၆၀) ခန့်ရှိ ဆရာတော်တစ်ပါးနှင့် ဘိုးသူတော်တစ်ဦးကိုလည်း ဖူးတွေ့ရလေသည်။

ထိုဘုရားကြီးတွင် ဆွမ်းကပ်ရန် တက်လာသော ဦးသာထွန်းနှင့်ဒေါ်အေးပွင့်တို့သည် ဆွမ်းမကပ်သေးမီ ဘုရားကြီးအား ဦးချကန်တော့ကြလေ၏။ ထိုအချိန်တွင် ဆရာတော်သည် တရားရှုမှတ်ရာမှရပ်နားကာထလေ၏။ ဆရာတော်သည် အသားညို၍ သင်္ကန်းကို သပ်ရပ်စွာ ဝတ်ဆင်ထားသောကြောင့်လည်းကောင်း၊ ကြည်လင်အေးမြသော မျက်နှာတော်ရှိသဖြင့် လည်းကောင်း ကြည်ညိုဖွယ်ရာကောင်းလှပေသည်။ ဦးသူတော်မှာ ပုတီးစိပ်လျက်ရှိလေ၏။ ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့သည် ဆရာတော်ကို ရိုသေစွာဦးခိုက်ကြလေ၏။

ထိုအခါ ဆရာတော်မှ -

"ဒကာကြီးနဲ့ ဒကာမကြီးတို့က ဘယ်ဒေသမှလာပါသလဲ"

ဟု မေးလေ၏။

"တပည့်တော်တို့ တောင်ကုတ်မြို့ကပါ ဘုရား"

ဟု လျှောက်ထားသောအခါ ဆရာတော်မှ -

"ဪ - တောင်ကုတ်ကလား၊ ရိုးမဟိုဘက်ခြမ်းနဲ့ ဒီဘက်ခြမ်းပဲ။ ခရီးလမ်းမဖြောင့်လို့သာ နို့မဟုတ် အနီးကလေးပဲ"

ဟု ပြောကြားလေ၏။

ထိုအခါ ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့က -

"တပည့်တော်တို့ ယခုလာတာကတော့ မန္တလေးမှာဘုရားဖူးပြီး ရေကြောင်းက သင်္ဘောစီးပြီး တစ်ဆင့်လာတာပါဘုရား"

ဟု လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်မှ -

"ကျန်းမာရေးကောင်းတုန်း ဘုရားဖူးထွက်တာ အကောင်းဆုံးပေါ့။ ဇရာဖိစီးလာရင် စိတ်နောက်ကိုယ်မပါနိုင်တော့ဘူး။ ကောင်းလေစွ ကောင်းလေစွ သာဓု သာဓု"

ဟု သုံးကြိမ်ခေါ် ဆိုလိုက်လေသည်။

ထို့နောက် ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့သည် ကြိုတင်တိုင်ပင်မထားဘဲ တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ဆရာတော်ကို ဆွမ်းကပ်ခွင့်ပြုရန် လျှောက်ထားကြလေ၏။ ဆရာတော်မှ ဒကာကြီးတို့၏ စိတ်စေတနာကိုသိသောအားဖြင့် ဆွမ်းကပ်ခွင့်ပြုလေ၏။ ထိုအခါ ဦးသူတော်လည်း ပုတီးစိပ်ရာမှထ၍ ကူညီ၍ဆောင်ရွက်ပေးလေ၏။ ဆရာတော်သည် ဆွမ်းကပ်ခြင်းခံယူရာတွင် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ရည်စူးဆွမ်းကပ်ခြင်းကြောင့် 'သံဃဿ ဒေမ၊ နိဗ္ဗာနပစ္စယောဟောတု' ဟု တိုင်ပေးကာ လိုက်ဆိုစေ၏။ ထို့နောက် ဘုရားရှင်အား အာရုံပြု၍ ဆွမ်းကပ်နေလေ၏။ ထို့နောက် ဆွမ်းဘုဉ်းပေးလေသည်။ သင့်တင့်မျှတစွာ ဘုဉ်းပေးပြီးနောက် -

"ဒကာကြီးနဲ့ ဒကာမကြီးတို့က ပါရမီရှင်တွေပဲ။ နောက်လည်းဆုံကြရပေဦးမယ်"

ဟု အတိတ်ကိုမျှော်၍ဟောလေ၏။

ထိုအခါ ဒေါ်အေးပွင့်က -

"တပည့်တော်လည်း နောက်ထပ်ဖူးတွေ့ချင်ပါသေးတယ်ဘုရား"

ဟု လျှောက်ထားလိုက်လေသည်။

ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့သည် တစ်ချက်ခုတ်နှစ်ချက်ပြတ်ပမာ မြတ်စွာဘုရားနှင့်သံဃာတော်ကိုပါ ဆွမ်းကပ်လိုက်ရသဖြင့် စိတ်ကြည်နူးချမ်းမြေ့စွာ ဆင်းတုတော်ကြီးကိုပါ အာရုံပြု၍ ဖူးမြော်နေကြလေ၏။ ထိုအချိန်တွင် ဆရာတော်နှင့် ဦးသူတော်သည် အထက်စက်တော်ရာသို့ကြွသွားလေတော့သည်။ ဘုရားကြီးကိုဖူးပြီးသောအခါမှ ဆရာတော်နှင့်ဦးသူတော်ကြွသွားပြီဖြစ်ကြောင်း သိကြလေ၏။ ထို့နောက် အထက်စက်တော်ရာသို့ ဆက်၍မတက်တော့ဘဲ တောင်အောက်သို့ပြန်ဆင်းခဲ့ကြလေသည်။ ဤသို့ဖြင့် နောက်ထပ် (၂)ရက်နေထိုင်ကြကာ အထက်စက်တော်ရာသို့ နံနက်စောစောဆွမ်းတက်၍ကပ်ကြသော်လည်း ဆရာတော်နှင့် ဦးသူတော်ကို မဖူးမြင်ရတော့ပေ။

နောက်တစ်ရက်နံနက်တွင် တည်းခိုခန်းကိုအပ်၍ မင်းဘူးသို့ကားစီးကာ ပြန်ခဲ့ကြလေ၏။ ဘုရားပွဲတော်ရက်ဖြစ်၍ ကားမရှားပါပေ။ မင်းဘူးမှတစ်ဆင့် သင်္ဘောစီးကြရာ နောက်တစ်နေ့ညနေတွင် ပြည်သို့ရောက်ကြလေ၏။ ဆင်ဝါ



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ကူးရန် စက်လှေမရှိတော့သဖြင့် ညမအိပ်မီ ရွှေဆံတော်ဘုရားသို့ မြင်းလှည်းစီး၍ သွားရောက်ဖူးမြော်ကြလေသည်။ ဘုရားပေါ်တွင် အနားယူရင်း ဖူးမြော်ကြပြီးနော် ဆိပ်ကမ်းရှိ ဆိပ်ခံကြီးပေါ်သို့ပြန်လာ၍ အခြားခရီးသွားများနှင့်အတူ အိပ်ကြရလေသည်။ နောက်တစ်နေ့တွင် ပြည်ဆိပ်ကမ်းမှ စက်လှေစီး၍ ဆင်တဲသို့ကူးကြရ၏။ ဆင်တဲမှ တစ်ဆင့် ကားစီးကာပြန်ခဲ့ကြလေရာ တောင်ကုတ်မြို့သို့ မိုးချုပ်နေဝင်ချိန်မှ ရောက်ရှိကြလေသည်။

❑

ဦးသာထွန်းနှင့် ဒေါ်အေးပွင့်တို့သည် ပြည်မသို့ ဘုရားဖူးထွက်ခဲ့ကြသည်မှာ တပေါင်းလကုန်သည်အထိ ကြာမြင့်ခဲ့လေ၏။ ထိုအတောအတွင်း ရေပြောင်း၊ မြေပြောင်း၊ စိတ်ပြောင်းသောကြောင့်လည်းကောင်း ပညာသည်မ၏ စက်ကွင်းအောက်မှလွတ်နေသောကြောင့် လည်းကောင်း၊ ဘုရားတရားရိပ်တွင်ခိုဝင်၍ အေးချမ်းစွာနေထိုင်ကြရသောအခါ ဒေါ်အေးပွင့်၏ ပယောဂဝေဒနာသည် သိသိသာသာအနှောင့်အယှက်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် တောင်ကုတ်မြို့သို့ပြန်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် စတင်၍အစွမ်းပြလေတော့သည်။ ဒေါ်အေးပွင့်သည် ပညာသည်မ၏အစွမ်းပြမှုကြောင့် အလိုလိုပင် မစားနိုင်မသောက်နိုင်ဖြစ်ကာ ခြေလက်များလေးလံထိုင်းမှိုင်းလာလေ၏။ တစ်ခါတစ်ရံ ဗိုက်ထဲမှမအီမလယ်ဖြစ်ကာ အော့ချင်အန်ချင်ဖြစ်လာလေ၏။ ထိုအချိန်တွင် ဦးသာထွန်းသည် သူ့ဇနီးအား အခြားသောနည်းဖြင့် မကုနိုင်တော့သဖြင့် ဘုရားကုကုရန် အကြံရလေ၏။ သို့ဖြစ်၍ ဇနီးမောင်နှံနှစ်ဦး တိုင်ပင်ကြပြီးနောက် တောင်ကုတ်မြို့ အင်းခုံတောင်တွင် ကြွရောက်သီတင်းသုံးကာ သမထ၊ ဝိပဿနာတရားတော်များ ဟောကြားတော်မူသော ဆရာတော်ဦးဓမ္မသာမိထံသို့ သွားရောက် ဖူးမြော်ကြလေသည်။

ဆရာတော်အား ဖူးမြော်ကန်တော့ပြီးနောက် သမထ၊ ဝိပဿနာဘာဝနာတရားများကို နာကြားရသောအခါ ဇနီးမောင်နှံနှစ်ဦးစလုံး တရားအားထုတ်လိုစိတ်များ ထက်သန်လာကြလေ၏။ ထိုအချိန်မှစကာ သဒ္ဓါတရားထက်သန်စွာဖြင့် တရားအားထုတ်ကြလေတော့သည်။ (၆) လမျှကြာသောအခါ သမာဓိတရားရရှိလာလေ၏။ ထိုအခါ ဆရာတော်၏လမ်းညွှန်မှုဖြင့် ဗိုလ် (၅) ပါးနှင့်ညီအောင် အပတ်တကုတ်အားထုတ်ကြလေသည်။ နောက်ထပ် (၆) လမျှကြာသောအခါ သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တို့နှင့် ပြည့်စုံလာသဖြင့် လောဘ၊ ဒေါသ၊ မောဟ မာန်မာနတရားများကိုစွန့်ပယ်ကာ ခန္တီ၊ မေတ္တာ၊ ကရုဏာ၊ ဥပက္ခာတရားတို့ကို အလိုလိုပင် သိမြင်လာပေတော့သည်။ အရာရာကို သည်းခံခြင်းတရားဖြင့် မှတ်ကျောက်တင်၍ မေတ္တာထားလေသောအခါ ဘဝင်စိတ်ဝမ်းတို့ အေးချမ်းလှကြောင်း သိသာထင်ရှားလာလေသည်။

ဤသို့ အကျင့်သီလ၊ ဘာဝနာတရားတို့ကို ပွားများလာသောအခါ ဒေါ်အေးပွင့်အပေါ်တွင် ပဥ္စလက်မညာဖြင့်ပြုစားထားသော ပညာသည်မသည် ဘေးကျပ်နံကျပ်ရိုက်ကာ ပြေးပေါက်ရှာလေတော့သည်။ သို့သော် ပြေးပေါက်ရှာမရသဖြင့် ဒုက္ခလှလှတွေ့နေရလေ၏။ ထိုအချိန်တွင် ပညာသည်မဖြစ်သော ဒေါ်စံမြသည် နလုံးရောဂါခံစားနေရချိန်ဖြစ်ပေသည်။ သူတစ်ပါးကို မကောင်းကြံသော ပဥ္စလက်ပညာတတ်ကျွမ်းသော ဒေါ်စံမြသည် သူ၏အသားထဲမှလောက်ထွက်လာသောအခါ ကုရာနတ္ထိ ဆေးမရှိတော့ပေ။ ကြာလေလေ အခံရခက်လေလေဖြစ်နေပေတော့သည်။

အမှန်တရားအရလည်း အောက်လမ်းပညာတို့သည် အထက်လမ်းပညာကို မယှဉ်နိုင်ပေ။ ဒေါ်အေးပွင့်ဗိုက်ထဲတွင် ဒေါ်စံမြပြုစားထားသောအပင်းလုံးသည် အရှိန်နှင့်ရင်ဆိုင်ရမည်ဖြစ်၍ မနေမနား ရွေ့လျားလေတော့သည်။ အပင်းလုံးရွေ့လျားသည်နှင့်အမျှ ဒေါ်အေးပွင့်တွင် ပြင်းထန်စွာဝေဒနာခံစားရလေ၏။ ထိုဝေဒနာတို့ကို သည်းခံ၍ အပတ်တကုတ်အားထုတ်သောအခါ ဒေါ်အေးပွင့် အလွန်ပင်ပန်းနွမ်းလျလာလေ၏။ အအိပ်အစားမမှန်သောအခါ အားအင်ချည့်နဲ့၍ အိပ်ရာထဲတွင်လဲလေတော့သည်။ နောက်ပိုင်းတွင် သတိလစ်မေ့မြောကာ လှုပ်ရှားမှုမရှိတော့ပေ။

ဦးသာထွန်းသည် ဒေါ်အေးပွင့် သတိလစ်နေသဖြင့် တတ်စွမ်းသမျှပြုစုနေရလေ၏။ သမီးနှစ်ယောက်ကို ကျောင်းမှ ခွင့်တောင်းခံကာ မိခင်အနားတွင် အနေခိုင်းရလေ၏။ သမီးဖြစ်သူတို့လည်း မိခင်သတိရလေနိုးဖြင့်မျှော်ကိုး၍ စောင့်နေကြလေသည်။ ထိုအချိန်တွင် ဦးသာထွန်းသည် ဆေးရှာရန် ဈေးဘက်သို့ထွက်သွားလေ၏။ ဒေါ်အေးပွင့်သည် သတိလစ်မေ့မြောသွားလေရာ ကိုယ်ခန္ဓာသာ အိပ်ရာထဲတွင်ရှိ၍ စိတ်အစဉ်သည် အပြင်သို့ထွက်ကာ လိုရာအရပ်သို့ လျှောက်သွားနေလေ၏။ သတိမလစ်မီက ရွှေစက်တော်ဘုရားကို အာရုံပြုမိသဖြင့် သတိလစ်သွားသောအခါ အိပ်မက်ပမာ ရွှေစက်တော်ဘုရားသို့ရောက်သွားလေ၏။ ထိုအချိန်သည် ယခင်နှစ်က မိမိတို့ရောက်ရှိခဲ့ကြသော တပေါင်းလပွဲတော်ချိန်ဖြစ်၍ ရွှေစက်တော်ဘုရားတွင် ရဟန်းရှင်လူများရောင်းသူဝယ်သူဘုရားဖူးတို့ကို စည်ကားသိုက်မြိုက်စွာ တွေ့မြင်နေရလေ၏။ သို့သော် သူကမူ အဖော်မပါ။ ဦးသာထွန်းလည်းလိုက်မလာသောကြောင့် ဟိုငေးဒီငေးဖြင့် တဖြည်းဖြည်းလျှောက်နေရလေ၏။ သို့ဖြင့် အောက်စက်တော်ရာကိုဝင်ဖူးပြီးနောက် ချောင်းတူးတံတားလေးကိုဖြတ်ကျော်ကာ အထက်စက်တော်ရာဆီသို့ ဦးတည်သွားနေ၏။

ထို့နောက် အထက်စက်တော်ရာသို့တက်သည့်မုခ်ဦးတွင် ယခင်နှစ်က ဆွမ်းကပ်ခဲ့ဖူးသော ဆရာတော်နှင့်ဦးသူတော်ကို တွေ့မြင်လိုက်လေ၏။ ဒေါ်အေးပွင့်သည် ဆရာတော်ကြွသွားရာ နောက်သို့လိုက်သွားသောအခါ ယခင်နှစ်ကတွေ့ခဲ့ကြသော မဟာမြတ်မုနိရုပ်ပွားတော်တန်ဆောင်းအတွင်းသို့ ရောက်ရှိသွားလေသည်။ ထိုနေ့သည် တပေါင်းလပြည့်ညဖြစ်၍ ဆရာတော်နှင့်ဦးသူတော်တို့ ဆေးဝါးများ သိဒ္ဓိတင်ရန် အဓိဋ္ဌာန်ဝင်မည့်နေ့ဖြစ်လေ၏။ ဆရာတော် ခေတ္တအနားယူသောအခါ ဒေါ်အေးပွင့်သည် ဆရာတော်ကို ဦးချကန်တော့လေ၏။

ဆရာတော်သည် ဒေါ်အေးပွင့်တို့ တွေ့သောအခါ ကောင်းစွာမှတ်မိလေ၏။

ထိုအခါ ဆရာတော်မှ -

"ဒကာမကြီးတစ်ယောက်တည်းပါလား၊ ဒကာကြီးကောမပါဘူးလား"

ဟု အံ့ဩသောအမူအရာဖြင့်မေးလေ၏။

ထိုအခါ ဒေါ်အေးပွင့်က -

"ဒကာကြီးကတော့ တပည့်တော်ရဲ့ဝေဒနာကိုကုသဖို့ ဆေးဝါးရှာရအောင် ထွက်သွားပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်လေ၏။

ထို့နောက် ဒေါ်အေးပွင့်သည် ဆရာတော်ဘုရားမမေးမီကပင် သူ့အ

www.burmeseclassic.com

နေရသောဝေဒနာကိုလျှော့ကျလာဟန်ရှိ လေသည်။ ဆရာတော်သည် ခေတ္တစဉ်း စားပြီးနောက် -

"သူတော်ကောင်းပါရမီရှင်တွေပဲ ကယ်ထိုက်ပါတယ်လေ"

ဟု ထုတ်ဖော် ပြောကြားလေ၏။

ထို့နောက် -

"ဒကာမကြီးက ဘယ်တော့ပြန် မလဲ"

ဟု မေးလေ၏။

ဒေါ်အေးပွင့်က -

"မကြာမီပြန်မှာပါ ဘုရား"

ဟု လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်က ထူးထူး ထွေထွေမိန့်တော်မမူတော့ဘဲ လွယ်ထား သော သင်္ကန်းရောင်လွယ်အိတ်အတွင်း မှ ဆီးကင်းခန့်ရှိသော နီညိုရောင်ဆေး သုံးလုံးနှင့် ဝါ၊ စိမ်း၊ ပြာအရောင်ရှိသော စာရွက်သုံးခုကိုထုတ်ယူပေးလေသည်။

ထို့နောက် -

"ဒီဆေးသုံးလုံးကို ဘုရား၊ တရား၊ သံဃာ အာရုံပြု၍ ရေနှင့်သောက်လိုက် ပါ။ ဒီလက်မှတ်သုံးစောင်ကတော့ လမ်း ခရီးမှာ လိုအပ်သလိုအသုံးပြုပါ"

ဟုပြောကြားလေသည်။

ဒေါ်အေးပွင့်လည်း ဆရာတော် ပေးသော ဆေးသုံးလုံးကို ဘုရား၊ တရား၊ သံဃာတို့အား အာရုံပြု၍ ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးမို့ ရောဂါအား လုံး ကင်းပျောက်ပါစေသတည်းဟု ဆု တောင်းကာ ရေဖြင့်သောက်လိုက်လေ သည်။ လက်မှတ်သုံးစောင်ကိုလိုလျှင်သုံး ရန် သိမ်းထားလိုက်လေ၏။ ထို့နောက် ဆရာတော်ကိုဦးချကန်တော့ကာပြန်လာ ခဲ့ပေသည်။

ဒေါ်အေးပွင့်သည် သတိလစ်မေ့ မြောနေစဉ် ဝိဇ္ဇာဘုန်းတော်ကြီးပေး သောဆေးသုံးလုံးကို သောက်လိုက်ရ သောအခါ သတိပြန်၍လည်လာလေ ၏။ ထိုအချိန်တွင် ဝိဇ္ဇာဆေး၏အစွမ်း နှင့် မိမိ၏ကောင်းမှုဘာဝနာတို့ကြောင့် ဝိုက်ထဲမှအပင်းလုံးသည် 'ဘုန်း'ဟူသော အသံမြည်ကာ အပြင်ဘက်သို့ခုန်ထွက် ၍ပြေးသည်ကို ဒေါ်အေးပွင့်မြင်လိုက်ရ လေ၏။ ဒေါ်အေးပွင့်သည် သတိရလာ သဖြင့် ပါးစပ်နှင့်ခြေလက်များကို လှုပ် ရှားကြည့်သောအခါ ဘေးမှစောင့်ရှောက် နေသောသမီးငယ်နှစ်ယောက်က -

"အမေ သတိရလာပြီ၊ မသေ တော့ဘူး"

ဟု ပြောကာ ဝိုင်းထူကြလေ၏။

ဒေါ်အေးပွင့်သည် သမီးများထူ သဖြင့် ထ၍ထိုင်ပြီးလျှင် အိမ်သာတက် ရန်အိမ်နောက်ဘက်သို့ထွက်ခဲ့လေသည်။ သမီးငယ်များကတွဲ၍ပို့ကြလေသည်။ ထိုအချိန် ဆေးရှာရန်ထွက်သွားသော ဦးသာထွန်းသည် အိမ်သို့ပြန်ရောက် လာပြီးနောက် ဒေါ်အေးပွင့်ကိုရှာသော အခါ အိပ်ခန်းထဲတွင် မတွေ့ရသဖြင့် အံ့ဩမိလေ၏။သမီးများကိုလည်းမတွေ့ ရသောအခါ ရှာဖွေကြည့်လေ၏။

ထိုအခါမှ အိမ်နောက်ဘက်မှ တက်လာသော ဒေါ်အေးပွင့်နှင့်သမီး များကိုတွေ့ရသောအခါ လွန်စွာအံ့ဩ ဝမ်းသာဖြစ်၍ မေးရန်စကားကိုပင်ရှာမရ တော့ဘဲ မှင်တက်မိ၍နေလေတော့ သည်။ ထို့နောက်မှ သတိဝင်လာသဖြင့်-

"မပွင့်ရေ သတိရလာပြီလား၊ နေ ကောင်းရဲ့လား၊ သတိလစ်မေ့မြောနေ တာ (၃)ရက်တောင်ရှိနေပြီ"

ဟုမေးပြောပြောလေတော့သည်၊

ထိုအခါ ဒေါ်အေးပွင့်က -

"နေကောင်းသွားပြီ ကိုသာထွန်း ရေ ဝိဇ္ဇာဆေးကိုသောက်လိုက်ရလို့ ဆေးအစွမ်းကြောင့် အားလုံးကောင်း သွားပြီ။ဘာမှမဖြစ်တော့ဘူး။ ဆုတောင်း လည်းပြည့်ခဲ့တယ်"

ဟု ဝမ်းသာအားရပြန်ပြောလေ ၏။ သို့သော်လည်း ထမင်းမစားရတာ (၃)ရက်ခန့်ကြာပြီဖြစ်သော ဒေါ်အေးပွင့် မှာ အားနည်း၍ နွမ်းလျနေလေသည်။ သို့ဖြစ်၍ ဦးသာထွန်းမှ ထမင်းကျွေးရန် သတိရသဖြင့် သမီးကြီးမသောင်းရီဆိုင် သို့ပြေး၍ယူရလေ၏။

ဒေါ်အေးပွင့်ပြန်လည်သတိရလာ ကြောင်း သမီးကြီးမသောင်းရီကြားသိရ သောအခါ ဦးသာထွန်းနှင့် အိမ်သို့ပြန် လာလေ၏။ မိသားစုစုံညီစွာတွေ့ရသော အခါ ဒေါ်အေးပွင့်မှ သူသတိလစ်မေ့ မြောသွားစဉ် ရောက်ရှိသွားသော ရွှေစက် တော်ဘုရားနှင့် အကြောင်းစုံကို သေချာ စွာပြန်၍ပြောပြခဲ့လေသည်။ မိသားစု သာ ဝမ်းသာအံ့ဩကြသည်မဟုတ်၊ ဒေါ်အေးပွင့် သတိရလာပြီဖြစ်ကြောင်း အိမ်နီးနားချင်းများမှတစ်ဆင့် ကြားသိရ နသာမိတ်ဆွေများသည်လည်း လာ၍ သတင်းမေးကာ အံ့ဩဝမ်းသာရှိကြလေ ၏။ ထိုမိတ်ဆွေများတွင် ဒေါ်အေးပွင့် ၏မိတ်ဆွေရန်သူဟုပြောရမည်ဖြစ်သော ဒေါ်စံမြလည်းပါလေ၏။

ဒေါ်စံမြသည် ဒေါ်အေးပွင့်သတိ ရ၍ ရောဂါမရှိတော့ကြောင်းသိရသော အခါ ဝမ်းသာကြည်နူးမိလေ၏။ မိမိ၏ ချစ်စိတ်ကိုမထိန်းနိုင်သဖြင့် ဒေါ်မှအေးပွင့် အပေါ် မိုက်မဲစွာ ပညာဖြင့်စီမံခဲ့မိသည် ကိုလည်း နောင်တရ၍နေလေတော့ သည်။ အောက်လမ်းပညာဖြစ်သော ပဥ္စ လက်အတတ်ကိုလည်း စက်ဆုပ်ရွံရှာ လာလေ၏။ ထိုပညာကို ဆက်လက် ကျင့်ကြံပါက သံသရာခရီးတွင် အပါယ် ငရဲတည်းဟူသော ဝဲစလုတ်၌ နစ်မြုပ်ရ တော့မည်ကို တွေးတောဆင်ခြင်မိလေ- သည်။ သို့ဖြစ်၍ နောက်များမကြာမီ တွင် ချောင်းကောက်ရပ်ရှိ ဘုန်းတော်ကြီး ထံသွားရောက်၍ ဝန်ချတောင်းပန် လျှော်ဒါန်းလိုက်လေတော့သည်။ အသက် (၆၀) ကျော်ပြီဖြစ်သော ဒေါ်စံမြသည် ကုသိုလ်ကောင်းမှုဘက်သို့ အာရုံစိုက် ကာ ကျင့်ကြံပွားများနေလေ၏။ ဤသို့ နေထိုင်ခဲ့ရာမှ အသက် (၆၃) နှစ်တွင် နှလုံးရောဂါဖြင့် အနိစ္စရောက်လေတော့ သည်။

ဒေါ်အေးပွင့်သည် ဝိဇ္ဇာဆေးကို သောက်သုံးခဲ့ရသဖြင့် အပင်းသွင်းခံရ သောရောဂါဝေဒနာတို့ပျောက်ဆုံးကာ သမထ၊ ဝိပဿနာတရားများကို အထူး ကြိုးစားအားထုတ်နေလေ၏။ နောက် ပိုင်းတွင် ဆရာတော် ဦးခေမ္မသာမိသီတင်း သုံးရာ အင်းခုံတောင်တွင် လူဝတ် ကြောင်ကိုစွန့်၍ ဒေါ်အိန္ဒစာရီဘွဲ့အမည် နှင့် သီလရှင်ဝတ်လေတော့သည်။ ထို အင်းခုံတောင်တွင် ကျောင်းသင်္ခမ်း ဆောက်လုပ်၍ ကျင့်ကြံပွားနေခဲ့ရာ အသက် (၈၁) နှစ်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေ၏။ ကောင်းသော သုဂတိဘုံသို့ရောက်မည်စကန်တည်း။ ဦးသာထွန်းမှာ မိသားစုဖြင့် ဆက်လက် နေထိုင်ကာ ပွားများအားထုတ်ခဲ့ပြီး နောက် အသက် (၈၅)နှစ်တွင် ကောင်း မွန်စွာ ကွယ်လွန်အနိစ္စရောက်လေတော့ သတည်း။

ငြိမ်းဝေ (မြည်)

**မှတ်ချက်**

*ယောဂီမများ မကွယ်လွန်မီက ပြောပြခဲ့သောဖြစ်ရပ်မှန်များကိုအခြေခံ ၍ ဝတ္ထုတိုသဏ္ဍာန် ဝေဖန်ပိုင်းခြား ရေး သားခြင်းဖြစ်ပါသည်။ ပါဝင်သောဇာတ် ကောင်များကို အမည်လွှဲများဖြင့် ဖော်ပြ ထားပါသည်။ စာရှုသူများအနေဖြင့် တိုက်ဆိုင်မှုရှိခဲ့ပါလျှင် ခွင့်လွှတ်သည်းခံ ကြပါရန် လေးစားစွာတောင်းပန်အပ်ပါ သည်။*



www.burmeseclassic.com

www.burmeseclassic.com



# ဝန်းမော်ညိုသူ

## ပုံပြင်ဆန်တဲ့ မေတ္တာရှင်ခွေးမကြီး

ဒီမြင်ကွင်းဟာ မြင်ရသူအပေါင်းကို ရင်သပ်ရှုမောအံ့သြကြလိမ့်မယ်လို့ ထင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဘွားဖြစ်တဲ့ခွေးမကြီးက မြေးကလေးခွေး (၉) ကောင်ကို နို့ချိုတိုက်ကျွေးနေတဲ့မြင်ကွင်းမို့ပါ။ စာရေးသူဟာ အသက် (၈၀)ရှိပြီ။ ဒီလိုမျိုး ပုံပြင်ဆန်တဲ့သရုပ်ကို ဘယ်အချိန်အခါမှ မတွေ့ခဲ့ဖူးပါဘူး။ ဒီမြင်ကွင်းဟာ တစ်ရက်တည်းမြင်ရတဲ့ မြင်ကွင်း မဟုတ်ပါဘူး။ (၃) လအတွင်းမှာ နေ့စဉ်မြင်နေရတဲ့မြင်ကွင်းဖြစ်ပါတယ်။

စာရေးသူအိမ်နဲ့ မညိုညိုအိမ်ဟာ မျက်နှာချင်းဆိုင်ဖြစ်ပါတယ်။ မညိုညိုဟာ CB ဘဏ်ရှေ့မှာ ငေါ်ပြတ်နေတဲ့ ခွေးသားအမိသုံးကောင်ကို ဆိုင်ကယ်နဲ့တင်ပြီး အိမ်ကိုယူလာပါတယ်။ ခွေးမကြီးနဲ့ ပေါက်စခွေးမလေး(၂)ကောင်ဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ခွေးမလေး (၂) ကောင်ဟာ အရွယ်ရောက်လာတော့ မညိုညိုဟာ ခွေးမ (၃) ကောင်စလုံးကို ပဋိသန္ဓေတားဆေးထိုးပေးလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်အိမ်များမှာလည်း ခွေးတွေပေါနေလို့ အိမ်ကခွေးများကို နောက်ထပ်ခွေးလေးများ မပွားရအောင်လုပ်လိုက်ခြင်းပါ။ ဒါပေမယ့် ခွေးမ (၂) ကောင်ဟာ ပဋိသန္ဓေတားဆေးအောင်မြင်ခဲ့ပါတယ်။ခွေးမကြီးရဲ့သမီးတစ်ကောင်ကတော့ တားဆေးမအောင်မြင်ခဲ့ပါဘူး။ အဲဒါကြောင့် ခွေးမကြီးရဲ့သမီးဟာ အချိန်ကျတော့ ခွေးလေး (၉)ကောင်မွေးခဲ့ပါတယ်။

မမွေးခင် သမီးဖြစ်တဲ့ခွေးမလေးဟာ လူတွေလိုဗိုက်နာတယ်ထင်ပါရဲ့။ ပါးစပ်က အော်အော်ပြီး မွေးဖို့နေရာလိုက်ရှာပါတယ်။ အဲဒီအချိန်မှာ သူ့အမေခွေးမကြီးက အိမ်အတက်အဆင်းလှေကားအောက်မှာ မြေကြီးကို ခပ်နက်နက်ယက်ပါတယ် ။ ယက်ပြီးတော့ မွေးရန်အခက်အခဲဖြစ်နေတဲ့ သမီးကိုပွတ်သီးပွတ်သပ်လုပ်ပြီး သူယက်ထားတဲ့မြေဆီခေါ်ခဲ့ပါတယ်။ သမီးကို အဲဒီနေရာမှာ ကိုယ်တိုင်အိပ်ပြပြီး အိပ်စေပါတယ်။ သမီးဖြစ်တဲ့ခွေးမဟာ မိခင်ယက်ထားတဲ့ နေရာမှာအိပ်ပြီး ဘာမှမကြာလိုက်ပါဘူး။ ခွေးလေးတွေစမွေးပါတယ်။ မိခင်ခွေးမကြီးက အနားမှာနေပေးပြီး တစ်ကောင်မွေးရင် တစ်ကောင်အလိုက်လျှာနဲ့ယက်ပေးပါတယ်။ မိခင်ခွေးမကြီးနဲ့ သမီးခွေးမလေးယက်ပေးတဲ့အားကြောင့် မွေးလာတဲ့ခွေးကလေး (၉) ကောင်ဟာ ချောချောမောမောဖြစ်ခဲ့ပါတယ်။ အမြင်လောကထဲကိုရောက်လာတဲ့ ခွေးလေး (၉) ကောင်ဟာ အလုအယက် မိခင်ရဲ့ နို့ကိုစို့ကြပါတယ်။ မွေးစခွေးကလေးတွေကို သူ့ဘက်ဆွဲပြီးအတင်းနို့တိုက်ပါတယ်။ နို့ကမထွက်ဆိုတော့ ပေါက်စခွေးလေးတွေဟာ ကြာကြာမစို့ကြဘူး။ မိခင်ခွေးမဘက်ဆီသာပြန်ပြီးစို့ကြပါတယ်။အဘွားခွေးမကြီးဟာ သူ့လက်နဲ့ ခွေးပေါက်စလေးတွေကိုဆွဲဆွဲပြီးသူ့နို့ကိုတိုက်ပါတယ်။ ခွေးလေးတွေရဲ့ မိခင်ဟာ အပြင်သွားပြီဆိုရင် အဘွားခွေးမကြီးဟာ ခွေးလေးတွေကို မိမိရဲ့နို့ခြောက်ကိုတိုက်ပါတယ်။

ဒီလိုနို့ခြောက်ကြီးကိုတိုက်ရင်းတိုက်ရင်းကနေ အဘွားခွေးမကြီးရဲ့နို့ဟာ (နို့ခြောက်ဟာ) နို့ရည်တွေပြန်ပြီးထွက်လာပါတယ်။ အလွန်အံ့သြစရာကောင်းလှပါတယ်။ ဒါကြောင့် ခွေးပေါက်စလေးတွေဟာ မိခင်နို့လည်းစို့ရတယ်။ အဘွားခွေးမကြီးရဲ့နို့ကိုပါစို့နေရတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

# ကိုသက်ရှည်
# အနာပေါက်အနာဆွေးနှင့်
# ခွေးသန်းတုတ်ပင်

မတော်တဆထိခိုက်ရှနာဖြစ်စေ၊ ခလုတ်တိုက်မိ၍ဖြစ်စေ၊ အရာဝတ္ထု တစ်ခုခုနှင့်ထိခိုက်မိ၍ဖြစ်စေ၊ ဘေးရှပွန်းပဲ့ ဒဏ်ရာရသည့်အနာအားလုံးအသုံးပြုနိုင်သည်။ ဒဏ်ရာအနာတရတစ်ခုဖြစ်တာနှင့် ရက်တိုတိုအချိန်တွင်း အနာကားမပျောက် တစ်ခါတစ်ရံ အနာရင်း၍ ညှော်မိ၍ဖြစ်စေ အနာကားရက်ရှည်၍ နေတတ်သည်။

ထိခိုက်ဒဏ်ရာတို့မှာ ဆောင်းတွင်းရာသီ၊ သစ်ရွက်နုချိန်နှင့် ဆီးချိုသွေးချို ရောဂါအခံရှိသူများအဖို့ အနာရက်ရှည်ကာ အနာပေါက်အနာဆွေးသဖွယ်ဖြစ်နေတတ်သည်။ အနာရင်း၍သွေးပြည်တို့လိုက်ကာ မပျောက်နိုင်ဘဲရှိနေတတ်ပါသည်။ သစ်ရွက်နုချိန် တပေါင်း၊ တန်ခူးရာသီနှင့် ဆောင်းတွင်းနှင်းကျချိန် နှင်းတောထဲအလုပ်လုပ်ရသူတို့အဖို့ အနာရင်းတတ်သလို အနာတော်တော်နှင့်မပျောက်ဘဲ သွေးစိမ်းထွက်ခြင်း၊ ပြည်တည်ခြင်းတို့ဖြစ်ကား အနာမပျောက်နိုင်ဘဲ ကြုံရတတ်သည်။

ထိုကဲ့သို့ အနာပေါက်အနာဆွေးတို့အတွက် အကောင်းဆုံး ဆေးပင်ကား အစွမ်းမသေးသည့်လမ်းဘေးသစ်ပင်ငယ်ဖြစ်သည့် ခွေးသန်းတုတ်ပင်ဖြစ်သည်။ နွယ်မြက်သစ်ပင်ဆေးဖက်ဝင် ဆိုသည့် စကားကဲ့သို့ပင် မည်သည့် သီးပင်စားပင် သစ်ပင်မဆို ဆေးဖက်ဝင်ပါသည်။ အနာနှင့် ဆေးသင့်အောင်ပေးတတ်ဖို့သာလိုပါသည်။ လယ်ကန်သင်း၊ လမ်းဘေးဝဲယာတို့တွင် မိုးတွင်းကာလ၊ မိုးအကုန် ဆောင်းဝင်စ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် အပွင့်ဖြူ ပန်းရောင်အပွင့်ကလေးများ အဖွေးသားနှင့် မြင်တွေ့နိုင်ပါသည်။

ဆေးအသုံးပြုနည်းမှာ ခွေးသန်းတုတ်ပင်၏အရွက်ညွန့်နုနုတို့အား ရေဆေး သန့်စင်ပြီး ထောင်းထုခြေပြီးလျှင် ထိခိုက်ရှနာအနာပေါက်အနာဆွေးတို့တွင် အနာအား ရေနွေးနှင့်ဖန်ဆေးကာ စည်းအုံပေးရမည်ဖြစ်သည်။ ခွေးသန်းတုတ်အရွက်တို့မှာ စေးထန်းထန်းစေးကပ်ကပ်ရှိရာ အနာမှသွေးပြည်ပုပ်တို့အား စုပ်ယူသွားပါလိမ့်မည်။ အနာငယ်လျှင် တစ်ခါတည်း စည်းပေးရုံနှင့် အနာအသားနုတက်ပျောက်ကင်းပါလိမ့်မည်။ အနာကျက်ပျောက်ကင်းလွယ်ပါသည်။

ဆေးရွက်အုံထားပြီးလျှင် အနာအား ရေမထိလျှင် အကောင်းဆုံးဖြစ်ကာ ခွေးသန်းတုတ်ရွက်ခြောက်သွေ့ကွာကျသည့်တိုင်ထား၍ရပါသည်။ အနာပေါက်အနာဆွေးနှင့် ထိခိုက်ရှနာတို့အတွက် ငွေကုန်ကြေးကျခြင်း အလျှင်းမရှိသည့် အစွမ်းမသေးသည့် လမ်းဘေးသစ်ပင်အား ဖော်ပြပေးလိုက်ရပါသည်။

ကိုသက်ရှည်

---

နေပါတယ်။ ပြီးတော့ အဘွားခွေးမကြီးဟာ ဘယ်သူ့ကိုမှ မကိုက်တတ်ဘူး။ ခွေးကလေးတွေလာကြည့်တဲ့သူတိုင်းကို အမြီးနှန့်ကြိုဆိုပြီး ပွတ်သီကပ်သီနဲ့လုပ်တတ်ပါတယ်။

လူတွေမှာ စကားတစ်ခုရှိတယ် မဟုတ်လား။ သားမှာအချစ်၊ မြေးမှာအနှစ်ဆိုတာလေ။ ခွေးမကြီးဟာ မနှစ်တ ကလေးမွေးနိုင်ခဲ့ပေမယ့် ဒီနှစ်မှာ သန္ဓေတားဆေးထိုးထားတဲ့အတွက် ကလေးမမွေးဖွားနိုင်တော့ပါဘူး။ မွေးလာတဲ့ သူ့သမီးရဲ့ ခွေးကလေးတွေကို စောင့်ရှောက်ရာက ကြီးမားလှတဲ့မေတ္တာတရားကိုပြလိုက်တာက နို့ခြောက်ကနေ နို့ရည်ထွက်လာတာဟာ သက်သေပါပဲ။ နောက်ပြီးပြောချင်တာတစ်ခုက အဘွားခွေးမကြီးဟာ စားတတ်တဲ့အရွယ် ရောက်လာပြီဖြစ်တဲ့ မြေးဖြစ်တဲ့ ခွေးကလေးတွေကို အန်ပြီးကျွေးတာကို နေ့စဉ်လိုလိုမြင်နေရခြင်းပါပဲ။

ခွေးဆိုတာ တိရစ္ဆာန်ပါ။ ဘာမှအသိမရှိပါဘူး။ အိပ်၊ စား၊ ကာမပဲရှိသူတွေပါ။ ဒါပေမယ့် သူတို့ရဲ့နှလုံးသားမှာ ဘယ်လိုရှိတယ်ဆိုတာကိုတော့ ဘယ်သူမှမသိကြပါဘူး။ သူတို့ဟာ အမျိုးကိုသိတတ်တယ်၊ သခင်ရဲ့ကျေးဇူးတရားကိုသိပြီး စောင့်ရှောက်တတ်တယ်။ သခင်သင်ပြတဲ့အတိုင်းလုပ်တတ်ပါတယ်။ ခွေးဟာ အနံ့ခံကောင်းတဲ့သတ္တဝါလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့စုံထောက်များက ခွေးများကို သင်ပြပေးပြီး ထောက်လှမ်းရေးနေရာများမှာသုံးနေကြတာပေါ့။ လူတွေဖော်မထုတ်နိုင်တဲ့ရာဇဝတ်မှုတွေကို ခွေးတွေဖော်ထုတ်လို့အမှုတွေပေါ်ခဲ့တာ မနည်းလှတော့ဘူး မဟုတ်လား။ ဒါဟာ ခွေးတွေရဲ့မှတ်သားမှုမှတ်ဉာဏ်လို့ ဆိုချင်ဆိုနိုင်ပါတယ်။

လူဆိုတာ အသိဉာဏ်ရှိတယ်လို့ ပြောကြတာပဲ။ ဒါပေမယ့် အတ္တနဲ့မာနက လွှမ်းထားတော့ တစ်ခါတစ်ရံမှာ အချို့လူများဟာ တိရစ္ဆာန်ထက် အောက်ကျနေတာကို တွေ့ရပါတယ်၊ အချို့လူများဆိုရင် မိမိအမျိုးကိုတောင် မသိအောင်ဖြစ်နေကြတယ်။ အတ္တနဲ့မာနကရှိနေတော့ ညီအစ်ကို၊ မောင်နှမသားချင်းဖြစ်ပါစေ တစ်ဦးနဲ့တစ်ဦးကူညီဖို့ဝေးစွ ဘယ်လိုခေါင်းပုံဖြတ်ရမယ်၊ ဘယ်လိုအနိုင်ယူရမယ်ဆိုတာသာ ကြံစည်ပြီး လုပ်ဆောင်နေကြတယ်။ အမှန်တော့ ဒီလိုဖြစ်နေကြတာဟာ ခွေးလောက်မှ အသည်းနှလုံးမရှိတဲ့လူတွေမို့ပါ။ လူဟာ လူလိုသိရမယ်ဆိုတဲ့စကားတစ်ခုရှိပြန်သေးတယ်။ အဲဒီစကားဟာ ဘာလဲဆိုတော့ အသိဉာဏ်ရှိပေမယ့် ဗြဟ္မစိုရ်တရားမရှိတဲ့သူတွေအတွက် ဖြစ်တယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများဟာ ဗြဟ္မစိုရ်တရားများဖြစ်တယ်။

အဘွားဖြစ်တဲ့ခွေးမကြီးဟာ သမီးကမွေးတဲ့မြေးကလေးတွေကိုသိတယ်။ မြေးလေးတွေကို မပွန်းမပဲ့မထိရှအောင် စောင့်ရှောက်တယ်။ နို့ချိုတိုက်ကျွေးတယ်။ ဒါဟာ မေတ္တာ၊ ကရုဏာနဲ့ယှဉ်တဲ့သဘောပေါ့။ လူသားအချို့လည်း လူလိုသိတတ်ပြီး အဘွားဖြစ်တဲ့ခွေးမကြီးလို နှလုံးသားပေးတတ်ရင် ဘယ်လောက်များကောင်းလိမ့်မလဲ။

ဗန်းမော်ညှိုသူ



www.burmeseclassic.com

www.burmeseclassic.com

ဤနှစ် မိမိရွာကို မဖြစ်မနေသွား ရမည့်အကြောင်းများ တိုက်ဆိုင်လာ သည်။ ပထမအကြောင်းမှာ တူ၊ တူမ ဇနီးမောင်နှံတို့က ရွာတွင် ရှင်ပြုရဟန်းခံ အလှူမည်။ တူ၊ တူမတို့ဇနီးမောင်နှံဟု ပြောရခြင်းမှာ တူဖြစ်သူက မိမိအစ်ကို အရင်း၏သား၊ တူမဖြစ်သူက နှမဝမ်းကွဲ ၏သမီး၊ မောင်လည်းနှမလည်းပေးစား ထားကြသောစုံတွဲ။

သူတို့က ရွာမှာ ရှင်မပြုရသေး သောသူများ၊ ပဉ္စင်းမခံရသေးသောသူ များကိုလည်း မည်သူမဆို ရွာရှိ ပါဝင်လို သူဟူဟူသမျှ စရိတ်ငြိမ်းပါဝင်လိုက ပါဝင်နိုင်ကြရန် အလှူလုပ်မည်ဟုဆို သည်၊ သင်္ကန်းပရိက္ခရာကို ရန်ကုန်က ဝယ်ယူသွားမည်ဟု ရွာကိုအကြောင်း ကြားထားမည်ဟုပြော၏။ အစ်ကိုအရင်း သားတွင် မိဘနှစ်ပါးမရှိကြတော့။ ထို့ကြောင့် ဦးလေးတို့အားလုံး လိုက်ပါ စေချင်သည်ဟု ပြောပြန်၏။ ဤသည်က တစ်ကြောင်း။

နောက်တစ်ကြောင်းမှာ သူတို့၏ တူမအစ်ကို၊ တူယောက်ဖ၏ ရန်ကုန်နေ ဦးပဉ္စင်းတစ်ပါးက ယခုနှစ် အစိုးရပထမ ပြန်စာမေးပွဲတွင် ဓမ္မာစရိယ (ကျမ်းပြီး) အောင်ထားသည်။ မိမိတို့ရွာက ရန်ကုန် တွင် စာလာသင်နေကြသော ဦးပဉ္စင်း များထဲက ပထမဦးဆုံး ဓမ္မာစရိယ အောင်သော သူတို့အစ်ကို၊ သူတို့ ယောက်ဖ ဦးပဉ္စင်းကိုလည်း ဂုဏ်ပြုပွဲ ရွာတွင် တစ်ပေါင်းတည်းလုပ်မည်က ဒုတိယအကြောင်း။

တတိယအကြောင်းက မိမိနှင့် ရွာသူရွာသား၊ ညီအစ်ကိုမောင်နှမများ စုပေါင်း၍ တည်ဆောက်ထားကြသော 'ဖိုးကျော့ပညာဒါနစာကြည့်တိုက်' ဤနှစ် တွင်ပြီးပြီဖြစ်သဖြင့် စာကြည့်တိုက်ဖွင့်ပွဲ ကိုလည်း တစ်ဆက်တည်းလုပ်ကြရန် ရွာစာကြည့်တိုက်ကော်မတီက အကြောင်း ကြားလာသည်။

တူ၊ တူမအလှူရှင်တို့က ရွာတွင် စည်စည်ကားကားဖြစ်အောင် ရခိုင်ရိုးရာ ကျယင် (နပန်းသတ်ပွဲ) အတွက်လည်း ရွှေမောင်း၊ ငွေမောင်းတို့ကို ရန်ကုန်က လုပ်ယူသွားမည်ဟု ဆိုပြန်သည်။

ထိုအခါ မိမိ၏ညီတော်မောင် သံမဏိဖိုးဟန်က -

"အစ်ကို၊ စေမြင့်တို့ရွာမှာအလှူ လုပ်မယ်။ ဦးပဉ္စင်းဂုဏ်ပြုပွဲလည်းလုပ် မယ်၊ စာကြည့်တိုက်ဖွင့်ပွဲလည်းလုပ်မယ် ဆိုတော့ ကျွန်တော်တို့ညီအစ်ကိုက လည်း ရွာမှာ သက်ကြီးပူဇော်ပွဲပါဝင် လုပ်လိုက်ရရင်မကောင်း ဘူးလား"

ဟု ပြောလာပြန် သည်။

မိမိက -

"ကောင်းတာပေါ့ ကွာ၊ ဒါပေမယ့် ငါက တော့ မင်းသိတဲ့အတိုင်း ရေကန်နဲ့ စာကြည့်တိုက် မှာလည်း မတည်ကုန်ထား တယ်။ ခုလည်း ငါဆည် ပေးထားတဲ့ကန်က ရေ မလုံချင်ဘူး၊ ရေစိမ့်တယ် ကြားတယ်။ ရွာရောက်ရင် ရေကန်အတွက်ပြုပြင်သင့် တာပြုပြင်ရဦးမလား မသိ ဘူး။ ဒီတော့ သက်ကြီး ပူဇော်ပွဲမှာတော့ ငါ သိန်း ဂဏန်းပဲ တတ်နိုင်တော့ မယ်ထင်တယ်၊ မင်းတို့လုပ် ချင်လုပ်ကြပါ၊ ကောင်းတဲ့ အလုပ်ပဲ"

ဟု ပြောတော့ -

"ဖြစ်ပါတယ်၊ မိုးကုတ် ကဖိုးအေးဆီလည်း ကျွန်တော် ပြောလိုက်မယ်"

ဟုပြောပြီး သုံး၊လေးရက် မကြာ တစ်ခါရှည်လာပြန်၏။ ရွာရှိ (၇၀) နှင့် (၇၀) အထက် သက်ကြီးရွယ်အိုများကို အဝတ် အထည်၊ ငွေနှင့် ကန်တော့ကြ သလို အမှတ်တရလည်းဖြစ် အောင် အလှူမှာဝေယျာဝစ္စလုပ် သူတွေနှင့် ရွာရှိအပျို၊လူပျိုများကို ခုနစ်သက္ကရာဇ် စာတန်းထိုးပြီး အဘိုးအဘွား အပါအဝင် တစ် ယောက်ကို မှတ်မှတ်ရရစွပ်ကျယ် တစ်ထည်စီလည်းပေးချင်သည်။ ဤသည်ကိုတော့ အစ်ကိုတို့ ကျွန် တော်တို့ငွေနှင့်မလုပ်၊ အပျိုဖြစ်ကြ သော အစ်ကို့သမီးနှင့် ကျွန်တော့်သမီး တို့ကိုလုပ်ခိုင်းမည်။ သိပ်မကုန်ပါဘူးဟု ဆိုလာပြန်သည်။

"အဲဒါလောက်တော့ ကလေးတွေ လည်းတတ်နိုင်ပါတယ်။ မင်းစီစဉ်လိုက် ပါ"

ဟု ပြောလိုက်ရသည်။

"ဒါဆို ရွာရှိ (၇၀)နဲ့ (၇၀)အထက် လူကြီးတွေရဲ့ ဝေယျာဝစ္စအဖွဲ့ အပျို၊လူပျို တွေကို စာရင်းတောင်းထားလိုက်မယ်။ နောက်တစ်ခု သက်ကြီးကန်တော့ပွဲမှာ ကျွန်တော်တို့ရွာက မြို့ရောက်နေတဲ့





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မမတို့နဲ့ ကျွန်တော်တို့အမျိုးထဲမှာ အခု အသက်အကြီးဆုံးဖြစ်တဲ့ မြို့က ဝါကြီးမ (အဘွားကြီး) ကိုလည်း ထည့်တွက်ရမယ်"

"ဒါဆို ချောင်းဝသား ရန်ကုန်ရောက် အသက်ခုနစ်ဆယ်ကျော်အဘိုးကြီးဖိုးကျော့လည်း ပါသေးလား"

ကျွန်တော်က နောက်သည်ကို ညီဖိုးဟန်က-

"ပါပါတယ် ပါပါတယ်၊ ချောင်းဝသား ရန်ကုန်အဘိုးကြီးလည်း ခုနစ်ဆယ့်ရှစ်နှစ်ပဲ၊ ပါရမှာပေါ့။ ဝေစုတစ်ဖို့တော့ ရမယ်လေ"

ဟု ပြန်နောက်သည်။

သည်လိုနှင့် သွားဖို့လာဖို့ အစီအစဉ်လုပ်ကြ၏။

"စောမြင့်တို့အလှူက ဘယ်နေ့လုပ်မှာလဲ"

"အခါလွန် နှစ်ဆန်းငါးရက်နေ့လို့ပြောတယ်"

"ဧပြီလနှစ်ဆယ့်တစ်ရက်ပေါ့"

"ဟုတ်ပါလိမ့်မယ်"

သူတို့က သင်္ကြန်မကျမီသွားကြမည်ဟုဆိုသည်။ သင်္ကြန်လွန်ပြီး (၅)ရက်အလှူနေ့ဆိုသဖြင့် မိမိက ဧပြီလ (၁၇၊ ၁၈၊ ၁၉)တစ်ရက်ရက်ကို ရောက်အောင်လာခဲ့မည်ဟု မှာလိုက်ရသည်။ သူတို့က ကားနှင့်စသွားကြည့်ဟုဆိုသည်။

မိမိက ရန်ကုန်-ကျောက်ဖြူကားလမ်းကို ကားနှင့်မသွားဘူးသည်မှာ ကြာပြီ။ သို့သော် ၂၀၁၄ ခုနှစ်ကတော့ ကျောက်ဖြူမြို့၌ပြုလုပ်သော ရခိုင်အမျိုးသားညီလာခံကို အဖွဲ့အစည်းများနှင့်ဖြစ်သဖြင့် အားနာပါးနာလိုက်သွားခဲ့ရသည်။ ပြည်မက ကားလမ်းလို ဖြောင့်ဖြောင့်ဖြူးဖြူးမရှိ၊ တောင်တက်တောင်ဆင်းအကွေ့အကောက်များကလည်းမရေမတွက်နိုင်၊ မူးသူမူး၊ အော့သူအော့၊ အန်သူအန်နှင့် တစ်ညလုံးလာခဲ့ကြရာ မိမိမှာလည်း ကျောက်ဖြူရောက်တော့မြှော့သွားသည်။ ဘာမှမလုပ်ချင်မကိုင်ချင်မပြောချင်ဖြစ်သွားသည်။ ကားပေါ်၌လည်း မိမိက မအိပ်တတ်။ အိပ်ရေးပျက်တော့ အစာအိမ်အခံရှိထားသောရောဂါက ပြန်ပေါ်ချင်သည်။ ထို့ကြောင့် ကားနှင့်သွားကြရသောညခရီးကို မိမိရှောင်ခဲ့သည်မှာ ကြာပြီ။

ယခု တူ၊ တူမမတို့အလှူပွဲ၊ တူဦးပဉ္စင်းဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲ၊ စာကြည့်တိုက်ဖွင့်ပွဲကို သင်္ကြန်လွန်အလှူရက်နီးမှ ကျောက်ဖြူ-ရန်ကုန် လေယာဉ်နှင့်လာခဲ့မည်ဟု ညီကိုမှာလိုက်ရသည်။ သူတို့ကတော့ ရှာနီးနားဝန်းကျင်ရှိ သူတို့အသိ ရှင်ပြုပွဲ၊ ဆရာကန်တော့ပွဲ၊ ကုံကော်တောဘုရားပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ နံ့သာသွေးပွဲအမီသွားကြမည်ဟုဆိုသည်။

သို့နှင့် ကောင်းကြီးကောင်းမစီစဉ်ထားပြီးမှ မိုးကုတ်နေညီက အိမ်ဆောက်နေသဖြင့် မလိုက်အား။ ငွေတော့ပို့လိုက်မည်။ ရန်ကုန်ကသွားကြမည့်အဖွဲ့ထဲမှာ ရန်ကုန်တွင် အလုပ်လာလုပ်နေကြသောကောင်လေး၊ ကောင်မလေးအမျိုးတွေလည်း အများကြီးပါမည်။ ကားလည်း စီးလုံးငှားထားကြသည်။ ညီဖိုးဟန်က သူ့မိန်းမသည် လေသုံးခါတိတိဖြတ်ထားသည်။ သို့သော် ဤပွဲကို ဝမ်းသာအားရရှိလှ၍ သူလည်းလိုက်မည်။ နောက် တူ၊တူမ မြေးဝမ်းကွဲတွေကလည်း -

"အဘိုး၊ မြေးတို့နဲ့ အတူလိုက်ခဲ့ပါ။ အဘိုးလေးရဲ့အဘွားလေးတောင်လိုက်ရဲတာပဲ၊ သမီးတို့ သင်္ကြန်နှစ်တိုင်းပြန်နေကျ။ လမ်းက သိပ်ကောင်းနေပြီ ဘာမှစိုးရိမ်စရာမရှိဘူး။ သမီးတို့နဲ့ အဘိုးလေးလည်းပါတာပဲ"

ဟု အတူသွားရန်ဆွယ်ကြ၏။

ကလေးတွေက ကျောက်ဖြူ-ရန်ကုန်လမ်း သိပ်ကောင်းနေပြီဆိုသဖြင့် အမှန်တကယ်ကောင်း၊မကောင်းသိချင်တာလည်းပါသည်။ ကျန်းမာရေးမကောင်းသော ညီဖိုးဟန်၏မိန်းမက လိုက်မည်ဆိုသောအခါ ကားမူးတတ်၍ ကားလမ်းခရီးကိုကြောက်သော အိမ်က မိန်းမက သူလည်းလိုက်မည်ဖြစ်ပြန်၏။ ထိုအခါ မိမိကလည်း ကားနှင့်လိုက်မည်ဟု ပြောလိုက်ရသည်။

ကနဦးက မိမိ လေယာဉ်နှင့်သွားမည်ဆိုသဖြင့် လေယာဉ်စရိတ်ပေးထားသောသားက -

"အဖေ အသက်ကြီးပြီနော်။ ဘာလို့ ကားနဲ့သွားမှာလဲ။ အမေပါလိုက်မယ်ဆိုတာနဲ့ဖြစ်သွားရပြန်ပြီ။ အမေ့အတွက်ပါ ကျွန်တော်လေယာဉ်လက်မှတ်ဝယ်ပေးလိုက်မယ်။ ကားနဲ့လိုက်မသွားပါနဲ့။ တစ်ညလုံးသွားရမှာ သက်သာမယ်ထင်လား"

ဟု ကန့်ကွက်စကားဆိုသည်။

မိမိက -

"ငါတို့ ကားနဲ့ပဲလိုက်သွားမယ်။ ကားက စီးလုံးငှားထားတာပဲ။ ပြီးတော့ ကားပေါ်မှာလည်း ကိုယ့်အမျိုးတွေချည်းပဲ၊ ပူစရာမရှိပါဘူး။ မင်းတို့ပေးလိုက်မယ့်လေယာဉ်ခကို ဟိုမှာပို့လှူရတာပေါ့။ မင်းတို့က ဝန်ထမ်းတွေဆိုတော့ မလိုက်နိုင်ကြပေမယ့် မိဘ၊ ဦးလေး၊ အဒေါ်၊ ညီအစ်ကိုမောင်နှမတွေ အလှူမှာကုသိုလ်ပါဝင်ရတာပေါ့"

ဟု ဖျောင်းဖျပြောရ၏။

မိမိကတော့ မှန်းထားသည်။ ဤခရီးတွင် အခြေအနေကျန်းမာရေးမဟန်လျှင် တောင်ကုတ်က ကိုကျော်တောင်ကြီးအိမ်မှာ နားကျန်ခဲ့မည်။ အလှူရက်နီးမှ တောင်ကုတ်က ကျောက်ဖြူကားနှင့်လိုက်မည်ဟု မည်သူ့ကိုမျှမပြောဘဲ ကိုယ့်ဘာသာကိုယ်စိတ်ကူးထားသည်။ တောင်ကုတ်မှ မိုင်တစ်ရာကျော်ရှည်လျားသော ဤလမ်းကို ၁၉၉၇ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ကြသည်။

ကလေးတွေပြောတာမှန်သည်။ ကျောက်ဖြူ - ရန်ကုန်ကားလမ်းသည် တစ်လမ်းလုံး ကတ္တရာလမ်းမည်းပြောင်နေသည်။ နေပူ၌ အရည်ပျော်နေသော ကားလမ်းပိုင်းအချို့ကို လမ်းလုပ်နေကြသော အလုပ်သူမ၊ အလုပ်သမားများကား နေပူကြီးထဲတွင် ကားသွားကောင်းအောင် ကျောက်မှုန့်တွေပင် ပက်ဖျန်းနေသည်ကိုမြင်ရ၍ သာမုခေါ်မိသည်။ မည်သူတစ်ယောက်မျှ မူးသူမော်သူ၊ အော့သူ၊ အန်သူလည်းမရှိ။

အမျိုးသမီးက -

"ဒီလိုလမ်းဒီလိုကောင်းနေမှန်းသိရင် မနှစ်ကပင် ရခိုင်သင်္ကြန်ကလေးတွေနဲ့ ကျွန်မလိုက်လိုက်သေးတယ်"

ဟုဆို၏။

ကလေးတွေကမူ တစ်လမ်းလုံးနေ့ရောညပါ တစ်ယောက်နှင့်တစ်ယောက် ပြောင်လိုက်နောက်လိုက်စလိုက်နှင့် လိုက်လာကြသည်။ မိမိကမူ ဤလမ်းနှင့်ပတ်သက်၍ အတွေးသီလာမိသည်။ တရုတ်ပြည်တွင် ကမ္ဘာကျော်မဟာတံတိုင်းကြီးကို တည်ဆောက်ရာတွင် အလုပ်သမားသုံးယောက်တွင် တစ်ယောက်သေသည်ဟု မှတ်ဖူးဖတ်ဖူးသည်။ ဤလမ်း၌ကား ထိုသို့ အလုပ်သမားသုံးယောက်တွင် တစ်ယောက်မသေခဲ့သော်လည်း လမ်းလုပ်သားမိန်းမယောက်ျားအချို့ အသက်ပေးသွားခဲ့ကြရသည်။

ဤကျောက်ဖြူ-ရန်ကုန်ကားလမ်းကို ရမ်းဗြဲသား၊ ကျွန်းစဉ်သား၊ တောင်စဉ်သား ရခိုင်တစ်ပြည်လုံးမှလူများတလုပ်ခလစာတစ်ပြားတစ်ချပ်မှမရပါဘဲ ကိုယ့်ရိက္ခာကိုယ်ယူ၍ တစ်အိမ်တစ်ယောက်မဆိုမတွေ၊ အစိုးရဝန်ထမ်းတွေပါ မလိုက်မနေရ ခွေးတစ်ဆွဲသလိုအဆွဲခံရ၍ လိုက်ပါလုပ်ကိုင်ခဲ့ကြရသည်။ ငွေကြေး

www.burmeseclassic.com

တတ်နိုင်သူများကမူ တစ်ယောက်ကို တစ်သောင်းပေး၍ အငှားလူစားထည့်ခဲ့ကြရသည်။

မိုင်သုံး၊ လေးဆယ်ဝန်းကျင်တွင် မြူးတော၊ ပြာခဲတော၊ ကပိုင်တောချည်း။ ဒီရေတက်လာပြီးဆိုလျှင် ရွှံ့နွံသစ်တောထဲတွင် ရေငန်က ခါးလောက်၊ ရင်စို့လောက်နက်သည်။ ထို့ကြောင့် လမ်းအူကြောင်းအတွက် တောခုတ်ကြရသူများမှာ ဒီရေတက်လာပြီဆိုလျှင် သစ်ပင်ပေါ်တက်နေကြရသည်။ ဒီရေလွှတ်ရာသို့သွားမည်ဆိုလျှင် လေး၊ငါးမိုင်အပြေးသွားနိုင်မှ ဒီရေလွှတ်ရာသို့ရောက်မည်။ ထို့ကြောင့် ဒီရေအကျကိုစောင့်ကာ သစ်ပင်ပေါ်၌ပင်အိပ်၊ ပါလာသောထမင်းထုပ်ကို သစ်ပင်ပေါ်၌သာစားခဲ့ကြရ၏။

ဒီရေကျသွားပြီဆိုလျှင် တောခုတ်သူကခုတ်၊ ဒူးခေါင်းပေါင်လယ်လောက် ရွှံ့နွံတွေကို ပေါက်တူး၊ ဝေါ်ပြားတွေနှင့် လမ်းဖို့သူကဖို့လုပ်ခဲ့ကြရ၏။ မိုင်သုံး၊ လေးဆယ်ဝန်းကျင်တွင် ဒီရေမရောက်သည့်နေရာဟူ၍လည်းမရှိရာ ပါလာကြသောရိက္ခာကို ချက်စားရန်၊ ထမင်းအိုးထင်းအိုးတည်ရန်၊ ရေမရောက်သည့်နေရာ ကုန်းမြေဆို၍ တစ်ထွာတစ်ပေပင်မရှိ။ ထိုအခါ သစ်သားလေးတိုင်စင်တွေပေါ် သစ်လုံးစီ၊ ဖက်ခင်း၊ ထိုအပေါ်တွင် ရွှံ့နွံတင်၍ သစ်သားကြီးကြီးသုံးပိုင်းကို မီးနောက်လုပ်ကာ ထမင်းဟင်းချက်စားကြရသည်။ ညအိပ်စရာကိုလည်း ထိုနည်းလည်းကောင်း စင်ပေါ်တွင် သစ်လုံးစီဖက်ခင်း၍အိပ်ကြရသည်။ တစ်နေ့လုံး အလုပ်ပင်ပန်းထားသဖြင့် ကုန်းမြေရှိရာ ဒီရေလွှတ်ရာမြေရှိရာ သုံး၊လေးမိုင်ခရီးကို မည်သူမျှ မလျှောက်ချင်ကြ။ ထို့ကြောင့် ဒီရေသစ်တောထဲတွင် ဖြစ်သလိုအိပ်ကြရသည်။

တစ်နေ့လုံး အလုပ်ပင်ပန်းထား၍ ကုလားသေကုလားမောအိပ်ပျော်နေသူများကို ဒီရေသစ်တောရှိ အသိန်းအသိန်းမကသော မှက်၊ ခြင်၊ ဖြုတ်ကောင်သိန်းသန်းကုဋေကလည်း စိတ်ရှိလက်ရှိသွေးစုပ်စားသောက်ကြရာ အလုပ်သမားများမှာ မိန်းမ၊ ယောကျ်ား မိုးလင်းလျှင် မခံနိုင်လောက်အောင် တစ်ကိုယ်လုံးယားယံလာ၍ ကုတ်ရခြစ်ရမှ အနာဖြစ်လာကြ၏။ ဆေးဝါးဆိုတာသည်းမရှိ သောက်ရေဆိုသည်ကလည်း သုံးလုံလောက်လောက်မရှိ။ ထိုအခါ ချောင်းကိုပင် ရေငန်နှင့်ချက်ကြရသည်။ တစ်နေ့လုံး ပင်ပန်းပန်းပန်းအလုပ်လုပ်ကြရသဖြင့် ရေငတ်သည့်ဒဏ်ကိုမခံနိုင်သူအချို့က ရေငန်ကိုသောက်မိကြရာ ဝမ်းလျှောဝမ်းပျက်ဖြစ်သူကလည်း အနမတတ္တ။

ဒူးလောက်၊ ပေါင်လယ်လောက် ကျွံနေသော ရွှံ့နွံကို ပေါက်တူးဝေါ်ပြားတွေနှင့် မိန်းမ၊ ယောကျ်ား ကိုယ့်ရွာအစုနှင့်ကို လံတာတိုင်း၍ အပိုင်းအခြားနှင့် လမ်းဖို့ကြရသည်။ မပြီးမချင်း မပြန်ရ။ တစ်နေ့လုံး ပင်ပန်းခံ၍ဖို့လုပ်ထားသော ရွှံ့ညွန်လမ်းပုံကြီးမှာ မိုးလင်းလျှင်မရှိတော့ပေ။ လမ်းဖို့ထားသောရွှံ့ညွန်ကို အသိန်းအသိန်းမကသော ကဏန်းဖောက်၊ ငါးရှဉ့်ဖောက်ရာမှာ ညက ဒီရေတိုက်စားသွားရာ မိုးလင်းလျှင် ပကတိရွှံ့ညွန်ပြင်ကြီးကိုသာ တွေ့ကြရလေတော့သည်။ ထိုအခါ မိမိလံတာတာဝန်ကျေအောင် ပြန်လုပ်ကြ။

မိုင်သုံး၊လေးဆယ်ကျယ်ဝန်းသော ဒီရေရောက်သစ်တောထဲတွင် အစားဆင်းရဲအနေဆင်းရဲဆေးဝါးမရှိ သောက်သုံးရေအလုံအလောက်မရှိ။ အမျိုးမျိုးသောရောဂါဘယတွေထူပြောလာသောအခါ ဒေသသားတွေမှာမခံနိုင်ကြတော့သဖြင့် ထွက်ပြေးကြသည်။ ကျောက်ဖြူ-ရန်ကုန် ကားလမ်းမမှထွက်ပြေးသူများကို စစ်ပြေး၊ ရဲဘက်ပြေး၊ ချွေးတပ်ပြေးများလို ရွာတွင်နယ်တွင်ကြော်ငြာ၍ ပြန်ဖမ်းကြသည်။ ပြန်အလုပ်ခိုင်းကြသည်။

ထိုအခါ လာဘ်ပေးလာဘ်ယူ မသမာမှုတွေပေါ်လာ၏။ လမ်းပြေးကို လာဖမ်းသူအား ငွေငါးထောင်ပေးလိုက်လျှင် လွှတ်ထားခဲ့သည်။ သို့သော် နောက်တစ်ဖွဲ့က လာဖမ်းပြန်၏။ ပေးဦးမလား ငွေငါးထောင်။ မပေးနိုင်လျှင် ပြန်၍အလုပ်လုပ်။ သေသေပျောက်ပျောက် လမ်းကိုသာပြီးဖို့က အရေးကြီးသည်။ ဤသည်ထက်ဆိုးသည်က လမ်းလုပ်ရာတွင် ပင်ပန်း၍ မသက်မသာဖြစ်နေသူတွေကို တမင်ပြေးခိုင်းသည်။ ငွေငါးထောင်တောင်းသည်။ ဘယ်ရွာက ဘယ်လူဆိုတာ သူတို့ဆီတွင် စာရင်းရှိသည်။ ထို့ကြောင့် နောက်တစ်ပတ်နှစ်ပတ်နေ၍ ရွာမှာ အစားမှန်၊ အနေမှန်နှင့် ဝဝဖြိုးဖြိုးဖြစ်နေလျှင် ပြန်သွားဖမ်းသည်။

စစ်အုပ်ချုပ်ရေးကာလ ပါးစပ်ပိတ်နားပိတ် မည်သည့်အသံမျှမထွက်ရဲ သူတို့ထင်ရာပေါက်။ ဖြစ်၏ချည်း၊ ပြည်သူတွေမှာ တစ်ပြားတစ်ချပ်မှ အခကြေးငွေမရဘဲ ကိုယ့်ရိက္ခာကိုယ်စားလုပ်ခဲ့ကြရသလို ကိုယ်ခန္ဓာ၌ရောဂါရသလို မိန်းကလေးတစ်ယောက်ဆိုလျှင် ဤသို့သောအမျိုးမျိုးဒုက္ခကိုမခံနိုင်သဖြင့် ထိုဒီရေရောက်သစ်တောထဲက လမ်းဘေးသစ်ပင်ပေါ်တက်ကာ ဆွဲကြိုးချအဆုံးစီရင်သွားခဲ့သည်။ ဤသူငယ်မ၏အဖြစ်မှာ အင်မတန် ရင်နာစရာကောင်းသည်။ တစ်အိမ်တစ်ယောက်မလိုက်မနေရသဖြင့် မိအိုဖအိုတို့ကိုယ်စား လိုက်လာရသော ကလေးမပင်။

ဤလမ်းတွင် ထိုကဲ့သို့ အမျိုးမျိုးသောရောဂါရ၍သေဆုံးသွားကြသူများကား နည်းမည်မဟုတ်ပေ။ ထိုလူများ ထိုသို့အသက်ပေးစတေးခံသွားကြသော ကျောက်ဖြူ-ရန်ကုန်ကားလမ်းကြား ယခုအခါ သွားကောင်းလာကောင်းဖြစ်နေပေပြီ။ အမှန်က ဤသို့သွားကြလာကြသူများ သတိရစေရန် တစ်နည်းပြောရလျှင် သေသူတို့အသက်ပေးစတေးသွားကြသောလမ်းကို နောက်လူများ မပျက်မစီးအောင် ထိန်းသိမ်းပြုပြင်ကြရန် တာဝန်ရှိပေသည်။

ဖြစ်နိုင်လျှင် ရမ်းဗြဲ၊ ကျွန်းစဉ်၊ တောင်စဉ်ရွာများမှ ဤလမ်းတွင် အသက်ပေးသွားကြသောလူများကို ရွာစဉ်အလိုက် စာရင်းကောက်၍ ကမ္ပည်းမော်ကွန်းပင် လမ်းဆုံလမ်းခွတိုင်း စိုက်ထူထားသင့်သည်။ သို့မှသာ ယခုသွားလာနေကြသူများသိရှိပြီး ဤလမ်းကို ထိန်းသိမ်းကြရမှန်း၊ အလေးထားကြရမှန်း သိကြပေလိမ့်မည်။ ဖြစ်နိုင်လျှင် နိုင်ငံခြားတိုင်းပြည်များမှာလို သတိရအောက်မေ့ဖွယ်နေ့တစ်နေ့ကိုပင် ဤလမ်း၌လုပ်သင့်ပေသည်။ သို့မှသာ ရမ်းဗြဲသား၊ ကျွန်းစဉ်သား၊ တောင်စဉ်သားများနှင့်တကွ ဤလမ်းဤခရီးကို သွားသူလာသူတိုင်း ဤလမ်းသမိုင်းကြောင်းကိုသိကြရပေမည်။

ဖြစ်နိုင်လျှင် ဤလမ်းတွင် အသက်ပေးစတေးသွားကြသူများ မကျွတ်မလွတ်သောဘဝကို ရောက်ရှိနေကြပါက ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရန်အတွက် အကျွတ်အလွတ်ပွဲ၊ အမျှအတန်းဝေပွဲကိုပင် ဤလမ်းတစ်နေရာရာ၌လုပ်သင့်သည်။ ဤလမ်း၌ အသက်ပေးစတေးသွားကြသူများ တာဝန်ကျေခဲ့ကြသလို သက်ရှိထင်ရှားရှိနေကြသော ဤလမ်းဤခရီးကို သွားလာနေကျသော သူသူငါငါ အားလုံးတို့သည် ဤကျောက်ဖြူ-ရန်ကုန်လမ်း၏ အောက်မေ့ဖွယ်ရာနေ့တစ်နေ့ကိုလုပ်သင့်သည်ဟု စာရေးသူတစ်လမ်းလုံး အတွေးသီလာမိပေသည်။

ဗိုးကျော

www.burmeseclassic.com

## ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-၁၇)

# ကောင်းကျိုးအစွေစွေနဲ့ ချွန်စေပြုစေသော အိုးဝေသံကျူးတဲ့ငှက်များ

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာထုတ် သူရွှေမဂ္ဂဇင်းမှာ ကြာပန်းတွေအကြောင်း လေ့လာထားတဲ့ ဆောင်းပါးတစ်ပုဒ် စာရေးသူ ရေးသား ဖော်ပြခဲ့ဖူးပါတယ်။ သီရိလင်္ကာနိုင်ငံကိုအသွား လေယာဉ်ကြီး ပေါ်မှာ ကြာပန်းချစ်တဲ့ဩစတြေးလျသား လယ်သမားကြီးနဲ့ ဆွေးနွေးခဲ့ပုံတွေပါ၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာရော ဘာသာ ရေးနယ်ပယ်မှာပါ ထင်ရှားတဲ့ပန်းဖြစ်လို့ တင်ပြခဲ့တာပါ။ အဲဒီလိုပဲ မြန်မာ့ဘာသာ ရေးနဲ့ယဉ်ကျေးမှုနယ်ပယ်မှာ အသုံးများ ထင်ရှားတဲ့ ငှက်တစ်မျိုးဖြစ်တဲ့ ဒေါင်း (Peacock) အကြောင်း ရှာဖွေလေ့လာ စုဆောင်းပြီး တင်ပြလိုက်ပါတယ်။

**▫ ဒေါင်းတို့ရဲ့သဘာဝ**

ဒေါင်း ဆိုတာ ရစ်ငှက်မျိုးရင်း (The Pheasant Family) ထဲက ငှက်မျိုး ရင်း (The Bird) ရဲ့ (Phasianidae-Galliformes) မျိုးစဉ်မှာ ပါဝင်ပြီး ကြက် -ငှက်(Fowl)နဲ့တူတဲ့၊ ကြက် (Chicken) နဲ့တူတဲ့ငှက်မျိုး (The Gallinaceous) တွေထဲက (Galliform) မှာ ပါဝင်ပါ တယ်။ ဒီမျိုးစဉ် (Order) မှာ မျိုးစိတ် (Species) (၂၉၀) ရှိနေပြန်ပြီး အဲဒါတွေ ထဲမှာ လူသိအများဆုံးကတော့ ကြက်ဆင်၊ ကြက်၊ ငုံး၊ ခါ၊ ရစ်ငှက်နဲ့ ဒေါင်းတို့ပါ။ အရောင်အဝါတောက်ပခံ့ညားတဲ့ငှက်ဖြစ် ကာ မျိုးစိတ်နှစ်မျိုးရှိပြီး အိန္ဒိယနဲ့ သီရိ လင်္ကာနိုင်ငံတွေက အိန္ဒိယဒေါင်း (Indian peacock)၊ ဒေါင်းပြာ(The blue peacock -Pavo cristatus) နဲ့ မြန်မာပြည်တနေ ဂျာဗားကျွန်းတွေအထိသော့ဒေသတွေ မှာကျက်စားတဲ့ ဂျာဗားမျိုး (Javanese) ဒေါင်းစိမ်း (The green peacock-Pavo muticus)တို့ပဲ ဖြစ်ပါတယ်။ ၁၉၁၃ ခုနှစ် ကစပြီး ဒေါင်းလေ့လာရှာဖွေရေးတွေ ပြုလုပ်ခဲ့ကြတော့ ၁၉၃၆ ခုမှာ ဒေါင်း တောင်တစ်ချောင်းတည်းသာပါတဲ့ကွန်ဂို ဒေါင်း (The Congo peacock-Afro-



အိန္ဒိယနိုင်ငံ ဥတ္တရပြဒေ့ရှ်ပြည်နယ်က နာမည်ကျော် တာ့ဂ်မဟာ



တောင်ကြီး၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှ
ဒေါင်းတရားဟောပလ္လင်တော်



ရှမ်းပြည်ထားဘေရဓာတော်ဦးကြွတာသာကျောင်းမှ
ဒေါင်းတရားဟောပလ္လင်တော်



နီပေါလ ၁၈ ရာစုထက်
ရွှေချိုး ခိစ်းပြောင်ကျောက်နဲ့ [illegible]
စီခြယ်ထားတဲ့ ကရင်ရုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရွှေစိန်ချယ် ဒေါင်းရုပ်များ



မှန်စီရွှေချ ဒေါင်းရုပ်



ရွှေစိန်ချယ် ဒေါင်းရုပ်များ



[illegible]ဒေါင်းရုပ်



[illegible]

pavo congensis) ကို ရှာဖွေတွေ့ရှိလာခဲ့ပါတယ်။ ကွန်ဂိုဒေါင်းတစ်မျိုးတည်းသာ အာဖရိကရဲ့ ကြီးမားတဲ့ Phasianid ဖြစ်ပါတယ်။ အထီးဟာ အမိကတော့ အပြာနဲ့အစိမ်းဖြစ်ပြီး တိုပြီး ဝိုင်းတဲ့အမြီးနဲ့ပါ။ အမကတော့ အနီနဲ့အစိမ်းဖြစ်ပြီး ထိပ်မှာ အညိုရောင်သျှောင်ပေစုး (Top-knot) လေးနဲ့ပါ။

ဒေါင်းအားလုံးကို Peafowl ခေါ်ပေမယ့် ဒေါင်းဖို (Peacock) နဲ့ ဒေါင်းမ (Peahen)လို့ အတိအကျ ထပ်မံခွဲခြားနိုင်ပါတယ်။ ပါဗို (Pavo) မျိုးစိတ်နှစ်ခုလုံးမှာ အထီးဟာ ကိုယ်ထည် (၉၀-၁၃၀) စင်တီမီတာ (၃၅-၅၀လက်မ) နဲ့ အမြီး-ဒေါင်းတောင် (Train) တွေက (၁၅၀) စင်တီမီတာ (၆၀လက်မ) လောက် ရှည်ကြပြီး အရောင်ကတော့ တောက်ပတဲ့ သတ္တုရောင်လက် (Metallic) အစိမ်းပါ။ အလွန်ရှည်လျားတဲ့ ဒေါင်းတောင်တွေဟာ ဒေါင်းငှက်အမြီးရဲ့ အပေါ်ပိုင်းဆီမှာ သို့ဝှက်လို့နေကြရဲ့။ ဒေါင်းမြီး (Feather)တစ်ခုစီရဲ့အဖျားမှာ အပြာနဲ့ ကြေးနီရောင်တွေ ရစ်ဝိုင်းထားတဲ့ ရောင်ပြေး



[illegible] ဒေါင်းရုပ်
[illegible]




ဒေါင်းအတောင်ကွင်း ဟန်ရေးပြနေသော
[illegible] ဒေါင်းရုပ်




www.burmeseclassic.com

မျက်ကွင်း (Iridescent eye-spot) နဲ့ ဝိုင်းပတ်အဆုံးသတ်ထားတယ်။ ရောင်ပြေးမျက်ကွင်းဟာ ဒေါင်းတောင်ရဲ့ အလှဆုံးအစိတ်အပိုင်းပါပဲ။


ဒေါင်းဖြူရဲ့ကိုယ်ပေါ်က အမွေးအတောင်တွေဟာ အများအားဖြင့် သတ္တုရောင်လက်စိမ်းပြာရောင်ရှိကြတယ်။ ဒီမျိုးစဉ်ရဲ့ The sea robinsလို့အဖွဲ့ဝင်တွေဟာ သတိပြုနိုင်လောက်တဲ့ တောက်ပတဲ့အရောင် အထူးသဖြင့် အနီတွေရှိပါတယ်။ ကြီးမားတဲ့ ရင်အုပ်မွေးတွေဟာ အမြလိုသီသာပေါ်လွင်တဲ့အရောင်ရှိပြီး ဥရောပက Trigla lacerna မှာ တောက်ပတဲ့အစိမ်းနဲ့ဒေါင်းပြာအစက်တွေရှိတယ်။ တချို့အစက်တွေကမျက်လုံးနဲ့တူပါတယ်။ The sea robins အချို့ရဲ့ တောက်ပတဲ့အရောင်နဲ့ အတောင်အလက်တွေဟာ ရုတ်ခြည်းဖြန့်ကားလိုက်တဲ့အခါ ကြည့်မြင်ရသူ အံ့ဩသွားအောင်လုပ်ကြတယ်။


သိမ်ဖြိုင်ကျွန်း မုဆိုးလက်ဆာစေတီတော် အဝင်မုခ်မှ ဒေါင်းရုပ်ဖော်ထားတဲ့ နုတ်ရုပ်



ဒေါင်းဖြူ


ဒေါင်းဖြူ


ဒေါင်းအာနေသလို အတောက်များပြနေတဲ့ ကမ္ဘည်းနံကောင်ကို ဗိုက်ထဲရှိလောက်မှာ အစာ ၂၆၀ ရှုပြီးမြင်ရပုံ


အိန္ဒိယဒေါင်းဖြူအပေါ်တစ်ကောင် အရောင်အဝါတောက်ပနဲ့ညှာလေးလေးအမြီးကိုဖြန့်ပြီးကခုန်ပုံ

www.burmeseclassic.com





ကွင်းစကောက်ပြီးထား‌ရ နေ၊ ထက်ကိုကိုယ်စာပြုတဲ့ ဒေါင်းနဲ့ယုန်ရုပ်



တောင်ကြီး၊ ရွှမ်းပြည်နယ် မုဒ္ဒတဟ္မှုသိုက်မှ ရှမ်းတိုင်းရင်းသူများရဲ့ ဒေါင်းရုပ်တွင်းအရုံးသီးများ



တောင်ကြီး၊ ရှမ်းပြည်နယ် မုဒ္ဒတဟ္မှုသိုက်မှ
ရှမ်းတိုင်းရင်းသူများရဲ့ဒေါင်းရုပ်တွင်းအရုံးသီးများ



သိပ္ပိုင်၊ ကန္ဒီ ဗုဒ္ဓသွယ်တော်တိုက်အတွင်းရှိ ရွှေသားဒေါင်းရုပ်

ဒေါင်းပြာရဲ့ဇာတိဟာ ပူနွေးစွတ်စိုတဲ့ မြေမို့ မြေခက်ဘက် ဆောင်းရာသီတွေ မှာသာ ရှင်သန်နိုင်ကြတယ်။


ဒေါင်းစိမ်းတွေကလည်း ဒေါင်းပြာတွေလိုပဲ အစိမ်းနဲ့ ကြေးနီရောင်ကိုယ်ထည်မွေးတွေရှိပြီး ဒေါင်းမြီးရေသီနားတွေလည်း အခံတော်တူကြတယ်။ နှစ်မျိုးစလုံးရဲ့ ဒေါင်းမတွေဟာ အထီးတွေနီးပါး လောက်ကြီးထွားကြပြီး အစိမ်းနဲ့ အညိုရောင်ရှိကြပေမယ့် ဖြာနေတဲ့ ဒေါင်းမြီးနဲ့ ခေါင်းပေါ်က အမောက်အဆင်တန်ဆာ (The head ornament) တွေတော့ မရှိကြပါဘူး။ သဘာဝအရှိုင်းအားဖြင့်တော့ နှစ်မျိုးလုံးဟာ လွတ်လပ်တဲ့ မြေနိမ့်သစ်တောတွေမှာနေကြတယ်။ ဒေါင်းတွေဟာ နေ့ဘက်အချိန်တွေမှာ အုပ်စုဖွဲ့နေကြပြီး ညဘက်တွေမှာတော့ သစ်ပင်မြင့်တွေမှာ အိပ်တန်းတက်ကြတယ်။ သားပေါက်တဲ့ရာသီအတွင်းမှာ အထီးဟာ ဒေါင်းမ (၂) ကောင်ကနေ (၅) ကောင်လောက်ကို စုဝေးစောင့်ရှောက်ပေးပါတယ်။ ဒေါင်းမတစ်ကောင်ချင်းစီကနေ အဖြူရောင်ဥ (၄-၈) လုံးခန့်ကို မြေကျင်းချိုင့်ထဲမှာဥပေးကြတယ်။ ဒေါင်းစိမ်းတွေကို သူ့ရဲ့ ရန်လိုတဲ့ပင်ကိုစရိုက်ကြောင့် အခြားကြက်ငှက်တွေနဲ့ခွဲပြီး လှောင်အိမ်နဲ့သီးခြားထားရတယ်။ ဒေါင်းစိမ်းတွေဟာ အရမ်းအေးတာမခံနိုင်ကြပါဘူး။

ပန်းခြံတွေမှာ သူရှိရင် ပိုမိုလှပ ထည်ဝါတာမို့ တန်ဆာဆင်ငှက်အဖြစ် ကမ္ဘာ့တိရစ္ဆာန်ဥယျာဉ်များစွာမှာ ဒေါင်းကို ပင်တိုင်မွေးထားတတ်ကြရဲ့။ ဒေါင်းဟာ ဥရောပ၊ အာရှ အာဖရိက (The



www.burmeseclassic.com


www.burmeseclassic.com



ရွှေတိဂုံဘုရားကုန်း၊ ရှေးဟောင်းတန်ဆောင်းတစ်ခုမှ ဒေါင်းရုပ် လေကြပြတင်း




မလေးရှားနိုင်ငံ၊ ဘာတုလိုဏ်ဂူအနီး ဟိန္ဒူဘုရားကျောင်းမှ ဒေါင်းရုပ်များ



မလေးရှားနိုင်ငံ၊ ဘာတုလိုဏ်ဂူအနီး ဟိန္ဒူဘုရားကျောင်းမှ ဒေါင်းရုပ်များ



မလေးရှားနိုင်ငံ၊ ဘာတုလိုဏ်ဂူအနီး ဟိန္ဒူဘုရားကျောင်းမှ ဒေါင်းရုပ်များ



သီရိလင်္ကာ၊ ကိုလံဘိုမြို့ ပြတိုက်တစ်ခုမှ လက်မှုပညာထက်ရာ ဒေါင်းရုပ်



ကိုလံဘိုပြတိုက်တစ်ခုမှ ဟိန္ဒူနတ်ရုပ်များနှင့် ဒေါင်းရုပ်

Old World) မှာ နှစ်ပေါင်းများစွာကပဲ ထင်ရှားကျော်ကြားခဲ့ပါတယ်။

□ လိင်ရွေးချယ်မှု (Sexual selection)

အရောင်သိသာထင်ရှားလာခြင်း၊ အရွယ်ကြီးလာခြင်းနဲ့ အဆင်တန်ဆာတွေ ထင်ရှားပြပြင်လာခြင်းတို့လို ပေါ်လွင်ထင်ရှားတဲ့ ရုပ်ပိုင်းဆိုင်ရာလက္ခဏာတွေပိုင်ဆိုင်မှုဟာ မိတ်ဘက်ရရှိမှုမှာ ပိုမိုကြီးမားတဲ့အောင်မြင်မှုရရှိတယ်ဆိုတာကို တိရစ္ဆာန်တွေရဲ့ ဆင့်ကဲပြောင်းလဲလာမှုသီအိုရီအရ အမှန်လို့ယူဆထားကြတယ်။ သဘာဝရဲ့ ရွေးချယ်မှုအမြင်ကနေ မိတ်လိုက်ဖို့ အခွင့်အရေးမြင့်တက်လာသလို တိရစ္ဆာန်ရဲ့ သူ့ပတ်ဝန်းကျင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကဒေါင်းရုပ်ပုံ သစ်သားလက်မှု


ဗုဒ္ဓဂယာသုတေသနခရီးစဉ်
သာဝတ္ထိမြို့ဟောင်းဆိုနေသွား
ထင်းတောများတွေ့ရတဲ့ ဒေါင်း


ဒေါင်းမြီးတွက်ဝတ်စုံနဲ့
ထိရှိုးဝတ်စုံစကြောင်းဆိုင်းက
မေလသင့်ပယ်စား


ဧရာဝတီမြစ်ထဲယ်၊ ပီကျောင်းရဲ့ရှာနီး
လျှန်ထောင်ရွာ၊ ရှေးဟောင်းစေတီမှ
ဒေါင်းရုပ်မှန်ဦး


နီလာကျောက်များ မြှုပ်ထားတဲ့ ကဒေါင်းရုပ်

ထင်ပေါ်မြင်သာမှုပိုရှိလာလို့ အန္တရာယ်လည်းပိုများလာရဲ့၊ ဒီသဘောတရားကို အင်္ဂလိပ်သဘာဝလောကပညာရှင်ဖြစ်တဲ့ ချားလ်ဒါဝင်က (The Descent of Man) (၁၈၇၁) မှာစပြီး ဖော်ပြခဲ့တယ်၊

လိင်တွေကြားမှာ အပြန်အလှန်ဆွဲဆောင်မှုဟာ မျိုးပွားဖို့ရာ အရေးပါတဲ့အချက်ပါ။ တိရစ္ဆာန်မျိုးစိတ်များစွာမှာ အထီးတွေရဲ့ ဇေုးစေ့နဲ့ အမတွေရဲ့ ဥအိမ်ဆိုတဲ့ လိင်အင်္ဂါတွေနဲ့ မူလလိင်တွဲပြားမှုအပြင် ဒုတိယလိင်ပိုင်းဆိုင်ရာ ထူးခြားလက္ခဏာဖြစ်တဲ့ အမျိုးသားတွေရဲ့ မုတ်ဆိတ်နဲ့ အသံဩဩ၊ အမတွေရဲ့ ရင်သားကလွဲလို့ အရွယ်အစားနဲ့ ပုံသဏ္ဌာန်တူညီကြတယ်။ သို့ပေမယ့် လိင်အရ ထင်ရှားပေါ်လွင်တဲ့ သွင်ပြင်နှစ်မျိုးစလုံး ဖော်ပြတဲ့ Dimorphism သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာခြားနားတဲ့ မျိုးစိတ်တွေလည်းရှိကြတယ်။ အထူးသဖြင့် ငှက်နဲ့ နို့တိုက်သတ္တဝါတွေမှာ အထီးဟာ ပိုပြီးကြီးမားသန်စွမ်းပြီး ပိုမို အရောင်တောက်ပကာပေါ်လွင်ထင်ရှားတဲ့ တန်ဆာဆင်မှုတွေရှိကြတယ်။ ပသို့ ဆိုစေ ဒီလက္ခဏာတွေဟာ သားရဲတွေကို ပိုမိုမြင်သာအောင်လုပ်ပေးတယ်။ လေးလံပြီး ဝန်ကျယ်တဲ့ ဒေါင်းအထီး (Pavo cristatus) နဲ့ ပါရာဒိုက်ငှက် (Paradisaea) တွေရဲ့ ရှည်လျားတဲ့ အမွေးအတောင်တွေ၊ အရွယ်ရ သမင်ထီးရဲ့ အလွန်ကြီးမားလှတဲ့ ဦးချိုတွေဟာ အကောင်းဆုံးနမူနာတွေပါ။ ဒါဝင်က သဘာဝရွေးချယ်မှုမှာ ဆိုးကျိုးဖြစ်စေတဲ့ လက္ခဏာတွေကိုလည်း ဖော်ပြခဲ့တယ်။ သူက ဒီပြဿနာကို အထီးတွေရဲ့ အခြားလိင်အပေါ်ပိုင်ဆိုင်လိုမှုအတွက် ရင်ဆိုင်ရှုံးကန်ရမှုတစ်ခုကြောင့်လို့ဆိုခဲ့ပါတယ်။

ကဏန်းတွေရဲ့ ကြီးမားတဲ့လက်မ၊ ဒေါင်းတွေရဲ့ယပ်တောင်ပုံဖြန့်ကားထားတဲ့အမြီး၊ အခြားငှက်တွေရဲ့ တောက်ပတဲ့အမွေးတွေဟာ အဖိုရဲ့ ထူးခြားထင်ရှားတဲ့လက္ခဏာတွေပါ။ သတ္တဝါတို့ရဲ့ ဖို-မမေလွှ အရ လှုပ်ရှားလှုပ်ရှား ဟန်ရေးပြတဲ့အခါ ဒေါင်းတွေဟာ အောက်မှာ တန်းလန်းကျနေတဲ့ သူ့အမြီးကို အထက်သို့မြှောက်ပြီး ဖြန့်ကားထားလိုက်ကြတယ်။ အဲဒီအခါ ခန္ဓာကိုယ်ဟာ ကြွရွကာ မြှောက်တက်လာပြီး ရှေ့ကိုဦးတည် ရွေ့လာတယ်။ ဟန်ရေးပြခြင်းအထွတ်အထိပ်ရောက်တဲ့အခါ အမြီးအတောင်တွေဟာ ဆတ်ဆတ်တုန်ခါပြီး အရောင်တွေကလည်း တလျှပ်လျှပ်လင်းလက်



www.burmeseclassic.com

တောက်ပလာတယ်။ ဒေါင်းတို့ရဲ့အလွန်လှတဲ့အချိန်တွေပေါ့။ အသံတွေလည်း တရှဲရှဲတရွှမ်းရွှမ်းထွက်နေရဲ့။

## ◻ အိန္ဒိယနိုင်ငံနဲ့ဒေါင်း

ဒေါင်းဟာ အိန္ဒိယမှာလူသိအများဆုံးငှက်တွေထဲကတစ်ကောင်ပါ။တောရိုင်းသောမဲ့တောတွေမှာ အများအပြားတွေ့နိုင်ပါတယ်။ အိန္ဒိယရဲ့ဩရိဿ(Orissa) သစ်တောတွေဟာ ပြည်နယ်ရဲ့သုံးပုံတစ်ပုံလောက်ကို ဖုံးလွှမ်းနေပြီး အကြမ်းဖျင်းအားဖြင့် အပူပိုင်းစိုထိုင်းရွက်ပြွတ်တောနဲ့




မြန်မာ့ပထမဆုံးထုတ် ထီလက်မှတ်မှ ဒေါင်းရုပ်

အပူပိုင်းခြောက်သွေ့ရွက်ပြွတ်တောလို့ နှစ်မျိုးခွဲခြားနိုင်တယ်။ နှစ်မျိုးလုံးမှာပဲ ဝါးပင်၊ အပူပိုင်းဒေသ သစ်မာပင် - ကျွန်း၊ ပိတောက်နဲ့ အနံ့သင်းတဲ့သစ်နက်(Rose-wood) တွေ ပေါက်ကြတယ်။ ဩရိသသစ်တောမှာထင်ရှားတဲ့နို့တိုက်တောရိုင်းတိရစ္ဆာန်ဆင်၊ နွားရိုင်း၊ ဒရယ်ဖိုအမည်း၊ ချိုလေးခုပါ တောဆိတ်၊ ကျားနဲ့ မျောက်မျိုးပေါင်းများစွာလည်းရှိနေကြပြီး အများစုကို နိုင်ငံတော်အမျိုးသားအုပ်ချုပ်ရေးကထူထောင်ထားတဲ့ ဥယျာဉ်နဲ့ စခန်းတွေထဲမှာ ထိန်းသိမ်းထားတယ်။ဒေါင်းတွေကတော့ ဩရိသသစ်တောကငှက်တွေအကြားမှာထင်ရှားတဲ့ဝိသေသလက္ခဏာရှိတဲ့ငှက်ပါ။ ဥဒေါင်းဟာ ထင်ရှားစွာများပြားပြီး အထူးသဖြင့် Gujarat နဲ့ Rajasthan မှာ အိမ်မွေးအချစ်တော်ငှက်အဖြစ်မွေးကြတယ်။ တောက်ပခံ့ညားတဲ့အရောင်အဝါရှိတဲ့ အမွေးတွေကြောင့် ဒေါင်းကို အိန္ဒိယရဲ့ အမျိုးသားငှက် (National Bird) အဖြစ် မှတ်ယူခဲ့တယ်။

## ◻ ဒေါင်းပလ္လင် (Peacock Throne)

နာမည်ကျော်ကြား ထင်ရှားလှတဲ့ မူရင်းဒေါင်းပလ္လင်ကို မဂိုဧကရာဇ် ရှားဂျဟန်(Shah Jahan) (၁၆၂၈-၅၈)အတွက် ၁၇ရာစုအစောပိုင်းက ပြုလုပ်ခဲ့တာပါ။ ဒါဟာ ပလ္လင်တော်တွေထဲမှာ ထည်ဝါခံ့ညားမှုအရှိဆုံး၊ ခမ်းနားကြီးကျယ်ဆုံးလည်းဖြစ်တယ်လို့ ထင်ရှားခဲ့တယ်။ ပလ္လင်ပေါ်ကို ငွေလှေကားထစ်တွေနဲ့ ထက်ရောက်ပြီး ခြေနင်းခုံကတော့ ရတနာတွေစီခြယ်ထားတဲ့ ရွှေသားအတိပါ။ ပလ္လင်နောက်ခံကိုကြွေရည်သုတ်ပြီး ရွှေချကာ စိန်၊ ပတ္တမြားနဲ့ ကျောက်မျိုးစုံစီခြယ်လို့ အတောင်တွေဖြန့်ပြီးကနေတဲ့ မှန်စီရွှေချ ဒေါင်းရုပ်ခံထားရဲ့။

ရှားဂျဟန်ဟာ ထည်ဝါခံ့ညားကြီးကျယ်မှုတွေကို မက်မောလို့ အလွန်ကျော်ကြားတဲ့ ဒေါင်းပလ္လင်ကိုလည်း သွန်းလုပ်စေသလို ကြီးမားထင်ရှားတဲ့ အဆောက်အအုံများစွာကိုလည်း ဆောက်လုပ်ခဲ့တယ်။ မဂိုဗိသုကာဟာ သူ့လက်ထက်မှာ အထွတ်အထိပ်ရောက်ရှိခဲ့ပါတယ်။ သူ့ရဲ့ သရဖူဆောင်းတဲ့လုပ်ရပ်ကတော့ သူ့မိဖုရား (Mumtaz Mahal) အတွက် ခမ်းနားတောက်ပြောင်တဲ့ တာ့ဂျ်မဟာ(Taj Mahal)သင်္ချိုင်းဂူဗိမာန်ကို အက်ဂရာ(Agra)မှာ ဆောက်လုပ်ခဲ့ခြင်းပါ။ အဲဒီမှာပဲ သူ့ပိုင်ဆိုင်မှုတွေကိုလည်း မြှုပ်နှံခဲ့ရဲ့။ ရှားဘုရင်ကြီးဟာ သက်တမ်းတစ်လျှောက်လုံးမှာ ထူးချွန်ထက်မြက်ပြီး လုပ်ရည်ကိုင်ရည်ရှိတဲ့မင်းဖြစ်တဲ့အပြင် သင်္ချာ၊ ဟင်ဒီနဲ့ ပါရှန်းစာပေတို့ကို တတ်ကျွမ်းတဲ့ပညာရှင်တွေ၊ စာဆိုတွေကို ချီးမြှင့်မြှောက်စားခဲ့သူပါ။ အုပ်ချုပ်ရေးပိုင်းမှာ စနစ်ကျခဲ့သလို မြေယာအခွန်အပေါ်က နိုင်ငံတော်ပိုင်ဆိုင်မှုကိုလည်း တိုးမြှင့်ယူခဲ့ပါတယ်။


ရှားဂျဟန် အုပ်စိုးစဉ်အတွင်း တာ့ဂျ်မဟာနောက်မှာ ဒုတိယအကြီးဆုံး လုပ်ဆောင်မှုကတော့ ၁၆၃၈ ခုနှစ်က စဆောက်တဲ့ ဒေလီမြို့က နန်းတော်ခံတပ်ပါ။ အဲဒါတွေထဲက မှတ်မှတ်ရရ အဆောက်အအုံကတော့ အနီရောင်သဲကျောက်တိုင်တွေနဲ့ လူထုကြားနာဆောင် (Divane Amm) ပါ။ အဲဒီထဲမှာ ဒေါင်းပလ္လင်ကိုထားရှိတယ်။ ခံတပ်မြို့ရိုးအပြင်မှာတော့ ၁၆၅၀-၅၆ ခုနှစ်တွေက တည်ဆောက်ခဲ့တဲ့ မဟာဗလီကြီး (Jami Masjid) ပါ။

## ◻ အာဖဂန်နစ္စတန်က နဒီရှား (Na-dir Shah) ဘုရင်


၁၇၃၂ ခုမှာ ဆိုးဝါးပြီး ကြောက်စရာကောင်းလှတဲ့ မြို့သိမ်းတိုက်ပွဲအပြီး Na-dr Qoli Beg ဟာ Herat ကို သိမ်းပိုက်လိုက်တယ်။ Na-dr ဟာ The Heratis သားတွေရဲ့သတ္တိကို အထင်ကြီးလေးစားခဲ့ပြီး သူတို့ထဲက အတော်များများကို သူ့စစ်တပ်မှာ အမှုထမ်းစေခဲ့ပါတယ်။ ၁၇၃၆ ခုနှစ်မှာ သူ့ကိုယ်ကိုသူ ပါရှားရဲ့ရှားအဖြစ်ရွေးကောက်လိုက်ပြီး သူ့အမည်နာမကို နဒီရှားလို့ တွင်စေခဲ့တယ်။ ၁၇၃၈ ခုနှစ်မှာတော့ တစ်နှစ်ကျော်ကြာဝန်းရံပြီးတဲ့အခါ Kandahar မြို့တော်ဟာ စစ်သား (၈) သောင်းရှိတဲ့ နဒီရှားတပ်တွေအောက်ကို ကျရောက်သွားပြန်ပါတယ်။ နဒီရှားဟာ Ghazna နဲ့ ကဘူးလ်ကိုလည်းဝိုင်းလိုက်တယ်။

၁၇၃၉ ခုနှစ်မှာ မဂိုမြို့တော် နယူးဒေလီကို အီရန်အောင်နိုင်သူကြီး-နဒီရှားကသိမ်းလိုက်ပြီး ဒေါင်းပလ္လင်တော်ကြီးနဲ့အတူ အခြားအဖိုးတန်ပစ္စည်းတွေကိုပါယူသွားခဲ့ပါတယ်။ သူ့ရဲ့စစ်အတွင်းလုယက်ပစ္စည်းတွေမှာ ကိုဟိနူး (The Kohi-noor) စိန်ကြီးလည်းပါရဲ့။ အိန္ဒိယက မထွက်ခွာခင်မှာ နဒီရှားဟာ ဒေါင်းပလ္လင်ကြီးနဲ့ဟန်အတူတူဖြစ်တဲ့ သလွန်ညောင်စောင်းတစ်ခုကိုလည်း ပြုလုပ်စေခဲ့ပြီး နှစ်ခုလုံး အီရန်ကို သယ်ဆောင်သွားခဲ့ပါတယ်။ အဲဒီလို အီရန်ကို သယ်ယူသွားပေမယ့် နှစ်ခုလုံးဟာ ကဒ် (The Kurds)တွေနဲ့ဖြစ်တဲ့စစ်အတွင်းမှာ ပျက်စီးပျောက်ကွယ်သွားပါတော့တယ်။ ကဒ်တွေဟာ အပေါ်ယံအပြင်ဖန်းမြင်နေရတဲ့ အဖိုးတန်ရတနာနဲ့ရွှေငွေသတ္တုတွေလောက်ကိုသာ တစ်စစီဖြုတ်ကာခွဲခြမ်းယူလိုက်ကြတယ်။ ဒီလိုနဲ့ အိန္ဒိယကနေ ပါရှန် (The Persians) တွေ ခိုးယူသွားတဲ့ နာမည်ကျော်ရွှေသား ဒေါင်းပလ္လင်ဟာ ပျောက်ဆုံးသွားခဲ့ပါတယ်။ ၁၇၄၇ ခုနှ

www.burmeseclassic.com







သီဟိုဠ်၊ ကန္ဒီ ဗုဒ္ဓမြတ်စွယ်တော်လှည့်ပွဲမှ ခေါင်းချုပ်အဆင်တန်ဆာများ



သီဟိုဠ်၊ ကန္ဒီ ဗုဒ္ဓမြတ်စွယ်တော်လှည့်ပွဲမှ ခေါင်းချုပ်အဆင်တန်ဆာများ

မှာတော့ နဒီရှားလည်း လုပ်ကြံခံရပြန်တယ်။

ဒေါင်းပလ္လင်ရဲ့ မူလပိုင်ရှင်ရှားဂျဟန်ဟာ သက်တော် (၇၄) ခုနှစ်၊ ၁၆၆၆ ခု၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှာ အကျဉ်းခံဘဝနဲ့ပဲ ကံတော်ကုန်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဆက်လက်အုပ်စိုးလာတဲ့ ရှားဘုရင်တွေဟာ ဒီပလ္လင်မျိုးထပ်မံပြုလုပ်ပြီး အသစ်လုပ်ယူထားတယ်လို့ ယူဆရတဲ့ ဒေါင်းပလ္လင်နဲ့ဒေါင်းသလွန်ညောင်စောင်းတွေကိုသာ သုံးစွဲခဲ့ကြတယ်။ ပါရှန်း သို့မဟုတ် အီရန်တွေရဲ့ နန်းစဉ်သုံးသင်္ကေတအဖြစ် မှတ်မှတ်ရရ အထင်အရှားရှိခဲ့တာကတော့ ၁၇၉၇-၁၈၃၄ ခုနှစ်အတွင်း နန်းစံခဲ့တဲ့ ဖာ့အလီရှား (Fath 'Ali- Shah)ရဲ့ ပလ္လင်ပါ။ ၁၉၂၆ နဲ့ ၁၉၄၁ ခုနှစ်တွေမှာ နန်းတက်ပွဲလုပ်ရင်း အဘိသိက်ခံခဲ့တဲ့ ပါလဗီ(Pahlavi)ရှားဘုရင်နှစ်ပါးတို့ရဲ့ တောက်တောက်ပပနဲ့ တဖျပ်ဖျပ်လက်နေတဲ့ ကုလားထိုင်လို ပလ္လင်တော်တွေကတော့ ကွာဂျာမင်းဆက် (The Qajar



ကယားပြည်နယ်၊ ဖျိုင်ခေါင်မြို့ ပေါ်ကြီးကျောင်းမှ ငွေတွက္ကူခေါင်းချုပ်

Dynasty) ခေတ်မှာမှ ထပ်ပြီးလုပ်ယူခဲ့တာတွေပါ။

- အရှေ့တောင်အာရှ အနုပညာရပ်တွေမှာ လွှမ်းမိုးနေတဲ့အရာတွေ

အရှေ့တောင်အာရှအနုပညာရပ်တွေမှာ အဓိက (Themes) ဟာ ဘာသာရေးနဲ့ အမျိုးသားရေးသမိုင်းတွေမှာသာ အခြေပြုနေပါတယ်။ ဘာသာရေးမှာလည်း အများအားဖြင့်တော့ ဗုဒ္ဓဝင်နဲ့ ဟိန္ဒူနတ်ဘုရားတွေရဲ့ ဖြစ်စဉ်ဘဝများဟာ ပန်းပုနဲ့ပန်းချီအဆင်တန်ဆာအဖြစ် လွှမ်းမိုးနေရဲ့။ နံရံဆေးရေးပန်းချီတွေနဲ့ ရုပ်ကြွထွင်းထုမှုတွေကလည်း ဇာတ်ကဇာတ်တော်တွေမှာ ဘုရားရှင်ရဲ့ ယုန်၊ မို့ ဒေါင်း စတဲ့ နုစဉ်ဘဝများကိုဖော်ပြပြီး လူတွေကို ဗုဒ္ဓဘာသာကျင့်ဝတ်တွေ သင်ကြားပေးခဲ့တယ်။ ဟိန္ဒူ (Epics) ရဲ့ ဇာတ်ကွက်တွေမှာလည်း အလားတူ သရုပ်ဖော်ပြကြတယ်။ ဗုဒ္ဓဘာသာနဲ့ ဟိန္ဒူအယူအဆစာပေကျမ်းဂန်တွေထဲက နတ်ဘုရား-နတ်ဘုရားမ၊ သူရဲကောင်း၊ မင်းသမီး၊ ရသေ့ရဟန်း၊ တန်ခိုးရှင်၊ ဘီလူး၊ သရဲ နဂါး၊ နတ်မြင်းပျံနဲ့ ဒဏ္ဍာရီလာသတ္တဝါတွေကို ပုံဖော်ကြတယ်။ ရှေးဟောင်းသင်္ကေတနဲ့ စိတ်ကူးထဲက သတ္တဝါတွေဟာ အနုပညာရပ်တွေထဲကို ပူးဝင်ရောက်ရှိလာတယ်။ ပျူလူမျိုးတွေက နေရဲ့ဖောင်းကြွသင်္ကေတပုံကို ဒင်္ဂါးတွေမှာ စွမ်းအားပြအမှတ်တံဆိပ်အဖြစ် ဖော်ပြကြတယ်။ မြန်မာတွေက ဒါကို



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရဲ့ အနှစ်ခြိုက်ဆုံးငှက် ဒေါင်းနဲ့ ပုံပြောင်းယူလိုက်တယ်။ ဒါကလည်း ဗုဒ္ဓဘာသာဇာတ်တော်တွေမှာ ဒေါင်းဟာ နေနဲ့ ပတ်သက်ပြီး လကြ ယုန်နဲ့ ဆက်နွယ်နေလို့ပါ။

▫ မြန်မာ့အလံများနဲ့ဒေါင်း

အာရှနိုင်ငံအများစုရဲ့ စဉ်းပိုင်းအမျိုးသားအလံတွေဟာ အုပ်ချုပ်သူများကို ကိုယ်စားပြုကြတယ်။ နောက်ခံပြောင်မှာ ထူးခြားတဲ့ အမျိုးသားသတ္တဝါ (National Animal) ကို အလယ်မှာထားတတ်ကြတယ်။ မြန်မာမှာတော့ ဒေါင်းကို အလံရဲ့အလယ်ဗဟိုအမှတ်တံဆိပ်သင်္ကေတ (Emblem) အဖြစ် ၁၇၅၇ ခုနှစ်ထဲက ဘုရင်အလောင်းဘုရားစတင် မိတ်ဆက် အသုံးပြုခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဒေါင်းဟာ နေမင်းရဲ့အမှတ်လက္ခဏာ (Symbol) ပါ။ ဒါ့ပြင် ဒေါင်းဟာ ပျော်ရွှင်ခြင်းနဲ့ ပေါင်းစည်းခြင်း (Unity) တွေကိုလည်း ကိုယ်စားပြုပါတယ်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးအောက်(၁၈၈၆-၁၉၄၈)မှာဒေါင်းရုပ်ပါတဲ့ရွှေပြားတစ်မျိုးရှိခဲ့ပေမယ့် ဗြိတိသျှတွေရဲ့ ယူနီယံဂျက် (The Union Jack) အလံတစ်ခုတည်းကိုသာသုံးခဲ့ကြ တယ်။ ဗြိတိသျှအုပ်ချုပ်ရေးကို ဆန့်ကျင်တဲ့ မြန်မာများဟာ ၁၉ ရာစုအကုန်မှာ ဒေါင်းရုပ်သင်္ကေတပါတဲ့အလံဖြူကိုသုံးလာကြတယ်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လမှာတော့ ဂျပန်က ထောက်ပံ့ပေးတဲ့ ရုပ်သေးအစိုးရက ဝါ-စိမ်း-နီသုံးရောင်ခြယ်ကန့်လန့်စင်းအလံရဲ့အလယ်မှာ အဖြူရောင်အဝိုင်းနဲ့ အလယ်ဗဟိုမှာ ရွှေရောင်ဒေါင်းရုပ်ကို စတင်အသုံးပြုခဲ့တယ်။မြန်မာ့တော်လှန်ရေးတပ်မတော်ဟာ ဗြိတိသျှတွေနဲ့ ပူးပေါင်းပြီး ဂျပန်ဆန့်ကျင်ရေးလုပ်တဲ့အခါ တစ်ပွင့်တည်းသောအဖြူရောင်ကြယ်ကို အပေါ်ဘက်ထောင့်ခပ်မြင့်မြင့်မှာထည့်ထားတဲ့ အနီရောင်အလံကိုသုံးခဲ့ကြတယ်။

မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုကို ၂၀၀၈ ခုနှစ်မှာ အတည်ပြုလိုက်ပြီး ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၀ရက်နေ့မှာ အမျိုးသားအလံသစ်တစ်ခုကိုလွှင့်ထူခဲ့တယ်။ ဒီအလံဒီဇိုင်းသစ်ဟာ ၁၉၄၃ ခုနှစ်က ဝါ-စိမ်း-နီသုံးရောင်ခြယ်အလံကို ပြန်သုံးခဲ့ပေမယ့် အလံအလယ်မှာ ဒေါင်းရုပ်အစား ကြယ်ဖြူတစ်ပွင့်သာရှိပါတယ်။

▫ အရှေ့တောင်အာရှနိုင်ငံများရဲ့ ရိုးရာအကနဲ့ဒေါင်း

အိန္ဒိယလွှမ်းမိုးခံရတဲ့ အရှေ့တောင်အာရှရဲ့ရိုးရာအကတွေမှာ ဒေါင်းနဲ့ဒေါင်းတောင်တွေဟာ အတော်နေရာယူကြပါတယ်။ ထိုင်းနိုင်ငံမှာတော့ သရုပ်ဆောင်တွေဟာ နတ်ဘုရားမျက်နှာဖုံးတွေ တပ်ဆင်ကြပြီး ပင်မအဓိကအကတွေမစခင်မှာ လက်နှစ်ဖက်လုံး ဒေါင်းတောင်တွေကိုင်လို့ နတ်ဘုရားကို ဝတ်ပြုတဲ့အကတွေ ကပြကြတယ်။ ဘာလီကျွန်းသားတွေရဲ့(The Balinese legong) မှာတော့ အရွယ်မရောက်တရောက်မိန်းကလေးတစ်စုက ကပြကြတယ်။ မြန်မာအကနဲ့ အထူးသဖြင့် နတ်ပွဲတွေမှာ ပုပ္ပားမယ်တော်လို ဒေါင်းတောင်ကိုင်ပြီး ကပြကာ နတ်ချေကြတာတွေ ရှိပါတယ်။

▫ အနောက်ကမ္ဘာမှ ဒေါင်းအမည်ပါ နာမည်ကျော်နဲ့ ဒေါင်းအမည်ပါစာပေများ

စာရေးဆရာ ဒီ-အိပ်ချ်လောရင့် (D.H.Lawrence) ဟာ အင်္ဂလန်မြောက်ဘက် မြေလတ်ပိုင်းက ကျောက်မီးသွေးမိုင်းပိုင်ရှင်ရဲ့ သားပါ။ လောရင့်ဟာ ၁၈၉၈ - ၁၉၀၁ ခုနှစ်မှာ နော့တင်ဟမ် အထက်တန်းကျောင်းရဲ့ပညာသင်ဆုကို ရရှိခဲ့တယ်။ ၁၉၀၆ - ၀၈ ခုနှစ်အတွင်း နော့တင်ဟမ်ယူနီဗာစီတီကောလိပ်က ဆရာဖြစ်လက်မှတ်ရခဲ့တာ ကဗျာနဲ့ ပုံဝတ္ထုတွေ စပြီးရေးခဲ့တယ်။ ၁၉၀၇ ခုမှာ ပထမဆုံးဝတ္ထုကို ဒေသသတင်းစာမှာ ဖော်ပြခံရတယ်။ သူ့ရဲ့ ပထမဆုံး ဝတ္ထုရှည်ကတော့ ဒေါင်းဖြူ (The White Peacock) ပါ။

ဒေါင်းအမည်ပါတဲ့ သင်္ချာပညာရှင် (George Peacock) ဆိုသူလည်းရှိခဲ့ပြီး နောက်ပိုင်းမှာတော့ သူဟာ ဘာသာရေးကျွမ်းကျင်သူဖြစ်လာခဲ့တယ်။ ဘာတိုလူချီ (Bertolucci) ကတော့ အီတာလျံကဗျာဆရာ၊ စာပေဝေဖန်ရေးသမားနဲ့ ဘာသာပြန်သူပါ။ သူဟာ အလားတူပဲ (Honoré de Balzac, Charles Baudelaire, Thomas Love Peacock)၊ ဒီအိပ်ချ်-လောရင့်နဲ့ သောမတ်ဟာဒီတို့ရဲ့စာတွေကိုလည်းဘာသာပြန်ခဲ့ပါတယ်။

နယူးယောက်မှာ (၂၁-၁၂-၃၂) နေ့ကမွေးဖွားတဲ့ အမေရိကန်စာရေးဆရာ Edward Morley Hoagland ဟာ ဝတ္ထု၊ ခရီးသွားစာပေနဲ့ အက်ဆေးတွေရေးပါတယ်။ သူ့ရဲ့ သဘာဝနဲ့ တောရိုင်းဘဝအရေးအသားတွေဟာ ထင်ရှားကျော်ကြားတယ်။ ဟားဗတ်စာတ္တသိုလ်က ဘွဲ့ရပြီး ၁၉၅၆ ခုမှာ သူ့ပထမဆုံးဝတ္ထုကို ထုတ်ဝေခဲ့တယ်။ အမေရိကန်စစ်တပ်မှာ တာဝန်ထမ်းခဲ့ပြီး ၁၉၆၅ ခုမှာထုတ်ဝေတဲ့ သူ့ဝတ္ထုဟာ ဒေါင်းမြီး (The Peacock's Tail) လို့ အမည်ရပါတယ်။

နယူးအမ်စတာဒမ်မှာ (၂၄-၅-၁၂) ကမွေးဖွားတဲ့ Theodore Wilson Harris ရဲ့ ဝတ္ထုတွေဟာ ကျယ်ပြန့်တဲ့အမြင်နဲ့ စိတ္တဇဆန်တဲ့ ခက်ခဲနက်နဲမှုကြောင့် ထင်ရှားပါတယ်။ သူဟာ ဂျော့တောင်း၊ Queen's ကောလိပ်မှာ တက်ရောက်ခဲ့တယ်။ ၁၉၄၂-၅၈ ခုနှစ်အထိ အစိုးရစစ်ဆေးရေးအရာရှိဖြစ်ပြီး သူ့ရဲ့ အတွင်းကျကျ ဗဟုသုတတွေကို (The savannas) နဲ့ ကျယ်ပြောပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ နိုင်ငံ့အတွင်းပိုင်း မိုးသစ်တောတွေကရကာ သူ့ဝတ္ထုအတွက် ဇာတ်အိမ်တွေဖန်တီးခဲ့တယ်။ ၁၉၅၉ ခုမှာ လန်ဒန်ကိုပြောင်းရွှေ့သွားပြီး ၁၉၆၀ ပြည့်နှစ်မှာ (The Guyana Quartet) (Palace of the Peacock) (ဒေါင်းစံအိမ်) စုစည်းမှုကို ရေးသားထုတ်ဝေခဲ့တယ်။

၁၉၀၀ ပြည့်နှစ်က ပိုလန်မှာမွေးပြီး ၁၉၆၂ ခုက ဝါဆောမြို့မှာ သေဆုံးခဲ့တဲ့ ပိုလန်စာရေးဆရာနဲ့ ပြဇာတ်ရေးဆရာ (Kruczkowski, Leon) ဟာ ပိုလန်ရဲ့အတိတ်နဲ့ လူမှုပြဿနာတွေကို တင်ပြတဲ့ အရေးအသားတွေနဲ့ ထင်ရှားခဲ့တယ်။ သူ့ပထမဆုံးဝတ္ထုကို ၁၉၃၂ ခုမှာ ထုတ်ဝေပြီး ဒေါင်းတောင် (Peacock's Feathers) (၁၉၃၅) နဲ့ (The Trap) ထောင်ချောက် (၁၉၃၇) ဝတ္ထုတွေမှာ လူမှုရေးနဲ့ သမိုင်းဆိုင်ရာသုံးသပ်မှုတွေကို တင်ပြခဲ့တယ်။

Charles Tomlinson Griffes ဟာ နယူးယောက်မှာ ၁၈၈၄ ခု၊ စက်တင်ဘာ ၁၇ ရက်က မွေးဖွားပြီး ၈-၄-၂၀ မှာ သေဆုံးခဲ့တဲ့ နယူးယောက်စီးတီးရဲ့ ခံစားမှုတေးဂီတရေးတဲ့ ပထမဆုံး အမေရိကန်တေးပြုပါ။ ၁၉၀၃ ခုမှာ စန္ဒရားနဲ့ တေးရေးဖွဲ့မှုလေ့လာဖို့ ဘာလင်ကို သွားခဲ့တယ်။ ၁၉၀၇ ခုမှာ သူ အမေရိကကို ပြန်လာပြီး နယူးယောက်ယောက်ျားလေးကျောင်းမှာ ဂီတဆရာဝင်လုပ်တယ်။ ခံစားမှုတေးဂီတကို စွဲမက်ပြီး Claude Debussy နဲ့ Maurice Ravel ရဲ့ ဝိထသင်္ကေတတွေကို သေသေချာချာသင်ခဲ့တယ်။ Aleksandr Scriabin နဲ့ Modest Mussorgsky တို့ရဲ့ လက်ရာတွေ



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းမိုးတာလည်းခံခဲ့ရတယ်။ အဆိုတော် Eva Gauthier အတွက် သီချင်းများစွာ ရေးဖွဲ့ခဲ့ရလို့ အရှေ့တိုင်းတေးဂီတနဲ့ မိတ်ဆက်ခဲ့ရတာ နက်ရှိုင်းစွာစွဲလမ်းလာခဲ့တယ်။ သူ (၃၅) နှစ်မှာ သေဆုံးတော့ အနုပညာရင့်ကျက်မှုရဲ့လက်တစ်ကမ်းကိုရောက်နေပါပြီ။ သူ့အကောင်းဆုံးပီယာနိုလက်ရာဟာ ဒေါင်းဖြူ (The White Peacock) (၁၉၁၅) ပါ။

▫ ကောင်းကင်ယံက ဒေါင်းအမည်နဲ့ ကြယ်စု ပါဗို (Pavo)

လက်တင်ဘာသာမှာ ပါဗို(Pavo) ဟာ ဒေါင်းလို့ အဓိပ္ပာယ်ရပါတယ်။ တောင်ဘက် ကောင်းကင်ပြင်က ကြယ်တာရာစုမှာ အတောက်ပဆုံးကြယ်ဟာ ကြယ်လင်းမံမာဏ (၁. ၉)ရှိတဲ့ Alpha Pavonis ဖြစ်ပြီး ဒေါင်းလို့လည်းခေါ်ကြတယ်။ ဒီကြယ်စုကို ရေကြောင်းလမ်းပြ (Pieter Dircksz Keyser) က တွေ့ရှိခဲ့ပါတယ်။ ၁၅၉၅ ခုမှာ အရှေ့အိန္ဒိယကိုသွားတဲ့ ပထမဆုံး ဒတ်ချ်စူးစမ်းလေ့လာရေးအဖွဲ့နဲ့ ရေကြောင်းခရီးသွားခဲ့တာပါ။ သူဟာ တောင်ဘက်ကောင်းကင်ပြင်မှာ အသစ်သော တာရာစု ၁၂ စုကို ဖြည့်စွက်ပေးခဲ့ပါတယ်။ သူ့ခရီးစဉ်မှာ အစိမ်းရောင် ဂျာဗားဒေါင်းကိုလည်း မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့လို့ ဒေါင်းလို့ ကြယ်ကို အမည်ပေးခဲ့ပုံရပါတယ်။

▫ ဒေါင်းကိုကိုယ်စားပြုတင်ပြတဲ့ မောရုယ (The mayura vannama) အက

သီဟိုဠ်ကျွန်း ကန္ဒီမြို့ကို ဗုဒ္ဓစွယ်တော်မြတ်သွားဖူးတုန်းကလည်း သီရိလင်္ကာလေကြောင်းလိုင်းရဲ့လေယာဉ်မယ်တွေဟာ ဒေါင်းမြီးကွက်အဆင်ဒီဇိုင်းတွေပါတဲ့ အပြာရောင်ဆာရီကိုဝတ်ဆင်ထားပြီး ဝန်ဆောင်မှုပေးနေကြတာ သတိပြုမိတယ်။ စွယ်တော်လှည့်တဲ့ညမှာတော့ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်သယ်ယူပြီး မြို့ရဲ့လမ်းတွေကိုလှည့်လည်သွားတဲ့ဆင်တွေရဲ့နောက်မှာကခုန်လိုက်ပါသူတွေဟာ ဒေါင်းတွေလို ကခုန်ကြတာတွေ့ခဲ့ရပါတယ်။

ကန္ဒီအကတွေဟာ အတော်ဆန်းပြားပြီး အဆင့်မြင့်ခဲ့ညားတယ်။ အဲဒီအကတွေဟာ ကန္ဒီဘုရင်များလက်ထက် ၁၆-၁၉ ရာစုအတွင်းမှာ ပေါ်ပေါက်ဖွံ့ဖြိုးလာတယ်။ ယနေ့မှာတော့ သီရိလင်္ကာအမျိုးသားအကဖြစ်လို့နေပါပြီ။ အကတွေမှာ ထင်ရှားတဲ့ မျိုးကွဲ (၄) မျိုးအပြင် ဆင်ကိုကိုယ်စားပြုတင်ပြတဲ့ The gajaga vannama၊ မျောက်ကို ကိုယ်စားပြုတဲ့ The hanuma နဲ့ ဒေါင်းကိုကိုယ်စားပြုတဲ့ မောရုယအကတွေလည်းပါဝင်ပါတယ်။ အဲဒီသတ္တဝါများရဲ့လှုပတဲ့လှုပ်ရှားမှုတွေကို ပုံရိပ်ထင်စေတာ နှစ်ရာနဲ့ချီပြီး ကပြလာခဲ့ကြတာ နှစ်စဉ်ကျင်းပမြဲ ဩဂုတ်လ စွယ်တော်လှည့်ပွဲရဲ့ ကဏ္ဍတစ်ခုဖြစ်နေရဲ့။ ကန္ဒီအကသမားတွေဟာ စွယ်တော်မြတ်ကိန်းဝပ်ရာ ကန္ဒီစွယ်တော်တိုက် (The Temple of the Tooth) သို့ ဟုရှေ့ရှေ့သွားရင်း ခံ့ညားထည်ဝါဆွဲဆောင်မှုရှိစွာ ကပြကြပါတယ်။

ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဇာတ်နိပါတ်တော်တွေမှာလည်း ဘုရားလောင်းတော် ဥဒေါင်းမင်းကို မြွှေဆွယ်တဲ့ အလွန်တွန်သံသာတဲ့ ဒေါင်းပျိုမလေးအကြောင်းတွေ၊ 'ဥဒေတယ်' အစချီတဲ့ဂါထာနဲ့ ဒေါင်းမင်းပရိတ်တော်တွေရှိပါသေးတယ်။ ဒေါင်းတွေရဲ့တွန်သံကို မြန်မာနားနဲ့တော့ 'အိုးဝေ' လို့ကြားကြပြီး အလွန်သာယာတဲ့အသံလို့လည်း တင်စားပြောဆိုကြရဲ့၊ ဒေါင်းတွန်သံကိုအစွဲပြုတဲ့ အိုးဝေရာနယ် သတင်းစာတွေလည်းရှိခဲ့ဖူးပါရဲ့။ ဥဒေါင်းမင်းဇာတ်ထုပ်ကပြတဲ့အခါ ဥဒေါင်းပုံ ဒေါင်းဆောင်း၊ ဒေါင်းဝတ်စုံတွေနဲ့ ဒေါင်းအကတွေ၊ ယိမ်းတွေဟာ အတော်ကို ကြည့်ကောင်းလှပါတယ်။

ထိုင်းနိုင်ငံရိုးရာကဇာတ်တွေမှာ ကပြသူတွေဟာ ပင်မအဓိကအကတွေမစခင်မှာ နတ်ဘုရားမျက်နှာဖုံးတွေတပ်ဆင်ကြပြီး လက်နှစ်ဖက်စလုံး ဒေါင်းတောင်တွေကိုင်လို့ နတ်ဘုရားကိုဝတ်ပြုတဲ့အကတွေကို ကပြကြတယ်။ ဘာလီကျွန်းမှာတော့ အပျိုဖော်ဝင်စမိန်းကလေးတွေက ကပြကြတယ်။

တရုတ်ကျွမ်းဘားအဖွဲ့(Acrobats) တွေမှာ ချိန်ဆမှုနဲ့ စုပေါင်းလုပ်ဆောင်မှုကို အလေးထားတင်ဆက်တဲ့ အထူးကျော်ကြားလှစွာသော သီးခြားပြကွက်တစ်ခုရှိပါတယ်။ ဒေါင်းပုံဖော်ပြီး စက်ဘီးစီးနင်းပြခြင်း (The Peacock Bicycle) ပါပဲ။ ကျွမ်းဘားသမား (၁၇) ယောက်လောက်ဟာ အဆင့်ဆင့် တစ်ဦးပေါ်တစ်ဦးထပ်ပြီး လူတွေနဲ့ ပိရမစ်ပုံဖော်ပြီး စက်ဘီးတစ်စီးပေါ်မှာ စီးနင်းလိုက်ပါခြင်းပါ။

ကထိန်ပွဲ၊ အလှူပွဲတွေမှာ ဘုန်းကြီးကျောင်းလှူဖို့ ပဒေသာပင်သီးကြတဲ့အခါ ငွေစက္ကူတွေကို ကဒေါင်းပုံသဏ္ဍာန် ပြုလုပ်တတ်ကြတာလည်း မြန်မာတို့ရဲ့လက်မှုပညာပြ ဓလေ့ထုံးစံတစ်ခုပါပဲ။ တန်ဆောင်တိုင်လ ကထိန်ပွဲတွေမှာ မပါမဖြစ်တဲ့ အဆင်တန်ဆာတစ်ခုပေါ့။ တရားပွဲကျင်းပတဲ့အခါ ဘုန်းတော်ကြီးတွေထိုင်တော်မူပြီး တရားဟောတဲ့ မှန်စီရွှေချတရားပလ္လင်တွေ တန်ဆာဆင်ရာမှာလည်း ကဒေါင်းပုံတွေကို အတော့်ကိုအသုံးပြုကြပါတယ်။

ရောဝတီမြစ်လယ်က မလွန်တံတားအနီး မိချောင်းရဲမြို့ အလွန်ကျွန်းတော်ရွာမှာရှိတဲ့ ရှေးဟောင်းစေတီတစ်ဆူရဲ့မုခ်ပေါက် နဖူးစီးထိပ်မှာတော့ ခွပ်ဒေါင်းပုံ ဒေါင်းနှစ်ကောင် မျက်နှာချင်းဆိုင်နေတဲ့ပုံဖော်ထားတာ ထူးထူးခြားခြား မြင်တွေ့ခဲ့ဖူးပါတယ်။ ကျွန်းတော်ရွာဟာ သမိုင်းဝင်ရွာတစ်ရွာဖြစ်ပြီး ပုဂံခေတ်က စောလူးမင်းကို ငရမန်တာန်းဖမ်းဆီးထားတဲ့အခါ ကျန်စစ်သားက သွားရောက်ကယ်ဆယ်ခဲ့တဲ့ ကျွန်းနေရာပါ။ 'ကျန်စစ်သား ငါ့ကိုခိုးလေပြီ' လို့ စောလူးမင်းက ဆင်ခြင်တဲ့တရားကင်းစွာ ငရမန်ကန်းကြားအောင် အော်ဟစ်အကူအညီတောင်းတော့ 'မင်းဆိုးမင်းညစ်လက်မှာ ခွေးသေဝက်သေသေရစ်ပေတော့' လို့ကျန်စစ်သားကပြောဆိုပြီး စောလူးမင်းကိုပစ်ချထားခဲ့တဲ့ကျွန်းပေါ့။

ဟံသာဝတီခေတ်က ဘုရင့်နောင်မင်းတရားကြီးစီးနင်းတဲ့ မြင်း(၁၆)ကောင်ကတဲ့ရထားမှာလည်း ဒေါင်းရုပ်တွေနဲ့ တန်ဆာဆင်ထားပါတယ်။

ဒေါင်းတွေ အတောင်ဖြန့်ပြီးကတဲ့အခါ အလွန်လှလို့ ဒေါင်းကနေတဲ့ပုံနဲ့ ရင်ထိုးတွေ၊ ခေါင်းဆောင်းသရဖူတွေလည်း ကျောက်တွေစီခြယ်ပြီးပြုလုပ်ကြပါတယ်။ ကနေတဲ့ဒေါင်းပုံသာမဟုတ်ဘဲ သစ်ကိုင်းပေါ်နားပြီး အတောင်ပံကို တွဲလောင်းချထားတဲ့ ဒေါင်းပုံကိုလည်း ရင်ထိုးလုပ်တတ်ကြပါသေးတယ်။

ရှေ့ကကြည့်တဲ့အခါ အလွန်လှပတင့်တယ်တဲ့ ကဒေါင်းတွေရဲ့ နောက်ဘက်ကမြင်ကွင်းကတော့ အကျည်းတန်လှပါတယ်။ အဲဒါကြောင့်လည်း လူကြီးသူမတွေက မျက်နှာစာအမြင်လှပြီး နောက်ဘက်မှာ ဖြစ်ချင်တိုင်းဖြစ်မနေစေဖို့ ဥပမာပေးဆုံးမကြတဲ့အခါ ကဒေါင်းလိုမဖြစ်စေနဲ့လို့ ဆိုကြတာပါ။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ 'ဒေါင်းဋီကာ' ဟာလည်း ထင်ရှားကျော်ကြားလှတဲ့စာအုပ် ဖြစ်ပါတယ်။

▫ ဒေါင်းတံဆိပ်ဖတ်စာ

၁၉၄၈ ခုနှစ်မှာ ဗြိတိသျှဘားမား



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်တိုက်ထုတ်ဝေတဲ့ ပဉ္စမတန်း မြန်မာဘတ်စာသစ် ဆိုတဲ့ ကျောင်းသုံးစာအုပ်လေးကိုလည်းဖတ်ခဲ့ဖူးပါတယ်။ကာဒေါင်းပုံမျက်နှာဖုံးနဲ့မို့ ဒေါင်းတံဆိပ်ဖတ်စာလို့ပဲခေါ်ကြတယ်။ ခေတ်ပေါ် ဗဟုသုတတွေအပြင် လောကဝတ်၊ ဓမ္မဝတ်နဲ့ဆိုင်တဲ့ကဗျာလင်္ကာတွေ၊ လောကဓာတ်နဲ့ဆိုင်တဲ့ သင်ခန်းစာတွေလည်း ပါတယ်။ မန္တလေးမြို့တော်အကြောင်းနဲ့စဖွင့်ပြီး ကျိုက်ထီးရိုးဘုရား၊ ပဉ္စမမြောက် ကျော့ဘုရင်မင်းမြတ်နဲ့ ကေဒါရကျေးမင်းအကြောင်း၊ သုဝဏ္ဏသာမမြားမှန်ခန်း၊ မဟာပညာကျော်ဖြုတ်ထုံး၊ ကင်းဝန်မင်းကြီးရေးတဲ့ပင်လယ်နီအကြောင်း (သဖြန်လေးချိုး)၊ ကင်းဝန်မင်းကြီး ရေးသားဖော်ပြတဲ့ဗူးအက်တူးမြောင်းအကြောင်း၊ ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ငယ်စဉ်အခါ ပညာရှာအပ်ကြောင်း၊ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်အပ်ကြောင်းတွေပါပါတယ်။

ထွန်းဝေနဲ့စမ်းစမ်းအေးတို့ သရုပ်ဆောင်တဲ့ 'ဒေါင်းမလေး' အဖြူအမည်း ရုပ်ရှင်ကားလည်းရှိခဲ့ပါတယ်။

'အကြောင်းက တွေးရင်၊ ဒေါင်းမလေးအသွင်၊ သူ့အကြောင်းခြင်းရာ၊ ဉဒေါင်းမင်းမှာ ညွတ်ကွင်းဝယ် ချာချာလည်×××' ဆိုတဲ့ ဓာတ်ဝင်သီချင်းလေးတောင် မှတ်မိပါသေးရဲ့။

ငါးအလုမွေးသူတွေရဲ့ ငါးကန်ထဲမှာ ခြင်တွေမပေါက်ဖွားအောင်ထည့်သွင်းမွေးမြူတတ်တဲ့ငါးဟာ ဒေါင်းငါးပါတဲ့၊ ခြင်ဥတွေစားပစ်တဲ့အပြင် အလွန်လှပတဲ့ ရေယက်တွေ၊ အမြီးဖွားဖွားတွေကဖြာထွက်လို့နေတဲ့ အလွန်လှတဲ့ငါးပါ။

ဗြိတိန်နိုင်ငံမှာတော့ ဒေါင်းလိပ်ပြာဆိုတဲ့ ကြီးမားတဲ့ လိပ်ပြာမျိုးတစ်မျိုးရှိပါတယ်။

**ဒေါင်းသတ္တုရိုင်း (Peacock ore)**

ဓာတ်သတ္တုတွေဟာ အမျိုးမျိုးသောအရောင်တွေရှိလို့ လေ့လာသူတွေ မျက်စိလည်အောင် အရောင်ကွဲတတ်ပါတယ်။ လေ့လာသူတွေဟာ ဘယ်ဓာတ်သတ္တုတွေက ဘယ်ဂုဏ်သတ္တိရှိနေနိုင်တာလဲသိရပါမယ်။ ဓာတ်သတ္တုအများစုမှာ သတ္တုရောင်လက်ပိုကွဲပြားခြားနားကြသလို ဓာတ်သတ္တုမဟုတ်တဲ့ သတ္တုတွေကလည်း ကျယ်ပြန့်စွာကွဲပြားနေပါတယ်။ ဓာတ်သတ္တုတစ်ခုရဲ့ လတ်လတ်ဆတ်ဆတ်ကျိုးပဲ့သွားတဲ့ မျက်နှာပြင်အရောင်ဟာ အမြဲလိုသိသာထင်ရှားစွာ



ဟီရာနဲ့ သူမ အလေးအမြတ်ထားတဲ့သတ္တဝါ မြားနဲ့ဒေါင်းကို ဖော်ကျူးထားတဲ့ ဖော်ရန်အနုပညာလက်ရာ

မှတ်လောက်ဖွယ်ဖြစ်ပေမယ့် အချိန်နဲ့လိုက်ပြီး မှေးမှိန်သွားတတ်ပြန်ပါတယ်။ Galena (PbS) လို ဓာတ်သတ္တုတွေရဲ့ လတ်ဆတ်တဲ့ မျက်နှာပြင်ပေါ်မှာ တောက်ပတဲ့ခဲပြာရောင်နဲ့မီးခိုးရောင်ပေးပေမယ့် လေနဲ့အကြာကြီးထိတွေ့ရင် မှိုင်းသွားနိုင်တယ်။ Bornite (Cu5FeS4) ဟာ လက်ငင်းဖွဲ့ထားတဲ့မျက်နှာပြင်မှာ အညိုရောင်သန်းတဲ့ ကြေးနီရောင်ပေးကာ ကြာသွားတဲ့အခါ အတော့်ကိုမှိန်သွားပြီး အပြောက်အပြိုန်းအမျိုးမျိုးနဲ့ ခရမ်းရောင် နဲ့အပြာရောင်အရောကိုပေးပြန်တယ်။ အဲဒါကို ဒေါင်းသတ္တုရိုင်းလို့ခေါ်ကြတယ်။ ဓာတ်သတ္တုများ ခွဲခြားစစ်ဆေးရာမှာ သတ္တုရောင်လက်ခြင်းဟာ အရေးပါပါတယ်။

**ဒေါင်းပြာရောင် (Peacock blue)**

ဖန်တွေကို အရောင်ဆိုးတဲ့အခါ အများအားဖြင့် သတ္တုအောက်ဆိုဒ် (Metallic Oxides) တွေ သုံးကြတယ်။ အောက်ဆိုဒ်တွေဟာ မတူညီတဲ့ ဖန်အရောတွေနဲ့အတူ ခြားနားတဲ့အရောင်တွေပေးတယ်။ ကိုဘော့ရဲ့ ခရမ်းပြာ၊ ခရိုမီယမ်ရဲ့အစိမ်း သို့မဟုတ် အဝါ၊ ဖဲရပ်အောက်ဆိုဒ်က သံလွင်စိမ်း ဒါမှမဟုတ် အပြာဖျော့ဖျော့ကိုပေးတယ်။ ငွေ (Silver) အောက်ဆိုဒ်က စွဲမြဲတဲ့အဝါရောင်၊ ခဲကအဝါဖျော့ရောင်ကိုပေးတယ်။ကြေးနီက ဒေါင်းပြာရောင်ကိုပေးပြီး ကြေးနီ (Copper) အောက်ဆိုဒ်ဓာတ်အချိုးအစားများလာရင်တော့ အစိမ်းရောင်ကိုပြောင်းသွားပါတယ်။ဘာပဲဖြစ်ဖြစ် အရောင်တွေကို ပြောဆိုရာမှာ ဒေါင်းရဲ့အပြာရောင်ကို အရောင်တစ်မျိုးအနေနဲ့ သတ်မှတ်ပြောဆိုကြတာ သတိပြုစရာပါ။

**□ ဒေါင်းအမည်နဲ့သစ်ပင်များ**

**ဒေါင်းသစ်ပင် (Peacock Tree) ခေါ် (Royal poinciana) ပင်**

ဒေါင်းသစ်ပင် ဒါမှမဟုတ် ဝင့်ဝါဟိတ်ဟန်များတဲ့အပင် (Flamboyant Tree) လို့လည်း ခေါ်ကြပါတယ်။ Delonix regia မျိုးစိတ်၊ ပဲမျိုးရင်း (Fabaceae)ကဖြစ်ပြီး ရင်သပ်ရှုမောဖွယ် လှပတဲ့ပန်းပွင့်ပွင့်တဲ့အပင်ပါ။ မဒါဂတ်စကာ (Madagascar) ဇာတိဖြစ်ပြီး အဲဒီကနေ နှင်းခါးမရိုက်တဲ့ဘယ်နေရာဒေသမဆိုမှာ ကျယ်ကျယ်ပြန့်ပြန့်ပေါက်တတ်ပါတယ်။ နီနီရဲရဲကနေ လိမ္မော်ရောင်အထိအဆင်းရှိတဲ့ပန်းတွေပွင့်ပြီး အရိပ်လည်းရတယ်။ အကြီးမြန်ပင်မို့ အမြင့်ပေ (၂၀-၄၀) ရှိပြီး ငှက်တောင်မွေးလိုဖြာထွက်နေတဲ့အရွက်တွေကလည်း (၁-၂) ပေလောက်ရှည်ရဲ့။

**ဂျပန်သစ်နီ (Japanese redwood) ခေါ် ဒေါင်းထင်းရှူး (Peacock pine) ပင်**

ဂျပန်သစ်နီ - ဒေါင်းထင်းရှူးဟာ ကတော့ပုံရှိတဲ့ အမြဲစိမ်းသစ်ပင်ဖြစ်ပါတယ်။ The Cupressaceae မျိုးရင်းထဲက The Cryptomeria မျိုးစုရဲ့ တစ်ခုတည်းသောမျိုးစိတ်ပါ။ တစ်ခါတစ်ရံ Taxodiaceaeလို့လည်းခေါ်တဲ့ ရွက်ကြွေဆိုက်ပရပ် (Cypress) မျိုးရင်းထဲမှာလည်း ခွဲခြားထည့်ပြီး မျိုးခွဲတတ်ပါတယ်။ အာရှအရှေ့ဘက်ပိုင်းဇာတိရင်း ဒီထူးခြားသစ်ကတိုး (Japanese cedar) (Cryptomeria japonica) ပင်တွေဟာ (၄၅) မီတာ (၁၅၀-ပေကျော်) မြင့်တတ်ကြတယ်။ လုံးပတ်(၄.၅-၇.၅)မီတာ (၁၅-၂၅ပေ)လောက်ရှိကြတယ်။ အဝင်းသားပိရမစ်ပုံရှိကာ ထူထပ်သိပ်သည်းပြီး ဖြာထွက်နေတဲ့အကိုင်းတွေက ပင်စည်



www.burmeseclassic.com

www.burmeseclassic.com

လည်မှာ အကွင်းလိုက်ပြီး ဝေဝေဆာဆာနဲ့ ဒေါင်းကသလိုလှလို့ ဒီအမည်ပေးပုံရပါတယ်။ ဒီဂျပန်ထင်းရှူးတွေကို အာရှအရှေ့ပိုင်းမှာ သစ်တောတွေပြန်ထူထောင်ဖို့နဲ့ ဥယျာဉ်တွေနဲ့ ရိပ်သာလမ်းတွေအတွက်သုံးကြတယ်။ မွှေးကြိုင်တဲ့ နီညိုရောင်သစ်ကို သင်္ဘောတည်ဆောက်ရေး၊ အိမ်၊ တံတား၊ ပရိဘောဂနဲ့ စည်တွေပြုလုပ်ဖို့ အသုံးပြုကြတယ်။ အရွက်တွေကနေ မီးပူဇော်တဲ့အမွှေးနံ့သာတွေ ထုတ်ယူကြပါတယ်။

**ဒေါင်းရုပ်တွေနဲ့တန်ဆာဆင်တဲ့ ဖရီးယား အနုပညာပြခန်း(Freer Gallery of Art)**

ဖရီးယားအနုပညာပြခန်းဟာဆိုရင် ဝါရှင်တန်ဒီစီမှာရှိပါတယ်။ ဒက်ထရွိုက်စက်မှုလုပ်ငန်းရှင် ချားလ်လန်းဖရီးယား (Charles Lang Freer) က အခန်းတစ်ခုလုံးကို ဒေါ်လာ(၆၃၀၀၀)နဲ့ဝယ်ယူခဲ့ပြီး အရှေ့တိုင်းအနုလက်ရာ(Oriental Art)တွေကို စုဆောင်းထားတဲ့နေရာအဖြစ် ထူးထူးခြားခြား တည်ဆောက်ပံ့ပိုးပေးခဲ့တာ ၁၉၀၆ ခုနှစ်မှာ အမေရိကန်အစိုးရတို့ ပေးအပ်လှူဒါန်းလိုက်လို့ ဒီအနုပညာပြခန်းဟာ စမစ်ဆိုနီယန်းသိပ္ပံ (The Smithsonian) ရဲ့ဌာနခွဲ ဖြစ်သွားတယ်။ ၁၉၂၃ ခုနှစ်မှာတော့ အဲဒါကို ပြည်သူလူထုအတွက်ဖွင့်လှစ်ပေးလိုက်ပါတယ်။ ဖရီးယားအနုပညာစုစည်းမှုတွေမှာ ၁၉ ရာစု အမေရိကန်ပန်းချီကားတွေလည်း ရှိပါတယ်။ အဲဒီက ဒေါင်းခန်းမကတော့ ဝှစ်တလာ (Whistle) ရဲ့ လက်ရာတွေကို စုစည်းထားတဲ့ အကြီးဆုံးသောပြခန်းပါ။ ဒါဟာ မူလကတော့ အင်္ဂလိပ်သင်္ဘောတည်ဆောက်သူတစ်ဦးရဲ့ထမင်းစားခန်းပါ။ ဝှစ်တလာရဲ့ နှင်းဆီနဲ့ငွေထည် (Rose and Silver) ပန်းချီကားကိုဝယ်ပြီးတဲ့ အခါ ပန်းချီနဲ့ သဟဇာတဖြစ်အောင် အခန်းကိုတန်ဆာဆင်ပေးဖို့ သူ့ကိုပဲပြန်ပြီး အပ်နှံရင်းလုပ်ကိုင်ခွင့်ပေးခဲ့တယ်။ ဒေါင်းခန်းမ(Peacock Room)ကို သူက အပြောင်တမ်း ဆင်ယင်ပေးခဲ့တာပါ။ ... ဒေါင်းတွေကိုအဓိကထားပြီးသုံးခဲ့ ... အရှေ့တိုင်းကောဇောတွေခင်းခဲ့ ... နံရံအုပ်သားရေပေါ်မှာ သူပန်းချီ ... ရွှေနဲ့စိမ်းပြာရောင်တွေလွှမ်းအောင် ... ထူးခြားဆန်းပြားစွာ ရေးဆွဲ ... ။ ရုပ်ပုံရဲ့ဆန့်ကျင်ဘက်နံရံမှာ ... မျက်လုံးတွေနဲ့ရွှေသားဒေါင်း ... တောင်ကို အလှဆင်လိုက်တော့ ... လှတဲ့ဒေါင်းခန်းမဖြစ်လာပေါ့။

❑ **ရွှေလျားနေတဲ့ဒေါင်းရုပ်များ**

၁၂၀၆ ခုနှစ်လောက်ကပေါ်ထွန်းအောင်မြင်ခဲ့တဲ့ အာရတ်တီထွင်သူ Al-Jazariဟာ သူ့ရဲ့ စက်ရုပ်ဒီဇိုင်း (Automaton) တွေကြောင့် အမှတ်ရကြတယ်။ ရေကိုအသုံးပြုပြီး လှုပ်ရှားမှုပြုလုပ်တဲ့စက်ရုပ်မှာ ရွေ့လျားနေတဲ့များစွာသောဒေါင်းတွေပါနေရဲ့။ အများစုဟာ ဆန်းဆန်းပြားပြားအလှဆင်တဲ့ပစ္စည်းသက်သက်ဖြစ်ပေမယ်လို့ တချို့ကတော့ လုပ်ငန်းဆောင်တာအချို့ကိုလည်း လုပ်ဆောင်ကြပါတယ်။ လီယိုနာဒိုဒါဗင်ချီကလည်း (al-Jazari) ရဲ့ ဂန္ထဝင်မြောက် စက်ရုပ်တွေရဲ့ လွှမ်းမိုးမှုခံခဲ့ရတယ်လို့ ပြောဖူးပါတယ်။

❑ **ဓမ္မဟောင်းကျမ်းလာ ဒေါင်းတို့ပျော်စံရာရွှေထွက်တဲ့အရပ် (Ophir)**

ခရစ်ယာန်ဘာသာရဲ့ ဓမ္မဟောင်းကျမ်း(Old Testament)ကာလမှာ ရွှေစင်တွေထွက်လို့ ထင်ရှားခဲ့ပေမယ့် အသေအချာမဖော်ပြနိုင်တဲ့နေရာဒေသတစ်ခုပါ။ ဓမ္မဟောင်းကျမ်း-၁၀၊ ကမ္ဘာဦးကျမ်း (Genesis 10) လာ ပထဝီစာရင်းကတော့ အာရေဗျမှာရှိတယ်လို့ အသေအချာညွှန်းခဲ့ပေမယ့် ၉၂၀ ဘီစီ၊ ရှောလမုန်ကာလမှာတော့ Ophir ဟာ ပင်လယ်ရပ်ခြားမှာပါတဲ့။ ရွှေ နဲ့သာဖြူ ဆင်စွယ်၊ မျောက်နဲ့ ဒေါင်းတွေလည်း အဲဒီမှာပေါရဲ့။အာရေဗျကျွန်းဆွယ်ရဲ့နေရာအတော်များများနဲ့ အရှေ့အာဖရိကနဲ့ အိန္ဒိယကိုလည်း Ophir ပင်ရင်းဒေသတွေလို့ ရည်ညွှန်းကြတယ်။

အဲဒီက အီဂျစ်ဖာရိုးအများအပြားဟာ ရေကြောင်းခရီးနဲ့ Punt (Somaliland)ကိုပို့တယ်လို့မှတ်တမ်းတွေရှိတယ်။ မျောက်၊ ဆင်စွယ်၊ လော်ဇန်နဲ့ ကျွန်တွေ အရှေ့အာဖရိကကိုပို့တယ်လို့ ယုံကြည်လောက်စရာတွေလည်းရှိရဲ့။ တစ်ဖက်မှာ ဂျူးသမိုင်းပညာရှင် Josephus နဲ့ St. Jerome တို့က အိန္ဒိယဟာ Ophir ဒေသလို့သက်သေသာကေပြပြီးဆိုခဲ့ကြတယ်။ Ophir ထွက်ကုန်တွေအတွက် ဟီဘရူးစာလုံးဟာ အိန္ဒိယဘာသာကလာသလို နံ့သာဖြူနဲ့ ဒေါင်းတွေကိုလည်း အိန္ဒိယမှာ အများဆုံးတွေ့ရှိနိုင်တယ်လေ။

❑ **မိန်းမဦးခေါင်းနဲ့ဒေါင်းမြီးပါတဲ့ သစ္စာရှိမြင်းကောင်းတစ်ကောင် (Buraq)**

အစ္စလာမ်အယူအဆအရ တမန်တော် မိုဟာမက်ကို ကောင်းကင်ဘုံ ပို့ဆောင်ပေးတဲ့သတ္တဝါဟာ Buraq ပါ။ ဘေးမှာအတောင်ပုံပါတဲ့ မြည်းတစ်ဝက်၊ လားတစ်ဝက် အဖြူရောင်သတ္တဝါဖြစ်ပြီး အချို့ရိုးရာအဆိုတွေမှာတော့ မိန်းမဦးခေါင်းနဲ့ ဒေါင်းမြီးပါတဲ့ သစ္စာရှိမြင်းကောင်းလို့ဆိုကြရဲ့။ ဒီသတ္တဝါကို မိုဟာမက်ရဲ့ ကောင်းကင်ဘုံအဝင်လမ်းမှာ ခံလှကားအဖြစ်သုံးခဲ့တယ်၊ မိုဟာမက် ကောင်းကင်ဘုံတက်ရောက်ခြင်း (Miraj) နဲ့ ဆက်စပ်နေတဲ့ မက္ကာကနေ ဂျေရုစလင်ကို အသွားအပြန် ညခရီးစဉ် (Isra) ပုံပြင်မှာ တစ်ညတည်းနဲ့ မြို့ကြီးနှစ်မြို့ကို ဘယ်လိုသွားနိုင်ခဲ့တယ်ဆိုတာ အံ့လောက်ဖွယ်ပါ။ ၁၄ ရာစုလောက် စောစောကတည်းက ဒီဒဏ္ဍာရီကိုအခြေခံပြီး ခြင်္သေ့ကိုယ်၊ လင်းယုန်ငှက်ခေါင်းနဲ့ တောင်ပံများပါတဲ့ Griffins လူခေါင်းနဲ့ ခြင်္သေ့ကိုယ်ရှိ စဖင့်ရုပ် (Sphinxes) နဲ့ လူခေါင်းနဲ့မြင်းကိုယ်ရှိ မနုဿရုပ် (Centaurs) တို့ကို ရှေးဟောင်းသရုပ်ဖော်မှုတွေမှာမြင်လာရပြီး ပါရှားအသေးစားပန်းချီ (Miniature painting) တွေမှာလည်း ခေတ်စားလာရဲ့။

❑ **ဒေါင်းမြီးကွက်ပုံပါတဲ့ အစ္စလာမ်ကြွေထည်မြေထည် (Islamic ceramics) များ**

အစ္စလာမ်ကြွေထည်မြေထည်တွေရဲ့ဟန်ဟာ ယနေ့ ဥဇဘက်ကစ္စတန် စမာခန်(Samarkand)ပြည်နယ်မှာ ၁၀ရာစုက အမြင့်မားဆုံးရောက်ရှိခဲ့လို့ စမာခန်းအိုးခွက်များလို့ခေါ်ကြတယ်၊ အဲဒီကြွေထည် မြေထည်တွေကို အနက်၊ အနီနဲ့ ရွှေနှစ်ဖြူနောက်ခံမှာ အစိမ်း၊ အဝါ၊ ပန်းရောင်နဲ့ အညိုတွေနဲ့ တန်ဆာဆင်ထားကြတယ်။ အကျော်ကြားဆုံးနဲ့ ရှေးအကျဆုံးဖြစ်နိုင်တဲ့ နမူနာတွေမှာ Kufic စာအရေးအသားတွေကို အဖြူခံပေါ်မှာ အနက်ရောင်နဲ့ရေးဆွဲထားတယ်။အခြားတန်ဆာဆင်မှုများဖြစ်တဲ့ နှင်းဆီပွင့်၊ ဒေါင်းမြီးမျက်ကွင်းနဲ့ဂြိုဟ်မကြီးပုံသဏ္ဌာန်အဆင်တွေကိုလည်းတွေ့ရတယ်။

❑ **နတ်ဘုရားမ-ဟီရာကြောင့် မျက်လုံးတွေ ဒေါင်းမြီးအဖြစ်ပြောင်းလဲသွားတဲ့ အားဂတ် (Argus)**

ဂရိဒဏ္ဍာရီပုံပြင်ထဲမှာ Panoptes ဆိုသူဟာ သူ့ခေါင်းနဲ့ကိုယ်ပေါ်မှာမျက်လုံးတွေရာချီရှိနေလို့ အရာခပ်သိမ်းကိုမြင်နိုင်ပါသတဲ့။ သူဟာ Inachus ရဲ့ သားဖြစ်ပြီး သူ့ကို Agenor ဒါမှမဟုတ် Argeiphontes လို့ခေါ်ကြပြီး ဒေသခံ သူ့ရဲ့ ကောင်း (Arestor) အဖြစ် ရည်ညွှန်းကြ

www.burmeseclassic.com

တယ်။ Homeric ကဗျာမှာတော့ Slayer of Argus မို့ အားဂတ်လို့လည်း ခေါ်ပါတယ်။ ၅ ရာစု ဘီစီကတည်းက ဂရိအလွမ်းဇာတ်များစွာမှာ သူ့ကံကြမ္မာကို ဖော်ပြခဲ့ကြတယ်။ ၆ ရာစုဘီစီနှောက်ပိုင်းက အနီရောင်အရုပ်တွေပါတဲ့ အေသင်အိုး (Athenian red-figure pottery) တွေမှာလည်း အားဂတ်ပုံကို တစ်ခါတစ်ရံ ရေးဆွဲဖော်ပြထားတတ်တယ်။ အားဂတ်ကို နတ်ဘုရားမ ဟီရာ (Hera) က သူမရဲ့ ယမ်နတ်ဆရာမ(Io)ကနေအသွင်ပြောင်းသွားတဲ့နွားကိုယ်ထဲကိုဝင်ပြီးစောင့်ကြည့်ဖို့တာဝန်ပေးခဲ့တယ်။အားဂတ်ရဲ့မျက်လုံးတွေဟာ ဟီရာကြောင့် ဒေါင်းမြီးတွေအဖြစ်ပြောင်းလဲသွားခဲ့တယ်။ ဒါပေမယ့် သူဟာ Hermes ရဲ့ သတ်ဖြတ်ခြင်းကိုခံခဲ့ရတယ်။

ဟီရာဟာ ဂရိကိုးကွယ်မှုမှာ The Titans Cronus နဲ့ Rhea တို့ရဲ့သမီး၊ ဇီးယပ်(Zeus)ရဲ့ဇနီးနဲ့ အိုလံပီယာနတ်ဘုရားတွေရဲ့ဘုရင်မပါ။ ဟီရာကို ဂရိကမ္ဘာတစ်ဝန်းမှာ ဇီးယပ်ရဲ့ကြင်ရာတော်၊ ကောင်းကင်ဘုံဘုရင်မ၊ ထိမ်မြားခြင်းရဲ့ နတ်ဘုရားမနဲ့ အမျိုးသမီးဘဝနတ်ဘုရားမအဖြစ် အဓိကထား ပူဇော်ပသခဲ့ကြတယ်။ ဂရိစာပေမှာလည်း အရေးပါလှပါတယ်။ ဟီရာ အထူးအလေးထားရာ တိရစ္ဆာန်ဟာ နွားဖြစ်ပြီး အလေးထားရာ ငှက်ဟာ ပထမ-ဥဩဖြစ်ပေမယ့် နောက်တော့ ဒေါင်း ဖြစ်သွားပါတယ်။

## ▫ ဆယ့်နှစ်ရာသီခွင်ရဲ့ တတိယမြောက် မေထုန်ရာသီရုပ် ဂျင်မီနီ (Gemini)

ဂျင်မီနီဟာ လက်တင်လို အမြွာလို့ အဓိပ္ပာယ်ရပါတယ်။ နက္ခတ္တဗေဒမှာတော့ (၁၂)ရာသီခွင်တာရာ (Zodiacal constellation) မြောက်ဘက်ကောင်းကင်မှာရှိတဲ့ (၁၂) ရာသီခွင်ရဲ့ စတုတ္ထမြောက် ပုစွန်လုံးပုံ- ကရကဋ်ရာသီရုပ် (Cancer) နဲ့ ဒုတိယမြောက် နွားလားပုံ ပြိဿရာသီရုပ် (Taurus) ကြားမှာရှိတဲ့ တတိယမြောက် (Sign of the zodiac) ပါ။ ယင်းရဲ့အတောက်ပဆုံးကြယ်တွေကတော့ (Castor)၊ (Pollux)၊ အယ်လဖာနဲ့ ဘီတာ(Geminoruma) တို့ပေါ့။ ပေါလက်က ကြယ်လင်းပမာဏ(၁. ၁၅) ရှိပြီး ပိုတောက်ပလို့ ကောင်းကင်ရဲ့ (၁၇)ခုမြောက် အလင်းပဆုံးကြယ်ပါ။ နေမင်းကြီးနဲ့ကြယ်တွေရဲ့ကြား တစ်နှစ်တာလှည့်လည်မှုခရီးစဉ်မှာ မြောက်ဘက်အစွန်ဆုံးရောက်ရှိတဲ့ နွေယဉ်စွန်းချိန် (The Solstice) ဟာ ဂျင်မီနီမှာ ဖြစ်ပါတယ်။ အဲဒီ လှည့်လည်တည်ရှိမှုကို တဖျတ်ဖျတ်လွှင့်ထုတ်တဲ့ ရေဒီယိုလှိုင်းများအရ ဒွိနိုင်တဲ့ သီးခြားကြယ်မှုန်ကတော့ ဂျီမင်ဂါ (Geminga) ပါ။

ဂျင်မီနီရဲ့ စိုးမိုးထိန်းချုပ်တဲ့ကာလဟာ မေလ ၂၁ ရက်နေ့ ဇွန်လ ၂၁ ရက် အထိဖြစ်ပါတယ်။ ဒါဟာ အစုံလိုက်ကို ကိုယ်စားပြုတယ်။ အီဂျစ်နက္ခတ္တဗေဒမှာ ဆိတ်နှစ်ကောင်၊ အာရေဗျနက္ခတ္တဗေဒအရ ဒေါင်းတစ်စုံနဲ့ ဖြစ်ပါတယ်။ Castor နဲ့ Pollux တို့အပြင် Romulus နဲ့ Remus တို့လို အခြားကျော်ကြားတဲ့အစုံလိုက်- အမြွာတွေနဲ့လည်း ပတ်သက်ဆက်နွှယ်နေပါတယ်။

## ▫ ဒတ်ဘလင်(Dublin)ကဒေါင်းဇာတ်ရုံ (The Peacock Theatre)

အိုင်းရစ်ပြဇာတ်ဆရာ-ကျော်ဘားနတ်ရှော (၁၉၂၅) နဲ့ ဆယ်မြူရယ်ဘက်ကက်(Samuel Beckett)(၁၉၆၉)တို့ဟာ စာပေဆိုင်ရာနိုဘယ်ဆုတွေရခဲ့ကြသလို အော်စကာဝိုင်း၊ Oliver Goldsmith, Richard Brinsley Sheridan, John Millington Synge နဲ့ Sean O'Casey တို့ဟာလည်း အင်္ဂလိပ်စကားပြောနိုင်ငံတွေမှာကျော်ကြားကြတယ်။ စာပေမှာ အိုင်းရစ်တွေအောင်မြင်မှုရှိသလို ကဇာတ်ရုံတွေမှာလည်း အပြိုင်ရှိနေရဲ့။

ဒတ်ဘလင်ဟာ အိုင်ယာလန်ပြဇာတ်လောကရဲ့ ဌာနချုပ်ပါ။ အဲဒီက အက်ဘေးပြဇာတ်ရုံ (Abbey Theatre) ကို ၁၉၀၄ ခုမှာ တည်ထောင်ခဲ့ကာ အိုင်းရစ်ဂန္ထဝင်ပြဇာတ်များနဲ့ အိုင်းရစ်-အင်္ဂလိပ်ပြဇာတ်သစ်တွေကိုလည်း တင်ဆက်ခဲ့တယ်။ ဂိတ်ပြဇာတ်ရုံ(The Gate) မှာတော့ အိုင်းရစ်နဲ့ နိုင်ငံတကာပြဇာတ်တွေကခဲ့တယ်။ နိုင်ငံတစ်ဝှမ်းမှာ Galway's Druid လိုပြဇာတ်ရုံတွေနဲ့ ပြဇာတ်ကုမ္ပဏီတွေတွေ့ရသလို နိုင်ငံနဲ့ နိုင်ငံတကာဒရာမာတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ပေးတယ်။ ဒါဟာ နိုင်ငံတစ်ဝန်းမှာ ရှင်သန်တက်ကြွတဲ့ အပျော်တမ်းဒရာမာလှုပ်ရှားမှုတစ်ခုပါ။ ထိုအချိန်က အက်ဘေးရုံအဝင်အောက်နားမှာရှိတဲ့ အိုင်းရစ်ပြဇာတ်တွေ စမ်းသပ်ကရာနဲ့ တင်ဆက်တာတွေ ဖောက်ချလုပ်ခဲ့တဲ့ ဇာတ်ရုံဟာ ဒေါင်းကဇာတ်ရုံ (The Peacock Theatre) ဖြစ်ပါတယ်။

## ရာဇီဒီ (Yazi-di) - ရာဇီ (The Ydi)

ရာဇီဒီဟာ ဘာသာရေးဂိုဏ်းဖြစ်ပြီး မူလက အီရတ်(Mosul)၊ တူရကီ (Diyarbakr)၊ အလက်ပို၊ ဆီးရီးယား၊ အာမေးနီးယား၊ ကော့ကေးရှပ်နဲ့ အီရန်ရဲ့အစိတ်အပိုင်းဒေသတွေမှာ တွေ့ရပါတယ်။ ယင်းဟာ (Zoroastrian, Manichaean)၊ ဂျူး၊ (Nestorian)ခရစ်ယာန်နဲ့ အစ္စလာမ်အယူအဆအခြေခံတွေပေါင်းစပ်ထားတာပါ။ သူတို့ဟာ အာဒမ်မှဆင်းသက်ခဲ့ပြီးရင်တောင်မှ ကျန်လူသားတွေနဲ့ အတော်လေးကွဲပြားစွာဖန်တီးခဲ့ပြီး သူတို့နေထိုင်ရာကလူတွေအကြားမှာ သီးသန့်ဖြစ်တယ်လို့ယုံကြည်ပြီး သူတို့ကိုယ်တိုင်တင်းကျပ်စွာထိန်းနေကြတယ်။ ဂိုဏ်းဝင်တစ်သိန်းလောက်မရှိတဲ့အပြင် ပြန့်ကျဲနေပေမယ့် သူတို့မှာ ဘာသာရေးဆိုင်ရာ အကြီးအမှူးချုပ်အဖြစ် ရှိတ် (Sheikh) တစ်ဦးနဲ့ လောကီရေးရာအကြီးအမှူးအဖြစ် စော်ဘွား (Emir) သို့မဟုတ် မင်းသားတို့နဲ့အတူ ကောင်းစွာဖွဲ့စည်းထားတဲ့ လူမှုအဖွဲ့အစည်းရှိတယ်။

ရာဇီရဲ့ အဓိကနတ်ရုပ်ကတော့ ဒေါင်းနတ်သား(Malak Taus)ပါ။ သူ့ကို ဒေါင်းပုံသဏ္ဍာန်နဲ့ ပူဇော်ကန်တော့ပါတယ်။ သူဟာ စကြဝဠာကြီးကို အခြားနတ် (၆) ပါးနဲ့အတူအုပ်စိုးပြီး ယင်းနတ်(၇)ပါးလုံးဟာ သူတို့ရဲ့နတ်ဘုရားအချုပ်ရဲ့အောက်မှာပဲရှိပါတယ်။ နတ်ဘုရားအချုပ်ဟာလည်း စကြဝဠာကြီးကို ဖန်တီးပြီးကတည်းက တိုက်ရိုက်ပတ်သက်မှုမရှိခဲ့ပါဘူး။ နတ်(၇)ပါးကို ရာဇီတွေက ကြေးနီ သို့မဟုတ် သံနဲ့လုပ်ထားတဲ့ဒေါင်းရုပ်(Sanjaq) ၇ ရုပ်ပုံသဏ္ဍာန်နဲ့ကိုးကွယ်ကြတယ်။ အကြီးဆုံးနတ်ရုပ်ရဲ့ အလေးချိန်ဟာ ပေါင် ၇၀၀ (၃၂ ကီလိုဂရမ်) လောက်လေးတယ်။

ရာဇီအကြီးအကဲ-သူတော်စင် ရှိတ် (Shaykh Adi-) ဟာ ၁၂ ရာစုမှာ မွတ်စလင်အသိညာဏ်ထူးရတဲ့ပုဂ္ဂိုလ်ဖြစ်ပြီး သူဟာ နတ်အဖြစ်သို့ အောင်မြင်ပေါက်ရောက်သွားတယ်လို့ ယုံကြည်ကြတယ်။ ရာဇီဘာသာရေးရဲ့ ဗဟိုပြုရာနဲ့ဦးတည်ချက်က မူဆိုးလ်ရဲ့မြောက်ဘက် Ash-Shaykh Adi- မြို့က ယခင် ခရစ်ယာန်ဘုန်းကြီးကျောင်းမှာရှိတဲ့ Shaykh Adi- သင်္ချိုင်းဂူကို နှစ်ပတ်လည်တိုင်း ဂါရဝပြုသွားရောက်ဖို့ပါ။

## ▫ ဟိန္ဒူဘာသာရေးနဲ့ဒေါင်း

မလေးရှားနိုင်ငံကို ရောက်တော့ ကွာလာလမ်ပူမြို့တော်အပြင်ဘက်နားက ဘာတုထုံးကျောက်လိုဏ်ဂူရဲ့ ကမ္ဘာ့အမြင့်ဆုံး (World's Tallest

www.burmeseclassic.com

rugan Statue) ရုပ်တုကြီးရှိနေလို့ သွား ရောက် လေ့လာဖူးပါတယ်။ အဲဒီရုပ်တု ကြီးအောက်မှာ ဆေးရောင်စုံခြယ်ထားတဲ့ အနုလက်ရာရုပ်တုတွေနဲ့ တန်ဆာဆင် ထားတဲ့ ဟိန္ဒူဘုရားကျောင်းတွေရှိတယ်။ ဘုရားကျောင်းအမိုးနဲ့ ဂူအတက်လမ်း မုခ်ဦးတွေပေါ်မှာတော့ ဟိန္ဒူဘာသာ ရေးဆိုင်ရာရုပ်တုအမျိုးမျိုးကို တွေ့ရ တယ်။ အားလုံးဟာ ဆေးရောင်စုံတွေနဲ့ လှပနေကြပါတယ်။ ဘိုပါတဲ့ နွားဖြူရုပ် ကြီးရဲ့အမြီးက ဒေါင်းမြီးဖြစ်နေရဲ့။ နွား ရုပ်တစ်ရုပ်ရဲ့လည်ပင်းမှာတော့ ရင်သား ဖော်ထားတဲ့ မိန်းမပျိုတစ်ဦးရဲ့ အထက် ပိုင်းနဲ့ဆက်ထားလေရဲ့။ အရုပ်တစ်ရုပ် ရဲ့ခြေရင်းမှာတော့ စီးတော်ယာဉ် ဒေါင်း ကိုတွေ့လိုက်ရတယ်။ လက်များစွာပါတဲ့ နတ်ဘုရားရုပ်တစ်ရုပ်ကလည်း ကဒေါင်း ကိုခွစီးထားတယ်။ ဒီအရုပ်တွေအထက် က မုခ်နံတွေရဲ့ထိပ်မှာတော့ ဘီလူးပန်း ဆွဲရုပ်လို ဘီလူးခေါင်းတွေတွေ့ရတယ်။

အဲဒီမှာတင် ဟိန္ဒူဘာသာရေး သင်္ကေတရုပ်တုတွေမှာလည်း ဒေါင်း တွေပါနေတာ သတိပြုမိခဲ့ပါတယ်။

□ အမိတာဘ (Amitabha)

အမိတာဘဟာ သင်္သကတလို ထာဝရ အလင်းပါ။ အသက်ရှည်ခြင်းကိုပေးအပ် သူမို့ ထာဝရအသက် (Amitayus) လို့ လည်း ခေါ်ကြတယ်။ အသက်ရှည်စေ ဖို့အတွက် Amitayus ကို အထူးအခမ်း အနားတွေနဲ့ ပူဇော်ပသကြတယ်။ သူ့ ပုံတော်မှာ အဆင်တန်ဆာတွေဆင်ယင် ထား ခေါင်းဆောင်းသရဖူဆောင်းထားပြီး ထာဝရလောကရဲ့ ရတနာတွေလျှံဖိတ် ထွက်နေတဲ့ပန်းအိုးကို ကိုင်ထားပုံ ဖော်ပြ ကြပါတယ်။

သူဟာ မဟာယာနဗုဒ္ဓဘာသာ အထူးသဖြင့် သန့်စင်နယ်မြေ (Pure Land) ဂိုဏ်းမှာ ကြီးမြတ်လှစွာသော ကယ်တင်ရှင်ဗုဒ္ဓပါ။ ဒီဂိုဏ်းရဲ့ အခြေခံ ကျမ်း (The Sukhavati-vyuha) သုတ္တန် မှာ ရှေးရှေးတုန်းက ရဟန္တာ-ဓမ္မကာယ (Dharmakara) ဟာ အဓိဋ္ဌာန်များစွာပြု ပြီး (၁၈)ခုမြောက်အဓိဋ္ဌာန်မှာ သူ့ကို ယုံကြည်ကိုးကွယ်သူအားလုံးကို ဘုရား အဖြစ်ရောက်ရမယ်လို့ ကတိပြုခဲ့တယ်။ သူ့အမည်တလိုက်သူတွေဟာ သူ့ကောင်း ခင်ဘုံမှာ ပြန်လည်မွေးဖွားပြီး ဉာဏ် အလင်းရတဲ့တိုင်အောင် အဲဒီမှာနေထိုင် ခွင့်ရလိမ့်မယ်။ အဓိဋ္ဌာန်တွေအောင် မြင်နောက်၊ ဓမ္မကာယဟာ အနောက် အကောင်းကင်ဘုံက သန့်စင်နယ်မြေ -သုခဝတီ(Sukhavati)မှာ ဗုဒ္ဓအမိတာဘ အဖြစ် စိုးစံသွားခဲ့တယ်လို့ ဆိုထားရဲ့။

အမိတာဘကိုးကွယ်မှုဟာတရုတ် ပြည်ကို ၆၅၀ စီအီးလောက်မှာ ရောက် လာပြီး Emituo Fo လို့ခေါ်ခဲ့ကြတယ်။ အဲဒီကမှ ဂျပန်ကို (Amida) အဖြစ် ပျံ့နှံ့ သွားပြီး အဲဒီမှာ ၁၂-၁၃ ရာစုအတွင်း သန့်စင်နယ်မြေဂိုဏ်းနဲ့ တကယ့်သန့်စင် နယ်မြေဂိုဏ်း (The True) တွေဖြစ်ပေါ် ကာ ဦးဆောင်နေခဲ့တယ်။ ဂိုဏ်း(၂)ခု လုံး ယနေ့ထိ ဆက်လက်ကြီးထွားနေဆဲ ပါ။ အမိတာဘရဲ့ သန့်စင်နယ်မြေသရုပ် ဖော်မှုနဲ့ သူ့ရဲ့ အသစ်တစ်ဖန် သေဆုံး ခြင်းကိုကြိုဆိုမှုတွေ ဂျပန်နိုင်ငံ Heian ခေတ်(၇၉၄-၁၁၈၅)နောက်ပိုင်း (The raigo-) ပန်းချီတွေမှာ လှပစွာ ဖော်ပြ ထားတယ်။

အမိတာဘဟာ တိဗက်နဲ့နီပေါမှာ ကယ်တင်ရှင်အဖြစ် ပေါ်ပြူလာဖြစ်ခဲ့ သလောက် အရှေ့အာရှမှာမဖြစ်ခဲ့ဝေ မယ့် အဲဒီနိုင်ငံတွေမှာ ကိုယ်တိုင်မြစ် လည်း မွေးဖွားတဲ့ "self-born" ဗုဒ္ဓ (dhyani-buddhas) ငါးပါးထဲက တစ်ပါး အဖြစ် ထာဝရတည်မြဲသွားသူလို့ အကြီး အကျယ်မှတ်ယူကြတယ်။ ဒီအယူအဆ မှာ သူဟာ သူ့ကိုယ်သူ သမိုင်းဝင် ဗုဒ္ဓ ဂေါတမဖြစ်လာမယ့် ဗောဓိသတ္တဘုရား လောင်း အဝလောကိတေသွာရ (Avalokiteshvara) လို့ ဖော်ပြခဲ့တယ်။ သူ့ အရောင်အဆင်းဟာ အနီ၊ သူ့ကိုယ်နေ ဟန်ထားက တရားထိုင်နေဟန် ဒါန (dhyana) မုဒြာဖြစ်ကာ သူ့သင်္ကေတက တော့ သွမ်းခံသပိတ်ပါ။ သူက ဒေါင်းကို စီးထားတယ်။ သူ့ကြင်ရာတော်က Pandara ပါ။ သူဟာ ရာဂ (Raga) နယ်ဝင် ဖြစ်ပြီး သူ့ဓာတ်က ရေ သူ့ရဲ့ အလေး အမြတ်ထားရာ ဝဏ္ဏ (Syllable) ဟာ "ha" သို့မဟုတ် "ah" ဖြစ်တာ သူ့ရဲ့ တည်မြဲမှုအခြေခံသဘောတရားက Skandha၊ ခံစားမှုတွေရဲ့ အသိအမြင်က Sanjna၊ သူ့ရဲ့လားရာက အနောက် အရပ်ဖြစ်ပြီး သူ့ရဲ့အာရုံခံအင်္ဂါဟာ လျှာ၊ လူ့ခန္ဓာကိုယ်ထဲမှာ သူ့ရဲ့နေရာဟာ ပါးစပ်ပါ။

□ သျှိဝရဲ့အဦးဆုံးမွေးတဲ့သား ဟိန္ဒူစစ် ဘုရင် (Skanda)

Skanda ကို Ka-rttikeya၊ ကုမာရ (Kumara) နဲ့ Subrahmanya လို့လည်း ခေါ်တတ်ကြပြီး သျှိဝရဲ့သားဦး ဖြစ်ပါ တယ်။ သူ့မွေးဖွားပုံကို ပုံပြင်အမျိုးမျိုးနဲ့ ဖော်ပြကြရာမှာ အမြဲလို တစ်ခုနဲ့တစ်ခု မတူကြပါဘူး။ ၄-၅ ရာစုအေဒီ၊ ကာလီ ဒါသရေးခဲ့တဲ့ ကဗျာရှည်ကြီးထဲမှာတော့ Kumarasam. bhava (စစ်ဘုရားမွေးဖွား ခြင်း) ဖြစ်စဉ်လို့ပါပါတယ်။ မူကွဲတွေ အားလုံး ယေဘုယျ တူညီတာကတော့ နတ်ဘုရားတွေဟာ သျှိဝရဲ့သားတော် တစ်ပါးကသာ သတ်နိုင်မယ့် မကောင်း ဆိုးပါး (Ta-raka) ကိုဖျက်ဆီးဖို့အတွက် ကောင်းကျိုးပေးနိုင်တဲ့ သူ့ကို မွေးဖွားဖို့ ဆန္ဒရှိခဲ့ကြတယ်ဆိုတာပါ။မည်သို့ဆိုစေ သျှိဝဟာ အချစ်နတ်ဘုရား Kama ရဲ့ လေးမှ မြားတစ်စင်းထိမှန်တဲ့တိုင် တရား ထိုင်မှုမှာပျောက်ဆုံးပြီး ပါဝတီ (Parvati) ကို ဆွဲဆောင်မှုမပြုနိုင်ခဲ့ပါဘူး။ မျော့ပါး သောက်စားတာတွေကို ရှောင်ကြဉ်ပြီး နှစ်များစွာကြာမှ သျှိဝရဲ့မျိုးစေ့-သုက် ဟာ နတ်ဘုရားတွေ ကြောက်ရွံ့လောက် တဲ့အထိ အလွန်သန်မာသွားပါတယ်။ အချို့မှတ်တမ်းတွေမှာတော့ မီးထဲချခဲ့လို့ လို့ဆိုကြတယ်။ အဲဒီကနေ သင်္ကေတလို သုက်ပန်းထွက်ခြင်းလို့ဆိုတဲ့ Skanda အမည်ရလာတာပါ။

အစဉ်အလာဆိုရိုးတစ်ခုမှာတော့ သူဟာ The Pleiades ကို ဖြစ်စေတဲ့ ကြယ်တွေဖြစ်တဲ့ Rais ရဲ့ ဇနီး (၆) ဦး (The Krttikas) ရဲ့ ရေချိုးမွေးစောင့် ရှောက်မှုနဲ့ ကြီးထွားခဲ့ သို့မဟုတ် သား တော်မှုဖြစ်တဲ့သတဲ့။ ဒါကြောင့်လည်း Karttikeya အမည်ရခဲ့တာပါ။သူ့မျက်နှာ (၆) ခုဟာ သူ့နို့ထိန်း (၆) ဦးဆီက နို့ သောက်ဖို့ ဖြစ်ထွန်းလာခဲ့သတဲ့။ ပါဝတီ နဲ့ သူ့ရဲ့ ဆက်နွယ်မှုကိုလည်း အလားတူ အသိအမှတ်ပြုပြီး ပန်းချီနဲ့ ပန်းပုတွေ မှာ သူ့ကို အမြဲတမ်း ခေါင်း (၆) လုံးနဲ့ သူငယ်လေးအဖြစ် သူ့အမေ ပါဝတီက ပွေ့ပိုက်လို့သရုပ်ဖော်ကြတယ်။ ဘေးမှာ လည်း သူ့အစ်ကို မဟာပိန္နဲ (Ganes'a) လည်းပါရဲ့။ သူ့ကို ကုမာရ (သင်္သကတလို လူငယ်၊ လူကလေး) လို့ ခေါ်ကြတယ်။ ဘာလို့လဲဆိုတော့ သူဟာ ယေဘုယျ အားဖြင့်တော့ ဘယ်ခါမှ အိမ်ထောင် သားမွေးလုပ်မှာမဟုတ်ဘူးလို့ ယူဆလို့ ပါ။ ယောဂမှာတော့ ပြဿနာစရိယကျင့် နိုင်တဲ့အားကို ကိုယ်စားပြုတယ်။သူ့မှာ ကြီးမားများပြားတဲ့ စွမ်းအားတွေရှိပြီး နတ်စစ်သည်တွေကို ဦးဆောင်နိုင်တယ်။ သူ့လုံ့တံကို မြေမှာစိုက်လိုက်တဲ့အခါ တောင်နံရံဖြစ်တွေ တုန်ခါသွားကြပြီး ဘယ်ဟာမှ တုပ်တုပ်မလှုပ်ရဲတာမို့



www.burmeseclassic.com

www.burmeseclassic.com

ဗိဿနိုးနတ်မင်းကိုလုံခြုံစေတယ်။

သူ့မှာ ကြီးမားတဲ့နောက်လိုက်တွေ ရှိခဲ့တယ်။ သူ့ကျောင်းနဲ့ စေတီတွေဟာ ဘယ့်လောက်သေးတဲ့ရွာဖြစ်ဖြစ် ရွာတိုင်းမှာရှိနေကြရဲ့။ တစ်ခါတစ်ရံမှာတော့ Skanda ကို ခေါင်း(၆)လုံးနဲ့ လုံ့တံ-လေးနဲ့မြားကိုကိုင်ဆွဲကာ ဒေါင်းပေါ်မှာစီးလျက် ဒါမှမဟုတ် ဒေါင်းနဲ့အတူဖြစ်ဖြစ် သရုပ်ဖော်ပန်းပုရုပ်ထုကြတယ်။

**အဝတ်ဗလာ (Digambara)**

Digambara ဆိုတာ သက္ကတလို အဝတ်ဗလာ (Sky-clad) လို့ အဓိပ္ပာယ်ရပါတယ်။ အိန္ဒိယအဓိကဘာသာရေးဂိုဏ်း (၂) ခုထဲကတစ်ခုဖြစ်ကာ မြီးခြံသောအကျင့်ကိုကျင့်ကြံရင်း ပိုင်ဆိုင်မှုအားလုံးကို ကြဉ်ခွာပြီး ဘာမှမဝတ်ဆင်တဲ့ ဂျိန်းဝါဒ (Jainism) ပါ။ ဒီဂိုဏ်းကဘုန်းတော်ကြီးတွေဟာ အကြမ်းမဖက်ရေးအကျင့်အပြင် အင်းဆက်ပိုးမွှားတွေရဲ့လမ်းကြောင်းကို နင်းခြေဖျက်ဆီးခြင်းမှလည်း ရှောင်ကြဉ်ကြတယ်။ သူတို့ရဲ့ခန္ဓာကိုယ်ကိုသန့်စင်ဖို့အတွက် ဖုန်ခါတဲ့ဒေါင်းမြီးယပ် (Feather duster) ကို သုံးကြတယ်။ ဘူးသီးခြောက်ခွံနဲ့ရေသောက်ပြီး ဆွမ်းခံကာ တစ်နေ့မှာတစ်ကြိမ်သာအစာစားတယ်။ အခြား The Shvetambara ဂိုဏ်းက မြီးခြံသောအကျင့်ကျင့်သူတွေဟာ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်တယ်။ မြီးခြံသောအကျင့်ကျင့်တဲ့ ဘယ်ဂိုဏ်းကမှ ရေမချိုးကြပါဘူး။ အကြောင်းကတော့ တစ်ကိုယ်ရေသန့်ရှင်းခြင်းဟာ လောကသားတွေရဲ့သွင်ပြင်တစ်ခုဖြစ်တဲ့အပြင် ရေချိုးခြင်းဖြင့် ရေမှာရှင်သန်နေထိုင်ကြတဲ့သတ္တဝါတွေကိုဖျက်ဆီးတယ်လို့ ယုံကြည်ကြလို့ သူတို့စွန့်လွှတ်လိုက်ပါသတဲ့။

**□ ကရစ်ရှုနား (Krishna)**

ကရစ်ရှုနား သက္ကတလို Krs.na ဟာ အိန္ဒိယနတ်ဘုရားအားလုံးတို့ရဲ့ ဦးသျှောင်ဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် အကြည်ညိုခံရဆုံးနဲ့ အထင်ရှားဆုံးပါ။ အထွတ်အမြတ် နတ်ဘုရားလို အထူးအရေးပေးခံရသလို ဟိန္ဒူနတ်ဘုရား-ဗိဿနိုးရဲ့ အဌမမြောက်ဝင်စားသူ (Avatar) အဖြစ်လည်း ကိုးကွယ်ကြတယ်။ ကရစ်ရှုနားဟာ Bhakti ကိုးကွယ်ဆည်းကပ်မှုများရဲ့ဆုံမှတ်ဖြစ်ပြီး ရာစုနှစ်များစွာမှာ ကြွယ်ဝများပြားလှတဲ့ ဘာသာရေးဆိုင်ရာကဗျာလင်္ကာတွေ၊ တေးဂီတနဲ့ပန်းချီတွေ ဖြစ်ပေါ်စေခဲ့တယ်။ မဟာဘာရတ(Mahabharata)ကဗျာရှည်ကြီးဟာ ကရစ်ရှုနားဒဏ္ဍာရီမှာ အခြေခံခဲ့တာပါ။ ယင်းရဲ့အဆက် ၅ ရာစုစီအီးက The Harivamsha နဲ့ The Puranas အထူးသဖြင့် စာအုပ်အမှတ် ၁၀-၁၁ The Bhagavata လည်းရှိတယ်။ စာပေတွေမှာ အနက်ရောင် (သို့) တိမ်တိုက်တွေလို မည်းမှောင်သူ ကရစ်ရှုနားဟာ The Yadava မျိုးနွယ်စုမှာ မွေးဖွားလာပြီး Vasudeva ရဲ့သားနဲ့ (Devaki) (Kamsa) ရဲ့ ညီမ၊ ကောက်ကျစ်တဲ့ မထုရာ (ယခု ဥတ္တရာပရာဒက်ရှ်) ဘုရင်တို့နဲ့ဆက်နွယ်နေပါတယ်။ Devaki ရဲ့ ကလေးငယ်ကြောင့် သူဖျက်ဆီးခံရလိမ့်မယ်လို့နိမိတ်စကားတစ်ရပ် Kamsa ကြားခဲ့ရလို့ ကလေးတွေကိုသတ်ဖို့ ကြိုးပမ်းခဲ့ပေမယ့် ကရစ်ရှုနားဟာ ယမုံနာမြစ်ကိုဖြတ်ပြီး Gokula သို့မဟုတ် Vraja - ယနေ့ Gokul ကိုခိုးထုတ်သွားခံခဲ့တယ်။ အဲဒီမှာ သူ့ကို နွားအုပ်ကြီးရဲ့ခေါင်းဆောင်-နန္ဒနဲ့ ကြင်ရာတော် Yashoda တို့က ကျွေးမွေးစောင့်ရှောက်ခဲ့တယ်။

သူငယ်လေးကရစ်ရှုနားကို သူ့ရဲ့နောက်ပြောင် ကျီစယ်တတ်မှုအတွက် ချစ်ခင်ကြပြီး အလားတူပဲ သူ့ကိုထူးဆန်းအံ့ဩဖွယ်ရာများစွာနဲ့ သတ်ဖြတ်သူနတ်ဘီလူးတွေအဖြစ်လည်း သရုပ်ဖော်ခဲ့တယ်။ နွားကျောင်းသားလေး ကရစ်ရှုနားဟာ ချစ်တတ်သူအဖြစ် ထင်ရှားလာတယ်။ သူ့ပလွေသံက နွားအုပ်ရဲ့မယားနဲ့သမီးတွေကို တောထဲမှာ သူနဲ့အတူ သွားကဖို့ အိမ်တွေကနေ တက်ကြွစွာ တပြုံးပြုံးနဲ့ချက်ချင်းထွက်ခွာခဲ့ကြစေတယ်။ သူတို့တွေကြားမှာ သူ အနှစ်သက်ဆုံးက လှပတဲ့ Radha ပါ။ အဲဒီကာလမှာ ကရစ်ရှုနားနဲ့ သူ့အစ်ကို Balarama တို့ ကောက်ကျစ်တဲ့ Kamsa ကိုသတ်ဖို့ မထုရာကိုပြန်လာကြတယ်။ အဲဒီနောက် The Yadavas တွေကို သူဦးဆောင်ပြီး မလုံခြုံတဲ့ မင်းနိုင်ငံကနေ အနောက်ဘက်ကမ်းခြေ (Kathiawar) သို့သွားပြီး Dvaraka- ယနေ့ Gujarat မှာ သူ့နန်းတော်ကို ထူထောင်ခဲ့တယ်။ သူဟာ မင်းသမီး Rukminiကို လက်ထပ်သလိုအခြားမိန်းမတွေလည်းယူခဲ့တယ်။

The Kauravas နဲ့ The Pandavas အကြား စစ်ပွဲကြီးမှာ ကရစ်ရှုနားက လက်နက်ဆွဲကိုင်ဖို့ငြင်းဆိုခဲ့ပေမယ့် သူ့ကိုယ်ရေးအဖော်ရဲ့ရွေးချယ်မှုကြောင့် ကရစ်ရှုနားဟာ Arjuna အတွက် စစ်ရထားစစ်သည်တော်အဖြစ် တာဝန်ယူခဲ့ရတယ်။ သူ Dvaraka အပြန် တစ်နေ့မှာ The Yadava အကြီးအကဲတွေအကြား ရန်ပွဲတစ်ပွဲဖြစ်ပေါ်ပြီး အဲဒီမှာ ကရစ်ရှုနားရဲ့အစ်ကိုနဲ့သား အသတ်ခံရတယ်။ နတ်ဘုရားအဖြစ် သစ်တောထဲဝမ်းနည်းကြေကွဲစွာထိုင်နေတုန်း မုဆိုးတစ်ဦးက သမင်နဲ့မှားပြီး သူ့ရဲ့အချက်အခြာအမှတ်အသားနေရာ ဖနောင့်ကိုပစ်ကာ သူ့ကိုသတ်ခဲ့တယ်။

အလားတူပဲ (Vrishni) မင်းသားတစ်ဦးဖြစ်တဲ့ (Vasudeva) ကရစ်ရှုနားကို ဘာသာရေးခေါင်းဆောင်လို့ယူဆပြီး ၅ ရာစုဘီစီမှာ အရှင်သခင်အဖြစ် မြှင့်တင်ကြတယ်။ နွားအုပ်ရဲ့ကရစ်ရှုနားဟာ ကျေးလက်တိရစ္ဆာန်မွေးမြူတဲ့အသိုင်းအဝန်းရဲ့ထင်ရှားတဲ့နတ်ဘုရားမှ ဝေဒဘာသာရေးလွှမ်းမိုးထားတဲ့ The Indra မှ မောင်းထုတ်ခံရတယ်။ အဲဒီအတွေးအခေါ် သဘောတရားရဲ့ ရောမွှေမှုမှ ပေါ်ထွက်လာတဲ့ ကရစ်ရှုနားကို အဆုံးစွန်စွာ အမြင့်ဆုံး နတ်ဘုရား-ဗိဿနိုး (Narayana) နဲ့တန်းတူထားပြီး တစ်ချိန်တည်းမှာ ဗိဿနိုးဝင်စားသူလို့ တွေးဆကြတယ်၊ အချုပ်နတ်တွေရဲ့ အချစ်နဲ့လူသားကြားမှာ နှိုင်းယှဉ်စဉ်းစားနိုင်တဲ့ အချက်တွေကို လေ့လာဖော်ထုတ်တဲ့ သူ့ ဓလေ့က ထူးခြားတဲ့ စရိုက်လက္ခဏာတွေကို ထိန်းသိမ်းခဲ့တယ်။ ဒါကြောင့် ကရစ်ရှုနားရဲ့ နုပျိုပြီး အေးစက်စက်နိုင်မှုတွေဟာ ဘုရားနဲ့ လူသားဝိညာဉ်တွေအကြား အပြန်အလှန် ချစ်ခင်စွာသတ်ရောက်တဲ့ပြန်မှုကို အဓိပ္ပာယ်ဖော်ကာ သင်္ကေတပြုတယ်။

ကရစ်ရှုနားစာဝနဲ့ ဆက်နွယ်တဲ့ ပုံပြင်တွေကို သရုပ်ဖော်တဲ့ ပန်းချီပန်းပုတွေလည်း အများကြီးပါ။ သူငယ်တော် (Bala) ခရစ်ရှုနားကို သရုပ်ဖော်တဲ့အခါ ထော်တောင်ဆစ်နဲ့ဒူးတွေထောက်ပြီး တွားသွားနေပုံ၊ လက်ထဲမှာထောပတ်တစ်ခဲကိုင်ပြီး ပျော်ရွှင်စွာ ကခုန်ရယ်မောနေပုံတွေပါတယ်။ အများဆုံးသရုပ်ဖော်လေ့ရှိတာကတော့ ချစ်စဖွယ် Gopis လေးတွေဝန်းရံနေပြီး ပလွေမှုတ်နေတဲ့ အချစ်နတ်ဘုရားပုံပါ။ ၁၇-၁၈ ရာစု Rajasthani)နဲ့ Pahari ပန်းချီတွေမှာတော့ ကရစ်ရှုနားကို နတ်ပြာရောင် အသားအရေ၊ အဝါရောင်ဒိုတီ၊ လန်ကွတ်တီနဲ့ ဒေါင်းမြီးသရဖူဆောင်းပြီး သရုပ်ဖော်ကြတယ်၊

**□ နတ်ဘုရားများရဲ့ စီးတော်ယာဉ်**

www.burmeseclassic.com

**ဝါဟာန (Vahana)**

ဝါဟာန ဆိုတာဟာ သတ္တဝါတလို နေရာထိုင်ခင်း၊ ခြေတင်ပြီး နင်းစရာ၊ သို့မဟုတ် စီးနင်းစရာယာဉ် (Vehicle) ဖြစ်ပါတယ်။ ဟိန္ဒူဒဏ္ဍာရီမှာ နတ်ဘုရားထိုင်စရာ၊ စီးတော်ယာဉ်၊ ယာဉ်ကိုဆွဲတဲ့ တာဝန်ထမ်းဆောင်ဖို့ သတ္တဝါတစ်ကောင်ကောင်ရှိပြီး သီးခြားနတ်ဘုရားတစ်ပါးစီရဲ့သင်္ကေတပေါ့။ အလားတူပဲ ဝါဟာနကို နတ်ဘုရားရဲ့သရုပ်သကန်ကိုဖော်ပြဖို့ အလံ-တံခွန်-ကုက္ကားတွေပေါ်က အမှတ်သင်္ကေတ (Emblems) တွေ၊ ကိုးကွယ်ယုံကြည်တဲ့ ဒကာ-ဒကာမတွေရဲ့ ရှိုးရာမလေ့ကိုးကွယ်မှုထဲကို ဝင်ရောက်ခြင်းတွေမှာလည်း သုံးပါတယ်။ ပညာရှင်အချို့ကတော့ ဒီအယူအဆကို ဟိန္ဒူနတ်ဘုရားတွေရဲ့ ဂန္ဓဝင်မြောက် နတ်ကွန်းထဲကို နတ်တွေက တိရစ္ဆာန်အသွင်ယူပြီး တရားဝင်ပေါင်းစည်းထားတဲ့ နည်းလမ်းတစ်ခုလို့ နားလည်ကြတယ်။ ဒါဟာ မက်ဆိုပိုတေးမီးယားအနုပညာနဲ့ ဒဏ္ဍာရီပုံပြင်တွေကနေ ငှားသုံးခဲ့တာဖြစ်နိုင်ရဲ့။

အမိကနတ်ဘုရားတွေရဲ့ စီးတော်ယာဉ်တွေဟာ သျှီဝရဲ့နွားလားဥသဘ-နန္ဒီ(Nandi)နဲ့ ဗိဿနိုးရဲ့ဂဠုန်(Garuda)၊ ဗြဟ္မာရဲ့ ဟင်္သာ၊ ဘဲ၊ ငန်း၊ မဟာပိန္နဲ (Ganesa) ရဲ့ကြွက်၊ Airavata of Indra ရဲ့ဆင်၊ ကာမ (Kama) ရဲ့ကြက်တူရွေး၊ လက်ချမီးရဲ့ဇီးကွက်၊ ပါဝတီ (Parvati) ရဲ့ခြင်္သေ့နဲ့ Kubera ရဲ့လူတို့ဖြစ်ကြပြီး ဒေါင်းဟာ Skanda ရဲ့ စီးတော်ယာဉ်ပါ။ စီးတော်ယာဉ်ဖြစ်ခြင်းမှာလည်း စဉ်းစားစရာ ကိုယ်ပိုင်ဒဏ္ဍာရီတွေ အသီးသီးရှိကြတယ်။

- **ဂျပန်ဘာသာရေးဂိုဏ်း-ရှင်ဂွန်မှ ဒေါင်းပေါ်ထိုင်နေတဲ့ Kujaku Mo နတ်ဘုရား**

ဂျပန်ဗုဒ္ဓဘာသာ အထူးသဖြင့် ရှင်ဂွန် (Shingon) ဂိုဏ်းမှာ ဒဏ္ဍာရီဆန်လှတဲ့ သတ္တဝါတလို Vidyaraja ခေါ် အသိတရားရဲ့ဘုရင်-ပြင်းထန်ကြမ်းကြုတ်တဲ့ ကာကွယ်ရေးနတ်ဘုရားတွေကို ကိုးကွယ်ကြပါတယ်။ သူတို့က မကောင်းဆိုးဝါးတွေကို အဝေးနှင်ပြီး မောဟနဲ့ ပြည့်နေတဲ့ ဇောအဟုန်တွေကိုလည်းဖျက်ဆီးပေးသတဲ့။ သူတို့ဟာ ရက်စက်ကြမ်းကြုတ်ပြီး စိတ်ဆိုးနေတဲ့မျက်နှာသွင်ပြင်ရှိတာ သူတို့ရဲ့နဖူးအလယ်မှာ တတိယမျက်လုံးနဲ့ ဘေးပတ်ပတ်လည်မှာ မီးတောက်တွေဝန်းရံလို့သရုပ်ဖော်ကြတယ်။

ဗုဒ္ဓဘုရားငါးဆူရဲ့မဟာသာဝက (Myo o) ကြီးငါးပါးကို Godaison လို့ခေါ်ကြတယ်။ ယင်းတို့ထဲက အခက်ထန်ဆုံး (Fudo-) ဗုဒ္ဓဝရောစန (Vairo-cana) ဟာ အရှေ့အပါဆုံးမို့ အလယ်ဗဟိုမှာ နေရာယူပါတယ်။ Go Sansei ဆိုတဲ့ Akshobhya ကတော့ အရှေ့ဘက်ကို စိုးမိုးတယ်။ Dai Itoku ဟာ အမိတာဘရဲ့ အသွင်တစ်မျိုးဖြစ်ပြီး အနောက်ဘက်မှာနေကာ Gundariya-sha ကတော့ Ratnasambhava ရဲ့ ပုံသွင်ဖြစ်ပြီး တောင်ဘက်မှာပါ။ Kongoyash က Amoghasiddhi အသွင်ဆောင်ပြီး မြောက်ဘက်မှာနေရဲ့။ အခြားထင်ရှားတာက အချစ်နတ်ဘုရား(Aizen Mo-) နဲ့ ဒေါင်းတစ်ကောင်ပေါ်မှာထိုင်နေတဲ့ (Kujaku Mo-) ပါ။

- **ငှက်မွေးများနဲ့အလှဆင်ခြင်း (Featherwork)**

ငှက်မွေးတွေနဲ့ တန်ဆာဆင်ကြတာကတော့ သမိုင်းမတင်မီနှစ်များကတည်းကပါ။ The Pueblo တွေရဲ့ ဘိုးဘေး (Anasazi) အင်ဒီးယန်းတွေဟာ ရက်ကန်းစင်တွေမပေါ်ခင်ကတည်းက ကြက်ဆင်မွေးနဲ့ ခေါင်းလောင်းပန်းပင်ရဲ့အမျှင်တွေကိုသုံးခဲ့ကြတယ်။ ဟာဝိုင်အီ၊ နယူးဇီလန်၊ တဟီတီနဲ့ နယူးဂီနီမှာ ငှက်မွေးတန်ဆာဆင်ခြင်းဟာ အတော်တိုးတက်လာပြီး အခြားတစ်ဖက်-မီဆိုအမေရိကနဲ့ ပီရူးတစ်လွှားကိုပါ ပျံ့နှံ့သွားခဲ့တယ်။ ကြက်တူရွေး၊ ကော့ယင်ငှက်၊ ဘွတ်ကုလားတို့ရဲ့ တောက်ပတဲ့အမွေးတွေကို ခေါင်းဆောင်း၊ ဝတ်ရုံခြုံထည်နဲ့ အခြားသော အခမ်းအနားသုံးအဝတ်အစားတွေ၊ အခင်းနဲ့ ခြုံစောင်တွေမှာသုံးကြတယ်။ ငှက်မွေးတွေကို အထည်အခံပေါ်မှာ အုတ်ကြွပ်မိုးသလိုတစ်ခုပေါ်တစ်ခုထပ်ပြီးသုံးတယ်။ သစ်သားမြားရိုးပေါ်မှာ တိုက်ရိုက်ချည်နှောင်တပ်ဆင်တယ်။ ကြွေထည်မြေထည်တွေက အရုပ်တွေပေါ်မှာကပ်တယ်။ စပိန်တွေအောင်ပွဲခံပြီးတဲ့နောက်မှာ အမွေးတွေကိုခရစ်ယာန်သင်္ကေတတွေအတွက် နောက်ခံသုံးတယ်။ ကိုလံဘီယာအကြို (The pre-Columbian) အင်ဒီးယန်းတွေကလည်း အမွေးတွေကို ကျောက်၊ သတ္တု၊ ရတနာတွေနဲ့ ဆက်နွယ်ပြီး တရုတ်၊ ပိုလီနီးရှန်းနဲ့ အက်စကီးမိုးတွေလို သုံးကြတယ်။

၁၃ ရာစုကုန်လုလုထိ ဥရောပမှာ အမွေးတွေကိုသုံးပြီး အဆင်တန်ဆာသိပ်မလုပ်တတ်ကြသေးဘူး။အစောပိုင်းအော်တိုမင် (Ottoman) အင်ပါယာအောက်မှာ အမျိုးသားဖောင်းထုပ်တွေကို ငှက်မွေး၊ ကျောက်မျက်ရတနာတွေနဲ့ တန်ဆာဆင်ခဲ့ကြတယ်။ အင်္ဂလန်နိုင်ငံက ငှက်မွေးရောင်စုံနဲ့ ခြယ်လှယ်ထိုးချုပ်ပုံဖော်တဲ့ အချုပ်အလုပ်ပညာဟာ ဝိတိုရိယခေတ်မှာ နာမည်ကျော်လာပါတယ်။ ပထမ အယ်လိဇဘက်အုပ်စိုးစဉ်မှာ ငှက်မွေးတွေကို အမျိုးသမီးခေါင်းဆောင်းလို အရေးပါတဲ့နေရာမှာ တန်ဆာဆင်ဖို့ စတင်သုံးကြတယ်။ သစ်ကုလားအုပ်ငှက်မွေးကို အများဆုံးသုံးကြပေမယ့် ငှက်ကျား၊ ငှက်ဟစ်၊ ငှက်ဝိတုန်း၊ ဒေါင်းနဲ့ ရောင်စုံအမြီးဖွားပါရာဒိုက်ငှက်တို့ရဲ့အမွေးတွေကိုလည်း သုံးကြတယ်။ ၁၈ ရာစုမှာ ငှက်မွေးအလှဆင်ခြင်းကို မူလကန်ရဲ့ချိတ်ဆွဲစရာအဖြစ် အပျော်တမ်းလက်မှုလုပ်ခဲ့တာပါ။ ရစ်ငှက်၊ ခို၊ ဒေါင်း၊ ရစ်နဲ့ Rooster အမည်းတွေကို သဘာဝအတိုင်းသုံးကြပေမယ့် ဥစား-အသားစားငှက်တွေရဲ့အဖြူရောင်ငှက်မွေးတွေကို အရောင်အမျိုးမျိုးဆိုးကြတယ်။ ၁၉ရာစု မှာ ငှက်မွေးစုံရောသုံးပြီး အလှဆင်တာတွေ၊ တကယ့်ငှက်မွေးတွေဖုံးထားတဲ့ ငှက်ပုံပန်းချီတွေ ဘောင်သွင်းချိတ်ဆွဲလာကြတယ်။ နေကာ၊ ကန့်လန့်ကာ၊ နဖူးစီး၊ မှန်ဘောင်၊ ဖက်ရှင်လုပ်ပြီး လက်လျှိုစွပ်ရတဲ့သားမွေးအိတ်(Muffs)၊ မျက်နှာဖုံး၊ ဦးထုပ်နဲ့ ဝတ်စုံအနားကွပ်တွေမှာလည်းသုံးကြပါတယ်။

လက်တင်အမေရိကမှာတော့ ငှက်မွေးတွေကို မူလက အဆင်တန်ဆာလက်ကိုင်ပန်း၊ ငှက်မွေးပန်းချီနဲ့နှုတ်ဆက်ကတ် စတဲ့ လက်မှုထည်တွေမှာထည့်သွင်းသုံးခဲ့တယ်။ အရင်ကတည်းက ငှက်မွေးရဖို့ လက်လွတ်စပယ် ငှက်ဖမ်းခဲ့လို့ မျိုးစိတ်အချို့ ပျောက်ကွယ်ခဲ့တော့ အခုခါမှာတော့ အစိုးရများစွာရဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအေဂျင်စီတွေက တားမြစ်တဲ့ဥပဒေတွေပြဌာန်းလာကြပါတယ်။ ဒေါင်းတွေ မျိုးမတုန်းအောင်လည်း အထူးဂရုစိုက်လာကြတယ်။

ဒေါင်းဟာ လှပခံ့ညားပြီး ထူးခြားတဲ့ငှက်တစ်ကောင်ဖြစ်တာမို့ ကမ္ဘာတစ်လွှားက နိုင်ငံအသီးသီး၊ ဘာသာရေးအမျိုးမျိုးနဲ့ အသင်းအဖွဲ့အထွေထွေမှာ စံပြုကာ တန်ဆာဆင်သုံးစွဲနေပါကြောင်း။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

www.burmeseclassic.com

မနက်နှင်းကွဲစအချိန်တွင် ဖြစ်ပါသည်။ ပွင့်လင်းရာသီသို့ရောက်လာ၍ နှင်းသည်လည်း သိပ်ပြီးမကြီးနိုင်တော့ပေ။ မနက်စောစောနှင့် ညနေမိုးချုပ်မှ နှင်းဖွဲလေ့ရှိတော့သည်။ နှင်းဆုတ်သွားသည်နှင့် အအေးဓာတ်သည်လည်းလျော့လာပြီး အပူကဲစပြုလာလေသည်။

ဘိုးသြဘာ၏ ဖိုရုံကျောင်းလေးသည် တောရိပ်တောင်ရိပ်မကင်းသော ရခိုင်ရိုးမကြီး၏ဆွယ်တစ်နေရာတွင်တည်သောကြောင့် အအေးပိုလေးရှိရာ ယခုလို နွေဦးရာသီမှာသာလျှင် နေထိုင်၍ အလွန်ကောင်းပြီး ဆောင်းရာသီမှာကား အအေးဒဏ်ကို လွန်လွန်ကဲကဲခံရလေ့ရှိသည်။

သို့သော်လည်း ဘိုးသြဘာသည်ကား ရာသီဥတု၏ဒဏ်ကိုကြောက်လေ့မရှိပေ။ ရွာမှာလည်းမပျော်၊ ရွာကျောင်းမှာလည်းနေလေ့မရှိဘဲ တောတောင်ဆွယ်တစ်နေရာရာမှာသာ ဖိုရုံကျောင်းလေးဆောက်လုပ်ပြီးနေထိုင်လေ့ရှိသည်။ ဖိုထိုးခြင်းကိုလည်း ဝါသနာကြီးသည်။

"ဖိုရုံကျောင်းလေးတော့တံခါးပွင့်နေတာတွေ့တယ်ဗျ"

"ဒါဆိုရင် ဘိုးသြဘာရှိတာသေချာတယ်ကွ။ လာကြဟေ့ လာကြ လာကြ"

ဘိုးသြဘာသည် အသံကြားရာဘက်ကို ကွက်ခနဲလှည့်ကြည့်၏။ ဖိုရုံထဲသို့ရောက်ခါရှိသေးသည်၊ ဖိုမဆွဲရသေးဘဲ အနှောင့်အယှက်ပေးမယ့်အကောင်တွေလာနေကြပြီဟုတွေးကာ စိတ်တိုသွား၏။

တန်းတင်ရွာသားကိုထွန်းမြအောင်နှင့် ကိုမောင်စံမြတို့သည် လေးငါးယောက်မျှရှိသောလူတစ်စုကို ဦးဆောင်ပြီး ဖိုရုံကျောင်းလေးဘက်သို့ ဦးတည်၍လာနေကြသည်။ အကြောင်းတစ်ခုခုတော့ရှိလိမ့်မည်ဟု နားလည်လိုက်သည်။မည်သို့ပင်ဆိုစေကာမူ ဘိုးသြဘာဖိုဆွဲပျက်မည်မှာ သေချာသွားပြီ။

# မင်းဟိန်းထိုက်

## ဘိုးသြဘာနှင့် တောင်ပေါ်ရွာတိုက်ခိုက်ခံရခြင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ဆိုစမ်းပါဦး၊ ဘာကိစ္စ"

ဟု ဘိုးဩဘာက သူတို့လာနေကြသည်ကို ဆီးကြိုပြီး စိတ်တိုသောအမူအရာဖြင့်မေးလိုက်၏။ ကိုထွန်းမြအောင်က တစ်ချက်ပြုံးလိုက်ပြီး -

"ဘိုးကလည်းဗျာ၊ ထိုင်တောင်မထိုင်ရသေးဘူး။ ဒေါလုံးကြီးနဲ့လှမ်းပေါက်တော့တာပဲ။ ထိုင်ပဲထိုင်ပါရစေဦး။ ပြီးတော့ လာရင်းကိစ္စကိုပြောမှာပါ။ အရေးကြီးလို့လည်းလာခဲ့ကြတာပါ"

သူတို့ကို ဖိုရုံကျောင်းလေးပေါ်မှာပင် ခေါ်မခံဘဲ ကျောင်းလေး၏ဘေးဘက်တွင်ရှိသောမြက်ခင်းလေးဆီသို့ခေါ်လာခဲ့၏။ မြက်ခင်းလေးမှာ သူတို့အားလုံးထိုင်လိုက်ကြပြီးမှ ဘိုးဩဘာသက ထိုင်သည်။ ထို့နောက် ကိုထွန်းမြအောင်ပင်စပြောသည်။

"ဘိုး၊ ဒီလူတစ်စု တော်တော်ဒုက္ခရောက်နေကြတယ်။ သူတို့ကတော့ တောင်ပေါ်ရွာကပေါ့။ အခုသူတို့တောင်ပေါ်ရွာမှာ အတိုက်အခိုက်ကြီးတစ်ခုကို ခံစားနေကြရတယ်လို့ပြောတယ်။ လူတွေလည်း သေဆုံးသွားကြတာ မနည်းတော့ဘူးတဲ့။ ဒါကြောင့် ဘိုးကိုယ်တိုင်လိုက်ပြီးကူညီဖြေရှင်းပေးပါလို့ အကူအညီတောင်းဖို့လာကြတာပါ"





www.burmeseclassic.com

ဘိုးသြဘာသည် သက်ပြင်းတစ်ချက်ကိုချလိုက်၏။ တောင်ပေါ်ရွာဟူသည်မှာ ရခိုင်ရိုးမကြီးထဲက ရွာလေးတစ်ရွာဖြစ်သည်။ အိမ်ခြေသုံးဆယ်ကျော်ခန့်ရှိသည်။ စိုင်ဘောင်ချင်းတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး တောင်ယာကိုခုတ်လုပ်စားသောက်ကြသည်။ ရိုးသားဖြူစင်ကြသည်။

ဘိုးသြဘာလည်း ရခိုင်ရိုးမကြီးထဲသို့ ဆေးပေါင်းရှာသွားရင်း ထိုတောင်ပေါ်ရွာလေးကိုဝင်ဖြစ်သောအခါရှိသည်။ လေး၊ ငါးကြိမ်မျှ သွားရောက်တည်းခိုဖူးသည်။ ရွာသားတွေက သိပ်ပြီးဆက်ဆံရေးရှိသည်ဟုမပြောလောက်ပေ။ ရွာမှာ တောင်မင်းကြီးသာရှိမနေလျှင် အခက်တွေ့တတ်သည်။ မိန်းမများသာဆိုလျှင် ခေါ်၍ပင် ထူးချင်မှထူးသည့်အစားထဲကဖြစ်သည်။ သူတို့၏တောနက်တောင်ပေါ်သူတို့ဟူသည်မှာလည်း ထိုကဲ့သို့သဘောအရှိများတတ်သည်။

"ကဲ - ဆိုစမ်းပါဦး၊ မင်းတို့ရွာမှာ ဘာတွေဖြစ်ကုန်ကြပြီလဲ"

ဟု ဘိုးသြဘာက ရွာသားတစ်ယောက်အား မေးလိုက်၏။

"အတိုက်ခိုက်ခံရတယ်လို့ပဲ ထင်ပါတယ်ဘိုး"

"ဟုတ်ပါပြီ။ ဟိုကောင် (ကိုထွန်းမြအောင်) ပြောကတည်းကပင် မင်းတို့ရွာအတိုက် အခိုက်ခံနေရတယ်ဆိုတာ ငါကြားလိုက်ပြီ။ ဘယ်လိုအတိုက်အခိုက်ခံရတယ်ဆိုတာ ငါ့ပြောပြ"

ဘိုးသြဘာ၏အသံကမာလာ၏။ မျက်နှာလည်းတင်းလာ၏။ အမြဲတမ်းဒေါသထွက်နေတတ်သော ဘိုးသြဘာ၏သရုပ်သည် ပီပြင်လာ၏။ ထို့ကြောင့် တောင်ပေါ်ရွာသား၏ကိုယ်သည် တွန့်၍သွား၏၊ သူ့လူများဘက်ကိုလည်းလှည့်၍ကြည့်၏။

"ပြော - ငါက ပြောဆိုရင်ပြောမှကြိုက်တယ်။ မျောက်ကိုခွေးဟောင်ထားသလိုလုပ်မနေနဲ့။ မင်းကဖြစ်စဉ်အစအဆုံးကို ပြောပြမှ ငါသိမှာပေါ့။ ဒါမှဘယ်လိုလုပ်ပေးရမယ်ဆိုတာလည်းသိမှာပေါ့"

"အခု ခံစားနေကြတဲ့အဖြစ်ဆိုးကြီးမဖြစ်ခင် တစ်ပတ်ကျော်လောက်က ကျွန်တော်တို့ရွာကို မြေပြန့်သားမှော်ဆရာကြီးဆိုသူတစ်ယောက်ရောက်လာပါတယ်ဘိုး"

"အဲဒါ မှော်ဆရာဆိုတဲ့အကောင်က ဘယ်နယ်ကလဲ။ ဘယ်ရွာကလဲ"

"အဲ့တာတော့ အတိအကျမသိဘူးဘိုး။ အမ်းကလိုလို၊ ငဖဲ၊ စေတုတ္တရာဘက်ကလိုလိုပဲ။ သူက မှော်ပညာကိုတတ်ကျွမ်းတဲ့အကြောင်း၊ အစွမ်းထက်တဲ့အကြောင်း၊ ပယောဂနဲ့ ပတ်သက်လာရင် ချက်ချင်းပျောက်ကင်းသွားအောင် ကုသပေးနိုင်တဲ့အကြောင်း၊ ဘာဆေးဘာဝါးမှလုပ်စရာမလိုဘဲ လူနာရှင်ရဲ့ကိုယ်ထဲက မောင်းထုတ်ပစ်နိုင်တဲ့အကြောင်း။ ကျောက်ခဲ၊ သစ်တုံးတွေကိုတောင်မှ ဘီလူး၊ သဘက်၊ ကျား၊ မိကျောင်းတွေဖြစ်သွားအောင်ထိ ဖန်တီးနိုင်တဲ့အကြောင်းတွေကိုနားထောင်နေတဲ့လူတွေကြောက်လန့်သွားလောက်တဲ့အထိ အာပေါင်အာရင်းသန်သန်နဲ့ပြောနေပါတယ်"

"ဒါနဲ့ပဲ မင်းတို့ရွာကို တိုက်ခိုက်ရောလား"

စိတ်တိုတတ်သော အဘိုးသြဘာသည် စိတ်မရှည်သောလေသံဖြင့် တုံ့ပြန်လာ၏။ ဤသည်ကို တောင်ပေါ်ရွာသားလည်းသိ၏။ သို့သော်လည်း လိုရင်းကိုမရောက်သေး၍ ကြောက်ကြောက်နှင့်ပင် ဆက်ပြောရ၏။

"မဟုတ်ဘူးဘိုးရဲ့။ အဲလောက်နဲ့တော့ မလိုက်နိုင်သေးဘူး။ ဒါပေမယ့် သူ့စကားတွေက အရှိထက် မရှိတဲ့ကြွားသံတွေချည်းဆိုတာကို ရွာသားတွေက သိလာကြပြီလေ။ ဒီအထဲ သူ့ရဲ့ရဲရဲနီနီ ဆေးကွမ်းအစ်ကြီးထဲက ဂလုတ်ဂလုတ်နဲ့အသံတွေကြားလာရတဲ့အခါ သူက လက်နဲ့ပုတ်ပြီး 'ဟဲ့ ပုဏ္ဏကငြိမ်ငြိမ်နေစမ်း' နဲ့လုပ်တယ်။ နောက်တော့ မှော်ဆရာကြီး ရေချိုးသွားနေတုန်း ဆေးကွမ်းအစ်ကြီးထဲကဂလုတ်ဂလုတ်နဲ့အသံတွေကြားရလာပြန်ရော။ အဲဒီအခါ လူပျိုကောင်လေးတွေက ကြောက်ကြောက်လန့်လန့်နဲ့ဖွင့်ကြည့်လိုက်တော့ စမ်းချောင်းတွေမှာရှိတဲ့ကဏန်းမည်းတွေချည်းဖြစ်နေတယ်"

ဘိုးသြဘာက ကိုထွန်းမြအောင်နှင့် ကိုမောင်စံတို့ဘက်ကို ကွက်ခနဲလှည့်ကြည့်၏။ ကိုထွန်းမြအောင်နှင့် ကိုမောင်စံမြတို့က အသံတိုးတိုးဖြင့်ရယ်ကြသည်။ ထို့နောက်တောင်ပေါ်သားကြီးက ဆက်ပြောသည်။

"မှော်ဆရာကြီး ပြန်လာတဲ့အခါ ကောင်လေးတွေက ဆရာရေ ဒီနေ့ဟင်းမကောင်းတာနဲ့ ဆရာရဲ့ပုဏ္ဏကတွေကိုပဲ ကင်ပွန်းနဲ့ချဉ်ရည်ကျိုထားတယ်။ မြည်းကြည့်ပါဦးဆိုတော့ မှော်ဆရာကြီးက အရမ်းစိတ်ဆိုးသွားပြီး ထပြန်သွားတယ်။ သူပြန်သွားလို့ တစ်ပတ်အတွင်းမှာပင် ရွာကိုအတိုက်အခိုက်ခံရတော့တာပဲ"

"ရွာကိုဘယ်လိုများတိုက်တာတုံး"

"ညဘက်မှာဝတ်ရုံနီညိုရောင်ကြီးကိုဝတ်ဆင်ပြီး ရွာဦးကနေ လျှောက်ဝင်လာနေတဲ့လူလိုလိုအကောင်ကြီးကို မြင်တဲ့လူဟာ လန့်အော်ပြီး သေဆုံးသွားတော့တာပဲ။ အဲလိုဖြစ်လာရတာဟာ အဲဒီမှော်ဆရာကြီးဆိုတဲ့လူက မကောင်းတဲ့နည်းလမ်းတစ်ခုခုနဲ့ တိုက်ခိုက်ထားခဲ့တယ်လို့ပဲထင်နေကြပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ရွာသားတွေက မှော်ဆရာကြီးတိုက်ခိုက်ထားခဲ့တာဟုတ်၊ မဟုတ် အတိအကျလည်းမသိနိုင်ကြတဲ့အတွက် အခုဘိုးကိုပြောပြပြီး အကူအညီတောင်းကြတာပါ"

ဘိုးသြဘာမျက်နှာသည် မိုးကဲ့သို့ မည်းလျက် တစ်အောင့်ကြာအောင် စဉ်းစား၍နေ၏။ ထို့နောက်မှ သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးပြောသည်။

"အဲဒီလို မဆင်မခြင်ပြုလုပ်တတ်တဲ့လူယုတ်မာတွေနဲ့တွေ့ရတဲ့အခါ ခံရတော့တာပဲ။ လူလိမ်တစ်ယောက်သာ လိမ်နေတာသိလျက်နဲ့ မင်းတို့ရွာသားတွေကကော ဘာလို့သွားစရတာလဲ။ မင်းတို့က မဟုတ်မဟတ်သွားစလိုက်လို့ ဟိုလူလိမ်က အရှက်ရပြီး တိုက်ခိုက်လိုက်တာဖြစ်မယ်"

"ပုဏ္ဏကကိုချဉ်ရည်ကျိုတယ်ဆိုတာလားဘိုး၊ အဲ့တာလည်း လူကြီးတွေသာဆိုရင်တော့ အဲဒီလိုလုပ်မှာမဟုတ်ပါဘူး။ လူငယ်တွေမို့လို့သာ မခံချင်စိတ်နဲ့ ထင်ရာလျှောက်လုပ်လိုက်ကြတာပါ။ ဒါပေမယ့် ဘာပဲပြောပြော အဲဒီလိုမှော်ဆရာကြီးကို အရှက်ရအောင်လုပ်လိုက်ကြတဲ့အတွက် အခုလိုပြန်ပက်တာကို ခံစားနေကြရတယ်လို့ထင်နေကြတာပဲ"

"ထင်စရာမလိုဘူး။ ဟုတ်ကိုဟုတ်တယ်ကွ။ မင်းတို့ရွာကို အောက်လမ်းနည်းနဲ့တိုက်ခိုက်ထားခဲ့တာပဲ။ အဲ အတိုက်အခိုက်ကိုသာ မဖြေရှင်းထားရင် တစ်ရွာလုံးကုန်မှာပဲ။ အဲလိုမှမဟုတ်ရင် ရွာကိုသော်လည်း ပြောင်းပြေးသွားရမှာပဲ"

ရွာသားများမှာလည်း မျက်နှာငယ်လေးနှင့် ဘိုးသြဘာ၏မျက်နှာသာ မရဲတရဲစိုက်၍ကြည့်နေကြသည်။ ဘိုးသြဘာပြောသည့်အတိုင်းဆိုပါမှ တွေးဝံ့စရာပင်မရှိတော့ လက်ရှိအခြေအနေသည်ပင် ညချုပ်တိုင်း တစ်နေ့တစ်ယောက် လန့်ပြီး သေဆုံးနေကြရသည်။

www.burmeseclassic.com

"ကဲ-မောင်စံမြနဲ့ ထွန်းမြအောင် ငါ့ဖိုရုံကျောင်းလေးကို စောင့်ပြီးကျန် နေခဲ့ကြ။ ငါ ဒီညနေ တောင်ပေါ် ရွာကို အရောက်သွားလိုက်မယ်။ တစ်နေ့တစ် ယောက်ခေါ်သနေတာသိသိကြီးနဲ့ ရွာသား တွေကိုယ်တိုင်လည်း လာခေါ် နေကြလျက် နဲ့လိုက်မသွားလို့လည်းမကောင်းဘူးကွ"

ရွာသားကြီးတစ်ယောက်က ဝင် ပြော၏။

"ဟာ - ဘိုး ဒီနေ့သွားလို့တော့ ကျွန်တော်တို့ရွာကို ဒီနေ့မရောက်ဘူး။ ဒီကနေ မှန်မှန်သွားရင် သုံးရက်လောက် ကြာမှာဖြစ်ပြီး ပြင်းပြင်းသွားရင်တော့ နှစ်ရက်လောက်နဲ့ ရောက်နိုင်ပါတယ်၊ ဒီထက်စောစောရောက်အောင် မြန်မြန် သွားလို့လည်း ရနိုင်မယ်မထင်ဘူး၊ ဒီအထဲ ဘိုးက လူအိုဆိုတော့ ပိုလို့ တောင်မှ ကြာနိုင်ပါသေးတယ်"

"ဘာလဲ၊ နှစ်ရက်၊ သုံးရက်သွား နေရရင် နောက်ထပ် နှစ်ယောက်၊ သုံး ယောက်ထက်ပြီးသေချင်နေကြသေးလို့ လား။ ကိုယ်နဲ့မဆိုင်တာဝင်မပြောနဲ့ကွ"

ဘိုးသြဘာမာန်မဲပြီးပြောလိုက်၍ ရွာသားလည်း ပါးစပ်ပိတ်သွားလေ၏။ ထို့နောက် ဖိုရုံကျောင်းလေးမှ ထွက်လာ ခဲ့ကြသည်၊

ချုံခုတ်တောင်(ကျားခုတ်တောင်) ကုန်းတန်းကြီး၏အလယ်သို့ရောက်လျှင် ရောမလက်မထောက်ချုံ (ခေါင်းပေါင်းနံ ချုံ) ကြီးအောက်တွင် ဘိုးသြဘာက လူ အားလုံးကို ထိုင်ခိုင်း၏။ ထို့နောက် ဘိုးသြဘာက မေတ္တာကမ္မဋ္ဌာန်းကို သင် ပေးပြီး မျက်စိကိုစုံမှိတ်၍ ပွားများခိုင်း လေသည်။

❑

"နေညိုလာပြီ တစ်ယောက်သေ ဖို့လည်း နီးလာပြန်ပြီပဲ"

ဟု လမ်းသွားရင်း လူတစ်ယောက် တညည်းတွား၏။ထို့နောက်တစ်ယောက် ကလည်း-

"ရွာသားတွေ ဘိုးသြဘာကို သွားပင့်နေကြတာပဲ။ ဘိုးသြဘာသာ ရောက်လာရင်တော့ ဒီဘေးအန္တရာယ် ဆိုးကြီး ငြိမ်းသွားမှာပါ။ ဒါကြောင့် ဘိုး သြဘာမြန်မြန်ရောက်ပါစေလို့ဆုတောင်း ကြရတော့မှာပဲ"

"ဆုတောင်းတိုင်းရောက်နိုင်မလား ကွာ။ ဘိုးသြဘာက လူအိုပဲ။ ဒါကြောင့် နောက်ဆုံးရက်လောက်နဲ့ရောက်လာနိုင် ရင် တော်ကောင်းပဲ။ ဖိုရုံကျောင်းလေးမှာ သာရှိမနေဘဲ ခရီးထွက်နေတုန်းနဲ့သာ တိုးရင် ကြာချင်တိုင်းကြာသွားနိုင်သေး တယ်"

"အေးပါ - ခရီးထွက်နေတုန်းနဲ့ မတိုးပါစေနဲ့လို့ဆုတောင်းရမှာပဲ၊ ဒုက္ခ ဒုက္ခ"

အနားမှဖြတ်သွားကြသော လူ တစ်စု၏ညည်းတွားသံဖြစ်၏။ ထို့နောက် ဘိုးသြဘာက တောင်ဝှေးကို မြေမှာသုံး ချက်မျှထောက်ကာ သူ့လူများအားပြော လိုက်သည်၊

"ဟိုက်ကောင်တွေထကြတော့"

မျက်စိကို စုံမှိတ်ပြီး မေတ္တာပွား နေကြသော ရွာသားများ မျက်စိကို ဖွင့်ကြည့်လိုက်ရာ တအံ့တသြဖြစ်ပြီး ထအော်ကြလေသည်၊

"ဟာ-တို့ရွာဦးကိုရောက်နေပြီပဲ"

"အေးကွ။ ဒါကို ရွာဦးက ချုံပုတ် ကြီးအောက်ပဲ၊ ဘိုးသြဘာကြီး ထူးဆန်း လိုက်တာကွာ။ ဘယ်လိုများလုပ်လိုက် သလဲမသိဘူး။ မြေကြောကျုံ့လိုက်တယ် ဆိုတာများလားမသိဘူး"

"ဟုတ်တယ်ကွ၊ ဘိုးသြဘာကြီး မြေကြောကျုံ့လိုက်လို့တို့ရွာဦးကိုရောက် နေတာပေါ့"

"ငါတယ်၊ ဒီကောင်ထအော်နေ တယ်"

ဘိုးသြဘာ ဒေါသထွက်ပြီး တောင်ဝှေးဖြင့် ရွယ်လိုက်ရာ ထိုလူသည် ခေါင်းကိုလက်နှင့်အုပ်ပြီး အနားမှထွက် ပြေးသွား၏၊ အခြားလူများလည်း ဘိုးသြဘာ၏တောင်ဝှေးကို လန့်ဖျပ်ကာ ထိုင်သူထိုင်၊ ထသူထ အနားမှထွက်ပြေး သူပြေးဖြစ်သွားကြ၏။

ထို့နောက် ဘိုးသြဘာကိုယ်တိုင် ဦးဆောင်ပြီး တောင်ပေါ် ရွာထဲသို့ဝင် ကာ တောင်မင်းကြီး၏အိမ်ကို တန်းသွား ကြ၏။ တောင်မင်းကြီးနှင့်တွေ့ဆုံပြီး မေး မြန်းကြည့်ရာတွင်လည်း ရွာသားများ ပြောပြကြသည့်အတိုင်းပင် တောင်မင်း ကြီးက ပြန်လည်၍ပြောပြလေသည်၊

သည်လိုအတိုက်အခိုက်မျိုးကား အလွန်ကြောက်စရာကောင်းလှသည်၊ ဖြေဖျောက်နည်းကိုမသိလျှင် သက်သာ ဖွယ်လည်းမပေ၊ တစ်ရွာလုံးပြောင်းပြေး လျှင်ပြေး၊ မပြေးလျှင် ရွာရှိလူကုန် အားလုံး သေကြရမည်သာ ဖြစ်သည်၊

ညနေမိုးချုပ်ပြီးနောက် ဝက်ရုံနက် ကြီးနှင့် ရွာကြားထဲသို့ ဝင်လာသောဖျက် ကောင်ကြီးကို မြင်သောလူသည် သေရ မည်မှာမလွဲပေ။ လန့်အော်ရာမှ တက် သွားပြီးနောက် ပြန်မကျတော့ဘဲ အသက်ပါသွားရသည်ချည်းသာ ဖြစ်၏။

ဝက်ရုံနက်ဖုတ်ကောင်ကြီးသည် လည်း ရွာဦးမှာစ၍ ဝင်လာတတ်သည်၊ ထို့ကြောင့် ရွာဦးအိမ်ကလူတစ်ယောက် ယောက်စမြင်ပြီးလန့်သေရ၏။ ထို့နောက် ညတိုင်းတစ်အိမ်တစ်ယောက လန့်ဖျပ် သေသွားကြပေလိမ့်မည်၊ သို့တည်း မဟုတ် (၇) အိမ်ကျော်တစ်ယောက်ကျ လန့်သေသွားကြရပေလိမ့်မည်။

ဤသည်မှာ ဤတိုက်ခိုက်နည်း၏ သဘောသဘာဝအတိုင်းပင် ဖြစ်သည်၊ ရွာလုံးကျွတ်မြုတ်ပြုတ်ဖြုန်းသေဆုံးကြ ရသော တိုက်ခိုက်နည်းမျိုးပင် ဖြစ် သည်။ တစ်နည်း တစ်ရွာလုံးထွက်ပြေး ကြရသော တိုက်ခိုက်နည်းမျိုးဖြစ်သည်၊ ကိုယ်ခံပညာတစ်စုံတစ်ရာမပါဘဲ လုပ် နည်းကိုသိရုံဖြင့် တိုက်ခိုက်၍ရနိုင်သော တိုက်ခိုက်နည်းမျိုးလည်း ဖြစ်သည်။

"ဘိုးသြဘာရယ်၊ ကျုပ်လည်း ချင်း တွေကို အုပ်ချုပ်တဲ့ အသိပညာရှင် အတတ်ပညာရှင် တောင်မင်းကြီးတစ်ဦး ဖြစ်ပေမယ့် အခုတွေ့ကြုံခံစားနေရတဲ့ အဖြစ်ဆိုးကြီးကိုတော့ ဘယ်လိုမှမတတ် နိုင်တဲ့အတွက် အခုလို ဘိုးသြဘာကြီးကို လူလွှတ်ပြီး လှမ်းပင့်လိုက်ရတာပဲ။ ဒါ ကြောင့် ကျုပ်တို့ရွာသူရွာသားတွေကို သနားသောအားဖြင့် မေတ္တာကရုဏာ ကို ရှေ့ရှုပြီး ကယ်တင်စောင်မတော်မူပါ လို့ အလေးအနက်တောင်းပန်ပါရစေ၊ တစ်ညတစ်ယောက် လန့်ဖျပ်ပြီးသေဆုံး နေကြရတဲ့ကိစ္စကြီးကြောင့်လည်း အလွန် အမင်းကြောက်လန့်နေကြရပါတယ်"

တောင်မင်းကြီးက အလွန်အမင်း ကြောက်လန့်တုန်လှုပ်နေသောအမူအရာ ဖြင့် ပြောပြနေ၏၊ တောင်မင်းကြီးနှင့် တကွ စုဝေးရောက်ရှိလာကြသော ရွာ





www.burmeseclassic.com

www.burmeseclassic.com

သူ့ရွာသားများမှာလည်း မျက်လုံးများ ပြူးကျယ်ကျယ် ညှိုးငယ်သောမျက်နှာလေးများဖြင့်သာ ဘိုးညြဘာအား စိုက်၍ ကြည့်နေကြလေသည်။

ထို့ကြောင့် ဘိုးညြဘာက ပြောလိုက်သည်။

"ကျုပ်ရောက်လာပြီပဲ။ အဲ့လောက်ထိ မစိုးရိမ်ကြပါနဲ့တော့။ ကျုပ်လုပ်လိုက်ရင် ခဏချင်းပြီးသွားမယ့်ကိစ္စပါ။ နောက်လည်း ဘာမှဆက်မဖြစ်စေရပါဘူး"

တောင်မင်းကြီးက ဆက်၍ပြောသည်။

"ဖြစ်နိုင်ရင်တော့ အခုချက်ချင်းပဲ လုပ်ပေးစေချင်ပါတယ်။ ဘိုးညြဘာရယ် အဲလိုသာမဟုတ်ရင် မိုးချုပ်တာနဲ့နောက်တစ်ယောက် လန့်သေရဦးမှာပဲ"

"ကဲ - ဒါဖြင့်ရင် အခုပဲတို့ရွာဦးကို သွားကြရအောင်"

ဟု ပြောပြီး ဘိုးညြဘာကိုယ်တိုင် ဦးဆောင်ကာ ရွာဦးဘက်ကိုထွက်လာကြသည်။ ရွာသူရွာသားများလည်း ဘုရားပွဲကိုသွားသကဲ့သို့ပင် အတန်းကြီး လိုက်လာကြလေသည်။ ရွာဦးကိုရောက်လျှင် ဘိုးညြဘာက တောင်မင်းကြီးအပါအဝင်လူအားလုံးတို့အား ပြောလိုက်၏။

"အားလုံးလူဖြန့်ပြီးလိုက်ကြည့်ကြ။ တစ်စုံတစ်ခု တူးထား၊ ဆွထား၊ ဖို့ထားတာကိုတွေ့ရင် ငါ့ကိုပြော။ သစ်ပင်အောက် ချုံပုတ်အောက်လုံးဝနေရာလပ်မကျန်ရအောင် ဂရုတစိုက်လိုက်ကြည့်ပြီး ရှာကြစမ်း"

ဘိုးညြဘာနှင့် တောင်မင်းကြီး တောင်ပိုင်ကြီး၊ တောင်အုပ်ကြီးများအပါအဝင်အခြား ရွာများကပါ ရောက်လာကြသည့် ရွာလူကြီးလေးငါးယောက်တို့သည် အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှာ ထိုင်လျက် အခြေအနေများကို စောင့်ကြည့်နေကြသည်။ ဘိုးညြဘာကိုလည်း ဝါးလုံးကျည်တောက်ဖြင့် ရေနွေးတည်ကာ ကပ်လှူကြ၏။

"ဒီမှာတွေ့ပြီဗျို့၊ မြေပုံလေးတစ်ခု"

အသံကြားရာဘက်ကိုလှည့်ကြည့်ကြ၏။ ထို့နောက် တောင်မင်းကြီး၏စေခိုင်းချက်အရတောင်ပိုင်ကြီးတစ်ယောက် ထလိုက်သွားသည်။ ထိုတောင်ပိုင်ကြီးသည် ထိုနေရာကိုသွားကြည့်ပြီး ချက်ချင်းပြန်လာကာ ဘိုးညြဘာအားပြောပြ၏။

"တွေ့ပြီ ဘိုးရေ မြေကိုတူးပြီးဖို့ထားတာလေး။ တစ်ခုခုကို ထည့်ပြီး မြှုပ်ထားတာနဲ့တူပါတယ်။ ဘာမှမလုပ်ကြနဲ့။ ငါဘိုးညြဘာကို သွားခေါ်လိုက်မယ်ဆိုလို့ အဲဒီနေရာမှာ လူတွေဝိုင်းကျန်ခဲ့ကြပါတယ်"

"အေး - ငါလိုက်ကြည့်မယ်။ လာဗျာ တောင်မင်းကြီးရော၊ တောင်ပိုင်ကြီး၊ တောင်အုပ်ကြီးတွေရော သွားကြည့်ရအောင်"

ဟု ပြောပြီး ရေနွေးဝိုင်းကိုသိမ်းကာ သစ်ပင်ကြီးအောက်မှထွက်လာကြသည်။ နေရာမတောင်ပလုံးချုံကြီးအောက်တွင် လူများဝိုင်းနေကြသည်ကိုတွေ့ရသည်။

"ဒါလေးဖြစ်နိုင်ခြေရှိတယ်ကွ"

ဟု ဘိုးညြဘာကပြော၏။

"ဘာများလဲဘိုး"

ဟု တောင်မင်းကြီးကမေးသည်။

"နေဦး၊ ဟုတ်မဟုတ် ငါမြေစာတွေကိုယက်တင်ပြီးကြည့်လိုက်မယ်"

ဟု ဆိုကာ ဘိုးညြဘာက အပေါ်ယံမြေစာကို လက်နှင့်ယက်ကော်ပြီးတင်လိုက်၏။ ထို့နောက် မြေစာများကို ဆက်ပြီးယက်ကော်တင်၍ မြေထဲသို့ တစ်မိုက်ခန့်အရောက်တွင် ရှဉ့်သေတစ်ကောင်ပေါ်လာလေ၏။

"အာ. . . သေချာသွားပြီ၊ ဒီမှာပြဿနာကောင်ကိုတွေ့ပြီ"

ဟု ဘိုးညြဘာက ပြောလိုက်၍ လူအုပ်ကြီးဝိုင်းလာလေရာ တောင်မင်းကြီးက တောင်ဝှေးကိုမြှောက်ပြီးဟောက်ထုတ်လိုက်သဖြင့် အားလုံး နောက်သို့ဆုတ်သွားကြလေ၏။

ရှဉ့်သေ၏ခေါင်းကိုပြောင်အောင်ရိတ်ပြီး ဝတ်နက်ဖြင့်ပတ်ကာ လက်မှာလည်း အိုးခြမ်းကွဲကွဲလိုလို မည်းမည်း



သဏ္ဌာန်တစ်ခုကိုပိုက်လျက် မတ်တတ်မြှုပ်ထားသည်ကိုတွေ့ရ၏။ ဘိုးညြဘာက ရှဉ့်သေကို တွင်းထဲမှဆွဲထုတ်ပြီး ချက်ချင်းဖျက်ဆီးပစ်လိုက်၏။ တောင်မင်းကြီးက အံ့ညြသောအမူအရာဖြင့် စိုက်ကြည့်နေရင်းက မေးသည်။

"ဘိုးညြဘာ၊ ဒီရှဉ့်သေက ကျွန်တော်တို့ရွာမှာ အခုကြုံတွေ့နေကြတဲ့ အတိုက်အခိုက်နဲ့ပတ်သက်ပါသလား"

"ပတ်သက်တာပေါ့ကွ။ မင်းတို့ရွာကိုရောက်လာတဲ့မှော်ဆရာဆိုတဲ့လူလိမ်အကောင်က ဒီရှဉ့်သေနဲ့ မင်းတို့ရွာကိုတိုက်ထားခဲ့တာ။ ဒီအတိုင်းသာ ဒီရှဉ့်သေဆက်ရှိနေမယ်ဆိုရင် မင်းတို့တစ်ရွာလုံး မသာပေါ်ပြီလို့သာမှတ်ကြပေရော့။ ဒါပေမယ့် အခုတော့ ငါဖျက်ဆီးလိုက်ပြီဖြစ်လို့ အန္တရာယ်အားလုံးကင်းရှင်းသွားပါပြီ"

"ဒီရှဉ့်သေနဲ့ရွာကိုတိုက်ခိုက်တယ်ဆိုတော့ ဘယ်လိုများတိုက်ခိုက်သလဲ၊ အစကနေ ပြောပြပါလား ဘိုး"

"ဘာလုပ်မှာလဲကွ။ မကောင်းတဲ့အတတ်ကို မင်းကိုရွာသားတွေကိုယ်တိုင်သေကျေပျက်ကြရတဲ့အထိ အဖြစ်ဆိုးတို့ မင်းကတတ်ချင်နေသေးသလား။ အခြားရွာ၊ အခြားလူတွေကို မင်းသတ်ချင်နေသေးသလား"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲဘိုးရဲ့။ ဒါပေမယ့် နောက်နောင်ဒါမျိုးကိုယ့်ရွာကို တိုက်လာရင် ဘယ်လိုမျိုးပြန်လုပ်ရမယ်လို့ဆိုတာတော့ သိထားသင့်တာပဲမဟုတ်လား"

"အေး - နောက်ဒါမျိုးတိုက်ခိုက်ခံလာရင် အခုလိုပဲ ရွာဦးမှာလိုက်ရှာပြီး ဖျက်ဆီးပစ်လိုက်ပေါ့"

ဤတိုက်ခိုက်ခြင်းမျိုးသည်ကား အလွန်အမင်း ကြောက်စရာကောင်း၏။ တစ်ရွာလုံး ပြုတ်ပြုတ်ပြုန်းအောင် သေကျေပျက်စီးကြရ၏။ အင်မတိအင်မတန် စိတ်ထားယုတ်မာသောဆရာဆိုးမျိုးသာ ဤတိုက်ခိုက်နည်းကိုအသုံးပြုလေ့ရှိ၏။ ရှဉ့်ကိုမရလျှင် ကြွက်သေဖြင့်လည်း စီရင်ကာ တိုက်ခိုက်နိုင်၏။ သို့သော်လည်း လုံးဝမလုပ်ကောင်းသော ဆရာမျိုးသာဖြစ်၏။

ထို့ကြောင့် ဘိုးညြဘာသည် တိုက်ခိုက်ခြင်းကိုသာ ရှာဖွေဖျက်ဆီးလိုက်ပြီး တိုက်ခိုက်နည်းများကိုမူ တစ်ဦးတစ်ယောက်ကိုမျှပြောမပြခဲ့ပေ။

မင်းပဒိုမ်းဖြိုး



www.burmeseclassic.com

www.burmeseclassic.com



(သာစည်)

# အာကာသ

## လက်ဆောင်ကောင်းရသော ယောကျ်ားတို့ဘဝ

ယောကျ်ားနှင့် မိန်းမ တစ်ယောက်ကတစ်ယောက်ကို စုံမတ်သဖြင့် နှစ်ဦးသဘောတူ နေထိုင်ပေါင်းသင်း အိမ်ရာထောင်ခြင်းကို အိမ်ထောင်ရက်သားကျသည်၊ အိမ်ထောင်ပြုသည်ဟု ဆိုသည်။ ယင်းသို့ အကြင်လင်မယားအလို့ငှာ လူသိရှင်ကြား အခမ်းအနားကျင်းပကာ ဆောင်ကြဉ်းခြင်းကိုလည်း ထိမ်းမြားမင်္ဂလာပြုလုပ်သည် ဟူ၍ ခေါ်ကြပြန်သည်။

မြန်မာ့ရိုးရာအစဉ်အလာတို့တွင် ယောကျ်ားနှင့်မိန်းမ အိမ်ထောင်ပြုကြခြင်းကို လက်ထပ်သည်၊ ထိမ်းမြားသည်၊ စုလျားရစ်ပတ်သည်ဟု အမျိုးမျိုးသမုတ် ခေါ်ဝေါ်ကြ၏။ ယောကျ်ားငယ်နှင့်မိန်းမငယ်ကို ပေးစားထိမ်းမြား၍ အိုးအိမ်ရာယှဉ်သည်ဟု လည်းကောင်း၊ အာဝါဟဝိဝါဟမင်္ဂလာနှစ်ပါးပြုလုပ်သည် ဟူ၍လည်းကောင်း ဆိုကြလေသည်။

ထိုစဉ်မှ ရှေးက စုလျားပိုက်သွင်း ဆောင်နှင်းခြင်းပြုကြရာတွင် ယောကျ်ားငယ်နှင့် မိန်းမငယ်တို့၏လက်ယာလက်နှစ်ဖက်ကိုထပ်၍ အပေါ်တင်ပုဆိုးဖြင့်ရစ်ပတ်ပေးရသည်။ ထို့ပြင် ယောကျ်ားငယ်၏လည်မင်းကို ကနဦးပန်းကုံးစွပ်ပေး၍ ယင်းပန်းကုံးကိုချွတ်ကာ မိန်းမငယ်၏လည်ပင်းသို့ တစ်ဖန်စွပ်ပေးရသည်။ အာဝါဟမင်္ဂလာ ဆိုသည်မှ သတို့သားအတွက် တစ်ပါးအိမ်မှသတို့သမီးကို ဆောင်ယူခြင်းဖြစ်၍ ဝိဝါဟမင်္ဂလာကား သတို့သမီးကို သတို့သားအိမ်သို့ပို့ခြင်း ဖြစ်သည်။

ရက်မြတ်မင်္ဂလာရွေး၍ သတို့သားနှင့် သတို့သမီးကို လူပျိုရံ အပျိုရံများခြံရံလျက် ပွဲထုတ်ကြပြီး ဂုဏ်သရေရှိသောလူကြီးသူမဇနီးမောင်နှံနှစ်ဦးက လက်ဆက်ပေးသည်။ထို့နောက် ရတနာသုံးပါးနှင့်တကွ နှစ်ဖက်သောမိဘများကို ကန်တော့စေပြီး ကြွရောက်ကြကုန်သော ဧည့်ပရိသတ်တို့ကို ကျွေးမွေး၍ တူရိယာအတီးအမှုတ်များနှင့် ဧည့်ခံခြင်းပြုသည်။ ထို့ထက် ချဲ့ထွင်ပြီးလုပ်သူတို့က ဘိသိက်သွန်းခြင်း၊ ဩဘာစာဖတ်ခြင်း၊ ရတုဖတ်ခြင်း၊ ဩဝါဒစကားပြောကြားခြင်း ဟူသည်တို့ဖြင့် ကျယ်ပြန့်စွာ ထည့်သွင်းဆောင်ရွက်ကြသည်။ အချို့သောကျေးလက်ဒေသရွာတို့တွင် မင်္ဂလာပွဲကို ရိုးရှင်းစွာ ကျင်းပသောကြောင့် သံဃာတော်များပင့်ဖိတ်၍ မင်္ဂလာဦးဆွမ်းကပ်လှူပြီး မင်္ဂလာတရားနာကြားကြလေသည်။

'အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးချက် ခုမပိုင်လျှင်၊ နောင်ပြင်နိုင်ခက်သည့်အမျိုး' ဟူသောစကားရှိလေရာ အစကောင်းမှ အနှောင်းသေချာသဖြင့် နှလုံးသားရေးရာကိုချည်း ရှေ့တန်းမတင်သင့်ပေ။ လက်ထပ်ခြင်းမပြုမီ ယောကျ်ားလေးက မိန်းကလေး၏အတိတ်ကြောင်း ကောင်း၊ မကောင်းလေ့လာသင့်သလို မိန်းကလေးကလည်း အနာဂတ်ကောင်းမည့် ယောကျ်ားဟုတ်၊ မဟုတ်ကို စောကြောဖို့လိုပါသည်။

ဟိုစဉ်တုန်းက ယောကျ်ားလေးနှင့်မိန်းကလေးတို့ ချစ်ကြိုက်ရည်ငံ၍ ရည်းစားသနားထားလျှင် သုံးနှစ်သုံးမိုးကြာ

www.burmeseclassic.com

မြင့်ကြသည်။ ပုန်းလျှိုးကွယ်လျှိုး ဆိတ်ကွယ်ရာတွင် ချိန်းမတွေ့၊ မိဘမောင်ဖွားစုံရာတို့၏ရှေ့တွင် မောင်ရင်းနှမသဖွယ်ယဉ်ကျေးစွာ ပြောဆိုဆက်ဆံသည်။ မိန်းကလေးက လက်ခံသောအခါကျမှ ယောကျ်ားလေးအနေဖြင့် မိကောင်းဖခင်သားသမီးပီသစွာ တောင်းရမ်းပြောဆို လက်ထပ်ကြလေသည်။

ရှေးလူကြီးသူမများက ယောကျ်ားတစ်ယောက်အဖို့ မိန်းမကောင်းတစ်ယောက်ကိုရခြင်းသည် ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်ကောင်းရခြင်း ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ယောကျ်ားလေးသည် ခြေဆေးပြီးနောက် ရွှံ့နှံ့တိုရှောင်သကဲ့သို့ မိမိ၏ ကာမပိုင်ဇနီးမှတစ်ပါး အခြားသောမိန်းမများနှင့် အိမ်ထောင်ရေးကိစ္စ၌ ကင်းကင်းရှင်းရှင်းရှိဖို့လိုသည်။

မိန်းကလေးတစ်ယောက်အနေဖြင့် ယောကျ်ားထံ တစ်ဘဝလုံးပုံအပ်ပြီး လက်ထပ်အတူနေခြင်းသည် ကာမဂုဏ်ခံစားဖို့သက်သက်ချည်း မဟုတ်ပေ။ ယောကျ်ားနှင့်မိန်းမတို့ အတူပေါင်းသင်းနေထိုင်ခြင်းသည် ကာမဂုဏ်ခံစားဖက်သက်သက်ဟုဆိုလျှင် လူမဆန်သောအယူအဆဖြစ်သွားလိမ့်မည်။ ကာမဂုဏ်ခံစားခြင်းကို လူတို့သာမက တိရစ္ဆာန်များပင်ရှိကြရာ လူ့အဖြစ်ကို တိရစ္ဆာန်လောက်ပဲသဘောထားရာရောက်သွားနိုင်ပါသည်။

မိန်းကလေးက ယောကျ်ားတစ်ယောက်ကို တကယ်တမ်းချစ်ပြီဆိုလျှင် မိမိဘဝလုံခြုံစိတ်ချရရေးအတွက်အားကိုးရာခြင်းမျိုးအဖြစ်ဖြင့်လက်ထပ်ကြသည်။ မိန်းကလေးအဖို့ အဖေတစ်ယောက်လို နွေးထွေးမှုပေးခြင်းကိုရသကဲ့သို့ ပုဆိုးတစ်ထောင်ခြုံ၍ မောင်တစ်ကျိပ်စောင့်သော်လည်း လုံနိုင်ခဲ့သည့် မိမိဘဝကို လင်သားအဖြစ်နှင့် လုံခြုံစေသည်။ ယုံကြည်စိတ်ချရသော သူငယ်ချင်းကောင်းလို ဖွင့်ဟတိုင်ပင်နိုင်သကဲ့သို့ မောင်နှင့် နှမသဖွယ်လည်း အေးချမ်းသောမေတ္တာကို ရရှိခံစားစေသည်။

ယောကျ်ားအတွက် မိန်းမကောင်းတစ်ယောက်သည် အမိသဖွယ်ဖြစ်၍ နှမနှင့်တူပြီး မိတ်ဆွေစစ်လည်းဖြစ်၏။ ယင်းမိန်းမမျိုးကား မိမိလင်မှတစ်ပါး လော်လည်ဖောက်ပြားခြင်းအလျဉ်းမရှိဘဲ လင်ယောကျ်ားကို သားသကဲ့သို့ချစ်မြတ်နိုးကာ မောင်ဖွားမိဘအလား ရှက်ကြောက်ရိုသေ၏။ အကြောင်းကိစ္စရှိလျှင် မိတ်ဆွေလိုကူညီ၍ အရှင်သခင်အလား ဝတ်စားဆင်ယင်ပြင်ဆင်ပေးလေ့ရှိ၏။ မိမိကိုယ်တိုင်လည်း အရောင်အဆင်းရှိရှိ လှလှပပဝတ်စားဆင်ယင်ထုံးဖွဲ့၍ လင်သား၏အလိုသို့လိုက်ကာ သည်းခံနိုင်ပြီး မွေ့လျော်ဖွယ်ရာများကို ပြုလုပ်ပေးလေ့ရှိသည်။

အဆင့်အတန်းရှိသောမိန်းမသည် အခြေအနေတစ်ခုကို ဝေဖန်ပိုင်းခြားနိုင်၏။ ဆိတ်ကွယ်ရာပင်ဖြစ်စေ ကာယိန္ဒြေအတွက် တည်ငြိမ်စွာ ထိန်းသိမ်းနိုင်၏။ ကိုယ်နှုတ်အမူအရာစောင့်စည်းပြီး သိမ်မွေ့စွာနေလေ့ရှိ၏၊ ပြိုင်ဆိုင်ကြွားဝါးမှုကို ရှေ့တန်းမတင်ဘဲ ဂုဏ်သိက္ခာအတွက် တန်ဖိုးထား၏။ မိတ်ဆွေအပေါင်းအသင်းများကို ပကာသနနှင့်စည်းမခြားဘဲ မပြောင်းလဲသောဆက်ဆံရေးကို အမြဲထားရှိလေသည်။

မိန်းမမြတ်တို့သည် အဆင်းသွင်ပြင်ချောမောပြေပြစ်ခြင်း၊ စည်းစိမ်ချမ်းသာရှိခြင်း၊ သီတင်းသီလဆောက်တည်ခြင်း၊ တတ်သိလိမ္မာခြင်းနှင့် လှုံ့လဝီရိယရှိခြင်းဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံကြသည်။ မိန်းမကောင်းတို့ပီသစွာ နှစ်သက်ဖွယ်နေထိုင်၍ ချစ်စရာကောင်းသောစကားကိုဆိုလေ့ရှိပြီး လင်၏အစီအမံကို ခံယူလေ့ရှိသည်၊ လင်အိပ်မှအိပ်ကာ လင်အိပ်ရာမနိုးမီ ကြို့တင်ထလေ့ရှိသည်။

လင်ယောကျ်ားရှိသော မိန်းမကို အိမ်ရှင်မဟု ခေါ်၏။ အိမ်ရှင်မသည် အိမ်တွင် ကုသိုလ်တရားနှင့် မေတ္တာတရားများ လွှမ်းခြုံရှင်သန်နေအောင် ဆောင်ကြဉ်းရသူ ဖြစ်၏။ အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ ဟူသောအိမ်သူကျင့်ဝတ်နှင့်လျော်ညီစွာနေရသူလည်း ဖြစ်သည်။

မိန်းမတစ်ယောက်သည် အရည်အဆင်းကောင်းမွန်ခြင်း၊ အရွယ်ကောင်းခြင်း၊ အသားအရေကောင်းခြင်း၊ အရိုးအဆစ်ပြေပြစ်ကောင်းမွန်ခြင်း၊ ဆံကေသာကောင်းခြင်းဟူ၍ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံရသည်။ ယင်းသို့ ကောင်းခြင်းငါးဖြာစုံစေသော မိန်းမမျိုးကို ယောကျ်ားများ နှစ်ခြိုက်ကြသည်။ ထို့ထက် ငွေရှာကောင်းသော မိန်းမကို ရွေးချယ်သဖြင့် မိမိအား ဂရုမစိုက်နိုင်သည်ကို သည်းခံရသည်။ မိသားစုအပေါ် တာဝန်ကျေလွန်းသည့်မိန်းမကို ရွေးချယ်သဖြင့် သူငွေမရှာတတ်သည်ကို နားလည်ပေးရသည်။ အလှမက်သော မိန်းမကိုရွေးချယ်သောကြောင့် သူ၏သုံးဖြုန်းမှုဒဏ်ကို ခံပေးရလေသည်။

မိသားစု၏ဘဝရှေ့ရေး မျှော်တွေးမကြည့်ဘဲ မိမိလှပရေးကိုသာ ဦးစားပေးလွန်းသောမိန်းမမျိုးကား မာယာတစ်သိန်း အပလိန်းအနန္တရှိသူဟုဆိုရလိမ့်မည်။ ယင်းမိန်းမတို့သည် ချိုပြုံးသောမျက်နှာပေးကိုထား၍ တိုးတိုးညင်းညင်းရယ်တတ်သည်။ ကြောက်ရွံ့ထိတ်လန့်တန်ပြု၍ ရှက်ဟန်အသွင်လည်းပြတတ်သည်။ စကားပြောရာတွင် မကြားတကြားပြော၍ မျက်လုံးထောင့်ကပ်ပြီး မခို့တရို့ကြည့်လေ့ရှိသည်။ ကျူကျူကျာကျာဖိုလိုက်ကာငိုရှိုက်၍ လင်ယောကျ်ားမခံချင့်စရာစကားကိုဆွပေးပြောဆိုတတ်သည်။

မိန်းမတို့သည် အသားမဖြူလွန်း၊ မညိုလွန်းရှိ၍ အရပ်မနိမ့်လွန်းမမြင့်လွန်းရှိပြီး ကိုယ်ခန္ဓာမဝလွန်းမပိန်လွန်းသော အလှဂုဏ်ခြောက်ပါးနှင့်ပြည့်စုံရသည်။ ရှေးကစာပေများတွင် ပဒုမ္မိနီမိန်းမမျိုး၊ သင်္ခနီမိန်းမမျိုး၊ စိတြိနီမိန်းမမျိုးနှင့် ဟတ္ထိနီမိန်းမမျိုးဟူ၍ မိန်းမ (၄) မျိုးရှိသည်ဟု ဖတ်ရသည်။ သို့သော်လည်း မျက်မှောက်ကာလတွင် မိန်းမ (၆)မျိုးရှိသည်ဟုဆိုကြပြန်လေသည်။

၁။ ယောကျ်ားဖြစ်သူကို မိမိအနားတွင် အမြဲလိုရှိစေချင်၍ဂရုတစိုက်လုပ်နေမှု ကျေနပ်တတ်သည့် တွယ်ချိတ်နှင့်တူသောမိန်းမ။

၂။ အလိုမကျတိုင်းစောင့်စည်းမှုမရှိဘဲ နှုတ်လန်ထိုးပြောလေ့ရှိသည့် အပေါက်ဆိုးသောမိန်းမ။

၃။ အိမ်မှုကိစ္စနှင့် လင်၏ဝတ္တရားကို ကျေပွန်အောင်မဆောင်ရွက်ဘဲ မိမိလှပရေးအတွက်သာဂရုစိုက်ပြီး ဘာတစ်ခုမှမလုပ်ချင်သော အပျင်းထူသည့်မိန်းမ။

၄။ လင်ယောကျ်ားနှင့် တန်းတူစီးပွားရှာနိုင်သော်လည်း အိမ်ဦးနတ်ကိုဘေးချိတ်ပြီး ထင်ရာမြင်ရာလုပ်တတ်သော ယုံကြည်မှုလွန်ကဲနေသည့်မိန်းမ။

၅။ ယောကျ်ား၏ ဆုံးဖြတ်ချက်ကိုရမှလုပ်တတ်သဖြင့် ယောကျ်ား၏သဘောကျနေတတ်သော အိမ်စေနှင့်တူလွန်းသည့်မိန်းမ။

၆။ မိမိကိုယ်ကိုယုံကြည်မှုအပြည့်အဝရှိပြီး လင်ယောကျ်ားက ပူပန်စရာရှိလျှင် နှစ်သိမ့်ပေးလေ့ရှိ၍ ပျော်ရွှင်စရာရှိလျှင်လည်း အတူရယ်မောရွှင်ပြုံး



www.burmeseclassic.com

www.burmeseclassic.com

# စိုးမင်း(မြောက်စည်း-ရွာသစ်)
# အဆုတ်နာသမားများအတွက်
# ဝံအူမြစ်အစွမ်း

တစ်နေ့ ရွာထဲက ကုန်စုံရောင်းတဲ့ ကိုဌေးတို့အိမ်သို့ အလည်ဝင်လိုက်၏။ တရှောင်ရှောင်ဖြစ်နေသူမို့ သာကြောင်း မာကြောင်းမေးရင်း ဝင်လည်ခြင်းဖြစ်ပေ၏။ ထိုအချိန် သူတို့လင်မယား ထမင်းပွဲပြင်၍စားတော့မည့်အချိန်ကိုက်ဖြစ်နေ၏။

"ကိုဌေး၊ နေကောင်းလား"

"ကောင်းတယ် ဦးစိုး။ လာ-ထိုင်"

"တစ်ခါတည်း ထမင်းဝင်စားလိုက်ပါလား။ ထမင်းဟင်းတွေအများကြီး"

"တော်ပါပြီကွာ၊ မင်းတို့ဟင်းတွေ ငါလည်းမစား ကော်ဖီပဲသောက်မယ်"

မိမိသည် ဒီလင်မယားအား အကဲခတ်ရင်း ဟင်းခွက်များထံအကြည့်ရောက်ပြန်၏။ မိမိသည် ရောင်းတန်းကော်ဖီတစ်ထုပ်ယူ ဖန်ခွက်ဖြင့်အသစ်ဖျော်ကာ သူတို့နှင့်မျက်စောင်းထိုးဝင်ထိုင်လိုက်၏။

လင်မယားနှစ်ယောက် မြိန်ရေရှက်ရေထမင်းစားနေတော့ လွန်ခဲ့တဲ့ သုံးလေးငါးနှစ်ခန့်က ကိုဌေးခမျာ ကျန်းမာရေးမကောင်း ပိန်ခြောက်ကပ်နေသောခန္ဓာကိုယ်နှင့် ထမင်းပျော့ပျော့၊ အရွက်ကြော်လေးတစ်ခွက်၊ ဟင်းရည်သောက်တစ်ခွက်၊ နွားနို့ ဒါလောက်သာ စားရသူက ယခု မိမိအမြင်က ထူး၍ မေးရလေ၏။

"ကိုဌေး မင်း အရင်တုန်းက ဒီလို ဟင်းတွေ မစားနိုင်ဘူး။ အခုဘယ်နဲ့စားနိုင်တာလဲကွယ်"

သူကလည်း ထမင်းစားရင်းဖြေရှာ၏။

"ဦးစိုး မသိသေးပဲကိုး။ ဟင်းတွေ ပြန်စားတာ တော်တော်ကြာပြီ။ ဘာ အစားမှမရှောင်တော့ဘူး အကုန်စားလိုရပြီ။ ကျွန်တော့်အသားအရေကြည့်ပါလား အရင်လိုမှမဟုတ်"

ဒါလည်း ဟုတ်နေပါသည်။ ဖြူတိဖြူဖပ်အသားအရေမဟုတ်တော့ပေ။

"အေး-ငါလည်းမလာတာကြာပြီလေ။ ခုမှ မြင်တာကိုးကွ။ ဒါဆို မင်း ရောဂါတွေပျောက်ပြီပေါ့ ဒီလိုလား"

"ဟုတ်တယ် ဦးစိုး၊ ရောဂါတွေ အကုန်ပျော်ကာသလောက်ပဲ"

မိမိအံ့ဩသည်က ထမင်းပွဲမှ ကြက်သားဆီပြန်၊ ကုလားပဲနှပ်၊ မုန်ညင်းရွက်အရည်သောက်၊ ငရုတ်သီးထောင်း၊ ဟင်းအံ့အား စားနိုင်လာ၍ဖြစ်လေသည်။ ယခင် သူ့ရောဂါကြောင့် အဖတ်ပင်မပါသည့်ဟင်းသာ စားရမှန်း မိမိသိနေ၏။ သူ့ရောဂါပျောက်တာ ဆေးနည်းကောင်း



နွယ်ပင်ကဲ့သို့ ဝံရှုပင်များ

အေးအတူပူအမျှနေလေ့ရှိသည့်မိန်းမ၊ သူမ၏အချစ်ကို မိမိယောကျ်ားနှစ်လိုဖွယ်ရှိအောင်ပြတတ်သကဲ့သို့ ယောကျ်ားထံမှ အချစ်ကိုရအောင်လည်း ဆောင်ကြဉ်းနိုင်ပြီး မိန်းမကောင်းမိန်းမမြတ်ဟု သမုတ်အပ်သည့်မိန်းမ။ ထိုမိန်းမမျိုးကား ကံအကျိုးပေးကောင်းသော ယောကျ်ားအတွက် လက်ဆောင်ကောင်းရသည့် ဇနီးမယားပင်ဖြစ်ချေသည်။

ယောကျ်ားနှင့်မိန်းမ အတူပေါင်းသင်း၍ အိမ်ထောင်သည်ဘဝဖြစ်လာပြီဆိုလျှင် အချစ်ညီသောအိမ်ထောင်ဖက်ဖြစ်မှ သာယာချမ်းမြေ့မှုကိုရစေသည်၊ မယားက သစ္စာရှိ၍ သိကြားမင်းလာရောက်ဖြားယောင်းသည့်တိုင် မယိမ်းယိုင်သောမေတ္တာမျိုးထားသကဲ့သို့ လင်ယောကျ်ားကလည်း သိကြားမင်း၏ သူဇာမိဖုရားက ဖျက်တောင်မပျက်နိုင်သည့်အချစ်မျိုးထားရှိရသည်။

တကယ်ဆိုလျှင် လင်နှင့်မယားဖြစ်လာပြီဆိုကတည်းက ကျယ်ပြန့်သော လူ့ဘဝ၏တာဝန်များကို အချင်းချင်းအဖော်သဟဲပြုကာ မမှိတ်မသုန်ထမ်းဆောင်ကြမည်ဟု တာဝန်ခံထားသူများနှင့်တူသည်။ စားဝတ်နေရေးအတွက်လည်းကောင်း၊ ကျန်းမာရေးအတွက်လည်းကောင်း၊ မျိုးဆက်ပြန့်ပွားရေးအတွက်လည်းကောင်း၊ ကုသိုလ်ရေးအတွက်လည်းကောင်း နှစ်ဦးတိုင်ပင်၍ တာဝန်ယူကြသည်။ ဘဝခရီးကုန်ဆုံး၍ သေလွန်သောအခါ၌လည်း သူသေငါမို့ မချို့တဲ့အောင်ရှက်ဆောင်ပြီး နောင်ဘဝအတွက်ပင် အမျှအတန်းပေးဝေကြရသေးသည်။

ဤသို့ သက်ဆုံးတိုင် ရိုးမြေကျပေါင်းသင်းနေထိုင်ကြသော လင်မယားတို့သည် လင်က မယားကို၊ မယားက လင်အား သနားညှာတာ အကြင်နာပွားကာ ဆက်ဆံကြသည်။ အစားအစာစားသောက်ရာတွင် ချစ်ချင်ခင်ခင် ကြင်ကြင်နာနာ ဖွယ်ဖွယ်ရာရာ အတူတကွပျော်ရွှင်စွာစားသုံးကြသည်။ ပွဲလမ်းသဘင်ကိုသွားလျှင်လည်း မခွဲမခွာအတူသာသွားကြသည်။

အပျို၊ လူပျိုတို့၏ဘဝကား လွတ်လပ်သည်ဟုဆိုစေမူ ပြည့်ဝစုံလင်သော လူ့ဘဝမဟုတ်သေး။ စိတ်တူကိုယ်တူ အချစ်ချင်းတူသော အိမ်ထောင်သည်တို့၏ဘဝကသာ လူ့ဘဝစစ်စစ်ဖြစ်လေသည်။ အတုယူအားကျစရာစိတ်ချမ်းမြေ့ဖွယ်ရာကောင်းသော အိမ်ထောင်သည်များဖြစ်ကြပါစေ။

အာကာသ (သာစည်)



www.burmeseclassic.com

www.burmeseclassic.com

ရှိမှန်းသိ၍ မေးရလေ၏။

"ဆေးကကောင်းလှချေလားကွ။ ဘာဆေးလဲလုပ်ပါဦး"

"ဦးစိုးတို့ခြံစည်းရိုးဘေးပေါက်တဲ့ ဝံအူမြစ်နဲ့ပျောက်တာ"

"ဟုတ်ရဲ့လားကွာ မနောက်စမ်းပါနဲ့"

"ဟုတ်တယ် ဦးစိုးရဲ့ တကယ်ပြောတာ။ ထမင်းပြီးရင်သေချာပြောမယ်"

ထမင်းပန်းကန်ကိုင်၍အိမ်နောက်ဖေးဝင်သွား၏။ သူ့ဇနီးက စားဆဲသာ။ ကော်ဖီသောက်ရင်း စီးကရက်ဖွာ ကိုဌေးအလာစောင့်ရင်း၊ မကြာ မိမိအနားကို ဌေးလာထိုင်၏။

"ကျွန်တော့်ရောဂါအကြောင်းကို အရင်တုန်းက ဦးစိုးတို့သိပါတယ်။ ကျောက်ကပ်လည်းမကောင်း၊ အသည်းကခြောက်၊ နှလုံးကညံ့၊ အဆုတ်က အနာနဲ့ ဒီလိုတစ်ပြိုင်တည်းဖြစ်ထဲ့သူမရှိသလောက်ပဲ။

မိန်းမနဲ့သားချင်းတွေကယ်တော့ အသည်းခြောက်တာ၊ ကျောက်ကပ်နှစ်လုံးတွေ ကောင်းလာတယ်။ အဲ-နောက်ဆုံးကုလို့ခက်တာက အဆုတ်ကအနာပဲဗျ။ ဒီအနာကြောင့် ရန်ကုန်၊ မန္တလေး ဆင်းတာခဏခဏ။ ကားပေါ်က အဘွားကြီးတစ်ယောက်က ဆေးနည်းပြောလို့ မသောက်ရဲသောက်ရဲသောက်ရာကနေ အခုပျောက်သွားပြီ။အဆုတ်နာရှိတုန်းက ဦးစိုးပြောသလို ကောင်းကောင်းဘာမှ မစားရဘူး။ အသက်ရှူရတာလည်းမဝ၊ သေမယ့်နေ့စောင့်နေသလိုပဲ"

"ဩော် - မင်းက ဒီလောက်ထိ ခံစားခဲ့ရတာကိုး။ ဒါနဲ့ဝံအူမြစ်ကိုဘယ်လို သုံးတာလဲကွ ပြောဦး"

"ကျွန်တော်က ဆေးအဖြစ်နှစ်မျိုး သုံးတာ။ သောက်ခါစက အစိမ်းကိုသွေး သော့က်တာ။ သက်သာလာတော့ အခြောက်ကိုသုံးတာ"

"မင်း ဆေးစသောက်တော့ အစို သုံးတာ မနံဘူးလားကွာ"

"နံတာပေါ့ ဘယ့်နှယ်ပြောပါလိမ့်။ ပျောက်ချင်တော့ မှိတ်သောက်ရတာ။ အဝင်က ဆိုးသေး၊ အခြောက်ကတော့ မနံဘူး မွှေးမွှေးလေးပဲ"

"စောစောက ဆေးစသောက်တော့ ဘယ်လောက်အထိသောက်တာလဲကွ"

"ဝံအူမြစ်အစိုကျောက်ပျဉ်မှာသွေး လက်ဖက်စားဇွန်းနဲ့ မနက်၊ ညနှစ်ကြိမ်



ဝံအူအပင်ပေါက်

သောက်တယ်။ သက်သာလာတော့ မနက်ပိုင်းတစ်ခါပဲသောက်တော့တယ်၊ ပိုသက်သာလာတော့ တစ်ရက်ခြား၊ နှစ်ရက်ခြားသောက်တာ တစ်လကျော်တော့ ကောင်းနေပြီ။ အမြစ်ပြတ်အောင် အခြောက်ကိုထုထောင်းပြီး လက်ဖက်ခြောက်လို ရေနွေးနဲ့ဖျော်သောက်တာ"

"အခုကော ဒီဆေးသုံးသေးလား"

"တစ်ခါတလေ ရေနွေးဖျော် သောက်တယ်လေ။ ရောဂါပျောက်ပြီပဲ"

"ဒီလိုဆိုတော့လည်း ဝံအူမြစ်က ဟုတ်လှချေလား။ အတော်များများက အရိုးဆက်တာ၊ အရိုးကျိုးတာ အမိက သုံးနေကြတာ။ တချို့က ခြေဆစ်လက်ဆစ်ကိုက်တာသွေးလိမ်းတဲ့သူတွေသက်သာတယ်၊ ငါက ဒါလောက်သိတာ။ မင်းရဲ့ဆေးနည်းက ပိုစွမ်းတာပေါ့ကွာ။ ဒီဆေးနည်းမသိတဲ့သူများတယ်ကွ"

"ဦးစိုးပြောလို့ သတိပေါ်သေးတယ်။ ကျွန်တော့်သူငယ်ချင်းကားသမားတွေ အဆုတ်နာထိတဲ့သူ တော်တော်များတယ်။ မုံရွာ-ပခုက္ကူ-မန္တလေးဘက် အမြဲတမ်းကားမောင်းနေတာ။ ဒီဆေးနည်းပေးလိုက်တာ ဒီကောင်တွေအကုန်သက်သာတယ်၊ တချို့က အရှင်းပျောက်သွားတာ။ သူတို့ကပိုဆိုးမှာပေါ့။ နေ့စဉ် အင်ဂျင်နံ့၊ အိတ်ဇောနံ့ရှူနေရတော့ အသက်ရှူမဝတာ၊ အသက်ရှူကျပ်တာ၊ ရင်ခေါင်းနာတာ၊ ဗိုက်တွေနာတာ ခံစားရတယ်။ ရောဂါဖောက်တော့ ကားနားရသေးတယ်။ အခု အလုပ်မပျက်တော့ဘူး။

"သူတို့က အခုကားထွက်ရင် ဝံအူမြစ်အခြောက်ကို လုံးချမ်းကွဲတစ်ခါတည်းယူသွားတော့တာ။ ရောဂါထရင် နီးရာဈေးဆိုင်နား ရေနွေးနဲ့ဖျော်သောက် ပြီး (၁)နာရီ (၂)နာရီအိပ်နားလိုက်ရင် သက်သာသွားပြီး ကားဆက်မောင်းနိုင်ပြီ။ အခုဆို တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းရာက ကားသမားအတော်များများသိနေကြပြီ"

"အေး - ဝမ်းသာစရာကွာ မင်းတဆေးနည်းပေးတော့ ကုသိုလ်ရတာပေါ့ကွာ။

မင်းရဲ့ဆေးနည်း (၇)ရက်သားသမီးအတွက် ဖြန့်ဝေရဦးမှာ။ စာလည်းပြောလို့ကောင်းတယ်။ ကဲ - မြန်မြန်ဦးမယ်ကွာ"

"ဟုတ်ကဲ့ ဦးစိုး"

ဝံအူပင်သည် ရထားလမ်းနံဘေး ကားလမ်းနံဘေး တောတောင်အနံ့ပေါက်ပါသည်။ ယောနယ်တစ်ဝှ မှာတော့ လက်ညှိုးထိုးမလွဲပေါ ... သည်၊ အကယ်၍ ဆေးသုံးလိုသူ မရှာတတ်လျှင် ရွာ၏အနောက်ဖျား နေသော စာရေးသူထံ ရောက်အောင် ပါ။ မလာနိုင်လျှင် အကူညီတောင်း အိမ်ခြံစည်းရိုးနံဘေး သံလမ်းဘေး လောက်ကြိုက်သလောက်တူး ပါမည်။

ဖုန်း - ၀၉-၉၇၉၄၁၂...

စိုးမင်း(မြောက်စည်းဌာန...)



www.burmeseclassic.com

www.burmeseclassic.com



## မောင်သင်းထုံ (ကျောက်မဲ) ၉

## ညှော်ဝတ်ခံမာယာဖုံးပါလို့ ချစ်မသုံးမုန်းမဆင် ကြားတင်တဲ့ရက်တွေပေါ့

ထန်ဒါး ရန်ကုန်သွားတော့ အသက်က ဘာရှိဦးမှာလဲ။ (၁၄) နှစ်ပေါ့။ ရောက်ဖူးလို့ဟုတ်ပေါင်။ သူ့ဆရာ လမ်းဗိုလ်ကြီး သူတို့တောင်ပေါ်ကနေ ရန်ကုန်ကို အလုပ်ပြောင်းလို့ လိုက်သွားခဲ့တာပါ။ တောင်ပေါ်မှာရှိတုန်းကတည်းက ရန်ကုန်လိုက်ချင်ကြောင်းပြောတော့ ဆရာကြီးတို့ မင်းက အသက်ငယ်သေးတယ် ခေါ်ဘူး။ မခေါ်တဲ့ဟာကို ထန်ဒါးက နောက် (၁) လလောက်ကြာမှ အဲဒါ သိန်းရမ်းသန်းလိုက်သွားခဲ့တာရယ်။ လိပ်စာမရှိ။ ရန်ကုန်များလွယ်မှတ်လို့။ ဒါတို့ ထန်ဒါး ဆိုတဲ့ကောင်လိုက်ဖြစ်အောင်လိုက်သွားခဲ့တာပါဆိုနေ။ ခက်လိုက်တာ။

"ဆရာ၊ ငါ ဟောဒီမှာ တောထဲက ပျားရည်ရလာတယ် - ရော့။ ပျားကောင်အနုလေးတွေကြော်စားလို့ရတယ်။ သိပ်ဆိမ့်တာ"

"ထန်ဒါးရယ်၊ ပျားရည်တော့ယူမယ်။ ပျားကောင်နုလေးတွေတော့ စားရဲဘူး။ ရော့ - နင်ပြန်ယူသွား အင့်"

လမ်းဗိုလ်ကြီးကတော်က မြို့သူဆိုတော့ ဟိုဟာဖြင့်လည်းမစားရဲ၊ ဒီဟာဖြင့်လည်းမစားရဲနဲ့။ သူနဲ့စာရင် လမ်းဗိုလ်ကြီးကမှ ခေါင်ရည်သောက်၊ တောသားတွေစားနဲ့။ သူကမှရဲသေးရဲ့။ ထန်ဒါးတို့လား တောင်ပေါ်သဘာဝ ရှားပါးတဲ့ စားကောင်းသောက်ကောင်းလေးများရလာရင် ကိုယ်ရှိသေလေးစားရတဲ့ ဆရာသမား၊ ကျေးဇူးရှင်တွေကို ကိုယ်သက်စွန့်ကြိုးပမ်းရှာလာတဲ့ စားဦးစားဖျားတွေနဲ့ လက်ဆောင်ပေးကြရတာ သဘာဝမဟုတ်လား။

ထန်ဒါးလား။ 'လန်ကွတ်တီ'သာသာလေးဝတ်နေရာက ခုတော့ ဒီတစ်ဆောင်းထင်းမီးမလှုံဘဲ သွားလာနေထိုင်နိုင်တာ



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်လဲ။ ဂျင်းဘောင်းဘီဝတ်ထားလို့ပေါ့။ လမ်းဗိုလ်ကြီးသားတွေက ထွားကြတော့ သူတို့က အပေါင်းအနေနဲ့ ပေးတဲ့အထည်ဟာ ပော - ထန်ဒါး ကိုယ်ပေါ်ရောက်လာတော့ အကောင်းဖြစ်လာရော။ ဒီတော့လား ရွာထဲက ထန်သီတို့တောင် မနာလိုဖြစ်လာရဲ့ ဟီး . . . ။

ဆရာကြီးရွှေဥဒေါင်းတ သူ့ဇာတ်လိုက်ကျော် ဇော်ဝိတ်ကို သရုပ်ဖော်တဲ့အခါ ဇော်ဝိတ်ရဲ့ကိုယ်ခန္ဓာပေါ်မှာ အဆီပိုအသားပိုရယ်လို့ တစ်စက်မှမရှိ သွယ်ဟာနှင့်သူ အံကိုက်ဆိုသလိုပါပဲ။ တောင်ပေါ်သား ထန်ဒါးရဲ့ခန္ဓာကိုယ်က ခပ်ကျစ်ကျစ်လေးပါ။ လူကသွက်တော့ ဘယ်နေရာဖြစ်ဖြစ် လှစ်ခနဲလှစ်ခနဲလုပ်ပေးတတ်တော့ ထန်ဒါးတို့မြို့နယ်ကို ရောက်လာတဲ့ လမ်းဗိုလ်ကြီးဟာ ထန်ဒါးကိုမြင်တာနဲ့ သဘောကျတော့တာပေါ့။ သူ့ရုံးမှာ တရားဝင်နေ့စားဝန်ထမ်းခန့်ပေးရအောင်က ခက်တာ ဒီကောင်အသက်မှမပြည့်သေးတဲ့ဟာ။ ဒီတော့ လက်တိုလက်တောင်းကြည့်ခိုင်း၊ ပြီးတော့ မုန့်ဖိုးပေး၊ အစားအစာကျွေး၊ အဝတ်ဆင်ပဲလုပ်ပေးရတာပေါ့။ ,

တခြားအရပ်ဒေသကလူတွေက ထန်ဒါးတို့ တောင်ပေါ်ဒေသကို သူခိုးဓားပြရယ်လို့ မပူရလို့ သဘောကျတာတဲ့။ သူခိုးဓားပြရယ်လို့မရှိတာလည်း မပြောနဲ့။ အိမ်တိုင်းက လက်လုပ်လက်စား ရရစားစားတွေဆိုတော့ တကယ်လို့ သူခိုးတစ်ယောက်က မျက်စိလည်လမ်းမှားပြီး အိမ်တစ်အိမ်တည်း လူမရှိတုန်း ခိုးဖို့ဝင်လာခဲ့ပြီဆိုပါတော့။ ကြည့်တော့ ခိုးစရာဆိုလို့ ဘာဆိုဘာမှမရှိတာနဲ့ သူခိုးကပြန်သနားလို့ သူ့မှာပါလာတဲ့ပစ္စည်းတောင်မှ ပြန်ချထားပေးခဲ့ရမည့်ကိန်းမျိုးဆိုတော့ ကဲ-စဉ်းစားကြည့်။ ဘယ်လိုလုပ် သူခိုးဓားပြရှိနိုင်ပါ့မလဲနော်။

အရေးထဲ စားရတဲ့ထမင်းက ရေသည်ယောက်ျားသာသာ သုံးလွှန်းတင်ထမင်းစားကြတော့လည်း ဇီဝအသက် ဆက်လက်ရှင်သန်ဖို့ရုံလေး။ လုပ်ရတဲ့အလုပ်က စားရတာနဲ့ မကာမိ။ အရေးထဲ တစ်နေရာနဲ့တစ်နေရာ သွားလာကြရင်ကို တောင်ဆင်းတောင်တက်မပါရင် ခရီးမှမရောက်နိုင်တဲ့ဟာ။ ဒီတော့ လူတွေဗိုက်ထဲမှာ စားလိုက်သမျှက အပိုထက် အလိုကချည်းများများနေတော့ ထန်ဒါးတို့ ကိုယ်ခန္ဓာတွေဆိုတာ အော်တိုမက်တစ်ကျစ်လျစ်တော့တာပေါ့။

ထန်ဒါးက လူငယ်ပေမယ့် ဝါးခုတ်ပေး၊ ခြံစည်းရိုးကာပေး၊ အိမ်သာကျင်းတူးပေး၊ လမ်းဗိုလ်ကြီးတို့မိသားစု အိမ်စောင့်ပေးနဲ့ ခင်နေကြတော့ လမ်းဗိုလ်ကြီးတို့အိမ်က ထန်ဒါးအတွက်က စားအိမ်သောက်အိမ်ဖြစ်ရတော့တာပေါ့။ ထန်ဒါးတို့ တောင်ပေါ်မှာဆို မုန့်ကြွပ်က အကောင်းဆုံး။ မုန့်လုပ်စားနေကြချိန် လမ်းဗိုလ်ကြီးအိမ်ရောက်မှ မစားဘူးတာတွေ စားရတယ်။ မသောက်ဘူးသေးတဲ့ အချိုရည်ဘူးတွေ သောက်ရတယ်။ ယန်ဒါးတို့လူမျိုးတွေ ဝန်ထမ်းဘဝတွေမှာ ထူးချွန်ထက်မြက်ကြတာလည်းမပြောနဲ့၊ သူတို့အရပ်မှာက အစာရေစာကခက်ခဲတော့ ဒါမျိုးဘဝမြန်မရောက်ချင်လို့ အပြင်းအထန် ကြိုးစားလိုက်ကြတာ။ အရာရှိကြီးတွေ၊ အရာခံကြီးတွေ ဖြစ်ကုန်ကြပါရောလား။ ကြည့်လေ။

ထန်ဒါးလား အလုပ်လုပ်နိုင်ပေမယ့် အသက်ငယ်သေးတာရယ်၊ လမ်းဗိုလ်ကြီးရာထူးတက်ပြီး ရန်ကုန်ပြောင်းရတော့ လမ်းဗိုလ်ကြီးတို့ဇာတိက 'ရွှေဘို' ကပါ။ ရန်ကုန်ရောက်ရင်း နေရေးထိုင်ရေးက မစီစဉ်ရသေးလို့ ထန်ဒါးကို လူပိုတစ်ယောက်အနေနဲ့ မခေါ်ဖြစ်သေးတာပါ။ ဟိုရောက်တော့လည်း လမ်းဗိုလ်ကြီးတို့မှာက လူသစ်တွေနဲ့ ပေါင်းသင်းရ၊ နေရေးထိုင်ရေးစီစဉ်ရနဲ့ပြောရရင် ထန်ဒါးလိုလူတွေနဲ့ ထပ်တွေ့တော့ ထန်ဒါးကို မေ့တာလည်းပါမှာပါ။ ဒါပေမယ့် တစ်နေ့မှ မမေ့တာက ထန်ဒါးပါ။ သုံးလွှန်းတင်ထမင်းပြန်စားရ မုန့်ကြွပ်ကိုပဲအကောင်းအကန်းလုပ်စားနေရတော့ အဆင်က မပြေချင် ဘူးရယ်။

အရေးထဲ ငွေကမရှိ အရင်လမ်းဗိုလ်ကြီးနေတဲ့ ရန်ကုန်က သွားချင်တော့ ပါးစပ်ပါရွာရောက်ဆိုပြီး ထွက်လာလိုက်တာ မီးရထားဦးစီး ကားဆရာကိုတော့ အသနားခံပြောစီး၊ လမ်းတစ်လျှောက် စပယ်ယာလုပ်ရင်းစီးရင်းနဲ့ လာလိုက်တာ ရန်ကုန်ကိုရောက်ပါရောလား။ ရန်ကုန်ရောက်တော့ ရန်ကုန်ဆိုတာက ထန်ဒါးတို့မြို့လို မြို့သေးလေးမှမဟုတ်တဲ့ဟာ။ အိမ်တွေကအများကြီး။ နောက်ပြီးတော့ အကျယ်ကြီး။ လမ်းဗိုလ်ကြီးသိလား။ ကျုပ် အဲဒီကိုသွားချင်လို့ပါလို့ မေးရအောင်က ရန်ကုန်ဆိုတာက ထန်ဒါးတို့ငယ်ငယ် တွဲတေးသိန်းတန်ပြဇာတ်ထဲကလိုပါပဲ။ လူဇတွလူတွေဆိုတာ. တို့ရွာဘုရားပွဲထက်တောင်မှ စည်သေးရဲ့ဆိုတာလိုဖြစ်နေတော့ ဘယ်မှ မသွားတတ်မလာတတ်နဲ့ ဘူတာကြီးကိုအခြေပြု အဲဒီတစ်ဝိုက်မှာ ကျက်စားအဲဒီနားက ထန်ဒါးတို့အရွယ်တွေနဲ့ ပေါင်း၊ ဆိုးနေခိုးနေလိုက်တာ နောက်ဆုံး ထန်ဒါးတစ်ယောက် တခြားကလေးတွေနဲ့အတူ ဓမ်းမိ၊ သရက်မှာရှိတဲ့ ကလေးထောင်(လူငယ်ပြုပြင်ရေးစခန်း) မှာ ထောင် (၃) နှစ်ကျပါတော့တယ်။

ထန်ဒါး သရက်ထောင်က လွတ်လာတော့ ရန်ကုန်ပြန်ရောက်သေးတယ်။ ဒါပေမယ့် ဘာပြုလို့မှန်းမသိဘူး။ ထန်ဒါး ရန်ကုန်မှာ မနေချင်တော့ဘူး။ ရန်ကုန်မှာပဲနေရမည်ဆိုရင် ထန်ဒါး သူတို့တောင်ပေါ်ပဲပြန်တော့မယ်၊ ဟုတ်တယ်။ ထန်ဒါး ရန်ကုန်မှာ ကျီးလန့်စာစားနဲ့ နေနေရတဲ့ဘဝပျော်ပါဘူး။ ကံကောင်းတာက ထန်ဒါးရဲ့ဆရာလမ်းဗိုလ်ကြီးနဲ့ သိတဲ့ဆရာတစ်ယောက်နဲ့ ဘူတာမှာ တွေ့ပါရောလား။ မေးကြည့်တော့-

"ဟာ - မင်းဆရာလမ်းဗိုလ်ကြီးလား၊ ရန်ကုန်ကနေ ပြင်ဦးလွင်ကို နောက်ထပ်ရာထူးတိုးနဲ့ ပြောင်းသွားရတယ်ဟ၊ အဲဒါ မင်းလိုက်သွားချေ"

"ဟုတ်လား ဝမ်းသာလိုက်တာ ဆရာ။ ပြောပြပေးလို့ ကျေးဇူးပါ"

ရန်ကုန်နှင့် ပြင်ဦးလွင်က ခုလောက် လမ်းပန်းဆက်သွယ်ရေး မလွယ်သေးဘူးပဲထားပါ။ ထန်ဒါးငယ်ငယ်က တောင်ပေါ်ကနေ ရန်ကုန်လာရတဲ့ ခရီးလောက်တော့မကြမ်းတော့ဘူးထင်ပါရဲ့။ ငွေကလည်း လက်ထဲနည်းနည်းရှိတော့ လမ်းဗိုလ်ကြီးတို့အိမ် တန်းရောက်သွားခဲ့တော့တာပါပဲ။ ပြန်တွေ့ကြတော့ ဟို တောင်ပေါ် ထန်ဒါး ငယ်ငယ်တုန်းကလောက် ဖက်လှဲတကင်းမရှိတော့ပေမယ့် လမ်းဗိုလ်ကြီးအလုပ်ပေးလို့ လမ်းခင်းလုပ်သား တစ်နေရာရတယ်။ နောက် နေစရာအခန်းလည်း ပေးပါတယ်။ ကျေးဇူးတင်လိုက်တာ လမ်းဗိုလ်ကြီးရာ။ ထန်ဒါးလား လမ်းဗိုလ်ကြီးအိမ်အတွက် လိုရာသွားလုပ်ပေးကျန်တာကတော့ ကိုယ့်အလုပ်နဲ့ကို လမ်းပေါ်မှာချည်းနေရတော့ ခါတိုင်းလို လမ်းဗိုလ်ကြီးအိမ်ပေါ် သိပ်မရောက်ဖြစ်တော့ပါဘူး ဟင့်အင်း။

အလုပ်ထဲမှာ ထန်ဒါးရဲ့ အကျွမ်းကျင်ဆုံးအလုပ်က ဘာလဲလို့မေးရင်တော့ သစ်ပင်တက်တဲ့အလုပ်ပါ။ သစ်ပင်တက်၊ သစ်ကိုင်းခုတ်ရမည်ဆိုရင် ထန်ဒါးပါလို့ကတော့ ဘယ်လောက်မြင့်တဲ့အပင်၊ ကြီးတဲ့အပင်ဖြစ်နေနေ



www.burmeseclassic.com

www.burmeseclassic.com

စေ။ ထန်ဒါးအတွက်က ခါးပါရင်ပြီး ရော။ လှေကားမလို၊ ကြိုးမလို။ ကိုယ်ကလည်း အကောင်တစ်ကောင်လို့ ပေါ့ပါးသွက်လက်ပေ့ါ။ ရုံးထဲမှာက ထန်ဒါးက အဲဒီတုန်းက ကိုသိန်းခင်တို့ ထက် လေးငါးဆယ်နှစ်လား ကြီးပါတယ်။ ထန်ဒါးလမ်းအလုပ်ဝင်နေတော့ ကိုသိန်းခင်တောင် ဒီရုံးအလုပ်မဝင်ရသေးပါဘူး။ ဒါပေမယ့် ကိုသိန်းခင်ရဲ့ အစ်ကိုကြီးက ဒီရုံးထဲကလက်သမားအလုပ်ခေါင်းဆောင်ဆိုတော့ ကိုသိန်းခင်တို့ရုံးထဲမှာနေခွင့်ရတယ်။ ဒီတော့လား ထူးခြားတဲ့ကိုထန်ဒါးရဲ့ အပြုအမူလုပ်ဆောင်ချက်တွေဆိုတာ မကြားချင်မှအဆုံး၊ မမြင်ချင်မှအဆုံးပါလို့ဆိုနေ-နေ့။

အရပ်ပုပု၊ ဂင်တိုတို၊ အသားညိုညို၊ ခေါင်းကကြီးကြီး အဲဒါက ကိုထန်ဒါးရဲ့ပုံစံပဲ။ အတန်းစာမတတ်ဘူး။ ပြင်ပဗဟုသုတဘာညာလည်းမရှိဘူး။ အလုပ်ထဲဝင်လို့သာ လူအများနဲ့ ဆက်ဆံလာရတာ။ ဘာမှသိပ်သိတာမဟုတ်ဘူးရယ်။ ကိုထန်ဒါးတို့ဘဝမှာ အနေအထိုင်အစားအသောက်ဆင်းရဲခဲ့ရတော့ အခုအလုပ်ထဲမှာ အစစအရာရာ ချွေတာတယ်။ အဲဒီတုန်းက လခမှ (၈၂) ကျပ်ပဲရတာ။ ဒါပေမယ့် ကိုထန်ဒါးက အလုပ်ပိတ်ရက်တွေမှာ အပြင်ဘောက်အလုပ်တွေလိုက်လုပ်တော့ အပိုဝင်ငွေရတယ်။ ကိုထန်ဒါးက အလုပ်ထဲမှာမပျင်းဘူး၊ သစ်ပင်ဘာညာအတက်ကလည်းတော်တော့ ရုံးပိတ်ရက်အပြင်အလုပ်တွေဆို ကိုထန်ဒါးပါတာချည်းပဲ။ ကြာတော့ ကိုထန်ဒါးလက်ထဲ ငွေယားလေးတွေက ရှိလာရော။

သူတောင်းစား ထမင်းဝတော့ ပေါက်ပေါက်ဆုပ်ကို ခြေလုံးခတ်တယ်ဆိုလားပဲ။ ခုလည်းကြည့် ကိုထန်ဒါးငွေပိုလေးရှိလာတော့ ဒီလူ မိန်းမတွေဘာတွေယူချင်လာရော။ မိန်းမသာယူချင်တာ၊ လူက အတွေ့အကြုံကမရှိ။ အကလည်းအဆိုတော့ ကိုထန်ဒါး ပထမဦးဆုံး မိန်းမတစ်ယောက်ကိုချစ်ကြောင်းကြိုက်ကြောင်းလိုက်ပြောတဲ့ မိန်းမတဲ့ကြည့်ပါဦး။ ဗိုက်ကြီးသည်ကြီးလေ။ ကိုထန်ဒါးက မသိလို့လိုက်ပေမယ့် သူ့ယောကျ်ားနဲ့တွေ့ရင် ဟိုက နေမှာမဟုတ်ဘူးရယ်။ ကိုထန်ဒါးဆိုတဲ့လူက အဲဒီလိုပါလို့ဆိုနေ။

ဒီလူ ကိုထန်ဒါး ရိုးမှန်း၊ အမှန်းသိ၊ နောက်ပြီး ငွေပိုငွေလျှံလေးကလည်းရှိလာတော့ ဘေးလူတွေက ဘာလုပ်ကြတယ်မှတ်လို့တုံး။ ဟိုကမိန်းမခေါ်လာစပ်ပေး။ ဒီက မိန်းမခေါ်လာစပ်ပေးနဲ့။ ဒါပေမယ့် ကောင်းကောင်းကမ်းကမ်းထဲက မှတ်ရှေ့လား။ ဝေးပါသေးရဲ့။ ကြေးစားမိန်းမတွေနဲ့ မြူဆွယ်၊ လေးငါးဆယ်ရက်ပေါင်း။ ကိုထန်းဒါးမှာ ရှိသမျှစုသမျှ ဟာတွေချ။ နောက်တော့ ပြေးတော့တာပါပဲ။ ဒါပေမယ့် လူရိုးလူအကိုထန်ဒါးတို့က အမှတ်ရှိမယ်ထင်လို့လား။ ဝေးပါသေးရဲ့။ ရတဲ့လခကိုခြစ်ခြုတ်စု၊ ထမင်းကို ဆီဆမ်းဆားဖြူးစား၊ ပိုက်ဆံစု၊ ဘယ်လောက်ပဲကပ်စေးနဲပါလေ့စေ၊ မိန်းမတွေနဲ့တွေ့ရင် စုထားသမျှပြောင်ရော။ သူ့အခန်းမှာ မိန်းမတစ်ယောက်ရောက်လာလိုက်၊ နောက်တော့ ထွက်ပြေးသွားလိုက်နဲ့ ဒုံရင်းကဒုံရင်းပါပဲ။

"ထန်ဒါးရာ မင်းအတည်အတံ့မိန်းမတစ်ယောက်တော့ယူမှဖြစ်မှာဟ"

"ဟာ-ဦးကြီးရာ။ ကျုပ်လိုကောင်ဘယ်မိန်းမကကြိုက်မှာမို့တုံး"

"အေးပါ၊ ငါ့တာဝန်သာထားပါမောင်ရာ"

လက်သမားအဖွဲ့ထဲက အလုပ်ကြပ် ဦးကြီးမောင်က အဲဒီလိုပြောပြီး သူတို့ရွာက သူတို့တူမဆိုတာနဲ့ ထန်ဒါးကို ပေးစားလိုက်ပါတယ်။ တကယ်တော့ ဦးကြီးမောင်ကလည်းအကြံနဲ့ပါ။ သူ့တူမရွာမှာ ဘယ်သူနဲ့မှန်းမသိ၊ ရိုက်မေးပြုမေးစစ်ဆေးလို့လည်းမရ ကိုယ်လေးလက်ဝန်ရှိလာတော့ တစ်ရက်ကနှစ်ရက်မဖြစ်ရအောင် ရုံးက ထန်ဒါးနဲ့ အိမ်ထောင်ချလိုက်တာ (၇)လကြာတော့ ကလေးမွေးပါရောလား။ ရုံးထဲကနံဘေးကလူတွေက လူရိုးထန်ဒါးကိုမှ နှားမရွှံပိတ်ရောင်းရမလားလို့ ဝိုင်းပြောကြတော့ မွေးလာတဲ့ အဲဒီကလေးလေးကို ဘုတာရပ်ထဲမှာ အလကားပေးပစ်လိုက်ကြပါရောလား။

ထန်ဒါးတို့က လူကသာရိုးတာ အ,တာ ဇာတိရပ်ရွာကျတော့ အတော်ခင်တွယ်တာကလား။ (၂) နှစ်တစ်ခါ၊ (၃) နှစ်တစ်ခါ တောင်ပေါ်ပြန် တစ်ခါမတော့ တောင်ပေါ်သူလေးတစ်ယောက်နဲ့ ရည်ငံ၊ နောင် (၂) နှစ်ကြာရင် မင်္ဂလာဆောင်ကြမှာမို့ ပစ္စည်းတွေဘာညာစု၊ ရုံးထဲကလူတွေတောင်ပြောထားပြီးသား၊ အပြန်တောင်ပေါ်သူပါလာမှာလို့ပြောပြီး အဲဒီတုန်းက ခေတ်စားတဲ့ ခေါက်ထီးတွေ၊ ပါတိတ်တွေယူအပြန် ဖြစ်ချင်တော့ သူ့ရွာရောက်တဲ့နေ့က သူ့ကောင်မလေး တခြားလူနဲ့ မင်္ဂလာဆောင်တဲ့နေ့တဲ့။ တိုက်ဆိုင်လိုက်ပုံများမတော့ ကိုတန်ဒါး တစ်ယောက် ရွာကနေ ပြင်ဦးလွင်ပြန်အလာ စစ်ကိုင်းတံတားကြီးဖြတ်တော့ စိတ်ညစ်တာနဲ့ ရေထဲခုန်ချတာ မီးသတ်တွေကဆယ်လို့ သေဘေးကလွတ်ခဲ့ရပါရောလား ဘုရားဘုရား။

ရုံးထဲက ဦးကြီးမောင်တူမနဲ့ နောက်ထပ်ကလေးတစ်ယောက်ရသေးတယ်။ တို့ရွာထုံးစံက ယောကျ်ားရော၊ မိန်းမရော ဒိုးတူပေါင်ဖက်အလုပ်လုပ်ကြရတာရယ်လို့ပြောလို့ ကိုထန်ဒါးမိန်းမမနက် ပဲပြုတ်ရောင်း၊ ညနေပိုင်း ရာသီပေါ်သီးနှံရောင်း၊ အိမ်စောစောပြန်ရင် ကိုထန်ဒါးဆူမှာစိုးတော့ မပြန်ရဲဘူးတဲ့။ သူတို့ရဲ့ကလေးလေးကိုတော့ တစ်နေကုန် ပုခက်ထဲထား ချိုးသေးတစိုစိုနဲ့။ လူကြီးတွေ အိမ်ရောက်မှလဲရပြုရတော့ ကြီးလာတဲ့အခါ မသန်မစွမ်းနဲ့ ပိုလီယိုရောဂါသည်လေး ဖြစ်ရပါရောလား။

နောက်တော့လား ကိုထန်ဒါး တစ်ယောက် မယားနဲ့၊ သားသမီးတွေနဲ့ ဘဝအတွေ့အကြုံတွေကလည်း ရှိသင့်သလောက်ရှိခဲ့ပြီဆိုတော့ ဟိုးအရင်တုန်းကလိုတော့ သိပ်ပြီးရိုးအမနေတော့ပါဘူး။ဟို သူတို့ရခါစတုန်းကလို သူ့မိန်းမကိုလည်း တစ်နေကုန်တစ်နေခန်း အတင်းရောကာရော ဈေးရောင်းမခိုင်းတော့ပါဘူး။ လူရည်လည်လာပြီထင်ပါတယ်။ ရုံးပိတ်ရက် သားသမီးဇနီးမယားအတွက် အပိုဝင်ငွေရအောင် ဘောက်လိုက်လုပ်ပါသေးတယ်။

အင်းလေးဇာတိသား ရေကူးကျွမ်းသူတစ်ယောက် ဧဌဝတီမြစ်ထဲ ငါးမိုင်းခွဲပြီးတော့ ငါးတွေကို ရေငုပ်ဆင်းအဆယ်မှာ ရေအောက်နက်နက်တစ်နေရာမှာ ကျောက်ချပ်ကြား ခြေညပ်ပြီး ဘယ်ကလာ ရေပေါ်ပြန်ပေါ်လာနိုင်တော့လို့တဲ့တုံး။ သစ်ပင်တက်ကျွမ်းကျင်တဲ့ တောင်ပေါ်သား ကိုထန်ဒါးတစ်ယောက် အလုပ်ပိတ်ရက်တစ်ရက် မိုးဖွဲဖွဲလေးအောက် သစ်ပင်တက်အခုတ် ခြေချော်ကျကာ ပွဲချင်းပြီးပါရောလား။ ကျန်ခဲ့တဲ့ ကိုထန်ဒါးမိန်းမနဲ့ ရောဂါသည်သမီးလေးတို့ကတော့ လကုန်ရက်ရောက်တိုင်း ကိုထန်းဒါးရဲ့မိသားစုပင်စင်ကို နည်းနည်းများများ လာထုတ်နေကြတုန်းပါပဲခင်ဗျား။

မောင်သင်းထုံ(ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

## သဒ္ဓါစိတ် သို့မဟုတ် ကြယ်ရောင်ကလေးလိုဖျတ်ခနဲ

ဒါနဆိုသော ပစ္စုပ္ပန်ဘဝနှင့် သံသရာဘဝဟူသော နှစ်ဖြာသောဘဝနှစ်ခုကို ကောင်းကျိုးဖြစ်ထွန်းစေသည့် အကျိုးတရားကလည်း နားလည်ရခက်လှပါသည်။ ဒါနအကျိုးကလည်း (၁) သာမညဒါန၊ (၂) ဥပါဒါန (အလယ်အလတ်ဒါန)၊ (၃) ပရမတ္ထဒါန (အမြင့်မြတ်ဆုံးဒါန) ဟူ၍ သုံးရောင်ခြယ်ကလေးနှင့် ဖြစ်ပါသည်။ ခန့်မှန်းနားလည်ဖို့အတွက် ပုထုဇဉ်လူသားတစ်ယောက်အနေနှင့်ပင် စဉ်းစားဝေဖန်ရခက်လှပါသည်။

ဒါန၊ သီလ၊ ဘာဝနာဆိုသော ကောင်းမွန် မွန်မြတ်သောအလုပ်ကို အားထုတ်ဖို့ဆိုသည်မှာလည်း ဖွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် လက်ဝါးရိုက် ချိန်သားကိုက်ထားမှ တော်တော်ကြီးအဆင်ပြေပါလိမ့်မည်။ ထို ဒါန၊ သီလ၊ ဘာဝနာတို့ကလည်း ကိုယ်ကိုယ်တိုင်က လိုလိုချင်ချင် တံခါးဖွင့်ကြိုဆိုတိုင်းလည်း ချောချောမောမော ကြည်ကြည်ဖြူဖြူလာတတ်သောအမျိုးအစားမဟုတ်ပါ။ လောကဓံတရား(၈)ပါးကလည်း သူတို့မလာအောင် အမျိုးမျိုးသွေးဆောင်ဖြားယောင်းတတ်ပါသေးသည်။

မိုမိုရွှေသို့ နီးနီးကပ်ကပ်ရောက်လာပြီးမှ ဖျတ်ခနဲကိုယ်ယောင်ဖျောက်၍ ပျောက်ချင်လည်းပျောက်သွားတတ်ပါသည်။ ကောင်းတာလုပ်ဖို့ စဉ်းစားလျှင် ထိုစိတ်ဆိုသေသာ သကောင့်သားလေးက မဆီမဆိုင် အကျိုးအမြတ် လာဘ်ကိုတွက်ကာ ပေသီးခေါက်ချင်လည်းခေါက်နေတတ်ပါသည်။ အမျိုးမျိုးသွေးဆောင်ဖြားယောင်း၍ လုပ်မဖြစ်အောင်ဖျက်ဆီးပစ်ချင်လည်း ဖျက်ဆီးတတ်ပါသည်။ ဒါတောင် ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေ၊ မင်းအမိန့်၊ အလှူခံပုဂ္ဂိုလ်သန့်ရှင်းမရှင်း၊ အလှူပေးပစ္စည်းစင်ကြယ်မကြယ်၊ အလှူပေးပုဂ္ဂိုလ်၏ စိတ်ထားခံယူမှု စသော နောက်ခံအကြောင်းတရားများက နှောင့်ယှက်နိုင်ပါသေးသည်။

ဘဝမှာ လှူချင်သော သဒ္ဓါစိတ်က မိုးကောင်းကင်ကြီးလောက် တကယ်လှူဒါန်းလိုက်တာက ဆီးစေ့လောက် ပမာဏအဖြစ်မျိုးနှင့် ကြုံတွေ့နိုင်ပါသေးသည်။ 'ဆုပ်မိ မလွတ်စေနှင့်' ဟူသော သဒ္ဓါစိတ်ကလေး စိတ်သန္တာန်၌ ဖျတ်ခနဲပေါ်ပေါက်ဖို့ဆိုသည်မှာလည်း ရေပွက်ကလေးတပွက်ပွက်သလောက်၊ ကြယ်ရောင်ကလည်း တဖျတ်ဖျတ်ခနဲလောက်သာကြာတတ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ဤလို သဒ္ဓါစိတ်ပေါ်ချိန်လေးကို အမိအရဆုပ်ကိုင်၍ လှူဒါန်းတတ်ပါစေ' ဟူ၍ ဆုံးမထားဖူးပါသည်။ ဇနီးမောင်နှံနှစ်ဦးပေါင်းမှ တစ်ထည်တည်းသာပိုင်ဆိုင်သည့် ခါးဝတ်ပုဆိုးကို လှူဒါန်းခဲ့သည့် ဤဒကာပုဏ္ဏားကြီးသာ ညဥ့်ဦးယံ၌ သဒ္ဓါစိတ်ပေါ်၍ လှူဒါန်းခဲ့လျှင် မြောက်မြားစွာသောအကျိုးကိုရလိမ့်မည်။ ညဥ့်လယ်ယံ၌ သဒ္ဓါစိတ်ပေါ်၍ လှူဒါန်းခဲ့လျှင် အလယ်အလတ်အကျိုးတရားကိုသာရလိမ့်မည်။ မိုးသောက်ယံ၌သာ ကိုယ့်စိတ်ကိုကိုယ်ပိုင်းဖြတ်နိုင်သည့် သဒ္ဓါစိတ်ပေါ်ခဲ့၍ ငါဘုရားရှင် သူ့အကျိုးကိုမျှော်မှန်း၍ တစ်ညဥ့်ပတ်လုံး တရားဟောခဲ့သည့်အချိန်မှာ နောက်ဆုံးအချိန်ကျမှ လှူဒါန်းခဲ့သောကြောင့် 'ဤလေးခုမျှလောက်သောအကျိုး' ကိုသာရခဲ့သည်ဟု အချိန်အခါနှင့် လှူဒါန်းမှုမှရနိုင်သည့် အကျိုးတရားများကို ကွဲကွဲပြားပြား နားလည်အောင် ဇာတက၌ ခွဲခြားပြခဲ့ဖူးသည်။

ဒါနနှင့် ပတ်သက်၍ သုံးလူထွတ်ထား မြတ်စွာဘုရားရှင် ဆုံးမခဲ့သော တရားတော်များက များပြားလှပါသည်။ ထိုတရားတော်များထဲမှ (၁) ငြိမ်း၍ရွာသောမိုး၊ (၂) မငြိမ်းဘဲရွာသောမိုး၊ (၃) ငြိမ်းလည်းမငြိမ်းမရွာသောမိုး စသည့် မိုးအမျိုးအစားများ ခွဲ၍ 'ငြိမ်း၍ရွာသော မိုးနှင့်တူသည့် ကိုယ်ကိုယ်တိုင်လည်း သဒ္ဓါကြည်ဖြူလှူသည်။ သူတစ်ပါးတို့ကိုလည်း သဒ္ဓါကြည်ဖြူလှူတတ်အောင် တိုက်တွန်း အားပေးသောလူဖြစ်အောင် ကြိုးစားသင့်လှပေသည်ဟု ဒါနနှင့် လူကိုလည်း ကွဲကွဲပြားပြား နားလည်သွားအောင် ခွဲခြားပြခဲ့ဖူးပါသည်။ မငြိမ်းဘဲနှင့်ရွာခဲ့သောမိုးကဲ့သို့ ဒါနခန်းလေး တစ်ခုနှင့် ကျွန်တော် ဆုံတွေ့ခဲ့သော အခါ. . .

## အခန်း(၂)

## ငါ့နယ်မြေ

တစ်ခါသော် ညနေခင်း(၇)နာရီ အချိန်ဖြစ်ပါသည်။ ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းအရှေ့ဘက် မင်္ဂလာရပ်ကွက်ရှိ 'ရှင်ငြိမ်း'ထမင်းဆိုင်၌ ဖြစ်ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုလည်း ထမင်းဆိုင်၌ ညနေစာစားနေချိန်နှင့် တိုက်ဆိုင်နေချိန်လည်း ဖြစ်ပါသည်။ ဆိုင်ရှင် မအမာကြည်က သူ့ကောင်တာငွေရှင်းစားပွဲမှနေ၍ အမြတ်နိုးဖောက်သည်လေးတစ်ဦးအား -

"မောင်သန့်ဇင်ရေ၊ မနက်ဖြန်အိမ်မှာ အရုဏ်ဆွမ်းကပ်မလို့ကွယ့်။ မနက်အားရင် တရားနာလာခဲ့ပါဦးလား။ ဖိတ်စာရောက်မရောက်လာခဲ့ရမှာနော်"

မောင်သန့်ဇင်ကလည်း -

"စိတ်ချ အစ်မရေ၊ အစ်မမောင်တွေက ဒါမျိုးအလှူစောင့်နေတာ။ မနက်သံဃာပါပင့်ပေးရဦးမှာလား။ နိုင်းနော် အစ်မ၊ အားနာမနေနဲ့"

"သူ့အပိုင်းနဲ့သူ အစ်မမောင်



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငြေပြသိမ်းချစ်

## မြသိတာ အကြိုယောက်



တွေ တာဝန်ယူ စီစဉ်ပြီးသားကွယ့်၊ မောင်သန့်ဇင်တို့က စားရုံ၊ တရားနာရုံ သက်သက်ပါပဲ မှမနေနဲ့ဦး”

ထိုအချိန်၌ ကျွန်တော်တို့ထမင်းစားပွဲဝိုင်းခုံနှင့် တစ်တန်းတည်းနောက်သတ်ချောင်ကျကျနေရာ၌ အဝတ်အစားခပ်နွမ်းနွမ်းနှင့် အရွယ်တူလူငယ်တစ်ယောက်သည်လည်း တစ်ဦးတည်း ထမင်းစားနေရင်းမှ မအေမာကြည်နှင့် မောင်သန့်ဇင်တို့ပြောဆိုနေသောစကားကို သေသေချာချာနားစိုက်ထောင်နေပုံရပါသည်။ သူ့ပုံစံကြည့်ရသည်မှာ ဘာမှ အထင်ကြီးစရာမရှိပါ။ ဆံပင်ပုံစံကအစ ညှင်းသိုးသိုး၊ ဆီမရှိ နေလောင်ဒဏ်ကြောင့် နီကြင်ကြင်။ ဝတ်စားထားသော အဝတ်အစားကလည်း ခပ်နွမ်းနွမ်း၊ အရောင်မပေါ် အကွက်ညှိုးညှိုး၊ ဖိုသီဖတ်သီ။ စီးထားသော ကားတာယာဖိနပ်က အမြီးပြတ်၍ ညစ်ထေးထေးဖုန်အထပ်ထပ်။ သူ့ပုံစံက ထမင်းစားသောက်ပြီး၍ အအေးတစ်ပုလင်းနှင့် အစာပိတ်အနားယူနေသည့်ဟန်ပန်။ ပြီးတော့မှ ကောင်ကာငင်ကာထရပ်လိုက်ပြီး မအေမာကြည်ထိုင်နေရာကောင်တာရှေ့သို့သွားရပ်ပြီး ရှိရှိသေသေ ခါးလေးညွတ် လက်အုပ်ချီကာ -

“ဒီက အစ်မခင်ဗျား၊ ကျွန်တော်က ခရီးသွားဧည့်သည်တစ်ယောက်ပါ။ အစ်မ အခုနက အလှူပြောသံကြားလိုက်လို့ ကျွန်တော်လည်း သဒ္ဓါစိတ်ပေါ်

www.burmeseclassic.com

လာလို့ပါခင်ဗျာ။ ကျေးဇူးပြုပြီး အစ်မတို့ အလှူမှာ တတပ်တအားအလှူဝင်ခွင့် ပေးစေချင်ပါတယ်။ ခွင့်ပြုပေးပါလား"

မအမာကြည်က ထိုလူငယ်၏ ခပ်နွမ်းနွမ်းပုံစံကိုကြည့်ပြီး အားနာသွားပုံဖြင့် -

"မောင်လေးရဲ့၊ အစ်မတို့အလှူက အားလုံးပြည့်စုံပြီးသားကွယ့်။ နောက်ပြီး သည်အလှူက နှစ်တိုင်း သည်လိုရက်မှာ လုပ်နေကျအလှူမျိုးပါ။ မိသားစုဆွမ်းကပ်တဲ့ပုံစံမျိုးပေါ့။ အလှူကြီးလည်း မဟုတ်ပါဘူး။ အလှူဝင်စရာမလိုအပ်ဘူးထင်ပါတယ်နော်"

လူငယ်က ရည်ရည်မွန်မွန်ပြုံး၍-

"သည်တစ်နှစ်မဟုတ်တော့လည်း နောက်တစ်နှစ်မှာ ဆက်သုံးလို့ရတာပဲ အစ်မရဲ့။ အလှူဆိုတာ ကုန်သွားတာ၊ ပြီးသွားတာမှမရှိတာ၊ နောက်ပြီးတော့ ကျွန်တော်အနေနဲ့က ခရီးသွားနေရတာနဲ့တင် အလှူကို အချိန်ပေးပြီ လုပ်ချိန်ကို မရခဲ့တာကြာပြီ။ အလှူနဲ့ဝေးကွာနေတာလည်းတစ်ကြောင်းပါ။ ကျေးဇူးပြုပြီး လက်ခံပေးပါလို့လည်း တောင်းပန်ပါရစေ။ မသကာ အစ်မအနေနဲ့ ပင့်ဖိတ်ထားတဲ့ သံဃာတော်တွေထဲ နဝကမ္မအလှူတော်ငွေဆိုပြီး ထပ်ပိုးထပ်ဆင့်ပြီး လှူလို့ရတာပဲမဟုတ်လား ခင်ဗျာ"

လူငယ်က လက်ခံလာအောင် အကြောင်းအကျိုးနှင့် ခြေခြေမြစ်မြစ် တောင်းဆိုခြင်းကတစ်ဖက်၊မအမာကြည်က လူငယ်၏နွမ်းပါးသောအပြင်ပန်းအခြေအနေကိုကြည့်၍ အားနာနေခြင်းက တစ်ကြောင်း၊ အဆင်မပြေသော ထိုမြင်ကွင်းကို အကဲခတ်နေသော ကျွန်တော်ကိုယ်တိုင် မနေသာတော့ပါ။ ထို့ကြောင့် စားပွဲမှမတ်တတ်ထရပ်၍ နယ်ခံမအမာကြည်ကို ရှိရိုသေသေသာ ထပြောလိုက်ရပါတော့သည်။

"မမ မအမာကြည်ရဲ့၊ ဒီညီလေးက ကျွန်တော်တို့ ပျဉ်းမနားဒေသခံတွေရဲ့ အလှူဒါနဓလေ့ကို သိပုံမရဘူးထင်တယ်နော်။ ကျွန်တော်တို့မြို့ရဲ့အလှူဓလေ့ကိုက အလှူဝင်တာတွေဘာတွေ သိပ်လက်ခံတာမဟုတ်ဘူးလေ။အလှူရှင်ကပဲ ဒယ်မခံ အလှူဒကာတစ်ဦးအနေနဲ့ သိမ်းကျုံးလှူကြတာမျိုး မဟုတ်လား။ ဒါပေမယ့် အညာဒေသဘက်တွေကျတော့ အလှူဝင်ကြတဲ့အစဉ်အလာရှိတယ် ကျွန်တော့်အစ်မရဲ့။ သူပြောတာလည်း အကြောင်းအကျိုးညီနေတာပဲ မဟုတ်လား။ ကျေးဇူးပြုပြီးညှေ့ဒီညီလေးက တောင်းတောင်းပန်ပန်ပြောနေတာပဲ လက်ခံပေးလိုက်ပါလား အစ်မ"

ကျွန်တော်တို့ သူငယ်ချင်းအားလုံး တစ်ဦးချင်းစီစားပွဲမှထကာ မအမာကြည်ကို ဝိုင်းဝန်းတိုက်တွန်းရပါတော့သည်။ ထိုအခါကျမှ မအမာကြည်ကိုယ်တိုင် အားနာပါးနာဖြင့် ခရီးသွားညှေ့သည်၏ အလှူဝင်ခွင့်ကို ခွင့်ပြုလိုက်ရပါတော့သည်။

မအမာကြည်နှင့် ကျွန်တော်တို့ သူငယ်ချင်းအားလုံးစိတ်ထဲကတွက်ထားကြသည်မှာ ထိုလူငယ်၏ထပ်ပိုးဝင်မည့် အလှူငွေမှာ မသကာ လေးငါးခြောက်ထောင်ပဲရှိလိမ့်မည်ဟု အထင်ကြီးစရာ တစ်ကွက်တလေမျှမရှိသော လူငယ်၏ နွမ်းပါးသောပုံစံကြောင့် ကောက်ချက်ချမိထားပါသည်။ ကျွန်တော်တို့အားလုံး၏ အထင်ပါစင်အောင်လွဲချော်သွားပါတော့သည်။ ထို့ကြောင့်လည်းပဲ 'ထင်သာထင် မဝင်ဘူးကျောင်းအမရဲ့'ဆိုသော စကားပုံက 'အထင်နှင့်အမြင် ပါစင်အောင် လွဲချော်တတ်ကြောင်း' သတိပေးထားခဲ့သည် မဟုတ်ပါလား၊ မပေါ့ဆနှင့်၊ တစ်ဖက်သားကို လျှော့မတွက်နှင့်၊ 'ခြသေ့်မင်းကဲ့သို့ သားကောင်ကြီးငယ် မဟူ တစ်ပြေးညီခွန်အားလုံ့လစိုက်ထုတ်၍ ဖမ်းဆီးသကဲ့သို့ ကျင့်နိုင်ကြစေ' ဟူ၍ ဆရာသခင်များက ဆုံးမထားခဲ့သည်မဟုတ်ပါလား။ 'ရင်လောက်ဆွဲတင်မှ ဒူးလောက်ကျသည်' 'ဒူးလောက်ခန့်မှန်းမှ ရင်လောက်ကျသည်' ဆိုသော 'နှိုင်းရတရား' တို့၏ ပေးစွမ်းနိုင်သည့် အကျိုးအမြတ်ကိုလည်း ချိန်ဆတတ်အောင် လူကြီးသူမများက သင်ပေးထားခဲ့သည်မဟုတ်ပါလား။

လူငယ်က သူထမင်းစားနေသော စားပွဲခုံသို့ပြန်သွားကာ အောက်ဥခပ်လွယ်လွယ်ချထားသော အညာလွယ်အိတ်စုတ်ကြီးအပေါ်မှ တဘက်၊ အင်္ကျီ၊ ပုဆိုးတို့ကို စားပွဲခုံပေါ် ထပ်၍တင်လိုက်ပြီး လွယ်အိတ်အောက်ဆုံးမှသတင်းစာစက္ကူဖြင့် ကျစ်ကျစ်လျစ်လျစ်ထုပ်ထားသော အထုပ်တစ်ထုပ်ကိုယူဆောင်၍ မအမာကြည်လက်ဝယ်သို့ ရိုရိုသေသေပေးလိုက်ပါတော့သည်။ ပြီးမှ စားပွဲထိုးကိုခေါ် ယူ၍ သူစားသောက်ခဲ့သမျှ တန်ဖိုးသင့်ငွေရှင်းကာ အဝတ်အစားတစ်စုံစာကို လွယ်အိတ်ထဲ စီစီညီညီပြန်ထည့်ပြီး လွယ်အိတ်လွယ်ကာ ဆိုင်ထဲရှိလူအားလုံးကို ရည်မွန်သောအပြုံးဖြင့်နှုတ်ဆက်ပြီး သကာလ ရှင်ငြိမ်းထမင်းဆိုင်၏ အပြင်ဘက်လမ်းမပေါ် သို့ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါတော့သည်။

ထုပ်ထားသော သတင်းစာစက္ကူကို မအမာကြည်က ဖြေကြည့်လိုက်သောအခါ ဆိုင်အတွင်းရှိ လူအားလုံး ပါးစပ်အဟောင်းသားဖြစ်ကာ မှင်တက်အံ့သြကုန်ကြပါတော့သည်။ ငွေစက္ကူအချပ်ကြီးများချည်း သတ်သတ်ခပ်ခပ် စည်းနှောင်ထားသော စိတ်နှင့်ခန့်မှန်းခြေပင် ဆယ်သိန်းကျော်ငွေများက (ထို့ထက်လည်း ပိုနိုင်ပါသေးသည်) ကျွန်တော်တို့အားလုံးကို ဘယ့်နှယ်ရှိစ ဟု လှောင်ပြောင်ပြနေပါတော့သည်။ ကျွန်တော်တို့ တစ်ဦးချင်းရင်ထဲမှာတော့ ပဟေဠိစကားကလေးများကိုယ်စီကိုယ်စီနှင့်သာ၊ 'ဒါတောင် ကြုံလို့လှူသွားတာပါတဲ့'။ အပြင်ပန်းသွင်ပြင်ကြည့်ပြီး ဝေဖန်ကြည့်လျှင် ဝေဖန်သူအမှား။ 'မခြိမ်းဘဲနှင့် ရွာတဲ့မိုး' ဆိုတာ၊ ဒီလူငယ်မှ မဟုတ် ဘယ်သူဖြစ်နိုင်မလဲ။ သည်အတ ပုဂ္ဂလလည်းမရှိ။ ဂုဏ်ပကာသနလည်း လုံးဝမပါ။ သန့်ရှင်းစင်ကြယ်မှုမှာလည်း အထွတ်အထိပ်။ ကျွန်တော်တို့သူငယ်ချင်းအားလုံး ကြည်နူးဝမ်းသာစိတ်နှင့် အတူ နှုတ်မှတစ်ပြိုင်နက်တည်း သာ... ခေါ်မိကြပါတော့သည်။ ထမင်းဖိုးရှင်းပြီး ဆိုင်အပြင်ထွက်သွားကြသော ကျွန်တော်တို့နားများထဲသို့ ကောင်တာစားပွဲခုံမှ ဆိုင်ပိုင်ရှင် မအမာကြည်၏ ညည်းညည်းညူညူပြောလိုက်သော စကားလေး... ကြားလိုက်ရပါတော့သည်၊

"ငါ့နှယ်နော်၊ သည်အလှူဝင်... မောင်လေးရဲ့ နာမည်ကလေးတောင် မေးမထားလိုက်မိဘူး။ သူ့ပုံစံလေးကြည့်... ရတာ ငါမေးလည်းပြောချင်မှပြော... ပုံကလေးပါ။ အလှူရှင်နာမည်တ... တောင် ပေါ် ပေါ် တင်တင်ခံယူချင်တဲ့အ... အထားလည်း မဟုတ်ပါဘူး။ အ... နက်နက်ရှိုင်းရှိုင်းတွေးမိတယ်။ ငါ... သမျှ အလှူတွေလည်း သူ့လိုသန့်... စင်ကြယ်တဲ့အလှူမျိုးဖြစ်ပါ့မလား... မတတ်နိုင်ပါဘူး။ အမည်မသိအလှ... တစ်ဦး၏ နဝကမ္မအလှူတော်ငွေ... တော့ နက်ဖြန်ပင့်ဖိတ်ထားတဲ့သံ... တော်အရှင်သူမြတ် (၁၁)ပါးကို ... တွေထဲခွဲခြမ်းပြီး ဆက်ကပ်လှူဒါန်း... လေ"

## အခန်း(၃)

## ဘူတူရေ လုံအောင်ပုန်း

ကျွန်တော်၊ ကျွန်မတို့သည် (...



www.burmeseclassic.com

www.burmeseclassic.com

မာဒေန၊ သမ္မာဒေဝ) ဟူသော (သတိသည်သာ အခရာ၊ သတိသည်သာ ချုပ်ကိုင်သုံးစွဲသော် အမြတ်ဆုံးသောအရာ) ဟူသည့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဖန်ဖန်တလဲလဲ အပ်ကြောင်းထပ်ခမန်းဆုံးမခဲ့သောတရားကို လက်ခံကျင့်သုံးသော (ထေရဝါဒ) မြန်မာလူမျိုးများ ဖြစ်ပါသည်။ စိတ်ကို အမြဲထာဝစဉ် အချိန်ရှိသရွေ့ သတိအမြဲကပ်ထားဖို့က ဝေးပါသေးသည်။ (ဝါစာ) ဟုခေါ်သောစကားကလေးများကို လိုသလိုပြောနိုင်သော နှုတ်ခမ်းကလေးများကိုပင် လိုအပ်မှဖွင့်၊ မလိုအပ်ပါက တင်းတင်းစေ့ပိတ်ထားဖို့ ဆိုသောအလုပ်ကိုပင် ပေါ့တီးပေါ့ဆ အသုံးပြုကြပါသည်။

(နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ) ဟူသော သတိပေးစကားကို သိသိကြီးမျက်ကွယ်ပြုထားကြပါသည်။ (ကြမ်းကျွံသောအခါ နုတ်၍ရသော်လည်း စကားကျွံသောအခါ နုတ်မရခဲ့သော) အဖြစ်အပျက်များလည်း ဒုနှင့်ဒေးကြုံတွေ့ခဲ့ပေါင်းများလှပါပြီ။ စကားဆိုသည်မှာ လူလူချင်းပေါင်းသင်းဆက်ဆံရာ၌ သုံးစွဲခဲ့သော အဆင်တန်ဆာတစ်မျိုးဖြစ်ပါသည်။ သူများ၏နားမှာ ခံသာသော ကဗျာ၊ ကာရန်မှန်း နူးညံ့သောသီချင်းကလေးများမှန်း နက်နက်ရှိုင်းရှိုင်း ဘယ်သောအခါမှ မတွေးခဲ့ကြပါ။ မိမိ၏ အရည်အသွေး ဘယ်လောက်အဆင့်အတန်းရှိမှန်းချပြနိုင်သော ဆက်သွယ်ရေးကိရိယာဖြစ်မှန်းကိုလည်း သိသိကြီးနှင့် ဖီလာဆန့်ကျင်ပြုထားကြပါသည်။

'ပါးစပ်ပိတ်ပြထားသော မျောက်ကလေးတစ်ကောင်'၊ 'မျက်လုံးနှစ်လုံးဖုံးကွယ်ပိတ်ပြထားသော မျောက်ကလေးတစ်ကောင်'၊ 'နားနှစ်ဖက်ကို လက်ကလေးများဖြင့်ပိတ်ပြထားသောမျောက်ကလေးတစ်ကောင်'။ စုစုပေါင်း မျောက်ကလေး (၃) ကောင်၏ နှုတ်ရှိတိုင်း အရမ်းမပြောပါနှင့်။ မျက်လုံးရှိတိုင်း တန်ဖိုးမဲ့မကြည့်ပါနှင့်၊ နားကလေးကိုလည်း အဓိပ္ပာယ်ရှိသောစကားကိုသာ ရွေးချယ် နားထောင်သင့်ပါသည် ဟူသော (ရှေးယခင်က တွင်တွင်ကျယ်ကျယ်သုံးခဲ့သော မီးခြစ်ဆန်ယမ်းဘူးမှ သင်္ကေတပုံဖြင့် ဆုံးမပဲ့ပြင်ထားခဲ့သော) မျောက်ကလေး (၃)ကောင်၏ပန်းချီရုပ်ပုံတလေးကို 'အရေးမပါအရာမရောက်ပါ' ယူဆ၍ ဖယ်ထားခဲ့သည်မှာလည်း ကြာပါပြီ။

ကျွန်တော့်သဘောအရ ပြောရလျှင် ထိုပန်းချီကားချပ်ကလေးများများ မိတ္တူပွား၍ မိမိအိမ်၊ မိမိကျောင်း၊ မိမိအလုပ်ရုံများ၏ မြင်သာသောနေရာများ၌ များများချိတ်ဆွဲထားချင်ပါသည်။ မြင်တွေ့ပါများလာသော် ထိုအလေ့အကျင့်အတိုင်း နေထိုင်ကျင့်သုံးကြည့်သော် မမြတ်တိုင် မရှုံးဟု တွေးဆလာပါလိမ့်မည်။ ထို့ပြင် ထိုပန်းချီကားကလေးကို မျက်လုံးမှာစွဲလာပေလိမ့်မည်။ ယဉ်လာပါလိမ့်မည်။ အချိန်အတိုင်းအတာတစ်ခုရောက်သောအခါ နှုတ်စကားအပြောကြောင့် လည်းကောင်း၊ မျက်လုံးအမြင်ကြောင့် လည်းကောင်း၊ နား၏အကြားကြောင့် လည်းကောင်း ကောင်းကောင်းဒုက္ခပေးနိုင်သောကိစ္စများမှ အလိုလိုနေရင်း ရှောင်ကွင်းသွားပါလိမ့်မည်။

အကြောင်းမှာ -

ပဋိသန္ဓေကိုဆောင်ယူခါစ မိခင်လောင်းတို့သည် သူတို့၏အိပ်ခန်းမျက်စိမြင်သာသောနေရာများ၌ ချစ်စရာကောင်းသော၊ ကျန်းမာသောလုပသော၊ အပြစ်ကင်းသော ကလေးငယ်ရုပ်ပုံကားချပ်ကလေးများစွာကို ချိတ်ဆွဲအလေ့အကျင့်ယူနည်းသည် စိတ်၏မျက်မှောက်ပြုရာ၊ စိတ်၏ယဉ်ပါးရာ၊ စိတ်ကိုပြုပြင်ရာ၊ တစ်နည်းအားဖြင့် ပတ်ဝန်းကျင်ကောင်းတို့၏ လွှမ်းမိုးပြုပြင်မှုအတတ်ပညာကောင်းတစ်ခုဖြစ်နေရခြင်းကို လွယ်လွယ်ကူကူ ရိုးရှင်းသော နည်းကောင်းကလေးတစ်ခုအဖြစ် မိခင်လောင်းများက ကျွန်တော်၊ ကျွန်မတို့ကို နည်းပေးလမ်းပြ သွန်သင်ထားခဲ့ပြီးပါပြီ။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် မြင့်မြတ်သောရဟန်းသံဃာအရှင်သူမြတ်တို့သာလျှင် စိတ်ကို အကောင်းဆုံး ထိန်းကျောင်းမောင်းနှင်နိုင်စွမ်းရှိသူများ ဖြစ်ပါသည်။ ကျွန်တော်၊ ကျွန်မတို့က သူများစိတ်ကိုမဆိုထားနှင့်၊ ကိုယ့်စိတ်ကလေးကိုပင် ထဲထဲဝင်ဝင်နားလည်ဖို့ဆိုသည်မှာ ယခုရရှိထားသော ဘဝတစ်ခုကိုမဆိုထားနှင့်၊ ဘဝပေါင်းများစွာကျင်လည်ခဲ့သည့်တိုင်အောင် စိတ်ကိုနားလည်နိုင်စွမ်းမရှိသေးပါ။ စိတ်၏အပေါ်ယံကြောကလေးကို နားလည်နိုင်ဖို့ကလည်း စစ်မှန်မှန်ကန်သောဘုရား၊ ထိုဘုရားရှင်ဆုံးမခဲ့သော ဓမ္မတရား၊ ကိုယ်တိုင်ကျင့်သုံးရမည့် ဒါန၊ သီလစသော မှန်ကန်သောအယူ၊ မှန်ကန်သောအသိ၊ မှန်ကန်သောပတ်ဝန်းကျင်မှာ အလိုက်သင့်အလျားသင့် ပဋိသန္ဓေယူမွေးဖွားထားနိုင်ဖို့လည်းလိုပါသည်။

ပဋိရူပဒေသ (ပတ်ဝန်းကျင်သည် ဘယ်လောက်အရေးကြီးမှန်း) လက်ဦးဆရာ (မိနှင့်ဘ) သည် ဘယ်လောက်အခရာကျမှန်း၊ မှန်ကန်သောအယူ (သာသနာသည် ဘယ်လောက်တန်ဖိုးရှိရှိ ကယ်တင်နိုင်သလဲ) ဆိုသည့်အချက်များကို ရေရှည်ကြမှ နားလည်လာပါလိမ့်မည်။ ကျွန်တော်၊ ကျွန်မတို့အဖို့ သရဏဂုံ (၃) ခုတည်ရန် ကြိုးပမ်းရာ၌ မိမိ၏ လည်ကုပ် (ဇက်)အပေါ်၌ ခါးတင်၍ 'တည်ရဲတည်ကြည့်စမ်း' ဟု ခြိမ်းခြောက်မှုမျိုး မခံရသေးပါ။ အရဟံဟူသောဂုဏ်တော်ကို နှုတ်မှ အသံမြွက်ပူဇော်လျှင်ပင် သီလျှင်ကြားလျှင် အသတ်ခံရနိုင်သောဘေးနှင့်လည်း မကြုံရသေးပါ။ 'ငါသရဏဂုံ' ကို 'အသက်နှင့်ရင်း၍ တည်ခဲ့ရသည်'ဟု အမြဲတမ်း နှလုံးသွင်းထားဖို့လည်းလိုပါသေးသည်။မတုန်မလှုပ် ယုံကြည်မှုမျိုးအဖြစ် တန်ဖိုးထားတတ်ဖို့လည်းလိုပါသေးသည်။

ဂျပန်ခေတ်အချိန်အခါက သံဃာတော်များကို ကပ္ပိ၍ ရေတွင်းရေကန်များထဲ ပစ်ချခံခဲ့ရဖူးပါသည်။ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများကိုယ်တိုင် ထိုရန်မှရှောင်ဖယ်ရန် ခါးပတ်သက်န်းတော်သင်းပိုင်အစား ယောင်ပြပုဆိုးပင်ဝတ်ခဲ့ရသည်ဟု (အဘိဓဇမဟာရဋ္ဌဂုရု) ဦးကဝိသာရ သက်တော်ရှည်ဆရာတော်ဘုရားကြီး၊ မဟာဝိသုတာရာမဈေးတုန်းကျောင်းတိုက်၊ ရွာတောက်ရပ်ပျဉ်းမနားမြို့ ကျောင်းတိုက်ဆရာတော်ကြီးက တပို့တွဲလပြည့်ကျော် ၁ ရက်၊ (၁၂-၂-၂၀၁၇) တနင်္ဂနွေနေ့ နေ့ခင်း (၁) နာရီတွင် ပရိယတ္တိဓမ္မဝိနယစာတော်ပြန်ပွဲကြီး၊ အတွင်း (၁၀၈) ဆု အောင်တော်မူဘုရားကြီးပွဲတော်၊ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် အောင်ဆုများဆက်ကပ်ပွဲ၌ ချီးမြှင့်သောတရားပွဲ၌ ထည့်သွင်းဆုံးမခဲ့သောတရားတော်ကို ကျွန်တော်နာယူခဲ့သောအခါ၌ အလွန်ပင်ထိတ်လန့်ချောက်ချားကြောက်ရွံ့ခဲ့ရပါတော့သည်။

သာသနာတော်က သည်လောက်တောင် ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရပါလားဟု နှလုံးသွင်းမိရပါတော့သည်။ ကျွန်တော်၊ ကျွန်မတို့ ဘယ်လောက်များကံကောင်းပါသလဲ။ ကြိုက်သလိုကိုးကွယ်နှစ်သက်သလို သာသနာတော်ကို ရှေ့တန်းတင်၊ ကိုယ့်စိတ်ကြိုက် လွတ်လပ်စွာ လွယ်လင့်တကူ ကြည်ညိုပူဇော်ခွင့်ရနေသည်မဟုတ်ပါလား။ ကံကောင်း

www.burmeseclassic.com

ခြင်း၊ ကံဆိုးခြင်းဆိုသည်မှာ မိမိ၌ရှိသော ဉာဏ်ဖြင့် အဖန်ဖန်လွှာ၍ ချဉ်းကပ်သော် အဖြေကွဲသွားပါလိမ့်မည်။ (ကိုယ့်စိတ်ကိုဖော့၍ သုံးသပ်ရမည်ဟု မဆိုလိုပါ) ကျွန်တော်၊ ကျွန်မတို့ ခြေ လက်ကောင်းနေပါသေးသည်။ မျက်လုံး၊ နားမကန်းကြသေးပါ။ ဝေဖန်နိုင်သော ဦးနှောက်ကိုလည်း ဘောင်အခတ်မခံရသေးပါ။

အပျက်ပုံကြီးကိုကြည့်၍ စိတ်ဓာတ်ကျနေရမည်လော။ ထိုအပျက်ပုံထဲမှ ကောင်းနိုးရာရာရွေးသန့်ဆယ်၍ ဘဝကို သုညမှပြန်၍မစနိုင်ပြီလော။ ပန်းချီသမားတို့အတွက် အဖြေက အဆင်သင့်ရှိထားပြီးပါပြီ။ ကိုယ့်ဘဝအတွေ့အကြုံထဲမှ အချက်အလက်များဖြင့်ကိုးကား၍ ဝေဖန်၍ (တူတူပုန်းနေသော) မျှော်လင့်ချက်အနာဂတ်ကို ခိုင်ခိုင်မာမာ ပေါ်လွင်လာအောင် ထုဆစ်ကြပါစို့။ ပန်းချီရာသေတ္တာထဲ၌ မလွတ်မလပ်ချုပ်နှောင်ခံရသော မျှော်လင့်ချက်နတ်ကောင်းနတ်မြတ်လေးကို သေတ္တာအတွင်းမှထုတ်၍ ကူညီကယ်တင်လွှတ်လိုက်ကြပါစို့၊ သေတ္တာ ဝေနေယျာကို ထိုမျှော်လင့်ချက်နတ်စိတ်ကောင်းကလေးကူညီကယ်တင်ခန်းကိုကြည့်၍ တပျော်တပါး လက်ခုပ်တီးအားပေးကြပါစို့။

## အခန်း(၄)
## ယာခင်း ဝိုင်းခြံထဲ ချောင်စပါးကျီကြီးပြင်ထားတော့

"နောင် ဝေ ဝေ"

ဆောင်းနှင်းများ ဝေသီနေသော ယာခင်းကျယ်ကျယ်ခြံဝိုင်း၏အိမ်ရှေ့မှ ကြေးစည်သံလွင်လွင်လေးက သာသာယာယာ လွင့်ပျံ့လာပါတော့သည်။ လယ်ဝေးမြို့နယ် အေလာတိုက်နယ် စီရင်စုအပိုင် ပေါင်းလောင်းမြစ်နံဘေးရှိ တောစပ်နှင့်နီးသော ကွမ်းခြံကျေးရွာ၏ အပြင်ဘက် တောင်ယာခင်း၌ ယာတဲအိမ်ကလေးဆောက်ကာ ယာလုပ်ငန်း၊ လယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ဦးထန်း၊ ဒေါ်ဆင့် မိသားစု၏ ယာခင်းခြံဝိုင်းကလေး၏ အရှေ့ဝင်ပေါက်မှာဖြစ်ပါသည်။

ဝတ်ဖြူစင်ကြယ်ဝတ် အဘအိုတစ်ဦးအလှူခံရောက်နေခြင်းဖြစ်ပါသည်။ ထမ်းထားသည့် ဝါးထမ်းပိုးငယ်တိုပင်နဂါးပုံသဏ္ဍာန်ထွင်းထုထားပြီး ဟာသိပဒါးရောင်ဆေးအနီခြယ်သထားပါသည်။



ရှေ့နောက် တောင်းလတ်(၂)လုံးကို ကြိုးဖြူဖြင့်သိုင်းဆွဲထားကာ ဆေးအဖြူသုတ်ထားပါသေးသည်။

တစ်ခါမှလာ၍အလှူခံလေ့မရှိသော အာဂန္တုဧည့်စိမ်းလည်း ဖြစ်ပါသည်။ ယနေ့မှ ထူးထူးခြားခြား ကြေးစည်သံသာသာယာယာလေးနှင့် ဧည့်ကောင်းစောင်ကောင်းရှားပါးလှသော ဦးထန်းတို့မိသားစုအနေဖြင့် အံ့အားသင့်သွားကြကာ ယာခင်းအပြင်ထွက်၍ ဖိတ်မန္တကခရီးဦးကြိုပြုကာ ထိုအလှူခံအဘိုးကို အိမ်ဝိုင်းထဲသို့ ခေါ်ဆောင်လာပါတော့သည်။ အိမ်ငယ်ရှေ့၌ အနားယူရန်ချထားသောစားပွဲခုံနှင့် တန်းလျား၌ နေရာပေးကာ ရေနွေး၊ ကောက်ညှင်းပေါင်း၊ ငါးခြောက်ဖုတ်ဆီရွှဲရွှဲလေးဖြင့် ဧည့်ဝတ်ပြုကြပါတော့သည်။ ဒေါ်ဆင့်ကိုယ်တိုင်ဆန်၊ ခြံထွက်သီးနှံများကို တောင်းငယ်နှစ်ခုထဲသို့ ရှိရှိသေသေ ဂရုတစိုက်ထည့်ကာ တစ်ခါမှလည်း အလှူခံလာလေ့မရှိသော အလှူခံအဘိုးအိုကို အားနာမှုမရှိစေရန် ဖျာဖျာသလဲ ဧည့်ဝတ်ပြုကြပါတော့သည်။ ဦးထန်း၏မိခင် ဒေါ်လှတင်ကလည်း အဘိုးအိုကို မြေပြင်ပေါ်၌ ဖျပ်ဝပ်စွာရှိသေရှိခိုးပြီး သီးသန့်အနေနှင့် ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်၊ လက်ဖက်ခြောက်များလှူဒါန်းသည့်အခါ အဘိုးအိုက လှူဒါန်းမှုဒါနအဖြာဖြာအတွက် ဆုမွန်ကောင်းများတောင်းပေးနေချိန်။

ဦးထန်း၏သားဖြစ်သူ မောင်စံနက်ကျော်တစ်ယောက် နွားကျွေးရန်နွားစာစဉ်းနေရာမှ ယာခင်းခြံစပ်မှ ဝိုင်းထဲသို့ လှုပ်လှုပ်လှုပ်လှုပ်ဝင်လာသော ခွေးတစ်ကောင်ကို နှင်းမှုန်မှုန်နေရောင်နုနုအောက်၌ တွေ့လိုက်သောကြောင့် ထိုခွေးကို လှမ်းအော်ပြောပါတော့သည်။

"ငါ မင်းကိုပြောသားပဲ ကျားမဲရဲ့၊ ရွာထဲပြန်လိုက်သွားရင် မင်းက ရွာထဲမှာ ပဲနေခဲ့ချင်တော့တာ။ ယာထဲကိုင်းထဲပြန်မလိုက်ချင်တော့ဘူးမဟုတ်လား။ အခုတော့ ဘယ်နှယ့်ရှိစ ရွာနဲ့ယာခင်းကူးပါလို့ ကျားမဲတစ်ကောင် ခြေထောက်တို့. . ."

မိမိတွေ့လျှင် ကိုယ်ပေါ်ဖက်တက်တအီအီလုပ်တဲ့ကောင်၊ တစ်နေ့တော့ ဘယ်လိုဖြစ်ပြီး မိမိအနားသို့လည်းမလာ၊ ဘယ်နှယ့် ပေါက်ဝင်အရိပ်အောက်ဝင်ခွေလဲနေရတာလဲ။ သည်ခွေး ဘယ်သူပစ်လိုက်လို့ ဒဏ်ရာရလာသလဲမသိပါဘူးဆိုသောအတွေးနှင့် မောင်စံနက်ကျော်တစ်ယောက် နွားစာစဉ်းအလုပ်ကို ခေတ္တရပ်နားကာ မနက်ခင်း နေရောင်နုနုအလင်းရောင်အောက်မှာမွေးထားသော ယာစောင့်ခွေးကျားမဲ လဲလျောင်းနေရာ ငုပင်အရိပ်အောက်သို့ ခြေလှမ်းညင်ညင်သာသာဖြင့်ထဲအသွား လဲလျောင်းနေသောသတ္တဝါက စံနက်ကျော်ခြေသံကြောင့် ခေါင်းထောင်လှမ်းအကြည့် စံနက်ကျော်တစ်ယောက် ပါးစပ်ဟောင်းလောင်းဖြစ်သွားရပါတော့သည်။ မြင်ရသောမြင်ကွင်းကြောင့် လှမ်းလက်စခြေလှမ်းရပ်၍ အနောက်ဘက်သို့ ခြေသံမကြားအောင် နောက်သို့ နောက်ပြန်ခြေလှမ်းလေးငါးလှမ်းပြန်ဆုတ်သွားရပါတော့သည်။ ပြီးမှ ခြေဖွဖွနင်းပြီး လူကြီးမိဘများရှိနေရာ အိမ်ကလေးအရှေ့သို့ တန်းလျားနှင့် စားပွဲအရောက် အလျင်အမြန်အထိတ်တလန့်ပြေးရင်း အနီးရောက်မှ မျက်နှာခပ်ပျက်ပျက်နှင့် အမောတကောလေသံဖြင့် ပြောလိုက်ပါတော့သည်။

"အဘနဲ့အစ်မ၊ ကျုပ်တို့တော့ ဒုက္ခရောက်ပြီထင်တာပဲ။ ကျားမဲ ကွမ်းခြံရွာထဲကျန်နေခဲ့တယ်လို့ထင်ထားတာဗျ။ ခမိုးနံဘေးကနေ လှုပ်လှုပ်လှုပ်လှုပ်ဝင်လာပြီး ငုပင်အရိပ်အောက်ကို ခွေလဲ့နေလို့ သည်ကောင် ဒဏ်ရာရလာတယ်ထင်ပြီးသွားကြည့်တော့ ကျားမဲမဟုတ်ဘူးဗျ။ ဟိုဟို ချေတစ်ကောင် မျက်စိလည်ပြီး ခြံထဲရောက်လာတာ၊ ဘယ့်နှယ်လုပ်ကြမလဲဟင်။ သူက ကျုပ်ကိုတောင် မလန့်မပြုနဲ့ လှဲနေရာက ခေါင်းထောင်ကြည့်သေးတယ်"

ဘွားအေဖြစ်သူ ဒေါ်လှတင်ကိုယ်တိုင် မျက်နှာခပ်ပျက်ပျက်နှင့် ရင်ဘတ်ကို လက်နှင့်ဖိရင်း -

"ရွာထဲရပ်ထဲချေဝင်ခဲ့ရင်တောင် နိမိတ်မကောင်းဘူးသတ်မှတ်ကြသေး



www.burmeseclassic.com

www.burmeseclassic.com

ပဲ။ အခုတော့ ကိုယ့်ယာခင်းထဲအထိဝင်လာတာ ဘယ်နှယ့်လုပ်ကြမလဲဟင် ငါ့သား"

ဦးထန်းရော ဒေါ်ဆင့်ပါ မျက်နှာမလှကြတော့ပါ။ သူတို့မိသားစုနှင့်ဆန့်ကျင်ဘက် သူတော်စင်အလျှုခံ အဘိုးအိုက ပြုံးရွှင်စွာရယ်ရယ်မောမောပြောလိုက်ပါတော့သည်။

"ဟဲ့ဟဲ့ - ငါ့မြေး ငါ့သား၊ ငါ့သမီးတွေရဲ့၊ ဒါက ထိတ်စရာလန့်စရာကိစ္စမဟုတ်တာဘဲကွယ့်။ ရှေးလျှောက်ပျော်ထောင်ပျော်ရှိုးမှာ၊ ဗမ္မာ့ဒီပါတောင်ကျွန်း ဩဘာနိမိတ်ထွန်းတဲ့၊ အဆိုက အစောကြီးကတည်းကရှိထားခဲ့တာ၊ သည်တောင်ကျွန်းသဘာဝကိုယ်က ဘာကိစ္စဖြစ်ဖြစ် နိမိတ်ကောင်းအတိတ်ကောင်းကိုသာ ရင့်ကျူးရတာ၊ ဩဘာပြုရတာ၊ ဥပါတ်တယ်ဆိုတာကောင်းတာပဲ၊ ဥပါတ်ရတယ်ကွယ့်။ ကဲကဲ- အဘပဲ ကောင်းတဲ့ဩဘာနဲ့ကောင်းတဲ့နိမိတ်ဖတ်ပေးလိုက်ပါမယ်"

ထိုသို့ပြောပြီးသည်နှင့် တန်းလျားမှ မတ်ရပ်ထကာ သူ့လက်၌ အဆင်သင့်ကိုင်ဆွဲထားသော ကြေးစည်ကလေးကိုသုံးကြိမ်သုံးခါ ထုနှက်တီးခတ်လိုက်ပါတော့သည်။

"ချောဝင်တော့ စပါးကျီကို ခိုင်ခိုင်ခံ့ခံ့ပြင်ဆင်ရမယ့်နိမိတ်ပဲပေါ့။ သည်သားသည်သမီး သည်မြေးတွေက စပါးကျီကိုခိုင်ခိုင်ခံ့ခံ့ အဆင်သင့်ပြင်ထားပြီးပါပြီ။ စပါးပုတ်ကိုလည်း ထပ်တိုးချဲ့ပြီး ယက်ပြီးပါပြီ။ ကဲကဲ- လာကြစမ်းပေါ့၊ စပါးတွေ တောင်လိုယာလိုအပုံလိုက် ရွှေလိုဝင်း၊ ပဲ၊ နှမ်းတွေသည်း သင်ဖြူးရာထောင်နဲ့စီလို့ခင်း"

သူတော်စင်အဘိုးအို၏ ကြေးစည်သံတလွင်လွင်ပေးပြီး နိမိတ်ဖတ်ဩဘာစကားကြောင့် မိသားစုအားလုံးနောင်အချိန်၌ဖြစ်လာမှာ၊ မဖြစ်လာမှာ အသာထား လောလောလတ်လတ်ခံစားနေရသော စိတ်သောကအပူအဝင်များက ရေတွေ့ကြာနယ် နေရောင်လာနှင်းပျောက်သလို လွင့်စဉ်သက်သာသွားရပါတော့သည်။ ပြီးမှ သူတော်စင်အဘိုးအိုက ချေနှင့်တည့်တည့်ဆိုင်ဆိုင်တွေ့ခဲ့သော မောင်စံနက်ကျော်ဘက်သို့လှည့်၍-

"ငါ့မြေးရဲ့၊ ချေက ငါ့မြေးဆီလာတဲ့ ဧည့်ကောင်းဆောင်ကောင်းကွယ့်။ အကြောင့် ရွှေစည့်သည့်ငွေစည့်သည့်ရဲ့ ထွမ်းမကမ်းနား ငါ့မြေးကိုယ်တိုင် မရွှ့မကြောက်သွားပြီး လူကလေးနွားစာစဉ်းထားတဲ့အထဲက မြက်ကောင်းမြက်နုသန့်သန့်လေးတွေသွားပြီးပုံထားပေးလိုက်၊ တစ်လက်စတည်း သူသောက်ဖို့ ရေပုံးနဲ့ရေသန့်သန့်ထည့်ပြီး သွားချပေးထားလိုက်။ ဧည့်ကောင်းလာတာကို ဧည့်ဝတ်ပြုရမှာက မြေးရဲ့ဝတ္တရားပဲ လူကလေးရဲ့"

သူတော်စင် အဘိုးအိုပြောသည့်အတိုင်း မောင်စံနက်ကျော်ကိုယ်တိုင် ကိုယ်ကျ ငုပင်အရိပ်အောက်၌ ဝင်ခွေလှဲနေသော ချေ၏အနီးအနား မလှမ်းမကမ်းမှ မြက်နုနုစိမ်းဖန့်ဖန့်ကလေးများကို ပုံပေးထား၍လည်းကောင်း၊ ရေထမ်းပုံးဖြင့်ရေသန့်သန့်တစ်ပုံးသွား၍ ချထားပေးလိုက်ပါတော့သည်။ ချေက မလန့်မပြုထမပြေးဘဲ မောင်စံနက်ကျော်ချထားပေးရာ မြက်နုပုံကလေးဆီသို့ ညင်ညင်သာသာထလာကာ စိမ့်ပြေနပြေမြက်ဝင်စားနေပါတော့သည်။ မြက်စား၍ဝသွားတော့မှ ရေထမ်းပုံးမှရေကို အေးအေးလူလူသောက်နေပြန်ပါသေးသည်။ ထိုမြင်ကွင်းကိုကြည့်၍ ဦးထန်းတို့ မိသားစုအားလုံး ပါးစပ်ဟောင်းလောင်းဖြစ်ကာ မှင်တက်ငြိမ်ကြသွားပါတော့သည်။

## အခန်း(၅)

## မြသီတာအကြိုထောက်

ထိုအချိန်၌ အိမ်ပေါ်မှ အသက်အရွယ်(၇၊ ၈) နှစ်ခန့် ဆံရစ်ဝိုင်းကလေးနှင့်မိန်းကလေးတစ်ဦး ကသောကမျောပြေးဆင်းလာကာ အထိတ်တလန့်နှင့်အော်ဟစ်ပါတော့သည်။

"အဘနဲ့အစ်မ၊ ထုပ်တန်းပေါ်မှာ ဘာအကောင်ကြီးလဲမသိဘူး။ မည်းမည်းကြီး၊ သမီးကို သူ့လျှာအရှည်ကြီးခဏခဏထုတ်ပြတယ်။ တစ်ခါမှလည်း မမြင်ဖူးဘူး။ ဘာအကောင်ကြီးလဲမသိဘူးလာ ကြည့်ပါဦး"

မိခင်ဒေါ်ဆင့်ရင်ခွင်ထဲအရောက်ပြေးဝင်ပြီး တုန်တုန်ယင်ယင်ကြောက်ကြောက်လန့်နှင့် အိမ်ပေါ်သို့ လက်ညှိုးထိုးပြနေပါတော့သည်။ သူတော်စင်ဧည့်သည်အဘိုးအိုအပါအဝင် မိသားစုအားလုံး မြေစိုက်တဲအိမ်အတွင်းဝင်ရောက်၍ထုပ်တန်းပေါ် မော့ကြည့်သောအခါ မိခင်ဖြစ်သူ ဒေါ်လှတင်က -

"ဒါ ဒါ တွင်းအောင်းဖွတ်ကြီးပါလား။ တို့မိသားစုတော့ သည်တစ်ခါတော့ ကိုယ်ကျိုးနည်းပါပြီ။တစ်နေ့တည်းတစ်ချိန်တည်း တစ်ပြိုင်နက် ဝင်းခြံထဲလည်း ချေဝင်၊ အိမ်ပေါ်ကိုလည်း ဖွတ်ကတက်"

မောင်စံနက်ကျော်ရော ဦးထန်းပါ ထိုသတ္တဝါကို ရိုက်နှက်မောင်းထုတ်ရန် တုတ်ဆွဲဝါးဆွဲပြင်နေတော့ သူတော်စင်အဘိုးအိုက ကသောကမျောတားမြစ်လိုက်ပြီး ဖွတ်သတ္တဝါကို စတွေ့ဦးဆုံးမြင်သော ဆံရစ်ဝိုင်းနှင့်မိန်းကလေးကိုသေသေချာချာကြည့်၍ နူးညံ့သောအပြုံးဖြင့်ပြုံးပြကာ -

"မြေးမကလေး၊ မိန်းကလေးနာမည် ဘယ်လိုခေါ်သလဲ၊ အဘကိုပြောပါဦး"

တောသူတောင်သားလည်းဖြစ်သည့်အားလျော်စွာ သူစိမ်းဧည့်သည်လည်းဖြစ်နေ၍ သူ့မိခင် ဒေါ်ဆင့်မျက်နှာမော့ကြည့်ပါတော့သည်။ ပြောရမည်လားဟု မိခင်ကိုခွင့်တောင်းသည့်သဘော။ ဒေါ်ဆင့်ကိုယ်တိုင် သူ့သမီးကိုကြည့်၍ပြုံးကာ -

"ဧည့်သည်ဘဘက သဘောရိုးနဲ့မေးတာပါ သမီးရဲ့၊ သမီးနာမည်ပြောပြလိုက် ဟုတ်လား"

မိခင်ဒေါ်ဆင့် ခွင့်ပြုချက်ရမှဘယ်ပါးပေါ်မှာ ပါးချိုင့်ခွက်ကလေးပေါ်အောင် ချစ်စဖွယ် သန့်[illegible]ရွှင်းပြုံးရယ်လိုက်ပြီး-

"သမီးကို မိသားစုအားလုံးကမြသီတာလို့ခေါ်ပါတယ်ရှင့်။သမီးနာမည်က ကောင်းရောကောင်းရဲ့လား ဘဘဧည့်သည်ကြီး"

ဧည့်သည်သူတော်စင်အဘိုးအိုက မမြသီတာကို ကြင်နာစွာပြုံးကြည့်ပြီးခေါင်းတညိတ်ညိတ်နှင့် -

"သိပ်ကောင်းတဲ့နာမည်ကလေးပါ မြေးမလေးရဲ့၊ မိန်းကလေးက သည်ထုပ်တန်းပေါ်တက်နေတဲ့ဧည့်သည်ကို မမြင်ဖူးလို့ကြောက်တာပါ။ အလွန်သဘောမနောကောင်းတဲ့ဧည့်သည်ကွယ့်၊ ဘဘတို့က သူ့ကို ဖွတ်လို့မခေါ်ဘူးကွယ့်။ ဇောတိကသူဌေးမင်းလို့ခေါ်ကြတာကွယ့်။ တစ်ခါတစ်ရံ သူ့ခန္ဓာကိုယ်ပေါ်မှာ စ၊ ခ၊ ဗ၊ ဝလို့ခေါ်တဲ့ စမလေးလုံးအနက် စမတစ်လုံးပါရင်ပဲ အလွန်ထူးခြားလှပြီ။ ကဲကဲ- သူ့ခန္ဓာကိုယ်ပေါ်မှာ ဘယ်လိုစမအက္ခရာပါ၊မပါ ကွဲကွဲပြားပြားမြင်သွားရအောင်သိရအောင် လက်ဆေးတဲ့စဉ့်ရေအင်တုံကောင်းကောင်းကလေးမှာ မြေးမလေးကိုယ်တိုင် ရေကြည်ရေကောင်းသန့်သန့်ကလေးထည့်ပြီး သူ့ထုပ်တန်း



www.burmeseclassic.com

www.burmeseclassic.com

အောက်တည့်တည့် သူမြင်သာမယ့်နေရာမှာသွားချပေးလိုက်၊ ခပ်မြန်မြန်လေး။ သုံ့ထွပ်ပေါ်ကဆင်းပြီး ရေသောက်၊ မသောက် ကြည့်ရအောင်။ ရေဆင်းသောက်ပြီဆို မီသားစုအားလုံး လက်ခမောင်းသာခတ်လိုက်ကြတော့၊ မြေးမလေး မြသီတာ ရဲရဲတင်းတင်းသာသွား၊ ဘဘတို့အားလုံး သမီးလေးနားမှာရှိနေကြတာပဲ။ မကြောက်နဲ့ ဟုတ်လား"

မြသီတာသည် ထုပ်တန်းပေါ် တွယ်တပ်တက်နေသောဖွတ်ကြီးကိုမော့ကြည့်ပြီး-

"သမီးကို သူလျှာခဏခဏထုတ်ပြတာ ရေဆာနေလို့လား ဘဘကြီး၊ သမီးက မသိဘူးလေ"

ထိုစကားလေးပြောပြီး လက်ဆေးခွက် စဥ့်ရေအင်တုံမှာ ရေကြည်သန့်သန့်ဖြည့်၍ လူကြီးမိဘများလည်း အနားအနီးမှရှိသည့်အားလျော်စွာ မကြောက်ရွံ့တော့ဘဲ ထုပ်တန်းအောက်တည့်တည့် စဥ့်ရေခွက်နှင့်ရေကို မဖိတ်မစဥ်အောင် ဂရုပြု၍ သေသေချာချာချထားကာ ထုပ်တန်းပေါ် မော့ကြည့်၍ သူ့အသံစာစာစူးစူးလေးနှင့်ပြောလိုက်ပါတော့သည်။

"ညွှသည်ကြီး ညွှသည်ကြီး၊ သည်မှာ ရေကြည်ရေကောင်းသန့်သန့်လေး၊ လာခဲ့ ဆင်းပြီးသောက်လှည့်၊ မြသီတာက ကိုယ်တိုင်ခပ်လာတာ လာ လာ တီ တီ တီ"

ဘယ်ပါးချိုင့်ခွက်ကလေးပေါ်အောင်ပြုံးပြီး ရေအပြည့်နှင့် စဥ့်ရေအင်တုံကိုချကာ ခေါင်းပေါ်မှ ထုပ်တန်းပေါ်မှ ဖွတ်သတ္တဝါကို ကြက်အစာကျွေးသလိုခေါ်နေတော့ အနီးရှိလူအားလုံး မျက်နှာပေါ်မှာ သဘောကျ၍ ပြုံးကုန်ကြပါတော့သည်။ ပြီးမှ မြသီတာသည် သူ့မိခင် ဒေါ်ဆင့်အနားရောက်အောင်နောက်ပြန်ဆုတ်သွားပါတော့သည်။ အားလုံး မနီးမဝေး ခပ်လှမ်းလှမ်းမှ ဖွတ်ကြီးကို အကဲခတ်နေကြပါတော့သည်။

ရေနဲ့ကြောင့်ဖြစ်ပုံရပါမည်။ ထုပ်တန်းပေါ်မှ ဖွတ်ကြီးက မကြောက်မရွံ့ ထုပ်တန်းမှတစ်ဆင့် တိုင်အတိုင်း ဖြည်းဖြည်းချင်း ဇောက်ထိုးတွယ်ကပ်ဆင်းလာကာ ရေအင်တုံမှရေကို သူ့လျှာအနီရှည်ရှည်ကို ထုတ်လိုက်သွင်းလိုက်နှင့် တော်တော်ကြီးကြာအောင် အေးအေးလူလူ ငုံရေသောက်နေပါတော့သည်။

ထိုအခါကျမှ ကွဲကွဲပြားပြား အလင်းရောင်အောက်မှာ ဖွတ်ကြီး၏နီညိုညိုနက်နက်ကျောပေါ်တွင် (စ၊ ဓ၊ ဗ၊ ဝ) အက္ခရာလေးလုံးကို ကျောကုန်းပေါ်မှခေါင်းအထိ အစီအစဥ်လိုက်တွေ့ရပါတော့သည်။ ခေါင်းပေါ်တည့်တည့် မျက်လုံးနှစ်လုံးအကြား၌ ဝအက္ခရာဝိုင်းဝိုင်းစက်စက်က ဆေးအဖြူနှင့် ခြယ်သရေးထိုးထားသလို ခန္ဓာကိုယ်ပေါ်မှ စ၊ ဓ၊ ဗ အက္ခရာမှိန်မှိန် မထင်မရှားများထက် ပီသရှင်းလင်းသိသာစွာဖြင့် မြင်တွေ့ရပါတော့သည်။

သူတော်စင်အဘိုးအိုကိုယ်တိုင် သဘောကျစွာ ခေါင်းတညိတ်ညိတ်ဖြင့်-

"တကယ့်ဇောတိကသူဌေးမင်းအထွတ်အထိပ်ပါလား"

ထိုသို့စကားဆိုပြီးနောက် သူ့လက်တွင်ကိုင်ဆွဲထားသော ကြေးစည်နှင့်လက်ခတ်ကိုပြင်ကာ -

"ငါ့မြေး၊ ငါ့သား၊ ငါ့သမီးတွေရဲ့၊ ဒါက ထိတ်စရာလန့်စရာမှမဟုတ်တာဘဲကွယ်။ ပီတောင်ပျော်စရာ၊ ရွှင်စရာ၊ ဝမ်းမြောက်စရာဖြစ်ကြရဦးမှာကွယ့်။ စွဲစွဲမြဲမြဲသာစိတ်မှာမှတ်ထားကြပေတော့။ ဒီတောင်ကျွန်းမှာ ကောင်းတဲ့အတိတ်ကောင်းတဲ့နိမိတ်သာ ဖတ်ကြမြဲ ထုံးစံရှိကြတာ။ ကဲကဲ - မြေးမကလေး မြသီတာ အကြိုသောက်မှတော့ ဇောတိကသူဌေးမင်းအိမ်ပေါ်အထိရောက်လာရပြီမဟုတ်လား။ ဇောတိကသူဌေးမင်းဝတ္တုရားက ချမ်းသာကြွယ်ဝအောင် စောင်မကြည့်ရှုရမှာပဲမဟုတ်လား။ တာဝန်ကျေတဲ့ညွှသည်ကို အရေးတယူ ညွှဝတ်ပြုဖို့ကလည်း အိမ်ရှင်တို့ရဲ့တာဝန်ပဲမဟုတ်လား။ ဇောတိကသူဌေးမင်းကြီးခင်ဗျား၊ နန်းတောင်စမှတ်ကရတနာဆောင်ထုပ်နဲ့ ချီးမြှောက်မစပါတော့လား"

ထိုစကား ထိုနိမိတ်ဥဒါန်းကျူးပြီးသည်နှင့် ကြေးစည်လေးကို သုံးကြိမ်သုံးခါ ထုနှက်တီးခတ်လိုက်ပါတော့သည်။

"နောင်. . . ဝေ. . . ဝေ"

မကြာခင်အချိန်၌ တစ်ချိန်တည်းတစ်ပြိုင်နက်တည်း ခြံဝိုင်းထဲဝင်လာကြသောချေကလည်း မြက်နုစားရေသောက်ကာ အစာဝ ရေဝ၍ ခြံဝိုင်းအပြင်ဘက်သို့ လှုပ်လီလှုပ်လဲ့ဖြင့်ထွက်ခွာ၍ ခြံဝိုင်းယာ့အပြင်ဘက် နှင်းမှုန်မှုန်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားသလို ထုပ်တန်းပေါ်တက်ခဲ့သောဖွတ်ကြီးကလည်း ရေကြည်ရေကောင်းအဝသောက်ကာ အိပက်အိပက်ဖြင့် လေးလေးပင်ပင်တွားသွား၍ယာခင်းခြံဝိုင်းအပြင်ဘက် နှင်းမှုန်မှုန်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါတော့သည်။ အားလုံးကိုနှုတ်ဆက်၍ သူတော်စင်ညွှသည်အဘိုးအိုလည်း အလျှော်တောင်းဆိုင်းနှစ်လုံးကို နဂါးထမ်းပိုးအနီရောင်ထမ်း၍ ကြေးစည်သံ ဓ နာင်ဝေဝေ အဆက်မပြတ်ထုနှက်တီးခတ်ကာ နှင်းမှုန်မှုန်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါတော့သည်။

## အခန်း(၆)

## တောင်ကျွန်းဖမ္မာဗီပါထိပ် အောင်ခြင်းအယူသည်သာနိမိတ်

ထိုအဖြစ်အပျက်များဖြစ်ပွားပြီးနောက် သီတင်း (၃) ပတ်ကြာသော် မနက်ခင်းတစ်ချိန်၌ စံနက်ကျော်တစ်ယောက် နွားစာစဉ်းနေရာမှ နွားစာစဉ်းရန်စိုက်ထားသောတိုင်ဟောင်းက ဖွတ်ခနဲအသံမြည်သွား၍ နွားစာစဉ်းနေရာမှ ရပ်ကာ တိုင်ကို ပတ်ပတ်လည်လှည့်လာကြည့်သော် တိုင်အခြေနေရာတည့်တည့်၌ မိုးရေစီးဆင်းရေများတိုက်စားမှုကြောင့် တိုင်၏အောက်ခြေဆွေးနေကာ ကျိုးပဲ့၍ မြေပေါ်သို့လဲတော့မည့်အနေအထားကြောင့် မနီးမဝေးတစ်နေရာတွင် အလုပ်လုပ်နေသော သူ့ဖခင်ဦးထန်းကို -

"တော်သေးတာပေါ့ အဘရေး နွားစာတွေကို တစ်ပတ်စာကြိုတင်ပြီး ကြဲဖူးနေ့၊ ကောက်ရိုးမြက်နုတော်တော်များများ အရန်သင့်စဉ်းစားပေလို့သာပေါ့။ နွားစာစဉ်းတိုင်က အောက်ခြေပြတ်ပြီးဆွေးနေတာ၊ သည်တိုင်ဟောင်းကို တိုင်သစ်နဲ့အစားထိုးပြောင်းပြီးလဲထိုလဲရတော့မှာ"

သို့နှင့် သားအဖနှစ်ဦးစလုံး နွားစာစဉ်းတိုင်အဟောင်းကို နွားစာစဉ်းသည့်ဓားမ၊ ဆွဲသိုင်းကြိုးများဖယ်ရှားပြီးသံတူးရွင်း၊ ငန်းပြားတို့နှင့် ဖယ်ရှားတူးဆွကာ နွားစာစဉ်းတိုင်အသစ်ပြန်စိုက်ရန် ထိုကျင်းဟောင်းနေရာမှာပင် အောက်ခြေမြေသားနက်နက်ရောက်အောင် တွင်းသစ်ပြန်တူးဆွနေတုန်း သံတူးရွင်းက တစ်စုံတစ်ခုနှင့် ထိခိုက်မိသောအသံတစ်ခုမြည်သွားပါတော့သည်။

"ခွပ်. . . ခွပ်. . . ဂျိ. . . ချွမ်. . . ခလွမ်"

သားအဖနှစ်ဦးစလုံး ထိုမြေထဲအသံခပ်ဆန်းဆန်းကြောင့် သံတူးရွင်းဖယ်ရှား၍ တစ်ဦးနှင့်တစ်ဦး ထိုင်ချကြည့်ကြည့်ကာ တွင်းထဲရှိ မြေစာများ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ပိမ်ကျော်-မအူပင်

# ဝမ်းကိုက်ဝေဒနာပျောက်စေရာ



အချိန်ကာလအားဖြင့်တော့ ၂၀၁၀ ပြည့်နှစ်ထဲမှာ ဖြစ်ပါသည်။ ထိုနှစ်ကတွင်းမှာပဲ စာရေးသူတို့ရဲ့အစ်ကို တစ်ဝမ်းကွဲ(အဖေညီအစ်ကို) တော်စပ်သူ ကိုဝင်းမောင်၊ မခင်အုံးမြင့်တို့နေထိုင်တဲ့ စာရေးသူတို့မြို့နဲ့ဆို ငါးမိုင်၊ ခြောက်မိုင်လောက်ဝေးတဲ့ ရွှေဘိုစုကျေးရွာလေးကို ရောက်သွားဖြစ်ပါသည်။ သုံး၊ လေးနှစ်နေလို့မှ တစ်ခေါက်တစ်ခါ မရောက်ဖြစ်သော အစ်ကိုတို့ရွာလေးဆီသို့ ဒီတစ်ခါတော့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားဖြစ်ပါသည်။

စာရေးသူကလည်း ကိစ္စတစ်စုံတစ်ရာမရှိရင် အရောက်အပေါက်နည်းသည်မို့ တော်ရုံတန်ရုံကမရောက်ဖြစ်။ အခုတောင်မှ ကိုဝင်းမောင်ရဲ့ပဋ္ဌင်းခံ ရှင်ပြုအလှူတော်ဖိတ်စာကြီးက ခမ်းခမ်းနားနားကြီးနှင့် စာရေးသူတို့ရဲ့အိမ်တော်မင်္ဂလာကို ရောက်ရှိလာတော့သည်။ တစ်ခါတော့ အလုပ်အားတာမအားတာ အသာထားပြီး ဖွတ်မိုက်ပြီးသာရောက်အောင်လာခဲ့ရတာ။ အလုပ်အတွက်ကို နောက်ဆံတော့တင်းမိသား။ သည်လိုမှ ဖွတ်မမိုက်ရင်လည်း ဘယ်ကိုမှမရောက်ဘူးဆိုသလိုဖြစ်နေလေပြီ။ တပည့်ဖြစ်သူ မောင်မင်းဝေမင်းကလည်း -

"ဆရာရယ်၊ ကျွန်တော်လည်း သိမ်ဆင်းလောင်းရင်း မရောက်ဘူးတာနဲ့ ရောက်ဖူးတယ်ရှိအောင်လိုက်ခဲ့ဦးမယ်"

ဒါနှင့်ပဲ ဆရာတပည့်နှစ်ယောက် ဆိုင်ကယ်တစ်စီးနှင့် ရွှေဘိုစုရွာသို့ထွက်လာခဲ့သည်။ ဆိုင်ကယ်လမ်းကတော့ ရွာမှအိမ်ကို ဒါရိုက်မရောက်တတ်။ လမ်းမှာထားခဲ့ပြီး စက်လှေနှင့်တစ်ဆင့်လာရသေး၏။

သည်နေ့သည် အလှူအစ ပထမနေ့ဖြစ်ပါသည်။ ထိုနေ့တွင် ပဋ္ဌင်းလောင်း၊ မောင်ရင်လောင်းများကို ရွာစဉ်အလိုက်လိုက်လံလှည့်ပတ်ပြီး ရွာထိပ်က ညောင်ပင်မှာ ရှေးလူကြီးသူမများ၏ အစဉ်အလာအတိုင်း နတ်ပြခြင်း၊ အန္တရာယ်ကင်းအောင် ဆောင်ရွက်ခြင်းတို့ပြုလုပ်ပြီး ရွာလယ်၌တည်ရှိသော ဆုတောင်းပြည့် အောင်တော်မူစေတီတော်ဝင်း အတွင်းမှာရှိသော မွှာရုံကြီးကို အလှူမဏ္ဍပ်အဖြစ် တည်ထားပြီး ထိုနေရာတွင် ဧည်ကားသိုက်မြိုက်စွာ ကျင်းပပြု

ကုန်စင်အောင် ဖယ်ရှားလိုက်သောအခါ ဆွေးမြည့်နေသော သံသေတ္တာတစ်လုံး၊ ထိုသံသေတ္တာအဖုံးကို သံတူရွင်းတိုးဝင်သွားသောနေရာအပေါက်မှ အတွင်းထဲမှ အပေါ်က အလင်းရောင်ကြောင့် ပြောင်ပြောင်လက်လက်အရာများကို တွေ့လိုက်ရပါတော့သည်။

သားအဖနှစ်ဦးလုံး ပါးစပ်ပေါင်းလောင်းဖြစ်သွားကာ မောင်စံနတ်ကျော်နှုတ်မှ တုန်တုန်ယင်ယင်အသံနှင့် -

"အဘ ဒါ ဒါ မဟုတ်မှလွဲရော ရတနာသေတ္တာကြီးပါလား"

ဦးထန်းကိုယ်တိုင် စိတ်လှုပ်ရှားသံဖြင့်-

"အမှန်ပဲ လူကလေး၊ အဖေတို့ တွင်းကို နည်းနည်းဝိုက်ပြီးချဲ့တူးပြီး အပေါ်ဆွဲတင်ကြစို့"

နေ့ခင်း ထမင်းစားသောက်ပြီးသောအခါ ထိုကျည်ဆန်ထည့်သော ဂျပန်ခေတ်သုံး လက်ဆွဲသေတ္တာအဟောင်းထဲမှ ရရှိသောရတနာများကို လက်ဝတ်ရတနာသတ်သတ်၊ ရွှေချောင်းသတ်သတ်ခွဲခြား၍ တစ်မျိုးစီခွဲခြားသိမ်းဆည်းရင်းက ယောက္ခမဖြစ်သူဒေါ်လှတင်က -

"ဂျပန်တွေစစ်ရှုံးလို့ တောင်ငူဘက်ကိုအဆင်း သည်နေရာ မြိုင်ထန်းတောထဲမှာ ခေတ္တခဏစစ်စခန်းချသွားကြတာ အဖေတို့ငယ်ငယ်တုန်းက မီလိုက်တယ်ကွယ့်။ စကေ့ ဒီပစ္စည်းတွေကို မလွတ်လပ်လို့ စစ်ပြေးရင်းမြှုပ်ခဲ့ကြတာ ဖြစ်နိုင်တယ်။ ကံတရားကလည်း အံ့ဩစရာ။ သည်ရွာစာစဉ်တိုင်အောက်တည့်တည့်မှာမှ ရတနာသေတ္တာရှိမှန်းမသိဘဲ ဖင်ခုထိုင်ခဲ့တဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေ မနည်းခဲ့ပါလား"

ထိုအချိန်၌ ဝိုင်းအမြင်ဘက်မှ ကွမ်းခြံရွာသား ဦးမြဆောင်၏ ဝမ်းသာပျော်ရွှင်သောအသံကို ကြားလိုက်ရပါတော့သည်။

"ဗျို့ - ကိုထန်း မဆင့်ရေ ကျုပ်အောလာကပြန်လာတာ၊ ဦးညွန့်လှိုင်ထီဆိုင်က ခင်ဗျားတို့နာမည်နဲ့ အောင်ဘာလေတစ်သိန်းဆုကြီးပေါက်နေတယ်လို့ မှာလိုက်တယ်ဗျ။ ကျုပ် ဈေးကုန်တွေနဲ့ ကွမ်းခြံရွာထဲပြန်ပို့လိုက်ဦးမယ်။ ညနေခင်းမှ ရေနွေးသောက် ပြန်လာခဲ့ဦးမယ်။ ခင်ဗျားတို့မိသားစု စိုင်ကော်လို့ ချဲပေါ်ရောက်သွားပြီဗျို့။ ဝမ်းသာတယ်ဗျ"

မိသားစုအားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပါးစပ်ပေါင်းလောင်းဖြစ်၍ မှင်တက်နေကြစဉ် မြသီတာက -

"ဟိုတစ်လောတုန်းကလာသွားတဲ့ ဘဘက မြသီတာအကြိုဆောက်ဇေတီကအိမ်ပေါ် ရောက်ဆိုတဲ့စကားက သိပ်မှန်တာပါပဲလား အဘနဲ့အစ်မ၊ ကျုပ်သူပြန်သွားတော့ မယောင်မလည်နဲ့ နောက်ကလိုက်ကြည့်သေးတယ်။ ယာခင်းလမ်းနံဘေးက လက်ပံပင်နားလည်း ရောက်ရော ဖျောက်ခနဲပျောက်သွားတာတော့။ ဒါပေမယ့် သိပ်ဆန်းတာက လူသာပျောက်သွားတယ်။ ကြေးစည်သံက တော်တော်ကြာအောင် ကြားနေရသေးတယ်။ မြသီတာထင်တာ တောစောင့်နတ်မင်း၊ တောင်စောင့်နတ်မင်းပဲဖြစ်မယ်လို့လေ။ အခုလို ရတနာတွေရ၊ ထီဆုကြီးပေါက်တော့ သေချာသွားပါပြီ။ တကယ့်နတ်မင်းကြီးမှ တကယ့်နတ်မင်းအစစ်"

မြသီတာစကားကြောင့် မိသားစုအားလုံးနှုတ်မှ အာမေဍိတ်စကားကိုယ်စီ ထွက်သွားကြပါတော့သည်။

"ဟာ"

"ဟင်"

"ဟယ်"

"အို"

နိုင်ပြေသိမ်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြီး အလှူအတန်းပေးခြင်း ဖြစ်ပါသည်။ ရွာဦးကျောင်းမှ သက်တော် (၈၀)ခန့်ရှိပြီဖြစ်တဲ့ ဆရာတော်ကြီးဘုန်းဘုန်း ကေလာသကိုအမှူးပြုပြီး အနီးတစ်ဝိုက်ရှိရွာများ၊ ဂေါစရဂံနယ်များဖြစ်ကြတဲ့ ပိန်းချောင်း၊ တန်သာယာ၊ ကတက်ချ၊ မင်းဘော၊ ကျုံစုတ်၊ အလန်း၊ ပေါက်ကုန်း၊ အိုင်ပိုင်း စသည့်ရွာများမှ ဘုန်းတော်ကြီးများနှင့် မြို့ပေါ်ရှိ မှန်ပင်၊ နန္ဒာရုံ၊ ကုသလရာမ၊ ချမ်းမြေ့သာယာ စသည့် ကျောင်းများကို ဆရာတော်ကြီး၏ဩဝါဒအတိုင်း ပင့်ဖိတ်ပြီး ဒါတပ္ပဝတ္တုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး သာသနာ့အမွေကိုဆက်ခံသောပွဲ ဖြစ်ပါသည်။

ထို့ကြောင့်မို့လည်း အလှူကြီးနေ့တွင် ထိုရွာနှင့် ရေကြောမြေကြောဆက်စပ်လျက်ရှိသော အနီးပတ်လည်ရွာများမှ ဖိတ်ကြားထားသော ပရိသတ်များကို အလှူထမင်းအလှူဟင်းတို့ဖြင့် အားရဖြိန်ရှက်အောင် ကျွေးမွေးလှူဒါန်းနေသည်မှာ တကယ်ပင် အားရဝမ်းသာစရာတွေ့ခဲ့ရပါသည်။ တောလေ့ရွာလေ့ဖြစ်သည့်အတွက်ကြောင့် ပကာသနတွေမရှိ။ သဘာဝကျကျစည်းကားလှသည်။ နေ့လယ်ပိုင်း အလှူထရေးနှာပြီး ပစ္စည်းသိမ်းသူကသိမ်း၊ မိမိတို့ယူထားကြတဲ့ တာဝန်တွေကို အစ်ကိုဝင်းမောင်က တာဝန်ပေးထားပြီး မွှောရုံကနေ အရှေ့ပိုင်းမှာရှိတဲ့ ကိုဝင်းမောင်တို့အိမ်ကို စာရေးသူနှင့်အတူ ပြန်လာခဲ့ဖြစ်ပါသည်။

နေအိမ်သို့ရောက်တယ်ဆိုလျှင်ပဲ အနောက်ဘက်ရေအိမ်ဘက်ကနေ တပည့်ဖြစ်သူ မင်းဝေမင်းတစ်ယောက် မျက်နှာကြီးက မသာမယာရှုံ့တွကြီးနှင့် လေးလံထိုင်းမှိုင်းစွာဖြင့် ထွက်လာသည်ကိုတွေ့ရပါသည်။ စာရေးသူလည်း မိမိနှင့်လိုက်လာသော ညွှသည်ဖြစ်တဲ့တပည့်ဖြစ်သူ မောင်မင်းဝေမင်းအတွက် စိုးရိမ်မိပါသည်။ မိမိမှာ တာဝန်အပြည့်ရှိသည့်အတွက် မောင်မင်းဝေဘက် တစ်ချက်ကြည့်ပြီး -

"မှုန်း မောင်မင်းဝေ၊ မင်းဘာယ်လိုဖြစ်လို့လဲ။ မင်းမျက်နှာကရှုံ့တွနေတာပဲ"

"မပြောပါနဲ့တော့ ဆရာရယ်၊ ကျွန်တော့်ကိုကြည့်ပါဦး။ ဝမ်းသွားတာအခါနှစ်ဆယ်လောက်ရှိပြီ။ အလှူကနေ နေလို့မရတာနဲ့ ထမင်းတောင်မစားတော့ဘဲ ပြန်လာခဲ့တာ ဗိုက်ထဲကိုကိုက်နေတာပဲ။ ဝမ်းလည်းသိပ်မသွားရဘဲ နည်းနည်းနဲ့ ညှစ်ရတာလည်း ခြေတွေ



လက်တွေလည်း မသယ်ချင်တော့ဘူး။ ဒီမှာ ဆေးထိုးဆရာလည်း ရှိလားမသိဘူး"

ကိုဝင်းမောင်က မင်းဝေမင်းရဲ့ ညည်းတွားသံကိုကြားတော့ တစ်ချက်ပြုံးယောင်ယောင်လေးတစ်ချက်လုပ်ပြီး-

"ဒီကိစ္စမပူပါနဲ့ငါ့တူရယ်။ ဆေးရှိတယ်။ မင်းဝေဒနာက ဝမ်းကိုက်တာပါ။ တော်ကြာ ငါတို့တိုက်မယ့်ဆေးတစ်ခွက်တည်းနဲ့ကောင်းသွားမှာပါ"

ကိုဝင်းမောင်က အိမ်ရှေ့ကိုရောက်လာသော တူဖြစ်သူ မင်းနိုင်ဦးကိုခေါ်ပြီး -

"ဟေ့-မင်းနိုင်ဦးရေ မင်းဝမ်းကိုက်တုန်းက ငါညှစ်ပြီးတိုက်တဲ့ဆေးရွက်ကို သွားခူးလာခဲ့စမ်း"

မင်းနိုင်ဦးက ခပ်သုတ်သုတ်လေးဖြင့် အိမ်ရဲ့ခေါင်းရင်းဘက်မှာရှိတဲ့ လယ်ကွက်ထဲမှာပေါက်နေတဲ့ ဆေးပင်ကို ခူးယူပြီး ပြန်လာခဲ့တော့သည်။

"ကဲ - မင်းနိုင်ဦးရေ့ ဧည့်သည်အတွက် တစ်ခါတည်းပဲ ဆေးညှစ်လိုက်တော့ကွာ"

မင်းနိုင်ဦး အရည်ညှစ်ပြီး ယူလာတဲ့အကြမ်းပန်းကန်တစ်ဝက်လောက်ရှိတဲ့ ညှစ်ပြီးသားဆေးရည်ကို မရဲတရဲနှင့်ပဲ ဝေဒနာကို မခံနိုင်တာနဲ့ ဖွတ်မှိတ်ပြီး သောက်လိုက်ရပါတော့သည်။ ထိုဆေးရည်သောက်ပြီးသည့်အချိန်တစပြီးတော့ ညနေပိုင်း မြို့ကိုတက်ပြီး အိမ်ပြန်လာသည့်အချိန်အထိကို ရေအိမ်ဝင်တာလည်း မတွေ့ရ၊ ဗိုက်ကရစ်ပြီးနာတယ်လို့လည်း ပြောသံညည်းတွားသံမကြားတော့ဘဲ ဝေဒနာသက်သာပျောက်ကင်းသွားကြောင်းသိရပါသည်။

ကိုဝင်းမောင်က -

"ကဲ-ငါ့တူ မင်းတို့ပြန်ရင် ဒီဆေးရွက်ကို ဆေးနှစ်ခွက်စာလောက်ယူသွားပြီး ဆက်သောက်ဦး။ အင်္ဂလိပ်ဆေးဘာဆေးမှသောက်စရာမလိုပါဘူး၊ ကောင်းသွားမှာပါကွာ။နောက်တစ်ချက်ပြောစရာရှိသေးတယ်၊ ဒီဆေးရွက်တွေကို ခြောက်သွားတယ်။နွမ်းသွားတယ်ဆိုပြီးလွှင့်မပစ်နဲ့၊ ဟိုမှာကြည့်"

အိမ်ရဲ့ဘေးတန်းတွေမှာချိတ်ပြီးထားတဲ့ ဆေးရွက်အခြောက်တွေကို ပြရင်းနှင့် -

"ဒီဆေးတွေက မိုးတွင်းအခါဆိုရင် မပေါက်တော့ဘူး၊ ဒါကြောင့်မို့ အရေးကြုံလျှင် ဒီအရွက်တွေကို ရေသန့်သန့်နှင့်စိမ်ပြီး အရည်ညှစ်သောက်ရင်လည်း ဝမ်းကိုက်ဝေဒနာ ပျောက်ကင်းတယ်၊ ဒါပေမယ့် အစိမ်းလတ်လတ်ဆတ်ဆတ်က တစ်ခွက်ဆိုရင် အခြောက်ကတော့ နှစ်ခွက်ပေါ့"

ကိုဝင်းမောင်က အပြည့်အစုံနားလည်အောင် ရှင်းပြပေးလိုက်ပါသည်၊

**ဆေးနည်း**

လယ်ကွင်းများထဲတွင် နွေဘက်တွင်ပေါက်တတ်သော ဆူးကပ်စေးနဲ့ပင် အသီးကဆူးများနှင့် စာရေးသူတို့ အရပ်ဒေသအခေါ် ဆူးကပ်စေးနဲ့ပင်၏အရွက်ကို ရေသန့်သန့်ဆေးကြောပြီး တစ်ခါသောက် အကြမ်းပန်းကန်လုံးတစ်ဝက်ခန့်ကိုသောက်ရန် ဖြစ်ပါသည်။ ထိုသို့သောက်ပါလျှင် ဝမ်းကိုက်ခြင်းအပြင် ဝမ်းပွခြင်း၊ ဝမ်းဖောခြင်းတို့ကိုပါ ပျောက်ကင်းပါသည်၊

ထိုကဲ့သို့ ငွေကုန်ကြေးကျမများပါဘဲနှင့် ထိုသို့သော ဝေဒနာဆိုးများကို ပျောက်ကင်းနိုင်စေရန် စေတနာအပြည့်နှင့် ဆေးနည်းပေးသောရွှေဘိုစုကျေးရွာက အစ်ကိုကြီး ကိုဝင်းမောင်တိုလည်း ကျေးဇူးတင်စွာဖြင့် စာဖတ်ပရိသတ်များအတွက် သိရှိနိုင်ပါရန် စေတနာရှေ့ထားပြီး ရေးသား တင်ပြအပ်ပါသည်၊

သဖွေသတ္တာအဝေရာဟောန္တု

ရောဝတီမ်ကျော်-မအူပင်



www.burmeseclassic.com

www.burmeseclassic.com


# မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ထုကွာန့်သိမ်ပုထိုးတော်ကြီးအတွက် လိုက်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၃၀) မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၇၅) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၈၃) စင်တီမီတာခန့်၊ အကျယ် (၄၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၃) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် ရင်ဘတ်ကျောက်ဆက်အက်ကွဲပြီး တင်ပါးအောက်တွင်လည်း နောက်ထပ် ကျောက်ဆက်တစ်ခုအက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်များကျိုးပဲ့နေပါ၏။ မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာတွင် မျက်နှာဝန်းပြီး မျက်လုံး၊ နှာခေါင်း ပါးစပ်များအရာသာ တွေ့ရှိရပါသည်။



ပုံ (၆၁)



ပုံ (၆၂)

ပုံ (၆၁) ၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်လေးဆင့် တွေ့ရှိရပြီး အပေါ်ဆုံးအဆင့်တွင် ရှေ့မှပွင့်ဖတ်တစ်ခုခံ၍ လက်ဝဲ၊ လက်ယာတွင် အစနှစ်စချထားပြီး အရစ်နှစ်ဆင့် ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ အောက်ဆင့်များတွင် ငယ်စဉ်ကြိုးလိုက် အဆင့်ဆင့်ထားသည်ကို တွေ့ရှိရပါသည်၊ နားနှစ်ဖက်တွင်ကော့ နားတောင်းဝန်းကြီးများ ပန်ဆင်ထားပါ၏။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင်လှသည်။ ပခုံးနှစ်ဖက်တွင် တဘက် (ပုဆိုးပိုင်း) ခြုံထားပြီး ညာဘက်တဘက်စ အစွန်းကို ညာဘက်ဘေးသို့ ကားထုတ်ထားပြီး ဘယ်ဘက်စွန်း တဘတ်စကို ဘယ်ဘက်လက်ဖြင့်ကိုင်၍ ရှေ့တွင်ချထားပါသည်။ တံတောင်ဆစ်ကို ကုပ်ထားပါ၏။ ညာဘက်လက်ကိုလည်း တံတောင်ဆစ်မှ ကွေးကာ ဘေးသို့ထုတ်ထားပါ၏။ လက်ဖျားတွင် ကြာပွင့်တစ်ပွင့် ကိုင်ဆောင်ထားသည်။ လက်နှစ်ဖက်စလုံးတွင် လက်ကောက်ဝတ်၌လက်ကောက်များ ဝတ်ဆင်ထားသည်။ အင်္ကျီကိုအပေါ်ပိုင်း ရင်သားဖုံးအောင် ဝတ်ဆင်ထားပြီး အောက်ပိုင်းကိုလည်း တင်ပါးဖုံးအောင် ဝတ်ဆင်ထားပါသည်။ ထဘီကိုလည်း ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားပါသည်။ ထဘီ အထပ်ကို ရှေ့တွင်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေထောက်နှစ်ဖက်ကို အနည်းငယ်ကား၍ ရပ်နေသည်ကို တွေ့ရှိရပါသည်။

၎င်းအမျိုးသမီးဆံထုံးဖွဲ့စည်းပုံ အနေအထားအရ နဂါးလိမ်ဆံထုံးဖွဲ့ထုံးဖွဲ့စည်းပုံဖြစ်သည်ဟု သိရှိရပါသည်။ ပုံ (၆၂) အမျိုးသား၏ ကြင်ရာတော်ဖြစ်ဟန်တွေ့ရှိရပါသည်။ အမျိုးသမီး၏ အဝတ်အဆင်တန်ဆာများမှာ ပေါ်လွင်မှု မတွေ့ရှိရတော့ပေ။

ပုံ (၆၂)ဒီဇိုင်းလက်ရာသည်လည်း ထုကွာန့်သိမ်ပုထိုးတော်ကြီး၏အတွက် လိုက်ပတ်လမ်းလက်ယာဘက်၊ ကျောက်နံရံ၊ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၃၁) မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ်



www.burmeseclassic.com

www.burmeseclassic.com

(၇၅) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မှုရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၈၀)စင်တီမီတာခန့်၊ အကျယ် (၃၁)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၃)စင်တီမီတာခန့်ရှိပါသည်။ မှုရင်းကျောက်ဆစ်ရုပ်ကြွလက်ရာ၌ မျက်နှာအရာသာ တွေ့ရှိရပါသည်။ ရင်ဘတ်နှင့်ဒူးခေါင်း ကျောက်ဆက်များ အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၆၂) ၏ဘောင်းတော်အနေအထားမှာ အဆင့်နှစ်ဆင့်ဖြင့် တွေ့ရှိရပါသည်။ အောက်ဆင့်တွင် ဖောင်းပြားကြီးတစ်ဆင့်ခံပြီး ဖောင်းပြားကြီးအပေါ်တွင် အဆင့်ငယ်တစ်ဆင့်တင်ထားသည်ကို တွေ့ရှိရပါသည်။ ဤဘောင်းတော်ဝတ်ဆင်ပုံမျိုးကို ခွင်ဆရာဘောင်းတော်ခေါ်ကြသည်ဟု သိရှိရပါသည်။ မျက်နှာလေးထောင့်ဆန်ပြီး နားနှစ်ဖက်တွင် ပန်းဖူးသဏ္ဍာန်နားတောင်းရှည်များ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။လည်ပင်းတွင် လည်ပတ်ရစ်သုံးရစ်ဖော်ထားပါ၏။ ရင်ဘတ်အထက်တွင် အင်္ကျီအပေါ်ရစ်ဖော်ထားသည်ကိုလည်းတွေ့ရှိရပါသည်။ အင်္ကျီကို လက်ဖျားတစ်ဝတ်ဆင်ထားပါ၏။ ဘယ်ဘက်လက်တွင် ကွင်းလက်ကိုင်ပုံသဏ္ဍာန်ဖြင့် ယပ်တော်တစ်လက်ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်တွင် ကြိုးကွင်းသဏ္ဍာန်တစ်ခုကိုင်ဆောင်ထားပါသည်။ အင်္ကျီအောက်နားကို တင်ဖုံးအောင်အထိဝတ်ဆင်ထားပါ၏။ အင်္ကျီရင်ဖုံးကြောင်းကို ဘယ်ဘက်တွင် တွေ့ရှိရပါသည်။ ပုဆိုးရှေ့တွင် ကြွန့်ကာအပြားချထားသည်ကိုတွေ့ရှိရပါသည်။ ကြွန့်ကာပြားကို နှစ်ဆင့်ခံထားပါ၏။ အောက်ဆင့်တွင် အရစ်များဖော်ထားပါ၏။ ပုဆိုးကို ခြေမျက်စိဖုံးအောင်ထိ ဝတ်ဆင်ထားသည်။ ခြေဖျားနှစ်ဖက်ကိုရှေ့နောက်ထား၍ရပ်နေသည်ကို တွေ့ရှိရပါသည်။ ဤအမျိုးသားဝတ်ဆင်ထုံးဖွဲ့မှုမှာ ဘောင်းတော်ကိုကြည့်၍ ခွင်ဆရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။



ပုံ (၆၄)

ပုံ(၆၃)ပုံဆွဲဒီဇိုင်းလက်ရာမှာ ထုတ္တန့်သိမ်ပုထိုးတော်ကြီး၏ အထွက်လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၃၂)မှ ကူးယူထားသောလက်ရာပင် ဖြစ်ပါသည်။ မှုရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၇၆) လက်ဝဲဘက်တွင်တွေ့ရှိနိုင်၏။ မှုရင်းကျောက်ဆစ်ရုပ်ကြွလက်ရာအမြင့် (၆၅) စင်တီမီတာခန့်၊ အကျယ်(၃၅)စင်တီမီတာနှင့် ရုပ်ကြွအထု (၁၆)စင်တီမီတာခန့် ရှိပါသည်။ မှုရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် မျက်နှာပြင်၌ အရာသောက်သာ တွေ့ရှိရပါသည်။ လည်ပင်း၌လည်း ကျောက်ဆက်အက်ကွဲနေပါ၏။ ပုံ (၆၃) ၏ဆံထုံးဖွဲ့စည်းပုံမှာ အပေါ်အဆင့်နှစ်ဆင့်တင်ထားပြီး အပေါ်ဆုံးအဆင့်တွင် လက်ဝဲ၊ လက်ယာအစွန်းတစ်ဖက် အစွန်းချထားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်မှာ အပေါ်ဆုံးအဆင့်ထက် သေးငယ်သည်ကိုတွေ့ရပါသည်။ ဤဆံထုံးဖွဲ့စည်းပုံမျိုးကို လလယ်ယုန်ဆံထုံးထုံးပုံဟုခေါ်ကြသည်ကိုတွေ့ရှိရပါသည်။ မျက်နှာမှာဝန်းပြီး နားနှစ်ဖက်၌ နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းလည်ရစ်သုံးရစ်ဖော်ထား၏။ လည်ပင်းအောက်၊ ရင်ဘတ်အထက်တွင် အင်္ကျီရစ်ဖော်ထားပြီး ပခုံးနှစ်ဖက်တွင် တဘက်စတစ်ဖက်ကို ညာဘက်တွင် ပြန့်ကားစွာချထားသည်ကို တွေ့ရှိရပါသည်။ တဘက်စတစ်ဖက်ကိုလည်း ညာဘက်သို့ဖူး၍ လှည့်ကာ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ ဖူးထားသည့်လက်ဖျားထိပ်တွင် ကြာဖူးတစ်ဖူးကိုင်ထားပါသည်။ လက်နှစ်ဖက်စလုံး၏ လက်ကောက်ဝတ်တွင် လက်ကောက်ကွင်းများဝတ်ဆင်ထား သည်။ အင်္ကျီကို တင်ပါးကျော်အောင်အထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရ သည်။ ထဘီအခေါက်ကို ပေါင်ပေါ်တွင် ဖော်ထားပြီး ဒူးတုပ်၍ ညာဘက်သို့လှည့်ထိုင်ကာ ဘုရားကို ကြာပန်းပူဇော်နေဟန် တွေ့ရှိရပါသည်။ ထဘီအောက် ကို ခြေချင်းဝတ်လောက်တွင် အနား ဖော်ထားပါ၏။ ခြေဖနောင့်ကို တင် တွင်ကပ်၍ထိုင်ထားသည်ကို တွေ့ရှိ သည်။ဤအမျိုးသမီးသည်လည်း ပုံ(၆ အမျိုးသား၏ကြင်ရာတော်ဖြစ်ဟန်တူ သည်။



ပုံ (၆၃)

ပုံ(၆၄)ဒီဇိုင်းလက်ရာသည်လ ထုတ္တန့်သိမ်ပုထိုးတော်ကြီး၏အထွ လိုဏ်ပတ်လမ်း လက်ယာဘက် ကျော နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၃ ကူးယူရေးဆွဲထားသော ဒီဇိုင်း လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မှု ကျောက်ဆစ်ရုပ်ကြွအမြင့် (၅၀) စင် မီတာခန့်၊ အကျယ် (၃၄) စင်တီမီ ခန့်နှင့် ရုပ်ကြွအထု (၁၅) စင်တီမီ ခန့်ရှိပါသည်။ ကျောက်ဆစ်ရုပ်ကြွ



www.burmeseclassic.com

ရာတွင် လည်ပင်းအောက်ကျောက်ဆက် အက်ကွဲပြီး ဘယ်ဘက် လက်ဖျားကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။

ဤပုံ (၆၄) ဒီဇိုင်းလက်ရာ၏ ဖောင်းတော်သည်လည်း အဆင့်နှစ်ဆင့်ဖြင့် ခွင်ဆရာဖောင်းတော်ဖွဲ့စည်းပုံနှင့်တူသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာ လုံးချွန်းပြီး မေးစေ့ခွက်နေသည်။ မျက်ခုံး၊ မျက်လုံးများအားကောင်းပြီး မျက်လုံးတွင် အပေါ်မျက်ရစ်ဖော်ထားပါသည်။ နှာခေါင်းအောက်ပိုင်းကားပြီး ပါးစပ်မှာ ပြုံးယောင်သန်းနေပါသည်။ နားတွင် နားတောင်းဝန်းပန်ဆင်ထားပြီး မုတ်ဆိတ်မွေးရှည်လျားစွာချထားသည်ကို တွေ့ရှိရပါသည်။ မုတ်ဆိတ်အဖျားကိုဘယ်ဘက်သို့ကွ၍ အလှဆင်ထားပါသည်။ ညာဘက်လက်ကို ဦးခေါင်းပေါ်တင်ပြီး ဘယ်ဘက်လက်တွင် ပန်းဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်တစ်ပတ်ပတ်ထားပြီး ခါးပတ်ကိုကျော့၍ ကွက်နွေကာပြားအစနှစ်စကို ရှေ့တွင် လက်ဝဲ၊ လက်ယာပြန့်ကား၍ချထားပါသည်။ဘယ်ဘက်ဒူးကိုကုပ်၍ ခြေဖနောင့်တင်ပါးကပ်၍ ခြေဖျားညာဘက်ခြေဖနောင့်ကိုကပ်ထားပါသည်။ညာဘက်ခြေထောက်ကိုဒူးထောင်၍ ခြေဖျားညာဘက်သို့ထုတ်ကာထိုင်ထားသည်ကိုတွေ့ရှိရပါသည်။ ပုဆိုးအောက်အနားစကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားပါသည်။ ပုံ(၆၃)အမျိုးသမီးမှာ ဤပုံ(၆၄) ခွင်ဆရာအမျိုးသား၏ ကြင်ရာတော်အနေအထားမျိုး တွေ့ရှိရပါသည်။

ပုံ (၆၅) ပုံဆွဲဒီဇိုင်းလက်ရာမှာ ထုဏ္ဍန့်သိမ်ပုထိုးတော်ကြီး၏ အထွက် လိုဏ်ပတ်လမ်းလက်ယာဘက်ကျောက်နံရံကျောက်ဆစ်လက်ရာနံပါတ်(၁၃၄)မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမှခ်ငယ် (၇၇) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ ကျောက်ဆစ်ရုပ်ကြွလက်ရာ အမြင့် (၈၁) စင်တီမီတာခန့်၊ အကျယ် (၃၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၃) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာချောပြီး အရာသာတွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပါ၏။ ခါးကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ဤပုံ (၆၅) ပုံဆွဲလက်ရာ၏ဆံထုံးဖွဲ့စည်းပုံမှာ ရိုးရိုးသာတွေ့ရှိရပါ၏။ ဤဆံထုံးထုံးပုံမှာ အဆင့်သုံးဆင့် တွေ့ရှိရပါ၏။ အပေါ်ဆုံးအဆင့်တွင် လက်ဝဲ၊ လက်ယာအစွန်းတစ်ဖက်တစ်စွန်းချထားပြီး ထိုအဆင့်အောက်တွင် အဆင့်ငယ်နှစ်ဆင့် တွေ့ရှိရပါသည်။ ဤဆံထုံးဖွဲ့စည်းပုံမျိုးကို တစ်ပတ်ခွေဆံထုံးထုံးပုံဟုခေါ်ဆိုကြသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်၌ နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ ဦးခေါင်းကို ဘယ်ဘက်သို့ စောင်းထားပါ၏။ ညာဘက်လက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှ ကုပ်ကာ လက်ဖျားထောင်ထား၏။ ထောင်ထားသည့် ညာဘက်လက်ဖျားတွင် ပန်းဖူးတစ်ဖူး ကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကို တင်ပါးသို့ကပ်ကာ ချထားပါသည်။ နှစ်ဖက်စလုံးတွင် လက်ကောက်ဝတ်ဆင်ထား၏။ အင်္ကျီအပေါ်ရစ်ကို (ယ)သဏ္ဌာန် ရင်သားဖုံး၍ဖော်ထားပါ၏။ အင်္ကျီအောက်နားစကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားပါသည်။ အင်္ကျီရင်ဖုံးအဝတ်အကြောင်းကို ဘယ်ဘက်တွင်ဖော်ထားပါ၏။ တဘက်စတစ်ဖက်ကို ညာဘက်တံတောင်ဆစ်အောက်တွင် ဖြန့်ကား၍ ချထားပါသည်။ ထဘီကိုလည်း ခြေမျက်စိဖုံးအောင်ထိ ဝတ်ဆင်ထားပါ၏။ ထဘီအထပ်ကို ရှေ့တည့်တည့်တွင် အကြောင်းဖော်ထားပါ၏။ ခြေဖျားနှစ်ဖက်ကို ညာဘက်သို့ လှည့်၍ရပ်နေပါသည်။ ဤပုံ (၆၅) အမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှုသည်လည်း ရိုးပြီး ခွင်ဆရာတစ်ယောက်၏ ကြင်ရာတော် ဖြစ်ဟန်တူပါသည်။ အထက်ဖော်ပြပါ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းပုံဆွဲလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ဝတ်ဆင်ထုံးဖွဲ့မှုကို သရုပ်ဖော်နေသော ရှေးခေတ်ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာများပင်ဖြစ်ပါသည်။



ပုံ (၆၅)

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

www.burmeseclassic.com

ပြွန်တန်ဆာမြို့။

ဒီမြို့ကလေးက ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ကြီးမြို့နယ်ထဲမှာ ပါသည့် တိုက်နယ်အဆင့်ရှိမြို့လေး ဖြစ်ပါသည်။ ညောင်လေးပင်မြို့နှင့် ငါးမိုင်ခန့်ဝေးပြီး ဒိုက်ဦးမြို့နယ်နှင့်လည်းဆက်စပ်နေသောမြို့ ဖြစ်ပါသည်။ ရန်ကုန် - မန္တလေးကားလမ်းပေါ်တွင်ရှိပြီး ဒေသခံနယ်မြေလူထုကတော့ လယ်ယာလုပ်ငန်း၊ ရာသီချိန်စိုက်ပျိုးခင်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသည့်မြို့ဖြစ်ပါသည်။ ပြွန်တန်ဆာမြို့နှင့် မဝေးလှတဲ့ ဘိုင်းဒါးကျေးရွာ၊ စံဒွန်းကုန်းကျေးရွာများမှာလည်း ရာသီချိန်မှာ ကနားဖျင်းတဲများကိုထိုးပြီး ဒေသထွက် ဖရဲ၊ ဂေါ်ဖီ၊ ခရမ်း၊ ပြောင်းဖူး စတဲ့ သီးနှံတွေကို ပွဲရုံဒိုင်တွေအဖြစ် ရောင်းဝယ်ဖောက်ကားပြုလုပ်မှုကြောင့် စည်ကားသည့်မြို့လေးအဖြစ် သတ်မှတ်၍ရပါသည်။

ကျွန်တော်သည် မြို့ရဲစခန်းလေးကို ရဲစခန်းမှူးတာဝန်နှင့်စတင်ရောက်ရှိချိန်မှစပြီး ဒေသခံများ၏ ဖော်ရွေမှု၊ ခင်မင်မှုတွေကြောင့် ရဲရဲ့လုပ်ငန်းဆိုင်ရာလုပ်ငန်းတွေဆောင်ရွက်တဲ့အခါ အခက်အခဲမရှိ အဆင်ပြေမှုများနှင့်သာကြုံတွေ့ရပါသည်။ ရဲစခန်းဝင်းက ရန်ကုန် -

စားမှု၊ ဒေသမထိန်းသိမ်းနိုင်မှုများအပေါ်တွင် အဓိကအခြေခံပြီးဖြစ်တတ်တာမို့ ရဲစခန်းရှိ နယ်ထိန်းအဖွဲ့နှင့်အတူ ကိုယ်တိုင်လိုက်ပါပြီး မြို့ပေါ်လှည့်ကင်းကို စက်ဘီးနှင့် လှည့်ပတ်ဆောင်ရွက်ခဲ့ရပါသည်။

တစ်ခါတစ်ရံကျတော့လည်း ဒုရဲအုပ်လှဝင်း (ဒုရဲမှူးကြီး ခရိုင်ရဲတပ်ဖွဲ့မှူးပခုက္ကူ)နှင့် နယ်ထိန်းအဖွဲ့ တပ်ကြပ်ကြီးချစ်စိန်(ကွယ်လွန်)၊ တပ်ကြပ်ကြီးခင်လှိုင်(ငြိမ်း) တပ်သားတင်ငွေ (ကွယ်လွန်)၊ တပ်သားမြင့်သိန်း (ကွယ်လွန်)၊ တပ်သားစောဝင်း(ငြိမ်း)တို့ ပူးပေါင်းပြီး လှည့်ကင်းဆောင်ရွက်မှုများကြောင့် ယခုတစ်လောရဲစခန်းမှာ အမှုတိုင်ကြားမှုနည်းပါးနေသဖြင့် ကောင်းသည့်အလားအလာ၊ နယ်မြေအေးချမ်းသည့်သဘောဟုယူဆရမှာဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော် ရဲစခန်းလုပ်ငန်းဆောင်ရွက်ဖို့ ရဲစခန်းရုံးထဲလာစဉ် တပ်ကြပ်ကြီး (ရေး) မောင်ရင်(ကွယ်လွန်) နှင့်တွေ့သည့်အခါ လှမ်းမေးခဲ့မိပါသည်။

"စာရေးကြီး၊ ဘာထူးသေးလဲ"

"အခုတော့ဘာမှထူးတာမရှိသေးပါဘူး။ စခန်းမှူးလက်မှတ်ထိုးဖို့ မှတ်ပုံ



# ဒုရဲမှူးကြီးဝင်းဦး(ငြိမ်း)ပဲခူး

## ထင်ယောင်ထင်မှား

မန္တလေးကားလမ်းမကြီးဘေးမဟုတ်ပါ။ မီးရထားဘူတာရုံရှေ့ ဒေါက်တာဘသန်းလမ်းအတိုင်း တစ်ဖာလုံခန့်လျှောက်လိုက်လျှင် ပြွန်တန်ဆာမြို့၏ ရေကန်ကြီးကို မျက်နှာမူထားသော ရဲစခန်းဝင်းကို တွေ့ရမှာဖြစ်ပါသည်။

ရဲစခန်းပိုင်နယ်မြေမှာ နေ့စဉ်အမှုတိုင်ကြားလေ့မရှိပါ။ သို့သော်လည်း နာကျင်မှုကလေးများ ဆက်တိုက်လာပြီးလျှင်တော့ အမှုကြီးတစ်မှုဖြစ်လေ့ရှိတဲ့ အလေ့အထတစ်ခုကိုတော့ ကျွန်တော်သတိပြုမိပါသည်။ အမှုကြီးဖြစ်ပွားမှုအခြေခံကလည်း အရက်သေစာသောက်

တင် ၄၊ ၅၊ ၆၊ ၉ ကို စားပွဲပေါ်တင်ထားပါတယ်"

"အခုတစ်လော အမှုတိုင်ကြားမှုနည်းနေတာတော့အမှန်ပဲဗျာ။ အဲဒီလိုနည်းနေရင်ကောင်းတာရှိသလို ကျွန်တော်စိတ်တော့ပူမိတယ်။ အမှုကြီးကြီးဖြစ်လာမှာစိုးရိမ်တယ်ဗျာ"

စာရေးကြီးက ဘာမှတော့မပြောပါ။ သူ့ဘာသာသူအလုပ်ရှုပ်နေပါသည်။ ကျွန်တော်လည်း စားပွဲပေါ်တင်ထားတဲ့ မှတ်ပုံတင်စာအုပ်တွေကို သေချာစွာဖတ်ရှုပြီး ဆက်လက် စစ်ဆေးနေပါသည်။ လက်မှတ်ထိုးပြီးသည့် မှတ်ပုံတင်စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



များကို ရှေ့မှာထားလိုက်စဉ် -

"ဆရာ၊ အထဲဝင်ခွင့်ပြုပါ"

ပြောသံကြောင့် မော့ကြည့်လိုက်ရာ အသက် (၅၀) ကျော်ခန့် တဘက်ခေါင်းပေါင်းလျက် လွယ်အိတ်တစ်လုံး လွယ်ထားသော ကိုယ်လုံးသွယ်သူတစ်ယောက်ကို တွေ့ရပါသည်။

"ဪ - ဝင်ပါ။ ဘာများအကူအညီပေးရမှာလဲခင်ဗျာ"

ထိုလူက ကျွန်တော့်စားပွဲရှေ့ ထုလားထိုင်တွင်ထိုင်ပြီး တဘက်ခေါင်းပေါင်းကိုချွတ်၍ ချွေးများကိုသုတ်နေပါသည်။ ခရီးဝေးမှလာသည်ဟု ယူဆရ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

"လူသတ်မှုတိုင်ချင်လို့ပါ ဆရာ"

ကျွန်တော်လည်း ရောက်လာသူ၏ဆိုင်းမဆင့်ဗုံမဆင့်ပြောလိုက်မှုကြောင့် အံ့အားသင့်သွားရပါသည်။

ကျွန်တော်က -

"ကဲ-ဆိုစမ်းပါဦး၊ ဖြစ်တဲ့ကိစ္စကို"

"ဒီလိုပါ ဆရာ၊ ကျွန်တော်က ချောင်းရင်းရွာမှာနေပါတယ်။ ဦးလှအုန်းလို့ ခေါ်ပါတယ်။ ကျွန်တော့်သား မောင်မိုးသူက စည်ပင်ရွာမှာလယ်သွားလုပ်တဲ့ ကိုထွန်းမြင့်ဆီမှာ လွန်ခဲ့တဲ့ မိုးတွင်းကတည်းက သူရင်းငှားလုပ်ပါတယ်။ အဲဒါ လွန်ခဲ့တဲ့ငါးရက်လောက်က သူလုပ်တဲ့လယ်ထဲကိုလိုက်သွားတော့ ကျွန်တော့်သားကို မတွေ့ဘူး ဆရာ။ ကိုထွန်းမြင့်ဇနီး မထားရီကိုပဲတွေ့တယ်။ ကျွန်တော်ကမေးတော့ လွန်ခဲ့တဲ့နှစ်ရက်လောက်ကတည်းက ဘယ်သူ့ကိုမှမပြောဘဲ ဘယ်ထွက်သွားမှန်းမသိဘူးတဲ့"

မောင်မိုးသူ၏ဖခင်က ခဏနားလိုက်ပြီး ဆက်ပြောပါသည်။

"အဲဒါနဲ့ ကျွန်တော်လည်း သူအိပ်တဲ့အိပ်ရာနားသွားပြီး သူခြုံတဲ့စောင်ကို ယူကြည့်တော့ သွေးစက်နှစ်စက်စွန်းနေတာတွေ့တယ် ဆရာ"

တွေ့ရှိရပုံကိုပြောပြီး လွယ်အိတ်ထဲမှ အညာစောင်အဖြူစင်းတစ်ထည်ကို ထုတ်ပြပါသည်။ ကျွန်တော်ကပြသသည့်သွေးစက်ကိုကြည့်ရှုရာ လက်သည်းခွံခန့်အရွယ်ရှိပြီး သွေးစွန်းဟုထင်ရသည့် အစွန်းကွက်နှစ်ကွက်ကိုတွေ့ပါသည်။

"ဒီသွေးစက်နှစ်စက်တွေ့ရုံနဲ့တော့ လူသတ်မှုမဖြစ်နိုင်ဘူးထင်တယ်နော်။ သံသယဖြစ်ရာတော့ ရှိတာပေါ့"

"ကျွန်တော် ဆက်ပြောပါဦးမယ် ဆရာ။ ကျွန်တော်လည်း သားဖြစ်သူအိပ်တဲ့ပတ်ဝန်းကျင်ကို လိုက်ကြည့်ပါသေးတယ်။ ဘာမှတော့မတွေ့ဘူးဆရာ။ တကယ်ဆိုရင် ကျွန်တော့်ကို အကြောင်းကြားသင့်တယ်လို့ထင်တယ်။ ဒီလိုနဲ့ ကျွန်တော်လည်း ဘာမှမပြောတော့ဘဲ သူ့စောင်လေးယူပြီးအိမ်ပြန်လာတာပေါ့ ဆရာရယ်။ သူ့အမေကလည်း သူ့သား မတွေ့ဘူးဆိုတော့ စိတ်ပူပြီးငိုနေတော့တာပေါ့ဗျာ"

"ဟုတ်ကဲ့၊ သားသမီးဆိုတော့ ကိုယ်ချင်းစာမိပါတယ်။ တခြားထူးတာ ဘာရှိသေးလဲ"

"ရှိတယ်ဆရာ၊ ဒီလိုနဲ့ ညအိပ်တော့ ဆရာရေ ည (၁၂) နာရီလောက်မှာ ကျွန်တော့်အိမ်ခေါင်မိုးပေါ်ကို ခဲနဲ့ပစ်သံကြားရတယ်။နောက်ပြီး ကျွန်တော့်ဇနီးကိုလည်း အိပ်မက်ပေးတယ်လေ။ သူ့ကို လယ်ရှင်က ဓားနဲ့ခုတ်သတ်ပြီး တဲတောင်ဘက်နားမှာမြှုပ်ထားတယ်ဆိုပြီး အိပ်မက်မက်တယ် ဆရာ။ သူ့အမေကတော့ သူ့သားမကျွတ်လို့လာ သတိပေးနေတာပဲလို့ပြောပြီး နေ့ရှိသရွေ့ ငိုငိုနေတာနဲ့ ကျွန်တော်လည်း ရဲစခန်းကို အမှုလာဖွင့်ရတာပါ ဆရာ"

ဖခင်ဖြစ်သူက အမှုဖွင့်ရမည့် အခြေအနေကို ပြောပြနေခြင်းဖြစ်ပါသည်။ ထိုလူမှာမောသွား၍ မျက်နှာမှ ချွေးများကို သူ့သားခြုံသည့်စောင်နှင့် သုတ်နေပါတော့သည်။ ကျွန်တော်က သက်သေခံပစ္စည်းဖြစ်နေ၍ တားလိုက်ရပါသည်။

"ဒါက ဒီလိုရှိတယ်ဗျာ။ ခင်ဗျားသားအသတ်ခံရတယ်ဆိုတာ အခုခင်ဗျားပြောတဲ့အချိန်ထိ ခိုင်လုံမှုတော့မရှိသေးဘူးဗျာ။ ညဘက်ခဲပစ်တာတို့၊ အိပ်မက်မက်တယ်ဆိုတာတို့ကလည်း စွဲလမ်းမှုတွေကြောင့် ဖြစ်နိုင်ပါတယ်။ လောလောဆယ်တော့ ခင်ဗျားသားကို ရှာမတွေ့သေးရင် ကျွန်တော်တို့ ရဲစခန်းမှာ လူပျောက်မှုနဲ့ဖွင့်ထားပေးပါ့မယ်"

ကျွန်တော်က ဥပဒေအရ ဆောင်ရွက်ခွင့်ရသည့်အခြေအနေကို ပြောပြလိုက်ခြင်း ဖြစ်ပါသည်။

"ကျွန်တော်တော့ ဘယ်လိုမှ မပြောတတ်တော့ဘူး။ ဆရာကောင်းသလိုသာစီစဉ်ပေးပါ"

ကျွန်တော်က စာရေးကြီး တပ်ကြပ်ကြီးမောင်ရင်အား လူပျောက်မှု ဖွင့်ခိုင်းလိုက်ရပါသည်။

"ကဲ-စာရေးကြီးရေ၊ လူပျောက်မှု အချက်အလက်တွေရယူထားပြီး နီးစပ်ရာရဲစခန်းတွေပေးပို့အကြောင်းကြားကြ တာပေါ့ဗျာ။ထူးခြားရင်တော့အကြောင်းကြားပါ့မယ်"

ဦးလှအုန်းလည်း ခြုံစောင်ကို လွယ်အိတ်ထဲထည့်ပြီး ရဲစခန်းမှပြန်လည်ထွက်သွားပါတော့သည်၊ ကျွန်တော်လည်း ဦးလှအုန်း၏နောက်ကျောပြင်ကို ကြည့်ပြီး သားသမီးအတွက် ရတက်မအေးဖြစ်နေမှုကို ကိုယ်ချင်းစာမိသော်လည်း အိပ်မက်အရ ရဲစခန်းသို့လာ ရောက်အမှုလာတိုင်တာကိုတော့ ကျိတ်ပြီးပြုံးမိလိုက်ပါသည်။ သို့သော် မယုံ၍ မဖြစ်သဖြင့် ရဲအမြင်ဖြင့် စုံစမ်းရန် စဉ်းစားခဲ့ရပါသည်။

သည်လိုနှင့် တစ်ပတ်ကျော်ခန့် အကြာ ကျွန်တော်လည်း လူပျောက်မှုကို မေ့ပျောက်နေပါပြီ။ ရုံးခန်းထဲမှာထိုင်ပြီး ဝင်စာများဖတ်ရှုနေစဉ် လွန်ခဲ့သော တစ်ပတ်ကျော်က လူသတ်မှုလာတိုင်သည့် ဦးလှအုန်းရောက်လာပြန်ပါသည်။ ကျွန်တော့်ရှေ့ ကုလားထိုင်တွင်ဝင်ထိုင်ပြီးနောက် -

"ဆရာရေ၊ ကျွန်တော့်သားကတော့ အမှန်တကယ်အသတ်ခံရတာပဲ ဖြစ်မယ် ဆရာ"

ဦးလှအုန်းက ယုံကြည်မှုခိုင်ခိုင်မာမာဖြင့် ထပ်မံပြောဆိုနေပါသည်။

"ဘယ်လိုအထောက်အထားတွေများထပ်တွေ့ပြန်တာလဲဗျာ"

"ဒီလိုပါ ဆရာ၊ ပြီးခဲ့တဲ့အပတ် ရဲစခန်းကပြန်ပြီး နှစ်ရက်အကြာမှာ ညဉ့် (၁၂)နာရီလောက်ပဲထင်တယ်။ အိမ်ပေါ်ကိုခဲနဲ့ပစ်သံကြားတယ်ဆရာ။ ကျွန်တော့်ဇနီးလည်းနိုးလာပြီး သူ့သားက သူ့ကို အိပ်မက်ပေးပြန်တယ်တဲ့။ သူ့သားကို လယ်ရှင်က သုံးပိုင်းပိုင်းပြီးတဲတောင်ဘက်မှာမြှုပ်ထားတယ်တဲ့။ သူ့ကိုလာ ဖော်ရင်တွေ့မယ်လို့ ပြောတယ်ဆိုပြီး ငိုနေတော့တာပဲ ဆရာရယ်။ ကျွန်တော့်သားကိစ္စကို အမှုဖွင့်ပြီးစုံစမ်းပေးပါတော့ ဆရာရယ်"

ဟု တောင်းပန်ပြောဆိုနေပါတော့သည်။

ကျွန်တော်လည်း ပင့်သက်ကို မှုတ်ထုတ်ရင်း -

"ခက်တယ်ဗျာ၊ ခင်ဗျားသားကို သတ်ပါတယ်ဆိုတဲ့မသင်္ကာအထောက်အထားလည်း မတွေ့ရဘူး။ ခင်ဗျားတို့ အိပ်မက်မက်တဲ့အကြောင်းနဲ့ပဲလာဖွင့်ခိုင်းနေတယ်။ လုပ်ရခက်တယ်ဗျာ။ ကျွန်တော်တို့ရဲစခန်းအနေနဲ့လည်း လူပျောက်ကြော်ငြာပို့ထားတဲ့ ရဲစခန်းတွေဆီက ဘာမှအကြောင်းမပြန်ဘူးဖြစ်နေတယ်။ ခင်ဗျားသားရဲ့အလောင်းကလည်းမတွေ့ဘူး၊ ကဲ - ဒီလိုလုပ်ဗျာ"

"ဘယ်လိုလုပ်ရမလဲဆိုတာပြောပါ ဆရာ"

ဟု အားတက်သရောပြောသည်။

ကျွန်တော်က -

"ဒီလိုဗျာ၊ ခင်ဗျားမိန်းမ အိပ်မက်မက်တဲ့အတိုင်း ခင်ဗျားသားနေခဲ့တဲ့တဲ တောင်ဘက်ကိုသွားကြည့်လိုက်ပေါ့ဗျာ



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြားမြေမြှုပ်ထားတဲ့ပုံစံမျိုးရှိရင်တော့ကျွန်တော့်ဆီအမြန်အကြောင်းကြားပေါ့ဗျာ"

"ဟုတ်ပြီ ဆရာ၊ မနက်ဖြန် ကျွန်တော်သွားလေ့လာပြီး ဆရာတို့ပြန်ပြောပါ့မယ်"

ဦးလှအုန်းလည်း ရဲစခန်းမှပြန်လည်ထွက်သွားပါတော့သည်။

ကျွန်တော်လည်း ဦးလှအုန်းကိုကြည့်ပြီး သက်ပြင်းရှည်ချ၍ ခေါင်းတယမ်းယမ်းလုပ်နေ -မိပါသည်။

တစ်ပတ်ခန့်အကြာ ကျွန်တော်လည်း မြို့ထဲထွက်လာပြီး ကိုကျော်မြင့်စာအုပ်ဆိုင်တွင် မဂ္ဂဇင်းစာအုပ်ကိုဖတ်နေသည့်အချိန်ဖြစ်ပါသည်။ ထိုအချိန်ကျွန်တော့်ရဲစခန်းမှ အကူစာရေးရဲတပ်သားမြင့်ဆွေးရောက်လာပြီး -

"ဆရာ၊ ဟိုနေ့က လူသတ်မှုလာတိုင်တဲ့ ဦးလှအုန်းရောက်နေတယ်။ သူ့သားအလောင်းမြှုပ်ထားတဲ့နေရာကိုတွေ့ပြီလို့ပြောတယ်။ ဆရာ့ကိုလည်းအမြန်တွေ့ချင်တယ်လို့ပြောတယ် ဆရာ"

ရဲတပ်သားမြင့်ဆွေးသတင်းပို့ချက်ကြောင့် ကျွန်တော့်အနေဖြင့် ဒီတစ်ခါတော့ လူသတ်မှုအမှန်ပဲဖြစ်ပါစေဟုစိတ်ထဲတွင်ဆုတောင်းရင်း -

"အေး-ငါအခုချက်ချင်းလာခဲ့မယ်"

ကျွန်တော်လည်း ရဲစခန်းသို့အမြန်ပြန်လာခဲ့ရာ ကျွန်တော့်စားပွဲရှေ့တုလားထိုင်တွင်ထိုင်နေသော ဦးလှအုန်းကိုတွေ့ပါသည်။ ကျွန်တော်ဝင်လာသည်နှင့် ကပျာကယာမတ်တတ်ထလိုက်ပြီး -

"ဆရာရေ ဒီတစ်ခါတော့ မလွဲဘူးထင်တယ်။ ဆရာပြောတဲ့အတိုင်း ကျွန်တော့်သားနေတဲ့တဲတောင်ဘက်ကို သွားရှာတော့ လယ်ကန်သင်းဘေးမှာ ကုန်းမို့မို့ဖို့ထားတာတွေ့တယ်။ ကျွန်တော်အနားရောက်တော့ ပုပ်အဲ့အဲ့အနံ့တွေလည်းရတယ် ဆရာ။ နောက်ပြီး အဲဒီကုန်းမို့မို့ပေါ်မှာ ယင်ကောင်ကြီးတွေဝဲပျံနေတာကိုလည်းတွေ့တယ်။ လွန်ခဲ့တဲ့နှစ်ပတ်လောက်က မြေမြှုပ်ထားတယ်ထင်တယ်။ ဒီတစ်ခါတော့ သေချာပါပြီဆရာရယ်။ အမှုသာဖွင့်ပြီး စုံစမ်းပေးပါတော့"

ဦးလှအုန်းက အားတက်သရောပြောနေသော်လည်း ကျွန်တော်က -

"ခင်ဗျားဒီလောက်တောင်သေချာအောင်ပြောနေမှတော့ အလောင်းသွားဖော်ပြီး စစ်ရတော့မှာပေါ့ဗျာ"

ကျွန်တော်က ဦးလှအုန်း၏ဆန္ဒကို လိုက်လျော၍ ပြောလိုက်ခြင်း ဖြစ်ပါသည်။ ထို့နောက်အကူစာရေးရဲတပ်သားမြင့်ဆွေအား နယ်ထိန်းတပ်ကြပ်ကြီးချစ်စိန်(ကွယ်လွန်) အား ခေါ်ခိုင်းလိုက်ရာ မကြာမီရောက်လာပါသည်။

"ကဲ-ကိုချစ်စိန်ရေ ဒီမှာဦးလှအုန်းကတော့ သူ့သားကိုသတ်ပြီး မြှုပ်ထားတဲ့နေရာကိုတွေ့ပြီလို့ ပြောတယ်။ အဲဒါဒီညနေပဲ ခင်ဗျားအဖွဲ့တွေခေါ်ပြီး စည်ပင်ရွာကိုလိုက်သွားပေတော့။ အဲဒီမြှုပ်ထားတယ်ဆိုတဲ့ နေရာတစ်ဝိုက်ကိုလည်းကာကွယ်ထားပေါ့ဗျာ။ အလောင်းမြှုပ်တာ ခုနစ်ရက်ကျော်ပြီဆိုတော့ ကျွန်တော်လည်း ဒီနေ့ပဲ မြို့နယ်မှူးရုံးသွားပြီးတင်ပြမယ်။ ဆရာဝန်ရယ်၊ တရားသူကြီးရယ် လိုက်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသွားပြီး တင်ပြရဦးမယ်။ ကဲ - ဦးလှအုန်းလည်း နယ်ထိန်း ကိုချစ်စိန်အဖွဲ့နဲ့လိုက်သွားပြီး စောင့်နေပေါ့ဗျာ။ မနက်ဖြန် ကျွန်တော်တို့အဖွဲ့ စောစောထွက်လာပါ့မယ်။ ဪ - ဒါနဲ့ မနက်ဖြန်အလောင်းဖော်ဖို့ ပေါက်တူး၊ ပေါက်ပြားပါတဲ့ ရွာသားလေးငါးယောက်ရယ်၊ ကျေးရွာလူကြီးရယ်အသင့်ခေါ်ထားပြီး စောင့်နေပေါ့ဗျာ"

တပ်ကြပ်ကြီးချစ်စိန်နှင့် ဦးလှအုန်းတို့အဖွဲ့ထွက်သွားပြီး ကျွန်တော်လည်း ညောင်လေးပင်မြို့နယ်မှူးရုံးသို့ စက်ဘီးနှင့် အသော့နှင်လာပါတော့သည်။

ညောင်လေးပင်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲအုပ်ကြီး (ယခုအခါ ဒုရဲမှူး) စောလှမောင် (ယခု ရဲမှူးကြီး-ငြိမ်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး စစ်ကိုင်း) နှင့်တွေ့၍ အမှုဖြစ်စဉ်အခြေအနေတင်ပြသည့်အခါ ရဲလက်စွဲ (ဒု) တွဲ၊ အပိုဒ် (၁၄၇၂) မှ (၁၄၉၉) အထိ ညွှန်ကြားချက်များအတိုင်း သေချာစွာဆောင်ရွက်ရန် မှာကြားပါသည်။

ထို့နောက် ကျွန်တော်လည်း မြို့နယ်အုပ်ချုပ်မှူးရုံးသို့ သွားရောက်ပြီး အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံကာ ရှင်းပြ၍ ညွှန်ကြားချက်ရယူခဲ့ပါသည်။ ၎င်းနောက် မနက်ဖြန်လိုက်ပါမည့် တရားသူကြီး ဦးစံအောင် (ကွယ်လွန်) နှင့်တွေ့ဆုံ၍ သွားရောက်မည့် အစီအစဉ်အား ပြောပြပါသည်။ ဆရာဝန်ကတော့ ပြွန်တန်ဆာတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန်ဒေါက်တာလှစိန် (ငြိမ်း) အား ခေါ်သွားရန် ညွှန်ကြားချက်ရရှိခဲ့ပါသည်။

ထို့နောက် ပြွန်တန်ဆာသို့ပြန်လာခဲ့ပါသည်။ နောက်တစ်နေ့တွင်တော့ အလောင်းသွားရောက်တူးဖော်မည့် အစီအစဉ်အား စိတ်ကူးဖြင့်မှန်းဆပြီး အိပ်ရာဝင်ခဲ့ပါတော့သည်။

နောက်တစ်နေ့နံနက် (၆) နာရီခွဲအချိန်ကတည်းက ကျွန်တော်အိပ်ရာမှထ၊ ဘုရားအမြန်ရှိခိုး၊ အဆာပြေစားပြီးသည်နှင့် ညောင်လေးပင်မှလာရောက်မည့် တရားသူကြီးဦးစံအောင်ကို ဘူတာရှေ့ ကားလမ်းမှ စောင့်ကြိုပြီး ဆရာဝန်ကြီးဒေါက်တာလှစိန်အိမ်သို့ သွားကြပါသည်။

နွားလှည်းတစ်စီးကို ပြွန်တန်ဆာဈေးရှေ့ဘက်ထိပ်တွင် စောင့်ခိုင်းထားပြီးဖြစ်၍ ကျွန်တော်နှင့်အတူ တရားသူကြီး၊ ဆရာဝန်၊ တပ်ဖွဲ့ဝင်နှစ်ဦးတို့လိုက်ပါလျက် လှည်းဖြင့် စည်ပင်ကျေးရွာဘက်ထွက်လာကြပါသည်။

နံနက် (၁၀) နာရီခန့်တွင် စည်ပင်ကျေးရွာသို့ရောက်ရှိပြီး တပ်ကြပ်ကြီးချစ်စိန်နှင့်အဖွဲ့က ရွာထိပ်မှ လာကြိုနေပါသည်။ ကျွန်တော်ကအဖွဲ့ချင်းဆုံချိန်၌ အခြေအနေကို သိလို၍ မေးလိုက်ပါသည်။

"ဘယ်လိုလဲ ကိုချစ်စိန်၊ အခြေအနေအားလုံးအဆင်ပြေတယ်မဟုတ်လား"

"အဆင်သင့်ပဲ ဆရာ။ ကျွန်တော်အားလုံးစီစဉ်ပြီးပါပြီ"

"ကျွန်တော် ခင်ဗျားကိုမေးတာက အလောင်းမြှုပ်ထားတယ်ဆိုတာ ဖြစ်နိုင်ခြေရှိသလား၊ အပုပ်နံ့ရောရသလားလို့ မေးတာဗျ"

"ကျွန်တော့်အနေနဲ့ ဦးလှအုန်းပြတဲ့ ကုန်းမို့မို့တော့တွေ့တယ် ဆရာ။ အပုပ်နံ့ကတော့ရသလိုလို မရသလိုလိုနဲ့ ကျွန်တော်လည်း အနံ့ခံနေတာပဲ။ သိပ်တော့မသေချာဘူးဆရာ။ ယင်ကောင်လည်း ကျွန်တော်တို့မတွေ့ပါဘူး"

"ကဲ-အဲဒီနေရာကိုပဲ သွားကြတာပေါ့ဗျာ။ ခင်ဗျားရှေ့ကနေလမ်းပြ"

ကျွန်တော်နှင့်အဖွဲ့လည်း ရွာလယ်လမ်းအတိုင်းလာပြီး ရွာအပြင်အရှေ့ဘက် လေးဖာလုံခန့်အကွာ လယ်ကွင်းအနီးသို့ရောက်လျှင် အလောင်းဖော်သည်ကို မတွေ့ဘူး၍လာကြည့်နေကြသော ရွာသူရွာသား (၁၀၀) ဦးခန့်ကိုတွေ့ရပါသည်။ ကျွန်တော်တို့အဖွဲ့ကိုလည်း စိတ်ဝင်တစားကြည့်နေကြပြီး တီးတိုးတီးတိုးနှင့် ပြောဆိုနေသံများကို



www.burmeseclassic.com

www.burmeseclassic.com

လည်းကြားရပါသည်။

တပ်ကြပ်ကြီးချစ်စိန်ပြသည့်နေရာအား ကြည့်ရာတွင် လယ်တဲ၏တောင်ဘက် (၂၅) ကိုက်ခန့်အကွာ လယ်ကန်သင်းအနီး ကိုင်းပင်များပေါက်ရာဘေး၌ အရှည် (၇) ပေခန့်ရှိ ကုန်းကမူမို့မို့လေးကိုတွေ့ရသည်။

သေချာစစ်ဆေးကြည့်သည့်အခါ လတ်တလောဖို့ထားသည့်ပုံစံဟုမထင်ရပါ။ မြက်ပင်အနည်းငယ်ပေါက်နေပြီး အနံ့ခံကြည့်ရာတွင်လည်း မည်သည့်အပုပ်နံ့မှမရသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

သို့သော်လည်း ကာယကံရှင်ကိုယ်တိုင်က ၎င်း၏သားကိုသတ်ပြီးမြေမြှုပ်ထားသည်ဟု တထစ်ချယူဆထားသည်မို့ ကျွန်တော်လည်း သူ့ဆန္ဒကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

"ကဲ - တူးမယ့်လူတွေလာကြဗျာ။ ထူးရမှာက ဘေးကပိုက်ပြီးတူးကွာ။ တကယ်လို့ အလောင်းရှိနေရင် သူ့ကို မထိခိုက်ဘူးပေါ့။ အလောင်းကိုကလပ်လေးပေါ် တင်ထားသလိုဖြစ်အောင်တူးကြကွာ။ ငါပြောတာကို မင်းတို့သဘောပေါက်ကြတယ် မဟုတ်လား"

တူးမည့်သူများကလည်းသဘောပေါက်ပါတယ်ဟု ပြောပြီး ဘေးမှပိုက်ပြီးတူးကြပါသည်။ နာရီဝက်ခန့်ကြာအောင်တူးသော်လည်း ထူးခြားမှုမရှိခဲ့ပါ။ မြေကြီးမှာ လတ်တလောဖို့မြေမဟုတ်သဖြင့် မာကျောနေပါသည်။

ကျွန်တော်လည်း စိတ်မရှည်တော့သဖြင့် မို့နေသော မြေကမူအား ပေါက်တူးဖြင့် ဖြိုချခိုင်းသော်လည်း မည်သူ့အလောင်းမှမတွေ့ပါ။ ရွာသူရွာသားများ၏ တီးတိုးအသံကပိုကျယ်လာပြီးကျွန်တော်တို့အဖွဲ့ကိုပင် ပြက်ရယ်ပြုနေသည်ဟု ထင်ပါသည်။ ကျွန်တော်လည်းခေါ်လာသည့် ဆရာဝန်၊ တရားသူကြီးတို့ကိုအားနာနေပြီး ချွေးသီးချွေးပေါက်များပင်ကျနေပါတော့သည်။ မကြာမီ ဘယ်လိုပင်တူးတူး ထူးခြားမှုမတွေ့သည့်အတွက် ကျွန်တော်က ဦးလှအုန်းဘက်လှည့်ပြီး မေးခဲ့မိပါသည်။

"ဘယ်လိုလဲ ဦးလှအုန်း၊ ခင်ဗျားသားအလောင်းက ဒုံးပိုင်းဖြတ်ပြီးမြှုပ်ထားတာဆို။ ယင်ကြီးတွေတွေ့ပြီး အပုပ်နံ့ရတွေ့ရတယ်ဆို။ လိုက်လာတဲ့လူကြီးတွေအားနာဖို့ကောင်းတယ်ဗျာ"



ဦးလှအုန်းကတော့ လက်မလျှော့ချင်သေးဟန်တူပါသည်။ သူကိုယ်တိုင်ပင် ပေါက်တူးကိုယူပြီး မြေကြီးအားတူးဆွဲနေပါတော့သည်။ နောက်ဆုံး လက်လျှော့လိုက်ပြီး ဘာမှမပြောတော့ဘဲ လက်မှိုင်ချနေပါသည်။

ထို့နောက် ဦးလှအုန်းက လာရောက်ဝိုင်းကြည့်နေကြသော လူအုပ်ထဲမှ လူငယ်တစ်ဦးကိုခေါ်ပြီး မြေပုံရှေ့တွင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီစေပြီး ပါးစပ်မှတီးတိုးရွတ်၍ ၎င်း၏သားဖြစ်သူနာမည်ကိုခေါ်ပြီးဝင်ပူးခိုင်းနေပါသည်။

ကျွန်တော်လည်း မနေသာတော့ဘဲ လက်အုပ်ချီထိုင်နေသည့်လူငယ်နားသို့သွားပြီး ခါးက ခြောက်လုံးပြူးကိုဆွဲထုတ်၍ ပြသလိုက်ပါသည်။

"ကဲ - ငါက ဒီနယ်ကိုအုပ်ချုပ်တဲ့ စခန်းမှူးနော်။ မဟုတ်တရုတ်တော့ဝင်ပူးကပ်မယ်မကြံနဲ့ဗျာ။ သေနတ်နဲ့ကိုပစ်မှာ"

ကျွန်တော်ကဟန်ပါပါဖြင့် သရုပ်ဆောင်လျက် ခြောက်လှန့်ပြောဆိုအမိန့်ပေးလိုက်ပါသည်။

လက်အုပ်ချီထားသော လူငယ်မှာ ငေါက်ခနဲထရပ်ပြီး ဦးလှအုန်းအား ဘယ်လိုမှဝင်မပူးဘူးဟု ပြောဆိုသံကြားရပါသည်။ ဦးလှအုန်းက ၄က်ပျောပွဲမတင်လို့ထင်တယ်ဟု တစ်ကိုယ်တည်းပြောဆိုရေရွတ်နေပါသည်။ ကျွန်တော်လည်း ရှက်စိတ်များမွန်ထူနေပြီး ဘာတွေပြောလို့ပြောမိမှန်းမသိဖြစ်နေပါသည်။

တရားသူကြီး ဦးစံအောင်က ရယ်သွမ်းလျက် -

"ကဲပါ - စခန်းမှူးရယ်၊ ဘာအလောင်းမှမတွေ့တော့လည်း ကောင်းတာပေါ့။ ဒါမှမဟုတ်ရင် အလုပ်ရှုပ်နေဦးမယ်။ အနီးအနားတဲမှာ ကြက်သားကာလသားဟင်းလေးချက်စားပြီး ပြန်ကြတာပေါ့ဗျာ။ ညောင်လေးပင်ရောက်မှအတွေ့အကြုံလေးတွေ သတင်းစာရှင်းလင်းပွဲလုပ်ကြတာပေါ့နော်"

ကျွန်တော်လည်း ရှက်သည့်စိတ်ကို အသာထားပြီး ပါလာသူများကို ထမင်းကျွေးရန် အမြန်စီစဉ်လိုက်ရပါတော့သည်။

ထိုသို့ အလောင်းဖော်ရာတွင် မတွေ့သဖြင့် ကျွန်တော်တို့လည်း ရဲစခန်းသို့ပြန်ရောက်ကြပြီး တနုံ့နုံ့ဖြင့်တွေးလျက် မခံချိမခံသာဖြစ်နေပါသည်။

ဩော်-အိပ်မက်အရ ယုံကြည်ပြီးသွားလုပ်လိုက်တာ အရှက်ကိုကွဲပါလေရောလို့ ခံစားနေမိပါသည်။ သည့်အဖြစ်အပျက်က တော်တော်နှင့်မပျောက်ပျက်ပါ။ တွေးမိတိုင်းပေါ်ပေါ်လာပြီး ကိုယ့်ကိုယ်ကိုယ်ပင်ဒေါသဖြစ်နေပါ၏။ နောင်ကိုတော့ သေသေချာချာစိစစ်မှဖြစ်တော့မယ်ဟုလည်း သုံးသပ်ဆုံးဖြတ်မိခဲ့ပါသည်။ အခုတော့ မိမိတပ်ဖွဲ့ဝင်ချည်းပဲဆိုလျှင် အကြောင်းမဟုတ်။ အခြားဌာနဆိုင်ရာအဖွဲ့တွေလည်း ပါရှိလာတော့ အားလည်းအားနာ၊ သိက္ခာလည်းကျသည်ဟု ယူဆမိပါသည်။

❑

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီးဆယ့်ငါးရက်ခန့်အကြာ ကျွန်တော်ရဲစခန်း၌ရှိနေစဉ် လူငယ်တစ်ဦးဝင်ခွင့်တောင်းသဖြင့် ကြည့်လိုက်ရာ အသက်(၂၀)ခန့် ဆံပင်ရှည်မျက်နှာသွယ်၊ အသားညို၊ အရပ် (၅) ပေ (၃) လက်မခန့်ရှိသည့်လူငယ်တစ်ဦးကိုတွေ့ပြီး ကျွန်တော်ရှေ့က ကုလားထိုင်တွင် ဝင်ထိုင်ခွင့်ပြုလိုက်ပါသည်။

ထို့နောက် ထိုလူငယ်အားလာရင်းကိစ္စပြောခိုင်းလိုက်ပါသည်။

"ကဲ - ဆိုပါဦး၊ ဘာကိစ္စလဲ"

"ကျွန်တော်နာမည်က မိုးသူပါခင်ဗျာ။ ချောင်းရင်းက ဦးလှအုန်းရဲ့သားပါ"

ကျွန်တော်အတော့်ကိုအံ့ဩသွားပါသည်။

"ဟေ-ဟိုတစ်လောက သူ့သားကိုသတ်ပြီး မြေမြှုပ်ထားပါတယ်ဆိုတဲ့ဦးလှအုန်းရဲ့သားကိုး။ ကဲ - ဆိုစမ်းပါဦးကွာ မင်းက မပြောမဆိုနဲ့ထွက်သွားတော့ မင်းအဖေ၊ အမေကလည်း စိတ်ပူပြီး



www.burmeseclassic.com

www.burmeseclassic.com

စခန်းလာတိုင်၊ ငါတို့လည်း အလုပ်ရှုပ်အရှုက်ကွဲသွားတာပေါ့ကွာ။ ဘယ်လိုလုပ်ပြီး ဒီရောက်လာသလဲဆိုတာပြောပါဦး"

ကျွန်တော်ကလည်း ကျွန်တော်တို့စုံစမ်းဆောင်ရွက်ခဲ့မှု၊ အရှက်ကွဲခဲ့ရပုံတို့ကိုပြန်ပြောပြလိုက်ရာ မောင်မိုးသူကလည်း အကြောင်းစုံကိုပြန်လည်ရှင်းပြခဲ့ပါသည်။

❑

ဒီနေ့ မိုးသူတစ်ယောက် ချောင်းရင်းရွာသို့သွားချင်စိတ်တွေပေါက်နေပါသည်။ ရွာကိုမရောက်တာကြာပြီ။ အဖေအမေကိုလည်း မတွေ့ရတာလည်းကြာတော့ လွမ်းသလိုလို ခံစားမိနေပါသည်။ လယ်စာရင်းဒိုင်ကိုထွန်းမြင့်ထံတွင်လုပ်ရသည်မှာလည်း အဆင်ပြေလှပါသည်။ သူခိုင်းတာကို တာဝန်ကျေအောင်လုပ်ရင် အဆင်ပြေမှာပဲလေ။ တစ်ခါတစ်ခါတော့ ကိုယ့်ဘဝကိုပြန်စဉ်းစားကြည့်မိပါသည်။

သူများထံမှာ အခစားလုပ်နေရတာထက် ကိုယ်ပိုင်လယ်လေးငါးဧကလောက်များရှိရင် ဘယ်လောက်ကောင်းမှာလဲလို့ တွေးမိရင်း ရွာရှိ သူ၏ချစ်သူရှင်နှောင်းလေးကို အမိအဖတွေကို တင်တောင်းခိုင်း၊ အိမ်ထောင်ပြု၊ သားသမီးတွေနဲ့ ဘယ်လောက်များပျော်စရာကောင်းမှာလဲလို့ စိတ်ကူးယဉ်တွေးတောနေရတာလဲ နေ့စဉ်လိုပင် ဖြစ်ပါသည်။ သည်နေ့က လပြည့်နေ့နံနက်ပိုင်းအလုပ်တွေပြီးအောင်လုပ်ပြီး နေ့လယ်လောက်တွင် ရွာဘက်သို့ထွက်လာခဲ့ပါသည်။

ရွာရောက်တော့ အိမ်မှာ အဖေမရှိ၊ အမေသာရှိပြီး အမေချက်တဲ့ချဉ်ရည်ဟင်း၊ ငါးပိရည် တို့စရာတို့ကို စားသောက်ပြီး ညပိုင်းမှပဲ ချစ်သူရှင်နှောင်းလေးနှင့်စကားသွားပြောမည်ဟု စိတ်ကူးယဉ်ပြီး တစ်ရေးအိပ်လိုက်ပါသေးသည်။

ညနေ (၅) နာရီလောက်ကျတော့ အမေ့ကို ရွာထဲသွားဦးမယ်လို့ပြောပြီး ထွက်လာတော့ ငယ်သူငယ်ချင်း ချစ်ဦးနှင့်လမ်းတွင်တွေ့သည့်အခါ မတွေ့တာကြာပြီမို့ ရွာထိပ်မှ ကိုမိုးညိုအရက်ဆိုင်သို့ ရောက်သွားကြပါသည်။

ရောက်တော့ အရက်တစ်လုံးမှာသောက်ပြီး ထွေရာလေးပါးပြောနေလိုက်ကြသည်မှာ ည (၇) နာရီထိဖြစ်သွားခဲ့ပါသည်။ မိုးသူလည်း အရက်အရှိန်ကြောင့် ထွေထွေလေးဖြစ်နေပြီး ရှင်နှောင်းနှင့်မတွေ့တော့ဘဲ သူငယ်ချင်းဖြစ်သူအား နှုတ်ဆက်၍ လသာသာဖြင့် ၎င်းအလုပ်လုပ်ကိုင်ရာ လယ်ထဲသို့ပြန်လာခဲ့ပါသည်။ ည (၁၀) နာရီခန့် လယ်ထဲရောက်တော့ လယ်စာရင်းဒိုင် ကိုထွန်းမြင့်တဲမှာမီးခွက်ထွန်းထားပြီး သူ့ဇနီး မထားရီက ကလေးနို့တိုက်နေသည်ကို တွေ့လိုက်ပါသည်။

"အစ်မ၊ မအိပ်သေးဘူးလား။ အစ်ကိုကောဘယ်သွားလဲ"

"နင့်အစ်ကို ရွာပြန်သွားတယ်လေ။ နင်နဲ့မတွေ့ဘူးလား"

"ကျွန်တော်နဲ့ မတွေ့ပေါင်ဗျာ။ ကျွန်တော်ကတော့ နည်းနည်းသောက်လာတယ် အစ်မရေ၊ ကျွန်တော့်တဲမှာသွားအိပ်တော့မယ်"

မိုးသူလည်း ၎င်းအိပ်သည့်တဲဘက်သို့ ထွက်သွားပါသည်။ အိပ်ရာရောက်တော့ ချစ်သူရှင်နှောင်း၏မျက်နှာလေးကို စဉ်းစားလိုက်၊ မထားရီ ကလေး နို့တိုက်နေတာကို မြင်လိုက်နှင့် စိတ်ရိုင်းများပေါက်လာပြီး စိတ်ကယောင်ချောက်ချားဖြစ်နေပါတော့သည်။

ရာဂစိတ်က တွန်းပို့၍ အိပ်မရသည်နှင့် မိုးသူတစ်ယောက် မထားရီတဲဘက်သို့ထွက်လာကြည့်ရာ မီးရောင်မတွေ့တော့ဘဲ လရောင်ကြောင့်အိပ်နေသည်ကိုတွေ့လိုက်ရပါသည်။

"အစ်မ၊ အိပ်ပြီလား၊ အစ်ကိုပြန်မလာသေးဘူးလား"

"ဟဲ့ - မိုးသူ၊ နင်မအိပ်သေးဘူးလား။ ဘာလုပ်မလို့လဲ"

"မဟုတ်ပါဘူး။ အစ်ကိုပြန်မလာသေးရင် အစ်မနားမှာကပ်ပြီးစောင့်အိပ်ပေးရမလားလို့ပါ"

"ဟင် - မိုးသူ နင်ဘာစကားပြောတာလဲ။ ခွေးစကားပြောတာလား၊ အရက်သောက်လာပြီး ပေါက်ကရလုပ်မယ်တော့မကြံနဲ့နော်။ အေး-ငါ့လင်ပြန်လာရင် နင့်ကိုတိုင်ရမယ်"

မထားရီက စိတ်ဆိုးဆိုးနှင့်အော်ပြောခဲ့ပါသည်။ မထားရီက သူ့ယောက်ျားနဲ့ပြန်တိုင်မယ်လို့ပြောလိုက်တော့ မိုးသူအံ့ဩတုန်လှုပ်သွားပါသည်။ ကိုထွန်းမြင့်က လူကြောင့်စိတ်တို။ ကောင်းလျှင်သူများထက်ကောင်းသည်။ သူ့အပေါ်အနိုင်အထက်ပြု စော်ကားလျှင်တော့ အသက်ချင်းလဲဝံ့သည့်လူစားမို့ မိုးသူတစ်ယောက် ကြောက်ချစ်ရှိသေရပါသည်။' အခုတော့ အရက်သောက်ပြီး စိတ်အလိုလိုက်ပြောမိတာမှားပြီထင်၏။ ဘယ်လိုပဲဖြစ်ဖြစ် မထားရီက သူ့ခင်ပွန်းကိုပြန်တိုင်မည်ဆိုတာ မိုးသူအတပ်သိနေပါသည်။

ဆက်နေရင်တော့ ပြဿနာဖြစ်တော့မှာသေချာတယ်။ မဖြစ်ဘူး။ တစ်ခုခုတော့ ဆုံးဖြတ်ရတော့မယ်ဟု တွေးရင်း မိုးသူတစ်ယောက် တဲပြန်လာပြီး အဝတ်အစားတစ်စုံထည့်ကာ ကိုထွန်းမြင့် ပြန်မလာမီ လစ်မှဖြစ်မယ်၊ ကျောက်ကြီးမြို့မှာ အဖေ့အမျိုးတွေရှိတယ်။ အဲဒီမှာသွားနေပြီးသတင်းစုံစမ်းရတော့မှာပဲဟု တွေးပြီး မိုးသူတစ်ယောက် လယ်ထဲမှ ဝေးရာသို့ထွက်ခွာသွားခဲ့ပါတော့သည်။

❑

"ဖြစ်စဉ်ကတော့ အဲဒါပါပဲဆရာ။ ကျောက်ကြီးရောက်ပြီး ရွာဘက်စုံစမ်းတော့ အဖေက ရဲစခန်းသွားတိုင်လို့ ရဲတွေကလာစုံစမ်းတဲ့အကြောင်း၊ နောက်ပြီး အဖေက ဗိန္ဒောဆရာဆိုတော့ နတ်၊ စုန်းတို့ကိုယုံကြည်တယ်လေ။ ကျွန်တော်ပျောက်သွားတာကို ယထာဘူတကျကျမတွေးဘဲ တလွဲတွေးပြီး ထင်ယောင်ထင်မှားတွေလျှောက်လုပ်တော့ အကုန်မှားကုန်တော့တာပေါ့ ဆရာ"

"ဒါနဲ့ နေပါဦး၊ မင်းခြုံတဲ့စောင်မှာသွေးစက်နှစ်စက်တွေ့ရတာက ဘယ်လိုဖြစ်တာလဲ"

"အဲဒါက ဟိုတစ်လောက နှီးဖြာရင်း လက်ကိုဓားရှလို့သုတ်လိုက်တာပါဆရာ"

မိုးသူ ရှင်းပြလို့ အခုမှပင် ကျွန်တော်လည်း ဇာတ်ရည်လည်ပြီး သက်ပြင်းရှည်ကြီးချမိပါသည်။

လူတို့၏ အစွဲအလမ်း ယုံကြည်မှုများသည် တစ်ခါတစ်ရံ အစွန်းတစ်ဖက်သို့ရောက်သွားတတ်ပြီး လောကကြီးရှိလူသားများကို ထင်ယောင်ထင်မှားဖြစ်သွားစေသည်ကို ကောင်းစွာ သဘောပေါက်လိုက်မိပါတော့သည်။

ဒုရဲမှူးကြီးဝင်းဦး(ငြိမ်း)ပဲခူး

ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာရဲစခန်းတွင် ရဲစခန်းမှူးတာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ရပ်မှန်ဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်များအား အမှတ်တရဂုဏ်ပြုရေးဖွဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်မုန်းခင်(ကြို့ပင်ကောက်-လယ်ယာ)

# မီးယပ်သွေးဆုံးအတွက်ဆေးတစ်လက်

အမျိုးသမီးတိုင်း သွေးသားဆုံးသောအရွယ်သို့ တစ်နေ့နေ့ကြုံတွေ့ရမြဲဖြစ်သည်။ အမျိုးသမီးတိုင်း အရွယ်အပိုင်းအခြားအလိုက် မီးယပ်သွေးစနာ၊ မီးယပ်သွေးလယ်နာ၊ မီးယပ်သွေးဆုံးနာဟူ၍ သုံးမျိုးရှိသည်။

မီးယပ်သွေးစနာအရွယ်မှာ မွေးဖွားသည့်မှာ အသက် (၁၄) နှစ်အရွယ်အထိ။

မီးယပ်သွေးလယ်နာအရွယ်မှာကား မီးယပ်သွေးစတင်သက်ဆင်းသည်မှ နောက်ဆုံး မီးယပ်သွေးရပ်သည့်အသက် (၄၅) နှစ်အရွယ်။

မီးယပ်သွေးဆုံးနာအရွယ်ကား မီးယပ်သွေးဆုံးပြီးသည့်နောက် အသက် (၇၀) အရွယ်ဖြစ်သည်။

- **မီးယပ်သွေးစနာအရွယ်တွင် မီးယပ်ရောဂါဆင့်ပွားရောဂါများ**

၁။ အစာမကြေလေနာရောဂါ၊
၂။ အဆစ်ရောင်ရောဂါ၊
၃။ မျက်စိမှုန်သောရောဂါ၊
၄။ နှလုံးရောဂါ၊
၅။ အရေပြားယားယံသောရောဂါ၊
၆။ ခန္ဓာကိုယ်အပေါ်ပိုင်း၌ ဖြစ်တတ်သောရောဂါများဖြစ်တတ်သည်။

မွေတာသွေးပေါ်ခြင်းပြီးဆုံးသွားသည့်ကာလသည် အမျိုးသမီးတစ်ဦး၏ သွေးဆုံးခြင်းကို ဖော်ပြပေးသည့် လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ အသက် (၃၅) နှစ်ကနေ (၅၈) နှစ်အတွင်းမှာ သွေးဆုံးတတ်ပေမယ့် အမျိုးသမီးအများစုဟာ (၅၁) နှစ်ခန့်မှာ သွေးဆုံးလေ့ရှိပါသည်။ သွေးဆုံးချိန်တွင် မွေတာသွေးပေါ်ခြင်းသည် ရုတ်တရက်ရပ်တန့်သွားပြီး သွေးပေါ်သည့်အလျဉ် တဖြည်းဖြည်းချင်းလျော့နည်းသွားတာ ဒါမှမဟုတ် ရင်လည်း ရာသီစက်ဝန်းတစ်ခုဖြစ်ပေါ်ဖို့ ရက်ကြာရှည်တာတို့လို မူမမှန်ခြင်းတွေ ဖြစ်ပေါ်လာတတ်သည်။

သွေးဆုံးချိန်မှာဖြစ်ပေါ်လာသည့် ရောဂါလက္ခဏာများသည် လအနည်းငယ်ကနေ နှစ်နှင့်ချီကြာရှည်နိုင်ပါသည်။ ပြင်းထန်မှုမရှိသည့် ရောဂါလက္ခဏာတချို့ကို သွေးဆုံးပြီး အမျိုးသမီးအများစုက သတိမမူမိဘဲ သက်သောင့်သက်သာကျော်ဖြတ်သွားနိုင်သည့် အနေအထားမှာရှိသည်။ တချို့အမျိုးသမီးများ သွေးဆုံးချိန်မှာ ဖြစ်ပေါ်တတ်သည့် ရောဂါလက္ခဏာတချို့မှာ -

၁။ ကြောက်ရွံ့ခြင်း
၂။ ချွေးထွက်လွန်၍ပူနွေးခြင်း
၃။ ချမ်းတုန်ခြင်း
၄။ မည်သည့်အရာကိုမျှ စိတ်ဝင်စားမှုမရှိခြင်း
၅။ စိတ်လှုပ်ရှားတက်ကြွခြင်း
၆။ ပင်ပန်းနွမ်းလျခြင်း
၇။ စိတ်ဓာတ်ကျခြင်း
၈။ စိတ်အနေအထားတက်ခြင်း၊ကျခြင်း
၉။ ညဘက်အိပ်မပျော်ခြင်း
၁၀။ ရင်တလှပ်လှပ်ခုန်ခြင်း (သို့) ရင်တုန်ခြင်း
၁၁။ မူးဝေခြင်း
၁၂။ ခေါင်းကိုက်ခြင်း
၁၃။ ခန္ဓာကိုယ်မလှုပ်ရှားနိုင်ခြင်း
၁၄။ ခန္ဓာကိုယ်စပ်ဖျဉ်းဖျဉ်း သို့မဟုတ် တစစ်စစ်ဝေဒနာဖြစ်ပေါ်ခြင်း
၁၅။ ကြွက်သားနာကျင်ခြင်း
၁၆။ ဆီးမထိန်းနိုင်ခြင်း
၁၇။ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ခြင်းတို့ဖြစ်တတ်ကြသည်။

- **သွေးဆုံးသူအမျိုးသမီးများအတွက် ဓာတ်စာ**

သွေးဆုံးပြီးချွေးထွက်လွန်၍ပူနွေးခြင်းလိုဝေဒနာမျိုးကို၊ သွေးဆုံးပြီးသူအမျိုးသမီးအများစုက ခံစားရလေ့ရှိရာ ဓာတ်စာအနေဖြင့် တို့ဟူး၊ ပဲနို့၊ ပန်းသီး၊ ဘာလီစေ့၊ ချယ်ရီသီး၊ အာလူး၊ ဆန်ရှိုင်းဂျုံ၊ ပီနံဥ၊ တဆေး စသည်တို့အား ဓာတ်စာအဖြစ် စားသောက်ပေးပါ။

- **အမျိုးသမီးများအဖြူအနီဆင်းခဲ့လျှင် ဆေးနည်း**

၁။ ဆပ်သွားဖူးမြစ် (ရေဆပ်သွားပင်) ချောင်းဘေးများတွင် အလေ့ကျပေါက်သည်။
၂။ ဇကရာဇ်မြစ်

ဇင်းအမြစ်နှစ်မျိုးအား ဆန်ဆေးရည်နှင့် ပျစ်ပျစ်သွေး၍ လက်ဖက်ရည်ပန်းကန်တစ်ဝက်ခန့်ကို တစ်နေ့တစ်ကြိမ်သောက်ရန် ဖြစ်ပါသည်။ (၂) ရက်၊ (၃)ရက်ဆက်၍သောက်ပါက သက်သာပျောက်ကင်းပါကြောင်း၊ လက်တွေ့ဆေးနည်း ဖြစ်ပါသည်။

- **မီးယပ်သွေးသားဆုံးသော်လည်း လူမဆုံးစေရ**

ဆေးလည်းအစာ၊ အစာလည်းဆေးဖြစ်သောကြောင့် မီးယပ်သွေးဆုံးသောအမျိုးသမီးများ ပုံသကျချိုးငှက်တစ်ကောင်အား သစ်သီးတစ်မျိုးမျိုးဖြင့် ဥပမာ ဘူးသီး၊ ဂေါ်ရခါးသီးဖြင့်ချက်စားပါ။

**ဆေးနည်း**

ကြခတ်ဝါးရွက်လက်တွင်းတစ်ဆုပ်အရင်း၊ အဖျားတိပြီး ရေမတ်ခွက်သုံးခွက်ထည့်၍ကျိုပါ။ သုံးခွက်တစ်ခွက်တင်ခါနီး ထန်းလျက် (၃)၊ (၄) ခဲထည့်၍ စမုန်မျိုးငါးပါးတစ်မတ်သားခန့်ထည့်ပြီးတော့ အအေးခံထားပါ။

ညအိပ်ရာဝင်တွင် လက်ဖက်ရည်ပန်းကန်တစ်လုံးခန့် သောက်ပါ။

၎င်းဆေးသည် သွေးဆုံးသားဆုံးအမျိုးသမီးများအသက်ကယ်ဆေးဖြစ်သည်။ လက်တွေ့လည်းကုသပြီးပျောက်ကင်းချမ်းသာပြီး ဖြစ်သည်။

- **ဆေးနည်းနောက်တစ်နည်း**

သွေးဆုံးမီးယပ်ခံစားနေရသော်-
၁။ ဇာတိပ္ဖိုလ်သီးငါးလုံး
၂။ ထန်းလျက် တစ်ဆယ်ကျပ်သား
၃။ စမုန်မျိုးငါးပါးနှစ်ကျပ်သားစီ

အားလုံးရောစပ်ပြီး အမှုန့်ကြိတ်၊ ရေငါးဆယ်သားဝင်ပုလင်းတစ်လုံးထဲတွင် ဆေးများအားထည့်ပြီး ပုလင်းပြည့်အောင် ရေထည့်ပြီးလျှင် စပါးထဲတွင် (၇) ရက် အနည်းဆုံးမြှုပ်ထားပြီးမှ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်ဟင်းသောက်ဇွန်းတစ်ဇွန်းစီသောက်ပါ။

- **ဖိစီးမှုနှင့်သွေးဆုံးခြင်း**

ဘဝမှာနေ့စဉ်တွေ့ကြုံနေရသည့် ဖိစီးမှုတွေကို ကျော်လွှားနိုင်ဖို့ လူသားတိုင်း ဘယ်အသက်အရွယ်မှာပဲရှိနေပါစေ ကျန်းမာရေးကောင်းမွန်စေဖို့ လိုအပ်ပါသည်။ ယောကျ်ားမှာဆီး၊ မိန်းမမှာမီးဟု ဆိုလေရာ အမျိုးသမီးများသွေးဆုံးချိန်တွင် ဖိစီးမှုတွေမရေမတွက်နိုင်အောင်ဖြစ်ပေါ်လာနိုင်ပေမယ့် သွေးဆုံးခြင်းသည် ရောဂါတစ်ခုမဟုတ်ပါ။ ဖြစ်ပေါ်လာတဲ့ ဖိစီးမှုတွေကို ကောင်းမွန်စွာတိုင်တွယ်ဖြေရှင်းနိုင်ဖို့ အသက်ရှုလေ့ကျင့်ခန်း ပုံမှန်လုပ်ဆောင်ပေးသင့်ပါသည်။

အမျိုးသမီးတိုင်း မလွဲမသွေတွေ့ကြုံခံစားကြရမည့် မီးယပ်သွေးဆုံးခြင်းရောဂါအား ကုစားနိုင်ရန် လက်တွေ့ပျောက်ကင်းလျက်ရှိသော ဆေးနည်းအား အမျိုးသမီးများအတွက် ရွေးသားတင်ပြလိုက်ရပါသည်။

ချစ်မုန်းခင်
(ကြို့ပင်ကောက်-သယ်ယာ)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌တွင် စာရေးသူသည် ဗြိတိသျှကိုလိုနီခေတ်က ထင်ရှားခဲ့သော မြန်မာလူမျိုးများအကြောင်းကို ဖော်ပြသော စာအုပ်တစ်အုပ်ကိုဖတ်ရင်းနှင့် တချို့သူများအကြောင်းတွင် ကံကောင်းထောက်မစွာဖြင့် မွေးနေ့၊ မွေးလ၊ မွေးရက်တို့ပါရှိသာမက မွေးချိန်ကိုပါ တွေ့ရှိရသည်။ ထိုထဲမှ ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်လျက် ဗြိဟစ္စဇာတာချပြီး ထိုဘဝ၏ ဇာတ်ကြောင်းနှင့် နှိုင်းယှဉ်ဖော်ထုတ်ရန် အတွေးပေါ်သဖြင့် ထိုသူ၏ဗြိဟစ္စဇာတာချဖွဲ့ရန် ကြံစည်တော့ အခက်အခဲတစ်ခုကို ရုတ်တရက်တွေ့လိုက်ရတော့သည်။

၎င်းမှာ တခြားမဟုတ်။ ထိုသူမှာ ၁၉ ရာစုအလယ်လောက်က မွေးဖွားသည်ဆိုတော့ ထိုသူ၏မွေးချိန်ကို နေ့ (၃) ချက်တီးဟု ဖော်ပြထားသည်။ ထို (၃) ချက်တီးဆိုသည်မှာ ပဟိုရ်နာရီဖြစ်သည်။ ထိုပဟိုရ်နာရီကို (ဝါ) မြန်မာနာရီကို စက်နာရီသို့ပြောင်းလဲရမည် ဖြစ်သည်။

သည်တော့ စာရေးသူသည် ပဟိုရ် နာရီမှ စက်နာရီသို့ပြောင်းလဲပုံကို စဉ်းစားမရ၊ တွေးမရဖြစ်နေသည်။ ဘယ်စာအုပ်တွေမှာပါရှိမှန်းစဉ်းစား၍ မရတော့။ ထို့ကြောင့် စာရေးသူ၏တပည့်လည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်သော ပန်းချီဆရာမ၊ ဝေဒဆရာမ၊ စာရေးဆရာမ လီလီယမ် (ကုံကော်ရွာ) ခေါ် ခင်မိမိအောင်ထံသို့ ဖုန်းဆက်ပြီးလှမ်းမေးလိုက်သည်။


နေကြောင်း။ ဝေဒပညာသင်တန်းက သူ့ဆရာတွေကို မေးကြည့်ဦးမည်ဟုပြန်ဖြေသည်။

သည်တော့ ဗြိတိသျှကိုလိုနီခေတ်နှောင်းပိုင်းက ထင်ရှားခဲ့သော ရန်ကုန်တက္ကသိုလ်က သင်္ချာပါမောက္ခ ဗြိတိသျှလူမျိုး အိုဝင်အကြောင်းကို သွားသတိရမိပါသည်။ ထိုသင်္ချာပါမောက္ခအိုဝင် ဘာသာပြန်သော အိုဝင်သင်္ချာစာအုပ်ကို မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး စာသင်ကျောင်းများတွင် ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်သင်ကြားခဲ့ရဖူးသည်။

တစ်ကြိမ်သောအခါတွင် ပါမောက္ခအိုဝင်သည် သင်္ချာကျမ်းတစ်ခုကို မြန်မာဘာသာသို့ပြန်ဆိုပြီး တက္ကသိုလ်၏ ကျောင်းအုပ်ချုပ်ရေးကော်မီတီသို့တင်ပြခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ထိုကျောင်းကော်မတီအဖွဲ့က ပါမောက္ခအိုဝင်ကို လူတွေ့မေးမြန်းစစ်ဆေးရာ ပါမောက္ခအိုဝင်က အင်္ဂလိပ်သင်္ချာ၊ ဂျီဩ

သတိမထားမိသဖြင့် ပါမောက္ခအိုဝင် မဖြေဆိုနိုင်ခဲ့ဟုဆို ရမလား။ အခုလည်းပဲ စာရေးသူ၏ တပည့်မ၊ မိတ်ဆွေမ လီလီယမ်(ကုံကော်ရွာ)ခေါ် ခင်မိမိအောင်သည်လည်း ပါမောက္ခအိုဝင်ဖြစ်သွားပြီထင်ပါရဲ့။ အို-နေပါဦး၊ စာရေးသူလည်း ဘာထူးလဲ၊ ပါမောက္ခအိုဝင်ပေါ့။ ဆင်ပြောင်ကြီးအမြီးကျမှတစ်တဲ့ ပါမောက္ခအိုဝင်လေ။

သို့တစေ သိပ်မကြာမီလေးမှာ ဆောင်းပါးတစ်ခုအတွက် ကျမ်းကိုးရှာရင်းဖြင့် တင်မမခိုင် (မန်းတက္ကသိုလ်) ၏ မြန်မာ့ဇာတာ၊ ဆရာမိုး၏မြန်မာ့စဉ်လာနက္ခတ်တာရာအမြင်ကြည့်သင်ခန်းစာ စာအုပ်ပါးပါးလေးတွေ့တော့မှ ပဟိုရ်နာရီ၊ မြန်မာနာရီမှ စက်နာရီသို့ ပြောင်းလဲပုံကို တွေ့သိခဲ့ရလေတော့သည်။



# မင်းရှိန်အောင်

# ပဟိုရ်နာရီ မြန်မာနာရီ စက်နာရီ

သူမသည် ပန်းချီလောကတွင် ခြေဖဝါးတစ်နေရာလောက် နေရာရပြီးဖြစ်သလို ဝေဒပညာ၌လည်း အဆင့် (၄) လား၊ အဆင့် (၅) လား အောင်ပြီးသူဖြစ်သည်။ စာပေအရာ၌လည်း ဂျာနယ်တချို့၊ သတင်းစာတချို့၌လည်း ခြေစမ်းခရမ်းပျိုးနေသူ ဖြစ်သည်။

ထို့ကြောင့် စာရေးသူ၏ ဝေဒပညာတပည့်ဖြစ်သော သူမထံသို့ ပဟိုရ်နာရီ မြန်မာနာရီမှ စက်နာရီသို့ ဘယ်လိုပြောင်းသလဲလို့မေးတော့ သူမက သူမ့



မေတြီသင်္ချာ၊ တြီကိုမေတြီသင်္ချာအစရှိသည်ကို မြန်မာစကားမြန်မာဝေါဟာရကြွယ်ကြွယ်ဝဝဖြင့် အဆင့်မြင့်မြင့် ဖြေကြားခဲ့လေသည်။ သို့သော် ပညာကြွယ်ဝသော၊ မြန်မာစကားကြွယ်ဝသော၊ မြန်မာစာပေကြွယ်ဝသော ပါမောက္ခအိုဝင်သည် နောက်ဆုံးမေးခွန်းကို မဖြေဆိုနိုင်သဖြင့် ထိုစာမေးပွဲကျခဲ့ရသည် ဟူ၏။ ထိုမေးခွန်းသည် တခြားမဟုတ်၊ လေးနှစ်လီ ဘယ်လောက်လဲ ဟူသောမေးခွန်းကိုပင် ဖြစ်သည်။ လွယ်လွန်း၍



www.burmeseclassic.com

www.burmeseclassic.com

ဟိုးရှေးခေတ်တုန်းက၊ တိတိပပ ပြောရလျှင် တော်လှန်ရေးကောင်စီခေတ်အထိ ၁၉၆၂ ခုနှစ်နှောင်းပိုင်း မြန်မာနိုင်ငံ၌ ဇာတာရက်ချုပ်များတွင် စက်နာရီကိုသာ သုံးစွဲခဲ့သော်လည်း ယင်းမတိုင်မီက ပဟိုရ်နာရီ၊ မြန်မာနာရီများကိုပါ ရောဖက်အသုံးပြုခဲ့ကြသည်။ ရှင်းလင်းအောင်ဆိုရလျှင် မြန်မာသမိုင်းကြောင်းတစ်လျှောက်တွင် ကုန်းဘောင်ခေတ် စောစောပိုင်း (ဘိုးတော်ဗဒုံမင်း မတိုင်မီအထိ) ပဟိုရ်နာရီကိုသာ သီးသန့်အသုံးပြုခဲ့သည်။ ဘိုးတော် ဗဒုံမင်း လက်ထက်မှအစပြု၍ ပဟိုရ်နာရီအပြင် မြန်မာနာရီကိုပါ အသုံးပြုလာခဲ့ကြသည်။ ပဟိုရ်နာရီ၊ မြန်မာနာရီအပြင် စက်နာရီကို ဗြိတိသျှ ကိုလိုနီခေတ် ၁၉၁၈ ခုနှစ်လောက်မှ စတင်ပြီး ရောနှောသုံးစွဲလာခဲ့ကြသည်။

ဥဒါဟရုဏ်ဆိုရသော် -

□ ဇာတာ (၁)

သက္ကရာဇ် ၁၀၉၆ ခု၊ ဝါခေါင်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ ညဥ့်နှစ်ချက်တီးကျော်အချိန်. . .

(ကုန်းဘောင်ဆက် ဒုတိယမြောက်မင်း နောင်တော်ကြီးမင်း၏ဇာတာမှ)

□ ဇာတာ (၂)

ဇေယျတုသက္ကရာဇ် ၁၂၁၆ ခု ဒီယ ၄၀၈ ရသာမကာရရာသီ၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၅ဘေး၊ နေ့နှစ်ချက်တီးကျော် (၅) နာရီပါဒ်ပြည့် (၁၃) ဗီဇနာ (၁) ပြန်ခရာ. . .

(လန်ဒန်မြို့ ဝိတိုရိယအယ်လ်ဘတ်ပြတိုက်ရှိ ထန်းဖူးဇာတာစောင်မှ)

□ ဇာတာ (၃)

ဇေယျတုသက္ကရာဇ် ၁၂၀၉ ခု၊ ဒီယ ၄၉၁ ရသာ တပေါင်းလဆန်း ၆ရက် စနေနေ့သို့အဝင် ညဥ့် (၃) ချက်တီးကျော်၊ စက် (၃) နာရီ (၁၅) မိနစ်၊ မြန်မာ (၈) နာရီပါဒ်ပြည့် (၄) ဗီဇနာ (၃) ပြန်ခရာပြည့်. . .

(မန္တလေးဇာတိသားတစ်ဦး၏ ဇာတာမှ)

ဤနေရာတွင် မေးခွန်းထုတ်စရာ ရှိလာသည်က ပဟိုရ်နာရီ၊ မြန်မာနာရီ၊ စက်နာရီ ဟူသည် အဘယ်နည်းစသဖြင့် ဖြစ်၏။

□ စည်တွင်ပဟိုရ်၊ ကျွန်ုပ်ဆိုသား ခါကိုသိစေ၊ ရှစ်ကြိမ်နေဖြင့်
ချက်ရေမရွေ့၊ တီးခလေ့ကား
ညဥ့်နေ့နာရီ၊ ခြောက်ဆယ်စီလျက်
ချက်ချိုးသည့်ကျူး၊ ညဥ့်ဦးသန်းခေါင်
သောက်ရောင်မိုးသောက်၊
မွန်းတည့်ရောက်က
ဝမ်းမြောက်ရွှင်လန်း၊ လူရဟန်းတို့
ထက်ဝန်းဖူးမြင်၊ သိစီရင်သည်
စည်တွင်ပဟိုရ်သာတကား။

အင်းဝခေတ်က နန်းတွင်းမိညို (ရခိုင်သူမိညို)၏ ကိုယ်ရည်သွေးရတုမှ ကောက်နုတ်ချက် ဖြစ်သည်။ ဆိုချင်သည်က ပဟိုရ်နာရီသုံးစွဲမှုသည် မြန်မာနိုင်ငံတွင် အင်းဝခေတ်မတိုင်မီကပင်ရှိနေပြီဟု ယူဆ၍ရနေပေသည်။

ပဟိုရ်နာရီကို တီးခတ်ဖော်ပြပေးသော ပဟိုရ်စင်တော်သည် ရှေးခေတ်မင်းနေပြည်တော်တွင် မရှိမဖြစ်ပါဝင်ရမည့်မြို့အင်္ဂါရပ်တစ်ခုပင် ဖြစ်သည်။ အဆိုပါ ပဟိုရ်စင်တော်တွင် ရေနာရီနှင့် ပဟိုရ်စည်တော်တို့ရှိနေရပါသည်။

ရှေးရခိုင်မှတ်တမ်းတစ်ခု၏အဆိုတော်အရ ရေနာရီကိုဖြစ်စေသော ရေနာရီချိန်ခွက်ကို ကြေးနီစစ်စစ် တစ်ဆယ့်ခြောက်ကျပ်သားကို အောက်ဘက်တွင် ပိတ်ထားပြီး အပေါ်ဘက်ဖွင့်ထားသော ကွမ်းအစ်ပုံခွက်ပြုလုပ်ရသည်။ ပြီး-ထိုခွက်၏အောက်ပိတ်အလယ်တည့်တည့်တွင် ဆယ်နှစ်သမီးအရွယ်ရှိ မိန်းကလေး၏ ဆံပင်တစ်ဆယ့်ခြောက်ပင်(မျှင်)ဝင်ဆံ့ရုံ အပေါက်ကလေးတစ်ပေါက်ကို ဖောက်ထားရမည်။ နောက် ရေပြည့်ပြည့်ထားသော ကြေးအင်တုံ(ဇလုံ)ထဲတွင် ထိုကြေးခွက်ကိုမျှောထည့်ရသည်။ ထိုကြေးခွက်ငယ်ထဲသို့ ရေတဖြည်းဖြည်းချင်းဝင်၍ ကြေးရေအင်တုံထဲသို့ တစ်ကြိမ်နစ်မြုပ်သွားလျှင် တစ်နာရီဟု သတ်မှတ်ကြသည်။ နှစ်ကြိမ်နစ်မြုပ်လျှင် နှစ်နာရီ၊ သုံးကြိမ်နစ်မြုပ်လျှင် သုံးနာရီဟု သတ်မှတ်သည်။ ၎င်းကို ရေနာရီဟုခေါ်သည်။

ပဟိုရ်စင်၌ ထိုကဲ့သို့ ရေနာရီရှိသလို ပဟိုရ်စည်တော်ကြီးတစ်ခုလည်းရှိရသည်။ ထိုစည်တော်ကြီးကို ပိတောက်သားဖြင့် ပြုလုပ်ရပြီး ပွတ်လုံးတိုင်ကြီးနှစ်တိုင်တွင် ပွတ်လုံးတန်း၌ ငွေကြိုးဖြင့် ချည်နှောင်ချိတ်ဆွဲထားရသည်။ ထိုတွဲခုံနှင့်စည်တော်ကို ရွှေပိန်းချထားရသည်။

စည်တော်တီးရန်အတွက် လက်ရိုက်ကို ဆင်သားချွေဖြင့်ပြုလုပ်ရသည်၊ လက်ရိုက်မှာ အရှည်တစ်တောင့်တစ်ထွာရသည့်အပြင် ဖြတ်လက်လေးသစ်ရှိရသည်။

ထိုပဟိုရ်စည်စင်တော်၌ ပဟိုရ်စည်တော်အပြင် ကြေးမောင်းသုံးလုံးလည်း ယှဉ်တွဲရှိရသည်။ ပထမမောင်းကြီးမှာ ခြောက်တောင်ပတ်လည်ရှိရပြီး ဒုတိယမောင်းနှင့် တတိယမောင်းတို့မှာ လေးတောင်ပတ်လည်ရှိရသည်။ ပထမမောင်းကြီးကို တီးခတ်လျှင် 'ဒူဟူးဟူး'ဟု မြည်သည်။ ဒုတိယမောင်းကိုတီးခတ်လျှင် 'နောင်'ဟုအသံထွက်သည်။ တတိယမောင်းကို တီးခတ်လျှင် 'ဒူ'ဟု မြည်သံပေးသည်။

ရေနာရီကြေးခွက် ရေထဲတစ်ကြိမ်နစ်မြုပ်လျှင် တစ်ပဟိုရ်ဟု သတ်မှတ်သည်။ 'နောင်' မောင်းတစ်ချက်၊ 'ဒူ' မောင်းတစ်ချက်၊ ထပ်ပြီး နောင်မောင်းတစ်ချက်၊ နောက်ဆုံး ပဟိုရ်စည်တော်တစ်ချက်တီးရသည်။ ကြားရမည့်အသံမှာ 'နောင်. . . ဒူ . . . နောင်. . . ဒိန်း. . .' ဟု ကြားရပေမည်။ ဤသို့ဖြင့် လေးပဟိုရ်ပြည့်လျှင် တစ်မောင်းဖြစ်သည်။ အချိန်တစ်မောင်းပြည့်လျှင် နောင်ဒူနောင်ဒူဟူးဟူးဒိန်းဟု နောင်မောင်းတစ်ချက်၊ ဒူမောင်းတစ်ချက်၊ နောင်မောင်းတစ်ချက်၊ ဒူဟူးဟူးမြည်သော မောင်းတစ်ချက်တီးပြီးမှ စည်တော်ကိုတီးရသည်။

၎င်းနောက်တွင် လက်တံရှည်ခရားကြီးကိုမှုတ်လျက် တူရိယာစုံတီးခတ်ရသည်။ ပြီးမှ အမြောက်တစ်ချက်ဖောက်ရသည်။ ဤသို့ဖြင့် ညလေးကြိမ်၊ နေ့လေးကြိမ်တီးခတ်၍ အချိန်ကိုသတ်မှတ်ပေးရသည် ဟူ၏။

ရှင်းလင်းအောင်ဆိုရလျှင် ပဟိုရ်နာရီကို ညပိုင်းတွင် ည (၄) ချက်တီး၊ ည (၁) ချက်တီး၊ ည (၂) ချက်တီး၊ ည (၃) ချက်တီး ဟူ၍လည်းကောင်း၊ နေ့ပိုင်းကို (၄) ချက်တီး၊ နေ့ (၁) ချက်တီး၊ နေ့ (၂) ချက်တီး၊ နေ့ (၃) ချက်တီးဟူ၍လည်းကောင်း၊ ပဟိုရ်နာရီ ည (၄) ကြိမ်၊ နေ့ (၄) ကြိမ် (ဝါ) နေ့ပဟိုရ်လေးပါး၊ ညပဟိုရ်လေးပါး ပေါင်းပဟိုရ်ရှစ်ပါးရှိသည်ဟု ရှေးမြန်မာကြီးတို့ သတ်မှတ်ထားကြပါသည်။

နောက်အလေးဂရုပြုဖွယ်ရာတစ်ခုက ရှေးမြန်မာကြီးတို့က တစ်နေ့တွင် ပဟိုရ်ရှစ်ပါးရှိသလို တစ်ရက်တွင် နာရီ (၆၀) ရှိသည်ဟုသတ်မှတ်ထားကြသည်။ ထပဟိုရ်ရှစ်ပါးတွင် ပဟိုရ်တစ်ပါးတွင် (၁၅) နာရီရှိသည်ဟု မှတ်ယူရာရောက်နေပေသည်။ တစ်ခါ မြန်မာနာရီကို အောက်ပါအတိုင်း ခွဲစိတ်ထားပြန်သည်။

www.burmeseclassic.com

| လ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | ဝါကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| နေ့နာရီ | ၃၀ | ၃၂ | ၃၄ | ၂၈ | ၃၄ | ၃၂ | ၃၀ | ၂၈ | ၂၆ | ၂၄ | ၂၆ | ၂၈ |
| ညနာရီ | ၃၀ | ၂၈ | ၂၆ | ၃၂ | ၂၆ | ၂၈ | ၃၀ | ၃၂ | ၃၄ | ၃၆ | ၃၄ | ၃၂ |
| ပေါင်း | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ |

▫ မြန်မာ့နာရီ

မျက်တောင် (၁၀) ခတ် = ၁ ခဏ
၁၀ ခဏ = ၁ လယ
၁၀ လယ = ၁ ခရာ (အက္ခရာ)
၁၀ ခရာ = ၁ပြန်
၆ ပြန် = ၁ ဗီဇနာ
၁၅ ဗီဇနာ = ၁ပါဒ်
၄ ပါဒ် = ၁ နာရီ
၆၀ နာရီ = ၁ ရက်

▫ မြန်မာ့နာရီမူကွဲ

၆၀ အနုခရာ = ၁ ဝိခရာ
၆၀ ဝိခရာ = ၁ ခရာ
၆၀ ခရာ = ၁ ဗီဇနာ
၆၀ ဗီဇနာ = ၁ နာရီ
၆၀ နာရီ = ၁ ရက်

စိတ်ဝင်စားစရာ နောက်တစ်ခုက ရှေးမြန်မာကြီးတို့က မြန်မာနာရီကို တစ်ရက်လျှင် နာရီ (၆၀) (နေ့နာရီ ၃၀+ ည နာရီ ၃၀) ဟုသတ်မှတ်ခဲ့သော်လည်း ပုံသေသတ်မှတ်ထားခြင်းမဟုတ်။ ရက် (၃၀) မှာ (၁) လ၊ (၁၂) လမှာ တစ်နှစ် သတ်မှတ်ထားရာတွင် လတိုင်းမှာ နေ့နာရီ (၃၀)၊ ညနာရီ (၃၀) မဟုတ်ဘဲ မတူကွဲပြားစွာ သတ်မှတ်ထားသည်ကို တွေ့ရပေသည်။ ထင်ရှားအောင်ပြရလျှင် -

| စဉ် | ပဟိုရ်နာရီ | မြန်မာနာရီ | စက်နာရီ |
|---|---|---|---|
| ၁။ | ည(၂)ချက်တီး (သန်းခေါင်) | (၆၀) နာရီ | ည (၁၂) နာရီ |
| ၂။ | ည (၃)ချက်တီး | (၇) နာရီ (၃၀) ဗီဇနာ | ည (၃) နာရီ |
| ၃။ | နံနက် (၄)ချက်တီး | (၁၅) နာရီ | ည (၆)နာရီ |
| ၄။ | နံနက် (၁)ချက်တီး | (၂၂) နာရီ (၃၀) ဗီဇနာ | နံနက် (၉) နာရီ |
| ၅။ | နေ့ (၂)ချက်တီး (နေ့မွန်းတည့်) | (၃၀) နာရီ | နေ့လယ် (၁၂) နာရီ |
| ၆။ | နေ့ (၃) ချက်တီး | (၃၇)နာရီ (၃၀)ဗီဇနာ | မွန်းလွဲ (၃) နာရီ |
| ၇။ | ညနေ (၄) ချက်တီး | (၄၅) နာရီ | ညနေ (၆) နာရီ |
| ၈။ | ည (၁) ချက်တီး | (၅၂) နာရီ (၃၀) ဗီဇနာ | ည (၉) နာရီ |

ပြည်ထောင်စု မြန်မာနိုင်ငံကို ဗြိတိသျှအင်္ဂလိပ်တို့က စစ်ပွဲကြီး (၃)ကြိမ် ပြုလုပ်ပြီးမှ (ဝါ) အေဒီ ၁၈၂၄ ခုနှစ် စတင်၍ ကိုလိုနီပြုအုပ်စိုးသည်မှစတင်ကာ စက်နာရီကို အသုံးပြုခဲ့ကြပါသည်။ ၂၀ ရာစုစောစောပိုင်းကျမှ ထိုစက်နာရီကို မြန်မာနိုင်ငံ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။ ၁၉၁၈ ခုနှစ်လောက်ကျမှ ဇာတာဖွဲ့ရက်ချုပ်ပြုရာတွင် စက်နာရီကို ထည့်သွင်းရေးဖွဲ့လာကြသည်။ အဆိုပါစက်နာရီကို အောက်ပါအတိုင်း တည်ဖွဲ့ထားသည်ကို တွေ့ရှိရသည်။

▫ စက်နာရီ

၆၀ တဒနုစက္ကန့် = ၁ အနုစက္ကန့်
၆၀ အနုစက္ကန့် = ၁ ဝိစက္ကန့်
၆၀ ဝိစက္ကန့် = ၁ စက္ကန့်
၆၀ စက္ကန့် = ၁ မိနစ်
၆၀ မိနစ် = ၁နာရီ
၂၄ နာရီ = ၁ ရက်
(မူရင်းသတ်ပုံအတိုင်းသာ ဖြစ်ပါသည်။)

တစ်ခါအလေးဂရုပြုဖွယ်ရာတစ်ခုမှာ ရှင်ဩဘာသဘိဝံသက သူ၏သုတေသနသရုပ်ပြအဘိဓာန်စာအုပ်ထဲတွင်-

မြန်မာနာရီ (၁ မောင်း) = စက် ၂၄ မိနစ်
မြန်မာ ၂ နာရီ၊ ၃၀ ဗီဇနာ = စက် ၁ နာရီ
မြန်မာ ၁ ဗီဇနာ = စက် ၂၄ စက္ကန့်
မြန်မာ ၅ ခရာ = စက် ၂ စက္ကန့်

ဟု ပြဆိုထားသည်ကို တွေ့ရှိရသည်။

ဆိုခဲ့သမျှကို အနှစ်ချုပ်၍ ပဟိုရ်နာရီ၊ မြန်မာနာရီ၊ စက်နာရီတို့ကို နှိုင်းယှဉ်ချိန်ကိုက်ကြည့်လျှင် ဇယားပါအတိုင်း တွေ့ရှိရပါသည်။

လိုရင်းပြောရလျှင် နေ့ပဟိုရ် (၄) ချက် ညဗဟို (၄) ချက်ကို အခြေခံလျက် ပဟိုရ်နာရီ၊ မြန်မာနာရီ၊ စက်နာရီကို နှိုင်းယှဉ်ဖော်ပြထားခြင်း ဖြစ်သည်။ အသုံးပြုလိုသူများအတွက်၊ ဗဟုသုတယူလိုသူများအတွက် လိုအပ်လျှင် သုံးစွဲနိုင်မည်မှာ စေကန်ဖြစ်ပါသည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင် ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင်ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ရက် | စန်းယှဉ်နက္ခတ် | အမြင်အကန်း | နက္ခတ်ပြောင်းချိန် | စတ် ဥပ်ိ | ဝင် ထွက်ခပါဒ် |
|---|---|---|---|---|---|
| ၁ | မူလ | ၁ ကန်း | ၀၆း၅၈း၅၅ | လာဘ | ဝင် |
| | ပြုဗ္ဗာသာဠ် | ၂ မြင် | | သိဒ္ဓိ | ဝင် |
| ၂ | ပြုဗ္ဗာသာဠ် | ၂ မြင် | ၀၂း၄၀း၀၀<br>၁၆း၀၀း၀၀ | မိတ္တ | ထွက် |
| | အဘိဇိ | × | | ကာဏ | ထွက် |
| | ဥတ္တရာသာဠ် | ၂ ကန်း | | အမြိတ္တ | ဝင် |
| ၃ | ဥတ္တရာသာဠ် | ၂ ကန်း | ၁၁း၃၇း၁၇ | ဝရ | ခပါဒ် |
| | သရဝဏ် | ၂ မြင် | | ဥပါဒ် | ထွက် |
| ၄ | သရဝဏ် | ၂ မြင် | ၁၃း၀၃း၀၉ | အမြိတ္တ | ဝင် |
| | ဓနသိဒ္ဓ | ၁ ကန်း | | လာဘ | ဝင် |
| ၅ | ဓနသိဒ္ဓ | ၁ ကန်း | ၁၄း၁၈း၅၇ | ဥပါဒ် | ထွက် |
| | သတဘိသျှ | ၂ မြင် | | မိတ္တ | ထွက် |
| ၆ | သတဘိသျှ | ၂ မြင် | ၁၅း၁၈း၃၇ | လာဘ | ဝင် |
| | ပြုဗ္ဗာဘဒြပိုဒ် | ၂ ကန်း | | သိဒ္ဓိ | ဝင် |
| ၇ | ပြုဗ္ဗာဘဒြပိုဒ် | ၂ ကန်း | ၁၅း၂၀း၃၉ | မိတ္တ | ထွက် |
| | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | | ကာဏ | ထွက် |
| ၈ | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | ၁၄း၅၇း၀၃ | သိဒ္ဓိ | ဝင် |
| | ရေဝတီ | ၁ ကန်း | | ဝရ | ခပါဒ် |
| ၉ | ရေဝတီ | ၁ ကန်း | ၁၄း၁၁း၂၁ | ကာဏ | ထွက် |
| | အဿဝဏီ | ၁ ကန်း | | အမြိတ္တ | ဝင် |
| ၁၀ | အဿဝဏီ | ၁ ကန်း | ၁၃း၂၀း၀၀ | ဝရ | ခပါဒ် |
| | ဘရဏီ | ၂ မြင် | | ဥပါဒ် | ထွက် |
| ၁၁ | ဘရဏီ | ၂ မြင် | ၁၂း၁၁း၂၆ | အမြိတ္တ | ဝင် |
| | ကြတ္တိကာ | ၂ ကန်း | | လာဘ | ဝင် |
| ၁၂ | ကြတ္တိကာ | ၂ ကန်း | ၁၀း၄၂း၂၈ | ဥပါဒ် | ထွက် |
| | ရောဟဏီ | ၂ မြင် | | မိတ္တ | ထွက် |
| ၁၃ | ရောဟဏီ | ၂ မြင် | ၀၉း၀၀း၀၀ | လာဘ | ဝင် |
| | မိဂသီ | ၈ ကန်း | | သိဒ္ဓိ | ဝင် |
| ၁၄ | မိဂသီ | ၁ ကန်း | ၀၇း၂၃း၀၅ | မိတ္တ | ထွက် |
| | အဒြ | ၂ မြင် | | ကာဏ | ထွက် |
| ၁၅ | အဒြ | ၂ မြင် | ၀၅း၃၇း၃၀ | သိဒ္ဓိ | ဝင် |
| | ပုနဗ္ဗုသျှ | ၂ ကန်း | | ဝရ | ခပါဒ် |
| ၁၆ | ပုနဗ္ဗုသျှ | ၂ ကန်း | | ကာဏ | ထွက် |
| | ဖုသျှ | ၂ ကန်း | | အမြိတ္တ | ဝင် |
| ၁၇ | ဖုသျှ | ၂ကန်း | ၀၃း၀၂း၅၁ | ဝရ | ခပါဒ် |
| | အသလိဿ | ၁ကန်း | | ဥပါဒ် | ထွက် |
| ၁၈ | အသလိဿ | ၁ ကန်း | ၀၁း၅၆း၀၈ | အမြိတ္တ | ဝင် |
| | မာဃ | ၁ ကန်း | | လာဘ | ဝင် |
| ၁၉ | မာဃ | ၁ ကန်း | ၀၀း၁၂း၀၀ | ဥပါဒ် | ထွက် |
| | ပြုဗ္ဗဖလဂုနီ | ၂ မြင် | | မိတ္တ | ထွက် |
| ၂၀ | ပြုဗ္ဗဖလဂုနီ | ၂ မြင် | ၀၀း၁၂း၀၀ | လာဘ | ဝင် |
| | ဥတ္တရဖလဂုနီ | ၂ ကန်း | | သိဒ္ဓိ | ဝင် |
| ၂၁ | ဥတ္တရဖလဂုနီ | ၂ ကန်း | ၀၀း၁၃း၁၃ | မိတ္တ | ထွက် |
| | ဟဿတ | ၂ မြင် | | ကာဏ | ထွက် |
| ၂၂ | ဟဿတ | ၂ မြင် | ၀၀း၄၁း၀၃ | သိဒ္ဓိ | ဝင် |
| | စိတြ | ၁ ကန်း | | ဝရ | ခပါဒ် |
| ၂၃ | စိတြ | ၁ ကန်း | ၀၃း၀၀း၀၀ | ကာဏ | ထွက် |
| | သွာတိ | ၂ မြင် | | အမြိတ္တ | ဝင် |
| ၂၄ | သွာတိ | ၂ မြင် | ၀၄း၄၂း၅၁ | ဝရ | ခပါဒ် |
| | ဝိသာခါ | ၂ ကန်း | | ဥပါဒ် | ထွက် |
| ၂၅ | ဝိသာခါ | ၂ ကန်း | ၀၆း၃၂း၄၄ | အမြိတ္တ | ဝင် |
| | အနုရာဓ | ၂ ကန်း | | လာဘ | ဝင် |
| ၂၆ | အနုရာဓ | ၂ ကန်း | ၀၈း၅၃း၂၀ | ဥပါဒ် | ထွက် |
| | ဇေဋ္ဌ | ၁ ကန်း | | မိတ္တ | ထွက် |
| ၂၇ | ဇေဋ္ဌ | ၁ ကန်း | ၁၁း၃၃း၂၁ | လာဘ | ဝင် |
| | မူလ | ၁ ကန်း | | သိဒ္ဓိ | ဝင် |
| ၂၈ | မူလ | ၁ ကန်း | ၁၄း၁၃း၂၀ | မိတ္တ | ထွက် |
| | ပြုဗ္ဗာသာဠ် | ၂ မြင် | | ကာဏ | ထွက် |
| ၂၉ | ပြုဗ္ဗာသာဠ် | ၂ မြင် | ၁၀း၀၂း၁၁<br>၂၃း၀၇း၃၈ | သိဒ္ဓိ | ဝင် |
| | အဘိဇိ | × | | ဝရ | ခပါဒ် |
| | ဥတ္တရာသာဠ် | ၂ ကန်း | | ဥပါဒ် | ထွက် |
| ၃၀ | ဥတ္တရာသာဠ် | ၂ ကန်း | ၁၈း၄၅း၄၉ | အမြိတ္တ | ဝင် |
| | သရဝဏ် | ၂ မြင် | | လာဘ | ဝင် |

ဤဇယားတွင် -
ပြုဗ္ဗာသာဠ်နက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠ်နက္ခတ် အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟုယူတာ တွက်ထားပါသည်။

၆-၉-၂၀၁၇၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၄း၂၄း၀၀ နာရီတွင်လပြည့်ပြီး
၂၀-၉-၂၀၁၇၊ ဗုဒ္ဓဟူးနေ့ နေ့လယ် ၁၂း၅၃း၄၄ နာရီတွင် လကွယ်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com


www.burmeseclassic.com

စွမ်းထက်နောင်

# ကျောက်ကပ်ကျောက်တည်ခြင်းအတွက် သဘာဝအာဟာရများ

ကျောက်ကပ်တွင် ကျောက်တည်ခြင်းသည် အဖြစ်များသည့် ကျန်းမာရေးချို့ယွင်းစေသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ဆီးအတွင်းဓာတုပစ္စည်းများဖြစ်သည့် ယူရစ်အက်စစ်၊ ဖော့စဖရပ်၊ ကယ်လ်စီယမ်နှင့် အောက်စီလိတ်အက်စစ်များပါဝင်ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ပါသည်။ အခြားအကြောင်းတစ်ရပ်မှာ ဗီတာမင် (ဒီ) အလွန်စားသုံးခြင်း၊ သတ္တုဓာတ်မမျှတခြင်း၊ ရေသောက်သုံးမှုနည်းပါးခြင်း၊ ဂေါက်ရောဂါဖြစ်ပွားခြင်းနှင့် မျှတမှုမရှိသည့်အစားအသောက်ပုံစံများကြောင့်လည်း ဖြစ်ပါသည်။

ကျောက်တည်မှုကြီးထွားလာပါက ရောဂါလက္ခဏာများမှာ အလွန်နာကျင်စွာ ခံစားရပြီး ဆီးမကြာခဏသွားခြင်း၊ ဆီးသွားစဉ်နာကျင်ခြင်း၊ ပျို့အန်ခြင်း၊ ချွေးအထွက်များခြင်း စသည်တို့ဖြစ်၏။ ကျောက်ကပ်ကျောက်တည်ခြင်းအား သဘာဝအာဟာရများဖြင့် ကုသနိုင်၏။ သဘာဝနည်းဖြင့် ကုသခြင်းသည် အန္တရာယ်မရှိ၊ ဘေးထွက်ဆိုးကျိုးမရှိဘဲ အကျိုးသက်ရောက်စေပါသည်။ သဘာဝအာဟာရများသည် ကျောက်တည်ခြင်း၊ ကျောက်များကြီးထွားခြင်းကို ကာကွယ်ပေးပါသည်။ ထို့ပြင် နေ့စဉ် ရေများစွာသောက်ရပါမည်။ ရေ (၈)ခွက်မှ (၁၀)ခွက်နှင့် သစ်သီးများ နေ့စဉ် စားသောက်ခြင်းဖြင့် ဆီးများကြည်လင်လာပါမည်။ သဘာဝအာဟာရများသည် အောက်ပါအတိုင်းဖြစ်ပါသည်။



ကျောက်ကပ်တွင်းမှ ကျောက်များ

### ၁။ ရှောက်သီးဖျော်ရည်နှင့်သံလွင်ဆီ

ရှောက်သီးရည် (၄)ဇွန်းစာညှစ်ပါ။ သံလွင်ဆီ (၄) ဇွန်းထည့်ပါ။ ရောမွှေ၍ သောက်ပါ။ ထို့နောက် ရေများများထပ်သောက်ပါ။ တစ်နေ့ (၂) ကြိမ်မှ (၃)ကြိမ် သောက်ရပါမည်။ (၃) ရက်သောက်ရပါမည်။ ကျောက်များထုထည်ကြီးပါက ထိုနည်းကို မပြုလုပ်သင့်ပါ။ ရှောက်သီးရည်နှင့်သံလွင်ဆီသည် (Gall Bladdar Stone) ကိုချေသောနည်းဖြစ်သော်လည်း ကျောက်ကပ်ကျောက်တည်ခြင်းကို အသုံးဝင်၏။ ရှောက်သီးတွင် စီထရစ်အက်စစ်ပါဝင်သဖြင့် ကယ်လစီယမ်အခြေခံဖြစ်သော ကျောက်များကို ပြိုကွဲစေပြီး ကြီးထွားခြင်းမရှိတော့ပါ။

### ၂။ ပန်းသီးဗီနီကာ

ပန်းသီးဗာနီကာသည် ကျောက်ကပ်ကျောက်တည်ခြင်းကို ပျော်စေ၏။ သွေးနှင့်ဆီး၏ ပီအိပ်ခ်အခြေအနေကို အယ်ကာလိုင်းဘက်သို့ သက်ရောက်စေသည်။ ပန်းသီးဗီနီကာနှစ်ဇွန်းနှင့်ပျားရည်တစ်ဇွန်းကို ရေနွေးတစ်ခွက်နှင့် ရောစပ်သောက်ရပါမည်။

### ၃။ သလဲသီး

သလဲသီးစေ့နှင့်သလဲသီးဖျော်ရည်သည် ကျောက်ကပ်ကျောက်ကိုပျော်စေ၏။ နေ့စဉ် သလဲသီး(၁)လုံးစားပါ (သို့) ဖျော်ရည်သောက်ပါ။ အခြားသစ်သီးဖျော်ရည်ဖြင့် ရောစပ်သောက်နိုင်သည်။ သလဲသီးအစေ့ကိုထုထောင်းပြီး တစ်ဇွန်းစားနိုင်ပါသည်။

### ၄။ ပင်စိမ်း

ပင်စိမ်းရည်(၁)ဇွန်းကို ပျားရည်ဖြင့် နေ့စဉ် မနက်အစာမစားမီ ရောစပ်သောက်ပါ။ (၁)လမှ (၆)လသောက်ရပါမည်။

### ၅။ ဖရဲသီး

ဖရဲသီးသည် ကယ်လ်စီယမ်ကျောက်၊ ဖော့စဖရပ်ကျောက်၊ ကာဗိုနိတ်ကျောက်များကို ကြေဖျက်နိုင်၏။ ပိုတက်စီယမ်ဓာတ် ဖရဲသီးတွင် ပါဝင်ခြင်းသည် ကျောက်ကပ်ကိုကျန်းမာစေ၏။ ဆီးထဲတွင် အက်စစ်ပါဝင်မှုကို ထိန်းသိမ်းပေး၏။ လျှော့ချစေ၏။ ပိုတက်စီယမ်ဓာတ်ပါဝင်ပြီး ရေများစွာပါဝင်ခြင်းကြောင့် ကျောက်များကို ကျောက်ကပ်မှ ပျော်ကျစေ၏။ ဆေးကြောပစ်၏။ ဖရဲသီးကို နေ့စဉ်မှန်မှန်စားခြင်းဖြင့် ကျောက်တည်ခြင်းကို ကာကွယ်နိုင်ပါသည်။ အစေ့ကိုလည်း အသုံးပြုနိုင်၏။

ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းများတွင်ကျောက်တည်ခြင်းသည် အဖြစ်များသည့် ရောဂါများဖြစ်သည်။ သို့ပါ၍ ကျောက်တည်မှုမဖြစ်ပွားစေရန် ကာကွယ်သည့်သဘာဝအာဟာရများ၊ အစားအစာများများစားသုံးခြင်း၊ ကျန်းမာစွာဖြင့် အသက်ရှင်ရပ်တည်နေနိုင်ရန် ဘဝနေထိုင်စားသောက်မှုပြုပြင်ပြောင်းလဲခြင်းဖြင့် ဆောင်ရွက်နိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

စွမ်းထက်နောင်




www.burmeseclassic.com

www.burmeseclassic.com

# စိုးမင်း

(မြောက်စည်း-ရွာသစ်)

## စုန်းအကိုက်ခံရတာသိတယ် မယုံလေတော့ နက္ခတ္တဗေဒသုနှစ်ယောက်နဲ့ သနွှေဘူးမိသားစု



မေတ္တာ၊ စေတနာဖြင့်တွေ့လျှင် တွေ့သလို ကယ်တင်ပေးမိသောရောဂါ ဆိုးကြီးတစ်ခု မိမိတွင် အမြစ်တွယ်ကာ စွဲကပ်နေပါသည်။ ယခု ယုံကြည်မှုကင်းမဲ့ သော၊ အထင်မကြီးသော အမျိုးသမီး နှစ်ယောက်နှင့် သနွှေဘူးမိသားစုအား မေတ္တာရှေ့ထား ကယ်တင်ပေးခဲ့ပုံအား ဖောက်သည်ချပါမည်။

မိမိအိမ်အရှေ့နား မသိန်းမေဆို သောအသက်(၄၅)ခန့်သည် ယောကျ်ား နှင့် သားလေးသုံးယောက်ရှိကြသည်။ သူတို့မိသားစုသည် ကုန်စိမ်းရောင်း၍ အသက်မွေးကြ၏။ မသိန်းမေသည် တစ်နှစ်လျှင် ခြောက်လခန့်ကောင်း၍ ကျန်ခြောက်လသည် အိပ်ရာထက်တွင် တခွေခွေနေရလေ၏။ သူ့တွင် သွေးတိုး ရောဂါအခံရှိ၍ ခေါင်းမူးသည့်ဝေဒနာ၊ ဗိုက်အောင့်သည့်ဝေဒနာ မကြာခဏဖြစ် ၏။ ဆေးခန်းသွားရသည့်အခါလည်း များလှ၏။ သူ့ရောဂါသည် သက်သာ လိုက်ဖြစ်လိုက်နှင့် လုံးချာရိုက်နေသူ လည်းဖြစ်၏။

သူ့သွေးတိုးလျှင် ခေါင်းအုံ၊ ခေါင်း ကိုက်ဖြစ်လေ့ရှိသော်လည်း ရင်ခေါင်း ထဲမှ လည်ချောင်းဝအထိ အဖတ်ကြီး တစ်ခုခုကပ်နေသလိုလို၊ ကန်စွန်းရွက်၊ မုန်ညင်းရွက်အမြောင်းလိုက်ခံနေသလိုလို တစ်ခါတစ်ရံ အဝတ်စဆို့ထားသလိုလို ဝေဒနာသည် ကာလကြာမြင့်စွာ ခံစား နေရလေ၏။

မသိန်းမေသည် ဗေဒင်မေး၊ နတ် မေးဝါသနာပါသေး၏။ သူ့ရောဂါထလျှင် ဗေဒင်မေး. . . ဟောလိုက်ပြီ. . . ရွာသူ ပြုစားထားတယ်. . . စုန်းစာချ. . . ကြက် ကောင်လုံးနဲ့ဆို ထိုနေ့ မရရအောင်ရှာ စုန်းစာချရှာ၏။ သူစုန်းစာချတာသေပေး ရတဲ့ကြက်ကောင်ရေပင်မနည်း။(၁၀)နှစ် ပင်မကပေ၊ ယနေ့အထိ သူ့ရောဂါနေမြဲ ဖြစ်လေ၏။

ယောနယ်ကရွာအတော်များများ သည် မိသားစုမကျန်းမာလျှင် မီးလှူ ပန်းလှူ ဘုရားဝတ်တက်၊ အလှူလုပ် လေ့ရှိ၏။ ရွာထဲရှိ ဝတ်ရွတ်အဖွဲ့များ၊ သက်ကြီးရွယ်အိုများ စုပေါင်းပရိတ် ပဌာန်းရွတ်ကြ၏။ ကျန်းမာရေးမကောင်း သူအား သာကြောင်းမာကြောင်း ဆု တောင်းပေးကြ၏။ တချို့က ဖြိုဟ်ပြေ နာမ်ပြေ ဘုရားကိုးဆူပူဇော်ဒါနပြုကြ ၏။

ယခု မသိန်းမေသည် သူများနည်း တူ မီးလှူ ပန်းလှူ ယတြာချေခဲ့တာ အကြိမ်မနည်းရှာ၊ သူ့ရောဂါမထူးခြား ပေ။ မိမိတို့မိသားစုနှင့် မသိန်းမေတို့ မိသားစုသည် ခင်မင်ရင်းနှီး၍ တစ်အိမ် ဝင်တစ်အိမ်ထွက် အလည်အပတ်ရှိကြ ၏။ မိမိသည် မသိန်းမေ၏ဝေဒနာအား လွန်ခဲ့သော နှစ်ပေါင်းများစွာမှသိနေ၏။ ရွာနားမြက် ရွာနွားမစား တဘောင်လို အနေနီးလေတော့ တန်ဖိုးမထားအထင် မကြီး။ ခပ်ညံ့ညံ့တစ်ယောက်အဖြစ် သဘောလေတော့ မိမိကလည်းမသိ သလိုသာ မေးနေလိုက်၏။

အိမ်နီးချင်းမိတ်ဆွေပတ်ဝန်းကျင် တစ်သိုက်မှ လူအတော်များများသည် လူတစ်ယောက်အား အပေါ်ယံသာမြင် တတ်ကြ၏၊ ကဲ့ရဲ့တတ်၏။ ဝန်တိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နှိမ့်ချတတ်၏။ သူတို့အထင်မကြီးခြင်း အပေါ် မိမိက လက်ခမောင်းခတ်ပြုံးနေ ရလေ၏။

မိမိကြိုးစားနေခြင်းသည် အထင်ကြီးစေဖို့၊ ထင်ပေါ်ဖို့၊ ကျော်ကြားစေဖို့ အားထုတ်နေခြင်းမဟုတ်။ တစ်ဖန် သူတစ်ပါးကဲ့ရဲ့တာ၊ အပြစ်တင်တာ၊ သားပုပ်လေလွင့်ပြောတာတွေ တန်ပြန်ချေပချင်တဲ့မာန်မာနထားဖို့လည်း မလိုအပ်။ မိမိလျှောက်သောလမ်းအတွက် ပါရမီကောင်းယူနေခြင်းသာသိလေ၏။

ယခုလည်း မိမိအပေါ် ယုံကြည်မှု ကင်းမဲ့နေသောကြောင့် နှုတ်ဆိတ်နေခြင်း ဖြစ်၏။ ပယောဂနှင့်ယှဉ်သောကိစ္စတစ်ခုကြုံလျှင် ဆရာတစ်ယောက်ထားအပ်သောစည်းကမ်းအရ နှုတ်လုံရ၏။ ရေလာမြောင်းပေးစကားပင် မပြောအပ်ပေ။ အကယ်၍ ပြောခဲ့မိလျှင် ထိုဆရာ အထင်သေးခံရပြီ။ ပညာရဲ့တန်ဖိုးလည်း မဲ့သွားပြီ။ ဆရာဂုဏ်သိက္ခာပင်မရှိတော့ချေ။

ကိုယ့်စကား အဖိုးမတန်၊ အရာမရောက် အရှက်တကွဲပင်ဖြစ်နိုင်ရာ၏။ စေတနာသည် အမှားလုံးလုံးဖြစ်သွားခြင်း ဖြစ်၏။ ယခု မသိန်းမေနှင့် မိမိတို့ ထိပ်တိုက်မကြာခဏတွေ့သည်။ စကားပင် မသန်း။ တစ်လောက မသိန်းမေ ကျန်းမာရေးညံ့လှသဖြင့် လူကြီးအနည်းငယ်ဖိတ်၍ ဆွမ်းကျွေးလေ၏။ ဇနီးသည်မှာ ထိုနေ့က လုပ်အားကူပေးရှာ၏။ မိမိအား ထမင်းစားဖိတ်ထားလေ၏။

မိမိသည် အလှူ၊ မင်္ဂလာ၊ ဆွမ်းကျွေး၊ ကင်ပွန်းတပ်ပွဲများအသွားအလာ နည်းပါး၏။ အကြောင်းက သူတို့တွေ့သော အသားငါး မိမိမစား။ အနှောင့်အယှက်ပေးသလို ဖြစ်မှာစိုး၍ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ယခု ဆွမ်းကျွေးပွဲ မိမိမလာမှန်း ဇနီးသည်ကသိနေလေ၏။ ထို့ကြောင့်လည်း သက်သတ်လွတ်ဆွမ်းဟင်းများ မိမိအတွက်ထည့်ပေးလိုက်သဖြင့် ယူလာလေ၏။ ထိုနေ့ ထမင်းတစ်နပ်ကျွေးဖူး အကြွေးတင်သွား၏။ ဆွမ်းကျွေးပြီး (၂)ရက်အကြာ မသိန်းမေ အိပ်ရာမှ ကောင်းကောင်းမထနိုင်၊ ခေါင်းတစ်ခြမ်း ကိုက်၍ခွေနေ၏။

ဒီနေ့တော့ ထမင်းတစ်နပ်ကျွေးဖူး ဆပ်ရပေတော့မည်။ အိုးကမပူစလောင်း ကပူရတော့မည်။ သူတို့အိမ် သီးသန့် အလည်ဝင်လိုက်ပါ၏။ မသိန်းမေက တန်းလျားခံမှာကွေးနေသလို ယောက်ျားက ထမင်းစားနေလေ၏။ သူတို့လင် မယားသည် မိမိထက် (၁၀)နှစ်ခန့်ငယ် သူမို့ ပွင့်ပွင့်လင်းလင်းပြောပြလိုက်၏။

"မင်းတို့စုန်းကိုက်ခံထားရတာမသိဘူးလား။ ရွာထဲမှာ မင်းတို့အမျိုး ဆေးဆရာရှိတယ်။ အဲဒီမှာသွားကုလိုက်ကြ"

မိမိသည် ယောက်ျားအားပြောလိုက်စဉ် မသိန်းမေ ခေါင်းထောင်၍ကြည့်၏။ လင်သားက ထမင်းလုတ်တန်းလန်းဖြင့် အာသွား၏။ ဒီစကားမပြောအပ်မှန်းသိ၏၊ ထမင်းတစ်နပ်ခံထား၍ ပြောရခြင်းဖြစ်၏။ ဒီအခါ လင်သားက မိမိအားမေးလေ၏။

"အဲဒါ ကျွန်တော်တို့မသိဘူးဗျ ဦးစိုးရဲ့။ တကယ်ဟုတ်တယ်ဆိုရင် ကုမှာပေါ့"

"အေး - မင်းမိန်းမ စုန်းကိုက်ထားတာကြာလှပြီ။ ရွာထဲမှာ ဆေးဆရာနဲ့ ကုလိုက်"

"ရွာထဲမှာ ကျွန်တော်တို့အမျိုး ဆေးဆရာမရှိဘူးဗျ။ တကယ်စုန်းကိုက်ထားတာမှန်ရင် ကုချင်တာပေါ့ဗျာ။ ကျွန်တော့်မှာ အလုပ်ကောင်းကောင်း မလုပ်နိုင်ဘူး။ သိန်းမေဆေးဖိုးနဲ့ လုံးချာ ရိုက်နေတာ။ ရွာထဲမှာ အမျိုးဆရာတစ်ယောက်မှမရှိဘူး ဦးစိုးရဲ့။ ကယ်နိုင်ရင် ကယ်ပေးပါဦးဗျာ"

"အေး-ကယ်တော့ပေးချင်တယ်။ မင်းတို့က ဒါမျိုးအယုံအကြည်မှမရှိဘဲကွာ"

"အဲဒီလိုဖြစ်မှန်းမသိလို့ပါဗျာ။ သိရင် ချက်ချင်းကုပါတယ်။ လုပ်ပါဗျာ၊ သိန်းမေရောဂါကုပေးပါဦးဗျာ"

"မင်းတို့ဆီက ထမင်းတစ်နပ် အကြွေးတင်ထားတယ်။ အဲဒီအကြွေး ဆပ်မယ်။ ငါတောင်းတာပေးရမယ်။ ပိုက်ဆံမဟုတ်ဘူး။ သာသနာပွဲတစ်ပွဲ ဒီနေ့ရအောင်ရှာ"

"သာသနာပွဲက ဘာတွေဘာတွေ ထည့်ရမှာလဲဗျ ပြောပါဦး"

"ငှက်ပျော(၃)ဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ဖယောင်းအမွှေး ဒါပဲ"

"ဟုတ်ကဲ့ - ကျွန်တော် နေ့လယ် လောက် ရအောင်လာပို့မယ်။ ဘယ်ပို့ ပေးရမှာလဲ"

"ငါ့အိမ်ပေါ့ကွ၊ မင်းတို့အိမ်မလုပ်ချင်ဘူး"

"အဲပါ အဲပါ ဦးစိုးအိမ်လာပို့ပါ့မယ်"

မိမိသည် မသိန်းမေအိမ်မှအပြန် စဉ်းစားခန်းဖွင့်ရင်းတွေးနေ၏။ ပွဲတောင်းခြင်းသည် မသိန်းမေ၏အတိုက်ပြင်းနေသဖြင့် ရက်ကြာမည်။ ဒါကို မိမိသိထား၍ ပွဲတောင်းရခြင်း ဖြစ်၏။ ပွဲရှိလျှင် ထိရောက်၏။ အလုပ်မြန်မြန်ပြီးစီး၏။

ဤနေရာ၌ မိမိသည် မသိန်းမေအား လက်တွေ့ပယောဂမစစ်ဆေးဘဲ ကြိုတင်သိနေခြင်းမှာ အကြောင်းရှိပါသည်။ ပယောဂရှိ မရှိ အဝေးမှ စိတ်နှင့် အမိန့်ပေးစစ်လိုက်ခြင်းသာ ဖြစ်၏။

စိတ်နှင့်စစ်ဆေးခြင်းဆိုရာ၌ မိမိစိတ်မှသိလိုသောအကြောင်းတစ်ခု ဥပမာ စိမ်းရွှေရွှေအနံ့ပေးဆိုလျှင် ထိုအနံ့၊ အိပ်ချင်သလို ဝါးခနဲသမ်းခြင်းမျိုး၊ ဗိုက်ထဲမှ စူးစူးရှရှနာကျင်ခြင်းမျိုးအား စိတ်ထည့်အမိန့်ပေးလိုက်သည်နှင့် ကာယကံရှင်ထံမှ တိကျသော ဝိသေသတစ်ခု နိမိတ်ပြလိုက်၏။ တစ်နည်းအားဖြင့် ဟုတ်မှန်ကြောင်း သက်သေထူလိုက်ခြင်း ဖြစ်၏။ ထိုစစ်ဆေးခြင်းအား ကာယကံရှင်မှ လုံးဝမသိရှာပေ။ တစ်ကြိမ်တည်း မသဲကွဲလျှင် နှစ်ကြိမ်၊ သုံးကြိမ်စစ် ပို၍သေချာလှ၏။

ထိုနေ့နေ့လယ်ပိုင်း သာသနာပွဲ အစုံလာပို့၍ အသင့်ပြင်ထားလိုက်၏။ ည (၁၀) နာရီတွင် ပွဲအပ်လှူ၏။ နောက်တစ်နေ့မနက် (၈)နာရီခန့်တွင် မသိန်းမေအား ပယောဂစစ်ဆေးပေး၏။ စုန်းအပင်းတွေ့လေ၏။ ထိုနေ့ မသိန်းမေအား အစာပင်းချပေးလိုက်၏။ အစာပင်းချသောနေ့တွင် ဤနေ့တစ်ရက် တိတိနားပေးရ၏။ ဆိုလိုသည်မှာ ဝေဒနာသည်၏စားထားသောအစာများ အိမ်သာနှစ်ခါ၊ သုံးခါသွားသည်အထိ စောင့်ပေးရခြင်း ဖြစ်၏။ အကယ်၍ ထိုနေ့ အိမ်သာတစ်ခါမျှမသွားသေးလျှင် အပင်းထပ်ချရ၏။

တစ်ရက်စောင့်အပြီး နောက်တစ်နေ့ အပင်းကျန်၊ မကျန်ထပ်စစ်ရာ ကျန်သေးပြန်၏။ အိမ်သာတစ်ခါတည်းသာ သွားသေးသည်ဆို၏။ သို့ဖြင့် နောက်တစ်ခါ အပင်းထပ်ချရလေ၏။ အပင်းနှစ်ခါချအပြီး အပင်းကုန်လေ၏။ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာဦးစွာပျောက်သွားလေ၏။ ရင်ခေါင်းဝမှ အာခေါင်အာရင်း ကန့်လန့်ခံနေသော အရာဝတ္ထုတစ်ခု တစ်ဆို့ဝေဒနာက ဖြုန်ဖြုန်ပင်မရှိပေ။

ဤနေရာတွင် အပင်းကုန်တာနှင့် ရောဂါပျောက်ပြီ။ စက်ဖြတ်(ဝါ)အတိုက် ကုန်ပြီထင်သော ဆေးဆရာအတော်များများရှိနေ၏။ မြက်ပင်ခုတ်သတ်သော်လည်း မြက်ဥမသေသေးပေ။

ထိုနေ့မနက်ပိုင်း အင်းဖယောင်း၊ ညပိုင်းအတွက် အင်းဖယောင်းများဖြင့် မီးဆက်တိုက်ထွန်းပေးရလေ၏။ နေ့ပိုင်း တစ်နာရီခန့်အချိန်ပေး၍ ညပိုင်း သူနာ အိမ်ထွန်းရန် စီရင်ပေးရ၏။ တစ်ရက် တစ်ရက်ဖြင့် (၉) ရက်ပင်ရောက်လာပြီ။ ရောဂါတော့သက်သာလာ၏။မသိန်းမေ၏ခန္ဓာတွင်းက ဘူးအတတ်ပညာမကွဲသေးပေ။

မသိန်းမေမှာ အိမ်ထောင်မကျခင် အပင်းမိထားဟန်တူ၏။ ယခု အသက်လေးဆယ်ကျော်တမ်း နှစ်ကာလကြာ မြင့်လာသည့်အခါ ထိုအစာပင်းမှ ဘူးအသွင်ပြောင်းလာ၍ မသိန်းမေကိုယ်တိုင် ဘူးရှိသော တစ်နည်း စုန်းပညာသည်ဘဝ အလိုလိုဖြစ်လာမှန်းမသိရှာပေ။ နေ့စဉ်ညစဉ် ဘူးခွဲရင်း (၁၅)ရက် အကြာ ဘူးကွဲလေတော့၏။ ထိုအခါမှ မသိန်းမေ ကျန်းမာရေးဒေါင်ဒေါင်မြည် ရှာတော့၏။

မိမိစိတ်ထဲ လွန်ခဲ့သော် (၁၅) နှစ်ကျော်ခန့်က မသိန်းမေတို့မိသားစု ဒုက္ခပင်လယ်ဝေခဲ့ပုံအား တရေးရေးမြင်ယောင်လာ၏။ ကာယကံရှင် မသိန်းမေတော့ ယနေ့တိုင် ဖွင့်မပြောရက်ပေ။ အကယ်၍ ဖွင့်ပြောခဲ့မိလျှင် တဆွေးဆွေး တနုံ့နုံ့ ရင်ထုမနာဖြစ်နေရှာမှာ သေချာလှ၏။ သူမသေမချင်း ခံစားသွားရနိုင်လေ၏။

ထိုစဉ်က မသိန်းမေသည် (၁၃)နှစ်အရွယ်သမီးကြီးနှင့် (၁၂) နှစ်အရွယ် သမီးလတ်နှစ်ယောက်မှာ ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားရှာ၏။ သမီးကြီးဆုံး၍ ရက်မလည်ခင်(၃)ရက်အလို သမီးလတ်ဆုံးရှာ၏။ ဒီသမီးလေးနှစ်ယောက်ဆုံးရခြင်းသည် အဓိကတရားခံ မိခင်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သိန်းမေပင် ဖြစ်၏။

ဒီသမီးကလေးနှစ်ယောက်သည် ရောဂါကြီးကြီးမားမားမရှိပေ။ အကြီးမလေးသည် အဖျိုပေါက်အရွယ်ပင်ရှိလေ၏။ မသိန်းမေသည် သူ့ကိုယ်သူ အပင်းမိရာမှ တိုက်ဘူးဖြစ်နေမှန်း (ဝါ) စုန်းပညာသည်ဖြစ်နေမှန်းမသိ။ သမီးနှစ်ယောက်စလုံးအား မေတ္တာစစ်ဖြင့်ချစ်သော်လည်း နဂိုက အာကြမ်းလျှာကြမ်းမသိန်းမေက ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်း၊ ဒေါသကြီးခြင်းစတဲ့ စရိုက်တွေ တစ်နေ့တခြားထပ်တိုးလာ၏။

မသိန်းမေပါးစပ်က ထွက်သောစကားသည် အာစက်လျှာစက်ထိနေပြီ။ 'လောင်မီးကြွစမ်းပါတော်၊ ကျိုးသွားအေးတယ်၊ သေစမ်းဟဲ့၊ သေမသေနိုင်ဘူး၊ သွားလေရာဘေးတွေ့စမ်းပါတော်၊ သေမင်းကကြည့်နေတယ်၊ အဝီစိချိုးကပ်မယ့်ကောင်' စတဲ့ ကျိန်ဆဲမှုတွေ သမီးလေးတွေအပေါ် ကျရောလွှန်လေပြီ။ သူအလိုမကျလျှင် အော်ဆဲ ကျိန်ဆဲ ကြာတော့ သူ့အာစက်တွေ ကလေးတွေတည့်တည့်ထိလေ၏။

သမီးကြီး အမှတ်မထင်ဖျားတော့ ဗေဒင်၊ နတ်မေး၊ အယောဂ စုန်းကိုက်ထားတယ်။ ရှာစားချမသက်သာ။(၅)ရက်အတွင်းဆုံးရှာ၏။ သမီးကြီးဆုံးတဲ့နေ့အလတ်မလေး ကောက်ကာငင်ကာဖျားပြန်၏။သမီးကြီးအသုဘချအပြီး တစ်ရက်အကြာ နောက်တစ်နေ့ သမီးအလတ်ဆုံးရှာ၏။

သမီးလေးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားလေတော့ သူတို့လင်မယား မီးလိုပူလောင်ကြလေ၏။ ရက်ပေါင်းအတန်ကြာ တငိုငိုတရီရီဖြစ်နေရရှာ၏။ ငယ်စဉ်အခါ အိမ်ထောင်ပြုခဲ့သဖြင့် သမီးနှစ်ယောက်မှာ တစ်နှစ်သာခြား၍ သားဆက်နီးလေ၏။

တရားခံစစ်စစ်သည် ဒေါ်သိန်းမေ။ သူ၏ ဆဲရေးခြင်း၊ ကျိန်ဆဲခြင်းတို့သည် သမီးလေးတို့အပေါ် တည့်တည့်ကျ၍ ဘဝဆုံးရှာ၏။

ဤနေရာ ပယောဂဆေးကုသသည့်အခါ သတိထားစရာရှိပါ၏။ ဆရာအတော်များများသည် အစွဲရှင်အားခေါ်သွင်းခြင်း၊ ဆေးအင်းတိုက်ကုသခြင်းအား အများဆုံး အသုံးပြုကြလေ၏။ အစွဲရှင်အား လူစိတ်ပျောက် ခေါ်သွင်းခြင်းသည် စက်ပြင်းမှသာလျှင် တစ်နည်းအတွင်းစက်ရှိသူသာရလေ၏။ အပြင်စက် စက်လွှတ်များအား ခေါ်သွင်း၍မရပေ။

ယခု မသိန်းမေသည် အတွင်းစက်ဖြစ်၏။ အတွင်းစက်မှ ဘူးရှိသူဖြစ်လာ၏။ တစ်ဖန် သူ့အား မူလတိုက်ထားသောပညာသည်က သေသည်ဖြစ်စေ၊ အသက်ရှင်လျက်ဖြစ်စေ မလာဘဲနေနိုင်၏။ အကြောင်းမှာ မသိန်းမေသည် တစ်ဖက်လှည့် တိုက်ဘူးရထား၍ သူ့အား သူကိုယ်တိုင် အစားထိုးကျွေးလိုက်ခြင်း ဖြစ်၏။

မသိန်းမေအား အစွဲရှင်ခေါ်သွင်းလျှင် မသိန်းမေက မသိန်းမေအား လူစိတ်ပျောက်အောင် မည်သို့အစားဝင်နိုင်မည်နည်း။ မည်သို့မျှခေါ်မသွင်းနိုင်ပေ။ မသိန်းမေ၏ရောဂါ အရှင်းပျောက်လို့ ရက်ပိုင်းသာရှိသေးသည်။ တောင်စီးရွာက အသက် (၄၀) လောက် မန္တဲ့မူက အိမ်ရောက်လာပြန်လေ၏။ မန္တဲ့မူသည် အိမ်ကဇနီးသည်နှင့် ဘော်ဒါတွေဖြစ်၏။

မိမိနားထဲတွင် မန္တဲ့မူ၏စကားသံ တစ်ချက်တစ်ချက်ဝင်လာ၍ နားစွင့်လိုက်၏။ မန္တဲ့မူ ဦးတည်ပြောနေသူက ဇနီးသည်ဖြစ်၏။

"မအေးတဲ့ကြားထဲကလာခဲ့ရတာ အန်တီရှမ်းရဲ့။ အိမ်ကဟာက နည်းနည်းမှုယုံတာမဟုတ်ဘူး။ ခုလည်း မသိန်းမေက ဒီကိုသွားတမင်လွှတ်လို့လာခဲ့တာ။ အချိန်မရဘူး၊ ဆေးကုပေးမှာဖြင့် ကုပေးကြဦး"

ဇနီးသည်က နားဝေတိမ်တောင်ချေပလေ၏။

"ဟဲ့-ငါ့မပြောနဲ့။ နင့်ဦးစိုးမင်းကိုပြော။ သူကုတာ"

"အဲပါ - ဦးစိုးမင်းကုမှာဆိုလည်း ကုပေးစမ်း။ ဒီကပြန်ရမှာ၊ မအေးဘူး"

မန္တဲ့မူအသံ နားထဲဝင်လာတော့ စာရေးကမပြောင့်တော့။ အလိုက်သင့်စကားပြန်ရလေ၏။

"ဟဲ့- န္တဲ့မူ၊ ညည်းက အချိန်မရရင် မကုနဲ့ဦးလေ။ အချိန်ရမှလာခဲ့ပေါ့ဟ"

ဒီတော့လည်း စကားနိုင်ချေပြန်၏။

"အာ - အချိန်မရတာ မရတာပ၊ ကုမှာဆိုကုပေး အချိန်မရဘူး"

'ဒီကောင်မလေးနဲ့တော့ခက်ပြီ၊ စကားကတင်စီးလိုက်တာ၊ ကိုယ်ပြောမယ့်စကား သူကချည်းပြောနေပြီ'

စိတ်ထဲ ကသိကအောက်နိုင်လှ၍ အသိပေးလိုက်ပြန်၏။

"နင့်ဟာက ဆေးလည်းကုချင်တယ်၊ နောက်က ကျားလိုက်တဲ့အတိုင်း။ နင့်ယောက်ျားလည်းမသိနဲ့၊ လင်ကြောက်ရင် ကုမနေနဲ့။ တခြားဆရာတွေ အများကြီးရှိတယ်။ အဲဒီသွားကုချေ"

ဒီလိုဆိုတော့ မဟုတ်ပြန်ပေ။

"ဒီနားတစ်ပိုက် တခြားဆရာတွေ ကုပြီးပြီ မပျောက်ဘူး။ မသိန်းမေ ဒီလွှတ်လို့လာခဲ့တာ ကုပေး"

"အေးပါ၊ ကုပေးဆိုပေးမယ်၊ စစ်ပေးဆိုစစ်ပေးမယ်။ ဒီအခါ နင်ဆုံးဖြတ်ဟုတ်လား"

မိမိသည် မန္တဲ့မူအား ဘုရားခန်းရှေ့ခေါ် ပယောဂစစ်ပေးတော့ စုန်းတိုက်တွေ့နေလေပြီ။ ယခင်ဆရာတွေအကြောင်း တီးခေါက်လိုက်၏။

"အရင် ဘယ်ဆရာတွေနဲ့ကုတာလဲ"

"ကျွန်မတို့ရွာနားက ဆရာတွေကုတယ်။ ပွဲထိုးတယ်။ ပိုက်ဆံတောင်းတယ်။ ပြီးခဲ့တဲ့လက နတ်ချောင်းကဆရာ ကောင်းတယ်ဆိုလို့သွားတယ်။ ပွဲထိုးတယ်။ ငွေငါးသောင်းတောင်းလို့ ထည့်ရတယ် ဒါပဲ"

မိမိပင် အံ့ဩသွားပြီ။ နတ်ချောင်းကဆရာ ရက်စက်လှချေလား။ သူ့နာအပေါ် ဓားပြတိုက်လေချေပြီ။ မိမိ၏စေတနာသဒ္ဓါကြေးနှင့်အကွာကြီးကွာခြားလေပြီ။ ပွဲတစ်ပွဲနှင့် ငွေငါးသောင်းကန်တော့ရတာ နည်းတဲ့ကုန်ကျစရိတ်လား။ ခုထပ်တွေ့နေပြီ။ ပြောပြန်လျှင်လည်း အောင်မင်းလွန်ရာကျတော့မည်၊ မြက်ပင်ခုတ်သတ်တာနှင့် ပျောက်ပြီထင်တာကိုး။ မြက်ဥကျန်တာ သင်းမသိလေရောသလား။ အင်းလေ သူ့ခမျာ အတွာမှမရှိဘဲကိုး။

မန္တဲ့မူ၏ ဘောက်တိဘောက်ထိုး အသံမာမာ ကြွပ်ဆတ်ဆတ်အပြော မိမိအလိုလို သဘောပေါက်ထားပြီ။ သူ့ကိုအပြစ်တစ်ခုလိုမြင်လို့မရ။ ရှေ့က ဆရာတွေ သူ့ကိုတန်းစီလိမ်ထားခဲ့တော့ မိမိလည်း ဒီလိုဆရာပဲပေါ့။ မိမိက အချောင်ဝါးလုံးနဲ့သိမ်းအရိုက်ခံရတဲ့သဘောပါပဲ။

မိမိကလည်း တခြားဆရာတွေနှင့် လုံးလုံးမတူ။ နေပုံထိုင်ပုံကြည့်၊ ဖြစ်သလိုပေစုတ်စုတ်။ အဝတ်အစားသားသားနားနားမဝတ်တတ်။ တိုက်ပုံအင်္ကျီဆိုဝေး၊ ခံ့ခံ့ညားညားမရှိ။ အစားအသောက်ကလည်းဖြစ်သလို။ ဒီကြားထဲ ဘာမှမသိပါဘူးဆိုတဲ့ငြင်းချက်တပေးသေး။ ကြုံလျှင်ကယ်ပေး။ ဆေးကုခငွေမတောင်းပြန်တော့ ဘယ်လူသိမတုံး။ အထင်ကြီးစရာတစ်ကွက်မှမရှိဘဲကိုး။

www.burmeseclassic.com

တစ်ခါတလေ လမ်းသွားလမ်းလာ စကားပိုင်းဖွဲ့ရင်း သတ်သတ်မှတ်မှတ်မရှိ။ ကြုံသလိုစစ်၊ ကြုံသလို ရေမန်းပေး၊ တကယ့်အရှုးဆရာ၊ လူမသိလေပို့ကောင်းလေ။ မလာလေ သဘောကျလေ မိမိပါပဲ။

"ကဲ - နင့်ဟာနင့် ဘယ်ဆရာနဲ့ကုကု ဒီမှာ စုန်းတိုက်တွေ့ပြန်ပြီ။ ဘယ်နဲ့လုပ်မှာလဲ"

ဒေါသထွက်နေတဲ့မျက်နှာနှင့် မိမိအားကြည့်၍ အော်ပြန်၏။

"အလိုတော်၊ ဒီစုန်းက အခုထိရှိတုံးလား။ မဖြစ်နိုင်ဘူး။ ကုပြီးသားဟာတွေ"

"ဟွဲ - ဒါကနင့်အပိုင်း။ ငါကစစ်ပေးတာ တွေ့တာပြောတာပဲ တကတဲ"

"စိတ်ပျက်ဖို့ကောင်းလိုက်တာ၊ မအားတဲ့ကြားထဲ အချိန်ကရတာမဟုတ်ဘူး။ ကဲ - ဒါဖြင့်လည်း မြန်မြန်ကု မအားဘူး"

ဒီကောင်မလေးနှင့်တော့ခက်ပြီ။ သူကပင် အမိန့်ပေးနေပြန်၏။

"အေးပါ- ကုဆိုကုပေးမယ်၊ ငါပြောတာနားထောင်ဦး။ ငါက တခြားဆရာတွေနဲ့မတူဘူးဟ။ လာလာမတိုင်းစမ်းနဲ့။ ငါက လိမ်တဲ့ဆရာ၊ ငွေတောင်းတဲ့ဆရာမဟုတ်ဘူး။ ပယောဂဆိုတာ ရှိမှကုလို့ရတာ၊ မရှိဘဲနဲ့ ကုလို့မရဘူး။ နင့်စေတနာရှိသလောက် ပွဲထဲထိုးသွား၊ ဒါလည်းနင့်စိတ်နိုင်မှကု။ ငါကဖွတ်အတင်းကုပေးတဲ့သူမဟုတ်ဘူး၊ မအားရင်မကုနဲ့ဦး။ အားတဲ့အခါလာခဲ့"

"အဲပါ - လာခဲ့ရမှတော့ ကုပေးလိုက်။ သန်ဘက်ခါ တောထဲမြေပဲနုတ်ရမှာမအားဘူး"

မိမိပင် မပြုံးဘဲမနေနိုင်။ သူ့မှာအားတဲ့အချိန်မရှိတော့ဘူးလား။ တကတဲ ဖွတ်အတင်းမအားဘူးချည်း ထိပ်ကပိတ်ပြောနေတာ။

"ကဲကဲ - နင့်မှာ ပယောဂကျန်သေးတယ်။ ဒီနေ့ အပင်းချလိုက်မယ်"

မိမိသည် မှိုင်းခံ(မိုင်းကိုင်)စက္ကူဖြင့် အပင်းချ အင်းဆွဲ၊ နွဲ့မူအားသောက်ခိုင်းရာ ညည်းသံထွက်လာပြန်၏။

"ဒီမှိုင်းခံစက္ကူသောက်ရမှာလား"

"အင်း - သောက်ရမှာ"

"စိတ်ပျက်စရာအေး၊ အရင်ကလည်း ဒီလိုဟာတွေ ခဏခဏသောက်ခဲ့ရတာ။ ဟိုတစ်လောကလည်း သောက်ရတယ်၊ မသောက်လို့မရဘူးလား"

ဒီကောင်မလေးနဲ့တော့ ခက်ပါပြီ။ ဆေးမသောက်ချင်ပြန်ဘူး။ မသောက်လျှင်မရ။ ချော့မော့ပြောရလေ၏။ သူမသောက်ချင်တာ အရင်ဆရာတွေ ဘာလုပ်ထားလို့လဲ မသိပါ။ လိမ့်နော်။

"မရဘူးဟ၊ အဲဒီတစ်ခုပဲတိုက်မှာ၊ ကဲပါဟာ - ကြိတ်မှိတ်သောက်စမ်းပါ။ ရောဂါပျောက်အောင်လို့"

မိမိသည် အင်းလိပ်အား သေချာခေါက်၍ ရေဖြင့်မျိုအချခိုင်းလိုက်ရာ မသောက်ချင်သောက်ချင် သောက်လေ၏။ မျက်နှာကမဲ့ရွဲ့နေသေး၏။

"ကဲ - ဒီနေ့ရပြီ၊ ဒါလောက်ပဲ။ ညည်းမအားဘူးမို့လား ပြန်တော့။ မနက်ဖြန် (၉) နာရီပြန်လာခဲ့"

"မနက်ဖြန်မလာလို့မရဘူးလား"

"မရဘူး လာရမှာ၊ ခုမှအစရှိသေးတယ်။ နင့်ရောဂါကြာဦးမှာ"

"ဒီလာတာ အိမ်ကလူမသိဘူး၊ မနက်ဖြန် (၈) နာရီလာခဲ့မယ်"

နွဲ့မူဟာ ဘုရားဝတ်ချ အိမ်ပြန်သွားလေ၏။ မိမိသာ ငုတ်တုတ်ကျန်ရစ်ရလေ၏။ ဒီနေ့ အပင်းချတော့ ဆောင့်ကြီးအောင့်ကြီးသောက်သွားတာ စိတ်ကမပါ။ မိမိအပေါ် အထင်သေးတာ အမှန်၊ အထင်မကြီးတာတော့ အသေအချာပါပဲ။ သူအထင်သေးနေရင်တော့ သူ့ရောဂါကြာမှာပဲ။ ဖွဲကောင်းကောင်းနှင့်လာနိုင်မှ အမြစ်ပြတ်မှာ။ သူ့ရောဂါက မြေကြီးထဲက မြက်ဥနုတ်ပေးရမှာကိုး။

ဒုတိယနေ့ မနက် (၈) နာရီ နွဲ့မူရောက်လာ၏။ အင်းမီးတစ်တိုင်စထွန်းလိုက်ရာ မိမိအား သူက သတိပေးလေ၏။

"အကြာကြီးလား အချိန်မရဘူးနော်"

"အေးပါ၊ သိပ်မကြာပါဘူး။ မိနစ် (၃၀) လောက်ပေါ့။ နင့်မှာလည်း လာလိုက်ရင် မအားဘူးကထိပ်က။ နင့်ယောကျ်ား ဒါလောက်မကြောက်စမ်းပါနဲ့၊ ကိုယ်ကျန်းမာမှ အလုပ်လုပ်နိုင်မှာ"

"ဒီယောကျ်ားက အပြင်ထွက်ရင် အိမ်ကအော်ဆဲတာရှင့်၊ ဒါကြောင့် မအားတာ"

"အေးပါဟာ၊ ခဏသည်းခံလိုက်ပါ၊ မကြာပါဘူး"

နွဲ့မူဟာ နှာခေါင်းရှုံ့လို့ မချိုမချဉ် မျက်နှာကြီးနှင့် စုပုပ်နေလေ၏။ ခြေတွေလက်တွေ ဂနာမငြိမ်၊ တလှုပ်လှုပ်နှင့် မိမိစိတ်ညစ်ရလေ၏။ မီးငြိမ်း၍ ညအတွက် အင်းဖယောင်းတစ်တိုင် အိမ်မှာထွန်းဖို့ ပေးလိုက်၏။

"မနက်ဖြန်လာခဲ့ဦး"

"ဟား - မပျောက်သေးဘူးလား၊ တကတဲတော်"

"မပျောက်သေးဘူးဟ၊ ကျန်သေးတယ်။ နင့်ကို အစကတည်းက ငါမပြောဘူးလား။ အချိန်မပေးနိုင်ဘဲနဲ့ မကုနဲ့လို့လေ။ နင်ပဲလာမယ်ပြောပြီးတော့"

"တစ်ရက်နှစ်ရက်မှတ်လို့ပေါ့။ နို့မို့ဆို ဘယ်လာမလဲ"

"နင့်ကို အစကထည်းက ငါပြောတယ်၊ နင်လည်း မသိန်းမေလိုကြာမယ်လို့ပြောတယ်လေ။ ငါ့စကားကို နင်ကပေါ့ပြက်ပြက်နဲ့"

"အဲပါ - ဒါဆိုလည်းလာမယ်၊ မနက်ဖြန်မအားဘူး၊ မြေပဲနုတ်သွားရမှာ"

"အေးသွား- မြေပဲနုတ်ပြီးမှ ပြန်လာခဲ့"

မီးဖိုချောင်က အိမ်ကဟာက မိမိတို့စကားအတိုင်းသားကြားနေရတော့ တခွီးခွီးရယ်လို့ပေါ့။ နွဲ့မူအိမ်ပြန်သွားမှ သက်ပြင်းချနိုင်လေ၏။ ဒီလိုဝေဒနာသည် ဒီတစ်ယောက်ပဲ ထူးထူးခြားခြားတွေ့ဖူး၏။ မအားဘဲနှင့် ယောကျ်ားမနိုင်ဘဲနဲ့ ဆေးကုလာသတဲ့။ မနက်ဖြန်မြေပဲနုတ်သွားရာက တစ်ရက်၊ တစ်ရက်နဲ့ ပေါ်မလာပြန်ဘူး။ မြေပဲနုတ်ပြီးပြီး ပေါ်မလာ၊ မအားလို့ထင်ပါရဲ့၊ ယခုတာရေးတဲ့အချိန်ထိ ပေါ်မလာ၊ မအားလို့နေမှာပေါ့။

သုခံစားရတဲ့ဝေဒနာက လည်ချောင်းနဲ့အာခေါင်ရင်းမှာ အမှန်အဖတ်တွေကပ်နေတဲ့ဝေဒနာပဲ၊ ဆီးဖြူသီးအာဖတ်ကပ်သလိုမျိုး၊ အဲဒီဝေဒနာခံစားတာ နှစ်ပေါင်းကြာလှပြီ။ ဆေးကုတာများလာတော့ ခုချိန်ထိ ဝေဒနာမသက်သာတော့၊ တော်ရုံတန်ရုံ ဆေးဆရာ သူမယုံတော့ဘူးလေ။ မိမိက ရက်ကြာမယ်ပြောလေ သူမယုံလေဘဲ၊ အရင်ဆရာတွေက တစ်ရက်၊ နှစ်ရက်ပဲ ကုတယ်ထင်ပါရဲ့။ သူပေါ်မလာတာ မိမိအပြစ်မဟုတ်ပေ။ သူလာမှ သူဝေဒနာပျောက်ကင်းမှာကိုး။ နွဲ့မူအကြောင်း မပြောချင်တော့ပေ။

လွန်ခဲ့တဲ့ (၃)နှစ်ခန့်က မြို့သာလှငယ်တောင်လေး အောင်သူ။ နေပိုင်း မိမိထံရောက်လာ၏။ သူက မိမိတွေ့လျှင် ဆရာကြီး ဆရာကြီး ခေါ်လေ့ရှိပါသည်။ ဆရာကြီးမခေါ်နဲ့၊ ဦးစိုးလို့ခေါ် စမ်းပြောလည်း မ



www.burmeseclassic.com

www.burmeseclassic.com

သူက မိမိအကြောင်း အတော်သိထားလေတော့ တလေးတစားခေါ်တယ်ထင်ပါရဲ့။

"ဆရာကြီးဆီလာတာ ကျွန်တော့်မိန်းမလွှတ်လိုက်လို့"

တန်းလျားခုံထိုင်ရင်း သူ့အားအကဲခတ်တော့ ပေတီပေစုတ်။ ခုမှထယ်ထိုးကုန်းထွန်ပြန်လာတာထင်ရဲ့။ မိမိက သူ့မိန်းမဘာဖြစ်ပြန်တာလဲပေါ့။ လွန်ခဲ့တဲ့လပိုင်းက သူ့သမီးကလေးနေမကောင်းတော့ ကုပေးလိုက်သေး၏။ ဒီကတည်းက မိမိကို အားကိုးတယ်ထင်ပါရဲ့။

"မင်းမိန်းမ ဘာဖြစ်ပြန်တာလဲကွ"

"မိန်းမဖြစ်တာ မဟုတ်ဘူး ဆရာကြီး။ မိန်းမရဲ့အမေ ယောက္ခမကြီး နေမကောင်းလို့လာခေါ်တာ"

အောင်သူ့စကား မိမိဘဝင်မကျစ်ရုံလိုက်လေ၏။

"မင်းမိန်းမခေါ်တယ်ထား၊ သူ့အဖေကောသိလို့လား"

"အဲဒါတော့ ကျွန်တော်လည်း အတိအကျမသိဘူး၊ မိန်းမက မရရအောင်ပင့်ခဲ့လို့မှာတာပဲ"

"မင်းကွာ၊ လွယ်လွယ်နဲ့ကပ်ရှုပ်တာဒါမျိုးကွ။ ဒီကိစ္စ မင်းကိုယ်တိုင် မင်းမိန်းမအဖေကလွှတ်တာဆို တော်သေးတယ်။ ဒါမှမဟုတ် မင်းမိန်းမလာရင်တောင် သူ့အဖေအသိပေးခဲ့မှာ။ မင်းတို့နဲ့သူတို့က အတူတူနေတာလည်းမဟုတ် မလိုက်ချင်ဘူးကွာ ပြန်တော့"

မိမိငြင်းဆန်ပြီး အောင်သူ့မျက်လုံးလေးကလယ်ကလယ်နှင့်ရှေ့တိုးလေ၏။

"ဒီလိုတော့ မလုပ်ပါနဲ့ ဆရာကြီး၊ ယောက္ခမ အသည်းအသန်အော်နေလို့ပါ၊ လိုက်ခဲ့ပေးပါ"

"အောင်သူ ဆရာပင့်တာ မင်းကအြားခံ။ ဟိုရောက်လို့ သူတို့ကမခေါ်ဘူး၊ မလိုဘူးဆိုရင် ငါက အလကား အရှက်တွဲမှာကွ။ အဖေးလိုက်ကုချင်တာမဟုတ်ဘူး။ အိမ်ကို လှည်းနဲ့ခေါ် ခဲ့ကွာ။ ကုပေးလိုက်မယ်"

"သွည်းမစီးနိုင်ဘူး ဆရာကြီး၊ အဘွားကြီးက နေ့လားညလားကြည့်နေလို့ပါ။ လိုက်ခဲ့ပါ ဆရာကြီးရယ်"

"ငါကဘယ်လိုက်ခဲ့ရမှာလဲ"

"ဗိုလ်ကုံးသွားရမှာပါ"

မလိုက်ဘူးပြောလည်း မရပေ။ ဗိုလ်တုံးရွာက မိမိရွာနဲ့ ငါးမိုင်နီးပါးဝေးတယ်။ အသွားအပြန်ခရီးအတွက် မိမိကအရေးဆိုရတော့မည်။

"ကဲ- ငါလိုက်ပါပြီ။ ဟိုရောက်ရင် အသွားအပြန်ဆိုင်ကယ်ဆီဖိုးဘယ်သူခံမှာလဲ"

"ကျွန်တော်ခံမယ်၊ သူတို့မပေးလည်း ကျွန်တော်ပေးပါမယ် ဆရာကြီး"

"အေး - ဆီဖိုးအသွားအပြန်တစ်ထောင်ခံရင်လိုက်ခဲ့မယ်"

"ကျွန်တော့်ဆိုင်ကယ်နဲ့ပြန်ပို့ပေးမယ်ဆရာကြီး"

"တော်ပါပြီကွာ။ငါ့စုပါကဝ်အစုတ်နဲ့ပဲလိုက်တော့မယ်"

ဆေးလွယ်အိတ်ကလေးလွယ်ကာ အောင်သူကရှေ့က၊ မိမိကနောက် (၅)မိုင်ခရီးရွာသို့ထွက်ခဲ့ကြ၏။ ရွာကမထွက်ခင် မိမိအကြိုက် စီးကရက်ဘူးနှင့် ကွမ်းယာဝယ်ခဲ့ရသေး၏။ ဆေးကုသွားတဲ့အခါ ဆေးလိပ်၊ ကွမ်းစွဲရောဂါက မိမိလည်း ကုမရပေ။

ဗိုလ်ကုံးရွာ အောင်သူ့ယောက္ခမအိမ်ရောက်သည်နှင့် ဦးစွာ ပတ်ဝန်းကျင်အကဲခတ်လိုက်၏။ အိမ်ခြံစည်းရိုးမရှိ၊ အိမ်ရှေ့ သရက်(၂)ပင်၊ ဘေးနှစ်ဖက် မန်ကျည်းပင်တွေ တန်းစီနေ၏။ ခြေတံရှည်နှစ်ထပ်တောအိမ်၊သွပ်မိုးရေနံချေးသုတ်အိမ်ကြီးဖြစ်၏။ ပုံစံအရ မိသားစုများ၍ အိမ်ကြီးသည်ထင်မိ၏။ အိမ်ရှေ့အပေါ်ထပ်ပရပ်ရှိ၍ လှေကားမှာ အိမ်ရှေ့တည့်တည့်တပ်ထား၏။

အောက်မှအပေါ်မော့ကြည့်တော့ ပရပ်ခန်းတွင်လူတွေပြည့်နေ၏။ အောင်သူက မိမိအား 'လာ- ဆရာကြီး၊ အိမ်ပေါ်တက်' ဟု ဆိုကာ သူကရှေ့၊ မိမိကနောက်က ပရိသတ်အကြားမှဖြတ်ရင်း မိမိအား ဘုရားခန်းရှေ့နေရာပေးထိုင်လိုက်၏။ အိမ်ပေါ်နှင့် ပရပ်မှ လူအများအား အကဲခတ်ကြည့်တော့ အားလုံး (၃၀)နီးပါးရှိလေ၏။ အိမ်နီးချင်းများနှင့်ရောနေ၍ အိမ်ရှင်မိသားစုအား မသိနိုင်ပေ။

မိမိရှေ့ လေးတောင်ခန့်အကွာ ကြမ်းပြင်ပေါ် ဖျာစောင်းလှဲနေသော အဘွားကြီးတစ်ယောက် အမေ အမေ တညည်းနေရှာ၏။ အဘွားကြီးနံဘေးပတ်လည် အသက်(၂၀)မှ (၃၀)ဝန်းကျင် သားသည်မအေ (၄)ယောက်မှ ခြေကိုင်လက်ကိုင်အားပေးနေသလို ရင်ခွင်ပိုက်ဖင်တစ္ဆိတ်တွန်းကလေးပေါက်စလေးများ သူတို့ရင်ခွင် အနီးအနားရှိလေ၏။ သူတို့နောက်နားတွင် အိမ်နီးချင်းအမျိုးသမီးအတော်များများတွေ့ရ၏။

မိမိသည် ဒီအိမ်အား ယခုတစ်ကြိမ်သာရောက်ဖူးသေးသလို ရွာလည်း ယခုမှရောက်ဖူးခြင်းဖြစ်၏။ အိမ်ရှင်များလည်းမသိပေ။ အများထဲမှ အောင်သူရဲ့မိန်းမလေးတစ်ယောက်သာသိလေ၏။ အောင်သူတို့လင်မယားက ဒီရွာမှာမနေမြို့သာမှာနေကြ၏။ ထိုစဉ် မိမိ မိတ်ဆွေလေး မြို့သာသား ဖိုးချစ်သဲ အမှတ်မထင် အိမ်ပေါ်တက်လာ၍ မိမိအားရှိသွား၏။ ဒီကောင်လေးက အသက် (၃၀) ကျော်သာရှိသေးသလို မိမိထံမှ ပညာကပ်တောင်းနေသူ။ မိမိအနားလာထိုင်ကာ နှုတ်ဆက်လိုက်၏။

"မင်းက ဘယ်က ဘယ်လို မျက်စိလည်လာတာလဲ"

"ဆရာစိုးအိမ်ကျွန်တော်ရောက်ခဲ့တယ်၊ ဒီရွာဆေးကုသွားတယ်လို့ အန်တီရှမ်းကပြောလိုက်တာ ဆေးကုတာမြင်ဖူးချင်လို့ လိုက်လာတာ"

"ဖြစ်ရလေကွာ၊ ဒါနဲ့ ဒီအိမ်က မိသားစုတွေနဲ့ရင်းနှီးသလား"

"ရင်းနှီးတာပေါ့၊ စားအိမ်သောက်အိမ်လိုပဲ"

ဒီအချိန် လာခေါ်တဲ့ အောင်သူ ဘယ်ဆင်းသွားသည်မသိ ပျောက်နေ၏။ မိမိသံသယဖြစ်နေသည်မှာ အမှန်၊ ဘယ်သူမှ ခရီးဦးကြိုမပြုသလို သူတို့စကားနှင့်သူတို့ မှင်မပြတ်သာစကားပြောနေလေ၏။

"ဒါဆို အိမ်ရှင်ခေါ်ပေးကွာ၊စကားပြောရအောင်"

ဖိုးချစ်သဲမှာ အိမ်ရှေ့ပရပ်မှ ဘိုးတော်တစ်ယောက်အား မိမိရှေ့ခေါ်လာခဲ့တော့၏။ ဘိုးတော်မှာ ခေါင်းဖြူနေလေပြီ။ ခန့်မှန်း ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါး၊ အသားမည်းမည်း၊ ပိန်ပိန်ပါးပါး ဖြစ်လေ၏။ သူ့မျက်နှာမှုန်တေတေ၊ မိမိအား ခပ်တည်တည်ကြည့်နေ၏။ ဆေးဆရာလာတယ်လို့ အိမ်ပေါ်အတက် အောင်သူ သတိပေးကတည်းက ဒီဘိုးတော် ပရပ်မှာထိုင်နေတာ မိမိသိ၏၊ မိမိ ဘုရားခန်းအောက်ထိုင်နေတော့လည်း ဒီဘိုးတော် အရေးမမူ၊ ညှို့သည်တက် လှည့်စကားပြောကျောပေးထား၏။ အောင်သူသည် ဒီဘိုးတော်ရဲ့သမက်အငယ်ဆုံး။ ဘိုးတော်မသိလေဟန်ဆောင်တာ ဘဝင်မကျပေ။

ဖိုးချစ်သဲက ကြားဝင်မိတ်ဆက်ပေးလေ၏။ မိမိက အပြုံးနှင့် ခေါင်းညိတ်ပြသော်လည်း ဦးတုတ်က မတုန်မလှုပ်၊ ဟက်ဟက်ပက်ပက်မရှိမှန်းသိသာ၏။ သူက မစလေတော့ မိမိကစလိုက်

www.burmeseclassic.com

၏။ မိမိသည် ကိုယ့်ထက် အသက်ဝါကြီးလျှင် လူနာမည်ထက် ဘိုးတော်၊ ဘွားတော်သုံးလေ့ရှိ၏။

"ဘိုးတော်၊ ခင်ဗျားသမက်အောင်သူခေါ်လို့လိုက်လာတာ။ ခင်ဗျားက အိမ်ထောင်ဦးစီးဆိုတော့ဖြစ်ချင်တာပြောပါ။ ကျွန်တော် ဘာအကူအညီပေးရမလဲ"

မှုန်သုန်နေတဲ့မျက်နှာနှင့် မိမိအားပရိသတ်ရှေ့ ထိုးနှက်လိုက်ပါတော့၏။

"ကျုပ်ကဒါမျိုးတွေအယုံအကြည်မရှိဘူး။ ဆေးဆရာလည်း ကျုပ်မပင့်ဘူး"

အိမ်ထဲအိမ်ပြင်ပရိသတ်များအသံတိတ်နေ၏။ မိမိထံမျက်လုံးစုံကြည့်နေ၏။ ဟိုဟိုဒီဒီကြည့်တော့ . အောင်သူမိန်းကလေး မျက်နှာပျက်နေပြီ။ နံဘေးက ဖိုးချစ်သဲမျက်နှာပျက်ပြီ။ မိမိက ဘာစကားမှ မပြောနိုင်သေးပေ။ အောင်သူလာမှီးစောင့်နေမိ၏။ ဤတွင် နံဘေးက ဖိုးချစ်သဲက ဒေါသသံဖြင့် တစ်စခန်းထလေ၏။

"ဘိုးတော်၊ ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ။ ဦးစိုးက အောင်သူပင့်လို့လာခဲ့တာ။ ကျွန်တော်ကိုယ်တိုင် အပင့်ခိုင်းလိုက်တာ။ ခင်ဗျားမိန်းမကြီးသနားလို့။ ခင်ဗျားဗျာ လူကြီးလုပ်ပြီး စိတ်ပျက်ဖို့ကောင်းလိုက်တာ"

ဘိုးတော်မျက်နှာအိုနေပြီ။ ဖိုးချစ်သဲက လူပုစိတ်တို။ ဟိုကမွေးရင် သူ့သားလောက်တောင်မရှိတဲ့သူ။ သူ့ဒူးပွတ်လို့သတိပေးရ၏။ ထိုစဉ် ပရပ်မှ အသက်(၄၀)တန်းအမျိုးသား မိမိရှေ့ယဉ်ကျေးစွာစကားပြောလာ၏။

"ဒီလိုပါ ဆရာ၊ အခုကိစ္စ အဖေမသိပါဘူး။ ယောက်ဖ ဆရာပင့်တာလည်းအဖေမသိပါဘူး။ အဖေ့ကိုတစ်မျိုးမမြင်ပါနဲ့ ဆရာ"

မိမိက မချိုပြုံးနှင့်သာ မှေးနေရ၏။ ယခု ပြောသူက သူ့သားကြီးထင်ပါရဲ့။

"ရပါတယ်၊ ကျွန်တော်လည်း အောင်သူခေါ်လို့ အားနာလို့လိုက်လာတာ ကိစ္စမရှိပါဘူး"

ထိုစဉ် သူ့သားအကြီးမှ မိမိအားပြောပြန်၏။

"အဖေက ဟိုတစ်နေ့က ကိစ္စကြောင့်လည်းပါတယ် ဆရာ။ ဖြစ်ပုံက လွန်ခဲ့တဲ့(၅)ရက်လောက်က နတ်ချောင်းဆေးဆရာတစ်ယောက် ကျွန်တော်ကိုယ်တိုင်သွားပင့်တယ်ဆရာ။ သူက ဘာပယောဂမှမရှိဘူးလို့ပြောတယ်။ ခြေကြွခတစ်သောင်းတောင်းလို့ ပေးလိုက်တယ်ဆရာ။

မနေ့ကပဲ နတ်ချောင်းက နောက်ထပ်ဆရာတစ်ယောက် ပြောင်းပင့်သေးတယ်ဆရာ။ ပယောဂမရှိဘူးပြောတယ်။ ခြေကြွခတစ်သောင်း တောင်းသွားပြန်တယ် ဆရာ။ ဒီရက်အတွင်း ငွေနှစ်သောင်းကုန်သွားတော့ အဖေ့စိတ်ထဲ မကျေနပ်တာထင်တယ် ဆရာ"

မိမိသဘောပေါက်သွားပြီ။ သင်းလည်း အရင်ဆရာတွေလိုနေမှာပဲဆိုတဲ့ အထင်သေးအမြင်သေးခံရခြင်းပင်။ ဒီဆရာတွေတောင်းသွားတဲ့ ခြေကြွခတကယ်ကုပေးရင်တော့မများပေ။ မိမိကလေးမြို့ မကြာမကြာရောက်သည်။ ဆေးကုသူတွေနှင့် စကားလည်းပြောဖူးသည်။ ကိုယ့်ရှေ့တွင် ဆေးကုခပြောင်ပြောင်တင်းတင်းတောင်း၏။ ပယောဂစစ်ဆေးပေးတာတောင် သုံးထောင်ကငါးထောင်အထိတောင်း၏။ ဒါ စစ်ဆေးပေးတာလေးရှိသေးသည်။ ပယောဂတွေ့လို့ကုပေးရမယ်ဆိုလျှင် သုံးသောင်းက ငါးသောင်းအထိတောင်း၏။ သူတို့က ဆေးကုခနှင့် အသက်မွေးတာဆိုတော့ မိမိလည်း မဝေဖန်ရဲပေ။

ယခု တစ်သောင်း၊ တစ်သောင်းခြေကြွခပေးရတာများတယ်ထင်တာကိုး၊ ဘိုးတော်အား သိအောင်ပြောပြလိုက်၏။

"ဘိုးတော်က နတ်ချောင်းက ဆရာ ခြေကြွခတစ်သောင်းပေးရတာများတယ်ထင်တာကိုး၊ ကလေးမြို့သွားကြည့်၊ အဲဒီက ဆရာတွေ ဉာဏ်ပူဇော်ခဘယ်လောက်ယူသလဲသိလား၊ မသိရင်ပြောလိုက်ဦးမယ်"

ဒီလိုပြောတော့ ဘိုးတော်ငိုင်သွားလေ၏။ သူ့ထံမှ စကားမပြန်။ သူ့သားကြီးသည် အိမ်ရှေ့ ပရပ်သို့ပြန်ထိုင်အပြီး အောင်သူရဲ့မိန်းမလေး မိမိရှေ့ရောက်လာ၏။

"ဆရာကြီး၊ အမေ့ကိုကြည့်ပေးပါဦး။ အမေလောနေရှာတယ်"

"အေးအေး - စစ်ပေးမယ်၊ နင်နဲ့စစ်ရမှာ။ ဘုရားကန်တော့၊ အကြာကြီးမလုပ်နဲ့၊ တိုတိုတုတ်တုတ်ရွတ်၊ ပြီးရင် ငါ့ပြော ကြားလား"

သူမက ခေါင်းညိတ်လျက်ဘုရားကန်တော့လေ၏။မိမိသည် စကားသာပြောနေသည်။ဝေဒနာရှင်ဘွားတော့အမေတအော်နေပုံ အကဲခတ်တော့သူသည် ဗိုက်ကလေး လက်နှင့်ဖိထား၍ ညည်းနေရှာ၏။ သူ့ဗိုက်နာနေမှန်းသိသာ၏။ ဝေဒနာသည်းနေရှာ၍ သူ့စိတ်သူ့အစိုးမရပေ။ ဒီလိုပ်စ်နှင့် ဘွားတော်အား ပယောဂလုံးဝစစ်၍မရပေ။

သူ့စိတ်သူ ဝေဝါးနေတဲ့အချိန်၊ သတိမေ့နေတဲ့အချိန်၊ အားအင်ချည့်နဲ့နေတဲ့အချိန်မျိုးတွင် ပယောဂမစစ်အပ်ပေ။ တိကျတဲ့အဖြေရဖို့ မလွယ်ကူ၍ဖြစ်လေ၏။ ခုလည်း ဘွားတော်ထံမှ အဖြေအမည်းစကားပြန်မရနိုင်။ သို့ဖြင့် သူ့သမီးအငယ်ဆုံးနှင့် စက်ခွဲစစ်ဖို့ ဆုံးဖြတ်ရ၏။

ကောင်မလေး ဘုရားဝတ်ပြုပြီး၍ သူတို့မိသားစုအကြောင်းမေးဖို့ မှတ်တမ်းစာအုပ်ထုတ်လိုက်၏။

"ကောင်မလေး၊ နင်တို့မိသားစုနာမည်တွေ ငါ့ကိုအကုန်ပြောစမ်း"

"အဖေက ဦးတုတ်၊ အမေက ဒေါ်နှောင်း စောစောက အစ်ကိုအကြီးဆုံး ကိုသိန်းမောင်၊ အစ်မကြီး မဲညို၊ မဝါ၊ မသိမ့်နဲ့ ကျွန်မ မိဖြူ မွေးချင်း (၅) ယောက် ဆရာကြီး"

"နင့်နောက်က အစ်မတွေပဲလား"

"ဟုတ်ကဲ့"

"အစ်မအကြီးဆုံးကဘယ်သူလဲ"

"အပြင်ပရပ်မှာထိုင်နေတာ ဆရာကြီး"

အိမ်ရှေ့ပရပ်မှာ အသက် (၃၀) ကျော် မိန်းမလတ်က မိမိအိမ်ပေါ်တက်လာစဉ် တံခါးဝနားထိုင်လို့ မိမိအားအကဲခတ်နေသူ။ သူက ယခု ကျောပေးနေလေ၏။ အမေအသည်းအသန်ဖြစ်နေတာ အနားမှာမရှိ။ ကျောပေးထားခြင်းသည် မလိုတမာစိတ်ရှိနေ၏။ ဝင်သတ်နှင့် သူတို့မိသားစု ဆွေမျိုးများအားလုံး မိမိထံ အာရုံစိုက်နေ၏။

မိဖြူနောက်က ညီအစ်မ (၃) ယောက်သည် ပေစုတ်စုတ်မျက်နှာများဖြင့် မျက်ကွင်းများညိုနေ၏။ တသော ပေါက်စိကျေးတွေ ကိုယ်စီနှိုတိုက်လို့ မိမိအား ကြည့်နေ၏။

"အေး - ဒါလောက်ဆိုရပြီ။ နင် အမေ ပယောဂစစ်မယ်။ နင့်အသ ခန္ဓာ ငါ့ကိုခဏအပ်ထား"

"ဟုတ်ကဲ့-အပ်ပါတယ် ဆရာ"

မိမိသည် မိဖြူအားချုပ်၍ ပေး။ မိခင် ဒေါ်နှောင်းအား ပယော လိုက်၏။ ဒေါ်နှောင်းမှာ ပယောဂ ၏။ မိဖြူအား တိတ်တဆိတ်စစ် ဆက်မိပြန်၏။ ထိုမှ အစ်မကြီးမဲညို တိတ်တဆိတ်စစ်မိပြန်၏။ မဝါနှင့်





www.burmeseclassic.com

www.burmeseclassic.com

ပါ ဆက်တိုက်မိလေ၏။

အမေနှင့် သမီး(၄)ယောက်စလုံး ပယောဂဆိုသော အတိုက်မိထား၏။ မိမိတစ်ယောက်တည်းသိနေပြီ။ပရိသတ်အား ကာယကံရှင်အား မပြောပြသေးပေ။ မိမိသည် စိတ်ထဲမှ အမိန့်ပေးစစ်ခြင်းသာဖြစ်၏။

ဦးတုတ်သည် မိမိအိမ်ရောက်ကတည်းက မျက်နှာမကြည်သူ။ မိမိအား လူပုံအလယ် အရှက်ခွဲထားသည်။ သူလည်း မိမိလို အရှက်ပြန်ကွဲတော့မည်။ သူ့ကို မချေပခင် မိဖြူအား အမြင်မာတ်ဖွင့်စစ်ဖို့ပြင်ဆင်လိုက်၏။

"မိဖြူ နင် အမဲသားစားလား"

"မစားဘူး ဆရာကြီး"

"အေး - သဘောကျပြီ။ နင့်ကို မာတ်ဖွင့်ကြည့်မယ်။ ငါပြောသလိုလုပ်ကြားလား"

"ဟုတ်ကဲ့ - ဆရာကြီး"

မိဖြူအား မျက်လုံးပိတ်၍ ဘုရားအာရုံပြုခိုင်းလိုက်၏။ မိမိက ဂါထာရွတ်၍ မာတ်ဖွင့်လိုက်၏။

"မိဖြူ လင်းပြီလား၊ သေသေချာချာကြည့်"

"အဖြူရောင်ပိတ်ကားကြီးလိုလင်းတယ်ရှင့်"

"အေး - တွေ့တာ ငါ့ပြန်ပြော၊ မျက်စိမဖွင့်မိစေနဲ့"

"ဘုရားတွေ့တယ်၊ အဝတ်ဖြူနှစ်ယောက် ရသေ့လိုလိုတစ်ယောက်တွေ့တယ်"

"အေး- ဟုတ်ပြီ၊ ဆက်ကြည့်စမ်း၊ တွေ့တာပြော"

"အချွန်အတက်တွေနဲ့လေးယောက်တွေ့တယ်။ နတ်သမီးလိုလို တစ်ယောက်လည်းပါတယ် ဆရာကြီး"

"အိုကေ - အဲဒါ နတ်မင်းကြီးတွေနဲ့ သူရဿတီပဲ မှတ်ထား"

မိမိသည် စိတ်ထဲမှ အမိန့်ဆက်တိုက်ပေးလိုက်၏။

"မိဖြူ နင့်ရှေ့မှာ ရောက်နေပြီ။ သေချာကြည့်"

"အမေရှိတယ်၊ အစ်မတွေအကုန်တွေ့တယ် ဆရာကြီး"

"အေး- သူတို့ဗိုက်ထဲမှာ ဘာတွေရှိသလဲ၊ သေသေချာချာကြည့်"

"အမေ့ဗိုက်ထဲမှာ လင်းလင်းလက်လက် ဖန်ဂေါ်လီလုံးလောက်တွေ့တယ်။ ဗိုက်ထဲမှာ မည်းမည်းတွေရှိတယ်"

"အေး-နင့်အစ်မတွေတစ်ယောက်ချင်းကြည့်ပြန်ပြောစမ်း"

"အစ်မကြီး မဲညိုဗိုက်ထဲမှာ အမေ့လို ဂေါ်လီလုံးရှိတယ် ဆရာကြီး"

အစ်မလတ် မဝါမှာလည်း ရှိတယ်ရှင့်။

အစ်မငယ် မသိမ့်ဗိုက်ထဲမှာလည်းတွေ့တယ်ရှင့်"

မိမိ သတိတစ်ချက်မေ့သွားသည်။ မိဖြူအား အတိအကျမစစ်ရသေး။ စိတ်ဖြင့် အမိန့်ပေးလိုက်၏။

"မိဖြူ နင့်ပုံတူရှေ့ရောက်နေပြီ၊ သေချာကြည့်"

"ဟုတ်ကဲ့ - ကျွန်မပုံတွေ့တယ်"

"သေချာကြည့်စမ်း၊ စောစောကလိုပဲလား"

"ဟုတ်- ကျွန်မဗိုက်ထဲမှာဖန်ဂေါ်လီလုံးလေးရှိတယ်ဆရာကြီး"

"အေး - ရပြီ၊ ဘုရားဝတ်ချလိုက်တော့"

ဦးတုတ်ခမျာ ကျားရှေ့မှောက်လျက်လဲပြီ။ မိမိကို အရင်ဆရာတွေလို့ အထင်သေးထားတဲ့သူ။ သင်း- ဒီတစ်ချီတွေ့ပြီပေါ့။ မိမိစိတ်မှ ကျိတ်ပြုံးလိုက်၏။

ထိုအချိန် ဖိုးချစ်သဲအား မျက်ရိပ်ပြလိုက်၏။ မိမိအနား တီးတိုးမေးလာ၏။

"ဦးစိုး အခြေအနေကောင်းလား"

"အေး - တွေ့တယ်။ ဘွားတော်နဲ့ သမီးလေးယောက်စလုံးပဲ။သနွေဘူးတွေကွ။ တစ်အိမ်လုံးစုန်းတတ်နေတာ ဘယ်လိုပြောရင်ကောင်းမလဲ စဉ်းစားနေတာကွ"

ဒီအချိန် ဖိုးချစ်သဲက မိမိအား အထင်သေးအမြင်သေးအပြောခံထားရတော့ သူလည်း အစာကြေမည်မထင်။

"ဒီကိစ္စ ကျွန်တော့်တာဝန်ထား၊ ဒါမျိုးတွေ့ချင်နေတာ"

မိမိပယောဂစစ်ဆေးစဉ် ဦးတုတ်သည် အိမ်ရှေ့ပရပ်မှ ညည်းသည်တွေနှင့် စကားပြော၍ မိမိအားကျောပေးထားတော့ ဖိုးချစ်သဲက အသံမာမာနှင့်အော်လိုက်၏။

"ဘိုးတော် လာပါဦး၊ ပြောစရာရှိလို့"

ဦးတုတ်သည် အိမ်မထဲဝင်ကာ ဖိုးချစ်သဲနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ခင်ဗျားကဲ ဦးစိုးကို သာမညောင်ညထင်တာကိုး။ အခု ခင်ဗျားဘွားတော်နဲ့သမီးတွေအကုန်လုံး အတိုက်တွေနဲ့ ဘာပြောချင်သေးလဲ"

ဦးတုတ်ကလည်း မခံပေ။ အသံကျယ်ကျယ်နှင့် ပြန်အော်လေ၏။

"မဖြစ်နိုင်တာ၊ နတ်ချောင်းဆရာနှစ်ယောက်က မရှိဘူးပြောပြီးသား။ မင်းတို့ကျမှရှိတယ်ဆိုတော့ ကွာ"

ဦးတုတ် ဒီလိုချေတော့ ဖိုးချစ်သဲက စိတ်ပိုတို ဒေါသနှောပြောပြန်၏။

"ဒီမယ် - ဒီက ခပ်ညံ့ညံ့ဆရာမဟုတ်ဘူးဗျ။ ညာစားဝါးစားထင်တာလား။ အဲဒီဆရာတွေနဲ့ မတိုင်းနဲ့။ ပညာမတူဘူးဗျ။ ပညာကွာတယ်"

ဦးတုတ်ကလည်း သေးသေးမှမခံ၊ ဖိုးချစ်သဲအား ပြန်အော်လေ၏။

"ဟေ့ - မရှိတဲ့သူက မရှိဘူးပြောပြီးပြီ။ ခုမှ လာမရှိနဲ့၊ ငါမယုံဘူး ပြန်တော့"

ဦးတုတ်သည် မိမိအား လူပုံအလယ် အရှက်ထပ်ခွဲပြန်ပြီ၊ ဒီနေရာသိက္ခာမဆည်လျှင် သင်းကအကန်းတက်ဦးမည်။ ဖိုးချစ်သဲအား လက်တို့သတိပေးလိုက်၏။ မိမိက ဦးတုတ်အားလေးလေးစားစားပြောပြလိုက်၏။

"တဲ- ဘိုးတော်၊ ခင်ဗျားခံစားရတာ ကျွန်တော်သိတယ်။ အရင်ဆရာတွေကမရှိဘူး။ ကျွန်တော်ကရှိတယ်။ ဒါက ပညာမတူဘူး။ ခုလည်း ရှိလို့ရှိတယ်ပြောတာပဲဗျ"

ဒါလည်း ဦးတုတ် အစာမကြေ။ ခေါင်းတာယမ်းယမ်းနှင့် ပြောပြန်၏။

"ဒါကတော့ ခင်ဗျားတို့ဆေးဆရာတွေပြောချင်သလိုပြောလို့ရတာပဲ။ ကျုပ်တို့မှ ဆေးမကုတတ်ဘဲ၊ တစ်ယောက်ကမရှိဘူး၊ တစ်ယောက်ကရှိတယ်၊ ဘာကိုယုံရမှာလဲ၊ ကျုပ်အမှန်အတိုင်းပြောမယ်။ မကုတော့ဘူးဗျာ၊ ပြန်ကြတော့"

အိမ်ပေါ် ကပရိသတ်များ အသံတိတ်လျက် မိမိအားငေးလျက် အားနာနေရှာ၏။ ဒီအချိန် မိမိသည်းမခံတော့ပေ။ ဖဲသမားလို ဒိုင်စားရပေတော့မည်။ ဦးတုတ်အား အသံဖွင့်၍ ပြောထည့်လိုက်၏။

"ဘိုးတော်၊ ခင်ဗျားက ကျွန်ကော့်ကိုလျှော့တွက်တာကိုး။ ခင်ဗျားကတည့်တည့်အပြောခံချင်လို့ပဲ၊ ဒီစကားမျိုးမပြောကောင်းပါဘူး။ ပြောလည်းမပြောအပ်ဘူး။ စဉ်းစောင့်ရသေးတယ်။ ဒါပေမယ့် အဲဒီစည်းမစောင့်နိုင်ဘူး။ ခင်ဗျားမိန်းမက စုန်းမကြီးပဲ။ ခင်ဗျားသမီးတွေအကုန်လုံး စုန်းမတွေ။ တစ်အိမ်လုံး စုန်းတတ်တာ ခင်ဗျားမသိဘူးလား"

ဦးတုတ်မျက်နှာစေ့စေ့ကြည့်ပြောလိုက်တော့ ဘိုးတော်မျက်နှာ ဆီးရွက်



www.burmeseclassic.com

www.burmeseclassic.com

လောက်ကျန်လေ၏။ သူ့ထံမှ စကားပြန် စောင့်သော်လည်း တစ်ခွန်းမှမဟချေ။

"ထပ်ပြောဦးမယ်၊ ခင်ဗျားမယုံရင် ခင်ဗျားမိန်းမကြီးမေးကြည့်လိုက်"

သူဘွားတော်ကြားအောင် ထပ် အော်လိုက်၏။

"ဟုတ်တယ် ကိုတုတ်၊ ဆရာပြော တာဟုတ်ပါတယ်။ .ဆရာ့ကိုမနှင်ပါနဲ့၊ ကုပေးပါဆရာ၊ သမီးတို့ ဆရာ့ကိုခေါ် ထားပါကွယ်၊ မို့ နာလှပါပြီ ကယ်ပေးပါ"

ဒီလိုဝန်ခံတာ မိမိက မကျေနပ် နိုင်။ ထပ်အော်လိုက်၏။

"ဘွားတော်၊ခင်ဗျားဘယ်လောက် ပေးသင်ထားတာလဲ ပြောလိုက်ပါဦး"

"(၁၅)ကျပ်နဲ့သင်ထားတာပါဆရာ"

"ကဲ- ဘိုးတော်၊ ခင်ဗျားရှေ့မှာယုံ ပြီလား"

ဦးတုတ်စကားပင်မဟနိုင်တော့၊ တစ်ချက်တည်းငိုင်ကျသွားလေ၏။ မိမိ မျက်နှာပင် ပြန်မကြည့်ရဲ၊ အိမ်ရှေ့ပရုပ် ထွက်ထိုင်ကာ ဆေးလိပ်ဖွာနေ၏။ သား အကြီးဆုံးခေျာရှက်နေရှာ၏။ သမီးလေး တွေက မျက်နှာငယ်လေးဖြင့်၊ ဒီအထဲ အကြီးဆုံးမက မသိသလို တစ်ခွန်းမှ ဝင်မပြော ကျောပေးမပျက်ပေ။

မိသားစုတစ်စုလုံး ငေးငိုင်သွား သလို ညှိုးသည်များပါ အံ့ဩသွားလေ ၏။ မိမိလည်း ထိုအခါမှ မှားမှန်းသိ၏။ မပြောသင့်သောစကားတွေပြောမိလိုက် ပြီ၊ စောင့်စည်းရပေမယ့် အကျင့်သိက္ခာ ဖောက်မိချေပြီ။ ဒဏ်အပေးခံရဖို့သာရှိ နေ၏။ မိမိသည် တစ်ခါတစ်ခါ စိတ်မထိန်း နိုင်။ လွတ်လွတ်သွားသေး၏။ မိမိအမှား ကြောင့် တစ်အိမ်လုံးအား ကယ်တင်ပေး ဖို့ ဆုံးဖြတ်လိုက်ရ၏။

စကားချပ် - ဤနေရာတွင် မိမိ သည် စိတ်လိုက်မာန်ပါဆေးမကုဘဲ အိမ် ပေါ် ကဆင်းခဲ့လျှင် ရိုးရိုးဆင်းခဲ့မှာမဟုတ် ပေ။ တစ်အိမ်လုံးအား ပုရွက်ဆိတ် တုတ် နှင့်ဆွသလို အမိန့်ပေးခဲ့မိမှာ သေချာ၏။ ဒီလိုအမိန့်ပေးခဲ့မိလျှင် တစ်မိသားစုလုံး ပြောင်းဆန်သွားမည်။ ဒုက္ခပင်လယ်ဝေ မှာတော့ သေချာ၏။ မိမိရည်မှန်းချက် သွားရာလမ်း အတားအဆီး ကန့်လန့် မဖြစ်စေလို၍ မေတ္တာရှေ့ထားလိုက်ခြင်း သာဖြစ်လေ၏။

ဒီနေ့ကံကောင်းသည်က အောင် သူ့ရဲ့မိန်းမလေးက ခေတ်ပွင့်၍ ဝမ်းသာ ရ၏။ မိမိအတွက် များစွာ အထောက် အကူပြုလေ၏။ ထိုစဉ် သားအကြီးမှ မိမိအနားကပ်၍ တောင်းပန်ရှာ၏။

"ဆရာ၊ အမေ့ကို ငွေမယူပါနဲ့ဗျာ၊ အမေ့ကိုကယ်ပေးပါ။ ညီမလေးတွေ လည်းကယ်ပါ"

မိမိ ခေါင်းညိတ်ပြရင်း ဆေးကုဖို့ မှိုင်းခံစက္ကူများထုတ်၍ အင်းစမများဆွဲ ရလေ၏၊ မိဖြူအား နောက်ထပ်တစ် ကြိမ်ခေတ်ဖွင့်ရသေး၏။မိခင်ဒေါ် နှောင်း ၏ရောဂါ အသေးစိတ်သိလို၍ဖြစ်ပေ၏။

ဒေါ် နှောင်းသည် ဘူးစွဲရှိသူဖြစ်ပြီး သွေးလေဖောက်ပြန်နေ၏။ ထို့ပြင် သွေး နှိုးသားနှိုးရောဂါ အစာအိမ်လား၊အူလား တစ်ခုခုတွေ့၍ ဦးတုတ်အား သတိပေး လိုက်ရ၏။

"ဦးတုတ်၊ ခင်ဗျားဘွားတော်က သွေးနှိုးသားနှိုးရောဂါရှိသေးတယ်။ အစာ အိမ်လား၊ အူလား တစ်ခုခုပဲ။ သူဗိုက်နာ တာ ဒါကြောင့်ပဲ၊ ဒါတော့ ကိုယ့်ဟာ ကိုယ်ကုကြ။ ကျွန်တော်က ပယောဂပဲ ကုပေးနိုင်တာ"

ဒီအခါ ဘိုးတော် ခေါင်းညိတ် လျက် စကားပြန်လေ၏၊

"ရွာမကဆေးဆရာပင့်ထားတယ်၊ မကြာခင်ရောက်တော့မှာပါ"

ထိုနေ့ မိမိသည် မိခင်ဒေါ် နှောင်း နှင့် သမီး (၃)ယောက်အား အပင်းချ၊ အင်းတိုက်လိုက်၏။ ဒီအချိန် အကြီးဆုံးမ အားကြည့်တော့ မတွေ့တော့ပေ။ အိမ် ထောင်ကွဲ မုဆိုးမ ရွာထဲပြန်သွားသည်ထင်၏။ ဒီမိန်းကလေးဟာ အမေအသည်းအသန် ဖြစ်တာ အနားမကပ်၊ ကျောပေးနေတာ ကေန္တ အမေသေစေချင်တာ၊ အမေသေ ရင် အမွေတောင်းဖို့စောင့်နေသည် ထင် ၏။

မိမိသည် ဖိုးချစ်သဲအား ဒီမိသားစု ပိုင်ဆိုင်သော လယ်ယာချောင်းမြောင်း အားမေးကြည့်တော့ အတော်များများရှိ ကြောင်းသိရလေ၏။ ဒါကြောင့်ကိုး။ ဒီမိန်းကလေးအား ဒဏ်ပေးရမည်၊ စိတ်ထဲတေးထားလိုက်၏။ ထိုနေ့ နေ့လယ်ပိုင်း ရွာအပြန် အောင်သူမှ ဆီဖိုးတစ်ထောင် ပေး၍ တော်သေး၏။

ဒုတိယနေ့ အပင်းများကျ၍ အင်း မီးဆက်တိုက်ထွန်းရ၏၊ အိမ်ရှင်တွေက ညှိုဝတ်ကျေလှ၏။ ဆေးလိပ်၊ ကွမ်းယာ တောင် မိမိအသင့်ပါလာလို့ ထမင်း ကျွေးဖို့ပေးလေစွ။ တတိယနေ့တွင် မိခင် ဒေါ် နှောင်း ကျန်းမာလာ၏။ လမ်း လျှောက်နိုင်လာ၏။သမီးများအားဆက် တိုက် မီးထွန်းပေးရ၏။

ထိုနေ့ အကြီးဆုံးမအားမတွေ့၍ မိဖြူအားမေးရာ ပထမနေ့ကလာအပြီး နောက်နေ့တွေမလာကြောင်းပြောလေ ၏။

"မိဖြူ နင့်အစ်မကြီးက နင့်အမေ ကို သေစေချင်တာ၊ အမေသေရင် အမွေတောင်းဖို့လာတာမဟုတ်လား"

မိဖြူသည် အမှန်တိုင်းဝန်ခံရှာ၏။

"ဆရာကြီးပြောတာဟုတ်တယ်၊ အစ်မကြီးက တအားလောဘကြီးတယ်၊ အမေနေမကောင်းခင်ကလည်း အမွေ တောင်းတယ်။ အခုမေ အသည်းအသန် ဖြစ်တော့လည်း အမွေရချင်တော့လာ တယ်။ အမေ့ကိုသေစေချင်တာဟုတ် တယ်"

မိမိက မချိပြုံးပြုံးမိလေ၏၊

"ခု နင့်အမေကကျန်းမာလာတော့ ငါ့ကိုပါ အမြင်ကတ်နေပုံပဲ။ ဒီနေ့ည ဆိုင်ရာနဲ့ ဒဏ်ပေးလိုက်ဦးမယ်၊ နင့် အမေ အသက်ဘယ်လောက်ရှိပြီလဲ"

"အမေက (၇၀)၊ အဖေက (၆၅) အမေကကြီးတယ်"

"ဒီနေ့ည နင့်အစ်မကြီးကို ကျော တစ်ဆယ်၊ ရင်တစ်ဆယ် ဒဏ်ပေးလိုက် မယ်"

မိဖြူသည် စပ်စုသူပမာ တိုးတိုး မေးလေ၏၊

"အစ်မကြီးကို ကြိမ်ဒဏ်ခတ်မှာ လား"

"အေး- မိဘစော်ကားလို့ ကျေးဇူး ကန်းလို့"

"ဘယ်အချိန်လောက်ဒဏ်ပေးမှာ လဲ ဆရာ"

"ည (၉)နာရီလောက်ပေါ့၊ အေး လူတွေလျှောက်မပြောနဲ့၊ မနက်ဖြန်ဖြန် လာမယ်။ ကဲ- သွားပြီ"

မိမိသည် ဆိုင်ကယ်အိုလေးဖြင့် ရွာပြန်ခဲ့လေ၏။ နောက်တစ်နေ့ မနက် ပိုင်း မိဖြူတို့အိမ်ရှေ့ရောက်တော့ မိမိ အား တားရှဲမေးပြန်လေ၏။

"ဆရာပြောရော ရှိလို့"

"အေး- ဘာလဲပြော"

"ဟိုလေ၊ ည (၉) နာရီ ကျွန်မ အစ်မကြီးတို့အိမ်နားသွားချောင်းတော့ အစ်မကြီးအော်သံကြားရတယ်။ အမ လေးအလိုလေးနဲ့ကြိမ်ရိုက်သံလည်းကြား တယ်။ အဲဒါ တကယ်ရိုက်တာလား"

မိမိအံ့ဩသွား၏။ ပြောမိတာမှား လေစွ။


"သယ်- ဒီကောင်မလေး နင့်ကို ဘယ်သူသွားခိုင်းလဲ၊ စပ်စပ်စုစုဟာ"

မိဖြူက မလျှော့သေး ဆက်ပြော ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com




တင်ထွန်း(စက်မှု-၂)ငြိမ်း

# ကင်ဆာရောဂါကို လုံးဝပျောက်ကင်းစေတဲ့ သင်္ဘောရွက်

မြန်မာနိုင်ငံအတွင်းရှိ အချို့သော သူတို့မှာ မြန်မာ့တိုင်းရင်းဆေးတို့ကို အထင်အမြင်သေးတတ်ပါတယ်၊ ထိုသို့ ဖြစ်ရခြင်း အကြောင်းရင်းက မြန်မာ့တိုင်းရင်းဆေးများက 'အနောက်တိုင်း ဆေးဝါးများလို ငွေကြေးတန်ဖိုးတာ မမြင့်မားတတ်ကြဘဲ အလွယ်တကူရရှိနိုင်ကြသလို မြန်မာ့တိုင်းရင်းဆေးများကို သုံးစွဲကြတဲ့ကာလမှာလည်း သကြား အုပ်ထားတဲ့ နိုင်ငံခြားဆေးဝါးများလို မကောင်းကြဘဲ အစင်ဆိုးရွားလှတဲ့ အတွက်ကြောင့်လည်း ဖြစ်ပါတယ်၊ အနောက်တိုင်းဆေးဝါးများဟာ ဓာတုပစ္စည်းများရောနှောထားကြတဲ့အတွက်ကြောင့် မြန်မာ့ရိုးရင်းဆေးဝါးများကဲ့သို့ အစွမ်းမထက်ကြောင်းကို သိရှိရပါတယ်။

စာရေးသူရဲ့ဖနီးဖြစ်သူမှာလည်း မြန်မာ့တိုင်းရင်းသားဆေးများကို အထင်မကြီးတတ်သူထဲတွင် တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ စာရေးသူရဲ့ဇနီးဖြစ်သူဟာ အငြိမ်းစားဝန်ထမ်းတစ်ယောက်ဖြစ်ပြီး အနောက်တိုင်းဆေးဝါးများကို အထင်အလွန်ကြီးတတ်သူတစ်ဦး ဖြစ်ပါတယ်။ ခရစ်နှစ် ၂၀၁၄၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ အဆုတ်ကင်ဆာဖြင့် ကွယ်လွန်ခဲ့ပါတယ်။ စာရေးသူက သင်္ဘောရွက်အရည်က ကင်ဆာ (ခေါ်) မြစ်ပွားနာရောဂါကို အလွန်နိုင်နင်းကြောင်း ပြောကြားခဲ့သော်လည်း သိလျက်နှင့်ဝိပါက်တာယ်ကြမ္မာငင်ခဲ့ပြီး ယခုအချိန်ကာလမှာတော့ ရေဓာသုသာန်မှာ တစ်ဘဝတစ်ခေတ်သိမ်းခဲ့ပြီးလည်း ဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင် သင်္ဘောရွက်အရည်ကိုညှစ်ပြီး ဇနီးဖြစ်သူအား တိုက်ကျွေးခဲ့သော်လည်း ဇနီးဖြစ်သူက လုံးဝအယုံအကြည်မရှိ သွန်ပစ်ခဲ့ဟုကိုယ်တိုင်မြင်လိုက်ရသည်ခြင်းလည်း ဖြစ်ပါတယ်၊ အလွန်ခေါင်းမာသူတစ်ဦးဖြစ်လို့လည်း

"မနက်လင်းတော့ အစ်မကြီးအိမ် အခြေအနေသွားကြည့် အိမ်ရှေ့က ခေါ်တော့အပြင်မထွက်ဘူး။ ခြင်ထောင်ထဲကပြန်အော်တာ ကိုယ်တွေတအားနာလို့ မထနိုင်ဘူးတဲ့ ဆရာကြီး",

စိတ်တိုဟန်ဖြင့် အော်ငေါက်သတိပေးလိုက်ရ၏။

"နင့်ဟာလေ ပြောလေကဲလေ တိုယ်သိရင် တိုယ့်စိတ်ထဲထားပါလား။ ငါ့ကအရေးမကြီးဘူး။ ဘေးလူသွားမပြောနဲ့၊ အရှက်ကွဲမယ်"

"ကျွန်မက တကယ်ဟုတ်၊ မဟုတ်သွားကြည့်တာပါ။ ထတာယ်ခံရတာ ဆရာကြီးရဲ့"

"ကဲ- တော်တော့။ အိမ်ပေါ်တက် ဆေးကုရဦးမယ်"

တော်တော်စပ်စုတဲ့ကောင်မလေး။ အသက်ကလည်း (၂၀)လောက်ဆိုတော့ စူးစမ်းချင်မှာပဲ။ ကိုယ်တိုင်သွားချောင်းတယ်တဲ့၊ မိမိလာပြောလို့တော်သေး၊ ဘေးလူဆို သွားပြီ။

ဒီလိုနှင့် တစ်ရက် တစ်ရက်သွားလိုက်ပြန်လိုက် သားအမိ (၄) ယောက် ကျန်းမာသွားစွဲ ဆယ်ရက်ပြည့်လို့ ဆယ့်တစ်ရက်နေ့မှာ ဆေးကုခြင်းပြီးမြောက်လေ၏ ဆေးကုပြီး၍ မိသားစုအားနှုတ်ဆက်သောအခါ ညီအစ်မတစ်တွေက မိမိအား တီးတိုးမေးကြ၏၊

"ဆရာကြီး၊ ကျွန်မတို့ညီအစ်မတစ်တွေ တစ်လတစ်ခါ၊ နှစ်လတစ်ခါ တက်တဲ့ရောဂါပျောက်ပါ့မလားရှင့်"

သူတို့ စိုးရိမ်စွာတော့ မေးသည်၊ မိမိကလည်း နောကျေခဲ့ပြီးသားမို့ ခပ်တွေတွေပြောလိုက်၏၊

"မတက်တော့ဘူး၊ နင်တို့ညီအစ်မတွေ တက်ချင်ပါတယ်ဆိုလို့ မတက်ဘူး၊ ကဲ - ရှင်းပြီလား"

ညီမတစ်တွေ မျက်လုံးလေး ကလယ်ကလယ်နှင့် တွေနှပ်သည့်အပြုံးတွေ့ရလေ၏။ ထိုနေ့မှစ၍ ဒီမိသားစုတစ်တွေသတိမေ့အတက်ရောဂါပေါ်သံမကြားတော့ပေ။ ယခုထက်တိုင် ကျန်းမာရွှင်လန်းကြလျက် သီတင်းကျွတ်အခါမိမိအား လာရောက် ကန်တော့လေ၏။

သူတို့မိသားစု ဆေးဖိုးကန်တော့ပုံလေး သတိရသေး၏။ ပထမဆုံးနေ့ ဆိုင်ကယ်ဆီဖိုးတစ်ထောင် အောင်သူပေးလို့ရ၏။ နောက်ရက်များ ဆီဖိုးတစ်ပြားမှမပေးတော့ပေ။ ကိုယ့်ကွမ်းယာ၊ ကိုယ့်ဆေးလိပ်၊ ကိုယ့်ဆီနှင့်ကုပေးခဲ့လေ၏။ ထမင်းတစ်နပ်မျှမစားခဲ့ရပေ၊ အိမ်က ကြိုတင်ထမင်းမစားခဲ့ရလျှင် ထိုရက်များ ထမင်းတစ်နပ်ငတ်မှာသေချာ၏။ တစ်လလောက်ကြာတော့ ဖိုးချစ်သဲက မိမိအား ဆေးဖိုးတယ်လောက်ကန်တော့သလဲမေးတော့ မိမိဘာပြောရမှန်းပင်မသိ။ ကိုယ့်က ငွေတောင်းရတဲ့ ဆရာလည်းမဟုတ်လေတော့ အမှန်အတိုင်းပြောပြရတာပေါ့။ အောင်သူပေးတဲ့ဆီဖိုးတစ်ထောင်ရတဲ့အကြောင်းပြောတော့ မောင်မင်းကြီးသား ဒေါကန်လေပြီ။ ထိုမိသားစုအား အပြစ်တင်နေ၏၊

မိမိက အပြစ်မတင်ဖို့၊ ပညာနဲ့ ပါရမီရှာတဲ့သူမို့ ကန်တော့သည်ဖြစ်စေ၊ မကန်တော့သည်ဖြစ်စေ တစ်ပါးသူဝေဒနာပျောက်ကင်းလျှင် ဝမ်းသာတဲ့အကြောင်းပြောရင်း သူ့အားနှစ်သိမ့်ပေးရ၏၊

နောင် (၃)လကြာသည့်အခါတွင် ဖိုးချစ်သဲက မိမိအား ငွေတစ်သောင်းတိတိ လာကန်တော့၏၊ ထိုမိသားစုအား အပြစ်ပြော၍ တောင်းခဲ့သတဲ့၊ ဒီတော့လည်း ခ'ရီးစရိတ်၊ ဆိုင်ကယ်ဆီဖိုး ကာလေပြီပေါ့ဗျာ၊


(စာကြွင်း - ဝေဒနာသည်အားနာမည်လွှဲသည်မှအပ မိမိ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်အား ကြိုးစား၍ရေးသားပါသည်။)

စိုးမင်း (မြောက်ဥက္ကလာပ)



www.burmeseclassic.com

www.burmeseclassic.com



အသေစောခဲ့ရခြင်း ဖြစ်ပါတယ်။

သင်္ဘောပင်ကို လက်တင်အားဖြင့် Carica Papaya ဟု ခေါ်ပါတယ်။ အကောင်းဆုံးသော ကင်ဆာရောဂါကာကွယ်ရေးအတွက် နည်းလမ်းမှာ ကင်ဆာရောဂါမဖြစ်ခင်မှာ ကြိုတင်၍ သင်္ဘောရွက်ကို အရည်ဖြစ်အောင်ပြုလုပ်၍ နေ့စဉ်သောက်သုံးပေးခြင်း၊ သင်္ဘောသီးအမှည့်ကို နေ့စဉ်စားသုံးပေးခြင်းတို့သည် ကင်ဆာရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ပေးနိုင်ပါတယ်။ ကင်ဆာရောဂါဖြစ်ခါစ လူနာများပင် သင်္ဘောရွက်ရည် နေ့စဉ်သောက်သုံးပေးခြင်းအားဖြင့် ဖြစ်ခါစကင်ဆာဆဲလ်များပင်လုံးဝပျောက်ကင်းတတ်ကြောင်းကို ရေးသား ဖော်ပြလိုပါတယ်။ စာရေးသူကိုယ်တိုင် ကင်ဆာရောဂါဖြစ်ခါစ လူနာများကို သင်္ဘောရွက်ရည်ဖြင့်ကုသပေးခဲ့ပါတယ်။ မကြာမီကာလမှာ ကင်ဆာဆဲလ်များ လုံးဝပျောက်ကင်းသွားခဲ့ကြပြီး ယခုထက်တိုင် အသက်ရှင်လျက်ရှိကြပါတယ်။

ကင်ဆာရောဂါဝေဒနာ ဆယ်ဦးခန့်ကို လက်တွေ့ကုသပေးခဲ့ပြီး ယခုတိုင် အသက်ရှင်လျက်ရှိကြပြီး ကင်ဆာဆဲလ်များလည်း ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့ပါတယ်။ ရွာနားမြက်ရွာနားမစားသလို စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရလို့ ရင်ထုမနာဖြစ်ပြီး ဆောင်းပါးကို ရေးသားဖော်ပြခြင်းလည်း ဖြစ်ပါတယ်။ အခြားသော ကင်ဆာဖြစ်ခါစ ဝေဒနာရှင်များကို စာရေးသူ ကုသလို့ရနိုင်ခဲ့သော်လည်း စာရေးသူရဲ့ဇနီးဖြစ်သူကိုတော့ လက်မြှောက်အရှုံးပေးခဲ့ရတဲ့အတွက် ရင်ထုမနာလည်းဖြစ်ခဲ့ရပါတယ်။

တစ်နည်းအားဖြင့် စာရေးသူရဲ့ ဇနီးဖြစ်သူ၏ဖြစ်ရပ်က လောကသာရပျို့၌ ရေးသားဖော်ပြထားသလို -

ပညာမတတ်ကြတဲ့ သူများဟာ မျက်စိများရှိပါလျက်နှင့် မမြင်တတ်သူများဖြစ်ကြလျက် အကောင်းနှင့်အဆိုးများကို မခွဲခြားတတ်ဘဲ လူဖြစ်ပြီး လူဖြစ်ရကျိုးမနပ်တဲ့ လူသားများသာဖြစ်ကြပါတယ်။

တစ်နည်းအားဖြင့် စာရေးသူရဲ့ ဇနီးဖြစ်သူ၏ဖြစ်ရပ်က ပေးကားပေး၏မရ ကျွေးကားကျွေး၏မဝ ဆိုသကဲ့သို့ စာရေးသူပေးခဲ့သော်လည်း ဇနီးဖြစ်သူက ရအောင်မယူတတ်ခဲ့ပါ။ နောက်လူများကိုလည်း စာရေးသူဇနီးကဲ့သို့ ခေါင်းမမာဖို့ရန်အတွက် ကြိုတင် သတိပေးရေးသားဖော်ပြခြင်းလည်းဖြစ်ပါတယ်။

စာရေးသူအနေဖြင့် မြန်မာ့တိုင်းရင်းဆေးအကြောင်းများကို စိတ်ကူးယဉ်ရေးသားဖော်ပြနေခြင်း မဟုတ်ပါ။ မြန်မာ့တိုင်းရင်းဆေးများကို အထူးစိတ်ဝင်စားသူတစ်ဦးဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးနှင့်ဆက်နွယ်တဲ့ ဆောင်းပါးများကို ရေးသားဖော်ပြနေခြင်းလည်း ဖြစ်ပါတယ်။ စာရေးသူ မြန်မာ့တိုင်းရင်းဆေးများရဲ့ အာနိသင်များကို လေ့လာလိုက်စားနေရခြင်းရဲ့ အဓိကအကြောင်းရင်းက ဇီဝိတဒါနလို့ ခေါ်တဲ့ သူတစ်ပါးအသက်ကိုကယ်တင်လို၍ဖြစ်ပါတယ်။ စာရေးသူကိုယ်တိုင်မှာ လည်း သင်္ဘောရွက်ရည်ကို နေ့စဉ်သောက်သုံးပေးခြင်း သင်္ဘောသီးအမှည့်ကို နေ့စဉ်စားသုံးခြင်းတို့ကြောင့် ကင်ဆာရောဂါမဆိုထားနှင့် အခြားမည်သည့်ရောဂါများမျှ မဖြစ်ပေါ်ဘဲ ယခုအသက် (၇၀) အရွယ်အထိ ကျန်းမာသန်စွမ်းလျက်ရှိပါတယ်။



မြန်မာ့စကား ဆောင်ပုဒ်တစ်ခုရှိပါတယ်၊ အဲဒါက အသက်ဉာဏ်စောင့်၊ ဉစ္စာကံစောင့်ဆိုသကဲ့သို့ အသက်ရှည်ဖို့ရန်အတွက် မိမိ၏အသိဉာဏ်ဖြင့် စောင့်ထိန်းရပါမယ်။ စာရေးသူထံပါးမှာလည်း ရှေးမြန်မာတိုင်းရင်းဆေးကျမ်းစာအုပ်များရှိလို့သာ ခုလိုရေးသားဖော်ပြနိုင်ခြင်းလည်း ဖြစ်ပါတယ်။ မြန်မာတိုင်းရင်းဆေးများကို စိတ်ကူးယဉ်ရေးသားဖော်ပြလို့မရနိုင်ပါ။ မိမိကိုယ်တိုင် ရှေးမြန်မာတိုင်းရင်းဆေးကျမ်းများကို လေ့လာလိုက်စားပြီး အဓိကအကြောင်းကို ကိုးကားပြီးမှ ရောဂါဖြစ်နေကြတဲ့ လူနာများကို လက်တွေ့ကုသရပါတယ်။

အဓိက စာရေးသူ ရေးသားချင်တာက တောရွာကလူတွေနဲ့ မြို့ပေါ်ကလူတွေ မည်သူတွေအသက်ပိုရှည်ကြသလဲ။ မည်သူတွေကျန်းမာနေကြသလဲ။ တောရွာမှာ အလွယ်တကူရနိုင်သည်တာ မြန်မာ့တိုင်းရင်းဆေးများသာ ဖြစ်ကြပါတယ်၊ တောရွာမှလူတွေ အသက်ရှည်နေကြရခြင်း၏ အဓိကအကြောင်းရင်းက မြန်မာတိုင်းရင်းဆေးများကြောင့်ဖြစ်ကြောင်း မည်သူမျှမငြင်းနိုင်ပါ။ စာရေးသူကိုယ်တိုင်မှာလည်း မြန်မာ့တိုင်းရင်းဆေးဝါးများကို မှီဝဲနေခြင်းကြောင့် ယခုထက်တိုင် မည်သည့်ရောဂါမျှမဖြစ်ပေါ်ဘဲ ကျန်းမာပကတိ ချမ်းသာစွာရှိနေပါကြောင်းကို ဤဆောင်းပါးဖြင့် ပြည်သူတွေအကျိုးအတွက် ရေးသားဖော်ပြလိုက်ပါတယ်။

လက်တွေ့သည် စာတွေ့ထက်ပိုကောင်းမွန်ပါသည်။

*Practical is better than theory.*

တင်ထွန်း(စက်မှု-၂၊ ငြိမ်း)




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက် စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်




၁-၉-၂၀၁၇ နေ့ ဇာတာခွင် | ၁၁-၉-၂၀၁၇ နေ့ ဇာတာခွင် | ၂၁-၉-၂၀၁၇ နေ့ ဇာတာခွင်

ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက် တက်ရိပ်ကျရိပ်နေးကွေးသလို ရှိလာမည်။ ငွေကြေးဈေးကွက် ကမောက်ကမဖြစ်မည်။ ကျောက်မျက်ဈေးကွက်ပုံမှန်မဟုတ် အကျဘက်ပို ယိုင်တတ်မည်။ စတော့ရှယ်ယာ ဈေးကွက်ငြိမ်သက်နေမည် ဖြစ်တတ်သော်လည်း ထိုးတက်တတ်မည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက်တည်ငြိမ်နေမည်။ အလှအပနှင့်ဖက်ရှင်ဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်နှင့်ခရီးသွား၊ သယ်ယူပို့ဆောင်ရေးဈေးကွက်တို့ အတက်အကျမမှန် အနိမ့်ဈေးဘက် ရောက်တတ်မည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ စာနယ်ဇင်းနှင့် မီဒီယာဆိုင်ရာ၊ လျှပ်စစ်အီလက်ထရွန်နစ်ရေဒီယိုပစ္စည်းဆိုင်ရာဈေးကွက်တက်ရိပ်ကျရိပ် ပုံမှန်မဟုတ်။ ကျဈေးမိတတ်မည်။ ကုန်မာနှင့်ဆောက်လုပ်ရေးပစ္စည်းဆိုင်ရာ၊ သံနှင့်စက်ပစ္စည်းဆိုင်ရာ တပြောင်းကပြန်ဖြစ်ပြီး ကျရိပ်ပိုမြင့်တက်မည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံ မြေလုပ်ငန်းဈေးကွက် တက်ရိပ်ကျရိပ် ရှုပ်ထွေးနေမည်။ ရေလုပ်ငန်းဆိုင်ရာ ဈေးကွက်ဖောက်ပြန်မည်။ မွေးမြူရေးနှင့် စိုက်ပျိုးရေးပစ္စည်းဆိုင်ရာ အမြင့်ဆုံးဈေး တွေ့ရမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်အတက်အကျထိုင်းမှိုင်းနေမည်။ ငွေကြေးဈေးကွက်အမြင့်ဈေးကွက်မျှော်မှန်းမရဖြစ်နေမည်။ ကျောက်မျက်ဈေးကွက် အနိမ့်ဈေးကိုထိုးထွက်နေမည်။ စတော့ရှယ်ယာဈေးကွက်ငြိမ်သော်လည်း အမြင့်ဈေးကို မျှော်နေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းဈေးကွက်အတက်အကျနှေးကွေးနေမည်။ အလှအပနှင့် ဖက်ရှင်ဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်နှင့်ခရီးသွား၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ရောင်းဝယ်ရေးဈေးကွက်ထိုင်းမှိုင်းပြီး အကျဘက်ယိုင်တတ်မည်။ ဖုန်းနှင့်ဆက်သွယ်ရေး၊မီဒီယာနှင့်စာနယ်ဇင်းဈေးကွက်တက်ရိပ်ကျရိပ်လှုပ်ခတ်နေပါမည်။ လျှပ်စစ်အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာ၊ သံနှင့်ကုန်မာပစ္စည်းပုံမှန်မဟုတ် ဖောက်ပြန်နေမည်။ ဆောက်လုပ်ရေးပစ္စည်းအသင့်အတင့်ကောင်းသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းမကောင်း။အိမ်ခြံမြေဈေးကွက် မျှော်လင့်တကြီးထား၍မရ။ စိုက်ပျိုးမွေးမြူဈေးကွက်ကောင်းသလိုရှိသော်လည်း ရေလုပ်ငန်းထွက်ပစ္စည်းဈေးကွက်မကောင်း။

တတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက်ငြိမ်သက်နေပါသော်လည်း အမြင့်ဈေးမျှော်၍ ရသည်။ ငွေကြေးဈေးကွက်လှုပ်ခတ်မှုများများပြီး ထောင်တက်တတ်မည်။ ကျောက်မျက်ဈေးကွက်နှေးကွေးနေမည်။ စတော့ရှယ်ယာဈေးကွက်ပုံမှန်မဟုတ်သော်လည်း တက်ဈေးတွေ့မည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ စာနယ်ဇင်းနှင့် မီဒီယာဈေးကွက်မငြိမ်သော်လည်း အမြင့်ဈေးတွေ့မည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်နှင့်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ရောင်းဝယ်ရေးဈေးကွက်လှုပ်ရှားမှုမရှိ။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက်ပုံမှန်ဖြစ်လာမည်၊ လျှပ်စစ်၊ အယ်လီထရွန်နစ်၊ ရေဒီယိုဆိုင်ရာပစ္စည်းဈေးကွက်မှုမမှန်သော်လည်း ကုန်မာ၊ ဆောက်လုပ်ရေးပစ္စည်း၊ သံနှင့်စက်ပစ္စည်းများ ဈေးကွက်ငြိမ်နေမည်။ အိမ်ခြံမြေဈေးကွက်ပုံမှန်မဟုတ်သေး။ ရေလုပ်ငန်းဆိုင်ရာ၊ စိုက်ပျိုး၊ မွေးမြူဆိုင်ရာဈေးကွက်တက်ရိပ်ရှိမည်။

မင်းရှိန်အောင်

www.burmeseclassic.com

(၁)

ကျွန်ုပ်၏မှတ်စုစာအုပ်ကို ပြန်လည်ဖတ်ရှုကြည့်သောအခါတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကုန်သွယ်/လယ်ယာ မြို့နယ်မန်နေဂျာတာဝန်ထမ်းဆောင်နေစဉ် ၁၉၉၄-၉၅ စပါးရာသီ၏ တစ်ခုသောနေ့တွင် မြို့မစပါးဒိုင်၏ ဒိုင်ခွဲတစ်ခုဖြစ်သော ညောင်ပင်ဆိပ်ဒိုင်သို့ သွားရောက် စစ်ဆေးကြောင်း မှတ်သားထားသည်ကို တွေ့ရှိရသည်။

နေ့မှာ ၃၀ - ၁ - ၉၅ ဖြစ်လျက် မြန်မာလအနေဖြင့် ပြာသိုလကွယ်နေ့ဖြစ်လေသည်။ ကျွန်ုပ်နှင့်အဖော်လိုက်ပါသူမှာ ဆရာနုဖြစ်ကြောင်းလည်း မှတ်သားထားသည်ကို တွေ့ရှိရ၏။

ဆရာနုသည် မြန်မာ့ရိုးရာဗေဒင်ပညာကို တတ်ကျွမ်းသည့်အပြင် မြန်မာဆေးလည်းကုသ၏။ စီးပွားဖြစ်မဟုတ်သော်လည်း ဝန်ထမ်းများထဲမှတစ်စုံတစ်ခုဖြစ်၍ လိုအပ်ပြီဆိုလျှင် ဆရာနုကတွက်ချက်ပြောပြပေးလေ့ရှိ၏။ လိုအပ်ပါက ဆေးလည်းကုသပေးလေသည်။

ဆရာနုသည် ပယောဂကိုလည်းနိုင်သည်။ လူတစ်ယောက် နေမကောင်းလျှင် ရိုးရိုးဖျားနာခြင်းလား၊ ပယောဂမှီနေသလားဆိုသည်ကို ဆရာနု သိ၏။ ပယောဂနှင့်ယှဉ်၍ဖြစ်ပါက ဆရာနုသည် ပယောဂဖြစ်အောင်လုပ်ထားသည့် လက်သည်ကိုဖော်ထုတ်၍ ပျောက်ကင်းအောင် မေတ္တာဖြင့် ကုသပေးသူဖြစ်၏။

ပယောဂကုရာတွင် ဆရာနုသည် အကြမ်းနည်းကိုမသုံး၊ ရတနာသုံးပါးဂုဏ်တော်နှင့် မေတ္တာတရားကို အခြေခံလျက် ကုသလေသည်။

ညောင်ပင်ဆိပ်ဒိုင်ခွဲမှ ဒိုင်မှူးမှာ ကိုညိမ်းမောင်ဖြစ်၏။ ဆရာနုဒိုင်မှူးဖြစ်ခဲ့စဉ်က ကိုညိမ်းမောင်သည် ဆရာနု၏ တပည့်ဖြစ်ခဲ့ဖူး၏။ ယခုသော် ဆရာနုသည် အသက် (၆၀)ပြည့်တော့မည်ဖြစ်၍ ပင်စင်ယူခါနီးဖြစ်လေသည်။ သူ့အား ဒိုင်မှူးကဲ့သို့ ကြီးလေးသောတာဝန်များ မပေးတော့ဘဲ မြို့နယ်ရုံးစာပေးစာယူဌာနတွင် တာဝန်ချထားပေးခြင်းဖြစ်လေသည်။

၃၁-၁-၉၅ သည် လစာထုတ်ရက်ဖြစ်၍ ကျွန်ုပ်သည် ဝန်ထမ်းများ၏လစာဘီလ်များ၊ အခြားအသုံးစရိတ်ဘီလ်များကို စစ်ဆေး၍ ချက်လက်မှတ်တွင် လက်မှတ်ထိုးပေးရလေသည်။

ချက်လက်မှတ်များကို လက်မှတ်ထိုးပေးပြီးနောက် ၃၀-၁-၉၅ နေ့ နံနက် (၉) နာရီခန့်တွင် လှေတစ်စင်းဖြင့် ညောင်ပင်ဆိပ်ဒိုင်သို့ ဆရာနုနှင့်အတူ ထွက်ခွာလာခဲ့ကြပါသည်။ လှေမှာ စက်တပ်လှေမဟုတ်ပါ။ လက်ခတ်လှေဖြစ်၏။ လှေထိုးသားတစ်ယောက်သည် လှေကိုလှော်ခတ်ကာ ချောင်းရိုးအတိုင်းလိုက်လာကြပါသည်။

ချောင်းအတွင်းရွှေ့မျောနေသော ဗေဒါပင်ကလေးများကို စိမ်းစိမ်းစိုစို အရွက်များ၊ ခရမ်းရောင်အပွင့်ကလေးများနှင့်မြင်ရသည်မှာ စိတ်ကြည်နူးစရာဖြစ်ပါသည်။ ချောင်းကမ်းပေါ်တွင် ဘက်ဘက်၌ ပြည်တော်အေးဆန်စက်ကို လည်းကောင်း၊ ညာဘက်တွင် ဓနဂုဏ်ဆန်စက်ကို လည်းကောင်း တွေ့ရပြီး မီးခိုးတလူလူနှင့် စပါးများကြိတ်ခွဲလျက်ရှိကြောင်း တွေ့မြင်ရပါသည်။

ကျွန်ုပ်အတူ ဆရာနုသည် စကားတပြောပြောနှင့်လာခဲ့ကြရာ ဆရာနုပြောသောစကားများတွင် သူသည် သရဏဂုံ (၃) ပါးကို အမြဲယုံကြည်ကိုးကွယ်ကြောင်း၊ ရေသောက်လျှင်ဖြစ်စေ အစားအစာတစ်ခုခုကိုစားလျှင်ဖြစ်စေ သေချာစွာကြည့်၍ မြတ်စွာဘုရားကို အာရုံပြုကာ သရဏဂုံ(၃)ပါးကိုရွတ်ဆိုပြီးမှစားသောက်ကြောင်း၊ အကျိုးကျေးဇူးအနေဖြင့် အစာတွင် အဆိပ်ခတ်ခြင်း၊ အပင်းထည့်ခြင်း စသောကိစ္စများ မကြုံတွေ့ရကြောင်း၊ အကယ်၍ မနာလိုသူတစ်ဦးမှ အစာတွင် အဆိပ်ခတ်ထားပါက သို့မဟုတ် အပင်းထည့်ထားပါက ထည့်ထားသောအပင်းကို ရိုးရိုးမျက်စိဖြင့်ပင် မြင်တွေ့ရကြောင်းတို့ကို ပြောပြပါသည်။

အစာမစားမီ သရဏဂုံ (၃) ပါး ရွတ်ဆိုခြင်းကို နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲ ပြုလုပ်လာခဲ့သဖြင့် အကျင့်ဖြစ်နေပြီဖြစ်ကြောင်း၊ သူတို့ရွာပတ်ဝန်းကျင်တွင် စုန်းများရှိ၍ ဆရာနုကို ပညာစမ်းလေ့ရှိကြောင်း၊ နောက်ဆုံး မည်သို့မျှပြုလုပ်၍ မရမှ နောက်ဆုတ်သွားကြကြောင်းလည်း ပြောပြပါသည်။

ကျွန်ုပ်တို့သည် လှေကလေးစီး၍ လာကြရာတွင် ချောင်းကမ်းပေါ်တွင် ဥယျာဉ်ခြံမြေများ၊ ငှက်ပျောခင်းများကို တွေ့ရပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သွားမည့် ညောင်ပင်ဆိပ်ကျေးရွာသို့ ရောက်ရှိကြပါသည်။

(၂)

ဒိုင်မှူးကိုညိမ်းမောင်သည် ကျွန်ုပ်တို့အားကြိုဆိုကာ ဒိုင်ရှိရာသို့ခေါ်သွားပါသည်။ လမ်းတစ်လျှောက်တွင် ဒိုင်၌ အလုပ်လုပ်ကြသော အလုပ်သမားများ နေထိုင်သည့် အိမ်ကလေးများကိုတွေ့ရပါသည်။ အိမ်ရှင်မများသည်လည်း ဒိုင်အလုပ်သမားအဖြစ် အလုပ်ဆင်းနေကြသဖြင့် ကလေးများသည် အိမ်ရှေ့များတွင် ဆော့ကစားနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုင်ဝင်းအတွင်းဝင်သွားသောအခါတွင် စပါးရောင်းတောင်သူများသည် မိမိတို့စပါးများကို ကတ္တားတွင်ချိန်တွယ်ရောင်းချနေကြောင်း တွေ့ရှိရပါသည်။ ကျွန်ုပ်တို့ဗိုင်အတွင်းဝင်သွားသောလမ်းဘေးကတ္တားတစ်လုံး၌ မောင်ကျော်စိုးသည် စပါးချိန်တွယ်ဝယ်ယူနေကြောင်းတွေ့ရလေသည်။



(ဦးကုန်း)

# မင်းသန့်ကျော်

## စုန်းမီးတောက်နှင့် ငါးခြောက်အမင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ဝင်လာသည်ကိုသိသော စပါးရောင်းတောင်သူအဒေါ်ကြီးတစ်ဦးသည် လူအုပ်ထဲမှ တိုးထွက်လာကာ ဒိုင်မှူးအား စကားပြောပါသည်။

"ဒိုင်မှူး ဒိုင်မှူး၊ ကျွန်မစပါးကို ဆန်နီဖြတ်နေတယ်။ ကြည့်ပြောပေးပါဦး"

"ဩော် - ရွာက ဒေါ်ဝိုင်းစိန်ပါလား၊ ဆန်နီက ဘယ်လောက်ပါလို့လဲ"

ကတ္တားစာရေး မောင်ကျော်စိုးက-

"ဆန်နီပါတာတော့ပါတယ်။ ဒါပေမယ့် မဝယ်ရဆိုတဲ့သတ်မှတ်ထားတဲ့ အထိတော့မပါပါဘူး။ ဖြတ်တောက်ဝယ်ရင်ရတဲ့အဆင့်မှာရှိလို့ ကျွန်တော်ဖြတ်ဝယ်တာပါ"

"အဲဒါတော့ မတရားပါဘူး။ ကျွန်မဘေးက ကန်သင်းတင်လယ်က ဦးလှကြီးစပါးတွေကတော့ ဆန်နီအဖြတ်မခံရဘူး"

ထိုအခါ ဆရာနုသည် ထိုကိစ္စကို ဖြေရှင်းပေးရန်ရည်ရွယ်၍ -

"မောင်ကျော်စိုး လယ်သမားနှစ်ဦးစလုံးရဲ့စပါးနမူနာတွေယူခဲ့ကွာ"

မောင်ကျော်စိုးသည် ဒေါ်ဝိုင်းစိန်နှင့်ဦးလှကြီး၏ စပါးနမူနာများကို အနည်းငယ်စီ ဗန်းကလေးများဖြင့်ထည့်၍ ယူလာပေးလေသည်။

ဆရာနုသည် ရှေးဦးစွာ ဦးလှကြီး၏စပါးကို လက်ပွတ်ကြိတ်ထဲထည့်ကာ ကြိတ်၏ ထွက်လာသောဆန်စေ့များတွင် ဆန်နီမှတ်ပါသောဆန်ကိုမတွေ့ရချေ။

နောက်တစ်ဖန် ဒေါ်ဝိုင်းစိန်၏ စပါးကို လက်ပွတ်ကြိတ်ထဲထည့်ကာ ကြိတ်၏ထွက်လာသောဆန်စေ့များတွင် ဆန်နီမှတ်ပါသောဆန်ကို ရွေးထုတ်၍ ဖန်ပြောင်းထဲထည့်တိုင်းကြည့်သောအခါ ဆန်နီမှတ်တွေ့ရ၏။ သို့သော် မဝယ်ရန် သတ်မှတ်ထားသည်ထိမပါချေ၊ ဖြတ်တောက်ဝယ်လျှင်ရသည့်အဆင့်ဖြစ်၍ ဖြတ်တောက်ကာ ဝယ်လိုက်ခြင်းဖြစ်လေသည်။

ဆရာနုသည် ဒေါ်ဝိုင်းစိန်အား-

"တူမကြီးစပါးတွေက ရေနက်ကွင်းစပါးလား"

"ဟုတ်ပါတယ်ရှင်"

"ရေနက်ကွင်းစပါးဆိုတော့ ဆန်နီမှတ်အနည်းနဲ့အများပါတတ်တာပဲ။ ဒါကြောင့် ဖြတ်တောက်ပြီးဝယ်လို့ရတဲ့ အဆင့်မို့ ဖြတ်ပြီးဝယ်လိုက်တာပါ။ ဦးလှကြီးစပါးမှာတော့ ဆန်နီမှတ်မတွေ့ရပါဘူး"

"ကျွန်မတစ်ဦးတည်းအဖြတ်ခံရလို့ မကျေနပ်တာပါ"

"ကျေနပ်လိုက်ပါ၊ ကျွန်တော်ကိုယ်တိုင် နမူနာယူတာပဲ"

"စပါးကတော့ ရောင်းပြီးသွားပါပြီ။ ဆန်နီမှတ်ဖြတ်ဝယ်တာကို ကျွန်မဘယ်တော့မှမကျေနပ်ဘူး"

ဒေါ်ဝိုင်းစိန်သည် မကျေနပ်ကြောင်း ထပ်တလဲလဲပြောကာ ထွက်သွားလေသည်။

ကျွန်ုပ်တို့လည်း ဒိုင်အတွင်းဝင်လာပြီး ဒိုင်စာရင်းများကို စစ်ဆေးကြပါသည်။

ထမင်းစားချိန်ရောက်သောအခါ ဒိုင်မှူးက ကန်စွန်းရွက်ကြော်၊ ငါးကြော်တို့ဖြင့် ထမင်းကျွေးလေသည်၊ ကျွန်ုပ်သည် ကျွန်ုပ်လာလျှင် ကြက်၊ ဘဲများကိုသတ်၍ဟင်းချက်သည်ကို လုံးဝမကြိုက်။ ကျွန်ုပ်အတွက် အသက်တစ်ချောင်းသေသွားရသည်ကိုမဖြစ်စေလို။ ထိုသို့ချက်ကြောင်း ကျွန်ုပ်သိလျှင် ထိုထမင်းကို ကျွန်ုပ်မစားတော့ချေ။

ဆရာနုကား သက်သတ်လွတ်သမားဖြစ်၍ ကျွန်ုပ်တို့အကြောင်းကိုသိသောဒိုင်မှူးက ဆရာနုအတွက် သက်သတ်လွတ် ကန်စွန်းရွက်ကြော်၊ ကျွန်ုပ်အတွက် ငါးကြော်တို့ကို စီစဉ်ပေးခြင်းဖြစ်၏။

ထမင်းစားလျှင် ဆရာနုသည် ထမင်းဟင်းများကိုကြည့်ကာ သရဏဂုံ (၃) ပါးကို ခပ်တိုးတိုးရွတ်ဆိုလေသည်။ ကျွန်ုပ်က သူပြီးအောင်စောင့်နေရ၏။ ဆရာနုရွတ်ဆိုပြီးတော့မှ ထမင်းစားကြ၏။

ထမင်းစားပြီးသောအခါ အလုပ်များဆက်လုပ်ကြ၏။

ဒိုင်မှူးကိုညိမ်းမောင်က -

"ဆရာတို့ ဒီနေ့ပြန်မယ်ဆိုရင် ည (၈)နာရီခွဲလောက်မှာ မြို့ကို ပန်းဂေါ်ဖီ သွားပို့မယ့် လှေတစ်စင်းတော့ရှိတယ်။ ဆရာတို့အတွက် နေရာလုပ်ပေးဖို့ပြောထားတယ်"

ထိုအချိန်တွင် ရွာမှ ရှိသမျှလှေများမှာ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ မြို့သို့ စပါးများသယ်ယူပို့ဆောင်ပေးနေရသဖြင့် အားသည့်လှေမရှိချေ။ ကျွန်ုပ်တို့အားလိုက်ပို့သောမြို့မှလှေမှာလည်း ပြန်သွားပြီဖြစ်၏။

"ဒီလှေက မနက်ပိုင်းမှာ ဝမ်းဗိုက်ပေါက်နေလို့ဖာနေရတာနဲ့ စပါးပို့တဲ့အထဲမပါတာ၊ ခုတော့ ဖာပြီးသွားလို့ စပါးပို့ဖို့လည်းအချိန်မရှိတော့လို့ ပန်းဂေါ်ဖီတွေသွားပို့မှာပါ။ နက်ဖြန်မှ စပါးဆွဲရမယ်"

"အေးလေ၊ အခုည ကျုံ့ပျော်ပြန်ရောက်ရင်ပြီးတာပါပဲ"

သို့နှင့် ကျွန်ုပ်တို့သည် စပါးရောင်းတောင်သူများနှင့် စကားပြောခြင်း၊ ဝယ်ယူသည့်လုပ်ငန်း၊ သယ်ယူသည့်လုပ်ငန်းများကို စစ်ဆေးလမ်းညွှန်မှုပေးခြင်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်လွန်သွားကာ ညနေစောင်းသို့ရောက်လာလေပြီ။

(၃)

ညနေ (၅)နာရီခန့်တွင် အသက် (၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးသည် ဒိုင်အတွင်းဝင်လာလေသည်၊ ထိုအချိန်တွင် စပါးရောင်းသူများမရှိတော့ဘဲ စက်များသို့ စပါးပို့ရန်အတွက် ချိန်တွယ်နေကြသူများလည်း အလုပ်သိမ်းစပြုနေပြီဖြစ်လေသည်။

အမျိုးသမီးသည် လက်ထဲတွင် စတီးချိုင့်တစ်လုံးကိုဆွဲလာပြီး ဒိုင်မှူးကိုညိမ်းမောင်အား ထိုချိုင့်ကလေးကို ပေးလိုက်ပါသည်။

"ကျွန်မက (xxx)ရွာက ဒေါ်ဝိုင်းစိန်ရဲ့သမီးပါ။ ဆရာတို့အတွက် ငါးခြောက်ဖုတ်တွေ အမေကပေးခိုင်းလိုက်လို့ပါ"

"ဒေါ်ဝိုင်းစိန်ကို ကျေးဇူးတင်ကြောင်း ပြောလိုက်ပါဗျာ။ မောင်ကျော်စိုးရေ၊ ချိုင့်ကိုလှယ်ယူထားလိုက်ပါကွာ"

"အမေကပြောခိုင်းလိုက်ပါတယ်။ မနက်က သူ့စပါးကို ဆန်နီဖြတ်တာကို စိတ်မဆိုးတော့ပါဘူးတဲ့။ သူ့ကိုခွင့်လွှတ်ပါလို့ အပြောခိုင်းပါတယ်"

"ဩော် - ရပါတယ်ဗျာ၊ တာဝန်အရ ဆောင်ရွက်ရတာပဲ"

ကျွန်ုပ်တို့ဒိုင်စာရင်းများကိုစစ်ဆေးနေသည်မှာ ည (၇)နာရီခန့်တွင် အားလုံးပြီးစီးသွား၍ ကျွန်ုပ်နှင့် ဆရာနုသည် ရေချိုးရန် ပြင်ဆင်ကြပါသည်။

လကွယ်နေ့ညဖြစ်၍ ညသည် အတော်မှောင်နေ၏။ ဒိုင်အတွင်း အလင်းရောင်ရရန် အောက်လင်းဓာတ်မီးတစ်လုံးကို ထွန်းညှိချိတ်ဆွဲထားသည်ကိုတွေ့ရှိရ၏။

ဒိုင်အစောင့်သည် ထမင်းစားပြီး၍ သူ့တာဝန်ထမ်းဆောင်ရန် ဒိုင်ထောင့်ရှိ လင့်စင်ကလေးပေါ်သို့ တက်သွားခဲ့လေပြီ။

ဤတွင် မမျှော်လင့်သောမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို မြင်ရလေသည်။ ထိုမြင်ကွင်းမျိုးကို ကျွန်ုပ် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှမြင်ဖူးခြင်းမရှိချေ။

ကျွန်ုပ်တို့ရေချိုးနေစဉ် ပတ်ဝန်းကျင်တစ်ခုလုံးသည်မှောင်နေ၏။ ဒိုင်နှင့်မလှမ်းမကမ်းရှိ ကျေးရွာတစ်ရွာ၏အစပ်တွင်ပေါက်နေသော သစ်ပင်ကြီးတစ်ပင်တွင် ထူးဆန်းသောအလင်းရောင်တစ်ခုကိုတွေ့ရ၏။ သေသေချာချာကြည့်သောအခါတွင် ယင်းအလင်းရောင်မှာ မီးလုံးတစ်လုံးဖြစ်ကြောင်းကို တွေ့ရပြီး အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်ဖြင့် ရွေ့လျားနေလေသည်။

မကြာမြင့်မီတွင် အခြားသစ်ပင်တစ်ပင်၌လည်း မီးလုံးတစ်လုံးပေါ်လာကာ ရွေ့နည်းအတူ အပေါ်တက်လိုက် အောက်ဆင်းလိုက်ဖြင့် ရွေ့လျားနေလေသည်။

"ဆရာနု ဆရာနု-ဟိုမှာ မီးလုံးကြီးတွေမြင်ရလား"

"မြင်တယ်ဆရာ၊ အဲဒီစုန်းတောက်စားတာလေ။ ဒီနေ့က လကွယ်နေ့ဆိုတော့ သူတို့မြူးတာပေါ့"

ကျွန်ုပ်တို့ကြည့်နေစဉ် မီးလုံးကြီးနှစ်လုံးသည် ပူးသွားလိုက်ခွာသွားလိုက်ဖြင့်ရှိနေပြီး သစ်ပင်တစ်ပင်နှင့်တစ်ပင် ကူးသန်းနေသည်ကို မြင်ရလေသည်။

ကျွန်ုပ်တို့သည် ရေချိုးပြီးသော်လည်း မီးလုံးကြီးများကို ကြည့်ကောင်းကောင်းဖြင့် ကြည့်နေကြပါသည်။ ခဏအကြာတွင် ထိုမီးလုံးကြီးများကိုမမြင်ရတော့ဘဲ ပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်နှင့်ဆရာနုသည် မြင်တွေ့ရသောမီးလုံးကြီးများအကြောင်းကို ဒိုင်ဝန်ထမ်းများအား ပြောပြနေလေသည်။

ကျွန်ုပ်တို့ ထမင်းစားသောအခါတွင် အခြားဟင်းများနှင့်အတူ ညနေက အမျိုးသမီးလာပို့သောငါးခြောက်ဖုတ်ကို တည်ခင်းထားလေသည်။

ဆရာနုသည် ထမင်းစားခါနီးပြုနေကျအတိုင်း ထမင်းဝိုင်းကိုကြည့်ကာ သရဏဂုံ(၃)ပါးကိုရွတ်ဆိုပါသည်။ ပြီးသော် ကျွန်ုပ်မသိသော အခြားမန္တန်များကိုလည်းရွတ်ဆိုသေးသည်။ ထို့နောက် သူ၏ ညာဘက်လက်ဖဝါးကိုဖြန့်ကာ ထမင်းဟင်းများပေါ် အုပ်ထားလိုက်ပါသည်။ အထူးသဖြင့် အမျိုးသမီးလာပို့သွားသော ငါးခြောက်ဖုတ်ပန်းကန်ကို အုပ်ထားလိုက်ပါသည်။

လက်ဖဝါးကိုပြန်ရုတ်လိုက်သောအခါတွင် ငါးခြောက်ဖုတ်ပန်းကန်တွင် ငါးခြောက်ဖုတ်များ မတွေ့ရတော့ဘဲ သစ်သားပေါက်စကလေးများထည့်ထားသည်ကို တွေ့ရပါတော့သည်။

ဆရာနုက ထိုပန်းကန်အား ကျွန်ုပ်ကိုပြ၍ -

"ဆရာ မစားသေးလို့ပေါ့။ စားများစားမိရင် အာခေါင်တွေ၊ လည်ချောင်းတွေကို ကျိန်းသေစူးပြီး ပေါက်ထွက်ကုန်မှာပဲ"

"အေးဗျာ - ဆရာနုပြုလုပ်နေကျအတိုင်း ဂါထာမန္တန်တွေရွတ်လို့သိရတာပဲ။ ဒီအတိုင်းစားလိုက်ရင် မလွယ်ဘူး"

"ဒါတခြားမဟုတ်ဘူး။ မနက်က ဒိုင်မှာ ဆန်နီဖြတ်တာကိုမကျေမနပ်ဖြစ်သွားတဲ့ ဒေါ်ဝိုင်းစိန်လက်ချက်ပဲ"

ဆရာနုသည် ဟင်းပန်းကန်ကိုကြည့်ကာ ဂါထာမန္တန်အချို့ကိုရွတ်ဖတ်လျက် -

"ကဲ - ငါတို့ဆီကို ငါးခြောက်အတုတွေဖန်ဆင်းပြီးပို့တဲ့စုန်းမရေ၊ ငါတို့ ဒါကိုသိလို့ မစားလို့ ဘာမှမဖြစ်ဘူး။ ကိုယ့်ပညာကိုယ်လာနုတ်လှည့်ဖို့ ဆရာ မေတ္တာရပ်ခံပါတယ်။ ဆရာခေါ်တုန်းလာနော်၊ နောက်ကျလို့မလာရင် ဆရာ့အဆိုးမဆိုနဲ့"

ဆရာနုသည် ဟင်းပန်းကန်ပေါ်တွင် လက်ဖဝါးကိုဖြန့်အုပ်ထားပြီး ကာယကံရှင်ကိုခေါ်ပါသည်။ နှစ်ကြိမ်၊ သုံးကြိမ်မျှခေါ်ပြီးသောအခါတွင် -

"ကဲ - ဆရာခေါ်တာသုံးကြိမ်ရှိသွားပြီ။ ခဏစောင့်မယ်၊ မလာရင်တော့ နင့်ထိုက်နဲ့နင့်ကံပဲ"

များမကြာမီတွင် ဒိုင်အဝင်ဝမှ ခွေးဟောင်သံများကြားရပြီး ဒိုင်အတွင်းသို့ အမျိုးသမီးနှစ်ယောက်ဝင်လာပါသည်။ တစ်ဦးမှာ မနက်ကတွေ့ရသော ဒေါ်ဝိုင်းစိန်ဖြစ်ပြီး ကျန်တစ်ဦးမှာ ငါးခြောက်ဖုတ်လာပို့သောအမျိုးသမီးဖြစ်လေသည်။

သူတို့နှစ်ဦးစလုံးသည် အနက်ရောင်အောက်ခံတွင် အစင်းကလေးများဖော်ထားသော ချည်လုံချည်များကိုဝတ်ဆင်ထားကြပါသည်။အကျႌများမှာလည်း အနက်ရောင်အောက်ခံတွင် အနီလုံးကလေးများဖော်ထားသောအကျႌများကို ဝတ်ဆင်ထားကြပါသည်။

သူတို့သည် ရောက်လျှင်ရောက်ချင်း ကျွန်ုပ်တို့ထံပြေးလာကာ ဆရာနုနှင့်မလှမ်းမကမ်းတွင် ကျုံ့ကျုံ့ထိုင်ပြီး ဆရာနုကို ကန်တော့ကြပါသည်။

"ဆရာ၊ ဒါက ကျွန်မသမီးပါ။ ကျွန်မနဲ့အတူနေပါတယ်။ ကျွန်မပညာတွေ သူ့ကိုပေးထားပါတယ်။ တကယ်တော့ မနက်က ဆန်နီကိစ္စကို ကျွန်မမကျေနပ်လို့ သမီးကို ငါးခြောက်ဖုတ်ပို့ခိုင်းလိုက်တာပါ။ အိမ်မှာအသင့်ရှိတဲ့ သစ်သားပေါက်စလေးတွေကိုငါးခြောက်အသွင်ဖန်တီးပြီးပို့လိုက်တာပါ"

"ဆရာရိပ်မိပါတယ်၊ ဒါနဲ့ ခုနက ဒီကလှမ်းမြင်ရတဲ့မီးလုံးကြီးတွေက. . ."

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ပါ။ လကွယ်နေ့ညမို့ ပျော်လို့တောက်စားမိတာပါ။ ဆရာ့ကိုပညာစမ်းမိလို့ နောင်တရမိပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါရှင်"

"အင်း - ကျုပ်ကတော့ မေတ္တာသမားပဲ၊ ခွင့်လွှတ်ပါတယ်။ ဒါပေမယ့် ဒါတွေဟာ ဘုရားမကြိုက်တဲ့၊ အများမကြိုက်တဲ့လုပ်ရပ်တွေနော်။ နောင်မလုပ်တော့ဘဲ စွန့်လွှတ်ပါမယ်လို့ ကတိပေးနိုင်မလား"

"ပေးပါတယ်ရှင် ပေးပါတယ်၊ နောင်ကို ဒါမျိုးမလုပ်တော့ပါဘူး"

အမျိုးသမီးနှစ်ယောက်စလုံးသည် ဆရာနုအား ကန်တော့၍ ပြန်သွားကြပါသည်။ မကြာမီ မြို့သို့ ပန်းဝေါ ဗိုပို့ရန်သွားမည့် လှေသမားရောက်ရှိလာပြီး ကျွန်ုပ်တို့အားခေါ်ပါသည်။

သို့နှင့် ကျွန်ုပ်တို့လည်း ဒိုင်မှူးနှင့်ဝန်ထမ်းများကို နှုတ်ဆက်ကာ လှေဆိပ်သို့ ဆင်းလာကြပါသည်။

လှေပေါ်ရောက်၍ မြို့သို့လှေထွက်လာသောအခါ ကျွန်ုပ်က -

"ဆရာနု ဒေါ်ဝိုင်းစိန်က မနက်က ဆန်နီကိစ္စကို စိတ်မဆိုးတော့ပါဘူးလို့ သူ့သမီးကပြောသွားတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ စိတ်ထဲခုနေတုန်းပဲလို့ယူဆရတယ်။ ငါးခြောက်ဖုတ်အတုတွေဖန်တီးပြီးပို့လိုက်တာ ကြည့်တော့လေ"

ထိုအခါ ဆရာနုက -

"ဆရာရေ သူတို့ကိုယ်သူတို့စိတ်မဆိုးဘူးလို့ထင်ပေမယ့် လကွယ်နေ့ညလည်းဖြစ်ပြန်၊ ပျော်နေတဲ့အချိန်လည်းဖြစ်ပြန် ဒါကြောင့် စုန်းမီးတွေတောက်စားတာမဟုတ်လား။ ဒီတော့ ကျွန်တော့်ကို ပညာစမ်းချင်တဲ့အနေနဲ့လုပ်လိုက်တာပါ။ ကျွန်တော်ကလည်း နှစ်ပေါင်းများစွာ အလေ့အကျင့်လုပ်လာခဲ့တဲ့ သရဏဂုံ(၃)ပါးကိုရွတ်ဆိုတော့ သရဏဂုံ(၃)ပါးက ကယ်သွားတာပါပဲဗျာ"

ဟု ပြောလိုက်လေတော့သတည်း။

မင်းသန့်ကျော် (ဒီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

**□ အဖော်ကောင်းလို့**

'အဖော်ကောင်းလို့ ကျောက်မြောင်းရောက်သည်' ဟူသော စကားသည် ကျွန်ုပ်အဖို့ သွေးထွက်အောင် မှန်လှပေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အဖော်ကောင်း၍ ကျောက်မြောင်းမြို့လေးကို ရောက်ရှိခဲ့ပြီဖြစ်ပါ သည်။

ကျွန်ုပ် မောင်သောင်းညွှန့်သည် ရွှေဘိုမြို့နယ်ရှိ ရွာကြီးတစ်ရွာမှဖြစ်သည်။ ဘိုးဘွားမိဘတို့မှာ တောင်သူလယ်သမားများဖြစ်ကြသကဲ့သို့ ကျွန်ုပ်တို့တစ်တွေလည်း မိရိုးဖလာတောင်သူအလုပ်ကိုသာ လုပ်ကိုင်ကြရလေ၏။

သို့သော် မိဘပိုင်လယ်ယာမှာ ကေအနည်းငယ်မျှသာရှိရာ လယ်ယာတို့အား အစ်ကိုကြီးများက ဦးစီးလုပ်ကိုင်သဖြင့် အရွယ်ရောက်စဖြစ်သော ကျွန်ုပ်တို့မှာမူ ကြုံရာကျပန်းရရာအလုပ်ကို ရှာဖွေလုပ်ကိုင်ကြရ၏။

ကျွန်ုပ်မှာ အသက် (၂၀) ထဲသို့ ရောက်စအရွယ်ဖြစ်ရာ အားကောင်းမောင်းသန်ဖြစ်ကာ ကြုံရာကျပန်းတို့အား ဘာမဆိုလုပ်ကိုင်နိုင်၏။

ယခုလည်း သူငယ်ချင်းများက သပိတ်ကျင်းသစ်တောတွင် သစ်များထုတ်လုပ်နေရာ သစ်တစ်တန်လျှင် ခုတ်ခငါးကျပ်ရသည်။ တစ်နေ့ သစ်လေးငါးတန်ကျအောင် ခုတ်လှဲနိုင်လျှင်ကိုက်သည်ဟုဆိုလာသောကြောင့် ကျွန်ုပ်တို့ လူငယ်သူငယ်ချင်းလေးဦး သစ်ဆွဲလှေ၊ ရဲတင်း၊ ဓားမ၊ ငါးမန်းလွှ စသောသစ်နှင့်ပတ်သက်သည့်ပစ္စည်းများနှင့် စားအိုးစားခွက်၊ ရိက္ခာတို့သယ်ကာ ရွှေဘိုမြို့မှ အရှေ့တူရူရှိ ကျောက်မြောင်းမြို့သို့ လိုင်းကားစီး၍ထွက်ခဲ့ကြလေ၏။ ကျွန်ုပ်တို့ ညတွင်ရောက်ရာ ဇရပ်တစ်ခုတွင် ဝင်အိပ်ကြလေ၏။

ကျောက်မြောင်းမြို့ဟု ခေါ်ခြင်းကား ထိုမြို့ဝန်းကျင်နှင့် အထက်ဘက်သပိတ်ကျင်းမြို့အထိ ဘယ်ညာကျောက်ခုံများရှိနေသဖြင့် မြစ်ပြင်ကျယ်ခြင်းမရှိပေ။ ထို့ကြောင့် ထိုဝန်းကျင်သည် ဧရာဝတီမြစ်၏ စတုတ္ထမြစ်ကျဉ်း ဖြစ်သည်။ မြစ်ရေတို့သည် ကျောက်မြောင်းတွင်စီးနေရသဖြင့် ရေစီးလည်းအနည်းငယ်ကြမ်း၏။ မိုးကာလ ရေကြီးချိန်ဆိုလျှင် မြစ်ကျဉ်းသည့်အတွက် ရေစီးအလွန်သန်

(မိုးစက်)

# ရွှေပြည်စိုး

# တောနတ်ဖမ်းစားလေသလား



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကာ အန္တရာယ်အလွန်ကြီး၏။ ကျောက်မြောင်း၊ ကျောက်ကမ်းပါးများဖြစ်၍ ကမ်းပါးပြိုခြင်းမရှိခဲ့ပေ။ ထိုမြစ်ကျဉ်းကျောက်မြောင်းကိုစွဲကာ ကျောက်မြောင်းမြို့ဟုခေါ်တွင်ခြင်းဖြစ်ပေ၏။ ကျောက်မြောင်းမြို့လေးကား ရောဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိ၏။

ကျောက်မြောင်းမြို့ အဓိကထွက်ကုန်မှာ စဉ့်အိုး၊ စဉ့်ခွက်များ၊ မြေအိုးများဖြစ်လေသည်။ ထိုစဉ့်ပစ္စည်းများအား မြန်မာပြည်အောက်ပိုင်းသို့ လှေကြီးများ၊ မော်တော်ကြီးများဖြင့် ပို့ဆောင်၏။ ကျောက်မြောင်းစဉ့်အိုးဟူ၍ နာမည်ကြီးလှပေ၏။ အထူးသဖြင့် လက်ဖက်ရည်ဆိုင်တို့မှ နံပြားဖုတ်သောစဉ့်အိုးကြီးများအောင်ဒါမှာသယူကြလေ့ရှိ၏။

ကာလအားဖြင့် ဦးနုခေတ်ဟုခေါ်သော ပါလီမန်ဒီမိုကရေစီခေတ် ဖြစ်သည်။ ထိုအချိန်သည် ဦးနုခေတ်၏ ခေတ်နှောင်းပိုင်းဟု ခေါ်နိုင်လေ၏။ နောက် သုံးနှစ်အကြာ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရတက်လာ၍ ဖြစ်သည်။

ကျောက်မြောင်းတွင် ထိုခေတ်က နာမည်ကြီးသည်မှာ လက်ဖက်ရည်ဖြစ်၏။ ကျောက်မြောင်းလက်ဖက်ရည်သည် နွားနို့နိုင်နိုင်ဖြင့်ဖျော်သည်ဖြစ်ရာ ပျစ်ပျစ်နှစ်နှစ်ဖြင့် သောက်၍ကောင်းလှပေ၏။ လက်ဖက်ရည်တစ်ခွက်မှာ ထိုအချိန်က (၁၅)ပြား။ နံပြားတစ်ချပ်(၁၀)ပြားဖြစ်ရာ ပိုက်ဆံတစ်မတ်သည် နံနက်စာအတွက် အဆင်ပြေလှပေ၏။ ခရီးထွက်လာသော ကျွန်ုပ်တို့သည် နံနက်စာကို ထိုမျှဖြင့်သာ ရောင့်ရဲတင်းတိမ်ရပေ၏။

□သပိတ်ကျင်းသစ်တောသို့

ကျောက်မြောင်းမြို့လေးမှသည် ကျွန်ုပ်တို့သည် မြစ်ကြောင်းအတိုင်း အထက်ဘက်ရှိ သပိတ်ကျင်းမြို့သို့သွားရမည်ဖြစ်ရာ မော်တော်စီးရမည်ဖြစ်သည်။ သင်္ဘောကြီးများမှာမူ နေ့စဉ်မဆိုက်ဘဲ သူ့ရက်ပတ်နှင့်သူဆိုက်ရာ သင်္ဘောကြီးကို စောင့်စီး၍မရပေ။

ထိုစဉ်က ကျောက်မြောင်းနှင့် သပိတ်ကျင်းပြေးဆွဲနေသော အစိုးရပိုင်သံဘောဒီနှင့်တည်ဆောက်ထားသည့် 'ဇင်ယော်'နှင့်'မြစ်ထွေး'ဟူသောမော်တော်နှစ်စင်းရှိ၏။ ထိုမော်တော်နှစ်စင်းကိုသာ အားထားကာ စီးကြရသောခေတ်ဖြစ်လေ၏။ ထိုမော်တော်နှစ်စင်းသည် ခေါက်တုံ့ခေါက်ပြန်ပြေးဆွဲပေးနေသဖြင့် သွားလာရေးအဆင်ပြေကြ၏။

သပိတ်ကျင်းနှင့် ကျောက်မြောင်း လမ်းကြောင်းသည် မိုးကုတ်မြို့တွင် ရောင်းဝယ်ဖောက်ကားနေသော ဈေးသည်တို့၏လမ်းကြောင်းလည်းဖြစ်သည်။ ထိုခေတ်သည် မိုးကုတ် - မန္တလေးလမ်း မပေါက်သေးရာ မိုးကုတ်မှ သပိတ်ကျင်း၊ သပိတ်ကျင်းမှ ကျောက်မြောင်း၊ ကျောက်မြောင်းမှရွှေဘိုဟူ၍ အဆင့်ဆင့်သွားရသောခေတ်ဖြစ်သလို မိုးကုတ်မြို့သည်လည်း ထိုစဉ်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်လက်အောက်ခံမြို့နယ်လေးတစ်နယ်ဖြစ်သည်။

နံနက်(၈)နာရီခန့်တွင် ကျွန်ုပ်တို့သည် ဇင်ယော်မော်တော်ဖြင့်လိုက်ပါစီးနင်းလျက် ရေညာသို့ဆန်တက်ခဲ့ကြ၏။ ပွင့်လင်းရာသီမို့ သာတောင့်သာယာရှိကာ ရွှင်းတို့လှပလေ၏။

အချိန်အတန်ကြာသော် ရောဝတီမြစ်၏ အနောက်ဘက်ယွန်းယွန်း ကျွန်းပေါ်တွင် အလောင်းစည်သူမင်းကြီးတည်ထားတော်မူသော အညာသီဟတောဘုရားကို မော်တော်ပေါ်မှဖူးရ၏။ မကြာမီပင် ရောဝတီ၏အရှေ့ကမ်းပေါ်တွင် မေးတင်တည်လျက်ရှိသော သပိတ်ကျင်းမြို့လေးသို့ ရောက်ကြရလေ၏။

မြစ်ကမ်းပေါ်သို့တက်ပြီးသည်နှင့် စားသောက်ဆိုင်တန်းကိုတွေ့ရာ 'ထမင်းအဝစား တစ်ကျပ်' ဟူသော ဆိုင်များကိုတွေ့ရရာ ဈေးကြီးလွန်းသဖြင့် အသက်သာဆုံးဆိုင်ကိုရှာကြည့်ရာ 'ထမင်းအဝစား (၇၅) ပြား'ဟူသော ဆိုင်တစ်ဆိုင်ကိုတွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဝင်၍ စားကြလေ၏။ ထမင်းဆိုင်၏အမည်မှာ 'ဒေါ်မှုန်ထမင်းဆိုင်' ဟူ၍ ဖြစ်သည်။ လူငယ်တွေဖြစ်သဖြင့် ကျွန်ုပ်တို့သည်လွန်စွာစားနိုင်ကြရာ တန်သည်ဟု ဆိုရပေမည်။

သို့နှင့် ကျွန်ုပ်တို့သည် အလုပ်ကိစ္စပြောရန် သစ်တောရုံးသို့စုံစမ်းကာသွားကြရ၏။ သစ်တောအရာရှိသည် ကျွန်ုပ်တို့အား သစ်တောသွားသည့်ကားကြုံဖြင့် စာတစ်စောင်ရေးပေးကာ ထည့်ပေးလိုက်လေ၏။

ဦးစွာ မိုးကုတ်သွားကားလမ်းအတိုင်းမောင်းနှင်ခဲ့ပြီး ဆယ်မိုင်အရောက်တွင် ကတ္တရာလမ်းမှဆင်းကာ မြေလမ်းတိုင်း တောထဲလမ်းသို့ ဖုန်တထောင်းထောင်းဖြင့်ဝင်လေတော့၏။ ချောင်းမြောင်းတို့အား သစ်လုံးတံတားများထိုးပေးထား၏။ သစ်တောမှာ ကြာလေနက်ရှိုင်းလေဖြစ်ကာ သစ်ခုတ်ရမည့်သစ်ထုတ်စခန်းသို့ ရောက်ပါသည်။

ဘဝတူသစ်ခုတ်သမားများ တဲကလေးများထိုးကာ နေသားကျနေသည်ကိုတွေ့ရပါသည်။ ကျွန်ုပ်တို့သည် ပါလာသောစာအား တာဝန်ရှိသူထံပေးအပ်ကာ နေထိုင်ရန်အနီးရှိဝါးများ ခုတ်၍တဲထိုးကြရလေ၏။

□ သစ်စိုများခုတ်ရခြင်း

သပိတ်ကျင်းမြို့၏ အရှေ့ဘက်သစ်တောကြီးသည် အရှေ့ရှမ်းရိုးမနှင့် ဆက်စပ်လျက်ရှိကာ အမြဲစိမ်းသစ်တောဖြစ်သဖြင့် ကျွန်းပိတောက်၊ ပျဉ်းကတိုးစသော သစ်မာတို့မရှိဘဲ သစ်ပွများသာအများဆုံးထွက်ရှိရာဒေသ ဖြစ်သည်။ ထို့ကြောင့် သင်းသတ်ထားသောသစ်ဟူ၍မရှိဘဲ ကြုံရာကြိုက်ရာသစ်ပင်ကြီးများအားလှဲကြရ၏။

ထိုသို့လှဲပြီးသော် အဖျားပိုင်းပယ်ဖြတ်ရ၏။ ထိုမျှဖြင့်မပြီးသေးပါ။ ထိုသစ်အား ကိုယ်လုံးတီးဖြစ်အောင် အခွံများချွတ်ပေးရလေ၏။ အခွံချွတ်ရလွယ်သောသစ်တို့ရှိသလို အခွံချွတ်ခက်သောသစ်များလည်း တွေ့တတ်၏။ကြာသောအခါ အလုပ်ကသင်ပေးသဖြင့် အခွံချွတ်လွယ်သောသစ်တို့ကိုသာ ရွေး၍ခုတ်ကြပါသည်။

သစ်လုံးကကြီးမားဖြောင့်တန်းနေသော်လည်း လူတို့လက်ရှောင်သောသစ်တစ်မျိုးရှိ၏။ ထိုသည်မှာ ထင်းယားပင်ကြီးများ ဖြစ်ကြလေ၏။ ကျွန်ုပ်တို့ရောက်စတွင် ထိုမျှဖြောင့်ဖြူးနေသော သစ်ပင်ကြီးများအား ဘာကြောင့်မခုတ်သနည်းဟု ပဟေဠိဖြစ်၍နေရာ သူများကိုမေးကြည့်မှ ထင်းယားပင်သည် အခွံခွာပါက သူ့အခွံသည် ယားတတ်သောအမွေးတို့ဖြင့်ပြည့်နေသဖြင့် ထိုအမွေး ပါက တစ်နေကုန်ယားနေတတ်သဖြင့် လူတို့လက်ရှောင်ကြကြောင်းသိရလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း လက်ရှောင်ကြပါသည်။

ကျွန်ုပ်နှင့်တွဲသူမှာ မြမောင်ဖြစ်သည်။ တစ်နေ့ကို သစ်လေးတန်မျှ ပြီး အောင် ကြိုးစားကြရ၏။ လူငယ်တွေ တက်ညီလက်ညီရှိကြ၏။

သစ်လှဲ၍ အဖျားပယ်ပြီးသည် သစ်ခွဲခွာ၍ လွယ်ကူစေရန် တစ် (၄) ပေပိုင်တူဖြင့်ပတ်ထုရ၏။ ကျန်တ က သစ်ဖျဉ်းဓားမကြီးဖြင့် အခွံခွာ ပြီးသော် တာဝန်ရှိသူကို အကြော



www.burmeseclassic.com

www.burmeseclassic.com

ကြားရ၏။ ထိုအခါတွင် သစ်၏အရင်း တစ်နေရာအား ဓားမဖြင့်မျက်နှာချော ကာ တံဆိပ်ရိုက်၏။ ပေတိုင်း၏။ သစ်ပင်မျိုးစုံတို့ ပေါက်ရောက်နေရာ ကျွန်ုပ်တို့သည် ထိုသစ်ပင်တို့အား အများအားဖြင့် အမည်မသိကြပေ။ အမည်သိဖို့မလို၊ သစ်ရဖို့သာ အဓိကထား၍ ခုတ်ခြင်းဖြစ်လေ၏။ တောကြီးကား သစ်ထုတ်လုပ်ဖူးခြင်းမရှိသေးသောတောအသစ်စက်စက်ကြီးဖြစ်လေရာ သစ်မျိုးစုံတို့ဖြင့်အတိပြီးလေ၏။

□ ဖြောင့်ဖြူးသောအပင်ကြီး

သတ်မှတ်ဧရိယာကား အတန်ပင်ကျယ်ဝန်းရာ ကျွန်ုပ်နှင့် မြမောင်သည် အပင်လည်းကြီးရမည်၊ ခုတ်၍လည်း လွယ်ရမည်၊ အခွဲခွာရာတွင်လည်း လွယ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် လှည့်ပတ်ကြည့်ရှုရာ ဖြောင့်ဖြူး၍ ကြီးမားသော အပင်ကြီးတစ်ပင်ကိုတွေ့ရလေ၏။

"မြမောင်ရေ ဒီအပင်ကြီး အဆင်ပြေတယ်ကွ"

"အေးကွ၊ ဒီအပင်ကြီးဟာ တစ်တန်ခွဲအနည်းဆုံးထွက်မယ်လို့ထင်တယ်"

"ဒါဆို အခွံခွာခက်၊ မခက် ငါစမ်းကြည့်မယ်"

ဆိုကာ ကျွန်ုပ် ဓားဖြင့်ခွတ်ခွာကြည့်လိုက်၏။ အခွံမှာ ခပ်ပွပွဖြစ်ရာ အခွံခွာရလွယ်ကူမည်ဟု ယူဆလိုက်လေ၏။

"မြမောင်ရေ အခွံတော့နည်းနည်းထူတယ်။ ပွတော့ ခွာရတာလွယ်ပါတယ်ကွာ။ ဒီအပင်ကြီးလှဲကြစို့လား"

"အေးလေ - လှဲကြတာပေါ့"

ဟု တိုင်ပင်လျက် အပင်ခြေကို ရှင်းကာ 'ဤအပင်တွင် နေထိုင်သော ပုဂ္ဂိုလ်ရှိပါက ရှောင်ပါရှားပါ' ဟုပြောပြီး စတင်လှဲကြလေ၏။ သစ်ပင်ကြီးများလှဲတိုင်း ထိုသို့ပြောဆိုကြရာ အလေ့အကျင့်ဖြစ်နေပြီ ဖြစ်သည်။

သစ်စိုဖြစ်သည့်အတွက်၊ ထို့အပြင် သစ်ပွမျိုးများဖြစ်သည့်အတွက် အကြာကြီးမခွဲကြရပါ။ ထက်မြက်သောပါးမန်းလွှကြောင့် မကြာမီပင် သစ်ပင်ကြီးလဲသွားပါတော့သည်။

"ဝေါ ဖြောင်း ဖြောင်း ဖြောင်း"

ဟူသော သစ်လဲသံသည် တောထဲတွင်ညံ၍သွား၏။ ကျွန်ုပ်တို့သည် လှဲခြင်းတာဝန်ပြီးသွားသဖြင့် လွယ်အိတ်



ထဲမှ ဆေးပေါ့လိပ်ထုတ်ကာ အမောပြေဖွာနေကြလေ၏။

ထိုအခါ ကျွန်ုပ်၏ ကိုယ်သည် ယားစပြုလာကာ ဟိုကုတ်သည်ကုတ်ဖြင့် အယားဖျောက်နေမိ၏။ ကျွန်ုပ်သည် ထိုသို့ယားလာသည်ကို သွေးရိုးသားရိုးဟု ထင်မှတ်လေ၏။ သို့သော် အလုပ်ကရှိနေသေးသည်မို့ ယားသည်ကိုဂရုမစိုက်အားဘဲ -

"တဲ မြမောင်ရေ အဖျားပိုင်းပယ်ကြရအောင်"

ဟုပြောကာ အဖျားပိုင်းကို ငါးမန်းလွှဖြင့် ဖြတ်ကာပယ်နေကြ၏။ ထိုအခါ ဟိုကယားသည်ကယားနှင့်ဖြစ်လာ၏။ လွှဆွဲနေဆဲမို့ မကုတ်အားပေ။ အဖျားပိုင်းပြတ်ကျသွားမှ စိတ်ရှိလက်ရှိ အယားဖျောက်နိုင်၏။

"ငါဘာဖြစ်တယ်မသိဘူး မြမောင်ရ။ ဟိုကယားဒီကယားနဲ့ကွာ။ တစ်ခါမှ ငါခုလိုမယားဖူးဘူးကွ။ တစ်ခုတော့ တစ်ခုထင်တာပဲ။ မင်းကော မယားဘူးလား"

"ဟင့်အင်း - မယားပါဘူး"

"ဒါဆို ငါအမှားလုပ်မိလို့လားကွာ၊ ဒါပေမယ့် ငါကဂရုစိုက်တတ်တဲ့ကောင်မဟုတ်ဘူးကွ။ သောင်းညက်ဘယ်လိုကောင်ဆိုတာ သူတို့မသိသေးဘူးထင်တယ်"

"ဟော့ကောင် တောထဲတောင်ထဲမှာသွားမလုပ်နဲ့ကွ။ ဒါက ငါတို့ရွာမဟုတ်ဘူး။ ပြီးတော့ ဒီအပင်ကြီးကို ငါသိပ်မသင်္ကာဘူးကွ။ မဟုတ်မှလွဲရော ကွာ၊ ဒီအပင်ရဲ့ အရှင်သခင်ကိုင်တာများလား"

"ဒီထက်ကဲလာကြည့် သောင်းညက်ဘာကောင်ဆိုတာ တွေ့သွားမယ်။ သောင်းညက် တစ်ညက်ထဲရှိတာကွ"

ဟု ကျွန်ုပ်စိတ်တိုတိုဖြင့် ကြိမ်းဝါးရာ မြမောင်က ထိုသို့မပြုရန် အတင်းဝင်၍တားသဖြင့် ကျွန်ုပ်စိတ်လျှော့လိုက်ပြီး သစ်ကြီးအခွံခွာရန် လုံးပန်းကြလေ၏။

□ ပွဲကြမ်းပြလိုက်ခြင်း

ကျွန်ုပ်သည် သစ်လုံးကြီး၏ ပတ်ပတ်လည် (၄) ပေါင်တူဖြင့် လှည့်ပတ်ထုရာ သစ်ခွံမှအရည်တို့ တစ်စွပ်စွပ်ထွက်၍စဉ်လေ၏။ ထိုအခါ ကျွန်ုပ်သည် ပို၍တိုး၍ယားလာလေတော့၏။ တစ်ဖက်ကတုထု၏။ တစ်ဖက်က ယားသည့်နေရာတို့ကို ကုတ်ဖဲ့နေရလေ၏။

ထိုအခါ ဒေါသစိတ်တို့တခြောင်းခြောင်းထွက်လာရာ နှုတ်မှလည်းဆဲရေးတိုင်းထွာနေလေတော့၏။ မြမောင်ကလည်း သစ်ပင်ကြီးအခွံကျွတ်ရန် အားသွန်ခွန်စိုက် ဓားမကြီးဖြင့် ခွာနေလေ၏။ သစ်လုံးကြီး၏ပတ်ပတ်လည်အခွံကွာရန် သစ်လုံးကြီးအားကုပ်ဖြင့်မ၍အနည်းငယ်လှိမ့်ပေးရ၏။ ထိုအခါ အောက်မျက်နှာပေါ်လာ၏။ ထိုသို့ ပင်ပန်းကြီးစွာ အားသွန်ခွန်စိုက်လုပ်ပါမှ နေ့ဝက်အကြာတွင် သစ်ပင်ကြီးကိုစွပြီးသွားလေ၏။ မြမောင်က ဆေးလိပ်ခေတ္တထိုင်ဖွာနေ၏။

ကျွန်ုပ်မှာမူ ပင်ပန်းကြီးစွာလုပ်ရသဖြင့် ချွေးတို့ထွက်နေ၏။ ချွေးထွက်သောအခါ တစ်ကိုယ်လုံးတဖျင်းဖျင်းတက်လာကာ ကုတ်၍မနိုင်အောင်ရှိရာ ကျွန်ုပ်သည် တဖျစ်တောက်တောက်ဆဲရေးတိုင်းထွာနေမိလေ၏။

"မြမောင်ရေ ဒီအပင်ကြီး ငါ့ကိုတွယ်တာနေမှာကွ။ ငါ့ကိုလုပ်တော့ ငါကလည်း ပြန်ပြီးပွဲကြမ်းလိုက်ရသေးတာပေါ့ကွာ။ သောင်းညက်ဘာကောင်ဆိုတာ သိသွားစေရမယ်။ ကဲ - သောင်းညက်လာပြီဟေ့"

ဟုပြောကာ ပုဆိုးလှန်၍ ကျွန်ုပ်သည် ပြောင်ချော၍ အစေးများဖြင့်စိုနေသောသစ်လုံးကြီးအား ငယ်ပါဖြင့်လိုက်၍တိုက်လေ၏။ ပါးစပ်ကလည်း ကလေးဘဝက ဆဲနည်းမျိုးစုံတတ်ခဲ့သမျှတို့ကိုလည်း ဆဲရေးတိုင်းထွာလေ၏။ ထိုစဉ်က ကျွန်ုပ်တို့သည် တောလေ့အရ အတွင်းခံဘောင်းဘီတိုဝတ်လေ့မရှိကြရာ ကျွန်ုပ်သည် သစ်လုံးကြီး၏အရင်းမှအဖျား၊ အဖျားမှအရင်းသို့တိုင်အောင် အသွားအပြန် ငယ်ပါဖြင့်အားပါးတရ တိုက်ပစ်လိုက်လေ၏။

မြမောင်မှမည်သို့တားသော်လည်း ဇွတ်တရွတ်လုပ်တတ်သောကျွန်ုပ်၏ဉာဉ်ကြောင့် အရာမထင်ပေ။ ထိုသို့ ဒေါသ

www.burmeseclassic.com

တကြီးလုပ်နေချိန်တွင် ယားရှိယားမှန်းပင်မသိချေ။ ဒေါသစိတ်ကြောင့်လုပ်နေချိန် ယားမှန်းမသိသော်လည်း လုပ်၍အားရကျေနပ်သွားသောအခါ သွေးအေးသွားသဖြင့် မနေနိုင်မထိုင်နိုင်အောင်ပင် ယားလာတော့သဖြင့် အလုပ်ဆက်မလုပ်နိုင်တော့ကြောင်း မြမောင်ကို ပြောပြရလေ၏။

"သောင်းညက်ရာ၊ မင်းကိုငါပြောသားပဲ သွားမလုပ်ပါနဲ့ဆို။ ခုတော့ ပိုဆိုးပြီမဟုတ်လား။ ပြစမ်း ယော့ကောင် မင်းအကျႌချွတ်စမ်း"

ဟု ဆိုသဖြင့် အကျႌချွတ်ပြလိုက်၏။

"ယော့ကောင် မင်းဟာအကောင်ကိုက်သလို အဖုအဖီးတွေထနေပြီ"

"အေး - ငါလည်းကုတ်လို့မနိုင်တော့ဘူးကွ။ မျက်နှာတွေ၊ ဦးခေါင်းတွေထဲကပါ ယားနေပြီ။ ပြီးတော့ ငါ့ရဲ့ငယ်ပါလည်း တအားယားလာပြီကွ။ တဲကို ပြန်ကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကာ ကျွန်ုပ်တို့နှစ်ဦးသည် သစ်ခုတ်ပစ္စည်းများထမ်းလျက် တဲသို့ခပ်သုတ်သုတ်ပြန်ခဲ့ကြလေတော့၏။

◘ တောနတ်ဖမ်းစားလေသလား

တဲရောက်သည်နှင့် မြမောင်သည် ဆားနှင့်နနွင်းနယ်ကာ တစ်ကိုယ်လုံးပွတ်ပေးလေ၏။ ကျွန်ုပ်မှာမူ တစစ်စစ်ဖြင့် အကောင်များကိုက်သကဲ့သို့ ခံစားနေရကာ 'အမေလေး။ အဘလေး' တ၍နေရလေ၏။

"သောင်းညက်၊ မင်းတော့တောနတ်ဖမ်းစားခံရပြီထင်တယ်၊ မင်းအပြောများအနေမှားလို့နေမှာ။ ဒီကြားထဲ မင်းကမရှိမသေမခန့်လေးစားနဲ့လုပ်တဲ့ကိုးကွ"

"ငါစိတ်တိုလို့လုပ်တာဟ၊ ဖြစ်မှတော့ ဘာမှမတတ်နိုင်တော့ဘူးလကွာ။ လုပ်ရဲတော့ ခံရဲရမှာပေါ့ကွာ။ ဒီဝေဒနာနဲ့သေသွားလည်း မတတ်နိုင်ဘူး"

ဟု မာရေကျောရေဖြင့် ကျွန်ုပ်ပြန်ပြောမိလေ၏။ အချိန်အားဖြင့် မကြာလိုက်ပါ။ တရှူးရှူးဖြင့်တဖျင်းဖျင်းခံစားနေရမှုတို့သည် အနည်းငယ်ငြိမ်ကျသွားသယောင်ရှိသော်လည်း တစ်ကိုယ်လုံးတင်းကျပ်လာသလို ခံစားနေရသဖြင့် ကျွန်ုပ်သည် မလုံမလဲစိတ်ဖြင့် ပေါင်ကြားသို့ကြည့်လိုက်မိတော့၏။

ကျွန်ုပ်၏ငယ်ပါအံ့သည် ကြီးမားစွာ ရောင်ကိုင်းလျက်ရှိသည်ကို တွေ့ရသဖြင့် ထိတ်လန့်သွားမိလေ၏။ အမှန်သော် ကျွန်ုပ်တစ်ကိုယ်လုံးမှာ အချိန်တိုအတွင်းရောင်တက်လာခြင်း ဖြစ်သည်။

"မြမောင်၊ ငါ့မျက်နှာရောင်နေလား။ ငါ့မျက်ခွံတွေလေးလိုက်တာကွာ"

နေ့လယ်စာအတွက် ချက်ပြုတ်နေသော မြမောင်သည် ကျွန်ုပ်ကိုလှည့်ကြည့်ကာ -

"ဟာ - ယော့ကောင်၊ မင်းမျက်နှာကြီးပါရောင်နေပြီဟ။ မျက်ခွံကြီးတွေမို့လို့။ နေရင်းထိုင်ရင်း မင်းလူဝကြီးချက်ချင်းဖြစ်သွားတာပေါ့ကွာ ဟားဟားဟား"

ဟု နောက်ပြောင်ရာ ကျွန်ုပ်သည် စိတ်တိုသွားလေ၏။

"ခွေးကောင် မင်းကမခံရတော့ နောက်ပြောင်နိုင်တာပေါ့ကွာ"

ဟု ဆဲမိလေ၏။

ကျွန်ုပ်မှာမူ ကုတ်ရင်းဖွဲ့ရင်း အိပ်ရာထဲလူးလှိမ့်နေရလေ၏။ ခဏအကြာတွင် လှအေးနှင့်တင်သောင်းတို့ရောက်လာကြကာ ကျွန်ုပ်ကိုကြည့်၍အံ့သြနေကြလေ၏။

"သောင်းညက်၊ မနက်က ကောင်းပါ၊ ဘယ်နှယ့်-ခုလိုကြီးဖြစ်လာတာတုံး၊ များအံ့ကြီးတွေ့လို့ အတုပ်ခံရပြီနဲ့တူတယ်"

ထိုအခါ မြမောင်က ဖြစ်ကြောင်းကုန်စင်ရှင်းပြလေ၏။ ဝေဒနာခံစားနေရသောကျွန်ုပ်သည် ထမင်းပင်မစားနိုင်အောင်ဖြစ်ရလေ၏။

အနီးရှိတဲမှ သစ်ခုတ်သမားတို့ကို မေးကြည့်ရာတွင်လည်း ထိုသို့သောရောဂါမျိုးမဖြစ်ဖူးဘူးဟု ဆိုကြလေ၏။ သူတို့ကလည်း တောနတ်ဖမ်းစားခြင်းဟူ၍ ပြောဆိုယူဆကြလေ၏။ ထို့ကြောင့်



တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့ကို ဆေးလိပ်၊ ကွမ်းယာ၊ သပြေပန်းတို့ဖြင့် တောင်းပန်ရန် အကြံပေးကြလေ၏။

ကျွန်ုပ်၏ငယ်ပါအံ့သည် မည်မျှရောင်ခဲ့သနည်းဆိုသော် ပေါင်ကြားတွင်ပြည့်ကျပ်ကာ လမ်းသွားရန်ပင်ခက်ခဲသောအခြေသို့ရောက်ခဲ့လေ၏။

တောနတ်ဖမ်းစားသည်ဟူသော အယူအဆအား ကျွန်ုပ်လက်မခံချင်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် သစ်ပင်မလှဲမီ တိုးလျှိုးတောင်းပန်မှုဖြစ်၏။ ထိုသို့ တောင်းပန်သည့်ကြားမှ ယားသောဝေဒနာဖြစ်ပေါ်လာသောအခါတွင်မှ စိတ်တိုတိုဖြင့် ထိုသို့ရွတ်ခဲ့ခြင်း ဖြစ်ပေ၏။ ထိုသို့ မိုက်ကန်းကန်းပြုမိသည်မှာ မိမိ၏အမှားဖြစ်ချေ၏။

◘ တောခေါင်းကြီးကကုပေးပြီ

ကျွန်ုပ်တို့ခုတ်သည့်သစ်ကွင်းတွင် အုပ်ချုပ်သူသည် တောခေါင်းကြီး ဦးဘသာဖြစ်သည်။ ဦးဘသာသည် အသက်(၄၀)ကျော်ကျော် ဖြူဖြူတုတ်တုတ်ကြီးဖြစ်ကာ သဘောမနောကောင်းလှပေ၏။ သစ်ခုတ်သမားများ ဌက်ဖျားထပါက ဆေးလည်းတိုးပေးကာ စားဆေးများလည်းပေး၏။ မိဘကဲ့သို့ အရာရာအားကိုးရသူဖြစ်သည်။ လူတိုင်းကလည်း ဦးဘသာကို ချစ်ခင်လေးစားကြ၏။

"ယော့-ဒီတဲကမောင်သောင်းညက်နေမကောင်းဘူးဆိုကွ"

ဟူသော မေးသံနှင့်အတူ ဦးဘသာသည် တဲထဲသို့ခေါင်းငုံ့၍ဝင်လာ၏။ တဲ၏အင်ဖက်အမိုးမှာ လူတစ်ရပ်မလွတ်တတ်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် အိပ်ယာမှထကာ ချက်ချင်းပြန်ဖြေ၏။

ဦးဘသာက အသေအချာကြည့်၏။

"ဟုတ်ကဲ့ - ဦးလေး၊ ကျွန်တော့်တစ်ကိုယ်လုံးသစ်ခုတ်ရင်း ဒီလိုယားယံပြီး ရောင်ကိုင်းလာတာပါပဲ"

"ဟိုးဘက်လျှိုထိပ်ကမြောင့်မြောင့်အပင်ကြီး မင်းတို့လှဲထားတာ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဟုတ်ပြီ၊ ဒါဆိုမင်းရောဂါကုလို့ရပြီ။ ယော့-မောင်မြမောင် မင်းတို့လှဲခဲ့တဲ့သစ်ပင်ကြီးက လွှစာမှုန့်လက်တစ်ဆုပ်လောက် သွားကျုံးခဲ့ကွာ။ မောင်သောင်းညက်ရောဂါကိုကုရအောင်"

"ဟုတ်ကဲ့ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

မြမောင် ခပ်သုတ်သုတ်ထွက်သွားလေ၏။ တစ်အောင့်မျှအကြာတွင် လွှစာမှုန့်တို့အား အင်ဖက်ကို ကန့်တော့ပြုလုပ်ကာထုပ်၍ယူခဲ့လေ၏။

"မောင်မြမောင်၊ ဆားနည်းနည်းယူခဲ့ကွ။ ပြီးတော့ ရေတစ်ခွက်ယူခဲ့"

ဟု ခိုင်းသဖြင့် ချက်ချင်းဆောင်ရွက်ပေး၏။ ထိုအခါ ကန်တော့ပြု၍ယူလာသော အင်ဖက်ထဲမှလွှစာမှုန့်အား အနည်းငယ်ယူကာ လက်ဝါးထဲတွင် ဆားအနည်းငယ်နှင့်နယ်၏။ နယ်ပြီးသည်နှင့် -

"ကဲ - မောင်သောင်းညွန့်၊ ရေ့ပျောဒီဆေးကို ရေနဲ့သောက်ချလိုက်တော့။ မကြာဘူး၊ သက်သာသွားမယ်။ ညစာထမင်းစားပြီးရင်တစ်ခါထပ်သောက်ကြားလား။ မနက်မိုးလင်းရင် မင်းအလုပ်ပြန်ဆင်းနိုင်ပြီ။ ကဲ - ငါသွားဦးမယ်။ နောက်နေ့ကျမှ သစ်ကွင်းမှာတွေ့ကြမယ်"

ဟု ပြောကာ ပြန်ထွက်သွားလေ၏။ တောခေါင်းကြီးသည် တောတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ ပေတိုင်းခြင်း၊ တံဆိပ်ရိုက်ခြင်း စသော လုပ်ငန်းတာဝန်များရှိနေသဖြင့် ကြာကြာမထိုင်နိုင်ပေ။ သတင်းကြားသဖြင့် ဆေးလာရောက်ကုပေးခြင်းသာ ဖြစ်ပေ၏။

အံ့ဩဖွယ်ကောင်းသည်မှာ ဆေးသောက်ပြီးသည်နှင့် လုံးဝယားယံခြင်းမရှိတော့ဘဲ နေသာထိုင်သာရှိလာခြင်းပင် ဖြစ်သည်။ ညနေမိုးချုပ်စတွင် တစ်ကိုယ်လုံး အရောင်တို့ သိသိသာသာပြီးလျော့ကျသွားရာ ဆေးသည်လွန်စွာအစွမ်းထက်ကြောင်းသိပြီး ကျွန်ုပ်သည်ပင် ထူထူထောင်ထောင်ပြန်ဖြစ်လာ၏။ ထို့နှင့် ညတွင် တစ်ခါသောက်လိုက်ပါသည်။

**◘ စစ်ဆေးစက်ခြင်း**

ကျွန်ုပ်သည် နံနက်မိုးသောက်၍ အိပ်ရာမှထသောအခါ အကောင်းပကတိဖြစ်လျက်ရှိပြီး ပေါ့ပါးလန်းဆန်းနေ၏။ ယားလွန်း၍ ကုတ်ထားသောနေရာတို့သာ ကုတ်ရာများထင်ကျန်နေ၏။

သစ်ခေါင်းကြီး ဦးဘသာအား တွေ့ဆုံးတင်လိုက်သည်ဖြစ်ခြင်းပါပေ၊ သူသာမကယ်ခဲ့သော် ကျွန်ုပ်၏ရောင့်ရမ်းဓာတ်တို့သည် ကွဲအက်ကာ အရည်တစ့်စ့်ထွက်နှင့်ဖြစ်လာနိုင်၏။ ဦးဘသာ ကယ်ချွင့်သာ သက်သာရာရခဲ့လေ၏။

ကျွန်ုပ်တို့သည် ကြီးမားသည့်တောင်တမာပင်ကြီးအား နှစ်ယောက်သား အားသွန်ခွန်စိုက်ခွဲဖြတ်နေကြ၏။ ထိုစဉ်ပင် ကျွန်ုပ်တို့အနီးသို့ သူတပည့်တစ်ဦးနှင့်အတူရောက်လာ၏။ ကျွန်ုပ်ကို ကြည့်ကာပြုံးနေ၏။

"ဘယ်လိုလဲ မောင်သောင်းညွန့်ရဲ့၊ ပျောက်သွားပြီမဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး၊ ကျေးဇူးအထူးတင်ပါတယ် ဦးလေးရယ်။ သစ်ကွင်းသိမ်းလို့ငွေရှင်းမှ ကျွန်တော်ကန်တော့ပါရစေ"

"ရပါတယ် မောင်သောင်းညွန့်ရယ်၊ ဒါက ခက်ခက်ခဲခဲကြီးမှမဟုတ်တာ။ ကိုယ့်တပည့်သားမြေးဒုက္ခရောက်နေရင် ဦးလေးမှာ တာဝန်ရှိတာပဲကွ၊ မောင်ရင်တို့က ခုမှတောဝင်တဲ့လူသစ်တွေဆိုတော့ တောအကြောင်းကိုသိပ်မသိကြသေးဘူးလေ။ မောင်ရင်တို့ မနေ့ကလှဲလိုက်တာ ဘာအပင်ကြီးလဲသိကြရဲ့လား"

"ဟုတ်ကဲ့ - မသိပါဘူး"

"အေး - အဲဒါစစ်ဆေးပင်ကြီးတွေ"

"စစ်ဆေးပင်က ဒီလောက်ကြီးသလား"

"ကြီးလို့ မောင်ရင်တို့တောင် လှဲပြီးပြီလေ၊ မောင်ရင်တို့မြင်တဲ့အတိုင်းပဲ။ ဒီတောမှာ လူတွေမရောက်တော့ကာ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ သစ်တောကြီးပေါ့ကွ။ အဲဒီတော့ စစ်ဆေးထိုးမယ့်လူလည်းမရောက်ဘူးလေ၊ ကြီးချင်တိုင်းကြီးနေတာပေါ့။ စစ်ဆေးစက်တယ်ဆိုတာကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့ - ကြားဖူးပါတယ်"

"မောင်ရင်က စစ်ဆေးစက်ခံရတာပါ"

"ဒါဆို မြမောင်ကျတော့ကော ဦးလေး"

"စစ်ဆေးက သွေးမတည့်တဲ့လူမှ စက်တာ၊ ခုလိုခုတ်တာ အစေးစင်တာ မဆိုထားနဲ့။ သူ့အပင်အောက်မှာ ထိုင်ရင်တောင် စစ်ဆေးဆိပ်သင့်ပြီး ယားယံလာတတ်တယ်၊ မောင်ရင့်အနေနဲ့ စစ်ဆေးနဲ့သွေးမတည့်တော့ကာ စစ်ဆေးထိုးစားဖို့မလွယ်ဘူး။ မြမောင်ကျတော့ ရတယ်။ သူ့သွေးနဲ့ကျတော့ အဆိပ်မသင့်ဘူး၊ အေး-မောင်သောင်းညွန့်နဲ့ မောင်မြမောင်တို့ မြဲမြဲမှတ်ထားဖို့က စစ်ဆေးစက်လို့ မောင်သောင်းညွန့်လိုခံရရင် စစ်စေးပင်ရဲ့လွှစာကို ဆားနဲ့သာသောက်ချလိုက်၊ ချက်ချင်းပျောက်ပါတယ်ဗျာ"

ဟုပြောပြကာ ဦးဘသာ သူတို့နားမှ ခွာသွားလေတော့၏။ ဒီလိုဆိုပြန်တော့လည်း လွယ်လွယ်ကလေးပဲဟု ကျွန်ုပ်တို့ပြောကာ ရယ်မောကြရလေ ၏။

**◘ ဗေဒင်ဆရာဘဝသို့**

သပိတ်ကျင်းငှက်သည် လွန်စွာကြောက်ဖွယ်ကောင်းသော်လည်း ကျွန်ုပ်တို့ ရွှေဘိုသား (၄) ဦးမှာမူ သကြန်ပြီးကာလ သစ်ကွင်းပိတ်သည့်တိုင်လုပ်ကြရာ ငှက်ဖျားမရခဲ့ကြ။ လွန်စွာကံကောင်းလှပေ၏။

ထိုသပိတ်ကျင်းသစ်တောကြီးမှ ထုတ်သောသစ်တို့အား ကျွန်ုပ်တို့လမ်းကြောင်းမှ သပိတ်ကျင်းသို့ပို့သလို တောင်ဘက်လမ်းကြောင်းမှသစ်တို့အား မတ္တရာမြို့နယ် တံငါရွာအစိုးရသစ်စက်ကြီးသို့ ပို့ရသည်ဟုသိရ၏။ ထိုစဉ်က မိုးကုတ်-မန္တလေးလမ်းမပေါက်သေးပါ။ နောင်တွင် ထိုသစ်ထုတ်လမ်းတို့ကို အသုံးပြုလျက် မတ္တရာမှသည် ဖော့တောလမ်းကို စတင်အသုံးပြုခဲ့ကြရာ တော်လှန်ရေးအစိုးရလက်ထက်တွင် လမ်းကြမ်းစတင်၍ ပေါက်၏။

ကျွန်ုပ်သည် သစ်ကွင်း မိုးဦးကျ၍ပိတ်သည်နှင့် ဦးဘသာအား ငွေ(၂၅)ကျပ်ကန်တော့ခဲ့ပါသည်။ ရွာရောက်ပြီးနောက်ပိုင်းတွင်မူ ကျောင်းထိုင်ဆရာတော်ကြီးမှ ကျွန်ုပ်၏ဇာတာအား စစ်ဆေးကာ ဗေဒင်ပညာပေါက်ရောက်နိုင်သူဟူ၍ သတ်မှတ်ကာ ဗေဒင်ပညာသင်ပေးလေ၏။

ထိုဗေဒင်ပညာဖြင့် ရွာမိုးကိုးပေါက်လျှောက်သွားရာမှသည် ရောဝတီမြစ်ကြောတစ်လျှောက်ခရီးဆန့်ခဲ့သည်၊ 'ဗေဒင်အတတ် ထမင်းမငတ်' ဟူသောစကားအတိုင်း ပေါ့ပါးစွာ အသက်မွေးဝမ်းကျောင်းပြုလာနိုင်၏။

နောင်မိုးကုတ်ပတ္တမြားမြေသို့တက်ဗေဒင်ဟောရင်း မိုးကုတ် အနောက်ပိုင်းကျောက်ဖျာရွာသူဖြစ်သော မထွေးရင်နှင့် အိမ်ထောင်ကျကာ ကျောက်ဖျာရွာတွင် အခြေချနေထိုင်ခဲ့လေတော့၏။ သို့သော် သစ်ခုတ်သမားဘဝကိုမမေ့ခဲ့ပေ။

(ဦးသောင်းညွန့်ကိုယ်စား ခံစားဖွဲ့သီပါသည်။)

ကျေးဇူးတင်လျက်
ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com



# ဦးကိုကိုကြီး

## (စပ်ခေးရေး)ကစစ(၁၂)၊ ထုံးဘို

# တစ္ဆေပဗဒင်

လွန်ခဲ့သည့် နှစ်ပေါင်း(၄၀)ကျော်ခန့်က စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် တစ္ဆေပဗဒင်အကြောင်း စာရေးရန်စိတ်ကူးခဲ့သည်မှာ နှစ်အားဖြင့် (၇)နှစ်ကျော်ကျော်ကြာမြင့်ခဲ့ပါသည်။

အချိန်ကြာသွားရခြင်းအကြောင်းရင်းကလည်း စာရေးသူ၏စိုးရိမ်တတ်တဲ့စိတ်ကြောင့် စာရှုသူများ စာဖတ်နေကြရင်းက သို့လောသို့လောစိတ်တို့ဝင်နေကြလေမလားဆိုသည့်အတွေးကြီးက မိမိကိုယ့်ကိုလွှမ်းမိုးထားခြင်းခံနေရ၍ဖြစ်ပါသည်။

သို့အတွက်ကြောင့် မယုံလျှင် ပုံပြင် ဆိုသည့်သဘောမျိုးလည်း စာရှုသူတို့ မှတ်မှတ်ကြစေလိုဘဲ ငါတို့တော့ လက်တွေ့စမ်းသပ်လုပ်ကြည့်ကြမယ်ကွာ လို့လည်း မဆုံးဖြတ်စေလိုပါ။

သို့ပေမယ့်လည်း ပရလောကသားတို့နှင့် 'ဪ-ဒီလိုမျိုးဆက်သွယ်သမှုရပါလား' ဆိုသည့် အနေအထားကို စာရှုသူတို့ သိနိုင်ကြပါစေဆိုသည့် စိတ်ဆန္ဒဖြင့်သာ ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

❑

မကွေးမြို့ တန်းမြင့်ကျောင်းတွင် အထက်တန်းကျောင်းသားဘဝဖြင့် ကျောင်းနေစဉ်က အတန်းထဲတွင် ဟိုနေရာစပ်စပ်ဒီနေရာစပ်စပ် ဟိုနေရာလည်းသူပါဒီနေရာလည်းသူပါ အမြဲတမ်းသူမပါလျှင်မပြီးသည့် စာရေးသူ၏ ချစ်သူငယ်ချင်းဖြစ်သူ တိုးလွင်ဆိုသူရှိပါသည်။

နေရာတကာပါလေ့ရှိသောကြောင့် ကျောင်းသားကျောင်းသူများက သူ့အား တိုးလွင်ဟု မည်သူကမျှမခေါ် ဆိုကြဘဲ 'ပါလေ့'ဟုသာ ခေါ် ဆိုကြပါလေသည်။

တစ်နေ့ စာရေးသူ၏မိန်းကလေးသူငယ်ချင်း ကျောင်းသူ ခင်နှင်းမူက ကျောင်းတက်ခေါင်းလောင်းမထိုးခင် စာသင်ခန်းထဲတွင် သူမ၏အသစ်စစ်စစ် ဖောင်တိန်တစ်ချောင်းပျောက်သွားသဖြင့် ပါလေ့ (ခေါ်) တိုးလွင့်အား -

"ပါလေ့၊ ငါ့ဖောင်တိန်ပျောက်သွားလို့ဟ။ လွန်ခဲ့တဲ့ သုံးရက်လောက်ကမှ ငါ့အဖေဝယ်ပေးထားတာ။ ငါ့ကိုတော့ အဖေက ရိုက်ခံထိတော့မှာပဲဟယ်။ နင်ကူရှာပေးပါဦး။ ကိုကိုကြီး၊ နင်လည်းကူရှာပေးပါဦးဟာ"

ဟု အကူအညီတောင်းလေသည်။

ပါလေ့နှင့် စာရေးသူတို့မှာ တတွဲတွဲနေကြသည့်ချစ်သူငယ်ချင်းဖြစ်ကြသဖြင့် စာရေးသူကိုပါရော၍အကူအညီတောင်းလာခြင်း ဖြစ်ပါသည်။

သို့အတွက် ဘယ်လိုကူရှာပေးရင်ကောင်းမလဲဆိုသည်ကို စဉ်းစားနေမိကြပါသည်။

ပါလေ့လည်း မျက်နှာလေးအား အပေါ်သို့ ခပ်ကြာကြာလေးမော့ကြည့်နေပြီးမှ-

"နင်ပြန်တွေ့ရင် မုန့်ဝယ်ကျွေးရမယ်"

ဟု ပြောလိုက်လေရာ ခင်နှင်းမူမှ-

"ကျွေးပါ့မယ် ပါလေ့ရယ်၊ ကျွေးပါ့မယ်။ တွေ့အောင်သာရှာပေးပါ"

ဟု ပြန်ပြောလေသည်။

❑

နောက်တစ်နေ့ ကျောင်းပြန်တက်သောအခါ ခင်နှင်းမူတစ်ယောက် ကျောင်းသို့ စောစောရောက်နှင့်နေပြီး ပါလေ့ကို လည်ပင်းတရှည်ရှည်ဖြင့် စောင့်နေရှာလေသည်။

စောင့်နေရင်းက ခင်နှင်းမူသည် ဖောင်တိန်အသစ်ကလေးမှို့ နှမြောသည်ကတစ်ကြောင်း၊ မိဘမှ အဆူခံအရိုက်ခံရမည်ကိုကြောက်သည်ကတစ်ကြောင်းတို့ကြောင့် ရုပ်အသွင်အပြင်မှာ မလန်းဆန်းဘဲ ညှိုးငယ်နေရှာလေသည်။

များမကြာမီ ခင်နှင်းမူ မျှော်လင့်နေသော ပါလေ့ရောက်ရှိလာရာ ခင်နှင်းမူမှ အလောတကြီး ဆီးကြိုမေးမြန်းလေရာ ပါလေ့မှလည်း -

"နင်တို့အိမ်က လှေကားရဲ့ဖိနပ်ချွတ်အောက်က မြေကြီးပေါ်မှာတွေ့တယ်။ ဘယ်သူမှမတွေ့သေးဘူး၊ သွားကြည့်ချေ"

ဟု ပြောလိုက်လေသည်။

ခင်နှင်းမူလည်း ပါလေ့စကားကြားလိုက်ရပြီးသည်နှင့် စက်ဘီးဖြင့် သူမ၏အိမ်သို့ ချက်ချင်းပြန်သွားလေသည်။

ကျောင်းနှင့်အိမ် သိပ်မဝေး



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်နာရီဝက်ခန့်အကြာတွင် ခင်နှင်းမူပြုံးရွှင်စွာ ပြန်ရောက်လာပြီး သူမ၏ ဖောင်တိန်လေးကို အဝေးမှပင် ထောင်ပြနေသဖြင့် စာရေးသူသည် ပါလေ့အား အတော့်ကိုပင် အထင်ကြီးသွားမိပါလေသည်။

ထိုနေ့က ခင်နှင်းမူမှ မုန့်တွေဝယ်ကျွေး၍ ပါလေ့ရော စာရေးသူပါ စားကြရသဖြင့် ပျော်ရွှင်ခဲ့ကြရပါသည်။

☐☐

သို့နှင့် စာရေးသူလည်း ကျောင်းပိတ်ရက်တစ်ရက်တွင် ပါလေ့နေထိုင်ရာ ရပ်ကွက်ရှိအိမ်သို့ ဒီကောင်ဘယ်လိုများ ဒီဖောင်တိန်ကိုတွေ့အောင် အဟောထုတ်နိုင်သလဲ ဆိုသည်ကို သိရှိလိုသဖြင့် အိမ်လည်သွားခဲ့ပါသည်။

သူ့အိမ်ပေါက်ဝသို့ရောက်တော့ -

"ပါလေ့ရေ ပါလေ့"

ဟု လှမ်းခေါ်လိုက်ရာ ပါလေ့မှ ပြန်လည်ပြီး -

"ဖိုးတို လာကွ၊ အိမ်ပေါ်ကို"

ဟု စာရေးသူအား ပြန်ခေါ်ရင်း ခရီးဦးကြိုပြုပါသည်။

အိမ်ပေါ်ရောက်တော့ ပါလေ့၏ အမေမှ အာလူးကြော်တစ်ပန်းကန်နှင့် ရေနွေးကြမ်းတစ်အိုးဖြင့် ဧည့်ခံသဖြင့် စားသောက်ရင်း၊ ထွေရာလေးပါးစကားများပြောနေရင်းက စာရေးသူမှပင် သိလိုဇောနှင့် -

"သူငယ်ချင်းပါလေ့၊ ခင်နှင်းမူရဲ့ ဖောင်တိန်ပြန်တွေ့အောင် မင်းဘယ်လိုလုပ်သိနိုင်တာလဲ။ ငါ့လည်းပြောပြစမ်းပါဦး"

ဟုမေးရာ ပါလေ့မှ လေသံဖြင့်-

"အိမ်မှာပြောလို့မကောင်းဘူးကွ။ အမေက ငါ့ကိုဆူလိမ့်မယ်။ လာကွာ၊ လက်ဖက်ရည်ဆိုင်သွားကြမယ်"

ဟုခေါ်သဖြင့် ပါလေ့၏အမေအား ခွင့်ပန်ကာ လက်ဖက်ရည်ဆိုင်ရှိရာသို့ သူငယ်ချင်းနှစ်ယောက်ထွက်ခဲ့ကြ



လေသည်။

လက်ဖက်ရည်ဆိုင်ရောက်သောအခါ စားပွဲလွတ်တစ်လုံးတွင် သူငယ်ချင်းနှစ်ယောက်ဝင်ထိုင်လိုက်ရင်း လက်ဖက်ရည်နှစ်ခွက်မှာလိုက်ကြပါသည်။

ထို့နောက် ပါလေ့သည် လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး -

"မင်းဘယ်သူကိုမှတော့မပြောရဘူးနော်"

ဟု စာရေးသူအား နှုတ်ပိတ်လိုက်ပါသည်။

စာရေးသူကလည်း -

"စိတ်ချပါကွာ၊ ဘယ်သူ့မှမပြောပါဘူး"

ဟုကတိပေးလိုက်ပါသည်။

"တခြားမဟုတ်ဘူး ဖိုးတိုရေ



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေ့ပေဒင်မေးတာကွ ဖိုးကိုရ”

ဟု ပါလေ့မှပြောလေရာ ပော'ဟု နှုတ်မှထွက်ကာ ကြက်သီးမွေးညင်းများ ထပြီး လန့်ဖျပ်သွားရပါသည်။

“မလန့်နဲ့ သူငယ်ချင်း၊ ငါလည်း အစကတော့ မယုံဘူးကွ။ ခင်နှင်းမူရဲ့ ဖောင်တိန် ဘယ်လိုများပြန်တွေ့အောင် လုပ်ရပါ့မလဲလို့ အပြန်ပြန်အလှန်လှန် စဉ်းစားနေရင်းက ပေါက်ပေါက်ရှာရှာသိတတ်တဲ့ တို့အိမ်(၂)အိမ်ကျော်က လူပျိုကြီး ကိုထွန်းရကို သွားသတိရတယ်။

ငါလည်း ကိုထွန်းရကြီးဆီသွားပြီး ခင်နှင်းမူ ဖောင်တိန်ပျောက်သွားလို့ အကူအညီပေးလိုကြောင်းပြောပြတော့ ကိုထွန်းရကြီးက မင်းသူငယ်ချင်းဖောင်တိန် ဘယ်သူမှကောက်မရသေးဘူးဆိုရင် ပြန်တွေ့စေရမယ်ဆိုပြီး ညကျရင် မင်းလိုက်ခဲ့လို့ခေါ်လို့ ညရောက်တော့ ငါလည်း ကိုထွန်းရကြီးနဲ့ လိုက်သွားခဲ့တယ်။ မကြောက်တတ်ဖို့တော့လိုတယ်ကွ။ ဟိုရောက်တော့ တစ္ဆေခေါ်မေးပြီး ရလာတဲ့အဖြေကို ခင်နှင်းမူကိုပြောပြလိုက်တော့ ခင်နှင်းမူသွားရှာလို့တွေ့တယ်လည်းဆိုရော၊ငါလည်း အဲဒီမှာ ယုံသွားတော့တာပဲ ဖိုးကိုရေ”

ဟု ပြောပြပါသည်။

စာရေးသူလည်း ပါလေ့၏ပြောပြချက်များကို မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေနေစဉ် ပါလေ့မှ -

“မင်းလည်း ငါ့လိုပဲယုံမှာမဟုတ်ဘူး။ ဒီတော့ မင်းကို လက်တွေ့သိရအောင် ဒီည မင်း ငါနဲ့လိုက်ခဲ့ကွာ”

ဟု ခေါ်လေသည်။

“ဘယ်ကိုလိုက်ရမှာလဲ”

ဟုစာရေးသူကပြန်မေးရာ ပါလေ့မှ-

“တစ္ဆေရှိတဲ့နေရာကိုပေါ့ကွ”

ဟုပြောသဖြင့် စာရေးသူ ထပ်မံ၍ ကျောချမ်းသွားရပြန်ပါသည်။

စာရေးသူမှ လိုက်မည်မလိုက်မည်ကိုမပြောကြားနိုင်သေးခင်မှာပင် ပါလေ့မှ-

“နှစ်ယောက်မရဘူး။ သုံးယောက်မှမေးလို့ရတာ။ တို့နှစ်ယောက်အပြင် နောက်တစ်ယောက်တော့လိုမယ်။ နေဦး၊ ဟိုကောင်အာရွှန်းကိုသွားခေါ်မယ်ကွာ”

ဟု ပြောပြောဆိုဆို ပါလေ့မှ လက်ဖက်ရည်ဖိုးရှင်းကာ နှစ်ယောက်သား လက်ဖက်ရည်ဆိုင်မှထွက်ခဲ့ကြလေသည်။

အာရွှန်းဆိုသူမှာ ဂေါ်ရခါးလူမျိုးဖြစ်ပြီး ပေါက်တတ်ကရ အင်မတန်ပြောဆိုတတ်သူဖြစ်သလို ဟိုဟာမယုံ ဒီဟာမယုံဆိုသည့်သူဖြစ်ပါသည်။

ပါလေ့ခေါ်မည်ဆိုပါက ဒီကောင်အာရွှန်း မဖြစ်မနေလိုက်မှာသေချာပါပေသည်။

❑

ထိုအချိန်အခါက လူငယ်ဘဝတွင် မှားသည်၊ မှန်သည်ကို စဉ်းစားမနေကြတော့ဘဲ စူးစမ်းသိရှိလိုသောစိတ်တစ်ခုတည်းကိုသာဦးတည်ပြီး မိဘများအား မပြောကြဘဲ ည (၉) နာရီကျော်ကျော်လောက်တွင် တစ္ဆေများအနေများသည့် သိင်္ဂါဂိရိရပ်ကွက်ရှိ သင်္ချိုင်းကုန်းဆီသို့ သူငယ်ချင်း (၃) ဦး ထွက်ခဲ့ကြပါသည်။

ယခုအခါ ထိုသင်္ချိုင်းကုန်းမှာ မြို့ပြင်သို့ ပြောင်းရွှေ့သွားပြီဖြစ်ပြီး ထိုသင်္ချိုင်းကုန်းနေရာအား သုတ်သင်ရှင်းလင်းပြီး အောင်မင်္ဂလာဈေးကြီးဖွင့်လှစ်ထားပြီဖြစ်ပါသည်။

ထိုသင်္ချိုင်းကုန်းရွှေ့စဉ်ကာလက သင်္ချိုင်းကုန်းရှိ ပရလောကသားများကိုလည်း ကား(၃)စီးဖြင့် သင်္ချိုင်းကုန်းအသစ်ရှိရာသို့ ပြောင်းရွှေ့ပေးခဲ့ရပုံတို့အား စာရေးသူ၏မိခင်ကြီးမှ ပြောပြခဲ့ပုံမှာ သင်္ချိုင်းရွှေ့ပေးရာတွင် အသက်ကြီးကြီးလူကြီးတစ်ဦးမှဦးဆောင်ပြီး သင်္ချိုင်းကုန်းအလယ်တွင် မတ်တတ်ရပ်လျက် ဤသင်္ချိုင်းကုန်းတွင် မှီတင်းနေထိုင်ကြကုန်သော အသင်ပရလောကသား အပေါင်းတို့၊ ဤသင်္ချိုင်းအား မြို့ပြင်သို့ ပြောင်းရွှေ့မည်ဖြစ်ပါ၍ အသင်တို့ ဒီမှာ နေခွင့်မရှိကြတော့၊ ဒါကြောင့် ကားသုံးစီးပေါ်သို့တက်၍ လိုက်ခဲ့ကြပေတော့။ ကျွန်ုပ်တို့ လိုက်ပို့ပေးမည်ဖြစ်သည်ဟု ခပ်ထန်ထန်ပြောဆိုအမိန့်ပေးသည်။

(၁၅) မိနစ်ခန့် ပရလောကသားများ ကားပေါ်တက်ရန် အချိန်ပေးပြီး အချိန်ပြည့်သည်နှင့် ဦးဆောင်လူကြီးမှ ကဲ - ကားထွက်မယ်၊ ငြိမ်ငြိမ်လိုက်ခဲ့ကြ ဟု ထပ်ပြောလိုက်ပါသည်။

ကားစတင်ထွက်ဖို့အတွက် ရှေ့ဆုံးကားမှစက်နှိုးပြီး မောင်းနှင်သမှုပြုလေရာ ကားသည် ရှေ့သို့မောင်းမရဘဲ ဖြစ်နေလေရာ ဦးဆောင်သော လူကြီးမှပင် ရှေ့ဆုံးကားထံသို့သွားပြီး အတွေ့အကြုံရှိသူပီပီ -

“ဒီကားပေါ်မှာ ပရလောကသားတွေများနေတယ်၊ အလယ်ကားနဲ့ နောက်ကားကို တချို့တစ်ဝက်ပြောင်းစီးကြ၊ မပြောင်းရင် ကားထွက်မရဘူး”

ဟု ပြောလေရာ ခဏအကြာတွင် ရှေ့ကားမှာ စတင်ဘီးလှိမ့်၍ရသွားပြီး နောက်ကားများပါလိုက်၍မောင်းနှင်သွားနိုင်ကြောင်းပြောခဲ့ဖူးပါသည်။

❑

စာရေးသူတို့ သင်္ချိုင်းကုန်းသို့ရောက်ကြသောအခါ ထိုသင်္ချိုင်းကုန်းသည် မြို့ရှိရပ်ကွက်နှင့်ကပ်လျက်ရှိသည့်အတွက် စိတ်ချောက်ချားမှုကိုတော့ အနည်းငယ်မျှ သက်သာရာရှိပါသည်။

သို့သော်လည်း လူသေကောင်များမြှုပ်နှံသည့်သင်္ချိုင်းပါလားဆိုသည့် စိတ်များကတော့ ကိုယ်စီကိုယ်ငှရှိနေကြပါသည်။

သင်္ချိုင်းကုန်းအတွင်းဆက်လျှောက်လာရင်းက အုတ်ဂူနှစ်လုံးကြားသို့ရောက်ကြလေလျှင် ရပ်တန့်လိုက်ကြပြီး အသိတစ်ယောက်ဆီမှ ငှားရမ်းလာသော သုံးယောက်စာထိုင်စားပွဲဝိုင်းတစ်လုံးကို အုတ်ဂူနှစ်လုံး၏အလယ်တွင်ချလိုက်ကြပါသည်။

သင်္ချိုင်းမရောက်ခင် ပါလေ့မှ လုပ်ဆောင်ရမည့်အခြေအထားများကို စာရေးသူတို့အား ပြောကြားထားပြီးဖြစ်ပါသည်။

ထို့နောက် သုံးယောက်သား စားပွဲကိုအလယ်ထားပြီး ဒူးချင်းထိတာဝိုင်းထိုင်လိုက်ကြပါသည်။ ပြီးနောက် ပါလာသည့် ငါးမူးလုံးခန့် အရှည်တစ်ပေခန့်ရှိ တုတ်တစ်ချောင်းကို စားပွဲ၏ အလယ်တည့်တည့်တွင် ပါလေ့ကချလိုက်ပါသည်။

ထိုနေ့က လကွယ်ညဖြစ်သည်နှင့်အညီ သင်္ချိုင်းကုန်းတစ်ပြင်လုံးသည် မှောင်မည်းမှုတ်နေတာ လွှမ်းခြုံထားတာ တိတ်ဆိတ်ငြိမ်သက်သလိုမှ လေတဟူးဟူးတိုက်ခတ်လာသည့်အတွက် အနီးအနားမှ သစ်ပင်တို့မှ လေတိုက်ခတ်လာမှုကြောင့် တဖိုးဖိုးမြည်သံများကြားနေရပါသည်။ လေတိုက်ခတ်မှုတို့နှင့်အတူ အပုပ်နံ့တို့ကရောနှောကာပါလာသဖြင့် သုံးဦးသား နှာခေါင်းရှုံ့မိကြပါသည်။ မှောင်မည်းနေသဖြင့် တစ်ဦးနှင့်တစ်ဦး ထင်ထင်ရှားရှားမမြင်ကြရဘဲ ဝါးတားတားသာ မြင်တွေ့နေကြရပါသည်။

စားပွဲပေါ်တွင် တုတ်ချပြီးသည်နှင့် သုံးယောက်စလုံးသည် မိမိတို့၏ လက်နှစ်ဖက်စလုံးကို မိမိခန္ဓာကိုယ်နဲ့ ဘယ်ညာမှာရှိနေသည့်လူနှင့် လွယ်ကွာ



www.burmeseclassic.com

www.burmeseclassic.com

လက်ချင်းထိတွေ့ထားနိုင်စေရန် ခန္ဓာကိုယ်အောက်ဘယ်ညာတွင် မှောက်ခုံမှောက်ကာ စားပွဲပေါ်သို့ လက်များတင်လိုက်ကြပါ သည်။

ပြီးနောက် စားပွဲပေါ်တွင် စာရေးသူ၏ ဘယ်လက်ဝါးက အာရွှန်း၏ညာလက်ဝါးနှင့်ထိတွေ့ပြီး အာရွှန်း၏ဘယ်လက်ဝါးက ပါလေ့၏ညာလက်ဝါးနှင့်ထိကာ ပါလေ့ဘယ်လက်ဝါးက စာရေးသူ၏ညာလက်ဝါးနှင့် ထိထားကြရပါလေသည်။

လက်ဝါးများပတ်လည်ထိပြီးသည်နှင့် ပါလေ့မှ -

"ဤသချိုင်းမှာရှိသည့် တစ္ဆေတစ်ဦး ကျွန်တော်တို့သိချင်ကြတာလေးတွေ ရှိ၍ မေးချင်ပါသဖြင့် ဖြေနိုင်တဲ့အဆင့်ရှိသောတစ္ဆေတစ်ဦး စားပွဲပေါ်သို့ကြွပါရန် ဖိတ်ခေါ်ပါတယ်။ ရောက်ရှိပါက စားပွဲပေါ်မှာတင်ထားတဲ့တုတ်နဲ့ စားပွဲကိုနှစ်ချက်ခေါက်ပြပေးပါ"

ဟု ဆိုလေရာ တုတ်ခေါက်သံအား စာရေးသူတို့ နားစွင့်နေမိကြပါသည်။

တစ်မိနစ်သာသာကြာသော်လည်း ဘာသံမှမကြားရသဖြင့် ပါလေ့မှ ဒုတိယအကြိမ် အထက်ပါအတိုင်းပြောပြန်၏။ ဘာသံမှမကြားရ၊ တတိယအကြိမ်ပြောလိုက်သောအခါ စဏ္ဍာန့်ပိုင်းအတွင်း ဒေါက်၊ ဒေါက်ဟူသောအသံပေါ်ထွက်လာသဖြင့် စာရေးသူ ကြက်သီးမွေးညင်းများထသွားမိသလို စာရေးသူ၏ခေါင်းကြီး ပို၍ကြီးသွားသလားထင်လိုက်ရပါသည်။

ဝိန်းဝိန်းကြီးနေအောင်အမှောင်ထုကကြီးစိုးနေသဖြင့် သုံးဦးစလုံး အသံတိတ်တော့ကြားရပြီး တုတ်အပေါ်သို့ မြောက်သွားသည်၊ မမြောက်သွားသည်တို့တော့ မမြင်ကြရပါ။

အသံကဖြင့် သဲသဲကွဲကွဲကြီးကြားလိုက်ရသည်မှာ သံသယဖြစ်စရာမရှိပေ။

ဆက်လက်ပြီး တုန်လှုပ်ခြင်းမရှိသောပါလေ့မှ -

"ယခုရောက်လာသောတစ္ဆေသည် ယောကျ်ားလား၊ မိန်းမလားသိချင်ပါတယ်။ ယောကျ်ားဆိုရင် စားပွဲကိုတစ်ချက်ခေါက်ပြပြီး မိန်းမဆိုပါက နှစ်ချက်ခေါက်ပြပါ"

ပြောလေရာ စဏ္ဍာန့်ပိုင်းအတွင်းမှာပင် 'ဒေါက်၊ ဒေါက်' ဟူသောအသံနှစ်ချက်ကြားရ၍ မိန်းမတစ္ဆေဖြစ်ကြောင်း သိရပြန်ပါသည်။

ထိုစဉ် အမှတ်မထင် ပေါက်တတ်ကရပြောတတ်သည့်အာရွှန်းမှ -

"အပျိုဆိုရင် တစ်ချက်ခေါက်၊ အအိုဆိုရင် နှစ်ချက်ခေါက်ပြပါ"

ဟု မေးလိုက်ရာ ဒေါက်ဟု တစ်ချက်တည်းခေါက်ပြ၍ အာရွှန်းမှ တဟဲဟဲနှင့် အသံထွက်ကာရယ်လိုက်လေသည်။

လက်ချင်းထိထားသောသာပါလေ့မှာ အာရွှန်း၏လက်အား သူ၏လက်နှင့်ဖိကာ မနောက်ရန် အချက်ပြသတိပေးလိုက်ပါသည်။

သည့်နောက် ပါလေ့မှ -

"ကျွန်တော်တို့ကျောင်းမှာ ခင်နှင်းမှုဆိုတဲ့ ကောင်မလေးကို ကျွန်တော်ချစ်ရေးဆိုမည်ဆိုပါက သူမက ကျွန်တော့်ကို ပြန်ချစ်မှာလား၊ ပြန်မချစ်ဘူးလားဆိုတာ သိချင်ပါတယ်။ ချစ်နိုင်မယ်ဆိုရင် တစ်ချက်ခေါက်ပြပြီး၊ မချစ်နိုင်ဘူးဆိုရင်တော့ နှစ်ချက်ခေါက်ပြပါ"

ဟု မေးလိုက်လေရာ တစ်မိနစ်ကြာကြာစောင့်ဆိုင်းပြီးမှ ဒေါက်ဟူသောအသံတစ်ချက်ကြားလိုက်ရာ စာရေးသူ ကျောချမ်းသွားပါသည်။

ပါလေ့ဆီကတော့ လေသံတိုးတိုးဖြင့်ရယ်သံကိုသဲ့သဲ့လေးကြားလိုက်ရပြီး အာရွှန်းမှာ မနေနိုင်ဘဲ အသံကျယ်ကျယ်နှင့် တဟဲဟဲထပ်ရယ်ပြန်ပါလေသည်။

ဒီတစ်ခါရယ်သည်ကိုဖြင့် ပါလေ့မှ ဘာမှမလုပ်ဆောင်တော့ဘဲ ထပ်ဆင့်ကာ -

"ကျွန်တော်တို့နှစ်ဦး ချစ်သူတွေဖြစ်သွားကြရုံပဲလား၊ အကြင်လင်မယားဘဝကိုကော မရောက်နိုင်ဘူးလား၊ အကြင်လင်မယားဘဝရောက်မယ်ဆိုရင် တစ်ချက်ခေါက်ပြပါ၊ မရောက်ဘူးဆိုလျှင်လည်း နှစ်ချက်ခေါက်ပြပါ"

ဟု မေးမြန်းလေရာ တစ်မိနစ်ခန့်ကြာကြာစောင့်ပြီးလျှင် ဒေါက်ဟု တစ်ချက်မြည်သံကြားလိုက်ရသောအခါ အာရွှန်းမှာ ဟား ဟား ဟားဟု ရယ်ပြန်လေသည်။

သည့်နောက် အာရွှန်းမှ အယုံအကြည်မရှိသူပီပီ လွှတ်ခနဲ -

"တစ္ဆေမဟာ အပျိုဆိုတော့ ငါ့ကိုချစ်ရင် တစ်ချက်ခေါက်၊ မချစ်ရင် နှစ်ချက်ခေါက်ပြပါ"

ဟု ဆိုလိုက်ရာ လျင်မြန်စွာပင် ဒေါက်ခနဲတစ်ချက်ခေါက်သဖြင့် အာရွှန်းမှာ သဘောကျစွာရယ်ပြီး -

"အေး- ငါ့ကိုချစ်ရင် ငါ့ကိုငါလက်ထပ်ယူမယ်ကြားလား"

ဟု ပြောဆိုလေရာ တုတ်ခေါက်သံသည် အဆက်မပြတ်ခေါက်လေသဖြင့် ပါလေ့မှ -

"ကဲကဲ- ဒီလောက်ပါပဲ တစ္ဆေမရယ် ကျေးဇူးလည်းတင်ပါတယ်၊ အသင်လည်း ပြန်လိုရာသို့ပြန်ပါ"

ဟု ပြောသော်လည်း ဒေါက်ဒေါက်ဟူသောအသံမပျောက်ဖြစ်နေပါသည်။

သည့်အတွက်ကြောင့် ပါလေ့မှ လက်တွေကို စားပွဲပေါ်မှရုတ်စေပြီး မတ်တတ်ရပ်ခိုင်းသဖြင့် သုံးယောက်စလုံးရပ်လိုက်သောအခါ ဒေါက်ဒေါက်အသံပျောက်ကွယ်သွားလေသည်။

ပြီးလျှင် စားပွဲကိုမ,ယူကာ သုံးယောက်သား သချိုင်းကုန်းမှခွာ၍ မိမိတို့၏အိမ်များဆီသို့ လမ်းခွဲကာ အတွေးကိုယ်စီဖြင့် ပြန်ခဲ့ကြပါသည်။

ပြန်ချိန်ကား ည(၁၀)နာရီခန့်ဖြစ်ပါသည်။

❑

နောက်တစ်နေ့နံနက် ကျောင်းရောက်ကြသည့်အခါ ပါလေ့မှ စာရေးသူအား တစ္ဆေမေးဒင်နှင့်ပတ်သက်၍ ရှင်းပြလိုက်ပုံမှာ -

"ငါ ခင်နှင်းမှုကို စိတ်ဝင်စားနေတာကြာပြီကွ၊ ဒါကြောင့် ငါ့ကိုချစ်နိုင်၊ မချစ်နိုင်သိချင်လို့ သုံးယောက်ရှိမှဖြစ်တဲ့ အစီအစဉ်မို့ မင်းတို့ကိုအပါခေါ်ပြီးမေးရတာပဲကွ။ တို့အိမ်နားကလူပျိုကြီးကိုထွန်းရကလည်း သချိုင်းကုန်းမှာမေးရင် ပိုမှန်တယ်ပြောလို့ အရဲစွန့်သွားရတာပေါ့ကွာ။ ရပ်ကွက်ရဲ့အစွန်အဖျားမှာရှိတဲ့ အုပ်မှိုင်းမှိုင်းသစ်ပင်ကြီးတွေအောက်မှာ မေးရင်ရတယ်၊ ခင်နှင်းမှု ဖောင်တိန်ပျောက်တဲ့ကိစ္စဆိုရင် လူပျိုကြီး ကိုထွန်းရက ငါနဲ့ နောက်တစ်ယောက်ခေါ်ပြီး ရပ်ကွက်ရဲ့အစွန် သစ်ပင်ကြီးအောက်လူတွေအိပ်ချိန်လောက်မှာ မေးပေးတာကွ"

ဟု ရှင်းပြလေသည်။

စာရေးသူမှလည်း အချစ်သူရဲကောင်းကြီး ပါလေ့ရယ်လို့သာ နှုတ်မှထွက်ဆိုမိပါလေတော့သည်။

စာရေးသူတို့နှစ်ယောက် စကားပြောကောင်းနေကြစဉ် ကျောင်းတက်ခေါင်းလောင်းသံကြားရသဖြင့် စာသင်ခန်းထဲသို့ အပြေးလေးဝင်သွားကြပါသည်။

မကြာမီ အတန်းပိုင်ဆရာမ

www.burmeseclassic.com

ရောက်ရှိလာပြီး ဆရာမမှ လူစုံ၊ မစုံ နာမည်ခေါ်ပါလေသည်။ နာမည်ခေါ်ပြီးချိန်အထိ အာရွှန်းတစ်ယောက် စာသင်ခန်းထဲသို့ ရောက်မလာခဲ့သဖြင့် ဘာကြောင့်များ ကျောင်းမတက်တာပါလိမ့်ဆိုသည့်စိတ်နှင့် ညနေကျောင်းဆင်းသည့်အခါ အာရွှန်းနေထိုင်ရာရပ်ကွက်သို့ ပါလေ့နှင့် စာရေးသူတို့လိုက်သွားကြပါသည်။

အာရွှန်းအိမ်သို့ရောက်ကြသောအခါ အာရွှန်း၏အမေမှ စာရေးသူတို့အားမြင်သည်နှင့် အာရွှန်း၏သူငယ်ချင်းများဖြစ်သည်ကိုသိသောကြောင့် တွေ့တွေ့ချင်း -

"မင်းတို့ရဲ့သူငယ်ချင်း ညက အချိန်မတော်မှ ပြန်ရောက်တယ်၊ ရောက်ရောက်ချင်းပဲ ပူတယ်ပူတယ်ဆိုပြီး အိပ်ရာထဲဝင်လှဲတော့တာပဲ။ ကိုယ်စမ်းကြည့်တော့ ချစ်ချစ်တောက်ပူနေတယ်။ အခုထိ အဖျားကမကျဘူး။ လန့်လန့်ပြီးတော့လည်း အော်အော်နေတယ်။ အနက်တို့ကိုလည်း မျက်လုံးကြီးပြူးပြူးနဲ့ကြည့်ကြည့်နေတယ်။ အင်္ဂလိပ်ဆေးတွေတော့ မနည်းချော့တိုက်ထားရတယ်။ ဒီညနေမှ မသက်သာရင်တော့ ဆေးရုံပို့မယ်လို့ သူ့အဖေကပြောတယ်"

ဟု ဆီး၍ပြောပြပါသည်။

ပါလေ့နှင့် စာရေးသူတို့မှာ တူညီသောအတွေးကိုယ်စီနှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြကာ အာရွှန်းအိပ်နေရာသို့ ခပ်သွက်သွက်လေးသွားလိုက်ကြပါသည်။

အာရွှန်းသည် စာရေးသူတို့နှစ်ဦးအားမြင်လိုက်သည့်အခါ အင်မတန်မှ ပေါက်တတ်တရပြောတတ်သောအာရွှန်းသည် အိပ်ရာထဲမှ မျက်လုံးစိမ်းကြီးနှင့်ကြည့်နေသဖြင့် စာရေးသူမှာ ကြောက်တတ်သူပီပီ ကြက်သီးများဖြန်းခနဲနေအောင်ထသွားမိပါလေသည်။

ပါလေ့သည် တစ်ခဏမျှစဉ်းစားပြီး စာရေးသူအား လက်ကာပြကာ အိမ်အပြင်သို့ထွက်ခွာသွားပြီး အာရွှန်းတို့၏ ခြေရင်းအိမ်သို့ သွားပါလေသည်။

သွားပြီး ခဏအကြာတွင် ပါလေ့ အာရွှန်းအိမ်သို့ပြန်ရောက်လာသောအခါ-

"ဒါသိမ်ဝင်ပုတီးကွ"

ဟုပြောဆိုပြီး အာရွှန်း၏ဦးခေါင်းအား လျှပ်တစ်ပြက်ဆွဲယူကာ စွပ်ချလိုက်လေတော့သည်။

စွပ်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် အာရွှန်းသည် မျက်လုံးကြီးပြူး၍ စာရေးသူတို့အား အံကြိတ်ကာ ဒေါသကြီးနှင့်ကြည့်နေပုံမှာ ကြောက်စရာပင်ကောင်းလှပါ၏။

စာရေးသူကတော့ ကြောက်ရွံ့နေပြီး ပါလေ့ကတော့ မကြောက်မရွံ့ ရဲရဲတင်းတင်း အာရွှန်းအား ကြည့်နေပါသည်။

သိပ်မကြာခင်အချိန်လေးမှာပင် အာရွှန်းသည် ဝူးဟူးဟု ပါးစပ်ကြီးဟပြီး မျက်လုံးက ဟိုကြည့်သည်ကြည့်နှင့် စာရေးသူတို့အား မြင်တွေ့သွားသည့်အခါ အာရွှန်းထံမှ အင်းဟုတစ်ချက်ညည်းပြီး -

"ငါ. . . ငါဘာဖြစ်သွားတာလဲ"

ဟု မေးလေရာ ပါလေ့မှ အာရွှန်း၏အမေအနားမှာရှိသဖြင့် ပြောရခက်သောကြောင့်-

"ဘာမှမဖြစ်ပါဘူး၊ မင်းကောင်းသွားပါပြီ"

ဟု ပါလေ့မှပြန်ဖြေလိုက်ပါသည်။

ဂေါ်ရခါးလူမျိုးဘာသာကွဲဖြစ်နေသော အာရွှန်း၏အမေမှလည်း ပါလေ့လုပ်ဆောင်မှုတို့ကို အစအဆုံး တအံ့တဩသလိုက်ကြည့်နေရင်းက သူ့သားကောင်းသွားသည်ကိုမြင်ရသဖြင့် ပါလေ့အား -

"ငါ့သားကောင်းသွားပြီ၊ ကျေးဇူးပါ သားတို့ရယ်"

ဟုသာ ပြောလာပါတော့သည်။

❑

နောက်တစ်နေ့တွင် အာရွှန်းကျောင်းတက်လာပါသည်။

သူငယ်ချင်းသုံးယောက်ပြန်ဆုံကြသောအခါ ပါလေ့က ပြောပြပုံမှာ သချိုင်းတွင် မလိုလားအပ်တဲ့စကားတွေ မပြောဖို့ ပါလေ့က အာရွှန်းအား သေသေချာချာမှာထားသော်လည်း အာရွှန်းမှာ မယုံကြည်သူပီပီ ရှုတ်နောက်နောက်ပြောသဖြင့် အာရွှန်းထံ တစ္ဆေမကတကယ်ထင်ကာ ကပ်ပါလာတာဖြစ်ကြောင်း၊ အာရွှန်းတို့မိသားစုသည် ဗုဒ္ဓဘာသာအိမ်မဟုတ်သည့်အတွက် ပရိတ်ရေ ပရိတ်ကြိုး၊ စိပ်ပုတီးများမရှိနိုင်သဖြင့် အာရွှန်းတို့ခြေရင်းက ဗုဒ္ဓဘာသာအိမ်မှ ကံအားလျော်စွာ သိမ်ဝင်ပုတီးကို အကျိုးအကြောင်းရှင်းပြပြီးရရှိခဲ့ကြောင်းနှင့် ပါလေ့မှ သူ၏အတွေ့အကြုံအရ သိမ်ဝင်ပုတီးကို အာရွှန်းဦးခေါင်းအား စွပ်ပေးလိုက်သဖြင့် တစ္ဆေမဒေါသကြီးစွာနှင့် ထွက်ခွာသွားကာ အာရွှန်းပြန်ကောင်းသွားခြင်းဖြစ်ကြောင်း ရှင်းပြပါလေသည်။

ဂေါ်ရခါးလူမျိုးအာရွှန်းသည်လည်း ထိုနေ့မှစ၍ ယုံကြည်သွားပါလေသည်။

❑

စာရေးသူသည် ထိုကဲ့သို့တွေ့ကြုံခဲ့ရပြီး (၁၀)နှစ်ကျော်ကြာမျှကြာသွားပြီးသည့်နောက်ပိုင်း အမှတ် (၄) စက်ရုံအကြီးစားစက်မှုလုပ်ငန်းတွင်အလုပ်ဝင်ကာ အိမ်ထောင်ကျပြီး၍ ကလေးတစ်ယောက်ပင်ရပြီးချိန်တွင် ယခုနေသော ထုံးဘိုမှ မွေးရပ်မြေ မကွေးမြို့သို့ ခွင့်ယူ၍ ပြန်ခဲ့ပါသည်။

ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသော ပါလေ့နှင့် အာရွှန်းတို့နှင့်လည်း စာအဆက်အသွယ်မရှိကြသဖြင့် သူတို့နှစ်ဦး ဘယ်ရောက်နေကြမှန်း စာရေးသူမသိဖြစ်ရပါသည်။

မကွေးမြို့သို့ ရောက်သည်နှင့် နောက်တစ်နေ့တွင် သိပ်မဝေးလှသော အာရွှန်း၏အိမ်သို့ အရင်သွားမိပါသည်။ အာရွှန်းအိမ်သို့ရောက်သောအခါတွင် အာရွှန်းနှင့် အဆင်သင့်တွေ့ရပြီး စာရေးသူအား ဝမ်းပန်းတသာကြိုဆိုပါသည်။ အာရွှန်းမှာလည်း လူပျိုကြီးအဖြစ်နှင့်သာတွေ့ရှိရပြီး ပါလေ့အကြောင်း မေးကြည့်တော့ မကွေးမြို့တွင် ရှိတော့ကြောင်း ပြောပြပါသည်။

ဆက်လက်ပြီး အာရွှန်းမှ -

"ဒီကောင် ခင်နှင်းမူနဲ့အိမ်ထောင်ကျစက ငါနဲ့တွေ့လိုက်သေးတယ်ကွ။ အိမ်ထောင်သည်ဖြစ်သွားတော့လည်း အိမ်မှုကိစ္စတွေနဲ့ အချိန်ကုန်နေမှာပေါ့ကွာ။ မနှစ်တုန်းက သူ့အမေနဲ့ ဈေးထဲတစ်ခါတွေ့လို့ ငါမေးကြည့်မိသေးတယ်။ လင်မယားနှစ်ယောက်လုံးက အင်ဂျင်နီယာတွေကြီးပဲဆိုတော့ မန္တလေးမှာ တာဝန်ကျလို့ပြောင်းသွားရတယ်ပြောတယ်။ ကလေး (၂) ယောက်ရပြီတဲ့ကွ"

ဟု ပြောပြလေရာ စာရေးသူ၏ တစ္ဆေဗေဒင်မေးစဉ်က ခင်နှင်းမူနှင့်ပတ်သက်၍ ပါလေ့မေးခဲ့ပုံလေးကို ပြန်လည်ကြားယောင် မြင်ယောင်နေမိပါလေသည်။ အဲဒီတုန်းက ပါလေ့မေးတိုင်းလေးမှာ 'အကြင်လင်မယား[illegible] ရောက်မယ်ဆိုရင် တစ်ချက်ခေါက်[illegible] ဆိုသည်မှာ မှန်နေပါရော[illegible] စာရေးသူ၏အတွေးအိမ်ထဲဝယ်[illegible] နေပါတော့သည်။

❑

www.burmeseclassic.com

သို့ကလို ကျောင်းသားအရွယ်က အဖြစ်အတွေ့အကြုံဖြင့် လုပ်ငန်းခွင်သို့ ရောက်လာသည့်အခါမှာလည်း လုပ်ငန်းခွင်မှ သူငယ်ချင်းများအား စာရေးသူ၏ အတွေ့အကြုံကိုပြောပြရာ သူငယ်ချင်းတင်နုမှလည်း စမ်းသပ်လို၍ ဟိုးယခင်က စာရေးသူတို့နယ်မြေမှာ နာမည်ကြီးတံတားဖြစ်သည့် ရွှေပန်းတောတံတားသို့ ညကြီးအချိန်မတော် သွားရောက်တစ္ဆေပဒင်မေးခဲ့ဖူးပါသည်။

မှန်တာလည်းရှိသလို မမှန်တာလည်းရှိခဲ့ပါသည်။ သို့ပေသည့် ဒေါက်၊ ဒေါက် ဆိုသောခေါက်ပြသံသည် သုံးဦးစလုံး ရှင်းရှင်းလင်းလင်းကြားနေရသည်မှာတော့ အံ့ဩစရာလို့ပင်ဆိုရမှာဖြစ်ပါသည်။

ပြန်စဉ်းစားကြည့်မည်ဆိုပါကလည်း သုံးဦးစလုံး၏ လက်နှစ်ဖက်စလုံးသည် ရွှေ့လျား၍မရအောင်ထိထားကြသဖြင့် တစ်ဦးတစ်ယောက်က တီထွင်လုပ်ဆောင်နေခြင်းကြောင့် ဒေါက်၊ ဒေါက်သံကြားသိနေရခြင်းမျိုးလည်း လုံးဝမဖြစ်နိုင်ပါ။

သို့ဆိုရပါလျှင် မမြင်ရသောပရလောကသားတို့သည် အမှန်တကယ်ရှိနေခြင်းကြောင့်သာ လာရောက်ခေါက်ပြခြင်းဖြစ်သည်ဟု ဆိုရမှာဖြစ်ပါသည်။


စာရေးသူကိုယ်တွေ့ကြုံခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့် နိဂုံးချုပ်ဆိုရပါသော် ပရလောကသားတို့သည် သူတို့အား နောက်ပြောင်၍ မတော်တရော်ပြောတာမျိုးကိုမကြိုက်ကြဘဲ တလေးတစားမေးလာပါက သူတို့ဖြေနိုင်မည့်မေးခွန်းမျိုးမေးလာပါလျှင် သူတို့အား ကျွေးမွေးနေစရာမလိုဘဲ သူတို့ဉာဏ်စွမ်းဉာဏ်စရှိသရွေ့ လူတို့အပေါ် ဝယ် အကူအညီပေးဖြေတတ်ပါကြောင်းကို ဗဟုသုတအဖြစ် အနေနှင့် စာရှုသူတို့၏နှလုံးအိမ်ထဲသို့ ထည့်ပေးလိုက်ရပါပေသတည်း။

(ဖြစ်ရပ်မှန်တစ္ဆေပဒင်ဝတ္ထုအား အမည်မှန်၊ နေရပ်မှန်တို့ဖြင့် ရေးသား တင်ပြထားပါသည်။)

*သူရဿဝတီမဂ္ဂဇင်းကြီးနှင့်တကွ*
*စာဖတ်ပရိသတ်များအား*
*အစဉ်လေးစားလျက်*

ဦးကိုကိုကြီး (စစ်ဆေးရေး)
ကာစစ (၁၂)၊ ထုံးဘို




## ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအောင်မြစေသား)

(၆) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဩဂုတ်လ ၈၊ ၉၊ ၁၂၊ ၁၆၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

တစ်နေ့ အချိန်ပေးပါ၊ တစ်နေ့တည်း ဘုရား(၇)ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းရှိ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင်(၆)တိုင်စီထွန်းပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလတွင် ၅၊ ၇၊ ၁၊ ၂ ဂဏန်းများ အကျိုးပေးသည်။

**တနင်္လာသားသမီးများ**

ဩဂုတ်လ ၉၊ ၁၂၊ ၁၇၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို မုန့်လုံးရေပေါ် အနည်းဆုံး (၃၀၀) ဖိုးခန့် ဆွမ်းတော်ကပ်ပါ။ အနည်းဆုံး တစ်ပတ် (သို့) (၉) ရက်ပြည့်အောင် ကပ်လှူပြီးမှ ထီထိုးပါ။

စက်တင်ဘာလတွင် ၇၊ ၆၊ ၅၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဩဂုတ်လ ၉၊ ၁၁၊ ၁၂၊ ၁၈၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

တစ်ရက်အချိန်ပေးပါ။ တစ်နေ့တည်း ဘုရား(၆)ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ရွက်လှည့်ပန်းတွေဝေနေအောင် လှူလိုက်ပါ။ အပြန်မှာထီထိုးပါ။

စက်တင်ဘာလမှာ ၆၊ ၅၊ ၃၊ ၂၊ ၉ ဂဏန်းများ ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဩဂုတ်လ ၉၊ ၁၂၊ ၁၅၊ ၂၃၊ ၂၆ ရက်တွေမှာ ထီထိုးပါ။

နဂါးရုံဘုရားတစ်ဆူဆူကိုသွားပါ။ ဖယောင်းတိုင် (၁၇) တိုင်ပြည့်အောင် ထွန်းပါ။ ထွန်းပြီးပူဇော်ပြီး အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလမှာ ၆၊ ၅၊ ၃၊ ၂ ဂဏန်းများကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဩဂုတ်လ ၉၊ ၁၂၊ ၁၃၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူရဲ့သောကြာထောင့်မှာ သပြေညွန့်တွေဝေနေအောင်လှူပါ။ ခြောက်ကြိမ်ပြည့်အောင်သွားပူဇော်ပါ။ ခြောက်ကြိမ်ပြည့်ပြီးမှထီထိုးပါ။

စက်တင်ဘာလမှာ ၇၊ ၄၊ ၈၊ ၁ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဩဂုတ်လ ၉၊ ၁၂၊ ၁၄၊ ၂၀၊ ၂၃၊ ၂၆ ရက်တွေမှာ ထီထိုးပါ။

ခတ်ကြီး(၄)ပါးဆွမ်းတော်ကပ်ဖို့ အကြောင်းညီညွတ်သူများက ခတ်ကြီး (၄)ပါးဆွမ်းတော်ကပ်ပါ။ အကြောင်းမညီညွတ်သူများက တစ်နေ့တည်း ဘုရား (၇)ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇)တိုင်စီထွန်းကာ ပူဇော်ခဲ့ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလမှာ ၇၊ ၆၊ ၅၊ ၂ ဂဏန်းများ ကံစပ်ပါသည်။

**စနေသားသမီးများ**

ဩဂုတ်လ ၉၊ ၁၁၊ ၁၂၊ ၂၀၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

ကလေးငယ်လေးများကို ပေါင်မုန့်ဝယ်ကျွေးလိုက်ပါ။ကလေးဆယ်ယောက်၊ ဆယ့်ငါးယောက်လောက်ကို ပေါင်မုန့်များ ဝယ်ကျွေးပြီးတာနဲ့ ထီသွားထိုးလို့ရပါပြီ။

စက်တင်ဘာလမှာ ၇၊ ၅၊ ၄၊ ၈၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

ယခုလတွင် -
၉ - ၈ - ၂၀၁၇ ဗုဒ္ဓဟူးနေ့၊
၁၂ - ၈ - ၂၀၁၇ စနေနေ့၊
၂၃ - ၈ - ၂၀၁၇ ဗုဒ္ဓဟူးနေ့၊
၂၆ - ၈ - ၂၀၁၇ စနေနေ့များမှာ (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးကြဖို့ အကြံပြုလိုပါသည်။ ထိုရက်စွဲများသည် အလွန်အားကောင်းနေသော ဂဏန်းများဖြစ်နေပါသည်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပေါက်သည်နှင့် ဦးဆုံးလှူပါလေ။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအောင်မြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် သူငယ်ချင်း ကိုရဲမြင့်၏ ဂမ္ဘီရခရီးသည်ကို ၂၀၀၇၊ ဇူလိုင်လ **သုရဿတီမဂ္ဂဇင်း** မှာ ဖော်ပြခဲ့ပါသည်။ ယခုတစ်ဖန် ဂမ္ဘီရခရီးသည် ဟူသောခေါင်းစီးကိုယူရခြင်းမှာ ကိုရဲမြင့်၏ ဒုတိယခရီးစဉ်ကိုရေးမည်ဖြစ်ပါသဖြင့် ၎င်း၏ခရီးနှင့်အလိုက်ဖက်ဆုံး **ဂမ္ဘီရခရီးသည်** (၂) ဟု သတ်မှတ်၍ ဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

ပထမဂမ္ဘီရခရီးသည်၏ဇာတ်လမ်းအကျဉ်းအား မဖော်ပြဘဲ ယခု ဂမ္ဘီရခရီးသည် (၂) အား ဖော်ပြလျှင် ပြီးပြည့်စုံမည်မဟုတ်ပါ။

ထို့ကြောင့် ပထမဂမ္ဘီရခရီးသည် ဇာတ်လမ်းအကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကိုရဲမြင့်တစ်ယောက် ၎င်းအား ထိုးနှက်နေသည့် ပညာသည်အုပ်စုအား မတွန်းလှန်နိုင်ဘဲ အလူးအလဲခံနေရစဉ် မဟာမြိုင်မှ ဆရာအရှင်မြတ်သည် သားတပည့်၏ဒုက္ခကိုဖြေရှင်းပေးရန်အတွက် မဟာမြိုင်သို့လာခဲ့ရန် ခေါ်လိုက်၏။ ကိုရဲမြင့်တစ်ယောက် မဟာမြိုင်ခရီးအား သဘာဝလွန်ဖြစ်ရပ်ဆန်းနှင့်သွားခဲ့ရ၏။

၎င်းအားတိုက်ခိုက်နေသူများအား မေတ္တာလက်နက်ဖြင့် အောင်မြင်သွားသောအခါ ကိုရဲမြင့်အား ပညာစဉ် (၆၅) ဆင့်အထိ ဆရာအရှင်မြတ်က ထပ်၍ပေးလိုက်သည်။ ဉာဏ်ထက်မြက်မှုကြောင့် (၆၅) ဆင့်အား တစ်ပတ်နှင့် အောင်မြင်ခဲ့၍ ဆရာအရှင်မြတ်မှ -

"မင်းဒီမှာအပြီးနေမလား"

ဟူသောအမေးကို သားတွေသမီးတွေ လက်မလွှတ်သေးလို့ ပြန်ခွင့်ပြုရန် ဖြေကြားမိသဖြင့် နေရပ်သို့ ချက်ချင်းပြန်လွှတ်ခြင်းကို ခံခဲ့ရလေသည်။



# ဝ(ဥပဒေ)င

## စိုးထွန်း

## ဂမ္ဘီရခရီးသည်(၂)




www.burmeseclassic.com

www.burmeseclassic.com

ဇင်းနေထိုင်ရာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိရာ ဇင်းတတ်ခဲ့သည့် ပညာစဉ် (၆၅) ဆင့်စလုံး မည်သည့်အစွမ်းအစမျှမရှိတော့။ ထို့ကြောင့် အားငယ်စိတ်ကြောင့် အခြားအသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုလုပ်ရန်ပင် ကြိုးစားရတော့သည်။တကယ်တော့ ဘဝနှင့်ရင်းရတော့မှ မိမိသည် မည်မျှရှုံးနိမ့်သွားကြောင်း သိလာရတော့သည်။ ဤသို့ စိတ်ပျက်အားငယ်နေချိန်တွင် မထင်မှတ်ဘဲ ဂမ္ဘီရခရီးသည် (၂) ဖြစ်ပေါ်ရန်အကြောင်းဖန်လာပုံမှာ ယခုဇာတ် လမ်းအစပင်ဖြစ်ပါသတည်း။

ကိုရဲမြင့် မျှော်လင့်စောင့်စားခဲ့သော ဆရာအရှင်မြတ်၏ညွှန်ကြားချက်များသည် မျှော်သော်လည်း ပေါ်မလာ။ အဆက်အသွယ်မရသည်မှာ (၁) နှစ်ပင်ပြည့်ခါနီးလေပြီ။ မိမိသည် ရှိပြီးသား ပညာစဉ် (၆၅) ဆင့်စလုံးပျောက်ဆုံးနေသလို ယခုအချိန်သည် ပညာစဉ်ကန်းသည့်ဘဝသို့ ရောက်ရှိနေမှန်း အလိုလိုသိလာသည်။ မိမိတတ်ခဲ့သည့်ပညာက အင်းပညာ။ ဆရာအရှင်မြတ်တက်ပေးလိုက်သည့်အင်းများကို ပြန်၍ဆွဲကြည့်သည်။ အင်းတစ်ကွက်မှ နိုးခြင်းမရှိ။ အင်းပညာအစွမ်းသည် မိမိရေးခဲ့သော အင်းကနိုးမှသာ လိုလားရာကို စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်းမနိုးလျှင် ဘာအစွမ်းအစမှုရှိမည် မဟုတ်။

ဤသို့ဆိုလျှင် ဂမ္ဘီရပညာနှင့် လူသားတွေကို ကူညီကယ်တင်ဖို့လည်း မဖြစ်နိုင်တော့။ ဘာမှလုပ်မရသည့် အဆုံး ပညာစဉ် (၆၅) ဆင့်အင်းများကို မိုင်းကိုင်စက္ကူတွင်ရေး၍ အကုန်သောက်ချလိုက်တော့သည်။ ယခင်ကလည်း သည်နည်းနှင့် အင်းတစ်ကွက်ချင်းကိုနှိုးဖူးခဲ့ပါ၏။ ယခုတစ်ကြိမ်တွင် စိတ်ပေါက်ပေါက်ဖြင့် အင်းပေါင်း(၆၅)ကွက်ရေး၍ သောက်ကြည့်ခြင်းသည် သူ့အတွက် နောက်ဆုံးစမ်းသပ်ကြည့်သည့်သဘောပင် ဖြစ်လေသည်။

အင်းပညာရှင်ဖြစ်ပါကား မိမိရေးသည့်အင်းနိုး၊မနိုးကို ကိုယ့်ဘာသာသိနေသည်။ ယခုမူ ကိုယ်တွင်းသို့ အင်းကွက်ပေါင်း (၆၅)ကွက်သာရောက်သွားသည်။ ဘယ်လိုမှမထူးခြား၊ သူ့နားထဲတွင် အမြဲကြားယောင်နေသည့်စကားမှာ 'မင်းနဲ့ မဟာမြိုင်ဒေသနဲ့ ဘာမှမဆိုင်တော့ဘူး။ ခုချက်ချင်းပြန်' ဟူသော စကားသံတွေသာ ပဲ့တင်ထပ်မြှကြားနေရသည်။ ထိုအသံကိုကြားရလေလေ စိတ်ထဲတွင် ပို၍ပို၍ အားငယ်လာလေဖြစ်နေ၏။ ထိုသို့ စိတ်ပျက်အားငယ်နေချိန် ဆေးရုံပေါ်တွင်ရောက်ရှိနေသည့် ကလေးတစ်ယောက်အား လာရောက်ကြည့်ရှုပေးပါရန် လူနာရှင်က ကျားကုတ်ကျားခဲအတင်းကပ်၍ခေါ်နေသည်။

ကိုရဲမြင့်က -

"ခေတ်မီဆေးဝါးတွေနဲ့ကုသနေချိန်မှာ ကျွန်တော့်ကိုခေါ်လို့ ဘာထူးမှာလဲဗျာ။ ကျွန်တော်ကုတယ်ဆိုတာ ပယောဂလောက်သာရတာပါ။ ဒါလည်း အခုအချိန်မှာ ကျွန်တော်မကုနိုင်ပါဘူး။ ဘာဖြစ်လို့မကုနိုင်တာလဲဆိုတာကိုတော့ ကျွန်တော့်အဖြစ်ကို ကျွန်တော်ပဲသိတယ်။ မခေါ်တာက ပိုပြီးကောင်းမယ်ထင်တယ်"

"ဆရာ့ကို ရအောင်ခေါ်ခဲ့ပါလို့ ဆရာ့သူငယ်ချင်းကလွှတ်လိုက်လို့လာတာပါ ဆရာ"

"နေပါဦး၊ ကျွန်တော့်သူငယ်ချင်းလို့ပြောတော့ ဘယ်သူလဲဗျ"

"ကိုစိုးထွန်းပါ ဆရာ"

"သူနဲ့ ခင်ဗျားတို့က ဘာတော်သလဲ"

"ကျွန်တော့်ဦးလေးပါ။ အခု ကျွန်တော့်သားက ဘာရောဂါမှုလဲရှာလို့မတွေ့သေးပါဘူး။ အစားမစားနိုင်တော့ တဖြည်းဖြည်းလုံးပါးပါးလာတယ်။ ဆရာ့သူငယ်ချင်းက ပြောပါတယ်။ ဆရာက ကလေးတွေကို ပိုပြီးကုသနိုင်တယ်တဲ့၊ မင်းတို့သူမပါဘဲ ဆေးရုံကိုပြန်မလာနဲ့လို့ မှာလိုက်ပါတယ်"

လူနာရှင်များက မလိုက်မချင်းခေါ်နေ၍ ဆေးရုံပေါ်သို့ မထင်မှတ်ဘဲ ရောက်လာသည်။ ခုတင်ပေါ်တွင် ကလေးငယ်က ကမ္ဘာ့ငှါန်းရုပ်လို မလှုပ်မယှက်။ မြင်မကောင်းအောင် အသြိုကွက်အမည်းကွက်များက မျက်နှာပေါ်တွင် ဟိုတစ်ကွက်ဒီတစ်ကွက်။ သူ၏ အတွေ့အကြုံအရဆိုလျှင် အစားမှားခြင်း(အပင်း)နှင့်ဆိုင်နေသည်။ ဒါလည်း ဟုတ်ချင်မှဟုတ်ပေလိမ့်မည်ဟု သူကိုယ်သူလည်း သိပ်မယုံ။

ထို့ကြောင့် မယုတ်မလွန်စမ်းသပ်ကြည့်သည့်အနေဖြင့် သူသုံးနေကျ နံ့သာဖြူကညစ်ကလေးနှင့် ကလေးနဖူးကို ထိရုံထိကြည့်လိုက်သည်။ ကလေးငယ်က ထွန့်ထွန့်လူး၍ 'ပူလိုက်တာ၊ နဖူးပေါ်မှာ မီးခဲကြီးမတင်ပါနဲ့' ဟု အားယူပြောသံကြားလိုက်ရသည်။ ဒီတစ်ချက်နှင့်ပင် ပယောဂနှင့်သက်ဆိုင်နေကြောင်းမှာ ထင်ရှားနေလေပြီ၊ ဒါပေမယ့် သူက မကုရဲ။ သူက စေတနာနှင့်ကုသော်လည်း ထန်းသီးကြွေခိုက်ကျီးနင်းခိုက် ဖြစ်ပါကား ခက်ချေမည်။ ဘာလုပ်ပေးရမှန်းမသိ၍ စိတ်အိုက်နေစဉ် ဆရာမတစ်ယောက်ရောက်လာပြီး -

"ကလေးအတွက် အေသွေးလိုတယ်။ အမြန်ရှာပေးပါ"

"ကျွန်တော် အေသွေးပါ။ ဒီကလေးအတွက် ကျွန်တော်လှူပါမယ်"

"ဒါဆိုရင် ကျွန်မတို့အခန်းက ဆေးလက်မှတ်ယူပြီး သွေးဘဏ်ကိုသွားပါ"

လူနာလာကြည့်သူ ဦးရဲမြင့်က မဆိုင်းမတွပြောလိုက်သဖြင့် အရေးပေါ်လိုအပ်နေသည့် သွေးအခက်အခဲက အဆင်ပြေသွားသည်။ လူနာရှင်များက ကိုရဲမြင့်အား ကျေးဇူးတင်လို့မဆုံးတော့၊ တကယ်တော့ သူက သွေးလှူချင်အားကြီးလို့ လှူခဲ့တာတော့မဟုတ်။ သူလှူရသည့်အကြောင်းမှာ ယနေ့ သူသည် အဆင့် (၆၅)ဆင့်ရှိသော အင်းအားလုံးသောက်ထားချိန်ဖြစ်၍ သူကိုယ်တိုင်မစွမ်းသည့်တိုင် အင်းများကတော့ စွမ်းပေလိမ့်မည်။ ထိုအင်းများသည် ခန္ဓာကိုယ်မှတစ်ဆင့် သွေးများထဲသို့လည်း ပတ်သွားလာနေမည်ဖြစ်၍ အေသွေးရိုးရိုးမဟုတ်တော့။ အင်းများနှင့်မွမ်းထုံနေသည့်သွေးဖြစ်၍ မည်သည့်ပယောဂမဆို ဆေးထက်တော့အစွမ်းထက်မည်ဖြစ်ကြောင်း အတွေ့အကြုံအရ သူက သိနေသည်။

ထို့ကြောင့် လူနာအား ဆရာ့သွေးသွင်း၍ကုသခြင်းသည် မိမိအစွမ်းအစမရှိဖြစ်နေချိန်တွင် နောက်ဆုံးကုထုံးကိုသုံးလိုက်ခြင်းပင်ဖြစ်ပေ၏။ မည်သို့ဆိုစေ ဤကလေး၏ ပယောဂအားလည်း လုံလောက်သည့် အတိုင်းအတာအထိ ဟန့်တားနိုင်ကြောင်း သူကတော့သိနေသည်။ ကလေးငယ်အား မိမိ၏သွေးသွင်းပေးနေချိန်တွင် သူက စိတ်ဖြင့်သစ္စာဆိုကြည့်လိုက်ပါသည်၊

"ကျွန်ုပ်၏သွေးများသည် အင်းအာနိသင်များရှိနေ၍ ပယောဂအားပျက်ပြယ်စေသည်မှန်ပါကား သွေးအစက်(၄၅)စက်ဝင်ပြီးချိန်တွင် တစ်ကြိမ်နားပြီးမှဆက်၍ကျပါစေသတည်း"

ဟု သစ္စာဆိုပြီးနောက် သွေးစက်ကျသည်ကို သူကရေတွက်နေသည်၊ (၄၅) စက်ရောက်ချိန်တွင် သူ သစ္စာပြုထားသလို သွေးတစ်စက်နားပြီးမှ ဆက်၍ကျကြောင်း ထူးခြားစွာတွေ့မြင်လိုက်ရ၏၊ ထို့ကြောင့် မိမိအား အားကိုးတကြီးပင့်လာသော လူနာရှင်များအား အရေးကြီးသည့်စကားတစ်ခွန်းနှစ်ခွန်းတော့ ပြောဖို့လိုအပ်သည်ဟုဆုံးဖြတ်၍ -

"ခင်ဗျားတို့သားအတွက် စိတ်မပူနဲ့တော့။ သန်ဘက်ခါဆင်းရပါလိမ့်မယ်၊ စိတ်ချသာနေပေတော့။ ကျွန်တော်ပြန်လိုက်ဦးမယ်"

ဟု အပြတ်ပြော၍ ပြန်လာခဲ့သည်။ လူနာရှင်များက သန်ဘက်ခါဆင်းရတော့မည်ဆိုသည့်စကားကိုတော့ ဝမ်းသာနေသော်လည်း ပြောသူသည် ဆရာဝန်ကြီးမဟုတ်၊ ဘာမှလုပ်ပေးခြင်းလည်းမရှိ၊ အရေးပေါ်လိုအပ်နေသော သွေးကိုသာ သူကလှူပေးခဲ့သူ၊ လူနာရှင်များသိသည်မှာ ထိုမျှလောက်သာရှိပါ၏။ ဤသို့ဆိုလျှင် ဘာကြောင့်ဆင်းရမည်ဟု ကြိုတင်ပြောနိုင်တာလဲ။ ဒါလည်း စဉ်းစားလို့မရ၊ ကုမရနိုင်တာသိနေလို့ စိတ်ချမ်းသာအောင် ခပ်လွယ်လွယ်ပြောလိုက်တာလား။ သန်ဘက်ခါဆင်းရမည်ဆိုသည့်စကားမှာ အရှင်နှင့်ဆင်းမှာလား၊ အသေနှင့်ဆင်းမှာလား ဒါကိုလည်း လူနာရှင်များက မတွေးတတ်။

ဂမ္ဘီရပညာရပ်တွင် အရာရာ



www.burmeseclassic.com

www.burmeseclassic.com

ပြောရန်မလိုအပ်။ အရေးကြီးသည့်ကိစ္စအား မှန်အောင်ပြောနိုင်ဖို့သာ လိုအပ်သည်။ မိမိအားလည်း ဆရာအရှင်မြတ်သည် လိုရင်းကိုသာပြောခဲ့သည်။ ယခုတပည့်ဖြစ်သူမှာလည်း ဆရာအရှင်မြတ်၏အငွေ့အသက်များ သူ့တွင်ကိန်းအောင်းနေသောကြောင့် ဖြစ်နိုင်သည့် အနေအထားကို ဆင်ခြင်လျက် ပြောလိုက်ခြင်းသာဖြစ်ပေသည်။

မှေမှေပျောက်ပျောက်ဖြစ်နေချိန်တွင် လူနာရှင်နှင့် ကလေးက သူ့အိမ်သို့ ပေါက်ချလာသည်။ သည်ကလေးက သူသွေးလျှုခဲ့သည့်ကလေး။ လူကြီးတွေကြိုတင် သင်ကြားထားသည့်အတိုင်း ရောက်သည်နှင့်ကလေးက မှန့်ပုံးနှင့်ထိုင်၍ကန်တော့သည်။ သူငယ်ချင်း၏စီမံပေးမှုကြောင့် မုန့်ပုံးအပေါ်တွင် စာအိတ်နှင့်ထည့်ထားသည့် ငွေငါးထောင်ကျပ်လည်းပါသေးသည်။ ဆရာစားဖို့ ဆန်အိတ်ကတစ်အိတ်။ လူနာရှင်များ၏ တုံ့ပြန်သောမေတ္တာကို မဟာမြိုင်မှပြန်လာစဉ် ဤတစ်ကြိမ်သာ သူရရှိလိုက်သည်။

လူနာရှင်၏ဖခင်ဖြစ်သူက -

"ဆရာပြောတဲ့အတိုင်း သန်ဘက်ခါဆို ဆင်းရတာပဲ ဆရာ။ ပိန်းရွက်ပေါ်က ရေတွေ ကျသွားသလို ပျောက်တော့လည်း မြန်လိုက်တာ။ ဒါကြောင့် ဆရာ့သူငယ်ချင်းက ကလေးကိုကြည့်ပြီး 'ခင်ဗျားတို့ ကိုရဲမြင့်ကိုရအောင်ခေါ်။ မလိုက်မချင်းစောင့်ပြီးခေါ်။ ကျုပ်ကတော့ မကုတတ်ဘူး။ ဒီကလေးဖြစ်ရပ်က သူနဲ့အလိုက်ဖက်ဆုံးပဲ' လို့ အပြတ်ပြောတာ ဆရာရဲ့။ ကျွန်တော်တို့ ဆေးရုံတဆင်းဆင်းချင်း ကလေးကို အားမွေးပြီး လမ်းလျှောက်နိုင်တာနဲ့ ချက်ချင်းဆင်းလာခဲ့တာပါ ဆရာ"

သူ့အနေနှင့် လူနာတစ်ယောက်ကုသရန် မည်သည့်အစွမ်းအစမျှမရှိတော့၍ ဘာမှလုပ်မပေးနိုင်လျှင် ဆရာ့သွေးသွင်း၍ကုသခြင်းသည် နောက်ဆုံးထုတ်သာဖြစ်ပေ၏။ ဤသို့ ကုသခွင့်ရခဲ့ခြင်းသည် ဆေးရုံပေါ်တွင် လူနာကအရေးပေါ်သွေးလိုနေချိန်လည်း ဖြစ်ရမည်၊ ဆရာ့သွေးနှင့် လူနာသွေးကလည်း တူရမည်။ပညာစဉ်အင်းသောက်ပြီးချိန်လည်းဖြစ်ရမည်၊ ဤအချက်တွေတိုက်ဆိုင်ဖို့ ဆိုသည်မှာ လွယ်ကူသည့်အလုပ်တော့ မဟုတ်။

ဒုတိယထူးခြားသည့်တိုက်ဆိုင်မှုမှာ မဟာမြိုင်မှ ဆရာအရှင်မြတ်သည် ကလေးတစ်ယောက်၏ အသက်အား မိမိသွေးနှင့် ကယ်တင်နိုင်ခဲ့၍ မူလပေးခဲ့သည့် အဆင့် (၆၅) ဆင့်၏စွမ်းအားများကို ပြန်လည်ဆိုမြှင့်လိုက်ခြင်းပင်။ ထိုတိုက်ဆိုင်မှုနှင့်အတူဆက်လက်၍ ပညာစဉ် (၅) ဆင့် တိုးမြှင့်ပေးမည်ဟု အမိန့်ချလိုက်၍ သူ့တစ်သက်တွင် အပျော်ဆုံးအချိန်ဟု သူက တမ္ဗည်းတင်လိုက်သည်။

ကိုရဲမြင့်တစ်ယောက် ကလေးငယ်အား သွေးလှူခဲ့သည့်အချိန်က သန်ဘက်ခါဆင်းရမည်ဟုသာပြောခဲ့၍ ဘာကြောင့်အခုလို ခပ်မြန်မြန်ဆင်းရမည်ဟု လူနာရှင်များကို ရှင်းမပြခဲ့။ ယခုလည်း ဆရာအရှင်မြတ်သည် ဘယ်နေရာကိုလာရမည်၊ ဘယ်ကိုသွားရမည်၊ ဘယ်နေ့စမည်ဟု တစ်ခွန်းမှမပြော။ ထို့ကြောင့် ရှေ့ရေးအတွက် ဘာမှကြိုတင်၍မသိခဲ့။ တပေါင်းလပြည့်ရောက်တဲ့ထိ မီးလွတ် (၉) ရက် အမိဋ္ဌာန်ဝင်နေပါဟုသာ ဆရာညွှန်ကြားသည်ကို ကြားခဲ့ ရသည်။

ဤသို့ ဆရာအရှင်မြတ်၏ ချိုသာသောအသံအား မကြားရသည်မှာ တစ်နှစ်ပင်ရှိခဲ့လေပြီ။ ဆရာအရှင်မြတ်အသံသည် သူ့အတွက် နားဝင်ပီယံရှိလိုက်သည်ဖြစ်ခြင်း။ ဤသို့ ဆရာအရှင်မြတ်မှ အသိအမှတ်လည်းပြု၊ ပြန်လည်ဆက်သွယ်ခွင့်အပြုခံရခြင်းမှာ သူငယ်ချင်း၏ ကျေးဇူးကြောင့်သာဖြစ်၍ ဖြစ်ကြောင်းကုန်စင်ကို သူငယ်ချင်းအား ဝမ်းသာအားရ အစီရင်ခံလိုက်သည်။ ထို့ကြောင့် စာရေးသူသည် သူ့အကြောင်းကို အသိဆုံးပုဂ္ဂိုလ်ဖြစ်၍ ယခုကဲ့သို့ ဂမ္ဘီရခရီးသည် (၂) အား ရေးသားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သည်တစ်ခါတော့ သူတော်စင်



ခရီးကို သူက အထဲပေါက်နေပါသည်။ ပထမတစ်ကြိမ်သွားသလို စီးဂျက်တက်လည်းမယူ။ အင်္ကျီလက်အိတ်လည်း မယူဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အပိုအင်္ကျီတစ်ထည်နှင့် ပုဆိုးတစ်ထည်သာ ရိုးရိုးအိတ်နှင့်ထည့်ထားသည်။ ဆန်အိတ်နှင့်ငွေငါးထောင်ကျပ်အား အိမ်ရှင်မအား ပေးလိုက်ပြီဖြစ်၍ . မိသားစုစားသောက်ရေးက ပူစရာမလိုတော့။ ဒီလိုအဆင်ပြေအောင် ဆရာအရှင်မြတ်သည် ထောင့်စေအောင်ဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်း သူက အလိုလိုသိနေသည်။ မီးလွတ် (၉) ရက်ပြည့်သည့်နေ့တွင် -

"မကျီးကုန်းရွာ ဗောဓိညောင်ဖြူကိုလာခဲ့"

ဟု ဆရာအရှင်မြတ်ခေါ်သည့် အသံအား ည (၉)နာရီလောက်တွင် ပီပီသသကြားလိုက်ရသည်။ ကိုရဲမြင့် ခရီးထွက်တိုင်း သူ့ဇနီးနှင့်သားသမီးများအား ဘယ်ကိုသွားသည်၊ ဘယ်တော့ပြန်လာမည်ဟု ဘာမှမမှာခဲ့။

ဒီလိုမပြောနိုင်ခြင်းမှာ သူကိုယ်တိုင် ဘယ်အရပ်ကိုသွားမည်၊ ဘယ်လောက်ကြာနိုင်သည်၊ ဘယ်တော့လောက်ပြန်ရောက်မည်ဟု ဘာမှမသိ၍ ဘာမှမပြောခဲ့ခြင်းသာဖြစ်ပါသည်။ ယခုခရီးစဉ်တွင်လည်း ဘယ်အရပ်ကိုဆက်ရမည်ကို သူကိုယ်တိုင်မသိ၍ ခရီးထွက်ဦးမယ်ဟုသာ ဟိုနားဒီနားသွားသလို မိမိအိမ်အားပြောခဲ့သည်။

မကျီးကုန်းရွာသည် ပုသိမ်မြို့နယ် နိမိတ်ကျောက်တိုင်စိုက်ထားသည့် ငဝန်မြစ်၏ အနောက်ဘက်ကမ်းတွင်ရှိသော ရွာလေးတစ်ရွာဖြစ်လေသည်။ ပုသိမ်ဘက်ကမ်းမှ ငဝန်မြစ်အား လှေဖြင့်ဖြတ်ကူးမှ ရောက်နိုင်သည့်ရွာ၊ ည(၉)နာရီတွင် ဘာကူးတို့မှမရှိတော့။ သို့သော် ဆရာအရှင်မြတ်စီစဉ်မှုဖြစ်၍ ကိုရဲမြင့်တစ်ယောက် ငဝန်မြစ်ကမ်းစပ်ရောက်သည်နှင့် ကူးတို့လှေကြုံက အဆင်သင့်ရှိနေသည်။ ကိုရဲမြင့်က ဗောဓိညောင်ဖြူကိုသွားမည်ဟုမပြောဘဲ လယ်ကွင်းအစပ်မှာရပ်ပေးပါဟု လှေသမားကိုပြောလိုက်သည်။ လှေသမားကလည်း ညကြီးမင်းကြီး ဘယ်ကိုသွားမှာလဲမမေး၊ လှေခလည်းမယူ၊ ရပ်ပါဟုသောနေရာတွင်ရပ်၍ လှေသမားက ပြန်ထွက်သွားသည်။ သည်လို ဂမ္ဘီရဆန်သောခရီးများကို ကိုရဲမြင့်က သွားရပေါင်းများ၍ ရှိ၍နေလေပြီ။

ယခု သူရောက်သည့်နေရာသည်



www.burmeseclassic.com

www.burmeseclassic.com

ဗောဓိညောင်မြူကိုလှမ်း၍ လရောင်ဖြင့်မြင်နေရသဖြင့် ခြေကျင်ခရီးဆက်လိုက်သည်။ ဗောဓိညောင်မြူရောက်တော့ ည (၁၀) နာရီ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်။ ကိုရဲမြင့်က ရောက်သည်နှင့် အရပ် (၁၀) မျက်နှာအားမေတ္တာပို့၍ ပိုင်ရာဆိုင်ရာများအားမေတ္တာပို့ပြီး အမျှဝေလိုက်သည်။ ဒါက ဒေသစိမ်းတစ်ခုရောက်တိုင်း လုပ်ရိုးလုပ်စဉ်အလုပ်။ မည်သည့်ညွှန်ကြားချက်မျှမလာ၍ ရုက္ခစိုးကြီးမှ ဘုရားရှင်အားပူဇော်ရန် ဆီမီးငါးတိုင်၊ အမွှေးငါးတိုင်ပူဇော်ပေးလိုက်သည်။

ဒီဗောဓိညောင်မြူမှာ ဆရာအရှင်မြတ်က ပညာစဉ် (၅) ဆင့်ကို ချီးမြှင့်မှာလားဟု သူကမရေမရာစိတ်ကူးကြည့်နေသည်။ မည်သည့်ညွှန်ကြားချက်မျှမလာသေးပါကား။ အာနာပါနကမ္မဋ္ဌာန်းကို စ၍စီးဖြန်းရမည်ဟု သိနေသည်။ ထို့ကြောင့် ဆရာအရှင်မြတ်များညွှန်ကြားထားသည့်အတိုင်း ထက်ဝယ်ပလ္လင်ကိုဖွဲ့ ခွေထိုင်လျက် ထွက်သက်ဝင်သက်ကိုမှတ်နေ၏။ အဲ့ရင်လို မျက်စိပိတ်လျက်က ထွင်းဖောက်မြင်ရမလားဟု မျှော်လင့်ကြည့်သည်။ ဘာမှမမြင်ရ၊ ဆရာအရှင်မြတ်၏ ညွှန်ကြားမည့်အသံလည်း မကြားရသဖြင့် ငါကြားခဲ့တာ ဝိဇ္ဇာတစ်ဦးဦးက နောက်လိုက်တာလားဟု ထံသယပင်ဖြစ်လာသည်။

ဘာအသံမှမရသေးလျှင် အာနာပါနကိုသာသတိမှတ်၍နေရန်ဖြစ်ကြောင်း သူဘာသာအဖြေရှာရသွားသည်။ ဟိုဟိုဒီဒီမတွေးတော့ဘဲ သမာဓိထူထောင်ထားသည်မှာ သန်းခေါင်ချိန်သို့ပင်ရောက်လာသည်။ သန်းခေါင်ကျော်ချိန်မှသာ နံ့သာဖြူရနံ့ကရလာသည်။ ဤရနံ့၏သင်္ကေတကိုတော့ သူက ပိုင်နိုင်စွာသိပါသည်။ မိမိတို့၏ ဂန္ဓိရလိုင်းတွင် လမ်းပျောက်သူကို လမ်းပြရန်အဖြစ်အသုံးပြုသည့်အခါလည်းရှိတတ်သည်။ ယခုကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းနေချိန်တွင် ရပါကား မိမိနှင့်သက်ဆိုင်သော ဆရာအရှင်မြတ်ကြွလာသည့်အထိမ်းအမှတ်။ ဒါဆိုရင်တော့ ဒီပြင်ဝိဇ္ဇာတွေနောင့်တာမဟုတ်တော့ဘူးဟု သူကဝမ်းသာသွားသည်။ ကြားခဲ့ရသည့်စကားနှင့် နံ့သာဖြူရနံ့ပေါင်းစပ်ပါကား မလွဲမသွေ ဆရာအရှင်မြတ်ကြွလာသည်မှာ သေချာလှပေ၏။ သို့သော် မိမိအာရုံတွင် ဆရာအရှင်မြတ်အား ဘယ်လိုမှရှာမရသောကြောင့် မျက်စိဖွင့်ကြည့်လျှင်ကောင်းမည်ဟူ၍ စိတ်ကူးလိုက်စဉ် -

"ဟော့-မျက်စိကိုမဖွင့်နဲ့။ ကမ္မဋ္ဌာန်းတရားကိုလည်းမဖြုတ်နဲ့။ သမာဓိရအောင်ထူထောင်နေ။ ငါကမျက်စိဖွင့်ဆိုမှဖွင့်။ ငါ့ကိုမမြင်ရလို့ ဘာမှမဖြစ်ဘူး။ မင်းထူထောင်ထားတဲ့ သမာဓိပျက်ရင်သာ ဒုက္ခရောက်သွားနိုင်တယ်။ မင်းအတွက် သမာဓိမပျက်ဖို့က အရေးကြီးတယ်"

အခုလို တည့်တည့်ပြောလိုက်မှ ကိုရဲမြင့်က သဘောပေါက်သွားသည်။ ယနေ့ ပညာစဉ် (၅) ဆင့်တက်ဖို့အရေးတွင် သမာဓိမပျက်ဖို့တယ်ပြီးအရေးကြီးပါလားဟု မျက်စိကိုပိုပြီးမှိတ်လိုက်သည်။ ဝင်လေထွက်လေအားခပ်ပြင်းပြင်းလုပ်လိုက်မှ လွင့်ထွက်နေသည့်စိတ်တွေကပြန်၍တည်ငြိမ်လာသည်။ စိတ်ငြိမ်ချိန်ရောက်တော့မှ ခေါင်းလောင်းသံလေးကို သူက ကြားနေသည်။ ကိုရဲမြင့်က ဤခေါင်းလောင်းသံအား ခွဲခြမ်းစိတ်ဖြာကြည့်သည်မှာ ကြေးကိုသွန်းပြီးလုပ်တဲ့ခေါင်းလောင်းတော့ မဖြစ်နိုင်ဘူး။ ရွှေကိုသွန်းပြီးလုပ်တဲ့ခေါင်းလောင်းပဲဖြစ်ရမယ်ဟု သူက ဝေဖန်ကြည့်နေသည်။ ကြေးခေါင်းလောင်းသံနှင့် ရွှေခေါင်းလောင်းသံကွာခြားကြောင်း သူက မဟာမြိုင်စခန်းတွင်လက်တွေ့ကြားခဲ့ရပြီး ဖြစ်လေသည်။

ထိုရွှေခေါင်းလောင်းအသံကလေးသည် ဝေးရာမှတဖြည်းဖြည်းနီးလာသည်။ နီးရာမှ သူတရားထိုင်နေသောခန္ဓာကိုယ်အားလှည့်ပတ်နေသည်ဟုသိနေ၏။ တစ်မျိုးပါလား။ ပထမအကြိမ်မဟာမြိုင်သွားစဉ်က လေလုံးကြီးကခန္ဓာကိုယ်ကို ရစ်ပတ်ခြင်းမျိုးမဟုတ်တော့။ ပညာစဉ်အဆင့်တွေမြင့်လာပြီဖြစ်၍ ရွှေရေးကို သူက မခန့်မှန်းတတ်။

ထိုရွှေခေါင်းလောင်းသံမှာ ကိုရဲမြင့်၏ခန္ဓာကိုယ်အား ခပ်ဖြည်းဖြည်းလှည့်ရာမှ တဖြည်းဖြည်းနှင့် မြန်လာသည်။ ထို့အတူ နံ့သာဖြူရနံ့ကလည်း ခေါင်းလောင်းသံနှင့်အတူ ဝေ့ပတ်နေချိန်တွင် ထူးခြားမှုတစ်ခုကဖြစ်လာသည်။ မိမိသည် မြက်ခင်းပေါ်တွင်ထိုင်နေသောကြောင့် မြက်ပင်နှင့် မိမိ၏ခြေထောက်များ၊ တင်ပါးများထိတွေ့မှုက ထိမှန်းသိသာသည်။ယခုတော့ ဒီလိုမဟုတ်။ မိမိထိုင်သည့်နေရာသည် လေဟာနယ်ထဲတွင်ထိုင်နေရသလို ဘာထိတွေ့မှုမှမရှိ။ ဤကြွတက်လာမှုမှာ ညင်သာလွန်းသောကြောင့် ဟုတ်မှဟုတ်ပါ့မလားဟု သူကိုယ်သူပင်မယုံ။ ဘယ်အထိကြွတက်သွားတာလဲ၊ ဒါလည်း မခန့်မှန်းတတ်။ မိမိသည် မျက်စိဖွင့်ခွင့်မရှိ၍ ဟုတ်၊ မဟုတ်ပင် မခွဲခြားနိုင်ဖြစ်နေသည်။

အို - ဘယ်နေရာရောက်ရောက် ဆရာအရှင်မြတ်စီစဉ်တာဖြစ်လို့ သူကအရာရာကို စိတ်ချနေသည်။ မိမိဘေးမှလေတိုးသံများသည် ပင်လယ်ကမ်းစပ်၌ ထိုင်နေသူလိုကြားနေရ၍ သူ၏ခန္ဓာကိုယ်သည် လေတွင်လွင့်မျောနေသည်ဟု ခန့်မှန်းကြည့်လိုက်သည်။ ထိုအချိန်ရောက်မှ သူ၏ ဆဋ္ဌမအာရုံကနိုးလာသည်။ ပတ်ဝန်းကျင်ကို မျက်စိမဖွင့်ဘဲမြင်လာ၏။ အလွန်မြင့်သောလေထုထဲတွင် လေတိုက်နှုန်းနှင့်အတူ ဂွမ်းတစ်စလိုသူက လွင့်မျောနေသည့်အဖြစ်။

အောက်ကိုလည်း မျက်စိမဖွင့်ဘဲကြည့်လို့မြင်နေသည်။ မြစ်ကြီးတွေ၊ တောတောင်တွေ၊ လယ်ကွင်းတွေကို တရိပ်ရိပ်ဖြတ်နေ၏။ လေတိုက်နှုန်းနည်းလျှင် နည်းနည်းနှေးသွားပြီး လေတိုက်နှုန်းမြန်ပါကား မြန်သလောက် လွင့်မျောနေ၏။ အထူးသဖြင့် ရွှေခေါင်းလောင်းသံကလည်း လေရှိရာဘက်ကိုရွှေ့၍မြည်နေသလားမသိ။ လေတွင်လွင့်မျောနေသည့်အချိန်တွင် နံ့သာဖြူရနံ့ကလည်း ပျောက်မသွား။ ထူးခြားမှုတစ်ခုမှာ အောက်ဘက်တွင် စေတီပုထိုးများရှိပါကား မိမိခန္ဓာကိုယ်က ဝေ့ပိုက်၍ကွင်းရှောင်သွားနေသည်။ မိမိသည် ဓာတ်တော်မွေတော်များအပေါ် မှမဖြတ်ရခြင်းဖြစ်ပေလိမ့်မည်ဟု အလိုလိုသိလာ၏။ မည်သို့ဆိုစေ ကိုရဲမြင့်တစ်ယောက် သဘာဝလွန်ဖြစ်ရပ်ဆန်းဖြင့်သွားလာနေရကြောင်း လက်တွေ့ကြုံနေ၍ မယုံလို့မဖြစ်တော့။

သို့သော် ကိုရဲမြင့်တစ်ယောက် ဝေခွဲမရသည့်ပြဿနာမှာ ရွှေခေါင်းလောင်းသံနှင့် နံ့သာဖြူရနံ့က သူ့ကိုသယ်ဆောင်သွားတာလား။သူ့ခန္ဓာကိုယ်လွင့်မျောသည့်နောက်ကို နံ့သာဖြူရနံ့နှင့် ရွှေခေါင်းလောင်းအသံကလိုက်နေတာလား၊ သေချာတာတော့ မိမိခန္ဓာကိုယ်နှင့် ရွှေခေါင်းလောင်းသံ၊ နံ့သာဖြူရနံ့တို့သည် (၃) မျိုးပေါင်းစပ်၍ လွင့်မျောနေတာတော့ အသေအချာပင်။ အဆင့်အလွန်မြင့်သော ဆရာသခင်သည် မိမိ၏တပည့်အား သဘာဝလွန်ခရီးတစ်မျိုးဖြင့်ခေါ်ဆောင်သွားခြင်းပင်ဖြစ်ပေမည်ဟု ဖြစ်နိုင်တာပဲတွေး၍ အာနာပါနကိုသာ ဆက်တိုး၍စီးဖြန်းနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုရဲမြင့်တစ်ယောက် မဟာမြိုင်စခန်းရောက်စဉ်က ဆရာအရှင်မြတ်သည် အာနာပါနကမ္မဋ္ဌာန်းကို ရောက်စနေ့က တစ်ခါထိုင်လျှင် (၃)နာရီ နောက်နေ့ရောက်တော့ (၄) နာရီ။ ဤသို့ဖြင့် တစ်ခါထိုင်လျှင် (၆)နာရီအထိထိုင်နိုင်သည့်အကျင့်က သူ့အတွက် ယခုအချိန်တွင် အလွန်တန်ဖိုးရှိနေသည်။ သူသည် ဇောမိဉ္စောင်ဖြူတွင် (၁၀) နာရီကျော်လောက်မှ တရားထိုင်ခဲ့သည်မှာ အချိန်တွေမည်မျှကြာစေကာမူ သူ့အတွက်က အခက်အခဲမရှိ။ ဤလွင့်မျောမှုသည် အရှက်ချိန်အရောက်တွင် ရွှေခေါင်းလောင်းသံပျောက်သွားသလို နံ့သာဖြူရနံ့လည်း ပျောက်သွားသည်။ ကိုရဲမြင့်၏ ခြေထောက်များနှင့် တင်ပါးသားများက မာကျောသောမြေပြင်နှင့် ထိတွေ့နေကြောင်းသိလိုက်မှ မိမိသည် မြေပြင်သို့ ရောက်နေကြောင်း သိတော့သည်။

"မင်းကမ္မဋ္ဌာန်းတရားကိုဖြုတ်လိုက်တော့၊ မျက်စိဖွင့်လို့ရပြီ"

ဟု အမိန့်ပေးသံကြားလိုက်မှ သူနှင့်အတူ ဆရာအရှင်မြတ်သည်ရှိနေပါလားဟု ပို၍အားတက်သွားပြန်သည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ တောအုပ်ထဲတွင်တော့မဟုတ်။ ကြယ်အလင်းရောင်ဖြင့် တောင်ကုန်းမြင့်လေးတစ်ခုသို့ ရောက်နေမှန်း သိလိုက်၏။ သူ့ထံသို့ ဆရာအရှင်မြတ်သည် ဖြည်းညင်းစွာ လျှောက်လာသည်ကိုတွေ့လိုက်မှ စိတ်ထဲတွင် ဝမ်းနည်းလာသလိုဖြစ်လာ၏။

ကျွန်ုပ်က သူ့ဇာတ်ကြောင်းအား မှတ်တမ်းတင်သူဖြစ်၍ ဇဝေဇဝါဖြစ်သည့်အပိုင်းများကို မျက်နှာချင်းဆိုင်စကားဝိုင်းဖြင့်ရှင်းခိုင်း၏။ သူကလည်း သူဖြစ်စဉ်နှင့် သူ့ဇာတ်ကြောင်းကို သူနားလည်သလိုရှင်းပြ၏။ အောက်ပါအမေးအဖြေများမှာ သူနှင့် ကျွန်ုပ်တို့၏အပြန်အလှန်မေးမြန်းဖြေကြားချက်များပင်ဖြစ်ပါသတည်း။

"ခင်ဗျားဆိုလိုတာက ခင်ဗျားခန္ဓာကိုယ်ကြီးက လေထဲမှာပါသွားတယ်လို့ ဆိုလိုချင်တာလား"

"ဟုတ်ပါတယ်"

"ဒီကိစ္စဟာ သဘာဝလွန်ဖြစ်ရပ်ဖြစ်လို့ ဘယ်သူမှယုံမှာမဟုတ်ဘူး။ ရှုးကြောင်မူးကြောင်ပြောတာပဲဖြစ်မယ်လို့ ဆဖန်ရင် ခင်ဗျားဘယ်လိုရှင်းမှာလဲ"

"အိဂျစ်နိုင်ငံကိုလေဆင်နှာမောင်းကြီးဝင်ခဲ့တုန်းက ပိရမစ်တစ်ခုကိုလေမွှေကြီးဝင်ပြီးမွှေတယ်။ နောက်အခြားမြို့တစ်မြို့ပေါ်ကို ပိရမစ်ကြီးရဲ့အပိုင်းအစတွေကျလာတယ်။ အဲဒီမြို့က လူတွေက ရတနာမိုးရွာတယ်လို့ ပြောကြတယ်။ ရတနာနဲ့အတူ အလွန်လေးပင်တဲ့ ကျောက်တုံးကြီးတွေပါ ပါတယ်လေ။ လေပေါ်မှာ ကျွန်တော်ကြားညှပ်ပါတာက ပေါ့နေပါသေးတယ်။ ဟိုကျောက်တုံးကြီးတွေဆိုတာ အဆမတန်ကြီးတဲ့ ကျောက်တုံးကြီးတွေပါ။ ကျောက်တုံးကြီးကိုတောင် အခြားမြို့ကိုရောက်အောင် လေကသယ်နိုင်သေးရင် ကျွန်တော့်ခန္ဓာကိုယ်က ပေါ့ပေါ့လေးဖြစ်လို့ လေကသယ်ယူသွားတယ်ဆိုတာ မဖြစ်နိုင်စရာမရှိတော့ပါဘူး"

"ခင်ဗျားလေထဲမှာသွားတယ်ဆိုတာ ခင်ဗျားက သက်ရှိလူသားဖြစ်လို့ ရှာန်ရတဲ့ပုဂ္ဂိုလ်တွေနဲ့တူသလား"

"ဈာန်သမာပတ်ရရှိတဲ့ပုဂ္ဂိုလ်ထူးကြီးတွေနဲ့သွားပြီးမနှိုင်းပါနဲ့ခင်ဗျာ။လုံးလုံးကိုမတူပါဘူး။ ဈာန်ရတဲ့ပုဂ္ဂိုလ်မြတ်ဟာ ဘာလေမှုတ် အားကိုးစရာမလိုပါဘူး။ ကျွန်တော်တို့က ဘာဈာန်မှမရှိတဲ့လူဖြစ်လို့ ပညာစွမ်းအားနဲ့ လေကိုအသုံးချပြီး သွားရတာပါ။ဥပမာ ရဟန္တာအရှင်မြတ်က နတ်မျက်စိနဲ့ကြည့်သလို ဒီဗ္ဗစက္ခုဉာဏ်တော်ရကြတယ်။ လူသားတွေက အရုပ်မြင်ပြီးအသံကြားရတဲ့ ရုပ်မြင်သံကြားကို ဖန်တီးတာမျိုးလောက်ကွာပါလိမ့်မယ်"

(ဤသို့မေးမြန်းပြီးမှသာ ကျွန်ုပ်က သူ၏ဇာတ်လမ်းအား ဆက်လက် မှတ်တမ်းတင်ပါသည်။)

ကိုရဲမြင့်တွေးနေသည်မှာ ဆရာအရှင်မြတ်သည် မိမိတို့လို လူသားလား၊ သခုမရုပ်ဖြင့်ပေါ်လာတာလားဟု တွေးကြည့်နေ၏။ မမြင်ရသည်မှာ ကြာပြီဖြစ်၍ တွေ့လိုက်သည်နှင့် မိမိအတွေးစများဖြတ်လျက် ဆရာအရှင်မြတ်အနီးသို့သွားလိုက်သည်။ အနားကိုရောက်သည်နှင့် ခြေတော်အစုံကို နဖူးနှင့်တိုက်၍ ကန်တော့လိုက်၏။ မိမိအား တစ်နှစ်ကျော်အဆက်အသွယ်မလုပ်ခဲ့ခြင်းကြောင့် ဝမ်းနည်းလာမှုကြောင့် တားဆီးမရအောင် မျက်ရည်များကကျလာသည်။

ခြေတော်အစုံကို နဖူးနှင့်ဦးခိုက်ရခြင်းမှာ အကြောင်းနှစ်မျိုးရှိပါ၏။ တစ်မျိုးက မိမိအပြစ်တွေကိုခွင့်လွှတ်ဖို့ နောက်တစ်မျိုးကတော့ ဆရာအရှင်မြတ်အသားသည် လူသားတို့၏အသားဟုတ်၊ မဟုတ် မစမ်းသာစမ်းသာစမ်းသပ်သည့်သဘော။ ယခု မိမိနဖူးနှင့် ဆရာအရှင်မြတ် ခြေဖမိုးထိပြီးကြည့်လိုက်တော့ သာမန်လူအသားမှ လူအသား။ မိမိ၏ စမ်းသပ်မှုကိုတော့ ဆရာအရှင်မြတ်က မသိဘဲနေမည်မဟုတ်။ ဘာမဟုတ်သည့်ကိစ္စအတွက် ခွင့်လွှတ်ထားတာပဲဖြစ်ပေမည်။ သူ၏ကန်တော့ခြင်းကိစ္စပြီးမှ ဆရာအရှင်မြတ်က -

"ဒီနေရာဟာ ဂျူးဂျူးကျတောင်နှာမောင်းနေရာပဲ။ မင်းဟာ (၆၅) ဆင့်အင်းတွေအောင်ခဲ့သလို မိမိသဘောနဲ့ မိမိ (၆၅) အင်းစလုံးသောက်လိုက်တဲ့ အကျိုးကြောင့် နောက်ထပ် (၅) ဆင့်တက်ခွင့်ရလိုက်တာ။ ပထမအဆင့်တုန်းက မင်းကို လေးမျက်နှာဘုရားကနေ မဟာမြိုင်ကို လေကြမ်းရဲ့သယ်ဆောင်မှုနဲ့သွားခဲ့တာ။ အခု ပညာစဉ်အဆင့်ကမြင့်လာပြီဖြစ်လို့ ရွှေခေါင်းလောင်းသံနဲ့ နံ့သာဖြူရနံ့ကဝေ့ဝိုက်ပြီး မင်းကိုသယ်လာခဲ့တာပဲ။ အရင်လိုကြမ်းတမ်းမှုမရှိမှန်းလည်း မင်းကိုယ်တိုင်သိပါလိမ့်မယ်။

အခု မင်း အမှတ်မထင်သောက်ခဲ့တဲ့အင်း (၆၅)ကွက်ဟာ သောက်ပြီးချိန်မှာ သွေးလူဖြစ်တာနဲ့ အင်းတွေနိုးသွားတယ်။ ဒီလိုအင်းနိုးချိန်မှာ မင်းကို ပညာစဉ် (၅)ဆင့်ဆက်ပြီးတက်ပေးဖို့ ဒီဒေသကိုလာခဲ့ရတာပဲ။ မင်းက ငါ့ကိုပစ်ထားလိုက်ပြီလို့တွေးခဲ့တယ်မဟုတ်လား။ ဒီလိုပစ်ထားလို့ မင်းစိတ်ပျက်လက်ပျက်နဲ့ အင်း (၆၅)ကွက်စလုံးသောက်ဖြစ်ခဲ့တာပဲ။ ဒီလိုသောက်ပြီးချိန်မှာ လူသားတစ်ယောက်ရဲ့အသက်ကိုပါ ကယ်ဖြစ်မှ ပညာစဉ် (၅)ဆင့်က တက်ပေးလို့ရတာကွ"

ဆရာအရှင်မြတ်သည် မိမိနှင့် တွေ့စဉ်က အလွန်နှုတ်နည်း၏။ လိုရင်းကိုသာပြောလေ့ရှိသည်။ ယခုကဲ့သို့ စိတ်ရှည်လက်ရှည် ရှင်းပြတာမျိုးတစ်ကြိမ်မှ မတွေ့ဘူး။ ဆရာအရှင်မြတ်ရှင်းပြမှသာ မိမိအား ပစ်ထားရခြင်း၏အဖြစ်မှန်အား သိတော့သည်။ ဆရာအရှင်မြတ်မှ ဆက်လက်၍ -

"မင်းကို ပညာစဉ်(၅)ဆင့်ထပ်ပေးမယ်လို့ ငါပြောခဲ့တယ်မဟုတ်လား။ ပထမအဆင့်က သိုက်ထဲကိုဝင်တဲ့နည်းပဲ။ ဒီလိုဝင်တော့မယ်ဆိုရင် သစ္စာဆိုရတယ်။ သိုက်ထဲကပစ္စည်းမှန်သမျှမယူပါဘူး၊ မဖျက်ဆီးပါဘူး၊ မည်သည့်အနှောင့်အယှက်မှမပေးပါဘူးလို့ နတ်မင်းကြီး (၄)ပါးကိုတိုင်တည်ပြီး သစ္စာဆို၊ အထဲကိုဝင်စမှပဲ မင်းကိုတိုက်ကြခိုက်ကြလိမ့်မယ်။ ဒါက သူတို့တာဝန် သူတို့ထမ်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်တာ။ ဘာလုပ်လုပ် မင်းက မေတ္တာကမ္မဋ္ဌာန်းပဲစီးဖြန်းနေ။ မင်းရဲ့ (၆၅) ကွက်အင်းတွေသောက်ထားလို့ သူတို့တိုက်ခိုက်လည်း မင်းကိုမထိပါဘူး။

မင်းအထဲကိုရောက်တာနဲ့ ငါညွှန်ကြားတဲ့နေရာကိုပဲသွားရမယ်။ ဟိုဟိုသည်သည်မကြည့်နဲ့ မသွားနဲ့။ မင်းသွားရမယ့်နေရာရောက်ရင် အချိန် (၁၀) မိနစ်ပဲရမယ်။ ဒါကြောင့် ရွှေကာလပ်ပေါ်မှာတင်ထားတဲ့ပေစာကို စိတ်နဲ့ဖတ်၊ အလွတ်ရအောင်မှတ်၊ ကိုင်ကြည့်ခွင့်မရှိဘူးနော်။ ပြီးတာနဲ့ လာလမ်းအတိုင်းပြန်လာခဲ့။ ကဲ - အခု မနက်စာအတွက် ကျောက်ထရံထိပ်မှာ ရှင်သူငယ်ငှက်ပျောသီးတစ်လုံးရှိတယ်၊ အာဟာရဖြည့်လိုက်။ ပြီးတာနဲ့ နေရိပ်တဲ့ဂူရှာပြီး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနေ၊ အချိန်ရောက်ရင် ငါသတိပေးမယ်"

ဟု ပြော၍ သူ့ရှေ့မှာပင် ဆရာအရှင်မြတ်က မရှိတော့။

(ပညာစဉ် (၅) ဆင့်နှင့်သက်ဆိုင်သော အကြောင်းအရာများမှာ ဂိုဏ်းတော်နှင့်သက်ဆိုင်နေ၍ ဖော်ပြခွင့် မရှိပါ။ စာရေးသူ)

"ကဲ - မင်း အခုလိုအောင်အောင်မြင်မြင်ပြန်ထွက်လာနိုင်တယ်ဆိုတော့ ပညာစဉ်(၅)ဆင့်ကို ကိုယ့်ဘာသာကြိုးစားရလိမ့်မယ်။ သိုက်ထဲကပေစာကိုမေ့မှာစိုးရင် ရေးထား။ ဒီအဆင့်(၅)ဆင့်ကို (၅)လနဲ့အပြီးဆောင်ရွက်။ (၅)လအတွင်း အောင်မှ ဉာဏ်စဉ်အဆင့်မီတယ်လို့ခေါ်တယ်။ ကျင့်နေရင်း အခက်အခဲတွေ့ရင်တော့ သန်းခေါင်ချိန်မှာ ဆီမီးထွန်းပြီး ငါ့ကိုစိတ်ညွှတ်လိုက်။ ကဲ-ကိစ္စတွေပြီးပြီဖြစ်လို့ အပြန်ခရီးကိုတော့ သဘာဝအတိုင်းသာပြန်ပေတော့"

လိုအပ်သည်များကို မှာကြားအပြီး ဆရာအရှင်မြတ်က တဖြည်းဖြည်းပျောက်ကွယ်သွားသည်။ ယခင်လို နံ့သာဖြူရနံ့လည်းပေါ်မလာ။ ဘယ်အရပ်ကိုသွားဟုလမည္ဆုန်ကြား။ လက်ထဲတွင်လည်း ပိုက်ဆံကတစ်ပြားမှမရှိ။ ပါလာသည့်အကျီနှင့်ပုဆိုးအား ရောင်းချင်သည့်တိုင် ဤတောထဲတွင် ဘယ်နေရာမှာရောင်းရမလဲ။ ဤနေရာဤဒေသသည် ဂျုံးဂျုံးကျတောင်နေရာဟုသာ ဆရာအရှင်မြတ်ပြောထား၍သိနေသည်။ မိမိသည် သဘာဝလွန်သွားလာနည်းနှင့် ရောက်လာသူဖြစ်သောကြောင့် ဘယ်နေရာအားပြန်ရမှန်း အမှန်ပင်မသိနိုင်သည့်အခြေအနေပင်။

မိမိ မဟာမြိုင်က ပြန်စဉ်ကလို တစ်ယောက်ယောက်ကလာပြီးခေါ်ရင် ဘယ်လောက်ကောင်းလိုက်မလဲမျှော်လင့်ပါသေးသည်။ သို့သော်လည်း ဘယ်သူမှ ပေါ်မလာ။ တစ်နာရီလောက်စောင့်သော်လည်း ကူညီမည့်သူမတွေ့တော့မှ မထွက်ချင်ထွက်ချင်နှင့်ထွက်လာသည်။ နေပူလာပါက လမ်းလျှောက်၍ မကောင်းနိုင်ကြောင်း ဆင်ခြင်လျက် ကုန်းမြင့်ဘက်မှ မြစ်ရှိရာဘက်သို့ထွက်လာသည်။

ဘေးလူသွားလမ်းကလေးမှ လူတစ်ယောက်လျှောက်လာ၏။ ခါးကြားတွင် ဓားမတိုကိုထိုး၍ မိမိနှင့်မျက်နှာချင်းဆိုင်လာနေသောကြောင့် ဝမ်းသာသွားသည်။ တောတက်မည့်လူလား၊ ငါ့ကိုကူညီဖို့လာတာဟားဟု ကိုယ့်အတွေးနှင့်ကိုယ် အားတောင်တက်သွားသည်၊ အနားသို့ရောက်လာသည်နှင့် ကိုရဲမြင့်က-

"ဒီနေရာကနေ မြို့ကိုဘယ်လမ်းကသွားရင်ရောက်နိုင်လဲ၊ အနီးဆုံးမြို့ကဘာမြို့လဲ"

ဟု အမေးများကို တောတက်သူမှ ချက်ချင်းမဖြေ။ သူ့ကိုခြေဆုံးခေါင်းဆုံးကြည့်၍ ဝတ်ထားတာတော့ အပေါ်ဖြူအောက်ဖြူပဲ။ လွယ်ထားတာက ရိုးရိုးလွယ်အိတ်။ သူခိုးတော့မဖြစ်နိုင်ပါဘူး၊ တောတောင်ထဲ ခပ်ကြောင်ကြောင်တရားကျင့်တဲ့လူဖြစ်လိမ့်မယ်ဟု တောတက်သူ၏အကြည့်ကို သူက အလိုလိုသိနေသည်။ ထိုတောတက်သူက -

"လမ်းမများအောင် အရှေ့ဘက်ကိုပဲသွား။ ဒီနေရာနဲ့ အနီးဆုံးမြို့က ဟသ်ာတမြို့ပဲ။ ခင်ဗျား မိုင်(၂၀)ကျော်လျှောက်မှရောက်လိမ့်မယ်။ သွားနေရင်း လူတွေ့ရင် ဆက်မေးပေါ့"

ဟု စကားဆုံးသည်နှင့် တောတက်သူက ထွက်သွားသည်။ မှန်းချက်နှင့်နမ်းထွက်မကိုက်တော့။ ကိုရဲမြင့်ထင်ထားသည်က မိမိအား ခရီးကဝေးသေးတာပဲ။ ကျွန်တော့်အိမ်လိုက်ခဲ့ပါလား၊ ရေမိုးချိုးပြီးရင် ကျွန်တော်လိုက်ပို့ပေးပါမယ်ဆိုသည့်စကားများ ပြောလေမလားဟု မျှော်လင့်ခဲ့ပါ၏။ သို့သော် အထင်နှင့်အမြင်မှာ တခြားစီဖြစ်နေသည်။

မတတ်နိုင်ပါ။ မိမိသည် ရှေ့ကိုဆက်မလျှောက်လျှင် ဟသ်ာတမြို့ကိုရောက်မည်မဟုတ်။ လူမြတ်သောဝန်းကျင်မှ လူရှိနိုင်မည်ထင်ရသောဘက်သို့မှန်း၍သာလျှောက်နေသည်။ ယခင်လို နံ့သာဖြူအနံ့ကလည်း လမ်းပြမပေးတော့။ မိမိသည် ဘယ်နေရာကိုရောက်နေမှန်းပင်မသိ။ လမ်းလျှောက်ရင်း ငါလျှောက်တဲ့လမ်းဟာဟုတ်ရဲ့လားဟု ကိုယ့်ဘာသာလည်း အဖြေမရှာတတ်။ ရှင်သူငယ်ငှက်ပျောသီးတစ်လုံးကြောင့် ထမင်းဆာခြင်းတော့မရှိ။ ရေဆာခြင်းလည်းနတ္ထိ။ ထမင်းဆာခြင်း၊ ရေဆာခြင်းမရှိ၍ လမ်းလျှောက်ရတာတော့ အဆင်ပြေနေသည်။

သူ၏စိတ်ထဲတွင် ဤမျှလမ်းစပျောက်နေသောတပည့်အား ဆရာအရှင်မြတ်သည် ဘာကြောင့်ပစ်ထားရတာလဲဟု အပြစ်တင်နေသည်။မိမိသည် ပုသိမ်မြို့မှ မိုင် (၇၀) ကျော်ဝေးသော ဂျုံးဂျုံးကျတောင်နှာမောင်းသို့ သဘာဝလွန်ခရီးနှင့်သွားရစဉ်က ဆရာအရှင်မြတ်သည် ထပ်ကြပ်မကွာစောင့်ရှောက်ခဲ့ပါ၏။ ယခုတော့ နံ့သာဖြူရနံ့လည်းမရ။ ရွှေခေါင်းလောင်းသံလည်း ပေါ်မလာ။ လမ်းပြမယ့်သူလည်းမရှိ။ ဟသ်ာတရောက်လျှင် တစ်ပြားတစ်ချပ်မှပိုက်ဆံမရှိဘဲ ဘယ်လိုနည်းနှင့်ပုသိမ်ပြန်ရမှာလဲ။ တွေးကာမှ စိတ်ကပို၍အိုက်လာသည်။

(၄)မိုင်ခန့်ခရီးပေါက်လာသည်ဟု သိလိုက်ချိန်တွင် ခန္ဓာကိုယ်ကချွေးတွေစို့ရွှဲ၍မောစပြုလာသည်။ မဟာမြိုင်တွင် လမ်းလျှောက်စဉ်က မြေကြီးနှင့်ထိတွေ့မှုမရှိ။ ဖိနပ်နှင့်ခြေဖဝါးသာ ထိတွေ့နေကြောင်းသိနေသည်။ ယခုတော့ဖြင့် ကျောက်ခဲတွေ၊ မြေကြီးခဲတွေအား ခပ်ကြမ်းကြမ်းဖိနင်းနေရ၍ ခြေဖဝါးတွေလည်း ကျိန်းစက်စပြုနေ၏။ နေလည်းမြင့်လာပြီဖြစ်၍ နေပူကျဲကျဲတွင် ခရီးဆက်ရန်မသင့်တော်၊ ကျန်းမာရေးထိ မိမိအသိနှင့်မိမိစောင့်ရှောက်မှ တော်မည်ဟု ကုက္ကိုပင်ကြီးတစ်ပင်အောက်၌ ခေတ္တအနားယူလိုက်သည်။

ကိုရဲမြင့်ထိုင်နေသည်က မြစ်ကြီးဘေးရှိ ကုက္ကိုပင်၏အမြစ်ဆုံပေါ်တွင်ဖြစ်ပါ၏။ မြစ်ကိုဖြတ်၍ တိုက်ခတ်လာသည့် လေနုအေးများကြောင့် ကိုရဲမြင့်တစ်ယောက် အတန်ငယ်လန်းလန်းဆန်းဆန်းဖြစ်လာသည်။ သူထိုင်၍အနားယူနေစဉ် မြစ်ထဲတွင် မော်တော်တစ်စင်းခပ်ဖြည်းဖြည်းမောင်းလာသည်ကို သူကကြည့်နေသည်။ မော်တော်ပေါ်တွင် လူက (၁၀)ယောက်ခန့်ရှိပုံရသည်။ သူတို့မော်တော်တွင် လေမှုတ်စက်များ၊ စတီးပစ္စည်းများ၊ ရေငုပ်ပစ္စည်းတွေက အစုံအလင်။ ဘာတွေကိုရေငုပ်ရှာမှာလဲဟု

www.burmeseclassic.com

ကိုရဲမြင့်က စိတ်ဝင်စားသွားသည်။

ထိုမော်တော်လေးက သူထိုင်နေသည့်ကုတ္တိုပင်၏ ဘေးလွယ်ခုတ်တွင် ပထမကျောက်ချပြီး ရေငုပ်သူများက ရေငုပ်ဝတ်စုံပြည့်နှင့် ကျောက်ကြိုးကိုင်၍ ရေအောက်သို့ဆင်းသွားကြသည်။ သိပ်မကြာလိုက်။ ထိုသူနှစ်ယောက်က ပြန်၍ပေါ်လာသည်။ မော်တော်မှချပေးထားသည့်ကြိုးလှေကားဖြင့် အပေါ်သို့ ပြန်တက်လာသည်ကိုလည်း ကိုရဲမြင့်က ကြည့်နေသည်။ ထိုသူတို့က တစ်နေရာ၊ နှစ်နေရာရေငုပ်ခဲ့သော်လည်း သူတို့အလိုရှိသည့်ပစ္စည်းက တွေ့ပုံမပေါ်။ ဒီလူတွေဟာ ရေအောက်မှာမြုပ်နေတဲ့ သင်္ဘောတစ်စီးကိုရှာနေတာပါလားဟု ကိုရဲမြင့်က အလိုလိုသိသွားသည်။

မော်တော်ထဲမှ လူများကလည်း ကိုရဲမြင့်ကိုမြင်ပါသည်။ အလှမ်းမဝေးသည့် မြစ်ဘေးတွင်ထိုင်နေသူဆို၍ သူတစ်ယောက်သာရှိ၍ ထိုသူတွေကမြင်ပါလိမ့်မည်။ သို့သော် ဘိုးတော်ယောင်ယောင်၊ ဘိုးသူတော်ယောင်ယောင် ဘာကောင်မှန်းမသိရတဲ့အကောင်ပဲ။ ဒီလောက်တောခေါင်တဲ့နေရာမှာ ဒီလူက တစ်ယောက်တည်းထိုင်နေတာဆိုတော့ ခပ်ကြောင်ကြောင်အကောင်ပဲဖြစ်ရမယ်ဟု သူတို့အကြည့်ကို ကိုရဲမြင့်က မပြောဘဲနှင့်သိနေသည်။

သူတို့အတွေးကိုပင် ကိုရဲမြင့်က ကျေနပ်ပင်တင်နေသည်။ သူတို့တွေးသလို တွေးပေးတာတော်သေးတယ်လို့ဆိုရမယ်။ သူ့ခိုးတစ်ယောက်လို့သာထင်မိလျှင် ဤလိုနေရာမျိုးတွင် ပွဲချင်းပြီးနိုင်သောကြောင့် အထင်သေးတာက ခပ်ကောင်းကောင်းပဲဟု တစ်ကိုယ်တည်း ပြုံးလိုက်မိပါ၏။ (၁၀) ကြိမ်လောက်ငုပ်သော်လည်း ထိုသူတွေအဆင်ပြေပုံမရသေး။ ဘယ်တွေ့မှာလဲ။ မရှိတဲ့နေရာမှာ ရှာနေကြတာကိုးဟု သူ့စိတ်က အလိုလိုသိလိုက်သည်။ ထို့ကြောင့် မနေနိုင်မထိုင်နိုင်မတ်တတ်ရပ်၍ ခဲလုံးတစ်လုံးကို ၎င်းတို့ရှာဖွေနေသည့် ဆန့်ကျင်ဘက်နေရာအား ခပ်ဝေးဝေးပေါက်လိုက်သည်။ မော်တော်ထဲကလူများက ဒီလူဘာကိုခဲနဲ့ပေါက်တာလားဟု အားလုံးကစားမတတ်ဝါးမတတ်လှမ်း၍ကြည့်နေသည်။

ကိုရဲမြင့်က သူတို့အကြည့်ကို ဂရုမစိုက်ဘဲ -

"ခင်ဗျားတို့ကျောက်တိုက်တာလွဲနေတယ်။ ကျွန်တော်ခဲလုံးပစ်တဲ့ဘက်ကိုသွားပြီးကျောက်တိုက်ကြည့်လိုက်။ မြုပ်နေတဲ့ဦးပိုင်းကို ကျောက်ကသွားပြီးငြိလိမ့်မယ်"

ထိုစကားကို ကိုရဲမြင့်က အော်၍ပြောလိုက်ခြင်းဖြင့်၊ မော်တော်ထဲကလူများက ဟာသတစ်ခုကိုကြားလိုက်ရသလို ဝါးခနဲစုပြီးရယ်လိုက်၏။ ထိုအထဲမှ တစ်ယောက်က -

"ဟေ့ကောင်တွေ မရယ်ကြနဲ့ကွ။ တို့မြန်မာမှာ စကားပုံရှိတယ်။ အရူးစကား၊ သဘင်သည်စကား၊ ကလေးစကားစတဲ့ စကားတွေဟာ မှန်တတ်တယ်ကွ။ အခုလည်း အရူးစကားပြောတာဖြစ်နိုင်တယ်၊ သူပြောတဲ့ဘက်ကိုသွားပြီးရှာကြည့်ကြရအောင်"

ပြောပြောဆိုဆိုနှင့် မော်တော်အား မိမိခဲနှင့်ပစ်သည့်ဘက်သို့ မောင်းထွက်သွားကြသည်။ မော်တော်ထဲကလူများမှာ အခုအထိရယ်နေကြတုန်း။ ဤအခြေအနေတွင် ကိုရဲမြင့်မှာ သူတို့အား အကူအညီတောင်းလို့မဖြစ်နိုင်၊ မိမိအားအရူးတစ်ယောက်အဖြစ် သတ်မှတ်ထားသောကြောင့် မိမိက ဟသ်ာတသွားချင်တယ်ပြောလည်း ရူးလို့ပြောနေတာဟု ထင်ကြပေမည်။ လိုက်ပို့ဖို့တော့ဝေလာဝေး။

ကိုရဲမြင့် ခဲနှင့်ပေါက်သောနေရာသို့ရောက်သောအခါ ထုံးစံအတိုင်း သင်္ဘောကို ကျောက်ချသည်။ သင်္ဘောငြိမ်သွားမှ ကျောက်တိုက်ရန် သံချိတ်ပါသည့်ကျောက်ကြိုးကို ရေထဲသို့ချလိုက်သည်။ ပြန်လည်ဆွဲကြည့်ရာ ယခင်လိုတက်မလာ။ ဘာတွေနဲ့ငြိနေတာလဲ၊ သင်္ဘောသားများ အင်အားသုံး၍ဆွဲလိုက်ရာ သင်္ဘောဦးပင် အနည်းငယ်ဦးစိုက်သွားတော့သည်။

"ဟေ့ သက်တင်နဲ့လှအေး ရေထဲဆင်းကြည့်ကြစမ်း၊ အောက်မှာ သစ်ငုတ်နဲ့ငြိတာဆိုရင် ဖြုတ်ပြီးပြန်တက်လာကွာ၊ တို့တော့ အရူးပြောတဲ့နေရာချမိတာနဲ့ မှားပြီထင်တယ်"

ဟု တာဝန်ခံက ဟောင်ဖွာဟောင်ဖွာပြောနေသည်။ သက်တင်နှင့်လှအေးက သူတို့ဆရာစကားအတိုင်း ရေငုပ်ဝတ်စုံနှင့် ရေအောက်သို့ဆင်းသွားသည်၊ မိနစ်အနည်းငယ်ကြာသော်လည်း ရေငုပ်သူတို့က ပေါ်မလာသေး၊ သက်စောင့်ကြိုးကို တာဝန်ခံက အချက်ပေးလှုပ်မှသာ နှစ်ယောက်သား ရေပေါ်သို့ငုပ်ပေါ်လာသည်၊ ရေပေါ်ရောက်သည်နှင့် ရေအောက်ကြည့်မှန်ကိုဖြုတ်၍ -

"တွေ့ပြီကွ၊ တွေ့ပြီ"

ဟု အော်၍ပြောရာ တာဝန်ခံက မယုံသေး။ ဒီကောင်တွေတွေ့တယ်ဆိုတာ အခြားသင်္ဘောရဲ့အပိုင်းအစကို ချိတ်မိနေတာလား။ တို့ရှာနေတဲ့သင်္ဘောလား၊ ဒါကိုတော့ သူလည်းမသိ။ တည့်တည့်ကျကျသိနိုင်ရန်အတွက် သူလက်ထောက်နှစ်ယောက်ကိုခေါ်၍ -

"မင်းတို့ဆင်းပြီးငုပ်စမ်းကွာ၊ ဟိုနှစ်ကောင်ကတော့ တွေ့တယ်ပြောတယ်။ ဘာကိုတွေ့လာလဲမသိဘူး။ တို့သံကြိုးဟာ သင်္ဘောဦးမှာ ချိတ်နေတာဆိုရင် ဦးရဲ့နံရံကိုစမ်းကြည့်စမ်း။ (၁၉၃၉)ဆိုရင် ဟုတ်ပြီ"

သူ၏ လက်ထောက်နှစ်ယောက်မှ ရေအောက်သို့ငုပ်သွားသည်မှာ တော်တော်နှင့်ပေါ်မလာ။ မိနစ်(၂၀)လောက်ကြာမှသာ ရေပေါ်သို့တက်လာပြီး ခေါင်းမှအုပ်ဆောင်းတွေချွတ်၍ -

"ဆရာသမားရေ အဟုတ်တွေ့တာဗျ။ သင်္ဘောဦးက သံကြိုးချတဲ့အပေါက်ထဲကို ကျောက်ကြိုးချိတ်ကဝင်နေတာ။ သင်္ဘောဦးနံရံစမ်းလိုက်တော့ ၁၉၃၉ ဆိုတဲ့ခုနှစ်ကိုတွေ့တယ်။ ဒါကို ကျွန်တော်တို့ဗိုလ်ကြီးရှာနေတဲ့သင်္ဘော မှန်သွားပြီ ဆရာ"

တပည့်နှစ်ယောက်က ပြည့်ပြည့်စုံစုံပြောတော့မှ အပေါ်မှတာဝန်ခံပုဂ္ဂိုလ်သည် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ အတော်ကိုဝမ်းသာနေသည့်ပုံ၊ ထိုပုဂ္ဂိုလ်က သင်္ဘောဘေးတွင်ရှိသော ပဲ့ထောင်အသေးလေးကိုချ၍ မြစ်အောက်ဘက်သို့ ကိုယ်တိုင်မောင်းသွားသည်၊ ကိုရဲမြင့်က သူတို့လှုပ်ရှားနေပုံကို အမောဖြေရင်းကြည့်နေသည်။ နာရီဝက်ခန့်အကြာတွင် ထိုတာဝန်ခံကြီးက ပဲ့ထောင်လေးမောင်း၍ ပြန်လာသည်၊ သူတို့ ကျောက်ချထားသည့် သင်္ဘောဘက်ကို မောင်းခြင်းတော့မဟုတ်။ ကိုရဲမြင့်ထိုင်နေသည့်ကုတ္တိုပင်ခြေရင်းအထိ မောင်းလာခြင်းပင်ဖြစ်ပါ၏။ အနားသို့ရောက်သောအခါ ထိုတာဝန်ခံပုဂ္ဂိုလ်မှာ အလွန်ရိုသေကိုင်းရှိုင်းသောအမူအရာဖြင့်-

"ကျွန်တော်တို့ဗိုလ်ကြီးက ဆရာသမားကို တွေ့ချင်တယ်လို့ပြောပါတယ်ခင်ဗျာ။ ကျွန်တော့်တို့မော်တော်ပေါ်ကနေပြီး ဆရာသမားကိုပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါခင်ဗျာ၊ အခု ကျွန်တော် ပဲ့ထောင်နဲ့တစ်ခါတည်းလိုက်ခဲ့ဖို့ ဗိုလ်ကြီးကမှာလိုက်ပါတယ်"

ဟု ရိုကျိုးစွာ ဖိတ်ခေါ်မှုကြောင့်

www.burmeseclassic.com

လောက၏အပြောင်းအလဲကို တော်တော်လေးအံ့ဩနေသည်။ မည်သို့ဆိုစေ မိမိသည် ဘယ်ကိုသွား၍ ဘယ်သူ့ကို အကူအညီတောင်းရမှန်းမသိသည့်အချိန်တွင် ထိုသူ့ခေါ်ရာနောက်သို့လိုက်၍သွားခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်၍ ပွဲထောင်ပေါ်သို့တက်လိုက်သည်။ ကိုရဲမြင့်စိတ်ထဲတွင် ဒီလိုဆုံးဖြတ်ဖြစ်အောင် ဆရာအရှင်မြတ်ပဲ ဖန်တီးပေးတာဖြစ်မယ်။ ငါနဲ့ ဒီဗိုလ်ကြီးက ဘယ်လိုပတ်သက်နေတာလဲ။ ဒါကိုတော့ အဖြေရှာမရသေး၊ဟိုရောက်မှ အကြောင်းစုံသိမည်ထင်၏။

တာဝန်ခံဆိုသူက ပွဲထောင်ကို မိနစ်(၂၀)လောက်မောင်းနေသည်။ မြစ်အကွေ့တွင် ယာယီတဲကြီးတစ်လုံး၊ တဲအတွင်းမှ ဥပဓိရုပ်ကောင်းသည့်လူကြီးတစ်ယောက်က တံတားထိပ်သို့ထွက်လာသည်။ ထိုလူကြီးက ကိုရဲမြင့်ကို တံတားပေါ်တက်ရန် လက်ကမ်း၍ အပေါ်သို့ရောက်သည်နှင့် -

"မင်း ဆရာသမားကို ထိုင်ပြီးကန်တော့လိုက်စမ်း"

ဟုဟောက်လိုက်သဖြင့် တာဝန်ခံဆိုသူမှ အလွန်နာခံသောတပည့်ကဲ့သို့ မြေကြီးပေါ်တွင် ပြားပြားဝပ်ထိုင်၍ ကန်တော့ပြီး -

"ကျွန်တော်တို့တစ်ဖွဲ့လုံး ဆရာကြီးကို မသိလို့ အထင်မှားအမြင်မှားနဲ့ ပြောဆိုမိတာတွေကို တောင်းပန်ပါတယ် ဆရာကြီး။ ကျွန်တော့်အဖွဲ့သားအားလုံးအတွက်ပါ ရှိုးဦးချပြီး တောင်းပန်ပါတယ်။ အပြစ်ကခွင့်လွှတ်ပေးပါ ဆရာကြီး"

ကိုရဲမြင့်က မြေပေါ်တွင် ပြားဝပ်ရိုကျိုးစွာ ခေါင်းမဖော်တမ်းရှိခိုးနေ၍ -

"ခွင့်လွှတ်ပါတယ်ဗျာ၊ ကဲကဲ- ထပြီး လိုရာကိုသွားနိုင်ပါပြီ"

ဟု သင့်သလိုအလိုက်အထိုက်ပြောလိုက်၏။ ဒီလောက်တောင် ကန်တော့ရလောက်အောင် မိမိကဘာတွေဖြစ်နေလို့လဲဟု သူ့ကိုယ်သူပင်တွေးလို့မရ။ လက်ရှိအချိန်တွင် ဗိုလ်ကြီးဆိုသူက သူ့တပည့်ထက်ပင် ပို၍ ဘုန်းတော်ကြီးတစ်ပါးကို ရှိသေကိုင်းရှိုင်းသလို အမူအရာနှင့်-

"လာ - ဆရာ၊ ဒါ ကျွန်တော့်ရဲ့ ယာယီတဲပါပဲ။ ဆရာလည်း ကျွန်တော့်တဲမှာ အနားယူပါဦး ဆရာ။ ရေမိုးချိုးပြီးတော့ ဆရာကို မနက်စာထမင်းကျွေးပါရစေ။ ညနေစောင်းရောက်မှ ဆရာသွားချင်တဲ့နေရာကို ကျွန်တော်ကိုယ်တိုင်လိုက်ပို့ပေးပါမယ်"

အလို ... ... တေးမတို့ခါးကြားထိုးပြီး လာတဲ့လူတ... က ... ငါပြောစေချင်တဲ့ စကားတွေဟာ ဒီမှာလာပြီးကြားနေရပါလား။ တော်တော်လေးထူးဆန်းနေတာပဲ။ ဒီလိုကူညီကယ်မမယ့်လူကို ဆရာအရှင်မြတ်က တွေ့ဆုံပေးတာဖြစ်မယ်။ တပည့်မိုက်အနေနဲ့ မနောနဲ့အပြစ်တင်မိတာကို ခွင့်လွှတ်ပါ ဆရာအရှင်မြတ်ဘုရားဟု သူက စိတ်ထဲမှကန်တော့နေလိုက်သည်။ ထမင်းစားသောက်ပြီး ညှိခန်းတွင်ထိုင်လိုက်စဉ် ဗိုလ်ကြီးဆိုသူက-

"ကျွန်တော် ညက ထူးထူးခြားခြားအိပ်မက်မက်တယ် ဆရာ၊ သွေးလေချောက်ချားလို့မက်တာမျိုးမဟုတ်ဘူး။ မင်းတို့ရှာနေတဲ့သင်္ဘောဟာ အခုတစ်လကျော်ပြီ မတွေ့ဘူး မဟုတ်လား။ အေး - မနက်ရောက်ရင် တွေ့လိမ့်မယ်။ မင်းတို့အစွမ်းအစနဲ့တွေ့မှာတော့ မဟုတ်ဘူး။ တောထဲမှာ တရားကျင့်ပြီးပြန်လာတဲ့သူတော်စင်တစ်ဦးက သင်္ဘောရှိတဲ့နေရာကို ခဲနဲ့ပစ်ပြလိမ့်မယ်။ ခဲကျတဲ့နေရာကိုရှာလိုက်၊ တွေ့လိမ့်မယ်။ အဲဒီသူတော်စင်ကိုလည်း လိုရာခရီးရောက်အောင် ပို့ပိုးလိုက်လို့မက်တဲ့အိပ်မက်ဆရာရဲ့။

ကျွန်တော်က ကျွန်တော့်အိပ်မက်ကို ဘယ်သူကိုမှဖွင့်မပြောဘူး။ ဒီနေ့မှာ ကျွန်တော့်တပည့်က သူတို့အစွမ်းအစနဲ့ တွေ့သလိုလိုပြောသေးတယ်။ကျွန်တော်က ပုဂ္ဂိုလ်တစ်ယောက်က ခဲနဲ့ပေါက်ပြတာမဟုတ်လားလို့မေးလိုက်တော့ အဲဒီကောင် အံ့ဩသွားတယ်။ ကျုပ်က အဲဒီခဲနဲ့ပေါက်တဲ့လူဟာ အပေါ်ဖြူအောက်ဖြူဝတ်ထားရမယ်ကွာ ဟုတ်သလားလို့ မေးလည်းမေးလိုက်ရော ဗိုလ်ကြီးကို မလိမ်ရဲပါဘူး။ အမှန်အတိုင်းပြောပါမယ်ဆိုပြီး ဆရာ ခဲနဲ့ပစ်ပြတဲ့အကြောင်းပြောတော့တာပါပဲ။ အခုတွေ့တဲ့သင်္ဘော ဘယ်လောက်တန်မယ်ထင်သလဲ ဆရာ"

"ကျုပ်က ဘာသာရေးသမားပဲ။ သင်္ဘောအကြောင်းမသိပါဘူးဗျာ။ အင်း- ပိဿာဈေးနဲ့ရောင်းရင်တော့ သိန်း (၃၀)၊ (၄၀) လောက်တော့ရမှာပေါ့"

"ကျွန်တော်တို့ရှာတဲ့သင်္ဘောက သံဟောင်းကို ပိဿာဈေးနဲ့ရောင်းဖို့ရှာတာမဟုတ်ပါဘူး။ ၁၉၄၅ ခုနှစ်က ဂျပန်စစ်သင်္ဘောလေးကို အင်္ဂလိပ်ကပစ်ချလို့ မြုပ်သွားတဲ့သင်္ဘောပါ။ အခု ဆရာ့ကျေးဇူးကြောင့် ပြန်ပြီးတွေ့ပါပြီ။ ဂျပန်က ရှေးဟောင်းပြတိုက်မှာထားဖို့ ပြန်ပြီးဝယ်မှာပါ။ အနည်းဆုံး သိန်း (၇၀၀) လောက်ရနိုင်ပါတယ်"

ကိုရဲမြင့်က ယခုမှသဘောပေါက်တော့သည်။ ယာယီတဲတွင်ချိတ်ထားသည့်ဆိုင်းဘုတ်က အောင်ဇေယျ ရေအောက်ရှေးဟောင်းပစ္စည်းရှာဖွေရေးအဖွဲ့ဟုရေးထားသည်။ မိမိသည် ထိုသူများ တစ်လကျော်ရှာမရသည့်ပစ္စည်းအား အလွယ်တကူ ခဲနှင့်ပစ်၍ပြခဲ့၏။ တန်ဖိုးရှိတဲ့ပစ္စည်းကို ငါရှာပေးလို့ ငါ့ကို ဆရာကြီး ဆရာကြီးနဲ့ ရိုသေလေးစားနေတာဖြစ်မယ်ဟု သဘောပေါက်သွားသည်။

ထိုဗိုလ်ကြီးဆိုသူက -

"ဆရာကြီးအနေနဲ့ ကျွန်တော့်လုပ်ငန်းမှာ ဘယ်နေရာမှာရှိတယ်လို့ ခဲလေးနဲ့ပဲပစ်ပြ အဲဒီလောက်ညွှန်ပြရင် တော်ပါပြီ။ ဆရာကြီးနဲ့ လက်တွဲလုပ်ချင်ပါတယ်။ ဆရာကြီးကို ပညာပူဇော်ခ တစ်လ (၅) သိန်း ကန်တော့ပါမယ်။ ဘယ့်နှယ်လဲလုပ်နိုင်ပါမလား ဆရာကြီး"

"မဖြစ်ပါဘူးဗျာ၊ အခု သင်္ဘောကို တွေ့တယ်ဆိုတာ ဆရာအရှင်မြတ်ရဲ့ လမ်းညွှန်မှုကြောင့် ဖြစ်လိမ့်မယ်။ ကျုပ်လည်း ပထမတော့ မသိပါဘူး။ နောက်အသေအချာစဉ်းစားမှ ကျုပ်ရဲ့ဆရာ အရှင်မြတ်လမ်းညွှန်ပြီး ခင်ဗျားတို့နဲ့ဆုံပေးတာ သေချာသွားပါပြီ။ ခင်ဗျားတကြိုတင်ပြီး အိပ်မက်အကြောင်းရှင်းပြတော့ ပိုပြီးသေချာသွားတာပေါ့"

"ဆရာကြီးက ဘယ်ကိုခရီးဆက်ဖို့ရှိတာလဲ"

"ကျုပ်က ပုသိမ်ကိုပြန်မှာပါ"

ကိုရဲမြင့်၏အပြန်ခရီးတား မဟာမြိုင်မှပြန်ရသည်ထက် ပို၍သာပါသည်။ ဗိုလ်ကြီးဆိုသူ ကန်တော့လိုက်သည့် ငွေ(၅)သိန်းနှင့်လက်ဆောင်များ၊ ဟင်္သာတရောက်သည်အထိ မှန်လုံကားလေးနှင့်လိုက်ပို့ပြီး ပုသိမ်သို့ အထက်တန်းတွဲလက်မှတ်တစ်စောင်လည်း ပေးလိုက်သည်။ ကိုရဲမြင့်၏ လက်ထဲတွင်လည်း အချိန်မရွေးဆက်သွယ်ရန် အောင်ဇေယျ ရေအောက်ရှေးဟောင်းပစ္စည်းရှာဖွေရေး လိပ်စာကတ်နှင့် ဖုန်းနံပါတ်များ။ မည်သို့ဆိုစေ ကိုရဲမြင့်အတွက် ဒုတိယအကြိမ် ဂန္ဓာရခရီးစဉ်သည် ပညာလည်းရေ၊ ဝမ်းလည်းဝသည့်ခရီးဖြစ်၍ သူ့အတွက်တော့ တစ်သက်တာမမေ့နိုင်သည့် ခရီးစဉ်ပင်ဖြစ်ပါသတည်း။

စိုးတွန်း (ဥပုဇေ)



www.burmeseclassic.com

www.burmeseclassic.com

# (ဘဝမိတ်ဆွေ) ဖိုးသုည

## ဘဝအတွက် စာနစ်ရှက်



စာရေးသူသည် အသက်(၇၇)နှစ်ရှိပြီ ဖြစ်ပါသည်။ အသက်ကြီးရင့်လာသည်နှင့်အမျှ ဘဝတွင်တွေ့ကြုံရမည့် ဘဝချို့ယွင်းမှုများ ဖြစ်လာရပါသည်၊ ဘဝဖြစ်လာလျှင် ခန္ဓာရလာစမြဲပါ။ ခန္ဓာရရှိသည့်အပေါ် ဝေဒနာလည်းဖြစ်လာတတ်ကြပါသည်။ ဘဝတွင်ကြုံတွေ့ရမည့် သဘာဝပေးမှုတစ်ခုပင်။

လူသည် အစဉ်သဖြင့် ကျန်းမာသည့်သူများရှိလင့်ကစား အနည်းနှင့်အများ လတ်တလောဖျားနာကြသူများလည်း တွေ့ရပေမည်၊ ရာသီဥတုပြောင်းလဲမှုအပေါ် နှာစေး၊ ချောင်းဆိုး၊ အအေးမိ စသည့် ရောဂါဝေဒနာများ တွေ့ကြုံခံစားရသည့်သူများတွေ့မြင်ကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။ နေပူနေသော်လည်း ဝမ်းရေးအတွက် သွားလာလှုပ်ရှားရခြင်းအပေါ် အပူရှပ်ခြင်း နေပူထဲမှအပြန် ခြေဆေးခြင်း၊ ရေချိုးခြင်း စသည့် သတိမမူသော မေ့လျော့ခဲ့ခြင်းကြောင့် အမှတ်မထင်ဖြစ်သည့်ဝေဒနာများကို ခံစားရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့သည်များကိုလည်း ,သတိထားမိကြပါလိမ့်မည်၊ ထိုသို့ ခံစားရမှုဝေဒနာအပေါ် ပျောက်ကင်းစေရန် ဆေးဝါးသောက်ခြင်း၊ အစာအာဟာရများကို ဆင်ခြင်စားရခြင်း၊ ဝေဒနာအပေါ် ဆရာဝန်အားပြသရခြင်း စသည့်ကုသမှုခံယူကြရာတွင် ငွေကုန်ကြေးကျကုန်ပြီးမှ သက်သာ ပျောက်ကင်းကြရပါသည်။ အသိနှင့်သတိအမြဲရှိရန်လိုအပ်ပါသည်၊

စာရေးသူသည် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ တစ်နေ့သောရက်တွင် ဆီးသွားရာတွင် နာကျင်ကိုက်ခဲသဖြင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပရှိ OSD ဆေးရုံသို့ သွားရောက်ပြီး ဆရာဝန်တစ်ဦးထံ ပြသရာတွင် ဆရာဝန်က စာရေးသူအား ဆီးလမ်းကြောင်းထဲတွင် ပိုးဝင်နေကြောင်းနှင့် အကောင်ပေါက်ကြောင်းပြောသဖြင့် ဆီးစစ်ဆေးခြင်း၊ သွေးစစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းများ ပြုလုပ်ပြီး ဆေးရုံတက်ဆေးကုသမှုခံယူကာ အကောင်ပေါက်နေသည့် ဆီးလမ်းကြောင်းထဲရှိပိုးအား ဆေးထိုးသတ်ရမည်ဖြစ်ကြောင်း ပြောပြသဖြင့် သားဖြစ်သူက စိုးရိမ်စိတ်ဖြင့် ဆေးရုံသို့တက်စေပြီး ဆေးကုသမှုခံယူခဲ့ရပါသည်။

ဆေးရုံသို့တက်ရောက်ကုသမှုခံယူရာတွင် ဆီးချိုရှိကြောင်းသိရှိရပြန်သဖြင့် ဆရာဝန်ပေးသောသောက်ဆေးများမှန်မှန်သောက်ကာ အစားအသောက်ပါ ဆင်ခြင်စားသောက်နေရပါသည်၊ ရောဂါဝေဒနာပျောက်ကင်းရန်အတွက် ပဲပြုတ်နှင့်နံပြား၊ ပေါင်မုန့်နှင့်ပဲပြုတ်၊ဆန်ပြုတ် အနည်းငယ်တို့ကို ဆင်ခြင်စားသောက်ခဲ့သဖြင့် ဆေးရုံတွင် (၈) ရက်သာကုသမှုခံယူပြီး ဆေးရုံမှဆင်းခဲ့ရပါသည်။ ဆေးရုံတွင် ကုသမှုခံယူရသည့်စရိတ်နှင့်ဆေးဖိုးများအတွက် ကုန်ကျငွေခြောက်သိန်းခွဲကျော်ကုန်ကျပါသည်။ တစ်လကြာလျှင် ပြန်ပြဖို့ရန်လည်း ညွှန်ကြားမှာကြားခဲ့ပါသည်။

ထို့ကြောင့်လည်း ဝေဒနာခံစားရမှုကိုစိုးကြောက်သဖြင့် ဆရာဝန်မှာကြားသည့်ဆေးများဝယ်ပြီး မှန်မှန်သောက်သည့်အပြင် စာအုပ်အရောင်းဆိုင်သို့ သွားရောက်ပြီး ဆီးချိုရောဂါနှင့်ပတ်သက် ရေးသားသည့်ဆရာဝန်ကြီးများ၏စာအုပ်များကို ဖတ်ရှုမှတ်သားလေ့လာ သတိထားလျက် အစားအသောက် အနေထိုင် ဆင်ခြင်စားသောက်ခဲ့ပါသည်။ ဆင်ခြင်စားသောက်နေခဲ့ခြင်းကြောင့် ရောဂါ

www.burmeseclassic.com

ဝေဒနာခံစားရမှုမရှိဘဲ ယခုတိုင်အောင် သက်ရှည်နေထိုင်နိုင်ရခြင်း ဖြစ်ပါသည်။ ဆီးချိုရောဂါရှိသူတိုင်း သောက်ဆေးမှန်မှန်သောက်ရန် ဆရာဝန်တိုင်း ညွှန်ကြားပါသည်။ ထိုရောဂါမှာ ဘဝတစ်လျှောက် ပျောက်ကင်းခြင်း မရှိကြောင်းလည်း ဆရာဝန်တိုင်း ညွှန်ကြားပါသည်။

လူတိုင်းလူတိုင်း ဆီးချိုရောဂါသာမက အခြားသောရောဂါများလည်း အသက်အရွယ်ကြီးလာသည့်အတွက် ဘာချို့ယွင်းမှုများကို အထူးသတိပြုရပါမည်။ လူတိုင်းလည်း မသေလိုကြပါ။ ဘဝမချုပ်ငြိမ်းခင် ကျန်းမာစွာ နေထိုင်ကြလိုသူများပင် ဖြစ်ပါသည်။ ဘဝတွင် အသက်ရှင်သန်နေသမျှသရွေ့ အမြတ်ဖြင့်နေနိုင်ရန် အစဉ်သတိရှိနေဖို့လိုအပ်ပါသည်။

စာရေးသူသည် ဘဝတွင် အမြတ်ဖြင့်နေရသည်ဟုပင် ယုံကြည်ထင်မြင်မိပါသည်။ ဘဝတွင် ရှင်သန်နေထိုင်ရမှုအပေါ် ရရှိခဲ့သည့် အတွေ့အကြုံဗဟုသုတများကို မျှဝေလိုစိတ်အစဉ်ထားရှိပါသည်။

ထို့ကြောင့် ဖတ်လိုက်ရသည့် စာရွက်နှစ်ရွက်ကြောင့် အသက်ရှည်လျက်ရှိကြောင်း မျှဝေရေးသားရခြင်း ဖြစ်ပါသည်။

ဦးစွာဖတ်ရသော စာရွက်ပါ အကြောင်းအရာကတော့ ဒီလိုပါ။

**ဂျပန်ရေသောက်ခြင်းဖြင့် ရောဂါကာကွယ်နည်း**

၁။ နံနက်စောစော အိပ်ရာထတဲ့အခါ သွားမတိုက်မီ၊ မျက်နှာမသစ်မီ ရေကို Alpine ရေသန့်ဘူးမပြည့်တပြည့် သောက်ပါ။

၂။ ရေသောက်ပြီးမှ မျက်နှာသစ်ပါ။ သွားတိုက်ပလုတ်ကျင်းပါ။

၃။ ရေသောက်၊ သွားတိုက်၊ မျက်နှာသစ်ပြီး (၄၅) မိနစ်ကြာမှ နံနက်စာစားပါ။ ထိုသို့ လိုက်နာဆောင်ရွက်လျှင် အောက်ပါရောဂါများ ပျောက်ကင်းနိုင်ပါသည်။

- သွေးတိုးရောဂါ (၁၀) ရက်ဖြင့် လည်းကောင်း၊
- အစာအိမ်ရောဂါ (၁၀) ရက်ဖြင့် လည်းကောင်း၊
- ဆီးချိုရောဂါ (၃၀) ရက်ဖြင့် လည်းကောင်း၊
- ဝမ်းချုပ်ခြင်း (၁၀) ရက်ဖြင့် လည်းကောင်း၊



- ကင်ဆာရောဂါ (၃၀) ရက်ဖြင့် လည်းကောင်း၊
- တီဘီရောဂါ (၉၀) ရက်ဖြင့် လည်းကောင်း

ပျောက်ကင်းနိုင်ကြောင်း ဖတ်ရှုခဲ့ရသဖြင့် ဘဝခန္ဓာရရှိကြသူအပေါင်း သိကောင်းစရာနှင့် မှတ်သားစရာ အကြောင်းအရာဖြစ်ပါကြောင်း မျှဝေရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

**ရောဂါအလိုက်ရေသောက်နည်း**

၁။ လေရောဂါရှိသူသည် ထမင်းစားပြီးနောက် ရေနွေးကိုသာ သောက်သုံးသင့်၏။

၂။ သည်းခြေဒေါသ အပူနာရှိသူသည် အေးမြသောရေကိုသာ သောက်သုံးသင့်၏။

၃။ သလိပ်နာရှိသူသည် ရေကျက်ကျက်ပူပူကိုသာသောက်သုံးသင့်၏။

၄။ အဆီအသားတိုးပွား၍ ဝလွန်းသောသူသည် ထမင်းစားပြီးနောက် ပျားရည်စစ်စစ်နှင့်ရောပြီးသောက်သုံးသင့်၏။

၅။ ချောင်းဆိုးနာရှိသူသည် အသား၊ အရိုးပြုတ်ရည်ကိုသာ သောက်သုံးသင့်၏။

၆။ အပူပုပ်၍ဝမ်းပျက်နေသောသူသည် ထုံးမှုန့်ကိုရေစိမ်၍(ထုံးကျောက်ရည်) ကျက်အောင်ချက်၍ သောက်သုံးသင့်၏။

၇။ ရေငတ်ဝမ်းကျဖြစ်နေသောသူသည် ထမင်းဆုပ်ကို မီးကျွမ်းအောင်ဖုတ်၍ ၎င်းကို ရေအေးဖြင့်စိမ်ဖော သောက်သုံးသင့်၏။ သကြားချိုမြမြရောစပ်၍လည်း သောက်သုံးနိုင်သည်။

၈။ လည်ချောင်းခြောက်ခြင်း၊ အာခြောက်ခြင်း၊ လေနှင့် အပူစွဲကပ်နေသူများ ဆန်ကိုနူးအောင်ကျဲကျဲပြုတ်၍ နံနက်စောစောဝအောင်သောက်သုံးသင့်၏။

၉။ ခရီးရှည်သွားသူ၊ အစားရှောင်ထားသူ၊ ပြင်းထန်စွာရယ်မောတတ်ပြီး ရေငတ်သူ၊ တစ်စုံတစ်ရာကြောင့် ထိတ်လန့်သူ၊ ဒေါသပြင်းစွာထွက်ပြီးသောသူတို့သည် ရေအေးရိုးရိုးကိုသာ သောက်သုံးသင့်သည်။ စိတ်ရှိသလောက်များစွာ မသောက်သုံးရ။ ရေနင်တတ်သည်။

စာရေးသူသည် ဆီးချိုဝေဒနာခံစားရခြင်းကြောင့် အထက်တွင် ရေးသားခဲ့သည့်အတိုင်း ဆေးရုံတွင် တက်ရောက် ကုသခံယူခဲ့သူဖြစ်သော်လည်း အသိနှင့်သတိတို့အပေါ် ဆင်ခြင်စားသောက်နေထိုင်ခဲ့ပြီး နံနက်နိုးစ အိပ်ရာထလျှင် ဦးစွာပထမ ရေတစ်လီတာ (ရေသန့်ဘူးတစ်ဘူး) နေ့စဉ်နံနက်တိုင်း သောက်ခဲ့ပါသည်။ ထိုသို့ နေ့စဉ် နံနက်တိုင်း ရေကိုမှန်မှန်သောက်ခဲ့သဖြင့် ယခုတိုင်အောင် သက်ရှည်ကျန်းမာလျက်ရှိနေပါသည်။ ဆေးများကိုလည်း လုံးဝသောက်ခြင်းမပြုဘဲနေထိုင်ခဲ့ရာ ယနေ့တိုင် ဖြစ်ပါသည်။ ဘဝတွင် အမြတ်နှင့် နေရပြီး ကုန်ကျမည့် ဆေးဖိုးအတွက် ဒါနကောင်းမှုပြုပြီး ကုသိုလ်ရယူနိုင်ခဲ့ပါသည်။ အသက်ရှင်သန်နေရသည့်အလျောက် စာရေးခြင်း၊ စာဖတ်ခြင်းတို့ဖြင့် ဘဝတွင်ပျော်မွေ့လျက် ဖတ်မှတ်သည့်စာပေဗဟုသုတများကို မျှဝေသိရှိခံစားစေလိုသည့် စေတနာဖြင့်ရေးခြင်း ဖြစ်ပါသည်။

- *စောစီးရောဂါသိလိုက်ပါ၍*
  *ရှောင်ကာအစား*
  *နေထိုင်သွားသဖြင့်*
  *မမှားအသိ သတိရှိပြီး*
  *သက်ရှိနေနိုင် ယခုတိုင်။*
  *အသက်သခင် ကျေးဇူးရှင်အား*
  *နေ့စဉ်နှင့်မျှ သတိရပြီး*
  *ဘဝတစ်လျှောက်*
  *မမေ့လောက်အောင်*
  *ဝမ်းမြောက်နေ့စဉ်*
  *ကျေးဇူးတင်လျက်။*

*ကျန်းမာချမ်းသာရှိကြပါစေ*

ဗိုးသူည (ဘဝမိတ်ဆွေ)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက်

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ် လက်ဖြတ်ချိန်၊ မနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒပွမန္တန်ကြီး အပါအဝင် ခနေလာဘ်ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာရရှိ ခံစားရမည်မှာ ဧကန် ဖြစ်ပါသည်။ ၃-၉-၂၀၁၇ နေ့ ညဦး (၁၀း၃၉) နာရီတွင် စန်းသည် မနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၄- ၉-၂၀၁၇ နေ့ နံနက် (၁၀း၃၈း၃၂) နာရီ၌ စန်းသည် မနသိဒ္ဓိနက္ခတ်နေယှဉ်ကာ ၎င်းနေ့ညဦး (၁၀း၃၉) နာရီတွင် မနိသိဒ္ဓိနက္ခတ်မှ စန်းသည် စတင်ထွက်ခွာမည် ဖြစ်သည်။

၄-၉-၂၀၁၇ နေ့ (၁၇း၀၂း၂၅) နာရီမှ (၁၉း၀၁း၂၅) နာရီအတွင်း လက်သည် မနိသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ပြီး ၃-၉-၂၀၁၇ နေ့ ညဦး (၂၃း၁၇း၅၅) မှ (၂၃း၃၃း၃၁)နာရီအတွင်း မွန်းတည့်မျဉ်းသည် မနိသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည် ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ရက် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၇း ၁၄း ၁၃ | ၁၉း ၁၃း ၁၃ | ၁ | ၂၃း ၂၅း ၄၇ | ၂၃း ၄၁း ၂၃ |
| ၂ | ၁၇း ၁၀း ၁၇ | ၁၉း ၀၉း ၁၇ | ၂ | ၂၃း ၂၁း ၅၁ | ၂၃း ၃၇း ၂၇ |
| ၃ | ၁၇း ၀၆း ၂၁ | ၁၉း ၀၅း ၂၁ | ၃ | ၂၃း ၁၇း ၅၅ | ၂၃း ၃၃း ၃၁ |
| ၄ | ၁၇း ၀၂း ၂၅ | ၁၉း ၀၁း ၂၅ | ၄ | ၂၃း ၁၃း ၅၉ | ၂၃း ၂၉း ၃၅ |
| ၅ | ၁၆း ၅၈း ၂၉ | ၁၈း ၅၇း ၂၉ | ၅ | ၂၃း ၁၀း ၀၃ | ၂၃း ၂၅း ၃၉ |
| ၆ | ၁၆း ၅၄း ၃၃ | ၁၈း ၅၃း ၃၃ | ၆ | ၂၃း ၀၆း ၀၇ | ၂၃း ၂၁း ၄၃ |
| ၇ | ၁၆း ၅၀း ၃၇ | ၁၈း ၄၉း ၃၇ | ၇ | ၂၃း ၀၂း ၁၁ | ၂၃း ၁၇း ၄၇ |
| ၈ | ၁၆း ၄၆း ၄၁ | ၁၈း ၄၅း ၄၁ | ၈ | ၂၂း ၅၈း ၁၅ | ၂၃း ၁၃း ၅၁ |
| ၉ | ၁၆း ၄၂း ၄၅ | ၁၈း ၄၁း ၄၅ | ၉ | ၂၂း ၅၄း ၁၉ | ၂၃း ၀၉း ၅၅ |
| ၁၀ | ၁၆း ၃၈း ၄၉ | ၁၈း ၃၇း ၄၉ | ၁၀ | ၂၂း ၅၀း ၂၃ | ၂၃း ၀၅း ၅၉ |
| ၁၁ | ၁၆း ၃၄း ၅၄ | ၁၈း ၃၃း ၅၃ | ၁၁ | ၂၂း ၄၆း ၂၇ | ၂၃း ၀၂း ၀၃ |
| ၁၂ | ၁၆း ၃၀း ၅၇ | ၁၈း ၂၉း ၅၇ | ၁၂ | ၂၂း ၄၂း ၃၁ | ၂၂း ၅၈း ၀၇ |
| ၁၃ | ၁၆း ၂၇း ၀၁ | ၁၈း ၂၆း ၀၁ | ၁၃ | ၂၂း ၃၈း ၃၅ | ၂၂း ၅၄း ၁၁ |
| ၁၄ | ၁၆း ၂၃း ၀၅ | ၁၈း ၂၂း ၀၅ | ၁၄ | ၂၂း ၃၄း ၃၉ | ၂၂း ၅၀း ၁၅ |
| ၁၅ | ၁၆း ၁၉း ၀၉ | ၁၈း ၁၈း ၀၉ | ၁၅ | ၂၂း ၃၀း ၄၃ | ၂၂း ၄၆း ၁၉ |
| ၁၆ | ၁၆း ၁၅း ၁၃ | ၁၈း ၁၄း ၁၃ | ၁၆ | ၂၂း ၂၆း ၄၇ | ၂၂း ၄၂း ၂၃ |
| ၁၇ | ၁၆း ၁၁း ၁၇ | ၁၈း ၁၀း ၁၇ | ၁၇ | ၂၂း ၂၂း ၅၁ | ၂၂း ၃၈း ၂၇ |
| ၁၈ | ၁၆း ၀၇း ၂၁ | ၁၈း ၀၆း ၂၁ | ၁၈ | ၂၂း ၁၈း ၅၅ | ၂၂း ၃၄း ၃၁ |
| ၁၉ | ၁၆း ၀၃း ၂၈ | ၁၈း ၀၂း ၂၅ | ၁၉ | ၂၂း ၁၄း ၅၉ | ၂၂း ၃၀း ၃၅ |
| ၂၀ | ၁၅း ၅၉း ၂၉ | ၁၇း ၅၈း ၂၉ | ၂၀ | ၂၂း ၁၁း ၀၃ | ၂၂း ၂၆း ၃၉ |
| ၂၁ | ၁၅း ၅၅း ၃၃ | ၁၇း ၅၄း ၃၃ | ၂၁ | ၂၂း ၀၇း ၀၇ | ၂၂း ၂၂း ၄၃ |
| ၂၂ | ၁၅း ၅၁း ၃၇ | ၁၇း ၅၀း ၃၇ | ၂၂ | ၂၂း ၀၃း ၁၁ | ၂၂း ၁၈း ၄၇ |
| ၂၃ | ၁၅း ၄၇း ၄၁ | ၁၇း ၄၆း ၄၁ | ၂၃ | ၂၁း ၅၉း ၁၅ | ၂၂း ၁၄း ၅၁ |
| ၂၄ | ၁၅း ၄၃း ၄၅ | ၁၇း ၄၂း ၄၅ | ၂၄ | ၂၁း ၅၅း ၁၉ | ၂၂း ၁၀း ၅၅ |
| ၂၅ | ၁၅း ၃၉း ၄၉ | ၁၇း ၃၈း ၄၉ | ၂၅ | ၂၁း ၅၁း ၂၃ | ၂၂း ၀၆း ၅၉ |
| ၂၆ | ၁၅း ၃၅း ၅၃ | ၁၇း ၃၄း ၅၃ | ၂၆ | ၂၁း ၄၇း ၂၇ | ၂၂း ၀၃း ၀၃ |
| ၂၇ | ၁၅း ၃၁း ၅၇ | ၁၇း ၃၀း ၅၇ | ၂၇ | ၂၁း ၄၃း ၃၁ | ၂၁း ၅၉း ၀၇ |
| ၂၈ | ၁၅း ၂၈း ၀၁ | ၁၇း ၂၇း ၉၁ | ၂၈ | ၂၁း ၃၉း ၃၅ | ၂၁း ၅၅း ၁၁ |
| ၂၉ | ၁၅း ၂၄း ၀၅ | ၁၇း ၂၃း ၀၅ | ၂၉ | ၂၁း ၃၅း ၃၉ | ၂၁း ၅၁း ၅၅ |
| ၃၀ | ၁၅း ၂၀း ၀၉ | ၁၇း ၁၉း ၀၉ | ၃၀၂၁း ၃၁း ၃၄ | ၂၁း ၄၇း ၅၉ | |



www.burmeseclassic.com

www.burmeseclassic.com



# ဆည်းဆာသစ်

## ငလုံးရဲ့ကိုယ်ချင်းစာတရား

(ထူးထူးခြားခြား)

နွေရာသီတန်မဲ့ ကောင်းကင်ထက်မှာ မိုးတိမ်တွေအုံ့မှိုင်းနေတယ်။ ဈေးတည့်သွားလို့ နွားဝယ်တွေကလည်း တွံ့ဆိုင်းမနေဘဲ နွားဖိုးငွေလက်ငင်းငွေချေကြတယ်။

"ဖေဖေ၊ ကျုပ်ချစ်တဲ့ချိုကုပ်နွားအိုကြီးကိုမရောင်းပါနဲ့။ ဖေဖေ၊ သူတို့ပိုက်ဆံပြန်ပေးလိုက်ပါ။ ဟေ့ - နွားဝယ်တွေ၊ ကျုပ်နွားကိုဆွဲဖို့မကြိုးစားနဲ့။ အခုကြိုးလွှတ်၊ ဆက်ဖြုတ်ရဲရင်ဖြုတ်ကြည့် လက်ပစ်ခဲစာမိသွားမယ်"

"ဗိုး. . . ဒေါက်"

ငလုံးပစ်လိုက်တဲ့ လက်ပစ်ခဲက နွားချည်တိုင်ကြိုးဖြုတ်နေတဲ့ နွားဝယ်တစ်ယောက်ရဲ့နားရွက်ဘေးကိုရှပ်ပြီး နွားကျွေးခေါင်းကြီးမှန်သွားလို့ တော်သေးတယ်။ အဲဒီလူက စိတ်တိုပြီး ငလုံးဆီ ဒေါသတကြီးပြေးလာတယ်။ ငလုံးအဖေက လက်ကာဟန့်တားလိုက်ပြီး -

"မလုပ်ပါနဲ့ဗျာ၊ ဒီအတွက် ကျုပ်တောင်းပန်ပါတယ်။ ကျုပ် ကျုပ်သားကို သေချာဆုံးမပေးပါ့မယ်"

"နေတာက အရှေ့ရွာနဲ့အနောက်ရွာ နှစ်ရွာတစ်ရွာသားတွေမို့သာကွာ နို့မို့ မလွယ်ဘူး ဒီကလေး. . . ဟင်း. . ."

နွားဝယ်တွေလည်း ကလေးတုလို့ မဖြစ်ပါဘူးဆိုပြီး စိတ်လျှော့သွားကာ နွားအိုကြီးသာ မြန်မြန်ဆွဲခေါ်ပြန်သွားတော့ ငလုံးအဖေက -

"မင်းက ဘာကောင်မို့ ဒီလိုလုပ်ရတာတုန်း။ လူကဖြင့် မလောက်လေး မလောက်စားအရွယ်ရှိသေး။ ဒီနွားအိုမရောင်းတော့ ဘယ်မလဲပိုက်ဆံ။ အဲဒီပိုက်ဆံ မင်းရှာပေးနိုင်လို့လား။ ဘယ်မလဲ ဆန်ဝယ်စရာ၊ ရှာလည်းမရှာနိုင်ဘဲနဲ့ ကြီးကြီးကျယ်ကျယ်မရောင်းရဘူးတဲ့။ ကဲကွာ ကဲကွာ ဖြန်း ဖြန်း ဖြန်း"

နဂိုက အခုလို တစ်ခါမှ ကလန်ကဆန်မလုပ်ဘူးတဲ့ငလုံးကို သူ့အဖေကရိုက်တော့ ငလုံးတအီအီငိုနေတယ်။ ပြီးတော့လည်း ငလုံးအဖေက ရိုက်တာရပ်ပေမယ့် ငလုံးရဲ့အငိုကတော့ မရပ်သေးဘူး၊ တစ်နေကုန်ပဲ။ ညအိပ်ရာထဲထိ တရှုပ်ရှုပ်ငိုနေတုန်းပဲ။

(မွေး)

ပြာနီရဲ့မွေးရပ်ဇာတိက ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ခွကြား ဖင်ခုထိုင်နေတဲ့ကျွန်းထဲက နေရင်းရွာ။ ပြာနီကိုမွေးတုန်းက ပြာသိုလထဲမို့ ခိုက်ခိုက်တုန်အောင်ချမ်းနေချိန်ပေါ့။ မွေးပြီးချင်းမှာပဲ အမေက သူ့လျှာလေးနဲ့လျက်လျက်ပေးနေတော့ အချမ်းပြေစိမ့်စိမ့်လေးတော့ ခံစားရသား။ တုန်ချမ်းချမ်းဖြစ်နေတဲ့ပြာနီကို မကြည့်ရက်တဲ့ အမေက အိမ်ရှင်သခင်ချပေးထားတဲ့ ကောက်ရိုးလိုလို အမျှင်ခွေတွေထဲ သူ့နှုတ်သီးလေးနဲ့ တွန်းပို့ပေးရှာတယ်။ အဲဒီအမျှင်တွေကြားအချမ်းပြေပေမယ့် ကြာကြာနေလို့ မဖြစ်သေး။ ဗိုက်ရဲ့တောင်းဆိုမှုအရ အဆာပြေနို့ရှာရဦးမယ်လေ။ ဆာဆာနဲ့ ရှာနေရတာ မတွေ့နိုင်ဖြစ်ရတယ်ဗျာ။ မွေးပြီးစ မျက်လုံးမပေါက်သေးတော့ မမြင်မစမ်းရှာရတာပေါ့။ နို့ရှာနေခိုက်လဲသွားလိုက် ပြန်ထလိုက်နဲ့ အားယူထရတာ အခါခါပါပဲ။ ပြာနီရဲ့လိုအင်ကိုကြိုသိနေတဲ့အမေက သူ့နှုတ်သီးနဲ့ပဲ သူ့ရဲ့နောက်ခြေထောက်တစ်စုံဆီ တွန်းထိုးပေးပြန်လေတယ်။ အဲဒီတုန်းက အမေ့စေတနာကို နားမလည်ခဲ့ဘူး။ တမင်လဲအောင်လုပ်နေလားလို့တောင် ထင်မှားခဲ့သေးတယ်။ ကံများကောင်းလာချင်တော့ ပြာနီလည်းမြန်အထ ဟိုတိုးဒီတိုးနဲ့ အမေ့နို့စို့မိရက်သားဖြစ်သွားတယ်။ အဲဒီအခါမှ ပြာနီလည်းပျစ်ပျစ်မြည်အောင် အားပါးတရစို့ချလိုက်တယ်။ ပြာနီကိုမွေးတုန်းကတည်းက အဖေအနားမှာမရှိခဲ့။ အဖေက ချင်းတွင်းမြစ်တစ်ဖက်ကမ်း ထန်းတောရွာကလို့တော့ အမေပြောတာပဲ။ အဖေလို နွားချောနွားသန့်ကို အချောလှပေါပါတယ်ဆိုတဲ့ ဒီကျွန်းမှာမရှိသေးလို့ ကြွားတောင်ကြွားလိုက်သေးတယ်။ နွားကောင်ထွားထွား၊ အရိုးအဆစ်တုတ်တုတ်ခိုင်ခိုင်၊ ဘို့ကြီးကဟီးထနေတဲ့အပြင် ချိတ်လိုအမွှေးက တောင်သူများအကြိုက် ပြာနီရောင်တဲ့။ ပြာနီအမွေးကလည်း အဖေတူသားမို့ ပြာနီလို့ပဲ အမည်တွင်တယ်ဆိုပါတော့။ ပြာနီမမြင်ဖူးတဲ့အဖေတာမဟုတ် အမေကပါနွားမချောဗျ။ နွားမတာဆိုလေတယ် ဘို့ချိတ်ချိတ် ဂင်တောင့်တောင့် ကိုယ်လုံးကိုယ်ပေါက် ဖြောင့်ဖြောင့်လှလှကြီးဗျ။ နွားထီးချော၊ နွားမချောကမွေးတဲ့ ပြာနီလည်း မချောဘဲနေနိုင်ရိုးလားဗျာ။

အဲဒါကြောင့်မို့ အိမ်ရှင်သခင်တပြာနီကို တသသနဲ့ယုယုယယပါပဲ။ မြတ်သားနူရွှမ်းရွှမ်းစိုစိုချကျွေးရင်း ပြာနီကျောမွေးလေးပွတ်သပ်တောင်ပေးလိုက်သေး။ အဲဒီအိမ်မှာ ပြာနီတို့သားအမိ မပူမပင် ပျော်ပျော်ရွှင်ရွှင်နေလာရပေမယ့် ပြာနီနွားပျိုပေါက်စလည်း ရောက်လာရော ထင်မှတ်မထားတဲ့ အဖြစ်အပျက်တစ်ခုကို ရင်ဆိုင်လိုက်ရတယ်။ မှတ်မှတ်ထင်ထင် ဆောင်းမနက်တစ်ခုမှာပေါ့။ လူစိမ်းသုံးယောက်တို့က ပြာနီကို ရှေ့၊ နောက်၊ ဘေးဘယ်ညာစုံအောင်ကြည့်ကြတယ်။ ပြာနီ့သွားတောင်ဖြဲကြည့်လိုက်သေး။ ဟိုနားဒီနားမောင်းနှင်ကြည့်ကြပြန်တယ်။ ပြာနီလည်း ပြာနီ့လည်ပင်းက ခြူမြည်သံနဲ့ ဟန်ချက်ညီညီ ခြေတွံခြေချလှလှပပအောက်လျှောက်ကောင်းကောင်းဟန်ရေးပြလိုက်တယ်။ ပြီးမှသာ အဲဒီလူတွေဟာ ပြာနီကိုဝယ်ယူဖို့တွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း ရွာပြင်ရောက်မှ သိလိုက်ရတယ်။ အမေ့ ရဲ့အော်ခေါ် နေသံ တပဲ့ပဲ့ကို ရွာထဲဆီမှ တရစပ်ကြားနေရတယ်။ ပြာနီလည်း တပဲ့ပဲ့ပြန်ခေါ် ပေမယ့် အချည်းအနှီးပဲဖြစ်ခဲ့ရတယ်။ မလိုက်ချင်လို့ ယက်ကန်ယက်ကန်လုပ်နေတဲ့ ပြာနီဟာ နဖားကြိုးဆောင့်ဆွဲခေါ်ကြတော့ တောအထပ်ထပ်ရွာအလီလီဖြတ်ကျော်ရင်း အမေအော်ခေါ် နေတဲ့ပဲ့တင်ထပ်သံကလေးတောင် တဖြည်းဖြည်းကျကျန်ပျောက်ကွယ်ခဲ့ရတယ်။

(နိုင်း)

အခုရောက်နေတဲ့ရွာက ဇန့်ဂျီနယ်တစ်ပိုက်က ကုက္ကိုကုန်းရွာ။ ပြာနီပိုင်ရှင်သစ်က နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးနဲ့ ရွာထဲမှာ အချမ်းသာဆုံးစာရင်းဝင်တောင်သူကြီးထဲကပဲ။ ဒီရွာရောက်စ ပြာနီပျင်းတယ်ဗျ။ အမေနဲ့ရွာကိုလွမ်းလို့လေ။ ညနေ နွားသွင်းချိန်ဆို အမေ့ကိုပိုတောင်လွမ်းသေး။ ပြာနီ့ဆီ အမေလိုက်လာနိုးနိုး မျှော်ကိုးမိတယ်။ အမေနဲ့အရောင်တူနွားမများမြင်တိုင်း အမေဖြစ်နိုင်ကောင်းပါရဲ့ဆိုပြီး နောက်ကပြေးလိုက်မိတယ်။ အနားရောက်မှ အမေမဟုတ်တော့ ရင်ဆို့အမောဆို့နဲ့ မျက်ရည်လည်ပြန်ခဲ့ရတယ်လေ။ လက်ရှိသခင်ကလည်း ပြာနီ့ကို ဂရုစိုက်တယ်။ ယုယုယယလည်းရှိတယ်။ အစားအစာဆိုကောင်းပေ့ညွန့်ပေ့အစာတွေကျွေးတယ်။ ပဲဖတ်၊ နှမ်းဖတ်၊ ပဲမှော်၊ ပြောင်းဖူးပင်နုနုရွှန်းရွှန်း၊ မက်သားနုဝေဝေဆာဆာအမျိုးကိုစုံနေတာပဲ။ တစ်ခါတလေကုလားပဲစေ့တောင် အလုံးလိုက်ချကျွေးတာရှိသေး။ ပြာနီကို ကျွေးလည်းကျွေး၊ ခိုင်းလည်းခိုင်းတယ်။ ပြာနီကို ထမ်းပိုးစထမ်းခိုင်းတုန်းက ပခုံးကြောမျှင်တွေတောင်ပြတ်ထွက်သွားတယ်ထင်ရတယ်။ စပ်ပူစပ်လောင်ကြီးနာကျင်တာကခံရခက်တယ်။ ကျင့်သားရလာတော့ ပြာနီဝန်ဆွဲရမှာ မကြောက်ပြန်ဘူး။

သိပ်မကြာပါဘူး၊ အိမ်ရှင်က ပြာနီလို စိတ်တူမွေးတူ နွားတစ်ကောင်ဝယ်လာပြန်တယ်။ ပြာနီလည်း အဖော်ရလို့ပျော်ရတယ်ဗျ။ သူလည်း ပြာနီလိုအပြစ်ပြောစရာမရှိလောက်အောင် အပြစ်ကြဲဖန်ရှာမယ်ဆိုလည်း မတွေ့ရလောက်တဲ့ နွားပျိုနွားချောတစ်ကောင်။ သူကလည်း နွားချောနွားသန့်လိုချင်သူတွေအကြိုက်မို့ သူ့ကို တစ်ဦးကဝယ်လိုက်၊ ဝယ်ရင်းဈေးထက်ပိုပေးလေတော့ ပြန်ရောင်းခံရလိုက်နဲ့ ရွာပေါင်းအိမ်ပေါင်း မနည်းမနောနေထိုင်လာခဲ့ဖူးပြီးမှ ဒီအိမ်ကိုရောက်လာခဲ့တာတဲ့။ သန်မာထွားကျိုင်းလန်းဆန်းတဲ့ ပြာနီတို့နွားပျိုတစ်ရှဉ်းရဲ့ဂုဏ်သတင်းဟာ ဒီရွာတင်မဟုတ် ရွာနီးချုပ်စပ်အထိပါ မွှေးပျံ့နေတယ်။ ပြာနီ





www.burmeseclassic.com

www.burmeseclassic.com

တို့တစ်ရှဉ်းနဲ့ထယ်ထိုးရင် ထယ်ကိုင်မယ့်လူ သန်မာထွားကျိုင်းဖို့တော့ လိုမယ်။ ထယ်သွားမြေကြီးရှလေ ရုန်းအားတိုးလေ။ ခေါင်းမငုံ့စတမ်း ခေါင်းထောင်မပျက် ထယ်ရေးငင်ပစ်တယ်လေ။ ဒါ့ကြောင့်လည်း ဗူးဗူးကျွဲနွားတစ်ရှဉ်းလို့ နာမည်ကြီးတာပေါ့။ လယ်ထွန်ရာလည်း သာမန်နွားတွေထက် ထွန်ရေးသုံးဆကျွာတယ်။ အလုပ်ပြီးစီးမှုမြန်လို့လည်း ပြာနီတို့ကို ဈေးကြီးပေးဝယ်တာနေမှာပေါ့။ သာမန်နွားတွေဆို တင်ပါးအသာမာထအောင် နှင်တံနဲ့အရိုက်ခံရတတ်တယ်။ ပြာနီတို့ကို ရိုက်ဖို့မပြောနဲ့ ကျောပေါ် နှင်တံဝင့်ပြရွယ်ပြရုံနှင့် မောင်းနှင်သူက နွားချည်ကြိုးကို မြဲမြဲကိုင်ထားပေတော့။ ပြာနီတို့တစ်ရှဉ်းမောင်းနှင်ဖူးသူအချို့က နွားတွေကကောင်းလွန်းတော့ မောင်းနှင်ရတာ မမော။ နောက်ကလိုက်ရုံတောင် ဖတ်ဖတ်ကိုမောနေတာပဲလို့ညည်းညူသွားကြသည်။

လုပ်ငန်းခွင်မှာ ပြာနီတို့တစ်ရှဉ်းတက်ညီလက်ညီ ပျော်ပျော်ရွှင်ရွှင် ထွန်ယက်လာနိုင်ပေမယ့် ပြာနီတို့ရဲ့ပျော်ရွှင်စရာအိပ်မက်လေးပျက်စီးခဲ့ရပြန်တယ်။ နွေရာသီရဲ့ နေပူခေါင်ခေါင် မွန်းတည့်ချိန်မှာဖြစ်ရတယ်။ ပြာနီတို့ပွဲရုံရွာဆီ ပဲအိတ်ကျွဲအိတ်ပို့ပြီးအပြန် ထန်းရည်မူးလာတဲ့အိမ်ရှင်က ပုံမှန်လျှောက်လှမ်းလာတဲ့ပြာနီတို့တစ်ရှဉ်းကို ဖြိုးဖြောင်းဖိုးဖောင်းနဲ့ အကြောင်းမဲ့အရိုက်ခံရတယ်ဗျ။ ဒါကြောင့်မို့ ပြာနီတို့လည်း လေးဖက်ခုတ်ပြေးပစ်လိုက်တယ်။ ချောင်းတစ်ခုအရောက် မောနေပြီဖြစ်တဲ့ ပြာနီတို့ ရေဆာလို့ ချောင်းရေကို ခေါင်းငုံ့သောက်မယ်လုပ်တော့ ရိုက်နှက်မောင်းနှင်နေပြန်ရာ ရေမသောက်ရဘဲ ဆက်လက်ပြေးလွှားရပြန်တယ်။ အိမ်ရောက်တော့ ပြာနီလည်းမော၊ ပြာနီရဲ့ ရုန်းဖော်ရုန်းဖက်လည်း မောနေရှာတယ်။ ဟူးဟဲဟူးဟဲနဲ့ မောနေရှာတဲ့ ပြာနီ့သူငယ်ချင်းက တဖူးဖူးနဲ့ နှာမှုတ်သံပိုကြမ်းနေတယ်။ မကြာပါဘူး၊ ပြာနီရဲ့ရုန်းဖော်ရုန်းဖက်တစ်ကောင် အမောဆို့သေရရှာတော့တယ်။

(၆)

ဒီချိန်မှာတော့ ပြာနီဟာ အရိုးပြိုင်းပြိုင်း၊ ဗိုက်ခွက်ဟောက်ဟောက်၊ လိန်လိန်ပိန်ပိန်၊ ရော်ရင့်နေပြီဖြစ်တဲ့ နွားအိုတစ်ကောင်။ တောင်ယာလုပ်ငန်းအတွက် အသုံးမဝင်၊ လုပ်နိုင်စွမ်းလည်း မရှိတော့တဲ့နွားပိုလို့ပြောရင် မမှားဘူး။ ပြာနီ ဒီအရွယ်ရောက်တော့ တစ်ခါကအမေပြောဖူးတဲ့ ရှေးလူကြီးတွေရဲ့ နွားသတ္တဝါတွေအပေါ် ထားရှိတဲ့စေတနာကို သတိရနေမိတယ်။ နွားတွေအိုမင်းလာရင် သီးနှံစိုက်ပျိုးခြင်းမပြုတဲ့ သီးသန့်ထား စားကျက်မြေပေါ် လွှတ်ထား စားသောက်စေတယ်။ အိမ်မှာလည်း ပဲဖတ်နုပဲမှော်နုတွေကျွေးတယ်။ အမွေးလေးတွေ ပွတ်ကာသပ်ကာ ယုယုယယရှိတယ်။ ပိုင်ရှင်တွေက နွားတွေဟာ သူတို့ရဲ့ကျေးဇူးရှင် လုပ်ကျွေးသူတွေလို့ သတ်မှတ်ကြတယ်။နွားအိုတွေကိုရောင်းမစားဘူး။ကံကုန်လို့သေတာတောင် နွားသားကို လှီးဖြတ်မစားရက်ဘူး။ မြေမြှုပ်ပစ်ကြတယ်တဲ့။ ဩော် - တော်တော်အမိပ္ပာယ်ရှိ၊ တော်တော်သစ္စာရှိတဲ့ ရှေးလူကြီးတွေပါလားလို့ ပြာနီ ချီးကျူးမိတယ်။ ပြာနီတို့ခေတ်လည်းရောက်ရော စားကျက်မြေလာမပြောနဲ့၊ ရှာလိုက်မှတောင်ရှားနေပြီ။ ရှိပြီးသား လယ်ကန်သင်းတောင်ချဲ့ချဲ့နေလို့ လယ်ကန်သင်းပေါင်မျှင်မျှင်သာကျန်ပြီး မြက်စားစရာနေရာဆိုတာဝေးရော။ ပြီးတော့ အစာကျွေးချိန်ဆိုမျက်နှာငယ်ရပြီ။ နွားပျိုသစ်တစ်ရှဉ်းကျွေးပြီးကျန်တာကို ပြာနီစားရတယ်။ အသစ်ထပ်ထည့်ပေးခြင်းမရှိဘဲ အစာကြွင်းကျန် အကြမ်းနွားစာတုံးတွေသာကုန်အောင်စားဆိုတဲ့သဘော။ ပြာနီလည်း ငယ်ငယ်ကလို သွားမကောင်းတော့ မဝါးနိုင်ဘဲ ရေနဲ့မျှောချရုံပဲပေါ့။ မဆိုစလောက် နှမ်းဖတ်နဲ့ရတဲ့ရေကိုသာ အများကြီးသောက်လိုက်တယ်။

ဆောင်းမနက်တစ်ခုမှာ အိမ်ရှင်အဘိုးအိုဇနီးမောင်နှံဟာ ပြာနီ့အနားနေပူဆာလှုံရင်း ရှလူးရှလဲဆန်ပြုတ်သောက်နေကြတယ်။ ဒီအချိန်မှာ ပြာနီကတော့ ပြောင်းရိုးစဉ်းဖတ်အကြမ်းတုံးတွေကို ဂလုဂလုနဲ့လည်နင်အောင်မျိုချနေချိန်ပေါ့။ ဆန်ပြုတ်သောက်ရင်း သူတို့ဇနီးမောင်နှံက ပြာနီကို ရသလောက်ဈေးနဲ့ရောင်းချဖို့ တိုင်ပင်နေတာလို့ ပြာနီထင်လိုက်တယ်။ ပြာနီကိုကြည့်ပြောနေကြတာကိုး။ ထင်တဲ့အတိုင်းပဲ၊ မနက်ကျနွားဝယ်တွေရောက်ချလာလေရော။ပြာနီ့ကို ပတ်ပတ်လည်လှည့်ပြီး တစ်ပတ်ပြည့်အောင် ကြည့်ရှုကြတယ်။ ခြေတစ်ဆုံးခေါင်းတစ်ဆုံး စေ့စေ့စပ်စပ်အကြည့်ခံရတယ်။နွားဝယ်အဖွဲ့ထဲကတစ်ယောက်ကတော့ အတွက်ချက်ကျွမ်းကျင်ပုံရတယ်။ ပြာနီကို ခုတ်ထစ်လိုက်ရင် အရိုးကြားမှထွက်မယ့် အသားပိဿာဘယ်လောက်၊ အရိုးဘယ်လောက်၊ ကလီစာကဘယ်လောက်၊ အသားဈေးဘယ်မျှ၊ ကလီစာအရိုး စသဖြင့် ချိန် ကိုက်နေပုံပဲ။ နွားဝယ်တွေ ပြာနီကိုဆွဲခေါ် သွားတာက ရွာသချိုင်းနားက ချောင်းစပ်နေရာ။ ပြာနီအသားတွေတဆတ်ဆတ်တုန်ရင်းကကြောက်နေတယ်။ အရင်က နွားတွေသတ်ထားတဲ့နေရာလေ ပြာနီသိတာပေါ့။ မကြာပါဘူး၊ ငါးပိဿာလောက်ရှိတဲ့ သံပဆိန်ကြီးထမ်းလာတဲ့ ဝဝဖိုင့်ဖိုင့်လူကြီးမြင်လိုက်တော့ ပြာနီရှိန်းဖိန်းပြီး မျက်လုံးတွေပါပြာဝေလာလို့ မျက်စိစုံမှိတ်နေတုန်း ချိုကြားဆီက ကြားလိုက်ရတဲ့ ဗုန်းဆိုတဲ့အသံဟာ နောက်ဆုံးပါပဲဗျာ။

❑

"ဒီအကြောင်းတွေ စောစောကပြောရော့ပေါ့ သားရယ်၊ အရင်ဘဝက ပြာနီဆိုတဲ့နွားအိုကြီးတစ်ကောင်ဝင်စားခဲ့ဖူးတာကို အခုမှပြောရသလား။ မင်းကဒါကြောင့် နွားတွေဆို သနားနေတာကိုး။ ခုဟာက လက်လွန်ကုန်ပြီ။ စောစောကသိထားရင် မင်းချစ်တဲ့ချိုကုပ်နွားအိုကြီး ဖေဖေမရောင်းခဲ့ပါဘူး"

"ကျုပ်လည်းအရင်ဘဝအကြောင်းတွေပြောပါဆို မမှတ်မိဘူး။ မိုးအုံ့လာရင်တော့ တရေးရေးပေါ် လာတော့တာပဲ"

"ရှင်အချိန်တွေဆွဲမနေနဲ့။ ရော့ - မနေ့ကရတဲ့ နွားဖိုးငွေတွေပြန်ပေးချေ။ သူတို့က တို့နွားကြီးကိုနွေ့ချင်းဟင်းမလုပ်လောက်သေးပါဘူး။ ခုနေမီချင်မီဦးမှာ"

ငလုံးအဖေလည်း သူ့ဇနီးလက်ထဲကငွေကို မြန်မြန်လှမ်းယူ၊ ငလုံးလက်ကိုဆွဲပြီး ငလုံးတို့သားအဖနှစ်ယောက် နွားသတ်ကုန်းဆီပြေးသွားကြတယ်။လူအုပ်ကြီးကိုတော့ သူတို့သားအဖ အဝေးကနေ လှမ်းမြင်နေရတယ်။ သူတို့သားအဖတစ်တွေ လူအုပ်ကြီးနားရောက်ခါနီးတော့ အမောလွန်ပြီးလျှာထွက်နေတယ်။ သူတို့ထပ်ပြီးမြင်လိုက်ရတဲ့မြင်ကွင်းက သူတို့ရင်ဝကို ဖနောင့်နဲ့ဆောင့်ကန်လိုက်သလို ခံစားရပြန်တယ်။ ရောင်းလိုက်တဲ့ချိုကုပ်နွားအိုကြီးက သေနေပြီလေ။ မြင်ရက်စရာမကောင်းတာက ငှက်ပျောဖက်တွေပေါ် မှာ လှီးဖြတ်ခံထားရတဲ့ နွားအိုကြီးရဲ့ သွေးစိမ်းရဲရဲတွေဟာ မြေပြင်ပေါ် ဖြာစီးကျနေတာ။ ငလုံးတို့သားအဖနှစ်ယောက်ရဲ့ပါးပြင်မှာလည်း မျက်ရည်တွေ တရဟောစီးဆင်းနေပါတော့တယ်။

ဆည်းဆာသစ်




www.burmeseclassic.com

www.burmeseclassic.com

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား။** "မင်းကွန်း တိပိဋကဆရာတော် ဘဒ္ဒဝိစိတ္တသာရာဘိဝံသ"ရဲ့ လက္ခဏာ ပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ ဖောင်းရစ် ပေါ်တင်ပြီး ဟောစာတမ်း ရေးခဲ့သည်။ ဆရာတော် ဘုရားကြီးရဲ့ ပျံလွန် တော်မူမယ့်ကာလ နှစ်၊ လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော် ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇောတိ သဝေဒမဂ္ဂဇင်း အမှတ်(၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာ ပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်း သွားမေးတာ ကွက်တိ မှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။အဲဒီတုန်းက ကျွန်တော်ဟာ သာမန်အရောင်း အဝယ် သမားလေး တစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး၊ ဆရာ ချမ်းမင်းက ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ သန်းကြွယ် သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော်မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်၊ ဆရာတစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်း စကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီ လ၊ စာမျက်နှာ - ၁၅၃)



**ဆရာချမ်းမင်း(LL.B)**
**သိပ္ပံလက္ခဏာနှင့် နက္ခတ္တဗေဒ**

**အမှတ်တရရဲ့ အမှတ်တရ** - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တာကာရီအိတိုစံ** ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာလာရောက် ဆွေးနွေးသွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ်(၅၇)၊ ဇူလိုင်၊ ၂၀၀၂ စာမျက်နှာ-၁၃၂-၁၃၃-၁၃၄-၁၃၅)

"ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(Itti Balanoora)** ဆိုတဲ့ နာမည်ကြီး အဆိုတော် သီချင်းရေးဆရာ ပရိုဂျူဆာကို ဟောပြောခဲ့ ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစား ရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေ ကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ - ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်-၂၈၈၊ စာမျက်နှာ - ၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

လက္ခဏာပညာရပ် အကူအညီပေးမည့် [illegible] အသစ် လက္ခဏာ အမှတ်(၂)
မကြာမီ ထွက်ရှိလာမည်ဖြစ်သည်

**ထမ်းညွှန်-ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း(တတိယမြောက် ဘယ်ဘက် လမ်းသွယ် -ရွှေခတ္တာလမ်း)- နှင်းထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)**
**Ph-09 8516520**



www.burmeseclassic.com

www.burmeseclassic.com

ဒီရေကို အဆန်ခတ်တက်နေကြရ၍ ရေလမ်းခရီးမတွင်ဖြစ်နေရသည်။ လှိုင်းယောက် ခတ်တက်လေးချောင်း၊ ပဲ့ကိုင်တစ်ချောင်း လှော်ခတ်နေကြသော်လည်း ကုန်ပစ္စည်းများကို အပြည့်အမောက်တင်ထားသော ငါးလံနှစ်တောင်လှေကြီးဖြစ်၍ ဒီရေအဆန်ကို တိုးမရွေ့ဖြစ်နေကြသည်။

နေထန်၊ ရေဆန်ဆိုဘိသို့ နေ့ခင်းချိန်ဖြစ်ကာ ဒီရေပြန်ချိန်ဖြစ်သောကြောင့်လည်း နေပူသလို လူများလည်း ပင်ပန်းကာ နွမ်းရိနေကြပြီး အချိန်အားဖြင့်လည်း နေခေါင်းပေါ် ကိုရောက်လာနေချေပြီ။

နောက်နာရီဝက်ခန့် ဆက်ခတ်ကြလျှင် သူတို့ရည်မှန်းထားကြသော သုံးပေါက်ဆုံမြစ်ဆိပ်ကို ရောက်လာကြသည်။

မြစ်ပေါက်သုံးပေါက်ဆုံလျက်ရှိသော မြစ်ဆိပ်ကမ်းသည် ရေလမ်းခရီးသွားများအဖို့ အတော်လေးပင် အရေးပါပြီး အဆင်လည်းပြေသည်။ တစ်ဖက်တွင် မြစ်ရေများဖြင့် တစ်ဆက်တည်းရှိနေသလို တစ်ဖက်တွင်လည်း တောင်ကွယ်တောင်တန်းလေးများရှိနေ၍ စမ်းပေါက်၊ စမ်းချောင်းလေးများရှိနေသောကြောင့် သောက်သုံးရေကို လိုသလောက်ရရှိသည်။

ရေလမ်းခရီးသွားများတည်းခိုရန် ဇရပ်တစ်ခုရှိသလို တဲပုတ်လေးသုံး၊ လေးခု လည်းရှိနေသည်။ ဇရပ်ထက်ပင် တဲပုတ်ကလေးများမှာ သပ်သပ်ရပ်ရပ်ရှိနေလေသည်။ ထို့ကြောင့် ရေလမ်းခရီးသွားများ အများအားဖြင့် ဇရပ်မှာထက် တဲပုတ်ကလေးများမှသာ တည်းခိုကြလေသည်။

သူတို့လှေစုလည်း ဤသုံးပေါက်ဆုံ ဆိပ်ကမ်းလေးမှာပင် ဒီရေကိုစောင့်ရင်း တစ်ထောက်နားရန် စီစဉ်လာကြသည့်အတိုင်း ကုန်လှေကြီးကိုဆိုက်ကပ်ပြီး ချက်ပြုတ်ရန် အိုးခွက်များကိုသယ်ယူကာ တဲပုတ်ကလေးဆီသို့ တက်လာကြသည်။

"ယောက်ဖ သာထင်ကျော်၊ ဒီတဲပုတ်လေးတွေကို ဘယ်သူတွေဆောက်ထားတယ်ဆိုတာ သိသလား"

ဟု ကိုအင်ထွန်းအောင်က မေးသည်။

"ဟ - ငါဘယ်လိုလုပ်ပြီးသိမှာလဲကွ။ ငါက စစ်မဖြစ်ခင်အချိန်တွေကပဲ ဒီဆိပ်ကမ်းကိုရောက်ဖူးတာလေ"

ကိုအင်ထွန်းအောင်က သူ့ရင်ဘတ်ကို ပုတ်ပြပြီး-

"အခြားလူတွေ ဟုတ်ရိုးလားဗျာ။ ဂျပန်တွေနောက်ချောဆွဲပါလာတုန်းက ဒီမောင်တို့ဆောက်ထားခဲ့ကြတာလေ"

ဟု ပြောပြလိုက်သည်။

"ဩော် - မင်းဂျပန်စကားပြန်အဖြစ်နဲ့ ဘင်္ဂလားအဝကျွန်းအထိပါသွားတုန်းက ဒီမှာလည်းနေခဲ့ရသေးသလား"

"နေခဲ့ရပါသကောဗျာ။ အင်္ဂလိပ်တွေက ဘင်္ဂလားမှာ မဆုတ်တမ်းခံတပ်ကြီးချထားကြတယ်ဆိုပေမယ့် ဒီပတ်ဝန်းကျင်တွေအထိ ကင်းရှည်ချထားကြတော့ ဒီနေရာလောက်က တစ်ထောက်နားပြီး ဘင်္ဂလားအခြေအနေတွေကို လေ့လာရင်း နေခဲ့ရသေးတယ်ဗျ"

"ဒါကြောင့် အဲဒီအချိန်က မင်းတို့ဂျပန်တွေနဲ့ ဒီတဲလေးတွေကိုဆောက်ထားခဲ့ကြတာလား"

"အတိအကျပေါ့ဗျာ"

ကုန်လှေကြီးခေါင်းဆောင်ဦးထွန်းမြအောင်က -

"ကိုင်း - ဟီတ်ကောင်တွေ အချိန်မရှိဘူး။ နှစ်ယောက် ရေသွားခပ်၊ နောက်နှစ်ယောက်က ထမင်းဟင်းချက်ပြုတ်ဖို့လုပ်၊ ငါလှေမှာသွားနေလိုက်မယ်"

ဟု ပြောလိုက်၍ ကိုသာထင်ကျော်နှင့် ကိုအင်ထွန်းအောင်တို့ စကားအဆက်ပြတ်သွားကြသည်။

ထို့နောက် ကိုအောင်သာဦးနှင့် ကိုအောင်သာလှတို့က ထမင်းဟင်းချက်ပြုတ်ရန် ပြင်ဆင်ကျန်ရစ်ခဲ့ကြပြီး ကိုသာထင်ကျော်နှင့် ကိုအင်ထွန်းအောင်တို့က ရေအိုးများကိုထမ်းကာ ရေစမ်းရှိသော တောင်ခြောင်ထဲသို့ ထွက်သွားကြသည်။






www.burmeseclassic.com

www.burmeseclassic.com

ကျွန်းတော်ဖြစ်သော်လည်း စမ်းရေမပါသည်။ လူနှစ်ယောက်ယှဉ်သွားသာလောက်သော စမ်းချောင်းလေးလည်း ရှိနေ၍ ထိုစမ်းချောင်းလေးတစ်လျှောက်တွင် စမ်းတွင်းများရှိသောကြောင့် နွေရောမိုးပါ စမ်းရေမပြတ်စီးဆင်းနေသည်။

ကိုအင်ထွန်းအောင် စမ်းရေခပ်နေခဲ့ပြီး ကိုသာထင်ကျော်က တောင်ကမ်းပါးယံသို့တက်ကာ မြှုံနှုခူးသည်။ တောမြောက်ဥတူးသည်။ ပုတာတ်စာနုတ်သည်။ ကင်ပွန်းချဉ်များလည်းပေါ၍ ရသမျှတောဟင်းများကို ကိုအင်ထွန်းအောင် ခါးပိုက်ဖြင့်တစ်ပုံကြီးခူးလာခဲ့သည်။

တဲပုတ်ကလေးသို့ပြန်ရောက်လျှင် ချက်ပြုတ်သမားများ အိမ်မှထည့်ယူလာကြသည့် အခြောက်အခြမ်းများကို ချက်ပြုတ်ကျော်လှော်ပြီးနေကြ၍ ကိုအင်ထွန်းအောင်ခူးယူလာသော တောဟင်းများကို လိုသလိုချက်ပြုတ်ကာ နေ့လယ်စာထမင်းကို စားသောက်ကြသည်။


“လှေသမားတွေ ဘယ်အရပ်က ပါလဲ”

လူသံလိုကြား၍ ခေါင်းပေါ်က သစ်ပင်ပေါ်ကို မော့ကြည့်လိုက်ကြရာ လူကိုမတွေ့ရဘဲ သစ်ခြောက်ကိုင်းမှာ ကျီးကန်းအိုကြီးတစ်ကောင် နားနေသည်ကိုသာ တွေ့လိုက်ကြရသည်။ ထို့ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်က ကြည့်ကာ နားမလည်နိုင်ဖြစ်နေကြသည်။

“လှေသမားတွေ ဒီအနီးအနားရွာတွေကများလား”

ဟု ကျီးကန်းကြီးက ထပ်ပြောသည်။

“ဟာ - ဟို သစ်ခြောက်ကိုင်းက ကျီးကန်းကြီးပြောနေတာကွ”



ဟု ကိုထွန်းမြအောင်က ပြောသည်။ ထို့နောက် တအံ့တသြဖြစ်ကာ ရယ်ကြသည်။

“ကျီးကန်းတွေက လူနဲ့အတူနေဖူးရင် လူစကားပြောတတ်တယ်ကွ။ ဒီအနီးအနား ရွာတစ်ရွာက လူမွေးထားတဲ့ ကျီးကန်းဖြစ်မယ်”

ဟု ကိုသာထင်ကျော်က ပြောသည်။

“ကိုင်း - ဘာပဲဖြစ်ဖြစ် ကျီးကန်းကြီးမေးတာကို ပြောလိုက်ကြပါကွာ”

www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုထွန်းမြအောင်ကပြောရ၍ ကိုအောင်သာလှက-

"အမ်းဝ တန်းတင်ကလေ"

"ဪဪ - အမ်းဝတန်းတင်ရွာကဆိုရင် တစ်ခုလောက်မေးစမ်းပါရစေ။ အမ်းဝတန်းတင်ရွာက ဦးမောင်ပုချေတို့မိသားစုကော ကျန်းမာကြပါသလား"

"ဟာ"

တစ်ပြိုင်တည်း 'ဟာ' သွားကြပြန်သည်။ ပါးစပ်အဟောင်းသားဖြင့်လည်း ကျီးကန်းကြီးကို မော့ကြည့်နေကြသည်။

"ငါက ဦးမောင်ပုချေတို့အိမ်ကမဲကြီးလေ။ ဒါတော့ လေ့သမားတွေလည်း သိချင်သိကြမှာပေါ့"

"ဪဪ - ဟုတ်လား"

ဟု ကိုထွန်းမြအောင်ကပြောကာ တစ်အောင့်ကြာအောင်ငေးနေကြသည်။ စစ်၏အနိဋ္ဌာရုံကို ပြေးနေမိကြသောကြောင့်ပင်ဖြစ်သည်။

"တန်းတင်ရွာကို အင်္ဂလိပ်တွေ ဗုံးကြဲချစဉ်က တစ်ရွာလုံးငရဲပွက်သလို ဖရိုဖရဲထွက်ပြေးကြရတယ်လေ။ တစ်ရွာလုံးလည်း မီးဟုန်းဟုန်းတောက်ပြီး ပြာပုံအတိဖြစ်သွားတာပဲ။ အဲဒီအချိန်က ငါဟာလည်း အသက်ကိုလုပြေးပျံသန်းရင်း လွတ်မြောက်လာခဲ့တာပါ။ တောထဲမှာဖြစ်သလို တစ်ညအိပ်ပြီး နောက်နေ့မှာ ရွာကိုသွားကြည့်တော့ လူတွေကို တစ်ယောက်မှမတွေ့ရတော့ဘူး။ မီးတစ်ဝက်တစ်ပျက်လောင်ကျွမ်းပြီးကျန်ခဲ့တဲ့ ရွာလယ်ကမန်ကျည်းပင်ကြီးကနေပြီးတော့ ရွာပျက်ကြီးကို စိတ်မကောင်းစွာနဲ့ တစ်အောင့်ကြာအောင်ကြည့်နေခဲ့ရပါသေးတယ်။ လူတစ်ယောက်တလေများရှိကြမလားဆိုပြီးလည်း အော်ခေါ်ကြည့်သေးတယ်။ ဒါပေမယ့် ဘာသံမှမကြားရ။ စောင့်ကြည့်သော်လည်း တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရတဲ့အတွက် ငါဟာလည်း စိတ်ပျက်ပျက်နဲ့ ငါ့ရဲ့မွေးစားမိဘတွေနဲ့တကွ တစ်ရွာလုံးသေကုန်ကြပြီထင်ပါရဲ့ဆိုပြီး ဦးတည်ရာမဲ့ပျံသန်းရင်းက ဒီနေရာဒီဒေသကို ရောက်လာခဲ့တာပါ"

ကျီးကန်းအိုကြီးက ရှည်လျားစွာဖြင့် ပြောပြနေသည်။

ထို့ကြောင့် လေ့သမားများမှာလည်း ထိုအချိန်က အဖြစ်ဆိုးကြီးကို ပြန်လည်မြင်ယောင်ကာ စိတ်ထဲတွင် အတော်လေးပင်ကြေကွဲဝမ်းနည်းဖြစ်ကြရလေသည်။

ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်ဟူ စစ်၏အနိဋ္ဌာရုံတစ်လျှောက်၌ ထိုအဖြစ်သည် ရွာသူရွာသားများအဖို့ အဆိုးဆုံးဖြစ်ခဲ့ရသည်။ အိမ်တိုင်းစေ့ပင် လူ (သို့) ကျွဲ၊ နွား စသည် တစ်မျိုးမျိုးသေဆုံးခဲ့ကြရသည်။ တစ်ရွာလုံးလည်း ပြာပုံအတိဖြစ်သွားသောကြောင့် တကယ့်မီးသင်္ချိုင်းကြီးသဖွယ်ဖြစ်ကျန်ခဲ့သည်။

"ကျီးကန်းကြီးပြောတာတွေအားလုံးဟုတ်ပါတယ်။ ဒါပေမယ့် လူအချို့နဲ့ ကျွဲ၊ နွားတွေသာ သေဆုံးကုန်ကြတာပါ။ ကျန်တဲ့လူတွေက ဦးတည်ရာမဲ့ပြေးကြရင်း နောက်ဆုံး ကျွဲကူးဆိပ်ကမ်းမှာပဲ ခေတ္တနေထိုင်ကြပြီး အခုတော့ အဲဒီရွာနေရာမှာပဲ အိမ်တွေပြန်ဆောက်ပြီး နေထိုင်နေကြပါပြီ"

ဟု ကိုထွန်းမြအောင်က ပြောပြလိုက်သည်။

"ဪဪ-ဝမ်းသာပါတယ်။ ရွာကို ပြန်ရောက်ရင်သာ ငါသတင်းမေးလိုက်တဲ့အကြောင်းကို ငါ့ရဲ့မွေးကျေးဇူးရှင်တွေဖြစ်ကြတဲ့ ဦးမောင်ပုချေတို့မိသားစုကို ပြောပြလိုက်ကြပါ"

"ဒါပေမယ့် ကျီးကန်းကြီး၊ ကျီးကန်းကြီးရဲ့မွေးဖခင် ဦးမောင်ပုချေမရှိတော့ဘူး။ ဆုံးသွားပါပြီ"

"ဟင်"

ကျီးကန်းကြီးက လူတစ်ယောက်လိုပြောနေရာမှ သူ၏မွေးဖခင်ဆုံးသွားသည့်အကြောင်းကိုသိသွားသောခဏ၌ အာမေဋိတ်ဖြစ်ကာ ငိုင်သွားလေသည်။ ထို့နောက် တောင်ကြည့်မြောက်ကြည့် တစ်ချက်နှစ်ချက်လှုပ်လိုက်ပြီးနောက် အနိမ့်သို့ဆင်းလာကာ ဆက်လက်ပြီး မေးရှာသည်။

"ဘယ်လိုရောဂါကြောင့် ဆုံးသွားတာပါလဲ ငါသိချင်လိုက်တာ"

"ဆုံးသွားတာ အိမ်မှာမဟုတ်ဘူး ကျီးကန်းကြီး။ ကျောက်ဖြူကို ကိစ္စတစ်ခုနဲ့သွားလို့ လည်ပင်းမှာ အနာပေါက်တာကို ကုသရင်း အဲဒီအနာရောဂါကမထခဲ့ပဲ ဆုံးသွားတယ်လို့ သူ့မိသားစုပြောပြကြတယ်လေ"

"ဖြစ်ရလေ၊ အသက်က အဲ့လောက်တောင်ကြီးသေးတာလည်းမဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ဦးမောင်ပုချေအသက်(၄၀)ကျော်ရှိလေးပါ။ ဒါကြောင့် မြင်းကောင်းခွာလိပ်ဆိုသလိုပါပဲ။ ဘယ်ပညာကိုမဆို မြင်ရုံနဲ့တတ်မြောက်တဲ့ ရပ်ခေါင်းဆောင်၊ ရွာခေါင်းဆောင် လူရိုး၊ လူကောင်းတစ်ယောက်ဆုံးရှုံးခြင်းအတွက် တစ်ရွာလုံးတောင် စိတ်မကောင်းဖြစ်ကြရပါတယ်"

ကျီးကန်းကြီး တစ်အောင့်ကြာအောင်ငေးငိုင်၍နေပြန်သည်။

ထို့နောက် ကိုထွန်းမြအောင်က ဆက်ပြီး ပြောပြလိုက်သည်။

"ဦးမောင်ပုချေရဲ့သား ထွန်းတင်လည်း မရှိတော့ဘူး ကျီးကန်းကြီး"

"ဪဪ - ထွန်းတင်လည်း မရှိတော့ဘူးလား။ ထွန်းတင်ကော ဘာရောဂါနဲ့ဆုံးသွားတာလဲ"

"ရောဂါနဲ့ဆုံးသွားတာ မဟုတ်ပါဘူး။ ထွန်းတင်က ရွာသူကြီးဆိုတော့ မသမာသူတွေရဲ့လက်ချက်နဲ့ ဆုံးသွားတာပါ"

"ဒီလိုဆိုရင် ငါ့ကျေးဇူးရှင်တွေထဲက နှစ်ယောက်တောင်မှ မရှိကြတော့ဘူးပေါ့"

"ဒီလိုပါပဲ ကျီးကန်းကြီးရယ်။ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ ဆိုရတော့မှာပေါ့။ ဒီတော့ ကျီးကန်းကြီး တို့နဲ့အတူ ကိုယ့်ရွာကိုပြန်လိုက်ခဲ့ပါလား"

"အိမ်း- အစကဆိုရင်တစ်မျိုးပေါ့။ အခုတော့ ငါ့မှာလည်း သားသမီးမြေးမြစ်တွေနဲ့ဖြစ်နေပါပြီ။ ဒါကြောင့် ဒါတွေကိုထားခဲ့ပြီး ပြန်လိုက်လို့မဖြစ်နိုင်တော့ပါဘူး"

လူမှာ သံယောဇဉ်ရှိကြသလို ငှက်ကျေး (ကျီးကန်း) များမှာလည်း ထိုနည်းအတူပင် သံယောဇဉ်ရှိကြပေလိမ့်မည်။

"ဒီမှာဆိုရင် ရှာဖွေစားသောက်ရတာပင်ပန်းတာပေါ့ ကျီးကန်းကြီးရယ်။ ဟိုမှာဆိုရင် အရန်သင့်စားသောက်ပြီး နားနားနေနေနေထိုင်လို့ရတာပေါ့။ အခုဆိုရင် ကျီးကန်းကြီးရဲ့အသက်ကလည်း ကြီးလာပြီဆိုတော့ ပြန်လိုက်ခဲ့သင့်ပါတယ်။ ကျီးကန်းကြီးကိုလည်း တစ်ရွာလုံး သံယောဇဉ်ရှိကြတာပဲ။ ဒါကြောင့် ရွာကို ပြန်လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူး။ ဒီမှာလည်း မြစ်ပေါက်ချောင်းပေါက်တွေက ရှိ တော့ ငါးပုစွန်စတဲ့အာဟာရတွေကို ဖွေစားသောက်ရတာ မခက်ခဲပါ အဆင်ပြေပါတယ်။ ပြီးတော့ သား မြစ်တွေကလည်းရှိနေကြလေတော့ တွေကိုလည်း သံယောဇဉ်ဖြစ်နေ ပေါ့"

သူ့ဘက်ကကြည့်တော့လည်း နေပြန်သည်။ ဆိုခဲ့သည့်အတိုင်း ကျေးတိရစ္ဆာန်များမှာလည်း လူသား



www.burmeseclassic.com

www.burmeseclassic.com

နည်းတူ မိဘ၊ အားသမီး၊ ဆွေမျိုး၊ မိတ်ဆွေ စသောသံယောဇဉ်ကရှိတတ်မြဲဖြစ်သည်။ ထို့ကြောင့် ကိုထွန်းမြအောင်လည်း အတင်းတွန်းပြီး မပြောချင်တော့။

"ဒါပေမယ့် ကျန်ရှိနေကြတဲ့ ငါ့ရဲ့ ကျေးဇူးရှင်တွေအတွက် ငါကျေးဇူးဆပ်လိုက်ချင်ပါတယ်။ လှေသမားတွေ တစ်ရက်လောက် စောင့်ပေးနိုင်ကြမှာလား"

ဟု ကျီးကန်းကြီးကမေးသည်။

"ဘယ်လိုကျေးဇူးဆပ်မှာလဲ"

"သားသမီးမြေးမြစ်တွေနဲ့အတူ ငါးလေးပုစွန်လေး ရတတ်သမျှ ရှာဖွေပြီး ပေးလိုက်ချင်လို့ပါ"

ကိုထွန်းမြအောင်တို့လူစု စဉ်းစားကြသည်၊ သို့သော်လည်း ဖြစ်နိုင်ဖွယ်မရှိပေ။ ထို့ကြောင့် ပြန်ပြောလိုက်သည်။

"နောက်တစ်ရက် ဒီနေရာမှာ ဆက်နားနေလို့တော့ အဆင်ပြေမှာ မဟုတ်ဘူး ကျီးကန်းကြီး။ ငါတို့မှာ ရက်နဲ့သာကိုက်ပြီးသွားနေကြရသလို တိုင်းပြည်လွတ်လပ်ရေးရပြီဆိုပေမယ့် အခုလိုတောဒေသတွေမှာက သူခိုးဓားပြတွေကလည်းရှိနေကြတော့ အန္တရာယ်ကိုလည်း စိုးရိမ်ရပါတယ်၊ ဒါကြောင့် နောက်တစ်ရက်ဆက်ပြီးစောင့်ဆိုင်းနေလို့အဆင်ပြေမှာမဟုတ်ပါဘူး။

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ဒါပေမယ့် ခဏလောက်တော့ ဆိုင်းပေးကြပါဦး"

ဟု ဆိုကာ ကျီးကန်းကြီးသည် တောင်ထိပ်ဆီက သစ်ခြောက်ပင်၏ထိပ်များသို့ပျံတက်ကာ တအာအာဖြင့်အော်လိုက်လေသည်။

ထို့ကြောင့် သူ၏သားမြေးမြစ်များ ဖြစ်ဟန်တူသည့် ကျီးကန်းကောင်ရေ အတော်များများ ပျံဝဲပြီးရောက်လာကြလေသည်။

"ကိုင်း လှေသမားတွေ လှေထွက်မယ်ဆိုလည်းထွက်နိုင်ပါပြီ။ ဒါပေမယ့် လှေဦးမှာ တောင်းတစ်လုံးလောက်တော့ ချပေးထားကြပါ"

"ဘာလုပ်ဖို့လဲ ကျီးကန်းကြီး"

"ပြောခဲ့သလို ငါတို့ရှာဖွေလို့ရလာတဲ့ ငါးလေးပုစွန်လေးတွေကို တောင်းထဲမှာ ထည့်ပေးလိုက်ချင်လို့ပေါ့"

"ဪဪ - ကောင်းပါပြီ ကျီးကန်းကြီး။ လှေဦးမှာ တောင်းချပေးထားပါ့မယ်"

ထိုအချိန်၌ ဒီရေသည်လည်း အတော်ဘက်သို့ဆွဲလာလေ၏။ ထို့ကြောင့် ကိုထွန်းမြအောင်တို့ လူစုသည်လည်း ကုန်လှေကြီးကို ကြိုးဖြတ်ကာ မျှောထွက်ကြလေသည်။

ကျီးကန်းကြီးတို့မိသားစုများကလည်း တဖြုန်းဖြုန်းဖြင့် ပြန်ဝဲလာကြပြီး တစ်အောင့် တစ်ကောင် လှေဦးက တောင်းထဲသို့ ငါးပုစွန်များကို လာထည့်ကြလေသည်၊ သူတို့လာထည့်ကြသော ငါးပုစွန်များမှာ အများအားဖြင့် သမန်းပြင်တွင် ရင်ဘတ်တိုက်ပြီး သွားနေလေ့ရှိသော ငါးယက်ဖြူများနှင့် ပုစွန်ပြန်လေးများသာ ဖြစ်လေသည်၊ အခြားငါးပုစွန်များလည်း တစ်ကောင်တလေပါသည်။ အချို့ငါးပုစွန်များမှာ အရှင်လတ်လတ် တဖျတ်ဖျတ်ထခုန်နေသလို တချို့ငါးပုစွန်များမှာ သေပြီးစ လတ်ဆတ်သော ငါးပုစွန်များဖြစ်သည်၊ ငါးပုစွန်အားလုံးမှာ အကောင်ကြီးများမဟုတ်ပေ။ သူတို့ဖမ်းသယ်နိုင်သော ငါးယက်ဖြူအရွယ်အစား ငါးကျပ်သားသာသာအကောင်လေးများချည်းသာ ဖြစ်လေသည်။

ကုန်လှေကြီးသည်လည်း ကျရေဖြင့် အတော်လေးပင်မြန်နေ၏။ထို့ကြောင့် လက်ရှိကျီးကန်း၏ ဌာနေဟုဆိုရမည့် သုံးပေါက်ဆုံ မြစ်ဝန်းနေရာနှင့်လည်း ဝေးမှန်းမသိ ဝေးကွာလာလေသည်။ ငါးပုစွန်များလည်း တောင်းထဲတွင် သုံးပုံနှစ်ပုံခန့်ပြည့်နေလေပြီ။

"ကိုင်း - လှေသမားတို့ ဒီလောက်ဆိုရင် အဆင်ပြေလိမ့်မယ်လို့ထင်ပါတယ်"

ဟု ကျီးကန်းကြီးက လှေအတက်လေပေါ်တွင်ပျံဝဲပြီးပြော၏။ ထို့ကြောင့် ကိုထွန်းမြအောင်ကလည်း အလိုက်သင့်ပင် ပြန်ပြောလိုက်သည်။

"အေး - တောင်းပြည့်လုနီးပါး တစ်ခွဲလောက်တောင်ရှိနေပြီပဲ မနည်းပါဘူး"

"ဒီရေခန်းချိန်သာဆိုရင် တောင်းပြည့်လောက်ပါတယ်။ အခုတော့ ဒီရေအကျ ကမ်းနဖူးပေါ် စလောက်သာရှိသေးလို့ ငါးပုစွန်အဖမ်းရခက်တယ်လေ"

ကျီးကန်းကြီးနှင့်ကိုထွန်းမြအောင်တို့ အပြန်အလှန်စကားပြောနေကြချိန်မှာပင် - အခြားကျီးကန်းများလည်း တစ်ကောင်ပြီးတစ်ကောင်ရောက်လာကြ၍ လှေအထက် ကောင်းကင်တွင် မည်းမည်းလှုပ်သွားလေ၏။

"ဒါတွေအားလုံးက ငါ့ရဲ့သွေးသားသားမြေးမြစ်တွေချည်းပါပဲ လှေသမားတို့။ ဒါကြောင့် ငါ့အနေနဲ့ ဒီမိသားစုကြီးကို ခွဲထားခဲ့ပြီး မွေးကျေးဇူးရှင်တို့အထံသို့ ပြန်လိုက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ အခုချိန်မှာ သူခိုးဓားပြတွေလည်း အရင်လောက်မထူပြောတော့တာကြောင့် ရွာထဲမှာ ငါမရှိရင်လည်း အဲလောက်ထိ အရေးမကြီးတော့ပါဘူး။ ဒါကြောင့် ငါ မိသားစုတွေနဲ့ပဲ ကျန်နေခဲ့တော့မယ်၊ ရွာကို ပြန်ရောက်ကြတဲ့အခါသာ ငါနဲ့ တွေ့ခဲ့တဲ့အကြောင်း၊ ငါးပုစွန်တွေဖမ်းပေးလိုက်တဲ့အကြောင်း၊ ကျေးဇူးရှင်တွေကို သတင်းမေးလိုက်တဲ့အကြောင်းကိုသာ ပြောပြလိုက်ကြပါ"

ဟု ကောင်းကင်လေဟာမှ ဗျိုဝဲလျက် ပြောဆိုထားခဲ့ပြီး ကျီးကန်းကြီးတို့မိသားစု သူတို့ဌာနေ သုံးပေါက်ဆုံတောအုပ်သို့လှည့်ပျံသွားကြလေသည်၊

လှေသမားများမလည်း ထိုငါးများကို မသိုးမပုပ်အောင် ဆားနယ်ပြီး လှေပေါ်မှာပင် နေလှန်းကြလေသည်။

ကျီးကန်းကြီးမှာ သာမန်အိမ်မွေးတိရစ္ဆာန်တစ်ကောင်အဖြစ်မျှဖြင့် ချစ်စဖွယ်သနားစဖွယ်ကောင်းရုံမျှသက်သက်မဟုတ်ပေ။ တစ်တိုင်းပြည်လုံး ဝါးလှိုင်းကို ကြိုးဖြေသကဲ့သို့ ခိုးကိုးရာမဲ့ဖြစ်နေကြချိန် ခိုးသားဓားပြများထကြွသောင်းကျန်းလာရာတွင်လည်း ရပ်စောင့်၊ ရွာစောင့်၊ ရပ်ကာကွယ်ရွာကာကွယ် စသော ကာကွယ်ရေးကိစ္စများတွင် အထူးအရေးပါခဲ့သည်။

သူ့သခင် ရပ်ရွာခေါင်းဆောင် ဦးမောင်ပုချေက လိုအပ်သလို သုံး၍မရအောင် ကြိုတင်ပြီး စနစ်တကျသင်ပေးထားသော ရန်သူထောက်လှမ်းရေးအတတ်ပညာများဖြင့် ရွာသူရွာသားများအား အထူးတလည် ကျေးဇူးပြုခဲ့ဖူးသည်။

ထို့ကြောင့် အချိန်ရှိတိုင်း ရွာလယ်ရှိ အမြင့်ဆုံးမန်ကျည်းပင်ကြီး၏ ထိပ်ဖျားကနေပြီး ရွာပတ်ဝန်းကျင်များကို မပြတ်စောင့်ကြည့်နေတတ်သလို မသင်္ကာဖွယ်ရာလူများ ရွာနားသို့ ကပ်လာလျှင်လည်း ရပ်ရွာကာကွယ်ရေးခေါင်းဆောင်များအား အော်ဟစ်ကာ အသိပေးလေသည်။

လူတစ်ယောက်ကဲ့သို့ လူစကားကို နားလည်သောကြောင့်လည်း ရပ်ရွာကို တိုက်ခိုက်လုယက်ရန် သူခိုးဓားပြများ ကြံစည်နေကြသည် ဟူသော သတင်းဆိုးကိုကြားရလျှင်လည်း မသင်္ကာသည့်နေရာဒေသများသို့ ကျီးကန်းကြီးအား သွားကြည့်ခိုင်း၍ရပြန်သည်။

ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်သည်

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ကြရသောတိုက်ပွဲများတွင် ကျီးကန်းကြီးသည် စစ်သုံးကင်းထောက်လေယာဉ် တစ်စင်းကဲ့သို့ ပျံဝဲကာ ရန်သူတို့၏ အားနည်းချက်နှင့် အားသာချက်များကို ကြည့်ရှုလေ့လာပြီး ရပ်ရွာလူစွမ်းကောင်း တိုက်ခိုက်ရေးသမားများအား အသေးစိတ်အော်ပြောပေးလေ့ရှိသည်။

ထို့ကြောင့် ကျီးကန်းကြီးကျေးဇူးသည်ကားများပေသည်။ ကာလဝိပတ္တိ (တိုင်းပျက်ပြည်ပျက်ဘေးဆိုးကြီး)တစ်လျှောက်၌ သာမန်လူတို့ထက် များစွာအရေးပါခဲ့ဖူးပါသည်။

သို့သော်လည်း ဂျပန်နှင့်အင်္ဂလိပ်တို့ စားကျက်လုကြရာ၌ ရွာကို မီးလောင်ဗုံးကြဲချခံခဲ့ရစဉ် တစ်ရွာလုံးမီးဟုန်းဟုန်းတောက်ခဲ့ရ၍ သေသူသေ၊ အိမ်ထောင်ဘဝပျက်သူတွေက ပျက်စီးကြရပြီး ဦးတည်ရာမဲ့ ပြေးရှောင်ပုန်းခိုနေကြရချိန်၌ ကျီးကန်းကြီးလည်း သခင်များနှင့် အဆက်ပြတ်ကာ သုံးပေါက်ဆုံမြစ်ဝှမ်းတောထဲသို့ ရောက်သွားရခြင်းဖြစ်သည်။

❑

ကျီးကန်းကြီး၏ မွေးဖွားဖခင် ဦးမောင်ပုချေသည် ထူးဆန်းသောလူကြီးတစ်ယောက်ဖြစ်သည်။ စက်မှုလက်မှုပညာများကို ကြည့်ရှုလေ့လာရုံဖြင့် တတ်ကျွမ်းသည်။

တောသားဖြစ်သော်လည်း လယ်၊ ယာ၊ ကိုင်း ကျွန်းပြည့်စုံသောကြောင့် အိမ်အလုပ်များကို လူငှားနှင့်ထားပြီး ရပ်ရေးရွာရေးသော ဘာသာရေး၊ လူမှုရေးများကိုသာ အဓိကထားပြီး လုပ်ကိုင်သည်။

ရွာကို မီးလောင်ဗုံးကြဲခံရရာ၌ လိုအပ်သော အိမ်ကျောင်းများအတွက် သူမမြင်ဖူးသေးသော လွှစက်ကို ကိုယ်တိုင်ကြံဆပြီး ယခုအသုံးပြုနေကြသော လွှဝိုင်းကြီးသဏ္ဌာန်ထုလုပ်၊ ဆေးသားတင်ကာ တလိမ့်တုံးဖြင့် ကြိုးပတ်တပ်ဆင်ပြီး လူနှစ်ယောက်ကိုနင်းစေသည်။ ဤနည်းဖြင့်ပင် သစ်တုံးကြီးများကို ခွဲခြမ်းစိတ်ဖြာကာ တစ်ရွာလုံး အိမ်ဆောက်လောက်သည်အထိ လုပ်ပေးလေသည်။

ယခုလက်ရှိ တန်းတင်ရွာဘုန်းတော်ကြီးကျောင်းကိုလည်း သူကိုယ်တိုင်ပုံဆွဲကာ ဝါးခြမ်းများဖြင့် ပုံစံကျောင်းငယ်ကိုဖန်တီးပြပြီးမှ လက်သမားများအား ဆောက်လုပ်ခိုင်းသည်။

ဂျပန်တပ်များ ရွာနားတွင် စခန်းချလာကြရာ၌ ဦးမောင်ပုချေ စက်အတတ်ပညာများကို လေ့လာသည်။ သုံးလေးရက်အတွင်းမှာပင် ဂျပန်များက လျှို့ဝှက်စွာဖြင့် ပစ္စည်းလျှော့ထားသောစက်ကို ဦးမောင်ပုချေထောက်ပြနိုင်သည်။

"မာဖဒါ မောင်ပုချေ လေယာဉ်ကို လုပ်တတ်မှာလား"

ဟု ဂျပန်များက မေးကြသည်ကို ခဏမျှစဉ်းစားလိုက်ပြီး -

"ကိုယ်တိုင်မြင်ရပြီး လေ့လာကြည့်ရင်တော့ လုပ်တတ်မှာပါ"

ဟု ပြန်ဖြေလိုက်သည်။

"မမြင်ရရင်မလုပ်တတ်ဘူးလား"

"တွေးတောကြံဆပြီး လုပ်ရင်ဖြစ်နိုင်ပါတယ်"

ဟု ရဲရဲကြီးဖြေခဲ့သည်။

ထို့ကြောင့် မည်သည့် ပညာကိုဖြစ်စေ ကြံဆရုံမျှဖြင့် တတ်မြောက်သော ဦးမောင်ပုချေအား ဂျပန်များ အထူး လေးစားပြီးသဘောကျကြသည်။ အခြားစက်မှုလက်မှုပညာများကိုလည်း ဂျပန်များက မေးမြန်းကြသည်ကို ဦးမောင်ပုချေ အချိန်ယူပြီး ဖြေဆိုခဲ့သည်။

ဦးမောင်ပုချေသည် အင်္ဂလိပ်ခေတ်မှာ မွေးဖွားကြီးပြင်းလာခဲ့သော်လည်း အဘယ်ကြောင့်ရယ်မသိ သူ၏မသင်ဘဲ တတ်မြောက်နေသော ပင်ကိုအတတ်ပညာများကို မဖော်ထုတ်ခဲ့ပေ။ ယခုဂျပန်များနှင့်သာ အပေါင်းကျကာ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ဖော်ထုတ်လာသည်။

ထို့ကြောင့် ဂျပန်များက အလွန်အမင်းသဘောကျပြီး ထိုးတက်လာနေသည့်ခေတ်ကာလကြီးအတွက် ဦးမောင်ပုချေနှင့် အလုပ်လုပ်ရန် ဆွေးနွေးခဲ့ကြသော်လည်း လေ့လော်ရင်း တက်ကျိုးဆိုဘိသို့ ဖြစ်ခဲ့ရသည်။

ဦးမောင်ပုအား အသက်မရှည်ခဲ့ပေ။ လေယာဉ်ပျက်တစ်ခုကိုလေ့လာရန် ကျောက်ဖြူသို့သွားရာ ကျောက်ဖြူမှာပင် လည်ပင်းမှာ အနာပေါက်ပြီးဆုံးပါးသွားခဲ့သည်။

အမြော်အမြင်ကြီးသောကြောင့်ပင် ဆိုခဲ့သည့် ကျီးကန်းကြီးကိုလည်း ထောက်လှမ်းရေးပညာများကိုသင်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျပန်များ မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာစကပင် အင်္ဂလိပ်တို့အုပ်ချုပ်ရေးပျက်ပြား၍ သူခိုး၊ ဓားပြ၊ သူပုန်များ ဖောင်းထလာလေရာ ထိုပြဿနာများကို ဖြေရှင်းရန်ကြံဆရင်း အိမ်နောက်ဘက် ကျီးကန်းသိုက်မှပြုတ်ကျလာသော ကျီးကန်းပေါက်ကို ဦးစွာစကားပြောတတ်အောင်သင်ကြားပေးပြီး ထောက်လှမ်းရေးပညာများကိုပါ သင်ကြားပေးခဲ့သည်။

ထို့ကြောင့် ကာလဝိပတ္တိတစ်လျှောက် မည်သည့်အခါမျှ လူဆိုးများ ရွာနားသို့မကပ်နိုင်ခဲ့ကြပေ။ သို့သော်လည်း ဟီရိုရှီးမားနှင့်နာဂါစကီးကို ဗုံးကျပြီးနောက် ဂျပန်များစစ်ရှုံးလေရာ အများအားဖြင့် ဂျပန်များအဝင်အထွက်ရှိသည့် ရွာဖြစ်သောကြောင့် အင်္ဂလိပ်တို့၏ ဗုံးကြဲချခြင်းကိုခံလိုက်ကြရသည်။

ဆိုခဲ့အတိုင်း ထိုအချိန်၌ ဦးမောင်ပုချေအား ဘဝ၏နောက်ဆုံးခရီးအနေဖြင့် ကျောက်ဖြူမှာ စစ်လေယာဉ်ကြီးများ သုံး၊ လေးစင်း ကောင်းကင်မှပျံဝဲလာကြပြီးသာဗုံးကြဲချလိုက်သောကြောင့် ကျီးကန်းကြီးဘာမှမတတ်နိုင်ဇတော့။

❑

ထိုအဖြစ်သည် ကာလအားဖြင့် ကြာခဲ့ပြီ။ ရွာခေါင်းဆောင်ကြီး ဦးမောင်ပုချေလည်း ဆုံးပါးသွားခဲ့ပြီ။ ရွာစောင့်ကျီးကန်းကြီးသည်လည်း ပျောက်ခြင်းမလှပျောက်သွားပြီ။ ထို့ကြောင့် ရွာသားများလည်း မေ့မေ့ပျောက်ပျောက်ရှိနေကြပြီ။

ထို့နောက် ဆယ်စုနှစ်တစ်စုနည်းပါးရှိလာပြီးမှ ယခုထိုကျီးကန်းကြီးကို သုံးပေါက်ဆုံမြစ်ဝှမ်း၌ ရွာသားလေ့သမားများ မမျှော်မှန်းဘဲ တွေ့ခဲ့ကြရသည်။ တောမှာမွေး၊ ရွာမှာကြီးပြင်းခဲ့ပြီး တစ်ဖန်တောအရပ်သို့ ပြန်ရောက်သွားသည့်တိုင်အောင် လူစကားကို လူလိုပြောနိုင်ပြောတတ်သေးသည်။

သူ၏သခင်များအတွက်ပင် သူရတတ်သော အစာအာဟာရစားသောက်စရာငါးပုစွန်များဖြင့် ကျေးရောင်ပြန်တုံဆပ်လိုက်သေးသည်။ ငှက်တွေ သတ္တဝါပင်ဖြစ်သော်လည်း သခင်၏ကျေးဇူးကိုသိတတ်ရှာသည်။ မေတ္တာနှင့်စေတနာများသည် ကျီးကန်းကြီး၌ ပေသည်။

ထို့ကြောင့် လှေသမားများ ရွာသို့ ပြန်ရောက်ကြသောအခါ ကျီးကန်းကြီး ပေးပို့လိုက်သော ငါးပုစွန်များကို သူ၏ ကျေးဇူးရှင်များအား သွားပေးရင်းပြင်း ကျီးကန်းကြီးနှင့်သူ့မိသားစုများအကြောင်းကိုလည်း သူ၏ကျေးဇူးရှင်များနှင့် ရွာရွာသားများအား ပြောပြရပေဦးမည် သာ။

မဟာသွေး


www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ကန်ရာသီပြောင်း

# မန္တလေး ဇာတာ ဟောကိန်း

(၁၇-၉-၂၀၁၇) နေ့မှ (၁၆-၁၀-၂၀၁၇) နေ့အထိကာလ

မင်းရှိန်အောင်




၂၀၁၇ ခုနှစ်၊ နံနက် (၁း၃၂း၂၄) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီမှ ကန်ရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန်၌ လဂ်သည် ကရကဋ်ရာသီ (၂၅) ဒီဂရီ (၁၄) မိနစ်တွင် ထွက်ပေါ်လာသည်။ ဤဇာတာခွင်ကို ကန်ရာသီစူဠသင်္ကြန်ဇာတာဟုလည်း ခေါ်ဆိုကြသေးသည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ရာဟုဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် (၃) ဒီဂရီအတွင်း၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့သည် (၁) ဒီဂရီအတွင်း ပူးယှဉ်နေသည်။ ယူရေနပ်ဂြိုဟ်သည် ကြာသပတေးဂြိုဟ်ကို (၁၈၀) ဒီဂရီမြင်ပြီး ရာဟုဂြိုဟ်နှင့် သောကြာဂြိုဟ်ကို (၁၂၀)ဒီဂရီအမြင်ဖြင့်မြင်နေသည်။ နက်ပကျွန်းဂြိုဟ်သည် ဗုဒ္ဓဟူးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်ကို (၁၈၀)ဒီဂရီဖြင့်မြင်နေသည်။ ရာဟုဂြိုဟ်သည် စနေဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ တနင်္ဂနွေဂြိုဟ်သည် စနေဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ စနေဂြိုဟ်သည် ယူရေးနပ်ဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်သည် လဂ်ကို (၉၀)ဒီဂရီဖြင့်မြင်နေသည်။ ရာဟုဂြိုဟ်သည် ကိတ်ဂြိုဟ်အား (၁၂၀) ဒီဂရီမြင်နေသည်ကို တွေ့ရှိရပါသည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် နယ်စပ်ရေးရာ၊ တိုင်းရင်းသားရေးရာတို့နှင့်ဆိုင်သော တရားမဝင်ဝင်ရောက်နေထိုင်သူတို့နှင့် နီးနွယ်နေသော ဒုက္ခသည်များ၊ ရွှေ့ပြောင်းလုပ်သားတို့နှင့် ပတ်သက်နေသောလက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်တိုက်ခိုက်မှု၊ ဝိရောဓိဖြစ်မှု၊ သဘာဝဇာတမဖြစ်မှုတို့က အဓိကရစိန်ခေါ်မှုတစ်ခုလိုဖြစ်လာလိမ့်မည်။ အမျိုးသားရေး၊ ဘာသာရေး၊ ငြိမ်းချမ်းရေး၊ ဥပဒေရေး၊ နိုင်ငံတကာအရေးတို့နှင့် ဆက်နွယ်မှုရှိလျှင် ပို၍ခက်ထန်လာလိမ့်မည်။ သံတမန်ဆိုင်ရာအကြပ်ကိုင်မှုများကိုလည်း ထိပ်တိုက်ရင်ဆိုင်လာရလိမ့်မည်။ ယင်းတို့သည် ငွေကြေးစီမံခန့်ခွဲရေး၊ ချေးငွေထောက်ပံ့ငွေဆိုင်ရာအရေးတို့နှင့် ယှက်နွယ်ယူလာခြင်းခံရလာလိမ့်မည်။

တိုင်းသူပြည်သားတို့မျှော်လင့်ထားသည်နှင့် ဖြစ်လာသည်တို့ ထပ်တူမကျနိုင်မှုကြောင့် မကျေနပ်မှုများပွားများလာသလို အလုပ်သမား၊ လယ်သမားတို့ အထူးသဖြင့် အလုပ်သမားတို့၏တောင်းဆိုမှုများ ပို၍အားကောင်းလာမည်။ အတိုက်အခိုက်တို့၏ ပြင်းထန်တက်ကြွလှုပ်ရှားမှုများကို အစိုးရမှရင်ဆိုင်ရလိမ့်မည်။ အစိုးရမှလည်း သဘောထားတင်းမာလာသလို ကိုင်တွယ်ပုံလည်း ပိုမာကျောလာမည်။ အစိုးရအဖွဲ့နှင့် လွှတ်တော်၌လည်း ပြုပြင်ပြောင်းလဲမှုများ၊ အပြောင်းအရွှေ့များလည်းဖြစ်ပေါ်လာတတ်မည်။ နိုင်ငံရေးထိပ်သီးပုဂ္ဂိုလ်တစ်ဦးအတွက်လည်း စိတ်မကောင်းဖြစ်ရတတ်မည်။

မီဒီယာလောက၊ တနယ်ဇင်းလောကနှင့်နီးနွယ်နေသော ဥပဒေရေးရာ၊ ပြဿနာတရားစီရင်ဆိုင်ရာပြဿနာများ ချည်တောင်း ကြက်ယက်ခံရသလိုရှိနေဦးမည်။ တက်ကြွလှုပ်ရှားမှုများ တောင်းဆိုမှုများရှိနေဦးမည်။ မီဒီယာလောက၊ တနယ်ဇင်းလောက၊ အနုပညာလောကမှ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်မချမ်းမမြေ့ဖြစ်ရတတ်မည်။

ပညာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာတို့၌ ထင်ရှားသောမတော်တဆမှုတစ်ခုဖြစ်တတ်မည်။ ရေကြောင်းဆိုင်ရာ ကုန်းကြောင်းဆိုင်ရာ ယာဉ်များမတော်တဆထိခိုက်မှုဖြစ်တတ်မည်။ အမျိုးသမီး၊ကလေးသူငယ်ဆိုင်ရာ ရာဇဝင်မှုခင်းများ ဖြေရှင်းနေရတုန်းရှိမည်။ ၎င်းတို့အတွက် ဥပဒေစီရင်ထုံးသစ်များပေါ်ပေါက်တတ်မည်။ ငွေကြေးဆိုင်ရာဘတ်ဂျက်တို့ မမျှော်လင့်သောအကျပ်အတည်းများ ကြုံဆုံရတတ်မည်။

စိုက်ပျိုးရေးတိုးတက်မှုအသင့်အတင့်ရှိမည်။ ချောင်ပြို၊ တွင်းပြို၊ မြေပြိုတတ်မည်။ မြေငလျင်အသင့်အတင့်ရှိမည်။ ရေကြီးမည်၊ မိုးကြီးမည်။ လေမုန်တိုင်း၏ခြိမ်းခြောက်ထိတွေ့မှုကိုခံရတတ်မည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# ဆလိုင်းငွန်သိန်း

(ရမည်းသင်း)

## မျက်လုံးနဲ့မြင်ခဲ့တာ

ဒီအကြောင်းတွေက ကျွန်တော်နဲ့ ပတ်သက်တဲ့တာဆိုတော့ ကျွန်တော့် အကြောင်း အရင်ပြောပြမယ်။ ကျွန်တော်က မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှာ ရာထူးအဆင့်ဆင့်နဲ့ (၃၃) နှစ်လုပ်ခဲ့ပါတယ်။ တိရစ္ဆာန်ဆေးကုဆရာဝန်အလုပ်ပါပဲ။ နေ့စဉ်လိုလို ရွာတွေကိုသွားပြီး တိရစ္ဆာန်တွေကို ဆေးကုသရပါတယ်။ သာစည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ မတ္တရာမြို့နယ်၊ ရမည်းသင်းနဲ့ ရှမ်းမြောက်က ကွမ်းလုံ၊ လောက်ကိုင်၊ သပိတ်ကျင်းမြို့နယ်တွေမှာ အလုပ်လုပ်ခဲ့ရပါတယ်။ အလုပ်လုပ်ရင်း အကြောင်းအရာမျိုးစုံဆုံခဲ့ရပါတယ်။ လူအမျိုးမျိုးနဲ့လည်း ဆက်ဆံခဲ့ရတယ်။ ဒီအကြောင်းတွေကို ရေးချင်တာ ကြာပါပြီ။ ထူးဆန်းလွန်းတော့ မယုံမှာလည်းစိုးတယ်။ ကျွန်တော့်ကို ငကြောင်လို့ထင်မှာလည်း ကြောက်တယ်။ အခုတော့ အသက်က (၇၀) ရှိပါပြီ။ ခံနိုင်ရည်ရှိလာပြီပေါ့။ လောကဓံတရား(၈)ပါးကို ကြံ့ကြံ့ခံနိုင်နေပြီ။ ဘာပြောပြော အရေးမစိုက်တဲ့ လူဖြစ်နေပြီ။ ကိုယ့်နိုင်ငံမှာ ဒီလိုစွမ်းတဲ့ ဆရာတွေ တကယ်ရှိခဲ့တယ်ဆိုတာကို နောင်လာနောက်သားတွေကိုသိစေချင်တယ်။ ထူးဆန်းတဲ့ပညာရပ်တွေကို လေ့လာလိုက်စားစေချင်တယ်။ ဒီစိတ်တွေရဲ့တွန်းအားပေးမှုကြောင့် ဒီစာကို ရေးဖြစ်တာပါ။

အကြောင်းအရာအဖြစ်အပျက်က မြင်းခြံမြို့နယ် ဆီမီးခုံမြို့နယ်ခွဲမှာ တာဝန်ထမ်းဆောင်စဉ်ကကြုံခဲ့ရတဲ့အဖြစ်အပျက်လေးပါ။ ဆီမီးခုံဆိုတာက ဧရာဝတီမြစ်ကမ်းဘေးမှာတည်ရှိတဲ့ ရွာကြီးတစ်ရွာပေါ့။ သဘောဆိုပ်မြို့ဆိုလည်း မမှားပါဘူး။ ရွာကြီးဆိုပေမယ့် မြို့နဲ့တူတယ်၊ ဈေးကြီးရှိတယ်၊ ဆေးရုံရှိတယ်။ အထက်တန်းကျောင်းရှိတယ်၊ ရဲစခန်းရှိတယ်။ ဌာနဆိုင်ရာတွေစုံစိုက်တဲ့မြို့လေးပါပဲ။ ရှေးရှေးတုန်းက လက်ထောက်မြို့ပိုင်ရုံးစိုက်တယ်။ ဗုဒ္ဓဘာသာစာသင်တိုက်ကြီးရှိတယ်။ ချမ်းသာကြီးစာသင်တိုက်ပေါ့။ အနီးအနားမှာ ဖက်ပင်အိုင်စာသင်တိုက်ဆိုပြီးရှိတယ်။ နိုင်ငံကျော်ဘုန်းကြီးတွေ ကျောင်းထိုင်စာချပေါ့။ ဖက်ပင်အိုင်ဝိနည်းမိုရ်လို့တောင်ရှိသေးတယ်။ မြန်မာပြည်မှာ အကြီးဆုံးနတ်ပွဲက တောင်ပြုန်း ဒုတိယက ဆီမီးခုံနတ်ပွဲပဲ။ အိမ်တွင်းမင်းမဟာဂီရိပွဲပေါ့။ တပေါင်းလမှာ ကျင်းပပါတယ်။

အဲဒီဆီမီးခုံမှာ ဆရာမောင်လို့ ခေါ်တဲ့ ဗိန္ဓောဆရာကြီးရှိတယ်။ တိုင်းရင်းဆေး၊ အထက်လမ်း၊ အောက်လမ်း အကုန်နိုင်တယ်။ ပယောဂဆရာလို့လည်း ခေါ်ကြတယ်။ သူ့ဇာတိကက တောရွာကပေါ့။ ကျွန်တော်တို့က ညောင်ရမ်းရပ်ကွက် ရွာသစ်ထဲမှာနေကြတာပါ။ ဆရာမောင့်အိမ်နဲ့ ကျွန်တော့်အိမ်က မျက်စောင်းထိုးပေါ့။ ကျွန်တော်က ဆီမီးခုံမှာ (၈) နှစ်နေခဲ့တာ မိသားစုလိုဖြစ်နေကြပြီ။ ကျွန်တော် ဆီမီးခုံရောက်တော့ အသက်က (၂၇) နှစ်ပဲရှိသေးတယ်။ ဆရာမောင်က (၆၀) လောက်ရှိပြီ။ ကျွန်တော်က အဘလို့ပဲခေါ်တယ်။ သူ့အိမ်ကို လူနာလာရင် ဗေဒင်အရင်တွက်တာ။ ပြီးတော့မှ ဆေးကုတယ်။ ကုလို့မရတဲ့လူနာဆိုရင် မြန်မြန်ပြန်ခိုင်းတာပဲ။ ဆရာမောင်ပြန်ခိုင်းတဲ့ လူနာဆိုရင် လမ်းမှာမသေရင် အိမ်ပြန်ရောက်ရင် သေတာပဲ။ အထူးသဖြင့် မြွေကိုက်တဲ့လူနာဆိုရင် ပိုမှန်တယ်။ မရှိ

www.burmeseclassic.com

ဦးအောင်မင်း

# နေ့စဉ်သုံး လက္ခဏာပညာ

**မိခင်နှင့်ဆိုင်သောလက္ခဏာအမှတ်သင်္ကေတ**

လက်သန်းအောက်တည့်တည့် လက်ဝါးစောင်းနေရာအနီးရှိ တနင်္လာ ဖြိုလ်ခုံပေါ်မှ အနီရောင် (သို့) ပန်းရောင်ရှိသောလမ်းကြောင်းတို့ကိုဆိုလိုသည်။

**ဖခင်နှင့်ဆိုင်သည့်လက္ခဏာသင်္ကေတ**

လက်သူကြွယ်အောက်ခြေနှင့် လက်ခလယ်အောက်ခြေ စနေဖြိုဟ်ခုံတို့အကြား ကံလမ်းကြောင်းမှ ခွဲထွက်လာသော လမ်းကြောင်းတိုတစ်ခုကို ခေါ်ဆိုသည်။

**သားသမီးများနှင့်ဆိုင်သော လက္ခဏာသင်္ကေတ**

လက်သန်းအောက်ခြေရှိ ဗုဒ္ဓဟူးဖြိုဟ်ခုံပေါ်သို့ဆင်းနေသော (သို့) တက်နေသောလမ်းကြောင်းတို့သည် လက်ဝါးစောင်းနေရာမှ ချေပြင်ညီပုံစံဖြင့် လာသောလမ်းကြောင်းပေါ်သို့ ထောင့်မှန်ကျနေခဲ့ပါသည်။ အဆိုပါ ဒေါင်လိုက်ပုံရှိသော လမ်းကြောင်းတို့အား သားသမီးနှင့်ဆိုင်သောလက္ခဏာသင်္ကေတအဖြစ်သတ်မှတ်ရသည်။

**အစ်မ၊ညီမဖြစ်သူနှင့်ဆိုင်သော လက္ခဏာအမှတ်သင်္ကေတ**

တနင်္လာဖြိုဟ်ခုံ၏ အတွင်းဘက်၊ လက်ဝါးပြင်၏အောက်ခြေရှိ ပလူတိုဖြိုဟ်ခုံပေါ်တွင် တွေ့ရှိရသည်။

**အစ်ကို၊ညီဖြစ်သူနှင့်ဆိုင်သော လက္ခဏာအမှတ်သင်္ကေတ**

သောကြာဖြိုဟ်ခုံ၏အတွင်းဘက်၊ လက်ဝါးပြင်အောက်ခြေရှိ ပလူတိုဖြိုဟ်ခုံပေါ်တွင် တွေ့ရသည်။


**အဘွားဖြစ်သူနှင့်ဆိုင်သော လက္ခဏာအမှတ်သင်္ကေတ**

လက်ဝါးစောင်းနေရာများအောက်ဘက် တနင်္လာဖြိုဟ်ခုံအတွင်း တွေ့ရှိရသည်။

**အဘိုးဖြစ်သူနှင့်ဆိုင်သော လက္ခဏာအမှတ်သင်္ကေတ**

ကံလမ်းကြောင်းအဆုံးသတ်နေရာ၏ အောက်ဘက်တွင် တွေ့ရှိရသောအမှတ်သင်္ကေတ ဖြစ်သည်။ ကံကမ်းကြောင်းသည် လက်ခလယ်ရှိရာသို့ထောင်တက်လျက်ရှိသည်။ အဘိုးဖြစ်သူအား ကိုယ်စားပြုသော လမ်းကြောင်းတိုသည် ကံလမ်းကြောင်း၏အဆုံးသတ်နေရာပင်ဖြစ်သည်။

(Fig-10)




မိသားစုဆိုင်ရာ ကိစ္စများအား ဖော်ပြသော လက္ခဏာ တည်နေရာပုံ

**ဝမ်းကွဲမောင်နှမတို့အား ကိုယ်စားပြုသောအမှတ် သင်္ကေတ**

လက်ဝါးစောင်းအောက်ခြေ တနင်္လာဖြိုဟ်ခုံ၏အထက်၌ တွေ့ရှိရသော အမှတ်သင်္ကေတဖြစ်သည်။

**ဇနီးမယားနှင့်သက်ဆိုင်သော အမှတ်သင်္ကေတ**

လက်သန်းအောက်ခြေ လက်ဝါးစောင်းနေရာမှလာသော ချေပြင်ညီလမ်းကြောင်း (သို့) လက်သူကြွယ်အောက်ခြေရှိ အပိုလိုဖြိုဟ်ခုံပေါ်၌ရှိနေသော ကြက်ခြေခတ်ကိုဆိုလိုသည်။

**လင်ယောကျ်ားနှင့်သက်ဆိုင်သော အမှတ်သင်္ကေတ**

ဇနီးမယားနှင့်ဆိုင်သောအမှတ်သင်္ကေတရှိသည့်နေရာကိုပင်ဆိုလိုသည်။

**ချစ်သူနှင့်ဆိုင်သောအမှတ်သင်္ကေတ**

နှလုံးလမ်းကြောင်း (သို့) လက်ညှိုးအောက်ခြေရှိ ကြာသပတေးဖြိုဟ်ခုံပေါ်၌ တွေ့ရှိရသည်။

**ကွယ်လွန်သွားပြီးသော ချစ်ရသူတို့နှင့် စကားပြောနိုင်ပါသလား**

ကွယ်လွန်သွားပြီးသော ချစ်ရသူတို့နှင့် ကွယ်လွန်ပြီးသော မိဘတို့သည် ကျွန်ုပ်တို့၏လက္ခဏာ၌ မိသားစုနှင့်ဆိုင်သော အမှတ်သင်္ကေတများအဖြစ် ဆက်လက် ရှင်သန်တည်ရှိနေဆဲ ဖြစ်သည်။

မိသားစုနှင့်ဆိုင်သော အမှတ်သင်္ကေတများသည် ကျွန်ုပ်တို့၏ဘယ်သန် (သို့) ညာသန်ဖြစ်သော လက်ဝါးပြင်၌ပေါ် လာတတ်သည်။

ဥပမာအားဖြင့် ကွယ်လွန်သွားပြီးသောဖခင်သည် သူ၏သားသမီးဖြစ်သူအား ကောင်းချီးပေးသောအနေဖြင့် သမီးဖြစ်သူ၏ မင်္ဂလာဆောင်သောနေ့၌ သူမ၏ ကံလမ်းကြောင်းပေါ်တွင် ပန်းရောင်အစက်အပြောက်အဖြစ်ပေါ်လာပေးတတ်သည်။

ရင်းပြင် ဘယ်သန် (သို့) ညာသန်ဖြစ်သော လက်ပေါ်ရှိ မိသားစုဝင်တို့၏ သတင်းအချက်အလက်သစ်များပေါ်နေခြင်းရှိမရှိ ဆက်လက်စစ်ဆေးပေးရမည်ဖြစ်သည်။

**စိတ်ဝမ်းကွဲနေသော မိသားစုဝင်များနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်စေနိုင်ပါသလား**

ပထမဦးစွာ ကံလမ်းကြောင်းသည် လက်ခလယ်ဆီသို့ ထောင်တက်သွားခြင်းရှိမရှိ စစ်ဆေးပါ။ အဆိုပါ ကံလမ်းကြောင်းတွင် အပြတ်အတောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေခြင်း (သို့) ဖွာထွက်သောပုံစံရှိနေခြင်း ဟုတ်၊ မဟုတ်စစ်ဆေးပါ။

အကယ်၍ လက်ခလယ်အောက်ခြေ (စနေဂြိုဟ်ခုံ) ဆီသို့ ထောင်တက်နေသောလမ်းကြောင်းသည် လေးထောင့်ကွက်တစ်ခုအဖြစ် တည်ဆောက်သွားပါက မိသားစုဝင်များနှင့်ကွဲကွာရခြင်း၊ စိတ်ဝမ်းကွဲရခြင်းမှ ကာကွယ်ပေးသည့်အမှတ်သင်္ကေတအဖြစ် သတ်မှတ်နိုင်ပြီး အဆိုပါလမ်းကြောင်းတွင် ကွင်းဆက်ပုံစံ၊ အပြတ်အတောက်ပုံစံ၊ သေးမျှင်သောလမ်းကြောင်းပုံစံဖြစ်နေခဲ့ပါက မိသားစုဝင်များနှင့် စိတ်ပိုင်းဆိုင်ရာရောရုပ်ပိုင်းဆိုင်ရာ၌ပါကွဲကွာခြင်း၊ စိတ်ဝမ်းကွဲခြင်းများဖြစ်နိုင်ကြောင်း ရည်ညွှန်းသည်။

လက်ဝါးပြင်၌ မိသားစုဆိုင်ရာအမှတ်သင်္ကေတများအား ရှာဖွေခြင်း၊ စိတ်ဝမ်းကွဲသည့် အခြေအနေများအား ရှာဖွေခြင်းအပြင် ဆက်ဆံရေးအခြေအနေနှင့် ဖြစ်ပေါ်လာနိုင်သည့်ပြဿနာများကိုပါ အောက်ပါသင်္ကေတများကြည့်ရှု၍ မိသားစုဝင်တစ်ဦးစီအလိုက် ဖော်ပြပေးနိုင်သည်။

**ဖခင် (သို့) မိခင်**

ဖခင် (သို့) မိခင်တို့နှင့်ဆိုင်သော လက္ခဏာအမှတ်သင်္ကေတတို့အပေါ်၌ မကောင်းသောအရောင်နှင့် အစက်အပြောက်များရှိ၊ မရှိ စစ်ဆေးပေးပါ။ အကယ်၍ အမည်းရောင်၊ အဝါရောင်၊ အပြာရောင်အစက်အပြောက်များ ပါရှိနေပါက ကျန်းမာရေးအခြေအနေဆိုးရွားတတ်ခြင်းကိုဖော်ပြပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုအမျိုးမျိုးကိုပါ ရည်ညွှန်းသည်။

ထိုအခြေအနေများကြောင့်လည်း မိသားစုအတွင်း ဆက်ဆံရေးအခြေအနေမကောင်းတော့ဘဲ ပြဿနာအမျိုးမျိုး ဖြစ်ပေါ်လာတတ်သည်။ အထူးသဖြင့် အဖြူရောင်အစက်အပြောက်များသည် ယံ့ဝအခြေအနေဆိုးသောအနေအထားသို့ရောက်စေတတ်သည်။

မိခင်၊ ဖခင်နှင့်ဆိုင်သော အမှတ်သင်္ကေတများပေါ်တွင် လေးထောင့်ကွက်၊ သံစကာကွက်များရှိနေပါက ငွေကြေးကိစ္စအမျိုးမျိုးကြောင့် ပြဿနာဖြစ်ကာ ဆက်ဆံရေးပျက်ပြားရကတတ်သည်။

အကယ်၍ မိခင်၊ ဖခင်တို့နှင့်ဆိုင်သော အမှတ်သင်္ကေတများပေါ်တွင် ဆင်ရင်းခွပုံစံအမှတ်သင်္ကေတပါရှိပါက ဆက်ဆံရေးပုံစံသစ်တစ်ခုကို အောင်မြင်စွာကျင့်သုံးနိုင်မည် ဖြစ်သည်။

အကယ်၍ မိခင်၊ ဖခင်အမှတ်သင်္ကေတပေါ်တွင် ကြယ်ပုံစံအမှတ်အသားပါရှိနေပါက တစ်သက်တာကာလပတ်လုံး ပုဂ္ဂိုလ်ရေးဆိုင်ရာပဋိပက္ခများ ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဖော်ပြသည်။

မိခင်ဖြစ်သူအား လေ့လာပါက တနင်္လာဂြိုဟ်ခုံပေါ်တွင် ပြေးနေသော ပန်းရောင်လမ်းကြောင်းအား စစ်ဆေးပေးပါ။ အသက်လမ်းကြောင်းမှ လမ်းကြောင်းခွဲများက တနင်္လာဂြိုဟ်ခုံပေါ်သို့ တက်သွားခြင်း ရှိ၊ မရှိ စစ်ဆေးပါ။ အသက်လမ်းကြောင်းကပြသော အခြေအနေအရပ်ရပ်သည် သင်ကမိခင်ဖြစ်သူအား စတင်သိရှိကခဲ့ရသော ဘဝအစမှ ယနေ့ကာလထိ အချိန်များကိုရည်ညွှန်းသည်။

ဖခင်ဖြစ်သူအား လေ့လာပါက လက်ခလယ်ဆီသို့ ထောင်တက်နေသောကံလမ်းကြောင်းသည် သင်၏ဆက်ဆံရေးအခြေအနေတို့အား ဖော်ပြသည်။ သင်၏ဆက်ဆံရေးအခြေအနေအပေါ် မူတည်၍ အထက်ပါလမ်းကြောင်းအနေအထားအမျိုးမျိုးပြောင်းလဲနိုင်ခြေရှိတတ်သည်။

**သားသမီးများ**

လက်သန်းအောက်ခြေ ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အစက်အပြောက်များရှိ၊ မရှိ စစ်ဆေးပါ။ မိခင်၊ ဖခင်တို့အနေဖြင့် ၎င်းတို့၏နှလုံးလမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်းတို့မှ လမ်းကြောင်းခွဲများက ဗုဒ္ဓဟူးဂြိုဟ်ခုံဆီသို့ ထောင်တက်သွားရာတွင် နှလုံးလမ်းကြောင်းတည်ဆောက်ပုံမကောင်းပါက သားသမီးများနှင့် ဆက်ဆံရေးအခြေအနေပိုမိုကောင်းမွန်တတ်သည်။

**မောင်နှမရင်းချာများ**

မောင်နှမရင်းချာတို့၏ဆက်ဆံရေးအခြေအနေသည် အသက်လမ်းကြောင်းမှ ခွဲထွက်လာသော လမ်းကြောင်းများ၏ အကျိုးသက်ရောက်မှုပင် ဖြစ်သည်။ လမ်းကြောင်းခွဲများသည် ကံလမ်းကြောင်း ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းတို့မှ ခွဲထွက်သော လမ်းကြောင်းများလည်း ဖြစ်နိုင်သည်။ အကယ်၍ ကံလမ်းကြောင်းတည်ဆောက်ပုံမကောင်းပါက မောင်နှမရင်းချာတို့နှင့် သားသမီးများ ဆက်ဆံရေးအခြေအနေပျက်ပြားတတ်ကြောင်း ရည်ညွှန်းသည်။

**သားသမီးမည်မျှထိရနိုင်ပါသနည်း**

လက်ဝါးစောင်းနေရာမှလာသော ရေပြင်ညီလမ်းကြောင်းများသည် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်သို့ မည်သို့အနေအထားဖြင့် ရောက်ရှိသည်ကို သေချာစွာလေ့လာပါ။

အဆိုပါလမ်းကြောင်းများသည် ဆက်ဆံရေးအခြေအနေပြလမ်းကြောင်းများဖြစ်ပြီး အထူးသဖြင့် အိမ်ထောင်ဖက်နှင့် ထာဝရလက်တွဲနိုင်မည့်ဆက်ဆံရေးအခြေအနေကို ဖော်ပြသည်။

အကယ်၍ ဆက်ဆံရေးဆိုင်ရာလမ်းကြောင်းများပေါ်သို့ သေးငယ်သောလမ်းကြောင်းငယ်များက ထောင့်မှန်ကျသည့်ပုံစံရှိနေပါက ၎င်းထောင့်မှန်ကျနေသည့်လမ်းကြောင်းများက သားသမီးများအား ကိုယ်စားပြုသည့် လမ်းကြောင်းဖြစ်သည်ကို သတိပြုပါ။

အကယ်၍ သားသမီးကိုယ်စားပြုလမ်းကြောင်းသည် ဆက်ဆံရေးဆိုင်ရာလမ်းကြောင်းနှင့် ထိစပ်မှုမရှိခဲ့ပါက လင်ပါ မယားပါသားသမီးသာရရှိနိုင်သည့် အခြေအနေကို ရည်ညွှန်းသည်။

အကယ်၍ သားသမီးဆိုင်ရာလမ်းကြောင်းသည် အပိုလိုဂြိုဟ်ခုံရှိသို့ စောင်းနေပါက ရရှိလာမည့်သားသမီးမှာ သမီးမိန်းကလေးဖြစ်သည်။ အကယ်၍ ဆက်ဆံရေးဆိုင်ရာလမ်းကြောင်းမှနေ အပေါ်သို့ ထောင်တက်နေဟန်ရှိသော လမ်းကြောင်းများကို တွေ့ရပါက သားယောကျ်ားကလေးဖြစ်ရုံမက ယောကျ်ားပီသသူဖြစ်ကြောင်း ရည်ညွှန်းဖော်ပြသည်။

တစ်ဖန် ဆက်ဆံရေးလမ်းကြောင်းမှအောက်သို့ဆင်းနေသောလမ်းကြောင်းတိုများအားတွေ့ရပါက သမီးမိန်းကလေးဖွားမြင်ပြီး အားနွဲ့သူ မိန်းကလေးစရိုက်လက္ခဏာအား ပိုမိုပီပြင်ထင်ရှားစေကြောင်း ဖော်ပြသည်။

အကယ်၍ သင်သည် မိဘဖြစ်လာမည့် လက်တွဲဖော်နှင့် မတွေ့ဆုံရသေးပါက (သို့) လက်ထပ်မည့်သူမတွေ့ရသေးပါက သားသမီးရရှိမည့်အခြေအနေအတွက် ထည့်သွင်းစဉ်းစားစရာမလိုအပ်ပါ။


သားသမီးရရှိရေးအခြေအနေအရပ်ရပ်အား ဘယ်သန်၊ ညာသန်မဟုတ်သော ကျန်လက်ဝါးပြင်ရှိ လမ်းကြောင်းများက ဖော်ပြသည်။

ဘယ်သန်၊ ညာသန်မဟုတ်သော



www.burmeseclassic.com

www.burmeseclassic.com




(Fig-11)

ကျန်းမာရေးဆိုင်ရာအခြေအနေများအား ဖော်ပြသည့်လက္ခဏာပုံစံ

လက်မှ ကံလမ်းကြောင်း တည်ဆောက်ပုံသည် သားသမီးရရှိရေးအတွက် အခြေအနေကိုသိရှိရန် ဖော်ပြပေးသည်။

**ကျန်းမာရေးအခြေအနေ**

အသက်လမ်းကြောင်းထင်ရှားနက်ရှိုင်းခြင်း၊ ပန်းရောင်သမ်းနေသော လက်ဝါးပြင်ဖြစ်ပါက ကျန်းမရေးကောင်းသော လက္ခဏာအဖြစ် ရည်ညွှန်းသည်။ ဗုဒ္ဓဟူးဂြိုလ်ခုံပေါ် သို့ထောင်တက်နေသော လမ်းကြောင်းများအား ကျန်းမာရေးလမ်းကြောင်းများဟု ခေါ်သည်။

တစ်ခါတရံကျန်းမာရေးလမ်းကြောင်းတစ်ခုမပါရှိဘဲ တွေ့ရတတ်သည်။ ကျန်းမာရေးလမ်းကြောင်းမပါရှိခြင်းသည် ကျန်းမာရေးမကောင်းဟုဆိုလိုခြင်းမဟုတ်ဘဲ ကျန်းမာရေးအား အထူးအာရုံစိုက်ရန် မလိုသည့်ကျန်းမာသည့်သူဖြစ်ကြောင်း ဖော်ပြသည်။ အသက်လမ်းကြောင်းရှည်လျားခြင်းသည်လည်း ကျန်းမာရေးကောင်းသော အနေအထားအား တစ်စိတ်တစ်ပိုင်းဖော်ပြလျက်ရှိသည်။

အကယ်၍ နှလုံးလမ်းကြောင်းပေါ်တွင် ထူးခြားသောအမှတ်သင်္ကေတများ ပေါ်ပေါက်နေခဲ့ပါက ကျန်းမာရေးမကောင်းခြင်းကြောင့် ဆေးဝါးကုသခံရမည့်လက္ခဏာအား ဖော်ပြပြီး နှလုံးလမ်းကြောင်း၌ ကွင်းဆက်ချိန်းကြိုးများသဏ္ဍာန်ဖြစ်နေပါက အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပေါ်တတ်ခြင်းကို ဖော်ပြသည်။

တစ်ဖန် ကျန်းမာရေးဆိုင်ရာလမ်းကြောင်း (သို့) အသက်လမ်းကြောင်း အဆုံး၌ ဖွာနေသော ခက်ရင်းခွပုံစံ၊ ပန်းဖွားပုံလမ်းကြောင်းများပုံစံရှိနေပါက အသက်အရွယ်အိုမင်းလာခြင်းကြောင့် ကျန်းမာရေးချို့တဲ့လာသည့်သဘာဝဖြစ်စဉ်တစ်ရပ်ကို ရည်ညွှန်းသည်။

တစ်ခါတစ်ရံ ကျန်းမာရေးထိခိုက်ခြင်း၏ရှေ့ပြေးနိမိတ်လက္ခဏာအဖြစ် လက်မအောက်ခြေမှဖြာထွက်နေသော စိုးရိမ်ပူပန်မှုပြလမ်းကြောင်းများအား တွေ့ရတတ်သည်။ အဆိုပါ လက်မအောက်ခြေမှဖြာထွက်နေသောလမ်းကြောင်းများသည် အသက်လမ်းကြောင်းအား ဖြတ်လျက်ရှိတတ်ကြသည်။

**ကျန်းမာရေးဆိုင်ရာအခြေအနေများအား ဖော်ပြသည့်လက္ခဏာပုံစံ**

အဆိုပါအနေအထားသည် စိုးရိမ်ပူပန်သောကများကြောင့် ရုပ်ဆိုင်းနေရာ (ကျန်းမာရေး)အား ထိခိုက်နေကြောင်း ဖော်ပြလျက်ရှိသည်။ တစ်ဖန် စိတ်ဖိစီးမှုဖြစ်စေသောလမ်းကြောင်းတိုများအား လက်ချောင်းတစ်ချောင်းချင်းစီ၏အောက်ဆုံးလက်ချောင်းရိုး (အဆစ်) နေရာ၌ တွေ့ရှိရသည်။ အကယ်၍ အဆိုပါအခြေအနေအတိုင်း ကိုက်ထားသောလက်သည်းများပါရှိနေပါက ကျန်းမာရေးဆိုးရွားစွာ မထိခိုက်မီ စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာဦးစွာခံစားရတတ်ကြောင်းဖော်ပြသည်။

**ဘဝတစ်သက်တာအတွင်း အချိန်ကာလအလိုက်ပေါ်ပေါက်လာသည့်အဖြစ်အပျက်များ**

ဘဝတစ်သက်တာအတွင်း အသက်လမ်းကြောင်းအပြောင်းအလဲများကြောင့် တွေ့ကြုံခံစားရသည့်အဖြစ်အပျက်များလည်း လိုက်လံပြောင်းလဲနေမည် ဖြစ်သည်။ လမ်းကြောင်းများအပြောင်းအလဲနှင့် ကာလအပြောင်းအလဲတို့အား တိုင်းတာနိုင်ရန် ကြိုးစတစ်ချောင်းအား အသုံးပြုပါ။

ဥပမာ အပိုလိုဂြိုဟ်ခုံအောက်ခြေတွင် ကြက်ခြေခတ်တစ်ခုရှိနေပါက နှလုံးလမ်းကြောင်းသို့ အသက်လမ်းကြောင်းနှင့်ဆက်စပ်မှုအခြေအနေကို သိနိုင်ပါမည်။

ထို့ကြောင့် အပိုလိုဂြိုဟ်ခုံအောက်ခြေရှိ ကြက်ခြေခတ်မှစ၍ နှလုံးလမ်းကြောင်း(သို့) အသက်လမ်းကြောင်းတို့ဆီသို့ ကြိုးစအားဆွဲဆန့်၍ တိုင်ပေးပါ။ ... ပိုနေသောကြိုးစအားဖြတ်ပေးပါ။

ထိုအခါ နှလုံးလမ်းကြောင်း (သို့) အသက်လမ်းကြောင်းနှင့် အပိုလိုကြက်ခြေခတ်တို့အကြား (ကြိုးစဖြင့်တိုင်းတာသော) ကာလအပိုင်းအခြားကို ရရှိပါမည်။

**အသက်လမ်းကြောင်း၏ ချိန်သားကိုက်မှု**

သင့်ဘဝအစမှ (၁၀) နှစ်ကြာ ကာလအား စိတ်ကူးဖြင့် ပုံဖော်... သည့်လမ်းကြောင်းဖြင့် သိရှိနိုင်သည်။


စိတ်ကူးပုံဖော်လမ်းကြောင်းသည် လက်ညှိုးအလယ်ကောင်မှ အသ... လမ်းကြောင်းဆီသို့ဖြတ်ကာ လက်... အောက်ခြေသို့တည့်တည့်ဆင်းသွား... ဖြစ်သည်။ ယင်းမှာ (၁၀) နှစ်ကြာ အ... ၏ရှေ့ပိုင်းကာလများအား ရည်ညွှန်း... သည်။ ပြင်သစ်လက္ခဏာပညာ... ဟင်နရီမန်ဂင်၏အဆိုအရ လက်... အလယ်မှဆင်းနေသောလမ်းကြောင်း... ပုံဖော်နိုင်ခြင်း ဖြစ်သည်။

တစ်ဖန် သင့်အတွက် အ... (၂၀) နှစ်အရွယ်ကာလသည် လက်... နှင့်လက်ခလယ်ကြားရှိ စိတ်ကူး... သောလမ်းကြောင်းဖြစ်သည်။

အသက် (၃၅) နှစ်အရွယ်... သည် လက်သန်းအောက်ခြေမှ ... အောက်ခြေ လက်ဝါးပြင်သော... စိတ်ကူးပုံဖော်သောလမ်းကြော... တွက်ချက်ရရှိသည်ဟု အချို့... ပြီး အချို့ကမူ လက်ခလယ်... ကောင်မှ အောက်လက်ဝါးပြင်... ဆင်းနေသောစိတ်ကူးပုံဖော်လ... က ဖော်ပြသည်ဟု ယုံကြည်ကြ...


ဟင်နရီမန်ဂင်အနေဖြင့် ... ဂြိုဟ်ခုံပေါ်မှဆင်းလာသော စိ... ဖော်လမ်းကြောင်းသည် အသ...

www.burmeseclassic.com




(Fig-12)

အသက်လမ်းကြောင်း၏ချိန်သားကိုက်မှု




(Fig-13)

ဒက်စ်ဘားရိုးစ်ချိန်သားကိုက်စနစ်

နှစ်အရွယ်ကို ဖော်ပြသောစိတ်ကူးပုံဖော်လမ်းကြောင်းနှင့် ဆန့်ကျင်ဘက်တစ်ဖက်တစ်ချက်စီတွင် ရှိနေမည်ဖြစ်သည်။

လက်ဝါးပြင်ပါလမ်းကြောင်းများ၏တည်ဆောက်ပုံအနေအထားအမျိုးမျိုးအပေါ် မူတည်၍ အချို့သောစိတ်ကူးပုံဖော်လမ်းကြောင်းများက အသက်လမ်းကြောင်းအား သေချာစွာဖြတ်သွားနိုင်ကြမည်မဟုတ်ပေ။

အသက် (၆၅)ခုနှစ်အရွယ်အချိန်ကာလအား ပုံဖော်ရာ၌ လက်ဝါးပြင်အောက်ခြေနေရာ၌ စိတ်ကူးပုံဖော်ရေပြင်ညီလမ်းကြောင်းများက လက်မအောက်ခြေအား ဖြတ်သန်းနေပုံကိုတွေ့ရမည်ဖြစ်သည်။

တစ်ဖန် အသက်လမ်းကြောင်းသည် စတင်တည်ဆောက်သောနေရာမှ လက်မအောက်ခြေနေရာသို့ နောက်ကြောင်းပြန်လှည့်နေပါက အသက်(၇၀)နှစ်အရွယ်ရှိပြီဖြစ်သော ကာလအပိုင်းအခြားအား ဖော်ပြသည်။

အကယ်၍ သင်သည် ဘဝ၌ အခက်အခဲတစ်ခုခုသိသာစွာတွေ့ရသည်ဆိုပါက ဥပမာ ကွာရှင်းပြတ်စဲမှုအခြေအနေများအား တွေ့ရပါက နှလုံးလမ်းကြောင်းပေါ်တွင် ကြယ်ပွင့်အမှတ်သင်္ကေတရှိမရှိစစ်ပေးပါ။ တစ်ဖန် နာမကျန်းခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းအခြေအနေနှင့်ကြုံရပါက အသက်လမ်းကြောင်းပေါ်၌ အမည်းရောင်အစက်အပြောက်များပါနေခြင်း ရှိမရှိစစ်ဆေးပါ။

အပိုလိုဗြိုဟ်ခုံအောက်တွင် မည်သည့်ကြက်ခြေခတ်မျိုးကိုမဆို တွေ့ရှိရပါက ဆက်ဆံရေးဆိုင်ရာအခြေအနေများအား ရည်ညွှန်းသည်။

အသက်လမ်းကြောင်းပေါ်တွင်ရှိ (၃၅)နှစ်အရွယ်ကာလအပိုင်းအခြားနှင့် အသက် (၇၀)နှစ်အရွယ် ကာလအပိုင်းအခြားတို့အကြား အသက် (၅၂)နှစ်အရွယ်ကာလအပိုင်းအခြား၌ တစ်သက်တာအတွင်း ဆက်ဆံရေးအခြေအနေကောင်းခြင်းများအား တွေ့ရှိရသည်။

**ဒက်စ်ဘားရိုးစ်နည်းလမ်းဖြင့်ချိန်သားကိုက်သောစနစ်**

ဒက်စ်ဘားရိုးစ်စနစ် (Desbarro-lles Timing System) အရ လက်ဝါးပြင်ပေါ်တွင် ရေးဆွဲမည့်စက်ဝိုင်း၏ ဗဟိုချက်သည် လက်ညှိုးအောက်ခြေ၏အလယ်ဗဟိုကျသောနေရာတွင် သတ်မှတ်ထားသည်။ ထိုအခါ စက်ဝိုင်း၏အနားစွန်းသည် လက်သူကြွယ်အောက်ခြေအလှည့်ဗဟိုနေရာမှစတင်သည်။

စက်ဝိုင်းပုံဖော်သော (စိတ်ကူးပုံဖော်လမ်းကြောင်း) သည် အသက်(၁၀)နှစ်အရွယ်ကာလအား ကိုယ်စားပြုသည့်နေရာ အသက်လမ်းကြောင်းအားဖြတ်လျက်ရှိသည်။

ထို့နောက် အသက် (၂၀) နှစ်အရွယ်ကာလအား ဖော်ပြသောအခါ လက်သူကြွယ်နှင့်လက်သန်းတို့အကြား၌ စက်ဝိုင်း၏အနားစွန်းရှိနေမည်ဖြစ်သည်။ တစ်ဖန် အသက် (၄၀) အရွယ်ကာလအပိုင်းအခြားအား ဖော်ပြလိုပါက စိတ်တိုင်းအနားစွန်းသည် လက်သန်းနံဘေး-လက်ဝါးပြင်အစွန်းနေရာမှ စတင်ရသည်။ ထို့အတူ အသက် (၅၀)အရွယ်ကာလအပိုင်းအခြားအား ဖော်ပြလိုပါက စက်ဝိုင်းအနားစွန်းသည် လက်သန်းအောက်ဘက် လက်ဝါးပြင်အစွန်းနေရာမှ စတင်ရမည် ဖြစ်သည်။

**ကိုင်ရို၏ချိန်သားကိုက်သောစနစ်**

ကိုင်ရိုနည်းအရ လက်ဝါးပြင်ပေါ်မှ မည်သည့်ပုံကိုထောက်၍ တိုင်းတာတွက်ချက်ခြင်းကို လက်မခံပေ။

ကိုင်ရိုနည်းအရ လက်ဝါးပြင်အား ကြိုးစတစ်ချောင်းအသုံးပြု၍ အစိတ်အပိုင်း (၁၀)ပိုင်း (အညီအမျှစီ) ရရှိအောင် ပိုင်းဖြတ်ရသည်။ အစိတ်အပိုင်းတစ်ခုစီသည် (၇) နှစ်ကြာကာလတစ်ခုစီအား ကိုယ်စားပြုထားသည်။

ဦးအောင်မင်း



www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

(ငင်ကိုအောမြစေသေား)


## ပညာရှင်



...ပ် စိတ်မကောင်းပါ။ ...
...ဆောက်နှင့်တွင်းခံလို...
...ပြီးသွားသောကြောင့် ...
ဆိုးဆိုးဆတ်ဆတ်တုန်လာ၏။ ...
...တော်ရင်အရောင်ဝတ်ထားပြီး ...
နယ်မြေမှာ တရားကျင့်နေတာ ...
ဒါလောက်ဒေါသတွေကြီးနေပါ...
တွေးရင်း တောင်ကလပ်ဆီသို့ ...
တော့သည်။

ဘဘကို ဦးတိုက်တန်...
သည်နှင့် သံလှေကားကြီးများ...

www.burmeseclassic.com



မယ်တော်ကြီးသားဖွားဂူအနားထိုင်ရင်း မယ်တော်ကြီးကို ကြာရှည်စွာ မေတ္တာပို့နေမိ၏။ မယ်တော်ကြီး၏ မေတ္တာကိုလည်း ခံယူ၏။ ပြီးမှ ကျေးဇူးရှင် သခင်နှစ်ပါးကို ငြိမ်သက်စွာအာရုံပြုပြီး မေတ္တာပို့၏။

အလွန်မှလန်းဆန်းသွားပါသည်။

တောင်ကလပ်ထိပ်ရောက်ပြီဆိုသည်နှင့် မြေပြန့်ကို ဘာမှသတိမရတော့ပါ။ အမေမှလွဲ၍ ဘာဆိုဘာမှကိုသတိမရတော့ပါ။ ဘုရားရှိခိုး၊ ငါးပါးသီလခံယူဆောက်တည်ပြီး မေတ္တာသုတ်ကို အကြိမ်များစွာရွတ်၊ ပဌာန်းရွတ်၊ မေတ္တာပို့၊ အမျှအတန်းဝေနှင့် အတော့်ကိုကြည်နူးနေရပါသည်။

တတိယအကြိမ်ရောက်ခဲ့ရပြန်ပါပြီ။

နှစ်ကြိမ်မြောက်အမိဌာန်ဝင်ခြင်းခရီးဖြစ်၏။

သဘာဝရှုမျှော်ခင်းကြီးများ၊ ထန်းတောကြီးများ၊ ကိုင်းကွက်ကျယ်ကြီးများ၊ စိမ်းလန်းစိုပြည်လှသော သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းများနှင့် ပုပ္ပားတောင်မကြီးဘက်လှမ်းမျှော်ရင်း လေကို ဝအောင်ရှူနေမိပါသည်။ အချိန်အတော်ကြာသည့်ထိ လေကိုအားရပါးရရှူနေမိ၏။

ပြီးမှ ရုပ်ပွားတော်မြတ်တစ်ဆူရှေ့တွင် ငြိမ်သက်စွာထိုင်ရင်း အားလုံးကို မေတ္တာပို့နေလိုက်၏။ အတော်ကြာကြာ မေတ္တာပို့ပြီးမှ ဝင်လေကို အရပ်၊ ထွက်လေကို ဗုဒ္ဓေါဟု ရှုမှတ်ရသော အာနာပါနဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းနေလိုက်ပါသည်။ လူမှာအေးချမ်းပြီးငြိမ်နေ၏။ တုတ်တုတ်မျှပင်မလှုပ်တော့ပါလားဟု ကိုယ့်ကိုယ်ကိုယ်သတိထားမိပြီး ဝင်လေ၊ ထွက်လေကိုမှတ်ရင်း ဘုရားရှင်ကို အာရုံပြုနေလိုက်ပါသည်။

မည်မျှကြာသွားသည်မသိ -

ကိုယ့်ကိုယ်ကိုယ်ပြန်သတိထားပြီး မျက်လုံးဖွင့်၍ ဘေးဘီကိုကြည့်လိုက်ရာ တစ်ဦးမှ မတွေ့တော့။

မေတ္တာသုတ်ရွတ်ရင်း မေတ္တာပို့၊ အမျှဝေနေလိုက်၏။

အေးချမ်းလွန်းလှ၏။

လှေကားတစ်ဆစ်ချိုးကွေ့လေးအတိုင်း မေတ္တာများပို့ကာ ဆင်းလာလိုက်၏။ တဖြည်းဖြည်းဆင်းလာရင်း -

သံလှေကားကြီးများဆီရောက်လာပါပြီ။ သံလှေကားအတိုင်းဆက်ဆင်းလာရာ အသက်လေးဆယ်ခန့် ကတုံးဆံပင်ရှည်နှင့်လူတစ်ယောက်သည် ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းတီးရင်း လှေကားထစ်များတွင်ကျွေး နေအောင်ကနေ၏။ တော်တော်ကနိုင်၏။ မောသည့်ပုံမပေါ်။

ကျွန်ုပ်၏စိတ်ထဲတွင် ဒီလိုလူတွေသည် တချို့ တကယ်ရူး၏၊ တချို့ ရူးချင်ယောင်ဆောင်ပြီးကလိုက်၊ ပိုက်ဆံတောင်းလိုက်လုပ်တတ်၏ဟုတွေးရင်း တစ်လှမ်းချင်းဆင်းလာနေလိုက်၏။ကောင်းကောင်းလုပ်မစားချင်သူများဟု တွေးနေမိ၏။

သူ့ဘေးနားတွင် ကလေးများကမျောက်စာရောင်းရန်ပင်သတိမရကြဘဲ တဝါးဝါးနှင့် ပွဲကျနေကြ၏။ ထိုသူသည် လမ်းမှာ ကန့်လန့်ကန့်လန့်လုပ်နေသလိုဖြစ်သောကြောင့် ကျွန်ုပ်မှာ စိတ်အိုက်နေ၏။

တဖြည်းဖြည်း အနားရောက်လာလေ ကျွန်ုပ်၏ရှေ့နားတွင် ကန့်လန့်ကန့်လန့်လို ဟိုကွေ့ဒီကောက်လျှောက်ရင်း ပါးစပ်ဆိုင်းတီး၍ကနေလေလေဖြစ်နေသောကြောင့် ထိုလူအား ခပ်တင်းတင်းနှင့် စိုက်ကြည့်နေလိုက်၏။ ထိုလူသည် ကနေရင်းမှ ကျွန်ုပ်ကို တစ်ချက်ကြည့်လိုက်သလို ရိပ်ခနဲကြည့်လိုက်ပြီး ဆက်ကနေပြန်သောကြောင့် တမင်ကိုလွှတ်အောင်ရှောင်ပြီး ကွေ့ဆင်းလာလိုက်ပါသည်။

အောက်နားမရောက်တရောက်တွင် အဘွားကြီးတစ်ဦးသည် ပြောင်းဖူးဖက်ကြီးကိုဖွာရင်း ဟိုကြည့်ဒီကြည့်လုပ်နေသောကြောင့် သူနှင့်ဝေးဝေးဘက်ကွေ့ရှောင်ရင်းအဆင်း အသက်နှစ်ဆယ်ကျော်သာသာခန့်ရှိ မိန်းကလေးတစ်ဦးနှင့် လူချင်းဝင်တိုက်မိပါတော့သည်။ ထိုမိန်းကလေးမှာ အင့်ခနဲမြည်ပြီး ဖင်ထိုင်ရက်လဲကျသွား၏။ ကျွန်ုပ်၏စိတ်ထဲတွင် ငါ့ဟာငါလမ်းလျှောက်လာတာ သူ့ဟာသူလာတိုက်တာဟုတွေးရင်းဆက်လျှောက်မည်အပြု -

"ဒီမှာ ဒီမှာ နည်းနည်းပါးပါး လည်းဖြည်းဖြည်းလုပ်ပါ၊ ဟိုမှာလဲကျသွားတာမြင်လား"

ပြောသူမှာ အသက်လေးဆယ်ခန့်အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်က သူ့ကိုဝေ့ကြည့်လိုက်ပြီး -

"ကိုယ့်ဟာကိုယ်လျှောက်လာတာပဲလေ၊ တမင်ဝင်တိုက်တာမှမဟုတ်တာ။ သူလည်းကြည့်လျှောက်ပေါ့"

"အမယ် - နင်ကပဲဝင်တိုက်ပြီး နင်ကပဲ မိန်းမလိုမိန်းမရ ရန်တွေ့နေသေးတယ်။ ငါ့သမီးကလည်း သူ့ဟာသူလျှောက်နေတာပဲ"

ပြောနေစဉ် လဲကျသွားသောမိန်းကလေးထလာပြီး ကျွန်ုပ်ကို တက်တက်လန်ရန်လုပ်နေပြန်ပါသည်။ သူ့အမေဆိုသူမှာ ကျွန်ုပ်ကို လုံးဝမကျေနပ်။

"လူပုံကိုက လမ်းသူရဲလိုလို၊ လမ်းဂျပိုးလိုလိုနဲ့"

"အဲဒါ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး"

ဟု မျက်နှာကို လက်ညှိုးထိုးပြောလိုက်ရာ ကျွန်ုပ်၏လက်ညှိုးအား သူ့လက်နှင့်လွှဲရိုက်ဖယ်လိုက်သလိုလုပ်လိုက်သောကြောင့် လက်ကိုနောက်ဆုတ်လိုက်၏။

ဒီမိန်းမတော်တော်ရိုင်းတာပဲဟု တွေးရင်း တောက်ခေါက်လိုက်ပြီး ဆောင့်သာကန်ချလိုက်ရရင်တော့ဟု ပါးစပ်က အလိုလိုထွက်သွား၏။ ထိုအမျိုးသမီးသည် ကျွန်ုပ်ကို မကျေမနပ်ဖြစ်နေရာမှ ပြုံးသွားပြီး သေချာကြည့်နေ၏။

သူနှင့် ကျွန်ုပ် မျက်နှာချင်းဆိုင်ကြည့်မိရာ ကျွန်ုပ်သည် သူ့ကိုကြည့်နေရင်း စိတ်ထဲမှာတစ်မျိုးဖြစ်လာ၏။ သူ့မျက်လုံးမှာ စကြဝဠာတစ်ခုထဲကိုလှမ်းမြင်နေရသည်ဟု ကျွန်ုပ်ထင်မိ၏။ ဘယ်လိုကြီးမှန်းမသိ သူသည် ပြုံးနေပါသည်၊ သို့သော် ကျွန်ုပ်မျက်စိထဲတွင် ပြုံးနေသည်နှင့်မတူ တစ်မျိုးကြီး။ နားထဲတွင်လေတွေထွက်နေသလိုခံစားရ၏။

စိတ်မကြည်ပါ။

ထိုည ဂူထဲတွင်လှဲနေရင်း ပြန်စဉ်းစားကြည့်နေမိပါသည်။

ဘာတွေနှင့် ဘယ်လိုကြုံနေရမှန်းမသိ -

ယခုတစ်ကြိမ် အမိဌာန်ဝင်ရသည်မှာ အနှောင့်အယှက်အလွန်များ၏။ အာရုံမမိပါ။ ရွတ်ဖတ်နေရသောအမိဌာန်များကိုသာ အောင်မြင်အောင် ရွတ်ဆိုနိုင်ခဲ့ပါသည်။ စိတ်အာရုံစုစည်း၍မရပါ။

စရောက်လာကတည်းက ဘေးနားရှိ နံပါတ် (၈) ဂူကိစ္စမှစပြီး စိတ်အတော်ညစ်သွားရာ တောက်လျှောက်ဖြစ်နေပါတော့သည်။

ယခင်အမိဌာန်များဝင်ခဲ့စဉ်ကဆိုလျှင် အလွန်မွှေးကြိုင်ပြီး ခေါင်းကြည်လှသော တောပန်းတောင်ပန်းရနံ့လေးများ မကြာခဏရ၏။ ယခုတစ်ခေါက်မှာ တစ်ကြိမ်သာရ၏။

ယခုတစ်ခေါက်တွင် ယောကျ်ားကြီးတစ်ယောက် လမ်းလျှောက်နေသလို အသံမကြာမကြာကြားရ၏။ စကားများရန်ဖြစ်ကြသံများ ညဉ့်နက်လျှင် တစ်ခါတစ်ခါကြားရ၏။ သေချာနားထောင်ကြည့်လျှင် တိတ်ဆိတ်သွားပြန်၏။ လေတိုက်သံသာကြားနေရ၏။

ကျွဲအသံမျိုးသိပ်မကြားရ၊ အနို့ အသံများသာကြားနေရ၏။

ကျွန်ုပ်လည်း အမိဌာန်သာအောင်သွားပြီး (၉)ရက်ပြည့်သွား၏။

ဘာမှထူးထူးခြားခြားမရှိခဲ့။

"ဒီနေ့ပဲပြန်မှာလား ဒကာကြီး"

"မှန်ပါ့ဘုရား၊ အိမ်မှာက အမေတစ်ယောက်ထဲဆိုတော့"

"ဒီတစ်ခေါက် ဒကာကြီးအမိဌာန်လာဝင်တာ မျက်နှာမလန်းဘူး၊ ညှိုးနေသလိုပဲ။ ဘာလဲ - နေမကောင်းဘူးလား၊ အိပ်လို့ကောပျော်ရဲ့လား"

"ပျော်ပါတယ်ဘုရား၊ ဒီတစ်ခေါက်အမိဌာန်က အိပ်ပျော်သွားတာတွေများနေတယ်"

ဘုန်းဘုန်းဦးနိတာက နားထောင်ရင်းရယ်နေ၏။ ကျွန်ုပ်လည်း ဘုန်းဘုန်းဦးနိတာအား မြေကြီးပေါ်တွင်ထိုင်၍ ရှိသေစွာကန်တော့လိုက်၏။ ပြီးမှ ဆွမ်းစားကျောင်းထဲဝင်ပြီး ဘုန်းဘုန်းဦးမောင်မောင်အား ကန်တော့လိုက်၏။

"ဒီတစ်ခါဆို ဘယ်နှနှစ်မြောက်အောင်သွားပြီလဲ"

"ရန်ကုန်မှာ ငါးနှစ်၊ ပုပ္ပားမှာ သုံးနှစ်ဆိုတော့ ရှစ်နှစ်အောင်ခဲ့ပါပြီ ဘုရား"

"ရှေ့နှစ်လာဝင်ရင် (၉)နှစ်ပဲနော်"

"တင်ပါ့ဘုရား၊ (၉)နှစ်ပြည့်အောင်မြင်မှုဖြစ်ပါပြီဘုရား၊ အမိဌာန်လည်း (၉) နှစ်ပြည့်တာနဲ့ အောင်ပါပြီ ဘုရား အနှောင့်အယှက်မဝင်အောင်၊အခက်အခဲနဲ့ပျက်မသွားအောင်ကြိုးစားပါ့မယ်ဘုရား"

"အေး - သာဓုဗျာ၊ သာဓု သာဓု ကြိုးစားကြိုးစား။ ကိုင်း - ဆရာတော်ကို သွားကန်တော့လိုက်ဦး"

"တင်ပါ့ဘုရား၊ ဦးတင်ပါတယ် ဘုရား"

"အေး အေး"

❑

"လူလေး၊ မျက်နှာမကောင်း[illegible] လား"

"ဘာမှတော့မဖြစ်ပါဘူး အမေ"

"အမိဌာန်တော့မပေါက်ခဲ့ဘူး[illegible] လား"

"မပေါက်ပါဘူး၊ သား (၉) [illegible] အောင်မြင်ခဲ့ပါတယ်။ မပျက်ခဲ့ဘူး"

"ဒါပေမယ့် ငါ့သား ခါ[illegible] မဟုတ်ဘူး။ ခါတိုင်းဆို ပုပ္ပားက[illegible] ရင် မျက်နှာကဝင်းပပြီး ကြည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ ခု မျက်နှာကြီးကင့်လို့"

အမေ့ကို အကျိုးအကြောင်းစုံ အောင်ပြောပြလိုက်၏။

"ဖဲ့ဒါဆို ငါ့သား ဆရာအနဲ့ဆီ သွားပြောပြပါလား"

"သား နေ့ခင်းတုန်းကပြန်လာရင်း ဘကြီးမျှင်ဆီ ခဏဝင်ပြီးမေးကြည့်ပြီးပြီ။ ဆရာအနဲပြန်သွားပြီးပဲပြောတယ်"

"အေးလေ - ဒါဆိုလည်း ကိုယ့်ဆရာပဲကိုယ်ရှိရှိသေသေပြောပြပေါ့"

ကျွန်ုပ်၏နားထဲတွင် -

'လူတစ်ယောက်ကို မစော်ကားမိစေနဲ့၊ သူ့မှာလည်း သူ့အလင်းရောင်နဲ့သူရှိတယ်။ နှင်သိတာ သူသိတယ်၊ နင်မသိတာ သူသိတယ်။ သွားမပြောနဲ့'

ဟူသောစကားမှာ နားထဲတွင် ပဲ့တင်ထပ်နေ၏။

ထိုည -

ဆရာအရှင်သူမြတ်ထံသွားရောက်ကန်တော့လိုက်၏။

ဆရာအရှင်သည် ချည့်သည်လေး ငါးဦးနှင့်အတူ စကားထိုင်ပြောရင်း၊ ကျွန်ုပ်ကိုလှမ်းကြည့်၏။ ထိုအချိန် အိမ်မြှောင်စုတ်ထိုးသံတစ်ချက်ကျယ်ကျယ်လောင်လောင်ထွက်လာ၏။

ဆရာနှင့်စကားထိုင်ပြောနေကြသူများသည် ဆရာ့ကိုကန်တော့ကြပြီး ထပြန်သွားကြတော့၏။

ကျွန်ုပ်တလည်း ဆရာ့မျက်နှာအား အကဲခတ်နေ၏။

ဆရာအရှင် စကားမပြောသမျှ ကျွန်ုပ် မပြောရဲပါ။ ဆရာအရှင်ပြောခွင့်ပြုမှသာ စကားပြောရဲ၏။ ဤမျှအထိ ချစ်ကြောက်ရိုသေရလွန်းသော ကျေးဇူးရှင် ဆရာအရှင်ဖြစ်ပါသည်။

ဆရာ့မျက်နှာမှာ အေးချမ်းတည်ငြိမ်လွန်းပြီး မျက်လုံးကိုမှိတ်၍ငြိမ်နေ၏။ ထိုအချိန် ဘုရားဆောင်ဘက်ဆီမှ အိမ်မြှောင်စုတ်ထိုးသံကျယ်လောင်စွာထွက်လာပြန်၏။

သုံးမိနစ်နီးပါးကြာလောက်မည်ထင်ပါသည်။

ဆရာအရှင် တဖြည်းဖြည်း မျက်စိဖွင့်လာပြီး ခေါင်းငုံ့၍ ဟိုဟိုဒီဒီကြည့်နေ၏။

"အေး. . . အေး. . . အေး-ဘယ်ကိုပဲသွားသွား၊ ဘယ်နေရာပဲရောက်ရောက်၊ ဘယ်သူနဲ့ပဲဖြစ်ဖြစ် သင့်တင့်လျောက်ပတ်အောင်နေတတ်ထိုင်တတ်ပြောတတ်ဆိုတတ်ရတယ်။ ကိုယ့်ကြောင့်. . . တစ်ဖက်သားစိတ်မဆင်းရဲစေနဲ့၊ ကိုယ့်ကာယကံနဲ့လည်းမဖြစ်စေနဲ့၊ ကိုယ့်ဝစီကံကြောင့်လည်းမဖြစ်စေနဲ့"

ဆရာအရှင်၏ စကားများကို ငြိမ်သက်စွာနားထောင်ရင်း ပုပ္ပားတောင်ကလပ်အဆင်းတွင် သားအမိနှစ်ယောက်နှင့်အချင်းများခဲ့ပုံကို တရေးရေးပေါ်လာပြီး သတိရသွား၏။ တော်ပါသေးရဲ့၊ ငါကိုယ်ထိလက်ရောက်မလုပ်ခဲ့မိလို့ဟု တွေးနေ၏။ သို့သော် ကျွန်ုပ်နှင့်အချေအတင်ဖြစ်ခဲ့သော အမျိုးသမီးကြီး၏ မျက်လုံးပုံသဏ္ဌာန်မှာ မစဉ်းစားဘဲ အလိုလိုပေါ်လာ၏။ ဘာရယ်မသိ - ပေါ်လာသည်နှင့် ကျွန်ုပ်၏စိတ်ထဲတွင် တစ်မျိုးဖြစ်လာ၏။ ထိုအချိန် ဘုရားဆောင်ဆီမှ အိမ်မြှောင်စုတ်ထိုးသံ ခပ်ကျယ်ကျယ်ထွက်လာပြန်၏။

ဆရာအရှင်သည် ပန်းကန်လုံးလေးထဲသို့ ရေနွေးဓာတ်ဘူးထဲမှ ရေနွေးကိုငှဲ့ထည့်လိုက်ပြီး သက်ထဲမှ ရွှေရောင်တောက်ပနေသော ဓာတ်လုံးတစ်လုံးကို ထည့်လိုက်၏။ ထိုပန်းကန်လုံးအား လက်ဝါးနှင့်ငါးချက်ခန့်ခပ်အုပ်အုပ်လေး ဖြန့်ထိလိုက်ပြီး ကျွန်ုပ်ကို လှမ်းပေးလိုက်လေရာ ကျွန်ုပ်ကလည်း ရိုသေစွာလှမ်းယူ၍ သောက်ချလိုက်ပါသည်။

"ဟာ"

ကျွန်ုပ် အတော်အံ့ဩသွား၏။ မျက်စိရှေ့တွင် ရွှေရောင်ဓာတ်လုံးထည့်လိုက်ပြီး လက်ဝါးနှင့် ငါးခါသာသာအုပ်ရိုက်လိုက်သည်သာရှိ၏။ ကျွန်ုပ်လှမ်းယူလိုက်ချိန်ထိ ဓာတ်လုံးပါလာပါသေးသည်။ ပန်းကန်လုံးကိုစုံကိုင်၍ ဆရာ သောက်ခိုင်းလိုက်သည်ကိုလှမ်းကြည့်ပြီး ပြန်အငုံ့ သောက်မည်အပြု ဓာတ်လုံးမရှိတော့ပါ။ ကျွန်ုပ်လည်း သောက်လိုက်ပါသည်။

"တော်သေးတာပေါ့၊ မင်းမှာ ပညာစက်ကြီးတွေသွင်းထားပေးပြီးသားဖြစ်နေလို့"

ဆရာအရှင်သည် ပြုံးနေရင်းပြော၏။

"တော်ကြာ ကျေးနေအောင်တတတ်သွားဦးမယ်"

ဟုပြောရင်း ပြုံးနေ၏။

"အေးအေး - ငါ မေတ္တာရပ်ခံပေးပြီးပါပြီကွယ်။ ဘာမှမဖြစ်တော့ပါဘူး"

ပန်းကန်လုံးလေးကို စားပွဲခုံပေါ် ပြန်တင်လိုက်ချိန်မှစ၍ ကျွန်ုပ်၏စိတ်တို့ တစ်မျိုးပြောင်းသွားပြီဖြစ်၏။ အေးချမ်းသွားပြီဖြစ်၏။ ထူးထူးဆန်းဆန်း ခံစားချက်ဖြစ်၍ ကျွန်ုပ်ပင်လျှင် ကိုယ့်ကိုယ်ကိုယ်ပြန်သတိထားပြီး အံ့ဖွယ်အားသင့်နေ၏။

အကြိမ်ပေါင်းများစွာခဲ့ချေပြီ။

ဆရာအရှင်ကယ်ခဲ့သောအကြိမ်ပေါင်းများခဲ့ပါပြီ။

ကျွန်ုပ်၏စိတ်ထဲတွင် ဆရာအနဲ့ကိုပြေးသတိရ၏။ ဤလိုသိကြသောပုဂ္ဂိုလ်များ၏ နှုတ်မှထွက်သောစကားသည် ကြောက်စရာကောင်းလှ၏။ ဘာတော့ ဘယ်လိုဖြစ်လိမ့်မယ်ဟုဆိုလျှင် ဖြစ်ကိုဖြစ်၏။ ပြေးမလွတ်အောင်ကိုမှန်၏။

သို့သော် မင်းထီပေါက်မည်၊ ငွေအလုံးအရင်းလိုက်ဝင်မည်ဟု မည်သူမျှမပြော။ ပြောလိုက်လျှင် ကြောက်စရာကောင်းသည့်အကြောင်းများသာများ၏ဟု စိတ်ထဲတွင်ခံစားရပြီး ထိုသို့ ဒိုးခနဲ ဒေါက်ခနဲသိနိုင်စွမ်းသူများကို လန့်လာတော့၏။

တော်တော်များများလည်းစုံခဲ့ပါပြီ။

လူတိုကြည့်လျှင် ဟင်းလင်းဖြင်သဖွယ် သိနိုင်စွမ်းသည့် ပုဂ္ဂိုလ်များနှင့်လည်း ကြုံခဲ့ဖူးပါပြီ။

ဘဝင်မကျသည်မှာ မကောင်းတာပြောလျှင် အလွန်မှန်ခြင်းပင်ဖြစ်၏။ ချက်ချင်းလိုလိုထဖြစ်၏။

တစ်ခါတစ်ခါ သံသယများဝင်လာချင်၏။

ဤလိုသိနေမှတော့ တားမပေးကြဘူးလား၊ ဘာကြောင့်မတားကြတာလဲ ဟူသော သံသယများဝင်ချင်လာ၏။

ကျွန်ုပ်၏အတွေးများ မည်မျှကြာသွားသည်မသိ၊ ဆရာအရှင်၏စကားသံကြားမှ စိတ်ကူးများပြန်စုစည်းဖြစ်ပါတော့သည်။ ဆရာသည် ကံတရားနှင့်သက်ဆိုင်သောအကြောင်းများကို အေးချမ်းစွာ တစ်ခွန်းချင်းပြောပြနေ၏။ ကျွန်ုပ်မှာ လူပြိန်းတစ်ယောက်ဖြစ်၍ ဆရာ၏ပညာသားပါလှသောစကားများကို နားမလည်နိုင်အောင်ဖြစ်နေသော်လည်းနားထောင်နေမိပါသည်။

အတော်လေးကြာသော် ဆရာ့တပည့်နှစ်ဦးရောက်လာသောကြောင့် ဆရာအရှင်ပြောနေသောစကားလုံးလေးများ တဖြည်းဖြည်းလမ်းကြောင်းပြောင်းသွားပါတော့သည်။

ကျွန်ုပ်ကို ဆုံးမလိုက်သောဆရာအရှင်၏စကားများမှာ အလွန်နူးညံ့သိမ်မွေ့လှသော်လည်း ကျွန်ုပ်မှာ နားမထောင်ဘဲမနေရဲတော့ပါ။

"လူလေး"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ - အမေ"

"အမယ် - ငါ့သားကြည့်ရတာ ငြိမ်နေသလိုပဲ။ ကိုယ့်အလုပ်လေးတွေ ကိုယ်လုပ်နေတာဟုတ်နေတာပဲ"

"ဟုတ်ကဲ့"

"ငါ့သားကို ဆရာဦးသန့်ဇင်က တော်တော်လေးသင်ပေးထားပုံရတယ်"

"ဘာဖြစ်လို့လဲ အမေ"

"ငါ့သား ခုနောက်ပိုင်း လူတွေကို ဟောရင် နားထောင်ရတာတစ်မျိုးပဲ၊ ပိုနားထောင်ကောင်းနေသလိုပဲ"

နံ့တော်စဉ်နှင့်ပြောခြင်းကို အမေ ဆိုလိုဟန်ရှိ၏။ နံ့တော်စဉ်ဟောကိန်းသည် လူတစ်ယောက်ကိုဟောပြီဆိုလျှင် အကြောင်းသင့်ပြီဆိုသည်နှင့် ပုံပြင်လေးတစ်ပုဒ်နားထောင်နေရဘိသည့်အလား မှတ်ရ၏။ စိကာပတ်ကုံးပြော၍ အလွန်ကောင်း၏။

"ဘုရားမှာသွားပြီး အဆောင်တွေ ထုထုလာရင်လည်း ဘယ်ဟာကဘယ်လို ဘယ်သို့ဘယ်ချမ်းသာဆိုပြီး ပညာသားတွေပါလိုက်တာ၊ အဆောင်တွေကလည်း ခဏာခဏထုရပ်"

"ထုရမှာပေါ့ အမေရဲ့ သားက အိတ်စိုက်ထုပေးနေရတာကိုး၊ သူတို့က အဆောင်လိုချင်တာပဲရှိတယ်၊ တစ်ပြားမှမထုတ်ဘူး။ ကိုယ်ကတော့ ဗြော် - သူတို့ဟာ ငါတို့ပညာကို စိတ်ဝင်စားတယ်ဆိုပြီး ဝမ်းသာအားရနဲ့ အဆောင်တွေပေးနေတာ၊ အလကားဆရာလေ ဟဲဟဲ"

အမေပါသဘောကျပြုံးပြုံးနေ၏။

"လူလေး၊ နင်ပေဒင်ဟောပါလား"

"ဟာ - အမေကလည်း သားအဲဒါကျ ရှက်တယ်။ လူရှေ့မှာထိုင်ပြီးပြောရပြီဆိုရင် မျက်နှာထူအမ်းအမ်းကြီးနဲ့"

"ဟင် - ခုလည်း သားပြောနေတာပဲလေ။ သားဟောခဲ့တာကြာပြီပဲ။ ငွေကြေးသာသတ်မှတ်ပြီး သားမဟောသေးတာ။ ဟောနေတာပဲကြာလှပြီ"

"ခုဟောနေတာက ကြုံရင်ပြောနေတဲ့သဘောပါ။ တစ်ပြားမှမယူဘဲ အလကားဟောတာလေ"

"ဘာထူးလဲသားရယ်၊ ဟောတာက ဟောတာပဲ။ မျက်နှာမထားတတ်ဘူးဆိုတော့ တစ်မျိုးကြီးနင့်ဟာ၊ မျက်နှာပဲ မထားတတ်ဘူးရယ်လို့ရှိသေးလား။ ဆရာတစ်ဆူဖြစ်လာတော့ မကောင်းဘူးလားသားရယ်။ ငါ့သားကို အဲသလိုဆရာတစ်ဆူဖြစ်စေချင်လို့၊ လူရိုသေရှင်ရိုသေဖြစ်စေချင်လို့၊ အမေမျက်စိနှစ်လုံးပိတ်သွားရင် လောကကြီးအလယ်မှာ ဆရာတစ်ဆူအဖြစ်နဲ့သာကျန်ရစ်ခဲ့ပြီး ဘဝခိုင်မာစေချင်လို့ အမေကိုယ်တိုင် သားလက်ကိုဆွဲပြီး ဆရာကိုသန့်ဇင်ဆီကိုအပ်ခဲ့တာမို့လား"

"ဟုတ်ပါတယ် အမေရယ်၊ အမေ့ကြောင့် သား အခု ပညာတွေအများကြီးသင်နေရပါပြီ။ အမေပေးတဲ့စိတ်ခွန်အားတွေကြောင့် သားမှာ ကြုံကြိုက်ခံနိုင်တဲ့စွမ်းအားတွေလည်းရှိလာပါပြီ။ အမေ့ကြောင့်သားဒီပညာတွေသင်လာရတာပါ။ ဒါပေမယ့် တရားဝင်ဟောရတော့မယ်ဆိုတော့ မဟောရဲဘူးဖြစ်နေတယ်"

"ခုလည်း လူလေးဟောနေတာပဲ။ မင်းပဲပြောတာပဲ။ လမ်းဘေးဈေးရောင်းရင်းတောင် မင်းကို လိုက်မေးနေကြသူတွေရှိနေတာပဲ။ လမ်းဘေးတောင်ထိုင်ဟောနေသေးတာပဲ"

"လမ်းဘေးကဈေးရောင်းတာပါ။ ဈေးရောင်းရင်းကြုံလို့ ဟောတာပါ။ ခပ်လွယ်လွယ်ပြောဖြစ်သွားတဲ့သဘောပါ"

သားလေး လမ်းဘေးဈေးသည်ကြီးဖြစ်နေရတာ အမေ စိတ်မချမ်းသာလို့ပါ။ မင်းညီမလေးက 'အာမခံ'မှာ သူ့အလုပ်နဲ့သူဟုတ်နေပြီ။ ငါ့သားလေးက ခုထိပြေးနေလွှားနေရတုန်းဆိုတော့ အမေ စိတ်ထဲမှာမကောင်းဘူး။ သားလည်း ဟောတတ်နေပြီမို့ပါ"

"အမေ၊ ပညာကမစုံသေးဘူး။ ဆရာက တစ်ကွက်သင်ပေးလိုက်ရင် အဲဒီတစ်ကွက်ကို သားကလက်တွေ့တွေ့နဲ့ယှဉ်ပြီးတကယ့်အသိပညာကိုရအောင်ရှာရတယ်။ ဒါမှ ဆရာကလက်ခံတာ။ သင်ပေးလိုက်တဲ့အတိုင်း နှုတ်ခံစွဲရင် ဆရာကမကြိုက်ဘူး။ သားပညာတွေသင်ရဦးမယ်အမေ။ ခုမှအင်္ဂဝိဇ္ဇာဝါသနာကြီးသူတို့လျှောက်သောလမ်းပေါ် သားရောက်တာ"

အမေ့ကို သနား၏။

သားဖြစ်သူကို ဘဝအလွန်မြင့်မားစေချင်သောမေတ္တာ၊ ကျွန်ုပ် ကလေးဘဝထဲကကြားကြားနေရ၏။ ကြီးမားသည့်မိခင်မေတ္တာပါပေ။

ကျွန်ုပ်ကများ သူ့စိတ်ဆွေတွေကို ဟောလိုက်၍ ဒိုးခနဲဒေါက်ခနဲမှန်သွားလျှင် 'တွေ့လား - လူလေးကသိလိုက်တာမှအေ' ဟု ပြောမဆုံး၊ ကျွန်ုပ်က အဆောင်ပေးလျှင် 'သေချာဆောင်ကြနော်၊ လူလေးပေးလိုက်ရင် အောင်မြင်ကြတာများတယ်' ဟု ပြောရသည်မှာ အမေပေ။

ကျွန်ုပ်နှင့်ပတ်သက်၍ အဟော အပြောကိစ္စများကို စကားပြောဖြစ်လျှင် အမေ့မျက်နှာဝေမော်နေ၏။ သူ့သားကို ပညာရှင်ကြီးဟုထင်ထားပုံရ၏။ စကားလုံးတိုင်းမှာ ကြွားသံလေးများပါ၏။

အမေသည် ကျွန်ုပ်ကို ပညာရှင်တစ်ဦးဖြစ်စေချင်လွန်းလှ၏။ ပညာရှင်၏ မိခင်အဖြစ် သူ့ကိုယ်သူ ဂုဏ်ယူချင်၏။

'တွေ့လား - ကျွန်မသား၊ သူက ပညာရှင်လေ' ဟု အားမာန်ပါပါနှင့် လက်မထောင်ချင်လှသူ ဖြစ်၏။

လူပေါင်းများစွာက ဆရာ၊ ဆရာဟုခေါ်ပြီး လူချစ်လူခင်ပေါများလှသော သူ့သားကို သူမြင်ချင်လွန်းလှ၏။

သားနှင့်ပတ်သက်၍စကားပြောလျှင် ဆရာတို့က၊ ဆရာတို့ကဟု တွင်တွင်သုံးချင်လှသူဖြစ်၏။

တစ်နေ့ -

သူ့အသိ မစောတင်ဟုဆိုသူကို ကျွန်ုပ်နှစ်ခွန်းသုံးခွန်းဟောလိုက်၏။ လုံးဝ ကွက်တိဖြစ်သွားသောကြောင့် ဒေါ်စောတင်လန့်သွား၏။ ဒေါ်စောတင်က ကျွန်ုပ် ကို 'ဆရာ အဲဒါတွေဘာလုပ်ဖို့လဲ' ဟုမေး ရာ ကျွန်ုပ်က အထည်များကို မီးပူတိုက်နေရင်း 'ညနေကျ ဈေးထွက်မလို့' ဟု ပြန်ပြောလိုက်၏။ အမေ့မျက်နှာသည် ဒေါ်စောတင်လန့်သွားစဉ်က မော့တော့မော့တော့နှင့်မော်နေ၏။ '...လိုက်တာ မငွေသိန်းရယ်' ဟုပြောသော အခါ 'ဆရာကပြောလိုက်ရင် အဲဒီလို... ဒါပေမယ့် သူစိတ်မလိုရင် မပြောတာ... ခတ်နေတယ်' ဟု ခပ်မော့မော့လေး... ပြော၏။

ညနေဈေးထွက်မလို့ဆိုသည်... ငြိမ်ငြိမ်နားမထောင်။ စဝ်စဝ်စုစု... ပြီး 'ဗြော် - ဒါဖြင့် ဆရာက လမ်း... ဈေးရောင်းတာကိုး' ဟု ထပ်ပြော...

အမေ့မျက်နှာလေး ဘယ်လို... သွားမှန်းမသိ။ ကျွန်ုပ်က အမေ့ကို... စွေကြည့်လိုက်ပြီး အမေမျက်နှာငယ်... ပုံလေးကို စိတ်မကောင်း။

"ဟုတ်တယ်၊ သမ္မာအာဇီဝ... ရှာထားတာလေ။ လမ်းဘေးမှာ... ရောင်းပြီး အမေ့ကိုလုပ်ကျွေးတာ... ဘေးမှာဈေးရောင်းပြီး ချမ်းသာသွား... တဲ့သူတွေကိုလည်း အားကျလို့"

ခပ်တန်တန်ပြောလိုက်ရင်း... တိုက်နေလိုက်၏။ ကျွန်ုပ်ဒေါ်သ... နေပြီကို အမေသိ၏။ ဒေါ်စော... စကားများဟိုဖာဒီထေးလုပ်နေ...

"ဟဲ့ - တင်မောင်၊ အ...



www.burmeseclassic.com

www.burmeseclassic.com

မျက်စိလည်လာတယ်နဲ့တူတယ်”

အမေ့အသံကြောင့် အိပ်ရှေ့ဆီကဲ ကြည့်လိုက်ရာ အမေ့ဇာတိ လှည်းကူး ကြာအင်းဘက်မှ ဦးလေးကိုတင်မောင် ဖြစ်၏။ ပုဆိုးက ဖူးလောက်၊ ချည်လွယ် အိတ်ကြီးလွယ်ရင်းကွမ်းပါးစောင်ခဲလျက်။ အမေ့မောင်ဝမ်းကွဲ။

ဦးလေးကိုတင်မောင်သည် ကျွန်ုပ် ကိုမြင်သည်နှင့် ကွမ်းဂျိုး(ချိုး)များနှင့်ရဲရဲ တောက်နေသောသွားများပေါ် အောင် အားရပါးရရယ်လိုက်ပြီး ကျွန်ုပ်၏ပခုံးကို လှမ်းပုတ်ရင်း ဘေးနားဝင်ထိုင်၏။

“တူကြီး မောင်မောင်သန်းမို့လား”

“ဗျား - ဟုတ်ကဲ့”

“ဘာတွေလုပ်နေလဲ”

“မီးပူတွေတိုက်နေတယ်လေ”

“အေး - ဘာလုပ်ကိုင်စားနေလဲ လို့”

“သြော် - ဗီအထည်တွေ မြို့ထဲမှာ သွားရောင်းတာ အဲဒါ”

ဦးလေးကိုတင်မောင်သည် မတွေ့ ရတာကြာပြီဖြစ်သောကျွန်ုပ်ကိုဖက်ထား ပြန်၏။ အမေနှင့် စကားအော်ကျယ် အော်ကျယ်ပြောရင်း မောင်နှမများ အလွမ်းသယ်နေသည်မှာ မပြီးတော့။ ကိုတယ်သူတော့ဖြင့်မရှိတော့ဘူး။ ဒေါ် လေး ဘယ်သူလည်းသွားပြီ၊ မမဘယ်သူက တော့ ကျန်းကျန်းမာမာပဲဟု ကျွန်ုပ် မကြားဘူးသေးသောနာမည်များကို အားရ ပါးရပြောနေကြ၏။ ကြားဖူးသောနာမည် တစ်ယောက်တလေသာပါ၏။ ဒေါ်စောတင် က စပ်စပ်စုစုနားထောင်နေ၏။ ထပြန် ခြင်းမပြု။

အမေနှင့်အားရပါးရစကားပြောပြီး မှ ကျွန်ုပ်ကို သေချာကြည့်၍ -

“ဖိုးလေးအတိုင်းပဲနော် မမသိန်း”

“အေး - နေတာကတော့ အဲလိုပဲ အေးအေးပဲ”

“မင်းက တို့ဖိုးလေးဖိုးညာက်ပြန်ဝင် စားတာကွ”

“အမေလည်းပြောဖူးတယ်၊ ဟို ဆယ်ရစ်ကွက် မိုးကြီးထဲက ဦးလေး ကိုကျော်လှိုင်လည်းပြောဖူးတယ်”

“သြော် - ကျော်လှိုင်၊ မမသိန်း- ကျော်လှိုင်ကြီးရှိသေးတယ်နော်”

“ရှိတာပေါ့ဗျ၊ ဝလိုက်တာကြီးမှ နည်းတာကြီးမဟုတ်ဘူး”

“အချိန်ရရင်တော့ ကျော်လှိုင်ကြီး ကိုသွားတွေ့လိုက်ပါဦးမယ်။ မင်းလိုက်ခဲ့ လေ”

“ဟုတ်ကဲ့ - လိုက်ခဲ့မယ်”

သေချာကြည့်နေပြန်၏။

“စကားပြောဟန်ဆိုဟန်တွေက တစ်ပုံစံထဲနော့် မမသိန်း”

“အေး”

“ကျွန်တော် အဲလောက်တူလား ဦးလေး”

“ဟ - တူတာမဟုတ်ဘူး၊ သူပြန် ဝင်စားလာတာကွ တူကြီးရ”

“ကျွန်တော်တော့ ဘာမှမမှတ်မိ တော့ဘူး။ အမေတို့ပြောပြောနေတာကို ကြားနေတာပဲရှိတယ်”

“ဟာ - ဖိုးလေးက တပည့်တွေ အများကြီးကွ။ သွားလေရာ ဓားတဝင့် ဝင့်နဲ့။ ပွဲတွေဘာတွေရှာကိုဝင်ပြီဆိုရင် ဒါမှမဟုတ် ဒိပြင်ရွာမှာလုပ်တဲ့ပွဲတွေကို သွားတော့မယ်ဆိုရင် အရက်ကိုမန်းကာ ဆူတက်တယ်၊ အဲဒါ တစ်ယောက်တစ် ငုံသောက်လည်းပြီးရော ဝရန်တာလက် ရန်းမှာလက်တွေကိုတင်ပြီး ဓားတွေနဲ့ တဒုန်းဒုန်းခုတ်တာ ထုံခနဲထုံခနဲနေတာ ပဲ။ အားပါးပါး - အသည်းယားစရာကြီး၊ လုံးဝမပြတ်ဘူးဟေ့။ ဖက်များပိုင်းတဲ့ လိုက်ရင် ဒုတ်ခနဲပဲ။ အခုတ်ခံရတဲ့သူက ဘယ်လိုမှမနေဘူး အမြုံးမပျက်ဘူး”

ဒေါ်စောတင်မျက်နှာ ဆီးရွက် လောက်ဖြစ်လာပြီဖြစ်၏။ ဦးလေးက ပြောလိုက်၊ မျက်နှာကြီးရှုံ့သွားလိုက်၊ မဲ့သွားလိုက်၊ နောက်ကိုယိုင်သွားလိုက် နှင့် မူပျက်နေ၏။

“မင်းနယ့် တစ်ရွာကလူမိုက်နဲ့ တစ်ရွာကလူမိုက်တွေဆုံရင် စည်းရှိတယ် ကွ ဇရမ်းဗတာမဟုတ်ဘူး။ ဟေ့ - တို့ရှိ တယ်နော်လို့အသံပြုလိုက်ရင် ဒိပြင်ရွာ ကလူမိုက်တွေက ဘာမှမလုပ်တော့ဘူး၊ အေးအေးဆေးဆေးပဲ”

“ဟာ - တယ်ဟုတ်ပါလား”

“သူတို့မိုက်တာက စည်းထားကြ တယ်။ ဓားတွေကတော့ ငှက်ကြီးတောင် တွေတဝင်းဝင်းနဲ့ ငါ့လူ”

“ဦးလေးကအတော်ကြုံခဲ့တာပဲ”

“ငါက ကလေးပဲပေါ့ကွာ၊ လေး ငါးခြောက်နှစ်သားပေါ့ ဖိုးလေးနောက် ပါပါသွားတာ။ အမေက ဖိုးလေးကိုရန့် လုပ်။ ဖိုးလေးဆိုကြောက်လည်းကြောက် ကြတယ်၊ လာလည်းမလာချင်ကြဘူး။ မမသိန်းရဲ့အမေဒေါ် လေးမရွှေစိန်လည်း အဲဒီအတိုင်းပဲ။ ဖိုးညာက်ဆိုတာနဲ့ မျက်နှာ ချိုးကပြောင်းသွားရော။ ငါကတော့ လူပျို ပေါက်လေးထိမီခဲ့တယ်လေ။ တော်တော် ကြာကြာမီခဲ့ပါတယ်”

“ဦးလေးကို ဓားဖိုးညာက်က အဆောင်တွေဘာတွေမပေးဘူးလား”

“ဘာလဲမသိဘူး၊ အုန်းသီးလေး တစ်လုံးတော့ ရွှေချပြီးပေးထားဖူးတယ်။ ငါလည်း ငါ့အမေကိုပေးလိုက်တယ်၊ ဂါထာတွေတော့သင်သင်ပေးတယ်ကွ”

“ဟုတ်လား။ ကျွန်တော်က အဲဒါ မျိုးတော့ စိတ်ဝင်စားတယ်”

ဦးလေးဦးတင်မောင်သည် သူ့တွင် ပါလာသောလွယ်အိတ်ထဲမှကွမ်းဘူးကြီး ကိုထုတ်လိုက်ပြီး ကွမ်းတစ်ယာယူ၍ ပါးစောင်ထဲ အတင်းထိုးထည့်နေပြန်၏။ ပလုတ်ပလောင်းဖြစ်နေသောအသံနှင့် -

“မင်းကဂါထာနာပါလား”

“ပါတာပေါ့”

“ငါကတော့ သူသင်ပေးထားတဲ့ အထဲက ဥုံတိရှဲဆိုတဲ့ဂါထာပဲအသုံးများ တယ်”

“ဘာ - ဥုံတိရှဲ”

“အေး - ဥုံတိရှဲ ကြားဖူးလား”

“မကြားဖူးဘူး”

“သူကဒီလိုကွာ - အတာအတွယ် အရမ်းကောင်းတယ်။ ဥုံ - တိ ဆိုရင် သစ်ရွက်တစ်ရွက်ကို တီခနဲနေအောင် ဖြတ်၊ ရှဲဆိုရင် အကျီအိတ်ကပ်ထဲထည့် ရတယ်”

“သြော် - ဥုံ - တိ၊ အင်းအင်း သိပြီ။ ရှဲဆိုတာနဲ့ ဟုတ်ပြီ သိပြီ ဦးလေး၊ တိုလှချည်လား”

“ဟား - တိုသလောက်စွမ်းတာ တော့ မပြောနဲ့တော့”

“ဟုတ်လား - ဘယ်လိုစွမ်းတာ လဲ”

“မင်းကလည်း၊ ငါဆို ကုန်ရောင်း ကုန်ဝယ်သွားနေတာ တစ်ခါမှဓားပြတိုက် မခံရဘူး။ ငါ့လူတွေတော်တော်များ အတိုက်ခံကြရတာများတယ်”

“ဟာ - တယ်ဟုတ်ပါလား၊ ကိုယ် ပျောက်ဂါထာလို့တောင်ပြောရမလိုဖြစ် နေပြီ”

“အေး - ကိုယ်ပျောက်တယ်ဆိုပြီး ဖိုးလေးပေးတာ။ ဒီကိုယ်ကြီးကတော့ ဘယ်ပျောက်သွားမလဲကွာ။ ကိုယ့်ကိုရန် မူမယ့်လူဟာ ကိုယ်ပျောက်သွားသလို ကြောင်တောင်ပျောက်နေတာမျိုးပေါ့။ ငါလည်းကြုံတာပဲ ဓားပြတွေနဲ့၊ သူတို့က ငါ့ကိုကျော်ပြီး ဘေးကလူဆီကတောင်း တာမျိုး၊ ငါ့နောက်ကလူကိုလှမ်းတောင်း တာမျိုး အဲလိုတွေကြုံရတယ်။ ချွာကိုယ် ကြီးကပျောက်သွားတာမဟုတ်ဘူး”

“ကျွန်တော်တောင်စိတ်ဝင်စားပြီ”

“ဒါပဲလေ အဲဒီ တိရှဲ အဲ”



www.burmeseclassic.com

www.burmeseclassic.com

(ဉာဏ်ရှိကို လက်တွေ့အကြိမ်ကြိမ် စမ်းခဲ့ဖူးပါသည်။ ဦးလေးပြောသည့်အတိုင်း သစ်ရွက်တစ်ရွက်ကို အံကြိတ်၍ တိဟုဆိုကာ တစ်ချက်ထဲဖြတ်အောင်နှုပြီး ရှဲဟုဆိုလျှင် အိတ်ထဲထည့်ရခြင်းဖြစ်ပါသည်။ အလွှန်ရန်များသောလမ်းများကို ဤဂါထာနှင့်ဖြတ်ခဲ့ဖူးပါသည်၊ အကြီးအကျယ်ရန်ဖြစ်ထားပြီး သွားမရလောက်အောင် ရန်စများနေသောလမ်းကို ဤဂါထာနှင့်ဖြတ်ခဲ့ဖူးပါသည်၊ ကျွန်ုပ်နှင့် ရန်စရှိသူများသည် ထိုင်ကြည့်နေကြ၏။ ကျွန်ုပ်ကလည်း ခပ်တည်တည်နှင့် လျှောက်နေ၏။ သူကို့သည် ကြည့်နေသော်လည်း ဘာမှလာမပြော၊ရန်မလုပ်၊ သူတို့စကား သူတို့ဆက်ပြောနေကြ၏၊ ဤသည်ပင်လျှင် အကာအကွယ်ကောင်းခြင်းဖြစ်ပါသည်။

တစ်ခါက သူငယ်ချင်းတစ်ယောက်ကို ဗိုလ်ကျလိုက်၍ ထိုရန်လုပ်လိုက်သူသေသွား၏။ သူက ဓားမြှောင်အမြဲဆောင်သောဓားသမားဖြစ်၏။ ဓားပေါက်အလွှန်ကျွမ်းကျင်သူလည်းဖြစ်၏၊ ကျွန်ုပ်လည်း ဉာဏ်ရှိအစီအရင်ကိုလုပ်ပြီး သွားလိုက်၏။ ဓားတော့မဆောင်၊ ဓားသမားနှင့်သူ့ဥုရမည်ဖြစ်၍သတိတော့ထား၏။ ချိန်းထားသောနေရာရောက်သော် ဘယ်သူမှမတွေ့။ ကျွန်ုပ်ထိုင်စောင့်ပါသည်၊ မလာ။ ဘေးနားခပ်လှမ်းလှမ်းတွင် အုတ်ခဲကျိုးများကိုပင် မသိမသာဖြန့်ကြဲပြီးချထား၏၊ ဓားသမားဖြစ်နေ၍ ကိုယ့်ဘက်က သတိထားနေခြင်း ဖြစ်ပါသည်။ တစ်နာရီခန့်ကြာသည့်ထိမလာသောကြောင့် ပြန်လာလိုက်ပါသည်၊ အရိပ်အယောင်ပင်မတွေ့ပါ။

နောက်နေ့ သူငယ်ချင်းကပြော၏။ ဓားသမားသည် သူ့အဖော်တစ်ယောက်နှင့်လာကြောင်း၊ ကျွန်ုပ်သွားသည့်အချိန်ပင်ဖြစ်ကြောင်း၊ သူလည်း အတော်ကြာအောင် စောင့်ကြောင်း၊ မတွေ့၍ပြန်သွားကြောင်း၊ နေရာလည်း ဤနေရာပင်ဖြစ်ကြောင်းပြော၏။ကျွန်ုပ်၏စိတ်ထဲတွင် ဉာဏ်ရှိက စွမ်းလှသည်၊ ရန်တောင်မဖြစ်လိုက်ရဟု ဘဝင်မကျဖြစ်ခဲ့ရပါသည်၊ ထိုဓားသမားနှင့် ထပ်မချိန်းဖြစ်တော့ပါ။

ဉာဏ်ရှိသည် အရေးကြုံရင် သက်လုံကောင်းလှသောကြောင့် မိတ်ဆွေတော်တော်များများကိုပေးလိုက်ပါသည်၊ အတော်လေးလုံခြုံလှသည်ဟု ပြောကြ၏။)

"နောက် ဖိုးလေး ငါကိုသင်ပေးထားတာတွေထဲက တော်တော်စွမ်းတာရှိသေးတယ်။ အဲဒါကတော့ ရွာတွေရွာတွေကို ဈေးရောင်းသွားရင် စိတ်ကထင့်ခနဲဖြစ်ရင်ရွတ်ရတာ"

"ဟုတ်လား၊ ရှည်လား"

".ဘယ် - တိုတိုလေး။

"ဥ သဓွေ ဗုဓွေ ပြန်၊
နင့်အတတ် နင့်ကိုသတ်
ငါ့အတတ် နင့်ကိုပြန် ဆရာပြန်"
ဒါလေးပဲကွ"

"ဟာ - တိုတိုလေးပါလား၊ ဘယ်လိုစွမ်းတာလဲ"

"အို - တန်ပြန်ပါဆို ဉာဏ်ရှိသလိုသုံးရတာပေါ့ကွာ။ ဘာတဲ့ - နေဦးဗြော် 'ဥ ဂျွအမှီ ပြကာသေတိဌာဟိ သောဥတ္တိ' ဆိုတာလည်း ၊တောက်လျှောက်ရွတ်နေရတယ် ငါ့လူ၊ အဲဒါကတော့ သေနတ်၊ လေး၊ မြားပြီးတယ်လို့ ဖိုးလေးကပြောပြီး အမြဲရွတ်နေရတယ်"

"ဟာ - စုံနေတာပဲ၊ ဦးလေးမပြန်ခင်ရေးမှတ်ဦးမယ်"

"တင်မောင်ရေ နင့်တူက ဝါသနာကြီပါတယ် အဲလို"

"ဒါ ဟိုဘဝတုန်းက သူပဲသင်ပေးခဲ့တာလေ၊ခုမှ သူကထူးဆန်းနေတယ်၊ သူသင်ပေးခဲ့တာတွေအားကြီးပဲ၊ စုံနေတာပဲ။ အရှုရာယ်ကင်းမှတင်းဗျာ၊ မမသိန်းလည်းအသိပဲ"

"မင်းကလည်း၊ လက်နက်ကျည်ပေါက်လွှဲအောင်မန်းတာတောင်ရှိတယ်"

"ဟုတ်လား"

"အေး - ဒါပေမယ့်ကွာ သူသင်ပေးထားပေမယ့် တို့တောကတော့ ဘယ်ကသေနတ်ကရှိမှာလဲ။ တဇာ်ထားတာပဲရှိတာပေါ့။ ဒါလည်း တိုတိုလေးပဲ၊ 'ဥ အနိစ္စ ပဖဗဘမ' ဒါပဲ၊ ထုံးကို (၁၇)ခုပ်မန်း၊ နဖူးမှာဝကွင်း။ ဖိုးလေးကမယုံရင် တိုင်ကို ဝကွင်းပြီးပစ်လို့ပြောဖူးတယ်"

"စိတ်တော့ဝင်စားတယ်၊ မှတ်လည်းထားမယ်။ စမ်းတော့မစမ်းရဲပါဘူး ဦးလေးရယ်"

"တို့ဆီမှာတော့ စုံတယ် မောင်၊ ပညာသည်တွေကလည်း မသိနိုင်ဘူးလေ၊ ဖိုးလေးက စုံအောင်တော့သင်သင်ပေးတာပဲ၊ သူက လှစုံ မောင်၊ ဘာအင်းဆိုလဲ ဟိုဘက်ရွာနဲ့ဒီဘက်ရွာ ဆိုင်းတွေပါပြီဆိုရင် အဲဒီအင်းထဲကို 'မ'လေးလုံးကိုသွင်းပြီး ဆိုင်းဝိုင်းနောက်ဘက်နားမှာမြှုပ်တာနဲ့ ဆိုင်းဝိုင်းပျက်တယ်။ အိမ်လုံချင်ရင်ဘယ်လို၊ လူချင်းပြိုင်ရင် ဘယ်လိုဘာထည့်၊ ဘယ်နေရာမှာမြှုပ်၊ အို - ဒီထက် ခပ်ဆိုးဆိုးတွေတောင်ရှိတယ်၊ ပြောမကောင်းလို့၊ ဒါပေမယ့် တို့လည်းသင်သာထားတာ၊ မလုပ်ဖြစ်ပါဘူး။ သူက စုံအောင်သင်ပေးပြီး ဘာလုပ်လဲသိလား။ အကာကြီးသင်ပေးထားတယ်၊ အဲဒါကိုတော့ ညအိပ်ရာဝင်ရင် မဖြစ်မနေရွတ်ရတယ်၊ (၃)ခေါက်ပဲကွာ"

"အကာကြီး"

"အေး"

"ဘယ်လိုအကာကြီးလဲ"

"အိုကွာ - ကိုယ်လုံကြီးခေါ်တာပေါ့၊ ဖိုးလေးဆို ဓားပိုးညက်ဓားပိုးညက်နဲ့ နာမည်တစ်လုံးနဲ့နေတာ၊ အဲဒီအကာကြီးကြောင့်များလားတောင် မသိဘူး၊ သူက အမြဲရွတ်နေတာကွ"

"ဦးလေးရွတ်ပြပါဦး"

"အဟုမ်း - ဥ - ထိပ်ထက်ဘုရားနားမှာဗြဟ္မာ၊ လည်မှာသိကြား၊ တင်ပါးဘီလူး၊ ဒူးကခြင်္သေ့၊ ကိုယ်ကဂဠုန်၊ ခြေမှာနဂါး အစောင့်ထားသည်၊ ဘုရားမြတ်စွာ မိတေးယျာကို အမှန်ကိုးကွယ်ပါ၏ ဘုရား။ ဥ ကောဏ္ဍဂုံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ သက်တော်ဝင် ဓော်ဝင်ဗျာန်ဝင် ဗော ဓိသရော ဗောဓိရှစ်တန် ဉာဏ်ဆော် ဆယ်ပါး ဗိုဘုရား ဗိုတရား ဗိုသံဃာ အရေတော်က ရွှေအဆင်းအလား ဥကျောင်းတော်က မြင့်မိုရ်တောင် မျက်လုံးတော်က ပုလဲရောင်၊ သွားတော်က ဝရမိန်၊ လည်တော်က သံချောင်း မဏိတော်က ဗောဓိညောင်ဖြစ်သည်။ ဥ ဘုရားရှင်ပညာတော်နှင့် ထိုး၍မဝင်၊ ချည်၍မမြဲ၊ သမ်း၍မမိ၊ ပြစ်၍မရှန်း အရပ်၊ ခံကြွာခံ၊ နဘယာသော ဘေးဘာရာနမရှိ -

(မှရင်းသတ်ပုံအတိုင်းဖြစ်ပါသည်)

(ဦးလေး ကိုတင်မောင် ရွတ်ပြ ကူးယူထားသော ဤဂါထာသည် များစွာရှိနေပါသည်၊

သိုင်းပညာရှင်ကြီး ဘကြီးမှော် ဆရာကြီးဦးသွင်တို့အိမ်ကို မကြာ ကြွကြွလာသော ဘုန်းဘုန်းတစ်ပါး ပြဖူးသောဂါထာနှင့် အနည်းငယ် ပါသည်၊ ကျွန်ုပ်တို့က ဘုန်းဘုန်း ဝိုင်းရံပြီး ဝေယျာဝစ္စကုသိုလ်ယူ လျှင် ဘုန်းဘုန်းက မင်းတို့ကို ယ ဖြည်းမှဟု ပြုံးပြုံးပြုံးပြုံးနှင့် ယချ သောဂါထာကိုရွတ်ပါသည်။ ငယ်ကွဲပါသည်။ ဘုန်းဘုန်းရွတ် ဂါထာမှာ 'ထိုး၍မဝင်၊ ချည်၍



www.burmeseclassic.com

www.burmeseclassic.com

မနိုင်၊ တိုင်၍မဖြစ်၊ ပြစ်၍မမှန်၊ ဖမ်း၍ မမိ - ဤအရပ်၌ ဆရာခံ၍ ဘေးမရှိ

ဟု မှတ်သားဖူးပါသည်။

ဒီတိုင်းရွတ်သည်မဟုတ်ပါ။ ဖန်ခွက်ထဲ ရေထည့်၍ ထုံးသုံးလုံးကို ရေစက်ကောင်းစေအရွယ်လုံးပြီး ရေပေါ် အသာတင်ပြီး နှစ်ပေ၊ သုံးပေအကွာတွင်ချထား၍ရွတ်ခြင်း ဖြစ်ပါသည်။ ရွတ်နေရင်း ထုံးများရေပေါ် မှာပတ်ပြေးနေ၏။ ပြီးရင် သောက်နိုင်း၏။ မတ်တတ်ကျင်ငယ်မစွန့်ပါဘူးဟုသောသစ္စာကိုလည်း ကျွန်ုပ်တို့ကိုဆိုခိုင်း၏။ ပြီးမှ လည်ပင်းက အရေပြားတိုဆွဲပြီး သင်တုန်းဓားနှင့်ကြိတ်ဖိလှီးပြပါတော့သည်။ ပထမဆုံး သူငယ်ချင်းအောင်ကြည်ကိုစမ်းပြလေရာ ကျွန်ုပ်မှာ အနားမကပ်ရဲတော့။ ကျွန်ုပ်ကြောက်နေမှန်းသိ၍ ကျွန်ုပ်အလှည့်တွင် ကျွန်ုပ်၏နားရင်းကို တစ်ခါ ပြောင်းခနဲနေအောင် ရိုက်လိုက်ပြီးမှ လည်ပင်းကို သင်တုန်းဓားနှင့်လှီးပြ၏။

ကျွန်ုပ်မှာ ပူထူပြီး ဘာဖြစ်သွားမှန်းပင်မသိလိုက်ပါ။

လှမိုက်များဖြစ်ကုန်မှာစိုးလို့ ဂါထာကိုမသင်ပေးဟုဆိုပြီး ဂါထာကို လုံးဝမပေးပါ။ ကြွလာ၍ ကျွန်ုပ်တို့ခိုင်းလျှောက်မှသာ ဂါထာရွတ်ပြီး သင်တုန်းဓားနှင့် လှီးပြတတ်၏။ ဘုန်းဘုန်းသည် သရက်ကိုကိုသာအမြဲရွတ်ခိုင်း၏။ စားရင်းသွားရင်း လုပ်ရင်း အမြဲရွတ်ခိုင်း၏။

တစ်ကိုယ်လုံး ဆေးစိမ်း၊ ဆေးနီပေါင်းများစွာနှင့်ပြည့်နေ၏။ အပ်ချစရာပင်မရှိလောက်အောင် ဒွေးများနှင့်ပြည့်နေ၏။ မျက်နှာတော်မှာ အမြဲတမ်းပြုံးနေလေ့ရှိပြီး စကားဝဲ၏။ မိန့်လျှင် အားရပါးရမိန့်တတ်၏။ ဘုန်းဘုန်းပြောပြ၍ ရှေးရှေးက မြန်မာ့ပညာများကိုကြားရ၏။ ဘုန်းဘုန်းသည် မြန်မာ့ရှေးပညာရပ်များကို အလွန်မြတ်နိုးတန်ဖိုးထား လေးစားလှ၏။ မြန်မာ့သူရဲကောင်းကြီးများ၊ မြန်မာ့လက်ဝှေ့ကျော်ကြီးများအကြောင်း အားရပါးရပြောပြလျှင် ကျွန်ုပ်တို့မှာ အသက်ရှူရန်ပင်မေ့နေတတ်၏။

ဘုန်းဘုန်းသည် တစ်ခါတစ်ခါ ရွတ်ဖတ်နေသံများသာကြားပြီး ကျောင်းပေါ် မှာရှာမတွေ့ရဟု ဒကာ၊ ဒကာမများက ပြောပြကြဖူး၏။ မည်သည့်အစွမ်းသတ္တိရှိမှန်း၊ မည်သည့်သိဒ္ဓိပတ္တိများရှိနေကြောင်း ကျွန်ုပ်တို့မသိပါ။ သို့သော် ဘုန်းဘုန်းကို ကျွန်ုပ်တို့အလွန်ချစ်ကြည်ညို၏။ ဘုန်းဘုန်းကြွလာလျှင် မျက်နှာတော်ကိုကြည့်၍ ပီတိဖြစ်ကြရ၏။ ဘုန်းဘုန်းကြွလာလျှင် ကျွန်ုပ်တို့ပျော်၏။ ဘုန်းဘုန်းနားမှာ လူငယ်သိုင်းသမားများ တရုန်းရုန်း။

ကြေးဘွေး သာစွမ်းရည်သတ္တိများကို ဘုန်းဘုန်းပြောပြလျှင် တအံ့တဩနားထောင်ရ၏။ တို့မြန်မာမှာ ဒီလိုစွမ်းတဲ့ လူစွမ်းကောင်းတွေရှိတယ်ကွဟု ကြက်သီးမွေးညင်းများထကာ ဒေါ်မိသည့်ထိဖြစ်ခဲ့ဖူး၏။

ဘုန်းဘုန်းသည် အလွန်ဖော်ချွေးပြီး ပြုံးနေတတ်၏။ ကိုယ်ခံပညာတတ်သောလူငယ်များကို အလွန်ချစ်တတ်၏။

ဂွတ္တလစ်အာဇာနည်လမ်းဘက်တွင် သီတင်းသုံးနေတော်မူသောဆရာတော်ဖြစ်ပါသည်။)

"စုံတယ်ဗျာ ဦးလေး"

စကားပြောနေစဉ် ယခုမှ ဒေါ်စောတင် ထသွားပါတော့သည်၊ အမေ့ကိုနှုတ်ဆက်သွား၏။

"ဟဲ့ တင်မောင် - နင့်တူက အင်ဗီတွာသင်နေတာတဲ့။ အခုနည်းနည်းပါးပါးလည်း သုစမ်းစမ်းပေါ့နေပြီ"

"ဟုတ်လား - ဟာ - ဒါဆိုလုပ်ကွာ၊ မင်းဦးလေးအင်ရှပ်(အင်္ဂါရှပ်)ကို ကြည့်ပေးစမ်းပါဦး။ဘယ်တော့ချမ်းသာမလဲလို့"

ကျွန်ုပ် ပြုံးနေလိုက်ပါသည်။ အင်ဗီတွာဟုကြားသည်နှင့် အင်ရှပ်(အင်္ဂါရှပ်)ကိုကြည့်ပေးခြင်းဟုပင် လူတော်တော်များများသိနေလေရာ ဦးလေးဦးတင်မောင်လည်း ထိုသို့ထင်နေပြန်၏။ ရှင်းပြလျှင်လည်း နားလည်အောင် မနည်းပြောရမည်ဖြစ်၍ ကျွန်ုပ်မှာ စဉ်းစားနေလိုက်၏။

"ဖိုးလေးလည်း ဟိုတုန်းကတတ်တယ်နော်၊ မိုက်မယ့်သာမိုက်တာ"

"လူလေး နင့်ဦးလေးကိုတင်မောင်က ကျေးဇူးရှိတယ်၊ အဖေနဲ့အမေညားခါစက သူ့အိမ်မှာနေဖူးသေးတယ်၊ နင့်အဖေကိုများ အစ်ကိုလေး၊ အစ်ကိုလေးနဲ့ ချစ်လိုက်တာမှ သားမမှတ်မိလို့ပါ"

ကျွန်ုပ် သဘောပေါက်လိုက်ပါသည်။ သူမောင်တို နည်းနည်းပါးပါးဟောပေးစေချင်ပုံရ၏။ အခါမှာ သောရီအခါဖြစ်နေ၏။ ဦးလေးဦးတင်မောင် 'အလယ်တတ္တားငြိုဟ်နေငြား-ဖျက်ပြားကြဲအစည်' ဖြစ်နေချေပြီ။ သို့သော် သူ့ပုံမှာ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွနှင့်ဖြစ်၏။

"ဦးလေး"

"ဟေ"

"ဦးလေးတို့အိမ်မှာ လူထွက်ပြီးပြီလား၊ ဒါမှမဟုတ် လူထွက်သွားတဲ့တိရွနဲ့ပတ်သက်တဲ့ညှိသည့်ညအိမ်ညှိနေလာပြီးပလား"

"ဟာ - ဟုတ်တယ်၊ ကျင်ဆိုင်လေး၊ မမငွေသိန်းညီမရဲ့တူမ အိမ်မှာမွေးထားတာ ငါးနှစ်ရှိပြီ၊ ခုဆို အသက်နှစ်ဆယ်ပေါ့၊ ဆယ့်ငါးနှစ်သမီးထဲကမွေးထားတာ၊ ဟိုနေ့က သူ့ရွာသူ အပြီးပြန်သွားပြီ၊ သူ့အဒေါ်နဲ့အချင်းများပြီးသွားတာ အဓိတ်နေ့က၊ ပြီးခဲ့တဲ့အဓိတ်နေ့က၊ သူတို့က ငါးနက်ချောင်းနားကရွာ၊ သူ့အဒေါ်ကိုယ်တိုင်လာခေါ်သွားတာ၊ ညတော့ မအိပ်သွားဘူး"

"ဒါဆို ဦးလေးခုလာတာ ညှော်ရှုပ်ချက်မရှိဘူး၊ ဟိုလိုလိုဒီလိုလိုနဲ့ထွက်လာတာ"

ဦးလေးသည် ကျွန်ုပ်ကိုသေချာကြည့်လိုက်ပြီး ဖါးစောင်မှုတွမ်းကိုနှစ်ချက်သုံးချက်ခန့်ဖါးလိုက်ရင်း -

"မင်း. . . သိနေပါလားဟ. . ၊ အားပါးပါး တယ်မှန်တဲ့ အင်ရှပ်. . . ဘာ. . . ဘာဖြစ်တယ်"

"အင်ဗီတွာပါ"

"အေးအေး အင်ဗီတွာ၊ ကြည့်စမ်း၊ ဟုတ်တွာယ် ငါ့တူ၊ ငါ့မှာ လယ်ထောက်ခပေးရမယ့်ကိစ္စတွေရှိတယ်၊ စိတ်လည်း ညစ်နေတာပေါ့ကွာ၊ သွားမယ်လုပ်တာ မှော်ဘီဘက်၊ ရောက်လာတာ မမသိန်းဆီ"

ကျွန်ုပ် ပြုံးနေလိုက်ပြီး မီးပူတိုက်လက်စများကို ခေါက်သိမ်းလိုက်၏။ပြီးမှ ဦးလေးကိုတင်မောင်ဘေးပြန်ထိုင်လိုက်ပါသည်။ အခန်းထဲဝင်၍ မီးပူထဲမှ မီးသွေးများသွားသတ်နေစဉ် အမေသည် ဦးလေးအားဘာတွေပြောထားသည်မသိ၊ ဦးလေးမျက်နှာမှာ ကျွန်ုပ်အားမခွာတမ်းလိုက်ကြည့်ပြုံးနေပါတော့သည်။ တစ်ခါတစ်ခါ ကွမ်းချိုးများကပ်နေသောသွားများပေါ် ပေါ် လာ၏။

"တူကြီး"

"ဗျာ"

"မင်း တော်ပေါပါလားကွ၊ မမသိန်းက မင်းကိုတယ်မှန်ဆိုပဲ"

"ကြော် - အမေကတော့ သူ့သားသူ့အထင်ကြီးမှာပေါ့ ဦးလေးရာ။ ငါ့သားကတော့ ဘယ်သူ့ကိုမြင် ဘယ်လိုဟောထဲ့လိုက်တာ ဆက်တက်စင်ကိုလွဲရောလို့ ဘယ်ပြောပ့ါမလဲ၊ ကျွန်တော်လွဲတာ အများကြီး"

ရယ်သံ တစ်ချက် ထွက်လာပြီး

www.burmeseclassic.com

ဦးလေးပါးစပ်မှ ကွမ်းအမှုန်များထွက်လာသောကြောင့် ညာဘက်လက်ကလေးနှင့် သူ့ပါးစပ်ကိုသုပြန်ပွတ်သပ်နေ၏။

"တို့အမျိုးထဲမှာ ပေဒင်ဆရာတစ်ယောက်ရှိ နည်းလား။ အားကိုးရတာပေါ့ တူကြီးရာ။ ဒီအလုပ်က တကယ်ကုသိုလ်ရတဲ့အလုပ်။ ငါ ဒီကပြန်ရင် ကျောင်းဆိုင်ကို ပြောလိုက်ပါဦးမယ်။ သူက ဝါသနာ။ ဟို တို့ကြာအင်းနားမှာ ကလေးလေးတစ်ယောက်က တောင်ပြောမြောက်ပြောပြောတာကို ကတဲ - ထိုင်မေးနေလိုက်တာမပြီးတော့ဘူး။ အဲသလို ဝါသနာတာ။ တူကြီး မင်းဟောကွာ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါးလောက်ကနဲ့ မင်း အခုဟာ မှမဆိုင်ဘူး။ စကားတွေတတ်လာပြီ။ ကျောင်းဆိုင်ဆီသာလာခဲ့။ မင်းအခေါ်တ တစ်ရွာလုံး မောင်းတီးပေးလိုက်မယ်။ ဟောပါလေ့ ကြာအင်းမှာ"

"ငါ့သားလေးက ဟောရင်ရနေပါပြီ။ ငါ့သားအကြောင်း ငါသိတာပေါ့။ ပညာတွေတတ်နေရဲ့သားနဲ့ ပင်ဝင်ပန်းဝန်းပြေးလွှားနေရတာ မမသိန်းလည်း စိတ်မချမ်းသာဘူး။ ငါ့သားလေးကြိုးစားပုံနဲ့ ငါ့သားဟာ တစ်နေ့ ပညာရှင်ကြီးဖြစ်လာရမယ်ဆိုတဲ့စိတ်နဲ့ မမသိန်းလည်း အားခဲနေတာပဲ တင်မောင်ရေ့ ငါ့သားကြိုးစားလွန်းတာကို ငါယုံတယ်"

အမေ့မျက်နှာလေးမှာ ဦးလေးကိုပြောနေသော်လည်း ကျွန်ုပ်ကို အားကိုးတကြီးပြောနေဟန်များပြည့်နေမှန်းသိသာနေ၏။

"အမေကလည်း"

"အမေကလေ ငါ့သားသာ ဆရာကြီးတစ်ဆူဖြစ်လာလို့ကတော့ ဟင်း - မျက်နှာကို ဟောသလိုမော့ထားမယ်။ လက်မကို ဟောသလိုထောင်ပြီး လမ်းလျှောက်နေလိုက်မယ်။ ဟုတ်တယ်မို့လားဟဲ့ တင်မောင်"

"အိုး - မမသိန်းရာ၊ မမသိန်းတင် ဘယ်ကမလဲ ကျွန်တော်တို့လည်းကြွားပြီပေါ့။ ဟော့ - တို့အမျိုးကွဆိုပြီးကြွားပြီပေါ့"

"လူလေးက လုပ်ရင်ဖြစ်မှာဟဲ့ တင်မောင်ရဲ့သိလား။ ရယ်စရာအရမ်းပြောတာ။ သူ့ဆီလာမေးကြရင် ပျင်းရမှာမဟုတ်တာနဲ့ကို ပရိသတ်များမှာ"

ဟုတ်နေ၏။ မောင်နှမနှစ်ယောက် အချီအချနှင့် အတော်ဟုတ်နေ၏။ အမေသည် သူ့ဘက်ကသူ့မောင်ကပါထောက်ခံပြောနေသည်မို့လားမသိ၊ ဦးလေးကိုတင်မောင်ကို ထမင်းကျွေးဖို့ ညှပ်ခံဖို့ သတိမရ၊ ဘယ်နေ့ပြန်မလဲမေးဖို့ သတိမရ၊ ကျွန်ုပ်အတွက်သာ တွန်းပြောနေရှာတော့၏။

"ငါ့သားလေးဟာ ငါ့မျက်စိနှစ်လုံးစိတ်ရင် မျက်နှာငယ်ရှာတော့မယ်လေ။ လောကမှာ မောင်နှမနှစ်ယောက်ထဲကျန်ခဲ့မယ်။ ဒါကြောင့် ငါ့ကို အမြဲချင်ဆုံးဆု၊ အလိုချင်ဆုံး၊ အပြည့်ချင်ဆုံးဆုကိုပြောပါဆိုရင် ငါ့သားလေး ပညာရှင်ကြီးဖြစ်လာဖို့ပဲ။ ငါ့သားပညာရှင်ဖြစ်ရင် ငါစိတ်ပြောင့်ပြီ"

ပညာရှင်. . . ပညာရှင်. . . ပညာရှင်. . . အမေ ဒီစကားကို ခဏခဏပြောနေတယ်။ ငါ့အမေဟာ ငါ့ကို ပညာရှင်ဖြစ်ဖို့အတွက် စိတ်ဓာတ်မြှင့်တင်နေတာပဲ။ ငါ့အမေဟာ ငါတို့မောင်နှမနှစ်ယောက် ငယ်ငယ်လေးထဲက မိခင်ကောင်းတစ်ယောက်ရဲ့မေတ္တာကြီးမားစွာနဲ့တာဝန်တွေကျေခဲ့ရှာတယ်။ အေးချမ်းတဲ့အရိပ်အကြီးကြီးပေးခဲ့ရှာတယ်။ ဘဝမျိုးစုံကျင်လည်ပြီး သားနဲ့သမီးကိုရှာကျွေးခဲ့တယ်။ စခန်းမှူးကတော်ဘဝ၊ ရေခဲရေသည်ဘဝ၊ ကုန်စိမ်းသည်ဘဝ၊ ခေါက်ဆွဲသုပ်လက်သုပ်သည်ဘဝ၊ မုန့်ဟင်းခါးသည်ကြီးဘဝ အိုး - ဘဝစုံအောင် သားနဲ့သမီးကိုမညည်းမညူရှာကျွေးခဲ့ရှာတယ်။

လူတကာငေးကြည့်ရလောက်အောင် မျက်တောင်ကော့ကော့၊ မျက်ခုံးကောင်းကောင်း၊ စပယ်တင်မဲ့ကြီးနဲ့ ဆံပင်ကြီးက လှိုင်းလိုတွန့်ပြီး ခြေသလုံးထိအောင် ရှည်လျားလှပခဲ့တဲ့ ငါ့အမေ၊

လောကဓံတရားရဲ့ဒဏ်ကို အလူးအလဲခံရင်း၊ သားနဲ့သမီးကို ရင်ခွင်မှာပွေ့ထားရင်း -

မျက်လုံးလေးတွေရီဝေသွားရှာပြီ၊ မှိုင်းပျပျဖြစ်သွားရှာပြီ။

ကော့နေတဲ့မျက်တောင်လေးတွေ ငုတ်တိုဘဝရောက်သွားရှာပြီ။

ခြေဖျားနားထိရှည်လျားလှပခဲ့တဲ့ ပိတုန်းရောင်ဆံပင်ကြီးဟာ ခုတော့ ယယ်ထိပ်မှာ မုံညင်းဖိုးလောက်အထုံးလေးနဲ့ နေနေရရှာပြီ။

နားသယ်နားနဲ့ နဖူးထောင့်လေးတွေမှာ အလိပ်အခွေလေးတွေနဲ့ လှပခဲ့တဲ့ဆံနွယ်လေးတွေဟာ ခုတော့ ကြက်ပျောက်ငှက်ပျောက်ပျောက်ပြီး ပြောင်တလင်းခါကုန်ပြီ။

အမြဲတမ်းဖွေးပြီး လှပနေတဲ့ အမေ့သွားလေးတွေဟာ ဘယ်ရောက်ကုန်မှန်းမသိဖြစ်တဲ့သွားကဖြစ်ကုန်ပြီ။

ငါ့အမေ -

သူငယ်ငယ်က မြတ်နိုးခဲ့တဲ့ သူ့အလှတွေကို သူမမှုနိုင်လောက်အောင် ငါ့ကိုချစ်ခဲ့တာပါလား။

ငါ့အမေရဲ့နှလုံးသားဟာ အရမ်းလှနေပါလား။

သားလုပ်တဲ့လူကို ပညာရှင်ဖြစ်လာဖို့အားပေးတဲ့ ငါ့အမေရဲ့စကားသံတွေဟာ နုပျိုလို့နေပါလား။

သားအကြောင်းကို ပြောနေရရင် ပြုံးနေတဲ့ ငါ့အမေရဲ့မျက်နှာလေးဟာ ဘယ်သူနဲ့မှမတူအောင် အရမ်းလှနေပါလား။

သားကိုချစ်တဲ့အားမာန်တွေပြည့်လျှံလှချည်လား -

ငါ့ရင်ထဲမှာ -

ရောင်စုံပန်းလှလှလေးတွေထက် ပိုလှတဲ့ မေမေ -

အာကာယာဆုံးတေးသွားလေးတွေထက် သံစဉ်ပိုသာတဲ့ မေမေ -

အရိပ်လေးတွေအားလုံးထက်ပိုပြီး အေးမြတဲ့ မေမေ -

နေခြည်လေးတွေထက်ကို ပိုပြီး နွေးထွေးတဲ့ မေမေ -

ငါ့အမေအတွက် -

ငါ့အမေ ခေါင်းကလေးမော့ပြီး လမ်းလျှောက်နိုင်ဖို့အတွက် -

ငါ့အမေလက်မထောင်ဖို့အတွက် -

ငါ. . . ရှင်သန်မယ်၊ ငါကြိုးစားမယ် မိုင်ပေါင်းဘယ်လောက်ဝေးတဲ့ခရီးဖြစ်ပစေ တစ်နေ့ရောက်သွားမယ်ဆိုတဲ့စိတ်နဲ့ ငါလျှောက်မယ်။

ငါ့အမေ သူ ငါ့ကိုမြင်ချင်တဲ့အမြင် မြင်ရစေ့မယ်။

"ဟဲ့ - သား လူလေး"

"ဗျာ"

"ဟဲ့ - အမေကို ဘာတွေ [illegible] ကြည့်နေတာလဲ၊ အကြာကြီးပဲ [illegible] ကြည့်နေတာ"

"အေး - တူကြီး ဘာမှမပြော [illegible] ဦးလေးတောင်ငြိမ်နေရတယ်"

"ကျွန်တော်. . . ကျွန်တော်. . . အမေ. . . သားဆရာ့ဆီကလေး [illegible] လိုက်ဦးမယ်အမေ၊ ဒီညနေ စောစော [illegible] တော့ဘူး။ သားပြန်လာခဲ့မယ်"

ရွှေလ [illegible]

ဆရာဦးမောင်မောင် [illegible]

(ရင်ကိုအေးမြစေ [illegible]



www.burmeseclassic.com

www.burmeseclassic.com

# သစ်ဆုံ-အောင်မြင့်ဇော
# ဘဝအိုးအိမ်အကြွမ်းကြိုမ်

သဏ္ဍာဝါတို့သည် အာသဝေါကျေန် ခန်းခင် ဆုံးစမမြင်သည့် သံသရာတွင် ဘဝများစွာ ကျင်လည်နေကြရသည်။ ရခဲလှသည့်လူ့ဘဝရလာခိုက် ရင်းစားမရှုံးစေရန် ကုသိုလ်ကောင်းမှုများကိုသာကြိုးစားအားထုတ်ကြရပါမည်။ 'မကောင်းမှုရှောင် ကောင်းမှုဆောင် မြူအောင် စိတ်ကိုထား' ဟူသည့် ဘုရားရှင်တို့၏ အဆုံးအမကို အမြဲလိုက်နာကျင့်သုံးကြရပါမည်။

□ ကျင်လည်ရာဘဝများဝယ်

ရှေးအီဂျိပ်ယမှ ဘာသာအယူဝါဒများသည် အားလုံးလိုလို ရုပ်ဝါဒကိုပယ်၍ ဘဝသံသရာကို လက်ခံယုံကြည်ကြသည်တများသည်။ တစ်နည်းဆိုသော် လူသည် သေသည်၏အခြားမဲ့၌ အလုံးစုံပြတ်တောက်ကွယ်ပျောက်၍ အချည်းနှီးဖြစ်သွားသည်ဟူသောအယူကိုလက်မခံဘဲ လူသည် သံသရာမှမလွတ်မြောက်မီ ဘဝပေါင်းများစွာ ကူးပြောင်းကျင်လည်ရသည်ဟု ယုံကြည်ကြ၏။

(ဆရာကြီးဦးအေးမောင်၏ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒပထမတွဲ စာမျက်နှာ ၂၂၁)

အထက်ပါ ဖော်ပြချက်အတိုင်း ပင် စာရေးသူသည်လည်း နောင်တမလွန်ဘဝရှိသည်ကို ယုံကြည်ပါသည်။ တမလွန်ဘဝအကြောင်း စနစ်တကျ သုတေသနမလုပ်နိုင်သောငြား စာရေးသူ၏မိသားစုအတွင်း လူဝင်စားဇာတ်လမ်းအမှန်တကယ်ဖြစ်ပေါ်ခဲ့ပါသည်။တမလွန်ဘဝရှိသည်ကို သက်သေထူပြနေခြင်း မဟုတ်သော်လည်း တမလွန်ဘဝကို မယုံကြည်ကြသူများ ချင့်ချိန်နိုင်ရန်တင်ပြရခြင်းဖြစ်ပါသည်။

□ ဇာတ်အငွေ့ကထာများ

ဗုဒ္ဓသည် အဋ္ဌကတိုပယ်သော်လည်း မိမိကိုယ်တိုင်ပင် ဘဝများစွာ ကျင်လည်ခဲ့ကြောင်းဟောကြားသော စကားတော်များကိုထောက်၍ တမလွန်ဘဝရှိကြောင်း ထင်ရှားပါသည်။

□ အာနန္ဒာ ထိုအခါ ဇောတိပါလ ဗြာဟ္မဏအမျိုးသားသည်အခြားမဟုတ်၊



လွှတ်လွှန်လု သာကြွင်လု မိုးရွှား (ခေါ်) ကိုကိုအောင်



လွှတ်လွှန်လု သာကြွင်လု
မိုးရွှား (ခေါ်) ကိုကိုအောင်



မြေအကြွင် ပြန်လည်ဝင်စားသူ
မိုးဇော် (ခေါ်) အောင်အောင်ဖိုး



မြေအကြွင် ပြန်လည်ဝင်စားသူ
မိုးဇော် (ခေါ်) အောင်အောင်ဖိုး

www.burmeseclassic.com

ငါဘုရားပင်ဖြစ်၏။)

(မဇ္ဈိမနိကာယ် ဃဋိကာရသုတ်)

◘ ထိုအခါက မခါဒေဝမင်းသည် အခြားသူမဟုတ်၊ ငါဘုရားပင်ဖြစ်၏။

(မဇ္ဈိမနိကာယ် မခါဒေဝသုတ်)

အထက်ပါစကားများသည် တမလွန်ဘဝရှိကြောင်း ပြသလျက်ရှိပါသည်။

◘ လူဝင်စားသုတေသန

လွန်ခဲ့သော (၂၅) နှစ်ခန့်က ရန်အောင်ကျေးရွာရှိ စာရေးသူ၏နေအိမ်သို့ ဆရာကြီးဦးဝင်းမောင် (တက္ကသိုလ်ထင်ကြီး၏ညီ) နှင့် အမေရိကန်လူမျိုးလူဝင်စားသုတေသီ ပါမောက္ခကြီးတို့ ခေတ္တဝင်ရောက် နားခိုခဲ့ဖူးပါသည်။ ထိုစဉ်က ဝါးရုံစုရွာရှိ လူဝင်စားတစ်ဦးကို လာရောက် သုတေသနပြုခြင်းဖြစ်ပါသည်။ နောင်တွင် ဆရာကြီးဦးဝင်းမောင်မှ မြန်မာဘာသာဖြင့် လူဝင်စားများနှင့် ပတ်သက်သည့်စာအုပ်တစ်အုပ်ထုတ်ဝေခဲ့ဖူးပါသည်။

◘ ဖိုးခွားမှ ဖိုးပီတီသို့

စာရေးသူတွင် သမီး (၅)ဦး၊ သား (၁) ဦး ထွန်းကားခဲ့ပါသည်။ သားမှာ တတိယမြောက်ကလေးပင်ဖြစ်ပါသည်။ မွေးစဉ်ကတည်းက အသားဖြူဖြူ မေးရိုးကားကား၊ ထွားထွားကျိုင်းကျိုင်းဖြစ်၍ ကရင်ကလေးနှင့်တူနေသဖြင့် ချစ်စနိုးဖြင့် ဖိုးခွားဟု မှည့်ခေါ်ခဲ့ကြပါသည်။ တနင်္လာသားဖြစ်၍ ကျောင်းနာမည်မှာ ကိုကိုအောင် ဖြစ်ပါသည်။

◘ မန္တလေးသို့

သားဖိုးခွား အငြိမ်တန်းဖြေဆိုပြီးချိန်တွင် စာရေးသူ၏ညီမဖြစ်သူနှင့်အတူ မန္တလေးသို့ အလုပ်လုပ်ရန် လိုက်ပါသွားပါသည်။ စာရေးသူ၏ အငယ်တန်းစာရေးလစာလေးနှင့် မိသားစုစားဝတ်နေရေးမပြေလည်သည်ကို သားက နားလည်၍ မိသားစုတာဝန်ထမ်းရန် အလုပ်လုပ်ခြင်းဖြစ်ပါသည်။

မန္တလေးမြို့ (၄၁) လမ်း၊ စိန်ပန်းရပ်၊ သံလျက်မော်အရှေ့ မိတ်ဆွေဖြစ်သူ မောင်သိန်းတန် (ဖိုးကုလား) တို့နေအိမ်တွင်နေထိုင်၍ ကျောက်စိမ်းလုပ်ငန်းများကို အောက်ခြေသိမ်းမှစ၍ လေ့လာလုပ်ကိုင်ပါသည်။ တစ်ဖက်မှလည်း အထက-၂၄တွင် ကျောင်းတက်၍ပညာသင်ပါသည်။ သူရရှိသောလုပ်ခများမှ စာရေးသူတို့ထံလည်း မှန်မှန်ပေးပို့ထောက်ပံ့ခဲ့၏။ သားမှာ အသောက်အစားအပျော်အပါး မလိုက်စားပါ။ ကွမ်း၊ ဆေးလိပ်၊ အရက်၊ လောင်းကစားအားလုံးကင်း[illegible]သည်။ သားလိမ္မာတစ်ဦးဖြစ်ပါသည်။

◘ အိမ်ထောင်ရေးခြင်း

မန္တလေးတွင် (၃)နှစ်ခန့်အလုပ်လုပ်ပြီး ရန်အောင်သို့ပြန်လာပါသည်။ ၎င်း၏ငွေအရင်းအနှီးဖြင့် အမျိုးအစားကောင်းသော ကင်မရာ (၁) လုံးဝယ်ပြီး ဓာတ်ပုံရိုက်လုပ်ငန်း လုပ်ကိုင်ပါသည်။ ဝင်ငွေကောင်းပါသည်။ မိသားစုကိုလည်း အမြဲထောက်ပံ့နိုင်ပါသည်။ မကြာမီ ရန်အောင်မှ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ မိန်းကလေး (၁)ဦးနှင့် မေတ္တာမျှကြ၍ လက်ထက်မင်္ဂလာပွဲကျင်းပပေးခဲ့ပါသည်။

◘ ဘဝဝင့်ကြွား

သားက ဓာတ်ပုံရိုက်လုပ်ငန်းဆက်လက်လုပ်ကိုင်ပြီး ချွေးမဖြစ်သူက စက်ချုပ်လုပ်ငန်းလုပ်ကိုင်ကြရာ ဝင်ငွေကောင်းကြပါသည်။ ဇနီးမောင်နှံ (၂)ဦးမှာ ရှေ့လုပ်ငန်းစဉ်များကို စိတ်ကူးကြံဆရင်း ပျော်ရွှင်သောမိသားစုဘဝကလေးကို အတူတည်ဆောက်ကြပါသည်။

သို့သော် ကြမ္မာဆိုးဝင်ခဲ့ပါသည်။ သားနေမကောင်း၍ မိတ္ထီလာရှိအထူးကုဆရာဝန်များနှင့် ပြသစစ်ဆေးခဲ့ရာ အဆုတ်ကင်ဆာဖြစ်နေကြောင်း သိရှိရပါသည်။ ၎င်းရောဂါဖြင့်ပင် သားကွယ်လွန်ခဲ့ပါသည်။

◘ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်ကြီး (၁၁) သုတ်တရားခွေ

သားနေမကောင်း၍ အိပ်ရာထဲလဲသည့်အချိန်မှစ၍ မင်းကွန်းဆရာတော်ကြီး၏ပရိတ်ကြီး (၁၁)သုတ်တရားခွေကို အမြဲဖွင့်ပေးပါသည်။ သားက လက်အုပ်ချီ၍ ရိုသေစွာ အမြဲနာယူပါသည်။ ကွယ်လွန်ချိန်အထိဖြစ်ပါသည်။ မကွယ်လွန်မီ မိုးကုတ်တွင်နေထိုင်သော စာရေးသူ၏ သမီးဖြစ်သူကို ခေါ်ယူ၍ မောင်နှမချင်း တွေ့ဆုံပေးခဲ့ပါသည်။ သားကွယ်လွန်ပြီး သင်္ဂြိုဟ်ပြီးမှ မိုးကုတ်သို့ပြန်သွားခဲ့သည်။

◘ မိုးကုတ်လှွင်[illegible] သား[illegible]

သမီးဖြစ်သူ မိုးကုတ်ရောက်ပြီး မကြာမီအိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် အမျိုးသမီးတစ်ဦးက-

"ရှော့ရှော့-ဖိုးခွားရဲ့ကလေးလေး"

ဟုပေး၍ လှမ်းယူလိုက်ရာတွင် ကလေးငယ်မှာ မောင်ဖြစ်သူ ဖိုးခွားဖြစ်သွားသည်ဟု အိပ်မက်မက်ပါသည်။ ရက်လစေ့သောအခါ သားလေးဖွားမြင်သည်။ ဖိုးပီတီဟုနာမည်ပေးကြပါသည်။ ဖိုးပီတီ (၈)လသား ခန့်ရှိသောအချိန်တွင် သမီးတို့မိသားစု ရန်အောင်သို့အလည်လာရောက်ခဲ့ကြသည်။

◘ သားသားမှဆိုး

တနေ့တွင် မြေးဖိုးပီတီကိုချီ၍ အိမ်ရှေ့ရှိ အဝတ်များလှန်းထားသော ကြိုးတန်းများအနီးတွင် လမ်းလျှောက်နေပါသည်။ ပုဆိုးတစ်ထည်အနားအရောက်တွင် ပုဆိုးကို လက်ညှိုးထိုး၍ သူ့ရင်ဘတ်ကိုပုတ်ပြီး -

"သား. . . သား"

ဟု မြေးကပြောပါသည်။ မြေးက စကားမပြောတတ်သေးပါ။ ထိုအခါမှ ပုဆိုးကိုကြည့်လိုက်ရာ သားဖိုးခွားအမြဲဝတ်ခဲ့သော ကွယ်လွန်သူသား၏ ပုဆိုးဖြစ်နေသည်ကို အံ့ဩစွာတွေ့ရပါသည်။ စာရေးသူမှ အခြားတစ်ထည်ကိုပြ၍-

"သားသား ဒါတော"

ဟုမေးရာ ခေါင်းယမ်းပြပါသည်။ စာရေးသူ၏လက်ကိုဖယ်၍ မူလပြရာပုဆိုးကိုထပ်ပြပါသည်။ စတင်၍သတိပြုမိခြင်းဖြစ်ပါသည်။

◘ ကြယ်သီး

တစ်ခါသော် စာရေးသူတို့ထမင်းစားနေ၍ ဖိုးပီတီကို ခေတ္တချီထားရန် [illegible] အောင် (ယခုအထပြ-ပန်းစုံ အထက-ပျော်ဘွယ်) အား ကလေးပေးလိုက်[illegible] သည်။ ဖိုးပီတီက ငိုနေ၍ နီနီအောင်မှ သူ့ရင်ဘတ်ကိုပုတ်ပြ၍ -

"သားသား ဒီမှာကြည့်"

ဟု ပြော၍ ကလေးကိုချော့[illegible] သည်။ ထိုအခါ ကလေးက ချက်ချင်း အင်္ကျီကိုတိ၍ ရုတ်တရက် 'ကြယ်သီး' [illegible] ပီပီသသပြောချလိုက်ရာ နီနီအောင်[illegible] သွားပါသည်။ သူ့ရင်ဘတ်မှ ကြယ်[illegible] များကို မြင်သွား၍ဖြစ်ပါသည်။ [illegible] မပြောတတ်သေးဘဲ ကြယ်သီးကို[illegible] ရုတ်တရက်ပြောလိုက်ခြင်းဖြစ်ပါ[illegible] ယခင်ဘဝက စက်ချုပ်သမ[illegible] [illegible] ကြယ်သီးများ[illegible] သီးများအမြဲမြင်တွေ့နေခြင်း[illegible] ဖြစ်မည်ဟု စာရေးသူထင်ပါသည်။

စာရေးသူတို့မိသားစုမှာ [illegible]

www.burmeseclassic.com

ကို ဘဝဟောင်းမှ ဖိုးခွားဝင်စားသည်ဟု တထစ်ချယုံကြည်ကြပါသည်။ မိုးကုတ်မှ သမီးမှာ တတိယကလေးမွေးဖွားရာ နို့ညှာဖြစ်သူ ဖိုးပီတိမှာ နို့မျက်မည်ဖြစ်ပါသည်။ ကလေး(၃)ယောက်နှင့် မနိုင်မနင်းဖြစ်မည်ကို စိုးရိမ်ကြပါသည်။ စာရေးသူတို့ဇနီးမောင်နှံ မိုးကုတ်လိုက်သွားပါသည်။ ဖိုးပီတိကို ရန်အောင်လိုက်မလားမေးရာ လိုက်မည်ဟု ခေါင်းညိတ်ပြပါသည်။ ဖိုးပီတိအသက်မှာ (၁)နှစ် (၈)လခန့်ရှိပြီဖြစ်ပါသည်။ ရန်အောင်ကိုခေါ်ခဲ့မည်။ မပျော်လျှင် ပြန်ပို့မည်ဆိုပြီး ကလေးကို ခေါ်ခဲ့ကြပါသည်။

မိုးကုတ်မှာ ရာသီဥတုအေး၍ ရန်အောင်မှာ ပူပါသည်။ သို့သော် ဖိုးပီတိကလေးမှာ ချွေးများထွက်ပြီး ပူအိုက်နေသော်လည်းမငိုပါ။ ရန်အောင်မှာပျော်နေပါသည်။

□ **ပရိတ်ကြီးတိပ်ခွေ**

ဖိုးခွားကွယ်လွန်ချိန်မှစ၍ မင်းကွန်းဆရာတော်ကြီးတိပ်ခွေဖွင့်တိုင်း ဇနီးဖြစ်သူမှာ အမြင်ငိုနေ၍ မဖွင့်တော့ပါ။ ယခုနှစ်တွေကြာပြီဖြစ်၍ -

"နင်ငိုချင်လည်းငိုတော့။ ဆရာတော်ကြီးပရိတ်မနာရတာကြာပြီ"

ဟု ပြောပြီး ကျွန်တော်က ပရိတ်ကြီးတိပ်ခွေဖွင့်ပါသည်။ စာရေးသူတို့ဇနီးမောင်နှံ (၂)ဦးသာ ရှိပါသည်။ ပရိတ်တရားကိုသာ အာရုံစိုက်၍နာနေကြပါသည်။ ထိုအခါ တစ်နေရာတွင် ကစားနေရာမှ ဖိုးပီတိရောက်လာပြီး သူ့ကိုမည်သူကမျှမမေးဘဲပြောပါတော့သည်။

"သား ဒီတိပ်ခွေကို နားထောင်ဖူးတယ်"

စာရေးသူက ပြန်မေးလိုက်ပါသည်။

"ဘယ်မှာနားထောင်ဖူးတာလဲ"

"အရှေ့အိမ်မှာ"

"အရှေ့အိမ်ဘယ်နားမှာလဲ"

"ခုတင်ပေါ်မှာ"

"ဘယ်ခုတင်လဲ"

"ကြောင်စာကျွေးတဲ့ ခုတင်ပေါ်မှာ"

ဟု အတိအကျဖြေပါသည်။

ထိုအချိန်က စာရေးသူတို့မှာ မူလအိမ်၏အနောက်ဘက် တစ်လမ်းကျော်ရှိနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အရှေ့အိမ်မှာဟု ဖြေခြင်း ဖြစ်ပါသည်။ ကြောင်စာကျွေးတဲ့ခုတင်ဆိုသည်မှာလည်း ဖိုးခွားမကွယ်



လွန်မီ အိပ်ခဲ့သောခုတင်ဖြစ်ပါသည်။ အားလုံးအတိအကျဖြစ်ပါသည်။

□ **သားစက်ဘီး**

တစ်နေ့တွင် ဖိုးပီတိကို စမ်းသပ်ကြည့်မိပါသည်။ အိမ်တွင် စက်ဘီး (၃) စီးရှိပါသည်။ ဖိုးခွားစီးခဲ့သောစက်ဘီးကို အောက်ဆုံးတွင် ထပ်၍ထောင်ထားပါသည်။ စက်ဘီးတစ်စီးချင်းကိုင်ပြ၍-

"ဒါ သားစက်ဘီးလား"

ဟု မေးရာ -

"မဟုတ်ဘူး"

ဟုပြော၍ အောက်ဆုံးမှ ဖိုးခွားစက်ဘီးကိုကိုင်ပြီး-

"ဒါမှ သားစက်ဘီး"

ဟု ပြောရာ အံ့အားသင့်မိပါသည်။

□ **သားပစ္စည်းတွေ**

ကွယ်လွန်သူသားဖိုးခွား၏အသုံးအဆောင်ပစ္စည်းကလေးများကိုသေတ္တာတစ်လုံးတွင်ထည့်၍ သိမ်းဆည်းထားပါသည်။ တစ်နေ့တွင် စာရေးသူ၏သမီးတစ်ဦးမှ ၎င်းသေတ္တာကိုဖွင့်၍ သူလိုသောပစ္စည်းကိုရှာနေပါသည်။ နောက်မှ ရုတ်တရက် ဖိုးပီတိရောက်လာပြီး-

"ဟာ - ဒါသားရဲ့သွားပွတ်တံ၊ ဒါကလည်း သားကင်မရာထည့်တဲ့အိတ်၊ ဒါကလည်း သားခေါင်းဘီး၊ ဒါကလည်း သားပစ္စည်းတွေပဲ"

ဟု ပြောချလိုက်ပါသည်။

ထိုအခါ သမီးဖြစ်သူမှာ ကွယ်လွန်သူ အစ်ကိုဖြစ်သူ ဖိုးခွားကိုသတိရပြီး ငိုယို၍ပြန်လာပါသည်။

□ **ဘဝဆိုတာ ဒီလိုပါပဲ**

တစ်နေ့တွင် စာရေးသူတို့ဇနီးမောင်နှံမှ အိမ်ခြံဝိုင်းထဲတွင် ပေါင်းမြက်များနုတ်မည်ဟုပြောပြီး ထွက်လာပါသည်။

ထိုအခါ ဖိုးပီတိမှ တောင်းတစ်လုံးကိုဆွဲပြီး -

"သားလည်းလိုက်မယ်"

ဟုပြောပြီး လိုက်လာပါသည်။ ဖိုးပီတိက ပါးစပ်မှလည်း ရုတ်တရက် -

"ဘဝဆိုတာ ဒီလိုပါပဲ"

ဟု သီချင်းအပိုင်းအစကိုဆိုပြီး ညည်းလိုက်ပါသည်။

ထိုစဉ်က ကက်ဆက်မရှိတော့ တိပ်ခွေလည်းမဖွင့်တော့ပါ။ ဖိုးခွားဘဝတုန်းက ခေတ်စားခဲ့သော စတူရီယိုတေးတစ်ပုဒ်၏ အပိုင်းအစဖြစ်ပါသည်။ ကိုင်ဇာရဲ့သီချင်းဟု ထင်ပါသည်။ မမှတ်မိတော့ပါ။ ၎င်းသီချင်းကိုလည်း ဖိုးပီတိမကြားဘူးခဲ့ပါ။

□ **သားဂီတာမတီးတတ်တော့ပါ**

တစ်နေ့တွင် ဖိုးပီတိတစ်ဦးတည်း အေးအေးဆေးဆေးထိုင်၍ ပါးစပ်မှတွေ့ကရာသီချင်းများအော်ဆိုပြီး ကလေးကစားစရာဂီတာအသေးလေးကို စိတ်ပါလက်ပါတီးခတ်နေပါသည်။ စာရေးသူက သူ့နောက်မှအသာရပ်ကြည့်နေပါသည်။ ဂီတာတီးနေရင်း ရုတ်တရက် အတီးရပ်ပြီး-

"ဟာ - သားဂီတာမတီးတတ်တော့ဘူး"

ဟု သူ့ဘာသာညည်းနေပါသည်။

ဟိုဘက် ဖိုးခွားဘဝက ဖိုးခွားဂီတာတီးတတ်မည်ဟုထင်နေခဲ့ဟန်ရှိပါသည်။

□ **ခတ်ပုံစတိုင်လည်းတူ**

ဖိုးပီတိဓာတ်ပုံရိုက်ရာတွင် ယခင်ဖိုးခွားဘဝကရိုက်ခဲ့သည့်ဓာတ်ပုံပိုစ်မျိုးဖြစ်နေတတ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ဖိုးခွားဘဝတွင် အိမ်မှဆိတ်မကြီးက မွေးခဲ့သော ဆိတ်နက်ကလေးပုံစံကိုလည်း ယခု ဖိုးပီတိဘဝရောက်ချိန်တွင် အခြားဆိတ်မတစ်ကောင်က ပုံစံတူမွေးလာပါသည်။ ထူးခြားသောတိုက်ဆိုင်မှုများဖြစ်ပါသည်။

□ **ဘဝဟောင်းအိမ်အကြိမ်ကြိမ်**

နိဗ္ဗာန်မရမီ ဘဝပေါင်းများစွာ ကျင်လည်ကြရပါဦးမည်။နောင်တမလွန်အရေးမျှော်တွေးပြီး ဘဝကူးကောင်းရေးရင်းစားမရှုံးရေး ကျွန်တော်တို့ကြိုးစားပြီး ကျင့်ကြံကြရဦးမည်ဖြစ်ကြောင်း ဘဝပြောင်းတစ်ခု ရေးသားပြလိုက်ရခြင်းဖြစ်ပါသည်။

သစ်ဆုံ-အောင်မြင့်ဓော



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

ဒေါ်ရော်သီအယ်ဒီတို့မိသားစု ဤဆော်(လ်)ဗရီလွင်ပြင်ရှိ ကျောက်တုံးစက်ဝိုင်းများနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ဂူသင်္ချိုင်းဟောင်းများကို သွားရောက်ကြည့်ရှုခဲ့ကြ၏။ ထူးဆန်းအံ့ဖွယ်သရဲနှင့်ကြုံရပြန်၏။ အဘယ်ကြောင့်ဆိုသော် အထက်ဖော်ပြပါ သင်္ချိုင်းဂူများ၊ သင်္ချိုင်းမြေပုံများ၊ ကျောက်တုံးအကျိုးအပဲ့များ၊ ဟုဆိုရပေတော့မည်။ သူတို့မိသားစု ဒဗ္ဗလင်မြို့သို့ရောက်ရှိနေသည့်အချိန်မှာပင် အိုင်ယာလန်နိုင်ငံတွင် ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြမှုများ အိုင်ယာလန်နိုင်ငံတစ်နံတစ်လျားတွင် ဖြစ်ပွားနေသောအချိန်ဖြစ်၏။ အိုင်ယာလန်နိုင်ငံသားတို့သည် ဘိုးစဉ်ဘောင်ဆက် အိုင်ယာလန်နိုင်ငံလွတ်လပ်ရေးကို တောင်းဆိုခဲ့သည်။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ခြင်းသည် အိုင်ယာလန်မျိုးချစ်တို့အတွက်



# လှမိုး(ပညာရေး)
## နိုင်းမြစ်ကမ်းမှလွမ်းရိပ်သာ

(အခန်းဆက်ဆောင်းပါး)

ကျောက်ပြားများအကြားတွင်အလေ့ကျပေါက်နေသော အီဂျစ်ပုတီးစေ့ပင်များ (ထိုအပင်များကို ဒေသခံအများကမူ မံမီ၏ ပုတီးစေ့ပင် Mummy beads များဟု ခေါ်ဝေါ်လေ့ရှိ၏။)ကိုတွေ့ရာ ဒေါ်ရော်သီအဖို့ ဤအပင်များသည် အင်္ဂလန်နိုင်ငံအခြားပြည်နယ်များတွင် အလေ့ကျပေါက်ခြင်းမရှိဘဲ အဘယ်ကြောင့် ဤကျောက်တုံးစက်ဝိုင်းများရှိသည့်လွင်ပြင်တွင် အလေ့ကျပေါက်နေကြသနည်း၊ ရှေးပဝေသဏီက အီဂျစ်လူမျိုးနွယ်များနယ်သစ်ရှာဖွေစမ်းလေ့လာသူများ အဏ္ဏဝါဖျော် အီဂျစ်လူမျိုးကုန်သည်များ ဤအရပ်ဒေသသို့ ရောက်ရှိလာခဲ့ပြီး ဤကျောက်တုံးများတည်ဆောက်မှုနှင့် အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းနှင့် သင်္ချိုင်းဂူများတွင် အလေ့ကျပေါက်သည့်ပုတီးစေ့ပင်များကို စိုက်ပျိုးခဲ့ဟန်တူသည်ဟု ယူဆခဲ့၏။

ဒေါ်ရော်သီအယ်ဒီမိသားစုသည် အင်္ဂလန်နိုင်ငံ တစ်နံတစ်လျား ခေတ္တခဏလေ့လာရေးခရီးထွက်ခဲ့ကြပြီး အိုင်ယာလန်နိုင်ငံသို့ ခရီးဆက်ခဲ့သည်။ သူတို့မိသားစု အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့သို့ရောက်ရှိခဲ့သည်၊ တိုက်တိုက်ဆိုင်ဆိုင် အခွင့်အလမ်းတစ်ခုပေါ်လာသည်ဟု ဆိုရမည်ဖြစ်၏။ အင်္ဂလိပ်တို့၏အခက်သည် အိုင်ယာလန်နိုင်ငံသားတို့အတွက် ထူးခြားသောအခွင့်ကောင်းဟု ယူဆကာ အိုင်ယာလန်မျိုးချစ်တို့သည် အိုင်ယာလန်နိုင်ငံလွတ်လပ်ရေးရရှိရေးကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သည်၊

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး အင်္ဂလန်နိုင်ငံတွင် ဒုက္ခများပင်လယ်ဝေနေစဉ် အိုင်ယာလန်မျိုးချစ်တို့သည် ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်လာခဲ့သည်။ အင်္ဂလန်နိုင်ငံမှ ဒေးလီးမေး(လ်)သတင်းစာကြီး အပါအဝင် သတင်းစာအချို့သည် အိုင်ယာလန်မျိုးချစ်များဘက်မှ ထောက်ခံ ရေးသားပေးခဲ့ကြသည်။ ဒဗ္ဗလင်မြို့တော်ရှိ ဒေါ်ရော်သီအယ်ဒီတို့မိသားစုတည်းခိုသောတော်ဝင်ဟိုတယ်မှာ လူစည်ကားရာရပ်ကွက်အတွင်းတည်ရှိရာ အိုင်ယာလန်မျိုးချစ်တို့၏ ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြပွဲများကျင်းပလေ့ရှိသော အပန်းဖြေပန်းခြံနှင့်နီးလျက်ရှိ၏။ ဆန္ဒပြပွဲအား ဗြိတိသျှအာဏာပိုင်များက အင်အားသုံး၍ဖြိုခွင်းပုံကို ဒေါ်ရော်သီအယ်ဒီသည် မျက်ဝါး ထင်ထင်တွေ့မြင်ခဲ့သဖြင့် ဗြိတိသျှအစိုး... ဆန့်ကျင်ရေးဝါဒကို ဒေါ်ရော်သီအယ်... ပါ ကိုင်းညွတ်လာသည်။ ဗြိတိသျှအစိုး... သည် နယ်ချဲ့ဝါဒကို လက်ကိုင်ထား... တစ်ကမ္ဘာလုံးရှိ ဖွံ့ဖြိုးတိုးတက်မှုမရှိသော... နိုင်ငံများအား အဘက်ဘက်မှ တိုးတ... စေရန်ဟု အကြောင်းပြ၍ နည်းလ... အမျိုးမျိုးနှင့် သိမ်းပိုက်ခဲ့၏။

အိုင်ယာလန်နိုင်ငံတွင်လည်း... ဗြိတိသျှအစိုးရသည် ဤဝါဒကို လက်ကိ... ထားခဲ့သည်။ လွတ်လပ်ရေးပေး... တောင်းဆိုခဲ့သော မျိုးချစ်ပြည်သူမျာ... နည်းလမ်းအမျိုးမျိုးဖြင့် ဖိနှိပ်ခဲ့သည်... ဖြစ်ရပ်များကို ကြားခဲ့ရသည်သာ... မျက်မြင်ဖြစ်လာခဲ့သော ဒေါ်ရော်... အယ်ဒီသည် ဒဗ္ဗလင်မြို့တော်အနှံ့အ... တွင်ကျင်းပခဲ့သည့် ဗြိတိသျှအစိုး... ကျင်ရေးဆန္ဒပြပွဲများကို တက်ရော... ခဲ့သည်သာမက ဗြိတိသျှအစိုးရဆန့်... ဆန္ဒပြပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့... ဒခင်ဖြစ်သူ မစ္စတာရူပင်အယ်ဒီ... သမီးဖြစ်သူအား ဆန္ဒပြပွဲမှ တည်းခို... ဟိုတယ်သို့ဆွဲ၍အတင်းခေါ်ယူခဲ့ရ...

ဒေါ်ရော်သီအယ်ဒီသည်... ခုနှစ်ဦးပိုင်းတွင် အီဂျစ်နိုင်ငံတွင်... ခဲ့သော ဗြိတိသျှအစိုးရဆန့်ကျင်ရေး...




www.burmeseclassic.com

www.burmeseclassic.com

ပြပွဲများကို ပြန်လည်သတိရလာသည်။ အီဂျစ်မျိုးချစ်လူငယ်များသည် ထိုစဉ်က ဝဖ်သာန(Wafd)လှုပ်ရှားမှုများအမည်ဖြင့် အီဂျစ်နိုင်ငံအနှံ့အပြား ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြပွဲများ ကျင်းပခဲ့သည်။ အီဂျစ်နိုင်ငံမှာ ဗြိတိသျှတို့အကာအကွယ်ပေးသောနိုင်ငံတစ်နိုင်ငံဟုဆိုရမည်ဖြစ်သော်လည်း အီဂျစ်အစိုးရမှာ နာမည်ခံ အစိုးရဖြစ်ခဲ့ပြီး နောက်ကွယ်မှ ဗြိတိသျှနိုင်ငံခြားရေးဌာနက ကြိုးကိုင်ထားခဲ့သည်။

အီဂျစ်အမျိုးသားဝဖ်သာနလှုပ်ရှားမှုကြီးကိုခေါင်းဆောင်သူမှာ ဆက်(ဒ်)ဇက်ဟာလူပါရှားဆိုသူဖြစ်သည်။ ထိုလှုပ်ရှားမှုကြီးမှာ သာမန်ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြပွဲများမှတစ်ဆင့် အီဂျစ်နိုင်ငံကျေးလက်ဒေသများတွင် လက်နက်ကိုင်ပုန်ကန်မှုများအထိ ဖြစ်ပွားလာခဲ့သည်။ ယင်းသတင်းများကို ထိုစဉ်က အင်္ဂလန်နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများ၏မျက်နှာဖုံးတွင် အကျယ်တဝင့် ဖော်ပြပေးခဲ့သဖြင့် ဒေါ်ရော်သီအယ်ဒီသည် အီဂျစ်ဝဖ်သာနလှုပ်ရှားမှုများ၊ ဗြိတိသျှဆန့်ကျင်ရေးလက်နက်ကိုင်တိုက်ပွဲဝင်မှုများကို စောင့်ကြည့်လေ့လာခဲ့သည်။ ထို



အီဂျစ်တို့၏ ဝဖ်သာနလှုပ်ရှားမှုကြီးနှင့် လက်နက်ကိုင်တော်လှန်မှုကို အိုင်ယာလန်မျိုးချစ်အဖွဲ့အစည်းများကထောက်ခံခဲ့သည်။ ဤအီဂျစ်နိုင်ငံတွင် ဖြစ်ပွားသော ဗြိတိသျှဆန့်ကျင်ရေးပုန်ကန်မှုကို ထောက်ခံကြောင်းနှင့် အီဂျစ်ပြည်သူများ၏ဆန္ဒကို စာနာမိပါကြောင်း ကြေညာချက်ကို အိုင်ယာလန်ဆင်ဖိန်းအဖွဲ့ကြီးက ထုတ်ပြန်ကြေညာခဲ့သည်။

ဗြိတိသျှအစိုးရသည် အီဂျစ်ဝဖ်သာနလှုပ်ရှားမှုများနှင့် လက်နက်ကိုင်ပုန်ကန်မှုကို ရက်ရက်စက်စက် ဖိနှိပ်ခဲ့သဖြင့် ဒေါ်ရော်သီအယ်ဒီမှ ထိုစဉ်ကပင် ဗြိတိသျှမုန်းတီးရေးစိတ်ပြင်းပြခဲ့၏။ သို့ဖြစ်၍ ဒဗ္ဗလင်မြို့တော်တွင်ကြုံတွေ့ခဲ့ရသော အိုင်ယာလန်ဆင်ဖိန်းမျိုးချစ်လူငယ်အဖွဲ့အစည်း၏ဆန္ဒပြမှုများတွင် ဒေါ်ရော်သီအယ်ဒီ ပါဝင်လှုပ်ရှားခဲ့ခြင်းဖြစ်၏။

မစ္စတာရှုဗင်အယ်ဒီသည် အိုင်ယာလန်နိုင်ငံမှ လန်ဒန်မြို့သို့ အမြန်ဆုံးပြန်လာခဲ့သည်။ မစ္စတာရှုဗင်အဖို့ အဝင်းမြေခရီးမှပြန်လာခဲ့သည်နှင့် ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေအရ သူ၏အပ်ချုပ်ဆိုင်လုပ်ငန်းမှာကျဆင်းလာသည်ကိုသတိပြုမိလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးမှာ တစ်နေ့တခြား ပြောင်းလဲလာသဖြင့် သူ့အပ်ချုပ်ဆိုင်လုပ်ငန်းအစား အခြားစီးပွားရေးလုပ်ငန်းတစ်ခု ပြောင်းလဲလုပ်ကိုင်ရန် စဉ်းစားမိလာသည်သာမက မိသားစုအား လန်ဒန်မြို့တော်မှ အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန် စီမံလာခဲ့၏။

ထိုအချိန်တွင် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ရုပ်ရှင်ပြသရေးလုပ်ငန်းမှာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သောလုပ်ငန်း ဖြစ်လာသည်။ သို့ဖြစ်၍ မစ္စတာရှူဗင်အယ်ဒီအဖို့ မိမိယုံကြည်စိတ်ချရသောမိတ်ဆွေများနှင့်ပူးပေါင်း၍ အင်္ဂလန်နိုင်ငံ ပလိုင်းမောက်မြို့တွင် ခေတ်မီရုပ်ရှင်ရုံတည်ဆောက်ပြီး အမေရိကန်ပြည်ထောင်စု ဟောလီဝုဒ်မှ ထုတ်လုပ်သောရုပ်ရှင်ကားများ ရုံတင်ပြသခြင်းဖြင့် စီးပွားတိုးတက်လာနိုင်သည်ဟု ယုံကြည်ထားရကား သူ၏ လန်ဒန်မြို့တော်မှ အပ်ချုပ်လုပ်ငန်းကို သင့်တော်သောဈေးဖြင့် ရောင်းချလိုက်တော့သည်၊ ဤလုပ်ငန်းကိုရောင်းချ၍ရရှိသောငွေလုံးငွေရင်းမှာ ခေတ်မီရုပ်ရှင်ရုံကြီးတစ်ရုံတည်ဆောက်ရေးနှင့် ဟောလီဝုဒ်မှ နာမည်ကြီးသရုပ်ဆောင်များပါဝင်သော ရုပ်ရှင်ကားကြီးများကို ကြိုတင်ငှားရမ်းရေးတို့မှာ လုံလောက်ခြင်းမရှိခဲ့။

ရုပ်ရှင်လုပ်ငန်းမှ လွန်ခဲ့သောနှစ်ပေါင်း (၃၀)ခန့်ကပင် အမေရိကန်ပြည်ထောင်စုတွင် စတင်ခဲ့သည်ဟု ဆိုရစေကာမူ ၁၉၂၀ ခန့်တွင်မူ ထူးထူးခြားခြား အမြတ်အစွန်းရသည့်လုပ်ငန်းတစ်ခုဖြစ်လာသည်။ ဟောလီဝုဒ်ဟူသောအမည်သည် ပထမကမ္ဘာစစ်ပြီးကာလတွင် အင်္ဂလန်နိုင်ငံလူထုနှင့် ဥရောပတိုက်နိုင်ငံအသီးသီးရှိ လူထုအဖို့ အကျွမ်းတဝင်နားယဉ်သည့် ဝေါဟာရဖြစ်လာသည်။ ဟောလီဝုဒ်သည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တွင်တည်ရှိပြီး ကမ္ဘာ့ရုပ်ရှင်ဇာတ်ကားများ အကြီးအကျယ်အများဆုံးထုတ်လုပ်ဖြန့်ဖြူးရာမြို့တော်အဖြစ် နာမည်ကျော်လာသည်။ အမှန်အားဖြင့် မြို့တော်ကြီးတစ်မြို့မဟုတ်ပါ။ လော့(စ်)အိန်လိပြည်နယ်၏မြို့ကလေးတစ်မြို့သာဖြစ်သည်၊

သို့သော် ဟောလီဝုဒ်သည် တောင်တန်းများ၊ မြိုင်တောများအကြားတွင် သာယာသောမြို့ကလေးဖြစ်သဖြင့် ရုပ်ရှင်ထုတ်လုပ်ဖြန့်ဖြူးရာမြို့ ဖြစ်လာသည်။ အမေရိကန်ပြည်ထောင်စုမှထုတ်လုပ်သောရုပ်ရှင်ကားများ၏ (၉၀)ရာခိုင်နှုန်းမှာ ဟောလီဝုဒ်မှ ထုတ်လုပ်ဖြန့်ဖြူးခဲ့သည်။ အင်္ဂလန်နိုင်ငံမှ ဖြန့်ဖြူးထုတ်လုပ်သော ရုပ်ရှင်ကားများမှာ ဟောလီဝုဒ်ကိုမမီနိုင်သေး။ ရုပ်ရှင်ကားများ ခေတ်မီတိုးတက်လာသည်နှင့် ယခင်နာမည်ကြီးခဲ့သော ပြဇာတ်ကပြမှုမှာ မှေးမှိန်လာခဲ့သည်၊

သို့ဖြစ်၍ ရုပ်ရှင်ဇာတ်ကားများပြသသည့်လုပ်ငန်းကို စတင်ရန် မစ္စတာရှူဗင်အယ်ဒီသည် ပလိုင်းမောက်မြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး ပလိုင်းမောက်မြို့ အီဘယ်ရင်တန်လမ်းတွင် နယူးပလေဒီယန်ရုပ်ရှင်ရုံကြီးကို သူကိုယ်တိုင်ကြပ်မတ်၍ခေတ်မီဗိသုကာများနှင့်တည်ဆောက်ခဲ့သည်၊ ထိုစဉ်က ပလိုင်းမောက်မြို့မှ ထုတ်ဝေသော ဒေသခံသတင်းစာကြီး တစ်စောင်ဖြစ်သော အနောက်တိုင်းနံနက်ခင်းသတင်းစာကြီးတွင် ခေတ်မီသော နယူးပလေဒီယန်ရုပ်ရှင်ရုံကြီးတည်ဆောက်မှုသတင်းကို အကျယ်တဝင့်ရေးသား ဖော်ပြခဲ့သဖြင့် ဒေါ်ရော်သီ အယ်ဒီ၏ဖခင်ဖြစ်သူမှာ နေ့ချင်းညချင်း ဆိုသလို နာမည်ကျော်ကြား လူသိများလာသည်၊

ဤရုပ်ရှင်ရုံကြီးစတင်ဖွင့်သည့်နေ့တွင် 'မိုက်မဲသောအိမ်ထောင်ရှင်မများ' ရုပ်ရှင်ကားသစ်ကိုရုံတင်ပြသခဲ့ရာ နေ့စဉ်ရုပ်ရှင်ကြည့်ပရိသတ် (၃၀၀၀) ခန့်ရှိခဲ့ပြီး ထိုရုပ်ရှင်ကားကြီးအား ရက်သတ္တပတ်နှစ်ပတ်ကျော်ပြသခဲ့ရာ ဝင်ငွေစိုစိုပြည်ပြည့်ရရှိခဲ့သည်ဟု ဟိုးဟိုးကျော်ခဲ့သည်။

ထိုစဉ်က ရုပ်ရှင်ရုံကြီးများတွင် ရုပ်ရှင်ဇာတ်ကားသစ်များ စတင်မပြသမီ သွက်လက်ချက်ချာ၍ ချောမောလှပသောမိန်းမပျိုများက ရုပ်ရှင်ပိတ်ကားကြီးဆင်ထားသောဇာတ်စင်ပေါ်သို့တက်ရောက်၍ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်အဖြစ်ပါဝင်သူများအကြောင်း၊ ယင်းဇာတ်ကားကိုရိုက်ကူးသည့် ဒါရိုက်တာအကြောင်း၊ ထိုဇာတ်ကားကို ထုတ်လုပ်သည့်ရုပ်ရှင်ကုမ္ပဏီနှင့် ဇာတ်ကား၏ဇာတ်လမ်းအကျဉ်းကို ပြောပြလေ့ရှိသည်။

မစ္စတာရှူဗင်အယ်ဒီပိုင်ဆိုင်သော နယူးပလေဒီယန်ရုံကြီးတွင် တင်ဆက်ပြသလေ့ရှိသော ရုပ်ရှင်ကားအသစ်များအကြောင်း မိတ်ဆက်ပြောရသူမှာ ချောမောလှပသော ဒေါ်ရော်သီလင်ကွန်းဆိုသူ မိန်းမပျိုပင် ဖြစ်၏။ ထိုမိန်းမပျိုကား နယူးပလေဒီယန်ခေတ်မီရုပ်ရှင်ရုံတော်ကြီး၏ပိုင်ရှင် သမီးချော ဒေါ်ရော်သီအယ်ဒီပင် ဖြစ်၏၊

ထိုစဉ်က ဟောလီဝုဒ်နှင့်အင်္ဂလန်နိုင်ငံမှထုတ်လုပ်သောရုပ်ရှင်ကားအများမှာ အသံတိတ်စာတန်းထိုးရုပ်ရှင်ကားများသာ ဖြစ်သည်။ အသံထွက်ရုပ်ရှင်ကားများမှာ ပထမကမ္ဘာစစ်ကြီးပြီးဆုံးပြီးနှစ်အတော်အသင့်ကြာမှ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နိုင်ခဲ့၏၊ မစ္စတာရှူဗင်အယ်ဒီမှာ ထာဝစဉ် စိတ်ကူးဉာဏ်ထက်သူဖြစ်ရာ သူ့ရုပ်ရှင်ရုံတွင် ပြသသော အသံတိတ်ရုပ်ရှင်ကားများအား လူအများစိတ်ဝင်စားစေရန် ခေတ်မီတီးဝိုင်းများငှားရမ်း၍ တီးမှုတ်စေခဲ့သည်၊ သူ့တီးဝိုင်းများတွင် လေမှုတ်တူရိယာများကိုပါ တီးမှုတ်စေခဲ့ရာ ထိုစဉ်က ထုတ်ဝေသော ဒေသခံသတင်းစာကြီးများက မစ္စတာရှူဗင်အယ်ဒီအား 'လူထူးလူဆန်း ရုပ်ရှင်ရုံပိုင်ကြီး' ဟု ကင်ပွန်းတပ်ခဲ့သည်၊

ထိုစဉ်ကာလက ဟောလီဝုဒ်မှ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင် ဒေါက်ကလပ်ဖဲရာဘင် ပါဝင်သရုပ်ဆောင်သော The Thief of Bagdad 'ဘက်ဒက်မြို့မှ သူခိုး' (ထိုရုပ်ရှင်ကားကို မှီငြမ်းရိုက်ကူးသောဝတ္ထုကို ကွယ်လွန်သူစာရေးဆရာကြီး သခင်ဘသောင်းက 'ဘက်ဒက်မြို့မှ သူခိုးငတက်ပြား'ဟူသော အမည်ဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့ ဖြစ်၏) ရုပ်ရှင်ကားပြသသောနေ့တွင် ဒေါ်ရော်သီလင်ကွန်းအမည်ခံ ဒေါ်ရော်သီအယ်ဒီသည် အီဂျစ်ရှေးဟောင်းမင်းသမီးတစ်ပါးဝတ်စုံကိုဝတ်ဆင်ကာ ဇာတ်စင်ပေါ်တက်ရောက်၍ ဇာတ်ကားမိတ်ဆက်စကားပြောခဲ့ရာ ဤရုပ်ရှင်ကား ကြည့်ရှုသူအများက တကယ့်အီဂျစ်အမျိုးသမီးတစ်ဦးဟု ထင်မှတ်ခဲ့ရသည် [illegible] ဒေသခံသတင်းစာကြီးများက အကျယ်တဝင့် ဖော်ပြခဲ့ကြသည်။

မစ္စတာရှူဗင်အယ်ဒီမှာ စီးပွား[illegible] အမြင်ရှိသူတစ်ဦးဖြစ်ရာ သူ့ရုပ်ရှင်ရုံ[illegible] တွင် ဟောလီဝုဒ်မှရိုက်ကူးသည့်ရုပ်ရှင် ကားများသာမက ထိုစဉ်က နာမည် ကျော် ပဉ္စလက်ဆရာများ၏ ပဉ္စလက် ပြပွဲများကိုပါ ရုံသွင်းပြသခဲ့ရာ သူ့အား ဒေသခံသတင်းမီဒီယာများက Master Show Man (ထိပ်တန်းပြပွဲပညာရှင်[illegible]) ဟု ကင်ပွန်းတပ်ခဲ့ကြသည်၊

ထိုစဉ်က အမေရိကန်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထောင်စု ရုပ်ရှင်မြို့တော် ဟောလီဝုဒ်မှ ရိုက်ကူးသော ရုပ်ရှင်ကားအများမှာ အမေရိကန်ပြည်ထောင်စုတွင် ဟိုးဟိုးကျော်နေသော နွားကျောင်းသား (Cow boy) များအကြောင်း သရုပ်ဖော်ရိုက်ကူးသည့် အသံတိတ်စာတန်းထိုးရုပ်ရှင်ကားများသာဖြစ်သည်။ ရုပ်ရှင်ကြည့်ပရိသတ်ကလည်း ထိုနွားကျောင်းသားရုပ်ရှင်ဇာတ်ဆောင်များ၏အထိုးအသတ်၊အပစ်အခတ်များကို တသသစွဲမက်ကြသည်။ နွားကျောင်းသားဇာတ်ကားများ ရိုက်ကူးပြသနေချိန်တွင် အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့နှင့် အမေရိကန်ပြည်ထောင်စုရှိမြို့အများတွင် လူဆိုးဂိုဏ်းများကြီးထွားလာပြီး လူဆိုးများတန်ခိုးထွားသော ခေတ်တစ်ခေတ်ဟု ဆိုနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စုတစ်နံတစ်လျားမီးခိုးနံ့ယမ်းနံ့ဝေနေသောအချိန်ဖြစ်သူ လူဆိုးဂိုဏ်းများသည် ချီကာဂို၊ ဆန်ဖရန်စစ္စကို စသောမြို့ကြီးများရှိ ဘဏ်တိုက်များ၊ စတိုးဆိုင်ကြီးများသာမက မီးရထားများကိုပါ လုယက်တိုက်ခိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖောက်ထွင်းခြင်းများကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေသောခေတ်ဆိုးကြီးဖြစ်ရာ ရုပ်ရှင်ရိုက်ကူးသူများကလည်း ခေတ်အလိုက် ရုပ်ရှင်ဇာတ်လမ်းများ ရိုက်ကူးပြသခဲ့ကြ၏။

မစ္စတာရှုဗင်ကလည်း ပရိသတ်၏စိတ်သဘာဝကို အကဲခတ်တတ်သူတစ်ဦးဖြစ်ရာ ထိုရုပ်ရှင်ကားများကို သူ့နယူးပလေဒီယန်ရုံတွင် တင်ဆက်ပြသခဲ့သည်။ ဤသို့ပြသရာတွင် ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်သူများအား ဖိတ်ကြား၍ သူ့ရုပ်ရှင်ရုံတွင် ရုပ်ရှင်မိတ်ဆက်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ရာ သူ့ရုပ်ရှင်ရုံကြီးမှာ ရုပ်ရှင်ကြည့်ပရိသတ်ဝက်ဝက်ကွဲမျှ လာရောက်ကြည့်ရှုခဲ့သည်ဟု ထိုစဉ်က သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်နှောင်းပိုင်းတွင်မူ ဟောလီဝုဒ်မှ အသံထွက်ရုပ်ရှင်ကားများ ရိုက်ကူးပြသလာခဲ့ပြီး ရုပ်ရှင်အသံထွက်ခေတ်တစ်ခေတ် ထူထောင်လာခဲ့သည်။ လာဘ်မြင်သော မစ္စတာရှုဗင်သည် လက်ရှိ နယူးပလေဒီယန်ရုပ်ရှင်ရုံကြီးကဲ့သို့ အခြားရုပ်ရှင်ရုံကြီးတစ်ရုံကို ပလိုင်းမောက်မြို့ ယူနီယန်လမ်းတွင် တည်ဆောက်ခဲ့သည်။ထိုရုပ်ရှင်ရုံကြီးအမည်ကိုမူ ဆာဗွိုင်းရုပ်ရှင်ရုံတော်ကြီးဟု ကင်ပွန်းတပ်ခဲ့သည်။

ဤသို့ဖြင့် မစ္စတာရှုဗင်အယ်ဒီမှာ ပလိုင်းမောက်မြို့၏ မြို့မျက်နှာဖုံး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်လာခဲ့သည်သာမက ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးကိုပင် စိတ်ဝင်စားလာခဲ့၏။

သူ့အချစ်ဆုံးသမီး ဒေါ်ရော်သီကမူ သူ့ဖခင်၏ အလှမ်းကျယ်လှသော စီးပွားရေးလောကကို စိတ်မဝင်စား။ အင်္ဂလိပ်ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုကို တစိုက်မတ်မတ် လေ့လာခြင်းဖြင့် အချိန်ကုန်လွန်လာခဲ့သည်။ ထိုအချိန်တွင် ဒေါ်ရော်သီအယ်ဒီသည် ပလိုင်းမောက်မြို့ အနုပညာသင်ကျောင်းသို့ တက်ရောက်၍ ပန်းချီပညာသင်ယူခဲ့သည်။ အနုပညာပါရမီပါလာသော ဒေါ်ရော်သီမှာ ပန်းချီဆွဲရာတွင်လည်း ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သူတစ်ဦးဖြစ်လာသည်။

ထိုစဉ်က အနုပညာကျောင်းတွင် ဖွဲ့စည်းထားသော 'ပန်းချီအနုပညာရှင်များအဖွဲ့'တွင် တာဝန်ယူထားသော အမှုဆောင်အချို့မှာ လူဝင်စားဝါဒကိုလက်ခံယုံကြည်ကြသူများဖြစ်သည်။ ထိုအဖွဲ့ဝင်များသည် ဒေါ်ရော်သီအယ်ဒီငယ်စဉ်က ထူးခြားဖြစ်စဉ်များအကြောင်း ခရေစေ့တွင်းကျသိထားသူများဖြစ်ရာ ဒေါ်ရော်သီအယ်ဒီသည် အင်္ဂလိပ်နိုင်ငံ အဘိုက်ဒိုးမြို့တော်ဟောင်းကြီးရှိ အိုးဆီရစ်နတ်ဘုရားကျောင်းမှ ရသေ့မဝင်စားသူဖြစ်သည်ဟု ယုံကြည်ထားကြသည်။ ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် ခရစ်နှစ် ၁၈၈၂ ခုနှစ်က စတင်တည်ထောင်ခဲ့သော ဗြိတိသျှမနောသုတေသနအသင်းကြီး၏သုတေသီအများ၏စနစ်တကျသိပ္ပံနည်းကျသုတေသနပြုမှုတို့ကြောင့် တမလွန်လောကဆိုသည်မှာ အမှန်တကယ်ရှိသည်။ တမလွန်လောကတွင် ရောက်ရှိနေကြသော ဝိညာဉ်ဘုံသားများသည် လူများနှင့် ဆက်သွယ်လိုကြသည်။ ဤကဲ့သို့ ဆက်သွယ်ရာတွင် ကိုယ်ထင်ပြ၍သော်လည်းကောင်း၊ ကြားခံနတ်ဝင်သည်ဆိုသူများမှတစ်ဆင့် ဆက်သွယ်နိုင်သည်ဟု လူအများက ယုံကြည်ထားကြ၏။

ပန်းချီသင်တန်းသူအချို့မှာ စိတ်ဝိညာဉ်ဝါဒကို လေးလေးစားစားယုံကြည်သူများဖြစ်၏။ သို့ဖြစ်၍ ဒေါ်ရော်သီအယ်ဒီသည် အမှန်တကယ် အင်္ဂလိပ်နိုင်ငံ အဘိုက်ဒိုးမြို့တော်ဟောင်းကြီးရှိ အိုးဆီရစ်နတ်ဘုရားကျောင်းမှ ရသေ့မဝင်စားခြင်းဟုတ်၊ မဟုတ် နတ်ဝင်သည်တစ်ဦးထံ သွားရောက်တွေ့ဆုံ၍ ကွယ်လွန်သူတို့၏ဝိညာဉ်နှင့်ဆက်သွယ်မေးမြန်းရန် စီစဉ်ခဲ့ကြသည်။ ထိုစဉ်က ပလိုင်းမောက်မြို့တွင် နတ်ဝင်သည်ဟု နာမည်ကျော်ကြား လူသိများနေသူမှာ ပြင်သစ်အမျိုးသမီးတစ်ဦး ဖြစ်သည်။

ဒေါ်ရော်သီအယ်ဒီ၏ မိတ်ဆွေအမျိုးသမီးများသည် နာမည်ဝှက်ကိုသုံး၍ ထိုနတ်ဝင်သည်အမျိုးသမီးထံသွားရောက်တွေ့ဆုံ၍ မေးမြန်းစုံစမ်းခဲ့ကြသည်ဟု ဆိုသည်။ နတ်ဝင်သည်မိန်းမောသွားသည်နှင့် ကွယ်လွန်သူ အင်္ဂလိပ် ဖာရိုဘုရင်ကြီး ပထမမြောက် ဆက်တီဘုရင်ကြီးဝိညာဉ်က နတ်ဝင်သည်ပြင်သစ်အမျိုးသမီးအားပူးကပ်လာသည်။ ဤတွင် နတ်ဝင်သည်ပြင်သစ်အမျိုးသမီး၏အသံသည် လုံးဝပြောင်းလဲသွားသည်။ အမျိုးသမီးတစ်ယောက်အသံ မဟုတ်တော့။ အင်္ဂလိပ်အမျိုးသားတစ်ဦး၏အသံ ရုတ်တရက်ပြောင်းလာသည်။

အမှန်အားဖြင့် နတ်ဝင်သည် ပြင်သစ်အမျိုးသမီးသည် ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာစကားကိုသာ တတ်ကျွမ်းသူဖြစ်သည်။ သူ့အဘယ့်ကြောင့် အင်္ဂလိပ်ဘာသာစကားပြောနိုင်လာသည်ကိုမသိကြ။ ပထမမြောက် ဘုရင်ကြီး အင်္ဂလိပ်ရှေးဟောင်းဘာသာစကားဖြင့်ပြောပြသည်ကိုမူ ပြင်သစ်နတ်ဝင်သည်အား သွားရောက် မေးမြန်းသော ဒေါ်ရော်သီအယ်ဒီ၏ မိတ်ဆွေအမျိုးသမီးကလည်း နားလည်ခြင်းမရှိ။ သို့သော် နတ်ဝင်သည် ပြင်သစ်အမျိုးသမီး အင်္ဂလိပ်ဘာသာစကားဖြင့်ပြောသောစကားများတွင် 'ဘင်ထရီရှက်' ဟူသောအမည်နှင့် 'ဒေါ်ရော်သီအယ်ဒီ' တို့၏နာမည်များပါလာသည်ကို ကြားရသည်။ဒေါ်ရော်သီအယ်ဒီကိုယ်ခန္ဓာတွင် မွေးရာပါအမှတ် မည်သည့်နေရာတွင်ရှိကြောင်းကိုပါ တိတိကျကျပြောပြခဲ့၏။

ဖာရိုဘုရင်ကြီး၏ဝိညာဉ်၏ပြောပြချက်အရ သူသည် ဒေါ်ရော်သီအယ်ဒီနှင့် လည်းကောင်း၊ ဒေါ်ရော်သီအယ်ဒီ၏ မိဘဆွေမျိုးသားချင်းများနှင့် လည်းကောင်း ဆက်သွယ်နိုင်ရန် နည်းလမ်းအမျိုးမျိုးနှင့် ဆက်သွယ်ရန်ကြိုးစားခဲ့သော်လည်း ဆက်သွယ်၍မရကြောင်း၊ ယခုမှ ဆက်သွယ်၍ရရှိနိုင်ပါကြောင်းတို ပြောပြခဲ့၏။

ဒေါ်ရော်သီအယ်ဒီကိုယ်တိုင်ပင် လျှို့ဝှက်နာမည်သုံးပြီး ထိုနတ်ဝင်သည်အား သွားရောက်တွေ့ဆုံခဲ့ရာတွင်လည်း ပထမမြောက် ဆက်တီဘုရင်ကြီး၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်ခဲ့သည်။

(ဆက်ရန်)

ထုမိုး ([illegible])



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ပင်လယ်ပြင်ရေပြင်ပိုက်နက်သည် ထူးခြားသော ဆန်းကြယ်မှုလျှို့ဝှက်ချက်များနှင့်ရှိနေတတ်ပါသည်။ ဥပမာ နက်ရှိုင်းလှသည့်ပင်လယ်ပြင်ကြီးသည် ကျယ်ဝန်းသလို စိတ်ဝင်စားဖွယ်ရာများဖြင့် တန်ဆာဆင်ထားလေ့ရှိ၏။ ထို့ကြောင့် ပင်လယ်ပြင်နှင့် ကမ်းခြေထိစပ်လျက်ရှိသော နေရာဒေသကျွန်းတွင် ဒီရေတောများသည် မကြီးဈေး ထူးကဲလှစွာ ရင်သပ်ရှုမောဖွယ်ရာများ၊ ထူးဆန်းသော အဖြစ်အပျက်များစွာတို့ ရှိနေခဲ့ကြပါသည်။ သို့သော် ထိုကဲ့သို့ ထူးခြားဆန်းကြယ်မှုများသည် အမှုမဲ့ အမှတ်မဲ့နေက သတိမမူ ဂရုမပြုသကဲ့သို့ 'ရွှေတစ်လုည်းဖွဲတစ်ဆုပ်' ကဲ့သို့ပင်ရှိနေမည် ဖြစ်ပါသည်။ ဆိုလိုချင်သည်က အမှတ်တမဲ့က အမှတ်တရဖြစ်နေတတ်သလို တန်ဖိုးထား လေ့လာဆန်းစစ်ပါက ထိုကိစ္စရပ်များသည် ရွှေတစ်လှည်းကဲ့သို့ တန်ဖိုးတက်နေတတ်ပြီး ဘာသိဘာသာ မသိကျိုးကျွံလုပ်နေပါက ဖွဲတစ်ဆုပ်သာသာ တန်ဖိုးရှိမည်မဟုတ်ပါ။

ယခုဖြစ်ရပ်သည် ထူးဆန်းသည်လား၊ ဆန်းကြယ်သည်လားတော့မသိ၊ အံ့ဩဖွယ်ရာကောင်းသည်ကတော့ အမှန်

(ထမင်းဈေး)

# မင်းကျော့အိမ်

## မင်းသားကြမ်းရေရိုးနှင့် ရေဇယံသံအိုင်ရေလက်ကြား





www.burmeseclassic.com

www.burmeseclassic.com

ပင်ဖြစ်၏။ တစ်ချိန်တုန်းက ဘာမြူဒါ တြိဂံဒေသသည် ကမ္ဘာပေါ်တွင် ထူးခြား ဆန်းကြယ်ဖွယ်ရာ ဖြစ်ရပ်ဆန်းများအား ထုတ်လွှင့်ပေးနေသောဒေသကြီးအဖြစ် ဟိုးဟိုးကျော်ခဲ့သည်။ နောက်ဆုံး သိပ္ပံ ပညာရှင်ကြီးများ၏ လေ့လာတွေ့ရှိချက် အရ တောသနဂ္ဂ စမ်းသပ်ချက်[illegible] တွင် မှုတည်လျှက် ဘာမြူ[illegible] ကမ္ဘာပေါ်တွင် အကျယ်[illegible] လျှက် [illegible]

[illegible] ရောက်ရှိသွားပြီး [illegible]သွားခြင်းဖြစ်သည်ဟု ယူဆ ထားကြပါသည်။

တချို့သော သိပ္ပံပညာရှင်များက တစ်ချိန်က ထင်ရှားကျော်ကြားခဲ့သော [illegible]တော်ပေါင်းကြီးသည် [illegible]ကွင်းကြီးရှိသည့် ဘာမြူ တြိဂံဒေသ၏ရေအောက်မြို့တော်ကြီး အဖြစ် တည်ရှိနေသည်ဟု ယူဆကြပါ သည်။ သို့သော် အတိအကျကိုတော့ မည်သူမျှမပြောနိုင်ကြပေမယ့် ပင်လယ် သမုဒ္ဒရာနှင့် ကျွန်းများ၏ ထူးခြားဆန်း ကြယ်မှုများကတော့ များစွာရှိနေပါ သည်။ ပမာဆိုရပါလျှင်မူ တောတောင် များမှသာလျှင် တောခြောက်ခြင်း၊ တောမှောက်ခြင်း၊ တောလည်ခြင်း၊ တောကွယ်ခြင်း၊ တောမနိုင်ခြင်း၊ တော





www.burmeseclassic.com

www.burmeseclassic.com

ကျော်ခြင်းတို့သာ ရှိသည်မဟုတ်ပါ။ ပင်လယ်သမုဒ္ဒရာ၊ ကျွန်းများ၏သဘာဝတွင်လည်း အထက်ပါ အဖြစ်အပျက်နည်းတူဖြစ်ရပ်ဆန်းများရှိကြပါသည်။

ပင်လယ်ပြင်ကြီးသည် အပြောကျယ်သလောက် အကျယ်ပြောရရင် သဘာဝကထားသည့် ရေအောက်ရတနာသယံဇာတများနှင့် ရေအောက်ရိက္ခာများဟု တင်စားသည့် ရေထွက်ပစ္စည်းသားငါးများ၊ သဘာဝဓာတ်ငွေ့များ စသည်တို့သည် သုံးစွဲ၍မကုန်နိုင်သော ရေအောက်အမြဲတေရတနာသိုက် သို့မဟုတ် ခပ်ယူ စားသောက်၍ မကုန်သော ရေအောက် သိကြားဟင်းအိုးကြီးများဟု မြန်မာ့ရေလုပ်သားကြီးများက ဤသို့ဤသို့နှုယ် တင်စားထားခဲ့ကြလေသည်။

ပင်လယ်သည် တကယ်တော့ ကြောက်စရာမဟုတ်ပါ။ ချစ်စရာမို့ချစ်ပါသည်။ မြန်မာ့ရေလုပ်သားပင်လယ်ကျွဲကြီးများက ပြောဆိုကြလေ့ရှိ၏။ ပင်လယ်တွင် ကြောက်ရသည်က အမှန်တော့ 'လေ' ပင် ဖြစ်၏။ လေကြောင့်ပင်လယ်ဟီ၍ လှိုင်းလုံးများဒေါမာန်ထလာ၏။ လှိုင်းအကြီးစားခေါ် 'ဒီ' ကြီးများဖြစ်လာ၏။ လေမတိုက်လျှင် လှိုင်းအသေးစား 'လဟာ' များနှင့်သာရှိနေတတ်သောပင်လယ်ပြင်ကြီးမှာ လေလာက လှိုင်းထန်လာတတ်သလို ပြင်းထန်သောမုန်တိုင်းလို လေနီကြမ်းများတိုက်ခတ်လျှင် ပင်လယ်ရေမျက်နှာပြင်မို့တက်လာပြီး အနီးစပ်ဆုံးကမ်းခြေမြို့ရွာများတွင် ပင်လယ်ဒီရေတောများတောပြုန်းနေခြင်းက ကောင်းစွာဒုက္ခပေးခံရသဖြင့် ဆူနာမီလို ဒီရေလှိုင်း၊ နာဂစ်လိုမုန်တိုင်းများက မြို့ရွာများကိုအလွယ်တကူပင် ဖျက်ဆီး၍သွားခြင်းသာဓကေရှိခဲ့လေ၏။ ကမ်းခြေဒီရေတောသစ်တောကြီးများက တကယ့်အရေးကြုံလာလျှင် လေကွယ်အရပ်အဖြစ် အကာကွယ်ပေးထားသဖြင့် လူတွေနားလည်ထားကြရန်မှာ ဒီရေတောတွေ မပျက်စီးမဆုံးရှုံးစေရန် ဂရုပြုသင့်၏။

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အောက်ပိုင်း (ပင်လယ်ပိုင်း) တွင်ရှိသော ကျွန်းညိုကြီး၊ မိန်းမလှကျွန်းခေါ် သမီးလှကျွန်း၊ ဆတ်ကျွန်းတို့ဆိုသည်မှာ ထူးခြားမှုများနှင့်ရှိနေတတ်သလို ပင်လယ်နှင့်အနီးဆုံးကျွန်းဖြစ်သော ကျွန်းညိုကြီးဆိုလျှင် နိုင်ငံတစ်ဝန်းလုံးက မသိသူမရှိသော ရေငံပိုင်ဦးရှင်ကြီး(မောင်ရှင်)ရေစာချခံရသည့်ကျွန်းဟု ထင်ရှားခဲ့ပြီး ပင်လယ်ပိုင်းအောက်ပိုင်း အမိကရကျွန်းကြီးပင် ဖြစ်၏။ ထိုကျွန်းကြီးသည် တစ်ချိန်ကသားရဲတိရစ္ဆာန်များပေါခြင်း၊ ဒီရေရောက်တောနှင့် သစ်ကြီးဝါးကြီးများရှိခြင်းပြင်တောနက်ခြင်း၊ နတ်ကြီးသည်ဟုသတ်မှတ်ခံရသောကျွန်းကြီးလည်း ဖြစ်၏။

ကျွန်းကြီးက စိမ်းစိမ်းစိုစို ညို့မှိုင်းရီဝေနေဆဲ။ သစ်တောသစ်ပင်များဖြင့် ဖုံးလွှမ်းလျက်ရှိသော ရေငန်တစ်ရိုးတွင် ထူးခြားသော ဆန်းကြယ်မှုများဖြစ်လေ့ဖြစ်ထရှိပါလေသည်။ သူ့အရပ်နှင့်သူ့ဇာတ်ဆိုသလို မိန်းမလှကျွန်း၊ ကျွန်းညိုကြီးနှင့် ဆတ်ကျွန်းတစ်ဝိုက်ရှိ အောက်ပိုင်းအရပ်ဒေသများသည် ရေငံပိုင်ဦးရှင်ကြီးကို နှစ်စဉ်ဆွမ်းတင်ခြင်း ရှာပုံဆွမ်းတင်ကြသည့်ဓလေ့ရှိကြပါသည်။ ဦးရှင်ကြီးနှင့်ပတ်သက်လျှင် အမိကနေရာလည်းဖြစ်သဖြင့် အမှားအယွင်းမပြုလုပ်ကြပေ။

အကယ်၍ ထိုအရပ်ဒေသသည် တစ်ခုခုမှားယွင်းကြသည်နှင့် မိကျောင်းပေါခြင်း၊ မိကျောင်းနှင့်ဆက်စပ်လျက် အိပ်မက်ပေးခြင်းတို့ တွေ့ရလေ၏။

ကျွန်းညိုကြီးနှင့်တည့်တည့် ဖောင်ဝင်မြစ်ဆုံရာ ထိပ်ချောင်းရွာရှိပါသည်။ ထူးခြားသည်က ရွာထိပ်သောင်ပြင်တွင် လှေဝမ်းဗိုက်ရာဟုထင်ရသည့် ချိုင့်ခွက်ကြီးတစ်ခုရှိပါသည်။ ထိုဝမ်းဗိုက်ရာသည် မောင်ရှင် (ဦးရှင်ကြီး) ရေစာချခံရသည့်နေရာဟု ယုံကြည်ကြ၏။

(ကျွန်းညိုကြီးသည် ယခင်က အမှားအယွင်းမခံ။ လွန်စွာနတ်ကြီး၏။ ယခုတော့ တောတက်ထင်းခုတ်သူများနှင့် လူနေအိမ်ခြေများအခြေချလာသောကြောင့် ရွာ (၁၂) ရွာအထိ တိုးပွားလာခဲ့၏။ ထိုရွာများမှာ ကိုးအိမ်တန်း၊ ခနဲ့ချောင်း၊ ကျွန်းညိုရွာ၊ ကြက်တောင်ချောင်း၊ ရွာသာယာ၊ ထိပ်ချောင်း၊ ပျဉ်းမကုန်း၊ ကျားချောင်း၊ တုံးလုံ့ရွာ၊ ငါးခူချောင်း၊ ကွမ်းသီးချောင်း၊ အလယ်ချောင်းတို့ ဖြစ်၏။

စာရေးသူတို့ ကြားခဲ့ဖူးတာကတော့ လွန်ခဲ့သည့်နှစ် (၃၀) ခန့်လောက်က တရုတ်စီးပွားရေးသမားများနှင့် နိုင်ငံခြားသားကွင်းဆင်းလေ့လာသောသူများ သမီးလှကျွန်း၊ နတ်သမီးကျွန်း၏ ရေမြေသဘာဝကို လာရောက် ကြည့်ရှုကြရင်း ထိုနေရာတွင် စီးပွားရေးကူးလူးဆက်ဆံမှုအရ ဟိုတယ်ဇုန်များဖွင့်ရန်စီစဉ်၍ လာကြည့်ရာတွင် ကျွန်းကြီးနှစ်ကျွန်းစလုံးမှာ ထူးဆန်းစွာရှာမတွေ့၍ စက်လှေကိုပြန်မောင်းလာကြသောအခါ အနောက်တွင် ကျွန်းကြီးများကို ပြန်တွေ့ရသဖြင့် စက်လှေပြန်မောင်းပြီး အနီးကပ်ကြည့်သော် ကျွန်းကြီးများကို မတွေ့သဖြင့် သုံးကြိမ်သုံးခါ ချောက်ချောက်ချားချားနှင့် နိုင်ငံခြားသားများမှာ ထိတ်လန့်ပြီး နောက်တစ်ကြိမ်မလာဝံ့အောင်ဖြစ်ခဲ့ရသည်ကို ဒေသခံနှင့် သက်ကြီးစကားသက်ငယ်ကြားအရသိခဲ့ရသည်။ ဤမျှထူးခြားသော နတ်ကြီးသော ကျွန်းကြီးများ မြန်မာ့ပင်လယ်ပြင်တွင်ရှိနေကြ၏။ နက်ရှိုင်းသောပင်လယ်ကြီးသည် ကျယ်ဝန်းသည်နှင့်အမျှ လျှို့ဝှက်ချက်များနှင့်ရှိနေသည်ကိုလည်း မည်သူမျှမငြင်းနိုင်ကြပါ။အသွင်သဏ္ဌာန်ဆန်းပြားသော ရေသတ္တဝါများ၊ မာယာများသောကျွန်းများ၊ ထူးဆန်းသောဖြစ်ရပ်များ တန်ဆာဆင်ထားကြပါသည်။

ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ လိပ်ကျွန်းတို့ရှိသော မုတ္တမပင်လယ်ပြင်တွင် အခြားပြင်ဒရယ်မြို့ဟောင်း (ပြင်ဒရယ်ရွှေသိုက်) ဖောင်ဝင်မြစ် (ယခင်တအမာမြို့နယ်ခွဲမှ ကျွန်းညိုကြီးထိ စီးဝင်သောမြစ်အား မင်းသားကြမ်းရေရိုးဟုခေါ် ဆိုကြောင်းသိရ၏) တို့သည် ထူးခြားလှ၏။

မင်းသားကြမ်းရေရိုး (မင်းသကြမ်းရေရိုး) နှင့်ပတ်သက်လျှင် ဒေသခံများနှင့် သက်ကြီးရွယ်အိုများက လွန်စွာကြမ်းတမ်း၍ အမှားမခံဝံ့ကြောင်း၊ ရှေး[illegible] ကတ္တူ၊ တုံကင်း၊ နာဝါရွက်လှေကြီးများ သင်္ဘောများကိုတောင် နစ်မြုပ်မှော[illegible] အောင် ရေကြောင်းကလွန်စွာကြမ်းတမ်း၍ အမြင်တွင် မင်းသားလေးလို ချော[illegible] သော်လည်း တကယ်အမှားပြုလ[illegible] လျှင် လွန်စွာကြမ်းတမ်းသော[illegible] ထိုရေကြောင်းကို ရှေးကလူကြီးများ 'မင်းသားကြမ်းရေရိုး' ဟု ခေါ်ဆို[illegible] ကြောင်းနှင့် ယခု အသက် (၇၀) [illegible] ဝန်းကျင်လူကြီးများသာသိမီခဲ့လို[illegible] ထိုပုဂ္ဂိုလ်များ၏ပြောဆိုချက်အရ မင်းသား ကြမ်းရေရိုးခေါ် ထိုရေကြောင်းမှာ [illegible] မြို့နယ်ခွဲမှ ကျွန်းညိုကြီးအထိ [illegible] ဆင့် မုတ္တမပင်လယ်ကွေ့ထဲသို့ [illegible] သွားသည်ဟု တောတက်ထင်း[illegible] များပြောပြချက်အရ သိရှိရပါသည်။

ရေလုပ်သားတို့၏ [illegible] ပြက္ခဒိန်အရ သဘာဝမှတစ်ခုတို [illegible] ရလျှင် 'တိမ်တေလေဇက် (အစ်) [illegible] ပဒ္ဓောသံတယော' ဆိုတာ ရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ရေလုပ်သားကြီးတို့၏ အခါပေး ပြက္ခဒိန်အလိုအရ မိုးရွာဖွဲ့ဟုတာတ်လတ် သောတိမ်တို့ကို သုံးယူ၍နာကပင်မြင်ရ သည်။

'မိုးမြူ' သော် လေဆင်သည်ကို တစ်ယူ၍နာပင်မြင်ရ၏။

'မိုးခြိမ်း'၍ လျှပ်စီးအဝင်း (လျှပ်စီးလက်) သည်ကို ငါးယူ၍နာကမြင်ရ၏။ မိုးသံကို သုံးယူ၍နာကပင်ကြားရ၏။

(ဆိုလိုရင်းမှာ မိုးတိမ်များ ကောင်းကင်တွင်တက်လာပါက ပင်လယ်ပြင် သုံးမိုင်ခန့်အကွာ၌ မိုးရွာနေပြီး လေထဲမှာ မိုးငွေ့နှင့်ပါလာလျှင် ရှေ့တစ်မိုင်ခန့်တွင် မိုးရွာနေပြီဆိုကြသည်။)

ထို့အပြင် ပင်လယ်ပြင်အတွင်း ရေလုပ်သားတို့၏ နာရီအချိန်သတ်မှတ်ပုံမှာ အောက်ပါအတိုင်း သတ်မှတ်ကြသေး၏။

| | |
|---|---|
| နေထွက်တစ်ပြု (နေထွက်စပြု) | - နံနက် (၆)နာရီအချိန် |
| နေထန်းတစ်ဖျား | - နံနက်(၈)နာရီအချိန် |
| ဆွမ်းခံပြင်ချိန် | - နံနက်(၁၀)နာရီအချိန် |
| နေမွန်းတည့်ချိန် | - မွန်းတည့် (၁၂) နာရီအချိန် |
| နေမွန်းတိမ်းချိန် | - မွန်းလွဲ (၁)နာရီအချိန် |
| နေစောင်းချိန် | - မွန်းလွဲ (၂)နာရီအချိန် |
| နေကျချိန် | - ညနေ (၃)နာရီအချိန် |
| နေစွယ်ကျိုးချိန် | - ညနေ (၄)နာရီအချိန် |
| နေအေး (နေချိုချိန်)- နေဝင်ရိုတရော | ညနေ (၅)နာရီအချိန် |
| နေဝင်ချိန်ဆည်းဆာ နေဝင်ဖျိုးဖျ | - ညနေ(၅း၃၀)မှ (၆) နာရီ |

□ ညအခါအချိန်သတ်မှတ်ပုံ

| | |
|---|---|
| အိပ်တန်းတက်ချိန် | -ည (၆)နာရီအချိန် |
| သူငယ်အိပ်ဆိပ်ချိန် | -ည(၈)နာရီအချိန် |
| သက်ကြီးခေါင်းချချိန် | -ည(၁၀)နာရီအချိန် |
| လူလင်ပြန်ချိန် | -ည(၁၁)နာရီအချိန် |
| သန်းခေါင်ကြက်တွန်ချိန် | -ည (၁၂) နာရီအချိန်။ |
| ကြက်ဦးတွန်ချိန် | - မနက် (၃) နာရီအချိန်။ |
| လင်းကြက်တွန်ချိန် | - မနက် (၅) နာရီအချိန်။ |

(တန်ဖိုးပေးရသော သဘာဝမွေကို သူတို့၏သင်္ကေတဖြင့် ပင်လယ်ကျွဲခေါ် ပင်လယ်ရေလုပ်သားကြီးသည် အချိန်နာရီ မှတ်တမ်းပြုကြသည်ကို လေ့လာ သိရှိ တင်ပြလိုက်သည်။)

မြစ်ရေအရောင်ပုံမှန်ကော်ဖီရောင် ပေါက်နေသည်ဟုထင်ရခြား ပင်လယ်ဝ ရောက်ရှိလာသည်နှင့် ရေအလံအနက် (၇) လံမှာ စိမ်းနုရောင်ပြောင်းသွားပြီး ရေအလံ (၁၀) လံနှင့် (၁၅) လံအကြား အစိမ်းရောင် ရေအလံ (၂၀) နှင့် (၅၀) (၁၅၀) ကြား၊ နက်ပြာရောင် (၁၅၀) နဲ့ (၃၀၀)မှာ ရေအနက်ရောင်(မြန်မာပြည် ရေပြင်ပိုင်နက်အနေအထားသတ်မှတ်ခြင်း) ပင်လယ်၌ လှိုင်းလုံးတစ်လုံးဆိုလျှင် (၁၅) ပေမှ (၁၆) ပေ၊ (၇) ပေနှင့် (၁၀)ပေအကြားရှိ၏။လေလာပြီး လှိုင်းထချိန်တွင် ဒီသံတဝေါဝေါပေးလျက်ပြီးမှ လှိုင်းလာလေ၏။ ပင်လယ်ရေလုပ်သားအခေါ် 'ဒီ'ဟု သုံးစွဲကြ၏။ ရေတက်ရေကျကတော့ (၄) နာရီကို တစ်ဆူးသတ်မှတ်ထား၏။

ဤကဲ့သို့ ပင်လယ်ပြင်၏စိတ်ဝင်စားဖွယ်ရာများရှိသည်အနက် ကျွန်ုပ်၏ မိတ်ဆွေရေလုပ်သားကြီး တစ်နည်းဆိုလျှင် သူတို့ခေတ်အခါက ဦးစီးဟုခေါ်သော ငါးကွမ်းရှပ်စက်လှေဦးစီးကြီးဖားသိနှင့် လှေလိုက်သား မောင်လုံးတို့ မြန်မာ့ပင်လယ်ပြင်တွင်ကြုံတွေ့ရသောရင်သပ်ရှုမောဖွယ်ရာများသည် သူတို့အဖို့တော့ မိုးအိနေသလောက် ကျွန်ုပ်လို ပင်လယ်



၏ သဘောသဘာဝကို လေ့လာနေသူ သုတေသီတစ်ယောက်အဖို့ ပင်လယ်ရေလုပ်သားကြီးများဆီက သူတို့တွေ့ကြုံခဲ့ရသည့် ပင်လယ်၏ အလေ့အထနှင့် သဘာဝများကို လေ့လာမှတ်သားနည်းနာယူရပါသည့်အတွက် ထူးဆန်းလှပါသည်။

ပင်လယ်ပြင်တွင် သက်တမ်းရင့် ငါးဖမ်းစက်လှေဦးစီးကြီးတစ်ယောက်ဖြစ်သည့် ကရင်တိုင်းရင်းသား ဖားသိသည် ပင်လယ်အထွက်(၅)ရက်ဆိုသည့်အတိုင်း သူတို့စက်လှေကြီးသည် ပင်လယ်ပြင်သို့ ရှေ့ရှုထွက်လာခဲ့ပြီး သူ၏လှေလိုက်သားစုံ၊ မစုံကို စိစစ်ပြီးတော့မှ (ချောင်းဝ) ပင်လယ်ဝမှ လှေလိုက်သားအသစ်များကို လာပို့သော ပဲ့ထောင်စက်လှေကိုပြန်ပို့ရပါသည်။ အဘယ်ကြောင့်ဆိုသော် လှေလိုက်သားများမှာ ဖားသိတို့ခေတ်ကလိုမဟုတ်။ တချို့ လှေလိုက်သားများ မိမိလစာကို ကြိုတင်စရန်ထုတ်ယူကြပြီး စက်လှေပေါ် မတက်၊ ရေထဲခုန်ချထွက်ပြေးတတ်ကြသောကြောင့် စာရင်းဒိုင်၏ ကိုယ်စားလှယ်စာရေးမှ စက်လှေကြီးပေါ် ရောက်အောင် တာဝန်ယူလိုက်ပို့ရလေသည်။

ရေလုပ်သားလောကတွင်လည်း ဤသို့ ကမောက်ကမကိစ္စရပ်လေးများလည်းရှိတတ်ပါသည်၊ တချို့ကတော့ စက်လှေပိုင်ရှင်ကခပ်ဆိုးဆိုး၊ အလုပ်သမားကောင်းများလည်းရှိတတ်သည်၊ လောကသည် လူအမျိုးမျိုး စိတ်အဖုံဖုံနှင့် တွေ့ရှိနေတတ်ပါလေသည်။ ဒါက လူ့လောကသဘာဝအကြောင်း။ ယခုပြောရမည်ကပင်လယ်ပြင်သဘာဝအကြောင်း၊ ပင်လယ်ပြင်ငါးဖမ်းစက်လှေများအပြင် ပင်လယ်ပြင်တွင် အရေးကြုံက နားခိုရသောကျွန်းများရှိကြပါသည်။ ဖားသိတို့ ငါးဖမ်းစားကျက်ပင်လယ်ပြင်သို့မရောက်မီ နားခိုကြသောကျွန်းက လိပ်ကျွန်းတို့ကဲ့သို့ သာယာ၍ အမိုအကွယ်အကာကောင်းသော ဂယက်ကြီးကျွန်း၊ ကဒုံလေးကျွန်းတို့ဖြစ်၏။ ထိုကျွန်းနှစ်ကျွန်းမှာ ပင်လယ်ထွက်လှေသင်္ဘောများ၏ကွန်းခိုရာ စုရပ်ဟုလည်း ပြောနိုင်ပြီး တစ်ကျွန်းနှင့်တစ်ကျွန်းမိုင်အကွာအဝေးက (၂)မိုင်နှင့် (၃) မိုင်ခန့်သာရှိပြီး ကူးလူးဆက်ဆံရလွယ်ကူ၏။ ပင်လယ်ထွက်ငါးဖမ်းစက်လှေများ၏ ဝင်ရောက်နားခိုရာ ဂယက်ကြီးကျွန်း၊ ကဒုံလေးကျွန်းပေါ်တို့တွင် ယခုအခါ လူနေအိမ်ခြေများလာရောက်အခြေချပြီး ရေလုပ်သား



www.burmeseclassic.com

www.burmeseclassic.com

အခြေစိုက်နေထိုင်လာကြပြီး နွေရိုးဆောင်း ပင်လယ်ရေလုပ်ငန်းများကို လုပ်ကိုင်လာကြသည့်အတွက် ကျေးရွာများအဖြစ် အဆင့်ဆင့်ဖြစ်တည်လာခဲ့ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှုများရှိလာကြပြီ ဖြစ်၏။

ထိုကျွန်းနှစ်ကျွန်းတို့အကြားတွင် ပင်လယ်ရေလက်ကြားသဖွယ်ဖြစ်နေသော ရေစီးကြောင်းတစ်ခုဖြစ်ပေါ် နေသည်။ ပင်လယ်ဆိုသည်မှာ မည်မျှပင်ကျယ်စေကာမူ ရေစီးကြောင်း၊ ငါးစီးပတ်လမ်းကြောင်းများရှိနေတတ်ပါသည်။ ဤအချက်ကိုသိရှိထားပြီးမှ ပင်လယ်ပြင်အတွင်း ငါးဖမ်းခြင်းရေလုပ်ငန်းအလုပ်ကို လုပ်ကိုင်ကြခြင်း ဖြစ်၏။

ဖားသိုတို့၏ ငါးကွမ်းရှပ်စက်လှေကြီးသည် ကဒုံးလေးကျွန်းနှင့် ဂယက်ကြီးကျွန်းတွင် သူတို့စက်လှေကြီး ပင်လယ်ထွက်ဝင်တိုင်း နားခိုရာဖြစ်၏။ ရေလုပ်ငန်းပင်လယ်ပြင်လုပ်သက်နှင့် အတွေ့အကြုံများ ပေါင်းစပ်ထားသော စက်လှေဦးစီးကြီးသည် ထိုရေလက်ကြားဆီဝင်ရောက်နားတိုင်း သူတို့ရေလုပ်သားများသတိထားမိသည်က ကျွန်းနှစ်ကျွန်း၏ ရေလက်ကြား ပင်လယ်ရေအောက်ကြမ်းပြင်တွင် ချောက်ကြီး (သို့မဟုတ်) ပေ (၁၅၀) ကျော်ခန့်ရှိသော ချိုင့်ဝှမ်းကြီးပင်လယ်ရေအောက်တွင် ရှိနေပြီး အဆိုပါ ချိုင့်ဝှမ်းကြီးထဲသို့ နစ်မြုပ်သွားသော စက်လှေများမှ လွတ်မြောက်လာသော ရေလုပ်သားများက သူတို့အတွေ့အကြုံမှာ အဆိုပါ တွင်းနက် (Black Hole) ကြီးထဲတွင် လှေသင်္ဘောပျက်များ၊ တုံကင်း၊ ကတ္တူလှေကြီးများနှင့် အပိုင်းအစရွက်တိုင်ပျက်များသာမက သဘာဝလိုဏ်ဂူကြီးသဖွယ် တန်ဖိုးကြီးသော ပင်လယ်ငါးကြီးများ ခိုအောင်းလျက်ရှိသည်ဟု ပြောကြား၍ သိရ၏။

ထိုနေရာတွင် တစ်ခါတစ်ရံ ကျောက်ချရပ်နားရင်း ကျောက်ဖော်သောအခါ ရေဇယ်သံများ ကျောက်ဆူးတွင် ပါရှိလာတတ်၏။ ထို့ကြောင့် ထိုရေလက်ကြားကို ရေဇယ်သံအိုင်ဟုခေါ်ဆိုကြပြီး သံလိုက်စက်ကွင်းရှိနေသဖြင့် ကမ်းလွန်ပင်လယ်ပြင်သို့ ငါးဖမ်းရန်ထွက်ခွာသွားကြသည့် စက်လှေ၊ ငါးကွမ်းရှပ်၊ ငါးပြေမ၊ ဘုံကျောင်းစက်လှေများတို့မှာ ပင်လယ်တွင်းမှ ကျွန်းနှစ်ကျွန်းကြားကို ရောက်တိုင်း ထူးခြားမှုနှင့်ကြုံတွေ့ရသည်။ ပင်လယ်တွင်းသွားငါးကွမ်းရှပ် ဘုံကျောင်းစက်လှေများတွင် တချို့သော အမြင်ကျယ်သော ငါးကွမ်းရှပ်ပိုင်ရှင်များသည် ကြိုးမဲ့ဝါယာလက်စကားပြောစက်များ၊ G. P. S ရေအောက်မျက်နှာပြင်ကြည့်မှန်ဘီလူးများတပ်ဆင်ထားလာခဲ့လာကြပြီး ငါးဖမ်းလာခဲ့ကြပါသည်။ ရေဒီယို၊ ဝါယာလက်စက်များ တပ်ဆင်ထားခြင်း ပင်လယ်အတွင်းဖြစ်ပေါ် လာမည့် အန္တရာယ်ကင်းရာသို့ဝင်၍ နားခိုနိုင်ကြ၏။ ထိုရေဇယ်သံရေလက်ကြားသို့ဖြတ်တိုင်း စက်လှေအကြီးအသေးများ၏ ရေဒီယိုကြိုးမဲ့ဝါယာလက်စကားပြောစက်များ၊ မီးလုံးများတို့မှာ မူလအနေအထားမှသွေဖည်၍ အသံများတိုးညင်းသွားခြင်း၊ မီးလုံးများအလင်းရောင်ဖျော့တော့တော့သာရှိခြင်း အင်ဂျင်စက်ကတော့ ပုံမှန်ပြောင်းလဲခြင်းမရှိ ပြောင်းလဲသည်က ရေဒီယိုစကားပြောစက်နှင့် G.P. S မီးလုံးများတို့ပင် ဖြစ်၏။ တစ်ချိန်က ရန်စစ်ရှန်-ရှန်စစ်ကြည်တို့မှောင်ခိုစက်လှေကြီးများ ယိုးဒယား ရနောင်းဘက်မှ ပင်လယ်ကမ်းရိုးတန်းဘက်ဝင်လာလျှင် ထိုရေလက်ကြားတွင် ရုတ်တရက် မုန်တိုင်းမိနစ်မြုပ်ရာတွင် စက်နှင့်ပတ်သက်သော ပစ္စည်းများသာမက မှောင်ခိုသမား ရန်စစ်ကြည်၊ ရန်စစ်ရှန်တို့နှင့် သံသတ္တုနှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် တရုတ်နီစက်များ တွင်းနက်ကြီးအတွင်းသို့ သင်္ဘော (၃) စီးစာမျှ နစ်မြုပ်ကျရောက်သွားရာ ပင်လယ်ရေအောက်မှ ရေငန်သဲနုန်းများ ထိတွေ့ပြီး နှစ်ပေါင်းများစွာကြာလာသည့်အခါတွင် ထိုတွင်းနက်ကြီးမှ သဘာဝရေဇယ်သံသိုက်ကြီးအဖြစ် တစ်စတစ်စပြောင်းလဲလာခဲ့ပြီး ထိုကျွန်းနှစ်ကျွန်းရေလက်ကြားမှ ဖြတ်သန်းသွားခဲ့သည့်စက်လှေကြီးများ မူလအနေအထားမှ ပုံမှန်မဟုတ်ဘဲ မီးလုံးများဖျော့တော့မှေးမှိန်ခြင်း၊ စကားပြောစက် ရေဒီယိုအသံတိုးသွားခြင်းတို့မှာ သံလိုက်စက်ကွင်းတစ်ခုအတွင်းသို့ ရောက်ရှိသွားပြီး ရေ အောက်တွင်းနက်ကြီးမှ ဆွဲငင်မှုဟုလည်း ပြောဆိုလာခဲ့သည်မှာ နှစ်ပေါင်း (၄၀) ကျော်ခန့်ရှိပါပြီ။

သို့သော် ပျောက်ဆုံးသွားသော အတ္တလန်တစ်မြို့တော်ဟောင်းကြီးရှိသည်ဆိုသော ဘာမြူဒါတြိဂံဒေသလိုမျိုးသာဆိုလျှင် ထိုရေလက်ကြားသို့ဖြတ်သွားဖြတ်လာနေကြသော စက်လှေကြီးသေးငယ်မဟူ နစ်မြုပ်ပျက်စီးပျောက်ကွယ်သွားလိမ့်မည်ဖြစ်ပြီး . ယခုတော့ ရေဒီယိုနှင့် G.P. S မီးလုံးများ အသံတိုးခြင်း၊ မီးရောင်ဖျော့တော့မှေးမှိန်ခြင်းခေတ္တဖြစ်သွားပြီး ထိုရေလက်ကြားကျော်လျှင် ပုံမှန်ပြန်လည်ဖြစ်သွားခြင်းအတွက် ထူးဆန်းသည်ဟုစူးစမ်းလေ့လာသင့်ကြောင်း မြန်မာပင်လယ်ပြင်မှ ဖြစ်ရပ်ကလေးကို ရေးသားတင်ပြလိုက်ရပါလေတော့သည်။ မြန်မာ့ပင်လယ်ရေပြင်ပိုင်းနက်တွင် လွန်စွာအံ့ဩဖွယ်ရာတွေရှိပါသည်ဟုသာ ဆိုချင်ပါလေတော့သည်။

စာကြွင်း -

တစ်ချိန်က စာရေးသူတို့မြို့တွင် ခရေပင်ဇောက်ထိုးဆိုသော ထူးခြား၍ ဂမ္ဘီရဆန်သောသစ်ပင်ဆန်းတစ်ပင်ရှိခဲ့ဖူးပါသည်။ နောင်တွင် ထိုအပင်သေသွားပြီးနောက် သိရှိမီခဲ့ဖူးသောလူအများပြောပြချက်အရ ခရေပင်ဇောက်ထိုးသည် ထွက်ရပ်လမ်းစဉ်ကျင့်စဉ်စခန်းအတွက် ရှေးဆရာအစဉ်အဆက်မှ စိမ်ခဲ့သော အစီအစဉ်ဖြစ်၍ ခရေပင်ဇောက်ထိုးသိုက်ကိုစောင့်သောကြောင်နက်ကြီး၏လည်ပင်းတွင် သင်္ကေတအမှတ်အသား (၁၁၁၁) ကိုဆွဲထားခဲ့ပြီး ထိုသိုက်စောင့်ကြောင်နက်ကြီးအား ရေဇယ်သံနှင့် စီရင်ထားသော ရန်ကြီးအောင်ဓားဖြင့် စီစဉ်ပြီးမှ သိုက်တံခါးပွင့်၍ ထွက်ရပ်ပေါက်လမ်းစဉ်ကျမ်းကိုယူ၍ စိမ်ပါဟု သိရှိခဲ့ရပါသည်။

ငါးကွမ်းရှပ်ဦးစီးကြီးဦးစံထွန်းသာ ပြောပြသော ရေဇယ်သံအိုင်သည် ကဒုံလေးကျွန်းနှင့် ဂယက်ကြီးကျွန်းရေလက်ကြားတွင် သူတို့စက်လှေနားနေတိုင်း အထက်ပါဖြစ်ရပ်များနှင့်ကြုံရပြီး သူ့အထင်ပြောရလျှင် ထိုနေရာရေအောက်တွင် သတ္တုသိုက်ကြီးရှိနေသည့်အတွက် ထိုကဲ့သို့ ဖြစ်ရခြင်းဟု ယုံကြည်ကြောင်း ပြောပြခဲ့ပါသည်။

ဂယက်ကြီးကျွန်းအကြောင်းပြောပြသော ဦးစံထွန်းသာသည် ဖျာပုံမြို့တွင် ယခုတိုင်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

စာရေးသူနှင့်မိတ်ဆွေသက်တမ်းရင့် ငါးကွမ်းရှပ်ဦးစီးကြီး ဖြစ်ပါသည်။

မင်းကျော့ခိမ် (ထမင်းရေး)

(မင်းသားကြမ်း (မင်းသကြမ်း) ရေရိုးအကြောင်း ပြောပြခဲ့သော ဆရာ ရည်လွင်အောင် (ဖျာပုံ)၊ ဆရာမောင်သဲခေါင်သို့ အမှတ်တရ)



www.burmeseclassic.com

www.burmeseclassic.com

အကြော့တောသည့်မင်းသမီးချော သို့မဟုတ်

# ပြည်သူ့အချစ်တော်နာမည်ကျော်ရုပ်ရှင်မင်းသမီး

# မေရီမြင့်

ကိုတိုး(ရန်ကင်း)



ယနေ့ခေတ် တိုးတက်နေသော ဆေးပညာရပ်များနှင့် စပ်လျဉ်း၍ စကားဝိုင်းတစ်ခု၌ စကားစပ်မိကြရာ မိတ်ဆွေတစ်ဦးက ၊ သားအိမ်အပြင်တွင်တည်သော သန္ဓေသားကို အောင်မြင်စွာခွဲစိတ်မွေးဖွားလိုက်နိုင်သောသတင်းပါလာရာ စာရေးသူလည်း တစ်ချိန်က မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ်တို့၏ အသည်းစွဲရုပ်ရှင်မင်းသမီး မေရီမြင့်သာ ယခုခေတ်လိုဆေးပညာမျိုးနှင့် တွေ့လိုက်လျှင် ဘယ်မှာအသေစောလိမ့်မှာလဲဟု နှမြောတသစွာဖြင့် ဝင်ပြောမိသည်။

ယခုခေတ်လူငယ်များသည် ရုပ်ရှင်မင်းသမီးချော မေရီမြင့်ဆိုသည်ကို ကြားဖူး၊ ကြည့်ဖူး၊ မြင်ဖူးသူ ရှိလိမ့်မည် မထင်ပါ။ ဤစာရေးသူကိုယ်တိုင်မင်းသမီးချော မေရီမြင့် ကြွေလွင့်သည့် ၁၉၅၇ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်၍ သူမထင်ရှားကျော်ကြား အောင်မြင်နေချိန်တွင် ကျွန်တော်ကိုယ်တိုင် ကမ္ဘာမြေပြင်ပေါ် မရောက်သေးပါ။ နောင် ကျွန်တော်လူလားမြောက်လာသောအခါ ရုပ်ရှင်ဝါသနာပါသောမိခင်၏ပြောပြမှု၊ စာအုပ်စာပေတို့မှ ဖတ်ရှုရမှုတို့ကြောင့် အကြွေစောသည့် မင်းသမီးချော၏အကြောင်းတို့ကို သိလာရပါသည်။

မေရီမြင့်ကို ရှမ်းတိုင်းရင်းသား ဦးစိုင်းလုံခမ်းပော၊ အမိဒေါ်နန်းဆွမ်ခမ်းတို့မှ ၁၉၂၉ ခုနှစ်၊ မတ်လ ၅ ရက်၊ အင်္ဂါနေ့နံနက် (၈) နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ်းခမ်းမြို့တွင် မွေးဖွားခဲ့၏။ မွေးချင်းသုံးယောက်ထဲတွင် အငယ်ဆုံးဖြစ်သည်။

၁၉၃၃ခုနှစ်တွင် မိဘများနှင့်အတူ နမ္မတူမြို့သို့ ပြောင်းရွှေ့လာကြရာမှ နမ္မတူမြို့ရှိ ဆရာမြို့၏ တိုင်းရင်းမြန်မာ့
















www.burmeseclassic.com

www.burmeseclassic.com









ချစ်ဇာတ်ခင်း ခရီးအောင်နဖတွင်
မေရီနှင့် ဦးထင်ကြီးမောင်ဦးတို့ကို တစ်ခါက
ဤသို့ တွေ့မြင်ရပေသည်။ ယခုမူ
သူတို့နှစ်ဦး ခွဲရရှာပေပြီ



သူတို့နှစ်ဦး ချစ်ကြည်နူးကာ
'ထက်ထက်ပါတော့မယ်' လို့ ဆိုကြပြီး
သမီးရည်းစားဘဝ ရိုက်ကူးခဲ့ကြတဲ့
ဇာတ်ပုံလှလေပါ



အလယ်တန်းကျောင်းတွင် စာစသင်သည်။ တိုင်းရင်းမြန်မာကျောင်းဖြစ်သော်လည်း အင်္ဂလိပ်စာဘာသာကို သူငယ်တန်းမှ သတ္တမတန်းအထိ သင်ကြားပေးသောကျောင်းဖြစ်သဖြင့် မေရီမြင့်သည် ထိုကျောင်းမှ အင်္ဂလိပ်စာအခြေခံရခဲ့သည်။ ထိုအချက်သည်ပင် နောင် မေရီမြင့်၏ဘဝကို အထောက်အကူဖြစ်စေခဲ့သည်။ အလယ်တန်းဖြေဆိုရမည့်နှစ်တွင် ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်တောက်လောင်လာသဖြင့် မေရီမြင့်တို့မိသားစုသည် နမ္မတူမြို့မှ (၁၄) မိုင်ဝေးသည့် မန်ဆန်ရွာသို့ ပြေးရှောင်ခဲ့ကြရသည်။

မေရီမြင့်၏အဖေ တစ်ယောက်မှာ နမ္မတူမြို့ သတ္တုတွင်းမန်နေဂျာ မစ္စတာအေဘားဂျက်ဆိုသူနှင့် အိမ်ထောင်ကျခဲ့ပြီး ထိုအဒေါ်ဖြစ်သူနှင့်အတူ တရုတ်နိုင်ငံ ရှန်ဟဲမြို့သို့ လိုက်ပါသွားခဲ့ သည်။ မေရီမြင့်သည် အနောက်တိုင်းရင်းသားအရာရှိတစ်ဦး၏ဇနီးဖြစ်သူ အဒေါ် ထံမှ အထက်တန်းကျကျ ဝတ်စားဆင်ယင်နေထိုင်သွားလာမှုများကို အတုယူခဲ့သည်။

ထိုအချိန်တွင် မေရီမြင့်အသက်မှာ အလှဆွေးရည်ရွှန်းရွှန်းစိုနေသည့် ပျိုယုဝတီကလေးဖြစ်နေပေပြီ။

မေရီမြင့်သည် ရှန်ဟဲမြို့တွင် မိတ်ကပ်ဆံပင်အလှပြင်သင်တန်း၊ ဇာထိုးပန်းထိုး၊ စက်ချုပ်သင်တန်းမှစ၍ အဆိုအကသင်တန်းများပါတက်ခဲ့၏။ အဆိုအကသင်ပေးသည့်ကိုရီးယားဆရာမကြီး၏ တိုက်တွန်းချက်အရ ရှန်ဟဲမယ်အလှယှဉ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၉၄၇ ခုနှစ် ရှန်ဟဲမယ်ဘွဲ့ကို ဆွတ်ခူးရရှိသည်အထိ အောင်မြင်ခဲ့သည်။

ရှန်ဟဲမယ်ဘွဲ့ရစဉ်က မေရီမြင့်သည် အရပ် (၅) ပေ ( ၄) လက်မ၊ ကိုယ်အလေးချိန်ပေါင် (၁၁၀)၊ ရင် (၃၃)၊ ခါး (၂၂)၊ တင် (၃၃) လက်မအချိုးအစားရှိ၏။


ရှန်ဟဲတွင် (၄) နှစ်ကြာနေထိုင်ပြီး ၁၉၄၇ ခုနှစ်တွင် အမိမြန်မာနိုင်ငံသို့ ပြန်လာကာ နမ္မတူတွင် မိဘများနှင့် အတူနေထိုင်ခဲ့ရာမှ မိဘများထံခွင့်ပန်ကာ အနုပညာလုပ်ငန်းများလုပ်ကိုင်ရန် ၁၉၄၈ ခုနှစ်တွင် ရန်ကုန်သို့ဆင်းလာခဲ့သည်။ ရန်ကုန်တွင် ယုဝတီဂျင်းဖောမယ် (ဒေါ်ခင်ဘုန်းတင့်)၏ အိမ်တွင်တည်းခိုရင်း အောဝမ်းရုပ်ရှင်ကုမ္ပဏီတွင် မင်းသမီးလျှောက်ရာ စကားသံဝဲလွန်းသဖြင့် ငြင်းပယ်ခံခဲ့ရသည်။ သို့သော် စိတ်မာတ်မကျဘဲ ထိုအချိန်တွင် တစ်ခေတ်ဆန်းနေသည့်ပြဇာတ်လောက ကို ဝင်ရောက်ရန် ဆရာရွှေဖုံးဘီအောင်နှင့် ဆက်သွယ်ခဲ့သည်။

တရုတ်ပြည်တွင် ပြိုင်ပွဲနှင့်စင်မြဲဖူးပြီးဖြစ်၍ ရှန်ဟဲမယ်ဘွဲ့ကလည်းရထား



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ပြည် တိုကျိုမြို့တော်ရှင်းဘောက်တွင် ခင်ခင်လေးနှင့်မေရီမြင့်



အမေရိကန် အဆိုတော်မှုန်မှယ် 'ရှက်ဆောင်မီးယန်း' ကချေသည်များနှင့် မေရီ





မင်းသား မိန့်အောင်ဖျော်နှင့်တွဲလျက် (ဓမ္မသတ်ပိုင်)



ဟာဝယ်ကျွန်း၊ ဝေကီကီကမ်းခြေတွင် ဟာဝယ်ကချေသည်နှင့် မေရီမြင့်

ပြီးဖြစ်သော မေရီကား သူ့အလုဂုဏ်ကို သူယုံသည်။ သင်ကြားတတ်မြောက်လာခဲ့သော အဆိုအကအနုပညာများကိုလည်း အားစမ်းကြည့်ချင်စိတ်များ တဖွားဖွားပေါ်လာမစဲဖြစ်နေချေပြီ။ ဤတွင် ဆရာရွှေဒုံးဘီအောင်၏မြေတောင်မြှောက်ပေးမှုကြောင့် ၁၉၄၉ ခုနှစ်၊ ဝင်းဝင်းရုံ၌ တင်ဆက်သော သစ္စာပန်းနှစ်ခိုင်ပြဇာတ်တွင် ရှန်ဟဲမယ် မေဝင်း အမည်ဖြင့် တက္ကသိုလ်မျိုးချစ်၊ ခင်အုန်းမြင့်နှင့် တွဲဖက်သရုပ်ဆောင်ရသည်။ ရှန်ဟဲမယ်မေရီမြင့်က တရုတ်မလေးအဖြစ်၊ ခင်အုန်းမြင့်က ကုလားမလေးအဖြစ် တက္ကသိုလ်မျိုးချစ်က ရေတပ်ဗိုလ်အဖြစ် သရုပ်ဆောင်ကြရ၏။ ထိုပြဇာတ်မှစတင်ကာ ရှန်ဟဲမယ်မေရီမြင့်အဖြစ် နာမည်စတင်ခံယူခဲ့သည်။

"ဟာ - ရှန်ဟဲမယ်ဆိုပါလား။ ချပ်အလည်ချောနဲ့ စကားဝဲပေမယ့် အဲဒါကိုက ချစ်စရာတစ်မျိုးပေ့ါ။ ပြီးတော့ အမြဲပြုံးနေတဲ့သူ့အပြုံးကလေးဟာ 'မြင်ရသူနှလုံးအေးအောင်ဖွေးဆောင်နိုင်စွမ်းရှိတယ်"

မေရီမြင့်ကား ပြဇာတ်တစ်ခုထဲနှင့်ပင်'ရှန်ဟဲမယ်တဲ့ပေ့ါ'ဟူသောကောင်းချီးသြဘာသံဂယက်သည် ရန်ကုန်မြို့၏ ထက်ဝန်းတစ်လျှောက် ဘဝင်ညံအောင် ဝင်ရောက် ထိုးဖောက်လိုက်လေတော့သည်။

သည့်နောက်တွင် ဆက်တိုက်ဆိုသလိုပင် ပြဇာတ်သံသရာတစ်ခွင်၌ မေရီမြင့်ကျင်လည်ရလေပြီ။ ၁၉၅၃ ခုနှစ် 'ပွဲခါပြောင်ရေ'အသံထွက်ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ဆောင်ဆုချန်ဆုရရှိခဲ့သူ ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးမေမြင့်နှင့် ရုပ်ချင်းဆင်တူလေရာ သူမကို 'မေဝင်း' မှ 'မေရီမြင့်' ဟူသောအမည်ကို ခပ်ဆင်ဆင်ပေးခဲ့သည်။

ဒါရိုက်တာဦးဘဇင်၏ တီတီကိုးပြဇာတ်၊ ဆရာသုခ၏ ချစ်နိုင်ပြဇာတ်၊ ဒဂုန်ဆရာတင်၏မုန်းရခက်တယ်ပြဇာတ်၊ ဆရာရွှေဒုံးဘီအောင်၏ မိန်းမလီမှာ ပြဇာတ်နှင့်အသွင်မတူပြဇာတ်များအပြင် ရန်ကုန်ဘဆွေလေး၏ချစ်ကြွေးပြဇာတ်။

ဤသို့လျှင် ပြဇာတ်နှင့်မေရီမြင့် မေရီမြင့်နှင့် ပြဇာတ် အတော်ပင် လမိုင်းကပ်သွားလေသည်။

**❑ ရုပ်ရှင်အစ ကျိုက်ထီးရိုးက**

မေရီမြင့်၏ချစ်စရာကောင်းသော ဖော်ရွေမှုနှင့် သူကလေး၏ထာဝရအပြုံးများက သူ့ဘဝကိုထိပ်ဆုံးရောက်အောင် ပို့ဆောင်ပေးပါတော့မည်။ မင်းသမီးဖြစ်ချင်လှသော မေရီမြင့်တစ်ယောက် မင်းသမီးဘဝရောက်သွားပါပကောလား။

ဒါနှင့် အားမရသေး။ မကျေနပ်သေး။ ရုပ်ရှင်နယ်ဘက်သို့ ခြေတစ်ဖက်အမြဲလှမ်းထားသည်။ တတ်နေတုန်း ရုပ်ရှင်ကုမ္ပဏီမှ မေရီမြင့်၏ ပြင်းပြသောဆန္ဒကို ဦးစွာပထမ ရုပ်ရှင်ဈေးဦးပေါက် ဖြည့်တင်းပေးလိုက်၏။ (ကျိုက်ထီးရိုး) အသံတိတ်ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီး တင်မြှောက်လိုက်လေသည်။ ပြဇာတ်မှ ရုပ်ရှင်ပိတ်ကားပေါ်သို့ ပေါ်လာသော မေရီမြင့်တစ်ယောက် ပရိသတ်

၏ အားပေးမှုဖြင့် ကျိုက်ထီးရိုးသမိုင်း ဇာတ်ကား၏နောက်မှ အရင်ပြခဲ့သော ဒါရိုက်တာအေးမြင့်၏ အောင်ဇေယျှနှင့် ရုပ်ရှင်မှ လူရမ်းကားအသံတိတ်ကိုတော့ ဇော်ဝင်းရွှေအတို့နှင့်တွဲ၍လည်းကောင်း၊ အရှေ့တိုင်းရုပ်ရှင်ကုမ္ပဏီမှ ထူး၍မဆန်း ဇာတ်ကြမ်းကို ရွှေဘ၊ တင်ညွန့်တို့နှင့်တွဲ၍လည်းကောင်း အသံတိတ်အသံထွက် ဇာတ်ကားများကို အဆက်မပြတ်ရိုက်ကူးခဲ့ရလေသည်။

အောင်မင်္ဂလာရုပ်ရှင်မင်းသားဖြစ်သူ ခင်မောင်ညွန့်၏ မဲဇာတောင်ခြေကို ခင်မောင်ညွန့်၊ ရွှေကို၊ ခင်မြူ၊ တတ်နေဝန်းရုပ်ရှင်မှ ဒီးဒုတ်ဦးဘချို၏ ဝတ္ထုကို ဒါရိုက်တာ မျိုးအောင်က ဆွေသီဟာရာဇဝင်ဇာတ်ဆန်းကို ခင်မောင်ညွန့်၊ သိတာထွေးတို့ဖြင့် လည်းကောင်း၊ အေဝမ်းဖလင် ဦးဘရှင်၏ ဖာတစ်လုံးခေါင်းကျား။ စိန်မိုယ်းရုပ်ရှင်မှ ဒါရိုက်တာ ဦးဘဇင်၏ ဆည်တော်သခင်မ စသည့် ရာဇဝင်သိုက်သမိုင်းများအပြင် အကြမ်းဇာတ်ကားများအဖြစ် တင်ညွန့်ရုပ်ရှင်မှ ကျားဗဟိန်း၊ သန်းမြင့်ရုပ်ရှင်မှ ငွေဒေါသ၊ အောင်ဇေယျှနှံမှ လူရမ်းကား။ မြဖလင်မှ မိုက်ဇကေရို ငြိမ်းချမ်းရေးရုပ်ရှင်မှ မဟာရန်သူ၊ သန်းမြင့်ရုပ်ရှင်မှ ဗိုလ်တကာဘုရင်၊ စန်းဒေဝ်တာရုပ်ရှင်၏ မုန်တိုင်းနဲ့မာလာ၊ ဇာတ်နဇာတ်ယဉ်များဖြစ်သည့် အောင်ဇေယျရုပ်ရှင်မှ ချစ်ရိပ်သာ၊ အောင်သမြေရုပ်ရှင်မှ ချစ်ခွင့်ရယ်မကြုံဆုံးနဲ့မာလာ၊ ချစ်မီးတကျာ၊ သမုဒယ၊ ရန်ကုန်ရုပ်ရှင်မှ မုန်းပါနဲ့မေရယ်၊ ချမ်းမြေ့ရိပ်မြုံ၊ မျိုးမြင့်ဖလင်မှ မုန်းရခက်တယ်၊ ထီးဖောက်ရေးရုပ်ရှင်မှ စွဲရစ်ပေါ့ သက်လယ်၊ အေးသုံးလုံးရုပ်ရှင်မှ တွေ့ဆုံသည့်တိုင်၊ အမျိုးသားရုပ်ရှင်မှ ချစ်သံသရာ၊ ပဒေသာဖလင်မှ အချစ်ဇာတ်ခုံ၊ ဘီဝမ်းဖလင်မှ ချစ်တော့ခက်တယ်၊ အေးဖလင်မှမေ့သက်ပိုင်၊ ဒါရိုက်တာရွှေဒုံးဘီအောင်၏ ဒေါက်တာအောင်ကျော်ဦး စသည်ဖြင့် ရိုက်ကူးကာ ရုပ်ရှင်အနုပညာနယ်တွင် အောင်လံလွှင့်နိုင်ခဲ့သူ မေရီမြင့်။

## ❑ ဒါရိုက်တာမေရီမြင့်

ရွှေခေတ်တွင် မဟာဒုက်ကုမ္ပဏီမှ အမျိုးသမီးဒါရိုက်တာတစ်ဦးပေါ်ခဲ့ဖူးပြီး နောင်တွင် မေရီမြင့်သည် ကိုယ်တိုင်ဒါရိုက်တာ ပြုလုပ်ပါဝင်ကာ 'ပင်မြင့်မာလာ' ဇာတ်ကားကို ရိုက်ကူးခဲ့လေသည်။

သူမ၏ လက်ရာများသည် ဆေးစက်ကျရာ အရုပ်ထင်ခဲ့သည်ချည်းဖြစ်၏။

မေရီမြင့်သည် မောင်မောင်အေး၊ ဖိုးပါကြီး၊ ခင်မောင်ညွန့်၊ ဇေယျ၊ ကျော်ဖေ၊ ကျော်ဆွေ၊ ရွှေဘ၊ တင်ညွန့်၊ မြင့်အောင် စသော မင်းသားထည်လဲနှင့် အပွဲပွဲနွှဲခဲ့လေသည်။

## ❑ ကလောင်ရှင်မေရီမြင့်

မေရီမြင့်ကား အနုပညာဘုံတွင် အတော်စုံစုံကလေးလိုက်စားသူဖြစ်၏။ ဇာတိုးပန်းချပ်အိမ်မှုလုပ်ရပ်များတွင်ကို လည်း လက်နှင့်ပြတ်သည်မရှိ။ စာပေဘက်တွင်လည်း ဝါသနာထုံလိုက်ချေ



ရုပ်ရှင်မင်းသားရော မြင့်အောင်နှင့်အတူ
(၅၂ အသံထွက်)



ပရိသတ်ရှေ့မှာ အပြုံးနှင့်ဝင်ကြွားကာ



ကျော်ဆွေနှင့်တွဲဖက်ကာ



မိုးပါကြီးနှင့်အတူ

သေး၏။ ဖတ်၊ ကြံ၊ တွေး၊ ရေး ဒါတွေလည်း သူမ၏နေ့စဉ်ထာဝရအလုပ်များပင် ဖြစ်နေသည်။

ထီးထီးမားမား သီးခြားတစ်ကိုယ်တည်းဘဝနှင့်မနေလို၊ အဖွဲ့အစည်းအားကိုးလေ့ရှိသည်၊ မြတ်နိုးလေ့ရှိသည်၊ ထို့ကြောင့်ပင် ကလောင်တစ်ချောင်းကိုင်၍ ဒဂုန်ခင်ခင်လေး ကြီးမှူးသော (မြန်မာပြည် အမျိုးသမီးကလောင်အဖွဲ့ကြီး) သို့ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စောရှင်မွန် ကလောင်အမည်ဖြင့် အသင်းဝင်ဖြစ်ခဲ့လေသည်။ မေရီမြင့်၏ နေ့စဉ်အလုပ်မှာ ရုပ်ရှင်ရိုက်နားသော အခါ ဇာတ်ညွှန်းရင်ထိုး သို့မဟုတ် စာကြည့် သို့မဟုတ် ကလောင်သွေးကာ ဆောင်းပါး ဝတ္ထုများရေးလေ့ရှိသည်။

ရုပ်ရှင်နှင့်ပြဇာတ်မှာ သတင်းမွှေးသလို ကလောင်မယ် စောရှင်မွန် (ဝါ) မေရီမြင့်၏စာပေအရေးအသားသီကုံးပုံ အယူအဆအတွေးအခေါ် များနှင့်တကွ သူ၏ ရေးပုံရေးဟန်ကလေးများသည် ချစ်စရာကောင်းလောက်အောင် ကဗျာဆန်ဆန်နုလှည့်လှသည်။

▫ ဖူးစာရှင်ဗိုလ်ကြီးမင်းဦးနှင့်တွေ့ပြီ

၁၉၅၃ ခု၊ ဒီဇင်ဘာ (၈)ရက်နေ့တွင် ဝင်းဝင်းရွှံ့ မေရီမြင့်ပြဇာတ်ကနေစဉ် မိတ်ဆွေတစ်ယောက်ကို အကြောင်းပြု၍ ဗိုလ်ကြီးမင်းဦးနှင့် ပထမဆုံးတွေ့ခဲ့သည်။

ချူဖူးသောရေစက် ပန္နက်ဖူးသော သစ္စာဆိုသည့်အတိုင်း (မြင်လျှင်ချင်းပဲကွယ် ချစ်မိကြိုက်မိတယ်) ဆိုသော အောဝမ်းတင်မောင်၏ အချစ်ကဗျာစာဆိုနှင့်အညီ တစ်ဦးကိုတစ်ဦး မေတ္တာထူးကာ ချစ်ရည်မြှမ်းကြကာအစ သမီးရည်းစားအဆင့်သို့ ဇာတ်ခုံစင်မြင့်ထဲတွင် အချစ်ပန္နက်စွဲခဲ့ကြလေသည်။

သို့သော် ၎င်းနှစ် ၎င်းဒီဇင်ဘာ ၃၀ ရက်နေ့တွင် နုလှသေးသောသူတို့၏သမီးရည်းစားအချစ်ကို စစ်သဘောကြီးက ခွဲပစ်လိုက်သလို ဗိုလ်ကြီးမင်းဦးခမျာ ကြင်ဝမသေးသောပြုံးပန်းတစ်ပွင့် မေရီကလေးနှင့်ခွဲကာ စင်ကာပူသို့လိုက်ပါသွားရလေသည်။

▫ မေရီမြင့်ကမ္ဘာလှည့်ပြီ

၁၉၅၄ ခုနှစ်၊ ငွန်လသည် မေရီ၏ဘဝတစ်စွန်းကို အမှန်းတင်လိုက်ပြန်သောလဟု ဆိုရပေမည်။

ပူပူနွေးနွေးဖူးစာဆက်ရန်ရည်မှန်းထားသူ ဗိုလ်ကြီးမင်းဦးအတွက် ဆွေးထသက်သက် လွမ်းနေရသည့်ကြားမှ

## ဗိုလ်ကြီးမင်းဦးထံ သင်္ဘောမှ မေရီက

Cunard Line  R.M.S. Queen Mary

22.8.54

[illegible]

ဇော်ဖော်မိ

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ဗဟုသုတဆည်းပူးလိုလှသည့်အလျောက် ချစ်သူနှင့်မနေရသေးတဲ့တူတူလူကြုံကောင်းသည့်အခိုက် ကမ္ဘာလှည့်ရအောင်လိုက်သွားတာပဲကောင်းပါတယ်လေ။

ဤသို့ပြတ်သားစွာဆုံးဖြတ်လိုက်ပြီးနောက် ဗမာ့ခေတ်ဦးအုန်းခင်၊ ဒေါ်ဒဂုန်ခင်ခင်လေးတို့နှင့်အတူ လိုက်သွားကာ တိုင်းအတည်တည် ပြည်အစုံစုံ မြို့အထပ်ထပ် ကမ္ဘာကြီးကိုပတ်ခဲ့လေသည်။ (မေရီမြင့်ကမ္ဘာပတ်သည်မှာ မိမိရုပ်ရှင်ပြဇာတ်လုပ်ငန်းမှရရှိသောငွေများကိုစုဆောင်းကာ မိမိ၏စရိတ်ဖြင့် စာပေမိခင်ကြီးနှင့်အတူလိုက်ပါသွားခြင်းဖြစ်၏။) အချစ်ပေတံနှင့်တိုင်းထွာကြည့်က ကမ္ဘာကြီးကိုပင် ကျဉ်းကျဉ်းလေးပါလားဟု မေရီမြင့်ထင်မြင်သည်။ သူ့ချစ်သဲ ဗိုလ်ကြီးမင်းဦးကို သူ့မျက်စိထဲမှာပဲ အမြဲမြင်ယောင်နေသည်။ ဝေးပါဘူးမောင်ရယ် မောင်နဲ့မြင့်ဟာ အမြဲနေရတယ်မို့လားတဲ့။

ကမ္ဘာ့အရပ်ရပ် ရောက်ရောက်လှမ်းလှမ်းပြီး ချစ်သူထံ အမြဲစာကမ်းရှာသည်။ သူကသာစာထောက်နိုင်သည်။ ဗိုလ်ကြီးမင်းဦးကမူ ပြန်စာရေး၍ချစ်တေးကြူလိုပါလျက်နှင့် ကမ္ဘာကိုပတ်နေဆဲ လိပ်စာအတည်အမြဲမရှိမှုကြောင့် တအောင့်အင်းအင်းနှင့်ပင်နေရရှာသည်။ ခုဆို မြင့်တို့ အမေရိကတိုက်ရောက်လာပြီထင်ပါရဲ့။

မေရီ့ထံမှ ပေးစာများအရ ရော်ရမ်းမှန်းဆကာ တွေးမိသည်။ ဝေးမိသည်။ ဆွေးရိသည်။ (မေရီမြင့်သည် စာပေမိခင်ကြီး ဒေါ်ဒဂုန်ခင်ခင်လေးနှင့်အတူ ဂျာမနီ၊ ဒိန်းမတ်၊ နော်ဝေး၊ အင်္ဂလန်၊ အမေရိကန် စသည်ဖြင့် ကမ္ဘာအနှံ့ရောက်ခဲ့သည်)

**□ တိတ်တဆိတ်လက်ထပ်ခဲ့ရ၏**

ချစ်တိုင်းလည်းမညား၊ ညားတိုင်းလည်းမချစ် ဒီစကားသုံးကို ဗိုလ်ကြီးမင်းဦးက မေတ္တာ၊ သစ္စာ၊ အမြောက်ဗုံးများနှင့် ချေမှုန်းပစ်လိုက်၏။

မှန်လေစွ။ အသည်းနှစ်အောင်စွဲ ချစ်ကြပါလျက်နှင့် သူတို့၏ချစ်ခြင်းကို ကြားကာဖြို့ခွင်းမှုများအဟုန်ပြင်းပြင်းနှင့် တိုက်ခိုက်ပေါ်ပေါက်လာသည်။ မင့်ဂုဏ်သိက္ခာကိုထောက်ပါ ဟူ၍ စကားလုံးယဉ်ယဉ်နှင့် ဗိုလ်ကြီး၏ ချစ်ခြင်းကို တွင်တွင်ကြီးခွဲကြလေသတည်း။

"မြင့်၊ အချစ်က အချစ်ပဲ။ မောင်မြင့်ကို မခွဲဘူး"

ဤသည့်သစ္စာ ပန္နက်မေတ္တာရွက်ကိုဖွင့်ကာ ၁၉၅၅ ခု၊ ဧပြီလ ၂၃ ရက်နေ့တွင် တိတ်တဆိတ်ကျိတ်၍သဘောတူ ရုံးတက်လက်ထပ်လိုက်ကြတော့၏။

သူတို့၏ အိမ်ထောင်ရေးလှေလောင်းကလေးကို ရေလယ်တွင် မတိမ်းမစောင်းရအောင် သတိကြီးစွာနှင့်လှော်ခတ်လာကြရရှာသည်။

"တကယ့်မေတ္တာစစ်သာ မဟုတ်ဘူးဆိုရင် ကျွန်တော်တို့အချစ်ဟာ ကြားကခွဲတာနဲ့ ကွဲလောက်ပါတယ်ဗျာ။ ဒါပေမယ့် မေတ္တာနဲ့သစ္စာနဲ့ မွမ်းမံတည်ဆောက်ထားတဲ့ကျွန်တော်တို့ရဲ့ချစ်ဗိမာန်ကို ပြိုအောင် ဘယ်သူမှမဖြိုနိုင်ခဲ့ပါဘူး"

တစ်ခါက ဗိုလ်ကြီးမင်းဦး ဥဒါန်းကျူးသံကြားလိုက်ဖူးပေသည်။ အချုပ်အားဖြင့် မေရီနဲ့လက်ထပ်ရမလားဟူ၍ ဗိုလ်ကြီးမင်းဦး၏ပတ်စန်းကျင်တစ်ဝိုက်က မနှစ်မြို့က် သဘောမတူခဲ့။ သို့သော်သို့သော် . . .။

**□ ကမ္ဘာ့ဖွားနီကာ ချယ်ရီတစ်ပွင့် ကြွေလွင့်သွားရှာပေါ့**

ဗိုလ်ကြီးမင်းဦးနှင့် မေရီတို့ချစ်တုန်းခင်တုန်းက ပြုံးပြုံးဖြစ်နေဆဲတွင် ချစ်ဇနီးလေး မေရီမှာ နေ့ညမစဲ ရုပ်ရှင်ပွဲတွေရိုက်ရတဲ့ဒဏ်ကလည်း ပန်းလှတဲ့ပြင် ဆန်းကြယ်လိုက်တဲ့ သူ့သန္ဓေ ခန္ဓာကို သွေဖည်ပြီး မဆီမဆိုင်တဲ့နေရာမှာ သွားတည်လေတဲ့အတွက် ရိုက်လက်စတန်းလန်း ၅၂၈၊ ချစ်သံသရာ စသောဇာတ်ကားတွေကို ရပ်နားထားလိုက်ရပြီးနောက် -

၁၉၅၇၊ ဧပြီလ ၂၅ ရက်နေ့တွင် စံပြသားဖွားခန်းသို့ တက်ရောက်ပြီးဆရာဝန်ကြီးများနှင့် ခွဲစိတ်ကုသမှုခံယူခဲ့သည်တွင် ရောဂါအခြေအနေမှာ အတော်ပင် ကောင်းမွန်လာပြီးနောက် မေလ ၆ ရက်နေ့အရောက်တွင် ဘယ်ကြွက်ပြုဟ်ဆိုးတဝင်၍နောက်လိုက်သည် မသိ ရုတ်တရက် အဆုတ်တွင် အဖေးမိသောရောဂါဝင်ရောက်ဖောက်လာချက်ကြောင့် -

'လှပသော ရုပါ၏ပိုင်ရှင်မေရီမြင့်'

'ချိုသာသောဝါစာ၏ပိုင်ရှင် မေရီမြင့်'

'နွဲ့နှောင်းသောမူရာ၏ ပိုင်ရှင်မေရီမြင့်'

'ပြုံးပန်းတစ်ပွင့်လိုဝင့်ရှာခဲ့တဲ့ မေရီမြင့်'

'ရုပ်ရှင်မှခ်ဦးက တောက်မြူနေသော သောက်ရှူးကြယ်ပြောင်ကလေးတစ်ပွင့်ဖြစ်သည့် မေရီမြင့်–

ဤနယ် ချစ်ဖွယ်အပြုံးရှင်၊ ပြည်သူ့အချစ်တော် နိုင်ငံ့ကျော် ရုပ်ရှင်မင်းသမီးမေရီမြင့်ကား ညနေ (၄း၁၅) အချိန်တွင် ဇီဝိန်ချုပ် ရုပ်ကလာပ်အသုဘအနိစ္စသဘော ရွှေ့လျောကြွေပျက်ကာ အလှကျက်သရေတော်ဆောင် ပြုံးပန်းကလေးတစ်ချက်ဟာဖြင့် မြေသို့သက်ရရှာပါလေပြီတကား။

**□ သံဝေဂကြေးမုံ**

က။ ကြိုးကြိုးမင်းမင်းလပ်ဆောင်ခြင်းကား ထမင်းဝရုံပါတကား။

ခ။ ဝိုးဝိုးဝင်းဝင်းဝတ်ဆင်ခြင်းကား၊ နှင်းသရုံပါတကား။

ဂ။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား တွေ့ကွင်းနောက်ဆုံးပါတကား။

ဃ။ ဇီဝန်ထင်လင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံးပါတကား၊

မေရီမြင့် ကွယ်လွန်ခဲ့သည့် ၁၉၅၇ ခုနှစ်နောက်ပိုင်းတွင် သူမရိုက်ကူးခဲ့သော ဇာတ်ကား (၁၃) ကားမျှ ဆက်လက် ထွက်ပေါ်ပြသခဲ့ပါသည်။ သူမဘဝဇာတ်သိမ်းသွားခဲ့သော်လည်း သူမ၏ အနုပညာအရှိန်သည် ၁၉၅၈၊ ၁၉၅၉ ခုနှစ်များအထိ သက်ရှိထင်ရှားသကဲ့သို့ ဆက်လက် ရှင်သန်ခဲ့ပါသည်။ သို့ပါ၍ အနုပညာရှင်မေရီမြင့်၏ကိုယ့်ထူးကိုယ်ချွန်ကြိုးစားမှုကြောင့် အောင်မြင်ကျော်ကြားမှုကို တစေ့တစောင်းရေးသားတင်ပြလိုက်ရပါသည်။

ရိုက်ကူးခဲ့ရသော ကမ္ဘာ့ဏီပေါင်း (၃၅) ခု၊ ဒါရိုက်တာပေါင်း (၂၈) ဦး၊ မင်းသားပေါင်း (၂၃) ဦး တွဲခဲ့ရသည်၊ မင်းသားပေါင်းစုံနှင့် တွဲခဲ့ရသော်လည်း မင်းသားကြီးဇေယျနှင့် အတွဲအများဆုံး ရိုက်ကူးခဲ့ရပါသည်။

မှတ်မှတ်ရရ လွန်ခဲ့သော(၁၅)နှစ်ကျော်ခန့်က မြန်မာ့ရုပ်သံမှ မင်းသမီးချော မေရီမြင့် ပါဝင်သော ဒေါက်တာအောင်ကျော်ဦးကားကို ပြသဖြင့် စာရေးသူသည် မင်းသမီးချော မေရီမြင့်တို့ ကြည့်ရှုခွင့်ရခဲ့ပါကြောင်း၊ ယခုခေတ်လူငယ်မောင်မယ်များအတွက် မေရီမြင့်ပါဝင်သော ရုပ်ရှင်ကားတစ်ကားကို ပြသပေးချင်ပါဘိ။

ကိုဘိုး (ရန်ကင်း)

**စာညွှန်း**

၁။ ၁၉၅၇ ခုနှစ်၊ ဇွန်လထုတ် မေရီမြင့် အထူးမှတ်တမ်းရုပ်စုံ

၂။ နတ်ရေကန်မဂ္ဂဇင်း၊ ပ ါ ဂီတစာဆိုပြည်သန်းနွယ်၏ ရုပ်ရှင်ပြဇာတ်လောကမှ ပရိသတ်မသိသေးသောအတွင်းရေးများ



www.burmeseclassic.com

www.burmeseclassic.com

# ဝက်မတမ်းမ နို့လည်နေခဲ့လျှင်

ကျွန်တော်ရယ်၊ ဦးသီဟ (ခေါ်) ဦးမွတ်တားရယ်၊ ဦးအုန်းမောင်ရယ် ၁၂-၁၂-၂၀၁၆ နေ့မှာ ရန်ကုန် ဗဟန်းရှိ မဟာစည်ရိပ်သာဌာနချုပ်မှာပြုလုပ်မယ့် 'မဟာစည်ဩဝါဒခံယူပူဇော်ပွဲ' ကို သွားဖို့ ပျဉ်းမနားဘူတာမှာရောက်နေကြပါတယ်။ နေပြည်တော်ဘူတာကြီးကနေ မနက် (၈) နာရီမှာ ထွက်ခွာလာမယ့် နေပြည်တော်-ရန်ကုန်ရထားကိုစီးကြမှာပါ။ရထားက (၈)နာရီခွဲလောက်မှရောက်လာမှာပါ။

(၈)နာရီထိုးတာနဲ့ ကျွန်တော်တို့ဟာ ရထားဝင်လာမယ့် စင်္ကြံအမှတ် (၁) မှာထွက်ပြီး ရထားကိုစောင့်ကြိုနေကြပါတယ်။ စကားတပြောပြောရှိနေတုန်း ကျွန်တော့်မျက်စိက အဆောက်အအုံသံတိုင်ကြားမှာညှပ်ထားတဲ့ မီးရထားလက်မှတ်ဟောင်းကိုမြင်တာကြောင့် လှမ်းယူပြီးကြည့်မိပါတယ်။ ရထားလက်မှတ်က တောင်တွင်းဘက်ကိုသွားမယ့် လက်မှတ်ဟောင်းပါ။ ကျကျနနေပုံရှိပါတယ်။ ဒါကိုတွေ့တဲ့လူက သံတိုင်ကြားကောက်ညှပ်ထားဟန်တူပါရဲ့။

လက်ထဲ ရထားလက်မှတ်လေးရှိနေတော့ကာ ကျွန်တော်က ဗဟုသုတအဖြစ်ပြောပြပါတယ်။

"ဟောဒီရထားလက်မှတ်လေးဟာ အဟောင်းဆိုတော့ ဘာမှတန်ဖိုးမရှိပါဘူး။ ဒါပေမယ့် သူက စတီသဘောဆေးအသုံးဝင်တယ်ဗျ။အော့အန်ဝမ်းကျဖြစ်ရင် အောက်ကိုလည်းလျှောတယ်၊ အထက်ဆန်ပြီးတော့လည်းအန်တယ်။ အောက်ကိုလျှောရင် အဆန်ရထားလက်မှတ်ပြာချပြီး ဖျော်တိုက်လိုက်၊ ဝမ်းလျှောချက်ချင်းရပ်တယ်။ အထက်ကိုဆန်ပြီးအန်ရင်လည်း အစုန်ရထားလက်မှတ်ပြာချပြီးတိုက်လိုက်။ ချက်ချင်းအအန်ပျောက်တယ်။ အစုန်၊ အဆန်ရဲ့ ဆန့်ကျင်ဘက်နဲ့တိုက်ပြီး တားလိုက်တဲ့ စတီသဘောပေါ့ဗျာ။ ဒီလက်မှတ်လေးက ပျဉ်းမနားကနေ တောင်တွင်းဆိုတော့ အစုန်ပေါ့။ အစုန်ဆိုရင် အဆန်ဖြစ်တဲ့ အန်တဲ့ရောဂါအတွက် အသုံးဝင်တယ်"

လို့ပြောပြီး သံတိုင်ကြားမှာ လက်မှတ်လေးကို ပြန်ညှပ်ထားလိုက်ပါတယ်။

အဲဒီမှာ ဆရာဦးမွတ်တားက ထပြောပါတယ်။

"မောင်ရင်ပြောမှ မီးရထားလက်မှတ်ဟောင်းအသုံးဝင်ကြောင်း သတိရမိတယ်။ အဲဒီတုန်းက ကျုပ်မိန်းမ မမြက အကောင်းကြီးရှိသေးတယ်ဗျ။ ဆီးချိုတွေဘာတွေမဝင်သေးဘူး။ ကျုပ်တို့တွေ ကလေးတစ်အုံတမနဲ့ စီးပွားရေးကျပ်တော့ကာ ဝက်မလေးတစ်ကောင်ဝယ်မွေးတယ်ဗျ။ ဝက်ကဗျာ အကျိုးပေးလို့လားမသိဘူး။ အတော်လေးဖြစ်တယ်။ ဝက်မကထွားထွားကျိုင်းကျိုင်းဗျ။ သားတင်တော့ကာ ကလေးဆယ်ကောင်မွေးတယ်။ ဝက်လေးတွေက တုတ်တုတ်ခဲခဲလေးတွေဆိုတော့ ချစ်စရာဗျ။ ဒါပေမယ့်ဗျာ ဝက်မက သားဦးမို့လားတော့ မသိပါဘူး။ ကလေးတွေကို လုံးဝနို့မတိုက်ဘူးဗျ။ နွားမတမ်းသားမခင်ဆိုတာလို ဝက်မတမ်းမသားမခင်တာများလားဆိုပြီး ဝက်မွေးဖူးသူတွေကိုမေးကြည့်တော့ ဒီလိုမျိုး သူတို့မကြုံဖူးဘူးလို့ဆိုကြတယ်။ ခက်နေတာပေါ့ဗျာ။ ဝက်ကလေးတွေ နို့စို့မယ်ကြိုးစားတိုင်း ဝက်မက ကိုက်ကိုက်လွှတ်နေတော့ကာ ဝက်ကလေးတွေ ဒုက္ခရောက်ရတာပေါ့။ ဒီလိုနဲ့ ဒုတိယနေ့ရောက်လာတယ်။ ဝက်မက အကပ်မခံဘူး။ နောက်နေ့လောက်မှမတိုက်ရင် ဝက်ကလေးတွေ အစာငတ်ပြီးသေကုန်တော့မှာလေ။ တကယ်စိတ်မကောင်းဘူးဗျာ။ မမြက မိန်းကလေးဆိုတော့ကာ ဒါ စုန်းလုပ်ထားတာနေမှာဆိုပြီး ဆန်ကောနဲ့ ရှာစာချတော့တာကိုး။ ဆန်ကောနဲ့ ပါးစပ်က တရွရွပြော၊ ယောက်မနဲ့ တတောက်တောက်ခေါက်နေတာကို လူကြီးတစ်ဦးက မြင်တော့ မမြ၊ ဘာကိစ္စ ရှာစာချနေတာတုံးလို့ မေးတယ်။ မမြက ဖြစ်ကြောင်းကုန်စင်ပြောပြတော့ အဲဒီလူကြီးက နင်တို့အိမ်မှာ မီးရထားလက်မှတ်အဟောင်းရှိလားလို့မေးပါတယ်။ ကျုပ်ကရှိပါတယ်ဆိုပြီး လက်မှတ်အဟောင်းနှစ်စောင်ထုတ်ပေးလိုက်ပါတယ်။ လက်မှတ်က အစုန်တစ်ခု အဆန်တစ်ခုဖြစ်နေတယ်။ အဲဒီလူကြီးက အစုန်လက်မှတ်ယူပြီး အဆန်လက်မှတ်ပြန်ပေးပါတယ်။ ကဲလာ - ဝက်ခြံကိုသွားမယ်။ ရေကို ရေချိုးခွက်နဲ့တစ်ခွက်ခပ်ခဲ့ပါဆိုတာကြောင့် ကျုပ်ကဒန်ဖလားကြီးနဲ့ ရေတစ်ခွက်ယူသွားပါတယ်။ ဝက်ကလေးတွေဟာ မိခင်နဲ့မနေရတာကြောင့် သူတို့ဟာ သူတို့စုပုံတိုးဝှေ့အိပ်နေကြပါတယ်။ ဝက်မကြီးက သူ့ဟာသူတစ်ကိုယ်တည်းအိပ်နေတာပါ။ ဒါဟာ ဝက်မတမ်းဖြစ်တာမို့နို့လည်တယ်လို့ခေါ်တယ်။ သူ့မှာ နို့လည်နေတာကြောင့် နို့မဆင်းဘူးဖြစ်နေတယ်။ ဒီတော့ ကလေးတွေကို အကပ်မခံဘူးလေလို့ပြောပြီး ရေခွက်ထဲမှာ မီးရထားအစုန်လက်မှတ်ထည့်ပြီးကြေမွနေအောင်ခြေနေပါတယ်။ အားလုံးကြေသွားပြီဆိုမှ ရေနဲ့ ဝက်မကိုယ်လုံးကို စတီသဘောတောက်ပေးတယ်ဗျ။ ပြီးမှ ဝက်မကြီးကိုချုပ်ခိုင်းပြီး ပါးစပ်ထဲရေဝင်အောင်တိုက်တော့တာပဲ။ အော်ဟစ်ရုန်းကန်နေတော့ကာ အများကြီးမဝင်ပေမယ့် နည်းနည်းတော့ဝင်တာပေါ့ဗျာ။ တိုက်ပြီးလို့မကြာမီမှာပဲ ဝက်မကြီးက သူ့ကလေးတွေဆီ တဝပ်ဝပ်နဲ့အော်ပြီး ပက်လက်လှန်ပေးလိုက်တော့တာပဲဗျို့။ ကျုပ်တို့သုံးယောက်က စောင့်ကြည့်နေကြတာပါ။ ဝက်ကလေးတွေလည်း အငမ်းမရစို့ကြတော့တာပဲဗျို့။ မမြဆို ဝမ်းသာလွန်းလို့ မျက်ရည်တောင်ကျတယ်။ မီးရထားလက်မှတ်ရဲ့ အစွမ်းကို ခင်ဗျားပြောပြမှ ကျုပ်သတိရတယ်။ ဒါမျိုးလာပြောရင် ယုံချင်မှယုံမယ်။ အခုဟာက ဝက်မွေးမိတာကြောင့် မျက်မြင်လက်တွေ့ကြုံခဲ့ရတာပါ"

လို့ပြောပြပါတယ်။

ဒီလိုစတီသဘောကုတဲ့နည်းလေးတွေက များစွာရှိပါတယ်။ ဦးမွတ်တားဟာ ဘဝရဲ့အကျဉ်းအကျပ်ကို ဝက်တွေမွေးပြီးထွက်ခဲ့ရသူပါ။ ဝက်ကို ကာလရှည်လျားစွာ မွေးမြူခဲ့တာကြောင့် ဝက်အကြောင်းနားလည်သူ ဖြစ်ပါတယ်။ နို့မတိုက်ဘူးဆိုရာမှာ ဝက်မျိုမအနေနဲ့ ပထမဆုံးမွေးရင် နို့လည်ပြီး ခုလိုဖြစ်တတ်ပါတယ်။

သားအကြိမ်ကြိမ်ကျပြီးကာမှ နို့မတိုက်ဘူးဆိုရင်တော့ ဒါဟာ နို့လည်တာမဟုတ်တော့ပါဘူး။ ပယောဂအကြောင်းတစ်ခုခုနှောင့်ယှက်မှုကြောင့်ဖြစ်တတ်ပါတယ်။ ဒါဆိုရင်တော့ ရှာစာချပေးခြင်းဖြင့် အဲဒီအခက်အခဲကိုကျော်လွှားလို့ရနိုင်ကြပါတယ်။ ပယောဂနဲ့ယှဉ်တယ်ဆိုရင်တော့ မီးရထားလက်မှတ်နဲ့ ရနိုင်မယ်မထင်ပါဘူး။ ရှာစာချပေးမှ အဆင်ပြေမှာပါ။ တော်နေရာတော်ဒူး နေရာဒူးဆိုတာလို သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်ပါမှ အဆင်ပြေမှာမို့ သတိချပ်နိုင်ကြပါစေလို့ တစ်နိုင်တစ်ပိုင် ဝက်မွေးသူများအား အကြံပြုလိုက်ရပါတယ်။

ဦးသီဟသို့ ကျေးဇူးတင်လျက်
ချမ်းမြေ့[illegible]
နေပြည်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်ထွန်း
(မြင်းကပါ)

# ကျိန်စာပြယ်လွင့် ချစ်ပွင့်ဝေချိန်

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို ယခင်က ပုံပြင်ဒဏ္ဍာရီများဖြင့် လွှမ်းခြုံထားသောမြို့ဟုထင်ထားလေသမျှ လက်တွေ့မျက်မြင်ကြုံတွေ့ရသောအခါ လုံးဝမှားချေပြီ။ သူတော်ကောင်းသူမြတ်လောင်းများကိန်းဝပ်ပျော်စံရာ၊ သာသနာပြုမင်းအပေါင်းနှင့် သူရဲကောင်းများပေါ်ထွက်ခဲ့ရာ၊ ဗိသုကာပန်းအနုလက်ရာပညာရှင်များ၊ စာပေဂီတအနုပညာရှင်များထွန်းကားရာဒေသ၊ ဗုဒ္ဓဘာသာကိုယုံကြည်မှုသဒ္ဓါတရားတို့ဖြင့် အလှူရှင်များ၏ရက်ရက်ရောရောလှူဒါန်းခဲ့သော စေတနာအားရင်သပ်ရှုမောရသော ပန်းအနုလက်ရာများ၊ ကမ္ဘာပေါ်၌ ရှေးဟောင်းအဆောက်အအုံများတစ်စုတဝေးတည်ရှိရာ မြန်မာ့ဦးစွန်းမြန်မာ့နှလုံးသားသည်းပွတ်ဟုခေါ်ထိုက်သောပုဂံဒေသကို အရောက်နောက်ကျလေစွဟု ကိုမျိုးသန့် နောင်တကြီးစွာရစေမိသည်။

မင်းနန်သူရွာ သို့မဟုတ် မင်းအနန္တသူအမတ်ကြီးသည် အာမနာအရပ်တွင် သက္ကရာဇ် ၅၈၅ ခုနှစ်တွင် လေးမျက်နှာဘုရားနှင့်တကွ လေးထောင့်ကန်ကြီးကိုတူးဖော်လှူဒါန်းခဲ့သည်။ ကန်ကို အုတ်အတိပြီးအောင်ပြုလုပ်၍ ကန်နှစ်ဆင့်တူးထားသည်။ ရေဝင်ရေလွှဲကောင်းစေရန်အတွက် ချေပွန်တလားကိုအတင့်အတယ်ပြုလုပ်ထားပုံ စနစ်ကျလှသည်။ ကန်၏ဝန်းကျင်တွင် ဥယျာဉ်စိုက်၏။ အုတ်ကျောင်းများ ကပ္ပိယကုဋီ၊ သိမ်များဆောက်လုပ်၍ သံဃာတော်များသုံးစွဲရန် ထန်းပင်၊ ပေပင်များ လယ်ယာဥယျာဉ်နှင့် အမှုလုပ်ကျွန်များပါမကျန်လှူဒါန်းခဲ့သော နရပတိစည်သူမင်း၏အမတ်ကြီး မင်းအနန္တသူမှ မင်းနန်သူဟုအဆင့်ဆင့်ပြောင်းလဲခေါ်ဝေါ်လာလေသလားဟု တွေးတောရင်း ပုဂံ၏ညနေဆည်းဆာအလှ၏ရှုခင်းကိုကြည့်၍မဝအောင် ဖြစ်ရလေသည်။

ကိုမျိုးသန့်ရောက်နေသောနေရာလေးမှာ မင်းနန်သူရွာ၏မြောက်ဘက်ရှိ တရုတ်ပြေးဘုရားပေါ်မှဖြစ်သည်။ ဤဘုရားပေါ်မှကြည့်လျှင် အနောက်ဘက်မှ ပုဂံမြို့ဟောင်းရှိဘုရားများရှုခင်းမှာလွှမ်းမောဖွယ်ကောင်းနေသည်ကိုတွေ့ရသည်။ တောင်ဘက်တွင် စားပွဲတင်၊ စားပွဲမှောက်၊ ဘုရားလေးမျက်နှာ၊ အရှေ့ဘက်တွင် ဘုရားသုံးဆူ သမ္မုလဘုရားအစရှိသော ဘုရားများ။ အုတ်ကုန်းမို့မို့နှင့်ဘုရားပျက်များဝန်းရံ၍ရှိနေသည်။ပုဂံခေတ်ဗိသုကာလက်ရာအဆင့်အတန်းကို ခန့်မှန်းရင်း အင်ဂျင်နီယာကိုမျိုးသန့် ကျောချမ်း၍သွားခဲ့သည်။ တရုတ်ပြေးဘုရားကြီးပေါ်မှဆင်းလာပြီးလေးထောင့်ကန်ရှိရာဘက်သို့ထွက်လာခဲ့သည်။ ကားကို လေးထောင့်ကန်၏အနောက်ဘက်တွင် ရပ်ထားခဲ့၏။ ကန်ပေါင်အုတ်လှေကားအတိုင်းတက်၍လာခဲ့သည်။

မင်းနန်သူရွာ၊ ဖွားစောအရှေ့၊ အနောက်ရွာ၊ ကုန်းတန်းကြီးရွာအပါအဝင် ရွာနီးချုပ်စပ်တို့ ယနေ့တိုင်သောက်သုံးရန်အားထားနေရသော ရေကန်ကြီးမှာ ထနောင်းပင်၊ မန်ကျည်းပင်တို့၏အရိပ်ကြောင့် အေးမြနေသည်။ နွေလေရူးအဝှေ့တွင် လှိုင်းဂယက်ကလေးများဖြာ၍သွားပုံတို့သည် ရင်ကိုအေးမြစရာကောင်းလှသည်။ ဆိုင်းထမ်းဖြင့်တစ်ဖုံ၊ ရေအိုးဖြင့်တစ်မျိုး၊ ရေစည်ဖွားလှည်းဖြင့်တစ်သွယ်၊ ရေခပ်ရေသယ်သူများဖြင့် စည်ကား၍နေသည်။ အချိန်က ညနေ(၅)နာရီသာရှိသေးသည်။ ရေခပ်သူများက ကိုမျိုးသန့်ကိုမသိမသာကြည့်၍သွားကြသည်။အဖိုးမဖြတ်နိုင်သောအနုပညာလက်ရာတို့ကြားမှ ရိုးသားသောကျေးလက်လူနေမှုကိုတွေ့လိုက်ရတော့ မိမိထက် စောစီးစွာ တာဝန်ထမ်းဆောင်ခဲ့သော မြို့နယ်ဆရာဝန်ကြီးဖြစ်သူ အစ်ကိုကြီး၏စကားကို ပြန်လည်ကြားယောင်နေမိသည်။

"ပုဂံဒေသကိုရောက်ရင် လှေလားစူးစမ်းမိရင် စွန့်ခွာဖို့ခက်တယ် ညီလေး။ ပုဂံခေတ်ဟောင်းက ဝိညာဉ်တွေပူးစီးပြီး ခံရသလို လွှမ်းမောစရာတွေခံစားရတယ်။ ဟိုရောက်ရင် ညီလေးအံ့ဩသွားမှာပါ"

ယခု အစ်ကိုကြီး၏ စကားကို ထောက်ခံမိ၏။ဤဒေသကိုပို့ပေးခဲ့သော အထက်မှအရာရှိများကိုပင် ကျေးဇူးတင်မိသည်။ မိမိ၏တာဝန်မှာ ဖျောင်းဒက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပုဂံဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအထူးလုပ်ငန်းအဖွဲ့ရုံးတွင် အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်လုပ်ကိုင်ရမည် ဖြစ်သည်။

"ကိုမျိုး. . . ကိုမျိုးရယ်"

ကန်ရေပြင်ကိုကြည့်၍ စဉ်းစားတွေးတောနေဆဲမှာ ကိုမျိုးသန့်၏ခါးကို ရစ်ပတ်ပွေ့ဖက်လာသူကြောင့်လန့်၍သွားခဲ့သည်။ သူ၏အမည်ကိုသိနေပုံရသည်။ လူပျိုလူလွတ်တစ်ဦးဖြစ်၍ ရက်စိတ်၊ အုံ့သြကြောက်လန့်စိတ်များကြောင့် ထွေပွေ ပြာဝေ၍သွားခဲ့ရင်းမှ ဖုတ်အတွင်းမှ ထွက်လိုက်ရသည်။ အမျိုးသမီးတစ်ဦးက သူ့ကို အတင်းဖက်တွယ်ထားသည်။ သူတို့နှစ်ဦး ဖြစ်ပျက်ပုံကို ရေခပ်သူများမြင်တော့ ပြေး၍လာကြသည်။ သတိတစ်မျိုးတစ်ပုံ ထင်မည်စိုး၍ ရုန်း[illegible]ရပ်ထားသောကားပေါ်တက်[illegible]အမြန်မောင်းထွက်ခဲ့ရသည်။ အံ့သြစရာလား။ ရာဇဝင်မှုများလား ဝေခွဲ၍မရ။ ပုဂံကတော့ အစမှ ရင်ဖိုတုန်လှုပ်ခဲ့ရလေပြီ။

❑

ပုဂံကိုရောက်၍ လပိုင်းမျှမပြည့်သေး၊ အံ့သြစရာတွေနှင့်ကြုံရသည်။ အထူးသဖြင့် မိမိလုပ်ကိုင်ခဲ့ရသော ပန်းရန်ဆရာတို့၏ အတွေ့အကြုံများနှင့် ခြားနားလှပေသည်။ အတိုး၊ အဆုတ်၊ အပင့်၊ အဖောင်းများ ပေါင်းတူးနည်းပညာရပ်များ၊ မုန်တံကဲဆင်နည်းများ အခေါ် အဝေါ် ပညာရပ်များကို ဖော်ပြနိုင်



www.burmeseclassic.com

www.burmeseclassic.com

ထူးစမ်းရ၏။ အင်္ဂတေအချောများကွာကျသွားသော်လည်း ပုံစံမပျက်တည်ရှိနေခြင်းမှာ ပုဂံပန်းရန်၏ထူးခြားချက်များဖြစ်သည်။ အုတ်စီပညာရပ်ဖြစ်သော်လည်း ခုတ်သင့်သောနေရာကိုခုတ်၊ လွှာသင့်သောနေရာကိုလွှာ၊ ပုံပန်းသဏ္ဌာန်အလိုက် လိုအပ်သလိုလုပ်ကိုင်ရသော နည်းပညာတစ်ရပ်ပင် ဖြစ်သည်။ အရပ်သုံးပန်းရန်ပညာနှင့် ရှေးဟောင်းဘုရားများပြုပြင်လုပ်ကိုင်ရသော ပန်းရန်ပညာတို့မှာ ခြားနားချက်ခြားကွာလှသည်ကို ကိုမျိုးသန့် လေ့လာသုံးသပ်မိသည်၊ ယခုလည်း မိမိတာဝန်အဖြစ် လုပ်ငန်းခွင်စစ်ဆေးကြည့်ရှုရင်းဖြင့် ကျစ္စာမင်းကြီးတည်ဆောက်လှူဒါန်းခဲ့သော ပြဿဒါးဘုရားကြီးဘက်သို့သွားနေခြင်းဖြစ်သည်။ ထိုဘုရားကြီးသည် စူဠာမဏိဘုရား၏ အရှေ့တောင်ယွန်းယွန်းတွင် တည်ရှိသည်။ ထိုဘုရားကြီးပြုပြင်ထိန်းသိမ်းရန် နိုင်ငံတော်မှ ချမှတ်ပေးသော ဘဏ္ဍာငွေဖြင့်ပြုပြင်နေခြင်းဖြစ်သည်။

"အေအီး၊ သူက ပန်းရန်ခေါင်းဆောင်ဦးတင်ညွှန့်ပါ။ အထူးဆောက်လုပ်ရေးရုံးမှာ စံပြနှစ်ကြိမ်မြောက်အရွေးခံရသူပါ"

"ဟုတ်ကဲ့ - တွေ့ရတာဝမ်းသာပါတယ်"

"ကဲ - ဦးကိုကိုအောင်ရေ ကျွန်တော်ရောက်လာတာမကြာသေးတော့ အထူးလုပ်ငန်းရုံးရဲ့ပန်းရန်ပညာရှင်တွေနဲ့ အားတဲ့တစ်နေ့ မိတ်ဆက်ပွဲလေးလုပ်ရဦးမယ်ဗျာ။ ဒါမှ ရင်းနှီးမှုရှိမှာမဟုတ်လား"

"ဟုတ်ကဲ့ - အေအီး၊ ကျွန်တော်ကြည့်ပြီးစီစဉ်လိုက်ပါ့မယ်"

လုပ်ငန်းခွင်ကိုလှည့်လည်စစ်ဆေးနေစဉ် အရှေ့ဘက်အာရုံလိုဏ်ပေါင်းကြီးတစ်ဝက်နီးပါးပျက်စီးကို ပြုပြင်ထိန်းသိမ်းရန် သဲခဲများရှင်းထုတ်နေသည်ကိုတွေ့ရ၏။

"မြွေ. . . မြွေ"

အလုပ်သမားများ မြွေကိုဝိုင်း၍ ရိုက်သတ်ကြသည်ကိုတွေ့ရသည်။ မည်သည့်အချိန်အခါက ပြိုကျသည်မသိ၊ ရှင်းလင်းလိုက်သောအခါ မြွေအမျိုးမျိုးတွေ့ကြောင်း သန့်ရှင်းရေးလုပ်သားခေါင်းဆောင်မှပြောသည်။ မိမိက အန္တရာယ်ကိုကြည့်၍ရှောင်လုပ်ကြရန် မှာကြားရသည်။

"အဲဒါသာကြည့်တော့အေအီးရေ ကျွန်တော်တို့အလုပ်သမားတွေ တစ်ကောင်သတ်ရင် နှစ်ကောင်တွေ့ရတယ်။ ကြာတော့ကြောက်တောင်လာတယ်ဗျာ"

"အလုပ်ထဲမှာနားလည်တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်ပါရင် ဆိုင့်ရာပိုင်ရာကို မေးမြန်းပြီးတင်သပါ။ ဦး[illegible]ကိုအောင်ရေ လိုအပ်တာ ဖြည့်ဆည်းပေးလိုက်ပါ"

"ဟုတ်ကဲ့-အေအီးရေ၊ ကျွန်တော်အားလုံးမေးမြန်းပြီးလုပ်လိုက်ပါ့မယ်"

မြောက်ဘက်မုခ်ကြီးမှာ အားလုံးပြိုကျ၍ ပေါင်းခွင်နံရံကြီးသာကျန်တော့သည်ကို ပြန်လည်ပေါင်းကူး၍ လုပ်ကိုင်နေသည်ကိုတွေ့ရသည်။

"ဘယ်လိုလဲ အေအီး၊ ကျွန်တော်တို့ပုဂံပန်းရန်လုပ်ကိုင်နည်းနဲ့ အခြားပန်းရန်လုပ်ကိုင်နည်းခြားနားချက်တော့ရှိမှာပေါ့နော်"

"ရှိတာပေါ့ ဦးတင်ညွှန့်ရယ်၊ ပုဂံမှာ အုတ်ရိုးစီရတာ ရှေးကအုတ်ရိုးနဲ့တူအောင်လုပ်ကိုင်ရတာ။ ကျွန်တော်တို့ဆီနဲ့တော့ မတူဘူးပေါ့ဗျာ။ ပုဂံပန်းရန်ရဲ့ထူးခြားချက်က အုတ်အနေအထားစီပုံစီနည်းအင်္ဂတေအကြမ်းအချောစပ်နည်းနဲ့ ထုထည်ပမာဏ ခန့်မှန်းနည်းတွေမဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား၊ ရှေးသုတေသီကြီးအချို့က ပန်းရန်ပညာဟာ သုခုမအနုပညာမဟုတ်ဘူး။ အုတ်စီအလုပ်တဲ့လေ။ဒီအုတ်စီတဲ့အလုပ်နဲ့ ခုလိုစေတီပုထိုးဂူဘုရားတွေတည်ဆောက်ရာမှာ သုခုမအနုပညာလို့မဆိုနိုင်ဘူးမဟုတ်လား"

ပန်းရန်ဆရာကြီး ဦးတင်ညွှန့်၏ စာပေဗဟုသုတအတွေးအခေါ်ကို ကိုမျိုးသန့် သဘောကျသွားခဲ့သည်။ မှန်ပေ၏။ ဗိသုကာပညာ၏သဘောမှာ အဆောက်အအုံ၏သဘောမှာ မျက်စိပသာဒရှိအောင် ကြည့်လိုက်တိုင်း၊ ခမ်းနားဆန်းကျယ်တင့်တယ်ဖွယ်ရာမှု ခိုင်ခံ့သားနား၍ နှစ်ပရိစ္ဆေဒကြာမြင့်အောင်ခိုင်ခံ့စေခြင်း၊ ဘာသာရေးယဉ်ကျေးမှုဖြင့်လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်သောအစဉ်အလာကို ငဲ့ကွက်ရခြင်း စသော အနုပညာ၏ ဝတ္တရားများ ကောင်းစွာ ထိန်းသိမ်းရခြင်းသဘောများသည် ပန်းရန်အတတ်တွင်ပါဝင်နေသည်မဟုတ်ပါလော။

"စကားကောင်းနေလိုက်တာ။ ဦးတင်ညွှန့်ရဲ့အဖွဲ့မှာ ပန်းရန်လုပ်သားအခြေအနေဘယ်လိုရှိလဲ"

"ပါမစ်မြကျိုး(၅)ယောက်၊ ယာယီပန်းရန်(၄)ယောက် လုပ်သားအင်အားက (၁၅)ယောက်လောက်ရှိပါတယ်"

"အဲ့သလိုဆိုတော့ လုပ်သားအင်အားထပ်ပြီး တိုးလိုက်ပေါ့။ မကောင်းဘူးလား"

"ဟုတ်ကဲ့-နောက်ထပ်မှ လုပ်သားတိုးရင် ကျွန်တော်ဆိုက်ထဲမှာ ပန်းရန်လက်စလက်နရှိတဲ့ လုပ်သားအချို့ကိုသင်ပန်းရန်အဖြစ်လုပ်ခိုင်းရရင်မကောင်းဘူးလား"

"ကောင်းတာပေါ့ ဦးတင်ညွှန့်ရယ်၊ ဒါမှ ပုဂံပန်းရန်မျိုးဆက်သစ်တွေပေါ်ထွန်းလာမှာပေါ့။ အဲဒီပန်းရန်တွေကို နေ့စားကနေ လစားအဖြစ်တိုးမြှင့်ပေးလိုက်မယ်ဗျာ။ သူတို့လေးတွေလုပ်အားရှိသွားတာပေါ့နော်"

"ဒီလို တိုးမြှင့်ပေးလိုက်တာမင်္ဂလာတစ်ပါးပါပဲ အေအီးရယ် ဝမ်းသာပါတယ်"

ထိုစဉ် -

"ကိုမျိုး ကိုမျိုးရေ၊ ကိုမျိုးသိပ်ပြီးရက်စက်တယ်။ မွန်မွန့်ကို အကြာကြီးခွဲသွားရက်တယ် ဟီး ဟီး ဟီး"

"လုပ်ပါဦး ဦးတင်ညွှန့်ရယ်၊ ဟိုတစ်လောတုန်းကလည်း ဖွတ်အတင်းဖက်တွယ်ထားလို့ မနည်းရုန်းပြီးပြေးလာခဲ့ရတယ်"

ကိုမျိုးသန့် ကြောက်လန့်တုန်လှုပ်စွာဖြင့် အလုပ်သမားများအထဲကို တိုးဝှေ့ပုန်းကွယ်နေလိုက်သည်။ သူ့ယောက်ျားလား ဒါမှမဟုတ် သူ့ရည်းစားလားမသိ။ မိမိနာမည်နှင့် တူ၍နေရောသလား။ နာမည်တတွတ်တွတ်ခေါ်နေပုံထောက်လျှင် တစ်ခုခုတော့ဖြစ်နေပြီဆိုသော အတွေးသံသယများဖြင့် အမျိုးသမီးကို လှမ်းပြီးကြည့်လိုက်သည်။

"ကိုမျိုးရေ သိပ်ပြီးစိမ်းကားလိုက်တာ။ မွန်မွန်ကိုမသိချင်ယောင်ဆောင်မနေပါနဲ့။ ထွက်ပြီးလာခဲ့ပါ ကိုမျိုးရယ်။ မွန်မွန်ကိုသိပ်ချစ်တယ်ဆို။ မွန်မွန်နဲ့ကိုမျိုးဟာ သိပ်ချစ်ကြတဲ့ချစ်သူတွေဆိုတာမေ့သွားပြီလား"

ထိုစဉ် အလုပ်သမားတစ်ဦးမှ ဘုရားအနီးရှိယာထဲမှ ပေါင်းသင်ပေါင်းကောက်နေသော အမျိုးသမီးများကိုခေါ်လာခဲ့သည်။

"ဟဲ့-မွန်မွန်၊ နင်ဘာတွေမဟုတ်တာပြောနေရတာလဲ။ ဒါ နင့်ရဲ့ကိုမျိုးမဟုတ်ဘူး။ နင့်ရဲ့ကိုမျိုးက သေသွားပြီလေ"

"ဘာ. . . ဘာ ဘာဖြစ်လို့ ကိုမျိုးသေရမှာလဲ။ ကိုမျိုးအလုပ်ဆိုပြီးထွက်သွားတာ။ အခုတွေ့နေပြီလေ။ ကိုမျိုးထွက်လာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com

မွန်မွန်သည် အလုပ်သမားထဲတွင် ပုန်းနေသော ကိုမျိုးသန့်ကို ဖွတ်အတက်း ဝင်ဆွဲမည်အလုပ် ပေါင်းကောက်လာသောအမျိုးသမီးအဖွဲ့မှ ဆွဲရုန်းခေါ်သွားရာသို့ပါသွားလေသည်။

ကိုမျိုးသန့်လည်း တရှုကာသက်စွာကြည့်နေရင်း -

"နေပါဦးဗျာ - အဲဒီအမျိုးသမီးက ဘာဖြစ်နေတာလဲ"

အလုပ်သမားတစ်ဦး၏ပြောလိုက်သောစကားကြောင့် ကိုမျိုးသန့်အံ့ဩရသည်။

"စိတ်ဝေဒနာရှင်လေးနဲ့တူပါတယ် အေအီးရယ်"

"ဟင် - ဖြစ်မှဖြစ်ရလေဗျာ"

❑

ကိုမျိုးသန့် ညက တော်တော်နှင့်အိပ်မပျော်ခဲ့။ ရုံးလုပ်ငန်းများမြို့နယ်မှာလစဉ်ပုံမှန်အစည်းအဝေးတက်ရောက်ခဲ့သော်လည်း စိတ်က စိတ်ဝေဒနာရှင်လေးထံရောက်နေမိလေသည်။ သူမများ ရုပ်ရည်ချောမောလှပသလောက် ထိုဝေဒနာဆိုးကြီးကို မည်သို့မည်ပုံစွဲကပ်၍နေသနည်း။ ချစ်တဲ့သူကများခွဲခွာ၍သွားရှာသလား ဒါမှမဟုတ် မိဘဖြစ်သူများကခွဲခွာ၍ ချစ်သူချင်းကွေကွင်းရှာသလား။ ချစ်ကြိုက်နေတုန်းမှာ အမျိုးသားက သေဆုံး၍သွားခဲ့လေသလား။ စိတ်ဝေဒနာသည်လေးအပေါ် ကရုဏာသက်၍ လားပေါင်းများစွာဖြင့် အဖြေရှာမိသည်။ မိဘနှစ်ပါးစလုံးကောရှိပါလေစ။ လူများရလောက်အောင် မိမိရုပ်ကသူ အမျိုးသားနှင့်တူနေရှာသလားသို့လိုဇောက ထက်သန်၍နေလေသည်။

ဒီနေ့နံနက်ပိုင်း ဆင်ဖြူရှင်ကျောင်းတိုက်ပြုပြင်ထိန်းသိမ်းရေးနှင့် ကန်ပြန်လည်တူးဖော်ရေးလုပ်ငန်းခွင်သို့သွားရောက် စစ်ဆေးရန်အတွက် မိမိတစ်ဦးတည်း ကားဖြင့်ထွက်ခဲ့သည်။ ပုဂံဘုရားဖူးလာသောကားများကိုရှောင်၍ မောင်းခဲ့ရသည်။ ရွှေဥမင်ဘုရားတောင်ဘက်ရှိ မြေနီလမ်းကလေးအတိုင်း မင်းနန်သူရွာအနီးအနားရှိ ဘုရားများကိုလမ်းသွားရင်း ကြည့်ရှုနေမိသည်။ လမ်းတွင် ဆိတ်အုပ်၊ နွားအုပ်များဖြင့်ကြုံနေသဖြင့် ခဏခဏကားကိုရပ်ပေးကာရှောင်ရသည်။

ဆင်ဖြူရှင်ကျောင်းတိုက်ကိုရောက်တော့ ဆိုက်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိန်နှင့် ပန်းရန်ခေါင်းဆောင်ဦးညွန့်မောင်တို့က ဆီးကြိုနှုတ်ဆက်ကြ၏။ လုပ်ငန်းခွင်အိမ်ကြည့်ခင်မှာ ဆင်ဖြူရှင်ဘုရားထဲသို့ဝင်၍ ဘုရားဖူးမြော်ကန်တော့၏။ ဘုရားထဲမှထွက်လာ၍ ဆင်ဖြူရှင်မုခ်ဦးတံကဲကိုကြည့်ရှုလေ့လာသည်။ အကောင်းပကတိအတိုင်းရှိနေသေးသည်။ လက်ရာအနုစိတ်ဖြင့်ပြုလုပ်ထားသည်။ ဇလွန်ရုပ်များဖြင့် တန်ဆာဆင်ထားသည်။ ပန်းခက်ပန်းနွယ်များဖြင့် အလှန်လှပသည်ကို တွေ့ရသည်။ ကျောင်းတိုက်အတွင်းမှာ အုတ်ကျောင်းပျက် (၁၆)ခုထက်မနည်းရှိသည်။ သိဟိုဠ်ပုံပေါက်စေတီတစ်ဆူနှင့်ကျောင်းတိုက်အလယ်တွင် ရေကန်ကြီးတစ်ဆူနှင့် ကျောင်းတိုက်အလယ်တွင် ရေကန်ကြီးတစ်ကန်တည်ရှိသည်။ အုတ်ကုန်းခပ်မြင့်မြင့်မှာ ထိုကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်ဘုရားကြီး၏ ကျောင်းဆောင်ဖြစ်ဟန်ရှိသည်။

ကျောင်းတိုက်ကြီး၏အရှေ့ဘက်တွင် မွေ့သာလှ၊ အဆောင်ပုံနှင့်တိုင်အရာများတွေ့ရသည်။ ထို့ကြောင့် ဒီနေရာဒေသမှာ ဗုဒ္ဓသာသနာရောင်ဝါထွန်းကားခဲ့ပုံကို လက်ကျန်အထောက်အထားများအရ သိသာထင်ရှားလှသည်။ ယခုပြန်လည် တူးဖော်၍နေသော ဆင်ဖြူရှင်ကျောင်းတိုက်အလယ်ရှိ ရေကန်ကြီးသည် ကျောင်းတိုက်နေ သံဃာတော်များ သုံးစွဲရန်အတွက် တူးဖော်ခဲ့ခြင်းဖြစ်သည်။ ရေကန်ကြီးမှာကောနေပြီဖြစ်၏။ ကန်ကြီး၏အရှေ့ဘက်တွင် မန်ကျည်းပင်ကြီးတစ်ပင်ရှိသည်။ ကန်ပေါင်အုတ်ရိုးတန်းကြီးမှာ ပြိုကျပျက်စီးနေသည်။

"ဦးကျော်စိန်ရေ မိုးမကျမီ ဒီကန်ထဲက မြေတွေကို မြန်မြန်တူးထုတ်ပြီး ကန်ပေါင်အုတ်ရှေးမူမပျက်လုပ်ဖို့ ရှေးဟောင်းသုတေသနဌာနကညွှန်ကြားထားတယ်ဗျို့"

"ဟုတ်ကဲ့-ကျွန်တော်တို့ဒီမှာရှိတဲ့ ပန်းရန်အဖွဲ့နဲ့တော့ မလုံလောက်ပါဘူး။ ဒါကြောင့် ကုန်းတန်းကြီး ဖျောက်ဆိပ်ပင်ရွာကကန်တူးမယ့်အလုပ်သမားတွေခေါ်ထားပြီးပါပြီ"

"အေးဗျာ-ကောင်းတာပေါ့။ ကဲ-ဦးကျော်စိန်လုပ်စရာရှိတာကိုဆက်လုပ်ပါ။ ဦးညွန့်မောင် ကျွန်တော်နဲ့ စကားပြောရအောင်ဗျာ"

ကန်ပြုပြင်ထိန်းသိမ်းရမည့်အခြေအနေကိုကြည့်ကာ ထနောင်းပင်အောက်မှာခေတ္တဝင်နားလိုက်၏။ နွေထနောင်းဆောင်းမန်ကျည်းဆိုသောစကား မှန်၏။ နွေကာလမှာ ထနောင်းပင်အောက်ရောက်တော့ အေးမြသွားသည်။ ထိုစဉ်လေလေးတစ်ချက်ဝေ့ဆော်လိုက်သဖြင့် ညက အိပ်ရေးပျက်ကာ တွေးတောခဲ့သမျှတို့ ပြေပျောက်သွားပြီထင်ရသည်။ သို့သော် စိတ်ဝေဒနာရှင်မလေး၏ ပုံရိပ်က မျက်စိထဲကထွက်မသွားပေ။

"ဦးညွန့်မောင်ရေ ပေါင်းကူးတာ လက်ဝင်ခက်ခဲတယ်ဆိုတာ ကျွန်တော်သိထားတယ်။ ပေါင်းကူးနည်းဘယ်နှမျိုးရှိတယ်ဆိုတာ ကျွန်တော်သိအောင် ရှင်းပြပေးပါလား"

"ဟုတ်ကဲ့ - ကျွန်တော်တို့ အခုပြုလုပ်နေတာက စုံးထုံးပေါင်းလို့ခေါ်ပါတယ်။ အလယ်မဏ္ဍိုင်နဲ့ ဘေးပတ်ချာလည်ရအောင် ထောင့်ဘက်ကနေစပြီး ကူးရတာက အုန်းလက်ပေါင်းလို့ခေါ်တယ်။ နောက်တစ်နည်းက ဂုံးပေါင်းလို့ခေါ်တဲ့ရောင်ခြည်ဖြာပေါင်းကူးနည်းပေါ့ဗျာ။ အုတ်ကို အပြားလိုက်ကပ်ပြီးစီရတာပါ။ နောက်တစ်နည်းက လိပ်ပြာတောင်ပေါင်းကူးနည်းပေါ့။ အဲဒီလိပ်ပြာတောင်ပေါင်းက ဂုံးပေါင်းကူးတာနဲ့မတူဘူး။ သူက အုတ်ကို ခင်စောင်းစောင်းထောင်ပြီးတည့်ကူးရတဲ့နည်းပါ။ အဲဒီပေါင်းကူးနည်းကိုကြည့်ချင်ရင် မင်းနန်သူလေးမျက်နှာမုခ်မျက်အဝင်မှာ ရှေးကပြုလုပ်ထားတဲ့အတိုင်းရှိသေးတယ်"

အခုပြသာဒ်မှာ ဦးတင်ညွန့်အဖွဲ့လုပ်နေတဲ့အနောက်ဘက်မြောက်ဘက်၊ တောင်ဘက်မုခ်အာရုံခံအတွင်းအခန်းမှာ လိပ်ပြာတောင်ပေါင်းကူးနည်းလုပ်နေတာမျိုးပေါ့ အေအီး။ အခက်ခဲဆုံးကတော့ အုန်းလက်ပေါင်းကူးနည်းပဲ။ အလယ်မဏ္ဍိုင်မှာရှိတဲ့ထောင့်နဲ့ ဘုရားပတ်လည်နံရံထောင့်နဲ့ညီအောင်စီရတော့ လက်ဝင်ဆုံးပေါင်းကူးနည်းပါပဲဗျာ"

အင်ဂျင်နီယာ ကိုမျိုးသန့် ပန်းရန်ပညာရှင်ဦးညွန့်မောင်၏ပေါင်းကူးနည်းများကို စိတ်ဝင်တစား နားထောင်ရင်းခေါင်းညိတ်နေမိ၏။ ဂူဘုရားတိုင်းလိုလိုနှပေါင်းကူးဆုံရာ အလယ်တည့်တည့်မှ သပ်အုတ်ထည့်၍သပ်ရိုက်မိပါလျှင် ခိုင်ခံ့ကျစ်လစ်၍သွား၏။ အထက်မှဝိတ်များ ဖိလေကျစ်လေခိုင်လေဖြစ်သဖြင့် ယခင်မှအစဖျိုးတီထွင်ခဲ့သောရှေးပန်းရန်ပညာရှင်များအား လေးစားမိပြန်သည်။

"အေအီး၊ ဟိုတစ်လောတုန်းက ထီပေါက်တယ်လို့ကြားတယ်၊ ဘယ်လိုဖြစ်ရတာလဲဗျာ ကြုံကြုံဖန်ဖန်"

ပန်းရန်ဆရာ ဦးညွန့်မောင်မေး

www.burmeseclassic.com

လိုက်သောစကားကြောင့် ကိုမျိုးသန့် ရှက်သွေးဖြာကာ မျက်နှာတစ်ခုလုံးနီမြန်းသွားသည်။ ဒီကိစ္စကို ဦးညွန့်မောင် စုံစမ်းခိုင်းရလျှင် အကြောင်းစုံသိမည်ထင်မည်။

"ဟုတ်တယ်ဗျာ၊ ကျွန်တော်မနေ့ညနေခါပြီးပြေးခဲ့ရတာ။ ဟိုတစ်နေ့က ပြဿဒါးဘုရားမှာ တွေ့ခဲ့သေးတယ်။ ယာလုပ်နေတဲ့အမျိုးသမီးတွေကြောင့်သာ၊ နို့မို့ဆို မလွယ်ဘူး။ အဲဒီအမျိုးသမီးက မင်းနန်းသူရွာမှာနေတယ်လို့ပြောတာပဲ ဦးညွန့်မောင်၊ အလုပ်ထဲမှာ အဲဒီအရပ်သားပါသလား။ ပါရင်ခေါ် ပေးစမ်းပါဗျာ"

"ပါပါတယ် အေဒီ။ ကျွန်တော်လွှတ်လိုက်ပါမယ်၊ စောင့်ပြီးနေပါဗျာ"

ဦးညွန့်မောင်ထွက်သွား၍မကြာမီ အလုပ်သမားတစ်ဦးအရပ်ထောင်ထောင်မောင်းမောင်းနှင့်ပင် တွေ့ရ၏။

"တင်ငွေလို့ခေါ်ပါတယ် ဆရာ"

"ကိုတင်ငွေကိုမေးရမှာအားတော့နာတယ်ဗျာ။ ခင်ဗျားတို့ရပ်ရွာမှာ စိတ်ဝေဒနာရှင်မိန်းကလေးတစ်ဦးရှိတယ်ဆိုလိုပါ"

"ဪ - ဟိုတစ်လောတုန်းက လေးထောင့်ကန်မှာ ဖြစ်ခဲ့တဲ့ကိစ္စကိုကျွန်တော် စိတ်မကောင်းပါဘူး ဆရာ၊ အဲဒီညက တစ်ညလုံးအိပ်ရတယ်မရှိဘူး၊ စိတ်ပြန်ပြီးဖောက်လာတယ်။ လူမှားမယ်ဆိုလည်း မှားလောက်ပါတယ်ဆရာ"

"ဘာပြုလို့လဲ ကိုတင်ငွေ"

"ဆရာက သူ့ရည်းစားမောင်မျိုးဝင်းနဲ့တူနေတာကိုး။ အဲဒီနေ့က ကျွန်တော်လည်း အလုပ်မှာပြန်ရှေခပ်နေတာပါ။ အဲဒါကြောင့် ကျွန်တော်အစအဆုံးသိနေပါတယ်"

"ပေါက်ပေါက်ရှာရှာ ကျွန်တော်နဲ့မှလာပြီးတူနေတာကိုး"

ကိုမျိုးသန့်အံ့ဩသွားသည်။ စိတ်ဖောက်ပြန်လာသည်ဆိုတော့ မိမိကြောင့်များလားဟုတွေးတောကာ စိတ်မကောင်းဖြစ်ရသည်၊ ဆေးဝါးကုသပေးရလျှင်ကုသိုလ်ရမည်ထင်သည်၊

"နေပါဦး ကိုတင်ငွေရယ်၊ ဆေးဝါးလေးဘာလေးကောမကုကြဘူးလား"

"ကုပါသကောဗျာ၊ ကုလို့ပျောက်ကင်းလို့ အလုပ်အကိုင်တောင်လုပ်နိုင်ပြီပဲ"

ကိုတင်ငွေ၏ အပြောစကားမှလျှို့ဝှက်ချက်တွေကို ကိုမျိုးသန့်သိလိုက်ရသည်၊ အလုပ်အကိုင်လုပ်နိုင်သော အခြေအနေရောက်မှ စိတ်ဖောက်ပြန်လာခြင်းဟာ မိမိကြောင့်များလား။ တိတိကျကျ၊ ရဲရဲဝံ့ဝံ့ဆိုလိုက်လျှင်လည်း ပြောင်ပြောင်တင်းတင်းတူညီလိုက်ရုံသာရှိသည်။ သို့သော် နှလုံးသားရေးရာကိစ္စကို နားလည်စာနာမိတာတော့အမှန်။

"သူ့အဒေါ် အရင်းဖြစ်တဲ့ဒေါ်သူဇာက ဆရာ့ကိုတောင်းပန်ချင်လို့တဲ့"

"နေပါဦး ကိုတင်ငွေ၊ ဘာများတောင်းပန်ချင်တာလဲဗျာ - ပြောပါဦး"

"ဖြစ်နိုင်မယ်ဆိုရင် ဆရာ ဒီအနီးအနားကိုမလာပါနဲ့တဲ့"

"ဟာဗျာ - မဆိုင်တာ။ ဒီပုဂံရှေးဟောင်းနယ်မြေဟာ ကျွန်တော်အလုပ်တာဝန်ရှိတဲ့နေရာဒေသပဲလေ"

"ဟုတ်တော့ဟုတ်ပါတယ်လေ။ ဒါပေမယ့်. . ."

"ဒါပေမယ့်တွေလုပ်မနေပါနဲ့ဗျာ၊ အဲဒီအမျိုးသမီးကိုကုနေကျဆရာနဲ့ကုပါ။ ဆေးဝါးကုန်ကျစရိတ်ကျွန်တော်တာဝန်ယူပါတယ်ဗျာ"

"ဆရာအကုန်ကချခံလို့ကောရမှာမဟုတ်ပါဘူး"

"ဘာအကြောင်းများကြောင့်လဲ ကိုတင်ငွေရယ်"

"မွန်မွန်တို့မိသားတစ်စုလုံးကျိန်စာသင့်နေတယ်လို့ တစ်ရွာလုံးကပြောနေကြတာပဲ ဆရာ"

"ဗျာ - ဘယ်လို၊ ကျိန်စာသင့်ရတာလဲ"

"ဒီကလေးမလေးရဲ့အကြောင်းစုံသိချင်ရင် ဒီဘုရားဝန်းကျင်မှာ ယာလုပ်ငန်းလုပ်နေတဲ့ သူ့အဒေါ်ဆီမှာမေးပါ။ ကျွန်တော်ခေါ်ပေးပါမယ်ဆရာ"

"ဒါဆိုရင် ခေါ်လိုက်ပါဗျာ"

မကြာပါ။ စိတ်ဝေဒနာရှင်မလေး၏အဒေါ်ဆိုသူ ရောက်လာခဲ့သည်။ သူလည်း မွန်မွန့်လို မျက်နှာပေါက်မျိုး၊ အသက်ကတော့ (၆၀) ကျော်လောက်တော့ရှိမည်ထင်သည်။ ဘုရားအစောင့်တဲတွင် ခေတ္တရောင်သောက်၍ ကိုမျိုးသန့်ရှိရာသို့ ကိုတင်ငွေနှင့်အတူရောက်လာသည်။

"ကဲ-မွန်မွန်အကြောင်းကိုပြောပြဦး ဒေါ်ဒေါ်"

"ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတာရှိပါတယ် ဆရာလေးရယ်၊ အဒေါ့်တူမလေးမှာ စိတ်ရောကိုယ်ပါအကျိုးပေးနည်းတဲ့အပြင် အားလုံးက သူ့ကိုကျိန်စာသင့်နေတယ်လို့ပြောနေကြတယ်လေ"

လာပြန်ပြီ ဒီကျိန်စာ။ ကိုမျိုးသန့်စိတ္တဇဖြစ်သူတို့၏အကြောင်းကိုလေ့လာဖူးသည်။ ရူးနေသည်ဟုအပြောခံရသောဝေဒနာရှင်များကို ပတ်ဝန်းကျင်က အရူးဟုထပ်မံပြောဆိုပါက အရူးဘဝကိုပို၍ရောက်လာတတ်ခြင်းမှာ ပတ်ဝန်းကျင်အစွဲတွေကလည်း တစ်နည်းတစ်ဖုံပါဝင်နေသည်ဟု မိမိထင်မြင်မိသည်။ ကိုမျိုးသန့် ပုဂံဒေသကိုရောက်သည့်နေ့မှစ၍ဖြစ်ပျက်တွေ့ကြုံရပုံများကို ရန်ကုန်မိဘများထံ အသိပေးခဲ့သည်။ မွန်မွန်နှင့်ပတ်သက်ခဲ့ပုံကိုလည်း အစ်ကိုကြီးထံအသိပေး မေးမြန်းခဲ့သည်။ အစ်ကိုထံမှလည်း စိတ်နှင့်ပတ်သက်၍ ကိုယ်ရည်ကိုယ်သွေးကျရောဂါ၊အတိတ်မေ့ရောဂါမျိုးရိုးစဉ်ဆက်လိုက်ရောဂါ၊ စိတ်ကျစိတ်ကြွရောဂါတို့ရှိကြောင်း ပြောပြသည်၊ ဖြစ်နိုင်လျှင် လူနာ၏အခြေအနေကိုသိရကြည့်ရအောင် ရန်ကုန်သို့ခေါ်ကာ ထိထိရောက်ရောက်ကုသနိုင်ရန်အတွက် စိတ်ကျန်းမာရေးဌာနသို့ပို့ပေးမည်ဟုအကြောင်းကြားခဲ့သည်။

ကိုမျိုးသန့်၏မိဘမွေးချင်းများကအကူအညီပေးဖို့ပြောလာတော့ အားတက်မိသည်။ မွန်မွန့်ဝေဒနာဖြစ်ပေါ်လာခဲ့ခြင်းအကြောင်းအရင်းကို လေ့လာစူးစမ်းရသည်၊ နောက်ဆုံးအနေဖြင့် မွေးချင်းအရင်းအချာဖြစ်သူအတူနေသူ ဒေါ်သူဇာထံချဉ်းကပ်ရတော့သည်။ ဒေါ်သူဇာမှာ တူမလေးအပေါ် အလွန်သံယောဇဉ်ကြီးရှာသည်။ အစစအရာရာစောင့်ရှောက်ထိန်းသိမ်း၏။ မိဘမဲ့တစ်ကောင်ကြွက်ဘဝမျက်နှာငယ်ဘဝဖြင့်နေရသည်မို့ ပို၍ကရုဏာဖြစ်ရချစ်ရပါလေသည်၊ ထို့ကြောင့် ကိုမျိုးသန့် ဒေါ်သူဇာကိုခေါ်၍မေးမြန်းရခြင်း ဖြစ်သည်။ ဒေါ်သူဇာသူ၏တူမလေးအတိတ်ကံ အကျိုးပေးနည်းပုံပြောပြ၍ ဝမ်းနည်းပက်လက်ငိုကြွေးပါတော့သည်။ ကိုမျိုးသန့်စိတ်မကောင်း ဖြစ်ခဲ့ရသည်၊

"မွန်မွန်၊ စိတ်ဖောက်ပြန်လာရင်တော်တော်ဆိုးသလား ဒေါ်ဒေါ်"

"ဟင့်အင်း - အလုပ်ရှိရင်လုပ်တယ်။ ထမင်းဟင်းချက်လည်း မပျက်ဘူး။ တစ်ခါတစ်ခါငိုင်နေပြီးမျက်ရည်တွေကျနေတတ်တယ်။ ညညထထပြီးအော်ငိုတယ်။ခုဆရာလေးကိုမြင်လိုက်ကတည်းက ပိုပြီးဆိုးလာတယ်လေ"

"ဖြစ်ရလေဗျာ"

"ဆရာလေးက သူ့ရည်းစားမောင်မျိုးဝင်းနဲ့ ချွတ်စွပ်တူနေတာကိုး၊ ဒါကြောင့် သူ့စိတ်ထဲမှာ သူ့ငယ်လေး

www.burmeseclassic.com

www.burmeseclassic.com

ကတည်းကချစ်ခဲ့တဲ့ မောင်မျိုးဝင်းကို တွေ့နေလျက်သားနဲ့ စိမ်းကားရက်စက်လေခြင်းဆိုပြီး အခုတစ်လော ငိုလို့သာနေတော့တယ်။ ညတုန်းကဆို အော်ဟစ်ပြီးပြေးမယ်လုပ်လို့ ဝိုင်းပြီးချုပ်ထားရတယ်"

"ဒုက္ခပါပဲဗျာ၊ အခုကော ဘယ်လိုထားခဲ့ရလဲ"

ဒေါ်သုဇာမျက်ရည်များသုတ်ရင်း အိမ်ကိုသာလိုက်ပြီးကြည့်လှည့်ပါတော့ဆိုပြီး ထ၍ပြန်သွားတော့သည်။

❑

တနင်္ဂနွေနေ့ ညနေပိုင်းတွင် မွန်မွန်ရှိရာ မင်းနန်သူရွာသို့ထွက်ခဲ့သည်။ မိုးဦးကျကာလမို့ထင်သည်၊ ပတ်ဝန်းကျင်တွင်ဘယ်နေရာကြည့်ကြည့် စိမ်းစိုနေသည်။ လေပြည်လေးတစ်ချက်ဝှေ့ခတ်လိုက်သည်။ အထဲတွင် တောစမုံပန်းရန့်ကလေးက သင်းပျံ့ပျံ့မွှေးကြိုင်နေတော့သည်။ လမ်းမှာ ရေအိုင်များဖြင့် ကားကိုထိန်း၍မောင်းရသည်။ ရွာထဲကားမောင်း၍ဝင်ခဲ့ပြီး ကိုတင်ငွေအိမ်ကိုဦးစွာဝင်၍ လူကြီးနှစ်ဦးနှင့်အတူ မွန်မွန်နေထိုင်သော ဒေါ်သုဇာအိမ်သို့သွားတော့ ပတ်ဝန်းကျင်ရှိလူများက ဝိုင်း၍ကြည့်ကြသည်။ ဒေါ်သုဇာအိမ်မှာ အိမ်ကြီးအိမ်ကောင်းဖြစ်သည်။ ကျယ်ဝန်းလှသောအိမ်ဝိုင်းထဲတွင် နွားခြံ၊ ဂိုဒေါင်အစရှိသော အဆောက်အအုံများရှိနေသည်ကိုတွေ့ရသည်။

ကိုတင်ငွေက ကိုမျိုးသန့် လူနာမေးလာမယ့်အကြောင်းကို ကြိုတင်ပြောပြထားသည်မို့ ဒေါ်သုဇာတစ်ယောက်မီးဖိုချောင်မှာ အလုပ်ရှုပ်နေသည်။ ကြက်ဥကြော်၊ မြေပဲဆန်ကြော်၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ ကိုမျိုးသန့် မွန်မွန်ကိုတွေ့မြင်ချင်ဇောနှင့်ပင် -

"ဒေါ်ဒေါ်၊ မွန်မွန့်ကိုဘယ်မှာထားလဲ"

ဒေါ်သုဇာ သူ့နောက်ကိုလိုက်ခဲ့ရန်ခေါ်သဖြင့် ရပ်ရွာလူကြီးများနှင့်အတူလိုက်၍ကြည့်ကြသည်။ တွေ့ပါပြီ။ အိမ်တိုင်မှာကြိုးဖြင့်ချည်နှောင်ထားသည်ကို မြင်လိုက်ရတော့ သနားဂရုဏာစိတ်ဖြစ်ရသည်။

"ဩော် - ဖြစ်ရလေ မွန်မွန်ရယ်"

တားဆီး၍မရသောတရုဏာစိတ်ကြောင့် မွန်မွန့်ထံပါးသို့သွား၍ထိုင်မိသည်။ မွန်မွန်က မျက်လုံးရွဲနှင့်ကြည့်သည်။ ခဏကြာသော် ရှိုက်ကြီးတငင်ငိုချလိုက်သည်။ ငိုပြီးအားရသောအခါ ကိုမျိုးသန့်ကိုမကြည့်ဘဲ မျက်နှာလွှဲကာ ထွက်သွား ထွက်သွားအော်တော့သည်။ ကိုမျိုးသန့်မနေနိုင်တော့ပါ။

"မွန်မွန်၊ ကိုမျိုးကိုမမှတ်မိတော့ဘူးလားဟင်"

ကိုမျိုးသန့်၏စကားကြောင့် မွန်မွန့်ဦးခေါင်းသည် ဖြည်းညင်းစွာ ကိုမျိုးသန့်ဘက်သို့လှည့်ရင်း ကိုမျိုး . . . ကိုမျိုးတဖွဖွရွတ်ဆိုသည်။ ပြီးတော့ သူ့ကိုတုပ်နှောင်ထားသောကြိုးကိုဖြေပေးရန် မေးထိုးပြသည်။ ကိုမျိုးသန့် ကြိုးကိုဖြေမည်လုပ်တော့ ဒေါ်သုဇာတတားလိုက်သည်။

"ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်တော်နဲ့ ကိုတင်ငွေ သူ့ကိုနိုင်အောင်ချုပ်နိုင်ပါတယ်"

ကိုမျိုးသန့်နှင့် ကိုတင်ငွေ ကြိုးကိုအတူဖြေနေသည်။ မွန်မွန်ကတော့ ကိုမျိုးသန့်ကို မမှိတ်မသုန်ကြည့်နေသည်။ကြိုးဖြေပြီးတော့ သူ့လက်ကောက်ဝတ်၊ ခြေချင်းဝတ်ကလေးတွေကို ကိုင်ကြည့်သည်။ နုနယ်ဖြူဝင်းနေသောအသားတို့တွင် ကြိုးရာကြောင့် နီမြန်းနေသည်။

"မွန်မွန်၊ ကိုမျိုးကိုမှတ်မိတယ်နော်"

ကိုမျိုးသန့် တိုးတိုးလေး မေးတော့ ခေါင်းညိတ်သည်။ ပြီးတော့ ကိုမျိုးသန့်၏ပါးကို ဖြန်းခနဲရိုက်ချလိုက်သည်။ ကျန်လူကြီးများအားလုံးလန့်သွားကြသည်။ ကိုမျိုးသန့် မတုန်လှုပ် အသာနေကြရန် လက်ပြလိုက်သည်။

"ကိုမျိုး၊ သိပ်ပြီးစိမ်းကားတယ်။ မွန်မွန့်ကိုတွေ့မြင်ပါလျက်နဲ့ တမင်ရှောင်ထွက်သွားတယ်သွား"

ပြောရင်း ဒေါ်သမန်ပါသောအသံဖြင့် မွန်မွန်နောက်ထပ်ရိုက်ရန်ရွယ်လိုက်သောကြောင့် ကိုမျိုးသန့်လက်ကို မိမိရရဆုပ်ကိုင်ထားလိုက်သည်။ စိတ်ဝေဒနာရှင်တို့၏ဖီဆန်ခြင်း၊ မာန်ကျခြင်းတို့ကိုသိနေသော ကိုမျိုးသန့်က သနားတရုဏာအပြည့်ဖြင့် မွန်မွန့်ကိုအသေအချာကြည့်လိုက်မိသည်။ စင်ရော်တောင်မျက်ခုံး၊ ရွှန်းလဲ့သောမျက်ဝန်း၊ ကွေ့ညွတ်သောနှုတ်ခမ်းအစုံ၊ သေးသွယ်သောနှာတံ၊ အချိုးအစားကျလှသောခန္ဓာကိုယ်ပိုင်ရှင်၊ ကျားသတ္တဝါတို့ကို ညို့ယူဖမ်းစားနိုင်သော အလှတရားတို့ကြောင့် ကိုမျိုးသန့်ရင်ဖိုလှုပ်ရှားသွားခဲ့သည်။

"မစိမ်းကား မရက်စက်တတ်လို့ ကိုမျိုး မင်းဆီကိုပြန်လာခဲ့ပြီပဲ။ မငိုနဲ့တော့နော်၊ မွန်မွန်က လိမ္မာပါတယ်"

ကိုမျိုးသန့်၏ စကားအဆုံးတွင် မွန်မွန်က ဖြုန်းခနဲထပြီး တင်းကျပ်စွာ ဖက်၍ထားလိုက်ပြန်သည်။ ကိုမျိုးသန့် ရပ်ရွာလူကြီးများရှေ့မှောက်ဝယ် ရှက်သွေးဖြာ၍ မနေတတ်မထိုင်တတ်ဖြစ်ရသည်။ ဒေါ်သုဇာက လွှတ်လိုက်ရန် အတင်းပြောသောအခါမှ မျက်စောင်းထိုးကြည့်ပြီး ကိုယ်ချင်းခွာလိုက်သည်။

"ကိုမျိုး၊ ဒီတစ်ခါအကြာကြီးခွဲသွားရင်တော့ မွန်မွန်လွမ်းပြီးသေတော့မှာပဲ ကိုမျိုးရယ်"

"သေတော့မသေလိုက်နဲ့ဦး မွန်မွန်ရယ်၊ ကိုမျိုး မွန်မွန့်ကို ဘယ်တော့မှမခွဲတော့ဘူးဆိုတာ ကတိပေးပါတယ်ဗျာ"

"တကယ်နော်၊ ညာပြီးထွက်သွားမယ်တော့ စိတ်မကူးနဲ့"

"တကယ်ပါ။ ဒါပေမယ့် ကိုမျိုးစကားကိုတော့ နားထောင်ရလိမ့်မယ်နော်"

အငိုမျက်လုံးမှ အပြုံးမျက်နှာပြောင်းကာ ရွှန်းလဲ့တောက်ပသောမျက်ဝန်းများဖြင့်ကြည့်ကာ မွန်မွန်ခေါင်းညိတ်ပြသည်။ နောက်ရေအိုးကိုယူလိုက်သည်။

"ကိုမျိုး၊ ဘယ်မှမသွားနဲ့နော်။ ကိုမျိုးရေချိုးဖို့ ရေကန်ကိုရေခပ်သွားလိုက်ဦးမယ်၊ ပြီးတော့ ထမင်းအတူတူစားကြတာပေါ့နော်"

ပြောပြောဆိုဆိုနှင့် အိမ်ပေါ်မှဆင်းပြေးပြီး လေးထောင့်ကန်ရှိရာသို့ အမြန်သွားတော့သည်။ ကြည်နူးပျော်ရွှင်သွားသောပုံပန်းသဏ္ဌာန်ကိုမြင်လိုက်ကြည့်နေသူတွေအားလုံးနှင့် မိမိပါ တဒင်္ဂစိတ်ချမ်းသာသွားပါသည်။

ကိုမျိုးသန့်ရင်မှာတော့ မုန်တိုင်းထန်နေသည်။ ရပ်ကွက်လူကြီးများနှင့် ဒေါ်သုဇာက မွန်မွန် ထိုဘဝရောက်ခဲ့ပုံများကိုပြောပြပါတော့သည်။

❑

မိုးကောင်းကင်တစ်ခုလုံး တိမ်တိုက်တိမ်ခဲတို့သည် ဟိုတစ်စုသည်တစ်စုရွေ့လျားကာ လေ၏ဆောင်ကြဉ်းရာသို့ လိုက်ပါလွင့်မျောနေရရှာသောတိမ်တိုက်တို့ကြောင့် လင်းတစ်ချည်မှောင်တစ်လှည့်ဖြစ်ဖြစ်နေရော တောင်လေ၏ဝှေ့ယမ်းဆော့ကစားမှုကြောင့် စိမ်းလန်းနေသောပြောင်းပင်ပျိုတို့သည် ယိမ်းနွဲ့လှုပ်နေသည်။ ညကရွာ၍ထားသောမိုးကြောင့် ပဲတီစိမ်းခင်းနှင့်မြေပဲခင်းများ ပို၍စိမ်းလန်းနေသည်ကိုတွေ့ရ၏။ မောင်မျိုးဝင်း



www.burmeseclassic.com

www.burmeseclassic.com

ယာလုပ်သားတို့သည် နှမ်းကြီးကြဲစိုက်ရန်အတွက် ထွန်ယက်နေသူ မြေပဲခင်းကို ပေါင်းသင်လိုက်သူပဲဒီစိမ်းအခြောက်ကောက်သူတို့ကိုယ်စီအလုပ်ရှုပ်၍နေကြသည်။

ယာပိုင်ရှင် ဦးထွန်းအုပ်သည် စက်ဘီးစီး၍ မိမိယာခင်းရှိရာသို့လိုက်လာခဲ့သည်။ ပဲခင်း၊ ပြောင်းခင်းအခြေအနေအကဲခတ်ရန်လာခဲ့ခြင်းဖြစ်သည်။ စက်ဘီးကို ယာအခင်းစပ် လမ်းမပေါ်တွင်ရပ်ခဲ့ပြီး မျိုးဝင်းတို့အလုပ်သမားများရှိရာသို့ လာနေသည်။

"မောင်မျိုးဝင်း၊ ဒီယာကွက်ကိုထွန်ယက်ပြီးရင် ချောင်းရိုးမြောက်ဘက်ကအခင်းကိုပြောင်းပြီး ပေါင်းသင်လိုက်ဦးနော်။ ပဲခင်းမှာ ပေါင်းတွေထူထပ်နေတယ်ကွ"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော်လုပ်လိုက်ပါ့မယ်"

"ငါ ညောင်ဦးဘက်ကိုသွားပြီးမှာထားတဲ့ပစ္စည်းရောက်၊မရောက်နဲ့ ပွဲရုံဘက်တွေဆီသွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ - စိတ်ချပြီးသွားပါ"

ယာပိုင်ရှင် ဦးထွန်းအုပ် စက်ဘီးစီးပြီး ညောင်ဦးဘက်သို့ဦးတည်နှင်းသွားလေသည်။ ခဏအကြာတွင် မြောက်ဘက်ချောင်းရိုးဘက်အခင်းကိုသွားရန်ထွန်မှုန့်ညားများကိုဖြုတ်၍ လှည်းဘက်ပြောင်းတပ်ရန် ပြင်ဆင်နေချိန်မှာ အလုပ်သမားတစ်ဦးက မောင်မျိုးဝင်းရဲ့ ရည်းစားလာနေသည်ကို အနားကပ်၍လာပြောရှာသည်။

"ကဲ-မောင်မျိုးဝင်းရေ ငါတို့တော့မြောက်ဘက်အခင်းကိုပြောင်းတော့မယ်။ တော်ကြာအလိုက်မသိတဲ့သူတွေဖြစ်မှာစိုးလို့ဟေ့"

"ဟာဗျာ - ကိုပေသီးကလည်း အတော်နောက်တဲ့လူပဲ။ မြန်မြန်သွားကြပေတော့ဗျာ။ ကျွန်တော်ခဏကြာမှလိုက်ခဲ့မယ်ဗျာ"

"ကြာချင်သလောက်ကြာစမ်းပါစေကွာ၊ ငါတို့ပြီးအောင်လုပ်ထားလိုက်မယ်။ ဘာမှနောက်ဆံမတင်းနဲ့ကြားလား"

အလုပ်သမားများလှည်းမောင်းပြီးမြောက်ဘက်ချောင်းရိုး ယာခင်းဘက်သို့ထွက်သွားတော့ မောင်မျိုးဝင်း မန်ကျည်းပင်အောက်သို့ဝင်၍နားလိုက်သည်။

"နောက်ကျလိုက်တာ မှုန်မှုန်ရယ်။ ဒီကဆာလှပြီ။ ဘယ်အချိန်ကောရှိပြီလဲ"

"အဖေရဲ့အလစ်ကိုစောင့်ရသေးတယ်တော့်။ ရှိမှိဆိုမလွယ်ဘူးဆိုတာကိုမျိုးသိသားနဲ့။ ဒေါ်လေးထမင်းပို့သွားမယ်လုပ်တော့ မှုန်မှုန်ပါလိုက်ခဲ့မယ်ဆိုပြီး ဖွတ်အတောင်းလိုက်လာရတာ"

"ဒါဆိုက် ဒေါ်ဒေါ်တောမမြင်ပါလား။ ဘာလဲ - မှုန်မှုန် ပထုတ်ပြီးထားခဲ့တာလား၊ ငရဲကြီးမယ်နော်"

"ဘယ်တလာပထုတ်ပြီးထားရမှာလဲ၊ ယာစောင်းမှာ ဆူးပုပ်ရွက်တွေနုနေတာမြင်တာနဲ့ဆူးမယ်၊ သွားနှင့်လို့ပြောလို့လာခဲ့တာပါနော်"

"အဲဒါ အလိုက်တသိ ရှောင်ပေးတာ။ ဒေါ်ဒေါ်ကုသိုလ်ရဦးမှာ။ နောက်ဘဝ အပျိုကြီးဘဝကလွတ်မြောက်ပါစေဗျား"

"ဒါမျိုးဆို သူတော်တော်တတ်တယ်။ ကဲပါ - ဘာကြည့်နေတာလဲ၊ ထမင်းတောင်းကိုချပါဦး။ ဒီက ရွက်ထားတာလေးလျှပြီ"

မောင်မျိုးဝင်း သူမ၏ခေါင်းပေါ်မှ ထမင်းတောင်းချပေးရန် အနားသို့ယှဉ်တပ်ရပ်လိုက်သည်နှင့် သနပ်ခါးရနံ့တို့ရောပြွမ်းကာ စံပယ်ပန်းတို့၏လှိုင်ကြွယ်သောရနံ့တို့ကြောင့် မောင်မျိုးဝင်းနှစ်လိုဖွယ်ပြုံးလိုက်သည်။ ပြီးမှ ထမင်းတောင်းကို အသာအယာချကာ ထိုမည်သော(ပုရိသ)၏ ခန္ဓာကိုယ်တို့၏လက်၊ ခြေတို့ကို တောင်တောသောသရမ်း၍လားမသိ မှုန်မှုန်၏ခန္ဓာကိုယ်လေးကို သိမ်းယူဝှက်ကာဖက်၍ထားလိုက်သည်။

အတော်ကြာမှ -

"ကိုမျိုးလွှတ်ပါဦးတော့ယ်၊ မှုန်မှုန်အနေရကျပ်လွန်းလို့ပါ ကိုမျိုးရယ်။ မှုန်မှုန်စိတ်ဆိုးမိလိမ့်မယ်နော်"

စိတ်ဆိုးမည်ပြောသည်၊ ဒေါသမပါသောအပြုံးကလေးဖြင့်သာ မျိုးဝင်း၏ ကျောပြင်ကို ခပ်ဖွဖွထု၍ ပြုသမှုကိုကျေနပ်စွာဖြင့်ပင် ငြိမ်၍သာနေသည်၊ ဒီအခြေအနေကို မှုန်မှုန်၏အဖေဖြစ်သူ ဦးထွန်းအုပ်များသိသွားခဲ့လျှင် မြီးလောင်မည်လားမပြောတတ်။ မျိုးဝင်းကတော့ သားရေပေါ်အိပ်၊ သားရေနားစားအရိပ်နေအခိုက်ချိုးဟူသောစကားကို သတိရတိုင်း အိပ်၍မပျော်သောညပေါင်းများခဲ့ပြီ။ အခြေအနေခြင်းကလည်း မိုးနှင့်မြေလို ကွာခြားလှမှန်းသိလျက် မှုန်မှုန့်ကိုတစ်နေ့မှမမြင်ရမတွေ့ရဘဲ မနေနိုင်ဖြစ်ရသည်။ စာရင်းငှားနှင့် ယာပိုင်ရှင်ဖြစ်နိုင်၊ မဖြစ်နိုင် မောင်မျိုးဝင်းမသိ။ ချစ်ခြင်းမှာ အနိမ့်အမြင့်ခွဲခြားခြင်းများရှိခဲ့ဖူးသလား။ မဖြစ်နိုင်ပါ။ တစ်ဦးအပေါ်တစ်ဦး နားလည်ခွင့်လွှတ်ခြင်းများနှင့် အကြင်နာမေတ္တာများသာ အဓိကပမာနတူ မောင်မျိုးဝင်း နားလည်ထားသည်။

မှုန်မှုန်၏ဖခင်ဦးထွန်းအုပ်သည် မှုန်မှုန်ကို မိတဆိုးကလေးမို့ အလိုလိုက်အကြိုက်ဆောင်ပေးသလောက် ဒေါသထွက်မိလျှင်လည်း ကြောက်စရာကောင်းလောက်အောင် ကြမ်းတမ်းရက်စက်တတ်သောသူ ဖြစ်သည်။ ဦးထွန်းအုပ်သည် မင်းနန်းသူရွာသားစစ်စစ်မဟုတ်၊ ဂျပန်ခေတ်တွင် စစ်ကိုပုန်းရင်းရှောင်ရင်းဖြင့် ပုဂံညောင်ဦးနယ်ဘက်ရောက်ရှိရင်း မှုန်မှုန်၏အမေနှင့် အကြောင်းပါခဲ့ခြင်းဖြစ်သည်။ ရှေးခုနစ်တန်းအောင်ပြီး စာပေဗဟုသုတရှိ၍ အမြော်အမြင်ကြီးမားသူတစ်ဦး ဖြစ်သည်။

မှုန်မှုန်၏အမေမှာလည်း တစ်ဦးတည်းသောသမီးဖြစ်၍ ယာမွေချောင်းမွေမြောက်မြားစွာပိုင်ဆိုင်ထားသူဖြစ်၍ ရွာမှာ သူတို့ကျေးဇူးတင်းနိုင်သူများ၏။ မှုန်မှုန်လေးမွေးပြီးပြီးချင်း မီးတွင်းထဲမှာ ဆုံးပါးခဲ့ရသည်။ ဦးထွန်းအုပ် နောက်အိမ်ထောင်မပြုဘဲ မှုန်မှုန်ဟူသောမိတဆိုးလေးကို အစ်မကြီးဖြစ်သူ ဒေါ်သူဇာနှင့်အတူ ကျွေးမွေးစောင့်ရှောက်ကာ ယာမြေများကို စာရင်းငှားဖြင့် လုပ်ခိုင်းစေခဲ့သလို တစ်ဖက်မှလည်း အရောင်းအဝယ်လုပ်သည်။ ပိုက်ဆံရလျှင် သမှာအာဇီဝကျမကျအားလုံးလုပ်သည်။ အထူးသဖြင့် ရှေးဟောင်းပစ္စည်းများရောင်းဝယ်သည်။

မောင်မျိုးဝင်း၏မိဘများမှာတားယာဧကအနည်းငယ်သာ ပိုင်ဆိုင်ထားသည်။ တစ်နိုင်တစ်ပိုင်အလုပ်လုပ်နေချိန်အမေဖြစ်သူ ဆုံးပါးခဲ့သည်။ (၈) တန်းအောင်ပြီးချိန်တွင် အဖေဖြစ်သူ တောက်တာငင်တာဖြင့် လေဖြတ်၍ အိပ်ရာထဲဗုန်းဗုန်းလဲပြီးဘာမှမလုပ်နိုင်သောအချိန်တွင် မောင်မျိုးဝင်း ကျောင်းမှထွက်လိုက်ရသည်။ ဖခင်၏နေရာတွင်ဝင်ရောက်လုပ်ကိုင်ရတော့သည်။ ဖခင်ဖြစ်သူတို့ ဆရာအမျိုးမျိုးဖြင့်ကုပါသော်လည်း အခြေအနေကထူးခြား၍မလာဖြစ်တော့သည်။ အိမ်မှမိသားစုစားဝတ်နေရေး လူမှုရေးကိစ္စများဖြင့် ရှိတဲ့ပစ္စည်းတစ်ခုပြီးတစ်ခုသာ ကုန်သာသွားသည်။ နောက်ဆုံး ယာမြေများပေါင်နှံရောင်းချရသည်အဖြစ်သို့ရောက်ခဲ့သည်။နောက်ပိုင်း ဦးထွန်းအုပ်တို့အိမ်တွင် စာရင်းငှားဝင်ရောက်လုပ်ကိုင်ခဲ့ရ၏။ မှုန်မှုန်နှင့် မောင်မျိုးဝင်းသည် တစ်ရွာတည်းနေ တန်းတည်းသားများမို့ မှုန်မှုန်မှာ ငယ်ရုံကတ

www.burmeseclassic.com

ဝေခဲ့သလို မျိုးဝင်းအပေါ် အချစ်တွေပါ ဝေခဲ့ရသည်။

"ကဲ - ကိုမျိုးရယ် လွတ်စမ်းပါဦး ကွယ်။ ဒီကအသက်ရှူလို့မဝတော့ဘူး။ တော်ကြာဒေါ်လေးသိသွားရင်မကောင်းဘူးကွယ်"

မောင်မျိုးဝင်းဆက်၍အနမ်းတွေခြွေပြီးသည်နှင့် မွန်မွန်အား လွှတ်လိုက်သည်။ ထမင်းချိုင့်နှင့် ရေနွေးအိုးများ တောင်းထဲမှယူပြီး မျိုးဝင်းစားသောက်ရန် ပြင်ဆင်ပေးလိုက်သည်။

ထမင်းပူပူလေးထဲတွင် စားတော်ပဲကို ပဲဆီစစ်စစ်ဆမ်းထား၏။ မုန့်ကြော်နှင့်ငါးပိကြော်ကပါလိုက်သေးသည်။

"စားမှာစားတာမဟုတ်ဘူး ဘာဖြစ်လို့ လူကိုစိုက်ပြီးကြည့်နေရတာလဲ။ ခုမှတွေ့ရတဲ့သူကျနေတာပဲ၊ တကတဲ ဒီကမနေတတ်တော့ဘူးရှင့်"

"မစားလည်းဝနေပါပြီဗျာ။ မွန်မွန့်ကိုချစ်နေရရင်၊ တွေ့မြင်နေရရင် တော်ပြီဗျာ။ ကိုမျိုး မွန်မွန်နဲ့အတူတူနေချင်ပြီကွာ"

"ဒေါ်ဒေါ် ဆုံးပုပ်ရွက်ခူးပြီးတဲ့အထိစောင့်နေရရင် ကိုမျိုးဆာနေမှာစိုးလို့ ဒီကလာရတာပါနော်၊ တကတဲ - မပြောချင်ဘူး"

"ကဲ-မင်းတို့ထမင်းစားပြီးကြလား။ စကားပြောလို့ပြီးရင် မြန်မြန်သာပြန်ပါ မရွှေမွန်မွန်ရယ်။ ညည်းအဖေသာသိသွားရင် ကျုပ်ပါအဆစ်ပါသွားနိုင်တယ်နော်။ ညည်းအဖေ ညောင်ဦးကပြန်မလာခင် အိမ်ကို မြန်မြန်ရောက်အောင် ပြန်နှင့်ပါတော်"

ပြောင်းခင်းထဲမှ ဒေါ်သူဇာထွက်၍ပြောလိုက်တော့မှ နှစ်ဦးစလုံး ထိတ်ထိတ်ပျာပျာဖြစ်သွား၍သွားသည်။

"ဟဲ့-မွန်မွန်ဘာကြောင်ပြီးကြည့်နေတာလဲ ပြန်"

ဟု ဒေါ်သူဇာဆိုလိုက်မှ မွန်မွန်က-

"ဟုတ်. . . ဟုတ်ကဲ့ပါ ဒေါ်လေး။ ကျွန်မနဲ့ကိုမျိုးချိန်းတွေ့တာကို အဖေ့တော့ တိုင်မပြောလိုက်ပါနဲ့နော်"

"အေးပါကွယ်၊ ပြန်မှာသာပြန်တော့လေ။ ကဲ - မောင်မျိုးဝင်းလည်း ထမင်းစားလို့ပြီးရင် ကိုယ့်အလုပ်ကိုဆက်ပြီးလုပ်ပါ။ မင်းတို့လူငယ်ချင်းမေတ္တာမျှတာကို ဒေါ်လေးအနေနဲ့ ဘာမှအပြစ်မပြောပါဘူးကွယ်၊ ဒါပေမယ့် ထိန်းထိန်းသိမ်းသိမ်းနေဖို့တော့ ဒေါ်လေးပြောချင်တယ်။ ထွန်းအုပ်က တစ်ယူသန်တဇွတ်ထိုးသမားဆိုတာ မင်းလည်းအသိပဲမဟုတ်လား။ ဒေါ်လေးသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဒေါ်လေး။ကျွန်တော်တို့နှစ်ဦးကို နားလည်ပေးလို့ ကျေးဇူးတင်ပါတယ်ဗျာ"

မွန်မွန်တို့တူအရိုးနှစ်ယောက် ယာထဲမှ ပြန်သွားတော့ မျိုးဝင်းရင်မှာဟာတာတာကြီးကျန်နေသည်။ ထိတ်တာရော ကြောက်တာပါရောပြွမ်း၍ ဒူးများတောင်တုန်မိသည်။ အုံ့မှိုင်းနေသောတိမ်တိုက်များကြားမှ နေတပူလိုက်တော့မောင်မျိုးဝင်းရင်ထဲသို့ အပူများ တားစက်ခံလိုက်ရပြီ သက်ပြင်းခါခါချလိုက်ရပေသည်။

❑

"ဟေ့တောင် သိုက်မောင်း။ ငါ့မှာ တဲ့ပစ္စည်းကောပါရဲ့လားကွ။ အရင်တစ်ခါတုန်းက မင်းရှာပေးတဲ့ပစ္စည်း ဧည့်သည်က ကြိုက်မှကြိုက်ပဲ"

"ကြိုက်မှာပေါ့ ဆရာအုပ်ရယ်၊ ၁၁ရာစုပိုင်းလောက်ကပစ္စည်းပဲ။ ခုလည်း အဲဒါမျိုးပါခဲ့ပါတယ်ဗျာ။ မယုံရင် အထုပ်ကိုဖြေကြည့်လိုက်"

သိုက်မောင်း၏ စကားကြောင့် ဦးထွန်းအုပ် အထုပ်ကိုဖြေကြည့်သည်။ ကြေးဆင်းတုနှင့် နတ်ရုပ်များကိုတွေ့ရတော့ ပြုံးလိုက်သည်။

"မင်းကတကယ်တည်သားပဲ။ ဒါပေမယ့် အစစ်လား၊ အင်လားဆိုတာ ငါထပ်ပြီးစစ်ကြည့်ဦးမှာနော်။

ပိုက်ဆံတော့ နောက်နှစ်ရက်လောက်ရှိရင်လာခဲ့။ ခုလောလောဆယ် သုံးဖို့ပေးလိုက်မယ်"

ဦးထွန်းအုပ် ယွန်းအစ်ထဲမှ ငွေစက္ကူအချို့ကို သိုက်မောင်းထံပေးအပ်လိုက်သည်။ ပြီးသည်နှင့် ပစ္စည်းအထုပ်ကို အသေအချာထုပ်ပိုးပြီး လုံခြုံသည့်နေရာတွင်ထားလိုက်သည်။ ပြီးတော့မှ လက်ဖက်ရည်ကြမ်းကိုငှဲ၍ မော့သောက်လိုက်ပြီး -

"ကဲ-သိုက်မောင်း။ အလုပ်ကိစ္စပြီးပြီမို့ လက်ဖက်ရည်လေးသောက်လိုက်ပါဦးကွာ။ မင်းလူတွေကော သောက်ကြပါဦး"

ဦးထွန်းအုပ် လက်ဖက်ရည်ကြမ်းပန်းကန်ထဲသို့ လက်ဖက်ရည်ငှဲ၍ပေးလိုက်သည်။

"ဆရာအုပ်ရေ ကျွန်တော့်လူတွေက ရေနွေးမကြိုက်ဘူးဗျ။ ယမကာလေးနဲ့ဆိုတော်သေး"

"ဒါဖြင့်စောစောကပြောပါလား။ ငါ့မှာဝယ်ပြီးသားရှိပါတယ်။ ရော့ - ပေဟာဒီမှာ မီးတောက်အရက်နဲ့ အမဲကြော်။ ငါလည်း ခေတ်လူပါကွ။ ငါက မသောက်ပေမယ့် အလိုက်တော့သိရမှာပေါ့မဟုတ်လား"

ဦးထွန်းအုပ်နှင့် ဧည့်သည်များ စကားတောင်းနေစဉ် အိမ်ထဲမှ အလစ်ထွက်ခဲ့တာ မျိုးဝင်းရှိရာအိမ်အနောက်ဘက်ဂိုဒေါင်ဘက်သို့ အပြေးလေးထွက်လာခဲ့သည်။ ဂိုဒေါင်ထဲမှာ မျိုးဝင်းအလုပ်လုပ်နေသည်ကို ချောင်းကြည့်နေသူ မွန်မွန့်အဖြစ်ကိုကြည့်နေသူ ဒေါ်သူဇာရင်တမမနှင့် သက်ပြင်းအခါခါချနေမိ၏။ မသိကျိုးကျွံနေလိုက်သည်။ သို့သော် လွှတ်ထား၍လည်းမဖြစ်၊ မောင်ဖြစ်သူသိသွားလျှင်ဒုက္ခ၊ ပဲတီစိမ်းအိတ်များကိုလည်းပေါ်မှ ဂိုဒေါင်ထဲသို့ သပ်သပ်ရပ်ရပ်စီထပ်နေသည်။ မွန်မွန် အသံအယာကလေး အသံကိုအုပ်၍ ဟိတ်ဟိတ်ဟုခေါ်လိုက်သည်။ အလုပ်ကို စိတ်အားထက်သန်စွာလုပ်နေသော မောင်မျိုးဝင်းက ကြားဟန်မတူပေ။ ခပ်ဆတ်ဆတ်ကလေးခေါ်လိုက်မှ -

"လန့်သွားတာပဲ မွန်မွန်ရယ်၊ ဘာဖြစ်လို့ ဒီထဲအထိလာရတာလဲ။ ဦးသိသွားရင် ဒုက္ခ"

"အဖေက ဧည့်သည်တွေနဲ့စကားကောင်းနေကြတုန်းမှာ မွန်မွန်ပြောစရာစကားလေးရှိလို့လာတာပေါ့။ ပြောစရာရှိရင်မြန်မြန်ပြောပြီး ပြန်ပေါ့လို့ နှင်မလို့မဟုတ်လား"

မွန်မွန်နှုတ်ခမ်းစူပြီး စိတ်ကောက်ဟန်ပြလိုက်သည်။

"မဟုတ်ရပါဘူး အချစ်ရယ်၊ ကိုယ်တကိုယ့်ရဲ့ချစ်ရသူကို ငုံထားလို့ရရင် ငုံတောင်ထားလိုက်ချင်ပါသေးတယ်။ မင်းအဖေသိသွားရင် အလုပ်ပြုတ်ရုံတင်မကဘူး ချစ်သူလေးပါပျောက်ပျက်ပေးကွာ သွားမှာစိုးလို့ပါကွာ"

"ဘယ်တော့မှလဲပျောက်ပျက်မသွားဘူး။ အဖေက သဘောမတူရင်လည်း ခြေနဲ့လက်နဲ့ပါတာပဲ ပြေးကြတာပေါ့။ မွန်မွန်ကတော့ ချစ်ရသူနဲ့ဆိုရင် ဘယ်ကိုပဲသွားရသွားရလိုက်ရဲတယ်နော်"

"မွန်မွန် ကိုယ့်အပေါ်မှာထားတဲ့မေတ္တာနဲ့စေတနာကို ကိုယ်နားလည်ပါတယ်။ ဒါပေမယ့် မွန်မွန်ရယ် ကိုယ်ချစ်ရတဲ့သူကို ဆင်းရဲတွင်းထဲမှာခေါ်ပြီးနှစ်ထားသလိုမျိုးမလုပ်ရက်ဖူးကွာ"

www.burmeseclassic.com

"ဟင် - ဒီလိုဆိုရင် မွန်မွန့်ကို ကိုမျိုး . . ."

မောင်မျိုးဝင်း မွန်မွန်ကို ဆက်မပြောရန် ပါးစပ်ကိုလက်ဖြင့်ပိတ်ထားလိုက်သည်။ အခြေအနေချင်းက ကွာခြားလှသော ဘဝချင်းနှစ်ခုပေါင်းစပ်ဖို့ရန် မျိုးဝင်း တွေးတော၍မရ။ အခက်အခဲပေါင်းများစွာကိုကျော်ဖြတ်ရသော ခရီးကြမ်းမှန်းလည်း ကြိုပြီးသိလျက်နဲ့ မွန်မွန်ကိုမြတ်မြတ်နိုးနိုးချစ်ခဲ့မိသည်။ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ စွန့်လွှတ်ခြင်းအနစ်နာခံခြင်း စသောနည်းများထဲမှ တစ်နည်းနည်းကိုတော့ ရွေးရမှာမလွဲမသွေပေ။

"မွန်မွန်ရယ်၊ မင်းနဲ့ငါဟာ ငယ်စဉ်ဘဝကတည်းက သံယောဇဉ်တွယ်ပြီး မြတ်မြတ်နိုးနိုးချစ်ခဲ့ကြတာပဲ။ အချစ်ကိုလုံးဝအဆုံးအရှုံးမခံနိုင်ဘူးကွာ။ ကိုယ်ကြိုးစားအားတင်းပြီး ဒီအဖြစ်ကလွတ်မြောက်အောင် ရုန်းကန်သွားမှာပါ။ ဒါကိုတော့ ကိုမျိုးကို နားလည်ပေးပါ"

"ကိုမျိုးရယ်၊ နားလည်စာနာတဲ့စိတ်ကြောင့်လည်း မွန်မွန်ရဲ့အချစ်ကိုပုံအပ်ခဲ့ပြီလေ။ ကိုမျိုးဘာမှအားမငယ်နဲ့နော်။ ကိုမျိုးဘက်က မွန်မွန်တစ်ယောက်လုံးရှိနေမှာပါ"

"မွန်မွန် ကိုယ့်အပေါ်မှာထားတဲ့စိတ်စေတနာကို ကိုမျိုးတန်ဖိုးထားလေးစားပြီးသားပါကွာ။ ဒါနဲ့ပြောစရာစကားဆိုတာဘာများလဲ"

"ဩော် - ဟုတ်သားပဲ။ လာရင်းကိစ္စကိုမေ့သွားတော့မလို့။ အဲဒါက အထူးမဟုတ်ပါဘူး ကိုမျိုးရယ်။ ဒီနေ့ဟာ တော်သလင်းလဆန်း ၁၄ ရက်နေ့မဟုတ်လား။ မြင်းကပါဘုရားပွဲနေ့မှာ မွန်မွန်နဲ့ ကိုမျိုးချစ်သူဖြစ်ခဲ့ကြတာမေ့နေပြီလား"

"မွန်မွန်ကလည်း မှတ်ဉာဏ်တယ်ပြီးကောင်းပါလား။ ကိုယ်တောင်မေ့တော့တော့ရှိနေပြီ။ နေစမ်းပါဦး ကိုမျိုး မွန်မွန့်ကို ရည်းစားစာပေးတဲ့နေ့ကော မှတ်မိသေးလား"

မွန်မွန် ရှက်သွေးဖြာ၍ ပြုံးပြီးခေါင်းငုံ့နေသည်။ အဲဒီတုန်းက ကိုမျိုးအိမ်ကို မွန်မွန်သွားပြီးတိုင်ပြောတော့ ကိုမျိုးအဖေက ရိုက်လိုက်၍ ပုံကျသွားသည်ကို မွန်မွန်မြင်ယောင်နေမိသည်။ တော်တော်နှင့် ကျောင်းမတက်နိုင်ပေ။ မွန်မွန်သနားစိတ်ဝင်ရာမှ မျိုးဝင်းကို ချစ်မိသွားခဲ့သည်။

"မနူဟာဘုရာသွားပြီး ဆုတောင်းဦးမယ်ပေါ့"

"အင်းပေါ့။ အဲဒီဘုရားက ဆုတောင်းပြည့်တယ်ဆိုရမှာပဲ။ မွန်မွန်တို့အိမ်က မနူဟာသပိတ်တော်ကြီးကို ဆွမ်းအပြည့်လောင်းလှူတဲ့နှစ်ကများဆိုပဲတွေ၊ နှမ်းတွေရလိုက်တာတအားပဲ"

"ဒါတလည်း စေတနာသဒ္ဓါတရားရှိရှိနဲ့ လောင်းလှူလိုက်တာ လက်တွေ့အကျိုးပေးတယ်ဆိုရမှာပဲ။ စေတနာမှန်ရင် ကံကောင်းတာပေါ့။ ဒါကြောင့်မို့ထင်တယ်၊ မွန်မွန်နဲ့ ကိုမျိုးလည်း ရေစက်ကြောင့် ခုလိုချစ်ကြရတာပေါ့"

"ကိုမျိုးရယ်၊ မွန်မွန် ကိုမျိုးကိုဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ကိုမျိုးယုံကြည်တယ် မဟုတ်လား"

"ကိုမျိုး၊ မွန်မွန်တို့ အကြွင်းမဲ့ယုံကြည်ပြီးသား။ မယုံတာက ကိုယ်တို့ရဲ့ကံကြမ္မာက ဘယ်ပုံဘယ်လမ်း ဘယ်လိုဖန်တီးမယ်ဆိုတာကိုပေါ့။ ဒါထက် ဘုရားပွဲသွားဖို့ မင်းအဖေက ခွင့်ပြုဦးမှတိုး"

"ခွင့်ပြုမပြုတော့မပြောတတ်ဘူး။ ဒါကို ဒေါ်လေးကို အပြောခိုင်းရဦးမှာ"

ဂိုဒေါင်ခပ်လှမ်းလှမ်းမှ ဒေါ်သူဇာ တစ်ယောက် ဗျာများနေလေပြီ။ မောင်ဖြစ်သူအခြေအနေကိုကြည့်လိုက်၊ မွန်မွန်တို့အတွဲပါကြည့်လိုက်ဖြင့် မျက်စိညောင်းလှသည်။ မောင်ဖြစ်သူ ညှိသည်များနှင့် စကားကောင်းနေစဉ်မှာ မွန်မွန်တို့စကားကြောကိုဝင်၍ဖြတ်လိုက် သည်။

"တဲတဲတဲ - မရွှေမွန်မွန် ဘုရားပွဲသွားဖို့ မသွားဖို့က အရေးမကြီးဘူး။ ညည်းအဖေသိသွားရင် ဘယ်လိုလုပ်ကြမှာလဲ။ ဂိုဒေါင်ထဲက အမြန်ထွက်ကြပါတော်"

ဂိုဒေါင်အတွင်းမှ မျိုးဝင်းအရင်ထွက်သွားပြီး နွားတင်းကုပ်ရှိရာသို့ နွားစာများထည့်၍ကျွေးနေပေပြီ။

"ဒေါ်လေး၊ အဖေ့ကို မနူဟာဘုရားပွဲသွားရအောင် ပြောပေးပါနော်။ တစ်နှစ်မှတစ်ခါသွားနေကျမို့ပါ"

"ညည်းက အတော်သွားချင်နေမှာပေါ့။ နှစ်ယောက်သား သစ္စာထားစကားပြောနှစ်ကိုယ်တူနီးဖို့အရေး ဘုရားမှာ သွားပြီးဆုတောင်းမှာ ငါမသိဘူး မှတ်နေသလား မွန်မွန်ရယ်"

"ဒေါ်လေးရယ်၊ မွန်မွန့်ကိုနားလည်ပြီး သနားငဲ့ညှာမယ့်သူဆိုလို့ ဒေါ်လေးကလွဲပြီးဘယ်သူရှိဦးမှာလဲလို့၊ ဒေါ်လေးက လိမ္မာပါတယ်"

အဒေါ်လုပ်သူအား ဖက်လှဲတကင်းလုပ် နမ်းရှုပ်ပြီးနဲ့ပြချွဲပြလိုက်တော့ ဒေါ်သူဇာပျော့၍သွားပေသည်။ မောင်ဖြစ်သူ ထွန်းအုပ်သိသွားလျှင် ဘယ်လိုဘယ်ပုံရင်ဆိုင်ရမည်နည်း။ ကလေးတွေကိစ္စကို မိမိတစ်ဦးတည်းသိလျှင် ဘာမှမဖြစ်နိုင်။ ပတ်ဝန်းကျင်နဲ့ဆိုတော့ တစ်နေ့မဟုတ်တစ်နေ့ သိမှာသေချာသည်။ မောင်မျိုးဝင်းလို ရိုးသားကြိုးစားသူကို သူ့အနေနှင့် ဘာမှသဘောတူစရာအကြောင်းမရှိ။ ထွန်းအုပ်က အမြော်အမြင်ကြီးမားသူ။ သူ့သမီးကို အထက်တန်းကျကျနေစေချင်သူ၊ အစစအရာရာမှာ လိမ္မာပါးနပ်သူ။ ဥစ္စာခနမက်မော၍ သူဖြစ်တာဖြစ်မှုကြိုက်သူအမို့ မောင်မျိုးဝင်းနှင့် ဘယ်နည်းနှင့်မှသဘောတူကြည်ဖြူစရာအကြောင်းမရှိ။ တွေးလိုက်တိုင်း ရင်လေးရလေသည်။ နောက်ဆုံးတော့ ဖြစ်သမျှအကြောင်း အကောင်းလို့သာ သတ်မှတ်ရပေတော့မည်။

ဦးထွန်းအုပ်နှင့် ညှိသည်များ စကားတပြောပြောနှင့်အိမ်ထဲမှထွက်လာသည်။ ခြံဝအထိလိုက်ပို့ပြီး အိမ်ဘက်သို့ပြန်လှည့်လိုက်သည်နှင့် အစ်မဖြစ်သူနှင့် သမီးဖြစ်သူ ပြုံးပြုံးရွှင်ရွှင်စကားပြောနေသည်ကို တွေ့လိုက်ရသည်။

"မမနဲ့ သမီး ဘာတွေသဘောကျတာလဲ"

"ဩော်-မောင်ထွန်းအုပ်ရေ မင်းရဲ့သမီးချောက မြင်းကပါမနူဟာဘုရားပွဲကို သွားချင်လို့တဲ့။ အဲဒါငါ့ကိုအပူကပ်နေလို့ပေါ့။ ခွင့်ပြုလိုက်ပါကွယ် ငါလည်းလိုက်သွားရမှာပေါ့"

"မမကလည်းဗျာ၊ ခင်ဗျားတူမကိုကြပ်ကြပ်အလိုလိုက်။ ဒီကောင်မလေးက အတော်ဆိုးတာ မမအသိပဲ။ နောက်ပြီး အဲဒီဘုရားပွဲက တအားစည်တာ။ မမပါလိုက်ရင်သွားကြလေ။ အိမ်ကလူ့ညီး ယူပြီး မျိုးဝင်းကို အမောင်းခိုင်းလိုက်ပေါ့။ ဒါပေမယ့် အနေအထိုင်အသွားအလာတော့ မမဂရုစိုက်ပေးပါ။ ဒါပဲပြောချင်တယ်"

မောင်ဖြစ်သူ၏ စကားကြောင့် ဒေါ်သူဇာမျက်လုံးပြူးသွား၏။ ကလေးတွေအခြေအနေကိုရိပ်မိပေလို့များလား။ အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းစောင့်ရှောက်ဖို့ တာဝန်က သူ့အပေါ်မှာ ပုံကြီးရောက်နေပါပေါ့လား။ ညနေစောင်းတော့ မောင်မျိုးဝင်း လေးထောင့်ကန်မှာ ရေစည်များတိုက်ပို့နေသည်။ နွားစာများကျွေးပြီးနေသည်ကိုတွေ့ရ၏။ မွန်မွန်မှလည်း ပွဲသွားဖို့အရေး အစွမ်းကုန် ဖြီးလိမ်းပြင်ဆင်နေသည်။ ထမင်းစားဖို့အရေးကို အစောကြီးထဲက ပြင်ဆင်ပြီးနေပြီး ဒေါ်သူဇာ အံ့သြနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တုံးကမှ အိမ်မှုကိစ္စကို ဝင်ပြီးလုပ်ကိုင်လေ့မရှိ။ မွန်မွန်ကိုကြည့်ရသည်မှာ လန်းဆန်းတက်ကြွနေသည်။ ညနေစောစောကပင် ပွဲသွားဖို့အရေးခေါ်သံအော်သံများ နွားချူသံများဖြင့် ဆူညံနေတော့သည်။ ရွာနီးချုပ်စပ်မှ အမျိုးသမီးအမျိုးသားများ သူထက်ငါ သွားကြလာကြသည်။ မောင်မျိုးဝင်းလှည်းမောင်းပြီး မွန်မွန်၊ ဒေါ်သုဇာနှင့် အိမ်နီးချင်းအမျိုးသမီးနှစ်ဦးလည်း လိုက်ပါလာခဲ့၏။ နွားလှည်းများ သူထက်ငါ အပြိုင်မောင်းနှင်ကြသည်။ မြင်းကပါရွာကိုရောက်တော့ အသိမိတ်ဆွေတစ်ဦးအိမ်တွင် နွားရော လှည်းပါ အပ်နှံခဲ့ပြီး ပွဲတော်အတွင်းသို့ သွားကြသည်။ ကျောင်းနေဖက် သူငယ်ချင်းများနှင့်တွေ့တော့ အိမ်သို့အလည်လိုက်ဖို့ ဖိတ်ခေါ်ကြသည်။

သို့သော် ငြင်းဆန်ခဲ့ပြီး ပွဲခင်းအတွင်းသို့ဝင်ခဲ့ကြသည်။ ဒေါ်သုဇာနှင့် အမျိုးသမီးနှစ်ဦးအား ရန်ကုန် မုန့်ဟင်းခါးဆိုင်တွင် မုန့်ဟင်းခါးစားရန် ခေါ်သွားသည်။ သုံးဦးစာသာမှာခဲ့ပြီး ဘုရားဖူးသွားမည်ဟု အဒေါ်ဖြစ်သူအား အနားကပ်ပြောတော့ဒေါ်သုဇာက မွန်မွန်၏ ခါးကို လိမ်ဆွဲလိုက်သည်။ သို့သော် အလိုက်တသိခွင့်ပြုလိုက်သည်နှင့် မျိုးဝင်း၏လက်ကိုဆွဲ၍ ဘုရားဝိုင်းထဲသို့ဝင်ခဲ့ကြသည်။ လူများကျပ်သပ်နေသဖြင့် တော်တော်နှင့် ဘုရားထဲသို့မရောက်ပေ။ သူထက်ငါ တိုးဝှေ့ဝင်ရသဖြင့် မွန်မွန်ကိုမျိုးဝင်းရှေ့မှာထား၍ လက်ကိုမြဲမြဲဆုပ်ကိုင်ထားရသည်။ ဦးစွာဆွမ်းတော်ကြီးပွဲများ ကပ်လှူထားသည်ကိုကြည့်သည်။ ပြီးမှ ဘုရားထဲဝင်၍ နှစ်ဦးသားနှုတ်မှ တတွတ်တွတ်ရွတ်ဆိုဆုတောင်းကြသည်။ သဖိတ်ရှေ့ကိုရောက်တော့ အလှူခံဌာနသို့အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။

ဘုရားဝိုင်းအတွင်းမှာ ဒေသစုံမှလာကြသည်။ အုံ့ညဖို့ကောင်းတာက လာသမျှ ပရိသတ်ကြီးကို ထမင်းအဝကျွေးသည်။ ဆင်းရဲနွမ်းပါးသူများကို အကျီ လုံချည်များ၊ ငွေစက္ကူ စသည်ဖြင့် ပေးလှူနေသော ရန်ကုန်မြို့မှ ရုပ်ရှင်သရုပ်ဆောင် လူငယ်လေး ကျော်ဝင်းနိုင် ဖြစ်၏။ ထိုသူငယ်လေး၏ စေတနာသဒ္ဓါတရားကို လေးစားမိသည်။ သာဓုခေါ်မိသည်။ နံနက်အရုဏ်လင်းတော့ ဆွမ်းသပိတ်ပြည့်လောင်းလှူပွဲနှင့် သင်္ကန်းကြီးရှယ်အိုများအား ကန်တော့ပွဲပါ လှူဒါန်းဒါနပြုကြောင်းသိရသည်။

အလှူခံဌာနမှ အလှူငွေများလှူဒါန်းပြီး ပွဲခင်းထဲမှ အဒေါ်နှင့်အမျိုးသမီးနှစ်ဦးကိုရှာ၍ ပြီးသည်နှင့်ရွာမှ သူငယ်ချင်းက ပွဲကြည့်ရန်နေရာခင်းပေးသဖြင့် ပွဲကြည့်ရသည်မှာ အဆင်ပြေခဲ့သည်။ ဒေါ်လေးက ပြဇာတ်ပြီးလျှင် ပြန်မည်ဟု ကြိုတင်အသိပေးထားသည်။ မန္တလေးဇာတ်ပွဲဖြစ်သဖြင့် အပြင်အဆင်အခမ်းအနားအသံချဲ့စက်အားလုံးကောင်းသည်။ တိုက်ဆိုင်လွန်းအားကြီးသည်ဟုဆိုရမည်။ ပြဇာတ်ထဲမှာ သူဌေးသမီးကို ချစ်ရ၍ ဒုက္ခရောက်ပုံ၊ အနှိမ်ခံရပုံနှင့် နောက်ဆုံးမနေရှင်တို့၏ စီးပွါးအနိုင်ယူပုံကို ပြသထားသည်။ မွန်မွန်ကို ကြည့်လိုက်တော့ အားငယ်ညှိုးနွမ်းနေသည်ကိုတွေ့ရသည်။ အပြန်တွင် အတွေးကိုယ်စီဖြင့် ဘာစကားမှမပြောဘဲ လှည်းကိုသာ ဂရုစိုက်မောင်းနှင်ခဲ့ရသည်။

❑

နှမ်းကြီးကြပြီး နွားများကို အနားပေးလွှတ်ထားလိုက်သည်။ နွားစာအတွက် ပြောင်းအချို့ကိုရိတ်၍ လှည်းပေါ်တင်လိုက်သည်။ ပဲတီစိမ်းတောက်သူများလည်း (၁၂) နာရီထိုးသည်နှင့် ရွာပြန်ထမင်းစားရန် တောင်းများ၊ အိတ်များကို ရွက်ပြီး နွားလှည်းရှိရာသို့လာကြသည်။

"ကဲ-မောင်မျိုးဝင်းရေ၊ ပြန်ကြရအောင်ကွာ။ လှည်းထည့်ဖို့ နွားတွေကို သွားဖမ်းကွာ"

"ဟုတ်ကဲ့ အရီးအေးမြင့်၊ ဒီနှစ်တော့ ပဲတီစိမ်းတ အတော်ရတာပဲဗျာ။ ပဲခင်းကလည်းရှည်းမှာပဲဗျို့၊ အလုပ်တတော့ များများလုပ်ရမှာ"

"ရမှာပါတော်။ ဒါမှမင်းရဲ့ယောက္ခမကြီးက သဘောကျမှာမဟုတ်လား"

"အရီးအေးမြင့်ရယ်၊ ကျွန်တော်နဲ့သူနဲ့က မိုးနဲ့မြေပါ။ မမှီတဲ့ပန်းလှမ်းရခက်ပါတယ်ဗျာ"

"ဟဲ့-မျိုးဝင်း၊ လူဆိုတာ ရိုးရိုးတျင့် မြင့်မြင့်ကြံရတယ်။ အဲဒီစကားကို မင်းမမေ့နဲ့။ မင်းလိုရိုးသားကြိုးစားတဲ့သူကို ဘယ်မိန်းကလေးမှ ငြင်းပယ်မှာမဟုတ်ဘူး။ မွန်မွန်ကိုယ်တိုင်ကလည်း မင်းဆိုမှ မင်းပဲ။ ဘာမှအားငယ်စရာမလိုဘူးကွ။ ပစ္စည်းသခ်ါရ လူသခ်ါရ မဟုတ်လား။ ဘာမှမဖြစ်ဘူး။ မင်းနှယ်ကွာ ယောကျ်ားပဲ သတ္တိတော့ရှိရမှာပေါ့"

"တဲ - နွားတွေလှည်းထည့်ပြီးရင် မြန်မြန်သာမောင်းကွာ။ ထမင်းကဆာလှပြီကွာ"

မောင်မျိုးဝင်း နွားများကိုနှင်တံ ခြောက် ဝေါက်သံပေးပြီး အသော့လေးနှင်ထိုက်သည်။ အိမ်ပြန်ရောက်တော့ ပဲတီစိမ်းအိတ်များ ဝိုဒေါင်ထဲအရောက်မပို့ဘဲချထားခဲ့သည်။ နွားများစားကျင်ရှိရာသို့ ပို့ချည်ခဲ့ပြီး မိမိအိမ်သို့ပြန်ခဲ့တာ မနက်က ချက်ထားခဲ့သော ထမင်းကို အဖေဖြစ်သူအား ကျွေးမွေးရပြန်သည်။ ကျင်ကြီးကျင်ငယ်သုတ်သင်သန့်ရှင်းပေးရ၏။ ပြီးမှ ဦးထွန်းအုပ် အိမ်ပြန်၍ လုပ်စရာရှိတာလုပ်ပေးရသည်။

"ဟော့ - မောင်မျိုးဝင်းရေ၊ စားလို့သောက်လို့တောပြီးခဲ့ပြီလားကွ။ မင်းအဖေတောဘာဟင်းနဲ့ကျွေးခဲ့သလဲ"

"ဟုတ်ကဲ့ - ပြီးခဲ့ပါပြီ။ ချဉ်ပေါင်ရွက်ကြော်၊ ကြက်ဥကြော်၊ ငရုတ်သီးထောင်းပေါ့ဗျာ။ ဒါနဲ့ ဒေါ်လေး မွန်မွန်တစ်ယောက်မမြင်ပါလားဗျာ"

"အေးကွယ်၊ သူ့ရဲ့သူငယ်ချင်းတွေနဲ့ ညောင်ဦးဘက်ထွက်သွားတာ ခုထိပြန်မလာသေးကွယ့်"

"မောင်မျိုးဝင်းရေ၊ ဦးလေးဆီခဏလောက်လာခဲ့ပါဦးကွာ။ ပြောစရာလေးရှိလို့ပါ။ အစ်မကြီးရေ ရွာရဲ့တောင်ဘက် ပဲခင်းထဲမှာ ဝက်တွေဝင်နေတယ်လို့ ကလေးတစ်ယောက်က လာပြောသွားတယ်။ အဲဒါသွားပြီးကြည့်လိုက်ပါဦးဗျာ"

"ဪအေး-ငါသွားပြီးကြည့်လိုက်မယ်"

မောင်ဖြစ်သူ မျိုးဝင်းကိုခေါ်၍ သူ့ကိုပထုတ်လိုက်သည်မှာ အကြောင်းတစ်ခုခုရှိပြီဟု ဒေါ်သုဇာတွေးဆလိုက်သည်။ ဘာအကြံအစည်များရှိလို့လဲ။ သမီးရဲ့ကိစ္စများလား အဆင်ပြေစေချင်သည်။ လေးဖင့်သောခြေလှမ်းများဖြင့် အိမ်မှထွက်ခဲ့သည်။

မောင်မျိုးဝင်း သူ့ကို မခေါ်စဖူးအခေါ်ထူးသဖြင့် အံ့ဩမိသည်။ ဘယ်တုံးကမှ အိမ်ထဲကိုမခေါ်ခဲ့ဘူးပေ။ မွန်မွန်နှင့်သူ့ကိစ္စကို သိသွားပြီလား။ ကြောက်ဒူးတော့တုန်မိသည်။

"ဟော့ - မောင်မျိုးဝင်း၊ လာထိုင်ကွာ၊ မင်းအဖေရောနေကောင်းရဲ့လား။ စားဝတ်နေရေးကော့အဆင်ပြေရဲ့လား"

"အဖေကတော့ ဒီအတိုင်းပါပဲ။ အရေးသုံးပါးကတော့ မပြေလည်ပါဘူးဗျာ"

"အေးကွာ၊ မင်းအဖေ ကျန်းမာရေးက တစ်ဖက်ဆိုတော့ မင်းပိုပြီးပင်ပန်းမှာပေါ့ကွာ"

www.burmeseclassic.com

"ဒါကတော့ ဘဝပေးအခြေအနေပေါ့ ဦးလေးရာ"

"ဘဝပေးအခြေအနေစကားက ဘဝကိုအရှုံးပေးလက်မြှောက်သူတို့လက်သုံးစကား။ ဦးလေးလက်မခံဘူးကွ။ ယောက်ျားပဲ ကြံရည်ဖန်ရည်ရှိရမှာပေါ့။ ဒီဘဝက လွတ်မြောက်အောင် လမ်းပြခေါ်ဆောင်မယ်ဆိုရင်တော မင်းလိုက်နိုင်ပါမလား"

"ကျွန်တော့်အခြေအနေကို ဦးအသိပါဗျာ။ လူဆိုတာ ကိုယ့်ရဲ့ဘဝကို တိုးတက်အောင် အမြဲတမ်းကြံဆနေတဲ့သူတွေပါ။ ဘယ်သူမှလက်ရှိအခြေအနေအတိုင်း မနေနိုင်ကြပါဘူး"

"အေးကွ-မင်းရဲ့စိတ်ဓာတ်ကို ဦးလေးကြိုက်သွားပြီ။ ဒါမှယောက်ျားပီသတာကွ။ မင်းလုပ်နိုင်၊ မလုပ်နိုင်ကို ဦးလေးသိချင်တာ"

"ကျွန်တော်အလုပ်ကိုမကြောက်တတ်ပါဘူး။ ဒါပေမယ့် သမ္မာအာဇီဝကျတဲ့အလုပ်ကိုလုပ်ရမယ်ဆိုရင်တော့ လုပ်မှာပါ။ မသမာတဲ့ဖြတ်လမ်းကိုတော့ လုံးဝမလုပ်နိုင်ပါဘူးဦးလေး"

ဦးထွန်းအုပ် မျက်ခုံးပင့်၍ အံ့အားသင့်သွားပြီး သူခိုင်းတဲ့အလုပ်ကိုလုပ်မှာမဟုတ်ဟု သိသွားပြီး အကြံမျိုးထုတ်သည်။ ဟုတ်ပြီဟု တွေး၍ -

"ဒီမှာ မောင်မျိုးဝင်း၊ လောကမှာ တရားမျှတတာ၊ မမျှတတာထည့်တွက်စရာမလိုဘူးကွ။ လက်တွေ့ပြဿနာဖြေရှင်းရင်ဆိုင်ဖို့က အရေးကြီးတယ်မဟုတ်လား။ မင်းမှာက ကျန်းမာရေးချို့တဲ့တဲ့အဖေရယ်၊ မင်းအိမ်က မိုးလေမလုံခြုံဘူး။ မင်းရဲ့မိဘလက်ထက်က ဆုံးရှုံးခဲ့တဲ့ယာတွေပြန်လိုချင်တယ်ဆိုရင်၊ တုန်တုန် ပြောမယ်ကွာ။ ငါ့သမီးနဲ့မင်းတင့်တောင်းတင့်တယ် လက်ထပ်ချင်တယ်ဆိုရင် ငါခိုင်းတာလုပ်နိုင်ပါ့မလား"

ဦးထွန်းအုပ်၏ စကားထဲမှာ မိမိအားနည်းချက်တွေနှင့် သူ၏သမီးကိစ္စပါ သိသွားသဖြင့် ထိတ်ထိတ်ပျာပျာဖြစ်သွားကာ ဦးထွန်းအုပ်၏မျက်နှာကို မကြည့်ဘဲ ခေါင်းကိုအောက်သို့ငုံ့၍ထားလိုက်သည်။

"ဘယ်လိုလဲ မောင်မျိုးဝင်း။ ဦးလေးပြောတာကို သဘောတူရဲ့လား။ မင်းမလုပ်နိုင်စရာဘာအကြောင်းမှမရှိပါဘူး။ လွယ်လွယ်ကလေးရယ်ပါ"

"ဦးလေးရဲ့အလုပ်က ဘာအလုပ်မလို့လဲ။ ဘာတွေဒီလောက်ကြီးလွယ်နေရတာလဲ။ ကျွန်တော်သိအောင်ရှင်းပြစမ်းပါဦးဗျာ"

ဦးထွန်းအုပ် မောင်မျိုးဝင်း၏ အရိပ်အခြည်ကို ကြည့်၍ပြုံးရွှင်သော မျက်နှာထားဖြင့် -

"ဒီလိုရှိတယ် မောင်မျိုးဝင်းရဲ့၊ ဦးလေးနဲ့အတူလုပ်ရမယ့်အလုပ်က ရှေးဟောင်းဘုရားတစ်ဆူရဲ့ဌာပနာသိုက်အညွှန်းကို ဦးလေးသိထားတယ်ကွ။ အဲဒါမင်းနဲ့ဦးလေးသွားပြီးတူးကြရအောင်ကွာ။ နောက်ပြီး ဟောဒီမှာကြည့်"

ဆိုကာ ကျွန်းသေတ္တာထဲမှကြေးဆင်းတုအချို့နှင့် နတ်ရုပ်၊ စဥ့်ကွင်းစဥ့်ချက်များကိုပြသည်။

"ဒီပစ္စည်းတွေကို ညောင်ဦးသဘော်ဆိပ်ကို အဲဒီညနေမှာအရောက်ပို့ပြီး ညမှာလုပ်ငန်းစမှာ။ ညောင်ဦးသွားလို့ သင်္ဘောဆိပ်ရောက်တဲ့အခါ မင်းရဲ့ပုံပန်းသဏ္ဌာန်နဲ့အမည်ကို ပြောထားတယ်။ သူတို့အဖွဲ့သေတ္တာကိုပေးလိုက်ရုံပဲ။ အဖိုးအခကို ငါငွေတွေရထားပြီးပြီ ကြည့်စမ်းပါဦး"

တု ဆိုကာ ငွေစက္ကူအထပ်လိုက်ပြတော့သည်။

"မင်းနဲ့ ငါ အကျိုးတူပေါင်းဆောင်ရွက်ရတဲ့သဘောပဲ။ ငါ့ပစ္စည်းဟာလည်း မင်းချစ်တဲ့ငါ့သမီးရဲ့ပစ္စည်းပဲမဟုတ်လား။ မင်းမှမလုပ်နိုင်ရင် ဒီသတင်းပေါက်ကြားလို့ကတော့ မင်းကို လူပြည်မှာ မထားဘူး။ အသေပဲလို့မှတ်လိုက်ပါဒါပဲ"

မောင်မျိုးဝင်း ခေါင်းရှုပ်သွားသည်။ အမျိုးသားယဥ်ကျေးမှုထိန်းသိမ်းရေး၊ ဖခင်ဖြစ်သူရဲ့ကျန်းမာရေး၊ အိမ်ရဲ့စီးပွားရေး၊ မိမိနှလုံးသား အချစ်ရေးစသော အရေးများက ဒွန်တွဲလွန်ဆွဲနေ၏။ ဦးထွန်းအုပ် ပေပုရပိုက်တစ်ခုကိုကြည့်ကာ -

"ဒီမှာကွ၊ ရတနာပစ္စည်းမျိုးစုံခြံရံလျက် ရွှေစမခံငွေစမခံရွှေပေါက်ပေါက်ငွေပေါက်ပေါက်ကွ။ မင်းလုပ်မှာမဟုတ်လား။ ဟား ဟား ဟား"

"ဟုတ် ဟုတ် ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်လုပ်ပါ့မယ်ဗျာ"

မောင်မျိုးဝင်း ခွေးဖော့များပြန်ကာနေပြီး အယောင်ယောင်အမှားမှားစကားများဖြင့် ဘာတွေပြော၍ထွက်ခဲ့မှန်းမသိတော့ပေ။

"ဒါမှ ငါ့သမက်ကွ။ ငါပိုင်တဲ့ပစ္စည်းဟာလည်း မင်းနဲ့ငါ့သမီးရဲ့ပစ္စည်းဖြစ်ရမှာပေါ့ကွာ။ လကွယ်နေ့ည (၁) နာရီ (၃၀) မိနစ်မှာ လုပ်ငန်းစမှာ။ ဘယ်သူ့ကိုမှအသိမပေးနဲ့။ တုန်တုန်ပြောမယ်ကွာ မင်းရဲ့ရည်းစား ငါ့သမီးကိုတောင် အသိမပေးပါနဲ့။ ကြားရဲ့လား။ ကဲ-မင်းသွားနိုင်ပြီ"

မောင်မျိုးဝင်းက ချီတုံချတုံဖြင့် ဦးထွန်းအုပ်၏အခန်းထဲမှထွက်ခဲ့သည်။ ကိုယ်ရေးကြုံ သက်လုံကောင်းရမှာပေါ့ ဆိုသော စကားအတန်တန်ကြားခဲ့ဖူးသည်။ မသူတော်ရှောင်၊ သူတော်ကောင်းကို ပေါင်းဆက်ဆံရမည်၊ မုဆိုးနားနီး မုဆိုး တံငါနားနီး တံငါဆိုသောစကားမှန်နေသည်။ ပုဂံမှာမွေး ပုဂံသွေးမှန်ခဲ့သည်။ သို့သော် အမျိုးသားရေးသစ္စာဖောက်ဖြစ်မှန်းမသိဖြစ်နေသည်။ အမျိုးသားယဥ်ကျေးမှုအမွေနှစ်ကို ဖျက်ဆီးသူသည် ကိုယ့်လူမျိုးဖျက်ဆီးတာနှင့်တူကြောင်း၊ နောက်ပြီး ကျိန်စာအထပ်ထပ်ကျိန်ဆိုပြီးလှူခဲ့ကြောင်း ဆရာသမားမိဘများ၏ဆိုဆုံးမသံများ စိတ်ထဲမှာ အထပ်ထပ်ကြားယောင်နေမိပါသည်။ သို့သော် ယောက္ခမလောင်းကြီးအား ကတိပေးလိုက်ပြီမဟုတ်လား။

❑

ညက လကွယ်ညမို့ အမှောင်အတိလွှမ်းခြုံနေသည်။ ကြယ်ကလေးများလည်း ဟိုတစ်စုသည်တစ်စုရှိနေသည်။ တောင်အရပ်ဆီမှ လျှပ်စီးများလက်ကာမိုးတိမ်တိုက်များတရွေ့ရွေ့လျားနေသည်။ ဦးထွန်းအုပ်နှင့် မောင်မျိုးဝင်း အလုပ်ရှုပ်နေ၏။ တူ၊ စို့နှင့် တူးရွင်း၊ ရေနံမီးတုတ်၊ လက်နှိပ်ဓာတ်မီးပြင်ဆင်၍ အိမ်မှအစ်မကြီး၊ သမီးမွန်မွန်တို့အိပ်မောကျနေပြီ။ ရွာမှာ လူများလည်း တိတ်ဆိတ်အိပ်မောကျနေဟန်ရှိသည်။ လူခြေများတိတ်မှ နှစ်ဦးသား အိမ်မှထွက်လာခဲ့သည်။ မြောက်စူးစူးမှ ပျံသန်းလာသော ညဥ့်ငှက်ဆိုးက စူးစူးဝါးဝါးအော်မြည်ပြီး သူတို့နှစ်ဦးရှိရာသို့ ဦးတည်ပျံသန်းလာသဖြင့် ဦးထွန်းအုပ်ရဲ့လက်နှိပ်ဓာတ်မီးလှမ်းပြီးထိုးလိုက်သဖြင့် ကွေ့ဝိုက်၍ပျံသွားသည်။ ဘုရားအိုလိုဏ်ပျက်ထဲမှ ခွေးအအူသံများတစ်ချက်တစ်ချက်ထွက်ပေါ်လာသည်။မျိုးဝင်းခွေးစေးများထွက်၍ ကြောက်စိတ်များဝင်ကာလာတော့သည်။ နေ့ခင်းမှာ မွန်မွန်နှင့် တွေ့တော့ မွန်မွန်ပြောလိုက်သောစကားကို ကြားယောင်နေသည်။

"ကိုမျိုး၊ ညက အိပ်မက်တွေမကောင်းဘူး။ ကိုမျိုး ဟိုးအဝေးကြီးထွက်သွားပြီး မွန်မွန်နဲ့ မတွေ့ရတော့ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com

သွေးလေချောက်ချားပြီး စိုးရိမ်သောကများလို့မက်တာပါဟုနှစ်သိမ့်ခဲ့ရသည်။

"ကဲ-မောင်မျိုးဝင်းရေ၊ ဒီဘုရားပျက်ကြီးပေါ်မှာပဲကွ။ ဘုရားကနည်းမြင့်ပြီးနေတော့ ဂရုစိုက်ပြီးတော့တက်ရမှာပေါ့ကွာ။ ချုံနွယ်တွေကို ပထမဆုံးရှင်းလိုက်ဦးကွာ"

မောင်မျိုးဝင်းဓားချွေးပြန်၍နေပြီး ဦးထွန်းအုပ်ခိုင်းသမျှ အားလုံးနာခံလုပ်ပေးကိုင်ပေးရသည်။ ညဏ်တိတ်ဆိတ်ခြင်းကို အားကိုး၍နေသော သူတို့နှစ်ဦးအဖို့ အခွင့်ကောင်းယူ၍ မြန်မြန်ချုံနွယ်များရှင်းနေသည်။

"ကဲ-ဦးလေး ချုံနွယ်တွေရှင်းပြီးနေပြီ ဘယ်နေရာလဲ။ မြန်မြန်လုပ်မှကောင်းမှာနော်။ တောင်က မိုးတွေမဲသဲနေပြီ။ မိုးမရွာခင်ပြီးမှဖြစ်မှာ"

"အေးအေး-ငါရှာလိုက်ဦးမယ်"

ဦးထွန်းအုပ် ရေနံမီးတုတ်ကြီးတယမ်းယမ်းနှင့် ဟိုနေရာဒီနေရာ မသေချာပဲရှိနေသည်။ မကြာပါ။ အုတ်စီရာသုံးပေခွဲလေးပေလောက်ရှိသောကွဲအက်နေရာကိုတွေ့ရသည်။

"ဒီနေရာပဲကွ၊ တစ်ဖက်က ပျက်နေတာ့ သတိထားပြီးတူးကွာ လိမ့်ကျဦးမယ်နော်"

ဦးထွန်းအုပ်ပြသသော နေရာကို မျိုးဝင်း တူးဆွရန် သံတူးရွင်းကိုမ,၍ချိန်လိုက်စဉ်မှာ မိုးကြိုးများထစ်ချုန်း၍ လျှပ်စီးများလင်းလက်သွားလေသည်။ လောဘဇောတိုက်၍ ဥာပနာတိုက်ကို အကြိမ်ကြိမ်ထွင်းဖောက်နေလေသည်။ ခဏအကြာမှာ ကျောက်ဖျာကိုတူရွင်းနှင့် မ,ကော်ပြီးနေချိန် ဦးထွန်းအုပ်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ရတနာတွေ. . . ရတနာတွေ ငါ အနှစ်နှစ်အလလက ရှာဖွေဖော်ထုတ်ခဲ့တာ အခုမှတွေ့တော့တယ် ဟား ဟား ဟား ဟား"

မောင်မျိုးဝင်း တူးရွင်းဖြင့်မ,ထားရုံရှိသေးသည်၊ ကျောက်ဖျာကြီးကို ဖယ်ထုတ်ဖို့က အခက်တွေ့နေချိန် ဦးထွန်းအုပ် လောဘဇောတိုက်၍ စိတ်ဖောက်ပြားသွားသည်ထင်သည်။

"ဦးလေး သတိထားဦးမှပေါ့ဗျ။ တိုးတိုးတိတ်တိတ်လုပ်မှရမှာနော်"

"ဟုတ်တယ်၊ ဒီပစ္စည်းတွေ ငါပိုင်တယ်ကွ။ မင်းက ငါ့ရဲ့အလုပ်သမားခင်းနဲ့ဘာမှမဆိုင်ဘူး"

"ဒီမှာ ဦးလေး၊ အစက ဦးလေးပဲ၊ အကျိုးတူဆို။ ဘာမှမမြင်ရသေးတဲ့ဥစ္စာ။ ဦးလေးသတိထားဦးနော်"

"ဘာကွ မင်းနဲ့မဆိုင်ဘူး။ မြန်မြန်လုပ်မှာသာလုပ်၊ မျိုးဝင်း မင်းရမှာက ဒါပဲ"

ဟုဆိုကာ မျိုးဝင်းကို တူးရွင်းဖြင့် ရိုက်ချလိုက်တော့သည်။

မျိုးဝင်းဘုရားအောက်သို့ဇောက်ထိုးကျ၍သွားသည်။

"အား. . . အား. . . အား"

မျိုးဝင်းကို ချိန်ရွယ်ရိုက်လိုက်ပြီး ဦးထွန်းအုပ်လည်း အောက်မှနင်း၍ထားသောအုတ်ခဲကပြုတ်ကျသဖြင့် သူလည်း လိမ့်ပြီးကျသွားလေသည်။

❑

"အဖြစ်အပျက်က အဲဒါပါပဲ"

ရွာမှလူကြီးဖြစ်သူ ဦးမြင့်မောင်မှ ရှင်းပြလိုက်သည်။

"ဟုတ်တယ် အေအီး၊ မနက်လင်းတော့ သူတို့ပျောက်လို့မလာနိုင်တဲ့အခါ ရွာသားအားလုံးလိုက်ရှာကြတော့ နှစ်လောင်းပြိုင်သေနေတာတွေ့လိုက်ရတဲ့။ မွန်မွန်တစ်ယောက် အဖေရဲ့အလောင်းနားသွားလိုက်၊ မောင်မျိုးဝင်းအလောင်းနားသွားလိုက်နဲ့ငိုလိုက်နဲ့ ပရိဒေဝမီးတောက်လောင်ပြီး ခုလိုဖြစ်သွားတာ။ ကျွန်တော်ခုထိမြင်ယောင်မိသေးတယ်"

ကိုမျိုးက သူကြုံတွေ့သမျှကို ရှင်းပြလိုက်သည်။ ဖြစ်ပျက်မှုအားလုံး ကြားသိရသော ကိုမျိုးသန့်တစ်ယောက်စိတ်မကောင်းဖြစ်ရသည်မှတစ်ပါးအခြားမရှိပြီမို့ ကျန်ရစ်သူ မွန်မွန် စိတ်သောကဝေဒနာပျောက်ကင်းစေလိုသောဆန္ဒအမှန်ဖြင့် ရန်ကုန်မှ မိဘ၊ အစ်ကိုကြီး၊ မိမိနှင့်စေ့စပ်ကြောင်းလမ်းထားသော ဇနီးလောင်းတို့ထံ အကြောင်းကြားပြီးသားဖြစ်သည်။

အထူးသဖြင့် စိတ်ဝေဒနာသည် မလေးမွန်မွန်က သူ၏ချစ်သူမောင်မျိုးဝင်းထင်မှတ်၍ ချစ်သူတစ်ယောက်အနေဖြင့် ဆက်ဆံခြင်းကို စေ့စပ်၍ထားသော ဇနီးလောင်း နားလည်ခွင့်လွှတ်ပါစေ။ ဒီအထဲတွင် မွန်မွန်၏ အဒေါ်ဖြစ်သူက သူ့တွင်ရှိသော ရွှေငွေတို့ဖြင့်ကုသပေးရန် ငွေးပစ္စည်းများကိုပုံ၍ပေးနေသေးသည်။ မယူခဲ့ပါ။ နဂိုရှိရင်းစေတနာပြဋ္ဌာန်းထားသောဆုံးဖြတ်ချက်တို့ဖြင့် စိတ်ဝေဒနာပျောက်ကင်းသွားသည်အထိ ကုသပေးရာတွင် အဒေါ်ဖြစ်သူ ဒေါ်သူဇာကိုပါ ခေါ်၍သွားမှာဖြစ်သလို ရပ်ရွာလူကြီးများမှလည်း ဒေါ်သူဇာ၏ယာများမှ ကျန်ရှိသော အသီးအနှံကို စနစ်တကျကောက်သိမ်းထားပါမည်။ စိတ်ချ၍သာလိုက်သွားရန် တိုက်တွန်းကြသဖြင့် ရန်ကုန်သို့ ညနေ (၄) နာရီ လေယာဉ်ဖြင့်ပြန်ခဲ့သည်။

ဩော် - လောဘ လောဘအလိုရမ္မက်၏နောက်တွင် ဒေါသ၊ ဒေါသကြောင့် ရိုက်နှက်သတ်ဖြတ် ကာယကံသောင်းကျန်း ကျူးလွန်မှုတွေဖြစ်ကြရ၊ နောက်ဆုံးမတော့ လောဘဦးစီးနေသော ဦးထွန်းအုပ်သည် ဖြောင့်မတ်စွာတည့်တည့်မဟာအဝီစိငရဲသစ်ငုတ်တိုဆီသို့သွားလေပြီလား။

ကောင်းစိတ်နှင့် မကောင်းစိတ်တို့လွန်ကြိုးဆွဲကြရာ အမြူအဆွယ်မာယာကျော့ကွင်းတွင် နာမကျန်းအဖေအို၊ သူ့အလွန်ချစ်သောမြတ်နိုးသော ချစ်သူရည်းစားနှင့် ဦးထွန်းအုပ်တို့က တစ်ဖက်၊ အမျိုးဘာသာသာသနာနှင့် ယနေ့အမျိုးသားယဉ်ကျေးမှု၊ ခေတ်အဆက်ဆက်က ထိန်းသိမ်းလာခဲ့သောအဆောက်အအုံနှင့် ယဉ်ကျေးမှုလက်ရာပစ္စည်းတို့ကို ပုဂံသွေးပုဂံသားသည် ပုဂံမြေ၊ ပုဂံရေ၏ကျေးဇူးသစ္စာကို မထောက်ပါဘဲ မာယာကျော့ကွင်းလွန်ဆွဲပွဲတွင် ရှုံးနိမ့်ခဲ့ရသော မောင်မျိုးဝင်း၊ အဖေနှင့် ချစ်သူရည်စားတို့အဖြစ်အပျက်ဘဝကို မြင်တွေ့ရာမှ ဘာမှန်းမသိ၊ ညာသည်ကိုညာမှန်းမသိ ရှုချင့်စဖွယ်မရှိသော မြင်ကွင်းတို့ကြောင့် သွေးပျက်ကာ နှလုံးနောက်၍ အချစ်ရူးမလေး မွန်မွန်တွင် ကပ်ငြိနေသော စိတ်ဝေဒနာကို အချိန်အခါမလင့်မီ ကျိန်စာပြယ်လွင့် ချစ်ပွင့်ဝေချိန်ရောက်ပါစေဟု ဆုတောင်းလျက်။

ရဲမင်းထွန်း (မြင်းကပါ)

ဤဝတ္ထုရှည်ကို ၁၉၇၅ ခုနှစ်၊ ပုဂံဘုရားများ ငလျင်ဒဏ်ကြောင့် ပျက်စီးသွား၍ နိုင်ငံတော်အစိုးရမှ ကြီးမှူးပြုပြင်ထိန်းသိမ်းရာတွင်အထူးဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ရုံးမှ တာဝန်ထမ်းဆောင်ခဲ့ကြသော အင်ဂျင်နီယာ ဦးရွှေသိန်း၊ ဦးငွေသောင်း၊ ဒေါ်မြင့်မြင့်၊ ဒေါ်တင်နွယ်အေး၊ ဦးကိုကိုအောင်အစရှိသော ပုဂ္ဂိုလ်များနှင့် ပန်းရန်ပညာရှင်တို့အား အမှတ်တရဂုဏ်ပြုရေးဖွဲ့ထားပါသည်။ မည်သူ့ကိုမျှ မရည်ရွယ်ပါ။ စိတ်ကူးဖြင့်ရေးဖွဲ့ခြင်းသာဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# မင်းပြည့်

## အလင်းမှင်

"ဟာ - ကိုမြင့်ဆွေ၊ ဟာ - ပိန္နဲသီးကြီး"

"အလုပ်ရသွားပြီလေ ဆရာပြည့်"

"ဟာ - တကယ်. . ."

"တကယ်ပါဆို ဆရာပြည့်က လည်း။ တကယ်မဟုတ်ဘဲ ပိန္နဲသီးထမ်းလာပ့ါမလား"

နှာခေါင်းသံညှောင်ညှဲညှောင်ညှဲ အသံနဲ့ပြောရင်း ပိန္နဲသီးကြီးကို ဘေးချလိုက်ပြီး မျက်နှာကရယ်ကျဲကျဲ။ ဟုတ်ကောဟုတ်ရဲ့လားမသိပါဘူး။

"အင်တာဗျူးတွေ ခဏခဏဖြေပြီး အလုပ်တွေလွဲလွဲနေလို့ ကျွန်တော်ပဲ . . ."

"ဟုတ်တယ်လေ၊ သုံးခါလည်းလွဲပြီးရော ရောက်လာတာလေ။ ဟိုဆရာပြည့်အဖေရဲ့အသိ ကိုစန်းနဲ့ လိုက်လာတာလေ"

"အင်းလေ"

"ဆရာပြည့်ပဲ ပြောလိုက်တယ်။ အလုပ်ဂျီးမများနဲ့တဲ့။ ကျွန်တော်ဂျီးမများပါဘူး။ ရရာလုပ်မယ်ဆိုပြီးတော့တို လျှောက်တာ။ အဲဒါကိုလွဲလွဲနေတာ။ တတ်ထားတဲ့ပညာနဲ့မဆိုင်တဲ့အလုပ်ရ လည်းလုပ်မယ်ဆိုပြီးလျှောက်တာကိုမေ ဘူး။ ဆရာပြည့်က ကိုမြင့်ဆွေ ခင်ဗျား ဒီတစ်ခါ အလုပ်အင်တာဗျူးသွားဖြေရင် အဲဒီအလုပ်နဲ့နီးတဲ့ ဘုရားတစ်ဆူဆူကို သွား၊ ဘယ်ရုပ်ပွားတော်ရှေ့ပဲဖြစ်ဖြစ် ရုပ်ပွားတော်တစ်ဆူဆူရဲ့ရှေ့မှာ ဖယောင်း တိုင် (၉) တိုင်ထွန်း ဘုရားပူဇော်။ ဂုဏ် တော် (၉) ပါးကို သက်စေ့ရွတ်။ ပြီးရင် ဘယ်မှမဝင်နဲ့။ မုန့်ဆိုင်တောင် ဝင်မစား နဲ့။ အင်တာဗျူးမယ့်ဆီတန်းသွားဆိုပြီး ပြောခဲ့တာလေ။ ကျွန်တော်အဲဒီအတိုင်း လုပ်တာ ခုရသွားပြီ။ သန်ဘက်ခါအလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရပြီ"

"ဟာ - ဟုတ်လား၊ တကယ်ဝမ်းသာတယ် ကိုမြင့်ဆွေကြီး။ အောင်မြင်ပါစေဗျာ"

ကိုမြင့်ဆွေကြီးဟာ နှာခေါင်းသံ ညှောင်ညှဲညှဲနဲ့ပြောရင်း တကယ့်ကိုဝမ်းသာနေပါတယ်။ သူဝမ်းသာတော့ ကျွန်တော်လည်း ပျော်တာပေါ့။

ဟိုပြောဒီပြောလေးတွေပြောပြီး-

"ဆရာပြည့် ဒါအိမ်မှာနော်။ ဘေးခြံကသီးတာ။ မတရားကောင်းတယ်"

"စားမယ်၊ ကြိုက်တယ်"

ပြောပြောဆိုဆိုနဲ့ သူဆက်ပြီးရှောင်ဖို့၊ ဆောင်ဖို့တွေမေးရင်း ကိုမြင့်ဆွေကြီးထပြန်သွားပါပြီ။

ကိုမြင့်ဆွေကြီးရဲ့ ခန္ဓာကိုယ်လှုပ်စိ



www.burmeseclassic.com

www.burmeseclassic.com

လှုပ်စိကိုကြည့်ရင်း ပြီးခဲ့တဲ့ နှစ်လလောက်က အလုပ်ရသွားတဲ့သူငယ်ချင်းရဲ့အဖေကို သွားသတိရလိုက်မိပါတယ်။

"သူငယ်ချင်း. . . ဒါငါ့အဖေလေ"

"ဟင် - မင်းအဖေကတော်တော်ငယ်သေးတာပဲ"

သူ့အဖေကရယ်နေတယ်။

"အေး - အဲဒါ ငါ့အဖေကအလုပ်လုပ်ဖို့တဲ့။ မင်းတစ်ခုခုကူညီပေးပါဦး"

သူ့အဖေရဲ့ကံကိုတွက်ချက်လိုက်ပြီး-

"ဦးလေး ဒီလိုလုပ်၊ ရေးဖြေခေါ်တယ်မို့လား"

"အင်း - ဟုတ်ကဲ့"

"ဦးလေးသွားဖြေရမယ့်နေရာနဲ့ အနီးဆုံးဘုရားကိုသွား။ဂြိုဟ်တွေ၊ထောင့်တွေမရွေးနဲ့။ အဲဒီမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉)တိုင်ထွန်းပြီးရင် ဂုဏ်တော်(၉)ပါးကို ဦးလေးသက်စေ့ရွတ်။ ပြီးတာနဲ့ ဘယ်မှမဝင်နဲ့။ ရေးဖြေဖြေရမယ့်နေရာကိုတန်းသွား။ ဘုရားဂုဏ်တော်တွေပဲရွတ်သွား"

"တကယ်လို့ အောင်သွားလို့ လူတွေ့မေးတော့မယ်ဆိုရင်ကော"

"တကယ်လို့ မလုပ်ပါနဲ့။ အောင်ကိုအောင်ရမယ်ဆိုတဲ့စိတ်ကိုထားပါ ဦးလေးရာ။ ကျွန်တော်က အားတိုက်ခွင်တိုက်ပြောနေတာ"

"ဟုတ် - ဟုတ်ပါပြီ၊ အောင်သွားလို့ လူတွေ့ခေါ်ရင်"

"လူတွေ့ခေါ်လို့ သွားရရင်လည်း အဲဒီပုံစံအတိုင်းပဲ တစ်ကြိမ်ထပ်ထွန်း၊ ထပ်ရွတ်ပြီးသွားလိုက်ပါ"

"ဩော်-လုပ်မယ်လေ။ လုပ်ချင်တဲ့လုပ်ငန်းကြီးကကြီးတယ်။ အဲဒီကုမ္ပဏီက လုပ်ငန်းကြီးတွေ အများကြီးပဲ။ တစ်ခုခုမှာရလိုက်ရင်လည်း"

"ရလိမ့်မယ် ကျွန်တော်ပြောသလိုသာ ပူဇော်ပြီးသွား"

အဲဒီ ဦးလေး ဘာမှမပြောတော့ပါဘူး။

သူပြောတဲ့ နှစ်ပတ်ကျော်သုံးပတ်မှာ သူအင်တာဗျူးနှစ်ကြိမ်ဝင်ရပါတယ်။ ရေးဖြေနဲ့နှုတ်ဖြေပါ။ သူကအလုပ်တွေလုပ်လာတဲ့လူပေမယ့် ခုနားနေရတဲ့လူ။ ရသွားပါပြီ။ သူအင်တာဗျူးသွားဖြေရတဲ့ကုမ္ပဏီကြီးမှာပဲရသွားပါပြီ။

သူငယ်ချင်းကတော့ လာပြောရှာပါတယ်။ သူ့အဖေက မအားတော့ဘူးတဲ့။ အလုပ်ဝင်ပြီတဲ့။ ကောင်းပါတယ်။ လာပြောတာပဲ သူငယ်ချင်းကို ကျေးဇူးတင်ပါတယ်။ သတိတရနဲ့လာပြောတာကိုပဲ ကျေးဇူးတင်ရမယ်။ လခကတော့ သိပ်မကောင်းဘူးလို့ ပြောသွားသေးတယ်။ ဒါတော့လည်း မတတ်နိုင်ဘူးလေ။ အလုပ်ရချင်တယ်ဆိုလို့ အလုပ်ရအောင် လုပ်ပေးခဲ့ပြီးပြီပဲ။

တော်သေးတာပေါ့။

သိန်းအောင်ဆိုတဲ့ အသိတစ်ယောက်ကို ပြောတုန်းက ပိုတောင်လက်ဝင်သေးတယ်။ သိန်းအောင်။ သူလည်း စကားဝဲတာပဲ။ စကားပြောရင် နှာခေါင်းသံပါတယ်။ ဆောင့်ဆောင့်ပြောတယ်။ သူကတော့ အိမ်ငှားမယ့်ကိစ္စ။ သူလိုချင်တဲ့အိမ်လေးက တော်တော်ကောင်းတယ်။ အိမ်ရှင်က သူ့ကိုငှားချင်ပေမယ့် အိမ်ရှင်ရဲ့အစ်မတွေက သူတို့ အသိကိုငှားချင်တယ်။ ပိုက်ဆံကျတော့လည်း သိန်းအောင်က ပိုပေးတာ။ ဒါတောင် သိန်းအောင်ကို အင်တင်တင်။ အိမ်ရှင်ခမျာလည်း စိတ်ညစ်ပေါ့။ အစ်မတွေက ဂျီးများတော့ စိတ်ညစ်တာပေါ့။

တစ်နေ့ သိန်းအောင် ရောက်လာပါလေရော။

"အစ်ကိုကြီး ကျွန်တော်ပြောမယ်"

ဒါက အဖေ့ကို ပြောတဲ့စကားပါ။ အဖေက -

"သိန်းအောင်ရေ ငါစာအုပ်တိုက်သွားမလို့၊ ဒီအချိန်က ငါ့သွားယောတဲ့အချိန်"

လို့ ပြောပြီး စာအုပ်တိုက်ထွက်သွားပါတယ်။ ဒီတော့လည်း သိန်းအောင်က -

"ကဲ - ဆရာလေး၊ ကိစ္စကတော့ အိမ်ငှားဖို့ကိစ္စပဲ"

ဆိုပြီး အစအဆုံး ပြောပြပါလေရော။ သူစုံအောင်ပြောတာကိုနားထောင်ပြီးမှ -

"ကိုသိန်းအောင်၊ အဲဒီအိမ်နဲ့နီးတဲ့ဘုရားကိုသွား၊ ရုပ်ပွားတော်တစ်ဆူဆူမှာ ဖယောင်းတိုင် (၉) တိုင်ထွန်းပြီးရင် . . ."

"ဟာ-ဆရာလေး၊ ဒီပြင်ယတြာပေးလို့မရဘူးလား"

"ဘာဖြစ်လို့လဲ"

"ဟိုဝင်ဒီထွက်ဖြစ်နေလို့ပါ"

"ဘယ်မှဝင်စရာမလိုဘူးလေ၊ ဘုရားကိုသွားရမှာပဲ"

"အေးလေ - ကျွန်တော်ကအယူရှိတယ်။ တစ်ခုခုကိစ္စကိုသွားရင် အဲဒီနေရာကိုတန်းသွားမှ အဆင်ပြေတာများတာ။ ဒီလိုတစ်ထောက် ခရီးထောက်ရင် ကျွန်တော့်စိတ်ကထင့်နေမှာဆိုတော့ ဒီပြင်ယတြာလေး"

"ကိုသိန်းအောင် သဘောလေ။ ကျွန်တော်တို့က ကျွန်တော်တို့ပညာနဲ့ပဲ အကြံပေးတတ်တယ်။ ကိုသိန်းအောင်ကို ဟိုဝင်ဒီထွက်ဝင်ခိုင်းတာမှမဟုတ်ဘဲ။ ဘုရားကို ဦးတိုက်ပြီး ပူဇော်ရှိခိုးပြီး ကိုသိန်းအောင်အတွက် အရေးကြီးတဲ့ကိစ္စဆီသွားခိုင်းတာပဲ။ စဉ်းစားကြည့်လေ"

"ဆရာလေး၊ကျွန်တော်ပြောမယ်"

လုပ်လာပြန်ပြီ။ ဒီပြင် ယတြာတောင်းနေပြန်ပြီ။ သူရောက်တဲ့အချိန်နဲ့ သူ့ကိစ္စကြီးက ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိမို့ ဒီလိုသွားပူဇော်ခိုင်းတာကို သဘောပေါက်ရဲ့သားနဲ့ တမင်ပြောနေတာလား။ သဘောမပေါက်တာလား မသိပြန်ဘူး ပေတေတေကတ်တတ်တတ်နဲ့။ ကြာတော့ ဘာမှမပြောတော့ဘဲ နေလိုက်တယ်။ တစ်ခွန်းထဲပဲထပ်ပြောစရာရှိတော့တယ်။

"ဘုရားပူဇော်ပြီးသွားတဲ့ ကိစ္စဆိုတော့ မအောင်မြင်နိုင်စရာအကြောင်းမရှိဘူး။ အမြင့်ဆုံး အအေးမြဆုံး အရိပ်ကိုခိုပြီး တုနှိုင်းမမှီနိုင်တဲ့ သုံးလူ့ထွတ်ထားဘုရားရှင်ကို ဦးထိပ်ထားသွားတာ။ ဘယ်အနှောင့်အယှက်ကခံနိုင်လို့လဲ"

လို့ပြောလိုက်တော့မှ မျက်နှာကပြုံးသွားတယ်။ ဒီတော့မှ -

"လုပ်မယ်ဗျာ"

ဖြစ်ကရော။

ပြီးပြီလေ။ သူလိုချင်တဲ့ အိမ်လေးရသွားပြီ။ ငှားဖြစ်သွားပြီ။ အိမ်လေးကသီးသန့်လေးဆိုတော့ သူ့မိသားစုလည်း အဆင်ပြေသွားတာပေါ့။ ရသွားတော့မှာပဲ။ ရယ်ကြဲကြဲနဲ့လာပြောတယ်။

'ဆရာလေး ကျေးဇူးနော' တဲ့။

ဝမ်းသာပါတယ်။ သူအောင်မြင်ဖို့ အကြံပေးလိုက်တာ။ သူအောင်မြင်ဖို့က အဓိကလေ။ သူအောင်မြင်ရင် ပြီးတာပဲ။

ကိုသိန်းအောင်လိုပဲ လက်ပေါက်ကတ်တာကြုံဖူးသေးတယ်။ နာမည်ကမညွှန့်မေတဲ့။ တော်တော်လက်ပေါက်ကတ်တယ် ပြောရတာ။ သူက သူ့ပိုက်ဆံအကြွေးရစရာရှိတာကို နေ့ပေးမယ်ညပေးမယ်လုပ်လို့ ရောက်လာတာ။

"ဒေါ်ညွှန့်မေ၊ အဲဒီလူက ဘယ်မှာလဲ"

www.burmeseclassic.com

"ကြည့်မြင်တိုင်မှာ"

"ဒါဆို ကိုးထပ်ကြီးဘုရားကြီးကို ဖယောင်းတိုင် (၉) တိုင် ထွန်းပူဇော်ပြီး ဂုဏ်တော် (၉) ပါးကို သက်စေ့ရွတ်သွား"

"သားလေး အဲအဲ - ဆရာလေး ကြည့်လုပ်ဦးနော်။ အမျိုးသားက ဟိုစပ်စပ်ဒီမပ်စပ်တတ်တယ်။ စာတွေဖတ်ထားတာ။ သူလုပ်ခိုင်းတာတွေလုပ်သွားတာတောင် ဘယ်လိုမှတောင်းရတဲ့လူ မဟုတ်ဘူး။ နေ့ရှေ့ညရှေ့နဲ့"

"ဒါက ကျွန်တော်ပြောတာက ဘုရားကို ဦးဆုံး ပူဇော်ဖို့ပြောတာ။ ဘုရားမှူဇော်ပြီးမှ သွားခိုင်းတာ"

"ဘာနဲ့မှ ခတ်မရိုက်ဘဲနဲ့ ရပ့ါမလား"

တစ်ခါတလေတော့လည်း အဖေ့လိုပဲပြုံးနေလိုက်ပါတယ်။ ပြောရဆိုရခက်ခဲလာပြီဆိုရင် ပြုံးချင်လာပါတယ်။

"ကျွန်တော်က ကုသိုလ်ဆက်ပေးတာပါ။ ဘုရားတန်ခိုးနဲ့ ကုသိုလ်ဆက်ပေးတာ။ ဒေါ်ညွန့်မေကံမှာ ငွေနံလုံးဝပျက်နေတယ်။ ကံကလည်းနိမ့်သလိုဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်ပြောသလို ဘုရားဦးတိုက်ပြီးသွားရင်တောင် အများကြီးရလာဦးမှာမဟုတ်သေးဘူး။ နောက်ထပ်အဲလိုထပ်သွားရမှာ"

"ဩော် - အဲလိုလား"

"ဟုတ်တယ်"

အမျိုးသားက မင်းရရစေ့မယ်ကွာဆိုပြီးပြောလို့သွားတာတောင်မရခဲ့တော့ ဖယောင်းတိုင်ထွန်းရုံလေးဆိုတော့ မေးကြည့်တာပေါ့နော်"

"ဟုတ်ကဲ့ပါ။ ဘာပဲဖြစ်ဖြစ် အံဝင်ခွင်ကျဖြစ်သွားဖို့ပဲလိုတာပါ။ ဖိုနေတဲ့ ကွက်လပ်လေးကို ဖြည့်လိုက်နိုင်ရင် အဆင်တာပြေများပါတယ်။ အံကျသွားတဲ့သဘောပါ။ ခုနပြောသလို ကံလည်းနိမ့်၊ ငွေနံလည်းပျက်နေလို့ပါ"

အမျိုးသားက ဆေးလိပ်ဘူးခွံထဲကငွေစက္ကူကို ငှက်နှစ်ကောင်ပုံလေးချိုးပြီး အိတ်ကပ်ထဲထည့်ဆောင်သွားခိုင်းတာ။ နောက်တစ်ခါက ကြွက်ကိုပါးစပ်မှာကိုက်ထားတဲ့ ကြောင်ပုံလေးကိုကတ်ကြေးနဲ့ဖြတ်ပေးပြီး အိတ်ကပ်ထဲထည့်ဆောင်သွားခိုင်းတာ"

ဒေါ်ညွန့်မေပြောတဲ့နည်းတွေကို ကျွန်တော် မကြားဘူးတာရယ်၊ နားမလည်တာရယ်၊ ဉာဏ်မမီတာရယ်ကြောင့် ဘာမှဆက်မပြောဖြစ်တော့ပါဘူး။ သူ



အမျိုးသားရဲ့ ဉာဏ်ထက်မြက်ပုံကိုသာ သဘောကျနေမိပါတယ်။

"အဆောင်တွေကောင်းတယ်လေ။ ဒေါ်ညွန့်မေအမျိုးသားပေးတာ ကောင်းတာပဲဟာ။ မကောင်းတာတစ်ခုမှမပါဘူး။ ဒါပေမယ့် ကျွန်တော်ပြောသလို ကံနိမ့်နေလို့ ဘုရားကို ဦးခိုက်ပူဇော်ပြီးမှ သွားခိုင်းတာကို စဉ်းစားပေးဦးလေ"

"လုပ်မယ်လေ အဲလို။ ရရင် စိန်တစ်လုံး"

"အံမယ် - လက်စွပ်ကြီးဝတ်ရပြီပေါ့"

ဒေါ်ညွန့်မေ တဟားဟားရယ်နေပါတယ်။

ပြီးမှ -

"အဲဒီစိန်လက်စွပ်ပြောတာမဟုတ်ဘူး။ စိန်တစ်လုံးသရက်သီးစားဖို့ဝယ်လာပေးမယ်လို့ပြောတာ"

ကျွန်တော်လည်း ရယ်လိုက်ရပါတယ်။

သိပ်တောင်သတိမထားမိတော့ပါဘူး။ ဒီပြင်အလုပ်တလေးကလည်း ရှိတော့ မအားတာနဲ့။

တစ်နေ့ အဖေနဲ့မြို့ထဲလိုက်သွား၊ ဝယ်စရာရှိတာလေးတွေဝယ်၊ ပြီးပြန်ရောက်တော့ စားပွဲပေါ်မှာ စိန်တစ်လုံးသရက်သီးငါးလုံးကို ကျွတ်ကျွတ်အိတ်လေးနဲ့တင်ထားတာ တွေ့ရပါတော့တယ်။

ဒေါ်ညွန့်မေ စကားတည်ပါတယ်။ ရရင်စိန်တစ်လုံးဆိုတဲ့အတိုင်းပဲ။ သူ့ကို မစောင့်တော့။ လူချင်းတော့ မတွေ့သွားပါဘူး။ သားဆရာကို ကျေးဇူးတင်ပါတယ်လို့ပဲပြောသွားပါတယ်။

ဘုရားကို ခုလိုပူဇော်ပြီးမှ လိုရာကိစ္စဆီသွားခိုင်းတာနဲ့ ပတ်သက်ပြီး အဖေဟာ သူ့ဆီလာတဲ့မိတ်ဆွေတွေ တော်တော်များများကိုပေးတာ မြင်တွေ့နေရပါတယ်။ တော်တော်လည်း အောင်မြင်ကြပါတယ်။

အဖေ့ကိုဆို လာကန်တော့ကြ၊ လက်ဆောင်တွေလာပေးကြနဲ့ ကြာတော့ ဒီလိုပူဇော်ပြီးမှ လိုရာသွားတဲ့ ကုသိုလ်ပြုနည်းကို ကျွန်တော်စိတ်မဝင်စားဘဲ မနေနိုင်တော့ပါဘူး။

"ဘုရားရှင်ကို ကြည်ညိုပူဇော်ပြီးမှသွားရတာမို့ အများအယွင်းမရှိဘူးသား။ဘုရားကိုမမေ့ပါဘူးဆိုတဲ့အတွက် အန္တရာယ်လည်းကင်းတယ်။ လိုရာဆန္ဒလည်းပြည့်တယ်။ တစ်ခုတော့ရှိတယ်။ ကိုယ်ကမှန်ဖို့တော့လိုတယ်"

ဒါ အဖေအမြဲပြောတဲ့စကားပါ။

ခု - လက်တွေ့တွေ့ကြုံနေရပါပြီ။ ဒီလိုပူဇော်သွားကြလို့ အန္တရာယ်ကင်းကြသူတွေ၊ လိုရာဆန္ဒပြည့်ကြသူတွေ တော်တော်များနေပါပြီ။ အကြံပေးရတာလည်း ပီတိတွေဖြစ်ရပါတယ်။

ဒီပီတိတွေနဲ့ပဲ လာသမျှမိတ်ဆွေတွေကို ကုသိုလ်ဆက်ပေးပြီးရင်းဆက်ပေးရင်းနဲ့ ပျော်မိနေပါတယ်။

အရေးကြီးတာက တိတိကျကျဖြစ်ဖို့ပါပဲ။

ဖြစ်သလို ဖယောင်းတိုင်ထွန်းပြီးသွားလို့မရပါဘူး။

ဘုရားရှင်ကို သေချာကြည်ညိုပူဇော်ကန်တော့ပြီးမှ၊ ဂုဏ်တော်တွေရွတ်ပွားပြီးမှ သွားရတာ ဖြစ်ပါတယ်။ ရွတ်ပွားနေလို့ အချိန်ထောက်တယ်ဆိုရင် အိမ်ကကြိုထွက်ဖို့တော့ အကြံပေးချင်ပါတယ်။ ဖယောင်းတိုင်ထွန်းပူဇော်ပြီး ဒီလိုမရွတ်ဘဲ၊ မကြည်ညိုဘဲသွားလို့က မအောင်မြင်နိုင်ပါဘူး။

အဖေသင်ပေးထားတဲ့အတိုင်းပြောရရင်-

ခင်ပွန်းကြီး (၁၀) ပါးကိုမပြစ်မှားတဲ့သူ၊ သူများအသက်နဲ့စီးပွားမရှာတဲ့သူ၊ ကံမထိုက်အောင်နေတဲ့သူ၊ ဒီလိုလူတွေဆို ဒီလိုသာပူဇော်သွား။ မအောင်မြင်ဘူးဆိုတာမရှိစေရဘူးဆိုတဲ့အတိုင်းပါပဲလို့။

*ကြိုးစားရင်းနဲ့*

မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com

(ဝငေး) နေအောင်လင်း

# တရုတ်သရဲလူဝင်စား



တစ်နေ့နံနက်တွင် မောင်အောင်သာဦးနှင့် မသန်းသန်းတို့ ဇနီးမောင်နှံအား ပေါက်တူး ဝေါ်ပြားကိုယ်စီထမ်းလျက် တွေ့လိုက်ရသည်။

ကျွန်တော်က -

"အောင်သာဦး၊ မင်းတို့လင်မယား ပြည်မအလုပ်လုပ်ပြန်မတက်သေးဘူးလား"

ဟု မေးလိုက်မိသည်။

"မတက်ဖြစ်သေးဘူး အစ်ကိုကြီး၊ လောလောဆယ်တော့ ရွာမှာ သုံးလလောက်နေပြီး ကိုင်းထဲ နှမ်းသီးနှံပဲ နောက်၊ နှမ်းလေးကြဲ၊ တစ်သီးသိမ်းပြီးမှ ပြန်တက်မယ်စိတ်ကူးတယ်"

ဟု ပြောပါသည်။

မောင်အောင်သာဦးမှာ လွန်ခဲ့သည့် (၁) လကျော်အချိန်ကမှ တရုတ်နှစ်သစ်ကူးပွဲတော်ရက်၊ အလုပ်ရှင်က အလုပ်နားရက်ဖြစ်၍ ရွာသို့ ခေတ္တပြန်လာခဲ့သူလည်း ဖြစ်သည်။

သူ့မိန်းမ မသန်းသန်းဆိုတာကလည်း ဆေးရုံကဆင်းလာတာပင် (၂)လကျော်ရှိဦးမည်ဖြစ်သည်။ ဒီတော့လည်း အလုပ်လုပ်ပြန်တက်ရမှာ နောက်ဆံတတင်းတင်းနှင့်ရှိတာလည်းပါပါသည်။ ဆေးရုံတက် သားသမီးမွေးပြီးခါစ သွေးနုသားနုအချိန်မျိုးဆိုတော့ တစ်နယ်တစ်ကျေးအလုပ်ထွက်လုပ်ရတာ တစ်ယောက်တည်းထားပစ်ခဲ့ရမှာလည်းပါသည်။ ရွာမှာ ကိုင်းလုပ်ငန်းခွင် နှံတစ်သီးနှစ်လသုံးလကြာကြာ လုပ်ကိုင်သိမ်းဆည်းပြီးမှလည်း ပြန်တက်ဖို့စိတ်ကူးထားခဲ့ခြင်း ဖြစ်သည်။

ကျွန်တော် အောင်သာဦးတို့လင်မယားတွဲမြင်ရတော့ ကိုယ်ဝန်ဆောင်ရခါစရွာပြန်အလာ ရွာကသူ့သူငယ်ချင်း အပေါင်းအသင်း ရွှေစုတို့၊ ငွေပုံတို့လို သူငယ်ချင်းရင်းတွေက လှောင်ကြပြောင်ကြတဲ့စကားသံတွေကြားနေမိသည်။

မသန်းသန်း မြစ်ဆိပ်ရေခပ်လာတာမြင်တွေ့ရလျှင် -

"လာပါပြီ ဟိုမှာ တရုတ်သရဲ၊ မြန်မာပြည်ထဲမှာ ရွာမှာနေတုန်းက ဗမာသရဲ မဝင်စားဘဲနဲ့ တရုတ်ပြည်ထဲ အလုပ်သွားလုပ်မှ တရုတ်သရဲဝင်စားပြီး ကိုယ်ဝန်ဆောင်ရလာတာ"

ဟု ဆိုကာ လှောင်ပြောင်ကြသည်။

ရွာကလူတွေ ပြောင်လှောင်မည်ဆိုလည်း ပြောင်လှောင်ကြပေလိမ့်မည်။ တကယ်တမ်း စဉ်းစားကြည့်မည်ဆိုလျှင်တော့ မသန်းသန်း ကိုယ်ဝန်ဆောင်ရလာတာ ခပ်ဆန်းဆန်းဟု ဆိုရမည်။

မောင်အောင်သာဦး မသန်းသန်းတို့ ဇနီးမောင်နှံ အိမ်ထောင်သက် (၁၀) နှစ်ကျော်တိုင် သားသမီးမရခဲ့။ အိမ်ထောင်ကျစ (၂) နှစ်၊ (၃) နှစ်အချိန်မှာတော့ လင်ရောမယားပါ အသက်ကငယ်သေးလို့ သားသမီးလိုချင်စိတ်လည်း မရှိ မရသေးလည်း နေသာဖြေသာသည်။ နောက် (၇) နှစ်၊ (၈) နှစ်ကြာတော့လည်း သားသမီးမရ။ ဒီအချိန် အသက်က လင်ရောမယားပါ အသက်က (၃၀) ကျော်လာချိန်ဖြစ်သည်။ သူတို့နှင့်အတူတူအိမ်ထောင်ကျသည့် အောင်အေးတို့၊ မောင်ထွေးတို့ပင် သားသမီးနှစ်ယောက်၊ သုံးယောက်ရနေပြီဖြစ်သည်။

အိမ်ထောင်သက် (၁၀) နှစ်ကျော်ကာလ မိဘအရိပ်ကလည်း မလွတ်တလွတ်လို့ပြောလို့ရသည်။ အရင်က မိဘတွေနှင့်အတူတူနေ၊အတူစားနေချိန်ဖြစ်သည်။ အခုတော့ ကိုယ်ပိုင်အိမ်ခွဲဆောက်ကာ လင်မယားနှစ်ယောက် ဝက်မွေး၊ နွားမွေး၊ ကြက်မွေး၊ ကြုံရာကျပန်းအလုပ် ထစ်ဖက်တစ်လမ်း လုပ်ကိုင်ရင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရပ်လာနိုင်သည့်အခြေအနေဖြစ်လာခဲ့သည်။ အိမ်ထောင်ကျစ စီးပွားရေး လုပ်ငန်းကိုင်ငန်း အခြေတကျမရှိတာကလည်း သားသမီးမလိုချင်သလိုဖြစ်၍နေခဲ့သည်။ သားသမီးရလာမှာပင် စိုးရိမ်နေမိသည်။ တကယ်တမ်း သားသမီးလိုလိုချင်ချင်ဖြစ်လာပြီး သူများမိသားစုလို သားနှင့်သမီးနှင့်သိုက်သိုက်ဝန်းဝန်းမြင်ရတော့ သူတို့လင်မယားသားအမီးလိုချင်လာပြန်သည်။

သူတို့အိမ်ထောင်ကျစ (၁) နှစ်၊ (၂)နှစ်အတွင်း သားသမီးရဖို့ အကြောင်းဖန်လာသည်။ သို့သော် ထိုအချိန်က သားသမီးလိုချင်ရကောင်းမှန်းမသိသေးလို့ပဋိသန္ဓေတားဆေးစားမိတာကလည်း နောင်နှစ်တော်ကြာ သားသမီးမရနိုင်ဖို့ အကြောင်းကဖန်လာခဲ့သလို ဖြစ်သွားရသည်။ သားသမီးရတနာဆိုတာ ကိုယ်နှင့်ထိုက်မှရတတ်တာ သူတို့သဘောမပေါက်ကြသေးပေ။

မောင်အောင်သာဦးတို့လင်မယား အသက်ကလည်း (၃၀) ကျော်လာတော့ 'အိုတောင်ငေ့ ဆေးပေးမီးယူ သားသမီးများများမရရင်နေပါစေ။ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်ရရင် တော်ပါပြီတဲ့။ ဒါကလည်း စိတ်ကူးထဲမှာဖြစ်သည်။

သားရှူးသမီးရှူးစိတ်ကူးနှင့်ရှူးပြီဆိုတော့ ဟိုညောင်ပင်သွားသားဆုတောင်းရတာ၊ ဂြိုဟ်ပြေနံ့ပြေဘုရားမှာ ယတြာချေရတာ၊ သားသမီးရ,မရဗေဒင်မေးရတာလည်းအမော။

၂၀၁၂ - ၂၀၁၃ ရောက်လာချိန်မှာတော့ မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းတို့ ဘယ်လောက်ကောင်းတယ်ပြောပြော ရွာနေလျှင်တောင်သူလယ်သမားတို့အဖို့ တစ်နေ့လယ်ကူလီယာကူလီ လုပ်အားခ တစ်ထောင့်ငါးရာ၊ နှစ်ထောင် ဒီထက်ပိုပေးနိုင်သူမရှိခဲ့။ ထိုထက် လုပ်အားခပိုပေးရလျှင်လည်း လယ်သမား၊ ယာသမားတို့အဖို့ လုပ်အားခ မျိုးဖိုးပျိုးဖိုးနှင့်ရလာသည့် အမြတ်အစွန်းနှင့်နုတ်လိုက်လျှင် အနည်းငယ်သာစားရပြီး သူ့ကြွေးသူ

www.burmeseclassic.com



မြေဆပ်ရတာနဲ့ လုံးလည်လိုက်နေသည်။ ဒီတော့လည်း လုပ်အားခ ပို၍မပေးနိုင်တာ သဘာဝကျသည်။

ယာကူလီလယ်ကူလီ လုပ်အားခ တစ်နေ့ လူတစ်ယောက် နှစ်ထောင်ကျော် သုံးထောင်မပေးနိုင်ပေမယ့်လည်း တရုတ်ပြည်နယ်စပ် ရွှေလီကြယ်ခေါင် တရုတ်ပြည်မထဲတိုင်အလုပ်သွားလုပ်ကြသူများအဖို့ တစ်နေ့ လူတစ်ယောက်လုပ်အားခ ပန်းရန်နောက်လိုက်တစ်ယောက် တစ်နေ့ဝင်ငွေကပင် မြန်မာငွေ (၈၀၀၀) နဲ့ (၁၀၀၀၀)အကြား ဝင်ငွေရှိသည်။ သံလက်ကိုင်ဆရာကြီးအဆင့်ဆိုလျှင် တစ်နေ့ (၁၅၀၀၀) အနည်းရနေချိန်လည်း ဖြစ်သည်။ တစ်နေ့ဝင်ငွေက ရွာနဲ့စာလျှင် သုံးပုံနှစ်ပုံနီးပါးကွာခြားနေလို့ ရွာမှာ လယ်ကူလီယာကူလီ အလုပ်သမားရှားပါးတာမဆန်းတော့။

တရုတ်ပြည်နယ်စပ်တရုတ်ပြည်မထဲ အလုပ်သွားလုပ်သူတို့အဖို့ တစ်နေ့ (၈၀၀၀) နဲ့ (၁၀၀၀၀) အကြား အနည်းဆုံးရကြတော့ တစ်လဝင်ငွေက (၂) သိန်းကျော် (၂) သိန်း အသားတင်ကျန်တာတွေ့ရသည်။ မောင်အောင်သာဦးညီနှစ်ယောက်ဆိုလျှင် တစ်လတစ်လ နှစ်ယောက်ပေါင်း (၃) သိန်းနဲ့ (၄) သိန်းကြား လစဉ်လို အိမ်ငွေလွှဲပို့နိုင်ခဲ့သည်။

တရုတ်ပြည်မထဲ အလုပ်လုပ်နေသည့် ညီနှစ်ယောက်ရှိလို့ အောင်သာဦးလည်း ရွာမှာက ယာဝင်ချိန်ကလွဲလျှင် အလုပ်ကခပ်ပါးပါး၊ ယာဝင်ချိန်အလုပ်မပြတ်ပေမယ့် ယာမြေသိမ်းဆည်းပြီးချိန်ကြတော့ အလုပ်ကမနက်ထွက်ရပေမယ့် ညနေကြတော့ နားရတဲ့နေ့နားနေရသည်။ ထိုင်စားရတဲ့ရက်ကများသည်။ ရစားစား ဝါးဝါးမျှမျှ ငွေပိုငွေလျှံလည်း စုဆောင်းမိတယ်မရှိဖြစ်နေ၍ ဒီနှစ်မိုးကုန်ရာသီ သီတင်းကျွတ်လနောက်ပိုင်း တရုတ်ပြည်မထဲ လင်ရောမယားပါ အလုပ်လုပ်လိုက်သွားကြသည်။

အလုပ်ဝင်တော့ အောင်သာဦးက ပန်းရန်နောက်လိုက်။ မိန်းမဖြစ်သူကတော့ သူတို့လို ပန်းရန်အဖွဲ့တွင်မဟုတ်။ မုန့်ဆိုင်တွင် မုန့်ရောင်း။ မုန့်လုပ်တဲ့အခါလုပ်ရသည်။ လင်ရောမယားပါ အလုပ်ရကြသည်။ နှစ်ယောက်စလုံး စရိတ်ငြိမ်းဆိုတော့ ရလာသည့်ငွေထဲက အပိုဗာဟီရသုံးတာဖြုန်းတာမရှိလျှင် နှစ်ယောက် တစ်လ (၂) သိန်းခွဲတော့ အနည်းလေးစုဆောင်းမိသည်။

တရုတ်ပြည်မထဲ အလုပ်လုပ်ရင်း မိန်းမဖြစ်သူ မသန်းသန်းမှာ (၃) လကျော် လေးလထဲအရောက် လုပ်ငန်းခွင်ထဲတွင် ရုတ်တရက်နေထိုင်မကောင်းဖြစ်၍ အပြင်ဆေးခန်းသွားပြသည်။ ဆေးစစ်သွေးစစ်ကြည့်တော့ မသန်းသန်းတွင် ကိုယ်ဝန်နှစ်လကျော်သုံးလနီးပါးရှိနေတာ စစ်ဆေးတွေ့ရသည်။ အလုပ်ရှင်ကလည်း ကိုယ်လက်အင်္ဂါချို့ယွင်းတဲ့သူ၊ ကိုယ်ဝန်ဆောင်ထားရတဲ့သူတို့အား အလုပ်ခွင်ဝင်ရောက်လုပ်ကိုင်ခွင့်မပေး။ ခွင့်မပြုတာကလည်း ကိုယ်ဝန်ဆောင် အမျိုးသမီးများ ကိုယ်ဝန်ပျက်ကျလျှင် အလုပ်ရှင်၏ တာဝန်ဖြစ်၍ အလုပ်ခွင်မဝင်ရခြင်းဖြစ်သည်။

မောင်အောင်သာဦးကတော့ နဂိုကပင် သားရူးရူးနေသူဖြစ်လို့ မှိုရတဲ့မျက်နှာနှင့် ဖြုံးလို့ပျော်လို့ရှိနေသည်။ သားယောကျ်ားလေးမွေးရင် ဘယ်လိုနာမည်ပေးမည် စိတ်ကူးအတွေးနှင့် ပုံဖော်နေမိသည်။ အောင်သာဦးက မိန်းမအလုပ်မဆင်းရလို့ တစ်လဝင်ငွေ (၁) သိန်းလောက်နည်းသွားပေမယ့် ရွာမှာနေတုန်းကဆို (၁၀) နှစ်ကျော်ကာလ ဘယ်သားသမီးမှ သူတို့ဝမ်းထဲဝင်စားတာမကြုံရ။ အခုတော့ တရုတ်ပြည်မထဲ အလုပ်ဝင်လုပ်မှ သားသမီးရတော့မည်။ စုတ်ရောလာဘ်ပါဝင်တဲ့ကိန်းဟု ဆိုရမည်။ အလုပ်အကိုင်ကောင်းကောင်း၊ ဝင်ငွေကောင်းနေချိန် သားသမီးရတဲ့အချိန်နှင့်လည်း တိုက်ဆိုင်နေသည် မဟုတ်လား။

"သန်းသန်း' နင့်မှာကိုယ်ဝန်ရနေပြီဆိုတော့ နင်ရွာကိုပြန် အိမ်မှာပဲနေ။ ငါ ဒီကရသမျှငွေ အတတ်နိုင်ဆုံးခြိုးခြံချွေတာစုဆောင်းပြီး လစဉ်ငွေလွှဲပေးမယ်။ ရွာကလယ်ကူလီယာကူလီအလုပ်လည်းလိုက်လုပ်မနေနဲ့။ ကိုယ်ဝန်ကိုသာဂရုစိုက်။ လစဉ်သားဖွားဆရာမကိုလည်းပြ၊ လိုအပ်ရင် ဆေးရုံက ဒေါက်တာနဲ့ပြ၊



www.burmeseclassic.com

www.burmeseclassic.com

ဆေးထိုး၊ ဆေးစား လူကျန်းမာအောင် နေထိုင်"

ပြောဆိုကာ ရွာပြန်ပို့လိုက်သည်။

အောင်သာဦးတို့လင်မယား ရွာနေတုန်းက (၁၀) နှစ်ကျော်နေတုန်းက ဘယ်ကသားသမီးဝင်စားတာမတွေ့ရကြပေမယ့် တရုတ်ပြည်နယ်စပ်ဘက် လင်ရောမယားပါ အလုပ်သွားလုပ်ချိန်မှ မိန်းမကိုယ်ဝန်ဆောင်ရလာတာ အဆန်းလိုဖြစ်နေသည်။

သန်းသန်းတစ်ယောက် မြစ်ဆိပ်ရေခပ်ဆင်းလာလျှင် ရွာထဲကရွယ်တူမိန်းကလေးတွေက လှောင်ပြောင်ကြသည်။

"သန်းသန်း၊ ညည်းတို့လင်မယား ရွာမှာနေတုန်းက သားသမီးမရဘဲ တရုတ်ပြည်နယ်စပ်မှာအလုပ်သွားလုပ်မှ သားသမီးရတယ်ဆိုတော့ ဒါ ဗမာသရဲတော့မဖြစ်နိုင်ဘူး၊ တရုတ်သရဲဝင်စားတာဖြစ်ရမယ်"

ဟု ရွှေစုပြောလျှင် -

မငွေပုံကလည်း နောက်ဆက်တွဲထောက်ခံတဲ့သဘောနှင့် -

"ဒါသေချာတယ်။ တို့ဗမာပြည်က လူဦးရေနည်းတယ်။ ဗမာသရဲနည်းလို့ နင်တို့ဝမ်းထဲဝင်စားမယ့်သူမရှိဘူး"

တရုတ်ပြည်က လူဦးရေက သန်းပေါင်းထောင်ချီရှိနေတော့ သေတဲ့လူလည်းများတယ်။ တရုတ်သရဲဝင်စားတာ၊ တရုတ်သရဲဝင်စားတာ"

ဟု ဇလှောင်ကြပြောင်ကြသည်။

တရုတ်ပြည်ကလည်း အရင်ကဆိုလျှင် တစ်အိမ်ထောင် သားသမီးတစ်ယောက်ထက်ပိုပြီး မယူရ။ ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ နောက်ပိုင်းကာလ အမျိုးသမီးတစ်ဦး သားသမီးနှစ်ယောက်မွေးခွင့်ပြုလိုက်သည့်သတင်း ကြားရသည်။ ဒီသတင်းမကြားခင် မရှေးမနှောင်း သန်းသန်းကိုယ်ဝန်ဆောင်ရတာဖြစ်လို့ တရုတ်သရဲလည်း မြန်မာပြည်ထဲဝင်လို့ရတဲ့နည်းနဲ့ လူဝင်စားတာပဲဟု ရွာကလူတွေပြောစမှတ်တွင်နေခြင်းလည်း ဖြစ်သည်။

သန်းသန်းက သူ့ယောကျ်ား အောင်သာဦးဆီ ဖုန်းဆက်တဲ့အခါ-

"မောင်အောင်သာဦး၊ ရွာကလူတွေက ငါ့ကို ပြောင်ပြောင်နေကြတယ်။ တရုတ်သရဲတရုတ်သရဲဝင်စားတာတဲ့။ ဟိုလူကပြောဒီလူကပြောင်နဲ့"

ဟု ဆိုလျှင် -

"သန်းသန်းကလည်းကွာ တရုတ်သရဲဝင်စားတာဖြစ်ဖြစ်၊ ဗမာသရဲဝင်စားတာဖြစ်ဖြစ်၊ ကုလားသရဲဝင်စားတယ်ပြောပြော ကိုယ်ကမွေးရင် ကိုယ့်သားသမီးပဲပေါ့။ နင်သာ ကျန်းမာရေး ဂရုစိုက်၊ နေကောင်းအောင်နေ။ ဒါပဲ ဒါပဲ"

ဆိုကာ ဖုန်းချသွားသည်။

ရွာပြန်လာခဲ့သည်မှာ (၃) လကျော်ပြီဖြစ်သည်။ တစ်နေ့ မနက်စောတွင် မသန်းသန်းအကြောတက်ပါတော့သည်။ ရွာထဲကအတွေ့အကြုံရှိသူ နှိပ်တတ်နင်းတတ်အကြောနားလည်သူတို့ ဝိုင်းဝန်းကာ နှိပ်ပေးမှ သတိပြန်ဝင်လာသည်။

သားကြောတက်တာဟု သိရပါသည်။

ဆရာမခေါ်၊ ဆေးထိုး၊ ဆေးစားတာနဲ့ပင် သက်သာသွားသည်။ မကြာလိုက် နှစ်ရက်၊ သုံးရက်ခြားဆိုသလို မကြာမကြာတက်၍နေရာ တိုက်နယ်ဆေးရုံကနေ မြို့နယ်ဆေးရုံကတစ်ဆင့် မကွေးဆေးရုံတက်၍ ကုသမှုခံယူရသည်။

ယောကျ်ားဖြစ်သူအားလည်း ဖုန်းဆက်ကာ အရေးတကြီးပြန်ခေါ် လိုက်ရသည်။

ဆေးရုံတွင် သွေးစစ်၊ ဆီးစစ်၊ အာထရာဆောင်းရိုက်၍ကြည့်ကြသည်။ မသန်းသန်းကိုယ်ဝန်မှာ သားယောကျ်ားဆိုတာသိရသည်။ မောင်အောင်သာဦးကတော့ သားသမီးလိုချင်နေတာ အရှူးတစ်ပိုင်းလိုဖြစ်နေလို့ ဝမ်းသာလုံးဆို့မတက်။ ဒါပေမယ့် နောက်ဆက်တွဲကြားရသည့်အဖြေက ဘဝင်မအေးရာဖြစ်သည်။

ဆရာမတွေက-

"ရှင့်အမျိုးသမီးရဲ့ ဝမ်းထဲမှာ သားယောကျ်ားလေးဆိုပေမယ့် ခဲရာခဲဆစ်မွေးယူရမှာ။ သားသမီးအသက်နဲ့ မိခင်ရဲ့ အသက်လဲချင်လဲရမှာ။ သားသမီးအသက်ရှင်ရင် မိခင်အသက်ရှင်နိုင်ဖို့ အခွင့်လမ်းကနည်းတယ်။ မိခင်အသက်ရှင်ရင်လည်း သားသမီးအသက်ရှင်နိုင်ဖို့ ခဲယဉ်းတယ်"

ဆရာမပြောစကားကြားရသည်မှာ မောင်အောင်သာဦးအဖို့ ဝမ်းသာ၊ ဝမ်းနည်းက ဒွန်တွဲဖြစ်ပေါ် သလို ခံစားရသည်။

ဆေးရုံရောက်ပြီး (၁၅) ရက်အကြာ မသန်းသန်းတစ်ယောက် သားယောကျ်ားလေးဖွားမြင်ခဲ့သည်၊ မိခင်ကတော့ ကျန်းကျန်းမာမာရှိသော်လည်း ကလေးက အဖတ်မတင်ခဲ့ပေ။ ကလေးက လူကြီးအသက်နဲ့လုကာ မွေးရတာလည်းဖြစ်၊ လကလည်း (၇) လဖွားရတာဖြစ်လို့ အဖတ်မတင်ခဲ့ပေ။

မောင်အောင်သာဦးမှာတော့ သားဦးမို့ အရူးအမူးလိုချင်တာဖြစ်လို့ ငိုလိုက်ရသည်ဖြစ်ခြင်း ချုံးပွဲကိုချလို့။

သားသမီးရတနာဆိုတာ ကိုယ်နှင့်ထိုက်မှရတာဆိုတာ သူတို့လင်မယား ကောင်းကောင်းသဘောပေါက်သွားသည်။

ကျွန်တော်လည်း မောင်အောင်သာဦးတို့လင်မယားအဖြစ်အား ကိုယ်ချင်းစာမိသည်။ သူတို့လိုပင် ကျွန်တော်တို့မှာလည်း သားသမီးတစ်ယောက်တလေမှ မထွန်းကား။ ဘဝတူကြသူများဖြစ်သည်။

ရှေးလူကြီးသူမတို့က ပြောကြသည်။

သားသမီးပါဆိုနေမှ၊ သားသအေး မဟုတ်ဘူးတဲ့။

သားဆိုးသမီးဆိုးဆိုတာ မိဘတို့အား မွေးကင်းစအရွယ်ကပင်စပြီး အချို့က ဒုက္ခပေးတတ်တာဟု ပြောကြသည်။ ဒီကလေးမျိုးက မီးတွင်းထဲမှာပင် မိခင်အသက်ပေးမွေးရတာ၊ အသက်လုပြီး ခွဲစိတ် အသက်လုမွေးရတာ ကြုံရတတ်သည်။ ဒီလိုသားသမီးမျိုးဆိုတာ သားဆိုးသမီးဆိုးတို့၏လက္ခဏာပင်ဖြစ်သည်။

သားဆိုးသမီးဆိုးပဲဖြစ်ဖြစ်၊ တရုတ်သရဲဝင်စားတာ၊ ဗမာသရဲဝင်စားတာ၊ ကုလားသရဲဝင်စားလို့ရတာဖြစ်စေ မိဘမေတ္တာကတော့ သားသမီးအပေါ် ထားသည့်မေတ္တာက သီတာရေစင်လိုပင် အစဉ်အေးမြလျက်ရှိနေပါသည်။

သားတို့ရှုပ်ရည် သီတာမည်သားရေကြည်ချမ်းမြ တစ်ပေါက်ကျသော် မိဘတို့ဝမ်း ငြိမ်းစတမ်းပင်။

ကိုအောင်သာဦး၊ မသန်းသန်းတို့ လင်မယားမြင်ရတော့ ဆုံးရှုံးသွားခဲ့သည့် သူတို့သားဦးလေးအား ဘယ်လောက်နှမြောတသရှိနေမယ်ဆိုတာ ကိုယ်ချင်းစာနာမိပါသည်။

နောက်ဆက်တွဲ ကျွန်တော် သူတို့လင်မယားကြည့်ကာ ပြုံးမိသည်က မသန်းသန်း ရေခပ်ဆင်းလာလျှင် သူငယ်ချင်းတွေက 'တရုတ်သရဲ တရုတ်သရဲ' ဟု ခေါ်ကြပြောင်ကြသည့်အသံတို့ပင် ဖြစ်သည်။

နေအောင်လင်း(စလေ)

www.burmeseclassic.com

# ကြည့်လျှင် မြန်မာ့တံဆိပ်ခေါင်းဝါသနာ ဆုတ်ယုတ်ကျဆင်းနေပြီလော




အထက်ပါ ဆောင်းပါးခေါင်းစဉ် မေးခွန်းကိုဖြေဆိုရမည်ဆိုပါက မြန်မာနိုင်ငံ၏ တံဆိပ်ခေါင်းဝါသနာရပ်မှာ အဘက်ဘက်မှ ဆုတ်ယုတ်ကျဆင်းလျက်ရှိသည်ဟု ဖြေဆိုရပါမည်။ တံဆိပ်ခေါင်းဝါသနာနှင့်ဆက်နွယ်၍ **'ဆုတ်ယုတ်သည်'** ဆိုရာ၌ အရည်အသွေးနှင့် အဆင့်အတန်းနိမ့်ကျလာလျက်ရှိခြင်း၊ တိုးတက်ပြန့်ပွားမှုကိုမဖြစ်စေခြင်း၊ တံဆိပ်ခေါင်းဝါသနာဆိုင်ရာဗဟုသုတလေ့လာမှုများလျော့နည်းလာခြင်း၊ ယခင်ရှိရင်းစွဲ အခြေအနေထက် နိမ့်ပါးလာခြင်းမျိုးကို ဆိုလိုပြီး **'ကျဆင်းသည်'** ဟုဆိုရာတွင် စိတ်ဝင်စားသူအရေအတွက် နည်းပါးလာခြင်း၊ ရှိရင်းစွဲဝါသနာရှင်ဦးရေထက် လျော့နည်းလာခြင်း စသည်တို့ကို ဆိုလိုသည်။ အမှန်တကယ်ပင် မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်မှာ ဆုတ်ယုတ်ကျဆင်းနေပါပြီလောဟူသည်ကို သံသယစိတ်ဖြင့် စောဒကတက်မေးမြန်းလိုပါက နောက်စာပိုဒ်များ၌ဖော်ပြမည့်အချက်အလက်၊ အကြောင်းအရာတို့ကိုဖတ်ရှု၍ သုံးသပ်ကြည့်စေလိုပါသည်။

❑ **အကြောင်းရင်းများစွာ**

မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်မှာ အဘက်ဘက်မှ ဆုတ်ယုတ်ကျဆင်းနေသည်ဟုဆိုထားရာ တံဆိပ်ခေါင်းဝါသနာနှင့်ပတ်သက်သော ဌာနဆိုင်ရာ၊ အသင်းအဖွဲ့၊ ဝါသနာရှင်များ၊ ထုတ်ဝေသည့် တံဆိပ်ခေါင်းများ စသည်ဖြင့် အမျိုးမျိုး ဆက်စပ်လျက် ဆုတ်ယုတ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ စာတိုက်ဌာနမှာ တံဆိပ်ခေါင်းများထုတ်ဝေရာဌာနဖြစ်သဖြင့် အဓိကတာဝန်ရှိသူဟု ပြောဆိုကြမည်ဖြစ်သော်လည်း ဝါသနာရှင်အားလုံးမှာ မိမိနေရာမှ ကိုယ်စီသုံးသပ်၍ ဝါသနာရပ်ဆုတ်ယုတ်ကျဆင်းနေရသည့် အကြောင်းရင်းများကို စဉ်းစားတွေးခေါ်ပြီး ခံယူချက်တစ်ခုရရှိရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ သို့မှသာ အဖြစ်မှန်ကို အသေအချာနားလည်သဘောပေါက်ပြီး တစ်ဖက်တစ်လမ်းမှ ပြုပြင်နိုင်ရန် ကူညီပံ့ပိုးနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအခြေအနေ၌ တံဆိပ်ခေါင်းဝါသနာရပ်အပါအဝင် ထုတ်ဝေလျက်ရှိသော တံဆိပ်ခေါင်းများနှင့်ပတ်သက်၍ အဆင့်အတန်းနိမ့်ကျအားနည်းနေရသည့် အဖြစ်၏လက်သည်မှာ 'စာတိုက်ဌာန' ပင်ဖြစ်လေသည်။ တံဆိပ်ခေါင်းများကို စနစ်တကျမထုတ်ဝေနိုင်ခြင်း၊ စီမံကိန်းချ၍ မဆောင်ရွက်ခြင်း၊ တံဆိပ်ခေါင်းထုတ်လုပ်ရေးလုပ်ငန်းကို ပြုပြင်တိုးချဲ့ဖွံ့စည်းရန် မဆောင်ရွက်ခြင်း စသည့် အချက်များစွာမှာ မြန်မာ့တံဆိပ်ခေါင်းဝါသနာဆုတ်ယုတ်လာခြင်း၏ အဓိကအကြောင်းရင်းများ ဖြစ်လေသည်။

တံဆိပ်ခေါင်းဝါသနာကျွမ်းရခြင်းအတွက် ဝါသနာရှင်တို့က ပိုင်း၍လက်ညှိုးအထိုးခံရသည့် နောက်အဖွဲ့အစည်းတစ်ခုမှာ လက်ရှိတည်ထောင်ဖွဲ့စည်းထားသော မြန်မာတံဆိပ်ခေါင်းအသင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တံဆိပ်ခေါင်းအသင်းအနေဖြင့် မြန်မာ့တံဆိပ်ခေါင်းဝါသနာအဆင့်အတန်းနိမ့်နေရသည်ကို ကုစားပြုပြင်ရန်မှာ အသင်း၏အဓိကအလုပ်ကြီးတစ်ရပ်ဖြစ်လေသည်။ စင်စစ် မြန်မာနိုင်ငံရှိ တံဆိပ်ခေါင်းဝါသနာရှင်များ (အသင်းဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) အားလုံးမှာ တံဆိပ်ခေါင်းဝါသနာရပ်ကြီးပြန်လည်ဦးထောင်လာရန် အားကိုးအားထားပြုနေရသည်မှာ ဤလက်ရှိ မြန်မာတံဆိပ်ခေါင်းအသင်းသာ ဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာရှင်များတိုးပွားရေး၊ တံဆိပ်ခေါင်းဝါသနာရပ်ကို ပြည်သူများကြား၌ အသိပညာပေးလှုံ့ဆော်ခြင်း၊ စာတိုက်ဌာန၏ တံဆိပ်ခေါင်းထုတ်ဝေရေးလုပ်ငန်းတွင် ထိရောက်စွာအကြံပေးခြင်း စသည့်လုပ်ငန်းကြီးများလုပ်ဆောင်ရန် မြန်မာတံဆိပ်ခေါင်းအသင်းမှပျက်ကွက်ခဲ့ခြင်းကြောင့်လည်း ဤဝါသနာရပ်သည် ဤနိုင်ငံ၌ လူသိနည်းပြီး ပျောက်ကွယ်လုမတတ်အခြေအနေသို့ ဆိုက်ရောက်နေရခြင်း ဖြစ်သည်။

❑ **စာတိုက်ဌာန - အဓိက**

'စာတိုက်ဌာန'ဟုဆိုရာ၌ ခေတ်အဆက်ဆက်က မြန်မာ့စာတိုက်ဌာနကို ဆိုလိုသည်။ ယနေ့တွင် 'မြန်မာ့စာတိုက်လုပ်ငန်း' ဟု ခေါ်တွင်လျက်ရှိသည်။ တံဆိပ်ခေါင်းထုတ်ဝေခဲ့သည့် သမိုင်းကြောင်းကို ပြန်လှန်သုံးသပ်ကြည့်ပါက မည်သည့်ခေတ်တွင်မျှ တံဆိပ်ခေါင်းထုတ်ဝေခြင်းလုပ်ငန်းကို စီမံကိန်းချ၍ စနစ်တကျလုပ်ကိုင်ခဲ့သည့် အထောက်အထားမတွေ့ရှိရပေ။ အထူးသဖြင့် နောက်ပိုင်းနှစ်များ၌ အထိမ်းအမှတ်ရက်နီးကပ်မှ တံဆိပ်ခေါင်းထုတ်ဝေရန် ဖုတ်ပူမီးတိုက်ဖြင့်လုပ်ရင်း ပြီးမြောက်သွားကြရသည်ဟုသာ ထင်မြင်မိသည်။

သာဓကများအဖြစ်ပြသရမည်ဆိုပါက မန္တလေးမြို့ (ရတနာပုံနေပြည်တော်) မှာ ၁၉၅၉ ခုနှစ်တွင် နှစ်တစ်ရာပြည့်ပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပရန် ကြိုတင်စီစဉ်မှုများ ပြုလုပ်ခဲ့မည်ဖြစ်သော်လည်း 'စာတိုက်ဌာန၏ တံဆိပ်ခေါင်းထုတ်ဝေရေးအစီအစဉ်များကို ကြိုတင်မလုပ်နိုင်ခဲ့၍ ထိုရာပြည့်ပွဲတော်ကြီး၏အထိမ်းအမှတ် တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့ပြီးသော အခြားတံဆိပ်ခေါင်းများပေါ်၌ ထပ်ဆင့်ရိုက်ချက် (Overprint) ဖြစ်သော 'မြို့မန္တလာနှစ်တရာ' ဟူသော စာကြောင်းဖြင့် မသားမနား ပုံနှိပ်ထုတ်ဝေခဲ့ရသည်။

သို့သော် ထိုအခါက တံဆိပ်ခေါင်းတစ်မျိုးထုတ်ဝေရန် နိုင်ငံခြားငွေကို သုံးစွဲ၍ ပြည်ပ၌ပုံနှိပ်ရသောကြောင့် ခွဲတာသည့်သဘောဖြင့် ထပ်ဆင့်ရိုက်ချက်ကိုအသုံးပြုလိုက်ရသည်ဟု သုံးသပ်နိုင်သော်လည်း ယနေ့အခါတွင် မြန်မာပြည်တွင်း၌ ဝါဒီရှိ လုံခြုံရေးပုံနှိပ်လုပ်ငန်း

www.burmeseclassic.com

တွင်ပုံနှိပ်နိုင်သည့်အခြေအနေတွင်လည်း သင့်တင့်လျောက်ပတ်သော ဒီဇိုင်းများဖြင့် ပြည်တွင်း၊ ပြည်ပမှ ဝါသနာရှင်တို့ အကြိုက်ကို ဆွဲဆောင်နိုင်သော တံဆိပ်ခေါင်းများကို မထုတ်ဝေနိုင်ခဲ့ပေ။ နမူနာအားဖြင့် ပြသရမည်ဆိုပါက ၂၀၁၃ ခုနှစ်ကထုတ်ဝေသော (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော် (ဆီးဂိမ်း) ဂုဏ်ပြုတံဆိပ်ခေါင်းများဖြင့် ပြသရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၌ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကျင်းပမည်ကို မကျင်းပမီ (၄)နှစ်ကြိုတင်၍ ကြေညာခဲ့သည်။ ထို့ကြောင့် ထို (၄)နှစ်တာကာလအတွင်းတွင် မည်ကဲ့သို့သောဆန်းသစ်သည့်အားကစားလှုပ်ရှားမှုဒီဇိုင်းများဖြင့် ထုတ်ဝေမည်ကို ကြိုတင်စီမံကိန်းချ၍ အကောင်းဆုံးသော တံဆိပ်ခေါင်းများဖြစ်အောင် ဖန်တီးခဲ့ရမည် ဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများမှဆီးဂိမ်းတံဆိပ်ခေါင်းများကို ဘောလုံး၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့ စသည်ဖြင့် လှုပ၍ ရှုချင့်စဖွယ်ဒီဇိုင်းများဖြင့် တံဆိပ်ခေါင်းများထုတ်ဝေလေ့ရှိသည်။ သို့ရာတွင် (၂၇) ကြိမ်မြောက် မြန်မာ့ဆီးဂိမ်းတံဆိပ်ခေါင်းများမှာ လိုဂိုတံဆိပ်နှင့် လာဘ်ကောင်ပုံများဖြင့်သာ ရိုးစင်းလှသည့်ဒီဇိုင်းများဖြင့် ထုတ်ဝေခဲ့ရာ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့အတွက် အားမလိုအားမရဖြစ်ကုန်ကြရသည်။ အမှန်မှာ နိုင်ငံတကာမှထုတ်ဝေသော အားကစားတံဆိပ်ခေါင်းများကိုလေ့လာပြီး အချိန်ယူ၍ လှပကောင်းမွန်သောဒီဇိုင်းများကိုဖန်တီးကာ ထုတ်ဝေရမည်ဖြစ်သည်။

သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သော ဆီးဂိမ်းတံဆိပ်ခေါင်းများနှင့်ပတ်သက်၍ ဘဝင်မကျခဲ့သည့်အလျောက် စာတိုက်ဌာနအတွင်းသို့ စုံစမ်းကြည့်ရာ၌ ထိုဒီဇိုင်းများမှာ 'မြန်မာ့စာတိုက်လုပ်ငန်း'မှ ရေးဆွဲသော ဒီဇိုင်းများမဟုတ်ဘဲ အားကစားဝန်ကြီးဌာနမှ ချပေးသော ဒီဇိုင်းများဖြင့် တံဆိပ်ခေါင်းထုတ်ဝေရခြင်းဖြစ်ပါသည်ဟု ဆိုလာပြန်သည်။ အခြားသောအထိမ်းအမှတ်များအတွက် တံဆိပ်ခေါင်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှပေးပို့လာသော ဒီဇိုင်းများကိုအသုံးချ၍ တံဆိပ်ခေါင်းပုံနှိပ်ထုတ်ဝေရကြောင်း သိရှိရသည်။ နောက်ဆုံးထုတ်ဝေထားသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်(၇၀)ပြည့် တံဆိပ်ခေါင်းမှာလည်း ထိုဝန်ကြီးဌာန၏ ဒီဇိုင်းသာဖြစ်ပြီး မြန်မာ့စာတိုက်လုပ်ငန်းမှ ရေးဆွဲခြင်းမဟုတ်ကြောင်းသိရှိရသည်။

အဘယ်ကြောင့် တံဆိပ်ခေါင်းဗဟုသုတနှင့် အလှမ်းဝေးသော ဝန်ကြီးဌာနတစ်ခုက တံဆိပ်ခေါင်းအတွက် ဒီဇိုင်းထုတ်ရပါသနည်း။အဘယ်ကြောင့် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု အားနည်းရပါသနည်း။ ဤကဲ့သို့သောကိစ္စမျိုးကို အဆောတလျင် မလုပ်ကိုင်သင့်ဘဲ စီမံကိန်းချ၍ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရန် အကြံပြုလိုပါသည်။

နိုင်ငံအများစုမှာ တံဆိပ်ခေါင်းထုတ်ဝေရေးအတွက် မည်မျှစိစဉ်ပြင်ဆင်၍ စီမံကိန်းချဆောင်ရွက်ကြသနည်းဆိုရပါမူ နောက်ပြက္ခဒိန်နှစ် (ဥပမာ-၂၀၁၉) တွင် ထုတ်ဝေမည့်တံဆိပ်ခေါင်းများကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလလောက်ကပင် ၂၀၁၉ ခုနှစ်၏ မည်သည့်လ၊ မည်သည့်ရက်တွင် မည်သည့်တံဆိပ်ခေါင်းများထုတ်ဝေထွက်ရှိမည်ကို ဒီဇိုင်းပုံနှင့်တကွ ပြည်သူအများသို့ ထုတ်ပြန်ကြေညာလေ့ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် တံဆိပ်ခေါင်းထုတ်ဝေရေးကို ကြိုတင်စီမံကိန်းချ၍ အလေးထား ကြိုးပမ်းဆောင်ရွက်ချိန်တန်ပြီ ဖြစ်သည်။

စာတိုက်ဌာနမှ တံဆိပ်ခေါင်းဆိုင်ရာဖန်တီးသူ၊ ဒီဇိုင်းဖော်သူ၊ ထုတ်လုပ်သူတို့မှာ တံဆိပ်ခေါင်းဆိုင်ရာဗဟုသုတနှင့် ပတ်သက်လာလျှင် တံဆိပ်ခေါင်းဝါသနာရှင်များလောက် စေ့စေ့ငုငုလေ့လာနိုင်ကြသူများမဟုတ်သလို တံဆိပ်ခေါင်းလောက (ပြည်တွင်း၊ပြည်ပ)အတွင်းသို့လည်း ထဲထဲဝင်ဝင် ပတ်သက်ကြသူများမဟုတ်ကြပေ။ စင်စစ် ထိုသူတို့မှာ အစိုးရဝန်ထမ်းများသာဖြစ်ပြီး မိမိ၏တာဝန်ကျရာအလုပ်ကို ဆောင်ရွက်နေကြသူများသာ ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံအသီးသီးမှ တံဆိပ်ခေါင်းထုတ်ဝေရေးအတွက် တာဝန်ယူကြရသော စာတိုက်ဌာနတာဝန်ရှိပုဂ္ဂိုလ်များကို ထိုနိုင်ငံများရှိ တံဆိပ်ခေါင်းပညာရှင်များက တံဆိပ်ခေါင်းထုတ်ဝေရေးဆိုင်ရာဘက်တွင် ထုတ်ဝေသင့်သည့် ဒီဇိုင်း၊ အရောင်၊ တန်ဖိုး စသည်ဖြင့် အခါအားလျော်စွာ အကြံပေးကြရသည်။ အချို့နိုင်ငံများတွင် တံဆိပ်ခေါင်းဆိုင်ရာ အကြံပေးအဖွဲ့ဟူ၍ ဖွဲ့စည်းကာ အကြံကောင်းဉာဏ်ကောင်းများဖြင့် လမ်းညွှန်ကြလေ့ရှိသည်။

လက်ရှိမြန်မာ့စာတိုက်ဌာနအတွက် လိုအပ်နေသည်မှာ ထိုကဲ့သို့ ကျွမ်းကျင်မှုဆိုင်ရာအကြံပေးအဖွဲ့မျိုး ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က မြန်မာနိုင်ငံ၌ တံဆိပ်ခေါင်းအကြံပေးအဖွဲ့ဟူ၍ နိုင်ငံတော်အဆင့်အဖွဲ့တစ်ဖွဲ့တည်ရှိခဲ့သည်။ ထိုအဖွဲ့ကြီးမှတစ်ဆင့် ပြည်ပနိုင်ငံတစ်နိုင်ငံမှ တံဆိပ်ခေါင်းဆိုင်ရာအကြံပေးပုဂ္ဂိုလ်ကြီးတစ်ဦးကို ငှားရမ်းတာဝန်ပေးခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်ကြီး၏အကြံပေးချက်များမှာ မြန်မာ့တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက် ဝင်ရောက်နိုင်ရန်အတွက် အကြံဉာဏ်ကောင်းများဖြစ်သည်။ သို့ရာတွင် မြန်မာစာတိုက်ဌာနမှာ ထိုပုဂ္ဂိုလ်ကြီး၏ အကြံပြုချက်များအတိုင်း မလိုက်နာခဲ့သလို တံဆိပ်ခေါင်းအကြံပေးအဖွဲ့ကြီးမှာလည်း မရှင်သန်ဘဲ ပျက်ပြယ်ခဲ့ရသည်။ အကယ်၍ ထိုအကြံပေးပုဂ္ဂိုလ်ကြီး၏ အကြံပြုချက်မျ[illegible]အတိုင်း လိုက်နာပြီး ထုတ်ဝေနိုင်ခဲ့ပါက ယနေ့တွင် မြန်မာတံဆိပ်ခေါင်းများမှာ အာရှတိုက်တွင်သာမက ကမ္ဘာပေါ်၌လည်း ထင်ပေါ်ပြီး ဈေးကောင်းများရလျက် နိုင်ငံ၏ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနေနိုင်ပြီ ဖြစ်လေသည်။

မြန်မာ့တံဆိပ်ခေါင်းလောက၌ မြန်မာ့စာတိုက်ဌာနနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုနေကြသော စကားသံအချို့ကို ကောက်နုတ် တင်ပြရသော် (၁) 'တံဆိပ်ခေါင်းထုတ်ဝေတဲ့အလုပ်ကို တကယ်မှစိတ်ဝင်စားရဲ့လား'၊ (၂)'တံဆိပ်ခေါင်းမထုတ်ဝေရင်မဖြစ်လို့ အဖြစ်သဘောလုပ်နေလားမသိဘူး'၊ (၃) ဩော် - စာပို့တံဆိပ်ခေါင်းထုတ်ဝေပြီး နိုင်ငံခြားငွေလည်း မရှာတတ်ပါလား'၊ (၄) 'လွတ်လပ်ရေးနေ့မှာမှပဲ တံဆိပ်ခေါင်းထုတ်ဝေရတယ်လို့ ထင်နေပုံရတယ်' တို့ ဖြစ်သည်။

### ▫ တာဝန်သိကြရမည့် တံဆိပ်ခေါင်းဝါသနာရှင်များ

ကမ္ဘာ့နိုင်ငံကြီးများမှ တံဆိပ်ခေါင်းဝါသနာရှင်များမှာ မိမိတို့စုဆောင်းရရှိသည့်တံဆိပ်ခေါင်းများကို အယ်လ်ဘမ်စာမျက်နှာများ (Album Pages) တွင် အစီအရီကပ်ပြီးနောက် ထိုတံဆိပ်ခေါင်းများဆိုင်ရာအချက်အလက်များကို ပူးတွဲလျက် စီကာပတ်ကုံးရေးသားထားသော မိမိတို့၏ အယ်လ်ဘမ်စာအုပ်များကို တံဆိပ်ခေါင်းအသင်းအစည်းအဝေး၊ တွေ့ဆုံပွဲ၊ ညီလာခံ စသည့်အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com

များ၌ ဝါသနာရှင်အချင်းချင်း လဲလှယ်ပြသလေ့ရှိသည်။ ဤသို့ အခြားတစ်ဦးကို ပြသခြင်းအားဖြင့် တံဆိပ်ခေါင်းများကို စုစည်းထားမှု၊ လှပမှု၊ အရေးပါမှု စသည်တို့ကို တစ်ဦးနှင့်တစ်ဦး မျှဝေခံစားကြခြင်းဖြင့် ကျေနပ်နှစ်သိမ့်အားရမှုများရရှိကာ ခင်မင်ရင်းနှီးလာကြရသည်။ သို့ရာတွင် ထိုကဲ့သို့သော 'မျှဝေခံစားမှု' နှင့် ဆန့်ကျင်လျက် မြန်မာနိုင်ငံရှိ တံဆိပ်ခေါင်းဝါသနာရှင်အများစုတို့မှာ မိမိစုဆောင်းထားသော တံဆိပ်ခေါင်းအယ်လ်ဘမ်များကို အခြားဝါသနာရှင်များကို ပြသလေ့မရှိကြရုံသာမက ဖုံးကွယ်ထိန်းသိမ်းထားလေ့ရှိသည်။ ဤကဲ့သို့ ပွင့်လင်းမှုမရှိခြင်း၊ ထိမ်ချန်ခြင်း၊ ဖုံးဖိခြင်းမျိုးကို 'ချီသည်'၊ 'လျှိုသည်' ဟု ခေါ်ကြလေ့ရှိသည်။ ဤသည်မှာ နိုင်ငံရပ်ခြားမှတံဆိပ်ခေါင်းဝါသနာရှင်များနှင့် မြန်မာဝါသနာရှင်တို့၏ မတူညီသည့် အဓိကအချက်ဖြစ်လေသည်။ မြန်မာဝါသနာရှင်အနည်းအငယ်ကသာ မိမိတို့၏ စုဆောင်းထားရှိမှုနှင့် လက်ဝယ်ရရှိခဲ့သောပစ္စည်းများကို ပွင့်လင်းစွာဖြင့် အခြားဝါသနာရှင်တစ်ဦးကို ထုတ်ဖော်ပြသလေ့ရှိသည်။ ဤသို့ 'ချီကြ၊ လျှိုကြ' သည့် အကျင့်မှာ သာမန်အားဖြင့်ကြည့်ပါက အရေးမကြီးသည့်ကိစ္စဟု ထင်မှတ်ရသော်လည်း မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်ကြီး၏ တိုးတက်ရေး၊ ပြန့်ပွားရေး စသည်တို့နှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ ဤသို့ 'ချီကြ၊လျှိုကြ' သည့်အကျင့်ပျံ့နှံ့လာခြင်းကြောင့် ဝါသနာရှင်တစ်ဦး၏ တံဆိပ်ခေါင်းစုဆောင်းနည်း စုစည်းတင်ပြသည့်ပုံစံနှင့် နည်းစနစ်တို့ကို အခြားတစ်ဦးက မမြင်ရ သိခွင့်မရသဖြင့် တံဆိပ်ခေါင်းစုဆောင်းနည်းစနစ်များကို တက်သစ်စဝါသနာရှင်များထံသို့မရောက်ရှိနိုင်တော့ချေ။ စုဆောင်နည်းဗဟုသုတများမှာလည်း ချို့တဲ့အားနည်းလာတော့သည်။ ဝါသနာရပ်အပေါ် စိတ်ဝင်စားမှုမှာလည်း နည်းပါးလာသည်။ တံဆိပ်ခေါင်းဝါသနာနှင့် ပတ်သက်၍ ဤအကျင့်ဆိုးမှတစ်ဆင့် ရရှိလာသောအကျိုးဆက်မှာ 'ကိုယ်ကျိုး' ကိုသာ ကြည့်တတ်လာခြင်းဖြစ်တော့သည်။

မြန်မာနိုင်ငံရှိ တံဆိပ်ခေါင်းဝါသနာရှင်တို့၏ တံဆိပ်ခေါင်းပညာဆိုင်ရာဗဟုသုတများအရှိန်အဟုန်ဖြင့် စတင်တိုးပွားလာသည်မှာ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှဖြစ်သည်။ ဤကဲ့သို့ ပြောနိုင်သည်မှာ ကနေဒါနိုင်ငံမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသောမြန်မာတံဆိပ်ခေါင်းများဆိုင်ရာ The Burma Peacock ဂျာနယ်စတင်ထုတ်ဝေလာပြီးနောက်မှ မြန်မာဝါသနာရှင်တို့ ပိုမိုအမြင်ကျယ်လာကြခြင်းကြောင့်ဖြစ်သည်။ထိုဂျာနယ်ကို လက်လှမ်းမီသောဝါသနာရှင်လူနည်းစုကသည်သာ ဗဟုသုတများ ပိုမိုသိရှိလာကြပြီး မည်သည့်မြန်မာတံဆိပ်ခေါင်း သို့မဟုတ် မြန်မာတံဆိပ်ခေါင်းပစ္စည်းက ကမ္ဘာ့ဈေးကွက်တွင် ပိုမိုတန်ဖိုးရှိ ဈေးကောင်းရသည်ကိုလည်း သိရှိလာကြသည်။ ထို့ကြောင့် ထိုသူတို့က ထိုကဲ့သို့သောပစ္စည်းများကို ရန်ကုန်တံဆိပ်ခေါင်းဈေးကွက်မှ ထိုကဲ့သို့ဗဟုသုတများရှိမထားသူ တံဆိပ်ခေါင်းရောင်းဝယ်ရေးသမားများထံမှဈေးသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ကြလေသည်။ ဤကဲ့သို့ တန်ဖိုးရှိပစ္စည်းများကို ဈေးပေါပေါဖြင့် ဝယ်ယူနေရသည့် 'အရသာ'တိုလည်းနှစ်ခြိုက်လာကြပြီးနောက် တံဆိပ်ခေါင်းဆိုင်ရာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိကုန်ကြမည်ကိုလည်း စိုးရိမ်စိတ်များဝင်လာတော့သည်။ အမှန်မှာ မိမိကိုယ်ကျိုးအတွက် ဗဟုသုတပြန့်ပွားမည်ကို စိုးရွံ့လာရခြင်း ဖြစ်သည်။သို့ဖြင့် ကိုယ်ကျိုးအတွက်ငဲ့ပြီးနောက် တံဆိပ်ခေါင်းပညာဗဟုသုတကို မသိမသာဖြင့် ကန့်သတ်ထိန်းချုပ်လာတော့၏။ထို့ကြောင့်ပင် တံဆိပ်ခေါင်းပညာဗဟုသုတမှာ မြန်မာဝါသနာရှင်များအကြားတွင် ပြန့်ပွားသင့်သလောက် ပြန့်ပွားခြင်းမရှိတော့ချေ။ တံဆိပ်ခေါင်းဝါသနာ တိုးတက်ဖွံ့ဖြိုးရေးကိုထိခိုက်လာတော့သည်။တံဆိပ်ခေါင်းဆိုင်ရာဗဟုသုတများ ကျယ်ပြန့်လာခြင်းမရှိသဖြင့် ပြည်တွင်း၊ ပြည်ပတံဆိပ်ခေါင်းများမှာ နိုင်ငံအတွင်းလည်ပတ်မှုတုံ့ဆိုင်းလာတော့သည်။ နောက်ဆက်တွဲဖြစ်ရပ်မှာ တံဆိပ်ခေါင်းများလွယ်ကူစွာမရနိုင်တော့ဘဲ ရှားပါးလာခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ မြန်မာတံဆိပ်ခေါင်း ဝါသနာရှင်တစ်ယောက်အဖို့ **'တံဆိပ်ခေါင်းလက်ဝယ်ရရှိရေး'** ဟူသည်ကိုသာ အာရုံစိုက်နေရတော့ရာ တံဆိပ်ခေါင်း ဝါသနာဆိုင်ရာ ဗဟုသုတရှာမှီးရေးကိစ္စမှာ စိတ်ကူးထဲတွင်ပင် မထည့်နိုင်တော့ပေ။ ဤသို့ဖြင့် မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့၏ ဝါသနာရပ်ဆိုင်ရာ ဗဟုသုတမှာ အဆင့်အတန်းနိမ့်သည်ထက်နိမ့်လာတော့သည်။ ဤသည်မှာ လက်ရှိမြန်မာ့တံဆိပ်ခေါင်းဝါသနာ၏ဆုတ်ယုတ်မှုတွင် ပတ်သက်လျက်ရှိသော ဝါသနာရှင်တို့၏ အခန်းကဏ္ဍကို ဆန်းစစ်သုံးသပ်ထားခြင်း ဖြစ်သည်။

မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များနှင့်ပတ်သက်၍ တံဆိပ်ခေါင်းလောက၌ ပြောဆိုနေကြသော စကားသံအချို့ကို အောက်ပါအတိုင်း ကောက်နုတ်တင်ပြထားသည်။ (၁) 'အားလုံးက ကိုယ့်အတွက် တံဆိပ်ခေါင်းရရှိရေးပဲ အာရုံစိုက်နေကြတာကိုး'၊ (၂) 'တံဆိပ်ခေါင်းသာ လိုချင်တာ တံဆိပ်ခေါင်းနဲ့ဆိုင်တဲ့ ဗဟုသုတကျတော့မဖတ်ချင်ကြဘူး'၊ (၃) 'ကိုယ်စုထားတဲ့တံဆိပ်ခေါင်းတွေကို သူများကိုပြဖို့ ဘာလို့ဝန်လေးနေကြရတာလဲ'၊ (၄) 'တံဆိပ်ခေါင်းပညာလေ့လာတဲ့သူတွေ တယ်ပြီးရှားပါးတာကိုး'။

## ❏ အားကိုးစရာ မြန်မာ့တံဆိပ်ခေါင်းအသင်း

ရန်ကုန်မြို့၌ အခြေစိုက်သည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တံဆိပ်ခေါင်းအသင်းကို တံဆိပ်ခေါင်းဝါသနာရှင်အချို့နှင့် တံဆိပ်ခေါင်းစိတ်ဝင်စားသူတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာရှင်များကြားတွင် ထိုအသင်း၏ မြန်မာအမည်ကိုပေါ်လွင်အောင် ခေါ်ဝေါ်သုံးစွဲလေ့မရှိကြဘဲ အသင်း၏ အင်္ဂလိပ်အတိုကောက်အမည် MPS ဟူ၍သာ အသုံးများသည်။ တံဆိပ်ခေါင်းလောကထဲမှ လွဲ၍ ပြင်ပလောက၌ ဤအသင်းအမည်နှင့် ဤအသင်းအကြောင်းကို သိရှိသူနည်းပါးလှသည်။ မည်သို့ဖြစ်စေ မြန်မာ့တံဆိပ်ခေါင်းလောကကြီး ဖွံ့ဖြိုးတိုးတက်အောင် တာဝန်ယူဆောင်ရွက်နိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်၍ မြန်မာနိုင်ငံရှိ တံဆိပ်ခေါင်းဝါသနာရှင်များအားလုံးက အားထားရမည့် အဖွဲ့အစည်းဖြစ်ပေသည်။ သို့ရာတွင် ယခု ဤဆောင်းပါးရေးပြီးချိန်အထိ ထိုအသင်းမှာ တရားဝင်အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်သတ်မှတ်ခံရခြင်းမရှိသေး၍ ယာယီတံဆိပ်ခေါင်းအသင်းဟူသာ မှတ်ယူရပါမည်။

မြန်မာနိုင်ငံအတွင်းမှ တံဆိပ်ခေါင်းဝါသနာရှင်များမှာ ထိုအသင်း၏ အသင်းဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ MPS (ခေါ်) မြန်မာတံဆိပ်ခေါင်းအသင်းကို အားကိုးအားထားပြုရမည်ဟုဆိုခဲ့သည်မှာ အကြောင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးတစ်ယောက်တည်းမှ မစွမ်းဆောင်နိုင်

www.burmeseclassic.com

သော တံဆိပ်ခေါင်းဝါသနာရပ်တိုးတက်ရေးကိစ္စများကို အဖွဲ့အစည်းတစ်ခုအနေဖြင့် အမှုဆောင်တာဝန်ရှိပုဂ္ဂိုလ်များက ဆောင်ရွက်မည်ဆိုပါက အောင်မြင်ပြီးမြောက်နိုင်သောကြောင့် ဖြစ်သည်။ ဆန်းသစ်လှပသောမြန်မာတံဆိပ်ခေါင်းများစွာထွက်ပေါ်လာရေး၊ တံဆိပ်ခေါင်းဝါသနာအကြောင်းကိုပြည်သူလူထုကြား၌ ပြန့်ပွားစေရေး၊ တံဆိပ်ခေါင်းဝါသနာရှင်များတိုးတက် များပြားလာစေရေး . . . စသည့် 'အရေး' များကို မြန်မာတံဆိပ်ခေါင်းအသင်းမှ ဦးဆောင်၍ တံဆိပ်ခေါင်းဝါသနာ တိုးတက်ဖွံ့ဖြိုးရန်အတွက် ထိုအသင်း၏အမှုဆောင်ပုဂ္ဂိုလ်တို့မှ လုပ်ဆောင်နိုင်သောကြောင့် ဖြစ်သည်။

MPS (ခေါ်) မြန်မာတံဆိပ်ခေါင်းအသင်းအနေဖြင့် (က) စာတိုက်ဌာန၏ တံဆိပ်ခေါင်းထုတ်ဝေမှုနှင့် တံဆိပ်ခေါင်းဆိုင်ရာ ပြုပြင်သင့်သည့်အချက်များစွာအတွက် ထိရောက်သောအကြံဉာဏ်ကောင်းများကို စာတမ်းများပြုစုပြီး အထက်အဆင့်မြင့်ဌာနများ အပါအဝင် ပေးပို့၍တင်ပြနိုင်ခြင်း။ (ခ) ပြည်သူများကြားတွင် တံဆိပ်ခေါင်းဝါသနာပြန့်ပွားလာစေရန်အတွက် စာအုပ်စာတမ်း၊ ဆောင်းပါးများရေးသားလျက် ထုတ်ဝေဖြန့်ချိခြင်း၊ ရုပ်မြင်သံကြားမှတစ်ဆင့် တံဆိပ်ခေါင်းစုဆောင်းနည်းအဆင့်ဆင့်ကို ထုတ်လွှင့်ပြသခြင်း၊ ဗွီဒီယိုအခွေများဖြန့်ဖြူးခြင်း၊ သတင်းမီဒီယာများနှင့် ပူးပေါင်း၍ အမေးအဖြေ (အင်တာဗျူး) များ၊ ပညာပေးအစီအစဉ်များ တင်ဆက်ခြင်း၊ အင်တာနက်ဝက်ဘ်ဆိုက်တင်ထားပြီး အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များဖြန့်ဝေခြင်း၊စာသင်ကျောင်းများနှင့်အသင်းအဖွဲ့များတွင် ဟောပြောပို့ချခြင်း စသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်း၊ (ဂ) တံဆိပ်ခေါင်းဝါသနာရှင်များတိုးပွားများပြားလာရန် စည်းရုံးခြင်း၊ ဝါသနာရှင်များ၏လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် တတ်အားသရွေ့ ကြိုးစားခြင်း၊ ဝါသနာရှင်များနှင့် ထိတွေ့၍ မေးမြန်းလာသော မေးခွန်းများကို ဖြေကြားခြင်း စသည်ဖြင့် ဝါသနာရှင်များအရေးကိုဂရုစိုက်နိုင်ခြင်း၊ (ဃ) နိုင်ငံရပ်ခြားမှ အသင်းများနှင့် ဆက်သွယ်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော အာရှတံဆိပ်ခေါင်းအဖွဲ့အချုပ်၊ ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်များသို့ ဝင်ခွင့်ရရှိရန်ဆောင်ရွက်ခြင်းနှင့် (င) အသင်းရန်ပုံငွေတိုးပွားရန် အမျိုးမျိုးကြံဆောင်ကြိုးစားခြင်း၊ ရုပ်ရှင်နှင့် ဂီတလောကမှ ပုဂ္ဂိုလ်ကျော်များ (Celebrities) များကို တံဆိပ်ခေါင်းဝါသနာရပ်အတွက် စိတ်ဝင်စားရန် ဆွဲဆောင်ခြင်း၊ အကူညီတောင်းခံခြင်းနှင့် အထူးသဖြင့် တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဖြစ်သော လက်ရှိနိုင်ငံတော်သမ္မတကြီးထံ ဆက်သွယ်၍ မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်အခြေအနေကို ရှင်းလင်းတင်ပြခြင်း စသည့်လုပ်ရပ်များ၊ စီမံချက်များကို လုပ်ကိုင်ဆောင်ရွက်နိုင်ပေသည်။

သို့ရာတွင် ယနေ့မြင်တွေ့နေရသည်မှာ ဖော်ပြပါလုပ်ဆောင်ရန်ကိစ္စရပ်များအတွက် လှုပ်ရှားမှုများ၊ ကြိုးပမ်းမှုများကို MPS အသင်းအနေဖြင့် ထိရောက်စွာ အားကြိုးမာန်တက်ဆောင်ရွက်ခြင်းမရှိသည်ကို မြင်တွေ့နေရခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာတံဆိပ်ခေါင်းဝါသနာကျဆင်းရေးကို အားပေးသမှုပြုသကဲ့သို့ ဖြစ်နေပေတော့သည်။ စင်စစ် ဖော်ပြပါလုပ်ဆောင်ရန် ကိစ္စရပ်များကို တကယ်တမ်း ကြိုးစားလုပ်ဆောင်ပါက အောင်မြင်မည်သာ ဖြစ်သည်။

လက်ရှိ တည်ထောင်ထားသော တံဆိပ်ခေါင်းအသင်းနှင့်-ပတ်သက်၍ ဝါသနာရှင်အချို့၏ ဝေဖန်ပြောဆိုသော စကားသံများကို စုစည်းတင်ပြထားသည်ကိုဖတ်ကြည့်စေလိုပါသည်။ (၁) 'ဪ-အသင်းအတွက်ရန်ပုံငွေကို ထိရောက်အောင်မရှာတတ်ကြပါလား'၊ (၂) 'အသင်းသားတွေရဲ့အရေးကို အဓိကဦးစားပေးဖို့ မေ့နေကြတာလား'၊ (၃) 'ဘာကြောင့် အသင်းသားအားလုံးရဲ့ဆန္ဒနှင့် ရွေးချယ်တင်မြှောက်တဲ့အမှုဆောင်တွေမဟုတ်ရတာလဲ'၊ (၄) 'အသင်းက ကြီးသထက်ကြီးမလာဘဲသေးလာတယ်လို့ခံစားမိတယ်'။

**□ ထုတ်လုပ်လျက်ရှိသော မြန်မာတံဆိပ်ခေါင်းများအခြေအနေ**

လက်ရှိ ထုတ်ဝေလျက်ရှိသော မြန်မာတံဆိပ်ခေါင်းများမှာ အရည်အသွေးညံ့ဖျင်းသောတံဆိပ်ခေါင်းများဖြစ်သည်ကို တံဆိပ်ခေါင်းပညာရပ်လေ့လာထားသော တံဆိပ်ခေါင်းဝါသနာရှင်အားလုံးက သိရှိကြပြီး ဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များအပါအဝင် ကမ္ဘာ့တံဆိပ်ခေါင်းဝါသနာရှင်များက ကြိုက်နှစ်သက်ခြင်းမရှိကြချေ။ ထိုကဲ့သို့သော အရည်အသွေးရှိသည့် တံဆိပ်ခေါင်းများကို ကမ္ဘာ့တံဆိပ်ခေါင်းဈေးကွက်၌ ဝယ်ယူစုဆောင်းလိုကြမည်မဟုတ်ပေ။ သို့ရာတွင် မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များကမူ မိမိနိုင်ငံမှ ထုတ်ဝေသော တံဆိပ်ခေါင်းများဖြစ်သဖြင့် မနှစ်သက်သော်လည်း ကြိတ်မှိတ်ကာဝယ်ယူစုဆောင်းနေရခြင်း ဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းများမှာ လှပ၍ ရှုချင့်စဖွယ် မရှိသဖြင့် ဝါသနာရှင်တို့ကို မဆွဲဆောင်နိုင်ကြပေ။ ရိုးစင်းသော ဒီဇိုင်းများကို ဖြစ်သည့် လိုဂိုတံဆိပ်ပုံဒီဇိုင်း၊ ရိုက်ကူးထားသောဓာတ်ပုံမှဖော်ထုတ်ထားသော ဒီဇိုင်း စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာ တံဆိပ်ခေါင်းဒီဇိုင်းများဖြင့် တံဆိပ်ခေါင်းထုတ်ဝေထားခြင်းမဟုတ်သောကြောင့် ဖြစ်သည်။ တံဆိပ်ခေါင်းဒီဇိုင်းများညံ့ဖျင်းပါသဖြင့် တံဆိပ်ခေါင်းပညာအရ တံဆိပ်ခေါင်းပုံနှိပ်သော စက္ကူ၊ ကော်၊ အပ်ပေါက်ရာ၊ အရောင်ပြတ်သားမှု စသည်တို့ကို ကြည့်ရှုပါကလည်း အလွန်ဆိုးရွားသောအခြေအနေသို့ဆိုက်ရောက်နေသည်ကို မြင်တွေ့ရမည် ဖြစ်သည်။ ထို့အတူ တံဆိပ်ခေါင်း ထုတ်လုပ်သည့် အရေအတွက်နှင့် အကြိမ်တို့ကို ဆန်းစစ်ကြည့်ပါက ပြက္ခဒိန်တစ်နှစ်လျှင် (၂-၃) ကြိမ်ခန့်သာ ထုတ်ဝေနိုင်သည်ကို တွေ့ရသည်။ထို(၂-၃)ကြိမ်တွင် တံဆိပ်ခေါင်း (၁)မျိုး၊ (၂)မျိုးခန့်သာ ထုတ်ဝေလေ့ရှိရာ အခြားနိုင်ငံများက တစ်နှစ်လျှင် တံဆိပ်ခေါင်းအမျိုး (၃၀)၊ (၄၀) ဝန်းကျင်ထုတ်ဝေနေသည်နှင့် နှိုင်းယှဉ်ရသော် အလွန်နည်းပါးလှသည်ကို တွေ့ရပြန်သည်။ တစ်နှစ်အတွင်းထုတ်ဝေသော တံဆိပ်ခေါင်း အမျိုးနှင့် အရေအတွက်နည်းပါးလွန်းသောကြောင့် စုဆောင်းရန် တံဆိပ်ခေါင်းလည်း နည်းပါးလှသလို ပြည်ပမှ တံဆိပ်ခေါင်းဝါသနာရှင်တို့က တံဆိပ်ခေါင်းလဲလှယ်ရာ၌ မညီမမျှဖြစ်ခြင်းကြောင့် မြန်မာဝါသနာရှင်တို့နှင့် မလဲလှယ်လိုကြပေ။ ဤအချက်မှာ မြန်မာ့တံဆိပ်ခေါင်းဝါသနာဆုတ်ယုတ်ကျဆင်းရန် တိုက်ရိုက်ထိခိုက်နစ်နာသောအချက်ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ မြန်မာ့စာတိုက်မှ စီမံကိန်းချ၍ တံဆိပ်ခေါင်းထုတ်ဝေမှုကို စနစ်တကျဖြစ်အောင် လုပ်ဆောင်နိုင်ပါက မြန်မာတံဆိပ်ခေါင်းများကို လူကြိုက်များလာမည်ဖြစ်သည်။

မည်သို့ပြုပြင်ပြောင်းလဲရပါမည်နည်း။ အထူးအထွေစဉ်းစားရှာဖွေနေရန်မလိုပေ။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့သို့ ဩစတြေးလျမှ တံဆိပ်ခေါင်းပညာရှင်ကြီး၏စေတနာဖြင့် အကြံပြုခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်ရန်သာဖြစ်သည်။ သူ၏ အကြံပြုချက်များမှာ ယနေ့တိုင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရန် ခေတ်မမီနေသေးသောကြောင့် ဖြစ်သည်။ သူ၏အကြံပြုချက်များမှာ ပြက္ခဒိန်တစ်နှစ်လျှင် တံဆိပ်ခေါင်း (၆-၇) ကြိမ်ခန့်ထုတ်ဝေရန်၊ ထုတ်ဝေသည့်အကြိမ်တိုင်း၌ တံဆိပ်ခေါင်း (ဒီဇိုင်းကွဲ၊ တန်ဖိုးကွဲ) တစ်စုံလျှင် တံဆိပ်ခေါင်း (၄-၅) မျိုးပါရှိရန်၊ ပြက္ခဒိန်တစ်နှစ်လျှင် လှပပြီး ရှုချင့်စဖွယ်ကောင်းသည့် တံဆိပ်ခေါင်းအချပ်သေး (Miniature Sheet) (၃-၄) ကြိမ်ထုတ်ဝေရန်၊ တံဆိပ်ခေါင်းဒီဇိုင်းများကို အထိမ်းအမှတ်ပွဲများအတွက်သာမက မြန်မာ့ရေ မြေ၊ တော၊ တောင်၊ ယဉ်ကျေးမှုအနုပညာတို့ဖြင့် တန်ဆာဆင်၍ ဒီဇိုင်းဖော်ရန်နှင့် ပထမနေ့စာအိတ် (First Day Cover) များကို စာအိတ်ကောင်းကောင်းဖြင့် သားနားစွာ ထုတ်ဝေရန်တို့ဖြစ်သည်။ ယခုဖော်ပြပါကိစ္စရပ်များမှာ အလွန်ခက်ခဲသောကိစ္စများမဟုတ်ဘဲ မြန်မာ့စာတိုက်ဌာနအနေဖြင့် လုပ်ကိုင်နိုင်သောအခြေအနေရရှိအောင် စွမ်းဆောင်နိုင်မည် ဖြစ်သည်။ ဤသို့လုပ်ဆောင်ပါမှသာ မြန်မာတံဆိပ်ခေါင်း၊ မြန်မာတံဆိပ်ခေါင်းဝါသနာနှင့် မြန်မာ့တံဆိပ်ခေါင်းလောကကြီးဦးထောင်လာနိုင်မည်ဖြစ်လေသည်။

မြန်မာ့တံဆိပ်ခေါင်းများနှင့်ပတ်သက်၍ မြန်မာ့တံဆိပ်ခေါင်းလောက၌ ပြောဆိုနေကြသောအသံအချို့မှာ (၁) 'တံဆိပ်ခေါင်းတွေကို ဝါသနာရှင်တွေ အကြိုက်ထုတ်မပေးနိုင်ဘူး'၊ (၂) 'ထုတ်တဲ့တံဆိပ်ခေါင်းအလုံး(အမျိုး)ရေကလည်း နည်းလွန်းပါတယ်ဗျာ'၊ (၃) 'ဒီဇိုင်းချင်းတူပေမယ့် အာဆီယံနိုင်ငံတွေထဲမှာ မြန်မာတံဆိပ်ခေါင်းကအညံ့ဆုံးပဲ'၊ (၄) 'ကမ္ဘာ့တံဆိပ်ခေါင်းဈေးကွက်မှာ နေရာမရတာ မဆန်းပါဘူး' ဟူ၍ဖြစ်သည်။

## ▫ အစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာန

မြန်မာတံဆိပ်ခေါင်းများထုတ်လုပ်ရေးနှင့်သက်ဆိုင်သောဝန်ကြီးဌာနမှာ လက်ရှိ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဖြစ်သည်။ ပဏာမအနေဖြင့် စကားပလ္လင်ခံလိုသည်မှာ သာမန်တံဆိပ်ခေါင်းဝါသနာရှင်ပြည်သူတစ်ဦးအနေဖြင့် ထိုဝန်ကြီးဌာန၏ အထက်အောက်ဆက်သွယ်၍ လုပ်ငန်းတာဝန်များ ညွှန်ကြားလုပ်ကိုင်ဆောင်ရွက်နေကြသည့်ပုံစံနှင့် အခြေအနေကို အသေအချာ အဓိပ်အကျမသိရှိနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိထုတ်ဝေနေသော မြန်မာတံဆိပ်ခေါင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်ကဲ့သို့သောမူဝါဒမျိုး ချမှတ်ထားသည်ကိုမသိရှိရပေ။ ထိုမူဝါဒမှာ လက်ရှိထုတ်ဝေနေသော မြန်မာတံဆိပ်ခေါင်းများ၏အခြေအနေနှင့် အရည်အသွေးကိုရောင်ပြန်ဟပ်စေရာ မည်ကဲ့သို့သောမူဝါဒမျိုးဖြစ်သည်ကို မြန်မာ့တံဆိပ်ခေါင်းပညာရှင်နှင့်ဝါသနာရှင်တို့အတွက် ချပြထားသင့်သည်။ မည်သို့ပင်ဖြစ်စေ ဝန်ကြီးဌာနအတွင်း၌ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနဟူ၍ လမ်းညွှန်မှုများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ညွှန်ကြားနေရသောဌာနကြီးတစ်ခုရှိနေရာ မူဝါဒများကို ထိုဌာနကြီးမှ ချမှတ်ခြင်းဟုတ်၊မဟုတ်ကိုလည်း မသိကြရပေ၊ တံဆိပ်ခေါင်းထုတ်လုပ်ရေးဆိုင်ရာမူဝါဒများကို မည်မျှအလေးထားချမှတ်ထားပါသနည်း။ မည်မျှ အသေးစိတ် ရေးဆွဲချမှတ်ထားပါသနည်းဟူသောမေးခွန်းများ၏ အဖြေများကိုလည်း ဝါသနာရှင်တို့က ရိုးသားစွာသိရှိလိုကြပါသည်။ စင်စစ်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အဆင့်မြင့်အရာထမ်းများမှာ နိုင်ငံတကာ တံဆိပ်ခေါင်းများနှင့်ပတ်သက်၍ မစိမ်းကြပေ။ အဘယ်ကြောင့်ဆိုသော် UPU (ခေါ်) ကမ္ဘာ့စာပို့တိုက်များအသင်းကြီးမှအသင်းဝင်နိုင်ငံများ၏ အသစ်ထုတ်ဝေသော တံဆိပ်ခေါင်းအားလုံးကို ထုတ်ဝေထွက်ရှိတိုင်း ထိုဦးစီးဌာနသို့ အမြဲတစေ ပေးပို့နေသောကြောင့် ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာမှ တံဆိပ်ခေါင်းများကို လေ့လာပြီးနောက် မြန်မာတံဆိပ်ခေါင်းဒီဇိုင်းများကို မည်သို့ရေးဆွဲအကောင်ထည်ဖော်သင့်ကြောင်း ညွှန်ကြားလေ့ရှိ၊ မရှိကိုလည်း မသိကြရပါပေ။ ဤဝန်ကြီးဌာနအပေါ် ခြုံငုံ၍သုံးသပ်ရသော် ခေတ်အဆက်ဆက်ကပင် စနစ်တကျတံဆိပ်ခေါင်း ထုတ်လုပ်ရေးအပေါ်တွင် စိတ်ဝင်စားမှုနည်းပါးခဲ့သည်ကို တွေ့ရသည်။ တယ်လီဖုန်းခေတ်က တယ်လီဖုန်းကိုဦးစားပေးခဲ့ပြီး မိုဘိုင်းလ်ဖုန်းခေတ်သို့ရောက်သော် မိုဘိုင်းလ်ဖုန်းကိုသာ အသားပေးတော့သည်ကို တွေ့ရပြန်သည်။ စာပို့လုပ်ငန်းကို လျှော့ချလိုသည့်တိုင် နိုင်ငံအများစုမှစာတိုက်ဌာနများမှာ နိုင်ငံခြားငွေရလွယ်သောတံဆိပ်ခေါင်းထုတ်လုပ်ရေးကိုအားသွန်၍ လုပ်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံမှလည်း အတုယူ၍ တန်းမြင့်တံဆိပ်ခေါင်းများထုတ်ဝေသင့်ပေသည်။ နိုင်ငံတကာအလယ်၌ စာပို့တံဆိပ်ခေါင်းဆိုင်ရာ နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်တို့ ကျဆင်းလျက်ရှိသည်ကိုလည်း ဤဝန်ကြီးဌာနမှလက်အောက်ခံဌာနများ၊ လုပ်ငန်းများကို ဦးဆောင်၍ ပြုပြင်ပြောင်းလဲပါမှ ဂုဏ်သိက္ခာပြန်လည်ဆယ်ယူနိုင်မည်ဖြစ်သည်။ မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်မှာလည်း ဆုတ်ယုတ်ကျဆင်းတော့မည် မဟုတ်ချေ။

ဝန်ကြီးဌာနနှင့်ပတ်သက်၍ ဝါသနာရှင်တို့ ညည်းတွားပြောဆိုကြပုံများမှာ အောက်ပါအတိုင်းဖြစ်သည်။ (၁)'ဝန်ကြီးကိုယ်တိုင်ကိုက သူ့လက်အောက်မှာ တံဆိပ်ခေါင်းထုတ်လုပ်ရေးလုပ်ငန်းရှိတယ်ဆိုတာသိမှသိပါလေစ'၊ (၂)'ဝန်ကြီးဌာနကနေ တံဆိပ်ခေါင်းနှင့် ပတ်သက်ပြီး ပီပီပြင်ပြင် ညွှန်ကြားထားပုံမရဘူး"

## ▫ နိဂုံးချုပ်သော်

မြန်မာ့တံဆိပ်ခေါင်းဝါသနာ၏ ဆုတ်ယုတ်ကျဆင်းလျက်ရှိသောအချက်နှင့်ပတ်သက်၍ အခြားသောကဏ္ဍများလည်းရှိသေးသည်။ ဥပမာပြရသော် တံဆိပ်ခေါင်းရောင်းဝယ်ရေးလုပ်ငန်း၌ ကမ္ဘာ့ဈေးကွက်သို့မရောက်ရှိနိုင်သလို ပြည်တွင်းတံဆိပ်ခေါင်းဈေးကွက်မှာလည်း 'ရပ်တန့်'လုနီးပါးဖြစ်လျက်ရှိပါသည်။ မျိုးဆက်သစ်တံဆိပ်ခေါင်းဝါသနာရှင်များထံသို့ တံဆိပ်ခေါင်းဝါသနာရှင်ကြီးများ၏ တံဆိပ်ခေါင်းဆိုင်ရာဗဟုသုတများမှာ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိခြင်းမရှိနိုင်သည်ကိုလည်း တွေ့နေရသည်။ မြန်မာ့ရှေးဟောင်းတံဆိပ်ခေါင်းများမှာလည်း ကြွယ်ဝချမ်းသာသူ (၃-၄) ဦးထံ၌ ပိတ်မိနေသကဲ့သို့ဖြစ်နေရာ တံဆိပ်ခေါင်းပျံ့နှံ့စီးဆင်းမှုမှာ **'မလှုပ်မယှက်'** သောအခြေအနေသို့ ဆိုက်ရောက်နေသည်။ သို့ရာတွင် ပျက်အစဉ် ပြင်ခဏဆိုသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာစာတိုက်ဌာန၊ တံဆိပ်ခေါင်းအသင်းနှင့် တံဆိပ်ခေါင်းဝါသနာရှင်တို့က ဝိုင်းဝန်းပူးပေါင်း၍ မြန်မာ့တံဆိပ်ခေါင်း ဝါသနာဆုတ်ယုတ်ကျဆင်းနေသည်ကို ဆယ်ယူကယ်တင်ပါက အဘယ်ကြောင့် မအောင်မြင်ရပါမည်နည်း။

ကြည်လွင်



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ကျွန်တော်စာရေးနေသည်ကို မိတ်ဆွေအပေါင်းသင်းများသိကြပါသည်။ ထိုအပေါင်းသင်းများမှတစ်ဆင့် ဆက်နွယ်သိနေကြသူတချို့လည်းရှိသည်။ ကျွန်တော်နှင့်ဆက်နွယ်၍ အိမ်ကိုဝင်ထွက်သွားလာနေသူတစ်ယောက်ရှိသည်။ သစ်လုံးငန်းရောင်းစက်မှ မောင်လှရွှေဖြစ်သည်။ တစ်ခါတစ်ရံ သူနှင့်အတူပါလာကြသူများလည်းရှိသည်။ ထိုပါလာကြသူများထဲမှ ဦးကျော်လှ ဆိုသူတစ်ယောက်လည်း ပါလာတတ်သည်။ တစ်ခါနှစ်ခါလောက်ပါလာပြီး ကျွန်တော်စာရေးနေသည်ကိုသိသွားသည်။ ကျွန်တော်ရေးသည့်စာမူများပါသော မြတ်ကြေးမုံမဂ္ဂဇင်းများကို တွေ့ရှိပြီး မောင်လှရွှေက ပြောပြသဖြင့် ကျွန်တော် စာရေးနေကြောင်းသိသွားလေတော့သည်။

ဦးကျော်လှသည် ကျွန်တော်စာရေးနေကြောင်း သိသွားသောအခါ သူကိုယ်တွေ့ကြုံခဲ့သော အဖြစ်အပျက်တစ်ခုကိုပြောပြပါတော့သည်။ သူနှင့်သူ့သူငယ်ချင်းအပေါင်းအသင်းလေးယောက်တို့ ဥစ္စာစောင့်နှင့်အပေါင်းအသင်းဖြစ်ကြပြီး ဥစ္စာစောင့်ဆီမှ ငွေများတောင်းကာ သောက်ကြစားကြပုံတို့ကို ပြောပြပါသည်။ ကျွန်တော်က သူပြောပြသည်တို့ကို မှတ်သား၍ စာဖတ်သူများဖတ်ကောင်းအောင် စီစဉ်၍ရေးပါသည်။ သူပြောပြသည့်အတိုင်း တစ်ထပ်တည်းကျချင်မှလည်းကျမည်။ ပိုချင်လျှင်လည်းပိုသွားမည်။ လိုလျှင်လည်းလိုနေမည်။ သို့ကြောင့် ကျွန်တော် မှတ်မိလိုက်သမျှနား လည်သလိုရေးပါသည်။ မပြည့်စုံပါက ကျွန်တော့်တာဝန်သာဖြစ်သည်မို့ ခွင့်လွှတ်ရန်သာ မေတ္တာရပ်ခံရပါသည်။

❑

ကိုကျော်လှသည်လည်း လယ်ယာလုပ်ငန်းဖြင့်ထွန်ယက်စိုက်ပျိုးစားသောက်သောလယ်သမားတစ်ဦး ဖြစ်သည်။ သူနှင့်အတူ လယ်နီးချင်းများလည်းရှိသည်။ ကိုညီဆင့်၊ ကိုကျော်သိန်း၊ ကိုညီဖေတို့ ဖြစ်သည်။ သူတို့မိတ်ဆွေလေးဦးတို့သည် မနက်မိုးလင်း လယ်လုပ်ငန်းခွင်ရောက်ကတည်းက တွေ့ကြဆုံကြပြောကြဆိုကြလုပ်ကြကိုင်ကြပြီး ညနေမိုးချုပ်မှ လူချင်းခွဲသွားကြသည်။ တစ်ရွာတည်းနေ လယ်နီးချင်းများဖြစ်ကြသည်မို့ အလွန်ခင်မင်ကြ၏။ သူတို့သူငယ်ချင်းလေးဦးတို့သည် လယ်လုပ်ငန်းပြီးဆုံး၍ ညနေအပုပ်ချိန်ရောက်ပြီဆိုလျှင် ခနိရည်တစ်အိုးဖြင့် သောက်ကြစားကြရင်း တစ်နေ့တာပင်ပန်းခဲ့သမျှ အပန်းဖြေလေ့ရှိကြသည်။

ကိုညီဆင့်မှာ လယ်မြေအပြင် ခနိခင်းလည်းရှိသည်။ ခနိသီးများသီးသောအခါ အသီးရင့်လာလျှင် သီးခိုင်ကို ညွှတ်ပေးဖိပေးရသည်။ သီးခိုင်အတော်ရင့်၍ အောက်သို့ ကိုင်းညွှတ်လာလျှင် သီးခိုင်ကိုဖြတ်ပြီး ဝါးကျည်တောက်ဖြင့် သီးတံငုတ်တွင်စွပ်ထားရသည်။မနက်စောစောသွားဖော်ရသည်။ ရှစ်ပုလင်းဝင်အိုးငါးလုံးမျှရသည်။ ခနိခင်းကကျယ်သဖြင့် သီးခိုင်တွေက အများကြီးသီးကြသည်။ ကိုညီထင်က လေးအိုးကိုရောင်းပြီး ကျန်တစ်အိုးကို သူတို့လေးယောက် အတူသောက်ကြစားကြသည်။ ခနိရည်နှင့်မြည်းရန် အမြည်းမှာ အထူးရှာဖွေမနေရပါ။ ငါးနီတူကိုလော်၊ စိမ်းစားငါးပိထောင်း၊ အပင်မှလတ်လတ်ဆတ်ဆတ်

www.burmeseclassic.com

# မောင်လင်းခိုင်

# မိတ်ဆွေလေးယောက်နှင့် မမြင်ရသောအကောင်ကြီး သစ္စာစည်းမတောင့်ခဲ့လေသူ



မန်ကျည်းသီးမှည့်နှင့်သုပ်၊ ငှက်ပျောအူကိုအခွံခွာနုပ်နုပ်စဉ်း၊ ငရုတ်စိမ်းလှီး၊ မန်ကျည်းမှည့်နှင့်သုပ်၍မြည်းကြသည်။ အမြည်းကောင်းလှသဖြင့် ရှစ်ပုလင်းဝင်အိုး ခဏနှင့်ကုန်သွားသည်၊ ဓနိရည်လည်းကုန်၊ အမြည်းလည်းကုန်၊ လူတွေလည်း ရေချိန်ကိုက်၍ ရီဝေရီဝေနှင့်အိမ်ပြန်ကြလေသည်။

ဤသို့ နေ့စဉ်သောက်စားနေရင်းမှ တစ်နေ့တွင် ကိုညီဆင့်က စကားတစ်ခွန်းပြောသည်။

"နက်ဖြန်ခါ အုန်းရည်ခါးခါးသောက်ကြရမယ်ကွ။ငါအုန်းရည်တစ်အိုးနေလှန်းထားတယ်"

"ကောင်းတာပေါ့ ကိုညီဆင့်ရယ်။ ကိုညီဆင့်က ခါးခါးတိုက်တော့လည်း ခါးခါးသောက်ရတာပေါ့"

ဟု ကိုကျော်လှက ပြောလိုက်သည်။ ခါတိုင်းသောက်နေကျ ဓနိရည်မှာ မနက်ကဖော်ထားသည့်အိုး ညနေသောက်ကြသဖြင့် အချိုဘက်သို့လုသည့် ချိုခါးကလေးသာသောက်ကြရသည်။ ဓနိရည်နေလှန်းလျှင် အချိုပျောက်ပြီး ခါးသည်၊ နှစ်ရက်လောက်လှန်းလိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

အလွန်ခါးသော ခနိရည်ခါးကိုသောက်ကြရသည်။ ညနေရောက်သောအခါ ကိုညီဆင့်နေလှန်းထားသော အုန်းရည်ခါးနှင့် ငါးနီတူသုပ်၊ ငှက်ပျောအူသုပ်တို့ဖြင့် ပွဲကြီးပွဲကောင်းနွှဲကြလေတော့သည်။ သို့သော် သောက်ပွဲနေရာပြောင်းကြသည်၊ ခါတိုင်းဆို တဲနားသစ်ရိပ်ကောင်းကောင်းတွင် နွှဲကြသော်လည်း ဒီနေ့ကျတော့ ကိုညီဆင့်ကနေရာပြောင်းဖို့ပြောလေသည်။

"တို့နေရာပြောင်းကြမယ်ကွာ၊ ဟိုလယ်နဲ့ ခနိခင်းအစပ်မှာ ကျောက်ဖျာတစ်ခုရှိတယ်။ အဲဒီကျောက်ဖျာမှာသွားသောက်ကြရအောင်"

"ကောင်းပါတယ်၊ ကိုညီဆင့် ကောင်းသလိုလုပ်ပါ"

ဟု အားလုံးက တညီတညွတ်ထောက်ခံကြပြီး ကျောက်ဖျာပေါ်သို့ နေရာပြောင်းရွှေ့ကာ သောက်ပွဲဆင်နွှဲကြလေသည်။ ခနိခင်းနှင့်လယ်စပ်တွင် ကျောက်ဖျာကြီးရှိနေသည်။ ဘယ်အချိန်ကာလကရှိနေသည်ကိုမသိပါ။ ကျောက်ဖျာမှာ အကြီးကြီးအကျယ်ကြီး။ အမှိုက်သရိုက်မရှိ သန့်ရှင်းနေသည်။ မည်သူမျှမသိမ်းဆည်းဘဲ သန့်ရှင်းနေသဖြင့် သူတို့ပင် အံ့သြနေကြသည်။

"ကျောက်ဖျာကြီးဘယ်သူမှမသိမ်းဘဲအမြဲသန့်နေတယ်ကွ။ အံ့တော့အံ့စရာ ပဲ"

သူတို့သည် သူတို့အလုပ်သူတို့ဆက်လုပ်ကြသည်။ ကျောက်ဖျာအကြောင်းကိုလည်း ဆက်ပြီးစိတ်မဝင်စားကြတော့ပေ။ ညနေ လယ်လုပ်ငန်းပြီးလျှင် ကျောက်ဖျာပေါ်က ခနိရည်ခါးကလေးနှင့် ငါးနီတူသုပ်၊ ငှက်ပျောရိုးသုပ်တို့နှင့် ဇိမ်ကျနေကြလေသည်။ တစ်ပတ်လောက် သောက်ပွဲဆင်နွှဲကြပြီးသောအခါ အခြေအနေတစ်မျိုးပြောင်းလာသည်။ ညနေမိုးချုပ် အိမ်ပြန်ရောက်၍ ကိုညီဆင့် ဆက်ရက်မင်းစည်းစိမ်ခံနေစဉ် စကားသံတစ်ခုကြားလိုက်ရသည်။

"မင်းတို့ကတော့ သောက်လို့စားလို့။ ငါ့မှာတော့ မင်းတို့သောက်တာ စားတာကိုမော့ကြည့်နေရတယ်။ ငါ့ကိုလည်း တိုက်မှပေါ့ကွ"

ကိုညီဆင့် အိပ်မပျော်သေးဘဲ ကုလားထိုင်တွင် ဆက်ရက်မင်းစည်းစိမ်ခံနေတုန်း ဤကဲ့သို့ အပြောခံလိုက်ရသဖြင့် ကပျာကယာမျက်လုံးဖွင့်၍ကြည့်လိုက်သည်။ ဘာမှမမြင်ရ မတွေ့ရပါ။ အိပ်မက်လည်းမဟုတ်၊အိပ်မက်ရအောင်လည်း မအိပ်ရသေးပေ။ ကိုညီဆင့်သည် နံနက်လင်းတော့ လုပ်ငန်းခွင်ဝင်ပြီး ဝိုင်းထိုင်ကြသောအခါ သူ့အဖွဲ့သားတွေကို ညကအကြောင်းပြန်ပြောင်းပြောပြလေသည်။

"ညတုန်းကကွာ ငါ့ကို လူတစ်ယောက်က စကားလာပြောသွားတယ်ကွ။ မင်းတို့ကတော့သောက်လို့စားလို့ ငါ့မှာတော့ မင်းတို့သောက်တာစားတာ မော့ကြည့်နေရတယ်။ ငါ့ကိုလည်းတိုက်မှပေါ့ကွတဲ့"

"အဲဒါ စကားထူးစကားဆန်းပဲကွ။ နို့-နေပါဦး၊ တို့သောက်စားနေကြတဲ့ ကျောက်ဖျာကြီးဟာ ဘာကျောက်ဖျာကြီးလဲ။ ပရလောကသားတွေနေကြတဲ့ ကျောက်ဖျာကြီးများလား။ စကားကတော့ အတော်ဆန်းတာပဲကွ။ တို့စမ်းကြည့်ရအောင်ကွာ"

ဟု ဆိုကာ ကိုညီဖေသည် တစ်ယောက်တစ်ခွက်ခွက်အလှည့်စေတော့ ခနိရည်ခွက်ပြည့်ထည့်ကာ -

"ရော့ - ယောက်ဖ သောက်"

ဟု ပြောပြီးချထားလိုက်သည်။

သူတို့ချထားပြီး မကြာမီမှာပင် ခွက်ထဲမှခနိရည်များ တစ်စက်မှမကျန်တော့အောင် ပြောင်တလင်းခါသွားလေ၏။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အံ့သြနေကြသည်၊ ထူးတော့တော်တော်ထူးတာပဲဟု မှတ်ချက်ချကြသည်။ သူတို့ဘာမှစောဒကမတက်ကြတော့ဘဲ သူတို့သောက်ပွဲဆက်လက်၍ဆင်နွှဲကြသည်။ ရှစ်ပုလင်းဝင်အိုးတစ်အိုးပြောင်သွားမှ နေရာကထပွဲသိမ်းကြလေသည်။

"ဒီကျောက်ဖျာဟာ ဥစ္စာစောင့်တွေနေတဲ့ကျောက်ဖျာနဲ့တူတယ်ကွာ"

ဟု ကိုညီဆင့်က မှတ်ချက်ချသည်။ ကျန်လူတွေကတော့ မည်သို့မျှစောဒကမတက်ကြပေ။ ကိုညီဆင့်ပြောစကားကို ထောက်ခံသလို အင်းမလုပ်အဲမလုပ်နေကြလေသည်၊ သူတို့အဖွဲ့ဝိုင်းသိမ်းပြီး လယ်တဲသို့ဝင်ကာ အသင့်ချက်ထားသော ကြက်သားဟင်းနှင့် ခပ်ထွေထွေကလေးစားကြသောက်ကြလေသည်။

မိုးချုပ်၍ အိမ်အပြန် ကိုညီဆင့် ဆက်ရက်မင်းစည်းစိမ်ခံနေစဉ်မှာပင် တစ်နေ့က စကားလာပြောသည့် မမြင်ရသောပုဂ္ဂိုလ်အကောင်ကြီးက စကားလာပြောပြန်လေသည်၊

"မင်းတို့ကျတော့ ကြက်သားနဲ့စားပြီး ငါ့ကိုတော့မကျွေးဘူး"

ကိုညီဆင့်သည် ဟိုနေ့က စကားလာပြောသည့်ပုဂ္ဂိုလ်မှန်းသိနေပြီမို့ မျက်လုံးဖွင့်မကြည့်တော့ဘဲ စကားပြန်ပြောလိုက်သည်။

"ကြက်သားနဲ့စားချင်ရင် ပိုက်ဆံပေးပေါ့ကွ"

"မနက်ကျရင် ခနိရည်အိုးအောက်မှာယူ"

မမြင်ရသောအကောင်ကြီးကပြန်ပြောလေသည်။

နံနက်လင်းသောအခါ ကိုညီဆင့်သည် သူ၏ခနိရည်အိုးအောက်သို့သွားကြည့်လိုက်ရာ ငွေသားနှစ်ကျပ်ကို တွေ့ရလေသည်၊ သူပျော်သွားသည်။ လယ်ထဲသို့ပြေးပြီး သူ့လူတွေကိုပြောပြလေသည်။

"ဟေ့လူတွေ ညက ငါ့ကို ဟိုနေ့က စကားလာပြောတဲ့အကောင်ကြီးက စကားလာပြောတယ်ကွ။ မင်းတို့ကတော့ ကြက်သားနဲ့စားလို့ ငါ့ကိုတော့ မကျွေးဘူး။ ငါ့လည်းကျွေးတဲ့။ ငါက ပြန်ပြောလိုက်တယ်။ ကြက်သားစားချင်ရင် ပိုက်ဆံပေးလို့ပြောတော့ မနက်ကျ ခနိရည်အိုးအောက်မှာယူတဲ့။ ငါသွားကြည့်တော့ ငွေသားနှစ်ကျပ်ကွ။ ဟောဒီမှာကြည့်"

သူတို့ ငွေသားများကို တစ်ယောက်တစ်လှည့်စီ အပြန်ပြန်အလှန်လှန်ကိုင်ကြည့်ကြပြီး -

"ငွေသားအစစ်ကွ၊ တို့တွေ့နေတာဥစ္စာစောင့်နဲ့တွေ့နေတာ။ သွားရောင်းကြမယ်ကွာ"

သူတို့ ငွေသားကို သွားရောင်းကြရာ ငွေ (၂၀) ကျပ်ရသည်။ (၁) ကျပ်ကို (၁၀) ပေးရသည်။ ငွေနှင့်ကြက်ဖကြီးတစ်ကောင်ဝယ်ချက်ပြီး မမြင်ရသည့်အကောင်ကြီးကိုပါကျွေးသည်။

"ယောက်ဖရေ စားကွ"

ဟု ပြောပြီး အားရပါးရသောက်ကြစားကြသည်။ သူတို့အဖွဲ့သည် သောက်ကြစားကြရင်း မမြင်ရသောအကောင်ကြီးနှင့် မိတ်ဟောင်းဆွေဟောင်းကြီးတွေဖြစ်သွားကြသည်။ တစ်ယောက်နှင့်တစ်ယောက်ပြောရဲဆိုရဲဖြစ်လာသည်၊ ကြက်သားစားချင်လျှင် ငွေတောင်းပြီး ငွေသားကိုရောင်း၊ ကြက်ဝယ်ချက်ပြီး သူတို့အဖွဲ့ဝိုင်းကောင်းနေကြသည်၊

တစ်ခါတွင် ကိုညီဆင့်တို့နေသော သဒေးရွာနှင့် (၄)၊ (၅) မိုင်မျှဝေးသော



www.burmeseclassic.com

www.burmeseclassic.com

ရွှေလေ့ရွာတွင် ဇာတ်ပွဲကသည်။ ကိုညီဆင့်တို့မိသားစုပွဲသွားကြည့်ချင်သည်။ ငွေလိုသည်။ ကိုညီဆင့်သည် သူ၏မမြင်ရသောမိတ်ဆွေကြီးဆီမှာ ငွေတောင်းဖို့ သတိရသည်။ ထို့ကြောင့် ကျောက်ဖျာကြီးဆီသို့သွားကာ -

"ယောက်ဖရေ ငါတို့မိသားစုပွဲသွားကြည့်ချင်တယ်ကွာ။ ငွေ (၁၀) လောက်ပေးပါ"

ဟု တောင်းလေသည်။

မမြင်ရသောအကောင်ကြီးသည် ရှောရှောရှုရှုပင် ခနိရည်အိုးအောက်မှာယူဟုပြောလေသည်။ ကိုညီဆင့်သည် ငွေ (၁၀) ကိုရောင်းသည်၊ ငွေ (၁၀၀) ရသည်။ ငွေတစ်ကျပ်၏တန်ဖိုးသည် မိသားစုတစ်စု တစ်ရက်မျှထမင်းစား၍ရသည့်အချိန်မို့ ငွေ (၁၀၀) မှာတော်တော်သုံးရလေသည်။ သူတို့အဖွဲ့ ငွေသားတွေ ခဏခဏရောင်းနေကြသဖြင့် အရပ်ကလည်း စပ်စုကြသည်။

"မင်းတို့တွေ ခဏခဏငွေသားတွေရောင်းနေတယ်။ ဒီငွေသားတွေ ဘယ်ကရလဲကွ။ ဧကန္တ - မင်းတို့သိုက်တွေ့ထားပြီနဲ့တူတယ်"

ကိုညီဆင့်တို့ကမူ လုံးဝမပြောပေ။ မိဘလက်ထက်ကထားခဲ့သည့်အမွေတွေဟုပြောကြသည်။ သို့သော် အရပ်ကတော့ မယုံကြည်ကြပေ။ သူတို့ကလည်း ဘယ်ကရသည်ဟု လုံးဝမပြောပေ။ အရပ်ကတော့ သူတို့အဖွဲ့ကို အကဲခတ်နေကြသည်။ ကိုညီဆင့်၊ ကိုညီဖေ၊ ကိုကျော်လှတို့အဖွဲ့သည် သောက်ရင်းစားရင်းဖြင့် ရက်မှုလ်သို့ ကူးလာသည်။

တစ်နေ့တွင် ကိုညီဆင့်အား မမြင်ရသောအကောင်ကြီးမှ စကားလာပြောပြန်လေသည်။ သည်တစ်ခါ စကားသည် ခါတိုင်းကဲ့သို့ အပေးအယူစကားမဟုတ်ဘဲ စကားဆန်းဖြစ်နေလေသည်။

"ယောက်ဖရေ၊ မနက်ဖြန်ကျရင် လူငါးယောက် ယောက်ဖဆီကိုလာလိမ့်မယ်။ ယောက်ဖဆီမှာ အုန်းရည်ဝယ်သောက်လိမ့်မယ်။ အကူညီလည်း တောင်းလိမ့်မယ်။ ယောက်ဖ အုန်းရည်လည်းမရောင်းနဲ့။ သူတို့နဲ့လည်းအတူမသောက်နဲ့။ သူတို့တောင်းတဲ့အညီအကူလဲမပေးနဲ့"

ဟု ဆိုလေသည်။

ကိုညီဆင့်သည် အင်းဟု အာမခံလိုက်သည်။ နောက်နေ့မိုးသောက်သောအခါ ကိုညီဆင့်ထံ မမြင်ရသောအကောင်ကြီးပြောသည့် လူငါးယောက်



ရောက်လာလေသည်။ ပြောသလိုပင် အုန်းရည်ဝယ်သည်။ ကိုညီဆင့်နှင့်အတူသောက်သည်။ ကိုညီဆင့်သည် မမြင်ရသောအကောင်ကြီး မှာသည်ကို သတိမထားချေ။ ထိုငါးယောက်အဖွဲ့နှင့် သောက်ပွဲနွှဲလေတော့သည်။

ရီဝေရီဝေဖြစ်လာသောအခါ လူငါးယောက်က ကိုညီဆင့်ကို စကားစလေတော့သည်။

"အစ်ကိုကြီး၊ ကျွန်တော်တို့ကို အကူညီပေးပါလား"

"ဘာအကူညီပေးရမှာလဲ"

"ငွေတွေ အများကြီးရမယ်ဗျာ။ အစ်ကိုကြီးကူညီရင်ဖြစ်တယ်။ အစ်ကိုကြီးလည်း ငွေတွေအများကြီးရမယ်။ ကူညီပါ"

"ကျွန်တော်က ဘယ်လိုကူညီရမှာလဲ။ ပြီးတော့ ခင်ဗျားတို့ကကောငွေတွေ ဘယ်လိုရမှာလဲ"

"ကျွန်တော်တို့က သိုက်ဆရာတွေပါ။ ဒီနေရာမှာ သိုက်စာကျလို့ သိုက်တူးရအောင်လာတာ။ အစ်ကိုကြီးကူညီရင်ဖြစ်တယ်။ ငွေတွေအများကြီးရမယ်"

"ငွေရမယ်ဆိုရင်တော့ ကူညီမယ်။ ဘယ်တော့လဲ"

"ခုပဲသွားကြမယ်ဗျာ လာ"

လူငါးယောက်နှင့် ကိုညီဆင့်တို့သည် ကိုညီဆင့်၏လယ်တောသို့ထွက်သွားကြလေသည်။ ကိုညီဆင့်တို့ ခနိရည်သောက်သည့် ကျောက်ဖျာသို့ရောက်သောအခါ -

"ဒီနေရာဗျ ဒါဥစ္စာစောင့်သိုက် သိုက်စာကဒီမှာကျတယ်"

ကိုညီဆင့်သည် သူတို့အုန်းရည်သောက်သည့်ကျောက်ဖျာသည် သိုက်ဖြစ်မှန်းသိသွားလေသည်။ သို့သော် မမြင်ရသော အကောင်ကြီး မှာထားခဲ့သည်ကို လုံးဝသတိမရချေ။ သိုက်သမားတို့သည် ကျောက်ဖျာကြီးအား ချည်မန်းများဖြင့် ရစ်ပတ်ကာ ကန်တော့ပွဲပေးပြီး မန်းမှုတ်လျက် ဆေးကြိမ်လုံးနှင့်ကျောက်ဖျာကြီးကို ရိုက်လိုက်သည်။ ကျောက်ဖျာကြီးသည် မိုးခြိမ်းသံလို အသံမြည်ကာ တံခါးကြီးပွင့်သွားသလိုပွင့်လာလေသည်။ ထိုစဉ် ပျားကောင်တွေ အုပ်နှင့်ချီ၍ပျံသန်းလာကြသည်။ ထိုလူငါးယောက်ကို ဝိုင်း၍တုပ်ကြလေသည်။ သိုက်သမားငါးယောက်မှာ ပျံသန်းရောက်လာသည့် ပျားအုပ်ကြီးကိုရိုက်ထုတ်နေရလေသည်။

တဝီဝီနှင့်ပျံသန်းနေသော ပျားများကို ရိုက်ထုတ်နေစဉ် မမြင်ရသောအကောင်ကြီးက ကိုညီဆင့်ကို စကားပြောလေသည်။

"ယောက်ဖရေ ငါ့ကိုကယ်ပါဦး၊ ယောက်ဖ သစ္စာဖောက်တယ်။ ကတိမတည်ဘူး"

ဟု ငိုသံကြီးနှင့်ပြောလာမှ ကိုညီဆင့်သတိရကာ -

"ယောက်ဖ ငါဘာလုပ်မလဲ ဘာကူညီရမလဲ"

ဟု မေးလိုက်သည်။

"အဲဒီချည်မန်းကြိုးကို ဓားနဲ့ဖြတ်ပစ်လိုက်"

ဟု ပြောလေသည်။

ကိုညီဆင့်သည် ကပျာကယာပင် ချည်မန်းကြိုးကို ဓားနှင့်ပြေးဖြတ်လိုက်လေသည်။ သိုက်သမားများမှာ ပျားတွေကို ရိုက်ထုတ်နေရသဖြင့် ကိုညီဆင့် ဘာလုပ်လိုက်သည်ကို မသိလိုက်ပေ။ ချည်မန်းကြိုးပြတ်သွားသည်နှင့် တစ်ပြိုင်နက် ကျောက်ဖျာကြီးသည် ဝုန်းခနဲအသံမြည်ပြီး ပြန်ပိတ်သွားလေတော့သည်။ ကျောက်ဖျာကြီး ပြန်ပိတ်သွားသည်နှင့် ပျားတွေလည်း ပျောက်သွားလေသည်။ သူတို့အားလုံးလည်း ကျောက်ဖျာကြီးဘေးမှ လယ်ကွက်ထဲတွင် မှောက်လျက်သား ရေကူးနေကြလေသည်။ မမြင်ရသောအကောင်ကြီးမှ ကိုညီဆင့်အား -

"ယောက်ဖရေ ရေကူးကူးရောက်တော့မယ်"

ကိုညီဆင့်သည် အသံကြားပြီး လှည့်ကြည့်လိုက်ရာ သူတို့ခနိရည်သောက်သည့် ကျောက်ဖျာကြီးအစွန်အနားသို့ လှမ်းကိုင်လိုက်ရာ ပက်လက်လန်၍ သတိမေ့သွားလေတော့သည်။ ကျန်အဖွဲ့သားများကတော့ မြေပြင်ကို ရေပြင်ထင်မှတ်ကာ ကူးကောင်းဆဲဖြစ်လေသည်။

❑

www.burmeseclassic.com

သည်ဇာတ်လမ်းတွင် ကိုကျော်လှတို့၊ ကိုညီဖေတို့၊ ကိုကျော်သိန်းတို့ မပါဝင်ပေ။ ကိုညီဆင့်ကလည်းမပြောပေ။ မနက်ခင်းကလည်းဖြစ်နေသဖြင့် လူချင်းမဆုံမိကြပေသည်။ အကြောင်းတွေကို ကိုညီဆင့် ပြန်ပြောမှသာသိကြရသည်။ နံနက်ခင်းဆိုတော့ လယ်ကိစ္စတွေကိုသာ လုပ်ကိုင်နေကြသည်။ ကိုကျော်လှသည် နွားနှစ်ကောင်ကို စားကျက်တွင် ကြိုးရှည်ရှည်နှင့်လံထားသည်။ ဝါးလုံးတိုင်အရှည်ကြီးတွင် နွားကြိုးချည်ပြီး ဝါးလုံးကိုတိုင်တစ်တိုင်စိုက်၊ တိုင်တွင် ဝါးကျည်တောက်ထည့်ကာ ချည်ထားသည်။ နွားများမှာ အဝေးသို့ထွက်မသွားနိုင်ဘဲ အနား ပတ်ဝန်းကျင်လှည့်ပတ်၍စားနေရသည်။ နွားရှင်က အချိန်စောင့်ပြီး ချည်တိုင်ပြောင်းပေးရသည်။ မနက်က လံထားသောနွားများ နေ့လယ်တွင် ချည်တိုင်ပြောင်းရအောင်ထွက်လာသည်။ ကိုကျော်လှသည် နွားများဆီသို့လာရင်း ကျောက်ဖျာဘက်သို့ လှည့်ကြည့်လိုက်ရာ လူလေး၊ ငါးယောက်မျောက်လျက်သားရေကူးနေကြသည်ကို တွေ့ရသဖြင့် နွားဆီသို့မသွားတော့ဘဲ ထိုလူများဆီသို့ ပြေးသွားခဲ့လေသည်။ အနားရောက်မှ ကိုညီဆင့်တို့ဖြစ်နေလေသည်။

ကိုကျော်လှသည် ကိုညီဆင့်ထံ ပြေးသွားပြီး -

"ကိုညီဆင့်၊ ဘယ်လိုဖြစ်နေတာလဲ"

ဟု ကိုင်လှုပ်လိုက်မှ ကိုညီဆင့် သတိရလာပြီးထထိုင်လေသည်။ တခြားရေကူးနေကြသူများလည်း သတိရပြီး ထလာကြသည်။ တစ်ကိုယ်လုံးလည်း စုတ်ပြတ်၍ သွေးတွေနှင့်ဖြစ်နေသည်။ သိုက်စည်းပေါက်ပြီးပြန်သွားကြရလေ၏။ ညဘက်ရောက်သောအခါ မမြင်ရသောအကောင်ကြီးမှ ကိုညီဆင့်ကိုလာပြီး ပြောသည်။

"ယောက်ဖ၊ ငါဒီနေရာကပြောင်းသွားပြီ။ ယောက်ဖက ကတိမတည်ဘူး"

ဟု ငိုသံပါနှင့်ပြောသွားလေသည်။ ကိုညီဆင့်လည်း သူအပြစ်နှင့်သူမို့ ဘာမှပြန်မပြောလိုက်တော့ပေ။ မနက်မိုးလင်း၍ ကျောက်ဖျာကြီးဆီသို့သွားကြည့်သောအခါ သေတ္တာကြီးကိုဆွဲသွားသည့်အရာ၊ လှည်းဘီးရာတို့ကိုသာ တွေ့ရလေတော့သည်။

ကိုညီဆင့်သည် သက်ပြင်းခါခါချလျက်-

"ငါမှားတယ် ငါမှားတယ်။အတန်တန်မှာလျက်နဲ့ငါမိုက်တယ်"

ဟု တတွတ်တွတ်ပြောနေလေတော့သည်။

❑

ဦးကျော်လှသည် သူ့စကားဆုံးသွားသောအခါ-

"ဒီအဖြစ်ကတော့ ဒါပါပဲဗျ။ သူတို့သိုက်တူးကြတာက မနက်ပိုင်းဆိုတော့ကာ ကျွန်တော်တို့မသိလိုက်ကြဘူး။ ညနေခင်းဆိုရင်တော့ကျွန်တော်တို့အားလုံးသိကြမှာပါ။ မနက်ခင်းဆိုတော့ ဘယ်သူမှမသိလိုက်ကြဘူး"

"နို- မမြင်ရတဲ့ကောင်ကြီးဟာ လူငါးယောက်လာလိမ့်မယ် ဘာအကူညီမှလဲမပေးပါနဲ့လို့ မှာထားတယ်ဆို"

"အေးလေ၊ သူပြောတာကတော့ သူ့ကို မမြင်ရတဲ့ကောင်ကြီးက လူငါးယောက်လာမယ်။ ဘာအကူညီမှမပေးပါနဲ့ ပြောထားရက်နဲ့ ဘာကြောင့်ဒီလိုဖြစ်သွားရတာလဲ။ ငွေဆိုရင် လိုရင်လိုတဲ့အချိန်သွားတောင်းရနေတာပဲ"

"ဓနိရည်အသောက်လွန်ပြီးမူးလို့ ဖြစ်သွားတာရောမဖြစ်နိုင်ဘူးလား"

"ဒါလည်းစဉ်းစားစရာပဲဗျ။ ကျွန်တော်တို့ နေ့တိုင်းသောက်နေကြတာပဲဗျာ။ မူးလို့ဖြစ်ရတယ်ပြောရအောင်ကလည်း အခက်သားဗျ"

"ဒါထက် ကိုညီဆင့်ကော ဘယ်လိုဖြစ်သွားလဲဗျ"

"ကိုညီဆင့်လည်း ဒီစိတ်နဲ့ပဲ စိတ်ကျဝေဒနာခံစားရပြီးဆုံးသွားတာပဲဗျာ။ သူလည်း သူ့အမှားသူ နောင်တရမဆုံးဖြစ်သွားတယ်။ အရက်ကြောင့်လည်း မဟုတ်၊ လောဘကြောင့်လည်း မဟုတ်ဘူး"

"ဒါဖြင့် ဘာကြောင့်လို့ထင်လဲဗျ"

"အင်း - ဘာကြောင့်ဆိုတာ ကျွန်တော်မပြောပြတတ်တော့ဘူးဗျာ"

ဦးကျော်လှသည် မပြေပြတတ်ဘူးဗျာဆိုသောစကားကို လေးလေးပင်ပင်ဆွဲဆွဲငင်ငင်ပြောလိုက်လေသည်။

ဦးကျော်လှက ကိုညီဆင့်သည် လောဘကြောင့် မဟုတ်နိုင်ဟုဆိုခဲ့သော်လည်း လက်ခံချင်စရာမရှိပါ။ လူသည် ငွေနှင့်ပတ်သက်လာလျှင် စိတ်ချယုံကြည်၍ရသော လူမျိုးမဟုတ်ပေ။ သို့ကြောင့် ကျွန်တော့်ခေါင်းထဲတွင် ပုစ္ဆာတစ်ပုဒ်ဝင်ရောက်လာလေတော့၏။

မောင်လင်းခိုင်

# နတ်မောက်မင်းချစ်နော်
# သားမွေးနွားမများ ချောင်းဆိုးသွေးပါ ပျောက်ကင်းစေရန်

ရှေးဘိုးဘွားတောင်သူလယ်သမားသည် အဝတ်ခြုံပေါက်၊ အစားခြုံပေါက်၊ နွားခြုံပေါက် အသုံးပြုလုပ်ကိုင်ခဲ့ကြပါသည်။

ဝတ်ဆင်ရန်အဝတ်အထည်အတွက် ဝါဂွမ်းကို စိုက်ပျိုး၍ ရက်ကန်းစင်နှင့် ရက်လုပ်ဝတ်ဆင်ခဲ့ကြပါသည်။

စားရန်အတွက် စပါး၊ ပြောင်း၊ လူး၊ ဆတ်နှင့် ဟင်းသီးဟင်းရွက် အစုံအလင်စိုက်ပျိုးစားသုံးခဲ့ကြပါသည်။

လယ်ယာမြေ ထွန်ယက်နိုင်ရန် အတွက် ခိုင်းနွားများရအောင် သားမွေးနွားမများ မွေးမြူအသုံးပြုခဲ့ကြပါသည်။ ၎င်းသားမွေးနွားမများသည် ရာသီဥတုပူလွန်းသဖြင့် အင်အားယုတ်လျော့ခြင်း၊ အေးလွန်းသဖြင့် အင်အားလျော့ပါးခြင်းများဖြစ်တတ်ပြီး ချောင်းဆိုးသွေးပါရောဂါရရှိတတ်သည်ကို ကြုံတွေ့ရဖူးသည်။

ထိုချောင်းဆိုးသွေးပါရောဂါသည် မကုသဘဲ ပစ်ပယ်ထားပါက နွားမကြီးရော နွားငယ်ပါ မျက်စီး ဆုံးရှုံးနိုင်ပါသည်။ အချို့နွားမများသည် သားမွေးပြီးမှ ချောင်းဆိုးသွေးပါဖြစ်တတ်သလို အချို့နွားမများမှာ မမွေးမီ (ဇီး) မျိုးရင့်နေချိန်တွင် ဖြစ်တတ်သည်ကိုလည်း ကြုံရတတ်ပါသည်။

ယင်းကဲ့သို့ ချောင်းဆိုးသွေးပါဖြစ်ပါက-

- ချင်းအစို (၇) လွှာ၊
- ကြက်သွန်ဖြူ (၇)တက်၊
- နနွင်းမှုန့်လက်ဖက်စား(၁)ဇွန်း

ဆေးအမည်သုံးပါးရောထောင်းပါ။ ထို့နောက် သံပုရာသီးတစ်လုံး အရည်ညှစ်ဖျော်ပြီးတိုက်ပါ။ ဤသည်မှာ ဆေးတစ်ခွက် တစ်ကြိမ်စာသာဖြစ်သည်။ ထိုကဲ့သို့ တစ်နေ့ (၂)ကြိမ် (၅)ရက်ဆက်တိုက် တိုက်ကျွေးပေးပါ။ မုချပျောက်ပါသည်။ လက်တွေ့တောင်သူသုံးဆေးဖြစ်၍ တင်ပြအပ်ပါသည်။

နတ်မောက်မင်းချစ်နော်



www.burmeseclassic.com

www.burmeseclassic.com

# စေးမခန်းဆိုတာ ဘာကိုခေါ်တာလဲ
# ခြေကျိုးလက်ကျိုး ခါးရိုးကျိုးနဲ့အရိုးကျိုးပေါင်းကိုနိုင်သတဲ့လား

စေးမခန်းဆိုတာ ဘာကိုခေါ်တာလဲ စာရေးသူမသိရိုးအမှန်ပါ။ ရှမ်းအသံထွက်လား။ ဗမာအသံထွက်လားဆိုတာ ဝိုးတဝါးဖြစ်နေလို့ စာရေးသူတို့ရပ်ကွက်ရှိ လေးထပ်ဆရာတော်ကြီးဆီသွားမေးရပါတယ်။ လေးထပ်ဆရာတော်ကြီးဆိုတာ ဗန်းမော် မံရေးရွာသား၊ ရှမ်း-ဗမာ တိုင်းရင်းသားဖြစ်ပါတယ်။ စာတတ်ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ရှမ်းစကားနဲ့ ရှမ်းစာပေမှာ အလွန်ကျွမ်းကျင်ပါတယ်။

"စေးမခန်းဆိုတာ ဗမာစကားစစ်စစ်ပါဒကာကြီး။ ရှမ်းစကားမဟုတ်ပါဘူး။ စေးမခန်းအပင်ဆိုတာရှိတယ်။ အဲဒီအပင်ရဲ့အရွက်များကို ထောင်းလိုက်ရင် အစေးများထွက်လာတယ်။ အစေးများဟာ ဘယ်တော့မှ ခန်းခြောက်တယ်မရှိဘူး။ အမြဲတမ်း စိုစွတ်နေတယ်။ ဒါကြောင့် စေးမခန်းလို့ခေါ်တာပါ ဒကာကြီး။ အဲဒီစေမခန်းပင်ဆိုတာ အပင်ကြီးမျိုးမဟုတ်ဘူး။ အပင်ငယ်မျိုးဖြစ်တယ်။ အရွက်ဟာ အလွန်အဖိုးတန်တယ်။ အရွက်မှာ အစေးများပါနေတယ်။ အရွက်ကိုဖြတ်ကြည့်ရင် အစေးများဟာ ပိုးမျှင်လေးများလို လွဲလောင်းဖြစ်နေပါတယ်။ အရိုးနဲ့ပတ်သက်ပြီးဖြစ်တတ်တဲ့ အရိုးကျိုး၊ အရိုးကြေ၊ အရိုးအက်၊ အရိုးကျိုးပေါင်းနဲ့ အသားကြေခြင်းများကို ဒီစေးမခန်း ကောင်းကောင်းနိုင်တဲ့ဆေးတစ်လက်ပေါ့။ ဘုန်းကြီးရဲ့အဘိုးဟာ တိုင်းရင်းသမားတော်ကြီးပါ။ အရိုးကျိုးကုတဲ့နေရာမှာ အလွန်နာမည်ကြီးပါတယ်။ ဘုန်းကြီးဟာ (၅)နှစ်သားထဲက ဘုန်းကြီးကျောင်းသားဖြစ်ခဲ့လို့ အဘိုးရဲ့ဆေးကုသပုံကုသနည်းများကို ဘာမှမရလိုက်ပါဘူး။ ကျောင်းမနေမီကတော့ အဘိုးခိုင်းလို့ စေးမခန်းရွက်များကို သံဆုံနဲ့ထောင်းပေးရတာကိုတော့ မှတ်မိပါတယ်။ စေးမခန်းရွက်ဟာ တော်တော်စေးတာပဲ။ ထောင်းရင်းထောင်းရင်း ကျည်ပွေ့ကိုနုတ်လိုက်တဲ့အခါ သံဆုံကြီးပါ မြောက်တက်ပါလာတတ်ပါတယ်။ အဲဒီလောက်အထိအောင် စေးမခန်းဟာ သတ္တိရှိပါတယ်။ အဘိုးရဲ့အိမ်မှာဆိုရင် အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့ လူနာ(ခြေကျိုး၊ လက်ကျိုး၊ ခါးကျိုး) တွေက အပြည့်ပဲ။ အိမ်ရဲ့အနောက်ဘက်မှာ တဲတန်းလျားကြီးထိုးပြီး လူနာတွေကို ကုသရပါတယ် ဒကာကြီး။ ဘုန်းကြီးက ဒီလောက်ပဲ မှတ်မိပါတယ်။ ဘုန်းကြီးရဲ့ခမည်းတော်နဲ့မယ်တော်တို့ကတော့ အဘိုးရဲ့ဆေးကုသတဲ့အမွေကို ရလိုက်ပါတယ်။ ဒါပေမယ့် ဘုန်းကြီးရဲ့ခမည်းတော်ဟာ အဘိုးလောက် နာမည်မကြီးခဲ့ပါဘူး။

ဒကာကြီးကို အကြံပေးလိုက်ပါ့မယ်။ ဒီနေ့ ဗန်းမော်မှာ နာမည်ကြီးနေတဲ့ တိုင်းရင်းမြန်မာသမားတော်ကြီး ဆရာသော်ဆီသွားလိုက်ပါလား။ သူ့ဆီရောက်ရင် စေးမခန်းနဲ့ကုသပုံကုသနည်းများကိုသိရပါလိမ့်မယ်။ ဘုန်းကြီးကျောင်းက ကိုရင်လေးတစ်ပါး ညအချိန်မှာ ထန်းပင်ပေါ်တက်ပြီး အိုးခံထားတဲ့ ထန်းရည်ခိုးသောက်စဉ် ပြုတ်ကျလို့ ခြေရောလက်ပါကျိုးခဲ့ပါတယ်။ လူကတော့ မသေရုံတမယ်ပေါ့။ ဆေးရုံရောက်တော့ ဆရာဝန်များက ခြေထောက်ကို ဒူးဆစ်နားကဖြတ်မယ်။ လက်ကိုတော့ ကျောက်ပတ်တီးကိုင်ပေးမယ်ပြောလို့ ဘုန်းကြီးလည်း ကိုရင်လေးကို ဆရာသော်ဆီခေါ်သွားခဲ့ပါတယ်။ ဆရာသော်ကစမ်းသပ်ပြီး ဆေးအုံပေးပါခဲ့ပါတယ်။ တစ်လခွဲလောက်ကြာတော့ ခြေထောက်လည်း အရိုးဆက်သွားတယ်။ လက်လည်းအရိုးဆက်သွားခဲ့ပါတယ်။ အားလုံးကောင်းသွားခဲ့ပါတယ်"

စာရေးသူဟာ လေးထပ်ဆရာတော်ကြီးဆီမှ စေးမခန်းနဲ့ပတ်သက်ပြီး အတော်အသင့်သိခဲ့ရလို့ ဝမ်းသာခဲ့ရပါတယ်။

နောက်တစ်နေ့ မနက်ပိုင်းမှာပဲ စာရေးသူဟာ တိုင်းရင်းသမားတော်ကြီး ဆရာသော်ဆီရောက်ခဲ့ပါတယ်။ ဆရာသော်ဆီမှာ စာရေးသူသိလိုတဲ့စေးမခန်းအကြောင်းကို မေးဖြစ်ပါတယ်။

"စေးမခန်းဆိုတာ ဗမာစကားဖြစ်တယ်။ စေးမခန်းအပင်ရဲ့အရွက်ဟာ အစေးများလွန်းတယ်။ အရွက်ကို ထောင်းပြီးလုံးထားရင် ဘယ်တော့မှ အစေးဟာ ပျက်ပြယ်ခြောက်မသွားပါဘူး။ အဲဒါကြောင့် စေးမခန်းလို့ ရှေးဆရာကြီးများက ခေါ်ခဲ့ပုံရပါတယ်။ အပင်ကြီးမျိုးမဟုတ်ဘူး။ ခါးလောက်ရှိတဲ့ အပင်ငယ်မျိုးဖြစ်တယ်။ စေးမခန်းအပင်အမျိုးပေါင်း (၇)မျိုးရှိတယ်လို့ပြောကြတယ်။ ကျုပ်ကတော့ (၂)မျိုး၊ (၃)မျိုးပဲတွေ့ဖူးတယ်။ အမှန် တော့ အားလုံး စေးမခန်းပင်များဟာ အရိုးကျိုးများကို ကုသတဲ့ဆေးပင်များ ဖြစ်ပါတယ်။

ကျုပ်ဇာတိက မိုးမောက်မြို့နယ် စီကော်ရွာကပါ။ အဖေရဲ့အမွေကိုဆက်ခံပြီး ဒီနေ့အထိ အရိုးကျိုးလူနာများကို ကုသပေးနေတဲ့ဆရာတစ်ယောက်ဖြစ်ပါတယ်။ မြန်မာပြည်မှာ တိုင်းရင်းဆေးစစ်စစ်နဲ့ ခြေကျိုး၊ လက်ကျိုး၊ ခါးရိုးကျိုးများ၊ အရိုးကျိုးပေါင်းစတဲ့ အရိုးနဲ့ပတ်သက်တဲ့ ဆေးဆရာများ အလွန်ရှားနေပါတယ်။ ဒါကြောင့် ဘွဲ့ရပြီး ကျုပ်သမီးကိုတောင် တိုင်းရင်းဆေးလက်မှတ်ရအောင်လုပ်ပေးပြီး ကျုပ်အမွေကို ဆက်ခံခိုင်းထားတယ်။ ကျုပ်အိမ်ဘေးကိုကြည့်လိုက်ပါ။ ကျုပ်ဆောက်ထားတဲ့ဆေးရုံဆေးခန်းကို တွေ့ရပါမယ်။ အဲဒီဆေးရုံဆေးခန်းဟာ အရိုးကျိုးလူနာတွေအတွက် ကုသတဲ့အဆောင်ဖြစ်ပါတယ်။ လူနာ (၂၀)၊ (၃၀) ကတော့ အမြဲမပြတ်ရှိတယ်။ အနယ်နယ်အရပ်ရပ်က လူနာ(အရိုးကျိုး) တွေများပါတယ်။ (တစ်ခါတစ်ခါ ဆေးရုံကြီးက မကုသနိုင်တဲ့ အရိုးကျိုးတွေလည်း ရောက်လာတတ်ပါသည်။)

ရောက်လာတဲ့လူနာ (အရိုးကျိုး) တွေကို ကျုပ်ရယ်၊ ကျုပ်ဇနီးရယ်၊ ကျုပ်သမီးရယ် စမ်းသပ်စစ်ဆေးပါတယ်။ အဖြေအတိအကျရပြီဆိုရင် အရန်သင့်ထောင်းထားပြီးဖြစ်တဲ့ စေးမခန်းကို ငှက်ပျောရွက်ပေါ်မှာ ခပ်ထူထူလေးဖြန့်ပေးပြီး ကျိုးနေတဲ့နေရာမှာ ပတ်ပတ်လည်အုံလိုက်ပါတယ်။ အရိုးတည့်မတ်သွားအောင် ဝါးတန်းလေးများနဲ့ ကြပ်စည်းလိုက်ပါတယ်။ (၃)ရက်(၁)ကြိမ်ဆေးလဲပေးပါတယ်။ ဒီလိုဆေးစည်းထားချိန်မှာ အရေးအကြီးဆုံးက ဆေးနဲ့ကိုက်ညီအောင်ဖော်စပ်ထားတဲ့မန်းဆေးကိုတော့ တစ်နေ့ (၃)ကြိမ်တိုက်ပေးပါတယ်။ ဒါမှ လူနာမှာ မန်းမရှိတော့ပဲ အရိုးဆက်သွားမှာ"

ဆရာသော်ပြောလိုက်မှ စေးမခန်းဆိုတာ အရိုးကျိုးအတွက် အင်မတန်အသုံးဝင်တဲ့ဆေးဖြစ်ကြောင်းသိရပါပြီ။ ရှေးဆရာကြီးများရဲ့ (အရိုးကုဆရာကြီးများရဲ့) လက်ကိုင်ဆိုတာလည်း နားလည်ခဲ့ရပါပြီ။ ခေတ်ကာတိုးတက်နေတာနဲ့အမျှ အရိုးကျိုးသမားတွေဟာ တစ်နေ့ထက်တစ်နေ့များလာနေပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးဆရာများ အနေနဲ့ အသုံးပြုနိုင်ရန် စေးမခန်းပင်များကို အရိုးကျိုးများအတွက် ရှာဖွေစိုက်ထားကြပါလို့ တင်ပြလိုက်ပါတယ်။

ဗန်းမော်ညီသူ

www.burmeseclassic.com

"ဟေ့ - မင်းတို့ ငါ့ကို ဘာမှဆရာလုပ်စရာမလိုဘူး။ ရှေးထုံးဆိုတာ လူတွေက သတ်မှတ်တာပါကွာ။ ရှေးထုံးကိုလည်းပယ်သင့်ရင် ပယ်ရမှာပဲ။ ရှေးထုံးတွေထဲမှာ အဓိပ္ပာယ်မရှိတဲ့ သတ်မှတ်ချက်တွေ အများကြီးရှိတယ်ကွ။ ဘာတဲ့ စလောင်းနှစ်ချပ်တီးရင် ကျားကြီးကိုက်တတ်တယ်ဆိုတာတို့၊ လေပွေတိုက်တဲ့ အထဲဝင်ကြည့်ရင် တစ္ဆေသရဲတွေ့တတ်တယ်ဆိုတာတို့ အလကားအဓိပ္ပာယ်မရှိတဲ့စကားတွေပါ။ ငါကတော့မယုံဘူး။ ဒါကြောင့် မင်းတို့ဘာပြောပြော ငါကတော့ ဒီပျဉ်ချပ်တွေယူမှာပဲကွ"

"အေးလေ၊ ပြောမရရင် မင်းသဘောပဲ။ ငါတို့ကကောင်းစေချင်လို့ လူကြီးသူမတွေရဲ့ လမ်းညွှန်သတ်မှတ်ချက်တွေကို မင်းသိအောင်ပြောရတာပါ။ ဖြစ်လာတော့ရင်လည်း မင်းဖြစ်ရင်မင်းခံပေါ့ကွာ"

"ဟော့ကောင် စိုးနိုင်၊ ဘုရားဒကာလိုလိုကျောင်းဆရာလိုလိုနဲ့ ငါ့ကို တရားပြ ဆရာလုပ်တွေလာလုပ်မနေနဲ့။ လက်တွေ့မမြင်ရသမျှ ငါကဘာမှလက်မခံဘူးကွ။ လမ်းတံတားတွေခင်းထားတဲ့ ပျဉ်ဟောင်းမှ မကောင်းဆိုးဝါးတွေရှိနေရင်လည်း ငါနဲ့တွေ့ကြတာပေါ့ကွာ"

လမ်းအလုပ်သမားများဖြစ်သည့် အေးကို၊ စိုးနိုင်နှင့် သန်းဝင်းတို့ပြောဆိုငြင်းခုံနေကြသည်ကို နားစွန်နားဖျားကြားလိုက်ရ၍ အဘဦးလှ စိတ်ဝင်စားသွားသည်။တစ်ယောက်နှင့်တစ်ယောက် နင်ပဲငဆပြောရင်း အချင်းများရန်ဖြစ်ကြမှာကိုလည်း စိုးရိမ်သွား၏။

"ဟဲ့ကောင်လေးတွေ ဘာဖြစ်နေကြတာလဲ။ ကတ္တရာလောင်းပြီးပြီလား။ အလုပ်မလုပ်ကြဘဲ ငြင်းခုံစကားများကြရင်း တစ်ယောက်နဲ့တစ်ယောက်မခံနိုင်ကြလို့ ရန်ဖြစ်နေကြဦးမယ်"

"ကတ္တရာကလောင်းပြီးပါပြီ။ ကျန်နေတာဆက်ဖို့က လမ်းပေါ် ကကျောက်၊ သဲတွေကို စက်ကြီးကြိတ်နေသေးလို့ ထမင်းစားပြီးမှပဲ လောင်းလို့ရမှာပါ။ ကျွန်တော်တို့ စကားများနေကြတာမဟုတ်ပါဘူး။ တံတားဟောင်းကဖျက်ထားတဲ့ပျဉ်တွေကို အေးကိုက အိမ်သုံးဖို့ယူမယ်ဆိုလို့ ကျွန်တော်နဲ့ စိုးနိုင်က မသုံးကောင်းတဲ့အကြောင်း တားတာကို ဒီကောင်က လက်မခံဘဲ ဘာလို့မသုံးကောင်းရမှာလဲ။ ရှေးထုံးဆိုတာ အလကားပါ။ မယုံဘူးလို့ အတွန့်တက်နေတာကြောင့် မင်းဖြစ်ရင် မင်းခံရမှာပဲလို့ပြောနေရတယ် အဘလှရေ"

ဟု သန်းဝင်းပြော အေးကိုကလည်း -

"ဒီကိစ္စ အဘလှဝင်မှဖြစ်ပေတော့မည်"

"အေး - မင်းတို့ပြောဆိုနေတာ တချို့တစ်ဝက်တော့ ကြားလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ်ကွယ် ကိုယ်မယုံရင်နေပေါ့။ ပစ်ပယ်တဲ့စကားမျိုးတော့မပြောသင့်ဘူးပေါ့။ ရှေးထုံးလည်းမပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့တဲ့။ ရှေးထုံးပယ်တော့ လွဲတတ်တယ်၊ ဈေးသုံးလွယ်တော့ မွဲတတ်တယ်လို့ဆိုထားတာမို့ မမှန်ဘဲနဲ့ ရှေးထုံးစဉ်လာဆိုရိုးစကားတွေဖြစ်မလာပါဘူးလေ။ အခုနက မောင်အေးကို ပြောတဲ့စကားထဲမှာ စလောင်းနှစ်ချပ်တီးရင် ကျားကြီးကိုက်တတ်တယ်ဆိုတာက တကယ် ကျားထွက်လာပြီး ကိုက်မှာကိုဆိုတာမဟုတ်ဘဲ မြေနဲ့လုပ်ထားတဲ့ စလောင်းဖုံးနှစ်ချပ်ကို တူရိယာပစ္စည်းလင်းကွင်းလိုတီးရင်ကွဲသွားမှာပေါ့။ အဲဒါကြောင့် ရှာရှာဖွေဖွေ ဆော့တတ်တဲ့ ကလေးတွေကြောက်ပြီး ယူမဆော့ရဲအောင် တစ်ဖက်လှည့်နဲ့ခြောက်ထားတာပါ။ တိုက်ရိုက်အဓိပ္ပာယ်မယူဘူးကွယ်။ အဲဒီလိုပဲ မောင်အေးကိုရဲ့ နောက်စကားတစ်ခွန်းဖြစ်တဲ့ လေပွေတိုက်တဲ့အထဲဝင်ကြည့်ရင် တစ္ဆေသရဲတွေ့တတ်တယ်ဆိုတာကလည်း လေပွေတိုက်နေတဲ့အထဲဝင်ပြီး မျက်စိဖွင့်ကြည့်ရင် အမှိုက်သရိုက်အမှုန်အမွှားတွေ မျက်စိထဲဝင်ပြီး မျက်စိအတွက် အန္တရာယ်ရှိနိုင်လို့ ကလေးတွေ မလုပ်ရဲအောင် တစ္ဆေသရဲနဲ့ခြောက်ထားတဲ့သဘောပါကွာ။ ဒါကြောင့် ရှေးထုံးတွေက မမှားပါဘူး။ အဓိပ္ပာယ်ကိုတော့ တစ်ခါတစ်ရံ နက်နက်နဲနဲတွေးယူရတာပေါ့ကွယ်"

ဟု အဘလှကဆက်ပြောခဲ့သည်။

"မောင်စိုးနိုင်တို့မောင်သန်းဝင်းတို့ တားကြတဲ့ အများသုံးတံတားခင်းတဲ့ ပျဉ်တွေကိုမသုံးကောင်းဘူးဆိုတာလည်း အမှန်ပဲကွ။ အများပိုင်ပစ္စည်းဖြစ်လို့ တစ်ကြောင်း၊ အဟောင်းအဆွေးတွေမို့ တာရှည်မခံဘဲ အန္တရာယ်ရှိနိုင်တာတစ်ကြောင်း၊ လမ်းနယ်မှာရှိပြီး မကောင်းဆိုးဝါးတွေ ကပ်တွယ်နေနိုင်တာကြောင့် တစ်ကြောင်းကြောင့် ရှေးလူကြီးတွေက မသုံးကောင်းဘူးလို့ သတ်မှတ်ထားကြတာပဲလေ။ ဒါကြောင့် အဘလှကလည်း လူကလေး မောင်အေးကို ဒီပျဉ်တွေ မယူသင့်ဘူးလို့တားချင်တယ်ကွယ်"

အဘလှက အေးကို နားလည်နိုင်အောင် အကျိုးအကြောင်း အတွေ့အကြုံများနှင့်ရှင်းပြ၏။ အေးကိုကတော့ လက်ခံချင်ပုံမရ။ ဟောဒီ လှိုင်တော်-မော်ချီးလမ်းပိုင်းကို တံတားဆောက်၊ လမ်းပြင်လုပ်ငန်းတွင် အသက်အကြီးဆုံးဖြစ်သလို လုပ်ငန်းအတွေ့အကြုံပါ အရှင့်ဆုံးဖြစ်ကာ အလုပ်သမားခေါင်းဆောင်ဖြစ်သူ အဘလှကို ပြန်မပြောရဲသဖြင့်သာ ငြိမ်နေလိုက်ရသော်လည်း အေးကိုစိတ်ထဲမှာမူ တံတားဖျက်ထားသောပျဉ်များထဲမှ သူ့စိတ်ကြိုက်ရွေးထားသည့်ပျဉ်များကို မရရအောင်သယ်မည်ဟု သန္နိဋ္ဌာန်ချခဲ့သည်။




❑

အေးကို မရရအောင် သယ်လာခဲ့သော တံတားပျက်မှပျဉ်များဖြင့် အိမ်ခြံဝင်း၏အပြင်ဘက် ရေနုတ်မြောင်းကို

www.burmeseclassic.com

ဖြတ်၍ (၅ ပေ × ၃ ပေ) အရွယ် တံတားလေးခင်းခဲ့သည်။ သပ်သပ်ခံ့ခံ့ဖြစ်သွားသည့် မြောင်းကူးတံတားလေးကို ကြည့်ကာ အေးကို ကျေနပ်နေမိသည်။ သူ့အတွေးတွင် အဘလှနှင့် သူ့သူငယ်ချင်းများ ဘာတတ်နိုင်သေးသလဲဟုတွေးရင်း ပြုံးမိသေးတော့သည်။

ရေနုတ်မြောင်းမှာ အိမ်ခြံဝင်း၏အပြင်ဘက်တွင်ရှိသည့်အတွက် မြောင်းကူးတံတားလေးမှာ ခြံစည်းရိုးနှင့် အနီးဆုံး ဖြစ်၏။ ခြံအတွင်းဘက်တွင် အိမ်



www.burmeseclassic.com

www.burmeseclassic.com

သာ (ရေအိမ်) ရှိနေခဲ့ရာ မြောင်းကူး တံတားနှင့် စည်းရိုးခြားလျက် (၅) ပေ ခန့်သာ ဝေးလေသည်။

လင်နှင့်မယားနှစ်ဦးတည်းသာရှိ သည့် အေးကိုတို့ ဇနီးမောင်နှံမှာ ညစာ စား၊ တီဗွီကြည့်၍ ည(၁၀)နာရီခန့်တွင် အိပ်ရာဝင်ခြင်းသည် နေ့စဉ်အလေ့အထ ပုံမှန်ပင် ဖြစ်သည်။ ယံနေ့လည်း တီဗွီ ကလာသည့် ကိုးရီးယားဇာတ်လမ်းတွဲ ပြီး၍ အိပ်ရာမဝင်မီ အပေါ့အပါးသွား ရာမှ ဇနီးသည် မထွေးခင်မှာ အလန့် တကြား အိမ်ထဲသို့ပြေးဝင်လာပြီး -

"ကိုအေး ကိုအေး သူခိုးလား၊ လူ ဆိုးလား အိမ်ခြံဘေးမှာကပ်နေတယ် ထင်တယ်။ ကျွန်မအိမ်သာဝင်နေတုန်း အသံတွေကြားရလို့ ကြောက်ပြီးပြေး လာခဲ့ရတယ်"

"မင်းကလည်းကွာ၊ ငါတို့မြို့မှာ ဘယ်တုံးက သူခိုးဓားပြရှိဖူးလို့လဲ မင်း စိတ်ကထင်တာနေမှာပါ။ လာသွားကြည့် ကြမယ်။ စားပွဲပေါ်က ဓာတ်မီးယူလာခဲ့"

ဇနီးမောင်နှံနှစ်ဦး လက်နှိပ်ဓာတ် မီးယူ၍ အိမ်နှင့် ပေ (၅၀) ခန့်ဝေးသည့် ရေအိမ်ဆီသို့ ခြေသံလုံလုံဖြင့်သွားကြည့် ကြသည်။ ရေအိမ်အတွင်း လျှပ်စစ်မီး ထွန်းထားသော်လည်း အလုံပိတ်အုတ် ကာအဆောက်အအုံဖြစ်၍ ဘေးဘက် များသို့ အလင်းရောင်မဖြန့်ချေ။ ရေအိမ် အနီးရှိ မြောင်းကူးတံတားအဝင် တံခါး ကိုဖွင့်၍ကြည့်ရာတွင်လည်း မည်သည့် အရိပ်အယောင် အသံဗလံမျှ မတွေ့ရ၊ မကြားကြရပါ။

"ကဲ - ငါမပြောဘူးလား။ မင်းစိတ် ထင်နေလို့ပါ။ ခွေးတစ်ကောင်ကြောင် တစ်မြီးမှမရှိပါဘူးကွ"

"ဟုတ်တယ်နော်။ အခုနကတော့ တကယ့်အသံတွေ ကြားရတာပါရှင်။ ကျွန်မလိမ်မပြောပါဘူး ကိုအေးရယ်"

- လင်မယားနှစ်ယောက် စိတ်ကျေ နပ်သည်အထိ လက်နှိပ်ဓာတ်မီးဖြင့် နေရာအနှံ့ထိုး၍ရှာဖွေသော်လည်း ဘာမှ မတွေ့မမြင်ရသဖြင့်အိပ်ရာဝင်ခဲ့ကြသည်။

တီဗွီကြည့်ရင်းစားခဲ့သည့် ပဲကြီး လှော်နှင့် ရေနွေးကြမ်းတို့၏ ဂုဏ်သတ္တိ က အပေ့ါအပါးသွားချင်ရုံသာမက ဗိုက် ပါရစ်လာ၍ အေးကို အိမ်သာသို့ထပြေး ခဲ့ရသည်။ လက်မှာပတ်ထားသည့် နာရီ ကိုကြည့်တော့ (၃) နာရီကျော်နေပြီ။ အစာပောင်းကို အားပါးတရစွန့်ပြီး နောက် ရေဆေးရေလောင်းကာ ပုဆိုး ပြင်ဝတ်နေစဉ် ခြံဝင်းအပြင်မှ မိန်းမတစ် ယောက်အသံနှင့် ကလေးငိုသံကိုကြား လိုက်ရသဖြင့် နားစိုက်မိသည်။ အသံ များကိုမူ ကွဲကွဲပြားပြားမကြားရချေ။ အိမ်သာတံခါးကိုဟ၍ ခြံအပြင်ဘက်ကို ချောင်းကြည့်ရာ မသဲမကွဲအရိပ်သဏ္ဌာန် နှစ်ခုကို မြင်လိုက်ရသည်။ ပို၍သေချာ စေရန် တံခါးကိုဖွင့်၊ ချောင်းဆိုးသံပေး ကာ ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် အရိပ်များမြင်ရသည့်နေရာကိုကြည့်ပါ သော်လည်း ဘာမှမတွေ့ရပါ။ လူတို့ အရိပ်အယောင်နှင့် အသံကြားရာနေရာ မှာ မြောင်းကူးတံတားနေရာဖြစ်နေသည် ကို တွေ့ရသည်။

အေးကိုယောင်ချာချာနှင့်ဇဝေဇဝါ ဖြစ်နေရာမှ ဇနီးသည် မထွေးခင်ပြော သည့် အသံများကြားရသည်ဆိုသည်မှာ တကယ်များဟုတ်လေသလားဟုအတွေး ဝင်ခဲ့မိသည်။ ပင်ကိုက အကြောက်အ လန့်မရှိသူဖြစ်၍ ခြံတံခါးကိုဖွင့်၍ ပတ် ဝန်းကျင်အနှံ့ ဓာတ်မီးဖြင့်ထိုးကာ ရှာဖွေ ခဲ့သော်လည်း အချည်းနှီးသာ။ မကျေ နပ်သဖြင့် တံခါးရှေ့ရှိ တံတားပေါ်တွင် ထိုင်စောင့်ကြည့်ခဲ့သော်လည်း ထူးခြားမှု တစ်ခုမှမတွေ့ခဲ့ရ။ မြို့လယ် မွေတော် ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်း ခေါက်သံကြားရ၍ အရုဏ်တက်ပါပေါ့ လားဟုသောအသိဝင်ကာ အိပ်ရာသို့ ပြန်ရောက်ခဲ့သည်။

မနက်(၇)နာရီထိုး အိပ်ရာကနိုး တော့ အေးကို ညကအဖြစ်အပျက်တွေ ကို ပြန်စဉ်းစားမိသည်။ မြောင်းကူး တံတားနားကအသံတွေကြားရသည်မှာ အမှန်ပင်ဖြစ်သည်။ မိမိသာမက ထွေးခင် လည်းကြားရသည်။ အရိပ်အယောင် မသဲမကွဲကိုပါ ကိုယ်တိုင်မြင်ခဲ့ရသည်။ အဘလှနှင့် သူငယ်ချင်းများပြောသလို မသုံးကောင်းသည့် တံတားပျက်မှုပျဉ် များကိုသုံးမိလို့များလားဟု သံသယဝင် လာရသည်။ ဘာပဲဖြစ်ဖြစ် ကနေ့ည တော့ လက်ဆုပ်လက်ကိုင်ပြနိုင်အောင် လုပ်ရမည်။ မကောင်းဆိုးဝါးသော သရဲ တစ္ဆေသောနားမလည်၊ အေးကို အစွမ်း ကိုပြရမည်ဟု စိတ်ထဲကကြိမ်းဝါးမိသည်။

ဇနီးဖြစ်သူ ထွေးခင်ကြောက်မည် စိုး၍ ဘာမှမပြောဘဲ ကနေ့ညတော့ အမေ့အိမ်သို့သွားအိပ်ခိုင်းလိုက်သည်။ တံအားလျော်စွာ အမေနှင့်အတူနေသူ ညီမက ညအိပ်ခရီးသွားသဖြင့် အမေ အဖော်ရရန် ထွေးခင်ကိုအိပ်ခိုင်းဖို့အဆင် ပြေသွားသည်။ ယခင်အခါများကလည်း သွားရောက်အိပ်နေကျဖြစ်၍ ထွေးခင်က လည်း အထွေအထူးဖြစ်မနေခဲ့ပါပေ။

အေးကိုတစ်ယောက် ည(၁၈)နာရီ ထိုးသည်နှင့် ရေအိမ်မီးကိုပင်မဖွင့်ဘဲ ရေအိမ်ထဲ၌ ကုလားထိုင်တစ်လုံးချကာ လက်နှိပ်မီးတစ်လက်ဖြင့် မနေ့ညက တွေ့ခဲ့ကြားခဲ့သည့် လက်သည်တရားခံ ဖမ်းရန် စောင့်နေမိသည်။ မီးရောင်မရှိ သဖြင့် အမှောင်ထဲတွင် ကိုက်နေသည့် ခြင်များကိုပင် အသံထွက်မည်စိုး၍ လက် နှင့်မရိုက်နိုင်ဘဲ လက်ဝါးဖြန့်ကာပွတ်ချေ နေရတော့သည်။ ခြင်များကိုသွေးလှူနေ ရသလိုပင်။ နာရီဝက်ခန့်သည်းခံစောင့် ဆိုင်းနေရာ အတန်ကြာတွင် ကလေးငို သံနှင့် မိန်းမတစ်ယောက်၏စကားပြော သံများကို စတင်ကြားလိုက်မိသည်။ အေးကိုမှာ အသက်ကိုပင်ပြင်းပြင်းမရှူ ဘဲ စကားသံများကို နားစိုက်ထောင်မိ သည်။

"အဟင့်ဟင့်အီးအီး မေမေရယ်၊ သားတို့ ဖေဖေ့ဆီသွားရအောင်ပါ။ သား ဒီနေရာမှာမနေချင်ဘူး။ ရုပ်ဆိုးဆိုးလူ ကြီးတွေကိုလည်း သားကြောက်တယ်၊ ဘာမှလည်းမစားရဘူး။ ဖေဖေ့ဆီသွားရ အောင်ပါနော် မေမေနော်"

"ဪ - သားလေးရယ်၊ မေမေ လည်း ဘယ်နေချင်ပါ့မလဲ။ သားဖေဖေ ဆီသွားရအောင်ကလည်း မေမေတို့နဲ့ ဘဝခြားသွားပါပြီကွယ်။ အခြားကိုသွား ဖို့ဆိုတာကလည်း နယ်ပိုင်ပုဂ္ဂိုလ်ကြီးတ ခွင့်ပြုမှသွားလို့ရတာပါသားရယ်။ သူက လည်း ခွင့်မပြုသေးတော့ ဘယ်မှမသွား ရသေးဘူးပေ့ါ။ တို့သားအမိ ဒီဘဝကနေ လွတ်မြောက်ဖို့ ကူညီမယ့်သူကိုရှာနေပါ တယ်။ ခဏတော့သည်းခံနေပါဦး သား လေးရယ်"

သားအမိနှစ်ဦး၏သနားဖွယ်အသံ များကို ကြားရ၍ အေးကို စိတ်မကောင်း ဖြစ်သွားရသည်။ ငါဘယ်လိုအကူအညီ ပေးရပါမလဲဟု သောကအတွေးဖြင့် အိမ်သာတံခါးဖွင့်ဆင်းလျက် အသံကြား ရာဆီသို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့် လိုက်သည်။ မြောင်းကူးတံတားလေး ပေါ်တွင် အဝါရောင်ဝမ်းဆက်ဝတ်ဆင် ထားသော မိန်းမသဏ္ဌာန်နှင့် အပြာ ရောင်အကျီရှည်၊ ဘောင်းဘီရှည်ဝတ် ဆင်ထားသည့်ကလေးသဏ္ဌာန်များကို မီးရောင်ဖြင့်မြင်လိုက်သည်။

အေးကိုလည်း ခပ်သုတ်သုတ် သွားကာ ခြံဝင်းတံခါးကိုဖွင့်လိုက်သည်။ ခြံပြင်ရောက်၍ မြောင်းကူးတံတားကို ကြည့်လိုက်ရာ မိန်းမနှင့်ကလေးသဏ္ဌာန် များကို မတွေ့ရဘဲ ပျောက်ခြင်းသို့ ပျောက်နေတော့သည်။ ထူးခြားမှုများ တွေ့ရဦးမလားဟု တွေးကာ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျဲင်အနံ့ လက်နှိပ်ခါတ်မီးဖြင့်ထိုးကာ ရှာဖွေကြည့်သော်လည်း ထူးခြားမှုတစ်စုံတစ်ရာမျှမတွေ့ရချေ။ ဝေမာနိကပြိတ္တာဘုံမှ မကျွတ်မလွတ်သူများဖြစ်ကြောင်း အေးကို သိလိုက်ရသည်။ တံတားပေါ်တွင်ရပ်ကာ တတ်သမျှမှတ်သမျှ ရတနာသုံးပါးဂုဏ်တော်များနှင့် ပရိတ်ဂါထာတော်များကို ရွတ်ပွား၍အမျှဝေမိသည်၊ အတန်ကြာရပ်လျက် စောင့်ကြည့်နေမိသော်လည်း ထူးခြားမှုမရှိသဖြင့် အိမ်ခြံဝင်းထဲသို့ပြန်ဝင်ခဲ့သည်။ အိပ်ရာပေါ်ရောက်သော်လည်း အိပ်မပျော်နိုင်သေးဘဲ မကျွတ်လွတ်နိုင်သေးသည့်ဒုက္ခသည်တစ္ဆေသရဲသားအမိနှစ်ဦးသဏ္ဌာန်ကိုသာ မျက်စိထဲမြင်နေမိသည်။အရိပ်အယောင်ပုံဟန်ပန်များကိုသာ မြင်လိုက်ရသော်လည်း မျက်နှာများကို ကွဲကွဲပြားပြားမမြင်လိုက်ရသဖြင့် ဘယ်သူတွေများဖြစ်မလဲဟု တွေးတောစဉ်းစားရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားပါတော့သည်။

❑

"အစ်ကိုကြီး၊ အစ်ကိုကြီး"

ခေါ်သံကို ကြားလိုက်ရသဖြင့် အေးကိုလန့်နိုးကာ မျက်စိဖွင့်ကြည့်မိသည်။ ခုတင်ဘေးတွင် ညှိုးနွမ်းသည့်မျက်နှာသွင်ပြင်များဖြင့် ရပ်နေကြသော မိန်းမတစ်ဦးနှင့် ကလေးတစ်ဦးကို အနီးကပ်တွေ့လိုက်ရတော့ အေးကိုလန့်သွားပြီး ငုတ်တုတ်ထိုင်မိသည်။ အခုနက မြောင်းကူးတံတားအနီးတွင် တွေ့လိုက်ရသည့်သားအမိနှစ်ဦးပဲဖြစ်ပေလိမ့်မည်။ အဝါရောင်အထက်အောက်ဝတ်ဆင်ထားသည့် မိန်းမငယ်မှာ အသက် (၂၅) နှစ်ကျော်ခန့်ရှိမည်ဖြစ်ပြီး ကြည့်ပျော်ရှုပျော်ရုပ်ရည်မျိုးဖြစ်သည်။ အပြာရောင်ဂျင်းဝမ်းဆက်နှင့် ကလေးငယ်မှာ အသက် (၆) နှစ်ခန့်ရှိပြီး ဝဝကစ်ကစ်နှင့် ချစ်စရာလေးဖြစ်သည်။ အေးကိုမှာ အံ့အားသင့်လျက် ဘာစကားမှမပြောနိုင်ဘဲ အာစေးထည့်ခံထားရသလို ကြောင်ကြောင်ကြီးကြည့်နေခဲ့မိပါသည်။

"အစ်ကိုကြီးရယ်၊ ကျွန်မတို့သားအမိကိုကယ်ပါ။ ကျွန်မတို့က ဒီနယ်ကမဟုတ်ပါဘူး။ မော်ချီးမှာ ခဲသတ္တုလုပ်နေတဲ့ ကျွန်မယောကျ်ားဆီကို သားလေးကျောင်းပိတ်ရက်မှာ လာခဲ့ကြတာပါ။ ပြီးခဲ့တဲ့လထဲမှာ ကျွန်မတို့လိုက်လာတဲ့ ကုန်တင်ယာဉ်က တံတားကျိုးပြီး ကားမှောက်ခဲ့လို့ ကံဆိုးလွန်းတဲ့ ကျွန်မတို့သားအမိ ကံနတွေပိကာ ပွဲချင်းပြီးသေဆုံးခဲ့ကြရပါတယ်။ ကားမှောက်တဲ့နေရာကတော့ အစ်ကိုကြီးတို့မြင်ခဲ့ကြတဲ့ တံတားပါပဲ။ ကျွန်မတို့သားအမိဘဝက ကံဆိုးလွန်းလှပါတယ်။ သေဆုံးပြီးတာတောင် ဘယ်သွားလို့ ဘယ်လာရမှန်း မသိရတဲ့ဘဝပါ။ကားမှောက်တဲ့ဝန်းကျင်မှာ နေစရာရှာတော့လည်း သွားကပ်တဲ့ သစ်ပင်ဝါးပင်မှန်သမျှက အရင်ရောက်နှင့်နေရာယူထားသူတွေနဲ့မို့ ဘယ်သူကမှ အကပ်မခံနေရာမပေးကြပါဘူး။ ကြောက်စရာကောင်းတဲ့ ပုံပန်းသွင်ပြင်တွေနဲ့ ခြောက်လှန့် နှင်ထုတ်ကြပါတယ်ရှင်၊ ဘယ်လိုမှနေစရာရှာမရတဲ့အဆုံးမှာတော့ တံတားကျိုးကဖျက်ပြီးပုံထားတဲ့ပျဉ်တစ်ချပ်ပေါ်မှာ သားအမိနှစ်ယောက်ဖြစ်သလိုနေရပါတယ်။ အခြားသွားမယ်ဆိုပြန်တော့လည်း နယ်ရှင်ပယ်ရှင်ပုဂ္ဂိုလ်တွေက မလွှတ်နိုင်သေးဘူးတဲ့လေ၊ ဒီလိုနဲ့ သားအမိနှစ်ယောက် ပျဉ်ချပ်ပေါ်မှာ ဖြစ်သလိုနေကြရပါတယ်၊ ဒီကြားထဲ ကျွန်မတို့နေတဲ့ပျဉ်ချပ်ကို အစ်ကိုကြီးက သယ်လာပြီး အိမ်နားမှာမြောင်းကူးတံတား ဆောက်ခဲ့တာကြောင့် အခုလို အစ်ကိုကြီးတို့အိမ်နားကို ကျွန်မတို့ရောက်နေရတာပါ။ ဒီနေရာမှာနေတော့လည်း အိမ်စောင့်နတ်တွေ၊ လမ်းမှာရှိနေကြတဲ့ ပြိတ္တာတောင်တွေက မျက်နှာသာမပေးကြဘဲ အမြဲခြိမ်းခြောက်နေကြလို့ သားလေးဆိုရင် ကြောက်ရှာလွန်းတာကြောင့် သူ့အဖေဆီသွားရအောင်ပါလို့ချည်းပြောနေရှာပါတယ်။

အခုတော့ အစ်ကိုကြီးက ကျွန်မတို့ကိုတွေ့မြင်ပြီး ပရိတ်တော်တွေရွတ်၊ အမျှဝေသံတွေကြားရတော့ ကျွန်မတို့ကို ကယ်တင်နိုင်မယ့်ပုဂ္ဂိုလ်ဖြစ်မှာပဲလို့ ယုံကြည်ပြီး ခြံစောင့်နတ်၊ အိမ်စောင့်နတ်တွေကို တောင်းပန်လျှောက်ထားအသနားခံပြီး အစ်ကိုကြီးဆီမှာလာရောက်အကူအညီတောင်းခံတာပါ။ ကျွန်မတို့ဒီဘဝဆိုးကကျွတ်ချင်လှပါပြီ။ ကျွန်မတို့အတွက် ကုသိုလ်ကောင်းမှုတွေပြုပြီး အမျှဝေတာတွေ ကျွန်မ ယောကျ်ားက တော့ပြုလုပ်မှာပါ။ ဒါပေမယ့် ဘယ်မှာလုပ်တာလဲဆိုတာမသိရလို့ ကျွန်မတို့မရကြပါဘူးရှင်။ ဒါကြောင့် ကျွန်မတို့သားအမိကို သနားသောအားဖြင့် ဒီဘဝကကျွတ်လွတ်အောင် ကုသိုလ်ကောင်းမှုပြုပြီး ရည်စူးအမျှဝေပေးဖို့ အစ်ကိုကြီးကို အသနားခံ တောင်းပန်ပါတယ်နော်။ ကူညီကယ်မပေးပါ အစ်ကိုကြီးရယ်"

အဆက်မပြတ် ပြောဆိုကယ်မပေးရန် အကူအညီတောင်းခံနေသော မကျွတ်မလွတ်သေးရှာသူ သားအမိကို ကြည့်၍ အေးကို အလွန်သနားသွားသည်။ ကိုယ်ချင်းစာစိတ်ဖြင့် ဘဝဆိုးကြီးကိုလည်းလွတ်စေချင်သည်။ သူတို့ကို ကူညီကယ်တင်ပေးခြင်းဖြင့် ကိုယ့်အတွက်လည်း ကုသိုလ်ရမှာပါလားဆိုသောအတွေးနှင့် သူတို့သားအမိကို ကုသိုလ်ပြုအမျှဝေပေးရန် ဆုံးဖြတ်လိုက်သည်။

"အေးကွယ်၊ မင်းတို့သားအမိ ဒီဘဝကကျွတ်စေဖို့ အစ်ကိုကြီးကုသိုလ်တောင်းမှုပြု အမျှအတန်းဝေပေးပါမယ်။ သန်ဘက်ခါ စနေနေ့မနက် (၁၁) နာရီကျော်မှာ သံဃာတော်များ ပင့်ဖိတ်ဆွမ်းတင်အမျှဝေပေးပါမယ်။ အမျှဝေပေးနိုင်ဖို့အတွက် မင်းတို့သားအမိရဲ့အမည်ကိုပြောခဲ့ပါ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်။အမျှဝေပေးနိုင်ဖို့ ကျွန်မနာမည်ကမြင့်မြင့်ဝင်းဖြစ်ပြီး သားလေးနာမည်က စည်သူဝင်းလို့ခေါ်ပါတယ်။ ကျွန်မယောကျ်ားနာမည်က ကိုသူရဇော်ပါ။ အစ်ကိုကြီးကပဲ သူ့ဆီကို အကြောင်းကြားပေးဖို့ ထပ်ဆင့်အကူအညီတောင်းပါရစေနော်။ ဟော-ခွင့်ပြုထားတဲ့အချိန်စေ့ပြီမို့ အိမ်စောင့်နတ်ကြီးက ကျွန်မတို့ကို ပြန်ခေါ်နေပါပြီ။ ကျေးဇူးရှင် အစ်ကိုကြီးကို ကန်တော့ခဲ့ပါတယ်ရှင်"

ခုတင်ဘေးတွင် ကျုံ့ကျုံ့လေးထိုင်ကြပြီး ကန်တော့နေသည့် ဒုက္ခသည်သားအမိအား သနားကြင်နာစွာကြည့်နေစဉ်မှာပင် မီးခိုးငွေ့တွေလိုလွင့်ပါပျောက်ကွယ်သွားကြရာ အေးကိုလည်း နိုးတစ်ဝက်အိပ်မက်အဖြစ် မျက်စိကိုဖွင့်ကြည့်မိသည်။ အိပ်ရာထက်တွင် မိမိတစ်ဦးတည်းသာရှိပြီး ဘေးပတ်ဝန်းကျင်တွင် ဘာကိုမှမတွေ့ရတော့။ အိပ်မက်လားတကယ်လား ဝိုးတဝါးဖြင့် နာရီကိုကြည့်လိုက်ရာ မနက် (၅)နာရီကျော်နေပြီဖြစ်ရာ ဆက်မအိပ်တော့ဘဲ ကမန်းကတမ်းထ မျက်နှာသစ်ကာ အဘလှနှင့် သူငယ်ချင်းများရှိရာ အလုပ်သမားတန်းလျားသို့ ပြေးထွက်ခဲ့ပါတော့သည်။

❑

"အဘလှရေ ကျွန်တော့်အဖြစ်ကတော့ဒါပါပဲ။ အိပ်မက်လိုလို တကယ်လိုလိုနဲ့ဝေခွဲမရလို့ အဘတို့ဆီပြေးလာခဲ့ပါ။ တကယ်ဟုတ်၊ မဟုတ်ကိုမသိပေမယ့် ထူးခြားတာက မကျွတ်မလွတ်သေးတဲ့အမျိုးသမီးနဲ့ ကလေးရဲ့အမည်ရောသက်ရှိထင်ရှားရှိနေတဲ့ သူ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

အမည်ပါ ပြောပြသွားကာ မှတ်မိနေတယ်လေ။ ကျွန်တော်ဘာဆက်လုပ်ရမလဲ။ လမ်းညွှန်ပြောပြစမ်းပါဦး အဘရယ်"

"မောင်အေးကိုရာ၊ မင်းကဖြစ်လိုက်ရင်တော့ အထူးအဆန်းချည်းပဲဟော့။ မကျွတ်မလွတ်နိုင်သေးသူတွေ အကူအညီတောင်းတာမို့ ကုသိုလ်ပြုပေးသင့်တာတော့ အမှန်ပဲကွယ်။ ကိုယ့်အတွက်လည်း ကုသိုလ်ရပါတယ်လေ။ အဘပြန်စဉ်းစားကြည့်တာ ပြီးခဲ့တဲ့လထဲမှာ တံတားကျိုးပြီး ကားမှောက်၊ လူတွေသေခဲ့တာလည်း အမှန်ပဲ။ မင်းတို့လည်းသိပြီးသားပါ။ လမ်းနဲ့တံတားအမြန်ပြင်ဖို့လိုတာမို့ အဘတို့အဖွဲ့ပဲပြင်ခဲ့ကြတာပဲလေ။ နေပါဦး မိန်းမနဲ့ကလေး ကားမှောက်ရာသေဆုံးခဲ့လို့ သက်ဆိုင်သူတွေက မြို့လယ်မွေတော်ကျောင်းမှာပဲ ရက်လည်ဆွမ်းကပ်ကြသေးတယ်မဟုတ်လား။ ဖိတ်စာလေးတောင်ရှိဦးမလားမသိဘူး။ အဘရှာကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို အဘလှက အနီးရှိစားပွဲပေါ်မှာ ရှာဖွေကြည့်သည်။ တွေ့ပါပြီ။ ရက်လည်ဆွမ်းသွပ်တရားတော်နာဖိတ်ကြားခြင်းတဲ့။ အဘလှနှင့်အေးကိုတို့သုံးဦးခေါင်းချင်းဆိုင်ကာ ဖိတ်စာလေးကို ဖတ်ကြသည်။ ကွယ်လွန်သူ ဇနီးမမြင့်မြင့်ဝင်းနှင့် သားလေး မောင်စည်သူဝင်းတို့ကို ရည်စူး၍ ခင်ပွန်းနှင့် ဖခင်ဖြစ်သူ ကိုသူရဇော်၏ရက်လည်ဆွမ်းသွတ်ဖိတ်စာလေးဖြစ်သည်။ အေးကို သိလိုက်ရသည့်အမည်များနှင့် တစ်ထပ်တည်းရယ်ပါ။ အိပ်မက်မဟုတ်။ အမှန်ဆိုတာ အေးကိုယုံသွားပြီ။

"အေးကိုရ၊ မင်းပြောတဲ့နာမည်များနဲ့ ဒီဖိတ်စာထဲက နာမည်တွေက အကုန်တူနေပါလားကွ။ မင်းကတိပေးထားတဲ့အတိုင်း ကုသိုလ်ပြု အမျှဝေပေးလိုက်ပါကွာ။ ငါတို့လည်း တတ်နိုင်သမျှ ကုသိုလ်ပါဝင်လှူဒါန်းပေးပါမယ်နော်"

လို့ စိုးနိုင်က အံ့သြဝမ်းသာစကားဆိုသလို သန်းဝင်းကလည်း -

"ဟုတ်တယ် အေးကိုရေ၊ သူတို့ခမျာ သနားပါတယ်။ ကုသိုလ်မရ၊ သာဓုမခေါ်နိုင်တော့ ပရလောကထဲမှာပဲ တဝဲလည်လည်ရှိနေကြရဦးမှာပါ။ တို့တစ်တွေဝိုင်းပြီး ကုသိုလ်ပြုပေးကြတာပေါ့ ကွာ"

ဟု ထောက်ခံခဲ့သည်။

"ကဲ - ဒါဆို အဘလည်းကုသိုလ်ပါမယ်။ အေးကို ကတိတည်နိုင်ဖို့လာမယ့် စနေနေ့မှာ ဘုန်းကြီးသုံးပါးပင့်ပြီး နေ့ဆွမ်းကပ်ကြမယ်လေ။ နေရာကိုတော့ အေးကိုတို့အိမ်မှာပဲလုပ်မယ်။ ကလေးမသွားအမိလည်း ဒီအနားမှာရှိနေမှာမို့ အဆင်ပြေတယ်ကွ။ အခုပဲ ဆရာတော် ဘုရားဆီ အဘသွားပြီးပင့်ဖိတ်လျှောက်ထားလိုက်မယ်။ မင်းတို့ကလိုအပ်တာတွေ ပြင်ဆင်ထားကြကွယ့်"

ပြောပြောဆိုဆိုပင် တိုင်မှာချိတ်ထားသည့် ဦးထုပ်ကိုယူဆောင်လျက် အဘလှထွက်သွားခဲ့ပါတော့သည်။

❑

သောကြာနေ့ ညကတည်းကပင် ဆွမ်းကွမ်းဝေယျာဝစ္စများကို ချက်ပြုတ်ပြင်ဆင်ကြသည်။ ဆွမ်းပွဲတင်မကအများစုပေါင်း၍ သက်န်းသုံးစုံပင်လှူနိုင်ကြသည်။ အေးကိုကလည်း ညကတည်းကပင် မကျွတ်လွတ်သေးသူ သားအမိကို နာမည်တပ်၍ မနက်ဖြန် ဆွမ်းကပ်တရားနာနှင့်သာဓုခေါ်ဆိုနိုင်ရန်လာကြဖို့ မြောင်းကူးတံတားနားသွားကာ အသံထွက်လျက်ဖိတ်ခေါ်ခဲ့သည်။

စနေနေ့မနက် (၁၀) နာရီတွင် သံဃာတော်သုံးပါးအား နေ့ဆွမ်းကပ်ကာ ကွယ်လွန်သူများကိုရည်စူး၍ တရားနာအမျှဝေခဲ့သည်။ ရေစက်ချတရားနာအပြီးတွင် အေးကိုက သက်ဆိုင်သူ မမြင့်မြင့်ဝင်းနှင့် သားလေး မောင်စည်သူဝင်းတို့၏ အမည်ကိုခေါ်ကာ အမျှသုံးကြိမ်ဝေခဲ့သည်၊ အမျှဝေသံဆုံးသည်နှင့် ထူးထူးခြားခြား အိမ်ထရံကိုပုတ်လိုက်သည့်အသံသုံးချက်ကို ကြားကြရသည်။

ဆရာတော်က -

"ဒကာကြီးတို့ ရည်စူးအမျှဝေမှုကို သက်ဆိုင်သူတွေ သာဓုခေါ်ဆိုနိုင်ပြီး ပရလောကကျွတ်လွတ်သွားကြပြီ။ ဝမ်းမြောက်ကြပေတော့"

ဟု အမိန့်ရှိခဲ့သည်၊

ရည်စူးဆွမ်းကပ်အမျှဝေပွဲကလေး အောင်မြင်စွာပြီးဆုံးသွား၍ အားလုံးက ဝမ်းမြောက်ဝမ်းသာရှိကြသည်၊

ညရောက်သည့်အခါ ဘာများထူးခြားမှုရှိဦးမလဲဟု သိလိုကြ၍ အဘလှနှင့် စိုးနိုင်၊ သန်းဝင်းတို့တစ်တွေ ည (၈) နာရီကပင် အေးကိုအိမ်သို့ စုရုံးရောက်နေကြသည်။ သန်းခေါင်ကျော်သည့်အထိ မည်သည့်အသံ၊ မည်သည့်အရိပ်အယောင်မျှမကြားရ၊ မတွေ့ရတော့ချေ။

"ကဲ - အေးကိုရေ ဟိုသားအမိတော့ လွတ်ရာကျွတ်ရာကောင်းရာမွန်ရာရောက်သွားကြပါပြီကွယ်။ တို့တစ်တွေပြုတဲ့ ကုသိုလ်ဒါနအမျှရသွားကြသလို တို့သံသရာအတွက် ကောင်းမှုတွေရကြတာပေါ့ကွာ။ လုပ်စမ်းပါဦးကွ။ ရှေးထုံးကိုလည်း ပယ်သင့်ရင်ပယ်ရမယ်ဆိုတဲ့ အကောင်း ခုတော့ ရှေးထုံးကိုပယ် ဓမ္မနှုရာယ်ဆိုတာ ယုံပြီလားဟေ့"

"ကျွန်တော်မှားပါတယ်အဘရယ်၊ လူကြီးသူမတွေရဲ့ အတွေ့အကြုံနဲ့အမြင်ကျယ်ကျယ် သွန်သင်မှတ်တမ်းပြုထားတာတွေဟာ အမှန်တွေပဲဆိုတာ ယုံပါပြီ ခင်ဗျာ။ ကျွန်တော်ရဲ့မဖြစ်စလောက်အတွေ့အကြုံ အတွေးအခေါ်လေးနဲ့ ပြက်ရယ်ပြု အန်တုမိတာတွေကိုလည်း နောင်တရပါပြီ။ ဒါပေမယ့် အဘရယ် ဓမ္မနှုရာယ်လို့ ဘာကြောင့်သုံးတာလဲဆိုကတော့ ရှင်းပြပါဦးအဘရယ်"

"အေး - မင်းတို့နားလည်အောင် အတိုချုံးရှင်းပြရရင်တော့ ဘုရားဟောတရားတော်တွေကို ဓမ္မလို့ခေါ်တယ်၊ မတိမ်းမစောင်း မှန်တဲ့သဘောကို ဓမ္မလို့ခေါ်တယ်လေ။ အဲဒီလိုပဲ နည်းလမ်းအကျ သွန်သင်ပြသ ဆိုဆုံးမတာတွေကလည်း ဓမ္မတွေပဲပေါ့။ ရှေးထုံးစဉ်လာဆိုတာတွေကလည်း အတွေ့အကြုံနဲ့ယှဉ်ပြီး နောင်လာနောက်သားများအတွက် လိုက်နာကျင့်ကြံနိုင်အောင် ချမှတ်ခဲ့တဲ့ လမ်းစဉ်တွေကိုလည်း ဓမ္မလို့ခေါ်ဆိုရမှာပဲမဟုတ်လား။ အဲဒီရှေးထုံးစဉ်လာတွေကို မောင်အေးကိုလို ဆန့်ကျင့်ပြီး လက်မခံဘူးဆိုရင်တော့ ဓမ္မအန္တရာယ်ဖြစ်တော့တာပဲပေါ့။ ဒါလောက်ဆိုရင်တော့ မင်းတို့နားလည်နိုင်ကြပြီလို့ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုကိစ္စမှာတော့ အဆိုးထဲကအကောင်းလို့ဆိုရမှာပေါ့လေ။ မောင်အေးကိုက ရှေးထုံးဆိုရိုးကိုမယုံဘဲ ပစ်ပယ်ဆန့်ကျင်ခဲ့မိလို့ ပရလောကသားဒုက္ခသည်သားအမိကို ကောင်းရာမွန်ရာရောက်အောင် ကူညီနိုင်ခဲ့တာတော့ အမွန်မြတ်ဆုံး ကုသိုလ်အရဆုံးလုပ်ရပ်ပေါ့ကွာ။ ဒါကြောင့် ငါ့တူ၊ ငါ့သားများ ရှေးထုံးစဉ်လာကို မဆန့်ကျင်ကြဘဲ လိုက်နာကြပါလို့ မှာပါရစေနော်"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော်တို့ ကောင်းကောင်းသဘောပေါက်ပါပြီ။ ရှေးထုံးကို လူတတ်ကြီးလုပ်ပြီး ဘယ်တော့မှမပစ်ပယ်တော့ပါဘူး ခင်ဗျား"

သံပြိုင်စကားဆို ကတိပေးခဲ့ကြသည့်သားတပည့်များဖြစ်သည့် အေးကို၊ စိုးနိုင်၊ သန်းဝင်းတို့ကို ကြည့်ပြီး အဘလှတစ်ယောက် ခေါင်းတညိတ်ညိတ်နှင့် ပီတိအပြုံးများ ဖြာဝေလျက်ရှိပါတော့သည်။


အံ့ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး
# ဓာတုအဆိပ်လွတ် ခြင်နိုင်ဆေး



၆-၆-၂၀၁၇ မှာ နေပြည်တော် ဇမ္ဗူရပ်မဟာဝိဟာရကျောင်းကြီးကျောင်းတိုက်အတွင်းမှာ တည်ဆောက်ထားတဲ့ မိဘမေတ္တာကျောင်းကို ရေစက်ချလှူဒါန်းပွဲပြုလုပ်မှာမို့ အလှူရှင်ဖြစ်တဲ့ ဓမ္မမိတ်ဆွေ ကိုတင်ထွန်းနဲ့ ကျွန်တော်ဟာ အလှူအတွက် ဒံပေါက်ပစ္စည်းတွေကြို တင်ဝယ်ယူခြင်း၊ ဖိတ်စာတွေလိုက်ဖိတ်ခြင်းပြုလုပ်နေကြရပါတယ်။ ပြုဖွယ်ကိစ္စတွေက အတော်များတာပါ။ ကားတစ်စင်းနဲ့နားရတယ်မရှိပါဘူး။

ပုဗ္ဗသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ် ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်တွေမှာ ရင်းနှီးသူတွေကို လိုက်ဖိတ်ရတာမို့ နေကပူပူနဲ့မချောင်လှပါဘူး။

ပျဉ်းမနားမြို့ရဲ့ မြို့မဈေးကြီးတောင်ဘက်မှာရှိတဲ့ ကျော်ညီနောင်ရပ်ကွက်ထဲက ကိုတင်ထွန်းရဲ့မိတ်ဆွေဟောင်းအိမ်တစ်အိမ်ရောက်တဲ့အခါမှာတော့ အိမ်ထဲဝင်လိုက်တာနဲ့ ထူးဆန်းတာလေးတွေ မြင်တွေ့ရပါတယ်။ ဘယ်မှာမှ မမြင်ဘူးတဲ့မြင်ကွင်းပါ။ အဲဒါက သံပုရာသီးထိပ်လေးတွေ လှီးဖြတ်ကာ အသားထဲကို လေးညှင်းပွင့်လေးငါးဆယ်ပွင့် ထိုးစိုက်ထားပြီး နေရာအနှံ့ဖြန့်ကာချထားခြင်းပါပဲ။ ဒါဘာလုပ်တာလဲဆိုတာ သိချင်လှပါတယ်။ အဲဒါကြောင့် မေးကြည့်ဖြစ်လာတယ်။

"ကျုပ်ရဲ့အဘွားကြီးက လေဖြန်းပြီး အိပ်ရာထဲလဲနေတာ (၃)နှစ်ရှိပါပြီ။ မြို့ပြဆိုတော့ ခြင်ကပေါတယ်လေ။ အဲဒါကြောင့် ခြင်နိုင်ဆေးခွေတွေထွန်းတယ်။ ခြင်နိုင်ဆေးခွေတွေက ဓာတုအဆိပ်ပါတော့ မတည့်ဘူးဗျာ။ ရောဂါပိုဆိုးတယ်။ ဒါနဲ့ ခြင်ဆေးခွေတွေ



မထွန်းတော့ဘဲ လျှပ်စစ်နဲ့ရှို့င်းတဲ့ခြင်ဆေးရည်ပုလင်းတွေသုံးတယ်။အနံ့တော့မထွက်ဘူး။ ဒါပေမယ့် အဲဒါနဲ့လည်း မတည့်ပြန်ပါဘူး။ ဒါနဲ့ မိတ်ဆွေတစ်ယောက်က သံပရာသီးထိပ်ဖြတ်ပြီး လေးညှင်းပွင့်လေးငါးပွင့်ထိုးထည့်ပြီးချထားရင် ခြင်မလာဘူးဆိုတာနဲ့ ကျုပ်အဲဒီနည်းသုံးနေတာ အတော်ကြာပါပြီ။ ဒီနည်းက ဓာတုအဆိပ်လွတ်တော့ အဆင်ပြေပါတယ်။

"တကယ်ကော ခြင်မလာဘူးလား"

"မလာပါဘူး။ ဒါပေမယ့် တစ်လုံးတည်းနဲ့တော့ မရဘူး။ အဘွားကြီးခုတင်ပတ်ပတ်လည်မှာ လေးငါးဆယ်လုံးချထားရတာပေါ့"

"တစ်ခါချထားရင် ဘယ်နှရက်ခံလဲဗျာ"

"အနည်းဆုံးတစ်ပတ်တော့ခံပါတယ်။ တစ်ပတ်ကျော်ရင် တစ်ခါအသစ်ပြန်ချရတာပါပဲ။ အပေါင်းအချို့လည်း အာနိသင်နည်းနည်းတော့ရှိမှာပါ။ အဲဒီတော့ ပုပ်မှအပေါင်းတွေသိမ်းပါတယ်။ သံပရာသီးအာနိသင်နည်းတာနဲ့ ခြင်တစ်ကောင်စနှစ်ကောင်စဝင်လာလေ့ရှိတယ်။ ဒါဆိုအသစ်ပြန်ချလိုက်တာနဲ့ ခြင်တွေမလာတော့ပါဘူး"

လို့ အိမ်ရှင်ဦးကြီးက စိတ်ရှည်လက်ရှည်ရှင်းပြပါတယ်။ အတော်ကောင်းတဲ့ခြင်နိုင်ဆေးနည်းပါပဲ။ ခုတင်ပေါ်မှာတော့ လေဖြန်းထားတဲ့အဘွားကြီးက ပက်လက်အနေအထားပါ။ စကားတောင်ကောင်းကောင်းမပြောနိုင်ရှာပါဘူး။ ကိုတင်ထွန်းရဲ့အလွန်ရင်းနှီးတဲ့မိတ်ဆွေတွေပါ။ မတွေ့တာ ကာလအတော်ကြာခဲ့ပြီလို့ ဆိုပါတယ်။ အဲဒီတော့ စကားစမြည်အတော်ကြာပြောဖြစ်ပါတယ်။ ကျောင်းရေစက်ချအလှူဖိတ်စာဖိတ်ခဲ့ပြီး လေဖြန်းထားတဲ့အဘွားအတွက်ဆေးဖိုး ကိုတင်ထွန်းက တစ်သောင်းခွဲလှူဒါန်းခဲ့ပါတယ်။ဒီအခါမှာ အဘွားကြီးက သာဓု (၃) ကြိမ်ခေါ်ပါတယ်။ ကျွန်တော်ကတော့ အဲဒီအိမ်ထဲက ထွက်လာခဲ့သော်လည်း သံပုရာသီးလေးတွေကို မြင်ယောင်နေမိပါတယ်။

ဒါဟာ မြန်မာ့ရိုးရာခြင်နိုင်ဆေးနည်းပါ။ မန္တလေးဟာ မြန်မာနိုင်ငံမှာ ခြင်အပေါဆုံးမြို့ပါ။ ခြင်အပေါပြိုင်ရင် မန္တလေးက ထာဝရတစ်နေရာမှာ မဖယ်စတမ်းနေရာယူမှာပါ။ အဲဒီခြင်အပေါဆုံး ပထမဆုအမြဲရတဲ့ မန္တလေးမှာကျတော့ အိမ်အတော်များများမှာ ညနေမိုးချုပ်စပြုတာနဲ့ နနွင်းတက်အခြောက်တွေမီးပုံရှို့ပြီး ခြင်တွေကိုနနွင်းမှိုင်းနဲ့တိုက်ပြီး မောင်းထုတ်လေ့ရှိတာပါ။ ဒါလည်း မြန်မာ့အစဉ်အလာနည်းပါ။ဓာတုအဆိပ်ရောစပ်ထားခြင်းမရှိသော်လည်း နနွင်းမှိုင်းငွေ့ဟာ မီးခိုးငွေ့မို့ ဓာတုအရှင်းမလွတ်ပါဘူး။

တောရွာအချို့မှာ နွားချေးခြောက်ကို မီးရှို့ပြီး မီးခိုးတိုက်တာ၊ ခြင်နှင်တာတွေရှိပါတယ်။ အချို့လည်း ထင်းမီးခိုးငွေ့နဲ့ ခြင်ကိုမောင်းထုတ်တာတွေရှိတယ်။ ဘယ်မီးခိုးမျိုးမဆို ခြင်ကြောက်ပါတယ်။ ကျွဲတင်းကုပ်၊ နွားတင်းကုပ်တွေမှာ ညအခါ ကျွဲ နွားတွေ မှက်၊ ခြင်၊ ယင်၊ ဖြုတ်မကိုက်ရအောင် ထင်းတုံးကြီးတွေပြီးမီးဖိုပေးထားရတယ်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဝန်းကျင်ဒေသတွေမှာကျတော့ ထင်းရှားပုံရတယ်။ ကျွဲ၊နွားတွေကို မီးဖိုမပေးကြဘူး။ ခြင်ထောင်ကြီးတွေနဲ့ ညသိပ်ကြပါတယ်။ အိမ်တိုင်း ခြင်ထောင်ကြီးတွေနဲ့ ကျွဲ၊ နွားတွေသိပ်တာ အဲဒီဒေသမှာပဲ မြင်ဖူးပါတယ်။ ဆက်စပ်လို့တင်ပြခြင်းပါ။ ခုလည်း ဓာတုအဆိပ်လွတ်ခြင်နိုင်ဆေးနည်းလေးကို တင်ပြလိုက်ခြင်းပါ။

*ချမ်းမြေ့ကြပါစေ*
နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

ငွေကြေးကိစ္စနဲ့ ပတ်သက်ပြီး အခက်အခဲအတော်ဖြစ်နေကြတဲ့သူတွေအတွက် ငွေဝင်အစီအရင်အတော်များများနဲ့ အကြံပြုခဲ့တာကြာပါပြီ။ ဒါပေမယ့် တချို့က မဖတ်ဖြစ်ခဲ့လို့လား မသိဘူး မသိလိုက်ကြဘူး။ တချို့ကတော့ သူရဿမဂ္ဂဇင်းကြီးမှာ အဲဒီငွေဝင်အစီအရင်တွေ ရေးလိုက်တဲ့အချိန်က ငယ်ရွယ်ပြီးစာဖတ်အားမရှိကြသေးဘူး။ ပတ်သက်ပြီး သိချင်နေကြသေးတဲ့သူရဿပရိသတ်ကြီးအတွက်ပါ အကျိုးများဖို့ ထပ်ပြီးတင်ပြလိုက်ပါဦးမယ်။

ငွေဝင်အစီအရင်ဆိုတော့ -

ငွေဝင်အောင်လုပ်တာပဲဆိုပြီး လောင်းကစားကိစ္စမျိုးတွေမှာတော့ စွမ်းမှာမဟုတ်ပါဘူး၊ ဝင်မှာလည်းမဟုတ်ပါဘူး။

အဲဒါကိုတော့ ကြိုတင်မေတ္တာရပ်ကြိုးစားရှာရင်းရလာတာတို့ အဲဒီလိုတော့ ဝင်လာပါလိမ့်မယ်။

ကိုယ့်နှလုံးသားထဲမှာ သစ္စာတည်ပြီး ပေးစရာရှိတာကိုပေးလေ ငွေထပ်ထပ်ဝင်လာလေကြုံရပါလိမ့်မယ်။

ပေးစရာရှိတာကိုပေးဖို့ဆိုပြီး ငွေဝင်အစီအရင်ကြောင့် ငွေဝင်လာပါရက်နဲ့ မပေးဖြစ်ရင်တော့ နောက်ပိုင်းငွေဝင်အားတစ်မျိုးပြောင်းသွားနိုင်ပါတယ်။ ဒါလေးလည်းသိထားရင် ပိုအဆင်ပြေပါလိမ့်မယ်။

ကဲ - ငွေဝင်အစီအရင်လုပ်မယ်၊ ပြီးရင် ကျွန်တော့်အမေဆီမှာ ပိုက်ဆံ



# ဆရာဦးမောင်မောင်သန်း

## (ရင်ကိုအေးမြစေသော)

## ဖြည့်ရင်း ဖြည့်ပါစေ

တောင်းမယ်၊လုပ်စရာရှိလို့ ဖြစ်မလားဆိုရင်တော့ မဖြစ်ပါဘူးလို့ဘဲပြောပါရစေ။

ငွေဝင်အစီအရင်လုပ်မယ်။ ချမ်းသာနေတဲ့သူငယ်ချင်းဆီသွားပြီး ပိုက်ဆံချေးချင်လို့ရမလားဆိုရင်လည်း မရပါဘူးလို့ အသိပေးချင်ပါတယ်။

ဒါဆို ငွေဝင်အစီအရင်ဟာ ဘာ

အခု အသက် (၂၀) ကျော်ပိုင်းလည်း ရောက်ရော ပြီးခဲ့တဲ့ (၁၅)နှစ်လောက်က ရေးခဲ့အကြံပြုခဲ့တာတွေကိုမသိကြတော့ပြန်ဘူး။ ခုမှပြန်စိတ်ဝင်စားကြတာ။

ဒါလည်း တစ်ပိုင်းပေါ့လေ။

အခုကို ငွေဝင်အစီအရင်နဲ့ ခံထားပါရစေ။

အေးအေးချမ်းချမ်းနဲ့ မှန်မှန်ကန်ကန်ဝင်မယ့်ငွေအတွက်သာ စွမ်းပါလိမ့်မယ်။

ဒါကတော့ ရစရာရှိတာတွေရလာတာတို့၊ ပေးစရာရှိတာကို ပေးချင်လို့



www.burmeseclassic.com

www.burmeseclassic.com

လဲ။

အဲဒီလို မေးသင့်ပါတယ်။ ငွေဝင်အစီအရင်က ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားနေသူတွေအတွက် လာဘ်တွေပွင့်လာစေတဲ့၊ ငွေဝင်အားကောင်းလာစေတဲ့အစီအရင်ပါပဲ။

အလကားနေရင်း ဘာအလုပ်မှ မလုပ်ဘဲ ဒီအစီအရင်ကိုလုပ်နေလို့တော့ ဘာမှထူးလာမှာမဟုတ်ပါဘူး။

အလုပ်လုပ်မှ ငွေဝင်မယ့်အစီအရင်ပါ။

ကြွေးရစရာရှိရင် ကြွေးတွေပြန်ရလာပါလိမ့်မယ်။ ကြွေးပေးစရာတွေရှိရင် ပြန်ပေးဖြစ်အောင် ငွေတွေတဖြည်းဖြည်းဝင်လာတတ်ပါတယ်။

ရစရာရှိတဲ့ငွေတွေဝင်လာတဲ့ငွေဝင်အစီအရင်ပါပဲ။


တချို့ဆို ဘယ်အဆောက်အအုံမှာ ဘယ်လောက်စိုက်ထားတယ် ပြန်မရသေးဘူးဆိုရင် ပြန်ရလာပါလိမ့်မယ်။

ဘယ်လုပ်ငန်းမှာဘယ်လိုငွေထည့်ထားတယ်။ ငွေကို မှန်မှန်ကန်ကန်နဲ့ ပြန်ထုတ်ချင်တယ်။ မလုပ်ချင်တော့ဘူးဆိုရင်လည်း ရလာပါလိမ့်မယ်။

အလုပ်လုပ်ရင်ရပါပြီ။

အရေးကြီးတာ ငွေကိုလေးစားဖို့တော့ အကြံပေးချင်ပါတယ်။

မြင်ဖူးပါတယ်။ လူတစ်ယောက်ဟာ သူ့မိသားစုကို သူရှာကျွေးတယ်။ ဝင်ငွေလည်းကောင်းတယ်။ သူကပိုက်ဆံအပ်လိုက်တဲ့အခါ သူ့ဇနီးက ပိုက်ဆံကိုဘေးမှာ ပစ်ချလိုက်တာတို့၊ ရန်ဖြစ်နေရင်းပေးရင် ပိုက်ဆံကို ခပ်လှမ်းလှမ်းမှာ လွှင့်ပစ်သလိုပစ်ချလိုက်တာတို့ အမြဲလုပ်ပါတယ်။ အဲဒီတုန်းကပြောပြခဲ့ပါသေးတယ်။





www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ကြည့်လုပ်နော်။ ငွေကိုလူကခင်မှ ငွေကလူကိုခင်တာ မင်းယုံလား။ မင်းမိန်းမအဲလိုလုပ်နေတာ ငါမြင်တာတော့ သုံး၊လေးခါရှိပြီ။ မကောင်းဘူး မလုပ်စေနဲ့ -

လို့ သတိပေးခဲ့ပါတယ်။ ဒါပေမယ့် မရပါဘူး။ နောက်ပိုင်းတော့ တဝေါဝေါဝင်နေတဲ့သူဟာ တိုင်းသုံးရတဲ့ဘဝရောက်သွားပါတော့တယ်။

အဲဒီလိုတွေလုပ်တာဟာ ငွေကိုမထေမဲ့မြင်လုပ်တာနဲ့တူတူပါပဲ။ အဲဒီလိုလူမျိုးတွေတွေ့ရင် သတိထားကြည့်ပါ။ သူတို့ဟာ ရှာရဖွေရအတော်ကျပ်နေကြသူတွေဖြစ်နေပါလိမ့်မယ်။

ဒါ သဘောလောက်ပြောပြတာပါ။

ငွေကိုလေးစားပါ။ ငွေကပြန်ခင်လာပါလိမ့်မယ်။ မယုံမရှိပါနဲ့။

ပိုက်ဆံကို တယုတယလုပ်နေဖို့ပြောတာမဟုတ်ပါဘူး။ ခုနလို လွှင့်ပစ်တာတို့၊ ပစ်ချတာတို့မလုပ်ရင် ရပါပြီ။

ပြီးတော့ မဆဲပါနဲ့။

မြင်ဖူးပါတယ်။ ဒီသောက်ဆံကလည်းကွာဆိုပြီး ဆဲရေးတိုင်းထွာတဲ့လူတွေလည်း တွေ့ဖူးပါတယ်။ မနက်စာနဲ့ညစာကိုပြေးလွှားပြီးရှာနေရတဲ့သူတွေချည်းပါပဲ။

ကိုယ်က တန်ဖိုးထားပါ။ ငွေကပြန်ခင်လာပါလိမ့်မယ်။ မိသားစုသုံးတဲ့စည်းကမ်းကတော့ ကိုယ်ကအသိဆုံးမို့ ကိုယ့်ဟာကိုယ်သတ်မှတ်ပါ။ ခပ်လွယ်လွယ်လုပ်ပစ်ရင်တော့ ခပ်လွယ်လွယ်ထွက်နေမှာပါပဲ။ စုမရဆောင်းမရဖြစ်နေတတ်ပါတယ်။ ဒီစည်းကမ်းကတော့ ကိုယ့်နဲ့ပဲဆိုင်ပါတယ်။ ငွေဝင်လာရင်တော့ ကြည့်သုံးပေါ့။

နောက်တစ်ခု -

မရှိစကားမပြောပါနဲ့။

မြင်ဖူးပါတယ်။ အလိုက်ကန်းဆိုးမသိလာလာငွေချေးလွှန်းတဲ့သူရဲ့ဒဏ်ကို မခံနိုင်တော့လို့ -

အဲဒီလူကိုရော အဲဒီလူကြားလောက်မယ့် ပတ်ဝန်းကျင်ကိုရော မရှိဘူး၊ မရှိဘူး၊ လက်ထဲလည်း တစ်ပြားမှမရှိဘူး ပြောရင်းပြောရင်း တကယ်မရှိသွားရသူတွေလည်း တွေ့ဖူးပါတယ်။

ဒါကြောင့် မရှိစကားမပြောပါနဲ့။

လုပ်ငန်းထဲမှာထည့်ထားတယ်။ ပစ္စည်းဝယ်ထားတယ်။ ငွေပိုမထားဘူး။ ဒီလိုလေးတွေလောက်ပဲ ပြောရင်ရပါတယ်။ နိမိတ်နောက်ကို တကယ်လိုက်သွားတဲ့ကိစ္စတွေရှိနေတတ်လို့ပါ။

ဒါဆို ငွေကြေးနဲ့ပတ်သက်ပြီး ဗဟုသုတရွေးလေးတွေ အတန်အသင့်လောက်သိသွားလောက်ပါပြီ။

ဒါဖြင့် ငွေဝင်အစီအရင်စပါပြီ။

ဟိုးတုန်းက ရေးပြခဲ့ဖူးပါတယ်။ လက်တွေ့ချမ်းသာကြွယ်ဝသွားကြတဲ့သူတွေကို ဆရာသခင်ပေးခဲ့တဲ့နည်းပါ။

ပိုက်ဆံအိတ်ထဲကို ပုတီးကိုင်ထားတဲ့လက်ထည့်ပြီး ဒိဝါတပတိဂါထာတစ်ပတ်စိပ်တာ။

မနက်အရုဏ်တက်မစိပ်နိုင်လည်း ဝေလီဝေလင်းမှာထစိပ်ပါ၊ ရပါတယ်။ စိပ်နေရင်း တဖြည်းဖြည်းနဲ့ ပတ်ဝန်းကျင်မှာ အလင်းရောင်တွေဖြာလာတာပိုကောင်းပါတယ်။

နာရီတွေ၊ မိနစ်တွေ၊ နေ့ရက်တွေ သတ်မှတ်ရမှာ ခက်ခဲနေရင် ဘယ်နေ့မဆိုစိပ်ပါ။ နေ့စဉ်မပျက်စိပ်ပါ။

အရေးကြီးတာ ကိုယ့်စိတ်ဟာ ဒီနည်းအတိုင်း ရွတ်ဖတ်ပုတီးစိပ်တဲ့အခါ စိတ်ကကြည်လင်နေဖို့၊ ပီတိဖြစ်နေဖို့ပါဘဲ။ ဒါမှလည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ဖြစ်နေမှာပါ။

ယုံကြည်မှုလည်း စွမ်းအားသတ္တိတွေရလာမှာဖြစ်ပါတယ်။

ဟုတ်မှဟုတ်ပါ့မလားဆိုရင် အစထဲကမလုပ်ပါနဲ့တော့။

ဖြစ်မှဖြစ်ပါ့မလားဆိုရင်လည်း မဖြစ်တော့ပါဘူး။

စိပ်တော့မယ်ဆိုရင် ပိုက်ဆံအိတ်ကိုတော့ ခပ်ဖြည်းဖြည်းလေးပုတ်ပါ။ လှုပ်နှိုးလိုက်ပြီလို့ယုံထားပါ။ ဒိဝါတပတိဂါထာပဲရွတ်ပြီးပုတ်ပါ။

ပိုက်ဆံတွေဝင်လာရင် အဲဒီအိတ်ထဲအရင်ထည့်ပါ။

အိတ်က ပုတီးစိပ်ပြီးရင် သူ့နေရာသူ ဗီရိုထဲဖြစ်ဖြစ်ပြန်ထည့်ထားပါ။ ဗီရိုထဲ၊ သေတ္တာထဲမှာ တခြားငွေထည့်သိမ်းတဲ့အိတ်တို့၊ အံဆွဲတို့၊ သေတ္တာတို့ဆိုရင်လည်းဖွင့်ပြီး ဖြည်းဖြည်းချင်းပုတ်ပါ။ ဒိဝါတပတိရွတ်ပြီးပုတ်ပါ။ မိုးလင်းတာနဲ့ ပုတ်ထားပါ။ ယုံယုံကြည်ကြည်လုပ်ပါ။ နေ့တွေရက်တွေ၊အချိန်အခါတွေမသတ်မှတ်ပါနဲ့။

ငါ့အတွက် အပေါ်ဆုံးဟာ ငွေပဲဆိုပြီးအမြဲတမ်းပြောခိုင်းတဲ့၊ အာရုံစူးစိုက်ခိုင်းတဲ့ တွေးခေါ်ရှင်ကြီးတွေရဲ့အဆိုအမိန့်ကို မယုံမကြည်မလုပ်ပါနဲ့။ အမှန်တကယ်ဖြစ်လာတာ ကိုယ်တွေ့ကြုံရပါလိမ့်မယ်။

လက်တွေ့လည်း မြင်ဖူးပါတယ်၊

ခပ်ပျော်ပျော်နေတတ်တဲ့လူတစ်ယောက်ပါ။ သူက ကလေးဝတ်အင်္ကျီလေးတွေရောင်းတာ။ ဘယ်သူနဲ့တွေ့တွေ့ စိတ်ညစ်လောက်အောင်ငွေတွေဝင်လွန်းတော့ ဘယ်ထားလို့ထားရမှန်းမသိဘူးဗျာ။ ငွေချည်းပဲလိမ့်ဝင်နေတာပဲ။ကျွန်တော့်အတွက်တော့ ငွေကပေါလျှံနေတော့ နည်းနည်းတောင်အနေခက်တယ်ဆိုပြီး အမြဲနောက်ပြောင်ပြောတယ်။ သူပြောရင် လူတွေကတဝါးဝါးနဲ့။ လူချစ်လူခင်ကလည်းပေါပေါ့။ သူပြောတာကို ဘာလို့ရယ်တာလဲဆိုတော့ သူ့ခမျာအရောင်းအဝယ်ပါးလို့ ငုတ်တုတ်ထိုင်ထိုင်နေရတာများလို့ပါပဲ။

ဟော - အဲဒီလူဟာ သူအဲသလိုတွေ ခပ်တည်တည်နဲ့ပြောပြီး နောက် (၃) နှစ်လောက်အကြာမှာ အမိုးဖွင့်ကားလေးတစ်စီးပိုင်နေတာ တွေ့ရတယ်၊ ခပ်တည်တည်ပဲ။ ခုလည်းအဲသလိုပြောနေတုန်းပဲ။ သူက အတည်ပေါက်နဲ့ပြောတာ။

အဲဒီလိုမြင်ဖူးတယ်။

ယုံကြည်ချက်အပြည့်နဲ့ အဲသလိုပြောရင်း တကယ်ဖြစ်လာတဲ့သူတွေပြောပြတာကိုလည်း နားထောင်ပြီး သူတို့နဲ့မိတ်ဆွေဖြစ်ခဲ့ရပါတယ်။ ပီတိဖြစ်ရပါတယ်။

နောက်သလိုလိုနဲ့ အတည်ပေါက်ပြောတဲ့သူတောင်ဖြစ်လာသေးတယ်။

ယုံယုံကြည်ကြည်နဲ့ပြောရင် ဘာလို့မဖြစ်ရမှာလဲ။


ယုံယုံကြည်ကြည်နဲ့ အာရုံစူးစိုက်ထားရင် ဘာလို့မဖြစ်ရမှာလဲ။

ဒါကြောင့် မိုးလင်းတာနဲ့ ဒိဝါတပတိဂါထာရွတ်ပြီး ငွေထည့်မယ့်အိတ်မှန်သမျှပုတ်ပေးပါ။ လှုပ်နှိုးပေးပါ။ ငွေဝင်လာပါလိမ့်မယ်။

နောက်တစ်ခုကတော့ -

ငွေဆိုတဲ့ တနင်္လာနံရဲ့မိတ်နေ့ဓာတ်အခါပါပဲ။ အင်္ဂလိပ်စကားနဲ့ပြောရရင် တြိရန်းနေ့ စတုရန်းအခါပါပဲ။

အဲဒါကတော့ ဗုဒ္ဓဟူးနေ့ ကြာသပတေးအခါဖြစ်ပါတယ်။




နာရီနဲ့ပြောရရင် ဗုဒ္ဓဟူးနေ့မနက် (၁၀) နာရီခွဲနဲ့ (၁၂) နာရီကြားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်ဟာ တစ်ပတ်မှာ တစ်ရက်၊ တစ်ရက်မှာ တစ်နာရီခွဲသာရပါတယ်။ အမိအရစီရင်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။

ကိုယ့်မှာ အလုပ်ကမအား။ ဒီအချိန်ကိုလည်း လက်လွှတ်မခံချင်ဘူးဆိုရင်တော့ အဲဒီအချိန်မှာ ဒိဝါတပတိဂါထာကို မနားတမ်းရွတ်နေပါ။ ပြောစရာရှိရင်တော့ပြော၊ လုပ်စရာရှိရင်တော့ လုပ်ပေါ့။ မပြောဖြစ်တဲ့အချိန်တွေမှာ တောက်လျှောက်ရွတ်နေပါ။

ဘယ်နေရာမှာဖြစ်ဖြစ်ရွတ်နေပါ။

အားလပ်ရင်တော့ အဲဒီအချိန်မှာ ဒိဝါတပတိကို ပုတီးစိပ်ပါ။ တနင်္လာနံတွေ ဆွမ်းတော်ကပ်ပါ။ အဲဒီအချိန်ထိ မရောင်းရသေးတဲ့ဆိုင်တွေဆိုရင် အဲဒီအချိန်မှာ ပိုက်ဆံသိမ်းမယ့်အိတ်ထဲ ငွေစထည့်ပြီး ဒိဝါတပတိဂါထာတောက်လျှောက်ရွတ်နေပါ။ တစ်ကြိမ်ကနှစ်ကြိမ်ဆို ဆက်ဝင်လာပါလိမ့်မယ်။

အဲဒီလို မိတ်နေ့စာဝှက်ချိန်မဟုတ်ရင်လည်း တနင်္လာနံအမြင့်ဆုံးဖြစ်တဲ့ ဂုရုချိန်တွေကို သတိထားပြီး ရွတ်ပေးပါ။

အဲဒီဂုရုချိန်တွေကတော့ -

တနင်္ဂနွေနေ့ဆိုရင် -

မွန်းလွဲ (၁) နာရီကနေ (၃) နာရီကြား။

တနင်္လာနေ့ဆိုရင် -

မနက် (၉) နာရီနဲ့ (၁၀) နာရီခွဲကြား။

အင်္ဂါနေ့ဆိုရင် -

ညနေ (၃) နာရီနဲ့ (၄) နာရီခွဲကြား။

ဗုဒ္ဓဟူးနေ့ဆိုရင် -

မနက် (၁၀) နာရီခွဲနဲ့ (၁၂)နာရီကြား။

ကြာသပတေးနေ့ဆိုရင် -

မနက် (၆)နာရီနဲ့ (၇)နာရီခွဲကြား။

ညနေ (၄) နာရီနဲ့ (၇) နာရီခွဲကြား။

သောကြာနေ့ဆိုရင် -

မွန်းတည့် (၁၂) နာရီနဲ့ (၁) နာရီခွဲကြား။

စနေနေ့ဆိုရင် -

မနက် (၇) နာရီခွဲနဲ့ (၉)နာရီကြား

အဲဒီလိုအချိန်လေးတွေတော့ သိထားရပါလိမ့်မယ်။ တစ်ခုခုလေးနဲ့ ရေးမှတ်ထားပါ။

ပိုက်ဆံအိတ်ထဲလက်ထည့်ပြီးပုတီးစိပ်တာကတော့ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် မခွဲခြားပါဘူး။ ဘယ်သူစိပ်စိပ်စွမ်းတာချည်းပါပဲ။ အရေးကြီးတာ ပိုက်ဆံအိတ်သေးညှောင်ညှောင်ထဲကို တတ်သီးကတ်သတ်ထည့်ပြီးမစိပ်ပါနဲ့။ အိတ်ကြီးကြီးထဲကို ချောင်ချောင်ချိချိထည့်စိပ်ပါ။ ပေါ့ပေါ့ပါးပါးစိပ်ပါ။ လွတ်လွတ်လပ်လပ်စိပ်ပါ။ မွန်းကျပ်နေစရာမလိုပါဘူး။ စိတ်ရှည်လက်ရှည်သာစိပ်ပါ။

ငွေခက်တယ်ဆိုတာ တနင်္လာနံခက်တာပါပဲ။

ဒါကြောင့်မို့ -

ငှက်ကလေးတွေ၊ ခွေးလေးတွေကိုတော့ ကြုံတိုင်းအစာကျွေးပါ။ မေတ္တာပြည့်ဝနဲ့ကျွေးပါ။ ငွေကိစ္စကိုမေ့ထားပြီးကျွေးပါ။ ကိုယ်လုပ်ရမယ့်အလုပ်ကိုယ်လုပ်ပါ။ ငွေက သူ့ဟာသူဝင်လာပါလိမ့်မယ်။ ခြေမကောင်း၊ ခါးမကောင်းသူတွေကို တွေ့ရင်လည်း ဆေး၊ ငွေ၊ အာဟာရလှူပါ။ ဒါဟာ တနင်္လာနံအခက်အခဲတွေကို တတ်နိုင်တဲ့ဘက်က ပံ့ပိုးပေးခြင်းပါပဲ။

အခု ပြောပြခဲ့တာလေးတွေကို မရှင်းသေးရင် အထပ်ထပ်ပြန်ဖတ်ပါ။

ယုံယုံကြည်ကြည်နဲ့ ပြုလုပ်ပါ။ အချိန်ယူပြီးပြုလုပ်ပါ။

လက်တွေ့အကျိုးများနေကြသူတွေ မနည်းတော့ပါဘူး။

တနင်္လာနံအမြင့်ဆုံးဖြစ်တဲ့အချိန် ရွတ်ဖတ်ရင်းနဲ့ ဝင်လာတဲ့ငွေဖြစ်လို့ ဝင်လာတာများလာရင် အလှူတော့တစ်နိုင်လှူပေးပါ။ ဘုရားပန်းဝယ်လှူတာ၊ သစ်သီးဝယ်ဆွမ်းကပ်တာတို့ကတော့ ဝင်လာတိုင်းပြုလုပ်ပါ။

ဒီလိုပါပဲ၊ ဒိဝါတပတိဂါထာတော်ကြီးကို အိတ်ထဲထည့်ပုတီးစိပ်ပြီးဝင်လာတဲ့ငွေဆိုရင်လည်းဦးဆုံးလှူလှူပေးပါ။ ဒါမှ ဆက်ကာဆက်ကာဝင်မှာဖြစ်ပါတယ်။ ငွေဝင်အားကောင်းလာပါလိမ့်မယ်။

ငွေဝင်အစီအရင်ကြောင့် ငွေတွေဝင်အားကောင်းလာပြီဆိုရင် ငွေမြဲနေအောင် ငွေထားဖို့လည်း စဉ်းစားမှရမှာဖြစ်ပါတယ်။

အဲဒါကတော့ ခုနပြောသလို ငွေထည့်တဲ့အိတ်တွေ၊ ဗီရိုတွေ၊ အံဆွဲတွေကို မနက်မိုးလင်းတာနဲ့ဖွင့်ပြီး ဒိဝါတပတိဂါထာရွတ်ရင်း သာသာလေးပုတ်ပုတ်ပေးဖို့ပါပဲ။

ငွေဝင်အစီအရင်လုပ်တဲ့ပုတီးထည့်စိပ်တဲ့အိတ်ထဲကိုတော့ ဒီနေ့အတွက်ဝင်လာတဲ့ငွေ ဒါမှမဟုတ် အရောင်းအဝယ်ကရတဲ့ငွေခဏထည့်ထား။မနက်လင်းတော့ စောစောက လက်နဲ့ပုတ်ထားတဲ့အိတ်ကြီးတွေ၊ အံဆွဲတွေထဲပြောင်းထည့်ပေါ့။

ဒါပေမယ့် ပုတီးထည့်စိပ်တဲ့အိတ်ကြီးထဲမှာလည်း ငွေမပြတ်အောင်ထားဖို့ မမေ့ပါနဲ့။ တစ်ထောင်တန်ပဲထားထား၊ ငါးထောင်တန်ပဲထားထား၊ တစ်သောင်းတန်ပဲထားထား ဘယ်လောက်ပဲထားထား ငွေနဲ့ထိပြီးစိပ်တာမို့ ထားတော့ထားရပါလိမ့်မယ်။ ဒါလည်း ဟိုအရင်က ရေးပြခဲ့ပြီး၊ အကြံပြုခဲ့ပြီးပါပြီ။ ယုံယုံကြည်ကြည်နဲ့စိပ်ကြလို့ အောင်မြင်ကြသူတွေကြောင့် ပီတိတွေဖြစ်လိုက်ရတာမှ၊

ငွေမဝင်စရာအကြောင်းလည်းမရှိပါဘူး။ ဘာလို့လဲဆိုတော့ အိတ်ကငွေဝင်လာရင်ငွေထည့်တာ၊ ပုတီးက ကုသိုလ်တောင်းမှုပြုတာ၊ ဒိဝါတပတိဂါထာတော်ကြီးက ဣစ္ဆာသယ။ အားလုံးစုံညီသွားတဲ့အခါကျတော့ ဘုန်းပွင့်လာဘ်ပွင့် ဖြစ်တော့တာပါပဲ။

ဒါဖြင့် -

ခုထိ ဖတ်လာပြီးပြီဆိုရင် -

ငွေနဲ့ပတ်သက်ပြီး ဆင်ခြင်စရာလေးတွေလည်းသိသွားပြီ။

နိမိတ်ကောင်းပြုပြီး ငွေဝင်တဲ့သဘောလည်း ဗဟုသုတရပြီ။

ဒီလိုဆို-

အိတ်ကြီးထဲထည့်ပုတီးစိပ်မလား။

ဒါမှမဟုတ် ဂုရုချိန်ကိုရွေးပြီးသတိထားပြီးရွတ်မလား။

ရပါပြီ။

ယုံကြည်မှုဟာ အင်မတန် အရေးကြီးပါတယ်။

လက်တွေ့အောင်မြင်ပြီး လက်တွေ့ငွေဝင်အားတွေကောင်းနေကြတဲ့နည်းတွေပဲဖြစ်ပါတယ်။

ငွေဝင်အစီအရင်တွေ အများကြီးရှိကြပါတယ်။ -

စွမ်းကြတာချည်းပါပဲ။

အောင်မြင်ကြတာချည်းပါပဲ၊

အဲဒီလိုအောင်မြင်ကြတဲ့နည်းတွေအများကြီးထဲက -

အခု ပြသလိုက်တဲ့နည်းနှစ်နည်းနဲ့ ပါထပ်ပြီး ချမ်းသာခြင်းတွေ များစွာကို ဆောင်ယူလိုက်ပါဦးလို့ မင်္ဂလာနိမိတ်တောင်းပြောရင်း -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com


www.burmeseclassic.com

# မောင်လှိုင်သစ်(မိုးကုတ်)
# မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့ လူနဲ့သဘာဝဆက်ဆံရေး


စာရေးသူ၏မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့လူနဲ့သဘာဝဆက်ဆံရေး (၁) အမည်ရှိ ဆောင်းပါးစာပိုဒ်ကို ဤသုရဿမဂ္ဂဇင်းကြီး၏ ၂၀၁၇၊ မေလထုတ်တွင်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုဆက်လက်၍ အမှတ် (၂) ဆောင်းပါးကိုရေးသားပါဦးမည်။ မိုးကုတ်မြို့နယ်၏ ကျောက်မျက်သမိုင်းအကြောင်းကို ရေးရာတွင် သဘာဝသယံဇာတကျောက်မျက်များနှင့် လူဆက်ဆံရေး၊ လူနှင့်လူချင်းဆက်ဆံရေးဖြစ်သော ကျောက်မျက်ရှာဖွေတူးဖော်ကြသူများအချင်းချင်း၊ ကျောက်မျက်ရောင်းဝယ်ဖောက်ကားသူများအချင်းချင်း၊ ရောင်းဝယ်သူ၊ တူးဖော်သူများနှင့် ပွဲစားများအချင်းချင်း၊ ကျောက်မျက်လုပ်သားများနှင့် လုပ်ငန်းရှင် ကွင်းပိုင်(ပေါလံ) များအချင်းချင်း အာဏာပိုင်အစိုးရနှင့်ရောင်းသူ၊ ဝယ်သူ တူးဖော်သူ ကွင်းပိုင်ရှင်ပွဲစားများအချင်းချင်းဟူသော ဆက်ဆံရေးအကြောင်းအရာများကို ဖော်ထုတ်တင်ပြရေးသားမှသာ မိုးကုတ်ကျောက်မျက်သမိုင်းကို ပြီးပြည့်စုံသည့်အခြေအနေမဟုတ်သည့်တိုင် အကြမ်းဖျင်း ခြုံငုံသိရှိနိုင်လိမ့်မည်ဟု ယူဆမိပါသည်။ စာရေးသူ၏ ပေါ့ဆမှုကြောင့် ပျောက်ဆုံးခဲ့ရသည့် စာရေးသူ၏'မိုးကုတ်ကျောက်မျက်နိဒါန်း'အမည်ရှိစာမူကို ယခုတစ်ဖန် ပြန်လည်၍ မိမိမှတ်မိသမျှ အကျဉ်းချုပ်ရေးသားရခြင်းဆိုပါက ပိုမှန်ပေမည်။

စာရေးသူတို့နေထိုင်ရာ မိုးကုတ်မြို့နယ်၏ မူလအစသည် ရှေးနှစ်ပေါင်း (၈၀၀) ခန့်ထက်မနည်း ကြာမြင့်ခဲ့ပြီးဖြစ်သည်။ ရေမြေတောတောင်၊ ရာသီဥတုနှင့် လူမျိုးစုများ၏ သဘာဝအစစ်အမှန်မှာ ရှမ်းပြည်နယ်ပင် ဖြစ်ပေသည်။ ရှေးမြန်မာဘုရင်များနှင့် နယ်ချဲ့အင်္ဂလိပ်တို့၏ မြန်မာပြည်အတွင်းသွတ်သွင်းမှုကြောင့်လည်းကောင်း၊ ခေတ်အဆက်ဆက် အုပ်စိုးခဲ့ကြသော အစိုးရတို့၏ ဆက်လက် အသိအမှတ်ပြုမှုကြောင့်လည်းကောင်း၊ ယခုအခါတွင် မြန်မာပြည်ကြီး၏ တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းသို့ ရောက်ရှိနေရခြင်း ဖြစ်ပါသည်။ ၁၂၅၂ ခုနှစ် မွန်ဂိုမင်းတို့ မြန်မာနိုင်ငံကို စတင်ကျူးကျော်စဉ်က နန်းချိုခေါ် ရှမ်းပြည်ကိုအစိုးရသော ရှမ်းဘုရင်များ တောင်ပိုင်းသို့ ဆုတ်ခွာသွားခဲ့ရသည်။ ထိုစဉ်ကာလကတည်းက တည်ရှိခဲ့သော လူနေအရပ်ဒေသဖြစ်ခဲ့သည်။

မိုးကုတ်မြို့နယ်သည် ဆိုခဲ့ပြီးသည့်အတိုင်း ရှမ်းပြည်နယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေရာ ရှမ်းရိုးမတောင်တန်းကြီး၏ မြောက်ဖျားအစွန်တွင် တည်ရှိသည်။ အအေးပြင်းထန်ခြင်း၊ မိုးများခြင်း၊ တောတောင်ထူထပ်ခြင်းသဘာဝအနေအထားများရှိသည်။ မြေပြန့်လွင်ပြင်နည်းပါး၍ လယ်ယာစိုက်ပျိုးနိုင်သည့် အခြေအနေမရှိပါ။ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ (၄၀၀၀) ကျော် တောင်တန်းဒေသဖြစ်၍လည်း ကျွန်းသစ်၊ သစ်မာ စသည့် တန်ဖိုးကြီး သစ်ကြီးဝါးကြီးများမပေါက်ရောက်ပါ။ မြို့နယ်လူထု၏စားဝတ်နေရေး၊ အသက်ရှင်သန်နိုင်ရေးဘို့မှာ သဘာဝကပေးသောကျောက်



ထမ်းတွင်း၊ ခဲတွင်း၊ (ဗိုင်းတွင်း) ပုံ



မြောတွင်းပုံ

www.burmeseclassic.com

www.burmeseclassic.com



ထေးပင်တွင်းပုံ



ကလေးငယ်တစ်ဦး ခနဲ့ရှာနေပုံ

မျက် ရှာဖွေတူးဖော်ရောင်းဝယ်ဖောက်ကားရေးသော အဓိကစီးပွားရေးဖြစ်နေပါသည်။ မိုးကုတ်မြို့နယ်သည် သက်ရင့်ကျောက်တောင်ကျောက်ဆောင်များနှင့် ဖွဲ့စည်းထားသောဘူမိမြေ ဖြစ်သည်။ ထို့ကြောင့်လည်း သက်ရင့်ကျောက်မြေများတွင်တွေ့ရလေ့ရှိသောကျောက်မျက်ရတနာများကိုတွေ့ရှိ ထွက်ရှိနေရခြင်းဖြစ်ပါသည်။ မိုးကုတ်ကျောက်မျက်ရတနာများကို ကမ္ဘာမြေ၏ အပေါ်ယံအလွှာများတွင်လည်းကောင်း (မာဘယ်) ထုံးကျောက်များတွင် လည်းကောင်း၊ တိုးဝင်နေသောအနေအထားမျိုးဖြင့်တွေ့ရတတ်သည်။

မိုးကုတ်မြို့နယ်၏ကျောက်မျက်ထွက်ရှိနိုင်သော အပေါ်ယံမြေလွှာကို လေ့လာကြည့်ပါက အလွှာ(၃)လွှာတွေ့နိုင်ပါသည်။ ပထမအလွှာမှာ အပေါ်ယံခေါင်းပိုးအလွှာ၊ ဒုတိယအလွှာမှာ ကျောက်မျက်တည်ရှိနေနိုင်သော ဖြုန်းမြေအလွှာနှင့် တတိယအလွှာမှာ ဒေသအခေါ် အခံမြေလွှာ၊ အောက်မြေအလွှာတို့ ဖြစ်ကြ၏။ ခေါင်းပိုးအလွှာဆိုသည်မှာ ကျောက်မျက်တည်ရှိနိုင်သော ဖြုန်းမြေလွှာကို လွှမ်းမိုးဖုံးအုပ်ထားသောမြေဟုဆိုနိုင်သည်။ အခံမြေအောက်မြေလွှာ ဖြုန်းမြေကိုထမ်းပိုးထားသောမြေဟုဆိုက မမှားပါ။ ဖြုန်းမြေဟုသိရှိနိုင်ရန် သူနှင့်မိတ်ဖက်တည်ရှိနေသောအရာများနှင့် အကဲဖြတ်ရပါသည်။ ဖြုန်းမြေတွင် ကျောက်မာခဲများ၊ သဲစစ်များ၊ ငုပဆစ်ခဲများ၊ ငုစနီခဲများ၊ ငုစနက်ခဲများ၊ မှတ်စာခဲများ၊ မှတ်မီးခဲများ၊ ရွှေဖြူ ရွှေနီခဲများ ပါဝင်ရပါသည်။ ခေါင်မိုးမြေနှင့်အခံမြေများတွင် ၎င်းတို့မပါဝင်ပါ။ ရောနှောပါဝင်မှုတွေ့ရှိပါက ဖြုန်းမြေရောယှက်ပါဝင်နေခြင်းသာဖြစ်ပြီး အနည်းစုသာဖြစ်ပါသည်။ ထုနှင့်ထည်နှင့်မဖြစ်နိုင်ပါ။ ဒေသအခေါ် အပေါ်ဖြုန်းနှင့်အခံဖြုန်းဟုခေါ်ပါသည်။ မိုးကုတ်ကျောက်မျက်ရတနာတည်ရှိနိုင်ရာဖြုန်းမြေကိုထမ်းပိုးထားသော အခံမြေလွှာသည် များပြားပါသည်။

၎င်းတို့မှာ -

၁။ ကျောက်ပုတ်ခံ
၂။ ငုစနီခံ
၃။ စမြေခံ
၄။ ကျောက်ချပ်ခံ
၅။ ငုကျောက်ခံ

ဟူ၍ ဖြစ်ပါသည်။

၎င်းတို့အထဲတွင် အခံမှန်ဟူ၍ရှိသည်။ ၎င်းအခံမှ အောက်သို့မည်မျှနက်အောင်တူးသည်ဖြစ်စေ ဖြုန်းမြေကို မတွေ့နိုင်တော့ပါ။ အခံမှန်ကား ငုကျောက်ခံပါတည်း။ ငုကျောက်အခံမှန်အောက်ဆက်တူးပါက ကမ္ဘာမြေ၏ အလယ်လွှာ၊ အောက်လွှာသို့သာရောက်ချင်ရောက်သွားနိုင်ပါသည်။ ကျောက်မျက်တည်ရှိနိုင်သောဖြုန်းမြေကို မတွေ့နိုင်တော့ပါ။ ထို့ကြောင့် မိုးကုတ်ကျောက်မျက်ရတနာများကို ကမ္ဘာ့အပေါ်ယံမြေမှသာတွေ့ရှိနိုင်ကြောင်း ဆိုရပါတော့မည်။

မိုးကုတ်ကျောက်မျက်ရတနာများကိုတူးဖော်ရာတွင်ဆိုခဲ့ပြီးသည့်အတိုင်း အခံပေါက်အောင်တူးရသည်။ သို့မှသာ ၎င်းအခံပေါ်ရှိဖြုန်းမြေအား တွေ့ရှိပြီး ကျောက်မျက်ကိုရရှိနိုင်ပါသည်။ ထိုသို့တူးကြရာတွင် တွင်း၏ အတိမ်အနက်သည် တစ်သမတ်တည်းမရှိကြပါ။ အချို့သောဖြုန်းမြေများသည် ပေပေါင်းရာချီနက်သောနေရာများတွင်ရှိကြပြီး အချို့မှာ ပေအနည်းငယ်လောက်သာနက်ကြပါသည်။ ကသည်းရိုက်ဖြုန်းခေါ်သော ဖြုန်းမြေမှာ ပေါက်ပြားတစ်စိုက် လေးငါးခြောက်လက်မလောက်သာနက်ကြပါသည်။ ခေါင်းပိုးမြေကို သီးခြားဖယ်ရှားစရာမလိုတော့ဘဲ ဖြုန်းနှင့်ရောနှော၍ အခံပေါက်အောင်တူးပြီး ကျောက်မျက်ကို ရှာဖွေနိုင်ကြပါသည်။ ဖော်ပြပါများသည် ကျောက်မျက်တည်ရှိနေထိုင်သော မြေအနေအထားများ ဖြစ်ကြပါသည်။ ဖြုန်းမြေများကိုလည်း အမျိုးအစားအလိုက် ခွဲခြားသိထားရန် လိုအပ်နေပါသေးသည်။

၎င်းတို့မှာ -

၁။ သဲဖြုန်း၊
၂။ ကျောက်ပုတ်ဖြုန်း၊
၃။ စမြေဖြုန်း၊
၄။ ငုစနီဖြုန်း၊
၅။ မီးလောင်ဖြုန်း
၆။ မုံဖြုန်း စသည်များဖြစ်ကြပါသည်။

၎င်းဖြုန်းများသည် သူ့အခံနှင့်သူ တစ်ထပ်တည်းကျသောဖြုန်းများဖြစ်နိုင်ကြသလို အခံတခြားဖြုန်းတခြားလည်း ရှိနေနိုင်ကြပါသည်။ ဥပမာ ကျောက်ပုတ်ခံနှင့် ကျောက်ပုတ်ဖြုန်းရှိနေသလို ကျောက်ပုတ်ခံနှင့် သဲဖြုန်းလည်းရှိနေနိုင်ပါသည်။ ထူးခြားမှုတစ်ခုမှာ ငုကျောက်ခံသာရှိပြီး ငုကျောက်ဖြုန်း ဟူ၍ မရှိပါ



www.burmeseclassic.com

www.burmeseclassic.com

ငုကျောက်ခံပေါ်တွင် ဖြူန်းတစ်မျိုးမျိုး တော့ရှိနေတတ်ပါသည်။

မိုးကုတ်မြို့နယ်ရှိ ဒေသခံအများစု တို့သည် ဖော်ပြပါအချက်များကို သိရှိနားလည်ထားကြပြီးဖြစ်သလို ဖြူန်းမြေများကိုရရှိနိုင်ရန် တူးဖော်သည့်နည်းစနစ်များကိုလည်း သိရှိထားကြပြီးဖြစ်သည်။ ၎င်းနည်းစနစ်များမှာ -

၁။ အင်းပြတူးဖော်နည်း၊
၂။ စက်အင်းပြတူးဖော်နည်း၊
၃။ လေးပင်တူးဖော်နည်း၊
၄။ တွင်းလုံးတူးဖော်နည်း၊
၅။ လေးပင်ကျင်းတူးဖော်နည်း၊
၆။ လက်ကြားတွင်းတူးဖော်နည်း၊
၇။ မြောတွင်းတူးဖော်နည်း၊
၈။ ယမ်းတွင်း(ခဲတွင်း)တူးဖော်နည်း၊
၉။ ခနဲဆေးခြင်း၊
၁၀။ လူးတွင်းတူးတူးဖော်ခြင်းတို့ ဖြစ်ကြသည်။

တွင်းတူးလုပ်သားများတို့သည် ကျောက်မျက်တူးဖော်ကြရာတွင် ခေါင်းပိုးအနေအထား၊ ဖြူန်းအနေအထား၊ အခံအနေအထား၊ တွင်းအတိမ်အနက်အနေအထားများကိုတွက်ဆ၍သင့်လျော်သောတူးနည်းများဖြင့် တူးကြရပါသည်။ မမြင်တွေ့ရသော ဤကိစ္စများကို တွင်းလုပ်သားများ မည်သို့သိရှိကြပါသနည်းဟု စာဒကတက်စရာရှိပါသည်။ ဒေသခံများအဖို့ ဤကိစ္စများကို သိရှိနိုင်ရန် မခက်ခဲလှပါ။ ဘိုးဘွားဘီဘင်များလက်ထက်ကတည်းကပင် အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လာခဲ့ကြရသည်မို့ ရှေးစကားသမိုင်းစကား၊ အတွေ့အကြုံစကားများကို မျိုးဆက်တစ်ဆင့်ပြီးတစ်ဆင့်ကြားနာမှတ်သားခဲ့ကြရသည်မဟုတ်ပါလား။ မည်သည့်လုပ်ကွက်က မည်မျှအတိမ်အနက်ရှိသည်။ မည်သို့သောဖြူန်းမြေရှိတတ်သည်။ မည်သည့်နည်းနှင့်တူးရမည် စသည်တို့မှာ အထူးသင်စရာမလိုလောက်အောင်ပင် ပါရမီပြည့်ပြီးဖြစ်ကြပါသည်။ ကျောက်မျက်ရရှိနိုင်မှုမှာလည်း အမာကျောက်၊ အညံ့ကျောက်ကျောက်မျိုးစုံပင်ဖြစ်တော့၏။ တစ်မျိုးတည်းသီးသန့်တည်ရှိနိုင်မှုနည်းပါးပြီး ထွေးရောယှက်တင်ကျောက်မျိုးစုံထွက်လေ့ရှိပါသည်။

**◻ အင်းပြတွင်း**

အခံတိမ်ပေမနက်သောမြေအမျိုးအစားတွင်းတူးသော တူးဖော်နည်းဖြစ်သည်။ ရေထွက်ပါက ဝါးကိုရေဆွဲဖိုအဖြစ်အသုံးပြုကြသည်။ ရေများလျှင် စက်အင်အားသုံးသည်။ အချို့အင်းများတွင် အောင်းရေ ရှေကြည်ထုတ်စက်ကိုသုံး၍ အချို့အင်းများတွင် ဖြူန်းမြေပါစုတ်ယူတင်နိုင်သော စက်အင်အားကိုသုံးကြသည်။ မြေလွှာကို ကျင်းဖွဲ့ဖယ်ရှားသောနည်းဖြင့် ဖြူန်းမြေကိုအရယူသောနည်းဖြစ်သည်။ လူအင်အားမှာ လေး၊ ငါးယောက်မှ ခုနစ်ယောက်၊ ရှစ်ယောက်အထိလုပ်ကြသည်။

**◻ စက်အင်းပြ**

ယခုခေတ်တွင် တွင်ကျယ်စွာအသုံးပြုနေသောနည်း ဖြစ်သည်။ ရိုးရိုးအင်းပြငယ်ကို အကျယ်ကြီးချဲ့၍ စက်အင်အားသုံးကာ တူးဖော်ကြသည်။ မြေတူးစက်ကြီးများ၊ ရေစုပ်စက်ကြီးများ၊ ဝင့်များ၊ လျှပ်စစ်ဓာတ်အားပေးစနစ်များသုံးကာ တူးဖော်ကြသည်။ (၅) ဧက၊(၆)ဧကအထိ ကျယ်ဝန်းကြသည်။ မိုးကုတ်မြို့နယ်ရှိ စက်အင်းပြသည် ကျောက်စိမ်းနယ်မြေရှိ စက်အင်းပြလောက် မကြီးကျယ်လှပါ။ ကျောက်စိမ်းနယ်ရှိ စက်အင်းပြကားများ ဆင်းနိုင်သလောက်အောင် ကျယ်ဝန်းပြီး နက်လည်းနက်သည်။ ထို့ကြောင့်လည်း ကျောက်စိမ်းနယ်မြေတွင် ရွာပျောက်၊ချောင်းပျောက်၊ တောပျောက်၊ တောင်ပျောက်များအထိ ဒေသခံများ ပျက်စီးဆုံးရှုံးမှုများကိုခံကြရသည်။ မိုးကုတ်နယ်မှာမူ ချောင်းကော၊ မြောင်းကော၊ လမ်းပျက်၊ ခြံပျက်၊ ရွာပျက်လောက်တော့ ကြုံကြရသည်။ မိုးကုတ်ကျောက်မျက်ရှာဖွေရာတွင် ဖြူန်းမြေကိုတုန်ခါစက်သုံး၊ ဖြူန်းဆေးစက်များအသုံးပြုကြပြီး ကျောက်စိမ်းရှာဖွေဆေးကြောရာတွင် မလိုအပ်ပါ။ ကျောက်စိမ်း၏သဘာဝမှာ ပမာဏကြီး၍ မြင်သာထင်သာရှိပြီး မိုးကုတ်ကျောက်မျက်၏သဘာဝမှာ ပမာဏသေးငယ်၍ ကေအစိတ်အကြံအမျိုးမျိုးအသုံးပြုကြရသည်။

**◻ လေးပင်တွင်း**

လေးပင်တွင်းဆိုသည်မှာ သစ်သားများ၊ ဝါးများ၊ သစ်ရွက်သစ်ခက်များကိုအသုံးပြုတူရသောတွင်းအမျိုးအစားဖြစ်သည်။ (၃) ပေခန့်ခွင်ကျရှိသော လေးနားညီစတုဂံပုံသဏ္ဌာန် ဖြစ်၏။ လေးပင်တူးနိုင်သည့် မြေအနေအထားမှာ တစ်ခါဖူးမျှမတူးရသေးသော အခိုင်မြေ၊ အခါခါတူးပြီးသောအဟောင်းမြေဖို့မြေ၊ မည်သည့်မြေမျိုးမဆို တူးနိုင်သည်။ အထူးသဖြင့် တွင်းနက်၍ အခါခါတူးပြီးသောဖို့မြေများတွင်တူးကြသည်။ ထိုမြေမျိုးများမှာ အန္တရာယ်အဖြစ်များသဖြင့် လေးပင်တူးနည်းသည်သာ စိတ်အချရဆုံးဖြစ်သည်။ စိမ့်ရေထွက်ပြီး မြေနူးအိနေပါက တွင်းပြိုကျနိုင်သည့်အတွက် သစ်သားဝါးတို့ကိုအသုံးပြုတူးဖော်သောလေးပင်တူးနည်းသာလျှင် စိတ်အချရဆုံးနည်းဖြစ်ပေသည်။

**◻ တွင်းလုံးတွင်း**

အခိုင်မြေခေါ် တစ်ခါဖူးမျှမတူးရသေးသောမြေမျိုးတွင်တူးသောတူးနည်းဖြစ်သည်။ မြေခိုင်ခံ့၍ သစ်သားဝါးသုံးစရာမလိုပါ။ ရေတွင်းတူးသကဲ့သို့အဝိုင်းတူးသည်။ ကျွမ်းကျင်သောတွင်းတူးအလုပ်သမားအဖို့ ခမောက်အုပ်၍ရလောက်သည်အထိ တွင်းကိုသေးငယ်အောင်တူးနိုင်ကြသည်။ မြေစာဘယ်ထုတ်ရန် အသုံးပြုသော ခြင်းငယ်မှာ စကာခွံးလောက်သာရှိပြီး လျှင်မြန်စွာတူးနိုင်ကြ၏။ တစ်နေ့တည်း လက်လံ (၆) လံခန့်တူးနိုင်ကြသည်။ လုပ်သားအင်အားမှာ သုံးလေးယောက်ထက်မပိုပါ။

**◻ လေးပင်ကျင်းတွင်း**

လေးပင်ကျင်းတွင်း ဆိုသည်မှာ သီးသန့်အမျိုးအစားမဟုတ်ပါ။ တွင်းလုံးတူးကြရာတွင် ရေစိမ့်ထွက်လာပါက တွင်းပြိုမကျလာစေရန်တူးသောနည်းဖြစ်သည်။ ၎င်းရေစိမ့်ရာနေရာ၌ သစ်ဝါးများကို အသုံးပြုပြီး လေးပင်ကျင်းကပ်ကြသည်။ မြေပြိုကျနိုင်ခြေရှိသောနေရာတွင်သာ သစ်သား၊ ဝါး၊ သစ်ရွက်သစ်ခက်အနည်းငယ်အသုံးပြုထိန်းသောနည်းဖြစ်သည်။

**◻ လက်ကြားတွင်း**

လက်ကြားတွင်းဆိုသည်မှာ မြေတွင်းသက်သက်မဟုတ်ပါ။ ငုကျောက်ဆောင်များအကြားတွင်ရှိနေသော ဖြူန်းမြေကိုရယူနိုင်ရန်သုံးသောနည်းဖြစ်သည်။ မြေကိုတူးခြင်းထက် ကျောက်နံရံများကြားသို့တူးရခြင်းဖြစ်ပေရာ မြေပြိုမှုထက် ကျောက်ခဲများလိမ့်ပြိုကျလာမှာကို စိုးရိမ်ရသောတွင်းမျိုး ဖြစ်သည်။ ထို့ကြောင့် လက်ကြားတွင်းတွင် တံတိုင်းခေါ် သစ်သားချောင်းများအသုံးပြုရသည်။ လက်ကြားတွင်းလိုက်ရာတွင် ဖြူန်းမြေရှိရာသို့ တူးဆင်းကြသည့်အတွက် အတိမ်အနက်ကိုတွက်ဆလို့မရနိုင်ပါ။ ဖြူန်းရှိသမျှ ယူနိုင်ရန်

www.burmeseclassic.com

အတွက် ခဲကြီးများကို ဖယ်ရှား၍ဆင်းကြရသည်။ တူနှင့်ရိုက်ခွဲခြင်း၊ ယမ်းအားလုံးဖယ်ရှားခြင်းများပြုကြရသည်။ ရေထွက်လာပါက ခဲကြိုခဲကြားဖြစ်၍ ဝါးစိုကို အသုံးပြု၍မရပါ။ ထို့ကြောင့် ရေပိုက်များ၊ ရေစုတ်စက်အသေးစားလေးများကို အသုံးပြုကြရသည်။ လူအင်အားမှာ လေး၊ငါးယောက်ဆိုလျှင်ရသည်။ ရရှိပါက စက်သီးဆင်၍ မြေပေါ်သို့တင် ဆေးကြောရှာဖွေရ၏။

❑ မြောတွင်း

မြောတွင်းဆိုသည်မှာ ရေသွယ်ယူတိုက်စားတူးဖော်သောနည်းကို ခေါ်သည်။ မြောတွင်းတူးကြရာတွင် ရေစမ်း၊ ရေထွက်၊ ချောင်းမြောင်းနီးခြင်း၊ တိုက်စားလွှတ်လိုက်သောမြေစာများ အလွယ်တကူမျောပါသွားနိုင်ခြင်းရှိသောမြေများတွင်သုံးသောနည်းဖြစ်သည်။ များသောအားဖြင့် ဖြုန်းမြေကိုမြင်တွေ့နေကြရသည်။ လူက တူးဆွစရာမလိုဘဲ ဖြုန်းမြေကို သံချောင်း၊ ပေါက်ပြားများဖြင့်ထိုးချကာ ရေဖြင့်တိုက်စားကြသည်။ လိုအပ်ပါက နော်ဇယ်ပန့်များကို အသုံးပြုနိုင်သည်။ အလုပ်တွင်ကျယ်၍ စရိတ်သက်သာသည်။ အပေါ်ယံမြေကိုမျောစေကာ ဖြုန်းသားသက်သက်ချည်းကျန်ချိန်တွင် မြောင်းမီးအတိုင်း သဲများကိုဆွဲချ ကျောက်မျက်ကို ရှာဖွေကြသည်။ မြောင်းမီး၏အဆုံးတွင် စလုတ်ခံကာ သံစကာငယ်ဖြင့်ရှာရ၏။ ဖြုန်းငုတ်သွားသည့်နေရာမျိုးတွင် လူကဖောက်ယူရသည်။ များသောအားဖြင့် မတူးရဘဲ ပေါက်ပြားဖြင့်ဆွဲယူပြီး ကျောက်မျက်ကို ရှာဖွေနိုင်သည်။ လူအင်အားမှာ လေးငါးယောက်ဆိုလျှင်ရသည်။

❑ လူးတွင်း

လူးတွင်းဆိုသည်မှာ လူကတူးဖော်သောတွင်းအမျိုးအစားမဟုတ်ပါ။ သဘာဝလိုဏ်ဂူအတွင်းဝင်၍ ကျောက်မျက်ကိုရှာဖွေခြင်းကို ခေါ်သည်။ ဖြုန်းမြေရှိရာ သဘာဝလိုဏ်ဂူဘွင်းသို့ပိတ်ဆို့နေသော မြေသားများ၊ ကျောက်တုံးကျောက်ခဲများကိုဖယ်ရှား၍သွားရသည်။ အတိမ်အနက်မှာ ပုံသေမရှိပါ။ အလံတစ်ရာနက်သော အလံတစ်ရာလူးဟူသော လူးတွင်းမျိုးပင်ရှိခဲ့ဖူးသည်ဟု မှတ်သားရဖူးသည်။ လူးတွင်းများသည် ငုကျောက်ခံအဖြစ်သာတည်ရှိနေတတ်ပြီး အောက်ခြေ၌ စမ်းချောင်းများပင်စီးဆင်းနေတတ်ကြသည်။ ထို့ကြောင့် ဖြုန်းမြေကို စမ်းချောင်းများ၌ပင် ဆေးကြောရှာဖွေလေ့ရှိကြသည်။ စမ်းချောင်းမတွေ့သည့်လူးတွင်းများလည်း ရှိသေးပေရာ ဖြုန်းကို အပေါ်သို့လည်းတင်၍ ဆေးကြောရှာရသည်မျိုးလည်းရှိတတ်သည်။ ခဲကြိုခဲကြားများမှာ ကျဉ်းမြောင်းလှ၍ အပေါ်သို့ဖြုန်းတင်ရာတွင် လူအင်အားသုံးကြရသည်။ လေးငါးရှစ်ယောက်အထိလုပ်သင့်ကလုပ်ကြရသည်။

❑ ယမ်းတွင်းခဲတွင်း (မိုင်းတွင်း)

ယမ်းတွင်းခဲတွင်းမှာ မြေတွင်းမဟုတ်။ ကျောက်မျက်များ ငုကျောက်အတွင်းတိုးဝင်နေအတွက် ၎င်းကိုရရှိရန် ယမ်းအားသုံးဖောက်ခွဲထုတ်ယူသောနည်းဖြစ်သည်။ ရှေးယခင်က လူသိနည်းခဲ့ပြီး ယခုခေတ်ကာလလောက်မှ ဤနည်းဖြင့်တွင်ကျယ်စွာထုတ်လုပ်လာကြခြင်းဖြစ်သည်။ နဝတ၊ နအဖအစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေးအမည်ခံ လက်နက်ကိုင်အဖွဲ့အစည်းများ မိုးကုတ်နယ်မြေလာရောက်စီးပွားရှာကြစဉ် အကြီးအကျယ်လုပ်သွားကြသော တွင်းအမျိုးအစားဖြစ်သည်။ ဒုပေပေါင်း လေးငါးရှစ်ရာအနက်အထိ ခေတ်မီနည်းပညာများသုံးကာ တူးဖော်ယူသွားကြသည်။အကျိုးအမြတ်များ များစွာရရှိသွားကြသည်။ မိုးကုတ်နယ်သူနယ်သားများ၏ ရှေးမိုးစဉ်လာအတိုင်းထုတ်ယူနည်းနှင့်ထုတ်လုပ်ရှာဖွေသွားပါက နှစ် (၁၀၀) ခန့် အထိ ရှာဖွေနိုင်ကြမည်ဖြစ်သည်။ ယခုမူ (၁၀) နှစ်ခန့်မျှဖြင့် ရှာဖွေယူငင်ထွက်ခွာသွားကြပြီဖြစ်ပေရာ ဒေသခံများအဖို့ လုပ်စားစရာ သယံဇာတကျောက်မျက်ဆုံးရှုံးမှုသာမက သဘာဝပတ်ဝန်းကျင်ပျက်စီးမှုပါ အဖတ်တင်ကျန်ခဲ့ကြရသော အခြေအနေဆိုးများနှင့် ကြုံတွေ့နေကြရပေသည်။

❑ ခနဲဆေးခြင်း

ဤနည်းသည်ကျောက်မျက်ရှာဖွေနည်းတစ်ခုဖြစ်သော်လည်း တူးဖော်ထုတ်လုပ်ခြင်းမဟုတ်ပါ။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မိန်းမသားများသာလုပ်ကိုင်ကြသောရှာဖွေနည်းဖြစ်ပါသည်။ ချောင်းကြိုမြောင်းကြားတွင် လွင့်မျောလာနိုင်သော ကျောက်မျက်ကို ပုတ်တောခေါ် ဝါးဖြင့်ပြုလုပ်ထားသော စကာငယ်လေးဖြင့် ရှာဖွေခြင်းဖြစ်ပါသည်။ မိုးရာပစ္စည်းဖြစ်သော ပုတ်တောမှာ ယခုအခါတွင် ကွယ်လုနီးဖြစ်သွားကာ သံစကာငယ်လေးများနှင့်ရှာဖွေနေကြပါပြီ။ သူတစ်ပါးပစ်ထားသော မြေစာများ၊ ချောင်းမြေသဲများကို ပေါက်ပြားငယ်လေးများဖြင့် ဆယ်ယူကာ စကာဖြင့်ကျင်ယူကြခြင်း ဖြစ်ပါသည်။ ဤနည်းသည် တစ်ဦးချင်းလုပ်နိုင်ပြီး မြေမရွေး၊ နေရာမရွေးလုပ်လို့ရသည်။ ရာကျောက်၊ ထောင်ကျောက်များရလေ့ရှိပြီး ကံတရားကပေးလာလျှင်မူ သောင်းကျောက်၊ သိန်းကျောက်များပင်ရနိုင်ကြပါသည်။

ဤတွင် 'မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့လူနဲ့သဘာဝဆက်ဆံရေး(၂)' အမည်ရှိဆောင်းပါးကို အဆုံးသတ်ပါတော့မည်။ စာရေးသူဝန်ခံလိုသည်မှာ ဤဆောင်းပါးသည် မိုးကုတ်နယ်သူနယ်သားများအတွက် အဆန်းမဟုတ်သော်လည်း မြန်မာနိုင်ငံရှိ အခြားအရပ်ဒေသမှလူအများအတွက် ဗဟုသုတဖြစ်ဖွယ်ရာတစ်စုံတစ်ခုရရှိသွားနိုင်သည်ဟု ယူဆမိသည့်အတွက် မေတ္တာစေတနာရှေ့ထားပြီး ရေးသားခဲ့ရခြင်းဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ မိုးကုတ်ဒေသခံနယ်သူနယ်သားများအဖို့ ဖော်ပြပါဖြစ်စဉ်များကိုသိရှိပြီးဖြစ်သလို ဖြတ်သန်းလည်း ဖြတ်သန်းခဲ့ကြဖူးပြီးဖြစ်ပါသည်။ နောင်တွင်လည်း ဖြစ်စဉ်များကို ဖြတ်သန်းကြဦးမည် ဖြစ်ပါသည်။ ဘဝရပ်တည်ရှင်သန်ရေးတွေပဲမဟုတ်ပါလား။ ကျောက်မျက်ရှာဖွေရင်း အသက်ပေးခဲ့ရသူများ၊ စီးပွားရေးဆုံးရှုံးများရှိခဲ့ကြသလို ကံတရား၏ဖေးမမှုဖြင့် ကြီးပွားချမ်းသာမှုများ၊ ပျော်ရွှင်ဝမ်းမြောက်မှုများလည်း ရရှိဖူးခဲ့ကြပေပြီ။ ယခုပစ္စုပ္ပန်ကာလမှာတော့ အထက်ပါအချက်များ ပျောက်ဆုံး၍ မျှော်လင့်ချက်မဲ့ စီးပွားရေးကံတရားမဲ့ခဲ့သောဘဝများနှင့် ရင်ဆိုင်နေကြရပေသည်။ ဤဒုက္ခအပေါင်းမှလွတ်မြောက်၍ မိုးကုတ်ဒေသရှိ ဒေသခံများ၊ အသက်ရှင်ရှင်သန်ရပ်တည်နိုင်ရန် ပံ့ပိုးကူညီသောအားဖြင့် အာဏာပိုင်အစိုးရမင်းများမှ ဥပဒေအသွယ်သွယ်ဖြင့်ကယ်တင် လွှန်မြောက်စေနိုင်ပါကြောင်း သတိပေး တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်ပါသည်။

မောင်လှိုင်သစ်(မိုးကုတ်)

ကျမ်းကိုးများ -

၁။ ဦးလှဒင်(ဘာသာပြန်) မာကိုပိုလို

၂။ ထက်နိုင် (တလုပ်မြို့) ၏ ခါတ်ပုံများကပြောသောသမိုင်း (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com



# ရေနံမြေခရေ (ဆန်းလျှင်)
# ကတိပျက်ကွက်သူ

ဆရာတော်ဦးနန္ဒ ကျောင်းဆောက်ရန်အတွက် အစည်းအဝေးခေါ်သဖြင့် ရွာသူရွာသားတွေရော အလှူရှင်တွေပါ လာကြသည်။ ထိုအထဲတွင် အောင်ဝင်း၊ မျိုးကျော်နှင့် တင်စိုးတို့ပါလာကြသည်။ သူတို့သုံးယောက်မှာ သူငယ်ချင်းတွေဖြစ်ကြပြီး ငွေကြေးအသင့်အတင့်ချမ်းသာကြသည်၊ ကျောင်းဆောက်ရန်အတွက် သူတို့သုံးဦးက -

"အရှင်ဘုရား၊ ကျောင်းဆောက်လုပ်ဖို့ တပည့်တော်တို့သုံးဦးပဲတာဝန်ယူပါရစေ"

"မဖြစ်ဘူး ဒကာ၊ ရွာသူရွာသားတွေနဲ့ အလှူရှင်တွေကလည်းလုပ်ချင်ကြမယ်။ အဲဒီတော့ ဒကာတို့ကတစ်ဝက် သူတို့ကတစ်ဝက်လုပ်ကြပေါ့"

"ဒါဆိုလည်း အရှင်ဘုရားအမိန့်ရှိတဲ့အတိုင်းလုပ်ပါ့မယ်ဘုရား"

အောင်ဝင်းတို့သုံးယောက် ကျောင်းဆောက်ရန်ကတိပေးခဲ့သည်။ထိုအစည်းအဝေးတွင် တစ်ဖက်ရွာက ဦးမောင်စုလည်းလာ၏။ ဦးမောင်စုနှင့်အောင်ဝင်းတို့သုံးယောက် အဖွဲ့ကျသွားပြီး ဦးမောင်စုက ဆရာတော်ဦးနန္ဒမကောင်းကြောင်းတွေပြောပြီး သူတို့ရွာကျောင်းက ဆရာတော်အား သိက္ခာထပ်ပွဲကျင်းပမည်ဖြစ်၍ လာရောက်ရန်ဖိတ်သည်။

ဦးမောင်စုမှာ သူတို့ရွာက ရတနာဘုံမိကျောင်းမှဆရာတော်ကို သိက္ခာထပ်ပေးလျှင်ကောင်းမည်ဟုလည်းဆွယ်၏။

"မောင်ရင်တို့လိုချမ်းသာတဲ့သူတွေသာ ကျုပ်တို့ဆရာတော်ကို သိက္ခာထပ်ပေးမယ်ဆိုရင် ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားဖြစ်သွားမှာပဲ"

အောင်ဝင်းတို့သုံးယောက်လည်း ဦးမောင်စုစကားကြောင့် သဘောအကျကြီးကျသွားသည်။ ထို့ကြောင့်လည်း အောင်ဝင်းတို့မှာ တစ်ဖက်ရွာက ဆရာတော်၏သိက္ခာထပ်ပွဲကို စိတ်ပါသွားသည်။ သူတို့သုံးယောက် သိက္ခာထပ်ပွဲသွားရန် ဆုံးဖြတ်လိုက်ကြသည်၊ ဒါပေမယ့် သူတို့ထဲမှာ တင်စိုးက သိက္ခာထပ်ပွဲကိုသိပ်မသွားချင်၊ ရွာကဆရာတော်ကို အားနာနေ၏။ သူတို့ထဲမှာ အောင်ဝင်းက အကဲဆုံးပါ။

"ငါတို့ကျောင်းမဆောက်တော့ဘဲ ဟိုဘက်ရွာကဆရာတော်ကို သိက္ခာသွားထပ်ပေးရင်ကောင်းမယ်"

"အေး - ကောင်းသားပဲ။ ဟိုရွာမှာသွားလှူရင် ငါတို့ကိုအထင်ကြီးပြီးမျက်နှာရမှာ"

သူတို့နှစ်ယောက်၏ အကြံကို တင်စိုးလက်မခံချင်။

"ငါတို့ ဆရာတော်ကို ကတိပေးထားပြီးမှ ဖျက်လို့ကောင်းပါ့မလား။ တော်ကြာ ငါတို့ဒုက္ခရောက်နေဦးမယ်"

"ဘာလို့ဒုက္ခရောက်မှာလဲ။ ကိုယ်မလုပ်ချင်လို့မလုပ်တာပဲ။ မင်းကွာ ဝေက်ဖောက်အယူသီးတယ်"

"ဟုတ်ပါရဲ့၊ ငါတို့မလုပ်လည်း လုပ်မယ့်သူတွေအများကြီးပါ။ နောက်မှ အလှူငွေတစ်ယောက်တစ်သောင်းစီထည့်လိုက်ရင် ပြီးရောပေါ့"

သူတို့သုံးယောက် တစ်ဖက်ရွာက ဆရာတော်ကို သိက္ခာသွားထပ်ပေးလိုက်သည်။ နောက်တစ်နေ့ ရွာကဆရာတော်ဆီသွားပြီး ကျောင်းတင်ပွဲမလုပ်နိုင်တော့သည့်အကြောင်း သွားလျှောက်ကြသည်။ တစ်ယောက် တစ်သောင်းစီဖြင့် အလှူငွေသုံးသောင်းကိုလည်း လှူရန်ယူသွားသည်။ ဆရာတော်မှာ သူတို့ကျောင်းတင်ပွဲမလုပ်နိုင်ကြောင်းသိသောအခါ မျက်နှာမကောင်းဖြစ်သွားသည်။

"ဒကာကြီးတို့က ကျောင်းတင်ပွဲတစ်ဝက်လုပ်မယ်ပြောလို့ မလုပ်ရတဲ့သူတွေပြန်သွားကြပြီ။ ဘုန်းကြီးလည်း ဘာဆက်လုပ်ရမလဲမသိတော့ဘူး"

"တပည့်တော်တို့ကလည်း ပထမ ကျောင်းတင်ပွဲလုပ်နိုင်မယ်ထင်လို့ ကတိပေးမိတာပါ။ အခု တပည့်တော်တို့လည်း အဆင်မပြေဖြစ်နေလို့ ကျောင်းတင်ပွဲမလုပ်နိုင်တာကို တောင်းပန်ပါတယ်ဘုရား"

အောင်ဝင်းတို့ ဆရာတော်ကို

www.burmeseclassic.com



လိမ်လိုက်ပြန်သည်။

"ဘယ်တတ်နိုင်မလဲ၊ ဒကာကြီးတို့ ကျောင်းတင်ပွဲမလုပ်နိုင်တော့လည်း ကျန်တဲ့သူတွေကြည့်လုပ်ပါလိမ့်မယ်။ ကတိပေးပြီးမှပျက်သွားလို့ ဘုန်းကြီးစိတ်မကောင်းပါဘူး"

"အရှင်ဘုရား၊ တပည့်တော်တို့ အလှူငွေသုံးသောင်းပါ"

"ဒီငွေသုံးသောင်းကိုပြန်ယူသွားပါ၊ ဘုန်းကြီးလက်မခံပါရစေနဲ့"

သူတို့သုံးယောက်ဘာမှပြန်မပြောနိုင်ဘဲ ငွေသုံးသောင်းယူ၍ ပြန်လာကြသည်။

❑

"မိန်းမရေ၊ ငါ ပုသိမ်မြို့ထဲမှာ ပစ္စည်းသွားဝယ်ဦးမယ်"

အောင်ဝင်း သူ့မိန်းမကိုပြောပြီး ရွာမှ စက်သမွန်စီးပြီး တစ်ဖက်ကမ်းရောက်တော့ ဆိုင်ကယ်ကယ်ရီငှားစီးလာသည်။ သူတို့သုံးယောက်စီးလာသည်။ ကယ်ရီမောင်းတဲ့သူကရှေ့က၊ သူက အလယ်ကစီးပြီး နောက်တစ်ယောက်က နောက်ဆုံးမှထိုင်ပြီးစီးလာသည်။ ပုသိမ်မရောက်ခင် လမ်းတစ်ဝက်အရောက်တွင် ရှေ့မှသံချောင်းတွေတင်လာသောကားနှင့်ဝင်တိုက်မိသည်။ ကားပေါ်တွင်ပါလာသော သံချောင်းတစ်ချောင်းက ကယ်ရီသမား၏ရင်ဘတ်ကို ဖောက်ဝင်ပြီး အလယ်မှလိုက်လာသော အောင်ဝင်း၏ရင်ဘတ်ကို ထုတ်ချင်းပေါက်ဝင်သွားသည်။

နောက်မှလိုက်လာသူမှာ ဖွတ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးခိန်လှိုင်(ကျိုက်လတ်)

# လောကီကိစ္စအဝဝ ဘာပေဟူသမျှဖော်လေမှ

၁

# ဗဟုသုတကြွယ်ဝကြ

ဤလောကီအတွင်း နေထိုင်ကြသူပုဂ္ဂိုလ်များသည် မိမိတို့မိသားစုများအတွက်၊ စားဝတ်နေရေးကိစ္စအရပ်ရပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြရသည်။ ရှေးလူကြီးသူမများသည် သူတို့ခေတ်အခါက ကြုံတွေ့ခဲ့ကြသောအခက်အခဲပြဿနာများကို နှောင်းခေတ်လူငယ်များတို့ ခေတ်အခါ၌ ကြုံတွေ့ခဲ့ရသည်ရှိသော် လွယ်လွယ်ကူကူ အဆင်ပြေပြေ ချောချောမွေ့မွေ့ လုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန် ရှေးဟောင်းပညာရပ်များကို နောင်လာနောင်သားများအတွက် စာပေဖြင့်ရေးသားထားခဲ့ကြသည်။ ထိုလူမှုရေးကိစ္စများကိုဆောင်ရွက်လုပ်ကိုင်ရမည့် ယနေ့ခေတ်လူငယ်လူရွယ်များအတွက် စာကိုဖတ်ကြမှသာ ဗဟုသုတနှင့် ပြည့်စုံကြပြီး မိမိတို့ဆောင်ရွက်ကြရမည့် လူမှုကိစ္စဟူသမျှတို့ကို အောင်မြင်စွာဆောင်ရွက်လုပ်ကိုင်ကြ၍ မိသားစုများအားလုံး ကောင်းကျိုးချမ်းသာများ ရရှိခံစားကြရမည် ဖြစ်၏။

(နတ်နေအရပ်ရှေ့နည်း) ရှောင်ရန် (စက်နေအရပ်ရှေ့နည်း)

| (နေ့များ) | (နတ်နေအရပ်) | (နေ့များ) | (စက်နေအရပ်) |
|---|---|---|---|
| တနင်္ဂနွေနေ့ | အနောက်တောင် | တနင်္ဂနွေ | အရှေ့အရပ် |
| တနင်္လာနေ့ | အရှေ့အရပ် | တနင်္လာနေ့ | အနောက်တောင်အရပ် |
| အင်္ဂါနေ့ | အနောက်မြောက် | အင်္ဂါနေ့ | အရှေ့မြောက်အရပ် |
| ဗုဒ္ဓဟူးနေ့ | မြောက်အရပ် | ဗုဒ္ဓဟူးနေ့ | မြောက်အရပ် |
| ကြာသပတေးနေ့ | တောင်အရပ် | ကြာသပတေးနေ့ | အနောက်မြောက်အရပ် |
| သောကြာနေ့ | အနောက်အရပ် | သောကြာနေ့ | အနောက်အရပ်အရပ် |
| စနေနေ့ | အရှေ့မြောက်အရပ် | စနေနေ့ | တောင်အရပ် |
| ရာဟု(ဗုဒ္ဓဟူးမွန်းလွဲပိုင်း) | အရှေ့တောင် | ရာဟု(ဗုဒ္ဓဟူးမွန်းလွဲပိုင်း) | အရှေ့တောင် |
| (နတ်နေအရပ်များကို ရှောင်၍သွားပါ) | | (စက်နေအရပ်များကိုရှောင်သွားပါ) | |

သွားသည်။ အောင်ဝင်းတို့နှစ်ယောက်ကို ပုသိမ်ဆေးရုံကိုပို့လိုက်သည်။ သူတို့ရင်ဘတ်တွင်းစူးဝင်နေသောသံချောင်းကို မနည်းဆွဲထုတ်ရသည်။ ကယ်ရီသမားမှာ သံချောင်းဆွဲထုတ်ပြီး ခဏအကြာသေသွားသည်။ အောင်ဝင်းမှာ တစ်ရက်ဝေဒနာခံစားပြီး နောက်နေ့သေဆုံးသွားသည်။

❑

အောင်ဝင်းသေပြီးလပိုင်းလောက်မှာပင် မျိုးကျော်တစ်ယောက် သူ့မိန်းမနှင့်အတူ တစ်ဖက်ရွာကို ကြွေးတောင်းရန် ဆိုင်ကယ်နှင့်ထွက်ခဲ့သည်။ ရွာအစွန်းရောက်တော့ လူသုံးယောက် ဆိုင်ကယ်ရှေ့က ပိတ်ပြီးရပ်နေသည်။ သူတို့လင်မယားနှစ်ယောက် ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည့်အချိန်မှာပင် လူသုံးယောက်မှာ ဘာမပြောညာမပြောနှင့် မျိုးကျော်ကို ဓားဖြင့်ဝိုင်းခုတ်ကြသည်။ သူ့မိန်းမကိုတော့ ဘာမှမလုပ်ကြ။

"လာကြပါဦးရှင်၊ ကယ်ကြပါဦး"

မျိုးကျော်မိန်းမ၏အော်သံကြောင့် လူသုံးယောက် ထွက်ပြေးသွားသည်။ ခဏကြာတော့ ရွာကလူတွေရောက်လာပြီး မျိုးကျော်ကို ဆေးရုံခေါ်သွားသည်။ ဒါပေမယ့် သုံးရက်ကြာတော့ မျိုးကျော်သေသွားသည်။

❑

တင်စိုးကြောက်နေသည်။ သူငယ်ချင်းနှစ်ယောက် အသေဆိုးနှင့်သေရသည်ကိုကြည့်ပြီး သူ့အလှည့်ရောက်လာမည်ကိုကြောက်နေသည်။ မျိုးကျော်သေပြီးမကြာပါ။ တင်စိုးတစ်ယောက် တောထဲမှာ ဝါးသွားခုတ်ရင်း ခြေမကို ဝါးစူးသွားသည်။ ဝါးစူးသောဒဏ်ရာမှာ ဆေးလိမ်း၊ ဆေးသောက်လုပ်သော်လည်း မပျောက်ဘဲ တစ်နေ့တခြားပိုဆိုးလာပြီး နောက် ခြေမကိုဖြတ်ပစ်လိုက်ရသည်။ တင်စိုးတစ်ယောက် သူ့ဦးလေးကို -

"ဦးလေးရယ်၊ ကျောင်းတင်တဲ့ကိစ္စမှာ ကျွန်တော်မပါပါဘူး။ သူတို့လုပ်သမျှ ကျွန်တော်လိုက်လုပ်ရတာပါ။ ကျွန်တော်ကို ဒီလောက်နဲ့ပဲအပြစ်ပေးရင် ကောင်းမှာပဲ"

"ဦးလေးတော့ ဘာမှမတတ်နိုင်ဘူး။ မင်း ဆရာတော်ကို သွားတောင်းပန်လိုက်ရင်ကောင်းမယ်"

တင်စိုးမှာ လူမသေသေးသော်လည်း ရင်ထဲမှာ တမြေ့မြေ့ဝေဒနာခံစားနေရသည်။ မကြာပါ။ တင်စိုးတစ်ယောက် သင်္ကြန်အကြတ်နေ့တွင် ငါးပိုက်သွားချရင်း ရေနစ်သေသွားသည်။ သူရေနစ်သေနေသည်ကို မည်သူမျှမသိကြ။ နောက်နှစ်ရက်၊သုံးရက် အိမ်မပြန်လာ၍ လိုက်ရှာရင်း ရေနစ်နေသည်ကို သိရသည်။

❑

သံဃာတော်ဖြစ်တဲ့ ဆရာတော်ကို ကျောင်းတင်ပွဲလုပ်ရန် ကတိပေးပြီးမှ ကတိမတည်ဘဲ ကတိဖျက်ခဲ့မိသောသူတို့သုံးဦးမှာ သုံးယောက်လုံး အသေဆိုးနှင့် သေသွားရရှာလေသည်။

ရေနံမြေခရေ (သန်လျင်)

www.burmeseclassic.com

(ဝါရမိတ္တုရက်) ရှောင်ရန် (ဝါရမိတ္တုကြီးရက်)

| လဆန်း၊ လဆုတ်ရက်၊ ဝါရမိတ္တုရက် | လဆန်း၊ လဆုတ်ရက်၊ ဝါရမိတ္တုကြီးရက် |
|---|---|
| လဆန်းလဆုတ် (၆) ရက် စနေနေ့ | လဆန်းလဆုတ် (၁) ရက်၊ တနင်္ဂနွေနေ့ |
| လဆန်းလဆုတ် (၇) ရက် သောကြာနေ့ | လဆန်းလဆုတ် (၄) ရက်၊ တနင်္လာနေ့ |
| လဆန်းလဆုတ် (၈) ရက် ကြာသပတေးနေ့ | လဆန်းလဆုတ် (၈) ရက်၊ အင်္ဂါနေ့ |
| လဆန်းလဆုတ် (၉)ရက် ဗုဒ္ဓဟူးနေ့ | လဆန်းလဆုတ် (၉) ရက်၊ ဗုဒ္ဓဟူးနေ့ |
| လဆန်းလဆုတ် (၁၀) ရက် အင်္ဂါနေ့ | လဆန်းလဆုတ် (၆) ရက်၊ ကြာသပတေးနေ့ |
| လဆန်းလဆုတ် (၁၁) ရက် တနင်္လာနေ့ | လဆန်းလဆုတ် (၃) ရက်၊ သောကြာနေ့ |
| လဆန်းလဆုတ် (၁၂) ရက် တနင်္ဂနွေနေ့ | လဆန်းလဆုတ် (၇) ရက်၊ စနေနေ့ |

**ပြဿဒါးရွေးရန်လင်္ကာ**

ကူးခေါင်နတ်တော်၊ တမာခေါ်၊ ကြုံသော်မြွေနှင့်ကြွက်။
ဆုန်လင်းပြာသို၊ သက်ရင်းဆို၊ ယူလိုပူးဆင်သက်။
နယုန်ကျွတ်တွဲ၊ အင်ကြင်းတွဲ၊ ကျားရဲ၊ ဂဠုန်ငှက်။
ဆိုဆောင်တပေါင်း၊ ဆူးရစ်လောင်း၊ မကောင်းဟိုင်းနက်၊ ခြသေ့်ဖက်။

**ပြဿဒါးဇယား**

| လအမည် | ပြဿဒါးကြုံသောနေ့များ |
|---|---|
| တန်ခူး၊ ဝါခေါင်၊ နတ်တော်။ | စနေနေ့၊ ကြာသပတေးနေ့။ |
| ကဆုန်၊ တော်သလင်း၊ ပြာသို။ | သောကြာနေ့၊ ဗုဒ္ဓဟူးနေ့။ |
| နယုန်၊ သီတင်းကျွတ်၊ တပို့တွဲ။ | တနင်္ဂနွေနေ့၊ တနင်္လာနေ့။ |
| ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း။ | အင်္ဂါနေ့၊ ရာဟု<br>(ရာဟု = ဗုဒ္ဓဟူးနေ့မွန်းလွဲပြီးအချိန်) |

**နဂါးလှည့်ရွေးနည်း**

တတန်က-နောက်။ (တပေါင်း၊ တန်ခူး၊ ကဆုန်)။
နဝါဝါ-မြောက်။ (နယုန်၊ ဝါဆို၊ ဝါခေါင်)။
တော်ကျွတ်မုန်း-ရှေ့။ (တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း)
နတ်ပြာတွဲ-တောင်။ (နတ်တော်၊ ပြာသို၊ တပို့တွဲ)

| လအမည် | ဦးခေါင်းလှည့်ရာ | အမြီးရောက်ရာ | ဝမ်းရှိရာ | ကျောရှိရာ | မသွားအပ်သောအရပ် |
|---|---|---|---|---|---|
| တပေါင်း<br>တန်ခူး<br>ကဆုန် } → | အနောက်အရပ် | အရှေ့ | တောင်အရပ် | မြောက်အရပ် | နဂါးခံတွင်းရှိရာမဝင်ကောင်း။ အမြီးမှခေါင်းသို့ အကြောခွဲလှန်၍မသွားအပ်၊ ကျောကဖောက်၍လည်းကောင်း ဝမ်းကဖောက်၍လည်းကောင်း သွားကောင်း၏။ |
| နယုန်<br>ဝါဆို<br>ဝါခေါင် } → | မြောက်အရပ် | တောင် | အနောက်အရပ် | အရှေ့အရပ် | |
| တော်သလင်း<br>သီတင်းကျွတ်<br>တန်ဆောင်မုန်း } | အရှေ့အရပ် | အနောက် | မြောက်အရပ် | တောင်အရပ် | |
| နတ်တော်<br>ပြာသို<br>တပို့တွဲ } | တောင်အရပ် | မြောက် | အရှေ့အရပ် | အနောက်အရပ် | |

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

www.burmeseclassic.com

တပို့တွဲကုန် တပေါင်းလအကူး ရာသီသမယ ဖြစ်သည်။ နှင်းရည်နှင်းငွေ့ တို့ကြွင်းကျန်ဆဲ။ ရွက်ဟောင်းတို့ကြွေ လွင့်လျက် ရွက်သစ်တို့ဝေဆာနေကြပြီ ဖြစ်သည်။ ဈေးကုန်းရပ်နေအိမ်၏ မီးဖို ချောင်တွင် ချက်ပြုတ်နေသည့်ညီမဖြစ် သူအား -

"မသန့်ရေ၊ ငါ ဘုရားကြီးကုန်း



# ထပ်ကြရာ

## လူနီမှင်စာနှင့် သန်ချိုင်းစောင့်ပြိတ္တာတွေ့ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

ဘက်သွားဦးမယ်။ ညောင်ချဉ်ဖူးသုပ်စားချင်လို့သွားခူးဦးမယ်"

အချိန်ကဆွမ်းခံပြန်ချိန်၊ညောင်ဖူးထည့်ရန် တဘက်တစ်ထည်ယူပြီး ခမောက်ဆောင်းလျက် နေအိမ်မှ အထွက် ညီမဖြစ်သူက -

"တစ်ယောက်တည်းလား၊ အဖော်ခေါ်သွားလေ"

ဟု လှမ်းအော်သံက အနောက်တွင် ကျန်ရစ်၏။ ရပ်ရွာမလေ့အရ ထိုခေတ်ထိုအခါက ဒုစရိုက်ပြုမှုနည်းပါး၏။ မတော်မလျော်မှုများမကြားရ၊ မမြင်ရ။ ရပ်ရွာရွာသားအချင်းချင်း စောင့်ရှောက်ကြ၏။ ဘာသာသာသနာဘက်မှာလည်း အကျင့်သီလသမာဓိနှင့်ပြည့်စုံသည့် ဆရာတော်သမတော်ကြီးများ၏ သွန်သင်ဆုံးမမှုကို ဦးလည်မသုန်ယုံကြည် လိုက်နာကြ၏။

မရွှေ ဘုရားကြီးကုန်းရောက်ရှိပြီး ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း သပ္ပာယ်တင့်တယ်စွာ ကိန်းဝပ်တော်မူသည့် မန္တလေးမဟာမြတ်မုနိနှင့်ရင်ငွေ့လုံးပုံတူ မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးအားရှိခိုးဝတ်ပြု၏။ ပြီးလျှင် အနောက်မှ ပတ်လျက် ညောင်ပင်သို့သွားမည့်ထွက်ပေါက်သို့ လျှောက်ခဲ့၏။ မျက်နှာကြက်အောက်နံရံများတွင်ငရဲသို့ကျခံနေရသူများ ဒုက္ခခံစားနေကြပုံ ဆေးရေးပန်းချီကားချပ်ကြီးများ ချိတ်ဆွဲထားရှိသည်။ စာရေးသူ မှတ်မိသရွေ့မှာ ဥပုသ်စောင့်ပြီးအတင်းပြောမိသူများ၊ မကောင်းမှုပြုမိ၍ ဆီပူဒယ်အိုးကြီးအတွင်းထည့်ကာ အကြော်ခံနေရပုံများ၊ ဆူးအတိရှိသည့် လက်ပံပင်ကြီးပေါ်သို့ သွေးသံရဲရဲနှင့် တက်နေရပုံ၊ အပင်ထိပ်တွင် ရောက်လာမည့်ငရဲခံရသူအား ထိုးဆိတ်စားသောက်ရန် အသင့်စောင့်နေသည့် လင်းတငှက်ကြီးများ၊ အောက်ပြန်ကျလျှင် ဝါးမျိုစားသောက်ရန်အစွယ်တဖွေးဖွေးနှင့်ခွေးနက်ကြီးများ၊ ငရဲမီးတောက်များအကြားတွန့်လိမ်ကောက်ကွေးအော်ဟစ်နေသူများအား ရေးဆွဲထားသည်ဖြစ်ရာ ကြည့်မြင်ရသူတို့ ငရဲကိုကြောက်ရွံ့၍ မကောင်းမှုမှရှောင်ကြဉ်စေရန် ရှေးလူကြီးသူမတို့၏စေတနာသံယုဂ်ဖြစ်လေ၏။ စာရေးသူငယ်စဉ် ရောက်ခဲ့သည့်၌ ကြည့်မြင်ခဲ့ရသည့် ထိုပုံရိပ်များသည် ယခုတိုင် စိတ်သန္တာန်၌ထင်ဟပ်ဆဲ ဖြစ်သည်။

ညောင်ချဉ်ရွက်နုများသည် နံနက်



www.burmeseclassic.com

နေရောင်ခြည်တွေ ရဲရဲနီလျက်ရှိ၏။ အောက်ချိုင့်မှုန်ရုံကိုကပ်မှီပေါက်နေသည့် ထိုအပင်သည် အပေါ်ကမ်းပါးမှ ခူးယူရန် အသင့်အနေတော်ဖြစ်၏။ အနီး၌လည်း စေတီဟောင်းတစ်ဆူမှ ပြိုကျနေသည့်အုတ်ခဲများစုပုံလျက်ရှိ၏။ ရပ်သူရွာသားများ ကိုင်းများလယ်များ၌ အာရုံစိုက်နေ၍ ညောင်ဖူးခူးမည့်သူမရှိဖြစ်ရာ မရွှေအတွက် အကြိုက်တွေ့စေလေသည်။ ညောင်ဖူးများ အတော်ရပြီဖြစ်၍ ထုပ်ပိုးလိုက်၏။ ညောင်ရွက်မှအစေးများကြောင့် လက်ချောင်းများစေးကပ်ကပ်ကြီးဖြစ်နေသဖြင့် အနီးရှိ သစ်ပင်မှသစ်ရွက်များဆွဲယူခူးကာ ပွတ်သပ်ရ၏။ ဤနေရာမှ တောင်အရပ်သို့လှမ်းကြည့်လျှင် သစ်ရိပ်တို့အုပ်ဆိုင်းနေသည့် ဘာဝနာကုန်းကို လှမ်းမြင်ရ၏။ ထိုဘာဝနာကုန်း၌ သူမတို့၏ အစ်မကြီးဖြစ်သူ သီလရှင်ကြီး ဒေါ်ပုညနှင့် သမီး သီလရှင်နှစ်ဦးတို့ရှိကြ၏။ တောင်ကုန်းမှတက်သည်နှင့် ဦးစွာတွေ့ရသည့်ဇရပ်သည် ထိုသီလရှင်တို့၏ဇရပ် ဖြစ်၏။

သွားမည်ကြံပြီးမှ ညောင်ဖူးများပြုတ်ရန်သုပ်ရန်ရှိသည်ကို သတိရကာ ပြန်မည်ဟု အထုပ်လက်၌ပိုက်၍ အပင်အောက်မှအထွက် သစ်ပင်ပေါ်မှမြေပြင်ထက်သို့ လေးပင်သည့် တစ်စုံတစ်ရာ ပြုတ်ကျသည့်အသံကြားမိ၍လှည့်ကြည့်မိ၏။ ယခင်ကမရှိခဲ့သည့် အပင်အောက်တွင် တစ်တောင်ခန့်အရွယ်ကလေးငယ်တစ်ဦးကို ရပ်လျက် တွေ့ရ၏။ မိမိအား စူးစူးဝါးဝါးကြည့်နေသည့်ကလေးသည် ကော်ပတ်ရုပ်သားကဲ့သို့ နီမြန်းသည့်အသားအရေရှိ၏။ မျက်ဝန်းအစုံမှာ အရွယ်နှင့်မလိုက်ဖက်စွာ ပြူးကျယ်ဝိုင်းစက်ပြီး ကြီးမားလွန်း၏။ မွေးညင်းများထောင်ကာ ကြက်သီးများတဖျဉ်းဖျဉ်းထလာနေပြီဖြစ်၏။ ပုံမှန်မဟုတ်တော့ဟု စိတ်ကထင်သည်နှင့် လှည့်ပြေးတော့၏။

ပြေးစဉ် ကလေးငယ်ထံမှ ကျစ်ကျစ်ကျစ်ဟူသည့် မြည်သံကိုကြားရ၏။ ပြေးမိပြေးရာကို သတိထားမိသည့်အခါ အပြန်လမ်းသို့မဟုတ်မူဘဲ ဘာဝနာကုန်းသွားရာလမ်း ဖြစ်နေ၏။ ပြေးသူနောက်လိုက်သူကလိုက်ရာ ကျောမခိုင်းရဲဘဲ နောက်ပြန်လျှောက်ရင်း လက်မှအထုပ်ဖြင့်လည်း ဝှေ့ယမ်းခါထုတ်နေရသည်။ ငယ်စဉ်က မိဘများပြောကြားခဲ့သည့် ကလေးမှင်စာများသည် လူ၏ခြေကြိုခြေကြားလှည့်ပတ်ပြေးတတ်ပြီး လဲကျလျှင် လူကိုယ်ပေါ်တက်ခွစီးကာ ဝိညာဉ်ကို



ထုတ်ယူတတ်သည်အား ပြန်လည်ကြားယောင်၏။ မိမိခြေအစုံနားရောက်မလာစေရန်နှင့် မလဲကျစေရန် သတိထားသွားနေရ၍ ခရီးကမတွင်ပေ။ မောပန်းကာ အာခြောက်လာ၏။ ကြောက်ရွံ့မှုဖြင့် နှလုံးခုန်သံကို နားဝတွင် တဒိတ်ဒိတ်ကြားနေရ၏။မည်သူတစ်ဦးတစ်ယောက်မျှလည်း ဖြတ်သွားဖြတ်လာပြုသည်မတွေ့ရ။ နံနက်ဆွမ်းစားချိန်ဖြစ်သဖြင့် အသွားအလာပြတ်လပ်လျက်ရှိသည်။ အော်လျှင်ကြားနိုင်သည့် ဘာဝနာကုန်းအနီးရောက်လာ၏။ မရွှေလည်း ရှိသမျှအားအင်ခြစ်ထုတ်ကာ -

"မမလေးရေ့ လာကြပါဦး"

ဟု မရပ်မနားအော်တော့၏။

ဇရပ်ရှိနေသူများလည်း -

"မရွှေအသံနဲ့တူတယ်၊ ဘာဖြစ်လဲမသိ"

ဆိုကာ ကိုယ်ရုံတလွှားလွှားနှင့် အပြေးဆင်းလာကြ၏။ မရွှေဖြစ်နေကြောင်းတွေ့ရ၏။ ဖြစ်ပျက်ပုံကြားသိပြီး ငိုအားထက်ရယ်အားသန်ကြ၏။ လူများလာ၍ မှင်စာလည်း ပျောက်ကွယ်သွားပြီဖြစ်သည်။ မရွှေအား သီလရှင်များစေ့ကုန်းအိမ်အရောက် လိုက်ပို့ခဲ့ရ၏။ နာနာဘာဝများနှင့် တွေ့ကြုံရသည်မှာ ကံနိမ့်ပါးနေလျှင် လည်းကောင်း၊ ပရလောကသားများကြူးတတ်သည့် နံနက်အရုဏ်တက်ချိန်၊ ညနေနွားရိုင်းသွင်းချိန်၊ နေ့လယ်မွန်းတည့်ချိန်နှင့် ညသန်းခေါင်ချိန်တို့ဖြစ်ရာ ယင်းအချိန်များကို ရှောင်ကြဉ်သင့်ကြောင်း၊ မဖြစ်မနေသွားရလျှင်လည်း အဖော်နှင့်သွားသင့်ကြောင်းကို သီလရှင် အစ်မကြီးဖြစ်သူကပြောခဲ့၏။

ညီမဖြစ်သူမသန့်က ညောင်ဖူးထုပ်လာယူရင်း -

"ကြောက်သေးတွေပါလို့ဆို၊ ဒီညောင်ဖူးတွေလွှတ်ရဲ့လား"

အမေးအား မောပန်းခြင်း၊ ဒေါသထွက်ခြင်းနှင့်အတူ မိုးမွှန်အောင်တုပ်လေတော့၏။

အဒေါ်မရွှေ၏လူနီမှင်စာနှင့်တွေ့သည့်ဖြစ်ရပ်အား ဇရပ်ပြန်အရောက်သားအမိတစ်စု ပြောဆိုရယ်မောမိ၏။

ထိုသည်မှ တစ်နေ့တွင် တူမဖြစ်သူ မဣန္ဒစာရီ ဝင့်ပြန်လည်လေသည်။ ဝါဝင်နီးပြီဖြစ်၍ ဘာဝနာကုန်းမှ မဣန္ဒစာရီနှင့် အခြားသီလရှင်ငါးပါးတို့ မြစ်မီးမိုးညို စသည်သို့ ဆွမ်းခံ၊ အလှူခံထွက်ရန် နံနက် (၄) နာရီခန့် မော်တော်ဆိပ်သွားရန်ဆင်းလာကြ၏။ ကြယ်ရောင်လရောင်ကင်းမဲ့ကာ မိုးရိပ်မိုးရောင်ဖြင့် ကောင်းကင်သည် အမှောင်ပိတ်ဖုံးနေ၏။ လက်နှိပ်ဓာတ်မီးကို အသုံးပြုသွားနေရ၏။ တောင်ဆင်းလမ်းအောက်ချိုင့်မှလာသည်ဖြစ်၍ မကြာမီ သချိုင်းကိုကျော်ဖြတ်ရမည် ဖြစ်သည်။ သီလရှင်ကလေးများမှာ တရားဘာဝနာရိပ်တွင် ခိုလှုံနေသည်ဆိုငြား ပျို့ရွယ်သူများဖြစ်၍ ညအမှောင်က သချိုင်းကိုကြောက်မိ၏။ တစ်ဦးခြေ တစ်ဦးတက်နင်းမိမတတ်သွားနေကြ၏။

ထိုအတွင်း ပါးစပ်ဆော့သည့် သီလရှင်တစ်ဦးမှ သချိုင်းအတွင်းလှမ်း၍ -

"ဟဲ့ - မွန်းပြိတ္တာတို့၊ အိပ်နေကြတုန်းလား။ တို့များတော့ တစ်ရပ်တစ်ရွာကိုဆွမ်းအလှူခံထွက်နေပြီ။ထကြတော့။ မရှိကြဘူးလား"

ဟုအော်လိုက်ရာ အသံမဆုံးမီပင် သချိုင်းတွင်းမှ ကလတက်အုန်းမောင်းနရီ စသည့် သံစုံတီးမှုတ်သံများ တစ်ပြိုင်နက်ထွက်ပေါ်လာသည်၌ သီလရှင်များ ဖနောင့်နှင့်တင်ပါးထိမတတ် ကိုယ်ရုံကိုမ,၍ပြေးခဲ့ရသည်ဆို၏။ သချိုင်းစောင့်ပြိတ္တာက သူရှိကြောင်း ပြသလိုက်ခြင်းဖြစ်၏။ သို့ရာတွင် နောက်ရုံပြောင်ရုံလုပ်သည်နှင့် သူ၏ရုပ်သွင်မပြ၍တော်ပေသည်။ မဟုတ်က သီလရှင်များ ဆွမ်းခံကြွနိုင်တော့မည်မဟုတ်ပါ။

ထိုသီလရှင်များအနက် တစ်ပါးဖြစ်သည့် စာရေးသူ၏အရီးတော်စပ်သူ ဖခင်၏နှမ ဒေါ်ဣန္ဒစာရီ၏ပြောပြချက်အား အာရုံခံစား ရေးသားချက် ဖြစ်ပါသည်။

ထင်တာရာ



www.burmeseclassic.com

www.burmeseclassic.com



# နတ်ဒေဝီမယ်တော်များနှင့် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ

(ဘော့ဂွိုင်မီမိနပ်စ်။ ရွှေထီးဆောင်း)

△ ကြီးရတနာအရာဝေယျာလင်း

ဤလောက၌ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာတို့၏သဘောတား ခက်ခဲကျယ်ပြောနက်ရှိုင်းလှသော ဂမ္ဘီရပညာနယ်ပယ်တစ်ခုဖြစ်ပါချေ၏။ ဤဂန္ဓာရီဝိဇ္ဇာမယလောကီပညာဆိုသည်မှာလည်း မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတို့၌လည်း သူနည်းသူဟန်နှင့် သူရှိနေကြသည်သာ။ လူမျိုး၊ တိုင်းပြည်၊ ဘာသာ၊ သာသနာ၊ ယုံကြည်ကိုးကွယ်မှုဓလေ့စရိုက်အလိုက် ကွဲပြားခြားနားမှုများတော့ရှိကြသည်။ ဥပမာ ဟေတီနိုင်ငံက ဗူဒူး (Voodoo)၊ ဂျူးလူမျိုးတို့၏ ကဗဏပညာ (Kabbalah) စသဖြင့်ရှိသကဲ့သို့ အရှေ့တိုင်း၌လည်း အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်မကြီး၊ တိဗက်ဒေသ၊ အိန္ဒိယနိုင်ငံတို့၌လည်း ဂမ္ဘီရဝိဇ္ဇာမယလောကီပညာများ သူ့အတိုင်းအတာနှင့်အတူ ထွန်းကားလျက်ရှိနေကြပါလေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများ အပါအဝင် ထိုတိုင်းပြည်နိုင်ငံအသီးသီးမှ ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များအားလုံး မိမိတို့ သက်ဆိုင်ရာဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်များကို ထိန်းသိမ်း၊ လေ့လာလိုက်စား၊ ကျင့်ကြံပွားများအားထုတ်နေကြသည်မှာ ထိုဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့၏ အကျိုးတန်ခိုးသိဒ္ဓိများကို ရယူ ပိုင်ဆိုင်အသုံးချလိုကြသောကြောင့်သာဖြစ်ပေသည်။

အကျဉ်းအားဖြင့်ဆိုရသော် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့လေ့လာလိုက်စားကြခြင်းမှာ -

၁။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့ကိုအသုံးချရန်၊

၂။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့၏ခရီးဆုံးအထိပြီးမြောက်သိဒ္ဓိဆယ်ပါးပေါက်၍ ထွက်ရပ်လမ်းအထိတက်လှမ်းရန် ဟူ၍ဖြစ်ကြသည်။

အထက်တွင်ဆိုခဲ့သကဲ့သို့ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာတို့ကို အချို့က မိမိတို့၏အကျိုးစီးပွား၌ အထောက်အကူပြုစေရန် အသုံးချတတ်ကြသကဲ့သို့ (ဥပမာ စီးပွားလာဘ်လာဘတိုးစေရန်၊ ဘေးရန်အန္တရာယ်ကင်းစေရန်၊ ပယောဂအနှောင့်ရောဂါများကုရန် စသည်ဖြင့်) အလွန်နည်းပါးသောလူအချို့တို့သာလျှင် သိဒ္ဓိဆယ်ပါးပြီးမြောက် ထွက်ရပ်ပေါက်သည်အထိ ဆောင်ယူ ကျင့်ကြံပွားများအားထုတ်ကြလေသည်။

ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ၌လည်း ပြဒါးသေ၊သံသေအောင်ထွက်ရပ်ပညာဖြင့်စီရင်လုပ်ကိုင်ရသော အဂ္ဂိရတ်ပညာ၊ ဆေးဝါးဖြင့်စီရင်လုပ်ဆောင်ရသော ဝိဇ္ဇာမယဆေးအတတ်ပညာ၊ အင်းအိုင်စမများဖြင့် ရေးသွင်းကြံစည်စီရင်ရသော အင်းစမပညာ၊ ဂါထာမန္တန်များဆောင်ယူကျင့်ကြံပွားများအားထုတ်ရသော ဂါထာမန္တန်ဝိဇ္ဇာအတတ်ပညာ စသဖြင့် ပညာအမျိုးမျိုးနည်းအဖုံဖုံဖြင့် သိဒ္ဓိဆယ်ပါး ပြီးမြောက်အောင်မြင်ကြံဆောင်လုပ်ကိုင်ကြပါသည်။ ယင်းသိဒ္ဓိဆယ်ပါးတို့မှာ -



**ကာယသိဒ္ဓိ** - ဓား၊ လှံအစရှိကုန်သော လက်နက်မျိုးတို့ဖြင့် မထိခိုက်နိုင်ခြင်း။

**ဓနသိဒ္ဓိ** - ရွှေငွေရတနာပစ္စည်းတို့ကို အလိုရှိတိုင်းရနိုင်ခြင်း။

**ပီယသိဒ္ဓိ**- သူခပ်သိမ်းတို့၏ချစ်ခင်မြတ်နိုးခြင်းကို ခံယူရရှိနိုင်ခြင်း။

**အာဟာရသိဒ္ဓိ** - ပကတိလူတို့၏ စားသောက်သောအစာအာဟာရတို့ကို မစားမသောက်ဘဲနေနိုင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

**အာယုသိဒ္ဓိ-** အသက်ရှည်အောင် တတ်နိုင်ခြင်း၊ သက်တမ်းဆန့်နိုင်ခြင်း။

**ပထဝီသိဒ္ဓိ-** မြေလျှိုးနိုင်၊မြေကြော ရှု့နိုင်သောတန်ခိုးရှိခြင်း။

**ဥဒကသိဒ္ဓိ -** ရေကိုအစိုးရခြင်း၊ ရေပေါ်မှာသွားလာလှုပ်ရှားနိုင်ခြင်း။

**အာကာသသိဒ္ဓိ -** ယူဇနာများစွာ အမြင့်ခရီးအထိ ကောင်းကင်၌ ပျံသန်း သွားလာနိုင်ခြင်း။

**အနုယောမ၊ ပဋိလောမသိဒ္ဓိ** -အကြီး ကိုအငယ်၊ အငယ်ကိုအကြီးဖြစ်အောင် ပြု နိုင်ခြင်း၊

**မနောမယသိဒ္ဓိ -** စိတ်အလိုရှိတိုင်း ပြီးစီးစေနိုင်ခြင်း

စသည့် ဆယ်ပါးသောသိဒ္ဓိမျိုးတို့ ပြည့်စုံရရှိအောင် အားထုတ်ကြလေ သည်။

ထိုသို့ သိဒ္ဓိဆယ်ပါးတို့ရရှိရန် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာသိဒ္ဓိ အကျိုးတန်ခိုးရရှိရေးအတွက် အမျိုးမျိုး ကြံဆစီရင်လုပ်ဆောင်ကြရပါသည်။ ထိုသို့ လုပ်ဆောင်ကြရာတွင် မိမိကိုယ်တိုင် ပြီးမြောက်အောင် ဆောင်ယူအားထုတ် လုပ်ဆောင်ကြရသကဲ့သို့ မိမိအား ယုံကြည် အားကိုးကြသူခုနစ်ရက်သားသမီးအပေါင်း တို့အတွက်လည်း ဝိဇ္ဇာမယပညာရှင်တို့ လုပ်ဆောင်ပေးတတ်ကြပြန်ပါသည်။ ထိုသို့စီရင်ကြရာတွင် မိမိတို့လိုအပ်သော အကျိုးတန်ခိုးသိဒ္ဓိကို ရရှိအောင် စီမံ ဆောင်ရွက်ကြရာ၌ ထိုသက်ဆိုင်ရာ အကျိုးတန်ခိုးသိဒ္ဓိတို့ကိုပေးစွမ်းနိုင်သော ဘုရား၊ ရဟန္တာ၊ နတ်ဒေဝတာ၊ ဝိဇ္ဇာ အစရှိသော တန်ခိုးရှင် သိဒ္ဓိရှင်များ၏ ဟိတ်တန်ခိုးတို့ကို ရရှိအောင် ကြံဆောင် လုပ်ဆောင်တတ်ကြရလေ့ရှိသည်။ ဥပမာ ဆိုသော် မနသိဒ္ဓိနှင့်ပတ်သက်၍ လာဘ် လာဘပေါများစေရန်၊ စီးပွားတိုးတက် စေရန် လာဘ်လာဘပေါများရာတွင် အမြတ်ဆုံးသော ဇောဂဒ်ဘွဲ့ထူးကို ရရှိခဲ့ သော အရှင်သီဝလိမထေရ်မြတ်ကြီးနှင့် စပ်ဆိုင်သည့်အင်းစမဂါထာမန္တန်များကို အခြေခံကြံစည်စီရင်ရသကဲ့သို့ ပယောဂ များနှိမ်နင်းခြင်း၊ အကွယ်အကာများပြု လုပ်ခြင်းတို့အတွက် ဓတရဋ္ဌ၊ ကုဝေရ၊ ဝိရူဠှက၊ ဝိရူပက္ခ စသော နတ်မင်းကြီး လေးပါး၊ အာဠာဝက၊ ပုဏ္ဏက စသော နတ်စစ်သူကြီးများကို အခြေခံကြံစည် လုပ်ဆောင်ကြရပါသည်။

ထို့အတူ သိဒ္ဓိဆယ်ပါးလျှင် တစ်ပါး အပါအဝင်ဖြစ်သော ဝီယသိဒ္ဓိဆိုင်ရာ ကိစ္စရပ်များအတွက် သူရဿတီ၊ စန္ဒီ၊ ဂဟပတိ စသော နတ်ဒေဝီမယ်တော် များကို အခြေခံလျက် ကြံစည်လုပ်ကိုင် ကြပါသည်။ အထူးအားဖြင့် သူရဿတီ နတ်ဒေဝီနှင့်ပတ်သက်သော အင်းစမ၊ ဆေးဝါးအစီအရင်များက အများဆုံး တွေ့ရပါသည်။ သို့သော် ဂန္ဓာရီဝိဇ္ဇာမယ ပညာနယ်တွင် သူရဿတီဒေဝီသာမက အခြားသော နတ်ဒေဝီမယ်တော်များကို လည်း ထည့်သွင်းစီရင်လုပ်ဆောင်ထား ကြသည်ကိုတွေ့ရပါသည်။ ထိုနတ်ဒေဝီ မယ်တော်များကို ဒေဝီခုနစ်ပါး၊ ဒေဝီ ကိုးပါးဟုသတ်မှတ်ထားကြသည်ကိုတွေ့ ရပြီး အချို့က ဒေဝီ(၁၂)ပါးအထိ ခေါ် ဝေါ်သုံးစွဲနေကြသည်ကို တွေ့ရပါသည်။ ထိုနတ်ဒေဝီမယ်တော်များကို လေ့လာ ကြည့်ရာတွင်လည်း ဂိုဏ်း၊ ပညာ၊ သမားစဉ်မတူ ကွဲပြားကြသလို ထိုဒေဝီ မယ်တော်များ၏ အမည်နာမတို့မှာ လည်း ကွဲပြားနေကြကြောင်းတွေ့ရပြန်ပါ သည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို အစီအရင်တစ်ခု နှင့်တစ်ခု တစ်မျိုးနှင့်တစ်မျိုးတို့၌လည်း ပါဝင်သော နတ်ဒေဝီမယ်တော်တို့၏ အမည်နာမတို့မှာ မတူကွဲပြားခြားနားကြ သော်ငြားလည်း ရှေးဆရာမြတ်တို့ သူနည်းသူဟန်နှင့် သင့်မြတ်လျော်ကန်၍ သာ စီရင်သုံးစွဲခဲ့ကြခြင်းဖြစ်သဖြင့် ကျွန်ုပ် တို့အနေဖြင့်မူ ကြိုက်လျှင်ယူ၊ မကြိုက် တာကိုပယ်ကြရန်သာရှိပေသည်။ ပသို့ပင် ဆိုစေ နတ်ဒေဝီမယ်တော်ကြီးများသည် ဂန္ဓာရီဝိဇ္ဇာမယပညာစခန်းတို့၌ အရေး ပါအရာရောက်ကြသည်ကား ဧကန် အမှန်ပင်။ သို့ဖြစ်သည့်အားလျော်စွာ ကျွန်ုပ်သည် ဤ 'နတ်ဒေဝီမယ်တော်များ နှင့် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ'ခေါင်း စဉ်ဖြင့် ဂန္ဓာရီဝိဇ္ဇာမယလောကပညာ နယ်မှ နတ်ဒေဝီမယ်တော်ကြီးများကိုသိ ကြစေရန်နှင့် ထိုဒေဝီမယ်တော်ကြီးများ ဆိုင်ရာအစီအရင်များကို ဖော်ထုတ်ပေး ခြင်းဖြင့် ပညာလိုလားအမျိုးကောင်းသား တို့ ပညာဗဟုသုတ တိုးပွားအကျိုးများ စေရန် ရည်သန်ရေးသားတင်ပြလိုက်ရ ပါသည်။

**၁။ ဒေဝီခုနစ်ပါးဝင် နတ်ဒေဝီမယ်တော် များ**

- ကဝေသာရကျမ်းလာဒေဝီခုနစ် ပါး။

ဦးစွာ ဒေဝီခုနစ်ပါးဟုခေါ်နေကြ သော နတ်ဒေဝီမယ်တော်များအနက် ယခု ဦးစွာ ကဝေသာရကျမ်းလာဒေဝီ ခုနစ်ပါးကို ဖော်ပြချင်ပါသည်။ ထိုကဝေ သာရကျမ်းလာ ဒေဝီခုနစ်ပါးပင့်ရန် မန္တန် တော်ကြီးများတွင် -

ပြောင်း- နမောဟု တိနော၊ ဓမ္မ၊ သံယသုံးဖြာရတနာကို စန္ဒနဝမာန ဦးနှိမ် သလျက် တင်ထထိပ်မှာ၊ မကွာကိုးကွယ်၊ လွန်တင့်တယ်သည်၊ အံ့ဖွယ်ထင်ရှား မြတ်ဘုရား၊ ကိုယ်စားတော်မှာ ကိုးကွယ် ပါသည်၊ သမာဓိတိကောင်းဘိအယူ၊ ကြည်ဖြူရွှင်လန်း၊ ဆရာမြတ်၏၊ တပည် အရင်း၊ လေညင်းပြန့်ကြိုင်၊ ရနံ့လှိုင်သည်၊ မကျိုင်ထိပ်ပန်း၊ ရွှင်လန်းညွတ်ခ၊ ဦးနှိမ် သသည်၊ ကိုးဝရောင်ဖြာ သာသနာ၏၊ ထိန်ဝါတောက်လင်း၊ အတွင်းမှာလျှင်၊ ကြံလာခဲ့သည်၊ ရင်နွဲ့ဟန်ချို၊ နတ်ဒေဝီ၊ ဝသီနှုတ်ဖျား၊ စောင့်နေနားလျက်၊ ပျော် ပါးစေချင်၊ နတ်မိခင်ငယ်၊ သိမြင်နှံ့စပ်၊ သတ္တဘာဂ၊ ထိုဒေဝီက၊ စသည်စေစစ်၊ ခုနစ်မိမယ်၊ မိသူရသီနှင့်၊ နတ်စန္ဒီမေ၊ ပရမေသွာ၊ မဟာဒေဝီ၊ လေးလီနတ်မင်း၊ ကျေးချင်းစုံညီ၊ ပီပီသသ၊ နားဝနားခေါင်၊ ထင်မြင်အောင်လျှင်၊ ကြံဆောင်ပြသ သွန်သင်ပ၊ ဒေဝတွင်ဘိ၊ သမာဓိနှင့်၊ သိသည့်အလျှင်၊ လျှောက်ဦးတင်သည်၊ လျင်လျင်မေတ္တာ၊ မကွာနှေးညာ၊ ထင်ပို့သ သည့်၊ သဗ္ဗေသတ္တာ၊ အနိစ္စ-ဒုက္ခ-အနတ္တ ဟု အဝေရာပော၍၊ ကြည့်ရှုပွဲမှာ မိန္တစုံ ဟု ဦးစွာမိခင် ရှိခိုးတင်သည် အလျှင် ရောက်စေကုန်သတည်း။ပြောင်း-ဒေဝါ တိဌတု တိဌတု အို မိန္ဒရာဒေဝီ ချစ်ညီ ညီမ၊ ခုနစ်ဝန္ဓမိမြခံတွင်း၊ မြဲဆောင်ကြဉ်း သော၊ သံညှင်းသံမြ၊ တစ်ခွန်းဟု ဝိယ ဝါစာ၊ တရာသက်လုံး၊ ညွတ်ခရှုံးသည်၊ ရွှင်ပြုံးမယ်တို့ ခလှည့်ခလှည့်ကုန်။

ဤ မိန္ဒဒေဝီ၊ သတ္တောဒေဝီ၊ မဏိ မေခလာဒေဝီ၊ ကိန္နရာဒေဝီ၊ ရုက္ခဒေဝီ၊ စန္ဒီဒေဝီ၊ စန္ဒာဒေဝီ၊ သက်ပေဆရာသက် ပေ။ အို ကိန္နရာဒေဝီ လှသီဂီတို့ နှစ်လို အကုန် လာပါတုံလော၊ မွှေးထုံမာလာ၊ ဂန္ဓာမာလှ၊ ဒေဝကုဏ္ဍာ၊ စန္ဒာရုက္ခ တောင်လှယောမာ၊ ရွှေမှာ မြဂူ၊ ဘုလဂူ ရောင်ကြွား၊ ပတ္တမြားဂူ၊ ငွေဂူမိုးကြီး၊ ပန်း မျိုးကြိုင်စွာ၊ ဂူလိုဏ်သာက၊ မကြာခဏ၊ သက်လှည့်ကုန်'

ဤကား ကဝေသာရကျမ်းလာ ဒေဝီခုနစ်ပါးပင့်ရန် မန္တန်တော်ကြီးဖြစ်ပါ သည်။ ဤကဝေသာရကျမ်းလာ ထိုဒေဝီ ခုနစ်ပါးပင့်မန္တန်တော်ကြီးအရ 'ဒေဝီခုနစ် ပါး'ဟုခေါ်ဆိုနေကြသော နတ်ဒေဝီမယ်



www.burmeseclassic.com

www.burmeseclassic.com

တော်များမှာ -

၁။ မိန္ဒဒေဝီ

၂။ သက္ကောဒေဝီ

၃။ မဏိမေခလာဒေဝီ

၄။ ကိန္နရာဒေဝီ

၅။ ရုက္ခဒေဝီ

၆။ စန္ဒီဒေဝီ

၇။ စန္ဒာဒေဝီ ဟူ၍ ဒေဝီခုနစ်ပါးကို တွေ့ရပါသည်။ သို့ရာတွင် ဤဒေဝီခုနစ်ပါးတွင် ထူးခြားသည်ကား ကျွန်ုပ်တို့အားလုံး ရင်းနှီးကျွမ်းဝင်သိရှိနေကြသည့်သူရဿတီဒေဝီနတ်ဒေဝီမယ်တော်ပါဝင်ခြင်းမရှိသည်ကို တွေ့ရပေသည်။ အကြောင်းအသို့ဆိုသည်ကိုမူ မသိရပါချေ။ ထိုကဝေသာရကျမ်း၌ပင် ဒေဝီခုနစ်ပါးအကြူးမန္တန်တော်ကြီး၌လည်း သူရဿတီဒေဝီမပါရှိဘဲ အထက်ဖော်ပြပါ ဒေဝီခုနစ်ပါးကိုသာလျှင် ပြဆိုထားသည်ကိုသာ တွေ့ရပါသည်။ ထိုဒေဝီခုနစ်ပါးအကြူးမန္တန်တော်ကြီးကား စာရှည်လျားလှသဖြင့် ဆောင်းပါးလေးအံ့စိုး၍ မဖော်ပြတော့ပါချေ။ လေ့လာလိုပါမူကား ကဝေသာရကိုးကျမ်းတွဲ ဂါထာအမှတ် (၁၃၆)၊ စာမျက်နှာ (၁၁၄-၁၁၅) တွင် လေ့လာကြည့်ကြပါလေကုန်။

ထို့ပြင် ဝိဇ္ဇာလေးပါးဂိုဏ်းတော်ကြီး၏ ဆရာတော် အရှင်ရေဝတ ရေးသားပြုစုတော်မူသော လက်တွေ့ပယောဂအင်းကျမ်းတွင်ပါရှိသော ဒေဝီခုနစ်ပါးမှော် အစီအရင်တွင် ပါဝင်သော ဒေဝီမယ်တော်ခုနစ်ပါးမှာမူကား -

၁။ သူရဿတီဒေဝီ

၂။ ဂဟာပတိဒေဝီ

၃။ စန္ဒီဒေဝီ

၄။ စန္ဒာဒေဝီ

၅။ ကူနရာဒေဝီ

၆။ သိရီဒေဝီ

၇။ မိန္နရာဒေဝီ ဟူ၍ဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ ကဝေသာရကျမ်းလာ ဒေဝီခုနစ်ပါးနှင့် နှိုင်းယှဉ် လေ့လာကြည့်ပါက ဤဒေဝီခုနစ်ပါးတွင် -

၁။ သူရဿတီဒေဝီမယ်တော် ပါဝင်လာကြောင်း တွေ့ရပါသည်။

၂။ စန္ဒီဒေဝီနှင့် စန္ဒာဒေဝီ (၂) ပါးမှလွဲ၍ ကျန်ဒေဝီမယ်တော်များအမည်နာမကွဲပြားကြကြောင်း တွေ့ရပါသည်။ ထို့ကြောင့်လည်း အထက်တွင် ကျွန်ုပ်အနေဖြင့် ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယလောကီပညာတွင်ပင် ပါဝင်စီရင်ထားသော နတ်ဒေဝီမယ်တော်များ၊ ပညာသမားစဉ်၊ ဂိုဏ်းတို့ကိုလိုက်၍ ဒေဝီမယ်တော်များမှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေကြောင်း ပဏာမပြောကြားခဲ့ရခြင်း ဖြစ်ပါသည်။ ထို့ပြင် ကဝေသာရကျမ်းလာဒေဝီခုနစ်ပါးတွင် မဏိမေခလာဒေဝီမှာ မဟာဇနကဇာတ်တော်ကြီးလာ ဘုရားလောင်းဇနကမင်းသားအား ပင်လယ်သမုဒ္ဒရာတွင်းမှ ကယ်တင်ခဲ့သော နတ်သမီးဖြစ်ကြောင်း သိနိုင်လေသော်ငြား ကျန်ဒေဝီမယ်တော်များမှာ ထင်ရှားလှသည် မဟုတ်ပါ။ တစ်ခုပြောရန်ရှိသည်ကား ကိန္နရာဒေဝီဟူသည်ကား ငါးရှင့်ငါးဆယ်နိမိတ်တော် စန္ဒကိန္နရီဇာတ်လာ ကိန္နရာဒေဝီကို ရည်ညွှန်းသလားဟု ဆိုရန်ရှိပါသည်။ ကျန် စန္ဒာ၊ စန္ဒီဒေဝီတို့ကား ဟိန္ဒူဘာသာလာ နတ်သမီးဖြစ်လေမလားဟု တွေးမိပါသည်။ ဒေဝီခုနစ်ပါးဒုတိယအုပ်စုဖြစ်သော လက်တွေ့ပယောဂအင်းကျမ်းလာ ဒေဝီခုနစ်ပါးကို လေ့လာကြည့်သောအခါ အများသိကြသော သူရဿတီမယ်တော် ပါဝင်လာသည်ကို တွေ့ရပါသည်။

သူရဿတီနတ်ဒေဝီကို အချို့က သရဿတီဟုလည်းကောင်း၊ ဿုရဝတီဟု လည်းကောင်း၊ ဧဠဒေဝီဟုလည်းကောင်း ခေါ်ကြသည်။ ဟိန္ဒူတွေက ဗေဒကျမ်းများကို စောင့်ရှောက်သူဟုမှတ်ယူကြပြီး မြန်မာတွေကတော့ ပိဋကတ်သုံးပုံကိုစောင့်သည်ဟု ယုံကြည်နေကြသည်။ ဤသူရဿတီဒေဝီနတ်မယ်တော်ကို ဂိုဏ်းအတော်ဓော်များများ၌ အမိက နတ်ဒေဝီတစ်ပါးအဖြစ်လည်းကောင်း၊ ဒေဝီခုနစ်ပါး၊ ဒေဝီကိုးပါးအစီအရင်များတွင် အကြီးအမှူးအဦးအစ နတ်ဒေဝီမယ်တော်နေရာ၌ထားလျက် စီရင်ကြကြောင်းတွေ့ရပေသည်။ (သူရဿတီနတ်ဒေဝီမယ်တော်နှင့်ပတ်သတ်၍ ဤသူရဿမဂ္ဂဇင်းကြီး၌ပင် ကျွန်ုပ်အကန်ပြည့်စုံအောင် ရေးသားခဲ့ပြီးဖြစ်ပါသည်။)

သို့ဖြစ်ရာ ယခုလေ့လာတွေ့ရှိရချက်အရ ကဝေသာရကျမ်းလာဒေဝီခုနစ်ပါးနှင့် လက်တွေ့ပယောဂအင်းကျမ်းပါ ဒေဝီခုနစ်ပါးတို့ကို နှိုင်းယှဉ်လေ့လာကြည့်သော် အောက်ပါအတိုင်း တွေ့ရမည် ဖြစ်သည်။

**(၁) ကဝေသာရကျမ်းလာဒေဝီ(၇)ပါး**

၁။ မိန္ဒဒေဝီ

၂။ သက္ကောဒေဝီ

၃။ မဏိမေခလာဒေဝီ

၄။ ကိန္နရာဒေဝီ

၅။ ရုက္ခဒေဝီ

၆။ စန္ဒီဒေဝီ

၇။ စန္ဒာဒေဝီ

**(၂) လက်တွေ့ပယောဂအင်းကျမ်းလာ ဒေဝီခုနစ်ပါး**

၁။ သူရဿတီဒေဝီ

၂။ ဂဟာပတိဒေဝီ

၃။ စန္ဒီဒေဝီ

၄။ စန္ဒာဒေဝီ

၅။ ကူနရာဒေဝီ
(ကူရုံနသီဟုလည်းရေးကြသည်။)

၆။ သိရီဒေဝီ

၇။ မိန္နရာဒေဝီ

နောက်တစ်ဖန် ဒေဝီ (၇) ပါးတွင် အထက်ဖော်ပြပါ ဒေဝီ(၇)ပါးအုပ်စု(၂)စု၌ မပါဝင်သော ကူန္ဒာဒေဝီ ဟူသော နတ်ဒေဝီတစ်ပါးကို ဂဟာပတိဒေဝီအစားသုံးနှုန်းထားသည်ကိုလည်း တွေ့ရပါသည်။ (ဗိယသိဒ္ဓိစွယ်စုံကျမ်း)။

ထိုကျမ်းလာ ဒေဝီခုနစ်ပါးကို ဖော်ပြရသော် -

**ဗိယသိဒ္ဓိကျမ်းလာဒေဝီခုနစ်ပါး**

၁။ သူရဿတီဒေဝီ

၂။ စန္ဒီဒေဝီ

၃။ စန္ဒာဒေဝီ

၄။ ကူန္ဒာဒေဝီ

၅။ မိန္နရာဒေဝီ

၆။ ကိန္နရာဒေဝီ

၇။ ကူရုံနသီဒေဝီ

ယခု လေ့လာ တွေ့ရှိချက်အရ ဒေဝီခုနစ်ပါးဟု ခေါ်ဝေါ်သုံးစွဲ စီရင်ဆောင်ဟူကြရာတွင် (၁) စန္ဒာဒေဝီ၊ (၂) စန္ဒီဒေဝီတို့မှာမူ အတွင်းဝင်ဆုံးသောဒေဝီမယ်တော်များအဖြစ် တွေ့ရသည်။ ကူနရာဒေဝီ (ခေါ်) ကူရုံနသီအချို့ ကူရန္ဒသီဟုခေါ်သော နတ်ဒေဝီမှာ ဝိဓုရဇာတ်တော်မှ ပုဏ္ဏကဘီလူး စုံမက်နှစ်သက်သော ဘောဂဝတီနဂါးမင်း၏သမီးတော် ကူရန္ဒသီနဂါးမယ်ကို ရည်ညွှန်းဟန်ရှိပေသည်။ သက္ကောဒေဝီ၊ ကူန္ဒာဒေဝီ၊ ရုက္ခဒေဝီ၊ ဂဟာပတိဒေဝီ၊ မိန္နရာဒေဝီတို့မှာမူကား ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်များမှလွဲ၍ သာမန်လူများ ရင်းနှီးမှုမရှိသော ဒေဝီမယ်တော်များဖြစ်ကြသည်။

ထို့အပြင် အချို့ဒေဝီမယ်တော်များ၏အမည်နာမအခေါ်အဝေါ်လွဲမှားနေသည်ကိုလည်း တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ ဂဟာပတီဒေဝီ ဟူသော အမည်တွင် ဂဟာပတီသည် ပုရိသကျား ကိုသုံးနှုန်းခြင်းဖြစ်သဖြင့် ဂဟာပတာနီ ဒေဝီဟုခေါ်မှ ဣတ္ထိလိင်နှင့်ကိုက်ညီမည် ဖြစ်ကြောင်းတွေ့သည်။ ထို့အပြင် သီရိ ဒေဝီအမည်နာမမှာလည်း သီရိ သို့မ ဟုတ် သီရီဒေဝီဟုခေါ်မှမှန်ကန်ကြောင်း ဆိုမိန့်ထားသည်များလည်းရှိပေသည်။ တစ်ဖန် ကဏ္ဍာဒေဝီ ဟူသော ဒေဝီနတ် သမီးအမည်မှာလည်း အလွန်ထူးခြား သောအမည်ဖြစ်ပေသည်။ စိန္တာမဏိ မန္တန်တော်ကြီး၌မူ ကဏ္ဍောဒေဝါဟူ၍ဆို ထားသည်ကိုတော့ တွေ့ဖူးပါသည်။ သို့သော် မြန်မာပြန်ပါဠိအနက်၌မူ ကဏ္ဍ မည်သော နတ်သားဟူသာ ဆိုထားလေ သည်။ ပသို့ဆိုစေ ရှေးဆရာမြတ်တို့ ကြံ စည်သောအရာကို ကျွန်ုပ်တို့ ဉာဏ်မမီ လေသောကြောင့် ကြိုက်ရာကိုသာယူ ကြပါလေကုန်။ ယခုအခါ ဒေဝီနတ်မယ် ဖော်ခုနစ်ပါးအမည်နာမနှင့် ဒေဝီခုနစ် ပါးဝင် နတ်ဒေဝီမယ်တော်များ အမျိုး အစားကို ရှင်းလင်း တင်ပြပြီးနောက် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တွင် အသုံးများသော ဒေဝီခုနစ်ပါးအစီအရင် အချို့ကို ဖော်ပြပါမည်။

**ဒေဝီခုနစ်ပါးအစီအရင်များ**

ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတွင် ဒေဝီခုနစ်ပါးဝင် နတ်ဒေဝီမယ်တော်များ အမည်နာမ၊ အမျိုးအစားကွဲပြားနေကြ သလို ထိုဒေဝီခုနစ်ပါးဆိုင်ရာ လောကီ ပညာအစီအရင်များမှာလည်း အလွန် များပြား ကွဲပြားခြားနားကြပါသည်။ ထို များစွာထဲမှ ဒေဝီခုနစ်ပါးအစီအရင် အချို့ကို ကောက်နုတ် ဖော်ပြလိုက်ပါ သည်။ ဤဒေဝီခုနစ်ပါးအစီအရင်များကို ဆောင်ယူစီရင်ကြခြင်း၏ရည်ရွယ်ချက် များတွင် -

(၁) ထွက်ရပ်လမ်းသမားတို့က ဝီယသိဒ္ဓိအရာတွင် အပြီးတိုင်စေရန် ဆောင်ယူစီရင်ကြပြီး -

(၂) သာမန်ပညာရှင်တို့ကမူ မိမိ ကိုယ်တိုင်နှင့် ယုံကြည်ကိုးစားအားထား ချဉ်းကပ်ကာ သူတို့အတွက် မျက်နှာပွင့် လန်းစေရန် စီးပွားဥစ္စာလာဘ်လာဘတိုး ပွားစေရန် ရည်ရွယ်ဆောင်ယူစီရင်သုံးစွဲ ကြကြောင်း တွေ့ရပါသည်။

**၁။ ဒေဝီခုနစ်ပါးအစီအရင် (၁)(ဒေဝီခုနစ် ပါးမော်) ဒေဝီခုနစ်ပါးမော်အညွှန်း**

ဓာတင်းကြေညာ၊ လင်းဝေဖြာအုံ၊ လိုက်သာဥမင်၊ တိုက်ကိုဝင်သား၊ မိုက် အင်စတု၊ မှောင်အစုကို၊ မီးရှူးထွန်းညှိ၊ ပြလေဘိသို့၊ ကဝိဆရာ၊ ပဏ္ဍိတာက၊ နောင်လာအမျှား အမျိုးသားတို့ ကျိုးပွား ရစ်စေ၊ စီရင်ပေအုံ။

စိန္တေထွင့်ဖျား၊ တို့ဘုရား၏၊ ကိုယ် ပွားတော်ရွှေ၊ ကောင်းမြေအင်္ဂါ၊ ရက် မြတ်စွာ၌၊ ဗုဒ္ဓရာဇာ၊ ပြည့်ပြီးမှလျှင်၊ သတ္တ ပွဲမှာ၊ သပြာခုနစ်ကျပ်။ မလပ်စေရ မိန်းမ ကညာ၊ ဝတ်တန်ဆာနှင့်၊ စုံစွာဆင်သ၊ တင်လေကြရှင့်၊ ဒေဝတာညာ၊ ခုနစ်ဖြာ ကို၊ သေချာမချော်၊ စတ္တုပေါ်မှာ၊ ရွှေ လော့်ရုပ်သွင်၊ ဗိပြင်လှဝ၊ ရေးချက်လေ၊ အင်္ဂါဗျာပန၊ ထုတ်ပြာတျမှ၊ သုံးထမှန်စွာ၊ ရေမှာထူးမြတ်၊ ဖျော်၍စပ်ရှင့်၊ ရုံပါတ် ဂါထာ၊ ခုနစ်ခါစုတ်၊ ဖွဖွနှုတ်မှ၊ မယုတ် မှန်စွာ သောက်ပေရာ၏။

မကြာစေစပ်၊ အပြီးသပ်သော်၊ သူရဿတီ၊ ဒေဝီအစ၊ ပထမကို၊ လှလှ ပီသ၊ ရုပအင်္ဂါ၊ ငါးပြာတောင်းခြင်း၊ ခြောက်ပစ်ကင်းအောင်၊ မှောင်းတွင် ဘယ်ညာ၊ ထိုးနှံ့ရမူ၊ မိဘဆရာ၊ ညာတ ကာနှင့်၊ ရာဇာမင်းမတ်၊ ချစ်လေးမြတ် ၏၊ ရပ်ရှစ်မျက်နှာ၊ သွားပေရာ၌၊ ပူဆာ ညှိုးနွမ်း၊ မြူတစ်ခြမ်းမျှ၊ ပင်ပန်းငြီးငွယ်၊ ရှိဖွယ်မမြင်၊ ချစ်ခင်စုံမက်၊ မေတ္တာသက် ၍၊ ဝမ်းထွက်အသွင်၊ သားချင်းကြင် သည်၊ မြင်မြင်သမျှ၊ ဣတ္ထိယလည်း၊ ကြည်စွသဒ္ဓါ၊ စေတနာညွှတ်ပူး၊ သျှိသုံး ဦးလည်း၊ အကြူအလွန်၊ ကောင်းသည် မှန်၏၊ နာမံထင်ရှား၊ ခုနစ်ပါးမယ်၊ ကိုယ် ဝယ်စွဲလတ်၊ သူတို့ကပ်တျင်၊ လာဘ်သပ္ပ ကာ၊ ထူပြောစွာ၏။ မျက်နှာရွှင်လွန်း၊ ရွှေကြာပန်းသို့၊ မသန်းမိစ္ဆာ၊ ဘယဝကင်း ပျောက်၊ ဆောင်တိုင်းမြောက်လိမ့်၊ ထွန်း တောက်ကြက်သရေ ခြွေရံပေါ်များ၊ စိတ်ထားကြည်လင်၊ ရွှင်ရွှင်ပျပျ၊ သော ကကင်းမှာ၊ သော်တာရွှေလ၊ ထွန်း ရောင်ပသို့၊ အေးမြချမ်းသာ၊ ဖြစ်တတ် စွာသည်၊ နောင်လာလူတို့၊ မှတ်ဘို့သော် ဝ်။

(ကျမ်းလာစာသား စာလုံးပေါင်း သတ်ပုံများအတိုင်း တင်ပြထားပါသည်။)

**စီရင်နည်း**

အထက်ပါစီရင်နည်းအညွှန်းပါစာ အရ ဤဒေဝီခုနစ်ပါးမော်စီရင်နည်းမှာ- နေ့ကောင်းရက်မြတ်ရွေးချယ်ပြီး



www.burmeseclassic.com

မြတ်စွာဘုရားရှေ့တော်တွင် နှီးခေါက် သင်ဖြူးခင်း၊ ဖျင်နီခင်းပြီး ပွဲစုံ (၇) ပွဲတင်ရပါမည်။

-တစ်ပွဲလျှင် ငွေ (၁) ကျပ်တင် (ရှေးက ၁ ကျပ်ဆိုသော်လည်း ယခုခေတ်ဆိုလျှင် ၁၀၀၊ ၁၀၀၀၊ ၁၀၀၀၀ မိမိတို့တတ်နိုင်သလိုတင်သင့်ပါသည်။)

မီးမပတ်စုံအသစ်အသန့် (၇) စုံတင်။

ထို့နောက် မိုင်းကိုင်စက္ကူပေါ်တွင် ဒေဝီခုနစ်ပါးရုပ်ပုံများကို လုပသေသပ်စွာရေး၊ ဒေဝီခုနစ်ပါးရုပ်ပုံအသီးသီးအောက်၌ ဖော်ပြပါအတိုင်း သက်ဆိုင်ရာအင်းများကိုချရမည်။ ထိုသို့ရေးရာ၌ ဒေဝီခုနစ်ပါးဆေးကို ဟင်္သပဒါးနှင့် ဖျော်၍ ရေးရမည်။

ဒေဝီခုနစ်ပါးဆေးဖော်ပုံမှာကား နံ့သာမျိုးငါးပါး၊ တွင်းနက်ကတိုး၊ သနပ်ခါးပွေး၊ ကန့်ပလူ၊ ပဲနံ့သာ၊ စန္ဒကူးနီဖြူ ကျောက်မြင်းသီလာရော၍ကြိတ်၊ ဆေးကြိတ်သည့်အခါ မဟာဂီရိနတ်တင်ရေနှင့် ကြိတ်ရပါမည်။ ဆေးကြိတ်ရာတွင် ဒေဝီ(၇)ပါးပွဲစုံရှေ့မှာ ကြိတ်ရပါမည်။ ယင်းဆေးကို ဟင်္သပဒါးရောလျက် ဒေဝီ (၇)ပါးမော်ရုပ်နှင့်အင်းများကို မိုင်းကိုင်စက္ကူပေါ် တွဲရေးစီရင်ရန်ဖြစ်ပေသည်။

ဒေဝီခုနစ်ပါးမော်ပုံနှင့်အင်းများကို ရေးစီရင်ပြီးသည့်အခါ ပြာချလျက် ရွှေ၊ ငွေ၊ ကြေးဖလားတို့တွင် နံ့သာရည်နှင့်စပ်လျက်ဖျော်ရမည်။ ထိုနံ့သာရည်နှင့် အင်းများကို သက်ဆိုင်ရာ အင်းအရံဂါထာများဖြင့် ခုနစ်အုပ်စီစုတ်ရမည်။

ထို့နောက် ဆေးများကို ငါးပါးသီလ (သို့မဟုတ်) တတ်နိုင်ပါက (၈)ပါးသီလကို (၇) ရက်ထိန်းကျက် (၇)ရက် သောက်ရမည်။ ဆေးသောက်တိုင်းလည်း ဒေဝီခုနစ်ပါးအရံဂါထာများနှင့် ခုနစ်အုပ်စုပ်ပြီးမှ သောက်ရပါမည်။ ထို့အပြင် အမြဲထိန်းနိုင်သောသစ္စာကို ရှေ့က အဓိဋ္ဌာန်ပြုခံပြီး သစ္စာပြုသောက်ပါ။ ဥပမာ- အဋ္ဌတင္ဆေ - ယနေ့မှစ၍ ကျွန်ုပ်သည် သေရက်အရက်သောက်စားခြင်း၊ ပါဏာပေတ - အသက်ထက်ဆုံး ရှောင်ကြဉ်ပါမည်ဟု သစ္စာပြုပါ၏ စသည်ဖြင့် သစ္စာပြုစောင့်ထိန်းရန်ဖြစ်ပေသည်။

ဆေးသောက်ပြီးနောက် ခုနစ်ရက်စေ့ရောက်သော် ဆေးတွင် ဟင်္သပဒါးရောလျက် ဒေဝီခုနစ်ပါးတွင် အကြီးအမှူးဖြစ်သော သူရဿတီဒေဝီကို ဝဲယာလက်မောင်းနှစ်ဖက်တွင် ထိုးနှံရပါမည်။ ဤတွင် မော်ဝင်ခြင်းပြီးမြောက်၏။

မော်၏အကျိုးကား ခုနစ်ရက်သားသမီး၊ မင်းပိုးရာဇာ၊ အထက်လူကြီးဆရာသမားတို့ ချစ်ခင်စောင့်ရှောက်၏။ သျှိသုံးပါးပြီးမြောက်၏။ လာဘ်လာဘပေါများ၏။ ကုထိယတို့ အထူးချစ်ခင်လာ၏။ (သစ္စာရှိပါစေ။) ဘေးရန်တင်းကိုယ်လုံ၏။ စုန်းတစေ၊ မိစ္ဆာဝယောဂတို့အပေါ် ပြောတိုင်းအောင်၏။

ဖော်ပြထားသောပုံမှာ သူရဿတီဒေဝီနတ်မယ်တော်အတွက် ဒေဝီမော်ပုံနှင့်အင်းဖြစ်ပြီး ကျန်ဂဟပတိဒေဝီ၊ စန္ဒီဒေဝီ၊ စန္ဒာဒေဝီ၊ ကုနရာဒေဝီ၊ သီရိဒေဝီ၊ မိန္ဓရာဒေဝီတို့ကိုလည်း ထိုနည်းအတူ မော်ဒေဝီပုံဆွဲပြီး သက်ဆိုင်ရာအင်းများခံလျက် သက်ဆိုင်ရာအရံဂါထာတို့ဖြင့်ရံပေးရပါမည်။ ထိုကျန်ဒေဝီမယ်တော်များနှင့် ယင်းတို့နှင့် ဆိုင်ရာ အရံဂါထာနှင့် အင်းတို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

**ဂဟပတိဒေဝီ**

**အရံဂါထာ** - ဥုံ ဂဟပတိဒေဝီစ မေ မာတာ မာတာစ မေ ဂဟပတိဒေဝီ ဂဟပတိဒေဝီ မေအနုကမ္ပ ဥပါဒါယ သဗ္ဗဝိယံ သုခံသဒါ။

အခံအင်း -

| | | |
|---|---|---|
| / | } | S |
| ^ | 9 | } |
| 6 | > | ^ |

**စန္ဒီဒေဝီ**

**အရံဂါထာ** - ဥုံ စန္ဒီဒေဝီစ မေ မာတာ မာတာစ မေ စန္ဒီဒေဝီ စန္ဒီဒေဝီ မေ အနုကမ္ပ ဥပါဒါယ သဗ္ဗဝိယံ သုခံ သဒါ။

အခံအင်း-

| | | |
|---|---|---|
| S | >> | 6 |
| } | ^ | 9 |
| ^ | } | >o |

**စန္ဒာဒေဝီ**

**အရံဂါထာ** - ဥုံ စန္ဒာဒေဝီစမေ မာတာ မာတာစမေ စန္ဒာဒေဝီ စန္ဒာဒေဝီမေ အနုကမ္ပ ဥပါဒါယ သဗ္ဗဝိယံ သုခံသဒါ။

အခံအင်း-

| | | |
|---|---|---|
| 9 | >/ | ^ |
| >o | ^ | 6 |
| } | S | >> |

**ကုနရာဒေဝီ**

**အရံဂါထာ** - ဥုံ ကုနရာဒေဝီစ မေ မာတာ မာတာစ မေ ကုနရာဒေဝီ ကုနရာဒေဝီမေ အနုကမ္ပဥပါဒါယ သဗ္ဗဝိယံ သုခံသဒါ။

အခံအင်း-

| | | |
|---|---|---|
| 6 | >} | ^ |
| >> | } | ^ |
| >o | 9 | >/ |

**သီရိဒေဝီ**

**အရံဂါထာ** - ဥုံ သီရိဒေဝီစမေ မာတာ မာတာစမေ သီရိဒေဝီ သီရိဒေဝီ မေ အနုကမ္ပ ဥပါဒါယ သဗ္ဗဝိယံသုခံ သဒါ။

အခံအင်း -

| | | |
|---|---|---|
| ^ | >S | } |
| >/ | >o | ^ |
| >> | 6 | >} |

**မိန္ဓရာဒေဝီ**

**အရံဂါထာ** - ဥုံ မိန္ဓရာဒေဝီစ မေ မာတာ မာတာစ မေ မိန္ဓရာဒေဝီ မိန္ဓရာ ဒေဝီ မေ အနုကမ္ပ ဥပါဒါယ သဗ္ဗဝိယံ သုခံသဒါ။

အခံအင်း-

| | | |
|---|---|---|
| ^ | >9 | >o |
| >} | >> | > |
| >/ | ^ | >S |



www.burmeseclassic.com

www.burmeseclassic.com

ဤကား ဒေဝီခုနစ်ပါးမော်ဆိုင်ရာ မော်ဒေဝီပုံနှင့် အခံအင်း အရံဂါထာများကို အသေးစိတ် ဖော်ပြချက်များဖြစ်ပါသည်။

ဤဒေဝီခုနစ်ပါးတို့တွင် သူရဿတီဒေဝီမယ်တော်ကို လူအများရင်းနှီးကျွမ်းဝင်သိရှိကြပြီး အိမ်အတော်များများတွင် သူရဿတီဒေဝီမယ်တော်ပုံများ၊ ရုပ်တုများဖြင့် အချို့ကိုးထားသည်ကို တွေ့ရပေသည်။ သူရဿတီဒေဝီသည် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမလောကီပညာအင်းစမအတတ်၊ ဆေးအတတ်၊ ဂါထာမန္တန်အတတ်တို့တွင် စီရင်နည်းပေါင်းများစွာဖြင့် စီရင်ဆောင်ယူကြသည်ကို တွေ့ရပေသည်။ သူရဿတီဒေဝီနှင့်ပတ်သက်၍ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်များ ဂိုဏ်း၊ သမားစဉ်၊ ပညာစဉ်တို့ကိုလိုက်၍ အမျိုးမျိုးစီရင်ထားကြရာ သူရဿတီနတ်ပင့်၊ နတ်မွမ်း၊ ဂါထာ၊ သူရဿတီဆေးအစီအရင်၊ သူရဿတီရုပ်စမအင်းအစီအရင်ပေါင်း မြောက်မြားစွာရှိလေရကား ကျမ်းတစ်စောင်ပြုစု၍ ပင် ရနိုင်ပေသည်။ ထိုကျမ်းမျိုးပြုစုနိုင်သူများကိုလည်း ကြိုဆိုမိပါသည်။ နောက်လူတို့အတွက် အလွန်အကျိုးများနိုင်ပါသည်။ သူရဿတီဒေဝီနှင့်ပတ်သက်၍ 'မြစလွယ် အမည်ခံ ဆရာဦးထင်ပေါ် ရေးသားခဲ့သော သူရဿတီအဖွင့်ကျမ်း' ဟူသော စာပုဒ်ရှိသော်လည်း ကျမ်းအမည်ခံသော်လည်း စာပုဒ်ငယ်လေးတစ်ပုဒ်သာဖြစ်ပြီး သူရဿတီဒေဝီမယ်တော်နှင့် ပတ်သက်သော အစီအရင်များအားလုံးကို ကိုယ်စားမပြုနိုင်ပါချေ။ သို့သော် များစွာ တန်ဖိုးရှိသောပညာရပ်စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ဤဒေဝီမယ်တော်ခုနစ်ပါးအုပ်စုတွင် သူရဿတီဒေဝီမယ်တော်ကို အသာထား၍ ကျန်မယ်တော်ဒေဝီများမှာ ယင်းတို့အား သီးခြားဆောင်ယူစီရင်သော ဒေဝီမယ်တော်များကား ရှားပါးလှပါပေသည်။ သို့သော် ထိုရှားပါးသောအထဲတွင် မဏိမေခလာဒေဝီလည်း သီးခြားဆောင်ပုဒ်စီရင်ခံရသော ဒေဝီမယ်တော်တစ်ပါး ဖြစ်ပေသည်။ အကြောင်းမူကား ထိုမဏိမေခလာဒေဝီအမည်ဖြင့် မဏိမေခလာဈေးခေါ် အင်းအစီအရင်တစ်ခုကိုတွေ့ရသောကြောင့် ဖြစ်ပေသည်။ ဤအင်းကို ရွှေပြား၊ ငွေပြားတွင် လက်ဖွဲ့ထိုး၍ဆောင်ပါမူကား

| | | | | |
|---|---|---|---|---|
| ရာ | ဇ | သ | ဗ္ဗ | ဒ္ဒ |
| ဦ | / | ≥ | ς | ဇာ္ဓ |
| ဒ | ^ | ၅ | ≷ | ဗိ |
| ဂ္ဂီ | 6 | > | ^ | ဆိ |
| ဂ | ဂ | ဏ | ဠ | ဒိ |

ရာဇက္ကတ္ထိသျှိကောင်းလှ၏။ လှေနှင့်သွားလျှင် လှေဦးမှာချ၊ လှည်းနှင့်သွားလျှင် လှည်းဦးမှာချ၊ ဈေးရောင်းလျှင် ဈေးတောင်းမှာချပါလေ။ အလွန်စွမ်းလှ၏။

ဦးစွာ အင်းအဖြစ်က 'ဉုံရာဇသဗ္ဗက္ကတ္ထိ သိန္နေဟ၊ ပိယံ မမ သွာဟ' ဟူသော အင်းဆန်ဂါထာကို လက်ယာရစ် ခရုပတ်ချသွား၊ စမ္ဗာနဝင်းအင်းဆန်ကို အတွင်းက ဗိုလ်ဆင်းဗိုလ်တက်သွား။

ထို့အပြင် မေခလာဒေဝီနတ်မယ်တော်နှင့်ပတ်သက်သည့် အခြားအစီအရင်တစ်ခုမှာ 'မေခလာပိယဆေးနီကျော်' ဟူသော ဆေးအစီအရင်တစ်ခု ဖြစ်ပါသည်။

**မေခလာပိယဆေးနီကျော်**

နံ့သာဖြူ၊ အကျော်၊ စမ္ဗာ၊ ကရမက်၊ စန္ဒကူးအနီ၊ အဖြူ၊ ဥပါသကာ၊ ရှိုးတုံ၊ ပန်းဥ၊ ပန်းမ၊ ပန်းရင်း၊ ကန့်ကလူဥ၊ ပဲနံ့သာစေ့၊ ပဲစိမ်းနီစေ့၊ ထိုဆေးများကို ဆတူညီတူညီမျှစု၍ အုန်းရည်ဖြင့်ဆေးကြိတ်ရမည်။ ဆေးကြိတ်မည့်နေ့ကို နေ့ကောင်းရက်သာ၊ နက္ခတ်ခပါတ်အချိန်ကောင်းရွေး၍ မေခလာမယ်တော်အတွက် အုန်းငှက်ပျောပွဲ၊ မိန်းမဝတ်စုံဒွါဒရာအကုန်ပါစေရမည်။

ဆေးကိုစုတ်စဉ် မန္တန်မှာ -

ဉုံ ရာဇသိပ္ပဋ္ဌာနံ ပိယံမမ၊ သကလက္ကတ္ထိနံ ပိယံမမ၊ သကလမဟာဇနသတ္တအနုသာနံ ပိယံမမ၊ သဗ္ဗဉပရာဇာနံ ပိယံမမ၊ သဗ္ဗအမဇ္ဈာနံ ပိယံမမ၊ သဗ္ဗသတ္တရူဝိနာသန္တုအသေသတော။ ဩြောင်း - ဟေဋ္ဌာနံ၊ ပထဝီနာဂေ၊ သာဂရ၊ မဏိမေခလာနံ ပိယံမမ၊ ဘုမ္မဒေဝါနံ ပိယံမမ၊ ရုက္ခဒေဝါနံ ပိယံမမ၊ အာကာသ-ဒေဝါနံ ပိယံမမ။

ဎင်းမန္တန်နှင့် ဘုရား၊ သိမ်၊ နတ်စင်၊ လမ်းလေးခွမှာ (၁၇) အုပ် စီစုတ်၍ ဆောင်ထား။ ခုနစ်ရက်သားသမီးချစ်စေလိုသော် နဖူးဆံစပ်မှာလိမ်း၍သွား။

ထို့အပြင် ထိုဒေဝီခုနစ်ပါးအနက် သူရဿတီဒေဝီနတ်မယ်တော်မှတစ်ပါး အခြားဒေဝီတစ်ပါးဖြစ်သည့် ဣန္ဒရာဒေဝီ သို့မဟုတ် ဣရန္ဓသီဟုခေါ်သော ဒေဝီမယ်တော်ဂါထာတစ်ပုဒ်ကို တွေ့ရှိရပါသည်။

**ဣရန္ဓသီဂါထာ**

ဉုံ ဣရန္ဓာသိနာမံ မိဓာကိလံကိလာတိ၊ မဟာနုဘာဝေန၊ သဗ္ဗဒေဝါ၊ သဗ္ဗရာဇာ၊ သဗ္ဗနာဂါ ပိယာဟောန္တု၊ ပိယာဟောန္တု၊ ပိယဝေဂေန မမ သန္တိကေ ဧဟိဧဟိ၊ မမဗျာပါရေ၊ ပါနေတု၊ ပါနေတု ပါထရေတု၊ ပါလရေတု၊ ဣဒံတွာ ပုရိသံ ဘန္တေတိ ဧဟိဧဟိ။

ဤဒေဝီနှစ်ပါးမှတစ်ပါး အခြားဒေဝီနတ်မယ်တော်များ၏ သီးခြားအစီအရင်ဂါထာမန္တန်များကို မတွေ့ရှိရပါပေ။

(ဆက်ရန်)

တြိရတနာ-ဆရာဇေယျာလင်း
(ကဝိဉ္စပါဝိနပ်စီး၊ ရွှေထီးဆောင်း)



www.burmeseclassic.com



# ပန်းချီ (ချောစ်) တင်အောင်မိုး

## လကွယ်နေ့နှင့် တစ္ဆေပြောသောပီယဆေး

အကျွန်ုပ်သည် 'ပညာကို သေရွာ ယူမသွားပါနှင့်'ဟူသော စေတနာစကား ကိုဦးထိပ်ထားပြီး ယခုစာမူလေးကို ရေးသားဖော်ပြလိုက်ပါသည်။ အစွမ်း ထက်ပြီး အံ့ဩဖွယ်ကောင်းသော ကေန် မုချအချစ်တော်ရ ပီယဆေးနည်းဖြစ်၏။ ဆရာအဆက်ဆက်က လျှို့ဝှက်ပြီးပေး သောနည်းမဟုတ်။ ကားဆရာဘဝဖြင့် သေဆုံးသွားခဲ့သော သူငယ်ချင်းကိုမြင့် ၏ တစ္ဆေပြိတ္တာဘဝဖြင့်ပေးခဲ့သော ပီယ ဆေးနည်းဖြစ်၏။ ယခု ဤကိစ္စအား ဖော်ပြရန် အကျွန်ုပ်၏ဘဝနှင့်လက်တွေ့ ကြုံခဲ့သော အဖြစ်အပျက်များကို ရှေးဦး ပထမပြောပြမှုဖြစ်လိမ့်မည်။လုပ်ကြံဖန်တီး ထားသောဇာတ်လမ်း လုံးဝမဟုတ်။ တကယ့်ပွဲတွေ့အဖြစ်အပျက်တစ်ခုပါ။

လွန်ခဲ့သော (၁၂) နှစ်ခန့်က ၁၃၆၅ ခုနှစ်၊ နတ်တော်လကွယ်နေ့ည။

ကျွန်ုပ်အလုပ်က မြန်မာမှုပန်းချီ ဆရာအလုပ်။ အလှူမင်္ဂလာပ်အလှဆင် သွားရင်း လမ်း၌ ကားပျက်သောည။ စလင်းမြို့နယ် အထက်ထန်းတစ်ပင် ရွာသို့သွားသော တောလမ်းခရီးကြမ်း၊ အချိန်က ည (၁၁း၃၀) နာရီခန့်။ အချိန် အခါမဟုတ်ဘဲ မိုးအနည်းငယ်ရွာ၍ လေးများတိုက်ခတ်နေ၏။ အနီးအနား ရွာဆက်ကဝေးပြီး ဓာတ်မီးကပါမလာ။ ထို့ကြောင့် ကားပေါ် မှာပဲ စောင်၊ အနွေး ထည်တွေနှင့် ငြိမ်ငြိမ်လေးထိုင်နေရင်း ကူညီမည့်သူများကိုလည်းမျှော်ရတဲ့အခြေ အနေ၊ ကားဆရာနှင့် နောက်လိုက် ကိုဖိုးသာအောင်၊ ကိုလှမင်း၊ အကျွန်ုပ် သာငြိမ်နေကြပါသည်။ အကျွန်ုပ် ခဏ မှုမှေးနေစဉ် ကားပေါ်၌ အနည်းငယ် လင်းလာပါသည်။

အကျွန်ုပ်က -

"ဗျို့- ကိုဖိုးသာအောင်၊ ခင်ဗျား မီးထွန်းသလားဗျ"

အကျွန်ုပ်မျက်လုံးဖွင့်၍ကြည့်လိုက် သောအခါ ကိုဖိုးသာအောင်နှင့် ကိုလှ မင်းတို့က နှစ်ခြိုက်စွာ အိပ်မောကျနေ ၏။

ထိုစဉ် -

"သူငယ်ချင်း ကိုတင်အောင်မိုး ငါပါကွာ။ မင်းရဲ့ အချစ်ဆုံးသူငယ်ချင်း ကိုကျော်မြင့်ပါ"

ဟု ပြောသံကို နားထဲ၌ ပီပီသသ ကြားလိုက်ပါသည်။

"ငါ့ကိုမကြောက်ပါနဲ့၊ ငါသေပြီး ဒီဒေသမှာ တစ္ဆေပြိတ္တာဖြစ်နေတာပါ။ လူ့ဘဝတုန်းကရုပ်ပုံသဏ္ဍာန်အတိုင်း ငါပြပါ မယ်၊ မင်းကြည့်မလားကွာ"

အကျွန်ုပ်လည်း သူငယ်ချင်း တစ္ဆေပြိတ္တာ၏တန်ခိုးကြောင့်လားမသိ လုံးဝကြောက်စိတ်မဝင်ဘဲ -

"သူငယ်ချင်း ငါ့ကိုပြကွာ၊ ငါ မင်း ကိုကြည့်မယ်"

အကျွန်ုပ် ခွင့်ပြုလိုက်သောအခါ ကားအနီး၌ လူ့ဘဝကရုပ်ပုံအတိုင်းပေါ် လာ၏။ အနည်းငယ်ကိုယ်ရောင်ကိုယ်ဝါ တောက်ပ၏။ ကိုကျော်မြင့်နှင့် အကျွန်ုပ် သည် အချစ်ဆုံးသူငယ်ချင်းများဖြစ်ပါ သည်။ အကျွန်ုပ်တို့ဇာတိ ချောက်မြို့နှင့် နီးသော ဆိပ်ဖြူ-စလင်း- မကွေးဒေသစုံ ကားစုံမောင်းနေရင်း အသည်းရောင် အသားဝါရောဂါဖြင့် ဆုံးပါးခဲ့သူဖြစ်၏။ ယခု လုံးဝမမျှော်လင့် တစ္ဆေဘဝဖြင့် ရုတ်တရက်တွေ့ရ၏။

"သူငယ်ချင်း ကိုတင့်၊ ငါ့ကို မင်း တို့ပါလာတဲ့ထမင်းဟင်းကျွေးပါကွာ၊ စား ပါရစေ"

"သူငယ်ချင်း ကိုမြင့်၊ ငါ မင်းကို အလှူအိမ်ရောက်ရင် နေ့တိုင်းကျွေး မယ်၊ ငါတို့နဲ့လိုက်ခဲ့။ အခုပါလာတဲ့ ထမင်းက ကျွေးလို့မရဘူးကွာ။ မင်းကို ကျွေးလိုက်ရင် ငါနဲ့ပါလာတဲ့ ကိုဖိုးသာ အောင်နဲ့ ကိုလှမင်းတို့ အိပ်ရာကနိုးလာ ရင် ငါစားလိုက်တယ်လို့ အထင်မခံနိုင် ဘူး။ သူတို့လည်း ဘာတစ်ခုမှမစားရ သေးဘဲ အိပ်သွားတာ၊ ငါ့ကို အထင်လွဲ လိမ့်မယ်ကွာ။ ဒါကြောင့်ပါ သူငယ်ချင်း"

"သူငယ်ချင်း၊ ငါက တစ်လကို တစ်ခါပဲအစားစားရတဲ့ပြိတ္တာဖြစ်နေတာ ပါ။ လူ့ဘဝတုန်းက ဝါဆိုလကွယ်နေ့မှ ဘုန်းကြီးကျောင်းကို တစ်ခါဆွမ်းလှူခဲ့ဖူး တာကြောင့် လကွယ်နေ့တစ်ရက်ပဲစားရ တာပါ။ နောက်နေ့တွေဆိုရင် ဘာတစ်ခု မှစားလို့မရဘူး။ ဒါကြောင့် ငါ့ကိုကျွေးပါ သူငယ်ချင်း။ မင်းဝါသနာပါတဲ့ လောကီ ဂမ္ဘီရမှော်ပညာရပ်တွေ ငါပြောပြပါ မယ်။ မင်းမေးတာကို ငါဖြေပါမယ်"

ဤကဲ့သို့ လူ့ဘဝက သူငယ်ချင်း ဖြစ်ခဲ့သောတစ္ဆေက သနားစဖွယ်ပြောပါ သည်။

အကျွန်ုပ်၏မိဘများက ပုဂံဇာတိ



www.burmeseclassic.com

www.burmeseclassic.com

ပန်းချီ၊ ပန်းပုနှင့် လောကီလောကုတ္တရာ ပညာရှင်မျိုးရိုးမှ ဆင်းသက်လာခဲ့သူများ ဖြစ်၏။ ကိုကျော်မြင့်သည်လည်း လူ့ဘဝက အကျွန်ုပ်၏ဖခင်ထံက နက္ခတ္တဗေဒ ပညာရပ်အနည်းငယ် ဇာတာဖွဲ့နိုင်၊ ကြည့်နိုင်ရုံမျှသင်ယူခဲ့သူ ဖြစ်၏။ အဲဒါကြောင့် အကျွန်ုပ်၏ဝါသနာနှင့်ပညာကို အတွင်းသိဖြစ်သည်။

"အေးကွာ - ဒါဆိုရင် ငါမေးမယ်။ မင်းရဲ့တစ္ဆေပုံသဏ္ဌာန်ကို ငါမြင်နေရတဲ့ အတိုင်းလားကွာ။ ဒီပုံက မင်းရဲ့မူလပုံစံလား"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး။ ငါ့ရဲ့မူလပုံစံက လွန်စွာကြောက်စရာကောင်းတယ်။ ဦးခေါင်းက ဆံပင်ပေါက်များကြားမှာ သန်းလောက်ကောင်တွေက ရှည်ရှည်ကြီးကြီးတွဲလောင်းကျပြီး မမြင်ရဲလောက်အောင် ကြောက်စရာကောင်းတယ်။ ဘယ်သူပဲဖြစ်ဖြစ် မကြည့်ရဲဘူး။ ဒါကြောင့် မင်းကို ဖန်ဆင်းပြီး လူရုပ်ပုံစံနဲ့ပြနေတာပါ သူငယ်ချင်း။ ငါ့ကို ထမင်းကျွေးပါ သူငယ်ချင်း"

ထိုအခါ အကျွန်ုပ်လည်း ပါလာသောထမင်းချိုင့်ကို ကန်တော့ပွဲဇလုံကြီးထဲသို့ အားလုံးထည့်ပြီးကျွေးလိုက်ပါတယ်။ ငယ်သူငယ်ချင်း၏ရုပ်ရည်နှင့် တစ္ဆေက အငမ်းမရစားနေ၏။ ခဏအတွင်း ထမင်းအကုန်နီးပါးဖြစ်သွား၏။ အကျွန်ုပ်ကိုမော့ကြည့်၏။

ထိုအခါ ကျွန်ုပ်က -

"သူငယ်ချင်း ကိုမြင့်. ငါ့ကို ပီယဆေးစွမ်းကောင်းနဲ့ လုပ်နည်းပညာကို ပေးခဲ့ပါဦးကွာ"

ဟု ပြောလိုက်ပါတယ်။

တစ္ဆေကချက်ချင်းသူစားနေသော ထမင်းထဲက မောင်မခေါ်ပဲ (၄) စေ့ကို ထပ်၍လက်နှင့်ကြိတ်ချေ၏။

အကျွန်ုပ်ကမေးလိုက်၏။

"သူငယ်ချင်း၊ မင်းပေးတဲ့ပီယဆေးနည်းက တစ္ဆေစာကျွေးတဲ့ထမင်းဟင်းပါတာလား"

"အဲဒီလို သက်သက်ပဲအဓိပ္ပာယ်ကောက်လို့မရဘူးကွာ။ ဒီဆေးနည်းက အပြား (၄) ခု၊ ဆက်သွယ် (၁၂) ခု၊ ဂြိုဟ်သတ္တဝါရုပ်ပုံ (၉) ခုကို (၁၂)စုံထည့်ပြီး စုပေါင်းကြိတ်ရတာကွာ။ ဥပမာကွာ ဒီမောင်မခေါ်ပဲ အပြား(၄)ခုက မင်းတို့အိမ်ရှေ့ကိုလာရောင်းလို့ မင်းမိန်းမက အမှုအရာနဲ့ခေါ်ပြီးဝယ်လိုက်တာ။ ဒါကြောင့် ငါက ချက်ချင်းဆေးကြိတ်ပေးတာ။ အော်ခေါ်သွားဝယ်လို့ ပါလာတဲ့ရလာတဲ့ပစ္စည်းဆိုရင် ဆေးဖော်လို့မရဘူး။ လောကီနည်းပညာရပ်တွေက ဉာဏ်နည်းလို့မရဘူး မှတ်ထားတွ သူငယ်ချင်းရ"

ဤကဲ့သို့ တစ္ဆေသူငယ်ချင်းက ပြောသောအခါ အကျွန်ုပ် လွန်စွာဒေါသထွက်မိ၏။ ဒီကောင် ငါ့အဘိုးက ပုဂံမြို့ မဟေသရဂိုဏ်းချုပ်ဦးအောင်လု၊ ငါ့အဘ၊ ငါ့အဖေတွေက ဂုဏ်ထူးဆောင်တိုင်းရင်းသမားတော်ပညာရှင်တွေဆိုတာ မသိတော့သလား ဆိုတဲ့ မျိုးနွယ်မာန်မာန၊ ပညာမာနဖြင့် -

"ဟိတ်ကောင် မြင့်၊ မင်းက ငါ့ကို ဉာဏ်နည်းတဲ့လူလို့ထင်နေတာလား။ ဆိပ်ဖြူ တန်ဖွန်းမ- ယောမြို့- ယောနယ်ကျေးရွာမျိုးစုံ အထက်လမ်း၊ အောက်လမ်းဆရာမျိုးစုံနဲ့ လောကီပညာရပ်ကို လက်တွေ့လေ့လာထားတဲ့လူကွာ၊ အရိုပ်ပြရင် အကောင်မြင်တယ် ဟူး. . ."

အကျွန်ုပ် ဒေါသဖြင့်ပြောလိုက်ပါတယ်။

"အဲဒါဆိုသူငယ်ချင်း ငါသွားတော့မယ်။ မင်းကို ကျေးဇူးတင်ပါတယ်။ အခုလူတွေနဲ့ ဘုန်းကြီးတစ်ပါး ကားနဲ့လာပြီ၊ ငါသွားပြီ သူငယ်ချင်း"

ပြောပြောဆိုဆို တစ္ဆေသူငယ်ချင်းကိုကျော်မြင့် ပျောက်ကွယ်သွား၏။ခဏမျှအကြာ၌ တောင်ကြားထဲသို့ ကားမီးရောင်လင်းလာပါသည်။ တစ္ဆေသူငယ်ချင်းပြောသွားသည့်အတိုင်း အလှူ့အိမ်က အလှူ့ဒါယကာနှင့် ရွာဦးကျောင်းဆရာတော်တို့ဖြစ်ပါသည်။ ထိုအခါ အဖွဲ့သားအားလုံး အိပ်ရာကနိုးလာ၍ အလှူ့ရှင်က -

"ဗျို့ - မဏ္ဍပ်ဆရာတွေ၊ ဗိုက်ဆာပြေအောင် ထမင်းစားလိုက်ကြပါဦး"

ဟု ကျွေးမွေးဧည့်ခံ၏။

ကိုဖိုးသာအောင်က အကျွန်ုပ်အား -

"ဆရာမိုး၊ ကျွန်တော်တို့ပါလာတဲ့ ထမင်းဟင်းတွေစားပြီးသွားပြီလား။ ခင်ဗျားအကုန်စားပစ်လိုက်တာလားဗျာ"

မေး၏။

"မဟုတ်ဘူး၊ ဒါပေမယ့် အေး - ဟုတ်တယ်၊ စားလိုက်လို့ကုန်သွားပြီ။ အလှူ့ရှင်တွေပါလာတဲ့ထမင်းပဲ ခင်ဗျားတို့စားလိုက်ပါ။ ကျွန်တော် အိပ်လိုက်ဦးမယ်"

အကျွန်ုပ်ပြန်အဖြေပေးရင်း ကားပေါ်တက်အိပ်လိုက်ပါသည်။ လုံးဝအိပ်မပျော်ပါ။ ကားဆရာများက ကားပြင်နေကြ၏။ အကျွန်ုပ်အား တစ္ဆေပြောသွားသော ပီယဆေးနည်းအား စဉ်းစားကြည့်လေ အဖြေမသိလေဖြစ်နေ၏။ ရုတ်တရက် ငယ်ရွယ်စဉ် ပညာမာနဖြင့် တစ္ဆေသူငယ်ချင်းကို ငါသိတယ်၊ ငါနားလည်တယ်လို့ပြောလိုက်ပေမယ့် အဖြေကို စဉ်းစားမရ။ ဆက်သွယ် (၁၂) ခုဆိုတာ ဘာကိုပြောတာလဲ။ တစ္ဆေသူငယ်ချင်းကို နောက်ထပ်တစ်ကြိမ် ထပ်တွေ့အောင်ရှာရမယ်၊ မေးရမယ်။ ဤသို့ဖြင့် အကျွန်ုပ် အတွေးနယ်ချဲ့ရင်း နံနက်မိုးလင်းခဲ့လေတော့သည်။

အကျွန်ုပ်တို့ အလှူ့အိမ်၌ (၅)ရက်ခန့် မဏ္ဍပ်ဆင်ကိစ္စများဆောင်ရွက်လုပ်ကိုင်ပြီးနောက် ချောက်မြို့သို့ ပြန်လာခဲ့ပါသည်။ အိမ်ရောက်သောအခါ သူငယ်ချင်းတစ္ဆေပြောလိုက်သော ပီယဆေးနည်းအား အဖြေရှာကြည့်တဲ့အခါ အပြား (၄) ခုဟူသည်ကား အမျိုးအစား (၄)ခုတွဲများဖြစ်သော နံ့သာမျိုး(၄)ပါး၊ ကံ့ကူမံ၊ လေးညှင်းပွင့်၊ ကဗျည်း၊ တောင်ဇလပ်၊ ဆဲ(၄)ပါးဟူသည်ကား နေထွက်ဆဲ၊ နေဝင်ဆဲ၊ မွန်းတည့်ဆဲ၊ သန်းခေါင်ယံဆဲ၊ လုလင် (၄) ယောက်မှာ မြစ်ဖွားလုလင်၊ လုလင်ပွင့်ပေ၊ လုလင်ကျော်၊ လုလင်ပျည်ဖြစ်၏။ ခွေး (၄) ကောင်မှာ ခွေးတောက်၊ ခွေးလေး၊ ခွေးပူး၊ ခွေးလေးယားဖြစ်၏။ ဆီ (၄) ဆီက ပထဝီဆီ- မြေဉ၊ ဝါယောဆီ- သက်လေငှေ့၊ အာပေါဆီ- ရေညှိ၊ တေဇောဆီ- လောင်မီးကျခဲ့ မီးသွေးမှုန့်၊ ခြသေ့(၄)စီးမှာ တောဇီးကန်း၊ ပြာဆီကန်း၊ အိမ်ဆီကန်း၊ ဆီးစောင်ကြီး (၄) ပါး ဖြစ်သည်။ ကျား(၄)ကောင်မှာ ကျားဒေါက်၊ ကျားမင်းဇံ၊ ကျားစီမ်းညှင်း၊ သမိုင်းကျား၊ (၄) ကျွန်းမြေဟူကား ဘုရား၊ နတ်စင်၊ သိမ်မြေ၊ သချိုင်းမြေခေါ်သည်။ အစားပွဲ (၄) ပါးကား နတ်တင်စား၊ စုန်းစား၊ ဂြိုဟ်စား၊ တစ္ဆေစား (၄)ပါး စသည်ဖြင့် လောကီပညာရပ်၌အသုံးပြုသော အမျိုးအစား (၄)ခုတွဲများကို စဉ်းစားကြည့်တဲ့အခါ တစ္ဆေသူငယ်ချင်း ကိုကျော်မြင့်နှင့် တွေ့ဆုံခဲ့သောအချိန်ကား လဆန်း ၈ ရက်၊ လပြည့်၊ လဆုတ် ၈ ရက် လကွယ်နေ့ ဟူသော ဥပုသ် (၄) ရက်နေ့များတွင် လကွယ်နေ့ဖြစ်ခြင်း၊ ဆဲ (၄) ပါးတွင် သန်းခေါင်ယံဆဲအချိန်ဖြစ်ခြင်း၊ အစားပွဲ (၄) ပါးတွင် တစ္ဆေစားဖြစ်ခြင်း၊ အဝယ် (၄) ပါးတွင် မဆစ်ဘဲဝယ်ခြင်း၊ မခေါ်ဘဲဝယ်ခြင်း၊ မောင်မခေါ်ပဲ (၄)ပြားကို စတင်၍ဆေးဖော်တာ။ ဒါကြောင့်

www.burmeseclassic.com

ပန်းချီ၊ ပန်းပုနှင့် လောကီလောကုတ္တရာ ပညာရှင်မျိုးရိုးမှ ဆင်းသက်လာခဲ့သူများ ဖြစ်၏။ ကိုကျော်မြင့်သည်လည်း လူ့ဘဝ က အကျွန်ုပ်၏ဖခင်ထံက နက္ခတ္တဗေဒ ပညာရပ်အနည်းငယ် ဇာတာဖွဲ့နိုင်၊ ကြည့်နိုင်ရုံမျှသင်ယူခဲ့သူ ဖြစ်၏။ အဲဒါ ကြောင့် အကျွန်ုပ်၏ဝါသနာနှင့်ပညာကို အတွင်းသိဖြစ်သည်။

"အေးကွာ - ဒါဆိုရင် ငါမေးမယ်။ မင်းရဲ့တစ္ဆေပုံသဏ္ဌာန်ကို ငါမြင်နေရတဲ့ အတိုင်းလားကွာ။ ဒီပုံက မင်းရဲ့မူလပုံစံ လား"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး။ ငါ့ ရဲ့မူလပုံစံက လွန်စွာကြောက်စရာ ကောင်းတယ်။ ဦးခေါင်းက ဆံပင်ပေါက် များကြားမှာ သန်းလောက်ကောင်တွေ က ရှည်ရှည်ကြီးကြီးတွဲလောင်းကျပြီး မမြင်ရဲလောက်အောင် ကြောက်စရာ ကောင်းတယ်။ ဘယ်သူပဲဖြစ်ဖြစ် မကြည့် ရဲဘူး။ ဒါကြောင့် မင်းကို ဖန်ဆင်းပြီး လူရုပ်ပုံစံနဲ့ပြနေတာပါ သူငယ်ချင်း။ ငါ့ကို ထမင်းကျွေးပါ သူငယ်ချင်း"

ထိုအခါ အကျွန်ုပ်လည်း ပါလာ သောထမင်းချိုင့်ကို ကန်တော့ပွဲဇလုံကြီး ထဲသို့ အားလုံးထည့်ပြီးကျွေးလိုက်ပါ တယ်။ ငယ်သူငယ်ချင်း၏ရုပ်ရည်နှင့် တစ္ဆေက အငမ်းမရစားနေ၏။ ခဏ အတွင်း ထမင်းအကုန်နီးပါးဖြစ်သွား၏။ အကျွန်ုပ်ကိုမော့ကြည့်၏။

ထိုအခါ ကျွန်ုပ်က -

"သူငယ်ချင်း ကိုမြင့်၊ ငါ့ကို ဝိယ ဆေးစွမ်းကောင်းနဲ့ လုပ်နည်းပညာကို ပေးခဲ့ပါဦးကွာ"

ဟု ပြောလိုက်ပါတယ်။

တစ္ဆေကချက်ချင်းသူစားနေသော ထမင်းထဲက မောင်မခေါ်ပဲ (၄) စေ့ကို ထပ်၍လက်နှင့်ကြိတ်ချေ၏။

အကျွန်ုပ်ကမေးလိုက်၏။

"သူငယ်ချင်း၊ မင်းပေးတဲ့ဝိယဆေး နည်းက တစ္ဆေစာကျွေးတဲ့ထမင်းဟင်းပါ တာလား"

"အဲဒီလို သက်သက်ပဲအဓိပ္ပာယ် ကောက်လို့မရဘူးကွာ။ ဒီဆေးနည်းက အပြား (၄) ခု၊ ဆက်သွယ် (၁၂) ခု၊ ဗြိဟ် သတ္တဝါရုပ်ပုံ (၉) ခုကို (၁၂)စုံထည့်ပြီး စုပေါင်းကြိတ်ရတာကွာ။ ဥပမာကွာ ဒီ မောင်မခေါ်ပဲ အပြား(၄)ခုက မင်းတို့ အိမ်ရှေ့ကိုလာရောင်းလို့ မင်းမိန်းမက အမှုအရာနဲ့ခေါ်ပြီးဝယ်လိုက်တာ။ ဒါ ကြောင့် ငါက ချက်ချင်းဆေးကြိတ်ပေး တာ။ အော်ခေါ်သွားဝယ်လို့ ပါလာတဲ့ ရလာတဲ့ပစ္စည်းဆိုရင် ဆေးဖော်လို့မရ ဘူး။ လောကီနည်းပညာရပ်တွေက ဉာဏ်နည်းလို့မရဘူး မှတ်ထားတွ သူငယ်ချင်းရ"

ဤကဲ့သို့ တစ္ဆေသူငယ်ချင်းက ပြောသောအခါ အကျွန်ုပ် လွန်စွာဒေါသ ထွက်မိ၏။ ဒီကောင် ငါ့အဘိုးက ပုဂံ မြို့ မဟေသရဂိုဏ်းချုပ်ဦးအောင်လှ၊ ငါ့ အဘ၊ ငါ့အဖေတွေက ဂုဏ်ထူးဆောင် တိုင်းရင်းသမားတော်ပညာရှင်တွေဆိုတာ မသိတော့သလား ဆိုတဲ့ မျိုးနွယ်မာန် မာန၊ ပညာမာနဖြင့် -

"ဟိတ်ကောင် ငမြင့်၊ မင်းက ငါ့ ကို ဉာဏ်နည်းတဲ့လူလို့ထင်နေတာလား။ ဆိပ်ဖြူ တန်ဖွန်းမ- ယောမြို့- ယောနယ် ကျေးရွာမျိုးစုံ အထက်လမ်း၊ အောက် လမ်းဆရာမျိုးစုံနဲ့ လောကီပညာရပ်ကို လက်တွေ့လေ့လာထားတဲ့လူကွာ၊ အရိုပ် ပြရင် အကောင်မြင်တယ် ဟူး. . ."

အကျွန်ုပ် ဒေါသဖြင့်ပြောလိုက်ပါ တယ်။

"အဲဒါဆိုသူငယ်ချင်း ငါသွားတော့ မယ်။ မင်းကို ကျေးဇူးတင်ပါတယ်။ အခု လူတွေနဲ့ ဘုန်းကြီးတစ်ပါး ကားနဲ့လာပြီ၊ ငါသွားပြီ သူငယ်ချင်း"

ပြောပြောဆိုဆို တစ္ဆေသူငယ်ချင်း ကိုကျော်မြင့် ပျောက်ကွယ်သွား၏။ခဏ မျှအကြာ၌ တောင်ကြားထဲသို့ ကားမီး ရောင်လင်းလာပါသည်။ တစ္ဆေသူငယ် ချင်းပြောသွားသည့်အတိုင်း အလှူအိမ် က အလှူ့ဒါယကာနှင့် ရွာဦးကျောင်း ဆရာတော်တို့ဖြစ်ပါသည်။ ထိုအခါ အဖွဲ့သားအားလုံး အိပ်ရာကနိုးလာ၍ အလှူရှင်က -

"ဗျို့ - မဏ္ဍပ်ဆရာတွေ၊ ဗိုက်ဆာ ပြေအောင် ထမင်းစားလိုက်ကြပါဦး"

ဟု ကျွေးမွေးဧည့်ခံ၏။

ကိုဖိုးသာအောင်က အကျွန်ုပ် အား -

"ဆရာမိုး၊ ကျွန်တော်တို့ပါလာ တဲ့ ထမင်းဟင်းတွေစားပြီးသွားပြီလား။ ခင်ဗျားအကုန်စားပစ်လိုက်တာလားဗျာ"

မေး၏။

"မဟုတ်ဘူး၊ ဒါပေမယ့် အေး - ဟုတ်တယ်၊ စားလိုက်လို့ကုန်သွားပြီ။ အလှူရှင်တွေပါလာတဲ့ထမင်းပဲ ခင်ဗျား တို့စားလိုက်ပါ။ ကျွန်တော် အိပ်လိုက်ဦး မယ်"

အကျွန်ုပ်ပြန်အဖြေပေးရင်း ကား ပေါ်တက်အိပ်လိုက်ပါသည်။ လုံးဝအိပ် မပျော်ပါ။ ကားဆရာများက ကားပြင် နေကြ၏။ အကျွန်ုပ်အား တစ္ဆေပြော သွားသော ဝိယဆေးနည်းအား စဉ်းစား ကြည့်လေ အဖြေမသိလေဖြစ်နေ၏။ ရုတ်တရက် ငယ်ရွယ်စဉ် ပညာမာနဖြင့် တစ္ဆေသူငယ်ချင်းကို ငါသိတယ်၊ ငါနား လည်တယ်လို့ပြောလိုက်ပေမယ့် အဖြေ ကို စဉ်းစားမရ။ ဆက်သွယ် (၁၂) ခုဆို တာ ဘာကိုပြောတာလဲ။ တစ္ဆေသူငယ် ချင်းကို နောက်ထပ်တစ်ကြိမ် ထပ်တွေ့ အောင်ရှာရမယ်၊ မေးရမယ်။ ဤသို့ဖြင့် အကျွန်ုပ် အတွေးနယ်ချဲ့ရင်း နံနက်မိုး လင်းခဲ့လေတော့သည်။

အကျွန်ုပ်တို့ အလှူအိမ်၌ (၅)ရက် ခန့် မဏ္ဍပ်ဆင်ကိစ္စများဆောင်ရွက်လုပ် ကိုင်ပြီးနောက် ချောက်မြို့သို့ ပြန်လာခဲ့ ပါသည်။ အိမ်ရောက်သောအခါ သူငယ် ချင်းတစ္ဆေပြောလိုက်သော ဝိယဆေး နည်းအား အဖြေရှာကြည့်တဲ့အခါ အပြား (၄) ခုဟူသည်ကား အမျိုးအစား (၄)ခုတွဲများဖြစ်သော နံ့သာမျိုး(၄)ပါး၊ ကုံကုမံ၊ လေးညှင်းပွင့်၊ ကဗျည်း၊ တောင် ဇလပ်၊ ဆဲ(၄)ပါးဟူသည်ကား နေထွက် ဆဲ၊ နေဝင်ဆဲ၊ မွန်းတည့်ဆဲ၊ သန်းခေါင် ယံဆဲ၊ လုလင် (၄) ယောက်မှာ မြစ်ဖွား လုလင်၊ လုလင်ပွင့်ပေ၊ လုလင်ကျော်၊ လုလင်ပျည်ဖြစ်၏။ ခွေး (၄) ကောင်မှာ ခွေးတောက်၊ ခွေးလေး၊ ခွေးပူး၊ ခွေးလေး ယားဖြစ်၏။ ဆီ (၄) ဆီက ပထဝီဆီ- မြေဩ၊ ဝါယောဆီ- သက်လေပွေ၊ အာပေါ ဆီ- ရေညှိ၊ တေဇောဆီ- လောင်မီးကျခဲ့ မီးသွေးမှုန့်၊ ခြသေ့်(၄)စီးမှာ တောဇီး ကန်း၊ ပြာဆီကန်း၊ အိမ်ဆီကန်း၊ ဆီး စောင်ကြီး (၄) ပါး ဖြစ်သည်။ ကျား(၄) ကောင်မှာ ကျားဒေါက်၊ ကျားမင်းဖံ၊ ကျားစိမ်းညှင်း၊ သမိုင်းကျား၊ (၄) ကျွန်း မြေဟူကား ဘုရား၏ နတ်စင်၊ သိမ်မြေ၊ သချိုင်းမြေခေါ် သည်။ အစားပျံ (၄) ပါး ကား နတ်တင်စား၊ စုန်းစား၊ ဂြိုဟ်စား၊ တစ္ဆေစား (၄)ပါး စသည်ဖြင့် လောကီ ပညာရပ်၌အသုံးပြုသော အမျိုးအစား (၄)ခုတွဲများကို စဉ်းစားကြည့်တဲ့အခါ တစ္ဆေသူငယ်ချင်း ကိုကျော်မြင့်နှင့် တွေ့ဆုံ ခဲ့သောအချိန်ကား လဆန်း ၈ ရက်၊ လပြည့်၊ လဆုတ် ၈ ရက် လကွယ်နေ့ ဟူသော ဥပုသ် (၄) ရက်နေ့များတွင် လကွယ်နေ့ဖြစ်ခြင်း၊ ဆဲ (၄) ပါးတွင် သန်း ခေါင်ယံဆဲအချိန်ဖြစ်ခြင်း၊ အစားပျံ (၄) ပါးတွင် တစ္ဆေစားဖြစ်ခြင်း၊ အဝယ် (၄) ပါးတွင် မဆစ်ဘဲဝယ်ခြင်း၊ မခေါ် ဘဲဝယ်ခြင်း၊ မောင်မခေါ်ပဲ (၄)ပြားကို စတင်၍ဆေးဖော်တာ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အပြား (၄) ခုဆိုတာစဉ်းစားရတာလွယ်တယ်။ ဒါပေမယ့် ဆက်သွယ်မှု (၁၂)ပါးဆိုတာဘာလဲ။ အဲဒီနေ့ရက်ဖြစ်တဲ့ ၁၃၆၅ ခု၊ နတ်တော်လကွယ် ည (၁၂း၀၀) ဇာတာခွင်ချလိုက်တယ်။

ထိုအချိန်အခါ ဇာတာခွင်ကြည့်လိုက်တဲ့အခါ အကျွန်ုပ် လွန်စွာအားတက်မိသည်။ လောကီပညာရပ်များနှင့် ကောင်းမြတ်သောပညာရပ်များ၊ နတ်ဒေဝါ၊ ဆရာသမားများ အထက်ပညာရပ်၊ အောက်ပညာရပ်များ ထွန်းလင်းတောက်ပသော အချိန်အခါဖြစ်နေ၏။ သိပ်ရာသီလဂ်နှင့် ဂုရုကြာသပတေးဂြိုဟ်ကြီးယှဉ်ပြီး ၉-တန့်ဘာဝ၌ ရာဟုဂြိုဟ်ရပ်တည်နေချိန်၊ စနေဂြိုဟ်သည် ၁၁-တန့်ဘာဝ၌ရပ်တည်နေတဲ့အတွက် ကြမ်းတမ်းနိမ့်ကျတဲ့ပုဂ္ဂိုလ်များရဲ့ အကျိုးပြုမည့်အချိန် အင်္ဂါဂြိုဟ်စန်း၏ (၅)တန့်ဘာဝ၏ မိတ်အိမ်အကျိုးမှာ တစ္ဆေသရဲများရဲ့ ကောင်းကျိုးပြုမယ့်အချိန်။ ထိုအချိန်ကာလရဲ့ စုစုပေါင်း ဂြိုဟ်နက္ခတ်ယုဂ်- ကရိုဏ်းများရဲ့အကျိုးက အောင်မြင်မည့်နိမိတ်။ တစ္ဆေသူငယ်ချင်းပေးတဲ့ပီယဆေးနည်းကို အဆုံးတိုင်သိအောင် ကျွန်ုပ်ကြိုးစားမည်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် အဖြေရအောင် နောက်တစ်ကြိမ် ထိုဒေသကိုသွား၍ သူငယ်ချင်း တစ္ဆေကိုရှာရန် အကျွန်ုပ်စီရင်ရလေသည်။ ပထမဦးဆုံး ဖခင်ဖြစ်သူ ဆရာကြီးဦးထွန်းကြည်နှင့် တိုင်ပင်ကြည့်လိုက်ပါတယ်။

"အဖေ ကျွန်တော့်ကိုအကြံပေးပါဦး။ ကိုကျော်မြင့်ကို ကျွန်တော်ရှာဖို့ ဘယ်လိုစီရင်ရမလဲ အဖေ"

"အေး- မင်းပြောတာတွေအားလုံးကို စဉ်းစားဆုံးဖြတ်ပေးရရင် တစ္ဆေမောင်ကျော်မြင့်ကိုရှာတွေ့ဖို့ သိပ်ခက်လိမ့်မယ်။ အဲဒါထက် တစ္ဆေပြောတဲ့ပီယဆေးနည်းက ပိုခက်လိမ့်မယ်"

"ကျွန်တော် ကိုကျော်မြင့်ကို ရှာမယ် အဖေ။ အဲဒီအတွက် ကျွန်တော်ဘာတွေအဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားသင့်သလဲ"

အဖေခေတ္တခဏစဉ်းစားနေ၏။ ထို့နောက် ရေနွေးတစ်ခွက်သောက်ပြီး-

"ငါ့သား ပထမဆုံး မင်းနဲ့ဝါသနာတူတဲ့ ဆရာ(၃)ယောက်ရှာပြီးသွားရမယ်။ အဲဒီအခါ လူ (၄) ယောက်ခရီး။ သရဲသွားရှာမယ့် ဆရာ (၄) ယောက်က လဆန်း၊ လဆုတ် ၄ ရက်နေ့ အိမ်ကထွက်ရမယ်။ ကိုယ်ပိုင်စမ (၄) လုံးစီဆောင်ထားရမယ်။ နောက်ပြီး ဗောဓိပက္ခယအင်းလည်းဆောင်သွားရမယ်"

"အဖေ ကိုယ်ပိုင်စမနဲ့ ကမ္ဘာ့တံဆိပ်စမများအကြောင်းလည်းရှင်းပြပါဦး"

ဟု အကျွန်ုပ်သိချင်သောအချက်များကိုမေးမိပါသည်။ ထိုအချိန် ၂၀၀၃-၂၀၀၄ ခုနှစ်က အကျွန်ုပ်သည် လောကုတ္တရာစာပေ ပါဠိဘာသာဒေသနာများကိုလေ့လာပြီး လောကသရဖုကျမ်းရေးသားပြုစုဖို့ ကြိုးစားနေချိန်ဖြစ်ပါသည်။ လောကီဂမ္ဘီရပညာရပ်များ၌ အထက်ပါစမများအကြောင်း မသိသေးပေ။

"ငါ့သား၊ ကိုယ်ပိုင်စမဆိုတာက မိမိမွေးဖွားသော ခု၊ လ၊ ရက်၊ နေ့ကို ဗျည်းအက္ခရာနဲ့ စားရတဲ့အကြွင်းက ကိုယ်ပိုင်စမ (၄) လုံးဖြစ်တယ်"

ဟု ဆိုကာ ဆက်လက်၍ ဥပမာ ၁၃၃၆၊ တပို့တွဲလဆုတ် ၁၂ ရက်၊ တနင်္ဂနွေသားဆိုရင် ၁၃၃၆ ကို အက္ခရာ(၃၃)နှင့်စား၊ အကြွင်း (၁၆)ဖြစ်သော (တ) အက္ခရာက ပထမစမ၊ မွေးလကို တန်ခူးလကစ၍ (၁) ခုရေး။ ကဆုန်လ (၂) စသည်ဖြင့် ဂဏန်းမှတ်လျှင် တပို့တွဲလဆိုပါက (၁၁) ရ၏။ ထိုဂဏန်းများကို (၂)မြှောက်၍ (၃၃)စားရမည်။ထို့ကြောင့် တပို့တွဲ (၁၁×၂) ဖြစ်၍ (၂၂) ကို (၃၃) စား၍ အကြွင်း (၂၂) သည် အက္ခရာ (ဖ) ဖြစ်၍ ဒုတိယကိုယ်ပိုင်စမဖြစ်သည်။ တစ်ဖန် လဆုတ် (၁၂) ဆိုတာက လဆန်း (၁၅) ရက်နှင့်ပေါင်း၍ ရက်ပေါင်း (၂၇) က (၃)မြှောက်၍ (၃၃)စားရမည်။ ထို့ကြောင့် လဆုတ် (၁၂) အား (၂၇) ရက်ဟုမှတ်၍ (၂၇×၃) ဖြစ်ပြီး = (၈၁) ကို (၃၃) စားပါ။ အကြွင်း (၁၅)ဖြစ်သော (ဏ) အက္ခရာက တတိယစမဖြစ်၏။ နောက်ဆုံး စတုတ္ထစမက မွေးနေ့ကို (၄)မြှောက်ရမည်ဖြစ်၍ တနင်္ဂနွေ (၁) ကို (၄) မြှောက်၍ (၄) ရရှိသည်။ (၃၃) စားက အကြွင်း (၄) ဂဏန်းပဲဖြစ်၍ (ဃ) အက္ခရာ ဖြစ်သည်။ ထို့ကြောင့် အထက်ပါ ဥပမာ၌ ကိုယ်ပိုင်စမအက္ခရာ (တ၊ ဖ၊ ဏ၊ ဃ) ဖြစ်သည်ဟု မှတ်ရ၏။

"အဖေ၊ အဲဒီကိုယ်ပိုင်စမဆိုတာ ဘယ်လိုနေရာ၊ဘယ်လိုကိစ္စများကိုသုံးရတာလဲ။ ကိုယ့်အတွက် ဘယ်လိုအကျိုးပြုတာလဲအဖေ၊ ကျွန်တော့်ကိုရှင်းပြပေးပါ"

"ငါ့သား၊ လောကီပညာဆိုတာ ဉာဏ်ကိုပါးပါးလှသုံးရတဲ့ပညာဖြစ်တယ်။ ဉာဏ်ရှိလျှင်ရှိသလို အကျိုးထူးပြီး ဉာဏ်မရှိရင်လည်း ပေးကာပေး၏မရတဲ့ပညာမျိုးဖြစ်တယ်။ နောက်ပြီး ကမ္ဘာ့တံဆိပ်ဗီဇ္ဇစမအက္ခရာတွေက စ၊ ဓ၊ ဗ၊ ဝ (သို့) ဠ၊ သ၊ ည၊ က ဆိုတာတွေပဲ။ (စ)ဆိုတာ တေဇော - လှုပ်ဖြစ်တယ်။ (ဓ) ဆိုတာ ဝါယော- ဥဒေါင်းဖြစ်တယ်။ (ဗ) ဆိုတာက အာပေါ- ငါးရံ့ဖြစ်တယ်။ (ဝ)ဆိုတာ ပထဝီ - ပုစွန်ဖြစ်တယ်။ ၎င်း (၄) ပါး အညီအမျှပေါင်းစပ်ပြီး ဆေးအဖြစ်အသုံးပြုပါက အခုအခါ ကလီယုဂ်ခေတ်မှာပင် အသက် (၅၀၀၀) ရှည်စေတယ်ဟု ကျမ်းများမှာ ပြထားတယ်။ မိမိရဲ့ ကိုယ်ပိုင်စမအက္ခရာတွေထဲက အဲဒီကမ္ဘာ့တံဆိပ်စမအက္ခရာများပါတဲ့လူတွေက သိပ်ထူးခြားတဲ့လူတွေပဲ ငါ့သား။ အဲဒီလိုလူတွေနဲ့ မိတ်ဆွေဖွဲ့ပြီး အခု တစ္ဆေသရဲတွေကိုရှာရတယ်။ ဒါကြောင့် ပထမဆုံး တစ္ဆေကျော်မြင့်ကို ရှာဖို့ခက်မယ်လို့ အဖေပြောတာပေါ့။ နောက်ပြီး ဗောဓိပက္ခယအင်းကြီး ဆောင်ထားသင့်တဲ့အကြောင်းရင်းက ဗောဓိပက္ခယအင်းမြတ်က မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဗောဓိပက္ခိယတရား(၃၇)ပါးနဲ့ ဖွဲ့စည်းထားတာ။ ဒါကြောင့် ဘုန်းတန်ခိုးအာနုဘော်အလွန်ကြီးမားတယ်။ ဘယ်နေရာသွားသွား တစ္ဆေ၊ စုန်း၊ ပြိတ္တာ၊ သရဲ အောက်လမ်းပညာရပ်တွေနဲ့ပြုစားတာ ဖမ်းစားတာမခံရဘူး။ မိမိရဲ့ ကံဇာတာညံ့နေတဲ့အချိန်ဖြစ်တာတောင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးစသော ကိစ္စများကိုကောင်းကျိုးပြုတယ်။ အဆင်ပြေတိုးတက်အောင်မြင်မှုတွေပေးတယ်။ ဒါပေမယ့် ဗောဓိပက္ခယအင်းစီရင်တဲ့အခါ အခြားလောကီပညာအစီအမံများဖြစ်တဲ့ ဓာတ်ဆင်ဓာတ်ရိုက်၊ အဆောင်ယတြာဂမ္ဘီရပညာတွေထက် ပိုမိုပြီးစနစ်ကျဖို့ တိကျမှန်ကန်စွာစီရင်ဖို့ အရေးကြီးတယ်။ လွယ်လွယ်နဲ့စီရင်လို့ရတဲ့ ဗောဓိပက္ခယအင်းမဟုတ်ဘူး။ စီရင်ပေးတဲ့ဆရာကိုယ်တိုင်က အနည်းဆုံး (၁၂) နှစ်ခန့် နေ့စဉ်မပျက် သမ္မဒ္ဒေဂါထာစုတ်ပြီး နံနက်မိုးလင်းတာနဲ့ မျက်နှာသစ်တဲ့ဆရာဖြစ်ရမယ်။ နောက်ပြီး နက္ခတ်၊ ယုဂ်၊ ကရိုဏ်း၊ တိထိ၊ ဝါရ (၅)ပါးစုံညီတဲ့နေ့ကောင်းရက်မြတ်မှာသီလဆောက်တည်ပြီး သမ္မဒ္ဒေ (၁၀၀၀) စုတ် စီရင်ရတာ။ စီရင်နည်းကို အဖေ အနုစိတ် ပြောပြမယ်။

(ဆက်ရန်)

ပန်းချီတင်အောင်မိုး(ရွှေ...)



www.burmeseclassic.com

www.burmeseclassic.com



# ကျော်ထက်မိုး

## ထူးဆန်းသောမြွေကိုသတ်စား၍ ကျိန်စာသင့်ခံရသောရွာ

အချိန်ကား ၁၉၈၆ ခုနှစ်လောက်ကဖြစ်ပျက်ခဲ့သော ရွာတစ်ရွာ၏တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။

❑

ထိုအချိန်က ကျွန်တော်တို့တောရွာများတွင် အစိုးရစာသင်ကျောင်းများပိတ်ချိန်(သို့)ပိတ်ရက်များတွင် ဘုန်းကြီးကျောင်းစာများကို တစ်ဖက်တလည်း သင်ကြားကြပါသည်။ ထိုအထဲတွင် ကျွန်တော်လည်း ဘုန်းကြီးကျောင်းသားတစ်ယောက်ဟုဆိုလျှင်လည်း မှားမည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ကျောင်းထိုင်ဆရာတော်ဘုရားကြီးသည် ဘယ်ရွာသွားသွား ကျွန်တော်အပါအဝင် ကျောင်းသားနှစ်ယောက် အမြဲတမ်းလိုက်ရသည်။ ထိုကဲ့သို့ ကျောင်းသားအနေဖြင့် လိုက်ပါရင်းနှင့်ပင် ယခုရေးသားတင်ပြမည့် ထနောင်းကုန်းရွာအကြောင်းအား ကိုယ်တိုင်မြင်တွေ့ကြားသိခဲ့ရပါတော့သည်။

အချိန်ရာသီကတော့ ရှေးလူကြီးများပြောစကားလို ဝါဆိုဝါခေါင် ရေဖောင်ဖောင်၊ တော်သလင်းနေပူစွန်သေ၊ တော်သလင်းမိုး ကန်သင်းကျိုးဟု ဆိုခဲ့သလိုပင် ဝါဆို၊ ဝါခေါင်ရေဖောင်ဖောင်ရာသီဖြစ်ပါသည်။ ဘယ်နေရာကြည့်ကြည့် ရေတဖွေးဖွေးနှင့်ပင်။ မြစ်များချောင်းများမှာလည်း ရေအပြည့်နှင့်ပင်။ ထိုအချိန်ဆိုလျှင် ရွာရှိ တောင်သူလယ်သမားများမှာ မိုးစပါးများပျိုးကြရန် အချိန်ကောင်းဖြစ်ပါ၏။ ဤအကြောင်းများအား ခဏထား၍ ယခုရေးသားမည့်ရွာအကြောင်း ရှေ့ဆက်ရန်ကျန်ရှိနေသေးသည်။ ဤသို့ဖြင့် ဝါခေါင်လပြည့်နေ့ရောက်တော့မည်။ ထိုနေ့မှာ ဆရာတော်က ကျွန်တော်တို့ကို ကြိုတင်၍ မိန့်ကြားထားတာရှိသည်။ လပြည့်နေ့ဆိုလျှင် ထနောင်းကုန်းရွာလယ်ကျောင်းမှ ဘုရားပွဲတော်ပင့်ဖိတ်ထားသည်။ ဆရာတော်ကြွရမည်။ ကျွန်တော်တို့လည်း ကျောင်းသားအဖြစ် ဆရာတော်နှင့် လိုက်ရပါမည်။ ထိုသို့လိုက်ရလျှင် ကျွန်တော်တို့ပျော်ပါသည်။ ဆရာတော်နောက်မှ ကပ္ပိယလုပ်ရလိုက်လျှင် ကလေးသဘာဝ ပွဲလမ်းသဘင်လည်းကြည့်ရ၊ ကောင်းကောင်းလည်း စားသောက်ရသည်။

တောရွာလေးများတွင် ဘုရားပွဲကျင်းပလေ့ရှိတိုင်း ဇာတ်သဘင်ပွဲများ ပါစမြဲဖြစ်သည်။ ပျော်စရာလည်း အလွန်ကောင်းသည်။ အဲဒါကြောင့် တစ်ရွာနှင့်တစ်ရွာ ဘယ်လောက်ပင်ဝေးဝေး ကျွန်တော်တို့ကတော့ မညည်းမညူ လိုက်သည်။ ယခုလည်း ထိုရွာသည် ကျွန်တော်တို့ရွာနှင့် ဆယ်မိုင်ခန့်ဝေးသည်။ လှည်းလမ်းသာရှိသဖြင့် ခြေကျင်သာလမ်းလျှောက်ရသည်။ အဝေးမှလာရသောကျောင်းများမှာ တစ်ညအိပ်ကြိုတင်သွားရသည်။ ဒီလိုနှင့် ကျွန်တော်တို့လည်း ထနောင်းကုန်းကျောင်းတိုက်သို့ ညအိပ်ရောက်ရှိခဲ့ပါသည်။ ကျောင်းသို့ရောက်လျှင်ပဲ ဆရာတော်နှင့်ကျွန်တော်လည်း အောက်သို့ဆင်းလာပြီး ကျောင်းပတ်ဝန်းကျင်အား လှည့်လည်ကြည့်ရှုမိတော့သည်။ ထူးခြားသည်မှာ ထနောင်းကုန်းရွာလယ်ကျောင်းသည် ဘုရားပွဲတော်သာကျင်းပပြုလုပ်သည်။ စေတီတော်အား မတွေ့ရ သောကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့တောရွာများတွင် မည်သည့်ကျောင်းမဆို စေတီတော်ရှိကြသည်။ ဘုရားပွဲတော်လည်းကျင်းပကြသည်။ စေတီတော်ကိုလည်း မီးရောင်စုံများဖြင့် ထွန်းညှိပူဇော်ကြသည်။ ပွဲတော်အချိန်ဆိုလျှင် ပျော်စရာကောင်းလှသည်။ မြန်မာ့ရိုးရာမုန့်မျိုးစုံလည်း ပြုလုပ်လေ့ရှိကြသည်။ ပြီးလျှင် ပွဲတော်ကျင်းပသည့် စေတီတော်အား မုန့်ဆွမ်းကပ်ရန် တစ်ရွာလုံးရှိ ကလေး၊ လူကြီး၊ ကာလသားကာလသမီးအားလုံးစုဝေး၍ ရွာတစ်ပတ်လှည့်လည်ပြီး လောင်းလှူ၍ရရှိသော မုန့်၊ ပန်း၊ ဆီမီး၊ နံ့သာအမျိုးမျိုးသော လောင်းလှူကြသမျှကို သယ်ဆောင်ပြီး ဘုရားဆွမ်းတော်ကပ်လှူရန် ပြင်ဆင်ကြသည့် တောရွာများဓလေ့ကလည်း ကြည်နူးစရာကောင်းလှပါသည်။ (ထိုသို့ လှည့်လည်ခြင်းမှာ မြတ်စွာဘုရားအားရည်မှန်း၍ ကပ်လှူရန်အတွက် မုန့်ဆွမ်းလှည့်လည်ပွဲဟုခေါ်ပါသည်။)

ဤသို့ဖြင့် ကျွန်တော်လည်း စေတီတော်အား ကျောင်းဝင်းတစ်ပတ်ရှာကြည့်သည်၊ မတွေ့ရပါ။ တွေ့ရသည်ကတော့ ရာဇမတ်ကွက်ကာရံထားသည့် အတွင်းမှာသာ မြတ်ဘုရားအားရည်မှန်း

www.burmeseclassic.com

၍လှျှဒါန်းထားသော မုန့်ဆွမ်းပွဲများသာ တွေ့ရသည်။ ဒီလိုနှင့် စာရေးသူလည်း ရွာခံတစ်ယောက်ကိုမေးမိပါသည်။

"သူငယ်ချင်း၊ မင်းတို့ရွာကျောင်းမှာ စေတီတော်လည်းမတွေ့ရပါလား။ ဘယ်နေရာမှာလဲ"

ဟုမေးမိပါသည်။

အဲဒီအခါကျမှ ထိုကလေးက ကျွန်တော့်အား စေတီတော်ရှိသော နေရာအား ညွှန်ပြပါသည်။

"ဟိုမှာလေ သူငယ်ချင်း၊ မြစ်ရေထဲမှာတွေ့ရလား"

ဟု ကျွန်တော့်အားပြောပါသည်။



ထိုအခါကျမှ ကျွန်တော်လည်း သူညွှန်ပြသည့်မြစ်ကမ်းစပ်နေရာအား သွားကြည့်လိုက်မိပါသည်၊ ဟုတ်ပါသည်။ စေတီတော်အား မြစ်ရေအောက်တွင်မြုပ်၍ ထီးတော်အပေါ်ဘက် စိန်ဖူးတော်ကိုသာ ဖူးတွေ့ရပါသည်။ ကျွန်တော်လည်း စေတီတော်အား လက်အုပ်ချီ၍ ရှိခိုး

www.burmeseclassic.com

www.burmeseclassic.com

ဖူးမြော်လိုက်ပြီးလျှင် ကျောင်းပေါ်သို့ တက်ရောက်ပြီး အနားယူလိုက်ပါတော့သည်။ ဤသို့ဖြင့် အချိန်က ညနေ(၅း၃၀) လောက်ရှိနေပြီ။ ကျောင်းတိုက်အသီးသီးမှ လိုက်ပါလာသော ကျောင်းသားများအား ရွာထဲမှ ထမင်းစားလာခေါ်ကြသည်။ ကျွန်တော်တို့လည်း ကိုယ်မဲကျရာအိမ်သို့လိုက်ပါ၍ ထမင်းစားရသည်။ ထမင်းစားပြီး ကျောင်းသို့ပြန်ရောက်ရင်တော့ ရေထဲမှာမြုပ်၍နေသော စေတီတော်အကြောင်းကို ဆရာတော်အား လျှောက်ထားမေးမြန်းရဦးမည်ဟု စဉ်းစားထားသည်။ ဒီလိုနှင့် ကျွန်တော်လည်း ရွာထဲမှ ကျောင်းသို့ပြန်ရောက်ချိန်တွင် ဆရာတော်က ကျောင်းဘေးစင်္ကြံလမ်းတွင် လမ်းလျှောက် တရားမှတ်နေသည်ကို တွေ့ရသည်။ အဲဒါနဲ့ ကျွန်တော်လည်း ဆရာတော်ဘေးတွင်ထိုင်လိုက်ပြီး ဦးချကန်တော့လိုက်ပါသည်။တစ်ဆက်တည်းမှာပဲ ဆရာတော်က ကျွန်တော်တို့ ကျောင်းသားနှစ်ယောက်အား-

"မင်းတို့ပြန်လာကြပြီလား"

ဟု မေးပါသည်။ ကျွန်တော်တို့က လည်း

"တင်ပါ့ဘုရား"

ဟုလျှောက်ပြီးလျှင် ကျွန်တော်သိချင်နေသောအကြောင်းများအား မေးလျှောက်မိပါ၏။

"ဆရာတော်ဘုရား တပည့်တော်သိချင်နေသော အကြောင်းရာတစ်ခုလောက် မေးလျှောက်ခွင့်ပြုပါဘုရား"

ဟု လျှောက်လိုက်လျှင် ဆရာတော်က-

"ဘာအကြောင်းများလဲ တပည့်တို့"

ဟုပြော၍ ခွင့်ပြုပါသည်။ အဲဒီအခါမှ ကျွန်တော်လည်း-

"ဒီလိုပါ ဘုရား၊ တပည့်တော်သိချင်နေတဲ့အကြောင်းက ဘာကြောင့် ဒီကျောင်းတိုက်က စေတီတော်ဟာ မြစ်ရေအောက်ထဲမှာ ရောက်ရှိနေရတာလဲ။ အဲဒီအကြောင်းကို ဆရာတော်သိလျှင် တပည့်တော်တို့ကို ရှင်းပြတော်မူပါဘုရား"

ဟု မေးလျှောက်လိုက်သည်တွင် ဆရာတော်က ကျွန်တော်တို့အား ဤသို့ မိန့်ကြားရှင်းပြတော်မူပါသည်။

(**မှတ်ချက်။** ။ စာရေးသူလည်း ဆရာတော်ပြောပြသည့်ဖြစ်ကြောင်းအစုံအလင်အား စာဖတ်ပရိသတ်များအား ဗဟုသုတရစေခြင်းငှာ ရေးသားတင်ပြလိုက်ရပါတော့သည်။)

စာရေးသူ

အချိန်ရာသီကား ဆောင်းအကုန်နွေအကူးသို့ပင် ရောက်ရှိလာလေပြီ။ ထိုထနောင်းကုန်းရွာတွင် ကိုဖိုးတွတ်နှင့် မသိန်းအေးတို့ဇနီးမောင်နှံမှာ သီးပင်စားပင်စိုက်၍ ရောင်းချစီးပွားရှာသော ခြံစိုက်တောင်သူတစ်ဦးဖြစ်လေသည်။ ထိုတစ်ရွာလုံးရှိ ရွာသူရွာသားများမှာလည်း ခြံစိုက်၍ စီးပွားရေးလုပ်ကြသည်သာများပါသည်။ (ခြံစိုက်သည်ဆိုသည်မှာ သူ့လယ်ကွက် ကိုယ့်လယ်ကွက်အား ခြံစည်းရိုးများကာရံ၍ သီးပင်စားပင်အမျိုးမျိုးအား စိုက်ပျိုးရောင်းချကြခြင်းဖြစ်ပါသည်။) ထနောင်းကုန်းရွာရှိခြံများတွင် စိုက်ပျိုးကြသော သီးပင်စားပင်များသည် စုံလင်လှ၏။ ခရမ်း၊ ငရုတ်၊ ကြက်ဟင်းခါး၊ ချဉ်ပေါင်၊ ဘူး အမျိုးမျိုး စိုက်ပျိုးရောင်းချကြသည်။ ထိုအထဲတွင် ကိုဖိုးတွတ်တို့လင်မယားသည်လည်း ကြက်ဟင်းခါးစိုက်ပျိုးသော ခြံပိုင်ရှင်များဖြစ်ကြသည်။ သူတို့လင်မယားမှာ သားသမီးမထွန်းကား။ ချွေတာသုံးစွဲတတ်သောကြောင့် ခြံစိုက်စီးပွားရေးလေးက ဖြစ်ထွန်းသည်။ ကိုဖိုးတွတ်တို့ကြက်ဟင်းခါးခြံမှာ စင်ထိုး၍စိုက်ပျိုးရသည်။ လူတစ်ရပ်စာစင်ပေါ်တွင် ဝါးများကိုခွဲစိတ်၍ အကွက်ကြရက်ပြီးတင်ရသောစင်ဖြစ်သည်။ စင်တိုင်များမှာလည်း များပြားလှသည်။ ခြံတစ်ခြံလျှင် တိုင်သုံးရာခန့်စိုက်ရသည်။ ၎င်းတိုင်ခြေတွင် ကြက်ဟင်းခါးပျိုးပင်စိုက်ပျိုးရသည်။ အပင်ကြီးလာလျှင် ကြက်ဟင်းခါးနွယ်သည် တိုင်မှာရစ်ပတ်ပြီး စင်ပေါ်သို့ ပျံ့နှံ့သွားလေသည်။ ကိုဖိုးတွတ်ကြက်ဟင်းခါးခြံသည် ရွာနှင့်ဆိုလျှင် (၁၅)မိနစ်ခန့် လမ်းလျှောက်ရသည်။ ခြံ၏တစ်ဖက်တွင်တော့ မြစ်နှင့်ပေ(၁၀၀)ခန့်သာဝေးသည်။ ခြံကိုရောက်ရှိသည်နှင့် ကိုဖိုးတွတ်သည် စင်ပေါ်သို့မော့ကြည့်လျက် ပီတိအပြုံးလေးဖြစ်မိသည်။ အဘယ့်ကြောင့်ဆိုသော် ဒီနှစ်မှာတော့ သီးလိုက်တဲ့ကြက်ဟင်းခါးသီးများမှာ နေရာမလပ် တွဲလောင်းအနေထားနှင့်၊ကိုဖိုးတွတ်ရင်ထဲမှာ ပျော်နေမိသည်။ ဇနီးသည်ကိုလည်း ကိုဖိုးတွတ်က-

"မိန်းမရေ ဒီနှစ်တော့ တို့လင်မယားဝင်ငွေပိုရပြီဟေ့"

ဟုလည်း အော်၍ပြောလိုက်သေးသည်။ ကြက်ဟင်းခါးသီးများမှာလည်း အကြီးအသေး အရွယ်စားစုံလင်လှသည်။ မနက်ဖြန်လောက်ဆိုလျှင်တော့ ရောင်းတန်းဝင်အသီးများအားခူး၍ မြို့ပေါ်သို့ သွားရောက်ရောင်းချနိုင်လေပြီ။ ဒီလိုနဲ့ အချိန်များ တဖြည်းဖြည်းပြောင်းလဲလာလေပြီ။ ကြက်ဟင်းခါးပင်များလည်း အရွက်များဝါပြီး ပင်အိုအဖြစ်သို့ ရောက်လာသည်။ အသီးပွင့်များလည်း သိပ်မရှိတော့။ မကြာခင်အချိန်ကာလအတွင်းမှာ ကြက်ဟင်းခါးစင်များဖျက်ပြီး ရာသီအလိုက် သီးပင်စားပင် နောက်တစ်မျိုးစိုက်ပျိုးရဦးတော့မည်။ တဖြည်းဖြည်းနှင့် ကြက်ဟင်းခါးခြံမှာလည်း ခြောက်သွေ့စပြုလာလေပြီ။ မနက်ဖြန်ဆိုလျှင်တော့ ကြက်ဟင်းခါးစင်များဖျက်တော့မည်။ အမှိုက်များကိုလည်း စုပုံ၍ မီးရှို့ရှင်းလင်းရဦးမည်ဟု စဉ်းစားမိ၏။ နောက်တစ်နေ့မနက်သို့ရောက်လာတော့ ကိုဖိုးတွတ်တစ်ယောက် ခြံသို့ စောစောထွက်လာတော့သည်။ ဒီလိုနှင့် ခြံအဝင်သို့ပင် ရောက်လာလေပြီ။ ကြက်ဟင်းခါးစင်ကိုလည်း စတင်၍ဖျက်သိမ်းတော့မည်။ ဒီလိုနှင့် ကိုဖိုးတွတ်တစ်ယောက် ခြံထဲတွင် လှည့်လည်ကြည့်နေစဉ် ဟာ အသံပင်ကျယ်သွားသည်။ ကြက်ဟင်းခါးစင်မှာ မိုးလည်းမရွာ၊ လေလည်းမတိုက်ဘဲ ယိမ်းထိုးလှုပ်ခါနေသည်ကို တွေ့လိုက်ရသည်။ ဘာကြောင့် ကြက်ဟင်းခါးစင်မှာ လှုပ်ခါနေရတာလဲ၊ တစ်ခုခုတော့ရှိရမည်ဟုလည်း နှုတ်မှ ပြောမိသည်။ စိတ်ထဲမှာလည်း သိချင်နေမိသည်။ ဒီလိုနဲ့ ကိုဖိုးတွတ်လည်း စင်ပေါ်အားမော့ကြည့်၍ လိုက်ရှာမိတော့၏။ ဤသို့ဖြင့် မြစ်ဘက်ခြမ်းအစွန်သို့ ရောက်လာသည်။ တွေ့ရပါပြီ၊ ပေါင်လုံးသာသာလောက်ရှိသည့် စပါးအုန်းမြွေကြီးတစ်ကောင် စင်ပေါ်မှာရွေ့လျားနေသည်ကို တွေ့ရသည်။ ကိုဖိုးတွတ်လည်း ကြောက်လန့်သွားပြီး ဘာလုပ်ရမည်နည်းမသိတော့။ ခဏကြာမှ ကိုဖိုးတွတ်လည်း သတိရပြီး အနီးနားခြံများမှ အလုပ်လုပ်နေသူများအားအော်ခေါ်၍ အကူအညီတောင်းမိ၏။

"လာကြပါဦးဗျို့ လာကြပါဦး"

အနီးခြံများမှ လူသုံးလေးယောက် ပြေးလာကြသည်။ လက်ထဲမှာလည်း ပေါက်တူးများကိုင်ဆောင်လျက် နှုတ်ကလည်း-

"ဘာဖြစ်တာလဲ ကိုဖိုးတွတ်၊ ဘာဖြစ်လို့လဲ"

ဟုပြော၍ ပြေးလာကြသည်။ အနားရောက်တော့ ကိုဖိုးတွတ်မှ လက်

www.burmeseclassic.com

www.burmeseclassic.com

ညှိုးညွှန်ပြသည်။ ဒီတော့မှ ရွာသားများလည်း သူညွှန်ပြရာသို့ကြည့်မိတော့သည်။

"ဟာ - နည်းနည်းနောနော အကောင်ကြီးမဟုတ်ပါလား"

ဟုပြောရင်း ဘယ်လိုလုပ်ကြမလဲ ဟုမေးမိ၏။

ဤသို့ပြောနေစဉ် လက်မြန်ခြေမြန်ရွာသားတစ်ယောက်က -

"ဘာမှလုပ်မနေနဲ့။ ရိုက်သတ်ပြီး ရွာကိုသယ်သွားမယ်။ ညနေကျ ကာလသားတွေစုပြီးချက်ပြုတ်စားကြမယ်"

ဟုပြောပြီး မြွေကြီးအား ဝိုင်း၍ ပေါက်တူးများဖြင့် ခုတ်လေတော့သည်။ မကြာပါ၊ မြွေကြီးလည်း ရွာသားများ လက်ချက်ဖြင့် သေဆုံးသွားလေသည်။ ကိုဖိုးတွတ်နှင့်ရွာသားများလည်း မြွေသေကြီးအားထမ်းပြီး ရွာထဲသို့ပြန်လာကြတော့သည်။ ရွာသို့ရောက်တော့ အထူးအဆန်းမို့ လာရောက်ကြည့်ကြသည်။ တစ်ရွာလုံးလိုလိုပင်။ ထိုအထဲမှ လူကြီးများကတော့ ကိုဖိုးတွတ်တို့လူငယ်များအား ပြောဆိုငေါက်ငမ်းကြသည်။ ဒီလောက်ကြီးသောမြွေကြီးအား သတ်ဖြတ်လာကြ၍ဖြစ်သည်။ ရှေးမီနောက်မီ သက်ကြီးများကတော့ ဒီလောက်ကြီးသောမြွေကြီးများအား မသတ်ကောင်း။ မြွေကြီးလျှင် အစောင့်အရှောက်များလည်းရှိတတ်ကြောင်း ပြောဆိုဆုံးမကြသည်။ ယုံကြည်မှုလည်းရှိကြသည်။ ကာလသားလူငယ်များကတော့ ဒီလိုယုံကြည်မှုမျိုးမရှိကြ။ ညရောက်လျှင်တော့ အားလုံးစု၍ ချက်ပြုတ်စားသောက်ရန် တိုင်ပင်နေကြလေသည်။ ဒီလိုနှင့် နေဝင်ချိန်ရောက်လာသည်။ - မြွေကြီးအား အရေခွံခွာသူ၊ အသားခုတ်သူ၊ မီးမွှေးသူ တစ်ယောက်တစ်မျိုး ဝိုင်းဖွဲ့လုပ်ကိုင်၍ ချက်စားရန်ပြင်ဆင်လေတော့သည်။ ည (၈)နာရီလောက်ရောက်တော့ မြွေသားဟင်းကျက်လေပြီ။ ဟင်းကျက်ပြီဆိုတာနှင့် ကိုဖိုးတွတ်နှင့်လူငယ်များ ဟင်းချိုင့်ကြီးများတွင်ထည့်ပြီး ရွာထဲမှ စားချင်သူများအား လိုက်၍ဝေငှပေးလေသည်။ ထိုသို့ဝေငှပေးပြီး ကိုဖိုးတွတ်နှင့်လူငယ်များ ပြန်လာကြပြီး ကျန်ရှိသည့်မြွေသားဟင်းအား ဝိုင်းဖွဲ့စားသောက်ရန် စီစဉ်လေသည်။ ထို့နောက် ကိုဖိုးတွတ်မှ ကျန်ရှိသည့်အသားဟင်းအား ဇလုံကြီးကြီးတွင်ထည့်ပြီး လူငယ်များအလယ်တွင် လာရောက်ချထားပြီး ကိုဖိုးတွတ်မှ ဦးဆောင်၍စားတော့သည်။

ထိုအခါကျ မှတိတ်လန့်စရာဖြစ်တော့သည်။ အားလုံးလည်း ကြောင်လန့်ကုန်ကြသည်။ အဘယ့်ကြောင့်ဆိုသော် မြွေသားဟင်းအား လက်တစ်ဆုပ်ခန့်ဖဲ့ပြီးစားမည်လုပ်လိုက်တိုင်း အသားတုံးသည် လက်သီးဆုပ်ခန့်ကြီးထွားလာပြီး စားမရတော့ပေ။ ဒီလိုနှင့် အားလုံးလည်း ကြောက်လာကြသည်။ စား၍လည်း မရတော့။ တစ်ရွာလုံးလည်း ကိုဖိုးတွတ်တို့လိုပင်စား၍မရကြ။ လူကြီးများကတော့ ကိုဖိုးတွတ်တို့အား ပြောဆိုကြိမ်းမောင်းကြသည်။

"တို့ရွာမှာတော့ ရှေ့ဆက်ဘာဖြစ်မလဲမပြောတတ်တော့ဘူး"

လူကြီးသူမများစကားနားမထောင်ကြသဖြင့် တစ်ရွာလုံးလည်း ဒုက္ခတွေ့တော့မည်။ ဘာတွေဖြစ်လာမလဲတော့ ဘယ်သူမှမပြောတတ်ပါ။ ဒီလိုနှင့် ညအိပ်ချိန်ရောက်လာသည်။ လူငယ်များလည်း ပြန်ကုန်ကြလေပြီ။ မြွေသားဟင်းကိုတော့ မြေကျင်းနက်နက်တူး၍ မြှုပ်လိုက်ကြသည်။ ဖြစ်သမျှအကြောင်း အကောင်းဟုသာတွေးပြီး ကိုဖိုးတွတ်တစ်ယောက် အိပ်ရာထဲမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေသည်။ ဒါပေမယ့် ကြာကြာမအိပ်လိုက်ရ၊ ကိုဖိုးတွတ်တစ်ယောက် အိပ်မက်မှ လန့်နိုးလာသည်။ စိတ်ထဲတွင်လည်း ထူးဆန်းသည်ဟု တွေးမိ၏။ အိပ်မက်ထဲမှာ တွေ့ရသည်က အစိမ်းရောင်ဝမ်းဆက်နှင့် ခေါင်းမှာလည်း အုပ်ဆောင်းတစ်ခု ဆောင်းထားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ကိုဖိုးတွတ်ကိုလည်း ပြောသွားသည်။

"ငါတို့မောင်နှမနှစ်ယောက်က အထက်ပိုင်းတောတစ်ခုမှ မတော်တဆနဲ့ တောင်ကျရေမှာ မျောပါလာခြင်းဖြစ်တယ်။ ငါ့ရဲ့အစ်ကိုကတော့ ဒီရွာမြစ်ကမ်းမှာ တင်ကျန်ရစ်ခဲ့တယ်။ အခု ငါဒီရွာလည်းရောက်ရော နင်တို့တစ်ရွာလုံးက ငါ့အစ်ကိုကိုသတ်ပြီး စားသောက်ဖို့ တောင်လုပ်နေကြတယ်။ နင်တို့တစ်တွေ အရမ်းမိုက်မဲကြတယ်။ နင်တို့တစ်ရွာလုံးကို ငါမကျေနပ်ဘူး။ အဲဒါကြောင့် ငါ နင်တို့အားလုံးကို သစ္စာဆိုပြီး ကျိန်စာတိုက်ခဲ့မယ်။ နင်တို့တစ်ရွာလုံး ပျက်စီးသွားပါစေ၊ မြစ်ကမ်းများပြိုပျက်ပြီး တစ်ရွာလုံးမရှိတော့မှ ကမ်းပြိုခြင်းရပ်တန့်ပါစေသား"

ဟု သစ္စာပြု၍ ပျောက်သွားတော့သည်။

ကိုဖိုးတွတ်လည်းကြောက်စိတ်ဝင်ပြီး အိပ်မရတော့ပေ။ ရှေ့ဆက်ပြီး ဘာဖြစ်မလဲဆိုတာ သူမသိတော့။ ဒီလိုနှင့် ဘာမှမကြာလိုက်၊ ရက်ပိုင်းမျှသာ ရှိသေးသည်။ ထူးခြားမှုကစလာပြီ။ ပြိုလိုက်သည့်မြစ်ကမ်းများမှာ တစ်ခါပြိုလျှင် ပေ (၅၀)ပတ်လည်လောက်ရှိမည်။ တဖြည်းဖြည်း ရွာအစပ်အိမ်များပင် ပြောင်းရွှေ့နေရပြီ။ ရက်ကြာလာတော့ မဖြစ်မနေ ဆွေမျိုးနီးစပ်ရာရွာများသို့ ပြောင်းရွှေ့ကြတော့သည်။ လယ်ယာမြေများလည်း ကမ်းပြိုသည့်အထဲပါကုန်သေပြီ၊ ထိုအထဲတွင် ကိုဖိုးတွတ်တို့လည်း လယ်မြေများပါကျန်ပြီ။ လုပ်စားရာမြေမရှိတော့ပေ။ ပြိုလိုက်သည့်မြစ်ကမ်းမှာလည်း ယခု ကျွန်တော်ရောက်ရှိနေသော ရွာလယ်ကျောင်းဝင်းသည်လျှင် တစ်ခြမ်းကုန်နေပြီ။ စေတီတော်မှာတော့ ကမ်းပြိုသည့်အထဲပါသွားလေပြီ။ မကြာခင်အချိန်တွင်းမှာ ထနောင်းကုန်းရွာသည်လည်း ပြောင်းရွှေ့ကြရတော့မည်။ ယခုလည်း ထိုရွာကြီးသည် တစ်ခြမ်းကုန်နေပြီ။ စာရေးသူတို့ပင် သတိထား၍ ကျောင်းပေါ်တွင်အိပ်ခဲ့ရပါသည်။ စာရေးသူတို့ရှိနေစဉ်အတွင်းမှာပင် မြစ်ကမ်းများသည် တဝုန်းဝုန်းနှင့် ရေတိုက်စားပြီး ပြိုနေဆဲဖြစ်ပါသည်။ ဆရာတော်ကလည်း စာရေးသူတို့အား အစစအရာရာ သတိနှင့်နေဖို့ပြောပါသည်။

ဆွမ်းလောင်းပွဲပြီးဆုံးသည်တွင် ဆရာတော်နှင့် စာရေးသူတို့လည်း ထိုထနောင်းကုန်းရွာမှ ပြန်လာခဲ့လေတော့သည်။ ဆရာတော်ရှင်းပြသည့်အကြောင်းနှင့် စာရေးသူတွေ့ကြုံရသည့်အကြောင်းများအား စုစည်း၍ ရေးသားလိုက်ရပါတော့သတည်း။

(ယခု ထိုရွာသည် မရှိတော့ပါ။ ကမ်းများပြိုသဖြင့် တဖြည်းဖြည်း နီးစပ်ရာရွာများသို့ ပြောင်းရွှေ့ကုန်ကြသည်ဟု စာရေးသူ ကြားသိရပါသည်။ ထိုရွာမရှိတော့မှ မြစ်ကမ်းပြိုခြင်းလည်း ရပ်တန့်သွားသည်ဟု သိရသည်။ မြစ်အမည်ကို ထည့်သွင်းရေးသားထားခြင်း မရှိပါ။ ရွာအမည်နှင့် လူအမည်ကိုတော့ လွှဲပြောင်းရေးသားထားပါသည်။)

*သဗ္ဗေသတ္တာဝေနေယျာအပေါင်း*
*ကျန်းမာချမ်းသာကြပါစေ*

ကျော်ထက်နိုး



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်စစ်ကူ္ဗင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာဗေါင်မြေပြင်ကိုယ်းချုပ်

# (၃၀) ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

## ပထမံဆရာဦးအေးရွှေ

**■ သရောဒယပညာ၏အခြေခံများ**

"ကဲ- မောင်ထွန်းမြိုင်ရေ မင်းကို ဒီနေ့တော့ သရောဒယပညာရဲ့အခြေခံ တွေကိုသင်ပေးမယ်။ မင်းက အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ ယတြာ၊ ဓာတ် ပိုင်းဆိုင်ရာတွေကို ဝါသနာကြီးတော့ ဒီဝါသနာတွေကို ပိုပြီးအားကြီးအောင်၊ အစွမ်းပိုကောင်းအောင် သရောဒယပညာ က အများကြီးအထောက်အကူပြုနိုင်ပါ လိမ့်မယ်ကွယ့်"

"အဲဒီအပိုင်းတွေမှာ ဆက်စပ်ပြီး သုံးနိုင်အောင် ဘယ်လိုအချက်တွေကို နားလည်ထားရမှာလဲ ဆရာကြီး"

"ဒီလောကီပညာတွေနဲ့ဆက်စပ်နေ တဲ့ သိထားရမယ့်အချက်တွေကတော့ အဓိကအားဖြင့် ပထဝီ၊ အာပေါ၊ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ အဲဒီ ဓာတ်ကြီးလေးပါးတွေနဲ့တစ်ဖန်ပတ်သက် ဆက်စပ်နေတဲ့ ရာသီတွေ၊ ဂြိုဟ်တွေ၊ နက္ခတ်တွေ၊ နေ့တွေ၊ ဗျည်းအက္ခရာ တွေ၊ အရောင်တွေ၊ ရက်တွေ၊ အချိန် ကာလတွေ၊ တိထိတွေစတဲ့အကြောင်း အရာတွေအားလုံးကိုလည်း ချိုင့်ပြီးသုံး သပ်နိုင်ရမယ်ကွယ့်။ နောက်ပြီး သရစက် (၂၀)ထဲမှာဆိုလည်း အားလုံးကိုလေ့လာ ဖို့က မလွယ်ဘူး။ ဒါကြောင့် ဝဏ္ဏသရ စက်နဲ့ တဏ္ဍာလိကစက်တွေကိုတော့ မသိမဖြစ်လေ့လာရမယ်။ နောက်ပြီး အဟောစက်(၈၄)စက်ထဲမှာဆိုရင်လည်း ရာဟုကာလာနစက် (၃) စက်ကိုတော့ မသိမဖြစ်သိထားရမယ်"

"အဲဒီတော့ ဆရာကြီး ပထမဆုံး အနေနဲ့ မဟာဘူတဓာတ်ကြီးလေးပါးရဲ့ သိထားရမယ့်အချက်တွေကနေစပြီးတော့ ရှင်းပြပေးပါလား"

"ဓာတ်ကြီးလေးပါးကို တစ်ဆင့် တက်ပြီး ကြည့်မယ်ဆိုရင် ပထမဦးဆုံး အနေနဲ့ တေဇောဓာတ်ကို နမူနာထားပြီး ကြည့်ကြည့်မယ်။ အဲဒီတေဇောဓာတ်ကို ပထမဂြိုဟ်နဲ့ဆက်စပ်ကြည့်မယ်။ ဂြိုဟ် နဲ့ဆက်စပ်ရင် တေဇောဓာတ်က အင်္ဂါ ဆိုတော့ တနင်္ဂနွေဂြိုဟ်ရယ်၊ စနေဂြိုဟ်



ရယ်ဆိုပြီးဆက်စပ်လို့ရလာမယ်။ နောက်ပြီး အဲဒီဗြုဟ်တွေကို နေ့တွေနဲ့လည်း ဆက်စပ်လို့ရသွားပြီ။ ,တနင်္ဂနွေနေ့တို့၊ စနေနေ့တို့ဆိုပြီး ရလာမယ်။ ရာသီတွေဆိုရင်လည်း တေဇောရာသီဖြစ်တဲ့ မိဿရာသီရယ်၊ သိဟ်ရာသီရယ်၊ ဓနုရာသီရယ်ဆိုပြီးရလာမယ်။ နောက်ပြီး အချိန်တွေအခါတွေဆိုရင်လည်း တနင်္ဂနွေအခါအချိန်တို့၊ စနေအချိန်အခါတို့ဆိုတာတွေ

www.burmeseclassic.com

ရလာမယ်။ နက္ခတ်တွေဆိုရင်လည်း ကြတ္တိကာနက္ခတ်ဆိုတဲ့ တနင်္ဂနွေဂြိုဟ်ပိုင်တဲ့နက္ခတ်တွေ၊စနေဂြိုဟ်ပိုင်တဲ့နက္ခတ်တွေရှိမယ်။ အဲဒါတော့ မင်းသိမှာပါ။ နောက်တစ်ခါ အက္ခရာဆိုလည်း တနင်္ဂနွေဂြိုဟ်ပိုင်တဲ့အက္ခရာ၊ စနေဂြိုဟ်ပိုင်တဲ့အက္ခရာတွေရှိမယ်သိတယ်မဟုတ်လား။ စနေဂြိုဟ်ပိုင်တဲ့ တ၊ ထ၊ ဒ၊ ဓ၊ န စတာတွေလေ နောက်ပြီးမင်းမသိသေးတာက နက္ခတ်တွေကပိုင်တဲ့အက္ခရာလိုဟာမျိုးတွေ။ နောက်ပြီး ဗာလ၊ ကုမာရ၊ ယုဝ၊ ဝုဋ္ဌ၊ မတ ဆိုတဲ့အဝတ္ထာန်တွေရဲ့အကြောင်းတွေ နောက်ပြီး စန်းလို့ခေါ်တဲ့ စန္ဒြာလမင်းရဲ့ တိုးခြင်း၊ ဆုတ်ခြင်းဆိုတဲ့ တိထိဆိုတဲ့အကြောင်းတရားတွေ၊ အဝတ္ထာန်တွေအလိုက်ဖြစ်ပေါ်လာတဲ့အရောင်တွေ၊ အရှေ့အရပ်၊ အနောက်အရပ်စတဲ့အရပ်အကြောင်းတွေ၊ နောက်ပြီး ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ စတဲ့ အာရုံငါးပါးနဲ့ပတ်သက်တဲ့အကြောင်းတွေကို သိရမယ်။ ဒါတွေကိုသိမှ ကိုယ်ဖြစ်လိုတဲ့၊ ဖြစ်စေချင်တဲ့အကြောင်းအရာတစ်ခုတည်းအပေါ်မှာ မူတည်ပြီး အကျိုးပြုနိုင်တဲ့အရာအားလုံးကို အဲဒီအကြောင်းအရာတစ်ခုတည်းပေါ်မှာ စုစည်းမိတဲ့အချိန် ကာလတစ်ခုကို အမိအရ ရွေးချယ်ဆုပ်ကိုင်ပြီး အသုံးပြုနိုင်ဖို့ပဲ။ အပေါ်မှာဆိုခဲ့တဲ့အချက်တွေနဲ့ ကိုက်ညီတဲ့အခါတစ်ခုဟာ ဘယ်လောက်အားကြီးမလဲဆိုတာ မင်းခန့်မှန်းနိုင်လောက်မှာပေါ့။ အဲဒီလိုစီမံတွက်ချက်ကြည့်ပြီး လက်တွေ့အသုံးကြည့်မှုလည်း ကိုယ်စီမံရွေးချယ်တဲ့အခါ ပညာဟာဘယ်လောက်စွမ်းသလဲဆိုတာသိမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ အသေအချာမှတ်ထားပါ့မယ်။ အခြေခံသဘောကိုတော့ ခပ်ရေးရေးသိလာပါပြီ"

"အေး-အဲဒီလိုသဘောပေါက်ရင် အဲဒီကမှတစ်ဆင့်တက်ပြီးလေ့လာကြည့်ရအောင်။ အဲဒီကြောင်းတွေက အန္တရဥဒည်း၊ မဟာဥဒည်းဆိုတဲ့အကြောင်းရယ်၊ သရစက်ထဲက ဝဂ္ဂသရစက်ဆိုတာရယ်၊ အဟောစက်ထဲက ရာဟုကာလာနစက်ရယ်၊ တတ္တာလိကစက်ဆိုတာတွေကိုတော့ မသိမဖြစ်သိကိုသိ *ထားရမယ်*"

"အဲဒီမှာ သိပ်မကြားဘူးတဲ့ အန္တရဥဒည်းမဟာဥဒည်းဆိုတာတွေကကော ဘယ်လိုအဓိပ္ပာယ်ပါလဲ ဆရာကြီး"

"ဥဒည်းဆိုတဲ့အဓိပ္ပာယ်ကတော့ ဖြစ်ထွန်းခြင်းလို့ဆိုတယ်။ မဟာဥဒည်းရဲ့ သက်တမ်းကတော့ သရတစ်လုံးပေါ်မှာ (၁၂) နှစ်ကာလအကျိုးသွားနဲ့ သရတွေပေါ်မှာနေဆာယ်ကွယ့်။ နောက်ပြီး ကိုယ်စီမံတဲ့ပညာရပ်တွေဘယ်လောက်အစွမ်းရှိသလဲ၊ ထက်မြက်သလဲဆိုတာလည်း သိဖို့လိုတယ်။ အဲဒီမှာ အရေးအကြီးဆုံးသိဖို့လိုတာကတော့ အဝတ္ထာန်ငါးပါးပဲ"

"အဲဒီလိုဆို အဲဒီအဝတ္ထာန်ငါးပါးကို အရင်ဆုံးရှင်းပြပါလား ဆရာကြီး"

"ဒီပညာရပ်က ကျယ်ဝန်းလွန်းတော့ ဒီလိုဖြစ်မှာပဲ မောင်ထွန်းမြိုင်ရဲ့။ ဒီဟာလည်း သိဖို့လိုသလို ဟိုဟာလည်း သိဖို့လိုတာပဲ။ ကဲ- ခုတော့ အဝတ္ထာန်ငါးပါးအကြောင်း စပြောကြတာပေါ့။ အဲဒီငါးပါးကို -

၁။ ဗာလ
၂။ ကုမာရ
၃။ ယုဝ
၄။ ဝုဋ္ဌ
၅။ မတ

ဆိုပြီးရှိတယ်။ ဒါက အဝတ္ထာန်ငါးပါးပဲ။ အဲဒီအဝတ္ထာန်တွေနဲ့တွဲတဲ့ သရ (၅) လုံးရှိတယ်။ အဲဒီသရတွေကတော့ အသရ၊ ဣသရ၊ ဥသရ၊ ဧသရနဲ့ ဩသရတွေပဲ (၅)လုံးရှိတယ်။ အားလုံးက ရသသရလို့ခေါ်တဲ့အသံတိုသရတွေချည်းပဲ။ အဲဒီ သံတိုသရ (၅) လုံးကို ခုန အဝတ္ထာန်ငါးပါးအောက်မှာ အစဉ်အတိုင်းကပ်လိုက်ရင်ရပြီ"

"ဒါဆို ဒီဗာလအဝတ္ထာန်အောက်မှာ အသရကပ်ရမှာပေါ့နော်။ အဲဒီလို အသရကပ်တော့ဘာဖြစ်လဲ ဆရာကြီး"

"ဩော်-ဗာလအဝတ္ထာန်အောက်မှာ ပတ်သက်တာတွေက အသရတစ်ခုထဲမဟုတ်ဘူး။ နောက်ကျန်တာတွေက အရောင်တွေ၊ တိထိတွေ၊ နေ့တွေ၊ ရက်တွေ၊ အချိန်တွေ၊ နက္ခတ်တွေ၊ ဓာတ်တွေ(ဓာတ်လေးပါး)၊ ရာသီတွေ၊ အရပ်ဒေသတွေ၊ ဝိသရဆိုတာတွေရှိသေးတယ်ကွယ့်"

"ဟုတ်လား ဆရာကြီး။ ဒါတွေအားလုံးပေါင်းပြီး သုံးသပ်ဆုံးဖြတ်ရမှာပေါ့နော်။ ဒါဆို ကောင်းတယ်၊ မကောင်းဘူးဆိုတာကို ဘယ်အပေါ်မှာ အဓိကထားပြီး ဆုံးဖြတ်ရမှာလဲခင်ဗျ။ အားလုံး *အတူတူတော့ မဟုတ်လောက်ဘူးထင်*တယ်"

"အေး - ဟုတ်တယ် မတူဘူး။ ပထမဦးဆုံးတော့ မဟာဥဒည်းနဲ့ အန္တရဥဒည်းတို့ကို အရင်ဆုံးတွက်ရမယ်။ တွက်နည်းတွေလည်းရှိတယ်။ ခုတော့ အချိန်ကုန်မှာစိုးလို့ သဘောတွေကိုပဲ အရင်ပြောမယ်။ နောက်မှတွက်နည်းနဲ့တွက်တာပေါ့လေ။ အဲဒီလိုတွက်ပြီးတာနဲ့ ဥဒည်းတွေဟာ ဘယ်သရ၊ ဘယ်အဝတ္ထာန်ရောက်နေလဲဆိုတာ သိနိုင်တယ်။ အဲဒီရောက်နေတဲ့ သရအဝတ္ထာန်တွေကနေပြီး ခုနပြောတော့ အဝတ္ထာန်အစဉ်ဖြစ်တဲ့ ဗာလ၊ ကုမာရ၊ ယုဝ၊ ဝုဋ္ဌ၊ မတတွေပေါ်မှာ ကျရာအဝတ္ထာန်ကိုဝေတက်ရရမယ်။ အဲဒီကနေစပြီး ရေတွက်ရမယ်"

"ဒါဆို အဝတ္ထာန်တွေယူတာ ပုံသေမဟုတ်ဘူးပေါ့နော်။ အမြဲတမ်းလှည့်နေတဲ့ဆိုတဲ့သဘောလားခင်ဗျ"

"ဟုတ်တယ် မောင်ထွန်းမြိုင်ရဲ့ ပုံသေစနစ်ယူလို့မရဘူး။ အချို့သောဆရာတွေက ပုံသေယူတာမျိုးလည်း ရှိတော့ရှိတယ်။ ဒီနေရာမယ် မင်းစွဲစွဲမြဲမြဲမှတ်ထားဖို့က နက္ခတ်ဗေဒင်ပညာရပ်ဆိုတာဟာ ပြောင်းလဲခြင်းဓမ္မတာသဘောပေါ်မှာတည်တယ်ဆိုတာပဲ။ တကယ်တမ်းပြောကြရစတမ်းဆိုရင် တို့ရဲ့နက္ခတ်ဗေဒင်ပညာမယ် တန်ခူးလရောက်တိုင်း ရာသီစက်တစ်ပတ်ပြည့်တယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ရောက်တယ်။ မိန်ရာသီကနေ ကူးပြောင်းပြီး မိဿရာသီရောက်ပြီးသင်္ကြန်ကျတယ်ဆိုကြတယ်။ အကြမ်းအားဖြင့်ကတော့ နှစ်စဉ်နှစ်တိုင်း ဒီမိန်ရာသီကပဲကုန်ပြီး ဒီမိဿရာသီပဲပြန်ရောက်တာပဲ။ ဒီသဘောတရားပဲလို့ထင်ကြတယ်"

"အမှန်တကယ်ရော အဲဒီအတိုင်းပဲ ယူသတာမဟုတ်ဘူးလား။ ဒါဆိုအမှန်သဘောကဘယ်လိုလဲ ဆရာကြီးရဲ့။ ရှင်းပြ ပါဦး"

"အမှန်သဘောကိုပြောရမယ်ဆိုရင် နားမရှုပ်သွားနဲ့ဦး မောင်ထွန်းမြိုင်။ ဒီလိုကွယ့်။ မနှစ်ကရောက်တဲ့ မိဿရာသီရဲ့တည်ရှိမှုနေရာနဲ့ ဒီနှစ်ရောက်တဲ့မိဿရာသီရဲ့ တည်ရှိမှုနေရာတွေဟာ အနန္တစကြဝဠာစနစ်နဲ့ကြည့်ရင် မတူကြဘူး။ နောက်နှစ်လည်းတူမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုသတ်မှတ်မြင်တွေ့နေရတဲ့ဂြိုဟ်တွေ၊ နက္ခတ်တွေ၊ တာရာတွေ၊ ရာသီစက်တွေအားလုံးဟာ တစ်ပြိုင် *နက်တည်း ဦးတည်ရာတူညီတဲ့ဘက်ကို* ရွေ့နေလို့သာ မသိသာတာပါ။ အမှန်တော့ ဒီနှစ်မိဿရာသီရောက်တဲ့ အာကာသတည်နေရာနဲ့ နောက်နှစ်ရောက်တဲ့ အာကာသတည်နေရာတွေဟာမတူဘူး လုံးတခြားစီပဲ သဘောပေါက်လား"

"ဩော် - ဟုတ်ကဲ့ သဘောပေါက်

www.burmeseclassic.com

ပါပြီ ဆရာကြီး။ အမှန်တကယ်တော့ ဒီဂြိုဟ်တွေ၊ နက္ခတ်တွေ၊ အာရုံတွေ၊ ရာသီတွေဆိုတာဟာ တစ်နေ့ရာကို တစ်ကြိမ်တည်းရောက်တယ်ဆိုတာကို နားလည်ပါပြီ။ ဒေါင်တော့လို့ရအောင် စနစ်တစ်ခုကိုသတ်မှတ်ပြီးအသုံးပြုရတာပေါ့နော်"

"ဟုတ်တယ် မောင်ကသဘောပေါက်မြန်လိုက်တာ။ ခုလည်း အဝတ္တာန်လှည့်ပြီးယူရတာ ဒီသဘောပဲ။ ကျမ်းထဲမှာ ဒီအတိုင်းပဲဆိုတယ်ကွယ့်"

"ဟုတ်ကဲ့ - ဆရာကြီး၊ ဒီဗာလ ကုမာရဆိုတဲ့အဝတ္တာန်တွေရဲ့အဓိပ္ပာယ်တွေက ဘာကိုဖော်ဆောင်တာလဲခင်ဗျ။ ဘယ်လိုသဘောတရားကိုယ်စားပြုတာလဲခင်ဗျ အဲဒီလိုရှိလား"

"ရှိတာပေါ့ကွယ့်။ အဝတ္တာန်ငါးပါးဆိုတာ လူတစ်ယောက်ရဲ့ဘဝအနေနဲ့ ပြောရရင် အရွယ်ငါးပါးကိုပြောတာပဲ။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်၊ စတုတ္ထအရွယ်၊ ပဉ္စမအရွယ်ဆိုတာပဲ။ အဲဒီမှာ ပထမအရွယ် ဗာလလို့ခေါ်တဲ့အရွယ် ကလေးအရွယ်ပဲပေါ့။ သရောဒယအယူအဆအရဆို ဗာလဆိုတာနဲ့ စိုးစဉ်းကောင်းတယ်လို့ အဓိပ္ပာယ်ဖွင့်တယ်။ ရာခိုင်နှုန်းအားဖြင့် (၂၅)ရာခိုင်နှုန်းအားရှိတယ်လို့ ယူနိုင်တယ်။ ကုမာရကတော့ ဒုတိယအရွယ် လူငယ်အရွယ် အလယ်အလတ်ကောင်းတယ်လို့ အဓိပ္ပာယ်ဖွင့်တယ်။ ရာခိုင်နှုန်းအားဖြင့်တော့ (၇၅)ရာခိုင်နှုန်းအားရှိတယ်လို့ယူလို့ရတယ်။ ယုဝကတော့ တတိယအရွယ် လူလတ်ပိုင်းအရွယ် အကောင်းဆုံးလို့ အဓိပ္ပာယ်ဖွင့်နိုင်တယ်။ ရာခိုင်နှုန်းအားဖြင့်တော့ (၁၀၀) ရာခိုင်နှုန်းအားရှိတာပေါ့။ အဲ - ဝုဒ္ဓကတော့ စတုတ္ထအရွယ် သက်ကြီးပိုင်းအရွယ်ပေါ့။ အိုမင်းခြင်း၊ ရဲရင့်ခြင်းသဘောပေါ့ကွာ။ ဇရာအရွယ် ဗျာဓိအရွယ်ပေါ့ကွာ။ အလုပ်မလုပ်နိုင်တော့တဲ့အရွယ်သဘောပေါ့။ ဒီတော့ ကောင်းအားသိပ်မရှိတော့ဘူး။ သိပ်မကောင်းဘူးလို့ ဆိုရမှာပေါ့။ အဲ - နောက်ဆုံးက မတအရွယ်၊ အရွယ်၊ အသက်တို့ရဲ့အပိုင်းအခြား နောက်ဆုံးအရွယ် ပဉ္စမအရွယ်ပေါ့။ အဓိပ္ပာယ်ကတော့ သေကျေခြင်း ပျက်စီးခြင်းသဘောပဲ။ ဆိုလိုတာကတော့ လုံးဝပျက်စီးပျောက်ကွယ်ခြင်း လုံးဝသုံးလို့မရတော့တဲ့ သဘောပဲ"

"ဒါဆို ဆရာကြီး အဝတ္တာန်ငါးပါးမှာ ရှေ့သုံးခုပဲကောင်းတဲ့သဘောပေါ့။



နောက်နှစ်ခုက အညံ့။ မကောင်းတာပေါ့နော်။ ဒီအထဲမှာ ယုဝကတော့ အကောင်းဆုံးပေါ့"

"ဟုတ်တယ် - ဒါကြောင့် အစီအရင်လုပ်မယ်။ အခါရွေးမယ်ဆိုရင် ကုမာရနဲ့ ယုဝတွေကို အဓိကထားပြီး ရွေးရတာပဲဖြစ်တယ်"

"အဲဒီအဝတ္တာန်တွေရဲ့ သဘောတရားမှာ ခုနပြောတဲ့သရတွေအပြင် နောက်ထပ်ပါတာတွေရဲ့အကြောင်းကို ထပ်ပြောပြပါဦးဆရာကြီး"

"အေးပါကွယ် - ပြောပြပါ့မယ်။ ပထမဆုံးဗာလအဝတ္တာန်ကနေစပြီးပြောမယ်။ သူ့မှာ သရဆိုရင် 'အ' သရပေါ့။ သက်ဆိုင်တဲ့အက္ခရာတွေကတော့ က၊ ဆ၊ ဍ/ဏ၊ ဓ၊ ဘ၊ ဝအက္ခရာတွေပါတယ်။ အရောင်ဆိုရင်တော့ အနီရောင်ဖြစ်တယ်။ တိထိအနေနဲ့ကတော့ နန္ဒာတိထိ၊ နေ့တွေကတော့ တနင်္ဂနွေနဲ့အင်္ဂါ ရက်အနေနဲ့ကတော့ (၁) ရက်၊ (၆) ရက်၊ (၁၁)ရက် အချိန်နဲ့ပတ်သက်လို့ကတော့ နံနက် (၆း၃၀) မှ (၈း၃၀) နာရီအထိ နက္ခတ်တွေရဲ့ပတ်သက်မှုကတော့ (၂၇) လုံးမြောက်နက္ခတ်ကနေပြီး (၆) လုံးမြောက်နက္ခတ်အထိပါတယ်။ အရပ်ဒေသအရတော့ အရှေ့အရပ်. ရာသီအနေနဲ့ကတော့ မိဿရာသီ၊ ပြိဿရာသီနဲ့ မေထုန်ရာသီ ပထမတစ်ဝက်အထိပါတယ်။ ဓာတ်အနေနဲ့ကတော့ ပထဝီဓာတ်ပဲ။ ဝိသရကတော့ ဂန္ဓပဲ။ အဲဒီအချက်တွေကိုတော့ အသေအချာအလွတ်မှတ်မိအောင်ကျက်ထားပေတော့ မောင်ထွန်းမြိုင်ရေ"

"တစ်လက်စတည်း ကျန်တဲ့အဝတ္တာန်တွေရဲ့ အကြောင်းတွေကိုပါ ဆက်ပြီး ပြောပြပေးပါလားခင်ဗျ"

"အေးအေး - ပြောပြပေးပါ့မယ်။ မင်းသေသေချာချာမှတ်ပေတော့။ ဒုတိယအနေနဲ့ကတော့ ကုမာရအဝတ္တာန်ပဲ။ အဲဒီမှာ သရကတော့ ဣသရအက္ခရာတွေကတော့ ခ၊ ဇ/ည၊ ဎ၊ န၊ ဗ၊ ဂ အက္ခရာတွေပဲ။ အရောင်ကတော့ အဝါရောင်၊ တိထိကတော့ ဘဒြတိထိ။ နေ့ကတော့ တနင်္လာနဲ့ ဗုဒ္ဓဟူးနေ့။ ရက်တွေဆိုရင် ၂ ၇၊ ၁၄ ရက်။ အဲဒါ မြန်မာ လဆန်း၊ လဆုတ်ရက်တွေကိုပြောတာနော်။ အချိန်နဲ့ပတ်သက်လို့ကတော့ နံနက်(၉း၃၀)ကနေ (၁၁း၃၀)နာရီအထိပဲ။ နက္ခတ်အနေနဲ့ကတော့ (၇) လုံးမြောက် နက္ခတ်ကနေ (၁၁) လုံးမြောက်နက္ခတ်အထိပဲကွယ့်။ အရပ်ဒေသကတော့ တောင်အရပ်နဲ့ဆိုင်တယ်။ ရာသီတွေကတော့ မေထုန်ရာသီဒုတိယတစ်ဝက်နဲ့ ကရကဋ်ရာသီ၊ သိဟ်ရာသီတွေပဲဖြစ်တယ်။ ဓာတ်ကတော့ အာပေါဓာတ်ပဲ။ ဝိသရကတော့ ရသပဲဖြစ်တယ်"

"ဟုတ်ကဲ့ပါဆရာကြီး။ သေသေချာချာမှတ်ထားပါ့မယ်။ အခုကုမာရပြီးတော့ နောက်တစ်ခုက ဘာတဲ့ - ယုဝနော် ဆရာကြီး"

"အေး - ဟုတ်တယ်ကွယ့် မောင်ထွန်းမြိုင်ရဲ့။ ယုဝအဝတ္တာန်မှာတော့ သရအနေနဲ့ ဥသရဖြစ်တယ်။ အက္ခရာတွေကတော့ ဂ၊ ဈ၊ ဏ၊ ပ၊ ယ၊ ၆ စတဲ့ အက္ခရာတွေပဲဖြစ်တယ်။ အရောင်ကို ပြောရရင်တော့ ရွှေရောင်နဲ့အစိမ်းရောင်တွေပဲ။ တိထိကတော့ ဇေယျာတိထိ။နေ့အနေနဲ့က ကြာသပတေးနေ့ပဲ။ ရက်တွေကတော့ ၃၊ ၈၊ ၁၃ (ဆန်း/ဆုတ်) ရက်တွေ အားလုံးပါတယ်။ အချိန်အနေနဲ့ကတော့ နေ့လယ် (၁၂း၃၀) ကနေပြီး (၂း၃၀) နာရီအထိကာလပဲ။ နက္ခတ်တွေကတော့ (၁၂)လုံးမြောက်နက္ခတ်ကနေပြီး (၁၆) လုံးမြောက် နက္ခတ်အထိပါပဲ။ အရပ်ဒေသအနေနဲ့ကတော့ အနောက်အရပ်ပဲ။ ရာသီခွင်နဲ့ပတ်သက်ရင် ကန်ရာသီ၊ တူရာသီ၊ ဗြိစ္ဆာရာသီပထမတစ်ဝက်အထိပါတယ်။ ဓာတ်နဲ့ပတ်သက်လို့ကတော့ တေဇောဓာတ်ပဲ။ ဝိသရက ရူပပဲ ဟုတ်ပြီလား"

"ဒါနဲ့ဆရာကြီး ရူပ၊ ဂန္ဓ၊ ရသစတာတွေကို ဝိသရလို့ ဒီပညာရပ်မှာ သုံးစွဲတာလား"

"ဟုတ်တယ်ကွယ့်။ အဲဒီ ရူပ၊ ဂန္ဓ



www.burmeseclassic.com

www.burmeseclassic.com

စတာတွေကို သရော်ဒယပညာမှာ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲတဲ့အနေနဲ့ရော သီးသန့်သဘောဆောင်ဖို့အတွက်ရော ဝိသရလို့သုံးတာကွယ့်။ အမှန်ကတော့ ဗုဒ္ဓအဘိဓမ္မာစကားလုံးနဲ့ပြောရင် အာရုံတွေပဲပေါ့။ အာရုံဆိုရင် တကယ်တမ်းတော့ (၆) ပါးတောင် ရှိတာကလား။ ဓမ္မာရုံအထိရှိတယ့်မဟုတ်လား။ အဲဒီ ဓမ္မာရုံအထိဆိုရင် စိတ်ပိုင်းဆိုင်ရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတွေပါ ပါလာတော့မှာလေ။ ပိုပြီးရှုပ်ထွေးသွားလိမ့်မယ်။ ပြီးတော့ ဒီပညာရပ်မှာသတ်မှတ်ထားတာကလည်း အဝတ္ထာန်ငါးပါးပဲရှိလေတော့ ဓမ္မာရုံမပါတဲ့ (၅)ပါးကိုသုံးတယ်။ အဲဒါကြောင့် ဒီ(၅)ပါးကို ဝိသရလို့သုံးတာပေါ့"

"ဩော် - ဒီလိုလား ဒီလိုဆိုတော့ သူ့ဟာနဲ့သူ ဟုတ်သားပါလားဆရာကြီး။ တစ်ဆက်တည်း ချည့်နဲ့ခြင်းဆိုတဲ့ ဝုဒ္ဓ အကြောင်းကိုဆက်ပြောပေးပါဦး"

"ငါပြောတာကလွယ်တယ်နော်။ မင်းက လိုက်မှတ်လိုက်စဉ်းစားတွေးခေါ် နေရတာရရဲ့လား။ နားချင်လည်းနား"

"ရပါတယ် ဆရာကြီး၊ နားဖို့မလိုသေးပါဘူး"

"ဟုတ်လှချေလား ကိုယ့်လူရဲ့ ကြိုက်ပြီပေါ့။ အားရပါးရသာဆက်မှတ်ပေတော့။ ဝုဒ္ဓအဝတ္ထာန်မှာ သရအနေနဲ့က သေရအက္ခရာတွေကတော့ ယ၊ ၎၊ ထ၊ ဖ၊ ရ၊ သ အက္ခရာတွေပါတယ်။ အရောင်ကတော့ အဖြူရောင်ပဲ။ တိထိက ရိတ္တာတိထိ။ နေ့အနေနဲ့ကတော့ သောကြာနေ့။ ရက်တွေကတော့ ၄၊ ၉၊ ၁၄ (လဆန်း၊ လဆုတ်) ရက်တွေပါတယ်။ အချိန်ကတော့ နေ့လယ် (၁း၃၀) ကနေ ညနေ (၅း၃၀) နာရီအထိပဲ။ နက္ခတ်ကတော့ (၁၇)လုံးမြောက်နက္ခတ်ကနေ (၂၁) လုံးမြောက်နက္ခတ်အထိပဲ။ အရပ်ဒေသအနေနဲ့က မြောက်အရပ်။ ရာသီတွေကတော့ ပြိဿာရာသီဒုတိယ တစ်ဝက်နဲ့ မေ့ရာသီ၊ မကာရရာသီရှေ့ ထက်ဝက်အထိပါတယ်။ ဓာတ်ကတော့ ဝါယောဓာတ်။ ဝိသရက ဖောဋ္ဌဗ္ဗတွေပဲ ဖြစ်တယ်ကွယ့်။ တစ်ဆက်တည်း ပဉ္စမမြောက်ဖြစ်တဲ့ မတဆိုတဲ့ သေကျေပျက်စီးခြင်းဆိုင်ရာအဝတ္ထာန်အကြောင်းပြောမယ်။ အဲဒီမှာ သရအနေနဲ့က ဩသရ အက္ခရာအနေနဲ့က စ၊ ၄၊ ဒ၊ ဗ၊ လ၊ ဟ စတဲ့အက္ခရာတွေပဲဖြစ်တယ်။ အရောင်အနေနဲ့က အနက်ရောင်၊ အပြာရောင်တွေပါတယ်။ နေ့ကတော့ စနေနဲ့ရာဟုနေ့တွေပဲ ရက်ကတော့ ၅၊ ၁၀၊ ၁၅ (လဆန်း၊ လဆုတ်) ရက်တွေပဲ။ အချိန်က ညနေ (၆း၃၀) နာရီကနေ (၈း၃၀) နာရီအထိပဲ။ နက္ခတ်အနေနဲ့က (၂၂) လုံးမြောက်နက္ခတ်ကနေပြီး (၂၆)လုံးမြောက်နက္ခတ်အထိပဲ။ အရပ်ဒေသအနေနဲ့ကတော့ အလယ်အရပ်ပဲ။ ရာသီအနေနဲ့က မကာရရာသီနောက်တစ်ဝက်နဲ့ ကုမ်ရာသီ၊ မိန်ရာသီအဆုံးထိပဲ။ ဓာတ်ကတော့ အာကာသဓာတ်ကို စိုးပိုင်တယ်။ ဝိသရအနေနဲ့ကတော့ သဒ္ဒဆိုတဲ့ အသံပဲကွယ်။ -

ဒါဆို အဝတ္ထာန်ငါးပါးလုံးနဲ့ဆိုင်တဲ့အကြောင်းအရာတွေ စုံလင်သွားပြီ။ အရသာကျက်မှတ်ထားပေတော့"

"ဒါနဲ့ ဆရာကြီး၊ တစ်ခုလောက်မေးချင်ပါတယ်။ ခုန မတအဝတ္ထာန်မှာ ဓာတ်အနေနဲ့ အာကာသဓာတ်လို့ သတ်မှတ်ထားတာကို တွေ့ရတယ်။ ကျန်တဲ့နေရာတွေမှာ အာကာသဓာတ်ကို ကောင်းမွန်ခြင်း၊ ကျန်းမာခြင်း၊ ရှင်သန်ခြင်းစတဲ့သဘောတွေအနေနဲ့သုံးတာကို တွေ့ရတယ်။ မြန်မာ့ရိုးရာဆေးပညာမှာလည်း အာကာသကိုကောင်းတဲ့သဘောမှာသုံးတယ်။ ဒီသရော်ဒယမှာကျတော့ ဘယ်လိုသဘောယူတာလဲဗျ။ သေကျေခြင်းမတသဘောတဲ့"

"ဟုတ်လိုက်လေ မောင်ထွန်းမြိုင်ရယ်။ မင်းက ရှာရှာဖွေဖွေမေးတတ်ပေတယ်။ အဲဒီလိုမေးမှလည်း အတတ်မြန်မှာ။ ဒီလိုကွယ့် အာကာသဓာတ်နဲ့ပတ်သက်ပြီးယူဆလို့ရတဲ့ အဓိပ္ပာယ်က (၂) မျိုးရှိတယ်။ တစ်မျိုးက အပေါက်အခေါင်းသဘောပဲ။ အဲဒီသဘောထဲမှာ ဆေးပညာအရဆို မွေးညင်းပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်၊ နားပေါက် ဒွါရပေါက်အတွေအထိအားလုံးအကျုံးဝင်တယ်။ တစ်ဆင့်တက်ပြီးကြည့်ရင် ကောင်းကင်အာကာသ၊အဇဋာကာသခေါ်တာပေါ့။ အဲဒါတွေလည်းပါတယ်။ နောက်ပြီး လယ်မြေတွေတွေ့လား လယ်ရိတ်ပြီး နွေရာသီရောက်ရင် နေပူရှိန်ပြင်းလာတော့ မြေကြီးတွေပပ်ကြားအက်လာတာတွေ့ရမယ်။ ဒါလည်း အပေါက်အခေါင်း အာကာသဓာတ်သဘောသဘာဝတွေပဲ။ အခု ဒီသရော်ဒယမှာတော့ အာကာသဆိုရင် အဲဒီအပေါက်အခေါင်းအာကာသကိုသုံးဖို့ သိပ်မဆိုင်ဘူး။ ဒီမှာက အာကာသရဲ့နောက်ထပ်အဓိပ္ပာယ်တစ်ခုဖြစ်တဲ့ အပိုင်းအခြားသဘောဆိုတာကို ယူတယ်သုံးတယ်ပေါ့ကွယ်"

"အဲဒီ အပိုင်းအခြားအာကာသနဲ့ဆိုင်တဲ့ ဥပမာတစ်ခုလောက်ပြောပြပါလား ဆရာကြီး"

"မင်းကတော့ တကယ်အာဂပုဂ္ဂိုလ်ပါလား။ ပညာရအောင် ဘယ်လိုမေးမှရမယ်ဆိုတာကြိုပြီးသိနေလိုက်တာ။ ဒီသဘောကတော့ပြောရရင် ရာသီမှာပဲဖြစ်ဖြစ်၊ နက္ခတ်မှာပဲဖြစ်ဖြစ် ရာသီတစ်ခုပိုင်ဆိုင်တဲ့အကျယ်အဝန်းရှိတယ်မဟုတ်လား။ အဲဒီမှာ ရာသီတစ်ခုရဲ့အဆုံးနဲ့ နောက်ရာသီတစ်ခုရဲ့အစကို ဗေဒင်ပညာမှာ ဘယ်လိုခေါ်လဲ မောင်ထွန်းမြိုင်"

"ရာသီသန္ဓိလို့ခေါ်တယ်မဟုတ်လား ဆရာကြီး"

"အဲဒီ ရာသီသန္ဓိဟာကောင်းလား၊ မကောင်းဘူးလား"

"မကောင်းပါဘူး ဆရာကြီး"

"အခုလည်း ဒီသဘောပဲ။ ရာသီတစ်ခုရဲ့ အဆုံးပိုင်း၊ အစပိုင်းတွေဟာ မကောင်းတဲ့ အပိုင်းအခြားအကန့်အသတ်တွေပဲပေါ့။ နက္ခတ်မှာလည်း ဒီအတိုင်းပဲ။ နက္ခတ်နယ်နိမိတ်တစ်ခုကုန်ခါနီးနဲ့ အစပိုင်းတွေဟာ မကောင်းဘူး။ နိုင်ငံတစ်ခုရဲ့ နယ်စွန်နယ်များဒေသဟာ မငြိမ်သက်ဘူး။ မငြိမ်းချမ်းဘူး။ အသေအပျောက်များတတ်တယ်။ ဒီသဘောပဲပေါ့ကွယ်"

"ဟုတ်ကဲ့ - သဘောပေါက်ပါပြီ ဆရာကြီး"

"အေး - ဟုတ်ပြီ။ မဟာဥဒည်းနဲ့ အန္တရဥဒည်းတို့ကိုတွက်ထုတ်ပြီး ခုနပြောခဲ့တဲ့ အဝတ္ထာန်တွေကို ဇယားကွက်လိုလုပ်လိုက်ရင် အဲဒါကို ဝဏ္ဏသရစက်ခေါ်တယ်။ အဲဒီစက်ပေါ် ဥဒည်းတွေဆွဲတင်လိုက်တာနဲ့ အကြောင်းအရာတွေ အားလုံးက ပုံသေမဟုတ်တော့ဘူး။ အရှင်ဖြစ်သွားပြီ။ မဟာဥဒည်းဟာ သရတစ်လုံးပေါ် (၁၂) နှစ်။ အန္တရဥဒည်းက တစ်နှစ်နေ့တျတယ်။ အဲဒီဥဒည်းရောက်တည်နေတဲ့ သရတွေ၊ အဝတ္ထာန်တွေကနေ ကောင်းခြင်း၊ မကောင်းခြင်းကိစ္စတွေကို ဆုံးဖြတ်လို့ရတယ်။ ကဲ - နောက်နေ့တော့ အဲဒီအကောက်အယူအဆတွေကို ဥပမာနဲ့တကွ ရှင်းပြပေးမယ်။ ဒီနေ့တော့ မောင်တော့မယ် နားလိုက်ကြဦးစို့"

ရွှေလဆက်ဖတ်ပါ

ပထမံဆရာငြိမ်းအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

# ကောင်းကျိုးပေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)



**စက်တင်ဘာလ ၁ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၇)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါ်ဇိနော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၅ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၉)။ လာဘ်နေအရပ် အရှေ့တောင်၊ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ အောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၇ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၈ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၅)။ လာဘ်နေအရပ်က အရှေ့ဘက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား စနေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံ ဇိနော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၉ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ(၉)ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၁ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း(၂၈)။ လာဘ်နေအရပ် က အနောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၂ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း(၅၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်းက (၄)။ စိုးမိုးဂဏန်းက (၁၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၁၅ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ ဗုဒ္ဓေါဖိနော (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၁၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင် မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား စနေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၈ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၉ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၁ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၂၂ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဝိနော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၃ ရက်၊ စနေနေ့**- လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၂၄ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၅ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၆ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၈ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၂၉ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဖိနော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၃၀ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

နေအိမ်မှ လွဲ၍
တစ်ခြားမည်သည့်နေရာတွင်မှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

**အမှတ်(၈၅၂)၊ ကုန်းဘောင်(၁၀) လမ်း**
**(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။**



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ကြဖတ်ကြတာတွေနဲ့ပတ်သက်ပြီး -

လာပြောပြကြသူတွေ၊ အကြံဉာဏ်ကောင်းကြတဲ့သူတွေတဖြည်းဖြည်းများလာပြီး နားထောင်ပေးရတာလေးတွေများလာတော့ -

ဒီလ -

ဒီအကြောင်းလေးတွေကိုတစ်ဆင့်ပြန်ပြောရင်း သူရှုလက်ဆောင်ပေးဖို့ဖြစ်လာပါတော့တယ်။

တစ်ဆင့်ပြန်ပြောပြချင်တာလေးတွေကတော့ -

တစ်ယောက်ကပြောပါတယ်။ သူဟာ ဂါထာမန္တန်ပေါင်းစုံတော်တော်နဲ့စပ်တဲ့ပုဂ္ဂိုလ်ပါ။ တကယ်လည်း အေးချမ်းတဲ့သူပါ။ ရှားပါးတဲ့ဂါထာတွေ၊ မန္တန်တွေတောင် သူမှာရှိပါတယ်။ သူလည်း တကယ်ရွတ်ပါတယ်။ သူပြောတာကတော့ သူဟာ တစ်နေ့ကို တစ်နာရီခွဲ နှစ်နာရီနီးပါးလောက်ရွတ်ဖတ်တဲ့သူပါ။

သူဘာပြောလဲဆိုတော့ ထူးသလိုလို မထူးသလိုလိုနဲ့ ဟုတ်တိပတ်တိလည်း ဘာမှမထူးခြားဘူးဆိုတဲ့စကား။

ထူးသလိုလို၊ မထူးသလိုလိုနဲ့ဆိုတာက ဆန်းတယ်။ တချို့ဂါထာတွေ မန္တန်တွေက အချိန်တိုတိုနဲ့ထူးတာတွေရှိတယ်၊ ကြားလည်းကြားဖူးတယ်၊ မြင်လည်း မြင်ဖူးတယ်၊ ရလည်း ရတယ်၊ တချို့လည်း မေ့တော့တော့ဖြစ်ကုန်ပါပြီ။

တချို့ကျတော့ ကြာကြာရွတ်မှ ထူးတာတွေရှိတယ်။ တချို့ လချီပြီးရွတ်ရတာရှိသလို တချို့ဆို နှစ်ချီပြီးရွတ်မှ



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသော)

## ပြည့်လာတဲ့ထိ သူရဋ္ဌလက်ဆောင်

ထူးတာတွေလည်းရှိတယ်။ အမျိုးမျိုးပေါ့။

လူတစ်ယောက်ကျတော့ သူက စာဖတ်အားကောင်းတယ်။ သူ့မှာလည်း ဘုတ်အုပ်အထူကြီးရှိတယ်။ အဲဒီဘုတ်အုပ်ကြီးထဲမှာ ဂါထာမန္တန်ပေါင်းစုံ၊ ဆေးနည်းပေါင်းစုံ စုံနေတာပဲ။

သူလည်း ခုနလူလိုပဲပြောတယ်။ ဒါလောက်ရွတ်ဖတ်နေတာတောင် ဘာမှ မဖြစ်တဲ့အကြောင်းပြောတယ်။ သူပြောတဲ့စကားတွေကို နားထောင်ရင်း သူ့အားနည်းချက်ကိုတွေ့ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူပြောတာက ကျုပ်သာမထူးတာ ဗျာ။ ကျုပ်ရေးရေးပေးလိုက်တဲ့သူတွေကျ တော့ ထူးလွန်းလို့ ကျုပ်ကို ကျေးဇူးတင် ကြောင်းတွေလာလာပြောကြပ့်။ ကျုပ် မှာတော့ သူတို့တွေက အထင်တွေကြီး လို့ ကျုပ်ကိုတအားစွမ်းနေပြီထင်နေကြ တာ။ ကျုပ်က ရှက်တောင်ရှက်တယ်။ ဘာမှမဖြစ်လာဘူးတဲ့။

တချို့တွေကျတော့ -

ရွတ်တာဖတ်တာ သာမန်ပဲ။ ဥပမာ (၉) ခေါက်လောက် ရွတ်မယ်၊ သက်စေ့ရွတ်မယ်။ ဒါမှမဟုတ် ပုတီး တစ်ပတ်စိပ်မယ်။ စွဲမလုပ်ဖြစ်ပြန်ဘူး။ ဒီတော့ မထူးဘူးဆိုတာဖြစ်ပြန်ရော။

သူတို့ကိုပြောလိုက်ပါတယ်။

ဂါထာတွေမှာ သူ့အစွမ်းနဲ့သူရှိ တယ်။

ဂါထာတိုင်းလိုလိုစွမ်းကြတယ်။

ဒါပေမယ့် ထူးချင်ရင်တော့ အဲဒီ ဂါထာကိုရွတ်တဲ့ကိုယ်နဲ့ပဲဆိုင်နေပါတယ် လို့ ပြောလိုက်ပါတယ်။

မှန်ပါတယ်။

စဉ်းစားကြည့်ပါ။

လူတစ်ယောက်က ဂါထာတစ်ခု ကိုရွတ်ကရောဆိုပါတော့။ ဂါထာကို သူ ရွတ်ရင်းရွတ်ရင်း နှစ်လ၊ သုံးလလောက် ကြာလာတဲ့အခါ တခြားတစ်ယောက်က ဟယ် - ဟိုဂါထာတအားစွမ်းတာပဲ၊ ဘယ်သူတော့ဖြင့် အဲဒီဂါထာရွတ်လိုက် တာ ငွေတွေဘယ်လိုဝင်လာတာပြော ရော။ ဟိုတစ်ယောက်က အားကျပြီး အဲဒီဂါထာရွတ်ပြန်ရော၊ ဟော-နောက် တစ်နေရာမှာ ဂါထာတစ်ပုဒ်သွားတွေ့ ပြန်ရော။ အဲဒီဂါထာအကြောင်းကြားရရုံ တင်မကဘူး၊ ရွတ်တဲ့သူကိုယ်တိုင်က ခင်ဗျားဗျာ - ယုံယုံကြည်ကြည်နဲ့ရွတ်စမ်း ပါ။ မထူးရင် ကြိုက်သလိုပြောဆိုလို့ အဲဒီဂါထာကိုထပ်ရွတ်ပြန်ရော။ အရင် ရွတ်ခဲ့တဲ့ ဟိုဂါထာနှစ်ပုဒ်ကို အာရုံမစိုက် ပြန်ဘူး။

အဲဒါမျိုးကို ဥပမာပေးတဲ့အနေနဲ့ သိပ်မကြာခင်က ရေးပြခဲ့ဖူးပါတယ်။ လူတစ်ယောက်ဟာ ရေတွင်းတူးတယ်။ တူးလို့တော်တော်နက်လာတော့ လူတစ် ယောက်ကရောက်လာပြီး ခင်ဗျားတူးနေ တာမှားနေတယ်။ ရေကြောကဒီမှာဆိုပြီး တစ်နေရာကိုညွှန်ပြတယ်။ အဲဒီတော့ ရေတူးတဲ့သူက သူပြောတဲ့နေရာကိုရွှေ့ တူးရော။ တဖြည်းဖြည်းတူးနေရင်း နောက်ထပ်လူတစ်ယောက်ရောက်လာ ပြန်တယ်။ ဘာလုပ်နေတာလဲတဲ့။ ရေတူး တာလို့ပြောတော့ ကျုပ်က မြေကြီးနဲ့ ပတ်သက်တဲ့ပညာရှင်ပါ။ ခင်ဗျားကိုပြော ခဲ့တဲ့လူတွေက ဘာမသိညာမသိရမ်းသန်း ပြောခဲ့ကြတာ၊ သူတို့ဘာသိတာမှတ်လို့။ တကယ့်ရေကြောက ဒီမှာဆိုပြီး နေရာ တစ်နေရာကိုပြပြန်ရော။ ဟိုလူ့စိတ်ထဲ မှာ အင်း- မြေပညာရှင်ဆိုတော့ သူပြော တာဟုတ်မှာပဲဆိုပြီး သူပြတဲ့နေရာကို ရွှေ့တူးပြန်ရော။

သူတူးလာတာ နေရာတစ်နေရာ ကို ပေငါးဆယ်နဲ့တွက်ရင် စုစုပေါင်း ပေတစ်ရာ့ငါးဆယ်ဖြစ်နေပြီ။ သူသာ တစိုက်မတ်မတ်တူးချလိုက်ရင် ပေ တစ်ရာပြည့်ရင် ရေထွက်ပြီ။ ခုတော့ ပေတစ်ရာလည်းမကတော့ဘူး။ ရေ လည်းမထွက်နိုင်ဘူး။ ထွက်နိုင်တဲ့အထိ လည်း ပေက ဟိုမရောက်ဒီမရောက်။

အဲဒီ ရေတူးသမားဥပမာလေးကို မကြာသေးခင်ကမှ ပေးခဲ့ဖူးပါတယ်။ သတိမထားလိုက်မိတဲ့သူရှိရင် ဒီသူရဲ့ လက်ဆောင်မှာ ထပ်ပြီး ဗဟုသုတဖတ် ကြည့်ပါ။ ဥပမာပေးချင်တာလေးက အဲဒါလေးပါပဲ။

ဂါထာတစ်ပုဒ်ဟာ အကြိမ်တစ် သောင်းပြည့်ရင် ဒါမှမဟုတ် ကိုးထောင် ပြည့်ရင် အစွမ်းထပြမယ်ဆိုပါတော့ -

ရွတ်ရင်းရွတ်ရင်း အကြိမ်ရှစ် ထောင်လောက်ရလာပြီဆိုပါတော့ -

အဲဒီလိုတရွေ့ရွေ့နဲ့ရောက်လာတဲ့ ခရီးကို ကိုယ်တိုင်ကမသိဘူး။ ဟိုဂါထာ ကိုတွေ့ပြန်ရောရွတ်ပြန်ရော။ အဲဒီဂါထာ ကလည်း တစ်သောင်းပြည့်ရင် လိုရာကိစ္စ ပြီးမယ်ဆိုပါတော့။ ရွတ်ရင်းရွတ်ရင်း ခြောက်ထောင်လောက်လည်းရလာရော မထူးသေးပါလားဆိုပြီး ထပ်ရှာပြန်ရော ဟော။

အဲဒါနဲ့ပဲ ဘယ်ဂါထာရဲ့အစွမ်း သတ္တိကိုမှမသိနိုင်တော့ဘဲ ပါးစပ် ညောင်းတာ အဖတ်တင်တော့တာပဲ။ ဘာမှဖြစ်မလာတော့ဘူး။ ဘာမှဖြစ် မလာတော့တဲ့အခါ ဟုတ်မှဟုတ်ပါ့ မလား ဆိုတဲ့စိတ်က မသိမသာနေရာယူ ပြီး နောက်ထပ်ဂါထာတွေထပ်ရှာဖြစ်ပြန် ရော၊ ပုတီးစိပ်လည်း ဒီလိုပဲ။

ခရီးရောက်ခါနီးတဲ့အတိုင်းအတာ ကို ကိုယ်မှမသိတာ။

ဒါမျိုးဆိုတာက သိအောင်ကြိုးစား လို့လည်း မရဘူးလေ။

ဒါကြောင့်လည်း ရှေးရှေးတုန်းက ရှစ်သောင်းလေးထောင်ပြည့်အောင်ရွတ် ခဲ့ကြတာမျိုးတွေရှိခဲ့တာပေါ့။ မှတ်သားခဲ့ ရတာပေါ့။

တွေးခေါ်ပညာရှင်တွေဗဟုသုတ ပညာပေးနေကြတဲ့အတိုင်း မိုင်နှစ်ထောင် ဝေးတဲ့ခရီးကို ကားမီးအလင်းရောင် ရောက်တဲ့ကိုက်နှစ်ရာလောက်ကိုပဲကြည့် မောင်းရင်း တဖြည်းဖြည်းနဲ့မိုင်နှစ်ထောင် ရောက်သွားတဲ့သဘောပါပဲ။ နှစ်ထောင် ကို လှမ်းကြည့်နေတာမဟုတ်ဘဲ ကိုက် နှစ်ရာပဲကြည့်ပြီး တစ်စိုက်မတ်မတ် မောင်းသွားရုံနဲ့ မိုင်နှစ်ထောင်ကို ခရီး ရောက်သွားတာပါပဲ။

မရောက်နိုင်တဲ့မိုင်ရှည်ကြီးပါလား ဆိုတဲ့စိတ်နဲ့ထိုင်နေရင် ခရီးမရောက်ပါ ဘူး။ မဖြစ်နိုင်ဘူးဆိုပြီးထိုင်နေရင် ဘာမှ ဖြစ်လာမှာမဟုတ်ပါဘူး။

ဒီလိုပြောရင်း ဆရာအဆောင် ပေးတာသွားသတိရလို့ပြောပြပါဦးမယ်။

ဆရာဟာ ဘယ်သူ့ကိုအဆောင် ပေးပေး သစ်ရွက်၊ သစ်ခက်၊ အညွှန့်တို့ ကိုပေးတော့မယ်ဆိုရင် အဆောင်ကို သူ့ ရဲ့ညာဘက်လက်ထဲကိုထည့်ပြီး သရဏ ဂုံပဲရွတ်ပေးလိုက်တာချည်းပဲ။

'ဆရာရွတ်တာနော် (၃)ခေါက်ပဲ။ ဒါလည်း ရသွားတဲ့သူတွေစွမ်းကြတာပဲ အံ့ရော"

ဆိုတော့ ဆရာကပြုံးတယ်။

'ငါဟာ သရဏဂုံကို တစိုက်မတ် မတ် စွဲစွဲမြဲမြဲနဲ့ (၉)နှစ်တိုင်တိုင် မပျက်မ ကွက်ရွတ်ခဲ့တာ။ တစ်နေ့ဘယ်လောက် ရွတ်မယ်ဆိုတဲ့အဓိဋ္ဌာန်ထားပြီး မပျင်းမရိ ရွတ်ခဲ့တာ။ သုံးကုဋေလည်းပြည့်ရော ငါလုပ်သမျှစွမ်းတော့တာပဲ' တဲ့။

ဆရာဟာ တစိုက်မတ်မတ်ရွတ် ရင်း သုံးကုဋေပြည့်သွားပြီးတဲ့နောက်ပိုင်း သရဏဂုံရဲ့ ဂုဏ်ကျေးဇူးတော်ကို လက်တွေ့ ကြည်ညိုလာရတော့တာပါ။ စွမ်းချင်လို့ရွတ်နေတာမဟုတ်ပါဘူး။

ဖြစ်ချင်လို့ရွတ်နေတာ မဟုတ်ပါ ဘူး။

ရွတ်ရင်းနဲ့ဖြစ်သွားတာပါ။

သုံးကုဋေလည်းပြည့်ပြီးရော တစ် ခေါက်တည်းရွတ်တာနဲ့ စွမ်းတော့တာပါ ပဲ။ ခရီးရောက်သွားတာကိုး။

တစ်မျိုးပြောရရင် ရာဝင်အိုးကြီး ထဲကို ရေတစ်ပေါက်တစ်ပေါက်ခံယူလာ ခဲ့သလိုပါပဲ။ ရာဝင်အိုးကြီးပြည့်လာတဲ့ထိ တစိုက်မတ်မတ်ပြည့်အောင်ခံယူလာခဲ့ တဲ့အတွက် ပြည့်လာတဲ့အခါ အသင့်ခပ် သုံးလာနိုင်တော့တာဖြစ်ပါတယ်။

ဒါကြောင့် -

ဆရာဟာ တစ်ခေါက်ရွတ်လည်း

www.burmeseclassic.com

စွမ်းနေတာပါ။ နှစ်ပေါင်းကိုရှုတ်ကြည့်ရှုနေတာပါ။

ဂါထာတွေ ရွတ်တွေ့အကြောင်း ပြန်ကောက်ရရင် -

ဘယ်စာမှာဘယ်ပုဂ္ဂိုလ်ရွတ်ခဲ့တဲ့ ဘယ်ဂါထာက ဘယ်လိုအစွမ်းထက်ခဲ့တယ်ဆိုတာ ရေးသားထားတာချည်း တွေ့ယူရော၊ ရွတ်ကရောဆိုပါတော့။

အဲဒီမှာသတိထားရမှာက ရွတ်ခဲ့တဲ့ပုဂ္ဂိုလ်တာ အဲဒီဂါထာကို နှစ်ပေါင်း ဘယ်နှဆယ်ရွတ်ခဲ့ပြီးထုံလာခဲ့လည်းမှ မသိတာ၊ အဲဒီပုဂ္ဂိုလ်ထူးရွတ်လာတဲ့ အားကို ကိုယ်မသိနိုင်ဘူးလေ၊ ခုကူးပြီး ခုရွတ်လို့ ခုမစွမ်းတာနဲ့ အပြစ်ပြောလို့ မဖြစ်ဘူး။

ဘယ်သူရွတ်နေတဲ့ဂါထာ ဘယ်လိုစွမ်းတာဆိုလိုက်တာနဲ့ ကိုယ့်စိတ်ထဲကသိနေရမှာက ရွတ်နေတဲ့ဆိုကတည်းက ဘယ်တုံးထဲက ဘယ်လောက်ထုံအောင်ရွတ်ခဲ့တာလဲဆိုတာကို သိနေရပါလိမ့်မယ်။ ဒါ သတိထားရမယ့်အချက်ပါပဲ။

ဒီလိုပဲ၊ ဘယ်ပုဂ္ဂိုလ်ပုတီးစိပ်လာတဲ့ပုတီးစိပ်၊ ဒီပုတီးစိပ်ကြောင့် သူဟာ ဘယ်လိုအောင်မြင်လာတယ်၊ ချမ်းသာလာတယ်ဆိုပြန်ရင်လည်း စိတ်ဝင်စားသွားပြီး ချက်ချင်းလိုက်လုပ်လို့မရနိုင်ပါဘူး။ သူ့လိုဖြစ်ချင်ရင်တော့ သူ့လိုအချိန်ပေးရပါလိမ့်မယ်။ သူ့လိုထုံနေအောင် ကိုယ်လည်း စိပ်နိုင်ရပါလိမ့်မယ်။ ဒါမှ ကိုယ်လည်း သူ့လိုစွမ်းတော့မပေါ့။ သူ့လိုထူးတော့မပေါ့။

မြင်တိုင်း တွေ့တိုင်း ဖတ်ရတိုင်း လိုက်လုပ်ကြည့်လိုက်ဦးမယ်ဆိုလို့မရပါဘူး။ပေါ့ပင်လုပ်ရမယ့်အကြောင်းတရားတွေမဟုတ်ပါဘူး။ ဖတ်ပြီးတာနဲ့ ဟာ- ထိပေါက်တယ်ဆိုပါလားဆိုပြီးလိုက်ရွတ်ရုံနဲ့မဖြစ်ပါဘူး။

ထိပေါက်တယ်ဆိုတာက သူက ထိပေါက်နိုင်လောက်တဲ့'အား'တွေဖြစ်လာတဲ့ထိရွတ်ခဲ့လို့ပါ။ ပြီးတော့ သူ့မှာ ထိပေါက်နိုင်လောက်တဲ့ အတိတ်ကံ၊ ပစ္စုပ္ပန်ကံတွေရှိနေပါလိမ့်မယ်။ ဒါတွေကိုလည်း ကိုယ်က စဉ်းစားပေးရပါလိမ့်မယ်။

ဒီလိုဆို အဲဒီဂါထာကိုရွတ်တော့မယ်ဆိုတာနဲ့ ထုံအောင်ရွတ်ဖို့လိုလာပါပြီ။ အကျိုးပေးလာတဲ့ထိ ထုံရပါတော့မယ်။ ဒါလေးတွေကိုတော့ ကိုယ်က နားလည်ပေးရပါလိမ့်မယ်။

ထုံနေခြင်းဟာ အင်မတန်စွမ်းဘယ်ဆိုတာ အားလုံးသိပြီးသားပါ။

ကျေးဇူးရှင်တော်ရှင် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရဆိုရင် နှစ်ပေါင်းကိုနည်းတာ မဟုတ်ဘူး။ ပရိတ်ကြီး (၁၁)သုတ်နဲ့ ဂုဏ်တော်ကွန်ချာကိုရွတ်ဖတ်သရဇ္ဈာယ်တော်မူလာတာ -

စာပေတွေထဲမှာ ဖတ်ရှုကြည်ညိုရပါတယ်။

ဒါကြောင့် ဆရာတော်ဘုရားကြီး ကြွရောက်ပြီး ရွတ်ဖတ်ပေးသနားတော်မူတဲ့ ဘယ်အရပ်ဒေသမှာမဆို ပရိတ်ရေတွေဆူတက်လာတာ အားလုံးအသိပါပဲ။

ဆရာတော်ဘုရားကြီး နှစ်ပေါင်းများစွာကြည်ညိုလာခဲ့တဲ့ ရွတ်ဖတ်ပူဇော်တော်မူလာခဲ့တဲ့ ဂုဏ်တော်ကျေးဇူးတော်ကို ကြည့်ပါ။

ခုထိကို ကြည်ညိုနေကြတုန်း၊ ပူဇော်နေကြရတုန်းပါပဲ။ ဆရာတော်ဘုရားကြီး ရွတ်ဖတ်သရဇ္ဈာယ်တော်မူတာကို ခုထိကြည်ညိုပူဇော်နေကြပြီး ခုထိ အောင်မြင်ကြီးပွားချမ်းသာများနေကြသူတွေ ဒုနဲ့ဒေးပါ။

TV ကိုဖွင့်ပြီး TV ကလွှင့်နေတဲ့ ဆရာတော်ဘုရားကြီးရွတ်ဖတ်သရဇ္ဈာယ်တော်မူနေတာကို ကြည်ညိုပူဇော်ရုံနဲ့၊ အသံတော်ကို ကြည်ညိုပူဇော်ရုံနဲ့ ထူးခြားအောင်မြင်နေတာကိုပဲကြည့်ပါ။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားတော်မူပြီး မေတ္တာဓာတ်၊ သစ္စာဓာတ်ကြီးမားတော်မူလှတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး နှစ်ရှည်လများ ကြည်ညိုပူဇော် ရွတ်ဖတ်သရဇ္ဈာယ်တော်မူခဲ့တာကို အာရုံပြုပြီးကြည်ညိုလေ ကြည်ညိုပြီးရင်း ကြည်ညိုမိ



လေပါပဲ။ ကိုယ်တွေလည်း တစိုက်မတ်မတ် ရွတ်ဖတ်သရဇ္ဈာယ် ကြည်ညိုပူဇော်နိုင်အောင် ကြိုးစားရပါလိမ့်မယ်။

ဒီလိုအသိမျိုးကို သိလာအောင် လက်တွေ့ ရွတ်ဖတ် သရဇ္ဈာယ်ပူဇော်တော်မူပြသွားတဲ့ ဆရာတော်ဘုရားကြီးရဲ့ကျေးဇူးတော်က ဘယ်တော့မှလည်း ဆပ်လို့ကုန်နိုင်မှာမဟုတ်ပါဘူး။

ဒါ အားလုံးသိပြီးသား လက်တွေ့တွေပါပဲ။

ဂါထာမန္တန်စာအုပ်တော်တော်များများကိုဖတ်လိုက်ရပြီဆိုရင် ဂါထာတစ်ပုဒ်ကိုဖတ်လိုက်တာနဲ့ ချက်ချင်းထရွတ်ချင်စိတ်ကိုဖြစ်ရတာချည်းပါပဲ။

ရေးသားချီးမြှင့်သူရဲ့မေတ္တာတရားကြောင့် ဒီလိုဂါထာတွေ မန္တန်တွေဖတ်ရသိရတာပါ။

ဒါလည်း အင်မတန်မှ ကျေးဇူးကြီးပါတယ်။

ရေးသားချီးမြှင့်လိုက်သူကလည်း သူရေးသားလိုက်တဲ့ ဘယ်ဂါထာကို ဘယ်လိုရွတ်လိုက်လို့ ဘယ်လိုအကျိုးတွေထူးသွားတယ်ဆိုတာကြားရရင် သူလည်း ဝမ်းမြောက်ဝမ်းသာပီတိဖြစ်ပြီး ကြည်နူးမှာပဲ။

သူရေးတဲ့ဂါထာကို ဖတ်ပြီးလိုက်ရွတ်တာနဲ့ အဲဒီလို အောင်မြင်စေချင်လို့ သူရေးတာလေ။ သူ့ရဲ့ ကြီးမားတဲ့မေတ္တာစေတနာက ပေါ်လွင်နေပြီသား။

အဲဒီမှာ စောစောကပြောသလို ထုံခြင်းဆိုတာကို ကိုယ်က သတိထားပြီး အားစိုက်ဖို့က ကိုယ့်တာဝန်ဖြစ်လာပါပြီ။

စောစောကပြောသလို ဟိုဟာ ရွတ်ကြည့်လိုက်၊ ဒီဟာရွတ်ကြည့်လိုက်တော့မလုပ်မိဖို့ သတိလေးထားရပါလိမ့်မယ်။

အဲဒီလိုတွေ တွေ့သမျှဂါထာ၊ တွေ့သမျှမန္တန် လျှောက်ရွတ်နေလို့ကတော့ အကျိုးထူးတွေနဲ့ အလှမ်းဝေးနေတတ်ပါတယ်။

ကုသိုလ်ကတော့ရနေမှာပဲ။

ဘာဖြစ်လို့လဲဆိုတော့ ဂါထာတွေ မန္တန်တွေ နှုတ်ကရွတ်နေပြီဆိုကတည်းက ဝစီကံကုသိုလ်ဖြစ်နေမှာပဲ။

စောစောကပြောသလိုထူးခြားတာ စွမ်းတာကတော့ ထုံတာနဲ့ဆိုင်သွားပါပြီ။

လူတိုင်းသိပြီးသားကို လူတိုင်း မလုပ်နိုင်တာပါ။

လူတိုင်းသိပြီးသားကို လူတိုင်းမလုပ်နိုင်တဲ့စွမ်းအင်တွေနဲ့ ကျင့်ကြံအားထုတ်

www.burmeseclassic.com

သွားကြတော့ ထူးခြားသွားကြတော့တာပါပဲ။

သမ္ဗုဒ္ဓေဂါထာတော်ဆိုလိုက်တာနဲ့ ကြားတဲ့လူတိုင်း သိပြီးသား၊ ရကြပြီးသားပါ။

ဒါပေမယ့် အဲဒီ သိပြီးသားပုဂ္ဂိုလ်တွေက ထုံအောင်ရွတ်ခဲပါတယ်။ ဒါကြောင့် အစွမ်းထက်လှပါချည်ရဲ့ဆိုတဲ့ ပုဂ္ဂိုလ်ဆီပြေးကြတယ်။ ဟိုရောက်တော့ အစွမ်းထက်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်က ခေါင်းကိုကိုင်ပြီး သမ္ဗုဒ္ဓေဂါထာပဲရွတ်ပေးလိုက်တယ်။ ဒါနဲ့ပဲ သိပြီးသားပုဂ္ဂိုလ်ဟာ နေကောင်းသွားတယ်။ နောက်တစ်ယောက်ကျတော့ ရန်များတာတွေပြေပျောက်သွားတယ်။ သူတို့တွေဟာ အဲဒီပုဂ္ဂိုလ်ရဲ့အစွမ်းကို အံ့မခန်းပြောလို့မဆုံးကြတော့ပါဘူး။ သူတို့ပြောတဲ့အထဲမှာ ငါတို့ခေါင်းကိုကိုင်ပြီး သမ္ဗုဒ္ဓေဂါထာရွတ်ပေးလိုက်ရုံလေးနဲ့ ငါတို့နေကောင်းသွားတယ်၊ ရန်တွေ၊ အတိုက်အခံတွေ ရှင်းသွားတယ်ဆိုတဲ့စကားတွေ အားရပါးရပါလာတယ်။ ဒါပေမယ့် သူတို့သတိမမူမိတာရှိတယ်၊ အဲဒါကတော့ သူတို့ရပြီးသား သမ္ဗုဒ္ဓေဂါထာနဲ့ပဲ သူတို့ကိုပြန်မန်းပေးလိုက်တာပဲ။

ဒါဖြင့် သူတို့ကျတော့ ဒီသမ္ဗုဒ္ဓေဂါထာကိုရရဲ့သားနဲ့ ဘာလို့မစွမ်းလဲ။

ရှင်းနေတာပဲ။

ရတာပဲရှိတယ်။

မန်းပေးနိုင်တဲ့ပုဂ္ဂိုလ်လို ဖွဲကြီးကြီးနဲ့ ထုံနေအောင်ရွတ်ခဲ့တာမဟုတ်လို့ပေါ့။ ကျင့်ကြံအားထုတ်ခဲ့တာ မဟုတ်လို့ပေါ့။

ရတာချင်းတူတူပဲလေ။ ဘယ်သူမေးကြည့်မေးကြည့် သမ္ဗုဒ္ဓေဂါထာဆိုလိုက်တာနဲ့ ဟာ - ရတာပေါ့လို့ပြောကြမှာချည်းပဲ။

သရဏဂုံဆိုလိုက်တာနဲ့ ဟာ - ရတာပေါ့ဆိုပြီး ပြောကြမယ့်သူချည်းပဲ။ ဒါပေမယ့် သရဏဂုံကိုမထုံခဲ့တော့ အရေးဟဲ့အကြောင်းဟဲ့ဆိုရင်ထုံနေအောင်ရွတ်ပွားသရဇ္ဈာယ်ထားတဲ့ပုဂ္ဂိုလ်တွေဆီပြေးရတော့တာပေါ့။ ရောက်သွားပြန်တော ရေမန်းပေးလိုက်ရင်လည်း ဒီသရဏဂုံပဲ၊ ရွတ်ဖတ်ပေးလိုက်ပြန်လည်း ဒီသရဏဂုံပဲ။

ခပ်ငယ်ငယ်က နတ်ပညာရှင်အမေသန်းနဲ့ သားအမိတွေလိုနေခဲ့စဉ်တုန်းက အမေသန်းနတ်ကတဲ့နေရာတစ်နေရာကို ညဥ့်နက်ထိလိုက်သွားခဲ့ဖူးပါတယ်။ အားလုံးပြီးလို့ (၁၂)နာရီလောက်မှာ အိမ်နောက်ဘက်ကိုအထွက် အလုံး



ကြီးတစ်လုံး ပစ်ဆောင့်သလိုဖြစ်ပြီး ကြက်သီးတွေတဆတ်ဆတ်ထပြီး တုန်တက်လာလို့ အိမ်ထဲကိုလှည့်ခနဲပြန်အဝင် အမေသန်းက ဖျတ်ခနဲလှမ်းဆွဲလိုက်ပြီး ဪ - တစ်ရေ့ရှစ်ကွက်ဗုဒ္ဓစက်အစချီတဲ့ စက်ကြီး (၁၃)ပါးဂါထာကိုရွတ်ရင်း ခေါင်းကိုလှမ်းပုတ်လိုက်တာ ဘာမှမဖြစ်တော့သလို ဖြစ်သွားပါတယ်။

စဉ်းစားတယ်။

ဒီစက်ကြီး (၁၃) ပါးဂါထာဟာ ငါလည်းရပြီးသားပဲ။ ဘာလို့ ငါ့ကျ ဒီလိုဖြစ်ပြီး အမေသန်းရွတ်တော့ဟုတ်နေတာလဲဆိုတော့ အမေသန်းက အမေသန်း ငယ်ငယ်လေးထဲက ညအိပ်ရာဝင်တိုင်း (၉)ခေါက်ရွတ်ခဲ့တာ ခု အသက်ငါးဆယ်ကျော်တဲ့အထိပဲတဲ့။ သူ့ခမျာ ဒီဂါထာတစ်ခုကိုပဲ စွဲစွဲမြဲမြဲရွတ်တတ်တာ၊ အဲဒီဂါထာက သူ့အတွက် အစွမ်းထက်နေတော့တာပါပဲ။

ကိုင်း - စဉ်းစားသာကြည့်တော့။

ဒီဂါထာပဲ၊ ရတာချင်းအတူတူပဲ။

ကိုယ်က ဘာမှမလုပ်တတ်ဘူး၊ ရတာပဲရှိတယ်။ လုပ်နိုင်စွမ်းတဲ့သူရွတ်တော့လည်း ဒီဂါထာပဲ ဂါထာချင်းတူတူပဲ။

ထူးအောင်ရွတ်ခဲ့တာနဲ့ -

မရွတ်ခဲ့လို့ မထူးတာဘဲကွာသွားတယ်။

ဒါကြောင့် -

ထူးသလိုလို မထူးသလိုလိုနဲ့ ဟုတ်တိပတ်တိဘာမှဖြစ်မလာဘူးဆိုတဲ့သူတွေကို အကြံပြုချင်တာက ထူးလာတဲ့အထိရွတ်ပါ။ ထူးလာပါလိမ့်မယ်။ မထူးဘူးဆိုတာ ထူးအောင်မရွတ်သေးလို့ပါ။

ထူးချင်ရင်ထုံပါ။

ရက်ရှည်လများ၊ နှစ်နဲ့ချီအောင်ထုံထားပါ။ ထူးကိုထူးလာတာ ကိုယ်တွေ့ကြုံရပါလိမ့်မယ်။

အခြောက်အလှန့်တွေများတဲ့နေရာမျိုးရောက်သွားပြီး အထိတ်တလန့်ဖြစ်ခဲ့ဖူးသူတွေထဲမှာ မေတ္တာသုတ်ရွတ်တတ်သူတွေ အများကြီးပါ။ စောစောကပြောသလို ရတော့ရတယ်၊ အနက်အဓိပ္ပာယ်မသိ၊ အာရုံမဆိ၊ ဂရုတစိုက်မရွတ်ထားတဲ့အခါကျတော့ အရေးဟဲ့အကြောင်းဟဲ့ဆိုတာနဲ့ တောင်ရောက်မြောက်ရောက်တွေဖြစ်လိုဖြစ်၊ ရွတ်ပေမယ့် မထူးလိုမထူးဖြစ်နေတတ်တော့တာပါပဲ။

အခြောက်အလှန့်များတဲ့နေရာတစ်နေရာမှာ ခြောက်လလောက်ရောက်သွားပြီး စိတ်ကယောက်ကယက်နည်းနည်းဖြစ်လာသူနဲ့ဆုံတော့ မေးကြည့်ဖူးပါတယ်။ မင်း မေတ္တာသုတ်ရလားဆိုတော့ ကျွန်တော်ရတယ်တဲ့။ ရရင်မရွတ်ဘူးလားဆိုတော့ ဘာအကြောင်းမှမရှိတာနဲ့ မရွတ်ဖြစ်ဘူးတဲ့။

ရထားတာပဲရှိတယ်၊ အကြောင်းမရှိသေးတော့ မရွတ်ဘူး။

တစ်နေ့ တစ်ခေါက်ပဲရွတ်ပြီး မေတ္တာပွားကြည့်၊ တစ်လပြည့်ရင် အခေါက် (၃၀) ရွတ်ပြီးသားဖြစ်နေပြီ။ တစ်နှစ်ပြည့်ရင် အခေါက် (၃၀၀)ကျော် (၄၀၀) နီးပါးဖြစ်နေပြီ။ ဘယ်လောက်ကောင်းလဲ။ အကြောင်းရှိမှရွတ်မယ်ဆိုတာကြီးက တရားတော်မြတ်ကို ကြည်ညိုမှုအားနည်းနည်း နည်းနေသလိုဖြစ်နေတာပေါ့။ ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်ကို အမြဲဦးထိပ်ထားနေရမှာလေ။ အမြဲကြည်ညိုနေရမှာ။ အမြဲရွတ်ဖတ်ပူဇော်နှလုံးသွင်းနေရမှာ။

ဒါမှ ကောင်းခြင်းကုသိုလ်အားတွေနဲ့ ပြည့်နေဘော့မှာပေါ့။

သမ္ဗုဒ္ဓေဂါထာကိုရွတ်မယ်ဆိုရင် သမ္ဗုဒ္ဓေဂါထာကို အနက်အဓိပ္ပာယ်ပါ အာရုံပြုနှလုံးသွင်းပြီး ရအောင်ရွတ်၊ နေ့စဉ်မပျင်းမရိရွတ်။

မရွတ်ချင်လည်းရွတ်၊ ရွတ်ချင်လည်းရွတ်။

စိတ်မပါလည်းရွတ် စိတ်ပါလည်းရွတ်။

ရွတ်ပါများလာရင် ကုသိုလ်တွေပွားလာမှာပဲ။ ကုသိုလ်တွေပွားလာတာနဲ့အမျှ ကောင်းကံတွေများလာမှာပဲ၊ ကောင်းကံတွေ တည်ဆောက်ပြီးသားဖြစ်လာမှာပဲ။ ဒီလိုထုံနေရင် ပြီးပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အရေးတဲ့အကြောင်း[illegible] (၉)ခေါက်သော[illegible] အောင်မြင်သွားတာပဲ။ [illegible] တွေ။

ထုံမထားလို့ အကြောင်း[illegible] ရွတ်ရင် ထူးခြားမလား [illegible] မပြောနိုင်တော့ဘူး။

တချို့ပြောကြတယ်။

ကျွန်တော်က [illegible] စိတ်ပါမှ ဘုရားရှိခိုးတယ်။ စိတ်ပါမှ ပုတီးစိပ်တယ်။ စိတ်မပါဘဲလုပ်နေရင် အပိုပဲ၊ ဘာတစ်ခုမှမလုပ်ဘူးဆိုတဲ့သူတွေနဲ့ကြုံဖူးပါတယ်။ သူတို့ကိုကြည့်တော့ စီးပွားရေးလည်း မအောင်မြင်၊ လူမှုရေးလည်း အတိုက်အခံတွေများ။ ဘာမှထူးထူးခြားခြား အောင်မြင်တာလည်း မတွေ့ဘူး။ အဲဒီ စိတ်ပါမှ ဘုရားရှိခိုးတယ်၊ စိတ်မပါရင် ဘာမှမလုပ်ဘူးဆိုပြီး သူကိုယ်သူ ဂုဏ်ယူပြောနေတာကို အဟုတ်ကြီးထင်နေတယ်။ တကယ့်အောင်မြင်နေသူကြီး ထင်နေတယ်။ သူ ဒီလိုပြောနေတာကို လည်း သူ့ပတ်ဝန်းကျင်က တပြုံးပြုံးနဲ့ အထင်တွေကြီးလို့၊ အဲဒီလို မီးလောင်ရာ လေပင့်သလို အထင်ကြီးပြလေ ဟိုလူကပိုပြီး သူ့အစွမ်းအစသူကြွားလေပဲ။

ဒီလိုလူမျိုးတွေက ဟန်စတိုင်ကောင်းတယ်။

အဲဒီလိုအမြဲပြောပြီး သူ့စကားကို အမြဲဂုဏ်ယူတတ်တဲ့လူတစ်ယောက်ဟာ တစ်နေ့ သူ့ဇနီးနဲ့ သူ အကြီးအကျယ်ရန်ဖြစ်ပြီး သူ့ဇနီးအိမ်ကဆင်းသွားပါတယ်။ အဲဒီလူရောက်လာပါတယ်။ ခါတိုင်းလိုပဲ မျက်နှာက အဆီတပြန်ပြန်နဲ့ အကြောက ခပ်တင်းတင်းပဲ။

သူ့ဇနီးဘယ်ရောက်နေတယ်ဆိုတာ သူမသိတော့ ခံစားနေရတဲ့ အပူရှပ်ကို ဟန်လုပ်နေတာ အသိသာကြီးဖြစ်နေတယ်။

သူ့စကားတွေကိုနားထောင်ပေးပြီး ကျွန်တော်မလုပ်တတ်ဘူးဗျာ၊ တခြားမှာ သွားလုပ်ပါ။ ကျွန်တော်လုပ်တတ်တာက ရွတ်ခိုင်း၊ ဖတ်ခိုင်း၊ ပုတီးစိပ်ခိုင်းတာပဲရှိတယ်။ ရတနာ(၃)ပါးအရိပ်တော်ကို ခိုခိုင်းတာပဲရှိတယ်။ ကျန်တာမလုပ်တတ်လို့ပါလို့ ပြောလိုက်တယ်။

သူ့အမူအရာဟာ တစ်ဆစ်ချင်းပြောင်းလာပါတယ်။ မေးချိုးတာကအစ ကွာလာပါတယ်။ ရယ်ကျဲကျဲဖြစ်နေတဲ့ မျက်နှာဟာ တဖြည်းဖြည်းတည်လာပြီး ကျွန်တော်. . . ဘာကိုတယ်လိုရွတ်ရမလဲ ဆရာတဲ့၊ ခင်ဗျားဇနီးအကျိုးလေးကို ခင်ဗျားမှာထား။ မေတ္တာသုတ်ရွတ်ရလိမ့်မယ်။ အနည်းဆုံး (၂၇)ခေါက်ပဲဆိုတော့ ဟုတ်တဲ့ - လုပ်မယ် ဆရာတဲ့။

သူစရွတ်ပြီး ငါးရက်ပဲကြာတယ်၊ သူ့ဇနီးရောက်နေတဲ့နေရာက လာဆက်သွယ်ပြီးပြန်ပို့ပေးလို့ သူ့ဇနီးပြန်ရောက်လာတယ်။ အဲဒီနေ့တစပြီး စိတ်ပါမှ ဘုရားရှိခိုးတယ်ဆိုတဲ့သူဟာ မေတ္တာသုတ်ကို နေ့စဉ်(၉)ခေါက် မပျက်မကွက်ရွတ်တော့တာပါပဲ။

ဒါကြောင့် စိတ်မပါဘူးတို့၊ မယုံဘူးတို့ဆိုတာတွေဟာ ကိုယ်တိုင်မကြုံသေးလို့ပါ။

သေရေးရှင်ရေး၊ အပူသောကရေးတွေဖြစ်လာပြီဆိုရင် စိတ်ပါမှလုပ်တယ်ဗျဆိုတဲ့အသံတွေ ကြက်ပျောက်ငှက်ပျောက်ပျောက်သွားကြလေ့ရှိတာ မြင်နေတွေ့နေရပါတယ်။

ဒါကြောင့် -

စိတ်မပါလည်းရွတ်ပါ၊ စိတ်ပါလည်းရွတ်ပါ။

မရွတ်ချင်လည်းရွတ်ပါ၊ ရွတ်ချင်လည်းရွတ်ပါ။

ထုံနေအောင်သာရွတ်ပါ။

ထုံလာပြီဆိုရင် အောင်မြင်မှုဆိုတာ ဒါပါလား၊ ထူးခြားတယ်ဆိုတာဒါပါလားဆိုပြီး လက်တွေ့သိရပါလိမ့်မယ်လို့ မေတ္တာစကားပြောကြားပါရစေ။

စောစောကပြောပြခဲ့တာလေးတွေ၊ တင်ပြခဲ့တာလေးတွေကိုပြန်စဉ်းစားပြီး သတိလေးထားကြည့်ပါ။

အမှန်တကယ်စွမ်းလှပါတယ်ဆိုတာမှန်သမျှကိုကြည့်လိုက်ရင် ကိုယ်ကြားဖူးပြီးသား၊ သိပြီးသား၊ ရွတ်ဖူးပြီးသားတွေပါပဲ။ ထူးဆန်းတာမပါပါဘူး။ ကိုယ်က တစိုက်မတ်မတ် ထုံအောင်ရွတ်မထားလို့သာ ဘာမှမဖြစ်တာပါ။

ဖြစ်အောင်လုပ်ရင်ဖြစ်ပါတယ်။

အောင်မြင်ခြင်းတွေဖြစ်လာချင်ရင်တော့ စိတ်ပါပါမပါပါ ဂါထာတစ်ပုဒ်ဆိုတစ်ပုဒ်သိသိ၊ ပုတီးစိပ်နည်းတစ်နည်းဆိုတစ်နည်းသိသိ၊ မန္တန်တစ်ပုဒ်ဆိုတစ်ပုဒ်သိသိ ထုံနေအောင်ရွတ်ပါ။ တစိုက်မတ်မတ်ရွတ်ပါ။ တစိုက်မတ်မတ်စိပ်ပါ။

စွမ်းချင်တဲ့စိတ်မျိုးနဲ့သာမရွတ်ပါနဲ့။ မစိပ်ပါနဲ့။

ကိုယ်လျှောက်ရမယ့်လမ်းကိုသာ မှန်မှန်လျှောက်ပါ။

ကိုယ်လုပ်ရမယ့်အလုပ်ကိုသာ ဖြောင့်ဖြောင့်လုပ်ပါ။

ထိန်းချုပ်ရမယ့်ကံတွေကိုထိန်းချုပ်ပါ။

ခင်ပွန်းကြီး (၁၀)ပါးကိုမပြစ်မှားဖို့ မပြစ်မှားမိဖို့ ကိုယ့်ကိုယ်ကိုယ် အမြဲသတိရှိပါ။ ကောင်းကံတွေကိုသာ တည်ဆောက်ပါ။

အကျိုးထူးတွေပေးလာပါလိမ့်မယ်။

(၇) ရက်သားသမီးတွေကို သစ္စာဓာတ်၊ မေတ္တာဓာတ်ပြည့်ဝစွာနဲ့ကယ်နေကြတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေဆီသွားရင် -

သရဏဂုံ၊ ပဌာန်းတော်၊ ပရိတ်တော်များကိုသာ ကြည်ညိုရွတ်ဖတ်ပူဇော်နေကြကြောင်း လာသမျှ (၇)ရက်သားသမီးအတွက်လည်း သစ္စာမေတ္တာပြည့်ဝစွာဖြင့် ရွတ်ဖတ်ပေးပြီးကယ်ဆယ်ပေးနေကြကြောင်းပီတိဖြစ်လောက်အောင်တွေ့ရကြားရပါလိမ့်မယ်။

မကြားဘူးတာတွေရွတ်နေကြတာမဟုတ်ပါဘူး။

သီလတန်ခိုး၊ သမာဓိတန်ခိုး၊ သစ္စာတန်ခိုး၊ မေတ္တာတန်ခိုးတွေနဲ့ပဲ သရဏဂုံ၊ ပဌာန်းတော်၊ ပရိတ်တော် ရတနာ(၃)ပါးကို ဦးထိပ်ထားတဲ့ဂါထာတော်တွေ ရွတ်ဖတ်နေကြတာပဲဖြစ်ပါတယ်။

ဒီလို အစွမ်းသတ္တိတွေကြီးမားအောင် တစိုက်မတ်မတ် ရွတ်ဖတ်သရဇ္ဈာယ်ကျင့်ကြံအားထုတ်လာကြတဲ့သူတော်ကောင်းကြီးတွေကို အတုယူရပါလိမ့်မယ်။ အားကျရပါလိမ့်မယ်။

ဒီလိုဆို ကိုယ်လည်း တစိုက်မတ်မတ် ရွတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ်ဖို့လိုပါပြီလို့ -

လာပြောကြသူတွေ၊ အကြံဉာဏ်တောင်းကြသူတွေကို လေးစားစွာနဲ့ မေတ္တာစကားပြောကြားရင်း -

ဒီလအတွက် သူရဲ့လက်ဆောင်ပါးလိုက်ရပါတယ်။

စိတ်ကူးပေါက်မှ ထရွတ်တာမျိုးမဟုတ်ဘဲ -

တစိုက်မတ်မတ် မပျက်မကွက် ရွတ်ရင်းဖတ်ရင်း သရဇ္ဈာယ်ရင်း ကြိုးစားအားထုတ်ရင်း -

အောင်မြင်ကြီးပွားချမ်းသာများကြပါစေသတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသူ)



www.burmeseclassic.com

www.burmeseclassic.com

# ကံမြင့်ကြောင်း အစီအရင်

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတ်ိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသနေ့စဉ်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုခါတ်မရိုက်ပါနှင့်။ အနောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုတစ်လအတွင်း တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကို ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ကော်ပုံး၊ ကော်ခွက်၊ ကော်ရုပ်အဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားကျောင်းကန်များသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုအနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
**ကျန်းမာရေး** - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲတစ်နိုင်ဝယ်၍ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ဗုဒ္ဓဟူးနံထီဆိုင်တွင် ၄ အစ၊ ၅အဆုံး ထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတ်ိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ရှေ့အဝင်တွင် ဆီးညွန့် (၈) ညွန့်ကို ကြိုးနှင့်ချည်ထားပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ်ပြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို ကြုံသည့်နေရာတွင် ကြုံသလိုအစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသော မသန်စွမ်းသူများကို ဆေး၊ ငွေကြေး၊ အာဟာရဒါနပြုပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့်ရောင်းသော ထီသည်လေးများထံမှ (၃)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီအစချီသောဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အလှပြင်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်းအဟောင်း၊ အပျက်များ၊ ဘူးခွံ၊ ပုလင်းခွံများရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်လှည်းခြင်း၊ အမှိုက်ကောက်ခြင်းများကုသိုလ်ယူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အခြားသူနှင့်နှိုင်းပြီး အပြစ်ပြောဆိုခြင်းများ၊ သဝန်တိုခြင်းများရှောင်လိုက်ပါ။ ခိုစာကျွေးပါ။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမသန်စွမ်းသော နွမ်းပါးသူများကို ငွေကြေးလှူပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့်အကျိုးပေးပါတော့မည်။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံပန်းများ သစ်သီးများ၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာနေ့စဉ်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** -စနေနေ့တွင် ချေးကျေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ တစ်နေ့တည်း ဘုရား (၅) ဆူလှည့်၍ ပဋ္ဌာန်းရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ကြာသပတေးနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပန်း၊ ရေချမ်းများကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သောဘုရားစေတီသို့ မကြာမကြာသွား၍ တံမြက်လှည်း၊ အမှိုက်ကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်လေးများဝတ်မသွားပါနှင့်။ ခိုစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသောသက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရမကြာခဏလှူပါ။
**ထီကံကောင်းလိုသူများ** - ဘုရားဖူးခရီးသွားမည့်သူနှင့် ကိုယ်တိုင်လည်း ဘုရားဖူးခရီးသွားပါက ထီထိုးဖြစ်အောင်ထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ရန် ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းနှင့်မေတ္တာစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အိတ်ဟောင်းအစုတ်များ၊ အသုံးမဝင်တော့သည့် ဘူးခွံ၊ ပုလင်းခွံများ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းရွတ်[illegible] က မှုယ်ပြီးရွတ်ပါ။

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်၊ အမည်းရောင်လေးများမဝတ်ပါနှင့်။ ခိုစာမကြာမကြာကျွေးပါ။
**ကျန်းမာရေး**- ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်၍ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံ့ထိုဆိုင်၊ စက်ဘီး၊ ဆိုင်ကယ်နှင့်ရောင်းသော ထီသည်လေးများထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၁) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသ နေ့စဉ်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ပြိုဟ်သက်အလိုက်ရွတ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့ သွား၍ ဘုန်းကြီးကုဋိများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းကုသိုလ်များ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာခဏအစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ထီကားလေးများ အိမ်နားလာရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၃) မျိုးဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ လမ်းလျှောက်သွားလျှင် အနီးဆုံးဆုံးဖြစ်သော ဘုရားစေတီသို့ ခြေကျင်လျှောက်သွားပြီး တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသော သက်ကြီးရွယ်အိုများကိုတွေ့ပါက တတ်အားသရွေ့ထောက်ပံ့ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲချက်ချင်းထိုးလိုက်ပါ။

> ယခုလတွင်-
> တနင်္လာ၊ တနင်္ဂနွေပိတ်မည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ပူဇော်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများရယူပါ။
> ဥပမာ - ကျော်အုံ၊ ကောင်းအိ၊ ခန့်အိမ်

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည့်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ခုနှစ်၊ ဩက်တိုဘာလအတွက်

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြို့ဝသား)

# ခုနှစ်ရက်သားသမီး ဟောစာတမ်း

## တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ယခုလအတွင်း မြေကိစ္စ၊ အမွေကိစ္စများအောင်မြင်စွာဆောင်ရွက်နိုင်ပါမည်။ စက်ပစ္စည်းများဝင်လျှင် စိတ်တိုင်းမကျဖြစ်တတ်သော်လည်း ကူညီဆောင်ရွက်ပေးသူများရှိနေ၍ အဆင်ပြေသွားပါမည်။ အိမ်ပေါင်းပြင်ခြင်းကောင်းသော်လည်း အဆောက်အအုံအသစ်ဆောက်ပါက စိတ်ပင်ပန်းပြီး ငွေကုန်ကျမှုများခြင်း၊ တော်တော်နှင့်မပြီးနိုင်ဖြစ်နေတတ်ပါသည်။ စကားပြောလွန်သွားတတ်၍ သေချာစဉ်းစားပြီးမှပြောပါ။ ဆုံးဖြတ်ချက်မလောပါနှင့်။ အိမ်တွင်းရေးတင်းမာမှုများရှိမည်။ ကိုယ်ကလျှော့ပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားရှောင်ပါ။ ရတနသုတ်၊ ဓာရဏပရိတ်တို့ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ဆေးလှူပါ။ ပညာရေးကံများ ထိပ်တန်းသို့ရောက်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ ကြားလူသတိထားပါ။ စကားရှုပ်တတ်ပါသည်။ ခိုလေးများကို မကြာခဏအစာကျွေးပါ။ စိတ်ချမ်းသာမှု ရရှိပါလိမ့်မည်။ မွေးနေ့တွင် အသားစားရှောင်ခြင်း၊ သီလဆောက်တည်နေထိုင်၍ ကောင်းမှုကုသိုလ်များပြုခြင်းဖြင့် အညံ့များတဖြည်းဖြည်းကင်းစင်သွားပါမည်။ ထီဝါသနာရှင်များ ကြာသပတေးနံ့ထီဆိုင်တွင် (၅)အစ (၄)အဆုံး ထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းထားလိုက်ပါ။ ကံကောင်းတတ်ပါသည်။

*ယတြာ ။ ။ ဘုရားရှင်ကို ပေါက်ပေါက်ပွင့်များနှင့် ပူဇော်ပါ။*





www.burmeseclassic.com

www.burmeseclassic.com

### တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ (၇)ဂဏန်း အကျိုးမပေး၍ ရှောင်လိုက်ပါ။ လူမျိုးကွဲနှင့်ဆိုင်သော လုပ်ငန်းကိစ္စများ အကျိုးမပေးသေးပါ။ မင်္ဂလာအခမ်းအနားများတက်ရောက်ရခြင်း၊ စီစဉ်ဆောင်ရွက်ပေးရခြင်းများရှိပါမည်။ စက်ပစ္စည်းအသစ်ဝင်မည်။ လုပ်ငန်းခွင်အတွင်းရှိသူများ ကိုယ့်အလုပ်သူ့အလုပ်မခွဲခြားဘဲ လုပ်ပေးနေရတတ်ပါသည်။ စိတ်အခန့်မသင့်မှုများရှိလာလျှင်လည်း သည်းခံလိုက်ပါ။ ဤသည်ပင်ယတြာဖြစ်ပါသည်။ ခရီးယာယီပေါ်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် မေတ္တာသုတ်ကို နေ့စဉ်ဖြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ကျန်းမာရေးကောင်းနေပါမည်။ ပညာရေးကံများကောင်းပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်မည်။ အပျော်အပါးလျှော့ပါ။ အပေါင်းအသင်းများနှင့် အပျော်လွန်၍ ရန်ဖြစ်တတ်သဖြင့် သွားသွားလာလာဆင်ခြင်ပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ မမျှော်လင့်ဘဲ မင်္ဂလာကိစ္စစီစဉ်ဖြစ်သွားမည်။ အတိုက်အခံရန်များနေပါက အိမ်က လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း။ အမှိုက်များကောက်ခြင်း ကုသိုလ်များဆောင်ရွက်ပါ။ ထီဝါသနာရှင်များ အင်္ဂါနံ့ထီဆိုင်တွင် (၃) အစ (၆) အဆုံး ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *ဘုရားရှင်အား သစ်သီးစုံဖြင့် ကပ်လှူပူဇော်ပါ။*

### အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသော ကိစ္စများအတွက် အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ပါ။ (၂) ဂဏန်း အကျိုးမပေး၍ ရှောင်လိုက်ပါ။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အကျိုးပေးသော်လည်း စိတ်မရှည်နိုင်ဖြစ်နေတတ်ပါသည်။ စီစဉ်ဆောင်ရွက်ထားသောလုပ်ငန်းများ အကောင်အထည်ပေါ်လာမည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ ပုတီးစိပ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် ကိုယ်ဘက်က အလျှော့ပေးပါ။ နားလည်မှုရရှိလာပါမည်။ ကျန်းမာရေးမကောင်းသူများ နာလန်ထလာမည်။ ကိုယ်နှင့်မတည့်သော အစားအသောက်အနေအထိုင်များဆင်ခြင်ပါ။ ပညာရေးကံများကောင်းနေသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ ရပြီဟုထင်ထားသောစာများ မေ့မေ့သွားတတ်၍ အကြိမ်ကြိမ်လေ့ကျင့်ဖတ်မှတ်ပါ။ ငယ်ရွယ်သူတို့၏ချစ်ရေးချစ်ရာများ သဝန်တိုမှုများကြောင့် လမ်းခွဲစကားကြားရတတ်ပါသည်။ ကိုယ့်ချစ်သူကို သူများနှင့်နှိုင်းယှဉ်ပြီး အပြစ်မမြင်ပါနှင့်။ နားလည်မှုရအောင်ဆွေးနွေးပါ။ ဒိုစာမကြာမကြာကျွေးပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ထီဝါသနာရှင်များအတွက် တနင်္ဂနွေနံ၊ စနေနံ ထီဆိုင်များတွင် (၃၊ ၁၊ ၇၊ ၉) ဂဏန်းများနှင့် ပြည့်နေအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ **၂၄-ပစ္စည်းကို အစီအစဉ်နှင့်ရွတ်ပါ။ နေ့စဉ်ရွတ်ပါ။**

### ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ သောကြာရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ (၇)ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ မထင်မှတ်သော အကြောင်းများဖြစ်လာတတ်သည့်ကာလဖြစ်ပါသည်။ ခရီးယာယီမကြာခဏထွက်ဖြစ်မည်။ ဝင်ငွေကောင်းသောကာလဖြစ်သည်။ အကုန်အကျများသော်လည်း ကုန်သမျှငွေပြန်ဝင်လာမည်။ ငွေဝင်လာတိုင်း အလှူလေးတစ်ခုပြုပါ။ စက်ပစ္စည်းများပျက်တတ်၍ လက်မများပါစေနှင့်။ လောင်းကစားကိစ္စများဝေးဝေးရှောင်ပါ။ ဘာမဆို ယုံလွယ်တတ်သူများ အလိမ်ခံရတတ်ပါသည်။ အကြောင်းအရာများကို ဆင်ခြင်သုံးသပ်ဆောင်ရွက်ပါ။ ကျန်းမာရေးကောင်းပါမည်။ ရပ်ဝေးမှသတင်းကောင်းများကြားရမည်။ အမွေကိစ္စ၊ မြေကိစ္စများဆောင်ရွက်ရပါက အောင်မြင်မှုရရှိမည်။ ရန်များသောသူများနှင့် တပူးတွဲတွဲမနေပါနှင့်။ ပညာရေးကောင်းမည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ အပေါင်းအသင်းများနှင့် အချိန်မဖြုန်းမိပါစေနှင့်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ အပြိုင်ပေါ်နေတတ်၍ ရွေးချယ်ရန်ခက်ခဲနေမည်။ မျက်နှာပွင့်သောကာလဖြစ်၍ သစ္စာရှိဖို့ အရေးကြီးပါသည်။ ထီဝါသနာပါသူများ ကြာသပတေးနံ့ထီဆိုင် (၂) ဆိုင် ခွဲထိုးပါ။ (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

ယတြာ ။ ။ *အကြောနှင့်ပတ်သက်သော ဝေဒနာရှင်များကို ဆေး ငွေ အာဟာရလှူပါ။*


www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စများအတွက် အင်္ဂါနံမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ (၁) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အဆောက်အအုံ၊ အိမ်၊ ခြံ၊ မြေကိစ္စများ၊ အမွေကိစ္စများ ဆောင်ရွက်[illegible]ဖြစ်ပါသည်။ စက်ရုံကိစ္စ၊ စက်ပစ္စည်းကိစ္စ၊ ရေလုပ်ငန်း၊ ရတနာလုပ်ငန်းများ ဆောင်ရွက်ရပါက အောင်မြင်[illegible]ပါလိမ့်မည်။ လုပ်ငန်းခွင်တွင်းရှိသူများ မပြီးပြတ်သေးသောလုပ်ငန်းများ ဂရုတစိုက်ဆောင်ရွက်လိုက်ပါ။ [illegible]ပါလိမ့်မည်။ ဘာမဆို ကိုယ့်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်းလွဲချော်နေသည်ကို သတိပြုပါ။ [illegible]သင့်သူများနှင့် တိုင်ပင်ပြုလုပ်ပါ။ အိမ်တွင်းရေး အိမ်ထောင်ရေးများ သာယာပါမည်။ [illegible] အစားစားချိန်လွန်ကဲစွာ နောက်ကျမခံပါနှင့်။ လွန်ကဲစွာ အအေးမခံပါနှင့်။ ပညာရေး [illegible]စာကျက်ပါ။ စာများပို၍ရတတ်ပါသည်။ ဌာ၊ လှံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုရရှိပါလိမ့်မည်။ [illegible] နှလုံးသားရေးရာကိစ္စများ ချစ်သူအပေါ် သဝန်တိုစိတ်များနေခြင်းကို ဖယ်ရှားပစ်လိုက်ပါ။ ငှက်[illegible]အစာကျွေးပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို နေ့စဉ်ပုတီးစိပ်ပါ။ ထီတိုးရန်အတွက် အင်္ဂါနံထီဆိုင်များတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

*ယတြာ ။ ။ ဦး[illegible]ကျန်းမာရေးညံ့သူများကို ဆေး ငွေ အာဟာရလှူပေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသော ကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များများနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ (၆) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အလုပ်ရှာနေသူများ၊ အင်တာဗျူးဖြေထားသူများအလုပ်ရပါတော့မည်။ တနင်္လာနေ့လုပ်ငန်း၊ တနင်္ဂနွေနံလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်မည်။ အင်္ဂါနေ့လုပ်ငန်း၊ သောကြာနံလုပ်ငန်းများ အကျိုးမပေးဟုထင်ရသော်လည်း ရေရှည်ဆောင်ရွက်နိုင်ပါက အောင်မြင်ပါလိမ့်မည်။ လောင်းကစားကိစ္စများ စိတ်ပူရတတ်၍ ရှောင်လိုက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာပါမည်။ ကျန်းမာရေးကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေတတ်ပါသည်။ အစာမှားခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်းနေထိုင်မကောင်းခြင်းဖြစ်တတ်သည်။ ကိုယ်လက်လေ့ကျင့်ခန်းလုပ်ပါ။ မတည့်သောအစားအသောက်များ သတိထားရှောင်ပါ။ ပညာရေးအတွက် ကြိုးစားနေသူများ ဇွဲမလျှော့ပါနှင့်။ သူငယ်ချင်းများနှင့် စာအတူတူကျက်ရင်း စာတွေပို၍ရလာတတ်ပါသည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ၊ မမျှော်လင့်ဘဲ ချစ်သူရရှိသွားမည်။ တစ်မြို့တစ်ရွာစီခြားနေ၍ စိတ်ညစ်စရာများရှိနေတတ်ပါသည်။ ခိုစာ၊ ငှက်စာကျွေးပါ။ စိတ်ချမ်းသာမှု ရရှိပါလိမ့်မည်။ ထီဝါသနာရှင်များအတွက် တနင်္ဂနွေနံထီဆိုင်ကြီးများတွင် (၁၊ ၂၊ ၅၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

*ယတြာ ။ ။ ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကို ဆေး ငွေ အာဟာရလှူပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ (၄)ဂဏန်း၊ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ မမျှော်လင့်ဘဲ ခရီးတစ်ခုထွက်ဖြစ်မည်။ ဘုရားဖူးခရီးစဉ်ဖြစ်တတ်ပါသည်။ အလုပ်ပြောင်း၊ အိမ်ပြောင်း စသော အပြောင်းအရွှေ့တစ်ခုခုပေါ်လာတတ်သည်။ အဆင်ပြေသွားပါလိမ့်မည်။ လူမျိုးကွဲအကျိုးပေးမည်။ မမျှော်လင့်ဘဲ ထီပေါက်တတ်ပါသည်။ စက်ပစ္စည်းဝယ်ပြီးမှ စိတ်တိုင်းမကျ၍ပြန်ထုတ်ရတတ်သည်။ လက်ဝတ်ရတနာဝင်လာလျှင် မမြဲတတ်သောကြောင့် မိသားစုထဲမှ တစ်ဦးဦးကို ဆင်ထားပေးလိုက်ပါ။ အိမ်တွင်းရေးများစိတ်ချမ်းသာမှုရှိစေရန် ရေသတ္တဝါလေးများကို မကြာခဏအစာကျွေးပါ။ ကျန်းမာရေးကောင်းစေရန် အိပ်ရာနေရာရွှေ့အိပ်ပါ။ လွန်ကဲစွာ အအေးမခံပါနှင့်။ လွန်ကဲစွာအဆာမခံပါနှင့်။ ဓာရဏပရိတ်ကို နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ပညာရေးကံများကောင်းပါသည်။ အလည်အပတ်လျှော့ပါ။ စာချိန်စာ၊ ကစားချိန်ကစား၊ အချိန်ဇယားလေးနှင့်စည်းကမ်းလုပ်ထားပါ။ အောင်မြင်မှုရရှိသွားပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ အလုပ်ကိစ္စများကြောင့် စိတ်ညစ်ရပြီး ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နှင့်ဖြစ်နေတတ်ပါသည်။ ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါမည်။ ထီထိုးမည်ဆိုပါက ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

*ယတြာ ။ ။ တစ်နေ့တည်း ဘုရားငါးဆူပြည့်အောင် သွားဖူးပါ။*

ရင်ကိုဖေအားမြဲစေသ၊

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၀၅၂) [illegible]




www.burmeseclassic.com